## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

# ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း

E. G. White ရေးသားပြုစုသည့် "Evangelism" စာအုပ်ကို
အငြိမ်းစားသိက္ခာတော်ရဓမ္မဆရာကြီးဦးစောမူးလာကျော်က
"ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း" အမည်ဖြင့်မြန်မာပြန်ဆိုသည်

**ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း**

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၄၀၀၀

တန်ဖိုး – ၁၄၃၀၀ ကျပ်

ပထမအကြိမ်

# ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း

## စကားချီး

ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်းသည် ခရစ်ယာန်တို့၏နှလုံးသားဖြစ်ပြီး၊ ပျက်စီးမည့်ဤကမ္ဘာကြီးသို့ ဘုရားရှင်၏နောက်ဆုံးသောသတိပေးစကားကိုဟောကြားရန် ခေါ်ခြင်းခံရသူများအတွက် အဓိကအရေးကြီးသောရည်ရွယ်ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကမ္ဘာ့နောက်ဆုံးကာလ၌ အသက်ရှင်ကြရာ၊ ကြွလာခြင်းသတင်းစကားကိုကြွေးကြော်ခြင်းဖြင့် ကျွန်ုပ်တို့၏သခင်ကြွလာခြင်းအကြောင်းကို လူတို့အားအဆင်သင့်ပြင်ဆင်ရန်ဟောကြားခြင်းသည် ကမ္ဘာအရပ်ရပ်သို့ ကျယ်သောအသံဖြင့် လျင်မြန်စွာရောက်ရှိရမည်ဖြစ်သည်။

ကမ္ဘာ၏ရှေးကာလနေ့ရက်များ၌ပင် ခရစ်တော်ကြွလာခြင်းကိုမြော်လင့်သောသတ္တမနေ့အသင်းဝင်တို့သည် ဝိညာဉ်တော်စာပေမှသွန်သင်မှုနှင့်အထူးညွှန်ကြားချက်အရ ဝိညာဉ်ကယ်တင်ခြင်း၏စည်းကမ်းနှင့်ဆောင်ရွက်ချက်ဖြင့် လုပ်ငန်းကျယ်ပြန့်စေရန် လမ်းပြပို့ဆောင်လျက်ရှိသည်။ ဝမ်းမြောက်ဖွယ်ဧဝံဂေလိဟောကြားခြင်း၏တချို့သောကဏ္ဍများကို အယ်လင်ဂျီဝှိုက်၏ရေးသားထားသောစာအုပ်များထဲတွင် အသေးစိတ်ခြယ်မှုန်းရေးသားထားခဲ့သည်။ နှစ်ပေါင်းများစွာကပင် ပြန်လည်ဆန်းစစ်ခြင်းနှင့်သတင်းကြေညာခြင်း (The Review and Hearald) မဂ္ဂဇင်း၊ အချိန်ကာလများ၏နိမိတ်များ (Signs of the Times) မဂ္ဂဇင်းနှင့်အခြားသောဂျာနယ်များတွင် ဘုရားသခင်၏သတင်းပေးသူတို့သည် ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းဟောကြားခြင်းလုပ်ငန်းများ၏တိုးတက်ခြင်းဆိုင်ရာအကြောင်းအရာများကို ရေးသားခဲ့သည်။ ရံဖန်ရံခါ သာသနာပြုအမှုဆောင်များတို့သည် ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းဟောကြားခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သင်တန်းများနှင့်သတိပေးခြင်းများကိုခံယူရရှိကြပါသည်။ ရံဖန်ရံခါ သာသနာ့လုပ်ငန်းလုပ်ကိုင်သူများနှင့် အသင်းတော်အုပ်ချုပ်ရေးခေါင်းဆောင်များတို့ကို မမဝှိုက်မှအားပေးကာ ကောင်းသောအကြံဉာဏ်များကို ခံယူရရှိကြပါသည်။



သို့သော် ပုံမှန်ရေးသားထားသောအကြောင်းအရာများ၊ အထူးသက်သေခံချက်များ၊ ပုဂ္ဂလိကအကြံပေးချက်များနှင့်ဟောပြောချက်များတို့သည် ယနေ့ကျွန်ုပ်တို့မတွေ့ရှိရတော့ပါ။ ထိုကြောင့် အသင်းတော်တစ်ခုလုံးအနေဖြင့် အလွန်မှပင်တိုးတက်လျက်ရှိသော ခရစ်တော်ကိုမြော်လင့်သည့် သတ္တမနေ့အသင်းတော်၏ဝမ်းမြောက်ဖွယ်ဧဝံဂေလိဟောကြားခြင်း အင်အားအရှိန်အဟုန်ကြီးထွားရန် အချိန်နှင့်တပြေးညီ သတင်းကောင်းများတို့ကိုထုတ်လွှင့်နိုင်ရေးအတွက် အကောင်းဆုံးစီစဉ်ရန်လိုအပ်ပါသည်။ စုစည်းတင်ဆက်ခြင်း၊ ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းဟောကြားခြင်း၏အရေးကြီးသောအကြောင်းအရာများအားလုံးကိုလည်း ထည့်သွင်းပါဝင်စေရပါမည်။

ဤစာစောင်သည် သာသနာပြုဝန်ထမ်းများနှင့်ကျမ်းစာသင်ကြားပို့ချသူများအတွက် တိကျသောစည်းမျဉ်းစည်းကမ်းများကိုချမှတ်ပေးရုံမျှမက၊ ဖော်ပြပါစည်းမျဉ်းစည်းကမ်းများတို့ကို လိုက်လျှောက်ကျင့်သုံးနိုင်ရန် လုံလောက်သောအကြံဉာဏ်များကိုလည်းပေးထားပါသည်။ နှစ်ပေါင်းများစွာမှဘုရားရှင်ပေးထားသည့် တန်ဖိုးရှိသောညွှန်ကြားချက်များကို စုစည်းထားသည်နှင့်အမျှ၊ ဤစာစောင်သည် မြော်လင့်ခြင်းလှုပ်ရှားမှုအတွက် ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းဟောကြားခြင်း၏စိတ်ချရသော လက်စွဲစာအုပ်တစ်အုပ်ဖြစ်ပါသည်။

အခြေအမြစ်ပေါင်းများစွာမှအဆိုအမိန့်များကို အစီအစဉ်တကျစုပေါင်းပြင်ဆင်ထားရာ၌ အမှန်တကယ်အဓိကကျသောသွန်သင်ချက်များကို ထပ်ခါတလဲတွေ့ရှိရပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ကြိုးစား၍စာဖတ်သူများအတွက် အကောင်းဆုံးမလိုလားအပ်သည့်စာပိုဒ်များကို ထပ်ခါတလဲမပါရှိရန် အကောင်းဆုံးရွေးချယ်ထားပါသည်။ တချို့ကိစ္စများ၌ ထပ်ခါတလဲပါရှိမည့်ဝါကျများကို အသုံးပြုရန်လိုအပ်သည့် တိုတောင်းသောကောက်နုတ်ချက်များ၌ပင်ဖယ်ရှားထားပြီး၊ ကိစ္စတစ်ခုစီမှထုတ်ပယ်ထားသောဝါကျများကို

နေ့အသင်းတော်၏တောစခန်းအစည်းအဝေးအကြိမ်ပေါင်း (၇၀) ၌ တက်ရောက်သူများစွာကိုဆွဲဆောင်ခဲ့ရာ၊ အသင်းဝင်တစ်ဝက်နှင့်အသင်းဝင်မဟုတ်သူများတစ်ဝက်တက်ရောက်ခဲ့သည့်အပြင် တချို့တောစခန်း၌ မကြုံစဖူးတက်ရောက်သူများအချို့မှာ သင်းဝင်သူ (၁) ယောက်တက်ရောက်တိုင်း သင်းဝင်မဟုတ်သူ (၁၅) ယောက်တက်ရောက်သည့်အထိဖြစ်ပါသည်။

အောင်မြင်သောဧဝံဂေလိတရားဟောခြင်းအစည်းအဝေးပေါင်း (၉၀) ကို မြို့ကြီးများတို့၏ဆင်ခြင်ဖုံးရပ်ကွက်တွင်ကျင်းပရာ၊ တစ်လတွင်နှစ်ပတ်ကြာသည့်အထိ ကျင်းပခဲ့ပါသည်။ ထိုစည်းဝေးများ၌ ဝိညာဉ်ပေါင်းများစွာကိုရိတ်သိမ်းနိုင်ခဲ့ပါသည်။ ထိုစည်းဝေးများကျင်းပခြင်းနှင့်သင်တန်းပို့ချခြင်းတို့၏အောင်မြင်မှုကို ၎င်းနှစ်များတို့တွင် များစွာရေးသားတင်ပြခဲ့ကြပါသည်။

သို့သော် အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ၊ တောစခန်းအစည်းအဝေးသည် လူထုစုရုံးခြင်းအဖွဲ့အစည်းကြီးသို့ ဖြစ်ပေါ်လာပါသည်။ သင်းဝင်သူများမဟုတ်သည့်လူထုကြီးကို ဆွဲဆောင်မှုပြုခဲ့သည့်တောစခန်းအစည်းအဝေးသည် ယခုမဏ္ဍပ်ကြီးနှင့်ခန်းမဆောင်များအစည်းအဝေးအဖြစ်ပို၍ထိရောက်မှုကိုဖြစ်လာစေပါသည်။ သို့သော် ယခင်တောစခန်းအစည်းအဝေးတို့၏အောင်မြင်ခြင်းစည်းမျဉ်းစနစ်များမှာ ယခုကျင်းပလျက်ရှိသောဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားဟောပြောပွဲများ၌လည်း ဆက်လက်အသုံးပြုလျက်ရှိပါသည်။

ဤစာအုပ်ထဲရှိညွှန်ကြားချက်အားလုံးလိုလိုပင် ဓမ္မဆရာများနှင့်ကျမ်းစာသင်ကြားပို့ချသူတို့၏ဧဝံဂေလိလုပ်ငန်းအတွက်သာ ကန့်သတ်ထားပါသည်။ သာမန်အသင်းသားများအတွက် ဧဝံဂေလိလုပ်ငန်းနှင့်ပတ်သက်၍ အကြံပြုချက်များစွာတို့ကို အခြားသောအီးဂျီဝှိုက်စာပေများတို့အထဲတွင် ပြည့်စုံစွာရေးသားဖော်ပြထားပြီး ဓမ္မစာပေဧဝံဂေလိလုပ်ငန်းလမ်းညွှန်မှုတွင်လည်း ကျွန်ုပ်တို့၏လုပ်ငန်းအတွက် အရေးကြီးသည့်အချက်များလည်းများစွာပါရှိစေကာမူ ထည့်သွင်းဖော်ပြခြင်းမပြုရခြင်းမှာ စာမျက်နှာအကန့်အသတ်ကြောင့်ဖြစ်သည်။ ထိုနည်းတူ၊ ဆေးဝါးဧဝံဂေလိလုပ်ငန်းများကို ကုသမှုသာသနာ့လုပ်ငန်း



ဖော်ပြထားပါသည်။ သတိကြီးစွာဖြင့်ဆောင်ရွက်သော်လည်း အကြံပြုချက်များမှန်ကန်စေရန် လုံလောက်သောအဆိုအမိန့်များတို့ကိုလည်း ထည့်သွင်းဖော်ပြရပါသည်။

အစိတ်အပိုင်းတစ်ခုစီ၏အကြောင်းအရာကိုတင်ဆက်ရာတွင် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းကြောင်း အရေးကြီးသည့်ညွှန်ကြားချက်များကို ထပ်ခါတလဲတင်ဆက်ခြင်းကိုရှောင်ရှား၍မရပါ။ ဤစာအုပ်၏အဓိကအကြောင်းအရာများကိုညွှန်ပြနိုင်ရန်အတွက် အထောက်အကူအဖြစ် ခေါင်းစဉ်ငယ်များအား စာလုံးကြီးဖြင့်စုစည်းသူများမှ ပြုပြင်ထားပါသည်။ သီးသန့်ကောက်နုတ်ချက်တစ်ခုစီ၏အဆုံး၌ အကြောင်းအရာ၏အရင်းအမြစ်ကိုဖော်ပြထားပါသည်။ ၎င်းပြင် စာဖတ်သူများအတွက်အထောက်အကူအနေဖြင့် စာမူမှကောက်နုတ်ချက်များရေးသားခဲ့သည့် ခုနှစ်၊ သို့မဟုတ် အခြားပထမဦးဆုံးထုတ်ဝေဖြန့်ချိသည့်ခုနှစ်များကိုလည်း ဖော်ပြထားပါသည်။

တစ်ခါတစ်ရံဖော်ပြခဲ့သောအချိန်ကာလသိရှိခြင်းသည် အကြံပြုချက်ကိုလိုက်လျှောက်ရန်လမ်းညွှန်မှုအတွက် အထောက်အကူဖြစ်စေသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏လုပ်ငန်းသည် အခြေအနေပြောင်းလဲမှုအပေါ် ဆောင်ရွက်ရသောကြောင့်ဖြစ်သည်။ သို့သော် တချို့သောကိစ္စများ၌ လွန်ခဲ့သည့်နှစ်များမှအသေးစိတ်ကျသည့် သေးငယ်သောအကြောင်းကိစ္စအတွက် ဖော်ပြရန်မဖြစ်နိုင်သည့်တိုင် အခြေခံကျသည့်စည်းမျဉ်းများကို ရှင်းလင်းစွာဖော်ပြခြင်း၊ သို့မဟုတ် ဦးစွာဖော်ပြခဲ့သည့်အကြံပြုချက်များတို့သည် ယနေ့အတွက်ခိုင်လုံသည့်လမ်းညွှန်ချက်နှင့် တန်ဖိုးရှိသည့်နည်းစနစ်များဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းပြောင်းလဲခြင်းမရှိသော်လည်း ဆောင်ရွက်ပုံဆောင်ရွက်နည်းများမှာ အခြေအနေနှင့်ကိုက်ညီရန် တချို့သောနေရာ၌ ပြောင်းလဲဆောင်ရွက်ရပါမည်။ ဤကိစ္စအတွက် တိကျခိုင်လုံသည့်ပုံပမာများကို ကျွန်ုပ်တို့တင်ဆက်ထားပါသည်။

တောစခန်းအစည်းအဝေးနှင့်ပြုလုပ်ခြင်းအကြံပြုချက်များကို စာဖတ်သူအနေဖြင့် မကြာခဏတွေ့ရှိရမည်ဖြစ်သည်။ ခရစ်တော်ကိုမြော်လင့်သောသတ္တမ

(Ministry of Healing), ဆေးပညာသာသနာ့လုပ်ငန်း (Medical Evangelism) နှင့်ကျန်းမာရေးဆိုင်ရာအကြံပြုချက်များ (Counsels on Health) စာအုပ်များထဲ၌တွေ့ရှိရသည့်အတွက်၊ ဤစာအုပ်ထဲ၌ဖော်ပြထားခြင်းမပြုပါ။ သာသနာပြုတစ်ဦး၏လိုအပ်သည့်အရည်အသွေးများကို ထည့်သွင်းရေးသားလိုသည့်အချက်များစွာရှိသော်လည်း စာမျက်နှာအကန့်အသတ်ကြောင့် ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်းအတွက် တိုက်ရိုက်အရေးကြီးသည့်အချက်များကိုသာရေးသားရခြင်းဖြစ်ပါသည်။

ယခုဤစာအုပ်ကို သာသနာ့နယ်မြေများသို့ဖြန့်ချိရခြင်း၏ရည်ရွယ်ချက်မှာ ဤဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း၏နည်းစနစ်ဖြင့် အမှန်တကယ်အမှုတော်လုပ်ငန်းတိုးတက်ရန်အတွက်ဖြစ်သည်။ ၎င်း၏အားပေးမှု၊ ခေတ်မီအကြံပြုချက်၊ ယခုကာလသတိပြုစရာများ၊ သတင်းစကားအောင်မြင်မှု၏အမြင်စသည်တို့ပါဝင်ခြင်းကြောင့် ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်းအတွက်ကောင်းသောနည်းပေးလမ်းပြပုံစံတစ်ခုဖြစ်ပြီး၊ တတိယကောင်းကင်တမန်၏သတင်းစကားသည် ကျယ်လောင်သောအသံဖြင့် အထွတ်အထိပ်သို့ရောက်ရှိလိမ့်မည်ဟုယုံကြည်ပါသည်။

**အီးဂျီဝှိုက်စာပေများကိုထိန်းသိမ်းသောအဖွဲ့အစည်း – ၁၉၄၆**



## မာတိကာ (အကြောင်းအရာခေါင်းစဉ်များ)

အပိုင်း (၁)

ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းဟောကြားခြင်း
အတွက်စိန်ခေါ်ချက် ------------------------------ ၁
* သတင်းစကားဟောကြားခြင်း ---------------------- ၁
* ဧဝံဂေလိသတင်းစကား၏အစဉ်အမြဲ
  ကျယ်ပြန့်သောတန်ခိုးသြဇာ ---------------------- ၆
* ဧဝံဂေလိအမှုဆောင်များလိုအပ်ခြင်း ----------------- ၉

အပိုင်း (၂)

လူနေထူထပ်သောမြို့ကြီးများ ----------------------- ၁၄
* ရောက်ရှိလာမည့်ပျက်စီးခြင်း၏အရိပ်အောက်၌ --------- ၁၄
* ခက်ခဲမှုများတိုးပွားလာခြင်း------------------------၂၁
* လျင်မြန်စွာလုပ်ဆောင်ရမည့်အလုပ်တစ်ခုအတွက်ခေါ်ခြင်း ---၂၅
* ဧဝံဂေလိလုပ်ငန်းအတွက်အထူးအခွင့်အရေးများ ----------၂၈
* မြို့ကြီးများတို့၏လိုအပ်ချက်များကိုစူးစမ်းရှာဖွေခြင်း -------၂၉
* မြို့ကြီးများ၌ဧဝံဂေလိဟောကြားခြင်းအတွက်
  အထူးပြဿနာများ---------------------------------၃၂
* ကြွယ်ဝသောရိတ်သိမ်းခြင်း၏ကတိတော် -------------- ၃၇

အပိုင်း (၃)

ပို၍သေးငယ်သောလူနေမှုအဖွဲ့အစည်းနှင့်
တောအရပ်ဒေသများ---------------------------- ၄၀
* လမ်းမကြီးများနှင့်လမ်းကြိုလမ်းကြားများ ------------- ၄၀
* တောအရပ်ဒေသအမှုဆောင်များ ------------------- ၄၃

အပိုင်း (၄)

လူထုတရားပွဲအတွက်စီမံခန့်ခွဲခြင်း ------------------- ၅၀

* သာသနာပြုဆရာကြီးယေရှု၏ပုံစံကိုအတုယူခြင်း -------- ၅၀
* ကျယ်ပြန့်သောဧဝံဂေလိသတင်းဟောပြောခြင်းအတွက် စီမံခြင်း------------------------------- ၅၇
* ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်ခြင်း ---------------- ၆၀
* ဧဝံဂေလိသတင်းဟောကြားခြင်း၏အမြင့်မားဆုံးပုံစံ ------- ၆၆
* ဧဝံဂေလိအမှုဆောင်နှင့်မိမိ၏အဖွဲ့ ---------------- ၇၁
* နှစ်ယောက်တစ်တွဲ၏အကျိုးကျေးဇူးများ ------------ ၇၄
* သာသနာပြုရန်အခြေချမည့်နေရာ ---------------- ၇၇
* ပြင်ပဗဟိုဌာနများ ---------------------------- ၇၉
* သေးငယ်သောဆင်ခြေဖုံးရပ်ကွက်စည်းဝေးများအတွက် စီမံခြင်း------------------------------- ၈၁
* ငွေကြေးနှင့်ရန်ပုံငွေလျှာထားချက် ------------------ ၈၉
* တရားပွဲစီမံကွပ်ကဲခြင်း ------------------------ ၉၆

အပိုင်း (၅)

ဧဝံဂေလိတရားပွဲအစည်းအဝေးများအတွက် စီစဉ်ဆောင်ရွက်ခြင်း ------------------------- ၉၉

* စည်းစနစ်များနှင့်အဖွဲ့အစည်း -------------------- ၉၉
* ဧဝံဂေလိအဖွဲ့ -----------------------------၁၀၂
* ဆုတောင်းခြင်းနှင့်ပြည့်ဝသောအကြံပေးခြင်းသည် အရေးကြီးခြင်း --------------------------- ၁၀၄
* ကွဲပြားခြင်းထဲမှစည်းလုံးခြင်း-------------------- ၁၀၆
* ပုဂ္ဂိုလ်တစ်ဦး၏စနစ်ထက်ပို၍ခွင့်ပြုခြင်း---------------၁၁၂
* မြို့ပေါ်သာသနာ့သင်တန်းကျောင်း ---------------- ၁၁၇





* ပြန်လည်ရှင်သန်ခြင်းနှင့်အသင်းတော်ဝတ်ပြုခြင်း အစီအစဉ်များကိုကွပ်ကဲခြင်း ---------------------၁၂၁
* ဓမ္မဆရာနှင့်သင်းအုပ်ဆရာဆက်သွယ်မှု --------------၁၂၈
* အုပ်ချုပ်မှုလွန်ကဲခြင်းကိုကာကွယ်ခြင်း -------------- ၁၃၀

အခန်း (၆)

လူထုတရားပွဲ ------------------------------ ၁၃၃

* ကျွန်ုပ်တို့၏လက်ရှိအမှန်တရားသတင်းစကား --------- ၁၃၃
* လူထုအာရုံကိုဆွဲဆောင်ခြင်း -------------------- ၁၃၇
* အောင်မြင်၍စိတ်ဝင်စားဖွယ်ကောင်းသော ကြော်ငြာခြင်းနည်းစနစ်များ ------------------- ၁၄၅
* ဆွဲဆောင်မှုကောင်းသောကြေညာချက်ပြုနိုင်သည့် ဧဝံဂေလိဓမ္မဆရာ ------------------------- ၁၄၉
* ကြွားဝါခြင်းနှင့်စိတ်ထကြွမှုကိုရှောင်ရှားခြင်း ---------- ၁၅၅
* နည်းလမ်းတကျချဉ်းကပ်ခြင်းများကိုကာကွယ်ခြင်း ------ ၁၅၉
* စင်မြင့်အလှဆင်ခြင်း၊ ကြေညာချက်များနှင့် ကြိုတင်ပြုလုပ်ရမည့်အရာများ ------------------ ၁၆၆
* စိတ်ဝင်စားဖွယ်ရာအကြောင်းအရာများ-------------- ၁၇၀
* စုံစမ်းလေ့လာခြင်းနှင့်မေးခွန်းထုတ်ခြင်း အစည်းအဝေးများ ------------------------- ၁၇၅
* လူတို့နှင့်ရင်းနှီးမှုရယူခြင်း --------------------- ၁၈၁
* ပုံနှိပ်ထားသောတရားဟောချက်များနှင့်စာပေများ ------- ၁၈၅
* အပြန်အလှန်အချေအတင်ပြောဆိုခြင်း -------------- ၁၈၉

အပိုင်း (၇)

သတင်းစကားနှင့်၎င်းကိုတင်ဆက်ဟောပြောခြင်း --------- ၁၉၇

* သတင်းစကားတင်ဆက်ခြင်းစိတ်ဓာတ်နှင့်
ဟန်အမူအရာ ------------------------------ ၁၉၇

* ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းတရားဟောချက် --------- ၂၀၇

* ခရစ်တော်ကိုဗဟိုပြုသောသတင်းစကား --------------- ၂၂၁

* ဆွဲဆောင်မှုရှိသောအနာဂတ်ဆိုင်ရာ
ပုရောဖက်ဟောကြားခြင်း ------------------------- ၂၃၃

* နားလည်ရန်ခက်ခဲသောအမှန်တရားကို
ဟောကြားခြင်းမပြုရန် -------------------------- ၂၄၂

* အမှန်တရားသင်ကြားခြင်းနည်းလမ်းများ ------------- ၂၄၆

* ပုံပြင်များ၊ ပုံတိုပတ်စများ၊ နောက်ပြောင်ခြင်းနှင့်
ပြက်လုံးထုတ်ခြင်း ----------------------------- ၂၅၁

* မှားယွင်းသောစမ်းသပ်ခြင်းများနှင့်
လူ၏ဖန်တီးမှုစံချိန်များ ------------------------- ၂၅၈

အပိုင်း (၈)

တိကျရှင်းလင်းသောအမှန်တရားများကို
ဟောကြားခြင်း --------------------------------- ၂၆၆

* ဒုတိယကြွလာခြင်းအကြောင်းကိုကြွေးကြော်ခြင်း ---------- ၂၆၆

* သန့်ရှင်းသောတဲတော်၏အမှန်တရား ----------------- ၂၇၂

* ပညတ်တော်နှင့်ဥပုသ်နေ့အကြောင်းကို
တင်ဆက်ဟောကြားခြင်း -------------------------- ၂၇၇

* ဥပုသ်နေ့စောင့်ထိန်းခြင်းပြဿနာများကို
ရင်ဆိုင်ဖြေရှင်းခြင်း ---------------------------- ၂၉၃

* သေခြင်းတရားအကြောင်းဟောပြောခြင်း -------------- ၃၀၆

* ခရစ်ယာန်ဘဏ္ဍာစိုးအရာ၏သတင်းစကား ------------ ၃၁၁

* ပုရောဖက်ဟောပြောသောသတင်းစကားကို
တင်ဆက်ခြင်း ------------------------------ ၃၁၉

* ကျန်းမာခြင်းနှင့်ခရစ်ယာန်အဆင့်အတန်းများအကြောင်းကို
ဟောကြားခြင်း -------------------------------- ၃၂၆

* ပွဲတော်အစီအစဉ်များ -------------------------- ၃၄၄

အပိုင်း (၉)

စိတ်ဝင်စားမှုကိုဆုပ်ကိုင်ထားခြင်း ------------------- ၃၅၂

* နောက်ဆုံးဆုံးဖြတ်ချက်ချရန်အတွက်ဟောပြောခြင်း ------ ၃၅၂

* တောင်းဆိုခြင်းများနှင့်တရားပလ္လင်မှဆန္ဒခံယူခြင်း-------- ၃၅၇

* ဝိညာဉ်များပြောင်းလဲရန်ကူညီမစခြင်း --------------- ၃၆၁

* စိတ်ဝင်စားသူများကိုစည်းရုံးခြင်း ------------------ ၃၇၀

* ရတိပြတ်ဆုံးဖြတ်ချက်များချနိုင်ရန်နည်းစနစ်များ ------- ၃၇၄

* နားလည်မှုလွဲမှားခြင်းနှင့်
ဆန့်ကျင်ဘက်ပြုခြင်းကိုရင်ဆိုင်ခြင်း ---------------- ၃၈၃

* နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့်အသင်းဝင်ဖြစ်လာခြင်း ------ ၃၉၁

* သေချာစွာပေါင်းစည်းလိုက်ခြင်း ------------------ ၄၁၁

* တရားပွဲအချိန်ကာလနှင့်လုပ်ငန်းအဆုံးသတ်ခြင်း ------- ၄၁၈

* စည်းဝေးများအောင်မြင်ရန်ဆုံးဖြတ်တွက်ဆခြင်း---------- ၄၂၁

အပိုင်း (၁၀)

အသစ်ပြောင်းလဲသူများကိုရယူခြင်းနှင့်
ထိန်းသိမ်းစောင့်ရှောက်ခြင်း ---------------------- ၄၃၀

* ဆက်လက်လုပ်ဆောင်ရန်နည်းစနစ်များ ------------- ၄၃၀

* ယုံကြည်သူအသစ်များကိုအသင်းတော်အတွင်း
ရောနှောပါဝင်မှုပြုစေခြင်း ----------------------- ၄၃၉

* သင်းအုပ်ဆရာဆိုင်ရာဧဝံဂေလိသတင်း
ဟောကြားခြင်းလုပ်ငန်း ------------------------ ၄၄၅

* အသစ်ပြောင်းလဲသူများအတွက်ဝိညာဉ်ရေးနှင့်ပြည့်ဝသော
သာမန်အသင်းသားများတို့၏တာဝန် ---------------- ၄၅၃

* ဝိညာဉ်များကိုအောင်မြင်ရန်ယုံကြည်သူအသစ်များကို
ကူညီမစခြင်း ------------------------------ ၄၅၇
* မှားယွင်းခြင်းနှင့်အယူသီးခြင်းများမှအသင်းဝင်အသစ်
များတို့ကိုကာကွယ်စောင့်ရှောက်ရန် ---------------- ၄၆၃
* ဖောက်ပြန်သောသူများတို့ကိုပြန်လည်ခေါ်ဆောင်ခြင်း ---- ၄၇၅
* ပြန်လည်၍ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း----------------၄၈၂
* ဘုရားဝတ်ပြုဆောင်များကိုပြင်ဆင်ပေးခြင်း------------ ၄၈၇
* နယ်မြေသစ်သို့ဝင်ရောက်ထိုးဖောက်ခြင်း ------------- ၄၉၅

အပိုင်း (၁၁)
အမေရိကန်မြို့ကြီးများအတွင်းရှိလုပ်ငန်း---------------- ၄၉၉
* နယူးရော့မြို့ ------------------------------- ၄၉၉
* ဘော့စတန်နှင့်နယူးအင်္ဂလန် -------------------- ၅၀၆
* အရှေ့နှင့်တောင်ပိုင်းရှိမြို့များ -------------------- ၅၁၃
* အလယ်ပိုင်းပြည်နယ်များရှိမြို့များ -----------------၅၂၃
* အနောက်ပိုင်းဒေသရှိမြို့များ ---------------------၅၂၄

အပိုင်း (၁၂)
အခြားတိုက်ကြီးများတို့၌သတင်းစကားကြွေးကြော်ခြင်း ----- ၅၃၀
* ဥရောပတိုက်၌သတင်းစကားကြွေးကြော်ခြင်း ---------- ၅၃၀
* အင်္ဂလန်နိုင်ငံနှင့်၎င်း၏မြို့များ ------------------ ၅၃၉
* ဥရောပတိုက်မြောက်ပိုင်းရှိမြို့များ ------------------ ၅၄၆
* ဥရောပတိုက်တောင်ပိုင်းအတွင်း ------------------ ၅၅၁
* ဩစတြေးလျတိုက်မြို့များတွင်
လုပ်ကိုင်ဆောင်ရွက်ခြင်း ------------------------ ၅၅၄

အပိုင်း (၁၃)
တစ်ဦးစီလုပ်ငန်း ------------------------------ ၅၅၉
* တစ်ဦးစီလုပ်ငန်းအတွက်လိုအပ်ချက် -------------- ၅၅၉
* တစ်အိမ်မှတစ်အိမ်သို့အလည်အပတ်ပြုခြင်း -----------၅၆၂
* မိသားစုများကိုအောင်မြင်ခြင်း -------------------- ၅၆၇
* ဧဝံဂေလိလုပ်ငန်းအတွက်လည်ပတ်ခြင်း ------------ ၅၇၀
* ဓမ္မဆရာများကျမ်းစာသင်တန်းပေးခြင်း -------------- ၅၇၃
* တစ်ဦးချင်းလုပ်ငန်းပညာကိုသင်ယူခြင်း-------------- ၅၇၆
* နားလည်မှုမှားသောအစွဲအလမ်းပြိုကွဲပျက်စီးခြင်း -------- ၅၈၀
* သက်ကြီးရွယ်အိုများအတွက်လုပ်ဆောင်ခြင်း ----------၅၈၂
* တစ်ဦးချင်းအမှုဆောင်တစ်ယောက်အဖြစ်
အီးဂျီဝိုက်၏ဗဟုသုတနှင့်နည်းစနစ်များ ------------- ၅၈၃

အပိုင်း (၁၄)
သမ္မာကျမ်းစာသင်ကြားပို့ချသူ
(နှုတ်ကပတ်တော်အမှုဆောင်)--------------------- ၅၉၅
* ကျမ်းစာသင်ကြားခြင်းသည်အဓိကရည်ရွယ်ချက်ဖြစ် ----- ၅၉၅
* အမှုဆောင်များကိုယ်တိုင် (တစ်ဦးချင်းအမှုဆောင်များ) နှင့်
ပညာရှိအကြံပြုသူများ ------------------------ ၅၉၈
* ပျောက်ဆုံးသူများကိုရှာဖွေခြင်း--------------------၆၀၂
* ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း၌အမျိုးသမီးများ ------ ၆၀၆
* သမ္မာကျမ်းစာလုပ်ငန်း၌အမျိုးသား၊
အမျိုးသမီးအားလုံးပါဝင် -----------------------၆၁၂
* ဧဝံဂေလိလုပ်ငန်းလည်ပတ်သူ ------------------ ၆၁၄
* လူထုသာသနာ့လုပ်ငန်း၌အမျိုးသမီးများ ------------ ၆၁၅
* သင်တန်းပေးခြင်းနှင့်ကျောထောက်နောက်ခံ ---------- ၆၁၉

* သမ္မာကျမ်းစာသင်ကြားပို့ချသူ၏အရည်အချင်းများ ------ ၆၂၃
* သမ္မာကျမ်းစာလုပ်ငန်း၏ကျွမ်းကျင်မှုများ ------------ ၆၂၈
* ဆရာတော်ကြီးယေရှုထံမှသင်ခန်းစာများ ------------ ၆၃၅
* သမ္မာကျမ်းစာလုပ်ငန်း၏အကျိုးကျေးဇူးများ ---------- ၆၃၈
* အမျိုးသမီးများအတွက်လုံလောက်သောလုပ်အားခများ ---- ၆၄၁
* ကျမ်းစာသင်ကြားပို့ချသူအတွက်သတိပြုစရာများ -------- ၆၄၅

အပိုင်း (၁၅)

သီချင်းဖြင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း ------------ ၆၄၈
* သီချင်းအားဖြင့်သာသနာ့လုပ်ငန်း ---------------- ၆၄၈
* တေးသီချင်းနှင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း -------- ၆၅၄
* သီချင်းသီဆိုခြင်းဖြင့်သာသနာပြုသူ --------------- ၆၅၈
* လူထုပရိသတ်ရှေ့၌သီချင်းသီဆိုခြင်းသည်
အရေးကြီးသည် -------------------------- ၆၆၃
* တေးသီချင်းသီဆိုတီးမှုတ်သောပုဂ္ဂိုလ်များ ----------- ၆၆၄
* အချိန်နှင့်ဆီလျော်စွာသတိပြုစရာများ -------------- ၆၆၇

အပိုင်း (၁၆)

ဆေးဝါးဖြင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း ----------- ၆၇၁
* လူတို့ထံသို့ထိုးဖောက်ဝင်ရောက်နိုင်သည့်
နည်းလမ်းတစ်ခု -------------------------- ၆၇၁
* ဆေးပညာဖြင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း၏
စစ်မှန်သောရည်ရွယ်ချက် --------------------- ၆၇၅
* ဧဝံဂေလိသာသနာ့လုပ်ငန်းနှင့်ဆက်သွယ်မှု ---------- ၆၇၉
* နည်းစနစ်၏ရိုးသားခြင်း ---------------------- ၆၈၅
* ဆေးရွက်ကြီးမသုံးဆောင်ခြင်းနှင့်
ချုပ်တည်းခြင်းသတင်းစကား -------------------- ၆၉၃

* မြို့များအတွင်းဆေးဝါးဖြင့်ဝမ်းမြောက်ဖွယ်
ဧဝံဂေလိလုပ်ငန်း -------------------------- ၆၉၈
* ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်းသင်တန်းပေးခြင်း ------ ၇၀၃
* ဆက်ကပ်သောသမားတော်ကြီးနှင့်
သူနာပြုသာသနာ့အမှုဆောင် ------------------ ၇၁၃
* သတိပြုစရာများကိုချိန်ဆခြင်း ------------------ ၇၁၈

အပိုင်း (၁၇)

အထူးလူတန်းစားများအတွက်လုပ်ဆောင်ခြင်း ------------ ၇၂၅
* လူတန်းစားအမျိုးမျိုးတို့အတွက်လုပ်ဆောင်ခြင်း ---------- ၇၂၅
* ချမ်းသာကြွယ်ဝသူနှင့်ဩဇာရှိသူများတို့ထံ
ချဉ်းကပ်လုပ်ဆောင်ခြင်း ------------------------ ၇၂၈
* အခြားဘာသာရေးအဖွဲ့အစည်းများတို့၏
ဓမ္မအမှုဆောင်များ ------------------------- ၇၃၈
* အလယ်အလတ်တန်းစားပုဂ္ဂိုလ်များတို့အတွက်
လုပ်ဆောင်ခြင်း ---------------------------- ၇၄၂
* အပြစ်သားများအတွက်လုပ်ဆောင်ခြင်း ------------- ၇၄၅
* ကျွန်ုပ်တို့အထဲ၌ရှိသောဧည့်သည် ---------------- ၇၄၈
* ရောမအသင်းဝင်များတို့ကိုချဉ်းကပ်ခြင်း ------------ ၇၅၅
* ယုဒလူမျိုးများမှကြီးမားသောရိတ်သိမ်းခြင်းတစ်ခု ------- ၇၆၁
* ကလေးအတွက်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း ------- ၇၆၃
* ခရီးသွားဌာနများ၌ရှိနေသူများ ------------------ ၇၇၀
* လမ်းပေါ်အစည်းအဝေး ----------------------- ၇၇၂

အပိုင်း (၁၈)

မှားယွင်းသောသိပ္ပံအတတ်၊ ကိုးကွယ်မှုများ၊ ဝါဒများ၊
လျှို့ဝှက်သောအဖွဲ့အစည်းများနှင့်ဆက်ဆံခြင်း ---------- ၇၇၆

* မှားယွင်းသောအယူဝါဒအားဖြင့်
မာရ်နတ်ခြေကုပ်ရယူခြင်း ---------------------- ၇၇၆
* အံ့ဖွယ်နိမိတ်လက္ခဏာများသည်
စမ်းသပ်မှုတစ်ခုမဟုတ် ------------------------ ၇၈၃
* မှားယွင်းသောဖြူစင်ခြင်းနှင့်သန့်ရှင်းခြင်း ------------- ၇၈၅
* အားလုံးကိုယုံကြည်ကိုးကွယ်ခြင်းနှင့်
ဝိညာဉ်ဆိုင်ရာအယူအဆများ -------------------- ၇၉၁
* မှော်ဝိညာဉ်အတတ်ပညာအမျိုးမျိုး ----------------- ၇၉၅
* အယူသီးခြင်းနှင့်တစ်ဖက်စွန်းရောက်ခြင်း ------------- ၈၀၆
* ဘုရားကိုပုံမှားတွေးဆဖော်ထုတ်ခြင်း---------------- ၈၁၁
* လျှို့ဝှက်သောအဖွဲ့အစည်းများ ------------------- ၈၁၆
* မှားယွင်းသောသွန်သင်မှုကိုတွန်းလှန်ခြင်း -------------၈၂၅
အပိုင်း (၁၉)
အမှုဆောင်နှင့်မိမိ၏အရည်အသွေးများ ---------------- ၈၃၁
* သာသနာပြုလုပ်ငန်း၏စိတ်ဓာတ်------------------ ၈၃၁
* ယဉ်ကျေးမှုနှင့်ကြင်နာခြင်း၏ကျေးဇူးများ -------------၈၄၂
* အမှုထမ်းရန်တင်လျှောက်ခြင်း ------------------- ၈၅၅
* အဓိကလုပ်ငန်းအပေါ်စိတ်ဝင်စားမှုထားရှိခြင်း ---------- ၈၇၁
* ကျန်းမာခြင်းနှင့်ကျန်းမာခြင်းစည်းမျဉ်းဥပဒေများ -------- ၈၇၄
* ဝမ်းမြောက်ဖွယ်သတင်းဟောပြောသူ၏အသံ ---------- ၈၈၄
* သာသနာပြုသူ၏ကိုယ်ပိုင်ပြင်ပပေါ်လွင်ထင်ရှားခြင်း -------၈၉၂
* သာသနာပြုတစ်ဦး၏ဇနီး ---------------------- ၈၉၇
* မြင့်မားသောကိုယ်ကျင့်တရားအဆင့်အတန်းကို
ထိန်းသိမ်းစောင့်ရှောက်ခြင်း --------------------- ၉၀၃
* စမ်းသပ်ခြင်းကာလ -------------------------- ၉၀၉



* သာသနာပြုဝန်ထမ်းတစ်ဦးကိုခေါ်ယူခြင်းနှင့်
ပြောင်းရွှေ့ခြင်း ----------------------------- ၉၁၆
အပိုင်း (၂၀)
သတင်းစကားအောင်မြင်ခြင်း ----------------------၉၂၂
* ကျယ်လောင်စွာဖြင့်ကြွေးကြော်မှုပြုသောအခါ -----------၉၂၂
* ဖင့်နွှဲရခြင်း၏အကြောင်းရင်း ---------------------၉၂၅
* လုပ်ငန်းပြီးစီးရန်အတွက်တန်ခိုး -------------------၉၂၉
* အခွင့်အရေး၏လက်ရှိအချိန် -------------------- ၉၃၅
* အောင်မြင်ခြင်းအထွတ်အထိပ်သို့
လျင်မြန်စွာရောက်ရှိစေခြင်း ---------------------၉၄၂

–o–

tcef; (1)

# 0rf;ajrmufzG,f{0Ha*vdbwif; a[mMum;jcif;twGufpdefac:csuf

## သတင်းစကားဟောကြားခြင်း

**ခရစ်တော်၏စေခိုင်းခြင်းညွှန်ကြားချက်** – တပည့်တော်များထံသို့ ခရစ်တော်၏နောက်ဆုံးသောစကားမှာ၊ "ငါသည် ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိမည်။" "ထိုကြောင့် သင်တို့သွား၍ လူမျိုးအပေါင်းတို့ကို သွန်သင်ပါ။" ကမ္ဘာအရပ်ရပ်ရှိလူတိုင်းထံသို့သွားပါ။ သင်တို့သွားလေရာအရပ်၌ သင်တို့နှင့်အတူငါရှိမည်ဟု တပည့်တော်တို့အားကတိပြုခဲ့ပါသည်။

ကျွန်ုပ်တို့ကိုလည်း ဤအတိုင်းစေခိုင်းပါသည်။ ခရစ်တော်၏စေတမန်များကဲ့သို့ သွား၍သက်သေခံရန်ခေါ်ပြီး၊ လူအားလုံးတို့ကို အသက်ရှင်သောနှုတ်ကပတ်တော်ဖြင့် သွန်သင်ပို့ချ၊ တိုက်တွန်းဆွဲခေါ်ရန်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူအမြဲရှိမည်ဟုလည်း ယုံကြည်စိတ်ချစွာကတိပြုခဲ့ပါသည်။ ဘယ်အခက်အခဲမျိုးမဆိုရင်ဆိုင်ရသောအခါ၊ ဘယ်စုံစမ်းခြင်းမျိုးမဆိုကြုံတွေ့ခံစားရသောအခါ၊ "ငါသည် ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိမည်" ဟူသော မွန်မြတ်သည့်ကတိတော်သည် ကျွန်ုပ်တို့အတွက် အစဉ်ရှိနေမည်ဖြစ်သည်။ Manuscript 24, 1903.

**အသက်ရှင်သောသတင်းအရှိန်အဟုန်တစ်ခု** – တပည့်တော်များအတွက်စေခိုင်းချက်ထဲ၌ ခရစ်တော်သည် လုပ်ငန်းတာဝန်ပေးရုံမျှမက၊ သူတို့အတွက်သတင်းစကားကိုလည်းပေးခဲ့ပါသည်။ သူပြောခဲ့သည်မှာ၊ "သင်တို့အားငါမိန့်တော်မူသမျှအရာအားလုံးကိုစောင့်ရှောက်ရန်" လူတို့ကိုသွန်သင်ပါဟုဖြစ်ပါသည်။ ခရစ်တော်သင်ကြားခဲ့သောအရာများကို တပည့်တော်များသင်ကြားပို့ချရမည်ဖြစ်သည်။ သူပြောခဲ့သမျှသောအရာများအပြင် ဓမ္မဟောင်းကျမ်းမှ





ပုရောဖက်နှင့်ဆရာများပြောခဲ့သောအရာများအားလုံးပါဝင်ပါသည်။ လူတို့၏သွန်သင်ဆုံးမသောအရာများမပါပါ။ လူတို့၏ရှေးရိုးထုံးစံမိရိုးဖလာ၊ အတွေးအခေါ်သွန်သင်ချက်များလည်းမပါပါ။ ရှေးဘိုးဘေးတို့၏အာဏာဖြင့်ချမှတ်ထားသော တရားဥပဒေများသည် ခရစ်တော်၏စေခိုင်းချက်ထဲ၌မပါဝင်ပါ။ ခရစ်တော်၏တပည့်တော်များတို့သည် ဤဖော်ပြပါအရာများကိုမသွန်သင်ရပါ။ "ပညတ်နှင့်ပုရောဖက်များ" နှင့် မှတ်တမ်းတင်ထားသောသူတို့၏စကားများနှင့်အပြုအမူများတို့သည် တပည့်တော်များတို့အား ကမ္ဘာသို့ပို့ချရန် သူ၏အပ်နှံထားသောဘဏ္ဍာဖြစ်သည်။

ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းဟောကြားရာ၌ အသက်မပါသည့်စာတွေ့သဖွယ်မဟုတ်၊ လူတို့၏ဘဝအသက်တာကို လက်တွေ့ပြောင်းလဲစေနိုင်သည့် အသက်ပါသောတန်ခိုးအရှိန်အဟုန်ရှိရမည်။ ကျေးဇူးတော်ကိုရရှိသူများအနေဖြင့် ၎င်း၏တန်ခိုးအတွက်သက်သေခံများဖြစ်လာရန် ဘုရားရှင်အလိုတော်ရှိသည်။ DA, p. 826.

**အသင်းတော်အားသတင်းစကားအပ်နှံထားခြင်း** – ကျွန်ုပ်တို့သည် ကမ္ဘာ့နောက်ဆုံးနိဂုံးချုပ်အချိန်တွင် အသက်ရှင်ကြရပါသည်။ အမှန်တရားကိုသိသောတာဝန်ဖြင့် ကြောက်ရွံ့တုန်လှုပ်သောသူများဖြစ်ကြရမည်။ ကမ္ဘာ့နောက်ဆုံးအချိန်ရောက်လာပြီ။ ဤအရာများကို မှန်ကန်သောစဉ်းစားဆင်ခြင်မှုဖြင့် လူအားလုံးတို့အား မိမိတို့ရှိသမျှကို ဘုရားရှင်ထံလုံးလုံးအပ်နှံရန် ပို့ဆောင်တော်မူလိမ့်မည်။

ကမ္ဘာကြီး၏ပျက်စီးမည့် ကြီးလေးသောသတိပေးတာဝန်သည် ကျွန်ုပ်တို့အပေါ်၌ရှိနေသည်။ ရပ်ဝေး၊ ရပ်နီးနေရာတိုင်းမှကူညီရန် ကျွန်ုပ်တို့ကိုခေါ်လျက်ရှိသည်။ အသင်းတော်အနေဖြင့် ဤလုပ်ငန်း၌လုံးလုံးလျားလျားဆက်ကပ်ကာ သတင်းစကားကိုကမ္ဘာအရပ်ရပ်သို့သယ်ဆောင်ရမည်။ ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားပွဲသို့လာပါ၊ ညစာပြင်ဆင်လျက်ရှိပြီ၊ လာပါ၊ . . . သရဖူများ၊ မညှိုးနွမ်းသောသရဖူများကိုဆောင်းရကြမည်။ ကောင်းကင်

နိုင်ငံကိုဝင်စားရမည်။ အပြစ်၌နစ်မွန်းနေသောကမ္ဘာကို အလင်းပေးရမည်။ ပျောက်ဆုံးနေသောပုလဲကိုရှာရမည်။ ပျောက်သောသိုးများကို သိုးခြံထဲသို့ ပြန်လည်၍ဆောင်ယူလာရမည်။ ရှာဖွေခြင်း၌ မည်သူပါဝင်မည်နည်း။ မှားယွင်းနေသောအမှောင်ထုထဲ၌ လမ်းလွဲနေသူများထံ မည်သူအလင်းသယ်ဆောင်သွားမည်နည်း။ Review and Herald, July 23, 1895.

**လက်ရှိအရေးကြုံကာလ** – ယခုအချိန်အတွက် ဘုရားပေးသောအမှန်တရားကို အခြားသူများထံသို့ဝေငှရမည့်တာဝန်ကို စိတ်ပါဝင်စားစွာဖြင့်ဆောင်ရွက်ရန် ယခုကျွန်ုပ်တို့ခံစားချက်ရှိသင့်ပြီ။ ကျွန်ုပ်တို့အလွန်စိတ်ဝင်စားမှုမရှိကြသေးပါ။

ယခုအချိန်သည် နောက်ဆုံးသတိပေးရမည့်အချိန်ဖြစ်သည်။ ယခုအချိန်၌ အမှန်တရားဟောပြောရန် အထူးတန်ခိုးရှိနေပါသည်။ သို့သော် မည်မျှကြာရှည်စွာဆောင်ရွက်ရဦးမည်နည်း။ ခဏတာမျှသာဖြစ်သည်။ အကယ်၍ အရေးကြုံကာလတစ်ခုရှိမည်ဖြစ်ပါက၊ ယခုပင်ဖြစ်ပေလိမ့်မည်။

လူတိုင်းမိမိတို့၏ကံကြမ္မာကိုဖန်တီးရန် ယခုပင်ဆုံးဖြတ်ကြရမည်။ လူတို့သည် လေးနက်သောအချိန်ကိုသိ၍ နိုးထချိန်တန်ပြီ။ လူသားများတို့၏ကရုဏာတံခါးကုန်ဆုံးချိန်ရောက်လုနီးပြီ။ သတင်းစကားကို လူထုရှေ့၌ ရှင်းလင်းပြတ်သားစွာဟောပြောရန် တရားပွဲများကိုကျင်းပရကြမည်။ တတိယကောင်းကင်တမန်၏သတင်းစကားကို ကြီးမားသောတန်ခိုးအရှိန်အဟုန်ဖြင့် ဟောပြောကြရမည်။ Testimonies, vol. 6, p. 16.

**ဧဝံဂေလိလုပ်ငန်းသည်ကျွန်ုပ်တို့၏အဓိကအလုပ်ဖြစ်** – ဧဝံဂေလိလုပ်ငန်း၊ အခြားသူများထံနှုတ်ကပတ်တော်ကိုဖွင့်ပြခြင်း၊ ကမ္ဘာကြီးပေါ်သို့ရောက်ရှိလာမည့်လူတို့ကိုသတိပေးစကားတို့သည် ဘုရားသားသမီးများ တစ်နေ့တခြားပို၍ပို၍အချိန်ပေးဆောင်ရွက်ကြရမည်။ Review and Herald, Aug. 2, 1906.

**လျှင်မြန်စွာသတင်းပေးပို့ခြင်း** – ဘုရားရှင်၏သားသမီးများအဖြစ် ဘုရားရှင်ရှေ့မှောက်၌ ကျွန်ုပ်တို့၏စိတ်နှလုံးကိုနှိမ့်ချရန် အထူးလိုအပ်ပြီး၊ ဧဝံဂေလိ



ဟောကြားခြင်းစေခိုင်းချက်ကိုပြည့်စုံစေရန် ပျက်ကွက်ခြင်းအတွက် သူ၏ခွင့်လွှတ်ခြင်းကိုတောင်းခံရပါမည်။ ကျွန်ုပ်တို့၌ကြီးမားသောဗဟိုဌာနအနည်းငယ်သာရှိပြီး အရေးကြီးသောမြို့ကြီးများကို ဝင်ရောက်ထိုးဖောက်လုပ်ဆောင်ရန်မပြုကြသေးချေ။ ပေးအပ်သောတာဝန်ကို ယခုဆောင်ရွက်ပြီး၊ သတင်းစကားကို ကြွေးကြော်ခြင်းဖြင့် သူတို့အတွက်ရောက်ရှိလာမည့်ဘေးအန္တရာယ်ကိုသိရှိရန် ဆောင်ရွက်ကြပါစို့။ အကယ်၍ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းဝင်များတို့သည် မိမိတို့အားပေးအပ်ထားသောတာဝန်ကို ဆောင်ရွက်သင့်သည့်အတိုင်းဆောင်ရွက်ကြပါက ယုံကြည်သူအရေအတွက်သည် လက်ရှိဦးရေထက်ပို၍များစွာရှိနေမည်ဖြစ်သည်။ Testimonies, vol. 9, p. 25. (1909) [Ev, 17.3].

**ကြိုးစားလုပ်ဆောင်ရန်အတွက်ခေါ်ဖိတ်ခြင်း** – ကမ္ဘာကြီးပေါ်ရှိလူသားများတို့သည် ဘုရားရှင်၏တရားပလ္လင်ရှေ့တွင် မကြာမီယူဆောင်လာခြင်းခံရပြီး မိမိတို့ပြုသမျှအတွက် အဖြေပေးကြရမည်ကို ကျွန်ုပ်တို့၏ခမ္မအမှုဆောင်များသိရှိကြပါက၊ သူတို့သည် ဘုရားရှင်နှင့်အတူကြိုးစား၍ အမှန်တရားကိုမည်မျှဟောပြောကြလိမ့်မည်နည်း။ လူအပေါင်းတို့အား အမှန်တရားကိုလက်ခံရန် သူတို့သည် မည်မျှကြိုးစား၍ပို့ဆောင်ကြလိမ့်မည်နည်း။ မဆောမပန်းဘဲ ဤကမ္ဘာကြီးပေါ်၌ ဘုရားရှင်၏အမှုတော်တိုးတက်ရန် ကြိုးစားလုပ်ဆောင်ကာ နှုတ်အားဖြင့်၊ အပြုအမူအားဖြင့် မည်မျှဆောင်ရွက်ကြလိမ့်မည်နည်း။ အရာခပ်သိမ်းတို့သည် အဆုံးသို့ရောက်လုနီးပြီ။

**ရှုပ်ထွေးသောနောက်ဆုံးနေ့ရက်များအထဲတွင်** – ကမ္ဘာ့နောက်ဆုံးကာလအတွက် ကျွန်ုပ်တို့အား ယေရှုခရစ်တော်၏မိန့်မှာတော်မူသည့်စကားများကို ဤကဲ့သို့ရေးသားထားခဲ့ပါသည်။ “ဤအခြင်းအရာများကိုတွေ့မြင်ရသောအခါ၊ မျှော်ကြည့်ပါ။ အထက်သို့ခေါင်းကိုမော့၍မျှော်ကြည့်ပါ။ သင်၏ကယ်တင်ခြင်းသည် နီးကပ်လျက်ရှိပြီး” လူမျိုးအပေါင်းရန်းရင်းခတ်လျက်ရှိသည်။ ရှုပ်ထွေးသောကာလ ကျွန်ုပ်တို့ထံသို့ရောက်ရှိလာပြီ၊ ပင်လယ်လှိုင်းတံပိုးများ ရိုက်ခတ်

လျက်ရှိသည်။ လူတို့၏စိတ်နှလုံးသားထဲ၌ ကြောက်ရွံ့ခြင်းနှင့်ပြည့်ဝလျက် ဤကမ္ဘာပေါ်သို့ မည်သည့်ဘေးဒုက္ခများရောက်ရှိလာမည်ကို စိုးရိမ်လျက်ရှိသည်။ သို့သော် ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူတို့အတွက် မုန်တိုင်းကြားမှဘုရားရှင်၏အသံတော်မှာ၊ "ငါပင်ဖြစ်သည်၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်" ဟုဖြစ်ပါသည်။ ကမ္ဘာကြီးသည် ဆိုးသွမ်းပြီးဖောက်ပြန်လျက်ရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ တစ်ကမ္ဘာလုံးနီးပါး ဘုရားရှင်၏ပညတ်တော်ကို ပုန်ကန်လျက်ရှိသည်။ နေရာတိုင်းရှိ ရှုပ်ထွေးခြင်းနှင့်ပြည့်ဝလျက်ရှိသောကမ္ဘာကြီးပေါ်တွင် ပြီးစီးအောင်ဆောင်ရွက်ရန် ကျွန်ုပ်တို့အလုပ်တာဝန်ရှိနေပါသည်။ Manuscript 44, 1900. [Ev, 18.1].

**မှောင်မိုက်သောနေရာများ၌အဆင့်အတန်းကိုမြှင့်တင်ပါ** – မာရ်နတ်၏စစ်သည်တော်များစွာရှိသည်။ ဘုရားရှင်၏သားသမီးများ ကမ္ဘာအဝန်းရှိနေရမည်။ အမှန်တရား၏အဆင့်အတန်းကို ကမ္ဘာ၏မှောင်မိုက်လျက်ရှိသောနေရာများတွင် မြင့်မားစွာစိုက်ထူကာ အကောင်းဆုံးကြိုးစား၍ မာရ်နတ်၏နိုင်ငံကိုချေမှုန်းကြရမည်။ Letter 91, 1900. [Ev, 18.2].

**အမြင့်ဆုံးနှင့်အကြီးမားဆုံးသောအလုပ်** – ယခုအချိန်အခါ၌ သတင်းစကားဟောပြောတင်ဆက်ရာတွင် ကမ္ဘာကြီးတစ်ခုလုံးသို့ရောက်ရှိရန် အမြင့်ဆုံးနှင့်အကြီးမားဆုံးသောလုပ်ငန်းအဖြစ် ဘုရားရှင်ချမှတ်ထားလျက်ရှိသည်။ Testimonies, vol. 6, p. 11. (1900) [Ev, 18.3].

**ပို၍လျင်မြန်စွာတိုးတက်ရန်** – ဤနိုင်ငံအတွင်းနှင့်အခြားနိုင်ငံများအတွင်း လက်ရှိအမှန်တရားလုပ်ငန်းကို ယခုဆောင်ရွက်နေသည်ထက် ပို၍လျင်မြန်စွာတိုးတက်ရန်ဆောင်ရွက်ကြရမည်။ ယုံကြည်ခြင်းဖြင့်ဆောင်ရွက်လေသမျှကို အစပြုဆောင်ရွက်ကြပြီး၊ ခရစ်တော်နည်းလမ်းအတိုင်း ဘုရားရှင်၏သားသမီးများတို့သည်ဆောင်ရွက်ကြပါက သူတို့ရှေ့၌ ဘုရားရှင်လမ်းဖွင့်ပါလိမ့်မည်။ အောင်မြင်ခြင်းရရှိရန်အတွက် လိုအပ်သည့်မိမိတို့၌ရှိသမျှခွန်အားဖြင့်ဆောင်ရွက်ကြပြီး၊ ယုံကြည်ခြင်းဖြင့် ဘုရားရှင်၏အမိန့်တော်ကိုနာခံကြပါက ကြွယ်ဝ



သောအောင်မြင်မှုများကို ရရှိကြပါလိမ့်မည်။ လုပ်ဆောင်ရမည့် ဘုရားရှင်ပြောသမျှတို့ကိုလုပ်ဆောင်လိုသောစိတ်ဆန္ဒအပြည့်အဝဖြင့် တတ်နိုင်သရွေ့၊ လျင်မြန်စွာဆောင်ရွက်နိုင်သရွေ့ မိမိတို့သွား၍ဆောင်ရွက်ကြရမည်။ သူတို့သည် မရွေ့လျော့သောယုံကြည်ခြင်းဖြင့် အားကြိုးမာန်တက်ကြိုးစားလုပ်ဆောင်ကာ ကမ္ဘာတစ်ခုလုံးသည် သူတို့၏သတိပေးသတင်းစကားကို ကြားသိကြရပါလိမ့်မည်။ Manuscript 162, 1905. [Ev, 18.4].

## ဧဝံဂေလိသတင်းစကား၏အစဉ်အမြဲကျယ်ပြန့်သောတန်ခိုးသြဇာ

**ကမ္ဘာကိုလွှမ်းမိုးသွားခြင်း** – နေရာတိုင်း၌ အမှန်တရား၏အလင်းထွန်းလင်းရမည်ကို ယခုအိပ်ပျော်နေသောနှလုံးသားများထဲ၌ နိုးကြားပြောင်းလဲရပါမည်။ နိုင်ငံတိုင်းနှင့်မြို့ကြီးတိုင်းတို့၌ ဝမ်းမြောက်ဖွယ်သတင်းကိုဟောပြောကြွေးကြော်ကြရမည်။ [Ev, 19.1].

အသစ်ဖွဲ့စည်းခဲ့သောအသင်းတော်များရှိ အသင်းဝင်များအားဖြင့် သာသနာ့လုပ်ငန်းပြီးစီးရန် အသင်းတော်များတို့ကိုစည်းရုံးကာ စီမံကိန်းများကိုချမှတ်ရပါမည်။ ဤဧဝံဂေလိသာသနာလုပ်ငန်းသည် ဆက်လက်၍တိုးတက်ရန်နှင့်နယ်သစ်များတိုးချဲ့ရန် စပျစ်ဥယျာဉ်ကိုထွန်ယက်စိုက်ပျိုးချဲ့ထွင်ရပါမည်။ သေးငယ်သောစက်ဝိုင်းသည် ကျယ်ပြန့်လာကာ ကမ္ဘာတစ်ဝန်းလုံးကိုခြုံငုံသွားသည့်တိုင် ဆောင်ရွက်ကြရပါမည်။ Letter 86, 1902. [Ev, 19.2].

**အရှေ့၊ အနောက်၊ တောင်နှင့်မြောက်** – တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ သတိပေးစကားကိုကြွေးကြော်ရမည်။ အပေါ်ယံအားဖြင့်သာမဟုတ်ဘဲ၊ ဝိညာဉ်တော်တန်ခိုးနှင့်ပြည့်ဝသော ယုံကြည်သူပုဂ္ဂိုလ်များတို့အားဖြင့် ဆောင်ရွက်စေရပါမည်။ [Ev, 19.3].

အကောင်းဆုံးလုပ်ဆောင်မှုပြုရန်လိုအပ်သည်။ ဘုရားရှင်၏စေတမန်များအားဖြင့် ကမ္ဘာသို့နှုတ်ကပတ်တော်ကိုဖော်ပြရန် အရေးကြီးသောအချိန်

ရောက်ရှိလာပြီ။ ဦးစွာအမှန်တရားကိုဖော်ပြပြီး၊ ဒုတိယအနေဖြင့် တတိယကောင်းကင်တမန်သတင်းစကားကို တိုင်းပြည်တိုင်း၊ လူမျိုးတိုင်း၊ နေရာဒေသတိုင်းတို့၌ ဟောပြောတင်ဆက်ရပါမည်။ အမှောင်ထုနှင့်ပြည့်ဝနေသောတိုက်၊ တိုင်းပြည်၊ နိုင်ငံများနှင့်သမုဒ္ဒရာပင်လယ်အတွင်းရှိ ကျွန်းကြီးကျွန်းငယ်အားလုံးသို့ အလင်းကိုထွန်းလင်းကြရပါမည်။ [Ev, 19.4].

လုပ်ငန်းအောင်မြင်ရန် လိမ္မာပါးနပ်စွာစီမံကိန်းဆွဲ၍ဆောင်ရွက်ကြပါစို့။ အရှေ့၊ အနောက်၊ တောင်၊ မြောက်များတို့၌ နေရာသစ်များဖွင့်လှစ်ရန် တိကျသောတရားပွဲများကို ကျင်းပရပါမည်။ . . . . အကြောင်းမှာ၊ အမှန်တရားတင်ဆက်ခြင်းလုပ်ငန်းကို ကြာရှည်စွာလျစ်လျူရှုခဲ့သောကြောင့်၊ ကျွန်ုပ်တို့၏ဓမ္မဆရာနှင့်အမှုဆောင်များတို့ကို ဤနယ်မြေများသို့ဝင်ရောက်ထိုးဖောက်ကာ သတင်းစကားကိုရှင်းလင်းပြတ်သားစွာမကြားရသမျှ လက်မြှောက်အရှုံးပေးခြင်းမပြုဘဲ ဟောပြောတင်ဆက်ရန် ဖိတ်ခေါ်တောင်းဆိုလုပ်ကိုင်ဆောင်ရွက်သင့်ကြပါသည်။ Manuscript 11, 1908. [Ev, 19.5].

**အတားအဆီး၊ သို့မဟုတ် အခက်အခဲများဖြင့်သတိမူခြင်းမပြုရန်** – အမှန်တရားကိုဂရုမပြု၊ ငြင်းပယ်သူများထံသို့ အောင်မြင်စွာယူဆောင်သွားရမည်။ ကြိမ်ပေါင်းများစွာတားဆီးမှုရှိပုံပေါ်သည့်တိုင်၊ လုပ်ဆောင်မှုကိုမည်သည့်အခါမျှရပ်ဆိုင်းခြင်းမပြုသင့်ပါ။ ဘုရားရှင်၏သတင်းစကားသည် တားဆီးမှုများနှင့်ရင်ဆိုင်ရသောအခါ၊ ဘုရားရှင်သည် အထူးသောတန်ခိုးခွန်အားကိုပေးကာ ပို၍ကြီးမားသောသြဇာညောင်းမှုကို ခံစားရရှိကြမည်ဖြစ်သည်။ ဘုရားခွန်အားကိုရရှိပြီး အကြီးမားဆုံးသောခက်ခဲမှုများကိုပင်ထိုးဖောက်ကာ ခက်ခဲမှုတိုင်းကိုပင်အောင်မြင်သွားမည်ဖြစ်သည်။ The Acts of the Apostles, p. 601, (1911) [Ev, 20.1].

**ခိုင်မာသောအလုပ်တစ်ခု** – ခင်တွယ်မြတ်နိုးဖွယ်ကောင်းသော သာသနာ့လုပ်ငန်းသည် ကြိုးစားလုပ်ဆောင်ရမည့် ခိုင်မာသောအလုပ်တစ်ခုဖြစ်ပြီး၊ တစ်နေ့တခြားပို၍ပို၍ထွန်းလင်းတောက်ပကာ တစ်နေ့တာ၏ပြည့်ဝသော



နေအလင်းရောင်ခြည်တောက်ပသည့်အထိ ဆောင်ရွက်ကြရမည်။ Letter 215b, 1899. [Ev, 20.2].

**နက်ရှိုင်းကျယ်ပြန့်သောသြဇာတစ်ခု** – ဤသတင်းစကားတို့၏သြဇာသည် နက်ရှိုင်းကျယ်ပြန့်ပြီး ထောင်ပေါင်းများစွာသောနှလုံးသားများထဲသို့ ဝင်ရောက်လှုပ်ရှားနေရာယူကာ ပညာရေးကျောင်းများ၊ ပုံနှိပ်တိုက်များနှင့်ကျန်းမာရေးအဆောက်အဦများ ပေါ်ပေါက်လာပါသည်။ ဤအရာအားလုံးတို့သည် ကြီးမားသောဤအမှုတော်လုပ်ငန်းကို ပံ့ပိုးလုပ်ဆောင်ရန် ဘုရားရှင်၏လက်နက်တန်ဆာပလာဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယကောင်းကင်တမန်သုံးပါးတို့ကိုပုံဆောင်ကာ ကောင်းကင်အလယ်၌ပျံဝဲလျက်၊ ဤလောကရှိလူသားများအားလုံးကို တန်ခိုးနှင့်ကြီးစွာသောဘုန်းတော်ဖြင့် ခရစ်တော်တစ်ဖန်ပြန်ကြွလာမည့်အကြောင်းကို သတိပေးလျက်ရှိပါသည်။ Review and Herald, Dec. 6, 1892. [Ev, 20.3].

**နေရာသစ်၌သတင်းစကားကြွေးကြော်ခြင်း** – ကမ္ဘာကိုပြောကြားရန် ကျွန်ုပ်တို့၌လေးနက်၍အရေးကြီးသောသတင်းစကားရှိသည်။ သို့သော် အမှန်တရားသိရှိပြီး၊ သူတို့အားအချိန်များစွာပေးခဲ့ပြီးဖြစ်သည်။ သိရှိပြီးသောသူတို့အားဟောပြောခြင်းဖြင့် အချိန်ကိုအသုံးပြုကာ အမှန်တရားကိုထပ်ခါတလဲလဲသင်ကြားရန် အခွင့်အရေးပေးမည့်အစား သင်၏သတင်းစကားကို တစ်ခါမျှမကြားရသေးသောသူများထံ သွားရောက်ဟောပြောပါ။ သင်၏တောစခန်းတရားပွဲများကိုကျင်းပပါ။ (သတိပြုချက်၊ ယခင်အချိန်၌ မယုံကြည်သူများစွာတို့အားဆွဲယူခေါ်ဆောင်နိုင်သောနည်း။) ယခုမြို့ကြီးများတို့တွင်ဟောပြောပါ။ တချို့သောသူများတို့သည် စည်းဝေးသို့တက်ရောက်ကြပြီး သတင်းစကားကိုကြားသိရပါလိမ့်မည်။ Letter 87, 1896. [Ev, 20.4].

**နေရာသစ်များသည်အကောင်းဆုံးနေရာများဖြစ်** – အမှန်တရားကိုတစ်ခါမျှမကြားရသေးသောနေရာများသည် တရားပွဲကျင်းပရန်အကောင်းဆုံးသောနေရာများဖြစ်သည်။ ယခင်အချိန်များ၌ သတင်းစကားတစ်ခါမျှမကြားဘူးသူတို့၏

စိတ်နှလုံးသားထဲသို့ အမှန်တရားရောက်ရှိနိုင်ပါသည်။ အပြစ်တရား၏ဆိုးသွမ်းမှုကို သူတို့တွေ့ရလိမ့်မည်။ ၎င်းနောက် သူတို့၏နောင်တတရားမှာ ရိုးသားတိကျမည်ဖြစ်သည်။ လွန်ခဲ့သောအချိန်၌ မကြားခဲ့ရသေးသောသတင်းစကားနှင့် အပြစ်တရား၏ကြီးမားခြင်းကိုမမြင်ရသေးသောသူတို့၏နှလုံးသားထဲ၌ ဘုရားရှင်အလုပ်လုပ်သွားပေလိမ့်မည်။ Letter 106, 1903. [Ev, 21.1].

**အကယ်၍အမှန်တရားကိုစိတ်ပါဝင်စားစွာဟောပြောခဲ့လျှင် –** ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ရန် မြို့ကြီးတစ်မြို့ပြီးတစ်မြို့၌လိုအပ်နေကြောင်း ကျွန်ုပ်ရှေ့၌ဖော်ပြလျက်ရှိသည်။ ယခုအချိန်တွင် သတိမပေးရသေးသောမြို့ကြီးများအတွင်း ကြိုးစား၍သတင်းစကားပြောကြားခဲ့သော်၊ ကြားရသူများနောင်တတရားရရှိကြပေလိမ့်မည်။ ကောင်းသောနည်းလမ်းအမျိုးမျိုးဖြင့် အမှန်တရားကိုအခြေအနေပေးသရွေ့ကြိုးစားလုပ်ဆောင်ကြပါက ယနေ့အမှန်တရားထဲ၌ ထောင်ပေါင်းများစွာသောသူတို့သည် ဝမ်းမြောက်ဝမ်းသာကြမည်ဖြစ်ကြောင်း အလင်းတရားမှကျွန်ုပ်အားဖော်ပြလျက်ရှိသည်။ Letter 94a, 1909. [Ev, 21.2].

## ဧဝံဂေလိအမှုဆောင်များလိုအပ်ခြင်း

**သီးနှံရိတ်သိမ်းရန်ကျယ်ဝန်းသည် –** လေးနက်၍သန့်ရှင်းမွန်မြတ်သောသတိပေးစကားကို အခက်ခဲဆုံးဒေသနှင့်အဆိုးသွမ်းဆုံးသောမြို့များတို့၌ ကြွေးကြော်ရမည်။ ကြီးမားသောဧဝံဂေလိသတင်းစကား၏အလင်းမရောက်ရှိသေးသောနေရာတိုင်း၌ ဟောပြောကြရမည်။ သိုးသငယ်၏ညစာစားပွဲသို့ နောက်ဆုံးဖိတ်ခေါ်သံကို လူတိုင်းအားကြားသိစေရမည်။ [Ev, 21.3].

ယခုအချိန်အထိ ဧဝံဂေလိသတင်းစကားမကြားသိရသေးသောတိုင်းပြည်များတို့၌ တံခါးပွင့်လျက်ရှိပြီး၊ ဘုရားရှင်၏နှုတ်ကပတ်တော်ကိုရှင်းပြရန် လူတို့သည် ခေါ်ဖိတ်တောင်းဆိုလျက်ရှိသည်။ ရှင်ဘုရားများနှင့်မင်းသားများတို့၏ကြာမြင့်စွာပိတ်ထားလျက်ရှိသောတံခါးမှာ ကပ်တိုင်၏သတင်း



စကားကိုကြားနာရန် ခေါ်ဖိတ်လျက်ရှိသည်။ ရိတ်သိမ်းရန်လယ်ပြင်အမှန်ပင်ကျယ်ပြန့်နေပါသည်။ ထာဝရကာလသာလျှင် စနစ်တကျကြိုးစားလုပ်ဆောင်မှုရလဒ်ကို ဖော်ပြမည်ဖြစ်သည်။ Gospel Workers, p. 27, (1915) [Ev, 22.1].

**ခရစ်တော်အတွက်သံတမန်များ –** ခရစ်တော်နှင့်လူသားအချင်းချင်းတို့ကိုချစ်သော နှလုံးသားနှင့်ပြည့်ဝသည့် ဘုရားရှင်၏စေတမန်များတို့သည် မှားယွင်း၍အပြစ်၌နစ်မွန်းနေသူများတို့အား နိုးထရန်ရှာဖွေလျက်ရှိသည်။ သင်၏ကြိုးစားပြီးတောင်းဆိုသတိပေးခြင်းတို့သည် သူတို့၏ဩတ္တာပ္ပစိတ်အသိတရားကိုထိုးဖောက်နိုင်ပါစေ။ သင်၏ဖွဲလုံ့လဖြင့်ဆုတောင်းခြင်းသည် သူတို့၏စိတ်နှလုံးသားတို့ကိုအရေပျော်စေ၍ ကယ်တင်ရှင်ထံသို့နောင်တတရားရရှိနိုင်ရန်ပို့ဆောင်နိုင်ပါစေ။ ဘုရားရှင်၏ကယ်တင်ခြင်းသတင်းစကားကိုကြွေးကြော်ရန်သင်တို့သည် ခရစ်တော်၏သံတမန်များဖြစ်ကြပါသည်။ Gospel Workers, p. 35, (1915) [Ev, 22.2].

ယခုတစ်ယောက်တည်းရှိနေသောနေရာ၌ အမှုဆောင်အယောက် (၁၀၀) လိုအပ်နေ – အချိန်တိုတောင်းလှသည်။ နေရာတိုင်း၌ ခရစ်တော်၏အမှုထမ်းများလိုအပ်နေသည်။ ပြည်တွင်းပြည်ပသာသနာ့နယ်မြေများ၌ယခုအမှုထမ်းတစ်ယောက်တည်းရှိသောနေရာတွင် သစ္စာရှိပြီးကြိုးစားလုပ်ဆောင်မည့် အမှုထမ်းဦးရေအယောက် (၁၀၀) ရှိသင့်ပြီ။ လမ်းမကြီးနှင့်လမ်းသွယ်များတို့၌ ယခုမလုပ်ဆောင်ကြသေးပါ။ သခင့်အတွက် ယခုသာသနာ့လုပ်ငန်း၌လူတိုင်းအရေးတကြီးလုပ်ဆောင်ရန်ပါဝင်သင့်ကြပြီ။ Fundamentals of Christian Education, p. 488, (1903) [Ev, 22.3].

**လိမ္မာပါးနပ်စွာလူအင်အားခွဲဝေခြင်း –** မြို့ကြီးများအားလုံးသို့ သတိပေးခြင်းအလုပ်ပြီးစီးရန် ဘုရားရှင်ခေါ်တော်မူသည့်အတွက် သတိပညာဖြင့်လုပ်ဆောင်ရမည့်အင်အားကို ဝေငှဖြန့်ချိရန် ဘုရားရှင်၏အမှုထမ်းများ စီမံခန့်ခွဲကြရမည်။ များသောအားဖြင့် လူထုတရားပွဲ၌ အောင်မြင်စွာလုပ်ဆောင်

နိုင်စွမ်းရှိသူများကို သာသနာ့လုပ်ငန်းတွင်အသုံးပြုရန် မေ့လျော့နေကြသည်။ သာသနာ့လုပ်ငန်းအမျိုးမျိုးတို့ကိုဆောင်ရွက်ရန် လူမှန်နေရာမှန်၊ ဆူးနေရာဆူး၊ ဆောက်နေရာဆောက် ခွဲခန့်စီမံတတ်ရန်လိုအပ်ပြီး ဆက်ကပ်၍သင်တန်းရယူခဲ့သောသူများကို တာဝန်ပေးကာကြိုးစားလုပ်ဆောင်စေရမည်။ အရေးကြီးသောဘုရားရှင်၏နှုတ်ကပတ်တော်အမှန်တရားကို လူထုရှေ့၌ဟောပြောနိုင်စွမ်းရှိသူများအားအသုံးမပြုဘဲ တန်ခိုးဩဇာလွှမ်းမိုးသူတို့၏ထိန်းချုပ်မှုအောက်၌ ထိုပုဂ္ဂိုလ်များတို့ကို အရေးမကြီးလှသည့်လုပ်ငန်းတာဝန်ကို အမြဲထမ်းဆောင်စေခြင်း၏လုပ်ရိုးလုပ်စဉ်ကိုမပြုမိရန် ရှောင်ရှားသင့်ပါသည်။ Review and Herald, April 7, 1910. [Ev, 22.4].

**အမြင့်ဆုံးသောခေါ်ခြင်း –** ဧဝံဂေလိသာသနာ့လုပ်ငန်းကိုအထင်မသေးသင့်ပါ။ နှုတ်ကပတ်တော်ဟောပြောဖြန့်ချိခြင်းလုပ်ငန်းသည် သေးငယ်သောလုပ်ငန်းတစ်ခုမဟုတ်ပါ။ ဤလုပ်ငန်းကိုအထင်သေးခြင်းသည် ခရစ်တော်ကိုအထင်သေးခြင်းဖြစ်သည်။ အမြင့်ဆုံးသောသာသနာ့လုပ်ငန်းအမျိုးမျိုးတို့ကို လူငယ်လူရွယ်ရှေ့တွင်ထားရှိသင့်ပြီး သာသနာပြုဓမ္မဆရာထက် ဘုရားရှင်ကောင်းချီးပေးသောလုပ်ငန်းမရှိကြောင်း သူတို့အားသိစေအပ်ပါသည်။ [23.1].

လူငယ်လူရွယ်များ သာသနာ့လုပ်ငန်းထဲ၌ စိတ်အားထက်သန်ခြင်းကိုမတားဆီးပါနှင့်။ ဘုရားရှင်လျှောက်လှမ်းစေလိုသောလမ်း၌ များစွာပါဝင်လိုခြင်းမှဝေးကွာစေခြင်းသည် အန္တရာယ်ရှိသည်။ သာသနာ့လုပ်ငန်းထဲ၌ပါဝင်ရန် မိမိကိုယ်ကိုပြင်ဆင်သင့်သူများကို ဆေးပညာ၌သင်ကြားရန်အားပေးသူများတချို့ရှိကြပါသည်။ Testimonies, vol. 6, p. 411. (1900) [23.2].

**ကောင်းသောအမှုဆောင်များနေရာကိုလူငယ်များအစားထိုးခြင်း –** ကောင်းသောအမှုဆောင်များကျရှုံးသောအခါ၊ လစ်လပ်သည့်နေရာများကို လူငယ်များဖြင့်အစားထိုးပြီး သတင်းစကားကိုဆက်လက်ဟောကြားသင့်သည်။ စိတ်အားထက်သန်စွာလုပ်ငန်းကိုတိုးချဲ့ရမည်။ နုပျိုသန်မာသောလူငယ်များတို့သည် ကမ္ဘာ၏မှောင်မိုက်သောနေရာများသို့ သွားကြရမည်ဖြစ်ပြီး၊ ပျက်စီးမည့်ဝိညာဉ်များကို နောင်တသို့ပို့ဆောင်ကြရမည်။ Gospel Workers, p. 104, (1915) [23.3].



**လုပ်ငန်းအတွက်လျင်မြန်စွာပြင်ဆင်မှုပြုရန် –** ကျွန်ုပ်တို့၏ကျောင်းများကို ဘုရားရှင်မှထူထောင်ခဲ့ပြီး၊ သူ၏ရည်ရွယ်ချက်နှင့်အညီလုပ်ဆောင်ကြပါက ပညာလာရောက်ဆည်းပူးသူတို့အား သာသနာ့လုပ်ငန်းမျိုးစုံအတွက်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ပေးနိုင်လိမ့်မည်။ တချို့ကိုသူနာပြုများအဖြစ်၊ တချို့ကိုဓမ္မစာပေဖြန့်ချိသူများအဖြစ်၊ တချို့ကိုဓမ္မဆရာများအဖြစ်၊ တချို့ကိုကျောင်းဆရာများအဖြစ်နှင့် တချို့ကိုဧဝံဂေလိဓမ္မဆရာများအဖြစ် သင်တန်းပေးသွားနိုင်လိမ့်မည်။ Letter 113, 1903. [Ev, 23.4].

**ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ရန်သူတို့ကိုသွန်သင်ပါ –** ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ဆက်နွယ်လျက်ရှိသောဆေးရုံများ၊ ပုံနှိပ်တိုက်များနှင့်စာသင်ကျောင်းများတို့ကို ဧဝံဂေလိလုပ်ငန်းလုပ်ကိုင်ရန်အတွက် လူငယ်များတို့အားသွန်သင်ရန် ခေါ်တော်မူသည်။ ကျွန်ုပ်တို့၏အချိန်နှင့်ခွန်အားတို့ကို ဆေးရုံများ၊ အစာရောင်းချသောဆိုင်များ၊ စားသောက်ဆိုင်များတို့၌ များစွာရင်းနှီးမြှုပ်နှံအသုံးပြုကာ အခြားသောလုပ်ငန်းများကို မမေ့လျော့စေရပါ။ သာသနာ့လုပ်ငန်း၊ ကျမ်းစာသင်ကြားခြင်းလုပ်ငန်းနှင့်ဓမ္မစာပေဖြန့်ချိခြင်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်သင့်ကြသောလူငယ်လူရွယ်များတို့ကို စက်မှုလုပ်ငန်းများ၌သာ လုပ်ကိုင်ခွင့်ပြုရန်မသင့်လျော်ပါ။ Review and Herald, May 16, 1912. [Ev, 24.1].

**သန်မာသောလူငယ်များကိုခေါ်ယူခြင်း –** သာသနာ့လုပ်ငန်းကို သတ္တိရှိရှိဖြင့် ယုံကြည်စိတ်ချစွာ အဆင်သင့်ဆောင်ရွက်ရန်မည်သူများရှိနေပါသနည်း။ “ငါ့သား၊ ယနေ့ငါ့စပျစ်ဥယျာဉ်သို့သွား၍လုပ်ဆောင်ပါ” ဟုဘုရားရှင်ခေါ်နေပါသည်။ မိမိကိုယ်ကိုဘုရားရှင်အတွက်ဆက်ကပ်သောလူငယ်များတို့ကို လူတို့အား မှားယွင်းသောရှေးဘိုးဘေးများယူဆချက်နှင့်ဆန့်ကျင်သည့်အမှန်တရားကို ဟောပြောနိုင်ရန် တန်ဆာပလာအဖြစ် ယနေ့ဘုရားရှင်ရွေးချယ်ပေလိမ့်မည်။ နှုတ်ကပတ်တော်ကို မိမိတို့၏စိတ်နှလုံးသားထဲ၌သိုမှီးထားလျက် သူတစ်ပါး

တို့အား အမှန်တရားကိုဝေငှလိုသော ခွန်အားရှိလူငယ်များတို့အပေါ် ဤတာဝန်ကို ဘုရားရှင်ချပေးပါစေသော။ Manuscript, p. 134, 1898. [Ev, 24.2].

**နောက်မဆုတ်သောသူများ –** ဘုရားရှင်အပေါ်သစ္စာရှိသောသူများ၊ စိတ်နှလုံးနှိမ့်ချ၍ ဧဝံဂေလိလုပ်ငန်း၏လိုအပ်ချက်ကိုသိရှိပြီး နောက်ဆုတ်သူများမဟုတ်၊ နေ့စဉ်လုပ်ငန်းကို သစ္စာရှိစွာလုပ်ဆောင်သူများ၊ လိုအပ်ချက်တိုင်းအတွက် အမအစနှင့်ခွန်အားကိုရရှိရန် ဘုရားရှင်အပေါ်မှီခိုအားကိုးသူများကို ဘုရားရှင်ခေါ်လျက်ရှိသည်။ ဘုရားရှင်ကိုချစ်၍ကြောက်ရွံ့သူများတို့အားဖြင့် သတင်းစကားကိုသယ်ဆောင်ရပါလိမ့်မည်။ သင်၏ဆောင်ရွက်ရမည့်တာဝန်ကို နယ်ဌာနချုပ်အပေါ်မချထားပါနှင့်။ "ဘုရားသခင်မိန့်တော်မူသောနှုတ်ကပတ်တော်" ကို ဧဝံဂေလိဓမ္မဆရာများအဖြစ် နှိမ့်ချသောစိတ်ဖြင့်သွား၍ဟောပြောတင်ဆက်ပါ။ Letter 43, 1905. [24.3].

–၀–



tcef; (2)

vlaexlxyfaomûrdUBuD;rsm;

## ရောက်ရှိလာမည့်ပျက်စီးခြင်း၏အရိပ်အောက်၌

**မြို့ကြီးများရှိသန်းပေါင်းများစွာသောသူတို့သည် မကြာမီဆုံးဖြတ်ချက်ချရမည် –** ယနေ့ကမ္ဘာတစ်ခုလုံးကိုလွှမ်းခြုံနေသည့် ဝိညာဉ်ရေးအမှောင်ထုကြီးသည် လူဦးရေထူထပ်သောနေရာများ၌ ပို၍ကြီးမားလျက်ရှိသည်။ ထို့ကြောင့် မြို့ကြီးများအတွင်းရှိ လူသားတိုင်းတို့အတွက် နောင်တတရားရရှိကြရန် ဧဝံဂေလိဝန်ထမ်းများသွားရောက်ဟောကြားခြင်းအတွက် အလိုအပ်ဆုံးအရေတကြီးဆောင်ရွက်ရမည့်အလုပ်တာဝန်ဖြစ်သည်။ [Ev, 25.1].

မြို့ကြီးများ၌ ရာဇဝတ်မှုနှင့်အပြစ်ကျူးလွန်ခြင်းမှတ်တမ်းသည် ကြောက်လန့်ဖွယ်အလွန်ကောင်းလှပါသည်။ ဆိုးသွမ်းမှု၏ဆိုးသွမ်းမှုများမှာ ကျွန်ုပ်တို့တွေးဆနိုင်သည်ထက် ပို၍သာလွန်လျက်နေပါသည်။ ကောင်းကင်သားများရှေ့မှောက်တွင် မြို့ကြီးပေါင်းများစွာတို့သည် သောဒုံမြို့ကဲ့သို့ဖြစ်လျက်နေပြီ။ ဤတိုးပွားလာသောဆိုးသွမ်းမှုများကြောင့် လူအများကြုံတွေ့ခံစားနေရသည့်ဗဟုသုတကို ကယ်တင်ခြင်းပေးနိုင်သောကောင်းကင်တမန်သုံးပါးသတင်းစကားဝင်ရောက်ထိုးဖောက်ရန် တစ်နေ့တခြားပို၍ခက်ခဲလာပါသည်။ လူတို့၏ရန်သူတည်းဟူသော တန်ခိုးကြီးမားသည့်စာတန်မာရ်နတ်သည် လူသားတို့၏စိတ်နှလုံးကို အပြည့်အဝထိန်းချုပ်လျက်ရှိနေသည့်အတွက် ဘုရားရှင်၏အမှုဆောင်များလုပ်ဆောင်ရမည့် လူတို့အားသတိပေး၍ပြင်ဆင်ရမည့်အလုပ်ကို လျင်မြန်စွာပြီးမြောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ [Ev, 25.2].

မြို့ကြီးများအတွင်း ခရစ်ယာန်အမှုထမ်းများရင်ဆိုင်နေရသည့်အခြေအနေများမှာ ပျက်စီးခြင်း၏အရိပ်အောက်၌နေထိုင်ကြရသည့် သန်းပေါင်းများစွာသောလူထုကြီးထံ အရေးကြီးလှသည့်သတင်းစကားကို ကြိုးစားယူဆောင်

သွားရန်ဖြစ်သည်။ လူတို့သည် မကြာမီကြီးမားသောဆုံးဖြတ်ချက်များကို ပြုလုပ်ကြရန် အခွင့်အရေးရရှိခြင်းနှင့် သမ္မာကျမ်းစာ၏အမှန်တရားကို နားလည်ရကြမည်ဖြစ်ပြီး၊ မှန်သောအသက်တာလမ်းပေါ်တွင် ရပ်တည်နိုင်ကြမည်ဖြစ်သည်။ ယခုဘုရားသခင်သည် မိမိ၏စေတမန်များကို ကရုဏာတံခါးပွင့်နေချိန်၌ မြို့ကြီးများကိုသတိပေးရန် တိကျစွာအမှန်ပင်ခေါ်လျက်နေပြီး၊ သမ္မာကျမ်းစာ၏အမှန်တရားကို လူထုပရိသတ်များလွယ်ကူစွာပြောင်းလဲနိုင်သည့် တန်ခိုးသြဇာရှိနေစဉ် ဆောင်ရွက်ကြရန်ဖြစ်သည်။ Review and Herald, April 7, 1910. [Ev, 25.3].

"**သေခြင်းခြေလှမ်း" ပေါ်၌** – လူဦးရေထူထပ်သောမြို့ကြီးများတို့၌ စာတန်မာရ်နတ်အလုပ်များနေသည်။ အလုပ်သမားများနှင့်အလုပ်ရှင်များစပ်ကြား ရှုပ်ထွေးခြင်း၊ မညီညွတ်ခိုက်ရန်ဖြစ်ပွားခြင်းနှင့် အသင်းတော်များရှိ ဘာသာရေးအတုအယောင်များတို့၌ သူသည်အလုပ်လုပ်လျက်ရှိသည်။ ဘုရားရေးတရားရေးတွင် အချိန်မပေးနိုင်ရန် လူတို့အားစာတန်မာရ်နတ်သည် ကာမရာဂနှင့်ပျော်ရွှင်မှုကိုရှာဖွေရယူခြင်း၊ စားသောက်ခြင်းနှင့်အရက်သေစာသောက်ကြူးခြင်းနောက်သို့လိုက်ရန် သွေးဆောင်လျက်ရှိသည်။ မိမိကိုယ်ကိုချီးမြှောက်လိုသောစိတ်ဖြင့် လူတို့စိတ်ထဲ၌ပြည့်ဝစေသည်။ တစ်ဆင့်ပြီးတစ်ဆင့် ဤကမ္ဘာကြီးသည် နောဧနေ့ရက်များကဲ့သို့ အခြေအနေများဖြစ်ပေါ်လာနေပါသည်။ ရာဇဝတ်မှုအမျိုးမျိုးကိုလည်း လူတို့ပြုလုပ်လျက်ရှိကြသည်။ သွေးသားအလိုဆန္ဒသို့လိုက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ အာဏာအလွဲသုံးစားခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် နိုင်ငံရေးအဖွဲ့အစည်းတွင် လူတို့အားအတင်းအဓမ္မစည်းရုံးခြင်း အစရှိသည်တို့မှာ နောက်ဆုံးသောနေ့ရက်ကာလများအတွက် ကြီးမားသောလောင်ရန် မိမိတို့ကိုယ်ကိုစုစည်းလျက်ရှိခြင်းတို့သည် စာတန်မာရ်နတ်၏ကိုယ်စားလှယ်များတို့၏လုပ်ရပ်များပင်ဖြစ်သည်။ ဤရာဇဝတ်မှုနှင့်လူသားများတို့၏မိုက်မဲခြင်းကို "ကောင်းသောအသက်တာ" ဟုထင်မှတ်ကြသည်။ [Ev, 26.1].



ကိုယ်ရေးကိုယ်တာကိစ္စကိုသာစိတ်ဝင်စားပြီး လောကီစည်းစိမ်များကိုရှာဖွေကြကာ ဘုရားမရှိသကဲ့သို့အသက်ရှင်နေကြသောသူတို့သည် မကြာမီတစ်မဟုတ်ချင်းအတွင်း ပျက်စီးခြင်းကိုမလွဲမသွေအမှန်တကယ်တွေ့ကြုံကြရမည်ဖြစ်သည်။ အများသောသူတို့သည် သတိမမူသောအတ္တစိတ်ဖြင့် မိမိတို့၏ဝိညာဉ်ကိုတန်ဖိုးမထားကြသည့်တိုင် လောကီအရာကိုသာစွဲလမ်းလျက်ရှိကြပါလိမ့်မည်။ ကခုန်မြူးထူးခြင်း၊ ဆေးလိပ်သောက်သုံးခြင်းနှင့်အရက်သေစာသောက်ကြူးခြင်း၊ တိရစ္ဆာန်သဘောကဲ့သို့ပျော်မွေ့ခြင်းအားဖြင့် နွားသတ်ရုံသို့သတ်ဖို့ရန်ယူဆောင်သွားခြင်းခံရသည့် နွားတစ်ကောင်ကဲ့သို့ဖြစ်သည်။ ဆွဲဆောင်မှုနည်းလမ်းအမျိုးမျိုးဖြင့် လူသားများတို့ကို မာရ်နတ်သည် မည်သည့်အရာကိုမျှမတွေ့မမြင်နိုင်သော မျက်မမြင်များကဲ့သို့ ပျက်စီးခြင်းလမ်း၏ရှေ့သို့သာလျှင် ချီတက်စေကာ၊ သူတို့၏အပြစ်နှင့်ပြည့်ဝသောဤကမ္ဘာကြီးကို အပြစ်ဒဏ်စီရင်သည့်တိုင် ပို့ဆောင်ပါလိမ့်မည်။ ကမ္ဘာတစ်ခုလုံးသည် သေခြင်းလမ်းသို့သာလျှောက်လှမ်းနေပုံပေါ်လျက်ရှိပါသည်။ Manuscript 139, 1903.

**ရည်မှန်းချက်ကြီးသောစီမံကိန်း** – မြို့တွင်းနေလူတန်းစားတို့သည် တစ်နေ့တခြားပို၍စီးပွားရေးလုပ်ငန်းတွင် နစ်မွန်းလျက်ရှိကြပါသည်။ ကောင်းကင်သို့တိုင်ရောက်ရှိနိုင်သည့် မျှော်စင်ရဲတိုက်ကြီးများနှင့်အဆောက်အဦကြီးများတို့ကို ဆောက်လုပ်လိုသောပြင်းပြသည့်ဆန္ဒရှိကြပါသည်။ သူတို့၏စိတ်ထဲ၌ ဆန်းပြားသောနည်းလမ်းနှင့် ကြီးမားသောရည်မှန်းချက်စီမံကိန်းများနှင့်ပြည့်ဝလျက်ရှိသည်။ Manuscript 154, 1902. [Ev, 27.1].

**ကောင်းကင်သတိပေးစကားများကိုသတိမမူပါက** – ပြစ်မှားခြင်းနှင့်ပြည့်ဝပြီးလွန်ကဲစွာအပြစ်ဒုစရိုက်ပြုသောမြို့ကြီးများတို့သည် မြေငလျင်လှုပ်ခြင်း၊ မီးလောင်ကျွမ်းခြင်း၊ ရေလွှမ်းမိုးခြင်းများတို့အားဖြင့် ဘုရားသခင်ဖျက်ဆီးမည်ဖြစ်ကြောင်းကျွန်ုပ်အားပြောပြရန် စေခိုင်းလျက်ရှိသည်။ မိမိ၏တန်ခိုးအာဏာကို ဘုရားကဲ့သို့ဖော်ပြရန် ဘုရားတစ်ဆူရှိနေကြောင်း ကမ္ဘာကြီးကိုသတိပေးရပါလိမ့်မည်။ မတွေ့မြင်နိုင်သည့် ဘုရားရှင်၏ကိုယ်စားလှယ်များတို့သည် ပျက်စီးခြင်း၊

ရှုပ်ထွေးခြင်းနှင့်သေကျေပျက်စီးခြင်းအမှုကို ဆောင်ရွက်ကြပါလိမ့်မည်။ စည်းစိမ်ချမ်းသာဟူသရွေ့တို့သည် အချည်းနှီးသက်သက်သာလျှင်ဖြစ်သွားပေလိမ့်မည်။ [Ev, 27.2].

**ကြီးမားသောဘေးအန္တရာယ်ရောက်လာလိမ့်မည်** – မမျှော်လင့်သောကြောက်မက်ဖွယ်ရာအကောင်းဆုံးဘေးအန္တရာယ်များနှင့်ပျက်စီးခြင်းများတို့သည် တစ်ခုနောက်တစ်ခုဖြစ်ပေါ်လာလိမ့်မည်။ ဘုရားရှင်မှပေးသောသတိပေးစကားကိုနာခံပြီး အသင်းတော်များနောင်တတရားရကြကာ၊ မိမိတို့၏ဘုရားရှင်ထံပြန်၍လှည့်လာပါက အခြားမြို့များ အခိုက်အတန့်ကာလအတွင်းမပျက်စီးရဘဲရှိနေပေလိမ့်မည်။ သို့သော် လှည့်ဖြားခံရသောသူတို့သည် မိမိတို့၏လမ်းအတိုင်းသာဆက်လက်လျှောက်လှမ်းနေပြီး ဘုရားသခင်၏ပညတ်တော်ကိုအလေးမထား၊ မှားယွင်းမှုကိုလူတို့ရှေ့တွင်ပြသခဲ့သော် မိမိတို့၏အသိတရားနိုးကြားလာရန်အတွက် ကြီးမားသောဘေးအန္တရာယ်များတို့ကို ဘုရားရှင်မှခံစားစေရန်ခွင့်ပြုပေလိမ့်မည်။ [Ev, 27.3].

ဘုရားသခင်သည် ပြစ်မှားသူအားလုံးတို့ကိုစွန့်ပစ်ရန်၊ သို့မဟုတ် လူမျိုးအားလုံးတို့ကို တစ်မဟုတ်ချင်းအတွင်း ဖျက်ဆီးရန်ပြုလုပ်လိမ့်မည်မဟုတ်ပါ။ သို့သော် မြို့ကြီးများနှင့်နေရာအနှံ့အပြား၌ရှိနေကြသော မာရ်နတ်၏ကိုယ်စားလှယ်လက်တွင်းသို့ရောက်ရှိနေသူများတို့ကို ပြစ်ဒဏ်ပေး၍ဆုံးမပေလိမ့်မည်။ မြို့တွင်းများရှိ လူမျိုးအပေါင်းတို့ကို တင်းကျပ်စွာဆက်ဆံရခြင်းမှာ နောက်ဆုံးကျရောက်မည့် ပြင်းထန်သောပြစ်ဒဏ်ပေးခြင်းကို မခံစားစေရန်အတွက်ဖြစ်သည်။ အကြောင်းမှာ တချို့သောသူများတို့သည် မာရ်နတ်၏သွေးဆောင်မှုအောက်မှရုန်းထွက်ပြီး နောင်တရပြောင်းလဲကြမည်ဖြစ်သောကြောင့် ဘုရားရှင်အမျက်တော်ကျရောက်သောနေ့၌ မြောက်မြားစွာသောလူသားများလွတ်မြောက်ကြရန်အတွက်ဖြစ်သည်။ Manuscript 35, 1906. [Ev, 27.4].

**လူတို့ကိုနိုးဆွစေရန်** – ၁၉၀၆ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့၌ ကာလီဖိုးနီးယားပြည်နယ်၊ လိုးမာလင်းဒါးမြို့၌ အံ့ဖွယ်အကောင်းဆုံးသော





ပုံပမာတစ်ခုကို ကျွန်ုပ်တွေ့ရှိခဲ့ရပါသည်။ ညရူပါရုံတစ်ခုရရှိချိန်၌ ကြီးမားသောနေရာတစ်ခုအပေါ်မတ်တတ်ရပ်ကာ ကျူပင်များလှုပ်ရှားသကဲ့သို့ အိမ်များလှုပ်ရှားသည်ကိုတွေ့မြင်ရပါသည်။ အဆောက်အဦကြီးငယ်အားလုံး မြေပေါ်သို့ပြိုလဲသွားသည်ကိုတွေ့ရပါသည်။ ဖိမ်ခံအဆောက်အဦများ၊ ကပွဲရုံများ၊ တည်းခိုခန်းများနှင့် တန်ဖိုးရှိအိမ်ရာအဆောက်အဦများ တုန်လှုပ်၍ပျက်စီးကြပါသည်။ လူပေါင်းများစွာသေကျေပျက်စီးပြီး ဒဏ်ရာရသူများ၊ ကြောက်လန့်သူများတို့၏အော်ဟစ်သံသည် လေထုထဲ၌ပြည့်လျှံလျက်ရှိသည်။ [Ev, 28.1].

ဖျက်ဆီးသောဘုရားသခင်၏ကောင်းကင်တမန်များ အလုပ်လုပ်နေသည်။ တစ်ချက်ကလေးတို့ထိရုံမျှဖြင့် အန္တရာယ်အမျိုးမျိုးမှလုံခြုံသည်ဟုထင်ရသော ခိုင်ခံ့ကောင်းမွန်စွာဆောက်လုပ်ထားသည့်အဆောက်အဦများတို့သည် လျင်မြန်စွာအမှိုက်ပုံကြီးဖြစ်သွားရတော့သည်။ မည်သည့်နေရာမှ လုံခြုံမှုအာမခံချက်မရှိတော့ပါ။ အထူးမည်သည့်ဒုက္ခမျှကျွန်ုပ်မခံစားရပါ။ သို့သော် ကျွန်ုပ်ရှေ့၌တွေ့မြင်ရသော ကြောက်မက်ဖွယ်မြင်ကွင်းကိုဖော်ပြရန် ကျွန်ုပ်၌စကားလုံးများမရှိပါ။ ဘုရားရှင်၏သည်းခံခြင်းအချိန်ကာလကုန်ခန်းသွားပြီး၊ တရားစီရင်ခြင်းနေ့ရက်ရောက်ရှိလာပုံပေါ်သည်ဟု ခံစားရပါသည်။ [Ev, 28.2].

ကျွန်ုပ်အနား၌ရပ်နေသော ကောင်းကင်တမန်တစ်ပါးသည် ကျွန်ုပ်အားပြောပြသည်မှာ ယနေ့ကမ္ဘာပေါ်ရှိဆိုးသွမ်းမှုများ၊ အထူးသဖြင့် မြို့ကြီးများအတွင်းဆိုးသွမ်းမှုများရှိနေခြင်းကို လူနည်းစုသာလျှင်သတိမူကြကြောင်းဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်ကို ဆက်လက်၍အမြဲကျူးလွန်ကြပါက သူ၏အမျက်တော်သည် ကျူးလွန်သူတို့အပေါ်သက်ရောက်မည်ဖြစ်ကြောင်း သူပြောပြပါသည်။ [Ev, 28.3].

ကျွန်ုပ်တွေ့မြင်ရသောအရာသည် လွန်စွာထိတ်လန့်ဖွယ်ရာကောင်းပြီး၊ ကျွန်ုပ်၏စိတ်ကိုလွန်စွာထိခိုက်စေသောကြောင့် ကျွန်ုပ်တင်ပြရခြင်းဖြစ်သည်။ ကျွန်ုပ်၏အနား၌မတ်တတ်ရပ်နေသော ကောင်းကင်တမန်တစ်ပါးပြောဆိုသည်မှာ၊ ဘုရားသခင်၏အကြီးဆုံးသောအုပ်ချုပ်မှုနှင့် သူ၏သန့်ရှင်းမွန်မြတ်သော

ပညတ်တော်သည် ဘုရင်တကာတို့၏ဘုရင်အား နာခံရန်အစဉ်တစိုက်ငြင်းဆန်သောသူတို့အား ဖော်ပြရပါလိမ့်မည်။ သစ္စာရှိသောအသက်တာကိုရွေးချယ်သူတို့အား ကရုဏာနှင့်ပြည့်ဝသော တရားစီရင်ခြင်းကိုခံရခြင်းမှာ မိမိတို့၏အပြစ်ဒုစရိုက်ကိုသိရှိပြီး၊ ဖြစ်နိုင်ပါက နောင်တရ၍ပြောင်းလဲစေရန်အတွက်ဖြစ်သည်။ Testimonies, vol. 9, p. 92, 1909. [Ev, 28.4].

**ကြီးမားသောပျက်စီးခြင်း၏မြင်ကွင်းတစ်ခု –** လွန်ခဲ့သောသောကြာနေ့နံနက်၊ ကျွန်ုပ်အိပ်ရာမှမနိုးမီ အလွန်စိတ်ဝင်စားဖွယ်မြင်ကွင်းတစ်ခုကို ကျွန်ုပ်တွေ့မြင်ရပါသည်။ ကျွန်ုပ်အိပ်ရာမှနိုးပုံပေါ်သော်လည်း ကျွန်ုပ်၏အိမ်၌မဟုတ်ပါ။ ပြတင်းပေါက်များမှ ကြောက်မက်ဖွယ်ကြီးမားသောမီးလောင်မှုတစ်ခုကို တွေ့မြင်ရပါသည်။ ကြီးမားသောမီးလုံးကြီးများ အိမ်များအပေါ်သို့ကျနေပြီး၊ မီးလုံးများအထဲမှ မီးတောက်လောင်လျက်ရှိသော မြားချောင်းများတို့သည် နေရာတိုင်းသို့ပျံဝဲလျက်ရှိသည်။ တောက်လောင်နေသောမီးများကိုရေတွက်၍မရပါ။ နေရာများစွာပျက်စီးဆုံးရှုံးကုန်သည်။ လူတို့၏ကြောက်ရွံ့ခြင်းကိုဖော်ပြ၍မရပါ။ မကြာမီကျွန်ုပ်၏အိပ်ရာမှနိုးထပြီး အိပ်ရာပေါ်မှာရှိနေသည်ကိုသိရပါသည်။ Letter 278, 1906. [Ev, 29.1].

**အကြောင်းမှာမြို့ကြီးများပျက်စီးကုန်လိမ့်မည် –** နေရာတိုင်း၌ရှိသောအမျိုးသားများတို့သည် သာသနာ့လုပ်ငန်းအတွက် ပြင်ပသို့ထွက်သွားကြပြီး၊ နောက်ဆုံးသတိပေးစကားကို အပြစ်ကမ္ဘာကြီးအားပြောကြားရန်သင့်ပြီ။ ခရစ်တော်ထံသို့ ဝိညာဉ်များကိုခေါ်ဆောင်ရန် ယခင်အချိန်မှစ၍ဆောင်ရွက်သင့်သည်ကို ပျက်ကွက်ခဲ့ကြပါသည်။ ဘုရားမဲ့တရားမဲ့မြို့များတို့၌နေထိုင်ကြသော မြို့သူမြို့သားများတို့အပေါ် မကြာမီဘေးဒုက္ခများကျရောက်မည်ကို ကြင်နာမှုကင်းမဲ့စွာလျစ်လျူရှုခဲ့ကြသည်။ မြို့ကြီးများပျက်စီးသွားရမည့်အချိန်ကာလနီးကပ်ပြီဖြစ်သည့်အတွက် ကျရောက်မည့်တရားစီရင်ခြင်းများအတွက် အားလုံးကိုသတိပေးသင့်သည်။ သို့သော် ဘုရားရှင်မှလိုလားတောင့်တ၍ တောင်းဆိုသော



စိတ်ပါဝင်စားစွာဆောင်ရွက်ရမည့်အလုပ်ကို ပြီးမြောက်အောင်မည်သူဆောင်ရွက်ကြမည်နည်း။ [Ev, 29.2].

မြို့ကြီးများအတွင်းလုပ်ရမည့်အလုပ်ကို ထောင်ချီသောနေရာများတို့၌ ယခုအချိန်တွင်မပြုလုပ်ရသေးပါ။ အမျိုးသား၊ အမျိုးသမီးများအားလုံး မိမိတို့တာဝန်အားလုံးကိုသိရှိကြပါက ဆောင်ရွက်ကြပါလိမ့်မည်။ Manuscript 53, 1910. [Ev, 29.3].

**ထောင်ပေါင်းများစွာသောမြို့ကြီးများပျက်စီးခြင်း –** ယခုအခါ ဘုရားတရားမရှိသည့် ထောင်ပေါင်းများစွာသောမြို့များတို့ပျက်စီးလုခြင်းကို ဘုရားသားသမီးများနားလည်ခံစားသင့်ပြီ။ Review and Herald, Sept. 10, 1903. [Ev, 29.4].

**လုပ်ငန်းကိုလျင်မြန်စေခြင်း –** မြို့ကြီးများတို့၏အခြေအနေသည် မာရ်နတ်၏တန်ခိုးလက်အောက်၌ရှိနေကြောင်း ကျွန်ုပ်စဉ်းစားဆင်ခြင်မိသောအခါ ဤအရာများ၏အဆုံးမည်ကဲ့သို့ဖြစ်လိမ့်မည်နည်းဟု ကျွန်ုပ်ကိုယ်ကိုမေးခွန်းထုတ်မိပါသည်။ မြို့တွင်းဆိုးသွမ်းမှုပို၍တိုးပွားလာသည်။ ရာဇဝတ်မှုနှင့်အပြစ်ဒုစရိုက်များ နေရာတိုင်း၌ရှိနေပါသည်။ ရုပ်တုကိုးကွယ်ခြင်းနည်းလမ်းအသစ်အဆန်းများကို အသိုက်အဝန်းထဲ၌ ဆက်လက်၍လုပ်ဆောင်နေကြသည်။ လူမျိုးတိုင်း၊ နိုင်ငံတိုင်းရှိ လူတို့၏စိတ်ထဲတွင် အသစ်အဆန်းတီထွင်ရန်စိတ်ကူးကြပါသည်။ ကြမ်းတမ်းသောအပြုအမူ၊ ရှုပ်ထွေးသောစိတ်ဓာတ်များကို နေရာတိုင်း၌တိုးပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ကမ္ဘာကြီးအထဲ၌ရှိသောမြို့ကြီးများတို့သည် အမှန်တကယ်သောဒုံနှင့်ဂေါမောရမြို့များကဲ့သို့ဖြစ်လာကြပြီ။ [Ev, 29.5].

အမှုဆောင်များ၊ ငွေကြေးများနှင့်ဆက်ကပ်လိုသောစိတ်ဓာတ်မရှိခြင်းကြောင့် မြို့တွင်းလုပ်ငန်းကြန့်ကြာရခြင်းအတွက် ကျွန်ုပ်တို့အနေဖြင့် မြို့တွင်းလုပ်ငန်းများလျင်မြန်စွာပြီးမြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ယခုအချိန်တွင် ဘုရားရှင်၏သားသမီးများတို့သည် မိမိတို့၏စိတ်နှလုံးကို လုံးလုံးလျားလျားဘုရားရှင်ထံသို့ပေးအပ်ရမည်။ အရာခပ်သိမ်း၏အဆုံး

ရောက်လုနီးပြီ။ သူတို့၏စိတ်နှလုံးနှိမ့်ချရန်၊ ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်ရန်၊ ပျက်စီးခြင်းသို့ရောက်လုနီးသောမြို့ကြီးများကို သတိပေးခြင်းသတင်းစကားဟောကြားရန် ကြိုးစားလုပ်ဆောင်ကြရပါမည်။ Review and Herald, Jan. 25, 1912. [Ev, 30.1].

## ခက်ခဲမှုများတိုးပွားလာခြင်း

**ပို၍အားထုတ်မှုဖြင့်ရှေ့သို့တိုးတက်ခြင်း –** ကြီးမား၍နောက်ဆုံးသောဒုက္ခကာလသို့ ကျွန်ုပ်တို့နီးကပ်နေပြီး ရှေ့သို့ယခုဆောင်ရွက်ရမည့်လုပ်ငန်းကို တိုး၍ကြိုးစားလုပ်ဆောင်ကြရမည်။ အကြောင်းမှာ ကျွန်ုပ်တို့၏လုပ်ဆောင်ရမည့်လုပ်ငန်းကို ခက်ခဲမှုများဖြင့်တိုး၍မိမိ၏တန်ခိုးရှိသမျှဖြင့် မာရ်နတ်လုပ်ဆောင်လျက်ရှိခြင်းကြောင့်ဖြစ်သည်။ မတရားမှု၊ လှည့်ဖြားမှုမျိုးစုံဖြင့် လူသားတို့၏ဝိညာဉ်ကို မိမိ၏လက်ဝယ်ပိုင်ဆိုင်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ဓမ္မအမှုဆောင်များနှင့် ကျွန်ုပ်တို့၏သာသနာပြုသမားတော်ကြီးများတို့ကို ရှေ့သို့သာချီတက်ရန် ကျွန်ုပ်အားပြောဆိုရန်တာဝန်ပေးအပ်ပါသည်။ ခြေလှမ်းတိုင်းတွင် မိမိကိုယ်ကိုဆက်ကပ်ကာ ရှေ့သို့သာကြိုးစားလုပ်ဆောင်ကြရန်ဖြစ်သည်။ Letter 38, 1908. [Ev, 30.2].

**အချိန်ဖြုန်းရန်မရှိ –** ကျွန်ုပ်တို့အချိန်ဖြုန်းရန်မရှိပါ။ အဆုံးသို့ရောက်လုနီးပြီ။ တစ်နေရာမှတစ်နေရာသို့ အမှန်တရားကိုဝေငှရန်လမ်းကြောင်းကို မကြာမီလက်ယာဘက်၊ လက်ဝဲဘက်တို့၌ အန္တရာယ်များဖြင့်တားဆီးခြင်းခံရပါလိမ့်မည်။ ဘုရားရှင်၏အမှုဆောင်များတို့၏လမ်းခရီးတိုင်းကို ဟန့်တားမည်ဖြစ်သောကြောင့် မည်သည့်အရာကိုမျှမပြုနိုင်တော့သည့်ကာလသို့မရောက်မီ ယခုဆောင်ရွက်နိုင်သည့်အချိန်တွင် ဆောင်ရွက်ကြရမည်။ ကျွန်ုပ်တို့၏လုပ်ငန်းကိုသေချာစွာသုံးသပ်ပြီး တတ်နိုင်သမျှအမှုတော်လုပ်ငန်းတိုးတက်ရန် အားသွန်ခွန်စိုက်ဓမ္မတိုက်ပွဲကိုဆင်နွှဲကြရပါမည်။ [Ev, 30.3].



ကျွန်ုပ်အားဘုရားရှင်ပေးသောအလင်းမှ မှောင်မိုက်၏တန်ခိုးများသည် အောက်ခြေမှပြင်းထန်သောအင်အားဖြင့်လုပ်ဆောင်နေပြီး၊ မသမာသောနည်းလမ်းဖြင့် ယခုအိပ်ပျော်နေသောသူတို့ကို ဝံပုလွေမှမိမိ၏အစာသဖွယ် မာရ်နတ်သည် ကြိုးစားလုပ်ဆောင်နေကြောင်း ကျွန်ုပ်သိရှိရပါသည်။ ကျွန်ုပ်တို့၌ပြောကြားရန် ယခုသတိပေးသတင်းစကားများရှိနေပြီး၊ ယခုကျွန်ုပ်တို့ဆောင်ရွက်ရမည့်လုပ်ငန်းကို လုပ်ဆောင်ကြရမည်။ မကြာမီကျွန်ုပ်တို့ထင်သည်ထက် လုပ်ငန်းသည် ပို၍ခက်ခဲလာမည်ဖြစ်သည်။ အလင်းလမ်းကြောင်းအတိုင်း လျှောက်လိုက်ရန်၊ ခေါင်းဆောင်ယေရှုအားမျက်ခြည်မပြတ်ရန်နှင့် အောင်မြင်ခြင်းရရှိသည့်တိုင် သည်းခံကြိုးစားအားထုတ်လျက်လုပ်ဆောင်ကြရန် ကျွန်ုပ်တို့အား ဘုရားရှင်ကူညီမစပါလိမ့်မည်။ Testimonies, vol. 6, p. 22, (1900) [31.1].

**မြို့တွင်းသာသနာလုပ်ငန်းပို၍ခက်ခဲလာခြင်း –** ဤမြို့ကြီးများအတွင်း မာရ်နတ်၏ကိုယ်စားလှယ်များတို့သည် မည်မျှတွင်ကျယ်စွာအဖျက်အဆီး လုပ်ဆောင်နေကြောင်း ကျွန်ုပ်တို့မသိပါ။ ယခုအမှန်တရားသတင်းစကားကို လူတို့ထံသို့ယူဆောင်ရန် တစ်နေ့တခြားပို၍ခက်ခဲလာပါသည်။ သစ်ဆန်း၍အစွမ်းသတ္တိမျိုးစုံဖြင့်ပေါင်းစည်းလျက် လူတို့အတွက်လိမ္မာပါးနပ်စွာလုပ်ဆောင်ကြရပါမည်။ Medical Ministry, p. 300. 1909. [Ev, 31.2].

**မြို့ကြီးများအတွက်အမှုဆောင်ရန်ကောင်းသောအချိန်လွန်သွားပြီ –** ကြီးမားသောအလုပ်ကိုဆောင်ရွက်ကြရမည်။ ဘုရားအမှုတော်၌ပါဝင်သောသူတို့အားပြောဆိုရန် ဘုရားရှင်၏ဝိညာဉ်တော်မှ ကျွန်ုပ်ကိုနှိုးဆော်သည်မှာ ကျွန်ုပ်တို့သတင်းစကားကို မြို့ကြီးများသို့ယူဆောင်ရန် ကောင်းသောအချိန်လွန်သွားပြီ၊ ဤလုပ်ငန်းကိုမဆောင်ရွက်ကြရသေးပါ။ အချိန်ကာလကိုရွေးနုတ်ရန် ကျွန်ုပ်၌ကြီးလေးသောဝန်ထုပ်တစ်ခုရှိနေကြောင်း ခံစားနေရပါသည်။ Manuscript 62, 1903. [31.3].

အေးချမ်း၍ကောင်းမွန်သောအချိန်ကာလ၌ အသင်းတော်မှလုပ်ဆောင်ရန်ပျက်ကွက်ခဲ့သည့်အလုပ်ကို လွန်စွာခက်ခဲ၍ စိတ်ဓာတ်ကျဖွယ်ရာအကောင်းဆုံးနှင့် တားမြစ်ခြင်းမျိုးစုံရှိနေသောအခြေအနေမျိုး၌ လုပ်ဆောင်ရပါလိမ့်မည်။ Testimonies, vol. 5, p. 463, (1885) [Ev, 31.4].

**ဘုရား၏ဝိညာဉ်တော်တဖြည်းဖြည်းရုပ်သိမ်းသွားခြင်း –** ကျွန်ုပ်တို့နေထိုင်လျက်ရှိသောနေ့ရက်များသည် တည်ငြိမ်၍အရေးကြီးသောအချိန်ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကမ္ဘာပေါ်မှတဖြည်းဖြည်းအမှန်ပင်ရုပ်သိမ်းသွားပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုငြင်းပယ်သူများအပေါ် ကပ်နှင့်တရားစီရင်ခြင်းကျရောက်လျက်ရှိနေပါသည်။ ကုန်းနှင့်ပင်လယ်မှဘေးဒုက္ခများ၊ မတည်မငြိမ်သည့်အဖွဲ့အစည်းများ၊ စစ်ပွဲ၏သတိပေးချက်များတို့သည် ကြောက်မက်ဖွယ်သောသတိပေးချက်များဖြစ်သည်။ အကြီးမားဆုံးပေါ်ပေါက်လာမည့်အဖြစ်အပျက်များ နီးကပ်လာခြင်းကို ၎င်းတို့မှကြိုတင်၍ဟောကိန်းထုတ်ထားလျက်ရှိသည်။ [Ev, 31.5].

ဆိုးသွမ်းမှု၏ကိုယ်စားလှယ်များတို့သည် မိမိတို့၏အင်အားများကိုစုစည်းလျက် ခိုင်မာစေပါသည်။ နောက်ဆုံးကြီးမားသောအရေးကြုံရာကာလအတွက် အင်အားဖြည့်ဆည်းလျက်ရှိသည်။ မကြာမီကြီးစွာသောပြောင်းလဲခြင်းသည် ဤကမ္ဘာကြီးပေါ်သို့ရောက်ရှိလာပြီး နောက်ဆုံးလှုပ်ရှားမှုများတို့သည် လျင်မြန်သောအဖြစ်အပျက်များဖြစ်ပါလိမ့်မည်။ Testimonies, vol. 9, p. 11, (1909) [Ev, 32.1].

**စစ်တိုက်လိုသောဆန္ဒသည်လူမျိုးအပေါင်းတို့အားနှိုးဆွပေးခြင်း –** ကြောက်မက်ဖွယ်ရာစုံစမ်းခြင်းနှင့်စမ်းသပ်ခြင်းသည် ဘုရားရှင်၏သားသမီးတို့အားစောင့်ကြိုလျက်ရှိသည်။ စစ်တိုက်လိုသောဆန္ဒသည် လူမျိုးအပေါင်းနှင့်တိုင်းပြည်များတို့ကို ကမ္ဘာတစ်ဘက်မှအခြားတစ်ဘက်သို့ လှုံ့ဆော်လျက်ရှိသည်။ Testimonies, vol. 9, p. 17, (1909) [Ev, 32.2].



**ပွင့်နေသောတံခါးမပိတ်မီ –** မြို့ကြီးများ၌ ဧဝံဂေလိသတင်းစကားဟောကြားရန် ကျွန်ုပ်တို့၏အသင်းတော်များကိုနှိုးဆော်ရန် တစ်ကြိမ်ပြီးတစ်ကြိမ်ကျွန်ုပ်အားညွှန်ကြားလျက်ရှိသည်။ ကြီးမားသောလုပ်ငန်းကိုလုပ်ဆောင်ရန်ရှိသည်။ ထူထောင်ခဲ့သောအသင်းတော်များ၌သာလျှင်မဟုတ်၊ သတင်းစကားကိုကောင်းမွန်စွာမကြားသိရသေးသောနေရာများ၌လည်း လုပ်ဆောင်ကြရမည်။ ကျွန်ုပ်တို့၏အလယ်၌ပင် ရပ်ဝေးအရပ်များကဲ့သို့ မယုံကြည်သူတစ်ပါးအမျိုးသားများ များစွာရှိနေပါသည်။ ယခုအချိန်၌ သူတို့ထံသို့ အမှန်တရားသတင်းစကားရောက်ရှိရန် လမ်းပြင်ဆင်ပေးရမည်ဖြစ်ပြီး၊ ဤပွင့်နေလျက်ရှိသောအခွင့်အရေးလမ်းတွင် မဆိုင်းမတွချက်ချင်းလုပ်ဆောင်သင့်ကြသည်။ [Ev, 32.3].

ကျွန်ုပ်တို့၏မြို့ကြီးများတို့သည် သတင်းစကားကိုကြားသိရမည်ဟု ကျွန်ုပ်တို့မကြာခဏပြောခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ဤညွှန်ကြားချက်ကိုလိုက်နာရာတွင် မည်မျှနှေးကွေးနေသနည်း။ မြင့်လှသောစင်မြင့်တစ်ခုပေါ် လက်ကိုဆန့်၍မတ်တတ်ရပ်နေသောပုဂ္ဂိုလ်တစ်ဦးကို ကျွန်ုပ်မြင်ရသည်။ သူသည် နေရာတိုင်းသို့မျက်နှာမူလျက်ပြောဆိုသည်မှာ၊ “ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကို ဂရုမစိုက်သောဤကမ္ဘာကြီးပျက်စီးနေပြီ၊ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့ဥပုသ်အသင်းသားတို့သည် အိပ်ပျော်နေကြသည်” ဟုဖြစ်ပါသည်။ ကြီးမားသောအလုပ်ကို လုပ်ဆောင်ရန်ရှိသည့်အတွက် လုပ်ဆောင်သူများအား ဘုရားရှင်ခေါ်ဖိတ်လျက်ရှိသည်။ အသင်းတော်ထဲရောက်ရှိလာပြီး၊ ကယ်တင်ခြင်းရရှိရန် လူအပေါင်းတို့အားပြောင်းလဲစေခြင်းအလုပ်ကို ဆောင်ရွက်ကြရမည်။ လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားရှိလူအပေါင်းတို့ထံ သွားရောက်လုပ်ဆောင်ကြရမည်။ [Ev, 32.4].

မြို့ကြီးများ၌ အမှုထမ်းဆောင်ရမည်။ ဘုရားရှင်စေခိုင်းခဲ့သောတာဝန်အလင်းတရားကိုလိုက်လျှောက်ရာ၌ အလွန်မှပင်ဝေးစွာနောက်ကျကျန်ခဲ့ကြပါသည်။ သတင်းစကားအတွက် ယခုပွင့်လျက်နေသောတံခါးသည် မကြာမီ

ပိတ်သွားရန် စည်းမျဉ်းဥပဒေထုတ်ပြန်တော့မည်ဖြစ်သည်။ ဖြောင့်မတ်ခြင်း၊ ချုပ်တည်းခြင်းအကြောင်းနှင့် တရားစီရင်ခြင်းရောက်ရှိလာမည့်အကြောင်းများကို လူတို့၏အသိတရားတွင် နှိုးဆွစေရန်လုပ်ဆောင်ရာ၌ အံ့ဩဖွယ်ကောင်းသော ကူညီမှုပြုမည့် ဘုရားသခင်၏ကောင်းကင်တမန်များ အဆင်သင့်စောင့်နေချိန်၌ ယခုကျွန်ုပ်တို့သည် ကြိုးစားလုပ်ဆောင်ရန် နိုးကြားထကြွချိန်တန်ပြီ။ Manuscript 7, 1908. [Ev, 33.1].

**လုပ်ဆောင်နိုင်သည့်အချိန်တွင်လုပ်ပါ** – ကျွန်ုပ်၏ညီအစ်ကိုတို့၊ လုပ်ဆောင်နိုင်သည့်အချိန်တွင် မြို့ကြီးများထဲသို့ဝင်ရောက်လုပ်ကိုင်ပါ။ ဝင်ရောက်လုပ်ကိုင်ခဲ့သောမြို့ကြီးများ၌ပင် အမှန်တရားသတင်းစကားကို မကြားရသေးသောသူများစွာရှိနေပါသည်။ ကြားရသူတချို့ပြောင်းလဲခဲ့ကြပြီး တချို့သောသူတို့သည် မိမိတို့၏ယုံကြည်ခြင်း၌ အိပ်ပျော်သွားကြပြီ။ အခြားများစွာသောသူတို့သည် အကယ်၍ ကယ်တင်ခြင်းသတင်းစကားကိုကြားသိရသောအခွင့်အရေးကိုရရှိကြပါက လက်ခံကြမည်ဖြစ်သည်။ ဤအရာများတို့သည် ဤလောကကမ္ဘာ၌ ဘုရားသခင်၏အမှုတော်အတွက် ဘုရားရှင်၏စိတ်တော်နှင့်ထိတွေ့ရန် ကျွန်ုပ်တို့၏နောက်ဆုံးသောကြိုးစားလုပ်ဆောင်ရမည့်အလုပ်ဖြစ်သည်။ Manuscript 7, 1908. [Ev, 33.2].

## လျင်မြန်စွာလုပ်ဆောင်ရမည့်အလုပ်တစ်ခုအတွက်ခေါ်ခြင်း

**အချိန်တိုတောင်းလှသည်** – ကျွန်ုပ်တို့၏လူတို့အား ယခုအချိန်၌ပြောရမည့်သတင်းစကားမှာ အချိန်တိုတောင်းလှသည့်အတွက် မဆိုင်းမတွဘဲ မြို့ကြီးများတို့၌ အမှုထမ်းဆောင်ကြပါ။ လွန်ခဲ့သောနှစ်ပေါင်း (၂၀) ထက်မက ဤလုပ်ငန်းကိုကျွန်ုပ်တို့အား ဘုရားရှင်ပေးအပ်ထားခဲ့ပြီးဖြစ်သည်။ နေရာအနည်းငယ်၌ အနည်းငယ်မျှသာကျွန်ုပ်တို့ဆောင်ရွက်ခဲ့ကြပြီး များစွာလုပ်ဆောင်ရန်ရှိနေသေးပါသည်။ Letter 168, 1909. [Ev, 33.3].



**သင်၏ယုံကြည်ခြင်းအဘယ်မှာနည်း** – သတိမပေးရသေးသောမြို့ကြီးများစွာအကြောင်းကို ကျွန်ုပ်စဉ်းစားသောအခါ၊ ကျွန်ုပ်နေမထိထိုင်မသာဖြစ်နေပါသည်။ ဤကဲ့သို့နှစ်ပေါင်းများစွာလျစ်လျူရှုခဲ့ခြင်းအတွက် စိတ်မချမ်းသာစရာဖြစ်ပါသည်။ လူအများအတွက် နှစ်ပေါင်းများစွာကပင် အမေရိကန်ရှိမြို့ကြီးများ၊ တောင်ပိုင်းမှမြို့ကြီးများအပါအဝင် သတင်းစကားဖြန့်ချိရန် အထူးသတိပြုရမည့်နေရာများအဖြစ် ကျွန်ုပ်တို့ရှေ့မှောက်၌ထားရှိခဲ့ပါသည်။ ဤမြို့ကြီးများအတွင်း လူအနည်းစုသာလျှင် တာဝန်ယူလုပ်ဆောင်ကြပါသည်။ သို့သော် ကြီးမားသောလိုအပ်ချက်များနှင့် များစွာသောအခွင့်အရေးနှင့်နှိုင်းယှဉ်ကြည့်ပါက၊ အနည်းငယ်မျှသာဆောင်ရွက်ခဲ့ကြပါသည်။ ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းအဘယ်မှာရှိသနည်း။ လုပ်ဆောင်မည့်သူများအဘယ်မှာရှိသနည်း။ [Ev, 33.4].

ဤသာသနာ့လယ်ပြင်များအားလုံးသို့ သာသနာ့ဝန်ထမ်းများကိုစေလွှတ်ရန်စီစဉ်ခြင်းနှင့် စိတ်ပါကိုယ်ပါပံ့ပိုးရန်လိုအပ်ခြင်းရှိသင့်ပြီမဟုတ်ပါလား။ ဘုရားရှင်၏ဓမ္မအမှုဆောင်များကို ဤကဲ့သို့လူနေထူထပ်သောနေရာများသို့စေလွှတ်၍၊ လူထုကြီးအား သတိပေးစကားကြွေးကြော်စေရန် ပြုသင့်ကြပြီမဟုတ်ပါလား။ ဤကဲ့သို့သောအချိန်မျိုးတွင် လူတိုင်းပါဝင်ဆောင်ရွက်ကြရမည်။ Review and Herald, Nov. 25, 1909. [Ev, 34.1].

**သတိမပေးရသေးသောလူထုများ** – နယူးယော့မြို့နှင့်အခြားသောမြို့ကြီးများအထဲတွင် သတိမပေးရသေးသောလူထုကြီးများရှိသည်။ ဤလုပ်ငန်းကိုအရေးတကြီးစီစဉ်လုပ်ဆောင်ကြရမည်။ ကျွန်ုပ်တို့၏စိတ်ဝင်စားမှုများ၊ အတွေးအခေါ်များတို့ကိုချန်ထားပြီး နှုတ်ကပတ်အမှန်တရားကိုဟောပြောကြရမည်။ ဆက်ကပ်၍စွမ်းရည်ရှိသူများကို ဤမြို့ကြီးများသို့စေလွှတ်၍ လုပ်ငန်းကိုစတင်လုပ်ဆောင်ကြရမည်။ Manuscript 25, 1910. [Ev, 34.2].

**ကင်းစောင့်များကိုနိုးရမည့်အချိန်** – မြို့ကြီးများတို့၌အလုပ်လုပ်ရမည်။ မြို့ကြီးများဖြစ်သည့် နယူးယော့၊ ဘော့စတန်၊ ပေါ့လန်၊ ဖေလဒဲဖီးယား၊

ဘတ်ဖလို၊ ရှီခါးကို၊ စိန့်လူးဝစ်၊ နယူးအော်လင်းနှင့်အခြားမြို့ကြီးများတို့၌ အလုပ်ကိုတာဝန်ယူလုပ်ဆောင်ရန် ငွေကြေးလိုအပ်ပါသည်။ တချို့သောဤနေရာများ၌ လွန်ခဲ့သည့် ၁၈၄၂ ခုနှစ်မှ ၁၈၄၄ ခုနှစ်အတွင်း ဟောပြောခဲ့သောသတင်းစကားကြောင့် လူတို့၌ကြီးစွာသောလှုပ်ရှားမှုဖြစ်ခဲ့သည်။ သို့သော်နောက်ပိုင်းနှစ်များတို့တွင် လွန်ခဲ့သည့်ယခင်အောင်မြင်မှုများနှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာလုပ်ဆောင်ပြီး တိုးတက်သင့်သလောက်တိုးတက်မှုမရှိတော့ပါ။ ၎င်းနောက် ကျွန်ုပ်တို့၏လူများကို မြို့ကြီးများထဲ၌အလုပ်လုပ်လိုသော အထူးစိတ်ဆန္ဒဖြစ်ပေါ်ခံစားလိုစိတ်အတွက် နှိုးဆော်ရန်ခက်ခဲပုံပေါ်ပါသည်။ [Ev, 34.3].

နှစ်ပေါင်းများစွာအတွင်း သတင်းစကားကြားသိခဲ့ကြသောညီအစ်ကိုများကို ကျွန်ုပ်တောင်းဆိုလိုပါသည်။ ကင်းစောင့်များကိုနိုးရန်အချိန်တန်ပြီ၊ ကျွန်ုပ်တို့အား ဘုရားရှင်ပေးသောသတင်းစကားကိုဝေငှရန် ကျွန်ုပ်တို့၏ခွန်အားရှိသမျှကို အသုံးပြုလျက်ရှိသည်။ မြို့ကြီးများ၏လိုအပ်သည့် လုပ်ဆောင်ရန်တာဝန်များသည် ကျွန်ုပ်အပေါ်သို့ကြီးလေးစွာကျရောက်နေသောကြောင့် တစ်ခါတစ်ရံ ကျွန်ုပ်၌သေသင့်သည်အထိခံစားရပါသည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ ဤလုပ်ငန်းကိုဆောင်ရွက်နိုင်မည့်နည်းလမ်းကို နားလည်ရန်အတွက် ကျွန်ုပ်၏ညီအစ်ကိုများအား ဉာဏ်ပညာကိုဘုရားရှင်ချပေးတော်မူပါစေ။ Manuscript 13, 1910. [Ev, 34.4].

**သန်းပေါင်းများစွာသတင်းစကားကြားရန်ရှိ** – မြို့ကြီးများတွင်အလုပ်လုပ်ရမည်။ လူနေထူထပ်သောနေရာ၌နေထိုင်ကြသည့် သန်းပေါင်းများစွာသောလူထုပရိသတ်များတို့သည် တတိယကောင်းကင်တမန်သတင်းစကားကိုသိရန်ဟောပြောရမည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ဤလုပ်ငန်းကိုလျင်မြန်စွာအကောင်အထည်ဖော်ကာ လုပ်ဆောင်သင့်ခဲ့ပါသည်။ Review and Herald, July 5, 1906. [Ev, 35.1].



## ဧဝံဂေလိလုပ်ငန်းအတွက်အထူးအခွင့်အရေးများ

**စိန့်လူးဝစ်အစီအစဉ်ကဲ့သို့လူထုစုရုံးခြင်း** – မကြာမီအချိန်က စိန့်လူးဝစ်မြို့၌ဖြစ်ပျက်ခဲ့သော လူအုပ်ကြီးစုရုံးလာကြခြင်းနှင့် ဤစုရုံးခြင်း၌ အမှန်တရားကိုဟောပြောရန်ပြင်ဆင်မှုပြုရမည့်တာဝန်ရှိသကဲ့သို့ အဆုံးကာလနီးကပ်လာချိန်၌ မြို့ကြီးထဲတွင် များစွာသောစုရုံးခြင်းရှိမည်ဖြစ်ကြောင်း ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ ခရစ်တော်ဤလောက၌ရှိစဉ် ဤအခွင့်အရေးမျိုးကိုအသုံးပြုခဲ့သည်။ မည်သည့်ရည်ရွယ်ချက်မျိုးနှင့်မဆို စုရုံးလာကြသောလူစုကြီးကို ရှင်းလင်းပြတ်သားသောသတင်းပေးသည့် ခရစ်တော်၏အသံကိုကြားရပါသည်။ အကျိုးရလဒ်အဖြစ် သူ့အားကပ်တိုင်ပေါ်တင်သတ်ပြီး သူထမြောက်လာသည့်အခါ၊ တစ်နေ့အတွင်း ထောင်ပေါင်းများစွာသောသူတို့သည် ပြောင်းလဲလာကြပါသည်။ ခရစ်တော်စိုက်ပျိုးခဲ့သောမျိုးစေ့သည် လူတို့၏နှလုံးသားထဲ၌နက်ရှိုင်းစွာရောက်ရှိပြီး အပင်ပေါက်လာကာ၊ တပည့်တော်များအပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးဆင်းသက်လာသောအခါ၊ အသီးအနှံများကိုရိတ်သိမ်းနိုင်ခဲ့ပါသည်။ [Ev, 35.2].

တပည့်တော်များတို့သည် နေရာတိုင်းသို့ ဝိညာဉ်တော်တန်ခိုးဖြင့်နှုတ်ကပတ်တော်ကိုဟောပြောသောအခါ၊ သူတို့အားဆန့်ကျင်သူများအပေါ်ကြောက်ရွံ့စိတ်ဖြစ်ပေါ်စေပြီး ဒုက္ခပေးလိုသောအရာများကိုမပြုဝံ့ကြခြင်းမှာ ဘုရားရှင်မှအလုပ်လုပ်နေကြောင်း ထင်ရှားသောအထောက်အထားဖြစ်ပါသည်။ [Ev, 35.3].

များစွာသောလူအများစုရုံးကြသည့်နေရာတိုင်း၌ ကျွန်ုပ်တို့၏ဓမ္မဆရာတချို့တက်ရောက်ပါဝင်သင့်ကြသည်။ ပညာသားပါပါဖြင့် ပြောဆိုသမျှကိုနားထောင်ခွင့်ရယူပြီး၊ အမှန်တရား၏အလင်းကို သူတစ်ပါးထက်ရနိုင်သရွေ့ရယူသင့်ကြသည်။ [Ev, 35.4].

စိန့်လူးဝစ်အခင်းအကျင်း၌တင်ပြခဲ့သကဲ့သို့ အခွင့်အရေးတိုင်းကို ပို၍ကျွန်ုပ်တို့ရယူသင့်ပါသည်။ စုရုံးမှုအားလုံးထဲ၌ ဘုရားရှင်အသုံးပြုနိုင်သော သူများပါဝင်သင့်သည်။ လက်ရှိအမှန်တရား၏အလင်းပါရှိသည့်ဝေစာများကို နွေရာသီ၌သစ်ရွက်ကြွေသကဲ့သို့ လူတိုင်း၏လက်ဝယ် ဤဝေစာများရောက်ရှိ သင့်ပါသည်။ ဤစုရုံးခြင်းသို့တက်ရောက်သူများအတွက် ဝေငှလိုက်သော ဝေစာသည် လူအပေါင်းတို့အားကုသသော အသက်ပင်၏အရွယ်များသဖွယ် ဖြစ်ရပါမည်။ [Ev, 36.1].

ကျွန်ုပ်၏ညီအစ်ကိုတို့၊ အခြားသူများတို့အားပေးရန် ဤအရာကို သင်တို့ထံကျွန်ုပ်ပို့ပေးခြင်းဖြစ်သည်။ ပြင်ပသို့ထွက်၍ အမှန်တရားဟောပြော သောသူတို့ကို ဤအမှန်တရားကိုကြွေးကြော်ရန် တာဝန်ပေးအပ်သောဘုရားရှင် မှ ကောင်းချီးချပေးပါလိမ့်မည်။ [Ev, 36.2].

ယခင်နှင့်မတူသောအချိန်ကာလရောက်လာလိမ့်မည်။ ခရစ်တော်ကို မြော်လင့်သော သတ္တမနေ့အသင်းဝင်များတို့သည် ထ၍လင်းကြရမည်။ အကြောင်းမှာ သူတို့အတွက်အလင်းတရားရောက်လာပြီ၊ ဘုရားသခင်၏ဘုန်း တော်သည် သူတို့အပေါ်မှာထွန်းလင်းလျက်ရှိသည်။ Letter 296, 1904. [Ev, 36.3].

## မြို့ကြီးများတို့၏လိုအပ်ချက်များကိုစူးစမ်းရှာဖွေခြင်း

**မြို့တွင်းသာသနာလုပ်ငန်းသည်ခက်ခဲသည်။ –** မြို့တွင်းလုပ်ငန်းအတွက် ကျွန်ုပ်အထူးစိတ်ပူပန်လျက်ရှိသည်။ လုပ်ငန်းကိုဆောင်ရွက်ရန် လူအနည်းငယ် သာရှိသည်။ လူတန်းစားအမျိုးမျိုးနှင့်တွေ့ဆုံရမည်ဖြစ်သောကြောင့် လုပ်ငန်းခက်ခဲ ခြင်းဖြစ်သည်။ သို့သော် ပါးနပ်၍စွမ်းရည်ရှိသူများနှင့် ကမ္ဘာသို့နောက်ဆုံး သတိပေးစကားကြွေးကြော်ရမည့်အခြေအနေကိုနားလည်ပြီး မိမိကိုယ်ကိုပေးအပ်



မည့်သူများအားလုံးတို့အား ဤလုပ်ငန်းကိုလုပ်ဆောင်ရန် အားပေးကြရမည်။ Letter 82, 1910. [Ev, 36.4].

**လေ့လာရန်နှင့်နည်းလမ်းများသိရှိရန်လိုအပ်ခြင်း –** ဤကြီးမား၍ဆိုးသွမ်း သောမြို့ (နယူးရော့) ထဲ၌ အလုပ်ကိုတစ်နည်းတစ်ဖုံအားဖြင့် ကြိုးစား လုပ်ဆောင်သော သစ္စာရှိအမှုဆောင်အနည်းငယ်သာရှိသည်။ သို့သော် သူတို့ ၏လုပ်ငန်းမှာခက်ခဲသည်။ အကြောင်းမှာ သူတို့၌လုပ်ငန်းဆောင်ရွက်ရန်အတွက် ပစ္စည်းအနည်းငယ်သာရှိသည်။ လုပ်ဆောင်သူဇနီးမောင်နှံနှစ်ဦးသည် သစ္စာ ရှိစွာလုပ်ဆောင်ကြပါသည်။ သို့သော် သူတို့၏လုပ်ဆောင်မှုများကိုထောက်ပံ့ လိုသော စိတ်ဆန္ဒပြင်းပြသည့်ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရှိသနည်း။ လုပ်ငန်း၏ လိုအပ်ချက်များကိုလေ့လာရန် မည်သည့်တာဝန်ရှိခေါင်းဆောင်များမှ သူတို့ ထံသို့လည်ပတ်မှုပြုကြသနည်း။ General Conference Bulletin, April 7, 1903. [Ev, 36.5].

**ခက်ခဲမှုများနှင့်ကြောက်ရွံ့မှုများမှာဂရုမစိုက်ခြင်းကြောင့်ဖြစ် –** အချိန်သည် လျင်မြန်စွာထာဝရကာလကိုကျော်လွန်သွားတော့မည်ဖြစ်သော်လည်း ဤမြို့ ကြီးများထဲသို့ ယခုထိတိုင်လုပ်ငန်းအစမပြုရသေးချေ။ အမှန်တရားကိုဝေငှ နိုင်ရန် ဘုရားသခင်၏ဝိညာဉ်တော်၌ တန်ခိုးရှိပါသည်။ နှလုံးသားထဲသို့ အလင်းထွန်းလင်းသကဲ့သို့ မလွန်ဆန်နိုင်သည့် လွန်စွာတန်ခိုးကြီးမားသော ခံယူချက်သည် နှလုံးသားများကိုဆွဲကိုင်ထားနိုင်မည်ဖြစ်သည်။ [Ev, 37.1].

ကျွန်ုပ်၏တာဝန်မှာ ဘုရားသခင်သည် မြို့ကြီးများအတွင်း ကြီးမား သောအလုပ်ကိုလုပ်ကိုင်ရန် အမှန်ပင်ကြိုးစား၍ခေါ်နေကြောင်း ပြောပြရန်ဖြစ် သည်။ နေရာသစ်များဖွင့်ရမည်။ သတင်းစကားကိုသိသောသူများနှင့် လုပ်ငန်း ၏တာဝန်များကိုခံစားသင့်သူများအနေဖြင့် အနည်းငယ်သောယုံကြည်မှုကို ဖော်ပြခြင်းမှာ ခက်ခဲခြင်းကြောင့်သော်လည်းကောင်း၊ ကြောက်ရွံ့ခြင်းများကြောင့် သော်လည်းကောင်း ဖြစ်နေသောကြောင့် ကြာမြင့်စွာလျစ်လျူရှုထားခြင်း ဖြစ်သည်။ Letter 150, 1909. [Ev, 37.2].

**အထူးလိုအပ်ချက်များကိုလေ့လာရန်လူကိုစေလွှတ်ရမည်** – အမှန်တရားကို မသိရသေးမီ ပျက်စီးကြရမည့် မည်သူမျှကယ်ရန်ကြိုးစား၍လုပ်ဆောင်လိုစိတ် မရှိသေးသည့်မြို့ကြီးများအတွင်း နေထိုင်သူများအတွက် ဥက္ကဋ္ဌနှင့်အတူလက်တွဲ လုပ်ဆောင်ရန် လူ (၇) ယောက်ကိုရွေးချယ်သင့်ပါသည်။ ဤပုဂ္ဂိုလ် (၇) ယောက်တို့သည် တက်ကြွလှုပ်ရှားသူများ၊ နှိမ့်ချ၍နူးညံ့သိမ်မွေ့သောနှလုံးသား ရှိသူများဖြစ်ရမည်။ သူတို့သည် မြို့ကြီးများကို မည်သည့်အခါမျှလျစ်လျူရှု သူများမဖြစ်ရပါ။ ဆုံးဖြတ်ချက်ပေးနိုင်သောသတင်းစကားတစ်ခုပြီးတစ်ခုကို ကြိုးစားဟောပြောရန် ခေါ်ဖိတ်နေသောအချိန်ရောက်ရှိလာပြီ။ [Ev, 37.3].

မြို့ကြီးများ၌ ဘုရားရှင်၏ကြီးလေးသောတာဝန်များကိုထမ်းဆောင်ရန် ပုဂ္ဂိုလ် (၇) ဦးထက်မနည်း ရွေးချယ်ရပါမည်။ ဤပုဂ္ဂိုလ် (၇) ဦးတို့သည် မိမိတို့ကိုယ်ကိုနေ့စဉ်နှိမ့်ချသင့်ပြီး ဘုရားသခင်၏မွန်မြတ်သောပညာကို ဘုရားရှင်ထံစိတ်ရောကိုယ်ပါ ရှာဖွေသူများဖြစ်သင့်သည်။ ဘုရားရှင်ထံသွန်သင် မှုခံယူလိုသောဆန္ဒရှိသူများဖြစ်သင့်သည်။ မိမိတို့၏ကိုယ်တိုင်ဝိညာဉ်များ၏ ကြုံတွေ့ရမည့်အခက်အခဲကိုသိရှိပြီး ဆုတောင်းသောသူများဖြစ်ရမည်။ ဤပုဂ္ဂိုလ် (၇) ဦးတို့သည် မည်သည့်အလုပ်ကိုလုပ်ရကြမည်နည်း။ မြို့ကြီးများတို့၏ လိုအပ်ချက်များကို စုံစမ်းလေ့လာပြီး၊ လုပ်ငန်းတိုးတက်ရန် ခွန်အားအပြည့် အဝနှင့် ဆုံးဖြတ်ချက်အပြည့်အဝဖြင့် ကြိုးစားလုပ်ဆောင်ကြရမည်။

**လိုအပ်ချက်များကိုဘုရားမြင်သကဲ့သို့မြင်ရမည်** – ဤမြို့ကြီးများ၌ တန်ခိုး ဖြင့်တတိယကောင်းကင်တမန်သတင်းစကားကို ကျွန်ုပ်တို့ဟောပြောရန် ဘုရားရှင် အလိုရှိသည်။ ဘုရားပေးသောခွန်အားရှိသမျှနှင့် နှိမ့်ချသောစိတ်ဖြင့် သူ့အပေါ် လုံးလုံးကိုးစားမှုကိုထားလျက်ဆောင်ရွက်ပါက ကျွန်ုပ်တို့၏လုပ်ငန်းသည် သီးပွင့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကြိုးစားလုပ်လိုသောဆန္ဒသည် ယခုအချိန် ၌ သန့်ရှင်းသောကောင်းကင်တမန်များကူညီခြင်းဖြင့် ဝိညာဉ်များကိုအမှန်တရား သိရှိရန်ပို့ဆောင်ပြီး များစွာသောဝိညာဉ်ကို ကယ်တင်နိုင်လိမ့်မည်။ သစ္စာရှိ သောအမှုဆောင်များကို မည်သည့်အခါမျှဘုရားရှင်မပစ်ပယ်ထားပါ။ ကောင်းကင်



ကိုယ်စားလှယ်များ၏ကူညီမှုကိုရရှိပြီး သူတို့၏လုပ်ဆောင်ခြင်းကို ဝိညာဉ် တော်တန်ခိုးဖြင့် လူတို့အားယုံကြည်ခြင်းနှင့်ပြောင်းလဲခြင်းသို့ ပို့ဆောင်ပါလိမ့် မည်။ ကောင်းကင်တစ်ခုလုံးမှ သင်တို့၏တောင်းဆိုချက်ကို အသိအမှတ်ပြု လိမ့်မည်။ [Ev, 38.1].

မြို့ကြီးများတို့၏လိုအပ်ချက်များကို ဘုရားသခင်မြင်သကဲ့သို့ ကျွန်ုပ် တို့မြင်ရမည်။ တတိယကောင်းကင်တမန်သတင်းစကားကို အရှိန်အဟုန်ဖြင့် ဟောပြောခြင်းဖြင့် လူတို့၏နှလုံးသားများကိုထိခိုက်စေနိုင်သော စွမ်းဆောင် နိုင်သူများကို ဤမြို့ကြီးများတွင် တာဝန်ပေးရန်စီစဉ်ရပါမည်။ ဤအလုပ်ကို လုပ်ဆောင်နိုင်သူများတို့ကို တစ်နေရာတည်း၌အတူမလုပ်စေဘဲ မြို့ပေါ်ရှိ သာသနာ့လုပ်ငန်းကိုလုပ်စေပြီး သူတို့နေရာ၌လုပ်နိုင်သူများကို အစားထိုးလုပ် စေရမည်။ Manuscript 53, 1909. [Ev, 38.2].

## မြို့ကြီးများ၌ဧဝံဂေလိတရားဟောကြားခြင်းအတွက်အထူးပြဿနာများ

**ကြီး၍ကောင်းသောခန်းမဆောင်များ** – လူနေထူထပ်သည့်အချက်အချာဌာန များကို မည်ကဲ့သို့ဝင်ရောက်ထိုးဖောက်ရန် ခက်ခဲသောပြဿနာတစ်ခုဖြစ်ခဲ့ ပါသည်။ အသင်းတော်များသို့ဝင်ရောက်ရန် ကျွန်ုပ်တို့အားခွင့်မပြုပါ။ မြို့တွင်း ခန်းမဆောင်များတို့သည် တန်ဖိုးကြီးပြီး၊ အများအားဖြင့် အကောင်းဆုံးခန်းမ ဆောင်များသို့ လူအနည်းငယ်သာလာရောက်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့နှင့် အကျွမ်းတဝင်မရှိသူများတို့သည် ကျွန်ုပ်တို့ကိုဆန့်ကျင်ကြပါမည်။ အကြောင်း မှာ ကျွန်ုပ်တို့၏ယုံကြည်မှုကို လူအများနားမလည်ကြဘဲ ကျွန်ုပ်တို့ကိုအယူ သီးသူများဟုသတ်မှတ်ကြခြင်းနှင့် ကျွန်ုပ်တို့သည် စနေနေ့၌ဥပုသ်စောင့် ကြပြီး သူတို့အနေဖြင့် ပထမနေ့၌ ဥပုသ်စောင့်ကြခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏အလုပ်၌ လောကီအခက်အခဲများနှင့် အထင်အမြင်လွဲခြင်းများကို မည်ကဲ့သို့ဖြိုခွင်းရမည်ကိုနားလည်ရန် ကျွန်ုပ်တို့အတွက် ခက်ခဲရှုပ်ထွေးလျက်

ရှိပြီး တန်ဖိုးရှိသောအမှန်တရားကို လူတို့ထံယူဆောင်ရန် သူတို့အတွက်အလွန်ပင်အရေးကြီးပါသည်။ Testimonies, vol. 6, pp. 31, 32, 1900. [38.3].

**ခန်းမဆောင်တစ်ခုတွေ့ရှိရန်လက်တွေ့ပြဿနာ –** ဖော်ပြပါအခက်အခဲများကို နေရာတိုင်းလိုလိုပင် ကျွန်ုပ်တို့တွေ့ရှိရမည်ဖြစ်သည်။ သို့သော် တူညီကြမည်မဟုတ်ပါ။ မာရ်နတ်သည် နေရာတိုင်းတွင်ထိုင်နေပြီး အမှုဆောင်များစိတ်ဓာတ်ကျ၍လက်မြှောက်အရှုံးပေးရန် မိမိလုပ်ဆောင်ရမည့်အလုပ်များကို လုပ်ဆောင်နေလိမ့်မည်ဟု ကျွန်ုပ်တို့ထင်ပါသည်။ [Ev, 39.1].

ဘုရားရှင်ထံမှပညာကိုရှာယူရမည်။ အကြောင်းမှာ ယုံကြည်ခြင်းအားဖြင့် မြို့တွင်းရှိတောင့်တင်းခိုင်မာသောအသင်းတော်တစ်ခုကို ကျွန်ုပ်တွေ့ရပြီ။ ကျွန်ုပ်တို့၏အလုပ်သည် ဆုတောင်းလျက်စောင့်နေရမည်။ အံ့ဖွယ်ကောင်းပြီးကြီးမားသောအကြံပြုနိုင်သူတစ်ဦး၏အကြံကိုရှာဖွေရမည်။ ငရဲ၏ခိုင်မာသောတန်ခိုးများထက်ကြီးမားသည့်ပုဂ္ဂိုလ်တစ်ဦးသည် မာရ်နတ်ထံမှအစာကိုရယူနိုင်ပြီး သူ၏ပို့ဆောင်မှုအောက်၌ ကောင်းကင်တမန်များတို့သည် မှောင်မိုက်၏တန်ခိုးတိုက်ပွဲဟူသမျှကို ကျော်လွှားနိုင်ကာ၊ အမှန်တရား၏စံချိန်ကို မြို့ပေါ်မှာစိုက်ထူနိုင်လိမ့်မည်။ [Ev, 39.2].

ကျွန်ုပ်တို့၏ညီအစ်ကိုများသည် တရားပွဲကျင်းပမည့်နေရာတစ်ခုကို ရှာဖွေလျက်ရှိသည်။ ပွဲလမ်းသဘင်နေရာများနှင့်ခန်းမဆောင်များတို့ကို အများသူမနှစ်သက်သည့်အတွက် စကိတ်စီးသောနေရာတစ်ခုကို အသုံးပြုသွားမည်ဟုစဉ်းစားကြရာ၊ နောက်ပိုင်း၌ ၎င်းနေရာကို ဘာသာရေးနှင့်ချုပ်တည်းခြင်းအစည်းအဝေးများအတွက် အသုံးပြုခဲ့သောနေရာဖြစ်သွားခဲ့ပါသည်။ ကောင်းသောနေရာရွေးယူပါက အကုန်အကျများပေမည်။ ဘုရားရှင်၏အမှန်တရားအတွက် သူကိုယ်တိုင်ပြင်ဆင်ပေးမည်ဖြစ်ပြီး ဤနည်းလမ်းသည် သူပြုပြင်သောနည်းလမ်းဖြစ်ပါသည်။ Letter 79, 1893. [Ev, 39.3].

**မြို့တွင်းသာသနာပြုသူများကိုရရှိခြင်း –** ယခုတစ်ဖန် အရှေ့ပိုင်းဒေသ၌ တန်ခိုးဖြင့်သတင်းစကားကြွေးကြော်ရန် ကျွန်ုပ်တို့ကိုဘုရားရှင်စေခိုင်းသောအခါ၊





အရှေ့၊ အနောက်၊ တောင်၊ မြောက်ဒေသများရှိ မြို့ကြီးများတို့၌ဝင်ရောက်အမှုဆောင်ရန် သူစေခိုင်းသောအခါ ပုဂ္ဂိုလ်တစ်ဦးအဖြစ်သူစေခိုင်းခြင်းကို တုံ့ပြန်ခြင်းမရှိဘဲနေသွားကြမည်လား။ ဤဒေသများသို့ အမှုထမ်းများကို စေလွှတ်ရန် စီမံကိန်းမဆွဲ၊ သူတို့ကိုစိတ်အားထက်သန်စွာပံ့ပိုးမှုမပြုဘဲနေကြမည်လား။

ကျွန်ုပ်တို့၏မြို့များအားလုံးအထဲ၌ အလုပ်လုပ်ရမည်။ ခရစ်တော်ကြွလာတော့မည်။ အဆုံးသို့ရောက်ရန်အလွန်နီးကပ်နေပြီ။ ယခုပျော့ရွှင်စွာလုပ်ကိုင်နိုင်သကဲ့သို့ မကြာမီလွတ်လပ်စွာဆောင်ရွက်ခွင့်ရှိလိမ့်မည်မဟုတ်ပါ။ ကြောက်ဖွယ်မြင်ကွင်း ကျွန်ုပ်ရှေ့၌ရှိနေခြင်းကြောင့် ယခုလုပ်နေသောအလုပ်ကို လျင်မြန်စွာလုပ်ဆောင်ကြရမည်။ ယခုနေရာတိုင်း၌ လုပ်ငန်းကိုထူထောင်ရမည်။ လုပ်ငန်းပြီးစီးရန် လုပ်ငန်းခွင်၌ဗဟုသုတကြွယ်ဝပြီး မြို့တွင်းအသင်းတော်ကြီးများကို စိတ်ဝင်စားမှုပြုနိုင်သည့် ဓမ္မဆရာများတို့၏အကူအညီကို ရယူရန် ကျွန်ုပ်တို့အထူးလိုအပ်နေပါသည်။ [Ev, 39.4].

ဤမြို့ကြီးများ၌ တန်ခိုးဖြင့်တတိယကောင်းကင်တမန်သတင်းစကားကို ကျွန်ုပ်တို့ဟောပြောနိုင်ရန် ဘုရားရှင်အလိုရှိသည်။ ဤတန်ခိုးကို ကျွန်ုပ်တို့ကိုယ်တိုင်ရယူနိုင်စွမ်းမရှိပါ။ ကျွန်ုပ်တို့ပြုလုပ်နိုင်သောအရာမှာ စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များကိုရွေးချယ်ပြီး ဤအခွင့်အရေးလမ်းကြောင်းဖြင့်လုပ်ဆောင်ရန် သူတို့ကိုတောင်းဆိုကာ ဝိညာဉ်တော်တန်ခိုးဖြင့် သတင်းစကားကိုဟောပြောရလိမ့်မည်။ အမှန်တရားကိုပြောဆိုခြင်း၊ ၎င်းအတိုင်းနေထိုင်အသက်ရှင်၍ ဆုတောင်းခြင်းဖြင့် လူတို့၏နှလုံးသားများကို ဘုရားရှင်လှုပ်ရှားစေလိမ့်မည်။ Manuscript 53, 1909. [Ev, 40.1].

**''လမ်းမကြီး'' ၌သာသနာပြုသူများ –** ဟောပြောနိုင်သောစွမ်းရည်ရှိအသင်းတော်လူကြီးတစ်ဦးကဲ့သို့ လမ်းမကြီးများ၌ဟောပြောရန် ပုဂ္ဂိုလ်လိုအပ်နေပါသည်။ လမ်းမကြီးပေါ်အမှန်တရားကိုဟောပြောသောအခါ၊ ၎င်းဘေး

ပတ်ဝန်းကျင်၌ လုပ်ငန်းချဲ့ထွင်နိုင်ရန် တံခါးပွင့်လာပါလိမ့်မည်။ Letter 168, 1909. [Ev, 40.2].

**ရိုးရိုးထက်ပို၍ကြိုးစားလုပ်ဆောင်ရန်လိုအပ်ခြင်း** – ဆွဲဆောင်မှုနှင့်ပျော်ရွှင်မှုများစွာရှိနေသော ယနေ့မြို့ကြီးများအတွင်း ရိုးရိုးလုပ်ဆောင်မှုအားဖြင့် မည်သူမျှစိတ်ဝင်စားခြင်းရှိမည်မဟုတ်ပါ။ ဘုရားရှင်တာဝန်ပေးထားသော ဓမ္မဆရာများတို့သည် လူတို့၏စိတ်ကိုဆွဲဆောင်နိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် အထူးသောကြိုးစားအားထုတ်မှုပြုရန် လိုအပ်နေသည်။ မြို့တွင်းရှိလူထုကြီးကို အောင်မြင်စွာစုရုံးနိုင်သည့်အခါ သမားရိုးကျမဟုတ်သော ကောင်းမွန်၍တန်ဖိုးရှိသည့်သတင်းစကားအားဖြင့် လူတို့သည်နိုးကြား၍ သတိတရားရလာကြမည်ဖြစ်သည်။ ရှင်းလင်းပြတ်သားစွာ အမှန်တရားကိုတင်ဆက်ဟောပြောနိုင်မည့်နည်းလမ်းဟူသမျှကို တီထွင်အသုံးပြုရပါလိမ့်မည်။ စုံစမ်းရာကာလနှင့်သက်ဆိုင်သည့် ရှင်းလင်းပြတ်သားသောအမှန်တရားသတင်းစကားကို ကြားနာရသောသူတို့သည် နှုတ်ကပတ်တော်ကိုလေ့လာလိုသည့်ဆန္ဒဖြစ်ပေါ်လာလိမ့်မည်။ Testimonies, vol. 9, p. 109, (1909) [Ev, 40.3].

**ဆန့်ကျင်ခြင်း၊ ကုန်ကျစရိတ်နှင့်ပရိသတ်များပြောင်းလဲခြင်း** – ဤအချိန်ကာလအတွက် စီမံကိန်းဆွဲရန် ညီအစ်ကိုများစွာစုရုံးနေကြသည်ကို ကျွန်ုပ်မြင်ရသည် (၁၈၇၄)။ ဘုရားရှင်၏အမှုတော်အတွက်တိုင်ပင်ကြသည်။ မြို့ကြီးများ၌ဝင်ရောက်လုပ်ကိုင်ခြင်းမပြုဘဲ တောအရပ်ဒေသများ၌သာ အမှုတော်လုပ်ငန်းကိုဆောင်ရွက်ရန် အကောင်းဆုံးဖြစ်မည်ဟု သူတို့ထင်ကြသည်။ မြို့တွင်းအမှုဆောင်ခြင်း၏ပို၍ခက်ခဲရခြင်းမှာ အမှုဆောင်မလုံလောက်ခြင်း၊ ကုန်ကျစရိတ်များခြင်း၊ မြို့နေလူတန်းစားအမျိုးမျိုးတို့၏ထူးခြားသောအကျင့်စရိုက်ကြောင့် သတင်းစကားယုံကြည်လက်ခံမည့်သူနည်းပါးမည်ဖြစ်ခြင်း အစရှိသည့်အကြောင်းရင်းများကြောင့်ဖြစ်သည်။ လွယ်ကူ၍စရိတ်ကျဉ်းသောတောအရပ်ဒေသ၌သာလျှင် လုပ်ဆောင်ကြရန်တိုင်ပင်ပြောဆိုကြသည်။ သို့သော် ကျွန်ုပ်၏ခင်ပွန်းသည် စုရုံးလျက်ရှိညီအစ်ကိုများကို ပို၍ကျယ်ပြန့်သောစီမံကိန်းကို



ဆွဲပြီး မဆိုင်းမတွမြို့ကြီးများအတွင်းဝင်ရောက်လုပ်ကိုင်ရန် မိမိတို့၏အားထုတ်မှုကို ပို၍အသုံးပြုပြီး၊ မှန်ကန်သောကျွန်ုပ်တို့၏သတင်းစကားကို ဟောပြောရန်တောင်းဆိုပါသည်။ ထိုအခါ အမှုဆောင်တစ်ဦးမှ မိမိ၏မြို့တွင်းလုပ်ငန်းအဖြစ်အပျက်တစ်ခုကို တင်ပြခဲ့ပါသည်။ သူ၏မြို့တွင်းလုပ်ငန်းမအောင်မြင်ကြောင်းနှင့် တောအရပ်ဒေသရှိလုပ်ငန်းပို၍အောင်မြင်ကြောင်း သက်သေခံပါသည်။ [Ev, 41.1].

**သိက္ခာနှင့်ဩဇာရှိသူတစ်ဦး** – စည်းဝေး၌ပြောဆိုသမျှကို စိတ်ပါဝင်စားစွာနားထောင်သောပုဂ္ဂိုလ်တစ်ဦးပါရှိသည်။ သူသည် လေးနက်ဖြည်းညင်းစွာဖြင့် ပြည့်စုံသောအာမခံချက်နှင့်ပြောခဲ့သောစကားမှာ “ဤကမ္ဘာတစ်ခုလုံးသည် ဘုရားသခင်၏စပျစ်ဥယျာဉ်ဖြစ်သည်။ မြို့ကြီးမြို့ငယ်နှင့်ကျေးရွာများအားလုံးတို့သည် စပျစ်ဥယျာဉ်ထဲ၌ပါဝင်ပါသည်။ နေရာတိုင်း၌ကျွန်ုပ်တို့လုပ်ဆောင်ကြရမည်။” Testimonies, vol. 7, pp. 34,35, (1902) [Ev, 41.2].

**စရိတ်ကြီးသောလုပ်ငန်းတစ်ခု** – လူတိုင်းလိုပင် မည်သည့်အမှုဆောင်ကိုမျှ မြို့ကြီးထဲသို့သွားရောက်အလုပ်လုပ်ကိုင်ရန် မစေခိုင်းဝံ့ပါ။ အကြောင်းမှာ ခိုင်မာတောင့်တင်းသောလုပ်ငန်းကိုဆောင်ရွက်နိုင်ရန် ငွေကြေးလိုအပ်သောကြောင့်ဖြစ်သည်။ သတိမပေးရသေးသောဤနေရာများ၌ အမှုတော်လုပ်ငန်းဆောင်ရွက်ရန် ငွေကြေးများစွာလိုအပ်ခြင်းသည် မှန်ကန်ပါသည်။ သို့သော် ဤလုပ်ငန်းမျိုးကိုလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့၏ဟောပြောခြင်းနှင့်တန်ခိုးဩဇာအတွက် ငွေကြေးကိုသတိပညာဖြင့်အကောင်းဆုံးအသုံးပြုသွားရန် ဘုရားရှင်အလိုရှိသည်။ Manuscript 45, 1910. [Ev, 42.1].

**စိတ်ပါစွာစည်းလုံးမှုအရေးကြီးခြင်း** – ကျွန်ုပ်တို့၏မြို့ကြီးများအထဲ၌ တိကျသောတရားပွဲတစ်ခုကို စည်းလုံးညီညွတ်စွာပြုလုပ်ရန်သင့်သည်။ ဘုရားကိုကြောက်ရွံ့သောစိတ်ဓာတ်ဖြင့် လူတစ်ဦးကဲ့သို့လုပ်ဆောင်သူများတို့သည် စည်းလုံးညီညွတ်စွာ ခွန်အားရှိသမျှ၊ စိတ်အားထက်သန်စွာဆောင်ရွက်သင့်ကြသည်။ တစ်ဖက်စွန်းကြိုးစားခြင်း၊ အပြစ်တင်ခြင်းမရှိသင့်ပါ။ လက်တွေ့

နောင်တရခြင်း၊ စစ်မှန်သောသနားကြင်နာခြင်း၊ စိတ်ပါစွာပူးပေါင်းဆောင်ရွက်ခြင်းနှင့် သေခြင်း၌ပျက်စီးမည့်ဝိညာဉ်များကို ကယ်လိုသောစိတ်ဖြင့် မိမိကိုယ်ကိုငြင်းပယ်ဆက်ကပ်ခြင်းသင်ခန်းစာများကိုသင်ယူ၍ တစ်ယောက်ကိုတစ်ယောက်ဦးစားပေးခြင်းတို့ဖြင့် ဆောင်ရွက်သင့်ကြပါသည်။ Manuscript 128, 1901. [Ev, 42.2].

ကျွန်ုပ်တို့၏လျစ်လျူရှုထားခဲ့သောမြို့ကြီးများ၌ ဘုရားရှင်အတွက် မမေ့နိုင်သောအရာတချို့ကို တတ်အားသရွေ့အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သော အမှုထမ်းအနည်းငယ်အတွက် ဘုရားရှင်ကိုကျေးဇူးတင်ကြပါစို့။ ဤအမှုဆောင်များတို့ကိုအားပေးခြင်းသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်ကြောင်း သတိရကြပါစို့။ မြို့ကြီးများ၌ သစ္စာရှိစွာအမှုထမ်းခဲ့သော ကျွန်ုပ်တို့၏အမှုဆောင်များတို့ကို ပံ့ပိုးခြင်း၊ ချီးမွမ်းခြင်းမပြုဘဲနေခြင်းကို ဘုရားရှင်မနှစ်သက်ပါ။ Manuscript 154, 1902. [Ev, 42.3].

**လုပ်ငန်းလုံးလုံးအောင်မြင်သည့်တိုင်ဆောင်ရွက်ခြင်း –** မြို့ကြီးများ၌ ကြိုးစား၍အလုပ်လုပ်ဆောင်သူများတို့၏လုပ်အားတစ်ဝက်တစ်ပျက်ဆုံးရှုံးရခြင်းသည် လုပ်ဆောင်သူများတို့မှ လုပ်ငန်းကိုလျင်မြန်စွာရပ်ဆိုင်းလိုက်ပြီး နေရာသစ်များသို့ထွက်ခွာသွားကြသောကြောင့်ဖြစ်သည်။ သူ၏လုပ်ငန်းခွင်၌ ရှင်ပေါလုသည် တစ်နေရာ၌တစ်နှစ်၊ အခြားတစ်နေရာ၌တစ်နှစ်ခွဲဖြင့် ကြာမြင့်စွာအချိန်ယူပြီး လုပ်ဆောင်ခဲ့ပါသည်။ လျင်မြန်စွာလုပ်ငန်းရပ်ဆိုင်းလိုက်ခြင်းသည် အများအားဖြင့် ကြီးစွာသောဆုံးရှုံးမှုကိုဖြစ်စေပါသည်။ Letter 48, 1886. [Ev, 42.4].

## ကြွယ်ဝသောရိုက်သိမ်းခြင်း၏ကတိတော်

**စိတ်ဝင်စားဖွယ်မြင်ကွင်းတစ်ခု –** ညရူပါရုံထဲ၌ စိတ်ဝင်စားဖွယ်မြင်ကွင်းတစ်ခုကို ကျွန်ုပ်မြင်ရသည်။ မီးလုံးကြီးတစ်လုံးသည် လှပသည့်အိမ်ကြီးများတချို့အပေါ်ကျပြီး တစ်မဟုတ်ချင်းအတွင်းပျက်စီးကုန်သည်။ လူတစ်ယောက်၏ပြောဆိုသံကိုကျွန်ုပ်ကြားရသည်မှာ၊ "ကမ္ဘာပေါ်ကျရောက်မယ့်ဘုရားသခင်ရဲ့တရားစီရင်ခြင်းဟာ ရောက်လာမှာငါတို့သိပါတယ်၊ ဒါပေမယ့် ဒီလောက်စောစောရောက်လာမှာကို ငါတို့မသိပါလား" ဟုဆိုပြီး၊ အခြားတစ်ယောက်မှညည်းညူသံဖြင့်ပြောသည်မှာ၊ "မင်းတို့သိရဲ့သားနဲ့ဘာဖြစ်လို့ငါတို့ကိုမပြောတာလဲ၊ ဒီအကြောင်းငါတို့မသိပါလား" ဟုဖြစ်ပါသည်။ နေရာတိုင်း၌ ဤကဲ့သို့တူညီသည့်ပြစ်တင်သံများကို ကျွန်ုပ်ကြားနေရပါသည်။ [Ev, 43.1].

ကြီးစွာသောပူပန်သောကစိတ်ဖြင့် အိပ်ရာမှကျွန်ုပ်နိုးထခဲ့သည်။ တစ်ဖန်အိပ်ပျော်ပြီး၊ လူအုပ်ကြီးတစ်စုထဲသို့ရောက်နေသယောင်ဖြစ်နေသည်။ အာဏာရှိသူတစ်ဦးမှ ဤလူစုကြီးကို မိမိ၏ရှေ့၌ ကမ္ဘာ့မြေပုံကြီးတစ်ခုကိုဖြန့်ချ၍စကားပြောနေသည်။ ဤမြေပုံသည် ကျွန်ုပ်တို့ထွန်းယက်လုပ်ဆောင်ရမည့် ဘုရားသခင်၏စပျစ်ဥယျာဉ်ဖြစ်သည်။ ကောင်းကင်မှအလင်းရရှိသူတိုင်း ၎င်းအလင်းကိုထိုသူသည် အခြားသူများတို့ထံ ထပ်မံထွန်းလင်းရလိမ့်မည်။ အလင်းများကို နေရာမြောက်မြားစွာတို့၌ထွန်းလင်းရမည်။ ၎င်းအလင်းတို့မှတစ်ဆင့် အခြားနေရာများသို့ဆက်လက်၍ထွန်းလင်းကြရမည်။ [Ev, 43.2].

ကမ္ဘာပေါ်ရှိမြို့များ၊ ရွာများနှင့်မြင့်သောအရပ်၊ နိမ့်သောအရပ်များတို့၌ တောက်ပသောမီးလုံးများပျံ့ဝဲလျက်ရှိသည်ကို ကျွန်ုပ်မြင်ရသည်။ ဘုရားသခင်၏စကားကိုနားထောင်ကြသောကြောင့် ဘုရားရှင်အတွက်အောက်မေ့ဖွယ်ရာမှတ်သားချက်များကို မြို့ရွာတိုင်း၌တွေ့မြင်ရပါသည်။ သူ၏အမှန်တရားကို ကမ္ဘာတစ်ဝန်းသို့ကြွေးကြော်လျက်ရှိပါသည်။ Testimonies, vol. 9, pp. 28,29, (1909) [Ev, 43.3].

**လေးနက်သောသတိပေးစကားများသည် ထောင်ပေါင်းများစွာကိုနှိုးဆွစေသည် –** ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းဖြင့်ပြည့်ဝသောသူတို့သည် ဖျူစင်သောလုံ့လဖြင့် သူတို့အားဘုရားရှင်ပေးသောနှုတ်ကပတ်တော်ကို ဟောပြောလိုစိတ်ပြင်းပြကြပေလိမ့်မည်။ ဗာဗုလုန်မြို့၏အပြစ်များကိုဖော်ပြလိမ့်မည်။ လူထု

အာဏာဖြင့် အသင်းတော်မှအတင်းအကျပ်လိုက်လျှောက်ရန် ကြောက်ရွံ့ဖွယ်ရာအကျိုးများ၊ များပြားလာသောဝိညာဉ်ကိုယုံကြည်သည့်အယူဝါဒများ၊ လျှို့ဝှက်စွာဖြင့် လျင်မြန်စွာတိုးတက်နေသော ပါပတန်ခိုးများတို့သည် ထင်ရှားလာမည်ဖြစ်သည်။ ဤလေးနက်သောသတိပေးချက်များကြောင့် လူတို့သည်ကြောက်လန့်၍ နိုးကြားလာကြလိမ့်မည်။ ဤတစ်ခါမျှမကြားဘူးသောသတင်းစကားကို ထောင်ပေါင်းများစွာသောလူတို့သည် နားထောင်ကြလိမ့်မည်။ အံ့သြစွာဖြင့် ဗာဗုလုန်သည် မိမိ၏မှားယွင်းမှုများနှင့်အပြစ်များကြောင့် ကျဆုံးသည့်အသင်းတော်တစ်ခုဖြစ်ကြောင်း သက်သေခံချက်ကို သူတို့ကြားရပေလိမ့်မည်။ အကြောင်းမှာ သူ့ထံသို့ကောင်းကင်မှချပေးသောအမှန်တရားကို ငြင်းပယ်သောကြောင့်ဖြစ်သည်။ The Great Controversy, pp. 606, 607, (1888) [Ev, 43.4].

**အလင်းသို့လူအများရောက်လာရန်ရှိသည်** – ခရစ်တော်၏ကျေးဇူးတော်ကြောင့် ဘုရားသခင်၏ဓမ္မအမှုတော်ဆောင်များတို့သည် အလင်းနှင့်ကောင်းချီးမင်္ဂလာ၏သတင်းပေးသူများဖြစ်လာကြပါသည်။ ကြိုးစားအားထုတ်ခြင်း၊ ဖွဲလုံ့လဖြင့်ဆုတောင်းခြင်းကြောင့် သူတို့သည် ဝိညာဉ်တော်တန်ခိုးကိုရရှိကြပြီး ဝိညာဉ်ကယ်လိုသောစိတ်ဆန္ဒအပြည့်အဝနှင့် ကပ်တိုင်၏အောင်မြင်ခြင်းအကြောင်းကိုဖော်ပြလိုသော စိတ်ဆန္ဒအပြည့်အဝဖြင့် ပြင်ပသို့ထွက်၍လုပ်ကိုင်ဆောင်ရွက်ကြသောကြောင့် သူတို့၏လုပ်ဆောင်သမျှသောလုပ်ငန်း၏အသီးအပွင့်တို့ကို တွေ့မြင်ရကြလိမ့်မည်။ လူ၏ပညာကိုအမှီပြုခြင်းမရှိ၊ မိမိတို့၏ကိုယ်ကိုမချီးမြှောက်ခြင်းကြောင့် သူတို့သည် မာရ်နတ်၏သွေးဆောင်လှည့်ဖြားခြင်းအားလုံးတို့ကို ခံရပ်နိုင်သောလုပ်ငန်းတစ်ခုကို ကျော်လွှားအောင်မြင်ကြလိမ့်မည်။ မှောင်မိုက်မှအလင်းသို့ ဝိညာဉ်ပေါင်းများစွာရောက်ရှိလာပြီး၊ များစွာသောအသင်းတော်တို့ကို ထူထောင်နိုင်လိမ့်မည်။ လူတို့၏တန်ဆာပလာများအနေဖြင့်မဟုတ်ဘဲ၊ ခရစ်တော်၏တန်ဆာပလာများအဖြစ် လူအများတို့သည် ပြောင်းလဲလာကြလိမ့်မည်။ The Acts of the Apostles, p. 278, (1911) [Ev, 44.1].

–၀–



## tcef; (3)

## ydkrdkao;i,faomvlaerltzGJUtpnf;ESifh awmt&yfa'orsm;

### လမ်းမကြီးများနှင့်လမ်းကြို့လမ်းကြားများ

လက်လှမ်းမမီသည့်ပြင်ပအရပ်ဒေသများ – လုပ်ငန်းကျယ်ပြန့်ရန် ကျွန်ုပ်တို့စီမံကိန်းဆွဲရာတွင် မြို့ကြီးများအပြင် ပြင်ပအရပ်ဒေသများအတွက်ကိုလည်း စဉ်းစားရပါလိမ့်မည်။ မြို့တွင်းအပြင် အခြားနေရာများနှင့် အိမ်ထောင်မိသားစုများစွာကိုလည်း ခရစ်တော်ဆောင်ရွက်ခဲ့သည့်နည်းတူ ထည့်၍စဉ်းစားရန်လိုအပ်ပါသည်။ [Ev, 45.1].

လမ်းမကြီးရှိလူထုကြီးကို လျစ်လျူရှုခြင်းမပြုရသကဲ့သို့ လမ်းကြိုလမ်းကြားနှင့်တောအရပ်ဒေသရှိလူတို့ကိုလည်း လျစ်လျူရှုခြင်းမပြုသင့်ပါ။ ကျွန်ုပ်တို့တစ်နေရာမှတစ်နေရာသို့သွားသောအခါ၊ "ဒီနေရာမှာနေတဲ့လူတွေ သတင်းစကားကြားရပြီလား။ ဘုရားရဲ့နှုတ်ကပတ်တော်အမှန်တရားအကြောင်းကို သူတို့သိရပြီလား၊ အဆုံးရောက်တော့မယ်ဆိုတဲ့အကြောင်းနဲ့ ဘုရားသခင်ရဲ့တရားစီရင်ခြင်းစောင့်နေကြောင်း သူတို့နားလည်ရဲ့လား၊ ဝိညာဉ်တန်ဖိုးရှိကြောင်းကိုလည်း သူတို့သိကြရဲ့လား" အစရှိသည့်မေးခွန်းများဖြင့် စုံစမ်းသင့်သည်။ ဤအကြောင်းကျွန်ုပ်စဉ်းစားဆင်ခြင်သောအခါ၊ ကျွန်ုပ်၏စိတ်သည် နေရာအနှံ့သို့ရောက်ရှိပြီး လူနေထူထပ်သောနေရာများနှင့် တောအရပ်ဒေသများရှိလူများအားလုံး ဧဝံဂေလိသတင်းစကားကိုကြားသိရရန်လိုအပ်ကြောင်းနှင့် သူတို့ထံသို့သွားရောက်လည်ပတ်မိတ်ဆွေဖွဲ့ပြီး ဘုရားရှင်၏မေတ္တာတော်နှင့် သူ၏အံ့ဖွယ်ကယ်တင်ခြင်းစီမံကိန်းအကြောင်းကို ပြောပြရန်လိုအပ်ကြောင်း တွေ့မြင်ရပါသည်။ [Ev, 45.2].

လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားရှိ အမှုတော်လုပ်ငန်းကိုလုပ်ဆောင်၍ အောင်မြင်ရန် အလွန်ခက်ခဲပါသည်။ အမှုဆောင်တစ်ဦး ဝိညာဉ်များကိုရှာဖွေရာတွင် ကြောက်စရာ၊ စိတ်ပျက်စရာမလိုပါ။ ဘုရားရှင်အစဉ်အမြဲကူညီမည်။ မိမိအမှုဆောင်များအတွက် လမ်းဖွင့်ပေးမည်။ Manuscript 15, 1909. [Ev, 45.3].

**ပို၍ကြီးမားသောစီမံကိန်းများအတွက်ခေါ်ခြင်း** – ကျွန်ုပ်တို့၏စီမံကိန်းသည် အလွန်သေးငယ်လှသည်။ ကျွန်ုပ်တို့အမြင်ကျယ်ရန်လိုသည်။ သူ့အတွက် အမှန်တရား၏စည်းမျဉ်းများနှင့် ဖြောင့်မတ်ခြင်းအကြောင်းကို ဘုရားရှင်မှ ပြောကြားစေလိုသည်။ သူ့အလုပ်သည် မြို့ကြီးမြို့ငယ်ကျေးရွာတိုင်းသို့ ကျွန်ုပ်တို့ယူဆောင်သွားကြရမည်။ [Ev, 46.1].

ကျွန်ုပ်တို့၏စီမံကိန်းကို သေးငယ်ခြင်းမှကြီးမားခြင်းသို့ပြောင်းလဲလိုက်ရမည်။ နီးသောအရပ်ရှိလူများနှင့် ဝေးသောအရပ်ရှိလူများအားလုံးထံသို့ ကျွန်ုပ်တို့သွားရောက်လုပ်ဆောင်ကြရမည်။ Manuscript 87, 1907. [Ev, 46.2].

**မရောက်ရှိသေးသောလုပ်ငန်းခွင်များ** – လုပ်ငန်းခွင်ကိုတိုးချဲ့ရမည်။ ဧဝံဂေလိသတင်းစကားသည် ကမ္ဘာအရပ်ရပ်သို့ရောက်ရှိစေရမည်။ မရောက်ရှိသေးသောနေရာများသို့ရောက်ရှိရန် သွားရောက်လုပ်ဆောင်ကြရမည်။ ဤအရေးကြီးသောလုပ်ငန်းကို ဘုရားရှင်သားသမီးများတို့သည် ကြိုးစားရန်ကိုယ်ကျိုးစွန့်လျက် သစ္စာရှိစွာမိမိဥာဏ်စွမ်းရှိသမျှဖြင့် စီမံခန့်ခွဲဆောင်ရွက်ကြရမည်။ Manuscript 141, 1899. [Ev, 46.3].

**ကျေးလက်ဒေသလူတန်းစားများကိုချဉ်းကပ်ရန်လွယ်ကူသည်** – မြို့ပြင်အရပ်များ၌နေထိုင်သောသူတို့ကို လူဦးရေထူထပ်သည့်မြို့တွင်းရှိနေထိုင်ကြသောသူတို့ထက် ပို၍ချဉ်းကပ်ရန်လွယ်ကူသည်။ ခရစ်ယာန်စာရိတ္တ၏ဗီဇပုံစံကိုလည်း သူတို့အထဲ၌ ဆိုးသွမ်းသောမြို့တွင်း၌နေထိုင်သောသူများတို့ထက် ပို၍လွယ်ကူစွာတွေ့မြင်နိုင်သည်။ ရိုးသားသောသူတို့၏နှလုံးသားတို့ကို အမှန်တရားဝင်ရောက်သွားသောအခါနှင့် ဘုရားရှင်၏ဝိညာဉ်တော်သူတို့စိတ်ထဲအလုပ်လုပ်



သောအခါ၊ ဟောကြားသောနှုတ်ကပတ်တော်ကို တုံ့ပြန်ရာသို့သူတို့ကိုပို့ဆောင်ပြီး တချို့သောသူတို့သည် ဘုရားရှင်၏အမှုတော်ကို သူတို့၏ငွေကြေးအားဖြင့်သော်လည်းကောင်း၊ လုပ်အားအားဖြင့်သော်လည်းကောင်း ကူညီပံ့ပိုးကြပေလိမ့်မည်။ Manuscript 65, 1908. [Ev, 46.4].

**လူတန်းစားအားလုံးထံသို့** – လမ်းမကြီးများနှင့်လမ်းသွယ်များတို့၌ နေထိုင်ကြသောသူတို့ကို ဟောပြောကြရမည်။ ခရစ်တော်၏လုပ်ဆောင်ချက်များကိုဖတ်ခဲ့ရသည်မှာ၊ "ယေရှုသည် မြို့၊ ရွာရှိသမျှသို့သွား၍ တရားဇရပ်ထဲ၌ သွန်သင်ခြင်း၊ ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းစကားကိုဟောကြားခြင်းနှင့် ဖျားနာပြီးရောဂါစွဲကပ်သူအားလုံးတို့ကို ကုသပျောက်ကင်းစေခဲ့ပါသည်" ဟုဖြစ်ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏မြို့များနှင့်ကျေးရွာများ၊ လမ်းမကြီးနှင့်လမ်းသွယ်များအထဲရှိ နေထိုင်သူတို့အားလုံးအတွက် လုပ်ဆောင်ကြရပါမည်။ တတိယကောင်းကင်တမန်၏ဝမ်းမြောက်ဖွယ်သတင်းစကားကို လူတန်းစားအားလုံးတို့ထံသို့ ယူဆောင်သွားရကြပါလိမ့်မည်။ [Ev, 46.5].

**နေရာသစ်များ၌ဟောပြောခြင်း** – ကျွန်ုပ်တို့ကယ်တင်ရှင်၏အလုပ်သည် မြို့များကိုသတိပေးရန်နှင့် အမှုဆောင်များကိုဘိသိက်ပေးပြီး၊ မြို့များနှင့်နေရာတိုင်းသို့သွား၍ အလင်းတရားတစ်ခါမျှမရောက်ရှိသေးသောနေရာသစ်များ၌ အမှန်တရားကိုဟောပြောရန်ဖြစ်သည်။ တစ်နေရာတည်းကိုသာ အထူးအာရုံစိုက်ခြင်းမပြုရန်နှင့် နေရာသစ်များသို့သွားရောက်ဟောပြောရန် ကျွန်ုပ်အလင်းရရှိပါသည်။ သို့မှသာ ယခုအချိန်၌ တန်ဖိုးရှိသောအမှန်တရားကို လူတို့သည်ကြားသိရပြီး ပြောင်းလဲလာကြမည်ဖြစ်သည်။ နောက်ဆုံးသောသတင်းစကားကို မိမိတို့တိုင်းပြည်အတွင်း နေရာသစ်များ၌ဟောပြောရန် အရေးကြီးသကဲ့သို့ ရပ်ဝေးတိုင်းပြည်များသို့လည်း သွားရောက်ဟောပြောရန် အရေးကြီးပါသည်။ ဤစကားကိုပြောဆိုခဲ့ရခြင်းအကြောင်းမှာ တချို့သောဒေသများ၌ လူတို့သည် သတင်းစကားကိုမကြားသိရသေးသောကြောင့်ဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရသေးသောနေရာများ၌ အမှန်တရား၏

မျိုးစေ့များကိုကြဲရမည်။ . . . သို့မှသာ နေရာသစ်များ၌လုပ်ဆောင်လိုသော သာသနာပြုစိတ်ဓာတ်ဖြစ်ပေါ်ပေလိမ့်မည်။ ကြီးမားသောအဖွဲ့အစည်းတစ်ခု၌ အတူတကွနေထိုင်ကြခြင်းသည် ဘုရားသခင်၏အစီအစဉ်မဟုတ်ပါ။ ဝင်နိုင်သောနေရာသစ်၌ဝင်ပြီး သတင်းစကားမကြားသိရသေးသော ပတ်ဝန်းကျင်နေရာများသို့သွား၍ လုပ်ငန်းကိုစတင်လုပ်ဆောင်ပါ။ [Ev, 47.1].

ဘာကြောင့်ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ပြင်ပသို့သွား၍ မျိုးစေ့ကိုကြဲကာလုပ်ဆောင်ရပါသနည်း။ ဘာကြောင့်မိမိနေထိုင်ခဲ့သောကျေးရွာနှင့်နေရာများမှ တဖြည်းဖြည်းထွက်ခွာသွားပြီး နှုတ်ကပတ်တော်အလင်းကိုဟောပြောရသနည်း။ ကြားနာရန်နေရာရှိသည်။ သတင်းစကားမကြားရသေးသူတချို့လက်ခံရန်ရှိသည်။ ခရစ်တော်သည် တဖြည်းဖြည်းဒေသစာရီလှည့်လည်ပြီး နှုတ်ကပတ်တော်အမှန်တရားကို ရိုးသားသောနှလုံးသားဖြင့်လက်ခံမည့်သူများထံသို့ ဖွင့်ဟပြောဆိုပါသည်။ Letter 318, 1908. [Ev, 47.2].

**မြို့ငယ်များတို့၌အဆက်မပြတ်လုပ်ဆောင်ခြင်း –** ဤကိုယ်ထူကိုယ်ထနယ်မြေ၌ တောစခန်းအစည်းအဝေးကျင်းပနိုင်သည့်အချိန်တွင် တစ်ချိန်တည်းမှာခြားနားသောနေရာတို့၌ အစည်းအဝေး (၂) ခု (၃) ခုကျင်းပသင့်သည်။ အကြောင်းမှာ ဤကဲ့သို့သောစည်းဝေးမျိုးကိုကျင်းပရန် အခွင့်မရမည့်အချိန်ရောက်လာမည်ဖြစ်ကြောင်းတည်း။ သို့သော် ၎င်းလများအတွင်း တဲများကိုအသုံးပြုနိုင်သည့်အခါ၌ မြို့ကြီးများတွင်ကြိုးစား၍ဆောင်ရွက်ခြင်းကိုလည်းပြုရမည်။ နေရာတိုင်းသို့သတိပေးစကားဟောပြောရမည်။ Manuscript 104, 1902. [47.3].

**တောအရပ်ဒေသအမှုဆောင်များ –** [မှတ်ချက်– ဧဝံဂေလိတရားပွဲလုပ်ငန်းတိုင်း၌ သာမန်အသင်းသားများ၏ကူညီမှုလိုအပ်ခြင်းကို အပြည့်အဝထောက်ခံသည်။ အမှုဆောင်များနှင့်သာမန်အသင်းသားများ အတူတကွစုပေါင်းလျက် ဧဝံဂေလိသတင်းစကားကိုကြွေးကြော်ခြင်းအားဖြင့်သာလျှင် တောအရပ်ဒေသ၌နေထိုင်သူများတို့သည် သတိပေးစကားကိုကြားသိရမည်မှာထင်ရှားသည်။



သို့သော် ဤစာအုပ်သည် တောအရပ်ဒေသ သာသနာ့လုပ်ငန်းလုပ်ဆောင်ခြင်းအတွက် ဓမ္မအမှုဆောင်များတို့အား အထူးအကြံပြုထားသည်ဟုဆိုရခြင်းမှာ လူနေမှုနည်းပါးသောအရပ်ဒေသများ၌ သာမန်အသင်းသားများလုပ်ဆောင်ရမည့်အကြောင်း အနည်းငယ်သာဖော်ပြထားခြင်းကိုတွေ့ရသောကြောင့်ဖြစ်သည်။–ပြုစုသူများ]

**မဆောင်ရွက်ရသေးသောဒေသများ၌အမှုဆောင်သစ်များဝင်ရောက်ခြင်း –** ကျွန်ုပ်တို့သည် ကမ္ဘာ့နိဂုံးချုပ်ချိန်သို့နီးကပ်လျက်ရှိပြီး၊ ကျွန်ုပ်တို့ရှေ့၌ ကြီးမားသောအလုပ်တစ်ခုရှိနေသည်။ အပြစ်ကမ္ဘာအတွက် နောက်ဆုံးသတိပေးစကားဟောပြောခြင်းကို အဆုံးသတ်ရမည့်အလုပ်ဖြစ်သည်။ ဤသတင်းစကားကိုကမ္ဘာသို့ယူဆောင်ရန်ထွန်ယက်ခြင်း၊ စပျစ်ဥယျာဉ်၌လုပ်ဆောင်ခြင်း၊ အခြားသောလုပ်ငန်းအမျိုးမျိုးကိုလုပ်ဆောင်ခြင်းအမှုများကိုပြုရန် လူတို့ကိုဘုရားသခင်စေလွှတ်လိမ့်မည်။ [Ev, 48.1].

ကမ္ဘာကြီးသည် အဆက်အစပ်မရှိပြိုကွဲလျက်ရှိသည်။ ပုံပန်းသဏ္ဍာန်ကိုကြည့်လိုက်သော် ပြင်ပမြင်ကွင်းသည် စိတ်ဓာတ်ကျဖွယ်ရာပုံပေါ်နေသည်။ သို့သော် စိတ်ဓာတ်ကျသူများအား မျှော်လင့်ခြင်းအာမခံချက်ဖြင့် ခရစ်တော်ကြိုဆိုလျက်ရှိနေသည်။ သူတို့အထဲ၌ သူ၏စပျစ်ဥယျာဉ်ခြံအတွင်း လုပ်ဆောင်နိုင်မည့်အရည်အချင်းရှိသူများကိုတွေ့ရသည်။ အမြဲသင်ယူလိုစိတ်ရှိသူများဖြစ်ခဲ့လျှင် သူ၏ပြင်ဆင်မှုအားဖြင့် ဤသူတို့ကို မိမိတို့၏လုပ်ဆောင်နိုင်သည့်စွမ်းရည်ထက် ပို၍လုပ်ဆောင်နိုင်စွမ်းကိုပေးပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်ချပေးခြင်းအားဖြင့် သူတို့အားဟောပြောနိုင်ရန် တန်ခိုးကိုပေးလိမ့်မည်။ [48.2].

လစ်လပ်နေသောနေရာများစွာတွင် အမှုဆောင်သစ်များအားဖြင့်ဆောင်ရွက်ကြရမည်။ ကမ္ဘာကြီးအတွက် တောက်ပသောကယ်တင်ရှင်၏အမြင်သည် အမှုဆောင်များအတွက် ယုံကြည်စိတ်ချစရာဖြစ်စေလိမ့်မည်။ အကယ်၍ စိတ်နှလုံးနှိမ့်ချပြီး လုပ်ငန်းအပေါ်စိတ်ဝင်စားခြင်းရှိခဲ့သော် နေရာနှင့်အချိန်

အတွက် မှန်သောသူများကိုတွေ့ရှိရလိမ့်မည်။ ကြီးမားလှသောစိတ်ပျက်စရာကောင်းသည့် ကမ္ဘာကြီး၏ဒုက္ခဆင်းရဲခြင်းနှင့်ဝမ်းနည်းဖွယ်ရာကောင်းသောပထမလေ့ကားထစ်အဆင့်ကိုပင် လူများတို့အားတက်လှမ်းစေရန် မည်ကဲ့သို့အစပြုရမည်ကို နားမလည်သောစွမ်းရည်ရှိသည့် တချို့သောကျွန်ုပ်တို့၏အမှုဆောင်များရှိသည်ကို ခရစ်တော်မြင်ရသည်။ သူတို့၏ကောင်းသောနည်းစနစ်သည် တန်ဖိုးအနည်းငယ်သာရှိသည်။ သူတို့သည် အောက်လှေကားထစ်များပေါ်မတ်တတ်ထ၍ပြောရန်မှာ၊ "သင်တို့ရှိသောနေရာမှတက်လာပါ" ဟုဖြစ်သည်။ သို့သော် သနားဖွယ်ရာကောင်းသောဝိညာဉ်များတို့သည် မည်သည့်နေရာ၌ မိမိတို့၏ခြေကိုချကာ လှမ်း၍တက်ရန်မသိပါ။ [48.3].

ခရစ်တော်၏စိတ်ထဲ၌ အားရဝမ်းမြောက်ခြင်းခံစားရခြင်းသည် ဝိညာဉ်ရေး၌အားနည်းနေသောသူများ၊ နှိမ့်ကျသောအသုံးမဝင်သူများ၊ ဖြောင့်မတ်ခြင်းနောက်သို့လိုက်ရာ၌ မည်သည့်အခါမျှကျေနပ်မှုမရှိသူများ၊ စွမ်းရည်မရှိသောသူများတို့သည် ဤလုပ်ငန်းကိုစတင်ဆောင်ရွက်နေကြခြင်းကိုမြင်ရသောကြောင့်ဖြစ်သည်။ ခရစ်တော်သည် ဤစွမ်းဆောင်ခြင်းမရှိသူများအား ဖိတ်ခေါ်အသုံးပြုခြင်းကိုတွေ့ရသောအခါ၊ ဓမ္မအမှုဆောင်များတို့အတွက် စိတ်ပျက်ဝမ်းနည်းဖွယ်ရာဖြစ်စေပါသည်။ ခရစ်တော်သည် မှားယွင်းသောဘုရားတရားစိတ်အားကြီးသူတို့အား ပြုပြင်ပေးသည်။ ကမ္ဘာ၏ကြမ်းတမ်းသောနေရာရှိ ဆင်းရဲနွမ်းပါးသောသူများတို့ထံသို့ သွားရောက်အမှုထမ်းရန် လျစ်လျူရှုခြင်းခံရသောသူများနှင့် လက်လှမ်းမမီသူများကို သနား၍ကူညီမစလိုသောသူများကိုတာဝန်ပေးပါသည်။ သူ့အနေဖြင့် မစစေလိုသောသူများကိုမစရန် ဤအမှုဆောင်များတို့အား မည်ကဲ့သို့တွေ့ဆုံကူညီမစရမည့်နည်းလမ်းကို သွန်သင်ပေးသည်။ ဆေးဝါးသာသနာ့လုပ်ငန်းလုပ်နိုင်ရန် တံခါးဖွင့်သောနေရာကို သူတို့တွေ့ရသည့်အခါ ခွန်အားရကြသည်။ မိမိတို့၏စွမ်းရည်ကို အားကိုးဂုဏ်ယူခြင်းမရှိဘဲ ဘုရားရှင်၏ဘုန်းတော်ကိုသာ ဂုဏ်ပြုချီးမွမ်းကြပါသည်။ [Ev, 49.1].



သာမန်လူများတို့သည် အမှုထမ်းများအဖြစ်နေရာယူကြသည်။ မိမိတို့၏မိတ်ဆွေများခံစားရသောဝေဒနာကို လူသားများခံစားခဲ့ရသည့်ဝေဒနာအတွက် ခရစ်တော်မျှဝေခံစားခဲ့သကဲ့သို့ မျှဝေခံစားခဲ့ကြပြီး၊ ယုံကြည်ခြင်းအားဖြင့် သူတို့နှင့်အတူပါဝင်လုပ်ဆောင်နေသည်ကို သူတို့တွေ့မြင်ရပါလိမ့်မည်။ Testimonies, vol. 7, pp. 270-272, (1902) [Ev, 49.2].

**ခက်ခဲသောနေရာများ၌လူငယ်အမှုဆောင်များ –** မိမိတို့၏ကိုယ်ကိုအမှန်တရားသွန်သင်ခြင်းလုပ်ငန်းနှင့် ဝိညာဉ်ပြောင်းလဲခြင်းအတွက်လုပ်ဆောင်ခြင်းလုပ်ငန်း၌ အပ်နှံကြသောပျိုးရွယ်မောင်မယ်များတို့အား ဘုရားရှင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ခွန်အားပေးပြီး အခက်ခဲဆုံးနေရာသို့သွားရောက်လုပ်ကိုင်ရန် စေလွှတ်ပါသည်။ ဗဟုသုတအနည်းငယ်သာရှိသူများတို့အား အသင်းတော်များသို့ဟောပြောရမည့်အလုပ်တာဝန်ကို ဘုရားရှင်မပေးပါ။ သတင်းစကားကို လမ်းမကြီးနှင့်တောနယ်ဒေသများတို့၌ဟောပြောကြရမည်။ Manuscript 3, 1901. [Ev, 49.3].

**လျစ်လျူရှုထားသောနယ်မြေ၌အိမ်ထောင်သည်များ –** လျစ်လျူရှုထားသောနယ်မြေများသို့ အခြားသောသူတို့ကိုအလင်းပေးရန် အမှန်တရားသိရှိသူအိမ်ထောင်သည်များတို့ကိုစေလွှတ်ရမည်။ အကောင်းဆုံးလုပ်ဆောင်သောနေရာများ၌ လိမ္မာပါးနပ်စွာလုပ်ဆောင်ရမည်။ အခြားသူများကိုသွန်သင်ပို့ချနိုင်ရန် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းကမ်းချက်များကိုသင်ယူပါ။ ကျန်းမာရေးနှင့်ပတ်သက်သောအကြောင်းအရာပါရှိသည့် စာအုပ်များနှင့်မဂ္ဂဇင်းများတို့ကိုဖတ်ရှုလေ့လာခြင်းအားဖြင့် ဖျားနာသူများကိုကုသပေးနိုင်ရန်သင်ယူပါ။ သို့မှသာ သခင့်အတွက်ကောင်းသောအလုပ်ကို ပို၍လုပ်ဆောင်နိုင်လိမ့်မည်။ Letter 136, 1902. [Ev, 50.1].

**ကြီးသောဗဟိုဌာနမှပုဂ္ဂိုလ်များတာဝန်ယူရန် –** မြို့ကြီးအထဲ၌နေထိုင်ကြသော ကျွန်ုပ်တို့၏လူတို့သည် အကယ်၍ မိမိတို့၏လက်ထဲ၌ ကျမ်းစာကိုကိုင်ဆောင်ပြီး ဝိညာဉ်တော်၏နှိုးဆော်ခြင်းကိုခံယူကြကာ မိမိတို့ရရှိထားသော

သတင်းစကားဖြင့် ကမ္ဘာပေါ်ရှိနေရာတိုင်းသို့ ဟောပြောသက်သေခံကြပါက တန်ဖိုးရှိသောဗဟုသုတကို ရရှိကြပါလိမ့်မည်။ Review and Herald, Aug. 2, 1906. [Ev, 50.2].

**တောင်များနှင့် ချိုင့်ဝှမ်းများအထဲမှ –** ကျွန်ုပ်သည် မြောက်ပိုင်းကာလီဖိုးနီးယား၌ရှိစဉ် ဤအရပ်ဒေသရှိနေထိုင်ကြသောသူတို့အတွက် သစ္စာရှိစွာအမှုထမ်းရမည့်နေရာဒေသတစ်ခုဟု ကျွန်ုပ်စိတ်ထဲ၌အထူးနှိုးဆော်ခြင်းခံရပါသည်။ ဤတောင်တန်းဒေသ၌ တတိယကောင်းကင်တမန်သတင်းစကား၏အမှန်တရားကိုကြားနာရန် ဝိညာဉ်ပေါင်းများစွာရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်ဩဇာလွှမ်းမိုးမှုအောက်၌ ယခုအတွက်အမှန်တရားကို ဤတောင်ပေါ်ဒေသနှင့်ချိုင့်ဝှမ်းဒေသရှိနေထိုင်သူတို့အား ကျွန်ုပ်တို့ကြွေးကြော်ဟောပြောရမည်။ ၎င်း၏လေးနက်သောသတိပေးစကားကို ကြွေးကြော်ပြီးရင်းထပ်မံ၍ကြွေးကြော်ရမည်။ လူတို့ထံသို့သတင်းစကားလျင်မြန်စွာရောက်ရှိရမည်။ စာကြောင်းတစ်ကြောင်းပြီးတစ်ကြောင်း၊ သွန်သင်ချက်တစ်ခုပြီးတစ်ခု၊ သည်မှာအနည်းငယ်ဟိုမှာအနည်းငယ် တိကျစွာသွန်သင်ကြရမည်။ မဆိုင်းမတွဘဲ ပညာရှိ၍ထက်မြက်သောပုဂ္ဂိုလ်များအား ဤဧဝံဂေလိမျိုးစေ့ကြဲဖြန့်ခြင်းတာဝန်ကို ပါဝင်၍ယူသင့်ကြပါသည်။ [Ev, 50.3].

ဤနေရာဒေသ၌အနားယူပြီး မိမိတို့အိမ်များတို့၌နေထိုင်ကြသောသူတို့ထံသို့သွား၍ နှုတ်ကပတ်တော်ကိုဖွင့်ပြမည့်သူများအားဖြင့် ဘုရားရှင်အလုပ်လုပ်သွားလိမ့်မည်။ ဤကောင်းသောအလုပ်ကိုပြီးဆုံးသည့်တိုင်ထမ်းဆောင်ကြရန် ကျွန်ုပ်၏ညီအစ်ကိုမောင်နှမများတို့ကို ဖိတ်ခေါ်လျက်ရှိပါသည်။ [Ev, 51.1].

သင်တို့၏အာရုံကို မြောက်ပိုင်းကာလီဖိုးနီးယားနှင့်ပတ်ဝန်းကျင်ရှိနေရာများသို့ ဆွဲခေါ်ရခြင်းအကြောင်းရင်းမှာ ဤနေရာရှိနေထိုင်သူများတို့အနေဖြင့် ယခုမှန်သောစိတ်ဖြင့် အမှန်တရားကိုမသိကြသေးသောကြောင့်ဖြစ်သည်။ မတော်တဆ ကျွန်ုပ်တို့အထဲ၌ လူတချို့တို့သည် ဤနေရာ၌သာသနာ့



လုပ်ငန်းအစပြုရန် မိမိကြေးငွေကိုအသုံးပြုလိုစိတ်ရှိသူများ ရှိကောင်းရှိပေလိမ့်မည်။ ထိုကြောင့် ကျွန်ုပ်ပြောလိုသည်မှာ "သခင့်အတွက်သင်ဘာကူညီမည်နည်း။" ယခုထိတိုင် ဤနယ်မြေ၌အလုပ်လုပ်ရန် လိုအပ်ချက်များကိုပြည့်ပြည့်ဝဝမစုံစမ်းရသေးပါ။ သို့သော် ဤနေရာ၏လိုအပ်ချက်ကိုအာရုံပြုကြရန် ကျွန်ုပ်အားဖော်ပြလျက်ရှိသည်။ [Ev, 51.2].

ဤနေရာ၏လိုအပ်ချက်များနှင့်ပတ်သက်၍ ကျွန်ုပ်ပြောဆိုစရာများစွာရှိသည်။ ဤနေရာသည် တစ်ပုံစံတည်းသောအလုပ်ကိုလုပ်ရမည့် ဝါရှင်တန်မြို့အနားတစ်ဝိုက်၌ နေထိုင်ကြသောသူတို့နှင့်တူပါသည်။ လမ်းမကြီးနှင့်အနီးအနားတစ်ဝိုက်တွင် ကျွန်ုပ်တို့သည် ပို၍သစ္စာရှိစွာလုပ်ဆောင်ကြမည်လား။ စီးပွားရေးလုပ်ငန်း၌ မိမိတို့၏စိတ်ဝင်စားမှုနှင့်စွမ်းရည်ကို နှစ်ပေါင်းများစွာမြှုပ်နှံခဲ့ကြသည့် ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းသူအသင်းသားများတို့အနေဖြင့် ဤလျစ်လျူရှုထားခြင်းခံနေရသောသူတို့ထံသို့ ယနေ့အမှန်တရား၏အလင်းကိုသယ်ဆောင်ခြင်းအတွက် အသုံးပြုရန်မသင့်လျော်ပါ။ ဤအခြေအနေမျိုးဆက်လက်ရှိနေရန် ကျေနပ်စွာခွင့်ပြုပြီးမနေသင့်ပါ။ [Ev, 51.3].

ကျွန်ုပ်တို့၏လူများစွာတို့သည် အကယ်၍မြို့များသို့စတင်၍ ဤလမ်းကြိုလမ်းကြားနှင့်လမ်းမကြီးပေါ်လုပ်ငန်းကိုဆောင်ရွက်ကြပါက ကိုယ်ခန္ဓာကျန်းမာသန်စွမ်းခြင်းကို ပြန်လည်ရရှိကြလိမ့်မည်။ သာသနာပြုသူများကဲ့သို့ နှစ်ယောက်တစ်တွဲစီ ဤနေရာများသို့ထွက်၍လုပ်ဆောင်ရန် ကျွန်ုပ်တောင်းဆိုပါသည်။ ပုံပမာကိုခရစ်တော်ပြခဲ့ပါသည်။ ဘုရားကိုကြောက်ရွံ့သောစိတ်ဖြင့် ပထမတပည့်တော်များကိုသယ်ဆောင်ရန် ခရစ်တော်ပေးသောသတင်းစကားဖြစ်သည့် "ဘုရားသခင်၏နိုင်ငံတော်သင့်ထံသို့ရောက်လာပြီ" ကို ဟောပြောသောသူများတို့အပေါ်သို့ ဘုရားရှင်သည် အမှန်ပင်ကောင်းချီးချပေးပါလိမ့်မည်။ Manuscript 65, 1908. [Ev, 51.4].

**မြို့များနှင့် ကျေးရွာများတို့ အတွက် သာသနာပြုမိသားစုများ –** မိမိတို့၏ နေရာဒေသကိုရွှေ့ပြောင်းလိုသောဆန္ဒရှိသည့်ညီအစ်ကိုများ၊ ဘုရားရှင်၏ဘုန်းတော်ကိုတွေ့မြင်ရသူများနှင့် အခြားသူများအားကောင်းကျိုးပြုရန်ကိုယ်စီတာဝန်မှာသူတို့အပေါ်ကျရောက်သည်ဟုခံစားရသောသူများတို့သည် ခရစ်တော်အသက်ပေး၍ကယ်တင်ခဲ့သောဝိညာဉ်များကို အကျိုးပြုကယ်တင်ရန်နှင့် အလင်းအနည်းငယ် သို့မဟုတ် လုံးဝမရှိသောနေရာ၌ မိမိတို့၏လုပ်အားနှင့်ဗဟုသုတအားဖြင့် အခြားသူများအတွက်အကျိုးအမှန်ပြုလိုပြီး ကောင်းချီးဖြစ်စေလိုသောသူတို့သည် တစ်မြို့မှတစ်မြို့သို့ပြောင်းရွှေ့သင့်ကြပါသည်။ သာသနာပြုများတို့သည် တစ်မြို့မှတစ်မြို့၊ တစ်ရွာမှတစ်ရွာသို့သွားလို၍ အမှန်တရား၏စံချိန်ကိုမြှင့်တင်ရန်ဖြစ်ပြီး ဘုရားရှင်အတွက် မိမိ၏သက်သေခံများနေရာအနှံ့အပြားသို့ပျံ့နှံ့ရန်၊ အမှန်တရား၏အလင်းမရောက်ရှိသေးသောနေရာများ၌ရောက်ရှိရန်နှင့် မသိရသေးသည့်နေရာ၌ အမှန်တရား၏အလင်းကိုမြှင့်တင်ရန်ဖြစ်သည်။ [Ev 52.1]

ယေရှုသည် ကျေးရွာများကိုလျစ်လျူရှုခြင်းမပြုပါ။ မှတ်တမ်းဖော်ပြခဲ့သည်မှာ "ယေရှုသည် မြို့တိုင်းရွာတိုင်းသို့သွားပြီး ဘုရားသခင်၏နိုင်ငံတော်၏ဝမ်းမြောက်ဖွယ်သတင်းကို ဟောပြောပြသပါသည်။ [Ev 52.2]

ယခုဤနေရာ (Battle Creek) ၌အလုပ်မရှိ၊ ထိုင်နေကြသောသူတို့ကို ခရစ်တော်၏ကိုယ်စားလှယ်များအဖြစ် သူ၏မွန်မြတ်သောအမှန်တရားကိုဆောင်ရွက်နိုင်သောနေရာများ၌ သွားရောက်ဆောင်ရွက်ကြရန်အချိန်မဟုတ်ပါလား။ General Conference Bulletin, March 20, 1891. [Ev 52.3]

–ဝ–





tcef; (4)

wm;ykGtwGufpDrHefYGufjcif;

## သာသနာပြုဆရာကြီး (ယေရှု) ၏ပုံစံကိုအတုယူခြင်း

**ယေရှု၏နည်းစနစ်ကိုလေ့လာခြင်း –** အကယ်၍အထူးလိုအပ်ပါက ခရစ်တော်၏သွန်သင်သော မှန်ကန်သည့်နည်းစနစ်ကိုနားလည်ပြီးလိုက်လျှောက်ရန်နှင့် သူ၏နမူနာကိုလိုက်လျှောက်ရန် ယခုအချိန်ပင်ဖြစ်သည်။ Letter 322, 1908. [Ev 53.1]

**လူတို့နှင့်မည်ကဲ့သို့ဆက်ဆံသနည်း –** အကယ်၍ လူတို့လက်ခံနိုင်သောနည်းဖြင့်ချဉ်းကပ်လိုပါက ဘုရားသခင်၏ရှေ့မှောက်၌ မိမိစိတ်နှလုံးကိုနှိမ့်ချ၍ သူ၏လမ်းများကိုသင်ယူပါ။ ခရစ်တော်၏လုပ်ကိုင်ခဲ့သောနည်းစနစ်များနှင့် လူတို့နှင့်တွေ့ဆုံသည့်သူ၏ပုံစံကိုလေ့လာပါက ကျွန်ုပ်တို့၏လုပ်ငန်းအတွက် များစွာအကျိုးခံစားရလိမ့်မည်။ ဧဝံဂေလိပုံပြင်ထဲ၌ လူတန်းစားအားလုံးအတွက် ခရစ်တော်မည်ကဲ့သို့လုပ်ကိုင်ခဲ့ခြင်း၊ မြို့များနှင့်ကျေးရွာများတို့တွင် သူမည်ကဲ့သို့ဆောင်ရွက်ခဲ့ခြင်းနှင့် ထောင်ပေါင်းများစွာသောသူတို့ကို သူ၏သွန်သင်ချက်အားနားထောင်ရန် မည်ကဲ့သို့ဆွဲဆောင်ခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့ပါသည်။ ယေရှု၏ပြောဆိုသောစကားများမှာ ရှင်းလင်း၍ပြတ်သားပြီး ကြင်နာမှုနှင့်နူးညံ့စွာပြောဆိုပါသည်။ ဤနေရာ၌ အမှန်တရားရှိပါသည်ဟု အာမခံချက်လည်းပါရှိပါသည်။ ခရစ်တော်လည်းရိုးသားစွာနှင့်လေးနက်စွာလုပ်ကိုင်ပြောဆိုသောကြောင့် များစွာသောသူတို့ကို သူ့ထံသို့ဆွဲဆောင်နိုင်ခဲ့ပါသည်။ [Ev 53.2]

ခရစ်တော်သည် သူ့လုပ်ငန်းအတွက်စီမံကိန်းဆွဲခဲ့ပါသည်။ ဤစီမံကိန်းများကိုလေ့လာပါ။ တစ်နေရာမှတစ်နေရာသို့သူသွားသောအခါ၊ သူ၏ပြောဆိုသောစကားကို နားထောင်လိုသောသူများစွာတို့သည် သူ့နောက်သို့လိုက်

ကြသည်ကို ကျွန်ုပ်တို့တွေ့ရပါသည်။ သူတတ်နိုင်သည့်အခါ ထူထပ်သော လူအုပ်ကြီးထံမှ သူတို့ကိုဆိတ်ငြိမ်သောတောအရပ်သို့ဆောင်သွားလိုပါသည်။ အကြောင်းမှာ သူတို့နှင့်အတူဆုတောင်းပြီး သူတို့အားထာဝရအမှန်တရားများကိုပြောပြလိုပါသည်။ Review and Herald, Jan. 18, 1912. [Ev 53.3]

**တရားဇရပ်များအထဲပင်လယ်ကမ်းနား၌** – ယေရှုသည် "ဂါလိလဲတစ်ခွင်သို့ရောက်သွားပြီး သူတို့၏တရားဇရပ်များ၌သွန်သင်ခြင်း၊ နိုင်ငံတော်၏ဧဝံဂေလိတရားကိုဟောပြောခြင်းနှင့် ရောဂါအမျိုးမျိုးကိုခံစားရသော ဖျားနာသည့်သူများကိုကုသပါသည်။" သူတို့၏တရားဇရပ်များ၌ ဟောပြောရခြင်းသည် စုရုံးသောသူများစွာတို့ကို ခေါ်ဆောင်နိုင်ရန်ဖြစ်သည်။ ၎င်းနောက် ပင်လယ်ကမ်းခြေနှင့်လူအများသွားရာလမ်းမပေါ်၌ထွက်သွား၍ သွန်သင်မှုပြုပါသည်။ ဟောပြောရန်သူ၌ရှိသော တန်ဖိုးရှိသည့်အမှန်တရားကို တရားဇရပ်များထဲ၌သာဟောပြောရန် သူကန့်သတ်၍မထားပါ။ [Ev 54.1]

ခရစ်တော်သည် အမြင့်ဆုံးသောနေရာ၊ ယုဒနိုင်ငံ၌အမြင့်ဆုံးသောဆရာများတို့အထဲ၌လည်း နေရာယူခဲ့ပါသည်။ သို့သော် အများအားဖြင့် ဧဝံဂေလိသတင်းစကားကို ဆင်းရဲသောသူများထံသို့ ပို၍ယူဆောင်သွားပါသည်။ တစ်နေရာမှတစ်နေရာသို့သွားပြီး လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားရှိလူအများဧဝံဂေလိအမှန်တရားစကားများကိုကြားကြရန် ဟောပြောပါသည်။ သူလုပ်ဆောင်သည့်နည်းလမ်းအတိုင်း ယနေ့သူ၏အမှုဆောင်များလုပ်ဆောင်ကြရန် သူလိုလားပါသည်။ ပင်လယ်ကမ်းနား၊ တောင်စောင်းများ၊ မြို့လမ်းမကြီးများတို့၌ ဓမ္မဟောင်းကျမ်းရှင်းပြခြင်းကို သူ၏ပြောဆိုသံမှကြားရပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များ၊ ဖာရိရှဲများနှင့်မတူသောရှင်းပြချက်များကိုပြောဆိုရာ၌ သူတစ်ပါးတို့၏အာရုံကိုဆွဲဆောင်ခဲ့ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များကဲ့သို့မဟုတ်၊ တန်ခိုးအာဏာရှိသူတစ်ဦးကဲ့သို့ သင်ကြားပို့ချခဲ့ပါသည်။ ရှင်းလင်းစွာနှင့်တန်ခိုးဖြင့်ဧဝံဂေလိသတင်းစကားကို သူကြွေးကြော်ဟောပြောပါသည်။ Letter 129, 1903. [Ev 54.2]



**သူ၏ကိုယ်တိုင်အထူးနည်းစနစ်** – နိုင်ငံ၏နှစ်စဉ်ကျင်းပသောပွဲကြီးများကိုသူတက်ရောက်ခဲ့ပြီး၊ ရွှေပွဲလာပရိသတ်များကို ကောင်းကင်နိုင်ငံဆိုင်ရာသတင်းစကားများကိုပြောဆိုကာ ထာဝရတည်မြဲသောအရာကိုသာ သူတို့အားတွေ့မြင်စေသည်။ လူအားလုံးတို့အတွက် ပညာသိုလှောင်ရုံမှဘဏ္ဍာများကိုယူဆောင်လာသည်။ လူအားလုံးလွယ်ကူစွာနားလည်နိုင်သောဘာသာစကားဖြင့် သူတို့အားပြောဆိုသည်။ အထူးသဖြင့် သူကိုယ်တိုင်၏နည်းစနစ်ဖြင့် ဝမ်းနည်းကြေကွဲ၍ ဒုက္ခနှင့်ရင်ဆိုင်ရသောသူများကို သူကူညီမစသည်။ နူးညံ့၍ယဉ်ကျေးသိမ်မွေ့သောကျေးဇူးကရုဏာဖြင့် ဝိညာဉ်၏အပြစ်ဖျားနာသူများကိုကုသ၍ခွန်အားရရန် သူဆောင်ရွက်ခဲ့သည်။

ဆရာများတို့၏မင်းသားလေးယေရှုသည် လူတို့နှင့်အခွင့်အရေးရနိုင်သည့်နည်းလမ်းကို မိမိတို့၏အကောင်းဆုံးပေါင်းသင်းဆက်ဆံသောပုံစံဖြင့်ရှာဖွေအသုံးပြုသည်။ သူတင်ဆက်သောအမှန်တရားကို ကြားနာရသူများမှတ်သားရလွယ်ကူပြီး ပြန်လည်၍သတိရစေပါသည်။ သူသင်ကြားသောနည်းလမ်းသည်သူတို့အတွက်စိတ်ဝင်စားဖွယ်နှင့်ဝမ်းမြောက်ပျောက်ရွှင်ဖွယ်ဖြစ်ပါသည်။ သူ၏ညွှန်ကြားချက်များသည် ထိထိမိမိရှိသည်။ သူ၏ကိုးကားချက်များလည်းဆီလျော်မှုရှိသည်။ သူပြောဆိုသောစကားသည် ကြင်နာခြင်းနှင့်ပြည့်ဝပြီးကြားနာရသူများအတွက် အားရဖွယ်ရာနှင့်ဆွဲဆောင်မှုကိုပေးသည်။ လိုအပ်သူများကိုပြောဆိုရာ၌ ရိုးသားစွာဖြင့်စိတ်ရင်းရှိသည့်အတိုင်းပြောဆိုသောကြောင့်စကားလုံးတိုင်းကို သူတို့မှတ်မိမှတ်သားနိုင်ကြသည်။ Ministry of Healing, pp. 22-24, (1905) [Ev 55.1]

**လူတို့၏အခြေအနေကိုယေရှုလေ့လာခြင်း** – ယေရှုထံစုရုံးလာကြသောသူများသည် များသောအားဖြင့် ပညာမဲ့လူတန်းစားများဖြစ်သည်။ ယေရှုသည်လူတို့အားတိုက်ရိုက်ပြောဆိုပြီး နှလုံးသားတိုင်းကိုဆွဲဆောင်နိုင်သည်။ နားထောင်သူများတို့၏မျက်နှာကို သူလေ့လာသည်။ သူတို့၏စိတ်နှလုံးကိုမည်မျှထိခိုက်ပြီး မည်ကဲ့သို့ခံစားရ၍ တုံ့ပြန်မှုပြုနိုင်မည်ကိုသူသိသည်။ ၎င်းနောက် သူတို့၏

ပြုံးရွှင်သောမျက်နှာဖြင့်တုံ့ပြန်မှုကြောင့် ယေရှု၏နှလုံးသားကိုတုန်လှုပ်စေလျက် ကျေနပ်မှုကိုဖြေစေသည်။ Education, p. 231, (1903) [Ev 55.2]

**ကျဆုံးသောလူသားများတို့၏တောင်းဆိုချက်** – လူသားတိုင်းတို့သည် မည်ရွေ့မည်မျှပင်အပြစ်နှင့်ပြည့်ဝစေကာမူ၊ ဘုရားရှင်ထံသို့ပြန်လည်၍ပေါင်းစည်းနိုင်သောအခွင့်အရေးသို့ရောက်ရှိနိုင်ရန် ဆောင်ရွက်နိုင်သည်ဟုသူတွေ့မြင်ရသည်။ Education, p. 79, (1903) [Ev 53.3]

**ရိုးစင်းခြင်း၊ တိုက်ရိုက်ပြောခြင်း၊ ထပ်မံပြောဆိုခြင်း** – ခရစ်တော်၏သွန်သင်ခြင်း၏မူရင်းမှာရိုးသားသည်။ အာဏာရှိသူတစ်ဦးကဲ့သို့သွန်သင်သည်။ ယုဒလူများလိုလားပြီးပြောဆိုသည်မှာ ခရစ်တော်ပထမအကြိမ်ကြွလာခြင်းသည် ဘုန်းတန်ခိုးနှင့်ပြည့်ဝသော ဒုတိယကြွလာခြင်းကဲ့သို့ဖြစ်သင့်သည်ဟုဖြစ်သည်။ ကြီးမြတ်သောဆရာယေရှုသည် အမှန်တရားကိုဟောပြောစဉ် သူ၏ပရိသတ်အများစုသည် စာမတတ်သူများဖြစ်ကြသည်။ ယေရှုသည် ရှင်းလင်းစွာဖြင့်တိုက်ရိုက်ပြောဆိုသည်။ သူမြွက်ဆိုသောအရာအားလုံးတို့၌ အသက်ပါသောအရှိန်အဟုန်နှင့်ထိရောက်မှုရှိသည်။ သူ့ခေတ်အချိန်အခါ၌ပြောဆိုကြသောသူများပြောဆိုသကဲ့သို့ သူပြောဆိုခဲ့သော်၊ အမှန်တရားပျောက်ဆုံးမည်ဖြစ်သည်။ [Ev 55.4]

ကြားနာရသူများတို့အတွက် မရှုပ်ထွေးစေရန် ယေရှုပြောဆိုလိုသောအရာအားလုံးကို တစ်ချိန်တည်း၌သူမပြောဆိုခဲ့ပါ။ သူပြောဆိုသောစကားတိုင်း၌ ရှင်းလင်း၍ပြတ်သားသည်။ သူတို့၏စိတ်ထဲ၌ စွဲလမ်းစေလိုသည့်အတွေးအခေါ်များမှအပ သူပြောဆိုသောအရာများကို ထပ်ခါတလဲပြောဆိုခြင်းကိုရှောင်ရှားသည်။ Manuscript 25, 1890. [Ev 56.1]

**အကြီးမားဆုံးသောနှလုံးသားများကိုသူဆွဲဆောင်နိုင်ခြင်း** – ကြီးမားသောအမှန်တရားများကို လွယ်ကူသည့်စကားဖြင့်ခရစ်တော်ပြောဆိုသည့်တိုင် ဤထက်စိတ်ဝင်စားပြီးဆွဲဆောင်မှုကောင်းသည့် အမြင့်ဆုံးပညာများကို သူတို့ကြားနာလိုကြသေးသည်။ [Ev 56.2]



သိမ်မွေ့ခြင်း၊ ချစ်ခြင်း၊ ကြင်နာစွာယုယခြင်း၏အကောင်းဆုံးပုံဆောင်မှုကို သူ၏ခမည်းတော်မည်ကဲ့သို့ဖော်ပြကြောင်း မိုက်မဲသည့်သားထွေး၏ပုံပမာကို ယေရှုပြောပြခဲ့သည်။ ဖခင်ထံမှ သားသမီးများပြစ်မှား၍လမ်းလွဲသွားသည့်တိုင် သူတို့နောင်တရ၍ပြန်လာခဲ့ပါက ဝမ်းမြောက်စွာဖြင့်လောကီဖခင်တို့သည် နောင်တဖြင့်ပြန်လာသော ပျောက်ဆုံးခဲ့သည့်သားကိုပင် လက်ခံမည်ဖြစ်သည်။ Manuscript 132, 1902. [Ev 56.3]

**ကလေးသူငယ်များနားလည်သည်** – ခရစ်တော်၏အမှန်တရားတင်ဆက်ခြင်းနည်းလမ်းကို ပြုပြင်ရန်မလိုပါ။ အသက်ရှင်ခြင်းနှင့်ယှဉ်သောစကားများကိုဤကဲ့သို့လွယ်ကူစွာတင်ဆက်ခြင်းကို ကလေးငယ်များပင်နားလည်နိုင်ပါသည်။ ယောကျ်ား၊ မိန်းမ၊ ကလေးငယ်များအားလုံး သူပြောဆိုသောနှုတ်ကပတ်တော်ကို ရှင်းလင်းသည့်အသံ၊ မျက်နှာနေမျက်နှာထားနှင့်ဟန်ပန်အမူအရာများကိုလွန်စွာစိတ်ဝင်စားကြပါသည်။ လူငယ်လူရွယ်များတို့သည် သူ၏အမှုတော်ဆောင်ရွက်သည့်စိတ်ဓာတ်ကိုနားလည်ပြီး သူတို့သည် လိုအပ်သူများတို့ကိုတွေ့၍မစရာ၌ သူ၏မွန်မြတ်သောနည်းလမ်းကိုအတုယူ၍ အသုံးပြုကြပါသည်။ Counsels on Health, pp. 498, 499. (1914)

**အမှန်တရားပုံစံ၌ကျောက်မျက်ရတနာများကိုချထားသည်** – ခရစ်တော်၏သွန်သင်မှုများသည် ယနေ့ခေတ်အမှုဆောင်များဟောကြားသောတရားကဲ့သို့မဟုတ်ပါ။ သူ၏အလုပ်သည် အမှန်တရား၏ပုံစံကိုဆောက်တည်ခြင်းဖြစ်သည်။ ရန်သူနှင့်ဆီလျော်သည့် အမှန်တရား၏မွန်မြတ်သောရတနာများကိုစုဆောင်း၍ မှားယွင်းသောပုံစံ၌ချထားပြီး အမှန်တရား၏ပုံစံတွင် ၎င်းတို့ကိုပြန်လည်၍ချထားရာ သူ၏စကားကိုခံယူသောသူတိုင်း အသက်တာ၏ကောင်းကျိုးကိုခံစားကြရန်ဖြစ်သည်။ Manuscript 104, 1898. [Ev 57.1]

**သတင်းစကားကိုသူခိုင်မာစေသည်** – အမှန်တရားကိုမေးမြန်းလာသူတို့အားခရစ်တော်သည် အမြဲအဖြေပေးရန်အဆင်သင့်ရှိသည်။ တပည့်တော်များသူ့ထံသို့လာပြီး စကားလုံးတချို့တို့ကိုရှင်းပြရန်တောင်းဆိုသောအခါ ဝမ်းမြောက်

စွာဖြင့် သူ၏သင်ခန်းစာကို ပရိသတ်တို့အားပြောပြသည်။ Letter 164, 1902. [Ev 57.2]

**မေတ္တာဖြင့်ဆွဲယူသည်** – ခရစ်တော်သည် သူ၏တရားနာပရိသတ်တို့၏ စိတ်ကို မိမိမေတ္တာအားဖြင့်ဆွဲယူပြီး၊ တစ်ဆင့်ပြီးတစ်ဆင့် သူတို့လက်ခံနိုင်သရွေ့ နိုင်ငံတော်၏အမှန်တရားကို သူတို့အားဖော်ပြပါသည်။ ကျွန်ုပ်တို့လည်း ကျွန်ုပ်တို့၏လုပ်ငန်းများကို ဆီလျော်သောပုံစံဖြင့် လူတို့၏အခြေအနေပေါ် မိမိတို့ရှိသည့်အရပ်၌ဟောပြောရပါမည်။ ဘုရားသခင်၏ပညတ်တော်နှင့်ပတ်သက်၍ ကမ္ဘာသို့တင်ဆက်သောအခါ မေတ္တာကိုမမေ့ရန်လိုအပ်ပြီး၊ ခရစ်တော်၏မေတ္တာသာလျှင် တန်ခိုးနှင့်ပြည့်ဝပြီး၊ စိတ်နှလုံးသားကိုနူးညံ့စေလျက် လူတို့အားနားထောင်ခြင်းသို့ပို့ဆောင်ပါလိမ့်မည်။ Review and Herald, Nov. 25, 1890. [Ev 57.3]

**အမှန်တရားကိုသူထိန်းချုပ်သည်** – ခရစ်တော်သည် အမှန်တရား၏မြေပုံတစ်ခုလုံးကို မိမိ၏လက်တွင်း၌ကိုင်ဆောင်ထားသည်။ သို့သော် သူ၏တပည့်တော်တို့ကို အကုန်အစင်ဖော်ပြခြင်းမပြုပါ။ ကောင်းကင်လမ်းသို့သူတို့လှမ်းတက်နိုင်ရန် လိုအပ်သည့်အကြောင်းအရာများကိုသာ သူတို့အတွက်ဖော်ပြပေးပါသည်။ သူမဖော်ပြသည့်ပညာများစွာရှိသည်။ [Ev 57.4]

ခရစ်တော်သည် တပည့်တော်များအတွက် အရာများစွာကိုမဖော်ပြဘဲ လျှို့ဝှက်ထားခြင်းမှာ၊ သူတို့၏နားလည်ရန်ဉာဏ်မမီသောကြောင့်ဖြစ်သည်။ ထိုနည်းတူ ယနေ့ကျွန်ုပ်တို့၌အသိဉာဏ်အကန့်အသတ်ရှိသောကြောင့် သူမဖော်ပြဘဲလျှို့ဝှက်ထားသည့်အရာများစွာရှိနေပါသည်။ Manuscript 118, 1902.

**ကိုယ်တိုင်တွေ့ဆုံမေးမြန်းခြင်း** – ခရစ်တော်၏အလုပ်သည် တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းအပေါ် များစွာအမှီပြုလျက်ရှိသည်။ ပုဂ္ဂိုလ်တစ်ဦးတည်း၏ဝိညာဉ်ကို သူတန်ဖိုးထားပါသည်။ တစ်ဦးတည်းသောထိုဝိညာဉ်သည်



ထောင်ပေါင်းများစွာသောဝိညာဉ်ကိုကယ်နိုင်သည်။ Review and Herald, May 9, 1899. [Ev 58.1]

**ပွဲလမ်းသဘင်များ၌** – ခရစ်တော်သည် ပွဲတစ်ခုသို့ဖိတ်ခေါ်ခြင်းကိုခံရသောအခါ၊ စားပွဲပေါ်ထိုင်၍ အမှန်တရားမျိုးစေ့ကို ရွှေပွဲလာပရိသတ်များတို့၏နှလုံးသားထဲသို့ကြဲဖြန့်နိုင်ရန် ထိုဖိတ်ခေါ်ခြင်းကိုလက်ခံခဲ့သည်။ ကြဲလိုက်သောမျိုးစေ့သည် အပင်ပေါက်၍အသီးများသီးလာမည်ကိုသူသိသည်။ စားသောက်ခုံ၌ သူနှင့်အတူထိုင်သောသူများအထဲ၌ "ငါ့နောက်သို့လိုက်လော့" ဟုခေါ်သည့်အခါ လိုက်မည့်သူတချို့ရှိကြောင်း ခရစ်တော်သိသည်။ ခရစ်တော်သည် တစ်နေရာမှတစ်နေရာသို့သွားပြီး အမှန်တရားမျိုးစေ့ကို နေရာတိုင်း၌ကြဲသကဲ့သို့ ကျွန်ုပ်တို့သည် ၎င်းနည်းတူလုပ်ဆောင်ကြရပါမည်။ Manuscript 113, 1902. [Ev 58.2]

**ခရစ်တော်၏ဆက်လက်၍ဆောင်ရွက်သည့်အစီအစဉ်** – နောက်ပိုင်း၌သူလိုက်လျှောက်ရန် ခရစ်တော်သည် သူ၏တပည့်တော်များကို နှစ်ယောက်တစ်တွဲအဖြစ် နေရာတိုင်းသို့သွားရန်စေလွှတ်ခြင်းဖြစ်သည်။ Manuscript 19, 1910. [Ev 58.3]

**ခရစ်တော်၏နည်းလမ်းမှန်ပါသလား** – ခရစ်တော်သည် ခြေလျင်ခရီးဖြင့်တစ်နေရာမှတစ်နေရာသို့သွားပြီး ပင်လယ်ကမ်းခြေနှင့်တောင်ပေါ်၌ သွန်သင်ခြင်းအမှုကိုပြုခဲ့သည်။ ထိုကြောင့် လူတို့ကိုသူ့ထံသို့ဆွဲယူခဲ့သည်။ ကျွန်ုပ်တို့သခင်ထက် ကျွန်ုပ်တို့ပို၍ကြီးပါသလား။ သူ့လမ်းသည် မှန်သောလမ်းဖြစ်ပါသလား။ ရိုးသားခြင်းနှင့်ဘုရားဝတ်၌မွေ့လျော်ခြင်းကိုထိန်းသိမ်းရာ၌ ကျွန်ုပ်တို့မှားယွင်းစွာလုပ်ကိုင်နေကြပါသလား။ သင်ယူသင့်သလောက် ကျွန်ုပ်တို့မသင်ယူကြသေးပါ။ ခရစ်တော်ပြောခဲ့သည်မှာ၊ "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောသဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်သည်လည်းပေါ့၏။" Letter 140, 1898. [Ev 58.4]

**ခရစ်တော်၏လုပ်ငန်းတွင်ပုံသွင်းခြင်းနှင့်ပြုပြင်ခြင်း –** တပည့်တော်များတို့၏လုပ်ငန်းကို အနူးညွှတ်ဆုံးစည်းမျဉ်းအားဖြင့်နှင့် မိမိတို့ကိုယ်တိုင်ရရှိခဲ့သောနှုတ်ကပတ်တော်အသိတရားကို အခြားသူများအားဖွင့်ပြခြင်းအားဖြင့် ပုံသွင်း၍ပြုပြင်ရန်လိုအပ်သည်။ ၎င်းနောက် ခရစ်တော်သည် သူတို့အား မည်ကဲ့သို့အသက်ရှင်ရမည်၊ လုပ်ဆောင်ရမည်နှင့်ပတ်သက်၍ အထူးညွှန်ကြားမှုများကိုလည်းပေးပါသည်။ ယခုသူချမှတ်ခဲ့သောစည်းမျဉ်းချက်များနှင့် လုံးလုံးတူညီသည့် သူပြခဲ့သည့်ပုံသက်သေနှင့်အညီ သူကိုယ်တိုင်၏အသက်တာ၌လိုက်လျှောက်ခဲ့ပါသည်။ သူတို့ငြင်းခုံခြင်းမပြုရပါ။ ငြင်းခုံခြင်းသည်လည်းသူတို့၏အလုပ်မဟုတ်ပါ။ မိမိတို့ကိုယ်တိုင် အကျင့်စာရိတ္တအားဖြင့် ကြိုးစားဆုတောင်းခြင်းနှင့် စစ်မှန်သောခရစ်ယာန်၏ကိုယ်တိုင်ဗဟုသုတကိုဖော်ပြသည့်ဆက်ကပ်ခြင်းအားဖြင့် သူတို့သည် အမှန်တရားကိုဖော်ပြ၍လုပ်ဆောင်ကြရမည်။ ဤဆုံးဖြတ်ချက်သည် ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏ယုံကြည်မှုနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ သူတို့သည် ယခုဖော်ပြမည့်အမှန်တရားများကို ကြားနာကြရမည့်ပုဂ္ဂိုလ်များတို့၏အာရုံကို ဆွဲဆောင်ကြရမည်။ သူတို့သည် မြားကိုပစ်၍ဘုရားသခင်ဝိညာဉ်တော်သည် လူတို့၏စိတ်နှလုံးသားထဲသို့စိုက်ဝင်ရန် ပို့ဆောင်ပေးလိမ့်မည်။ Review and Herald, Feb. 1, 1898. [Ev 58.5]

## ကျယ်ပြန့်သောဧဝံဂေလိတရားဟောပြောခြင်းအတွက်စီမံခြင်း

**ထထကြွကြွလုပ်ဆောင်ရန်အချိန် –** ကမ္ဘာပေါ်ရှိလူအပေါင်းတို့အား အမှန်တရားကိုဟောပြောရလိမ့်မည်။ မြို့များနှင့်လျစ်လျူရှုထားပြီး လုပ်ငန်းမဆောင်ရွက်ရသေးသောနေရာများတို့၌ ထထကြွကြွလုပ်ဆောင်ရမည့်အချိန်ရောက်လာပြီ။ Review and Herald, June 23, 1904. [Ev 59.1]

**သတိပညာဖြင့်ကောင်းသောစီမံကိန်းများ –** ယခုကြိုးစားလုပ်ဆောင်ရန်ခေါ်ဖိတ်လျက်ရှိသည်။ ဤအရေးကြီးရာကာလ၌ စိတ်ပါလက်ပါလုပ်ဆောင်



ခြင်းမပြုပါက အောင်မြင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏မြို့တိုင်း၌ ဝိညာဉ်များကိုလိုက်ရှာရကြမည်။ အကောင်းဆုံးသောအကျိုးကိုခံစားရရှိရန် ဤအလုပ်ကိုဆောင်ရွက်ရာ၌ သတိပညာဖြင့် ကောင်းသောစီမံကိန်းကိုချရလိမ့်မည်။ Review and Herald, Sept. 27, 1906. [Ev 59.2]

**ရေနက်ရာသို့ရွှေ့ပြောင်းလုပ်ဆောင်ခြင်း –** အမှန်တရားကိုဟောပြောရန်သူတို့၏တာဝန်ဖြစ်သည်ဟု ထင်သောသူတချို့ရှိသည်။ သို့သော်သူတို့သည်ပင်လယ်ကမ်းခြေမှ ပင်လယ်ထဲသို့မသွားဝံ့သောကြောင့် ငါးတစ်ကောင်ကိုမျှဖမ်း၍မရပါ။ သူတို့သည် အသင်းတော်များသို့သာသွားရန်ရွေးချယ်ပြီး တစ်နေရာတည်းကိုသာ တစ်ခါပြီးတစ်ခါသွားပါသည်။ သူတို့သည် ကောင်းသောအချိန်၊ ပျော်ရွှင်သောလည်ပတ်ခြင်းဟု အစီရင်ခံပါသည်။ သို့သော် သူတို့၏လှုပ်ရှားမှုအားဖြင့် အမှန်တရားသို့ပြောင်းလဲလာသော ဝိညာဉ်တစ်လုံးကိုမျှမရရှိပါ။ ဤဓမ္မဆရာများတို့သည် ကမ်းခြေ၌သာနီးနီးကပ်ကပ်လှုပ်ရှားကြပါသည်။ ငါးရှိသည့်ကမ်းခြေနှင့်ဝေးသော ရေနက်ရာအရပ်သို့ ကျွန်ုပ်တို့၏ပိုက်ကွန်ကိုချကြပါစို့။ အလုပ်လုပ်ရမည့်နေရာများစွာရှိပါသည်။ စပျစ်ဥယျာဉ်၌ ယခုအမှုဆောင်တစ်ဦးရှိနေသောနေရာ၌ အမှုဆောင်တစ်ရာခန့်သင့်ပါသည်။ The True Missionary, Feb. , 1874. [Ev 59.3]

**ခေါင်းဆောင်များအတွက်စိန်ခေါ်ချက်တစ်ခု –** ကျွန်ုပ်တို့၏လုပ်ငန်းကိုစိန်ခေါ်သူတို့အား ကျွန်ုပ်မေးသည်။ ဘာ့ကြောင့်နေရာပေါင်းများစွာကိုချန်လှပ်ထားရပါသနည်း။ ယခုထက်တိုင်အလုပ်မလုပ်ရသေးသည့် မြို့များနှင့်ရွာများကိုကြည့်ပါ။ အမေရိကန်ပြည်၏တောင်ပိုင်းနှင့်မြောက်ပိုင်းတို့၌ ယခုထိတိုင်အလုပ်မလုပ်ရသေးသောမြို့များစွာရှိပါသည်။ အမေရိကန်ပြည်ရှိမြို့တိုင်း၌ ဘုရားရှင်အတွက်အောက်မေ့ဖွယ်ရာလုပ်ငန်းတချို့ရှိသင့်သည်။ သို့သော် အမှန်တရား၏အလင်းမရောက်ရှိသေးသောမြို့များကို မဖော်ပြလိုပါ။ ယခုထိတိုင်အမှန်တရားကိုမဟောရသေးသော သက်သေခံရန်နေရာများသို့ လူသားများ

တို့၏တန်ဆာပလာဖြင့် ဝင်ရောက်လုပ်ကိုင်ရန် ကောင်းကင်တမန်များစောင့်နေလျက်ရှိသည်။ Review and Herald, Dec. 30, 1902. [Ev 60.1]

**နေရာသစ်ကိုရှင်းလင်းခြင်း၊ ဌာနအသစ်များကိုထူထောင်ခြင်း –** လမ်းမကြီးများနှင့်လမ်းကြိုလမ်းကြားများသို့သွားရောက်လုပ်ကိုင်ရန် အမှုဆောင်များကိုပြင်ဆင်ရမည်။ ခြားနားသောနေရာများသို့ အပင်များတို့အားရွှေ့ပြောင်းစိုက်ပျိုးရန်ကျွမ်းကျင်သောပျိုးပင်ငယ်များကိုပျိုးထောင်မည့်သူများတို့ကို လိုအပ်ပါသည်။ ဤအလုပ်သည် ဘုရားရှင်၏လူများတို့၏နေရာတိုင်းသို့ အမှန်သွားရောက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ အင်အားများကိုစုရုံးပြီး နယ်မြေသစ်ကိုပြင်ဆင်ကာ လုပ်ငန်းအစပြုနိုင်သောနေရာများ၌ ဩဇာရှိသည့်ဌာနသစ်များကိုထူထောင်ကြပါစို့။ Manuscript 11, 1908. [Ev 60.2]

**ခက်ခဲသောဧဝံဂေလိဌာနများကိုကျော်လွှန်၍ဆောင်ရွက်ခြင်း –** သန့်ရှင်းသောအမှန်တရားဖြင့် အပ်နှံခြင်းခံရသောလူတစ်စုအဖြစ် ကျွန်ုပ်တို့သည် ပေးအပ်ထားသောတာဝန်ကိုလျစ်လျူရှုပြီး အမှန်တကယ်သစ္စာမရှိခဲ့ကြခြင်းကို သတိရကြပါ။ လုပ်ငန်းကိုဌာနအနည်းငယ်၌သာလုပ်ဆောင်ကြခြင်းသည် ထိုနေရာ၌နေထိုင်သူများကို ဧဝံဂေလိဟောပြောရန်ခက်ခဲသည့်အချိန်ထိဖြစ်နေပါသည်။ သတင်းစကားကိုကြိမ်ဖန်များစွာကြားသိရသော်လည်း ငြင်းပယ်ခဲ့သူတို့အားပြောင်းလဲမှုပြုရန်ခက်ခဲပါသည်။ နေရာအနည်းငယ်၌သာ ကြိုးစားလုပ်ဆောင်ချဲ့ထွင်ကြသော်လည်း မြို့များစွာတို့ကိုသတိပေးရန်ပျက်ကွက်၍ သာသနာ့လုပ်ငန်းကိုမလုပ်ဆောင်ဘဲ ချန်လှပ်ထားကြပါသည်။ [Ev 60.3]

ယခုဤအရာအားလုံးတို့သည် ကျွန်ုပ်တို့နှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။ အကယ်၍ပြောင်းလဲသူများတို့သည် လူသားများတို့အား အမှန်တရားဟောကြားသူတို့အတွက် စစ်မှန်သောကိုယ်စားလှယ်များဖြစ်လာရန် ကြိုးစားလုပ်ဆောင်နိုင်ခဲ့သော် ယခုဆောင်ရွက်လျက်ရှိသောလုပ်ငန်းသည် မည်မျှကျယ်ပြန့်လိမ့်မည်နည်း။ နေရာအနည်းငယ်၌သာ အခွင့်အရေးကိုရရှိပြီး နေရာ



များစွာတို့ကိုလျစ်လျူရှုထားခြင်းသည် မှန်သောအရာမဟုတ်ပါ။ Letter 132, 1902. [Ev 61.1]

**လုပ်ငန်းအသစ်များအတွက်ကြိုတင်စီမံခြင်း –** ကျွန်ုပ်သည် နေ့ညမပြတ်အောက်ပါစကားကိုကြားရပုံပေါ်နေသည်။ "ရှေ့သို့သွားပါ။ နယ်မြေသစ်ကိုတိုးချဲ့ပါ။ တဲများဖြင့်နယ်မြေသစ်ကိုဝင်ရောက်လုပ်ကိုင်ပြီး ကမ္ဘာသို့နောက်ဆုံးသတင်းပေးစကားကိုပြောကြားပါ။ သင်သွားသောနေရာတိုင်း၌ ကျွန်ုပ်၏အောက်မေ့ဖွယ်ရာကိုချန်ထားပါ။ ကျွန်ုပ်ဝိညာဉ်သင်နှင့်အတူသွားမည်။ ဘုရားသခင်၏ဘုန်းတော်သည် သင့်အတွက်ဆုလာဘ်ဖြစ်လိမ့်မည်။" [Ev 61.2]

ဤနေရာနှင့်လွှန်စွာမဝေးလှသည့်မြို့များတို့၌ လာမည့်နှစ်တွင်တောစခန်းအစည်းအဝေးပြုလုပ်ရမည်။ ဤကဲ့သို့သောအလုပ်ကိုဆောင်ရွက်သင့်ခြင်းသည် ဘုရားသခင်၏စစ်မှန်သောစီမံကိန်းဖြစ်သောကြောင့်ဖြစ်သည်။ နှစ်ပေါင်းများစွာအလင်းတရားရရှိသူတို့သည် တဲနှင့်အတူနယ်မြေသစ်သို့ဝင်ရောက်ထိုးဖောက်ရန်ရှိသော်လည်း တစ်နေရာတည်းတွင်သာ တောစခန်းအစည်းအဝေးကို နှစ်ချီပြီးကျင်းပနေသူများပြောင်းလဲသင့်ပြီ။ အကြောင်းမှာဘုရားသခင်၏စကားကို သူတို့မလိုက်လျှောက်ကြခြင်းကြောင့်ဖြစ်သည်။ Letter 174, 1900. [Ev 61.3]

## ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်ခြင်း

**ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်ပါ– ငွေကြေးလာလိမ့်မည် –** "သင်တို့ကျွန်ုပ်တို့ထံလာပြီးတရားဟောခဲ့ပါက လိုအပ်သည့်အရာများကို ကျွန်ုပ်တို့မစမည်" ဟုခေါ်ဖိတ်သံကို မျှော်လင့်သူများရှိနေပါသလား။ ကျွန်ုပ်တို့၏သတင်းစကားကို သူတို့လုံးဝမသိပါ။ အမှန်တရားကိုရိုးသားသောနှလုံးသားဖြင့် ရှာဖွေသောသူတို့အား အလင်းပေးရန် ဘုရားရှင်အလိုရှိသည်။ ဤလုပ်ငန်းကို

ဆောင်ရွက်ခြင်းအားဖြင့် လိုအပ်သည့်ငွေကြေးများ ကျွန်ုပ်တို့၏ဘဏ္ဍာထဲသို့ စီးဝင်လာမှာဖြစ်ပြီး ပို၍တွင်ကျယ်သောလုပ်ငန်းများကိုလုပ်ဆောင်နိုင်ခြင်းနှင့် ပို၍ဝေးလံသောနေရာများဝင်ရောက်ထိုးဖောက်ခြင်းပြုလုပ်နိုင်မည်ဖြစ်သည်။

ဒေါ်လာထောင်ချီရှိသကဲ့သို့ ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်ရန် ဆောင်ရွက်ကြမည်လား။ ယုံကြည်ခြင်းတစ်ဝက်မျှပင် ကျွန်ုပ်တို့၌မရှိကြသေးပါ။ ဤမြို့ကြီးများအတွက် ကျွန်ုပ်တို့၏သတိပေးခြင်းတာဝန်ကို ဆောင်ရွက်ကြပါစို့။ သတိမပေးရသေးသောသူများ၊ ကယ်တင်ခြင်းသတင်းမကြားရသေးသောသူများနှင့် ပျက်စီးခြင်းသို့ရောက်ရှိရန် အဆင်သင့်ရှိနေသောသူများထံသို့ ကျွန်ုပ်တို့သတိပေးစကားယူဆောင်သွားရကြမည်။ အဘယ့်ကြောင့်ဖင့်နွှဲနေရကြပါသနည်း။ ရှေ့သို့ဆက်လက်၍လုပ်ဆောင်ပါက ငွေကြေးအထောက်အပံ့ရရှိမည်ဖြစ်သည်။ သို့သော် ယုံကြည်ခြင်းဖြင့်ချီတက်ရကြမည်။ ဣသရေလဘုရားကို ယုံကြည်ကိုးစားကြရလိမ့်မည်။ [Ev 62.1]

တစ်ညပြီးတစ်ညကျွန်ုပ်အိပ်၍မပျော်ပါ။ သတိမပေးရသည့်မြို့များ ကိုယ်စား ဤဝန်ထုပ်သည် ကျွန်ုပ်အပေါ်သို့ကျရောက်လျက်ရှိသည်။ တစ်ညပြီးတစ်ည ကျွန်ုပ်ဆုတောင်းပြီး ဤမြို့များသို့ဝင်ကာ သတိပေးစကားပြောရမည့်နည်းလမ်းများကိုရရှိရန် ကြိုးစား၍အကြံထုတ်လျက်ရှိပါသည်။ အဘယ်ကြောင့်နည်း။ ကျွန်ုပ်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်သို့သွားပြီး လိမ္မာပါးနပ်စွာဖြင့်သတိပေး၍ ကယ်တင်ရမည့်လူများ ဤကမ္ဘာကြီးပေါ်၌ များစွာရှိနေပါသည်။ ဤလုပ်ငန်းကိုလက်ခံဆောင်ရွက်ကြပါက ဘုရားသခင်၏ကယ်တင်ခြင်းကို တွေ့မြင်ရလိမ့်မည်။ အားပေးခြင်းကိုလည်းခံရကြလိမ့်မည်။ Manuscript 53, 1909. [Ev 62.2]

**ဘုရားရှင်၏ပြင်ဆင်မှုကိုလိုက်လျှောက်ခြင်း –** ဘုရားသခင်၏တံခါးဖွင့်ပေးသောပြင်ဆင်မှုလမ်းသို့လိုက်လျှောက်ကြပါက ဖွင့်ပေးသောလမ်းတိုင်းကို လျင်မြန်စွာခွဲခြားနိုင်ပြီး၊ အခွင့်အရေးအားလုံးကိုယူ၍ အကောင်းဆုံးဆောင်ရွက်နိုင်ကြပါလိမ့်မည်။ ဤလုပ်ငန်းအတွက်ကြိုးစားမှုနှင့်စွန့်စားမှုပြုခြင်း၌ ကြောက်မက်



ဖွယ်ရာရှိပြီး ကုန်ကျစရိတ်ပြန်၍မရမည်ကို စိုးရိမ်ရန်ရှိပါသည်။ ငွေကြေးအကုန်အကျခံပြီး ဝိညာဉ်များမရရှိရခြင်းသည် အဘယ်ကြောင့်နည်း။ ကျွန်ုပ်တို့၏ငွေကြေးအဘယ်ကြောင့်ဆုံးရှုံးရသနည်းဟု မေးခွန်းထုတ်ကြပေလိမ့်မည်။ သို့သော် အမှုတော်မထမ်းဘဲနေခြင်းထက် အမှုတော်ထမ်းခြင်း၊ ဆက်လက်၍လုပ်ဆောင်ခြင်းများကို ပို၍ပြုလုပ်သင့်ပါသည်။ မည်သည့်ဆောင်ရွက်ချက်များအောင်မြင်မည်၊ မအောင်မြင်မည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။ [Ev 62.3]

လူတို့သည် စီးပွားရေးလုပ်ငန်းကိုလုပ်ဆောင်ခြင်းဖြင့် ကြီးမားသောဆုံးရှုံးမှုကိုကြုံတွေ့ရသည့်အခါ အကြောင်းရင်းတစ်ခုဟု ထင်မှတ်ခြင်းသည် မှန်ပါသည်။ သို့သော် ဘုရားသခင်၏အမှုတော်ကို စွန့်စားဆောင်ရွက်ရန် လူတို့သည် ကြောက်ရွံ့ကြပါသည်။ ဝိညာဉ်ကယ်တင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံရာတွင် ရလဒ်ကိုတစ်မဟုတ်ချင်းမတွေ့မြင်ရခြင်းအတွက် ကုန်ဆုံးခဲ့သောငွေကို ကြီးမားသည့်ဆုံးရှုံးမှုဟုယူဆပုံပေါ်သည်။ နှမြောခြင်းမရှိဘဲ ယခုဘုရားရှင်အတွက်ရင်းနှီးမြှုပ်နှံသောငွေကို ကိုယ်ကျိုးအတွက်သာသိမ်းဆည်းထားမည်ဖြစ်ပါက မကြာမီပိုးမွှားများဖျက်ဆီးခြင်း၊ သံချေးတက်ခြင်းဖြစ်သွားပါလိမ့်မည်။ ထိုငွေများတို့ကို ထာဝရကာလအတွက်အကျိုးဖြစ်စေရန် လူသားများတွေ့နိုင်သည့်အချိန်တွင်အသုံးမပြုပါက တစ်မဟုတ်ချင်းတန်ဖိုးကျသွားပါလိမ့်မည်။ [Ev 62.4]

မိမိ၏ပိုင်ဆိုင်မှုကို အဘယ်အရာအတွက်ကိုမျှအသုံးမပြုဘဲ အားလုံးကိုဝိညာဉ်များကိုကယ်တင်ရန်အတွက် အသုံးပြုမည့်သူများကို ဘုရားရှင်ပြင်ဆင်ပေးလိမ့်မည်။ သူတို့ရှေ့၌ ခြေလှမ်းတိုင်းကိုရှင်းလင်းစွာမမြင်ရမချင်း စိတ်လှုပ်ရှားခြင်းမရှိသောသူတို့သည် ဘုရားရှင်၏အမှန်တရားရှေ့သို့တိုးတက်ရန်အတွက် အခွင့်အရေးယူပြီးဆောင်ရွက်ကြမည်မဟုတ်ပါ။ ယခုအချိန်၌ နေ့ရောညပါ ရဲရင့်စွာစိတ်ဓာတ်ကျဖွယ်ရာမျှော်လင့်ခြင်းအောက်၌ စိတ်ဓာတ်ကျခြင်းမရှိ၊ ယုံကြည်ခြင်းဖြင့် မျက်ရည်မျက်ခွက်နှင့် မျှော်လင့်ခြင်းပြည့်ဝသောသည်းခံခြင်းဖြင့် နေရာတိုင်း၌မျိုးစေ့ကိုကြဲပြီး အောင်မြင်ခြင်းအတွက် ဘုရားရှင်

ပေးမည်ဟုယုံကြည်စိတ်ချသူများရှိပေလိမ့်မည်။ ခွန်အား၊ မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းနှင့်ဇွဲသတ္တိရှိသူများကို ဤကဲ့သို့ဆောင်ရွက်ရန် ဘုရားရှင်ခေါ်နေပါသည်။ The True Missionary, January, 1874. [Ev 63.1]

**အပြည့်အဝအသုံးခံပါ –** ဤဒုက္ခကာလများတွင် လူတို့အားသတိပေးရန် ငွေကြေးများကိုအသုံးပြုရမည်။ အပြစ်ဒီရေစီးဆင်းနေခြင်းကို ရပ်တန့်စေရန်အတွက် အထူးစိတ်ဝင်စား၍ အကောင်းဆုံးလုပ်ဆောင်ရလိမ့်မည်။ ဆောင်ရွက်ပါ။ ဘုရားကိုယုံကြည်ပါ။ Letter 49, 1902. [Ev 63.2]

**ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားအားဖြင့်မဟုတ် –** သာသနာ့လုပ်ငန်း၌ရှိသော ညီအစ်ကိုများကို ကျွန်ုပ်တောင်းဆိုသည်။ ဘုရားအမှုတော်နှင့်နီးကပ်စွာ သင့်ကိုယ်ကိုအဆက်အသွယ်ပြုပါ။ သင်သည် ပို၍ကြိုးစားအားထုတ်ပြီး သင်၏လုပ်ငန်းကို ပြည့်စုံနိုင်သရွေ့ပြည့်စုံစွာမဆောင်ရွက်ပါက ကယ်တင်ခြင်းရသင့်သောဝိညာဉ်ပေါင်းများစွာ ဆုံးရှုံးသွားလိမ့်မည်။ နေရာတိုင်း၌ ကြီးမားသောအလုပ်ကိုလုပ်ဆောင်ရန်ရှိသည်။ ပထမအနေဖြင့် ဖြည်းညင်းစွာတိုးတက်ပြီး ခက်ခဲပုံပေါ်လိမ့်မည်။ သို့သော် ဘုရားရှင်လက်ထဲမိမိကိုယ်ကိုလုံးလုံးလျားလျားဆက်ကပ်၍လုပ်ဆောင်ကြပါက သင့်အားဖြင့် ကြီးမားစွာသူ့အလုပ်လုပ်ဆောင်သွားပါလိမ့်မည်။ ခံစားချက်ဖြင့်မဟုတ်၊ ခံယူချက်အားဖြင့် အချိန်များစွာ၌တည်ဆောက်ခဲ့သောယုံကြည်ခြင်းအားဖြင့်သာ သင်လျှောက်လှမ်းရပါလိမ့်မည်။ [Ev 63.3]

သင်မည်သည့်နေရာ၌နေနေ၊ သင်ကြုံတွေ့ရသောအခြေအနေမည်ကဲ့သို့ပင်ရှိရှိ၊ စိတ်ဓာတ်ကျခြင်းအကြောင်းကိုမပြောဆိုပါနှင့်။ သမ္မာကျမ်းစာ၌ ကြွယ်ဝသောကတိတော်များပြည့်လျှံလျက်ရှိသည်။ ၎င်းကိုသင်ယုံကြည်ပါသလား။ ဝိညာဉ်များအတွက်ထွက်၍ ကျွန်ုပ်တို့အလုပ်လုပ်ဆောင်သောအခါ၊ ကိုယ့်ကိစ္စအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်လုပ်ဆောင်ရန် ဘုရားရှင်အလိုမရှိပါ။ မည်သည့်အရာကိုဆိုလိုပါသနည်း။ ဆိုလိုသည်မှာ ကိုယ့်ခွန်အားဖြင့်သွားရန်မလိုပါ။ ဘုရားသခင်သည် သူ၏နှုတ်တော်မှကတိပြုခဲ့သည်မှာ ကျွန်ုပ်တို့နှင့်



အတူသွားမည်ဖြစ်ပါသည်။ Historical Sketches, pp. 128, 129, (1886) [Ev 64.1]

**ရှေးနေ့ရက်များတို့၌ –** "ရှေ့သို့ချီပါ" ဟု ဘုရားရှင်၏အမိန့်တော်အရ ချီတက်၍အောင်မြင်ပုံမပေါ်သည့် အခက်အခဲများကာဆီးနေစေကာမူ ကျွန်ုပ်တို့ချီတက်ကြရမည်။ လွန်ခဲ့သည့်ကာလ၌ ဘုရားရှင်၏အမှုတော်အတွက် မည်ရွေ့မည်မျှပေးဆပ်ခဲ့ရကြသည်ကို ကျွန်ုပ်တို့သိပါသည်။ လူသားများအနေဖြင့် အားနည်းကြမည်ဖြစ်သည်။ သို့သော် ဤကိစ္စနှင့်ပတ်သက်၍ သူ၏အမှုတော်မြတ်၌ ကျွန်ုပ်တို့၏တိုးတက်အောင်မြင်မှုအတွက်ပြင်ဆင်ထားခြင်းကိုယုံကြည်လျက် စိတ်ဓာတ်ကျခြင်းမရှိဘဲ သတိကြီးစွာထားရှိကြကာ ကြိုးစားဆောင်ရွက်ကြပါစို့။ Letter 32, 1892. [Ev 64.2]

**အောင်မြင်မှုကိုဘုရားရှင်လက်ထဲချထားပါ –** ကြဲလိုက်သည့်ကောင်းသောမျိုးစေ့သည် တစ်ခါတစ်ရံအေးသော၊ လောကဆန်သော၊ တစ်ကိုယ်ကောင်းဆန်သောနေရာ၌ရောက်နေပြီး အပင်ပေါက်ရန်ထင်ရှားပုံမပေါ်ပါ။ သို့သော် မကြာခဏဘုရားသခင်၏ဝိညာဉ်သည် နှလုံးသားအပေါ်အလုပ်လုပ်ပြီး ကောင်းကင်မှနှင်းရည်ဖြင့် သွန်းလောင်းပေးခြင်းဖြင့် ကြာရှည်စွာပျောက်နေသောမျိုးစေ့သည် အပင်ပေါက်လာကာ နောက်ဆုံး၌ ဘုရားရှင်၏ဘုန်းတော်အတွက် အသီးအပွင့်များကို သီးပွင့်စေပါလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာလုပ်ငန်း၌ မည်သည့်လုပ်ဆောင်မှုသည် အောင်မြင်မည်၊ မအောင်မြင်မည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။ ဤအတွက် နုံချာလှသောလူသားများ မေးခွန်းထုတ်စရာအကြောင်းမရှိပါ။ ကျွန်ုပ်တို့လုပ်ရမည့်လုပ်ငန်းကိုသာ လုပ်ရပါမည်။ မည်ကဲ့သို့သောအကျိုးအမြတ်ရမည်ကို ဘုရားရှင်လက်ထဲသို့သာ ပုံအပ်ထားရပါမည်။ Testimonies, vol. 3, p. 248, (1872) [Ev 64.3]

**လှုပ်ရှားသောအသင်းတော်များကိုကူညီပါ –** နယ်ဌာနတိုင်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ခရစ်တော်ကြွလာခြင်းအတွက် လူတို့ကိုပြင်ဆင်မှုပြုရန် ကြီးလေး၍လေးနက်သောတာဝန်ရှိပါသည်။ နယ်အတွင်းရှိအမှုတော်ကိုထိရောက်

စွာဆောင်ရွက်လိုသောအသင်းတော်များတို့သည် အကူအညီလိုအပ်ပါက လိုအပ်သည့်အကူအညီကို ရသင့်ကြပါသည်။ နယ်အမှုဆောင်တိုင်း ဘုရားသခင်၏အမှုတော်ကိုတည်ဆောက်ရန်အတွက် သူ၏နယ်ကိုအကောင်းဆုံးသော ကိုယ်စားလှယ်များအဖြစ် နိုးကြားခြင်းရှိကြပါစို့။ အသင်းသားတိုင်းအား အလုပ်လုပ်သောအသင်းသားများအဖြစ်သို့ရောက်ရှိရန် ဝိညာဉ်ရေး၌စိတ်ဝင်စားမှုများကိုတည်ဆောက်ပေးကြပါစို့။ သန့်ရှင်းသောမေတ္တာနှင့်သော်လည်းကောင်း၊ နှိမ့်ချသောဆုတောင်းခြင်းနှင့် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း အမှုဆောင်များတို့သည် မိမိတို့၏တာဝန်ကိုထမ်းဆောင်ကြပါစို့။ Manuscript 7, 1908. [Ev 64.4]

**လုပ်ငန်း၌ဘုရားရှင်ပါရှိသည်** – ဘုရားရှင်၏အမှုတော်တာဝန်များကို ဆောင်ရွက်နေသောသူတို့ရှေ့၌ ကြောက်မက်ဖွယ်ဘေးအန္တရာယ်များရှိနေခြင်းသည် ကျွန်ုပ်အားတုန်လှုပ်စေပါသည်။ သို့သော် ကျွန်ုပ်ကြားရသောစကားမှာ "ငါ့လက်သည် ဘီးပေါ်၌ရှိသည်။ ငါ့အလုပ်ကိုချုပ်ကိုင်ရန် ဤနောက်ဆုံးနေ့ရက်များ၌ လူတို့ကိုအခွင့်မပြုပါ။ ငါ၏လက်သည် ဘီးများကိုလည်းပတ်ပေးမည်။ ငါ၏ပြင်ဆင်မှုသည် ဘုရားရှင်၏စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်သွားမည်။ လူတို့၏တီထွင်မှုများကိုဂရုမစိုက်ပါ။" [Ev 65.1]

ကြီးမားသောလုပ်ငန်းအဆုံးသတ်ချိန်၌ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို နားမလည်နိုင်သောရှုပ်ထွေးမှုများဖြင့် ရင်ဆိုင်ရလိမ့်မည်။ သို့သော် ကောင်းကင်၏ကြီးမားသောတန်ခိုး (၃) ခုသည် အလုပ်လုပ်နေကြောင်းမမေ့ပါနှင့်။ ဘုရားရှင်သည် ဘီး၌ရှိသည်။ သူ၏ရည်ရွယ်ချက်များကိုအောင်မြင်ရန် သူပို့ဆောင်ပေးလိမ့်မည်။ Manuscript 118, 1902. [Ev 65.2]

**လုပ်ငန်းပြီးဆုံးသည့်တိုင်စိတ်ပါဝင်စားခြင်း** – ကမ္ဘာကိုသတိပေးရမည်။ မျှော်ပါ၊ စောင့်နေပါ၊ ဆုတောင်းပါ၊ ဆောင်ရွက်ပါ၊ မည်သည့်အရာကိုမျှ ဆန့်ကျင်မှုများနှင့်အနတ္တကျော်ကြားလိုစိတ်ဖြင့် မဆောင်ရွက်ပါစေနှင့်။ မည်သည့်အရာကိုမျှ အထင်လွဲမှုများလာခြင်းမရှိစေဘဲ တတ်အားသရွေ့လျော့စေပါ။





ဖြောင့်မတ်ခြင်းနေမင်း၏ရောင်ခြည်တော်ကို စာရိတ္တအမှောင်ထုထဲသို့ယူဆောင်လာပါ။ ယခုကြီးမားသောအလုပ်တစ်ခုကိုလုပ်ရမည်။ ခရစ်တော်ကိုအပြစ်ဖြေလွှတ်သောကယ်တင်ရှင်အဖြစ်၊ အပြစ်ယူဆောင်သောပုဂ္ဂိုလ်အဖြစ်၊ တောက်ပသောမိုးသောက်ကြယ်အဖြစ် ကြိုးစားမှုဟူသမျှ၌ ထင်ရှားစေရမည်ဖြစ်ပြီး ဘုရားရှင်သည် ကမ္ဘာရှေ့၌ ဤလုပ်ငန်းပြီးဆုံးသည့်တိုင် လုပ်ဆောင်သော ကျွန်ုပ်တို့အားမျက်နှာသာပေး၍ ကျွန်ုပ်တို့နှင့်အတူပါရှိပါလိမ့်မည်။ Letter 35, 1895.

## ဧဝံဂေလိသတင်းဟောကြားခြင်း၏အမြင့်မားဆုံးပုံစံ

**ကျက်သရေရှိသောဂုဏ်သိက္ခာနှင့်ရိုးသားခြင်းဖြင့်** – မြို့များအထဲ၌ ဘုရားရှင်၏အမှုတော်ကိုဆောင်ရွက်သောသူတို့သည် လေးနက်တည်ငြိမ်စွာဖြင့် လူတို့၏ပညာရေးကို ဆက်ကပ်လုပ်ဆောင်ပေးရပါလိမ့်မည်။ ကြားနာသူများစိတ်ဝင်စားပြီး ၎င်းစိတ်ဝင်စားခြင်းထဲ၌စွဲမြဲနေစေရန် သူတို့ကြိုးစားလုပ်ဆောင်ချိန်တွင် တစ်ချိန်တည်း၌အခြားစိတ်ထကြွမှုများမပေါ်ပေါက်စေရန် သေချာစွာသတိဖြင့်ကာကွယ်ကြရမည်။ ပြင်ပယောင်ဆောင်မှုများပြားသော ဤခေတ်ကာလအချိန်၊ လူတို့၏စိတ်ကိုဆွဲဆောင်နိုင်ရန် ပြသမှုတစ်ခုခုလိုအပ်သည်ဟုထင်ရသည့်အချိန်တွင် ဘုရားရှင်ရွေးချယ်သောအမှုဆောင်တို့သည် ဤမလိုအပ်သောလုပ်ရပ်များအတွက် အချိန်နှင့်ငွေကို မိမိတို့လုပ်ငန်းထိရောက်ရန် အသုံးပြုစရာမလိုအပ်ပါ။ ရိုးသားခြင်း၊ နှိမ့်ချခြင်းနှင့်ကျက်သရေရှိသောဂုဏ်သိက္ခာဖြင့်လုပ်ကိုင်ရာတွင် ပွဲလမ်းသဘင်ပုံစံဟူသရွေ့ကိုရှောင်ရှားကြရမည်။ ထိုမှသာ သူတို့၏လုပ်ငန်းသည် ကောင်းမွန်သည့်အရာအတွက်တည်တံ့သောဆွဲဆောင်မှုတစ်ခုကိုဖြစ်လိမ့်မည်။ [Ev 66.1]

စည်းဝေးများအတွက် ကြေညာချက်များပြုလုပ်ခြင်းနှင့် ခိုင်မာသောလုပ်ငန်းရှေ့သို့တိုးတက်ရန်ဆောင်ရွက်ခြင်း၌ ငွေကိုစည်းကမ်းတကျသုံးစွဲရန်

လိုအပ်သည်မှာ မှန်ကန်ပါသည်။ အကြောင်းမှာ အမှုတိုင်း၊ အားနည်းပုံပေါ်သောသူများ၌သာမက၊ ဘုရားတရားကြည်ညိုလေးစား၍ ယုံကြည်စိတ်ချရသူများ၌ပင် လိမ်လည်မှုကိုထင်ရှားစွာဖြင့်သော်လည်းကောင်း၊ လျှို့ဝှက်စွာအားဖြင့်သော်လည်းကောင်း တွေ့နိုင်ပါသည်။ ပို၍များများဆုတောင်းရန်၊ ပို၍ခရစ်တော်နှင့်များများတူရန်၊ ပို၍ဘုရားအလိုတော်သို့များများလိုက်ရန် အစရှိသော ဘုရားအလိုတော်နှင့်ညီသည့်ကျင့်ဝတ်များကို ဘုရားအမှုတော်၌ရှိစေရမည်။ ပြင်ပကြွားဝါမှုများနှင့် မလိုအပ်သောငွေကြေးကုန်ကျစေသည့်ဆွဲဆောင်မှုများတို့သည် လုပ်ငန်းကိုမပြီးမြောက်စေနိုင်ပါ။ [Ev 66.2]

တန်ခိုးဖြင့်ဘုရားရှင်၏အမှုတော်ကိုသယ်ဆောင်ရမည်။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် နှစ်ခြင်းမင်္ဂလာခံယူရန်လိုသည်။ ကမ္ဘာကြီးကိုသတိပေးခြင်း၌ မိမိတို့၏တာဝန်ကိုဆောင်ရွက်ကြမည့် ဘုရားရှင်၏လူတို့အား စွမ်းရည်နှင့်သြဇာကို သူတို့၏အဆင့်သို့ပေါင်းပေးလိမ့်မည်ကို ကျွန်ုပ်တို့နားလည်ကြရမည်။ ကမ္ဘာပေါ်ရှိလူအားလုံးတို့သည် ဥပဒေမဲ့သူများနှင့်အပြစ်ကိုခင်တွယ်သူများမဟုတ်ပါ။ ဗာလဘုရားရှေ့၌ ဒူးမထောက်သောသူများစွာရှိပါသည်။ အားနည်းသောအသင်းတော်များ၌ပင် ဘုရားကိုကြောက်ရွံ့သောသူများစွာရှိပါသည်။ ထိုသို့မဟုတ်ခဲ့လျှင် သတင်းသယ်ဆောင်ရန်စေခိုင်းမည်မဟုတ်ပါ။ "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊ ပြိုလဲပြီ" "သူ့အထဲကထွက်ခဲ့ပါ၊ ငါ့လူတို့၊" ရိုးသားသည့်နှလုံးသားရှိသောသူများတို့သည် ကောင်းကင်မှအသက်မုန့်ကိုဆုပ်ကိုင်ထားပါသည်။ ဘုရားရှင်နှုတ်ကပတ်တော်မှဖော်ပြသော သူတို့ထံသို့ယူဆောင်လာသည့် လှပရိုးသားသောဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းစကားကို သူတို့သိကြလိမ့်မည်။ Testimonies, vol. 9, pp. 109-111. (1909) [Ev 66.3]

**မြို့သစ်ရှိဒေသများအတွက်စွမ်းရည်နှင့်ဗဟုသုတရှိအမှုဆောင်များ** – ဗဟုသုတရှိသောအမှုဆောင်များတို့သည် နေရာသစ်များသို့ဝင်ရောက်လုပ်ကိုင်ရန် တာဝန်ပေးသင့်သည်။ အကြောင်းမှာ သန့်ရှင်း၍ဂုဏ်သိက္ခာရှိသောအလုပ်ကို တည်ငြိမ်စွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ကြိုးစားမှုကို အောင်မြင်



မည့်အခွင့်အရေးရရှိရန် ဆိုးသောကောင်းကင်တမန်များတို့သည် စောင့်ကြည့်နေခြင်းကို အမြဲသတိရကြရမည်။ [Ev 67.1]

မြို့ကြီးတို့၌အလုပ်လုပ်ရမည်။ ကြီးစွာသောစုံစမ်းရာကာလတစ်ခုကျွန်ုပ်တို့ရှေ့၌ရှိနေသည်။ မည်သူမျှဝိညာဉ်များကို အနတ္တမဆုံးရှုံးစေပါနှင့်။ အသက်သရဖူကိုကြိုးစားရယူသူသည် စည်းကမ်းတကျရယူရမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်ဆုကျေးဇူးများကို ပျက်စီးသောဝိညာဉ်များအတွက်အသုံးပြုရမည်။ ထို့ကြောင့် အခြားသူတို့၏ဝိညာဉ်ကိုရရှိရေးအတွက် ခရစ်တော်နှင့်ပူပေါင်းလုပ်ဆောင်ကြရမည်။ ကျွန်ုပ်တို့အားဘုရားသခင်ပေးထားသောအသိတရားနှင့်တန်ခိုးများတို့ကို သူ၏အမှုတော်အတွက်အသုံးပြုခြင်းအားဖြင့် များစွာတိုးပွားလာမည်ဖြစ်သည်။ Manuscript 19, 1910. [Ev 67.2]

**ဂုဏ်သိက္ခာ၊ ယဉ်ကျေးသိမ်မွေ့၊ သတိရှိသောအပြုအမူ** – ခေတ်အဆက်ဆက်တွင် ဘုရားသခင်၌ သူ၏အမှုတော်ပြီးစီးရန်အတွက်နှင့်ဆောင်ရွက်ရမည့်ပုံစံရှိသည်။ ဤခေတ်ကာလတွင် သူ၏အမှုတော်ကို ဂုဏ်သိက္ခာ၊ ယဉ်ကျေးသိမ်မွေ့စွာ၊ သတိရှိသောအပြုအမူဖြင့်ဆောင်ရွက်ရန် ညွှန်ကြားချက်များစွာပေးခဲ့ပြီး သူ၏ချမှတ်ထားသောပုံစံအတိုင်း ဆောင်ရွက်ခဲ့သောသူတို့၏ဆောင်ရွက်ခြင်းကို သူသည် ဝမ်းမြောက်ကျေနပ်လျက်ရှိသည်။ Review and Herald, Sept. 14, 1905. [Ev 67.3]

**မြင့်ရာအရပ်တစ်ခုပေါ်၌** – ဤကမ္ဘာပေါ်၌ ခရစ်တော်၏သာသနာ့လုပ်ငန်းလုပ်ဆောင်သည့်နှစ်များတွင် ဘုရားတရားကြည်ညိုသူအမျိုးသမီးများတို့သည် ခရစ်တော်နှင့်သင်၏တပည့်တော်များဆောင်ရွက်သည့်အလုပ်ကို ပါဝင်ကူညီကြသည်။ အကယ်၍ ဤအမျိုးသမီးများတို့၏ဆောင်ရွက်ချက်များကို ဆန့်ကျင်ဘက်ပြုပါက အမှုတော်လုပ်ငန်းရပ်တန့်သွားမည်ဖြစ်သည်။ သို့သော် အမျိုးသမီးများတို့သည် ခရစ်တော်နှင့်တမန်တော်များတို့ဖြင့် အတူပူးပေါင်းဆောင်ရွက်ကြသောအခါ၊ အလုပ်တစ်ခုလုံးကို သံသယရှိခြင်း၏အထက်မြင့်ရာအရပ်၌ ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ အပြစ်တင်ခြင်း

အခွင့်ကိုမတွေ့ရှိရပါ။ လူတိုင်းတို့၏စိတ်သည် တစ်ဦးတစ်ယောက်အပေါ်ထက် နှုတ်ကပတ်တော်အပေါ်ရောက်ရှိကြပါသည်။ အမှန်တရားကို သတိပညာဖြင့် ရှင်းလင်းစွာဟောပြောခြင်းကို လူတိုင်းနားလည်ကြပါသည်။ [Ev 67.4]

ဤသတင်းစကား၌ တရားစီရင်ခြင်းသို့ဖိတ်ခေါ်သည့် လုပသောတည်ငြိမ်မှုရှိသည်။ သူတစ်ပါးထံသို့ကျွန်ုပ်တို့ရောက်ရှိစေလိုသည့်အမှန်တရားကို ကျွန်ုပ်တို့၏ဩဇာအားဖြင့် ပျက်စီးစေမည့်အရာများဖြစ်သည့် သူတစ်ပါး၏စိတ်ကိုထကြွမှုပေးနိုင်သောအရာများကို ကျွန်ုပ်တို့အထဲ၌ရှိစေရန် ကျွန်ုပ်တို့ခွင့်မပြုရပါ။ Manuscript 115, 1908. [Ev 68.1]

**သိက္ခာမရှိသည့်နည်းစနစ်ကိုရှောင်ရှားပါ** – ငွေကြေးကုန်ကျစရိတ်ကို ကောင်းမွန်စွာထိန်းသိမ်းစဉ် ဘုရားအမှုတော်၏ဂုဏ်သိက္ခာကိုလည်း အမြဲထိန်းသိမ်းကြပါစို့။ ဘုရားရှင်၏အမှုတော်ကို တန်ဖိုးမလျှော့စေပါနှင့်။ ဘုရားရှင်ထံမှလာသကဲ့သို့ဖြစ်စေပါ။ လူ၏ဩဇာမလွှမ်းမိုးပါစေနှင့်။ ဘုရားရှင်၏ဩဇာလွှမ်းမိုးပါစေ။ ယေရှုရှေ့၌ အတ္တစိတ်ပျောက်ကွယ်ပါစေ။ [Ev 68.2]

ကောင်းသောညီအစ်ကိုများတို့၏ကျဉ်းမြောင်းသောမှားယွင်းသည့်အတွေးအခေါ်များကိုလိုက်လျှောက်ခြင်းကြောင့် ဆုံးရှုံးမှုများစွာရရှိပြီး မိမိတို့၏ခြားနားသောလမ်းစဉ်များနှင့်အတွေးအခေါ်များတို့အားဖြင့် အမှုတော်လုပ်ငန်းကိုနှိမ့်ကျစေသည့်အတွက် အဆင့်မြင့်လူတန်းစားများထံမချဉ်းကပ်နိုင်ကြပါ။ လုပ်ငန်း၏ထင်ရှားပုံသည် မယုံကြည်သူများအတွက် တန်ဖိုးရှိပုံမပေါ်ဘဲ တချို့သောသူတို့သည် မှားယွင်းသောဘာသာရေးယူဆချက်သို့လမ်းလွဲကြကာ သူတို့၏ဆွဲဆောင်မှုအောက်သို့ရောက်သွားကြပါသည်။ ဤရေပန်းစားသောနည်းလမ်းဖြင့်ဆောင်ရွက်ချက်များကို စိတ်ဝင်စားသူများစွာတို့သည် ပျောက်ဆုံးသွားကြပါသည်။ [Ev 68.3]



ကြိုးစားဆောင်ရွက်မှုဟူသရွေ့၌ အလုပ်၏ဂုဏ်သိက္ခာနှင့်တန်ဖိုးကိုထားကြရမည်။ အမှန်တရားနှင့်ဖြောင့်မတ်ခြင်းစည်းမျဉ်းများကို မပျောက်ပျက်စေဘဲ၊ ကျွန်ုပ်တို့၏အထူးကြိုးစားမှုသည် လူတို့၏ကောင်းသောဆန္ဒကိုဖြစ်စေသည့်အခြေအနေသို့ ရောက်ရှိစေရမည်။ သို့သော် မိမိတို့၏နည်းလမ်းကိုအသုံးမပြုဘဲ လူတို့ထံချဉ်းကပ်ကြရမည်။ အမှန်တရားဟောပြောသောအခါ၌ ပါးနပ်မှုနှင့်ထိရောက်သောနည်းလမ်းများကို များစွာအသုံးပြုရန်လိုအပ်ပါသည်။

**ယုံကြည်ခံယူချက်သည် ကြီးမြတ်သောပုဂ္ဂိုလ်များတို့၏စစ်ဆေးမှုကိုခံရမည်** – "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။" အမှန်တရားကိုခံယူသောသူအားလုံးတို့သည် အကြီးဆုံးသောသူတို့၏ဝေဖန်မှုကိုခံရလိမ့်မည်။ လောက၌နာမည်အကြီးဆုံးသော ကြီးမြတ်သည့်ပုဂ္ဂိုလ်များ အမှန်တရားကိုသိသောအခွင့်ရကြလိမ့်မည်။ ကျွန်ုပ်တို့ကြုံတွေ့ရသောအခြေအနေအားလုံးတို့၌ သမ္မာကျမ်းစာအားဖြင့် စမ်းသပ်ခြင်းနှင့်ဆန်းစစ်ခြင်းပြုရကြမည်။ ယခုကျွန်ုပ်တို့သတိပြုပုံမပေါ်ပါ။ သို့သော်အမြဲဖြစ်ရမည်မဟုတ်ပါ။ လှုပ်ရှားမှုများတို့သည် ကျွန်ုပ်တို့အား ရှေ့တန်းသို့ပို့ဆောင်ရန်အလုပ်လုပ်နေပြီး၊ ကျွန်ုပ်တို့၏အမှန်တရားယုံကြည်ခံယူချက်သည် သမိုင်းဆရာများ၊ ကမ္ဘာ့အကြီးဆုံးသောပုဂ္ဂိုလ်များမှကောက်ယူကာ အစိတ်စိတ်အမြွှာမြွှာပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်လိမ့်မည်။ [Ev 69.1]

အမှန်တရားသည် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့ကိုယ်တိုင်သိရှိရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏မျှော်လင့်ခြင်းအကြောင်းရင်းကိုလည်း နူးညံ့သိမ်မွေ့သောခရစ်တော်၏စိတ်သဘောဖြင့် သူတစ်ပါးကိုရှင်းပြနိုင်ရန် ကြွားဝါ၍နေမြင့်သောစိတ်အားဖြင့်မဟုတ်ဘဲ အဆင်သင့်ရှိရမည်။ တစ်ယောက်တည်းသာလျှင်ရပ်တည်၍ မိမိတို့၏ယုံကြည်ခံယူချက်ကိုပြောရမည့်အချိန်ကာလရောက်လာလိမ့်မည်။ ဘာသာရေးမှားယွင်းမှုများသည် များပြားလာပြီး၊ မာရ်နတ်တန်ခိုးဖြင့်ရောနှောလျက် လူတို့ထံရောက်လာလိမ့်မည်။ ကျမ်းစာ၏အမှန်တရားတစ်ခုတည်းသာလျှင် ငြင်းပယ်၍မရပါ။ [Ev 69.2]

## ဧဝံဂေလိအမှုဆောင်နှင့်မိမိ၏အဖွဲ့

**ဧဝံဂေလိလုပ်ငန်းနှင့်ဧဝံဂေလိအမှုဆောင်များ** – ကယ်တင်ရှင်မကြာမီကြွလာမည့်အကြောင်း သတိမပေးရသေးသည့် ထောင်ပေါင်းများစွာသောမြို့များရှိနေရာ၊ အနည်းငယ်သောမြို့၌သာ အလုပ်လုပ်နေရခြင်းအကြောင်းကို ကျွန်ုပ်စဉ်းစားသောအခါ ပျက်စီးနေသည့်ဝိညာဉ်များအတွက် ခရစ်တော်၏မေတ္တာ၌ ဝိညာဉ်ဖြင့်ပြည့်ဝသောပုဂ္ဂိုလ်များ သွားရောက်၍လုပ်ကိုင်စေလိုသောဆန္ဒကျွန်ုပ်၌ဖြစ်ပေါ်လာပါသည်။ [Ev 69.3]

ကျွန်ုပ်စိတ်ထဲ၌လွန်စွာလှုပ်ရှားလျက်ရှိသည်။ မြို့တိုင်း၌ဆောင်ရွက်ရန်အလုပ်ရှိသည်။ အမှုထမ်းများတို့သည် ကျွန်ုပ်တို့၏မြို့ကြီးများသို့သွားပြီး တရားပွဲများကျင်းပရကြမည်။ ဤစည်းဝေးများ၌ စွမ်းရည်အရှိဆုံးပုဂ္ဂိုလ်များကိုစေခိုင်းလျက် အမှန်တရားတန်ခိုးဖြင့်ကြွေးကြော်ရလိမ့်မည်။ ဆုကျေးဇူးအမျိုးမျိုးရရှိသူများကို ယူဆောင်လာရမည်။ [Ev 69.4]

စနစ်သစ်များကိုအသုံးပြုရမည်။ မိမိတို့နေသည့်နေရာ၌ လိုအပ်သောအချိန်များတွင် ဘုရားရှင်၏လူများနိုးကြားရကြမည်။ ယခင်အချိန်ကကဲ့သို့ဆောင်ရွက်ခဲ့သည်နည်းတူ အသက်မပါသည့်နည်းဖြင့်ဆောင်ရွက်ခဲ့သူများမဟုတ်သောပုဂ္ဂိုလ်များကို အချိန်အခါမရွေး မိမိ၏အမှုတော်၌အသုံးပြုရန်ဘုရားရှင်၌ရှိသည်။ [Ev 70.1]

အလင်းတရားသည် ထွန်းလင်းသောမီးအိမ်တစ်လုံးသဖွယ် ကျွန်ုပ်တို့၏မြို့ကြီးများအထဲသို့ရောက်ရှိရလိမ့်မည်။ ဤအလုပ်အတွက် ဘုရားသခင်သည် ဝန်ထမ်းများကိုပေါ်ထွက်လာစေပြီး၊ ဘုရားသခင်၏ကောင်းကင်တမန်များ သူတို့၏ရှေ့၌သွားလိမ့်မည်။ မည်သူမျှဘုရားသခင်တာဝန်ပေးထားသောသူများကို မဆီးတားကြနှင့်။ သူတို့အားဆောင်ရွက်ရန်အလုပ်ကို ဘုရားရှင်ပေးပြီး၊ သတင်းစကားကိုကြားနာသူများ ယုံကြည်ပြောင်းလဲရန် တန်ခိုးများစွာဖြင့်ဟောကြားစေပါ။ Review and Herald, Sept. 30, 1902. [Ev 70.2]



**ခွန်အားကြီးသောပုဂ္ဂိုလ်များလိုအပ်သည်** – ဤကိစ္စကိုဆင်ခြင်ရန် ဓမ္မညီအစ်ကိုများကို ကျွန်ုပ်ခေါ်ဖိတ်ပါသည်။ ခွန်အားကြီးသူများကို ကြီးမားသောဌာနများ၌လုပ်ဆောင်ရန် တာဝန်ပေးကြပါစို့။ Manuscript 25, 1908. [Ev 70.3]

**စွမ်းရည်အမျိုးမျိုး** – ကျွန်ုပ်တို့၏တဲအစည်းအဝေးများ၌ သူတစ်ပါးတို့၏ကောင်းသောစိတ်ဝင်စားမှုကိုရယူနိုင်သည့် ဟောပြောနိုင်သူများရှိရမည်။ လူတစ်ဦး၏စွမ်းရည်သည် မည်ရွေ့မည်မျှကောင်းစေကာမူ၊ လိုအပ်ချက်ကိုလုံလောက်စွာမပေးနိုင်ပါ။ စွမ်းရည်အမျိုးမျိုးရှိသူများတို့ကို ဤကဲ့သို့သောအစည်းအဝေးများသို့ ခေါ်ဖိတ်အသုံးပြုရမည်။ Manuscript 104, 1902. [Ev 70.4]

**ဒုတိယလူသည်ကောင်းသောရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်** – ဘုရားသခင်သည် မိမိ၏အမှုတော်ကို ကောင်းမွန်ခိုင်ခံ့စွာဆောင်ရွက်နိုင်ရန် ပုံစံများချထားသည်။ နေရာသစ်တစ်ခုကိုဝင်ရောက်ထိုးဖောက်ရန် ငွေကြေးများလိုအပ်ပါသည်။ သို့သော် လုပ်ငန်းကိုကူညီမည့်ဒုတိယပုဂ္ဂိုလ်တစ်ဦးအတွက် ကုန်ကျမည့်မြှုပ်နှံငွေသည် အကျိုးပေးမည်ဖြစ်သည်။ ဤကိစ္စကိုဆောင်ရွက်ရန် ကျွန်ုပ်ခံစားရခြင်းသည် လွန်စွာအရေးကြီးသောကြောင့်ဖြစ်သည်။ သူ၏အလိုတော်နှင့်အညီဆောင်ရွက်နိုင်သောစိတ်ဓာတ် သင်တို့အထဲ၌ရှိရန် ကျွန်ုပ်ဆုတောင်းပါသည်။

**လူထုကြီးကိုဆွဲဆောင်နိုင်ခြင်း** – တချို့သောဓမ္မဆရာများတို့အား ဘုရားသခင်သည် လူထုကြီးကိုဆွဲဆောင်မှုပြုနိုင်သော စွမ်းရည်ပေးထားသည်။ ဘုရားသခင်ကိုကြောက်ရွံ့သောစိတ်ဖြင့် သူတို့သည် အမှုတော်ကိုဆောင်ရွက်သောအခါ သူတို့၏ကြိုးစားမှုအားဖြင့် လူသားများတို့၏နှလုံးသားများထဲ၌ သန့်ရှင်းသောဝိညာဉ်တော်သည် နက်ရှိုင်းစွာအလုပ်လုပ်စေပါသည်။ [Ev 71.1]

ကင်းစောင့်များတို့ကိုနိုးရန် ကျွန်ုပ်အားတာဝန်ပေးထားပါသည်။ အရာခပ်သိမ်းအဆုံးသို့ရောက်လုပြီ။ ယခုအချိန်သည် လက်ခံရန်အချိန်ဖြစ်သည်။

ကျွန်ုပ်တို့၏ဓမ္မဆရာများနှင့်နယ်ဥက္ကဋ္ဌများတို့အား မိမိတို့၏စွမ်းရည်အားဖြင့် လူဦးရေများသောမြို့ကြီးများ၌ အမှန်တရားကိုဟောပြောစေကြပါစို့။ ရိုးသားစွာကြိုးစားလုပ်ဆောင်ခြင်းဖြင့် စိတ်နှလုံးအရည်ပျော်စေလိမ့်မည်။ ခိုင်မာသောသတင်းစကားကို သင်သည်ယခုအချိန်၌ဟောပြောသောအခါ သင်၏စိတ်နှလုံးထဲ၌မှတ်သားရမည်မှာ သင့်ကိုယ်တိုင်၏စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် ပျော့ပျောင်းလာပြီး၊ ဝိညာဉ်များကိုရရှိပါလိမ့်မည်။ မြို့တွင်းရှိလူထုပရိသတ်ရှေ့၌ မတ်တတ်ထသောအခါ ဘုရားသခင်သည် သင်၏အကူအညီဖြစ်ကြောင်း သတိရပါ။ ၎င်းနောက် သူချပေးသောကောင်းချီးမင်္ဂလာအားဖြင့် သင်ဟောပြောသောသတင်းစကားတို့သည် ကြားနာရသောသူတို့၏စိတ်နှလုံးသားများကို ထိတွေ့စေလိမ့်မည်။ Manuscript 53, 1910. [Ev 71.2]

**အမှန်တရားကိုသင်ကြားရန်လူယောကျ်ားနှင့်လူမိန်းမများ –** ပညာရှိသောဆရာများ နှုတ်ကပတ်အမှန်တရားကိုသင်ကြားရန် သင့်လျော်သောလူယောကျ်ားနှင့်လူမိန်းမများတို့သည် ကျွန်ုပ်တို့၏မြို့များ၌လိုအပ်လျက်ရှိသည်။ ဤအမှန်တရားများတို့ကို သန့်ရှင်းသောဂုဏ်သိက္ခာနှင့်ဖြူစင်သောရိုးသားမှုဖြင့်ဟောကြားကြပါစို့။ Review and Herald, Jan. 25, 1912. [Ev 71.3]

**နယ်လှည့်ဓမ္မဆရာပေါလု –** ပေါလု၏အသက်တာသည် ခက်ခဲကြမ်းတမ်းသောလုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်ခဲ့သည်။ တစ်မြို့မှတစ်မြို့သို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ သူသည်လိုက်သွားပြီး ကပ်တိုင်၏အကြောင်းကိုဟောပြောလျက် ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားသို့ လူအပေါင်းတို့ကိုပြောင်းလဲစေပြီး၊ အသင်းတော်များကိုထူထောင်ခဲ့သည်။ Gospel Workers, pp. 58, 59. (1915) [Ev 71.4]

**သန့်မာ၍ရဲရင့်သောအမှုဆောင်များ –** အားနည်းသူများ၊ သို့မဟုတ် အသက်ကြီးသူများတို့ကို ကြမ်းတမ်း၍ ကျန်းမာခြင်းနှင့်မညီညွတ်သည့်နေရာ၊ လူဦးရေထူထပ်သောမြို့များတို့၌ အမှုထမ်းခြင်းတာဝန်ကိုမပေးသင့်ပါ။ ဆက်ကပ်ခြင်း



လိုအပ်သည့်နေရာများ၌ မလိုအပ်ပါက သူတို့ကိုအမှုထမ်းခြင်းတာဝန်မပေးသင့်ပါ။ လုံခြုံသောနေရာရှိပါက အမှန်တရားယူဆောင်သော ကျွန်ုပ်တို့၏ညီအစ်ကိုများကို ကျန်းမာခြင်းနှင့်မညီညွတ်သည့်နေရာ၊ ဆူညံ၍ရှုပ်ထွေးမှုရှိသည့်နေရာ၌ နေထိုင်ခြင်းအခွင့်မပြုသင့်ပါ။ [Ev 71.5]

ခက်ခဲသောမြို့များအတွင်း အမှုထမ်းသောသူတို့အား တတ်အားသရွေ့ အားပေးမှုဟူသမျှကိုပေးသင့်သည်။ သူတို့အားကြင်နာမှုကင်းမဲ့သောဝေဖန်မှုများကို သူတို့၏ညီအစ်ကိုများထံမှမခံစားစေပါနှင့်။ မှားယွင်းသောမှောင်မိုက်ထဲ၌ အမှန်တရားအလင်းကိုအစပြုယူဆောင်သွားသော ဘုရားရှင်၏အမှုတော်ဆောင်တို့အား ကျွန်ုပ်တို့ပြုစုကြရမည်။ Letter 168, 1909. [Ev 72.1]

## နှစ်ယောက်တစ်တွဲ၏အကျိုးကျေးဇူးများ

**ယေရှုသည်ညီအစ်ကိုချင်းညီအစ်ကိုကိုစေလွှတ်သည် –** တပည့်တော် (၁၂) ယောက်ကိုယေရှုခေါ်ယူသောအခါ မြို့များ၊ ရွာများသို့ နှစ်ယောက်တစ်တွဲသွားကြရန်စေလွှတ်ခဲ့သည်။ မည်သူကိုမျှတစ်ဦးတည်းမစေလွှတ်ခဲ့ပါ။ ညီအစ်ကိုအချင်းချင်း၊ မိတ်ဆွေအချင်းချင်းတွဲပြီးစေလွှတ်ခဲ့သည်။ တစ်ဦးကိုတစ်ဦးအားပေးရန်၊ မစရန်၊ အကြံပေးကြ၍ အတူတကွဆုတောင်းကြရန် အားနည်းသောသူအား အားရှိသောသူမှဖြည့်ဆည်းပေးရန်ဖြစ်သည်။ ဤနည်းအတိုင်းနောက်ပိုင်းတွက်လူအယောက် (၇၀) ကိုစေလွှတ်ခဲ့ပါသည်။ ဤအစီအစဉ်၌ကယ်တင်ရှင်၏ရည်ရွယ်ချက်သည် ဧဝံဂေလိအမှုဆောင်များ ပူးပေါင်းလုပ်ဆောင်ရမည့်လမ်းစဉ်ဖြစ်သည်။ ဤအတိုင်းလိုက်လျှောက်ပါက ယနေ့ကျွန်ုပ်တို့၏ဧဝံဂေလိလုပ်ငန်းသည် များစွာပို၍အောင်မြင်မည်ဖြစ်သည်။ The Desire of Ages, p. 350, (1898) [Ev 72.2]

**ယနေ့လုပ်ငန်းအတွက်ဘုရားရှင်၏စီမံကိန်း –** တပည့်တော်များအမှုဆောင်ရွက်ရန် ယေရှုစေလွှတ်သောအခါ. . . ယခုအချိန်၌ သူများဆောင်ရွက်

သည်ကိုမနှစ်သက်သောကြောင့် တစ်ဦးတည်းသာဆောင်ရွက်လိုသောသူများကဲသို့မဟုတ်ပါ။ လူတို့သည် အတူတကွဆောင်ရွက်ရကြမည်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် နားလည်သည်။ သူချစ်သောစိတ်ဓာတ်ပျော့ပျောင်းသည့်တပည့်တော်ယောဟန်၏စိတ်သဘောထားနှင့်တူညီသူကိုမတွဲစေဘဲ စိတ်အားထက်သန်၍ အလုပ်ကိုချက်ချင်းမဆိုင်းမတွပြုလုပ်လိုသော ပေတရုနှင့်တွဲပေးသည်။ ဤပုဂ္ဂိုလ်နှစ်ဦးသည် ပင်ကိုယ်စရိုက်အားဖြင့်မတူညီကြပါ။ ပေတရုသည်သွက်လက်၍ စိတ်အားထက်သန်သည်။ ရဲရင့်၍ညှိနှိုင်းရန်မလွယ်ပါ။ ဤစိတ်ဓာတ်ကြောင့် မကြာခဏခံစားမှုကြုံတွေ့ရသည်။ ယောဟန်မှာမူ အမြဲတည်ငြိမ်ပျော့ပျောင်းသည်။ ကိုယ်ချင်းစာတတ်သည်။ အားပေးတတ်သည်။ ထိုကြောင့် တစ်ဦး၏ချို့ယွင်းချက်ကို တစ်ဦးကူညီမှုပြုနိုင်ပါသည်။

စည်းမျဉ်းအဖြစ် သူ၏အမှုဆောင်များကို တစ်ဦးတည်းသာလျှင်လုပ်ဆောင်စေရန် ဘုရားသခင်၏နည်းလမ်းတစ်ခါမျှမဟုတ်ခဲ့ပါ။ ဥပမာ၊ ညီအစ်ကိုနှစ်ယောက်ရှိသည်။ သူတို့၏စိတ်ဓာတ်မတူကြပါ။ ဆန္ဒလည်းမတူကြပါ။ တစ်ဦးသည် များစွာသောအရာတို့ကိုလုပ်လိုသော ဘေးအန္တရာယ်၌ရှိသူဖြစ်သည်။ တစ်ဦးမှာမူ သူတစ်ပါးမထမ်းနိုင်သောဝန်ကို ကူညီထမ်းရွက်ပေးတတ်သောသူဖြစ်သည်။ အကယ်၍ အတူတကွလုပ်ဆောင်ကြပါက တစ်ဦးကိုတစ်ဦးပြုပြင်ပေးနိုင်သောဩဇာရှိလိမ့်မည်။ တစ်ဖက်စွန်းစရိုက်များလည်း သူတို့၏လုပ်ငန်း၌ ပေါ်လွင်မည်မဟုတ်ပါ။ မတော်တစ်နေ့တည်း၌အတူအမြဲလုပ်ကိုင်ရန်မလိုပါ။ (၁၀) မိုင်မှ မိုင် (၃၀) အကွာ နီးကပ်ရာနေရာ၌လုပ်ကိုင်ကြခြင်းဖြင့် တစ်ဦး၌ဘေးအန္တရာယ်ကြုံတွေ့ရပါက တစ်ဦးထံအကူအညီတောင်းယူနိုင်ပါသည်။ မကြာခဏဆုတောင်းရန်၊ တိုင်ပင်ဆွေးနွေးကြရန်တွေ့ဆုံသင့်ကြပါသည်။ [Ev 73.1]

အမြဲပင်တစ်ဦးတည်းဆက်လက်ဆောင်ရွက်သောအခါ၊ သူ၏လုပ်ဆောင်သောနည်းလမ်းသည် ပြည့်စုံပြီးဝေဖန်မှုတစ်စုံတစ်ရာမျှမရှိဟုသူထင်နိုင်ပြီး သူ၏လုပ်ငန်းကို မည်သူမျှကူညီရန်မလိုအပ်ပါဟု ခံစားရပါလိမ့်မည်။



သို့သော် ဘုရားသခင်၏စီမံကိန်းသည် အဖော်နှင့်လက်တွဲအလုပ်လုပ်ရန်ဖြစ်သည်။ သို့မှသာ မိမိတို့ဆောင်ရွက်သောလုပ်ငန်းသည် တစ်ဦးတည်း၏အာဘော်အားဖြင့်မဟုတ်၊ ချို့ယွင်းချက်ရှိပါက သိရှိရသူများအတွက် နားလည်ပေးနိုင်မည်ဖြစ်သည်။ [Ev 73.2]

အကယ်၍ နှုတ်ကပတ်တော်ဟောပြောသူတစ်ဦး၏အနား၌ မိမိ၏ဆောင်ရွက်မှုများကိုဝေငှရန် မည်သူမျှမရှိပါက အများအားဖြင့် အကြံပေး၊ သတိပေးမည့်သူမရှိသောကြောင့် မိမိကိုယ်ကိုလုပ်ကိုင်လိုရာ၊ ပြောဆိုလိုရာများကို မိမိဆန္ဒအတိုင်း ပြောဆိုလုပ်ကိုင်နိုင်သည်ဟု ယူဆမည်ဖြစ်သည့်အတွက် အန္တရာယ်ကြုံတွေ့နိုင်ပါသည်။ ထိုနောက် တစ်ခါတစ်ရံ အရေးကြီးသောအရာများကိုဆောင်ရွက်ရာ၌ မှန်ကန်စွာဆောင်ရွက်နိုင်ခြင်းမရှိ၊ ဘေးဒုက္ခသို့ရောက်ရှိနိုင်ပါသည်။ သို့သော် နှစ်ဦးအတူဆောင်ရွက်ကြပါက တစ်ဦးနှင့်တစ်ဦးကူညီမှုပေးနိုင်ကြပါသည်။ Historical Sketches, pp. 126, 127. (1886) [Ev 73.3]

**စုပေါင်းလုပ်ကိုင်ခြင်း၏အကျိုးကျေးဇူးများ** – နှစ်ဦးအတူလက်တွဲ၍လုပ်ဆောင်ရန်လိုအပ်သည်။ အကြောင်းမှာ တစ်ဦးကိုတစ်ဦးအားပေးမှုပြုနိုင်သည်။ အကြံပြုကြပြီး ဆုတောင်းခြင်းနှင့်ကျမ်းစာလေ့လာခြင်းကိုပြုနိုင်ကြသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အမှန်တရား၏အလင်းကို ပို၍ရရှိကြပါမည်။ မတူညီသည့်မှန်သောအမြင်ကို ဖလှယ်နိုင်ပါသည်။ မှားယွင်းမှုရှိပါက ထောက်ပြကြကာပြုပြင်နိုင်ပါသည်။ တစ်ဦးတည်းစေလွှတ်ခြင်းခံရပါက ဝေဖန်မည့်သူ၊ အမှားကိုထောက်ပြ၍ပြုပြင်ပေးမည့်သူ ရှိမည်မဟုတ်ပါ။ သို့သော် နှစ်ဦးလက်တွဲ၍အတူလုပ်ဆောင်ကြပါက ပညာတိုးပွားလာမည်။ ပို၍အရည်အချင်းပြည့်ဝသည့်အမှုဆောင်ဖြစ်လာမည်။ ဝိညာဉ်ရရှိသောအောင်မြင်သူတစ်ဦးဖြစ်လာပါလိမ့်မည်။ Review and Herald, July 4, 1893.

**အဘယ်ကြောင့်ယနေ့ငင်းအတိုင်းမဆောင်ရွက်ရသနည်း** – အဘယ်ကြောင့်ဆရာကြီးယေရှုထံမှ စနစ်အတိုင်းမဆောင်ရွက်ကြသနည်း။ အဘယ်ကြောင့်

သူ၏အမှုတော်၌နှစ်ယောက်တစ်တွဲမဆောင်ရွက်ကြပါသနည်း။ “နယ်အတွက် အမှုဆောင်မလုံလောက်သောကြောင့်နှင့် နယ်မြေများတိုးချဲ့ရန်အမှုဆောင်လိုအပ်သောကြောင့် စေလွှတ်၍မရကြောင်း” သင်ပြောပေလိမ့်မည်။ ယခုအချိန်၌ လမ်းဖွင့်နေသည့်နေရာသို့ အမှုဆောင်များကိုပို့ပြီး မှန်မြတ်သည့်အမှန်တရားကိုသွန်သင်စေပါ။ နှစ်ယောက်တစ်တွဲစေလွှတ်ခြင်း၏တန်ဖိုးရှိခြင်းကို ကျွန်ုပ်တို့တွေ့မြင်သင့်ကြပါသည်။ Review and Herald, April 19, 1892. [Ev 74.2]

## သာသနာပြုရန်အခွင့်အလမ်းရှိသည့်နေရာ

**“သင်၏အရပ်ဒေသကိုလေ့လာပါ”** – မြို့ကြီးများကိုထိုးဖောက်ပြီး စိတ်ဝင်စားမှုကို ပညာရှိပညာမဲ့လူတန်းစားအားလုံးတို့၌ရှိစေရန်ဖန်တီးပါ။ နွမ်းပါးသောသူများထံသို့ ဧဝံဂေလိသတင်းစကားကိုဟောပြောပါ။ သို့သော် ထိုနေရာ၌ သာရပ်တန့်မသွားစေပါနှင့်။ အထက်တန်းပုဂ္ဂိုလ်များတို့ကိုလည်း ဝင်ရောက်ထိုးဖောက်ရန်လမ်းရှာပါ။ သင်၏အလုပ်ခွင်ကိုလေ့လာပြီး သူတစ်ပါးထံအလင်းထွန်းလင်းပါ။ ဤလုပ်ငန်းကိုစတင်လုပ်သင့်သည်မှာကြာပြီ။ Testimonies to Ministers, p. 400. (1896) [Ev 74.3]

**ခန်းမကြီးများအထဲ၌အလုပ်လုပ်ပါ** – ခန်းမဆောင်များကိုငှားရမ်းပြီး၊ သတင်းစကားကြားနာရသူများပြောင်းလဲရန် တန်ခိုးနှင့်ဟောပြောပါ။ ဩဇာအပြည့်အဝဖြင့်ဟောပြောနိုင်သူများနှင့် ခက်ခဲသောနေရာများ၌ အမှန်တရားယူဆောင်ဟောပြောနိုင်သူများကို ဘုရားသခင်ပေါ်ပေါက်စေလိမ့်မည်။ Manuscript 127, 1901. [Ev, 75.1]

**ကျွန်ုပ်တို့၏မြို့များအတွင်းရှိခန်းမဆောင်ကြီးများ** – ကျွန်ုပ်တို့၏မြို့များအထဲ၌ တတိယကောင်းကင်တမန်သတင်းစကားကို လူသားများ၏နှုတ်ဖြင့်ကြွေးကြော်ဟောပြောနိုင်ရန် ခန်းမဆောင်ကြီးများကို ရယူထားရမည်။ ကျွန်ုပ်တို့၏သတင်းစကားကို ထောင်ပေါင်းများစွာသောသူတို့သည် နှစ်သက်ကြပေလိမ့်မည်။ Letter 35, 1895. [Ev 75.2]



**ရေပန်းအစားဆုံးခန်းမဆောင်ကြီးများ** – မြို့များကိုသတိပေးစကားဟောပြောနိုင်ရန် ငွေကြေးလိုအပ်ပါလိမ့်မည်။ လူပေါင်းများစွာကိုခေါ်ဆောင်နိုင်ရန် တစ်ခါတစ်ရံအကောင်းဆုံးခန်းမဆောင်ကို စရိတ်များစွာဖြင့်ငှားရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် သူတို့အားကျမ်းစာအထောက်အထားဖြင့် အမှန်တရားကိုပြသနိုင်လိမ့်မည်။ Manuscript 114, 1905. [Ev 75.3]

**သတိကြီးစွာဖြင့်အစပြုပါ** – မြို့ထဲ၌အလုပ်လုပ်ဆောင်ရန်လိုအပ်သည့်အရာများနှင့်ပတ်သက်၍ ကျွန်ုပ်အားညွှန်ကြားပါသည်။ အဆောက်အဦများကိုတိတ်တဆိတ်ငှားယူပြီး မည်သည့်ကိစ္စဆောင်ရွက်သွားမည့်အကြောင်း လူတို့အားအသိမပေးသင့်ပါ။ ကျွန်ုပ်တို့၏လုပ်ငန်းကိုဖော်ပြခြင်းမပြုဘဲ၊ ကျွန်ုပ်တို့ပြောဆိုသောအရာ၌ ကောင်းသောပညာကိုအသုံးပြုရကြမည်။ မာရ်နတ်သည် လူတို့ကိုဆွဲဆောင်နိုင်သည့် ကျွမ်းကျင်ပါးနပ်သောပုဂ္ဂိုလ်ဖြစ်သည်။ ဖြစ်နိုင်ပါက မြို့ထဲကျွန်ုပ်တို့၏ဆောင်ရွက်လိုသောလုပ်ငန်းကို ဖျက်ဆီးနိုင်သည်။ ထိုကြောင့် တချို့နေရာနှင့်ကိစ္စများ၌ တိတ်တဆိတ်နေခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ Letter 84, 1910. [Ev 75.4]

**ကောင်းသောခန်းမဆောင်များကိုငှားရမ်းပါ** – တချို့သောနေရာ၌ သေးငယ်သောနည်းလမ်းအားဖြင့် အလုပ်ကိုစတင်ရမည်ဖြစ်ပြီး တိုးတက်ရန်တဖြည်းဖြည်းဆောင်ရွက်သွားကြရမည်။ ဤအရာကိုအမှုဆောင်များအားလုံးလုပ်ဆောင်နိုင်သောအရာဖြစ်သည်။ သို့သော် ကိစ္စများစွာတို့တွင် ပို၍ကောင်းသောအကျိုးခံစားရရှိရန် ကျယ်ပြန့်၍ ဆုံးဖြတ်ချက်တိတိကျကျဖြင့်လုပ်ဆောင်ရမည့်လုပ်ငန်းများရှိသည်။ တချို့နေရာများတွင် တိုးတက်ရန်အလားအလာရှိသော်လည်း ကျွန်ုပ်တို့ညီအစ်ကိုများတို့သည် အစပြုရာ၌ ကြိုးစားဆောင်ရွက်ခြင်းမပြု၊ ပေါ့ဆစွာဆောင်ရွက်သောကြောင့် တိုးတက်မှုနှေးကွေးရခြင်းဖြစ်သည်။ အကယ်၍ ကောင်းသောခန်းမဆောင်များကိုငှားရမ်းပြီး ကျွန်ုပ်တို့၌ကြီးမားသောအမှန်တရား

ရှိသကဲ့သို့ အမှုတော်ကိုဆောင်ရွက်ကြပါက အောင်မြင်ရန်သေချာပြီး ပို၍ကြီးမားသောအောင်မြင်မှုကို ရရှိကြလိမ့်မည်။ သူတစ်ပါး၏အာရုံကို အကောင်းဆုံးဆွဲဆောင်နိုင်သည့် အကောင်းဆုံးအစပြုလုပ်ဆောင်ကြခြင်းကို ဘုရားရှင်အလိုရှိပါသည်။ Gospel Workers, p. 462. (1915) [Ev 75.5]

အကောင်းဆုံးနေရာများ၌ တဲများကိုထိုးရမည်။ မြို့များသို့အမှန်တရားကိုသယ်ဆောင်သွားရမည်။ တဲများတို့ကိုအကောင်းဆုံးသောနေရာများတို့၌ထိုးပြီး အစည်းအဝေးများကိုကျင်းပကြရမည်။ Review and Herald, May 25, 1905. [Ev 76.1]

**မြေပေါ်တဲကိုဂရုစိုက်ပါ** – အသင်းလူကြီးတစ်ဦးသည် အုတ်(ခ)လန်း (Oakland) ၌ တောစခန်းအစည်းအဝေးအတွက် တဲထိုးခဲ့သည်။ ပြင်ဆင်မှုပြုရန်အချိန်၌ အချိန်မီရောက်လာသည်။ ညွှန်ကြားချက်များကိုပြုလုပ်သည်။ တဲကိုတင့်တယ်ရှိသေဖွယ်ရာထိုး၍ ပြင်ဆင်မှုပြုပြီး အကောင်းဆုံးစီစဉ်ဆောင်ရွက်သည်။ Letter 352, 1906. [Ev 76.2]

သယ်ဆောင်နိုင်သည့် စည်းဝေးအဆောင်တစ်ခု၏အကျိုးကျေးဇူးများ– အထူးသဖြင့် မိုးတွင်းအချိန်၌အသုံးပြုနိုင်ရန် သင့်လက်၌သယ်ဆောင်နိုင်သည့် တဲအိမ်အရှင်တစ်လုံးရှိရန်လိုအပ်သည်။ Letter 376, 1906. [Ev 76.3]

## ပြင်ပဗဟိုဌာနများ

**ပြင်ပဗဟိုဌာနများမှ** – မြို့များကိုသတိပေးနိုင်ရန် မြို့ပြင်၌သတိပေးစခန်းများကိုဆောက်လုပ်ခြင်းသည် ဘုရားရှင်၏စီမံကိန်းတစ်ခုဖြစ်ပြီး ဘုရားရှင်အတွက် အောက်မေ့ဖွယ်ရာများကိုလည်း ၎င်းနေရာများ၌ထူထောင်သွားရမည်။ သတိပေးစကားကြားနာနိုင်ရန်နှင့် မြို့များအထဲ၌ထိုးဖောက်နိုင်ရန် ဩဇာအရှိန်အဟုန်ရှိရမည်။ Review and Herald, April 14, 1903. [Ev 76.4]



**စွန်းထင်းသောဩဇာအတွက်အတားအဆီးတစ်ခုသဖွယ်** – မြို့များကိုသတိပေးရန် ကောင်းသောစီမံကိန်းများကို ကျွန်ုပ်တို့ပြုလုပ်ရမည်ဖြစ်ပြီး၊ တစ်ချိန်တည်း၌ ကျွန်ုပ်တို့၏သားသမီးများတို့နှင့် ကျွန်ုပ်တို့၏ကိုယ်ကို ဤနေရာများတို့၌ရှိနေသော ညစ်ညမ်းကူးစက်တတ်သည့် မကောင်းသောစာရိတ္တဩဇာမှကာကွယ်ရကြမည်။ Life Sketches, p. 410. (1915) [Ev 76.5]

**တန်ဖိုးနည်းသောတောအရပ်ပိုင်ဆိုင်မှုများ** – ကျွန်ုပ်တို့သည် ကြိုးစား၍ တန်ဖိုးနည်းသောမြို့ပြင်နေရာတစ်ခုကိုဝယ်ယူပြီး ဤမြို့ပြင်နေရာကိုဗဟိုပြုကာ မြို့တွင်းသို့လုပ်ဆောင်နိုင်ရန် မြွေကဲ့သို့လိမ္မာပြီး၊ ချိုးငှက်ကဲ့သို့အဆိပ်ကင်းရမည်။ Special Testimonies, Series B, No. 14, p. 7. (1902) [Ev 77.1]

**မြို့များသို့လွယ်ကူစွာထိုးဖောက်နိုင်ရန်** – ဤကဲ့သို့မြို့များကို နီးကပ်လွယ်ကူစွာထိုးဖောက်၍လုပ်နိုင်သောအလုပ်များဖြစ်သည့် အမှုဆောင်များအတွက် သင်တန်းကျောင်းများဆောက်လုပ်နိုင်ရန်၊ အမှန်တရားကိုမသိရှိသေးသော ဖျားနာသူများကိုကုသနိုင်မည့်နေရာရရှိရန်အတွက် သူတစ်ပါးကိုအသိမပေးဘဲ တိတ်တဆိတ်ရှာဖွေဝယ်ယူနိုင်မည့် ကောင်းသောဆုံးဖြတ်ချက်ချနိုင်သူများကို တာဝန်ပေးကြပါစို့။ သင့်လျော်သောအဆောက်အဦများဆောက်လုပ်နိုင်ရန် ပိုင်ရှင်မှလှူဒါန်းသည့်အနေဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့လူများအထဲမှ လှူဒါန်းသောငွေဖြင့် ထိုက်တန်သည့်အဖိုးငွေဖြင့်သော်လည်းကောင်း ဝယ်ယူနိုင်မည့် မြို့ကြီးများနှင့်မနီးမဝေးနေရာမျိုးကို ရှာဖွေကြရမည်။ ဆူညံသည့်မြို့တွင်း၌ အဆောက်အဦကိုဆောက်လုပ်ခြင်းမပြုပါနှင့်။ Medical Ministry, pp. 308, 309. (1909) [Ev 77.2]

**မြို့ကြီးထဲ၌နေထိုင်ရန်မဟုတ်၊ လုပ်ကိုင်ရန်သာ** – လူများကြားလိုသည်ဖြစ်စေ၊ မကြားလိုသည်ဖြစ်စေ အမှန်တရားကိုကျွန်ုပ်တို့ပြောရမည်။ မြို့များထဲ၌ စုံစမ်းခြင်းနှင့်ပြည့်ဝလျက်ရှိသည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များ စုံစမ်းသွေးဆောင်မှုများနောက်သို့မလိုက်မပါစေရန် ကျွန်ုပ်တို့၏လုပ်ငန်းကိုစီမံသင့်သည်။ [Ev 77.3]

မြို့ပြင်မှနေ၍ များများအတွက်အလုပ်လုပ်ရမည်။ ဘုရားသခင်၏ စေတမန်ပြောဆိုခဲ့သည်မှာ "မြို့များကိုသတိမပေးဘဲနေရမည်လား။ သတိပေးရမည်။ သို့သော် မြို့ထဲနေခြင်းအားဖြင့်မဟုတ်၊ မြို့ပြင်မှနေ၍ ဤကမ္ဘာပေါ်ဘာဖြစ်လာမည့်အကြောင်း သတိပေးရမည်။" Letter 182, 1902. [Ev 77.4]

**ဧနောက်ပြုသကဲ့သို့ –** ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သောသားသမီးများအဖြစ် ကျွန်ုပ်တို့သည် မြို့များမှထွက်ခွာသွားရကြမည်။ ဧနောက်ကဲ့သို့ မြို့များအထဲမှာမနေဘဲ မြို့များအတွက်အလုပ်လုပ်ရမည်။ Manuscript 85, 1899.

**လောတနှင့်ဧနောက်မှသင်ခန်းစာများ –** လူမျိုးထဲ၌အပြစ်ဒုစရိုက်များပြားသောအခါ သောဒုံမြို့တွင်း၌နေထိုင်သော လောတကြားရသကဲ့သို့ မြို့တွင်းနေလူများတို့သည် သတိပေးသံနှင့်ညွှန်ကြားသံများကို အမြဲကြားရကြပါလိမ့်မည်။ ဆိုးသွမ်းညစ်ညမ်းသောမြို့တွင်း၌ မနေထိုင်ခဲ့ပါက၊ လောတသည် မိမိ၏မိသားစုများကို ဆိုးသွမ်းမှုများမှကာကွယ်နိုင်ပါလိမ့်မည်။ မြို့နှင့်ဝေးကွာသောနေရာ၌နေထိုင်ကြပါက သောဒုံမြို့သူမြို့သားများနည်းတူ လောတမိသားစုတို့သည် ပြုလုပ်ကြမည်မဟုတ်ပါ။ ဘုရားရှင်နှင့်အတူလမ်းလျှောက်သောဧနောက်သည် သောဒုံမြို့ထဲ၌နေသောလောတကဲ့သို့ ဆိုးသွမ်းညစ်ညမ်းသောအရာအမျိုးမျိုးနှင့်ပြည့်ဝသည့် မြို့တွင်း၌နေထိုင်ခြင်းမပြုပါ။ Manuscript 94, 1903. [Ev 78.1]

## သေးငယ်သောဆင်ခြေဖုံးရပ်ကွက်စည်းဝေးများအတွက်စီမံခြင်း

**မြို့ကြီးများ –** မတူညီသောဒေသ၌ တရားပွဲများကိုပြုလုပ်ရမည်။ ယခုအချိန်သည် မြို့များ၌အလုပ်လုပ်ရမည့်အချိန်ဖြစ်သည်။ မြို့တွင်းရှိလူများကို သာသနာပြုရမည်။ နေရာတစ်ခုတည်း၌သာ အရေးတကြီးစိတ်ဝင်စားမှုများစွာထားခြင်းသည် ကျွန်ုပ်တို့အတွက်အန္တရာယ်ဖြစ်သည်။ မှန်သောဆုံးဖြတ်ချက်





နှင့်ဆောင်ရွက်မှုမဟုတ်ပါ။ ယခုစိတ်ဝင်စားမှုကို မြို့ကြီးတို့၌ထားရကြမည်။ ကြီးမားသောဗဟိုဌာနအနည်းငယ်ထားခြင်းထက် ဌာနငယ်များစွာကိုထူထောင်ရမည်။ [Ev 78.2]

သာသနာပြုသူများတို့အား နှစ်ယောက်တစ်တွဲစီဖြင့် ခြားနားသောကျွန်ုပ်တို့၏မြို့ကြီးများအားလုံးအထဲသို့ ဝင်ရောက်လုပ်ကိုင်စေပါ။ တစ်မြို့စီအတွင်းရှိ အမှုဆောင်များတို့သည် ပညာသားဖြင့်အတူတကွထိရောက်စွာနှင့်စည်းလုံးညီညွတ်စွာအမှုဆောင်ရွက်နိုင်ရန် မကြာခဏတိုင်ပင်ခြင်းနှင့်ဆုတောင်းခြင်းအတွက် တွေ့ဆုံသင့်ကြသည်။ နိုးကြားထကြွစွာဖြင့် အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးပြုကြပါစို့။ ကျွန်ုပ်တို့၏လူတို့သည် လက်နက်စုံကိုဝတ်ဆင်လျက် မြို့ကြီးများအားလုံးအထဲ၌ ဌာနများကိုထူထောင်ကြရမည်။ Medical Ministry, p. 300. (1909)

**ကျွန်ုပ်တို့မြို့ကြီးများ၏သတိမပေးရသည့်နယ်မြေများကိုဝင်ရောက်ထိုးဖောက်ရန် –** လုပ်ငန်းခွင်တိုင်း၌ လုပ်အားကိုတိုးမြှင့်ဖြည့်ဆည်းကြရမည်။ အမှုဆောင်များနှစ်ယောက်တစ်တွဲစီထွက်ခွာကြပြီး တစ်ခါမျှသတိမပေးရသေးသော ကျွန်ုပ်တို့မြို့များ၏အစိတ်အပိုင်းများစွာတို့၌ အတူတကွလုပ်ဆောင်နိုင်ရန်လိုအပ်ပါသည်။ Letter 8, 1910. [Ev 79.1]

**နေရာတိုင်းတွင်လုပ်ဆောင်ရန် –** အမှုဆောင်တစ်စုတို့ကို မြို့တစ်မြို့၏ရပ်ကွက်တိုင်းသို့သွားပြီး အမှန်တရားကိုကြိုးစား၍ကြွေးကြော်ဟောပြောစေပါ။ အမှုတော်ကိုအကောင်းဆုံးနည်းလမ်းနှင့် စရိတ်ကျဉ်းကျဉ်းဖြင့်ဆောင်ရွက်စေပါ။ သူတို့သည် အလုပ်ကိုသေချာစွာလုပ်ပြီး ဝိညာဉ်ရေးကိစ္စကို မိမိတို့၏ကြိုးစားမှု၌ အရေးအကြီးဆုံးနေရာ၌ထားရမည်။ Manuscript 42, 1905. [Ev 79.2]

**မြို့၏နယ်မြေတိုင်းကိုထိုးဖောက်ရန်တဲများကိုဆောက်လုပ်ခြင်း –** စခန်းစည်းဝေးရာနေရာ၌ လူတို့၏စုစည်းမှုကိုတွေ့မြင်စေရမည်။ ပြင်ဘက်၌မရှိစေရပါ။ အကြောင်းမှာ မြို့ပေါ်ရှိလူတို့သည် အမှန်တရားကိုအလိုရှိကြပါသည်။ စခန်း

အစည်းအဝေးများကို ကျွန်ုပ်တို့၏မြို့ကြီးများ၌နေထိုင်သူများ တက်ရောက်နိုင်သောနေရာတွင် ကျင်းပရမည်။ [Ev 79.3]

စခန်းအစည်းအဝေးကို မြို့နှင့်တောအရပ်၊ သို့မဟုတ် မြို့ပေါ်၌ကျင်းပရမည်။ တဲဆောက်လုပ်သောသူများတို့သည် မြို့၏တစ်နေရာ၌ကျင်းပပြီးနောက်ထပ်တစ်ကြိမ်ကို မြို့၏အခြားသောနေရာ၌ဆောက်လုပ်ရမည်။ ကျွန်ုပ်တို့၏အနား၌ပင် သတိပေးစကားကြားနာရန်လိုအပ်သည့် တစ်ပါးအမျိုးသားများရှိကြသည်။ အမေရိကန်ပြည်မြို့ကြီးများအထဲ၌ ဘုရားသခင်အတွက်အောက်မေ့ဖွယ်ရာများကိုတည်ထောင်ရမည်။ Letter 164, 1901. [Ev 79.4]

**အပေါ်ယံစိုက်ပျိုးခြင်း– ရိုတ်သိမ်းမှုအကန့်အသတ်ရှိ** – နယ်မြေများစွာ၌လုပ်ငန်းကိုဆောင်ရွက်ခြင်းနှင့် လုပ်ငန်းများစွာကိုအစပြုခြင်းဖြင့် ပိုင်နိုင်စွာထိန်းသိမ်းရန်အခက်အခဲဖြစ်စေပြီး ငွေကြေးကုန်ကျမှုအတွက် ဝန်ထုပ်ဖြစ်စေပါသည်။ တချို့သောလုပ်ငန်းခွဲများတို့ကို ပို၍ဆောင်ရွက်ရန်နှင့် တချို့သောအရေးကြီးသည့်လုပ်ငန်းကို လျစ်လျူရှုလိုက်ရမည့်အခက်အခဲများကိုလည်းကြုံတွေ့နိုင်ပါသည်။ လုပ်ငန်းကြီးတစ်ခုကိုတာဝန်ယူပြီး ပိုင်ပိုင်နိုင်နိုင်မဆောင်ရွက်နိုင်ခြင်းသည် မကောင်းသောစီမံကိန်းဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့ရှေ့သို့သာချီတက်ရမည်၊ သို့သော် ဘုရားသခင်၏အကြံပြုခြင်းအားဖြင့်သာဖြစ်ရမည်။ ရိုးရိုးလုပ်ငန်းထက်ပို၍စီမံခြင်းအားဖြင့် ဝိညာဉ်ရေးအမြင်ကိုပျောက်သွားစေနိုင်ပြီး များစွာသောလုပ်ငန်းခွဲများနှင့် ဆောင်ရွက်ရမည့်အရာများကို ကြည့်ရှုရန်ပျက်ကွက်လိမ့်မည်။ ၎င်းပြင် လုပ်ငန်းများစနစ်တကျဖြစ်ရန် အကောင်းဆုံးကူညီဖော်များတို့၏ဆက်ကပ်မှုကိုလည်း ဆုံးရှုံးနိုင်ပါသည်။ အသက်နှင့်ကျန်းမာခြင်းကိုလည်း တန်ဖိုးထား၍ဂရုစိုက်ရပါမည်။ [Ev 79.5]

ဘုရားရှင်တံခါးဖွင့်ပြင်ဆင်ပေးသောလမ်းကို လိုက်လျှောက်ရန်အဆင်သင့်ရှိရမည်ဖြစ်သော်လည်း လုပ်ငန်းရှိထားသောနေရာ၌ ပို၍ကြီးသည့်စီမံကိန်းကိုမချမှတ်ရန်နှင့် လုပ်ငန်းအတွက်ကူညီမှုနှင့်ငွေကြေးလုံလောက်စွာရှိနေလျက်နှင့် ထပ်မံ၍မြေယာကိုဝယ်ယူပိုင်ဆိုင်ခြင်းမပြုရန် လိုအပ်ပါသည်။



အပေါ်ယံထွန်ယက်စိုက်ပျိုးခြင်းသည် အနည်းငယ်သာရိတ်သိမ်းရလိမ့်မည်။ လုပ်ငန်းအစပြုသည့်နေရာ၌သာလျှင် တိုးတက်၍အကျိုးရှိသည့်တိုင်ဆောင်ရွက်ပြီး မိုးတိမ်ရွေ့သွားမှသာ မိုးတိမ်နောက်သို့လိုက်သွားရန်ဖြစ်သည်။ အမှုဆောင်များအတွက် ပို၍ကြီးသောစီမံကိန်းနှင့်နေရာအမြဲဖွင့်နေပါက ဘုရားသခင်၏စပျစ်ဥယျာဉ်ထဲ၌ အမှုဆောင်များကိုလုပ်ဆောင်စေရန်နှင့် အမှန်တရားထဲသို့ဝိညာဉ်များကိုခေါ်ဆောင်ရန် ကျွန်ုပ်တို့၏အတွေးအခေါ်နှင့်အမြင်ကျယ်သူများဖြစ်ရကြမည်။ Letter 14, 1886. [Ev 80.1]

**နည်းနည်းသာကြဲဖြန့်ခြင်း** – မည်သည့်နေရာ၌မဆို ဆောင်ရွက်ရမည့်လုပ်ငန်းကိုကျေနပ်သည့်တိုင် အောင်မြင်မှုရရှိသည့်အထိ မဆောင်ရွက်နိုင်သေးပါက အခြားနေရာများ၌ လုပ်ငန်းအတွက်ငွေကြေးကိုအသုံးမပြုပါစေနှင့်။ ဘုရားရှင်ညွှန်ကြားသည့်နေရာများ၌ လုပ်ငန်းကိုခိုင်ခံ့ပြည့်စုံစွာပြီးမြောက်သည့်တိုင် ဆောင်ရွက်သင့်လျက်နှင့် မဆောင်ရွက်ရသေးဘဲ၊ နေရာပေါင်းများစွာတို့၌ အမှုဆောင်များတို့၏အင်အားကို အသုံးပြုဆောင်ရွက်ခြင်းကို ပြုလုပ်တတ်ကြသည်။ Letter 87, 1902. [Ev 80.2]

**အသေးစိတ်ဧဝံဂေလိလုပ်ငန်း၌သေချာစွာဆောင်ရွက်ခြင်း** – အကယ်၍လုပ်ဆောင်မှုများစွာတို့ကို လုပ်ဆောင်ရန်ဆန္ဒပြင်းပြပြီး၊ လုပ်ဆောင်ရမည့်လုပ်ငန်းတစ်ခုကို ကောင်းမွန်စွာမလုပ်ဆောင်နိုင်ပါက အောင်မြင်စွာလုပ်ဆောင်နိုင်ခြင်းမရှိသည်သာမက အမြဲချွတ်ယွင်းချက်ရှိနေမည်ဖြစ်သည်။ ကောင်းသောစိတ်ဓာတ်ရှိသော်လည်း ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေနိုင်မည်မဟုတ်ပါ။ ပေါ်လွင်ထင်ရှားသောပညာလိုအပ်သည်။ အမှုဆောင်များတို့သည် အလုပ်များကြသည်ဟု ပြောဆိုတတ်ကြသည်။ ဤကြီးလေးသောဝန်ထုပ်များကိုထမ်းရခြင်းအတွက် ဘုရားရှင်မနှစ်သက်ပါ။ ဤကဲ့သို့စိုးရိမ်ပူပန်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းကို မိမိတို့အလိုအလျောက်ဖန်တီးခြင်းမပြုသင့်ပါ။ လုပ်ဆောင်ရမည့်တာဝန်ကို ဘုရားရှင်လက်သို့အပ်နှံပြီး သူ့အားထမ်းရွက်စေရမည်။ [Ev 80.3]

ယေရှု၏နှိမ့်ချခြင်းသဘောကိုအမှီပြု၍ မိမိတို့၏အလုပ်ကို အလောတကြီးမလုပ်ဘဲ သေသေချာချာသတိကြီးစွာဖြင့်လုပ်တတ်သော ထက်မြက်သည့်အမှုဆောင်များကို ဘုရားရှင်အလိုရှိသည်။ ကြီးလေးသောတာဝန်များကို စဉ်းစဉ်းစားစားအနစ်နာခံ၍ လုပ်ဆောင်သောသူတို့သည် သေးငယ်သည့်တာဝန်ကိုလည်းစဉ်းစား၍ သတိနှင့်မှန်မှန်ကန်ကန်ကြိုးစားလုပ်ဆောင်သင့်ကြသည်။ ကျွန်ုပ်တို့သည် အလုပ်ကိုမည်မျှလျစ်လျူရှုကြသနည်း။ ကြီးမားသောအလုပ်ကိုလုပ်လိုခြင်းကြောင့် သေးငယ်သောအလုပ်ကို မည်မျှဂရုတစိုက်မဆောင်ရွက်ကြပါသနည်း။ ဘုရားသခင်၏အမှုတော်နှင့်ပတ်သက်၍ တစ်ခုပြီးတစ်ခုပြီးမြောက်အောင်အချိန်မီဆောင်ရွက်ခြင်းမရှိသောကြောင့် ဆောင်ရွက်ရန်အလုပ်များစုပုံလျက်ရှိခြင်းဖြစ်သည်။ သို့သော် အလုပ်အားလုံးကိုစစ်ဆေးရန် တရားသူကြီးရှိကြောင်း သတိပြုရမည်။ သခင်၏အမှုတော်နှင့်ဆက်နွယ်လျက်ရှိသောသေးငယ်သည့်အမှုတော်အားလုံးတို့သည် အရေးကြီးရခြင်းမှာ ခရစ်တော်၏အမှုတော်လုပ်ငန်းဖြစ်သောကြောင့်ဖြစ်သည်။ Letter 48, 1886. [Ev 81.1]

**အလုပ်တစ်ခုမအောင်မြင်မီအခြားတစ်ခုအစမပြုရန်** – စတင်ခဲ့သောလုပ်ငန်းများကို ခွန်အားအနည်းငယ်ဖြင့်ဆောင်ရွက်နေရစဉ် ကြီးမားသောအစပြုခြင်းများအတွက် ကျွန်ုပ်တို့စီမံဆောင်ရွက်ခြင်းမပြုရပါ။ လုပ်နေဆဲလုပ်ငန်းကိုတိုးတက်ရန်ဆောင်ရွက်စဉ် ငွေကြေးအကုန်အကျခံပြီး လုပ်ငန်းအသစ်ကိုစတင်ဆောင်ရွက်ခြင်းမပြုပါနှင့်။ ခိုင်ခံ့သောလုပ်ငန်းတစ်ခုကို အခြေချပြီးမှသာ အခြားနယ်မြေသစ်သို့ဝင်ရောက်လုပ်ဆောင်ပါ။ Letter 87, 1902.

**သတင်းစကားအတွက်စိတ်ဝင်စားမှုကိုထိန်းသိမ်းပါ** – မြို့ကြီးများ၌ကျင်းပသော စခန်းအစည်းအဝေးအချိန်အခါတိုင်းနှင့်ပတ်သက်သည့်အစီအစဉ်များကိုတင်ပြခြင်းမှရရှိသောဗဟုသုတအရ၊ နှစ်စဉ်ဤကဲ့သို့သောစခန်းအစည်းအဝေးများစွာကိုကျင်းပကြရန် ကျွန်ုပ်အကြံပြုလိုပါသည်။ တချို့သောစခန်းအစည်းအဝေးများသည် ငယ်မည်ဖြစ်သော်လည်း၊ ၎င်းတို့အားဖြင့် အများသောလူထုကြီး၏အာရုံကိုဆွဲဆောင်နိုင်သည့် တန်ခိုးနှင့်ပြည့်ဝသောနည်းလမ်းတစ်ခုဖြစ်သည်။ မြို့များ၌ကျင်းပသောစခန်းအစည်းအဝေးများအားဖြင့်ထောင်ပေါင်းများစွာသောလူတို့သည် “လာကြ၊ အရာခပ်သိမ်းယခုအဆင်သင့်ရှိပြီ” ဟုဖိတ်ခေါ်သံကို တက်ရောက်ရန်ကြားရကြလိမ့်မည်။ [Ev 82.1]



စိတ်ဝင်စားမှုဖြစ်ပေါ်လာပြီးနောက် အစည်းအဝေးကိုလျင်မြန်စွာရပ်ဆိုင်းခြင်း၊ တဲများကိုဖြုတ်ပစ်လိုက်ခြင်းကြောင့် စည်းဝေးပြီးဆုံးပြီဟု ပရိသတ်တို့အားထင်မြင်စေခြင်းကိုမဖြစ်စေရန် သတိပြုရမည်။ အကြောင်းမှာ ပရိသတ်များစိတ်ဝင်စားလာခြင်းကြောင့်ဖြစ်သည်။ သစ္စာနှင့်ကြိုးစားဆောင်ရွက်ခြင်းအားဖြင့် အကြီးမားဆုံးသောကောင်းကျိုးကို ရရှိပါလိမ့်မည်။ ပရိသတ်များတို့၏စိတ်ဝင်စားမှုကိုထိန်းသိမ်းနိုင်ရန် စည်းဝေးများကိုကောင်းမွန်စွာစီစဉ်ဆောင်ရွက်ရလိမ့်မည်။ [Ev 82.2]

စည်းဝေးအားဖြင့်စိတ်ဝင်စားမှုဖြစ်ပေါ်စေရန် အချိန်ယူပြီးဟောပြောနိုင်သည့်ပုဂ္ဂိုလ်များကိုရရှိရေးသည် တစ်ခါတစ်ရံခက်ခဲမည်ဖြစ်ပါသည်။ နေရာအတွက်ငှားရမ်းကုန်ကျစရိတ်ကြီးခြင်းနှင့် မိသားစုတဲများဆက်လက်ရှိစေရန်ဆက်ကပ်မှုများပြုလုပ်ရမည်ဖြစ်ခြင်း၊ လည်ပတ်ခြင်းနှင့်ကျမ်းစာလေ့လာခြင်း၌ဓမ္မအမှုဆောင်များကိုကူညီမှုပေးရခြင်း၊ တဲများ၊ အိမ်များတို့၌ အလည်အပတ်ပြုရန်အချိန်ယူရပြီး စည်းဝေးတက်ရောက်ခြင်းဖြင့် ကောင်းချီးများခံစားရမည့်အကြောင်း သူတို့အားပြောပြခြင်းနှင့် စည်းဝေးသို့တက်ရောက်ရန်ဖိတ်ခေါ်ခြင်းများကို လုပ်ရကြမည်ဖြစ်သည်။ သို့သော် ကြိုးစားမှု၏အကျိုးကို ထိုက်တန်စွာရရှိမည်ဖြစ်ပါသည်။ ဤကဲ့သို့သောစခန်းအစည်းအဝေးများ၌ အားသွန်ခွန်စိုက်ကြိုးစားခြင်းကြောင့် အလုပ်လုပ်သောအသင်းတော်များကို ထူထောင်နိုင်ပါသည်။ ဤကဲ့သို့ကြိုးစားလုပ်ဆောင်မှုကြောင့် ကျွန်ုပ်တို့၏မြို့နေလူတန်းစားတို့ထံ တတိယကောင်းကင်တမန်သတင်းစကားကို သယ်ဆောင်သွားကြရမည်ဖြစ်သည်။ Review and Herald, April 4, 1899.

**ရေရှည်ကြိုးစားခြင်းအစီအစဉ်** – တစ်ခါတစ်ရံဟောပြောနိုင်သောပုဂ္ဂိုလ်တို့သည် စခန်းအစည်းအဝေးကို ရက်အနည်းငယ်သာတက်ရောက်နိုင်ကြပြီး

ပရိသတ်များစတင်၍စိတ်ဝင်စားလာကြသောအခါ အခြားတစ်နေရာသို့ထွက်သွားကြပါသည်။ ဟောပြောနိုင်သူတစ်ဦးနှစ်ဦးတို့ကိုချန်ထားလျက် တဲများကိုဖြုတ်ပြီးထွက်ခွာသွားကြမည့် စိတ်ဓာတ်ကျသည့်မိသားစုများတို့ကို ကြိုးစား၍ဟောပြောသွားရကြပါသည်။ [Ev 83.1]

အကယ်၍ အစည်းအဝေးကိုဆက်လက်၍ကြာမြင့်စွာကျင်းပမည်၊ အသင်းတော်အသီးသီးမှပုဂ္ဂိုလ်များလာရောက်၍ တစ်လ၊ သို့မဟုတ် တစ်လထက်မကနေပြီး အစည်းအဝေး၌ကူညီမစကာ မည်ကဲ့သို့အမှုတော်ကိုဆောင်ရွက်ရမည့်အကြောင်း သင်ယူကြပါက မည်မျှပို၍ကောင်းမည်နည်း။ ထိုနောက်သူတို့သည် မိမိတို့၏အိမ်သို့ပြန်လည်ရောက်ရှိကြသောအခါ၊ ရရှိခဲ့သောတန်ဖိုးရှိသည့်ဗဟုသုတဖြင့် မိမိတို့၏အသင်းတော်အသီးသီး၌ တိုးတက်အောင်ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ အကယ်၍ ဤစည်းဝေးသို့တက်ရောက်ခဲ့သောပရိသတ်တို့အား စိတ်ဝင်စားအောင်ဟောပြောနိုင်ခဲ့သည့်ပုဂ္ဂိုလ်များတို့သည်လည်း ဆက်လက်၍အခိုက်အတန့်နေထိုင်ပြီး ဤနေရာကိုပီပြင်စွာဖြင့် ရေရှည်အဖွဲ့အစည်းတစ်ခုဖွဲ့စည်းပေးနိုင်ပါက မည်မျှပို၍ကောင်းမည်နည်း။ Review and Herald, April 4, 1899. [Ev 83.2]

**လယ်ပြင်ကိုမရိတ်သိမ်းဘဲချန်ထားခြင်း –** အကယ်၍ တဲအစည်းအဝေးအနည်းငယ်ကို အင်အားကောင်းကောင်းဖြင့်၊ သို့မဟုတ် အဖွဲ့ငယ်တစ်ခုမှ မတူညီကြသောဆုကျေးဇူးများဖြင့် အမှုတော်အတွက်ဆောင်ရွက်ကြပါက ပို၍ကောင်းပြီး ပို၍အကျိုးသက်ရောက်ပါလိမ့်မည်။ ထိုနောက် စိတ်ဝင်စားမှုရှိသည့်နေရာ၌ ပို၍အချိန်ယူနေထိုင်သွားရန်သင့်ပါသည်။ [မှတ်ချက်– ဤစာရေးသည့်အချိန်၌ တဲအစည်းအဝေးကြီးများကို ရက်အနည်းငယ်သာအချိန်ယူကျင်းပကြပါသည်။ – စုစည်းပြုစုသူများ] ထိုအချိန်အခါ၌ တဲကိုလျင်မြန်စွာဖြုတ်ယူကြပါသည်။ တချို့သောသူတို့သည် စတင်၍စိတ်ဝင်စားလာကြသောကြောင့် မိမိတို့ကိုယ်ကို အမှန်တရားထံဆက်ကပ်နိုင်ရန် စိတ်ဆုံးဖြတ်ချက်ချနိုင်သည့်အထိ ကြိုးစားလုပ်ဆောင်ရန်လိုအပ်ပါသည်။ [Ev 83.3]



တဲထိုးခဲ့သောနေရာများစွာတို့၌ ဓမ္မဆရာများတို့သည် ကာဆီးမှုစတင်ပျောက်ကွယ်သွားသည့်အထိ နေထိုင်ကြပါသည်။ တချို့သောသူများတို့သည် ကာဆီးမှုပျောက်ကွယ်သွားသည်နှင့် တဲကိုဖြုတ်ပြီး အခြားတစ်နေရာသို့ပြောင်းရွှေ့သွားပါသည်။ လုပ်ငန်းပြီး၍ အချိန်နှင့်ငွေကုန်ခဲ့ပြီး တဲအချိန်ကာလအတွင်း အောင်မြင်မှုအနည်းငယ်ကိုသာ ဘုရားရှင်၏အမှုတော်ဆောင်များ မြင်တွေ့ခဲ့ရပါသည်။ လူအနည်းငယ်သာ အမှန်တရားကိုသိရှိခဲ့သည့်အတွက် ဘုရားရှင်၏အမှုတော်ဆောင်များတို့သည် အနည်းငယ်သာအောင်မြင်ခဲ့ခြင်းအပေါ် အားရမှုမရှိ၊ အားပေးမှုကိုလည်းမခံစားရ၊ ကာယခွန်အား၊ ဝိညာဉ်ခွန်အားနှင့်တန်ခိုးတို့၍ရရှိရမည့်အစား ဝိညာဉ်ဆုကျေးဇူးများပင်လျော့နည်းဆုံးရှုံးရပါသည်။ Testimonies, vol. 1, p. 148. (1857) [Ev 83.4]

**ဆက်လက်ဆောင်ရွက်သောအမှုဆောင်များ –** ဖော့လန်း (Portland) နှင့်ဘော့စတွန် (Boston) မြို့များ၌ ပထမကောင်းကင်တမန်သတင်းစကားကိုဟောကြားခဲ့သောအခါ မည်ကဲ့သို့ဆောင်ရွက်ခဲ့ကြောင်း ကျွန်ုပ်စဉ်းစားနေပါသည်။ ဤတရားပွဲများကို ဆက်လက်၍ညီအစ်ကိုမောင်နှမနှစ်ဦးနှင့်ကူညီသူများဆောင်ရွက်ခဲ့သည့်နည်းတူ ဆောင်ရွက်ကြပါသည်။ Letter 182, 1906. [Ev 84.1]

**စိတ်ဝင်စားမှုရှိခြင်းကိုခိုင်မြဲစေရန်မိသားစုကိုထားရှိပါ –** ထိုနောက် တိုရွမ်းတို (Toronto) ဩစတြေးလျ၌ ဖိမ်ခံအနားယူသောနေရာရှိသည်။ ဤနေရာများတို့သည် ခိုအော်ရန်ဘွန်း (Cooranbong) နှင့် (၁၀) မိုင်၊ (၂၀) မိုင်အတွင်း၌ရှိကြပြီး ဤနေရာကို စိတ်ဝင်စားမှုဆွဲဆောင်နိုင်မည့် ဆက်ကပ်သည့်မိသားစုများကိုထားရန်တွေ့ရှိပါက အမြန်ဆုံးဝင်ရောက်လုပ်ကိုင်ရပါမည်။ ဤနယ်မြေအားလုံးတို့၌ ရိတ်သိမ်းရန်စပါးမှည့်လျက်ရှိသည်။ သို့သော် ဆက်ကပ်သောအမှုဆောင်များမရှိပါက မည်သို့မျှဆောင်ရွက်၍မရပါ။ နိုးကြား၍စိတ်ဝင်စားမှုရှိရန် မည်သူဝင်ရောက်လုပ်ကိုင်မည်နည်း။ Letter 76, 1899. [Ev 84.2]

**လိမ္မာပါးနပ်သောအုပ်ချုပ်မှုတစ်ခုလိုအပ်** – နယ်များအတွက် အမှုထမ်းများကိုရွေးချယ်ရာတွင် လိမ္မာပါးနပ်သောအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုလိုအပ်သည်။ ဤဝိညာဉ်များကို မည်ကဲ့သို့စောင့်ရှောက်ရမည်ကို နယ်မြေထဲသို့ ဝင်ရောက်ထိုးဖောက်ခြင်းမပြုမီ စီမံကိန်းများကိုဆွဲသင့်သည်။ မည်သူသည် ဤသူတို့အားသာသနာပြုမည်နည်း။ မည်သူသည် အမှန်တရားကိုစွဲကိုင်လိမ့်မည်နည်း။ နှစ်သက်ဖွယ်မကောင်းသောအမှန်တရားကို သူတို့လက်ခံခဲ့ကြသည်။ သူတို့၏အောက်ခြေပညာ (ABC's) ကိုသင်ယူခဲ့ပြီးနောက် မည်သူသည် သူတို့အားပညာပေးမည်နည်း။ သူတို့၏ပညာဗဟုသုတအတွက် ဝိညာဉ်ရေးပြုပြင်မှုကို မည်သူပေးမည်နည်း။ [Ev 84.3]

မှားယွင်းသောအတွေးအခေါ်ရရှိထားသော ဤသူတို့ကိုပြုပြင်ရန် မည်သည့်ယုံကြည်ခံယူချက်မျှမရှိခဲ့သောသူများတို့ကို ဟောပြောပြုပြင်ခြင်းထက် များစွာခက်ခဲသောကြောင့် ဤသူတို့အား အမှန်တရားကိုဟောပြောရန်နှင့် သူတို့၏ရရှိထားခဲ့သော ဘာသာရေးဗဟုသုတကို ပြောင်းလဲပြုပြင်ရန်ကြိုးစားလုပ်ဆောင်ရပါလိမ့်မည်။ မပြီးမပြတ်သည့်အလုပ်ကိုချန်ထားပြီးမှ တစ်ဖန်ထပ်မံ၍လုပ်ဆောင်ခြင်းထက် ကြိုတင်ပြီးကျွန်ုပ်တို့၏အမှန်တရားထဲရောက်ရှိလာမည့် ဤသူတို့ကိုစောင့်ရှောက်ရမည့်စီမံကိန်းကို သေချာစွာဆွဲ၍ပြီးစီးသည့်အထိ စောင့်ဆိုင်းရပါမည်။ Letter 60, 1886. [Ev 84.4]

## ငွေကြေးနှင့်ရန်ပုံငွေလျှာထားချက်

**ထိုင်၍ကုန်ကျမည့်စရိတ်ကိုတွက်ချက်ပါ** – ဘုရားသားသမီးများတို့သည် မျက်မမြင်ကဲ့သို့ သူတို့၌မြုပ်နှံရန် အကန့်အသတ်ရှိသောငွေနှင့် မည်သည့်အရာရမည်ကို ကြိုတင်၍မသိသည့်အရာအတွက် မဆောင်ရွက်စေလိုပါ။ ကျွန်ုပ်တို့သည် ပညာရှိရှိဖြင့် ရှေ့သို့ချီတက်ရမည်။ သူ၏အလုပ်မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ကျွန်ုပ်တို့ရှေ့၌ ခရစ်တော်စီမံကိန်းဆွဲပြခဲ့သည်။ အဆောက်အဦ



တစ်ခုဆောက်လုပ်ရန် ဆန္ဒရှိသောသူသည် ဦးစွာထိုင်ပြီး မိမိဆောက်လုပ်သွားမည့်အဆောက်အဦကိုပြီးဆုံးသည့်တိုင် ဆောက်လုပ်နိုင်မည်၊ မနိုင်မည်ကို မိမိ၌ရှိသောငွေဖြင့်တွက်ချက်ရပါမည်။ သူ၏စီမံကိန်းကိုအစမပြုမီ ကောင်းသောအကြံပေးနိုင်သူထံမှအကြံယူရမည်။ အကယ်၍ အမှုဆောင်တစ်ဦးမှ မမှန်မကန်လုပ်ဆောင်နေပါက တာဝန်ရှိအခြားလုပ်ဖော်ကိုင်ဖက်မှ ပညာသားဖြင့် သူ၏အမှားကိုပြသနိုင်ရမည်။ Letter 182, 1902. [Ev 85.1]

**ငွေကြေးတိကျစွာသုံးစွဲခြင်း** – ကျွန်ုပ်တို့၏မြို့ကြီးများတို့၌ အမှုတော်ကိုထမ်းရွက်သောသူတို့သည် ဤကိစ္စနှင့်ပတ်သက်၍ အထူးသတိပြုစေပါ။ မလိုအပ်သောအရာအတွက် အကုန်အကျမခံပါစေနှင့်။ ယနေ့အမှန်တရားအားဖြင့် နားလည်ရမည့်အရာများကိုသင်ယူရာ၌ တွေ့မြင်နိုင်သည့်ပြင်ပအရာအားဖြင့် မဖြစ်စေရပါ။ ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် ငွေကြေးကိုတိကျစွာအသုံးပြုခြင်းကို လေ့ကျင့်ရမည်။ ငွေကြေးဖြုန်းတီးခြင်းကို ဘုရားရှင်တားမြစ်သည်။ ကြီးမားသောပြသမှုများကို မပြုလုပ်ရပါ။ ကျွန်ုပ်တို့၏ကမ္ဘာပေါ်၌ ပြီးမြောက်အောင်ဆောင်ရွက်ရမည့်အလုပ်ကို ဘုရားရှင်၏နည်းလမ်းအားဖြင့် သူ၏ငွေကိုအသုံးပြုရမည်။ Letter 107, 1905.

**ရိုးစင်းစွာဖြင့်အစပြုပါ** – ကျွန်ုပ်တို့၏မြို့များ၌ အလုပ်ကိုအစပြုရန်ဖင့်နွှဲနေရပါသနည်း။ ကြီးမားသောအံ့သြဖွယ်ရာတစ်စုံတစ်ခုဖြစ်ပေါ်ရန် စောင့်ရန်မလိုပါ။ တန်ဖိုးရှိသောပစ္စည်းကိုလည်း ရရှိရန်စောင့်စရာမလိုပါ။ ဂျုံအတွက်အခွံသည် မည်မျှအသုံးဝင်သနည်း။ အကယ်၍ ဘုရားရှင်ရှေ့၌ နှိမ့်ချသောစိတ်နှင့်အမှုတော်ကိုဆောင်ရွက်ပါက သူသည် လမ်းပြင်ဆင်ပေးပါလိမ့်မည်။ Letter 335, 1904. [Ev 86.1]

**မျှတသောဧဝံဂေလိသတင်းဟောကြားခြင်း** – အခြားဒေသများ၏လိုအပ်ချက်ကို မည်သည့်အကူအညီမျှမပေးဘဲ၊ နေရာအနည်းငယ်အတွက်ကိုသာ ငွေကြေးများစွာအကုန်အကျခံခြင်းကို ဘုရားရှင်တားမြစ်ပါသည်။ မိမိကိုယ်ကိုငြင်းပယ်ခြင်းအားဖြင့် လိုအပ်သည့်နယ်မြေများကို လုံလောက်စွာအကူအညီပေးကာ

အမှုတော်ပြီးမြောက်ရေးအတွက်အသုံးပြုခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါသည်။ အခြားနေရာများတို့၌ အမှုဆောင်ရန်လျစ်လျူရှုခြင်းအားဖြင့် မည်သူမျှတစ်နေတည်း၌ တန်ခိုးဩဇာကိုဆောက်တည်နိုင်စွမ်းမရှိပါ။ ခရစ်တော်၏အလုပ်နှင့်သွန်သင်ချက်များအားဖြင့် ကျွန်ုပ်တို့၏အတွေးအခေါ်တိုင်းတာခြင်းကိုသင်ယူပါက ကျွန်ုပ်တို့၏ခံယူချက်ကို ဘုရားရှင်သန့်ရှင်းစေပါသည်။ Letter 320, 1908. [Ev 86.2]

**အမှုဆောင်တစ်ဦး၏ကုန်ကျစရိတ်ကိုတာဝန်ယူခြင်း –** မြို့ကြီးများထဲ၌အလုပ်လုပ်ရန် ကိုယ်စားလှယ်များကိုချထားရမည်။ ကိုယ်တိုင်အမှုမထမ်းနိုင်သောပုဂ္ဂိုလ်များကို လုပ်ငန်း၌စိတ်ဝင်စားမှုရှိရန်သွေးဆောင်လျက် အမှုထမ်းဆောင်လိုသောသူအား ကုန်ကျစရိတ်ကိုပံ့ပိုးစေရမည်။ ကျွန်ုပ်တို့၏ညီအစ်ကိုများတို့ကို အမှုတော်၌စိတ်ပါဝင်စားစွာမဆောင်ရွက်လိုသော ဆင်ခြင်ပေးခြင်းကိုမပြုစေပါနှင့်။ လက်တွေ့ခရစ်ယာန်များတို့သည် မိမိတို့ကိုယ်ကျိုးအတွက်သာအသက်မရှင်ကြပါ။ Manuscript 128, 1901. [Ev 86.3]

**လုပ်ငန်းသစ်အတွက်အသင်းတော်၏ငွေကြေး –** အမှန်တရားသိသောသူတို့သည် တစ်ယောက်ကိုတစ်ယောက်အားပေးကြပြီး ဓမ္မဆရာများတို့ကိုပြောရမည့်စကားမှာ၊ “ဘုရားသခင်၏နာမတော်နှင့် လယ်ပြင်သို့သွား၍ရိတ်သိမ်းကြပါ။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် သင်တို့အတွက်ထက်သောတံစဉ်ကဲ့သို့ဖြစ်စေမည်။” ထိုကြောင့် ကျွန်ုပ်တို့၏အသင်းတော်များသည် ဘုရားသခင်အတွက် ကောင်းမွန်စွာသက်သေခံသင့်ပြီး အသင်းသားများတို့သည် မိမိတို့၏လက်ဆောင်များနှင့်အလှူငွေများကို ဘုရားရှင်ထံယူဆောင်လာသင့်ကြပါသည်။ သို့မှသာ နယ်သို့သွား၍အမှုဆောင်သောသူများတို့သည် ဝိညာဉ်များအတွက်ဆောင်ရွက်နိုင်ကြလိမ့်မည်။

**မြို့တွင်းလုပ်ငန်းအတွက်ဘုရားသခင်၏ပြင်ဆင်မှု –** ဧဝံဂေလိသတင်းစကား၏ဩဇာညောင်းမှုကို လွယ်ကူစွာခံယူနိုင်သော ချမ်းသာကြွယ်ဝသည့်ပုဂ္ဂိုလ်



များရှိကြောင်း ကျွန်ုပ်တို့၏လူများကို ကျွန်ုပ်တစ်ကြိမ်ပြီးတစ်ကြိမ်ပြောခဲ့သောဘုရားရှင်ထံမှသတင်းစကားရှိသည်။ တစ်ခါမျှအမှန်တရားကိုမကြားရသေးသော ဘုရားသခင်၏လူများရှိသည်။ သင်၏အလုပ်ကိုကိုင်ဆွဲပါ။ အမှန်တရားတိုးတက်ရန် ကြွယ်ဝခြင်းထဲမှလှူဒါန်းသည့်ငွေကြေးဖြင့် ဌာနတစ်ခုထူထောင်နိုင်ရန်အသုံးပြုပါ။ တစ်ကိုယ်ကောင်းစိတ်မရှိ၊ မြို့ကြီးများအတွက်အသုံးပြုသင့်သောငွေကြေးကို ဆုပ်ကိုင်ထားခြင်းမရှိသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို အမှုတော်ဆောင်ရန်အတွက်ရွေးချယ်ပါ။ ထိုသူများကို မိမိရွေးချယ်သူများအဖြစ် ဘုရားသခင်သတ်မှတ်ပါသည်။ [Ev 87.1]

ကျမ်းစာနှင့်ကျမ်းစာကိုသာလျှင် ကမ္ဘာ၏တစ်ခုတည်းသောအလင်းကဲ့သို့ဟောပြောခဲ့ပါက ချမ်းသာသောသူတို့၏နှလုံးသားကို ဘုရားသခင်လှုံ့ဆော်ပေးတော်မူလိမ့်မည်။ ဤမြို့များအထဲ၌ အမှန်တရားသည် မီးအိမ်တစ်လုံးသဖွယ်ထွန်းတောက်ပေလိမ့်မည်။ [Ev 87.2]

အဘယ်ကြောင့်ထူးခြားသောသူများ၊ စွမ်းရည်ရှိသောသူများတို့ကိုကျော်သွားပြီး အနိမ့်ဆုံးသောသူများ၊ အဆင့်အတန်းမရှိသောသူများထံသို့သာအထူးသွားရောက်၍အမှုဆောင်ရပါသနည်းဟု မေးခွန်းမျိုးကိုမေးခဲ့ကြပါသည်။ စပါးအားလုံးမှည့်လျက်ရှိသည့်လယ်ပြင်တစ်ခုရှိနေပြီး ထိုလယ်ပြင်၌ရိတ်သိမ်းရန် ဘုရားရှင်၏ငွေကြေးရှိနေပါသည်။ ထိုသူတို့အထဲ၌ အမှန်တရားကိုလက်ခံရန် စီးပွားရေး၌ကျွမ်းကျင်သူများ၊ ကျမ်းစာကိုယုံကြည်သူများ၊ သူတို့နှလုံးသားဘဏ္ဍာထဲမှ ဆန်းသစ်သောအရာနှင့်ဟောင်းနွမ်းသောအရာများတို့ကိုယူဆောင်လာနိုင်သောသူများဖြစ်သည်။ ဝိညာဉ်တော်ထိန်းချုပ်ခြင်းအားဖြင့် ဤပုဂ္ဂိုလ်များတို့သည် တားဆီးမှုများတို့ကိုဖယ်ထုတ်၍ ရှင်းလင်းနိုင်ပြီး ခရစ်တော်မကြာမီကြွလာခြင်းအတွက် သတိပေးနိုင်ပါလိမ့်မည်။ [Ev 87.3]

ကျွန်ုပ်၏သက်သေခံချက်များစွာအထဲ၌ ဘုရားသခင်ပေးထားသည့်ငွေဖြင့် ချမ်းသာသောသူများရှိပြီး မြို့ကြီးများအတွင်း အမှန်တရားရောက်ရှိ

ရန်ပေးလှူကြမည့် ဘုရားသခင်၏ဝိညာဉ်တော်လှုပ်ရှားသူများရှိမည်အကြောင်း ကျွန်ုပ်ပြောခဲ့ပါသည်။ ထိုသူတို့အား ဘုရားသခင်ပေးအပ်ထားသောငွေအားဖြင့် ဘုရားသခင်၏လမ်းကိုပြင်ဆင်ပေးပြီး ဘုရားသခင်အတွက် ကန္တာရထဲ၌ လမ်းမကြီးတစ်ခုကိုဖြောင့်ဖြူးစေလိမ့်မည်။ [Ev 87.4]

မြို့ကြီးများထဲ၌ တာဝန်ထမ်းဆောင်သောသူတို့သည် ဖြစ်နိုင်ပါက ကမ္ဘာပေါ်ရှိအဆင့်မြင့်သောသူများ၊ အုပ်ချုပ်ရေးတန်ခိုးအာဏာရှိသူများတို့ကိုပင် ဆွဲဆောင်ကြရမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအဘယ်မှာနည်း။ ဘုရားသခင်သည် ကျွန်ုပ်အားနေဗုခဒ်နေဇာအကြောင်းပြောပြပါသည်။ ဤကမ္ဘာပေါ်၌ တန်ခိုးအရှိဆုံးဘုရင်အား ဘုရင်တကာ့ဘုရင်ကိုသိကျွမ်းရန် တန်ခိုးဖြင့်ဘုရားရှင်အလုပ်လုပ်ခဲ့ပါသည်။ ကမ္ဘာအဆက်ဆက်မကုန်ဆုံးနိုင်သောနိုင်ငံကို အုပ်ချုပ်ရသော "တန်ခိုးအကြီးဆုံးသောဘုရား" ကို စိတ်နေမြင့်သည့်ဘုရင်ကြီးမှ သိကျွမ်းရသောအခွင့်ကို ဘုရားရှင်သည် ၎င်းဘုရင်ကြီး၏နှလုံးသားအား ပြုပြင်ပေးခဲ့သည်။ Letter 132, 1901. [Ev 88.1]

**ချမ်းသာသောသူထံအကူအညီရယူပါ** – ဘုရားသခင်အမှုတော်တိုးတက်ရန်ဆောင်ရွက်သောသူတို့သည် မိမိတို့လိုအပ်သည့်အရာများကို ကမ္ဘာ့ချမ်းသာကြွယ်ဝသူများရှေ့၌ တင်ပြစေပါ။ လက်တွေ့ကျကျတင်ပြပါ။ သင်ဘာဆောင်ရွက်သွားမည်ကိုပြောပြပါ။ သူတို့ထံအလှူများကိုတောင်းခံပါ။ သူတို့၌ရှိသောကြွယ်ဝခြင်းသည် ဘုရားထံမှရရှိသည့်အတွက် မိမိတို့၏ငွေကြေးများကို ကမ္ဘာသို့အလင်းပေးရန် အသုံးပြုသင့်သည်။ [Ev 88.2]

ကမ္ဘာပေါ်၌ ရွှေ၊ ငွေ၊ ဘဏ္ဍာ မြောက်မြားစွာသိုထားလျက်ရှိသည်။ လူတို့၏ချမ်းသာကြွယ်ဝခြင်းများကို မိမိတို့သိုထားကြပါသည်။ ခရစ်တော်နှင့်ဒုက္ခခံစားရသောလူသားများအတွက် မေတ္တာနှင့်ပြည့်ဝသည့်နှလုံးသားဖြင့် သူတို့ထံသို့သွားရောက်အကူအညီတောင်းခံပါ။ ဘုရားသခင်၏ကြင်နာသောသနားတတ်သည့်စိတ်ထားကို သူတို့တွေ့မြင်ရသောအခါ၊ သူတို့၏စိတ်နှလုံးများကို ထိခိုက်စေလိမ့်မည်။ ဆေးသာသနာပြုလုပ်ငန်းကိုဆောင်ရွက်ခြင်းအားဖြင့် ခရစ်တော်၏အကူအညီပေးသူများဖြစ်ကြောင်း သူတို့နားလည်ကြလိမ့်မည်။ လိုအပ်သည့်အရာများကိုလုပ်ဆောင်ရန် ပစ္စည်းတန်ဆာပလာများတို့ကိုပြင်ဆင်ပေးပြီး ဘုရားသခင်နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်။ Manuscript 40, 1901. [Ev 88.3]



**အခြားပုဂ္ဂိုလ်များလည်းပစ္စည်းတန်ဆာပလာများရှိရမည်** – အသင်းလူကြီးတစ်ဦးသည် နယ်မြေ၏ခြားနားသောနေရာများ၌ အမှုတော်ထမ်းဆောင်ကြသောသူတို့ကို ပံ့ပိုးသင့်သည့်ငွေကိုဖြုန်းတီးလျက်ရှိသည်။ သူမှလွဲ၍ အခြားသောသူများတို့သည်လည်း မိမိတို့၏စွမ်းရည်များကို ဘုရားအမှုတော်၌အသုံးပြုရန်အခွင့်အရေးပေးရမည်ကို သတိရသင့်သည်။ လုပ်ငန်းအတွက် သူတို့အားပစ္စည်းတန်ဆာပလာများကိုပေးရမည်။ သို့မှသာ သူတို့၏ကျန်းမာခြင်းနှင့်အသက်အန္တရာယ်ကိုမထိခိုက်စေရန် သူတို့လုပ်ဆောင်နိုင်ကြလိမ့်မည်။ အမှုဆောင်တစ်ဦးသည် ငွေအရေအတွက်များစွာကို မိမိလုပ်ငန်းအတွက် မိမိစီမံကိန်းအတိုင်းအသုံးပြုမည်ဖြစ်ပါက အခြားအမှုဆောင်တစ်ဦးအား ပေးအပ်ထားသည့်လုပ်ငန်းအတွက် ဆောင်ရွက်ရန်ငွေရှိမည်မဟုတ်ပါ။ ဤငွေများသည် ပြင်ဘက်မှရရှိသည့်တိုင် ဘုရားငွေများသာဖြစ်သည်။ လူတစ်ဦး၌အမှုတော်ဆောင်ရန်ငွေလုံလောက်စွာရှိပြီး အခြားတစ်ဦး၌အမှုတော်အတွက်အသုံးပြုရန်ငွေမရှိခြင်းကြောင့် လုပ်ငန်းမပြီးမြောက်နိုင်ခြင်းမှာ ဘုရားရှင်၏အလိုတော်မဟုတ်ပါ။ Letter 49, 1902. [Ev 88.4]

**ပြောင်းလဲသူများမှငွေကြေးအထောက်အပံ့** – မြို့နေလူတန်းစားတို့ကို အမှန်တရားသို့ခေါ်ဆောင်လာခြင်းဖြင့် အမှုတော်အတွက်ငွေကြေးစတင်ဝင်ရောက်လာပါလိမ့်မည်။ ရိုးသားသောဝိညာဉ်များ ပြောင်းလဲလာသည့်အခါ၊ သူတို့၏ငွေကြေးများသည် ဘုရားရှင်အမှုတော်အတွက်ဆက်ကပ်ကြမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ဘဏ္ဍာအရင်းအမြစ်တိုးပွားလာသည်ကို တွေ့ရှိရပါလိမ့်မည်။ Manuscript 53, 1909. [Ev 89.1]

**သီးသန့်ရန်ပုံငွေတစ်ခုထားရှိပါ –** အသင်းလူကြီးတစ်ဦးဆောင်ရွက်ခဲ့သကဲ့သို့ ဧဝံဂေလိလုပ်ငန်းကို အတ္တစိတ်နှင့်မိမိကိုယ်ကိုချီးမြှောက်သည့်ဟန်ပန်အမူအရာဖြင့် ဆောင်ရွက်ခြင်းမပြုရပါ။ အမှုတော်အတွက် အမှုတော်များတို့၏လက်တွင်းသို့ရောက်ရှိလာသောကြေးငွေများသည် ဘုရားရှင်နှင့်သာသက်ဆိုင်ပြီး ချွေတာသုံးစွဲကြရပါမည်။ အမှုတော်အတွက် ငွေအရေအတွက်များစွာကို အသုံးပြုရသောအခါ၊ ဘုရားသခင်၏လုပ်ငန်းခွင်၌ အရေးပေါ်ကိစ္စများဖြစ်ပေါ်လာသည့်အခါ အသုံးပြုနိုင်ရန်ချန်ထားရပါမည်။ Letter 149, 1901. [Ev 89.2]

**နေရာသစ်များ၌သတိပညာဖြင့်အုပ်ချုပ်ခြင်း –** ကျွန်ုပ်တို့၏လုပ်ငန်းအစ၌ မှန်ကန်စွာအစပြုရန် အလွန်အရေးကြီးပါသည်။ နေရာသစ်တစ်ခု၌ မှန်ကန်စွာအစပြုပါက တိုးတက်မည်ဖြစ်သော်လည်း သေချာသည့်တိုးတက်မှုဖြင့် မလုပ်ဆောင်ကြခြင်းကို ကျွန်ုပ်အားဖော်ပြပါသည်။ ကောင်းမွန်စွာကြပ်မတ်၍ လုပ်ကိုင်ပါက လုပ်ငန်းများစွာပြီးမြောက်မည်ဖြစ်ပြီး ဘဏ္ဍာရေးဌာနမှငွေအနည်းငယ်ကိုသာ အသုံးပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားအပ်နှံထားသော ကြီးမြတ်၍သန့်ရှင်းသည့် မြင့်မြတ်သောအမှန်တရားရှိသည်။ Letter 14, 1887. [Ev 89.3]

**ပို၍ငွေကြေးကိုအသုံးပြုရန် –** ကျွန်ုပ်တို့သည် ငွေကြေးကိုချွေတာကြရမည်ဖြစ်သော်လည်း အလွန်အကျံမဖြစ်စေရပါ။ ဝမ်းနည်းဖွယ်တစ်ခုသည် အသက်တာ၌ တစ်ခါတစ်ရံဆက်ကပ်မှုတစ်ဖက်စွန်းရောက်ရှိနေခြင်း၏ကြီးမားသောအမှားများဖြစ်သည်။ ဘုရားအမှုဆောင်များတို့သည် မိမိတို့၏ကိုယ်ကိုယုံကြည်စိတ်ချလွန်းသောအခြေအနေသို့ရောက်နိုင်သည်။ မိမိကိုယ်ကိုဆက်ကပ်ပြီး စားစရာမလုံလောက်ခြင်း၊ ဝတ်စရာမလုံလောက်ခြင်း အသက်တာ၌နေပြီး ရရှိသည့်ဝင်ငွေဖြင့် တတ်အားသရွေ့ လူများအတွက်ကိုသာကူညီမစကြသောသူတချို့ရှိသည်။ တချို့အမှုဆောင်များတို့သည် အလုပ်ကြိုးစားလွန်းပြီး ရှိသင့်ရှိထိုက်သည့်အရာများ သူတို့၌မရှိပါ။ အကြောင်းမှာ ဘဏ္ဍာတော်ထဲ၌ နယ်ဒေသတွင်အမှုထမ်းဆောင်သူများတို့အတွက် လုံလောက်သည့်ငွေမရှိခြင်း



ကြောင့်ဖြစ်သည်။ အကယ်၍ ခရစ်တော်၏အမိန့်တော်အတိုင်းဆောင်ရွက်ကြပါက ငွေကြေးပို၍ရရှိကြမည်ဖြစ်သည်။ “ငါ့၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်။” Letter 49, 1902. [Ev 90.1]

**သေးငယ်သောအရာများကိုတန်ဖိုးထားပါ –** မိမိတို့စိတ်ထဲထားရှိရမည့်အရာတစ်ခုမှာ သင်တို့သည် ပြုပြင်ပြောင်းလဲပေးသူများဖြစ်ပြီး တစ်ယူသန်သမားမဖြစ်ရပါ။ မယုံကြည်သူများနှင့်ဆက်ဆံကြသောအခါ၊ အထင်သေးဖွယ်ရာအမူအရာများကို မပေါ်လွင်စေပါနှင့်။ အနည်းငယ်သောငွေကိုတန်ဖိုးထားခြင်းဖြင့် အဆုံး၌များစွာသောငွေကိုဆုံးရှုံးရလိမ့်မည်။ “ဒီလူဟာထက်တဲ့လူပဲ၊ ဖြစ်နိုင်တဲ့နည်းနဲ့သင့်ကိုလိမ်လိမ့်မယ်၊ သူနဲ့ဆက်ဆံတဲ့အခါသတိထား” ဆိုပြီး သူတစ်ပါးကိုယုံကြည်မှုမရှိသောစကားဖြင့် သတိထားပြောရပါမည်။ အကယ်၍ သေးငယ်သည့်အပေါ်သူတစ်ပါးနှင့်ကောင်းမွန်စွာဆက်ဆံပါက ထိုသူတို့သည် သင်နှင့်အတူ ၎င်းအတိုင်းကောင်းမွန်စွာလုပ်ဆောင်လိမ့်မည်။ အနည်းငယ်သည် အနည်းငယ်ကိုရစေလိမ့်မည်။ လွန်စွာနုံချာခြင်းသည် လွန်စွာနုံချာခြင်းကိုရလိမ့်မည်။ ဤအဆိုကိုလိုက်လျှောက်သောသူတို့သည် သဘောထားကြီးသူဖြစ်ပါသည်။ အထူးသဖြင့် ယုံကြည်ခြင်းမတူသောသူတို့၌ ဆက်ဆံရာတွင်အရေးကြီးပါသည်။ တန်ဖိုးရှိသောအမှန်တရားသည် ကျဉ်းမြောင်းသောသဘောထားဖြင့် ချွတ်ယွင်းတတ်ပါသည်။ Letter 14, 1887. [Ev 90.2]

## တရားပွဲစီမံကွပ်ကဲခြင်း

**ဓမ္မအမှုဆောင်များစီးပွားရေးဝန်ထုပ်မရှိစေရ –** လူတိုင်းအလုပ်ရှိသည်။ သာသနာ့လုပ်ငန်း၌ဝင်ရောက်လုပ်ကိုင်သောသူတို့သည် အထူးအလုပ်တစ်ခုကိုလုပ်ကိုင်နေရသောကြောင့် ဆုတောင်းခြင်းနှင့်နှုတ်ကပတ်တော်ဟောကြားခြင်းတွင် အချိန်ယူရမည်။ စီးပွားရေးကိစ္စကိုစိတ်ဝင်စားသူများမဖြစ်စေရပါ။ သာသနာ့လုပ်ငန်းထမ်းဆောင်သောသူတို့သည် စီးပွားရေးလုပ်ငန်းကိုစိတ်ဝင်စားကြပါက

ဘုရားသခင်နှင့်ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်မိတ်သဟာယဖွဲ့ရန်အတွက်သော်လည်းကောင်း အချိန်ရမည်မဟုတ်ကြောင်း သူတို့အားသတိပေးရန် ဘုရားသခင်သည် နှစ်ပေါင်းများစွာအချိန်မှစ၍ ကျွန်ုပ်အားညွှန်ကြားခဲ့ပါသည်။ ဓမ္မအမှုဆောင်တစ်ဦးသည် အသင်းတော်များတို့၏အခက်အခဲများကို ဖြေရှင်းရန်ဆောင်ရွက်ရပါက ဝိညာဉ်ရေးခွန်အားကို မိမိအတွက်အကောင်းဆုံးအချိန်ယူနိုင်မည်မဟုတ်ပါ။ အသင်းတော်များ၏အခက်အခဲများကိုဖြေရှင်းခြင်းသည် သူ၏အလုပ်မဟုတ်ပါ။ သူရွေးထားသောဓမ္မအမှုဆောင်များကို သူအကောင်းဆုံးအသုံးပြုလိုပါသည်။ သူတို့သည် ကော်မတီစည်းဝေးများကိုကြာရှည်စွာထိုင်ခြင်းဖြင့် မိမိတို့၏စိတ်ကို မပင်ပန်းစေသင့်ပါ။ သူတို့၏ဦးနှောက်နှင့်ဉာဏ်သတ္တိအားလုံးဖြင့် ယေရှုခရစ်တော်ကဲ့သို့ ဧဝံဂေလိသတင်းစကားကို ရှင်းလင်းစွာနှင့်ထိရောက်စွာဟောပြောနိုင်ရန် ဘုရားသခင်အလိုရှိသည်။ [Ev 91.1]

ဓမ္မအမှုဆောင်တစ်ဦးသည် တာဝန်ပိုလာပါက ဆောင်ရွက်ရမည့်အရာများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ရသောကြောင့် မိမိကိုယ်ကိုပင်ဆန်းစစ်ရန်အချိန်ရမည်မဟုတ်ပါ။ အာရုံပြုဆုတောင်းရန် အချိန်အနည်းငယ်သာရလိမ့်မည်။ ခရစ်တော်၏သာသနာ့လုပ်ငန်း၌ ဆုတောင်းခြင်းနှင့်အလုပ်လုပ်ခြင်းကို သူပေါင်းစည်းထားပါသည်။ တစ်ညပြီးတစ်ည သူလုံးလုံးဆုတောင်းခဲ့သည်။ အမှန်တရားကိုသူတို့မှန်ကန်စွာဟောပြောနိုင်ရန် ဓမ္မဆရာများသည် သန့်ရှင်းသောဝိညာဉ်တော်အတွက် ဘုရားကိုရှာရမည်။ Manuscript 127, 1902. [Ev 91.2]

**စီးပွားရေးလုပ်ငန်းများကိုစီးပွားရေးစွမ်းရည်ရှိသူများသာဆောင်ရွက်ရန် –** တန်ခိုးဖြင့်ဧဝံဂေလိသတင်းစကားကိုဟောပြောနိုင်သော စွမ်းရည်ရှိဓမ္မအမှုဆောင်တစ်ဦးအား စီးပွားရေးကိစ္စ၌အမြဲတာဝန်ပေးခြင်းသည် အမှားကြီးတစ်ခုဖြစ်ပါသည်။ အသက်နှင့်ပြည့်ဝသောနှုတ်ကပတ်တော်ကို ဆွဲကိုင်ထားသောသူအား ဝန်ထုပ်များစွာကိုသူ့အပေါ်၌မတင်သင့်ပါ။ [Ev 91.3]





အမှုတော်အတွက်ငွေကြေးများကို ကျွမ်းကျင်သောစီးပွားရေးသမားများမှ စနစ်တကျကိုင်တွယ်ရပါလိမ့်မည်။ သို့သော် တရားဟောဆရာများနှင့်ဧဝံဂေလိဓမ္မဆရာများကို အခြားအလုပ်လုပ်ရန်သီးသန့်ဖယ်ရှားထားရပါမည်။ ဧဝံဂေလိဟောပြောရန် တာဝန်ပေးခံရသူတို့အား ငွေကြေးကိစ္စကိုတာဝန်မယူစေဘဲ အခြားပုဂ္ဂိုလ်များတို့အား တာဝန်ပေးရပါမည်။ မြို့ကြီးများအတွင်းဧဝံဂေလိလုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ငန်းအသေးစိတ်တာဝန်ကို ကျွန်ုပ်တို့၏ဓမ္မဆရာများအား တာဝန်မပေးသင့်ပါ။ ကျွန်ုပ်တို့၏နယ်ဌာနခေါင်းဆောင်များတို့သည် မြို့ပေါ်သာသနာ့လုပ်ငန်း၏ငွေကြေးအသေးစိတ်ကိုတာဝန်ယူရန်စာရင်းအင်းနားလည်သူတစ်ဦးအားရှာယူ၍ တာဝန်ပေးရပါမည်။ ဤတာဝန်များကိုထမ်းဆောင်မည့်သူများအား သင်တန်းပေးရန်အတွက် လိုအပ်သည့်ပစ္စည်းတန်ဆာပလာများတို့ကို ပြင်ဆင်ပေးကြရမည်။ Review and Herald, Oct. 5, 1905. [Ev 92.1]

–ဝ–

tcef; (5)

{0Ha*vdw&m;yGJtpnf;ta0;rsm;twGuf

pDpOfaqmif&Gufjcif;

## စည်းစနစ်များနှင့်အဖွဲ့အစည်း

**ကြီးမားသောအလုပ်တစ်ခုကို အနည်းငယ်သောငွေကြေးဖြင့်ဆောင်ရွက်ခြင်း –** ဘုရားရှင်လုပ်ငန်း၏ထိရောက်သည့်ပုံစံသည် နည်းလမ်းရိုးရိုးဖြင့် ကျွန်ုပ်တို့၏ကမ္ဘာ၌ အကြီးမားဆုံးသောအလုပ်ကိုပြီးမြောက်စေပါသည်။ ဘုရားရှင်၏စီမံကိန်းသည် အုပ်ချုပ်ရေးအစိတ်အပိုင်းအားလုံး တစ်ခုပေါ်တစ်ခုအမှီပြုရမည်ဖြစ်ပြီး ဘီးတစ်ဘီးကောင်းမွန်စွာလည်ပတ်သကဲ့သို့ လုံးလုံးညီညာစွာလုပ်ဆောင်ရမည်။ လူ့အင်အားကိုအသုံးပြုပြီး မမြင်ရသောကြိုးကို သူ၏ဝိညာဉ်တို့ထိခြင်းအားဖြင့် စကြဝဠာတစ်ခုလုံးသို့ အသံတုန်လှုပ်သွားပါသည်။ Manuscript 22, 1897. [Ev 93.1]

**စနစ်တကျဖြင့်စည်းလုံးစွာဆောင်ရွက်ခြင်း၏အောင်မြင်မှုရလဒ် –** ဘုရားသခင်သည် စည်းစနစ်ရှိသောဘုရားဖြစ်သည်။ ဆက်နွှယ်လျက်ရှိသောအရာခပ်သိမ်းတို့သည် စည်းစနစ်ပြည့်စုံလျက်ရှိသည်။ နာခံမှုနှင့်စည်းစနစ်တကျရှိခြင်း၏အောက်၌ ကောင်းကင်တမန်များလှုပ်ရှားကြပါသည်။ အောင်မြင်ခြင်းကို စည်းစနစ်နှင့်ညီညွတ်သောဆောင်ရွက်မှုဖြင့်ရရှိပါသည်။ ယခင်ကာလသရေလအချိန်ထက်မနည်း ယခုဘုရားသခင်သည် မိမိ၏အလုပ်၌ စည်းကမ်းနှင့်စနစ်ရှိရန်တောင်းဆိုပါသည်။ သူ့အတွက်အမှုထမ်းသောသူအားလုံး ကပြက်ကချော်၊ ပရမ်းပတာဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ ပညာသတိဖြင့် သူ၏အမှုတော်ကိုဆောင်ရွက်ကြရမည်။ သူ၏ထောက်ခံချက်ကို သူအသိအမှတ်ပြုရန် သူ၏အလုပ်ကိုယုံကြည်ခြင်းနှင့် တိကျစွာလုပ်ဆောင်ရပါမည်။ Patriarchs and Prophets, p. 376. (1890)



**စီမံကိန်းအတိုင်းလိုက်လျှောက်ခြင်း –** [မှတ်ချက်– ကောင်းမွန်သောအဖွဲ့အစည်း၏လိုအပ်ချက်နှင့်အကျိုးများသည် အဆိုအမိန့်များစွာအထဲ၌ရှိပြီး တချို့တို့ကို သင်တန်းကျောင်းမန်နေဂျာများသို့ ညွှန်ကြားပြထားပါသည်။ သို့သော် ဤစည်းမျဉ်းများကို လုပ်ငန်းတိုင်းတွင်အသုံးပြုနိုင်ရန် ဤနေရာ၌ထည့်သွင်းထားပါသည်။ –စုစည်းပြုစုသူများ] ကောင်းသောစီမံကိန်းကိုလိုက်၍ စနစ်တကျအလုပ်လုပ်ရန်လိုအပ်သည်။ သင့်လျော်သောအချိန်၌ပြီးစီးအောင်လုပ်ဆောင်နိုင်ရန် မည်သူမျှအလုပ်တစ်ခုကို မည်သို့မည်ပုံစနစ်တကျမည်ကဲ့သို့လုပ်ကိုင်ပြီးအောင်မြင်ခဲ့ကြောင်းမမြင်ရဘဲ အခြားသူများကို သေချာစွာပြောပြ၍မရပါ။ [Ev 94.1]

သက်ဆိုင်သူအားလုံးထံသို့ လွတ်လပ်စွာဖြင့်ကောင်းသောစီမံကိန်းကိုတင်ပြသင့်ပြီး သူတို့နားလည်ကြောင်း သေချာစွာသိရှိသင့်သည်။ ထိုနောက်ဌာနအသီးသီးမှခေါင်းဆောင်များကို ဤစီမံကိန်းအတိုင်းဆောင်ရွက်ရာ၌ ပါဝင်စေရန်တောင်းဆိုပါ။ အကယ်၍ ဤတိကျကောင်းမွန်သောစနစ်ကို သေချာစွာအကောင်အထည်ဖော်ပြီး စိတ်ဝင်စားစွာနှင့်ကောင်းသောသဘောထားဖြင့်ဆက်လက်လုပ်ဆောင်ကြပါက စိတ်ဝင်စားမှုမရှိသည့်စိတ်ဓာတ်ဖြင့်လုပ်ဆောင်ခြင်းနှင့် မလိုအပ်သည့်အခက်အခဲများစွာကို ရှောင်ရှားနိုင်လိမ့်မည်။ Manuscript 24, 1887. [Ev 94.2]

**ကောင်းမွန်စွာနားလည်သောစီမံကိန်းများ –** သင်ဆောင်ရွက်နေသောအလုပ်သည် အတင်းအဓမ္မဆောင်ရွက်ရသောအလုပ်မဟုတ်ပါ။ အကျိုးရရှိစေမည့်ကောင်းမွန်စွာနားလည်သောစီမံကိန်းများအားဖြင့်သာဖြစ်သည်။ Letter 14, 1887. [Ev 94.3]

**ကြိုတင်စဉ်းစားခြင်း၊ စနစ်တကျရှိခြင်းနှင့်ဆုတောင်းခြင်း –** မည်သည့်အလုပ်မဆို သတိမပြုခြင်း၊ ရည်ရွယ်ချက်မရှိခြင်း၊ စိတ်ဝင်စားမှုမရှိခြင်းဖြင့် ဆောင်ရွက်ခြင်းသည်အပြစ်ဖြစ်သည်။ အထူးသဖြင့် ဘုရားသခင်၏အမှုတော်၌ ပို၍အရေးကြီးပါသည်။ ဘုရားသခင်၏အမှုတော်နှင့်ပတ်သက်သော မည်သည့်

လုပ်ငန်းမဆို ကျွန်ုပ်တို့ဆောင်ရွက်ကြသောအခါ ကြိုတင်စဉ်းစားခြင်း၊ ဆုတောင်းခြင်းဖြင့် စနစ်တကျဆောင်ရွက်ကြရမည်။ Review and Herald, March 18, 1884. [Ev 94.4]

**သေချာစွာဖြင့်လျင်မြန်စွာဆောင်ရွက်ခြင်း –** လုပ်ငန်းတစ်ခုကို ကောင်းမွန်သေချာစွာအာရုံပြုပြီး ဂရုတစိုက်မဆောင်ရွက်ပါက ကြီးစွာသောမှားယွင်းမှုကို လွယ်ကူစွာဖြစ်စေနိုင်ပါသည်။ အကယ်၍ ဌာနအမျိုးမျိုးတို့ကိုတာဝန်ယူကြီးကြပ်မည့် ဤလုပ်ငန်းတို့၌ကျွမ်းကျင်သူများမရှိပါက ကျွမ်းကျင်သည်ဖြစ်စေ၊ မကျွမ်းကျင်သည်ဖြစ်စေ လုပ်ဆောင်သောသူတို့သည် အားသွန်ခွန်စိုက်လုပ်ဆောင်ကြသည့်တိုင် အောင်မြင်မှုရှိမည်မဟုတ်ပါ။ လုပ်ငန်းတိုးတက်သည်နှင့်အမျှ မကြာခဏလုပ်ငန်း၏နေ့ရက်ကာလများကို ရွှေ့ဆိုင်းရသောအခြေအနေဖြစ်စေနိုင်သည်။ ဘုရားတရားလုပ်ငန်းဖြစ်စေ၊ လောကီလုပ်ငန်းဖြစ်စေ ဆောင်ရွက်ရမည့်အချိန်၌ မဆောင်ရွက်ကြပါက ကြီးစွာစွန့်စား၍ဆောင်ရွက်သွားခြင်းထက် မဆောင်ရွက်ဘဲနေပါက သာ၍ကောင်းပါလိမ့်မည်။ မည်သည့်ကိစ္စ၌မဆို ဆောင်ရွက်ရန်ရှိသောအလုပ်ကို မှန်သောအချိန်၌မလုပ်ဆောင်ပါက မည်သည့်အခါမျှ ၎င်းလုပ်ငန်းကိုကောင်းမွန်စွာဆောင်ရွက်နိုင်မည်မဟုတ်ပါ။ Manuscript 24, 1887. [Ev 94.5]

**မိမိ၏မှန်သောကဏ္ဍအသီးသီး၌လုပ်ဆောင်ခြင်း –** မိမိတို့၏ဆောင်ရွက်နိုင်သရွေ့နှင့် စွမ်းရည်အပေါ်မူတည်ပြီး ဘုရားသခင်သည် လူတိုင်းတို့အား သူ၏အမှုတော်၌တာဝန်ပေးထားသည်။ ပေးအပ်သောတာဝန်နှင့်ဆီလျော်သည့် ဗဟုသုတရရှိရန် အမှုဆောင်တိုင်းတို့အား ကိုယ်စီသင့်လျော်သည့်တာဝန်ကို ပေးအပ်နိုင်ရန် ကောင်းသောစီမံခန့်ခွဲမှုလိုအပ်ပါသည်။ Letter 45, 1889. [Ev 95.1]

**စည်းကမ်းရှိစစ်သည်တော်များနည်းတူလုပ်ဆောင်ပါ –** ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူအလုပ်လုပ်နေကြသောသူများဖြစ်ကြောင်း သတိရကြပါ။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်ဆန္ဒအလျောက် လုပ်ဆောင်နိုင်စွမ်းမရှိပါ။ ရှေးဣသရေလလူမျိုးများကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘဏ္ဍာစိုးများအဖြစ်ခန့်ထားပြီး စမ်းသပ်လျက်ရှိပါသည်။ သူ၏စည်းစနစ်နှင့်သန့်ရှင်းခြင်းကို မှားယွင်းသောကိုယ်စားများအဖြစ် စည်းမဲ့ကမ်းမဲ့၊ မမှန်မကန်လုပ်ဆောင်ကြသောလုပ်သားတစ်စုအဖြစ် ဖွဲ့စည်းထားခြင်းကို သူအလိုမရှိပါ။ Review and Herald, Oct. 8, 1901. [Ev 95.2]



**စီမံကိန်းနှင့်လုပ်ငန်းအတွက်ထူးခြားသောအသိဉာဏ် –** ထူးခြားသောအသိပညာလိုနေသည်။ တီထွင်စီမံတတ်သည့်စွမ်းရည်နှင့် ညီညွတ်စွာလုပ်ဆောင်ကြရမည်။ လုပ်ဆောင်လေသမျှတို့၌ မိမိတို့၏အကျိုးစီးပွားအတွက် တစ်စုံတစ်ခုမျှရရှိရန်မမျှော်ကိုးဘဲ ရရှိသည့်အောင်မြင်မှုအကျိုးရလဒ်အားလုံးကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အတွက်နှင့် လုပ်ငန်းတိုင်းလျင်မြန်စွာတိုးတက်စေရန်အတွက်သာလျှင် ဖြစ်စေရမည်။ ဤထူးမြတ်သောအခွင့်အရေးသည် အမှုတော်အတွက် မိမိတို့၏ဆက်ကပ်ခြင်းကို မိမိတို့လုပ်ဆောင်သောစွမ်းရည်အားဖြင့် ဖော်ပြရမည်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးစီတို့အား ဘုရားရှင်အလုပ်တာဝန်ပေးထားသည်။ မိမိတို့၏အကျိုးစီးပွားအတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အတွက်ဖြစ်သည်။ Manuscript 25, 1895. [Ev 95.3]

**ပညာသတိဖြင့်စီမံခြင်းသည်အလွန်အကျုံးလုပ်ဆောင်ရန်မလို –** အမှုဆောင်များတို့သည် မိမိတို့၏အလုပ်၌ပို၍လုပ်ဆောင်ရခြင်းကြောင့် မောပန်းနွမ်းနယ်ခြင်းမရှိစေရန် မိမိတို့၏အလုပ်ကို ကောင်းမွန်စွာစီမံတတ်ရန် ကျွန်ုပ်တောင်းဆိုရလိမ့်မည်။ Letter 17, 1902.

## ဧဝံဂေလိအဖွဲ့

**အဖွဲ့များဖွဲ့စည်းရန်လိုအပ်သည် –** ဘုရားရှင်ပြောနေသည်။ "မြို့ထဲသို့ ထိုးဖောက်ပါ။ ခရစ်တော်ကြွလာခြင်းအတွက်ပြင်ဆင်ကြရန် မြို့များအတွင်းရှိ မြို့သူမြို့သားတို့ကိုပြောပါ။" [Ev 96.1]

မြို့များအတွင်းရှိလူများတို့သည် ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်း၏အလင်းကို မကြားရသေးပါ။ ဤနောက်ဆုံးသတိပေးစကားကို မပြောကြားသောသူတို့သည် လာမည့်အချိန်တွင် လွန်စွာဝမ်းနည်းကြရလိမ့်မည်။ ကျွန်ုပ်၏သတင်းစကားသည် "အဖွဲ့ငယ်များကိုဖွဲ့စည်းပြီး မြို့များထဲသို့ဝင်ကြပါ။ စည်းဝေးများအတွက် သင့်လျော်သည့်နေရာကိုရွေးချယ်ပါ။ ကျွန်ုပ်တို့၏ဝေစာများကိုဝေငှပါ။ လူတို့၏စိတ်ကိုဆွဲဆောင်နိုင်ရန် အထူးကြိုးစားဆောင်ရွက်ပါ။" Letter 106, 1910. [Ev 96.2]

**မြို့ကြီးတိုင်း၌အမှုဆောင်များတို့၏တပ်ဖွဲ့** – မြို့ကြီးများထဲ၌ စည်းကမ်းရှိသောအမှုဆောင်များဖြင့် အဖွဲ့များကိုဖွဲ့စည်းပါ။ တစ်ယောက်နှစ်ယောက်မဟုတ်ဘဲ လူစုဖြင့်ဖွဲ့စည်းပြီးလုပ်ဆောင်သင့်ပါသည်။ [Ev 96.3]

အမှုဆောင်များပါဝင်သည့်အဖွဲ့တိုင်း၌ အရည်အချင်းရှိသည့်ခေါင်းဆောင်တစ်ဦး၏ဦးဆောင်မှုအောက်၌ရှိသင့်ပြီး အားလုံးတို့၏စိတ်ထဲ၌မိမိတို့သည် အမြင့်ဆုံးသောအလုပ်ကိုလုပ်ဆောင်နေကြသည့် သာသနာပြုများဖြစ်သည်ဟု ထင်မှတ်သင့်သည်။ ထိုသို့သောစနစ်တကျလုပ်ဆောင်ခြင်း၊ ပညာသတိဖြင့်ဆောင်ရွက်ခြင်းအားဖြင့် ကောင်းချီးမင်္ဂလာနှင့်ပြည့်ဝသောအကျိုးကိုခံစားရလိမ့်မည်။ Medical Ministry, pp. 300, 301. (1892) [Ev 96.4]

**စွမ်းရည်အမျိုးမျိုးလိုအပ်သည်** – ဘုရားသခင်၏အလိုတော်သည် မြို့များအထဲ၌ မတူညီကြသည့်စွမ်းရည်ရှိသော ဝန်ထမ်းများအားလုံးညီညာစွာပူးပေါင်းလုပ်ဆောင်ကြရန်ဖြစ်သည်။ သူတို့လမ်းမလွဲစေရန် လူတို့၏ပညာကိုအမှီမပြုဘဲ အမှုဆောင်အားလုံးတို့သည် ယေရှုခရစ်တော်ကိုသာအာရုံပြုပြီး ကြည့်ရှုကြရမည်။ Testimonies, vol. 9, p. 109. (1909) [Ev 96.5]

**ကောင်းမွန်စွာသင်တန်းရယူသည့်အဖွဲ့များ** – အဖွဲ့ငယ်များဖွဲ့စည်းသင့်ပြီး အဖွဲ့ဝင်များတို့ကို သူနာပြုဆရာမများ၊ သာသနာပြုဆရာများ၊ ဓမ္မဆရာများ၊ ဓမ္မစာပေအမှုဆောင်များ၊ ဧဝံဂေလိကျောင်းသားများအဖြစ် ကောင်းမွန်စွာပညာ



ပေးပြီး အမှုထမ်းစေရမည်။ ဘုရားနှင့်တူသည့်စာရိတ္တကို ပြည့်စုံစေရမည်။ Testimonies, vol. 9, pp. 171, 172. (1909) [Ev 96.6]

**လူများအမှုဆောင်ရန်ဦးဆောင်မှုပြုသူမှချမှတ်ခြင်း** – ဆောင်ရွက်နိုင်သူတိုင်းကို ဆောင်ရွက်စေပါ။ အကောင်းဆုံးခေါင်းဆောင်သည် လုပ်ငန်းကိုမိမိကိုယ်တိုင်သာလျှင်ဆောင်ရွက်ခြင်းမပြုဘဲ အခြားသူများတို့၏လုပ်ဆောင်မှုကိုအများဆုံးရယူသူဖြစ်သည်။ Letter 1, 1883. [Ev 96.7]

## ဆုတောင်းခြင်းနှင့်ပြည့်ဝသောအကြံပေးခြင်းသည်အရေးကြီးခြင်း

**ကိစ္စများကိုအကြံပြုခြင်းနှင့်ဆုတောင်းခြင်းဖြင့်ဖြေရှင်းခြင်း** – တချို့တို့၌စွန့်စားရန်ရှိမည်ဖြစ်ပြီး တချို့သောစွန့်စားမှုများတို့သည် နယ်လုပ်ငန်းကိုထမ်းဆောင်သူများတို့မှ ကြုံတွေ့ရပေလိမ့်မည်။ အချိန်တိုင်း၌ ဌာနချုပ်မှအမိန့်ကိုရရှိရလိမ့်မည်ဟု သူတို့မထင်သင့်ကြပါ။ အခြေအနေအားလုံးအပေါ် သူတို့သည် အကောင်းဆုံးဆောင်ရွက်ကြရလိမ့်မည်။ အရာခပ်သိမ်းတို့၌ အတူတကွတိုင်ပင်ကြပြီး ဘုရားရှင်ထံဆုတောင်းခြင်းများစွာဖြင့် ဘုရားရှင်၏အကူအညီကိုရယူရလိမ့်မည်။ စုပေါင်းကြိုးစားဆောင်ရွက်ခြင်းရှိရလိမ့်မည်။ Letter 14, 1887. [Ev 97.1]

**မကြာခဏတိုင်ပင်ခြင်း** – မြို့ကြီးများအတွင်းသတင်းစကားဟောပြောခြင်းနှင့်ဆက်စပ်ရာတွင် ကွဲပြားသောဆုကျေးဇူးအမျိုးမျိုးရှိသည့်အမှုဆောင်များဖြင့် လုပ်ငန်းအမျိုးမျိုးကိုဆောင်ရွက်ကြရလိမ့်မည်။ တချို့သောသူတို့သည် နည်းလမ်းတစ်မျိုးဖြင့်ဆောင်ရွက်ရမည်ဖြစ်ပြီး အခြားတချို့တို့သည် အခြားသောနည်းလမ်းတစ်မျိုးဖြင့်ဆောင်ရွက်ရလိမ့်မည်။ ဘုရားသခင်နှင့်အတူအမှုဆောင်များကဲ့သို့ သူတို့သည် တစ်ဦးနှင့်တစ်ဦးညီညွတ်စွာဖြင့် အမှုတော်ကိုဆောင်ရွက်ရကြမည်။ မကြာခဏတိုင်ပင်ကြခြင်းနှင့် ကြိုးစားအားထုတ်ကာစိတ်ပါစွာဖြင့် စုပေါင်းဆောင်ရွက်သင့်ကြပါသည်။ သို့သော် အရာခပ်သိမ်းတို့၌

ခရစ်တော်၏အကူအညီကိုရယူကြရမည်။ လူတို့၏လမ်းပြမှုအပေါ်သာလျှင် အမှီမပြုရပါ။ Testimonies, vol. 9, p. 109 (1909) [Ev 97.2]

**ညီအစ်ကိုချင်းအကြံယူကြခြင်း –** အမှုတော်ဆောင်များအနေဖြင့် ခက်ခဲသောကိစ္စများအတွက် အတူတကွတိုင်ပင်လုပ်ဆောင်ရန်လိုသည်။ တစ်ဦးနှင့်တစ်ဦးအကြံရယူသင့်ခြင်းသည် မှန်ကန်ပါသည်။ ဆောင်ရွက်စရာအမှုပြီးသွားသောအခါ အတူတကွဆုတောင်း၍ ဘုရား၏ဉာဏ်တော်နှင့်အကြံပြုခြင်းအတွက် တောင်းခံရန် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးတည်း၏ထိန်းချုပ်မှုအောက်၌ရှိနေမည်ဖြစ်ပါက ဝမ်းနည်းဖွယ်ကောင်းသောအမှားတစ်ခုဖြစ်ပါလိမ့်မည်။ Letter 186, 1907. [Ev 97.3]

**ချို့ယွင်းချက်များထင်ရှားခြင်း –** အမှုထမ်းများ၏အလုပ်၌ အတူတကွတိုင်ပင်ဆွေးနွေးကြရန်သင့်သည်။ မိမိတို့၏ငွေကြေးအားဖြင့်မဟုတ်ပါက မည်သူမျှတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုးစားအာဏာရယူပြီး၊ သူ၏ဆန္ဒအလျောက် ဆောင်ရွက်ခြင်းမပြုရပါ။ ဗဟုသုတမရှိသောသူတစ်ဦး၏လက်ထဲ၌ လုပ်ငန်းကိုအပ်နှံပြီး ဦးဆောင်ခွင့်မပြုရပါ။ မိမိကိုယ်ကိုသင့်လျော်သည်ဟုထင်ကြသော်လည်း ဗဟုသုတကြွယ်ဝခြင်းမရှိသောသူတို့သည် ကြီးလေးသောတာဝန်ကိုထမ်းဆောင်ရန် မသင့်လျော်သောသူများဖြစ်သည်။ သူတို့ကိုယ်တိုင်စွမ်းဆောင်နိုင်သည်ဟုထင်ကြသော်လည်း သူတို့၏ညီအစ်ကိုများတို့သည် သူတို့၏အားနည်းချက်ကို တွေ့မြင်ကြမည်ဖြစ်သည်။ Review and Herald, Dec. 8, 1885. [Ev 97.4]

**ဓမ္မဆရာများအချိန်ယူဆုတောင်းရမည် –** ကျွန်ုပ်တို့၏လူများတို့ကို ဝိညာဉ်များတို့အား ကြိုးစား၍ကယ်ဆယ်ရန်အတွက်ပြောရမည့်အကြောင်း ကျွန်ုပ်ကိုခေါ်ယူပါသည်။ ကျွန်ုပ်တို့အသင်းသားများတို့၏စိတ်နှလုံးသည် ဧဝံဂေလိတရားဟောပြောသူများတို့အတွက် ဆုတောင်းကြရန်ဆန္ဒရှိကြရမည်။ ထို့ပြင်ဓမ္မဆရာများတို့သည် မိမိတို့ကိုယ်တိုင်နှင့် သူတို့ကြည့်ရှုရသောဘုရားသခင်၏



သားသမီးများတို့အတွက် အချိန်ယူဆုတောင်းပေးရကြပါမည်။ Letter 49, 1903. [Ev 98.1]

**ဆုတောင်းခြင်းကာလများခွန်အားဖြစ်စေခြင်း –** အမှုဆောင်များအဖြစ် ဘုရားကိုအတူတကွရှာကြပါစို့။ ကျွန်ုပ်တို့ကိုယ်တိုင် မည်သည့်အရာကိုမျှမပြုလုပ်နိုင်ပါ။ သို့သော် ခရစ်တော်အားဖြင့် အရာအားလုံးကိုပြုလုပ်နိုင်ပါသည်။ ဘုရားရှင်၏ဆန္ဒသည် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးအကူအညီနှင့်ကောင်းချီးမင်္ဂလာဖြစ်စေရန်ဖြစ်ပြီး ဘုရား၌ခွန်အားရှိရန်နှင့် သူ၏ခွန်အား၌တန်ခိုးရရှိရန်ဖြစ်သည်။ ဘုရားသခင်သည် အသက်ရှင်ပြီး စိုးစံတော်မူသည့်အတွက် ကျွန်ုပ်တို့လိုအပ်သည့်အကူအညီအားလုံးကို သူပေးပါလိမ့်မည်။ အချိန်တိုင်း၌ ခွန်အားနှင့်အားပေးမှုကို သူ၏မွန်မြတ်သောကတိတော်ဖြစ်သည့် “ကျွန်ုပ်၏ကျေးဇူးသည် သင့်အတွက်လုံလောက်လျက်ရှိ၏” အပေါ်ရယူရန် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ Historical Sketches, p. 129. (1886) [Ev 98.2]

## ကွဲပြားခြင်းထဲမှစည်းလုံးခြင်း

**မတူညီသောဆုကျေးဇူးများ၌ဘုရားသခင်၏စီမံကိန်း –** ဘုရားသခင်၏အစီအစဉ်အားလုံးအထဲတွင် လူတို့အားကွဲပြားသောဆုကျေးဇူးများကိုချပေးခြင်းထက် ပို၍လှပကောင်းမွန်သောအရာမရှိပါ။ အသင်းတော်သည် သစ်ပင်အမျိုးမျိုး၊ အပင်အနံ့အမျိုးမျိုးနှင့်ပန်းအမျိုးမျိုးအားဖြင့် စီခြယ်ထားသော ဘုရားရှင်၏ဥယျာဉ်ဖြစ်သည်။ အပင်ငယ်များတို့သည် အပင်ကြီးများကိုဖုံးအုပ်ရန်သော်လည်းကောင်း၊ သံလွင်ပင်သည် ထင်းရှူးပင်များတို့ထက်မြင့်ရန်အတွက်သော်လည်းကောင်း သူအလိုမရှိပါ။ အများသောပုဂ္ဂိုလ်တို့သည် အသိတရားနှင့်ဘာသာရေးသင်တန်းအနည်းငယ်သာရရှိကြပါသည်။ သို့သော် အကယ်၍နှိမ့်ချသောစိတ်၊ ဘုရားကိုကိုးစားသောသဘောဖြင့် ကြိုးစားလုပ်ဆောင်ပါက

ဤလူတန်းစားအတွက် ဘုရားရှင်၌အလုပ်ရှိပါသည်။ Letter 122, 1902. [Ev 98.3]

**ပန်းမျိုးစုံကဲ့သို့ခြားနားသောစာရိတ္တများ –** မကုန်ဆုံးနိုင်သောအပင်အနံ့နှင့် ပန်းအမျိုးမျိုးတို့မှ အရေးကြီးသောသင်ခန်းစာကို ကျွန်ုပ်တို့သင်ယူနိုင်ပါသည်။ ဖူးပွင့်လျက်ရှိသောပန်းအားလုံးတို့သည် အရွယ်အစားနှင့်အရောင်မတူကြပါ။ တချို့ကုသမှုပြုနိုင်သည့်တန်ခိုးရှိသည်။ တချို့အမြဲမွှေးကြိုင်လျက်ရှိသည်။ ခရစ်ယာန်အားလုံးတို့ကို သူတို့နှင့်တူအောင်ပြုလုပ်ရမည့်တာဝန်ရှိသည်ဟုထင်ကြသော ယုံကြည်သူခရစ်ယာန်များရှိကြပါသည်။ ဤထင်မြင်ချက်သည် လူ၏စီမံကိန်းဖြစ်သည်။ ဘုရားသခင်၏စီမံကိန်းမဟုတ်ပါ။ ဘုရားသခင်၏ အသင်းတော်တွင် ဥယျာဉ်များအထဲ၌ရှိနေသည့်ပန်းများကဲ့သို့ ခြားနားသော စာရိတ္တအမျိုးမျိုးအတွက် နေရာရှိပါသည်။ သူ၏ဝိညာဉ်ရေးဥယျာဉ်ထဲ၌ ကွဲပြားသည့်ပန်းအမျိုးပေါင်းများစွာရှိသည်။ Letter 95, 1902. [Ev 99.1]

**စိတ်ထားနှင့်အတွေးအခေါ်များအထဲ၌ခြားနားခြင်း –** မတူညီကြသောစိတ်ဓာတ်၊ အတွေးအခေါ်များ၊ စိတ်တစ်လုံးတစ်ဝတည်းဖြစ်ရန်၊ အမှန်တရားသို့ဝိညာဉ်များပြောင်းလဲပြီး လူအားလုံးတို့ကိုကပ်တိုင်သို့ပို့ဆောင်ရန်ဖြစ်သည်။ Letter 31, 1892. [Ev 99.2]

**အထူးလုပ်ငန်းအတွက်အထူးစွမ်းရည်များ –** အမှုဆောင်တစ်ဦးသည် စကားပြောကောင်းသောသူ၊ အခြားတစ်ဦးသည် စာရေးတော်သောသူ၊ အခြားတစ်ဦး၌ရိုးသားကြိုးစား၍ လုံ့လဝီရိယဖြင့်ဆုတောင်းသောသူ၊ အခြားသောသူသည် အဆိုကျော်၊ အခြားသောသူသည် နှုတ်ကပတ်တော်ကိုရှင်းလင်းစွာရှင်းပြနိုင်သူအစရှိသဖြင့် အမျိုးမျိုးဆုကျေးဇူးတစ်ခုစီတို့သည် ဘုရားသခင်၏တန်ခိုးဖြစ်လာရပါမည်။ အကြောင်းမှာ ဘုရားသခင်သည် အမှုထမ်းများနှင့်အတူအလုပ်လုပ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် တစ်ယောက်သောသူအား ဉာဏ်ပညာ၊ တစ်ယောက်သောသူအားထိုးထွင်းဉာဏ်၊ တစ်ယောက်သောသူအား ယုံကြည်ခြင်းပေးပါ၏။ သို့သော် အားလုံးတို့သည် ခေါင်းတစ်ခုတည်း



အောက်၌ အလုပ်လုပ်ကြရပါမည်။ ကွဲပြားသောဆုကျေးဇူးများတို့သည် ကွဲပြားသောလုပ်ရှားမှုပြုရကြပါမည်။ သို့သော် "ခပ်သိမ်းသောသူတို့၌ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တစ်ပါးတည်းရှိ၏" ၁ကော ၁၂း၆။ [Ev 99.3]

ဘုရားသခင်၏ဆန္ဒသည် သူရွေးချယ်ထားသောအမှုဆောင်များ အတူတကွစည်းလုံးစွာအလုပ်လုပ်ကြရန်ဖြစ်သည်။ အချို့သောအမှုဆောင်များ တို့သည် မိမိတို့ရရှိသောဝိညာဉ်ဆုကျေးဇူးများ တစ်ဦးနှင့်တစ်ဦးများစွာကွာခြားခြင်းကြောင့် အတူတကွညီညွတ်စွာပူးပေါင်း၍ အလုပ်ကိုလုပ်ကြရန်မဖြစ်နိုင်ပါဟုထင်ကြပါသည်။ သို့သော် မတူညီကြသောစိတ်ဓာတ်ရှိသူတို့အား ဟောပြောရာ၌ အမှုဆောင်တစ်ဦး၏ဆောင်ရွက်ခြင်းကို ကြားနာသိရှိရသူတစ်ဦး မှငြင်းပယ်ပြီး၊ ထိုငြင်းပယ်သောသူသည် အခြားအမှုဆောင်တစ်ဦး၏ဆောင်ရွက်ပုံနှင့်ဟောပြောခြင်းကိုလက်ခံကြောင်း သူတို့နားလည်သဘောပေါက်သည့်အခါ သူတို့သည် အတူတကွလက်တွဲလုပ်ဆောင်နိုင်ကြပေလိမ့်မည်။ သူတို့၏ စွမ်းရည်သတ္တိနှင့်ရရှိသောဆုကျေးဇူးသည် မည်ကဲ့သို့ခြားနားစေကာမူ ဝိညာဉ်တစ်ခုတည်း၏အောက်၌ ထိန်းချုပ်ခြင်းခံနေရပါသည်။ ပြောဆိုဆောင်ရွက်လေသမျှတို့၌ ကြင်နာခြင်းနှင့်မေတ္တာပေါ်လွင်ရမည်ဖြစ်ပြီး တစ်ဦးစီ၏တာဝန်ကို သစ္စာရှိစွာဖြင့်ထမ်းဆောင်ခြင်းကြောင့် တပည့်တော်များစည်းလုံးခြင်းအတွက် ခရစ်တော်၏ဆုတောင်းချက်ပြည့်စုံမည်ဖြစ်သည်။ ကမ္ဘာမှလည်း ထိုသူတို့အား ခရစ်တော်၏တပည့်တော်များဖြစ်ကြောင်း သိရှိရလိမ့်မည်။ [Ev 99.4]

မြို့ကြီးများရှိအမှုတော်ဆောင်များတို့၌ ဆောင်ရွက်ရန်လုပ်ငန်းများစွာရှိသည်။ အကောင်းဆုံးအကျိုးရရှိရန် ကြိုးစားကြရမည်။ သူတို့သည် ယုံကြည်ခြင်းအကြောင်းကိုပြော၍ ဆောင်ရွက်မှု၌ သူတစ်ပါးတို့၏စိတ်ကိုဆွဲဆောင်နိုင်ရမည်။ မိမိတို့၏အတွေးအခေါ်အားဖြင့် လုပ်ငန်းကိုထိခိုက်မှုမဖြစ်စေရပါ။ ယခင်အချိန်၌ ဤကဲ့သို့ကြိမ်ပေါင်းများစွာဆောင်ရွက်ခဲ့သောကြောင့် အမှုတော်၌အောင်မြင်မှုမရှိခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၌ ခြားနားသောလမ်းစဉ်များ

ရှိကြောင်းနှင့် သူယုံကြည်စိတ်ချရသော ခြားနားသည့်မတူညီသောဆုကျေးဇူး ရရှိသည့် အမှုဆောင်များရှိကြောင်းသတိရပါ။ Testimonies, vol. 9, pp. 144-146. (1909) [Ev 100.1]

**အမှုဆောင်များကွဲပြားရန်မာရ်နတ်၏ကြိုးစားမှုများ –** မြို့ပေါ်ရှိလူထုများအတွက် ကျွန်ုပ်တို့စတင်၍အမှုထမ်းကြသည်နှင့်အမျှ ကျွန်ုပ်တို့၏ဆောင်ရွက်မှုအင်အားကိုဖျက်ဆီးရန်မျှော်လင့်လျက် မာရ်နတ်သည် အစွမ်းကုန်ရှုပ်ထွေးစေလိမ့်မည်။ ကောင်းမွန်စွာပြောင်းလဲခြင်းမရှိသောသူတို့သည် မာရ်နတ်၏အကြံပြုခြင်းကို ဘုရားရှင်၏ဝိညာဉ်တော်ပို့ဆောင်သကဲ့သို့ထင်ပြီး လိုက်ပါသွားနိုင်သည့် အန္တရာယ်အမြဲရှိနေပါသည်။ ဘုရားရှင်ကျွန်ုပ်တို့အား အလင်းပေးထားသည်နှင့်အမျှ အလင်းထဲ၌လျှောက်လှမ်းကြပါစို့။ Manuscript 13, 1910. [Ev 100.2]

**မာရ်နတ်၏စီမံကိန်းများကိုသတိထားခြင်း –** အမှုတော်ကိုထမ်းရွက်သောသူအားလုံးတို့၌ စိတ်ဓာတ်ခြင်းမတူညီကြပါ။ သူတို့သည် ပညာ၌သော်လည်းကောင်း၊ သင်တန်းရယူရာ၌သော်လည်းကောင်း မတူကြပါ။ ထို့ကြောင့် စာရိတ္တခြားနားကြသောကြောင့် နေ့စဉ်ပြောင်းလဲသူများမဖြစ်ကြပါက ရည်ရွယ်ချက်များခြားနားခြင်းနှင့် အမှုတော်ကိုဆောင်ရွက်ကြမည်မှာ သေချာပါသည်။ [Ev 100.3]

**မာရ်နတ်သည်နေ့စဉ်လုပ်ဆောင်ရန်သူ၏စီမံကိန်းရှိသည် –** နည်းလမ်းအမျိုးမျိုးဖြင့် ယေရှုခရစ်တော်အတွက်သက်သေခံသောသူများတို့၏လမ်းကို ကာဆီးလျက်ရှိသည်။ ယခုအကယ်၍လှုပ်ရှားလျက်ရှိသော ယေရှု၏ကိုယ်စားလှယ်များတို့သည် ယေရှုထံသည်းခံ၊ နှိမ့်ချ၊ နူးညံ့သိမ်မွေ့သောသဘောမရရှိပါက မာရ်နတ်လက်တွင်းသို့ ရောက်ရှိကြမည်ဖြစ်သည်။ မာရ်နတ်သည် လိမ္မာပါးနပ်စွာဖြင့် အမြဲစောင့်နေသောကြောင့် အမှုဆောင်များတို့သည် အကယ်၍ဆုတောင်းခြင်းမရှိခဲ့ပါက မထင်မမှတ်သောအချိန်၌ သူတို့ကိုအနိုင်ယူလိမ့်မည်။ ညအချိန်သူခိုးလာသကဲ့သို့ သူတို့ကိုတိတ်တဆိတ်ဆောင်ယူသွားပြီး သူ၏ကျွန်များ



ဖြစ်စေလိမ့်မည်။ ထိုနောက် အမှုဆောင်တစ်ဦးစီတို့၏စိတ်နှလုံးထဲ၌အလုပ်လုပ်ပြီး သူတို့တစ်ဦးစီ၏အတွေးအခေါ်နှင့်အကြံအစည်များကို ညစ်ညူးစေပြီး၊ ၎င်းအန္တရာယ်ကို တစ်ပါးသူထံကြားသိရသောအခါ တစ်ဦးတစ်ယောက်မှ သူတို့ကိုထိခိုက်ဒဏ်ရာပေးနေပြီး သူတို့၏ဩဇာကိုအားနည်းစေရန် ကြိုးစားနေကြောင်းခံစားရလိမ့်မည်။ ထိုအခါသူတို့သည် အမှုတော်လုပ်ငန်းကို တစ်မျိုးစီဆောင်ရွက်ကြလိမ့်မည်။ [Ev 101.1]

လုပ်ငန်းရပ်တန့်ခြင်း၊ မှားယွင်းသောလုပ်ဆောင်ခြင်းကြောင့် မာရ်နတ်ဝမ်းသာလိမ့်မည်။ အကယ်၍ အမှုဆောင်များတို့သည် ကိုယ်ကျိုးကိုမငဲ့၊ ဂရုပြုခြင်းမရှိ၊ မကောင်းသောသိက္ခာကိုသိုထားခြင်းမပြုပါက ကောင်းသောအလုပ်နှင့်ပို၍ကြီးကျယ်သောအလုပ်ကို မိမိတို့၏ပေါင်းစည်းထားသည့်ကောင်းသောစာရိတ္တဖြင့် လုပ်ဆောင်နိုင်ကြပါလိမ့်မည်။ သူတို့၏ခရစ်တော်၌စည်းလုံးသော မတူညီကြသည့်စွမ်းရည်သည် သူတို့၏အသုံးဝင်သောတန်ခိုးဖြစ်ပါလိမ့်မည်။ အကယ်၍ စပျစ်နွယ်ပင်၏မတူညီကြသောအကိုင်းအသီးသီးတို့သည် ပင်မကြီးနှင့်ဆက်သွယ်သကဲ့သို့ ဆက်သွယ်ခဲ့ပါက များစွာသောအသီးကိုသီးပါလိမ့်မည်။ သူတို့၏ကွဲပြားခြင်းသည် လုံးလုံးတူညီရပါလိမ့်မည်။ အကြောင်းမှာ ပင်မကြီးမှခွန်အားရရှိနိုင်ခြင်းကြောင့်သာဖြစ်သည်။ [Ev 101.2]

အမှုဆောင်များ၌ရှိနေသည့် စည်းလုံးခြင်းလိုအပ်နေခြင်းကို ဘုရားသခင်မနှစ်သက်ပါ။ မိမိတို့၏လမ်းစဉ်အတိုင်း လုပ်ငန်းကိုဆောင်ရွက်ကြသောကြောင့် သူ၏သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းခြင်းပြု၍မရပါ။ ဘုရားသခင်၏လမ်းကိုသာလိုက်ရကြမည်။ မာရ်နတ်နှင့်သူ၏ဆိုးသွမ်းသောအဖွဲ့ထံမှ ကြီးစွာသောစိတ်ဓာတ်ကျစရာယူဆောင်လာမည်။ သို့သော် “သင်တို့အားလုံးညီအစ်ကိုများဖြစ်သည်။” သင်တို့တစ်ဦးစီ၏မဖြူစင်သောစာရိတ္တအားဖြင့် တစ်ယောက်နှင့်တစ်ယောက်စိတ်ဓာတ်ကျစေပါက သင်တို့အနေဖြင့် ဘုရားသခင်ကိုပြစ်မှားရာရောက်ပါလိမ့်မည်။ Letter 31, 1892.

**အတူတကွလုပ်ဆောင်ပါ၊ အတူတကွလုပ်ဆောင်ပါ** – ကိုယ့်ကိုကိုယ်ချစ်ခြင်း၊ ဝါကြွားခြင်း၊ မိမိကိုယ်ကိုယုံကြည်စိတ်ချခြင်းတို့သည် ဘာသာရေးလောက၌ အကြီးမားဆုံးသောစုံစမ်းခြင်းများနှင့် ကွဲပြားမှုများတို့၏အခြေခံအုတ်မြစ်ဖြစ်သည်။ တစ်ကြိမ်ပြီးတစ်ကြိမ် ကျွန်ုပ်အားကောင်းကင်တမန်ပြောသည်မှာ၊ "တစ်သဘောတည်း၊ ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် အတူတကွလုပ်ဆောင်ပါ၊ အတူတကွလုပ်ဆောင်ပါ။" ခရစ်တော်သည် သင်တို့၏ခေါင်းဆောင်ဖြစ်သည်။ သင်တို့သည် ညီအစ်ကိုချင်းဖြစ်ကြသည်။ သူ့နောက်သို့လိုက်ပါ။ Letter 4, 1890. [Ev 102.1]

**ရာထူးမက်မောခြင်းအတွက်ခိုက်ရန်ဖြစ်ပွားခြင်း** – ယုံကြည်စိတ်ချမှု၌ အတူတကွဆက်စပ်ခြင်း၊ သန့်ရှင်းမွန်မြတ်သောမေတ္တာတရား၌ချည်နှောင်ထားခြင်းဖြင့် ညီအစ်ကိုတို့သည် ဖြစ်နိုင်ခြေရှိသောအကူအညီတို့ကို ညီအစ်ကိုတစ်ယောက်နှင့်တစ်ယောက်ထံမှရရှိနိုင်ပေသည်။ [Ev 102.2]

ရာထူးမက်မောသောစိတ်ဓာတ်ကို သိမှီးသောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်နိုင်မည်မဟုတ်ပါ။ အခြားသောအမှုဆောင်တစ်ဦးဝေဖန်၍အပြစ်ရှာသော ဝန်ထမ်းတစ်ဦး၏စိတ်ထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်းကိန်းအောင်း၍မရပါ။ အကြောင်းမှာ၊ သူအကောင်းဆုံးထင်သည့်အတိုင်း အခြားသူဆောင်ရွက်မည်မဟုတ်ဟုသူယူဆပြီး၊ သူတစ်ပါးသူ့ကိုချီးမွမ်းမည်မဟုတ်ဟုလည်း သူယူဆသောကြောင့်ဖြစ်သည်။ မိမိ၏ညီအစ်ကိုများကိုဝေဖန်ပြီး အပြစ်တင်သောသူအား မည်သည့်အခါမျှဘုရားကောင်းချီးပေးမည်မဟုတ်ပါ။ ဤအလုပ်သည် မာရ်နတ်၏အလုပ်ဖြစ်ပါသည်။ Manuscript 21, 1894. [Ev 102.3]

**အခြားသူတို့၏ဆုကျေးဇူးကိုတန်ဖိုးထားခြင်း** – ကျွန်ုပ်၏ညီအစ်ကိုတို့၊ ခရစ်တော်၏ထမ်းပိုးကို ကြိုးစား၍သယ်ပိုးပါ။ သင်၏ဝိညာဉ်ရေးစိတ်နေမြင့်ခြင်းအရပ်မှဆင်းလာပြီး နှိမ့်ချခြင်းစိတ်သဘောကိုမွေးမြူပါ။ အပြစ်ပြောဆိုတတ်သောအရာအားလုံးကိုစွန့်လွှတ်ပြီး သင်၏ညီအစ်ကိုတို့အား ဘုရားရှင်



ပေးထားသောဆုကျေးဇူးများ၏တန်ဖိုးကို တွေ့မြင်လိုသောဆန္ဒရှိပါ။ Letter 125, 1903. [Ev 102.4]

**စိတ်သဘောထားခြားနားသော်လည်းဝိညာဉ်တော်၌စည်းလုံးခြင်း** – ကျွန်ုပ်တို့၏အိမ်၌ ကွဲပြားခြင်းမရှိ၊ သည်းမခံနိုင်သောစကားမကြားရပါ။ ကျွန်ုပ်၏အမှုဆောင်များသည် စိတ်သဘောထားခြားနားကြပြီး သူတို့၏လမ်းနှင့်နေထိုင်ပုံမတူညီကြပါ။ သို့သော် ကျွန်ုပ်တို့သည် လှုပ်ရှားမှု၌ညှိနှိုင်းခြင်းရှိကြပြီး ဝိညာဉ်ရေး၌စည်းလုံးစွာရပ်တည်လျက်ရှိသည်။ တစ်ယောက်နှင့်တစ်ယောက်ကူညီအားပေးရန် ရှာဖွေကြသည်။ မတူညီကြသည့်စိတ်နေစိတ်ထားကြောင့်ဤကဲ့သို့သာကွဲပြားနေမည်ဖြစ်ပါက မည်သည့်အကျိုးကိုမျှခံစားရကြမည်မဟုတ်ကြောင်း ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားငယ်သမီးငယ်များဖြစ်ကြပြီး မည်ကဲ့သို့အသက်ရှင်ရမည်ကို သူ့အားကျွန်ုပ်တို့တောင်းလျှောက်သည်။ ကျွန်ုပ်တို့စိတ်ကျေနပ်ချမ်းသာရန်နှင့် မိမိတို့၏လမ်းအတိုင်းလျှောက်လှမ်းရန်မဟုတ်ပါ။ ဘုရားရှင်နှစ်သက်စေရန်နှင့် သူ၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက်ဖြစ်သည်။ Letter 252, 1903. [Ev 102.5]

## ပုဂ္ဂိုလ်တစ်ဦး၏စနစ်ထက်ပို၍ခွင့်ပြုခြင်း

**ဆုကျေးဇူးအမျိုးမျိုးပေါင်းစည်းခြင်း** – ကျွန်ုပ်တို့တစ်ယောက်နှင့်တစ်ယောက်ပေါင်းသင်းဆက်ဆံကြရာ၌ ကျွန်ုပ်တို့သည် စွမ်းရည်နှင့်ဗီဇချင်းမတူညီကြကြောင်း သတိရကြရမည်။ အမှုဆောင်များတို့သည် အကြံအစည်နှင့်အတွေးအခေါ်ခြားနားကြပါသည်။ အမျိုးမျိုးသောဆုကျေးဇူးများကိုပေါင်းစည်းခြင်းသည် လုပ်ငန်းအောင်မြင်ရန်အတွက် လိုအပ်သောအရာဖြစ်သည်။ လူတစ်ဦးသည် အခြားသောသူများတို့ထက် အောင်မြင်စွာခေါင်းဆောင်မှုပြုနိုင်သည်ကို သတိရပါ။ အထူးသောလုပ်ငန်းကို အောင်မြင်စွာထမ်းဆောင်နိုင်သောအမှုဆောင်တစ်ဦးသည် သူ့ကဲ့သို့မဆောင်ရွက်နိုင်သောအမှုဆောင်တို့အား အပြစ်

မတင်သင့်ပါ။ သူတို့အသီးသီးအောင်မြင်စွာလုပ်ဆောင်နိုင်သည့် သူမဆောင်ရွက်နိုင်သောအလုပ်တစ်ခုမျှမရှိဟု ကျွန်ုပ်တို့ပြောနိုင်ကြမည်လား။ [Ev 103.1]

သူ၏အမှုတော်အတွက်လိုအပ်သောကြောင့် ဘုရားသခင်သည် သူ၏အမှုတော်ဆောင်တို့အား ဆုကျေးဇူးအမျိုးမျိုးကိုပေးထားခြင်းဖြစ်သည်။ မတူညီသည့်လုပ်ငန်းအစိတ်အပိုင်းများကို တစ်ခုစီယူဆောင်လာကာ ပြည့်စုံသောလုပ်ငန်းတစ်ခုအဖြစ်သို့ရောက်သွားပါသည်။ အဆောက်အဦတစ်ခု၏အစိတ်အပိုင်းအားလုံးမတူညီကြပါ။ နည်းလမ်းတစ်ခုတည်းဖြင့်ထုတ်လုပ်သောပစ္စည်းများမဟုတ်ပါ။ ထိုနည်းတူ ဘုရားရှင်၏လုပ်ငန်းလမ်းကြောင်းများအားလုံးမတူကြပါ။ အားလုံးကိုလည်း ပုံစံတစ်မျိုးတည်းဖြင့် တိတိကျကျဆောင်ရွက်ရမည်မဟုတ်ပါ။ Letter 116, 1903.

**ပုဂ္ဂိုလ်တစ်ဦး၏ဆုကျေးဇူးဖြင့်မလုံလောက်ပါ –** လူတစ်ယောက်သည် မိမိ၏တစ်ဦးရရှိသည့်ဆုကျေးဇူးဖြင့် ဘုရားရှင်၏လုပ်ငန်းကိုဆောင်ရွက်ရန် လုံလောက်သည်ဟု မထင်ပါစေနှင့်။ တရားပွဲအစီအစဉ်တစ်ခုလုံးကို သူတစ်ယောက်တည်းပြည့်ပြည့်စုံစုံဆောင်ရွက်၍မရပါ။ သူ့နည်းလမ်းကောင်းမည်ဖြစ်သော်လည်း အခြားဆုကျေးဇူးများလိုအပ်ပါသည်။ အမှုတော်လုပ်ငန်းကို ခိုင်မာစွာစနစ်တကျဆောက်တည်နိုင်ရန် ဆုကျေးဇူးအမျိုးမျိုးနှင့်ခြားနားသောကိုယ်စားလှယ်အားဖြင့် အားလုံးကို ဘုရားရှင်၏လမ်းညွှန်မှုအောက်၌ဆောင်ရွက်ရပါမည်။ အမှုဆောင်များတို့ကို မိမိတို့၏စွမ်းရည်ရှိသည့်အလျောက်သူညွှန်ကြားသွားပါလိမ့်မည်။ လုပ်ငန်းတစ်ခုလုံးညီညွတ်ရန်အတွက် တစ်ဦးကိုတစ်ဦးအားပေး၍ ညီညွတ်စွာဆောင်ရွက်ရန်လိုအပ်ပါသည်။ ဝန်ထမ်းတစ်ဦးစီအား ဘုရားရှင်ချပေးသောတာဝန်ကို လုပ်ဆောင်ကြရမည်။ သင့်လျော်သောတာဝန်ကိုဖြည့်စွက်ရမည်။ အခြားအမှုဆောင်၏လိုအပ်ချက်ရှိပါကလည်း ပံ့ပိုးပေးရပါမည်။ အမှုဆောင်တစ်ဦးအား တစ်ဦးတည်းလုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းအားလုံးပြီးစီးမည်ဟုထင်မှတ်ခြင်းသည် အန္တရာယ်ရှိသည်။ [Ev 104.1]





အမှုဆောင်များစည်းလုံးခြင်းရှိသောနေရာတွင် အတူတကွတိုင်ပင်လုပ်ဆောင်ရန်၊ အတူတကွဆုတောင်းကြရန် အခွင့်အရေးရှိပါသည်။ မည်သူမျှသူတစ်ပါးလုပ်သည့်နည်းတူ တစ်ပုံစံတည်းသူတို့မလုပ်နိုင်သည့်အတွက် သူတို့၏ညီအစ်ကိုများတို့နှင့်အတူလက်တွဲ၍ အလုပ်မလုပ်နိုင်ဟုမထင်သင့်ပါ။ Special Testimonies, Series A, No. 7, pp. 14, 15. (1874) [Ev 104.2]

**တစ်ဦးအားနည်းသည့်နေရာ၌တစ်ဦးအားရှိသည် –** ဘုရားသခင်သည် အမျိုးမျိုးစွမ်းဆောင်နိုင်သော ဓမ္မအမှုဆောင်များတို့ကို သိုးခြံထဲရှိမိမိ၏သိုးများအတွက် သင့်လျော်သောအစာကိုကျွေးနိုင်ရန် လှုပ်ရှားနေပါသည်။ သူတို့သည် အချက်အလက်များဖြင့် အမှန်တရားကို သူတို့၏ညီအစ်ကိုများမလိုအပ်သည်ဟုထင်သည့်အရာများကို ဖော်ပြပါလိမ့်မည်။ သိုးစုများအားကြည့်ရှုရသောအလုပ်အားလုံးကို လူတစ်ဦးလက်ထဲသို့လုံးလုံးအပ်နှံခြင်းသည် အကျိုးအနည်းငယ်သာရှိမည်။ သူ၏ပြင်ဆင်မှု၌ ဘုရားသခင်သည် အမျိုးမျိုးသောအမှုဆောင်များကိုစေလွှတ်သည်။ လိုအပ်သောတချို့လုပ်ငန်း၌ ခွန်အားကြီးသောသူ၊ အခြားအလုပ်များ၌အားနည်းသောသူ အစရှိသဖြင့် ပြင်ဆင်ပေးပါသည်။ Manuscript 21, 1894. [Ev 104.3]

**ဘီးများကိုမတားထားပါနှင့် –** တချို့သောသူတို့၏စိတ်ဓာတ်သည် လုပ်ငန်းကိုလိုက်၍မမီဘဲ လုပ်ငန်းသည် သူတို့ထက်ပို၍များစွာကျော်လွန်နေပါသည်။ ကြီးမားတိုးတက်သည့်လုပ်ငန်းတောင်းဆိုမှုအပေါ် မိမိတို့ကိုယ်ကိုမချင့်ချိန်အသုံးမခံတတ်ပါက ဘီး၏လည်ပတ်မှုကိုတားဆီးရန်မသင့်ပါ။ အခြားလူတို့၏တိုးတက်ခြင်းကိုလည်းအတားအဆီးဖြစ်စေပါလိမ့်မည်။ Letter 45, 1889. [Ev 104.4]

**စနစ်ကိုတိုးတက်စေရမည် –** ပုံသေဥပဒေကိုမထားရှိစေရပါ။ ကျွန်ုပ်တို့၏လုပ်ငန်းသည် တိုးတက်သောလုပ်ငန်းဖြစ်သောကြောင့် ကောင်းသောနည်းစနစ်များကို လက်ခံအသုံးပြုရန်လိုအပ်ပါသည်။ သို့သော် ဝိညာဉ်တော်ပို့ဆောင်ခြင်းအားဖြင့် စည်းလုံးမှုအမြဲရှိစေရမည်။ Review and Herald, July 23, 1895. [Ev 105.1]

**လွန်ခဲ့သောအချိန်နှင့်မတူသောစနစ်များ –** လူတို့၏စိတ်နှလုံးကိုဆွဲဆောင်နိုင်မည့်နည်းလမ်းများကို တီထွင်ရမည်။ ယခုအသုံးပြုနေသောစနစ်သည် ယခင်အသုံးပြုခဲ့သည့်စနစ်နှင့် ခြားနားပေလိမ့်မည်။ သို့သော် ဤကဲ့သို့ဆောင်ရွက်ခြင်းကြောင့် မည်သူမျှတားဆီးခြင်း၊ ဝေဖန်ခြင်းမပြုကြပါစေနှင့်။ Review and Herald, Sept. 30, 1902. [Ev 105.2]

**စနစ်ဟောင်း၌အသစ်သောအသက်တာ –** ဉာဏ်ပညာအတွက်ဘုရားရှင်ထံတောင်းလျှောက်သောသူများ၊ ဘုရားရှင်၏ပို့ဆောင်မှုအောက်၌ စနစ်ဟောင်းတွင် မိမိ၏အသက်တာအသစ်ကိုထားရှိပြီး အသင်းသူအသင်းသားတို့ကိုနိုးကြားစေနိုင်၍ ကမ္ဘာပေါ်ရှိလူသားများတို့ကိုလည်း ထိုးဖောက်စေနိုင်သည့်အသစ်သောစီမံကိန်းနှင့်နည်းလမ်းများကို တီထွင်နိုင်သောလူများတို့ကို ဘုရားရှင်အလိုရှိလျက်နေပါသည်။ Manuscript 117, 1907. [Ev 105.3]

**စီမံကိန်းတစ်မျိုးတည်းဖြင့်ဘုရားတန်ခိုးကိုကန့်သတ်ခြင်း –** မည်သူမျှအသုံးမပြုနိုင်သည့် လူတစ်ဦးတည်းမှချမှတ်သောစီမံကိန်းမျိုးကို အသုံးမပြုသင့်ပါ။ ဘုရားသခင်နှစ်သက်သောနည်းလမ်းမဟုတ်ပါ။ လူတစ်ယောက်သည် မိမိတစ်ဦးတည်းသောစီစဉ်ဆောင်ရွက်မှုကြောင့် အသင်းတော်တိုးတက်လိမ့်မည်။ မိမိ၏တစ်ဦးတည်းသောစွမ်းဆောင်မှုကြောင့် ကြီးမားသောဘုရားရှင်၏လုပ်ငန်းကို ပြီးစီးစေလိမ့်မည်ဟုထင်မှတ်ခြင်းသည် ဤလောက၌ဘုရားရှင်၏ရည်ရွယ်ချက်ပြည့်စုံရန် ဘုရားရှင်၏တန်ခိုးကိုကန့်သတ်ခြင်းဖြစ်သည်။ [Ev 105.4]

ပြောင်းလဲခြင်းတန်ခိုးကိုလိုအပ်သည့်ပုဂ္ဂိုလ်တို့အတွက် အမှန်တရားကိုသိရှိရန်ယူဆောင်လာသော ခရစ်တော်၏လွယ်ကူသည့်နည်းလမ်းကို အသုံးပြုသောသူတို့အား ဘုရားသခင်အလိုရှိသည်။ သို့သော် သတင်းစကားကြွေးကြော်ရာ၌ အမှုဆောင်များကြိုးစားလိုက်လျှောက်ရန် သေချာစွာချမှတ်ထားသောစည်းကမ်းတစ်ခုကို အမှုဆောင်အများစုမှအသုံးပြုနိုင်ရန် ကန့်သတ်ထားပါသည်။ Letter 404, 1907.

**ချောက်လမ်းကိုရှောင်ပါ –** ဘုရားအမှုဆောင်များတို့သည် နည်းမျိုးစုံဖြင့်အမှုဆောင်သူများဖြစ်ရမည်။ ဗဟုသုတကြွယ်ဝသူဖြစ်ရမည်။ အတွေးအခေါ်



တစ်ခုတည်းရှိသူများမဖြစ်ရပါ။ ဤကဲ့သို့သောစိတ်ဓာတ်ရှိပါက လူတန်းစားအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးရှိပုဂ္ဂိုလ်များတို့အတွက် အမှန်တရားကိုသူတို့အနေဖြင့်သိမြင်ခံစားနိုင်ရန် တင်ဆက်ဟောပြောနိုင်မည်မဟုတ်ပါ။ Letter 12, 1887. [Ev 106.1]

**အဆင်သင့်ရှိသူများမှကြံစည်သောစနစ် –** မတူညီသောသူတို့ကိုကယ်တင်ရန် မတူညီသောစနစ်ကိုအသုံးပြုရမည့်အကြောင်းမမေ့ပါနှင့်။ Review and Herald, April 14, 1903. [Ev 106.2]

သင်၌လုပ်ဆောင်ရန်ခက်ခဲသောနယ်မြေရှိလိမ့်မည်။ သို့သော် ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။ သင်တွေ့ဆုံရမည့်လူတန်းစားတို့ကို သေချာစွာဆုံးဖြတ်ထားသည့်အပေါ်အခြေခံပြီး သင်၏လုပ်ငန်းကို ကိုင်တွယ်သင့်ပါသည်။ Letter 97a, 1901. [Ev 106.3]

**အခြားသောလုပ်ငန်းကိုမပျက်ပြားစေရန် –** ကျွန်ုပ်တို့သည် ဘုရားရှင်နှင့်အတူ အမှုဆောင်များဖြစ်ကြောင်းသတိရပါ။ ဘုရားရှင်သည် တန်ခိုးနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ထိရောက်စွာအလုပ်လုပ်ဆောင်သောပုဂ္ဂိုလ်ဖြစ်သည်။ သူတို့၏အစေခံတို့သည် သူ၏တန်ဆာပလာများဖြစ်သည်။ မိမိတို့၏ကိုယ်တိုင်အတွေးအခေါ်ဖြင့် လူတိုင်းထင်ရာစိုင်းလုပ်ဆောင်ခြင်းမပြုရပါ။ စည်းလုံးစွာ၊ ကြင်နာစွာ၊ ရိုသေသမှု၊ စနစ်နှင့်ချစ်ခြင်းမေတ္တာအားဖြင့် တစ်ယောက်နှင့်တစ်ယောက်ပေါင်းသင်းလုပ်ဆောင်ကြရမည်။ ကြင်နာဖွယ်ရာမရှိသောဝေဖန်ခြင်း၊ အခြားသူ၏လုပ်ငန်းကိုပျက်ပြားအောင်လုပ်ခြင်းများကိုမပြုရပါ။ အတူတကွလုပ်ငန်းတိုးတက်ရန်အတွက် ဆောင်ရွက်ကြရမည်။ Review and Herald, Dec. 11, 1900. [Ev 106.4]

**ဗဟုသုတရှိသောအမှုဆောင်များသို့သတိပေးချက်တစ်ခု –** ဘုရားရှင်ရှေ့၌နှိမ့်ချစွာလျှောက်လှမ်းရန်၊ အသက်ကြီးသောညီအစ်ကိုများကိုပြောရန် ကျွန်ုပ်တိုက်တွန်းခံနေရပါသည်။ ညီအစ်ကိုများကိုဝေဖန်သောသူများမဖြစ်ပါစေနှင့်။

ဣသရေလဘုရား၏လမ်းညွှန်မှုအောက်၌ သင့်အားပေးထားသောလုပ်ငန်းကို သင်ဆောင်ရွက်ရပါမည်။ ဝေဖန်မှုပြုလိုသောဆန္ဒသည် အများသူတို့အတွက် အကြီးဆုံးအန္တရာယ်ဖြစ်သည်။ သင်ဝေဖန်လိုသောပုဂ္ဂိုလ်များသည် သင်မဆောင်ရွက်နိုင်သည့်လုပ်ငန်းကို ဆောင်ရွက်နေသောသူများဖြစ်ပေလိမ့်မည်။ သို့သော် သင်သည် သူတို့၏ကူညီဖော်ဖြစ်နိုင်ပါသည်။ အကယ်၍ သင်၌ဆန္ဒရှိပါက အခြားသူများတို့၏လုပ်ငန်းနှင့်ပတ်သက်၍ သင်၏ရရှိသော ဗဟုသုတကိုဖော်ပြခြင်းအားဖြင့် ကြီးမားသောလုပ်ငန်းကို သင်ဆောင်ရွက်နိုင်ပါသည်။ ဘုရားသခင်သည် သင်တို့ကိုသူတစ်ပါးအားပြုပြင်ခြင်း၊ ဝေဖန်ခြင်း တာဝန်ကိုမပေးထားပါ။ [Ev 106.5]

ဘုရားကိုသိရန် သင်၏ညီအစ်ကိုများနှင့်အတူလျှောက်လှမ်းပါ။ လေးလံသောဝန်ထုပ်ကိုထမ်းနေရသောပုဂ္ဂိုလ်များကိုသနားပြီး တတ်အားသရွေ့ သူတို့ကိုအားပေးပါ။ စည်းလုံးခြင်းအတွက် သင်၏အသံကို သူတစ်ပါးတို့အားကြားစေပြီး ကွဲပြားမည့်သင်၏ပြောဆိုသံကို သူတစ်ပါးအားမကြားစေပါနှင့်။ Letter 204, 1907. [Ev 107.1]

## မြို့ပေါ် သာသနာ့သင်တန်းကျောင်း

**လုပ်ငန်းအတွက်အခြေခံအုတ်မြစ်ချခြင်း –** မှောင်မိုက်ထဲ၌ရှိနေကြသော သူများအတွက် အမှန်တရား၏ဆရာတစ်ဦးဖြစ်လာရန် ပုဂ္ဂိုလ်တစ်ဦးအား ပြင်ဆင်သည့်အခါ၊ သူသည် သင်ယူသူတစ်ဦးအဖြစ် ဦးစွာဖြစ်ရပါမည်။ အရေးကြီးသောနေရာတစ်ခုအတွက် အထူးကြိုးစားမှုပြုရန်လိုအပ်သည့်အခါတိုင်း ကောင်းသောစနစ်တကျလုပ်ငန်းကို အခြေချသင့်သည်။ သို့မှသာ ဓမ္မစာပေရောင်းချဖြန့်ချိလိုသောသူများဖြစ်စေ၊ ကျမ်းစာသင်တန်းပို့ချရန်ဆန္ဒရှိသောသူများဖြစ်စေ၊ မိမိတို့၏လုပ်ငန်းကိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့်ညွှန်ကြားမှုများကို ရရှိကြပါလိမ့်မည်။



အမှုဆောင်ဖြစ်လိုသောသူများတို့သည် ကျွန်ုပ်တို့၏သာသနာ့ဌာနနှင့် သော်လည်းကောင်း၊ သင်တန်းကျောင်းများနှင့်သော်လည်းကောင်း ဆက်သွယ်မှုပြုလုပ်သင့်သည်။ ဝိညာဉ်အောင်မြင်ရန်အတွက် ကျွမ်းကျင်မှုကိုပေးမည့် သင်တန်းရယူရန်လိုအပ်ကြောင်း သူတို့အနေဖြင့် သိရှိသင့်ကြပါသည်။ ဤကျောင်းများတို့၌ အလုပ်အမျိုးမျိုးရှိသင့်သည်။ ကျမ်းစာလေ့လာခြင်းသည် အဓိကအရေးအကြီးဆုံးအရာဖြစ်ပြီး၊ တစ်ချိန်တည်း၌ စိတ်ဓာတ်နှင့်ပုံပန်း သဏ္ဌာန်ကို စနစ်တကျရှိစေရန်ပို့ချသင့်သည်။ သို့မှသာ သူတစ်ပါးတို့အား အကောင်းဆုံးနည်းဖြင့်ချဉ်းကပ်နိုင်လိမ့်မည်။ အမှုထမ်းဆောင်သောသူအားလုံးတို့သည် လိမ္မာပါးနပ်စွာ၊ ယဉ်ကျေးသိမ်မွေ့စွာ၊ ခရစ်တော်၏စိတ်သဘောထားခြင်းဖြင့် မည်ကဲ့သို့ဆောင်ရွက်ကြရမည်ကို သင်ယူသင့်ကြပါသည်။ Review and Herald, June 14, 1887. [Ev 107.3]

**ဧဝံဂေလိလုပ်ငန်းကာလအတွင်းအမှုဆောင်များတို့ကိုသင်တန်းပေးခြင်း –** မြို့ကြီးများအထဲ၌ လူထုတရားပွဲကျင်းပနေစဉ် အမှုဆောင်များအတွက် ကျမ်းစာသင်တန်းကျောင်းဖွင့်သောအခါ၊ လုပ်ငန်းကိုကောင်းမွန်မျှတစွာကျင်းပနိုင်ပါလိမ့်မည်။ သင်တန်းကျောင်း၊ သို့မဟုတ် မြို့တွင်းသာသနာ့လုပ်ငန်းနှင့် ဆက်နွှယ်သောလုပ်ငန်း၌ ဝိညာဉ်ခွန်အားနက်ရှိုင်းစွာဗဟုသုတရှိသူများ၊ နေ့စဉ်ကျမ်းစာအမှုထမ်းများကို သင်တန်းပေးနိုင်သူများနှင့် လူထုတရားပွဲ၌ စိတ်နှလုံးကိုလုံးလုံးဆက်ကပ်နိုင်ရန် စည်းလုံးနိုင်သူများပါရှိရပါမည်။ ထို့နောက်လူများတို့သည် အမှန်တရားသို့ပြောင်းလဲလာသည်နှင့်အညီ အသင်းတော်၏လုပ်ငန်း၌ များစွာဆုတောင်းခြင်းအားဖြင့် အသစ်ပြောင်းလဲလာသူများတို့အား မိမိတို့၏စိတ်နှလုံးထဲ၌ အမှန်တရား၏တန်ခိုးကို မည်ကဲ့သို့မြည်းစမ်းနိုင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များတို့သည် ပြသရပါလိမ့်မည်။ အကယ်၍ မည်ကဲ့သို့ပါးနပ်စွာဆောင်ရွက်ရမည့်အကြောင်းကို နားလည်သည့်ပုဂ္ဂိုလ်များဆောင်ရွက်သွားပါက မှောင်မိုက်ထဲ၌အလင်းထွန်းလင်းနိုင်မည်ဖြစ်ပါသည်။ Gospel Workers, pp. 364, 365. [Ev 108.1]

**လှုပ်ရှားသောနယ်ကျောင်း –** ဟပ်(စ်)ကဲ(လ်) (Haskell) ဇနီးမောင်နှံနှစ်ဦးတို့သည် မြို့တစ်မြို့၏အကောင်းဆုံးသောနေရာ၌ အိမ်တစ်ဆောင်ကိုငှားယူပြီး ကူညီမစသူများကိုခေါ်ယူကာ တစ်နေ့ပြီးတစ်နေ့ ကျမ်းစာသင်ခြင်း၊ ဓမ္မစာပေရောင်းချခြင်းနှင့်ဆေးသာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းအချိန်၌ အမှုဆောင်များတို့သည် မိမိတို့၏ဗဟုသုတများကို ပြောပြကြပါသည်။ ကျမ်းစာဖတ်ခြင်းနှင့်ဓမ္မစာပေရောင်းချခြင်းသင်တန်းကိုလည်း ကောင်းမွန်စွာရရှိကြသည်။ သူတို့၏ဆောင်ရွက်မှုများတို့ကို ဘုရားရှင်ကောင်းချီးပေးသောကြောင့် အမှန်တရားကိုလူအချို့တို့လက်ခံကြပြီး အများသောသူတို့သည် စိတ်ပါဝင်စားလာကြပါသည်။ [Ev 108.2]

ဤအတိုင်း အခြားသောမြို့များတို့၌လည်း ပြုလုပ်သင့်ကြသည်။ ဤမြို့များတို့၌သွားရောက်အလုပ်လုပ်ကိုင်ကြသော လူငယ်လူရွယ်များတို့သည် ဆက်ကပ်၍ဗဟုသုတရှိသောခေါင်းဆောင်များတို့၏ညွှန်ကြားမှုအောက်၌ ဆောင်ရွက်သင့်ကြသည်။ အမှုဆောင်များအတွက် ဤလူငယ်များတို့အား သင်တန်းကောင်းမွန်စွာပေးနိုင်ရန် ကောင်းသောအိမ်ကိုပြင်ဆင်ပေးကြပါစို့။ Review and Herald, Sept. 7, 1905. [Ev 108.3]

**ဗဟုသုတရှိသောအမှုဆောင်နှင့်ပေါင်းဖက်လုပ်ဆောင်ခြင်း –** ဓမ္မအမှုဆောင်များ၊ ကျမ်းစာဝန်ထမ်းများနှင့်ဓမ္မစာပေအမှုဆောင်များကို ဘုရားသခင်ခေါ်လျက်ရှိသည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့ကို ဓမ္မအမှုဆောင်များ၊ ကျမ်းစာဝန်ထမ်းများအဖြစ် အောင်မြင်စွာမည်ကဲ့သို့အလုပ်လုပ်ရမည်ကို လမ်းပြနိုင်သောဗဟုသုတရှိသည့်အမှုဆောင်တစ်ဦးနှင့်အတူထွက်၍ အမှုတော်လုပ်ငန်း၌ လုပ်ဆောင်စေပါ။ Manuscript 71, 1903. [Ev 109.1]

**ခရစ်တော်နည်းလမ်းဖြင့်သင်တန်းပေးခြင်း –** မိမိတို့၏သခင်နှင့်ပေါင်းသင်းကြသည့်အခါ၊ တပည့်တော်များတို့သည် သာသနာ့လုပ်ငန်းအတွက် လက်တွေ့သင်တန်းကိုရရှိကြပါသည်။ အမှန်တရားကို သူတို့သခင်မည်ကဲ့သို့တင်ဆက်ဟောကြားခြင်းကို သူတို့ကြားရပြီး၊ သူ၏လုပ်ငန်းမှမေးမြန်းလာသော ရှုပ်ထွေးသည့်မေးခွန်းများတို့ကို သူမည်ကဲ့သို့ဖြေရှင်းခဲ့ကြောင်း တွေ့မြင်ခဲ့ရပါသည်။ ရောက်ရှိသည့်နေရာတိုင်း၌ လူနာများကိုမည်ကဲ့သို့ကုသမှုပြုခဲ့ကြောင်းကိုတွေ့မြင်ရပြီး ဆင်းရဲသောသူများထံသို့ ဧဝံဂေလိတရားကို မည်ကဲ့သို့ဟောကြားခဲ့ကြောင်း သူတို့ကြားခဲ့ရပါသည်။ ကျွန်ုပ်တို့၏အချိန်၌ မှတ်တမ်းတင်ထားသော သူ၏အသက်တာအားဖြင့် သူ၏လုပ်ဆောင်ပုံစနစ်ကို ကျွန်ုပ်တို့အားလုံးသင်ယူရပါမည်။ Letter 208a, 1902. [Ev 109.2]

**ကောင်းမွန်စွာသင်တန်းပေးခြင်းသည် အရည်အချင်းကိုပွားများလာစေခြင်း –** လုပ်ငန်းအတွက် သင်တန်းနှင့်ပညာရရှိသောအမှုဆောင်တစ်ဦးသည် ခရစ်တော်၏ဝိညာဉ်တော်အုပ်စိုးခြင်းကိုခံရပါက၊ ပညာအားဖြင့်နည်း၍ ယုံကြည်ခြင်း၌အားနည်းသောအမှုဆောင် (၁၀) ယောက်ထက် လုပ်ငန်းကိုပို၍ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါသည်။ ဘုရားရှင်အကြံပြုခြင်းနှင့်အညီသော်လည်းကောင်း၊ မိမိတို့၏ညီအစ်ကိုများတို့နှင့် စည်းလုံးသောအားဖြင့်သော်လည်းကောင်း အမှုထမ်းဆောင်သောအမှုဆောင်တစ်ဦးသည် ဘုရားရှင်အပေါ်မှီခိုရန်မလိုအပ်ဟုထင်ပြီး အမှုတော်၏စီမံကိန်းနှင့်အညီ မဆောင်ရွက်သောသူ (၁၀) ယောက်ထက် ကောင်းသောအရာကိုပို၍ထိရောက်စွာလုပ်ဆောင်နိုင်ပါသည်။ Review and Herald, May 29, 1888.

**သင်တန်းဌာနနှင့်ဆက်လက်လုပ်ဆောင်ခြင်းလုပ်ငန်း –** ကောင်းမွန်စွာစနစ်တကျဆောင်ရွက်ခဲ့သော စခန်းအစည်းအဝေးအားဖြင့် ပတ်ဝန်းကျင်မှလှုပ်ရှားမှုရှိလာပြီးနောက်ပိုင်းတွင် အမှုဆောင်များတို့သည် လုပ်ငန်းကိုရပ်ဆိုင်းလိုက်ပြီး အခြားတစ်နေရာသို့ပြောင်းရွှေ့သွားကြမည်လား။ ထိုသို့မဖြစ်စေရပါ။ ကျွန်ုပ်ပြောလိုသည်မှာ အမှုဆောင်များတို့ကို ကျမ်းစာသင်ပေးမည့်သူတစ်ဖွဲ့၊ ဓမ္မစာပေများကိုရောင်းချမည့်သူတစ်ဖွဲ့၊ စာစောင်များဝေငှဖြန့်ဖြူးမည့်သူတစ်ဖွဲ့ အစရှိသဖြင့် တာဝန်ခွဲဝေပေးလိုက်ပါ။ အမှုဆောင်များတို့ကို လုပ်ငန်းအသီးသီး၌ပညာပေးခြင်းအားဖြင့် ပြင်ဆင်မှုပြုနိုင်ရန် သာသနာ့အိမ်တစ်လုံးရှိစေပါ။ လုပ်ငန်းမပျက်ပြားစေရန်အတွက်ဖြစ်သည်။ ဘုရားသခင်၏အမှုဆောင်များမှ

လူတို့၏စိတ်ကို ကောင်းသောဆွဲဆောင်မှုပြုခဲ့သည့် တန်ခိုးသြဇာမပျောက်ပျက်သွားရန်လိုအပ်ပါသည်။ [Ev 109.4]

တစ်အိမ်မှတစ်အိမ်သို့သွားရောက်ပြီး ဝိညာဉ်များကိုရှာဖွေခြင်း၊ ပျောက်သောသိုးများကိုရှာဖွေခြင်းလုပ်ငန်းသည် ကျွန်ုပ်တို့လုပ်ဆောင်ရန်လိုအပ်သော အရေးအကြီးဆုံးလုပ်ငန်းဖြစ်သည်။ ဝိညာဉ် (၇၅) လုံးအသင်းတော်သို့ရောက်ရှိလာပြီး၊ ဤအတွက်ဘုရားသခင်ကိုကျေးဇူးတင်သည်။ လူပေါင်း (၅၀) တို့သည် စခန်းအစည်းအဝေးအချိန်မှစ၍ အမှန်တရားကိုခင်တွယ်ခဲ့ပါသည်။ Letter 137, 1898. [Ev 110.1]

## ပြန်လည်ရှင်သန်ခြင်းနှင့်အသင်းတော်ဝတ်ပြုခြင်းအစီအစဉ်များကိုကွပ်ကဲခြင်း

**အသင်းသူအသင်းသားများကိုပြန်လည်ရှင်သန်မှုပြုခြင်း –** အသင်းသူအသင်းသားများပြောင်းလဲမှုမရှိခြင်းကြောင့်သော်လည်းကောင်း၊ တစ်ချိန်တစ်ခါကပြောင်းလဲခဲ့သော်လည်း ရွေ့လျော့သွားကြခြင်းကြောင့်သော်လည်းကောင်း ဘုရားသခင်သည် ဝိညာဉ်ပေါင်းများစွာကို အမှန်တရားထဲသို့ပို့ဆောင်ရန်ယခုအချိန်၌ အလုပ်မလုပ်ရခြင်းဖြစ်ပါသည်။ Testimonies, vol. 6, p. 371. (1900) [Ev 110.2]

**ဝိညာဉ်တစ်လုံးအစားဝိညာဉ်အလုံး (၂၀) –** ကပ်တိုင်လမ်းကိုပိတ်ဆို့စေသည့် ခရစ်တော်၌ယုံကြည်သူများတို့မှ ယူဆောင်လာသောအမှိုက်သရိုက်များစွာရှိသည်။ ၎င်းအထဲ၌ တချို့တို့သည် နက်ရှိုင်းသောယုံကြည်ခြင်းရှိကြပြီး ဤစိတ်ပျက်စရာအားလုံးကိုကျော်ဖြတ်ကာ အမှန်တရားရရှိရန် ခက်ခဲမှုဟူသရွေ့ကို အောင်မြင်စွာကျော်လွှားကြပါသည်။ သို့သော် အမှန်တရား၌ရှိကြသောယုံကြည်သူတို့သည် မိမိတို့၏စိတ်နှလုံးကိုသန့်ရှင်းဖြူစင်စေပြီး



အမှန်တရားလိုက်လျှောက်ခြင်းအားဖြင့် မိမိတို့၏ကိုယ်ကို ခရစ်တော်၏အမှုတော်၌ အသိတရားနှင့်ကောင်းသောနေထိုင်လှုပ်ရှားမှုတို့သည် အရေးကြီးကြောင်းခံယူကြပါက ယခင်ဝိညာဉ်တစ်လုံးရရှိသောနေရာ၌ ယခုဝိညာဉ်ပေါင်း (၂၀) ရရှိပေလိမ့်မည်။ Testimonies, vol. 4, p. 68. (1876) [Ev 110.3]

**ဦးစွာအသင်းသားများကိုသင်တန်းပေးပါ –** အသင်းဝင်တချို့ရှိထားသည့်နေရာ၌ အမှုထမ်းသောဓမ္မအမှုဆောင်သည် အသစ်သောဝိညာဉ်များတို့ကိုရရှိခြင်းထက် ရှိထားသောယုံကြည်သူများတို့ကို မိမိနှင့်အတူ မယုံကြည်သူတို့အားပြောင်းလဲစေနိုင်ရန်အတွက် မိမိလက်ခံနိုင်သည့်ကူညီမှုရရှိရန် ဦးစွာသင်တန်းပေးရပါမည်။ မိမိတို့တစ်ဦးစီအတွက်ဆောင်ရွက်စေခြင်း၊ မိမိတို့ကိုယ်တိုင် ခိုင်မာသည့်ဗဟုသုတရရှိရန် ကြိုးစားအားထုတ်စေခြင်းနှင့် အခြားသူများအတွက်လုပ်ဆောင်စေခြင်းများကို ပြုလုပ်စေပါ။ ဓမ္မအမှုဆောင်အတွက် မိမိတို့၏ဆုတောင်းခြင်းနှင့်ပါဝင်လုပ်ဆောင်ခြင်းအားဖြင့် ပံ့ပိုးနိုင်သည့်အထိပြင်ဆင်မှုပြုနိုင်ကြသောအခါ ဓမ္မအမှုဆောင်၏ကြိုးစားမှုသည် ပို၍အောင်မြင်ခြင်းရှိပါလိမ့်မည်။ Gospel Workers, p. 196. (1915) [Ev 110.4]

**ဘုရင်၏လမ်းမကြီးကိုရှင်းလင်းပေးခြင်း –** ကျွန်ုပ်တို့၏လူများနေထိုင်ကြသည့်အသိုက်အဝန်းထဲ၌ ဗဟုသုတရှိသောအမှုထမ်းများအားဖြင့် ဝိညာဉ်များကိုအောင်မြင်ရန် အထူးကြိုးစားမှုပြုကြသည့်အခါ၊ ဘုရားရှင်နှင့်ညီအစ်ကိုမောင်နှမများ အတူလက်တွဲ၍ဆောင်ရွက်နိုင်ရန် ရှိသမျှသောအပြစ်နှင့်အတားအဆီးများတို့ကိုဖယ်ရှားပြီး ယုံကြည်သူအားလုံးအပေါ် ထိုနေရာဒေသ၌ ဘုရင်၏လမ်းမကြီးကိုရှင်းလင်းရန် အထူးသောတာဝန်ရှိကြပါသည်။ Review and Herald, Dec. 6, 1906. [Ev 111.1]

**မြို့တရားပွဲကျင်းပသည့်နေရာရှိအသင်းတော်များကိုအကြံပြုချက် –** လွန်ခဲ့သော (၄) နှစ်ခန့်အချိန်၊ နယူးယောက့်မြို့၌ မစ္စတာဟပ်(စ်)စကဲ(လ်) (Haskell) နှင့်အခြားပုဂ္ဂိုလ်များတို့သည် ကျမ်းစာသင်တန်းနှင့်ညနေဝတ်ပြုခြင်းအစည်းအဝေးများကိုကျင်းပသောအခါ အမှုဆောင်များတို့အတွက် ဘုရားသခင်၏စကား

တော်မှာ၊ "စည်းဝေးကျင်းပသည့်နေရာ၏အနီးအနား၌ နေထိုင်ကြသောယုံကြည်သူများတို့သည် လုပ်ငန်း၌ပါဝင်၍ ဝန်ထုပ်ကိုကူညီထမ်းရွက်စေကြပါ။ လုပ်ငန်းအောင်မြင်ရန်ကူညီခြင်းသည် မိမိတို့၏တာဝန်နှင့်အခွင့်အရေးဖြစ်ကြောင်း ခံစားသင့်ကြသည်။ ဘုရားရှင်အတွက်ကြိုးစားပါဝင်လုပ်ဆောင်ခြင်းကို ဘုရားရှင်နှစ်သက်သည်။ အသင်းသားတိုင်း သူ၏အမှုတော်၌အကူအညီဖြစ်စေရန်နှင့် ခရစ်တော်ထံဝိညာဉ်များကို မေတ္တာအားဖြင့်ယူဆောင်ရန် သူအလိုရှိသည်။" [Ev 111.2]

လွန်ခဲ့သောနှစ်၌ လော့(စ)အင်းဂျလစ်(စ) (Los Angeles) မြို့တွင် တဲအစည်းအဝေးများကျင်းပလျက်ရှိစဉ် ဘုရားသခင်သည် လူတို့၏စိတ်နှလုံးကိုလှုံ့ဆော်တော်မူသောအခါ၊ သတင်းစကားရောက်လာသည်မှာ "ယခုဆောင်ရွက်လျက်ရှိသောလုပ်ငန်းအတွက် လော့(စ)အင်းဂျလစ်(စ)အသင်းတော်မှ နေ့စဉ်အထူးဆုတောင်းပေးစေပါ။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် အမှုတော်၌ပါဝင်ကြသော အသင်းသူအသင်းသားများအပေါ်သက်ရောက်လိမ့်မည်။ လုပ်ငန်းအောင်မြင်ရန်အတွက် နေ့စဉ်အဖွဲ့ငယ်များဖြင့် စုရုံး၍ဆုတောင်းပေးပါ။ ဤကဲ့သို့ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့ကိုယ်တိုင် ကျေးဇူးတော်ကိုခံစားရကြပြီး ဘုရားသခင်၏အမှုတော်ရှေ့သို့တိုးတက်မည်ဖြစ်ပါသည်။ [Ev 111.3]

ဤနည်းအတိုင်းကျွန်ုပ်တို့ဆောင်ရွက်ခဲ့ကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ဝိညာဉ်များအတွက်နှင့် အမှုတော်ကိုဆောင်ရွက်နေကြသောသူများအတွက် ဆုတောင်းပေးကြပါသည်။ ယေရှုသခင်ပြောခဲ့သည်မှာ၊ လူနှစ်ယောက်သုံးယောက်တို့သည် ငါ၏နာမ၌စုရုံး၍ ဆုတောင်းခဲ့လျှင် သူတို့၏အလယ်၌ငါရှိပြီး သူတို့ကိုကောင်းချီးပေးမည်ဟုဖြစ်ပါသည်။ စကားများများပြောဆိုခြင်းမပြုဘဲ ပို၍ရိုးသားသောစိတ်ဖြင့် ပို၍ကြိုးစားဆုတောင်းကြပါစို့။ [Ev 112.1]

"လော့(စ)အင်းဂျလစ်(စ) (Los Angeles) မြို့၌ကျင်းပသော အမှန်တရားဟောပြောခြင်းအစီအစဉ်ကို သူတစ်ပါးမချီးမွမ်းရန် ကျွန်ုပ်စိုးရိမ်ပါသည်။



လူတိုင်းမာရ်နတ်တန်ခိုးကိုတိုက်လှန်ပြီး ဘုရားရှင်၏အမှုတော်ကိုလာရောက်ကူညီကြပါစို့။ အထူးကြိုးစားမှုပြုလုပ်ခဲ့သည့် လော့(စ)အင်းဂျလစ်(စ) (Los Angeles) တရားပွဲအစီအစဉ်ကဲ့သို့ အသင်းသူအသင်းသားများအားလုံး ဘုရားရှင်ထံပါးသို့ နီးကပ်စွာနေထိုင်ကြပါစို့။ နှုတ်ကပတ်တော်မှထွန်းလင်းသောအလင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆန်းစစ်ကြပါစို့။ အကယ်၍အပြစ်များကိုတွေ့မြင်ရပါက ဝန်ချ၍နောင်တတရားရကြပါစို့။ ကူညီသူတိုင်းကောင်းသောလုပ်ဆောင်မှုစနစ်ဖြင့် လုပ်ဆောင်ကြပါစို့။ ဘုရားသခင်သည် ဆုတောင်းသံကိုနားညောင်းတော်မူလိမ့်မည်။ ဤတရားပွဲကျင်းပခြင်းသည် အသင်းသူအသင်းသားများတို့အတွက်မဟုတ်ဘဲ လျစ်လျူရှုခြင်းခံနေရသောသူတို့အတွက် စိတ်အားထက်သန်သောသူများတို့မှနေ၍လုပ်ဆောင်နေကြောင်း သူတို့ထင်မြင်သင့်ကြပါသည်။ [Ev 112.2]

လော့(စ)အင်းဂျလစ်(စ) (Los Angeles) တရားပွဲ၌ဆောင်ရွက်ခဲ့သကဲ့သို့ အသင်းသူအသင်းသားများအားလုံး ဘုရင်၏လမ်းမကြီးကိုရှင်းလင်းကြပါစို့။ လုပ်ငန်း၌လည်း မိမိတို့၏ကြေးငွေဖြင့် အကူအညီပေးကြပါစို့။ သူတို့သည် လုံးလုံးစည်းလုံးခြင်းရှိကြောင်း ဖော်ပြစေကြပါစို့။ အစည်းအဝေး၌အမှုတော်အတွက် မိမိတို့၌ရှိသည့်လက်နက်တန်ဆာပလာဖြင့်ပါဝင်နိုင်ရန် ပြင်ဆင်ထားကြပြီး စိတ်ဝင်စားသူများတို့နှင့်ပြောဆိုကြရန် အဆင်သင့်ရှိကြပါစို့။ ပျောက်သောသိုးများအတွက် ဆုတောင်း၍ကြိုးစားလုပ်ဆောင်ကြပါစို့။ Review and Herald, Dec. 20, 1906. [Ev 112.3]

**အသစ်ပြောင်းလဲသူများအတွက်ပုံသက်သေတစ်ခု** – အသင်းသားအသစ်များအတွက် အသင်းသားအဟောင်းတို့သည် ကောင်းသောပုံသက်သေပြကြပါစို့။ အမှန်တရားထဲ၌ကြာမြင့်စွာနေခဲ့ကြသောသူများအဖြစ် အသစ်သောပြောင်းလဲသူများအတွက် ဘုရားတရားမကြည်ညိုသောအသက်တာအားဖြင့် သူတို့ကိုစိတ်ဓာတ်မကျစေရန် ကျွန်ုပ်အနူးအညွတ်တောင်းပန်ပါသည်။ ညည်းညူ

မြည်တမ်းခြင်းများကိုမပြုဘဲ စိတ်ပါဝင်စားစွာဖြင့် အမှုတော်လုပ်ငန်း၌ပါဝင်ဆောင်ရွက်ပါ။ သင်တို့၏စိတ်နှလုံးလယ်ပြင်ကို ကြေညက်စွာထွန်ယက်ကာ အမှုတော်လုပ်ငန်းမည်ကဲ့သို့တိုးတက်ရန် ဆောင်ရွက်ကြရမည်ကိုသိရှိရန် ရှာဖွေကြပါ။ [Ev 112.4]

နိုးကြပါ၊ နိုးကြပါ။ ထိုနောက် မပြောင်းလဲသူများအား သင်သည် ကောင်းကင်မှမူလအစဖြစ်သည့် အမှန်တရားကိုယုံကြည်နေကြောင်း အထောက်အထားကိုဖော်ပြပါ။ သင်နိုးကြားခြင်းမရှိခဲ့သော် သင်လိုက်လျှောက်နေသော အမှန်တရားလမ်းကို ကမ္ဘာသူကမ္ဘာသားများယုံကြည်ကြမည်မဟုတ်ပါ။ Letter 75, 1905. [Ev 113.1]

**အသင်းသူအသင်းသားများအကူအညီပေးရမည်** – ကျွန်ုပ်တို့အသင်းတော်အသင်းသူအသင်းသားများတစ်ဦးစီ၏ကြိုးစားဆောင်ရွက်ခြင်းကို ဘုရားသခင်အလိုရှိသည်။ ဝိညာဉ်များတို့ကို လျစ်လျူရှုထားကြပါသည်။ မြို့၊ ရွာနှင့်မြို့ကြီးများ ဤအချိန်၌အမှန်တရားကိုမကြားရခြင်းသည် လိမ္မာစွာသာသနာ့လုပ်ငန်းကိုကြိုးစား၍မဆောင်ရွက်သေးသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏လက်တင်ရဓမ္မဆရာတို့သည် သူတို့တတ်နိုင်သရွေ့လုပ်ဆောင်ကြရမည်။ သို့သော် လုပ်ငန်းအားလုံးကို တစ်ဦးတည်းဆောင်ရွက်နိုင်သည်ဟု မမျှော်လင့်သင့်ပါ။ ယေရှုသခင်သည် လူတိုင်းအတွက်အလုပ်ပေးထားသည်။ အကယ်၍လုပ်ငန်းပြီးမြောက်စေလိုပါက လည်ပတ်ခြင်းအမှုကိုပြုရမည်။ ဆုတောင်းပေးရမည်။ သနားကြင်နာမှုကိုဖော်ပြရမည်။ ဘုရားတရားကြည်ညိုခြင်းအားဖြင့် အသင်းတော်တစ်ခုလုံးလုပ်ဆောင်ရမည်။ သူငယ်ချင်းမိတ်ဆွေများတို့နှင့် ရင်းရင်းနှီးနှီးထိုင်၍ မွန်မြတ်သောကျမ်းစာ၏ယုံကြည်ခြင်းကို ပြောဆိုဆွေးနွေးနိုင်ပါသည်။ Review and Herald, Aug. 13, 1889. [Ev 113.2]

**ဧဝံဂေလိလုပ်ငန်းအတွက်ဓမ္မဆရာများမှ အသင်းတော်များကိုစာရင်းသွင်းခြင်း** – တစ်ခါတစ်ရံ ဓမ္မဆရာများတို့သည် အလုပ်များလွန်းသည်။ ရှိသမျှအလုပ်ကို မိမိတို့၏လက်ဝယ်ပွေ့ပိုက်ထားသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် သူတို့ကို



နွမ်းနယ်စေပါသည်။ သို့သော် ဤအတိုင်းဆက်လုပ်ကြသည်။ ဘုရားသခင်၏အမှုတော်ကို သူတစ်ဦးတည်းသာဆောင်ရွက်ရမည်ဟုထင်ပုံပေါ်ပြီး အသင်းသားများအမှုတော်၌ အလုပ်လက်မဲ့ဖြစ်နေရပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းသည် ဘုရားရှင်၏အစီအစဉ်လုံးဝမဟုတ်ပါ။ Review and Herald, Nov. 18, 1884.

**သာမန်အသင်းသားများအားဖြင့်လုပ်ငန်းအင်အားတိုးလာခြင်း** – ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတို့သည် ဆက်လက်၍သတိမပေးရသောလူစုကြီးများနှင့် နီးကပ်စွာနေပြီး အဘယ်ကြောင့်သူတို့အားဖြင့် ဘုရားသခင်၏နာမတော်ထင်ရှားစေရန် ကိုယ်စားလှယ်များမှတစ်ဆင့် ဘုရားသခင်လုပ်ဆောင်နိုင်သောနည်းစနစ်များတို့ကို မတီထွင်ဘဲနေကြရသနည်း။ ဗဟုသုတနှင့်ပြည့်စုံသောကျွန်ုပ်တို့၏ခေါင်းဆောင်များတို့သည် ဤအရေးကြီးသောကိစ္စများကို နားလည်ကြမည်ဖြစ်ပြီး လုပ်ငန်းအင်အားတိုးမြှင့်ရန် များစွာလုပ်ဆောင်နိုင်ကြပါလိမ့်မည်။ လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားရှိလူများစွာတို့ကို ဟောပြောနိုင်ရန် သူတို့စီမံနိုင်ကြလိမ့်မည်။ ကောင်းမွန်စွာ၊ တည်ငြိမ်စွာ ဆက်ကပ်ကြိုးစားပြီး အခွင့်အရေးရရှိတိုင်း ဝိညာဉ်များတို့ကိုရရှိရန် အသင်းသားများတို့အားပညာပေးပါက သူတို့၏လုပ်ဆောင်မှုတို့သည် အောင်မြင်ပါလိမ့်မည်။ Manuscript 53, 1910. [Ev 114.1]

**သင်၏ပတ်ဝန်းကျင်၌လယ်ပြင်များမှည့်လျက်ရှိပြီ** – အမှန်တရားသည် ခမ်းနားစွာအောင်မြင်လိမ့်မည်။ အသင်းတော်အား ဘုရားရှင်ပေးထားသည့် မှောင်မိုက်ထဲ၌ရှိနေသောသူတို့အတွက် နှုတ်ကပတ်တော်ကိုဖွင့်ပြဟောပြောခြင်းအလုပ်ကို စတင်လုပ်ဆောင်ကြပါစို့။ ကျွန်ုပ်၏ညီအစ်ကိုမောင်နှမများတို့ သင်၏ပတ်လည်၌ဝိညာဉ်များစွာရှိသည်။ အကယ်၍သူတို့အတွက်သေချာစွာ အလင်းတရားကိုဝေငှပါက သူတို့ပြောင်းလဲလာကြမည်ဖြစ်သည်။ နှုတ်ကပတ်တော်ကိုနားမလည်သောသူများတို့အား ကြိုးစား၍ဟောပြောရလိမ့်မည်။ အမှန်တရားကိုယုံကြည်သောသူတို့သည် ဘုရားသခင်၏သဏ္ဌာန်တော်ကိုယူတင်

ဝတ်ဆောင်ပြီး သူတို့မြင်ရသည့် မှည့်နေသောလယ်ပြင်၌အလုပ်လုပ်ရန်အတွက် နှုတ်ကပတ်တော်၌အသက်ရှင်သောသူဖြစ်ရန် ပြင်ဆင်မှုပြုသူများအားလုံး လုပ်ဆောင်နိုင်ကြပါသည်။ Australasian Union Conference Record, March 11, 1907. [Ev 114.2]

**ဝေစာများကိုတစ်အိမ်ပြီးတစ်အိမ်သို့ဝေငှခြင်း –** ညီအစ်ကိုမောင်နှမတို့၊ ခရစ်ယာန်လက်နက်စုံကို သင်ဝတ်ဆင်မည်လား။ "သင်၏ခြေသည် ငြိမ်သက်ခြင်းဧဝံဂေလိတရားအတွက် ပြင်ဆင်ပေးသောခြေစွပ်ရှိသည်။" လူတို့ထံ တစ်အိမ်မှတစ်အိမ်သို့ အမှန်တရားကိုသယ်ဆောင်သွားနိုင်ရန် သင်၏ခြေကို ပြင်ဆင်ပေးလိမ့်မည်။ တစ်ခါတစ်ရံ ဤအလုပ်ကိုလုပ်ဆောင်ရန်ခက်ခဲသည်ဟု သင်ယူဆပေလိမ့်မည်။ သို့သော် ဘုရားသခင်သည် သင့်ရှေ့၌သွားပြီး သင်၏လမ်းခရီးကိုလင်းစေလိမ့်မည်။ သင့်အိမ်နီးနားချင်း၏အိမ်များထဲသို့ဝင်၍ ရောင်းချခြင်း၊ သို့မဟုတ် စာပေများကိုပေးကမ်းခြင်းနှင့် နှိမ့်ချခြင်းဖြင့် သူတို့အားအမှန်တရားကိုသင်ကြားခြင်းအားဖြင့် ကောင်းကင်မှအလင်းသည် သင်နှင့်အတူရှိပြီး ဤအိမ်များတို့၌ကိန်းအောင်းပေလိမ့်မည်။ Review and Herald, May 24, 1906. [Ev 114.3]

**အလုပ်လုပ်သောအဖွဲ့များဖွဲ့စည်းခြင်း –** ကျွန်ုပ်တို့၏အသင်းတော်ထဲ၌ အမှုတော်အတွက် အဖွဲ့ငယ်များကိုဖွဲ့စည်းကြစို့။ ဘုရားအမှုတော်ထဲ၌ မည်သူမျှအလုပ်လက်မဲ့မရှိစေရ။ မတူညီကြသောသူတို့သည် လူကိုမျှားသောတံငါသည်များကဲ့သို့ အမှုထမ်းဆောင်ခြင်း၌စည်းလုံးကြပါစို့။ သူတို့အား ဤပျက်စီးနေသောကမ္ဘာကြီးမှ ခရစ်တော်၏သန့်ရှင်းသောကယ်တင်ခြင်းမေတ္တာသို့ ဝိညာဉ်များကိုစုသိမ်းရန် ရှာဖွေစေကြပါစို့။ [Ev 115.1]

ခရစ်ယာန်ကြိုးစားခြင်းအခြေခံအုတ်မြစ်တစ်ခုကဲ့သို့ အဖွဲ့ငယ်များဖွဲ့စည်းခြင်းကို ကျွန်ုပ်၏ရှေ့၌မမှားယွင်းနိုင်သောပုဂ္ဂိုလ်တစ်ဦးမှ ဖော်ပြခဲ့ပါသည်။ အကယ်၍ အသင်းတော်ထဲ၌ အသင်းသားများစွာရှိနေပါက ဤအသင်း



သားများတို့ကို အဖွဲ့ငယ်ကလေးများသို့ဖွဲ့စည်းပြီး အသင်းတော်အတွက်အလုပ်များကို လုပ်စေရုံမျှမက မယုံကြည်သောသူများအတွက်ကိုလည်း လုပ်စေရပါမည်။ Australasian Union Conference Record, Aug. 15, 1902. [Ev 115.2]

**ကောင်းမွန်စွာလေ့ကျင့်ထားသောစစ်သားများအဖွဲ့တစ်ခုကဲ့သို့ –** ဓမ္မအမှုဆောင်များတို့သည် စည်းစနစ်ကိုချစ်၍ မိမိတို့၏ကိုယ်ကိုစည်းကမ်းနှင့်ထိန်းသိမ်းသင့်ကြသည်။ သို့မှသာ ဘုရားသခင်၏အသင်းတော်ကို အောင်မြင်စွာစည်းကမ်းနှင့်ထိန်းသိမ်းနိုင်ပြီး သူတို့ကိုစည်းလုံးစွာဖြင့်အလုပ်လုပ်နိုင်ရန်သွန်သင်ကာ ကောင်းမွန်စွာလေ့ကျင့်ထားသောစစ်သားများကဲ့သို့ ဖြစ်ပေလိမ့်မည်။ စစ်မြေပြင်ထဲ၌ အောင်မြင်စွာစစ်ပွဲဆင်နွှဲနိုင်ရန် စည်းကမ်းနှင့်စနစ်လိုအပ်ပါက ၎င်းအတိုင်းသာ၍အရေးကြီးသော မကောင်းဆိုးဝါးနှင့်တိုက်လှန်နေရသည့် ဝိညာဉ်တိုက်ပွဲကိုတိုက်နေရသောကျွန်ုပ်တို့၌ အောင်မြင်ခြင်းရှိရန် စည်းကမ်းစနစ်သည် ပို၍လိုအပ်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့်တိုက်ပွဲကြီးသည် ကျွန်ုပ်တို့၏ထာဝရကာလအတွက် အဆုံးအဖြတ်ပေးမည့်အရေးကြီးကိစ္စဖြစ်သည်။ [Ev 115.3]

ကောင်းကင်တမန်များစည်းလုံးစွာအလုပ်လုပ်ကြသည်။ သူတို့၏လှုပ်ရှားမှုအားလုံးတို့၌ စည်းစနစ်ပြည့်စုံလျက်ရှိသည်။ သူတို့၏စည်းလုံးခြင်းနှင့်စနစ်ရှိခြင်းကို ကျွန်ုပ်တို့၏စံနမူနာအဖြစ်အတုယူပါက ကျွန်ုပ်တို့၏ကိုယ်စား ဤကောင်းကင်သားတို့၏အောင်မြင်ခြင်းကို ကျွန်ုပ်တို့ခံစားကြရလိမ့်မည်။ Letter 32, 1892.

## ဓမ္မဆရာနှင့်သင်းအုပ်ဆရာဆက်သွယ်မှု

**ဓမ္မဆရာနှင့်သင်းအုပ်ဆရာများလိုအပ်ခြင်း –** ဧဝံဂေလိဓမ္မအမှုဆောင်များကို ဘုရားသခင်ခေါ်သည်။ စစ်မှန်သောဧဝံဂေလိဓမ္မအမှုဆောင်တစ်ဦးသည် ဝိညာဉ်

များကိုချစ်သောသူဖြစ်သည်။ သူသည် လူကိုရှာဖွေ၍ အမှန်တရားသို့ခေါ်ဆောင်သည်။ သင်းအုပ်ဆရာများလိုအပ်သည်။ (See also pp. 345-351, “Pastoral Evangelism”). သစ္စာရှိသောသိုးထိန်းများ၊ ဘုရားသခင်၏လူတို့ကိုမြှောက်စားသောသူမဟုတ်၊ ကြမ်းတမ်းစွာမပြု၊ သို့သော် သူတို့ကိုအသက်မုန့်ဖြင့်ကျွေးမွေးပြုစုသည်။ [Ev 116.1]

သစ္စာရှိသောအမှုဆောင်တိုင်းတို့၏အလုပ်သည် လူတို့၏ကယ်တင်ခြင်းအတွက် အသက်စွန့်ခဲ့သောယေရှုခရစ်၏နှလုံးသားနှင့် နီးကပ်စွာရှိနေသည်။ Letter 21, 1903. [Ev 116.2]

**သင်းအုပ်ဓမ္မဆရာ –** ပုဂ္ဂိုလ်တစ်ဦးသည် လူနှစ်ဦးခွဲဝေ၍လုပ်ရမည့်အလုပ်ကို တစ်ဦးတည်းလုပ်ဆောင်လေ့ရှိသည်။ အကြောင်းမှာ ဓမ္မဆရာ၏အလုပ်သည် သင်းအုပ်ဆရာအလုပ်နှင့်ပေါင်းစည်းလုပ်ကိုင်ရန်လိုအပ်ပြီး ဤဝန်ထုပ်နှစ်ခုကို နယ်၌အမှုထမ်းသောသူတို့အပေါ်၌ပေးအပ်သင့်သည်။ Testimonies, vol. 4, p. 260. (1876) [Ev 116.3]

**အမှုဆောင်အသစ်ကိုယုံကြည်စိတ်ချခြင်း –** အမှုဆောင်အသစ်တစ်ဦးကို နေရာတစ်ခု၌တာဝန်ပေးရာတွင် လူတို့၏စိတ်ဝင်စားမှုကိုအနှောင့်အယှက်ဖြစ်စေမည်၊ လုပ်ငန်းကိုထိခိုက်မည်ဟု လုပ်ဆောင်သူအနေဖြင့် စိုးရိမ်ရန်မလိုပါ။ [Ev 116.4]

သင်တာဝန်မယူပါနှင့်၊ ဘုရားသခင်၏အလုပ်ကို ဘုရားသခင်ကိုယ်တိုင်တာဝန်ယူလိမ့်မည်။ ဘုရားသခင်စေခိုင်းသောသူတို့အပေါ် ဘုရားသခင်သည် လိုအပ်သည့်အလင်းကိုပေးပြီး မူလအမှုထမ်းများတို့သည် ဘုရားသခင်၏အမှုထမ်းများကို လှိုက်လှဲပျူငှာစွာဖြင့်ကြိုဆိုရန်၊ လေးစားစွာဖြင့်ဆက်ဆံရန်နှင့် သူတို့နှင့်စည်းလုံးစွာဖြင့် လူတို့ကိုဟောပြောရန် ခေါ်ဖိတ်ရပါမည်။ Manuscript 21, 1894.





## အုပ်ချုပ်မှုလွန်ကဲခြင်းကိုကာကွယ်ခြင်း

**လှုပ်ရှားမှုတိုင်း၌အသက်မရှိ –** အသက်ရှိကြောင်းသက်သေထူခြင်းသည် အယူအဆတစ်ခု၏ပုံသေနည်းအားဖြင့်မဟုတ်၊ အသင်းတော်ထဲ၌ အသင်းဝင်ခြင်းကြောင့်မဟုတ်၊ တိကျသောတာဝန်များကို လုံ့လဝီရိယဖြင့်ဆောင်ရွက်ခြင်းကြောင့်မဟုတ်ပါ။ ဆွိဇာလန်နိုင်ငံ၌ ရှေးရဲတိုက်တစ်ခုတွင် ကျွန်ုပ်သည် အသက်ရှိသည်ဟုထင်ရသော လှုပ်ရှားနေသည့်လူတစ်ယောက်၏အရုပ်ကို ကျွန်ုပ်တွေ့ခဲ့ရသည်။ ထိုလူရုပ်သည် အသက်ရှိသောလူတစ်ယောက်ကဲ့သို့ဖြစ်ပြီး သူ၏အနားသို့ကျွန်ုပ်ရောက်လာသည့်အခါ ကျွန်ုပ်အသံပြုလိုက်သည်။ တုံ့ပြန်ခြင်းမရှိပါ။ သို့သော် အရုပ်သည် အသက်ရှိပုံပေါ်သော်လည်း အမှန်တကယ်အသက်မရှိပါ။ စက်အားဖြင့်လှုပ်ရှားနေခြင်းဖြစ်သည်။ [Ev 116.6]

လှုပ်ရှားမှုတိုင်း၌အသက်မရှိပါ။ ဘာသာရေးပွဲအမျိုးမျိုးကို ကျွန်ုပ်တို့တက်ရောက်ဘူးကြပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်၌အသက်မရှင်ပါက ကျွန်ုပ်တို့၏အလုပ်သည် တန်ဖိုးမဲ့သာဖြစ်ပါလိမ့်မည်။ အသက်ရှင်၍အလုပ်လုပ်ပြီး၊ ယုံကြည်ခြင်းရှိသောခရစ်ယာန်များကိုသာ ဘုရားသခင်ခေါ်တော်မူသည်။ Review and Herald, April 21, 1903. [Ev 117.1]

**မလိုအပ်သောတီထွင်မှုများကြောင့်လုပ်ငန်းကိုအခက်အခဲဖြစ်စေခြင်း –** ဘုရားသခင်၏အမှုတော်ကို မိမိလက်တွင်းသို့လုံးလုံးလျားလျားတာဝန်ယူလုပ်ဆောင်ခြင်းအားဖြင့် လူတို့သည် ဘုရားရှင်၏အမှုတော်တိုးတက်ရန်အတွက် ခက်ခဲမှုကို (၁၀) ဆပို၍ပြုလုပ်ကြပါသည်။ သူတို့သည် အမြဲတစ်ခုခုကို တီထွင်ပြီး ဤတီထွင်မှုအားဖြင့် လူတို့ဆောင်ရွက်နိုင်မည်ဟု သူတို့ထင်ကြပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းကိုပို၍ရှုပ်ထွေးစေပါသည်။ အကြီးဆုံးအဓိကပုဂ္ဂိုလ်မပါသောကြောင့်ဖြစ်သည်။ လူသားတို့၏တီထွင်ဆောင်ရွက်မှု၏အောင်မြင်ခြင်းသည် ချွတ်ယွင်းချက်ကိုပို၍ဆိုးဝါးစေ

ပါသည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်းကို ဘုရားသခင်၏လက်ထဲ၌သာ အပ်နှံရပါမည်။ လူတို့၏စာရိတ္တကို လူလူချင်းပြုပြင်နိုင်စွမ်းမရှိပါ။ [Ev 117.2]

စည်းမျဉ်းစည်းကမ်းများကိုပြင်ဆင်ရန် ကြိုးစားအားထုတ်မည့်အစား၊ ဆုတောင်း၍သင်၏ဆန္ဒနှင့်နည်းလမ်းများကို ခရစ်တော်ထံသို့အပ်နှံရလိမ့်မည်။ ခရစ်တော်သည် ဤလွယ်ကူသောအရာများကို ပြင်ဆင်ထားလျက်ရှိရာ ကျွန်ုပ်တို့ခက်ခဲစေရန်ပြုလုပ်ခြင်းကို သူမနှစ်သက်ပါ။ သူပြောခဲ့သည်မှာ၊ "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏။" သခင်ယေရှုသည် မိမိ၏အမွေအနှစ်ကိုချစ်ပြီး အကယ်၍လူတို့သည် မိမိတို့၏လုပ်ဖော်ကိုင်ဖက်များအတွက် စည်းမျဉ်းစည်းကမ်းချမှတ်ရန် သူတို့အတွက် အထူးအခွင့်အရေးဟုမထင်မှတ်ဘဲ ခရစ်တော်၏စည်းမျဉ်းစည်းကမ်းကို မိမိတို့၏အသက်တာ၌လက်ခံ၍ သူ၏သင်ခန်းစာများကိုအတုယူခဲ့ပါသော် သူတို့တစ်ဦးစီတို့သည် သူတစ်ပါးအတွက်ပုံသက်သေဖြစ်ပြီး တရားသူကြီးတစ်ယောက်ဖြစ်မည်မဟုတ်ပါ။ Manuscript 44, 1894. [Ev 117.3]

**လူ့အကြံအစည်နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်း** – လူတို့သည် မိမိတို့၏တာဝန်၌လုပ်ဆောင်ရန် စိတ်ဓာတ်နိုးကြားတက်ကြွခြင်းမရှိပါက တတိယကောင်းကင်တမန်၏ကြွေးကြော်သံကိုကြားရသောအခါ ဘုရားသခင်၏အလုပ်ကို သူတို့သိမည်မဟုတ်ပါ။ ကမ္ဘာကြီးအားအလင်းပေးရန် အလင်းရောက်လာသောအခါ ဘုရားသခင်၏အမှုတော်၌ ပါဝင်ကူညီရမည့်နေရာ၌ မိမိတို့၏ကျဉ်းမြောင်းသောအတွေးအခေါ်ကိုသာ သူတို့အားကိုးသွားမည်ဖြစ်သည်။ သင်တို့အား ကျွန်ုပ်ပြောလိုသည်မှာ ဘုရားသခင်သည် သူ၏နောက်ဆုံးပြုလုပ်ရမည့် သူ၏အလုပ်ကို လူတို့၏ရိုးရိုးလုပ်ဆောင်မှုနှင့်မတူ၊ လူတို့၏အစီအစဉ်များနှင့်ဆန့်ကျင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အထဲ၌ လူတချို့တို့သည် ဘုရားသခင်၏အမှုတော်ကိုထိန်းချုပ်လိုသူရှိပြီး လုပ်ငန်းသည် ကောင်းကင်တမန်၏လမ်းညွှန်မှု



နှင့်အညီ ရှေ့သို့တိုးတက်ရန် ကမ္ဘာသို့တတိယကောင်းကင်တမန်သတင်းစကား၌ပါဝင်၍ ဟောပြောနေသူများကိုပင် လမ်းညွှန်လိုကြပါသည်။ ဘုရားသခင်သည် နည်းလမ်းများနှင့်ငွေကြေးများကို သူကိုယ်တိုင်မိမိလက်တွင်း၌ ကိုင်တွယ်အသုံးပြုသွားမည်ဖြစ်သည်။ ရိုးစင်းသောနည်းလမ်းနှင့် ငွေကြေးအနည်းငယ်ကိုအသုံးပြုခြင်းအားဖြင့် ဖြောင့်မတ်သောသူ၏အလုပ်ကို ပြည့်စုံစွာဆောင်ရွက်သွားနိုင်ခြင်းအတွက် အမှုဆောင်များတို့သည် အံ့ဩကြပါလိမ့်မည်။ Testimonies to Ministers, p. 300. (1885) [Ev 118.1]

–o–

tcef; (6)

vlxkwfm;yGJ

## ကျွန်ုပ်တို့၏လက်ရှိအမှန်တရားသတင်းစကား

**လူထုကြီးကိုဟောကြားခြင်း –** ဧဝံဂေလိဓမ္မဆရာ၏ဟောပြောသံကိုကြားရစေရန် ကျွန်ုပ်တို့သည် ကြိုးစား၍လူထုကြီးကိုစုရုံးပေးသင့်ပါသည်။ ထိုနောက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောသောသူတို့သည် အမှန်တရားကိုသာဟောပြောရလိမ့်မည်။ နားထောင်သောသူတို့အား သိနာတောင်ခြေရင်း၌ အံ့သြကြောက်ရွံ့ဖွယ်ကြီးကျယ်ခမ်းနားသောမြင်ကွင်း၌ ဘုရားသခင်၏အသံတော်ကိုကြားရသကဲ့သို့ ခံစားစေရပါမည်။ Letter 187, 1903. [Ev 119.1]

**တိကျသောခရာသံကိုမှုတ်ခြင်း –** အမှန်တရားကိုတင်ဆက်သောသူတို့သည် ငြင်းခုံခြင်းကိုမပြုရပါ။ သူတို့သည် ဧဝံဂေလိတရားကိုယုံကြည်ခြင်းနှင့် လေးနက်စွာဟောကြားခြင်းဖြင့် ကြားနာရသောသူတို့အတွက် စိတ်ဝင်စားပြီးနိုးကြားမှုရှိစေရပါမည်။ သူတို့ပြောဆိုသောစကားများ၊ တောင်းလျှောက်သောဆုပတ္ထနာသံများ၊ သူတို့ဖော်ပြသောပုံပမာအသက်တာသြဇာအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် သူတို့သည် မျိုးစေ့ကိုကြဲရကြလိမ့်မည်။ လှုပ်ရှားမှုမရှိဘဲတည်ငြိမ်ရလိမ့်မည်။ မှုတ်သောခရာသံသည် တိကျရလိမ့်မည်။ လူတို့၏အာရုံကို တတိယကောင်းကင်တမန်သတင်းစကားသို့ ပို့ဆောင်ရမည်။ အိပ်ပျော်နေသော ဘုရားသခင်၏အစေခံများကဲ့သို့မဖြစ်စေပါနှင့်။ ခရစ်တော်ကြွလာခြင်းအတွက် လူတို့ကိုပြင်ဆင်ပေးသောသူများကဲ့သို့ ဟောပြောကြရမည်။ Review and Herald, March 2, 1905. [Ev 119.2]

**အမှန်တရားကြွေးကြော်ခြင်းသည်ကျွန်ုပ်တို့၏အလုပ် –** အထူးသိရှိချက်အရ၊ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းသူအသင်းသားတို့သည် ကမ္ဘာ့အတွက်ကင်းစောင့်များနှင့် အလင်းပေးသူများဖြစ်သည်။ ပျက်စီးမည့်ဤကမ္ဘာ



ကြီးကိုသတိပေးရန် တာဝန်ပေးခြင်းခံရသူများဖြစ်သည်။ သူတို့အပေါ်သို့ အံ့သြဖွယ်သောဘုရားသခင်၏နှုတ်ကပတ်တော်အလင်း ထွန်းလင်းလျက်ရှိသည်။ လေးနက်၍အရေးအကြီးဆုံးသော ကောင်းကင်တမန်သုံးပါးသတင်းစကားကိုဟောကြားရန် သူတို့အားအလုပ်ကိုပေးထားသည်။ သူတို့အတွက် ဤအလုပ်ထက်ကြီးမားသောအခြားအလုပ်မရှိပါ။ ဤအလုပ်ကိုသာလုပ်ရမည်။ မည်သည့်အရာမျှ သူတို့၏အာရုံကိုဆွဲဆောင်ရန် ခွင့်မပြုရပါ။ [Ev 119.3]

ကမ္ဘာသို့ကြွေးကြော်ရန် လူသားများတို့အားပေးအပ်ထားသည့် အရေးကြီးဆုံးသောအမှန်တရားများရှိသည်။ ဤအမှန်တရားများကိုကြွေးကြော်ခြင်းသည် ကျွန်ုပ်တို့၏အလုပ်ဖြစ်သည်။ ကမ္ဘာကြီးကိုသတိပေးရမည်။ ဤအပ်နှံထားသောယုံကြည်စိတ်ချမှုအပေါ် ဘုရားသားသမီးများတို့သည် သစ္စာရှိရမည်။ [Ev 120.1]

မည်ကဲ့သို့ဤအရာများတို့ကိုရှောင်ရှားရမည့်အကြောင်း အပြစ်သားတစ်ဦးအားမပြောမီ ဘုရားသခင်၏တရားစီရင်ခြင်းများ သူ့အပေါ်သို့ကျရောက်သည်အထိ စောင့်နေကြမည်လား။ သူပြောခဲ့သောစကားများကိုမယုံမီ သူကြိုတင်ဟောကြားထားခဲ့သောအရာများပြည့်စုံခြင်းကို တွေ့မြင်ကြရမည်လား။ ရှင်းလင်းစွာ၊ တိကျစွာဖြင့် ဖြစ်ပျက်သောအရာများတို့သည် ဘုရားသခင်၏နေ့ရက်ကြီးရောက်လာတော့မည့် "တံခါးဝမှာရှိနေကြောင်း" ကိုပြသလျက်ရှိသည်။ Testimonies, vol. 9, pp. 19, 20. (1909). [Ev 120.2]

**ပစ်မှတ်ကိုမလွဲစေနှင့် –** ဤကြီးမားသောအလုပ်၌ တာဝန်ယူသောသူတို့အတွက် အချိန်ဖြုန်းစရာအကြောင်းမရှိပါ။ ကျွန်ုပ်တို့သည် ပစ်မှတ်ကိုမလွဲစေရပါ။ ဖော်ပြရမည့်အရာအားလုံးကိုဖော်ပြနိုင်ရန် အချိန်အလွန်တိုတောင်းလှပါသည်။ နှုတ်ကပတ်တော်၏အဓိပ္ပါယ်အတိမ်အနက်၊ အကျယ်အဝန်းအလုံးစုံကိုသိရှိနားလည်နိုင်ရန် မကုန်ဆုံးနိုင်သောထာဝရကာလအချိန်ကိုပင် ယူရပါလိမ့်မည်။ [Ev 120.3]

တမန်တော်ယောဟန်ကို ပတ်မုကျွန်း၌လူတို့အား ဘုရားသခင်သိစေလိုသောအရာများကို ဖော်ပြခဲ့ပါသည်။ ဗျာဒိတ်ကျမ်းကိုလေ့လာပါ။ ကျွန်ုပ်တို့သေချာစွာစဉ်းစားရန်ကျယ်ဝန်း၍ နားလည်နိုင်ရန်သင်ခန်းစာများ ယခုကောင်းကင်တမန်အသိုက်အဝန်းရှာဖွေလေ့လာနေသည့် နားလည်ရန်လိုအပ်သောရည်ရွယ်ချက်များရှိသည်။ ခရစ်တော်၏အသက်တာနှင့်စာရိတ္တကိုကြည့်ပါ။ သူ၏ကြားဖျန်ဖြေသောလုပ်ငန်းကိုလေ့လာပါ။ ဤအထဲ၌မကုန်ဆုံးနိုင်သောဉာဏ်၊ မကုန်ဆုံးနိုင်သောမေတ္တာ၊ မကုန်ဆုံးနိုင်သောတရားမျှတမှု၊ မကုန်ဆုံးနိုင်သောကရုဏာရှိသည်။ ဤအထဲ၌ နက်ရှိုင်း၍မြင့်မားသော၊ ရှည်လျား၍ကျယ်ဝန်းသော ကျွန်ုပ်တို့၏စဉ်းစားဆင်ခြင်စရာအတွက် အကြောင်းအရာများရှိသည်။ မရေမတွက်နိုင်သောကလောင်အားဖြင့် ကမ္ဘာသို့သခင်ခရစ်တော်၏အသက်တာ၊ စာရိတ္တနှင့်ကြားဖျန်ဖြေခြင်းအလုပ်ကို ဖော်ပြခဲ့ပါသည်။ သို့သော်သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်သောနှလုံးသားတိုင်းတို့သည် ဤရည်ရွယ်ချက်များကို လူသားကိုယ်စားလှယ်၏စိတ်နှင့်သဘောထားအရ လတ်ဆတ်ဆန်းသစ်သောအလင်းထဲ၌ ဖော်ပြပါသည်။ [Ev 120.4]

ယေရှု၌ရှိသောအမှန်တရားကို ကျွန်ုပ်တို့အလိုရှိသည်။ အကြောင်းမှာခရစ်တော်သည် မည်သူဖြစ်ကြောင်း လူတို့နားလည်စေရန် ကျွန်ုပ်တို့ပြုလုပ်လိုသောဆန္ဒရှိသောကြောင့်ဖြစ်သည်။ ထိုနောက် ခရစ်တော်ကိုလက်ခံရန်သူတို့အားခေါ်တော်မူခြင်း၌ မည်သည့်တာဝန်များရှိသည်ကို သိရှိစေရန်ဖြစ်သည်။ သူ၏ကိုယ်စားလှယ်နှင့်သက်သေခံများအဖြစ်၊ ပညာဗဟုသုတအားဖြင့်ရရှိသော ကယ်တင်ခြင်းပေးသည့်အမှန်တရားများကို ကျွန်ုပ်တို့ပြည့်ပြည့်စုံစုံနားလည်ရန်လိုအပ်ပါသည်။ Review and Herald, April 4, 1899. [Ev 121.1]

**အထူးအမှန်တရားများကိုလေးလေးနက်နက်ပြောပါ –** ဘုရားသခင်၏အကြံတော်အလုံးစုံတို့ကို သစ္စာရှိစွာဖြင့်ပြောရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့အား ကမ္ဘာနှင့်ခြားနားစေသည့် အထူးသောအမှန်တရားကို ထင်ရှားစွာ



ဖော်ပြရမည်။ အကြောင်းမှာ ဤအမှန်တရားသည် ကျွန်ုပ်တို့ကိုပြုပြင်သောအရာဖြစ်ပြီး ထာဝရကာလနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုပူပန်စေသောအရာဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ယခုကျန်ရှိသောနောက်ဆုံးအချိန်၌ နေရာယူရမည့်ဤအလင်းကို ကျွန်ုပ်တို့အားပေးထားသောကြောင့်ငင်းအလင်းကို နှုတ်နှင့်သော်လည်းကောင်း၊ ကလောင်အားဖြင့်သော်လည်းကောင်း ကမ္ဘာသို့အေးအေးဆေးဆေး ဝိညာဉ်မပါသည့်ပုံစံအားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ဝိညာဉ်နှင့်တန်ခိုးတော်အားဖြင့် ဖော်ပြကြရပါမည်။ Testimonies to Ministers, p. 470. (1890) [Ev 121.2]

**ခရစ်တော်ကြွလာခြင်းကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏သတင်းစကား –** ယခုအချိန်ကျွန်ုပ်တို့ဤကမ္ဘာကြီး၏နောက်ဆုံးကာလသို့ရောက်ရှိသောအခါကျွန်ုပ်တို့၏အသက်တာသည် ကမ္ဘာပေါ်ရှိလူသားများတို့၏အသက်တာနှင့်တူညီသောကြောင့် လူတို့အတွက်အလင်းမပေးနိုင်သည့်အခြေအနေ၌ အသက်ရှင်ကြရမည်လား။ ဘုရားရှင်ရွေးချယ်ထားသော ကျွန်ုပ်တို့၏စာရိတ္တကို ကမ္ဘာမှပေးသောအရာများဖြင့် လဲလှယ်ကြမည်လား။ ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်သောသူတို့အား တန်ဖိုးရှိသောသူများဟု ကျွန်ုပ်တို့မြင်ကြမည်လား။ ဘုရားသခင်၏သားသမီးများဟု ခေါ်ဝေါ်ခြင်းခံရသောသူတို့သည်ဘုရားရှင်၏တန်ခိုးကို အမြင့်ဆုံးသောတန်ခိုးအဖြစ် တွေ့မြင်ကြပါသလား။ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်အဖြစ် ကျွန်ုပ်တို့ကိုပို့ဆောင်သော ထူးခြားသည့်ယုံကြည်ခြင်းကို ဖျက်ဆီးမည့်အရာအားလုံးကို ကြိုးစား၍ဖယ်ရှားကြမည်လား။ [Ev 121.3]

ကျွန်ုပ်တို့၏တစ်ခုတည်းသောလုံခြုံမှုသည် ဘုရားရှင်၏ရုပ်သဏ္ဌာန်အလင်း၌ အမြဲရပ်တည်ခြင်းဖြစ်သည်။ Manuscript 84, 1905.

**အားရဖွယ်လက်ရှိအမှန်တရားသတင်း –** ယခု၊ ယခုပင် ကျွန်ုပ်တို့သည်ယုံကြည်စိတ်ချစွာနှင့် တန်ခိုးဖြင့်လက်ရှိအမှန်တရားကို ကြွေးကြော်ဟောပြော

ရမည်။ မမှန်သောတေးသံကိုမတီးနှင့်၊ အသုဘသီချင်းကိုလည်းမဆိုနှင့်။ Letter 311, 1905. [Ev 122.1]

**အထောက်အထား၏အရှိန်အဟုန်အားဖြင့်ယုံကြည်ခြင်း** – ဘုရားသခင်သည် လူတို့၏စိတ်ထဲ၌ ကျွန်ုပ်တို့၏အချိန်နှင့်ဆီလျော်စွာ မွန်မြတ်သောအမှန်တရား၏တန်ဖိုးရှိသောရတနာများကို ပေးထားပါသည်။ ဘုရားသခင်သည် ဤအမှန်တရားကို ရန်သူ၏မှားယွင်းမှုမှကယ်ဆယ်ရယူခဲ့ပြီး မှန်သည့်ဘောင်အတွင်း၌ထားရှိခဲ့ပါသည်။ ဤအမှန်တရားများကို ဘုရားသခင်၏စီမံကိန်းများနှင့်အညီ မှန်ကန်စွာဟောပြောသောအခါ၊ လိမ္မာပါးနပ်စွာနှင့်ရိုးသားစွာ ကြောက်ရွံ့ရိုသေသောသဘောဖြင့် ဘုရားရှင်၏အစေခံများမှဟောပြောသောအခါ၊ အထောက်အထား၏အရှိန်အဟုန်ကြောင့် အခြားခိုင်လုံသည့်အထောက်အထားများတို့ကိုရရှိရန် စောင့်ဆိုင်းခြင်းမပြုကြဘဲ များစွာသောသူတို့သည် ယုံကြည်ကြပါလိမ့်မည်။ Manuscript 8a, 1888. [Ev 122.2]

## လူထုအာရုံကိုဆွဲဆောင်ခြင်း

**ဆန်းပြားသောနည်းစနစ်များအားဖြင့်** – ယနေ့မြို့ကြီးများအထဲ၌ ပျော်ရွှင်မှုနှင့်ဆွဲဆောင်မှုများစွာရှိနေသောကြောင့် ရိုးရိုးတရားပွဲများဖြင့် လူတို့၏စိတ်ကိုဆွဲဆောင်နိုင်မည်မဟုတ်ပါ။ လူတို့၏စိတ်ဝင်စားမှုကိုရရှိစေရန် ဘုရားရှင်၏ဓမ္မအမှုဆောင်များတို့သည် သမားရိုးကျထက်ပို၍ ထူးခြားသောကြိုးစားဆောင်ရွက်ခြင်းကို ပြုလုပ်ရန်လိုအပ်ပါလိမ့်မည်။ လူထုကြီးကိုအောင်မြင်စွာစုရုံးနိုင်သောအခါ ထူးခြားသောသတင်းစကားကိုတင်ဆက်ခြင်းအားဖြင့် လူတို့၏စိတ်ကိုနှိုးကြွစေပြီး သတိပေးသွားရပါမည်။ အမှုဆောင်များသည် နည်းလမ်းဟူသမျှကိုအသုံးပြုကာ အမှန်တရား၏သတင်းစကားကို ရှင်းလင်းပြတ်သားစွာပြောနိုင်ရန် တီထွင်ကြရမည်။ Testimonies, vol. 9, 109. (1909). [Ev 122.3]



**အသစ်သောစီမံကိန်းများကိုတီထွင်ပါ** – သခင်၏စပျစ်ဥယျာဉ်ခြံထဲ၌ လုပ်ဆောင်နေကြသောအမှုဆောင်အားလုံးတို့သည် လူတို့ရှိသောနေရာများသို့ သွားရောက်ဟောပြောနိုင်ရန်လေ့လာခြင်း၊ စီမံခြင်း၊ နည်းစနစ်များတီထွင်ခြင်းများကို ပြုလုပ်ကြရမည်။ ရိုးရိုးလုပ်ဆောင်မှုများအထဲမှ ခြားနားသောအရာတစ်ခုခုပြုလုပ်ကြရမည်။ လူတို့၏အာရုံကိုဆွဲဆောင်ကြရမည်။ လုံးလုံးလျားလျားကြိုးစားအားထုတ်လုပ်ဆောင်ကြရမည်။ ကျွန်ုပ်တို့သည် တစ်ခါမျှမစဉ်းစားမိသောဒုက္ခများနှင့် ရှုပ်ထွေးမှုများ၏အချိန်ကာလသို့ရောက်ရှိနေကြပါပြီ။ Letter 20, 1893. [Ev 122.4]

**နည်းစနစ်အမျိုးမျိုးကိုခရစ်တော်အသုံးပြုသည်** – လုပ်ငန်းလုပ်ဆောင်သော ခရစ်တော်၏နည်းစနစ်များ၌ ကျွန်ုပ်တို့သည် တန်ဖိုးရှိသောသင်ခန်းစာများကို ရယူနိုင်သည်။ ခရစ်တော်သည် နည်းစနစ်တစ်ခုတည်းကိုသာအသုံးမပြုပါ။ လူထုကြီး၏အာရုံကိုဆွဲဆောင်နိုင်ရန် နည်းလမ်းအမျိုးမျိုးကိုအသုံးပြုပြီး လူထုကြီးအား ဧဝံဂေလိအမှန်တရားများကိုဟောပြောပါသည်။ Review and Herald, Jan. 17, 1907. [Ev 123.1]

**ရိုးသားမှုသည်အများသောသူတို့ကိုဆွဲဆောင်သည်** – ခရစ်တော်၏ကရုဏာသတင်းစကားသည် သူ၏ပရိသတ်များနှင့်ဆီလျော်ရန် အမျိုးမျိုးရှိသည်။ "မောပန်းသောသူအား မည်ကဲ့သို့သောစကားပြောရမည်ကို" သူသိသည်။ အမှန်တရား၏ဘဏ္ဍာများကို လူများတို့အားအကောင်းဆုံးသောဆွဲဆောင်မှုနည်းဖြင့်ပြောရမည်ကို သူ၏နှုတ်၌ကျေးဇူးတော်သွန်းလောင်းပေးလျက်ရှိသည်။ ဆန့်ကျင်သောသူများတို့ကိုရင်ဆိုင်ရန် သူ၌နည်းလမ်းရှိပြီး အံ့ဖွယ်ပုံပမာဖြင့် သူတို့၏အာရုံကိုဆွဲဆောင်နိုင်သည်။ စဉ်းစားဉာဏ်အားဖြင့်သူတစ်ပါး၏နှလုံးကို ခရစ်တော်သိသည်။ သူ၏ပုံပမာများကို နေ့စဉ်အသက်တာ၏အဖြစ်အပျက်များမှရယူပြီး လွယ်ကူစွာနားလည်နိုင်သော်လည်း နက်ရှိုင်းပြီးအံ့သြဖွယ်အဓိပ္ပါယ်နှင့်ပြည့်ဝသည်။ ပျံသန်းလျက်ရှိသောကျေးငှက်များ၊ လယ်ပြင်၌ဖူးပွင့်လျက်ရှိသောပန်းများ၊ မျိုးစေ့၊ သိုးထိန်းနှင့်သိုး ဤအရာများအားဖြင့်

တည်မြဲသောအမှန်တရားကို ခရစ်တော်ဖော်ပြသည်။ ဤသဘာဝအရာများကို တွေ့မြင်ခွင့်ရရှိသည့် သူ၏တရားနာပရိသတ်များတို့သည် သူ၏ပြောသော အရာများကို အမြဲသတိရလျက်ရှိသည်။ ခရစ်တော်၏ပုံပမာများသည် သူ၏ သင်ခန်းစာများကို အမြဲပြန်လည်၍ထပ်မံပြောဆိုနေပါသည်။ [Ev 123.2]

ခရစ်တော်သည် မည်သည့်အခါမျှလူတို့ကိုမြှောက်ပင့်ပြောဆိုခြင်း မပြုပါ။ လူတို့၏ကောင်းသောအရာနှင့်တွေးတောသောအရာများကိုချီးမြှင့်ရန် ခရစ်တော်မည်သည့်အခါမျှမပြောပါ။ သူတို့၏ကျွမ်းကျင်သောတီထွင်ကြံဆ မှုကိုလည်း မချီးမွမ်းပါ။ သို့သော် သူ၏သွန်သင်ချက်များကို အတွေးအခေါ် ရှိသူများတို့မှလက်ခံပြီး ကောင်းသောဉာဏ်ပညာကိုရယူကြသည်။ လွယ်ကူ သောဘာသာစကားအားဖြင့် ခရစ်တော်ဖော်ပြသည့် ဝိညာဉ်ရေးအမှန်တရား ကို သူတို့အံ့သြကြသည်။ အမြင့်ဆုံးသောပညာသည်များတို့သည် ခရစ်တော် ၏စကားကိုနှစ်သက်ကြပြီး ပညာမဲ့သူများတို့လည်း အမြဲတစေအကျိုးကိုခံစား ကြရပါသည်။ စာမတတ်သူများအတွက် သူ၌သတင်းစကားရှိသည်။ ထို့ပြင် ဘုရားတရားမရှိသောတစ်ပါးသူများတို့အတွက်ပင်လျှင် နားလည်နိုင်ရန် သူ၌ သတင်းစကားရှိသည်။ [Ev 123.3]

သူ၏နူးညံ့သိမ်မွေ့သောမေတ္တာသည် ပင်ပန်းနွမ်းနယ်သောသူတို့ အပေါ် မိမိတို့၏စေတနာကိုကုသသည့် တို့ထိမှုသဖွယ်ကျရောက်ပါသည်။ အမျက်ဒေါသထွက်သောရန်သူများတို့၏ဆူပူမှုကိုပင် သူ၏ငြိမ်သက်ခြင်း ပတ်ဝန်းကျင်လေထုများဖြင့် ဝန်းရံထားပေးပါသည်။ လှပသောသူ၏ရုပ်ရည်၊ သဏ္ဌာန်၊ ချစ်ဖွယ်သောသူ၏စာရိတ္တနှင့် အားလုံးအထဲ၌သူဖော်ပြသော အကြည့်နှင့် ပြောဆိုသောအသံတို့သည် စိတ်နှလုံးခိုင်မာ၍ မယုံကြည်သူ အားလုံးတို့ကို သူ့ထံသို့ဆွဲယူနိုင်ခဲ့ပါသည်။ ဤကဲ့သို့ချိုသာခြင်း၊ သနားခြင်း ၏အပြောနှင့်အကြည့်များမရှိခဲ့ပါက ဤလူအုပ်ကြီးကို သူ့ထံသို့ဆွဲခေါ်နိုင်မည် မဟုတ်ပါ။ သူ့ထံသို့လာသောဒုက္ခသည်များတို့သည် ခရစ်တော်သူတို့ကို စိတ်ဝင်စားပြီး သစ္စာရှိ၍နူးညံ့သောမိတ်ဆွေတစ်ဦးကဲ့သို့ သူတို့ခံစားကြရပြီး



သူသင်ကြားသောအမှန်တရားများကို ပို၍နားထောင်လိုသောဆန္ဒရှိလာကြပါ သည်။ ကောင်းကင်နီးကပ်နေသကဲ့သို့ဖြစ်သည်။ ခရစ်တော်နှင့်အတူ သူတို့ နေထိုင်လိုကြသည်။ အားပေးသောသူ၏မေတ္တာကို သူတို့နှင့်အတူအမြဲရှိပြီး ခံစားလိုကြသည်။ The Desire of Ages, p. 254. (1898). [Ev 124.1]

**များစွာသောသူတို့ကိုဆွဲဆောင်ခြင်းနှင့်ထိန်းသိမ်းခြင်း –** ခရစ်တော်၏သင်ကြား ပုံကိုလေ့လာပြီး သူ၏လမ်းသို့လိုက်ရန် မိမိတို့၏ကိုယ်ကိုပညာပေးသောသူ တို့သည် ယခင်အချိန်ခရစ်တော်ဆောင်ရွက်သကဲ့သို့ လူအုပ်ကြီးကိုယခုအချိန် ၌ဆွဲဆောင်နိုင်ကြမည်ဖြစ်သည်။ အမှန်တရားကိုလက်တွေ့ကျသောစာရိတ္တ ဖြစ်သည့် သူတို့ကိုချစ်ကြောင်း သူတို့သိရှိကြသည့်အခါ ဘုရားသခင်၏ဝိညာဉ် တော်သည် သူတို့၏စိတ်နှလုံးကိုနှိုးဆော်ကာ သူတို့သည် ယုံကြည်လာကြ ပါလိမ့်မည်။ [Ev 124.2]

နှိမ့်ချခြင်းသဘောကိုယူတင်ဝတ်ဆင်ပါ။ ဘုရားသခင်၏ကောင်းကင် တမန်များ သင်တို့၏အနားသို့နီးကပ်စွာလာရောက်ပြီး သူတို့၏စိတ်နှလုံးကို နှိုးဆော်ရန်ဆုတောင်းပါ။ အကြောင်းမှာ ဝိညာဉ်တော်ကိုသင်အသုံးပြု၍မရ ပါ။ ဝိညာဉ်တော်သည် သင့်ကိုအသုံးပြုရပါမည်။ ဆွဲဆောင်မှုရှိသောအမှန် တရားကို ဝိညာဉ်တော်မှပြုပြင်ပေးသည်။ လူတို့၏ရှေ့၌ လက်တွေ့ကျသော အမှန်တရားကို အမြဲထားရှိပါ။ Testimonies, vol. 6, p. 57. (1900).

**တချို့နေရာများ၌မထင်မမှတ်သောချဉ်းကပ်ခြင်း၏အကျိုး –** ကျွန်ုပ်တို့ဘာလုပ် ကြမည်ကို အများသိရှိရန်ဖော်ပြခြင်းသည် အကောင်းဆုံးအစီအစဉ်မဟုတ် ကြောင်း ဘုရားသခင်ထံမှကျွန်ုပ်အလင်းရရှိသည်။ အကြောင်းမှာ ကျွန်ုပ်တို့ ဆောင်ရွက်လိုသောအရာကို အသိပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏ရန်သူသည် ကျွန်ုပ်တို့၏လမ်းကိုတားဆီးလိမ့်မည်။ ဓမ္မအမှုဆောင်များတို့သည် အမှန်တရား ၏သတင်းကိုဆန့်ကျင်ရန် နယ်ဒေသသို့ခေါ်ခြင်းကိုခံရတတ်ပါသည်။ သတိ ပေးခြင်းများကို တရားပလ္လင်ပေါ်မှ အသင်းသူအသင်းသားများတို့အား မြော်လင့်ခြင်းအသင်းတော်၏ဆောင်ရွက်ရမည့်အလုပ်ကိုပြောပြပါ။ [Ev 125.1]

ဘုရားသခင်ထံမှ ကျွန်ုပ်ရရှိသောအလင်းကို ကျွန်ုပ်၏ညီအစ်ကိုများသို့ သတိပေးစကားပြောရမည်။ ခေါင်းဆောင်များ မိမိတို့၏လှုပ်ရှားမှုများကို လျှို့ဝှက်စွာမထားဘဲ ရန်သူများမှသိရှိကြပြီး ၎င်းအတိုင်းပုံတူကူးချရန် ခွင့်ပြုကြမည်လား။ အကယ်၍ ရန်သူအနေဖြင့် သူတို့၏လှုပ်ရှားမှုများကို နားမလည်ခဲ့ပါသော် သူတို့၌အကျိုးကျေးဇူးရှိပါလိမ့်မည်။ [Ev 125.2]

ကျွန်ုပ်တို့သည် နယ်မြေကိုကောင်းမွန်စွာလေ့လာပြီး နေရာတိုင်း၌ နည်းစနစ်တစ်ခုတည်းကိုသာအသုံးပြုရန် မစဉ်းစားသင့်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် လိမ္မာပါးနပ်စွာလုပ်ဆောင်ကြပြီး ကြွားဝါခြင်းမရှိ၊ ရန်သူကိုစိန်ခေါ်တုံ့ပြန်ရာ၌ ရပ်တန့်ခြင်းမရှိ၊ အကယ်၍ အမှန်တရားကို တစ်ခုပြီးတစ်ခုဖော်ပြပြီး အရေးအကြီးဆုံးသောဝိညာဉ်အတွက် ခိုင်မာသည့်အမှန်တရားကို တင်ပြမည်ဆိုလျှင် အောင်မြင်မှုကို ဘုရားသခင်တာဝန်ယူသွားပါလိမ့်မည်။ [Ev 125.3]

စောင့်ဆိုင်းပါ။ စခန်းအစည်းအဝေးအချိန်ရောက်လာသောအခါတဲများကိုထိုးကြပါ။ လျင်မြန်စွာဆောက်ပြီး အစည်းအဝေးအတွက်သတင်းကြေညာပါ။ ယခင်အချိန်၌သင်ပြုလုပ်ခဲ့သောအစီအစဉ်အတိုင်းထပ်မံ၍ ၎င်းနည်းကိုအသုံးပြုရန်မလိုပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့လိုက်လျှောက်ရန်အတွက် အသစ်သောနည်းစနစ်နှင့်အသုံးမပြုရသေးသောနည်းစနစ်ရှိပါသည်။ လူတို့အတွက်မထင်မမှတ်သောနည်းလမ်းဖြင့် လုပ်ဆောင်မှုများကိုပြုလုပ်ကြပါ။ Manuscript 121, 1897. [Ev 125.4]

**ပါးနပ်သောနည်းစနစ်၊ လိမ်လည်ခြင်းမဟုတ်** – အမှန်တရားအားလုံးကို မယုံကြည်သူများတို့အား အခွင့်အရေးရရှိတိုင်းနှင့်နေရာတိုင်း၌ပြောရမည်ဟု ခံစားစရာမလိုပါ။ ပြောရမည့်အရာနှင့်မပြောရမည့်အရာများကို ကြိုတင်စီစဉ်ထားသင့်ပါသည်။ ဤအလုပ်သည် လိမ်လည်လှည့်ဖြားခြင်းအလုပ်မဟုတ်ပါ။ ရှင်ပေါလုဆောင်ရွက်ခဲ့သည့်အတိုင်း ဆောင်ရွက်ကြရမည်။ ရှင်ပေါလုပြောခဲ့သည်မှာ၊ "ပါးနပ်ပါ၊ လိမ်လည်မှုမပါစေပါနှင့်။"



သင်၏အလုပ်ကိုအမျိုးမျိုးလုပ်ဆောင်ရမည်။ နည်းလမ်းတစ်ခုတည်းကိုသာ အချိန်တိုင်းနှင့်နေရာတိုင်း၌အသုံးပြုရမည်ဟု သင်မထင်ပါနှင့်။ သင်၏နည်းလမ်းများသည် အောင်မြင်ပုံပေါ်လိမ့်မည်။ သို့သော် ပါးနပ်စွာဖြင့် မြွေနဂါး၏ပညာကိုအသုံးပြုပါက သင်၏လုပ်ငန်းသည် ပို၍အကျိုးများကို ခံစားရလိမ့်မည်။ Letter 12, 1887. [Ev 125.5]

**ညံ့ဖျင်းသောအခန်းကြေညာခြင်းများမအောင်မြင်** – အကယ်၍ကျွန်ုပ်တို့၏ညီအစ်ကိုများတို့သည် သင့်လျော်၍လုံခြုံသောလူအများစုရုံးစေနိုင်သည့်ခန်းမဆောင်တစ်ခုကိုရရှိပါက ဟောပြောသံကိုပရိသတ်များကောင်းမွန်စွာကြားရလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော် သူတို့သည် များများမမျှော်လင့်သောကြောင့် များများမရရှိခြင်းဖြစ်သည်။ တရားပွဲအစည်းအဝေးကို မြေအောက်ခန်း၊ သို့မဟုတ် လူတစ်ရာခန့်ဆန့်သည့် အခန်းငယ်ကလေး၌ ကျင်းပမည်ဟုကြေညာခဲ့သော်၊ လူတို့အတွက်ရေပန်းမစားသောအမှန်တရားကို လူများများလာရောက်နားထောင်လိမ့်မည်ဟု မျှော်လင့်၍မရပါ။ သူတို့ယုံကြည်ခြင်းမရှိသောကြောင့် ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် တစ်ခါတစ်ရံ မိမိတို့ကိုယ်တိုင်သာလျှင် မိမိတို့၏လုပ်ငန်းကိုခက်ခဲစေပါသည်။ Historical Sketches, p. 200. (1886). [Ev 126.1]

**ဘုရားသခင်၏ကိုယ်တိုင်လမ်းအတိုင်း** – ပြင်ပပြသခြင်းအားဖြင့် လူတို့သည် ကျွန်ုပ်တို့ဟောပြောသောအမှန်တရားကို သိရှိနားလည်ရမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် ငွေကြေးအသုံးပြုရာ၌ တိကျမှုရှိရမည်။ ငွေကြေးသုံးဖြုန်းခြင်းအားလုံးကို ဘုရားသခင်တားမြစ်သည်။ ကျွန်ုပ်တို့လက်တွင်းရှိ အသုံးပြုရန်ငွေများကို ချွေတာစွာဖြင့်သုံးစွဲရမည်။ ကြီးကျယ်သောပြသမှုများကိုမပြုလုပ်ရပါ။ ဘုရားသခင်၏ငွေကို သူ၏လမ်းစဉ်အတိုင်း သူ၏အမှုတော်အတွက် ဤကမ္ဘာတွင်အသုံးပြုဆောင်ရွက်သွားကြရမည်။ Letter 107, 1905. [Ev 126.2]

**ပြသခြင်းသည်ညံ့ဖျင်းသောကြေညာခြင်း –** မြို့ကြီးများကိုသတိပေးရမည်။ သို့သော် ကျွန်ုပ်ညီအစ်ကိုတို့၊ ဤလုပ်ငန်း၌သင်အသုံးပြုသောနည်းစနစ်အားလုံးသည် မမှန်ကန်ပါ။ ငွေအားလုံးကို လွတ်လွတ်လပ်လပ်လူတို့၏အာရုံကိုဆွဲဆောင်နိုင်ရန် သင်နှစ်သက်သလိုအသုံးပြုနိုင်သည်ဟု သင်ထင်နေသည်။ သို့သော် ဘုရားရှင်၏စပျစ်ဥယျာဉ်များစွာရှိကြောင်းနှင့် ၎င်းနေရာများတို့၌လည်း အလုပ်လုပ်နိုင်ရန် ငွေကြေးလိုအပ်ကြောင်းသင်သတိရပါ။

သင်၏အစည်းအဝေးအတွက်ကြော်ငြာခြင်းကို ခမ်းနားထည်ဝါစွာအကုန်အကျခံပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းများ၌လည်း ထိုကဲ့သို့ပြုလုပ်ခြင်းကို ဘုရားသခင်မနှစ်သက်ပါ။ ဤကဲ့သို့ပြသခြင်းမျိုးသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ရှိသော စည်းမျဉ်းဥပဒေနှင့်မညီညွတ်ပါ။ စရိတ်ကြီးသောပြင်ဆင်မှုများအားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို မထင်ရှားစေပါ။ တစ်ခါတစ်ရံသင်ဆောင်ရွက်သောအရာသည် ဟင်းအိုးထဲ၌ဘူးသီးအရိုင်းကိုထည့်သကဲ့သို့ ကျွန်ုပ်အတွက်ပုံဆောင်ပါသည်။ ဤပြင်ပဆင်ယင်ပြသမှုမျိုးသည် အမှန်တရား၏အရသာကို လွှန်ကဲစေပါသည်။ လူကိုသာချီးမြှင့်ပြီး အမှန်တရားကိုတိုးတက်စေခြင်းမရှိ၊ ရပ်တန့်စေပါသည်။ အသိတရားရှိသောသူတို့သည် ဤကဲ့သို့ပွဲလမ်းသဘင်ဆန်သောဆောင်ရွက်မှုများတို့ကို တွေ့မြင်ကြသောအခါ၊ ကျွန်ုပ်တို့၏ထမ်းဆောင်သော လေးနက်သည့်အမှန်တရားနှင့်မဆီလျော်ကြောင်းနားလည်ကြမည်ဖြစ်သည်။ Letter 190, 1902. [Ev 127.1]

**စရိတ်ကြီးသောနည်းစနစ်များမှစိတ်ပျက်ဖွယ်ရာအကျိုးများ –** သင်၏အစည်းအဝေးအတွက် ကြော်ငြာစရိတ်ကိုလျှော့လိုက်ပြီး အကယ်၍ စည်းဝေးအချိန်၌ကောက်ခံရရှိသောအလှူငွေများရရှိပါက ၎င်းငွေကိုနေရာသစ်များ၌ သင်၏တရားပွဲများအတွက်အသုံးပြုပါ။ [Ev 127.2]

အကယ်၍သင်ရှောင်ရှားနိုင်ပါက ကမ္ဘာ့အဆိုကျော်များကိုမငှားပါနှင့်။ အသင်းသားများအထဲမှ ဝိညာဉ်တန်ခိုးပါပြီး ကရုဏာနှင့်ပြည့်ဝသောအဆိုသည်များကိုစုရုံး၍သီဆိုစေပါ။ အပိုခင်းကျင်းပြသသောအရာများကိုပြုလုပ်



ခြင်းသည် ရှောင်ရှား၍မရသော မလိုအပ်သည့်ကုန်ကျစရိတ်ကိုဖြစ်စေပြီး၊ ၎င်းကုန်ကျစရိတ်အတွက် ညီအစ်ကိုများကိုတောင်းခံရန်မသင့်ပေ။ ထိုနောက်လာမည့်အချိန်များ၌ မယုံကြည်သူများ ဤကုန်ကျစရိတ်များကိုပေးလိုသောဆန္ဒမရှိကြောင်း သင်တွေ့ရလိမ့်မည်။ [Ev 127.3]

ဆက်လက်၍အမှုတော်လုပ်ငန်း၌ စရိတ်ကြီးသောစနစ်ကိုအသုံးမပြုရန် သင့်ကိုကျွန်ုပ်တောင်းပန်ပါသည်။ ဤစနစ်များကို ဘုရားသခင်မထောက်ခံကြောင်း သင့်ကိုကျွန်ုပ်ပြောရမည်။ ဤနည်းစနစ်များဖြင့် သင်ဆောင်ရွက်သောအလုပ်သည် ပြီးမြောက်မည်မဟုတ်ပါ။ Letter 51, 1902. [Ev 127.4]

**ဘုရားသခင်ကိုသာအမှီပြုရမည် –** ကျွန်ုပ်တို့၌ရှိသောအတွေးအခေါ်ထက်ကောင်းကင်သားများတို့သည် ပို၍အတွေးအခေါ်ရှိပြီး ဝိညာဉ်များပြောင်းလဲရန် သူတို့ပြုလုပ်နိုင်ပါသည်။ ကောင်းကင်စေတမန်များတို့နှင့်ညီညွတ်စွာကျွန်ုပ်တို့အလုပ်လုပ်လိုပါသည်။ ဘုရားသခင်ကိုကျွန်ုပ်တို့ပို၍လိုအပ်ပါသည်။ ကျွန်ုပ်တို့၏အပြောအဆို၊ ကျွန်ုပ်တို့၏တရားဟောခြင်းအားဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရန်ထင်မြင်ခြင်းကိုအလိုမရှိပါ။ ဘုရားသခင်အားဖြင့် လူတို့ကိုဆွဲဆောင်ခြင်းမပြုပါက မည်သို့မျှကျွန်ုပ်တို့ဆောင်ရွက်၍မရကြောင်း ကျွန်ုပ်တို့ခံစားလိုပါသည်။ Manuscript 19b, 1890. [Ev 127.5]

**ချဉ်းကပ်ပုံစနစ်ကိုလေ့လာပါ –** ခရစ်တော်ထံသို့ ဝိညာဉ်များကိုပို့ဆောင်ခြင်းအလုပ်သည် ပြင်ဆင်မှုကိုသေချာစွာပြုလုပ်ရန်လိုသည်။ ဘုရားသခင်၏အမှုတော်၌လိုအပ်သော သင်တန်းမရရှိသောသူများ ဝင်ရောက်လုပ်ကိုင်၍မရပါ။ ဝင်ရောက်လုပ်ကိုင်ပါက အမြင့်ဆုံးသောအောင်မြင်မှုရရှိရန် မျှော်လင့်၍မရပါ။ ကောင်း၍ခိုင်ခံ့သောအဆောက်အဦတစ်ဆောင်ဆောက်လုပ်နိုင်ရန်မည်ကဲ့သို့စီစဉ်ရန်လိုအပ်ကြောင်း၊ အချိန်မည်မျှယူရကြောင်းကို သင့်အားဗိသုကာဆရာပြောပြပါလိမ့်မည်။ ထိုနည်းအတိုင်း ဘုရားအမှုတော်၌ဆောင်ရွက်သောသူများအားလုံး လိုက်လျှောက်ကြရမည်။ ခရစ်တော်၏အစေခံများအနေဖြင့်ဝီရိယနှင့်လုပ်ငန်းကိုပြင်ဆင်မှုမပြုဘဲနေရမည်လား။ ဝိညာဉ်များကိုအောင်မြင်

ရန်အတွက် လိုက်လျှောက်ရမည့်နည်းလမ်းများနှင့်ငွေကြေးများတို့ကို သူတို့လျစ်လျူရှုကြရမည်လား။ လူသားများတို့၏ထာဝရကိစ္စအတွက် မည်ကဲ့သို့သူတို့ထံချဉ်းကပ်ရမည်ကိုသိရန်၊ လူတို့၏ဗီဇကိုသိရန်၊ နီးကပ်စွာလေ့လာရန်၊ သေချာစွာစဉ်းစားရန် ကြိုးစားဆုတောင်းရန်လိုအပ်ပါသည်။ Gospel Workers, p. 92. (1915) [Ev 128.1]

## အောင်မြင်၍စိတ်ဝင်စားဖွယ်ကောင်းသောကြော်ငြာခြင်းနည်းစနစ်များ

ကျွန်ုပ်တို့၏အလုပ်သည် ကျွန်ုပ်တို့၏ကြော်ငြာမှုအပေါ်မူတည်သည်။ ကျွန်ုပ်တို့အလုပ်၏စာရိတ္တနှင့်အရေးကြီးခြင်းသည် ပရိသတ်ရှေ့၌ပြသသည့်ကြိုးစားမှုများအပေါ်မူတည်သည်။ ကြိုးစားမှုပျော့ညံ့လွန်းပါက ကျွန်ုပ်တို့တင်ဆက်သောသတင်းစကားကို လူတို့သည် တန်ဖိုးထား၍ဂရုစိုက်ကြမည်မဟုတ်ပါ။ Historical Sketches, p. 200. (1886) [Ev 128.2]

**ကောင်းသောကြော်ငြာချက်** – စည်းဝေးအတွက်ကောင်းသောကြော်ငြာခြင်းကို ပြုလုပ်ရန်လိုအပ်ခြင်းသည် မှန်ကန်ပါသည်။ ထိုနောက် ခိုင်မာသောလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြရမည်။ သို့သော် အမှုဆောင်တိုင်း၏အင်အားပါဝင်ရမည်။ ပြင်ပပေါ်လွင်မှုအားဖြင့်မဟုတ်ဘဲ ဘုရားရှင်အပေါ်အမှီပြုပြီး သူ့ထံသို့အကူအညီအတွက်ကြိုးစားဆုတောင်းခြင်း၊ သူ၏နှုတ်ကပတ်တော်ကို နာခံခြင်းရှိရမည်။ Testimonies, vol. 9, p. 110. (1909) [Ev 128.3]

**လူတို့ကိုဟောပြောရန်နည်းစနစ်များတီထွင်ခြင်း** – လူတို့အားဟောပြောရန်နည်းစနစ်များကိုတီထွင်နိုင်သည့် ဖြူစင်သောနှလုံးသားရှိသည့်အမှုဆောင်များကို လိုအပ်ပါသည်။ ကမ္ဘာပေါ်၌ အမှန်တရားကိုအတားအဆီးရှိစေသည့်မနှစ်သက်စရာများအားဖြိုဖျက်ရန် ဆောင်ရွက်ကြရမည်။ Letter 152, 1901. [Ev 129.1]





**ဖြန့်ဝေသောစာများမှအကြောင်းအရာများ** – လူတို့သည် ကျွန်ုပ်တို့၏ယုံကြည်ချက်များကို မှားယွင်းစွာကိုယ်စားပြု၍ ကျမ်းစာအမှန်တရားကဲ့သို့သွန်သင်သောကြောင့် ကောင်းသောအကြံအစည်များဖြစ်သည့် ဖြေရှင်းချက်အကြောင်းအရာများကို ဖြန့်ဝေသောစာပေထဲ၌ ထည့်သွင်းရေးသားရန်လိုအပ်ပါသည်။ သို့မှသာ လူတို့သည် အမှန်တရားကိုတွေ့မြင်ရန် နိုးကြားလာကြလိမ့်မည်။ နေရာတိုင်း၌ မျိုးစေ့ကြဲရန်စွမ်းရည်ရှိသူများကို ဘုရားသခင်ပေါ်ထွန်းစေမည်။ အရေးကြီးသောအမှန်တရားများအားဖြင့် အလင်းကြီးကိုဘုရားသခင်ပေးထားပါသည်။ ၎င်းတို့ကို ကမ္ဘာသို့ကြားသိစေရမည်။ Letter 1, 1875. [Ev 129.2]

**စီးပွားရေးသမားများအတွက်အထူးကောင်းသောကြော်ငြာခြင်း** – စိတ်ဝင်စားမှုကြီးမားစွာဖြင့် ဘုရားသခင်သည် ဤကမ္ဘာကြီးကိုကြည့်နေသည်။ အမှုတော်အတွက် လူတို့၏ဆောင်ရွက်နိုင်စွမ်းကို သူမှတ်သားထားသည်။ ခေတ်အဆက်ဆက်ကိုကြည့်ပြီး ဘုရားသခင်သည် သူ၏အမှုဆောင်များကိုရေတွက်ကာ မိမိတို့၏ရှေ့၌လမ်းကိုပြင်ဆင်ပေးလျက်ရှိသည်။ ထိုနောက် သူပြောဆိုသည်မှာ၊ "ကမ္ဘာသို့ငါ၏စေတမန်များကိုစေလွှတ်မည်။ သူတို့သည် အမှောင်ထုထဲ၌အလင်းကြီးကိုတွေ့ရလိမ့်မည်။ ခရစ်တော်၏အမှုတော်၌ပါဝင်ပြီး သူတို့၏စွမ်းရည်ကို ငါ၏နာမဘုန်းတော်ထင်ရှားရန်အတွက် အသုံးပြုလိမ့်မည်။ သူတို့သည် ငါ့အတွက်ဖွဲ့နှင့်ဆက်ကပ်ထမ်းဆောင်ကြမည်။ သူတို့၏ကြိုးစားမှုအားဖြင့် ထောင်ပေါင်းများစွာသောလူတို့သည် အမှန်တရားကိုအရှိန်အဟုန်ဖြင့်ကြားရကြပြီး၊ ဝိညာဉ်မျက်စိအလင်းမရှိသောသူများတို့သည် အလင်းကိုရရှိကြပြီး ငါ၏ကယ်တင်ခြင်းကိုမြင်ရကြလိမ့်မည်။" [Ev 129.3]

ပြေးသောသူဖတ်နိုင်ရန် အမှန်တရားကိုထင်ရှားစွာဖော်ပြရလိမ့်မည်။ လူတို့၏စိတ်ကိုဆွဲဆောင်နိုင်ရန် လမ်းများကိုတီထွင်ရပါလိမ့်မည်။ ယခုအသုံးပြုနေသောနည်းစနစ်သည် ယခင်အချိန်၌အသုံးပြုခဲ့သည့်နည်းစနစ်နှင့်ကွာခြား

ပေလိမ့်မည်။ သို့သော် ဤကဲ့သို့ပြုခြင်းဖြင့် မည်သူမျှဝေဖန်မှုအားဖြင့် လမ်းကိုမကာဆီးထားစေပါနှင့်။ Review and Herald, Sept. 30, 1902. [Ev 129.4]

**ပုံနှိပ်တိုက်ကိုအသုံးပြုခြင်း –** ကျွန်ုပ်တို့သည် ကောင်း၍လက်ခံနိုင်သောနည်းလမ်းတိုင်းကိုအသုံးပြုခြင်းဖြင့် အလင်းကိုလူတို့ရှေ့၌ယူဆောင်လာရမည်။ ပုံနှိပ်တိုက်ကိုအသုံးပြုပြီး ကြော်ငြာချက်အမျိုးမျိုးကိုပြုလုပ်ကာ လူတို့၏အာရုံကို ကျွန်ုပ်တို့ထံသို့ဆွဲယူစေပါ။ ဤအရာသည် မလိုအပ်သောအရာဟု ကျွန်ုပ်တို့မထင်သင့်ပါ။ လမ်းထောင့်တိုင်း၌ ကိစ္စအမျိုးမျိုးသို့ အာရုံကိုဆွဲဆောင်သည့်ဆိုင်းဘုတ်ကြီးများရှိနေသည်ကို သင်တွေ့ရလိမ့်မည်။ တချို့တို့သည် အလွန်မေးခွန်းထုတ်ဖွယ်ရာကောင်းသော ပုဂ္ဂိုလ်၏အရုပ်ကို သင်တွေ့ရပါလိမ့်မည်။ ထို့ကြောင့် အသက်၏အမှန်တရားအလင်းကိုရရှိထားသော ကျွန်ုပ်တို့အနေဖြင့် လူထုကြီးကိုအမှန်တရားထံသို့ မိမိတို့၏အာရုံကိုဆွဲယူနိုင်ရန် ညံ့ဖျင်းသောကြိုးစားမှုဖြင့်ဆောင်ရွက်ခြင်းကို ကျေနပ်၍နေမည်လား။ [Ev 130.1]

စိတ်ဝင်စားလာသူများအနေဖြင့် ရေပန်းစားသောဓမ္မဆရာများထံမှ ရှုပ်ထွေးခြင်းနှင့်မှားယွင်းစွာဟောပြောခြင်းများကို ရင်ဆိုင်ရလိမ့်မည်။ ထိုအခါ ဤအရာများနှင့်ပတ်သက်၍ မည်ကဲ့သို့ဖြေဆိုရမည်ကို သူတို့မသိပါ။ အမှန်တရားကို အသက်ပါသောတရားဟောဆရာအနေဖြင့် ကျစ်လျစ်ပြည့်စုံစွာပုံနှိပ်၍ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိရပါလိမ့်မည်။ လက်တွေ့ကျနိုင်သရွေ့ အရေးကြီးသောတရားဟောချက်များကို စခန်းစည်းဝေးပွဲများအတွက် သတင်းစာထဲ၌ထည့်သွင်းပုံနှိပ်စေပါ။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် အမှန်တရားသည် လူနည်းစုတို့၏နှလုံးသားထဲသို့ လက်ခံနိုင်ပါလိမ့်မည်။ သို့သော် အမှန်တရားကို မှားယွင်းစွာဖော်ပြပါက လူတို့သည် ဓမ္မဆရာဟောပြောသောအရာများကိုသာလျှင် သိရသောအခွင့်အရေးရကြပါလိမ့်မည်။ [Ev 130.2]

သင်၏အလင်းကို အိမ်ထဲ၌ရှိကြသောသူများ အလင်းရရှိရန်အတွက် ဖယောင်းတိုင်၏တိုင်ပေါ်၌ထွန်းညှိထားပါ။ အကယ်၍ အမှန်တရားကိုကျွန်ုပ်တို့အားပေးထားပါက ၎င်းအမှန်တရား၏အလင်းကို ရိုးသားသောနှလုံးသား



ရှိသူများသိရှိ၍ ဝမ်းမြောက်စေရန် သူတို့အားရှင်းလင်းစွာပြောပြရပါလိမ့်မည်။ Testimonies, vol. 6, pp. 36, 37. (1900) [Ev 130.3]

**စိတ်လှုပ်ရှားမှုနှင့်အချက်ပေးခြင်းကိုရှောင်ရှားခြင်း –** ကျွန်ုပ်သည် သင်တို့၏အစည်းအဝေးမှ အလန့်တကြားသတိပေးချက်များတို့အပေါ် စိတ်ဝင်စားခြင်းမရှိပါ။ တစ်ဖက်သတ်ဆန်လွန်းသည်။ သတိပေးစကားစာသားကိုဖော်ပြရာမရောက်ပါ။ ဆိုးသွမ်းသောမြို့ကြီးများကိုဖျက်ဆီးရန်အတွက် အဆင်သင့်ရှိသောအခါ ဘုရားသခင်သည် မိမိ၏လူများတို့ကိုအသိပေးပါသည်။ သို့သော် ဤဆိုးသောမြို့များတို့သည် ထာဝရအသက်နှင့်ယှဉ်သောသတိပေးစကားကိုကြားရ၍ လက်ခံသောအခွင့်အရေးရရှိပြီး နောက်ပိုင်းမှသာ ဤအခြင်းအရာဖြစ်ပေလိမ့်မည်။ [Ev 130.4]

ယခုကျွန်ုပ်တို့၏အလုပ်သည် နှုတ်ကပတ်တော်ဖော်ပြသကဲ့သို့ လူတို့၏စိတ်ကို အလင်းနှင့်ပညာပေးရန်ဖြစ်သည်။ အမှန်တရားဝင်ရောက်နိုင်ရန် ယခုတံခါးများဖွင့်လျက်ရှိသည်။ အမှန်တရားကိုတစ်ခါမျှမကြားရသေးသောသူတို့ထံသို့ သွားရောက်ဟောပြောရန် သင့်ကိုယ်ကိုပြင်ဆင်ပါ။ ပုံပမာနှင့်ပုံစံအမျိုးမျိုးအားဖြင့် ခရစ်တော်ဆောင်ရွက်ခဲ့သကဲ့သို့ အမှန်တရားကိုရှင်းပြပါ။ အသင်းလူကြီးတစ်ဦး၏ဇယားကားချပ်အားဖြင့် အမှန်တရားကိုရှင်းပြခြင်းသည် အကျိုးရှိပေလိမ့်မည်။ ဤအရာများအားဖြင့်ပြောဆိုခြင်းသည် လူတို့၏စိတ်ကိုဆွဲဆောင်မှုဖြစ်စေပါ။ တစ်ယူသန်သောလှုပ်ရှားမှုအားဖြင့် လူတို့ကိုအားပေးမှုမပြုပါနှင့်။ မာရ်နတ်သည် ဤနည်းလမ်းကိုအသုံးပြုပြီး တပည့်တော်များတို့ကိုရှာဖွေဆွဲဆောင်လျက်ရှိသည်။ အကယ်၍ဖြစ်နိုင်ပါက ရွေးချယ်ထားသောသူများကိုပင် လှည့်ဖြားနိုင်လျှင်လှည့်ဖြားသွားမည်ဖြစ်ပါသည်။ Letter 17, 1902. [Ev 131.1]

**ထိတ်လန့်ဖွယ်အသိပေးခြင်းများ –** ထိတ်လန့်ဖွယ်အသိပေးခြင်းများတို့သည် လုပ်ငန်းတိုးတက်မှုကိုအန္တရာယ်ဖြစ်စေသည်။ Review and Herald, July 5, 1906. [Ev 131.2]

သင့်အတွက်နှင့်နယူးရော့မြို့၏လုပ်ငန်းအတွက် ကျွန်ုပ်တို့ဆုတောင်းပေးနေကြောင်း သင့်အားကျွန်ုပ်ကတိပြုပါသည်။ သို့သော် ထိတ်လန့်ဖွယ်သတိပေးခြင်းများကို သင်၏အစည်းအဝေး၌မပြုလုပ်ပါနှင့်။ အကယ်၍ယခုနယူးရော့မြို့၌ အယူသီးခြင်းလိုင်းတံပိုးရိုက်ခတ်ပါက လူတို့၏စိတ်နှလုံးထဲ၌မာရ်နတ်အလုပ်လုပ်ပြီး လုပ်ငန်းဦးဆောင်ခြင်းကို မည်သူမျှကိုင်တွယ်၍ရတော့မည်မဟုတ်ပါ။ ယခုကျွန်ုပ်တို့လိုအပ်သောအရာသည် စိတ်လှုပ်ရှားခြင်းမဟုတ်ပါ။ လူတို့အားပညာပေးရန်အတွက် အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်ကပ်လုပ်ဆောင်ခြင်းဖြစ်သည်။ Letter 17, 1902. [Ev 131.3]

## ဆွဲဆောင်မှုကောင်းသောကြေညာချက်ပြုနိုင်သည့်ဧဝံဂေလိဓမ္မဆရာ

**ပုံမကျသောကြွားဝါခြင်း –** ကျွန်ုပ်တို့၏ကောင်းမှုအပေါ်ကြွားဝါခြင်းအားလုံးတို့သည် အဓိပ္ပါယ်မရှိပါ။ လျှို့ဝှက်သောအောင်မြင်ခြင်းကို ကျွန်ုပ်တို့၏သင်ကြားသောအရာ၊ ကျွန်ုပ်တို့၏ရာထူး၊ ကျွန်ုပ်တို့၏အဆင့်အတန်းနှင့်စွမ်းရည်သတ္တိအားဖြင့်ရရှိခြင်းနှင့် လူတို့၏အလိုဆန္ဒအားဖြင့်ရရှိခြင်းမဟုတ်ပါ။ Christ’s Object Lessons, pp. 401, 404.

**လောကဏ်ပုံစံနှင့်မတူသောဆောင်ရွက်မှု –** လောကပုံစံကို ကျွန်ုပ်တို့၏လုပ်ဆောင်မှုအဖြစ်မခံယူရပါ။ ကမ္ဘာသို့မြင့်မြတ်သောပုံသက်သေကိုပေးရမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မြင့်မြတ်ပြီး၊ အထက်သို့ပို့ဆောင်သောစာရိတ္တဖြစ်သည်။ ထိုကြောင့် ကြီးမြတ်သောအလုပ်ကို သူတစ်ပါးအတွက်မှားယွင်းသောထင်မြင်ချက်များမဖြစ်စေရန် မကောင်းသောအရာအားလုံး၊ ကိုယ်စီမြတ်နိုးသောအရာနှင့် ကျဉ်းမြောင်းသောအကြံအစည်များတို့ကို ဖယ်ရှားသင့်ကြသည်။ Letter 14, 1887. [Ev 132.1]

**မှားယွင်းသောသတင်းအားဖြင့်မျက်နှာသာမရ –** ကျွန်ုပ်တို့သည် မိမိတို့ဝန်ခံသောယုံကြည်ခြင်း၏မျက်နှာသာကိုရရှိရေးအတွက် မှားယွင်းသောသတင်းကို



မပြောရပါ။ မှားယွင်းသောသတင်းနှင့်ဟန်ဆောင်ခြင်းများကို ဘုရားသခင်ဂရုမပြုပါ။ ပြောဆိုသည့်အတိုင်းမလုပ်သောသူကို ဘုရားသခင်သည်းခံမည်မဟုတ်ပါ။ အကောင်းဆုံးနှင့်အမြင့်မြတ်ဆုံးသောအလုပ်ကို တရားမျှတခြင်းနှင့်ရိုးသားဖြောင့်မတ်ခြင်းအားဖြင့် ဆောင်ရွက်မှသာလျှင် ပြီးမြောက်စေနိုင်မည်ဖြစ်သည်။ Letter 232, 1899. [Ev 132.2]

**ပါမောက္ခကိုခရစ်တော်မခေါ်ပါ –** မြင့်ရာအရပ်သို့ရောက်ရှိရန်ကြိုးစားခြင်းသည် ဘုရားသခင်၏ရှေ့မှောက်၌ ကြီးမြတ်ခြင်းမဟုတ်ပါ။ ကောင်းမြတ်သောနှိမ့်ချခြင်းအသက်တာ၊ နူးညံ့သိမ်မွေ့ခြင်း၊ သစ္စာရှိခြင်းနှင့်ဖြူစင်သန့်ရှင်းခြင်းတို့သာလျှင် သင်တို့အားကောင်းကင်တမန်များတို့၏အထူးသောအဆင့်၌တာဝန်ယူရန် ပြုလုပ်ပေးပါလိမ့်မည်။ စံပြပုဂ္ဂိုလ်၊ ဘုရားနှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟုမထင်မမှတ်သောသူသည် မိမိကိုယ်ကို ကျွန်ုပ်တို့၏ပုံသဏ္ဍာန်ကဲ့သို့ဆောင်ပြီး မထင်ပေါ်သောဂါလိလဲပြည် မြို့ကလေးတစ်မြို့ရှိ တောင်ကုန်းကလေးအကြား၌ပုန်းအောင်း၍ အနှစ် (၃၀) နီးပါးနေထိုင်ခဲ့ပါသည်။ ကောင်းကင်တမန်အဖွဲ့အစည်းအားလုံးကိုအုပ်ချုပ်ရသော်လည်း မိမိကိုယ်ကိုအထင်ကြီးခြင်းမရှိပါ။ မိမိအမည်နာမကို ပါမောက္ခတစ်ဦးဟူ၍ မိမိစိတ်ချမ်းသာရန်တင်စားခြင်းမပြုခဲ့ပါ။ သူသည် အခကြေးငွေဖြင့်အလုပ်လုပ်သော လက်သမား၊ အစေခံတစ်ဦးအဖြစ် သူတစ်ပါး၏အလုပ်ကိုလုပ်ဆောင်ပေးသူဖြစ်သည်။ Letter 1, 1880. [Ev 132.3]

**သူတို့၏အချည်းနှီးအရာကိုခရစ်တော်သုံးမသည် –** ခရစ်တော်သည် အချည်းနှီးသက်သက်ကိုဖော်ပြသည့် ဆရာကြီး၊ သို့မဟုတ် သခင်၏အမည်နာမကို သူတို့တပ်မက်ခြင်းအတွက် သုံးမခဲ့သည်။ ထိုနာမမျိုးသည် လူတို့နှင့်မသက်ဆိုင်၊ ခရစ်တော်နှင့်သာသက်ဆိုင်ကြောင်း သူကြေညာခဲ့သည်။ ယဇ်ပုရောဟိတ်များ၊ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်ဥပဒေအရာရှိများအားလုံးတို့သည် ညီအစ်ကိုများဖြစ်ကြပြီး ဖခင်တစ်ဦးတည်း၏သားသမီးများဖြစ်ကြသည်။ ယေရှုသည် မည်သူ့ကိုမျှသူတို့၏ဩတ္တပ္ပစိတ်အသိတရားနှင့်ယုံကြည်ခြင်းကိုထိန်းချုပ်ရန် အထူး

အမည်နာမကိုပေး၍ ဂုဏ်ပြုခြင်းမပြုရန် ကြိုးစားသွန်သင်ခဲ့ပါသည်။ [Ev 132.4]

အကယ်၍ခရစ်တော်သည် ယနေ့ဤကမ္ဘာပေါ်၌ရှိနေပြီး "သန့်ရှင်းသူ" ဟုအမည်နာမဖြင့်အခေါ်ခံခြင်းခံရသူများ ဝန်းရံလျက်ရှိပါက "မည်သူ့ကိုမျှ သခင်ဟုမခေါ်နှင့်၊ သင်တို့၏သခင်တစ်ပါးတည်းသာရှိသည်" ဟု ပြောလိမ့်မည်မဟုတ်ပါလား။ ဘုရားသခင်နှင့်ပတ်သက်၍ နှုတ်ကပတ်တော်ပြောသည်မှာ "သူ၏နာမတော်သည် သန့်ရှင်း၍ရိုသေဖွယ်ဖြစ်သည်" ဆာလံ ၁၁၁း၉။ မည်သို့သောလူသားသည် ဤနာမနှင့်ထိုက်တန်မည်နည်း။ The Desire of Ages, p. 613. (1898) [Ev 133.1]

**''သန့်ရှင်းသူ'' ဟုအမည်နာမပေးခြင်းသည်မမှန်ပါ –** စစ်မှန်သောပညာနှင့်ပတ်သက်သည့်အရာများတို့၏အဆင့်အတန်းကို နှိမ့်ကျစေရန်မပြုလုပ်ရပါ။ ယခုရှိနေသောအဆင့်ထက် ပို၍များစွာမြှင့်တင်ရမည်။ ကျွန်ုပ်တို့ချီးမြှင့်၍ဝတ်ပြုရမည့်အရာမှာ လူပုဂ္ဂိုလ်များမဟုတ်ပါ။ စစ်မှန်၍အသက်ရှင်ပြီး ကျွန်ုပ်တို့ရိုသေလေးစားဝတ်ပြုကိုးကွယ်ထိုက်သော ဘုရားတစ်ဆူတည်းသာလျှင်ဖြစ်သည်။ [Ev 133.2]

သမ္မာကျမ်းစာ၏သွန်သင်ချက်အရ၊ ဓမ္မဆရာများကို "သန့်ရှင်းသောသူ" များဟု ဘွဲ့နာမတပ်၍ခေါ်ဆိုခြင်းသည် ဘုရားသခင်ကိုမလေးစားခြင်းဖြစ်သည်။ ဤနာမကို မည်သည့်မတည်မြဲသောလူပုဂ္ဂိုလ်များမှ ခံယူခွင့်မရှိပါ။ ဘုရားသခင်နှင့်သာသက်ဆိုင်ပြီး ဘုရားသခင်နှင့်အခြားအရာများတို့ကို ခွဲခြားရန်ဖြစ်သည်။ မိမိကိုယ်ကိုဤဘွဲ့နာမအားဖြင့် ခေါ်ဆိုလိုခြင်းသည် ဘုရားနေရာကိုယူလိုခြင်းဖြစ်သည်။ လူတစ်ဦးသည် ရာထူးရာခံမည်ရွေ့မည်မျှပင်ရှိစေကာမူ ဤဘွဲ့နာမကိုရယူပိုင်ခွင့်မရှိပါ။ "ဘုရားရှင်၏နာမသည် သန့်ရှင်း၍ရိုသေဖွယ်ရာဖြစ်သည်။" ကျွန်ုပ်တို့နှင့်မပတ်သက်သောဤဘွဲ့နာမကို ကျွန်ုပ်တို့ခံယူခြင်းသည် ဘုရားသခင်ကိုမရိုမသေပြုခြင်းဖြစ်သည်။ Youth's Instructor, July 7, 1898. [Ev 133.3]



**သိမ်မွေ့သောသူတို့သည်ကြီးမားသောကိစ္စများကိုတာဝန်ယူခြင်း –** ဧဝံဂေလိဓမ္မဆရာများတို့သည် အမှန်တရားကို ဘုရားသခင်၏ကောင်းချီးမင်္ဂလာအားဖြင့် ရိုးစင်းစွာတင်ဆက်ကာ လူတို့အားဘုရားသခင်၏စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်းဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။ "နှုတ်ကပတ်တော်အမှန်တရားကိုမှန်ကန်စွာခွဲခြားတတ်ခြင်း" သည် ဓမ္မဆရာများ၌ရှိရမည်ဖြစ်ပြီး၊ ၎င်းအတိုင်းပြောဆိုတတ်ရမည်။ [Ev 133.4]

သို့သော် များစွာသောဓမ္မဆရာတို့သည် ခရစ်တော်၏စီမံကိန်းများနှင့် များစွာကွာခြားလျက်ရှိသည်။ လူပုဂ္ဂိုလ်ကိုသာချီးမွမ်းလိုစိတ်ရှိကြပြီး၊ ချီးမွမ်းခံလိုသေစိတ်ကြောင့် အမှန်တရားထက်အံ့ဩဖွယ်ရာများတို့ကို ပြောဆိုတင်ဆက်ကြပါသည်။ ဘုရားရှင်နှင့်အတူနှိမ့်ချခြင်းနှင့် ဆုတောင်းခြင်းဖြင့်လက်တွဲအသက်ရှင်ရန် သူတို့ကိုပြောဆိုရမည့်အကြောင်း ဘုရားသခင်သည်ကျွန်ုပ်အားပြောပါသည်။ ကြီးမားသောကိစ္စများကို ဦးဆောင်လုပ်ကိုင်ရန်နှိမ့်ချ၍သေးငယ်သောပုဂ္ဂိုလ်များဖြစ်လိုသော စိတ်ဆန္ဒရှိကြပါစို့။ Manuscript 62, 1905. [Ev 134.1]

**ထူးချွန်သောသူများမပါ –** ကျွန်ုပ်တို့အထဲ၌ ကြီးမြတ်သောသူမရှိပါ။ ထူးချွန်သောသူများ၊ ဘာမျှမဟုတ်သူများဖြစ်လျက်နှင့် မည်သူမည်ဝါဖြစ်လိုသောစိတ်သည် မလိုအပ်သောစိတ်ထားဖြစ်ပါသည်။ မူးဒီ (Moody) သို့မဟုတ် စန်းခီ (Sankey) ကဲ့သို့လူတစ်ဦးကိုဖြစ်စေရန် ပညာအားဖြင့်မဟုတ်ပါ။ ကြီးမားသောစွမ်းရည်အားဖြင့် ကြိုးစားရယူခြင်းကြောင့်လည်းမဟုတ်ပါ။ Review and Herald, Dec. 8, 1885. [Ev 134.2]

**သတင်းစကားသာ၊ လူမဟုတ် –** ခရစ်တော်အရာကိုသင်ယူသောဓမ္မဆရာသည် ဘုရားသခင်၏စေတမန်တစ်ဦးဖြစ်ကြောင်း မိမိ၏စိတ်ထဲ၌ခံယူပြီး၊

ယခုနှင့်ထာဝရကာလအတွက် အမှုထမ်းဆောင်ရန် ဘုရားသခင်စေခိုင်းသော သူဖြစ်သည်ကို သူသိရှိမည်ဖြစ်သည်။ မိမိထံသို့ မိမိ၏ပညာနှင့်စွမ်းရည်အား ဖြင့် လူတို့အားဆွဲဆောင်ခြင်းပြုရန်အကြောင်း လုံးဝမရှိသင့်ပါ။ သို့သော် သူ၏ရည်ရွယ်ချက်တစ်ခုလုံးသည် အပြစ်သားများတို့ကို နောင်တတရားရရှိ ရန် ကမ္ဘာ၏အပြစ်များကိုယူဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ထံသို့ တရားဥပဒေနှင့်ပုံသက်သေအားဖြင့်ကြည့်ရန် သူတို့အားညွှန်ပြသင့်ပါသည်။ အတ္တစိတ်သည် ယေရှု၌ပျောက်ကွယ်သင့်ပါသည်။ ထိုပုဂ္ဂိုလ်များတို့သည် ဘုရားသခင်ကိုယ်စားပြောသောသူများ၊ တန်ခိုးနှင့်အာဏာကို ဘုရားရှင်ထံမှ ရရှိပြီး ပြောဆိုသောသူများဖြစ်သည်။ သူတို့၏လေးနက်သောအပြောအဆို သည် အပြစ်သားများတို့ကို မိမိတို့ပျောက်ဆုံးနေသောအခြေအနေကိုတွေ့မြင် ၍ ခရစ်တော်၌တိုးဝင်ချဉ်းကပ်စေရန် ဆွဲဆောင်ပေလိမ့်မည်။ Review and Herald, Aug. 8, 1878.

**ယောဟန်သည်အသံတစ်ခုသာဖြစ်** – ယုံကြည်ခြင်းနှင့်ကယ်တင်ရှင်ကိုကြည့် ခြင်းအားဖြင့် ယောဟန်သည် မိမိကိုယ်ကိုငြင်းပယ်ခြင်းမြင့်ရာအရပ်သို့ရောက် ရှိခဲ့ပါသည်။ သူသည် လူများတို့အား သူ့ထံသို့ဆွဲယူခြင်းမပြု၊ သို့သော် သူတို့၏စဉ်းစားဆင်ခြင်ခြင်းများကို မြင့်ရာအရပ်သို့တစ်ဆင့်ပြီးတစ်ဆင့် ဘုရားသခင်၏သိုးသငယ်၌ခိုနားနိုင်သည့်အထိ ပို့ဆောင်ပေးခဲ့ပါသည်။ သူကိုယ်တိုင်သည် အသံ၊ တောထဲ၌ကြွေးကြော်သောအသံပင်ဖြစ်သည်။ Gospel Workers, p. 56. (1915) [Ev 134.4]

**ယောဟန်နှင့်တူသောသူများကိုယနေ့ဘုရားသခင်ရွေးချယ်သည်** – လူတို့ရှေ့တွင် မြင့်ရာအရပ်၌နေရာယူရန် ကောင်းကင်သည် နှစ်ခြင်းဆရာယောဟန်နှင့်တူ သောအမှုဆောင်ကို ဘုရားရှင်ရှေ့၌နိမ့်ရာအရပ်ကိုနေရာယူစေပါသည်။ ကလေး နှင့်အတူဆုံးတပည့်တော်သည် ဘုရားရှင်အတွက် အထိရောက်ဆုံးလုပ်ဆောင် နိုင်ပါသည်။ အသိတရားနှင့်ပြည့်ဝသောကောင်းကင်သားများတို့သည် မိမိ



ကိုယ်ကိုချီးမြှောက်ခြင်းမပြု၊ ဝိညာဉ်များကိုသာကယ်တင်လိုသောသူနှင့်အတူ အလုပ်လုပ်ကိုင်နိုင်ပါသည်။ The Desire of Ages, p. 436. (1898) [Ev 135.1]

**မိမိကိုယ်ကိုချီးမြှင့်ခြင်းအားဖြင့်အမှုတော်ကိုထိခိုက်စေသည်** – အတ္တစိတ်ထဲ ၌ ဘာသာရေးဝင်ရောက်နေရာယူ၍မရပါ။ ခရစ်တော်၏အမှုတော်ထဲ၌ မိမိ တို့၏ကိုယ်ကိုချီးမြှောက်ရန်ရည်ရွယ်သောသူများတို့သည် သူတို့အထဲ၌ကျေးဇူး တော်မရှိသည့်အတွက် အမှုတော်ကိုထိရောက်စွာဆောင်ရွက်၍မရပါ။ ကြွားဝါ ခြင်းနှင့်ကိုယ့်ကိုကိုယ်သာအမွှမ်းတင်လိုသောစိတ်ရှိနေသည့်နေရာတိုင်းတွင် အမှု တော်ကိုထိခိုက်စေသည်။ Christ's Object Lessons, p. 402. (1900) [Ev 135.2]

**လူတစ်ဦး၏စစ်မှန်သောတန်ဖိုး** – ခရစ်ယာန်၏တန်ဖိုးသည် စွမ်းရည် ထက်မြက်ခြင်းအပေါ်၊ မြင့်မြတ်သည့်မျိုးရိုးအပေါ်၊ အံ့ဩဖွယ်တန်ခိုးအပေါ် မူတည်ခြင်းမရှိပါ။ ခရစ်တော်ကိုကြည့်ခြင်းအားဖြင့် နှိမ့်ချ၍ဖြူစင်သန့်ရှင်း သောနှလုံးသားသာလျှင် ဘုရားရှင်၏ကြာရှည်စွာပျောက်ကွယ်နေသည့်ရုပ် သဏ္ဌာန်ကို ပြန်လည်၍ရောင်ပြန်ဟပ်နိုင်ပါသည်။ Letter 16,1902. [Ev 135.3]

**ယေရှုတစ်ဦးတည်းသာ** – လူ၏အစွမ်းအစကိုဖော်ပြခြင်း၊ သို့မဟုတ် မိမိကိုယ်ကိုချီးမြှောက်ခြင်းပြုရန်ငြင်းဆန်သော ဘုရားရှင်၏အမှုတော်ဆောင် များတို့သည် မာရ်နတ်၏ပြင်းထန်သောတိုက်ခိုက်မှုကို ရင်ဆိုင်နိုင်မည်ဖြစ်ပြီး အမှုတော်ကိုပြီးမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ကြပါလိမ့်မည်။ လူသားများ တို့၏ဆောင်ရွက်ခြင်းအားဖြင့်မဟုတ်၊ ခရစ်တော်အားဖြင့်သာ လူအများတို့ကို ပြောင်းလဲစေနိုင်လိမ့်မည်။ အတ္တသဘောသည် နောက်ကွယ်မှာသာရှိပြီး ကရာနိ မှပုဂ္ဂိုလ်ယေရှုသည် ရှေ့တန်း၌နေရာယူမည်ဖြစ်သည်။ The Acts of the Apostles, p. 278.

## ကြားဝါခြင်းနှင့်စိတ်ထကြွမှုကိုရှောင်ရှားခြင်း

**အောင်မြင်ခြင်းသည်ပြင်ပဝါကြွားခြင်းအပေါ်မူမတည်** – တချို့သောဓမ္မအမှုဆောင်များတို့သည် လူထုကြီးကိုဆွဲဆောင်နိုင်ရန် ပြင်ပပြသမှုများကိုထည်ဝါစွာပြုလုပ်ကြပြီး ပွဲလမ်းသဘင်ဆန်သောနည်းဖြင့် အမှန်တရားကိုဟောပြောလျက် အမှားများကိုပြုလုပ်ကြပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ဘုရားသခင်၏သန့်ရှင်းသောမီးကိုထွန်းလင်းမည့်အစား ရိုးရိုးမီးကိုသာထွန်းလင်းခြင်းဖြစ်ပါသည်။ ဤလုပ်ရပ်အားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းမရှိနိုင်ပါ။ အလန့်တကြားလှုံ့ဆော်မှုနှင့် စရိတ်များသောပြင်ပခင်းကျင်းပြသမှုများအားဖြင့် ဘုရားသခင်၏အမှုတော်ကို ပြီးမြောက်အောင်မြင်စွာဆောင်ရွက်၍မရပါ။ ခရစ်တော်၏နည်းစနစ်ကိုသာလျှင် ကျွန်ုပ်တို့လိုက်လျှောက်ကြရပါမည်။ "ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" အမှန်တရားရိုးရိုးတစ်ခုတည်းသာလျှင် နှစ်ဖက်ထက်သောသန်လျက်ကဲ့သို့ အပြစ်ထဲသေနေကြသောသူများတို့ကို ဝိညာဉ်အသက်သို့နိုးကြားစေမည်ဖြစ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အညီ လူတို့ထံသို့ ဧဝံဂေလိအမှန်တရားကိုယူဆောင်လာပါက လူတို့အနေဖြင့် နားလည်လက်ခံကြပါလိမ့်မည်။ Gospel Workers, p. 383. (1915) [Ev 136.1]

**အဓိပ္ပါယ်ရှိသောနည်းစနစ်များ** – ထူးဆန်းသောအရာများကို ရှာဖွေမှတ်သားပြီး လူတို့အားအံ့ဩစေရန် ဟောပြောတင်ဆက်ခြင်းအားဖြင့် လူတို့ကိုကြောက်ရွံ့ထိတ်လန့်မှုဖြစ်စေခြင်းသည် မှန်ကန်စွာစတင်လုပ်ဆောင်သည့် ကောင်းသောအလုပ်ကိုပျက်စီးစေလိမ့်မည်။ [Ev 136.2]

ကြီးမား၍မြင့်မြတ်သောနှုတ်ကပတ်တော်အမှန်တရားများကို တာဝန်ဦးဆောင်ရသောသူတို့သည် ဝိညာဉ်ရေး၌လေးနက်ခြင်း၊ ကြိုးစားအားထုတ်ခြင်းရှိရမည်ဖြစ်ပြီး တည်ငြိမ်စွာဖြင့်အသိတရားရှိကာ အနိုင်ယူပြောဆိုတတ်



ခြင်းကို ရပ်ဆိုင်းရပါလိမ့်မည်။ လုပ်ငန်းကိုဒုက္ခဖြစ်စေမည့် အယူသီးမှုများကို အားပေးခြင်းမပြုရဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင့်လက်ထဲ၌သယ်ဆောင်ပါ။ [Ev 136.3]

နယူးရော့မြို့၌အလုပ်ထမ်းဆောင်သောသူတို့သည် ဘုရားသခင်သတ်မှတ်ထားသော မိမိ၏လုပ်ငန်းအထဲသို့ ထူးဆန်းအံ့ဩဖွယ်သောအရာများကိုယူဆောင်၍ ရောနှောစေခြင်းမပြုရပါ။ သူတို့၏အလုပ်သည် မိမိတို့၏အတွေးအခေါ်အားဖြင့်မဟုတ်ဘဲ ဘုရားရှင်ထံအကြံတောင်းခံကာ နှိမ့်ချ၍ကိုးစားထိုက်သောယုံကြည်ခြင်းဖြင့် လူတို့အားပြောဆိုကြရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ တွေ့ရှိရသည့်အမှန်တရား၏စနစ်သည် ပညာရှိများတို့၏စိတ်ကို ခရစ်တော်ဆွဲဆောင်နိုင်သကဲ့သို့ လူတိုင်း၏စိတ်ကိုဆွဲဆောင်မှုပြုနိုင်ပါသည်။ Letter 17, 1902. [Ev 136.4]

**နှိမ့်သောအဆင့်သို့အမှန်တရားကိုမည်သည့်အခါမျှမယူဆောင်လာပါနှင့်** – ဝိညာဉ်များကိုရရှိရန်အတွက် အမှန်တရားကိုနိမ့်ရာအရပ်သို့မယူဆောင်လာပါနှင့်။ အပြစ်နှင့်ပြည့်ဝပြီး ယိုယွင်းနေသောသူတို့ကိုသာ ဘုရားသခင်၏ပညတ်တော်မြင့်ရာအဆင့်သို့ရှာ၍ ပို့ဆောင်တော်မူပါ။ Manuscript 7, 1900. [Ev 137.1]

**ပွဲလမ်းသဘင်၏ခင်းကျင်းပြသမှုကိုရှောင်ရှားပါ** – ကျွန်ုပ်တို့၏အလုပ်ကိုတာဝန်ယူရသောသူတို့အတွက် ကျွန်ုပ်၌သတင်းစကားရှိသည်။ အမှုတော်၌ပါဝင်ကြသောသူတို့သည် အရေးကြီး၍ သန့်ရှင်းမွန်မြတ်သောသတင်းစကားကို ပွဲလမ်းသဘင်ပုံစံနှင့်ဟောပြောရန် အားမပေးကြပါနှင့်။ ပွဲလမ်းသဘင်ဆန်သောလုပ်ရပ်အနည်းငယ်ကိုမျှ ကျွန်ုပ်တို့၏လုပ်ငန်းထဲသို့မယူဆောင်လာပါနှင့်။ ဘုရားသခင်၏အမှုတော်သည် သန့်ရှင်းခြင်း၊ ကောင်းကင်၏ပြုပြင်ခြင်းရှိရမည်။ ယခုအချိန်သတင်းစကားဟောကြားခြင်းအစီအစဉ်တိုင်း၌ ဘုရားသခင်၏တန်ခိုးပါရှိရလိမ့်မည်။ ပွဲလမ်းသဘင်ပုံစံအနည်းငယ်ကိုမျှ ပါဝင်ရန်အခွင့်မပြုပါနှင့်။ လုပ်ငန်း၏သန့်ရှင်းစင်ကြယ်ခြင်းကို ပျက်စီးစေလိမ့်မည်။ [Ev 137.2]

ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်၌ လူတို့၏ထူးဆန်းသော လုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် ဗဟုသုတအမျိုးမျိုးတို့ကိုရင်ဆိုင်ကြ ရမည်ဖြစ်ကြောင်း ကျွန်ုပ်အားညွှန်ပြထားပါသည်။ ဤကဲ့သို့သောအခြင်းအရာ များကို နေရာမြောက်မြားစွာတို့၌တွေ့ရကြပါသည်။ ကျွန်ုပ်၏ပထမဦးဆုံး လုပ်ဆောင်ချက်များတို့၌ ကျွန်ုပ်ရရှိသောသတင်းစကားမှာ ဤကဲ့သို့ပွဲလမ်း သဘင်ဆန်သောလုပ်ဆောင်ချက်များတို့ကို အားမပေးကြရန်နှင့် တားမြစ်ကြ ရန်ဖြစ်ပါသည်။ အံ့သြဖွယ်သောအရာများ၊ ထူးဆန်းသောအရာများတို့ကို ဘုရားရှင်၏အမှုတော်၌ရှာကြံလုပ်ဆောင်ရမည်ဟု ထင်သောသူများရှိကြပါ သည်။ ကျွန်ုပ်အားအလင်းပေးထားသည်မှာ၊ "ဤအရာများကိုမည်သည့်အခါ မျှခွင့်မပြုပါနှင့်" ဟုဖြစ်ပါသည်။ ပွဲလမ်းသဘင်ဆန်သောလုပ်ဆောင်ချက် များတို့သည် ကျွန်ုပ်တို့အား ဘုရားသခင်အပ်နှံထားသော အရေးကြီးသည့် သတင်းစကားများကိုကြွေးကြော်ရမည့်နေရာ၌ အသုံးပြုရန်မလိုပါ။ [Ev 137.3]

ရန်သူသည် နီးကပ်စွာစောင့်ကြည့်ပြီး အခြေအနေများ၏အခွင့်အရေး တိုင်းကိုရယူကာ သိက္ခာမရှိသည့်သက်သေပြချက်များဖြင့် အမှန်တရားကို ရှုတ်ချမည်ဖြစ်သည်။ ဤသက်သေပြချက်များတို့ကို အားပေးခြင်းမပြုရပါ။ ကျွန်ုပ်တို့အားပေးထားသောတန်ဖိုးရှိသည့် အမှန်တရားများကို တည်ငြိမ် လေးနက်စွာနှင့်ကြောက်ရွံ့ရိုသေစွာဖြင့် ဟောပြောရကြမည်။ Manuscript 19, 1910. [Ev 138.1]

**စိတ်ထကြွစေသောသွန်သင်ချက်များတို့၏အန္တရာယ် –** စင်ကြယ်သန့်ရှင်းသော ဘာသာရေးသည် စိတ်ကိုနှိုးကြွစေသောဘာသာရေးမဟုတ်ကြောင်း သေချာ စွာသင်သိမည်ဖြစ်သည်။ ဘုရားသခင်သည် မှန်းဆချက်နှင့်ဆိုင်သောအယူ ဝါဒများ၊ အယူအဆများကို အားပေးရန်အတွက် မည်သူ့ကိုမျှအားပေးရန် တာဝန်မပေးပါ။ ညီအစ်ကိုတို့၊ ဤအရာများကိုသင်၏သွန်သင်ချက်ထဲ၌ အသုံးမပြုပါနှင့်။ Australasian Union Conference Record, March 15, 1904. [Ev 138.2]



**အယူသီးခြင်းကိုရှောင်ရှားပါ –** ခေတ္တခဏအတွင်းသာ စိတ်အား ထက်သန်မှုကိုပေးပြီး မကြာမီစိတ်ဓာတ်ကျခြင်းသို့ လူတို့အားပို့ဆောင်စေ သည့်အရာကို ကျွန်ုပ်တို့အားပေးမှုမပြုရပါ။ ကျွန်ုပ်တို့သည် ကောင်းကင်မှ လာသောဝိညာဉ်ကိုအသက်ပေးသည့် အသက်မုန့်ကိုလိုပါသည်။ ဘုရားသခင် ၏နှုတ်ကပတ်တော်ကိုလေ့လာပါ။ ဘုရားသခင်၏စပျစ်ဥယျာဉ်ထဲ၌ လုပ်ကိုင် ဆောင်ရွက်နေကြသောသူအားလုံးတို့အနေဖြင့် ခံစားချက်သည် ယုံကြည်ခြင်း မဟုတ်ကြောင်း သင်ယူရပါလိမ့်မည်။ အမြဲစိတ်ထကြွနေခြင်းရှိရန်မလိုအပ် ပါ။ ခရစ်တော်၏အသွေးအသားကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော်၌သာ ခိုင်မာသောယုံကြည်ခြင်းရှိရန် လိုအပ်ပါသည်။ [Ev 138.3]

ကျွန်ုပ်တို့၏မြို့များ၌ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြ သောသူတို့သည် စိတ်ထကြွခြင်းနှင့်အယူသီးခြင်း၏တံခါးများကို လုံခြုံစွာ ပိတ်ထားရပါလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်းဖြစ်သည်။ အကြောင်းမှာ ၎င်းသည် ကျွန်ုပ် တို့၏ဝိညာဉ်အစာဖြစ်ခြင်းကြောင့်ဖြစ်သည်။ ၎င်းကိုလေ့လာခြင်းသည် အသက် ပင်၏အရွက်များကိုစားခြင်းဖြစ်သည်။ ဘုရားသခင်၏အစေခံများတို့ကို သူတို့အားခရစ်တော်သင်ကြားသကဲ့သို့ နှုတ်ကပတ်တော်ကိုသင်ကြားခြင်းထက် မြင့်တင်ပေးနိုင်သည့်အရာမရှိပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သန့်ရှင်း သောအာဟာရ၊ ကိုယ်ခန္ဓာတောင့်တမှုကိုဖြည့်ဆည်းပေးနိုင်သော ဝိညာဉ်အစာ ဖြစ်သည်။ Letter 17, 1902. [Ev 138.4]

**တန်ဖိုးကြီး၍ထူးခြားသည့်နည်းစနစ်များ –** သင်သည် မိမိကိုယ်ကိုပင်ပန်း နွမ်းနယ်စေပြီး ငွေကြေးများစွာအသုံးပြုသည့်လုပ်ငန်းကို ရွေးချယ်ခဲ့သည်။ [Ev 139.1]

ဤအကုန်အကျများသောလုပ်ငန်းကို လုပ်ဆောင်ခြင်း၏မှန်ကန်သည့် အရာကို သင့်ရှေ့၌ဖော်ပြခဲ့ခြင်းမှာ ၎င်းလုပ်ဆောင်ချက်သည် ဘုရားသခင်၏ အလိုတော်နှင့်မကိုက်ညီပါ။ ဤတန်ဖိုးကြီး၍ထူးခြားသောနည်းစနစ်များသည်

လူတို့အတွက်ဆွဲဆောင်မှုကြီးတစ်ခုဖြစ်သည်ဟု ဦးစွာသင်ထင်မြင်ပေလိမ့်မည်။ သို့သော် မကြာမီ ဤဆွဲဆောင်မှုသည် သူတစ်ပါး၏အာရုံကို သင်နှင့်သင်၏ မိသားစုထံသို့သာ ဆွဲဆောင်မှုပေးခြင်းဖြစ်ကြောင်း သင်သိရှိရပါလိမ့်မည်။ ဤငွေကြေးအကုန်အကျများခြင်းသည် လေးနက်သောအမှန်တရားများကို ဟောပြောခြင်းနှင့်မကိုက်ညီပါ။ အတ္တစိတ်၊ တစ်ကိုယ်ကောင်းစိတ်ကိုသာ ပြသခြင်းဖြစ်သည်။ Letter 205, 1904. [Ev 139.2]

**လောကကိုအတုမယူရ –** ကျွန်ုပ်တို့ကိုင်တွယ်ဆောင်ရွက်နေရသောလုပ်ငန်းကိစ္စများတို့သည် ထာဝရကိစ္စနှင့်ပတ်သက်သောကြောင့် လောကနှင့်ဆိုင်သည့် အရာဟူသရွေ့ကို အတုမယူရပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏ခြေတော်ရာနှင့်နီးကပ်စွာလျှောက်လိုက်ကြရမည်။ သူသည်ကျွန်ုပ်တို့အား ကျေနပ်ရောင့်ရဲခြင်းကိုပေးသောအရှင်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏လိုချင်သောအရာများနှင့် လိုအပ်သောအရာများအားလုံးကို ပေးမည်ဖြစ်သည်။ Manuscript 96, 1898. [Ev 139.3]

အမှုတော်မြတ်ကိုရှေ့သို့ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့၏အောင်မြင်ခြင်းသည် ပွဲလမ်းသဘင်ဆန်သည့်အရာမပါသော ခရစ်တော်၏ရိုးသားစွာဆောင်ရွက်ခဲ့သောပုံစံကို အတုယူအမှီပြုသည့်အပေါ်မူတည်ပါသည်။ Letter 53, 1904. [Ev 139.4]

## နည်းလမ်းတကျချဉ်းကပ်ခြင်းများကိုကာကွယ်ခြင်း

**ယေရှုသည်သဘာဝသင်တန်း၏တွေးခေါ်မှုကိုလေ့လာသည် –** သဘာဝတရား၏ ကြင်နာဖွယ်ရာလုပ်ဆောင်ချက်များတို့သည် တစ်မဟုတ်ချင်းနှင့်ရုတ်တရက်ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပြီးမြောက်ခြင်းမဟုတ်ပါ။ လူတို့သည် မိမိတို့၏ကိုယ်တိုင်လက်များဖြင့် လုပ်ငန်းလုပ်ဆောင်ခြင်းကိုခွင့်မပြုပါ။ ဘုရားသခင်သည် မိမိခန့်အပ်ထားသောတရားတော်မှ ဆိတ်ငြိမ်စွာ၊ ပုံမှန်လှုပ်ရှားခြင်းအားဖြင့် မိမိ



၏လုပ်ငန်းကိုလုပ်ဆောင်သွားပါသည်။ ဤကိစ္စသည် ဝိညာဉ်ရေးနှင့်သက်ဆိုင်သောအရာများဖြစ်သည်။ မာရ်နတ်အနေဖြင့် မိမိဆောင်ရွက်စရာများကို အဆောတလျင်နှင့်အပူတပြင်း အကြမ်းဖက်ပြီးမြောက်စေတတ်သည်။ သို့သော် ယေရှုအနေဖြင့် ရင်းနှီးမှုဆက်ဆံခြင်းလမ်းကြောင်းအားဖြင့် လူတို့၏စိတ်နှလုံးသားကိုရယူသည်။ သူသည်ဖြစ်နိုင်သရွေ့ လူတို့၏သမားရိုးကျရှိထားသည့်အတွေးအခေါ်ကို တစ်မဟုတ်ချင်းလှုပ်ရှားမှုများ၊ သို့မဟုတ် ချမှတ်ထားသောစည်းမျဉ်းဥပဒေများအားဖြင့် အနည်းငယ်မျှသာနှောင့်ယှက်မှုပေးပါသည်။ သူ၏ယုံကြည်စိတ်ချမှုဖြင့် လူကိုဂုဏ်ပြုပြီး လူ၏ဂုဏ်ပြုခြင်းကိုခံယူသည်။ ရှေးဟောင်းအမှန်တရားများကိုသစ်ဆန်း၍ မွန်မြတ်သောအလင်းဖြင့် လူတို့ကိုဟောပြောသည်။ ထို့ကြောင့် သူ့အသက် (၁၂) နှစ်အရွယ်တွင် ဥပဒေပညာရှင်များကို ဗိမာန်တော်၌သူ၏မေးခွန်းများအားဖြင့် အံ့အားသင့်စေခဲ့သည်။ [Ev 139.5]

ယေရှုသည် လူသားတို့နှင့်တွေ့ဆုံနိုင်ရန် လူသားတို့၏အကြောင်းကိုသိသည်။ လူတို့ကိုအမှန်တရား၏ပြောင်းလဲခြင်းတန်ခိုးအောက်သို့ခေါ်ဆောင်နိုင်ရန် သူတို့ရှိသည့်နေရာ၌ သူတို့နှင့်တွေ့ဆုံသည်။ သနားခြင်းနှင့်ယုံကြည်စိတ်ချခြင်းအားဖြင့် သူတို့၏စိတ်နှလုံးကိုဆွဲယူသည်။ လူတို့၏အခြေအနေနှင့်စိတ်ဝင်စားမှုအပေါ် မိမိကိုယ်ကိုဖော်ပြခြင်းသည် သူတို့၏ခံစားချက်ကိုပြည့်စုံစေသည်။ သူ၏နှုတ်မှထွက်လာသောအမှန်တရားသည် ရိုးသား၍လှပပြီး၊ သိက္ခာနှင့်တန်ခိုးပါရှိသည်။ ကျွန်ုပ်တို့၏သခင်ယေရှုခရစ်သည် မည်ကဲ့သို့သောဆရာတစ်ဦးဖြစ်ပါသနည်း။ အမှန်တရားကိုရိုးသားစွာရှာဖွေသောသူတိုင်းအတွက် နူးညံ့သိမ်မွေ့စွာဖြင့်သူဆက်ဆံပြီး သူ၏သနားကြင်နာခြင်းကိုတွေ့ရှိကာ သူတို့၏စိတ်နှလုံးထဲ၌ အိမ်တစ်ဆောင်ကဲ့သို့ထားရှိနိုင်ရန်ဖြစ်သည်။ Manuscript 44, 1894. [Ev 140.1]

**အကျိုးကျေးဇူးများကိုချဉ်းကပ်ခြင်းအားဖြင့်သာတွက်ဆနိုင်သည် –** ကျွန်ုပ်တို့သည် မိမိတို့ပတ်လည်၌ရှိသောသူအားလုံးတို့သည် ခရစ်တော်၏အသွေးတော်

အားဖြင့် ဝယ်ယူခဲ့ပြီးသောသူများဖြစ်ကြောင်းကိုသော်လည်းကောင်း၊ ဤဝိညာဉ်များတို့၏ကယ်တင်ခြင်း၊ သို့မဟုတ် ဆုံးရှုံးခြင်းသည် ကျွန်ုပ်တို့၏အပြောအဆို၊ အနေအထိုင်၊ အလုပ်အကိုင်အပေါ်မူတည်လျက်ရှိကြောင်းကိုသော်လည်းကောင်း နားလည်သောစိတ်ဖြင့် ဤကမ္ဘာပေါ်၌အသက်ရှင်ကြရမည်။ ကျွန်ုပ်တို့၏ကြိုးစားမှုဖြင့် ဝိညာဉ်များကိုရရှိရန် ဤသာသနာ့လုပ်ငန်းကိုမည်ကဲ့သို့ကျွန်ုပ်တို့ဆောင်ရွက်နေသည်အပေါ် များစွာမူတည်လျက်ရှိပါသည်။ Manuscript 14, 1887. [Ev 140.2]

**စိတ်အခုအခံရှိခြင်းကိုရင်ဆိုင်ရန်ကောင်းသောနည်းစနစ်များ** – ညီအစ်ကိုတို့၊ စိတ်ထားမမှန်ခြင်းနှင့်ပညာမဲ့ခြင်းတို့၏စည်းဝိုင်းအတွင်း ချုပ်နှောင်ခြင်းခံရသူများတို့အတွက် သွားရောက်အမှုထမ်းရာ၌ သင်တို့သည် ရှင်ပေါလုကဲ့သို့ ဘုရားပေးသောဉာဏ်ပညာကိုအသုံးပြုရန်လိုအပ်သည်။ လူလမ်းလျှောက်ခြင်းကို သစ်ပင်လှုပ်ရှားသကဲ့သို့ထင်မှတ်သော အမြင်မကြည်လင်သည့်သူများအတွက် သင်အမှုထမ်းဆောင်ရာတွင် သူတစ်ပါးအတွက်စိတ်အခုအခံမဖြစ်စေရန်နှင့် အမှန်တရားကိုလက်ခံနိုင်ရန် ၎င်းတို့၏နှလုံးတံခါးမပိတ်စေရန်အတွက် အထူးသတိပြုဟောပြောရပါလိမ့်မည်။ ဖြစ်နိုင်သရွေ့ ကိစ္စတိုင်းအပေါ်လူတိုင်းနှင့်သဘောထားတူညီရပါလိမ့်မည်။ သူတို့၏ဝိညာဉ်ကိုသင်ချစ်ကြောင်းနှင့် တတ်အားသရွေ့ သူတို့နှင့်စည်းလုံးခြင်းရှိလိုကြောင်း သူတို့ကိုသိမြင်စေပါ။ အကယ်၍ သင်၏ကြိုးစားမှု၌ ခရစ်တော်၏မေတ္တာပေါ်လွင်ပါက တချို့သောသူတို့၏စိတ်နှလုံးထဲ၌ အမှန်တရား၏မျိုးစေ့ကို သင်စိုက်ပျိုးနိုင်ပေလိမ့်မည်။ စိုက်ပျိုးထားသောအစေ့ကို ဘုရားရှင်ကိုယ်တိုင်ရေလောင်းပြီး အမှန်တရားအပင်ပေါက်လာကာ ဘုရားရှင်၏ဘုန်းတော်အတွက် အသီးသီးလိမ့်မည်။ [Ev 140.3]

ရှင်ပေါလု၌ရှိသကဲ့သို့ ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့၌ ပညာပို၍ရှိရန်လိုအပ်သည်။ ယုဒလူမျိုးများအတွက်သူလုပ်ဆောင်သောအခါ၊ ရှင်ပေါလုသည် ခရစ်တော်၏မွေးဖွားခြင်း၊ သူ့အပေါ်သစ္စာဖောက်ခြင်း၊ ကပ်တိုင်





ပေါ်ရိုက်ထားခံရခြင်းနှင့်ပြန်လည်ရှင်ပြန်ထမြောက်ခြင်းအကြောင်းသည် ထိုအချိန်၌အထူးသောအမှန်တရားဖြစ်သည့်တိုင် ပေါ်လွင်စွာသူမပြောဆိုခဲ့ပါ။ ပထမဦးစွာ သူတို့အားကယ်တင်မည့်ကယ်တင်ရှင်တစ်ပါးပေါ်ထွန်းမည့်ကတိတော်အကြောင်း ပရောဖက်များမည်ကဲ့သို့ကြိုတင်ဟောကြားခဲ့သည့်အကြောင်းတစ်ဆင့်ပြီးတစ်ဆင့်ပြောပြပါသည်။ ဤဖြစ်ပျက်မည့်အကြောင်းအရာများတို့ကို ဦးစွာအသိပေးပြီးမှသာ ကယ်တင်ရှင်လာပြီဟူသည့်အကြောင်းကိုပြောပြပါသည်။ ခရစ်တော်ယေရှုသည် ပရောဖက်ဟောခဲ့သမျှအရာအားလုံးကိုပြည့်စုံစေခဲ့သည်။ ဤနည်းလမ်းအတိုင်း ဝိညာဉ်များကိုရှင်ပေါလုရယူခဲ့သည်။ သူ၏အမှန်တရားတင်ဆက်ပုံတင်ဆက်နည်းအားဖြင့် သူ့အပေါ်စိတ်အခုအခံရှိသူများ၊ ဝေဖန်တရားစီရင်မည့်သူများ မပေါ်ပေါက်လာတော့ချေ။ Historical Sketches, pp. 121, 122. (1886) [Ev 141.1]

**ပထမဦးဆုံးအကြောင်းအရာများကိုတင်ဆက်ရာ၌သတိပြုရန်** – ဝိညာဉ်များတို့နှင့်ဆက်ဆံရာ၌ အထူးသတိပြုရန်လိုအပ်သည်။ အမြဲအကာအကွယ်ယူပါ။ အသစ်သောသတင်းစကားကဲ့သို့ သူတို့၏နား၌မကြားသိရစေရန် ကျွန်ုပ်တို့၏ယုံကြည်ချက်ကို ဆန့်ကျင်သူများတို့ရှေ့၌ စတင်၍မဆီလျော်သောဆန်းသစ်သည့်အရာများကိုမပြောဆိုပါနှင့်။

ထိုအမှန်တရားအချို့တို့ကို သူတို့လက်ခံနိုင်ပြီး၊ သူတို့၏စိတ်နှင့်ထိတွေ့သည့်အခါမှသာ ပြောဆိုကြပါစို့။ သစ်ဆန်း၍ စိတ်လှုပ်ရှားဖွယ်ပေါ်လွင်သည့်တိုင် အများသောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှအသစ်သောအလင်းကို ဝမ်းမြောက်စွာဖြင့်အသိအမှတ်ပြုကြမည်ဖြစ်သည်။ အကယ်၍ အမှန်တရားကိုအဆမတန်များစွာဟောကြားခြင်းကြောင့် သူတို့လက်ခံနိုင်စွမ်းမရှိခဲ့ပါသော် သူတို့ထွက်ခွာသွားကြပြီး မည်သည့်အခါမျှပြန်လာတော့မည်မဟုတ်ချေ။ ၎င်းပြင် သူတို့အနေဖြင့် ဤအမှန်တရားကိုမှားယွင်းစွာပြန်လည်ပြောဆိုကြပြီး၊ သူတို့၏ရှင်းပြချက်များအားဖြင့် နှုတ်ကပတ်တော်ကိုမှောက်လှန်ကာ လူတို့၏စိတ်ကိုရှုပ်ထွေးစေလိမ့်မည်။ ယခုအခြေအနေ

များအပေါ် အခွင့်အရေးယူရမည်။ ယေရှု၌ရှိသကဲ့သို့ အမှန်တရားကိုတင်ဆက်ပါ။ အမှန်တရားကိုလူများရှေ့၌ထောက်ခံပြောဆိုသည့်အခါ တိုက်ခိုက်ခြင်း၊ သို့မဟုတ် ငြင်းခုံခြင်းစိတ်ဓာတ်လုံးဝမပါရှိရပါ။ Manuscript 44, 1894. [Ev 142.1]

**သတင်းစကားများကိုမရွေးချယ်မီပတ်ဝန်းကျင်၏လိုအပ်ချက်ကိုလေ့လာပါ** – သူတို့၏အိမ်များ၌ လူတို့နှင့်ရင်းနှီးမှုရယူပါ။ ဝိညာဉ်ရေးအခြေအနေကိုစမ်းသပ်ပြီး စခန်းသို့လုပ်ဆောင်ရမည့်အရာကိုသယ်ယူပါ။ စိတ်ဝင်စားမှုကိုဖန်တီးပါ။ ဆုတောင်း၍ယုံကြည်ပါ။ တန်ဖိုးရှိသည့်ဗဟုသုတတစ်ခုကို သင်ရယူလိမ့်မည်။ လူတို့၏စိတ်ထဲ၌ နားလည်ရန်ကြိုးစားအားထုတ်ရမည်။ နက်နဲသောအကြောင်းအရာများကို မပြောဆိုပါနှင့်။ သင်အလုပ်လုပ်ဆောင်သည့်အခါ ဆုတောင်း၍ယုံကြည်ပါ။ အရာတစ်စုံတစ်ခုလုပ်ဆောင်ရန် လူတို့ကိုနိုးကြားစေပါ။ ဘုရားသခင်၏နာမ၌ အားသွန်ခွန်စိုက်ဖွဲဖြင့်လုပ်ဆောင်ပါ။ Letter 189, 1899. [Ev 142.2]

**ကောင်းသောမျိုးစေ့အတွက်မြေသားကိုပြင်ဆင်ခြင်း** – အမှန်တရားကိုတင်ဆက်ခြင်းနှင့်ပတ်သက်၍ အထူးသတိပြုစရာရှိသည်ကိုသတိရပါ။ လူတို့၏စိတ်ဓာတ်ကိုအထူးဂရုပြုပါ။ ဘုရားဝတ်၌လက်တွေ့မွေ့လျော်ခြင်းရှိပြီး၊ ယုံကြည်ချက်နှင့်ပတ်သက်သောအကြောင်းအရာများကိုပြောဆိုရာတွင် စိတ်ပါဝင်စားစွာပြောဆိုပါ။ ခရစ်တော်ကိုချစ်၍ သူ၏အကြောင်းကိုသွန်သင်ခြင်းအားဖြင့် အမှန်တရား၏ကောင်းသောမျိုးစေ့အတွက် စိတ်နှလုံးသားမြေကြီးကိုပျော့ပျောင်းစေပါလိမ့်မည်။ Letter 14, 1887. [Ev 142.3]

**အငြင်းပွားခြင်းနှင့်ဆန့်ကျင်ဘက်ပြုခြင်းကိုမနှိုးဆွပါနှင့်** – လူတို့ရှိသောနေရာ၌ သူတို့နှင့်တွေ့ဆုံနိုင်ရန်သင်ယူပါ။ အငြင်းပွားစေမည့်အကြောင်းအရာများကို တင်ဆက်ဟောပြောခြင်းမပြုပါနှင့်။ လူတို့၏စိတ်ကိုရှုပ်ထွေးစေသောအကြောင်းအရာများကို သွန်သင်ပို့ချခြင်းမပြုပါနှင့်။ Testimonies, vol. 6, p. 58. (1900) [Ev 142.4]



အမှန်တရားကိုကြားရသောအခွင့်အရေးနှင့် သူတို့ပြန်လည်၍ပြောဆိုရန် သိရှိရမည့်အချိန်မတိုင်မီ ဆန့်ကျင်သူများတို့၏စိတ်ကို မနှိုးဆွပါနှင့်။ Testimonies, vol. 6, p. 36. (1900) [Ev 143.1]

**အမှန်တရားထံမှလူတို့ကိုမထွက်ခွာသွားပါစေနှင့်** – မယုံကြည်သောသူများထံသို့ အရှိန်အဟုန်ပြင်းစွာဖြင့် အမှန်တရားကိုဟောပြောရန် လေးနက်သောတာဝန်သည် ကျွန်ုပ်တို့အပေါ်၌ရှိနေသည်။ ကျွန်ုပ်တို့တင်ဆက်ဟောပြောသောအမှန်တရားအားဖြင့် လူတို့ကိုကျွန်ုပ်တို့ထံမှမထွက်ခွာသွားစေရန် ကျွန်ုပ်တို့အထူးသတိပြုသင့်ကြပါသည်။ ဘာသာရေးဆရာများတို့သည် ကြီးမားသောကောင်းမှု၊ သို့မဟုတ် ကြီးမားသောဆိုးသွမ်းမှုကို တစ်ခုမဟုတ်တစ်ခုပြုလုပ်နိုင်သောသူများဖြစ်သည်။ [Ev 143.2]

ဘုရားသခင်သည် အမှန်တရား၏စားသောက်ပွဲသို့လာရန် ကျွန်ုပ်တို့ကိုခေါ်ဖိတ်ပြီး လမ်းမကြီးများနှင့်လမ်းကြိုလမ်းကြားများသို့သွား၍ ကမ္ဘာကြီးသို့ကြီးမားပြီးအံ့သြဖွယ်ရာ ခရစ်တော်၏ပေးကမ်းခြင်းအကြောင်းကိုတင်ဆက်ဟောပြောခြင်းအားဖြင့် ဝိညာဉ်များကိုအတင်းအကျပ်ခေါ်ဆောင်ရန်စေခိုင်းပါသည်။ ဤအမှန်တရားကို တပည့်တော်များတို့အား ရိုးသားစွာနှင့်မေတ္တာဖြင့်ဟောပြောရန် ခရစ်တော်ဟောပြောသကဲ့သို့ ကျွန်ုပ်တို့တင်ဆက်ဟောပြောကြရမည်။ Letter 177, 1903.

**အခြားဂိုဏ်းဂဏများမှသင်းအုပ်ဆရာတို့အတွက်စဉ်းစားပေးခြင်း** – ကျွန်ုပ်တို့သည် တစ်ယူသန်များမဟုတ်၊ အမြဲတစေပြုပြင်ပြောင်းလဲသူများဖြစ်ရမည်။ ကျွန်ုပ်တို့၏အမှုဆောင်များ နယ်မြေသစ်တစ်ခုသို့ဝင်ရောက်ထိုးဖောက်သောအခါ သူတို့သည် ထိုနေရာ၌ရှိသော အခြားအသင်းတော်များတို့၏သင်းအုပ်ဆရာများတို့နှင့် ရင်းနှီးမှုရယူသင့်ကြပါသည်။ [See also pp. 562-564, “Ministers of Other Denominations”]. လူများစွာဆုံးရှုံးခဲ့ရခြင်းသည် ဤအချက်ကိုလျစ်လျူရှုကြသောကြောင့်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၏ဓမ္မဆရာများတို့သည် မိမိတို့၏ကိုယ်ကို သူတစ်ပါး၏မိတ်ဆွေများသဖွယ် ခင်မင်

ရင်းနှီးတတ်ပြီး အကယ်၍သူတို့သည် မိမိတို့သယ်ဆောင်သောသတင်းစကားအတွက် ရှက်ကြောက်ခြင်းမရှိပါက များစွာသောအကျိုးသက်ရောက်ကာ အခြားအသင်းတော်မှသင်းအုပ်ဆရာများနှင့် သူတို့၏အသင်းသူအသင်းသားများအပေါ် မိမိတို့သယ်ဆောင်သောအမှန်တရား၏ဩဇာသည် သက်ရောက်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သူတို့သည် တတ်အားသရွေ့ ကြင်နာခြင်းတရားဖြင့် သူတို့အားမှန်သောအခွင့်အရေးကိုပေးရမည်။ [Ev 143.4]

ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် အခြားအသင်းတော်များအတွက် သိုးခိုးယူသောဝံပုလွေများအဖြစ် အထင်အမြင်လွဲမှားခြင်းမခံရစေရန် အထူးသတိပြုကြရမည်။ ဓမ္မအမှုဆောင်များတို့သည် မိမိတို့၏အဆင့်အတန်းနှင့် မိမိတို့လုပ်ငန်း၏ရည်ရွယ်ချက်ဖြစ်သည့် လူတို့၏အာရုံကို ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားထံပို့ဆောင်ရမည့်အကြောင်းကို နားလည်ကြရမည်။ ဤအရာများကို ခရစ်ယာန်တိုင်းချစ်ခင်မြတ်နိုးလျက်ရှိသည်။ အခြားအသင်းတော်မှယုံကြည်သူများတို့နှင့်တွေ့ဆုံရန် ကျွန်ုပ်တို့၌တူညီသောယုံကြည်ချက်များရှိပါသည်။ သူတို့နှင့်ရင်းနှီးမှုပြုပြီး သူတို့နှင့်ကွဲလွဲ၍ ဆန့်ကျင်သောအကြောင်းအရာများကို ဦးစွာပြောဆိုခြင်းမပြုဘဲ သူတို့နှစ်သက်ပြီး ပို၍စိတ်ဝင်စားသည့်အကြောင်းအရာများကို ပြောဆိုကြရပါမည်။ Review and Herald, June 13, 1912. [Ev 143.5]

**မလိုအပ်သောအတားအဆီးများကိုရှောင်ရှားပါ** – နေရာတစ်ခုသို့ဝင်ရောက်သောအခါ၊ ကျွန်ုပ်တို့နှင့်အခြားဂိုဏ်းဂဏများစပ်ကြား၊ အထူးသဖြင့် ရောမအသင်းတော်စပ်ကြား မလိုလားအပ်သည့်အတားအဆီးများမဖြစ်ပေါ်စေရန်နှင့် ကျွန်ုပ်တို့သည် သူတို့၏ရန်သူများဖြစ်သည်ဟု သူတို့မထင်ကြရန်ရှောင်ရှားရပါမည်။ မလိုလားအပ်သည့်သူတို့၏စိတ်ထဲ၌ အထင်အမြင်လွဲမှုများကို ရုတ်တရက်ဝင်ရောက်ဆန့်ကျင်ဘက်ပြုခြင်းဖြင့် ဖန်တီးခြင်းမပြုသင့်ပါ။ ရောမအသင်းတော်ထဲရှိ ယုံကြည်သူများစွာတို့သည် ကျွန်ုပ်တို့ထက်ပို၍ ဘာသာရေးကိုင်းရှိုင်းကာ မိမိတို့ရရှိထားသောအလင်းတရားအတိုင်း အသက်ရှင်



သောသူများရှိကြပြီး ကျွန်ုပ်တို့ကို ဘုရားသခင်သည် တရားသဖြင့်စုံစမ်း၍ သက်သေပြသကဲ့သို့ သူတို့ကိုလည်း ထိုနည်းတူပြုမည်ဖြစ်ပါသည်။ Manuscript 14, 1887. [Ev 144.1]

**ဝိညာဉ်ရေးအမြင်ရှိရန်လိုအပ်သည်** – အချိန်၊ တန်ဖိုးရှိသောအချိန်ပျောက်ဆုံးခဲ့ပြီ။ တိုးတက်မှုမပြုခြင်းကြောင့် ရွှေကဲ့သို့တန်ဖိုးရှိသောအခွင့်အရေးဆုံးရှုံးခဲ့ပြီ။ အကြောင်းမှာ ဝိညာဉ်ရေးအမြင်ရှင်းခြင်းမရှိ၊ စီမံကြံဆသည့်ဦးဆောင်မှုပြုခြင်းအားဖြင့် ရန်သူ၏အကြံအစည်ကိုပျက်ပြားစေပြီး နယ်မြေများကို ကြိုတင်ပိုင်ဆိုင်ရယူနိုင်ခြင်းမရှိခြင်းကြောင့်ဖြစ်သည်။ [Ev 144.2]

ငိုက်မျဉ်းသောကင်းစောင့်တို့၊ ညအချိန်အဘယ်နည်း။ ညအချိန်ကို သင်မသိပါသလား။ ဤအချိန်အတွက် အန္တရာယ်အချက်ပြခြင်းနှင့် အန္တရာယ်အတွက်သတိပေးခြင်းတာဝန်ကိုဆောင်ရွက်ရန်တာဝန်ရှိကြောင်း ခံစားမိပါသလား။ အကယ်၍မရှိပါက ဇိအုန်မြို့ရိုးပေါ်မှဆင်းလာပါ။ အလင်းပေးရန် ဘုရားသခင်သည် သင့်အားအလင်းကိုအပ်နှံမည်မဟုတ်ပါ။ အလင်းကိုသူတစ်ပါးထံသို့ ပြန်လည်၍ အလင်းရောင်ပြန်ဟပ်သူများတို့ကိုသာ ဘုရားသခင်သည် အလင်းကိုအပ်နှံလိမ့်မည်။ Manuscript 107, 1898.

## စင်မြင့်အလှဆင်ခြင်း၊ ကြေညာချက်များနှင့်ကြိုတင်ပြုလုပ်ရမည့်အရာများ

**စေတမန်၏ဂုဏ်သိက္ခာ** – စားပွဲပေါ်အလှဆင်ခြင်းသည်လိုအပ်သည်။ ဧဝံဂေလိဓမ္မအမှုဆောင်တစ်ဦးသည် မိမိ၏စိတ်နေစိတ်ထားကို ဂရုပြုသင့်သည်။ အကယ်၍သူသည် ခရစ်တော်၏ကိုယ်စားဖြစ်ပါက သူ၏အပြုအမူ၊ စိတ်နေစိတ်ထား၊ ဟန်ပန်အမူအရာတို့သည် တွေ့မြင်ရသူများအတွက် ရွံရှာဖွယ်ရာမဖြစ်သင့်ပါ။ ဓမ္မအမှုဆောင်များတို့သည် ယဉ်ကျေးသိမ်မွေ့သူများဖြစ်ရမည်။ သူတို့သည် ရိုင်းပျသောပြောဆိုပြုမူပုံ၊ စိတ်သဘောထားနှင့်ဟန်ပန်

အမူအရာအားလုံးကိုဖယ်ရှားပြီး နှိမ့်ချ၍ဂုဏ်သိက္ခာရှိသူများဖြစ်ရမည်။ သူတို့၏ လုပ်ငန်းနှင့်ကိုက်ညီသော အသက်တာပုံစံနှင့်ဂုဏ်အသရေကို ယူတင်ဝတ်ဆင်ရမည်။ သူတို့၏အပြောအဆိုတိုင်းတို့၌ တည်ငြိမ်၍ရိုသေဖွယ်ရာဖြစ်ပြီး ကောင်းသောစကားလုံးများကိုသာ သူတို့အနေဖြင့် ရွေးချယ်ပြောဆိုသင့်သည်။ Testimonies, vol. 1, pp. 648, 649. (1868) [Ev 145.1]

**စင်မြင့်အပြုအမူ –** မှားယွင်းသောအရာများတို့သည် မကြာခဏသန့်ရှင်းသောစားပွဲပေါ်မှထွက်ပေါ်လာတတ်သည်။ ဓမ္မဆရာတစ်ဦးသည် အခြားဓမ္မဆရာတစ်ဦးနှင့်လူထုရှေ့စားပွဲပေါ်၌ရယ်မောပြီး လုပ်ငန်းအပေါ်ပူပန်မှုရှိပုံမပေါ်ခြင်း၊ သို့မဟုတ် သူတို့၏သန့်ရှင်းသောခေါ်တော်မူခြင်း၏လေးနက်သောခံစားချက်မရှိခြင်းသည် အမှန်တရားကိုတန်ဖိုးမထားရုံမျှမက သန့်ရှင်းသောအရာကို ရိုးရိုးအရာကဲ့သို့ ရှုတ်ချရာကျပါသည်။ Testimonies, vol. 2, pp. 612, 613. (1871) [Ev 145.2]

**ဘုရားသခင်နှင့်ဆန့်ကျင်သည့်အရာတစ်ခု –** တစ်ခါတစ်ရံ ဘုရားသခင်၏သားသမီးအစုအရုံးကြီးကို သာမန်နိမ့်ကျသောသူများကဲ့သို့ဆက်ဆံခြင်းသည် ဘုရားသခင်ကိုဆန့်ကျင်ဘက်ပြုရာရောက်ပြီး သန့်ရှင်းဖြူစင်သည့် မွန်မြတ်သောအလုပ်ကို တန်ဖိုးမထားခြင်းဖြစ်သည်။ Letter 155, 1900. [Ev 145.3]

**ဆင်ခြင်ပေးခြင်းဖြင့်အချိန်မဖြုန်းတီးရ –** တရားဟောဆရာအများစုတို့သည် ရှည်လျားသောစကားချီးနှင့်ဆင်ခြင်ဆင်လက်များတို့ကိုပေး၍ အချိန်ကိုစင်မြင့်ပေါ်၌ဖြုန်းတီးတတ်ကြသည်။ တချို့တို့သည် နာရီဝက်ခန့်မျှပင် တောင်းပန်စကားများပြောတတ်သောကြောင့် အချိန်ဖြုန်းရာရောက်ပြီး ကျန်ရှိသောအချိန်အတွင်း အမှန်တရားကိုလု၍ လျင်မြန်စွာပြောဆိုရခြင်းကြောင့် ကြားနာရသောသူများအတွက် မိမိတို့ပြောဆိုသောအမှန်တရားသတင်းစကားသည် အာနိသင်မရှိတော့ချေ။ [Ev 145.4]

တောင်းပန်စကားပြောဆိုမည့်အစား၊ ဓမ္မဆရာသည် ဘုရားသခင်ထံမှသတင်းစကားကို ပြောဆိုရမည့်ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ဖြစ်ကြောင်းနားလည်သူအဖြစ် သတင်းစကားကိုစတင်၍ပြောဆိုသင့်ပါသည်။ Gospel Workers, p. 168. (1915) [Ev 146.1]



**ပရိသတ်အလယ်ဆုတောင်းခြင်း –** လူထုပရိသတ်နှင့်အတူဆုတောင်းခြင်းသည် တို၍အချက်ကျသင့်သည်။ ဝတ်ပြုကိုးကွယ်ခြင်းအချိန်ကို ရှည်လျားစွာဆုပတ္ထနာတောင်းခံခြင်းအားဖြင့် ပရိသတ်တို့အားငြီးငွေ့စေခြင်းကို ဘုရားသခင်အလိုမရှိပါ။ မိနစ်အနည်းငယ်ဖြင့် လူထုပရိသတ်နှင့်အတူရိုးရိုးဆုတောင်းခြင်းသည် လုံလောက်ပါသည်။ Gospel Workers, p. 175. (1915) [Ev 146.2]

**ရိုးသားသောနှလုံးသားခံစားချက်ဖြင့်ဆုတောင်းပါ –** လူထုပရိသတ်နှင့်အတူရှည်လျားစွာဆုတောင်းရန်မလိုအပ်ပါ။ ရိုးသားသည့်ခံစားချက်ဖြင့် ဘုရားသခင်ထံကျွန်ုပ်တို့လိုအပ်သောအရာများကိုဖော်ပြပြီး ယုံကြည်သောစိတ်ဖြင့် သူ၏ကတိတော်များကိုတောင်းလျှောက်ပါက ပရိသတ်များတို့အနေဖြင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဘုရားသခင်နှင့်အောင်မြင်သူများဖြစ်ကြောင်း သိရှိကြပေလိမ့်မည်။ အစည်းအဝေး၌ဘုရားရှင်ပါရှိကြောင်း သူတို့ယုံကြည်၍ ခွန်အားရရှိပြီး ဘုရားရှင်၏ကြွယ်ဝသောကောင်းချီးမင်္ဂလာကိုရရှိရန် သူတို့၏စိတ်နှလုံးတံခါးကို ဖွင့်ထားပါလိမ့်မည်။ သူတို့၏ယုံကြည်ခြင်းသည် သင်၏ရိုးသားမှုကြောင့် တိုးပွားလာပြီး တရားဟောဆရာဟောကြားမည့်တရားကို နားထောင်ရန် အဆင်သင့်ရှိကြပေလိမ့်မည်။ Manuscript 127, 1902. [Ev 146.3]

**မြန်ဆန်သောအပူတပြင်းလှုပ်ရှားမှုများ –** သင်၏အလုပ်ကို ဘုရားသခင်ပေးခြင်းသည် လျင်မြန်စွာဖြင့်သင်လုပ်ဆောင်ရန်မဟုတ်ဘဲ တည်ငြိမ်စွာစဉ်းစားဆင်ခြင်၍ လုပ်ဆောင်ရန်အတွက်ဖြစ်သည်။ ဘုရားသခင်သည် မည်သည့်အခါမျှ ကတိုက်ကရိုက်၊ ရှုပ်ထွေးပွေလီလှုပ်ရှားခြင်းကို မတောင်းဆိုပါ။ Testimonies, vol. 8, p. 189. (1904) [Ev 146.4]

**ဆန်းပြား၍ရယ်ဖွယ်အပြုအမူကိုရှောင်ရှား –** ကျွန်ုပ်တို့သည် မိမိတို့၏မူရင်းအကျင့်ဓလေ့များ၊ အမူအရာများနှင့်အလေ့အထများတို့ကိုစွန့်ပစ်ပြီး ခရစ်တော်

နှင့်တူညီခြင်းမရှိပါက သိုးစုကိုအုပ်ထိန်းသော သိုးထိန်းများမဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် သူ၏အသားကိုစား၍ အသွေးကိုသောက်သောအခါ၊ ထာဝရအသက်၏အင်္ဂါအစိတ်အပိုင်းကို သာသနာ့လုပ်ငန်း၌ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။ မလတ်ဆတ်သောအရာ၊ ဟောင်းနွမ်းသောအတွေးအခေါ်ရှိတော့မည်မဟုတ်ပါ။ အမှန်တရား၏အမြင်သစ်တစ်ခုကို ရရှိလာမည်ဖြစ်သည်။ [Ev 146.5]

ပလ္လင်ပေါ်၌မတ်တတ်ထသောသူတချို့တို့သည် ပရိသတ်ထဲ၌ကောင်းကင်စေတမန်များတို့ကို သူတို့အားရှက်ကြောက်စေသည်။ ဤကမ္ဘာသို့ယူဆောင်လာရန် အလွန်မှပင်တန်ဖိုးရှိသောဧဝံဂေလိတရားသည် အလွဲသုံးစားခြင်းခံရသည်။ သာမန်အရာ၊ တန်ဖိုးမရှိသောစကား၊ ရယ်မောဖွယ်စိတ်သဘောထားနှင့် ထူးခြားသောလုပ်ရပ်များကိုတွေ့ရသည်။ တချို့သောသူများတို့သည် လျင်မြန်စွာစကားပြောခြင်း၊ တခြားသူတို့နှင့်များစွာပြောဆိုခြင်း၊ မရှင်းမလင်းမြွက်ဆိုခြင်းများကိုတွေ့ရသည်။ ဓမ္မဆရာအမှုကို လူတို့ရှေ့၌ဆောင်ရွက်သောသူတိုင်း လေးနက်သောတာဝန်သည် မိမိတို့လက်တွင်း၌ရှိနေကြောင်း ခံစားသင့်ကြသည်။ သူသည် ဦးစွာမိမိကိုယ်ကိုလုံးလုံးငြင်းပယ်လျက် ဘုရားရှင်ထံအပ်နှံရမည်။ မိမိကိုယ်ကျိုးတစ်စုံတစ်ရာမျှမရှိ၊ အရာခပ်သိမ်းတို့သည် ခရစ်တော်အတွက်သာလျှင်ဖြစ်စေရမည်။ Testimonies to Ministers, p. 339. (1896) [Ev 147.1]

**မတင့်တယ်သောအမူအရာနှင့်ရိုင်းပျသောစကားကိုဖယ်ရှားပါ** – ဘုရားသခင်အတွက်အမှုဆောင်သောသူတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်လာရန် ရိုးသားစွာကြိုးစားသင့်ပြီး မတင့်တယ်သောဟန်အမူအရာနှင့်ရိုင်းပျသောစကားများတို့ကို ဖယ်ရှားပစ်ရမည်။ မှန်သောစကားကိုသာအသုံးပြုရန် ကြိုးစားသင့်သည်။ အမှုထမ်းကြသောသူများအထဲ၌ အများစုတို့သည် မိမိတို့စကားပြောဆိုကြခြင်း၌ ဂရုမစိုက်ကြပါ။ သို့သော် သတိပြုခြင်းနှင့်ကြိုးစား၍အာရုံပြုခြင်းအားဖြင့် အမှန်တရား၏ကိုယ်စားလှယ်များဖြစ်လာနိုင်ပါသည်။ နေ့စဉ်တိုးတက်မှုပြုလုပ်သင့်သည်။ သူတို့၏အသုံးဝင်ခြင်းနှင့်ချို့ယွင်းသောအပြုအမူ၊ အသံသို့မဟုတ် စကားကိုမြတ်နိုးခြင်းအားဖြင့် ရရှိသောတန်ခိုးသြဇာတို့မှ ဂုဏ်သိက္ခာထိခိုက်စေရန် မပြုလုပ်သင့်ပါ။ Counsels to Teachers, p. 238. (1913) [Ev 147.2]



**သာသနာပြုဆရာ၏ဥပမိရုပ်** – ဓမ္မဆရာများတို့၏အဆင့်အတန်းတောင်းဆိုသောအရာသည် ကိုယ်ခန္ဓာ၏ကျန်းမာခြင်းနှင့် စိတ်နေစိတ်ထား၏စည်းမျဉ်းဥပဒေဖြစ်သည်။ ကောင်း၍မှန်ကန်သောအသိဉာဏ်၊ သန်မာသောအကြောအခြင်နှင့် ရှင်လန်းသောစိတ်ဓာတ်သည် နေရာတိုင်း၌ရှိကြသော ဓမ္မဆရာ၌ရှိရမည်။ ဤအရာများကိုရှာဖွေရမည်။ ကြိုးစား၍ပျိုးထောင်ရမည်။ Testimonies, vol. 3, p. 466. (1875)

## စိတ်ဝင်စားဖွယ်ရာအကြောင်းအရာများ

**အမှန်တရားသည်ဆွဲဆောင်သင့်သည်** – သင်၏ကြိုးစားမှုသည် လောက၏လမ်းသို့လိုက်ခြင်းမဟုတ်ဘဲ ဘုရား၏လမ်းသို့လိုက်စေပါ။ ပြင်ပခင်းကျင်းပြသမှုသည် အထက်တန်းလူတန်းစားများ အမှန်တရားကိုကြား၍ ယုံကြည်ရန်ပြုလုပ်ရမည့် ဘုရားသခင်၏ဆန္ဒနှင့်ကိုက်ညီသောအလုပ်မဟုတ်ပါ။ အမှန်တရား၏ဂုဏ်သိက္ခာနှင့်ဆွဲဆောင်မှုကို ကောင်းကင်၏နည်းစနစ်ဖြင့်အသုံးပြုခြင်းထက် လောက၏အစီအစဉ်များကိုလိုက်ခြင်းဖြင့် မစွန့်လွှတ်ပါနှင့်။ သင်၏တရားနာပရိသတ်များတို့သည် တနင်္ဂနွေညအစည်းအဝေး၌ သူတို့ကိုဆွဲဆောင်နိုင်ရန် တေးသီချင်းနှင့်အခြားအရာများမပြုလုပ်ဘဲ သင်တို့သည် အမှန်တရားကိုသာ လေးနက်စွာဟောပြောပြီး သူတို့အတွက်သတိပေးစကားကဲ့သို့ စိတ်အလိုသို့လိုက်တတ်သောအိပ်ပျော်ခြင်းမှ နိုးထရန်ဆောင်ရွက်ကြောင်းကို သူတို့အားနားလည်စေပါ။ ဤအရာသည် သွားနှစ်ဖက်ထက်သောသံလျက်ကဲ့သို့ စစ်မှန်သောအမှန်တရားလုံးလုံးလျားလျားဖြစ်ပါသည်။ [Ev 148.1]

ဘုရားသခင်အတွက်အမှုထမ်းသောသူတို့၏လုပ်ငန်း၌ အောင်မြင်ခြင်းရှိရန် လောက၏စီမံကိန်းများကိုအားကိုးသောသူတို့သည် ဆုံးရှုံးခြင်းကို သာကြုံတွေ့ရပါသည်။ လုပ်ငန်း၏ဆောင်ရွက်ပုံကိုပြောင်းလဲရန် ဘုရားသခင်ခေါ်တော်မူသည်။ ဘုရားသခင်၏ဆန္ဒသည် ခရစ်တော်၏အသက်တာမှ သင်ကြားရသောသင်ခန်းစာများကို ကျင့်သုံးရန်ဖြစ်သည်။ ထိုအခါခရစ်တော်၏ပုံစံကို သင်၏ကျင်းပသောစည်းဝေးအားလုံး၌ တွေ့မြင်ရပါလိမ့်မည်။ Letter 48, 1902. [Ev 148.2]

**ဖန်တီးထားသောသွန်သင်ခြင်း** – ဆရာသမားများတို့၏မင်းသားခရစ်တော်သည် သူတို့၏အသိကျွမ်းဆုံးသောဆက်ဆံခြင်းလမ်းကြောင်းအားဖြင့် လူတို့နှင့်ချဉ်းကပ်နိုင်ရန်ရှာဖွေသည်။ သူသည် အမှန်တရားကိုဟောပြောသောနည်းအားဖြင့် သူ၏စကားကိုကြားရသောသူတို့သည် မိမိတို့၏အသက်တာနောက်ပိုင်းတွင် ပြန်လည်၍စဉ်းစားတွေးတောခြင်းနှင့် ကိုယ်ချင်းစာတရားဖြင့် ရောနှောစေနိုင်ကြသည်။ သူ၏သွန်သင်ခြင်းအားဖြင့် ကြားရသူတို့၏စိတ်ဝင်စားမှုများနှင့်ပျော်ရွှင်မှုများတွင် သူကိုယ်တိုင်အနေဖြင့် ပါဝင်ခံစားနေကြောင်း သူတို့ခံစားရ၍ စိတ်ချမ်းသာကြသည်။ သူ၏သွန်သင်မှုသည် ရိုးစင်းပြီး၊ သူပေးသောပုံပမာများမှာ ဆီလျော်လှသည်။ သူ၏စကားများသည် ကြင်နာသနားခြင်းများစွာပါရှိပြီး လွန်စွာအားရဖွယ်ဖြစ်သောကြောင့် ကြားနာရသောသူများတို့ကို ဆွဲဆောင်စေသည်။ [Ev 148.3]

ခရစ်တော်သည် ကြီးမားသောသဘာဝတရား၏ဘဏ္ဍာတိုက်ထဲမှ သရုပ်ဖော်ခြင်းများနှင့် သင်ခန်းစာများကို များစွာဆွဲယူဟောပြောသည်။ နှင်းပန်းကိုသူဆွတ်ခူးယူပြီး သူ၏တရားနာပရိသတ်များအား နှင်းပန်း၏ဖြူစင်ခြင်းနှင့်အံ့ဖွယ်ကောင်းသောအလှအပကိုပြောပြသည်။ လယ်ပြင်၌ရှိသောမြက်ပင်များကို ညွှန်ပြပြီးပြောခဲ့သည်မှာ၊ "အကယ်၍ဘုရားသခင်သည် တောမြက်ပင်များကို ထိုသို့သောအဝတ်နှင့်ဖုံးလွှမ်းတော်မူလျှင် ထိုမျှမကသင်တို့ကိုအဝတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော။" သူ၏ဆန္ဒမှာ သဘာဝအရာများအားဖြင့်



ဘုရားသခင်၏မေတ္တာတော်ကို လူတို့ကိုတွေ့မြင်စေရန်ဖြစ်သည်။ ထို့ကြောင့် အပြစ်တရားအားဖြင့် ဤအရာများချွတ်ယွင်းခဲ့သည့်တိုင် အာဒံနှင့်ဧဝတို့အား ဘုရားရှင်ထားရှိခဲ့သောဒေဝဉယျာဉ်အကြောင်း ပြောနေသေးကြောင်းတွေ့ရပါသည်။ ကျွန်ုပ်တို့အတွက်သူ၏ဆန္ဒမှာ ထိုဒေဝဉယျာဉ်ကို ကျွန်ုပ်တို့ပြန်လည်၍ရရှိပြီးလျှင် ဤကမ္ဘာကြီးသည် ဘုရားရှင်အားချီးမွမ်းသောအသံဖြင့်ပြည့်လျှံဦးမည်ဖြစ်ကြောင်း သတိရစေရန်ဖြစ်သည်။ Letter 213, 1902. [Ev 148.4]

**သူတို့၏စိတ်ဝင်စားမှုကိုသူရယူနိုင်သည်** – ဘုရားသခင်သားတော်၏နှုတ်မှလွှတ်လပ်စွာစီးဆင်းလာသော ကရုဏာစကားများကို လူအများနားထောင်လျက်ရှိသည်။ ရိုးစင်းလှ၍ ရှင်းလင်းလှသောနှစ်လိုဖွယ်စကားများကို လူတို့ကြားရသည့်အခါ သူတို့၏ဝိညာဉ်အတွက် ဂိလဒ်ပြည်၏အနာကိုပျောက်စေသောဆေးကဲ့သို့ဖြစ်သည်။ ကုသမှုကိုပေးသည့် သူ၏မွန်မြတ်သောလက်သည် ဝမ်းမြောက်ခြင်းနှင့်မြောပါးနေသောသူတို့အား အသက်ကိုပေးပြီး၊ ဝေဒနာခံစားရသောသူတို့ကို ကျန်းမာခြင်းနှင့်စိတ်ချမ်းသာခြင်းကိုပေးသည်။ နေ့ရက်များသည် မြေကြီးပေါ်၌ကောင်းကင်သဖွယ်ခံစားရပြီး မည်သည့်အရာကိုမျှ မစားရကြသေးသည်ကိုပင် သတိမရကြပါ။ [Ev 149.1]

လူတို့အားငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းရရှိရန် သွန်သင်သောသူသည် လူတို့၏ယာယီလိုအပ်သည့်အရာများကို တွေးတောပေးရုံမျှမက၊ ဝိညာဉ်ရေးလိုအပ်ချက်ကိုပါ တွေးတောပေးပါသည်။ လူတို့သည် မောပန်း၍နွမ်းနယ်ကြသည်။ လက်ပေါ်၌ကလေးငယ်များကိုပွေ့ချီထားသောမိခင်များလည်းပါပြီး၊ ကလေးငယ်များသည် မိခင်များနှင့်တွယ်ကပ်လျက်ရှိသည်။ နာရီပေါင်းများစွာ ထနေကြသောသူများလည်းရှိသည်။ သူတို့သည် ခရစ်တော်၏စကားကို လွန်စွာစိတ်ဝင်စားသောကြောင့် ထိုင်ချရန်ပင်သတိမရကြပါ။ လူထုကြီးသည်လည်း များလွန်းလှသောကြောင့် တစ်ဦးအပေါ်တစ်ဦးနင်းမိကြရန်ပင် အန္တရာယ်ရှိပါသည်။ ယေရှုသည် သူတို့အားအနားယူခွင့်ပေးပြီး ထိုင်ချကြရန်

တောင်းဆိုသည်။ ထိုနေရာ၌မြက်ခင်းရှိသောကြောင့် အားလုံးစိတ်သက်သာစွာ အနားယူနိုင်ကြပါသည်။ The Desire of Ages, pp. 365, 366. (1898)

**စိတ်ဝင်စားခြင်းကိုဖြစ်စေသောအစီအစဉ်တစ်ခု –** အခြားမြင်ကွင်းတစ်ခုကို ကျွန်ုပ်အားပြပါသည်။ စည်းဝေးအချိန်ကာလ၌ တဲများကိုအခြားမတူညီသော နေရာများသို့ ယူသွားကြပါသည်။ စခန်းအစည်းအဝေးများကို မတူညီသော နေရာ၌ ကျင်းပကြပါသည်။ ဤအစည်းအဝေးများကို စွမ်းဆောင်နိုင်သူများ၊ ဘုရားကိုကြောက်ရွံ့သောသူများနှင့် သင့်လျော်သည့်ကူညီဖော်များတို့ဖြင့် ကျင်းပကြပါသည်။ ကလေးများအစည်းအဝေးနှင့် ဝိညာဉ်နိုးကြားခြင်းအစည်းအဝေးများနှင့် လူများတို့အားဆုံးဖြတ်ချက်ချရန် စိတ်ပါစွာကြိုးစား၍ခေါ်ဆောင်ကြပါသည်။ ပေါလုစိုက်ပြီး အာပေါလုရေလောင်း၍ ဘုရားသခင်သည် တိုးပွားများပြားစေသည်။ [Ev 150.1]

သီချင်းဆိုတတ်သူများကို သီချင်းဆိုစေပါ။ တီးမှုတ်သော တန်ဆာပလာများကိုလည်း အသုံးပြုရန်ကန့်ကွက်ခြင်းမရှိပါ။ ဤအရာများကို ရှေးဘာသာရေးအစီအစဉ်များတို့၌ အသုံးပြုခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်သောသူတို့သည် စောင်းကောက်နှင့်လင်းကွင်း၊ တေးသီချင်းများသူ့နေရာနှင့်သူ ကျွန်ုပ်တို့၏အစီအစဉ်များ၌ရှိပါသည်။ စိတ်ဝင်စားခြင်းကို ပို၍ရှိစေပါသည်။ [Ev 150.2]

သို့သော် လူတို့၏အာရုံကို ယေရှုကဲ့သို့သူတို့ရှေ့၌ အမှန်တရားဟောကြားခြင်းအားဖြင့် ဆွဲယူထိန်းသိမ်းထားပါ။ သူတို့ရှေ့၌ ကရာနိ၏ လက်ဝါးကပ်တိုင်ကိုထားပါ။ ခရစ်တော်၏သေခြင်းကို မည်သည့်အရာက ပြုလုပ်သနည်း။ ပညတ်တော်ကိုကျူးလွန်ခြင်းဖြစ်သည်။ ခရစ်တော်၏အသေခံခြင်းသည် လူတို့အား သူ၏သစ္စာရှိသောနိုင်ငံသားများဖြစ်ရန် အခွင့်အရေးတစ်ခုပေးခြင်းဖြစ်သည်။ [Ev 150.3]

ဟောပြောချက်များကိုတိုစေပါ။ တို၍စိတ်အားထက်သန်စွာဆုတောင်းခြင်းများကိုပြုပါ။ ပြည့်စုံသောဝိညာဉ်ရေးအစီအစဉ်တစ်ခုလုံးဖြစ်စေရန် ပညာ



ပေးပါ၊ ပညာပေးပါ။ တိကျသောဆက်ကပ်ခြင်း၊ များစွာဆုတောင်းခြင်း၊ လွန်စွာစိတ်ပါဝင်စားခြင်းတို့သည် စိတ်ထဲ၌စွဲမြဲခြင်းတစ်ခုကိုဖြစ်စေလိမ့်မည်။ အကြောင်းမှာ လူတို့၏စိတ်နှလုံးကိုလှုပ်ရှားစေရန် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် ပါရှိကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ Letter 132, 1898. [Ev 150.4]

**ဧဝံဂေလိတရားပွဲ၏ဆွဲဆောင်မှုအမျိုးမျိုး –** ဤအစည်းအဝေးများတို့၌ အဆင့်မြင့်သူနှင့်အဆင့်နိမ့်သူများ၊ ချမ်းသာသူနှင့်ဆင်းရဲသူများ၊ အပြစ်သားအမျိုးမျိုးနှင့်စုရုံးလာကြသောသူများအားလုံးတို့သည် ဘုရားသခင်၏ရွေးချယ်ထားသောအစေခံများမှ ဟောပြောသောကရုဏာသတင်းစကားကို ကြားရကြပါသည်။ ကျမ်းစာမှအကြောင်းအရာအမျိုးမျိုးတို့ကိုဟောကြားပြီး စည်းဝေးကာလတွင် လှုပ်ရှားမှုအမျိုးမျိုးကိုလည်းတွေ့ရှိရပါသည်။ [Ev 150.5]

ဘုရားသခင်သည် လူကြီးနှင့်လူငယ်များကိုခေါ်၍ ကြားနာရသောသူများတို့၏စိတ်နှလုံးကို ဩဇာလွှမ်းမိုးမှုရှိစေသည်။ ဤနည်းလမ်းအားဖြင့် ဥပမာပုံပြင်၌ ညစာစားပွဲကိုလူအားလုံးတို့အားခေါ်ဖိတ်သည်။ တချို့သောသူများတို့သည် မိမိတို့၏ကိုယ်ပိုင်ခံယူချက်အရ ဘုရားကျောင်းသို့မလာခဲ့ကြသည်မှာ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၆ နှစ်ကြာခဲ့သော်လည်း ယခုယုံကြည်၍ ပြောင်းလဲလာကြပါသည်။ အသင်းသူအသင်းသားများတို့သည်လည်း အလွန်စိတ်လှုပ်ရှားကြပြီး တရားဟောချက်များနှင့်သမ္မာကျမ်းစာရှင်းပြချက်များကို အလွန်အံ့အားသင့်စွာဖြင့် နားထောင်ကြပါသည်။ ထိုနောက် ပေါင်းသင်းဆက်ဆံခြင်းအစည်းအဝေးများ၌ ကိစ္စတိုင်းအတွက် ဆီလျော်သောအရာများကိုလည်း တွေ့မြင်ရပါသည်။ Manuscript 7, 1900. [Ev 150.6]

**ဆောင်ပုဒ်ကြီးများ– ခေတ်မီသတင်းစကား –** အမှန်တရား၏ဆရာများအဖြစ် လူတို့ရှေ့၌မတ်တတ်ထသောသူတို့သည် ကြီးမားသောဆောင်ပုဒ်များကို မြဲမြဲစွာဆုပ်ကိုင်ထားကြသည်။ အရေးမကြီးသောကိစ္စများကိုပြောခြင်းဖြင့် တန်ဖိုးရှိသောအချိန်ကိုမဖြုန်းတီးပါ။ သူတို့အားနှုတ်ကပတ်တော်ကိုလေ့လာစေပြီး

နှုတ်ကပတ်တော်ကိုဟောပြောစေပါ။ နှုတ်ကပတ်တော်သည် သူတို့၏လက်ထဲ၌ရှိသော သွားနှစ်ဖက်ထက်သည့်သန်လျက်ကဲ့သို့ဖြစ်စေပါ။ အတိတ်ကာလမှအမှန်တရားများကိုသက်သေခံပြီး အနာဂတ်ကာလ၌ မည်သည့်အရာများဖြစ်ပျက်လာမည်ကိုပြသစေပါ။ [Ev 151.1]

ကောင်းကင်မှခရစ်တော်ကြွလာခြင်းသည် ကျွန်ုပ်တို့၏အသက်တာကိုပုံသွင်းရန် ယောဟန်အား ကြီးမား၍အံ့ဩဖွယ်ကောင်းသောအမှန်တရားများကိုပေးခြင်းနှင့် ကျွန်ုပ်တို့အားဖြင့် ဤအမှန်တရားကို ကမ္ဘာသို့ဟောပြောခြင်းပြုရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အချိန်နှင့်လျော်ညီစွာ၊ ရှင်းလင်းပြတ်သားစွာ၊ ပညာသားပါပါ သန့်ရှင်းသောဝိညာဉ်တော်၏သွန်းလောင်းခြင်းအားဖြင့် လမ်းပြမှုကိုခံယူကာ သက်သေခံကြရမည်။ Review and Herald, April 19, 1906. [Ev 151.2]

## စုံစမ်းလေ့လာခြင်းနှင့်မေးခွန်းထုတ်ခြင်းအစည်းအဝေးများ

**စည်းဝေးပြီးဆုံးသည့်နောက်စိတ်ဝင်စားသူကိုခေါ်ခြင်း –** ယခုအချိန်အတွက်ခိုင်မာသောအမှန်တရားကို လူတို့အားအသိပေး၍ ရှင်းလင်းပြသရမည်။ အစည်းအဝေးသို့လာသောအဆင့်ပို၍မြင့်သူများနှင့် အဆင့်အနိမ့်ဆုံးသောသူများတို့တိုင် ရောက်လာသမျှသောသူအားလုံးတို့အတွက် ကျွန်ုပ်တို့လုပ်ဆောင်ကြရမည်။ သတိပေးစကားပြောပြီးသည့်နောက် အထူးစိတ်ဝင်စားသောသူတို့ကိုခေါ်ယူကာ သူတို့ပြောင်းလဲရန်အတွက်လုပ်ဆောင်ကြရမည်။ ဤလုပ်ငန်းမျိုးသည် သာသနာ့လုပ်ငန်း၏အမြင့်ဆုံးသောစေခိုင်းခြင်းဖြစ်သည်။ Letter 86, 1900.

**မည်ကဲ့သို့ခရစ်ယာန်ဖြစ်လာရမည်ကိုသွန်သင်ပါ –** ဝိညာဉ်များတို့သည် ရှုပ်ထွေးသောအမြင်ဖြင့် အမှန်တရားကိုမလိုက်လျှောက်ရန်နှင့် ယေရှုထံမိမိတို့၏ဆန္ဒနှင့်စိတ်ကို မည်ကဲ့သို့ဆက်ကပ်အပ်နှံရမည်ကိုမသိရန် ဤအချက်ကို



ရှင်းလင်းစွာနားလည်ပြီး သူတို့ကိုသွန်သင်ရန်ကျွန်ုပ်ဆန္ဒရှိသည်။ ခရစ်ယာန်များမည်ကဲ့သို့ဖြစ်လာရန် အထူးညွှန်ကြားခြင်းပြုဖို့ သူတို့အလိုရှိသည်။ ဤလောက၌ ခရစ်တော်အတွက်အမှုထမ်းခြင်းသည် ကြီးမားသောလုပ်ဆောင်မှုများနှင့် အံ့ဩဖွယ်သောအောင်မြင်မှုများကဲ့သို့ မပြုလုပ်ခဲ့ကြပါ။ ဤအရာများသည် လိုအပ်သောအရာကဲ့သို့ဖြစ်လာလိမ့်မည်။ သို့သော် အအောင်မြင်ဆုံးသောအလုပ်သည် မိမိတို့၏အတ္တစိတ်ကို ဖြစ်နိုင်သရွေ့ဘေးဖယ်ထားခြင်းဖြစ်သည်။ ဤအလုပ်သည် နှုတ်ကပတ်တော်ကို တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်ကြင်နာမှုဖြင့် လူတို့၏နှလုံးသားများနှင့်နီးကပ်စေရမည်။ ဤလုပ်ငန်းသည် ယေရှုခရစ်တော်အတွက်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပြီး နောက်ဆုံးသောနေ့ရက်၌ အသိအမှတ်ပြုခြင်းခံရလိမ့်မည်။ Letter 48, 1886. [Ev 152.1]

**တွေ့ဆုံမေးမြန်းပြီးနောက်လူတို့နှင့်နီးကပ်စွာနေပါ –** အချက်အလက်များကိုတစ်ချက်ပြီးတစ်ချက် လျင်မြန်စွာပြောသွားခြင်း၌ အန္တရာယ်ရှိသည်။ တိုသောသင်ခန်းစာများကိုပေးပါ။ ၎င်းနောက် အများအားဖြင့် တန်ဖိုးရှိသောအမှန်တရား၏ဘဏ္ဍာများကို လူတို့အားဖွင့်ပြပြီးသည့်နောက် စိတ်ဝင်စားလာသူတို့အတွက် ကြီးမားသောအလုပ်ဖြစ်သည့်အကြောင်းအရာများကို ဟောပြောရန်ရှိသေးသည်။ [Ev 152.2]

တိုတိုတုတ်တုတ်စကားပြောပြီးနောက် လုပ်ဆောင်မှုများတို့၏အစီအစဉ်ကိုပြောင်းလိုက်ကာ ဆန္ဒရှိသူများအတွက် ဆွေးနွေးကြရန်ကျန်ရစ်ခဲ့စေခြင်း၊ ကျမ်းစာလေ့လာခြင်း၊ သူတို့နားမလည်သည့်အကြောင်းအရာများအပေါ် မေးခွန်းမေးမြန်းခြင်းအခွင့်အရေးကိုပေးပါ။ ဤကျမ်းစာသင်ခန်းစာလေ့လာခြင်း၌ လူတို့နှင့်ရင်းနှီးမှုရှိခြင်းအားဖြင့် ကြီးမားသောအောင်မြင်မှုကို သင်တွေ့ရလိမ့်မည်။ ဓမ္မဆရာများနှင့်ဆက်နွှယ်၍ အလုပ်လုပ်သောအမှုဆောင်များတို့သည် သည်းခံခြင်း၊ ကြင်နာခြင်းဖြင့် အထူးကြိုးစားလုပ်ဆောင်သင့်ကြပြီး လေ့လာ

မေးမြန်းသူများတို့အား အမှန်တရားကိုသိရှိနားလည်စေရန် သင်ကြားပို့ဆောင်ကြရပါမည်။ [Ev 152.3]

အကယ်၍ သင်ပို့ချရမည့်သူတစ်ဦးထက်ပို၍မရှိပါက ၎င်းတစ်ဦးတည်းသောပုဂ္ဂိုလ်အား ကောင်းမွန်စွာယုံကြည်ရန်သင်ကြားခြင်းအားဖြင့် အခြားသူများသို့သူသိရှိသောအလင်းကို ဆက်သွယ်ပေးပါလိမ့်မည်။ ဤနိုင်မာသောအမှန်တရားများသည် လွန်စွာအရေးကြီးသောကြောင့် သူတို့တစ်ကြိမ်ပြီးတစ်ကြိမ်ဟောပြောခြင်းအားဖြင့် ကြားနာရသူများတို့၏စိတ်ထဲ၌ စွဲမြဲစေနိုင်ပါသည်။ Special Testimonies, Series A, No. 7, p. 7. (1874) [Ev 152.4]

**မေးခွန်းများမေးရန်အခွင့်အရေးတစ်ခု** – သင့်လျော်သည်ဟုထင်ရသည့် အချိန်များ၌ အရေးကြီးသောဟောပြောခြင်းအပြီးတွင် သမ္မာကျမ်းစာလေ့လာခြင်းကိုဆက်လက်ပြုလုပ်သင့်သည်။ ဤအချိန်၌ဟောပြောခဲ့သောအရာများကို ပြန်လည်ဆွေးနွေးခြင်း၊ မေးခွန်းများမေးခြင်းအားဖြင့် မှန်သောအမြင်များကို စိတ်ထဲ၌စွဲမြဲစေနိုင်ပါသည်။ သည်းခံလျက်လူတို့အားပညာပေးခြင်းနှင့် မိမိတို့၏ကိုယ်ရေးကိစ္စကိုဖော်ပြရန် အခွင့်အရေးပေးခြင်းတို့၌ အချိန်များစွာအသုံးပြုသင့်သည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်းသင်ကြားခြင်းကို လူတို့လိုအပ်ခြင်းဖြစ်သည်။ [Ev 153.1]

အထူးအစည်းအဝေးများကိုလည်း ဟောပြောခဲ့သောအမှန်တရားများကို စိတ်ဝင်စားလာသူများအတွက်နှင့် သွန်သင်မှုလိုအပ်သူများအတွက်ကျင်းပပေးသင့်သည်။ ဤစည်းဝေးများသို့ လူတို့ကိုခေါ်ဖိတ်ပြီး ယုံကြည်သူ၊ မယုံကြည်သူအားလုံးတို့အား မိမိတို့ကောင်းမွန်စွာနားမလည်သည့်အကြောင်းအရာများအပေါ် မေးခွန်းမေးနိုင်ရန်အခွင့်အရေးပေးသင့်သည်။ အားလုံးကိုမိမိတို့မရှင်းမလင်းသောကိစ္စများအတွက် စကားပြောရန်အခွင့်အရေးပေးပါ။ ၎င်းအခွင့်အရေးကိုသူတို့ရသင့်သည်။ တရားဟောချက်အားလုံးနှင့် သမ္မာကျမ်းစာလေ့လာခြင်းအားလုံးတို့၌ ရှင်းလင်းပြတ်သားစွာ၊ “ဘုရားသခင်မိန့်တော်မူသည်ကား” ဟူသည့် ယုံကြည်ခြင်းနှင့်ဘာသာရေးယုံကြည်ချက်များအတွက် ထောက်ခံပြောဆိုခြင်းပါရှိသည့်အကြောင်းအရာများကို လူတို့အားတွေ့မြင်စေပါ။ [Ev 153.2]





ဤအရာသည် ခရစ်တော်၏သွန်သင်ခြင်းနည်းစနစ်ဖြစ်သည်။ လူတို့ထံသို့သူပြောဆိုသောအခါ၊ သူ၏ပြောဆိုသောအဓိပ္ပါယ်အပေါ် သူတို့မေးခွန်းထုတ်ပါသည်။ နှိမ့်ချခြင်းဖြင့် အလင်းရှာဖွေသူများအတွက် သူ၏စကားကိုရှင်းပြရန် အမြဲအဆင်သင့်ရှိသည်။ သို့သော် ဝေဖန်ခြင်းနှင့်အပြစ်ရှာခြင်းကို ခရစ်တော်အားမပေးပါ။ ကျွန်ုပ်တို့လည်းအားမပေးသင့်ပါ။ လူတို့သည် ကြိုးစား၍ အယူဝါဒ၏ငြင်းခုံစရာအချက်အလက်များကိုဆွေးနွေးခြင်း၌ ဒေါသဖြစ်စေရန်နှိုးဆွပေးသောအခါ၊ ဤအစည်းအဝေးသည် ဤရည်ရွယ်ချက်အတွက်ကျင်းပခြင်းမဟုတ်ကြောင်း သူတို့ကိုပြောပြပါ။ [Ev 153.3]

မေးခွန်းတစ်ခုကိုသင်ဖြေဆိုသောအခါ၊ သင်၏အဖြေကိုကြားနာရသူများအတွက်တွေ့မြင်၍ နားလည်အသိအမှတ်ပြုကြောင်းကိုသေချာစေပါ။ မေးလာသောမေးခွန်းကိုဂရုမစိုက်ဘဲမနေပါနှင့်။ တစ်ဖန်ထပ်မံ၍မေးရန်သူတို့ကိုပြောပါ။ တစ်ဆင့်ပြီးတစ်ဆင့်ခံစားကြည့်ပါ။ သင်မည်မျှဆောင်ရွက်နိုင်သည်ကိုနားလည်ပါ။ [Ev 153.4]

ထိုသို့သောအစည်းအဝေးတို့၌ သတင်းစကားကိုနားလည်သောသူတို့အနေဖြင့် အမှန်တရား၏အချက်အလက်များအပေါ် အလင်းကိုပေးနိုင်သည့်မေးခွန်းများကိုမေးနိုင်ပါသည်။ သို့သော် တချို့သောသူများ ဤကဲ့သို့ပြုလုပ်နိုင်စွမ်းမရှိပါ။ မေးလာသောမေးခွန်းများတို့၌ ရှုပ်ထွေးခြင်းနှင့်သံသယမျိုးစေ့များကို စိတ်ထဲ၌ဖြစ်ပေါ်စေသောအခါ ထိုမေးခွန်းမျိုးကိုရှောင်ကြဉ်ရန်အကြံပေးသင့်သည်။ မည်သည့်အချိန်၌စကားပြောရမည်၊ တိတ်ဆိတ်စွာနေရမည်၊ မည်သည့်အချိန်၌ယုံကြည်ခြင်းမျိုးစေ့ကိုကြဲရမည်၊ မှောင်မိုက်မဟုတ်ဘဲ အလင်းကိုဝေငှရမည်ကို ကျွန်ုပ်တို့သင်ယူကြရမည်။ Testimonies, vol. 6, pp. 68, 69. (1900) [Ev 153.5]

**မေးခွန်းများအားဖြင့်လူတို့ကိုဆွဲယူပါ** – တိုတိုတုတ်တုတ်ဟောပြောခြင်းပြီးသည့်နောက် တစ်ဆက်တည်းမှာပင်ပြောခဲ့သောအရာအပေါ် ကျမ်းစာသင်ပေးပြီး မေးခွန်းများဖြင့်လူတို့ကိုဆွဲယူပါ။ သင်၏သတင်းစကားကိုနားထောင်သောသူများတို့၏စိတ်နှလုံးကိုတိုက်ရိုက်ထိတွေ့စေပြီး သူတို့၏အခက်အခဲများကိုတင်ပြရန်တောင်းဆိုခြင်းအားဖြင့် သူတို့နားမလည်သောသမ္မာကျမ်းစာအကြောင်းကို သင်ရှင်းပြနိုင်လိမ့်မည်။ Letter 8, 1895.

**ကောင်းမွန်စွာကာကွယ်ရန်အချက်တစ်ခု** – ဘုရားသခင်သည် မိမိ၏လူတို့အထဲ၌ အထူးသောလုပ်ငန်းတစ်ခုကိုလုပ်ရန်ရှိသောအခါတိုင်း၊ သူတို့၏စိတ်ထဲ၌ တန်ခိုးနှင့်ပြည့်ဝသောအမှန်တရားကိုစဉ်းစားဆင်ခြင်ရန် နှိုးဆွမှုပေးသောအခါ စာတန်မာရ်နတ်သည် သူတို့နားလည်ရန်မလိုအပ်သည့်အချက်နှင့်စည်းလုံးမှုမရှိသည့်အရာကိုယူဆောင်လာခြင်းနှင့် အရေးကြီးလိုအပ်သည့်အချက်မှလွဲသွားစေရန် သူတို့၏စိတ်ကိုအခြားအရေးမကြီးသောအရာသို့ လမ်းကြောင်းပြောင်းပေးလိုက်သည်။ ဤအရာဖြစ်ပျက်လာသောအခါ ဘုရားသခင်သည် လူတို့၏စိတ်နှလုံးထဲ၌ သူ၏ကယ်တင်ခြင်းရရှိရန် လိုအပ်သောဖိအားများကိုပြုလုပ်ပေးပါသည်။ ထိုနောက် အကယ်၍ မာရ်နတ်သည် သူတို့၏စိတ်ကိုအရေးမကြီးသောကိစ္စတချို့တို့ထံသို့ဆွဲဆောင်သွားပြီး လူတို့ကိုတချို့သောသေးငယ်သည့်အချက်အပေါ်ခွဲခြားရန်ဖြစ်စေပါက သူတို့၏စိတ်သည် အလင်းနှင့်အမှန်တရားကိုခုခံတားဆီးကာ သူသည် ထိခိုက်နစ်နာစေလိုသောအမှန်တရားထဲ၌ အားရဝမ်းသာခြင်းရှိလိမ့်မည်။ Review and Herald, Oct. 18, 1892. [Ev 154.2]

**တိုက်ခိုက်မှုပေါ်ပေါက်ခြင်း၊ ယုံကြည်မျှော်လင့်ချက်ကုန်ဆုံးခြင်း** – စာတန်မာရ်နတ်သည် လူတို့၏စိတ်ကို လောကအရာများနှင့်အမြဲလမ်းကြောင်းလွဲပြောင်းလိုက်ပြီး သူတို့၏စိတ်ထဲ၌ အမှန်တရား၏အရှိန်အဟုန်ကိုပျောက်ကွယ်စေနိုင်သည်။ ထိုနောက် အလင်းနှင့်အသိတရားမှ ပို၍ကြီးသောအလင်းနှင့်အသိတရားသို့တိုးတက်ခြင်းရှိလိမ့်မည်မဟုတ်ပါ။ ခရစ်တော်၏တပည့်တော်များတို့သည် အမှန်တရားကို အစဉ်တစိုက်ကျင့်သုံးခြင်းမရှိပါက သူတို့သည် အမှန်တရားအားဖြင့် သန့်ရှင်းခြင်းရှိကြမည်မဟုတ်ပါ။ မေးခွန်းများ၊ မှန်းဆချက်များနှင့်အရေးမကြီးသောကိစ္စရပ်များတို့သည် သူတို့၏စိတ်ကိုပိုင်ဆိုင်ကာ သူတို့သည် အပြောသမားများသာဖြစ်ပြီး အပြစ်ရှာခြင်းနှင့်ရန်တွေ့လိုခြင်းစကားများကိုသာပြောကာ အရေးမကြီး၍မလိုအပ်သော ခြားနားသည့်အတွေးအခေါ်ကိုသာ ဟောပြောပါလိမ့်မည်။ [Ev 154.3]



ဘုရားအတွက်အမှုဆောင်သောသူသည် ရန်သူ၏ရည်ရွယ်ချက်ကိုတွေ့မြင်တတ်သော လုံလောက်သည့်သတိပညာရှိရမည်ဖြစ်ပြီး မှားယွင်းသောလမ်းသို့ပို့ဆောင်ခြင်းကို ငြင်းဆန်ရမည်။ ကြားနာရသူများတို့၏ဝိညာဉ်ပြောင်းလဲခြင်းသည် သူတို့၏အလုပ်ဝန်ထုပ်ကြီးတစ်ခုဖြစ်ပြီး အငြင်းပွားခြင်းကိုမပြု၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသာ ဟောပြောရမည်။ [Ev 155.1]

မာရ်နတ်၏အထူးလိမ်လည်လှည့်ဖြားသောအလုပ်သည် အငြင်းပွားမှုကိုနှိုးဆွပေးပြီး၊ ခိုက်ရန်ဖြစ်စေသောစကားများတို့သည် မည်သည့်အကျိုးမျှမရှိပါ။ ဤအရာများသည် စိတ်နှင့်အချိန်ကိုပိုင်ဆိုင်လိမ့်မည်အကြောင်း သူကောင်းကောင်းသိသည်။ ၎င်းသည် ရန်တွေ့ခြင်းကိုဖြစ်ပေါ်စေပြီး ယုံကြည်ခြင်းကိုလူအများတို့၏စိတ်၌ငြိမ်းစေပါသည်။ လူတို့၏သဘောထားကွဲလွဲမှုကိုဖြစ်စေခြင်း၊ ပြစ်တင်ခြင်း၊ အထင်အမြင်လွဲမှားခြင်းနှင့် အမှန်တရား၏တံခါးကိုပိတ်စေခြင်းတို့ကို ဖြစ်စေပါသည်။ Review and Herald, Sept. 11, 1888. [Ev 155.2]

**ယုံကြည်လာသူများတို့နှင့်အတူဆုတောင်းခြင်း** – ဓမ္မအမှုဆောင်များနှင့်သာသနာပြုသူများတို့သည် အမှန်တရားကိုယုံကြည်လာသောသူများတို့နှင့်အတူ အချိန်များစွာယူ၍ ကြိုးစားဆုတောင်းကြရမည်။ ခရစ်တော်သည် သင်နှင့်အတူအမြဲရှိကြောင်းသတိရပါ။ ဘုရားသခင်သည် ရိုးသားနှိမ့်ချသောအမှုဆောင်ကိုခွန်အားပေးရန် သူ၏ကျေးဇူးတော်ကို အလွယ်တကူဖြင့်တန်ဖိုးအရှိဆုံးပြသခြင်းပြုလျက်ရှိသည်။ Manuscript 78, 1900. [Ev 155.3]

**စိတ်ရှုပ်ထွေးသူများကိုကူညီပါ** – အစည်းအဝေးသို့လာသောသူများစွာတို့သည် နွမ်းနယ်၍လေးသောအပြစ်ဝန်ထုပ်ကို ထမ်းရွက်နေရပါသည်။ သူတို့၏ဘာသာရေးယုံကြည်ခြင်း၌လုံခြုံမှုမရှိဟု သူတို့ခံစားနေရပါသည်။ ဒုက္ခနှင့်ရင်ဆိုင်နေရပြီး ဝိညာဉ်ရေး၌အနားယူလို၍ အကူအညီလိုအပ်သောသူတို့အား အခွင့်အရေးပေးသင့်သည်။ သတင်းစကားဟောပြောပြီးနောက် ခရစ်တော်နောက်သို့လိုက်လိုသောသူတို့အား မိမိတို့၏ဆန္ဒကိုဖော်ပြရန် ဖိတ်ခေါ်သင့်သည်။ ခရစ်တော်ကြွလာခြင်းအတွက် ပြင်ဆင်မှုပြုရာ၌ ကျေနပ်မှုမရှိသူများနှင့် လေးလံသောဝန်ထုပ်ကိုထမ်းနေရသည်ဟု ခံစားရသူများအားလုံးကို မိမိတို့ကိုယ်တိုင်သီးသန့်ခွဲခြား၍နေရန်ခေါ်ဖိတ်ပါ။ ဝိညာဉ်ခွန်အားရှိသူများကို ဤပုဂ္ဂိုလ်များတို့နှင့်စကားပြောဆိုစေပါ။ သူတို့နှင့်အတူ သူတို့အတွက်ကို ဆုတောင်းပေးပါ။ ဆုတောင်းခြင်းနှင့်နှုတ်ကပတ်တော်သေချာစွာရှာဖွေလေ့လာခြင်း၌ အချိန်များစွာယူပါ။ သူတို့သည် အမှန်တကယ်ဖြောင့်မတ်ခြင်းတရားကိုဆာငတ်နေသောကြောင့် သူတို့အားလုံးတို့သည် စစ်မှန်သောယုံကြည်ခြင်းကို မိမိတို့ကိုယ်တိုင် စိတ်နှလုံးထဲ၌ရရှိရန် ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အားပေးလိမ့်မည်။ မိမိတို့ကိုယ်ကို ဘုရားရှင်ထံမည်ကဲ့သို့ဆက်ကပ်ရမည်၊ မည်ကဲ့သို့ယုံကြည်ရမည်၊ ကတိတော်များကို မည်ကဲ့သို့တောင်းဆိုရမည်တို့ကို သူတို့အားသွန်သင်ပါ။ ဘုရားသခင်ကို နက်ရှိုင်းစွာချစ်ကြောင်း အားပေးစကားများ၊ ပြောဆိုသောစကားများအားဖြင့် ပေါ်လွင်စေပါ။ Testimonies, vol. 6, p. 65. (1900) [Ev 155.4]

## လူတို့နှင့်ရင်းနှီးမှုရယူခြင်း

**သူတို့၏သွားခြင်းလာခြင်း၌လူတို့နှင့်တွေ့ဆုံခြင်း** – မြို့ကြီးတစ်မြို့အနီးစည်းဝေးများ၏အရေးကြီးသောစိတ်ပါဝင်စားမှုရှိရန်ကျင်းပသောအခါ အမှုဆောင်အားလုံးတို့၏တညီတညွတ်တည်းပံ့ပိုးမှုသည်လိုအပ်ပါသည်။ စည်းဝေးများ၏



ပတ်ဝန်းကျင်ကို အကောင်းဆုံးထားရှိသင့်သည်။ သွားလာလှုပ်ရှားခြင်း၌ လူတို့နှင့်ရင်းနှီးစွာဆက်ဆံကြရမည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ကြင်နာခြင်းကို ပြသကာ သူတို့၏ဝိညာဉ်များကိုချစ်ရမည်။ အချိန်မရွေးအမှုဆောင်များတို့သည် လူတို့နှင့်ကောင်းမွန်စွာပြောဆိုရန်အဆင်သင့်ရှိပြီး သူတို့၏ဝိညာဉ်ကို မည်ကဲ့သို့ဆွဲယူရမည်ကို စောင့်ကြည့်နေရမည်။ လူသားများတို့၏သွားရာလမ်း၌ အမြဲထထကြွကြွစောင့်ကြည့်နေပြီး၊ သူတို့၏ပျက်စီးခြင်းအတွက် မည်သည့်ထောင်ချောက်ကိုအသုံးပြုရမည်ဟု စောင့်၍ကြည့်နေသောမာရ်နတ်ထက် ခရစ်တော်၏အမှုဆောင်များတို့သည် တစ်ဆပို၍သတိရှိရကြမည်။ Testimonies, vol. 6, p. 46. (1900) [Ev 156.1]

**စိတ်ဝင်စားသူများတို့အပေါ်သာသနာပြုဆရာများတို့၏တာဝန်** – ဘုရားသခင်၏အမှုတော်၌ လုပ်ဆောင်ရန်စီမံကိန်းချသောသူအားလုံး လုပ်ငန်းကိုအကောင်းဆုံးဆောင်ရွက်နိုင်ရန် သင်ယူခြင်းသည် အရေးကြီးသည်။ တရားပွဲများကို ကုန်ကျခြင်းများစွာဖြင့်ကြိုးစားကာ အမှန်တရားကိုဟောပြောပြီး၊ အောင်မြင်မှုမရှိခြင်းအကြောင်းကို ကျွန်ုပ်အားပြသခဲ့သည်။ အကြောင်းမှာ လုပ်ဆောင်မှုတို့သည် ဆောင်ရွက်ရန်ရှိသည့်အတိုင်း မဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏လူတို့ရှေ့၌ ပို၍ပညာရှိစွာလုပ်ဆောင်ရန်လိုအပ်ကြောင်း ကျွန်ုပ်တို့နှစ်ပေါင်းများစွာတင်ပြခဲ့သည်။ [Ev 156.2]

စားပွဲပေါ်မှဟောပြောခြင်းကိုပြုသောအခါ၊ လုပ်ငန်းအစပြုရုံမျှသာရှိသည်။ ထိုနောက် ဓမ္မဆရာသည် မိမိတတ်နိုင်သရွေ့ ကိုယ်တိုင်ကြိုးစားမှုအားဖြင့် မိမိဟောပြောခဲ့သောအကြောင်းအရာကို ကြားနာခဲ့ရသောသူတိုင်းနှင့် ရင်းနှီးမှုပြုရပါမည်။ အကယ်၍သူတို့သည် သင်ပြောဆိုသောအရာကို အမှန်တကယ်စိတ်ဝင်စားခြင်းရှိပါက သူတို့အပေါ်သင်၏စိတ်ဝင်စားမှုကိုပြသခြင်းအားဖြင့် သူတို့တစ်ဦးစီနှင့်ရင်းနှီးမှုရယူရန် သင်၏တာဝန်ဖြစ်သည်။ [Ev 157.1]

မာရ်နတ်နှင့်သူ၏ကိုယ်စားလှယ်များတို့သည် ကျွန်ုပ်တို့၏အမှုဆောင်များတို့ထက် ပို၍ထက်မြက်သည်။ လူတို့သတိမထားမိသောအချိန်၌ သူတို့၏ဝိညာဉ်ကိုရယူရန် မာရ်နတ်သည် စီမံခြင်း၊ အကြံထုတ်ခြင်းနှင့်ထောင်ချောက်များကိုသူချထားသောအခါ ကျွန်ုပ်တို့၏လူများသည် အများအားဖြင့်အေးအေးဆေးဆေးသာနေကြပြီး အချိန်တိုင်းလိုပင်မာရ်နတ်သည် ပို၍ကျွန်ုပ်တို့၏လူများတို့ထက် ပို၍လုပ်ဆောင်နိုင်ခဲ့သည်။ ယခုအချိန်၌ အကယ်၍ ဘုရားသခင်၏လူတို့၌ သူနှင့်ကောင်းကင်သားများကြိုတင်၍ပိုင်ဆိုင်ထားသောနယ်မြေရှိပါက ဘုရားသခင်၏အမှုတော်၌ ယခင်ကကဲ့သို့ လုပ်ငန်းတစ်ဝက်မျှပင်ပြီးစီးရန် ဝတ်ကျေတမ်းကျေလုပ်ဆောင်ခြင်းမပြု၊ မိမိတို့၏ကိုယ်၊ စိတ်၊ နလုံးအရာခပ်သိမ်းကိုဆက်ကပ်အပ်နှံကာ အားသွန်ခွန်စိုက်လုပ်ကိုင်ကြရမည်။ [Ev 157.2]

စားပွဲပေါ်၌ရှည်လျားစွာဟောပြောရန်မလိုအပ်ပါ။ အကြောင်းမှာ ပရိသတ်များတို့ကိုငြီးငွေ့စေရုံမျှမက ဓမ္မဆရာ၏အချိန်နှင့်အင်အားကို ကုန်ခန်းစေသောကြောင့် မိမိအခြားဆောင်ရွက်ရမည့်လုပ်ငန်းကို ဆောင်ရွက်ရန်ပျက်ကွက်မည်ဖြစ်ပါသည်။ တစ်အိမ်တက်တစ်အိမ်ဆင်းသွားပြီး အိမ်ထောင်မိသားစုများတို့အတွက်လုပ်ဆောင်ရမည်။ သူတို့၏အာရုံကို ဘုရားသခင်၏ထာဝရအမှန်တရားသို့ဆွဲယူရမည်။ [See also pp. 429- 455, "Personal Work"]. အကယ်၍ ခရစ်တော်၏နူးညံ့သိမ်မွေ့သောစိတ်သဘောဖြင့် သူလုပ်ဆောင်ပါက၊ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သူနှင့်အတူပါဝင်လုပ်ဆောင်မည်မှာသေချာသည်။ သို့သော် ကျွန်ုပ်တို့အားလုံးတို့သည် မိမိတို့၏ကျဉ်းမြောင်းလှသောအတွေးအခေါ်အကြံအစည်တို့၌ရှိနေကြပြီး၊ ယုံကြည်ခြင်းခွန်အားနည်းနေကြပါသည်။ Manuscript 14, 1887.

သူသည် မိမိ၏အသင်းတော်ထဲ၌ မိဘများ၊ ကလေးများတို့နှင့်ခင်မင်ရင်းနှီးလာကာ သူတို့အားကြင်နာသော၊ စိတ်အားထက်သန်သောစကားများကို ပြောဆိုလိမ့်မည်။ Review and Herald, Jan. 21, 1902. [Ev 158.1].



**မိသားစုများတို့ထံသို့ဝင်ရောက်ပါ** – လူတို့နှင့်နီးကပ်စွာနေပါ။ ဖြစ်နိုင်ပါက မိသားစုများတို့နှင့်ဝင်ရောက်ပါဝင်ပါ။ လူတို့သည် သိုးထိန်းကိုရှာရန်စောင့်မနေပါနှင့်။ သင်သည် အချည်းနှီးသောပုံပြင်များကို ကိုးစားခြင်းမပြု၊ ယုံကြည်စိတ်ချ၍ ခိုင်လုံသောယုံကြည်ခြင်းကိုခံယူပြီး "ဘုရားသခင်မိန့်တော်မူသည်ကား" ဟူသော ရှင်းလင်းသောနှုတ်ကပတ်တော်ကိုသာခိုလှုံပါ။ Letter 8, 1895. [Ev 158.2]

**လူထုတရားပွဲ၌ဆက်သွယ်မှုပြုပါ** – ဤလောက၌ ခရစ်တော်သွန်သင်မှုပြုသောအခါ၊ သူ့တရားနာပရိသတ်များ၏အခြေအနေကိုစောင့်ကြည့်နေပြီး သူတို့၏မျက်စိအနေအထား၊ သူတို့၏သက်ဝင်လှုပ်ရှားမှုတို့သည် သူ့အားတစ်ချိန်တည်း၌ အမှန်တရားကိုလက်ခံသဘောတူသည်၊ မတူသည်ကိုပြောပြပါသည်။ ထိုနည်းအတိုင်း ယခုကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့သည်လည်း မိမိတို့၏တရားနာပရိသတ်များတို့၏အခြေအနေကို လေ့လာကြရပါမည်။ [Ev 158.3]

ပရိသတ်ထဲ၌စိတ်ဝင်စားသူတစ်ဦးကို သူတို့တွေ့ရသောအခါ၊ စည်းဝေးနေရာမှမထွက်ခွာမီ ထိုပုဂ္ဂိုလ်နှင့်မိတ်ဆွေဖွဲ့ရမည်ဖြစ်ပြီး၊ ဖြစ်နိုင်ပါက သူ၏နေရပ်လိပ်စာကိုတောင်းယူကာ သူ့ထံသို့အလည်အပတ်ပြုရပါမည်။ ဤတစ်ဦးတည်းလုပ်ဆောင်ချက်အားဖြင့် ပြည့်စုံသောအမှုဆောင်တစ်ဦးအဖြစ်သို့ရောက်ရန် သူတို့ကိုကူညီမစပါလိမ့်မည်။ ၎င်းသည် သူ၏အလုပ်ကိုသက်သေပြနိုင်ပြီး သူ၏သာသနာလုပ်ငန်းကို အပြည့်အဝသက်သေပြပါလိမ့်မည်။ ဤနည်းသည်လည်း အအောင်မြင်ဆုံးလူတို့ထံချဉ်းကပ်နည်းတစ်ခုဖြစ်သည်။ ဤနည်းအားဖြင့်လည်း လူတို့၏အာရုံကို အကောင်းဆုံးဆွဲယူနိုင်ပါသည်။ Historical Sketches, pp. 147, 148. (1886) [Ev 158.4]

**အိမ်ထောင်ဆက်သွယ်မှုများအားဖြင့်ယုံကြည်စိတ်ချမှုကိုရယူခြင်း** – ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားတစ်ခါမျှမရောက်ရှိသေးသော အိမ်ထောင်မိသားစုများစွာရှိသည်။ ထိုမိသားစုများတို့ထံသို့ အမှန်တရားရောက်ရှိရန်

ခရစ်တော်၏ကျေးဇူးတော်ကို မြောက်မြားစွာခံစားရရှိသောဘဏ္ဍာစိုးများတို့မှ ဝင်ရောက်တွေ့ဆုံရမည်။ စိတ်အားထက်သန်စွာသာသနာပြုခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အသိအမှတ်ပြုခြင်းဖြင့် သန့်ရှင်းခြင်းရှိသောသူများတို့သည် ကာဆီးမှုများတို့ကိုဖြိုဖျက်ကာ လူတို့၏စိတ်နှလုံးများထဲသို့ဝင်ရောက်နိုင်ပါသည်။ လူတို့အနေဖြင့် ဤအမှုဆောင်များတို့ကို ကရုဏာ၏စေတမန်များ၊ ကျေးဇူးတော်၏ဓမ္မအမှုဆောင်များကဲ့သို့ တွေ့မြင်ကြသောအခါ၊ သူတို့အားဖြင့်ပြောဆိုသောစကားများကို လူတို့သည် နားထောင်ရန်အဆင်သင့်ရှိကြလိမ့်မည်။

သို့သော် ဤအလုပ်ကိုလုပ်ဆောင်သောသူတို့၏နှလုံးသားသည် ခရစ်တော်၏နှလုံးသားကဲ့သို့ တူညီခြင်းရှိရမည်။ သူတို့သည် ဘုရားရှင်၏အမှုတော်၌ လုံးလုံးဆက်ကပ်ရမည်။ ဘုရားရှင်၏စေခိုင်းခြင်းကိုဆောင်ရွက်ရန် အဆင်သင့်ရှိရမည်။ သူတို့အတွက်ဘုရားရှင်၏ပြင်ဆင်ပေးခြင်း၏ပို့ဆောင်ရာသို့သွားပြီး သူတို့အားဘုရားရှင်ပေးသောစကားကိုပြောရမည်။ အကယ်၍သူတို့သည် ဘုရားရှင်ဖြစ်စေလိုသောသူများကဲ့သို့ဖြစ်ပါက၊ အကယ်၍သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူများဖြစ်ပါက သူတို့သည် အမှန်တကယ်ကောင်းကင်ကိုယ်စားလှယ်များတို့နှင့် ပူးပေါင်းလုပ်ဆောင်သောသူများဖြစ်ပြီး၊ "ဘုရားသခင်နှင့်အတူလုပ်ဆောင်သောသူများ" ဖြစ်လိမ့်မည်။ Letter 95, 1896. [Ev 158.5]

## ပုံနှိပ်ထားသောတရားဟောချက်များနှင့်စာပေများ

**စာပေများကိုထိရောက်စွာအသုံးပြုခြင်း –** အမှန်တရားကို ယခုကျွန်ုပ်တို့ဆောင်ရွက်နေသည်ထက် ပို၍ကျယ်ပြန့်စွာဖြန့်ချိကြရမည်။ လူတို့ရှေ့၌ ရှင်းလင်းပြတ်သားစွာ တစ်ခုပြီးတစ်ခုအဓိပ္ပါယ်ဖော်ပြရမည်။ တိုတိုတုတ်တုတ်ဖြင့်ဟောပြောရမည်ဖြစ်သော်လည်း အထောက်အထားပြည့်စုံစွာဖြင့်ဟောပြောပြီး စည်းဝေးတိုင်း၌စီမံကိန်းများကိုချကာ အမှန်တရားကိုလူတို့ရှေ့၌ထင်ရှား



စေရန် ဝေစာများ၊ လက်ကမ်းစာစောင်များဖြင့် ဝေငှပေးရပါမည်။ ယခုအချိန်၌ဝေငှပေးကမ်းလိုက်ရန်လိုအပ်သည်ကို တွေ့ရပါသည်။ သို့သော် ၎င်းတို့သည် ကောင်းသောတန်ခိုးတစ်ခုဖြစ်ပြီး တစ်ခုမျှပျောက်ဆုံးသွားခြင်းမရှိပါ။ [Ev 159.1]

အကယ်၍ဖတ်ရှုရန်အတွက်ဝေငှပြီး ကြားနာရသူများကို ကျမ်းစာအယူဝါဒများဖြင့်ပညာပေးပါက စားပွဲပေါ်မှဟောပြောလိုက်သောသတင်းစကားအတွက် ပို၍ထိရောက်မှုကိုဖြစ်စေလိမ့်မည်။ လူအများတို့အား ဖတ်ရှုလိုသောဆန္ဒကို ဘုရားသခင်ပြုပြင်ပေးလိမ့်မည်။ သို့သော် အများသောသူတို့သည်လည်း လက်ရှိအမှန်တရားကိုတွေ့မြင်ရန်နှင့်ကြားနာရန် ငြင်းဆန်လိမ့်မည်။ သို့သော် ဤကိစ္စများကိုမျှော်လင့်ခြင်းမရှိတော့ပါဟု ကျွန်ုပ်တို့မထင်သင့်ပါ။ အကြောင်းမှာ ခရစ်တော်သည် လူများစွာတို့ကို သူ့ထံသို့ဆွဲယူမည်ဖြစ်သည်။ သင်၏လက်ထဲ၌ သင့်လျော်သောဖတ်ရှုစရာအပြည့်ဖြင့်သော်လည်းကောင်း၊ သင်၏နှလုံးသားသည် ဘုရားရှင်၏မေတ္တာတော်အပြည့်အဝဖြင့်သော်လည်းကောင်း ထွက်ခွာသွားသင့်ပါသည်။ Letter 1, 1875. [Ev 159.2]

**ဆန့်ကျင်မှုကိုထိရောက်စွာဦးအောင်ပြုလုပ်ခြင်းများ –** ဟောပြောသောအခါ လူတို့သည် စိတ်ဝင်စားစွာနားထောင်ကြမည်ဖြစ်သည်။ သို့သော် သူတို့အတွက် ထူးဆန်း၍အသစ်ဖြစ်မည်ဖြစ်သောကြောင့် စာတန်မာရ်နတ်သည် သူတို့၏စိတ်ထဲ၌မမှန်ကြောင်း အကြံပေးလိမ့်မည်။ သူသည် စကားပြောသူ၏စကားကို ညစ်ညမ်းစေခြင်းနှင့်မှားယွင်းစေခြင်းကိုပြုပေလိမ့်မည်။ ကျွန်ုပ်တို့မည်ကဲ့သို့ ပြုလုပ်ကြမည်နည်း။ [Ev 159.3]

ကျွန်ုပ်တို့ဟောပြောသော ကျွန်ုပ်တို့၏ယုံကြည်ချက်အကြောင်းရင်းများကို စာစောင်ငယ်ကလေးများဖြင့်ပုံနှိပ်ပြီး တတ်အားသရွေ့ကျယ်ပြန့်စွာဖြန့်ချိရမည်။ [မှတ်ချက်– ပုံနှိပ်ခြင်း၊ သို့မဟုတ် မိတ္တူကူးသောတရားဟောချက်နှင့်ပတ်သက်၍ အမှုဆောင်တိုင်း ကမ္ဘာ့ဌာနချုပ်ကော်မတီ၏ဒီဇင်ဘာလ

၁၅ ရက်၊ ၁၉၄၁ ခုနှစ်၌ချမှတ်ထားသော ကျွန်ုပ်တို့၏ပုံနှိပ်ခြင်းကိုကာကွယ်သောစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်လျှောက်ကြရမည်။

“ထုတ်ဝေခြင်းမပြုမီ၊ မိတ္တူကူးခြင်း၊ သို့မဟုတ် ပုံနှိပ်သောတရားဟောချက်များကို နယ်ဌာနချုပ်ခေါင်းဆောင်များမှ အသင်းတော်စာပေကိုကာကွယ်သောအားဖြင့် ခွင့်ပြုချက်ကိုရယူရပါမည်။] သို့မှသာ မှားယွင်းမှုများနှင့် အမှားပြောဆိုခြင်းများတို့ကို မာရ်နတ်၏အမြဲတစေကြိုးစား၍တားဆီးခြင်းမှကာကွယ်နိုင်ပြီး မှန်ကန်သောစာပေများကို ဓမ္မဆရာဟောကြားသည့်အတိုင်း လူတို့သည် ဖတ်ရှုခွင့်ရရှိကြပါလိမ့်မည်။ Review and Herald, Oct. 14, 1902. [Ev 160.1]

**အတိုချုပ်ပုံနှိပ်ထားသောတရားဟောချက်များ –** ဟောပြောချက်များ၏အတိုချုပ်အကြောင်းအရာတစ်ခုကို ပုံနှိပ်၍ကျယ်ပြန့်စွာဖြန့်ချိပါ။ Manuscript 42, 1905. [Ev 160.2]

**လက်ကမ်းကြော်ငြာစာများ –** အကယ်၍စည်းဝေးအတွင်း ပုံနှိပ်စက်တစ်လုံးရှိနေပါက စာစောင်ငယ်လေးများပုံနှိပ်ခြင်း၊ ဝေငှရန်သတိပေးချက်နှင့် စာရွက်များတို့သည် ဩဇာသက်ရောက်မည်ဖြစ်သည်။ Testimonies, vol. 6, p. 36. (1900) [Ev 160.3]

**တချို့သောသူများကိုစာပေအားဖြင့်သာဆက်သွယ်နိုင်ခြင်း –** လက်ကမ်းစာစောင်များနှင့်ဝေငှသောဝေစာများပါရှိသည့် တရားဟောဆရာ၏ဟောပြောခြင်းသည် ဝေငှရန်စာပေမပါရှိသည့်နှုတ်ကပတ်တော်ဟောပြောခြင်းတစ်ခုတည်းထက် ပို၍များစွာအောင်မြင်မှုရှိနိုင်သည်။ လူတို့၏စိတ်ကိုထိတွေ့နိုင်သောအခြားနည်းလမ်းမရှိပါ။ ဤနေရာ၌ စစ်မှန်သောသာသနာ့လုပ်ငန်းကို အကျိုးအရှိဆုံးခံစားနိုင်သည့်လုပ်ဆောင်မှုနှင့်နည်းလမ်းကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ Life Sketches, p. 217. (1915) [Ev 160.4]

**ပုံနှိပ်စက်၏တန်ခိုး –** ပုံနှိပ်ခြင်းသည် လူတို့၏စိတ်ကိုလှုပ်ရှားစေနိုင်သည့် တန်ခိုးနှင့်ပြည့်ဝသောနည်းလမ်းတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်ရှိလူများ



တို့သည် ပုံနှိပ်စက်ကိုစွဲကိုင်ထားကာ အန္တရာယ်နှင့်ပြည့်ဝသောစာပေများကို အကောင်းဆုံးအခွင့်အရေးယူကာ လူတို့ရှေ့၌ထားကြပါသည်။ အကယ်၍ လူတို့သည် လောကနှင့်မာရ်နတ်စိတ်သဘောထား၏တန်ခိုးဩဇာအောက်၌ စိတ်အားထက်သန်စွာ မကောင်းသောစာအုပ်များ၊ ဝေစာများနှင့်လက်ကမ်းစာရွက်စာတမ်းများတို့ကို ဤမျှလောက်ဖြန့်ချိခြင်းပြုပါက သင့်အနေဖြင့် ပို၍စိတ်အားထက်သန်စွာ လူတို့အတွက် မိမိတို့၏စာရိတ္တကိုကာကွယ်၍ စိတ်ဓာတ်ကိုမြှင့်တင်ပေးစေသော ဖတ်ရှုစရာစာအုပ်စာပေများတို့ကို ထုတ်ဝေဖြန့်ဖြူးသင့်ပါသည်။ [Ev 160.5]

ဘုရားသခင်သည် မိမိလူတို့၏အကျိုးများအတွက်ကို ပုံနှိပ်တိုက်၌ သူ၏မိန့်မှာထားချက်ကို ချထားပါသည်။ ၎င်းသည် အခြားကိုယ်စားလှယ်များနှင့်ပေါင်းစည်းခြင်းအားဖြင့် အမှန်တရား၏အသိပညာကိုဖြန့်ဝေရာတွင် အောင်မြင်ခြင်းရှိပါလိမ့်မည်။ ဝေစာများ၊ လက်ကမ်းစာစောင်များနှင့်စာအုပ်များတို့ကို သူ၏အမိန့်ချမှတ်သည့်အပေါ် ကမ္ဘာပေါ်ရှိမြို့ရွာများအားလုံးသို့ ဖြန့်ချိသင့်ပါသည်။ Life Sketches, pp. 216, 217. (1915) [Ev 161.1]

**အမှန်တရားကိုအတောင်များတပ်ပေးခြင်း –** အမှန်တရားသည် အတောင်များရှိသကဲ့သို့ လျင်မြန်စွာ တိုင်းပြည်တိုင်း၊ လူမျိုးတိုင်း၊ ဘာသာစကားတိုင်းဆီသို့ရောက်ရှိနိုင်ရန် ပုံနှိပ်ခြင်းကိုအကောင်းဆုံးအသုံးပြုနိုင်သည့်ပုဂ္ဂိုလ်များကို အထူးလိုအပ်လျက်ရှိပါသည်။ Gospel Workers, p. 25. (1915) [Ev 161.2]

**ပုံနှိပ်သောစာရွက် –** ဓမ္မဆရာသည် သတင်းစကားကိုဟောပြောနိုင်သည့်တိုင်၊ အကြောင်းအရာအားလုံးကို လူတို့သည်မှတ်သားထား၍မရပါ။ ထို့ကြောင့် ပုံနှိပ်သောစာရွက်စာတမ်းများကို လိုအပ်ပါသည်။ ၎င်းတို့သည် ယခုအချိန်အတွက်သာ အရေးကြီးသောအမှန်တရားသို့ နှိုးကြားခြင်းပေးရန်မဟုတ်ပါ။ အမှန်တရား၌နက်ရှိုင်းစွာယုံကြည်ခြင်းအမြစ်စွဲရန်နှင့် မှားယွင်းသောအယူအဆကိုတွန်းလှန်နိုင်ရန်လည်းဖြစ်ပါသည်။ စာရွက်များနှင့်စာအုပ်များတို့သည် သတင်းစကားများကို ယခုအချိန်အတွက်နှင့် ဆက်လက်ပြီး

လူတိုင်းရှေ့၌အမြဲထိန်းသိမ်းထားရန် ဘုရားသခင်၏နည်းလမ်းများဖြစ်သည်။ အမှန်တရားထဲ၌ ဝိညာဉ်များကိုအလင်းပေးခြင်းနှင့်ခိုင်ခံ့ခြင်းရှိစေရန် ပုံနှိပ်ထုတ်ဝေသောအရာများတို့သည် နှုတ်ကပတ်ဟောပြောခြင်းဆိုင်ရာ သာသနာ့လုပ်ငန်းတစ်ခုတည်းလုပ်ဆောင်ခြင်းထက် သာ၍ကြီးမားသောလုပ်ငန်းကို ပြီးမြောက်စေနိုင်သည်။ အသံတိတ်သံတမန်များကို လူတို့၏အိမ်ထဲ၌ထားရှိပြီး ဓမ္မစာပေဖြန့်ချိခြင်းလုပ်ငန်းအားဖြင့် ဧဝံဂေလိသာသနာ့လုပ်ငန်းတိုင်းကို ခွန်အားပေးတောင့်တင်းစေလိမ့်မည်။ အကြောင်းမှာ၊ ဤစာအုပ်များကိုဖတ်ရှုရခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်ကိုကြားနာရသောသူတို့၏စိတ်နှလုံးထဲ၌ ဩဇာလွှမ်းမိုးသကဲ့သို့ လူတို့၏စိတ်နှလုံးထဲ၌လည်း သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးလွှမ်းမိုးခြင်းကို ခံစားရပါလိမ့်မည်။ အမှုဆောင်သောကောင်းကင်တမန်များတို့သည်လည်း သာသနာ့အမှုထမ်းများတို့နှင့်အတူ ပါရှိသကဲ့သို့ အမှန်တရားပါရှိသည့်ဓမ္မစာအုပ်စာပေများနှင့်အတူ ပါရှိပါလိမ့်မည်။ Testimonies, vol. 6, pp. 315, 316. (1900) [Ev, 161.3]

## အပြန်အလှန်အချေအတင်ပြောဆိုခြင်း

**ဘုရားသခင်သည်ဂုဏ်ပြုခြင်းခံရခဲ့သည် –** အခြေအနေတချို့တို့၌ ဘုရားသခင်၏အမှန်တရားကိုဆန့်ကျင်ဘက်ပြုသော စိတ်နေမြင့်သူနှင့်ပွင့်လင်းစွာအချေအတင်ပြောဆိုရန် လိုအပ်ပါလိမ့်မည်။ သို့သော် နှုတ်နှင့်ဖြစ်စေ၊ စာနှင့်ဖြစ်စေ ဤကဲ့သို့ဆွေးနွေးခြင်းသည် အများအားဖြင့် အကောင်းထက်ပို၍နစ်နာမှုကိုဖြစ်စေပါသည်။ Testimonies, vol. 3, p. 213. (1872) [Ev 162.1]

ဆွေးနွေးခြင်းများကိုအမြဲရှောင်ရှား၍မရပါ။ ဆန့်ကျင်သူများတိုက်ပွဲတွေ့မြင်ရန်နှစ်သက်သောသူတို့သည် ဆွေးနွေးခြင်း၌အော်ဟစ်ပြောဆိုကြပေမည်။ နှစ်ဘက်စလုံးမှအထောက်အထားများကိုကြားလိုသောဆန္ဒရှိသည့် အခြားသူတို့အနေဖြင့် ရိုးသားသောစိတ်ထားဖြင့် ဆွေးနွေးခြင်းကိုလိုလားပေလိမ့်မည်။ သို့သော် ဆွေးနွေးခြင်းကိုရှောင်ရှားနိုင်သည့်အခါတိုင်း ရှောင်ရှားသင့်သည်။ မရှောင်ရှားနိုင်ခဲ့သော် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခဲ့ခြင်း၊ သို့မဟုတ် ဤကဲ့သို့အချေအတင်ပြောဆိုခြင်းကြောင့် အမှန်တရားတိုးတက်ခြင်းရှိနိုင်ပါသည်။ Testimonies, vol. 3, p. 424. (1875) [Ev 162.2]

**ဆန့်ကျင်သူများကိုတစ်ခါတစ်ရံရင်ဆိုင်ရမည် –** ဒေါသဖြင့်မှားယွင်းစွာပြောဆိုခြင်းကို ကြုံတွေ့ရမည့်အချိန်အခါများရှိပေလိမ့်မည်။ ဤကဲ့သို့ရင်ဆိုင်လာရသောအခါ နှောင့်နှေးခြင်းမရှိ၊ လျင်မြန်စွာပြောဆိုသင့်ပြီး ကျွန်ုပ်တို့လုပ်ရန်ရှိသည့်အလုပ်ကို သွားရောက်လုပ်ရန်သာဖြစ်သည်။ Testimonies, vol. 3, p. 37. (1872) [Ev 162.3]

**အန်တုခြင်းနှင့်ရင်ဆိုင်ရသော်လည်းအာခံခြင်းမပြုပါ –** လူတို့မကြားလိုသည့် လေးလံသောကပ်တိုင်ပါဝင်သည့်အမှန်တရားကိုပြောဆိုရာ၌ တရားဟောဆရာများတို့သည် မိမိတို့ပြောဆိုသောစကားလုံးတိုင်း၌ ဘုရားရှင်ထံမှလာသကဲ့သို့ သတိပြုကာ ပြောဆိုသင့်ကြသည်။ သူတို့၏စကားများသည် မည်သည့်အခါမျှ စူးရှခြင်းမရှိစေရ။ သူတို့သည် အမှန်တရားကို နှိမ့်ချသောစိတ်ဖြင့်ဟောပြောသင့်ပြီး ဝိညာဉ်များကိုအမှန်ချစ်သောစိတ်၊ သူတို့၏ကယ်တင်ခြင်းအတွက် ဆန္ဒအပြည့်အဝဖြင့် အမှန်တရားကို သူတို့၏စိတ်နှလုံးအားစူးရှစေပါ။ သူတို့သည် အခြားဂိုဏ်းဂဏမှဓမ္မဆရာများကို အာခံခြင်းနှင့်အချေအတင်ငြင်းခုံခြင်းကို အားပေးခြင်းမပြုသင့်ပါ။ သူတို့သည် ဂေါလျတ်၏အခြေအနေကဲ့သို့ ရပ်တည်ပြီး ဣသရေလစစ်သည်တော်ကို အာခံခြင်းမပြုသင့်ပါ။ ဣသရေလလူတို့သည် ဂေါလျတ်ကိုအာခံခြင်းမပြုပါ။ သို့သော် ဂေါလျတ်သည်ကြွားဝါခြင်းအားဖြင့် ဘုရားသခင်နှင့်သူ၏လူတို့ကိုဆန့်ကျင်ခဲ့သည်။ အာခံခြင်း၊ ကြွားဝါခြင်းနှင့်အပြစ်ရှာခြင်းတို့သည် အမှန်တရားကိုဆန့်ကျင်သောသူများ၊ ဂေါလျတ်ကဲ့သို့လုပ်ဆောင်သောသူများထံမှလာရမည်။ သို့သော် ဤစိတ်ဓာတ်မျိုးကို ဤကမ္ဘာကြီးပျက်စီးသွားမည့် သတိပေးစကားကြွေးကြော်ရန် ဘုရားသခင်စေခိုင်းသောသူတို့၌ တွေ့နိုင်ရန်အကြောင်းမရှိသင့်ပါ။ [Ev 162.4]

အကယ်၍သူတို့သည် ဒါဝိဒ်ကဲ့သို့ ဘုရားသခင်၏အမှုတော်၌ အမှန်တကယ်ခေါ်ခြင်းခံရပြီး ဣသရေလလူတို့ကိုအာခံသောသူအားရင်ဆိုင်ရန်နှင့် အကယ်၍သူတို့သည် ဘုရားသခင်၏ခွန်အားနှင့်သွားကြပြီး သူ့အပေါ်လုံးလုံးမှီခိုပါက သူတို့ကိုဘုရားသခင်ပို့ဆောင်ပြီး သူ၏အမှန်တရားကို ဘုန်းတော်အပြည့်အဝဖြင့် အောင်မြင်ခြင်းပေးပါလိမ့်မည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား ဥပမာတစ်ခုပေးခဲ့သည်။ "ကောင်းကင်တမန်မင်းမိက္ခေလမှုကား၊ မောရှေ၏ကိုယ်ကိုအကြောင်းပြု၍ မာရ်နတ်နှင့်ငြင်းခုံသောအခါ၊ ကဲ့ရဲ့စွာသော ပြစ်တင်ခြင်းကိုမပြုဝံ့ဘဲ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူသတည်းဟူ၍ သာပြောဆို၏" Testimonies, vol. 3, pp. 218-220. (1872) [Ev 163.1]

**အငြင်းပွားလိုသောစိတ်ဓာတ်သည်အားနည်းသောအုတ်မြစ်ကိုချခြင်းဖြစ်သည်** – အချေအတင်ပြောလိုသော အငြင်းပွားခြင်းစိတ်ဓာတ်သည် ခိုက်ရန်ဖြစ်ပွားခြင်းကိုနှိုးဆွပေးသော မာရ်နတ်၏အစီအစဉ်ဖြစ်ပြီး ယေရှု၌ရှိသောအမှန်တရား၏ တန်ဖိုးကို လျော့နည်းသွားစေပါသည်။ အများသောသူတို့သည် ခရစ်တော်ထံသို့ရောက်ရှိရမည့်အစား ခရစ်တော်ထံမှဝေးကွာသွားကြပါသည်။ [Ev 163.2]

အငြင်းပွားခြင်းစိတ်ဓာတ်သည် အားပေးခြင်းခံရသည်။ အများသောသူတို့သည် မိမိတို့၏အယူဝါဒများအပေါ် သီးသီးသန့်သန့်နေလိုကြပြီး စစ်မှန်သောဘာသာရေးကိုင်းရှိုင်းခြင်း၏နေထိုင်မှု၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၏ ဗဟုသုတကို အနည်းငယ်သာအာရုံပြုကြသည်။ ယေရှု၏မေတ္တာနှင့်ကျေးဇူးတော်၊ သူ၏မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်ပူဇော်ဆက်ကပ်ခြင်း၊ သူ၏နူးညံ့သိမ်မွေ့ခြင်းနှင့်သည်းခံခြင်းများတို့သည် လူတို့ရှေ့၌ထင်ရှားသင့်သလောက် ထင်ရှားခြင်းမရှိပါ။ နေရာတိုင်း၌ မှားယွင်းသောအရာများရှိနေခြင်းသည် ကပ်ပါးပင်များကဲ့သို့ အမှန်တရား၏သစ်ကိုင်းကြီးပေါ်၌ ၎င်း၏သေစေနိုင်သောအဆိပ်အတောက်သည် စွဲကပ်နေပြီး၊ အများသောသူတို့၏နှလုံးသားထဲ၌ သက်သေထူလျက်ရှိသည်။ အမှန်တရားကိုလက်ခံသောသူများစွာတို့သည် ၎င်းအမှန်တရားကို ကြမ်းတမ်းသောစိတ်ဓာတ်ဖြင့် သွန်သင်ကြသည်။ မှားယွင်းသော



ခံယူချက်ကို လူတို့အားပေးပြီး အမှန်တရားသည် စိတ်နှလုံးပျော့ပျောင်းခြင်းမရှိသောသူနှင့် သန့်ရှင်းသောဝိညာဉ်တော်မခံစားရသောသူများအတွက် မည်သို့မျှအကျိုးသက်ရောက်ခြင်းမရှိပါ။ [Ev 163.3]

လူတိုင်းအမှန်တရားကိုခွဲခြားတတ်ပြီး တန်ဖိုးထားတတ်ရန်လိုအပ်သည်။ ထို့ကြောင့် ပြင်ဆင်ထားသောမြေသားပေါ်ကျရောက်သော ဘုရားသခင်၏နှုတ်ကပတ်တော်မျိုးစေ့ကိုလက်ခံခြင်းသည် အရေးကြီးဆုံးသောအရာဖြစ်သည်။ ကျွန်ုပ်တို့တစ်ဦးစီအတွက်ရှိသင့်သည့်မေးခွန်းသည် ကျွန်ုပ်တို့ကြဲလိုက်သောတန်ဖိုးရှိသည့်အမှန်တရားမျိုးစေ့သည် ပျောက်ဆုံးခြင်းမရှိဘဲ ပေါက်ပွားရှင်သန်ကြီးထွားလာကာ ရိတ်သိမ်းနိုင်ပြီး သီးနှံများကိုသခင့်ထံသို့ယူဆောင်သွားနိုင်ရန် မည်ကဲ့သို့လုပ်ဆောင်ကြမည်နည်းဟုဖြစ်ပါသည်။ Review and Herald, Feb. 9, 1892. [Ev 164.1]

**စိတ်လှုပ်ရှားခြင်းနှင့်မြန်ဆန်သောဆုံးဖြတ်ချက်၏အန္တရာယ်** – အကယ်၍ စိတ်ဝင်စားမှုသည် တဖြည်းဖြည်းတိုးပွားလာပြီး လူတို့သည် စိတ်ကူးအားဖြင့်မဟုတ်၊ စည်းမျဉ်းစည်းကမ်းအတိုင်း နားလည်သပေါက်စွာဖြင့်လှုပ်ရှားခဲ့ပါက၊ မိမိတို့၏စိတ်ဝင်စားခြင်းသည် တစ်မဟုတ်ချင်းကြီးစွာသောစိတ်လှုပ်ရှားခြင်းကြောင့် စိတ်ဝင်စားခြင်း၊ နှစ်ဘက်မှမေးခွန်းအပေါ် အမှန်ဘက်သော်လည်းကောင်း၊ ဆန့်ကျင်၍သော်လည်းကောင်း ပြင်းထန်စွာပြိုင်ဆိုင်၍ အချေအတင်ပြောဆိုကြခြင်းကိုကြားနာရခြင်းမှ စိတ်လှုပ်ရှားပြီးခံစားရသည့်အပေါ်စိတ်ဝင်စားလာခြင်းများတို့ထက် ပို၍ကျန်းမာရှင်သန်ခြင်း၊ ပို၍တည်တံ့ခိုင်မြဲခြင်းရှိပါလိမ့်မည်။ ပြင်းထန်သောဆန့်ကျင်ဘက်ပြုခြင်းသည် လျင်မြန်စွာဆုံးဖြတ်ချက်ချရန် ဖန်တီးပေးသည်။ စိတ်ထကြွမှုအတွက်ကိုသာအကျိုးပြုသည်။ တည်ငြိမ်စွာစဉ်းစားဆင်ခြင်ခြင်းနှင့်ဆုံးဖြတ်ခြင်းသည် လိုအပ်သောအရာဖြစ်သည်။ ဤစိတ်လှုပ်ရှားမှုသည် လျော့နည်းသွားခြင်းရှိပါစေ။ သို့မဟုတ် သတိမပြုသောအုပ်ချုပ်မှုအားဖြင့် တုံ့ပြန်မှုနေရာယူခြင်းနှင့်စိတ်ဝင်စားခြင်းကို မည်သည့်အခါမျှထပ်မံ၍ မဖြစ်ပေါ်ပါစေနှင့်။ လူတို့၏ခံစားချက်များနှင့်

ကြင်နာမှုများထကြွခြင်းရှိလိမ့်မည်။ သို့သော် သူတို့၏အသိစိတ်ဓာတ်၌ ယုံကြည်ခြင်းရှိမည်မဟုတ်ပါ။ သူတို့၏နှလုံးသားသည် ဘုရားသခင်၏ ရှေ့မှောက်၌ ကျိုးပဲ့ခြင်း၊ နှိမ့်ချခြင်းရှိမည်မဟုတ်ပါ။ Testimonies, vol. 3, p. 218. (1872) [Ev 164.2]

**မနှစ်မြို့သောစိတ်ဓာတ်ရှိသူများထံအမှန်တရားကိုတင်ဆက်ခြင်း** – ဘုရားသခင်၏ဓမ္မအမှုဆောင်များတို့သည် ဆွေးနွေးခြင်းကို ကြီးမားသောအခွင့်အရေးတစ်ခုဟုမယူဆသင့်ပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအချက်တိုင်းကို ကျွန်ုပ်တို့အား မနှစ်မြို့သောလူထုပရိသတ်များရှေ့၌ တင်ပြဟောပြောခြင်းမပြုရပါ။ ကြားနာရသောသူများတို့၏ယုံကြည်စိတ်ချမှုကိုရရှိရန် ကျွန်ုပ်တို့၌လက်ခံထားကြသော တူညီသည့်အမှန်တရားများကို ဦးစွာပထမတင်ပြပြောဆိုကြရမည်။ Testimonies, vol. 3, p. 426. (1875) [Ev 164.3]

**အချေအတင်ပြောဆိုခြင်း၌မာရ်နတ်ကိုကျွန်ုပ်တို့ရင်ဆိုင်ရသည်** – ဘုရားသခင်၏အမှန်တရားကိုဆန့်ကျင်သူများတို့နှင့် ရင်ဆိုင်ရသောဓမ္မအမှုဆောင်များတို့သည် လူပုဂ္ဂိုလ်ကိုသာရင်ဆိုင်ရခြင်းမဟုတ်၊ မာရ်နတ်နှင့်သူ၏ဆိုးသောတမန်များတို့နှင့်လည်း ရင်ဆိုင်ရခြင်းဖြစ်သည်။ အမှန်တရားကိုဟောပြောသောဓမ္မဆရာများတို့အပေါ် မာရ်နတ်သည်အခွင့်အရေးယူရန် အမြဲစောင့်ကြည့်နေပြီး ထိုအမှုဆောင်များတို့သည် ဘုရားရှင်ကိုအားကိုးလိုစိတ်မရှိသောအခါ သူတို့၏ပြောဆိုသောစကားများသည် ခရစ်တော်ကိုချစ်သောစိတ်မရှိသည့်အတွက် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သူတို့အားခွန်အားနှင့်အလင်းကိုပေး၍မရတော့ပါ။ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သူတို့ကိုမိမိတို့၏ခွန်အားနှင့်သာ လုပ်ဆောင်မှုများတို့ကိုပြုရန် စွန့်ခွာထားသောကြောင့် ဆိုးသောကောင်းကင်တမန်များတို့သည် သူတို့ကိုမှောင်မိုက်ထဲသို့ပို့ဆောင်လိုက်သည်။ ဤအချက်ကြောင့် အမှန်တရားဆန့်ကျင်သူတို့သည် တစ်ခါတစ်ရံအခွင့်အရေးရရှိပြီး ဆွေးနွေးခြင်းသည် အကောင်းထက်အဆိုးကိုပို၍ဖြစ်သည်။ Testimonies, vol. 3, pp. 220, 221. (1872) [Ev 165.1]





**အငြင်းပွားခြင်းကိုရှောင်ရှား၍မရခဲ့သော်** – ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်နှင့် အမှန်တရားတိုးတက်ရန်အတွက် လိုအပ်သောအခါတိုင်း ဆန့်ကျင်သူကိုရင်ဆိုင်ရလိမ့်မည်။ ဤအခက်အခဲကိုရင်ဆိုင်နိုင်ရန် နှိမ့်ချသောစိတ်ဖြင့် သတိကြီးစွာအမှန်တရားကိုထောက်ခံဟောပြောသင့်ကြသည်။ စိတ်နှလုံးကိုသုံးသပ်ခြင်း၊ အပြစ်ဝန်ချခြင်း၊ စိတ်ပါစွာဆုတောင်းခြင်းနှင့် မကြာခဏအစာရှောင်ခြင်းအားဖြင့် သူတို့ကိုဘုရားသခင်၏ကယ်တင်ခြင်းကိုပေးရန်၊ တန်ဖိုးရှိသောအမှန်တရားအောင်မြင်ခြင်းရရန်၊ မှားသောအရာသည် စစ်မှန်သောပုံသဏ္ဌာန်ဖြင့်ထင်ရှားစေရန်နှင့် မာရ်နတ်၏ပြောဆိုချက်များ လုံးလုံးရှုံးနိမ့်စေရန် ဘုရားသခင်သည် သူတို့ကိုအထူးမစရန် ဘုရားရှင်ထံအနူးအညွတ်တောင်းပန်သင့်ကြပါသည်။ [Ev 165.2]

ကြောက်မက်ဖွယ်အန္တရာယ်များစွာရှိသောကြောင့် ဆွေးနွေးခြင်းကိုမည်သည့်အခါမျှမပြုသင့်ပါ။ သင်၏ကောင်းသောစဉ်းစားဉာဏ်ဖြင့် ပြင်းထန်သောငြင်းခုံဖွယ်ရာများကို ကိုင်တွယ်ဖြေရှင်းပါ။ အကယ်၍ ကောင်းမွန်စွာရှောင်ရှား၍မရပါက ခက်ခဲမှုကိုရင်ဆိုင်ပါ။ သို့သော် ဘုရားကိုခိုင်မာစွာကိုးစားခြင်း၊ နှိမ့်ချခြင်းစိတ်သဘော၊ သင့်အားသူ့ထံမှ နူးညံ့သိမ်မွေ့နှိမ့်ချသောသဘောကိုသင်ယူပါဟုပြောခဲ့သော ယေရှု၏စိတ်သဘောဖြင့်ရင်ဆိုင်ပါ။ Testimonies, vol. 1, pp. 624, 626. (1867)

**အမှန်တရားကိုတင်ဆက်ဟောပြောပါ** – အမှားကိုရင်ဆိုင်ရန် အကောင်းဆုံးနည်းလမ်းသည် အမှန်တရားကိုတင်ဆက်ဟောပြောခြင်းဖြစ်ပြီး မမှန်သောအတွေးအခေါ်များကို သတိမရစေရန် ဖျောက်ဖျက်လိုက်ခြင်းဖြစ်သည်။ မှားယွင်းမှုကို အမှန်တရားနှင့်နှိုင်းယှဉ်လိုက်သောအခါ အသိဉာဏ်ရှိသူတိုင်းအတွက် မှားယွင်းမှု၏အားနည်းခြင်းသည် ပေါ်လွင်ထင်ရှားပါသည်။ ဆန့်ကျင်သူတို့၏မှားယွင်းသောအခွင့်အရေးတောင်းဆိုခြင်းပို၍များပြီး ကျွန်ုပ်တို့အထဲမှ ဝိညာဉ်လှည့်ဖြားသူများ ထပ်ခါတလဲပေါ်လာသောအခါ မှားယွင်းမှုပို၍ထင်ရှားလာပါသည်။ မာရ်နတ်၏အကြံများကို ပို၍ဖြန့်ချိသောအခါ သူ၏ဆိုးသွမ်းသော

မင်းသည် ပို၍ကျေနပ်ခြင်းရှိမည်ဖြစ်သည်။ Testimonies to Ministers, p. 165. (1892) [Ev 166.1]

**အစိပ်ပွါးယ်ရှိသောအငြင်းပွားခြင်းကိုအသုံးပြုပါ** – ကျွန်ုပ်တို့ခံယူသော ယုံကြည်ခြင်း၏အခြေခံကျသည့်အကြောင်းအရာများဖြစ်သော အယူဝါဒများကိုကာကွယ်ရာ၌ အရေးကြီးသည့်အချက်သည် ကျွန်ုပ်တို့၏ယုံကြည်သည့်အယူဝါဒကို သေချာစွာနားမလည်ပါက ကျွန်ုပ်တို့ကိုယ်တိုင်ဝင်ရောက်ငြင်းခုံခြင်းမပြုသင့်ပါ။ ထိုသို့ပြုခြင်းဖြင့် ဆန့်ကျင်သူကိုတိတ်ဆိတ်စေနိုင်သည်။ သို့သော် သူတို့သည် အမှန်တရားကိုလက်ခံမည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျိုးကြောင်းဆီလျော်စွာငြင်းခုံမှုကိုပြုပါက ဆန့်ကျင်သူများကို တိတ်ဆိတ်စေရုံမျှမက သူတို့နှင့်ပို၍ရင်းနှီးမှုရှိပြီး သူတို့သည် ကျွန်ုပ်တို့၏အယူဝါဒကို အသေးစိတ်လေ့လာရှာဖွေလိမ့်မည်။ [Ev 166.2]

မိမိကိုယ်ကိုငြင်းခုံခြင်း၌ဆည်းပူးလေ့ကျင့်ထားသူများတို့နှင့် တွေ့ဆုံလာသောအခါ သူတို့သည်ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာပြောဆိုခြင်းမရှိသည့် ကြီးစွာသောအန္တရာယ်နှင့်သင်တွေ့ရလိမ့်မည်။ ဆန့်ကျင်သူတစ်ဦးနှင့်သင်တွေ့ဆုံရသောအခါ သင်သည် သူ့အားယုံကြည်ထားသူတစ်ဦးကို ခွန်အားပေးသကဲ့သို့ပြောဆိုခြင်းမပြုဘဲ သင်၏ခံယူချက်အကြောင်းအရာများကို သူ၏စိတ်ထဲ၌ယုံကြည်ခြင်းပေါ်ပေါက်လာစေရန် စိတ်အားထက်သန်စွာဖြင့် ကြိုးစား၍သင်ပြောဆိုရပါမည်။ Testimonies, vol. 5, p. 708. (1889) [Ev 166.3]

**ထိုးကြိတ်ခြင်းလက်နက်ကိုအသုံးမပြုပါနှင့်** – အရေးကြီးလှသောသတင်းစကားကိုသယ်ဆောင်၍ ကမ္ဘာသို့ဟောကြားရမည့်သူများတို့သည် ထိုးကြိတ်ခြင်းလက်နက်ကိုချထားကာ ခရစ်တော်၏ဖြောင့်မတ်ခြင်းလက်နက်ကို ယူတင်ဝတ်ဆောင်ရမည်။ ကျွန်ုပ်တို့သည် မိမိတို့၏မပြည့်စုံသော တစ်ဦးတည်းခွန်အားဖြင့် လုပ်ငန်းကိုလုပ်ဆောင်ရန်မလိုပါ။ အကယ်၍လုပ်ဆောင်ပါက ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် ကျွန်ုပ်တို့ထံမှဆုတ်ခွာသွားပြီး



တိုက်ပွဲကိုတစ်ဦးတည်းသာဆင်နွှဲရန် ချန်ထားပါလိမ့်မည်။ ကျွန်ုပ်တို့ဓမ္မအမှုဆောင်များတို့သည် မည်သည့်အခါ၌ယေရှုကိုသင်ယူကြလိမ့်မည်နည်း။ ဆန့်ကျင်သူများနှင့်ရင်ဆိုင်ရန် ပြင်ဆင်မှုပြုရကြမည်၊ သို့မဟုတ် ဓမ္မဆရာသည် လူတို့ကိုဘုရားအတွက် ကောင်းကင်ကျေးဇူးတော်ပလ္လင်သို့ရောက်ရှိရန်ပို့ဆောင်ခြင်းပြုရပါမည်။ ဤနေရာ၌ ဘုရားသခင်၏ကျေးဇူးတော်ကိုရရှိရန်ကျွန်ုပ်တို့၏ကိုယ်တိုင်ခွန်အားမရှိကြောင်း တွေ့မြင်သိရှိရပါသည်။ ခရစ်တော်၏ဂုဏ်သိက္ခာနှင့်ဘုန်းတော်သည် ကျွန်ုပ်တို့၏ခွန်အားဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းသည် ကျွန်ုပ်တို့ကို အမှန်တရားအားလုံးသို့ပို့ဆောင်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏အရာများကိုယူ၍ ၎င်းတို့ကိုကျွန်ုပ်တို့အားပြပြီး နာခံသောနှလုံးသားထဲသို့ အသက်ရှင်သောတန်ခိုးကဲ့သို့ ၎င်းတို့ကိုကျွန်ုပ်တို့ထံသို့ယူဆောင်လာပါသည်။ ထိုအခါမေတ္တာဖြင့်အလုပ်လုပ်သောယုံကြည်ခြင်းကို ကျွန်ုပ်တို့ရရှိပြီး၊ ကျွန်ုပ်တို့၏စိတ်ကိုဖြူစင်စေကာ ၎င်း၏ပေးကမ်းသူအား ပြည့်စုံစွာကျေနပ်ခြင်းကိုယူဆောင်ပေးပါသည်။ Letter 21a, 1895. [Ev 166.4]

–၀–

## tcef; (7)

# owif;pum;ESihf¤if;ukdwifqufa[majymjcif;

### သတင်းစကားတင်ဆက်ခြင်းစိတ်ဓာတ်နှင့်ဟန်အမူအရာ

**အမှန်တရားတင်ဆက်ခြင်း၏ဟန်အမူအရာအရေးကြီးခြင်း –** တင်ဆက်သော သတင်းစကားကို လူတို့လက်ခံရန်၊ သို့မဟုတ် ငြင်းပယ်ရန်အတွက် အမှန်တရားတင်ဆက်ဟောပြောခြင်း၏ဟန်အမူအရာအပေါ်အများအားဖြင့် ဆုံးဖြတ်ချက်ပေးပါသည်။ Testimonies, vol. 4, pp. 404, 405. (1880) [Ev 168.1]

အများသောသူတို့သည် နှုတ်ကပတ်တော်အမှန်တရားတင်ဆက်ဟောပြောခြင်းသည် လူတို့၏စိတ်ထဲ၌များစွာခံစားမှုကိုဖြစ်စေခြင်းနှင့် အမှန်တရားလက်ခံရရှိခဲ့ပြီးသော ခရစ်ယာန်များတို့၏နောက်ပိုင်းအသက်တာဖြစ်ပေါ်လာသည့် အကျင့်စာရိတ္တအပေါ်ဩဇာမည်ကဲ့သို့သက်ရောက်မှုရှိကြောင်းတို့ကို နားမလည်ကြခြင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ခရစ်တော်၏လုပ်ငန်းလုပ်ဆောင်သည့်ဟန်အမူအရာကို အတုယူရမည့်အစား အများသောသူတို့သည် ခက်ထန်သောသဘော၊ အပြစ်ရှာသောသဘောနှင့်အာဏာရှင်ဆန်သောသဘောရှိကြသည်။ သူတို့သည် ဝိညာဉ်များတို့ကိုရယူရမည့်အစား ဝိညာဉ်များကိုဟန့်တားထားခြင်းပြုကြသည်။ ထိုသူတို့သည် မိမိတို့၏ပြင်းထန်သောစကားအားဖြင့် အားနည်းသူများတို့၏စိတ်ကို အနာတရဖြစ်စေခြင်းနှင့်စိတ်ဓာတ်ကျစေခြင်းမည်မျှရှိသည်ကို မည်သည့်အခါမျှမသိပါ။ Historical Sketches, p. 121. (1886) [Ev 168.2]

**တုန်လှုပ်ချောက်ချားစေသောသတင်းစကားများ –** ထိတ်လန့်စရာအလွန်ကောင်းသောသတင်းစကားများကို ဘုရားရှင်ခန့်ထားသောသူများအားဖြင့် ပြောဆိုရလိမ့်မည်။ ဤသတင်းစကားများတို့သည် လူတို့ကိုသတိပေးရန်၊ နိုးကြားခြင်းရှိစေရန်ဖြစ်သည်။ ထိုနောက် တချို့သောသူတို့သည် ဤသတိပေးခြင်းအားဖြင့်



ဒေါသထွက်ခြင်း၊ အလင်းနှင့်အထောက်အထားကိုဆန့်ကျင်ရန် သူတို့ကိုပို့ဆောင်ခြင်းရှိမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ပေးသောသတင်းစကားသည် ယခုအချိန်အတွက် ခိုင်မာသောသတင်းစကားဖြစ်၊ မဖြစ် ဆန်းစစ်ကြည့်ရပါမည်။ ကြားနာရသူများတို့ကိုထိတ်လန့်စေရန် ဘုရားရှင်ပေးထားသောသတင်းစကားကို တိကျစွာဟောပြောရမည့် ဆက်ကပ်သောသာသနာပြုဆရာများရှိရပါမည်။ Testimonies, vol. 9, p. 137. (1909)

**ဆုံးဖြတ်ချက်နှင့်သေချာမှုဖြင့် –** အမှန်တရား၌အသက်ရှင်သောတန်ခိုးရှိပြီး သန့်ရှင်းသောဝိညာဉ်တော်သည် အမှန်တရားသို့လူတို့၏စိတ်နှလုံးတံခါးကိုဖွင့်ပေးသောကိုယ်စားလှယ်ဖြစ်သည်။ သို့သော် အမှန်တရားကိုကြွေးကြော်သောဓမ္မဆရာများနှင့်အမှုဆောင်များတို့သည် သေချာခြင်းနှင့်ဆုံးဖြတ်ခြင်းကိုပြသရမည်။ သူတို့သည် ယုံကြည်ခြင်းဖြင့်ထွက်သွားပြီး မိမိတို့ယုံကြည်သည့်နှုတ်ကပတ်တော်ကိုဟောပြောကြရမည်။ သင်ကြိုးစား၍လုပ်ဆောင်သောသူတို့အား သင်ဟောပြောသောအရာသည် ဘုရားသခင်၏အမှန်တရားဖြစ်ကြောင်းနားလည်စေပါ။ ခရစ်တော်နှင့်သူ၏ကပ်တိုင်၌ရိုက်ထားခံရခြင်းအကြောင်းကိုဟောပါ။ ဤအရာသည် မာရ်နတ်၏လိမ်လည်မှုနှင့်ဆန့်ကျင်လိမ့်မည်။ Letter 34, 1896. [Ev 169.1]

**အသက်ရှင်သောဘုရားသခင်၏နှုတ်ကပတ်တော် –** အကယ်၍သင်အမှန်တရားတင်ဆက်ဟောပြောသောနည်းလမ်းသည် ဘုရားသခင်၏နည်းလမ်းဖြစ်ပါက သင်တင်ဆက်ဟောပြောသောအမှန်တရားသည် သင်၏ပရိသတ်များတို့အပေါ်လွန်စွာတန်ခိုးဩဇာသက်ရောက်ခြင်းရှိပေလိမ့်မည်။ သူတို့ကြားရသောသတင်းစကားသည် အသက်ရှင်တော်မူသောဘုရားသခင်ထံမှလာသော နှုတ်ကပတ်တော်ဖြစ်ကြောင်းယုံကြည်ကြမည်ဖြစ်ပြီး တန်ခိုးဖြင့်ဘုရားသခင်၏အလိုတော်ကို သင်ပြည့်စုံစေလိမ့်မည်။ Letter 48, 1902. [Ev 169.2]

**နှုတ်ကပတ်တော်အမှန်တရား၏ကြီးမားသောအတွေးအခေါ်များ –** သင်၏အလိုတော်အတိုင်းမဟောပြောပါနှင့်၊ သို့သော် ရှိနေပြီးတန်ဖိုးရှိသည့်အမှန်တရားသည်

ကြီးမားလွန်းလှသည်။ အကြောင်းမှာ နေရာအနှံ့သို့ရောက်ရှိနိုင်ခြင်း၊ လွန်စွာနက်ရှိုင်းခြင်း၊ လွန်စွာကျယ်ဝန်းခြင်းကြောင့် သင်၏အတွေးစိတ်ပျောက်ကွယ်သွားမည်ဖြစ်သည်။ လူတို့သည် ကြီးမားသောအတွေးအခေါ်နှင့် နှုတ်ကပတ်တော်ထဲမှတန်ဖိုးရှိသည့်ဘဏ္ဍာကိုတူးယူရရှိနိုင်ရန်အတွက် သင်ဟောပြောပါ။ Manuscript 7, 1894. [Ev 169.3]

**ဝိညာဉ်တော်၏လေးနက်သောလှုပ်ရှားမှုကိုသက်သေခံရန်အစည်းအဝေးများ –** မြို့များအထဲကျွန်ုပ်တို့၏အစည်းအဝေးများနှင့် ကျွန်ုပ်တို့၏စခန်းအစည်းအဝေးများမှ အစည်းအဝေးများကိုကျင်းပစဉ်၊ ကြီးမားသောသက်သေနှင့်တကွ တင်ဆက်ပြသမှုများကို ကျွန်ုပ်တို့မတောင်းဆိုပါ။ သို့သော် အမှန်တရားကို လူတို့ရှေ့၌ စိတ်အားထက်သန်စွာဟောပြောမည့်သူများ၊ ဘုရားသခင်သည် သူတို့နှင့်အတူရှိနေကြောင်း ပေါ်လွင်စေနိုင်သောသူများကိုသာ ဟောပြောရန် တောင်းဆိုပါသည်။ စည်းဝေး၌သန့်ရှင်းသောဝိညာဉ်တော်ကြီးမားစွာလှုပ်ရှားမှုအောက်၌ ကျင်းပသွားနိုင်ရန် ဘုရားသခင်ကိုအထူးရှာဖွေခြင်းရှိရလိမ့်မည်။ အမှားနှင့်အမှန်ရောနှောခြင်းမရှိစေရပါ။ Review and Herald, July 23, 1908. [Ev 169.4]

**ပို၍လှုပ်ရှားခြင်းနှင့်စိတ်အားထက်သန်မှု –** ကျွန်ုပ်တို့၏တစ်ပုံစံတည်းလုပ်ဆောင်လျက်ရှိသောလုပ်ငန်းကို ပြောင်းလဲလုပ်ဆောင်ရန်လိုအပ်သည်။ လောက၌ ကျွန်ုပ်တို့အလုပ်တစ်ခုကိုလုပ်နေသော်လည်း လုံလောက်သောလှုပ်ရှားမှုနှင့်စိတ်အားထက်သန်မှုကို ကျွန်ုပ်တို့ဖော်ပြခြင်းမရှိပါ။ အကယ်၍ ကျွန်ုပ်တို့သည် ပို၍စိတ်အားထက်သန်မှုရှိပါက လူတို့သည် ကျွန်ုပ်တို့၏ အမှန်တရားသတင်းစကားကို ယုံကြည်လာမည်ဖြစ်သည်။ ဘုရားသခင်အတွက် ကျွန်ုပ်တို့၏ထုံထိုင်းနွေးကွေးသောလှုပ်ရှားမှုဖြင့်ဆောင်ရွက်ခြင်း၊ အသက်မပါသောအစီအစဉ်ဖြင့်ဆောင်ရွက်ခြင်းသည် လူတို့ကိုယုံကြည်ရန်ခေါ်ဆောင်၍မရပါ။ ကျွန်ုပ်တို့၌နက်ရှိုင်းသော၊ ကြိုးစားအားထုတ်၍သန့်ရှင်းသောစိတ်အားထက်သန်မှုကို လူတို့တွေ့မြင်လိုကြသည်။ ဤခေတ်ကာလအတွက် ရိုးသား



စွာဖြင့်လှုပ်ရှားသောဘာသာသည် လူတို့ကိုအကျိုးမပြုနိုင်ပါ။ ပြင်ပပေါ်လွင်သည့်လှုပ်ရှားမှုအားလုံးပါရှိသည့်အစီအစဉ်ကို ကျွန်ုပ်တို့ပြုလုပ်ရမည်။ သို့သော် ဂိလဗောတောင်ကုန်းများပေါ် နှင်းနှင့်မိုးရေကင်းမဲ့သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ဩဇာကင်းမဲ့ခြင်းမရှိရပါ။ ဝိညာဉ်အခိုးအငွေ့ကို ကျွန်ုပ်တို့လိုသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသားများကို နူးညံ့ပျော့ပျောင်းစေသည့် ဖြောင့်မတ်ခြင်းနေမင်း၏ရောင်ခြည်တော်အလင်းကိုလည်း ကျွန်ုပ်တို့လိုအပ်သည်။ Review and Herald, May 26, 1903. [Ev 169.5]

**တည်ငြိမ်၍စိတ်အားထက်သန်သောအကျိုးသင့်၊ အကြောင်းသင့်တွေးခေါ်ခြင်း –** ကျွန်ုပ်တို့ဖန်တီးလိုသောအရာသည် စိတ်ကိုလှုပ်ရှားစေသောအရာမဟုတ်ပါ။ ထာဝရကာလအတွက် တည်တံ့ခိုင်မြဲသော စစ်မှန်ကောင်းမွန်သည့်အလုပ်ကို ကြားနာရသူတို့မှလုပ်ဆောင်ရန် လေးနက်၍စိတ်အားထက်သန်စွာစဉ်းစားဆင်ခြင်ပြီး လုပ်ဆောင်ရပါမည်။ စိတ်လှုပ်ရှားရန်နှင့်ခံစားမှုအာရုံကိုထကြွစေရန်အတွက် ကျွန်ုပ်တို့မလိုအပ်ပါ။ ဤအရာများနည်းပါးခြင်းသည် သာ၍ကောင်းသည်။ နှုတ်ကပတ်တော်မှတည်ငြိမ်၍ စိတ်အားထက်သန်စွာ အကျိုးသင့်အကြောင်းသင့်တွေးခေါ်ခြင်းသည် တန်ဖိုးရှိပြီးအကျိုးခံစားရမည်ဖြစ်သည်။ ဤနေရာ၌ လျှို့ဝှက်သောအောင်မြင်ခြင်းရှိသည်။ ရိုးသားခြင်း၊ စိတ်အားထက်သန်ခြင်းအမှုအရာဖြင့် အသက်ရှင်သောကယ်တင်ရှင်အကြောင်းကို ဟောပြောခြင်းသည်သာ အသက်နှင့်ပြည့်ဝသော နှုတ်ကပတ်တော်၏တန်ခိုးကို လူတို့သည်ယုံကြည်ခြင်းအားဖြင့် ကိုင်ဆွဲနိုင်ပါလိမ့်မည်။ Letter 102, 1894. [Ev 170.1]

**အမှန်တရားအထောက်အထားများအားဖြင့်ဟောပြောခြင်း –** လူတို့သည် မိမိတို့ခင်တွယ်မြတ်နိုးသောအမှားအပေါ် အမှန်တရားကိုချက်ချင်းတွေ့မြင်လိုရန်မျှော်လင့်ခြင်းမရှိပါ။ မှားယွင်းသောယူဆချက်ကိုပျောက်ကွယ်သွားစေရန်အကောင်းဆုံးနည်းလမ်းသည် အမှန်တရား၏အထောက်အထားများကို တင်ဆက်ဟောပြောခြင်းဖြစ်သည်။ ဤအချက်သည် မှားယွင်းခြင်းကိုအကောင်း

ဆုံးနိုင်နင်းခြင်းဖြစ်သည်။ ဖြောင့်မတ်ခြင်းနေမင်းကြီး၏ရောင်ခြည်တော်အလင်းကို ပြန်လည်၍ရောင်ပြန်ဟပ်စေခြင်းအားဖြင့် စိတ်နှလုံးများထဲရှိ မှောင်မိုက်တိမ်လိပ်ကြီးများကို ပျောက်လွင့်သွားရန်ဖယ်ရှားပစ်လိုက်ပါ။ Pacific Union Recorder, Oct. 23, 1902. [Ev 170.2]

**လူတို့၏ယုံကြည်စိတ်ချမှုကိုရယူခြင်း –** ခရစ်တော်အတွက်အမှုထမ်းသောသူတို့သည် အစစအရာရာ၌ သတိကြီးစွာဆင်ခြင်မှုပြုရန်လိုအပ်ပြီး မိမိတို့၏ယုံကြည်ခြင်းအယူဝါဒများကို နားမလည်သောသူများမှ သူတို့ကိုလေးစားကြရန်၊ အယူသီးသူများ၊ ကြမ်းတမ်း၍ကမူးရှူးထိုးလုပ်တတ်သောသူများမဟုတ်ကြောင်းကိုသိရှိရန် အရေးကြီးပါသည်။ သူတို့ဟောပြောခြင်းများနှင့်ပြုမူပြောဆိုပုံတို့သည်ရိုးသားပြီး ဤဓမ္မအမှုဆောင်များတို့သည် စဉ်းစားဆင်ခြင်တတ်သောသူများ၊ ကျစ်လျစ်သောစာရိတ္တရှိသူများ၊ ကောင်းကင်အဖခမည်းတော်ကို ချစ်ကြောက်ရိုသေသောသူများဖြစ်ကြောင်း လူတို့မှမှတ်ချက်ချစေရန်ဖြစ်သည်။ လူတို့၏ယုံကြည်စိတ်ချမှုကို သူတို့ရယူသင့်သည်။ သို့မှသာ သူတို့၏ဟောကြားချက်များကိုကြားရသောသူတို့အနေဖြင့် ဤဓမ္မအမှုဆောင်တို့သည် အချည်းနှီးသောပုံပြင်များကိုပြောဆိုသောသူများမဟုတ်၊ သူတို့ပြောဆိုသောစကားသည် တန်ဖိုးနှင့်ပြည့်သောစကားများ၊ စဉ်းစားဆင်ခြင်အာရုံပြုသင့်သောသက်သေခံချက်များဖြစ်ကြောင်း သူတို့သိရလိမ့်မည်။ သင်သည် မိမိကိုယ်ကိုဘေးဖယ်ကာ ယေရှုကိုသာမြှောက်တင်သောသူဖြစ်စေပါ။ Review and Herald, April 26, 1892. [Ev 170.3]

**ခက်ခဲရှုပ်ထွေးသောအကျိုးအကြောင်းသင့်တွေးခေါ်ခြင်းမပြုရန် –** အမှန်တရားသည် အမှန်တရားဖြစ်ကြောင်း ကြိုးစား၍သက်သေထူပြောကြားခြင်းကို ခရစ်တော်ပြုလုပ်ခဲ့သည်။ သူသည် အမှန်တရားကိုအကောင်းဆုံးတတ်နိုင်သမျှဖော်ပြပြီး မိမိဖော်ပြချက်များကိုလက်ခံရန်၊ သို့မဟုတ် ငြင်းပယ်ရန်ကိစ္စကို ကြားနာရသူများတို့၏လက်ထဲ၌ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ပေးထားသည်။ မည်သူ့ကိုမျှအတင်းအဓမ္မယုံကြည်ရန် သူမတိုက်တွန်းပါ။



တောင်ပေါ်ဒေသနာ၌ လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်းကို လူတို့အားသွန်သင်ခဲ့ပြီး မိမိတို့၏တာဝန်ကို ရှင်းလင်းစွာဖော်ပြထားသည်။ လူတို့၏စိတ်ထဲ၌စွဲမြဲစေရန် သူသည် အမှန်တရားကို အမိန့်အာဏာဖြင့်ပြောဆိုခဲ့သည်။ တပည့်တော်များမှ တန်ခိုးထင်ရှားခြင်းသည် မိမိတို့ပြောဆိုသောအမှန်တရား၏ရှင်းခြင်းနှင့် ပြောဆိုသောသူ၏စိတ်အားထက်သန်ခြင်းအပေါ်မူတည်ကြောင်းတွေ့မြင်ရပါသည်။ [Ev 171.1]

ခရစ်တော်၏သင်ကြားခြင်း၌ ခက်ခဲ၊ ရှည်လျား၊ ရှုပ်ထွေးပြီး လက်ခံ၍မရသောကျိုးကြောင်းသင့်တွေးခေါ်ခြင်းမပါပါ။ သူသည် အချက်ကျကျပြောဆိုသည်။ သူ၏လုပ်ငန်း၌ စိတ်နှလုံးတိုင်းကိုဖွင့်ထားလျက်ရှိသောစာအုပ်သဖွယ်သူဖတ်နိုင်ပြီး မကုန်ခန်းနိုင်သောသူ၏ဘဏ္ဍာတိုက်ထဲမှ သစ်သောအရာနှင့်ဟောင်းသောအရာများအားလုံးကိုဆွဲယူကာ မိမိ၏သင်ကြားမှု၌ဖော်ပြကာ အင်အားဖြည့်ဆည်းပေးသည်။ သူသည် လူတို့၏စိတ်နှလုံးကိုတို့ထိပြီး သနားကြင်နာခြင်းများကိုပေါက်ပွားစေပါသည်။ Manuscript 24, 1891. [Ev 171.2]

**ရိုးစင်း၍တန်ခိုးပါသည့်ယုံကြည်ချက်နှင့်ပတ်သက်သောသွန်သင်ခြင်း –** ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုမသိသေးသောသူများတို့အတွက် အနည်းငယ်သာအရှိန်အဟုန်ရှိသောအကြောင်းအရာများကိုတင်ပြခြင်းသည် ကြီးမားသောအကြောင်းအရာကိုတင်ပြပြီး ကြားနာရသူများအတွက် ရှင်းလင်းပြတ်သားခြင်းမရှိခြင်းထက် ပို၍စိတ်ထဲ၌စွဲမြဲစေပါသည်။ ၎င်းအထဲ၌ ခရစ်တော်သင်ကြားခြင်း၏အနာဂတ်လက်တွေ့သင်ခန်းစာများနှင့်လည်း ပါဝင်ပွားများသင့်သည်။ Letter 48, 1886. [Ev 171.3]

**ဆီလျော်သောစကားများကိုဘုရားသခင်ပေးလိမ့်မည် –** ဝိညာဉ်များပြောင်းလဲခြင်းအတွက် လုပ်ဆောင်ရခြင်းသည် ကြီးမားသောအခွင့်အရေးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အားခေါ်တော်မူခြင်းသည် မြင့်မားလှသည်။ ဤလုပ်ငန်းနှင့်သင့်လျော်ရန် ဒံယေလအားဘုရားသခင်သည် အကောင်းဆုံးစိတ်သဘောကိုပေးသကဲ့သို့

ကျွန်ုပ်တို့အတွက် ဘုရားသခင်သည် အသိဉာဏ်ပညာကိုတိုးတက်စေလိမ့်မည်။ မှောင်မိုက်ထဲ၌ရှိနေသောသူများတို့အား အမှန်တရားများကိုနားလည်ရန်သင်ပေးခြင်း၌ ကျွန်ုပ်တို့အား ဘုရားသခင်သည် အလင်းပေးသကဲ့သို့ သူသည်ကျွန်ုပ်တို့အား ဤအမှန်တရားများကို ကျွန်ုပ်တို့ကိုယ်တိုင် ပို၍ကောင်းမွန်စွာနားလည်ရန် သင်ပေးပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သင့်လျော်သောစကားကိုပြောဆိုနိုင်ရန်ပေးမည်ဖြစ်ပြီး ကျွန်ုပ်တို့၏အနား၌ မတ်တတ်ထနေသောကောင်းကင်တမန်အားဖြင့် ကျွန်ုပ်တို့နှင့်ဆက်သွယ်မှုပြုပါလိမ့်မည်။ Manuscript 126, 1902. [Ev 172.1]

**အငြင်းပွားမှုထက်ခရစ်တော်ကိုပို၍ဦးစားပေးခြင်း –** ကျွန်ုပ်တို့သည် အငြင်းပွားခြင်းထက် ခရစ်တော်ကိုပို၍ဦးစားပေးကြရမည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းအားလုံး၏ဗဟိုအချက်အချာဖြစ်သည်။ သူ၏အနှိုင်းမဲ့မေတ္တာကိုဖော်ပြနိုင်သောသူတို့နှင့် သူ့အားမိမိတို့၏အကောင်းဆုံးနှင့်အသန့်ရှင်းဆုံးမေတ္တာကိုပေးနိုင်ရန် နှလုံးသားများကိုခွန်အားပေးနိုင်သောသူများတို့သည် ကြီးမြတ်၍သန့်ရှင်းသောအလုပ်ကို လုပ်နေခြင်းဖြစ်ပါသည်။ Colporteur Evangelist, pp. 60, 61. (1902) [Ev 172.2]

ငြင်းခုံဖွယ်ရာတရားဟောချက်များစွာတို့ကိုဟောပြောခြင်းသည် နှလုံးသားကိုနူးညံ့ပျော့ပျောင်းနိုင်စွမ်းမရှိပါ။ Letter 15, 1892. [Ev 172.3]

**အပြစ်မရှာနှင့် –** အမှန်တရားကိုထောက်ခံဟောပြောသောသူတို့သည် မျှတ၍ညင်သာသောသူများဖြစ်ရမည်။ လူ့ခွန်အားရောနှောခြင်းမရှိစေရပါ။ သင့်အတွက်ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို အသုံးပြုရန်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည်သာ သင့်ကိုအသုံးပြုရပါမည်။ [Ev 172.4]

တစ်ကြိမ်တည်း၌ပင်အပြစ်ရှာခြင်းမပြုမိရန်သတိပြုပါ။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက်အသက်နှင့်အသံဖြစ်ရန် ကျွန်ုပ်တို့အလိုရှိသည်။ ကျွန်ုပ်တို့၏လျှာသည် စာရေးသူ၏လက်တွင်း၌



အဆင်သင့်ရှိနေသောကလောင်ကဲ့သို့ဖြစ်သင့်သည်။ အကြောင်းမှာ ဘုရားသခင်၏ဝိညာဉ်တော်သည် လူ့ကိုယ်စားလှယ်အားဖြင့် စကားပြောနေသည်။ ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်ပြောင်လှောင်သရော်ခြင်းစကားများကိုပြောသောအခါ သင့်ကိုယ်ကိုသင်လှုံ့ဆော်မှုတစ်ခုပြုလုပ်ခြင်းဖြစ်သည်။ ၎င်းအရာတစ်ခုကိုမျှရောပြွမ်းရန် ကျွန်ုပ်တို့အလိုမရှိပါ။ Manuscript 7, 1894.

**တန်ခိုးအာဏာများကိုမတိုက်ခိုက်နှင့် –** ကျွန်ုပ်တို့၏အလုပ်သည် အစိုးရကိုတိုက်ခိုက်ရန်မဟုတ်ပါ။ လူတို့အားဘုရားသခင်၏နေ့ရက်ကြီး၌ရပ်တည်နိုင်ရန် ပြင်ဆင်ခြင်းဖြစ်သည်။ အာဏာနှင့်တန်ခိုးရှိသူများတို့ကို တိုက်ခိုက်မှုနည်းလေ၊ ဘုရားရှင်အတွက်ပို၍ ကျွန်ုပ်တို့ဆောင်ရွက်နိုင်လေဖြစ်ပါလိမ့်မည်။ [Ev 173.1]

ကျွန်ုပ်တို့သည် အမှန်တရားကိုကာကွယ်ရမည်။ သို့သော် ယေရှု၏စိတ်သဘောထားဖြင့်ကာကွယ်ရမည်။ အကယ်၍ အေးချမ်းစွာမေတ္တာတရားဖြင့် ဘုရားသခင်၏လူတို့သည် ဆောင်ရွက်ခြင်းမရှိပါက လုပ်ငန်းသည် ကြီးမားစွာဆုံးရှုံးခြင်းရှိပြီး၊ ပြုပြင်၍မရသောဆုံးရှုံးမှုဖြစ်ပေလိမ့်မည်။ သူတို့သည် ဘုရားသခင်၏အမှုတော်နှင့်ပြန်လည်၍ဆက်သွယ်မှုရှိသည့်တိုင် ဝိညာဉ်များတို့သည် ခရစ်တော်ထံမှဝေးကွာသွားပေလိမ့်မည်။ [Ev 173.2]

ကျွန်ုပ်တို့ကဲ့သို့ အခွင့်အရေးမရသောသူတို့အပေါ်တရားစီရင်ခြင်းကို ကျွန်ုပ်တို့မပြုသင့်ပါ။ တချို့သောသူတို့သည် ကြီးမားသောအလင်းကိုရရှိပြီး ၎င်းအလင်းတရားအတိုင်း အသက်ရှင်ခြင်းမရှိသောကြောင့် သူတို့၏ရှေ့၌ ထိုသူတို့သည် ကောင်းကင်နိုင်ငံသို့သွားလိမ့်မည်ဖြစ်သည်။ [Ev 173.3]

အကယ်၍ မယုံကြည်သူများတို့အား ကျွန်ုပ်တို့၌ရှိသောဝိညာဉ်များကို သန့်ရှင်းစေသည့်အမှန်တရားနှင့် အကျင့်စာရိတ္တကိုပြောင်းလဲစေနိုင်သော အမှန်တရားကို ယုံကြည်စေလိုပါက သူတို့၌ရှိသောအမှားများကို ပြင်းထန်စွာသူတို့အားစွပ်စွဲခြင်းမပြုရပါ။ ဤကဲ့သို့ပြုမိပါက ကျွန်ုပ်တို့၏အမှန်တရားသည် ကျွန်ုပ်တို့ကို ကြင်နာခြင်းနှင့်ယဉ်ကျေးသိမ်မွေ့ခြင်းမပြုလုပ်နိုင်ဘဲ ညံ့ဖျင်း

၍ကြမ်းတမ်းသော ဘာသာရေးအသင်းအဖွဲ့တစ်ခုဟုသာ သူတို့မှတ်ယူကြပါလိမ့်မည်။ [Ev 173.4]

တချို့သောသူတို့သည် လွယ်ကူစွာစိတ်လှုပ်ရှားပြီး အမြဲပင်အဆင်သင့်တိုက်ပွဲအတွက်လက်နက်များကို ယူဆောင်တတ်သည်။ စုံစမ်းရာကာလ၌ ထိုသူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို ကျောက်ဆောင်ပေါ်၌တည်ဆောက်ထားခြင်းမရှိကြောင်းကို သူတို့ပြသလိမ့်မည်။ [Ev 173.5]

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းဝင်များတို့သည် မိမိတို့ကိုတရားမဲ့သောသူများ၊ နာခံခြင်းမရှိသောသူများဖြစ်သည်ဟု သူတစ်ပါးမှအသိအမှတ်ပြုခြင်းခံရမည့်အရာဟူသမျှကို မပြုလုပ်စေပါနှင့်။ ရှေ့နောက်မညီသောအရာအားလုံးကို မိမိတို့အသက်တာ၌ သူတို့အားဖယ်ရှားပစ်စေပါ။ ကျွန်ုပ်တို့၏အလုပ်သည် အမှန်တရားကိုကြွေးကြော်ရန်ဖြစ်ပြီး ကိစ္စများကို ဘုရားရှင်ထံအပ်နှံထားရမည်။ [Ev 173.6]

အလင်းကိုရောင်ပြန်ဟပ်စေရန် သင်၏ခွန်အားနှင့်အရာအားလုံးကို ဆောင်ရွက်ပါ။ သို့သော် စိတ်ကိုနာကျင်စေမည်၊ သို့မဟုတ် စိတ်ဆိုးစေမည့်စကားများကိုမပြောဆိုပါနှင့်။ Manuscript 117a, 1901. [Ev 173.7]

**ပြင်းထန်သောနည်းဖြင့်အမှန်တရားကိုတင်ဆက်ခြင်း** – လွန်ခဲ့သောအချိန်၌ သင်သည် အမှန်တရားကိုကြမ်းတမ်းသောနည်းဖြင့် သူများအတွက်ကြာပွတ်ရိုက်ဆုံးမခြင်းကိုအသုံးပြုသကဲ့သို့ ဟောပြောခဲ့သည်။ ၎င်းနည်းသည် ဘုရားသခင်၏ဘုန်းတော်ကိုမထင်ရှားစေပါ။ သင်သည်လူတို့အား ဘုရားသခင်၏ကြွယ်ဝသောနှုတ်ကပတ်တော်ဘဏ္ဍာများကိုပေးနေသော်လည်း သင်၏အမှုအရာသည် လူတို့ကိုပြစ်ဒဏ်ပေးဆုံးမသကဲ့သို့ ဟောပြောသောကြောင့် လူတို့သည် သင်ဟောပြောသောအကြောင်းအရာမှ ထွက်ခွာသွားကြပါသည်။ သင်သည် အမှန်တရားကိုခရစ်တော်နည်းတူသွန်သင်ခြင်းမပြုပါ။ သင်သည် သင်၏သတင်းစကားသြဇာကို ဖျက်ဆီးသောနည်းဖြင့်ဟောပြောသည်။ သင်၏



နှလုံးသည် ခရစ်တော်၏ပြောင်းလဲပေးနိုင်သောကျေးဇူးတော်နှင့်ပြည့်ဝရန်လိုအပ်နေသည်။ Letter 164, 1902. [Ev 173.8]

**အမှန်တရားကိုသိမ်မွေ့စွာတင်ဆက်ခြင်း** – ဓမ္မအမှုဆောင်တိုင်း ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရား၏ဖိနပ်ကို ဝတ်ဆင်ရန်သင်ယူစေပါ။ ငြိမ်သက်ခြင်း၏ဧဝံဂေလိသတင်းစကားကိုပြင်ဆင်သော ဖိနပ်ဝတ်ဆင်သောသူတို့သည် ခရစ်တော်လမ်းလျှောက်သကဲ့သို့ လျှောက်ကြလိမ့်မည်။ သူသည် မှန်သောစကားများကို မေတ္တာဖြင့်လူတို့အားပြောနိုင်လိမ့်မည်။ ဘုရားသခင်၏မှန်ကန်သောသတင်းစကားကို လူတို့အားမိမိတို့အိမ်သို့ပြန်သွားကြရန် ကြိုးစား၍မောင်းထုတ်မည်မဟုတ်ပါ။ လူတိုင်းနှင့်နူးညံ့သိမ်မွေ့စွာဆက်ဆံပြီး သူသည် အလွန်ကောင်းသောသြဇာလွှမ်းမိုးကူစွာသက်ရောက်ခံစားနိုင်မည့်သူတို့အပေါ်သို့ ဝိညာဉ်တော်လုပ်ဆောင်ခြင်း၊ နှိုးဆော်ခြင်းရှိလိမ့်မည်ကို သိရှိပေလိမ့်မည်။ သူ၏အမှုအရာသည် မည်သည့်အခါမျှပြင်းထန်မည်မဟုတ်ပါ။ သူပြောဆိုသောစကားလုံးတိုင်းသည် ပျော့ပျောင်းနူးညံ့သောတန်ခိုးသြဇာရှိပေလိမ့်မည်။ [Ev 174.1]

ဆုံးမစကားပြောဆိုရာ၌ ဖြစ်နိုင်သမျှမိမိတို့၏စကားသံထဲတွင် ခရစ်တော်နှင့်တူသော နူးညံ့သိမ်မွေ့ခြင်းနှင့်မေတ္တာတရားပါရှိစေပါ။ ဓမ္မဆရာတစ်ဦး၏ရာထူးသည်ပို၍မြင့်လေ၊ သူ၏အပြောအဆိုနှင့်အလုပ်အကိုင်၌ ပို၍သတိတရားရှိလေဖြစ်ရပါမည်။ Manuscript 127, 1902. [Ev 174.2]

**ပြစ်တင်ခြင်းထက်ပြုပြင်ခြင်းကိုပြုပါ** – မိမိတို့၏စိတ်ထဲ၌ သနားခြင်းနှင့်မေတ္တာစိတ်မကုန်ခန်းသူအားလုံးတို့သည် ပြစ်တင်ခြင်းထက်ပြုပြင်ခြင်းကိုပြုလုပ်ကြလိမ့်မည်။ စိတ်ထဲ၌ခရစ်တော်ကိန်းအောင်းနေခြင်းသည် မည်သည့်အခါမျှမခန်းခြောက်သောစမ်းချောင်းကဲ့သို့ဖြစ်လိမ့်မည်။ ခရစ်တော်ရှိသောနေရာ၌ကောင်းမှုများနှင့်ပြည့်လျှံလျက်ရှိနေလိမ့်မည်။ Thoughts From the Mount of Blessing, p. 39. (1896) [Ev 174.3]

## ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းတရားဟောချက်

**လွယ်ကူသောစကား၊ ရှင်းလင်းသောဖော်ပြချက်** – ဧဝံဂေလိပိုက်ကွန်ကို သင်မည်ကဲ့သို့အသုံးပြုရမည်ကိုသင်ယူရန် ဘုရားရှင်အလိုရှိသည်။ ဤအတတ်ပညာကိုသင်ယူရန် လူများစွာတို့၌လိုအပ်နေသည်။ သင်၏အလုပ်၌အောင်မြင်ခြင်းရရှိရန် သင်၏ပိုက်ကွန်အကွက်များ၊ သင်အသုံးပြုသောနှုတ်ကပတ်တော်များ သင်နှင့်နီးကပ်စွာရှိရမည်ဖြစ်ပြီး လွယ်ကူစွာအဓိပ္ပါယ်ခွဲခြားတတ်စေရမည်။ ထိုနောက် ပိုက်ကွန်ထဲသို့အများဆုံးဆွဲယူပါ။ အချက်ကျအောင်ပြုလုပ်ပါ။ သင်၏သရုပ်ဖော်ခြင်းများကို ကိုယ်တွေ့အထောက်အထားများဖြင့်တင်ပြပါ။ လူတစ်ဦး၏အသိဉာဏ်သည် မည်မျှမည်မျှကြီးမားစေကာမူ၊ သူတစ်ပါးတို့နှင့်ဆက်သွယ်မှုမပြုနိုင်ပါက မည်သို့မျှအကျိုးမပြုနိုင်ပါ။ သင်၏သူတစ်ပါးစိတ်ကိုထိခိုက်အောင်ပြောဆိုနိုင်သည့်ကရုဏာသံ၊ ၎င်း၏လေးနက်သောခံစားချက်တို့သည် စိတ်နှလုံးများထဲ၌ ၎င်း၏တန်ခိုးသြဇာသက်ရောက်ခြင်းရှိလိမ့်မည်။ သင်၏တပည့်များကို ဘုရားသခင်ထံ မိမိတို့၏ကိုယ်ကိုအပ်နှံရန်တောင်းဆိုပါ။ [Ev 174.4]

သင်၏ရှင်းပြချက်များကိုရှင်းလင်းစေပါ။ အကြောင်းမှာ ရှင်းပြချက်များကို နားမလည်သောသူများစွာရှိနေကြောင်း ကျွန်ုပ်သိသည်။ သင်၏စကားကို သန့်ရှင်းသောဝိညာဉ်တော်အားပြုပြင်ပေးစေပြီး၊ မကောင်းသောအရာများမှသန့်ရှင်းပေးစေပါ။ ကလေးများကိုပြောသကဲ့သို့ပြောပါ။ အကြောင်းမှာ အများသောသူတို့သည် အသက်အရွယ်အားဖြင့်ကြီးသော်လည်း မိမိတို့၏နားလည်မှုသည် ကလေးကဲ့သို့သာရှိနေသောကြောင့်ဖြစ်သည်။ [Ev 175.1]

စိတ်အားထက်သန်စွာဆုတောင်းခြင်း၊ လုံ့လဝီရိယနှင့်ကြိုးစားခြင်းအားဖြင့်ဟောပြောရန် သင့်လျော်သောစကားကို သင်ရရှိလိမ့်မည်။ ဤသင်ရရှိသည့်သင့်လျော်သောစကားလုံးတိုင်းကိုလည်း ရှင်းစွာပြောဆိုနိုင်ခြင်းပါဝင်ပြီး ပြောဆိုလိုသောကိစ္စများအတွက် တန်ခိုးပါစွာ၊ ထိရောက်စွာပြောဆိုနိုင်



လိမ့်မည်။ တချို့သောသူတို့သည် လျင်မြန်စွာစကားပြောတတ်သည်။ စကားတစ်လုံးပြီးတစ်လုံး လျင်မြန်စွာပြောသောကြောင့် သူတို့၏ပြောဆိုသောအကြောင်းအရာ၏ထိရောက်မှုကိုပျောက်သွားစေသည်။ သင်ပြောသောအရာထဲ၌ ခရစ်တော်၏စိတ်ဓာတ်နှင့်အသက်တာကိုထည့်သွင်းပါ။ ကြားနာရသောသူများအတွက်ကယ်တင်ခြင်းသို့ပို့ဆောင်သော ဘုရားသခင်၏တန်ခိုးတော်ပါရှိလိမ့်မည်။ ဧဝံဂေလိသတင်းစကားကို ရိုးစင်းစွာဖြင့်ဟောပြောပါ။ Counsels to Teachers, pp. 253-255. (1913) [Ev 175.2]

**တရားဟောချက်ပြင်ဆင်ခြင်း၌အာရုံပြုခြင်း** – အမှန်တရားဟောပြောခြင်းသည် အရေးကြီးသောကိစ္စအပြည့်ပါရှိပြီး အကယ်၍လူထုပရိသတ်ရှေ့၌ ဤဟောပြောချက်များကို သေချာစွာစဉ်းစား၍ပြင်ဆင်ခြင်း၊ အကယ်၍တိုတုတ်ပြီး အကြောင်းအရာပြည့်စုံစွာပါဝင်ခြင်း၊ အကယ်၍ခရစ်တော်၏စိတ်ဓာတ်သည် ပြောဆိုမှုများနှင့်အတူပါရှိခြင်းရှိပါက မည်သူမျှအမှောင်ထဲ၌ကျန်ရှိနေမည်မဟုတ်ပါ။ ဝိညာဉ်ခွန်အားမရရှိပါဟုလည်း ရေရွတ်ပြောဆိုမည့်သူများရှိမည်မဟုတ်ပါ။ အကျိုးကျေးဇူးသည် ဟောပြောသူနှင့်ကြားနာသူနှစ်ဘက်စလုံး၏ပြင်ဆင်မှုအပေါ် များစွာမူတည်လျက်ရှိသည်။

ယခုပင်ကျွန်ုပ်သတိပြုမိသော သူတစ်ပါးပြောဆိုခဲ့သည့်စကားအနည်းငယ်ကို ဤနေရာ၌ကျွန်ုပ်ပြန်၍ပြောဆိုလိုပါသည်။ “ရှည်သောတရားဟောချက်ကို ကျွန်ုပ်အမြဲသိသည်ဟု တစ်ပတ်အတွင်းအမြဲလိုလိုနေသောအသင်းတော်မှ အသင်းသားတစ်ဦးပြောခဲ့သည်။ သေချာစွာလေ့လာသောအခါ၊ သူဟောပြောသောအရာများသည် အနေတော်ပင်ဖြစ်သည်။ သို့သော် ၎င်းသွန်သင်ချက်များအထဲ၌ ကြားနာရသူများအတွက် မေ့ပျောက်သွားရန်မလွယ်ကူသလောက်ဖြစ်သည်။ သို့သော် ပြင်ဆင်ရန်အချိန်မရှိသောအခါ သူ၏တရားဟောချက်များသည် သဘာဝမကျသော ရှည်လျားသည့်တရားဟောချက်များဖြစ်သွားပြီး စိတ်ထဲ၌မည်သည့်အချက်အလက်များကိုပင် မှတ်မိမှတ်သားနိုင်ရန် မလွယ်ကူသည်ကိုတွေ့ရပါသည်။” [Ev 176.1]

သင်မည်မျှကြာရှည်စွာတရားဟောလေ့ရှိသနည်းဟု စွမ်းဆောင်နိုင်သောဓမ္မဆရာတစ်ဦးအမေးခံရသည်။ "ကျွန်တော်သေချာစွာပြင်ဆင်မှုပြုသည့်အခါ နာရီဝက်ဟောပါသည်။ ကောင်းကောင်းပြင်ဆင်မှုမပြုရသည့်အခါ တစ်နာရီကြာကြာဟောပါသည်။ သို့သော် ပြင်ဆင်ခြင်းမရှိဘဲ တရားပလ္လင်ပေါ်တက်ပြီးဟောရသည့်အခါ ကျွန်တော်စိတ်ကြိုက်ဟောချင်သလိုဟောပြီးမည်သည့်အချိန်၌အဆုံးသတ်ရမည်ကို ကျွန်တော်မသိတော့ပါ။" [Ev 176.2]

ဤနေရာ၌တန်ခိုးပါသောအဆိုအမိန့်တစ်ခုရှိသေးသည်။ စာရေးဆရာတစ်ဦးပြောခဲ့သည်မှာ၊ "ကောင်းသောသိုးထိန်းတစ်ဦးသည် သူ၏လက်ဆွဲအိတ်ငယ်လေးထဲ၌ သူ၏ခွေးစားချင်သလောက်မုန့်လုံလောက်စွာရှိသည်။ နည်းနည်း၊ များများ၊ အနေတော် အစရှိသဖြင့် သူ၏ခွေးအားကျွေးရမည့်သူ၏စိတ်အားထက်သန်မှုသည် သူ့ခွေးအပေါ်မူတည်ပါသည်။ သူ့အိတ်ထဲ၌မုန့်အပြည့်ရှိခြင်းသည် သူ၏စိတ်ထဲ၌အသုံးဝင်သောအသိပညာရှိနေခြင်းဖြစ်သည်။ သူ၏သိုးစုများကို ဝိညာဉ်ခွန်အားပြည့်ဝစွာကျွေးမွေးရန် သူသည်အမြဲအဆင်သင့်ရှိရမည်။" Letter 47, 1886. [Ev 176.3]

**ဝိညာဉ်အစာကြွေးခြင်းကိုကာကွယ်ခြင်း –** "ကျွန်ုပ်နာရီဝက်ထက်ပိုပြီးတရားမဟောလိုပါ" ဟုသစ္စာရှိပြီး စိတ်အားထက်သန်သည့်တရားဟောဆရာတစ်ဦးပြောခဲ့ပါသည်။ ဤတရားဟောဆရာသည် မိမိ၏တရားနာပရိသတ်များတို့အတွက် မိမိပြင်ဆင်မှုမရှိသောတရားဟောချက်ကို မည်သည့်အခါမျှမဟောကြားလိုသောသူဖြစ်သည်။ ထိုနောက် သူပြောခဲ့သည်မှာ၊ "တချို့သောသူတို့သည် ဝိညာဉ်ရေးအစာကြေရန်အတွက်အားနည်းကြသည်။ အကယ်၍ သူတို့လက်ခံနိုင်သောအချိန်၌ တရားဟောချက်ကိုရပ်လိုက်ရမည့်အစား နောက်ထပ်နာရီဝက်ဆက်လက်ဟောကြားခြင်းဖြင့် သူတို့အတွက်မည်သည့်အကျိုးမျှမရှိသည့်ပြင် ပထမနာရီဝက်၌ ဟောပြောခဲ့သောအကြောင်းအရာကိုပါ မေ့ပျောက်သွားမည်ဖြစ်ပါက ကျွန်ုပ်အတွက်ဝမ်းနည်းစရာပင်ဖြစ်ပါလိမ့်မည်။" Letter 47, 1886. [Ev 176.4]





**သင်၏ရှည်လျားသောဟောပြောချက်ကိုအတိုချုံးလိုက်ပါ –** တချို့သောသင်၏ရှည်လျားစွာဟောပြောခြင်းကို အကယ်၍သုံးပိုင်းပိုင်းလိုက်ပါက လူတို့အတွက်ပို၍ထိရောက်ပေလိမ့်မည်။ လူတို့သည် များစွာလက်ခံနိုင်စွမ်းမရှိပါ။ သူတို့၏စိတ်ထဲ၌ပင် သဘောပေါက်မည်မဟုတ်ပါ။ သူတို့အတွက်တစ်ကြိမ်တည်းတွင် များစွာဟောပြောခြင်းအတွက် မောပန်းခြင်းနှင့်ရှုပ်ထွေးခြင်းကိုဖြစ်စေလိမ့်မည်။ ရှည်လျားသောတရားဟောချက်၏သုံးပုံနှစ်ပုံတို့သည် ပျောက်သွားမည်ဖြစ်ပြီး ဟောပြောသူအနေဖြင့်လည်း အားအင်ကုန်ခန်းသွားမည်ဖြစ်သည်။ ဤနေရာ၌ အမှားပြုမိသောဓမ္မအမှုဆောင်များစွာရှိသည်။ သူတို့အတွက်ကောင်းကျိုးမရှိပါ။ သူတို့၏ဦးနှောက်ပင်ပန်းပြီး ဘုရားသခင်အတွက်လေးလံသောဝန်ထုပ်ကိုထမ်းနေရခြင်း၊ ခက်ခဲမှုကိုရင်ဆိုင်နေရခြင်းသာဖြစ်သည်။ [Ev 176.5]

အမှန်တရားသည် ဂုဏ်ပုဒ်နှင့်အလုပ်အားဖြင့် ရေပန်းစားသောတရားပလ္လင်များပေါ်မှ ဟောကြားသည့်အမှားများနှင့်များစွာခြားနားပြီး လူတို့ရှေ့၌ပထမအကြိမ်ဟောကြားသောအခါ လူတို့အားလွှမ်းမိုးလုမတတ်ဖြစ်သည်။ ၎င်းသည် မာကျောသောအသားကဲ့သို့ဖြစ်သောကြောင့် ဉာဏ်အမြော်အမြင်ပြည့်စုံစွာဖြင့် ခွဲခြားဝေဖန်ကြရမည်။ လူတချို့တို့သည် အတွေးအခေါ်တစ်ခုကို လျင်မြန်စွာရိပ်မိနိုင်သော်လည်း အခြားသူတချို့တို့သည် ဟောကြားသောခြေလှမ်းတိုင်း၌ကပ်တိုင်ရှိနေပြီး ကြီးမားသည့်ပြောင်းလဲမှုကိုပြုရမည့်အကြောင်းပါရှိသည့်သစ်လွင်၍အံ့သြဖွယ်သောအမှန်တရားများပါရှိပါသည်။ သူတို့အားသင်ဟောပြောသော ဤအံ့ဖွယ်အမှန်တရားသတင်းစကားကို ကောင်းမွန်စွာနားလည်ရန် သူတို့ကိုအချိန်ပေးပါ။ [Ev 177.1]

တရားဟောပြောသူများတို့သည် မိမိတို့နှင့်အတူ လူတို့၏နားလည်မှုနှင့်သနားခြင်းများကို ကြိုးစား၍ယူဆောင်သွားသင့်သည်။ လူတို့မလိုက်နိုင်သည့် မြင့်လွန်းသောအရာများကိုမပြောပါနှင့်။ အမှန်တရားကိုအချက်ကျကျတစ်ခုပြီးတစ်ခု၊ ဖြည်းညင်းစွာဖြင့်ရှင်းလင်းစွာပြောပြီး လိုအပ်သည့်အရေးကြီး

သောအချက်အနည်းငယ်ကိုသာ ပရိသတ်များ၏သခင်ယေရှုအားဖြင့်သေချာသောနေရာ၌ ခိုင်မြဲစွာသံမှိုရိုက်ထားသကဲ့သို့ပြောဆိုပါ။ အကယ်၍ အဆုံးသတ်သင့်သောနေရာ၌အဆုံးသတ်ပြီး တစ်ကြိမ်တည်းမှာပင်ထပ်မံ၍သူတို့ကိုမပြောပါက သူတို့နားလည်မည်ဖြစ်ပြီး သူတို့အတွက်အကျိုးရှိမည်ဖြစ်သည်။ ထိုနောက် သူတို့အနေဖြင့် ပို၍နားထောင်လိုစိတ်ရှိမည်ဖြစ်ပြီး သူတို့၏စိတ်ဝင်စားခြင်းသည် ဆက်လက်တည်ရှိမည်ဖြစ်သည်။ Letter 39, 1887. [Ev 177.2]

**စိတ်ဝင်စားစွာပြောဆိုနိုင်သောသူတစ်ဦး၏ဂုဏ်သတင်း –** သင်၏စိတ်အားထက်သန်မှုဟူသရွေ့ကို သင်၏အလုပ်ထဲ၌တတ်နိုင်သမျှထားရှိပါ။ သင်၏ဟောပြောသောအချက်များကိုတိုစေပါ။ ဤကဲ့သို့ပြုရခြင်းအကြောင်းရင်းနှစ်ခုရှိသည်။ ပထမတစ်ခုအနေဖြင့် သင်သည် သူတစ်ပါးအတွက်စိတ်ဝင်စားဖွယ်ဂုဏ်သတင်းကျော်ကြားသော တရားဟောဆရာတစ်ဦးဖြစ်ရန်ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် သင်၏ကျန်းမာခြင်းကိုထိန်းသိမ်းနိုင်ရန်ဖြစ်သည်။ Letter 112, 1902. [Ev 177.3]

**လန်းဆန်းသောအတွေးအခေါ်ပါရှိသည့်တရားဟောချက်များ –** သင်၏ရှည်လျားသောဟောပြောခြင်းအားဖြင့် ပရိသတ်များတို့ကို မည်သည့်အခါမျှမငြီးငွေ့စေပါနှင့်။ နှစ်ပေါင်းများစွာဤအချက်နှင့်ပတ်သက်၍ ကျွန်ုပ်ဆောင်ရွက်နေပြီး၊ ကျွန်ုပ်၏ညီအစ်ကိုများကို တိုသောတရားများဟောကြရန်နှင့် မိမိတို့၏အချိန်နှင့်ခွန်အားကို ကျွန်ုပ်တို့၏ပြောဆိုသောအချက်တိုင်း၌ ကျွန်ုပ်တို့၏ဆန့်ကျင်သူများကိုအောင်မြင်ရန် အမှန်တရား၏အရေးကြီးသောအချက်များကို ရှင်းလင်းစွာဖြင့်ဟောပြောကြရပါမည်။ အမှုတော်လုပ်ငန်းနှင့်အဆက်အသွယ်ရှိသူအားလုံးတို့သည် လန်းဆန်းသောအတွေးအခေါ်များကိုထားရှိရမည်။ ထိုနောက် သင်၏ပါးနပ်မှုနှင့်အမြော်အမြင်အားဖြင့် တတ်နိုင်သမျှသင်၏တရားနာပရိသတ်များတို့သည် သင်၏လုပ်ငန်းကိုစိတ်ဝင်စားခြင်းရှိရန် သူတို့အားလုံးကိုခေါ်ဆောင်ရမည်။ Letter 48, 1886. [Ev 178.1]



**အမှန်တရားကိုစိတ်နှလုံးနှင့်ထိတွေ့စေပါ –** ပြောဆိုသောအချက်ဟူသမျှတို့၌ အမှန်တရား၏အသုံးပြုပုံသည် စိတ်နှလုံးကိုထိတွေ့မှုရှိစေပါ။ ကြားရသူတိုင်းနားလည်ကြပြီး ယောကျ်ား၊ မိန်းမ၊ လူငယ်လူရွယ်များအားလုံးဘုရားရှင်၌နိုးကြားထကြွခြင်းရှိစေပါ။ Testimonies to Ministers, p. 258. (1896) [Ev 178.2]

**လွယ်ကူစွာနားလည်သဘောပေါက်ခြင်း –** လွယ်ကူစွာနားလည်ရန်နှုတ်ကပတ်တော်ကိုသာဟောပြောပါ။ မိမိတို့၏မျှော်လင့်ခြင်း၊ ထာဝရအသက်၏ဗဟိုဖြစ်သည့် ယေရှုခရစ်တော်ထံသို့ လူတို့ကိုယခုဆောင်ယူလာပါ။ သူတို့အားဘုရားသခင်၏နှုတ်ကပတ်တော်သို့ခေါ်ဆောင်လာသောအခါ ၎င်းကိုရိုးစင်းသောနည်းဖြင့်ဟောပြောမည်ဆိုလျှင် တရားမျိုးစေ့ကြီးပွားလာလိမ့်မည်။ ထိုနောက် မကြာမီအသီးအနှံကိုရိတ်သိမ်းရလိမ့်မည်။ အစေ့စိုက်ပျိုးခြင်းသည်သင်၏လုပ်ငန်းဖြစ်ပြီး၊ အစေ့ပြန့်ပွားခြင်းသည် ဘုရားသခင်၏လုပသောအလုပ်ဖြစ်သည်။ Letter 34, 1896. [Ev 178.3]

**ဟောပြောခြင်းတိုင်းတွင်လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်း –** လွန်ခဲ့သောအနှစ်နှစ်ဆယ်ကထက် ယခုအချိန်၌လူတို့၏စိတ်နှလုံးများကို ဆွဲဆောင်ရန်ပို၍ခက်သည်။ ပြောင်းလဲခြင်းအချေအတင်စကားများကို အကောင်းဆုံးပြောဆိုကြလိမ့်မည်။ သို့သော် အပြစ်သားများတို့သည် အမြဲလိုပင်ကယ်တင်ခြင်းနှင့်ဝေးနေကြပုံပေါ်ကြောင်းတွေ့ရပါသည်။ ဓမ္မဆရာများတို့သည် ယုံကြည်ခြင်းအကြောင်းဆိုင်ရာ တရားဟောချက်များကို တစ်ခုနောက်တစ်ခုမဟောသင့်တော့ပါ။ လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်းကိုသာ ဟောပြောသောစကားတိုင်း၌ပေါ်လွင်သင့်ပါသည်။ Review and Herald, April 23, 1908.

**သတင်းစကား၏စစ်မှန်သောအရာများကိုဟောပြောခြင်း –** ထူးခြားသောအခါသမယတစ်ခု၌ သရုပ်ဆောင်မင်းသား Betterton သည် ဆရာတော်ဘုန်းကြီး Dr. Sheldon နှင့်အတူစားသောက်လျက်နေကြစဉ်၊ ဆရာတော်သည်သရုပ်ဆောင်မင်းသားအား၊ "မင်းသားကြီး၊ ခင်ဗျားစိတ်ကူးနဲ့ပြောတဲ့အရာ

တွေဟာ တန်ခိုးနဲ့ပြည့်ဝပြီး ပရိသတ်တွေကိုသိပ်ပြီးဆွဲဆောင်နိုင်တာဘာကြောင့်လဲ” ဟုမေးပါသည်။ ထိုအခါမင်းသားပြန်၍ပြောသည်မှာ၊ “ဆရာတော်ကြီး၊ အကြောင်းကတော့ ရှင်းရှင်းလေးပါပဲ။ စိတ်အားထက်သန်မှုရဲ့တန်ခိုးပေါ်မှာ မူတည်ပါတယ်။ ကျွန်တော်တို့စင်မြင့်ပေါ်ရောက်တဲ့အခါ စိတ်ကူးနဲ့ပြောတဲ့အရာတွေကို အမှန်တကယ်ဖြစ်သလို စိတ်အားထက်သန်မှုနဲ့အစစ်အမှန်လို ကျွန်တော်တို့ပြောကြတဲ့အတွက်ဖြစ်ပါတယ်။ ခင်ဗျားတို့ကတော့ တရားပလ္လင်ပေါ်မှာ စစ်မှန်တဲ့အရာတွေကိုစိတ်ကူးယဉ်တဲ့အရာလိုပြောကြပါတယ်” ဆိုပြီး ပြန်ဖြေလိုက်ပါသည်။ Counsels to Teachers, p. 255. (1913) [Ev 179.1]

**ညှိနှိုင်းခြင်းမရှိ –** ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိလူတို့အား အမှန်တရားပြောကြားရာ၌ တွန့်ဆုတ်ခြင်း၊ တောင်းပန်တိုးလျှိုးခြင်းပြုရန်မလိုပါ။ လျှို့ဝှက်ခြင်းကိုရှုတ်ချရမည်။ လူတို့နှင့်ကောင်းကင်တမန်များကိုရင်ဆိုင်ရန် သင်၏အရောင်များ (ကောင်းသောကိုယ်ကျင့်တရားများ) ကိုထင်ရှားစေပါ။ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းဝင်များတို့သည် မှားယွင်းသောအရာများတို့နှင့် ညှိနှိုင်း၍သဘောတူညီခြင်းမပြုကြောင်း လူတို့ကိုနားလည်စေပါ။ သင်၏ယူဆချက်များနှင့်ယုံကြည်ခြင်းတွင် ယိမ်းယိုင်ခြင်းအနည်းငယ်ကိုမျှ မပေါ်လွင်စေရပါ။ လောကီသားတို့သည် ကျွန်ုပ်တို့၌မည်သည့်မျှော်လင့်စရာများရှိနေကြောင်းကို သိခွင့်ရစေပါ။ Manuscript 16, 1890. [Ev 179.2]

**ကျွန်ုပ်တို့၏ကမ္ဘာလုံးဆိုင်ရာသတင်းစကား –** ကျွန်ုပ်တို့သည် ဘုရားသခင်၏အခြေခံအမှန်တရားများ၏ယုံကြည်ခြင်း၌ တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ ကျွန်ုပ်တို့၌ကမ္ဘာလုံးဆိုင်ရာသတင်းစကားတစ်ခုရှိသည်။ ဘုရားသခင်၏ပညတ်တော်နှင့် ယေရှု၏သက်သေခံခြင်းများသည် ကျွန်ုပ်တို့၏လုပ်ငန်းဝန်ထုပ်ကြီးဖြစ်သည်။ Letter 37, 1887. [Ev 179.3]

**ဝိညာဉ်နိုးကြားခြင်းအတွက်ဟောပြောခြင်း –** နောင်တရကြပါ၊ နောင်တရကြပါဟူသောသတင်းသည် တောထဲ၌နှစ်ခြင်းဆရာယောဟန်အားဖြင့် ကြွေးကြော်သောသတင်းစကားဖြစ်သည်။ လူတို့အတွက် ခရစ်တော်၏သတင်းစကားသည်



“သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်” လုကာ ၁၃း၅။ ထို့ကြောင့် နေရာတိုင်း၌ရှိကြသောလူသားများနောင်တရရန်အတွက် တမန်တော်များတို့အားဟောပြောရန် ဘုရားရှင်သည် အမိန့်ပေးခဲ့ပါသည်။ [Ev 179.4]

ယနေ့ဘုရားသခင်သည် မိမိ၏အစေခံများကို ကျွန်ုပ်တို့၏ဧဝံဂေလိအယူဝါဒအဟောင်းဖြစ်သည့် အပြစ်အတွက်ဝမ်းနည်းကြပါ။ နောင်တရ၍မိမိတို့၏အပြစ်များကို ဝန်ချတောင်းပန်ကြပါဟူသောသတင်းစကားကိုဟောပြောရန်အလိုရှိသည်။ ကျွန်ုပ်တို့သည် ခေတ်ဟောင်းတရားဟောချက်များ၊ ခေတ်ဟောင်းဓလေ့ထုံးစံများ၊ ဣသရေလပြည်၌ ခေတ်ဟောင်းမိဘများကိုအလိုရှိသည်။ အပြစ်သားတစ်ဦးသည် ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်သူတစ်ဦးဖြစ်ကြောင်းနှင့် ဘုရားသခင်ထံနောင်တရပြီး သခင်ယေရှုခရစ်ကိုယုံကြည်လာသည်အထိ ကျွန်ုပ်တို့သည်ကြိုးစားကာ စိတ်အားထက်သန်စွာပညာသားပါပါဖြင့်လုပ်ဆောင်ကြရမည်။ Undated Manuscript 111. [Ev 179.5]

**နှစ်သိမ့်ခြင်း၊ တန်ခိုးနှင့်ပြည့်ဝသောဟောပြောခြင်း –** သင်သည် ဧဝံဂေလိသတင်းစကားကို ရှင်းလင်းစွာနားလည်သဘောပေါက်သင့်သည်။ ဘာသာရေးအသက်တာသည် မှောင်မိုက်ခြင်းနှင့်ဝမ်းနည်းခြင်းအသက်တာမဟုတ်ပါ။ ခရစ်တော်နှင့်တူသောဂုဏ်သိက္ခာရှိခြင်းနှင့် သန့်ရှင်းသောလေးနက်မှုပေါင်းစည်းထားသော ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းအသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်အားဖြင့် သံသယစိတ်၊ ကြောက်ရွံ့ခြင်းနှင့်စိတ်ပျက်စရာအန္တရာယ်ကျရောက်တော့မည်ဟုထင်ခြင်းတို့ကို မြတ်နိုးရန်အားမပေးပါ။ ဤအရာများသည် စိတ်နှလုံးသက်သာခြင်းကိုမပေးပါ။ ချီးကျူးခြင်းထက်ပြစ်တင်ခြင်းကိုပြုရပါမည်။ ကျွန်ုပ်တို့သည် ပြော၍မကုန်သောဝမ်းမြောက်ခြင်းနှင့် ဘုန်းတော်ပြည့်ဝခြင်းရှိရမည်။ ကျွန်ုပ်တို့၏ပျင်းရိခြင်းကိုဖယ်ရှားလိုက်ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပို၍အမြဲလေ့လာရပါ

လိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုအစဉ်လိုအပ်ပါက၊ အကယ်၍ဝိညာဉ်တော်ပါရှိခြင်းဖြင့် အစဉ်ဟောပြောလိုပါက ယခုအချိန်ပင်ဖြစ်ပါသည်။ Manuscript 6, 1888. [Ev 180.1]

**ကျေနပ်အားရဖွယ်လက်ရှိအမှန်တရားသတင်းစကား –** ယခု၊ ယခုပင် ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချခြင်းနှင့်တန်ခိုးဖြင့် လက်ရှိအမှန်တရားကိုကြွေးကြော်ဟောပြောရပါလိမ့်မည်။ ဝမ်းနည်းစရာတီးလုံးမျိုးကိုမတီးပါနှင့်၊ ဈာပနအခမ်းအနားသီချင်းမျိုးကိုမဆိုပါနှင့်။ Letter 311, 1905. [Ev 180.2]

**ကြီးမားသောပျက်စီးဆုံးရှုံးမှုအပေါ်မည်ကဲ့သို့ဟောပြောရမည်နည်း –** စွန့်ပစ်ခြင်းခံရသောသူများကို မြှင့်တင်ပေးပါ။ ကြီးမားသောပျက်စီးဆုံးရှုံးခြင်းများကို ဝမ်းနည်းဖွယ်ကောင်းချီးမင်္ဂလာများကဲ့သို့ ပူဆွေးခြင်းများကို ကရုဏာများကဲ့သို့သဘောထားပါ။ စိတ်ပျက်ဖွယ်ရာကောင်းသောနေရာ၌ မျှော်လင့်ခြင်းရတ်တရက်ပေါ်ထွက်လာစေရန်လုပ်ဆောင်ပါ။ Testimonies, vol. 7, p. 272. (1902) [Ev 180.3]

**ကတိုက်ကရိုက်ပြုလုပ်ခြင်းကြောင့် မကောင်းသောဟောပြောခြင်းများကိုဖြစ်စေသည် –** အရာတစ်ခုမှအခြားတစ်ခုသို့ ကတိုက်ကရိုက်ပြုလုပ်ရသောအခါဖြစ်စေ၊ သင်၌လုပ်ဆောင်စရာများစွာရှိသောကြောင့် ဘုရားသခင်နှင့်စကားပြောရန်အချိန်မရှိသောအခါဖြစ်စေ၊ ရှိနေပါက သင်၏လုပ်ငန်း၌တန်ခိုးရရှိရန် သင်မည်ကဲ့သို့မျှော်လင့်မည်နည်း။ ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များမှ နေ့စဉ်ကြွေး၍အသက်မပါသောတရားများကိုဟောပြောရခြင်း၏အကြောင်းရင်းမှာ သူတို့သည် လောကနှင့်ဆိုင်သောအရာအမျိုးမျိုးအားဖြင့် မိမိတို့၏အချိန်နှင့်အာရုံကို ဆွဲဆောင်ခွင့်ပြုခြင်းကြောင့်ဖြစ်သည်။ Testimonies, vol. 7, p. 251. (1902) [Ev 180.4]

**အားနည်းသောဟောပြောခြင်းများကိုရှောင်ပါ –** တို၍ရှင်းလင်းပြီးအချက်များပါရှိသည်။ မတိကျသောအရာအားလုံးကိုရှောင်ရှားပါ။ အကျိုးကြီးမားစွာရရှိလိမ့်မည်။ စည်းဝေးသို့သင်မတက်ရောက်မီ စာရေးခြင်းအားဖြင့်သော်လည်းကောင်း၊ အခြားကိစ္စများအားဖြင့်သော်လည်းကောင်း ဘုရားသခင်သည်



သင်၏ခွန်အားများကိုကုန်ခန်းရန် မပြုလုပ်စေလိုပါ။ အကြောင်းမှာ သင်၏မောပန်းသောစိတ်ကြောင့် လူတို့ကိုမပြည့်စုံသောဟောပြောခြင်းများကိုသာဟောပြောလိမ့်မည်။ သင်၏လုပ်ငန်း၌ လန်းဆန်းသစ်လွင်သောခွန်အားကိုအသုံးပြုပါ။ သင့်ကြိုးစားမှုတိုင်းတို့၌ မပြည့်မစုံသောပြောဆိုခြင်း၊ လုပ်ဆောင်ခြင်းမျိုးကို အနည်းငယ်ကိုမျှလူတို့ကိုမတွေ့မြင်စေပါနှင့်။ [Ev 181.1]

အကယ်၍ကိစ္စတစ်ခုခုကြောင့် သင်မောပန်းပြီးအားအင်ကုန်ခန်းနေပါက ခရစ်တော်၏နာမကိုထောက်ပြီး ဟောပြောခြင်းမပြုပါနှင့်။ သင့်အစားမောပန်းခြင်း၊ အားနည်းခြင်းမရှိသူကို တိုတိုတုတ်တုတ် အချက်ကျကျဟောပြောခိုင်းခြင်း၊ သို့မဟုတ် ကျမ်းစာဖတ်ခြင်းပြုလုပ်ရန်ခိုင်းပါ။ သို့သော်ညံ့ဖျင်းသောဟောပြောခြင်းကိုမပြုလုပ်ပါနှင့်။ ပရိသတ်အားလုံးတို့သည် ယုံကြည်သူများသာဖြစ်ပါက ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အန္တရာယ်နည်းမည်ဖြစ်သည်။ သို့သော် အမှန်တရားကိုမယုံကြည်သောသူများတို့ရှေ့၌ ဟောပြောရမည်ဖြစ်ပါက၊ ဟောပြောသူသည် မိမိကိုယ်ကိုဤလုပ်ငန်းအတွက်ပြင်ဆင်ရလိမ့်မည်။ အေးအေးဆေးဆေးပျင်းရိဖွယ်ဟောပြောခြင်းမပြုရဘဲ ရှင်းလင်းစွာဖြင့်အချက်တစ်ခုပြီးတစ်ခု တိကျစွာဟောပြောခြင်းအားဖြင့် သူဟောပြောသောအချက်များကို သူကိုယ်တိုင်ကောင်းမွန်စွာနားလည်ကြောင်း ပရိသတ်များရှေ့၌ပေါ်လွင်လိမ့်မည်။ Letter 48, 1886. [Ev 181.2]

**အတုအပတန်ဆာဆင်ခြင်းများ –** ဧဝံဂေလိဓမ္မအမှုဆောင်များကို ဘုရားသခင်ခေါ်သောအခါ မိမိတို့၌ရှိသည်ထက် ပို၍အတုအပကိုဆင်မြန်းလျက် လူတို့ရှေ့၌ပြသရန်၊ လူတို့၏ချီးမြှောက်ခြင်း၊ ဩဘာပေးခြင်းကိုခံရရန်၊ ပညာရှိ၍အပြောကောင်းသူတစ်ဦးဖြစ်ကြောင်း သူတစ်ပါးသိစေရန်အတွက်မဟုတ်ပါ။ အမှုဆောင်၏ရည်ရွယ်ချက်သည် သမ္မာကျမ်းစာကိုစေ့စေ့စပ်စပ်ရှာဖွေလေ့လာပြီး ဘုရားသခင်နှင့်မိမိစေလွှတ်တော်မူသောယေရှုခရစ်တော်ကို သိရှိသင့်သမျှသိရန်အတွက်ဖြစ်ပါစေ။ ဓမ္မအမှုဆောင်များတို့သည် ခရစ်တော်ကိုပို၍ရှင်းလင်းစွာသိရှိပြီး သူ၏ဝိညာဉ်ကိုရရှိသောအခါ၊ ရိုးစင်းသောအမှန်တရားဖြစ်သည့်

ခရစ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ဟောပြောချက်၏အချုပ်အခြာဖြစ်ကြောင်း သူတို့သည် ပို၍တန်ခိုးကြီးစွာဖြင့် ဟောပြောနိုင်လိမ့်မည်။ Review and Herald, March 24, 1896.

**''အာဝဇ္ဇန်းရှင်သော'' တရားဟောချက်များ –** ဓမ္မအမှုဆောင်သည် လင်္ကာကဗျာရွတ်ဆိုခြင်းနှင့် စိတ်ကူးယဉ်မှုဖြင့် ဆန်းပြားသောတင်ဆက်မှုများတို့ကို အသုံးပြုနိုင်မည်ဖြစ်ပြီး၊ လူတို့ကိုအထက်အရပ်သို့ခေါ်ဆောင်နိုင်ခြင်းဖြင့် လူတို့၏ခံစားမှုကိုကျေနပ်စေပြီး စိတ်ကူးယဉ်ခြင်းကိုပြည့်ဝစေမည်ဖြစ်သော်လည်း လူတို့၏ရိုးရိုးအသက်တာဘဝ၏ဗဟုသုတကို အကျိုးမပြုနိုင်ခြင်း၊ နေ့စဉ်လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ခြင်းနှင့် မိမိတို့အတွက်အိမ်သို့ယူဆောင်သွားရမည့် စိတ်ဝင်စားဖွယ်အရေးအကြီးဆုံးအမှန်တရားများကို မရရှိကြပါ။ ချက်ချင်းလိုအပ်ချက်များ၊ လက်ရှိစုံစမ်းခြင်းများ၊ လိုအပ်သောလက်ရှိအမအစနှင့်ခွန်အား၊ မေတ္တာဖြင့်အလုပ်လုပ်သောယုံကြည်ခြင်းနှင့် ဝိညာဉ်ကိုဖြူစင်စေခြင်းများတို့ကို ကျွန်ုပ်တို့၏နေ့စဉ်လျှောက်လှမ်းရမည့် လက်တွေ့ခရစ်ယာန်အသက်တာဘဝအတွက် စစ်မှန်သောတန်ခိုးဩဇာမပါသောစကားများအားဖြင့် ရရှိနိုင်ခြင်းမရှိပါ။ [Ev 182.1]

ဓမ္မအမှုဆောင်သည် သူ၏စိတ်ကူးယဉ်သော အာဝဇ္ဇန်းကောင်းခြင်းဖြင့် ဘုရားသခင်၏သိုးစုကိုကျွေးမွေးရာ၌ ကြီးမားသောအရာများကိုပြုလုပ်နိုင်သည်ဟု ထင်မည်ဖြစ်သည်။ ကြားနာရသောသူများအနေဖြင့် ဤလုပသောရည်ရွယ်ချက်များကို တစ်ခါမျှမကြားခဲ့ရခြင်း၊ လှပသောဘာသာစကားဖြင့် အမှန်တရားကိုတန်ဆာဆင်ခြင်းများကို သူတို့တစ်ခါမျှမမြင်ခဲ့ရခြင်းနှင့် ဘုရားသခင်၏အကြောင်းကို သူတို့ရှေ့၌ကြီးမားသည်ဟုတွေ့မြင်ရသည့်တင်ဆက်ခြင်းကြောင့် သူတို့၏စိတ်လှုပ်ရှားမှုပွင့်လင်းလာသည်ဟု ခံစားရပါသည်။ သို့သော် အကြောင်းရင်းနှင့်ဖြစ်ပျက်မှုကိုသုံးသပ်ကြည့်သောအခါ ဤပီတိသောမနသဖြစ်ရခြင်း၏ခံစားချက်သည် စိတ်ကူးယဉ်အာဝဇ္ဇန်းရှင်သောဟောပြောတင်ဆက်ခြင်းအားဖြင့်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းအထဲ၌ အမှန်



တရားပါရှိမည်ဖြစ်ပါသည်။ သို့သော် များသောအားဖြင့် ၎င်းတို့သည် ကြားနာရသူများတို့၏နေ့စဉ်အသက်တာတိုက်ပွဲအတွက် သူတို့ကိုအကာအကွယ်ပေးနိုင်မည့်ဝိညာဉ်အစာမဟုတ်ပါ။ Manuscript 59, 1900. [Ev 182.2]

**ဘေးပန်းအကြောင်းအရာများကိုထည့်သွင်းခြင်း –** သူတို့သည် အရေးမကြီးသောအရာအားလုံးကို အလင်းတစ်ခုတည်း၌ သေချာစွာမမြင်နိုင်သည့်အတွက် သီးခြားနေခြင်းသည် အခွင့်အရေးတစ်ခုဟု ညီအစ်ကိုတို့မခံစားသင့်ကြပါ။ အကယ်၍ သူတို့သည် အခြေခံကျသောအမှန်တရားများအပေါ် သဘောတူကြပါက သေးငယ်၍အမှန်အရေးကြီးသောကိစ္စများနှင့်ပတ်သက်၍ သူတို့သည် ခွဲခြားခြင်းနှင့်ဆန့်ကျင်ခြင်းမပြုသင့်ကြပါ။ အရာအားလုံးသည် အရေးအလွန်ကြီးသောအပြစ်ဒဏ်မရှိဟု ရှုပ်ထွေးသောမေးခွန်းများအပေါ်အမှီပြုနေခြင်းသည် လွန်စွာအရေးကြီးသော ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် စိတ်နှလုံးကို အမှန်တရားများထံမှဝေးကွာသွားစေရာရောက်သည်။ ညီအစ်ကိုများတို့သည် အများအားဖြင့် မိမိတို့ကိုယ်တိုင်နားမလည်သောဘေးပန်းအကြောင်းအရာများ၊ ကယ်တင်ခြင်းအတွက်မလိုအပ်သောအမှန်တရားဖြစ်သည်ဟု သူတို့မသိသောအချက်အလက်များတို့ကို တွန်းအားပေးခြင်း၌ အထူးကိုယ်နှုတ်စောင့်စည်းသင့်ကြသည်။

တချို့သောမထင်ရှားသည့်အရာ၊ အရေးမကြီးသောအချက်၊ ကောင်းစွာဖော်ပြခြင်းမရှိ၊ သို့မဟုတ် ကယ်တင်ခြင်းအတွက်မလိုအပ်သည့်အရာများထံသို့ လူတို့၏စိတ်ကိုပြောင်းလဲလိုက်ခြင်းသည် ရန်သူမာရ်နတ်၏အကြံအစည်ဖြစ်ကြောင်း ကျွန်ုပ်အားပြသသည်။ ဤလုပ်ရပ်သည် အမှန်တရား၏သန့်ရှင်းခြင်းကို တစ်သဘောတည်းရှိစေရန် ရှာဖွေသင့်သောသူတချို့တို့အတွက် သူတို့၏လေ့လာရှာဖွေခြင်းနှင့်ထင်မြင်ယူဆချက်ကြောင့် ပို၍မထင်မရှားစေခြင်းနှင့် ရှုပ်ထွေးစေခြင်းကိုဖြစ်စေပြီး လက်ရှိအမှန်တရားကိုပျက်စီးစေသည်။ Undated Manuscript 111. [Ev 182.4]

**ခိုင်မာသောအမှန်တရားကိုဟောပြောပါ –** အကယ်၍ ကျွန်ုပ်တို့သည် စိတ်ကို လက်လွှတ်စပယ်ထားပြီး ထိန်းချုပ်ထားခြင်းမရှိပါက ခရစ်တော်ကို မိမိတို့၏မျှော်လင့်ရာအဖြစ်ထားရှိသူများ၊ အမှန်တရားကိုရိုးသားစွာခင်တွယ်သူများနှင့် အမှန်တကယ်အရေးမကြီးသောအကြောင်းအရာများအပေါ် ဆန့်ကျင်သည့် ယူဆချက်ရှိသူများတို့အနေဖြင့် အငြင်းပွားရန်မရေတွက်နိုင်သော ခြားနားချက်များစွာရှိပေလိမ့်မည်။ ဤမဖြေရှင်းနိုင်သည့်မေးခွန်းများကို အများရှေ့၌တင်ပြဆွေးနွေးဖြေရှင်းသင့်ခြင်း၊ သို့မဟုတ် အကယ်၍တစ်ဦးတည်းတာဝန်ယူဖြေရှင်းလိုပါက အငြင်းပွားခြင်းမရှိစေဘဲ တိတ်တဆိတ်ဖြင့်ဖြေရှင်းသွားသင့်ပါသည်။ [Ev 183.1]

မြင့်မြတ်ဆက်ကပ်၍ ဝိညာဉ်ရေးနှင့်ပြည့်ဝသောအမှုဆောင်တစ်ဦးသည် ကြီးမား၍ခိုင်မာသောအမှန်တရားများကို ကမ္ဘာသို့ဟောပြောရမည့် လေးနက်သောသတင်းစကားဖြစ်ကြောင်း သေးငယ်သည့်ခြားနားချက်ဟူသမျှကို ခိုက်ရန်ဖြစ်ပွားစေရန် ဖော်ပြခြင်းမပြုဘဲ လုံလောက်သောအကြောင်းရင်းကြောင့် လျှို့ဝှက်ထားသင့်ကြောင်း တွေ့မြင်ပေလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်ကို ကြီးမားသောကယ်တင်ခြင်းလုပ်ငန်းအပေါ်၊ ခရစ်တော်မကြာမီကြွလာတော့မည့်အပေါ်နှင့် ဘုရားသခင်၏ပညတ်တော်အပေါ်ထားရှိစေပါ။ ဤအကြောင်းအရာအားလုံးကိုအာရုံပြုခြင်းဖြင့် စဉ်းစားဆင်ခြင်ရန် လုံလောက်သောဝိညာဉ်အစာကို သင်တွေ့ရှိရလိမ့်မည်။ Review and Herald, Sept. 11, 1888. [Ev 183.2]

**တရားဟောချက်ဝေ့ခြင်း၏အသံ –** တိုတိုဟောပြောပါ၊ သင်၏အသံကို ထိန်းချုပ်ပါ။ [See also pp, 665-670, "The Voice of the Gospel Worker"] တတ်နိုင်သမျှ သာယာသောကရုဏာသံဖြင့်ပြောဆိုပြီး ရှည်လျားစွာဟောပြောခြင်းကြောင့် သင်၏အင်အားကိုကုန်ခန်းစေမည့်အရာကိုရှောင်ရှားပါ။ [Ev 183.3]



ထိရောက်သောဟောပြောခြင်းများစွာတန်ခိုးအရှိန်ပျောက်ဆုံးရခြင်းသည် သတင်းစကားကိုပြောဆိုခြင်း၏အမှုအရာကြောင့်ဖြစ်သည်။ စကားပြောသောသူသည် မိမိကိုယ်ကိုမကြာခဏ ဘုရားသခင်၏စေတမန်တစ်ဦးဖြစ်ကြောင်းနှင့် သူ၏တရားနာပရိသတ်များထဲ၌ ခရစ်တော်နှင့်ကောင်းကင်တမန်များပါရှိကြောင်း မေ့သွားတတ်သည်။ သူ၏အသံသည် စူးရှသောအသံ၊ တံပိုးခရာသံကဲ့သို့ကျယ်လောင်သောအသံမဖြစ်စေရပါ။ အကြောင်းမှာ ငြိမ်သက်သောစိတ်ဓာတ်နှင့်ဝိညာဉ်တော်တန်ခိုးထက် တန်ခိုးသက်ရောက်မှုနည်းခြင်းကြောင့်ဖြစ်သည်။ အကြီးမားဆုံးသောဆရာ၊ ယေရှုခရစ်တော်သည် သူ၏ဟောပြောခြင်းများ၌ တည်ငြိမ်ခြင်း၊ စိတ်အားထက်သန်ခြင်း၊ ထိမိခြင်းရှိကြောင်း လူသားတိုင်းအမြဲပင်သိရှိခဲ့သည်။ သူသည် အရာခပ်သိမ်းတို့၌ ကျွန်ုပ်တို့၏ပုံသက်သေဖြစ်သည်။ Letter 47, 1886. [Ev 183.4]

**ပြင်းထန်သောလက်ဟန်ခြေဟန်ဖြင့်စကားပြောခြင်း –** ဘုရားသခင်သည် သင့်အားအမှန်တရားဟောပြောခြင်း၌ သင်၏ဟန်အမူအရာကို မှန်ကန်သောတိုးတက်မှုဖြင့် ပြုလုပ်ရန်ခေါ်တော်မူသည်။ သင့်အားသူတစ်ပါးစိတ်ဝင်စားရန်မလိုပါ။ ဘုရားသခင်၏သားတော်ယေရှုသည် နှုတ်ကပတ်တော်ကိုဟောပြောသကဲ့သို့ သင်သည်လည်း နှုတ်ကပတ်တော်ကိုဟောပြောပါ။ ပြင်းထန်သောလက်ဟန်ခြေဟန်ဖြင့်စကားပြောခြင်းသည် လူတို့၏စိတ်နှလုံးသားထဲ၌ အမှန်တရား၏တန်ခိုးထိရောက်မှုကို လွန်စွာအဟန့်အတားဖြစ်စေပြီး ဘုရားသခင်၏ဝိညာဉ်တော်တန်ခိုးအရှိန်အဟုန်ပေါ်လွင်ခြင်းများကိုလည်း လျော့နည်းစေပါသည်။ ၎င်းတို့သည် ဘုရားသခင်၏လေးနက်သောနှုတ်ကပတ်တော်တန်ခိုးသက်ရောက်မှုကို သန့်ရှင်းသောကောင်းကင်တမန်များမှ လူတို့၏စိတ်နှလုံးထဲ၌ရှိစေရန်ဆန္ဒရှိခြင်းကို ပျက်စီးစေသည်။ [Ev 184.1]

ကျွန်ုပ်၏ညီအစ်ကိုတို့၊ သင့်အတွက်သတင်းစကားတစ်ခုကို ကျွန်ုပ်အားဘုရားသခင်ပေးခဲ့သည်။ ဧဝံဂေလိဓမ္မအမှုဆောင်တစ်ဦးသည် အလွန်လေးနက်၍ သန့်ရှင်းသောအလုပ်၌လုပ်ဆောင်နေရပါသည်။ စည်းဝေးတိုင်း၌

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောသည့်နေရာတွင် ကောင်းကင်တမန်များရှိပြီး ဤစည်းဝေးများကိုကျင်းပသောသူတို့သည် အရေးတကြီးလေးနက်စွာဖြင့် မိမိ၏သွန်သင်ခြင်းများ၌ ခရစ်တော်ဖော်ပြသကဲ့သို့ဆောင်ရွက်ကြရမည်။ သမ္မာကျမ်းစာအမှန်တရားကိုတင်ဆက်ဟောပြောခြင်းတိုင်း၌ မှန်သောပုံစံကိုချထားရမည်။ Letter 366, 1906. [Ev 184.2]

## ခရစ်တော်ကိုဗဟိုပြုသောသတင်းစကား

**ဆွဲဆောင်မှုကြီးမားသောဗဟိုဌာနဖြစ်သည့်ယေရှုခရစ်တော် –** ကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကား၌ ပညတ်တော်လေးပါးတစ်ပါးဖြစ်သည့် ဥပုသ်တော်နေ့အကြောင်းကို တင်ဆက်ဟောပြောရမည်ဖြစ်ပြီး ဤအမှန်တရားကို ကမ္ဘာတစ်ဝန်းသို့ဟောပြောရမည်။ သို့သော် ကြီးမားသောဆွဲဆောင်မှု၏ဗဟိုအချက်အချာဖြစ်သော ယေရှုခရစ်တော်ကို ဤကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကားအထဲ၌ ချန်ထားခြင်းမပြုရပါ။

အပြစ်သားသည် ကရာနိကုန်းပေါ်သို့အမြဲကြည့်ရမည်ဖြစ်ပြီး ကလေးတစ်ဦး၏ရိုးစင်းသောယုံကြည်ခြင်းဖြင့် ခရစ်တော်၏ကောင်းမှုများအပေါ်မှီခိုကာ သူ၏ဖြောင့်မတ်ခြင်းကိုလက်ခံပြီး သူ၏ကရုဏာကိုယုံကြည်ရမည်။ အမှန်တရား၏လုပ်ငန်းကိုဆောင်ရွက်သောသူများတို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို တင်ဆက်ဟောပြောသင့်ကြသည်။ Review and Herald, March 20, 1894. [Ev 185.1]

**ခရစ်တော်ကိုမြှောက်တင်ပါ –** ခရစ်တော်ကပ်တိုင်ပေါ်ရိုက်ထားခြင်း၊ ခရစ်တော်ထမြောက်ခြင်း၊ ခရစ်တော်ကောင်းကင်ပေါ်သို့တက်ကြွသွားခြင်း၊ ခရစ်တော်တစ်ဖန်ကြွလာမည်ဖြစ်ခြင်းအကြောင်းတို့သည် ဓမ္မအမှုဆောင်၏စိတ်ထဲ၌ နူးညံ့ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝစွာရှိနေသင့်ပြီး ဤအမှန်တရားကို လူတို့အားမေတ္တာဖြင့် စိတ်အားထက်သန်စွာတင်ဆက်ဟောပြောရမည်။



ဓမ္မဆရာသည် မိမိကိုယ်ကိုမေ့ပျောက်ပြီး ယေရှုကိုသာလျှင်ပေါ်လွင်ထင်ရှားစေလိမ့်မည်။ [Ev 185.2]

လူတို့ကိုသွန်သင်သောသူတို့ ယေရှုကိုမြှောက်တင်ပါ။ မိမိတို့၏တရားဟောချက်အထဲ၊ သီဆိုသောသီချင်းအထဲ၊ ဆုတောင်းခြင်းအထဲ၌ သူ့ကိုမြှောက်တင်ပါ။ သင်၏တန်ခိုးအားလုံးတို့သည် စိတ်ရှုပ်ထွေးသော၊ ပျောက်ဆုံးသောဝိညာဉ်များကို "ဘုရားသခင်၏သိုးသငယ်" ထံသို့လမ်းညွှန်ပြစေပါ။ ထမြောက်သောကယ်တင်ရှင်ယေရှုကိုမြှောက်တင်ပါ။ ကြားရသူအားလုံးကိုပြောပါ။ "ကျွန်ုပ်တို့ကိုချစ်ပြီး ကျွန်ုပ်တို့အတွက် မိမိအသက်ကိုပေးသောယေရှုထံသို့လာပါ။" ကယ်တင်ခြင်းသိပ္ပံသည် ကျွန်ုပ်တို့တရားဟောချက်တိုင်း၏ဝန်ထုပ်၊ သီချင်းတိုင်း၏ဆောင်ပုဒ်ဖြစ်စေပါ။ အသနားခံဆုတောင်းခြင်းတိုင်း၌ ဖော်ပြတောင်းဆိုစေပါ။ ဘုရားသခင်၏ဉာဏ်တော်နှင့်တန်ခိုးတော်ဖြစ်သည့် ခရစ်တော်ကိုဖြည့်စွက်ပေးသော မည်သည့်အရာကိုမျှ သင်၏ဟောပြောခြင်းထဲ၌မထည့်သွင်းပါနှင့်။ အသက်ရှိသောနှုတ်ကပတ်ကိုကိုင်ဆွဲထားပါ။ နောင်တရသူတို့၏မျှော်လင့်ခြင်းနှင့် ယုံကြည်သူတိုင်းတို့၏ခံတပ်ဖြစ်သည့် ယေရှုအကြောင်းကိုသာဟောပြောပါ။ ဒုက္ခရောက်သူနှင့်မျှော်လင့်ခြင်းကင်းမဲ့သူတို့အား ငြိမ်သက်ခြင်းလမ်းကိုဖော်ပြပေးပြီး ကယ်တင်ရှင်၏ကျေးဇူးတော်နှင့်ပြည့်စုံကုံလုံခြင်းကိုလည်း ဖော်ပြပေးပါ။ Gospel Workers, pp. 159, 160. (1915) [Ev 185.3]

**ဟောပြောခြင်းတိုင်း၌ –** ကျွန်ုပ်တို့ထင်သည်ထက် ခရစ်တော်ထံသို့လမ်းကိုရှာပြီးသွားလိုကြသောသူပိုများကြသည်။ ကရုဏာ၏နောက်ဆုံးသောသတင်းကို ဟောပြောသောသူတို့သည် ခရစ်တော်ကိုအပြစ်သားခိုလှုံရာအဖြစ်မိမိတို့၏စိတ်ထဲ၌ ချီးမြှင့်သင့်သည်။ တချို့သောဓမ္မအမှုဆောင်များတို့သည် နောင်တရခြင်းအကြောင်းနှင့်ယုံကြည်ခြင်းအကြောင်းကို ဟောပြောရန်မလိုဟုထင်ကြသည်။ သူတို့၏တရားနာပရိသတ်များတို့သည် ဤဧဝံဂေလိသတင်းစကားနှင့်ရင်းနှီးထားပြီးသားဖြစ်သည်ဟု သူတို့ယူဆသည့်အတွက် သူတို့၏

အာရုံကိုဆွဲဆောင်နိုင်ရန် ဤအကြောင်းအရာများကို အခြားသောပုံစံဖြင့်ဟောပြောရလိမ့်မည်ဟုထင်ကြသည်။ သို့သော်များစွာသောသူတို့သည် ကယ်တင်ခြင်းစီမံကိန်းကိုမသိရသည့်အတွက် ဝမ်းနည်းဖွယ်ရာဖြစ်သည်။ သူတို့သည် အခြားအရာတို့ထက် ဤအရေးကြီးသောအကြောင်းအရာကို သူတို့အားပို၍သင်ကြားရန်လိုအပ်သည်။ [Ev 185.4]

လူတို့သည် အမှန်တရား၏ချိတ်ဆက်မှုများ တစ်ခုနှင့်တစ်ခုဆက်နွှယ်နေပြီး တစ်ခုလုံးပြည့်စုံစွာရှိနေကြောင်းတွေ့မြင်နိုင်ရန် စာတွေ့ဟောပြောခြင်းလိုအပ်သည်။ သို့သော် ဧဝံဂေလိတရား၏အခြေအမြစ်ကဲ့သို့ ခရစ်တော်နှင့်သူ၏ကပ်တိုင်ပေါ်ရိုက်ထားခြင်းအကြောင်းကို မည်သည့်ဟောပြောခြင်း၌မျှမပါရှိဘဲ ဟောပြောခြင်းမပြုသင့်ပါ။ အကယ်၍ ဓမ္မအမှုဆောင်များတို့သည် လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်းအပေါ် အသက်ရှင်ကြပါက သူတို့သည် လူတို့၏နှလုံးသားများကို ပို၍ဆွဲဆောင်နိုင်လိမ့်မည်။ Gospel Workers, pp. 158, 159. (1915) [Ev 186.1]

**ဗဟုသုတမှခရစ်တော်အကြောင်းကိုဟောပြောခြင်း –** ခရစ်တော်၏ပြည့်စုံခြင်းကိုဟောပြောရန် အမှုဆောင်တိုင်းအတွက် ဝန်ထုပ်တစ်ခုဖြစ်စေရမည်။ အခမဲ့ဖြစ်သော ခရစ်တော်၏ဖြောင့်မတ်ခြင်းကို မဟောမပြောသောအခါ၊ ဟောပြောခြင်းများတို့သည် ခြောက်သွေ့၍ ဝိညာဉ်မပါသောကြောင့် သိုးနှင့်သိုးကလေးများအစာမဝရခြင်းဖြစ်သည်။ ရှင်ပေါလုပြောခဲ့သည်မှာ၊ “ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့်ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွရှိသည်မဟုတ်။ ဝိညာဉ်တော်၏နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွရှိ၏။” ဧဝံဂေလိသတင်းစကား၌ ရိုးတွင်းချဉ်ဆီနှင့်ဆူဖြိုးခြင်းရှိသည်။ ယေရှုသည် အရာခပ်သိမ်း၏အသက်ဗဟိုအချက်အချာဖြစ်သည်။ တရားဟောချက်တိုင်း၌ ခရစ်တော်ကိုထည့်သွင်းဟောပြောပါ။ တန်ဖိုးကြီးခြင်း၊ ကရုဏာနှင့်ယေရှုခရစ်၏ဘုန်းတော်သည် မျှော်လင့်ခြင်း၏ဘုန်းတန်ခိုးတော်ဖြစ်သောခရစ်တော်သည် စိတ်နှလုံးအတွင်း၌ကိန်းအောင်းပါစေ။ [Ev 186.2]



ကျွန်ုပ်တို့၏ကိုယ်ပိုင်ဗဟုသုတမှ ခရစ်တော်၏တန်ဖိုးကြီးခြင်းကိုစုစည်းလျက် ပြိုးပြိုးပြက်ပြက်ထွန်းတောက်သော တန်ဖိုးရှိရတနာတစ်ခုကဲ့သို့ သူတစ်ပါးထံဟောပြောကြပါစို့။ ထို့ကြောင့် ထောင်ပေါင်းများစွာထဲမှ အကြီးဆုံးနှင့်ချစ်ဖွယ်အကောင်းဆုံးခရစ်တော်ထံသို့ အပြစ်သားကိုဆွဲဆောင်နိုင်လိမ့်မည်။ ကရာနိ၏ကပ်တိုင်သည် ကျွန်ုပ်တို့အတွက် ထာဝရအသက်၏ကတိဝန်ခံချက်တစ်ခုဖြစ်သည်။ ခရစ်တော်၌ယုံကြည်ခြင်းသည် ရိုးသားစွာယုံကြည်သူအတွက် အရာခပ်သိမ်းဖြစ်သည်။ ယေရှု၏ကောင်းမှုများတို့သည် ကျွန်ုပ်တို့၏လွန်ကျူးခြင်းများကိုဖယ်ရှားပစ်ပြီး ကျွန်ုပ်တို့ကိုကောင်းကင်ရက်ကန်းစင်၌ရက်လုပ်ထားသော ဖြောင့်မတ်ခြင်းဝတ်လုံဖြင့် ဝတ်ခြုံထားသည်။ အသက်သရဖူကို ကျွန်ုပ်တို့အားဂုဏ်ပြုသောအားဖြင့် ဒုက္ခ၏အဆုံးတွင်ပေးရန် ကျွန်ုပ်တို့၏ရှေ့၌ချထားလျက်ရှိသည်။ ဤတန်ဖိုးရှိသောအမှန်တရားတို့သည် အသက်ရှင်သောအကျင့်စာရိတ္တများအဖြစ် ကျွန်ုပ်တို့ပြသရလိမ့်မည်။ Review and Herald, March 19, 1895. [Ev 186.3]

**ကျွန်ုပ်တို့၏ဟောပြောခြင်းများအတွက်ဆောင်ပုဒ်များ –** ဤအရာများတို့သည် ကျွန်ုပ်တို့၏ဆောင်ပုဒ်များဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်များအတွက် ခရစ်တော်ကပ်တိုင်ပေါ်ရိုက်ထားခံရခြင်း၊ သေခြင်းမှခရစ်တော်ထမြောက်ခြင်း၊ ဘုရားသခင်ရှေ့၌ ခရစ်တော်သည် ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူဖြစ်ခြင်းနှင့် ဤအရာများတို့နှင့်နီးကပ်စွာဆက်နွှယ်လျက်ရှိသော သန့်ရှင်းသောဝိညာဉ်တော်၏ရုံးလုပ်ငန်း၊ ခရစ်တော်၏ကိုယ်စားလှယ်၊ မွန်မြတ်သောတန်ခိုးဖြင့်စေလွှတ်ခြင်းနှင့် လူတို့အတွက်ဆုကျေးဇူးများဖြစ်သည်။ Letter 86, 1895. [Ev 187.1]

သူ၏ကြိုတင်တည်ရှိနေခြင်း၊ ဘုန်းတော်နှင့်တန်ခိုးဖြင့် သူ၏ဒုတိယအကြိမ်ကြွလာခြင်း၊ သူ၏ကိုယ်တိုင်ဂုဏ်သိက္ခာ၊ သူ၏သန့်ရှင်းသောတရားတော်ကိုချီးမြှင့်ခြင်းတို့သည် ရိုးစင်းခြင်းနှင့်တန်ခိုးဖြင့်တည်ရှိသောဆောင်ပုဒ်များဖြစ်သည်။ Letter 83, 1895. [Ev 187.2]

**မှန်ကန်သောသတင်းစကား –** မှန်ကန်သောသတင်းစကားတစ်ခုကို တိကျသောအသံဖြင့်သယ်ဆောင်ပါ။ ကရာနိ၏ပုဂ္ဂိုလ်ခရစ်တော်ကို မြင့်သည်ထက်မြင့်အောင်မြှောက်တင်ပါ။ ခရစ်တော်၏ကပ်တိုင်ကိုမြှောက်တင်ခြင်း၌ တန်ခိုးရှိသည်။ [Ev 187.3]

ခရစ်တော်အကြောင်းကိုဟောပြောရမည်။ ငြင်းခုံခြင်းအားဖြင့်မဟုတ်ဘဲ တိကျမှန်ကန်စွာဖြင့်ဟောရမည်။ သင်၏ရပ်တည်ခြင်းအပေါ် ငြင်းခုံခြင်းမပါရှိစေပါနှင့်။ သင်၏စကားလုံးများ၌ အချိန်တိုင်းတွင်မသေချာသောအရာမပါရှိစေပါနှင့်။ အသက်ရှင်သောဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏အခြေခံအုတ်မြစ်ဖြစ်ရမည်။ ကမ္ဘာကြီး၏အပြစ်များအတွက် ခရစ်တော်ပေးဆပ်ခဲ့သည့်အချက်နှင့်ပတ်သက်သော အခိုင်လုံဆုံးနှင့်မှန်ကန်သည့်အဆိုအမိန့်များကိုစုဆောင်းပါ။ ဤပေးဆပ်ခဲ့ခြင်းအတွက် လိုအပ်ချက်ကိုပြပြီး အကယ်၍သူတို့သည်နောင်တရပြီး ဘုရားသခင်၏တရားတော်သို့ သစ္စာရှိစွာဖြင့်ပြန်၍လှည့်လာပါက ကယ်တင်ခြင်းရမည်အကြောင်း သူတို့ကိုပြောပါ။ ခရစ်တော်အားမိမိတို့၏တစ်ဦးတည်းကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်သူအားလုံးအတွက် ဧဝံဂေလိသတင်းစကားသည် ကယ်တင်ခြင်း၏ဝမ်းမြောက်ဖွယ်သတင်းစကားဖြစ်ကြောင်း မှန်သောအရာများနှင့်သက်သေပြချက်များအားလုံးကို စုစည်းရယူပါ။ Letter 65, 1905. [Ev 187.4]

**ကာဣနနှင့်၏ပူဇော်ခြင်းနှင့်တူသောတရားဟောချက် –** ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များစွာတို့သည် တရားကိုသာဟောကြသည်။ သူတို့သည် ငြင်းခုံတတ်သောနည်းဖြင့် အကြောင်းအရာများကိုဟောပြောပြီး ရွေးနုတ်ရှင်၏ကယ်တင်ခြင်းတန်ခိုးကိုဖော်ပြရာ၌ နည်းပါးလှသည်။ သူတို့၏သက်သေခံခြင်း၌ ခရစ်တော်၏ကယ်တင်ခြင်းအသွေးတော်အကြောင်းမပါရှိပါ။ သူတို့၏ပူဇော်ခြင်းသည် ကာဣနပူဇော်ခြင်းကိုပုံဆောင်သည်။ ကာဣနသည် မြေ၏အသီးကို ဘုရားသခင်ထံယူဆောင်လာသည်။ အသီးကိုယ်၌ ဘုရားသခင်၏ရှေ့မှောက်တွင် လက်ခံနိုင်ဖွယ်ဖြစ်သည်။ အလွန်ကောင်းသောအသီးများဖြစ်သည်။





သို့သော် ပူဇော်သကာ၏အရည်အသွေး၌ ခရစ်တော်၏အသွေးကိုပုံဆောင်သော အသေသတ်ခြင်းခံရသည့်သိုးသငယ်၏အသွေးမပါရှိပါ။ ထိုကြောင့် ၎င်းသည် ခရစ်တော်မပါသောတရားဟောချက်များဖြစ်သည်။ သူတို့အားဖြင့် လူတို့၏စိတ်နှလုံးကိုထိခိုက်မှုမရှိစေပါ။ လူတို့၌ “ငါကယ်တင်ခြင်းရဖို့ဘာလုပ်ရမလဲ” ဟူသည့်စုံစမ်းလိုစိတ်ကိုလည်း မဖြစ်ပေါ်စေပါ။ ခရစ်ယာန်အမည်ခံသောသူများအားလုံးအထဲ၌ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းဝင်များတို့သည် ကမ္ဘာ့ရှေ့မှောက်၌ ခရစ်တော်ကိုပထမဦးဆုံးနေရာ၌ အကောင်းဆုံးမြှောက်တင်ထားသူများဖြစ်သင့်သည်။ Gospel Workers, p. 156. (1915) [Ev 187.5]

**ရှင်းလင်း၊ ရိုးစင်းသောဟန်အမူအရာဖြင့် –** ယေရှု၌ရှိသကဲ့သို့ ဓမ္မအမှုဆောင်များတို့သည် အမှန်တရားကိုပို၍ရှင်းလင်းရိုးစင်းသောဟန်အမူအရာဖြင့် ဟောပြောရမည်။ သူတို့ကိုယ်တိုင်၏စိတ်သည် ကြီးမားသောကယ်တင်ခြင်းစီမံကိန်းကို ပို၍ပြည့်စုံစွာနားလည်ရန်လိုသည်။ သို့မှသာ သူတို့သည် ကြားနာရသောသူများတို့၏စိတ်ကို လောကအရာများမှ ဝိညာဉ်ရေးနှင့်ဆိုင်သောထာဝရအရာသို့ပို့ဆောင်နိုင်လိမ့်မည်။ ကယ်တင်ခြင်းရရန်မည်ကဲ့သို့ပြုလုပ်ကြရမည်အကြောင်း သိလိုသူများစွာရှိသည်။ သူတို့၏ပြောင်းလဲရန်လိုအပ်သည့်အဆင့်များကို ရှင်းလင်းပြတ်သားစွာရှင်းပြခြင်းကိုလိုလားကြပြီး တရားဟောချက်ထဲ၌ အထူးသဖြင့်အပြစ်သားများကယ်တင်ခြင်းရရန် ခရစ်တော်ထံလာနိုင်ကြောင်းနည်းလမ်းကို ရှင်းလင်းချက်မပါရှိဘဲ ဟောပြောခြင်းမပြုသင့်ပါ။ ဓမ္မဆရာများတို့သည် သူတို့အားလူထုပရိသတ်များကို ရိုးစင်းစွာဖြင့် “ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့” ဟု ယောဟန်သည် သူတို့၏စိတ်ကို ခရစ်တော်၏မေတ္တာဖြင့်လန်းဆန်းတောက်ပစေရန်ပြောသကဲ့သို့ ပြောကြရမည်။ အပြစ်သားများနောင်တရပြီး ပြောင်းလဲရန်အတွက်ပြင်းထန်၍ စိတ်အားထက်သန်စွာဖြင့်ဖိတ်ခေါ်သင့်ကြသည်။ Review and Herald, Feb. 22, 1887. [Ev 188.1]

**ယေရှု၌ရှိသောအမှန်တရားကဲ့သို့** – ခရစ်တော်ပေးသော လွယ်ကူသည့် သင်ခန်းစာများကိုသင်ပေးပါ။ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဆက်ကပ်ခြင်း၊ သူ၏ အရှက်ခွဲခံခြင်းနှင့်သေခြင်း၊ သူ၏ရှင်ပြန်ထမြောက်ခြင်းနှင့်တက်ကြွသွားခြင်း၊ အပြစ်သားများအတွက် ကောင်းကင်တရားရုံး၌ သူ၏ဝင်ရောက်ဖျန်ဖြေ တောင်းပန်ပေးခြင်းအကြောင်းအရာများဖြစ်သည့် ခရစ်တော်၏အသက်တာ ပုံပြင်ကိုပြောပါ။ ပရိသတ်အစုအဝေးများအထဲ၌ ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်လှုပ်ရှားသောသူများရှိသည်။ အမှန်တရားသည် မည်သည့်အရာ ဖြစ်ကြောင်းကို နားလည်ရန်သူတို့ကိုမစပါ။ အသက်မုန့်ကိုဖွဲ့၍ကျွေးပါ။ သူတို့ ၏အာရုံကို အရေးကြီးသောမေးခွန်းများဖြင့်ခေါ်ဆောင်ပါ။ [Ev 188.2]

အမှားများကိုထောက်ခံပြောဆိုသောအသံများစွာရှိသည်။ သင်၏အသံ သည် အမှန်တရားကိုထောက်ခံပြောဆိုစေပါ။ ဘုရားသခင်၏သိုးခြံထဲရှိသိုးများ အတွက် စိမ်းလန်းသောမြက်ခင်းဖြစ်မည့်အကြောင်းအရာများကိုဟောပြောပါ။ သင်၏တရားနာပရိသတ်များတို့အား သင်၏ပြောသောစကားကိုမကြားရသေး မီအချိန်ကထက် အသက်စမ်းရေနှင့်ပို၍မနီးစေသောနေရာသို့ ပို့ဆောင်ခြင်း မပြုပါနှင့်။ ယေရှု၌ရှိသောအမှန်တရားကိုပြောပါ။ ပညတ်တော်နှင့်ဧဝံဂေလိ တရား၏တောင်းဆိုခြင်းများကို ရှင်းလင်းစွာပြောပြပါ။ လမ်းခရီး၊ အမှန်တရား နှင့်အသက်ဖြစ်သောခရစ်တော်၏အကြောင်းနှင့် သူ့ထံသို့လာသောသူအားလုံး တို့ကို ကယ်တင်နိုင်သည့်တန်ခိုးအကြောင်းများကိုပြောပါ။ ကျွန်ုပ်တို့ကယ်တင် ခြင်း၏ဗိုလ်ကြီးသည် မိမိလူတို့အတွက်တောင်းပန်ပေးခြင်းမှာ ခမည်းတော် ၏သနားခြင်းကရုဏာကို ကျွန်ုပ်တို့ခံစားရရှိရန် တောင်းဆိုပေးသူကဲ့သို့မဟုတ် ပါ။ သူ၏အောင်မြင်ခြင်းအထိမ်းအမှတ်ဆုလာဘ်ကိုတောင်းယူသော အောင်မြင်သူတစ်ဦးကဲ့သို့ဖြစ်ပါသည်။ သူ့အားဖြင့် ဘုရားသခင်ထံသို့လာ သောသူအားလုံးကို သူကယ်တင်နိုင်သည်။ [Ev 189.1]

ဓမ္မအမှုဆောင်များတို့သည် သတိမရှိပါက လူတို့၏တန်ဆာဆင်ခြင်း အောက်၌ သူတို့သည် အမှန်တရားကိုဝှက်ထားပါလိမ့်မည်။ မည်သည့်ဓမ္မ



အမှုဆောင်မျှ မိမိတို့၏အာဝဇ္ဇန်းကောင်းသောတရားဟောချက်များအားဖြင့် ဝိညာဉ်များကိုပြောင်းလဲနိုင်သည်ဟုမယူဆပါနှင့်။ သူတစ်ပါးတို့ကိုသင်ကြား သောသူတို့သည် သူ၏ဝိညာဉ်ကိုရရှိရန် ဘုရားသခင်ထံအသနားခံသင့်ပြီး အပြစ်သားများတို့အတွက် တစ်ခုတည်းသောမျှော်လင့်ရာဖြစ်သည့်ခရစ်တော်ကို သူတို့အားမြှောက်တင်နိုင်စေရန်ဖြစ်သည်။ လှပသောအပြောအဆိုများ၊ နှစ်သက် ဖွယ်ရာပုံပြင်များ၊ သို့မဟုတ် မဆီလျော်သည့်ရယ်ရွှင်ဖွယ်ရာပုံတိုပတ်စများတို့ သည် အပြစ်သားများကိုပြောင်းလဲပေး၍မရပါ။ နာပျော်ဖွယ်ရာသီချင်းတစ်ပုဒ် ကို နားထောင်ရသကဲ့သို့သာ လူတို့သည် ထိုသို့သောစကားများကို နားထောင် ကြပါလိမ့်မည်။ အပြစ်သားများကြားနာသင့်သောသတင်းစကားသည် “ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်း သို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါး တည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ် တော်မူ၏” ဖြစ်ပါသည်။ Gospel Workers, pp. 154, 155. (1915) [Ev 189.2]

**ခရစ်တော်၏မေတ္တာမြှင့်တင်ပေးသည်** – ကြိုတင်ဆုံးဖြတ်ထားခြင်းနှင့် နောင်တမရခြင်း၏အတားအဆီးများကိုဖြိုဖျက်ရန် ခရစ်တော်၏မေတ္တာတော် သည် ဟောပြောခြင်းတိုင်း၌ပါရှိရမည်။ ခရစ်တော်သည် သူတို့အားမည်မျှ ချစ်ကြောင်းနှင့် မည်သည့်အထောက်အထားများဖြင့် သူတို့အားသူ၏မေတ္တာ ကိုပေးကြောင်း သူတို့ကိုသိစေပါ။ ကပ်တိုင်ပေါ်ခရစ်တော်၏အသေခံခြင်း အားဖြင့် လူတို့အတွက်ဘုရားသခင်ဖော်ပြသည့်မေတ္တာကို မည်သည့်မေတ္တာ နှင့်နှိုင်းယှဉ်၍ရမည်နည်း။ စိတ်နှလုံးသည် ယေရှု၏မေတ္တာနှင့်ပြည့်ဝသောအခါ ဟောပြောချက်များတို့သည် လူတို့၏စိတ်နှလုံးကိုထိခိုက်စေလိမ့်မည်။ Letter 48, 1886. [Ev 189.3]

**ဟောပြောခြင်းတိုင်း၏ကပ်တိုင်အခြေခံ** – အပြစ်အတွက်ပေးဆပ်ခြင်းအနေ ဖြင့် ခရစ်တော်၏ပူဇော်ခံခြင်းသည် အခြားအမှန်တရားအားလုံးစုပြုံနေသည့်

အမှန်တရားကြီးတစ်ခုပင်ဖြစ်သည်။ မှန်ကန်စွာနားလည်နိုင်ရန်နှင့် ဂုဏ်ပြုချီးမွမ်းနိုင်ရန်အတွက် ကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်းအထိ ဘုရားသခင်၏အမှန်တရားတိုင်းကို ကရာနိကပ်တိုင်မှစီးဆင်းလာသောအလင်းကို လေ့လာကြရမည်။ သင့်ရှေ့၌ကျွန်ုပ်သည် ကြီးမား၍ခမ်းနားသောကရုဏာအထိမ်းအမှတ်ကျောက်တိုင်နှင့် အားသစ်လောင်းခြင်း၊ ကယ်တင်ခြင်းနှင့်ရွေးနုတ်ခြင်း၊ ဘုရားသခင်၏သားတော် ကပ်တိုင်ပေါ်မြှောက်ပင့်ခံရခြင်းတို့ကို ဟောပြောပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များမှဟောပြောကြရမည့်ဟောပြောခြင်းတိုင်း၏အခြေခံအုတ်မြစ်ဖြစ်သည်။ Gospel Workers, p. 315. (1915) [Ev 190.1]

**ခရစ်တော်နှင့်သူ၏ဖြောင့်မတ်ခြင်း –** ခရစ်တော်နှင့်သူ၏ဖြောင့်မတ်ခြင်း– ဤအရာသည် ကျွန်ုပ်တို့၏စင်မြင့်၊ ကျွန်ုပ်တို့ယုံကြည်ခြင်း၏မှန်ကန်သောအသက်ဖြစ်စေပါ။ Review and Herald, Aug. 31, 1905. [Ev 190.2]

**နည်းအမျိုးမျိုးဖြင့်ကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကား –** ကျွန်ုပ်ထံလူများစွာစာရေးပြီး "ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းသည်ကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကားဖြစ်ပါသလား" ဟုမေးသည့်အခါ ကျွန်ုပ်ပြန်၍အဖြေပေးသည်မှာ၊ 'ၾင်းသည် ကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကားအမှန်ပင်ဖြစ်သည်' ဟုဖြစ်ပါသည်။ Review and Herald, April 1, 1890. [Ev 190.3]

**၎င်းသည်မြှင့်တင်ခြင်းခံရသောကယ်တင်ရှင်ကိုဟောပြောသည် –** မြှင့်တင်ခြင်းခံရသောကယ်တင်ရှင်၊ ကမ္ဘာတစ်ခုလုံး၏အပြစ်အတွက် ပူဇော်သကာနှင့်ပတ်သက်သည့်ဤသတင်းစကားကို ကမ္ဘာသို့ပို၍ထင်ရှားစွာသယ်ဆောင်သွားရမည့်သတင်းစကားဖြစ်သည်။ ၎င်းသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း၌ အာမခံခြင်းကိုဟောပြောခြင်း၊ ၎င်းသည် ဘုရားသခင်၏ပညတ်တော်အားလုံးကို နားထောင်ခြင်းအားဖြင့်ထင်ရှားစေခြင်း၌ လူတို့အားခရစ်တော်၏ဖြောင့်မတ်ခြင်းကို ရရှိရန်ခေါ်ဖိတ်ခြင်းဖြစ်သည်။ လူများစွာတို့သည် ယေရှုကိုမေ့ပျောက်နေကြသည်။ သူတို့သည် မိမိတို့၏မျက်စိကို သူ၏



မြင့်မြတ်သော သူ၏ကိုယ်တိုင်ထံသို့၊ သူ၏ကောင်းမှုများတို့နှင့် လူသားတို့၏မိသားစုအတွက် သူ၏ပြောင်းလဲခြင်းမရှိသောမေတ္တာသို့ကြည့်ရန်လိုသည်။ လူတို့အားကြွယ်ဝသောဆုကျေးဇူးကိုဝေငှနိုင်ရန် မစခြင်းကင်းမဲ့သောသူတို့အားသူကိုယ်တိုင်၏ဖြောင့်မတ်ခြင်းအခမဲ့ဆုကျေးဇူးကိုဝေပေးနိုင်ရန် တန်ခိုးအားလုံးကို သူ့လက်ထဲပေးအပ်ထားလျက်ရှိသည်။ ဤသတင်းစကားသည် လောကသို့ပေးရန် ဘုရားသခင်စေခိုင်းသောသတင်းစကားဖြစ်သည်။ ဤသတင်းစကားသည် သူ၏ဝိညာဉ်များစွာသွန်းလောင်းခြင်းခံရသည့်ပုဂ္ဂိုလ်များတို့၏ကျယ်လောင်သောအသံဖြင့်ကြွေးကြော်ရမည့် ကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကားဖြစ်သည်။ [Ev 190.4]

မြှင့်တင်ခြင်းခံရသောကယ်တင်ရှင်သည် အသေခံရသောသိုးသငယ်ကဲ့သို့ သူ၏ထိရောက်သောအလုပ်၊ ပလ္လင်ပေါ်၌ထိုင်နေခြင်း၊ အဖိုးမဲ့ပဋိညာဉ်၏ကောင်းချီးမင်္ဂလာများကိုဝေငှရန် သူ့အပေါ်ယုံကြည်သင့်သောဝိညာဉ်တိုင်းကိုဝယ်ယူရန် သူ၏အသေခံသည့်ကျေးဇူးများကို ထင်ရှားစေရန်ဖြစ်သည်။ ၎င်းမေတ္တာကိုယောဟန်သည် စကားလုံးများအားဖြင့် ဖော်ပြနိုင်စွမ်းမရှိပါ။ ၎င်းသည်နက်လွန်း၍ ကျယ်လွန်းလှသည်။ လူသားမိသားစုတို့ကြည့်ရန်အတွက် သူခေါ်တော်မူသည်။ ခရစ်တော်သည် အထက်ကောင်းကင်တရားရုံးမှ အသင်းတော်အတွက်နှင့် သူကိုယ်တိုင်အသွေးတော်အားဖြင့်ရွေးနုတ်ခြင်းအဖိုးကိုပေးခဲ့ရသည့်သူတို့အတွက် တောင်းပန်ပေးလျက်ရှိသည်။ ရာစုများစွာခေတ်အဆက်ဆက်မှ ဤအပြစ်အခပူဇော်ခဲ့ခြင်း၏ထိရောက်မှုကို မည်သည့်အခါမျှလျော့နည်းအောင်လုပ်၍မရပါ။ သူ၏ကျေးဇူးတော်ဧဝံဂေလိသတင်းစကားကို အသင်းတော်သို့ရှင်းလင်းပြတ်သားစွာပြောဆိုပေးရမည်ဖြစ်ပြီးခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းဝင်များတို့သည် ပညတ်တော်အကြောင်းကိုသာဟောပြီး ခရစ်တော်အကြောင်းကိုမပြောခြင်း၊ သို့မဟုတ်ခရစ်တော်ကိုမယုံကြည်ခြင်းကို ကမ္ဘာမှမည်သည့်အခါမျှမပြောစေရန်ဖြစ်သည်။ [Ev 191.1]

အာနိသင်ထက်မြက်သော ခရစ်တော်၏အသွေးတော်ကို လူတို့ထံသို့ လန်းလန်းဆန်းဆန်းတန်ခိုးဖြင့်ဟောပြောရမည်။ သူတို့၏ယုံကြည်ခြင်းသည် ၎င်း၏ပြည့်ဝသောအရည်အချင်းကို စွဲမြဲစွာကိုင်ဆွဲရမည်။ [Ev 191.2]

နှစ်ပေါင်းများစွာအသင်းတော်သည် ကျွန်ုပ်တို့၏ထာဝရအသက်ဗဟို အချက်အချာ၏မျှော်လင့်ရာယေရှုကိုမကြည့်ကြဘဲ လူကိုသာကြည့်နေပြီး လူအပေါ်၌သာ မျှော်လင့်ချက်များစွာထားကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ကောင်းကင်တမန်သုံးပါးတစ်ပါးသတင်းစကားဖြစ်သည့် ယေရှု၌ရှိသော အမှန်တရားကို ရှင်းလင်းပြတ်သားစွာဟောပြောရန် သက်သေခံခြင်းတစ်ခုအဖြစ် သူ၏အစေခံများကိုပေးထားခြင်းဖြစ်သည်။ Testimonies to Ministers, pp. 91-93.

**ခရစ်တော်နှင့်မိမိကိုယ်ကိုဆုံးမခြင်း –** တတိယကောင်းကင်တမန်သုံးပါး တစ်ပါး၏သတင်းစကားကိုဟောသင့်သည့်အတိုင်း ဟောပြောသောအခါ၊ ဟောကြားသည့်အပေါ်တန်ခိုးသက်ရောက်ပြီး ခိုင်မြဲသောဩဇာကိုဖြစ်စေသည်။ မွန်မြတ်သောတန်ခိုးဖြင့်ဟောပြောရမည်၊ သို့မဟုတ် မည်သည့်အရာကိုမျှ ပြီးမြောက်အောင်ပြုနိုင်လိမ့်မည်မဟုတ်ပါ။ [Ev 191.4]

မိမိကိုယ်ကိုဆုံးမခြင်းများ၊ အသားကိုနာကျင်စေခြင်းများ၊ စစ်မှန်သည့် နောင်တမပါသော အမြဲအပြစ်ဝန်ချခြင်းများ၊ အစာရှောင်ခြင်းများ၊ ပွဲကျင်းပခြင်းများ၊ စစ်မှန်သောဝတ်ပြုခြင်းမဟုတ်သည့် အပေါ်ယံစောင့်ထိန်းမှုများ အားလုံးတို့သည် တန်ဖိုးမရှိပါ။ ခရစ်တော်၏ပူဇော်ဆက်ကပ်ခြင်းသည် လုံလောက်သည်။ သူသည် ဘုရားထံသို့တစ်ခုလုံး၊ လုံလောက်သောပူဇော်သကာကိုယူဆောင်ခဲ့သည်။ ခရစ်တော်၏ကောင်းမြတ်ခြင်းမပါသည့် လူသားတို့၏ကြိုးစားမှုများသည် တန်ဖိုးမရှိပါ။ [Ev 192.1]

လူတို့၏ကြိုးစားခြင်းလုံးလုံးအောင်မြင်ရန် မွန်မြတ်သောဘုရားတန်ခိုးကို လူတို့ထံသို့ယူလာရမည်ဟုထင်မှတ်ခြင်းသည် ကယ်တင်ခြင်းစီမံကိန်းကို နားမလည်ခြင်းဖြစ်သည်။ [Ev 192.2]



ဘုရားတန်ခိုးတစ်ခုတည်းအားဖြင့်သာ ရရှိနိုင်သောပြောင်းလဲခြင်း အစီအစဉ်မပါရှိပါက အပြစ်ပြုလုပ်ရန်မူလဝါသနာသည် နှလုံးထဲ၌ ၎င်း၏ခွန်အား အားလုံးကျန်ရှိနေပြီး၊ အသစ်သောကွင်းဆက်များကိုပြုလုပ်ရန်နှင့် လူတန်ခိုးဖြင့် မည်သည့်အခါမျှရုန်းထွက်၍မရသော အပြစ်ကျွန်ဘဝ၌သာ အမြဲရှိနေမည်ဖြစ်သည်။ Review and Herald, Aug. 19, 1890. [Ev 192.3]

**လက်ရှိအမှန်တရားသတင်းစကားတစ်ခု –** ကျွန်ုပ်တို့သည် လူများရှေ့၌ ဟောပြောရန် တန်ဖိုးရှိသောအလင်းရှိနေသောကြောင့် ဘုရားသခင်ကို စိတ်နှလုံးပါလျက်ကျေးဇူးတင်ပြီး၊ ယခုအချိန်အတွက် လက်ရှိအမှန်တရား သတင်းစကားရှိသောကြောင့်လည်း ကျွန်ုပ်တို့ဝမ်းမြောက်ကြသည်။ သတင်းများဖြစ်သော ခရစ်တော်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် လူများစွာနှင့်ဝိညာဉ်များစွာတို့ကိုသက်သာမှုပေးပြီး ဘုရားသခင်သည် မိမိသားသမီးတို့အား "ရှေ့သို့ချီတက်ပါ" ဟုပြောနေပါသည်။ Review and Herald, July 23, 1889. [Ev 192.4]

**အသင်းတော်များနှင့်နေရာသစ်များအတွက်သတင်းစကားတစ်ခု –** ဓမ္မအမှုဆောင်များတို့သည် ခရစ်တော်၏အကြောင်းကို ပြည့်ပြည့်ဝဝအသင်းတော်များနှင့် နေရာသစ်များအားလုံးတို့၌ ဟောပြောရပါမည်။ သို့မှသာ ကြားနာရသူများတို့သည် ဥာဏ်ရည်ထက်မြက်သောယုံကြည်ခြင်းကိုရရှိကြလိမ့်မည်။ လူတို့အားခရစ်တော်သည် သူတို့အတွက်ကယ်တင်ခြင်းနှင့်ဖြောင့်မတ်ခြင်းဖြစ်ကြောင်း သွန်သင်ကြရမည်။ မာရ်နတ်၏လှေ့လာသောရည်ရွယ်ချက်သည် ဝိညာဉ်များတို့ကို ခရစ်တော်သည် သူတို့၏တစ်ခုတည်းသောမျှော်လင့်ရာမှ ကာဆီးထားရန်ဖြစ်သည်။ အကြောင်းမှာ အပြစ်အားလုံးကိုဆေးကြောသော ခရစ်တော်၏အသွေးတော်သည် ၎င်း၏ကောင်းမှုကို ယုံကြည်သောသူအတွက်၏ကိုယ်စား၌သာလျှင် လုံလောက်ခြင်းကြောင့်ဖြစ်သည်။ Gospel Workers, p. 162. (1915) [Ev 192.5]

**တချို့တို့သည်နောက်ဆုံးတရားဟောချက်ကိုနားထောင်ခြင်း –** ဘုရားသခင်သည် ကျိုးကြောင်းဆက်သွယ်မှုဖြင့် ဟောပြောခြင်း၏ယုံကြည်ခြင်းမှ နက်ရှိုင်းဖြူစင်ပြီး ပို၍ကြီးကျယ်ခမ်းနားသောယုံကြည်ခြင်းသို့ စိတ်နှလုံးများကိုဆွဲယူသည်။ ကြိမ်ဖန်များစွာလူသား၏ကျိုးကြောင်းဆက်သွယ်မှုဖြင့်ပြောဆိုခြင်းသည် ဘုရားသခင်အလိုရှိသောလူတို့ကိုပြောင်းလဲစေသည့် ရှင်းလင်းသောရောင်ခြည်တို့၏အလင်းကိုငြိမ်းစေသည်။ သဘာဝ၏ဘုရားရှင်သည် ချီးမွမ်းခြင်းအားလုံးနှင့် ဘုန်းတန်ခိုးပေးထိုက်သောအရှင်ဖြစ်ခြင်းမှာ သူသည် ခပ်သိမ်းသောအရာတို့၏ဖန်ဆင်းရှင်ဖြစ်သောကြောင့်ဖြစ်သည်။ [Ev 193.1]

တချို့သောဓမ္မအမှုဆောင်များတို့သည် မိမိတို့၏တရားဟောချက်များအားလုံးကို ဆင်ခြေပေးခြင်းဖြင့်မှားယွင်းကြသည်။ အမှန်တရား၏အယူအဆကို နားထောင်သောသူများလည်းရှိကြပြီး ဖော်ပြသောအထောက်အထားများအားဖြင့် စိတ်ဝင်စားကြသည်။ ထိုနောက်အကယ်၍ ခရစ်တော်ကိုကမ္ဘာ့ကယ်တင်ရှင်အဖြစ်ဟောပြောပါက ကြဲသောမျိုးစေ့သည်ပေါက်လာပြီး ဘုရားသခင်၏ဘုန်းတော်အတွက် အသီးသီးလာလိမ့်မည်။ သို့သော် အများအားဖြင့် ကရာနိ၏ကပ်တိုင်အကြောင်းကို လူတို့ရှေ့၌မဟောပြောကြပါ။ တချို့သောသူတို့သည် အမြဲကြားပြီးသားနောက်ဆုံးတရားဟောချက်ကို နားထောင်ကြသည့်အတွက် ရွှေကဲ့သို့တန်ဖိုးရှိသောအခွင့်အရေးဆုံးရှုံးပြီး၊ အစဉ်အမြဲဆုံးရှုံးသွားပါသည်။ အကယ်၍ အမှန်တရား၏အယူအဆနှင့်ပတ်သက်သော ခရစ်တော်နှင့်သူ၏ရွေးနုတ်ခြင်းမေတ္တာကိုဟောပြောပါက၊ ဤအချက်များသည် သူတို့ကိုခရစ်တော်ထံသို့ပို့ဆောင်ပေးနိုင်လိမ့်မည်။ Gospel Workers, pp. 157, 158. (1915) [Ev 193.2]

## ဆွဲဆောင်မှုရှိသောအနာဂတ်ဆိုင်ရာပရောဖက်ဟောကြားခြင်း

**ပရောဖက်အနာဂတ်အကြောင်းအရာများသို့အာရုံပြုရန်ခေါ်ခြင်း –** ခရစ်တော်၏တပည့်တော်များတို့သည် စုပေါင်း၍ အင်တိုက်အားတိုက်ကြိုးစားကြကာ



ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့် ပရောဖက်အနာဂတ်ဟောထားသောအကြောင်းအရာများတို့ကို လျင်မြန်စွာပြည့်စုံစေရန် ကမ္ဘာကြီး၏အာရုံကိုဆွဲဆောင်ကြရမည်။ Manuscript 38, 1905. [Ev 193.3]

**ပရောဖက်အနာဂတ်တစ်ခုတည်းသာလျှင် တွေးတောတတ်သောသူတို့၏မေးခွန်းများကိုအဖြေပေးနိုင်သည် –** ကြီးမားသောငါဖြစ်သည်အတိုင်း ငါမှသူ၏နှုတ်ကပတ်တော်ထဲရှိ ပရောဖက်အနာဂတ်စကားသည် အကြောင်းအရာများကိုသံကွင်းဆက်ထားသကဲ့သို့ ပေါင်းစည်းထားပြီး၊ ထာဝရအနာဂတ်ကာလမှ ထာဝရအတိတ်ကာလသို့ ခေတ်ကာလအစီအစဉ်တစ်လျှောက်တွင် ကျွန်ုပ်တို့ယနေ့မည်သည့်နေရာ၌ရှိနေကြကြောင်းနှင့် လာမည့်အချိန်ကာလ၌ ကျွန်ုပ်တို့မည်သည့်အရာကိုမျှော်လင့်နိုင်ကြောင်းကိုလည်း ဖော်ပြလျက်ရှိပါသည်။ ထိုပရောဖက်အနာဂတ်စကားအားလုံးတို့သည် ယခုအချိန်ကာလအထိပြည့်စုံမည့်အကြောင်းသမိုင်းရေးစာမျက်နှာများထဲ၌ဖော်ပြထားလျက်ရှိပြီး ၎င်းတို့သည် ဟောကိန်းထုတ်ထားသည့်အစီအစဉ်အတိုင်း အားလုံးပြည့်စုံသွားမည်ကို ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်။ [Ev 193.4]

ယနေ့အချိန်ကာလ၏နိမိတ်လက္ခဏာများသည် ကျွန်ုပ်တို့အား ကြီးမားသောအရေးကြီးသည့်အဖြစ်အပျက်များ၏တံခါးဝ၌ ရပ်နေပြောပြပါသည်။ ကျွန်ုပ်တို့၏ကမ္ဘာအတွင်းရှိ အရာအားလုံးတို့သည် စိုးရိမ်ကြောင့်ကြမှုဖြင့်ရှိနေကြရပါသည်။ ကျွန်ုပ်တို့၏မျက်မှောက်၌ ကယ်တင်ရှင်၏ပရောဖက်အနာဂတ်ဟောထားချက်အကြောင်းအရာများတို့သည် သူမကြွလာမီအချိန်၌ တွေ့မြင်နေကြရပါသည်။ "သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုလည်းကောင်း၊ စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း ကြားရကြလိမ့်မည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည် ဖြစ်ကြလိမ့်မည်။" [Ev 194.1]

ယခုသည် အသက်ရှင်သောအရာအားလုံး စိတ်ဝင်စားခြင်းလွှမ်းမိုးလျက်ရှိသည်။ အုပ်ချုပ်သူများ၊ နိုင်ငံခေါင်းဆောင်များ၊ ရာထူးရာခံတန်ခိုးအာဏာရှိသူများ၊ တွေးတောဆင်ခြေတတ်သောလူတန်းစားအားလုံးတို့သည် ဖြစ်ပျက်လာမည့်ကိစ္စရပ်များတို့အပေါ် အာရုံစိုက်လျက်ရှိကြသည်။ သူတို့သည် ယခုရှိနေသောနိုင်ငံများတို့၏အချင်းချင်းဆက်ဆံမှုများတို့ကို စောင့်ကြည့်နေကြသည်။ သူတို့သည် ပြင်းထန်စွာဖြစ်ပေါ်လာမည့် ကမ္ဘာ့သဘာဝစွမ်းအင်တိုင်း၏အခြေအနေကိုလေ့လာနေကြပြီး သူတို့သည် ကြီးမား၍တိကျသောအရာတစ်စုံတစ်ခုဖြစ်ပေါ်လာလိမ့်မည်ကို ရိပ်မိကြသည်။ ကမ္ဘာကြီးသည် ဖြစ်အံ့ဆဲဆဲကြီးမားသောအရေးကြုံရာကာလရောက်ရှိလျက်နေပြီဖြစ်သည်။ [Ev 194.2]

သမ္မာကျမ်းစာ၊ သမ္မာကျမ်းစာသာလျှင် ဤအရာအားလုံး၏မှန်သောထင်မြင်ယူဆချက်ကိုပေးပါသည်။ ဤနေရာ၌ ကျွန်ုပ်တို့ကမ္ဘာ့သမိုင်း၏ကြီးမားသောနောက်ဆုံးမြင်ကွင်းများထင်ရှားနေပြီး၊ ရှေ့၌ဖြစ်ပျက်မည့်အရာအားလုံးတို့၏အရိပ်အမြွက်တို့သည် ပေါ်လွင်လျက်ရှိပါသည်။ ၎င်းတို့၏နီးကပ်လျက်ရှိသောအသံဗလံများတို့သည်လည်း ကမ္ဘာကြီးကိုတုန်လှုပ်ချောက်ချားစေပြီး၊ လူတို့၏စိတ်နှလုံးများသည် ၎င်းတို့ကြောင့်ထိတ်လန့်လျက်ရှိသည်။ Prophets and Kings, pp. 536, 537. (1916) [Ev 194.3]

**မှန်သောတံပိုးခရာသံကိုပေးပါ** – ဤနေ့ရက်ကာလနှင့်သက်ဆိုင်သည့် ပုရောဖက်အနာဂတ်ဟောထားချက်များကို နားမလည်သောသူများစွာရှိနေပြီး သူတို့ကိုကျွန်ုပ်တို့အသိပေးကြရမည်။ ဤအလုပ်သည် ကင်းစောင့်များနှင့် သာမန်အသင်းသားများအားလုံးတို့မှ မှန်သောတံပိုးခရာသံကိုပေးရန်တာဝန်ရှိသည်။ စိတ်အားထက်သန်မှုရှိပါ။ “ကျယ်လောင်စွာကြွေးကြော်ပါ၊ တွန့်ဆုတ်ခြင်းမရှိပါနှင့်၊ တံပိုးခရာသံကဲ့သို့ သင်တို့၏အသံကိုမြှင့်တင်ပါ။ ငါ့လူတို့၏လွန်ကျူးခြင်းနှင့် ယာကုပ်အိမ်သူအိမ်သားများတို့၏အပြစ်များကိုဖော်ပြပါ။” Letter 1, 1875. [Ev 194.4]



**ပြတ်သားသောပုရောဖက်ဟောထားသည့်အမှန်တရား၌ပါဝင်ဟောပြောပါ** – နောက်ဆုံးနေ့ရက်များတို့၏ကြောက်မက်ဖွယ်အန္တရာယ်များတို့သည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်လျက်ရှိပြီး၊ ကျွန်ုပ်တို့၏အလုပ်သည် ဤအန္တရာယ်ကြုံတွေ့နေရသောသူများတို့ကို သတိပေးရမည်။ ပုရောဖက်ဟောထားသော လေးနက်သည့်မြင်ကွင်းများကို တစ်ခုမကျန်ဖော်ပြပါ။ အကယ်၍ ကျွန်ုပ်တို့၏လူတို့သည် တစ်ဝက်သာနိုးကြားပါက၊ အကယ်၍သူတို့သည် ဗျာဒိတ်ကျမ်း၌ဖော်ပြသောအဖြစ်အပျက်များ နီးကပ်နေကြောင်းကိုမသိကြပါက၊ ပြုပြင်ပြောင်းလဲမှုများကို ကျွန်ုပ်တို့၏အသင်းတော်များအထဲ၌ ပြုလုပ်ကြရမည်ဖြစ်ပြီး၊ ပို၍လူများတို့သည် သတင်းစကားကိုယုံကြည်ကြလိမ့်မည်။ [Ev 195.1]

**ကျွန်ုပ်တို့အချိန်ဖြုန်းရန်မရှိပါ** – ဘုရားသခင်သည် ဝိညာဉ်များတို့ကို စောင့်ရှောက်ရန် ကျွန်ုပ်တို့ကိုခေါ်ခြင်းသည် သူတို့အနေဖြင့် မိမိတို့၏စာရင်းကိုရှင်းရမည့်အတွက်ဖြစ်သည်။ စည်းမျဉ်းဥပဒေအသစ်ဖြင့်ချီတက်ပါ။ ပြတ်သားသောအမှန်တရား၌ပါဝင်ထမ်းဆောင်ပါ။ သန်လျက်နှစ်ဖက်ထက်သကဲ့သို့ ဖြစ်ပါလိမ့်မည်။ သို့သော် ငြင်းခုံသောစိတ်နေသဘောထားကို ဦးစားမပေးပါနှင့်၊ ဆိတ်ငြိမ်စွာနေပြီး ဘုရားသခင်၏ကယ်တင်ခြင်းကို စောင့်ကြည့်ရမည့်အချိန်ရှိသည်။ ဒံယေလကျမ်းကိုပြောစေပါ။ ဗျာဒိတ်ကျမ်းကိုပြောစေပါ။ အမှန်တရားအကြောင်းကိုပြောပါ။ သို့သော် မည်သည့်အကြောင်းအရာကိုဟောပြောသည်မဆို “ဒါဝိဒ်၏အမြစ်နှင့်ကလေးနှင့်တောက်ပသောနံနက်ကြယ်” ယေရှုကို မျှော်လင့်ခြင်းအားလုံး၏ဗဟိုအချက်အချာအဖြစ်မြှောက်တင်ပါ။ Testimonies to Ministers, p. 118. (1896) [Ev 195.2]

**လတ်ဆတ်၍ထိမိသောနည်း** – သင်ကြားခြင်းကို ခြောက်သွေ့၍စိတ်ဝင်စားဖွယ်မရှိသောနည်းဖြင့်မပြုလုပ်ပါနှင့်။ ကိစ္စများစွာတို့၌ ဤကဲ့သို့သောဟန်အမူအရာဖြင့် လူတို့ပြုကြသည်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားကို လတ်ဆတ်၍ထိမိသော စိတ်ဝင်စားဖွယ်နည်းဖြင့်ဟောပြောပါ။ [Ev 195.3]

ဗျာဒိတ်ကျမ်းကို လူတို့ရှေ့၌ဖွင့်ပြရမည်။ ဤစာအုပ်ကို အများသော သူတို့သည် တံဆိပ်ခတ်ထားသောစာအုပ်ဟု သွန်သင်ကြသည်။ သို့သော် အလင်းနှင့်အမှန်တရားကို ငြင်းပယ်သောသူတို့အတွက်သာ တံဆိပ်ခတ်ထားခြင်းဖြစ်ပါသည်။ မကြာမီဖြစ်ပျက်မည့်အကြောင်းအရာများအတွက် ပြင်ဆင်ခြင်းအခွင့်အရေးရရှိရန် ၎င်းအထဲ၌ပါရှိသောအမှန်တရားကို ကျွန်ုပ်တို့ကြွေးကြော်ရမည်။ ကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကားကို ပျက်စီးမည့်ဤကမ္ဘာကြီး၏ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ခြင်းအဖြစ် ဟောပြောရမည်။ Letter 87, 1896. [Ev 195.4]

**သတင်းစကားသုံးခုစလုံးအရေးကြီးသည် –** ကောင်းကင်တမန်သုံးပါးတစ်ပါးသတင်းစကား၏အရေးအကြီးဆုံးဆောင်ပုဒ်သည် ပထမနှင့်ဒုတိယကောင်းကင်တမန်များ၏သတင်းစကားလည်း ပေါင်းစပ်ပါဝင်နေသည်။ လူတိုင်းဤသတင်းစကားပါရှိသည့်အမှန်တရားများကိုနားလည်ကြပြီး မိမိတို့၏အသက်တာတွင်ပေါ်လွင်စေရမည်။ အကြောင်းမှာ ဤအရာသည် ကယ်တင်ခြင်းအတွက် လိုအပ်သောအရာဖြစ်သောကြောင့်ဖြစ်သည်။ ဤကြီးကျယ်သောအမှန်တရားကိုနားလည်ရန် စိတ်ပါဝင်စားစွာဖြင့် များစွာဆုတောင်းပြီးလေ့လာကြမည်ဆိုလျှင် ကျွန်ုပ်တို့၏သင်ယူပြီးနားလည်နိုင်သောတန်ခိုးသည် အကောင်းဆုံးပြည့်စုံလိမ့်မည်။ Letter 97, 1902. [Ev 196.1]

**အနာဂတ်စကားသည်ကျွန်ုပ်တို့၏ယုံကြည်ခြင်းအုတ်မြစ်ဖြစ်သည် –** ဓမ္မအမှုတော်ဆောင်များတို့သည် တိကျသောအနာဂတ်ဟောထားချက်စကားကို ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းယုံကြည်ခြင်း၏အခြေခံအုတ်မြစ်ကဲ့သို့ ဟောပြောကြရမည်။ ဒံယေလနှင့်ဗျာဒိတ်ကျမ်းတို့မှ အနာဂတ်စကားများ၊ ၎င်းတို့နှင့်ဆက်နွယ်သောစကားများ၊ “ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့” တို့ကို သေချာစွာလေ့လာသင့်ကြသည်။ [Ev 196.2]



မဿဲအခန်းကြီး (၂၄) ကို လူအားလုံးအာရုံစိုက်ကြရန် သတင်းပေးရမည့်အကြောင်း ကျွန်ုပ်အားတစ်ကြိမ်ပြီးတစ်ကြိမ် ပြောပြလျက်ရှိသည်။ ယနေ့ကျွန်ုပ်တို့နေထိုင်သောအချိန်သည် ဤခေတ်ကာလဟောကိန်းများပြည့်စုံသည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များနှင့်ဆရာများတို့အနေဖြင့် မိမိတို့သင်ကြားသောသူတို့အား ဤအနာဂတ်စကားများကိုရှင်းပြစေပါ။ သူတို့၏အရေးမကြီးသောဟောပြောချက်များကိုဘေးဖယ်ထားပြီး ဝိညာဉ်များ၏ကံကြမ္မာအတွက်ဆုံးဖြတ်နိုင်ရန် အမှန်တရားများကိုဟောပြောပါ။ Gospel Workers, p. 148. (1915) [Ev 196.3]

**ယနေ့အသက်ရှင်သောသူအားလုံးနှင့်သက်ဆိုင်သောအမှန်တရားများ –** ကျွန်ုပ်တို့သည် ကမ္ဘာသို့ဗျာဒိတ်ကျမ်း၏အရေးကြီး၍လေးနက်သောအမှန်တရားများတို့ကို ကြွေးကြော်ရမည်။ ဘုရားသခင်အသင်းတော်၏ရည်ရွယ်ချက်များနှင့် စည်းကမ်းချက်များထဲ၌ ဤအမှန်တရားများရှိနေရမည်။ ဤဆက်သွယ်မှုကို အလေးထားသောသူတို့အပေါ် ကောင်းချီးပေးသောဆုတောင်းချက်ကိုတောင်းလျှောက်ကြေညာပေးသည်။ ဤစာအုပ်လေ့လာခြင်းကိုအားပေးရန် ကောင်းချီးအတွက်ကတိပြုခဲ့သည်။ ကျွန်ုပ်တို့နားလည်ရန်ခက်ခဲပုံပေါ်သောသင်္ကေတများကြောင့် ဤစာအုပ်လေ့လာရာ၌ ကျွန်ုပ်တို့ငြီးငွေ့ရန်အကြောင်းမရှိပါ။ [Ev 196.4]

ဤဗျာဒိတ်ကျမ်းကို ပို၍နီးကပ်စွာနှင့်ပို၍လုံ့လစိုက်ကာလေ့လာကြပြီး ၎င်းအမှန်တရားထဲ၌ပါရှိသည့်အရာများ၊ ဤနောက်ဆုံးသောနေ့ရက်၌နေထိုင်ကြသောသူတို့နှင့်ပတ်သက်သည့် အမှန်တရားများတို့ကို ပို၍စိတ်အားထက်သန်စွာ ဟောပြောခြင်းပြုရမည်။ Manuscript 105, 1902. [Ev 197.1]

**တစ်ကမ္ဘာလုံးအတွက်သတင်းစကားတစ်ခု –** ယောဟန်ထံသို့ခရစ်တော်ပေးသော ဘုရားသခင်၏ပညတ်တော်နှင့် ယေရှု၏သက်သေခံချက်ကိုစွဲလမ်းခြင်းရှုပါရုံကို တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းနှင့်ဘာသာစကားတိုင်းထံသို့ တိကျစွာကြွေးကြော်ရမည်။ ဗာဗုလုန်ဖြင့်ကိုယ်စားပြုခြင်းခံရသောအသင်းတော်များ

တို့သည် မိမိတို့၏ဝိညာဉ်ရေးအခြေအနေမှကျဆင်းသူများနှင့် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ပြီး ယေရှု၏သက်သေခံချက်ကိုစွဲလမ်းသောသူတို့အား ညှဉ်းဆဲခြင်းတန်ခိုးရရှိသူများကိုပုံဆောင်သည်။ ယောဟန်အတွက် ဤညှဉ်းဆဲခြင်းတန်ခိုးသည် ချိုများရှိသောသိုးသငယ်ကဲ့သို့ပုံဆောင်ထားသော်လည်း နဂါးကဲ့သို့စကားပြောသည်။ Testimonies to Ministers, p. 117. (1896) [Ev 197.2]

**လူစုကြီး၏တုံ့ပြန်မှုကိုလက်ခံရရှိခြင်း** – ညီအစ်ကိုတစ်ဦး၏စည်းဝေးသို့ လူပေါင်းများစွာတက်ရောက်ပြီး သူ၏စကားများကိုဆွဲဆောင်မှုကောင်းသော စိတ်ဝင်စားခြင်းဖြင့် သူတို့နားထောင်ကြသည်။ စိတ်ဝင်စားခြင်းသည် အစမှအဆုံးတိုင်အောင်ဖြစ်သည်။ သူသည် မိမိလက်ထဲ၌ကျမ်းစာကိုကိုင်ဆောင်ထားပြီး သူ၏ပြောဆိုခြင်းအားလုံးမှာ ဘုရားသခင်၏နှုတ်ကပတ်ကိုအခြေခံထားကာ ထိုညီအစ်ကိုသည် လူတို့ရှေ့၌ ဒံယေလနှင့်ဗျာဒိတ်ကျမ်းကို ရှာဖွေပြောဆိုသည်။ သူ၏ကိုယ်ပိုင်စကားအနည်းငယ်ကိုသာအသုံးပြုသည်။ သူသည် နှုတ်ကပတ်တော်ကိုယ်တိုင်မှ လူတို့အားအမှန်တရားကိုရှင်းပြစေသည်။ အမှန်တရားကိုဟောပြောပြီးနောက် ဤညီအစ်ကိုသည် သူ၏ပရိသတ်ထံမှ မိမိတို့၏ထင်မြင်ချက်ကိုရယူသည်။ ယခုသူပြောသောစကားမှာ “ကျွန်ုပ်ပြောတဲ့စကားထဲမှာ အမှန်တရားကိုတွေ့တဲ့လူရှိရင်လက်ထောင်ပါ” ဟုမေးခြင်းဖြစ်ပါသည်။ ထိုအခါ တုံ့ပြန်သောအားဖြင့် လူအားလုံးလက်ထောင်ကြသည်။ သူ၏ပြုလုပ်သောအရာကို ကျွန်ုပ်အနည်းငယ်သာတင်ပြနိုင်ပါသည်။ Letter 400, 1906.

**အနာဂတ်ဟောထားသောအမှန်တရားအပေါ်ခေတ်သစ်အမြင်** – ဟောင်းနွမ်းခြင်းကြောင့် ရှင်းလင်းသောသက်သေခံချက်ဖြစ်သည့် ဘုရားသခင်၏နှုတ်ကပတ်ကို “အုပ်ချုပ်ရေးသမားများ၊ သို့မဟုတ် ဖာရိရှဲများယုံကြည်ကြပါသလား” ဟူသောမေးခွန်းဖြင့် လူတို့စုံစမ်းခြင်းပြုကြသည်။ အနာဂတ်စကားများကိုလေ့လာရန် အများသောသူတို့သည် စိတ်ဓာတ်ကျကြသည်။ ထိုကြောင့်



တံဆိပ်ခတ်ထားသောစာအုပ်များဖြစ်ခြင်းကြောင့် နားမလည်နိုင်ကြပါဟု သူတို့သွန်သင်ကြပါသည်။ လူအုပ်ကြီးများတို့သည် မိမိတို့၏သင်းအုပ်ဆရာများအပေါ် လုံးလုံးလျားလျားယုံကြည်မှုရှိကြပြီး၊ ဤသတိပေးချက်ကိုနားထောင်ရန်ငြင်းဆန်ကြသည်။ အခြားသောသူတို့သည် အမှန်တရားကိုယုံကြည်ကြသည့်တိုင် “တရားဇရပ်မှနှင်ထုတ်ခြင်းခံရမည်ကို” စိုးရိမ်ကြသောကြောင့် ရဲဝံ့စွာဝန်ခံခြင်းမပြုကြပါ။ အသင်းတော်၏စမ်းသပ်ခြင်းနှင့်ဖြူစင်ခြင်းအတွက် ဘုရားသခင်ပေးသောသတင်းစကားသည် ခရစ်တော်ကိုမိမိတို့မည်မျှချစ်ကြကြောင်းနှင့် လောကကိုသူတို့မည်မျှချစ်ကြကြောင်း လူအရေအတွက်အားဖြင့်တိကျစွာဖော်ပြလျက်ရှိသည်။ လောက၏ချည်နှောင်မှုသည် ကောင်းကင်၏ဆွဲဆောင်မှုထက် ပို၍ခွန်အားကြီးသည်။ သူတို့သည် လောကီပညာ၏အသံကိုနားထောင်ရန်ရွေးချယ်ကြပြီး စိတ်နှလုံးပူပြင်ပြောင်းလဲခြင်း အမှန်တရား၏သတင်းစကားထံမှ ဝေးရာသို့ထွက်ခွာသွားကြပါသည်။ The Great Controversy, p. 380. (1888) [Ev 198.1]

**အနာဂတ်ဟောထားသောသမိုင်း၏အကြောင်းအရာအားလုံးနှင့်အကျွမ်းဝင်ခြင်း** – သာသနာလုပ်ငန်း၌ မိမိတို့၏ကိုယ်ကိုဆက်ကပ်လိုသောလူငယ်များ၊ သို့မဟုတ် လက်ရှိအမှုတော်ကိုဆောင်ရွက်နေသောလူငယ်များတို့သည် အနာဂတ်ဟောထားသောသမိုင်း၏အကြောင်းအရာအားလုံးနှင့် အကျွမ်းတဝင်ရှိသင့်ကြသည်။ Gospel Workers, p. 98. (1915) [Ev 198.2]

**အနာဂတ်စကားများအပေါ်တိုးတက်သောအလင်း** – တိုးပွားလာသောအလင်းသည် အနာဂတ်စကား၏ကြီးမားသောအမှန်တရားအားလုံးအပေါ်ထွန်းလင်းပြီး တောက်ပသောနေမင်း၏အလင်းရောင်ခြည်သည် တစ်ခုလုံးကိုလင်းစေသောကြောင့် ၎င်းတို့ကိုလတ်ဆတ်စွာနှင့်တောက်ပစွာ တွေ့မြင်ရပေလိမ့်မည်။ [Ev 198.3]

ကျွန်ုပ်တို့သည် အရေးကြုံရာကာလသို့ရောက်ရှိပြီး နောက်ဆုံးသောကမ္ဘာ့ရာဇဝင်၏မြင်ကွင်းထဲ၌နေထိုင်နေရကြောင်း ယုံကြည်ပါသလား၊ ယခု

ကျွန်ုပ်တို့သည် နိုးကြားကြပြီး၊ အချိန်ကာလ၏ဆောင်ရွက်ရန်စေခိုင်းသော အလုပ်ကိုလုပ်ကြမည်လား၊ သို့မဟုတ် ကျွန်ုပ်တို့အပေါ်သို့ ကျွန်ုပ်တင်ပြသော အရာများရောက်ရှိပြည့်စုံသွားသည့်အထိ စောင့်နေကြမည်လား။ Manuscript 18, 1888.

**အနာဂတ်စကားများရှင်းလင်းစွာဖော်ပြထားပြီးသားဖြစ်သည် –** ဘုရားသခင်သည် သူ၏ဆက်ဆံမှုများကို ကျွန်ုပ်တို့နေထိုင်လျက်ရှိသောယခု၊ ယခုအချိန်၌ပင် ကျွန်ုပ်တို့အားလုံးတို့အား နားလည်စေချင်ပါသည်။ ဘုရားသခင်မှရှင်းလင်းဖော်ပြထားပြီးသားအနာဂတ်စကားနှင့်ပတ်သက်ပြီး ရှည်လျားစွာဆွေးနွေးခြင်းများ၊ အသစ်သောအယူအဆများ ထည့်သွင်းဟောပြောရန်မလိုပါ။ ယခု စိတ်နှလုံးလမ်းကြောင်းမပြောင်းလဲသင့်သော ကြီးမားသည့်အလုပ်သည် ဘုရားသခင်၏ရှေ့မှောက်၌ ကျွန်ုပ်တို့တစ်ဦးစီ၏လုံခြုံမှုဖြစ်သည်။ ကျွန်ုပ်တို့၏ခြေသည် ခေတ်အဆက်ဆက်တည်သောကျောက်ဆောင်ပေါ်၌ရှိနေသလား။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခိုလှုံရာအရပ်၌သာ ကျွန်ုပ်တို့ကိုယ်ကိုဝှက်ထားနေသလား။ သနားညှာတာမှုကင်းမဲ့သောဒေါသဖြင့် မုန်တိုင်းလာနေပြီ၊ ၎င်းကိုရင်ဆိုင်ရန် ပြင်ဆင်လျက်နေကြပြီလား။ ခရစ်တော်သည် ခမည်းတော်နှင့်တစ်ဦးတည်း ရှိနေသကဲ့သို့ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တစ်ဦးတည်းရှိနေပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမွေခံများနှင့် ခရစ်တော်၌အမွေခံဘက်များ ဖြစ်နေပါသလား။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အစုစပ်ပါဝင်လုပ်ကိုင်နေကြပါသလား။ Manuscript 32a, 1896. [Ev 199.1]

**ခရစ်တော်၏သင်ခန်းစာများကိုသွန်သင်ပါ –** တမန်တော်သည် လေးနက်သောတာဝန်တစ်ခုကို ဧဝံဂေလိဓမ္မအမှုဆောင်အားလုံးတို့အားပေးသည်။ သူသည် ဓမ္မအမှုဆောင်များတို့အား အသက်ရှင်သောသူများနှင့်သေသောသူများကို တရားစီရင်မည့် ဘုရားသခင်နှင့်ယေရှုခရစ်တော်ရှေ့၌ နှုတ်ကပတ်တော်ကို ဟောပြောရန်စီစဉ်ထားပြီး သူတို့သည် နှုတ်ကပတ်များ၏အနာဂတ်စကားများနှင့် အငြင်းပွားရန်အစိတ်အပိုင်းများအတွက်ကိုသာ ဘက်လိုက်ပြသခြင်းမရှိ





စေဘဲ ကျွန်ုပ်တို့အား ယေရှုခရစ်တော်ကိုယ်တိုင်ပေးထားသော အကြီးဆုံးနှင့် အရေးအကြီးဆုံးသင်ခန်းစာများတို့ကို ဟောပြောပြသရန်ဖြစ်သည်။ Manuscript 13, 1888. [Ev 199.2]

## နားလည်ရန်ခက်ခဲသောအမှန်တရားကိုဟောကြားခြင်းမပြုရန်

**မာကျောသောအစာသည်ကလေးငယ်များအတွက်မဟုတ် –** ပညတ်တော်ကိုတစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်ဖြင့် ယေရှု၌ရှိသကဲ့သို့ အမှန်တရားကိုဟောပြောစေပါ။ နားလည်နိုင်သောလွယ်ကူသည့်စကားလုံးဖြင့် ဘုရားသခင်၏မေတ္တာတော်အကြောင်းကိုပြောပါ။ ကျမ်းစာအမှန်တရားကို နူးညံ့သိမ်မွေ့ခြင်းနှင့်ယေရှုကိုချစ်ခြင်းဖြင့် ဟောပြောပါက များစွာသောစိတ်နှလုံးကိုပြောဆိုသည့် သြဇာသက်ရောက်ခြင်းရှိလိမ့်မည်။

ဝိညာဉ်များစွာတို့သည် အသက်မုန့်ကိုဆာငတ်လျက်ရှိကြသည်။ သူတို့၏အော်ဟစ်သံသည်၊ "ကျွန်ုပ်ကိုမုန့်ပေးပါ၊ ကျောက်တုံးကိုမပေးပါနှင့်၊ မုန့်ကိုသာကျွန်ုပ်လိုချင်သည်။" ပျက်စီးမည့်ဆာငတ်နေသောဝိညာဉ်များတို့ကိုအစာကျွေးပါ။ ကျွန်ုပ်တို့ယုံကြည်သကဲ့သို့ အမှန်တရား၏ပထမစည်းမျဉ်းများကို နားမလည်သေးသောကလေးများအား မာကျောသောအစာကိုမကျွေးမိရန် ဓမ္မအမှုဆောင်များတို့၏စိတ်ထဲ၌ မှတ်သားထားပါ။ ခေတ်တိုင်းတွင် အထူးသတင်းစကားတစ်ခုကို လူတို့အတွက်ဘုရားသခင်၌ရှိသည်။ ထို့ကြောင့် ယခုခေတ်လူတို့အတွက် ကျွန်ုပ်တို့၌လည်းသတင်းစကားရှိသည်။ သို့သော် ကျွန်ုပ်တို့၌ပြောစရာများစွာရှိနေသောအခါ တချို့သောသူတို့သည် ၎င်းသတင်းစကားများကိုလက်ခံနိုင်ရန် အဆင်သင့်မရှိသေးသောကြောင့် သူတို့အားအကုန်အစင်မပြောဘဲ တချို့တို့ကိုတမင်သက်သက်ချန်ထားကြပါလိမ့်မည်။ Review and Herald, Oct. 14, 1902. [Ev 200.1]

**မျိုးစေ့မကြဲမီမြေသားကိုပြင်ဆင်ပါ –** နေရာသစ်တစ်ခု၌ လုပ်ငန်းကိုအစပြုသောအခါ တစ်မဟုတ်ချင်းလူတို့အား ကျွန်ုပ်တို့သည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသားများဖြစ်ကြောင်း၊ သတ္တမနေ့သည် ဥပုသ်နေ့ဖြစ်သည်ဟုကျွန်ုပ်တို့ယုံကြည်ကြောင်း၊ အသက်ဝိညာဉ်သည် သေတတ်သည်ဟုကျွန်ုပ်တို့ယုံကြည်ကြောင်း အစရှိသည့်ကျွန်ုပ်တို့၏ယုံကြည်ခြင်းများကိုပြောရမည်ဟု မထင်ပါနှင့်။ ဤကဲ့သို့ပြောခြင်းဖြင့် သင်ဆွဲယူလိုသောဝိညာဉ်များနှင့်သင်၏စပ်ကြား ကြောက်ရွံ့ဖွယ်ရာအကာအဆီးများကို သင်ဖန်တီးရာရောက်လိမ့်မည်။ သူတို့လက်ခံနိုင်မည့်သူတို့နှင့်တူညီသော သင်၏ယုံကြည်ခြင်းအယူဝါဒတချို့ကို ဦးစွာပြောရပါမည်။ လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်း၏လိုအပ်ချက်အပေါ်ရပ်တည်ပါ။ သူတို့အားသင်သည် ခရစ်ယာန်တစ်ဦးဖြစ်ကြောင်း၊ ငြိမ်းချမ်းခြင်းနှင့်သင်သည် သူတို့၏ဝိညာဉ်များကိုချစ်ကြောင်း အထောက်အထားပေးပါ။ သင်သည် ရိုးသားသူတစ်ဦးဖြစ်ကြောင်း သူတို့ကိုတွေ့မြင်စေပါ။ သို့မှသာသင်သည် သူတို့၏ယုံကြည်စိတ်ချမှုကိုရရှိပြီး သင်၏ဘာသာရေးယုံကြည်ချက်များကို ပြောရမည့်အချိန်ရောက်လာလိမ့်မည်။ နှလုံးသားကိုရယူပါ။ မြေသားကိုပြင်ဆင်ပါ။ ထိုနောက်မျိုးစေ့ကိုကြဲပြီး ယေရှု၌ရှိသောအမှန်တရားကို မေတ္တာဖြင့်ဟောပြောပါ။ Gospel Workers, pp. 119, 120. (1915) [Ev 200.2]

**တရားနာပရိသတ်များ၏နားများပိတ်ထားခြင်းကိုကာကွယ်ပါ –** လွန်ခဲ့သောည ကျွန်ုပ်အိပ်ပျော်နေသောအချိန်နာရီ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ညီအစ်ကိုများနှင့်အတူ စည်းဝေးတစ်ခုထဲတွင်ရှိနေပုံရပြီး တန်ခိုးအာဏာဖြင့်စကားပြောနေသူတစ်ဦး၏ပြောဆိုသောစကားကို နားထောင်နေပါသည်။ သူပြောခဲ့သည်မှာ၊ "စည်းဝေးတက်ရောက်နေကြသောသူများအထဲ၌ သူတို့ရှေ့တွင်ဟောပြောသည့်အမှန်တရားများကို ရိုးသားစွာနားမလည်သောသူရှိပါလိမ့်မည်။ ခရစ်တော်သည် သူတို့ကိုဆွဲဆောင်သည့်အတွက် သူတို့နားထောင်ပြီးစိတ်ဝင်စားကြပါလိမ့်မည်။ သူတို့ကြားရသောအရာသည် ကျမ်းစာကိုအခြေခံထားသောကြောင့်



မှန်ကန်ကြောင်း သူတို့၏သြတ္တပ္ပစိတ်မှသူတို့ကိုပြောနေပါသည်။ ဤဝိညာဉ်များတို့နှင့်ဆက်ဆံခြင်းပြုရာတွင် အထူးသတိပြုရန်လိုအပ်ပါသည်။ [Ev 200.3]

အသစ်သောအကြောင်းအရာများကဲ့သို့ ဤအရာများကိုမကြားရစေရန် ကျွန်ုပ်တို့၌ရှိသောမေးခွန်းထုတ်စရာအကောင်းဆုံး ယုံကြည်ခြင်းအကြောင်းအရာများကို လူတို့ရှေ့တွင်ဦးစွာဖော်ပြခြင်းမပြုပါနှင့်။ ၎င်းအမှန်တရားအစိတ်အပိုင်းများကို သူတို့နားလည်နိုင်ပြီး၊ နှစ်သက်ပုံပေါ်မှသာ သူတို့အားပြောပြပါ။ ၎င်းအကြောင်းအရာများတို့သည် ထူးဆန်း၍ထိတ်လန့်စရာဖြစ်သော်လည်း ဤနှုတ်ကပတ်တော်မှ အသစ်သောအလင်းဖြစ်သောကြောင့် လူအများတို့သည် ဝမ်းမြောက်စွာဖြင့်လက်ခံကြလိမ့်မည်။ သို့သော် အကယ်၍သူတို့မခံယူနိုင်လောက်အောင်များစွာဟောပြောပါက တချို့သောသူတို့သည်ထွက်ခွာသွားကြပြီး မည်သည့်အခါမျှပြန်လာကြတော့မည်မဟုတ်ပါ။ ထို့ထက်မက သူတို့အနေဖြင့် အမှန်တရားကိုအလွဲဖော်ပြကြပေလိမ့်မည်။ General Conference Bulletin, Feb. 25, 1895. [Ev 201.1]

**သည်မှာအနည်းငယ်နှင့်ဟိုမှာအနည်းငယ် –** ကျင့်ဝတ်နှင့်ပုံသက်သေအမှန်တရားအားဖြင့် ပညာပေးခြင်းခံခဲ့ရသောသူများတို့သည် ကျမ်းစာအမှန်တရားကဲ့သို့ ရေးခလေ့ထုံးစံများနှင့်ဒဏ္ဍာရီပုံပြင်များတို့ကို ဓမ္မဆရာများနှင့်အသင်းသားများတို့၏ရှင်းလင်းပြသခြင်းကြောင့်ရရှိကြပြီး သမ္မာကျမ်းစာမှအသိတရားများကို နားမလည်ကြသောသူများတို့အား အထူးနားလည်ခွင့်ရရှိစေရန်ဆောင်ရွက်သင့်ကြသည်။ သူတို့သည် အမှန်တရား၏တင်ဆက်ခြင်းကိုအံ့သြကြလိမ့်မည်။ သူတို့အတွက်အသစ်သောသတင်းစကားများဖြစ်ပြီး သူတို့အားဦးစွာဟောပြောခြင်းကြောင့် ၎င်းအမှန်တရားအားလုံးတို့ကို ခံယူနိုင်စွမ်းမရှိကြပါ။ အားလုံးတို့သည် အသစ်အဆန်းဖြစ်ပြီး၊ မိမိတို့၏ဓမ္မဆရာများထံကြားခဲ့ရသောသတင်းစကားနှင့်မတူသည့်အတွက် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသားများတို့သည် အယူမှားသူများနှင့်သမ္မာကျမ်းစာကိုမယုံကြည်သူများဟု မိမိတို့ဓမ္မဆရာများ သူတို့ကိုပြောပြသည့်နောက်သို့လိုက်ပါ

သွားပါသည်။ အမှန်တရားကို ခရစ်တော်၌ရှိသကဲ့သို့ ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်ဟောပြောကြပါ။ Undated Manuscript 79. [Ev 201.2]

**အချက်တစ်ခုကိုတစ်ချိန်တည်း၌ပြောပါ** – လူတို့သည် မိမိတို့၏တာဝန်ကိုဂရုမစိုက်ကြရန်၊ သူတို့နှင့်ပတ်သက်သော ဘုရားသခင်၏အလိုတော်သည် မည်သည့်အရာဖြစ်ကြောင်းကိုနားမလည်ရန်နှင့် လုံးလုံးပျက်စီးခြင်းသို့ရောက်ရှိရန်မဖြစ်စေဖို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောသောဆရာများတို့သည် ဘုရားသခင်၏အကြံပေးချက်ကို တစ်ပိုင်းတစ်စမျှချန်ထားခြင်းမပြုဘဲ ဟောပြောကြရမည်။ သို့သော် အမှန်တရားကိုသင်ကြားသောဆရာတို့သည် ဧဝံဂေလိသတင်းစကားကို သစ္စာရှိစွာဟောပြောသင့်သော်လည်း လူတို့အတွက် အသစ်ဖြစ်ပြီး နားလည်ရန်ခက်ခဲသောကြောင့် လူတို့နားမလည်စေရန် တစ်ချိန်တည်း၌များစွာဟောခြင်းကိုမပြုစေပါနှင့်။ တစ်ချိန်တည်းအတွက် အချက်တစ်ချက်တည်းကိုသာယူပြီး ၎င်းတစ်ချက်တည်းကို ဖြည်းဖြည်းနှင့်ပြတ်သားသောအသံဖြင့်ပြောဆိုပါ။ သင်ပြောဆိုသောအခါ လူတို့အားထိုပြောသောအချက်သည် အလွန်အရေးကြီးသောအခြားအမှန်တရားများနှင့် မည်ကဲ့သို့ဆက်သွယ်မှုရှိကြောင်းထင်ရှားစေပါ။ အကယ်၍ပြောဆိုသောသူသည် မိမိကိုယ်ကိုအမွှမ်းတင်ခြင်းမပြုဘဲ ခရစ်တော်ကိုသာဖော်ပြပါက ၎င်းသည် ဝှက်ထားသောဘဏ္ဍာကဲ့သို့ အမှန်တရားကိုရှာဖွေသောသူတို့၏စိတ်နှလုံးများကို အထင်လွဲခြင်းဖြစ်ပေါ်စေရန် ခက်ခဲလိမ့်မည်။ Manuscript 39, 1895. [Ev 201.3]

**မှန်သောအမှန်တရားအပေါ်ရပ်တည်ပါ** – ဖြစ်ပေါ်လာသည့် ဆန့်ကျင်၍မကောင်းသောမေးခွန်းများအပေါ် ဂရုစိုက်ခြင်းမပြုဘဲ မှန်သောအမှန်တရားများကို သင်တို့၏စိတ်နှလုံးထဲ၌သိုမှီးထားပါ။ နှုတ်ကပတ်တော်ကိုများစွာလေ့လာခြင်း၊ စိတ်အားထက်သန်စွာဆုတောင်းပတ္တနာပြုခြင်းနှင့် စိတ်နှလုံးဆက်ကပ်ခြင်းဖြင့် ၎င်းတို့ကိုသင်တို့၏စိတ်နှလုံးထဲ၌ခိုင်မြဲစေပါ။ သင်တို့၏မီးခွက်များကို ထွန်းလင်းတောက်ပစေပြီး၊ ၎င်းရောင်ခြည်တော်အလင်းဖြစ်သည့်



သင်တို့၏ကောင်းသောအလုပ်များတို့ကို တွေ့မြင်ခြင်းအားဖြင့် ကောင်းကင်ပေါ်၌ရှိသော သင်တို့အဖ၏ဘုန်းတော်ကိုထင်ရှားစေပါ။ [Ev 202.1]

ဆရာကြီးခရစ်တော်သည် သူ၏လက်ထဲ၌ အမှန်တရား၏မြေပုံတစ်ခုလုံးကိုကိုင်ထားသည်။ သို့သော် သူ၏တပည့်တော်များတို့အား အားလုံးကိုဖော်ပြပေးခြင်းမပြုပါ။ ကောင်းကင်သို့ချီတက်ရန်လမ်းအတွက် သူတို့၌လိုအပ်သောအကြောင်းအရာများကိုသာ ခရစ်တော်ဖော်ပြပေးသည်။ များစွာသောကိစ္စနှင့်ပတ်သက်ပြီး သူ၏ပညာသည် သူ့အားတိတ်ဆိတ်စွာနေရန် ထိန်းချုပ်ထားလျက်ရှိသည်။ ခရစ်တော်သည် များစွာသောအရာတို့ကို မိမိ၏ပထမတပည့်တော်များတို့အား သူတို့နားလည်ရန်ခက်ခဲ၍ဖော်ပြခြင်းမပြုသကဲ့သို့ ယနေ့တွင်လည်း ကျွန်ုပ်တို့နားလည်နိုင်စွမ်းကို ခရစ်တော်သည်သိရှိပြီး ကျွန်ုပ်တို့အတွက်ဖော်ပြခြင်းမပြုသောအရာများစွာရှိသည်။ Review and Herald, April 23, 1908.

## အမှန်တရားသင်ကြားခြင်းနည်းလမ်းများ

**ခရစ်တော်၏ဥပမာပုံပြင်များနှင့်သင်္ကေတများ** – ယေရှုသည် မိမိ၏တပည့်တော်အဖွဲ့ကလေးနှင့်အတူအလုပ်လုပ်ပြီး ဓမ္မဟောင်းကျမ်းစာကို သူတို့နှင့်အတူသော်လည်းကောင်း၊ လူများတို့နှင့်အတူသော်လည်းကောင်း လေ့လာသကဲ့သို့ သိုးထိန်းကြီးခရစ်တော်၏ပုံသက်သေကို ပို၍နီးကပ်စွာလိုက်လျှောက်နိုင်ရန် ကျွန်ုပ်တို့ရှာဖွေသင့်ကြသည်။ သူ၏လှုပ်ရှားသောသာသနာလုပ်ငန်းသည် တရားဟောခြင်းသက်သက်သာမဟုတ်ဘဲ လူတို့ကိုပညာပေးခြင်းများလည်းပါသည်။ သူသည် တောရွာများကိုဖြတ်ကျော်သွားသောအခါ၊ သူတို့၏အိမ်များ၌ သူတို့နှင့်တစ်ဦးချင်းတွေ့ဆုံပြီး သူတို့၏လိုအပ်ချက်များကို သွန်သင်၍ ကူညီမစခဲ့သည်။ သူ့နောက်သို့လိုက်ကြသော လူထုပရိသတ်များလာသောအခါ၊ သူသည် သင့်လျော်သည့်နေရာကိုရွေးချယ်ပြီး ပရိသတ်

များတို့အား ဥပမာပုံပြင်များနှင့်သင်္ကေတများတို့ကိုအသုံးပြုခြင်းဖြင့် ရှင်းလင်းဟောပြောခြင်းကိုပြုလုပ်သည်။ Letter 192, 1906. [Ev 203.1]

**ကားချပ်များကိုအသုံးပြုသင့်သည်** – သင်သည် အမှန်တရားကိုမည်ကဲ့သို့ စိတ်ဝင်စားရန် ပြုလုပ်ရမည့်နည်းလမ်းနှင့်ပတ်သက်သည့်ကိစ္စများကို များစွာလေ့လာခဲ့ပြီး၊ သင်ဆောင်ရွက်ရမည့်အလုပ်အတွက် ကားချပ်များကိုနည်းလမ်းအတိုင်း ပြည့်စုံစွာပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဤကားချပ်များတို့သည် လူတို့အတွက်နမူနာသင်ခန်းစာများဖြစ်သည်။ ဤဆွဲဆောင်မှုကောင်းသောသရုပ်ဖော်ခြင်းများကိုရရှိရန် သင်သည် အစွမ်းကုန်ကြိုးစားလုပ်ဆောင်ခဲ့သည်။ အမှန်တရား၏ရှင်းလင်းချက်ကို လူတို့အားဟောပြောရန် ၎င်းတို့၌ထိရောက်သောအရည်အသွေးရှိသည်။ လူတို့၏စိတ်ကိုထိတွေ့ရန် ၎င်းတို့အားဘုရားသခင်အသုံးပြုသည်။ အမှန်တရားကိုဟောပြောခြင်းပြုရာ၌ ကားချပ်များကိုအသုံးပြုရန် ရှင်းလင်းတိကျစွာ ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ ဤသရုပ်ဖော်ခြင်းများကို နားထောင်ခြင်း၏အရေးကြီးခြင်းကိုပြသသောစကားများဖြင့် ပို၍ထိရောက်ခြင်းရှိရန်ပြုလုပ်သင့်သည်။ Letter 51, 1902. [Ev 203.2]

**အနာဂတ်စကားများကိုလွယ်ကူ၍စရိတ်ကျဉ်းသောကားချပ်ဖြင့်သင်ကြားခြင်း** – ကားချပ်အသုံးပြုခြင်းဖြင့် အနာဂတ်စကားများ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလအကြောင်းအရာများတို့ကိုရှင်းပြရာတွင် ထိရောက်မှုအကောင်းဆုံးနည်းလမ်းဖြစ်သည်။ သို့သော် လွယ်ကူ၍စရိတ်ကျဉ်းနိုင်သမျှကျဉ်းအောင် ကျွန်ုပ်တို့၏အလုပ်ကိုဆောင်ရွက်ရမည်။ အမှန်တရားကိုလွယ်ကူသောနည်းဖြင့် ရှင်းလင်းပြောဆိုကြရမည်။ ကမ္ဘာ၏ပြင်ပပေါ်လွင်ထင်ရှားသောပြသမှုပုံပမာကို အတုယူလိုက်လျှောက်ကြရန်အကြောင်းမရှိပါ။ Manuscript 42, 1905. [Ev 203.3]

**ဆီလျော်သောဖန်တီးမှုများကိုထိရောက်စွာအသုံးပြုခြင်း** – အသင်းလူကြီးအက်(စ်) သည် ယခုအုတ်ခလင်း (Oakland) ၌တရားပွဲတစ်ခုပြုလုပ်သည်။



ကျွန်ုပ်တို့မျှော်လင့်သည်ထက် ပို၍ပရိသတ်များနားထောင်ရန်ကောင်းသောဗဟိုကျသည့်နေရာတစ်ခုကိုရရှိပြီး တဲကိုဆောက်လုပ်ခဲ့သည်။ [Ev 204.1]

ညီအစ်ကိုအက်(စ်) သည် ထက်မြက်သောသာသနာပြုတစ်ဦးဖြစ်သည်။ ကလေးတစ်ဦး၏လွယ်ကူသောစကားဖြင့်သူပြောဆိုသည်။ သူ၏ဟောပြောခြင်း၌ အကွေ့အကောက်မပါရှိပါ။ သူသည် နှုတ်ကပတ်တော်မှတိုက်ရိုက်ဟောပြောပြီး နှုတ်ကပတ်တော်ဖြင့်သာ လူတန်းစားအားလုံးကိုသူပြောစေပါသည်။ သူ၏ခိုင်မာသောအငြင်းပွားခြင်းသည် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်း၏စကားများဖြစ်သည်။ သူ၏သင်ယူရရှိခဲ့သောပညာမှ စကားလုံးများအားဖြင့် လူတို့၏စိတ်ကိုဆွဲဆောင်ခြင်းမပြုဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်မှတိုက်ရိုက်ကြိုးစား၍ ရှင်းလင်းပြတ်သားစွာဟောပြောသည်။ အကယ်၍ သူ၏သတင်းစကားကိုလက်ခံရန်ငြင်းဆိုပါက၊ သူတို့သည် နှုတ်ကပတ်ကိုငြင်းပယ်ခြင်းသာဖြစ်ရမည်။ [Ev 204.2]

ညီအစ်ကိုအက်(စ်) သည် အထူးသဖြင့် ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့၏အနာဂတ်စကားများကိုဟောပြောသည်။ သူ၌ဤစာအုပ်များထဲမှသားရဲများတို့၏အကြောင်းစကားပြောခြင်းနှင့်ဆိုင်သည့် ဟောပြောချက်များစွာရှိသည်။ ဤသားရဲများတို့၏ရုပ်ပုံများတို့ကို အသားကောင်းသောစက္ကူပျော့ဖြင့် ကောင်းမွန်စွာပုံများကိုဆွဲထားပြီး လူထုရှေ့၌ သင့်လျော်သည့်အချိန်တွင်ပြသနိုင်သည်။ ထို့ကြောင့်သူသည် အမှန်တရားကိုပရိသတ်တို့အားဟောပြောစဉ် သူတို့၏အာရုံကို သူကောင်းမွန်စွာဆွဲဆောင်မှုပြုနိုင်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ရာပေါင်းများစွာသောသူတို့အား သမ္မာကျမ်းစာကိုပိုမို၍ယခင်အချိန်ထက်နားလည်နိုင်ရန်ပို့ဆောင်ပေးပြီး လူများစွာပြောင်းလဲမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ Letter 326, 1906. [Ev 204.3]

**ကောင်းသောသင်ကြားပို့ချခြင်းစည်းမျဉ်းတစ်ခု** – အသင်းလူကြီးအက်(စ်)၏လုပ်ဆောင်မှုများသည် ကျွန်ုပ်အား ၁၈၄၂ မှ ၁၈၄၄ ခုနှစ်အထိ၏လုပ်ဆောင်မှုများတို့ကို ပြန်လည်၍သတိရစေပါသည်။ သူ၏ငြင်းခုံသော

အမှန်တရားများကိုသက်သေပြရန် သမ္မာကျမ်းစာနှင့်သမ္မာကျမ်းစာကိုသာလျှင် သူအသုံးပြုသည်။ သူသည် ရှင်းလင်းသော "ဘုရားသခင်မိန့်တော်မူသည်ကား" ကိုအသုံးပြုသည်။ ထိုနောက် အကယ်၍တစ်ဦးတစ်ယောက်မှသူ့ကို ဆန့်ကျင်လာပါက ထိုသူသည် သူနှင့်အငြင်းပွားရမည်မဟုတ်ကြောင်း ရှင်းလင်းစွာပြောပြပါသည်။

သူသည် ဒံယေလနှင့်ဗျာဒိတ်ကျမ်းထဲမှသားရဲများနှင့် ၎င်းတို့၏ သင်္ကေတများ၏ကြီးမား၍အသက်နှင့်တူသောသရုပ်ဆောင်တင်ဆက်ခြင်းရှိပြီး ဤအရာများတို့သည် သူ၏မှတ်ချက်များကို သရုပ်ဖော်ရန်မှန်သောအချိန်တွင် အသုံးပြုပါသည်။ သတိမမူမိသော၊ သို့မဟုတ် မလိုအပ်သောစကားလုံးတစ်လုံးမျှ သူ၏နှုတ်ခမ်းထဲမှမထွက်ပေါ်စေပါ။ အရှိန်အဟုန်နှင့်လေးနက်စွာဖြင့် သူစကားပြောသည်။ ဤကဲ့သို့အလွန်လေးနက်သောပုံစံဖြင့်ဟောပြောခြင်းများကို သူ၏တရားနာပရိသတ်များစွာတို့သည် ယခင်အချိန်အခါ၌ တစ်ခါမျှ မကြားဖူးကြပါ။ သူတို့သည် ပေါ့ပြက်သောစိတ်ဓာတ်မဖော်ပြပါ။ သူတို့အပေါ်သို့လေးနက်အံ့သြခြင်းခံစားရပုံပေါ်သည်။ Letter 350, 1906. [Ev 205.1]

သင်္ကေတများအားဖြင့် ရောမအသင်းဝင်များကို ဆွဲဆောင်မှုပြုသည်။ အသင်းလူကြီးအက်(စ်)သည် မိမိအစည်းအဝေးများအားဖြင့် စိတ်ဝင်စားမှုကို နှိုးကြွစေသည်။ လူတန်းစားအားလုံးနားထောင်ရန်လာကြပြီး သူ၌ရှိသော ဗျာဒိတ်ကျမ်းမှ သားရဲများ၏အသက်ပါသည့်ရုပ်ပုံကိုလည်း တွေ့မြင်လိုကြသည်။ ရောမအသင်းဝင်များစွာလာရောက်နားထောင်ကြသည်။ Letter 352, 1906. [Ev 205.2]

**လုပ်ငန်းအဆုံးသတ်ချိန်အတွက်အသုံးပြုရန်နည်းစနစ်များ** – ကျွန်ုပ်တို့၏ ညီအစ်ကိုအသင်းလူကြီးအက်(စ်)အသုံးပြုသော သူ၏ပါးနပ်လိမ္မာကျွမ်းကျင်မှုနှင့် သူဟောပြောရန်အတွက်ပြင်ဆင်ထားသော ဆီလျော်သည့်ရုပ်ပုံများဖြင့် သရုပ်ဖော်ခြင်းနှင့်သဘောပေါက်စေရန် တန်ခိုးပါရှိသည့်သရုပ်ဆောင်ဖော်ပြခြင်းအပြုအမူများတို့ကို ကျွန်ုပ်နှစ်သက်သည်။ ၎င်းနည်းစနစ်များကို ဤလုပ်ငန်း



အဆုံးသတ်ချိန်အတွက် ပို၍ပို၍အသုံးပြုရပါလိမ့်မည်။ Manuscript 105, 1906. [Ev 205.3]

**ပုံဆောင်သောအမှန်တရားကိုမည်ကဲ့သို့ဟောပြောရမည်ကို အသက်ငယ်သောပုဂ္ဂိုလ်များလေ့လာပါ** – ဤနောက်ဆုံးသောသတိပေးစကားကို လူတို့အားမည်ကဲ့သို့ပေးရမည်ကို ဘုရားသခင်သည် အသင်းလူကြီးအက်(စ်)ကိုသင်ပေးခဲ့ပါသည်။ ဤအချိန်အတွက် ကျမ်းစာ၏စကားများသည် အမှန်တရားဖြစ်ကြောင်း သက်သေပြခြင်း၌ သူ၏နည်းစနစ်နှင့် ဒံယေလနှင့်ဗျာဒိတ်ကျမ်းများအထဲရှိ သူအသုံးပြုသောသင်္ကေတများဖြင့် တင်ဆက်ဟောပြောခြင်းသည် ထိရောက်မှုရှိသည်။ သူတို့၏အသက်တာအတွက် အမှန်တရားသည် မည်သည့်အရာဖြစ်ကြောင်းနှင့် မည်ကဲ့သို့ဟောပြောသင့်ကြောင်းကို လူငယ်လူရွယ်များတို့အားသင်ယူစေကြပါ။ ကျွန်ုပ်တို့သည် ကြီးမားသောဒုက္ခကာလ၏နောက်ဆုံးသောနေ့ရက်များတို့၌ အသက်ရှင်နေကြရပါသည်။ အမှန်တရားတစ်ခုတည်းသာလျှင် ဤဒုက္ခကာလအချိန်၌ ကျွန်ုပ်တို့ကိုလုံခြုံစွာဆွဲကိုင်ထားပါလိမ့်မည်။ အသင်းလူကြီးအက်(စ်)သတင်းပြောကြားရန်အတွက် ပြင်ဆင်သင့်သောနည်းလမ်းဖြင့် သူ၏ညစဉ်စည်းဝေးများသို့ ကျွန်ုပ်တို့၏လူငယ်လူရွယ်များတက်ရောက်သင့်ကြသည်။ Letter 349, 1906.

**အမှုဆောင်များသည်ဉာဏ်ဆင်ခြင်းများကိုအစပြုရန်** – ဘုရားသခင်၏အမှုဆောင်များတို့သည် အလင်းတရားကို အနီးအနားပတ်ဝန်းကျင်ရှိသူများနှင့် ရပ်ဝေးရှိလူများတို့ထံဆက်သွယ်မှုပြုနိုင်ရန် ပါးနပ်ခြင်းနှင့်စွမ်းရည်များကိုဖော်ပြခြင်း၊ ဉာဏ်ဆင်ခြင်းများကိုအစပြုခြင်းဖြင့် ဆောင်ရွက်ကြပါစို့။ အချိန်သည် ကုန်လွန်သွားခဲ့ပြီ။ ရှေ့ကဲ့သို့တန်ဖိုးရှိသောအခွင့်အရေးများလည်း တိုးတက်မှုမရှိခဲ့ရခြင်းသည် လူတို့အနေဖြင့် ဝိညာဉ်ရေးအမြင်ကြည်လင်မှုမရှိခြင်း၊ စီမံကိန်းဆွဲရန်ပညာမဲ့ခြင်းနှင့် ရန်သူများဝင်ရောက်ပိုင်ဆိုင်ခြင်းမပြုမီ သာသနာ့နယ်မြေကိုကြိုတင်ပိုင်ဆိုင်နိုင်ရန် နည်းလမ်းရှာကြံမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ Review and Herald, March 24, 1896. [Ev 206.1]

**သင်ကြားရန်အကြံအစည်များ၊ ဖျော်ဖြေရန်မဟုတ် –** ကားချပ်များ၊ သင်္ကေတများနှင့် သရုပ်ဆောင်တင်ဆက်ခြင်းအမျိုးမျိုးတို့ကိုအသုံးပြုခြင်းအားဖြင့် ဓမ္မအမှုဆောင်သည် အမှန်တရားကိုရှင်းလင်းပြတ်သားစွာပြုလုပ်နိုင်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် အကူအညီတစ်ခုဖြစ်ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ကိုက်ညီသောအရာဖြစ်သည်။ သို့သော် အမှုဆောင်တစ်ဦးသည် မိမိလုပ်ငန်းအတွက် များစွာအကုန်အကျခံပြုလုပ်ခြင်းကြောင့် အခြားသာသနာ့လုပ်ငန်းအတွက် အထောက်အပံ့ပေးရန် ဘဏ္ဍာရေးဌာနမှ ငွေလုံလောက်စွာမရှိဘဲဖြစ်ရခြင်းမှာ ၎င်းလုပ်ရပ်သည် ဘုရားသခင်၏အကြံအစည်နှင့်ကိုက်ညီမှုမရှိပါ။ [Ev 206.2]

မြို့ကြီးများရှိအလုပ်သည် ခရစ်တော်၏အမိန့်တော်နှင့်အညီဆောင်ရွက်ရမည်။ ပွဲလမ်းသဘင်ဆန်သောအလုပ်မဖြစ်စေရပါ။ ပွဲလမ်းသဘင်ဆန်သောဆောင်ရွက်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကို မထင်ရှားစေနိုင်ပါ။ ခရစ်တော်၏မေတ္တာတော်အားဖြင့်သာ အမှန်တရားကိုတင်ဆက်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေမည်ဖြစ်သည်။ Testimonies, vol. 9, p. 142. (1909) [Ev 206.3]

## ပုံပြင်များ၊ ပုံတိုပတ်စများ၊ နောက်ပြောင်ခြင်းနှင့်ပြက်လုံးထုတ်ခြင်း

**ခရစ်တော်အတွက်သံတမန်တစ်ဦး –** ဘုရားသခင်နှင့်အတူအမှုထမ်းဆောင်သော ဧဝံဂေလိဓမ္မအမှုဆောင်တစ်ဦးသည် ခရစ်တော်၏ကျောင်း၌ နေ့စဉ်သင်ယူလိမ့်မည်။ ပေါ့ဆ၍အရေးမကြီးသောစကားများကို သူ၏နှုတ်၌မကြားရပါ။ သူသည် ခရစ်တော်အတွက်သံတမန်တစ်ဦး၊ ပျက်စီးနေသောဝိညာဉ်များအတွက် ဘုရားသခင်၏သတင်းစကားကိုသယ်ဆောင်နေသောသူတစ်ဦးမဟုတ်ပါသလား။ နောက်ပြောင်ခြင်းနှင့်ပြက်လုံးထုတ်ခြင်းအားလုံး၊ ပေါ့ဆ၍အရေးမကြီးသောစကားအားလုံးတို့သည် ခရစ်တော်၏ကပ်တိုင်ကိုသယ်ဆောင်



သောတပည့်တော်အတွက် နာကျင်ဖွယ်ရာဖြစ်သည်။ သူသည် ဝိညာဉ်များအတွက် သူခံစားနေရသောဝန်ထုပ်အားဖြင့် ဖိစီးခြင်းခံနေရသည်။ သူ၏စိတ်သည် ဆုတောင်းခြင်းအားဖြင့် အမြဲဘုရားသခင်ထံ သူ၏ကျေးဇူးတော်ဆုကျေးဇူးရရှိရန်အတွက်နှင့် သစ္စာရှိသောဘဏ္ဍာစိုးတစ်ဦးဖြစ်ရန်အတွက် တောင်းခံရန်ဆွဲဆောင်ခြင်းခံနေရသည်။ သူသည် ဖြူစင်သန့်ရှင်းသောအသက်တာရရှိရန်နှင့် မာရ်နတ်၏သွေးဆောင်ခြင်းနောက်သို့ လိုက်ပါသွားခြင်းမရှိစေရန် ဆုတောင်းလျက်ရှိပါသည်။ [Ev 206.4]

သူသည်ဤအမိန့်ကိုနာခံသည်။ "သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ အကြောင်းမူကား၊ ငါသည် သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့။" သူ၏သခင်နှင့်နီးကပ်စွာနေခြင်းဖြင့် လူတို့အားဟောပြောရန်အတွက် ခရစ်တော်ထံမှစကားများကိုသူရရှိသည်။ ခရစ်တော်မြောက်တင်သကဲ့သို့မြောက်တင်ခြင်း၊ ခရစ်တော်ချစ်သကဲ့သို့ချစ်ခြင်း၊ ခရစ်တော်လုပ်သကဲ့သို့လုပ်ဆောင်ခြင်းဟူသောကောင်းမှုကိုပြုရန်သူသွားသည်။ သူသည် မိမိခွန်အားရှိသမျှဖြင့် ကိုယ်တိုင်တိုးတက်မှုအတွက်ရန်းကန်ပြီး ဆုံးမသွန်သင်ခြင်းနှင့်ပုံသက်သေအားဖြင့် လူများတို့အားပို၍ဖြူစင်သော၊ ပို၍မြင့်မားသော၊ ပို၍မြင့်မြတ်သောအသက်တာသို့ ပို့ဆောင်နိုင်ရန်ဖြစ်သည်။ Review and Herald, Jan. 21, 1902. [Ev 207.1]

**လေးနက်သောစိတ်စွဲလမ်းခြင်းကိုချန်ထားပါ –** ဓမ္မအမှုဆောင်များတို့သည် လူတို့၏အယူအဆများကိုဟောပြောခြင်းမပြုရန်၊ ပုံတိုပတ်စများကိုပြောဆိုခြင်းမပြုရန်၊ ပွဲလမ်းသဘင်ဆန်သောအရာများကိုပြုလုပ်ပြီး မိမိကိုယ်ကိုအမွှမ်းတင်ခြင်းမပြုရန်ဖြစ်သည်။ သို့သော် ဘုရားသခင်နှင့်ယေရှုခရစ်တော်၏ထံတော်ပါး၌ရှိနေသကဲ့သို့ နှုတ်ကပတ်တော်ကိုဟောပြောရမည်။ သူတို့သည် သာသနာလုပ်ငန်း၌ ပေါ့ပြက်သောလုပ်ဆောင်ခြင်းကိုမပြုကြဘဲ သူတို့သည် နှုတ်ကပတ်

တော်ကိုကြားနာရသောသူများအတွက် လေးနက်သောစိတ်စွဲလမ်းခြင်းကို ဟောပြော၍ချန်ထားစေပါ။ Review and Herald, Sept. 28, 1897. [Ev 207.2]

**အမှန်တရား၏စာရိတ္တဖြင့် ညှိသည်များအပေါ် ဩဇာသက်ရောက်စေပါ –** ဘုရားသခင်သည် မိမိ၏အမှုတော်အစိတ်အပိုင်းအားလုံးကို စနစ်တကျစီမံကွပ်ကဲပြီး ကောင်းသောအနေအထားသို့ရောက်ရှိကာ တက်ရောက်သောညှိသည်များ၊ ပုံမှန်တက်ရောက်သူများအားလုံးအတွက်ပါ အမှန်တရား၏ စာရိတ္တဖြင့်တိုးတက်ခြင်း၊ မြင့်မြတ်ခြင်းနှင့် ၎င်း၏တန်ခိုးသည် စိတ်နှလုံးကို ဆေးကြောစေနိုင်ခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ [Ev 207.3]

သူ၏ပြုပြင်မှု၌ဘုရားသခင်သည် ကျွန်ုပ်တို့၏စည်းဝေးများနှင့်အသင်းတော်အစီအစဉ်များသို့ လူတို့တက်ရောက်ကြရန် သူတို့၏စိတ်နှလုံးကို နှိုးဆော်လျက်ရှိသည်။ သိလိုသောစိတ်ဖြင့် တချို့လာကြပြီး၊ ဝေဖန်ခြင်းပြုရန်၊ သို့မဟုတ် ပြောင်လှောင်ရန်လာသောသူများတချို့ရှိကြပါသည်။ မကြာခဏ သူတို့သည် မိမိတို့၏အပြစ်ကိုတွေ့မြင်ကြသည်။ မေတ္တာစိတ်ဖြင့်ပြောဆိုသော စကားသည် သူတို့အတွက်မေ့ပျောက်၍မရအောင် အမြဲစိတ်ထဲ၌စွဲလမ်းခြင်းကို ပေးသည်။ ထို့ကြောင့် ဤအစည်းအဝေးများကို သတိကြီးစွာဖြင့်ကျင်းပရန် လိုအပ်ပါသည်။ ပြောဆိုသောစကား၌တန်ခိုးပါရှိပြီး သန့်ရှင်းသောဝိညာဉ်တော်မှ လူတို့၏စိတ်ထဲ၌ဩဇာသက်ရောက်မှုရှိစေရမည်။ ဘုရားသခင်၏ ဝိညာဉ်တော်ထိန်းချုပ်ခြင်းခံရသောတရားဟောဆရာ၌ သန့်ရှင်းသောဂုဏ်သိက္ခာရှိပြီး သူ၏စကားသည် အသက်မှအသက်သို့ပို့ဆောင်နိုင်သည့်တန်ခိုးပါရှိသည်။ ပြောဆိုသောစကားထဲ၌ မသင့်လျော်သည့်သရုပ်ဆောင်ဖော်ပြချက်များ၊ ပုံတိုပတ်စများမပါရှိပါစေနှင့်။ ကြားနာရသူတို့၏အကျင့်စာရိတ္တတိုးတက်ကောင်းမွန်ရေးအတွက်သို့ ပို့ဆောင်နိုင်သည့်စကားကိုသာပြောဆိုစေပါ။ Letter 19, 1901. [Ev 207.4]

**ခရစ်တော်အသုံးပြုသောရုပ်ပုံများဖြင့်သရုပ်ဖော်ခြင်း –** ခရစ်တော်၏ကရုဏာ သတင်းစကားသည် မိမိ၏ပရိသတ်များတို့နှင့်သင့်လျော်ရန် အမျိုးမျိုးရှိသည်။



သူသည် မောပန်းသူတို့အတွက် သင့်လျော်သောစကားကို မည်ကဲ့သို့ပြောရမည့်အကြောင်းသိသည်။ အမှန်တရား၏ဘဏ္ဍာကို လူတို့အားအကောင်းဆုံးဆွဲဆောင်မှုဖြင့်ပေးနိုင်ရန် သူ၏နှုတ်၌ကျေးဇူးတော်သွန်းလောင်းလျက်ရှိသည်။ အမြင်မကြည်သောသူတို့နှင့်တွေ့ဆုံရန် သူ၌ပါးနပ်မှုရှိပြီး၊ ရုပ်ပုံနှင့်သရုပ်ဖော်ခြင်းအားဖြင့် သူတို့ကိုအံ့ဩစေကာ သူတို့၏အာရုံကိုဆွဲဆောင်နိုင်သည်။ [Ev 208.1]

ခရစ်တော်သည် မိမိစိတ်ကူးဉာဏ်ဖြင့် လူတို့၏စိတ်နှလုံးကိုသိသည်။ သူ၏ရုပ်ပုံဖြင့်သရုပ်ဆောင်ခြင်းကို နေ့စဉ်အသက်တာ၏အရာများမှဖြစ်ပြီး ၎င်းတို့သည်လွယ်ကူသော်လည်း လေးနက်၍အံ့ဩဖွယ်ရာဖြင့်ပြည့်ဝလျက်ရှိသည်။ လေထဲ၌ပျံဝဲလျက်ရှိသောငှက်သတ္တဝါများ၊ လယ်ထဲရှိနှင်းပန်းများ၊ မျိုးစေ့၊ သိုးနှင့်သိုးထိန်း ဤအရာများအားဖြင့် ခရစ်တော်သည် တည်မြဲသော အမှန်တရားကို သရုပ်ဖော်သည်။ နောက်ပိုင်းအချိန်များ၌ သူ၏တရားနာပရိသတ်များတို့သည် ဤသဘာဝတရားများတို့ကို တွေ့မြင်ခွင့်ရရှိသည့်အခါတိုင်း သူ၏စကားများကို သူတို့သည် ပြန်လည်၍သတိရစေကြပါသည်။ ခရစ်တော်၏သရုပ်ဖော်ခြင်းသည် သူ၏သင်ခန်းစာများကို အမြဲပြန်လည်၍ဖော်ပြလျက်ရှိသည်။ The Desire of Ages, p. 254. (1898) [Ev 208.2]

**သတင်းစကားကိုတန်ဖိုးလျှော့နည်းစေခြင်း –** လူတို့အားနှုတ်အားဖြင့်သော်လည်းကောင်း၊ ယုံကြည်ခြင်းခံယူချက်အားဖြင့်သော်လည်းကောင်း အထူးပြောဆိုရမည့် သန့်ရှင်းသောသာသနာ့လုပ်ငန်းကို ကျွန်ုပ်တို့မေ့လျော့ခြင်းမရှိလိုပါ။ ဤအလုပ်သည် လူတို့အား သန့်ရှင်းသောအမှန်တရား၏စကားများဖြင့် လေးနက်စွာပြောဆိုရမည့် ဓမ္မအမှုဆောင်၏တာဝန်ဖြစ်သည်။ တချို့သောသူတို့သည် မိမိတို့၏ဟောပြောခြင်းထဲ၌ ပရိသတ်များပျော်ရွှင်ရန် ပုံတိုပတ်စများပြောတတ်သည့်အကျင့်ရှိခြင်းကြောင့် ကြားနာရသောသူတို့၏စိတ်ကို မိမိတို့ကိုင်ဆောင်ထားသော သန့်ရှင်းသည့်အမှန်တရားထံမှ ဝေးကွာသွားစေပါသည်။ ထိုသို့သောအရာသည် ၎င်းတို့အနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်

တော်ကို လူတို့အားပေးနိုင်စွမ်းမရှိကြောင်း စဉ်းစားသင့်သည်။ ပုံပြင်သရုပ်ဖော်ခြင်းများစွာတို့သည် မှန်ကန်သောဩဇာမရှိပါ။ ၎င်းအရာတို့သည် သန့်ရှင်းသောဂုဏ်သိက္ခာကိုတန်ဖိုးလျှော့စေသည့်အတွက် လူတို့ထံဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောရာ၌ အမြဲထိန်းသိမ်းကာကွယ်ရန်သင့်သည်။ Review and Herald, Feb. 22, 1887 [Ev 208.3]

**အလွန်အဖိုးချိုသောမြက်ခြောက်** – သိုးစုကိုအစာကျွေးရမည်ဟုခံယူကြပြီး သိုးထိန်းများကဲ့သို့ တရားပလ္လင်ပေါ်မတ်တတ်ထနေသောသူများရှိကြသော်လည်း သိုးတို့သည် အသက်မုန့်ကိုဆာငတ်နေဆဲပင်ဖြစ်နေကြပါသည်။ ရှည်လျားစွာဟောပြောပြီး ပုံတိုပတ်စများတို့ကိုသာပြောကြသည့်အတွက် နားထောင်သူတို့၏စိတ်နှလုံးကို ထိတွေ့မှုမရှိပါ။ တချို့သောသူတို့သည်ခံစားရပြီး မျက်ရည်ပင်ကျမည်ဖြစ်သော်လည်း သူတို့၏စိတ်ကြေကွဲခြင်းမရှိပါ။ သူတို့တရားဟောသောအခါ၌ သခင်ယေရှုရှိနေသော်လည်း သူတို့၏စကားသည် ကောင်းကင်မုန့်ရေနှင့်မိုးရေမပါသကဲ့သို့ဖြစ်နေပါသည်။ ဇာခရိပုရောဖက်မှဖော်ပြခဲ့သောသူတို့ကို ဘိသိက်ခံသူများမကူညီသည့်အတွက် အခြားသူများကိုသူတို့မကူညီနိုင်ကြောင်းထင်ရှားပါသည်။ ဘိသိက်ခံသူများတို့သည် ရွှေပိုက်လုံးများအားဖြင့် မိမိတို့ကိုယ်ကိုစီးဆင်းစေသည့်အခါ၊ ရွှေဆီသည် မိမိတို့ကိုယ်မှရွှေဇလုံထဲသို့တစ်ဖန်စီးဆင်းသွားပြီး အသင်းတော်မီးခွက်များထဲသို့ စီးဝင်မည်ဖြစ်သည်။ ဤအရာသည် မှန်ကန်သောဆက်ကပ်သည့် အသက်ရှင်သောဘုရားသခင်၏အစေခံတိုင်း၏အလုပ်ဖြစ်သည်။ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်ကို တရားပလ္လင်ပေါ်၌ ဝန်ခံပြောဆိုသောအရာအားလုံးကိုသဘောမတူပါ။ သူတို့သည် ကြားနာရသူများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန် သူတို့၏စိတ်ထဲ၌ မှန်သောအတွေးအခေါ်များကိုစွဲမြဲအောင်မပြုလုပ်နိုင်ပါ။ ထိုနေရာ၌အဖိုးချိုသော၊ အလွန်အဖိုးချိုသောမြက်ခြောက်ကိုလူတို့ရှေ့၌ထားခြင်းဖြစ်သည်။ Testimonies to Ministers, pp. 336, 337. (1896) [Ev 209.1]



**ထူးဆန်းသောမီး** – သင့်ဓမ္မဆရာလုပ်ငန်း၏ရည်ရွယ်ချက်သည် သူတစ်ပါးကိုဖျော်ဖြေရန်မဟုတ်ပါ။ သတင်းပေးရုံတစ်ခုတည်းသာမဟုတ်ပါ။ အသိဉာဏ်ရှိသူတို့အား နားလည်သဘောပေါက်ရန် တမင်ရှင်းပြရုံမျှလည်းမဟုတ်ပါ။ နှုတ်ကပတ်တော်ဟောပြောခြင်းသည် အသိဉာဏ်ရှိသူတို့ကိုဖိတ်ခေါ်ပြီး မိမိရရှိသောအသိတရားကို ပြန်လည်ဝေငှစေရန်အတွက်ဖြစ်သင့်သည်။ သို့သော်ဤထက်မကများစွာပါဝင်လျက်ရှိနေသေးသည်။ ဓမ္မဆရာတို့၏နှလုံးသားများသည် ကြားနာရသူများတို့၏နှလုံးသားသို့ရောက်ရှိရမည်။ တချို့သောသူတို့သည် မမှန်သောဩဇာရှိသည့်ဟောကြားခြင်းပုံစံကို အတုယူကြသည်။ [Ev 209.2]

ဓမ္မအမှုဆောင်သည် မိမိ၏ဟောပြောခြင်းထဲ၌ ပုံများရောထည့်၍ဟောပြောသောအခါ ထူးဆန်းသောမီးကိုအသုံးပြုခြင်းဖြစ်သည်။ သင်သည် လူတန်းစားအမျိုးမျိုးတို့၏စိတ်နှင့်တွေ့ဆုံရလိမ့်မည်ဖြစ်ပြီး သန့်ရှင်းသောနှုတ်ကပတ်တော်နှင့်ပတ်သက်လာသောအခါ၊ သင်သည် စိတ်အားထက်သန်ခြင်း၊ ရိုသေလေးစားခြင်းတို့ကို ဖော်ပြသင့်သည်။ သူတစ်ပါးရှေ့၌ သင်၏ဩဇာသက်ရောက်မှုသည်တန်ဖိုးနည်းပြီး၊ အပေါ်ယံချောစကားပြောသူဟု မပေါ်လွင်စေပါနှင့်။ ပုံပြောခြင်းကို သင်၏တရားဟောချက်ထဲမှဖယ်ရှားပစ်လိုက်ပါ။ နှုတ်ကပတ်တော်ကိုသာဟောပြောပါ။ သင်သည် နှုတ်ကပတ်တော်ကိုသာအမြဲဟောပြောပါက ဝိညာဉ်များစွာတို့ကို သင်၏သခင်ထံသို့ခေါ်ဆောင်လာနိုင်လိမ့်မည်။ ဝိညာဉ်၏ကြီးမားသောလိုအပ်ချက်နှင့်တောင့်တမှုကိုသင်အနည်းငယ်သာနားလည်သည်။ တချို့သောသူတို့သည် သံသယစိတ်နှင့်လုံးပန်းနေရပြီး စိတ်ပျက်အားငယ်ခြင်းနှင့်မျှော်လင့်ခြင်းကင်းမဲ့ခြင်းအခြေအနေသို့ ရောက်လုနီးပါးဖြစ်နေကြပါသည်။ [Ev 210.1]

မိမိ၏ကိုယ်စားလှယ်များ တန်ဖိုးမရှိ၊ သေးနုတ်သောစကားများကိုအသုံးပြုသောအခါ ဘုရားသခင်ကိုပြစ်မှားခြင်းဖြစ်သည်။ အမှန်တရား၏လုပ်ငန်းသည် ဂုဏ်ပြုခြင်းမခံရပါ။ လူတစ်ဦးထံမှ သူတို့ကြားရသောသာသနာ

လုပ်ငန်းအားလုံးကို သူတို့စီရင်ချက်ချပြီး အမှန်တရား၏ရန်သူများသည် သူ၏အမှားများကို ပို၍မှားအောင်ပြုလုပ်လိမ့်မည်။ Letter 61, 1896. [Ev 210.2]

**အသက်မုန့်ကိုဆာငတ်ခြင်း –** သင်၏ပုံဝတ္ထုများကို သင့်ကိုယ်တိုင်အတွက်ထားထားပါ။ လူတို့၏ဝိညာဉ်သည် ဤအရာများကိုဆာလောင်ခြင်းမရှိပါ။ သူတို့သည် အစဉ်အမြဲအသက်ရှင်၍ တည်မြဲသောအသက်မုန့်ကိုသာအလိုရှိကြပါသည်။ ဂျုံဆန်အတွက်အဖျင်းသည် မည်သို့အသုံးဝင်မည်နည်း။ Letter 61, 1896. [Ev 210.3]

**တန်ဖိုးမရှိသောအသိတရားကင်းမဲ့ခြင်းကြောင့် ခိုင်မာသောယုံကြည်ခြင်းဝန်ထုပ်ပျောက်ဆုံးခြင်း –** ရှင်လန်းဖွယ်ရာသည် သမ္မာကျမ်းစာသင်ကြားခြင်း၌ ရောထွေးပါဝင်၍မရပါ။ ပါဝင်ခဲ့သော်၊ ကြားနာရသူတို့သည် အဓိပ္ပါယ်ကင်းမဲ့သောအရာတချို့ဖြင့် ခေတ္တခဏရှင်လန်းကြပြီး ခိုင်မာသောယုံကြည်ခြင်းဝန်ထုပ်ပျောက်ဆုံးသွားကြမည်ဖြစ်သည်။ အခွင့်အရေးလွန်သွားမည်ဖြစ်ပြီး မည်သူမျှကယ်တင်ရှင်၏မေတ္တာကြိုးဖြင့် ဆွဲယူခြင်းခံရကြမည်မဟုတ်ပါ။ Manuscript 83, 1901. [Ev 211.1]

**တန်ဖိုးနည်း၍ရိုးရိုးဖော်ပြခြင်းမှကင်းဝေးခြင်း –** အမှန်တရား၏သတင်းစကားများသည် တန်ဖိုးမရှိ၊ လူတို့ကြံဆသော အများအသုံးပြုသည့်စကားများဖြင့်လုံးလုံးကင်းရှင်းခြင်းရှိရပါမည်။ သို့မှသာ တန်ခိုးအရှိန်ရှိသောစွဲမှတ်ချက်များသည် စိတ်နှလုံးများထဲ၌ ရောက်ရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့သည် သစ်လွင်၍ထူးဆန်းသောအရာများကို ယူဆောင်လာရမည့်အတွေးအခေါ်ကို မြတ်နိုးခြင်း၊ သို့မဟုတ် တန်ဖိုးနည်း၍အများသုံးစကားများကိုအသုံးပြုခြင်းတို့သည် သူတို့ကိုသြဇာသြောင်းမှုပေးမည့်အတွေးအခေါ်ကို မြတ်နိုးခြင်းများမရှိကြပါစေနှင့်။ ဓမ္မအမှုဆောင်များတို့သည် ဘုရားသခင်ကိုယ်စား စကားပြောရမည့်သူများဖြစ်သည်။ တန်ဖိုးမရှိ၊ အများသုံးရိုးရိုးပြောဆိုသောစကားအားလုံးကို မိမိတို့၏အပြောအဆိုထဲမှ သူတို့ဖယ်ရှားကြရပါမည်။ သူတို့ဟောပြောခြင်းပြုလုပ်စဉ် ရယ်မောဖွယ်ရာများ၊





ဘုရားသခင်၏ဂုဏ်တော်ကိုရှုတ်ချစေသောအရာများ မပြုလုပ်မိစေရန် သူတို့အားသတိပြုစေပါ။ [Ev 211.2]

ကျွန်ုပ်တို့၏သတင်းစကားသည် လေးနက်၍၊ မွန်မြတ်သန့်ရှင်းသည်။ ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့လုပ်ဆောင်ကြရမည်။ ပြောဆိုသောစကားများတို့သည် လူတို့၏စိတ်နှလုံးကိုစွဲလမ်းခြင်းရှိစေရန် ဘုရားရှင်ပြုလုပ်နိုင်သောအရည်အသွေးရှိသည့်စကားများဖြစ်ရပါလိမ့်မည်။ ဧဝံဂေလိဓမ္မအမှုဆောင်များတို့သည် အမှန်တရားအားဖြင့် သန့်ရှင်းခြင်းရှိရကြမည်။ Letter 356, 1906. [Ev 211.3]

## မှားယွင်းသောစမ်းသပ်ခြင်းများနှင့်လူ၏ဖန်တီးမှုစံချိန်များ

**အခြေခံအမှန်တရားများကိုသင်ကြားပါ –** စကားနှင့်ယုံကြည်ခြင်းအယူဝါဒအားဖြင့် အလုပ်လုပ်မည့်သူများတို့သည် နယ်သို့အခြားသူများတို့ကိုသွားရောက်ဟောပြောရန် အမိန့်ပေးခြင်းမခံရမီ သူတို့သည် အမှန်တရား၌ခိုင်မြဲစွာတည်ရှိနေရမည်။ ဖြူစင်ပြီးအခြားအရာနှင့်ရောနှောခြင်းမရှိသောအမှန်တရားကို လူတို့အားဟောပြောကြရမည်။

ဤသတင်းစကားသည် လူတို့အားဟောပြောရန် မှန်သောစမ်းသပ်မှုပါရှိသည့် တတိယကောင်းကင်တမန်သတင်းစကားဖြစ်သည်။ မာရ်နတ်သည် လူတို့အားမှားယွင်းသောစမ်းသပ်မှုကိုပြုလုပ်ရန် ပို့ဆောင်လိမ့်မည်။ ထိုနောက် အမှန်တရားသတင်းစကားကိုတန်ဖိုးမရှိစေရန်နှင့် ဟောပြောသောအခါ ထိရောက်မှုမရှိစေရန် သူဆောင်ရွက်ပေလိမ့်မည်။ [Ev 211.4]

ဘုရားသခင်၏ပညတ်တော်ကို ကမ္ဘာတစ်ဝန်းလုံးလိုပင် အလေးမထားကြခြင်းသည် ယခုအချိန်အတွက် ခိုင်မြဲသောအမှန်တရားရှိရခြင်းဖြစ်သည်။ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောသူအားလုံးတို့အတွက် ဤလက္ခဏာအားဖြင့် ခွဲခြားရမည့်အချိန်ရောက်ရှိလာပြီ။ သူတို့၏ကောင်းကင်အပေါ်သစ္စာ

စောင့်သိခြင်းအမှတ်လက္ခဏာအားဖြင့် သူတို့ကိုဘုရားသခင်၏အစေခံများကဲ့သို့ လူအများသိရှိရလိမ့်မည်။ သို့သော် လူဖန်တီးသမျှသောစမ်းသပ်ခြင်းအားလုံးတို့သည် လူတို့၏စိတ်ကို ကြီးမားပြီးအရေးကြီးသည့်ယုံကြည်ခြင်းအယူဝါဒပါရှိသော လက်ရှိအမှန်တရားမှ အာရုံပြောင်းသွားစေလိမ့်မည်။ [Ev 212.1]

ကျွန်ုပ်တို့အထဲသို့ တစ်ဖက်စွန်းသမားများ၊ သဘောထားကျဉ်းမြောင်းသူများ၊ ထက်မြက်၍ဝေဖန်ရေးသမားများနှင့် အမှန်တရားသည် မည်သည့်အရာဖြစ်သည်ကို မိမိတို့၏ကိုယ်ပိုင်ခံယူချက်များဖြင့် ခိုင်မြဲစွာစွဲကိုင်ထားသူများတို့ကို မာရ်နတ်ယူဆောင်လာမည်ဖြစ်သည်။ သူတို့သည် တင်းကျပ်မည်ဖြစ်ပြီး ပြင်းထန်သောတာဝန်များကို အတင်းအကျပ်ဆောင်ရွက်ရန်နှင့် အသေးအမွှားကိစ္စများတို့ကို လွန်စွာအလေးထားခြင်းဖြင့် ပညတ်တော်၏ပို၍အလေးစီးသောကိစ္စများ– ဘုရားသခင်၏တရားစီရင်ခြင်း၊ ကရုဏာနှင့်မေတ္တာကို သူတို့သည်ဂရုမပြု၊ အလေးမထားကြတော့ပါ။ ဤအနည်းငယ်သောအဆင့်အတန်းရှိပုဂ္ဂိုလ်များတို့၏လုပ်ရပ်ကြောင့် ဥပုသ်စောင့်ထိန်းသူအဖွဲ့အစည်းတစ်ခုလုံးတို့သည် တစ်ယူသန်များ၊ သူတော်ကောင်းယောင်ဆောင်သူများနှင့် ဘာသာရေးအယူသီးသူများဟု သတ်မှတ်ခြင်းခံရပါလိမ့်မည်။ ဤပုဂ္ဂိုလ်များတို့ကြောင့် အမှန်တရား၏အလုပ်သည် အရေးမကြီးသောအရာဟု အထင်သေးခြင်းခံရပေလိမ့်မည်။ [Ev 212.2]

ဘုရားသခင်သည် ဗဟုသုတရှိသူများဆောင်ရွက်ရန်အတွက် မိမိ၌အထူးအလုပ်ရှိသည်။ သူတို့သည် ဘုရားသခင်၏အလုပ်ကို ကာကွယ်စောင့်ရှောက်ကြရမည်။ မိမိတို့၏လွတ်လပ်သောကိုယ်ပိုင်စီရင်ဆုံးဖြတ်ခြင်းသည် သူတို့၏အခွင့်အရေးဟုခံယူသူများ၊ သူတို့နှစ်သက်သောတရားကိုသာဟောကြားသူများ၊ မိမိတို့၏အလုပ်အတွက် မည်သူ့အပေါ်၌မျှတာဝန်မထားသူများတို့အား ဘုရားသခင်၏လုပ်ငန်းကိုမအပ်နှံမိရန်အတွက် သတိပြုစောင့်ရှောက်ကြရမည်။ ကျွန်ုပ်တို့အလယ်၌ မိမိကိုယ်ကိုအထင်ကြီးသော



စိတ်ဓာတ်ရှိသူများ၊ လုပ်ဆောင်မှုမညီညွတ်ခြင်းများ၊ စိတ်ဓာတ်စည်းလုံးမှုမရှိခြင်းများ၊ အလုပ်အတွက်လုံခြုံမှုမရှိခြင်းနှင့် ကောင်းမွန်စွာအမှုတော်ကြီးထွားမှုမရှိခြင်းတို့ကို မရှိစေပါနှင့်။ ဖြည်းညင်းစွာအမှားကိုသွတ်သွင်းပြီး ဝိညာဉ်များကို အမှန်တရားထံမှဆွဲဆောင်သွားမည့် မှားယွင်းသောဆရာများ၊ ဆိုးသွမ်းသောအမှုဆောင်များရှိပေလိမ့်မည်။ ဤဆုတောင်းခြင်းပြည့်စုံရန် လိုလားသူများတို့သည် ဤဖြစ်တတ်သောကွဲပြားခြင်းကိုအားမပေးရန်၊ စည်းလုံးခြင်းစိတ်ဓာတ်နှင့် ညီအစ်ကိုများအထဲ၌မေတ္တာရှိစေရန် ကြိုးစား၍ထိန်းသိမ်းကြရမည်။ Review and Herald, May 29, 1888. [Ev 212.3]

**ပုံပြင်ကလေးများ၊ ကောက်ရိုးမျှတန်ဖိုးမရှိ –** ကျွန်ုပ်တို့သည် အမှန်တရားကိုရရှိခဲ့ပြီး နားလည်သောသူများထံနှင့် တစ်ကြိမ်ပြီးတစ်ကြိမ်၎င်းတို့ကိုကြားခဲ့ရပြီး၊ မူရင်းအကြောင်းအရာများကို ပြန်လည်၍ပြောနိုင်လိမ့်မည်ဟု ထင်မြင်ရသောသူတို့ထံသို့ အကြောင်းကြားစရာမလိုပါ။ သူသည် ကောက်ရိုးတစ်ချောင်းမျှပင်တန်ဖိုးမရှိသော ဒဏ္ဍာရီပုံပြင်ကလေးများကို ယူဆောင်လာခြင်းပင်ဖြစ်သည်။ လူတို့၏စိတ်ကို ဘုရားသခင်ပေးတော်မူသော စစ်မှန်သည့်စုံစမ်းခြင်းများမှလမ်းကြောင်းလွှဲလိုက်ရန် ထိုအရာများကိုမာရ်နတ်အစပြုဖန်တီးခဲ့သောအခါ ဤအရာများကိုဘုရားပေးသောစုံစမ်းခြင်းများကဲ့သို့ သူယူဆောင်လာသည်။ General Conference Bulletin, April 16, 1901. [Ev 213.1]

**သစ်လွင်၍ထူးဆန်းသောလူသားတို့၏စမ်းသပ်ခြင်းများ –** မည်သူမျှအတင်းအကျပ်နှုတ်ကပတ်တော်ကိုနားလည်ရန်ခက်ခဲသောဆောက်တည်ခြင်းအားဖြင့် အမှန်တရားကိုမဖျက်ဆီးသင့်ပါ။ ဤသို့ဖြင့် တချို့သောသူတို့သည် ဘုရားသခင်၏အမှန်တရားကို လိမ်လည်ခြင်းသို့ပြောင်းလဲလိုက်မည့်အန္တရာယ်ရှိသည်။ သူတို့၏နှလုံးသားကို ဘုရားဝိညာဉ်တို့ထိရန် လိုအပ်နေသူများရှိကြသည်။ သို့မှသာ ယခုအချိန်အတွက်အမှန်တရားသည် သူတို့၏ဝန်ထုပ်ဖြစ်ပေလိမ့်မည်။ သူတို့သည် လူသားတို့၏စမ်းသပ်ခြင်းနှင့် သစ်လွင်၍ထူးဆန်းသောအရာများကို ရှာဖွေကြမည်မဟုတ်ပါ။ ယခုအချိန်အတွက်စမ်းသပ်ခြင်းသည်

ပညတ်တော်လေးပါးတစ်ပါးမှ ဥပုသ်နေ့ဖြစ်ပြီး၊ ဤကြီးမားသောအောက်မေ့ဖွယ်နှင့်ပတ်သက်သည့်အရာအားလုံးတို့ကို လူတို့ရှေ့၌ထားရှိကြရမည်။ Undated Manuscript 111. [Ev 213.2]

**လူသားထင်မြင်ယူဆချက်များမှကင်းလွတ်ခြင်း –** ဘုရားသခင်၏အလုပ်သည်ကြီးသောအလုပ်ဖြစ်သည်။ လောက၏အလွန်သေးငယ်သောစည်းမျဉ်းဥပဒေမှကင်းလွတ်သည့် ကျမ်းစာ၏စည်းမျဉ်းဥပဒေများကို စောင့်ရှောက်ထိန်းသိမ်းရန် ပညာရှိသောသူများလိုအပ်နေသည်။ အမှုဆောင်အားလုံးတို့သည် စမ်းသပ်ခြင်းခံရပါသည်။ အုတ်မြစ်သို့ သစ်သား၊ မြက်ခြောက်၊ ကောက်ရိုးပြတ်ယူလာသောသူအကြောင်းကို ရှင်ပေါလုပြောသည်။ ဤအရာသည် အမှန်တရားမဟုတ်သောအရာကို အမှန်တရားကဲ့သို့ယူဆောင်လာသောသူကိုပုံဆောင်ပြီး မိမိတို့၏ထင်မြင်ယူဆချက်နှင့်လီဆယ်မှုများပင် ၎င်းအထဲ၌ပါရှိပါသည်။ အကယ်၍ ဤဝိညာဉ်များကယ်တင်ခြင်းရရှိပါက မီးအားဖြင့်ကဲ့သို့ပင်ဖြစ်လိမ့်မည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ အလုပ်လုပ်နေသည်ဟု သတိတရားရှိစွာဖြင့်ထင်နေသောကြောင့်ဖြစ်သည်။ သူတို့သည် မီးစများကဲ့သို့သာ လွယ်ကူစွာလောင်ကျွမ်းခြင်းခံရပါလိမ့်မည်။ [Ev 213.3]

ဖြူစင်ခြင်း၊ ချီးမြှောက်ခြင်းနှင့်မြင့်မြတ်ခြင်းရှိရမည့်အလုပ်သည်မှားယွင်းခြင်းများတို့နှင့်ရောနှောရန် လူတို့ပြုလုပ်ကြသည်။ ထိုသို့ဖြင့် အမှန်တရားသည် ပျက်စီးခဲ့ရသည်။ တစ်ကိုယ်ကောင်းစိတ်အားဖြင့် စွန်းထင်းခြင်းမရှိဘဲ မည်သူမျှရပ်တည်၍မရပါ။ မှားယွင်းမှုများနှင့်ရောထွေးလျက်ရှိသောဘုရားသခင်၏အမှုတော်သည် ကမ္ဘာကြီး၏ရှေ့မှောက်၌ ရှင်းလင်းပြတ်သားစွာရပ်တည်သင့်သည့်နေရာတွင် လက်တွေ့လုပ်ငန်းလုပ်ဆောင်ခြင်း၌ ဆန့်ကျင်သည့်စည်းမျဉ်းဥပဒေများ၏မကောင်းမှုများကိုဖြစ်စေသည်။ Letter 3, 1901. [Ev 214.1]



**နှုတ်ကပတ်တော်ကိုဟောပြောပါ –** အမှန်တရားကိုသွန်သင်သောလူငယ်များတို့အား ကျွန်ုပ်၌ပြောစရာစကားများရှိသည်။ နှုတ်ကပတ်တော်ကိုဟောပြောပါ။ သင်၌တီထွင်လိုသောစိတ်ရှိလိမ့်မည်။ အသစ်သောစိတ်ကူးများရရှိသော ယုဒဆရာများကဲ့သို့ သင်သည် တတ်ကျွမ်းသူတစ်ဦးဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် သူတို့ကိုခရစ်တော်ပြောခဲ့သည်မှာ၊ "လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏" မဿဲ ၁၅း၉။ သူတို့သည် လူတို့အားရှေးဓလေ့ထုံးစံများ၊ ထင်မြင်ယူဆချက်များနှင့် အမျိုးမျိုးသောပုံပြင်များဖြင့်ဟောပြောကြသည်။ သူတို့နှစ်သက်သောပုံစံနှင့်အခမ်းအနားများမှ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစောင့်ရှောက်သောသူများဖြစ်ကြသည်၊ သို့မဟုတ် လူတို့၏ရှေးဓလေ့ထုံးစံများကို လိုက်လျှောက်နေသောသူများဖြစ်ကြသည်ဟူသောကွဲပြားခြင်းကို လူတို့အတွက်သိရှိရန်မလွယ်ကူလှပါ။ [Ev 214.2]

လူတို့၏စိတ်ကိုရှုပ်ထွေးစေနိုင်သည့်အခါ မာရ်နတ်သည် လွန်စွာအားရနှစ်သက်သည်။ ဓမ္မအမှုဆောင်များတို့သည် မိမိတို့၏ကိုယ်တိုင်ထင်မြင်ယူဆချက်များကို မဟောပြောပါစေနှင့်။ လေးနက်သောခံယူချက်ဖြင့် စိတ်အားထက်သန်စွာ နှုတ်ကပတ်တော်ကိုသူတို့အားရှာဖွေစေပြီး၊ အကယ်၍သူတို့သင်ကြားသောအယူဝါဒထဲ၌ ဘုရားသခင်၏နှုတ်ကပတ်တော်မှပါရှိသည့်အရာများမဟုတ်ပါက သူတို့သည် ဗျာဒိတ်နောက်ဆုံးကျမ်း၌ပုံဆောင်ခြင်းခံရသောသူများကဲ့သို့ ဖြစ်ပေလိမ့်မည်။ [Ev 214.3]

စိတ်ကူးခြင်းဖြင့်ခံယူသော အယူဝါဒများ၏နောက်သို့လိုက်ပါရန်သွေးဆောင်ခြင်းခံရသောသူတို့သည် ကောင်းကင်အမှန်တရား၏မိုင်းတွင်းထဲသို့ နက်နက်တူး၍၊ လက်ခံရရှိသောသူထံသို့ပေးနိုင်ရန် ကြွယ်ဝချမ်းသာခြင်းတည်းဟူသော ထာဝရအသက်ကိုရရှိထားရမည်။ တန်ဖိုးရှိသောဘဏ္ဍာကိုဘုရားသခင်၏နှုတ်ကပတ်တော်အား စိတ်အားထက်သန်စွာဖြင့် လေ့လာသူ

များတို့သာ ကောင်းကင်တမန်များတို့၏လမ်းပြကူညီရှာဖွေပေးခြင်းအားဖြင့် ရရှိကြပါလိမ့်မည်။ Undated Manuscript 111.

**လူတို့သည်လူသားချည်မျှင်ဖြင့်ရက်လုပ်သောအခါ –** လူတို့သည် စတင်၍ လူသားများတို့၏ချည်မျှင်ဖြင့် ပင့်ကူအိမ်ကဲ့သို့ဖြစ်လာရန် ရက်လုပ်သောအခါ၊ ဘုရားသခင်ဆိုင်းငံ့နေပါသည်။ သူ၏ဆိုင်းငံ့နေခြင်းကို လူတို့အနေဖြင့် မိမိတို့၏ကိုယ်ပိုင်အတွေးအခေါ်ဖြင့် တီထွင်မှုများကိုဘေးဖယ်ထားပြီး ဘုရားသခင်၏လမ်းနှင့်အလိုတော်ကို လက်ခံသည့်အထိဖြစ်ပါသည်။ Letter 181, 1901. [Ev 215.1]

**အဏုမြူကမ္ဘာတစ်ခုပြုလုပ်ခြင်း –** အို၊ ကိုယ်ကျိုးစွန့်လျက် မိမိကိုယ်ကို ဆက်ကပ်ပြီး မြင့်မြတ်သောအလုပ်ကို လူဘယ်နှစ်ယောက်လုပ်ကြမည်နည်း။ အသက်တာ၏သေးငယ်သောအရာများကို မည်သူစိတ်ဝင်စားသနည်း။ သူတို့သည် မျက်စိကွယ်ကြပြီး အဝေးသို့မမြင်နိုင်ပါ။ သူတို့သည် ကမ္ဘာ၏အဏုမြူတစ်လုံးနှင့် အဏုမြူ၏ကမ္ဘာတစ်လုံးကိုပြုလုပ်သည်။ သူတို့သည် တိမ်သောချောင်းကလေးများကဲ့သို့ဖြစ်လာကြခြင်းသည် အခြားသူများထံသို့ အသက်စမ်းရေကိုဝေမပေးခြင်းကြောင့်ဖြစ်သည်။ Manuscript 173. 1898. [Ev 215.2]

**လူတစ်ဦး၏အတွေးအခေါ်အားဖြင့်သတင်းစကားအားနည်းစေသည် –** အသင်းတော်ထဲ၌ တန်ဖိုးရှိသောစွမ်းရည်ရှိသည်။ သို့သော်ပြောင်းလဲခြင်းမရှိသမျှ ဤပုဂ္ဂိုလ်များကိုဘုရားသခင်အသုံးမပြုပါ။ အသင်းတော်ကိုအကူအညီပေးရန် လူတချို့တို့၌ လုပ်ဆောင်နိုင်သည့်စွမ်းအားရှိသည်။ သို့သော် ထိုသူတို့သည် မိမိတို့၏စိတ်နှလုံးများကို မှန်သောအနေအထား၌ ဦးစွာထားရှိရမည်။ တချို့သောသူတို့သည် မှားသောစမ်းသပ်ခြင်းများကိုယူဆောင်လာကြပြီး မိမိတို့၏ကိုယ်ပိုင်အတွေးအခေါ်နှင့်ထင်မြင်ချက်များကို မှတ်ကျောက်တင်ကြသည်။ ၎င်းပြင် အနည်းငယ်သာအရေးကြီးသည့်အရာများတို့ကို ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်း၏စမ်းသပ်မှုများထဲသို့ ပုံကြီးချဲ့ယူဆောင်လာကာ အခြားသောသူများအပေါ် လေးလံသောဝန်ထုပ်များဖြင့် တုပ်နှောင်ထားကြပါသည်။ ဤသို့ဖြင့်



အသင်းတော်ကိုကြီးစွာအနှာင့်အယှက်ဖြစ်စေသော ဝေဖန်ခြင်းစိတ်ထား၊ အပြစ်ရှာခြင်းနှင့် ကြီးမားသောခိုက်ရန်ဖြစ်ပွားခြင်းများဝင်ရောက်လာပါသည်။ ထိုနောက် မယုံကြည်သူများတို့အတွက် ခံစားရသည့်အရာမှာ၊ သတ္တမနေ့ဥပုသ်ကိုစောင့်သော မြော်လင့်ခြင်းအသင်းဝင်တို့သည် တစ်ယူသန်၊ တစ်ဖက်စွန်းများဖြစ်ကြပြီး သူတို့၏ထူးခြားသောယုံကြည်ခြင်းသည် သူတို့အားကြင်နာခြင်းကင်းမဲ့သူများ၊ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိသူများနှင့် ခရစ်ယာန်မဆန်သောအကျင့်စာရိတ္တရှိသူများ ဧကန်အမှန်ဖြစ်ကြောင်း ထင်ရှားလျက်နေခြင်းဖြစ်သည်။ ဤသို့ဖြင့် အနည်းငယ်သောတစ်ဖက်စွန်းသမား၏အလုပ်သည် အမှန်တရား၏သြဇာဖြင့် လူတို့ထံသွားရောက်ပြီး ခရစ်တော်ထံသို့ခေါ်ဆောင်လာရန် အတားအဆီးဖြစ်စေပါသည်။ [Ev 215.3]

တချို့သောသူတို့သည် အဝတ်အစားနှင့်ပတ်သက်သောကိစ္စကို ပထမအရေးကြီးသောနေရာ၌ထားကြပြီး အခြားသူများဝတ်ဆင်သောအရာများကို ပြစ်တင်ဝေဖန်ကြသည်။ ထိုနောက် သူတို့၏အမြင်နှင့်အတိအကျမကိုက်ညီပါက အပြစ်တင်ရန်အဆင်သင့်ရှိနေကြသည်။ တချို့သောသူများတို့အနေဖြင့် ရုပ်ပုံကားချပ်များကိုအပြစ်တင်ပြီး ဒုတိယပညတ်တော်မှတားမြစ်ထားသောအရာဟုပြောဆိုကြကာ ၎င်းတို့နှင့်ပတ်သက်သည့်အရာအားလုံးကို ဖျက်ဆီးသင့်သည်ဟု တွန်းအားပေးကြသည်။ [Ev 215.4]

ဤအတွေးအခေါ်တစ်ခုတည်းရှိပုဂ္ဂိုလ်များတို့သည် အခြားအရာများကိုလုံးဝမတွေ့မမြင်ဘဲ တစ်ခုတည်းကိုသာလျှင် စိတ်ထဲ၌စွဲလမ်းလျက်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာ၌ ဤစိတ်ဓာတ်နှင့်လုပ်ဆောင်မှုမျိုးကို ကျွန်ုပ်တို့ ရင်ဆိုင်ခဲ့ရသည်။ ရုပ်ပုံကားချပ်များကိုဝေဖန်ပြောဆိုသည့်သတင်းစကားကို ဟောပြောကြပြီး၊ ရုပ်ပုံကားချပ်နှင့်ဓာတ်ပုံအစရှိသည်တို့ကိုဖျက်ဆီးရန် တိုက်တွန်းခဲ့ကြသည်။ ဤထက်မက ရုပ်ပုံ၊ သို့မဟုတ် ဓာတ်ပုံပါရှိသည့် နာရီများကိုအသုံးပြုခြင်းသည် မှားယွင်းကြောင်း၊ မသင့်လျော်ကြောင်းကိုပင် ပြောကြသည်။ [Ev 216.1]

လူအချို့တို့သည် မိမိတို့လက်တွင်းရှိ ပိုင်ဆိုင်သောရုပ်ပုံကားချပ်အားလုံးကို မီးရှို့ဖျက်ဆီးကြပြီး၊ ၎င်းအရာနှင့်တူသော မိမိတို့၏မိတ်ဆွေများတို့၌ရှိသည့် ရုပ်ပုံကားချပ်၊ ဓာတ်ပုံများတို့ကိုပါ ဖျက်ဆီးကြသည်။ ဤအယူသီးသောလှုပ်ရှားမှုများအပေါ် ကျွန်ုပ်တို့သနားညှာတာမှုမရှိသောအခါ၊ မိမိတို့၏ရုပ်ပုံကားချပ်များကို မီးရှို့ဖျက်ဆီးသူအား ၎င်းတို့အတွက် အစားထိုးကုန်ကျစရိတ်ကိုမခံရန်အကြံပြုသည်။ အကယ်၍သူတို့သည် သိလျက်နှင့်လုပ်ဆောင်ကြပါက ဖြစ်ပျက်သမျှအရာအားလုံးတို့အပေါ် သူတို့အနေဖြင့်ကျေနပ်သင့်ကြပါသည်။ သို့သော် သူတို့ပြုသကဲ့သို့ သူတစ်ပါးတို့အားပြုလုပ်ရန်လိုအပ်ကြောင်း အားမပေးသင့်ပါ။ သူတို့၌ရှိသောခံယူချက်မျိုးကို သူတို့၏ညီအစ်ကိုမောင်နှမများတို့၌ရှိစေရန် သူတို့အနေဖြင့်ကြိုးစား၍မပြုလုပ်သင့်ပါ။ Historical Sketches, pp. 211, 212. (1886) [Ev 216.2]

–၀–



tcef; (8)

wdus&Sif;vif;aomtcsefwGif;udka[mMum;jcif;

## ဒုတိယကြွလာခြင်းအကြောင်းကိုကြွေးကြော်ခြင်း

**ပြင်ဆင်ရန်လူတို့ကိုနှိုးကြွစေပါ** – အနာဂတ်စကားပြည့်စုံသည့် ကမ္ဘာ့သမိုင်း၏နောက်ဆုံးချိန်၌ ကျွန်ုပ်တို့နေထိုင်နေရကြသည်။ မကြာမီခရစ်တော်သည် တန်ခိုးနှင့်ကြီးမားသောဘုန်းတော်ဖြင့်ကြွလာလိမ့်မည်။ ကျွန်ုပ်တို့၌အချိန်ဖြုန်းရန်မရှိပါ။ သတင်းစကားကိုစိတ်အားထက်သန်စွာသတိပေးစကားများအားဖြင့် ဟောပြောကြပါစို့။ [Ev 217.1]

နေရာတိုင်း၌ရှိကြသောသူများ နောင်တရကြပြီး ရောက်ရှိလာမည့်အမျက်တော်မှကင်းလွတ်ကြရန် ကျွန်ုပ်တို့သွေးဆောင်ကြရမည်။ ကယ်တင်ခြင်းရရှိရန်၊ သို့မဟုတ် ပျက်စီးဆုံးရှုံးရန်ဝိညာဉ်များရှိနေသည်။ ဤကိစ္စကိုအလေးမထားဘဲမနေသင့်ကြပါ။ စိတ်အားထက်သန်ပြီး တိကျသောဆုံးဖြတ်ချက်နှင့်ပြည့်ဝသည့်အမှုဆောင်များကို ဘုရားသခင်ခေါ်လျက်ရှိသည်။ လူတို့ကိုအချိန်မရွေးပြောဆိုကြပါ။ အရာခပ်သိမ်းအဆုံးသို့ရောက်လုကြောင်း လူတိုင်းကိုသင်၏နှုတ်၌အသက်ရှင်သောစကားများအားဖြင့်ပြောပါ။ [Ev 217.2]

ကျွန်ုပ်တို့၏ဝိညာဉ်များကို ဘုရားသခင်၏မေတ္တာတော်ထဲ၌ထားရှိကြပါစို့။ သတိပေးချက်များကိုပေးရမည်။ အမှန်တရားကိုနှေးကွေးစွာမပြောဆိုရပါ။ ချက်ချင်းပြင်ဆင်မှုပြုရန် လူတို့ကိုနှိုးဆော်ရမည်။ အကြောင်းမှာရှေ့၌ဘာဖြစ်လိမ့်မည်ကို ကျွန်ုပ်တို့အနည်းငယ်သာသိနိုင်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်၏ယုံကြည်ခြင်းခွန်အားသည် အမြဲရှိနေသကဲ့သို့ ဤကျန်ရှိသောနောက်ဆုံးအချိန်၌လည်းရှိလျက်နေသည်။ ယေရှုထံတော်သို့လာပြီး မိမိတို့၏အပြစ်မှနောင်တရရန် အမှုဆောင်တိုင်းတို့မှ လူအားလုံးတို့အတွက် အချိန်မရွေးတံခါးဖွင့်ထားပေးကြပါစို့။ Letter 105, 1903. [Ev 217.3]

**နိုင်ငံတိုင်း၌ဟောပြောပါ –** ယခုအချိန်အတွက် အထူးအလုပ်ကိုမေ့ပျောက်နေသည့်အန္တရာယ်၌ရှိနေကြသော ညီအစ်ကိုမောင်နှမများတို့အား ပြောရမည့်သတိပေးစကားကိုရှာဖွေရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ "ကြည့်ရှုလော့၊ မိုးတိမ်နှင့်တကွကြွလာတော်မူသည်ဖြစ်၍ ရှိသမျှသောသူတို့သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်" ဟူသော ဗျာဒိတ်ဆရာကြွေးကြော်သည့်စကားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်သတင်းစကားကို နိုင်ငံတိုင်း၌ဟောပြောရမည်။ Testimonies, vol. 8, p. 116. (1904) [Ev 217.4]

ခရစ်တော်မကြာမီကြွလာတော့မည့်သတင်းစကားကို ကမ္ဘာအနှံ့သို့ ကြွေးကြော်ရမည့်အချိန်ရောက်ရှိလာပြီ။ Testimonies, vol. 9, p. 24. (1909) [Ev 218.1]

**''ဘုရားရှင်ကြွလာသည်'' ဟူသောသတင်း –** သခင်ဘုရားကြွလာနေပြီ။ သင်တို့၏ခေါင်းများကိုမော်ကြည့်၍ ရွှင်လန်းခြင်းရှိကြလော့။ အို၊ ဤဝမ်းမြောက်ဖွယ်သတင်းကိုကြားရသောသူများနှင့် ယေရှုကိုချစ်သည်ကိုပြောဆိုသောသူများတို့သည် မမြွက်ဆိုနိုင်သောဝမ်းမြောက်ခြင်းနှင့် ဘုန်းတော်ဖြင့်ပြည့်ဝလိမ့်မည်ဟု ထင်ကြပါလိမ့်မည်။ ဤအရာသည်ကောင်းပြီး ဝမ်းမြောက်ဖွယ်သတင်းကို လူတိုင်းထံသို့ရောက်ရှိသင့်ခြင်း၊ ကျွန်ုပ်တို့၏အိမ်များ၌ ထပ်မံ၍ပြောဆိုသင့်ခြင်း၊ လမ်းပေါ်၌တွေ့ဆုံရသူများတို့ကိုပြောကြားခြင်းပြုကြရန်သင့်သည်။ ဤထက်သာ၍ဝမ်းမြောက်ဖွယ်ကောင်းသောသတင်းကို သူတစ်ပါးနှင့်ဆက်သွယ်ရန် အခြားသတင်းရှိသေးပါသလား။ [Ev 218.2]

စစ်မှန်သောကင်းစောင့်၏အသံသည် နေရာတိုင်း၌ကြားရစေရန် ယခုလိုအပ်နေပါသည်။ "နံနက်အချိန်ရောက်ရှိလာပြီ၊ ညအချိန်လည်းရောက်လာတော့မည်။" သခင့်အတွက်ပြင်ဆင်ရမည့်နေ့ကြီး၌ ကျွန်ုပ်တို့ရှိနေကြသည့်အတွက် တံပိုးခရာသံကို မှန်သောအသံဖြင့်ပေးရလိမ့်မည်။ Letter 55, 1886. [Ev 218.3]



**ပျောက်ဆုံးရန်အချိန်မရှိ –** တစ်ပြည်လုံးသို့အချက်ပေးသံကိုပြုပါ။ ဘုရားသခင်၏နေ့ကြီးနီးနေကြောင်းနှင့် လျင်မြန်စွာရောက်ရှိလာတော့မည့်အကြောင်းကို လူတို့အားပြောကြားပါ။ သတိပေးမခံရသူများ တစ်ယောက်မျှမကျန်ရှိစေပါနှင့်။ မတော်တဆကျွန်ုပ်တို့သည် အမှားပြုနေသောသနားဖွယ်ရာဝိညာဉ်များတို့၏နေရာ၌ရှိနေပေလိမ့်မည်။ သူတစ်ပါးထက်ပို၍ ကျွန်ုပ်တို့၌ရရှိသောအလင်းတရားအတိုင်း သူတို့ထံသို့ငှင်းသတင်းစကားကိုဝေငှရန် ကျွန်ုပ်တို့ကြွေးတင်လျက်ရှိကြသည်။ [Ev 218.4]

ကျွန်ုပ်တို့၌ဖြုန်းတီးရန်အချိန်မရှိပါ။ မှောင်မိုက်တန်ခိုးများတို့သည် ခွန်အားကြီးစွာဖြင့် အလုပ်လုပ်လျက်ရှိနေပြီး မာရ်နတ်သည် လျှို့ဝှက်သောခြေလှမ်းဖြင့် ရှေ့သို့ချီလျက် အိပ်ပျော်နေသောသူများတို့ကို ဝံပုလွေသည် မိမိ၏အစာကိုယူ၍စားသကဲ့သို့ လုပ်ဆောင်လျက်ရှိသည်။ ယခုသတိပေးချက်များ ကျွန်ုပ်တို့၌ပေးရန်ရှိသည်။ ယခုကျွန်ုပ်တို့၌ဆောင်ရွက်ရန်အလုပ်ရှိသည်။ သို့သော် မကြာမီကျွန်ုပ်တို့ထင်သည်ထက် အမှုတော်ကိုဆောင်ရွက်ရန် ပို၍ခက်ခဲမှုရှိပေလိမ့်မည်။

ကျွန်ုပ်တို့ပထမဆုံးယုံကြည်သောအချိန်ထက်သာ၍ သခင်ဘုရားကြွလာမည့်အချိန်သည် နီးကပ်လျက်ရှိသည်။ အငြင်းပွားမှုကြီးသည် အဆုံးသို့ရောက်လုနီးပြီ။ ပင်လယ်နှင့်ကုန်းတို့မှဖြစ်ပေါ်နေသော ကြီးမားလှသည့်ဘေးဒုက္ခ၏သတင်းတိုင်းတို့သည် အဆုံးသို့ရောက်လုနီးကြောင်း သက်သေခံလျက်ရှိသည်။ စစ်ပွဲများနှင့်စစ်သတင်းများလည်း ပြောပြလျက်ရှိသည်။ ဤကြီးမားသောဖြစ်ရပ်များ ကျွန်ုပ်တို့၌ရှိပြီး၊ ကြုံတွေ့နေရခြင်းကြောင့် ခရစ်ယာန်တစ်ဦး၏သွေးခုန်နှုန်းသည် ပို၍လျင်မြန်လာခြင်းမရှိဘဲဖြစ်နိုင်ပါမည်လား။ [Ev 219.1]

သခင်ဘုရားကြွလာတော့မည်။ ဤကမ္ဘာကြီး၏အပြစ်ကိုစီရင်ရန်ကြွလာမည့် ဘုရားသခင်၏ခြေလှမ်းမြည်သံကို ကျွန်ုပ်တို့ကြားနေရပြီ။ ကျွန်ုပ်တို့သည် ဤနေ့ရက်ကြီးအတွက် လူတို့အားအဆင်သင့်ရှိကြရန် လုပ်ဆောင်

ရမည့်တာဝန်ကိုဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်၏လမ်းခရီးကိုပြင်ဆင်ကြရမည်။ Review and Herald, Nov. 12, 1914. [Ev 219.2]

**သတင်းစကား၌အသက်ရှင်သောတန်ခိုးပါရမည်** – အသက်ရှင်သောတန်ခိုးသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကားနှင့်အတူပါရှိရမည်။ ခရစ်တော်တစ်ဖန်ပြန်လည်ကြွလာခြင်း၏မင်္ဂလာရှိသောမျှော်လင့်ခြင်းသို့ ဝိညာဉ်များစွာပြောင်းလဲခြင်းကို ကျွန်ုပ်တို့မတွေ့မြင်ရမချင်း ကျွန်ုပ်တို့သည် မနားမနေလုပ်ဆောင်ကြရမည်။ တမန်တော်များတို့၏နေ့ရက်အချိန်၌ သူတို့သယ်ဆောင်သောသတင်းစကားသည် အမှန်တကယ်စိတ်လှုပ်ရှားမှုကိုဖြစ်စေပြီး၊ ရုပ်တုများထံမှ အသက်ရှင်သောဘုရားထံတော်သို့ ဘုရားရှင်အားဝတ်ပြုရန် ဝိညာဉ်များကိုပြောင်းလဲစေပါသည်။ ယနေ့လုပ်ငန်းကိုလည်း ၎င်းအတိုင်းလုပ်ဆောင်ကြရန်၊ အမှန်တရားကို အမှန်တရားကဲ့သို့ဟောပြောရန်၊ ခရစ်တော်ကြွလာခြင်းနီးကပ်လာသည်နှင့်အလျောက် ကျွန်ုပ်တို့သည် ဤသတင်းစကားကို ပို၍စိတ်အားထက်သန်စွာကြိုးစားဟောပြောကြရမည်။ ဤအချိန်အတွက်သတင်းစကားသည် မှန်ကန်၊ တိကျ၊ လွယ်ကူပြီး အထူးအရေးကြီးသောသတင်းစကားဖြစ်သည်။ ၎င်းကိုအမှန်တကယ်ယုံကြည်သည့် ပုဂ္ဂိုလ်များကဲ့သို့လုပ်ဆောင်ကြရမည်။ စောင့်ခြင်း၊ မျှော်နေခြင်း၊ လုပ်ဆောင်ခြင်း၊ ဆုတောင်းခြင်း၊ ကမ္ဘာကိုသတိပေးခြင်း ဤအရာများသည် ကျွန်ုပ်တို့၏အလုပ်ဖြစ်သည်။ [Ev 219.3]

ကောင်းကင်တစ်ခုလုံးလှုပ်ရှားလျက်ရှိပြီး ဘုရားသခင်၏အမျက်တော်နေ့ကြီးအတွက် ဇိအုန်လွတ်မြောက်ခြင်းနေ့အတွက်ပြင်ဆင်ခြင်း၌ ပါဝင်နေကြသည်။ နေးကွေးချိန်ကုန်ဆုံးလုနီးပြီ။ သာ၍ကောင်းသောတိုင်းပြည်ကိုကြာမြင့်စွာတောင့်တနေကြသော ဘုရားဖူးများနှင့်ဧည့်သည်တော်များတို့သည် အိမ်တော်သို့ရောက်လုနီးပြီ။ ကျွန်ုပ်ကျယ်လောင်စွာငိုကြွေးချင်လောက်အောင် ခံစားနေရပါသည်။ အိမ်တော်သားဖြစ်ရတော့မည်။ ခရစ်တော်တစ်ဖန်လာပြီး



ရွေးနုတ်ခြင်းခံရမည့်သူများကို မိမိရှိရာအရပ်သို့ခေါ်ဆောင်သွားမည့်အချိန်သည် လျင်မြန်စွာရောက်လုနီးပြီ။ Review and Herald, Nov. 13, 1913.

**ဟောပြောခြင်းအားလုံး၌ခရစ်တော်ကြွလာခြင်း၏အလင်းပါရှိသည်** – အနာဂတ်စကား၏အမှန်တရားများတို့သည် အတူတကွပေါင်းစည်းထားလျက်ရှိပြီး ၎င်းတို့ကိုကျွန်ုပ်တို့လေ့လာသည့်အခါ၊ လက်တွေ့ခရစ်ယာန်အမှန်တရား၏ လှပသောစုစည်းထားသည့်အခိုင်တစ်ခုသဖွယ် ပေါင်းစည်းလျက်ရှိသည်။ ဟောပြောသောအရာအားလုံးတို့၌ ကျွန်ုပ်တို့သည်ရှင်းလင်းစွာဖြင့် ဘုရားသခင်၏သားတော်ကြွလာခြင်းအတွက် ကျွန်ုပ်တို့စောင့်နေခြင်း၊ လုပ်ဆောင်နေခြင်းနှင့်ဆုတောင်းနေခြင်းတို့ကို ဖော်ပြနေပါသည်။ သူ၏ကြွလာခြင်းသည် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းဖြစ်သည်။ ဤမျှော်လင့်ခြင်းသည် ကျွန်ုပ်တို့၏အပြောအဆိုနှင့်အလုပ်အကိုင်တို့ဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ပေါင်းသင်းခြင်းနှင့်လူမှုဆက်ဆံရေးအားလုံးတို့နှင့်သော်လည်းကောင်း ပေါင်းစည်းနေရမည်ဖြစ်သည်။ Letter 150, 1902. [Ev 220.1]

**သမိုင်းသို့သော့** – ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း၏မျှော်လင့်ခြင်းအကြောင်းကို နားလည်ခြင်းသည် နောက်လိုက်လာမည့်သမိုင်းအားလုံးကိုဖော်ပြရန်နှင့် ရှေ့လာမည့်သင်ခန်းစာအားလုံးတို့ကိုရှင်းပြရန်သော့ချောင်းဖြစ်သည်။ Letter 218, 1906. [Ev 220.2]

**ဒုတိယကြွလာခြင်းအကြောင်းဟောပြောခြင်း၏ထိရောက်မှု** – လူသားဒုတိယအကြိမ်ကြွလာခြင်းသည် လူတို့ရှေ့၌ထားရှိရမည့် အံ့ဩဖွယ်ရာဆောင်ပုဒ်ဖြစ်သည်။ ကျွန်ုပ်တို့၏ဟောပြောခြင်းထဲ၌ ချန်မထားသင့်သောအကြောင်းအရာတစ်ခုဖြစ်သည်။ ထာဝရစစ်မှန်သောအရာများကို စိတ်မျက်စိရှေ့၌ထားရမည်ဖြစ်သည်။ သို့မှသာ လောက၏ဆွဲဆောင်မှုများတို့သည် အကျိုးမရှိ၊ အနတ္တသက်သက်အဖြစ် ပေါ်လွင်လာမည်ဖြစ်သည်။ လောက၏အချည်းနှီးသောအရာများ၊ ချီးမွမ်းဖွယ်ရာများ၊ ကြွယ်ဝခြင်းများ၊ ဂုဏ်အသရေများ၊

သို့မဟုတ် ၎င်း၏ပျော်ရွှင်မှုများတို့နှင့် ကျွန်ုပ်တို့မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း။ [Ev 220.3]

ကျွန်ုပ်တို့သည် မင်္ဂလာရှိသောမျှော်လင့်ခြင်းနှင့် ကျွန်ုပ်တို့၏သခင်ကယ်တင်ရှင်ယေရှုခရစ်တော်ဘုန်းတန်ခိုးနှင့်ကြွလာခြင်းအတွက် စောင့်နေသော၊ မျှော်လင့်သော၊ ဆုတောင်းလျက်ရှိနေကြသော ဘုရားဖူးများနှင့်ဧည့်သည်များဖြစ်ကြပါသည်။ ဤအရာကိုယုံပြီး ကျွန်ုပ်တို့၏လက်တွေ့အသက်တာ၌ယူဆောင်လာပါက မည်မျှစွမ်းအားကောင်းသောလှုပ်ရှားခြင်းသည် ဤယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းမှ တိုက်တွန်းအားပေးမည်၊ မည်မျှတစ်ဦးနှင့်တစ်ဦးအမှန်တကယ်ချစ်ကြမည်၊ မည်မျှဂရုပြု၍ ဘုရားရှင်၏ဘုန်းတော်အတွက် အသက်ရှင်ကြလိမ့်မည်နည်း။ ၎င်းပြင် ဆုလာဘ်၏ပြန်လည်၍ပေးဆပ်မည့်အကျိုးအတွက် ကျွန်ုပ်တို့၏လေးစားခြင်း၌ မည်သည့်ပြတ်သားသောနယ်နိမိတ်အကန့်အသတ်၏အထောက်အထားကို ကျွန်ုပ်တို့နှင့်လောကစပ်ကြား၌ ပြသနိုင်မည်နည်း။ Manuscript 39, 1893. [Ev 220.4]

**လူတို့ရှေ့၌၎င်းကိုထားရှိပါ** – ခရစ်တော်ကြွလာခြင်းအမှန်တရားကို လူတိုင်း၏စိတ်နှလုံးရှေ့၌ ထားရှိသင့်သည်။ Letter 131, 1900.

**အချိန်သတ်မှတ်ချက်ဖော်ပြခြင်းများအတွက်သတိပြုခြင်း** – အချိန်နှင့်ရာသီများကို ဘုရားသခင်သည် မိမိ၏ကိုယ်ပိုင်တန်ခိုးဖြင့်ချမှတ်ထားသည်။ အဘယ်ကြောင့်ဤအသိတရားကို ကျွန်ုပ်တို့အားဘုရားရှင်မပေးသနည်း။ အကြောင်းမှာ သူပေးခဲ့သော်၊ ကျွန်ုပ်တို့မှန်ကန်စွာအသုံးပြုတတ်မည်မဟုတ်သောကြောင့်ဖြစ်သည်။ ရောက်ရှိလာမည့်နေ့ကြီး၌ရပ်တည်နိုင်ရန် လူတို့အားပြင်ဆင်မှုပြုသည့် ဘုရားသခင်၏အလုပ်ကို နှောင့်နှေးစေမည့်အရာများတို့၏အခြေအနေတစ်ခုသည် ကျွန်ုပ်တို့၏လူတို့အထဲ၌ ဤအသိတရားရှိသူမှ ပြုလုပ်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်မဖော်ပြထားသောအချိန်နာရီများနှင့်ပတ်သက်၍ မှန်းဆချက်များကို အာရုံစူးစိုက်တွက်ချက်ခြင်းပြုရန်မလိုပါ။ ယေရှုသည် မိမိ၏တပည့်တော်များတို့အား အချိန်အတိအကျမပေးထားဘဲ



"စောင့်မျှော်" ရန်သာပြောခဲ့သည်။ သူ၏တပည့်များတို့သည် မိမိတို့ခေါင်းဆောင်၏အမိန့်ကို နားထောင်ရမည့်အခြေအနေ၌သာ အဆင်သင့်ရှိနေရမည်ဖြစ်သည်။ ကြွလာချိန်အနီးသို့ သူတို့ရောက်ရှိလာကြသည့်အတွက် သူတို့သည်မျှော်လျက်၊ စောင့်လျက်၊ ဆုတောင်းလျက်၊ လုပ်ဆောင်လျက်ရှိနေကြရမည်။ သို့သော်မည်သူမျှလာမည့်အချိန်ကို ဟောကိန်းထုတ်၍မရပါ။ အချိန်နှင့်နာရီကို မည်သူမျှမသိသောကြောင့်ဖြစ်သည်။ လာမည့် (၁) နှစ်၊ (၂) နှစ်၊ သို့မဟုတ် (၅) နှစ်အတွင်း မကြာမီသူလာလိမ့်မည်ဟု သင်မပြောနိုင်သကဲ့သို့ လာမည့် (၁၀) နှစ်၊ သို့မဟုတ် အနှစ် (၂၀) အချိန်မှသာ နှောင့်နှေးပြီးလာလိမ့်မည်ဟုလည်း သင်ပြော၍မရပါ။ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းအတွက်၊ သို့မဟုတ် ခရစ်တော်ကြွလာခြင်းအတွက် အချိန်နာရီအတိအကျကို ကျွန်ုပ်တို့တစ်ဦးတစ်ယောက်မျှမသိနိုင်ပါ။ Review and Herald, March 22, 1892. [Ev 221.1]

## သန့်ရှင်းသောတဲတော်၏အမှန်တရား

**ကျွန်ုပ်တို့၏ယုံကြည်ခြင်းအခြေခံအုတ်မြစ်** – ကောင်းကင်သန့်ရှင်းရာတဲတော်၏လုပ်ငန်းကို မှန်ကန်စွာနားလည်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအခြေခံအုတ်မြစ်ဖြစ်၏။ Letter 208, 1906. [Ev 221.2]

**ခရစ်တော်အစားထိုးပူဇော်ခံခြင်းအလုပ်၏ဗဟိုအချက်အချာ** – သန့်ရှင်းသောတဲတော်အကြောင်းအရာနှင့် စစ်ဆေးမေးမြန်းသောတရားစီရင်ခြင်းအကြောင်းကို ဘုရားသခင်၏သားသမီးများ ရှင်းလင်းစွာနားလည်သင့်ကြသည်။ သူတို့ယဇ်ပုရောဟိတ်မင်းကြီး၏ရာထူးနှင့်အလုပ်ကို သူတို့အားလုံးမိမိတို့ကိုယ်တိုင်နားလည်ရန်လိုအပ်သည်။ သို့မဟုတ်လျှင် ဤအချိန်အတွက် သူတို့၌လိုအပ်နေသည့်ယုံကြည်ခြင်းကို ရယူနိုင်မည်မဟုတ်ပါ။ သို့မဟုတ် ဖြည့်စွက်ရန်သူတို့အတွက် ဘုရားသခင်ချမှတ်ထားသောအဆင့်အတန်းကို သူတို့ရယူနိုင်

မည်မဟုတ်ပါ။ လူတိုင်း၌ကယ်တင်ရန်၊ သို့မဟုတ် ဆုံးရှုံးရန်ဝိညာဉ်တစ်လုံးရှိသည်။ တစ်ဦးစီအတွက် ဘုရားသခင်၏တရားရုံး၌ ဆိုင်းငံ့ထားသောအမှုအခင်းတစ်ခုရှိသည်။ တစ်ဦးစီ၌မျက်နှာချင်းဆိုင်ရင်ဆိုင်ရမည့် တရားသူကြီးရှိသည်။ နေ့ရက်များတို့၏အဆုံး၌ လူတိုင်းမိမိတို့၏ကံကြမ္မာအပေါ်ရပ်တည်ပြီး ဖွင့်ထားလျက်ရှိသောမှတ်တမ်းစာအုပ်များနှင့် တရားစီရင်ခြင်းခံရမည့်အချိန်အခါ၏အရေးကြီးသောမြင်ကွင်းကို မကြာခဏတစ်ဦးစီ၏စိတ်ထဲ၌ လေးနက်စွာတွေးတောဆင်ခြင်ရမည်မှာ မည်မျှအရေးကြီးပါသနည်း။ [Ev 221.3]

အလင်းတရားရရှိသူအားလုံးအပေါ် ဤကြီးမားသောအမှန်တရားနှင့်ပတ်သက်သည့်အကြောင်းအရာများတို့ကို သက်သေခံရမည့်တာဝန်ကို သူတို့အားဘုရားသခင်အပ်နှံထားသည်။ ကောင်းကင်၌ရှိသော သန့်ရှင်းရာတဲတော်သည် လူသားများတို့၏ကိုယ်စား ခရစ်တော်၏ဗဟိုအချက်အချာကျသောအလုပ်ဖြစ်သည်။ ၎င်းသည် မြေကြီးပေါ်၌နေထိုင်လျက်ရှိကြသော ပုဂ္ဂိုလ်တိုင်းနှင့်ပတ်သက်လျက်ရှိသည်။ ၎င်းသည် ကယ်တင်ခြင်းစီမံကိန်းကိုတွေ့မြင်ရန်ဖွင့်ပြပေးခြင်း၊ အချိန်ကာလ၏အဆုံးကိုယူဆောင်လာပေးခြင်းနှင့် ဖြောင့်မတ်ခြင်းနှင့်အပြစ်စပ်ကြား ပြိုင်ဆိုင်မှု၏အောင်မြင်ခြင်းကိုဖော်ပြပေးသည်။ ဤအရာကို ကျွန်ုပ်တို့အားလုံးအတွက် အလွန်ပင်အရေးကြီးသော သေချာစွာလေ့လာသင့်သည့်အကြောင်းအရာများဖြစ်ပြီး မိမိတို့၌ရှိနေသောမျှော်လင့်ခြင်း၏အကြောင်းအရင်းကို မိမိတို့အားမေးမြန်းလာသောပုဂ္ဂိုလ်တိုင်းတို့အား အဖြေပေးနိုင်ရပါလိမ့်မည်။ The Great Controversy, pp. 488, 489. (1888) [Ev 222.1]

**အမှန်တရား၏ပြည့်စုံသောစနစ်တစ်ခုသို့သော့ချက်** – သန့်ရှင်းရာတဲတော်အကြောင်းသည် ၁၈၄၄ ခုနှစ်၏စိတ်ပျက်စရာ နက်နဲခက်ခဲသောအကြောင်းအရာကိုဖွင့်ပြပေးသည့် အဓိကသော့ချက်ဖြစ်သည်။ ၎င်းသည် အမှန်တရား၏ပြည့်စုံသောစနစ်ကိုဖွင့်ပြပေးခြင်း၊ ဆက်သွယ်ပေး၍ညီညွတ်မှုပေးခြင်း၊ ကြီးကျယ်သောကြွလာခြင်းလှုပ်ရှားမှုကို ဘုရားသခင်၏လက်တော်ဖြင့်ပို့ဆောင်





နေသည်ကိုပြပေးခြင်းနှင့် ဤအလင်းတရားရရှိသည့် မိမိလူတို့၏တာဝန်ကိုဖော်ပြပေးခြင်းတို့ဖြစ်သည်။ The Great Controversy, p. 423, (1888) [Ev 222.2]

**သန့်ရှင်းသောတဲတော်အပေါ်အာရုံစူးစိုက်ခြင်း** – လူတစ်စုအနေဖြင့် ကျွန်ုပ်တို့သည် အနာဂတ်စကား၏စိတ်အားထက်သန်သော ကျောင်းသားများဖြစ်သင့်သည်။ ဒံယေလနှင့်ယောဟန်တို့၏ရူပါရုံမှဖော်ပြပေးသော သန့်ရှင်းရာဌာနအကြောင်းအရာနှင့်ပတ်သက်၍ ကောင်းမွန်စွာနားမလည်မချင်း ကျွန်ုပ်တို့အေးအေးဆေးဆေးမနေသင့်ပါ။ ဤအကြောင်းအရာသည် ကျွန်ုပ်တို့၏လက်ရှိအခြေအနေနှင့်အလုပ်အပေါ် ကြီးမားသောအလင်းကိုပေးပြီး၊ ကျွန်ုပ်တို့၏လွန်ခဲ့သောဗဟုသုတ၌ ဘုရားသခင်ပို့ဆောင်ခဲ့ခြင်းတွင် မမှားနိုင်သောသက်သေအထောက်အထားကို ကျွန်ုပ်တို့အားပေးသည်။ ၎င်းသည် ၁၈၄၄ ခုနှစ်၌ ကျွန်ုပ်တို့၏စိတ်ပျက်စရာကိုရှင်းပြပေးပြီး သန့်ရှင်းရာဌာနဆေးကြောခြင်းသည် ကျွန်ုပ်တို့ထင်သကဲ့သို့ မြေကြီးပေါ်မှာမဟုတ်ကြောင်းနှင့် ခရစ်တော်သည် ကောင်းကင်သန့်ရှင်းရာဌာန၏အသန့်ရှင်းဆုံးသောအခန်းထဲသို့ဝင်ပြီး "ရက်ပေါင်းနှစ်ထောင့်သုံးရာတိုင်တိုင်ဖြစ်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကိုတစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်" ဟူသော ဒံယေလသို့ကောင်းကင်တမန်ပေးသောစကားပြည့်စုံရန် ယဇ်ပုရောဟိတ်၏နိဂုံးချုပ်လုပ်ငန်းလုပ်ဆောင်ခြင်းကိုပြသည်။ [Ev 222.3]

ပထမ၊ ဒုတိယ၊ တတိယကောင်းကင်တမန်များတို့၏သတင်းစကားသို့ရည်ညွှန်းသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မှန်ကန်သည်။ ကျွန်ုပ်တို့ကျော်လွန်လာခဲ့သော ကြီးမားသည့်ခရီးမှတ်တိုင်များတို့သည် ရွေ့လျားခြင်းမရှိပါ။ ငရဲ၏အဖွဲ့အစည်းများ ကြိုးစား၍ဖျက်ဆီးရာ၌ အောင်မြင်မည်ဟုသူတို့ထင်သော်လည်း ဖျက်ဆီး၍မရပါ။ ဤအမှန်တရားတိုင်ကြီးများတို့သည် ထာဝရတောင်ကုန်းများသဖွယ် ခိုင်မာစွာရပ်တည်လျက်ရှိပြီး လူတို့၏ကြိုးစားမှုအားလုံးကို မာရ်နတ်နှင့်သူ၏အဖွဲ့အစည်းပေါင်းစည်း၍ဖျက်ဆီးသော်လည်း

ပြိုလဲခြင်းမရှိပါ။ မှန်ကန်ခြင်းရှိမရှိ၊ ကျွန်ုပ်တို့များစွာသင်ယူခြင်းနှင့် သမ္မာကျမ်းစာကိုအမြဲရှာဖွေခြင်းအားဖြင့် ဤအရာများအားလုံးကိုသိရှိနိုင်ပါသည်။ ယခုဘုရားသခင်၏လူတို့သည် မိမိယဇ်ပုရောဟိတ်မင်းကြီး၏နောက်ဆုံးသောတရားစီရင်ခြင်းအလုပ်၊ မိမိလူတို့အတွက် သူတောင်းပန်ပေးနေသည့်အလုပ်ကို ဆောင်ရွက်လျက်ရှိစဉ် ကောင်းကင်သန့်ရှင်းရာဌာနသို့ မိမိတို့၏အာရုံကိုစူးစိုက်ထားပြီး သတိကြီးစွာဖြင့်အသက်ရှင်ကြရမည်။ Review and Herald, Nov. 27, 1883. [Ev 223.1]

**လွယ်ကူသောဘာသာရေးအယူဝါဒတစ်ခု၌အဓိကကျသောအမှန်တရား –** ထူထောင်ထားသောကျောင်းတိုင်း၌ အလွယ်ကူဆုံးဘာသာရေးအယူဝါဒ၏ခံယူချက်ကိုသင်ကြားပေးသင့်သည်။ ဤခံယူချက်ထဲ၌ ခရစ်တော်၏အစားထိုးပူဇော်ခံခြင်းအကြောင်းသည် ခိုင်မာသောအမှန်တရားအချက်အချာဖြစ်သင့်သည်။ ရွေးနုတ်ခြင်း၏အံ့သြဖွယ်ရာဆောင်ပုဒ်ကို ကျောင်းသားများတို့အားဖော်ပြပေးသင့်သည်။ Manuscript 156, 1898.

**သန့်ရှင်းရာဌာနအမှန်တရား၏လွန်စွာအရေးကြီးခြင်း –** သန့်ရှင်းရာဌာနကိုခရစ်တော်နေသည့်အချိန်၌ ကမ္ဘာပေါ်ရှိဝတ်ပြုကိုးကွယ်ကြသောသူတို့သည် မိမိတို့၏အသက်တာကိုဆန်းစစ်ကြပြီး သူတို့၏စာရိတ္တကို ဖြောင့်မတ်ခြင်း၏စံချိန်နှင့်နှိုင်းယှဉ်သင့်ကြသည်။ Review and Herald, April 8, 1890. [Ev 224.1]

**သန့်ရှင်းသောဝိညာဉ်ထောက်ခံချက်ပါရှိသော သန့်ရှင်းရာဌာနအယူဝါဒကိုဟောကြားခြင်း –** ရာစုတစ်ဝက်ထက်ပိုပြီး လက်ရှိအမှန်တရား၏ခြားနားချက်များအပေါ်မေးခွန်းထုတ်ပြီး ဆန့်ကျင်ခဲ့ကြသည်။ အမှန်တရားမဟုတ်သည့် အသစ်သောယူဆချက်များတို့သည် အမှန်တရားကဲ့သို့တိုးတက်နေပြီး ၎င်းတို့၏အမှားကိုဘုရားသခင်၏ဝိညာဉ်တော်မှဖော်ပြသည်။ ကြီးမားသောတိုင်ကြီးကဲ့သို့ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် လူတို့ဟောပြောခဲ့ကြပြီး ၎င်းတို့ကိုသန့်ရှင်းသောဝိညာဉ်တော်မှ သက်သေခံခဲ့သည်။ ထိုနောက် အထူးသဖြင့် ဤအရာ



သည်လည်း သန့်ရှင်းရာဌာန၏အမှန်တရားများအပေါ်ထုတ်သည်နည်းတူမေးခွန်းထုတ်ခြင်းခံရပါသည်။ ကြိမ်ဖန်များစွာ သန့်ရှင်းသောဝိညာဉ်တော်သည်ထိရောက်သေချာစွာ ဤအယူဝါဒဟောပြောခြင်းကိုထောက်ခံခဲ့သည်။ သို့သော်ယခုအချိန်သည် လွန်ခဲ့သောအချိန်၌နည်းတူ တချို့သောသူတို့သည် အသစ်သောယူဆချက်များတို့ကိုဖွဲ့စည်းရန် ပို့ဆောင်ခြင်းခံရပြီး ဘုရားသခင်၏ဝိညာဉ်တော်ထောက်ခံချက်ပေးသောအမှန်တရားကို ငြင်းပယ်ကြလိမ့်မည်။ Munuscript 125, 1907. [Ev 224.2]

**သန့်ရှင်းသောတဲတော်နှင့်ပတ်သက်သည့်မှားယွင်းသောအယူအဆများ –** လာမည့်အနာဂတ်ကာလတွင် လိမ်လည်လှည့်ဖြားခြင်းအမျိုးမျိုးပေါ်လာမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့မတ်တတ်ထနိုင်ရန် ခြေအတွက်ခိုင်ခံ့သောမြေလိုသည်။ အဆောက်အဦအတွက် ခိုင်မာသောတိုင်လိုသည်။ ဘုရားရှင်အုတ်မြစ်ချထားသောအပ်ကလေးတစ်ချောင်းကိုမျှ မရွေ့စေရပါ။ ရန်သူသည် မှားသောယူဆချက်များ၊ အထူးသဖြင့် သန့်ရှင်းရာဌာနမရှိဟူသောအယူဝါဒကို ယူဆောင်လာလိမ့်မည်။ ဤအချက်သည် ကျွန်ုပ်တို့အား ယုံကြည်ခြင်းမှလမ်းလွဲစေနိုင်သည့်အချက်ဖြစ်သည်။ လွန်ခဲ့သောအနှစ် (၅၀) မှ ဘုရားရှင်ပေးထားသောဤအချက်သည် အမှန်တရားထဲ၌မပါရှိပါက ကျွန်ုပ်တို့၏ဝိညာဉ်ရေးလုံခြုံမှုကို အဘယ်မှာတွေ့ရှိနိုင်ပါမည်နည်း။ Review and Herald, May 25, 1905. [Ev 224.3]

**ထင်ပေါ်ကျော်ကြားသောအမှန်တရားအပေါ်ငြင်းခုံခြင်း –** မာရ်နတ်ကိုယ်စားလှယ်များ၏လှည့်ဖြားခြင်းတန်ခိုးများကို ပြည့်ပြည့်ဝဝဖော်ထုတ်ရန် အချိန်နီးလာပြီ။ တစ်ဖက်၌ကောင်းကင်နှင့်မြေကြီးအားလုံး၏တန်ခိုးကို အပ်နှင်းခံရသောခရစ်တော်ရှိသည်။ အခြားတစ်ဖက်၌ အမြဲသွေးဆောင်ခြင်းပြုရန် မိမိတန်ခိုးကိုဖော်ပြခြင်း၊ သည်းထန်စွာလှည့်ဖြားခြင်း၊ စဉ်းလဲသောနတ်ဝိဇ္ဇာအတတ်ကိုအသုံးပြုခြင်းများတို့ဖြင့် ဘုရားရှင်ကိုဘေးဖယ်ပြီး လူတို့၏စိတ်ကိုပိုင်ဆိုင်ရန်မာရ်နတ်ရှိနေပါသည်။ [Ev 224.4]

မာရ်နတ်သည် သန့်ရှင်းရာဌာနနှင့်ပတ်သက်သည့် ဘုရားသခင်၏ အံ့သြဖွယ်ကောင်းသောဖော်ပြခြင်းများနှင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်၏လုပ်ငန်းကိုရှုတ်ချရန် မိမိ၏စိတ်ကူးနှင့်ထင်မြင်ချက်များကို လူ့ဇာတိစိတ်နှင့်ကိုက်ညီသောအရာများဖြင့် အမြဲကြိုးစား၍ထည့်သွင်းကာ ဆောင်ရွက်လျက်ရှိသည်။ သူသည် ၎င်း၏ကြီးကြပ်သောတန်ခိုးကို ယုံကြည်သူများတို့၏စိတ်ထဲမှဖယ်ရှားပစ်ကာ အပြစ်ဖြေလွှတ်ခြင်း၏အမှန်တရားများကို အချည်းနှီးသက်သက်ဖြစ်စေရန် မိမိတီထွင်သည့်ထူးဆန်းသောယူဆချက်များဖြင့်အစားထိုးခြင်းနှင့် ကျွန်ုပ်တို့အနေဖြင့် သန့်ရှင်းသည်ဟုစွဲကိုင်ထားသော ဦးစွာရရှိခဲ့သည့်တတိယကောင်းကင်တမန်သတင်းစကားအယူဝါဒအပေါ် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကိုဖျက်ဆီးလိုက်သည်။ ထိုသူအားဖြင့် သူသည် ကျွန်ုပ်တို့အား ခြားနားသောသူများကိုဖြစ်စေပြီး၊ ကျွန်ုပ်တို့၏အလုပ်အတွက် ကောင်းသောစာရိတ္တနှင့်တန်ခိုးကိုပေးခဲ့သည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို လုယူလိုက်သည်။ Special Testimonies, Series B, No. 7, p. 17.

## ပညတ်တော်နှင့်ဥပုသ်နေ့အကြောင်းကိုတင်ဆက်ဟောပြောခြင်း

**ကျွန်ုပ်တို့၏အထူးသတင်းစကား** – သူ၏သံတမန်များသယ်ဆောင်ရန် ဘုရားသခင်၌အထူးသတင်းစကားရှိသည်။ သူတို့သည် လူတို့အားသတိပေးရန် လူတို့ကိုခေါ်ပြီး ဘုရားသခင်၏ပညတ်ကို ရောမဘာသာမှယိုယွင်းစေခဲ့သည့်အချက်များတို့ကို ပြုပြင်ရန်ဖြစ်သည်။ ဥပုသ်နေ့ကိုမရေမရာပြုလုပ်ပြီး မလိုအပ်သည့်အရာအဖြစ် လူ့တန်ခိုးအာဏာဖြင့်ချမှတ်လိုက်သည်။ သန့်ရှင်းသောဘုရားသခင်၏နေ့ကို သာမန်အလုပ်လုပ်သောနေ့အဖြစ်သို့ ပြောင်းလဲလိုက်သည်။ လူတို့သည် ဘုရားသခင်အားသတိရရန်နေ့ကိုဖျက်ဆီးလိုက်ပြီး မှားယွင်းသောအနားယူရန်နေ့တစ်နေ့ကို အစားထိုးလိုက်သည်။ Manuscript 35, 1900. [Ev 225.2]



**ကမ္ဘာသို့နောက်ဆုံးသတင်းစကား** – ကမ္ဘာသို့နောက်ဆုံးသတိပေးစကားသည် လူတို့အားဘုရားသခင်သည် မိမိ၏တရားဥပဒေနှင့်ဆက်စပ်နေကြောင်း၏အရေးကြီးခြင်းဖြစ်သည်။ အမှန်တရားကိုထင်ရှားစွာဟောပြောရန်မှာ ကြားနာရသောသူသည် ပညတ်တော်ကိုကျူးလွန်ပါက ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ခြင်း၏အရေးကြီးခြင်းကိုသိရန်ပျက်ကွက်သောကြောင့် သူ့အားခွင့်လွှတ်၍မရပါ။ [Ev 225.3]

ဘုရားရှင်သည် သတ္တမနေ့ကိုသန့်ရှင်းစေခဲ့ကြောင်း သမ္မာကျမ်းစာတော်မြတ်မှ ကျမ်းအထောက်အထားများတို့ကိုစုစည်းပြီး ၎င်းအထောက်အထားများကို ပရိသတ်တို့ရှေ့တော်မှောက်၌ ဖတ်ပြပြောဆိုရန် ကျွန်ုပ်အားမိန့်ကြားထားပါသည်။ "သခင်ကိုယ်တော်မြတ်ဤသို့မိန့်ကြားတော်မူပါသည်" ဟူသောရှင်းလင်းပြတ်သားသောစကားတော်မှ ကျော်ခိုင်းဦးလှည့်ကာ၊ ဤအမှန်တရားကိုနားမထောင်သောသူတို့အပေါ်သို့ သူတို့၏အကြောင်းရင်းခံရလဒ်ကြောင့် သေချာပေါက်ခံစားသွားရမည်ဖြစ်သည်။ ခေတ်အဆက်ဆက်တိုင်းတို့၌ ဘုရားသခင်အပေါ်သစ္စာရှိရန်၊ ဥပုသ်နေ့သည် စမ်းသပ်ခြင်းအရာတစ်ခုအဖြစ် တည်ရှိနေခဲ့ပါသည်။ ၎င်းဥပုသ်နေ့သည် ငါနှင့်ဣသရေလလူမျိုးသားစဉ်မြေးဆက်တို့အကြား ထာဝရလက္ခဏာသက်သေတစ်ခုဖြစ်သည်ဟု ထာဝရအရှင်ဘုရားသခင်မိန့်တော်မူပါသည်။ Gospel Workers, pp. 148, 149. (1915) [Ev 226.1]

**ကမ္ဘာလောကတစ်ခုလုံးအတွက်ဆုံးဖြတ်ချက်ဆိုင်ရာမေးခွန်း** – ဘုရားသခင်၏ ဥပဒေဆိုင်ရာချည်နှောင်ထားသော ကြွေးကြော်မှုဆိုင်ရာအလင်းတရားသည် နေရာတိုင်းသို့တင်ဆက်ထားရမည်ဖြစ်သည်။ ဤအရာသည် ဆုံးဖြတ်ချက်ချရမည့်မေးခွန်းပင်ဖြစ်သည်။ ၎င်းအရာသည် ကမ္ဘာလောကကြီးကိုစမ်းသပ်ပြီး သက်သေထူသွားစေမည်။ Special Testimonies, Series A, No. 7, pp. 17, 18. (1874) [Ev 226.2]

**အသစ်သောနယ်ပယ်များ၌တည်ဆောက်မှု –** ညီအစ်ကိုတစ်ဦးနှင့်စိတ်ရှုပ်ဖွယ်ရာအခြေအနေကိစ္စနှင့်ပတ်သက်ပြီး အမေးအဖြေလုပ်ရန်၊ ပြတ်တောက်မှုကိုလုပ်ခဲ့ဖူးပါသည်။ ၎င်းမိတ်ဆွေအနေဖြင့် နယ်မြေသစ်များဆီသို့ဝင်ရောက်ထိုးဖောက်သောအခါ၊ မည်သို့တင်ဆက်ရန်နှင့် ဥပုသ်နေ့အကြောင်းအလျင်ဦးဆုံးတင်ဆက်သင့်မသင့်ကို သိလိုသောသူတစ်ဦးဖြစ်သည်။ [Ev 226.3]

အကောင်းဆုံးနှင့်ပညာသားအပါဆုံးအကြံသည် လူတို့၏သြတ္တပ္ပစိတ်ကိုနှိုးကြွစေမည့်အကြောင်းအရာများကို ဦးစွာပြောသင့်ကြောင်း သူ့ကိုကျွန်ုပ်ပြောပြပါသည်။ လက်တွေ့ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ ဘုရားတရားကြည်ညိုလေးစားခြင်းနှင့် လက်ရှိမိမိကိုယ်ကိုငြင်းပယ်ခြင်း၊ ယေရှု၏မိမိကိုယ်ကိုဆက်ကပ်ခြင်းအသက်တာသည် ကျွန်ုပ်တို့အတွက်ပုံပမာကဲ့သို့ အစရှိသောသူတို့၏မိမိတို့အလိုကိုလိုက်တတ်သည့်အသက်တာနှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကိုတွေ့မြင်ရပြီး မိမိတို့၏ခရစ်ယာန်မဆန်သောအသက်တာကို မကျေနပ်သည့်အထိဟောပြောရမည်။ [Ev 226.4]

ထိုနောက် အနာဂတ်စကားများအကြောင်းကိုဟောပြောပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြူစင်ခြင်းနှင့် တာဝန်ရှိသောတောင်းဆိုခြင်းများကို သူတို့အားပြပါ။ ဤပညတ်တော်၏စာသားကလေးတစ်လုံး၊ သို့မဟုတ် ခေါင်းစဉ်ကလေးတစ်ခုမျှ အရှိန်အဟုတ်မလျော့စေရဘဲ ၎င်း၏တာဝန်ရှိသောတောင်းဆိုခြင်းသည် ဝိညာဉ်တိုင်းတို့အပေါ် အဆုံးတိုင်အောင်တည်ရှိကြောင်းပြောပါ။ ဘုရားသခင်၏ပညတ်တော်ကို အချည်းနှီးသက်သက်ဖြစ်စေသောအခါ၊ ခရစ်ယာန်လောကသည် ရောမဘာသာပေါင်းစည်းပြီး လောကဆန်သောအခါ ဘုရားသခင်၏ပညတ်တော်ကိုမထိရောက်စေရန် ပြုလုပ်ခြင်းဖြစ်သည်။ ထိုအခါ ဘုရားသခင်၏ရွေးချယ်ထားသောသူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုကာကွယ်ရန် ပေါ်လာလိမ့်မည်။

ဤအရာသည် ပေါလုအသုံးပြုသောပါးနပ်ခြင်းဖြစ်သည်။ ဤအရာသည် မြွေကဲ့သို့လိမ္မာပြီး ချိုးငှက်ကဲ့သို့အဆိပ်ကင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်အကျွမ်းဝင်သောနေရာဒေသတစ်ခုသို့ ကျွန်ုပ်တို့ရောက်ရှိသောအခါ ဤသတိထားရမည့်ကိစ္စကိုလိုက်လျှောက်ရန်မလိုပါ။ သို့သော်ကိစ္စတိုင်း၌ စိတ်နှလုံးသားနှင့်နီးကပ်စေရန် ကိုယ်တိုင်ကြိုးစားခြင်းအားဖြင့်အထူးကြိုးစားအားထုတ်ရန်ပြုလုပ်သင့်သည်။ အသင်းတော်များအဆင့်ကျဆင်းခြင်းသို့ရောက်ရှိခြင်းကိုရှောင်ပါ။ သင်၏အလုပ်သည် ဖြိုဖျက်ခြင်းအလုပ်မဟုတ်ဘဲ တည်ဆောက်ခြင်းအလုပ်ဖြစ်ကြောင်းနှင့် ယေရှု၌ကဲ့သို့ အမှန်တရားကိုဟောပြောခြင်းဖြစ်ကြောင်း သူတစ်ပါးတို့မှမြင်တွေ့စေပါ။ အရေးအလွန်ကြီးသော ဘုရားဝတ်၌မွေ့လျော်ခြင်းအပေါ် ပို၍စိတ်ဝင်စားမှုထားပါ။ Letter 2, 1885. [Ev 227.1]



**နေရာသစ်များ၌ဥပုသ်နေ့အကြောင်းကိုဖွင့်ဟပြောဆိုပါ –** ဤသြစတြေးလျတိုင်းပြည်ရှိလူတို့အတွက် အမှန်တရားသတင်းစကားသည် အသစ်ဖြစ်ပြီး စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ကျမ်းစာအယူဝါဒဟောပြောခြင်းသည် အသစ်ဖော်ပြသောအရာတစ်ခုကဲ့သို့နှင့် သူတို့သည် အမှန်တကယ်စိတ်ကူးများတိုးတက်လျက် ယုံကြည်ကိုးစားစရာအဖြစ်ကြည့်ကြသည်။ တနင်္ဂနွေမေးခွန်းကိုတင်ပြခြင်း၊ သို့မဟုတ် အသင်းတော်နှင့်အစိုးရပေါင်းစည်းခြင်းအကြောင်းပြောရာ၌ ဂရုတစိုက်နားထောင်ကြသည်။ ပြင်းထန်သောဆန့်ကျင်မှုများကိုအဖြေပေးရန်ရှိခဲ့ပြီး ဟောပြောရန်လိုအပ်သည့် အမေရိကန်ပြည်ကဲ့သို့မဟုတ်ပါ။ [Ev 227.2]

ဤအကြောင်းအရာများကို သတိထားကာကွယ်ခြင်းပြုလျက် ဖွင့်ဟပြောဆိုရမည်။ ဤတိုင်းပြည်၌ ယခုကျွန်ုပ်တို့ကောင်းသောနေရာကိုမရရှိသေးပါ။ ဖြောင့်မတ်ခြင်းတရားအားလုံး၏ရန်သူသည် လူတို့အားအလင်းပေးနိုင်ခြင်းနှင့်ပညာပေးခြင်းအလုပ်ပြုလုပ်ခြင်းကိုဟန့်တားရန် အစီအစဉ်အမျိုးမျိုးဖြင့်သူသည်တီထွင်မှုပြုခဲ့ပြီး ယခုတတ်နိုင်သမျှ ဆက်လက်တီထွင်လုပ်ဆောင်လျက်ရှိသည်။ သူ၏စွမ်းအားသည် တိုးပွားလာသည်။ ဖင့်နွှဲခြင်းသည် မာရ်နတ်အားဖြစ်ပေါ်လာမည့်အခြေအနေအပေါ် အခွင့်အရေးပေးနေပြီး၊ ဤနှောင့်နှေး

နေခြင်းဖြင့် ဝိညာဉ်များစွာဆုံးရှုံးခဲ့ရသည်။ လုပ်ငန်းနှောင့်နှေးခြင်းကို ဘုရားသခင်မနှစ်သက်ပါ။ နှောင့်နှေးခြင်းတိုင်းသည် လုပ်ငန်းလုပ်ဆောင်ခြင်းအတွက် ပို၍ခက်ခဲမှုကိုဖြစ်စေသည်။ အကြောင်းမှာ၊ လုပ်ငန်းခွင်ကိုကြိုတင်ပိုင်ဆိုင်နိုင်ခြင်းနှင့် အမှုတော်လုပ်ငန်းကိုဆန့်ကျင်ဘက်ပြုနိုင်ခြင်းတို့အတွက် ပြင်ဆင်မှုပြုလုပ်နိုင်ရန် မာရ်နတ်အားအခွင့်ကောင်းကိုပေးခြင်းကြောင့်ဖြစ်သည်။ [Ev 227.3]

ကျွန်ုပ်တို့၏မြို့ကြီးများတို့၌ အဆင့်အတန်းမြှင့်တင်ခြင်းကို ကျွန်ုပ်တို့လူများ၏နှေးကွေးစွာလှုပ်ရှားမှုများမှာ ဘုရားသခင်ပေးသောအလင်းတရားနှင့် ညီညွတ်ခြင်းမရှိပါ။ မြို့များထဲ၌ မှိတ်တုတ်မှိတ်တုတ်ဖြင့်သာလင်းနေသောအလင်းသည် မှားသောသိုးထိန်းများတို့အတွက် သိသာရုံသာရှိသောကြောင့် သူတို့အနေဖြင့် ဒဏ္ဍာရီပုံများနှင့်မှားယွင်းမှုများတို့ကို ပြောဆိုပြုလုပ်ကြပြီး၊ လူတို့၏စိတ်ကိုအမှန်တရားသတင်းစကားထံမှလွဲသွားစေရန် ပို၍လှုပ်ရှားနေကြသည်။ တချို့တို့သည် အနည်းငယ်မျှသာလှုပ်ရှားနေကြသည်။ သို့သော် အလုပ်လုပ်ဆောင်နိုင်ရန်အတွက် လူအင်အားနှင့်ငွေအားဖြင့်ပံ့ပိုးခြင်းမရှိပါ။ မာရ်နတ်သည် လိမ်လည်ခြင်းအဖွဲ့ဖွယ်များကိုလုပ်ဆောင်နေပြီး ဆက်လက်၍လုပ်ဆောင်မည်ဖြစ်ရာ အမှန်တရားအလံကိုထောင်ရမည့်အချိန်၌ ပြင်းထန်သောလှည့်ဖြားခြင်းကို လက်ခံကြမည်ဖြစ်သည်။ ယခုအချိန်၌ အမှန်တရားကိုသိရှိခဲ့သော ဘုရားသခင်၏လူတို့သည် မိမိတို့ရရှိခဲ့သောဘုရားသခင်၏နှုတ်ကပတ်တော်အလင်းအတိုင်း သူတစ်ပါးတို့အားဝေငှရမည့်တာဝန်ကိုပျက်ကွက်ကြသောအကြောင်းရင်းကြောင့် မယုံကြည်သောသူများတို့သည် ကျွန်ုပ်တို့ကိုပြစ်တင်ခြင်းမရှိစေရန် ဥပုသ်နေ့နှင့်တနင်္ဂနွေနေ့အကြောင်းနှင့်ပတ်သက်သော ကျွန်ုပ်တို့၏ယုံကြည်ချက်အကြောင်းရင်းများကိုမကြားသိရမီလိုအပ်သည့်အရာများကို ပို၍ကာကွယ်ထားရန်ပြုလုပ်ကြရမည်။ [Ev 228.1]

ယခုလူတို့ကိုသည်းခံပြီး ကြင်နာစွာဖြင့်နည်းလမ်းပေးရန် လိုအပ်နေသည့်အချိန်ဖြစ်ပြီး၊ တစ်သက်လုံးအတွက်ပညာရေးသည် ဆန့်ကျင်ဘက်ပြုရန်မဟုတ်ပါ။ မည်သည့်ပုံစံနှင့်မဆို အမှန်တရားကိုဟောပြောရန် ကြီးမားသောပါးနပ်ခြင်းနှင့် သည်းခံသောကြိုးစားခြင်းလိုအပ်သည်။ Undated Manuscript 79. [Ev 228.2]



**၎င်း၏ဟောပြောခြင်းကိုရွှေ့ဆိုင်းလိုက်သည်** – လူတို့နှင့်တွေ့ဆုံသောအခါ ဥပုသ်နေ့မေးခွန်းအပေါ်ငြင်းခုံခြင်းပြုရန် သင်၏တာဝန်ဖြစ်သည်ဟု သင်မထင်သင့်ပါ။ အကယ်၍၎င်းအကြောင်းနှင့်ပတ်သက်ပြီး သင့်အားလူတို့မေးလာသောအခါ ကျွန်ုပ်ပြောရမည့်တာဝန်မဟုတ်ပါဟုသာ သူတို့ကိုပြန်၍ပြောလိုက်ပါ။ သို့သော် သူတို့အနေဖြင့် မိမိတို့၏ကိုယ်၊ စိတ်နှင့်ဆန္ဒကို ဘုရားထံသို့အပ်နှံခဲ့ပါသော် ထိုအချိန်၌ ၎င်းလေးနက်၍ခိုင်မာသောအမှန်တရားများအတွက် ချိန်ဆခြင်းပြုနိုင်ရန် သူတို့ပြင်ဆင်နေကြပြီးဖြစ်ပေလိမ့်မည်။ Letter 77, 1895. [Ev 228.3]

**မသင့်လျော်သောနှောင့်နှေးခြင်းအတွက်သတိပြုခြင်း** – သတိပြုခြင်းသည် လိုအပ်သည်။ သို့သော် တချို့သောအမှုဆောင်များတို့သည် သတိပြု၍အလုပ်ကိုဖြည်းညင်းစွာလုပ်ဆောင်သည့်အခါ အကယ်၍လုပ်ငန်းသည်လျင်မြန်စွာလုပ်ဆောင်ရန်လိုအပ်သည်ဟု တွေ့မြင်ရသောသူတို့နှင့်အတူ ထိုသူတို့ပါဝင်လုပ်ဆောင်နေပါက ဆုံးရှုံးခြင်းများစွာရှိနိုင်ပါလိမ့်မည်။ အခွင့်အရေးများကျော်လွန်သွားပြီး ဘုရားသခင်၏ပြင်ဆင်မှုတံခါးဖွင့်ထားပေးခြင်းကိုလည်း ခွဲခြားသိရှိနိုင်မည်မဟုတ်ပါ။ [Ev 228.4]

လူတို့သည် ယုံကြည်လာသောစိတ်ဖြစ်ပေါ်လာသည့်အခါ မိမိတို့၏ယုံကြည်လာသည့်အမှန်တရားအတွက် ဆုံးဖြတ်ချက်ချနိုင်ရန် စောနိုင်သရွေ့စောအောင်ပြုလုပ်နိုင်ခြင်းမရှိပါက မိမိတို့၏ယုံကြည်လာခြင်းတို့သည် မနှေးအမြန်ပျောက်ကွယ်သွားမည့်အန္တရာယ်သို့ ရောက်ရှိနိုင်ပါသည်။ [Ev 229.1]

ကြိမ်ဖန်များစွာ လူတစ်စုတို့၏စိတ်သည် ဥပုသ်နေ့မေးခွန်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားလာသည့်အခါ ဖြစ်ပေါ်လာမည့်အကျိုးအတွက်

ကြောက်ရွံ့ကြကာ နှောင့်နှေးခြင်းကိုပြုကြသည်။ ထိုသို့ဖြစ်ခြင်းကြောင့် မကောင်းသောရလဒ်ကိုဖြစ်ပေါ်စေပါသည်။ Letter 31, 1892. [Ev 229.2]

**တိုတောင်းသောသာသနာ့ခရီးစဉ်တစ်ခုအတွင်း –** ပရိသတ်အစုအရုံးတစ်ခုသင့်ရှေ့၌နှစ်ပတ်တည်းသာရှိနေသောအခါ အကယ်၍လမ်းပြင်ဆင်ပေးသည့်အနေဖြင့် အကြံရှိပါက အခြားအကြောင်းအရာအားလုံးဟောပြော၍ မပြီးမချင်းဥပုသ်နေ့မေးခွန်းကိုဟောပြောရန် မဆိုင်းငံ့ပါနှင့်။ ဘုရားသခင်၏ပညတ်တော်နှင့် ယေရှု၏သက်သေခံချက်တို့ကိုဟောပြောခြင်းဖြင့် စံချိန်ကိုမြင့်တင်ပါ။ ဤအရာကိုအရေးကြီးသောဆောင်ပုဒ်အဖြစ်ထားပါ။ ထိုနောက် သင်၏ပြင်းထန်သောငြင်းခုံမှုကြောင့် အရှိန်အဟုန်ပို၍ကြီးအောင်ထပ်မံ၍ပြုလုပ်ပါ။ ဗျာဒိတ်ကျမ်းအပေါ်ပို၍အာရုံစိုက်ပါ။ ဖတ်ပြီးရှင်းပြခြင်းအားဖြင့် ၎င်း၏သွန်သင်ချက်ကိုခိုင်မာစေပါ။ [Ev 229.3]

ကျွန်ုပ်တို့၏စစ်မှုသည်ပြင်းထန်သည်။ အလွန်ကြီးမားသောပြဿနာများသည် ကျွန်ုပ်တို့၏ရှေ့၌ရှိသည်။ အမှန်ပင်ကျွန်ုပ်တို့အပေါ်သို့ရောက်လျက်ရှိသည်။ ကမ္ဘာသို့နောက်ဆုံးသတိပေးသတင်းစကားဟောပြောခြင်းမပြီးမီထိခိုက်ဒဏ်ရာရစေသောနှင့်ဖျက်ဆီးသောတံပိုးမမှုတ်ရန် ကောင်းကင်တမန်လေးပါးသည် လေ၏လေးဘက်လေးတန်ကိုကိုင်ထားရန်အတွက် ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ဘုရားရှင်ထံတော်သို့ရောက်ရှိစေပါ။ ထိုနောက် ကျွန်ုပ်တို့၏ဆုတောင်းချက်များနှင့်အညီ လုပ်ဆောင်ကြပါစို့။ ဤအချိန်အတွက် အမှန်တရား၏အရှိန်အဟုန်ကိုမလျော့စေပါနှင့်။ လက်ရှိအမှန်တရားသည် ကျွန်ုပ်တို့၏ဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ တတိယကောင်းကင်တမန်သုံးပါး၏သတင်းစကားသည် မိမိတို့၏ခံယူချက်ကို ထာဝရအမှန်တရား၏စင်မြင့်ပေါ်သို့ယူဆောင်မည့်သူများတို့အား အသင်းတော်မှခွဲခြားရမည့်အလုပ်ကို လုပ်ဆောင်ကြရမည်။ Testimonies, vol. 6, p. 61 (1900)

**ရှင်ခြင်းနှင့်သေခြင်းသတင်းစကား –** လူတို့၏စိတ်ကိုမထိခိုက်စေသည့်မပြတ်သားသောဟန်အမူအရာဖြင့် တတိယကောင်းကင်တမန်သတင်းစကား



ဟောပြောခြင်း၏အန္တရာယ်သည် ကျွန်ုပ်တို့၌ရှိသည်။ ကျွန်ုပ်တို့၏သတင်းစကားသည် ရှင်ခြင်းနှင့်သေခြင်းတမျှ အရေးကြီးသောသတင်းစကားဖြစ်သည်။ ၎င်းရှိသည့်အတိုင်းပေါ်လွင်အောင် ဘုရားသခင်၏ကြီးမားသောတန်ခိုးတော်ဖြင့် ဟောပြောကြရမည်။ ထိုနောက် ထိရောက်မှုကို ဘုရားသခင်ပြုလုပ်ပေးလိမ့်မည်။ တန်ခိုးအရှိန်အဟုန်အပြည့်အဝဖြင့် ကျွန်ုပ်တို့ဟောပြောကြရမည်။ Letter 209, 1899. [Ev 230.1]

**သတင်းစကားကိုအသံမထွက်စေခြင်း –** တတိယကောင်းကင်တမန်သတင်းစကားကြွေးကြော်ခြင်းကိုထိန်းချုပ်ထားရန် စာတန်မာရ်နတ်သည် နည်းလမ်းမျိုးစုံတီထွင်လျက်ရှိသည်။ သူ၏စီမံကိန်းများနှင့်နည်းစနစ်များကို ကျွန်ုပ်တို့သတိပြုကြရမည်။ ယခုအချိန်၌ အမှန်တရား၏ဟောပြောသံကိုမလျော့သွားစေရန် သတင်းစကားဟောပြောခြင်းကိုအသံမမြည်စေရန် တိတ်တဆိတ်မနေသင့်ပါ။ တတိယကောင်းကင်တမန်သတင်းစကားသည် အားကြီးခြင်းနှင့်စိတ်ချဖွယ်ရာဖြင့်ဟောပြောရမည်။ ဗျာဒိတ်အခန်းကြီး (၁၈) သည် တိုင်းထွာ၍မရသောအသုံးအနှုန်းများဖြင့် အမှန်တရားဟောပြောခြင်း၏အရေးကြီးခြင်းကို ရဲရင့်စွာနှင့်တန်ခိုးဖြင့်ဖော်ပြထားသည်။ တတိယကောင်းကင်တမန်သုံးပါးသတင်းစကားကို တိကျမှန်ကန်စွာကြွေးကြော်ဟောပြောခြင်းမပြုနိုင်ကြသည်ကို တွေ့ရှိရပါသည်။ သတင်းစကားကိုရှင်းလင်းပြတ်သားစွာဟောပြောသင့်သလောက်ဟောပြောခြင်းမပြုကြပါ။ Manuscript 16, 1900. [Ev 230.2]

**ပညတ်တော်အကြောင်းခရစ်တော်ဟောပြောသကဲ့သို့ –** ဘုရားသခင်ပညတ်တော်၏စည်းမျဉ်းဥပဒေများကို ခရစ်တော်သည် တိုက်ရိုက်အရှိန်အဟုန်ဖြင့်ဟောပြောပြီး ကြားနာရသောသူတို့အတွက် ဤစည်းမျဉ်းများကိုလိုက်လျှောက်ကြရာ၌ ပျက်ကွက်ခြင်းရှိကြောင်းပြသခဲ့သည်။ သူ၏ပြောဆိုသောစကားများသည် အလွန်တိကျပြီး၊ ကြားနာရသူများအတွက် ဟာကွက်၊ သို့မဟုတ် ဆင်ခြင်ဆင်လက်ပေးရန်အချက်များမရှိလောက်အောင် အချက်ကျသည်။ Review and Herald, Sept. 13, 1906. [Ev 230.3]

**ပေါလုသည်မိမိ၏စည်းစနစ်ကိုဆီလျော်ခြင်းရှိစေသည်** – ရှင်ပေါလုသည် တစ်ပါးအမျိုးသားထံသို့ မိမိတို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်သည်သာ တစ်ခုတည်းသောမျှော်လင့်ရာဖြစ်ကြောင်း ဟောပြောပြီးနောက် ပညတ်တော် အကြောင်းကိုနောက်မှဟောပြောသွားသည်။ ခရစ်တော်ကို ကျွန်ုပ်တို့၏ဤ ကမ္ဘာကြီးအတွက် ဘုရားသခင်၏ဆုလာဘ်အဖြစ်ပေးခဲ့ခြင်းအကြောင်း၊ လူတို့ အတွက်ဘုရားသခင်ဖော်ပြခဲ့သော တန်ဖိုးကြီးမားသည့်ဆက်ကပ်ခြင်းဖြင့် ရွေးနုတ်ရှင်ကိုလူတို့အားသိစေရန် လွယ်ကူစွာပြောဆိုခြင်းဖြင့် လူတို့၏စိတ် ကိုနွေးထွေးစေပြီး ၎င်းမေတ္တာဖြင့်ပေးသောဆုကျေးဇူးသည် ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသားအားလုံးကို ဘုရားရှင်ချစ်ကြောင်းဖော်ပြရာ၌ သူတို့အားလုံး ၏စိတ်ကို ဘုရားရှင်ထံအပ်နှံကြပြီး ကယ်တင်ခြင်းရရှိရန်အတွက်ဖြစ်သည်။ ဤသို့ဖြင့် သူတို့၏စိတ်နှလုံးကိုထိခိုက်စေပြီး မိမိတို့၏ကိုယ်ကို ဘုရားရှင် ထံသို့ပေးအပ်သောအခါ ရှင်ပေါလုသည်သူတို့အား ဘုရားသခင်၏ပညတ် တော်ကို မိမိတို့၌နာခံမှုရှိမရှိ စမ်းသပ်သောအားဖြင့်ပေးခဲ့ကြောင်းပြောဆိုပါ သည်။ ၎င်းသူ၏ဆောင်ရွက်ပုံသည် ဝိညာဉ်များကိုအောင်မြင်ရန် မိမိ၏ နည်းစနစ်များကိုသုံးသပ်ပြီး ဆီလျော်စွာဆောင်ရွက်သွားခြင်းဖြစ်သည်။ Special Testimonies, Series A, No. 6, p. 55. (1895) [Ev 230.4]

**အခြေခံစည်းမျဉ်းဥပဒေများကိုဦးစွာပြောခြင်း** – ကျွန်ုပ်တို့သည် ခရစ်တော် ကိုယုံကြည်သောသူများဖြစ်ကြကြောင်း၊ ခရစ်တော်သည် ဘုရားဖြစ်ကြောင်းနှင့် သူ၏ကြိုတင်တည်ရှိနေခြင်းကို ကျွန်ုပ်တို့ယုံကြည်ကြောင်း သူတို့သိရှိရသည့် အခွင့်အရေးမရမချင်း သူတို့၏ရိုးရာဓလေ့ထုံးစံများကို ပြစ်တင်ဝေဖန်ခြင်း ကဲ့သို့ သင်၏သတင်းစကားလက္ခဏာများကို ပေါ်လွင်စွာမပြုလုပ်ပါနှင့်။ ကမ္ဘာ့ရွေးနုတ်ရှင်၏သက်သေခံခြင်းအပေါ်တည်နေကြပါစို့။ Testimonies, vol. 6, p. 58. (1900) [Ev 231.1]

**ကျွန်ုပ်တို့ဧဝံဂေလိသတင်းစကားကိုဟောပြောသည်** – ခရစ်ယာန်မဟုတ်သော သူတို့အနေဖြင့် ကျွန်ုပ်တို့သည် ဧဝံဂေလိသတင်းစကားနှင့် ပညတ်တော်ကိုပါ



ဟောပြောကြောင်း သူတို့အားနားလည်စေပါ။ သူတို့သည် ဤအမှန်တရား များတို့ကိုကြားနာရခြင်းအားဖြင့် အမှန်တရားအတွက် အများသောသူတို့သည် မိမိတို့၏စိတ်ထဲ၌ ခံယူကြလိမ့်မည်။ Letter 1, 1889. [Ev 231.2]

**အပြစ်ကိုတွေ့မြင်လိမ့်မည်** – နှုတ်ကပတ်တော်ကိုဖော်ပြသော ပညတ် တော်နှင့်ဧဝံဂေလိတရားကို လူတို့အားဟောပြောရလိမ့်မည်။ အကြောင်းမှာ ပညတ်တော်နှင့်ဧဝံဂေလိတရားပေါင်းစည်းခြင်းအားဖြင့် လူတို့၏အပြစ်ကို ဖော်ပြပေးလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်သည် အပြစ်ကိုစီရင်သော အခါ ဧဝံဂေလိတရားကိုညွှန်ပြပြီး ဘုရားသခင်၏တည်ရှိတော်မူခြင်းအပြည့်အစုံ ကို ယေရှုခရစ်၌ဖော်ပြပါသည်။ ဧဝံဂေလိတရား၏ဘုန်းတော်သည် ယုဒ ခေတ်အပေါ်အလင်းကိုရောင်ပြန်ဟပ်ကာ ယုဒလူမျိုး၏စီးပွားရေးပုံစံနှင့်အရိပ် တစ်ခုလုံးသို့ ကြီးကျယ်ခမ်းနားခြင်းကိုပေးသည်။ ထို့ကြောင့် ပညတ်တော်နှင့် ဧဝံဂေလိတရားနှစ်ခုစလုံးသည် ပေါင်းစည်းလျက်ရှိသည်။ မည်သည့်ဟောပြော ခြင်း၌မဆို ၎င်းတို့ကိုခွဲခြားခြင်းမပြုရပါ။ Manuscript 21, 1891. [Ev 231.3]

အကြောင်းအရင်းအခြားတစ်ဘက်၌ ဤအရာနှစ်ခုကို အတူတူနီးပါး ထားကြသော်လည်း ယေဘုယျအားဖြင့် ဘာသာရေးသမားများတို့သည် ပညတ် တော်နှင့်ဧဝံဂေလိတရားကို ခွဲခြားကြပါသည်။ ကျွန်ုပ်တို့သည် လူတို့ရှေ့၌ ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့် သူ၏ကြီးမားသောရွေးနုတ်ခြင်းစီမံကိန်း၏ ပြည့်ဝသောထူးခြားထင်ရှားခြင်းကို မဆုပ်ကိုင်ထားကြပါ။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်သူ၏အနှိုင်းမဲ့မေတ္တာကိုချန်ထားခဲ့ပြီး ကျွန်ုပ်တို့၏အယူအဆများ နှင့်တွေးတောဆင်ခြင်ချက်များကိုထည့်သွင်းကာ ငြင်းခုံခြင်းများကိုဟောပြော ကြသည်။ Manuscript 24, 1890. [Ev 231.4]

**သူတို့အတူတကွလက်တွဲကြသည်** – အကယ်၍ကျွန်ုပ်တို့သည် တတိယ ကောင်းကင်တမန်သတင်းစကား၏တန်ခိုးနှင့်စိတ်ဓာတ်ရှိပါက ကျွန်ုပ်တို့သည် ပညတ်တော်နှင့်ဧဝံဂေလိတရားကို အတူတူဟောပြောကြလိမ့်မည်။ သူတို့သည်

အတူတကွလက်တွဲကြသောကြောင့်ဖြစ်သည်။ Gospel Workers, p. 161. (1915) [Ev 232.1]

**စာပေဖြင့်သတင်းစကားကိုအင်အားဖြည့်တင်းပေးပါ** – ကျွန်ုပ်တို့နေထိုင်လျက်ရှိသောနေ့ရက်များသည် အမြဲနိုးခြင်းရှိရမည်ဖြစ်ပြီး ဥပုသ်နေ့နှင့်ပတ်သက်သည့်မေးခွန်းအကြောင်းကို ဘုရားသားသမီးများဟောပြောရမည့်အချိန်ဖြစ်သည်။ ကမ္ဘာပေါ်ရှိလူတို့အား ဤနောက်ဆုံးသောသတိပေးစကားကိုဟောပြောပြီး အရေးကြီးသောဥပုသ်နေ့ကိုသန့်ရှင်းသော မိမိ၏ပညတ်တော်နှင့်ဘုရားသခင်တွဲထားကြောင်း လူတို့ကိုမြင်စေကြရမည်။ ဤသတင်းစကားကို အပြစ်သားများကြားနာရသောအခါ ဥပုသ်နေ့ပညတ်ကိုလိုက်လျှောက်ရမည့် အရေးကြီးသည့်အချက်ကို ကောင်းမွန်စွာနားမလည်သူများမရှိကြရန် ရှင်းလင်းပြတ်သားစွာဟောပြောကြရမည်။ [Ev 232.2]

ဤလွယ်ကူသော ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားကို လူအပေါင်းသိရှိနိုင်ရန် ကျွန်ုပ်တို့အားလုံး ဆောင်ရွက်ရမည့်အလုပ်ဖြစ်သည်။ လူတို့ဖတ်ရှုနိုင်ရန်အတွက် နှုတ်ကပတ်တော်၏ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေကြရမည်။ ၎င်းတို့၌ရေးသားချက်ပါရှိသည့်အတိုင်း အကယ်၍ထွက်မြောက်ရာကျမ်းအခန်းကြီး (၁၉) နှင့် (၂၀)၊ ၎င်းပြင် အခန်းကြီး (၃၁)၊ အခန်းငယ် (၁၂–၁၈) အပါအဝင်များကိုပုံနှိပ်နိုင်ပါက အလွန်ကောင်းမည်ဖြစ်ပါသည်။ ဤအမှန်တရားများကို စာအုပ်ငယ်လေးသဖွယ်ပြုလုပ်ပြီး လူတို့အားဘုရားသခင်၏နှုတ်ကပတ်တော်ကိုစကားပြောစေပါ။ ပညတ်တော်နှင့်ပတ်သက်သည့်ဟောပြောခြင်းကိုပြုလုပ်သောအခါ အချက်အလက်များမှန်ကန်မည်ဖြစ်သော်လည်း ၎င်းအကြောင်းအရာနှင့်ပတ်သက်သည့် စာစောင်ငယ်လေးပါရှိပါကပို၍ထိရောက်ပါလိမ့်မည်။ ထိုနောက် တနင်္ဂနွေနေ့ပညတ်များအကြောင်းသိလိုသူများနှင့် သင်တွေ့ဆုံသောအခါ ဤပုံနှိပ်ထားသောစာစောင်ငယ်လေးကိုသူတို့လက်ထဲသို့ပေးလိုက်ပါ။ ဤအကြောင်းသင်ဆွေးနွေးရန်မလိုပါ။ "ဘုရားသခင်မိန့်တော်မူသည်ကား" ဟူသော သတ္တမနေ့ကိုစောင့်ရမည့်အကြောင်း



သင့်လက်တွင်း၌ရှိနေပြီဟု သူတို့ကိုပြောလိုက်ပါ။ Review and Herald, March 26, 1908.

**ခြားနားသောအမှတ်အသားကိုပေါ်လွင်စေပါ** – ကမ္ဘာနှင့်ပေါ်လွင်ထင်ရှားစွာခွဲခြား၍သိရှိနိုင်သော ဘုရားသခင်သားသမီးများတို့၏ဖြူစင်ခြင်း၊ မြင့်မြတ်ခြင်း၊ သန့်ရှင်းခြင်းစည်းမျဉ်းများကို ကမ္ဘာကြီးအားပြသကြရမည်။ သတ္တမနေ့ဥပုသ်ကိုမစောင့်ရှောက်သောသူတို့နှင့် တဖြည်းဖြည်းအတိအကျခွဲခြား၍မရနိုင်သည့် ဘုရားသခင်၏သားသမီးများဖြစ်ကြမည့်အစား သူတို့အနေဖြင့်ဥပုသ်နေ့ကိုကောင်းမွန်စွာစောင့်ထိန်းနေကြကြောင်း ကမ္ဘာမှမပျက်မကွက်သူတို့အား ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့ဥပုသ်အသင်းဝင်များဖြစ်ကြောင်း သိရှိစေရပါမည်။ Manuscript 162, 1903. [Ev 233.1]

**အပြစ်ရှိသူကိုဖော်ပြရန်ခေါ်ခြင်း** – ကျွန်ုပ်တို့နေထိုင်သောအချိန်၌ သတင်းစကားသယ်ဆောင်ရန်အတွက် ဘုရားသခင်သည် မိမိ၏လူတို့ကိုခေါ်လျက်ရှိသည်။ တနင်္ဂနွေဥပဒေကိုထင်ရှားစွာတန်ခိုးပေးပြီး အချိန်နှင့်ပညတ်ကိုပြောင်းလဲရန်စဉ်းစားသောသူနှင့် မှန်သောဖန်ဆင်းခြင်း၏ဥပုသ်နေ့ကိုဘုရားသခင်၏သန့်ရှင်းသောနေ့အဖြစ်စောင့်ထိန်းခြင်းအားဖြင့် ဘုရားသခင်ကိုဂုဏ်ပြု၍ မားမားမတ်မတ်ရပ်တည်လျက်ရှိသော ဘုရားသခင်၏သားသမီးများတို့အား ဖိနှိပ်သောသူကိုဖော်ပြရန် သူတို့ကိုခေါ်တော်မူသည်။ Testimonies to Ministers, p. 118. (1903) [Ev 233.2]

**ခြားနားသောလူတစ်စုနှင့်ခိုင်မာသောသတင်းစကားတစ်ခု** – ဘုရားသခင်သည် မိမိလူတို့အား ခိုင်မာသောသတင်းစကားတစ်ခုဖြစ်သည့် တတိယကောင်းကင်တမန်၏သတင်းစကားကို ကမ္ဘာသို့သယ်ဆောင်ရန်ပေးခြင်းဖြင့် ကျေနပ်လျက်ရှိသည်။ ဘုရားသခင်၏လက္ခဏာကိုယူဆောင်လျက် သူ၏ဥပုသ်နေ့၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသည့် အသက်ရှင်တော်မူသောဘုရားသခင်၏အောက်မေ့ဖွယ်ရာ သန့်ရှင်းသောသတ္တမနေ့ကို သန့်ရှင်းစွာစောင့်ရှောက်ပြီး သားရဲ၊ သို့မဟုတ် သူ၏ရုပ်တုကိုကိုးကွယ်ရန်ငြင်းဆန်သော ထင်ရှား

သည့်ကမ္ဘာနှင့်ခြားနားသောလူတစ်စုကို ယောဟန်ကြည့်နေသည်။ သူတို့နှင့်ပတ်သက်ပြီး တမန်တော်ယောဟန်ရေးထားသည်မှာ၊ "ဘုရားသခင်၏ပညတ်တော်နှင့် ယေရှု၏ယုံကြည်ခြင်းကိုစောင့်ရှောက်သောသူများသည်မှာရှိသည်" ဟုဖြစ်ပါသည်။ Letter 98, 1900. [Ev 233.3]

**သားရဲ၏တံဆိပ်** – ပထမနေ့စောင့်ထိန်းရန်ဥပဒေကိုချမှတ်ခြင်းနှင့်မှန်သောဥပုသ်၏တာဝန်နှင့်ပတ်သက်ပြီး ကမ္ဘာမှအသိတရားရရှိလာသောအခါ ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ပြီး ရောမအာဏာထက်မမြင့်သောပညတ်တစ်ခုကိုနာခံသောသူတိုင်းတို့သည် ဘုရားသခင်ထက် ရဟန်းမင်းကိုဂုဏ်ပြုလိမ့်မည်။ သူသည် ရောမနှင့်ရောမ၏တန်ခိုးမှ ဤချမှတ်ထားသောဥပုသ်ကို အရိုအသေပေးခြင်းဖြစ်သည်။ ထိုအခါသူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်ခြင်းဖြစ်သည်။ လူတို့အနေဖြင့် ဘုရားသခင်ကြေညာထားခဲ့သော မိမိ၏တန်ခိုးအာဏာဖြင့်တည်ထောင်ထားသည့်အရာကိုငြင်းပယ်ပြီးငင်းအစား မိမိ၏ကြီးမြတ်ခြင်းအာဏာအမှတ်အသားအဖြစ် ရောမမှရွေးချယ်ထားသောအရာကိုဂုဏ်ပြုခြင်းသည် သားရဲ၏တံဆိပ်ကိုခံယူခြင်းပင်ဖြစ်သည်။ ထိုနောက် လူတို့ရှေ့၌ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းခြင်းနှင့်လူ၏ပညတ်ကိုစောင့်ထိန်းခြင်းနှစ်ခုစပ်ကြား ပြတ်သားစွာအမိန့်ချမှတ်ပြီး လူတို့အားရွေးချယ်ရန်အချိန်ရောက်လာသောအခါ လူတို့သည် ဆက်လက်၍ကျူးလွန်နေခဲ့ပါက သူတို့သည် သားရဲ၏တံဆိပ်ကိုခံယူခြင်းပင်ဖြစ်သည်။ The Great Controversy. p. 449. (1888) [Ev 233.4]

**အနာဂတ်၌သားရဲ၏တံဆိပ်ကိုလက်ခံခြင်း** – ဥပုသ်နေ့ပြောင်းလဲခြင်းသည် ရောမအသင်းတော်တန်ခိုးအာဏာ၏လက္ခဏာ၊ သို့မဟုတ် အမှတ်အသားပင်ဖြစ်သည်။ ပညတ်တော်လေးပါးတစ်ပါး၏တောင်းဆိုချက်ကို နားလည်သောသူသည် မှန်သောဥပုသ်နေ့အစား မှားသောဥပုသ်နေ့ကိုစောင့်ရှောက်နေခြင်းသည် ထိုတန်ခိုးကိုအရိုအသေပေးခြင်းဖြစ်သည်။ သားရဲတံဆိပ်သည်





ဘုရားသခင်ချမှတ်ထားသောနေ့အစား ကမ္ဘာမှလက်ခံသော ရဟန်းမင်း၏ဥပုသ်နေ့ဖြစ်သည်။ [Ev 234.1]

မည်သူမျှယခုအချိန်၌ သားရဲ၏တံဆိပ်ကိုမရရှိသေးချေ။ အကြောင်းမှာ၊ စမ်းသပ်ရာအချိန်မရောက်ရှိသေးသောကြောင့်ဖြစ်သည်။ ရောမအသင်းဝင်များအပါအဝင် အသင်းတော်တိုင်းတို့၌ စစ်မှန်သောခရစ်ယာန်များရှိနေကြသည်။ သူတို့သည် ပညတ်တော်လေးပါးတစ်ပါး၏အလင်းနှင့်တာဝန်ကိုမတွေ့ရမချင်း မည်သူ့ကိုမျှအပြစ်စီရင်၍မရပါ။ သို့သော် ဥပုသ်နေ့အတုကိုလိုက်လျှောက်ရန်အမိန့်ချပြီး တတိယကောင်းကင်တမန်မှ သားရဲနှင့်သူ၏ရုပ်တုကိုမကိုးကွယ်ရန် ကျယ်လောင်သောအသံဖြင့်ကြွေးကြော်သည့်အခါ အမှားနှင့်အမှန်စပ်ကြား၌ရှိသောကွာခြားမှုကို ရှင်းလင်းစွာတွေ့မြင်ရပါလိမ့်မည်။ ထိုအခါ ဆက်လက်၍ကျူးလွန်နေဆဲဖြစ်နေပါက သားရဲ၏တံဆိပ်အမှတ်ကိုရရှိပါလိမ့်မည်။ [Ev 234.2]

လျင်မြန်သောခြေလှမ်းဖြင့် ဤကာလသို့ကျွန်ုပ်တို့ရောက်လုနီးနေကြပြီ။ ပရိတက်စတင့်အသင်းတော်များသည် မိမိတို့၏ဘိုးဘေးများ ပြင်းထန်စွာညှဉ်းဆဲခြင်းခံခဲ့ရသော ယုံကြည်ခြင်းကိုဆန့်ကျင်ပြီး လောကီတန်ခိုးနှင့်ပေါင်းစည်းကာ မှားသောဘာသာကိုထိန်းသိမ်းသောအခါ အသင်းတော်နှင့်အစိုးရတို့၏အာဏာပေါင်းစည်းခြင်းဖြင့် ရဟန်းမင်း၏ဥပုသ်နေ့ကို အတင်းစောင့်ထိန်းစေလိမ့်မည်။ နိုင်ငံအတွင်းဖောက်ပြန်မှုဖြစ်ပေါ်လာပြီး နိုင်ငံ၏ပျက်စီးခြင်းသို့သာ အဆုံးသတ်သွားပါလိမ့်မည်။ Manuscript 51, 1899. [Ev 235.1]

**ဘုရားသခင်၏တံဆိပ်ကိုငြင်းပယ်သောအခါ** – အကယ်၍ အမှန်တရား၏အလင်းဖြစ်သော ပညတ်တော်လေးပါးတစ်ပါး၏ဥပုသ်နေ့ကိုဖော်ပြခြင်း၊ ပထမနေ့ကိုစောင့်ထိန်းရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်မှ မည်သည့်အခြေခံဖော်ပြချက်များမရှိကြောင်း သင့်အားပြောပြလျက်နှင့် ဘုရားသခင်ခေါ်သော "ငါ၏သန့်ရှင်းရာနေ့" ကို သန့်ရှင်းသောဥပုသ်နေ့

အဖြစ် စောင့်ထိန်းရန်ငြင်းဆန်ပါက သင်သည် သားရဲ၏တံဆိပ်ကိုခံယူခြင်းပင်ဖြစ်သည်။ ဤအခြင်းအရာသည် မည်သည့်အချိန်၌ဖြစ်မည်နည်း။ သင်သည် တနင်္ဂနွေနေ့၌အလုပ်လုပ်ခြင်းကိုရပ်ဆိုင်းပြီး ဘုရားကိုဝတ်ပြုရန်ထုတ်ပြန်သည့် အမိန့်ကိုလိုက်နာသောအခါ၊ ကျမ်းစာထဲ၌ တနင်္ဂနွေနေ့သည် အခြားရိုးရိုးနေ့များတို့ထက် ပို၍ထူးခြားသာလွန်သည့်ရေးသားချက်များမတွေ့ရှိရခြင်းကို သင်သိသောအခါ သင်သည် သားရဲ၏တံဆိပ်ကိုလက်ခံရန်နှင့် ဘုရားသခင်၏တံဆိပ်ကိုငြင်းပယ်ရန် သဘောတူခြင်းပင်ဖြစ်သည်။ Review and Herald, July 13, 1897. [Ev 235.2]

**အလင်းကိုဂရုမပြုသောအကျိုးတစ်ခုကဲ့သို့ –** ဘုရားသခင်သည် လူတို့အား မိမိနှင့်မိမိလူတို့စပ်ကြား လက္ခဏာသက်သေအဖြစ်နှင့် မိမိလူတို့၏သစ္စာရှိခြင်းကိုစမ်းသပ်ရန်အတွက် ဥပုသ်နေ့ကိုပေးခဲ့ပါသည်။ ဤဘုရားသခင်၏ အလင်းတရားကို သူတို့ရရှိခဲ့ပြီးနောက် ဆက်လက်၍လိုက်လျှောက်ခြင်းမပြုဘဲ ကြီးမားသောအရေးကြုံရာကာလ၌ လူ၏ပညတ်ကို ဘုရားသခင်၏ပညတ်တော်ထက် ချီးမြှောက်ကြပါက သားရဲ၏တံဆိပ်ကိုရရှိကြပါလိမ့်မည်။ Letter 98, 1900. [Ev 235.3]

**တနင်္ဂနွေမေးခွန်းဟောပြောခြင်း၌သတိပြုရန် –** ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းသောဥပုသ်တော်နေ့အစား ရဟန်းမင်းပြောင်းလဲခဲ့သည့် မှားသောဥပုသ်နေ့ကိုလက်ခံသောသူတို့အား စိတ်ဆိုးခြင်းမပြုလုပ်သင့်ပါ။ မိမိတို့၏ခွန်အားတန်ခိုးအားဖြင့် လိုအပ်သည့်နှုတ်ကပတ်တော်မှ ဤသူတို့လက်ခံခဲ့သောမှားယွင်းမှုအတွက် ချေပပြောဆိုနိုင်ရန် အချက်အလက်များသူတို့၌မရှိသောကြောင့် သူတို့အားပို၍စိတ်ဆိုးခြင်းကိုဖြစ်စေပါလိမ့်မည်။ ထို့ကြောင့် သူတို့အတွက်ကသိကအောက်ဖြစ်စေပြီး ဒေါသမထွက်စေရန် အထူးသတိပြုသင့်ပါသည်။ Letter 55, 1886. [Ev 235.4]

**ဖြတ်တောက်ခြင်းအလုပ်ကိုအမှန်တရားအားလုပ်စေပါ –** နောက်ဆုံးသောအချိန်၌ အမှန်တရားကိုထောက်ခံပြောဆိုခြင်းအားဆန့်ကျင်ရန် မာရ်နတ်၏



ကြိုးစားမှုသည် ပို၍ပြင်းထန်လာပါလိမ့်မည်။ ခရစ်တော်၏နေ့ရက်၌ ယဇ်ပုရောဟိတ်များနှင့်အုပ်ချုပ်ရေးခေါင်းဆောင်များတို့သည် ခရစ်တော်ကိုဆန့်ကျင်ရန် လူတို့အားနှိုးဆော်သကဲ့သို့ ယခုအချိန်၌ ဘာသာရေးခေါင်းဆောင်များတို့သည် အမှန်တရားကို ခါးသီးမှုများနှင့်အထင်လွဲမှုများဖြစ်စေရန် ပို၍ကြိုးစားလုပ်ဆောင်ကြလိမ့်မည်။ လူတို့သည် မိမိတို့တစ်ခါမျှမစဉ်းစားမိခဲ့သော ယုံကြည်သူခရစ်ယာန်များတို့၏မုန်းတီးမှုနှင့်အတူ အမှန်တရားကိုဆန့်ကျင်ကာ ပြင်းထန်စွာလှုပ်ရှားကာ ဆန့်ကျင်ဘက်ပြုခြင်းများ၌ပါဝင်ရန်ပို့ဆောင်ခြင်းကိုခံရလိမ့်မည်။ [Ev 236.1]

အမှန်တရား၏ထောက်ခံခြင်းကိုလုပ်ဆောင်ရာတွင် မည်သည့်အရာဖြစ်ပေါ်မည်နည်း။ သူတို့၌မပြောင်းလဲနိုင်သော တည်မြဲသည့်ဘုရားသခင်၏နှုတ်ကပတ်ရှိပြီး သူတို့သည် ယေရှု၌ရှိသော အမှန်တရားရှိသကဲ့သို့ သူတို့၌လည်းရှိကြောင်း ပေါ်လွင်ထင်ရှားသင့်သည်။ သူတို့၏စကားများသည် ကြမ်းတမ်းခြင်း၊ စူးရှခြင်းမရှိစေရပါ။ သူတို့၏အမှန်တရားဟောပြောခြင်း၌ ခရစ်တော်၏မေတ္တာ၊ နူးညံ့သိမ်မွေ့ခြင်းနှင့်ကြင်နာခြင်းကို ဖော်ပြရမည်။ ပြတ်သားစွာပြောဆိုခြင်းကို အမှန်တရားအားဆောင်ရွက်စေပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သံလျက်ကဲ့သို့ထက်သောသွားနှစ်ဖက်ရှိပြီး စိတ်နှလုံးကိုဝင်ရောက်ထိုးဖောက်နိုင်သည်။ မိမိတို့၌အမှန်တရားရှိကြောင်းသိသောသူတို့သည် ကြမ်းတမ်း၍ပြင်းထန်သောစကားပြောဆိုခြင်းများကိုအသုံးပြုခြင်းအားဖြင့် မာရ်နတ်အား မိမိတို့၏စိတ်ဓာတ်ကို မှားယွင်းစွာဖော်ထုတ်ပြသခွင့်ကိုမပြုသင့်ပါ။ Review and Herald, Oct. 14, 1902. [Ev 236.2]

**လူထုကြီးအားအသိတရားပွားစေရန်ခေါ်တော်မူခြင်း –** မာရ်နတ်သည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုကိုဒုက္ခပေးကြောင်း ကျွန်ုပ်အားပြသသည်။ မာရ်နတ်၏ကိုယ်စားလှယ်အားဖြင့် ဘုရားသခင်၏ပညတ်တော်ကိုပျက်စီးစေသည်။ ထင်ရှားနေသောလွတ်လပ်ခွင့်ရှိသည့် ကျွန်ုပ်တို့၏တိုင်းပြည်၌ ဘာသာရေး

လွတ်လပ်ခွင့်သည် အဆုံးသို့ရောက်လိမ့်မည်။ ကမ္ဘာတစ်ခုလုံးအား စိုးရိမ်ကြောင့်ကြမှုကိုဖြစ်စေမည့်အရာသည် ဥပုသ်နေ့မေးခွန်းအပေါ်ပြိုင်ဆိုင်မှုဖြင့် အဆုံးအဖြတ်ပေးမည့်အရာပင်ဖြစ်လိမ့်မည်။

ကျွန်ုပ်တို့၏အလုပ်လုပ်ရန်အချိန်သည် အကန့်အသတ်ရှိပြီး ဘုရားသခင်သည် အလုပ်ကိုလျင်မြန်စွာလုပ်ဆောင်တတ်သော ဓမ္မအမှုဆောင်များနှင့်ကျွန်ုပ်တို့ကိုခေါ်လျက်ရှိသည်။ မြွေလိုလိမ္မာပြီး ချိုးငှက်ကဲ့သို့အဆိပ်ကင်းသောအရာများတို့သည် ခွန်အားကြီးသောရန်သူကိုတိုက်လှန်ခြင်း၌ ဘုရားသခင်အားပါဝင်ကူညီကြရမည်။ ဤအချိန်နှင့်ပတ်သက်သည့် အနာဂတ်ဟောထားချက်များကို နားမလည်သောသူများစွာရှိနေသောကြောင့် ထိုသူတို့အားနားလည်စေရန် အလင်းပေးရမည်။ Letter 1, 1875. [Ev 237.1]

## ဥပုသ်နေ့စောင့်ထိန်းခြင်းပြဿနာကိုရင်ဆိုင်ဖြေရှင်းခြင်း

**ပူပန်ရန်၊ သို့မဟုတ် ကြောက်ရွံ့ရန်အကြောင်းမရှိပါ –** မကြာခဏကျွန်ုပ်တို့၏အမှုဆောင်များတို့သည် လူတို့အားဥပုသ်နေ့အမှန်တရားအကြောင်း ဟောပြောသောအခါ တချို့သောသူတို့သည် ၎င်းအမှန်တရားကိုလက်ခံပါက မိမိတို့နှင့်မိမိတို့မိသားစုအပေါ် ဒုက္ခဆင်းရဲခြင်းနှင့်ခက်ခဲမှုများကို ကြုံတွေ့ရမည်ဟုစိုးရိမ်ကာ တွန့်ဆုတ်နေကြပါသည်။ သူတို့ပြောကြသည်မှာ၊ ခင်ဗျားတို့ဟောပြောသောသတ္တမနေ့ဥပုသ်ကို စောင့်ထိန်းခြင်းအကြောင်းအရာသည် မှန်သော်လည်း အကယ်၍ဤမှန်သောဥပုသ်နေ့ကို ကျွန်ုပ်တို့စောင့်ရှောက်ပါက ကျွန်ုပ်တို့၏ရာထူးကိုထိခိုက်မည်ဖြစ်ပြီး မိသားစုစားဝတ်နေရေးအတွက်ခက်ခဲမည်ကို ကျွန်ုပ်တို့စိုးရိမ်သည်ဟုဖြစ်ပါသည်။ ထိုကြောင့် အများသောသူတို့သည် မိမိတို့၏ရာထူးရာခံကိုဆွဲကိုင်ထားပြီး ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်ခြင်းမပြုဘဲနေကြပါသည်။ သို့သော် လုကာ ၁၂း၁–၇ မှ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကြုံတွေ့ရမည့်ဗဟုသုတအားလုံး



အတွက် ဘုရားသခင်သိရှိပြီး၊ ကျွန်ုပ်တို့၏ခံစားရမည့်အရာနှင့်ပတ်သက်၍ သူနားလည်ကြောင်းနှင့် သူ့နောက်သို့လိုက်မည့်သူအားလုံးအတွက် ကာကွယ်စောင့်ရှောက်ပေးမည့်အကြောင်း ဖော်ပြထားပါသည်။ ဘုရားသခင်သည် သူ၏သားသမီးများမခံနိုင်သောစုံစမ်းခြင်းတို့ကို မည်သည့်အခါမျှခံခွင့်ပြုမည်မဟုတ်ပါ။ [Ev 237.2]

သူ၏တပည့်တော်များကိုခရစ်တော်ပြောဆိုခဲ့သည်မှာ၊ “ထိုကြောင့် ငါဆိုသည်ကား၊ အဘယ်သို့စားသောက်ရမည်ဟု အသက်အဖို့မစိုးရိမ်ကြနှင့်။ အဘယ်သို့ဝတ်ရမည်ဟု ကိုယ်အဖို့မစိုးရိမ်ကြနှင့်။ အစာထက်အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက်ကိုယ်မြတ်သည်မဟုတ်လော။ မိုးကောင်းကင်၌ကျင်လည်သောငှက်များကို ကြည့်ရှုဆင်ခြင်ကြလော့။ ထိုငှက်တို့သည် မျိုးစေ့ကိုမစိုက်မကြဲ၊ စပါးကိုမရိတ်၊ ကျီ၌မစုမသွင်း။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သူတို့ကိုကျွေးမွေးတော်မူ၏။ ထိုငှက်တို့ထက် သင်တို့သည် အလွန်မြတ်သည်မဟုတ်လော။ အဘယ်သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တစ်တောင်ခန့်မျှတိုးပွားစေနိုင်သနည်း။ အကယ်၍ သင်သည် သေးငယ်သောအရာကိုပင် ဆောင်ရွက်နိုင်စွမ်းမရှိပါက အဘယ်ကြောင့်အခြားအရာအတွက် သင်စဉ်းစားနေရပါသနည်း။

သူတို့ရှေ့၌ လှပဖြူစင်သောတောနှင်းပန်းကို လက်ထဲ၌မြှောက်တင်ကာ ခရစ်တော်ဆက်လက်ပြောဆိုသည်မှာ၊ “တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှာမငင်မဝင့်။ သို့သော်လည်း ဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ၏အဝတ်ကိုမမီဟုငါဆို၏။ ယုံကြည်အားနည်းသောသူတို့၊ ယနေ့အသက်ရှင်လျက်နက်ဖြန်မီးဖိုထဲသို့ရောက်သောတောမြက်ပင်ကို ဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်ဖုံးလွှမ်းတော်မူလျှင်၊ ထိုမျှမက သင်တို့ကိုအဝတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော့။ [Ev 238.1]

“ထိုကြောင့် အဘယ်သို့စားသောက်ရအံ့နည်း၊ အဘယ်သို့ဝတ်ရအံ့နည်းဟူ၍ မစိုးရိမ်ကြနှင့်။ ထိုအရာများကို သာသနာပလူတို့သည် ရှာဖွေတတ်ကြ၏။ ထိုအရာများကိုသင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် သိတော်မူ၏။ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့။” [Ev 238.2]

သူ၏အမှုတော်နှင့်ပတ်သက်၍ ဤနေရာ၌ခရစ်တော်သည် တန်ဖိုးရှိသောသင်ခန်းစာတစ်ခုကို သင်ကြားပေးနေသည်။ သင်သည် မည်သည့်ဗဟုသုတမျိုးမဆိုကြုံတွေ့ရစေကာမူ ဘုရားကိုသာမှီခိုပါဟု ခရစ်တော်ပြောပါသည်။ မည်သည့်အဆင်မပြေသောအရာများနှင့် ခက်ခဲမှုများတို့ကိုကြုံတွေ့နေရစေကာမူ ဘုရားကိုသာအားကိုးပါ။ အကယ်၍ အမှန်တရားအတွက်ကျွန်ုပ်တို့ရပ်တည်ပါက ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့မိသားစုဒုက္ခရောက်လိမ့်မည်ဟု ကျွန်ုပ်တို့စိုးရိမ်ကြောက်ရွံ့စရာအကြောင်းမရှိပါ။ သို့မဟုတ်ပါက ဘုရားရှင်အပေါ်မယုံကြည်ခြင်းကို ဖော်ပြရာရောက်လိမ့်မည်။ ကယ်တင်ရှင်ယေရှုပြောသည်မှာ၊ “ထိုအရာများကိုသင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သိတော်မူ၏” ဟုဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုပို၍သစ္စာရှိစွာလေ့လာကြပါက ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ပို၍တိုးတက်လာပါလိမ့်မည်။ Manuscript 83, 1909. [Ev 238.3]

**ကူညီမစခြင်းလက်ကိုဖြန့်ပေးရမည့်အချိန်** – ယခုအချိန်သည် ဤအရပ်ဒေသအတွက် စိတ်ဝင်စားမှုထကြွနေသည့် အရေးကြီးသောအချိန်ဖြစ်သည်။ လူအများစုတို့သည် စိတ်ဆုံးဖြတ်ချက်ပြုရမည့်အချိန်ဖြစ်သည်။ ဤအချိန်၌ စိတ်ဝင်စားကြသောဝိညာဉ်များတို့အတွက် အမှန်တရားကိုဝန်ခံပြီး ဘုရားရှင်ထံမိမိတို့၏ဆန္ဒကိုဆက်ကပ်အပ်နှံခြင်းနှင့် စိတ်နှလုံး၏လုံးလုံးသစ္စာပြုခြင်းကို သူတို့အနေဖြင့်ပြုလုပ်နိုင်ရန် ဘုရားသခင်သည် မိမိ၏အမှုဆောင်များတို့အား



ပြောဆိုနိုင်သောပညာကို ပေးပါလိမ့်မည်။ သတ္တမနေ့သည် ဘုရားသခင်၏ဥပုသ်နေ့အမှန်တရားဖြစ်ကြောင်းကို ယုံကြည်လာသောသူတို့သည် သူတို့၏ကိုယ်တိုင်ခံစားချက်များနှင့်ညှိနှိုင်းပြီး မိမိတို့၏ဆုံးဖြတ်ချက်ချရမည့်ဆက်ကပ်ခြင်းသည် ကြီးမားလွန်းသည်ဟု မာရ်နတ်၏ပို့ဆောင်ရာသို့မပါသွားစေဘဲ ဘုရားသခင်သည် သူတို့၏ယုံကြည်ခြင်းခွန်အားကိုအားပေးရန် ကျွန်ုပ်တို့ဆုတောင်းပါသည်။

သူတို့သည် ယာယီအရာများတို့၌ ဆုံးရှုံးခြင်းကိုခံရကြပြီး မစမည့်သူများလိုအပ်ပါလိမ့်မည်။ လူအများမေးခွန်းထုတ်ကြသည်မှာ၊ “ကျွန်ုပ်တို့ရဲ့မိသားစုကို ဘယ်လိုထောက်ပံ့ကြမလဲ” ဟုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သတ္တမနေ့ကိုသန့်ရှင်းစွာစောင့်ထိန်းပြီး ဥပုသ်နေ့၌အလုပ်မလုပ်ကြသည်နှင့်တစ်ပြိုင်တည်း ကျွန်ုပ်တို့၏လုပ်ငန်းတာဝန်ဆုံးရှုံးသွားပါလိမ့်မည်။ ကျွန်ုပ်တို့၏မိသားစုကို အငတ်ထားရမည်လား၊ ကျွန်ုပ်တို့ဘာပြောရမည်နည်း။ နွမ်းပါးခြင်းနှင့်လိုအပ်ခြင်းသည် နေရာတိုင်း၌တွေ့ရသည်။ ရိုးသားသူများဘာလုပ်ရမည်ကိုမသိကြပါ။ သူတို့မစွန့်စားဝံ့ကြပါ။ သတ္တမနေ့သည် ဘုရားသခင်၏ဥပုသ်နေ့ဖြစ်ကြောင်း သူတို့အပြည့်အဝယုံကြည်ကြသည်။ ဘုရားသခင်သည် သတ္တမနေ့ကိုကောင်းချီးပေးပြီး ထိုနေ့ရက်ကိုဖန်ဆင်းခြင်း၏အထိမ်းအမှတ်အဖြစ် လူတို့အတွက်စောင့်ထိန်းရန်ခွဲခြားထားပြီး သတ္တမနေ့၌သူနားကြောင်း သူတို့သိကြပါသည်။ [Ev 239.1]

သူတို့၏ဝိညာဉ်ရေး၌ တောင်ကြီးသဖွယ် အခက်အခဲများရှိနေကြောင်း ကျွန်ုပ်တို့မြင်ရသောအခါ သူတို့ကိုယ်တိုင်နှင့်သားသမီးများအတွက်လိုအပ်မည့်အလားအလာသည် သူတို့၏ရှေ့၌ထင်ရှားနေသောကြောင့် ကျွန်ုပ်တို့၏စိတ်ကိုနာကျင်စေပါသည်။ အများသောသူအထဲမှ တစ်ယောက်သောသူပြောသည်မှာ၊ “ကျွန်ုပ်သတ္တမနေ့ကိုစောင့်ထိန်းလိုပါတယ်၊ ဒါပေမယ့် ဥပုသ်နေ့ကိုစောင့်ဖို့ကျွန်ုပ်ဆုံးဖြတ်ကြောင်း ကျွန်ုပ်၏အလုပ်ရှင်ကိုပြောတာနဲ့တစ်ပြိုင်ထဲ ကျွန်ုပ်အလုပ်ပြုတ်သွားလိမ့်မယ်” ဟုဖြစ်ပါသည်။ လူပေါင်းရာချီပြီးလစ်လပ်သွား

မည့်အလုပ်ကိုစောင့်နေကြပါသည်။ ကျွန်ုပ်လွန်စွာပူပန်လျက်ရှိပါသည်။ ထိုကြောင့် ကျွန်ုပ်တို့ပြုလုပ်နိုင်သည့်အရာသည် ထိုသူတို့အတွက် ယုံကြည်ခြင်းရှိရန်အားပေးခြင်းနှင့် သူတို့အတွက်ဆုတောင်းပေးခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်လက်ထဲ၌ဒေါ်လာသန်းချီပြီးရှိရန် ကျွန်ုပ်တောင့်တလျက်ရှိသည်။ ဤအလုပ်၌ကျွန်ုပ်အကူအညီပေးနိုင်ရန်ဖြစ်သည်။ [Ev 239.2]

များစွာသောသူတို့သည် မာရ်နတ်၏ဘက်တော်သားများတို့နှင့်ပေါင်းစည်းခြင်း၊ သဟဇာတဖြစ်ခြင်း၏အကျိုးအဖြစ် ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်၏ဆုံးဖြတ်ချက်ချသည့် ကျူးလွန်သူများဖြစ်သွားကြပါသည်။ လှည့်ဖြားခြင်းမခံရစေရန် ဘုရားသခင်သည် သူတို့ကိုအလင်းပေးထားသော်လည်း သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုရန်ငြင်းဆိုကြသည်။ သူတို့သည် အမှားကိုလက်ခံကြပြီး ဘုရားသခင်ပြောဆိုသောစကားထက် မာရ်နတ်၏လိမ်လည်ခြင်းကို လက်ခံကြသည်။ ဤအမှား၏ဟောပြောချက်များသည် အမှန်တရားကိုတွေ့ပြီး လိုက်နာရန်လွန်စွာခက်ခဲမှုကိုဖြစ်စေပါသည်။ ဥပုသ်နေ့စောင့်ထိန်းသူများရှေ့၌ တော်မွတ်ခြင်းအပြင် လူသားတို့၏အမြင်၌ မည်သည့်အရာကိုမျှမတွေ့ရပါ။ Manuscript 19, 1894.

**တော်ပြတ်ရမည့်အကျိုးများမည်သည့်အခါမျှမရှိ** – မှန်သောဥပုသ်နေ့ကိုစောင့်ထိန်းခြင်းအားဖြင့် တော်ပြတ်ရမည့်အကျိုးကို မည်သည့်အခါမျှကြောက်ရန်မလိုပါ။ (ဟေရှာယ ၅၈း၁၁၊၁၂။ သုတ္တံကျမ်း ၇း၂။ ဟေရှာယ ၅၈း၁၄။) ဤကတိတော်များတို့သည် ဥပုသ်နေ့ကိုစောင့်ရှောက်ရန်ငြင်းပယ်သူများပေးသည့် ဆင်ခြင်ဆင်လက်များအတွက် လုံလောက်သောအဖြေဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို စတင်စောင့်ရှောက်သောအခါ မိသားစုများကိုပံ့ပိုးရန် ခက်ခဲပုံပေါ်မည်ဖြစ်သော်လည်း၊ သံသယစိတ်ရှိသောသူတိုင်းအတွက် ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်သောသူများအား ဘုရားသခင်စောင့်ရှောက်လိမ့်မည်ဟု သူကတိပြုထားခဲ့ကြောင်းကိုနားလည်စေပါ။ Manuscript 116, 1902. [Ev 240.1]



**ရဲရင့်ခြင်းစိတ်ရှိသူများလိုအပ်** – ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ရန် ရဲရင့်ခြင်းစိတ်လိုအပ်သည်။ အမှန်တရားဆန့်ကျင်သူတစ်ဦးပြောခဲ့သည်မှာ၊ သတ္တမနေ့ဥပုသ်ကိုမစောင့်နိုင်ဘဲ အသင်းတော်မှကျောခိုင်းသွားသောသူတို့သည် ပျော့ညံ့သောစိတ်ရှိသူများ၊ ဦးနှောက်မမှန်သောသူများနှင့် အသိတရားမရှိသောသူများတို့သာဖြစ်သည်ဟုဖြစ်ပါသည်။ သို့သော်အမှန်တရားကိုခင်တွယ်သော ဓမ္မအမှုဆောင်တစ်ဦးဖြေကြားခဲ့သည်မှာ "အကယ်၍ စိတ်ဓာတ်ပျော့ညံ့သောသူများဟုသင်ထင်ပါက ကြိုးစားကြည့်ပါ" ဟုဖြစ်ပါသည်။ လူအများမှမနှစ်သက်သော ရေပန်းမစားသည့်အဖွဲ့အစည်းနှင့်ပေါင်းစည်းနိုင်ရန်အတွက် ရဲရင့်ခြင်းစိတ်ဓာတ်၊ ခိုင်ခံ့သောစိတ်ဓာတ်၊ တိကျသောဆုံးဖြတ်ချက်၊ ဇွဲလုံ့လရှိရန်နှင့် များစွာဆုတောင်းရန်လိုသည်။ ဗိမာန်တော်သို့ဒုက္ခရောက်သောသနားဖွယ်ဒုက္ခသည်များ ခရစ်တော်ထံလာနိုင်သကဲ့သို့ ကျွန်ုပ်တို့လာနိုင်ကြခြင်းအတွက် ကျေးဇူးတင်ရပါလိမ့်မည်။ [Ev 240.2]

သင်သည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်လိုစိတ်မရှိခြင်းကြောင့် ရေပန်းစားခြင်းမရှိသည့်လူအများမှ မနှစ်သက်သောအမှန်တရားသို့ဝင်လာသောအခါ ရင်ဆိုင်ရမည့်မည်သည့်အရာကိုမဆို သင်ရင်ဆိုင်သွားရမည်ဖြစ်သည်။ သင့်တစ်ယောက်တည်းရုန်းကန်သွားရန် ဘုရားရှင်သင့်ကိုစွန့်ပစ်ထားမည်လား၊ မည်သည့်အခါမျှသင့်ကိုစွန့်ပစ်၍မထားပါ။ သို့သော်စုံစမ်းခြင်းမှကင်းဝေးလိမ့်မည်၊ ကိုယ်ကျိုးစွန့်ရန်မလို၊ ဆက်ကပ်မှုပြုရန်မရှိဟု ခရစ်တော်သည် သူ၏တပည့်တော်များကိုမပြောခဲ့ပါ။ သူတို့၏သခင်သည် ဝမ်းနည်းပူဆွေးခြင်းများနှင့်ကြုံတွေ့ရသောပုဂ္ဂိုလ်ဖြစ်သည်။ "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏။" သင်၏ဆင်းရဲနွမ်းပါး

ခြင်းအထဲမှ ဘုရားသခင်ကို သင်၏အဘဟုခေါ်နိုင်ခြင်းအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ကျေးဇူးတင်သည်။

ဤကမ္ဘာပေါ်သို့ ဆင်းရဲနွမ်းပါးခြင်းရောက်လာပြီး၊ နိုင်ငံအတွင်း တစ်ခါမျှမကြုံတွေ့ခဲ့ရသောဒုက္ခကာလရောက်လာလိမ့်မည်။ စစ်ပွဲများ၊ စစ်သတင်းများကြားရပြီး လူတို့၏စိတ်နှလုံးပူပန်ပြီး မျက်နှာညှိုးငယ်ကြလိမ့်မည်။ ကြီးမားသောဘေးအန္တရာယ်ကို သင်ရင်ဆိုင်ရလိမ့်မည်။ တစ်ခါတစ်ရံ ငတ်မွတ်ခြင်းဘေးနှင့်သင်တွေ့ကြုံရလိမ့်မည်။ သို့သော် သင့်အားဒုက္ခအထဲ၌ဘုရားသခင် စွန့်ပစ်၍မထားပါ။ သူသည် သင်၏ယုံကြည်ခြင်းကိုစမ်းသပ်လိမ့်မည်။ မိမိတို့၏ကိုယ်ကိုသာ ပျော်ရွှင်မှုပေးရန် ကျွန်ုပ်တို့အသက်မရှင်ရပါ။ ကမ္ဘာသို့ ခရစ်တော်ကိုဖော်ပြရန်၊ သူ့အတွက်ကိုယ်စားပြုရန်နှင့် သူ၏တန်ခိုးကို လူသားတို့အားဖော်ပြရန် ကျွန်ုပ်တို့သည် ဤကမ္ဘာပေါ်သို့ရောက်ရှိလာကြခြင်းဖြစ်သည်။ Manuscript 37, 1894. [Ev 240.4]

**ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်မှီခိုရမည့်အချိန်** – တောထဲ၌စားနပ်ရိက္ခာနှင့်ပတ်သက်သောအရာအားလုံးကုန်သွားသောအခါ ဘုရားသခင်သည် ကောင်းကင်မန္နမုန့်ကိုချပေးပြီး အမြဲလုံလောက်စွာပြင်ဆင်ပေးခဲ့ပါသည်။ ဤပြင်ဆင်မှုသည် သူတို့ဘုရားကိုကိုးစား၍ သူ၏လမ်းခရီးအတိုင်းအသက်ရှင်ပါက သူတို့ကိုမစွန့်ပစ်မည့်အကြောင်း သူတို့အားသွန်သင်ပေးခြင်းဖြစ်သည်။ ယခုကယ်တင်ရှင်သည် ဣသရေလလူမျိုးတို့အားသင်ကြားခဲ့သည့်သင်ခန်းစာကို လက်တွေ့ပြနေပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဟေဗြဲလူအုပ်ကြီးကို အခက်အခဲကြုံတွေ့ရစဉ်ကူညီပေးခဲ့ပြီး ၎င်းနှုတ်ကပတ်တော်အားဖြင့် ယေရှုကိုလည်းကူညီမှုပေးခဲ့ပါသည်။ ဒုက္ခမှသက်သာခြင်းရရှိရန် ဘုရားသခင်၏အချိန်ကို သူစောင့်နေပါသည်။ တောထဲ၌ရှိစဉ် ဘုရားသခင်၏စကားကိုနားထောင်ပြီး မာရ်နတ်မှပေးသောအကြံအားဖြင့် အစာကိုသူမရယူခဲ့ပါ။ စကြဝဠာသက်သေခံခြင်း၏ရှေ့မှောက်၌ ဘုရားသခင်၏အလိုတော်



မှရှောင်ဖယ်သွားရမည့်အရေးထက် ကျရောက်လေသမျှသော ကြီးမားသည့်ဘေးဒုက္ခကို သူခံယူပါသည်။ [Ev 241.1]

"လူသည် မုန့်အားဖြင့်သာအသက်မွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်။" မကြာခဏ ခရစ်တော်နောက်လိုက်တစ်ဦးသည် လောကီစီးပွားရေးလုပ်ငန်းကိုသာဆောင်ရွက်ပြီး ဘုရားအမှုတော်ကိုမဆောင်ရွက်နိုင်သောအခြေအနေသို့ သူရောက်ရှိနိုင်ပါသည်။ ဘုရားသခင်၏စကားကို သူနားထောင်ခြင်းအားဖြင့် မတော်သူအလုပ်ပြုတ်ခြင်းခံရမည်ဖြစ်ပါလိမ့်မည်။ မာရ်နတ်သည် သူ၏ရိုးသားသောယုံကြည်ခံယူချက်များကိုစွန့်လွှတ်ရန် သွေးဆောင်ပေလိမ့်မည်။ သို့သော် ဤလောက၌ ကျွန်ုပ်တို့၏တစ်ခုတည်းသောမှီခိုနိုင်သောအရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်သည်။ "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့။" ဤအသက်တာဘဝ၌ပင် ကျွန်ုပ်တို့၏ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ၏အလိုတော်မှ ထွက်ခွာသွားခြင်းသည် ကျွန်ုပ်တို့၏ကောင်းရန်အတွက်မဟုတ်ပါ။ ဘုရားသခင်နှုတ်ကပတ်တော်၏တန်ခိုးကိုသင်ကြားသောအခါ အစာရရှိရန်အတွက်၊ သို့မဟုတ် ကျွန်ုပ်တို့၏အသက်ကိုကယ်ရန်အတွက် မာရ်နတ်၏အကြံပြုချက်များကို လိုက်လျှောက်ရမည်မဟုတ်ပါ။ ကျွန်ုပ်တို့မေးရမည့်မေးခွန်းများမှာ၊ "ဘုရားသခင်၏အမိန့်တော်မည်ကဲ့သို့ရှိသနည်း။ သူ၏ကတိတော်မည်ကဲ့သို့နည်း" ဟုပင်ဖြစ်ရပါမည်။ ဤအရာကိုသိခြင်းအားဖြင့် ဘုရားသခင်၏စကားတော်ကို ကျွန်ုပ်တို့နားထောင်ပြီး သူ၏ကတိတော်ကို ကျွန်ုပ်တို့ကိုးစားကြလိမ့်မည်။ The Desire of Ages, p. 121. (1898) [Ev 241.2]

**ဆုံးဖြတ်ခြင်း၏ချိုင့်ဝှမ်းထဲ၌ရှိနေသူတစ်ဦးအားတောင်းပန်ခြင်း** – ရန်သူသည် သင့်အားပို၍သင့်လျော်သည့်အချိန်ကိုစောင့်ရန် ပြောဆိုနေပါသည်။ သူသည် သင့်အားဥပုသ်မစောင့်ခြင်းအားဖြင့်ခံစားရမည့်အကျိုးနှင့် ဥပုသ်စောင့်ခြင်း

အားဖြင့်ကြုံတွေ့ရမည့်ဆုံးရှုံးခြင်းအကြောင်းကိုပြောပြရန် သူ့လက်ထဲ၌အကြံအစည်များရှိခဲ့သည်။ အဘယ်ကြောင့်ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ရန် သင်ဆုံးဖြတ်ချက်မချသင့်ကြောင်း ဤအမျိုးမျိုးသောဆင်ခြင်ပေးခြင်းများတို့ကို သူပြင်ဆင်ထားလျက်ရှိသည်။ သူသည် လိမ်လည်လှည့်ဖြားသူတစ်ဦးဖြစ်သည်။ သူသည် ဘုရားသခင်၏စာရိတ္တကို မှားယွင်းစွာဖော်ပြပြီး၊ သူ၏သွေးဆောင်ခြင်းကို သင်လက်ခံခဲ့သည်။ သင်၏စိတ်ကူးဉာဏ်အားလုံးတို့၌ သင်၏ကောင်းကင်ဘုံ၌ရှိတော်မူသောအဘအား မယုံကြည်မကိုးစားခြင်းကို ဖော်ပြလျက်ရှိသည်။ [Ev 242.1]

သင်၏စီးပွားရေးလုပ်ငန်း၌ အမှန်အောင်မြင်ခြင်းရှိကြောင်း သင်သိရသောအခါမှသာ ပညတ်တော်လေးပါးတစ်ပါး၏ဥပုသ်နေ့ကို လိုက်လျှောက်မည်ဟုသင်တွေးခဲ့သည်။ သို့သော် ဘုရားသခင်၏သားသမီးတိုင်းတို့သည် လုံးလုံးနားထောင်ခြင်းကိုသူတောင်းဆိုသည်။ ဘုရားသခင်၏တောင်းဆိုချက်များသည် သင့်အပေါ်၌ရှိပြီး သင်၏သတ်မှတ်ချိန်ကာလများကို ဘုရားသခင်နှင့်သင်ပြိုခဲ့သည်။ သင်သည် ဥပုသ်နေ့ကိုစောင့်ရှောက်ရန် အခြေအနေကိုကြည့်နေရင်း အချိန်တိုင်းမှာပင် သင့်အတွက်ပို၍ခက်ခဲမှုရှိစေရန် စာတန်မာရ်နတ်သည် ဆောင်ရွက်လျက်ရှိသည်။ သင်၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ဝိညာဉ်တော်လှုပ်ရှားမှုကို သင်ခံစားနေရခြင်းသည် တစ်နေ့တခြားပို၍လျော့နည်းသွားသည်။ ဘုရားသခင်သည်ကျွန်ုပ်အား သင်နှင့်သင်၏မိသားစုအတွက် ကြာမြင့်စွာသင်တို့လျစ်လျူရှုထားသောတာဝန်ကို ပြန်လည်၍ထမ်းဆောင်ရန်၊ သူသည် အလင်း၌ရှိသကဲ့သို့ သင်တို့သည်လည်း အလင်း၌လျှောက်လှမ်းစေရန် သတင်းတစ်ခုကို သင်တို့အားပြောရန်ပေးခဲ့ပါသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကို သင်သည် စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။" ဤကဲ့သို့ပြုလုပ်ပါက သင်အသက်ရှင်ရလိမ့်မည်ဟု ခရစ်တော်သည် ဥပဒေပညာရှင်တစ်ဦးကိုပြောလိုက်ပါသည်။ ဤဘုရားသခင်၏အသံတော်သည် သင်နှင့်သင်၏သားသမီး



များအတွက်ဖြစ်သည်။ ဘုရားသခင်၏တရားတော်ကို နားထောင်သောသူအားလုံးတို့အတွက် ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် အကျိုးကျေးဇူးများကိုခံစားကြရမည်ဖြစ်ပြီး သင်နားထောင်သောသူအား သင်ရိုသေသမှုပြုခြင်းကိုဖော်ပြလိမ့်မည်။ [Ev 242.2]

သင်၏စိတ်သည် ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ရန် ဘုရားသခင်၏အလိုတော်နှင့်တူညီသောအခါ၊ ဘုရားသခင်သည် သင်နှင့်သင်၏ယာယီလိုအပ်ချက်များကို ဂရုစိုက်လိမ့်မည်မဟုတ်ဟု သင်ထင်နေပါသလား။ သင်သည် သွေးဆောင်ခြင်းခံရလုပြီဖြစ်သော်လည်း သင်နားမထောင်ပါ။ သင့်ရှေ့၌လမ်းရှင်းလင်းသည့်အထိ သင်စောင့်ကြည့်နေရလိမ့်မည်ဟု သင်ထင်နေသည်။ ဘုရားသခင်သည် လူတို့အတွက်လုပ်ဆောင်ရမည့်အရာများကို မိမိတို့တစ်ဦးစီ၏တာဝန်အပေါ် ပေးအပ်ထားပါသည်။ ဘုရားသခင်တောင်းဆိုသောအရာသည် သင်၏ဦးစားပေးစဉ်းစားရမည့်အရာဖြစ်သည်။ ဘုရားသခင်၏စကားကိုနားထောင်ခြင်းသည် သင်၏ပထမဦးဆုံးတာဝန်ဖြစ်သည်။ ရင်ဆိုင်လာရမည့်အကျိုးအပြစ်အားလုံးကို သူ၏လက်ထဲ၌သင်ချထားရမည်။ သင်ဖင့်နွဲနေရခြင်းသည် တစ်ချိန်က သင်၏ယုံကြည်ခြင်းပြင်းထန်ခဲ့ခြင်းကို ယခုသင်မသိသောကြောင့်နှင့် နားထောင်ရန်သင့်ဆန္ဒမရှိခြင်းကြောင့်ဖြစ်သည်။ အရှိန်ပြင်းထန်သောယုံကြည်ခြင်းကို တစ်ဖန်ပြန်လည်ရရှိရန် သင်မျှော်လင့်စရာမလိုပါ။ ခံစားချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘုရားသခင်၏စကားကိုနားထောင်ပြီး အမှန်တရားဘက်၌သင်ရပ်တည်ရမည်။ ယခုသင်လုပ်ရမည့်အလုပ်သည် စည်းမျဉ်းဥပဒေဘောင်မှ တိကျစွာလုပ်ဆောင်ရမည်ဖြစ်ပြီး၊ သင်၏အကျိုးမမျှော်ကိုးသောဆုံးဖြတ်ချက်များကို ပြုလုပ်ရမည်။ Letter 72, 1893. [Ev 243.1]

**အလင်း၏ရောင်ခြည်တိုင်းသို့နေထိုင်ပါ** – သင်ရရှိသောအလင်း၏ရောင်ခြည်တိုင်းသို့ အသက်ရှင်ပါ။ သင်၏ထာဝရအခွင့်အရေးသည် ဤနေရာ၌ပါဝင်နေသောကြောင့် "အလင်း၏ရောင်ခြည်တိုင်းကိုမြတ်နိုးပါ" ဟု ကျွန်ုပ်ပြော

ရခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သင်၏စိတ်ကိုနှိုးဆော်ပြီး သူ၏တရားတော်မှကျောခိုင်းမသွားစေရန်အတွက် ဒူးထောက်လျက်ခရစ်တော်ထံဆုတောင်းပါ။ Manuscript 10, 1894. [Ev 243.2]

**ယေရှုထက်ရာထူးဆုံးရှုံးခံသင့်သည် –** အကယ်၍သင်သည် သမ္မာကျမ်းစာအမှန်တရားအတွက်ရပ်တည်ပါက သင်၏ရာထူးဆုံးရှုံးလိမ့်မည်ဟုမထင်ပါနှင့်။ ယေရှုကိုဆုံးရှုံးခံခြင်းထက် သင်၏ရာထူးကို သင်ဆုံးရှုံးခံသင့်သည်။ သင်သည် ဘုရားသခင်အတွက် မိမိကိုယ်ကိုငြင်းပယ်ပြီးဆက်ကပ်ပါဝင်ခြင်းသည် ဤဘဝအသက်တာ၏ချမ်းသာကြွယ်ဝခြင်းကို သင်ကိုယ်တိုင်အတွက်စုဆောင်းရန် မိမိသဘောအတိုင်းရှာဖွေခြင်းထက် သာ၍ကောင်းသည်။ ဤအရာတစ်ခုကိုမျှ သင်္ချိုင်းဂူသို့သင်ယူသွား၍မရပါ။ မည်သည့်အရာမျှမပါဘဲ သင်္ချိုင်းဂူမှသင်ထလာရလိမ့်မည်။ သို့သော် အကယ်၍ယေရှုကိုသင်ရရှိပါက အရာအားလုံးကိုသင်ရရှိပါလိမ့်မည်။ ဘုရားသခင်၏စစ်ဆေးရာနေ့၌ သင်ရပ်တည်နိုင်ရန် ယေရှုကိုသင်ရရှိရန်လိုအပ်ခြင်းသည် သင့်အတွက်မလုံလောက်ဘဲဖြစ်နေပါသလား။ Manuscript 20, 1894. [Ev 243.3]

**ဆုံးဖြတ်ချက်စံချိန်တစ်ခု –** လူတို့သည် မိမိတို့နှစ်သက်သော ရန်လိုသည့်တိုက်ခိုက်မှုကို ပြုလုပ်ကြမည်ဖြစ်သော်လည်း ဘုရားသခင်၏ပညတ်တော်သည် ပြောင်းလဲပျက်စီးခြင်းမရှိပါ။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်လျက်အသက်ရှင်ရန်နှင့် သူ၏တရားတော်ကို ကျွန်ုပ်တို့မျက်စိ၏မျက်ဆန်သဖွယ်ထားရှိရန် ဆုံးဖြတ်ခဲ့ကြပါသည်။ လူတို့သည် ဘုရားသခင်၏တရားတော်ကိုအပြစ်ရှာပြီး သူ၏ပညတ်တော်ကိုခြေဖြင့်နင်းလျက် လူတို့၏ခြေအောက်၌ထားရှိရန်ဆောင်ရွက်ပါစေ။ သူတို့လုပ်ဆောင်နိုင်ပြီး အသက်ရှင်နိုင်ပါမည်လား။ ၎င်းသည်မဖြစ်နိုင်ပါ။ ဘုရားသခင်၌ သူ၏စာရိတ္တအတိုင်းအတာရှိသည်။ သူ့စကားနားထောင်သောသူများကို အသက်ရှင်ခွင့်ပေးပြီး မိမိတို့မျက်စိ၏မျက်ဆန်သဖွယ် သူ၏တရားတော်ကိုစောင့်ရှောက်သောသူတို့အားလုံခြုံစွာသူစောင့်ထိန်းလိမ့်မည်။ Manuscript 5, 1891. [Ev 244.1]



**အသစ်သောဥပုသ်စောင့်ထိန်းသူများသို့ရာထူးများပေးခြင်း –** အမှန်တရားကိုမြတ်နိုးသောသူများအထဲမှ လူငယ်တစ်ယောက်သည် လွန်ခဲ့သည့်ဆောင်းကာလ၌ ဥပုသ်စောင့်ထိန်းနိုင်ရန် မိမိပညာသင်ကြားနေသောကျောင်းမှ နုတ်ထွက်ခဲ့ပါသည်။ ဘဝအသက်တာအတွက် မည်သည့်အလုပ်ကိုလုပ်ရန်မျှော်လင့်ထားသနည်းဟု သူအမေးခံရပါသည်။ “ဘုရားသခင်ကျွန်ုပ်ကိုခွန်အားပေးထားပါသည်။ ဥပုသ်နေ့ချိုးမည့်အစား မည်သည့်အလုပ်ကိုမဆိုကျွန်ုပ်လုပ်မည်” ဟုပြန်၍အဖြေပေးပါသည်။ တချို့သောသူတို့သည် သူ့အားပုံနှိပ်တိုက်၌တာဝန်ပေးရန်သဘောတူကြသော်လည်း တစ်ယောက်သောသူက မဟုတ်ပါ၊ မည်ကဲ့သို့ဖြစ်စေကာမူ ဘုရားစကားကိုသာနားထောင်မည်ဟုပြောသော ဤလူငယ်ကိုဤရုံးလုပ်ငန်း၌ ကျွန်ုပ်တို့အလိုရှိသည်ဟုပြောပါသည်။ သို့သော် အကယ်၍ဤတာဝန်ကိုစည်းကမ်းတကျမဆောင်ရွက်တတ်ပါက ဤလူငယ်ကိုကျွန်ုပ်တို့အလိုမရှိသောသူဖြစ်ပါလိမ့်မည်။” [Ev 244.2]

အသင်းလူကြီးတစ်ဦးကျွန်ုပ်ထံသို့လာပြီး ကျွန်ုပ်ကိုမေးခဲ့သည်။ အကယ်၍သူသည် ဤလူငယ်အား အားပေးသင့်ပြီး၊ ရုံး၌တာဝန်ပေးပါက ဖြစ်နိုင်မဖြစ်နိုင်စဉ်းစားရန်ဖြစ်ပါသည်။ ကျွန်ုပ်ပြန်ပြောသည်မှာ၊ “ကောင်းကင်ဘုံရှင်ဘုရားသခင်သည် သူ့ရှေ့၌ဘုန်းတော်၏ထာဝရတန်ဖိုးရှိသောအရာသည်အောင်မြင်သူအတွက်စောင့်နေကြောင်းဖော်ပြခဲ့ပြီး အကယ်၍သူသည် မောရှေနှင့်တူပါက၊ သူသည် ဆုလာဘ်၏အကျိုးကိုလေးစားခဲ့သူဖြစ်သောကြောင့်ဤတာဝန်ကို အမှန်တရားဘက်မှရပ်တည်ပြီး သေချာစွာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော် အန္တရာယ်ကိုဖြစ်စေပြီး မကောင်းသောသူရှေ့၌လာဘ်ပေးလာဘ်ယူခြင်း၊ သို့မဟုတ် ဆွဲဆောင်ခြင်းများကိုမပြုရပါ။ သို့သော်သင်၏တာဝန်သည် သူ့အားယုံကြည်ခြင်းအားဖြင့် လုပ်ငန်းကိုဆောင်ရွက်သွားရမည့်အကြောင်း အကူအညီပေးရမည်။ သူတစ်ဦးတည်းရုန်းကန်ဆောင်ရွက်ရန် သူ့အားမချန်ထားသင့်ပါ။ သူ့အားမာရ်နတ်သွေးဆောင်မည်ဖြစ်

သောကြောင့် အကူအညီဟူသရွေ့ကို သင်တတ်နိုင်သမျှသူ့အားပေးသွားရလိမ့်မည်။ Manuscript 26, 1886. [Ev 244.3]

**ဥပုသ်ချိုးဖောက်သူများနှင့်စီးပွားရေးချုပ်နှောင်မှု –** ဘုရားသခင်၏သန့်ရှင်းသောနားရက်ကိုစောင့်ထိန်းရန် ယုံကြည်သောသူများအထဲ၌ ဥပုသ်နေ့နှင့်ဆိုင်သည့်ပြုပြင်ပြောင်းလဲခြင်းများကို ပြုလုပ်ရန်လိုအပ်သည်။ တချို့သောသူတို့သည် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို ဥပုသ်နေ့၌စီမံကိန်းများချထားကြသည့်အတွက် သူတို့သည် အမှန်တကယ်ပင် မိမိတို့၏စီးပွားရေးလုပ်ငန်းကို ဥပုသ်နေ့၌လုပ်နေသကဲ့သို့ ဘုရားသခင်မြင်ပါသည်။ [Ev 245.1]

သတ္တမနေ့သည်ဥပုသ်နေ့ဖြစ်ကြောင်း သမ္မာကျမ်းစာအထောက်အထားများဖြင့် ကောင်းမွန်စွာနားလည်သောသူတချို့တို့သည် ဘုရားသခင်၏သန့်ရှင်းသောနေ့ကို မရိုသေသောသူတို့နှင့်အတူ စီးပွားရေးလုပ်ငန်းကို လက်တွဲလုပ်ကိုင်ကြပါသည်။ ဥပုသ်စောင့်ထိန်းသူတစ်ယောက်သည် မိမိ၏စီးပွားရေးလုပ်ငန်းကို ဥပုသ်နေ့၌လုပ်ဆောင်ရန် မည်သူ့ကိုမျှငှားရမ်းပြီး သူ၏ပိုက်ဆံဖြင့်အခပေးခြင်းမပြုရပါ။ အကယ်၍ အမြတ်အစွန်းရရှိရန်အတွက် မယုံကြည်သူနှင့်တွဲဖက်လုပ်ကိုင်သော သူ၏စီးပွားရေးလုပ်ငန်း၌ ဥပုသ်နေ့တွင်သူ၏လုပ်သားတို့အား လုပ်ဆောင်ခွင့်ပြုပါက မယုံကြည်သောသူ၏တွဲဖက်မိတ်ဆွေကဲ့သို့ သူသည်အပြစ်ရှိမည်ဖြစ်ပါသည်။ ထိုကြောင့် အရှုံးမည်မျှရှိစေကာမူ ထိုမယုံကြည်သူစီးပွားဖက်နှင့် လမ်းခွဲသွားရန်သာဖြစ်သည်။ သူတို့သည် ဘုရားသခင်၏စကားကိုနားထောင်နိုင်စွမ်းမရှိဟု လူတို့ထင်ကြလိမ့်မည်။ သို့သော် သူတို့သည် ဘုရားသခင်၏စကားကိုနားမထောင်ဘဲမနေနိုင်သောသူများဖြစ်နေကြပါသည်။ ဥပုသ်နေ့ကိုစောင့်ထိန်းရန် သတိမမူသောသူတို့သည် ကြီးမားသောဆုံးရှုံးခြင်းကိုရင်ဆိုင်ရကြလိမ့်မည်။ Review and Herald, March 18, 1884. [Ev 245.2]

**ဥပုသ်စောင့်ထိန်းသူများအတွက်အလုပ်အမျိုးအစားတစ်ခု –** အကောင်းဆုံးလူတန်းစားတစ်စုအတွက် အလုပ်တစ်မျိုးကို ဤနေရာ၌ကျွန်ုပ်တို့တွေ့ရှိရသည်။





အများသောသူတို့အတွက် ဥပုသ်နေ့ကိုစောင့်ထိန်းနိုင်ရန် အခက်အခဲရှိမည်မဟုတ်ပေ။ တချို့သောနေရာ၌ ကြက်မွေးမြူခြင်းအလုပ်ကိုလုပ်ကြသည်။ မြို့ပြင်ရှိလူနေအိမ်တိုင်းလိုလိုပင် ကြက်ခြံများဖြင့်ဆက်နေလျက်ရှိသည်။ အိမ်များတို့သည် အမိုးပျောက်တိုက်ကတုံးများဖြင့် ဆောက်လုပ်ထားခြင်းမဟုတ်ပါ။ အိမ်တစ်ဆောင်နှင့်တစ်ဆောင်ကွာဝေးနေကြပြီး တချို့အိမ်တို့သည် အများအားဖြင့် မြေဧကများစွာဖြင့်ဝန်းရံလျက်ရှိသည်။ ကြက်မွေးမြူရေးလုပ်ငန်းအမျိုးမျိုးကိုလုပ်ဆောင်ကြပြီး ဈေးထဲ၌ရောင်းချရန် တစ်နေရာမှတစ်နေရာသို့ဆက်သွယ်မှုပြုလုပ်ထားကြပါသည်။ မြို့သို့လှေအားဖြင့်သယ်ယူသွားပါသည်။ [Ev 245.3]

အခြေအနေနားလည်ရန် သင့်အတွက်ဤကဲ့သို့ကျွန်ုပ်ရေးရခြင်းဖြစ်သည်။ ကြက်မွေးမြူခြင်းဖြင့် မိသားစုများစွာတို့သည် အသက်မွေးဝမ်းကျောင်းအလုပ်ကိုတွေ့ရှိရပြီး သူတို့၏လုပ်ငန်းနှင့်အနှောင့်အယှက်ဖြစ်စေသော ဥပုသ်နေ့ပြဿနာကိုလည်း မကြုံတွေ့ရတော့ပါ။ အလုပ်လက်မဲ့အတွက် စိုးရိမ်ရန်မလိုဘဲ ဥပုသ်နေ့ကိုစောင့်ရှောက်နိုင်ကြပါသည်။ Letter 113, 1902. [Ev 246.1]

## သေခြင်းတရားအကြောင်းဟောပြောခြင်း

**ငြင်းဆိုဖွယ်ရာအကြောင်းအရာများဟောပြောခြင်း၌နှောင့်နှေးခြင်း –** လူတို့၏အတွေးအခေါ်ဓလေ့ထုံးစံနှင့်တိုက်ရိုက်ဆန့်ကျင်သည့် ကျွန်ုပ်တို့၏အမှန်တရားတစ်ခုကိုဟောပြောသောအခါ ကြီးမားသောပညာကိုအသုံးပြုသင့်သည်။ ရှင်ပေါလု၏ဓလေ့သည် ယုဒလူမျိုးများအတွက် အနာဂတ်စကားအပေါ်အခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့်သူတို့ကိုရှင်းပြကာ နောက်ဆုံး၌ခရစ်တော်သည် စစ်မှန်သောမေရှိယဖြစ်ကြောင်းပြောပြပါသည်။ [Ev 246.2]

ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းထဲမှ ငြင်းဆိုဖွယ်ရာအကောင်းဆုံးအကြောင်းအရာများကို ဆောလျင်စွာဦးစားပေးပြီးဟောပြောကြကြောင်း ကျွန်ုပ်ပြသခြင်းခံခဲ့ရပါသည်။ ဥပုသ်နေ့နှင့်သေခြင်းတရားမေးခွန်းများနှင့်မကြုံတွေ့ရမီ လူတို့၏ခံယူချက်နှင့်တိုက်ရိုက်မသက်ဆိုင်သည့် တစ်ရက်ပြီးတစ်ရက်၊ တစ်ပတ်တိုင်ဟောပြောနိုင်သော ကျွန်ုပ်တို့၏အမှန်တရားများရှိပါသည်။ လူတို့သည် သင်တို့အား သမ္မာကျမ်းစာကိုရှင်းလင်းစွာနားလည်သူများ၊ တန်ခိုးအရှိန်အဝါဖြင့်ဆွေးနွေးတတ်သူများဟု သူတို့ထင်ကြသောအခါ သင်တို့အပေါ်ယုံကြည်စိတ်ချမှုရှိလာကြမည်ဖြစ်သည်။ သင်တို့အပေါ်သူတို့၏ယုံကြည်စိတ်ချမှုရရှိလာသောအခါ ထင်ရှားစွာဖြင့် ဥပုသ်နေ့နှင့်သေခြင်းတရားအကြောင်းမေးခွန်းများကို သင်တင်ပြပြောဆိုရပါမည်။ [Ev 246.3]

အမှုဆောင်များတို့သည် ပို၍ဂရုစိုက်ခြင်း၊ ပို၍ယုံကြည်ခြင်းနှင့်သင့်လျော်သောပညာဖြင့် အနာဂတ်ဟောပြောသောစကားများမှ အရေးကြီးသည့်အဖြစ်အပျက်များကို တစ်ဆင့်ပြီးတစ်ဆင့်ရှင်းပြကာ ခရစ်တော်၏သွန်သင်ချက်နှင့်သက်ဆိုင်သည့် လက်တွေ့ဘာသာရပ်များအပေါ် ပြောဆိုရမည်ဖြစ်သော်လည်း မလိမ္မာသောသူတို့သည် ငြင်းဆိုဖွယ်ရာအကြောင်းအရာများကို ဦးစွာပြောဆိုကြသောကြောင့် လူတို့သည် နားထောင်လိုစိတ်မရှိကြပါ။ Letter 48, 1886. [Ev 246.4]

**ကြီးမားသောလှည့်စားခြင်းအထဲမှလှည့်စားခြင်းတစ်ခု** – ယခုမှားယွင်းသည့်အယူအဆအမျိုးမျိုးပေါ်ပေါက်လာနေသည်။ ဘုရားသခင်၏နှုတ်ကပတ်မှစစ်မှန်သောအမှန်တရားများသည် လူတို့၏အယူအဆများစွာတို့ဖြင့် ဖုံးကွယ်လျက်ရှိသည်။ လုံးလုံးမှားယွင်းမှုများကို အမှန်တရားကဲ့သို့ လူအားလုံးဝန်ခံကြသည်။ ရိုးသားသောစစ်မှန်သည့်ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ရှေးဓလေ့ထုံးစံအောက်၌ မြှုပ်နှံခြင်းခံနေရသည်။ [Ev 247.1]



ဝိညာဉ်၏သဘာဝအရ အမြဲတည်ရှိခြင်း၏အယူဝါဒသည် ရန်သူမာရ်နတ်မှ လူတို့ကိုလှည့်ဖြားသောအမှားတစ်ခုဖြစ်သည်။ ဤအမှားသည် တစ်ကမ္ဘာလုံးပျံ့နှံ့လျက်ရှိသည်။ [Ev 247.2]

ဤလိမ်လည်ခြင်းသည် ရန်သူ၏တရားဇရပ်ထဲသို့ ဝင်ရောက်လာသောအရာတစ်ခုဖြစ်ပြီး ဗာဗုလုန်၏အဆိပ်ပြင်းသောမူကြမ်းတစ်ခုဖြစ်သည်။ "လူမျိုးအပေါင်းတို့သည် သူ၏မတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကိုသောက်ကြပြီ။ လောကီရှင်ဘုရင်တို့သည် မတရားသောမေထုန်ကိုသူနှင့်ပြုကြပြီ။ လောကီကုန်သည်တို့သည် သူ၏ကာမဂုဏ်စည်းစိမ်ကြွယ်ဝခြင်းအားဖြင့် ဥစ္စာရတတ်ကြပြီဟုပြောဆို၏။ အခြားသောကောင်းကင်အသံကား ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်းကောင်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ်အံ့သောငှာ၊ သူ၏အထဲကထွက်ကြလော့" Review and Herald, March 16, 1897. [Ev 247.3]

**ယေရှုအားဖြင့်အသက်တာကိုလေးနက်စေပါ** – ဝိညာဉ်သေနိုင်သည့်မေးခွန်းကိုဖြေကြားရာ၌ ဤအကြောင်းအရာကို လေးနက်စွာပြင်းထန်သောငြင်းခုံမှုဖြင့်အစပြုခဲ့သော် အမှန်တရားကိုလူတို့ဆက်လက်လေ့လာရန် တံခါးပိတ်သွားမည်ဖြစ်သောကြောင့် လိမ္မာပါးနပ်စွာဖြင့်ပြောဆိုရန် အထူးသတိပြုကြရပါမည်။ [Ev 247.4]

လူတို့၏နှလုံးသားများနှင့်ဆက်ဆံရာတွင် ကျွန်ုပ်တို့အထဲ၌ မျှော်လင့်ခြင်း၏အကြောင်းရင်းတစ်ခုကို တင်ပြရန်ရှိသည့်တိုင် ကြီးမားသောဉာဏ်ပညာလိုအပ်သည်။ ကျွန်ုပ်တို့အကျိုးအကြောင်းဖြင့်တင်ပြရမည့်မျှော်လင့်ခြင်းသည် မည်သည့်အရာနည်း။ ယေရှုခရစ်တော်အားဖြင့် ထာဝရအသက်၏မျှော်လင့်ခြင်းဖြစ်ပါသည်။ သင်သည် အထူးသောအတွေးအခေါ်နှင့်အယူဝါဒများအပေါ် ပို၍များစွာဂရုစိုက်သော်လည်း မယုံကြည်သူတို့၏စိတ်နှလုံးသည် ပျော့ပျောင်းခြင်းမရှိပါ။ သူ့ကိုကြိုးစားတိုက်တွန်းခြင်းသည် အေးစက်နေသောသံကိုရိုက်ထုခြင်းနှင့်တူသည်။---

ကျွန်ုပ်တို့သည် မည်သည့်အချိန်၌စကားပြောရမည်နှင့် မည်သည့်အချိန်၌တိတ်ဆိတ်စွာနေရမည်ကိုသိရှိရန် အမြော်အမြင်ပညာလိုလျက်ရှိသည်။ သို့သော် ထာဝရအသက်၏မျှော်လင့်ခြင်းအကြောင်းပြောဆိုရာ၌ အမြဲအပြည့်အဝလုံခြုံမှုရှိသည်။ ထိုနောက် ယေရှု၏မေတ္တာဖြင့် စိတ်နှလုံးအရည်ပျော်ပြီး ပျော့ပျောင်းသွားသောအခါ "ကိုယ်တော်၊ ကျွန်ုပ်ကယ်တင်ခြင်းရရန်ဘာလုပ်ရမည်နည်း" ဟုစုံစမ်းမေးမြန်းလာလိမ့်မည်။ Letter 12, 1890. [Ev 248.1]

**ခိုင်မာသောအမှန်တရားများကိုဟောပြောရာ၌လိုအပ်သည့်ပညာ** – ကြိုးစားမှုမရှိသောနယ်မြေများ၌ သတ္တမနေ့ဥပုသ်ကြောင့် ယေဘုယျအားဖြင့် အသင်းတော်၏တိုးတက်မှုသည် နှေးကွေးလျက်ရှိသည်။ အမှန်တရားကိုလက်ခံသောသူတိုင်းအတွက် ပြင်းထန်သောခက်ခဲမှုသည် သူတို့၏ရှေ့၌ရပ်တည်လျက်ရှိသည်။ [Ev 248.2]

ဝိညာဉ်သေနိုင်ခြင်းနှင့် ခရစ်တော်ကိုယ်တိုင်ကိုယ်ကျ မကြာမီမိုးတိမ်နှင့်တကွ ဤကမ္ဘာသို့ကြွလာမည့်အကြောင်းနှင့်ပတ်သက်သည့် အမှန်တရားများရှိသည်။ သို့သော် ဤအကြောင်းအရာများတို့သည် ဥပုသ်နေ့အကြောင်းကဲ့သို့ ငြင်းခုံဖွယ်ရာမရှိပါ။ တချို့သောသူတို့သည် ရိုးသားစွာဖြင့် အမှန်တရားကိုလက်ခံရခြင်းမှာ ၎င်းသည် ကျမ်းစာမှအမှန်တရားဖြစ်ပြီး ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ခြင်းအသက်တာ၌ လျှောက်လှမ်းရန်သူတို့နှစ်သက်သောကြောင့်ဖြစ်သည်။ ဤငြင်းခုံဖွယ်ကျွန်ုပ်တို့ယုံကြည်ခြင်း၏အကြောင်းအရာများသည် ထူးခြားသောသူများဖြစ်ရန်၊ ကမ္ဘာနှင့်ခြားနားပြီး ခွဲခြား၍နေထိုင်ရန်ဆန္ဒမရှိသူများတို့၏လမ်းကို ပိတ်ဆို့ထားပေလိမ့်မည်။ ထိုကြောင့် အမှန်တရားကို လူတို့ရှေ့၌မည်ကဲ့သို့တင်ဆက်ဟောပြောရမည့် ကြီးမားသောဉာဏ်ပညာကို ကျွန်ုပ်တို့ရယူရန်လိုပါသည်။ အဆုံး၏ရှင်းလင်းစွာတွေ့မြင်ရမည့်အောင်မြင်ခြင်းကို သာသနာ့တရားပွဲ၏အစဦးဆုံးဆောင်ရွက်ပုံအပေါ်မူတည်သည်။ အကယ်၍ စီမံကိန်းများနှင့်နည်းစနစ်များ တစ်မူထူးခြား



မှုရှိပါက အကယ်၍ငွေကြေးပို၍သုံးစွဲရန်လိုအပ်သည့်တိုင် အောင်မြင်ခြင်းပို၍များစွာရရှိပေလိမ့်မည်။ Letter 14, 1887. [Ev 248.3]

**တိုက်ခိုက်ရန်လက်နက်ကိုဖယ်ရှားပစ်ခြင်း** – တချို့သောအမှုဆောင်များတို့သည် ခရစ်တော်မပါရှိသည့် သေတတ်သောဝိညာဉ်အပေါ် ကျွန်ုပ်တို့၏အမြင်ကိုဆန့်ကျင်ကြသည့် မယုံကြည်သူများတို့နှင့်တွေ့ဆုံကြသောအခါ ၎င်းအကြောင်းအရာကိုပြောဆိုရန် ဆန္ဒပြင်းပြကြသည်။ ဤကဲ့သို့ပြုလုပ်ကြပါက ကြားနာရမည့်သူများ မည်သို့မျှလက်ခံ၍မရဘဲ ကျွန်ုပ်တို့အပေါ်သူတို့၏အမြင်မှားခြင်းသည် ပို၍များလာပြီး၊ ကျွန်ုပ်တို့ကိုပို၍ဆန့်ကျင်ကြမည်ဖြစ်သည်။ ကောင်းမွန်လိမ္မာစွာဖြင့် အမှုဆောင်တစ်ဦး၏ဆောင်ရွက်ခြင်းဖြင့် လူတို့အားကောင်းသောခံစားချက်များကိုရရှိစေခဲ့ခြင်းတို့ကိုပင် ပျောက်သွားစေပါသည်။ ကြားနာရသူများတို့သည် မိမိတို့၏မယုံကြည်မှု၌သာ တည်မြဲစေပါလိမ့်မည်။ တိုက်ခိုက်လိုသောလက်နက်ကိုအသုံးပြုခြင်းဖြင့် စိတ်နှလုံးများကိုဆွဲဆောင်၍မရပါ။ မာကျောသောအသားကိုကျွေးမွေးခြင်းအားဖြင့် ဝိညာဉ်များကိုမရရှိနိုင်ဘဲ ယခင်ကထက်ပို၍ဝေးကွာစေမည်ဖြစ်သည်။ [Ev 248.4]

တိုက်ခိုက်လိုသောလက်နက်၊ ငြင်းခုံလိုသောစိတ်ဓာတ်များကိုဖယ်ရှားပစ်ကြရမည်။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တူပါက လူတို့ကိုမိမိတို့ရှိရာအရပ်၌ ကျွန်ုပ်တို့ခေါ်ဆောင်ကြရလိမ့်မည်။ Manuscript 104, 1898. [Ev 249.1]

**အရေးပါသောအရာကိုမှန်ကန်စွာနားလည်ခြင်း** – "နှုတ်ကပတ်တော်ဘာပြောသလဲ" ဟူသောမေးခွန်းနှင့်ပတ်သက်သည့် သေခြင်းတရားအကြောင်းကို ကျွန်ုပ်တို့မှန်ကန်စွာနားလည်ရန် ယခုအချိန်၌လိုအပ်သည်။ သေသောသူသည် မည်သည့်အရာကိုမျှမသိ၊ သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်ပျက်၏ဟု ဘုရားသခင်၏နှုတ်ကပတ်တော်ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏တန်ခိုးအာဏာအတွက် ကျွန်ုပ်တို့သည် စိတ်ချရသောနှုတ်ကပတ်တော်ကိုအသုံးပြုကြရမည်။ အကယ်၍ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုကောင်းမွန်

စွာနားလည်ခြင်းမရှိပါက ကျွန်ုပ်တို့ကမ္ဘာသို့ မာရ်နတ်၏အံ့သြဖွယ်ရာတန်ခိုးများကိုဖော်ပြသောအခါ ဘုရားသခင်အလုပ်လုပ်နေသည်ဟုထင်ကာ သူ၏လှည့်ဖြားခြင်းကိုခံရလိမ့်မည်။ အကယ်၍ဖြစ်နိုင်ပါက ရွေးချယ်ခြင်းခံရသောသူများကိုပင် လှည့်ဖြားနိုင်လျှင်လှည့်ဖြားလိမ့်မည်ဟု နှုတ်ကပတ်တော်မှဖော်ပြထားပါသည်။ အကယ်၍ကျွန်ုပ်တို့သည် အမှန်တရားထဲ၌စွဲမြဲစွာတည်ရှိနေခြင်းမရှိပါက မာရ်နတ်၏လှည့်ဖြားခြင်းထောင်ချောက်ထဲသို့ မျောပါသွားကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏သမ္မာကျမ်းစာကို ဖက်ယမ်းလျက်စွဲမြဲစွာမှီခိုကြရမည်။ အကယ်၍ မာရ်နတ်သည် သင့်အားကျမ်းစာရေးသားချက်အားလုံးသည် မှန်ကန်ခြင်းမရှိဟု ယုံကြည်စေခဲ့ပါက သင့်အားသွေးဆောင်ရန်ပြင်ဆင်ပေးနေပြီးဖြစ်သည်။ အရေးကြီးသောအချိန်၌ အမှန်တရားသည် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့သိရှိရန်လိုသည်။ မသိရှိကြပါက ကျွန်ုပ်တို့၌အာမခံချက်နှင့်စိတ်ချဖွယ်ရာရှိမည်မဟုတ်ပါ။ Review and Herald, Dec. 18, 1888. [Ev 249.2]

## ခရစ်ယာန်ဘဏ္ဍာစိုးအရာ၏သတင်းစကား

**ပြောင်းလဲသူတိုင်းကိုသွန်သင်ပါ –** ပြောင်းလဲသောသူတိုင်း ဘုရားသခင်၏တောင်းဆိုသောဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများနှင့်ပတ်သက်သည့် အလင်းတရားရရှိကြရလိမ့်မည်။ ဘုရားသခင်ထံမှ မိမိရရှိသောလယ်မြေများနှင့် သူပေးထားသောအရာဟူသမျှတို့အပေါ် လူတို့အားဝမ်းမြောက်ပျော်ရွှင်ခြင်းကိုတွေ့ရခြင်းအားဖြင့် ဘုရားသခင်နှစ်သက်တော်မူသည်။ သို့သော် ဗေသလေမင်းသားလေး၏သွေးစွန်းသောအလံတော်အောက်၌ မတ်တတ်ထနေကြသောသူအားလုံးတို့နှင့်အတူ ဘုရားကိုမှီခိုခြင်းနှင့် ဘုရားအပေါ်တာဝန်ရှိခြင်းကိုသူ၏ဘဏ္ဍာတော်သို့ သူ၏ပိုင်ဆိုင်မှုအဖြစ် တိကျသည့်အစိတ်အပိုင်းကိုပြန်လည်၍ပေးအပ်ရန် အထူးသဘောတူညီချက်တစ်ခုကိုပြုလုပ်ခဲ့သည်။



ဤအရာသည် မိမိ၏တပည့်တော်များတို့နှင့်မခွဲခွာမီ ဘုရားသခင်၏သားတော်ခရစ်တော်မှ သူ၏စေခိုင်းချက်ကိုပြည့်စုံစွာဆောင်ရွက်နိုင်ရန် သာသနာ့လုပ်ငန်းအတွက် ပံ့ပိုးရမည့်ရင်းနှီးမြှုပ်နှံငွေဖြစ်သည်။ Manuscript 123, 1898. [Ev 249.3]

**ကယ်တင်ခြင်း၏သံကြိုး၌လူတိုင်းအဆက်တစ်ခုစီဖြစ်သည် –** ဘုရားသခင်၏သားတစ်ယောက်ဖြစ်လာသောသူသည် ယခုမှစ၍ လောကကြီးအားကယ်ရန်ဆွဲချထားသည့်ကယ်တင်ခြင်းသံကြိုးကွင်းဆက်တစ်ခုစီကဲ့သို့ မိမိကိုယ်ကိုသိရှိရမည်ဖြစ်ပြီး ခရစ်တော်နှင့်သူ၏ကရုဏာစီမံကိန်းထဲ၌ သူနှင့်အတူပျောက်ဆုံးသူများကိုရှာဖွေ၍ ကယ်တင်ကြရမည်ဖြစ်သည်။ Ministry of Healing. p. 105, (1905). [Ev 250.1]

**သာသနာပြုများတို့၏တာဝန် –** အမှန်တရားသို့သင်ခေါ်ဆောင်လာသောသူတို့အား မိမိတို့၏ဘုရားသခင်အပေါ်မှီခိုခြင်း၏အသိအမှတ်ပြုသည့်အနေဖြင့် ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ မိမိတို့၏ဆယ်ဖို့တစ်ဖို့ကိုယူဆောင်လာရန်သွန်သင်ခြင်းသည် သင်၏တာဝန်တစ်ခုဖြစ်သည်။ ဘုရားသခင်၏ကိုယ်ပိုင်ပစ္စည်းကို ပြန်လည်ပေးအပ်ရမည့်သူတို့၏တာဝန်ကို သူတို့ကောင်းမွန်စွာနားလည်သင့်သည်။ ဆယ်ဖို့တစ်ဖို့ပြန်လည်ပေးအပ်ခြင်းအမိန့်သည် ရှင်းလင်းစွာဖော်ပြထားလျက်ရှိပြီး အရေးမထားဘဲဆင်ခြင်ပေးရန်အကြောင်းလုံးဝမရှိပါ။ အကယ်၍ဤနေရာ၌ ယုံကြည်သူအသစ်များကိုသွန်သင်ရန် သင်ပျက်ကွက်ပါက အရေးအကြီးဆုံးသောအလုပ်တစ်ခုကိုဆောင်ရွက်ရန် သင်ပျက်ကွက်ခြင်းဖြစ်သည်။ Letter 51, 1902. [Ev 250.2]

**အသင်းတော်အသစ်ကိုလမ်းပြခြင်း –** အဖွဲ့ငယ်ကလေးများကိုထူထောင်သော အမှုဆောင်တစ်ဦးသည် ၎င်းသူထူထောင်ထားသောအဖွဲ့ငယ်ကလေးများကို စနစ်တကျဆက်လက်၍ မိမိ၏လုပ်အားအားဖြင့်သော်လည်းကောင်း၊ ကြေးငွေအားဖြင့်သော်လည်းကောင်း ပြုစုခြင်းမရှိဘဲ ယုံကြည်ခြင်း၌အသစ်

ရောက်ရှိလာသောသူများတို့အတွက် မကောင်းသောအမြင်နှင့်ပုံသက်သေကို တွေ့မြင်ခံစားခြင်းမည်သည့်အခါမျှမဖြစ်စေသင့်ပါ။ [Ev 250.3]

သခင့်အတွက်တတ်နိုင်သမျှအရာအားလုံးကို ဘုရားသခင်ကောင်းချီးပေးခဲ့သည့်အလျောက် ဘုရားသခင်အတွက်ဆောင်ရွက်နိုင်ရန် အသင်းသားသစ်များကို သင်ကြားပေးသင့်သည်။ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ မိမိတို့၏ဝင်ငွေထဲမှ ဆယ်ပုံတစ်ပုံကို တရားမျှတစွာသူပြန်၍တောင်းဆိုပြီး ၎င်းအတိုင်းလိုက်လျှောက်ခြင်းမပြုသောသူတို့အား သူ၏ဥစ္စာကိုလုယူသောသူဟူ၍သတ်မှတ်ကာ ထိုသူတို့အပေါ်သို့ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသက်ရောက်ရန် သူတို့မျှော်လင့်၍မရပါ။ အသင်းတော်ထဲ၌ ဆင်းရဲနွမ်းပါးသူများတို့အားဖြင့် ဖွဲ့စည်းထားသည့်တိုင် ဤစွန့်ကြဲခြင်းစနစ်ကို သေချာစွာရှင်းပြပြီး ၎င်းစီမံကိန်းအတိုင်း စိတ်ပါဝင်စားစွာလိုက်လျှောက်ကြရမည်။ ဘုရားသခင်သည် မိမိ၏ကတိတော်များကိုပြည့်စုံစေနိုင်သည်။ သူ၌မကုန်မခန်းနိုင်သောအရင်းအမြစ်များရှိပြီး သူ၏အလိုတော်ပြည့်စုံစေရန် လူအားလုံးကိုအသုံးပြုလျက်ရှိသည်။ ထိုနောက် သစ္စာရှိစွာဖြင့် ဆယ်ဖို့တစ်ဖို့ကို မိမိ၏သားသမီးများတို့ပြန်လည်ပေးအပ်ခြင်းကို သူတွေ့မြင်ရသောအခါ သူသည် မကြာခဏသူ၏ကောင်းသောပြင်ဆင်မှုဖြင့်လမ်းဖွင့်ပေးပြီး သူတို့၏ပစ္စည်းဥစ္စာကို တိုးတက်များပြားစေပါသည်။ ဘုရားသခင်ကောင်းချီးပေးထားသည့်သေးငယ်သောအရာအပေါ် ဘုရားသခင်၏အစီအစဉ်ကိုလိုက်လျှောက်သောသူတို့အတွက် မိမိတို့ဆက်ကပ်သည့်အတိုင်း ပြန်လည်၍ရရှိကြမည်ဖြစ်သည်။ Gospel Workers, pp. 222, 223. (1915). [Ev 250.4]

**ကောင်းကင်မိတ်သဟာယဖွဲ့ခြင်း၏စမ်းသပ်ခြင်း** – ကျွန်ုပ်တို့၏ကောင်းကင်ဘုံမှအဖသည် ကျွန်ုပ်တို့အားဆုကျေးဇူးများကိုချပေးပြီး တချို့ကိုပြန်လည်၍တောင်းဆိုရခြင်းသည် ကျွန်ုပ်တို့ထာဝရအသက်ဆုကျေးဇူးနှင့်ထိုက်တန်သည် မထိုက်တန်သည်ကို သိရှိရန်စမ်းသပ်ခြင်းဖြစ်သည်။ Testimonies, vol. 3, p. 408. (1875) [Ev 251.1]



**ပါးနပ်စွာနှင့်ထပ်ခါတလဲပြောဆိုရန်အချက်တစ်ခု** – ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသွန်သင်သောဆရာများအနေဖြင့် လူတို့သည် မိမိတို့၏တာဝန်ကိုမသိ၊ သူတို့နှင့်ပတ်သက်သော ဘုရားသခင်၏အလိုတော်ကိုနားမလည်ဘဲ ခလုတ်တိုက်၍ ထာဝရပျက်စီးခြင်းသို့မရောက်ကြစေရန် ဘုရားသခင်၏အကြံပေးချက်အားလုံးတို့ကို တစ်ခုမကျန်သူတို့အား သင်ကြားပို့ချပေးရမည်။ [Ev 251.2]

မည်သူမျှဆယ်ဖို့တစ်ဖို့ပေးခြင်းအပေါ်သစ္စာရှိခြင်းနှင့် ပြတ်သားစွာသွန်သင်ခြင်းကိုလျစ်လျူမရှုကြပါစေနှင့်။ မိမိ၏ပိုင်ဆိုင်သောအရာကဲ့သို့ ဘုရားသခင်တောင်းဆိုခြင်းကို သွန်သင်စေကြပါ။ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများအားဖြင့် ဘုရားသခင်၏ပိုင်ဆိုင်မှုကိုလုယူသောသူတို့အား ဘုရားသခင်ချီးမွမ်းမည်မဟုတ်ပါ။ ဘုရားသခင်ပိုင်ဆိုင်သောအရာကိုပြန်ပေးရန် သူတို့၏တာဝန်ဖြစ်ကြောင်း လူတို့ရှေ့၌မကြာခဏပြသရန်လိုသည်။ ပထမဦးဆုံးအမှန်တရားကို သစ္စာရှိစွာဟောပြောသောသူသည် ဤကိစ္စကိုပြောဆိုစေပြီး ဤအကြောင်းအရာကိုစိတ်ဝင်စားသောသူတို့အားလည်း ဤပြတ်သားသောဆယ်ဖို့တစ်ဖို့ပေးရန် ဘုရားသခင်၏တောင်းဆိုချက်ကိုလိုက်လျှောက်စေပါ။ အမှုဆောင်များတို့သည် အမှန်တရားတစ်မျိုးတည်းကို တစ်သဘောတည်းဖြင့် ဘုရားသခင်၏တောင်းဆိုချက်အားလုံးတို့ကို လူသားများတို့လိုက်လျှောက်ရန် တောင်းဆိုနေကြောင်း လူတို့အားတွေ့မြင်စေပါ။ [Ev 251.3]

သို့သော် အမှုဆောင်များတို့သည် သတိကြီးစွာထားရှိပြီး မွေးကင်းစကလေးကဲ့သို့ ယုံကြည်သူအသစ်များကို မာသောအစာဖြင့်မကျွေးစေရဘဲ နှုတ်ကပတ်တော်နို့ရည်စစ်ကိုသာတိုက်စေပါ။ သင်၏ကိုယ်တိုင်ဆန္ဒနှင့်အတွေးအခေါ်များကို အမှန်တရားနှင့်ရောနှောခြင်း၊ ဘုရားသခင်၏ပညတ်တော်ကိုရှေးရိုးဓလေ့ထုံးစံများနှင့် ထင်မြင်ယူဆချက်များနှင့်ဖုံးကွယ်လိုက်ခြင်းဖြင့် မည်သည့်အခါမျှမပြုလုပ်ရပါ။ ယေရှုခရစ်၌ရှိသောအမှန်တရားကို လူတို့၌ရှိစေပါ။ Manuscript 39, 1895. [Ev 252.1]

**လျစ်လျူရှုထားသောအလုပ်တစ်ခု** – ကျွန်ုပ်တို့သည် ကမ္ဘာသို့သတိပေးသောသတင်းစကားကိုပေးရမည်။ ကျွန်ုပ်တို့၏အလုပ်ကို မည်ကဲ့သို့ဆောင်ရွက်နေကြပါသနည်း။ ညီအစ်ကိုတို့၊ သင်တို့သည် သူတစ်ပါး၏စိတ်ကိုကြည်နူးစေသောအကြောင်းအရာကိုသာဟောပြောပြီး တချို့သောအရာများကိုချန်လှပ်၍ထားပါသလား။ သင့်နောက်သို့လိုက်ရန်နှင့် သူတစ်ပါးတို့အားလည်းပြောပြရန်လိုအပ်နေသည့် ဆယ်ဖို့တစ်ဖို့ပေးခြင်းအပေါ်သစ္စာရှိရမည့်အကြောင်းကို သင်ပြောပြပါသလား။ ဤလုပ်ငန်းသည် ဓမ္မဆရာ၏လုပ်ငန်းဖြစ်ပါသည်။ သို့သော် ၎င်းအကြောင်းအရာကိုသင်ချန်လှပ်ထားသောကြောင့် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ဓမ္မအမှုဆောင်သည် မိမိညီအစ်ကိုများ စိတ်မချမ်းသာစရာဖြစ်မည်စိုးရိမ်သောကြောင့် လူတို့သည် ဘုရားသခင်၏ဥစ္စာကိုလုယူကြပြီး အမှားကိုပြုလုပ်နေကြခြင်းဖြစ်သည်။ ဤပုဂ္ဂိုလ်များကို သစ္စာမရှိသောဘဏ္ဍာစိုးများဟု ဘုရားသခင်ခေါ်သည်။ Review and Herald, July 8, 1884. [Ev 252.2]

**ဆယ်ဖို့တစ်ဖို့၌သစ္စာရှိခြင်း – လုံလောက်သည့်ငွေကြေး** – ဘဏ္ဍာရေးဌာနသို့ ဘုရားသခင်၏အစီအစဉ်အရ၊ မိမိတို့ဝင်ငွေရှိသမျှအပေါ် တိကျစွာဆယ်ဖို့တစ်ဖို့ပြန်လည်ပေးအပ်ကြပါက ဘုရားသခင်၏လုပ်ငန်းကို ရှေ့သို့တိုးတက်အောင်ဆောင်ရွက်ရန် ငွေလုံလောက်စွာရှိပေလိမ့်မည်။ Testimonies, vol. 5, p. 150. (1882) [Ev 252.3]

**သာသနာလုပ်ငန်းအတွက်အလှူကောက်ခံခြင်း** – ဘုရားသခင်၏ပြင်ဆင်မှုအထဲ၌ ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်ကြသောသူတို့သည် ကြိုးစားပြီးလုပ်ဆောင်မှု၏နည်းစနစ်ဟောင်းထဲသို့ အသစ်သောအသက်ကိုသွင်းကာ အသစ်သောစီမံကိန်းများ၊ အသစ်သောနည်းစနစ်များအားဖြင့် အသင်းသူအသင်းသားများတို့၏စိတ်ဝင်စားမှုကိုနှိုးဆွပေးပြီး ကမ္ဘာသို့ဧဝံဂေလိတရားရောက်ရှိရန် စုပေါင်းကြိုးစားလုပ်ဆောင်ကြသည်။ မယုံကြည်သောသူများတို့ထံသတင်းစကားရောက်ရှိရန်အတွက် အသစ်သောစီမံကိန်းတစ်ခုသည် သာသနာလုပ်ငန်းအတွက်အလှူခံထွက်ခြင်းအစီအစဉ်ဖြစ်ပါသည်။ လွန်ခဲ့သောမကြာမီနှစ်များအတွင်းနေရာများစွာတို့၌ အောင်မြင်ကြောင်းကိုတွေ့ရှိရပြီး လူများစွာတို့အတွက်ကောင်းချီးမင်္ဂလာဖြစ်စေသည့်အပြင်၊ အသင်းတော်ဘဏ္ဍာထဲသို့ ငွေများစွာတိုး၍ရရှိစေပါသည်။ ကျွန်ုပ်တို့နှင့်ယုံကြည်ခြင်းမတူသောသူတို့သည် ဘုရားမယုံကြည်သောသူများတို့အထဲ၌ တတိယကောင်းကင်တမန်သတင်းစကားတိုးတက်မှု၌ ပါဝင်ရခြင်းကြောင့် သူတို့၏စိတ်ဝင်စားမှုသည်တက်ကြွလာပြီး တချို့သောသူတို့သည် စိတ်နှလုံးနှင့်အသက်တာကိုပြောင်းလဲခြင်းပေးနိုင်သောတန်ခိုးကြီးသည့်အမှန်တရားကို ပို၍ရှာဖွေလေ့လာကြပါသည်။ လူတန်းစားအမျိုးမျိုးထံသို့ သတင်းစကားရောက်ရှိပြီး ဘုရားသခင်၏ဘုန်းတော်နှင့်နာမတော်ကို ထင်ရှားစေပါသည်။ Counsels on Stewardship, pp. 190, 191. [Ev 252.4]



**လောကီနည်းစနစ်ကိုရှောင်ပါ** – ယနေ့ကျွန်ုပ်တို့၏အသင်းတော်များ၌ ညစာစားပွဲများ၊ ဈေးပွဲများ၊ ကခုန်ခြင်းများနှင့်ပွဲလမ်းသဘင်များအားဖြင့် စားသောက်ပျော်ရွှင်မြူထူးခြင်းများတို့ကို အသုံးပြုကြခြင်းသည် အသင်းတော်ဘဏ္ဍာထဲသို့ ငွေကြေးများကိုကောက်ခံရရှိရန်ရည်ရွယ်သည့်အနေဖြင့် အားပေးမှုကိုပြုလုပ်ကြပါသည်။ ဤနည်းသည် ဆက်ကပ်မှုမပါသော ဇာတိစိတ်ဓာတ်ဖြင့် ငွေရရှိရေးကိုသာဖန်တီးသည့်နည်းဖြစ်သည်။ [Ev 253.1]

လူငယ်လူရွယ်သက်ကြီးရွယ်အိုများအပေါ် သြဇာကျဆင်းစေသည့် ဤအသင်းတော်၌ ယိုယွင်းခြင်းများ၊ အပျော်ကျူးခြင်းများနှင့်ပွဲလမ်းသဘင်များတို့မှ အသင်းတော်၏ရန်ပုံငွေရှာယူခြင်းသည် မှန်၊ မမှန်ရှင်းလင်းစွာမြင်တွေ့ပြီး မှန်ကန်စွာရပ်တည်ကြပါစို့။ ဤအရာများကို မြင့်မြတ်ခြင်းရှိသည့်ဝတ်ရုံအပေါ် ထားရှိခွင့်လုံးဝမပြုသင့်ခြင်းသည် အသင်းတော်၏ရည်ရွယ်ချက်များအတွက် အသုံးပြုရန်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုသို့သောအလှူများသည် အနာအဆာရှိပြီး ချို့တဲ့သောကြောင့် ဘုရားသခင်အတွက်ကျိန်ခြင်းသာလျှင်ဖြစ်စေမည်။ ၎င်းအရာတို့သည် ဝိညာဉ်များတို့၏အဖိုးများဖြစ်သည်။ အသင်းတော်၏ရည်ရွယ်ချက်များအတွက်ငွေရရှိရန် ဤပွဲလမ်းသဘင်များ၊ ကခုန်

ခြင်းများ၊ ကံစမ်းမဲနှိုက်ထီထိုးခြင်းများ၊ ဈေးပွဲများနှင့်စည်းစိမ်ယစ်မူးသည့်ပွဲများတို့ကို တရားပလ္လင်ပေါ်မှကာကွယ်ခြင်းပြုကြရလိမ့်မည်။ ဤအရာတစ်ခုနှင့်မျှ ပါဝင်ပတ်သက်ခြင်းမရှိပါစေနှင့်။ အကယ်၍ ကျွန်ုပ်တို့ပါဝင်ပြုလုပ်ကြပါက ဘုရားသခင်၏နှစ်သက်ခြင်းသည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်မည်မဟုတ်ပါ။ ဤအာဟာရမက်မောခြင်း၊ သို့မဟုတ် ဇာတိစိတ်၏ပျော်ရွှင်မြူးထူးခြင်းများဖြင့် ခရစ်တော်နောက်လိုက်သောသူတို့အား သူတို့၌ဘုရားသခင်အပ်နှံထားသောငွေကြေးကိုပေးလှူရန် ဆွဲဆောင်မှုအဖြစ်တောင်းခံခြင်းအစီအစဉ်ကို အကြံမပြုရပါ။ အကယ်၍ ခရစ်တော်ကိုချစ်သောစိတ်ဖြင့် စေတနာထက်သန်စွာပေးခြင်းမပြုပါက၊ ပေးလှူသောအလှူငွေနှင့်ဝတ္ထုပစ္စည်းများကို ဘုရားသခင်လက်ခံမည်မဟုတ်ပါ။ Counsels on Stewardship, pp. 201, 202. (1878).

**ပွဲကျင်းပခြင်းနှင့်ပျော်ရွှင်ခြင်းအားဖြင့်လာဘ်ထိုးခြင်း** – ပွဲကျင်းပခြင်းနှင့်ပျော်ရွှင်ခြင်း၏ကြိုးစားလာဘ်ထိုးခြင်းများတို့ကိုအသုံးပြုခြင်းဖြင့် ခရစ်တော်နောက်သို့လိုက်ကြသောသူများတို့မှ ဧဝံဂေလိတရားကိုဟောကြားရန်အတွက် ပံ့ပိုးရမည့် သန့်ရှင်းခြင်းနှင့်ထာဝရစဉ်းစားဆင်ခြင်ခြင်းများ၏တန်ခိုးသည် သူတို့၏စိတ်နှလုံးတံခါးကိုမဖွင့်ပေးရခြင်းသည် ဝမ်းနည်းဖွယ်ရာအချက်ဖြစ်ပါသည်။ ဤဆွဲဆောင်မှုများတို့သည် သန့်ရှင်း၍ ထာဝရအရာများတို့အတွက် ပေးကမ်းစွန့်ကြဲခြင်း၏အလုပ်၌ ပါဝင်ရန်ဩဇာအရှိန်အဟုန်မရှိဘဲ အောင်ပွဲခံခြင်းမှာ အမှန်တကယ်ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ [Ev 254.1]

တောထဲ၌ရန်ပုံငွေရှာဖွေခြင်းတွင် မောရှေ၏အစီအစဉ်သည် ကြီးမားစွာအောင်မြင်ခဲ့သည်။ အတင်းအဓမ္မပြုလုပ်ခြင်းမရှိခဲ့ပါ။ ကြီးကျယ်သောပွဲများကိုလည်း မောရှေမပြုလုပ်ခဲ့ပါ။ ပျော်ရွှင်မြူးထူးခြင်း၊ ကခုန်ခြင်းအစီအစဉ်များသို့ လူတို့ကိုခေါ်ဖိတ်ခြင်းမပြုလုပ်ခဲ့ပါ။ တော၌ဘုရားသခင်၏တဲတော်ကိုဆောက်လုပ်ရန် ကံစမ်းမဲနှိုက်ထီထိုးခြင်း အစရှိသောအစီအစဉ်များပြုလုပ်ခြင်းအားဖြင့် လိုအပ်သည့်ငွေကြေးများကိုမရယူခဲ့ပါ။ ဣသရေလလူတို့အား



မိမိတို့၏အလှူဒါနများကိုယူဆောင်လာကြရန် ဘုရားသခင်သည် မောရှေကိုအမိန့်ပေးခဲ့ပါသည်။ လူတိုင်း၏စိတ်ထဲမှ စေတနာမေတ္တာဖြင့်လှူဒါန်းသောအလှူများကိုသာ မောရှေလက်ခံခဲ့သည်။ ဤစေတနာဖြင့်ပေးလှူသောအလှူများတို့သည် များလွန်းသောကြောင့် လုံလောက်ပြီဟုမောရှေကြေညာခဲ့ရပါသည်။ သူတို့၏ပေးကမ်းခြင်းကိုရပ်တန့်လိုက်ရပါသည်။ အသုံးပြုရန်လိုအပ်သည်ထက်ပိုလျှံလျက်ရှိသောကြောင့်ဖြစ်သည်။ Counsels on Stewardship, p. 203. (1874) [Ev 254.2]

ထိုနောက် မည်သည့်ခံစားချက်ကို မယုံကြည်သောသူများတို့၏စိတ်ထဲ၌ဖြစ်ပေါ်စေသနည်း။ ဘုရားသခင်နှုတ်ကပတ်တော်၏သန့်ရှင်းသောစံချိန်သည် မြေပေါ်သို့ကျဆင်းသွားခဲ့ရပါသည်။ ဘုရားသခင်၏နာမတော်နှင့်ခရစ်ယာန်ဂုဏ်သိက္ခာများကို လူတို့အထင်သေးသွားကြပါသည်။ အဆိုးဆုံးသောစည်းကမ်းချက်များတို့သည် နှုတ်ကပတ်တော်နှင့်မညီသောရန်ပုံငွေကောက်ခံခြင်းအားဖြင့် အားကောင်းစေသည်။ ဤနည်းသည် မာရ်နတ်၏နည်းလမ်းဖြစ်သည်။ လူတို့သည် နာဒပ်နှင့်အဘိဟုတို့၏အပြစ်ကို ပြန်လည်၍ပြုလုပ်ကြခြင်းဖြစ်သည်။ သန့်ရှင်းသောမီးအစား ရိုးရိုးမီးကိုသာအသုံးပြုကြခြင်းဖြစ်သည်။ ဤကဲ့သို့သောအလှူဒါနမျိုးကို ဘုရားသခင်လက်မခံပါ။ [Ev 254.3]

ဘုရားသခင်၏ဘဏ္ဍာတော်ထဲသို့ ဤငွေယူဆောင်လာသောနည်းစနစ်အားလုံးတို့သည် ဘုရားသခင်အတွက်ရွံရှာဖွယ်ဖြစ်သည်။ ၎င်းသည် ကြံဖန်ခြင်းအမျိုးမျိုးတို့ကိုလုပ်ရန် စိတ်ထဲ၌ပေါ်ပေါက်လာသည့် မှားယွင်းသောဝတ်ပြုခြင်းဖြစ်သည်။ မည်မျှမျက်စိကွယ်နေကြခြင်း၊ မည်မျှမိုက်မဲခြင်းသည် ခရစ်ယာန်ဖြစ်သည်ဟု မိမိကိုယ်ကိုပြောနေကြသူများအထဲ၌ရှိနေပါသနည်း။ အသင်းသူအသင်းသားများတို့သည် နောဧအချိန်ကကဲ့သို့ လူတို့ပြုခဲ့ကြသည့်နည်းတူပြုကြပြီး မိမိတို့၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်သာလျှင် ရှိနေကြပါသည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူများအားလုံးတို့သည် ဤကဲ့သို့သောအပြုအမူများကို

ယေရှုခရစ်တော်၏ဘာသာအား အလွဲဖော်ပြခြင်းကဲ့သို့မှန်းတီးကြသည်။ Counsels on Stewardship, p. 205. (1896) [Ev 254.4]

**လူ၏ဘဏ္ဍာစိုးအရာ –** ယခုထက်တိုင် ရှေ့ပညတ်သို့ပို၍နက်ရှိုင်းသောကြီးကျယ်ခမ်းနားသည့်အရာတစ်ခုရှိသည်။ ဘုရားသခင်၏များစွာသောကျေးဇူးတော်ဘဏ္ဍာစိုးတစ်ယောက်အဖြစ် ခန့်အပ်ခြင်းခံရသောသူတိုင်းတို့သည် မသိနားမလည်ခြင်းနှင့် မှောင်မိုက်ထဲ၌ရှိနေကြသောဝိညာဉ်များကို မိမိ၌ရရှိသောကျေးဇူးတော်များမှဝေငှရန်ခေါ်ခြင်းခံရပြီး သူတို့၏နေရာ၌ သင်ရှိသကဲ့သို့ပင် သူတို့အပေါ်သင့်ဆန္ဒသည် သူ့အားမိမိရရှိသောကျေးဇူးတော်ကိုဝေငှရမည်။ တမန်တော်ရှင်ပေါလုပြောခဲ့သည်မှာ၊ "ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏။" သင်သိသောဘုရားသခင်၏မေတ္တာအားလုံးနှင့် သင်ရရှိသောသူ့ကျေးဇူးတော်၏ကြွယ်ဝသောဆုကျေးဇူးများတို့အားဖြင့် ကမ္ဘာပေါ်ရှိအဆင့်အတန်းမရှိ၊ ယုတ်ညံ့ဆုံးသောဝိညာဉ်အပေါ် ဤဆုကျေးဇူးများကို သူ့အားဝေငှရန်သင်ကြွေးတင်လျက်ရှိသည်။ Mount of Blessing, p. 193. (1896) [Ev 255.1]

## ပုံရောဖက်ဟောပြောသောသတင်းစကားကိုတင်ဆက်ခြင်း

**အသစ်သောယုံကြည်သူများရှင်းလင်းစွာနားလည်ရန် –** အဆုံးသို့ရောက်လုနီးသကဲ့သို့ ကမ္ဘာသို့နောက်ဆုံးသောသတိပေးစကားပြောရမည့်အလုပ်သည်လည်းပို၍များလာပြီး ၎င်းသည် လက်ရှိအမှန်တရားကိုလက်ခံသောသူတို့အတွက် တတိယကောင်းကင်တမန်သတင်းစကားနှင့်ဆက်နွယ်ထားသည့် သူ၏ပြင်ဆင်မှုအစပြုချိန်မှ သက်သေခံချက်များ၏အခြေအနေနှင့်တန်ခိုးသြဇာကို ရှင်းလင်းစွာနားလည်ရန် ပို၍အရေးကြီးလာပါသည်။ Testimonies, vol. 5, p. 654. (1889) [Ev 255.2]



**ဘုရားသခင်၏ယခုနေ့ရက်အတွက်ညွှန်ကြားချက် –** ဘုရားသခင်သည် မိမိ၏လူတို့ကို သူ၏အလိုတော်နှင့်ပတ်သက်၍သော်လည်းကောင်း၊ သူတို့လိုက်လျှောက်ရန်အကြောင်းအရာများကိုသော်လည်းကောင်း မည်သည့်အခါမျှ ယခုအချိန်ညွှန်ကြားခြင်းထက် ယခင်အချိန်၌ညွှန်ကြားခဲ့ခြင်းမရှိပါ။ Testimonies, vol. 5, p. 661. (1889) [Ev 255.3]

**မကြာခဏလျစ်လျူရှုခြင်း –** ဓမ္မအမှုဆောင်များတို့သည် အရေးကြီးသောလုပ်ငန်းကိုင်းခွဲကြီးများဖြစ်သည့် ကျန်းမာရေးပြုပြင်ပြောင်းလဲရေး ဝိညာဉ်ဆုကျေးဇူးများ၊ စနစ်တကျပေးကမ်းခြင်းနှင့်သာသနာ့လုပ်ငန်းကိုင်းခွဲကြီးများတို့ကို မကြာခဏလျစ်လျူရှုကြပါသည်။ သူတို့၏လုပ်ဆောင်မှုအောက်၌ လူများစွာတို့သည် အမှန်တရား၏သင်္ကေတကိုလက်ခံကြသော်လည်း ကာလကြာလာသောအခါ အများသောသူတို့သည် ဘုရားသခင်၏စမ်းသပ်ခြင်းကို မခံရပ်နိုင်ကြတော့ချေ။ ဓမ္မအမှုဆောင်သည် သူတို့၏ယုံကြည်ခြင်းအခြေခံအုတ်မြစ်ကို မြက်ခြောက်၊ သစ်သားနှင့်ရိုးပြတ်တို့အပေါ်၌ ဆောက်တည်ပေးခဲ့သောကြောင့် စုံစမ်းခြင်းမီးလောင်ကျွမ်းသွားကုန်သည်။ Review and Herald, Dec. 12, 1878. [Ev 256.1]

**သမ္မာကျမ်းစာနေရာကိုယူရန်မဟုတ်ပါ –** အီး၊ဂျီ၊ဝှိုက်၏သက်သေခံချက်များကို ရှေ့တန်းမတင်သင့်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လမ်းမလွဲနိုင်သောစံချိန်ဖြစ်သည်။ သက်သေခံချက်များတို့သည် နှုတ်ကပတ်တော်၏နေရာကို အစားထိုး၍မရပါ။ ဤမေးခွန်းများကို သေချာစွာတင်ပြရန် ယုံကြည်သူအားလုံးတို့မှ သတိကြီးစွာဆောင်ရွက်သင့်ကြပြီး၊ လုံလောက်စွာပြောဆိုပြီးသည်နှင့် အမြဲရပ်ဆိုင်းလိုက်ရပါမည်။ မိမိတို့၏ရပ်တည်ချက်များအားလုံးကို နှုတ်ကပတ်တော်မှထောက်ပြကာ သူတို့ပြောသောအချက်တိုင်းကို အမှန်တရားကဲ့သို့မှန်ကန်ကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်ဖော်ပြချက်မှပြောဆိုစေပါ။ Letter 12,1890. [Ev 256.2]

**သက်သေခံချက်များတို့သည်ကျမ်းစာရှေ့၌မထားရပါ** – ဘုရားသခင်၏ နှုတ်ကပတ်တော်မှကတိတော်များကို ကျွန်ုပ်တို့ပို၍ကြည့်ခြင်းအားဖြင့် ၎င်းတို့သည်ပို၍လင်းလာပါသည်။ ၎င်းတို့ကိုကျွန်ုပ်တို့ပို၍လိုက်လျှောက်သောအခါ၊ ၎င်းတို့ကိုပို၍နက်ရှိုင်းစွာနားလည်လာပါလိမ့်မည်။ ကျွန်ုပ်တို့၏ရပ်တည်ချက်နှင့်ယုံကြည်ခြင်းသည် ကျမ်းစာထဲ၌ရှိသည်။ ကျမ်းစာထက်သက်သေခံချက်များကို မည်သူ့ထံသို့ မည်သည့်အခါမျှယူဆောင်ခြင်းကိုအလိုမရှိစေရပါ။ Manuscript 7, 1894. [Ev 256.3]

**သက်သေခံချက်များတို့၏ရည်ရွယ်ချက်** – စိတ်နှလုံးအမှောင်ထုနှင့်ပြည့်ဝနေသောသူအား ဘုရားသခင်၏နှုတ်ကပတ်တော်သည် အလင်းပေးရန် လုံလောက်လျက်ရှိပြီး နားလည်လိုသောဆန္ဒရှိသူတိုင်းအား နားလည်စေနိုင်ပါသည်။ သို့ဖြစ်စေကာမူ ဤကဲ့သို့အားလုံးမဖြစ်လာပါ။ တချို့သောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိတို့၏လေ့လာရန်အဖြစ်ဝန်ခံပြီး ၎င်းတို့၏ပြတ်သားစွာသွန်သင်ချက်များတို့သည် သူတို့နှင့်တိုက်ရိုက်ဆန့်ကျင်နေကြောင်း သူတို့တွေ့ရှိရသည်။ ထိုနောက် လူတို့အနေဖြင့် ဆင်ခြင်ပေး၍မရဘဲ ဘုရားသခင်သည်ပြတ်သား၍၊ ကောင်းသောသက်သေခံချက်များကိုပေးပြီး မိမိတို့လိုက်လျှောက်ရန်ဂရုမပြုခဲ့သော နှုတ်ကပတ်တော်ထံသို့ပြန်၍ယူဆောင်လာပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မှန်သောနေထိုင်ခြင်းအကျင့်ဓလေ့များကိုဆောက်တည်ပေးပြီး သက်သေခံချက်များတို့သည် အထွေထွေနှင့်တစ်ဦးတည်းအတွက် သူတို့၏အာရုံကိုပို၍အထူးဤစည်းကမ်းချက်များသို့ ပို့ဆောင်ရန်တွက်ချက်ခဲ့ပါသည်။ Testimonies, vol. 5, pp. 663, 664. (1889) [Ev 256.4]

**သာ၍ကြီးသောနှင့်သာ၍ငယ်သောအလင်းများ** – သမ္မာကျမ်းစာကိုအနည်းငယ်သာဂရုပြုကြသည့်အတွက် လူတို့ကိုအလင်းကြီးသို့ပို့ဆောင်ရန်အတွက် ဘုရားသခင်သည် အလင်းငယ်တစ်ခုကိုပေးပါသည်။ Colporteur Evangelist, p. 37. (1902) [Ev 257.1]





**ရုပ်ပုံဖြင့်သရုပ်ဖော်ခြင်း – ပုရောဖက်ဟောသောအနာဂတ်စကားဟောပြောခြင်း–** ဤအသင်းလူကြီးသည် မိမိကိုဆန့်ကျင်သူများတို့နှင့် အငြင်းပွားခြင်းမရှိပါ။ သူသည် သမ္မာကျမ်းစာကို အလွန်ရှင်းလင်းပြတ်သားစွာဟောပြောပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆန့်ကျင်သူတိုင်းတို့အား မိမိတို့၏ခြားနားမှု၌ပင် လိုက်လျှောက်လိုကြောင်းထင်ရှားသည်။ [Ev 257.2]

သောကြာနေ့ညနှင့်ဥပုသ်နေ့နေ့လယ်မရောက်ခင်အချိန်၌ သူသည် ဝိညာဉ်တော်ဆုကျေးဇူးများအကြောင်းပြောခဲ့ရာ၊ ပုရောဖက်ဟောသောအနာဂတ်စကားများအပေါ် အထူးအသားပေးဟောပြောခဲ့ပါသည်။ ကြားနာရသောပရိသတ်များအတွက် သူပြောဆိုသောအရာများတို့ကို ရှင်းလင်းစွာ၊ တန်ခိုးပါသောဟန်အမူအရာဖြင့်ဟောပြောကြောင်း သူတို့ပြောဆိုကြပါသည်။ Letter 388, 1906.

သူ၏သင်ကြားသောအရာများအထဲ၌ အသင်းလူကြီးသည် ပုရောဖက်ဟောသောအနာဂတ်စကားသည် အမှန်တရားကိုတည်တံ့ခိုင်မြဲစေသောအရေးကြီးသည့်ကဏ္ဍ၌ ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သူပြသပေးသည်။ သူ၏ဟောပြောချက်များကို ပြန်လည်၍ပေါင်းစည်းလိုက်သောအခါ၊ လူထုပရိသတ်တို့အားစကားပြောရန် ကျွန်ုပ်ကိုခေါ်သည်။ Letter 400, 1906. [Ev 257.4]

**အထောက်အထားကိုချိန်ဆရန်အချိန်ပေးပါ** – Battle Creek ၌ကျွန်ုပ်၏နောက်ဆုံးရူပါရုံတွင် ထိုနေရာ၌ရှိသောအသင်းတော်အဖွဲ့အစည်း၌ မဖြစ်သင့်သည့်အကြောင်းအရာတစ်ခုဖြစ်ပျက်ခဲ့ကြောင်း ကျွန်ုပ်အားပြသခဲ့သည်။ ထိုနေရာ၌ရှိသော ဘုရားသခင်၏သားသမီးတချို့တို့သည် ရူပါရုံအပေါ်သံသယရှိခဲ့ကြသည်။ တချို့သောသူတို့သည် ဆန့်ကျင်မှုများမပြုလုပ်ကြသော်လည်း ပြောဆိုသောအရာနှင့်ပတ်သက်ပြီး သူတို့အတွက်လက်ခံရန်ကြောက်ရွံ့ကြသည်။ တချို့သောသူတို့သည်မယုံကြပါ။ မယုံရသည့်အကြောင်းရင်းများလည်း သူတို့၌လုံလောက်စွာရှိသည်။ မှားသောရူပါရုံများ၊ အယူသီးသောလှုပ်ရှားမှုများနှင့်

ယိုယွင်းသောအသီးအပွင့်များပေါ်လာခြင်းသည် လူတို့၏စိတ်ထဲ၌ ရူပါရုံများ၏ဂုဏ်သိက္ခာကိုမှုန်းတီးစေရန်တန်ခိုးသြဇာသည် ဟောပြောသည့်အရာအပေါ်သက်ရောက်ပါသည်။ ဤအရာအားလုံးကိုစဉ်းစားဆင်ခြင်ရန်လိုအပ်ပြီး သတိပညာဖြင့်ဆောင်ရွက်သင့်ကြသည်။ တစ်ဦးချင်းရူပါရုံမြင်ရသောသူတို့ကို တစ်ခါမျှမတွေ့ဘူးသောသူများနှင့် ရူပါရုံ၏တန်ခိုးသြဇာကို ကိုယ်တိုင်အသိတရားမရှိသူများတို့နှင့်အတူ စုံစမ်းခြင်း၊ သို့မဟုတ် လုပ်ဆောင်ခြင်းမပြုသင့်ပါ။ အကယ်၍ သူတို့၏ခရစ်ယာန်လမ်းကြောင်းမှန်ပြီး သူတို့သည် ကောင်းသောခရစ်ယာန်အကျင့်စာရိတ္တကိုတည်ဆောက်နိုင်ပါက ထိုအရာများတို့သည် အသင်းတော်၏အကျိုးနှင့်အခွင့်အရေးများတို့ကို ဆုံးရှုံးခြင်းမဖြစ်စေသင့်ပါ။ [Ev 257.5]

ကျွန်ုပ်အားဖော်ပြသည်မှာ တချို့သောသူတို့သည် ပုံနှိပ်ဖြန့်ချိခြင်းရူပါရုံကိုရရှိကြသည်။ ဤအရာမှန်သည် မမှန်သည်ကို အသီးအားဖြင့်အပင်ကိုသိရှိနိုင်ပါသည်။ တချို့သောသူတို့သည် သံသယစိတ်ရှိသောသောမတ်နှင့်တူကြသည်။ ထောက်ထားချက်များကို မိမိတို့ကိုယ်တိုင်မတွေ့ရမချင်း၊ အခြားသူတို့၏သက်သေခံချက်အားဖြင့် အထောက်အထားရရှိခြင်းမရှိပါက ပုံနှိပ်သောသက်သေခံချက်များတို့ကိုမယုံကြပါ။ ဤကဲ့သို့သောအရာများကိုဘေးဖယ်၍မရပါ။ သို့သော် ကြာမြင့်စွာသည်းခံခြင်းနှင့်ညီအစ်ကိုချစ်ခြင်းများတို့ကို သူတို့အား မိမိတို့၏လက်ရှိရပ်တည်မှုကိုတွေ့မြင်ရပြီး တည်မြဲခြင်း၊ သို့မဟုတ် ဆန့်ကျင်ခြင်းပြုနိုင်သည်အထိ ပြသရကြမည်။ အကယ်၍ သူတို့၌နားလည်ခြင်းမရှိဘဲ ရူပါရုံများကိုဆန့်ကျင်ခြင်း၊ အကယ်၍ သူတို့၌ဗဟုသုတမရှိသောအရာကိုဆန့်ကျင်ခြင်းနှင့်ရူပါရုံများတို့သည် စည်းဝေး၌သူတို့အားဘုရားသခင်စကားပြောသည်ဟုယုံကြည်ကြပြီး ရူပါရုံအားဖြင့်ရရှိသောညွှန်ကြားချက်များအပေါ် ခွန်အားရရှိခြင်းကို သူတို့၏ခံစားချက်၌ ကသိကအောက်ဖြစ်စေပါက အသင်းတော်အနေဖြင့် ထိုသူတို့သည် မမှန်သောသူများဟုသိကြရပါလိမ့်မည်။ Testimonies, vol. 1, pp. 327-329. (1862).



**အရွယ်မရောက်သောအဆင့်သို့တွန်းအားပေးခြင်း –** ကျွန်ုပ်အားဖော်ပြသည့်အရာတစ်ခုမှာ တချို့သောသူတို့သည် အထူးသဖြင့် ရူပါရုံများကို လူတိုင်း၏အသက်တာအားတိုင်းတာသည့်စည်းမျဉ်းတစ်ခုအဖြစ်ထားရှိသည်။ ကျွန်ုပ်ခင်ပွန်းနှင့်ကျွန်ုပ်တစ်ခါမျှမဆည်းပူးခဲ့သောအကြောင်းအရာကိုပင် ခံယူကြသည်။ တချို့သောသူတို့သည် ကျွန်ုပ်နှင့်ကျွန်ုပ်လုပ်ငန်းကိုမသိကျွမ်းဘဲ သူတို့သည် ရူပါရုံနှင့်ပတ်သက်သည့်အရာတိုင်းကို ယုံမှားသံသယရှိကြသည်။ ဤအရာသည် ဖြစ်တတ်သောအရာဖြစ်သောကြောင့် ဗဟုသုတအားဖြင့်သာလျှင်ကျော်လွှားအောင်မြင်နိုင်ပါလိမ့်မည်။ အကယ်၍ ရူပါရုံများနှင့်ပတ်သက်ပြီး လူတို့သည် နေသားတကျမရှိကြသေးပါက သူတို့ကိုရူပါရုံအကြောင်းများစွာပြောဆိုခြင်းမပြုသင့်ပါ။ ၎င်းအကြောင်းအရာကိုရှာဖွေခြင်းနှင့်ပတ်သက်ပြီး Testimony No. 8, [volume 1, pp. 328, 329] တွင်တွေ့ရပြီး သင်တို့အားလုံးဖတ်ရှုကြမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ဓမ္မအမှုဆောင်များတို့သည် တချို့သောသူတို့ကိုသနားပြီး ခြားနားချက်တစ်ခုကိုပြုလုပ်ပေးသင့်သည်။ တချို့သောသူတို့အား မီးထဲမှထုတ်ယူပြီး ကြောက်ရွံ့ခြင်းမှကယ်နုတ်ရမည်။ ဓမ္မဆရာများတို့သည် လူတိုင်းအား မိမိတို့နှင့်သင့်လျော်သည့်အသားကိုပေးရန်၊ မိမိတို့၏လိုအပ်ခြင်းရှိသည်အလျောက် ခြားနားသောအရာကို ခြားနားသောသူတို့အားပေးရမည့် အတတ်ပညာသူတို့၌ရှိသင့်သည်။ ကျွန်ုပ်နှင့်ရင်းနှီးခြင်းမရှိသည့်လမ်းကြောင်းလျှောက်လိုက်သောသူတချို့တို့အပေါ်သတိပြုပြီး ဆီလျော်သောအရာကိုမပြုလုပ်ပေးကြပါ။ ရူပါရုံနှင့်ထိတွေ့မှုမရှိသောသူတို့သည် နှိုင်းယှဉ်ကြည့်ပါက အလင်းများစွာနှင့်ဗဟုသုတရရှိသောသူများကဲ့သို့ တစ်သမတ်တည်းဆက်ဆံနေကြပါသည်။ တချို့သောသူတို့အား ရူပါရုံများကို သူတို့မှန်ကန်စွာမသိကြသည့်အတွက် ထောက်ခံချက်ပေးရန်လိုအပ်သည်။ ထိုနည်းတူ ရိုးသားသောသူတချို့တို့ကို သတိဝီရိယနှင့်သနားခြင်းဖြင့် တစ်ခါမျှပြောဆိုခြင်းမရှိသည့်အတွက် ရူပါရုံများတို့နှင့် ယုံကြည်သည့်အသင်းအဖွဲ့ကိုဆန့်ကျင်သည့်

ဘက်၌ ရပ်တည်ရန်တွန်းအားပေးခြင်းကိုခံရကြပါသည်။ Testimonies, vol. 1, pp. 382, 383. (1863). [Ev, 259.1].

**ဆန့်ကျင်မှုကိုအောင်မြင်ခြင်း** – မြော်လင့်ခြင်းဓမ္မဆရာမဟုတ်သောသူများတို့သည် သူတို့၏ဒေါသတကြီးဖြင့်စတင်စကားပြောဆိုကြပြီး အထူးသဖြင့် မစ္စစ်ဝှိုက်ကိုဆန့်ကျင်ကြပါသည်။ သို့သော် သူတို့သည် မိမိတို့၏ကိုယ်ကိုသာ ထိခိုက်နာကျင်စေပါသည်။ သူတို့၏အိမ်ထောင်မိသားစုထဲသို့ ထာဝရလိုအင်သက်တော်စဉ် (The Desire of Ages), ကြီးမားသောတိုက်လှန်ပွဲကြီး (The Great Controversy), ရှေးဘိုးဘေးများနှင့်ပုရောဖက်များ (Patriarchs and Prophets) နှင့် ကျွန်ုပ်တို့၏ကယ်တင်ရှင်ခရစ်တော် (Christ Our Saviour) စာအုပ်များကို ကျွန်ုပ်ပို့ဆောင်ပေးပြီး၊ ထိုဓမ္မဆရာများတို့သည် ကျွန်ုပ်ကိုဆန့်ကျင်ကြသောအခါ ကျွန်ုပ်၏ရေးသားချက်များအားဖြင့် လူတို့ကိုကျွန်ုပ်စကားပြောသွားလိမ့်မည်။ အမှန်တရားသို့ ဝိညာဉ်များပြောင်းလဲသွားလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ယခုသူတို့အား ပညတ်တော်နှင့်သက်သေခံချက်များသို့ ကျွန်ုပ်တို့ပြန်လည်၍ပို့ဆောင်နေပါသည်။ အကယ်၍ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌အလင်းမရှိပါ။ Letter 217, 1899. [Ev 259.2]

**သူတို့၏အသီးများအားဖြင့်စီရင်ခံရခြင်း** – သက်သေခံချက်များသည် ၎င်းတို့၏အသီးများအားဖြင့် စီရင်ခြင်းခံရပါစေ။ သူတို့၏သွန်သင်မှုသည် မည်သည့်ဝိညာဉ်အားဖြင့်ဖြစ်သနည်း။ သူတို့တန်ခိုးဩဇာ၏အကျိုးသည် မည်သည့်အရာဖြစ်သနည်း။ ဤကဲ့သို့ဆန္ဒရှိသူအားလုံးတို့၌ ဤရူပါရုံများ၏အသီးများနှင့် မိမိတို့၏ကိုယ်ကို အကျွမ်းတဝင်ပြုလုပ်နိုင်ပါသည်။ [Ev 260.1]

ဘုရားသခင်သည် မိမိ၏အသင်းတော်ကို သင်ကြားခြင်းနှင့်မသင်ကြားခြင်း၊ သူတို့၏အမှားကိုဖော်ပြခြင်းနှင့်မဖော်ပြခြင်းနှင့် သူတို့၏ယုံကြည်ခြင်းကိုခိုင်မာစေခြင်းနှင့်မခိုင်မာစေခြင်းနှစ်မျိုးစလုံးကို ပြုလုပ်နိုင်ပါသည်။ ဤအလုပ်သည် ဘုရားသခင်၏အလုပ်၊ သို့မဟုတ် သူ၏အလုပ်လည်း



မဟုတ်ပါ။ ဘုရားသခင်သည် မာရ်နတ်နှင့်အတူလက်တွဲ၍အလုပ်မလုပ်ပါ။ ကျွန်ုပ်၏အလုပ်သည် ဘုရားသခင်၏တံဆိပ်ပါနိုင်သည်၊ သို့မဟုတ် မာရ်နတ်၏တံဆိပ်လည်းပါနိုင်သည်။ ကိစ္စများအထဲ၌ တစ်ဝက်ခရီးမရှိပါ။ သက်သေခံချက်များတို့သည် ဘုရားသခင်၏ဝိညာဉ်ဖြစ်နိုင်သည်၊ သို့မဟုတ် မာရ်နတ်၏ဝိညာဉ်လည်းဖြစ်နိုင်သည်။ Testimonies, vol. 5, p. 671. (1889) [Ev 260.2]

**သက်သေခံချက်များအားဖြင့်ဘုရားသခင်စကားပြောသည်** – ကျွန်ုပ်တို့သည် ပုရောဖက်ဟောပြောသောစကားများ၏လမ်းညွှန်ရာသို့ လိုက်လျှောက်ကြရမည်။ ဤအချိန်အခါ၌ ကျွန်ုပ်တို့သည် အမှန်တရားကိုမြတ်နိုး၍ လိုက်လျှောက်ကြရမည်။ ပြင်းထန်သောလှည့်ဖြားခြင်းနောက်သို့ ကျွန်ုပ်တို့လိုက်ပါသွားခြင်းမရှိစေရန် ကျွန်ုပ်တို့ကိုကယ်မလိမ့်မည်။ ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကိုစကားပြောနေသည်။ သူသည် ကျွန်ုပ်တို့အား အသင်းတော်၏သက်သေခံချက်များအားဖြင့်နှင့် အခြားစာအုပ်များအားဖြင့် စကားပြောနေပြီး လက်ရှိကျွန်ုပ်တို့တာဝန်နှင့် ယခုကျွန်ုပ်တို့ရရှိထားသင့်သောအသက်တာအခြေအနေကို ရှင်းလင်းစွာဖော်ပြရန် ကူညီမစစေပါသည်။ Testimonies, vol. 8, p. 298. (1904) [Ev 260.3]

## ကျန်းမာခြင်းနှင့်ခရစ်ယာန်အဆင့်အတန်းများအကြောင်းကိုဟောကြားခြင်း

**ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအကြောင်းဟောပြောခြင်း** – ကျွန်ုပ်တို့၏အလုပ်သည် လက်တွေ့အလုပ်ဖြစ်ရမည်။ ကျွန်ုပ်တို့ကယ်တင်ရမည့်လူတို့၌ ခန္ဓာကိုယ်များနှင့်ဝိညာဉ်များရှိကြောင်း ကျွန်ုပ်တို့သတိရကြရမည်။ ကျွန်ုပ်တို့၏အလုပ်တာဝန်သည် လူတို့အားတရားပလ္လင်ပေါ်၌ထ၍ဟောပြောနေခြင်းထက်များစွာသာလွန်ပါသည်။ ကျွန်ုပ်တို့၏အလုပ်၌ ကျွန်ုပ်တို့နှင့်တွေ့ဆုံကြရသောလူတို့၏ကိုယ်ခန္ဓာချို့တဲ့အားနည်းခြင်းများကို ကူညီမစကြရမည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းဥပဒေများကို လူတို့အားကျွန်ုပ်တို့ဟောပြောရမည်။

ကြားနာရသောသူများတို့အနေဖြင့် မိမိတို့၏ကိုယ်ကို ကျန်းမာစွာထားရှိလိုသော စိတ်ရှိပြီး မိမိတို့၌တာဝန်ရှိကြောင်း နားလည်စေရမည်။ [Ev 260.4]

ဝိညာဉ်ကျန်းမာခြင်းရှိရန် ကိုယ်ခန္ဓာကိုကျန်းမာသည့်အခြေအနေ၌ ထားရှိရန်လိုအပ်ပါသည်။ ကိုယ်ခန္ဓာ၏အခြေအနေသည် ဝိညာဉ်၏အခြေအနေနှင့်ဆက်စပ်လျက်ရှိသည်။ ကိုယ်ခန္ဓာနှင့်ဝိညာဉ်ရေးခွန်အားရရှိလိုသောသူတို့သည် မိမိတို့၏အာဟာရအာသီသကို မှန်ကန်စွာထိန်းချုပ်နိုင်ရန် ပညာပေးရမည်။ သူ၏ကိုယ်ခန္ဓာနှင့်ဝိညာဉ်တန်ခိုးများကို အလွန်အကျွံအသုံးပြုခြင်းအားဖြင့် မိမိ၏ဝိညာဉ်ကို ဝန်ထုပ်မဖြစ်စေရန်သတိပြုရပါမည်။ မှန်ကန်သော စားခြင်း၊ သောက်ခြင်း၊ ဝတ်ဆင်ခြင်း စည်းမျဉ်းဥပဒေများကို သစ္စာရှိစွာ လိုက်လျှောက်ခြင်း၏တာဝန်တစ်ခုသည် လူသားများတို့အတွက် ဘုရားသခင် ချမှတ်ထားပေးပါသည်။ [Ev, 261.1].

ကျွန်ုပ်တို့သည် ကျန်းမာခြင်းနှင့်အသက်၏ဥပဒေများကိုနာခံရန် ဘုရားသခင်အလိုရှိသည်။ မိမိတို့၏ခန္ဓာကိုယ်ကို မှန်ကန်စွာဂရုပြုရန်နှင့် ကျန်းမာစွာထားရှိရမည့်တာဝန်ကို တစ်ဦးစီတို့အား ဘုရားသခင်တာဝန်ပေးထားပါသည်။ Letter 123, 1903. [Ev 261.2]

**နောက်ဆုံးသတင်းစကား၏အစိတ်အပိုင်းတစ်ခု** – ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းမျဉ်းဥပဒေများကို ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ တွေ့ရှိရပါသည်။ ကျန်းမာရေးဧဝံဂေလိသတင်းစကားသည် နှုတ်ကပတ်တော်၏သာသနာလုပ်ငန်းနှင့် ခိုင်မာစွာဆက်သွယ်ခြင်းရှိရပါမည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းသြဇာပြန်လည်ရရှိခြင်းသည် ဧဝံဂေလိသတင်းစကားကြွေးကြော်ဟောပြောခြင်းအတွက် နောက်ဆုံးကြိုးစားလုပ်ဆောင်ရမည့်တာဝန်တစ်ခုအဖြစ် ဘုရားသခင်ချမှတ်ပေးထားပါသည်။ Medical Ministry, p. 259. [Ev,261.3]

ကျွန်ုပ်တို့အား လူတစ်စုအနေဖြင့် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းမျဉ်းဥပဒေများကို အသိပေးရမည့်အလုပ်ကို ဘုရားသခင်ပေးထားသည်။ တချို့သောသူတို့သည် မိမိတို့၏ဧဝံဂေလိလုပ်ငန်းထဲ၌ အစားအစာနှင့်ပတ်သက်



သောအကြောင်းအရာကို ထည့်သွင်းခြင်းသည် အရေးကြီးသောအရာမဟုတ်ဟုထင်ကြသည်။ သို့သော် ထိုသူတို့သည် ကြီးမားသောအမှားတစ်ခုပြုလုပ်ခြင်းဖြစ်သည်။ ဘုရားသခင်ပြောဆိုသည်မှာ၊ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" ၁ကော ၁၀း၃၁ ဟုဖြစ်ပါသည်။ ချုပ်တည်းခြင်းအကြောင်းအရာသည် ကယ်တင်ခြင်းလုပ်ငန်း၌ အရေးကြီးသောအခန်းကဏ္ဍ၌တစ်ခုအပါအဝင်ဖြစ်သည်။ Testimonies, vol. 9, p. 112. (1909). [Ev 261.4]

**ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်း၌လုံးလုံးတည်ရှိခြင်း** – ဤကမ္ဘာ၏နောက်ဆုံးသောနေ့ရက်များ၌ အသက်ရှင်နေကြသောသူများတို့သည် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းမျဉ်းဥပဒေထဲ၌ လုံးလုံးလျားလျားတည်ရှိနေရန်လိုအပ်ပါသည်။ [Ev 262.1]

ကျန်းမာရေးချို့တဲ့သောသူတို့သည် ကျန်းမာရေးပြုပြင်ပြောင်းလဲသူများဖြစ်လာရန်လိုသည်။ အကယ်၍ သူတို့သည် သတိနှင့်စားသောက်ခြင်း၊ မိမိတို့၏အစာအိမ်၌ မလိုအပ်သောဝန်ထုပ်ကိုထည့်သွင်းရန်ငြင်းဆန်ခြင်းပြုကြပါက ဘုရားသခင်သည် မိမိတို့၏ကျန်းမာရေးထိန်းသိမ်းခြင်း၌ ပါဝင်ကူညီမည်ဖြစ်သည်။ ဘုရားသခင်သည် မိမိသားသမီးတိုင်းလိုက်လျှောက်ရန် လုံခြုံစိတ်ချရသောကျေးဇူးတရားဖြင့်ပြုလုပ်ထားပေးသည့် သဘာဝလမ်းကို လုံလောက်စွာပြင်ဆင်ပေးထားပါသည်။ ကျွန်ုပ်တို့အသက်ရှင်ရန်အတွက် မြေကြီးမှပြည့်စုံသောကျန်းမာရေးကိုပေးနိုင်သည့် စားသုံးရန်အစားအစာများကို ဘုရားသခင်ပေးထားပါသည်။ [Ev 262.2]

အသက်၏စည်းမျဉ်းဥပဒေကိုဂရုမစိုက်ခြင်းအားဖြင့် မိမိတို့၏ကိုယ်ကို ဒုက္ခပေးသူများစွာရှိကြပြီး၊ ဂရုမစိုက်ခြင်း၏အကျိုးမှ ပြန်လည်၍မူလကျန်းမာရေးကိုမရရှိသူများရှိကြပါသည်။ သို့သော် ယခုပင်သူတို့နောင်တရပြီး ပြောင်းလဲနိုင်ကြပါသည်။ လူတို့သည် ဘုရားသခင်ထက်ပို၍ပညာရှိရန်ကြိုးစားကြသည်။

သူသည် မိမိကိုယ်တိုင်အတွက် ဥပဒေတစ်ခုဖြစ်လာသည်။ ဘုရားသခင်သည် မိမိ၏တောင်းဆိုချက်များသို့အာရုံပြုကြရန်နှင့် ကျွန်ုပ်တို့၏ကိုယ်၊ စိတ်နှင့် ဝိညာဉ်စွမ်းရည်များတို့ကို ပိန်လှီ၍မကြီးထွားနိုင်စေခြင်းအားဖြင့် သူ့ဂုဏ်တော်ကို မည်သည့်အခါမျှမရှုတ်ချစေရန် ကျွန်ုပ်တို့ကိုခေါ်နေပါသည်။ Letter 135, 1902. [Ev 262.3]

**တိုးတက်၍လက်တွေ့ကျသောကျန်းမာရေးပြုပြင်ပြောင်းလဲခြင်း –** ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကိုမသိသေးသောသူတို့အား အချိန်မတန်သေးသည့် မိမိတို့၏ အစားအစာများကို ချက်ချင်းပြောင်းလဲခြင်းမပြုရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဓမ္မဆရာများ၊ ဆရာဝန်များနှင့်အသင်းသူအသင်းသားများတို့အား သတိပြုရန်လိုလားပါသည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းမျဉ်းများကိုစွဲကိုင်ထားပြီး ရိုးသားသောသူ၏စိတ်ကို ဘုရားသခင်အားပို့ဆောင်စေပါ။ သူတို့ကြားရပြီးယုံကြည်လိမ့်မည်။ လှပသောကျန်းမာစွာနေထိုင်ခြင်း၏အမှန်တရားများကို သူ၏အမှုဆောင်တို့အား ကြားနာရသောသူတို့၏စိတ်ကို အထင်အမြင်မှားစေမည့်နည်းဖြင့်ပြောဆိုခြင်းကို ဘုရားသခင်အလိုမရှိပါ။ မသိနားမလည်ကြသေးသော အမှောင်လမ်း၌လျှောက်နေသူတို့၏ရှေ့၌ မည်သူမျှခလုတ်တံသင်းကိုမထားစေပါနှင့်။ ကောင်းသောအရာကိုချီးမွမ်းခြင်း၌ပင် လာရောက်ကြားနာကြသောသူများတို့အား ပြန်သွားကြရသည့်တိုင်အောင် သင်အလွန်အကျွံမပြုသင့်ပါ။ ချုပ်တည်းခြင်း၏စည်းမျဉ်းဥပဒေများကို သူတို့အားအကောင်းဆုံးသောဆွဲဆောင်မှုနည်းဖြင့်ဟောပြောပါ။ [Ev 262.4]

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုအလွန်စိတ်ချစွာဖြင့်လှုပ်ရှားခြင်းမပြုရပါ။ အသင်းတော်ကိုထူထောင်ရန် နယ်သစ်သို့ဝင်ရောက်သောအမှုဆောင်များတို့သည် အစားအသောက်မေးခွန်းကို ကြိုးစား၍ရှေ့တန်းတင်ခြင်းအားဖြင့် အခက်အခဲများကိုမဖန်တီးရပါ။ သူတို့၏လုပ်ဆောင်မှုများ၌ ပြင်းထန်ခြင်းမရှိရန် သတိပြုသင့်သည်။ အကြောင်းမှာ အခြားသူများ၏လမ်းခရီးကို အတားအဆီး



ဖြစ်နိုင်ခြင်းကြောင့်ဖြစ်သည်။ လူတို့ကိုတွန်းပို့ခြင်းမပြုဘဲ လက်တွဲပို့ဆောင်ရမည်။ [Ev 263.1]

အမှန်တရားကိုနေရာတိုင်းသို့သယ်ဆောင်သွားရာ၌ ကျန်းမာခြင်းအစာကိုပြင်ဆင်ခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာကို လူတို့အားသင်ကြားပေးသင့်သည်။ နေရာတိုင်း၌ရှိသောသူတို့အား မိမိတို့၏နေရာဒေသ၌ရရှိသောအစာကို ကောင်းမွန်စွာမည်ကဲ့သို့အသုံးပြုရမည့်အကြောင်း ကျွမ်းကျင်သောဆရာများအားဖြင့် သင်ကြားပို့ချရန် ဘုရားသခင်ဆန္ဒရှိသည်။ သို့မှသာဆင်းရဲချမ်းသာမရွေး ကျန်းမာစွာနေထိုင်နိုင်ရန် သူတို့ကိုသင်ကြားပို့ချပေးနိုင်လိမ့်မည်။ Gospel Workers, p. 233. (1915) [Ev 263.2]

**၎င်းကိုရှေ့တန်း၌ထားပါ –** ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအလုပ်သည် ကျွန်ုပ်တို့၏ကမ္ဘာထဲ၌ ဒုက္ခဆင်းရဲခြင်းများကိုလျော့နည်းစေရန်အတွက်နှင့် သူ၏အသင်းတော်ကိုသန့်ရှင်းဖြူစင်စေရန်အတွက် ဘုရားသခင်၏နည်းလမ်းများဖြစ်သည်။ လူတို့၏ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကျန်းမာခြင်းပြန်လည်ရရှိရန် ဘုရားသခင်အမှုဆောင်နှင့်အတူ ပူးပေါင်းခြင်းအားဖြင့် ဘုရားသခင်၏မစခြင်းလက်များကဲ့သို့ သူတို့ဆောင်ရွက်နိုင်ရန် လူတို့ကိုသင်ကြားပေးသည်။ ဤအလုပ်၌ ကောင်းကင်၏အမှတ်အသားရှိပြီး တန်ဖိုးရှိသောအခြားတန်ဖိုးရှိသည့် အမှန်တရားများ၏ဝင်ပေါက်အတွက် တံခါးများကိုဖွင့်ပေးပါလိမ့်မည်။ ဤလုပ်ငန်းကို ပါးနပ်စွာဖြင့်လုပ်ဆောင်တတ်သူအားလုံးအတွက် လုပ်ဆောင်ရန်အခန်းကဏ္ဍရှိသည်။ [Ev 263.3]

ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအလုပ်ကို ရှေ့တန်း၌ထားရမည့်သတင်းကိုပြောရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ ၎င်း၏တန်ဖိုးကိုပြတ်သားစွာဖော်ပြခြင်းအားဖြင့် ၎င်းကိုနေရာတိုင်း၌လိုအပ်ကြောင်း အားလုံးခံစားစေကြပါ။ ဘေးဥပဒ်ပေးသည့်အစာနှင့်အရည်အားလုံးကို ရှောင်ရှားခြင်းသည် စစ်မှန်သောဘာသာရေး၏အသီးဖြစ်သည်။ ကောင်းမွန်စွာပြောင်းလဲသောသူသည် ဒုက္ခပေးမည့်အကျင့်ဓလေ့နှင့် ကိုယ်ခန္ဓာ၏တောင့်တမှုအားလုံးကို စွန့်ပစ်ပေ

လိမ့်မည်။ လုံးလုံးရှောင်ရှားခြင်းအားဖြင့် ကျန်းမာရေးကိုပျက်စီးစေသည့်စိတ်အလိုသို့လိုက်ခြင်းများအတွက် သူ၏ဆန္ဒကို သူအောင်မြင်ပါလိမ့်မည်။

ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းပညာပေးသူများတို့ကို ရှေ့သို့သာချီတက်ပါဟုပြောရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ ကိုယ်ကျင့်တရားဝမ်းနည်းပူဆွေးခြင်း၏ဒီရေကို သင်တားဆီးနိုင်ရန် ကမ္ဘာကြီးသည် တန်ခိုးသြဇာ၏သေးငယ်သောအရာတိုင်းကိုလိုနေသည်။ တတိယကောင်းကင်တမန်သတင်းစကားသွန်သင်သူများတို့သည် မိမိတို့၏အရောင်အဆင်းများတို့၌ သစ္စာရှိစွာရပ်တည်စေပါ။ Testimonies, vol. 9, pp. 112,113. (1909) [Ev 264.1]

**အရက်နှင့်ဆေးရွက်ကြီးမှလုံးလုံးကင်းရှင်းခြင်း** – လူတို့သည် သမ္မာကျမ်းစာ၏စည်းမျဉ်းဥပဒေများနှင့်ဆန့်ကျင်သည့် အကျင့်ဓလေ့များစွာရှိနေကြသည်။ သေသောက်ကြူးသောသားကောင်များနှင့် ဆေးရွက်ကြီးတို့သည် စိတ်၊ ခန္ဓာနှင့်ဝိညာဉ်ကိုပျက်စီးစေသည်။ ထိုသို့သောသူများတို့ကို စစ်မှန်သောပြောင်းလဲခြင်း သူတို့၌မတွေ့ရမချင်း သူတို့ကိုယ်၌ ဝိညာဉ်ကိုဖြူစင်စေပြီး မေတ္တာအားဖြင့်အလုပ်လုပ်သောယုံကြည်ခြင်း သူတို့၌လိုအပ်ကြောင်း ခံစားမှုမရှိမချင်း အသင်းတော်ထဲသို့သူတို့ကိုလက်ခံခြင်းမပြုသင့်ပါ။ ဘုရားသခင်၏အမှန်တရားသည် စစ်မှန်သောယုံကြည်သူကို ဖြူစင်စေလိမ့်မည်။ ကောင်းမွန်စွာပြောင်းလဲသောသူသည် မကောင်းသောအကျင့်ဓလေ့နှင့် ကိုယ်ခန္ဓာ၏တောင့်တမှုအားလုံးကို စွန့်ပစ်ပေလိမ့်မည်။ လုံးလုံးရှောင်ရှားခြင်းအားဖြင့် ကျန်းမာရေးကိုပျက်စီးစေသည့် စိတ်အလိုသို့လိုက်ခြင်းများအတွက် သူ၏အလိုဆန္ဒကို သူအောင်မြင်လိမ့်မည်။ Letter 49, 1902. [Ev 264.2]

**ပြောင်းလဲခြင်းအတွက်အောင်မြင်ခြင်း၏လျှို့ဝှက်ချက်** – ပထမဦးဆုံးနှင့်အရေးကြီးဆုံးသောအရာသည် ယေရှုခရစ်တော်ကိုအပြစ်သယ်ဆောင်သူ၊ အပြစ်ဖြေလွှတ်သောကယ်တင်ရှင်တစ်ဦးအဖြစ် ဧဝံဂေလိတရားကို ရှင်းနိုင်သရွေ့ရှင်းလင်းစွာဟောပြောခြင်းအားဖြင့် ဝိညာဉ်ကိုအရည်ပျော်သွားပြီး ပျော့ပျောင်းစေရန်ဖြစ်သည်။ [Ev 264.3]



သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့နှင့်အလုပ်လုပ်သောအခါ စခန်းအစည်းအဝေး၌ဆောင်ရွက်သကဲ့သို့ ခရစ်တော်ကြွလာခြင်းအတွက်ပြင်ဆင်မှုမရှိသူများပင် ပြောင်းလဲသွားကြသည်။ မည်သည့်ဘုရားကျောင်းကိုမျှ နှစ်ပေါင်းများစွာမတက်ရောက်ခဲ့သောသူတို့ပင် ဤကျွန်ုပ်တို့၏အစည်းအဝေးသို့တက်ရောက်ခြင်းအားဖြင့် ပြောင်းလဲလာကြသည်။ ရိုးစင်းသောအမှန်တရားသည် သူတို့၏စိတ်နှလုံးကိုပြောင်းလဲစေသည်။ လူတိုင်း၏စိတ်ကိုတို့ထိစေသည်။ ဆေးရွက်ကြီးသုံးစွဲသူများ မိမိတို့၏အကျင့်ဓလေ့ကိုစွန့်ပစ်ပြီး အရက်သောက်သူသည် အရက်ကိုဖြတ်နိုင်သည်။ အကယ်၍ သူတို့၏အပြစ်များကိုဖြေလွှတ်ရန်အတွက် ဘုရားသခင်၏ကတိတော်များကိုယုံကြည်ခြင်းအားဖြင့် သူတို့ကိုင်ဆွဲထားနိုင်ခြင်းမရှိပါက ဤကဲ့သို့သူတို့ပြုလုပ်နိုင်ကြမည်မဟုတ်ပါ။ ဤကဲ့သို့ကြိုးစားပြီး ဝိညာဉ်များကိုကယ်တင်ခြင်းသည် မထိုက်တန်ဘဲဖြစ်နေပါသလား။ Letter 4, 1899. [Ev 264.4]

**အောက်ခြေ၌စတင်ပြုပြင်ခြင်း** – အရက်သောက်ခြင်းသည် အဆိုးဆုံးသောကာမဂုဏ်ခံစားခြင်းကိုအားပေးပြီး မာရ်နတ်၏စိတ်ဓာတ်ကိုမွေးမြူရန်ခွန်အားပေးသည်။ ဤအရာများကိုရင်ဆိုင်ရပြီး အရက်သောက်ခြင်း၏ဆိုးကျိုးများကိုမြင်ရသောအခါ မိမိတို့၌ရှိသမျှသောခွန်အားအားဖြင့် ဤကြီးမားသောဆိုးသွမ်းမှုကို ဘုရားသခင်အားကူညီတိုက်ခိုက်စေလိုသောစိတ်မဖြစ်ပေါ်ဘဲရှိနေပါသလား။ အရက်သောက်ခြင်း၏အောက်ခြေ၌ စားသောက်ခြင်း၏မှားယွင်းသောအကျင့်ဓလေ့များရှိနေသည်။ လက်ရှိအမှန်တရားကိုယုံကြည်သောသူတို့သည် လက်ဖက်၊ သို့မဟုတ် ကော်ဖီသောက်ခြင်းကိုရှောင်ရှားသင့်ခြင်းမှာ မကောင်းမှုပြုလိုသောဆန္ဒကို ပို၍အားပေးသောကြောင့်ဖြစ်သည်။ သူတို့သည် အသားစားခြင်းကိုရှောင်ရှားသင့်သည်။ ဤအရာသည် အရက်သောက်ကြူးခြင်းဆန္ဒကို နှိုးဆွပေးခြင်းကြောင့်ဖြစ်သည်။ ကျန်းမာခြင်းအစာကို အရသာရှိစွာကျွမ်းကျင်မှုဖြင့်ပြင်ဆင်ထားခြင်းသည် ယခုအချိန်အတွက် ကျွန်ုပ်တို့၏အစားအစာဖြစ်သင့်သည်။ [Ev 265.1]

ကျန်းမာရေးပြုပြင်ပြောင်းလဲသူမဟုတ်သောသူများတို့သည် မိမိတို့ကိုယ်ကိုဂရုမစိုက်ဘဲ ဖြစ်သလိုနေထိုင်ကြသည်။ သူတို့၏အာဟာရတောင့်တမှုအလိုသို့လိုက်ခြင်းအားဖြင့် မိမိတို့၏ကိုယ်ကို ကြောက်မက်ဖွယ်သောဒုက္ခဖြင့်ပေးနေကြသည်။ တချို့သောသူတို့အနေဖြင့် အစားအစာကို ဘာသာရေးထဲ၌ထည့်သွင်းရန်အရေးမကြီးဟု ထင်ကြပါသည်။ သို့သော် ၎င်းထင်မြင်ခြင်းသည် ကြီးမားသောမှားယွင်းခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖော်ပြသည်မှာ၊ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" ဟုဖြစ်ပါသည်။ ချုပ်တည်းခြင်းအကြောင်းအရာသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် အရေးကြီးသောအရာတစ်ခုအဖြစ် အမြဲပါဝင်နေသည်။ အကြောင်းမှာ မှားယွင်းသောအစာစားသုံးခြင်းအကျင့်ခလေ့သည် ကမ္ဘာပေါ်၌ အကျင့်တရားယိုယွင်းမှုတစ်နေ့တခြားပို၍များလာစေသောကြောင့်ဖြစ်သည်။ Letter 49, 1902. [Ev 265.2]

**မချုပ်တည်းနိုင်ခြင်းအတွက်ကိုယ်တိုင်လုပ်ဆောင်ခြင်း –** သာသနာ့လုပ်ငန်းသည် တရားဟောခြင်းသက်သက်သာလျှင်မဟုတ်ပါ။ ကိုယ်တိုင်ဆောင်ရွက်ရမည့် မိမိတို့၏ကျန်းမာရေးကို ဒုက္ခပေးခြင်းနှင့် မိမိတို့၏ကိုယ်ကို အာဟာရတောင့်တစိတ်နှင့်တပ်မက်ခြင်းကိုထိန်းချုပ်၍မရသော ကိုယ်ကျင့်တရားတန်ခိုးအောက်၌ အပ်နှံခြင်းရှိသူများအတွက်ပါဝင်ပါသည်။ ဤပုဂ္ဂိုလ်များအတွက် ပို၍ကောင်းသောအခြေအနေသို့ရောက်ရှိရန် ဆောင်ရွက်ပေးရမည်။ ကျွန်ုပ်တို့၏ကမ္ဘာသည် ဒုက္ခသည်များတို့နှင့်ပြည့်လျှံလျက်ရှိသည်။ [Ev 265.3]

ဘုရားသခင်သည် မိမိ၏စည်းမျဉ်းဥပဒေကို လူကိုယ်ခန္ဓာ၏အကြောနှင့်ကြွက်သားများ၊ အမျှင်နှင့်လှုပ်ရှားမှုတိုင်းအပေါ်၌ ရေးသားထားခဲ့ပါသည်။ သဘာဝမဟုတ်သော အာဟာရတောင့်တမှု၏စိတ်အလိုလိုက်ခြင်းများဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ ဆေးရွက်ကြီး၊ သို့မဟုတ် အရက်များကို မချုပ်တည်း



နိုင်ခြင်းသည် အသက်နှင့်ကျန်းမာခြင်း၏စည်းမျဉ်းဥပဒေများနှင့် စစ်ပြိုင်လျက်ရှိသည်။ ဤတားမြစ်ထားသောအရာများကို သုံးဆောင်ခြင်းအားဖြင့် ဖန်ဆင်းရှင်မှပုံသွင်းထားခဲ့ခြင်းတစ်ခါမျှမရှိခဲ့သည့် ကိုယ်ခန္ဓာအခြေအနေများဖြစ်ပေါ်လာပါသည်။ လူသားမိသားစု၏မိသားစုဝင်များ၌ ဤစိတ်အလိုလိုက်ခြင်းသည် အပြစ်ဖြစ်သည်။ ကောင်းသောသွေးသားတည်ဆောက်ခြင်းမပေးသည့် အစာကိုစားခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများ၏စည်းမျဉ်းဥပဒေများနှင့်ဆန့်ကျင်နေပြီး ဘုရားသခင်၏စည်းမျဉ်းဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်။ အကြောင်းအရာသည် အကျိုးကိုဖြစ်ပေါ်စေသည်။ ဒုက္ခဆင်းရဲခြင်း၊ ရောဂါဝေဒနာနှင့်သေခြင်းတို့သည် စိတ်အလိုလိုက်ခြင်း၏သေချာသောပြစ်ဒဏ်ဖြစ်သည်။ Letter 123, 1899. [Ev 265.4]

**ပျော်ရွှင်မှုအတွက်ရှာဖွေခြင်း –** များစွာသောလူတို့သည် လောက၏ပျော်ပါးခြင်းများ၌ ပျော်ရွှင်မှုကိုအချည်းနှီးရှာဖွေကြသည်။ သူတို့၌မရှိသောအရာကို အသည်းအသန်တောင့်တနေကြသည်။ သူတို့သည် အစာမဟုတ်သောအရာဖြင့် ငွေကိုဖြုန်းတီးကြပြီး၊ ကျေနပ်မှုမပေးနိုင်သည့်အရာအတွက် သူတို့လုပ်ဆောင်ကြသည်။ ဆာလောင်ခြင်း၊ ငတ်ပြတ်ခြင်းရှိသောဝိညာဉ်သည် ကျေနပ်ခြင်းကိုမပေးနိုင်သည့် ပျော်ရွှင်မှုများကိုရှာဖွေနေသရွေ့ ဆက်လက်ပြီးဆာလောင်ခြင်း၊ ငတ်ပြတ်ခြင်းရှိနေမည်သာဖြစ်သည်။ ထိုကြောင့် ထိုသို့သောသူများအားလုံး ယေရှု၏စကားသံကိုနားထောင်ကြပါ။ "ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့။" အသက်ရေကိုသောက်သုံးသောသူတို့သည် အရေးမကြီးဘဲ စိတ်လှုပ်ရှားစေသောပျော်ရွှင်မှုများကို မည်သည့်အခါမျှဆာငတ်ခြင်းမရှိတော့ပါ။ ခရစ်တော်အသက်စမ်းရေသည် ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်း၏စမ်းရေတွင်းဖြစ်ပါသည်။ [Ev 266.1]

ဘုရားသခင်သည် လူတို့အားစွမ်းရည်နှင့်ဆုကျေးဇူးအမျိုးမျိုးကိုပေးထားခြင်းမှာ အကျိုးမဲ့ပေးထားခြင်း၊ သို့မဟုတ် မိမိတို့၏ပျော်ရွှင်ခြင်းနှင့်အတ္တအလိုသို့လိုက်ခြင်းအတွက် အသုံးပြုရန်မဟုတ်ပါ။ လူတို့ကိုသာသနာ့

လုပ်ငန်းအတွက်ကြိုးစားဆက်ကပ်လုပ်ဆောင်နိုင်ခြင်းအားဖြင့် အခြားသူများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန် ပေးထားခြင်းဖြစ်သည်။ The Youth's Instructor, Nov. 6, 1902. [Ev 266.2]

**ပြပွဲများနှင့်ပွဲလမ်းသဘင်များ –** စာတန်၏ကြီးစိုးသောအမျက်ဒေါသသည် လူတို့အားပြပွဲများနှင့်ပွဲလမ်းသဘင်သရုပ်ဆောင်ခြင်းများတို့ကို စွဲလမ်းစေရန်အတွက်နှင့် အသိတရားမှားယွင်းစေရန်အတွက်ဖြစ်သည်။ ဤအလုပ်၌ပါဝင်ကြသောသူအားလုံးတို့၏ဗဟုသုတနှင့်စာရိတ္တတို့သည် မိမိတို့၏စိတ်အတွက်ရရှိခဲ့သောအစာအတိုင်းသာလျှင်ဖြစ်သည်။ [Ev 266.3]

ဘုရားသခင်သည် ကမ္ဘာအတွက်သူ့မေတ္တာ၏အထောက်အထားကိုပေးခဲ့သည်။ သူလုပ်ခဲ့သမျှတို့၌ မှားယွင်းခြင်းမရှိခဲ့ပါ။ သူသည် အသက်ရှင်သောပေးကမ်းခြင်းတစ်ခုကိုပေးခဲ့ပြီး ရှုတ်ချခြင်းဒုက္ခကိုခံနိုင်ခြင်း၊ စွန့်ပစ်ခံခြင်း၊ အရှက်ခွဲခံခြင်းနှင့်အပြစ်တင်ခံခြင်းများကိုခံခဲ့ရသည်။ ဤအရာများကိုပြုရခြင်းသည် အပြစ်သားများကိုကယ်ရန်အတွက်ဖြစ်သည်။ လူသားများသူ့ကိုဖျက်ဆီးရန်ကြံစည်ခြင်းနှင့် နည်းစနစ်များကိုဖန်တီးကြသောအခါ၊ ဘုရားသခင်၏သားတော်သည် ကျွန်ုပ်တို့ကမ္ဘာသို့ဆင်းလာပြီး လူကိုရွေးနုတ်၍ ကယ်တင်ရမည့်ကြီးမားသောအလုပ်၏ပုံသက်သေတစ်ခုကိုပေးရန်ဖြစ်သည်။ သို့သော် ယနေ့စိတ်နေမြင့်ပြီး နားမထောင်သောသူတို့သည် သူတို့၏ဘုရားပေးထားသောအရာများတို့ကို ပျော်ရွှင်မှုအတွက်အသုံးပြုခြင်းအားဖြင့် မိမိတို့၏လူသားအချင်းချင်းထံနာမည်ကြီးရန်နှင့် ဂုဏ်သတင်းကျော်ကြားရန် ကြိုးစားရယူကြပါသည်။ Manuscript 42, 1898. [Ev 267.1]

**ပျော်ရွှင်မှုမြတ်နိုးသူများအတွက်လုပ်ဆောင်ခြင်း –** ယာကုပ်ရေတွင်းကိုဂရုမစိုက်ဘဲနေရမည့်အစား ခရစ်တော်သည် တိုင်းတာ၍မရသည့် သာ၍ကောင်းသောအရာတစ်ခုကိုဖော်ပြခဲ့သည်။ အမျိုးသမီးတစ်ဦးကိုသူမ၏ပိုင်ဆိုင်မှုများထက်သာ၍ကောင်းသောအရာ၊ အသက်စမ်းရေဖြစ်သည့်သူ၏နိုင်ငံတော်ဧဝံဂေလိတရား၏ပျော်ရွှင်ခြင်းနှင့် မျှော်လင့်ခြင်းကိုပေးခဲ့သည်။ [Ev 267.2]



ဤအရာသည် ကျွန်ုပ်တို့လုပ်ဆောင်ရန်နည်းလမ်းပုံပမာတစ်ခုဖြစ်ပါသည်။ ပျော်ရွှင်မှုမြတ်နိုးသူများ၊ ပွဲလမ်းသဘင်သို့သွားသောသူများ၊ အရက်သမားများ၊ မြင်းပြိုင်သူများ၊ ဖဲကစားသမားများတို့ထံသို့သွားပြီး သူတို့၏အပြစ်အတွက် သူတို့အားပြင်းထန်စွာဆုံးမခြင်းသည် ကျွန်ုပ်တို့အတွက်အကျိုးမရှိပါ။ ဤအရာသည် ကောင်းကျိုးပေးသောအရာမဟုတ်ပါ။ သူတို့နှင့်ရှိနေသောအရာထက်သာ၍ကောင်းသော အဘယ်သူမျှကြံ၍မမီနိုင်သောခရစ်တော်အားဖြင့် ဘုရားသခင်၏ငြိမ်သက်ခြင်းကိုပေးရမည်။ [Ev 267.3]

ဤသနားဖွယ်ဝိညာဉ်များတို့သည် လောက၏ပျော်ရွှင်မှုနှင့်ကြွယ်ဝချမ်းသာခြင်း၏နောက်သို့ သဲသဲမဲမဲလိုက်ခြင်း၌ပါဝင်နေကြသည်။ သူတို့၌ဤအရာများထက်သာ၍မက်မောစရာရှိသောအရာရှိနေခြင်း၏အသိတရားမရှိပါ။ သို့သော် ကစားပွဲများ၊ ပွဲလမ်းသဘင်များ၊ မြင်းပြိုင်ခြင်းများ အစရှိသည်တို့သည် စိတ်ကိုကျေနပ်မှုမပေးနိုင်ပါ။ ဤနည်းဖြင့်ကျေနပ်ခြင်းရှိရန်နှင့်အစာမဟုတ်သောအရာအတွက် မိမိတို့၏ငွေကိုဖြုန်းတီးရန် လူသားများတို့ကိုဘုရားသခင်မဖန်ဆင်းခဲ့ပါ။ သူတို့အားကွယ်ပျောက်တတ်သော လောကပျော်ရွှင်မှုနှင့်စည်းစိမ်ဥစ္စာထက် သာ၍များစွာတန်ဖိုးဖြတ်၍မရသော မပျက်စီးနိုင်သည့်ကောင်းကင်နိုင်ငံ၏ဘုန်းတော်ရှိကြောင်းကိုပြပါ။ သူတို့အားဧဝံဂေလိတရားထဲ၌ လွတ်လပ်ခြင်း၊ မျှော်လင့်ခြင်း၊ ခိုနားခြင်း၊ ငြိမ်သက်ခြင်းများရှိကြောင်းနားလည်သဘောပေါက်စေပါ။ "ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန်အဆာအငတ်မခံရ" ဟုယေရှုပြောခဲ့ပါသည်။ Manuscript 12, 1901. [Ev 267.4]

**ဝတ်ဆင်မှုနှင့်ပျော်ရွှင်မှုအတွက်ညွှန်ကြားချက်များ –** အမှန်တရားသို့ရောက်ရှိလာသောလူသစ်တို့အား ခရစ်ယာန်အသက်တာ၏စည်းမျဉ်းများကို ရှင်းလင်းစွာပြောပြသင့်သည်။ သစ္စာရှိသောသူတို့သည် ပြောင်းလဲသောဝိညာဉ်ကိုယေရှုခရစ်တော်အထဲ၌ရှိသော ဖြောင့်မတ်ခြင်း၏အသိတရားကို မှန်ကန်စွာနားလည်ရန် ခေါ်ဆောင်လာလိုသော ပြင်းပြသည့်စိတ်ဝင်စားမှုရှိသင့်သည်။

အကယ်၍ တစ်ဦးတစ်ယောက်သည် ပျော်ရွှင်မှုကိုလိုလားတောင့်တခြင်း၊ သို့မဟုတ် ဝတ်စားဆင်ယင်မှုမြတ်နိုးခြင်း၌ လွန်စွာစိတ်ဝင်စားခြင်းရှိပါက သူတို့၏စိတ်ဝိညာဉ်နှင့်ခွန်အားများတို့သည် အတ္တစိတ်အလိုလိုက်ခြင်း၌ စွဲလမ်းသွားကြမည်ဖြစ်သည်။ ထို့ကြောင့် သစ္စာရှိသောယုံကြည်သူတို့သည် ဤဝိညာဉ်များတို့အပေါ်တာဝန်ရှိသည့်အတွက် သူတို့အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ နုနယ်သောပြောင်းလဲသူများတို့ကို လျစ်လျူရှုထားခြင်းမပြုဘဲ သစ္စာရှိစွာ၊ နူးညံ့သိမ်မွေ့စွာနှင့် မေတ္တာဖြင့်သွန်သင်ရန်လိုအပ်သည်။ စိတ်မပါဘဲလုပ်ဆောင်ရမည့်အလုပ်တစ်ခုမဟုတ်ပါ။ Manuscript 56, 1900. [Ev 268.1]

**မှားယွင်းသောဝတ်စားဆင်ယင်မှုအပေါ် ယုံကြည်သူအသစ်များတို့အတွက်ညွှန်ကြားခြင်း –** အသစ်ပြောင်းလဲလာသူများအတွက် သွန်သင်ရမည့်လိုအပ်သည့်အရာတစ်ခုမှာ ဝတ်စားဆင်ယင်ခြင်းဖြစ်ပါသည်။ ၎င်းကိစ္စအပေါ် အသစ်ပြောင်းလဲလာသူများတို့အား သစ္စာရှိစေပါ။ ဝတ်စားဆင်ယင်မှုအပေါ် ဂရုမစိုက်သူများဖြစ်နေပါသလား။ စိတ်နေမြင့်ခြင်းကို မြတ်နိုးသောသူများဖြစ်နေပါသလား။ ဝတ်စားဆင်ယင်ခြင်းကိုမက်မောခြင်းသည် လူ့ကျင့်ဝတ်နှင့်ဆိုင်သောရောဂါတစ်ခုဖြစ်သည်။ အသစ်သောပြောင်းလဲလာသည့်ဘဝအသက်တာ၌မရှိစေရပါ။ အကြောင်းရင်းများစွာတို့၌၊ ဧဝံဂေလိတရားလိုအပ်ချက်များ၌ ဆက်ကပ်အပ်နှံခြင်းသည် တိကျသောဝတ်စားဆင်ယင်မှုပြောင်းလဲခြင်းတစ်ခုကို ပြုလုပ်ဖို့ရန်တောင်းဆိုလိမ့်မည်။ [Ev 268.2]

ဝတ်စားဆင်ယင်ခြင်းကိုအလေးမထားသောစိတ်မရှိသင့်ပါ။ ခရစ်တော်အတွက်သက်သေခံသောကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပြင်ပပေါ်လွင်မှုကို အကောင်းဆုံးထားရှိသင့်သည်။ တဲတော်လုပ်ငန်းထဲတွင် ဘုရားရှေ့၌တာဝန်ထမ်းဆောင်ရသောသူတို့အတွက် ဘုရားသခင်သည် ဝတ်ဆင်ရမည့်ဝတ်လုံနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏အမှုထမ်းများအတွက် ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်ပြီး အရေးတကြီးထားကြောင်း ကျွန်ုပ်တို့ကိုသင်ကြားပေးခဲ့ပါသည်။ အာရုန်၏ဝတ်လုံ





နှင့်ပတ်သက်ပြီး တိကျသောညွှန်ကြားချက်များကို ပေးထားခဲ့ပါသည်။ အကြောင်းမှာ သူ၏ဝတ်လုံသည် အထိမ်းအမှတ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ခရစ်တော်နောက်လိုက်သူများတို့၏အဝတ်အစားသည် အထိမ်းအမှတ်ဖြစ်သင့်သည်။ အရာခပ်သိမ်းတို့၌ ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်စားလှယ်များဖြစ်ရကြမည်။ ကျွန်ုပ်တို့၏ပြင်ပပေါ်လွင်မှုအားလုံးတို့သည် သပ်ရပ်ခြင်း၊ ယဉ်ကျေးခြင်း၊ ဖြူစင်ခြင်းရှိသင့်သည်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား ခေတ်နှင့်အညီဝတ်စားဆင်ယင်ခြင်း၌ လောကနှင့်တူရန်ခွင့်ပြုထားခြင်းမရှိပါ။ ခရစ်ယာန်များတို့သည် မိမိတို့၏ကိုယ်ကိုတန်ဖိုးကြီးသောအဝတ်အစား၊ သို့မဟုတ် တန်ဖိုးကြီးသောဆင်ယင်မှုများတို့ဖြင့် ဝတ်စားဆင်ယင်ခြင်းမပြုရပါ။ [Ev 268.3]

ဝတ်စားဆင်ယင်ခြင်းနှင့်ပတ်သက်သော နှုတ်ကပတ်တော်၏ပြောဆိုချက်များကို သေချာစွာစဉ်းစားဆင်ခြင်သင့်သည်။ ကိုယ်ခန္ဓာဝတ်စားဆင်ယင်ခြင်းအပေါ်၌ပင် ကောင်းကင်ဘုံရှင်ဘုရားသခင်နှစ်သက်ကြောင်း ကျွန်ုပ်တို့နားလည်ရန်လိုသည်။ ခရစ်တော်၏ကျေးဇူးတော်ကို စိတ်ပါဝင်စားစွာရှာဖွေသောသူတို့သည် ဘုရားသခင်၏မွန်မြတ်သော ဘုရားသခင်နှုတ်ကပတ်သွန်သင်ချက်ကို နာခံကြလိမ့်မည်။ ကိုယ်ခန္ဓာ၏ပြင်ပပေါ်လွင်ထင်ရှားပုံကို ပင်လျှင် ဧဝံဂေလိအမှန်တရားကို ဖော်ပြပေလိမ့်မည်။ [Ev 269.1]

သခင်ခရစ်တော်၏အသက်တာကိုလေ့လာပြီး သူ၏သွန်သင်ချက်များကို လိုက်နာကြသောသူအားလုံးတို့သည် ခရစ်တော်နှင့်တူလာပါလိမ့်မည်။ သူတို့၏တန်ခိုးဩဇာသည် ခရစ်တော်ကဲ့သို့ဖြစ်လိမ့်မည်။ သူတို့သည် ကောင်းသောအကျင့်စာရိတ္တကိုဖော်ပြလိမ့်မည်။ သူတို့သည် နာခံခြင်း၏နှိမ့်ချသောလမ်း၌လျှောက်နေပြီး၊ ဘုရားသခင်၏အလိုတော်ကိုဆောင်သကဲ့သို့ ဘုရားသခင်၏အမှုတော်တိုးတက်ရေးနှင့် ဘုရားသခင်၏လုပ်ငန်းကျန်းမာဖြူစင်ခြင်းကိုပြောရန်အတွက် တန်ခိုးဩဇာကိုလည်း သူတို့ကြိုးစား၍ရယူကြသည်။ ဤကဲ့သို့ကောင်းမွန်စွာပြောင်းလဲသောဝိညာဉ်များအားဖြင့် ကမ္ဘာ့အတွက်လူတို့၏

စာရိတ္တအပေါ် အမှန်တရားသည် သန့်ရှင်းခြင်းပေးနိုင်သောတန်ခိုးရှိကြောင်းကို သက်သေပြနိုင်လိမ့်မည်။ Testimonies, vol. 6, pp. 96, 97. (1900) [Ev 269.2]

**ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်အညီလိုက်လျှောက်ခြင်း –** အဝတ်အစား၌ မိမိကိုယ်ကိုငြင်းပယ်ခြင်းသည် ကျွန်ုပ်တို့ခရစ်ယာန်၏တာဝန်ဖြစ်သည်။ ရိုးရိုးယဉ်ယဉ်ဝတ်ဆင်ခြင်းနှင့် ရတနာဖြင့်အလှဆင်ခြင်းအမျိုးမျိုးမှ ရှောင်ကြဉ်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ကိုက်ညီသည်။ ကျွန်ုပ်တို့သည် အဝတ်အစားတပ်မက်မောခြင်းနှင့် ပျော်ရွှင်မှုမြတ်နိုးခြင်းတို့ကို လောကီမိုက်မဲခြင်းဟုတွေ့မြင်သောသူများအထဲ၌ ပါဝင်နေပါသလား။ အကယ်၍ပါဝင်ခဲ့လျှင် ကျွန်ုပ်တို့သည် ဤလောကအတွက်သာလျှင်အသက်ရှင်ပြီး လာမည့်အရာအတွက်မစဉ်းစားသောသူများတို့၏စိတ်နှင့်နှလုံးကိုပိုင်ဆိုင်သော ဤစိတ်ဓာတ်ကိုခွင့်ပြုသည့် အရာခပ်သိမ်းတို့ကိုရှောင်သောလူမျိုးအထဲ၌ပါသင့်သည်။ Testimonies, vol. 3, p. 366. (1875) [Ev 269.3]

**ခရစ်တော်၊ သို့မဟုတ် လောကနှင့်တူညီခြင်း –** ညီအစ်မတစ်ယောက်သည် ကျွန်ုပ်တို့၏သင်တန်းကျောင်း၌နှစ်ပတ်ကြာနေပြီးနောက် တွေ့မြင်ကြားသိရသည့်အရာများအပေါ် သူမအလွန်စိတ်ပျက်အားငယ်မှုခံစားရကြောင်းပြောခဲ့ပါသည်။ သူမသည် အမှန်တရားကိုလက်မခံမီ လောက၏ခေတ်နှင့်အညီဝတ်စားဆင်ယင်ခဲ့ပြီး တန်ဖိုးကြီးသောကျောက်မျက်ရတနာများကို ဆင်မြန်းခဲ့ပါသည်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလိုက်လျှောက်ရန် သူမ၏စိတ်ကိုဆုံးဖြတ်ချက်ချသောအခါ သမ္မာကျမ်းစာသွန်သင်ချက်အရ၊ ၎င်းဆင်ယင်မှုများတို့ကို ဘေးဖယ်လိုက်ရန်လိုအပ်ကြောင်း သူမခံစားရပါသည်။ သတ္တမနေ့အသင်းဝင်များတို့သည် ကျောက်မျက်ရတနာများ၊ ရွှေ၊ ငွေ၊ တန်ဖိုးရှိသောကျောက်များတို့ကိုမဝတ်ဆင်ကြောင်းနှင့် သူတို့၏ဝတ်ဆင်မှု၌ လောကခေတ်ဆန်ခြင်းနှင့်အညီမကျင့်သုံးကြောင်းတို့ကို သူမသွန်သင်ခြင်းခံခဲ့ရပါသည်။ သူမသည် ယုံကြည်သူများအထဲ၌ မိမိတို့၏ဝတ်စားဆင်ယင်



ခြင်းမှာ ကျမ်းစာဖော်ပြချက်နှင့်များစွာကွာခြားနေခြင်းကိုတွေ့ရသောအခါ သူမ၏စိတ်ကိုရှုပ်ထွေးစေခဲ့သည်။ သူမလေ့လာခဲ့သောကျမ်းစာသည် သူတို့၏ကျမ်းစာနှင့်အတူတူပင်ဖြစ်ပြီး ၎င်းအတိုင်း သူမ၏အသက်တာကိုကြိုးစားပြောင်းလဲလိုက်ခြင်းမဟုတ်ပါလား။ လွန်ခဲ့သောသူမ၏ဗဟုသုတသည် အယူသီးခြင်းသက်သက်သာလျှင်ဖြစ်ခဲ့ခြင်းလား၊ တမန်တော်၏ပြောခဲ့သောစကားဖြစ်သည့် "လောကီမိတ်သဟာယသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့်မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။" ဤအချက်ကို အနက်လွဲမှားပြီးကောက်ယူခဲ့ပါသလား။ [Ev 270.1]

သင်တန်းကျောင်းအရာရှိတစ်ဦးဖြစ်သည့် မစ္စစ်ဒီသည် တစ်နေ့၌ ညီအစ်မ၏အခန်းထဲသို့အလည်အပတ်ရောက်ရှိလာသည်။ နောက်ပိုင်း၌ ဤညီအစ်မသည် မိမိရွှေဆွဲကြိုးနှင့်ရွှေလက်ကောက်များကို သူမ၏သေတ္တာထဲမှထုတ်ယူပြီး "ကျွန်မဒီကျောက်မျက်ရတနာများကိုရောင်းလိုက်ပြီး ဘုရားသခင်ရဲ့ဘဏ္ဍာထဲကိုလှူဒါန်းလိုက်ချင်တယ်" ဟုပြောပါသည်။ အခြားတစ်ဦးမှပြန်၍ပြောသည်မှာ၊ "ဘာဖြစ်လို့ခင်ဗျားရောင်းချင်တာလဲ၊ အကယ်၍ကျွန်မပစ္စည်းသာဆိုရင် ကျွန်မဝတ်မှာဘဲ" ဆိုပြီးပြောလိုက်ပါသည်။ ညီအစ်မပြန်ဖြေသည်မှာ "ဘာဖြစ်လို့လဲ၊ ကျွန်မအမှန်တရားရရှိတဲ့အချိန်တုန်းက ဒီအရာတွေကိုအားလုံးဘေးဖယ်လိုက်ရမယ်လို့ ကျွန်မသွန်သင်ခြင်းခံခဲ့ရပါတယ်။ တကယ်ပဲဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ဆန့်ကျင်နေပါတယ်" ဟုဖြစ်ပါသည်။ ၎င်းနောက် လည်ပတ်လာသူအား ညီအစ်မသည် တမန်တော်ပေါလုနှင့်ပေတရုပြောသောစကားများကို သူမဖတ်ပြလိုက်ပါသည်။ "ထိုနည်းတူ၊ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်သောအဝတ်နှင့်ကိုယ်ကိုမဆင်ဘဲ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အားရိုသေလေးမြတ်ခြင်းကိုဝန်ခံပြုစုသော မိန်းမဆင်သင့်သည်အတိုင်း ကောင်းသောအကျင့်နှင့်လည်းကောင်း

ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာ ငါအလိုရှိ၏။” “သင်တို့၌တန်ဆာဆင်ခြင်းမူကား ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင့်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့။” [Ev 270.2]

ပြန်လည်၍အဖြေပေးသည့်အနေဖြင့် ဤသင်တန်းကျောင်းအရာရှိအမျိုးသမီးသည် မိမိလက်ချောင်းထဲရှိ ရွှေလက်စွပ်ကိုထုတ်ပြလိုက်ပြီး ဤလက်စွပ်သည် ကျွန်မအားမယုံကြည်သူတစ်ဦးမှပေးထားသောလက်စွပ်ဖြစ်ပြီး ဤကဲ့သို့စွပ်ထားခြင်းအားဖြင့် အန္တရာယ်မရှိပါဟုသူမပြောပါသည်။ ကျွန်မတို့အနေဖြင့် ဒီလောက်တိတိကျကျလုပ်စရာမလိုပါဟု ယခင်သိရသည့်အတိုင်းဖြစ်ပါသည်။ ဤသင်တန်းကျောင်းမှအမျိုးသမီးများတို့သည် ရွှေနာရီ၊ ရွှေဆွဲကြိုးများတို့ကို အခြားလူများနည်းတူဝတ်ဆင်ကြပါသည်။ ကျွန်ုပ်တို့၏ဆင်ယင်မှုများသည် သူများတို့နှင့်မတူ၊ ထူးခြားခြင်းသည် ကောင်းသောစည်းမျဉ်းမဟုတ်ပါ။ သူတစ်ပါး၏ဩဇာကိုလည်း များစွာဆွဲဆောင်မှုပြုနိုင်မည်မဟုတ်ပါ။ [Ev 271.1]

ကျွန်ုပ်တို့မေးမြန်းသည်မှာ ဤအရာသည် ခရစ်တော်၏သွန်သင်ချက်နှင့်ကိုက်ညီပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလိုက်လျှောက်နေပါသလား၊ သို့မဟုတ် လောကဓလေ့ထုံးစံကိုလိုက်နေကြပါသလား။ ကျမ်းစာစံချိန်အတိုင်းနာခံခြင်းသည် အလုံခြုံဆုံးသောအရာဖြစ်သည်ဟု ကျွန်ုပ်တို့၏ညီအစ်မဆုံးဖြတ်ခဲ့ပါသည်။ မစ္စစ်ဒီနှင့်အခြားသူများလိုက်လျှောက်သည့် တူညီကြသောအရာသည် နောက်ဆုံးသောနေ့ရက်၌ လူတိုင်းမိမိတို့၏အလုပ်အားဖြင့် အကျိုးခံစားရလိမ့်မည်ဟုပြောသော နှုတ်ကပတ်တော်အတိုင်း သူတို့၏အပြုအမူအားဖြင့် ရရှိကြမည့်အကျိုးအတွက် သူတို့၏စိတ်ကိုချမ်းသာစေနိုင်ပါမည်လား။ [Ev 271.2]



ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြတ်သားသည်။ ၎င်း၏သွန်သင်ချက်များတို့သည် မှားယွင်းခြင်းမရှိပါ။ ကျွန်ုပ်တို့ကိုပေးထားသည့်အတိုင်း ၎င်းသွန်သင်ချက်များကို ကျွန်ုပ်တို့နားထောင်ကြမည်လား၊ သို့မဟုတ် ကျွန်ုပ်တို့သည် ၎င်းသွန်သင်ချက်များ၏အဓိပ္ပါယ်ကို မည်မျှလွဲချော်စေရန်ရှာဖွေရေးသားပြောဆိုလျက် ကယ်တင်ခြင်းရရန်မျှော်လင့်နေကြမည်လား။ ကျွန်ုပ်တို့နှင့်ဆက်နွယ်လျက်ရှိသောအဖွဲ့အစည်းများအားလုံးတို့သည် ဘုရားပေးသောအလင်းကိုလက်ခံပြီးလိုက်လျှောက်ကြကာ ၎င်းအလင်းကိုအမှောင်ထုထဲလျှောက်လှမ်းနေသောသူများတို့ထံ ပို့ဆောင်ကြရမည်။ [Ev 271.3]

လောကနှင့်ကိုက်ညီခြင်းသည် အပြစ်ဖြစ်ပြီး၊ ကျွန်ုပ်တို့လူများ၏ဝိညာဉ်ရေးကို တဖြည်းဖြည်းဖျက်ဆီးကာ သူတို့၏အသုံးဝင်ခြင်းကို ဆိုးရွာစွာဝင်ရောက်နှောင့်ယှက်မှုပေးသည်။ နေ့စဉ်အသက်တာ၏လုပ်ဆောင်ရွက်ခြင်း၌ ကျွန်ုပ်တို့ငြင်းဆန်သောအခါ၊ ကမ္ဘာသို့သတိပေးစကားဟောပြောခြင်းသည် ထိရောက်မှုမရှိနိုင်ပါ။ Review and Herald, March 28, 1882. [Ev 271.4]

**နှလုံးသား၏အလုပ်တစ်ခု** – လူတို့၏မှားသောအကျင့်ဓလေ့ဟု သူတို့ယူဆပြီးတိုက်ခိုက်ခြင်းအားဖြင့် လူတို့၏အသက်တာကို ကြိုးစားပြုပြင်သောသူများစွာရှိသည်။ အမှားပြုနေသည်ဟု သူတို့ထင်သောလူတို့ထံသို့သွားကာ သူတို့၏ချို့ယွင်းချက်များကိုဖော်ပြကြသည်။ “သင်ဝတ်ဆင်သင့်သလိုသင်မဝတ်ဆင်ပါ” ဟု သူတို့ပြောကြသည်။ ဆင်ယင်မှုများ၊ သို့မဟုတ်မည်သည့်မနှစ်သက်ဖွယ်သောအရာများတို့ကို သူတို့ကြိုးစား၍ဖယ်ရှားခြင်းပြုကြသော်လည်း လူတို့၏စိတ်နှလုံးကို အမှန်တရားဖြင့်ချည်နှောင်ထားရန် သူတို့ရှာဖွေခြင်းမပြုကြပါ။ သူတစ်ပါးကိုပြုပြင်ရန် ရှာဖွေသောသူတို့သည် ယေရှု၏ဆွဲဆောင်ခြင်းများကို တင်ပြဟောပြောသင့်ကြသည်။ သူတို့သည် ယေရှု၏မေတ္တာနှင့်သနားခြင်းကရုဏာကိုပြောဆိုရန်၊ သူ၏ပုံသက်သေနှင့်ပူဇော်ဆက်ကပ်ခြင်းကိုပြောဆိုရန်၊ သူ၏စိတ်သဘောထားကိုဖော်ပြရန်သင့်ပြီး ဝတ်စား

ဆင်ယင်ခြင်းအကြောင်းကို လုံးဝပြောဆိုရန်မလိုပါ။ သင့်ဘာသာရေး၏အဓိက အချက်၌ ဝတ်စားဆင်ယင်ခြင်းအကြောင်းကို ပြောရန်မလိုပါ။ ဤထက်သာ၍ တန်ဖိုးရှိသောအရာတစ်ခုကိုပြောရန်ရှိသည်။ ခရစ်တော်၏အကြောင်းကိုပြော ပြီးနောက် စိတ်နှလုံးပြောင်းလဲလာသောအခါ၊ ဘုရားသခင်၏နှုတ်ကပတ်တော် နှင့်မညီညွတ်သောအရာအားလုံး ပျောက်ကွယ်သွားလိမ့်မည်။ အသက်ရှင်သော သစ်ပင်၏အရွက်ကိုခူးခြင်းအလုပ်သည် အချည်းနှီးသက်သက်သာလျှင်ဖြစ် မည်။ အရွက်ပြန်လည်ပေါက်လာဦးမည်ဖြစ်သည်။ သစ်ပင်ရင်း၌ပုဆိန်ရှိရမည်။ သို့မှသာ အရွက်များကြွေကုန်ပြီး မည်သည့်အခါမျှအရွက်ပြန်လည်၍ပေါက် လာမည်မဟုတ်ပါ။ [Ev 272.1]

လူတို့အား တန်ဖိုးမရှိသည့်လောကအရာများတို့ကိုသွန်သင်မည့်အစား အသက်စမ်းရေရှိရာသို့ သင်ပို့ဆောင်ရမည်။ သူတို့အား မိမိတို့၏စိတ်နှလုံး များအထဲ၌ ဘုရားသခင်၏မေတ္တာဖြင့်ပြည့်ဝစေပြီး ခရစ်တော်သည် သူတို့ အထဲ၌ရှိကာ ထာဝရအသက်သို့ အသက်စမ်းရေထွက်ပေါ်လာသည့်တိုင်အောင် ခရစ်တော်ကိုသောက်စေရမည်။ Signs of the Times, July 1, 1889. [Ev 272.2]

ရေပန်းကိုဆေးကြောပါ။ စမ်းချောင်းသန့်ရှင်းလာလိမ့်မည်။ အကယ်၍ စိတ်နှလုံးမှန်ပါက သင်၏အပြောအဆိုများ၊ ဝတ်စားဆင်ယင်မှုများ၊ လှုပ်ရှား မှုများအားလုံးမှန်လိမ့်မည်။ Testimonies, vol. 1, p. 158. (1857) [Ev 272.3]

**ရိုးသားသောဝတ်စားဆင်ယင်ခြင်း –** ကမ္ဘာ့သမိုင်းအဆုံးသတ်ချိန်သို့ ကျွန်ုပ် တို့ရောက်လုပြီ၊ ဝတ်စားဆင်ယင်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ် တော်အရ၊ ရှင်းလင်းပြတ်သားသောသက်သေခံခြင်းကိုပြုရန် ယခုလိုအပ်နေ သည်။ ဤအရာသည် ကျွန်ုပ်တို့၏ဝန်ထုပ်ဖြစ်သင့်သည်။ သို့သော် ယခု ဤကိစ္စနှင့်ပတ်သက်ပြီး စမ်းသပ်ချက်တစ်ခုကို စိတ်အားထက်သန်စွာပြုလုပ် ရန် အချိန်အလွန်နှောက်ကျနေပြီ။ ကျွန်ုပ်တို့လူတို့၏ဝတ်စားဆင်ယင်ခြင်း သည် အရိုးဆုံးဖြစ်သင့်သည်။ ဤဝတ်စားဆင်ယင်ခြင်းအတွက် လမ်းညွှန်



ရမည့်တိကျသောစည်းမျဉ်းဥပဒေကို ပုံစံအကောင်းဆုံးဖြင့် မည်သူမျှမရရှိ M yg ‹Ev 272.4]

ကျွန်ုပ်တို့၏ညီအစ်မများတို့သည် အိန္ဒြေသိက္ခာရှိသောဝတ်စားဆင်ယင် မှုဖြင့် မိမိတို့၏ကိုယ်ကိုဖုံးကွယ်သင့်ကြသည်။ ရိုးရိုးယဉ်ယဉ်ဖြင့်ဝတ်ဆင်သင့် ကြသည်။ သင်၏ဦးထုပ်နှင့်အဝတ်အစားများအပေါ်၌ ပိုလျှံသောတန်ဆာဆင် ခြင်းများကိုပြုလုပ်ရန်မလိုအပ်ပါ။ သင်သည် ရှက်ကြောက်တတ်ပြီး တည်ကြည် ခန့်ညားစွာဖြင့် အိန္ဒြေရှိသောဝတ်ဆင်ခြင်းကိုပြုရမည်။ ကမ္ဘာသို့ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် အတွင်းတန်ဆာဆင်ခြင်းကို အသက်ရှင်သောပုံပမာအဖြစ် ပြသပါ။ ကျွန်ုပ်တို့၏ညီအစ်မများကို အများသောသူရိုးရိုးဝတ်ဆင်သကဲ့သို့ ကောင်းသောတန်ဆာပလာဖြင့် ချုပ်လုပ်ထားသောအဝတ်၊ ခိုင်ခံ့၍အိန္ဒြေရှိ ပြီး ဤခေတ်နှင့်သင့်လျော်သောအဝတ်ကိုသာဝတ်ဆင်စေပါ။ သူတစ်ပါးအတွက် မေးခွန်းထုတ်စရာမဖြစ်ပါစေနှင့်။ Manuscript 97, 1908. [Ev 273.1]

## ပွဲတော်အစီအစဉ်များ

**အထိမ်းအမှတ်တိုင်ကြီးနှစ်တိုင် –** နှစ်ခြင်းမင်္ဂလာခံခြင်းနှင့်ကိုယ်တော် ၏ညစာစားပွဲအစီအစဉ်သည် အထိမ်းအမှတ်တိုင်ကြီးနှစ်တိုင်ဖြစ်သည်။ တစ်ခု သည် ဘုရားကျောင်းအတွင်း၌ကျင်းပပြီး၊ အခြားတစ်ခုသည် ဘုရားကျောင်း အပြင်၌ကျင်းပသည်။ ဤပွဲတော်အစီအစဉ်များအပေါ် ခရစ်တော်သည် မှန်သော ဘုရားရှင်၏အမည်နာမကို ကမ္ပည်းထိုးထားသည်။ Manuscript 27, 1/2, 1900. [Ev 273.2]

**ကိုယ်တော်ညစာစားပွဲသည်အစဉ်အောက်မေ့ဖွယ်တစ်ခုဖြစ်သည် –** ဘုရားသခင် အိမ်တော်၏ပုံပမာများသည် ရှင်းလင်း၍လွယ်ကူစွာနားလည်နိုင်ပြီး ၎င်းတို့ အားဖြင့် အမှန်တရားများကိုဖော်ပြပုံသည် ကျွန်ုပ်တို့အတွက် အလွန်နက်ရှိုင်း ကြီးကျယ်လှသည်။ ပသခါပွဲအစီအစဉ်၏နေရာကိုယူသော ပွဲတော်မင်္ဂလာ

အစီအစဉ်ကျင်းပခြင်းအားဖြင့် ခရစ်တော်သည် သူ၏အသင်းတော်အား ကြီးမားသောမိမိ၏ကိုယ်ကိုလူတို့အတွက်ဆက်ကပ်ပူဇော်ခြင်းကို အောက်မေ့ဖွယ်အဖြစ်ချန်ထားပေးခဲ့ပါသည်။ သူပြောခဲ့သည်မှာ "ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့" ဟုဖြစ်ပါသည်။ ဤအရာသည် စီမံထားသောအရာနှစ်ခုနှင့် ၎င်းတို့၏ကြီးမားသောပွဲနှစ်ခုစပ်ကြား ပြောင်းလဲချက်ဖြစ်သည်။ တစ်ခုသည် ထာဝရအဆုံးသတ်သွားပြီး အခြားတစ်ခုသည် ယခုမှပင်စတင်ပြီး ပထမနေရာကိုယူရန်နှင့် လာမည့်အချိန်တစ်လျှောက်လုံးတွင် သူ၏အသေခံခဲ့ခြင်းကို အစဉ်အမြဲသတိရအောက်မေ့သောအားဖြင့် ကျင်းပသွားရန်ဖြစ်သည်။ Review and Herald, June 22, 1897. [Ev 273.3]

**ခြေဆေးခြင်းသည်ပုံစံတစ်ခုထက်ပို၍သာလွန်သည်** – ဘုရားအိမ်တော်၏ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်သို့လာခြင်းသည် ပုံစံတစ်ခုကဲ့သို့သာလာခြင်းမဟုတ်ပါ။ [Ev 274.1]

ဤအစီအစဉ်ကို သူချမှတ်ထားခဲ့ရခြင်းမှာ ကျွန်ုပ်တို့ကိုယ်စားဖော်ပြခဲ့သော ကျွန်ုပ်တို့ခံစားကြရသည့် ဘုရားသခင်၏မေတ္တာတော်သည် ကျွန်ုပ်တို့အားအမြဲပြောနေရန်အတွက်ဖြစ်သည်။ ဤအစီအစဉ်ကို အခြားတစ်ခုနှင့်ဆက်စပ်ခြင်းမပြုဘဲ ပြန်လည်ပြုလုပ်၍မရပါ။ ထို့ကြောင့် တွေးခေါ်ခြင်းနှင့်ဆက်နေသောအရာတစ်ခုသည် ကောင်းချီးမင်္ဂလာများ၊ သနားကြင်နာမှုများနှင့် မိတ်ဆွေညီအစ်ကိုမောင်နှမများမှရရှိသောကူညီထောက်ပံ့မှုများ စိတ်ထဲပေါ်ထွက်လာသည့်အရာများကို သတိရအောက်မေ့ရန် သတိပေးခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိ၏လျင်မြန်ပြတ်သားသောတန်ခိုးဖြင့် ခါးသီးပြီးမုန်းတီးခြင်းအမြစ်မှထွက်ပေါ်လာသော ကျေးဇူးမသိတတ်ခြင်းနှင့်မေတ္တာပျက်ကွက်ခြင်းကိုဖော်ပြသည်။ သတိရခြင်း၏ကွင်းဆက်သည် တစ်ခုပြီးတစ်ခု ခိုင်မာတောင့်တင်းလာသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် တစ်ခုပြီးတစ်ခု အလုပ်လုပ်လာသည်။ အကျင့်စာရိတ္တချို့ယွင်းချက်များ၊ တာဝန်ဝတ္တရားပျက်ကွက်ခြင်းများ၊ ဘုရားသခင်၏ကျေးဇူးကိုမသိတတ်ခြင်းများတို့သည် သတိရခြင်း



ထဲ၌ပေါ်ထွက်လာပြီး တွေးတောခြင်းများတို့သည် ခရစ်တော်ထံသို့ပို့ဆောင်ခြင်းခံရပါသည်။ Review and Herald, June 7, 1898. [Ev 274.2]

**စိတ်နှလုံးပြင်ဆင်ခြင်း** – မြော်လင့်ခြင်းလှုပ်ရှားမှု၏ရှေးနေ့ရက်များတို့၌ ကျွန်ုပ်တို့၏ယုံကြည်သူဦးရေအရေအတွက်နည်းသောအချိန်တွင် ပွဲတော်ကျင်းပခြင်းအစီအစဉ်ကို အကျိုးအရှိဆုံးပွဲတစ်ခုအဖြစ်ကျင်းပခဲ့သည်။ ဥပုသ်နေ့မတိုင်မီသောကြာနေ့၌ အသင်းသူအသင်းသားအားလုံးတို့သည် မိမိတို့၏ညီအစ်ကိုမောင်နှမများနှင့်သော်လည်းကောင်း၊ ဘုရားသခင်နှင့်သော်လည်းကောင်း မသင့်မတင့်ကွဲပြားနေသည့်အရာအားလုံးတို့ကို ကြိုးစား၍ရှင်းလင်းကြပါသည်။ စိတ်နှလုံးများကိုအကောင်းဆုံးဆန်းစစ်ကြပါသည်။ လျှို့ဝှက်သောအပြစ်များကိုဖော်ပြရန် စိတ်ပါစွာဘုရားရှင်ထံဆုတောင်းခြင်း၊ မတရားစီးပွားရှာခြင်း၊ မကောင်းသောစကားများကို အလျင်စလိုပြောဆိုခြင်းနှင့်ခင်တွယ်သောအပြစ်များတို့ကို ဝန်ချတောင်းပန်ခြင်းများပြုလုပ်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အနား၌ရောက်လာသည်ဟု ခံစားရကာ ကျွန်ုပ်တို့သည် လွန်စွာစိတ်တက်ကြွပြီး ခွန်အားရလာကြပါသည်။ Manuscript 102, 1904.

**ပွဲတော်မင်္ဂလာအစီအစဉ်၏ရည်ရွယ်ချက်** – တစ်ယောက်နှင့်တစ်ယောက်သင့်မြတ်ခြင်းရှိရန်အတွက် ခြေဆေးမင်္ဂလာအစီအစဉ်ကိုပြုလုပ်ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့အရှင်သခင်၏ပုံပမာအားဖြင့် ဤနှိမ့်ချခြင်းပွဲသည် သန့်ရှင်းသောမင်္ဂလာအခမ်းအနားတစ်ခုဖြစ်စေပါသည်။ ဤအခမ်းအနားကျင်းပချိန်တိုင်း၌ သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်အတူရှိနေပါသည်။ ဤဝိညာဉ်သည် နှလုံးသားများကိုပြောင်းလဲပေးသောပုဂ္ဂိုလ်ဖြစ်သည်။ [Ev 275.1]

မိမိ၏တပည့်တော်များတို့နှင့်အတူ ဤမင်္ဂလာပွဲကိုခရစ်တော်ကျင်းပခဲ့သည့်အခါ၊ ယုဒရှကာရတ်အပြင် လူတိုင်း၏စိတ်၌ ယုံကြည်ခြင်းခိုင်မာလာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏စိတ်၌ ခရစ်တော်စကားပြောသောအခါ၊ ကျွန်ုပ်တို့ပြောင်းလဲလာကြလိမ့်မည်။ ဝိညာဉ်စမ်းရေပေါက်များ ကျိုးပေါက်

လာလိမ့်မည်။ စိတ်နှလုံးခွန်အားရလာပြီး လှုပ်ရှားခြင်းနှင့်အသက်ဝင်လာကာ စည်းလုံးမှုမရှိခြင်းနှင့် ခင်မင်မှုပျက်ပြားခြင်းကိုဖြစ်စေသော ကာဆီးမှုအားလုံး ပျောက်ပျက်သွားပါလိမ့်မည်။ ပြစ်မှားမိခဲ့သောအပြစ်များတို့သည် ယခင်အချိန်ကထက်ပို၍ရှင်းလင်းစွာထင်ရှားလာလိမ့်မည်။ အကြောင်းမှာ ၎င်းတို့ကိုပြန်လည်၍သတိရလာရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်မှ ပို့ဆောင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ခရစ်တော်၏စကားများဖြစ်သည့်၊ “ဤအရာများကိုသင်တို့သိ၍ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏” သည် အသစ်သောတန်ခိုးဖြင့် ကျွန်ုပ်တို့ကိုလွှမ်းခြုံလိမ့်မည်။ Review and Herald, Nov.4, 1902. [Ev 275.2]

**နှလုံးသားကိုစစ်ဆေးခြင်း –** ခြေဆေးမင်္ဂလာအစီအစဉ်သည် ဘာသာရေးအစီအစဉ်တစ်ခုအဖြစ် ပြုလုပ်ထားပါသည်။ ၎င်းကိုသစ္စာရှိသော ဘုရားသခင်၏သားသမီးများအား စစ်ဆေးစမ်းသပ်ရန်အရာတစ်ခုအဖြစ်ပေးထားပါသည်။ ခေတ်သစ်ဣသရေလများ သန့်ရှင်းသောပွဲတော်မင်္ဂလာအစီအစဉ်ကိုကျင်းပသောအခါ ဤခြေဆေးမင်္ဂလာအစီအစဉ်သည် ခရစ်တော်အသေခံခြင်း၏အထိမ်းအမှတ်ဖြစ်သည့် သူ၏ကိုယ်ခန္ဓာကိုပုံဆောင်သော မုန့်နှင့်စပျစ်ရည်ကိုစားသောက်ခြင်းမပြုမီ အလျင်ပြုလုပ်ရပါသည်။ [Ev 275.3]

ဤမင်္ဂလာပွဲကို ခရစ်တော်တပည့်တော်များတို့၏အကျိုးအတွက်ပေးထားပါသည်။ ခရစ်တော်ဆိုလိုသောအရာအားလုံးကို သူ့နှုတ်၌စကားအားဖြင့်သူပြောဆိုခဲ့သည်မှာ၊ “ငါသည် သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ။ ဤအရာများကိုသင်တို့သိ၍ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏” ဟုဖြစ်ပါသည်။ ဤအစီအစဉ်၌ပါဝင်သောသူတို့၏စစ်မှန်သောစိတ်နှင့်သဘောထားကို စစ်ဆေးရန်အတွက် ဤအရာကိုလိုက်လျှောက်ရန်ချမှတ်ထားခဲ့ခြင်းဖြစ်သည်။ Manuscript 8, 1897. [Ev 275.4]

**တိုင်းပြည်တိုင်း၌အချိန်တိုင်းအတွက် –** ယုဒလူမျိုးများစောင့်ရှောက်သောလူမျိုး၏ပွဲနေရာ၌ ခရစ်တော်သည် တိုင်းပြည်အတွင်းရှိ မိမိ၏တပည့်တော်



များတို့မှ အမြဲလိုက်လျှောက်ရန်ချမှတ်ထားခဲ့ပါသည်။ ဤအရာများတို့သည် ခရစ်တော်၏ပြုမူပုံကို မှန်သောအမှုထမ်းခြင်း၌ တစ်ကိုယ်ကောင်းစိတ်မပါရှိကြောင်း အမြဲပြန်လည်ဖော်ပြသင့်သည်။ Signs of the Times, May 16, 1900. [Ev 275.5]

**မကြာခဏကျင်းပရန် –** နောက်ဆုံးသောသူ၏တပည့်တော်များနှင့်အတူ မုန့်နှင့်စပျစ်ရည်ကို ခရစ်တော်သုံးဆောင်သည့်အပြုအမူသည် အသစ်သောပဋိညာဉ်အားဖြင့် သူတို့၏ရွေးနုတ်ရှင်အဖြစ် မိမိကိုယ်ကိုကတိပြုခြင်းဖြစ်ပြီး ၎င်းကိုရေးမှတ်ထား၍ တံဆိပ်နှိပ်ခြင်းခံရသောခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် လက်ခံသောသူအားလုံးအတွက် ကောင်းကင်မှချပေးမည့် ယခုအသက်တာနှင့်လာမည့်ရေ့ထာဝရအသက်တာနှစ်ခုစလုံးအတွက် ကောင်းချီးမင်္ဂလာအားလုံးကိုချပေးလိမ့်မည်။ [Ev 276.1]

ဤပဋိညာဉ်စာချုပ်သည် ခရစ်တော်ကိုယ်ပိုင်၏အသွေးတော်အားဖြင့် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ရှေးပူဇော်ပသခြင်းအစီအစဉ်ကို သူရွေးချယ်ခဲ့သော သူတို့၏စိတ်နှလုံးထဲ၌ထားရှိရန်ဖြစ်သည်။ ဤညစာစားပွဲအစီအစဉ်ကို မကြာခဏကျင်းပရန် ခရစ်တော်ချမှတ်ခဲ့ပြီး သူ့အားယုံကြည်၍လက်ခံသူအားလုံး၏အပြစ်များ ဖြေလွှတ်ခြင်းခံရရန်အတွက် မိမိ၏အသက်ကိုပေး၍ဆက်ကပ်ခဲ့ခြင်းကို သတိရကြရန်ဖြစ်သည်။ ဤပွဲတော်မင်္ဂလာအစီအစဉ်ကို တချို့သူများမပါဝင်သကဲ့သို့ ကျွန်ုပ်တို့မရှောင်ရှားရပါ။ လူသိရှင်ကြားပါဝင်ကြရမည်ဖြစ်ပြီး ပြောရမည့်စကားမှာ၊ “ကျွန်ုပ်ခရစ်တော်ကို ကျွန်ုပ်၏ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံသည်။ သေခြင်းမှကျွန်ုပ်လွတ်မြောက်ရန် ကျွန်ုပ်အတွက် မိမိ၏အသက်ကိုသူပေးခဲ့သည်။” Review and Herald, June 22, 1897. [Ev 276.2]

**အတွေ့အကြုံ– စိတ်ပါဝင်စားသောဓမ္မဆရာနှင့်သစ္စာရှိစွာဆက်ဆံခြင်း –** ဥပုသ်နေ့မနက်၊ အသင်းတော်တစ်ခု၌ ပွဲတော်မင်္ဂလာအစီအစဉ်ကျင်းပသောအခါ၊ ညီအစ်ကိုတစ်ယောက်တက်ရောက်ခဲ့သည်။ သူသည် ခြေဆေးမင်္ဂလာအစီအစဉ်

၌ပါဝင်ရန် ခေါ်ဖိတ်ခြင်းခံရသည့်အခါ သူလက်ခံခဲ့သည်။ ပွဲတော်မင်္ဂလာမဝင်မီ ခြေဆေးမင်္ဂလာအစီအစဉ်ကိုအလျင်ပြုလုပ်ဖို့ရန်လိုအပ်ပါသလားဟု သူမေးသောအခါ တာဝန်တစ်ခုအနေဖြင့်ပြုလုပ်ရမည့်အရာမဟုတ်ကြောင်း သူ့အားတစ်ဦးတစ်ယောက်မှပြန်ပြောလိုက်ပါသည်။ ဤဥပုသ်နေ့သည် ဤပုဂ္ဂိုလ်၏ဝိညာဉ်အတွက် တန်ဖိုးအရှိဆုံးနေ့ဖြစ်ပါသည်။ ကျွန်ုပ်အသက်တာ၌ ဤထက်ပို၍ပျော်ရွှင်သောနေ့တစ်ခါမျှမရှိခဲ့ပါဟု သူပြောခဲ့ပါသည်။ [Ev 276.3]

နောက်ပိုင်း၌သူသည် ကျွန်ုပ်နှင့်တွေ့ဆုံမေးမြန်းရန်ဆန္ဒရှိပြီး၊ ကောင်းသောလည်းပတ်တွေ့ဆုံခြင်းအခွင့်တစ်ခုရရှိခဲ့သည်။ သူပြောသောအရာများတို့သည် အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပြီး ကျွန်ုပ်တို့အတူတကွတန်ဖိုးရှိသောဆုတောင်းကြရန်အချိန်ရရှိခဲ့သည်။ သူသည် ဘုရားသခင်၏အစေခံတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်၏စာအုပ်များဖြစ်သည့် ကြီးမားသောတိုက်လှန်ပွဲ၊ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ ခရစ်တော်ထံသို့ခြေလှမ်းများတို့ကို သူ့အားပေးလိုက်သည်။ သူများစွာနှစ်သက်ပုံရပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုဆန့်ကျင်သူများတို့အား ရင်ဆိုင်နိုင်ရန်အလင်းအားလုံးကိုရရှိလိုကြောင်း သူပြောခဲ့ပါသည်။ အိမ်သို့မပြန်မီ သူနှစ်ခြင်းခံယူခဲ့ပြီး မိမိကိုယ်တိုင် အသင်းတော်သို့အမှန်တရားကိုပြောရန် ပြန်သွားလိမ့်မည်။ Letter 23a, 1893. [Ev 277.1]

**ပွဲတော်မင်္ဂလာအစီအစဉ်ကိုပိတ်ပင်ထားခြင်းမပြုရ** – ခရစ်တော်၏ပုံသက်သေ၌ ကိုယ်တော်၏ညစာစားပွဲတွင် လူတို့အားပါဝင်ခြင်းမပြုရန် တားမြစ်ထားသည်။ ထင်ရှားသောအပြစ်ပြုသူကို ဖယ်ရှားရမည်မှာမှန်သည်။ ဤကိစ္စကိုသန့်ရှင်းသောဝိညာဉ်တော်မှ ပြတ်သားစွာသွန်သင်ထားပါသည်။ ဤထက်သာလွန်ပြီး မည်သူ့ကိုမျှကျွန်ုပ်တို့တရားစီရင်ရန်မလိုပါ။ ဤပွဲတော်မင်္ဂလာအစီအစဉ်၌ ပါဝင်သင့်၊ မပါဝင်သင့်ခြင်းကိုဆုံးဖြတ်ရန် ဘုရားသခင်သည်မည်သူ့ကိုမျှတာဝန်မပေးထားပါ။ အကြောင်းမှာ လူတို့၏စိတ်ကိုမည်သူဖတ်



နိုင်သနည်း။ ပေါင်းပင်နှင့်စပါးပင်ကို မည်သူခွဲခြားနိုင်သနည်း။ The Desire of Ages, p. 656. (1898) [Ev 277.2]

သင်တို့နှင့်အတူလာရောက်ဝတ်ပြုကိုးကွယ်ကြသည့် စိတ်နှလုံးအားဖြင့်အမှန်တရားနှင့်သန့်ရှင်းခြင်းမရှိသောသူတချို့တို့သည် သင်တို့ကျင်းပသောပွဲတော်မင်္ဂလာအစီအစဉ်၌ ပါဝင်လိုသူများရှိပေလိမ့်မည်။ ထိုသူတို့အားတားမြစ်ခြင်းမပြုဘဲ ပါဝင်ခွင့်ပြုပါ။ Manuscript 47, 1897. [Ev 277.3]

**ရိုသေသမှုဖြင့်** – ၎င်းနှင့်ပတ်သက်သောအရာအားလုံးကို တတ်နိုင်သမျှအကောင်းဆုံးပြင်ဆင်ထားသင့်သည်။ အသင်းတော်၏ပွဲတော်များအားလုံးတို့သည် စိတ်နှလုံးကိုအထက်သို့ပို့ဆောင်သောအရာများဖြစ်သင့်သည်။ ရိုးရိုးအရာများကဲ့သို့သော်လည်းကောင်း၊ တန်ခိုးမဲ့သောအရာများကဲ့သို့သော်လည်းကောင်း၊ တန်းတူမထားရဘဲ သန့်ရှင်းမွန်မြတ်သောဘုရားသခင်၏အစီအစဉ်များကို ရိုသေလေးစားစွာဖြင့်အမြတ်တနိုးထားရန် ကျွန်ုပ်တို့၏အသင်းတော်များကိုပညာပေးရမည်။ Manuscript 76, 1900.

ဤအခမ်းအနားကိုအလေးမထားသည့်ပုံစံဖြင့် ကျင်းပခြင်းမပြုရဘဲ စိတ်ပါဝင်စားစွာဖြင့် အကြောင်းရင်းနှင့်ရည်ရွယ်ချက်ကို ပြည့်မီအောင်ဦးတည်၍ကျင်းပသွားကြရမည်။ Manuscript 8, 1897. [Ev 278.1]

**မင်္ဂလာနှင့်ပြည့်ဝသောအစည်းအဝေးတစ်ခု** – ဤနေ့ရက်သည် ကျွန်ုပ်ဝိညာဉ်အတွက် လန်းဆန်းခြင်းရှိသော တန်ဖိုးအရှိဆုံးအချိန်အခါဖြစ်သည်။ အဖွဲ့ငယ်ကလေးကို အသင်းတော်တစ်ခုအဖြစ်သို့ဖွဲ့စည်းချိန်၌ ပွဲတော်မင်္ဂလာအစီအစဉ်ကိုကျင်းပရန် သူတို့နှင့်ကျွန်ုပ်တွေ့ဆုံကြပါသည်။ ယောဟန်အခန်းကြီး (၁၃) ထဲမှအကြောင်းအရာကို ကျွန်ုပ်ပြောသောအခါ နှိမ့်ချခြင်းပွဲ၏မွန်မြတ်သောအတွေးအခေါ်သည် ကျွန်ုပ်၏စိတ်ထဲ၌ခံစားမှုဖြစ်ပေါ်စေပါသည်။ ဤလွယ်ကူသောဝတ်ပြုခြင်းသည် မတွေ့မမြင်ချီးမွမ်းရာမကောင်းသော်လည်း ထိရောက်မှုများစွာကိုပေးသော အစီအစဉ်တစ်ရပ်ဖြစ်သည်။ သူ၌ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်လာရန် ကျွန်ုပ်တို့အတွက်အပြစ်သားဖြစ်ခဲ့

ရသော ကျွန်ုပ်တို့ကယ်တင်ရှင်၏ကြေမွခဲ့သောကိုယ်ခန္ဓာနှင့် သွန်းလောင်းခဲ့သောသွေးတော်ကို ပုံဆောင်သည့်မုန့်နှင့်စပျစ်ရည်ကိုသုံးဆောင်ခြင်းအားဖြင့် ကျွန်ုပ်ကောင်းချီးခံစားခဲ့ရသည်။ သူသည် ကျွန်ုပ်တို့၏အပြစ်ကိုသယ်ဆောင်သူဖြစ်သည်။ [Ev 278.2]

ယနေ့အစည်းအဝေးသည် ပါဝင်သူအားလုံးအတွက် အလွန်လေးနက်သောအခမ်းအနားတစ်ခုဖြစ်သည်။ သက်သေခံခြင်းအစည်းအဝေးသည် အလွန်ကောင်းသည်။ နာမည်အခေါ်ခံရသောသူတိုင်း စိတ်ပါစွာတုံ့ပြန်ကြသည်။ ခရစ်တော်သခင်ကျွန်ုပ်တို့၏အလယ်၌ရှိကြောင်း ကျွန်ုပ်သိသည်။ ခရစ်တော်၏ပုံပမာကို ကျွန်ုပ်တို့လိုက်လျှောက်ကြသောကြောင့် ကောင်းကင်သားများဝမ်းမြောက်၍ နှစ်သက်ကြပါသည်။ ဤကဲ့သို့သောအခမ်းအနားမျိုး၌ ခရစ်တော်သည် မိမိကိုယ်ကိုထူးခြားသောအခြေအနေဖြင့်ထင်ရှားစေပြီး၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေပါသည်။ တစ်ကိုယ်ကောင်းစိတ်များပျောက်ကွယ်သွားစေပြီး စိတ်နှလုံးကြေကွဲသောသူတို့၏အထဲ၌ မေတ္တာ၊ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းရရှိရန် သူ၏သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းပေးပါသည်။ [Ev 278.3]

အစည်းအဝေးပြီးဆုံးသောအခါ ကျွန်ုပ်တို့သည် တောထဲ၌ရှိသောကျွန်ုပ်တို့၏တဲများသို့ ပြန်သွားကြပါသည်။ ပျော့ပျောင်းချိုမြိန်၊ သန့်ရှင်းသောသြဇာသည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌လွှမ်းမိုးသွားပါသည်။ ကျွန်ုပ်၏စိတ်သည် ချိုမြိန်သောငြိမ်သက်ခြင်းနှင့်ပြည့်ဝလျက်ရှိသည်။ Manuscript 14, 1895. [Ev 278.4]

–၀–



tcef; (9)

## pdwfOifpm;rIrsm;udkqkyfudkifxm;jcif;

## နောက်ဆုံးဆုံးဖြတ်ချက်ချရန်အတွက်ဟောပြောခြင်း

**လွယ်ကူသောသင်ခန်းစာများအားဖြင့် – အာဝဇ္ဇန်းရှင်ခြင်းမဟုတ်** – အမြင့်ဆုံးရည်ရွယ်ချက်ဖြင့် အာဝဇ္ဇန်းကောင်းကောင်းတရားဟောပြောသောသူသည် ကြားနာရသူတို့အတွက် သူ၏အပြောကောင်းခြင်းဖြင့် ရောနှောလျက်ရှိသောအမှန်တရားကို မေ့ပျောက်သွားစေသည်။ စိတ်လှုပ်ရှားခြင်းပြီးဆုံးသွားသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မိမိတို့၏စိတ်ထဲ၌ပျောက်ကွယ်သွားခြင်း၊ သို့မဟုတ် ကြားနာရသူများ နားလည်မှုမရရှိခြင်းတို့ကိုဖြစ်စေကြောင်း တွေ့ရှိရပါသည်။ သူတို့သည် ဓမ္မဆရာ၏အာဝဇ္ဇန်းကောင်းကောင်းဖြင့် အံ့သြဖွယ်အသုံးအနှုန်းများဖြင့် ပြောဆိုပေလိမ့်မည်။ သို့သော် ဆုံးဖြတ်ချက်ပေးနိုင်သည့်အဆင့်အထိသို့မရောက်ပါ။ သူတို့သည် တရားဟောချက်ကို ဇာတ်လမ်းတစ်ခုကဲ့သို့ပြောဆိုပြီး တရားဟောဆရာအနေဖြင့် ဇာတ်ဆောင်မင်းသားတစ်ဦးသဖွယ်ဖြစ်ပေလိမ့်မည်။ သူတို့သည် တစ်ပုံစံတည်းသောတရားဟောပြောခြင်းကို တစ်ဖန်လာရောက်နားထောင်ကြမည်ဖြစ်သော်လည်း ပြန်သွားကြသောအခါ စိတ်ထိခိုက်မှုနှင့် ဝိညာဉ်အတွက်အာဟာရဓာတ်မရရှိကြဘဲ ပြန်သွားကြမည်ဖြစ်ပါသည်။ [Ev 279.1]

လှုလှုပပပြောဆိုခြင်းနှင့် အဓိပ္ပါယ်မပါရှိသည့် ချောမောသောစကားများတို့ကိုပြောရန်မလိုအပ်ပါ။ ကျွန်ုပ်တို့ဓမ္မဆရာများတို့သည် တန်ဖိုးရှိသောအမှန်တရားကို ပရိသတ်များနားလည်သဘောပေါက်နိုင်သောနည်းဖြင့် ဟောပြောကြရမည်။ Gospel Workers, pp. 153, 154. (1915) [Ev 279.2]

**စည်းဝေးတိုင်း၌မဆုံးဖြတ်ရသေးသောဝိညာဉ်များရှိ** – ပရိသတ်များအထဲ၌ ချီတုံချတုံလုပ်နေသူများ၊ ဘုရားထံသို့လုံးလုံးဆွဲဆောင်ခြင်းခံရလုနီးပါးသူများ

ရှိကြပါသည်။ ဆုံးဖြတ်ချက်ကို ယခုအချိန်နှင့်ထာဝရကာလအတွက် လုပ်တော့မည်ဖြစ်သည်။ သို့သော် မကြာခဏဖြစ်တတ်သည့်အချက်မှာ ဟောပြောသောဓမ္မဆရာအနေဖြင့် မိမိ၏စိတ်ထဲ၌ အမှန်တရားသတင်းစကား၏ဝိညာဉ်နှင့်တန်ခိုးမပါသောကြောင့် ချိန်ခွင်လျှာအလယ်၌ရှိသောဝိညာဉ်များကို တိုက်ရိုက်ဖိတ်ခေါ်၍မရပါ။ အကျိုးသက်ရောက်မှုသည် ယုံကြည်သောသူတို့၏နှလုံးသားထဲ၌ နက်ရှိုင်းသောခံစားမှုမရှိသောကြောင့် ခရစ်တော်ကိုလက်ခံရန်အတွက် ခံစားချက်လျော့နည်းစွာဖြင့် သူတို့သည် စည်းဝေးမှပြန်လည်ထွက်ခွာသွားကြပါသည်။ သူတို့သည် ပို၍ကောင်းသောအခွင့်အရေးကို စောင့်ဆိုင်းနေကြသော်လည်း သူတို့မည်သည့်အခါမျှမလာကြတော့ပါ။ Testimonies, vol.4, p. 447. (1880) [Ev 279.3]

**တချို့သောသူတို့သည် သူတို့၏နောက်ဆုံးသောတရားဟောချက်ကိုနားထောင်သည်–** တချို့သောသူတို့သည် နောက်ဆုံးသောတရားဟောချက်ကိုသာ ကြားရမည်ဖြစ်ပြီး တချို့သောသူတို့သည် သူတို့၏စိတ်ထဲ၌ အမှန်တရား၏ကွင်းဆက်ကိုလက်တွေ့အာရုံပြုခြင်း မည်သည့်အခါမျှပြန်လည်၍နေရာရရှိခြင်းရှိမည်မဟုတ်ပါ။ ၎င်းရွှေကဲ့သို့တန်ဖိုးရှိသည့် အခွင့်အရေးဆုံးရှုံးခြင်းသည် ထာဝရဆုံးရှုံးခြင်းဖြစ်ပါသည်။ ခရစ်တော်နှင့်သူ၏ရွေးနုတ်ခြင်းမေတ္တာသည် အမှန်တရား၏သက်သေတနှင့်ဆက်သွယ်ရာ၌ ချီးမြှင့်ခြင်းခံရပါက သူ့ဘက်၌သူတို့အားဆွဲယူနိုင်ပေလိမ့်မည်။ Testimonies, vol. 4, p. 394. (1880) [Ev 280.1]

**တရားဟောချက်တိုင်း၌ဆန္ဒတောင်းခံခြင်းတစ်ခု –** သန့်ရှင်းသောဝိညာဉ်တော်သူ့အပေါ်၌ပါရှိခြင်း၊ ဝိညာဉ်များအတွက် သူ့အားဝန်ထုပ်စိတ်ကိုပေးခြင်းပြုပါက၊ သူသည် လူထုပရိသတ်များတို့အား ခရစ်တော်သည် အပြစ်သားတို့၏တစ်ဦးတည်းသောခိုလှုံရာဖြစ်ကြောင်း ဟောပြောခြင်းမပြု၊ စိတ်ပါစွာဖြင့်သူတို့၏စိတ်ထဲ၌ရောက်ရှိရန် တောင်းဆိုခြင်းမပြုဘဲ အိမ်ပြန်ခွင့်ပြုမည်မဟုတ်ပါ။ ဘုရားသခင်၏နေ့ရက်ကြီးရောက်ရှိသည့်တိုင်အောင် ဤကြားနာရသူ





တို့အား မည်သည့်အခါမျှပြန်လည်၍တွေ့ဆုံရကြမည်မဟုတ်ဟု သူခံစားသင့်ပါသည်။ Testimonies, vol. 4, p. 316. (1879) [Ev 280.2]

ဟောပြောသောအခါတိုင်း၌ လူတို့သည် မိမိတို့၏အပြစ်များကိုစွန့်ပစ်၍ ခရစ်တော်ထံသို့လာသည့်တိုင် စိတ်ပါစွာအနူးအညွတ်တောင်းပန်သင့်ကြသည်။ Testimonies, vol. 4, p. 396. (1880) [Ev 280.3]

**ဆုံးဖြတ်ချက်အတွက်တောင်းဆိုခြင်း –** ကျွန်ုပ်တို့၏စခန်းအစည်းအဝေးများ၌ ဝိညာဉ်ရေးပြန်လည်နိုးကြားခြင်းအတွက် ကြိုးစားဆောင်ရွက်မှုအလွန်ပင်နည်းပါးလှသည်။ ဘုရားကိုရှာခြင်း၌လည်း အလွန်နည်းလှသည်။ နိုးကြားခြင်းအစီအစဉ်များကို စည်းဝေးအစမှအဆုံးတိုင်အောင် ပြုလုပ်သင့်ကြသည်။ လူတို့နိုးကြားခြင်းရှိရန်အတွက် အကောင်းဆုံးဆုံးဖြတ်ချက်ချပြီး ကြိုးစားလုပ်ဆောင်သင့်သည်။ သင်၌ကောင်းကင်မှလာသော အံ့သြဖွယ်ရာသတင်းစကားရှိသောကြောင့် သင်၏စိတ်အားထက်သန်ခြင်းကို လူအပေါင်းတို့အားတွေ့မြင်စေပါ။ ခရစ်တော်သည် မိမိ၏တရားစီရင်ခြင်းနှင့်တကွ ပြန်လည်ကြွလာမည့်အကြောင်း၊ ရှင်ဘုရင်များနှင့်အုပ်ချုပ်ရေးသမားများ၊ ချမ်းသာကြွယ်ဝသူများနှင့်တန်ခိုးအာဏာရှိသူများ မည်သူမဆို မကြာမီရောက်ရှိလာမည့် ဤတရားစီရင်ခြင်းကိုရှောင်ရှား၍မရကြောင်း လူတို့အားပြောကြပါ။ စည်းဝေးရပ်သိမ်းချိန်တိုင်း၌ ဆုံးဖြတ်ချက်တောင်းခံသင့်သည်။ Testimonies, vol. 6, pp. 64, 65. (1900) [Ev 280.4]

**ဥပုသ်နေ့အမှန်တရားကိုရဲရင့်စွာဟောပြောခြင်း –** ယခုအချိန်၌ မှန်သောဥပုသ်နေ့ကို လူတို့ထံသို့ ကလောင်အားဖြင့်သော်လည်းကောင်း၊ အသံအားဖြင့်သော်လည်းကောင်း ပြောကြားကြရမည်။ ပညတ်တော် (၁၀) ပါး၏ (၄) ပါးတစ်ပါးနှင့် စောင့်ရှောက်သောသူတို့အား ဂရုမပြုငြင်းပယ်ကြသကဲ့သို့ သစ္စာရှိသောလူနည်းစုတို့သည် တိတ်ဆိတ်စွာနေရမည့်အချိန်မဟုတ်ဘဲ ဘုရားသခင်၏ပညတ်တော်ကို တတိယကောင်းကင်တမန်သတင်းစကားရေးသားထားသည့် "ဘုရားသခင်၏ပညတ်တော်တို့ကိုလည်းကောင်း၊ ယေရှု၏

ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာအကြောင်းရှိ၏" ဗျာဒိတ် ၁၄း၁၂ နှင့်အညီ အောင်လံတံခွန်ဖြန့်ခြင်းအားဖြင့် ချီးမြှောက်ကြရလိမ့်မည်။ [Ev 281.1]

အမှန်တရားကိုမဝှက်ထားရပါ။ ငြင်းပယ်ခြင်း၊ တုပခြင်း၊ ပြောင်းလဲခြင်းမပြုရပါ။ ပွင့်လင်းစွာလုံးလုံးလျားလျားဝန်ခံပြီး ရဲရင့်စွာဟောပြောကြရမည်။ Letter 3, 1890. [Ev 281.2]

**တစ်ဖက်စွန်းနှစ်ခုသည်ဆုံးဖြတ်ချက်ကိုအခက်အခဲဖြစ်စေသည်** – တစ်ဖက်စွန်းနှစ်မျိုးစလုံးကို ရှောင်ရှားရလိမ့်မည်။ တစ်ဖက်စွန်းတစ်မျိုးသည် ဘုရားသခင်၏အကြံပြုချက်တစ်ခုလုံးကို ပြောဆိုရန်ရှောင်ပြီး သာသနာပြုများတို့၏စိတ်ဓာတ်ကဲ့သို့ ယနေ့ကြွေးကြော်သော "ချမ်းသာမရှိသောအခါ၊ ချမ်းသာချမ်းသာ" ဟုပြောဆိုကြပြီး လူတို့၏ခံစားချက်ကိုဖြစ်ပေါ်စေသော်လည်း စိတ်နှလုံးကိုပြောင်းလဲခြင်းမပေးနိုင်ခြင်းဖြစ်သည်။ [Ev 281.3]

ဒုတိယတစ်ဖက်စွန်းမှာ အမြဲတမ်းလူတို့ကိုကြိုးစားအားစိုက်ကာ ခရစ်တော်နှင့်မတူသည့်အမူအရာဖြင့် ကြမ်းတမ်းစွာပြောဆိုပြီး သူတစ်ပါးတို့ကိုစိတ်ဆိုးစေသည်ဟုထင်ရသည့်လုပ်ဆောင်ခြင်းဖြစ်သည်။ Letter 43, 1886. [Ev 281.4]

**ဓမ္မဆရာဟောကြားခြင်းသည်ဆုံးဖြတ်ချက်ကိုအဟန့်အတားဖြစ်စေနိုင်သည်** – လွန်ခဲ့သောအချိန်၌ ညီအစ်ကိုတစ်ဦးသည် ကျွန်ုပ်အားကိန်းဂဏန်းဖြင့်ဟောပြောခဲ့သည်။ သူသည် လူတို့အတွက် အလုပဆုံးသောအသီးအနှံနှင့်ပြည့်နေသော ပန်းကန်ကိုကိုင်ထားသည်နှင့်တူသည်။ သူ၏အနေအထားနှင့်အမူအရာကို မည်သူမျှအလိုမရှိပါ။ ထို့ကြောင့် ၎င်းသည် မကြာခဏလူတို့အတွက် သူပေးသောဝိညာဉ်ရေးအမှန်တရားနှင့်တူသည်။ အမှန်တရားများကိုသူဟောပြောရာ၌ တစ်ခါတစ်ရံဝိညာဉ်မပါသောကြောင့် ကောင်းကင်မှလာသောသတင်းစကားမဟုတ်ပါ။ နှုတ်ကပတ်တော်ကိုဟောပြောသည်။ သွန်သင်ဆုံးမခြင်းများကိုပြုလုပ်သည်။ အတင်းအဓမ္မစွမ်းပကားဖြင့်ပြုလုပ်သောကြောင့် သူတစ်ပါး



အတွက် သူ၌ရှိသောအရာဖြစ်သည့် ဤလုပသောအမှန်တရားများထံသို့ လူတို့ကိုရှောင်ဖယ်သွားစေပါသည်။ [Ev 281.5]

သူ၏အပေါ်သို့ ဘုရားသခင်၏ဝိညာဉ်တော်ဆင်းသက်သော ညီအစ်ကိုတစ်ဦးကို ကျွန်ုပ်တွေ့ခဲ့သည်။ သူသည် စစ်မှန်သောအမှန်တရားကို ချစ်မြတ်နိုးသူဖြစ်ပြီး အချည်းနှီးသက်သက်သူတောင်းဆိုရရှိခဲ့ခြင်းမဟုတ်ပါ။ ဤမေတ္တာကိုချစ်မြတ်နိုးပြီး တိုးပွားအောင်ပြုလုပ်ကာ သူ၏စိတ်နှလုံးထဲ၌စွဲလမ်းလျက်ရှိသည်။ သို့သော် ကျွန်ုပ်တို့၏ညီအစ်ကိုသည် ခရစ်တော်၏သနားခြင်း၊ သိမ်မွေ့ခြင်းနှင့်ချစ်ဖွယ်စိတ်သဘောများကိုဖော်ပြရာ၌ အလွန်အားနည်းနေသူဖြစ်သည်။ သူသည် လူတို့၏စိတ်နှလုံးထဲသို့ ရွှေပိုက်လုံးများအားဖြင့် တစ်ဆင့်သွန်းလောင်းရန် သန့်ရှင်းသောဆီကိုလိုနေပါသည်။ ဤဆီသည် သူ၏စိတ်ထဲ၌ပြည့်ဝရန်လိုပြီး ဤဆီကိုသူရရှိသောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့အပေါ်သို့သက်ရောက်ပါလိမ့်မည်။ Manuscript 120, 1902. [Ev 282.1]

**အလင်းကိုပြင်းထန်စွာငြင်းဆန်ခြင်း** – အပြစ်စီရင်ခြင်းကိုဂရုမစိုက်သောအခါ၊ အထောက်အထားကိုငြင်းပယ်သောအခါ၊ လူတို့သည် အတင်းအဓမ္မဆန့်ကျင်ခြင်းနှင့် ခိုင်မာသောခုခံခြင်းဘက်၌ ရပ်တည်ကြပါလိမ့်မည်။ Manuscript 13, 1892. [Ev 282.2]

**ဝိညာဉ်များအတွက်စိတ်ပါစွာလုပ်ဆောင်ခြင်း** – သင်သည် ကောင်းကင်စကြဝဠာတစ်ခုလုံးကို အပြည့်အဝမြင်ရသကဲ့သို့ ဝိညာဉ်များ၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်ပါ။ ကောင်းကင်ဘုံ၌ရှိသော ကောင်းကင်တမန်တိုင်းတို့သည် ဝိညာဉ်များ၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်ခြင်းအပေါ် စိတ်ဝင်စားလျက်ရှိသည်။ နိုးကြားသင့်သလောက် ကျွန်ုပ်တို့မနိုးကြားကြပါ။ ကောင်းကင်တမန်တစ်ဖွဲ့လုံးသည် ကျွန်ုပ်တို့၏အကူအညီများဖြစ်သည်။ "သင်၏အလယ်၌ရှိသော သင်၏ဘုရားသည် ခွန်အားကြီးသောသူဖြစ်သည်။ သူကယ်တင်လိမ့်မည်။ ဝမ်းသာခြင်းနှင့်သူသည် သင့်အပေါ်ဝမ်းမြောက်လိမ့်မည်။ သူ၏

မေတ္တာ၌သူခိုနားလိမ့်မည်။ သင့်အပေါ်သီချင်းသီဆိုခြင်းအားဖြင့် ဝမ်းမြောက်လိမ့်မည်။” ထိုကြောင့် ကျွန်ုပ်တို့သည် ရဲရင့်ခြင်းနှင့်ယုံကြည်ခြင်းဖြင့် မလုပ်ဆောင်နိုင်စရာအကြောင်းမရှိပါ။ “ထိုနေ့ရက်၌ ယေရုရှလင်မြို့ကိုပြောလိမ့်မည်။ မကြောက်နှင့်။ ဇိအုန်ကိုလည်းပြောလိမ့်မည်။ သင်၏လက်များအားမလျော့ပါနှင့်။” ယုံကြည်ခြင်းတစ်ခုတည်းသာရှိကြပါ။ ဆုတောင်းလျက်ယုံကြည်ပါ။ ဘုရားသခင်၏ကယ်တင်ခြင်းကို သင်တွေ့ရလိမ့်မည်။ Letter 126, 1896.

## တောင်းဆိုခြင်းများနှင့်တရားပလ္လင်မှဆန္ဒခံယူခြင်း

**ဝိညာဉ်များတို့ကိုဆုံးဖြတ်ရန်တောင်းဆိုခြင်း –** ဝိညာဉ်သည် ခရစ်တော်ကိုလိုအပ်ခြင်းအတွက်သိရှိရန် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်သည်။ အများသောသူတို့သည် မိမိတို့၏အပြစ်ကိုတွေ့မြင်ပြီး အပြစ်ဖြေလွှတ်သောကယ်တင်ရှင်ကို သူတို့လိုအပ်ကြောင်းခံစားကြရသည်။ သို့သော် သူတို့၏ရှာဖွေခြင်းနှင့်ရည်မှန်းချက်များအားဖြင့် ကျေနပ်မှုမရရှိကြပါ။ အကယ်၍ သူတို့၏စိတ်ထဲ၌ အမှန်တရား၏တိကျရှင်းလင်းသောအာရုံစိုက်မှုမရှိခြင်းနှင့် စကားများကိုမှန်သောအချိန်၌ပြောဆိုခြင်းမပြုပါက ဆုံးဖြတ်ချက်ချရန် အထောက်အထားနှင့်တကွတောင်းဆိုသော်လည်း ယုံကြည်သောသူများအနေဖြင့် မိမိ၏ကိုယ်၌ ခရစ်တော်ကိုမဖော်ပြနိုင်ဘဲ ရွှေ့ကဲ့သို့သောအခွင့်အရေးကျော်လွန်သွားကာ သူတို့သည် ဘုရားသခင်ဘက်၌လိုက်ပါသွားခြင်းမရှိဘဲ အမှန်တရားနှင့်ပို၍ဝေးသည်ထက်ဝေးခြင်းနှင့် ယေရှုထံမှလည်း ဝေးသည်ထက်ပို၍ဝေးသွားခြင်းဖြစ်ပြီး မည်သည့်အခါမျှ ဘုရားရှင်ဘက်၌သူတို့ရပ်တည်နိုင်ကြတော့မည်မဟုတ်ပါ။ [Ev 283.1]

ယခုဓမ္မဆရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လူတို့အားအပြစ်တွေ့မြင်နိုင်သည့် ယေဘုယျနည်းဖြင့်သာပြောဆိုခြင်းမပြုဘဲ ခရစ်တော်ကိုမိမိတို့၏တရားနာပရိသတ်များတို့ရှေ့၌ မြှောက်တင်ကြရမည်။ ခရစ်တော်သူတို့အတွက်ပြောဆိုသောအရာကို ရှင်းလင်းစွာပြသကြရမည်။ လူတို့အားဘုရားသခင်ဘက်၌နေရန် ယခုပင်ဆုံးဖြတ်ချက်ကိုတောင်းခံသင့်ကြသည်။ Letter 29, 1890. [Ev 283.2]



**ပရိသတ်တုံ့ပြန်ချက်ကိုရယူခြင်း –** အသင်းလူကြီးတစ်ဦးသည် ဤစည်းဝေးအစီအစဉ်၌ အံ့သြဖွယ်သောအောင်မြင်ခြင်းရရှိခဲ့သည်။ သူ၏နည်းစနစ်သည် နှုတ်ကပတ်တော်အားဖြင့်သာ နှုတ်ကပတ်တော်ကိုရှင်းပြစေခြင်းကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် အမှန်တရားကိုလက်ခံရန် စိတ်နှလုံးများစွာတို့အားပြောင်းလဲစေနိုင်သည်။ လူတို့သည် ရှင်းလင်းသော “ဘုရားသခင်မိန့်တော်မူသည်ကား” ကို လက်ခံကြသည်။ သူ၏သင်ကြားပို့ချခြင်းကို လူတို့အလုပ်မှအားလပ်သည့်ညအချိန်၌သာ လာရောက်နားထောင်နိုင်ရန်ပြုလုပ်သည်။ ပတ်ပေါင်းအနည်းငယ်နောက်ပိုင်း၌ ကျမ်းစာ၏အဆိုအမိန့်တိုင်းဖြင့် သက်သေထောက်ပြကာ ဥပုသ်နေ့အကြောင်းကိုဟောပြောသွားပါသည်။ [Ev 283.3]

ပထမဥပုသ်နေ့အစည်းအဝေးကို တဲကြီးထဲ၌ကျင်းပခဲ့သည်။ အသင်းလူကြီးစကားပြောဆိုပြီးနောက် မိတ်သဟာယအစည်းအဝေးပြုလုပ်ပြီး အမှန်တရားသို့ပြောင်းလဲလာသူအားလုံးနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားထောင်ရန် သန္နိဋ္ဌာန်ချသောသူတို့အား မတ်တတ်ထရန်တောင်းဆိုသည်။ လူပေါင်း (၅၀) တုံ့ပြန်ကြသည်။ သူတို့၏နာမည်စာရင်းကိုရယူပြီး သတ်မှတ်ထားသောစည်းဝေးတစ်ခု၌ သူတို့၏သက်သေခံခြင်းအစီအစဉ်ကို ပြုလုပ်ပေးသည်။ လူအများတို့၌ အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသောစကားများကိုပြောရန်ရှိကြသည်။ [Ev 283.4]

ပတ်ပေါင်းများစွာလွန်သွားပြီးနောက် အမှန်တရားကိုလိုက်လျှောက်ရန်ဆုံးဖြတ်သောသူတို့ကို နောက်တစ်ခါခေါ်ခြင်းအစီအစဉ်ကိုပြုလုပ်ခဲ့သည်။ လူပေါင်း (၂၅) ဦးမှ (၃၀) ကြားတုံ့ပြန်မှုပြုခဲ့ကြသည်။ ဤအစည်းအဝေး၌ ဓမ္မဆရာများတက်ရောက်ကြပြီး အလွန်ကောင်းသောသက်သေခံချက်များကိုကြားရကြသည်။ Letter 372, 1906. [Ev 284.1]

**၁၈၄၄ လှုပ်ရှားမှုအချိန်၌ အမှန်တရားသို့ ပရိသတ်များတုံ့ပြန်ခြင်း –** ဤဆောင်ရွက်ပုံအမှုအရာဖြင့်ဟောပြောခြင်းကို ၁၈၄၂၊ ၁၈၄၃ နှင့် ၁၈၄၄ ခုနှစ်များ၌ ပြုလုပ်ခဲ့သည်။ တရားဟောသောသူသည် မလိုအပ်သောစကားများကိုပြောဆိုခြင်းမပြုပါ။ နှုတ်ကပတ်တော်ကိုသာ ရှင်းလင်းစွာဟောပြောခဲ့သည်။ အမှန်တရားကိုယုံကြည်သောသူတို့အား နှုတ်ကပတ်တော်နှင့်အညီ ဟောပြောရန် မကြာခဏခေါ်ခြင်းကိုခံရသောအခါ လူများစွာတို့မှတုံ့ပြန်မှုကို ပြုလုပ်ကြပါသည်။ အထူးအကူအညီလိုအပ်သူများအတွက် ဆုတောင်းခြင်းဖြင့်တောင်းလျှောက်ပေးကြပါသည်။ Manuscript 105, 1906. [Ev 284.2]

**ယုံကြည်ခြင်းအတွက်အသစ်သောခင်းကျင်းပြသမှုများကို အသိအမှတ်ပြုခြင်း –** ကျွန်ုပ်၏အမှုထမ်းကြသောညီအစ်ကိုများတို့အား ကျွန်ုပ်ပြောလိုသည်မှာ မယုံကြည်သူများတို့၏ဝိညာဉ်အပေါ် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် မိမိတို့၏အပြစ်ကိုတွေ့မြင်ရန် လန်းဆန်းသောဖော်ပြချက်တိုင်းတို့သည် အလွန်ကောင်းပေသည်။ အမှန်တရားကိုသိရှိရန် ဝိညာဉ်များတို့ကိုသင်ပို့ဆောင်နိုင်သမျှသောနည်းလမ်းတိုင်းတို့သည် ယေရှုခရစ်တော်၏မျက်နှာ၌ထွန်းလင်းသကဲ့သို့ ဘုရားသခင်၏ဘုန်းတော်အလင်းဖြစ်သော အလင်းကိုထွန်းလင်းရန်ခွင့်ပြုခြင်း၏နည်းလမ်းများဖြစ်သည်။ ဤအသစ်ပြောင်းလဲသူများအတွက် ခရစ်တော်သည် မန္နမုန့်နှင့်ဝိညာဉ်ရေးနှင်းပေါက်များဖြစ်လိမ့်မည်။ သူ၌မှောင်မိုက်အလျှင်းမရှိပါ။ သူတို့နှင့်အတူ ဝိညာဉ်ခွန်အားရှိသောသူမှ ကျမ်းစာလေ့လာကြသောအခါ သူတို့သည် အမှန်တရား၌လုံးလုံးလျားလျားခိုင်မြဲစွာတည်ရှိရန် သူတို့အားသန့်ရှင်းသောဝိညာဉ်တော်တန်ခိုးလက်သို့ မိမိတို့ကိုယ်ကိုမည်ကဲ့သို့အပ်နှံရမည့်အကြောင်းပြောသည်နှင့် ဘုရားသခင်၏တန်ခိုးတော်သည် ထင်ရှားပေလိမ့်မည်။ Manuscript 105, 1906. [Ev 284.3]

**မကြာခဏလူထုခေါ်သံများ –** စိတ်ပါဝင်စားမှုရှိပုံမပေါ်သောအရာအားလုံးတို့ကိုဖယ်ရှားပစ်ပြီး သူတို့လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ သေရေးရှင်ရေးရှိသည့် ဤလေးနက်သောမေးခွန်းများသို့ လူတို့ကိုပို့ဆောင်ပါ။



သင်သည် စစ်မှန်သောအမှန်တရားကိုဟောပြောသောအခါ နားထောင်သောသူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြားနာခဲ့ရသည်နှင့်အညီ မိမိတို့၏တာဝန်ကိုညွှန်ပြပြီး မိမိတို့၏ကိုယ်စိတ်နှလုံးကို မိမိတို့၌ရှိသမျှသောခင်တွယ်မြတ်နိုးခြင်းဖြင့် ယေရှုခရစ်ထံသို့ မည်သူဆက်ကပ်အပ်နှံရန်ဆန္ဒရှိပါသနည်းဟု မကြာခဏမေးပါ။ Letter 8, 1895. [Ev 284.4]

**ရှာဖွေသူများသို့ ကိုယ်တိုင်စကားပြောခြင်း –** စည်းဝေးပြီးဆုံးသွားပြီးနောက်လာရောက်သောသူတစ်ဦးစီကိုတွေ့ဆုံကာ သူတို့၏ခံစားချက်များကို မေးမြန်းစုံစမ်းသင့်သည်။ တစ်ဦးစီအားမေးသင့်သောအချက်မှာ အကယ်၍သင်စိတ်ဝင်စားပြီး ဤအမှန်တရားကိုလက်ခံမည်ဆိုပါက သင်မည်ကဲ့သို့ပြုလုပ်မည်နည်းဟုဖြစ်ပါသည်။ မည်သူမည်ဝါစိတ်ဝင်စားသည်ကို သိရှိရန်သင်လေ့လာစုံစမ်းသင့်သည်။ အားလုံးဟောပြောရန်မလိုဘဲ စကားလုံးအနည်းငယ်ဖြင့်သာ တစ်ဦးချင်းတိတ်တဆိတ်ပြောဆိုခြင်းသည် ပို၍အကျိုးသက်ရောက်ပါသည်။ Manuscript 19b, 1890. [Ev 285.1]

**တောင်းဆိုခြင်းများထိရောက်မှုရှိရန်သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်သည် –** အကယ်၍သင်သည် ဘုရားကိုရှာပြီး မကောင်းသောအပြောအဆိုနှင့်အတ္တစိတ်အားလုံးတို့ကိုရှောင်ရှားကာ အမြဲဆုတောင်းခြင်းကိုဆက်လက်၍ပြုနေပါက ဘုရားသခင်သည် သင်၏အနား၌ရှိနေပေလိမ့်မည်။ သင်၏ကြိုးပမ်းမှုများနှင့် ဆန္ဒတောင်းခံခြင်းများတို့အပေါ် တန်ခိုးသက်ရောက်ပြီးအကျိုးရှိစေရန် ပြုလုပ်ပေးသောအရာသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြစ်ပါသည်။ ဘုရားသခင်ရှေ့၌ သင်၏ကိုယ်ကိုနှိမ့်ချပါ။ သူ၏ခွန်အားအားဖြင့် မြင့်ရာအရပ်သို့သင့်ကိုပို့ဆောင်လိမ့်မည်။ Manuscript 20, 1905. [Ev 285.2]

**ခရစ်တော်ကိုချစ်ခြင်းသည်စိတ်နှလုံးများကိုလှုပ်ရှားစေသည် –** ဘုရားသခင်နှင့် သူ၏ချစ်သားတော်ယေရှုအကြောင်းကို လူတို့ရှေ့၌ လူ့အတွက်ကြွယ်ဝသောမေတ္တာရှိကြောင်း ဟောပြောကြရမည်။ အထင်အမြင်လွဲခြင်း၏ကာဆီးမှုများနှင့် သံဝေဂတရားမရရှိခြင်းတို့ကိုဖြိုချရန် ခရစ်တော်၏မေတ္တာတော်အကြောင်း

ကိုဟောပြောခြင်းတိုင်း၌ ထည့်သွင်းဟောပြောကြရမည်။ ခရစ်တော်သည် လူတို့ကိုမည်မျှချစ်တော်မူကြောင်းကို လူတို့အားသိစေပြီး ထိုမေတ္တာ၏အထောက်အထားများတို့ကိုလည်း သိစေရန်ဖော်ပြပါ။ ကပ်တိုင်ပေါ်ခရစ်တော်အသေခံခြင်းအားဖြင့် လူတို့အားဘုရားသခင်မည်မျှချစ်ကြောင်း ဖော်ပြသည့်မေတ္တာသည် အခြားမည်သည့်မေတ္တာနှင့်မျှနှိုင်းယှဉ်၍မရပါ။ စိတ်နှလုံးထဲတွင် ယေရှု၏မေတ္တာနှင့်ပြည့်ဝသောအခါ လူတို့အားငင်းမေတ္တာကိုဖော်ပြပါက သူတို့၏စိတ်နှလုံးများကို ထိခိုက်စေပါလိမ့်မည်။ Letter 48, 1886.

## ဝိညာဉ်များပြောင်းလဲရန်ကူညီမစခြင်း

**စစ်မှန်သောပြောင်းလဲခြင်း၏အတွေ့အကြုံ** – ပြောင်းလဲခြင်းနှင့်ပတ်သက်၍ လူများစွာတို့၌ ရှုပ်ထွေးသည့်အမြင်များရှိကြကြောင်း ကျွန်ုပ်အားဖော်ပြခဲ့ပါသည်။ တရားပလ္လင်ပေါ်မှ၊ “သင်အသစ်တစ်ဖန်မွေးဖွားရမည်” ဟူသောပြောဆိုချက်ကို ထပ်ခါတလဲပြောသည်ကို သူတို့မကြာခဏကြားရပါသည်။ “သင်အသစ်သောစိတ်သဘောရှိရမည်။” ဤဖော်ပြချက်များမှာ သူတို့၏စိတ်ကိုရှုပ်ထွေးစေပါသည်။ ကယ်တင်ခြင်းစီမံကိန်းကို သူတို့နားမလည်နိုင်ကြပါ။ [Ev 286.1]

ပြောင်းလဲခြင်း၌ဖြစ်ပေါ်သောအရာနှင့်ပတ်သက်ပြီး မှားယွင်းသောယူဆချက်များကို သင်ကြားသည့်ဓမ္မဆရာတချို့ကြောင့် လူများစွာတို့သည် လမ်းမှား၍ပျက်စီးခြင်းသို့ရောက်သွားကြသည်။ တချို့သောသူတို့သည် ဝမ်းနည်းစွာဖြင့် နှစ်ပေါင်းများစွာနေထိုင်ပြီး သူတို့အားဘုရားသခင်မှလက်ခံမည့်အထောက်အထားမှတ်သားချက်တချို့ရရှိမည့်အချိန်ကို စောင့်ဆိုင်းနေကြသည်။ လောကနှင့်တတ်နိုင်သမျှ မိမိတို့၏ကိုယ်ကိုခွဲခွာလျက်နေပြီး ဘုရားသခင်၏သားသမီးများတို့နှင့်ပေါင်းဖော်လျက် ပျော်ရွှင်မှုကိုတွေ့ရှိရသော်လည်း သူတို့သည် ခရစ်တော်ကိုရဲဝံ့စွာမယုံကြည်ကြပါ။ သူတို့သည် ဘုရားသခင်၏



သားသမီးအတုအယောင်များဟု အပြောခံရမည်ကိုစိုးရိမ်ကြသောကြောင့်ဖြစ်သည်။ သူတို့အား ပြောင်းလဲခြင်းနှင့်ဆက်သွယ်သည့်အရာကိုယုံရန် ပို့ဆောင်ခြင်းခံရသည့် အထူးသောပြောင်းလဲချိန်ကို စောင့်ဆိုင်းလျက်ရှိကြပါသည်။ [Ev 286.2]

အချိန်ကာလတစ်ခုသို့ရောက်သောအခါ တချို့သောသူတို့သည် ဘုရားသခင်သူတို့အားလက်ခံကြောင်းအထောက်အထားကိုရရှိပြီး ဘုရားသခင်၏သားသမီးများတို့နှင့်အတူ မိမိတို့၏ကိုယ်ကိုဖော်ပြခြင်းသို့ပို့ဆောင်ခြင်းကို ခံယူကြပါသည်။ ငင်းအချိန်၌သာလျှင် သူတို့၏ပြောင်းလဲခြင်းကိုသတ်မှတ်ကြပါသည်။ သို့သော် ငင်းအချိန်မတိုင်မီ သူတို့သည် ဘုရားသခင်၏မိသားစုဝင်များဖြစ်နေခဲ့ပြီးကြောင်း ကျွန်ုပ်အားဖော်ပြပါသည်။ သူတို့သည် အပြစ်ကိုမုန်းတီးပြီး လောက၏ပျော်ရွှင်မှုအရာများကိုမတောင့်တဘဲ ဘုရားသခင်အားစိတ်အားထက်သန်စွာရှာရန်ဆုံးဖြတ်သည့်အချိန်မှစ၍ ဘုရားသခင်သည် သူတို့ကိုလက်ခံပြီးဖြစ်ပါသည်။ သို့သော် ငင်းလွယ်ကူသည့်ကယ်တင်ခြင်းစီမံကိန်းကို နားလည်ရန်ပျက်ကွက်ခဲ့သောကြောင့် သူတို့သည် ပထမပြောင်းလဲချိန်၌ မိမိတို့၏ကိုယ်ကိုရဲဝံ့စွာယုံကြည်သူများအဖြစ်ခံယူရမည့်အချိန်မှစ၍ ယခုလက်ခံခဲ့သည့်အချိန်ကာလစပ်ကြား ရရှိရမည့်အခွင့်အရေးများနှင့်ကောင်းချီးမင်္ဂလာများတို့ကို ဆုံးရှုံးခဲ့ရပါသည်။ [Ev 286.3]

အခြားသူများတို့သည် ပို၍အန္တရာယ်ရှိသောအမှားများထဲသို့ရောက်ရှိသွားကြသည်။ သူတို့သည် မိမိတို့၏စိတ်ဇောအားဖြင့် ထိန်းချုပ်ခြင်းခံရသည်။ သူတို့၏သနားကြင်နာခြင်းများ စိတ်ထဲ၌လှုံ့ဆော်လာပြီး ဤအရာကိုသူတို့သည် အထောက်အထားတစ်ခုအဖြစ် ဘုရားသခင်သည် သူတို့ကိုလက်ခံကာပြောင်းလဲလာသည်ဟုခံစားရလျက် ငင်းအတိုင်းသူတို့ခံယူကြပါသည်။ သို့သော် သူတို့နေထိုင်သောအသက်တာ၏စည်းမျဉ်းစည်းကမ်းတို့သည် ပြောင်းလဲခြင်းမရှိပါ။ စိတ်နှလုံးထဲ၌ စစ်မှန်သောကျေးဇူးတော်၏အလုပ်သည် အထောက်အထားများကို ခံစားချက်ထဲ၌မတွေ့ရဘဲ အသက်တာ၌သာ

တွေ့ရှိနိုင်ပါသည်။ ခရစ်တော်ပြောဆိုခဲ့သည်မှာ၊ "သူတို့၏အသီးများအားဖြင့် သူတို့ကိုသိရကြလိမ့်မည်" ဟုဖြစ်ပါသည်။ [Ev 286.4]

ခရစ်ယာန်များဖြစ်လာရန်ဆန္ဒပြင်းထန်ကြသော တန်ဖိုးရှိသည့် ဝိညာဉ်များစွာတို့သည် ခလုတ်တိုက်၍မှောင်မိုက်ထဲ၌ရှိနေကြပြီး သူတို့၏ ခံစားချက်များသည် တန်ခိုးပါစွာလှုပ်ရှားခြင်းရှိလာရန် သူတို့စောင့်ဆိုင်းနေကြပါသည်။ သူတို့၏ခံစားချက်များအထဲ၌ အထူးသောပြောင်းလဲမှုများရှိလာရန် သူတို့ကြည့်နေကြသည်။ သူတို့သည် မိမိတို့ထိန်းချုပ်၍မရသောသူတို့အပေါ်သို့ လွှမ်းမိုးမည့်မခံမရပ်နိုင်သည့်တန်ခိုးတချို့ကိုမျှော်လင့်နေကြသည်။ ခရစ်တော်ကိုယုံကြည်သောသူတို့သည် မိမိတို့၏ကယ်တင်ခြင်းကိုကြောက်ရွံ့တုန်လှုပ်သောစိတ်ဖြင့် လုပ်ရမည့်အချက်ကို သူတို့သည်သတိမရကြချေ။ [Ev 287.1]

ပြောင်းလဲသောအပြစ်သားတစ်ဦးသည် နောင်တရခြင်းအပြင်လုပ်ရမည့်အခြားအလုပ်ရှိသည်။ သူ့ကိုဘုရားသခင်လက်ခံနိုင်ရန်အတွက် သူလုပ်ရမည့်တာဝန်ရှိသည်။ သူ၏ကတိတော်ရှိသည့်အတိုင်း ဘုရားသခင်သည် သူ၏နောင်တရခြင်းကိုလက်ခံကြောင်း သူယုံရလိမ့်မည်။ "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူတို့အား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ရမည်။" [Ev 287.2]

စိတ်ထဲ၌ကျေးဇူးတော်၏အလုပ်သည် ချက်ချင်းဖြစ်လာသည့်အလုပ်မဟုတ်ပါ။ ဘုရားသခင်၏ကတိတော်များကို နေ့စဉ်အမြဲမျှော်၍ ယုံကြည်ခြင်းအားဖြင့် ဖြစ်ပေါ်လာသည့်အရာဖြစ်သည်။ ခရစ်တော်၏ကျေးဇူးတော်ကို အသစ်တစ်ဖန်ပြန်လည်၍ရရှိရန် ယုံကြည်မြတ်နိုးခြင်းနှင့်ဆန္ဒပြင်းပြစွာလိုလားတောင့်တလျက် နောင်တရပြီးယုံကြည်သူတစ်ဦးအား ဘုရားသခင်သည် အချည်းနှီးသက်သက်စွန့်ပစ်တော်မမူပါ။ ဘုရားသခင်သည် သူ့အားကျေးဇူး



တော်ကိုပေးလိမ့်မည်။ ၎င်းနောက် အမှုထမ်းသောကောင်းကင်တမန်များတို့သည် ရှေ့သို့တိုးတက်ရန် သူ၏ဖွဲ့ဖြင့်ကြိုးစားမှုအပေါ် သူ့ကိုကူညီမှုပေးလိမ့်မည်။ Manuscript 55, 1910. [Ev 287.3]

**ပြောင်းလဲခြင်းများ– အားလုံးမတူညီကြပါ –** လူတိုင်းတည်ဆောက်ပုံမတူညီကြပါ။ ပြောင်းလဲခြင်းသည်လည်း လူတိုင်း၌မတူညီကြပါ။ ယေရှုသည် စိတ်နှလုံးကိုနှိုးဆော်ပြီး အပြစ်သားသည် အသက်တာအသစ်သို့ တစ်ဖန်မွေးဖွားလာသည်။ ဆိုးရွားသောပြစ်ဒဏ်စီရင်ခံရခြင်း၊ စိတ်ကြေကွဲခြင်း၊ နောင်တကြီးစွာရရှိစေသော အလွန်ကြောက်မက်ဖွယ်သောအရာများတို့နှင့် ကြုံတွေ့ရခြင်းများမရှိသောအခါ ဝိညာဉ်များတို့သည် မကြာခဏခရစ်တော်ထံသို့ဆွဲဆောင်ခြင်းခံရပါသည်။ မြှောက်တင်ထားသောကယ်တင်ရှင်ကိုကြည့်ခြင်းအားဖြင့် သူတို့အသက်ရှင်ကြသည်။ ဝိညာဉ်၏လိုအပ်ချက်ကို သူတို့တွေ့သည်။ ကယ်တင်ရှင်၏လုံလောက်ခြင်းနှင့် သူ၏ပြောဆိုခြင်းကို သူတို့တွေ့မြင်ကြသည်။ သူ၏အသံကိုသူတို့ကြားရသည်မှာ၊ "ငါ့နောက်လိုက်လော့" ဟုဖြစ်ပြီး သူတို့သည်ထ၍ သူ့နောက်သို့လိုက်ကြသည်။ ဤပြောင်းလဲခြင်းသည် အစစ်အမှန်ဖြစ်ပြီး ဘာသာရေးအသက်တာသည် အခြားသူများဆုံးဖြတ်ထားသည့် ဆိုးရွားသောအစီအစဉ်၏ပြင်းထန်စွာနာကျင်မှုအားလုံးတို့ကို ခံစားရသောသူကဲ့သို့ဖြစ်ပေလိမ့်မည်။ Letter 15a, 1890. [Ev 287.4]

**တိကျခြင်းမရှိ၊ စနစ်မကျသောပြောင်းလဲခြင်းများ –** ဘာသာရေးကျင့်ထုံးများတို့အား မည်ကဲ့သို့ကျင်းပရမည်ကိုသာတွက်ချက်ပြီး အလွန်တိကျ၍စနစ်တကျကျင်းပလျက် ကျေးဇူးတော်အလင်းကိုပျံ့နှံ့စေသည်ဟု သူတို့၌မြင်တွေ့ရပုံပေါ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်များစွာမပါရှိခြင်းသာလျှင်ဖြစ်သည်။ [Ev 288.1]

ဘုရားသခင်၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့မမြင်ရသော်လည်း အပြစ်ကိုကျူးလွန်ခြင်းနှင့် အပြစ်၌သေနေသော သူတို့၏အပြစ်ထင်ရှားခြင်းနှင့် ပြောင်းလဲခြင်းဖြစ်စဉ်ကို ကျွန်ုပ်တို့သိပါသည်။ ဆင်ခြင်မှုမရှိ၊ လမ်းလွဲနေသော

သူများ စိတ်ပူပန်လာကြသည်။ စိတ်မာကျောသူများ၊ ကိုယ်ကျင့်တရားယိုယွင်းသောသူများတို့သည် ပုံမှန်ဖြစ်လာခြင်း၊ မိမိကိုယ်ကိုဆင်ခြင်လာခြင်းနှင့်ဖြူစင်ခြင်းရှိလာကြသည်။ ပုန်ကန်သူများနှင့်ခေါင်းမာသူများ နူးညံ့သိမ်မွေ့ပြီး၊ ခရစ်တော်နှင့်တူလာကြသည်။ အကျင့်စာရိတ္တပြောင်းလဲခြင်းများကို ကျွန်ုပ်တို့မြင်တွေ့ရသောအခါ ဘုရားသခင်၏ပြောင်းလဲပေးခြင်းသည် လူတစ်ကိုယ်လုံးကိုပြောင်းလဲပေးကြောင်း ကျွန်ုပ်တို့သေချာစွာသိရှိနိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့မြင်ရရုံမျှမကဘဲ စိတ်မာကျော၍ခေါင်းမာသောအပြစ်သားများတို့၏စာရိတ္တကိုပြောင်းလဲပေးသောအလုပ်၏အထောက်အထားကိုပါ ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ လေတိုက်၍ မိမိ၏အရှိန်အဟုန်ကြောင့် မြင့်မားသောသစ်ပင်ကြီးများကို ပြိုလဲစေနိုင်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့၏နှလုံးသားအထဲ၌ အလုပ်လုပ်နိုင်ခြင်းကို မည်သည့်လူပုဂ္ဂိုလ်မျှ ဘုရားသခင်၏အလုပ်ကို သတ်မှတ်နိုင်စွမ်းမရှိပါ။ [Ev 288.2]

ဘုရားသခင်၏ဝိညာဉ်တော်သည် မတူညီသောနည်းလမ်းများဖြင့် မတူညီကြသောလူတို့အပေါ်သို့ ထင်ရှားစေပါသည်။ ဤတန်ခိုး၏လှုပ်ရှားမှုအောက်၌ရှိနေသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ရှေ့၌ တုန်လှုပ်ခြင်းရှိပါလိမ့်မည်။ သူ၏အပြစ်များကို ထင်ရှားစေခြင်းသည် အလွန်ထိရောက်ပြီး သူ၏စိတ်ထဲ၌ပြင်းထန်သောမုန်တိုင်းတစ်ခုနှင့် စိတ်လှုပ်ရှားရှုပ်ထွေးမှု၏ခံစားချက်ဒေါသထွက်ပုံပေါ်ပြီး မိမိ၏တစ်ကိုယ်လုံးသည် အမှန်တရား၏ပြောင်းလဲခြင်းတန်ခိုးအောက်၌ မြေသို့လဲကျ၀ပ်ဆင်းသွားသည်။ အပြစ်ဖြေလွှတ်ခြင်းအကြောင်းကို နောင်တရသောသူအား ဘုရားသခင်စကားပြောသောအခါ သူသည် စိတ်အားထက်သန်မှုနှင့်ပြည့်ဝလာခြင်း၊ ဘုရားကိုလုံးလုံးလျားလျားချစ်ခြင်း၊ စိတ်အားထက်သန်မှုနှင့်ခွန်အားဖြင့်ပြည့်ဝလာခြင်းနှင့် သူရရှိသောအသက်ပေးနိုင်သည့်ဝိညာဉ်ကို တားဆီးဖိနှိပ်ချုပ်ချယ်၍မရခြင်းအစရှိသောအခြေအနေသို့ ရောက်ရှိသွားပါသည်။ ခရစ်တော်သည် သူ၏အထဲ၌ကိန်းအောင်းပြီး ရေတွင်းတစ်တွင်းမှစီးထွက်လာသော ထာဝရအသက်ကိုပေးပါသည်။ မေတ္တာအပေါ်သူ၏ခံစားချက်များသည် သူ၏ပူဆွေးခြင်းနှင့်ပြင်းထန်စွာဒုက္ခခံရခြင်းကဲ့သို့ နက်ရှိုင်းပြီးပြင်းထန်ပါသည်။ သူ၏ဝိညာဉ်သည် နက်လှသောစမ်းရေပေါက်ကဲ့သို့ ပေါက်ထွက်လာပြီး သူ၏ကျေးဇူးတင်ဂုဏ်တော်ချီးမွမ်းခြင်း၊ သူ၏ကျေးဇူးနှင့်ဝမ်းသာခြင်းတို့သည် ကောင်းကင်မှစောင်းကောက်များ ဝမ်းမြောက်စွာတီးခတ်ကြရသည့်တိုင်အောင်ဖြစ်သည်။ သူ၌ပြောဆိုရန်ပုံဝတ္ထုတစ်ခုရှိသည်။ သို့သော် တိကျ၍ရိုးရိုးနည်းစနစ်အားဖြင့်မဟုတ်ပါ။ သူသည် ယေရှုခရစ်တော်၏ကောင်းမှုများအားဖြင့် ရွေးနုတ်ခြင်းခံခဲ့ရသောဝိညာဉ်ဖြစ်ပြီး ဘုရားသခင်၏ကယ်တင်ခြင်းကို နားလည်သဘောပေါက်ခြင်းကြောင့် သူ၏ကိုယ်စိတ်နှလုံးအားလုံးသည် ဝမ်းမြောက်အံ့ဩခြင်းဖြင့် ပြည့်ဝလျက်ရှိသည်။ [Ev 288.3]



အခြားသောသူတို့သည် ပို၍နူးညံ့သောနည်းအားဖြင့် ခရစ်တော်ထံသို့ ခေါ်ဆောင်ခြင်းခံရကြသည်။ "လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကိုသင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟုမိန့်တော်မူ၏။" လေ၏တိုက်ခတ်ပုံကိုသင်မတွေ့ရပါ။ သို့သော် အကျိုးသက်ရောက်ပုံကိုသင်တွေ့ရပါသည်။ နိကောဒင်သည် ယေရှုအား "ဤအမှုအရာသည် အဘယ်သို့ဖြစ်နိုင်ပါမည်နည်း" ဟုမေးသောအခါ၊ ယေရှုပြန်၍ပြောသည်မှာ "သင်သည် ဣသရေလလူတို့တွင် ဓမ္မဆရာဖြစ်လျက်ပင် ဤအမှုအရာကိုမသိသလော" ဟုပြန်ဖြေလိုက်ပါသည်။ ဣသရေလလူမျိုးထဲ၌ ဆရာတစ်ယောက်၊ ပညာရှိများအထဲ၌ ပုဂ္ဂိုလ်တစ်ဦးဘာသာရေးသိပ္ပံအတတ်ကိုနားလည်သည်ဟု ယူဆရသည့်ပုဂ္ဂိုလ်တစ်ဦးသည် ပြောင်းလဲခြင်း၏အယူဝါဒကိုနားမလည်ပါ။ သူသည် အမှန်တရားကိုလက်ခံရန်ဆန္ဒမရှိပါ။ အကြောင်းမှာ ဘုရားသခင်၏တန်ခိုးတော်လှုပ်ရှားခြင်း၏ဆက်စပ်မှုများကို သူနားမလည်ပါ။ သဘာဝတရား၏အကြောင်းအရာများကို သူလက်ခံသော်လည်း သူရှင်းပြ၍မရ၊ ၎င်းတို့၏အကြောင်းကိုပင်နားမလည်ပါ။ ခေတ်အဆက်ဆက်၌ရှိခဲ့

သောအခြားသူများကဲ့သို့ ဘုရားသခင်၏ဝိညာဉ်တော်နက်နဲစွာလှုပ်ရှားခြင်းအကြောင်းအရာထက် ဘာသာရေးတွင်တိကျစွာဘာသာရေးဆိုင်ရာအခမ်းအနားများကိုကျင်းပခြင်းသည် ပို၍လိုအပ်သည်ဟု ထင်မြင်ယူဆကြပါသည်။ Review and Herald, May 5, 1896. [Ev 289.1]

**ပြောင်းလဲခြင်းသည်နားထောင်ခြင်းသို့ပို့ဆောင်သည်** – လူသားတစ်ဦး၏ ပြောင်းလဲခြင်းသည် အကျိုးသက်ရောက်မှုမသေးငယ်ပါ။ ၎င်းသည် ဘုရားတန်ခိုးတော်အားဖြင့် အကြီးမားဆုံးသောအံ့ဩဖွယ်ရာကို ပြုလုပ်ခြင်းဖြစ်သည်။ အမှန်တကယ်အကျိုးသက်ရောက်မှုများသည် ခရစ်တော်ကိုယုံကြည်ခြင်းဖြင့်ရောက်ရှိသွားရမည့် ကိုယ်ပိုင်ကယ်တင်ရှင်ကဲ့သို့ခံယူနိုင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကိုနားထောင်ခြင်းအားဖြင့်ဖြူစင်ခြင်း၊ သူ၏သန့်ရှင်းသောဥပုသ်တော်နေ့ကို ပြည့်စုံစွာစောင့်ထိန်းခြင်းအားဖြင့်သန့်ရှင်းခြင်း၊ ကိုးစားခြင်း၊ ယုံကြည်ခြင်း၊ သည်းခံလျက်စောင့်နေခြင်းနှင့် စိတ်အားထက်သန်စွာမိမိတို့၏ကိုယ်တိုင်ကယ်တင်ခြင်းအတွက် ကြောက်ရွံ့တုန်လှုပ်သောစိတ်ဖြင့်လုပ်ဆောင်ခြင်းများတို့အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အလိုရှိစေရန်၊ အကျင့်ကျင့်စေရန် ကျွန်ုပ်တို့အထဲ၌ စေတနာအားဖြင့်ပြုပြင်တော်မူသောဘုရားဖြစ်ကြောင်း သင်ယူနိုင်ပါလိမ့်မည်။ Manuscript 6, 1900. [Ev 289.2]

**အမှန်တရားကိုလိုက်လျှောက်ခြင်းအားဖြင့်သာသန့်ရှင်းခြင်းရရှိသည်** – လူတို့သည် နှုတ်ကပတ်တော်ကိုဖတ်ရှုနားလည်ခြင်းအားဖြင့် အကျင့်စာရိတ္တပြောင်းလဲလိမ့်မည်ဟုထင်ကာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းမပြုသင့်ပါ။ ဤအလုပ်သည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်တည်းဟူသော ပုဂ္ဂိုလ်ကိုရရှိရန်သာဖြစ်သည်။ တိကျသည့်အမှန်တရား၏ယူဆချက်များကိုခိုင်မြဲစွာစွဲကိုင်ထားနိုင်ရန်အတွက်ဖြစ်သည်။ ဤယူဆချက်များမှ ကြီးမားသောကောင်းချီးမင်္ဂလာများတို့အား ဤယူဆချက်များကိုစွဲကိုင်ထားသောသူတို့မှဧကန်အမှန်ပိုင်ဆိုင်နိုင်သည်ဟု ထင်ကြသည့်တိုင်အောင် ထပ်ခါတလဲပြန်လည်၍ဖတ်ရှုကြပေလိမ့်မည်။ အကြီးမားဆုံးနှင့် တန်ခိုးနှင့်အပြည့်ဝဆုံးအမှန်တရား



များကိုရရှိကြသည့်တိုင် ဝင်းပြင်၌သာရှိပြီးနေ့စဉ်အသက်တာကို ကျန်းမာ၍မွေးကြိုင်စေရန် တန်ခိုးဩဇာအနည်းငယ်ကိုသာ ရရှိပါလိမ့်မည်။ သိရှိထားသောအမှန်တရားကို ကျင့်သုံးခြင်းမပြုပါက ၎င်းအမှန်တရားအားဖြင့် မိမိဝိညာဉ်အတွက် ဖြူစင်သန့်ရှင်းခြင်းမရရှိနိုင်ပါ။ Letter 16, 1892. [Ev 290.1]

**အယူဝါဒများ၊ သို့မဟုတ် အသင်းဝင်ဖြစ်ခြင်းသည် ပြောင်းလဲခြင်း၏နေရာကို အစားထိုး၍မရပါ** – ပြောင်းလဲခြင်းမရှိသောလူသားတိုင်း အတူတူပင်ဖြစ်သည်။ လူတချို့တို့သည် ယုံကြည်မှုတစ်ခုမှအခြားတစ်ခုသို့ ပြောင်းသွားကြမည်ဖြစ်သည်။ ဤကဲ့သို့လုပ်သောသူများရှိသကဲ့သို့ လုပ်မည့်သူရှိဦးမည်ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာတစ်ခုမှ အခြားတစ်ခုသို့ပြောင်းသွားမည်ဖြစ်ပါသည်။ သို့သော် "အသစ်သောနှလုံးကိုလည်း သင့်အားငါပေးမည်" ဟုပြောသည့်စကားအဓိပ္ပါယ်ကို သူတို့မသိကြပါ။ အသစ်သောဘာသာကိုလက်ခံပြီး အသင်းတော်ထဲသို့ဝင်လာခြင်းသည် မိမိ၏ပေါင်းစည်းသောအသင်းတော်သည် မှန်သောအခြေခံအုတ်မြစ်ပေါ်မှာထူထောင်ထားသည့်တိုင်အောင် မည်သူ့ကိုမျှအသစ်သောအသက်တာကိုမပေးနိုင်ပါ။ အသင်းတော်တစ်ခုနှင့်ဆက်သွယ်ခြင်းသည် ပြောင်းလဲခြင်းနေရာကိုယူ၍မရပါ။ အကယ်၍ စိတ်နှလုံးသည် အမှန်ပင်ပြောင်းလဲခြင်းမရှိပါက အသင်းတော်ထဲသို့နာမည်စာရင်းထည့်သွင်းခြင်းသည် မည်သူ့ကိုမျှတန်ဖိုးရှိစေမည်မဟုတ်ပါ။ [Ev 290.2]

ကျွန်ုပ်တို့သည် အမှန်တရားကိုဉာဏ်စွမ်းအားဖြင့် ယုံကြည်ခြင်းထက်ပို၍ရှိရမည်။ ယုဒလူများစွာတို့သည် ယေရှုကိုဘုရားသခင်၏သားဟုယုံကြည်ကြသည်။ သို့သော် သူတို့၏အသက်တာကိုဆက်ကပ်ရန် သူတို့သည် စိတ်နေမြင့်လွန်းပြီး ရည်မှန်းချက်ကြီးမားကြသည်။ အမှန်တရားကိုငြင်းဆန်ရန် သူတို့ဆုံးဖြတ်ကြပြီး သူတို့၏ဆန့်ကျင်ခြင်း၌သာတည်မြဲနေကြသည်။ အမှန်တရားကိုယေရှု၌ရှိသကဲ့သို့ စိတ်ထဲ၌သူတို့လက်မခံကြပါ။ အသိတရားအားဖြင့်သာ အမှန်တရားကိုလက်ခံခြင်းနှင့် နှလုံးသားထဲ၌စွဲမြဲခြင်းမရှိ၊ လက်ခံခြင်းလည်း မပြုကြသောအခါ အသိစိတ်ကိုသာအကျိုးပြုစေသည်။ သို့သော် အမှန်တရား

ကိုနှလုံးသားထဲ၌လက်ခံသောအခါ အသိတရားကိုဖြတ်ကျော်လာကာ နှလုံးသားထဲ၌ဖြူစင်သောစည်းမျဉ်းဥပဒေများနှင့်အတူ ဝိညာဉ်ကိုစွဲလမ်းခြင်းရှိစေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှလုံးသားထဲ၌ရောက်ရှိလာပြီး စိတ်ထဲ၌ ၎င်း၏လုပခြင်းကိုဖော်ပြကာ အကျင့်စာရိတ္တထဲ၌ ပြောင်းလဲခြင်းတန်ခိုးကို တွေ့ရှိရပါသည်။ Review and Herald, Feb. 14, 1899. [Ev 291.1]

**ပြောင်းလဲခြင်းသည်စုပေါင်းလုပ်ဆောင်ခြင်း၏အကျိုးဖြစ်သည် –** ပျောက်ဆုံးသူများနှင့်ပျက်စီးနေသောဝိညာဉ်များကို ပြန်လည်၍ရယူခြင်းသည် လူ၏လုပ်ဆောင်မှုဖြင့်ထိရောက်ခြင်းမရှိဘဲ လူနှင့်အတူလုပ်ဆောင်သော ဘုရားသခင်ပါရှိရလိမ့်မည်။ ဘုရားသခင်ဆောင်ရွက်သွားပြီး လူသည်လည်းပါဝင်လုပ်ဆောင်ရပါလိမ့်မည်။ "သင်တို့သည် ဘုရားသခင်နှင့်အတူလုပ်ဆောင်သောသူဖြစ်ကြ၏။" ကျွန်ုပ်တို့သည် မတူညီသည့်နည်းလမ်းများအားဖြင့်သော်လည်းကောင်း၊ မတူညီသည့်တီထွင်သောနည်းစနစ်များအားဖြင့်သော်လည်းကောင်း အမှန်တရားကိုဖော်ပြရန်နှင့် သူကိုယ်တိုင်အပြစ်ဖြေလွှတ်သောကယ်တင်ရှင်ဖြစ်ကြောင်းကိုဖော်ပြရန် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ကိုအလုပ်လုပ်စေပါ။ Letter 20, 1893. [Ev 291.2]

**အပြစ်သားကိုစည်းပြင်၌မစခြင်း –** ခရစ်တော်သူတို့အပေါ်၌ရှိသောမေတ္တာဖြင့် လူငယ်များတို့ကိုသတိပေးခြင်း၊ အပြစ်သားများတို့ကိုတောင်းပန်ခြင်းများတို့ကို အချိန်အခါမရွေးအမြဲပြုကြပါ။ အပြစ်သား၏နှုတ်မှအော်ဟစ်သံဖြစ်သော "အိုကျွန်ုပ်၏အပြစ်များ၊ ကျွန်ုပ်၏အပြစ်များ၊ ဖြေလွှတ်ခြင်းခံရရန်ကြီးမားလွန်းလှသည်ဟု ကျွန်ုပ်ကြောက်ရွံ့နေပါသည်" ဟုကြားရသောအခါ၊ ထိုသူ၌ယုံကြည်ခြင်းရှိရန် သူ့ကိုအားပေးပါ။ ယေရှုကိုမြင့်သည်ထက်မြင့်အောင်မြှောက်တင်ပါ။ "လောက၏အပြစ်ကိုယူဆောင်သွားသောသိုးသငယ်ကိုကြည့်ပါ" ဟုပြောပါ။ "ကျွန်ုပ်အပြစ်သားကိုသနားတော်မူပါဘုရား" ဟုပြောဆိုသံကိုကြားရသောအခါ၊ တုန်လှုပ်နေသောဝိညာဉ်ကို ခိုလှုံရာတစ်ခုကဲ့သို့ အပြစ်





ဖြေလွှတ်သောကယ်တင်ရှင်ထံသို့ ထိုသူအားညွှန်ပြပါ။" Manuscript 138, 1897. [Ev 291.3]

**ကောင်းကင်တမန်များဝမ်းမြောက်သည် –** ဘုရားသခင်ထံသို့ဝိညာဉ်များကိုပြောင်းလဲပေးခြင်းအလုပ်သည် အကြီးမားဆုံးနှင့်အမြင့်ဆုံးအလုပ်ဖြစ်ပြီး လူသားများပါဝင်လုပ်ဆောင်နိုင်သည့် အလုပ်တစ်ခုဖြစ်သည်။ ဝိညာဉ်များပြောင်းလဲခြင်းအလုပ်၌ ဘုရားသခင်သည်းခံခြင်း၊ သူ၏အကန့်အသတ်မရှိသောမေတ္တာ၊ သူ၏သန့်ရှင်းခြင်း၊ သူ၏တန်ခိုးများတို့ကို ဖော်ပြနေပါသည်။ ပြောင်းလဲသောသူတိုင်း သူ့ကိုချီးကျူးဂုဏ်ပြုပြီး ကောင်းကင်တမန်များတို့ကိုလည်း "ကရုဏာနှင့်သစ္စာဆုံမိပြီ။ တရားနှင့်ချမ်းသာသည် တစ်ပါးကိုတစ်ပါးနမ်းကြပြီ" ဟူ၍ သီဆိုခြင်းကိုပြုစေပါသည်။ Letter 121, 1902. [Ev 292.1]

## စိတ်ဝင်စားသူများကိုစည်းရုံးခြင်း

**များစွာသောသူတို့သည်ကောင်းကင်ကိုတောင့်တသောစိတ်ဖြင့်ကြည့်နေသည် –** ကမ္ဘာတစ်ဝန်းလုံးရှိလူတို့သည် ကောင်းကင်ကိုတောင့်တသောစိတ်ဖြင့်ကြည့်နေကြသည်။ ဆုတောင်းခြင်း၊ မျက်ရည်မျက်ခွက်နှင့် စုံစမ်းခြင်းဖြင့်စိတ်နှလုံးများထဲမှအလင်း၊ ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ကိုတောင့်တလျက်ရှိကြသည်။ အများသောသူတို့သည် နိုင်ငံတော်၏အနား၌ သိမ်းဆည်းခြင်းခံရကြရန် စောင့်ဆိုင်းလျက်ရှိနေကြသည်။ The Acts of the Apostle, p. 109. (1911). [Ev 292.2]

**ပျောက်ဆုံးသူနောက်သို့လိုက်ခြင်း –** လုပ်ငန်းထဲ၌ ကျွန်ုပ်တို့စိတ်နှလုံးအားလုံးဖောက်ချ၍ပါဝင်လုပ်ဆောင်ကြသောအခါ ကျွန်ုပ်တို့သည် ကောင်းကင်တမန်များတို့နှင့် နီးကပ်စွာမိတ်သဟာယဖွဲ့ကြပါသည်။ ကောင်းကင်တမန်များတို့နှင့်သော်လည်းကောင်း၊ ခရစ်တော်နှင့်သော်လည်းကောင်း အတူပေါင်းစပ်

၍အလုပ်လုပ်ကိုင်ကြပြီး ၎င်းအထဲ၌ သန့်ရှင်း၍ကောင်းမြတ်သောကြင်နာမှုသည် ကောင်းကင်နှင့်သော်လည်းကောင်း၊ ကျွန်ုပ်နှင့်အတူသော်လည်းကောင်း ရှိပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်နှင့်ပို၍နီးကပ်စွာ၊ ကောင်းကင်တမန်အစုအရုံးနှင့်နီးကပ်စွာ၊ ယေရှုနှင့်ပို၍နီးကပ်စွာပို့ဆောင်ခြင်းကိုခံရကြပါသည်။ ထို့ကြောင့် ဤလုပ်ငန်း၌ ကျွန်ုပ်တို့၏ခွန်အားရှိသမျှတို့နှင့်ပါဝင်၍ လုပ်ကိုင်ဆောင်ရွက်ကြပါစို့။ [Ev 292.3]

အမှုတော်ထဲ၌မောပန်းနွမ်းနယ်ခြင်းမရှိကြနှင့်။ ကျွန်ုပ်တို့ကိုဘုရားသခင်မစလိမ့်မည်။ ကောင်းကင်တမန်များလည်း ကျွန်ုပ်တို့ကိုမစလိမ့်မည်။ အကြောင်းမှာ ဤအလုပ်သည် သူတို့၏အလုပ်ဖြစ်ပြီး ကျွန်ုပ်တို့အားလုပ်ဆောင်လိုသောစိတ်ဓာတ်ကို ဤအလုပ်အတွက်ပေးလိမ့်မည်။ [Ev 292.4]

ဤအလုပ်ကိုစိတ်ပါဝင်စားစွာသင်ဆောင်ရွက်ရမည်။ လမ်းလွဲနေသောသိုးများကိုသင်တွေ့ရှိရပါက သိုးခြံထဲသို့ပြန်လည်၍ခေါ်ဆောင်လာရမည်။ သိုးခြံထဲ၌လုံခြုံစွာရှိနေသည့်တိုင်အောင် သင်ပို့ဆောင်ရမည်။ ကောင်းကင်၌မွန်မြတ်သော ကျွန်ုပ်တို့ဘုရားသခင်၏ဝိညာဉ်သည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်ခြင်းရှိပါစေ၊ ဤအရာသည် ကျွန်ုပ်တို့လိုချင်သောအရာဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား "ငါသည် သင်တို့ကိုချစ်သည်နည်းတူအချင်းချင်းချစ်ကြလော့" ဟုပြောခဲ့ပါသည်။ ဣသရေလလူမျိုးထဲ၌ပျောက်သောသိုးတို့ထံသို့ထွက်သွားကြပါ။ Undated Manuscript 141. [Ev 292.5]

**ခရစ်တော်ကိုကိုင်ဆွဲထားပြီးလူကိုဆွဲယူပါ** – အမှုဆောင်များတို့သည် မိမိတို့၏လက်တစ်ဖက်ဖြင့် ခရစ်တော်၏လက်ကိုဆွဲကိုင်ထားပြီး အခြားလက်တစ်ဖက်ဖြင့် အပြစ်သားများတို့ကို ကယ်တင်ရှင်ထံသို့သူတို့ကိုဆွဲယူရမည်။ Review and Herald, Sept. 10, 1903. [Ev 293.1]

ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းအားဖြင့်ဆွဲယူပါ။ ဝိညာဉ်များတို့ကိုဧဝံဂေလိတရားတော်စားသောက်ပွဲကြီးသို့ခေါ်ဆောင်ပါ။ Letter 112, 1902. [Ev 293.2]



**သူတို့ထံတစ်ဖန်ရောက်ရှိလိမ့်မည်မဟုတ်ပါ** – အရေးကြီးသောကျွန်ုပ်တို့၏တာဝန်သည် စခန်းအစည်းအဝေး၌ စိတ်ဝင်စားခြင်းရှိသောအချိန်နောက်ပိုင်း၌ သူတို့ထံချဉ်းကပ်ရမည်မဟုတ်ဘဲ လက်ရှိစိတ်ဝင်စားချိန်၌ သွားရောက်တွေ့ဆုံရမည်ဖြစ်သည်။ အကြောင်းမှာ သူတို့အနေဖြင့်ခံစားချက်ရှိပြီး ယုံကြည်ခဲ့သော်လည်း ၎င်းယုံကြည်ချက်ထဲသို့လိုက်ပါလိုသောဆန္ဒမရှိပါက ယခင်စိတ်ဝင်စားချိန်ကထက် သူတို့ကိုအမှန်တရားလက်ခံစေရန် ပို၍ခက်ခဲလိမ့်မည်ဖြစ်ပြီး နောက်တစ်ဖန်သူတို့ကိုဆွဲခေါ်နိုင်လိမ့်မည်မဟုတ်ပါ။ Manuscript 19b, 1890. [Ev 293.3]

**ယခုဆုံးဖြတ်ချက်ရယူရန်ခက်ခဲခြင်း** – ကျွန်ုပ်တို့၏အချိန်၌ မိမိတို့၏ကိုယ်တွေ့အသိတရားအားဖြင့် အင်အားနှင့်ပြည့်ဝပြီး သန့်ရှင်းစေနိုင်သောအမှန်တရား၏တန်ခိုးကို ယုံကြည်ရန်ဝန်ခံသောသူတို့အား ဆွဲယူနိုင်ရန်ခက်ခဲသောအရာတစ်ခုဖြစ်သည်။ ဤအရာသည် လွန်ခဲ့သောနှစ်ပေါင်းများစွာမှကြုံတွေ့ခဲ့ရသောဗဟုသုတဖြစ်သည်။ သို့သော် ပုံစံသည် တန်ခိုး၏နေရာကိုယူပြီး ၎င်း၏ရှင်းလင်းလွယ်ကူခြင်းကို ကျင်းပသောပွဲများအထဲ၌ ပျောက်ကွယ်သွားစေခဲ့ပါသည်။ Manuscript 104, 1898. [Ev 293.4]

**ပုံပမာတစ်ခု – မှည့်သောအသီးများကိုစုသိမ်းခြင်း** – စက်တင်ဘာ ၂၉၊ ၁၈၈၆ ခုနှစ်၌ ကျွန်ုပ်အိပ်မက်တစ်ခုရရှိခဲ့ပါသည်။ အိပ်မက်ထဲ၌အရည်ရွှမ်းသောအသီးများကိုရှာဖွေသူတစ်စုတို့နှင့်အတူ ကျွန်ုပ်လမ်းလျှောက်နေပါသည်။ အချိန်ကုန်သွားပြီး ဆောင်ရွက်စရာအနည်းငယ်ကိုသာပြီးမြောက်ခဲ့သည်။ နောက်ဆုံး၌ကျွန်ုပ်ပြောသည်မှာ၊ "ညီအစ်ကိုတို့၊ အမှုဆောင်ရွက်ရန်စေလွှတ်ခြင်း၌ ဤအရာကိုမအောင်မြင်မှုဟုသင်ခေါ်ခြင်းကို သင်တို့၏အောင်မြင်မှုမရှိခြင်းအတွက် ကျွန်ုပ်မအံ့ဩပါ။ သင်တို့၏အောင်မြင်ခြင်း၊ သို့မဟုတ် ဆုံးရှုံးခြင်းသည် အလုပ်ကိုသင်တို့မည်ကဲ့သို့ဆောင်ရွက်ပုံအပေါ်မူတည်ပါသည်။ ဤနေရာ၌ အရည်ရွှမ်းသောအသီးများရှိသည်ကို ကျွန်ုပ်တွေ့ခဲ့ရပါသည်။ တချို့သောသူသည် နိမ့်သောချုံပုတ်၌ရှာကြသောကြောင့်မတွေ့ရပါ။ အခြားသူတို့သည်

အသီးအနည်းငယ်ကိုသာ တွေ့ခဲ့ကြသည်။ သို့သော် မြင့်သောချုံပုတ်ကို သင်တို့ကျော်လွန်သွားကြသည်။ ထိုနေရာ၌ အသီးကိုရှာရန် သင်တို့ဆန္ဒမရှိကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်ရှာဖွေရရှိခဲ့သောအသီးသည် ကြီး၍မှည့်လျက်ရှိသည်။ မကြာမီအခြားအရေရွှမ်းသောအသီးများလည်းမှည့်လာပြီး ထိုချုံပုတ်များသို့ ကျွန်ုပ်တို့တစ်ဖန်သွားနိုင်ကြလိမ့်မည်။ ဤနည်းလမ်းသည် အသီးသိမ်းဆည်းရန် ကျွန်ုပ်သင်ယူရသောနည်းလမ်းဖြစ်သည်။ အကယ်၍မြင်းလှည်းအနား၌သင်ရှာပါက၊ ကျွန်ုပ်ကဲ့သို့အသီးကို သင်တွေ့ရှိရလိမ့်မည်။ [Ev 293.5]

"ဘုရားသခင်သည် အသီးသီးသောချုံပုတ်ကို ဤထူထပ်ရာအရပ်၌ထားတော်မူပြီး ၎င်းတို့ကိုသင်ရှာယူရန် သူမျှော်လင့်လျက်နေပါသည်။ သို့သော် သင်သည် စားသောက်ခြင်းအားဖြင့် အလွန်အလုပ်များနေပြီး သင့်ကိုယ်ကို ပျော်ရွှင်မှုပေးနေပါသည်။ လယ်ပြင်သို့သွားပြီး အသီးကိုရှာဖွေလိုသောစိတ်သည် သင်၌မရှိပါ။" [Ev 294.1]

"မှန်သောနည်းနှင့်အလုပ်လုပ်ခြင်းအားဖြင့် အသက်ငယ်သောအမှုဆောင်များတို့ကို ဤစားသောက်ခြင်း၊ အပန်းဖြေခြင်းနှင့်ပတ်သက်သောအရာများတို့သည် အဓိကအရေးကြီးသောအရာများမဟုတ်ကြောင်း သင်သင်ကြားပို့ချနိုင်လိမ့်မည်။ မြင်းလှည်းအားထောက်ပံ့သည့်အရာများကို မြေပေါ်သို့ယူဆောင်လာရန် ခက်ခဲသောအလုပ်ဖြစ်ခဲ့သည်။ သို့သော် သင်သည် အသီးထက်ထောက်ပံ့သောအရာများတို့ကိုစဉ်းစားနေပြီး သင့်လုပ်ငန်းများ၏အကျိုးကျေးဇူးကဲ့သို့ သင်၏အိမ်သို့ယူသွားသင့်သည်ဟု ထင်နေပါသည်။ သင်လုံ့လဝီရိယရှိရမည်။ သင်နှင့်အနီးဆုံးအရည်ရွှမ်းသောအသီးများကို ဦးစွာဆွတ်ခူးယူရမည်။ နောက်မှပို၍ဝေးသောအရပ်၌ရှာဖွေရမည်။ ထိုနောက်ပြန်လာ၍ အနီးပတ်ဝန်းကျင်၌တစ်ဖန်လုပ်ဆောင်ရမည်။ သို့မှသာ အောင်မြင်မှုကိုသင်ရရှိလိမ့်မည်။" Gospel Workers, pp. 136-139. (1886) [Ev 294.2]



**ဝိညာဉ်များအတွက်ဘုရားသခင်နှင့်လုံးပန်းခြင်း** – အကယ်၍ ကျွန်ုပ်တို့သည် ဂျွန်နော့(ခ်) ကဲ့သို့ စကော့တလန်အတွက် ဘုရားရှေ့၌တောင်းပန်မှုပြုပါက၊ ကျွန်ုပ်တို့အောင်မြင်ခြင်းရလိမ့်မည်။ သူတောင်းလျှောက်ခဲ့သည်မှာ "ကိုယ်တော်၊ ကျွန်ုပ်အားစကော့တလန်ကိုပေးပါ၊ သို့မဟုတ် ကျွန်ုပ်အားသေခွင့်ပြုပါ" ဟုဖြစ်ပါသည်။ လုပ်ငန်းကိုဆုပ်ကိုင်၍ ဘုရားသခင်နှင့်လုံးပန်းမှုပြုပြီး "ကျွန်ုပ် ဝိညာဉ်များရရှိရမည်။ ကျွန်ုပ်၏ကြိုးစားမှုကို မည်သည့်အခါမျှလက်မလျှော့ပါ" ဟုစိတ်သန္နိဋ္ဌာန်ချထားပါက ဘုရားသခင်သည် ကျွန်ုပ်တို့၏ကြိုးစားမှုကို ဖြစ်မြောက်အောင်မြင်ခြင်းပေးကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရလိမ့်မည်။ Manuscript 14. 1887.

**အကျိုးများအတွက်တွန်းအားမပေးပါနှင့်** – စိတ်ဝင်စားမှုကုန်ဆုံးခါနီးအချိန်၌ မြန်မြန်ဆန်ဆန်အသီးမှည့်ခြင်းကို တွန်းအားမပေးရန်နှင့် အကယ်၍ဖြစ်နိုင်ခဲ့သော် လူတို့၏ယုံကြည်စိတ်ချမှုကိုထိန်းထားပြီး ဝိညာဉ်များတို့သည် ဆုံးဖြတ်ချက်ချရန် ချိုင့်ဝှမ်းအထဲ၌ရှိနေစဉ် မှန်သောလမ်း၊ မှန်သောခရီးနှင့်မှန်သောအသက်ကို တွေ့ရှိနိုင်စေရန်အတွက်ဖြစ်သည်။ Letter 7, 1885. [Ev 295.1]

## ရတိပြတ်ဆုံးဖြတ်ချက်များရနိုင်ရန်နည်းစနစ်များ

**သူ၏တရားနာပရိသတ်များသို့ခရစ်တော်တဲ့တိုးစကားပြောခဲ့သည်** – လူထုပရိသတ်များ မကြာခဏစုပြုံ၍သူ့နောက်သို့လိုက်ကြသည့်တိုင် ခရစ်တော်သည် လူသားများတို့၏အဆင့်အတန်းကို ခွဲခြားခြင်းမပြုပါ။ လူတို့အားတဲ့တိုးစကားပြောခဲ့ပြီး နှလုံးသားတိုင်းကိုဆွဲဆောင်လျက်ရှိသည်။ သူ၏တရားနာပရိသတ်မျက်နှာများတို့ကိုသူကြည့်ပြီး ပုံပန်းအနေအထားကိုသတိပြုကာ လျင်မြန်စွာတုံ့ပြန်နိုင်ခြင်းကို ဖြတ်ခနဲကြည့်လိုက်ခြင်းဖြင့် အမှန်တရားသည် သူတို့ထံသို့ရောက်ရှိကြောင်းကို သူ့အားပြောပြစေသည့်အတွက် သူ၏စိတ်ထဲ၌ ကြင်နာ

စိတ်နှလုံးထဲ၌ တုန်ခါသွားစေသည်။ Education, p. 231. (1903) [Ev 295.2]

**ပြောင်းလဲပုံကိုသူစောင့်ကြည့်နေသည်** – ယေရှုသည် သူ၏တရားနာပရိသတ်များပြောင်းလဲပုံကို အလွန်စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်လျက်နေသည်။ သူတို့၏မျက်နှာမှစိတ်ဝင်စားပုံနှင့် နှစ်သက်သဘောကျပုံသည် သူ့အားလွန်စွာကျေနပ်အားရခြင်းကိုပေးသည်။ အမှန်တရား၏မြားတို့သည် နှလုံးသားထဲသို့စိုက်ဝင်သွားသောအခါ အတ္တစိတ်၏ကာဆီးမှုများတို့ကို ဖြိုခွင်းလိုက်ကာ စိတ်နှလုံးကြေကွဲခြင်းကိုလုပ်ဆောင်ပေးပြီး နောက်ဆုံး၌ ကျေးဇူးတရားကိုသိရှိစေသည့်အတွက် ကယ်တင်ရှင်အားရွှင်လန်းဝမ်းမြောက်စေပါသည်။ နားဆင်သောသူတို့၏အစုအရုံးကြီးအပေါ် သူ၏စိုစွတ်နေသောမျက်စိဖြင့်ကြည့်လိုက်ပြီး ယခင်တွေ့ခဲ့ဖူးသောမျက်နှာကိုတွေ့ရှိရသောအခါ သူသည် ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝလျက်ရှိသည်။ သူတို့၏အထဲ၌ ကောင်းကင်နိုင်ငံအတွက် မျှော်လင့်ခြင်းနှင့်ပြည့်ဝသောသူ၏သားသမီးများကို တွေ့မြင်ရပါသည်။ အမှန်တရားကိုရှင်းလင်းပြတ်သားစွာပြောဆိုသောအခါ ရုပ်တုကိုမြတ်နိုးသောသူတို့မှကြားနာရပြီး မိမိတို့ကိုပြောင်းလဲစေခြင်းမရှိ၊ နှစ်သက်ခြင်းနှင့်သဘောတူလက်ခံခြင်းလည်းမရှိသည်ကို သူတွေ့မြင်ရပါသည်။ ငြိမ်သက်ခြင်းသတင်းစကားကို လူတို့ငြင်းပယ်ကြခြင်းကိုသူတွေ့ရသောအခါ သူ၏စိတ်ကိုအလွန်ဝမ်းနည်းကြေကွဲစေပါသည်။ The Desire of Ages, pp. 254, 255. (1898)

**ဆုံးဖြတ်ချက်အတွက်ဟောပြောခြင်း** – လူတို့ကိုဟောပြောရာ၌ စိတ်အားထက်သန်ခြင်းနှင့်တိကျမှန်ကန်ခြင်းရှိရန် မိမိ၏ကိုယ်ကိုပြုစုပျိုးထောင်ပါ။ သင်ပြောသောအကြောင်းအရာသည် လူတို့လိုအပ်သောအကြောင်းအရာဖြစ်ပြီး အကောင်းဆုံးသောအရာဖြစ်ပေလိမ့်မည်။ သို့သော် တိကျမှန်ကန်ခြင်းနှင့် အနူးအညွတ်တောင်းပန်ဆွဲဆောင်ခြင်းဖြင့် ရောနှော၍ပြောဆိုရပါမည်။ [Ev 296.1]



“ဘုရားသခင်ပြောသည်မှာ” ဟုတန်ခိုးဖြင့်ပြတ်သားစွာဟောပြောပြီး ဘုရားသခင်၏ပညာတော်ကို ရေးသားထားသောနှုတ်ကပတ်တော်အားဖြင့် မြှောက်တင်ပါ။ ဆုံးဖြတ်ချက်ချနိုင်ရန် လူတို့ကိုပို့ဆောင်ပါ။ ကျမ်းစာ၏အသံကို သူတို့ရှေ့၌အမြဲထားပါ။ ဘုရားသခင်ပြောသောအရာဖြစ်သောကြောင့် သင်ပြောသောအရာကိုသင်သိပြီး အမှန်တရားကိုသင်သက်သေခံနေကြောင်း သူတို့ကိုပြောပြပါ။ သင်ပြောသောအရာကိုတိုစေပြီးအချက်ကျစေပါ။ ၎င်းနောက်သင့်လျော်သည့်အချိန်၌ ဆုံးဖြတ်ချက်ချရန်တောင်းဆိုပါ။ အမှန်တရားကိုသမားရိုးကျအမူအရာဖြင့် ဟောပြောခြင်းမပြုဘဲ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စိတ်နှလုံးကိုခွန်အားဖြစ်စေပြီး သင်၏ပြောဆိုသောစကားသည် ကြားနာရသောသူများအတွက် သေချာသောစကားများဖြစ်စေပါ။ သင်ပြောဆိုသောအမှန်တရားသည်လည်း သင့်အတွက် စစ်မှန်သောအရာဖြစ်ကြောင်း သူတို့ကိုသိရှိစေပါ။ Letter 8, 1895. [Ev 296.2]

**ပစ်မှတ်ကိုမလွဲချော်စေနှင့်** – အခြားလူများကို နှုတ်ကပတ်တော်သင်ကြားသောသူတစ်ယောက်အား မိမိကိုယ်ကိုဘဝင်မြင့်စေရန်အတွက်အားပေးခြင်းကို မည်သည့်အခါမျှ နှုတ်ကပတ်တော်ဟောပြောခြင်း၌အားမပေးပါနှင့်။ ယခုအချိန်ဆောင်ရွက်ရမည့်အလုပ်သည် ကျောင်းသားများနှင့်အမှုဆောင်များတို့ကို လေးနက်၍အရေးကြီးပြီး ပြတ်သားသောအမူအရာဖြင့် အကြောင်းအရာများကိုသင်ကြားနာယူရမည့်နေရာသို့ ခေါ်ဆောင်လာခြင်းဖြစ်ပြီး ဤကြီးမားသောလုပ်ငန်း၌ အကျိုးမရှိသောလုပ်ဆောင်ခြင်းပြုရန် အချိန်ရှိမည်မဟုတ်ပါ။ ပြစ်မှတ်ကိုမလွဲချော်စေပါနှင့်။ အကြောင်းအရာအားလုံးကို ဖွင့်ပြပြောဆိုရန် အချိန်မရှိပါ။ သမ္မာကျမ်းစာ၏အကျယ်အဝန်းနှင့်အတိမ်အနက်ကို သိရှိနိုင်ရန်အတွက် အဆုံးမရှိသောအချိန်ကာလလိုပေလိမ့်မည်။ ပို၍အရေးကြီးသောအမှန်တရားသည် အခြားသောသူတို့အတွက်ထက် တချို့သောသူတို့အတွက်လည်းရှိပါသည်။ ကျမ်းစာအကြောင်းအရာများ၌ ပညာပေးခြင်းပြုရာတွင် ကျွမ်းကျင်မှုလိုအပ်ပါသည်။ Manuscript 153, 1898. [Ev 296.3]

**ဆက်လက်တိုးတက်ခြင်း –** "ကောင်းပြီ၊ ကျွန်ုပ်တို့၌အမှန်တရားအားလုံးရှိနေပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းအဓိကတိုင်များတို့ကိုလည်းနားလည်ကြပြီး ဤအသိတရားအပေါ်မှီခို၍ရပြီ" ဟုကျွန်ုပ်တို့မထင်ရပါ။ အမှန်တရားသည် တိုးတက်လျက်ရှိသောအမှန်တရားတစ်ခုဖြစ်ပြီး တိုးပွားလျက်ရှိသောအလင်းတရားထဲ၌ ကျွန်ုပ်တို့ဆက်လက်လျှောက်လှမ်းကြရပါမည်။ [Ev 296.4]

ညီအစ်ကိုတစ်ယောက် မစ္စစ်ဝှိုက်ကိုမေးခဲ့ပါသည်။ "အမှန်တရားကိုကျွန်ုပ်တို့ကိုယ်တိုင်နားလည်ရမည်ဟု သင်ထင်ပါသလား။ ကျွန်ုပ်တို့ကိုယ်တိုင်ဤသမ္မာကျမ်းစာအကြောင်းအရာအားလုံးကို စိတ်ပင်ပန်းခံပြီးလေ့လာရှာဖွေရန်မလိုဘဲ သူတစ်ပါးဆည်းပူးလေ့လာထားသော ကျမ်းစာအမှန်တရားကိုကျွန်ုပ်တို့လက်ခံရယူခြင်းမပြုသင့်ပါသလား။ ဤပုဂ္ဂိုလ်များခံယူသောအမှန်တရားသည် ဘုရားသခင်၏ဝိညာဉ်တော်နှိုးဆော်ခြင်းကြောင့်ဖြစ်သည်ဟု သင်မယူဆပါသလား" ဟုဖြစ်ပါသည်။ [Ev 297.1]

ဘုရားသခင်ပို့ဆောင်ခြင်းမပြုပါဟု ကျွန်ုပ်မပြောဝံ့ပါ။ အကြောင်းမှာ ခရစ်တော်သည် အမှန်တရားအားလုံးသို့ပို့ဆောင်ပါသည်။ သို့သော် နှုတ်ကပတ်တော်၏ပြည့်ဝသောအဓိပ္ပါယ်သို့ ဝိညာဉ်တော်နှိုးဆော်ခြင်းနှင့်ပတ်သက်လာလျှင် ကျွန်ုပ်၏အဖြေမှာ၊ "မဟုတ်ပါ" ဟုအဖြေပင်ဖြစ်ပါသည်။ [Ev 297.2]

ကျွန်ုပ်တို့၏စိတ်ထဲ၌ အသက်ရှင်သောယုံကြည်ခြင်းရှိရမည်ဖြစ်ပြီး ပို၍ကျယ်ဝန်းသောအသိတရားနှင့် ပို၍ကြီးမားသောအလင်းတရားကို တက်လှမ်းရယူရပါမည်။ Review and Herald, March 25, 1890. [Ev 297.3]

**ရန်သူနှင့်ဆန့်ကျင်သောစွပ်စွဲချက်တစ်ခုကိုပြုပါ –** ကျွန်ုပ်တို့သည် အန္တရာယ်များသောအချိန်ကာလ၌အသက်ရှင်ကြရပြီး တိုက်ခိုက်ခြင်း၌ တစ်ပါးနိုင်ငံ၏စစ်သည်တော်များကို ရဲရွံ့စွာဖြင့်အောင်မြင်ရန် ကျေးဇူးတော်ကိုလိုအပ်နေပါသည်။



ညီအစ်ကိုတို့၊ သင်၏လုပ်ငန်း၌ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့်ဆုံးဖြတ်ခြင်းကိုပို၍လိုအပ်နေပါသည်။ ကျွန်ုပ်တို့၏စစ်ရေးသည် ပြင်းထန်သောကြောင့် ပို၍တွန်းအားလိုအပ်ပြီး သူရဲဘောမကြောင်ရန်လည်းလိုအပ်ပါသည်။ သင်၏ကြိုးစားမှုသည် နည်းလွန်းသည်။ သင်လုပ်ဆောင်သောလုပ်ငန်း၏အကျိုးအပေါ်သင်စိတ်ဓာတ်မကျစေရန် သင်၌ပို၍အင်အားလိုအပ်ပါသည်။ ရန်သူနှင့်ဆန့်ကျင်သောစွပ်စွဲချက်တစ်ခုကို ပြုရမည့်အချိန်များရှိရမည်။ လူတို့ကိုဆွဲဆောင်နိုင်ရန်နည်းစနစ်နှင့်လမ်းများကို သင်လေ့လာရမည်။ သူတို့ထံသို့တန်းသွားပြီး သူတို့နှင့်စကားပြောပါ။ သင်၌အသက်နှင့်ဆိုင်သည့်သတင်းစကား၊ သူတို့လက်ခံနိုင်သည့် သူတို့အတွက်ထာဝရအသက်ရှိကြောင်း လူတို့ကိုနားလည်စေပါ။ အကယ်၍ ဝိညာဉ်အတွက်စိတ်ဝင်စားမှုရှိသောအကြောင်းအရာဖြစ်ပါက ပျက်စီးမည့်ကမ္ဘာကြီးအတွက် နောက်ဆုံးသောကရုဏာသတင်းစကားကို ကြွေးကြော်ခြင်းဖြစ်လိမ့်မည်။ သို့သော် အကယ်၍သူတို့သည် သတင်းစကားကိုငြင်းပယ်ပါက သူတို့အတွက်သေခြင်းသို့ပို့ဆောင်သောအရာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သင်၏လုပ်ဆောင်ခြင်းသည် အချည်းနှီးသက်သက်မဖြစ်စေရန် လုံ့လဝီရိယဖြင့်လုပ်ဆောင်ရန်လိုသည်။ ဤအရာကိုသင်နားလည်ပြီး ဘုရားသခင်၏တန်ခိုးတော်ဖြင့် လူတို့၏အသိစိတ်၌ အမှန်တရားရရှိရန်သင်တောင်းဆိုရလိမ့်မည်။ သင့်စကားများကို အရှိန်အဟုန်ဖြင့်ပြောဆိုပြီး သူတို့၏အသိဉာဏ်နှင့်ပြည့်ဝသောစိတ်ထဲ၌ ဤအမှန်တရားလိုအပ်ပုံပေါ်လွင်စေရန်ဆောင်ရွက်ပါ။ Letter 8, 1895. [Ev 297.4]

**ရန်စတတ်သောသတ္တိလိုအပ်သည် –** သတိပြုရန်လိုအပ်သည်။ သို့သော် တချို့သောအမှုဆောင်များတို့သည် တားဆီးမှုနှင့်နှေးကွေးစွာလုပ်ဆောင်ပြီး အကယ်၍မြန်ဆန်တက်ကြွစွာလုပ်ဆောင်ရန်လိုအပ်သောအလုပ်ကိုမြင်ပြီး လုပ်ဆောင်သူတို့နှင့်ပူးပေါင်းလုပ်ဆောင်ပါက ဆုံးရှုံးမှုများစွာရှိမည်ဖြစ်ပြီး အခွင့်အရေးများလည်းကျော်လွန်သွားမည်ဖြစ်ရာ ဘုရားသခင်ဖွင့်ပေးသောလမ်းကို သိမြင်နိုင်မည်မဟုတ်ပါ။ [Ev 298.1]

ယုံကြည်ခြင်းသို့ရောက်ရှိလာသောသူတို့အား အစောနိုင်ဆုံး ဆုံးဖြတ်ချက်ချနိုင်ကြရန် ခေါ်ဆောင်ခြင်းမပြုလုပ်နိုင်ပါက မိမိတို့၏ယုံကြည်ခြင်းသည် တဖြည်းဖြည်းပျောက်ကွယ်သွားမည့်အန္တရာယ်နှင့် ကြုံတွေ့နိုင်ပါလိမ့်မည်။ [Ev 298.2]

မကြာခဏလူတစ်စုတို့သည် ဥပုသ်နေ့မေးခွန်းနှင့်ပတ်သက်၍ မိမိတို့၏စိတ်နှလုံးထဲ၌ လက်ခံရန်အဆင်သင့်ရှိကြသောအခါ ဖြစ်ပေါ်လာမည့်အကျိုးကိုစိုးရိမ်ကြသောကြောင့် ဖင့်နွှဲလျက်နေကြသည်။ ဤကဲ့သို့ဖြစ်ခဲ့ခြင်းကြောင့် အကျိုးကျေးဇူးကောင်းမွန်စွာမခံစားခဲ့ရချေ။ သန့်ရှင်းသောအမှန်တရားကို ကျွန်ုပ်တို့အား ဘုရားရှင်အပ်နှံထားပါသည်။ ကျွန်ုပ်တို့၌ ကမ္ဘာသို့ဟောကြားရန်အမိန့်ပေးခြင်းခံရသည့် ကယ်တင်ခြင်းသတင်းစကားရှိနေပြီး ၎င်းသည် ထာဝရအကျိုးကျေးဇူးနှင့်ပြည့်ဝသော သတင်းစကားဖြစ်သည်။ လူတစ်စုအနေဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာသို့ထွန်းလင်းရန် ဤအလင်းကို ဘုရားသခင်မှ ကျွန်ုပ်တို့အားအပ်နှံထားပါသည်။ Letter 31, 1892. [Ev 298.3]

**အောင်မြင်ခြင်းအတွက်ဝိညာဉ်တန်ခိုး** – ကြောက်မက်ဖွယ်အန္တရာယ်ထဲ၌ရှိနေသောဝိညာဉ်များကို ကပ်တိုင်ပေါ်ရှိ ကျွန်ုပ်တို့၏အပြစ်ကိုဖြေလွှတ်နိုင်သော ကျွန်ုပ်တို့အတွက်အသေခံသည့်ယေရှုကိုကြည့်ရန်ပြောပါ။ သင့်ကိုယ်တိုင်၏စိတ်နှလုံးသားထဲ၌ ယိုစီးလျက်ရှိသော ခရစ်တော်၏သိမ်မွေ့ခြင်းနှင့်သနားခြင်းမေတ္တာကို အပြစ်သားများတို့အားပြောပြပါ။ ကြမ်းတမ်းသောစကားများအားဖြင့်မဟုတ်ဘဲ လေးနက်သောစိတ်အားထက်သန်မှုဖြင့် လူတို့သည် ခရစ်တော်ကိုကြည့်၍အသက်ရှင်နိုင်ရန် ကြိုးစားဆောင်ရွက်ကြသောသူတို့သည် ကျယ်သောအသံဖြင့်ပြောသင့်သည်။ ဦးစွာသင်ကိုယ်တိုင်၏စိတ်ကို ဘုရားရှင်ထံဆက်ကပ်ပါ။ ကောင်းကင်၌ရှိသော ကျွန်ုပ်တို့၏ကြားဖျန်ဖြေသူကိုကြည့်ပြီး သင်၏စိတ်နှလုံးကြေကွဲခြင်းရှိစေပါ။ ထိုနောက် နူးညံ့ပျော့ပျောင်းသော သင်၏နှလုံးသားအားဖြင့် နောင်တရသောအပြစ်သားများတို့အား ကယ်တင်ခြင်းမေတ္တာ



၏တန်ခိုးကို သူတို့သိရှိရန်သင်ပြောဆိုနိုင်လိမ့်မည်။ ဤပုဂ္ဂိုလ်များတို့နှင့်အတူဆုတောင်းပါ။ ယုံကြည်ခြင်းအားဖြင့် သူတို့ကိုကပ်တိုင်ခြေရင်း၌ချထားပါ။ သူတို့၏စိတ်ကို သင်၏စိတ်နှင့်အတူယူဆောင်ပြီး ယုံကြည်ခြင်းမျက်စိကို သင်ကြည့်နေသော အပြစ်သယ်ဆောင်သွားသည့်ပုဂ္ဂိုလ်ယေရှုထံသို့ သူတို့ကိုလည်းကြည့်စေပါ။ သနားဖွယ်ရာအပြစ်နှင့်ပြည့်ဝသော မိမိတို့၏ကိုယ်ကိုမကြည့်စေဘဲ ကယ်တင်ရှင်ကိုကြည့်ခြင်းအားဖြင့် အောင်မြင်ခြင်းရရှိပါလိမ့်မည်။ [Ev 298.4]

သန့်ရှင်းသောဝိညာဉ်တော်၏အတွင်း၌လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ကြီးမားသောလိုအပ်ချက်ဖြစ်သည်။ ဝိညာဉ်သည် ၎င်း၏ကိုယ်စားလှယ်ဖြစ်ခြင်းနှင့်ဖော်ပြခြင်းတို့၌ အားလုံးကောင်းမြတ်ခြင်းရှိသည်။ ဘုရားသခင်သည် သင့်အားမြတ်နိုးဖွယ်ရာကောင်းသော ဝိညာဉ်၏ပေးကမ်းခြင်းကိုရရှိရန်အလိုတော်ရှိပြီး သင်မည်သည့်အခါမျှမသိရှိခဲ့သည့်တန်ခိုးဖြင့် သင်လုပ်ဆောင်နိုင်လိမ့်မည်။ မေတ္တာ၊ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းတို့သည် သင်၌အမြဲတည်ရှိနေလိမ့်မည်။ သင်သည် ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်နိုင်ပြီး သန့်ရှင်းသောဝိညာဉ်သည် သင်နှင့်အတူပါရှိကြောင်း သင်ယုံလိမ့်မည်။ Letter 77, 1895. [Ev 299.1]

**သန့်ရှင်းသောဝိညာဉ်တော်သည်အမှန်တရားကိုစွဲမြဲစေသည်** – အမှန်တရားကိုသက်ရောက်မှုပေးခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ဆောင်ရွက်ခြင်းဖြစ်သည်။ လက်တွေ့အမှန်တရားကို လူတို့ရှေ့၌အမြဲထားပါ။ Testimonies, vol. 6, p. 57. (1900) [Ev 299.2]

**ကျွန်ုပ်တို့၏အပြောအဆို၊ အပြုအမူအားဖြင့် ဆုံးဖြတ်ချက်ချခြင်းကိုတန်ခိုးကြီးစွာသက်ရောက်စေသည်** – မနေ့ကဤလူအုပ်ကြီးကို ကျွန်ုပ်တွေ့ခဲ့ရသောအခါ၊ ဆုံးဖြတ်ချက်ချခြင်းသည် စည်းဝေးအချိန်၌၊ သို့မဟုတ် စည်းဝေးပြီးဆုံးသည့်နောက်ပိုင်း၌ ပြုနိုင်ကြလိမ့်မည်ဟု ကျွန်ုပ်စဉ်းစားမိခဲ့သည်။ တချို့သောသူတို့သည် အလံတော်အနက်၏မှောင်မိုက်သောတန်ခိုးအောက်၌ အစဉ်အမြဲနေရာ

ယူကြမည်ဖြစ်ပြီး၊ တချို့သောသူတို့သည် ဧမာနွေလမင်းသား၏သွေးစွန်းသော အလံတော်အောက်၌ နေရာယူကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြောအဆိုများ၊ အပြုအမူများနှင့်အမှန်တရားကို မည်ကဲ့သို့ပြောဆိုခြင်းတို့သည် သူတစ်ပါးတို့အားအမှန်တရားကိုလက်ခံရန်၊ သို့မဟုတ် ဆန့်ကျင်ရန်အတွက် သူတို့၏စိတ်နှလုံးများထဲ၌ ချိန်ဆစေလိမ့်မည်။ ကျွန်ုပ်တို့၏ဟောပြောခြင်းတိုင်းတို့၌ ကျွန်ုပ်တို့၏ယုံကြည်ယူဆချက်နှင့်ကိုက်ညီခြင်းရှိမရှိ ကျွန်ုပ်တို့သိရှိရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ယောဟန်ကဲ့သို့ “ဤလောက၏အပြစ်ကိုယူဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်ကြလော့” ဟု ယေရှုခရစ်တော်အကြောင်းကို ရှင်းလင်းပြတ်သားစွာဟောပြောသင့်ကြောင်း ကျွန်ုပ်တို့အလိုရှိကြရမည်။

သင်၏ဟောပြောခြင်းတိုင်း၌ ပြုခဲ့သောအလေ့အထများ၊ ကြမ်းတမ်းသောစကားအသုံးအနှုန်းများကို အသုံးပြုသည့်အလေ့အထတိုင်းတို့သည် လူတို့အတွက်လက်ခံနိုင်ရန် ပြုပြင်ပေးစေနိုင်သည့်အရာများမဟုတ်သောကြောင့် ၎င်းတို့ကိုဘေးဖယ်ထားရပါမည်။ သင်၏ပြောဆိုသောအရာတစ်လျှောက်လုံးတို့၌ ခရစ်တော်၏အကြောင်းအရာကိုသာ ဟောပြောရပါမည်။ ခရစ်တော်၊ ခရစ်တော်သာလျှင် နေရာတိုင်း၌ရှိစေရမည်ဖြစ်ပြီး ကျွန်ုပ်၏စိတ်ထဲ၌ ခရစ်တော်ကိုလိုအပ်ခြင်းသည် အခြားအရာတို့ထက် အရေးကြီးပုံပေါ်နေကြောင်း ကျွန်ုပ်ပို၍ခံစားရပါသည်။ [Ev 299.4]

အပြစ်မဲ့ပုဂ္ဂိုလ်များရှိကြပါသည်။ အမှန်တရားနှင့်ပတ်သက်၍ သူတို့ဘာမျှမသိကြပါ။ သူတို့သည် ဓမ္မဆရာများတို့ထံမှ အကြောင်းအရာများတို့ကို သင်ကြားနာယူခဲ့ရပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လူတို့အားရှင်းပြ၍ ၎င်း၏ဖြူစင်ခြင်းရှိသည့်အတိုင်း ဟောပြောသောအခါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ပြောသောအရာများကို သူတို့တွေ့မြင်ရပြီး သူတို့ဘာပြုလုပ်ရမည်ကိုမသိကြပါ။ နှုတ်ကပတ်တော်အပေါ်ရပ်တည်မည့်သူများ အလွန်နည်းပါးလှသည်။ သို့သော် ကျွန်ုပ်ပြောဆိုသည်မှာ သင်တို့နှုတ်ကပတ်တော်ကို



မည်ကဲ့သို့ကိုင်တွယ်အသုံးပြုရမည်ကို အထူးသတိပြုပါ။ အကြောင်းမှာ နှုတ်ကပတ်တော်သည် လူတို့အား ဆုံးဖြတ်ချက်များကိုပြုလုပ်စေပါသည်။ ထို့ကြောင့် သင်၏စကားအပြောအဆိုကို အဓိကမထားဘဲ နှုတ်ကပတ်တော်ကိုသာလျှင် စကားပြောခွင့်ပြုပါ။ နှုတ်ကပတ်တော်ကိုသာလျှင်အလုပ်လုပ်စေပါ။ လူတို့သည် မိမိတို့၏ဆုံးဖြတ်ချက်ကိုပြုကြသောအခါ မည်သည့်အရာဖြစ်လာမည်နည်း။ Manuscript 42, 1894. [Ev 300.1]

**နှောင့်နှေးသောရိတ်သိမ်းခြင်းတစ်ခု** – ယဇ်ပုရောဟိတ်များတို့သည် ကယ်တင်ရှင်၏ကောင်းမြတ်သောတန်ခိုးကို ယုံကြည်လက်ခံကြသည်။ စိတ်နှလုံးများအခိုက်အတန့်လှုပ်ရှားကြသော်လည်း မည်သည့်ပြောင်းလဲခြင်းလက္ခဏာကိုမျှမတွေ့ရပါ။ ကယ်တင်ရှင်အသက်ရှင်ခဲ့သည့်အချိန်၌ သူ၏လုပ်ဆောင်မှုကြောင့် ယဇ်ပုရောဟိတ်နှင့်ဆရာများ သူ၏မေတ္တာကို အနည်းငယ်တုံ့ပြန်ပုံပေါ်ခဲ့သည်။ သို့သော် သူတက်ကြွသွားပြီးနောက် “ယဇ်ပုရောဟိတ်အဖွဲ့အစည်းကြီးသည် ယုံကြည်ခြင်းကိုနာခံလိုက်လျှောက်ကြသည်။” The Desire of Ages, p. 266. (1898) [Ev 300.2]

**ချဉ်းကပ်နိုင်သောသောတရှင်များကိုချန်ထားပါ** – အဘယ်ကြောင့်ခရစ်တော်သည် ပင်လယ်ကမ်းခြေနှင့်တောင်များပေါ်သို့ ထွက်ခွာသွားရသနည်း။ သူသည် လူတို့အား အသက်နှင့်ယှဉ်သောနှုတ်ကပတ်တော်ကို ဟောပြောရန်အတွက်ဖြစ်သည်။ သူတို့သည် တစ်ခဏချင်းအတွင်းမမြင်ကြပါ။ ယခု၌လည်း ကောင်းသောသူများစွာတို့သည် မမြင်ကြသေးသည့်အတွက် လက်မခံကြပါ။ သို့သော် ဤအရာများတို့သည် သူတို့၏အသက်တာအပေါ် ဩဇာသက်ရောက်စေပြီး သတင်းစကားသည် ကျယ်လောင်သောအသံဖြင့်ဟောပြောသောအခါ သူတို့လက်ခံရန် အဆင်သင့်ရှိလိမ့်မည်။ သူတို့ကြာမြင့်စွာစောင့်ဆိုင်းနေကြမည်မဟုတ်ပါ။ သူတို့သည်ထွက်လာကြပြီး အမှန်တရားဘက်၌ရပ်တည်ကြပါလိမ့်မည်။ Manuscript 19b, 1890. [Ev 300.3]

**နားလည်မှုလွဲမှားခြင်းနှင့်ဆန့်ကျင်ဘက်ပြုခြင်းကိုရင်ဆိုင်ခြင်း** [See Also pp. 445, 446, "Prejudice Broken Down."]

**ဆန့်ကျင်ခြင်း –** မှားယွင်းသောယူဆချက်များနှင့် အယူဝါဒများစွာတို့အထဲ၌ အမှန်တရား၏တဆေးကို ဖော်ပြသောသူတို့သည် ဆန့်ကျင်မှုကို ရင်ဆိုင်ရန် မျှော်လင့်စရာရှိပါသည်။ အမှန်တရားကိုဟောပြောထောက်ခံသောသူတို့အတွက် မာရ်နတ်၏အင်အားသည်ပေါ်ထွက်လာပြီး အမှန်တရားကိုသယ်ဆောင်သောသူများအနေဖြင့် ကဲ့ရဲ့သရော်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းများစွာတို့ကိုခံရဖွယ်ရှိပြီး ခံရခက်ပေလိမ့်မည်။ Review and Herald, Oct. 14, 1902. [Ev 301.1]

**ပြန်လည်ပြုပြင်ခြင်းသည်ဆန့်ကျင်ခြင်းကိုဖန်တီးပေးသည် –** ယေရှုနှင့်သူ၏တပည့်တော်များတို့သည် တစ်ယူသန်သူများ၊ စိတ်နေမြင့်သူများ၊ အမြင်မကြည်သူများ၊ မယုံကြည်သူများနှင့်မုန်းတီးခြင်းရှိသူများတို့နှင့် ဝန်းရံထားခြင်းခံခဲ့ရပါသည်။ မှားယွင်းသောယူဆချက်များတို့နှင့်ပြည့်ဝလျက်ရှိသောသူများတို့သည် စုစည်းလျက်ရှိကြပြီး၊ အဆက်မပြတ်ကြိုးစား၍ အတိုင်းအဆမရှိသည့်အောင်မြင်မှုဖြင့် တိုက်ခိုက်ကြသည်။ သို့သော် ဝိညာဉ်ကယ်တင်ခြင်း၏ကြီးမားသောအလုပ်ကို ဤခက်ခဲမှုများတို့သည် တားဆီး၍မရပါ။ ဘုရားသခင်၏သားတော်နှင့်ပတ်သက်၍ ရေးသားထားခဲ့သောအချက်မှာ၊ "ကျဆုံးခြင်းမရှိ၊ စိတ်ဓာတ်ကျခြင်းလည်းမရှိပါ" ဟုဖြစ်ပါသည်။ [Ev 301.2]

ကျွန်ုပ်တို့၏ရှေ့၌ ကြီးကျယ်သောအလုပ်တစ်ခုရှိသည်။ ကောင်းကင်၏စိတ်ဝင်စားခြင်းနှင့်လှုပ်ရှားခြင်းပါဝင်နေသည့်အလုပ်ကို ခရစ်တော်၏အသင်းတော်အား အပ်နှံထားပါသည်။ ယေရှုပြောခဲ့သည်မှာ၊ "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောပြောကြလော့" ဟုဖြစ်ပါသည်။ ကျွန်ုပ်တို့၏အချိန်၌ရှိသောအလုပ်သည် ယေရှုအချိန်၌ကြုံတွေ့ခဲ့ရသောအခက်အခဲများကဲ့သို့ဖြစ်ပြီး၊



ခေတ်အဆက်ဆက်မှပြုပြင်ပြောင်းလဲသူများ အောင်မြင်ခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ယေရှုဘက်၌ရပ်တည်ရန် ကျွန်ုပ်တို့၏စိတ်ဆန္ဒကို ချထားကြရမည်ဖြစ်ပြီး ဘုရားသခင်၌ ခိုင်မာသောယုံကြည်စိတ်ချမှုဖြင့် ရှေ့သို့သာချီတက်ကြရပါမည်။ Review and Herald, March 13, 1888.

**ထင်မြင်မှုလွဲမှားသောအစွဲသည်အလင်းကိုငြင်းပယ်သည် –** လူ၏စိတ်ထဲ၌ အမှန်တရားနှင့်ဖြောင့်မတ်ခြင်းကို ဆန့်ကျင်သည့်သဘောရှိတတ်သည်။ ခရစ်တော်၏အံ့ဖွယ်သောတန်ခိုးသည် သူ့အားဘုရားသားတော်ဖြစ်သောအထောက်အထားကိုပေးခဲ့သည်။ ယုဒပြည်ရှိမြို့ရွာတစ်လျှောက်လုံး၌ ခရစ်တော်၏ဘုရားဖြစ်ခြင်းနှင့် သူ၏အလုပ်ကိုဖော်ပြသည့်အထောက်အထားပြည့်လျှံလျက်ရှိသည်။ သို့သော် အလင်းနှင့်အမှန်တရားဖြစ်သောသူအားဖြင့် ဖြစ်နေသည့်တိုင်အောင် အထင်အမြင်လွဲမှားခြင်း၏အစွဲကို ဖြေရှင်းရန်ခက်ခဲပြီး ၎င်းအထင်အမြင်လွဲခြင်း၏အစွဲသည် ယုဒလူများတို့၏စိတ်ထဲ၌ပြည့်လျက်ရှိသည့်အတွက် ဤဖော်ပြသည့်အထောက်အထားသည် ခရစ်တော်ကိုလက်ခံရန် သူတို့အားခွင့်မပြုခဲ့ပါ။ ပြက်ရယ်ပြုခြင်းအားဖြင့်သာ ခရစ်တော်၏ပြောဆိုချက်များတို့ကို ငြင်းပယ်ခဲ့ကြပါသည်။ Manuscript 104, 1898. [Ev 302.1]

**မှန်သည်ဟုအခိုင်အမာပြောဆိုခြင်းကိုစွဲကိုင်ထားခြင်းသည် အကောင်းဆုံးနည်းဖြစ်သည် –** အမှန်တရားကိုသင်ဟောပြောသောအခါ မကြာခဏဆန့်ကျင်မှုများဖြစ်ပေါ်လာတတ်သည်။ သို့သော် အကယ်၍ထိုဆန့်ကျင်မှုကို ငြင်းခုံခြင်းအားဖြင့်ရင်ဆိုင်ပါက ဆန့်ကျင်မှုပို၍များလာပြီး သင်ဖြေရှင်းရန်ပို၍ခက်လာပါလိမ့်မည်။ အမှန်ဘက်၌သာရပ်တည်ပြောဆိုပါ။ ဘုရားသခင်၏ကောင်းကင်တမန်များ သင့်ကိုစောင့်ကြည့်နေပြီး ငြင်းခုံမှုများဖြင့်ရင်ဆိုင်ခြင်းကို ရှောင်ရှားနိုင်ရန်ဆန့်ကျင်သူများတို့၏စိတ်ကို မည်ကဲ့သို့နှိုးဆော်ရမည်ကို သူတို့နားလည်သည်။ ဖြစ်ပေါ်လာသည့်မကောင်းသောအချက်တို့၏မေးခွန်းများအပေါ်အမှီမပြုဘဲ သင်၏စိတ်ထဲ၌ ခိုင်မာသောအမှန်တရားများကိုစုဆောင်းကာ များစွာလေ့လာဆည်းပူးခြင်း၊ စိတ်ပါစွာဆုတောင်းခြင်းနှင့် စိတ်နှလုံးသားဆက်ကပ်

ခြင်းများတို့အားဖြင့် စွဲမြဲစေပါ။ သင်၏မီးခွက်များကို အမြဲထွန်းလင်းလျက် တောက်လောင်စေပြီး ၎င်းလင်းရောင်ခြည်ကိုလင်းစေခြင်းအားဖြင့် သင်၏ ကောင်းသောအလုပ်များကို လူတို့တွေ့မြင်ကြသောအခါ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းကြပါလိမ့်မည်။ [Ev 302.2]

အကယ်၍ ခရစ်တော်သည် တောထဲ၌စုံစမ်းခြင်းကိုခံရစဉ် မှန်သော ခိုင်မာစွာပြောဆိုခြင်းကိုမပြုခဲ့ပါက အောင်မြင်လိုသည့်သူ၏ဆန္ဒအားလုံး ဆုံးရှုံး သွားပါလိမ့်မည်။ ခရစ်တော်၏နည်းလမ်းသည် ဆန့်ကျင်သူများတို့ကိုရင်ဆိုင် ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ သူတို့ပြောဆိုသောအရာကို ကျွန်ုပ် တို့ပြန်လည်၍ပြောဆိုခြင်းအားဖြင့် သူတို့၏ငြင်းဆိုချက်များကို ပို၍ခိုင်မာစေ ပါသည်။ သင့်အားဆန့်ကျင်သူသည်လည်း သင်၏စကားကို မိမိအိမ်သို့ ယူဆောင်သွားပြီး လက်ခံနိုင်သောအမှန်တရားအဖြစ်သို့ပြောင်းလဲလိုက်ကာ သူ၏နားလည်မှုအဖြစ် သတ်မှတ်ကောင်း သတ်မှတ်သွားနိုင်ပါမည်။ [Ev 302.3]

ကျွန်ုပ်သည် ကျွန်ုပ်၏ညီအစ်ကိုများကို မကြာခဏပြောဆိုခဲ့ပါသည်။ သင့်အားဆန့်ကျင်သူများတို့သည် မှားသောသင်၏လုပ်ဆောင်မှုအတွက် ပြောဆိုချက်များပြုလုပ်လိမ့်မည်။ သူတို့၏ပြောဆိုချက်များတို့ကို ပြန်လည် ပြောဆိုခြင်းမပြုပါနှင့်။ သို့သော် အသက်ရှင်သောအမှန်တရားအတွက် သင်၏ အခိုင်အမာပြောဆိုချက်ကို ကိုင်တွယ်ထားခြင်းအားဖြင့် ဘုရားသခင်၏ ကောင်းကင်တမန်များတို့သည် သင့်ရှေ့၌လမ်းဖွင့်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့ ၌ရှေ့သို့သယ်ဆောင်ရန် ကြီးမားသောအလုပ်တစ်ခုရှိပြီး ၎င်းအလုပ်ကိုအဓိပ္ပါယ် ရှိသောနည်းလမ်းအားဖြင့် ဆောင်ရွက်ကြရမည်။ မည်သည့်အခါမျှစိတ်လှုပ်ရှား ခြင်း၊ သို့မဟုတ် မကောင်းသောခံစားချက်များ မပေါ်ထွက်လာပါစေနှင့်။ ထိုသို့ခရစ်တော်မပြုလုပ်ခဲ့ပါ။ သူသည် အရာခပ်သိမ်းတို့၌ ကျွန်ုပ်တို့အတွက် ပုံသက်သေဖြစ်သည်။ ကျွန်ုပ်တို့အားပေးအပ်ထားသောအလုပ်ကိုဆောင်ရွက်





ရာ၌ ကောင်းကင်၏သန့်ရှင်း၍နိမ့်ချသောပညာကို များစွာပို၍ရရှိပြီး မိမိ အတ္တစိတ်ကို နည်းနိုင်သရွေ့နည်းစေရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တန်ခိုးတော်ကို ခိုင်မြဲစွာစွဲကိုင်ထားရန်လိုအပ်ပါသည်။ Testimonies, vol. 9, pp. 147, 148. (1909) [Ev 302.4]

**ဆန့်ကျင်လာသောအခါ– လျှာကိုစောင့်ထိန်းပါ –** ဆန့်ကျင်ခြင်းနှင့်သင်တွေ့ဆုံ ရသောအခါ အကယ်၍သင်သည် အမြဲပျော့ပျောင်းနူးညံ့သော ခရစ်တော်၏ စိတ်ဓာတ်မျိုးမရှိ၊ စိတ်ထဲ၌လည်း ခရစ်တော်အား “ကျွန်ုပ်၏ပုံသက်သေဖြစ် ပါ” ဟုဆုတောင်းခြင်းမပြုပါက သင်သည် ပြန်လည်၍ငြင်းထန်စွာငြင်းခုံခြင်း ဖြင့် တုံ့ပြန်မှုပြုလိုသည့်အန္တရာယ်နှင့် ရင်ဆိုင်ရပါလိမ့်မည်။ ခရစ်တော်ထံသို့ အမြဲတစေကြည့်ပြီး သူ၏စိတ်ဓာတ်ကိုရယူပါက သင်သည် အမှန်တရားကို ယေရှု၌ရှိသကဲ့သို့ဟောပြောနိုင်စွမ်းရရှိပါလိမ့်မည်။ [Ev 303.1]

ကျွန်ုပ်တို့၏လုပ်ငန်းအားလုံးတို့၌ မေတ္တာသည် အဓိကအရာဖြစ်စေ ရမည်။ ကျွန်ုပ်တို့ကဲ့သို့မယုံကြည်သောသူတို့အားဟောပြောရာ၌ ဟောပြော သူတိုင်းတို့သည် ပြင်းထန်၍သူတစ်ပါးကိုစီရင်ပုံပေါ်သည့်ပြောဆိုချက်များ မပြုမိရန် သတိပြုကြရပါမည်။ အမှန်တရားကိုဟောပြောပါ။ သင်၏ပြောဆို သောစကားများတို့သည် ကြားနာရသူများအတွက် ထိခိုက်နာကျင်မှုမဖြစ်စေဘဲ အမှန်တရားနှင့် ဘုရားသခင်၏ဝိညာဉ်တော်သာလျှင် သွန်သင်ဆုံးမခြင်းကို ပြုသောပုဂ္ဂိုလ်၊ တရားစီရင်သောပုဂ္ဂိုလ်ဖြစ်စေပါ။ [Ev 303.2]

ကြမ်းတမ်းစူးရှသောစကားတစ်လုံးကိုမျှ မပြောဆိုပါနှင့်။ ပြင်းထန် သောစကားများပြောဆိုလိုသောအချက်တို့ကို သင်၏ရင်ထဲ၌သာသိမ်းဆည်း ထားပါ။ စည်းမျဉ်းအပေါ်သံမဏိကဲ့သို့သစ္စာရှိပါ။ မြွေကဲ့သို့လိမ္မာပြီး ချိုးငှက် ကဲ့သို့အဆိပ်ကင်းပါ။ အကယ်၍ သင်၏စကားသည် မည်သူ့ကိုမျှမထိခိုက် စေလိုပါက သင်သည် ကြမ်းတမ်း၍ပြင်းထန်သောစကားများကိုမပြောမိရန် သေချာပါလိမ့်မည်။ ကမ္ဘာပေါ်ရှိလူအားလုံးတို့အထဲ၌ ပြုပြင်ပြောင်းလဲခြင်း အမှုကိုဆောင်ရွက်သူများတို့သည် တစ်ကိုယ်ကောင်းမဆန်ဆုံးသောသူများ၊

ကြင်နာခြင်းအရှိဆုံးသောသူများ၊ အယဉ်ကျေးဆုံးသောသူများနှင့် ခရစ်တော်၏လမ်းများ၊ စကားပြောဆိုမှုများနှင့်ဆောင်ရွက်မှုများတို့ကို သင်ယူသောသူများဖြစ်သင့်ကြပါသည်။ Letter 11, 1894.

**ငြင်းခုံခြင်းပြုလိုသောစိတ်ဓာတ် –** ငြင်းခုံသောစိတ်ဓာတ်ကိုမနှစ်သက်ပါနှင့်။ ပုတ်ခတ်ပြောဆိုသောစကားများအားဖြင့် ကောင်းကျိုးအနည်းငယ်သာရှိသည်။ မှားယွင်းသောယူဆချက်များကိုဖျက်ဆီးနိုင်သည့် အသေချာဆုံးသောနည်းလမ်းသည် အမှန်တရားကိုဟောပြောခြင်းဖြစ်သည်။ တိကျခိုင်မာ၍မှန်ကန်သောစကားကိုပြောပါ။ မကောင်းဆိုးဝါး၏အင်အားစုကို ဧဝံဂေလိတရား၏မွှန်မြတ်သောအမှန်တရားအားဖြင့် ဖျက်ဆီးစေပါ။ လမ်းလွဲသူများတို့အား ကြင်နာသနားခြင်းစိတ်ဖော်ပြပါ။ စိတ်နှလုံးသားများနှင့်နီးကပ်စွာနေပါ။ Letter 190, 1902. [Ev 304.1]

**ချိတ်ဆောင်း၍ပြောဆိုသောတိုက်ခိုက်ခြင်း –** သင်၏ဟောပြောခြင်းကိုပြုသောအခါ သင်အပြစ်တင်လိုသောသူတို့အား ခါးသီးစွာချိတ်ဆောင်းရှုတ်ချပြောဆိုခြင်း၊ သင်၏တရားနာသူတို့၏စိတ်ကိုထိခိုက်စေခြင်းတို့ကြောင့် သူတို့သည် ရှေ့ဆက်၍သင်၏ဟောပြောသောအရာများကို နားထောင်လိုစိတ်မရှိကြတော့ပါ။ မှားယွင်းခြင်းမှသင်ကယ်တင်လိုသောသူတို့၏စိတ်ကို မထိခိုက်စေရန် ပြင်းထန်သည့်စကားဟူသရွေ့ကို မပြောမိရန်သတိနှင့်သင်ရှောင်ရှားရမည်။ အကြောင်းမှာ ၎င်းသည် ရန်ငြိုးဖွဲ့လိုသောခံစားချက်ဖြစ်ပေါ်လာခြင်းကို အောင်မြင်ရန်ခက်ခဲခြင်းရှိမည်ဖြစ်သောကြောင့်ဖြစ်သည်။ [Ev 304.2]

အကယ်၍ သင်၏ဟောပြောသောအရာအထဲမှ မကောင်းသောစကားများကိုဖယ်ရှားနိုင်ပါက ကောင်းသောသင်၏တန်ခိုးသြဇာသည် တိုးပွားလာပါလိမ့်မည်။ Letter 366, 1906. [Ev 304.3]

**နှိပ်စက်ညှဉ်းပန်းခြင်းကိုမဖိတ်ခေါ်ရ –** ညှဉ်းပန်းနှိပ်စက်ခြင်းကို မည်သည့်အခါမျှမခေါ်ဖိတ်ရန် လူတိုင်းမိမိတို့၏စိတ်ထဲ၌ထားရှိစေပါ။ ပြင်းထန်၍နာကျင်စေသောစကားများကို ကျွန်ုပ်တို့အသုံးမပြုရပါ။ ရေးသားမှုတိုင်း၌လည်း



ထည့်သွင်းရေးသားခြင်းကိုမပြုဘဲ ပြောဆိုလိုသောအရာတိုင်း၌ ၎င်းတို့ကိုချန်လှပ်ထားပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသာလျှင် ပြောဆိုဆုံးမခြင်းများကိုပြုစေပါ။ အားနည်းချို့တဲ့သောလူသားများအနေဖြင့် ယေရှုခရစ်တော်တည်နေပြီး ပုန်းကွယ်နေကြရမည်။ ခရစ်တော်၏စိတ်သဘောထားကိုပေါ်လွင်စေပါ။ မကောင်းသောစကားများကိုအသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏ဆောင်ရွက်ရမည့်လုပ်ငန်းကို အတားအဆီးမဖြစ်စေရန် မာရ်နတ်ကိုအခွင့်အရေးမပေးဘဲ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်မတူညီသည့် ကျွန်ုပ်တို့အားသည်းထန်စွာဆန့်ကျင်သူများရှေ့၌ ထိုစကားများကိုမပြောမိရန် ကျွန်ုပ်တို့အားလုံး မိမိတို့ပြောဆိုသောစကားများတို့၌ သတိပြုစေပါ။ [Ev 304.4]

ကျွန်ုပ်တို့အားလုံးသည် မိမိတို့၏ဝိညာဉ်စိတ်ထဲ၌ ယေရှု၏နက်ရှိုင်းသောမေတ္တာကို ပို၍လိုအပ်လျက်ရှိပြီး ပင်ကိုယ်စိတ်ကိုပို၍လျော့နည်းစေရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားသယ်ဆောင်ရန်ပေးထားသော သူ၏သတင်းစကားကို လူတို့မှန်ကန်စွာသိရှိနားလည်ခြင်းမရှိမီ တန်ခိုးအာဏာနှင့်ပတ်သက်ပြီး လူတို့၏စိတ်ထဲ၌ ဆန့်ကျင်ဘက်ပြုလိုသောဆန္ဒကို ကျွန်ုပ်တို့နှိုးဆွပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏လမ်းကိုပိတ်နိုင်သည့် အန္တရာယ်နှင့်တွေ့ကြုံနိုင်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်တိုင်အပြုအမူကြောင့် လူတို့အားအမှန်တရားထံသို့လာရန်တားဆီးစေခြင်းကို ဘုရားသခင်မနှစ်သက်ပါ။ Undated Manuscript 79. [Ev 304.5]

**ဆန့်ကျင်သူများအမှန်တရားကိုကြေညာသည် –** အမှန်တရားကိုလွဲရှောင်ရန်စာတန်စီစဉ်သောအရာများသည် အောင်မြင်သည်။ သို့သော် ယနေ့ကျွန်ုပ်ပြောဆိုမည့်စကားများကိုယုံရန် သင်တို့အားကျွန်ုပ်ပြောလိုပါသည်။ ကောင်းကင်မှအစပြုသောအမှန်တရားသည် မာရ်နတ်၏မှားယွင်းမှုများကို ရင်ဆိုင်တိုက်ခိုက်ပြီး ဤအမှန်တရားသည် အောင်ပွဲခံလိမ့်မည်။ ဆန့်ကျင်ခြင်း၊ ခုခံခြင်းသည် အမှန်တရားကိုပို၍ရှင်းလင်းစွာထင်ရှားစေပါလိမ့်မည်။ အမှန်တရားကိုပို၍ဆန့်ကျင်ဘက်ပြုခြင်းသည် အမှန်တရားကိုပို၍ထင်ရှားတောက်ပခြင်းကိုဖြစ်စေ

ပါသည်။ ထိုသို့နှင့်သတ္တုရိုင်းသည် အညစ်အကြေးကင်းစင်ပြီး တန်ဖိုးရှိသော ရတနာဖြစ်လာပါလိမ့်မည်။ ဆန့်ကျင်ပြောဆိုသောဂုဏ်သိက္ခာချသည့်စကားတိုင်း၊ တန်ဖိုးထိခိုက်စေသည့်ဟောပြောချက်တိုင်းတို့သည် အာရုံကိုနိုးထစေပြီး ကယ်တင်ခြင်းအမှန်တရားကိုရှာဖွေလေ့လာရန် ပို၍ပို့ဆောင်စေသောနည်းလမ်းများကိုဖြစ်စေပါသည်။ အမှန်တရားကို ပို၍တန်ဖိုးထားလာကြပါသည်။ အမှန်တရားအပေါ်ထင်မြင်ချက်တိုင်း၌ အသစ်သောလှုပခြင်း၊ တန်ဖိုးကြီးမားလာခြင်းကို ဖော်ပြစေပါသည်။ Manuscript 8a, 1888. [Ev 305.1]

**ဆန့်ကျင်သူများကိုရိုသေသမှုဖြင့်ဆက်ဆံပါ** – မယုံကြည်သူ၊ ဆန့်ကျင်သူတို့နှင့် ကျွန်ုပ်တို့ရင်ဆိုင်ရမည်ဖြစ်သည်။ အမှန်တရားသည် ဉာဏ်အရာများတို့နှင့်အမြဲပြိုင်ဆိုင်ရပါသည်။ သို့သော် သင်သည် အဆိုးဆုံးသောဆန့်ကျင်မှုနှင့်ရင်ဆိုင်ရသည့်တိုင် သင့်ကိုဆန့်ကျင်သူများအား မရှုတ်ချပါနှင့်။ ရှင်ပေါလုကဲ့သို့ သူတို့သည် ဘုရား၏အမှုတော်အတွက်ကိုသာဆောင်ရွက်နေသည်ဟု သူတို့ထင်ကောင်းထင်ကြလိမ့်မည်ဖြစ်သောကြောင့် ထိုသူတို့ကိုသည်းခံ၊ နှိမ့်ချ၊ စိတ်ရှည်စွာဖြင့် သင်၏စိတ်ထားကို သူတို့အားဖော်ပြရပါမည်။ [Ev 305.2]

ဘုရားသခင်သည် မိမိ၏လူတို့အား သူတစ်ပါး၏အမှားကိုပြစ်တင်ဝေဖန်ခြင်းထက် မိမိတို့၏ပြစ်တင်ချက်မှန်ကန်သည့်တိုင် အခြားသောနည်းလမ်းများကို အသုံးပြုစေလိုပါသည်။ ကျွန်ုပ်တို့၏ရန်သူများကို သူတို့၏မှားယွင်းကြောင်းစွပ်စွဲခြင်းအားဖြင့် အမှန်တရားနှင့်ပို၍ဝေးကွာသွားစေရန်ပြုခြင်းထက် အခြားကောင်းသောနည်းလမ်းကိုအသုံးပြုရန် ဘုရားသခင်အလိုရှိသည်။ ကျွန်ုပ်တို့၏ကမ္ဘာသို့ခရစ်တော်လာပြီးဆောင်ရွက်ခဲ့သည့်အလုပ်မှာ ကာဆီးမှုများကိုပြုလုပ်ပြီး သူတို့၏မှားယွင်းမှုများကို အမြဲဖော်ပြရန်မဟုတ်ပါ။ မကောင်းသောသူတို့အား အလင်းပေးလိုသောသူသည် ထိုသူတို့၏အနားသို့ မေတ္တာဖြင့်ချဉ်းကပ်ကာ လုပ်ဆောင်ကြရပါမည်။ သူသည် သန့်ရှင်းသောတန်ခိုးသြဇာဗဟိုတစ်ခုအဖြစ် ဖြစ်ရပါလိမ့်မည်။



အမှန်တရားကိုထောက်ခံပြောဆိုရာ၌ အဆိုးဆုံးသောဆန့်ကျင်သူများတို့အား လေးစားခြင်းနှင့်ရိုသေကိုင်းရှိုင်းခြင်းဖြင့် ဆက်ဆံကြရမည်။ တချို့သောသူတို့သည် ကျွန်ုပ်တို့၏ကျိုးစားမှုများကို တုံ့ပြန်ကြမည်မဟုတ်ဘဲ ဧဝံဂေလိ၏ဖိတ်ခေါ်ခြင်းကို ပေါ့ဆစွာဖြင့်ထားရှိကြပါလိမ့်မည်။ တချို့သောသူများသည် ဘုရားသခင်၏ကရုဏာစည်းပြင်သို့ရောက်သွားကြပြီဟု ကျွန်ုပ်တို့ထင်သော်လည်း ခရစ်တော်ထံသို့ရောက်လာကြမည်ဖြစ်သည်။ အငြင်းပွားခြင်း၏နောက်ဆုံးသောအလုပ်သည် အလင်းနှင့်အထောက်အထားကိုမငြင်းပယ်သော အသိတရားရှိသူများဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် သန်းခေါင်ယံအမှောင်ထုထဲ၌ရှိနေခဲ့ကြပြီး မသိနားမလည်ဘဲ အမှန်တရားကိုဆန့်ကျင်ခဲ့ကြသောသူများဖြစ်ပေလိမ့်မည်။ ထိုကြောင့် လူတိုင်းကိုရိုးသားစွာဖြင့်ဆက်ဆံကြရမည်။ မယုံကြည်ခြင်းအထဲ၌ လူတို့ကိုတည်မြဲစေမည့် မည်သည့်စကားကိုမျှပြောဆိုခြင်း၊ မည်သည့်အပြုအမူကိုမျှပြုလုပ်ခြင်းမရှိပါစေနှင့်။ Testimonies, vol. 6, pp. 120-122. (1900) [Ev 306.1]

**အရေးပေါ်တိုင်း၌ကူညီမှုပြုပါ** – အမှန်တရား၏ဆရာတိုင်း၊ ဘုရားရှင်နှင့်အတူလုပ်ဆောင်သောသူတိုင်းတို့သည် မိမိတို့၏ယုံကြည်ခြင်းနှင့်သည်းခံခြင်းတို့ကို ပြင်းထန်စွာစမ်းသပ်ခြင်း၏ခက်ခဲသောအချိန်ကာလနှင့်စစ်ဆေးခြင်းကို ကျော်ဖြတ်ကြရလိမ့်မည်။ ကျော်လွှားနိုင်ပုံမပေါ်သည့်ကာဆီးမှုများ လမ်းခရီး၌ရှိနေသော်လည်း ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ရှေ့သို့ချီတက်နိုင်ရန် မိမိကိုယ်ကိုပြင်ဆင်ကြရလိမ့်မည်။ အရေးပေါ်အချိန်တိုင်း၌ သင့်အတွက်ကူညီမစခြင်းရှိနေပါသည်။ ခက်ခဲမှုများကိုရင်ဆိုင်ရန် ဘုရားရှင်ခွင့်ပြုခြင်းသည် သင်၏ခွန်အားနှင့်ပြည့်စုံကုံလုံသောသူဖြစ်သည့် ဘုရားရှင်ကိုသင်ရှာဖွေရန်အတွက်ဖြစ်သည်။ ဘုရားရှင်ထံမှလာသောပညာကို စိတ်အားထက်သန်စွာတောင်းလျှောက်ပါ။ အကယ်၍ သူ့ရှေ့၌နှိမ့်ချသောသဘောဖြင့်လျှောက်လှမ်းပါက သင့်ရှေ့၌လမ်းဖွင့်ပေးပြီး သင့်အားတန်ဖိုးရှိသောအောင်မြင်မှုများကို

ပေးလိမ့်မည်။ Special Testimonies, Series A, No. 7, p. 18. (1874) [Ev 306.2]

## နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့်အသင်းဝင်ဖြစ်လာခြင်း

**နှစ်ခြင်းမင်္ဂလာခံယူခြင်း၌ပြောင်းလဲခြင်းလိုအပ်သည်** – နောင်တရခြင်း၊ ယုံကြည်ခြင်းနှင့်နှစ်ခြင်းမင်္ဂလာခံယူခြင်းတို့သည် ပြောင်းလဲခြင်း၌လိုအပ်သည့် ခြေလှမ်းများဖြစ်သည်။ Letter 174, 1909. [Ev 306.3]

**နှစ်ခြင်းခံယူရန်အတွက်ဆုံးဖြတ်ချက်၌တည်မြဲစေခြင်း** – အမှန်တရားကို ယုံကြည်လက်ခံသောပုဂ္ဂိုလ်များထံသို့လည်းပတ်၍ သူတို့အတွက်လုပ်ဆောင်ရန်လိုသည်။ ပြောင်းလဲ၍နှစ်ခြင်းမင်္ဂလာခံယူရန် အပြစ်သားများအတွက် အထူးသောအလုပ်တစ်ခုကို လုပ်ဆောင်ရန်လိုအပ်သည်။ Manuscript 17, 1908. [Ev 306.4]

**နိုင်ငံတော်ထဲသို့ဝင်ခြင်း၏လက္ခဏာ** – ခရစ်တော်သည် နှစ်ခြင်းမင်္ဂလာကို မိမိ၏ဝိညာဉ်ရေးနိုင်ငံထဲသို့ဝင်ရန် လက္ခဏာအဖြစ်ပြုလုပ်ထားခဲ့ပါသည်။ ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအာဏာလက်အောက်အဖြစ် အသိအမှတ်ပြုခြင်းခံရရန်ဆန္ဒရှိသူတိုင်းလိုက်လျှောက်ရန် ကောင်းသောအခြေအနေတစ်ခုကို ဘုရားသခင်ပြုလုပ်ခဲ့ပါသည်။ လူသည် အသင်းတော်ထဲ၌ အိမ်တစ်ဆောင်မတွေ့ရှိမီ၊ ဘုရားသခင်၏ဝိညာဉ်ရေးနိုင်ငံတော်၏တံခါးဝကို ဖြတ်ကျော်ခြင်းမပြုမီ သူသည် စိတ်ဝင်စားဖွယ်ကောင်းသောနာမည် "ကိုယ်တော်သည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း" (ယေရမိအနာဂတ္တိကျမ်း ၂၃း၆) ကိုရရှိရလိမ့်မည်။ [Ev 307.1]

နှစ်ခြင်းမင်္ဂလာခံယူခြင်းသည် လောကအရာများကိုစွန့်လွှတ်သောလေးနက်သည့်သစ္စာဆိုခြင်းဖြစ်သည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်သုံးပါးတစ်ဆူဘုရား၏နာမတော်အားဖြင့် နှစ်ခြင်းမင်္ဂလာ



ခံယူသောသူတို့သည် လူသိရှင်ကြား မာရ်နတ်၏အမှုအရာအားလုံးကိုစွန့်လွှတ်ကြောင်း ကြေညာခြင်းဖြစ်ပြီး မြင့်မြတ်သောဘုရားသခင်၏မိသားစုဝင်များနှင့် ကောင်းကင်ဘုရင်၏သားသမီးများဖြစ်လာကြသည်။ သူတို့သည် ဘုရားသခင်၏အမိန့်တော်ကို နာခံသောသူများဖြစ်ကြသည်။ "သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့၊ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။" ထိုသို့ပြုသောသူတို့အတွက် ပြည့်စုံသောကတိတော်မှာ၊ "သင်တို့ကိုငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသောထာဝရဘုရားမိန့်တော်မူ၏" (၂ကော ၆း၁၇၊၁၈)။ Testimonies, vol. 6, p. 91. (1900) [Ev 307.2]

**သစ္စာခံခြင်း၌ခရစ်ယာန်၏ကျိန်ဆိုခြင်း** – ခရစ်ယာန်များတို့သည် နှစ်ခြင်းမင်္ဂလာ၏လေးနက်သောအစီအစဉ်သို့ မိမိတို့ကိုယ်ကိုအပ်နှံကြသည်နှင့်အညီ ဘုရားသခင်အပေါ်သစ္စာရှိရန် သူတို့၏ကတိပြုခြင်းကို မှတ်တမ်းတင်လိုက်ပါသည်။ ဤကတိပြုခြင်းသည် ဘုရားသခင်၌သစ္စာခံရန် သူတို့၏ကျိန်ဆိုခြင်းဖြစ်သည်။ သူတို့သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်၌ နှစ်ခြင်းမင်္ဂလာခံယူခြင်းဖြစ်သည်။ ထိုကြောင့် သူတို့သည် ကောင်းကင်၏ကြီးမားသောတန်ခိုးသုံးခုနှင့် စည်းလုံးသွားခြင်းဖြစ်သည်။ သူတို့သည် လောကီအရာအားလုံးတို့ကိုစွန့်လွှတ်ပြီး ဘုရားသခင်နိုင်ငံတော်၏တရားဥပဒေအားလုံးကိုစောင့်ရှောက်ရန် မိမိတို့၏ကိုယ်ကိုကတိပြုခြင်းဖြစ်သည်။ ထိုကြောင့် သူတို့သည် အသစ်သောအသက်တာဘဝဖြင့် လျှောက်လှမ်းကြရပါမည်။ လူတို့၏ရှေးရိုးဓလေ့ထုံးစံများတို့ကို မည်သည့်အခါမျှလိုက်လျှောက်ခြင်းမပြုရတော့ပါ။ မကောင်းသောနည်းစနစ်များတို့ကိုလည်း မည်သည့်အခါမျှလိုက်လျှောက်ခြင်းမပြုရတော့ပါ။ သူတို့သည် ကောင်းကင်နိုင်ငံ၏ဥပဒေများကို နာခံကြရမည်။ ဘုရားသခင်၏ဘုန်းတော်အတွက် သူတို့အသက်ရှင်ကြရမည်။ အကယ်၍ သူတို့သည် မိမိတို့၏သစ္စာဆိုခြင်းအပေါ်၌ တည်ကြည်

ခြင်းရှိပါက သူတို့သည် ဖြောင့်မတ်ခြင်းအရာအားလုံးကို သူတို့၌ပြည့်စုံစွာရှိစေရန် ကျေးဇူးတော်နှင့်တန်ခိုးကို ဘုရားသခင်ချပေးတော်မူလိမ့်မည်။ "ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။" Letter 129, 1903. [Ev 307.3]

**အမှန်တရားသို့ တိကျပြည့်စုံစွာပြောင်းလဲခြင်း** – နှစ်ခြင်းမင်္ဂလာခံယူခြင်းအတွက် ပြင်ဆင်မှုပြုခြင်းသည် သေချာစွာစဉ်းစားရမည့် လိုအပ်သည့်ကိစ္စတစ်ခုဖြစ်သည်။ အမှန်တရားသို့အသစ်ပြောင်းလဲလာသူအား "ဘုရားသခင်မိန့်တော်မူသည်ကား" ဟူသောနှုတ်ကပတ်တော်နှင့်အညီ ကောင်းမွန်စွာသင်ကြားပို့ချသင့်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတို့အတွက်တစ်ချက်ပြီးတစ်ချက်ဖတ်ပြပြီး ရှင်းပြကြရပါမည်။ [Ev 308.1]

အသစ်သောအသက်တာဘဝသို့ ဝင်ရောက်လာသောသူအားလုံးနားလည်သင့်သည့်အရာသည် သူတို့နှစ်ခြင်းမင်္ဂလာမခံယူမီ မယိမ်းယိုင်သောချစ်ခင်မြတ်နိုးခြင်းများကို ဘုရားသခင်တောင်းဆိုနေခြင်းဖြစ်သည်။ အမှန်တရားကိုလက်တွေ့လိုက်လျှောက်ခြင်းသည် လိုအပ်သောအရာဖြစ်သည်။ သီးလာသောအသီးသည် အပင်၏စာရိတ္တကိုသက်သေခံသည်။ ကောင်းသောအပင်သည် မကောင်းသောအသီးကိုမသီးနိုင်ပါ။ ဘုရားကိုချစ်ပြီး သူ၏ပညတ်တော်ကိုလိုက်လျှောက်သောသူနှင့် ဘုရားကိုမချစ်ဘဲ သူ၏ပညတ်ကိုအလေးမထားသောသူတို့၏စပ်ကြား၌ ကွာခြားမှုသည် လယ်ပြင်၌သွားနေသောဆင်ပြောင်ကြီးကဲ့သို့ ရှင်းလင်းစွာတွေ့မြင်ရပါလိမ့်မည်။ အမှန်တရားသို့ တိကျပြည့်စုံစွာပြောင်းလဲခြင်းလိုအပ်သည်။ Manuscript 56, 1900. [Ev 308.2]

**ပြည့်စုံစွာနားလည်သောအခြေအနေ၌လက်ခံခြင်း** – တပည့်တော်ဖြစ်ခြင်းအတွက်စစ်ဆေးခြင်းကို နှစ်ခြင်းမင်္ဂလာခံယူရန်လိုလားသူတို့အား ကောင်းမွန်စွာပြုသင့်သလို ပြုလုပ်ခြင်းမရှိခဲ့ပါ။ သို့သော် ထိုသူတို့သည် မိမိတို့၏အခြေအနေကို မိမိတို့ပြည့်စုံစွာနားလည်သည်ဟု အထောက်အထားပြနိုင်ပါက



သူတို့ကိုနှစ်ခြင်းပေးရန် လက်ခံနိုင်ပါသည်။ Testimonies to Ministers, p. 128. (1897) [Ev 308.3]

**နှစ်ခြင်းမင်္ဂလာခံယူရန်အတွက်ကောင်းမွန်စွာပြင်ဆင်မှုပြုခြင်း** – နှစ်ခြင်းမင်္ဂလာခံယူကြမည့်ပုဂ္ဂိုလ်များတို့သည် မိမိတို့၏ကိုယ်ကို ပို၍သေချာစွာပြင်ဆင်မှုပြုကြရန်လိုသည်။ သူတို့သည် ပို၍အမြဲတမ်းပြုစဉ်ထက်သစ္စာရှိစွာဖြင့် ညွှန်ကြားခြင်းကိုခံယူရန်လိုအပ်သည်။ ခရစ်ယာန်အသက်တာ၏စည်းမျဉ်းများတို့ကို အမှန်တရားသို့အသစ်ရောက်လာသူများတို့အတွက် ရှင်းလင်းစွာပြောပြသင့်ကြသည်။ မည်သူမျှ မိမိတို့၏ယုံကြည်ခြင်းခံယူချက်အပေါ်အမှီပြုခြင်းဖြင့် မိမိတို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်နှင့်ဆက်သွယ်မှုပြု၍မရပါ။ "ငါယုံကြည်သည်" ဟုပြောရုံမျှဖြင့်မပြီးဘဲ၊ အမှန်တရားအတိုင်း လက်တွေ့ကျင့်သုံးနေထိုင်သွားရမည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ ကျွန်ုပ်တို့၏အပြောအဆို၊ ကျွန်ုပ်တို့၏အပြုအမူ၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တများအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ဆက်သွယ်နေကြောင်း သက်သေပြရကြမည်။ ပညတ်တော်လွန်ကျူးခြင်းအပြစ်ကို လူတစ်ယောက်သည် စွန့်လွှတ်ခြင်းပြုသည့်အခါတိုင်း သူ၏အသက်တာသည် ပညတ်တော်နှင့်ကိုက်ညီပြီးနာခံခြင်းလုံးလုံးရှိပေလိမ့်မည်။ ဤအလုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်သည်။ နှုတ်ကပတ်တော်၏အလင်းကို သေချာစွာလေ့လာခြင်း၊ သြတ္တပ္ပစိတ်၏အသံနှင့်ဝိညာဉ်တော်နှိုးဆော်ခြင်းတို့သည် လူ၏ကိုယ်၊ စိတ်၊ ဝိညာဉ်အားလုံးကိုရွေးနုတ်ရန် မိမိကိုယ်ကိုလုံးလုံးပူဇော်ခဲ့သောခရစ်တော်အားစစ်မှန်သောနှလုံးသားဖြင့်ချစ်ရန် ဖန်တီးစေပါသည်။ ဤမေတ္တာကို နာထောင်ခြင်းအားဖြင့်ဖော်ပြရပါမည်။ Testimonis, vol. 6, pp. 91, 92. (1900) [Ev 308.4]

**ကလေးများကိုနှစ်ခြင်းပေးခြင်း** – သားသမီးနှစ်ခြင်းခံယူလိုသောမိဘများတို့သည် မိမိတို့၏သားသမီးများကိုစစ်ဆေးရန်နှင့် သစ္စာရှိစွာဖြင့်သင်ကြားပို့ချရန်တာဝန်ရှိသည်။ နှစ်ခြင်းမင်္ဂလာခံယူခြင်းသည် အလွန်သန့်ရှင်း၍

အရေးကြီးသောမင်္ဂလာအခမ်းအနားတစ်ခုဖြစ်ပြီး အဓိပ္ပါယ်ကိုကောင်းမွန်စွာနားလည်သင့်ကြသည်။ ၎င်းသည် အပြစ်မှနောင်တရခြင်းနှင့် ယေရှုခရစ်တော်အားဖြင့် အသစ်သောအသက်တာဘဝသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ မြန်ဆန်စွာပြုလုပ်ရမည့်အစီအစဉ်တစ်ခုမဟုတ်ပါ။ မိဘများတို့နှင့်သားသမီးများတို့ပါ အဖိုးအခကိုရေတွက်ကြရမည်။ မိမိတို့၏သားသမီးများ နှစ်ခြင်းမင်္ဂလာခံယူရန်သဘောတူခြင်း၌ မိဘတို့သည် မိမိတို့၏သားသမီးအပေါ် သစ္စာရှိသောဘဏ္ဍာစိုးများအဖြစ် မိမိတို့၏ကိုယ်ကို သန့်ရှင်းစွာကတိဝန်ခံချက်ပြုပြီး သူတို့၏စာရိတ္တဆောက်တည်ခြင်း၌ သူတို့အားလမ်းညွှန်ရန်ဖြစ်သည်။ သိုးခြံထဲ၌ရှိသော ဤသိုးငယ်လေးများတို့အပေါ် အထူးစိတ်ဝင်စားမှုဖြင့် သူတို့ဝန်ခံခဲ့သောယုံကြည်ခြင်း၏ဂုဏ်သိက္ခာကို မထိခိုက်စေဘဲကာကွယ်ရန် မိဘတို့သည် မိမိတို့၏ကိုယ်ကို သူတို့သည်ကတိဝန်ခံချက်ပြုကြပါသည်။ [Ev 309.1]

ဘာသာရေးညွှန်ကြားချက်ကို ကလေးများတို့အား မိမိတို့၏အစောဆုံးနှစ်များတို့၌ပေးရမည်။ ပြစ်တင်သောစိတ်ဖြင့်မဟုတ်ဘဲ ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့်ပေးသင့်သည်။ ကလေးများမရိပ်မိနိုင်သည့်ပုံစံဖြင့် ကြုံတွေ့နိုင်စရာရှိသောစုံစမ်းခြင်းများအထဲသို့ မိမိတို့သားသမီးများမလိုက်ပါစေရန် မိခင်များတို့သည် အမြဲစောင့်ကြည့်ရန်လိုအပ်ပါသည်။ မိဘများတို့သည် မိမိတို့၏ကလေးများတို့ကို လိမ္မာပါးနပ်စွာဖြင့်သော်လည်းကောင်း၊ ကောင်းသောညွှန်ကြားချက်ဖြင့်သော်လည်းကောင်း ကာကွယ်ရမည်။ ဤဗဟုသုတမရှိသေးသောကလေးငယ်များတို့၏အကောင်းဆုံးသောမိတ်ဆွေများကဲ့သို့ သူတို့သည် ကလေးငယ်များကိုအောင်မြင်ရန် ကူညီမစသင့်ခြင်းသည် သူတို့အတွက်အရာခပ်သိမ်း၌အောင်မြင်ခြင်းဖြစ်သည်ဟု သူတို့ယူဆသောကြောင့်ဖြစ်သည်။ သူတို့သည် အမှန်ကိုလုပ်လိုသော မိမိတို့ချစ်ရသည့်ကလေးများသည် ဘုရားသခင်၏မိသားစုဝင်များအထဲ၌ ငယ်သေးသောသူများဖြစ်သည့်အတွက် ဘုရင်၏နားထောင်ခြင်းလမ်းမကြီးပေါ်၌လျှောက်လှမ်းနိုင်ရန် အလွန်စိတ်ဝင်စားခြင်းဖြင့်



သူတို့ကိုမစသင့်သည်။ မေတ္တာပါသောစိတ်ဝင်စားမှုဖြင့် နေ့စဉ်သူတို့ကိုသင်ကြားသင့်ပြီး ဘုရားသခင်၏သားသမီးများကဲ့သို့ ဘုရားသခင်၏စကားကိုနားထောင်ကြရမည်။ ဘုရားသခင်၏စကားကိုနားထောင်ခြင်းသည် မိဘများတို့၏စကားကိုနားထောင်ခြင်းလည်းပါဝင်နေကြောင်း သူတို့ကိုသွန်သင်ပါ။ ဤအရာသည် နေ့စဉ်၊ နာရီတိုင်းဆောင်ရွက်ရမည့်အလုပ်ဖြစ်သည်။ မိဘတို့၊ စောင့်ကြည့်ပါ၊ စောင့်ကြည့်၍ဆုတောင်းပါ။ သင်၏သားသမီးများကို သင်၏အဖော်ဖြစ်စေပါ။ [Ev 309.2]

သူတို့၏အသက်တာ၌ အပျော်ဆုံးသောအချိန်သို့ရောက်ရှိပြီး သူတို့၏စိတ်နှလုံးထဲ၌ ယေရှုကိုချစ်၍နှစ်ခြင်းမင်္ဂလာခံယူလိုစိတ်ရှိသောအခါ သူတို့နှင့်ကောင်းမွန်စွာဆက်ဆံပါ။ သူတို့နှစ်ခြင်းမင်္ဂလာမခံယူမီ မိမိတို့၏အသက်တာ၌ ဤကဲ့သို့နှစ်ခြင်းမင်္ဂလာခံယူရခြင်း၏ပထမဦးဆုံးရည်ရွယ်ချက်သည် ဘုရားသခင်အတွက်အမှုဆောင်လိုသောကြောင့်ဖြစ်ပါသလားဟု သူတို့ကိုမေးပါ။ ထိုနောက် မည်ကဲ့သို့အစပြုရမည်ကို သူတို့အားပြောပြပါ။ ဤကိစ္စသည် လွန်စွာအရေးကြီးသော ပထမဦးဆုံးသင်ခန်းစာများဖြစ်သည်။ ဘုရားသခင်အတွက် ပထမဦးဆုံးမည်ကဲ့သို့ဆောင်ရွက်ရမည်ကို သူတို့အားလွယ်ကူစွာသင်ပေးပါ။ ဤအလုပ်ကိုလွယ်ကူစွာနားလည်နိုင်သရွေ့ နားလည်နိုင်ရန်သင်ပေးပါ။ ဘုရားအတွက်ကိုယ်ကျိုးစွန့်ဆောင်ရွက်ရမည့်အဓိပ္ပါယ်ကိုလည်း ရှင်းပြပေးပါ။ ခရစ်ယာန်မိဘတို့၏အကြံပေးချက်အောက်၌ ဘုရားသခင်၏နှုတ်ကပတ်တော်လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ [Ev 310.1]

ကောင်းမွန်စွာဆောင်ရွက်ပြီးသည့်နောက် အကယ်၍ ပြောင်းလဲခြင်းနှင့်နှစ်ခြင်းမင်္ဂလာခံယူခြင်း၏အဓိပ္ပါယ်ကို သင်၏သားသမီးများနားလည်သည်ဟု သင်ကျေနပ်မှုရှိပြီး သူတို့အမှန်တကယ်ပြောင်းလဲကြပါက သူတို့ကိုနှစ်ခြင်းမင်္ဂလာခံယူစေပါ။ သို့သော် ပထမဦးဆုံးသစ္စာရှိသောသိုးထိန်းများကဲ့သို့ ဗဟုသုတမရှိသေးသည့် ဤကလေးငယ်များတို့၏နာခံခြင်းရှိရမည့် ကျဉ်းမြောင်းသောလမ်းထဲသို့လျှောက်လှမ်းနိုင်ရန်သွန်သင်ရာ၌ သင်တို့ကိုယ်ကိုပြင်ဆင်မှု

ပြုပါဟု ကျွန်ုပ်ထပ်မံ၍ပြောလိုပါသည်။ သူတို့၏သားသမီးများအတွက် မှန်သောပုံသက်သေကို မေတ္တာနှင့်သိမ်မွေ့စွာ ခရစ်ယာန်နှိမ့်ချခြင်းသဘောအားဖြင့် ခရစ်တော်ထံသို့တစ်ကိုယ်ကောင်းစိတ်ကို အားလုံးစွန့်လွှတ်လျက် ဆက်ကပ်နိုင်ရန် မိဘများတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်အလုပ်လုပ်ပါလိမ့်မည်။ အကယ်၍ သင်၏သားသမီးများနှစ်ခြင်းမင်္ဂလာခံယူရန် သင်သဘောတူပြီး သူတို့၏နောက်ပိုင်းအသက်တာတွင် မိမိတို့ပြုလုပ်လိုသောအရာကိုပြုလုပ်ပြီး မှန်သောလမ်းသို့လျှောက်လိုက်ရန်သွန်သင်ခြင်း၌ သင်သည် အထူးသောတာဝန်မရှိဟုထင်ကာ အကယ်၍သူတို့သည် အမှန်တရားကိုစိတ်ဝင်စားခြင်းမရှိတော့ဘဲ မိမိတို့၏ယုံကြည်ခြင်းနှင့်ရဲရင့်ခြင်းစိတ်ပျောက်ကွယ်သွားပါက သင်ကိုယ်တိုင်၏တာဝန်သာလျှင်ဖြစ်ပါလိမ့်မည်။ Testimonies, vol. 6, pp. 93-95. (1900) [Ev 310.2]

**နှစ်ခြင်းမင်္ဂလာခံယူရန်လူငယ်များတို့အားပြင်ဆင်မှုပြုခြင်း** – အရွယ်ရောက်လာသောနှစ်ခြင်းခံမည့်သူများတို့သည် အသက်ငယ်ရွယ်သောသူများတို့ထက် မိမိတို့၏တာဝန်ကို ပို၍နားလည်သင့်ကြသည်။ သို့သော် ဤဝိညာဉ်များအတွက် သင်းအုပ်ဆရာ၌တာဝန်ရှိပါသည်။ သူတို့၌မှားယွင်းနေသောအကျင့်ဓလေ့နှင့်ဆောင်ရွက်နေသောအရာများရှိနေပါသလား။ သူတို့နှင့်အတူအထူးစည်းဝေးများပြုလုပ်ရန် သင်းအုပ်ဆရာ၏တာဝန်ဖြစ်သည်။ သူတို့ကိုကျမ်းစာသင်ပေးခြင်း၊ သူတို့နှင့်အတူစကားပြောပြီးဆုတောင်းပေးခြင်း သူတို့ထံမှ ဘုရားသခင်တောင်းဆိုသည့်အရာများကို ရှင်းလင်းစွာပြောပြခြင်းများကိုပြုလုပ်ရပါမည်။ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကျမ်းစာ၏သွန်သင်ချက်များကို သူတို့အားဖတ်ပြပါ။ ပြောင်းလဲခြင်း၏အသီးသည် မည်သည့်အရာဖြစ်ကြောင်းနှင့် သူတို့ဘုရားကိုချစ်ကြောင်း အထောက်အထားမည်သည့်အရာဖြစ်ရမည့်အကြောင်းကို သူတို့အားပြပါ။ စစ်မှန်သောပြောင်းလဲခြင်းသည် စိတ်နှလုံးအကြံအစည်နှင့်ရည်ရွယ်ချက်များပြောင်းလဲခြင်းရှိရမည့်အကြောင်း သူတို့ကိုပြောပြပါ။ မကောင်းသောအကျင့်ဓလေ့များကိုဖယ်ရှားပစ်ရမည်။ မကောင်း



သောစကားပြောဆိုခြင်း၊ မနာလိုဝန်တိုစိတ်ရှိခြင်း၊ နာခံမှုမရှိခြင်း အစရှိသည့်အပြစ်အားလုံးတို့ကိုဖယ်ရှားပစ်ရမည်။ ဆိုးသောအကျင့်စာရိတ္တအားလုံးတို့ကို တိုက်ထုတ်ပစ်ရမည်။ ထိုနောက် ယုံကြည်သူတစ်ဦးအနေဖြင့် မိမိကိုယ်ကို အသိတရားရှိစွာဖြင့် ဤကတိတော်ကိုကိုင်ဆွဲထားရပါမည်။ "တောင်းကြလော့၊ တောင်းလျှင်ရမည်" (မဿဲ ၇း၇)။ Testimonies , vol. 6, p. 95. (1900) [Ev 311.1]

**နှစ်ခြင်းခံယူမည့်သူများတို့အားစစ်ဆေးခြင်း** – တပည့်တော်ဖြစ်ခြင်းအတွက် စစ်ဆေးခြင်းကို နှစ်ခြင်းမင်္ဂလာခံယူမည့်သူများတို့အား အကောင်းဆုံးပြုသင့်သလောက်ပြုလုပ်ခြင်းမရှိခဲ့ကြပါ။ ဤသူတို့သည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏နာမည်ခံဖြစ်ရုံသာ နှစ်ခြင်းခံယူကြမည့်သူများလား၊ သို့မဟုတ် ဘုရားဘက်၌မားမားမတ်မတ်ရပ်တည်ကြမည့်သူများ၊ မသန့်ရှင်းသောအရာများကိုမတို့၊ လောကနှင့်မိမိကိုယ်ကိုခွဲထုတ်လာသူများဖြစ်ကြပါသလားဟူ၍ ကျွန်ုပ်တို့နားလည်ရပါမည်။ နှစ်ခြင်းမင်္ဂလာမခံယူမီ နှစ်ခြင်းခံယူကြမည့်ပုဂ္ဂိုလ်များတို့၏ဗဟုသုတနှင့်အညီ သေချာစွာစုံစမ်းလေ့လာရန်လိုသည်။ ဤစုံစမ်းလေ့လာခြင်းကို ပေါ့ပေါ့ဆဆလုပ်ရန်မဟုတ်ဘဲ ကြင်နာစွာ၊ နူးညံ့စွာဖြင့် အသစ်ပြောင်းလဲလာမည့်သူတို့အား ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်ရန်ညွှန်ပြရပါမည်။ နှစ်ခြင်းခံယူကြမည့်သူများတို့လိုက်လျှောက်ရန် ဧဝံဂေလိတရားတော်၏တောင်းဆိုချက်များတို့ကို သူတို့အားပြောပြပါ။ [Ev 311.2]

ဤယုံကြည်ခြင်းသို့ရောက်ရှိလာကြသော ယုံကြည်သူအသစ်များလိုအပ်သည့်ညွှန်ကြားချက်တစ်ခုသည် ဝတ်စားဆင်ယင်ခြင်းအကြောင်းဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အသစ်ပြောင်းလဲလာသူများတို့အား သစ္စာရှိစေပါ။ ဝတ်စားဆင်ယင်ခြင်း၌တပ်မက်မောခြင်းရှိကြပါသလား။ သူတို့သည် မိမိတို့စိတ်နှလုံးထဲ၌ ဝါကြွားခြင်းကိုနှစ်သက်ကြပါသလား။ ဝတ်စားဆင်ယင်မှု၌စိတ်စွဲလမ်းခြင်းသည် ကိုယ်ကျင့်တရား၏ရောဂါတစ်ခုဖြစ်သည်။ အသစ်

သောအသက်တာဘဝသို့ယူဆောင်သွားရမည့်အရာမဟုတ်ပါ။ ကိစ္စများစွာတို့၌ ဧဝံဂေလိတရားသို့ မိမိကိုယ်ကိုဆက်ကပ်အပ်နှံခြင်း၏တောင်းဆိုချက်များအထဲတွင် ဝတ်စားဆင်ယင်မှုကောင်းမွန်စွာပြောင်းလဲခြင်းလည်းပါရှိပါသည်။ [Ev 312.1]

အဝတ်အစားဝတ်ဆင်ခြင်း၌ သတိလက်လွတ်မဖြစ်သင့်ကြပါ။ ခရစ်တော်ကိုထောက်၍ သက်သေခံကြသောကျွန်ုပ်တို့သည် ဝတ်ဆင်ခြင်း၌ ကျွန်ုပ်တို့၏ပြင်ပပေါ်လွင်ထင်ရှားခြင်းတွင် အကောင်းဆုံးဖြစ်သင့်ကြသည်။ သန့်ရှင်းသောတဲတော်အစီအစဉ်၌ ဘုရားသခင်ရှေ့မှောက်တွင် တာဝန်ထမ်းဆောင်ကြသောသူများတို့အတွက် တိကျသောဝတ်ဆင်ရမည့်အဝတ်အစားများကို ချမှတ်ပေးထားခဲ့ပါသည်။ ထို့ကြောင့် သူ၏အမှုထမ်းများအတွက် ဝတ်ဆင်ရန် အဝတ်အစားနှင့်ပတ်သက်၍ ဦးစားပေးခြင်းရှိကြောင်း ကျွန်ုပ်တို့သင်ယူရပါသည်။ အာရုံ၏ဝတ်ရုံနှင့်ပတ်သက်ပြီး အလွန်တိကျသည့်ညွှန်ကြားချက်များကို ပုံပမာဆောင်သည့်အနေဖြင့်ပေးထားခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်နောက်သို့လိုက်ကြသော တပည့်တော်များတို့၏ဝတ်ဆင်မှုများသည်လည်း ပုံပမာဖြစ်သင့်သည်။ အရာခပ်သိမ်းတို့၌ သူ့အားကျွန်ုပ်တို့သည် ကိုယ်စားပြုသူများဖြစ်ရကြမည်။ ကျွန်ုပ်တို့၏ပြင်ပပေါ်လွင်မှုအားလုံးတို့၌ သေသပ်ခြင်း၊ ယဉ်ကျေးခြင်းနှင့်ဖြူစင်ခြင်းရှိသင့်သည်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်မှ ဆင်ယင်ခြင်းနှင့်ပတ်သက်၍ ပေါ်လွင်ထင်ရှားခြင်း၏ပြောင်းလဲမှုကို လောကနှင့်တူပုံပေါ်ရန် ခွင့်ပြုထားခြင်းမရှိပါ။ ခရစ်ယာန်များတို့သည် မိမိတို့၏ကိုယ်ကို တန်ဖိုးကြီးသောအဝတ်အစား၊ သို့မဟုတ် ဈေးနှုန်းကြီးသောအဝတ်တန်ဆာများဖြင့် ဆင်မြန်းခြင်းမပြုရပါ။ [Ev 312.2]

အဝတ်အစားနှင့်ပတ်သက်၍ နှုတ်ကပတ်တော်၏စကားများကို သေချာစွာစဉ်းစားဆင်ခြင်သင့်သည်။ ကိုယ်ခန္ဓာဆင်မြန်းခြင်း၌ပင် ကောင်းကင်ဘုံရှင်ဘုရားသခင်စိတ်ဝင်စားကြောင်း ကျွန်ုပ်တို့နားလည်ရန်လိုသည်။ ခရစ်တော်၏ကျေးဇူးတော်ကို စိတ်ဝင်စားစွာဖြင့်ရှာဖွေကြသောသူများအားလုံးတို့သည်



မွန်မြတ်သောဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ချက်အတိုင်း နာခံလိုက်လျှောက်ကြရမည်။ ကိုယ်ခန္ဓာထင်ရှားပေါ်လွင်မှုပုံစံ၌ပင် ဧဝံဂေလိအမှန်တရားကိုဖော်ပြပေးပါလိမ့်မည်။

ခရစ်တော်၏အသက်တာကိုလေ့လာပြီး သူ၏သွန်သင်ချက်များတို့ကိုလိုက်လျှောက်သောသူအားလုံးတို့သည် ခရစ်တော်နှင့်တူလာလိမ့်မည်။ သူတို့၏သြဇာသည် ခရစ်တော်နှင့်တူလာပါလိမ့်မည်။ ကောင်းသောအကျင့်စာရိတ္တကို သူတို့ပြသနိုင်ကြလိမ့်မည်။ သူတို့သည် နာခံခြင်းလမ်း၌ နှိမ့်ချသောသဘောဖြင့်လျှောက်လှမ်းပြီး ဘုရားသခင်၏အလိုတော်ကိုဆောင်ခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏အမှုတော်တိုးတက်ခြင်းနှင့် သူ၏လုပ်ငန်းပြည့်ဝစွာဖြူစင်ခြင်းအတွက် ဟောပြောနိုင်ရန် တန်ခိုးသြဇာကိုကြိုးစား၍ရယူကြပါသည်။ ဤကောင်းမွန်စွာပြောင်းလဲခြင်းရှိသူများတို့အားဖြင့် ကမ္ဘာကြီး၌လူတို့၏အကျင့်စာရိတ္တအပေါ် အမှန်တရား၏သန့်ရှင်းစင်ကြယ်ခြင်းတန်ခိုးသက်ရောက်ရန် သက်သေခံခြင်းရှိမည်ဖြစ်ပါသည်။ [Ev 313.1]

ဘုရားသခင်နှင့်ယေရှုခရစ်အားသိကျွမ်းခြင်းကို အကျင့်စာရိတ္တ၌ပေါ်လွင်ထင်ရှားစေခြင်းသည် အရာခပ်သိမ်းတို့ထက်မြင့်မြတ်ပြီး မြေကြီးပေါ်၌၊ သို့မဟုတ် ကောင်းကင်ပေါ်၌လေးစားကြည်ညိုရသောအရာဖြစ်သည်။ ၎င်းသည် အမြင့်ဆုံးသောပညာဖြစ်သည်။ ၎င်းသည် ကောင်းကင်မြို့တော်၏တံခါးဝများကို ဖွင့်ပေးသောသော့ချောင်းဖြစ်သည်။ ဤအသိတရားသည် နှစ်ခြင်းမင်္ဂလာအားဖြင့် ခရစ်တော်ကိုယူတင်ဝတ်ဆောင်သောသူအားလုံးပိုင်ဆိုင်ရန် ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။ ထို့နောက် ခရစ်တော်ယေရှု၌ သူတို့၏မြင့်မြတ်သောခေါ်တော်မူခြင်း၏အခွင့်အရေးကို ဤဝိညာဉ်များတို့၏ရှေ့၌ချထားရန် ဘုရားသခင်၏အမှုထမ်းများတာဝန်ဖြစ်သည်။ Testimonies, vol. 6, pp. 95-97. (1900) [Ev 313.2]

**အသက်တာ၏အသီးအားဖြင့်အကဲဖြတ်ခြင်း –** ကျွန်ုပ်တို့၌ပြုလုပ်ခွင့်မရှိသည့်အရာတစ်ခုမှာ လူတစ်ယောက်၏စိတ်နှလုံးကိုစီရင်ခြင်း၊ သို့မဟုတ် သူ၏

စိတ်ဆန္ဒကို ဆန့်ကျင်ပြောဆိုခြင်းဖြစ်သည်။ သို့သော် လူတစ်ယောက်သည် အသင်းဝင်တစ်ဦးဖြစ်လာရန် တောင်းဆိုလာပါက သူ၏အသက်တာကိုဆန်းစစ်ရန်လိုအပ်ပြီး သူ၏စိတ်ဆန္ဒကို သူ့လက်တွင်းသို့သာ တာဝန်ပေးရမည်ဖြစ်သည်။ သို့သော် အသင်းတော်ထဲသို့ အသင်းဝင်များလက်ခံခြင်းကို အထူးသတိပြုသင့်ကြပါသည်။ အကြောင်းမှာ မာရ်နတ်သည် အယူမှားသောညီအစ်ကိုများတို့ကို အသင်းတော်ထဲသို့များစွာဝင်ရောက်လာရန်နှင့် သူတို့အားဖြင့် ဘုရားသခင်၏အမှုတော်အင်အားဆုတ်ယုတ်အောင် ပို၍အောင်မြင်စွာလုပ်ဆောင်နိုင်ရန် အထူးသောအစီအစဉ်များရှိပါသည်။ Review and Herald, Jan. 10, 1893. [Ev 313.3]

**ဝတ်ပြုခြင်းအခမ်းအနားကိုဦးဆောင်ကျင်းပခြင်း –** ဖြစ်နိုင်သည့်အချိန်အခါတိုင်း၌ နှစ်ခြင်းမင်္ဂလာအစီအစဉ်ကို သန့်ရှင်းသောရေကန်၊ သို့မဟုတ် ကြည်လင်သောစမ်းချောင်းထဲ၌ ကျင်းပသင့်သည်။ ၎င်းပြင် အခမ်းအနားကိုအရေးတကြီးထားကာ လေးလေးနက်နက်ဖြင့် ဆောင်ရွက်သမျှတို့အပေါ်ပြုလုပ်ဆောင်ရွက်ပါ။ ၎င်းအစီအစဉ်မျိုး၌ ဘုရားသခင်၏ကောင်းကင်တမန်များ အမြဲကြွရောက်ပါဝင်ကြပါသည်။ [Ev 313.4]

နှစ်ခြင်းမင်္ဂလာအခမ်းအနားကို ဦးဆောင်သောသူသည် ၎င်းအခမ်းအနားသို့ကြွရောက်အားပေးသူများတို့အပေါ် သန့်ရှင်းသောတန်ခိုးဩဇာသက်ရောက်ရန် ရိုသေလေးစားစွာဖြင့် လေးလေးနက်နက်ကျင်းပသွားရပါမည်။ အသင်းတော်ဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနားတိုင်းတို့တွင် စိတ်ဓာတ်မြင့်တင်ခြင်းဩဇာသက်ရောက်စေရန် ကျင်းပသင့်ပါသည်။ ရိုးရိုးကိစ္စများကဲ့သို့ ကျင်းပပြုလုပ်ခြင်းလုံးဝမပြုစေရပါ။ ကျွန်ုပ်တို့၏အသင်းတော်များတို့အား ဤသန့်ရှင်းသောအစီအစဉ်များတို့ကိုကျင်းပရာ၌ သူတို့သည် လူတို့အားလည်းပညာပေးခြင်းနှင့်သင်တန်းပေးခြင်းဖြစ်ပါသည်။ ထာဝရကာလအတွက် ဝိညာဉ်ကိုပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့်သွန်သင်ဆုံးမခြင်းတို့သည်





အသင်းတော်တိုးတက်ခြင်းနှင့်သန့်ရှင်းဖြူစင်ခြင်းအတွက် များစွာသောအကျိုးကိုဖြစ်စေပါသည်။ [Ev 314.1]

အသင်းတော်တိုင်း၌ နှစ်ခြင်းခံယူမည့်သူများတို့အတွက် နှစ်ခြင်းမင်္ဂလာဝတ်လုံကို ပြင်ဆင်ပေးထားသင့်သည်။ မလိုအပ်သည့်ဖြုန်းတီးခြင်းတစ်ခုဟုမယူဆသင့်ပါ။ ဤအရာသည် ၁ကော ၁၄း၄၀ မှပြောဆိုထားသော "ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်းစီရင်ကြလော့" ဟူသည့်အချက်ကို လိုက်နာခြင်းဖြစ်သည်။ [Ev 314.2]

အသင်းတော်တစ်ခုသည် အခြားသောအသင်းတော်တစ်ခုမှဝတ်လုံများကို ငှားရမ်းအသုံးပြုရန်မသင့်လျော်ပါ။ မကြာခဏဝတ်လုံများကိုအလိုရှိသောအခါ ရှာဖွေ၍မရပါ။ ငှားရမ်းခြင်းပြုသူများ ပြန်လည်၍ပေးရန်ပျက်ကွက်တတ်ကြသည်။ ထို့ကြောင့် အသင်းတော်တိုင်း မိမိအသင်းတော်၏လိုအပ်ချက်များကို မိမိသာလျှင်ဤကိစ္စများတို့အတွက် ပြင်ဆင်မှုပြုသင့်ကြသည်။ ဤကိစ္စအတွက်ရန်ပုံငွေစုဆောင်းပါ။ အသင်းတော်တစ်ခုလုံးစည်းလုံးမှုရှိပါက ဤကိစ္စသည် မိမိတို့အသင်းတော်အတွက် ဝန်ထုပ်တစ်ခုဖြစ်မည်မဟုတ်ပါ။ [Ev 314.3]

ဝတ်လုံကိုလက်တွေ့ကျသောပိတ်ဖြင့်ချုပ်လုပ်သင့်ပြီး အရောင်ခိုင်သည့်အနက်ရောင်ဖြင့် ဝတ်လုံ၏အရင်းပိုင်း၌ အလေးစီးရန်လိုအပ်သည်။ သေသပ်၍ပုံကျပြီး လက်ခံနိုင်သည့်ပုံစံဖြစ်စေရမည်။ အလှအပဆင်ရန် အတွန့်များပြုလုပ်ရန်မလိုပါ။ ထိုသို့ပြုလုပ်ခြင်းအတွက်နေရာမရှိပါ။ နှစ်ခြင်းမင်္ဂလာခံယူမည့်ပုဂ္ဂိုလ်များတို့အနေဖြင့် ဤအခမ်းအနား၏အဓိပ္ပါယ်ကိုနားလည်ကြပါက မိမိတို့ကိုယ်ကိုဆင်ယင်လိုသောဆန္ဒလည်းရှိကြမည်မဟုတ်ပါ။ သို့သော် စုတ်ချာ၍သော်လည်းကောင်း၊ တင့်တယ်ခြင်းမရှိသည့်အဝတ်အစားကိုသော်လည်းကောင်း ဝတ်ဆင်ခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်မည်ဖြစ်ပါသည်။ ဤသန့်ရှင်းသောအခမ်းအနားနှင့်ပတ်သက်သည့်ကိစ္စဟူသမျှ

ကောင်းနိုင်သရွေ့အကောင်းဆုံးပြင်ဆင်မှုပြုထားရမည်ဖြစ်သည်။ Testimonies, vol. 6, pp. 97,98. (1900) [Ev 314.4]

**စိတ်လှုပ်ရှားဖွယ်နှစ်ခြင်းမင်္ဂလာအစီအစဉ်တစ်ခု –** အုတ်ခလန်း (Oakland) ၌ကျင်းပသောတရားပွဲသည် တန်ဖိုးရှိသောဝိညာဉ်များကို ကယ်တင်နိုင်ခဲ့သည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့၊ တနင်္ဂနွေနေ့နံနက်အချိန် Piedmont ရေကန်၌ကျင်းပသည့်နှစ်ခြင်းမင်္ဂလာအစီအစဉ်ကို ကျွန်ုပ်တက်ရောက်ခဲ့သည်။ ပုဂ္ဂိုလ် (၃၂) ဦးရေနှစ်ခြင်းမင်္ဂလာခံယူကြပြီး အသစ်သောအသက်တာဖြင့်လျှောက်လှမ်းရန် ရေသင်္ချိုင်းမှထလာကြပါသည်။ ဤမြင်ကွင်းကို ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် ဝမ်းမြောက်စွာဖြင့်ပါဝင်သက်သေခံခဲ့ကြသည်။ အစီအစဉ်တစ်ခုလုံးသည် စိတ်လှုပ်ရှားဖွယ်ရာဖြစ်ခဲ့သည်။ ရှုပ်ထွေးခြင်းတစ်ခုမျှမရှိဘဲ ဆီလျော်သည့်အချိန်တွင် ချီးမွမ်းခြင်းသီချင်းများကို သီဆိုခဲ့ကြပါသည်။ Manuscript 105, 1906. [Ev 315.1]

**အရေးပေါ်နှစ်ခြင်းမင်္ဂလာခံယူခြင်း –** နှစ်ခြင်းခံယူလိုသောသက်ကြီးရွယ်အိုများအတွက် ကောင်းသောသင့်လျော်သည့်အစီအစဉ်များကို ပြုလုပ်ပေးရမည်။ ချောင်းများ၊ ကန်များသို့သွားနိုင်ရန် အင်အားမရှိသောကြောင့် ထိုသက်ကြီးရွယ်အိုများတို့အတွက် ပြုလုပ်နိုင်သည့်နည်းလမ်းတစ်ခုမှာ စည်ပိုင်းထဲ၌နှစ်ခြင်းပေးခြင်းဖြစ်ပါသည်။ Letter 126, 1901. [Ev 315.2]

**ဘုရားသခင်၏တည်ငြိမ်သောတန်ခိုး –** ယုံကြည်သူတစ်ဦးရေနှစ်ခြင်းမင်္ဂလာခံယူပြီးသောအခါ သူသည် ဘုရားသခင်ထံ၊ ခရစ်တော်ထံနှင့်သန့်ရှင်းသောဝိညာဉ်တော်ထံသို့ မိမိကိုယ်ကိုဆက်ကပ်အပ်နှံခဲ့ပြီးကြောင်း မိမိ၏စိတ်ထဲ၌အစဉ်မှတ်ယူရပါမည်။ [Ev 315.3]

ခရစ်တော်၏အသက်တာကိုလေ့လာပြီး သူ၏သင်ကြားခြင်းကိုလိုက်လျှောက်သောသူတို့သည် ခရစ်တော်နှင့်တူလာလိမ့်မည်။ သူတို့၏ဩဇာသည် ခရစ်တော်နှင့်တူလိမ့်မည်။ ကောင်းသောအကျင့်စာရိတ္တကို သူတို့ဖော်ပြလိမ့်မည်။ သူတို့သည် ယုံကြည်ခြင်း၌တည်မြဲမည်ဖြစ်ပြီး အနတ္တအရာနှင့်



ဝါကြွားခြင်းအားဖြင့် မာရ်နတ်၏လှည့်ဖြားခြင်းနောက်သို့ လိုက်ပါသွားကြမည်မဟုတ်ပါ။ သူတို့သည် စိတ်နှိမ့်ချသောသဘောဖြင့် နာခံမှုရှိကြပြီး ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်ကြမည်ဖြစ်သည်။ သူတို့၏စာရိတ္တသည် ဘုရားသခင်၏အမှုတော်တိုးတက်ခြင်းနှင့် သူ၏အလုပ်ကောင်းမွန်ပြည့်ဝစွာဖြူစင်ခြင်းရှိရန်အတွက် တန်ခိုးဩဇာတစ်ခုကို ကြိုးစားရယူကြမည်ဖြစ်သည်။

ဤကောင်းမွန်စွာပြောင်းလဲခြင်းရှိသူများတို့အားဖြင့် ကမ္ဘာကြီး၌လူသား၏စာရိတ္တအပေါ် အမှန်တရား၏သန့်ရှင်းစင်ကြယ်ခြင်းတန်ခိုးသက်ရောက်ရန်သက်သေခံခြင်းတစ်ခုရှိမည်ဖြစ်သည်။ သူတို့အားဖြင့် ခရစ်တော်သည် မိမိ၏စာရိတ္တနှင့်အလိုတော်ကို ကမ္ဘာသို့သိစေပါလိမ့်မည်။ ဘုရားသခင်၏သားသမီးများတို့အသက်တာ၌ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ခြင်း၏ကောင်းချီးမင်္ဂလာများကိုထင်ရှားစေပြီး အခြားဆန့်ကျင်သည့်တစ်ဘက်၌ သူ၏ပညတ်တော်ကိုမလိုက်လျှောက်သောသူများတို့ကို တွေ့ရပါသည်။ ခြားနားခြင်းနှစ်ခုမှာ ထင်ရှားလျက်ရှိပါသည်။ ဘုရားသခင်၏ပညတ်တော်ကိုနာခံသောသူများအားလုံးတို့သည် သူ၏ပညတ်တော်ကိုကျူးလွန်သူတို့၏ယိုယွင်းနေသောဩဇာကြား၌ သူ၏ကြီးမားသောတန်ခိုးအောက်တွင် လုံခြုံစွာထိန်းသိမ်းထားခြင်းခံရလိမ့်မည်။ အနိမ့်ဆုံးသောသူမှ အမြင့်ဆုံးသောရာထူးရှိသူများတို့အထိ ကယ်တင်ခြင်းသို့ရောက်ရှိသည့်တိုင်အောင် ယုံကြည်ခြင်းနှင့်ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သူတို့သည် စောင့်ရှောက်ခြင်းခံရကြလိမ့်မည်။ Manuscript 56, 1900. [Ev 316.1]

**ဘုရားသခင်ထံတော်သို့ဆက်ကပ်ခြင်း –** ယခုအချိန်မှစပြီး ယုံကြည်သူသည် ဘုရားသခင်ထံ၊ ယေရှုခရစ်တော်ထံနှင့်သန့်ရှင်းသောဝိညာဉ်တော်ထံသို့ ဆက်ကပ်ပြီးဖြစ်ကြောင်း စိတ်ထဲ၌မှတ်သားထားရပါမည်။ သူသည် ဤအသစ်သောဆက်သွယ်မှု၌ လောကအရာအားလုံးတို့ကို အရေးမကြီးသောအရာများကဲ့သို့ ခံယူရပါမည်။ သူသည် မည်သည့်အခါမျှစိတ်နေမြင့်ခြင်းနှင့် မိမိ၏

စိတ်အလိုဆန္ဒနောက်သို့လိုက်ခြင်းမပြုရန် လူသိရှင်ကြားကြေညာခဲ့ပြီးဖြစ်ပါသည်။ သူသည် မည်သည့်အခါမျှသတိမမူသောအသက်ရှင်ခြင်း၊ ဂရုမစိုက်သောအသက်တာဖြင့်နေထိုင်ခြင်းမပြုတော့ပါ။ သူသည် ဘုရားသခင်နှင့်သစ္စာပြုခဲ့ပြီ။ သူသည် လောကနောက်သို့မလိုက်ရန်သေခဲ့ပြီ။ သူသည် ဘုရားသခင်အတွက်အသက်ရှင်ပြီး သူ့အားဘုရားပေးထားသမျှကို ဘုရားရှင်အတွက်အသုံးပြုရန်နှင့် သူသည် ဘုရားရှင်၏တံဆိပ်လက်မှတ်ကိုခံယူခဲ့ကြောင်း၊ ခရစ်တော်၏နိုင်ငံသားတစ်ဦးဖြစ်ပြီး ဘုရားရှင်၏ဇာတိတော်ကိုခံယူရရှိသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းသိရှိခြင်းကို မည်သည့်အခါမျှမမေ့လျော့စေရပါ။ သူသည် ဘုရားသခင်ထံ မိမိကိုယ်နှင့်မိမိ၌ရှိသောအရာအားလုံးတို့ကိုအပ်နှံပြီး သူခံစားရသောဆုကျေးဇူးအားလုံးကို ဘုရားသခင်၏ဘုန်းတော်အတွက် အသုံးပြုရပါမည်။ [Ev 316.2]

ဝိညာဉ်ရေးသဘောတူညီချက်၏တာဝန်သိစိတ်ကို နှစ်ခြင်းခံယူခြင်း၌ အပြန်အလှန်ပြုခဲ့ပါသည်။ လူသားများတို့သည် မိမိတို့၏စိတ်နှလုံးထဲ၌ လုံးလုံးနားထောင်ကြရမည့် သူတို့၏တာဝန်ကိုဆောင်ရွက်ရာတွင် သူတို့ဆုတောင်းရမည့်အခွင့်အရေးမှာ၊ "ဣသရေလအမျိုး၌ ဘုရားသခင်ရှိတော်မူသည်ကို မြေကြီးသားအပေါင်းတို့သိရကြလိမ့်မည်" ဟုဖြစ်ပါသည်။ ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ သင်နှစ်ခြင်းခံယူခဲ့သည့်အကြောင်းရင်းသည် အကယ်၍အရေးကြုံသောအချိန်တိုင်း၌ သင်အကူအညီတောင်းခံပါက ဤတန်ခိုးသည် သင့်ကိုကူညီမစရန် အာမခံချက်တစ်ခုဖြစ်ပါသည်။ ဘုရားသခင်သည် ခရစ်တော်၏တံပိုးကိုထမ်းပြီး သူ၏ကျောင်း၌ သူ၏နူးညံ့သိမ်မွေ့နှိမ့်ချခြင်းသဘောကိုသင်ယူကြသော ရိုးသားသည့်သူ့နောက်လိုက်သူများတို့၏ဆုတောင်းခြင်းများကို နားထောင်ပြီးအဖြေပေးမည်ဖြစ်ပါသည်။ Testimonies, vol. 6, pp. 98, 99. (1900) [Ev 316.3]

**အသစ်ပြောင်းလဲသူများအပေါ်အသင်းတော်၏တာဝန်** – သစ္စာရှိသောခရစ်ယာန်များတို့သည် ယုံကြည်လာသူအား ခရစ်တော်ယေရှု၏ဖြောင့်မတ်ခြင်းအသိ



တရားကို မှန်ကန်စွာရရှိစေရန်ပို့ဆောင်လိုသော ပြင်းပြသည့်စိတ်ဝင်စားမှုရှိသင့်ကြသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် မိမိ၏အတ္တစိတ်အလိုလိုက်ခြင်း၌ အဓိကအသက်ရှင်ခြင်းကိုခွင့်ပြုသောအားဖြင့် သစ္စာရှိသည့်ယုံကြည်သူများတို့ကို လမ်းလွဲစေပါက သူတို့၏ပျက်ကွက်မှုအတွက် သူတို့ကိုယ်တိုင်ဖြေရှင်းရပါလိမ့်မည်။ အသစ်ပြောင်းလဲလာသူများတို့အတွက် စိတ်ပါဝင်စားခြင်းအပြည့်အဝဖြင့် လိုအပ်သည့်သစ္စာရှိသော၊ သိမ်မွေ့သော၊ မေတ္တာပါသောသွန်သင်ခြင်းကို သူတို့သည် အလေးမထားဘဲမနေရပါ။ ပထမဦးဆုံးပြောင်းလဲသူတို့၌ ရရှိရမည့်ဗဟုသုတသည် မှန်ကန်ရမည်။ [Ev 317.1]

လုံးလုံးဘုရားရှင်ထံအပ်နှံခြင်းလိုအပ်ခြင်းကို မည်သူမျှတွေ့မြင်ရန်မာရ်နတ်အလိုမရှိပါ။ ဤအပ်နှံခြင်းကိုပြုရန်ပျက်ကွက်ပါက အပြစ်ကိုစွန့်လွှတ်မည်မဟုတ်ပါ။ ကိုယ်ခန္ဓာ၏တောင့်တမှုနှင့်ပြင်းထန်သည့်ဆန္ဒများသည် လူကိုသြဇာလွှမ်းမိုးခြင်း၊ စုံစမ်းခြင်းများတို့သည် အသိဉာဏ်ကိုရှုပ်ထွေးစေခြင်းတို့ကိုဖြစ်စေသည့်အတွက် စစ်မှန်သောပြောင်းလဲခြင်းမရရှိနိုင်ပါ။ အကယ်၍လူအားလုံးတို့သည် မာရ်နတ်ကိုယ်စားလှယ်များတို့၏သွေးဆောင်ခြင်း၊ လှည့်ဖြားခြင်းများကို တစ်ဦးစီမှတိုက်ခိုက်ရမည့် ဆိုင်ပြိုင်တိုက်လှန်ခြင်းအတွက် ခံစားရမည်ဖြစ်ပါက ယုံကြည်ခြင်း၌နုနယ်သောသူများအတွက် ပို၍လုံ့လစိုက်ကာလုပ်ဆောင်ကြပါလိမ့်မည်။ [Ev 317.2]

ဤဝိညာဉ်များတို့ကို မိမိတို့၏ခွန်အားအားဖြင့်သာ စုံစမ်းခြင်းကိုခုခံရန် စွန့်လွှတ်ထားပါက သူတို့သည် စုံစမ်းခြင်း၏ဆိုးကျိုးများကို ခွဲခြားနိုင်မည်မဟုတ်ပါ။ အကြံတောင်းဆိုရန် သူတို့၌လိုအပ်ကြောင်း သူတို့ကိုခံစားစေပါ။ သူတို့ကိုအကူအညီပေးနိုင်မည့်အဖွဲ့အစည်းကိုရှာဖွေစေပါ။ ဘုရားသခင်ကိုချစ်၍ ကြောက်ရွံ့သောသူတို့နှင့်ပေါင်းဖော်ခြင်းအားဖြင့် သူတို့ခွန်အားရရှိကြပါလိမ့်မည်။ [Ev 317.3]

ဤအသစ်ပြောင်းလဲသူများတို့နှင့်စကားပြောဆိုရာ၌ ဝိညာဉ်ရေးစကားများ၊ အားပေးစကားများဖြင့် ပြောဆိုသင့်ပါသည်။ ဘုရားသခင်သည်

အားနည်းခြင်း၊ သံသယရှိခြင်း၊ ရုန်းကန်နေရခြင်း၊ ဒုက္ခများနှင့်ရင်ဆိုင်ရသောသူတို့ကိုအာရုံပြုပြီး သူ၏နာမကိုခေါ်သောသူအားလုံးတို့အား သူကူညီမစလိမ့်မည်။ ကောင်းကင်နိုင်ငံသည် သူတို့၏ရှေ့၌ဖွင့်လှစ်ပြီး သူတို့ကြိုးစားတက်ရန် တောက်ပနေသည့်လှေကားပေါ်၌ ဘုရားသခင်၏ကောင်းကင်တမန်များ တက်လိုက်ဆင်းလိုက်ရှိနေသည်ကို သူတို့တွေ့ရပါသည်။ Testimonies, vol. 6, pp. 92, 93. (1900) [Ev 317.4]

**အသင်းတော်ထဲ၌အသင်းဝင်ဖြစ်ခြင်း –** ခရစ်တော်နှင့်သူ၏အသင်းတော်စပ်ကြားဆက်ဆံခြင်းသည် အလွန်နီးကပ်ပြီးသန့်ရှင်းသည်။ သူသည် သတို့သားဖြစ်ပြီး အသင်းတော်သည်သတို့သမီးဖြစ်သည်။ သူသည်ဦးခေါင်းဖြစ်ပြီး အသင်းတော်သည်ကိုယ်ခန္ဓာဖြစ်သည်။ ခရစ်တော်နှင့်ဆက်သွယ်ခြင်းသည် သူ၏အသင်းတော်နှင့် ပါဝင်ဆက်သွယ်ခြင်းဖြစ်သည်။ Education, p. 268. (1903) [Ev 318.1]

**အသင်းတော်ထဲသို့ဝင်ရန်မာရ်နတ်ဟန့်တားသည် –** ကောင်းကင်၏အစီအစဉ်နှင့်ဝေးနိုင်သရွေ့ဝေးရန် စာတန်မာရ်နတ်သည် ခရစ်ယာန်များကိုကြိုးစား၍ပို့ဆောင်နေပါသည်။ ထို့ကြောင့် မာရ်နတ်သည် ဘုရားသခင်၏သားသမီးများကို စနစ်နှင့်စည်းမျဉ်းသည် ဝိညာဉ်ရေးအတွက်ရန်သူများဖြစ်ကြောင်း လှည့်ဖြားလျက်ရှိသည်။ သူတို့အတွက်လုံခြုံသောအရာသည် မိမိတို့အလိုအတိုင်းအသက်ရှင်ပြီး အထူးသဖြင့် စည်းမျဉ်းကိုချမှတ်ပြီး ညီညွတ်စွာနေထိုင်ကြသော ခရစ်ယာန်အဖွဲ့အစည်းနှင့် ရှင်းလင်းစွာခွဲခြားနေထိုင်ခြင်းဖြစ်သည်။ ချမှတ်ထားသောအရာများတို့သည် အန္တရာယ်ရှိသည်ဟုသတ်မှတ်ပြီး မှန်သောလွတ်လပ်မှုကိုချုပ်ချယ်ခြင်းမှာ ရောမအယူဝါဒကိုစွဲလမ်းခြင်းကြောင့်ဖြစ်သည်။ ဤလှည့်ဖြားခြင်းခံရသောသူတို့သည် မိမိတို့၏လွတ်လပ်စွာစဉ်းစားခြင်းနှင့်သီးသန့်လုပ်ဆောင်မှုပြုနိုင်ခြင်းအတွက် ကြွားဝါစရာပါရမီတစ်ခုဟုခံယူကြပါသည်။ သူတို့သည် မည်သူ၏စကားကိုမျှမခံယူကြပါ။ သူတို့သည် မည်သူ၏လမ်းညွှန်မှုကိုမျှမခံယူပါ။ ထိုအရာသည် ယခုလူတို့အား ၎င်းသည်



ဘုရားသခင်၏အမိန့်တော်ကိုဖျက်ပြီး မိမိတို့၏ညီအစ်ကိုများတို့မှ သီးသန့်ခွဲနေ၍ မိမိတို့၏ကိုယ်ပိုင်အမိန့်ကိုရွေးချယ်ရမည်ဟုခံစားစေရန်ပို့ဆောင်သည့်မာရ်နတ်၏အထူးအလုပ်ဖြစ်သည်။ Letter 32, 1892. [Ev 318.2]

**ခရစ်တော်မပါရှိသည့်တန်ဖိုးမဲ့ပုံစံတစ်ခု –** ဝိညာဉ်၏အသက်ကိုပေးသောအရာသည် ခရစ်တော်၏ကျေးဇူးတော်ဖြစ်သည်။ ခရစ်တော်မပါရှိခဲ့သော်၊ နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့် အခြားဝတ်ပြုခြင်းအခမ်းအနားအားလုံးတို့သည် တန်ဖိုးမဲ့သောပုံစံများဖြစ်ကြပါသည်။ “သားတော်ကိုမယုံကြည်သောသူတို့သည်အသက်ကိုမရ။” The Desire of Ages, p. 181. (1898)

**ပြောင်းလဲခြင်း၊ နှစ်ခြင်းခံယူရုံသာမဟုတ် –** ကယ်တင်ခြင်းသည် နှစ်ခြင်းခံယူရန်မဟုတ်၊ အသင်းတော်စာအုပ်ထဲ၌ နာမည်စာရင်းရှိခြင်းမဟုတ်၊ အမှန်တရားကိုဟောခြင်းလည်းမဟုတ်ပါ။ ယေရှုခရစ်တော်နှင့်ပူးပေါင်းနေထိုင်သည့် အသစ်ပြုပြင်သောနှလုံးသားဖြစ်ပြီး ခရစ်တော်၏အလုပ်ကိုယုံကြည်ခြင်းနှင့် မေတ္တာ၊ သည်းခံခြင်း၊ သိမ်မွေ့ခြင်းနှင့်မျှော်လင့်ခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ခရစ်တော်နှင့်ပေါင်းစည်းသောဝိညာဉ်တိုင်းတို့သည် မိမိ၏ပတ်ဝန်းကျင်အတွက် အသက်ရှင်သောသာသနာပြုတစ်ဦးဖြစ်သည်။ Letter 55, 1886. [Ev 319.1]

**ဓမ္မဆရာများနှင့်သင်းအုပ်ဆရာများသတိပြုရန်အချက်တစ်ခု –** ကျွန်ုပ်တို့၏အမှုဆောင်ညီအစ်ကိုများတို့သည် ဘုရားသခင်၏လမ်းညွှန်မှုနှင့်အညီ မိမိတို့၏အလုပ်၌ ထင်ရှားစွာပျက်ကွက်မှုကိုပြုလုပ်ကြသည်။ ယေရှုခရစ်၌ပြည့်စုံခြင်းကို လူတိုင်းအားဟောပြောရန်ပျက်ကွက်ကြသည်။ ဘုရားသခင်နှင့်ကိုယ်တိုင်ဆက်သွယ်မှုဗဟုသုတကို သူတို့မရရှိခဲ့ခြင်း၊ ခရစ်ယာန်အကျင့်စာရိတ္တပါရှိသည့်အရာများကို စစ်မှန်စွာမသိရှိခြင်းတို့ကြောင့် အများသောသူတို့သည် လောကကိုသာစွဲလမ်းပြီး ဤသန့်ရှင်းသောအခမ်းအနားနှင့်မထိုက်တန်ဘဲ နှစ်ခြင်းခံယူခဲ့ကြပါသည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်မမြင်၊ လက်ခံခြင်းကိုလည်းမပြုခဲ့ပါ။ Review and Herald, Feb. 4, 1890. [Ev 319.2]

**ကျွန်ုပ်တို့၏ဧဝံဂေလိလုပ်ငန်း၌အားနည်းချက်တစ်ခု –** စိတ်နှလုံးအသစ်နှင့်အသက်တာပြောင်းလဲခြင်းမရှိသော သင်းဝင်သူများကိုရရှိခြင်းသည် အသင်းတော်အတွက် အားနည်းစေခြင်း၏အရင်းအမြစ်တစ်ခုဖြစ်သည်။ ဤကိစ္စကိုမကြာခဏဂရုမပြုကြပါ။ တချို့သောဓမ္မဆရာများတို့နှင့်အသင်းတော်များတို့သည် အရေအတွက်အားဖြင့် အသင်းသားဦးရေများလာလိုသောဆန္ဒပြင်းပြခြင်းကြောင့် သူတို့သည် ခရစ်ယာန်မဆန်သောအကျင့်ဓလေ့နှင့်အမူအကျင့်များကိုဆန့်ကျင်သည့် သစ္စာရှိသောသက်သေခံခြင်းကိုမပြုနိုင်ကြပါ။ အမှန်တရားကိုလက်ခံသောသူတို့အား လောကဆန်သောအပြုအမူကိုမစွန့်ပါက ခရစ်ယာန်ဖြစ်ခြင်းသည် နာမည်ခံမျှသာဖြစ်ကြောင်း သင်ကြားခြင်းမပြုခဲ့ကြပါ။ ထိုကြောင့် သူတို့သည် ခရစ်တော်၏ဘက်တော်သားများဖြစ်ရမည့်အစား မာရ်နတ်၏ဘက်တော်သားများဖြစ်ကြခြင်းဖြစ်သည်။ ခေါင်းဆောင်များတို့၏အသက်တာ၌ ပြောင်းလဲခြင်းကိုသက်သေခံရန်လိုအပ်သည်။ [Ev 319.3]

ခရစ်ယာန်အယူဝါဒ၏အတိအလင်းဝန်ခံချက်တစ်ခုကို လူထုအမြင်မှဦးစားပေးရပါမည်။ ဘုရားဝတ်၌မွေ့လျော်ခြင်းပုံသဏ္ဍာန်ကိုဆောင်နိုင်ရန်နှင့် အသင်းတော်စာအုပ်ထဲ နာမည်စာရင်းကိုထည့်သွင်းနိုင်ရန် မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ သို့မဟုတ် ဆက်ကပ်ခြင်းလိုအပ်သည်။ ထိုကြောင့် ခရစ်တော်နှင့်ဦးစွာပေါင်းစည်းခြင်းမရှိဘဲ အသင်းတော်ထဲသို့ရောက်ရှိလာကြပါသည်။ ဤကဲ့သို့ဖြင့် မာရ်နတ်အောင်ပွဲဆင်ပါသည်။ ထိုသို့သောပြောင်းလဲသူများတို့သည် မာရ်နတ်၏အထက်မြက်ဆုံးသောကိုယ်စားလှယ်များဖြစ်သည်။ သူတို့သည် အခြားဝိညာဉ်များအတွက် တည်ကြက်ပမာဖြစ်နေကြပါသည်။ သူတို့သည် မှားသောအလင်းများ၊ ထာဝရပျက်စီးခြင်းသို့သတိမရှိသူများတို့ကိုသွေးဆောင်သောသူများဖြစ်ကြပါသည်။ ခရစ်ယာန်လမ်းကိုကျယ်စေပြီးလောကဆန်သည့်ပျော်ရွှင်မှုကို ရှာဖွေပြုလုပ်သောသူတို့သည် အချည်းနှီးသာလျှင်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျဉ်းမြောင်းသောလမ်းကိုချောမွတ်စေရန်သော်လည်းကောင်း၊ ကြမ်းတမ်းသောလမ်းကိုကျယ်လာစေရန်အတွက်သော်



လည်းကောင်း မပြုလုပ်ပါ။ အကယ်၍ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းသို့ဝင်စားလိုပါက ယေရှုနှင့်သူ၏တပည့်တော်များလျှောက်လှမ်းခဲ့သောလမ်းကိုလျှောက်လှမ်းကြရပါမည်။ နှိမ့်ချခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ ဆက်ကပ်ခြင်းလမ်းဖြစ်ပါသည်။ Testimonies, vol. 5, p. 172. (1882) [Ev 319.4]

**ကျွန်ုပ်တို့၏ပန်းတိုင် – စစ်မှန်သောပြောင်းလဲသည့်အသင်းသားများ –** မြို့ကြီးမြို့ငယ်များတို့၌ အမှုထမ်းကြသောဓမ္မအမှုဆောင်များတို့သည် အမှန်တရား၏သွန်သင်ချက်များကိုလက်ခံခဲ့သူများ သန့်ရှင်းခြင်းတန်ခိုးနှင့် ဘုရားထံအမှန်တကယ်ပြောင်းလဲခြင်းမရှိမချင်း ရောင့်ရဲတင်းတိမ်ခြင်းမရှိသင့်ပါ။ လုပ်ငန်းပြီးဆုံးပြီဟူ၍လည်းမထင်သင့်ပါ။ လူပေါင်း (၆၀) ခရစ်ယာန်အမည်ခံရုံဖြင့်ပြောင်းလဲလာခြင်းထက် လူ (၆) ဦးအမှန်တရားသို့စစ်မှန်စွာပြောင်းလဲလာခြင်းကို ဘုရားသခင်ပို၍နှစ်သက်သည်။ ဤဓမ္မအမှုဆောင်များတို့သည် တရားဒေသနာဟောကြားခြင်း၌အချိန်ယူခြင်းထက် စိတ်ပါဝင်စားသူများထံလည်ပတ်ဆုတောင်းပေးခြင်း၊ ဘုရားတရားကြည်ညိုခြင်းနှင့်ပတ်သက်သည့်ညွှန်ကြားချက်များကို သွန်သင်ပို့ချပေးခြင်းအဆုံး၌ "ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကိုဆက်သနိုင်ရန်" အထိ ပို၍အချိန်ယူဆောင်ရွက်ကြရပါမည်။ [Ev 320.1]

အမှန်တရားကိုသွန်သင်သောဆရာများတို့၏နှလုံးသားထဲ၌ ဘုရားသခင်၏မေတ္တာတော်ကိန်းအောင်းခြင်းရှိရမည်။ သူကိုယ်တိုင်၏နှလုံးသားထဲ၌ ခရစ်တော်ပိုင်ဆိုင်သောသူများအပေါ် နက်ရှိုင်းစစ်မှန်သောမေတ္တာဖြင့်ပြည့်ဝခြင်းရှိပြီး သူတစ်ပါးထံသို့စီးဆင်းသွားရမည်။ ဓမ္မဆရာများတို့သည် အမှန်တရားလက်ခံသောသူများတို့အား ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသည့်အသီးကိုသီးနိုင်ရန် သွန်သင်ပို့ချပေးသင့်သည်။ မိမိကိုယ်ကိုနေ့စဉ်ဆက်ကပ်ခြင်းအကြောင်း သူတို့သင်ကြားပို့ချပေးသင့်ပြီး မြတ်နိုးဖွယ်အရာများစွာတို့ကိုစွန့်လွှတ်စေရန်နှင့်ဆောင်ရွက်စရာတာဝန်များစွာတို့ကိုမနှစ်သက်သည့်တိုင်ဆောင်ရွက်စေရမည်။ စီးပွားရေးစိတ်ဝင်စားမှုများ၊ စွဲလမ်းစရာလူမှုဆက်ဆံ

ရေးများ၊ သက်သောင့်သက်သာဇိမ်နှင့်နေထိုင်ရခြင်း၊ ဩဇာဂုဏ်ဒြပ်ရှိခြင်းနှင့် အခြားလောကစွဲမက်ဖွယ်ရာအရာဟူသရွေ့တို့ကိုစွန့်လွှတ်ကာ ခရစ်တော်၏ အမြဲသာလွန်သောတောင်းဆိုမှုများကို အမြတ်တနိုးထားရမည်ဖြစ်ပါသည်။ Testimonies, vol. 4, 317. (1879) [Ev 320.2]

## သေချာစွာပေါင်းစည်းလိုက်ခြင်း

**သာသနာပြုဆရာသည်မိမိ၏သင်ကြားခြင်းကိုပြီးစီးစေရမည် –** အမှုဆောင်တစ်ဦးသည် မိမိလုပ်ဆောင်လိုစိတ်မရှိခြင်းကြောင့် မည်သည့်အခါမျှမပြီးမပြတ်သည့် သူလုပ်ဆောင်ခဲ့သောလုပ်ငန်းကို လာမည့်အမှုဆောင်အသစ်တစ်ဦးမှ ပြီးပြတ်အောင်ဆောင်ရွက်သွားလိမ့်မည်ဟုထင်ကာ ၎င်းလုပ်ငန်းကိုတစ်ပိုင်းတစ်စချန်လုပ်ထားခြင်းမပြုသင့်ပါ။ ဤပြဿမျိုးဖြစ်ပေါ်လာသောအခါ၊ အကယ်၍ ဒုတိယဓမ္မဆရာသည် ပထမဓမ္မဆရာပြုသကဲ့သို့ပြုပြီး ဘုရားသခင်၏သားသမီးများအပေါ် ဘုရားသခင်တောင်းဆိုချက်များတို့ကိုဟောပြောပါက တချို့သောအသင်းတို့သည် "ကျွန်ုပ်တို့အတွက်အမှန်တရားယူဆောင်လာပေးသောဓမ္မဆရာသည် ဤအကြောင်းအရာများကို ကျွန်ုပ်တို့အားမပြောပြပါ" ဟုပြောဆိုလာလိမ့်မည်။ နှုတ်ကပတ်တော်ကြောင့် သူတို့သည် အနှောင့်အယှက်ဖြစ်ကြလိမ့်မည်။ တချို့တို့သည် ဆယ်ဖို့တစ်ဖို့ပေးခြင်းကိုငြင်းဆန်ကြမည်ဖြစ်ပြီး အသင်းတော်မှထွက်ခွာသွားကာ အမှန်တရားကိုယုံကြည်ပြီး ချစ်မြတ်နိုးသူများတို့နှင့် မည်သည့်အခါမျှလျှောက်လှမ်းကြတော့မည်မဟုတ်ပါ။ အခြားကိစ္စများတို့ကို သူတို့ရှေ့၌ဖော်ပြသောအခါ သူတို့၏အဖြေမှာ "ဤအကြောင်းအရာများကို ကျွန်ုပ်တို့မသင်ကြားရပါ" ဟုပြောကာ ရှေ့သို့တက်လှမ်းရန် သူတို့သည် ချီတုံချတုံဖြစ်ကြပေလိမ့်မည်။ ထိုကြောင့် ပထမဓမ္မဆရာအနေဖြင့် မိမိ၏အသင်းဝင်များကိုလိုအပ်သည့် ကျွန်ုပ်တို့၏ယုံကြည်ချက်ဟူသရွေ့ကို အကုန်အစင်သင်ကြားပို့ချပါက သူလုပ်ဆောင်သောအသင်းတော်၌



အသင်းသားဦးရေနည်းသည့်တိုင် မည်မျှပို၍ကောင်းလိမ့်မည်နည်း။ Gospel Workers, pp. 369, 370. (1915) [Ev 321.1]

**ဖြေ၍မရသောအလုပ်တစ်ခု –** ဓမ္မအမှုဆောင်များတို့သည် အမှန်တရား၏သွန်သင်ချက်များတို့ကိုလက်ခံသောသူတို့အား ၎င်း၏သန့်ရှင်းခြင်းတန်ခိုးဩဇာမရမချင်းနှင့် စစ်မှန်သောပြောင်းလဲခြင်းမရှိသရွေ့ မိမိတို့၏အလုပ်ပြီးစီးသွားပြီဟုမခံယူသင့်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သန်လျက်တကာတို့ထက်ထက်ပြီး စိတ်နှလုံးသားကိုထိုးဖောက်ကာ အသိတရားကိုနှိုးဆွစေသည့်အတွက် တချို့သောသူများတို့သည် လုံလောက်ပြီဟုထင်ကြသော်လည်း အလုပ်အစပြုခြင်းသာလျှင်ဖြစ်ပါသည်။ ကောင်းသောခံစားချက်ကိုပြုလုပ်ပေးနိုင်ခဲ့သော်လည်း ၎င်းခံစားချက်များတို့သည် သတိဝီရိယဖြင့်နက်ရှိုင်းခြင်းမရှိ၊ ဆုတောင်းလျက်ကြိုးစားလုပ်ဆောင်ခြင်းမရှိပါက မာရ်နတ်မှသူတို့ကိုတန်ပြန်လုပ်ဆောင်မည်ဖြစ်သည်။ အမှုဆောင်များတို့သည် မိမိတို့၏ဆောင်ရွက်ခဲ့သောအလုပ်အပေါ် ရောင့်ရဲမှုရှိပြီး အနားမယူစေပါနှင့်။ အမှန်တရား၏ထွန်သွားကိုပို၍နက်စေပြီး အမှန်တရားကိုလေ့လာရှာဖွေသောယုံကြည်လာသူတို့ကို ကောင်းမွန်စွာမိမိတို့၏စဉ်းစားဆင်ခြင်မှုအတွက်လမ်းညွှန်နိုင်ကာ ယုံကြည်ခြင်း၌စိတ်ချစွာတည်မြဲစေမည်ဖြစ်သည်။ [Ev 321.2]

လုပ်ငန်းပြီးစီးခြင်းမရှိဘဲ မကြာခဏချန်ထားတတ်ကြသောကြောင့် ကိစ္စများစွာတို့၌ အကျိုးဖြစ်ထွန်းခြင်းမရှိပါ။ တစ်ခါတစ်ရံ လူတစ်စုမှအမှန်တရားကိုလက်ခံပြီးနောက် ဓမ္မဆရာသည် နေရာသစ်သို့ချက်ချင်းသွားရမည်ဟုထင်တတ်ကြပြီး တစ်ခါတစ်ရံစုံစမ်းစစ်ဆေးခြင်းမပြုဘဲ တာဝန်ရှိပုဂ္ဂိုလ်များတို့မှ သွားခွင့်ပြုကြသည်။ ဤလုပ်ရပ်သည် မှားယွင်းသောလုပ်ရပ်ဖြစ်သည်။ သူအစပြုခဲ့သောအလုပ်ကို ပြီးစီးအောင်လုပ်သင့်သည်။ မပြီးမပြတ်သောအလုပ်ကိုချန်ထားခြင်းအားဖြင့် အကောင်းထက်အန္တရာယ်ပို၍ဖြစ်စေနိုင်သည်။ မည်သည့်နယ်မြေမျှ လူတစ်ယောက်အားဖြင့် မကောင်းမှုများကိုဖယ်ရှားကာ လျင်မြန်စွာပို၍တိုးတက်ရန်ကြိုးစားဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင်မြင်မှု

ရှိမည်မဟုတ်ပါ။ ဤလုပ်ဆောင်မှုနည်းအားဖြင့် ဝိညာဉ်များစွာတို့သည် မာရ်နတ်နှင့်အခြားအသင်းတော်မှ အမှန်တရားကိုငြင်းပယ်၍ဆန့်ကျင်ကြသည့် အသင်းဝင်တို့၏ပြင်းထန်စွာတိုက်ခိုက်ခြင်းကိုရင်ဆိုင်ရကာ အသင်းတော်နှင့် ဝေးကွာသွားပြီး မည်သည့်အခါမျှသူတို့နှင့်ပြန်လည်တွေ့ဆုံနိုင်ကြမည်မဟုတ်ပါ။ ဓမ္မအမှုဆောင်တစ်ဦးသည် အသင်းတော်ကိုကောင်းမွန်စွာထိန်းသိမ်းနိုင်စွမ်းမရှိပါက လုပ်ငန်းကိုတာဝန်မပေးအပ်ရန် ပို၍ကောင်းပါလိမ့်မည်။ [Ev 322.1]

အမှန်တရားလက်ခံရရှိသောသူသည် ကောင်းမွန်စွာပြောင်းလဲခြင်းမရှိပါက၊ အသက်တာနှင့်အကျင့်စာရိတ္တအားဖြင့် လုံးလုံးလျားလျားပြောင်းလဲခြင်းမရှိပါက ဝိညာဉ်သည် ထာဝရတည်မြဲသောကျောက်ဆောင်နှင့် ခိုင်ခံ့စွာတွယ်ကပ်ထားခြင်းမရှိပါက စုံစမ်းခြင်း၏စမ်းသပ်မှုကို ခံနိုင်မည်မဟုတ်ပါ။ ဓမ္မဆရာထွက်ခွာသွားသည်နှင့် သစ်လွင်ခြင်းသည် ဟောင်းနွမ်းသွားပါလိမ့်မည်။ အမှန်တရားတန်ခိုး၏ဆွဲဆောင်မှုသည် ပျောက်ကွယ်သွားပါမည်။ သူတို့သည် ယခင်ကကဲ့သို့ ပို၍သန့်ရှင်းသောဩဇာကို ရယူနိုင်မည်မဟုတ်ပါ။ [Ev 322.2]

ဘုရားသခင်၏အလုပ်ကို ကပြက်ကချော်၊ နမော်နမဲ့အမှုအရာဖြင့် မပြုလုပ်ရပါ။ ဓမ္မအမှုဆောင်တစ်ဦး သာသနာ့နယ်မြေတစ်ခု၌ ဝင်ရောက်လုပ်ကိုင်သောအခါ၊ ကောင်းမွန်သေချာစွာလုပ်ဆောင်ရလိမ့်မည်။ သူသည် မိမိ၏ကြိုးစားလုပ်ဆောင်ခြင်းနှင့် ကောင်းကင်၏ကောင်းချီးမင်္ဂလာသည် ပြောင်းလဲသူများအပေါ်သို့သက်ရောက်ကာ သူတို့၏တာဝန်ကို မှန်ကန်စွာနားလည်ပြီး ပေးအပ်သောအလုပ်ကိုလုပ်နိုင်သည့်အထိ သူမဆောင်ရွက်ပေးနိုင်သမျှ သူ၏အောင်မြင်မှုအပေါ် ကျေနပ်ခြင်းမရှိသင့်ပါ။ အကယ်၍ သူသည် မိမိလက်အောင်ရှိအသင်းဝင်များတို့ကို မှန်ကန်စွာသင်ကြားပို့ချပြီး အခြားသာသနာ့နယ်မြေသို့ပြောင်းရွှေ့သွားပါက လုပ်ငန်းသည် ဖရိုဖရဲဖြစ်မည်



မဟုတ်ပါ။ လုံခြုံခိုင်ခံ့စွာဖြင့် ပေါင်းစည်းထားခြင်းရှိပေလိမ့်မည်။ Gospel Workers, pp. 367-369. (1915) [Ev 322.3]

**သေချာစွာလုပ်ရမည့်အလုပ်တစ်ခု** – တရားပွဲစည်းဝေးများကို ကျွန်ုပ်တို့၏မြို့များ၌ အပေါ်ယံကြော်သာပြုလုပ်ပြီး ကျေနပ်နေသူတို့အတွက် အန္တရာယ်ရှိသည်။ ဓမ္မဆရာများနှင့်ကျွန်ုပ်တို့၏နယ်ဥက္ကဋ္ဌများနိုးကြားကြပြီး အရေးကြီးသည့်အလုပ်ကို သေချာစွာပြုလုပ်စေပါ။ အချိန်ကုန်လုနီးပြီဖြစ်ကြောင်းနှင့် အင်တိုက်အားတိုက် နှစ်ဆသောအင်အားဖွဲ့လုံ့လဖြင့် မိမိတို့၏စိတ်ထဲ၌ ခံစားနေရသကဲ့သို့လုပ်ဆောင်ခြင်း၊ စီမံခြင်းကိုပြုလုပ်ဆောင်ရွက်စေပါ။ Review and Herald, Jan 11, 1912. [Ev 323.1]

ဘုရားသခင်ပြင်ဆင်ပေးသောလမ်းပွင့်နေချိန်၌ အမြဲအဆင်သင့်လိုက်လျှောက်ဆောင်ရွက်သင့်သောအခါ၌ ပို၍ကြီးသောစီမံကိန်းများကိုမပြုလုပ်သင့်ပါ။ လုပ်ငန်းချဲ့ထွင်ရန်အတွက် ဆောင်ရွက်ခြင်းကိုပြုမည့်အစား ဆောင်ရွက်နိုင်သည့်အစပြုခဲ့သောဘုရားရှင်မှလမ်းဖွင့်ပေးခဲ့သည့်အလုပ်များကိုသာ သေချာစွာထိန်းသိမ်းကာ တိုးတက်စေရန်လုပ်ဆောင်ပါ။ ပို၍ကြီးသောစီမံကိန်းများနှင့် ကျယ်ဝန်းသောသာသနာ့နယ်မြေများ၌လုပ်ဆောင်ရန် အမှုဆောင်များအတွက် လမ်းပွင့်လာသောအခါ၊ အမှန်တရားသို့ ဝိညာဉ်များတို့ကိုခေါ်ဆောင်လာရမည့်အမှုဆောင်များအနေဖြင့် ပို၍ကြီးသောအတွေးအခေါ်နှင့်အမြော်အမြင်ရှိရပါလိမ့်မည်။ Letter 34, 1886. [Ev 323.2]

**ကောင်းမွန်စွာစည်းရုံးထားသောအလုပ်တစ်ခုကိုချန်ထားပါ** – အသင်းတော်များကိုထူထောင်ပြီး နေရာသစ်သို့ဝင်ရောက်ထိုးဖောက်သောအခါ၊ ၎င်းထူထောင်ခဲ့သောအသင်းတော်များတို့သည် အင်အားကျဆင်းသွားပါသည်။ ယခုငွေကြေးအကုန်ခံပြီး ဤအသင်းတော်များကိုထူထောင်ခဲ့ကာ ဂရုမစိုက်ခြင်းကြောင့်ပြိုပျက်သွားကြရပါသည်။ ယခုအခါ ဤကဲ့သို့ဖြစ်ပျက်လျက်ရှိနေပါသည်။ [Ev 323.3]

ကျွန်ုပ်တို့ပတ်လည်၌ ဆောင်ရွက်ရန်တာဝန်များရှိလျက်နှင့် ဝေးလံသောနေရာများ၌ရှိသောအလုပ်ကို လှမ်း၍လုပ်လိုသောဆန္ဒမရှိသင့်ပါ။ ဘုရားသခင်သည် သင်ကြံစည်သောလုပ်ငန်းများစွာနှင့် လုပ်ဆောင်သောသူတို့နှင့်အစပြုခဲ့သည့်လုပ်ငန်းကို ချန်ထားခြင်း၊ ဂရုမစိုက်ခြင်းဖြင့် ပျက်စီးရခြင်းကိုအလိုမရှိပါ။ ဤကဲ့သို့ဖြစ်လာမည့်အစား အကယ်၍ငင်းလုပ်ငန်းများကို မည်သည့်အခါမျှအစမပြုခဲ့ပါက ပို၍ကောင်းမည်ဖြစ်ပါသည်။

သင်သည် အရာများကိုပွင့်လင်းစွာကြည့်ပြီး စိတ်ကူးဖြင့်ရုတ်တရက်ထလုပ်ခြင်း၊ သို့မဟုတ် ခံစားချက်ဖြင့်ထလုပ်ခြင်းမပြုရန် ကျွန်ုပ်မျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ဓမ္မဆရာများသည် မိမိတို့၏လုပ်ငန်းကို ပို၍ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ပညာနှင့်သင်တန်းများကို ရယူကြရပါမည်။ သူ၏လုပ်ငန်းကိုစနစ်တကျစီစဉ်ထားခဲ့ပြီး ဖရိုဖရဲချန်ထားခြင်းမပြုသင့်ပါ။ သူတို့ဖန်တီးခဲ့သောအရာများကို အထူးစိတ်ဝင်စားစွာဖြင့်ဂရုပြုသင့်ပြီး ငင်းအသင်းတော်မှထွက်ခွာသွားသောနောက် အထူးသောစိတ်ဝင်စားမှုကို မည်သည့်အခါမျှမပျောက်ပျက်စေရပါ။ ဤကဲ့သို့အဖြစ်အပျက်မျိုးပြုခဲ့ကြပါသည်။ Letter 1, 1879. [Ev 324.1]

**ဝိညာဉ်စိတ်ဝင်စားမှုကိုဦးစားပေးခြင်း –** နှစ်ပေါင်းများစွာမှ ဤအချက်အပေါ်အလင်းရရှိခဲ့ပါသည်။ စိတ်ဝင်စားခြင်းရှိခဲ့သည့်နေရာများကို ဆက်လက်စောင့်ရှောက်ရန်လိုအပ်ခြင်းအကြောင်းဖော်ပြပြီး အမှန်တရားကိုမှီခိုခြင်း၌ဆုံးဖြတ်ချက်ပြုကာ နှစ်ခြင်းမင်္ဂလာအတွက် ပြောင်းလဲခြင်းဗဟုသုတကိုရရှိပြီး တချို့အသင်းတော်နှင့်ပေါင်းစည်းခြင်း၊ သို့မဟုတ် မိမိတို့အတွက်အသင်းတော်တစ်ခုထူထောင်ခြင်းပြုလုပ်နိုင်သည့်တိုင် ငင်းနေရာကိုမချန်ထားရပါ။ [Ev 324.2]

အမှန်တရားဟောပြောခြင်းအားဖြင့် စိတ်ဝင်စားမှုကိုဖန်တီးစေသောဓမ္မဆရာတစ်ဦးကိုခေါ်ရန် မည်သည့်အခြေအနေမျိုးမှ လုံလောက်သောအရေးကြီးခြင်းမရှိပါ။ ဖျားနာခြင်းနှင့်သေခြင်းပင်လျှင် ကြီးမားသောခရစ်တော်ပူဇော်



ခံခြင်းအားဖြင့် ကယ်တင်ခြင်းရရှိသည့်ဝိညာဉ်များလောက် အရေးမကြီးချေ။ အမှန်တရား၏အရေးကြီးခြင်းနှင့် ခရစ်တော်အသေခံခဲ့သောဝိညာဉ်၏တန်ဖိုးကို ခံစားရသူတို့သည် လူသားများတို့ကိုစိတ်ဝင်စားမှုမရှိဘဲ စွန့်ပစ်၍မထားပါ။ "လူသေသည် မိမိလူသေကိုသင်္ဂြိုဟ်ပါလေစေ" ဟု သူတို့ပြောပါလိမ့်မည်။ အိမ်ထောင်ကိုစိတ်ဝင်စားခြင်းများ၊ မြေနှင့်အိမ်များတို့သည် လုပ်ငန်းခွင်ထက်အရေးကြီးသောအရာများမဖြစ်သင့်ပါ။ [Ev 324.3]

အကယ်၍ဓမ္မအမှုဆောင်များတို့သည် ဤမတည်မြဲသောခေတ္တအရာများကို သူတို့အား မိမိတို့၏အလုပ်မှအာရုံပြောင်းသွားစေရန်ခွင့်ပြုပါက သူတို့အတွက်တစ်ခုတည်းသောပြုရမည့်အရာမှာ ထိုမတည်မြဲသောအရာအားလုံးကို စွန့်လွှတ်ရန် မြေကြီးများ၊ သို့မဟုတ် ယာယီစိတ်ဝင်စားခြင်းများ၊ မိမိတို့၏ဩဇာကို ဤနောက်ဆုံးနေ့ရက်များ၌ရှိနေသည့် အရေးကြီးသောအလုပ်မှ သူတို့ကိုတားဆီးစေမည့်အရာများကို ပိုင်ဆိုင်ခြင်းမရှိစေရန်ဖြစ်သည်။ ဝိညာဉ်တစ်လုံးသည် ကမ္ဘာတစ်ခုလုံးထက်ပို၍တန်ဖိုးရှိသည်။ ဝိညာဉ်များကိုကယ်တင်သည့် သန့်ရှင်းသောအလုပ်ကိုလုပ်ဆောင်ကြမည့် သူတို့၌သေးငယ်သောယာယီပိုင်ဆိုင်မှုများတို့အားဖြင့် မိမိတို့၏စိတ်နှင့်နှလုံးကို အာရုံစိုက်စေခြင်းအားဖြင့် ဘုရားသခင်ထံမှရရှိရန် သူတို့ခံယူရမည့်အထက်အရပ်မှခေါ်တော်မူခြင်းကို မည်ကဲ့သို့တားဆီးစေနိုင်မည်နည်း။ Testimonies, vol. 2, pp. 540, 541. (1870) [Ev 324.4]

**မပြီးစီးသောအလုပ်ကိုချန်ထားခြင်း၌ဆုံးရှုံးမှုအတွက်နမူနာပြခြင်း –** ခြားနားသောနေရာများ၌ ကျွန်ုပ်တို့၏စွမ်းအားနှင့်ခွန်အားဗလကို အဆုံးတိုင်အောင်ကြိုးစားအားထုတ်အသုံးပြုပြီး မည်သူမျှတာဝန်ယူကြည့်ရှုစရာမလိုအောင်ပျက်စီးခြင်းမရှိဘဲချန်ထားကာ အခြားနေရာသစ်များသို့ ထွက်ခွာအမှုထမ်းရန်မည်သည့်ရဲရင့်ခြင်းကျွန်ုပ်တို့၌ရှိသနည်း။ မည်သည့်ရဲရင့်ခြင်း ကျွန်ုပ်တို့၌ရှိနိုင်မည်နည်း။ [Ev 325.1]

ယခုကျွန်ုပ်၏ဗဟုသုတတစ်ခုကိုဖော်ပြပါမည်။ ကျွန်ုပ်သည် ဥရောပမှပြန်လာပြီး အမေရိကန်မြေပေါ်သို့နင်းချပြီးနောက် ကျွန်ုပ်အိမ်သို့မသွားဘဲ တဲခိုခန်းသို့သွားပြီး ညစာသုံးဆောင်ပါသည်။ ထိုနောက်ကျွန်ုပ်သည် လုပ်ငန်းခွင်သို့ထွက်သွားပါသည်။ လုပ်ငန်းကိုထိန်းသိမ်းစောင့်ရှောက်ရန် အမှုဆောင်တစ်ဦးထားရှိဖို့အတွက်စီစဉ်ပေးရမည့် အခြားနေရာအားလုံးထက် နေရာတစ်ခု၌လိုအပ်နေကြောင်း ကျွန်ုပ်တွေ့ရပါသည်။ ထိုနေရာ၌ လေးနက်စွာယုံကြည်ကြသောချမ်းသာသူများရှိကြသည်။ အံ့ဩဖွယ်ရာစိတ်ဝင်စားမှု ထိုနေရာ၌ရှိနေသည်။ လူတို့သည် စည်းဝေးသို့တက်ရောက်လာကြပြီး မျက်ရည်ဖြင့်သတင်းစကားများကို ထိုင်နားထောင်ကြသည်။ သူတို့သည် အလွန်စိတ်ဝင်စားကြသည်။ သို့သော် စိတ်ဝင်စားမှုနောက်သို့ ဆက်လက်၍လုပ်ဆောင်ရန်မည်မျှမရှိပါ။ အရာခပ်သိမ်းမူလအခြေအနေသို့ပြန်လည်၍ရောက်ရှိသွားရန်ခွင့်ပြုသကဲ့သို့ဖြစ်သည်။ ဤကဲ့သို့ဖြစ်ခြင်းကို ဘုရားသခင်မနှစ်သက်ပါ။ ကျွန်ုပ်တို့သည် ဆောင်ရွက်စရာများစွာရှိသည်ကိုဆောင်ရွက်နေကြပြီး စီမံကိန်းများစွာတို့ကိုဆွဲကာ ထိထိမိမိလုပ်ဆောင်နိုင်ရန် လက်လှမ်းမမီဘဲရှိနေကြပါသည်။ ထိုသို့ဖြစ်နေခဲ့လျှင် ဖြစ်သင့်သည့်အရာ၊ ဖြစ်နိုင်သည့်အရာများကိုဖြစ်လာအောင်စီစဉ်ဆောင်ရွက်နိုင်ကြမည်မဟုတ်ပါ။ Manuscript, 19b, 1890. [Ev 325.2]

**အခြားသူများအတွက် ခက်ခဲသောသာသနာ့နယ်မြေတစ်ခုကိုဖန်တီးခြင်း –** စိတ်ဝင်စားမှုကို လူတို့အထဲ၌ဖန်တီးပြီး မပြီးမပြတ်သည့်လုပ်ငန်းကိုစွန့်ထားသော ကောင်းမွန်စွာဘုရားတရားကြည်ညိုလေးစားခြင်းမရှိသည့် ဓမ္မဆရာများတို့သည် မိမိတို့မှပြီးစီးအောင်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည့်အလုပ်ကို အခြားသူများမှဆက်လက်၍ပြီးစီးအောင် ဝင်ရောက်လုပ်ကိုင်ရန်တာဝန်ယူရခြင်းသည် လွန်စွာခက်ခဲသောအလုပ်တစ်ခုဖြစ်ပါသည်။ ဤကဲ့သို့သောဓမ္မဆရာများကို စစ်ဆေးရလိမ့်မည်။ အကယ်၍ သူတို့၏အလုပ်ကို သစ္စာရှိစွာဖြင့်မဆောင်ရွက်ပါက သူတို့ကိုဆက်လက်စစ်ဆေးကာ ၎င်းအတိုင်းသာလျှင်မှန်ကန်နေပါက





သူတို့အား အဖျက်သမားများ၊ သစ္စာမရှိသောကင်းစောင့်များအဖြစ်သတ်မှတ်ကာ ဖယ်ရှားပစ်လိုက်ရပါမည်။ Testimonies, vol. 4, p. 317. (1879) [Ev 325.3]

**မတော်တဆအလုပ်၏အကျိုး –** သင်၏အလုပ်ကို ကောင်းမွန်စွာစနစ်တကျပေါင်းစည်းထားပါ။ သူတစ်ပါးဆက်လက်လုပ်ဆောင်ရန် အခက်အခဲတစ်ခုကိုမျှမချန်ထားပါနှင့်။ ခရစ်တော်ကိုစိတ်ဓာတ်မကျစေပါနှင့်။ အောင်မြင်ရလိမ့်မည်ဟု သန္နိဋ္ဌာန်ချထားပါ။ ခရစ်တော်၏ခွန်အားအားဖြင့် သင်၏သာသနာလုပ်ငန်းကို အပြည့်အဝ သင်သက်သေထူနိုင်လိမ့်မည်။ [Ev 325.4]

အမှတ်တမဲ့ထ၍လုပ်ရသောအလုပ်ကဲ့သို့ အမှန်တရားတိုးတက်ရန်အတွက် စိတ်ဓာတ်ကျစရာကောင်းသောအရာမရှိပါ။ သစ္စာရှိသောလုပ်ဆောင်မှုလိုအပ်သည်။ ခရစ်တော်နှင့်တူသောပုဂ္ဂိုလ်တို့၏အားပေးမှုမရှိခြင်းကြောင့် အသင်းတော်များတို့သည် သေလုမြောပါးဖြစ်နေပြီး လူတို့သည် ဘုရားသခင်ကျေးဇူးတော်၏သစ္စာရှိသောဘဏ္ဍာစိုးများမဟုတ်သည့်အတွက် အသင်းတော်များတို့သည် မှန်ကန်စွာရှင်သန်မှုမရှိခြင်းကို ဘုရားသခင်နှစ်သက်တော်မူခြင်းမရှိပါ။ ဘုရားသခင်၏ကျေးဇူးတော်ကို မရရှိကြသည့်အတွက် ၎င်းကိုသူတို့ဝေငှ၍မရပါ။ သူတို့အထဲ၌အလုပ်လုပ်ရမည့်သူများအနေဖြင့် အသင်းဝင်များတို့ကိုတာဝန်ယူရာ၌ ပျက်ကွက်ခြင်း၊ ဝိညာဉ်များတို့ကိုကြည့်ရှုရာ၌ ပြန်လည်၍စာရင်းရှင်းရမည်ကိုမသိခြင်း၊ သစ္စာမရှိခြင်းတို့ကြောင့် အသင်းတော်များတို့သည်အားနည်းပြီး မမာမကျန်းဖြစ်နေကြရပါသည်။ Manuscript 8a, 1888. [Ev 326.1]

## တရားပွဲအချိန်ကာလနှင့်လုပ်ငန်းအဆုံးသတ်ခြင်း

**တရားပွဲအချိန်ကာလအတွက်စည်းမျဉ်းသတ်မှတ်ချက်မရှိ –** ဘုရားသခင်၏အမှုတော်၌ဆောင်ရွက်နေသောသူတို့၏အလုပ်ကို အကောင်းဆုံးတိကျစွာဖော်ပြရန်၊ သို့မဟုတ် သူ၏အလုပ်ကိုသတ်မှတ်ရန် မည်သည့်အသက်ရှင်

သောလူသားမျှမပြောနိုင်ကြောင်း စိတ်ထဲ၌မှတ်သားထားပါ။ မည်သူမျှနေ့ရက်များ၊ အပတ်ပေါင်းများ မည်ရွေ့မည်မျှနေရာတစ်နေရာ၌နေထိုင်လုပ်ကိုင်သင့်ပြီး အခြားတစ်နေရာသို့ပြောင်းရွှေ့ရမည်ကို သတ်မှတ်၍မရပါ။ အခြေအနေများသာ ဘုရားသခင်၏အမှုဆောင်၏အလုပ်များကို ထိန်းချုပ်ရမည်ဖြစ်ပြီး အကယ်၍သူသည် ဘုရားအားကိုးပါက သူ၏အလုပ်သည် ဘုရားသခင်စပျစ်ဥယျာဉ်၏နေရာတိုင်း၌ ရပ်ဝေးရပ်နီးနှစ်မျိုးစလုံး၌ လွှမ်းခြုံလျက်ရှိကြောင်း သူနားလည်လိမ့်မည်။ လုပ်ဆောင်သောသူသည် မိမိ၏အလုပ်အတိုင်းအတာကို အတိအကျသတ်မှတ်၍မရပါ။ သူ့အတွက်သတ်မှတ်ချက်၊ ကန့်သတ်ချက်များမရှိဘဲ သူ၏လုပ်ဆောင်မှုများကို လိုအပ်သည့်တောင်းဆိုချက်များအပေါ် တိုးချဲ့လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် သူနှင့်အတူလုပ်ဆောင်သောသူဖြစ်သည်။ ဘုရားသခင်၏ဉာဏ်တော်နှင့်အကြံပြုချက်ကို လုပ်ဆောင်မှုဟူသမျှ၌ ရှာဖွေရယူသင့်ပြီး လူ၏အကြံပြုခြင်းအပေါ် မှီခိုခြင်းမပြုသင့်ပါ။

သာသနာ့နယ်မြေများစွာတို့၌ လုပ်ငန်းကြီးမားစွာနှောင့်နှေးရခြင်းမှာ လုပ်ဆောင်သောသူတို့သည် သာသနာ့နယ်မြေ၌အလုပ်မလုပ်သောသူထံနှင့်တောင်းဆိုချက်ကိုမမြင်ရ၊ မခံစားရသောသူတို့ထံ အကြံတောင်းခံသည့်အခါ သူတို့သည် လုပ်ငန်းအခြေအနေကိုနားမလည်သကဲ့သို့ ရှေ့တန်း၌လုပ်ဆောင်နေရသူ၏အခြေအနေကိုလည်း နားမလည်သောကြောင့်ဖြစ်ပါသည်။ Letter 8, 1895 [Ev 327.1]

**အခြေအနေများကိုသေချာစွာလေ့လာပါ –** ဓမ္မဆရာတစ်ဦးသည် လုပ်ငန်းတစ်ခုကိုလုပ်ဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသောအခါ၊ ထိုနေရာ၌မည်မျှကြာမြင့်စွာလုပ်ကိုင်ရမည့်အကြောင်း မိမိ၏နယ်ဥက္ကဋ္ဌကိုမေးမြန်းခြင်းမပြုရပါ။ သူ့အားတာဝန်ကိုအဓိကပေးခဲ့ပြီး သူ့အားကဲ့ရဲ့ပြစ်တင်ခြင်းကိုမပြုဘဲ ရက်ရောစွာဖြင့်ပညာနှင့်မမှားနိုင်သောဆုံးဖြတ်ချက်ကိုပေးမည်ဟု ကတိပြုခဲ့သောဘုရားရှင်ထံမှ အကြံဉာဏ်ကိုရယူရလိမ့်မည်။ သူသည် စပျစ်ဥယျာဉ်၌ပေးထားခြင်း



ခံရသည့်တာဝန်တိုင်းကို သေချာစွာဆင်ခြင်သုံးသပ်ပြီး ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် မည်သည့်အရာကိုလုပ်ရမည်၊ မလုပ်ရမည်ကို ခွဲခြားရပါမည်။ အခြေအနေဖြစ်ပေါ်လာသောအခါတိုင်း၌ အကယ်၍သူသည် သေချာစွာလေ့လာပြီး နှိမ့်ချခြင်းနှင့်ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ဉာဏ်တော်ကိုရှာဖွေရယူပါက သူသည် ပညာရှိတစ်ဦးနှင့် အောင်မြင်သောအမှုဆောင်တစ်ဦးဖြစ်လာလိမ့်မည်။ Letter 8, 1895. [Ev 327.2]

**ပြီးစီးသောအလုပ်တစ်ခု –** နေရာတစ်ခု၌ရှိသောအလုပ်တစ်ခုကို စိတ်ဝင်စားမှုရှိနေသရွေ့ ဆက်လက်လုပ်ဆောင်ရလိမ့်မည်။ သင့်လျော်သည့်တချို့နေရာကို စည်းဝေးများထိုင်သောအခါ၌ ပြင်ဆင်မှုပြုရပါမည်။ မြို့တစ်မြို့၌ရှိသောအလုပ်ကို တစ်ခဏချင်းအတွင်းမပြုလုပ်ရပါ။ စိတ်ပါဝင်စားစွာကြိုးစား၍ ဤမြို့၌လုပ်ဆောင်ရန် ကျွန်ုပ်နှစ်ပေါင်းများစွာတောင်းဆိုခဲ့ပါသည်။ ယခုဆောင်ရွက်လျက်ရှိပါသည်။ မှန်သောစည်းမျဉ်းများအတိုင်း ကျွန်ုပ်တို့တည့်တည့်မတ်မတ်ရှေ့သို့ချီတက်ကြပါစို့။ Letter 380, 1906. [Ev 327.3]

**ကောရိန္သုမြို့၌ပေါလု၏ပို၍ကြာညောင်းသောသာသနာ့ခရီး –** ဣသရေလ၏ဘုရားသခင်သည် အသီးအတွက်ဆာငတ်လျက်ရှိသည်။ သူတို့လက်ရှိဆောင်ရွက်နေသည်ထက် ပို၍တိုးချဲ့ဆောင်ရွက်ရန် သူ၏အမှုဆောင်များကိုသူခေါ်နေသည်။ တမန်တော်ပေါလုသည် တစ်နေရာမှတစ်နေရာသို့ အမှန်တရားကိုလိုက်လံဟောပြောသည်။ ကောရိန်သုမြို့၌ တစ်နှစ်ခွဲလုပ်ဆောင်ခဲ့ပြီး ယုဒလူများနှင့်တစ်ပါးအမျိုးသားအပါအဝင် ရှင်သန်သောအသင်းတော်တစ်ခုကို ထူထောင်နိုင်ခဲ့ခြင်းအားဖြင့် သူ၏လုပ်ငန်းကောင်းမြတ်သည့်စာရိတ္တကိုသက်သေထူခဲ့ပါသည်။ ပြောင်းလဲလာသောတစ်ပါးအမျိုးသားများတို့သည် ပြောင်းလဲလာသောယုဒလူများတို့ထက်ပို၍များပြီး အများသောသူတို့သည် မှောင်မိုက်မှဧဝံဂေလိတရားတော်၏အလင်းသို့ စစ်မှန်သောပြောင်းလဲလာသူများဖြစ်ကြသည်။ Letter 96, 1902. [Ev 327.4]

**ပို၍ကြာသောမြို့ပေါ်တရားပွဲများ –** မြို့ကြီးများ၌တရားပွဲများကျင်းပခြင်းတွင် တစ်ဝက်ဆုံးရှုံးရခြင်းမှာ တရားပွဲကိုစောစောစီးစီးရုပ်သိမ်းလိုက်ပြီး နေရာသစ်သို့ထွက်ခွာသွားခြင်းဖြစ်သည်။ တရားပွဲတစ်ခုကိုလျင်မြန်စွာရုပ်သိမ်းလိုက်ခြင်းသည် အများအားဖြင့် ကြီးမားသောဆုံးရှုံးမှုကိုဖြစ်စေသည်။ Letter 48, 1886. [Ev 328.1]

## စည်းဝေးများအောင်မြင်ရန်ဆုံးဖြတ်တွက်ဆခြင်း

**ဘုရားသခင်သည်အမှုဆောင်အောင်မြင်ခြင်း၏တရားစီရင်သူဖြစ်သည် –** လူ၏အလုပ်ကိုတရားစီရင်သူသည် လူမဟုတ်ဘဲ ဘုရားသခင်သာလျှင်ဖြစ်ပြီး သူသည် တရားသောဆုလာဘ်ကို တစ်ဦးစီသို့တရားသဖြင့်ခွဲဝေပေးလိမ့်မည်။ မည်သည့်လူသားကိုမျှ မတူညီသောဘုရားသခင်၏အစေခံများစပ်ကြား တရားစီရင်ရန်တာဝန်ပေးအပ်ထားခြင်းမပြုပါ။ ဘုရားသခင်တစ်ဦးတည်းသာလျှင် ကောင်းသောအလုပ်ဟူသရွေ့အပေါ် တရားစီရင်သူနှင့်ဆုလာဘ်ချပေးသူဖြစ်ပါသည်။ Review and Herald, Dec. 11, 1900. [Ev 328.2]

**ဝိညာဉ်တစ်လုံးတည်းတုံ့ခိုင်မြဲပါက အောင်မြင်သောအလုပ်တစ်ခုဖြစ်သည် –** ညအချိန်၌ ကျွန်ုပ်သည် သင်နှင့်အတူစကားပြောဆိုကြသည်။ ကျွန်ုပ်၌သတင်းတစ်ခုရှိပြီး ၎င်းသတင်းကိုပြောပြပါသည်။ သင်စွန့်ပစ်ခံရပြီးစိတ်ဓာတ်ကျခဲ့သည်။ သင့်ကိုကျွန်ုပ်ပြောသည်မှာ ဘုရားသခင်သည် ညီအစ်ကိုနှင့်ညီအစ်မကို ကျွန်ုပ်အားစကားပြောရန်စေခိုင်းပါသည်။ ကျွန်ုပ်ပြောခဲ့သည်မှာ သင်၏အလုပ်ကိုဆုံးရှုံးလုပြီဟုသင်ထင်သော်လည်း အကယ်၍ ဝိညာဉ်တစ်လုံးသည် အမှန်တရားကိုဆုပ်ကိုင်ပြီး အဆုံးတိုင်အောင်တည်ကြည်ပါက သင်၏အလုပ်ကိုဆုံးရှုံးသည်ဟုပြော၍မရပါ။ အကယ်၍ မိခင်တစ်ဦးသည် သူမ၏သစ္စာမရှိခြင်းမှ နာခံခြင်းသို့ပြောင်းလဲလာပါက သင်ဝမ်းသာရလိမ့်မည်။ ဘုရားသခင်ကိုသိရှိပြီး သူ့နောက်သို့လိုက်သောမိခင်သည် သူမ၏သားသမီးများကို သူမ၏



ခြေရာအတိုင်းလျှောက်လိုက်ရန် သူမသွန်သင်လိမ့်မည်။ ကတိတော်သည် ဖခင်များ၊ မိခင်များနှင့် သူတို့၏သားသမီးများအတွက်ဖြစ်သည်။---

သင်၏ကြိုးစားမှုများ၌ ပေါ်လွင်နေသောအောင်မြင်မှုအရေအတွက်အပေါ် ဘုရားသခင်သည် သင့်ကိုစီရင်မည်မဟုတ်ပါ။ သင်၏ယုံကြည်ခြင်းရှင်သန်ပြီးခိုင်မြဲခြင်းနှင့် အမြဲတိုးတက်ခြင်းရှိရန် သင့်အားပြောရမည်ဟု ကျွန်ုပ်စေခိုင်းခြင်းခံရပါသည်။ နားရှိပြီးမကြားရသူများနှင့် အသိဉာဏ်ရှိပြီးနားမလည်သူများနှင့် သင်ရင်ဆိုင်တွေ့မြင်ရသောအခါ၊ သင်အကောင်းဆုံးလုပ်ဆောင်ပြီးသည့်နောက် အခြားနေရာသို့ထွက်ခွာသွားသောအခါ ပေါ်ထွက်လာမည့်အကျိုးကို ဘုရားရှင်လက်ထဲ၌သာ အပ်နှံထားခဲ့ရပါမည်။ သို့သော် သင်၏ယုံကြည်ခြင်းမကျဆင်းပါစေနှင့်။ Letter 8, 1895. [Ev 329.1]

**သေးငယ်သောအောင်မြင်မှုအတွက်စိတ်ဓာတ်မကျပါနှင့် –** ဘုရားသခင်၏ဂုဏ်တော်နှင့်ဘုန်းတော်အတွက် ဆောင်ရွက်သောလုပ်ငန်းတို့ကို ဘုရားသခင်၏တံဆိပ်ခတ်ခြင်းကိုခံရလိမ့်မည်။ အမှုတော်ကိုအကောင်းဆုံးဆောင်ရွက်သောသူတို့၏အလုပ်ကို ခရစ်တော်သည်ထောက်ခံလိမ့်မည်။ ဤကဲ့သို့သူတို့သည် အကောင်းဆုံးဆက်လက်လုပ်ဆောင်ခြင်းအားဖြင့် သူတို့၏အသိတရားတိုးပွားလာမည်ဖြစ်ပြီး သူတို့၏လုပ်ငန်းလက္ခဏာသည်လည်း တိုးတက်လာလိမ့်မည်။ Letter 153, 1903. [Ev 329.2]

နှိုင်းယှဉ်ချက်အရ၊ အမှန်တရားလက်ခံသူဦးရေသည် ငြင်းပယ်သူတို့၏ဦးရေလောက်မရှိ၊ လွန်စွာနည်းနေသော်လည်း ဝိညာဉ်တစ်လုံးသည် ကမ္ဘာတစ်ခုလုံး၏တန်ဖိုးထက်သာ၍များသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုများတွင် အကျိုးကြီးမားစွာရရှိပုံမပေါ်သည့်တိုင် ကျွန်ုပ်တို့စိတ်ဓာတ်ကျစရာအကြောင်းမရှိပါ။ Letter 1, 1875. [Ev 329.3]

**အောင်မြင်ခြင်းများစွာအတွက်ပေါင်းစည်းခိုင်ခံ့သောကြိုးစားမှု –** တစ်ဦးစီ၊ အမြဲ၊ စည်းလုံးသောကြိုးစားဆောင်ရွက်ခြင်းသည် အောင်မြင်ခြင်းဆုလာဘ်ကိုရရှိပါလိမ့်မည်။ ကျွန်ုပ်တို့၏ကမ္ဘာ၌ ကောင်းသောကြီးမားသည့်အလုပ်တစ်ခုကို

လုပ်ဆောင်ရန်ဆန္ဒရှိသောသူသည် သေးငယ်သောအရာများကို ဘုရားသခင်၏လမ်းစဉ်နှင့်အညီလုပ်ဆောင်လိုသော စိတ်ဆန္ဒရှိရလိမ့်မည်။ အမြင့်ဆုံးသောအရပ်သို့ကျော်ကြားလိုစိတ်ဖြင့် ကြီးမား၍အံ့ဩဖွယ်ရာကောင်းသောအလုပ်ကို လုပ်သောသူသည် မည်သည့်အရာကိုမဆိုလုပ်ကိုင်ရာတွင် ဆုံးရှုံးခြင်းနှင့်ရင်ဆိုင်ရလိမ့်မည်။ [Ev 329.4]

ကောင်းသောအလုပ်တစ်ခု၌ပုံမှန်တိုးတက်ခြင်း၊ မကြာခဏသစ္စာရှိသောအမှုတစ်ခုကို ထပ်မံ၍လုပ်ဆောင်နေခြင်းသည် ကြီးကျယ်သောအလုပ်တစ်ခုကိုလုပ်ကိုင်ပြီး မိမိတို့၏ကြိုးစားမှုများ၏လက္ခဏာနှင့်အောင်မြင်ခြင်း၏ကောင်းသောသတင်းကိုကြားရခြင်းထက် ဘုရားသခင်၏ရှေ့မှောက်၌ သာ၍တန်ဖိုးရှိသည်။ မိမိတို့၏ဘုရားပေးတာဝန်အပေါ် မှန်ကန်စွာနှင့်သစ္စာရှိစွာဖြင့် ဆောင်ရွက်သောသူတို့သည် ပုံမှန်အောင်မြင်ခြင်းမရှိသော်လည်း ရည်ရွယ်ချက်၌ခိုင်မြဲခြင်းရှိပြီး ဆိုးသွမ်းမှုကို မိမိတို့၏လမ်းခရီး၌ ကျော်ဖြတ်နိုင်သကဲ့သို့ ကောင်းသောသတင်းများကိုလည်း ပေးစွမ်းနိုင်ပါသည်။ သူတို့သည် အချိန်ကာလမရွေး၊ မည်သည့်အချိန်အခါ၌မဆို ဘုရားသခင်အတွက်အဆင်သင့်ရှိသောသူများဖြစ်သည်။ Letter 122, 1902. [Ev 329.5].

**မှန်သောနည်းစနစ်များသည်ဝိညာဉ်ရိတ်သိမ်းခြင်းကိုဖြစ်စေသည် –** ဘုရားသခင်အတွက် ကျွန်ုပ်တို့၏အလုပ်၌ မှန်သောနည်းစနစ်များကို အင်တိုက်အားတိုက်လိုက်လျှောက်ကျင့်သုံးသောအခါ၊ ဝိညာဉ်များတို့ကို ရိတ်သိမ်းနိုင်ပေလိမ့်မည်။ Review and Herald, April 28, 1904. [Ev 330.1]

**ဓမ္မဆရာကိုအလွန်အမင်းစွဲလမ်းစေသောဆိုးသွမ်းမှု –** ဓမ္မဆရာတစ်ဦးသြဘာပေးခြင်းနှင့်ချီးမွမ်းခံရခြင်း၏အကြောင်းမှာ သူသည် ဝိညာဉ်တော်တန်ခိုးသြဇာအောက်၌ စကားပြောနေသောအထောက်အထားမရှိပါ။ များသောအားဖြင့်သတိပေးခြင်းမခံရပါက ပြောင်းလဲစပုဂ္ဂိုလ်များတို့သည် မိမိတို့၏ချစ်ခင်မြတ်နိုးမှုကို မိမိတို့၏ကယ်တင်ရှင်အပေါ်၌ထားရှိရမည့်အစား မိမိတို့၏ဓမ္မဆရာအပေါ်၌ ပို၍ထားရှိကြပါလိမ့်မည်။ သူတို့၏ဓမ္မဆရာလုပ်ဆောင်မှုအားဖြင့်



သူတို့အကျိုးများစွာရရှိသည်ဟု သူတို့ခံစားရကြပါသည်။ သူတို့၏ဆရာသည် အမြင့်ဆုံးသောဆုကျေးဇူးနှင့်ကျေးဇူးများကိုပိုင်ဆိုင်ပြီး သူပြုသကဲ့သို့မည်သူမျှမပြုနိုင်ပါဟူ၍ သူတို့သဘောရကြပါသည်။ ထို့ကြောင့်သူတို့သည် ထိုသူနှင့်သူ၏လုပ်ဆောင်မှုများကို မသင့်လျော်သောအရေးကြီးသည့်နေရာ၌ထားကြပြီး ခင်တွယ်နေကြသည်။ ဤကဲ့သို့သောယုံကြည်စိတ်ချခြင်းသည် မိမိတို့ဓမ္မဆရာကို လွန်စွာနှစ်သက်စွဲလမ်းခြင်းသို့ သူတို့ကိုပို့ဆောင်စေပြီး ဘုရားသခင်ထက်ထိုပုဂ္ဂိုလ်ကိုကြည့်ကာ ဤကဲ့သို့ဖြစ်ခြင်းကြောင့် ဘုရားသခင်ကိုမနှစ်သက်စေခြင်းကိုဖြစ်စေပါသည်။ သူတို့သည်လည်း ကျေးဇူးတော်အားဖြင့် မကြီးထွားနိုင်ကြပါ။ အထူးသဖြင့် ထိုဓမ္မဆရာသည် လူငယ်တစ်ဦးဖြစ်ပြီး ဧဝံဂေလိလုပ်ငန်း၌ ရှေ့သို့တိုးတက်ရန်အလားအလာရှိသူဖြစ်ပါက သူ့အတွက်ကြီးမားသောဆုံးရှုံးနစ်နာမှုကြီးတစ်ခုကို ပြုလုပ်ခြင်းကဲ့သို့ဖြစ်ပါလိမ့်မည်။ [Ev 330.2]

ဝိညာဉ်တော်နှင့်ပြည့်ဝပြီး မိမိ၏သခင်ကိုချစ်သောဓမ္မအမှုဆောင်သည် ဘုရားသခင်၏စာရိတ္တနှင့် ခရစ်တော်၏စာရိတ္တကို အပြည့်ဝဆုံးနှင့်အရှင်းလင်းဆုံးသောအမှုအရာဖြင့် ထင်ရှားစေရန်လုပ်ဆောင်ပေလိမ့်မည်။ သူ၏တရားနာသူများတို့အား ဘုရားသခင်၏စာရိတ္တနှင့်ပတ်သက်၍ အသိဉာဏ်ကိုသူတို့၏ခံယူချက်များထဲ၌ရှိစေခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ဤကမ္ဘာပေါ်၌ လူတို့အသိအမှတ်ပြုနိုင်ရန် သူသည် ကြိုးစားအားထုတ်လုပ်ဆောင်ပေလိမ့်မည်။ Gospel Workers, pp. 44, 45. (1892) [Ev 330.3]

**ခရစ်တော်ထက်လူထံသို့ပြောင်းလဲခြင်း –** လွန်ခဲ့သော (၄) နှစ်တွင် အသင်းလူကြီးတစ်ဦးသည် တစ်နေရာ၌တရားပွဲတစ်ခုကိုကျင်းပပြီး ကြားနာကြရန်လူများစွာလာရောက်ကြသည်။ အကယ်၍ မှန်သောစီမံကိန်းများပြုလုပ်ပါက အမှန်တရားသို့ဝိညာဉ်များစွာကို ခေါ်ဆောင်နိုင်ပါလိမ့်မည်။ ညီအစ်ကိုတစ်ဦးသည် မှန်သောနည်းလမ်းဖြင့် အမှုတော်ကိုဆောင်ရွက်ခြင်းမပြုပါ။ သူ၏အဓိကရည်ရွယ်ချက်မှာ ဆွဲဆောင်မှုကောင်းသောတရားဟောခြင်းအားဖြင့်

တရားနာပရိသတ်များစွာကို ဆွဲဆောင်လိုခြင်းဖြစ်သည်။ ခရစ်တော်၏ရှေ့ပြေးယောဟန်၏တရားဟောခြင်းနှင့် များစွာကွာခြားနေပါသည်။ သူ၏ဟောပြောခြင်းကြောင့် လူပေါင်းများစွာကတိခံဝန်ချက်လက်မှတ်ရေးထိုးကြပါသည်။ သို့သော် ဤပုဂ္ဂိုလ်ထွက်ခွာသွားသောအခါ၊ ဤကတိခံဝန်ချက်ပြုကြသောသူများတို့သည် ခရစ်တော်ထံသို့ဆွဲဆောင်ခြင်းခံရသောသူများမဟုတ်ဘဲ လူထံသို့သာဆွဲဆောင်ခြင်းခံရသောသူများဖြစ်ကြောင်း သိရှိရပါသည်။ ကတိခံဝန်ချက်လက်မှတ်ရေးထိုးခဲ့သောသူများစွာတို့သည် ပြောင်းလဲသောသူများအားလုံးမဟုတ်ကြပါ။ တရားဟောပြောသူမရှိတော့သည့်အခါ၊ သူတို့သည် မိမိတို့၏နာမည်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြပါသည်။ Letter 79, 1893. [Ev 330.4]

**အသင်းလူကြီးတစ်ဦး၏အသင်းတော်** – သင်၏လုပ်ဆောင်မှုအောက်၌ ပြောင်းလဲလာသူများအတွက်လုပ်ဆောင်ကြရာတွင် အကယ်၍သူတို့အနေဖြင့် အသင်းလူကြီး၏အသင်းတော်၌ အသင်းဝင်ဖြစ်သည်ဟု အခေါ်ခံရခြင်းကို သင်ကြားရပါက သင်အလွန်ကျေနပ်အားရမည်ဖြစ်သည်။ သင်သည် သူတို့၏စိတ်ကိုကြိုးကိုင်ပြီး သူတို့အားသင်၏ရွေးချယ်ခြင်းအဖြစ် ခံစားစေခြင်းအားဖြင့် သူတို့ကိုပို့ဆောင်နေခြင်းကို သင်နှစ်သက်ပါသည်။ သို့သော် ဘုရားသခင်တားမြစ်ပါသည်။ သင့်ထံသို့သူတို့၏စိတ်ကိုစွဲလမ်းစေခြင်းသည် သူတို့ဉာဏ်နှင့်လိုလားချက်ပြည့်ဝခြင်း၏အရင်းအမြစ်မှ အဆက်ပြတ်သွားရန် သင်ပို့ဆောင်နေခြင်းဖြစ်သည်။ သူတို့၏မှီခိုစရာသည် သင့်အပေါ်၌မဟုတ်ဘဲ ဘုရားသခင်အပေါ်၌လုံးလုံးဖြစ်စေရမည်။ သို့မှသာ သူတို့သည် ကျေးဇူးတော်အားဖြင့်ကြီးပွားနိုင်လိမ့်မည်။ သူတို့သည် အောင်မြင်ရန်အတွက်၊ အသုံးဝင်ရန်အတွက်၊ ဘုရားသခင်နှင့်အတူလုပ်ဆောင်သူများဖြစ်နိုင်ရန် တန်ခိုးတော်အတွက် ဘုရားသခင်အပေါ်အမှီပြုသောသူများဖြစ်ကြရမည်။ Letter 39, 1902. [Ev 331.1]



**ခရစ်တော်၏ပိုင်ဆိုင်ခြင်း– ကျွန်ုပ်တို့၏ပိုင်ဆိုင်ခြင်းမဟုတ်** – ကျွန်ုပ်တို့ညီအစ်ကိုအသင်းလူကြီးကို အမြဲသတိရကြပါစို့။ လူသားကိုယ်စားလှယ်တို့အနေဖြင့် အလုပ်ကိုမည်ရွေ့မည်မျှကြိုးမားကောင်းမွန်စွာအောင်မြင်စေရန်ဆောင်ရွက်နိုင်သော်လည်း သူ့အားဖြင့် အမှန်တရားသို့ပြောင်းလဲလာသူတို့၏ပိုင်ရှင်နေရာကိုယူ၍မရပါ။ မည်သူမျှ မိမိကိုယ်ကို မိမိအားပြောင်းလဲစေသည့်ဘုရားသခင်၏အသုံးပြုသော ဓမ္မဆရာလက်အောက်၌အုပ်ချုပ်မှုခံရန် မိမိကိုယ်ကိုအပ်နှံခြင်းမပြုရပါ။ ကျွန်ုပ်တို့၏သာသနာလုပ်ငန်း၌ ကျွန်ုပ်တို့သည် ဝိညာဉ်များကို ခရစ်တော်ထံသို့တိုက်ရိုက်ပို့ဆောင်ကြရမည်။ သူတို့သည် ခရစ်တော်၏ပိုင်ဆိုင်သောသူများဖြစ်ကြပြီး ခရစ်တော်တစ်ဦးတည်း၏အောက်၌သာအုပ်ချုပ်မှုခံလိုသောသူများဖြစ်ရကြမည်။ လူတိုင်းမိမိတို့၏ကိုယ်တိုင်ကို မိမိပိုင်ဆိုင်ပြီး ဤပိုင်ဆိုင်ခြင်းကို မည်သည့်အခြားပုဂ္ဂိုလ်မျှတောင်းဆို၍မရပါ။ Letter 193, 1903. [Ev 331.2]

**အောင်မြင်ခြင်းအတွက်ဘုရားဘုန်းတော်ထင်ရှားစေရန်** – သမ္မာကျမ်းစာမှသတိပေးစကားနှင့် အမှန်တရားဟောပြောခဲ့ပြီးနောက်၊ ဝိညာဉ်များစွာယုံကြည်လာလိမ့်မည်။ ထိုအခါ သတိကြီးစွာထားရန်လိုအပ်ပါသည်။ လူသားကိုယ်စားလှယ်သည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ကိုမလုပ်နိုင်ပါ။ ကျွန်ုပ်တို့အားဖြင့်သာလျှင် လမ်းကြောင်းအဖြစ်ဘုရားသခင်အလုပ်လုပ်သွားပါသည်။ အကယ်၍ အမှုဆောင်၏ကြိုးစားခြင်းအားဖြင့် အောင်မြင်မှုအတိုင်းအတာတစ်ခုရရှိပါက မကြာခဏကိုယ်၌လုံလောက်သောခွန်အားရှိသည့်စိတ်ဓာတ်ဝင်လာတတ်သည်။ သို့သော် ကိုယ့်ကိုကိုယ်အမွှမ်းတင်ခြင်းမပြုရပါ။ အတ္တစိတ်ကိုချီးမွမ်းရန်မသင့်ပါ။ အလုပ်သည် ဘုရားသခင်၏အလုပ်ဖြစ်ပြီး သူ၏မွန်မြတ်သောနာမတော်သာလျှင် ချီးမွမ်းခြင်းအားလုံးကိုခံထိုက်ပါသည်။ အတ္တစိတ်ကို ခရစ်တော်၌သာပုန်းအောင်း၍နေစေပါ။ Review and Herald, Oct. 14, 1902. [Ev 331.3]

**ကိုယ်ရည်သွေးခြင်းဖြင့်အောင်မြင်မှုမှေးမှိန်သွားခြင်း** – မိမိကိုယ်ကိုချီးမွမ်းသောသူတိုင်းတို့သည် သူ၏အကောင်းဆုံးသောကြိုးစားခဲ့သမျှတို့ကို ပျောက်ကွယ်သွားစေခြင်းသာလျှင်ဖြစ်စေပါသည်။ Testimonies, vol. 4, p. 607. (1881) [Ev 332.1]

**အောင်မြင်မှုအပြည့်အဝကိုတွဲဖက်အမှုဆောင်များသို့အကျိုးခံစားစေခြင်း** – လူတိုင်းမိမိတာဝန်ကို သစ္စာရှိစွာဆောင်ရွက်ပြီး လူတိုင်းမိမိတို့ဆောင်ရွက်သောတာဝန်၏အကျိုးကို မိမိတို့၏ညီအစ်ကိုတို့အား ခံစားစေပါ။ သင်၏ပြောဆိုသောအရာများတို့၌ သင်၏ဂုဏ်သရေကိုထောက်သော အတ္တစိတ်မပါရှိပါစေနှင့်။ ဘုရားသခင်သည် သူ၏အမှုတော်၌အသုံးပြုသော ပစ္စည်းတန်ဆာပလာများစွာရှိသည်။ သင်ဆောင်ရွက်ရသောတာဝန်သည် တစ်စိတ်တစ်ပိုင်းသာဖြစ်ပါသည်။ လုံ့လစိုက်လျက်၊ ဆုတောင်းလျက်၊ သတိပညာရှိစွာဖြင့် သူ၏အမှုတော်ကိုဆောင်ရွက်လျက်နေကြသောသူများတို့ကို အာရုံမစိုက်ဘဲမေ့မနေရပါ။ “သူ၏ဆုလာဘ်သည် သူနှင့်အတူရှိသည်။ သူ၏အလုပ်သည်သူ့ရှေ့၌ရှိသည်။” နောက်ဆုံးသောစာရင်းရှင်းခြင်းနေ့ရက်၌ ဘုရားသခင်သည် သူ၏အမှုဆောင်များအတွက် မိမိတို့၏ဆောင်ရွက်ခဲ့ကြသည့်အတိုင်း တရားသဖြင့်စာရင်းရှင်းသွားမည်ဖြစ်သည်။ ဘုရားသခင်သည် သူ၏အမှုတော်ကို ခက်ခဲသောနေရာများ၌ ကိုယ်ကျိုးစွန့်ဆက်ကပ်၍ထမ်းဆောင်ခဲ့သော အမှုဆောင်အားလုံးတို့၏အသက်တာကို မှတ်သားထားလျက်ရှိသည်။ [Ev 332.2]

ဤအရာများတို့သည် သင်စဉ်းစားဆင်ခြင်ရန်ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်ကိုသာ အသားပေးသောသူ၏အမှုဆောင်များကို သူမနှစ်သက်ပါ။ အခြားသူတို့နှင့်သက်ဆိုင်သည့်အရာများအပေါ် ကျွန်ုပ်တို့အခွင့်အရေးမယူဘဲ ကျွန်ုပ်တို့၏အသက်အရွယ်ကြီးရင့်သောအခါတွင် တရားသဖြင့်နေထိုင်ကြပါစို့။ မြင့်မြတ်သောအမှုဆောင်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ မိမိတို့၏တာဝန်ကိုယ်စီ၌ လုပ်ငန်းတစ်ခုကိုပြီးမြောက်စေရန် နှစ်ပေါင်းများစွာလုပ်ဆောင်ခဲ့ကြရပါသည်။ Letter 204, 1907.



**ကျွန်ုပ်တို့၏သဘောထားအားဖြင့်ဘုရားသခင်ကန့်သတ်မှုပြုသည်** – အမှုဆောင်များတို့အတွက် ဘုရားသခင်သည် ကြီးမားသောအရာများကို ပြုလုပ်မည်ဖြစ်သော်လည်း သူတို့၏စိတ်နှလုံးတို့သည် နှိမ့်ချခြင်းမရှိပါ။ ထို့ကြောင့်အကယ်၍ ဘုရားသခင်သည် ကြီးမားသောအလုပ်ကိုသူတို့၌ပြုပါက သူတို့သည် စိတ်နေမြင့်လာပြီး မိမိကိုယ်ကိုအထင်ကြီးသောစိတ်နှင့်ပြည့်ဝလာကာ မိမိတို့၏ညီအစ်ကိုများအပေါ် အကောင်းမြင်ကြလိမ့်မည်မဟုတ်ပါ။ Review and Herald, July 12, 1887. [Ev 333.1]

**အဘယ်ကြောင့်အောင်မြင်ခြင်းမရရှိရပါသနည်း** – လောကီပညာနှင့်လောကီရည်မှန်းချက်၏ဝါကြွားခြင်းကို ဧဝံဂေလိလုပ်ငန်းတွင် ပထမအရာ၌ထားရခြင်း၏အကြောင်းရင်းမှာ လုပ်ငန်းအောင်မြင်နိုင်သည့်အထောက်အကူများစွာရှိသော်လည်း နှိုင်းယှဉ်ချက်အရ၊ အောင်မြင်ခြင်းအနည်းငယ်သာရရှိခြင်းကြောင့်ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အမှန်တရား၏တန်ဖိုးမည်မျှရှိကြောင်းစဉ်းစားပြီး ပညာရှိသူနှင့်စဉ်းစားဉာဏ်ရှိသူထံမှ သူတို့မသိမမြင်နိုင်အောင်ဝှက်ထားသော်လည်း မိမိတို့၏အားနည်းခြင်းကိုသိပြီး ဘုရားကိုမှီခိုအားကိုးရန်လိုသည်ဟုထင်ကြသော ကလေးငယ်ကဲ့သို့သောသူများထံသို့ ဖော်ပြပေးနေခြင်းကိုတွေ့ရခြင်းကြောင့် ခရစ်တော်သည် မိမိ၏စိတ်ထဲတွင်ဝမ်းမြောက်ပြီး ဘုရားသခင်ကိုကျေးဇူးတင်ရှိပါသည်။ Manuscript 118, 1902. [Ev 333.2]

**ဝိညာဉ်အောင်မြင်ခြင်း၏ဆုလာဘ်** – ကြွယ်ဝသောဆုလာဘ်ကို မိမိတို့၌ရှိသမျှအရာအားလုံးနှင့် အမှုတော်ကိုထမ်းဆောင်သော စစ်မှန်သည့်အမှုဆောင်များတို့အား ဘုရားသခင်ပေးလိမ့်မည်။ ခရစ်တော်ထံသို့ ဝိညာဉ်များကိုခေါ်ဆောင်နိုင်ခြင်းထက် ကောင်းကင်တစ်ဖက်၌ ကောင်းကင်သားများတို့အတွက် သာ၍ပျော်ရွှင်ပီတိဖြစ်ခြင်းမရှိပါ။ အမှုဆောင်များတို့သည် ကြီးမားသောဤအံ့ဩဖွယ်ရာကို တစ်ခါမျှလူသားကိုယ်စားလှယ်များ၌ဖြစ်ခဲ့ခြင်းကိုမတွေ့ဖူးခဲ့သော်လည်း ပျက်စီးလုသောဝိညာဉ်များကိုချစ်သည့် ဘုရားရှင်အားဖြင့်

တွေ့မြင်ခဲ့ရခြင်းအတွက် မိမိတို့၏စိတ်ထဲတွင် ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝလျက်ရှိသည်။ စစ်မှန်သောအမှုဆောင်တိုင်း၏အနား၌ ဘုရားသခင်ရှိနေပြီး ဝိညာဉ်များကိုနောင်တရစေပါသည်။ ထိုသို့နှင့်ခရစ်ယာန်ညီအစ်ကိုဖြစ်ဘက်ကို ထူထောင်နိုင်ပါသည်။ အမှုဆောင်နှင့်မိမိ၏လုပ်ဖော်ကိုင်ဖက်များတို့သည် ခရစ်တော်၏မေတ္တာတော်နှင့်တို့ထိမှုကို ခံရကြပါသည်။ စိတ်နှလုံးသည် စိတ်နှလုံးကိုတို့ထိပြီး၊ စိတ်ဝိညာဉ်သည် စိတ်ဝိညာဉ်နှင့်တစ်သမတ်တည်းဖြစ်လာခြင်းသည် အမှုထမ်းသောကောင်းကင်တမန်များစပ်ကြား ကောင်းကင်သားများတို့၏ဆက်ဆံခြင်းနှင့်တူပါသည်။ Manuscript 36, 1901. [Ev 333.3]

–ဝ–



tcef; (10)

# tqpfajymif;vJolrsm;udk&,ljcif;ESihf xdef;odrf;apmifha&Smufjcif;

## ဆက်လက်လုပ်ဆောင်ရန်နည်းစနစ်များ

**စည်းဝေးများ၏ဒုတိယနောက်ဆက်တွဲအစီအစဉ် –** လက်ရှိအမှန်တရားအတွက် ငြင်းခုံပြောဆိုခြင်းကို ပထမအကြိမ်ပြုလုပ်သောအခါ အချက်အလက်များကို နှလုံးသားထဲ၌စွဲမြဲစေရန်ခက်ခဲပါသည်။ တချို့သောသူတို့သည် ဆုံးဖြတ်ချက်ချရန် လုံလောက်သောအချက်များကိုတွေ့ရသော်လည်း ပြောဆိုခဲ့သောအရာများအားလုံးတို့ကို တစ်ဖန်ထပ်မံ၍ပြောဆိုရမည်ဖြစ်ပါသည်။ Letter 60, 1886. [Ev 334.1]

**အမှန်တရားကိုရှင်းလင်းစွာချိန်ကိုက်ရန် –** ပထမတရားပွဲများကို နေရာတစ်ခု၌ဟောပြောချက်များဟောပြောပြီးနောက် ပထမတစ်ကြိမ်အတွက်ထက် ဒုတိယအကြိမ်အမှန်ပင်ထပ်မံဟောပြောရန်လိုအပ်ပါသည်။ အမှန်တရားသည် အသစ်ဖြစ်ပြီး စိတ်ဝင်စားဖွယ်ကောင်းကာ လူတို့အနေဖြင့်ဟောပြောခြင်းတစ်မျိုးတည်းကိုပင် ဒုတိယအကြိမ်ကြားလိုရခြင်းသည် အချက်အလက်များကို ရှင်းလင်းတိကျစွာရရှိရန်နှင့် အတွေးအခေါ်များကို စိတ်ထဲ၌စွဲမြဲစေရန်ဖြစ်သည်။ Letter 48, 1886. [Ev 334.2]

**အမှန်တရား၏အချက်အလက်များကိုထပ်မံပြောဆိုခြင်း၏အရေးကြီးခြင်း –** အကယ်၍ အမှန်တရားကိုသိခဲ့သောသူတို့နှင့် ၎င်းအပေါ်အခြေချခဲ့ပါက ဤသတင်းစကားသည် သူတို့ရှေ့၌အမှန်ပင်အရေးကြီး၍ သူတို့၌ရှိနေရမည်မှာလိုအပ်ကြောင်း ထပ်မံပြောဆိုခြင်းအားဖြင့် သူတို့၏စိတ်ထဲ၌ လှုံ့ဆော်နေရမည်ဖြစ်သည့်အတွက် ယုံကြည်ခြင်းသို့အသစ်ပြောင်းလဲလာသူတို့ကို

ဤအရေးကြီးသောအလုပ်နှင့်ပတ်သက်၍ လျစ်လျူမရှုကြရန် အရေးကြီးသော ဆောင်ရွက်ရမည့်အလုပ်တစ်ခုဖြစ်သည်။ သမ္မာတရား၏အဓိပ္ပါယ်ဖွင့်ဆိုချက်တိုင်းတို့သည် သူတို့အတွက်အသစ်ဖြစ်ပြီးထူးဆန်းကာ သူတို့သည် အမှန်တရား၏တန်ခိုးကိုမရရှိဘဲ မှားသောအတွေးအခေါ်ကိုရရှိနိုင်သည့်အန္တရာယ်ကို ကြုံတွေ့နိုင်ပါလိမ့်မည်။ တရားပွဲများစွာတို့၌ မပြီးမပြတ်သောလုပ်ငန်းကို ချန်ထားတတ်ကြပါသည်။ Letter 60, 1886. [Ev 334.3]

**ထပ်ဆင့်ဆောင်ရွက်ခြင်းနောက်ဆက်တွဲအစီအစဉ်ကို သေချာစွာစီမံကိန်းဆွဲခြင်းများ –** နေရာဒေသများကိုပြောင်းလိုက်ပြီး အသစ်သောလူထုပရိသတ်များရရှိရန် သင်အကြံပြုခြင်းခံရဖွယ်ရှိသည်။ သို့သော် သင်တို့အမြဲဆောင်ရွက်ခဲ့သကဲ့သို့ ဒုတိယအကြိမ်တရားပွဲကို ပထမအကြိမ်ဆောင်ရွက်ခဲ့သည်ထက် ပို၍ကောင်းမွန်စွာဆောင်ရွက်ပါ။ အမှုဆောင်များတို့၏စွမ်းရည်တိုင်းကို ထုတ်ဖော်မျှဝေလဲလှယ်အသုံးပြုပါ။ ဘုရားသခင်၏အမှုတော်၌ အမှုဆောင်တိုင်းတို့သည် မိမိတို့၏တာဝန်ကို အကောင်းဆုံးဆောင်ရွက်ပြီးပြုလုပ်ရမည့်အခန်းကဏ္ဍကို အားသွန်ခွန်စိုက်အပြည့်အဝလုပ်ဆောင်စေပါ။ [Ev 335.1]

လုပ်ဆောင်စရာလုပ်ငန်းအမျိုးမျိုးရှိနေပါသည်။ ဝိညာဉ်များတို့သည် ဘုရားရှင်ရှေ့၌တန်ဖိုးရှိပါသည်။ တာဝန်များကို မည်ကဲ့သို့ထမ်းဆောင်ရမည့်အကြောင်း သူတို့သည် အမှန်တရားကိုချစ်ခင်မြတ်နိုးခဲ့ကြသည်နည်းတူ သူတို့ကိုပညာပေးခြင်း၊ သွန်သင်ခြင်းပြုပါ။ စိုက်ပျိုးခဲ့သောအသီးများ ဝေဝေဆာဆာသီးပွင့်ရန်ပြုလုပ်နိုင်သည့် အစမှအဆုံးသို့တွေ့မြင်နိုင်သောပုဂ္ဂိုလ်မှ သင်တို့၏ကြိုးစားမှုများနှင့်အတူ သင်တို့နှင့်အတူပါရှိလိမ့်မည်။ Letter 48, 1886. [Ev 335.2]

**သေချာသောထပ်ဆင့်ဆောင်ရွက်ခြင်းအလုပ်၏ပုံသက်သေတစ်ခု –** ကျွန်ုပ်တို့၏ အစည်းအဝေးပြီးဆုံးခဲ့ပြီ။ ပထမဆုံးနေ့ရက်ဖြစ်သည့် အောက်တိုဘာလ (၂၁) ရက်မှစပြီး ယခုနိုဝင်ဘာလ (၁၀) ရက်နေ့တိုင်အောင် စိတ်ဝင်စားမှုမမေးမှိန်



ခဲ့ပါ။ ပထမဆုံးစည်းဝေးအချိန်၌ မဏ္ဍပ်အတွင်းလူပြည့်လျှံလျက်ရှိပြီး ပတ်လည်၌လည်း လူများစွာမတ်တတ်ထနေခဲ့ကြပါသည်။ [Ev 335.3]

ဥပုသ်နေ့၊ တနင်္ဂနွေနေ့နှင့်ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းအချိန်တို့၌ စုရုံးလာကြသောလူထုအား ကျွန်ုပ် (၆) ခါစကားပြောခဲ့သည်။ ၎င်းနောက် ကျွန်ုပ်တို့၏လူတို့ကို အခြားကိစ္စနှင့်ပတ်သက်ပြီး (၅) ခါစကားပြောခဲ့သည်။ ကျွန်ုပ်တို့သည် ဓမ္မဧဝံဂေလိလုပ်ငန်းကို အကောင်းဆုံးလုပ်ဆောင်ခဲ့ကြသည်။ ပြောဆိုသောစကားများမှာ ယိမ်းယိုင်ထွေငေါ်ခြင်း၊ တုံ့ဆိုင်းခြင်းအမှုအရာ မပါရှိခဲ့ပါ။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးပါရှိခဲ့သည်။ ဤတိုင်းပြည်အတွင်းကျင်းပခဲ့သည့် တဲစခန်းအစည်းအဝေးများနှင့်မတူဘဲ အလွန်စိတ်ဝင်စားမှုကြီးမားလှသည်ကိုတွေ့ခဲ့ရပါသည်။ လက်ရှိအမှန်တရား၏အလင်းကို လူတို့အားပြောပြခွင့်ရရှိခြင်းအတွက် ဘုရားသခင်ကိုအထူးကျေးဇူးတင်သည်။ ခရစ်တော်အချိန်ကကဲ့သို့ လူတို့သည် နားထောင်ကြပြီး အံ့သြကာစိတ်ဝင်စားကြပါသည်။ "ကျွန်ုပ်တို့ဤကဲ့သို့တစ်ခါမျှမကြားဖူးခဲ့ပါ။ ဤအရာများကို ယခင်အချိန်ကတည်းကကြားလိုပါသည်။ ဤအရာများကျမ်းစာထဲ၌ရှိသည်ကို ကျွန်ုပ်တို့မသိခဲ့ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယခင်အချိန်၌ တစ်ခါမျှလေ့လာရှာဖွေခဲ့ခြင်းမရှိသည့်အတွက် ယခုလေ့လာရှာဖွေရမည်ဟု ကျွန်ုပ်တို့မြင်ပါသည်" ဟုသူတို့ပြောဆိုကြပါသည်။ [Ev 335.4]

ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမှန်ပင်သန်လျက်တကာတို့ထက်ထက်ပြီး တန်ခိုးနှင့်ပြည့်စုံလျက်ရှိပါသည်။ လူအစုအရုံးကြီးသည် (၂) နာရီနီးပါးမောပန်းခြင်း၊ ငြီးငွေ့ခြင်းမရှိဘဲ စိတ်ပါဝင်စားစွာဖြင့် နားထောင်လျက်ရှိကြသည်။ အို၊ ကျွန်ုပ်လွန်စွာဝမ်းမြောက်ပြီး ဘုရားသခင်ကိုအလွန်မှပင်ကျေးဇူးတင်ပါသည်။ ဘုရားသခင်၏ဂုဏ်တော်ကို ကျွန်ုပ်၏စိတ်နှလုံး၊ ဝိညာဉ်နှင့်အသံအားဖြင့် ချီးမွမ်းပါသည်။ [Ev 336.1]

စတင်းမိုး (Stanmore)၌ များစွာသောအမှုဆောင်တို့သည် စိတ်ဝင်စားမှုကိုထိန်းထားသည်။ ဤစိတ်ဝင်စားမှုသည် ညှိုးနွမ်းသွားခြင်းမရှိပါ။ တဲကြီး

များကိုဖျက်သိမ်းလိုက်ပြီး မဲလ်ဘုန်း (Melbourne) မြို့သို့ပို့လိုက်ပါသည်။ ပေ (၄၀) ရှိသောတဲကို အလယ်၌ခွဲလိုက်ပြီး လူများစွာထိုင်နိုင်သမျှထိုင်နိုင်စေရန် စီစဉ်လိုက်ပါသည်။ အမှုဆောင်နေထိုင်ရန် အိမ်တစ်ဆောင်ကိုငှားထားပါသည်။ ကျွန်ုပ်အတွက် အခန်းတစ်ခန်းကိုပြင်ဆင်ပေးပြီး အကယ်၍ ကျွန်ုပ်တတ်နိုင်ပါက မတော်ယခုအပတ်၌ စစ်ဒနီမြို့သို့သွားပြီးအမှုဆောင်များနှင့်ပေါင်းစည်းရန်ဖြစ်သည်။ ဤတရားပွဲအောင်မြင်ရန်အတွက် ကျွန်ုပ်တို့သည် အရာအားလုံးကိုတတ်နိုင်သမျှဆောင်ရွက်ကြရမည်။ ဆရာကြီး ဟပ်(စ)စကဲ(လ်) သည် ဤအလုပ်နှင့်ပတ်သက်၍ စိတ်ဝင်စားမှုမညှိုးနွမ်းသွားစေရန်အတွက် ဝမ်းမြောက်စွာဖြင့်စာရေးပေးပါသည်။ Letter 27, 1897. [Ev 336.2]

**စိတ်ဝင်စားမှုဖန်တီးခြင်းအပေါ်တည်ဆောက်ခြင်း –** စိတ်ဝင်စားမှုဖန်တီးပြီးနောက် နောက်ထပ်ရောက်ရှိလာသောအမှုဆောင်များတို့သည် အကယ်၍နိမ့်ချသောသဘောရှိသည့် ဘုရားသခင်၏လူများဖြစ်ပါက၊ သူတို့သည် ယခုတိုင်အမှန်တရားကိုမသိရသေးသော သူတို့၏စိတ်နှလုံးများကို နှိုးဆွပြီးထိခိုက်စေလိမ့်မည်။ ဘုရားသခင်၏အမှန်တရားကို မတူညီသောစိတ်များထံသို့ မတူညီသောနည်းလမ်းများအားဖြင့် ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် တစ်ဦးသောသူ၏ဟောပြောခြင်းအားဖြင့် အမှန်တရားအချက်တချို့ကို အခြားသောပုဂ္ဂိုလ်၏ဟောပြောခြင်းထက် ပို၍ရှင်းလင်းစေနိုင်သည့်အတွက် ဘုရားသခင်သည် ပုဂ္ဂိုလ်တစ်ဦးတည်းအားဖြင့်သာ လူတို့၏စိတ်နှလုံးနှင့်အလုပ်လုပ်ပြီး လူတို့ကိုဆွဲဆောင်နိုင်ရန်ခွင့်မပြုပါ။ [Ev 336.3]

အမှုဆောင်တစ်ဦးသည် အမှုတော်၌မိမိ၏တာဝန်ကို တတ်နိုင်သမျှဆောင်ရွက်မည်ဖြစ်ပြီး ဘုရားသခင်သည် အခြားသောမိမိ၏အမှုတော်ဆောင်တစ်ဦးကိုပို့ဆောင်ကာ မိမိ၏အမှုတော်၌ အခြားသောတာဝန်တစ်ခုကိုဆောင်ရွက်ရန်လိုအပ်သည်ဟု ပထမအမှုဆောင်မှမထင်သော်လည်း အလုပ်ပြီးစီးရန်လိုအပ်နေကြောင်းကိုတွေ့ရှိရပါသည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုကိုအစမှ





အဆုံးတိုင်အောင် မိမိတစ်ယောက်တည်းသာဆောင်ရွက်ရမည်ဟု မည်သူမျှမထင်သင့်ပါ။ အကယ်၍ သူ့အတွက်ဖြစ်နိုင်ပါက အခြားဝိညာဉ်ဆုကျေးဇူးများကိုခံစားကြရသည့် အခြားသောအမှုဆောင်များတို့ကို ဝိညာဉ်များပြောင်းလဲရန်အတွက် သူတို့နှင့်အတူဝမ်းမြောက်စွာလက်တွဲ၍ အမှုတော်ကိုဆောင်ရွက်သွားရကြမည်။ Manuscript 21, 1894. [Ev 336.4]

**ကောင်းမွန်စွာသင်တန်းရရှိသောအသစ်ပြောင်းလဲသူများ –** လူထုတရားပွဲအစည်းအဝေးကို အချိန်ကာလအကန့်အသတ်အတွင်း ခေတ္တရပ်ဆိုင်းရသော်လည်း ကျွန်ုပ်တို့၏ကြိုးစားခြင်းကို ရပ်ဆိုင်းခြင်းမပြုရပါ။ စိတ်ဝင်စားသူများရှိနေသရွေ့ကာလပတ်လုံး အမှန်တရားကိုသင်ယူရန် သူတို့ကိုအခွင့်အရေးပေးရမည်။ ထိုနောက် အသစ်ပြောင်းလဲလာကြသောသူတို့သည် အသိတရား၌တိုးပွားလာပြီး အမှန်တရားကိုချစ်ကာ ယေရှုခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်ကြသည့်တိုင်အောင် ဘုရားသခင်၏နှုတ်ကပတ်တော်၌ သစ္စာရှိသောဆရာများအားဖြင့် သူတို့ကိုသွန်သင်သွားရန်လိုအပ်ပါသည်။ ယခုသူတို့သည် ဝိညာဉ်ရေး၌ကြီးထွားရန် အသင့်လျော်ဆုံးသောတန်ခိုးသြဇာအားဖြင့် ဝန်းရံထားပေးရပါမည်။ Review and Herald, Feb. 14, 1907. [Ev 337.1]

**အောက်ခြေဌာန၏စွမ်းရည်ကိုကြီးပွားစေပါ –** သာသနာပြုတစ်ဦး၏အလုပ်ကိုလုပ်ဆောင်ပါ။ စိုက်ပျိုးခဲ့သောမျိုးစေ့ကိုရေလောင်းပြီး ပြုစုပျိုးထောင်ပါ။ အသင်းတော်အသစ်တစ်ခုထူထောင်ပြီးသောအခါ ကူညီသူမရှိဘဲ စွန့်ပစ်ထားခြင်းမပြုသင့်ပါ။ ဓမ္မဆရာအနေဖြင့် အသင်းတော်၌စွမ်းရည်ကို အကျိုးရှိသောစည်းဝေးများပြုလုပ်ခြင်းအားဖြင့် တိုးတက်ကြီးပွားလာရန်ဆောင်ရွက်သင့်သည်။ တိမောသေသည် အသင်းတော်တစ်ခုမှတစ်ခုသို့သွားပြီး ဤလုပ်ငန်းမျိုးကိုဆောင်ရွက်သင့်သောသူတစ်ဦးကဲ့သို့ အကောင်းဆုံးသောသန့်ရှင်းသောယုံကြည်ခြင်း၌တည်ရှိရန်၊ အသင်းတော်များကိုထူထောင်ရန် စေခိုင်းခြင်းခံရပါသည်။ သူသည် သာသနာပြုဆရာတစ်ဦး၏အလုပ်ကိုလုပ်ဆောင်ခဲ့ရပြီး ဤအလုပ်သည်

ဓမ္မဆရာများတို့၏အလုပ်ထက် သာ၍အရေးကြီးသောအလုပ်တစ်ခုဖြစ်သည်။ သူသည် နှုတ်ကပတ်တော်ကိုဟောပြောရမည်။ သို့သော်သူသည် အသင်းတော်တစ်ခုတည်း၌သာ အခြေချ၍နေထိုင်လုပ်ဆောင်ရမည်မဟုတ်ပါ။ Review and Herald, Sept. 28, 1897. [Ev 337.2]

**အသင်းသားအသစ်များတို့ထံမကြာခဏလည်ပတ်ပါ** – လုပ်ငန်းကိုအချိန်မတိုင်မီချန်ထားခြင်းမပြုသင့်ပါ။ အခြားသောနယ်မြေသို့သွားရန်အတွက် သူတို့ကိုချန်မထားမီ လူတိုင်းအမှန်တရား၌အသိဉာဏ်ပြည့်ဝသောသူများဖြစ်မဖြစ်၊ ယုံကြည်ခြင်း၌တည်မတည်၊ လုပ်ငန်း၏ကဏ္ဍတိုင်း၌ စိတ်ဝင်စားမှုရှိမရှိ လေ့လာပါ။ ထိုနောက် တမန်တော်ပေါလုကဲ့သို့ သူတို့မည်ကဲ့သို့ပြုမူနေထိုင်ကြသည်ကိုသိရှိရန် သူတို့ထံသို့မကြာခဏအလည်အပတ်ပြုပါ။ အို၊ သူ၏နှုတ်ကပတ်တော်ကိုဟောပြောရန် ဘုရားသခင်မှမိန့်မှာသည်ဟု မိမိတို့ကိုယ်ကိုပြောဆိုသောသူများတို့၏ဆောင်ရွက်မှုပျက်ကွက်ခြင်းအတွက် ကောင်းကင်တမန်များတို့အား မျက်ရည်ကျစေပါသည်။ Testimonies, vol. 5, p. 256. (1885) [Ev 337.3]

**ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း** – တရားဟောခြင်းလုပ်ငန်းတစ်ခုတည်းကိုသာ ကျွန်ုပ်တို့လုပ်ဆောင်ရမည်မဟုတ်ပါ။ တရားဟောခြင်းထက် အခြားအရာလည်းလိုအပ်ပါသည်။ အခြားသူများကိုသည်းခံစွာဖြင့်ဆက်ကပ်လျက် ပညာပေးရန်ပို၍အချိန်ယူသင့်ပြီး တရားနာသောသူတို့အားလည်း မိမိတို့၏အခြေအနေကိုတင်ပြရန် အခွင့်အရေးပေးရမည်။ ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်ဖြင့် များစွာသောသူတို့ကို သင်ကြားပို့ချရန်လိုအပ်ပါသည်။ [Ev 338.1]

သို့သော် ကျွန်ုပ်တို့၏အသင်းတော်များလိုအပ်ချက်သည် တရားဟောခြင်းလုပ်ငန်းတစ်ခုတည်းအားဖြင့်သာမဟုတ်ကြောင်း ဟူသည့်အတွေးအခေါ်ကို ကျွန်ုပ်တို့၏သာသနာပြုဆရာညီအစ်ကိုများတို့အားခံယူစေရန် အလွန်မှပင်



ခက်ခဲပါသည်။ ကိုယ်စီကြိုးစားအားထုတ်မှုလိုနေသည်။ ၎င်းအရာသည် သင်းဝင်သူတစ်ဦးစီတို့နှင့် အသင်းတော်များတိုးတက်ကြီးပွားရန် လိုအပ်သောအရာဖြစ်သည်။ Manuscript 7, 1891. [Ev 338.2]

**အသစ်သောအသက်တာအစပြုခြင်းအတွက်ကူညီပါ** – ယခုကဲ့သို့ထင်ရှားစွာဖြင့် စိတ်ဝင်စားခြင်းဖြစ်ပေါ်လာသည့်အခါတိုင်း၌ ကူညီရန်စွမ်းရည်အရှိဆုံးလူတို့ကိုရွေးချယ်ရလိမ့်မည်။ သူတို့သည် လည်ပတ်ခြင်းနှင့်ကျမ်းစာသင်ပေးခြင်းအလုပ်ကို ယုံကြည်ခြင်းသို့အသစ်ဝင်ရောက်လာသော စိတ်ပါဝင်စားသူတို့နှင့် စိတ်ပါစွာလုပ်ဆောင်ပြီး သူတို့အား ယုံကြည်ခြင်း၌ခိုင်မြဲရန် ကြိုးစားလုပ်ဆောင်ကြရမည်။ ယုံကြည်သူအသစ်များတို့ကို ခရစ်တော်၏အသင်းတော်အား အပ်နှံထားသောလုပ်ငန်းအမျိုးမျိုးတို့ကို ကောင်းစွာနားလည်ရန် သေချာစွာပို့ချသင်ကြားပေးရမည်။ တစ်ယောက်၊ သို့မဟုတ် နှစ်ယောက်ကိုပင်ဤအလုပ်ဝန်ထုပ်ဖြင့် ချန်လှပ်မထားစေရပါ။ [Ev 338.3]

ကျွန်ုပ်တို့၏မြို့များ၌ကျင်းပသွားမည့် တဲအစည်းအဝေးများတို့နှင့်ဆက်နွယ်၍ ဆောင်ရွက်နိုင်ရန် အသင်းတော်မှအသင်းသားများတို့၏ပါဝင်ဆောင်ရွက်ခြင်းအပေါ် များစွာအမှီပြုသည်။ စည်းဝေးအတွင်း လူများစွာတို့သည် ဝိညာဉ်တော်အားဖြင့် ယုံကြည်လာကြသည်။ ခရစ်ယာန်အသက်တာအစပြုကြရန် ဆန္ဒရှိကောင်းရှိကြပေလိမ့်မည်။ သို့သော် စိတ်ဝင်စားသူတို့ကိုစည်းဝေးပြီးစီးပြီးနောက်ပိုင်း၌ ဆက်လက်လုပ်ဆောင်ရန် ကျန်ခဲ့သောအမှုဆောင်များတို့သည် အမြဲသတိဖြင့်စောင့်ကြည့်ကာ ဆောင်ရွက်ခြင်းမရှိပါကကောင်းသောခံစားချက်ရရှိသူများတို့၏စိတ်ထဲ၌ မိမိတို့၏ခံစားချက်မှေးမှိန်သွားပေလိမ့်မည်။ ကောင်းသောဆင်ခြင်နှင့်ပြည့်ဝသည့်ရန်သူသည် ဘုရားသခင်၏အမှုဆောင်များပျက်ကွက်နေသော အရာတိုင်းအပေါ်အခွင့်အရေးယူကာသူတို့မှတာဝန်ယူရမည့်ဝိညာဉ်များတို့အတွက် စောင့်ကြည့်ယူဆောင်သွားလိမ့်မည်။ Review and Herald, March 2, 1905. [Ev 338.4]

**အသစ်သောယုံကြည်သူများပတ်လည်၌အကာအကွယ်ပြုလုပ်ထားပေးပါ –** ဆုံးဖြတ်ချက်များကိုပြုပြီးသည်နှင့်တစ်ပြိုင်နက်၊ မှောင်မိုက်တန်ခိုး၏အင်အားသည် ယုံကြည်သူတို့၏စိတ်ကိုဆွဲဆောင်ကာ ဘုရားသခင်၏ဝိညာဉ်တော်မှပြုပြင်ပေးသော ခိုင်မာသည့်ယုံကြည်ချက်ကို ဆန့်ကျင်ဘက်ပြုပါတော့သည်။ သူတို့သည် အယူသီးကြပြီး၊ မာရ်နတ်သည် သူတို့၏စိတ်ထဲ၌ အမှန်တရားကို ပြင်းထန်စွာဆန့်ကျင်သည့်တိုင်အောင် အလုပ်လုပ်ခြင်းအားဖြင့် လူတိုင်းသူ့ကို ယုံကာ ဘုရားသခင်၏အမှုတော်ဘက်၌ရပ်တည်သည်ဟု သူတို့သည်မိမိတို့ကိုယ်ကိုထင်ကြပါသည်။ ကျွန်ုပ်တို့ကိုခရစ်တော်ပြောသကဲ့သို့ “သင်တို့ကို သတ်သောသူမည်သည်ကား ဘုရားဝတ်ကိုငါပြုပြီဟု မိမိကိုယ်ကိုထင်မှတ်ကြသည်။” [Ev 339.1]

ယခုသူတို့၏စိတ်ထဲ၌ ပြင်းထန်ခြင်းကိုတွေ့နိုင်ပါသည်။ အခြားတစ်ဖက်၌ပြင်းထန်ခြင်းကို မည်သည့်နေရာ၌တွေ့ရသနည်း။ ကျွန်ုပ်တို့၏လူတို့နှင့် ကျွန်ုပ်တို့၏လူငယ်များပတ်လည်၌ အကာအကွယ်တစ်ခုကိုပြုလုပ်ရန်၊ သူတို့ကိုပညာပေးရန်နှင့်သင်တန်းပေးရန်အတွက် အသက်ရှင်သော ဘုရားသခင်၏ဝိညာဉ်တော်နှင့်စည်းလုံးခြင်းရှိပါ။ ဤအရာပြည့်စုံရလိမ့်မည်။ မည်သူပင်ဖြစ်စေကာမူ ဘုရားသခင်၏အမှန်တရားအားဖြင့် ကျွန်ုပ်တို့ဆောင်ရွက်ကြရမည်။ ဤအရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့တချို့ကိုနားလည်ကြသည်။ သို့သော် နားမလည်သောသူများစွာရှိသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် သူတို့ကို လမ်းပြရမည်။ သူတို့ကိုကြင်နာစွာနှင့်သိမ်မွေ့စွာဖြင့်သွန်သင်ပြီး အကယ်၍ ဘုရားသခင်၏ဝိညာဉ်တော်ကျွန်ုပ်တို့နှင့်အတူပါရှိပါက ဘာပြောရမည်ကို ကျွန်ုပ်တို့သိရလိမ့်မည်။ Manuscript 42, 1894. [Ev 339.2]

**ဘုရားသခင်၏ကြံရွယ်ချက်အားလုံးကိုနားလည်သဘောပေါက်ခြင်း –** ကျောင်းသားသည် နှုတ်ကပတ်တော်ကိုခြုံ၍မြင်တတ်ရန်နှင့် တစ်ခုစီတို့၏ဆက်စပ်ပုံကိုလည်းမြင်တတ်ရန် သင်ကြားသင့်ပါသည်။ ကမ္ဘာအတွက်ဘုရားသခင်၏မူလရည်ရွယ်ချက်၊ ကြီးမားသောတိုက်လှန်ပွဲကြီးပေါ်ပေါက်လာပုံနှင့် ကယ်တင်ခြင်း



လုပ်ငန်းအလွန်ကောင်းမွန်ခြင်း၊ အချက်အချာဆောင်ပုဒ်တို့၏အသိတရားများတို့ကိုလည်း ရယူသင့်သည်။ သူသည် အာဏာလုနေသည့်စည်းမျဉ်းနှစ်ခု၏ သဘာဝကိုနားလည်သင့်ပြီး သူသည် ၎င်းတို့၏လုပ်ဆောင်ချက်ကို သမိုင်းမှတ်တမ်းများနှင့်ပုရောဖက်အနာဂတ်စကားထဲ၌ မိမိတို့၏ကံကြမ္မာမည်ကဲ့သို့ နိဂုံးချုပ်သွားသည့်တိုင် အကြောင်းအရာများကို ရှာဖွေသင်ယူသင့်သည်။ ဤတိုက်လှန်ပွဲကြီးသည် လူတို့၏အတွေ့အကြုံတိုင်းသို့ မည်ကဲ့သို့ရောက်ရှိလာသည်ကိုတွေ့မြင်သင့်ပြီး သူ၏အသက်တာလှုပ်ရှားမှုတိုင်း၌ သူကိုယ်တိုင်မည်သည့်ဘက်၌ပါကြောင်းဖော်ပြနေသည်၊ သို့မဟုတ် မည်သည့်ဘက်၌ပါရမည်ကို ယခုထက်တိုင်စဉ်းစားလျက်ရှိကြောင်း မိမိကိုယ်ကိုတွေ့မြင်သိရှိသင့်သည်။ Education, p. 190. (1903) [Ev 339.3]

**ရန်သူကိုမည်ကဲ့သို့ရင်ဆိုင်ရမည့်အကြောင်း ယုံကြည်သူအသစ်များကိုသွန်သင်ခြင်း –** တချို့သောအသင်းဝင်များကို ဝိညာဉ်အစာမကျွေး၊ ဂရုမစိုက်ဘဲ ဟိုမှာတချို့၊ သည်မှာတချို့ချန်ထားပြီး ရန်သူလက်ထဲသို့ရောက်ရှိရန်ချန်ထားခြင်းမှာ ညံ့ဖျင်းသောစည်းမျဉ်းဥပဒေတစ်ခုဖြစ်သည်။ ဘုရားသခင်၏လူတစ်စုအဖြစ် ဤကဲ့သို့များစွာပြုလုပ်နေကြသည်ကို ကျွန်ုပ်အားပြသလျက်ရှိသည်။ အလားအလာရှိသောလုပ်ငန်းများတို့ကို ရှေ့လာမည့်အချိန်အခါ၌ ဆက်လက်ကြိုးစားလုပ်ဆောင်ရန် ဤကဲ့သို့တန်ဖိုးတွက်ချက်ခြင်းမပြုဘဲ အချိန်မတန်မီလုပ်ငန်းကိုရပ်တန့်လိုက်ခြင်း၊ တစ်ဝက်တစ်ပျက်ချန်ထားလိုက်ခြင်းတို့ကြောင့် ပျက်စီးခဲ့ရပါသည်။ အကြောင်းမှာ သင်တန်းပို့ချရန်များစွာရှိသေးသော်လည်း လုပ်ငန်းကိုရပ်တန့်လိုက်ပြီး တစ်ဝက်တစ်ပျက်ဖြင့်ချန်ထားကာ သာသနာ့နယ်မြေသစ်သို့ထွက်ခွာသွားကြခြင်းကြောင့် သနားဖွယ်ကောင်းသောဝိညာဉ်များတို့သည် အမှန်တရား၏အသိဉာဏ်ကိုအနည်းငယ်သာရရှိကြကာ ယုံကြည်ခြင်း၌သူတို့အား ရန်သူ၏တိုက်ခိုက်လာခြင်းနှင့်ဖျက်ဆီးခြင်းကို မည်ကဲ့သို့ရင်ဆိုင်ရမည့် လေ့ကျင့်မှုကောင်းမွန်စွာရရှိသောစစ်သားများကဲ့သို့ ပညာပေးခြင်းနှင့်ခိုင်မြဲစေ

ခြင်းကို သေချာစွာတွက်ချက်တိုင်းတာခြင်းအတွက် ဆောင်ရွက်မှုမပြုခဲ့သော ကြောင့်ဖြစ်သည်။ Letter 60, 1886. [Ev 340.1]

## ယုံကြည်သူအသစ်များကိုအသင်းတော်အတွင်းရောနှောပါဝင်မှုပြုစေခြင်း

**ကလေးများကဲ့သို့ စောင့်ရှောက်ခြင်းခံယူရန် –** "ထိုအခါတပည့်တော်တို့သည် ချဉ်းကပ်၍ ယေရှုအား ကောင်းကင်နိုင်ငံတော်၌ အဘယ်သူသည် သာ၍ ကြီးမြတ်ပါသနည်းဟုမေးလျှောက်ကြသော်၊ သူငယ်တစ်ယောက်ကိုခေါ်တော်မူ၍ တပည့်တော်တို့အလယ်၌ထားပြီးမှ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ပြောင်းလဲ၍သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့မရောက်ရကြ။ ထိုကြောင့် အကြင်သူသည် သူငယ်ကဲ့သို့မိမိကိုမိမိနှိမ့်ချအံ့၊ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌သာ၍ကြီးမြတ်လိမ့်မည်။ အကြင်သူသည် ငါ့မျက်နှာကိုထောက်၍ ဤကဲ့သို့သောသူငယ်တစ်စုံတစ်ယောက်ကိုလက်ခံ၏။ ထိုသူသည် ငါ့ကိုပင်လက်ခံ၏။ ငါ့ကိုယုံကြည်သောဤသူငယ်တစ်စုံတစ်ယောက်ကို အကြင်သူသည်မှားယွင်းစေ၏။ ထိုသူသည် လည်ပင်း၌ကြိတ်ဆုံကျောက်ကိုဆွဲ၍ နက်နဲသောပင်လယ်၌နစ်မြုပ်ခြင်းကိုခံရလျှင် အနေသာ၍ကောင်း၏။" [Ev 340.2]

"သူငယ်များ" ကိုကလေးငယ်ဟု ခရစ်တော်မဆိုလိုပါ။ "ငါ့ကိုယုံကြည်သောနုနယ်သူများ" ဟုဆိုလိုပါသည်။ သူ့နောက်သို့လိုက်ရာ၌ ဗဟုသုတမရရှိသေးသောသူများ၊ ကောင်းကင်နိုင်ငံအရာများကိုရှာဖွေရာ၌ ကလေးငယ်များကိုပို့ဆောင်သကဲ့သို့ ပို့ဆောင်ရန်လိုအပ်နေသူများကိုဆိုလိုပါသည်။ Manuscript 60, 1904. [Ev 341.1]

**ယုံကြည်ခြင်း၌သစ်လွင်သူများသို့ အကြံပြုချက် –** ယေရှုခရစ်၌ အမှန်တရား၏အသိဉာဏ်ကိုရရှိသောသင့်အား ကျွန်ုပ်ပြောလိုပါသည်။ သင်သည် ယုံကြည်ခြင်း၌နုနယ်ပြီး သင်သည် ဘုရားရှင်နှင့်နှိမ့်ချစွာလျှောက်လှမ်းရန်နှင့် မိမိ၏



တပည့်တော်များကို အထူးသဖြင့် ခရစ်တော်ပေးသောလေးနက်စွာအာရုံပြုခြင်းနှင့်ပြောဆိုခြင်းသင်ခန်းစာများအပေါ်တည်ရှိနေခြင်းအားဖြင့် နေ့စဉ်ခရစ်တော်၏ကျောင်း၌သင်ယူရန် များစွာလိုအပ်နေပါသည်။ သင်၏လမ်းခရီးနှင့်နည်းစနစ်များအားလုံးတို့သည် ဘုရားသခင်၏လမ်းများနှင့်အလိုတော်အတိုင်း ခိုင်မြဲ၍ နီးကပ်စွာဆက်နွယ်လျက်ရှိနေရန် စိတ်နှလုံး လုံးလုံးနှိမ့်ချခြင်း၊ မိမိကိုယ်ကိုအားမကိုးခြင်း၊ ပညာနှင့်ပြည့်ဝသော ဘုရားရှင်ထံပညာကိုရှာဖွေရယူခြင်းများပြုခြင်းဖြင့် သင်၏အသက်တာ၌ရှုပ်ထွေးခြင်းမရှိစေရန် သင်လျှောက်လှမ်းအသက်ရှင်ရပါမည်။ [Ev 341.2]

ကလေးအရွယ်မှစ၍ သင်ယူခြင်းစိတ်နှလုံးထဲ၌ နှစ်ပေါင်းများစွာစွဲလမ်းနေခဲ့သည့်အမှားများတို့ကိုဖယ်ရှားပစ်ရန် မည်မျှခက်ခဲကြောင်းကို ကျွန်ုပ်တို့မည်သည့်အခါမျှမမေ့သင့်ပါ။ ဤကမ္ဘာကြီးသည် ကောင်းကင်မဟုတ်ကြောင်း၊ စိတ်ပျက်စရာများစွာကိုရင်ဆိုင်ရမည်ဖြစ်ပြီး အောင်မြင်ရန်ရှိနေကြောင်း ကျွန်ုပ်တို့စိတ်ထဲ၌ အမြဲမှတ်ထားရမည်ဖြစ်သည်။ သို့သော် အမှောင်ထဲ၌ရှိနေသူများအပေါ် ကျွန်ုပ်တို့သည် သည်းခံခြင်း၊ ကြင်နာခြင်းနှင့်သနားညှာတာခြင်းစိတ်ကို အမြဲထားရှိသင့်သည်။ အကယ်၍သူတို့အားအလင်းကိုမြင်ရန်ပို့ဆောင်ပါက ပြင်းထန်စွာငြင်းခုံခြင်းအားဖြင့်မဖြစ်စေရဘဲ၊ သင့်ကိုယ်တိုင်၏နှလုံးသားထဲ၌ ခရစ်တော်၏ကျေးဇူးတော်ကြောင့် ပေါ်လွင်သောသင့်ကိုယ်တိုင်၏ခိုင်မာသည့်စာရိတ္တအားဖြင့်သာဖြစ်စေရမည်။ သို့သော် ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းအားဖြင့် ဖြစ်စေရမည်။ များစွာသောဆုတောင်းခြင်းဖြင့် ဝိညာဉ်များအတွက် သင်လုပ်ဆောင်ရမည်။ အကြောင်းမှာ ဤနည်းလမ်းသည် လူတို့၏နှလုံးသားများကိုရယူနိုင်သော တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ၎င်းသည် သင်၏အလုပ်မဟုတ်ဘဲ၊ သင့်အနား၌ရှိပြီး လူတို့၏စိတ်နှလုံးကိုပြုပြင်ပေးသော ခရစ်တော်၏အလုပ်ဖြစ်သည်။ [Ev 341.3]

သင့်ကိုယ်တိုင်၏စိတ်ထဲ၌ ဇဝေဇဝါမဖြစ်စေရန်ဆုံးဖြတ်ပါ။ သို့မှသာ သင့်ကိုယ်တိုင်၏နှလုံးသားထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်းရရှိပြီး

သင့်ကိုယ်တိုင်၏မိသားစုကိုခေါ်ဆောင်ရန် လွယ်ကူသောအလုပ်တစ်ခုဖြစ်ပေလိမ့်မည်။ သို့သော် စိတ်နှလုံးဥယျာဉ်ကိုလျစ်လျူရှုထားသောအခါ၊ ဝါကြွားသောအဆိပ်ပင်များ ကိုယ့်ကိုကိုယ်အထင်ကြီးခြင်း၊ ကိုယ့်ကိုကိုယ်ပြည့်စုံသူဟုထင်ခြင်း စသည့်အပင်များတို့သည် စိတ်နှလုံးထဲ၌နေရာယူကာ ပေါက်ပွားကြီးပြင်းလာပါလိမ့်မည်။ ကျွန်ုပ်တို့ကိုယ်စီဆုတောင်းခြင်းအားဖြင့် စောင့်ရှောက်ကြရပါမည်။ [Ev 342.1]

အိမ်ထောင်ရေးအသက်တာ၌ ကျွန်ုပ်တို့ဆောက်တည်ခဲ့သည့်စာရိတ္တများစကားပြောလိမ့်မည်။ အကယ်၍ အိမ်ထောင်မိသားစုအသိုက်အဝန်း၌ မေတ္တာကြိုးဖြင့်ချည်နှောင်ထားပါက ဘုရားသခင်၏ကောင်းကင်တမန်များ အိမ်ထောင်ထဲ၌အမှုထမ်းဆောင်ပေးပါလိမ့်မည်။ အကယ်၍ ကောင်းသောအုပ်ချုပ်မှုသည် အိမ်ထောင်ထဲ၌ ကြင်နာခြင်း၊ သိမ်မွေ့ခြင်း၊ သည်းခံခြင်းများတို့နှင့် ခိုင်မာသောစည်းမျဉ်းဥပဒေဖြင့်ပေါင်းစည်းလျက်ရှိပါက အိမ်ထောင်ရှင်သည် စိတ်ချရသောအိမ်ထောင်ဦးစီးသူဖြစ်ပေလိမ့်မည်။ သူသည် မိသားစုကိုသန့်ရှင်းသောကြိုးများဖြင့်ပေါင်းစည်းထားကာ ဘုရားသခင်သူတို့နှင့်အတူ ရှိနေပြီး သူကိုယ်တိုင်ဘုရားသခင်၏ယဇ်ပလ္လင်ပေါ်၌ မိသားစုတို့နှင့်အတူ မိမိကိုယ်ကိုပေါင်းစည်းထားလိမ့်မည်။ ၎င်းမိသားစုသည် မည်ကဲ့သို့သောအလင်းမျိုးကို မည်မျှကြီးမားစွာထွန်းလင်းပါလိမ့်မည်နည်း။ [Ev 342.2]

ကောင်းမွန်စွာပြုမူသောထိုအိမ်ထောင်သည် အမှန်တရားအတွက် ကောင်းသောငြင်းခုံခြင်းကိုပေးနိုင်သည့်အရာတစ်ခုဖြစ်ပြီး ၎င်းအိမ်ထောင်၏ အိမ်ထောင်ဦးစီးသည် အသင်းတော်၏လုပ်ငန်းကို မိမိ၏အိမ်ထောင်၌ မိမိ၏မိသားစုကိုထိန်းသိမ်းအုပ်ချုပ်နိုင်သကဲ့သို့ အုပ်ချုပ်နိုင်ပါလိမ့်မည်။ သို့သော် အိမ်ထောင်မိသားစုအသိုက်အဝန်း၌ ရင်းနှီးချစ်ခင်မှုဖော်ပြရန် လိုအပ်သည့် နေရာတွင် ပြင်းထန်ခြင်း၊ ကြမ်းတမ်းခြင်းရှိနေပါက အသင်းတော်၏အုပ်ချုပ်မှုနှင့်စီမံကွပ်ကဲမှုတွင် ကျဆုံးခြင်းအမှန်ရှိမည်မှာသေချာပါသည်။ အိမ်ထောင်မိသားစုအတွင်းစည်းလုံးခြင်း၊ အသင်းတော်အတွင်းစည်းလုံးခြင်းတို့သည်



ခရစ်တော်၏အပြုအမူနှင့်ကျေးဇူးတော်ကို တရားဟောချက်များနှင့်ငြင်းခုံခြင်းများတို့ထက် ပို၍ဖော်ပြနိုင်ပါသည်။ ကျွန်ုပ်တို့ရရှိသောအမှန်တရား၊ တိုးတက်သည့်အမှန်တရားသည် ကျွန်ုပ်တို့၏ကိုယ်တိုင်စိတ်နှလုံးသားထဲ၌ သည်းခံခြင်း၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းများဖြင့်ထင်ရှားစေနိုင်ပြီး ၎င်းကြွယ်ဝသောအသီးအပွင့်များ ကျွန်ုပ်တို့၌တည်ရှိနေခြင်းကြောင့် ကျွန်ုပ်တို့သည် စစ်မှန်သောစပျစ်နွယ်ပင်၏အကိုင်းအခက်များဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေပြီး ကယ်တင်ခြင်း၏တန်ခိုးသြဇာကို လူတို့၏စိတ်နှလုံးထဲ၌ သက်ရောက်စေနိုင်ပါသလား။ Letter 6b, 1890. [Ev 342.3]

**သူတို့၏အထဲ၌အမြစ်တွယ်ခြင်းရှိစေရန်** – အမှုဆောင်အသက်တာ၏ဆွဲဆောင်မှုအားဖြင့် အသင်းတော်ကိုခိုင်မြဲအောင်ထိန်းသိမ်းနိုင်ရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်မဟုတ်ပါ။ သူတို့၏ကိုယ်တိုင်အထဲ၌ အမြစ်တွယ်ခြင်းရှိနေရပါမည်။ ဧဝံဂေလိသတင်းစကားများ၊ သတိပေးစကားများ၊ တတိယကောင်းကင်တမန်သတင်းစကားတို့သည် အသင်းဝင်သူများကိုယ်တိုင်မှ ဟောပြောကြရမည်။ Manuscript 83, 1897. [Ev 343.1]

မိမိကိုယ်ကိုခရစ်ယာန်ဟုပြောဆိုသောသူတိုင်း ဘုရားသခင်နှုတ်ကပတ်တော်၏လမ်းညွှန်မှုနှင့်အညီ မိမိကိုယ်တိုင်ဆောင်ရွက်ရမည့်တာဝန်ကိုသယ်ဆောင်ရလိမ့်မည်။ ပေးထားသောခရစ်တော်၏အသက်တာပုံစံကို မိမိကိုယ်တိုင်လိုက်လျှောက်ခြင်းအတွက်နှင့် ဖြူစင်သန့်ရှင်းသောအကျင့်စာရိတ္တတစ်ခုကိုရရှိရေးအတွက် လုပ်ဆောင်သောသူတစ်ဦးစီအပေါ် ဘုရားသခင်တာဝန်ယူလျက်ရှိပါသည်။ Manuscript 63, 1907. [Ev 343.2]

**ဓမ္မဆရာများကိုဘုရားနေရာ၌ထားရန်မဟုတ်ပါ** – အသစ်ယုံကြည်လာသူများတို့ကို လုပ်ငန်း၌ဗဟုသုတရှိသူများထံအကြံယူရန် သင်ကြားသင့်သော်လည်း ဓမ္မဆရာကို ဘုရားနေရာ၌ထားရန် သင်ကြားခြင်းမပြုသင့်ပါ။ ဓမ္မဆရာများတို့သည် လူသားများဖြစ်ကြသောကြောင့် အားနည်းခြင်းများနှင့်ပြည့်ဝလျက်ရှိသည်။ ခရစ်တော်တစ်ဦးတည်းသာလျှင် လမ်းပြရန်အတွက် ကျွန်ုပ်တို့အားကိုးရပါမည်။ Testimonies, vol. 7, p. 20. (1904) [Ev 343.3]

**ယုံကြည်သူအသစ်များကိုတည်မြဲစေရန်အချက်များ –** ဓမ္မဆရာများတို့သည် ဤအရေးကြီးသောလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအလုပ်၊ ဝိညာဉ်ဆုကျေးဇူးများအကြောင်း၊ စနစ်တကျပေးကမ်းစွန့်ကြဲခြင်းအကြောင်းများနှင့် သာသနာ့လုပ်ငန်း၏ကြီးမားသောအလုပ်များတို့ကို မကြာခဏဂရုမစိုက်ဘဲနေတတ်ကြပါသည်။ သူတို့၏လုပ်ဆောင်မှုများအောက်၌ လူများစွာတို့သည် အမှန်တရား၏စာတွေ့နည်းစနစ်အကြောင်းအရာများတို့ကို နှစ်သက်ကြမည်ဖြစ်သော်လည်း အချိန်ကြာလာသောအခါ၊ အများသောသူတို့သည် ဘုရားသခင်၏စမ်းသပ်ခြင်းကိုမခံမရပ်နိုင်ကြောင်း တွေ့ရှိရပါသည်။ [Ev 343.4]

အကယ်၍ အမှန်တရား၏သတင်းစကားသယ်ဆောင်သူသည် သစ္စာရှိစွာ၊ သေချာစွာဖြင့် ဤယုံကြည်သူများတို့ကို ဤလိုအပ်သည့်အကြောင်းအရာအားလုံးနှင့်ပတ်သက်၍ ပညာပေးမည်ဖြစ်ပါက သူ၏လုပ်ဆောင်မှုများအောက်၌ အသင်းတော်သို့ဝင်ရောက်လာသူအရေအတွက်နည်းမည်ဖြစ်သည့်တိုင် မည်မျှပို၍ကောင်းလိမ့်မည်နည်း။

ဓမ္မဆရာများတို့သည် ဘုရားသခင်၏အလုပ်နှင့်ဆက်နွယ်နေသောသူတို့သယ်ဆောင်နေရသည့်တာဝန်များသည် အရေးကြီးကြောင်းကို သူ့လက်အောက်ရှိလူအားလုံးတို့အပေါ်ဩဇာသက်ရောက်လျက် သူတို့၏စိတ်ထဲတွင် စိတ်ဝင်စားခြင်းရှိစေရမည်။ ဘုရားသခင်၏လုပ်ငန်းဌာနတိုင်း၌ သူတို့၏ကူညီမှုကိုလိုအပ်နေပြီး သူတို့ကိုယ်တိုင်ပါဝင်လုပ်ဆောင်ကြရန် သူတို့အားသွန်သင်ပို့ချပေးသင့်သည်။ သာသနာ့နယ်မြေကြီး၌ပါဝင်လုပ်ဆောင်ရန် လူတိုင်းအတွက်တံခါးဖွင့်လျက်နေပြီး ဤအချက်နှင့်ပတ်သက်၍ လှုံ့ဆော်ပေးခြင်းကို မကြာခဏတစ်ကြိမ်ပြီးတစ်ကြိမ်ပြုလုပ်ပေးရပါမည်။ နှုတ်ကပတ်တော်ကိုကြားနာရသောသူမဟုတ်ဘဲ လုပ်ဆောင်သောသူတို့သာလျှင် ထာဝရအသက်ရရှိမည်ဖြစ်ကြောင်း လူတို့ကိုနားလည်စေရပါမည်။ ဤအလုပ်၏ကောင်းမြတ်ခြင်းကို လူတိုင်းအားမလွတ်စတမ်းခံစားစေရမည်။ သူ့ကျေးဇူး



တော်၏ဆုလာဘ်များကို ရရှိသောသူအားလုံးတို့သည် ၎င်းတို့ကိုလူတို့ထံသို့ သူ၏အမှန်တရားအောင်မြင်စွာတိုးတက်ရေးအတွက် မိမိတို့၏ရရှိသည့်ဆုလာဘ်များကိုဝေငှကြရမည့်အပြင် မိမိတို့ကိုယ်ကိုပါခြွင်းချက်မရှိ၊ ဘုရားသခင်အတွက် ပေးအပ်ရန် ဘုရားသခင်တောင်းဆိုလျက်ရှိပါသည်။ [Ev 344.1]

ကြင်နာသောသဘောသည် အလိုအလျောက်ရရှိနိုင်သည့် ထူးခြားသောလက္ခဏာတစ်ခုမဟုတ်ပါ။ လူတို့ကိုသင်ကြားပို့ချရမည်။ ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း ဘုရားသခင်၏အမိန့်တော်အရ မည်ကဲ့သို့လုပ်ဆောင်ရန်နှင့် မည်ကဲ့သို့ပေးကမ်းရန်သွန်သင်ပို့ချရပါမည်။ Review and Herald, Dec. 12, 1878. [Ev 344.2]

**ဘုရားသခင်၏အမှုတော်အတွက်အသစ်သောသဘောထားကိုပျိုးထောင်ခြင်း –** အကျိုးမရှိဘဲမိမိတို့ခင်တွယ်သည့်အရာများ၊ အတွေးအခေါ်နှင့်မြတ်နိုးဖွယ်ရာအရာများတို့ဖြင့် မည်မျှငွေကြေးအကုန်အကျခံပြီးအာရုံပြုသင့်သည့် ကောင်းသောအရာများကို အညစ်အကြေးကင်းစင်စွာနေရာတကျထားရှိရန် လိုအပ်သည့်အရာများအပေါ် အနည်းငယ်သာဂရုပြုအလှတန်ဆာဆင်ကြပါသနည်း။ ဤသေးငယ်သောစွဲလမ်းမှုများကိုစီစဉ်ပြီး အချိန်ယူမည့်အစား၊ တချို့ဝိညာဉ်အတွက် တန်ဖိုးရှိသည့်အချိန်ကိုယူပြီး သင့်လျော်သောစကားကိုပြောခြင်းဖြင့် အချိန်ကိုအသုံးပြုပါက စိတ်ဝင်စားမှုကိုနှိုးဆော်ကာ "ကျွန်ုပ်ကယ်တင်ခြင်းရရှိရန်ဘာလုပ်ရမည်နည်း" ဟူသောမေးခွန်းဖြင့် မေးလာလိမ့်မည်။ ဤသေးငယ်သောအရာများအတွက်အချိန်ယူကာ ဆုတောင်းခြင်းဖြင့်ဆက်ကပ်သင့်ပြီး ဘုရားသခင်ကိုရှာခြင်းနှင့် ကတိတော်များကိုယုံကြည်ခြင်းအားဖြင့် ဆုပ်ကိုင်ထားခြင်းပြုရပါမည်။ [Ev 344.3]

အလုပ်ကိုမည်မျှလုပ်ဆောင်ရမည်ဟု ယခုကျွန်ုပ်နေထိုင်လျက်ရှိသည့်တိုင်းပြည်မျိုးတို့ကို ကျွန်ုပ်တွေ့ရသောအခါ၊ ကျွန်ုပ်၏စိတ်ထဲ၌လောင်ကျွမ်းနေလျက်ရှိသည်။ အကြောင်းမှာ ဘုရားသခင်၏သားသမီးဟုဝန်ခံကြသော

သူတို့သည် အဝတ်အစားများအတွက်၊ တန်ဖိုးကြီးသောအိမ်ထောင်ပရိဘောဂများအတွက်၊ လေ့လာရေးခရီးအပျော်တမ်းထွက်ပြီး မိမိတို့၏တပ်မက်ခြင်းစိတ်အလိုသို့လိုက်ခြင်းများတို့အတွက် မိမိတို့၏ငွေများကိုဖြုန်းတီးနေကြခြင်းကြောင့်ဖြစ်သည်။ ဤအရာအားလုံးတို့သည် ဘုရား၏ပစ္စည်းများကိုအလွဲသုံးစားခြင်းဖြစ်သည်။ ဘုရားရှင်၏အမှုတော်အတွက်အသုံးပြုသင့်သည့် သူပေးအပ်ထားသောကောင်းချီးမင်္ဂလာကို မိမိတို့၏ကိုယ်ကျိုးပျော်ရွှင်မှုအတွက် အသုံးပြုခြင်းကြောင့်ဖြစ်သည်။ Letter 42a, 1893. [Ev 344.4]

**အသုံးဝင်သောခရစ်ယာန်များ –** ခရစ်တော်၏သံတမန်များတို့၏အလုပ်သည် လူတို့ထင်သည်ထက်ပို၍ကြီးမားပြီး သာ၍တာဝန်ကြီးပါသည်။ သူတို့သည် မည်သည့်အခါမျှ မိမိတို့၏တာဝန်ကိုမှန်ကန်စွာသိရှိပြီး ပေးအပ်ထားသောတာဝန်ကိုဆောင်ရွက်ရာ၌ မိမိတို့၏ကြိုးစားအားထုတ်လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာအားဖြင့် ဘုရားသခင်အတွက်အသုံးဝင်သောခရစ်ယာန်များအဖြစ် အောင်မြင်မှုမရှိမချင်း မည်သည့်အခါမျှကျေနပ်ခြင်းမရှိသင့်ပါ။ မှန်ကန်သောလုပ်ဆောင်ခြင်းနှင့်သင်ကြားပို့ချခြင်းသည် လူယောကျ်ား၊ လူမိန်းမတို့အား လုပ်ဆောင်ရမည့်စနစ်ကို နားလည်နိုင်သည့်အကျိုးကိုပေးပြီး မိမိတို့၏အကျင့်စာရိတ္တကိုခိုင်မာစေကာ မိမိတို့၏ခိုင်မြဲသောယုံကြည်ခြင်းကို မည်သည့်ကိုယ်ကျိုးစာရိတ္တမှ မိမိတို့၏အလုပ်ကိုဝင်ရောက်ဟန့်တားခြင်း၊ သူတို့၏ယုံကြည်ခြင်းကိုလျော့နည်းစေခြင်း၊ သို့မဟုတ် တာဝန်မှသူတို့အားစိတ်ဓာတ်ကျစေခြင်းဖြစ်စေရန် ခွင့်မပြုပါ။ Testimonies, vol. 4, pp. 398, 399. (1880). [Ev 345.1]

## သင်းအုပ်ဆရာဆိုင်ရာဧဝံဂေလိသတင်းဟောကြားခြင်းလုပ်ငန်း

**ယုံကြည်သူအသစ်များကိုစောင့်ရှောက်ခြင်း –** အမှန်တရားကိုလူတို့လက်ခံကြသောအခါ၊ ကျွန်ုပ်တို့သည် သူတို့အပေါ်မည်သည့်ဝန်ထုပ်မျှမထားဘဲ



သူတို့ကိုချန်ထားပြီး အခြားနေရာသို့ထွက်ခွာသွားခြင်းမပြုရပါ။ သူတို့ကိုစောင့်ရှောက်ကြရမည်။ ဝိညာဉ်အပေါ်ဝန်ထုပ်အဖြစ်ထားကာသယ်ဆောင်ပြီး ဘဏ္ဍာစိုးကဲ့သို့ သူတို့အတွက်တာဝန်ယူရမည်။ ထိုနောက် လူတို့ကိုသင်စကားပြောသကဲ့သို့ လူတိုင်းအားသူတို့၏ဝေစုအလိုက် သင့်လျော်သည့်အစာကိုကျွေးရမည်။ သို့သော် အစာပေးနိုင်သောအဆင့်၌ သင်ရှိလိုသောစိတ်ရှိရမည်။ Manuscript 13, 1888. [Ev 345.2]

**ငါ၏သိုးကလေးများကိုကျွေးမွေးလော့ –** ပေတရုအား သခင်ယေရှုပြောခဲ့သည်မှာ၊ "သင်သည်သတိရပြန်သောအခါ သင်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့" ဟုပြောခဲ့ပါသည်။ သူရှင်ပြန်ထမြောက်ပြီး မတက်ကြွသွားမီအချိန်၌ သူ၏တပည့်ပေတရုအား "ယောန၏သားရှိမုန်၊ ဤသူတို့သည် ငါ့ကိုချစ်သည်ထက် သင်သည်သာ၍ချစ်သလော" ဟုမေးပါသည်။ ပေတရုက "ဟုတ်ပါ၏သခင်၊ ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏" ဟုပြန်ဖြေသောအခါ ယေရှုက၊ "ငါ၏သိုးသငယ်ကိုကျွေးမွေးလော့" ဟုပြောလိုက်ပါသည်။ [Ev 345.3]

ဤအရာသည် ပေတရုအတွက်လုပ်ရမည့်အလုပ်တစ်ခုဖြစ်လာသည်။ သို့သော်ငြားလည်း ပေတရု၌အတွေ့အကြုံနည်းပါးနေ၍၊ ယုံကြည်ခြင်း၌နုနယ်သေးသောသိုးတို့ကို ကျွေးမွေးပြုစုစောင့်ရှောက်လော့ဟူသောအရာကို သင်ယူရသောအချိန်မတိုင်မီအထိ သူ့အနေဖြင့် ခရစ်ယာန်အသက်တာ၌ပြည့်စုံစေဖို့ရန် စွမ်းဆောင်နိုင်သောသူတစ်ယောက်မဖြစ်ခဲ့သေးပါ။ ကြီးမြတ်သောကြည့်ရှုစောင့်ရှောက်မှု၊ အလွန်စိတ်ရှည်ခြင်းနှင့်ခွဲလုံ့လရှိခြင်း၊ သင့်လျော်သောသွန်သင်မှုများကို လျစ်လျူရှုသောသူတို့ကိုသွန်သင်ခြင်း၊ အသုံးဝင်ပုံနှင့်တာဝန်ဝတ္တရားရှိခြင်းတို့ကို သမ္မာကျမ်းစာတော်မြတ်ထဲမှဖွင့်ပြကာ သူတို့ကိုပညာပေးခြင်းစသည့်အရာအလုံးစုံတို့သည် ပေတရုအတွက်တောင်းဆိုမှုများဖြစ်လာပါတော့သည်။ ယနေ့ခေတ်အသင်းတော်တို့ထဲတွင် ဤလုပ်ဆောင်ချက်တို့ကိုပြီးမြောက်

စေရမည့်အရာများပင်ဖြစ်သည်။ သို့မဟုတ်ပါက လူသိရှင်ကြားထောက်ခံပြောဆိုရမည့်အမှန်တရားသည် အတွေ့အကြုံတစ်ခုကို မကြီးထွားမဖွံ့ဖြိုးစေသောအဖြစ်သို့ရှိလာကာ စုံစမ်းနှောင့်ယှက်ခြင်းနှင့်လိမ်ညာလှည့်စားမှုဆီသို့သာ ပြသသွားပေလိမ့်မည်။ ပေတရုကိုပေးလိုက်သောတာဝန်သည် ဓမ္မအမှုတော်ဆောင်ယောက်တိုင်းနီးပါးထံသို့ ပြန်လည်ခံယူရန်ရောက်ရှိလာသင့်ပါသည်။ ထပ်ခါထပ်ခါပင် "ငါ့သိုးတို့ကိုကြည့်ရှုလော့" ဟူသော သိုးထိန်းတို့လုပ်ဆောင်ရမည့် သခင်ခရစ်တော်၏အဖန်တလဲလဲပြောဆိုသံကိုကြားနေရပါသည်။ [Ev 346.1]

ဘုရားသခင်၏သိုးစုကိုထိန်းသိမ်းကြည့်ရှုရမည့် ဧဝံဂေလိဓမ္မဆရာ၏တာဝန်များကို ပေတရုထံသို့ပြောဆိုလိုက်သည့်စကားများတို့သည် သူ့ရှေ့၌ဖော်ပြထားလျက်ရှိသည်။ Letter 3, 1892. [Ev 346.2]

**သိုးစုကိုအစာကျွေးခြင်း** – ဧဝံဂေလိသာသနာ့လုပ်ငန်း၌ရှိနေကြသောညီအစ်ကိုတို့၊ ဘုရားသခင်၏သိုးစုကို ကျွန်ုပ်တို့အစာကျွေးကြပါစို့။ လူတိုင်း၏စိတ်ထဲသို့ အားပေးခြင်းနှင့်စိတ်ချမ်းမြေ့ခြင်းကိုယူဆောင်ပေးကြပါစို့။ ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများတို့၏မျက်စိကို နှစ်သက်ဖွယ်ရာမကောင်းသောလူတိုင်းနီးပါး၏စိတ်ထဲ၌ရှိနေသည့်စာရိတ္တမျိုးမှနေ၍ လှသောအဆင်းနှင့်ပြည့်စုံပြီးလူတစ်သောင်းတို့တွင် အထွတ်အမြတ်ဖြစ်တော်မူသောခရစ်တော်ထံသို့ကြည့်ရန် သူတို့ကိုသွန်သင်ကြပါစို့။ [Ev 346.3]

ဘုရားသခင်သည် တန်ဖိုးရှိသည့်အမှန်တရား၏ဘဏ္ဍာကို လူတို့အားအပ်နှံထားပါသည်။ ဤဘဏ္ဍာများတို့ကို လှပသောအသီးနှင့်နှိုင်းယှဉ်ရမည်ဖြစ်ပြီး ကြည်လင်သန့်ရှင်းသောခွက်ဖလားထဲ၌ ၎င်းအသီးကိုထည့်၍ လူတို့သည် ဝမ်းမြောက်စွာဖြင့်အသီးကိုလက်ခံရယူပြီး ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက် လူတို့အားပေးရမည်။ Manuscript 127, 1902. [Ev 346.4]



**မိသားစုတိုင်းကိုလည်ပတ်ပါ** – သိုးစု၏သိုးထိန်းကဲ့သို့ ဓမ္မဆရာသည် သိုးများနှင့်သိုးကလေးများတို့ကို စောင့်ရှောက်ရမည်။ လမ်းလွဲ၍ပျောက်နေသောသိုးများတို့ကိုရှာဖွေ၍ သိုးခြံထဲသို့ပြန်လည်ယူဆောင်လာရမည်။ သူသည် အိမ်ထောင်မိသားစုတိုင်းထံသို့ အလည်အပတ်ပြုသင့်သည်။ အိမ်သူအိမ်သားများတို့၏ဧည့်ဝတ်ကိုပျော်ရွှင်စွာခံယူရမည့် ဧည့်သည်တစ်ဦးကဲ့သို့မဟုတ်ဘဲ အိမ်ထောင်အတွင်းရှိ အိမ်သူအိမ်သားတိုင်းတို့၏ဝိညာဉ်ရေးအခြေအနေကိုလေ့လာရမည်။ သူကိုယ်တိုင်၏နှလုံးသားထဲ၌ ဘုရားသခင်၏မေတ္တာနှင့်ပြည့်ဝလျက်ရှိနေရမည်။ ထိုနောက် ကြင်နာခြင်းနှင့်ပြည့်ဝသည့် ယဉ်ကျေးသိမ်မွေ့သောအပြုအမူအားဖြင့် လူတိုင်း၏စိတ်ကိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး မိဘများ၊ သားသမီးများအားလုံးတို့ကို တောင်းပန်ခြင်း၊ သတိပေးခြင်း၊ အားပေးခြင်းနှင့် လိုအပ်သည့်အရာများအတွက် အောင်မြင်စွာဆောင်ရွက်သွားနိုင်လိမ့်မည်။ Signs of the Times, Jan. 28, 1886. [Ev 346.5]

**စိတ်နှလုံးနှင့်နီးကပ်စွာနေပါ** – သင်၏ညီအစ်ကိုများထံသို့ နီးကပ်စွာချဉ်းကပ်ပါ။ သူတို့အတွက်ရှာဖွေပါ။ သူတို့ကိုကူညီပါ။ သူတို့အခက်အခဲများ၏ခံစားချက်များနှင့်အတူခံစားလျက် သူတို့၏စိတ်နှလုံးများနှင့်နီးကပ်စွာချဉ်းကပ်ပါ။ သို့မှသာ ကျွန်ုပ်တို့၏အားနည်းသောယုံကြည်ခြင်းမှ နားမလည်နိုင်သည့်ကျွန်ုပ်တို့၏အောင်မြင်ခြင်းများကို ရရှိပါလိမ့်မည်။ ဤအိမ်ထောင်မိသားစုများတို့၏မိသားစုဝင်များတို့ကို ဝိညာဉ်များအကျိုးအတွက်လုပ်ဆောင်နိုင်သည့်လုပ်ငန်းတချို့ကို စီစဉ်ပေးသင့်သည်။ အပြန်အလှန်မေတ္တာနှင့်ယုံကြည်စိတ်ချမှုသည် ဘုရားသခင်နှင့်အတူလုပ်ကိုင်ဆောင်ရွက်သောသူများဖြစ်ကြရန် သူတို့အတွက်စိတ်ဓာတ်ခွန်အားကိုပေးလိမ့်မည်။ Manuscript 42, 1898. [Ev 347.1]

**ဆုမျိုးများကိုနုတ်ပစ်ပြီးစွန့်ပစ်လိုက်ရမည်** – ခရစ်ယာန်များဟု မိမိကိုယ်ကိုပြောဆိုနေကြသောသူများစွာတို့သည် လောကအရာများကိုသာလျှင် အာရုံစိုက်ကြပြီး ဘုရားတရားကိုင်းရှိုင်းခြင်းကို ပြုစုပျိုးထောင်ရန်အတွက် အချိန်မပေး

နိုင်ကြပါ။ သူတို့သည် စစ်မှန်သောဘာသာရေးကို ပထမအရေးကြီးသောအရာအဖြစ်ဂရုမပြုကြပါ။ လူတစ်ယောက်သည် အမှန်တရားရရှိပုံပေါ်သော်လည်း အကယ်၍ ခရစ်တော်နှင့်မတူသောအကျင့်စာရိတ္တမျိုးကို အောင်မြင်ခြင်းမရှိပါက ဤဆူးများသည်ကြီးထွားလာပြီး အားကောင်းလာကာ တန်ဖိုးရှိသည့်ဝိညာဉ်တော်၏ကျေးဇူးတရားများကို ဖျက်ဆီးလိုက်မည်ဖြစ်ပါသည်။ နှလုံးထဲ၌ရှိသောဆူးများကိုနုတ်ပစ်ပြီး စွန့်ပစ်လိုက်ရပါမည်။ အကြောင်းမှာ အကောင်းနှင့်အဆိုးတစ်ချိန်ထဲ၌ အတူတူစိတ်နှလုံးထဲတွင်ကြီးထွား၍မရပါ။ မသန့်ရှင်းသောလူသား၏အားနည်းခြင်းများနှင့်ဆန္ဒများတို့သည် ခရစ်ယာန်ကြီးထွားခြင်းအတွက် အဟန့်အတားများဖြစ်သောကြောင့် အသက်တာမှစွန့်ပစ်လိုက်ရပါမည်။ Letter 13, 1902. [Ev 347.2]

**အပြစ်ဖော်ပြဆုံးမခြင်းနှင့်တိုက်တွန်းနှိုးဆော်ခြင်း** – သင်းအုပ်ဆရာလုပ်ရမည့်အလုပ်တစ်ခုမှာ၊ အပြစ်ဖော်ပြဆုံးမခြင်းနှင့်တိုက်တွန်းနှိုးဆော်ခြင်းကို စိတ်ရှည်စွာဖြင့်ယုံကြည်ခံယူချက်နှင့်အညီ၊ နှုတ်ကပတ်တော်အရဟောပြောပြီး ချွတ်ယွင်းနေသည့်အရာများကိုပြသရပါမည်။ အကယ်၍ ခရစ်တော်နောက်သို့လိုက်သောသူတို့၏အကျင့်စာရိတ္တ၌ လိုအပ်သည့်အရာတစ်စုံတစ်ခုရှိပါက ဓမ္မဆရာ၏စိတ်ထဲ၌ ဝန်ထုပ်အမှန်ရှိသင့်ပြီး၊ ဘုရားသခင်၏အမွေခံများအပေါ်သခင်တစ်ပါးကဲ့သို့မဟုတ်ဘဲ လူသားတို့အားအမြဲပေးအပ်ထားသောတာဝန်ဖြင့် လူတို့၏စိတ်ကိုအကောင်းဆုံးဆက်ဆံကြရပါမည်။ Manuscript 13, 1888. [Ev 347.3]

**ဥပုသ်နေ့စည်းဝေးကိုမကြာခဏကျမ်းစာသင်တန်းတစ်ခုပြုလုပ်ပါ** – အသင်းတော်၏သင်းအုပ်ဆရာများအဖြစ်ဆောင်ရွက်သော ဓမ္မဆရာများတို့သည် တရားဟောခြင်းကိုလျှော့ပြီး တစ်ဦးချင်းကြိုးစားဆောင်ရွက်ခြင်းကိုပြုလုပ်ရန် မကြာခဏကျွန်ုပ်အားပြောဆိုနေပါသည်။ ကျွန်ုပ်တို့၏လူတို့အား ဥပုသ်နေ့တိုင်းတရားဟောချက်တစ်ခုကို သူတို့နားထောင်ရန်လိုအပ်ကြောင်း သူတို့၏စိတ်ထဲ၌အတွေးမဝင်သင့်ပါ။ မကြာခဏတရားဟောချက်များကိုကြားရသောသူတို့သည်





အမှန်တရားကို ရှင်းလင်းပြတ်သားစွာဟောပြောခြင်းကိုကြားရသည့်တိုင် အနည်းငယ်သာသင်ယူရရှိပါသည်။ အကျိုးပို၍ရရှိမည့်အရာမှာ အကယ်၍ မကြာခဏဥပုသ်နေ့အစည်းအဝေးများကို သမ္မာကျမ်းစာလေ့လာသည့်အတန်းတစ်ခုအသွင်ပြုလုပ်နိုင်ခြင်းဖြစ်ပါသည်။ ကျမ်းစာအမှန်တရားကို ရိုးရိုးဖြင့်လွယ်ကူစွာနားလည်ပြီး ကယ်တင်ခြင်း၏စည်းမျဉ်းများကိုဆုပ်ကိုင်နိုင်ရန် စိတ်ဝင်စားသည့်အမှုအရာဖြင့် ဟောပြောရပါမည်။ Letter 192, 1906. [Ev 348.1]

**တရားဟောချက်များထက်ပို၍လိုအပ်သည်** – ဓမ္မဆရာတစ်ဦးသည် ဓမ္မအမှုကိုဆောင်သောသူဖြစ်သည်။ အကယ်၍သင်၏အလုပ်ကို တရားဟောရန်အတွက်သာ သင်သတ်မှတ်ပါက ဘုရားသခင်၏သိုးစုကိုထိခိုက်စေလိမ့်မည်။ အကြောင်းမှာ ကိုယ်တိုင်ကြိုးစားလုပ်ဆောင်ခြင်းကို သူတို့လိုအပ်သောကြောင့်ဖြစ်သည်။ သင်၏ဟောပြောခြင်းကိုတိုစေပါ။ ရှည်လျားသောတရားဟောချက်သည် သင်နှင့်တရားနာသူတို့ကိုပါ မောပန်းစေပါသည်။ အကယ်၍ဓမ္မဆရာများသည် မိမိတို့၏တရားဟောချက်ကို တစ်ဝက်ဖြတ်လိုက်ပါက ပို၍ကောင်းပြီး၊ ကိုယ်တိုင်အလုပ်ကိုဆောင်ရွက်ရန် ပို၍ခွန်အားနှင့်အချိန်ကိုရရှိပါလိမ့်မည်။ မိသားစုများထံသို့အလည်အပတ်ပြုပါ။ သူတို့နှင့်အတူဆုတောင်းပါ။ သူတို့နှင့်အတူစကားပြောပါ။ သူတို့နှင့်အတူကျမ်းစာလေ့လာပါ။ သူတို့အတွက် သင်ကောင်းမွန်စွာအမှုဆောင်နိုင်မည်ဖြစ်သည်။ သူတို့၏တိုးတက်မှုအတွက် သင်ရှာကြံခြင်းနှင့် ကျန်းမာသောခရစ်ယာန်များအဖြစ် သူတို့အားသင်ဖြစ်စေလိုကြောင်း အထောက်အထားများကိုသူတို့အားပေးပါ။ Manuscript 8a, 1888. [Ev 348.2]

**မေတ္တာအမွေးအကြိုင်၏ခွက်ကိုသယ်ဆောင်ခြင်း** – ဘုရားသခင်၏အမှုဆောင်များတို့သည် မိမိတို့၏စိတ်နှလုံးသားထဲ၌ အရည်ပျော်သည့်ယေရှု၏မေတ္တာကိုလိုနေသည်။ ဓမ္မဆရာတိုင်းတို့သည် လူတစ်ဦးကဲ့သို့ လူတို့အထဲမှာနေစေပါ။ သူ့အားကောင်းသောနည်းစနစ်ဖြင့် တစ်အိမ်မှတစ်အိမ်သို့သွားပြီး အမြဲကောင်းကင်

၏မေတ္တာအမွေအကြိုင်လေထု၏ခွက်ကိုသယ်ဆောင်စေပါ။ သူတစ်ပါး၏ ဝမ်းနည်းခြင်းများ၊ အခက်အခဲများ၊ ပြဿနာများကို ကြိုတင်နားလည်ပေးပါ။ အဆင့်အတန်းအနိမ့်အမြင့်မရွေး၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းတို့၏ ဝမ်းမြောက်ခြင်းနှင့်စောင့်ရှောက်ခြင်းထဲ၌ပါဝင်ပါ။ Letter 50, 1897. [Ev 348.3]

**ကလေးများအတွက်တရားဟောခြင်း –** သင့်လျော်သောအခွင့်အရေးရှိသည့်အချိန်တိုင်း၌ ခရစ်တော်မေတ္တာ၏ပုံပြင်ကို ကလေးများတို့အား ထပ်ခါတလဲပြောပေးပါ။ တရားဟောချက်တိုင်း၌လည်း သူတို့အတွက်အကျိုးရှိသည့်အချက်များကို အချိန်အနည်းငယ်ယူပြီးအသုံးပြုသွားပါ။ ဤလူငယ်လေးများအတွက် ခရစ်တော်၏အစေခံသည် ထာဝရတည်မြဲသောမိတ်ဆွေများအဖြစ် ပြုလုပ်ပေလိမ့်မည်။ ထိုနောက်သူတို့သည် သမ္မာကျမ်းစာ၏အသိတရားကို ပို၍ထက်မြက်စွာနားလည်ခြင်း၌ ကူညီမစရမည့်အခွင့်အရေးကို မဆုံးရှုံးစေရပါ။ ဤအရာသည် ကျွန်ုပ်တို့ထင်သည်ထက် ပို၍မာရ်နတ်၏လှည့်ဖြားမှုကို တားဆီးနိုင်ပါလိမ့်မည်။ အကယ်၍ကလေးငယ်များတို့သည် အစောဆုံးဘုရားသခင်၏ နှုတ်ကပတ်တော်အမှန်တရားများနှင့် အကျွမ်းတဝင်ဖြစ်ပါက ဘုရားတရားမရှိသောသူတို့၏ရန်ကိုကာကွယ်နိုင်ခြင်းနှင့် ရန်သူကို "ကျမ်းစာလာသည်ကား" ဖြင့်ရင်ဆိုင်နိုင်ကြပေလိမ့်မည်။ Gospel Workers, p. 208. (1915) [Ev 349.1]

**ကလေးဆက်ကပ်ခြင်း –** သိုးခြံထဲရှိတန်ဖိုးရှိသောသိုးကလေးများကို ဓမ္မဆရာများအနေဖြင့် အားပေးရန်မမေ့ကြပါစေနှင့်။ ကောင်းကင်ဘုရင်ခရစ်တော်ပြောခဲ့သည်မှာ၊ "ထိုသူငယ်တို့ကိုရှိစေတော့။ ငါ့ထံသို့လာသည်ကိုမဆီးတားကြနှင့်။ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏။" ကလေးများကို ခရစ်တော်သည် ဆရာကြီးများထံသို့စေလွှတ်ခြင်းမပြုပါ။ ဖာရိရှဲများတို့ထံသို့မပို့ဆောင်ပါ။ အကြောင်းမှာ၊ ထိုပုဂ္ဂိုလ်များတို့သည် သူတို့အား မိမိတို့၏အကောင်းဆုံးသောမိတ်ဆွေကိုငြင်းပယ်ရန် သွန်သင်မည်ကိုသူသိသည်။



ခရစ်တော်ထံသို့ မိမိတို့၏ကလေးများကိုယူဆောင်လာကြသောမိခင်များတို့သည် ကောင်းမွန်စွာပြုလုပ်ခဲ့ကြသည်။ "ထိုသူငယ်တို့ကိုရှိစေတော့။ ငါ့ထံသို့လာသည်ကိုမဆီးတားကြနှင့်။ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏" ဟူသည့်ကျမ်းချက်ကိုသတိရပါ။ ယခုမိခင်များတို့သည် မိမိတို့၏ သားသမီးများကို ခရစ်တော်ထံသို့ပို့ဆောင်စေပါ။ ဧဝံဂေလိဓမ္မဆရာများတို့သည် ကလေးငယ်များတို့ကို မိမိတို့၏လက်ထဲ၌ကိုင်ပြီး၊ ခရစ်တော်၏နာမအားဖြင့် ကောင်းချီးပေးစေပါ။ ငယ်ရွယ်သောကလေးများတို့ကို အသိမ်မွေ့ဆုံးသောမေတ္တာစကားဖြင့်ပြောဆိုစေပါ။ အကြောင်းမှာ ယေရှုသည် သိုးခြံထဲရှိသိုးကလေးများတို့ကို မိမိ၏လက်ထဲ၌ချီဆောင်ကာ ကောင်းချီးပေးခဲ့ပါသည်။ Review and Herald, March 24, 1896. [Ev 349.2]

**ညှော်သည်များအတွက်ဥပုသ်နေ့တရားဟောချက်များ –** ပညာရှိများ၊ တိုင်းပြည်ခေါင်းဆောင်များနှင့်ဂုဏ်သရေရှိသောသူများတို့သည် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၌ပါဝင်ဝတ်ပြုကိုးကွယ်ကြသောအခါ၊ ဓမ္မဆရာသည် ပညာသားပါသောတရားဟောချက်ကိုဟောရန် စဉ်းစားပြီးဟောမည်ဖြစ်သည်။ ဤကဲ့သို့ပြုလုပ်ပါက ကမ္ဘာ့အကြီးဆုံးဆရာ၏ဟောပြောခဲ့သောသင်ခန်းစာများကို ဟောပြောရမည့် တန်ဖိုးရှိသည့်အခွင့်အရေးကို ဆုံးရှုံးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့နေထိုင်သောတိုင်းပြည်ရှိ လူအားလုံးတို့သည် ခရစ်တော်နှင့်သူ၏ကပ်တိုင်ပေါ်အသေခံခြင်းအကြောင်းကို ပို၍လေ့လာရန်လိုအပ်သည်။ ခရစ်တော်အပေါ်၌ အခြေခံပြု၍တည်ဆောက်ခြင်းမရှိသော ဘာသာရေးဗဟုသုတဟူသရွေ့သည် တန်ဖိုးမဲ့များသာဖြစ်သည်။ ဤပညာရှိ၍ထက်မြက်သောပုဂ္ဂိုလ်များတို့သည် ကျမ်းစာမှဖော်ပြသောကယ်တင်ခြင်းစီမံကိန်းကို ပို၍ရှင်းလင်းစွာနားလည်ရန်လိုအပ်သည်။ အမှန်တရားကိုရှင်းလင်းပြတ်သား၍ တန်ခိုးပါစွာသူတို့အားဟောပြောကြပါစို့။ အကယ်၍ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် သူတို့အားအာရုံပြုဆွဲဆောင်နိုင်ခြင်းမရှိပါက သူတို့သည် မည်သည့်အခါမျှကောင်းကင်အရာများကို စိတ်ဝင်စားမည်မဟုတ်ပါ။ လူထုပရိသတ်တိုင်းတို့၌ ကျေနပ်မှုမရှိ

သောပုဂ္ဂိုလ်များရှိနေပါသည်။ ဥပုသ်နေ့တိုင်း၌ သူတို့မည်ကဲ့သို့ကယ်တင်ခြင်းရနိုင်မည့်အကြောင်း၊ ခရစ်ယာန်များမည်ကဲ့သို့ဖြစ်လာရမည့်အကြောင်းကို ရှင်းလင်းပြတ်သားစွာကြားလိုကြသည်။ သူတို့အတွက်အရေးတကြီးကြားလိုသောအရာမှာ အပြစ်သားတစ်ဦးဘုရားရှေ့၌ မည်ကဲ့သို့ရပ်တည်ရမည်နည်းဟူသည့်အချက်ဖြစ်သည်။ ကယ်တင်ခြင်းလမ်းကို သူတို့အားရိုးရှင်းစွာ ကလေးတစ်ဦးအားရှင်းလင်းပြောပြသကဲ့သို့ပြောရပါမည်။ ယေရှုကို အပြစ်သားများတို့၏တစ်ခုတည်းသောမျှော်လင့်ရာကဲ့သို့မြှောက်တင်ပါ။ Manuscript 4, 1893. [Ev 350.1]

**ဖတ်ရှုခြင်းနှင့်လေ့လာခြင်းအလုပ်ကိုလျစ်လျူရှုခြင်း –** သင်းအုပ်ဆရာတစ်ဦး၏တာဝန်များကို မကြာခဏအရုက်ကင်းမဲ့စွာလျစ်လျူရှုထားခြင်းမှာ မိမိ၏ခွန်အားအတွက် တစ်ဦးတည်းရှာဖွေလေ့လာခြင်း၌ဆက်ကပ်အချိန်ယူခြင်းမရှိသောကြောင့်ဖြစ်သည်။ သင်းအုပ်ဆရာသည် တစ်အိမ်မှတစ်အိမ်သို့ သိုးစုများအထဲ၌လှည့်ပတ်ခြင်း၊ သွန်သင်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းနှင့်ဆုတောင်းခြင်းများကို အိမ်ထောင်တစ်စုစီတို့၌ပြုလုပ်ကာ သူတို့၏ဝိညာဉ်ရေးကိစ္စအတွက်ရှာဖွေဆောင်ရွက်သင့်ကြသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းစည်းမျဉ်းဥပဒေနှင့်အကျွမ်းတဝင်ဖြစ်ရန်ဆန္ဒရှိသူများတို့ကို လျစ်လျူရှုခြင်းမပြုသင့်ဘဲ အမှန်တရားထဲ၌တည်ရှိရန် သေချာစွာသင်ကြားပို့ချရမည်။ Gospel Workers, p. 337. (1915) [Ev 350.2]

## အသစ်ပြောင်းလဲသူများအတွက်ဝိညာဉ်ရေးနှင့်ပြည့်ဝသောသာမန်အသင်းသားများတို့၏တာဝန်

**အသင်းတော်သည်စိတ်ရှည်စွာဖြင့်အသစ်ပြောင်းလဲသူများကိုကူညီမစရန် –** ယုံကြည်သူအသစ်များတို့အား သူတို့နှင့်စိတ်ရှည်စွာ၊ သိမ်မွေ့စွာဖြင့်ဆက်ဆံသင့်ပြီး အသင်းတော်ရှိဝါရင့်အသင်းသားများအနေဖြင့် အမှန်တရားကြောင့်



အခြားအသင်းတော်များတို့၏ဓမ္မဆရာသွန်သင်ချက်များမှထွက်ခွာလာပြီး အမှန်တရားရှိရာကျွန်ုပ်တို့၏အသင်းတော်ထဲသို့ ရောက်ရှိလာသူများတို့ကို ကူညီမစ၊ သွန်သင်ပို့ချရန်နည်းလမ်းများကို တီထွင်ပြင်ဆင်ပေးသင့်သည်။ အသင်းတော်အနေဖြင့် ဤဝိညာဉ်အသစ်များတို့အားစောင့်ရှောက်ရန် အထူးသောတာဝန်ကို ဦးစွာအမှန်တရားသိရှိထားခဲ့သော ဝါရင့်အသင်းသားများတို့အပေါ်တာဝန်ပေးအပ်ထားပါသည်။ အကယ်၍ ဤတာဝန်ကိုလျစ်လျူရှုထားကြပါက၊ သူတို့အားဘုရားသခင်ပေးအပ်သည့်တာဝန်အပေါ် သစ္စာမရှိရာရောက်ပေလိမ့်မည်။ Review and Herald, April 28, 1896. [Ev 351.1]

**အာရုံစိုက်စောင့်ရှောက်ခြင်းနှင့်အားပေးခြင်း –** အမှန်တရားသို့လူတို့သည်ပြောင်းလဲလာပြီးသောအခါ၊ သူတို့ကိုကြည့်ရှုရန်လိုအပ်သည်။ ဤနေရာ၌ဓမ္မဆရာများစွာတို့သည် မိမိတို့ကျင်းပသောတရားပွဲများပြီးဆုံး၍ ဝိညာဉ်များရရှိခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် ဤယုံကြည်သူအသစ်များတို့ကိုစောင့်ရှောက်ရမည့် စိတ်အားထက်သန်မှုပျက်ကွက်ခြင်းကိုတွေ့ရပါသည်။ ဤပြောင်းလဲသူအသစ်များတို့၏လိုအပ်သည့် စောင့်ရှောက်ခြင်းနှင့်ကူညီအားပေးခြင်းများကို သူတို့နားမလည်ကြပါ။ သူတို့ကိုပစ်ပယ်၍မထားသင့်ပါ။ မာရ်နတ်၏တန်ခိုးကြီးသောစုံစမ်းခြင်းနောက်သို့လိုက်ပါသွားနိုင်ပါသည်။ သူတို့အားမိမိတို့၏တာဝန်များကိုသိရှိရန် ပညာပေးခြင်း၊ ကြင်နာစွာဆက်ဆံခြင်း၊ သူတို့ထံလည်ပတ်၍ သူတို့နှင့်အတူဆုတောင်းပေးခြင်းပြုရပါမည်။ ဤဝိညာဉ်များတို့သည် သင့်လျော်သည့်အချိန်၌ သင့်လျော်သောဝိညာဉ်အစာကိုကျွေးမွေးရမည်။ [Ev 351.2]

တချို့သောသူများစိတ်ဓာတ်ကျခြင်း၊ လမ်းခုလတ်၌ဖင့်နွှဲနေခြင်းကြောင့် ဝံပုလွေများတို့၏ဖျက်ဆီးမှုခံရခြင်းမှာ အံ့ဩစရာမရှိပါ။ လမ်းကြောင်းတိုင်းတွင် မာရ်နတ်ရှိနေသည်။ သူ၏ကိုယ်စားလှယ်များအားဖြင့် သူဆုံးရှုံးခဲ့ရသောဝိညာဉ်များ သူ့ထံပြန်လည်ရောက်ရှိရန် သူစေလွှတ်လျက်ရှိသည်။ မိဘများမိမိတို့၏ကလေးငယ်များတို့ကို သူတို့၏နှလုံးသားထဲ၌ အမှန်တရားစွဲလမ်း

ရန်သူတို့ကိုအားပေး၍ ယုံကြည်ခြင်း၌သူတို့၏စိတ်မရှုပ်ထွေးစေရန် ပို၍ဆုတောင်းပေးသင့်သည်။ [Ev 351.3]

ဝိညာဉ်များကယ်တင်ခြင်းရရှိရန် တရားဒေသနာဟောကြားခြင်းသည် လုပ်ငန်းလေးတစ်ရပ်သာဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် အမှန်တရားသို့ အပြစ်သားများတို့ကိုပို့ဆောင်ပြီး သူတို့ကိုအသင်းတော်၏လက်ထဲသို့အပ်နှံလိုက်ပါသည်။ ဓမ္မဆရာများတို့သည် မိမိတို့၏တာဝန်ကိုထမ်းဆောင်ကြရမည်။ သို့သော် အသင်းတော်ဆောင်ရွက်ရမည့်တာဝန်ကို သူတို့မဆောင်ရွက်နိုင်ပါ။ ဘုရားသခင်သည် သူ၏အသင်းတော်ကို ယုံကြည်ခြင်း၌နုနယ်ပြီး ဗဟုသုတမရှိသေးသောသူတို့ထံသို့သွား၍ မကောင်းသတင်းများပြောဆိုခြင်းမပြုဘဲ သူတို့အတွက်ဆုတောင်းပေးခြင်း၊ သူတို့အားလျောက်ပတ်သောစကားသည် ငွေအပြောက်မှာစီခြယ်သော ရွှေရောက်ချိုသီးကဲ့သို့ပြောဆိုရပါမည်။ [Ev 352.1]

ကျွန်ုပ်တို့အားလုံးသည် ခြားနားသောစိတ်သဘောရှိသူများတို့နှင့် ပညာအမြော်အမြင်ပြည့်စုံစွာဖြင့် မည်ကဲ့သို့ဆက်ဆံရမည်ကိုသိရှိနိုင်ရန် လူတို့၏စာရိတ္တနှင့်ပြောဆိုပြုမူပုံကိုလေ့လာပြီး အကောင်းဆုံးကြိုးစား၍ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် စစ်မှန်သောခရစ်ယာန်အသက်တာကိုနားလည်ရန် သူတို့ကိုကူညီမစရမည်။ ကျွန်ုပ်တို့သည် သူတို့နှင့်အတူကျမ်းစာကိုဖတ်ပြီး သူတို့၏စိတ်ကို မတည်မြဲသောအရာများမှ ထာဝရစိတ်ဝင်စားခြင်းများသို့ ပို့ဆောင်ကြရမည်။ အကူအညီလိုသောသူများတို့နှင့် အကျွမ်းတဝင်ဖြစ်ရန်အတွက် ဘုရားသခင်၏သားသမီးများတို့သည် သူ့အတွက်သာသနာပြုများအဖြစ်ဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် စုံစမ်းခြင်းအောက်၌ဒုက္ခရောက်နေပါက သူ့ကိုသတိဖြင့်ပါးနပ်စွာကူညီရမည်။ အကြောင်းမှာ သူ၏ထာဝရစိတ်ဝင်စားခြင်းသည် ခက်ခဲခြင်း၌ရောက်ရှိနေပြီး သူ့အတွက်ဆောင်ရွက်သော သူတို့၏အပြောအဆိုများနှင့်လုပ်ဆောင်မှုများတို့သည် အသက်မှအသက်သို့အမွှေးအကြိုင်၊ သို့မဟုတ် သေခြင်းမှ



သေခြင်းသို့အမွှေးအကြိုင်ဖြစ်လိမ့်မည်။ Testimonies, vol. 4, pp. 68, 69, (1876) [Ev 352.2]

**စောင့်ရှောက်မှုစီမံကိန်း –** ခရစ်တော်၌ ကျွန်ုပ်တို့အားလုံးမိသားစုဝင်များဖြစ်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အဖဖြစ်ပြီး သူ၏အိမ်ထောင်၌ အချင်းချင်းစိတ်ဝင်စားမှုကို သေချာစွာအမြဲထားရှိကြရန် သူမျှော်လင့်လျက်ရှိသည်။ မိဘပင်စည်၏အကိုင်းများကဲ့သို့ ကျွန်ုပ်တို့အားလုံး တစ်ခုတည်းသောအစာအာဟာရအရင်းအမြစ်ကိုရရှိကြပြီး နာခံလိုသောဆန္ဒအားဖြင့် ခရစ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်လာကြရမည်။ [Ev 352.3]

အကယ်၍ ခရစ်တော်၏အိမ်ထောင်ထဲမှ မိသားစုဝင်တစ်ဦးသည် စုံစမ်းခြင်းထဲရောက်ရှိမည်ဆိုလျှင် အခြားမိသားစုဝင်များမှနေ၍ သူ၏မှားသောလမ်းမှ မှန်သောလမ်းသို့သူ့အားပို့ဆောင်ပြီး ဖြူစင်သန့်ရှင်းသောအသက်တာ၌ နေထိုင်သွားနိုင်ရန် ဝိုင်းဝန်းကူညီမစကြရပါမည်။ ဘုရားသခင်၏အမှုတော်၌ အသင်းတော်ထဲရှိ အသင်းသားတိုင်းပါဝင်ကြရပါမည်။ ဘုရားသခင်၏အိမ်ထောင်ထဲရှိ အသင်းသားများတို့သည် ပညာသတိဖြင့်စောင့်ကြည့်နေကြရမည်ဖြစ်ပြီး မာရ်နတ်၏ထောင်ချောက်ထဲသို့ မိမိတို့၏အားနည်းသောညီအစ်ကိုမောင်နှမများတို့ကိုကယ်ဆယ်ရန် မိမိတို့၌အစွမ်းသတ္တိရှိသရွေ့ဆောင်ရွက်ကြရပါမည်။ [Ev 353.1]

ဤအရာသည် အိမ်တွင်းသာသနာလုပ်ငန်းဖြစ်ပြီး ကူညီမစခြင်းခံရသူများနှင့် ကူညီမစသူများတို့နှစ်ဦးနှစ်ဖက်အတွက် အကျိုးဖြစ်စေပါသည်။ အိမ်တွင်း၌ကြင်နာဖွယ်စိတ်ဝင်စားမှုကိုဖော်ပြခြင်း၊ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများတို့အား မေတ္တာစကားများပြောဆိုကြခြင်းတို့သည် ဘုရားသခင်၏အိမ်ထောင်မိသားစုဝင်များအတွက် လုပ်ဆောင်ရန်သင့်လျော်သောအရာများဖြစ်ပြီး၊ အကယ်၍ခရစ်တော်၌ကျွန်ုပ်တို့သစ္စာရှိကြပါက ထာဝရကာလတွင်နေထိုင်သွားကြရမည်ဖြစ်သည်။ "သေသည်တိုင်အောင်သစ္စာစောင့်လော့။ အသက်သရဖူကိုငါပေးမည်" ဟုခရစ်တော်ပြောခဲ့ပါသည်။ ထိုကြောင့်

ဘုရားသခင်၏မိသားစုဝင်များတို့သည် မိမိတို့၏ညီအစ်ကိုမောင်နှမများတို့ကို မည်မျှကာကွယ်စောင့်ရှောက်သင့်ကြပါသနည်း။ သင့်ကိုယ်ကိုသူတို့၏မိတ်ဆွေ ဖြစ်စေပါ။ အကယ်၍သူတို့သည် ဆင်းရဲနွမ်းပါးပြီး အစာနှင့်အဝတ်လိုအပ် ပါက၊ သူတို့၏ယာယီလိုအပ်ချက်များကိုကူညီပြီး သူတို့၏ဝိညာဉ်ရေးလိုအပ် ချက်များကိုပါကူညီပါ။ ထိုသို့ပြုခြင်းဖြင့် သူတို့အတွက်သင်သည် နှစ်ဆသော ကောင်းချီးမင်္ဂလာဖြစ်စေပါမည်။ Manuscript 63, 1898. [Ev 353.2]

## ဝိညာဉ်များကိုအောင်မြင်ရန်ယုံကြည်သူအသစ်များကိုကူညီမစခြင်း

**ဝိညာဉ်အောင်မြင်ခြင်း၌ယုံကြည်သူအသစ်များကိုပညာပေးခြင်း –** တစ်နေရာမှ တစ်နေရာသို့လည်ပတ်ခြင်းပြုရပါမည်။ အသင်းတော်တစ်ခုပြီးတစ်ခုထူထောင် ရပါမည်။ အမှန်တရား၌ရပ်တည်သောသူတို့ကို အသင်းတော်ထဲသို့ဖွဲ့စည်း လိုက်ပြီး ဓမ္မဆရာသည် အခြားအရေးကြီးသည့်သာသနာ့နယ်မြေများသို့ သွားရောက်လုပ်ဆောင်ရပါမည်။ [Ev 353.3]

အသင်းတော်ဖွဲ့စည်းပြီးသည်နှင့်တစ်ပြိုင်နက်၊ ဓမ္မဆရာအနေဖြင့် အသင်းဝင်များတို့ကိုအလုပ်လုပ်စေရမည်။ အောင်မြင်စွာမည်ကဲ့သို့လုပ်ဆောင် ရမည်ကိုလည်း သူတို့ကိုသွန်သင်ပါ။ [Ev 353.4]

ဧဝံဂေလိသတင်းစကား၏တန်ခိုးသည် ဖွဲ့စည်းထားသောအဖွဲ့ငယ် များအပေါ်သို့သက်ရောက်ပြီး အမှုတော်အတွက် သူတို့ကိုထိုက်တန်စေပါလိမ့် မည်။ ယုံကြည်သူအသစ်တချို့တို့သည် ဘုရားသခင်၏တန်ခိုးတော်နှင့်ပြည့်ဝ ပြီး တစ်မဟုတ်ချင်းအမှုတော်ထဲ၌ဝင်ရောက်လုပ်ကိုင်ကြလိမ့်မည်။ လုံ့လဝီရိယ ကြီးစွာဖြင့် သူတို့လုပ်ဆောင်ကြမည်ဖြစ်ပြီး၊ မိမိညီအစ်ကိုများတို့အား အားနည်း စေမည့်ကြင်နာမှုဝေဖန်မှုမျိုးတို့ကို ပြုလုပ်ကြမည်မဟုတ်ပါ။ သူတို့၏တစ်ခု တည်းသောဆန္ဒသည် အမှန်တရားကို နေရာတိုင်းသို့သယ်ဆောင်ရန်ဖြစ်သည်။ Testimonies, vol. 7, p. 20. (1902) [Ev 354.1]



**ဘုရားရှင်အပေါ်တာဝန်ရှိခြင်းကိုလူတို့အားလေးနက်စေပါ –** အခြားသူများတို့ ၏ကယ်တင်ခြင်းအတွက် ကိုယ်စီတာဝန်နှင့်ကိုယ်စီလုပ်ဆောင်မှုကို ယုံကြည် ခြင်းသို့အသစ်ရောက်ရှိလာသူတို့အား ပညာပေးရမည်။ ကိုယ်စီယုံကြည်ခြင်း သည် လှုပ်ရှားမှုရှိရမည်ဖြစ်ပြီး လေ့ကျင့်ယူရမည်။ ကိုယ်စီသန့်ရှင်းခြင်းကို ပျိုးထောင်ရမည်ဖြစ်ပြီး ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်းသည် ကျွန်ုပ်တို့၏လက်တွေ့အသက်တာ၌ ဖြစ်ပေါ်စေရမည်။ လုပ်ငန်းသည် လူသား ကိုယ်စားလှယ်တိုင်း၏စိတ်နှလုံးထဲ၌ သေချာလေးနက်စွာရှိစေရမည်။ [Ev 354.2]

အမှန်တရားကိုလက်ခံယုံကြည်သောသူတို့သည် သေခြင်းသို့ပို့ဆောင် စေနိုင်သည့် တစ်ကိုယ်ကောင်းဆန်ခြင်း၏ဩဇာနှင့် ၎င်း၏စွန်းထင်းခြင်းနှင့် ဖျက်ဆီးခြင်းတန်ခိုးကိုပြသကြရမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူသား ကိုယ်စားလှယ်တို့အပေါ်သက်ရောက်ရမည်။ သက်ရောက်ခြင်းမရှိပါက သူတို့ ၏စိတ်နှင့်ဆုံးဖြတ်ချက်ကို အခြားတန်ခိုးမှထိန်းချုပ်သွားပေလိမ့်မည်။ ဘုရားသခင်နှင့်စေလွှတ်တော်မူသော ယေရှုခရစ်တော်အားသိကျွမ်းခြင်းသည် ဝိညာဉ်အတွက်တစ်ခုတည်းသောမျှော်လင့်ရာဖြစ်သည်။ ဝိညာဉ်တိုင်းအား ဘုရားသခင်၏အကြောင်းကို ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း သင်ကြားပို့ချရမည်။ မိမိသခင်အတွက်ဆောင်ရွက်ရန် လုပ်ငန်း၌ပါဝင်ခြင်းအတွက် မိမိတစ်ဦးစီ၏ တာဝန်ကိုနားလည်ရမည်ဖြစ်ပြီး ဝိညာဉ်များတို့ကိုသေခြင်းမှလွတ်မြောက်ရန် ကယ်တင်ခြင်းလုပ်ငန်း၌ဆောင်ရွက်ရမည်ကို သူသည် မည်သူဖြစ်ကြောင်းနှင့် မည်သူ့ကိုကယ်ရမည်ဖြစ်ကြောင်း သိရှိရန်လိုအပ်ပါသည်။ Manuscript 25, 1899. [Ev 354.3]

**နှစ်ခြင်းမင်္ဂလာခံယူရန်သစ္စာဆိုခြင်းများ– ဝိညာဉ်ကိုအောင်မြင်ရန်ကတိပြုခြင်း –** ဘုရားသခင်၏လူတို့သည် ကြီးမားသောရိတ်သိမ်းရန် လယ်ပြင်၌လုပ်ငန်းတိုင်း အပေါ် မြင့်မြတ်၍ရက်ရောသောကြင်နာခြင်းရှိသည့် ခံစားချက်ရှိကြရမည်။

သူတို့၏နှစ်ခြင်းမင်္ဂလာခံယူစဉ်ပြုခဲ့သောကတိသစ္စာများအားဖြင့် သူတို့သည် ကိုယ်ကျိုးစွန့်လျက်ကြိုးစားကာ ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းကို အခက်ခဲဆုံးနေရာတွင်လုပ်ဆောင်ခြင်းအတွက် အားပေးမှုပြုကြသည်။ ယုံကြည်သူတိုင်းအပေါ်သို့ ဘုရားသခင်သည် အကူအညီကင်းမဲ့သူနှင့်ဖိနှိပ်ခြင်းခံရသူတို့အားကြိုးစား၍ကယ်တင်ရမည့်တာဝန်ကိုပေးထားပါသည်။ Australasian Union Conference Record, June 1, 1903. [Ev 354.4]

**စစ်မှန်သောပြောင်းလဲသူသည်အခြားသူများအတွက်လုပ်ဆောင်လိမ့်မည် –** ကောင်းမြတ်သောကျေးဇူးတရားသည် အသစ်ပြောင်းလဲသောဝိညာဉ်အထဲ၌ တိုးပွားလျက်ရှိသည်။ ရရှိသည့်ကျေးဇူးတရားတိုးပွားခြင်းကိုပေးပြီး တောင်းဇလားအောက်၌ဝှက်ထားခြင်းပြုရန်မဟုတ်၊ အခြားသူများအတွက် အကျိုးပြုရန်ဝေငှရပါမည်။ စစ်မှန်သည့်ပြောင်းလဲသူတစ်ဦးသည် မှောင်မိုက်ထဲ၌ရှိသော အခြားလူတို့ကိုကယ်ရန်လုပ်ဆောင်လိမ့်မည်။ စစ်မှန်သည့်ပြောင်းလဲသူတစ်ဦးသည် ယုံကြည်ခြင်းအားဖြင့်လက်လှမ်းမီသရွေ့ အခြားသူများကိုတစ်ဦးပြီးတစ်ဦး ကယ်တင်သွားလိမ့်မည်။ ဤကဲ့သို့လုပ်ဆောင်သောသူတို့သည် ဘုရားသခင်၏ကိုယ်စားလှယ်တော်သားသမီးများဖြစ်ကြပါသည်။ သူတို့သည် ဘုရားသခင်၏ကြီးမားသောလုပ်ငန်းခွင်၌ အပါအဝင်ဖြစ်ကြပြီး၊ မာရ်နတ်နှင့်သူ၏ကိုယ်စားလှယ်များမှ သူတို့၏ခြေအောက်၌ ဖျက်ဆီးခြေမှုန်းခဲ့သော ဘုရားသခင်၏ပညတ်တော်၌ပါရှိသည့် စစ်မှန်သောဥပုသ်နေ့ကို ပြန်လည်၍မှားယွင်းနေသောနားရက်နေရာကို အမှန်ပြန်၍ပြုပြင်ရန်ဖြစ်သည်။ Letter 29, 1900. [Ev 355.1]

**အဘယ်ကြောင့်အသစ်ပြောင်းလဲသူတချို့တိုးတက်မှုမရှိကြပါသနည်း –** နှိမ့်ချ၍ရိုးသားသောစိတ်နှလုံးသားဖြင့် ကိုးစားမှုရှိကြသောသူများတို့သည် ကောင်းကင်ပေါ်ရှိဘုရားသခင်၏ကောင်းကင်တမန်များတို့အား ဝမ်းမြောက်စေမည့်လုပ်ငန်းကို ဆောင်ရွက်ကြပေလိမ့်မည်။ အိမ်၌သူတို့၏လုပ်ဆောင်သောအလုပ်၊ အိမ်နီးချင်းများနှင့်အသင်းတော်၌သူတို့၏လုပ်ဆောင်သောအလုပ်တို့သည်



ထာဝရကာလအတွက် ကြီးမားစွာသောအကျိုးကိုဖြစ်စေလိမ့်မည်။ ၎င်းမှာ ဤအလုပ်ကို နုနယ်သည့်ပြောင်းလဲသူများတို့၏ဗဟုသုတရှိသူတို့မှ မွန်မြတ်သည့်အရာများထဲ၌ သေးငယ်သည့်အရာထက်ပို၍မဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်သည်။ သူတို့သည် ကလေးများကဲ့သို့အမြဲဖြစ်၍ နို့ဖြင့်အမြဲတိုက်ကျွေးရန်လိုပြီး မည်သည့်အခါမျှစစ်မှန်ကြေခဲသောဝမ်းမြောက်ဖွယ်အစာကို မစားနိုင်ကြသောကြောင့်ဖြစ်သည်။ Letter 61, 1895. [Ev 355.2]

**အမှုဆောင်ခြင်းဖြင့်ယုံကြည်ခြင်းခိုင်မြဲခြင်း –** ဝိညာဉ်များပြောင်းလဲလာသည်နှင့်တစ်ပြိုင်နက် သူတို့အားအမှုတော်၌ပါဝင်လုပ်ဆောင်စေပါ။ သူတို့၏စွမ်းရည်ရှိသည်နှင့်အလျောက် ဆောင်ရွက်ကြသောအခါ သူတို့၏ယုံကြည်ခြင်းသည် သန်မာထွားကြိုင်းလာလိမ့်မည်။ ၎င်းသည် တန်ခိုးဩဇာများတို့နှင့်ရင်ဆိုင်ရခြင်းကြောင့် မိမိတို့၏ယုံကြည်ခြင်းခိုင်မြဲလာခြင်းဖြစ်သည်။ သူတို့၏စိတ်နှလုံးသားထဲ၌ အလင်းရောင်တောက်ပလာသည်နှင့်အညီ ၎င်းရောင်ခြည်များကို သူတို့မှတစ်ဆင့်ပျံ့နှံ့စေပါ။ အသစ်ပြောင်းလဲလာသူများတို့ကိုသင်ကြားပေးပြီး ခရစ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းဖြင့် ခရစ်တော်ကိုကမ္ဘာမှသိရှိစေရန် သူ၏သက်သေခံများဖြစ်စေပါ။ [Ev 355.3]

မည်သူမျှငြင်းခုံခြင်းကိုမပြုသင့်ကြဘဲ သူတို့သည် ယေရှု၏မေတ္တာပုံပြင်ကို ရိုးသားစွာပြောသင့်ကြသည်။ သူတို့အားလုံးတို့သည် မိမိတို့၏ယုံကြည်ခြင်းအတွက် နှုတ်ကပတ်တော်ကိုအမြဲတစေလေ့လာရှာဖွေသင့်ကြပြီး သူတစ်ပါးမေးမြန်းလာသောအခါ၊ “မိမိတို့၏မျှော်လင့်ခြင်းအကြောင်းကို မေးမြန်းလာသူတို့အား နှိမ့်ချကြောက်ရွံ့ခြင်းဖြင့်” ပြန်လည်၍ဖြေဆိုနိုင်ရန်ဖြစ်သည်။ [Ev 356.1]

အသင်းတော်အား သင်တို့အကောင်းဆုံးပေးနိုင်သောဆေးသည် တရားဒေသနာဟောပြောခြင်းမဟုတ်ပါ။ သူတို့အတွက်အလုပ်ကိုစီမံပေးခြင်းဖြစ်သည်။ အလုပ်အတွက်စီမံပေးပါက စိတ်ဓာတ်ကျသူများ မိမိတို့၏စိတ်ကျခြင်းကိုမေ့ပျောက်သွားခြင်း၊ အားနည်းသူများခွန်အားရှိလာခြင်း၊ ပညာမဲ့သူ

များပညာရှိလာခြင်းနှင့် ခရစ်တော်ကဲ့သို့ လူတိုင်းအမှန်တရားကိုဟောပြောရန် အဆင်သင့်ရှိကြပေလိမ့်မည်။ မိမိထံသို့လာသောသူတိုင်းအား ကတိပြုခဲ့သည့် ခရစ်တော်၌ပျက်ကွက်ခြင်းမရှိသောကူညီသူတစ်ဦးအား သူတို့တွေ့ရှိကြလိမ့်မည်။ Review and Herald, June 25, 1895. [Ev 356.2]

**လှုပ်ရှားခြင်းမှဝိညာဉ်ခွန်အားပြည့်ဝလာခြင်း၏ဆက်စပ်မှု** – ခရစ်တော်ထံဝိညာဉ်များကိုပို့ဆောင်ခြင်းအလုပ်၌ ယုံကြည်၍စိတ်ဝင်စားစွာအကောင်းဆုံးပါဝင်လှုပ်ရှားဆောင်ရွက်သောသူတို့သည် ဝိညာဉ်ရေးနှင့်ဘုရားဝတ်၌မွေ့လျော်ခြင်းတွင် အကောင်းဆုံးတိုးတက်ကြီးပွားသောသူများဖြစ်သည်။ သူတို့၏ကြိုးစားလှုပ်ရှားဆောင်ရွက်ခြင်းသည် မိမိတို့၏ဝိညာဉ်ရေးကိုတိုးတက်စေရန်အတွက် ပြုလုပ်သောနည်းလမ်းများဖြစ်သည်။ နက်ရှိုင်းသောဘာသာရေး၌ဆုံးရှုံးခြင်း၏အန္တရာယ်သည် ကျယ်ပြန့်စွာရရှိသောအရာများမှဖြစ်သည်။ ဤကဲ့သို့မဖြစ်သင့်ချေ။ ရှည်လျားသောတရားကြားနာရမည့်အစား ယုံကြည်ခြင်းသို့အသစ်ပြောင်းလဲသူများတို့အား လိမ္မာပါးနပ်စွာပညာပေးရမည့်နည်းလမ်းရှိပါသည်။ ဝိညာဉ်ရေးလုပ်ငန်းအချို့တို့၌ တစ်စုံတစ်ခုလုပ်ဆောင်ရန် သူတို့အားတာဝန်ပေးခြင်းအားဖြင့် သူတို့၏အချစ်ဦးသည်လျော့နည်းသွားခြင်းမရှိဘဲ ပို၍တိုးပွားလာမည်ဖြစ်သည်။ သူတို့သည် အသင်းတော်အပေါ်မှီခိုပြီး အသင်းတော်၏ပံ့ပိုးမှုကိုခံယူရမည်မဟုတ်ကြောင်းသိစေပါ။ သူတို့ကိုယ်တိုင်၏ခိုင်ခံ့သောအုတ်မြစ်အပေါ်၌သာ တည်ရှိစေရမည်။ သူတို့သည် မိမိတို့၏စွမ်းရည်မျိုးစုံတို့နှင့်အညီ လုပ်ငန်းအမျိုးမျိုးတို့၌ပါဝင်လုပ်ဆောင်နိုင်ကြပြီး အသင်းတော်အတွက် ဘုရားသခင်နှင့်ပို၍နီးကပ်နိုင်ရန် မိမိတို့ကိုယ်ကိုအသုံးခံနိုင်ကြကာ နည်းလမ်းအမျိုးမျိုး၌ အသင်းတော်၏ပြင်ပရှိတန်ဆာပလာများအပေါ် လှုပ်ရှားဆောင်ရွက်ခြင်းအားဖြင့် အသင်းတော်အပေါ်အကျိုးပြုသောလှုပ်ရှားခြင်းနည်းလမ်းများကိုဖြစ်စေလိမ့်မည်။ အသင်းတော်၏ပညာနှင့်အောင်မြင်ခြင်းသည် သူမ၏မျက်နှာသာပေးခြင်းအပေါ် တန်ဖိုးရှိသည့်ဩဇာတစ်ခုကို သက်ရောက်စေသည်။ အသင်းတော်၏အောင်မြင်ခြင်းအတွက်



ဆာလံဆရာဆုတောင်းခဲ့သည်မှာ၊ “ဘုရားသခင်သည် အကျွန်ုပ်တို့ကိုသနားခြင်းကရုဏာစိတ်တော်ရှိသဖြင့် ကောင်းချီးပေး၍ မျက်နှာတော်၏အလင်းကိုလွှတ်တော်မူပါစေသော၊ . . ထိုသို့သောအားဖြင့် မြေကြီးသားတို့သည် အမှုတော်ကိုသိ၍၊ ခပ်သိမ်းသောလူမျိုးတို့သည် ကယ်တင်တော်မူခြင်းကျေးဇူးကို ခံရကြပါစေသော။” Letter 44, 1892. [Ev 356.3]

**ခရစ်ယာန်ကြီးပွားခြင်းထင်ရှားစေလိမ့်မည်** – အတ္တစိတ်နှင့်ကိုယ်ကျိုးရှာခြင်းကို ရင်ဝယ်ပိုက်ထားခြင်းထက် မည်သည့်အရာမျှဝိညာဉ်လျင်မြန်စွာဆုတ်ယုတ်စေသည့်အရာမရှိပါ။ အတ္တစိတ်နှင့်မွေ့လျော်ပြီး ခရစ်တော်အသက်စွန့်ခဲ့သည့်ပုဂ္ဂိုလ်များကို ဂရုမစိုက်သောသူတို့သည် အသက်မုန့်ကိုမစား၊ ကယ်တင်ခြင်းစမ်းရေကိုမသောက်သောသူများဖြစ်ကြသည်။ သူတို့သည် အသီးမသီးသောအပင်ကဲသို့ခြောက်သွေ့ပြီး အားအင်မရှိသူများဖြစ်ကြသည်။ သူတို့သည် ဝိညာဉ်ရေးမသန်စွမ်းသူများဖြစ်ပြီး၊ မိမိတို့၏ငွေကြေးများကို ကိုယ်ကျိုးအတွက်သာအသုံးပြုကြသည်။ သို့သော် “လူသည် မျိုးစေ့ကြဲသည့်အတိုင်းအသီးအနှံကိုရိတ်ရလိမ့်မည်။” [Ev 357.1]

ခရစ်ယာန်စည်းမျဉ်းများတို့သည် အမြဲပေါ်လွင်စေရမည်။ ထောင်ချီသောနည်းလမ်းများဖြင့် အတွင်းမှစည်းမျဉ်းများထင်ရှားစေရပါမည်။ ခရစ်တော်ကိန်းဝပ်သောစိတ်နှလုံးသားသည် မည်သည့်အခါမျှမခန်းခြောက်သောရေတွင်းတစ်တွင်းကဲ့သို့ဖြစ်ပေလိမ့်မည်။ Review and Herald, Jan. 15, 1895. [Ev 357.2]

**လုပ်ဆောင်ခြင်းဖြင့်အသင်းတော်ကိုအသက်ရှင်စေခြင်း** – လူတို့အားအပြစ်သားများပြောင်းလဲစေရန် မိမိတို့၏အသင်းသားများတို့ကို မည်ကဲ့သို့လုပ်ဆောင်ရမည့်အကြောင်း သွန်သင်ပေးခြင်းဖြင့် အသင်းတော်ကိုရှင်သန်စေပါ။ ညီညာလက်တွဲစုပေါင်းလုပ်ဆောင်ကြရမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် တစ်ဦးတည်းလုပ်ဆောင်ခြင်းထက် များစွာအကျိုးသက်ရောက်ခြင်းရှိပါလိမ့်မည်။ Review and Herald, April 23, 1908. [Ev 357.3]

## မှားယွင်းခြင်းနှင့်အယူသီးခြင်းများမှအသင်းဝင်အသစ်များတို့ကိုကာကွယ်စောင့်ရှောက်ရန်

**ယုံကြည်သူအသစ်များကိုမာရ်နတ်နှောင့်ယှက်၍စိတ်ရှုပ်ထွေးစေသည်** – အဖွဲ့ငယ်ကလေးတစ်ခုထူထောင်တိုင်း၊ မာရ်နတ်သည် ထိုသူတို့အားနှောင့်ယှက်၍စိတ်ရှုပ်ထွေးစေပါသည်။ တစ်ဦးတစ်ယောက်မှ မိမိ၏အပြစ်များကိုစွန့်လွှတ်လိုက်သောအခါ မာရ်နတ်ဤကဲ့သို့သာကြည့်နေမည်ဟု သင်ထင်ပါသလား။ ကြည့်နေမည်မဟုတ်ပါ။ သင့်မျှော်လင့်ခြင်း၏အခြေခံအုတ်မြစ်ကို သေချာစွာကြည့်ရှုရန် ကျွန်ုပ်တို့အလိုရှိသည်။ သင်၏အသက်တာနှင့်သင်၏လှုပ်ရှားခြင်းများတို့သည် သင်ဘုရားသားသမီးဖြစ်ကြောင်း သင့်အားသက်သေခံရန် ကျွန်ုပ်တို့အလိုရှိသည်။ Manuscript 5, 1885. [Ev 357.4]

**မည်သည့်ဝါဒမှယုံကြည်သူအသစ်များကိုမလှည့်စားစေပါနှင့်** – မာရ်နတ်သည် လူတို့အားအမြဲတစေအမှားသို့ပို့ဆောင်လျက်ရှိသည်။ သူသည် ကွဲပြားမှုအားလုံးတို့၏ဘုရားနှင့် ဝါဒအမျိုးမျိုးဖြင့်လူတို့ကိုလှည့်စားမည်ဖြစ်သည်။ အမှန်တရားမှသွေဖည်သွားရန် အသစ်သောဘာသာရေးအယူဝါဒများ ပေါ်ပေါက်လျက်ရှိသည်။ အသက်မှန့်ကိုစားသုံးရမည့်အစား၊ လူတို့သည် ပုံပြင်များတို့ကိုမြိန်ရှက်စွာစားသုံးကြသည်။ နှုတ်ကပတ်တော်ကို မှန်သည့်အဓိပ္ပါယ်မှ မှားယွင်းသောအဓိပ္ပါယ်ဖော်ခြင်းဖြင့် ပြုလုပ်ကြသည်။ အမှန်တရားဝတ်လုံသည် မှားယွင်းသောယူဆချက်များကို ဖုံးကွယ်ရန်ခိုးယူခြင်းခံရပါသည်။ [Ev 358.1]

ဂလာတိဒေသရှင်ပေါလုသည် ဧဝံဂေလိတရား၏ဖြူစင်သောအမှန်တရားကိုစိုက်ပျိုးခဲ့သည်။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ရောက်ကြောင်းအယူဝါဒကိုဟောကြားခဲ့ပြီး သူ၏လုပ်ငန်းသည် ဂလာတိအသင်းတော်၌လူအများဧဝံဂေလိတရားသို့ပြောင်းလဲကြခြင်း၏အကျိုးကို ရရှိစေခဲ့ပါသည်။ ထိုနောက် စာတန်မှစတင်၍ မှားယွင်းသောဆရာများအားဖြင့်အလုပ်လုပ်ကာ ယုံကြည်သူတချို့တို့၏စိတ်ကို ရှုပ်ထွေးစေခဲ့ပါသည်။ ဤဆရာများတို့၏



ကြွားဝါခြင်းနှင့် သူတို့၏အံ့ဖွယ်လုပ်ဆောင်ခြင်း၏တန်ခိုးများဝင်ရောက်ခြင်းဖြင့် အသစ်ပြောင်းလဲသူများတို့၏ဝိညာဉ်မျက်စိကို ကန်းစေသည့်အတွက် သူတို့သည် မှားယွင်းမှုနောက်သို့လိုက်ပါသွားကြသည်။ [Ev, 358.2].

အချိန်အခိုက်အတန့်ကာလတစ်ခုအတွင်း လှည့်ဖြားခြင်းခံရသူများတို့၏စိတ်ကို ချုပ်ကိုင်ထား၍မရခဲ့ပါ။ သို့သော် နှုတ်ကပတ်တော်နှင့်ဘုရားသခင်၏တန်ခိုးတော်ကိုအမှီပြုခြင်းနှင့် ဖောက်ပြန်သောဆရာများတို့၏ကျမ်းစာအနက်ဖော်ခြင်းကိုငြင်းပယ်ခြင်းအားဖြင့် ပြောင်းလဲသူများတို့၏လှည့်ဖြားခံရခြင်းကိုတွေ့မြင်နိုင်ရန် ပို့ဆောင်နိုင်ခဲ့ပြီး၊ စာတန်၏ရည်ရွယ်ချက်ကိုအောင်မြင်ခဲ့ပါသည်။ အသစ်ပြောင်းလဲသူများတို့အား ယုံကြည်ခြင်းသို့ပြန်လှည့်လာကြကာသတိပညာဖြင့် အမှန်တရားအတွက်ပြန်လည်ရပ်တည်နိုင်ခဲ့ကြပါသည်။ Manuscript 43, 1907.

**ယုံကြည်သူများတို့မှမှားယွင်းသောအယူဝါဒများ** – ကျွန်ုပ်တို့သည် ပြင်းထန်စွာစစ်ဆေးခြင်းခံရကြမည်။ အမှန်တရားကိုယုံကြည်ယောင်ဆောင်သောသူတို့သည် ကျွန်ုပ်တို့ထံသို့လာပြီး မှားယွင်းသောအယူဝါဒများကိုလက်ခံရန် တွန်းအားပေးလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့နားထောင်ပါက အမှန်တရားအပေါ်ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် တည်မြဲမည်မဟုတ်ပါ။ စစ်မှန်သည့်ဘာသာရေးတစ်ခုတည်းသာလျှင် တရားစီရင်ခြင်း၏စမ်းသပ်မှုကို ခံရပ်နိုင်ပေလိမ့်မည်။ Review and Herald, Dec. 2, 1884. [Ev 359.1]

**ဘုရားသခင်၏လူများသဘောကွဲလွဲရန်မာရ်နတ်၏ကြိုးစားမှု** – လှည့်ဖြားသောသူတို့သည် ပို၍ကြီးမားသောအန္တရာယ်ဖြင့်ပေါင်းစည်းကာ ငြင်းပန်းနှိပ်စက်ခြင်းထက် မိမိ၏တပည့်တော်များထံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ခရစ်တော်ကြိုတင်ပြောထားခဲ့ပါသည်။ [Ev 359.2]

ဤသတိပေးချက်ကို ကြိမ်ပေါင်းများစွာပြန်လည်၍ပေးခဲ့သည်။ ဖြားယောင်းသူများတို့သည် မိမိတို့၏သိပ္ပံနည်းပညာအခက်အခဲများဖြင့်လာမည်ဖြစ်သောကြောင့် ၎င်းကိုရင်ဆိုင်နိုင်ရန် အခြားခက်ခဲမှုထက်ပို၍သတိကြီး

စွာကာကွယ်ကြရမည်။ အကြောင်းမှာ ဤဆွဲဆောင်မှုရှိသည့်ဝိညာဉ်များ ဝင်ရောက်လာခြင်းသည် မှန်သည်ဟုထင်ရသော မှားယွင်းသည့်အရာများ ဝင်ရောက်လာခြင်းသာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ဗဟုသုတ အနည်းငယ်သာရရှိသူများတို့အား မိမိတို့၏ဝိညာဉ်ခွန်အားပျောက်ကွယ်သွားစေရန် ဝိညာဉ်ခွန်အားအသိတရားအကန့်အသတ်အနည်းငယ်ဖြင့် သူတို့အား ရောင့်ရဲစေရန် မာရ်နတ်၏လုပ်ဆောင်ခြင်းသာဖြစ်သည်။ ဖြားယောင်းသူများတို့၏ကြိုးစားလုပ်ဆောင်ခြင်းမှာ ဘုရားသခင်၏အမှန်တရားကို ယုံကြည်စိတ်ချ၍အထင်သေးစေရန်နှင့် မှားယွင်းခြင်းကိုအမှန်တရားသို့ပြန်လည်၍ ရောက်ရှိစေရန် ပြုလုပ်နိုင်စွမ်းမရှိပါ။ အံ့သြလောက်အောင်ကျေနပ်ခြင်း၊ နှစ်သက်ခြင်း၊ သိပ္ပံနည်း၏အခက်အခဲများတို့ဖြင့်သွေးဆောင်ကာ သတိမရှိသူတို့၏အာရုံကိုဆွဲယူနိုင်မည်ဖြစ်ပြီး ယုံကြည်သူများတို့အနေဖြင့် ကာကွယ်မှုပြုလုပ်ထားခြင်းမရှိပါက ရန်သူသည် လင်းသောကောင်းကင်တမန်ကဲ့သို့ ယောင်ဆောင်ကာ သူတို့အားမှားယွင်းသောလမ်းများသို့ ပို့ဆောင်မည်ဖြစ်သည်။ [Ev 359.3]

မာရ်နတ်သည် ကျွမ်းကျင်စွာဖြင့် အသက်တာစီမံကိန်းကစားပွဲတွင် ဝိညာဉ်များစွာဖြင့်ကစားကာ အလျှို့ဝှက်ဆုံးသောလှုပ်ရှားမှု၊ ဖြားယောင်းသည့်အသွင်ဖြင့် ဘုရားသခင်သားသမီးများတို့၏ယုံကြည်ခြင်းကိုဖျက်ဆီးခြင်းနှင့် သူတို့အားစိတ်ဓာတ်ကျစေပါသည်။ ယနေ့ကောင်းကင်မှာကဲ့သို့ သူလုပ်ဆောင်နေပြီး ဤကမ္ဘာ့သမိုင်း၏နောက်ဆုံးသောအချိန်အခါ၌ ဘုရားသခင်၏သားသမီးများတို့ကို စိတ်ဝမ်းကွဲစေပါလိမ့်မည်။ ကွဲပြားမှုကို သူသည်ရှာဖွေဖန်တီးပြီး ရန်တွေ့ခြင်းနှင့်ဆွေးနွေးငြင်းခုံခြင်းဖြင့် ရေးကျသောအမှန်တရားမှတ်တိုင်ကို ဖြစ်နိုင်ပါက ရွှေ့ပစ်လိုက်ရန်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ကိုယ်ကို ဆန့်ကျင်ဘက်ပြုသကဲ့သို့ ပေါ်လွင်စေရန် သူကြိုးစားပြုလုပ်မည်ဖြစ်သည်။ [Ev 359.4]

လင်းသောကောင်းကင်တမန်တစ်ပါးကဲ့သို့ မာရ်နတ်သည်ပေါ်လာသောအခါ ဝိညာဉ်များကိုသူ၏ထောင်ချောက်ထဲသို့ဆွဲယူပြီး သူတို့အား





လှည့်ဖြားလိမ့်မည်။ ဘုရားသခင်၏သွန်သင်မှုကို ခံယူယောင်ဆောင်သောသူတို့သည် မှားယွင်းသောအယူအဆများကိုလက်ခံပြီး မိမိတို့၏သွန်သင်မှု၌ ဤမှားယွင်းသည့်အယူများကိုထည့်သွင်းပြီး မာရ်နတ်၏မှားယွင်းသည့်အယူအဆများကို ယူဆောင်လာလိမ့်မည်။ ထိုသို့ဖြင့်မာရ်နတ်သည် လင်းသောကောင်းကင်တမန်တစ်ပါးကဲ့သို့ မိမိကိုယ်ကိုဖော်ဆောင်ခြင်းဖြင့် သူ၏နှစ်သက်ဖွယ်ဒဏ္ဍာရီပုံပြင်များကို တင်ဆက်ရန်အခွင့်အရေးရရှိပေလိမ့်မည်။ [Ev 360.1]

ဤမှားယွင်းသောပုရောဖက်များတို့ကို ရင်ဆိုင်ရလိမ့်မည်။ မှားယွင်းသည့်ယူဆချက်များတို့ကိုလက်ခံရန် လူအများတို့ကိုကြိုးစား၍ သူတို့သည် လှည့်ဖြားလိမ့်မည်။ ကျမ်းချက်များစွာတို့ကို မှားယွင်းသောအဓိပ္ပါယ်ကောက်ယူခြင်းဖြင့် သွေးဆောင်ခြင်းနည်းလမ်းများကို ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် ထင်ရှားစွာအခြေပြုလျက်ပြောဆိုကြလိမ့်မည်။ တန်ဖိုးရှိသည့်အမှန်တရားသာလျှင် မှားယွင်းသည့်အရာများကိုမှန်ကန်ကြောင်းနှင့် အခြေချရန် ဆီလျော်ပေလိမ့်မည်။ ဘုရားသခင်၏သွန်သင်ခြင်းကိုခံယူရရှိသည်ဟု မိမိကိုယ်ကိုပြောဆိုသော မှားယွင်းသည့်ပုရောဖက်များတို့သည် လှပသောကျမ်းချက်များတို့ကိုကောက်ယူကာ အမှန်တရားကိုအလှဆင်ပြီး ဖြောင့်မတ်ခြင်းဝတ်လုံကဲ့သို့ မှားယွင်း၍အန္တရာယ်ရှိသောခံယူချက်များတို့ကို ဖုံးကွယ်ရန်အသုံးပြုပေလိမ့်မည်။ ထိုနောက် လွန်ခဲ့သောအချိန်များ၌ ဘုရားသခင်အသုံးပြုသောသူတို့ပင် အမှန်တရား၌ဝေးစွာသွေဖည်သွားကာ အမှန်တရား၏ပုံစံများ သန့်ရှင်းရာတဲတော်မေးခွန်းအပါအဝင်များတို့ကို လမ်းလွဲသောခံယူချက်များအဖြစ် ထောက်ခံပြောဆိုကြပေလိမ့်မည်။ Manuscript 11, 1906. [Ev 360.2]

**အသင်းတော်ဆန့်ကျင်ခြင်းခံရမည်** – ခက်ခဲမှုများတိုးပွားလာပြီး လျှို့ဝှက်သည့်တန်ခိုးသြဇာသည် အခြားသောဝိညာဉ်မှအမြဲတစေရောက်ရှိလာခြင်း၊ ဆန့်ကျင်သောလှုပ်ရှားမှုပေါ်ပေါက်လာခြင်း၊ စာတန်ဘက်မှမေးခွန်းထုတ်လာခြင်းရှိသည့်အခါတို့၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအစကို အဆုံးတိုင်အောင်စွဲကိုင်ထားနိုင်ရန် အမြဲခက်ခဲသောအရာဖြစ်သည်။ [Ev 360.3]

ညှဉ်းဆဲနှိပ်စက်ခြင်းမရှိသည့်အခါ ကျွန်ုပ်တို့၏အခြေအနေမှာ ကောင်းမွန်ပြီး ခရစ်ယာန်အသက်တာဘဝ၌ မည်သည့်ခက်ခဲမှုတစ်စုံတစ်ရာမျှမရှိပါ။ သို့သော် ညှဉ်းပန်းနှိပ်စက်ခြင်းကိုရင်ဆိုင်ရသောအခါ၊ ယုံကြည်ခြင်းပျောက်ကွယ်သွားတတ်ပါသည်။ အရေးကြုံရာကာလ၌ သူတို့သည် အင်အားတန်ခိုးကိုအထူးအကြောင်းပြချက်ပေးရန် မိမိတို့၏စိတ်ထဲ၌ပေါ်ထွက်လာပါသည်။ မာရ်နတ်သည် ကွဲပြားသောနှလုံးသားမျိုးစုံကိုစုံစမ်းရန် ထောင်ချောက်မျိုးစုံကိုပြင်ဆင်ထားလျက်ရှိပါသည်။

ဘုရားသခင်၏တရားတော်ကိုဘေးဖယ်ထားသောအခါ၊ အသင်းတော်သည် စုံစမ်းခြင်းမီးဖြင့်ဆန်ကာချခြင်းခံရပြီး အများစုတို့သည် ယခုထက်ပို၍သွေးဆောင်ခြင်းဝိညာဉ်များနှင့် မာရ်နတ်၏ယုံကြည်ယူဆချက်များတို့ကို သတိပြုကြပါလိမ့်မည်။ ခွန်အားနှင့်ပြည့်ဝရမည့်အစား ခက်ခဲမှုနှင့်ရင်ဆိုင်လာရသောအခါ၊ အများသောသူတို့သည် စစ်မှန်သောစပျစ်ပင်၏ရှင်သန်သည့်အကိုင်းအခက်များမဟုတ်ကြောင်း တွေ့မြင်ရပေလိမ့်မည်။ သူတို့သည် အသီးများကိုမသီးနိုင်ဘဲ ဥယျာဉ်မှူးမှခုတ်ပစ်လိုက်ခြင်းကိုခံရပေလိမ့်မည်။ Letter 3, 1890. [Ev 361.1]

**ကျမ်းစာအမှန်တရားကိုစွဲမြဲစွာကိုင်ထားရန်** – ခရစ်ယာန်သည် ရန်သူ၏စုံစမ်းခြင်းများကိုခံရပ်နိုင်စေရန် အမှန်တရားထဲ၌ "ခိုင်မြဲစွာအမြစ်စွဲ" နေရမည်။ သူသည် ခွန်အားအသစ်ကိုရရှိပြီး သမ္မာကျမ်းစာအမှန်တရားကို ခိုင်မြဲစွာကိုင်ထားရမည်။ ဒဏ္ဍာရီပုံပြင်ဟူသရွေ့တို့သည် ဘုရားသခင်အပေါ်သစ္စာဖောက်ရန် ယုံကြည်သူတို့ကိုသွေးဆောင်လာမည်ဖြစ်သည်။ သို့သော် အထက်သို့မျှော်ကြည့်ကာ ဘုရားသခင်ကိုယုံကြည်ပြီး အမှန်တရားများ၌ ခိုင်မြဲစွာအမြစ်စွဲလျက်ရှိနေရမည်ဖြစ်သည်။ [Ev 361.2]

သခင်ယေရှုကိုစွဲမြဲစွာကိုင်ထားပြီး မည်သည့်အခါမျှလက်မလွှတ်ပါစေနှင့်။ သင်၏ယုံကြည်ခြင်းကို ယုံကြည်သည့်အတိုင်း ခိုင်မြဲစွာဆုပ်ကိုင်ထားပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားများသည် သင်၏ကိုယ်စိတ်နှလုံးသုံးပါးကိုပို့ဆောင်လျက် သူ၏အလိုတော်နှင့်အညီအသက်ရှင်စေပါ။ "ဘုရားသခင်မိန့်တော်မူသည်ကား" အပေါ်စိတ်ပြဋ္ဌာန်းခြင်းကို ခိုင်မြဲစေပါ။ သင်၏တစ်ခုတည်းငြင်းခုံခြင်းသည် "နှုတ်ကပတ်ရေးသားသည်မှာ" အပေါ်၌သာဖြစ်စေပါ။ ထိုသို့နှင့်ကျွန်ုပ်တို့သည် တစ်ကြိမ်က သန့်ရှင်းသူများသို့ပေးသောယုံကြည်ခြင်းအပေါ် ရပ်တည်လျက်နေရမည်။ ၎င်းယုံကြည်ခြင်း၏သန့်ရှင်းသောစာရိတ္တသည် မည်ကဲ့သို့ပင်ဆန့်ကျင်မှုများတို့နှင့်ရင်ဆိုင်ရစေကာမူ ထိုသန့်ရှင်းခြင်းကို မည်သည့်အခါမျှမပျောက်ဆုံးစေရပါ။ [Ev 361.3]



မိမိတို့၏ဆန္ဒအလျောက်နှင့် မိမိတို့၏လမ်းအတိုင်းလျှောက်လှမ်းသောသူတို့သည် ကောက်ကျစ်သောစာရိတ္တများကို ပျိုးထောင်ကြပေလိမ့်မည်။ အကျိုးမဲ့အယူဝါဒများနှင့် အလွန်ကောင်းသောစိတ်ခံစားမှုလွှမ်းမိုးခြင်းသည် ဖြစ်နိုင်ပါက ရွေးချယ်ခြင်းခံရသောသူများကိုပင် မှန်ပုံပေါ်သောကြွယ်ဝသည့်ပရိယာယ်ဖြင့် သွေးဆောင်ခြင်းနောက်သို့ပါသွားပေလိမ့်မည်။ ယုံကြည်သူများတို့သည် ကျောက်ဆောင်ပေါ်၌ဆောက်တည်ထားလျက်ရှိပါသလား။ မုန်တိုင်းလာနေပြီ၊ မုန်တိုင်းသည် လူတို့၏ယုံကြည်ခြင်းမည်ကဲ့သို့ရှိသည်ကို စမ်းသပ်ပေလိမ့်မည်။ ယုံကြည်သောသူများတို့သည် ယခုခရစ်တော်၌ယုံကြည်ခြင်းအမြစ်စွဲနေကြရပါမည်။ သို့မဟုတ် မှားယွင်းမှုနောက်သို့လမ်းလွဲသွားကြလိမ့်မည်။ သင်၏ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်းသာဖြစ်စေပါ။ အမှန်တရား၏အသက်ရှင်သောသက်သေခံခြင်းအပေါ် ခိုင်မြဲစွာဆုပ်ကိုင်ထားပါ။ မိမိကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် ခရစ်တော်ကိုယုံကြည်ပါ။ သူသည် ကျွန်ုပ်တို့၏ထာဝရကျောက်ဆောင်ဖြစ်ပြီး အမြဲပင်ဆက်လက်၍ဖြစ်နေပါလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်သက်သေခံချက်သည် မှန်ကန်သည်။ မည်ကဲ့သို့ပင်နှစ်သက်ပုံပေါ်ပြီး ဝိညာဉ်ကိုသွေးဆောင်လျက်ရှိသော်လည်း သင်၏ယုံကြည်ခြင်းကို မည်သည့်အယူဝါဒနှင့်မျှမပြောင်းလဲစေပါနှင့်။ [Ev 361.4]

မာရ်နတ်၏မှားယွင်းသောအယူဝါဒသည် ယခုတိုးပွားလျက်ရှိပြီး မတည်ငြိမ်သောသူတို့ကို လမ်းလွဲစေပါလိမ့်မည်။ မှန်သည့်အရာတစ်ခုကို

ခိုင်မြဲစွာစွဲကိုင်ထားခြင်းမရှိပါက သွေးဆောင်ခြင်းနောက်သို့ တစ်ခုပြီးတစ်ခု မျောပါသွားပါလိမ့်မည်။ အံ့ဩဖွယ်ရာအယူဝါဒ၏လေတိုက်ရာနောက်သို့ လွင့်ပါသွားပေလိမ့်မည်။ မာရ်နတ်သည် ကြီးစွာသောတန်ခိုးဖြင့်ဆင်းလာလျက်ရှိသည်။ များစွာသောသူတို့သည် သူ၏အံ့ဩဖွယ်နိမိတ်လက္ခဏာများ၏နောက်သို့ လိုက်ပါသွားကြလိမ့်မည်။ [Ev 362.1]

ကျွန်ုပ်တို့ကြားခဲ့ရပြီးလက်ခံကာထောက်ခံပြောဆိုခဲ့သည့် မှန်ကန်သောအမှန်တရားများကို ခိုင်မြဲစွာစွဲကိုင်ထားရန် လူတိုင်းကိုကျွန်ုပ်အနူးအညွတ်တောင်းပန်လျက်ရှိသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အဆိုပြုချက်များမှာ ရှင်းလင်းလှပါသည်။ သင်၏ခြေကို ထာဝရအမှန်တရား၏စင်မြင့်ပေါ်၌ ခိုင်မြဲစွာရပ်တည်စေပါ။ စစ်မှန်သောအရာနှင့်တူညီသည့် မှားယွင်းမှုဟူသရွေ့ကိုငြင်းပယ်ပါ။ Review and Herald, Aug. 31, 1905. [Ev 362.2]

**ကျမ်းစာမှတ်တိုင်မှဝေးကွာစွာမျောပါသွားခြင်း** – များစွာသောသူတို့သည် မိမိတို့၏ကျမ်းစာကို အနည်းငယ်သာနားလည်ကြပြီး မိမိတို့၏ယုံကြည်ခြင်း၌တည်ငြိမ်မှုမရှိကြပါ။ သူတို့၏မှတ်တိုင်ဟောင်းကိုရွှေ့လိုက်ပြီး မှားယွင်းသောအယူဝါဒ၏လေတိုက်ရာနောက်သို့ တစ်နေရာပြီးတစ်နေရာလိုက်ပါသွားပြီး တစ်ကြိမ်က ယုံကြည်ခြင်း၌ရပ်တည်နေသူတို့ကို သမ္မာကျမ်းစာ၏မှတ်တိုင်မှမျောပါသွားစေကာ မိမိကိုယ်ကိုဘုရားသခင်၏သားသမီးများဟုပြောဆိုလျက်နှင့် ဘုရားသခင်ထံတော်မှခွဲခွာသွားကြပါသည်။ Review and Herald, Dec. 29, 1896. [Ev 362.3]

**ယုံကြည်သူဟုအမည်ခံသူတို့၏အသစ်သောအဖွဲ့များ** – အသင်းတော်သည် မိမိရင်ဆိုင်ရမည့် မာရ်နတ်ကိုယ်စားလှယ်များ၏ရှုပ်ထွေးသောတန်ခိုးများတို့ကို နားလည်ရန်နိုးကြားဖို့လိုအပ်ပါသည်။ အကယ်၍သူတို့သည် လက်နက်စုံကိုဝတ်ဆင်ကြပါက၊ ရင်ဆိုင်ရမည့်ရန်သူအားလုံးတို့နှင့် တချို့သောမတိထွင်ရသေးသည့် ရန်သူ၏သွေးဆောင်ခြင်းကိုပင် အောင်မြင်နိုင်လိမ့်မည်။ [Ev 362.4]



နောက်ဆုံးအချိန်ကာလသို့ ကျွန်ုပ်တို့နီးကပ်လာသည်နှင့်အညီ၊ မာရ်နတ်နှင့်သူ၏မိတ်ဆွေများတို့သည် အရေအတွက်နှင့်တန်ခိုးအားဖြင့် များပြားလာလိမ့်မည်။ ဤမာရ်နတ်၏မဟာမိတ်များတို့သည် အမှန်တရား၏တန်ခိုးဩဇာကိုဆန့်ကျင်ရန် ဖန်တီးလိမ့်မည်။ ယုံကြည်သည်ဟုဝန်ခံသူတို့သည် မိမိတို့ကိုယ်တိုင်သွေးဆောင်သောနည်းများဖြင့်လုပ်ဆောင်မည့်သူတို့၏အသစ်သောအဖွဲ့များကို ထူထောင်ပေလိမ့်မည်။ ဖောက်ပြန်မှုများပြားလာလိမ့်မည်။ "တချို့သောသူတို့သည် ယုံကြည်ခြင်းကိုစွန့်ခွာကြပြီး သွေးဆောင်သောဝိညာဉ်များနှင့်နတ်ဆိုးများတို့၏အယူဝါဒကို ယုံကြည်လက်ခံကြပေလိမ့်မည်။" လူယောကျ်ား၊ လူမိန်းမတို့သည် မိတ်ဖွဲ့ကြပြီး ကောင်းကင်ဘုံရှင်ဘုရားသခင်ကိုဆန့်ကျင်ရန်နှင့် အသင်းတော်သည် ၎င်းအခြေအနေအတွက် တစ်ဝက်မျှသာနိုးကြားလျက်ရှိကြသည်။ မိမိကိုယ်ကိုယုံကြည်သူများဟုပြောဆိုကြသောသူတို့အထဲ၌ ပို၍များစွာဆုတောင်းခြင်းပြုကြရန်၊ ပို၍စိတ်ထက်သန်စွာကြိုးစားကြရန် လိုအပ်ပါသည်။ Review and Herald, Aug. 5, 1909. [Ev 363.1]

**ကျွန်ုပ်တို့၏အတိတ်သမိုင်းကိုနားမလည်သည့်အန္တရာယ်** – ဘာသာရေးအယူဝါဒများ၌ စစ်မှန်သည့်ဗဟုသုတအားလုံးတို့သည် ယေဟောဝါ၏တံဆိပ်ခတ်ထားသည့်အမှတ်အသားကို ပေါ်လွင်စေလိမ့်မည်။ လူအားလုံးတို့သည် အမှန်တရားကို မိမိတို့ကိုယ်တိုင်သိရှိနားလည်ရန်လိုအပ်ကြောင်း တွေ့မြင်သင့်ကြသည်။ ကျွန်ုပ်တို့သည် ဆုတောင်းလျက်သေချာစွာလေ့လာခဲ့သော ယုံကြည်ချက်အယူဝါဒများကို နားလည်ကြရမည်။ ကျွန်ုပ်တို့၏လူတို့အထဲ၌ တတိယကောင်းကင်တမန်သုံးပါးတစ်ပါး၏သတင်းစကားပေါ်ပေါက်လာပြီး တိုးတက်လာခြင်းနှင့်ပတ်သက်၍ ၎င်းကိုကျွန်ုပ်တို့အားဖော်ပြခဲ့ပါသည်။ ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းထဲ၌ မည်သည့်အကြောင်းအရာများတို့ကိုရေးသားထားကြောင်း ကျွန်ုပ်တို့သိရှိရန် သေချာစွာရှာဖွေလေ့လာခြင်းသည် အလွန်လိုအပ်သောအရာဖြစ်သည်။ [Ev 363.2]

လူအများကျွန်ုပ်တို့ထဲမှထွက်သွားပြီး ဖြားယောင်းသွေးဆောင်သော ဝိညာဉ်များနှင့် နတ်ဆိုးတို့၏အယူဝါဒများတို့ကို နားထောင်ကြမည့်အကြောင်းကို ကျွန်ုပ်အားအရှိန်အဟုန်ပြင်းထန်စွာဖြင့် အလင်းပေးထားသည်။ ဘုရားသခင်၏အလိုဆန္ဒမှာ အမှန်တရားကိုယုံကြည်သည်ဟုပြောဆိုသောလူတိုင်း အမှန်တရားသည် မည်သည့်အရာဖြစ်သည်ကို ကောင်းမွန်စွာသိရှိနားလည်ရန်ဖြစ်သည်။ မှားယွင်းသောပုရောဖက်ပေါ်လာပြီး လူအများတို့ကိုလှည့်ဖြားပေလိမ့်မည်။ တုန်လှုပ်ချောက်ချားနိုင်သည့်အရာအားလုံးကို တုန်လှုပ်ချောက်ချားစေလိမ့်မည်။ ထို့ကြောင့် လူတိုင်းမိမိတို့၏ယုံကြည်ခြင်းအကြောင်းအရင်းကို နားလည်ကြရန်မကောင်းပေဘူးလား။ တရားဟောချက်များစွာရှိနေမည့်အစား၊ ဘုရားသခင်၏နှုတ်ကပတ်ကို သေချာစွာလေ့လာရန်၊ ကျမ်းချက်များကိုတစ်ခုပြီးတစ်ခုဖွင့်ပြီး ကျွန်ုပ်တို့၏အခြေခံယုံကြည်ချက်များကိုထောက်ခံသည့် ခိုင်မာသောအထောက်အထားများကိုရှာဖွေလျက် ကျွန်ုပ်တို့ကိုယခုအချိန်အထိပို့ဆောင်လာသော ထာဝရအမှန်တရား၏စင်မြင့်ပေါ်၌ ရပ်တည်လျက်ရှိနေကြရမည်။ [Ev 363.3]

အမှန်တရား၏အလင်းကိုရရှိသောသူတချို့တို့သည် မာရ်နတ်၏လှည့်ဖြားမှုများနှင့် မှားသောသန့်ရှင်းခြင်း၏ဆွဲဆောင်မှုနောက်သို့ လျင်မြန်စွာလက်ခံသွားခြင်းအတွက် အကျွန်ုပ်၏ဝိညာဉ်သည် အလွန်မှပင်ဝမ်းနည်းခြင်းကိုခံစားနေရပါသည်။ လူတို့သည် ဘုရားသခင်ချမှတ်ထားသော မြေမှတ်တိုင်မှကျော်ခိုင်းသွားကြသောအခါ ကျွန်ုပ်တို့၏အနေအထားကို ပုရောဖက်ဟောထားချက်၌ မှတ်သားခြင်းထုတ်ပယ်သကဲ့သို့ မည်သည့်နေရာသို့သွားနေသည်ကိုမသိဘဲရှိကြောင်း ကျွန်ုပ်တို့နားလည်ရန်လိုအပ်ပါသည်။ Undated Manuscript 148. [Ev 364.1]

**အမှားများကိုစိတ်ဝင်စားစွာပို့ချခြင်း –** မှားယွင်းသောအယူဝါဒများ၊ မှားယွင်းသောဘုရားတရားကြည်ညိုခြင်းများ၊ မှားယွင်းသောယုံကြည်ခြင်းတို့သည် ပြင်ပပေါ်လွင်မှု၌ လွန်စွာကောင်းမွန်ကြောင်း၊ ကျွန်ုပ်တို့ပတ်လည်၌ များစွာ



တွေ့မြင်နေရပါသည်။ ဆရာများတို့သည် လင်းသောကောင်းကင်တမန်များကဲ့သို့ မိမိကိုယ်ကိုဖုံးလွှမ်းကာရောက်လာပြီး၊ ဖြစ်နိုင်ပါက ရွေးချယ်ခြင်းခံရသူများကိုပင် လှည့်ဖြားနိုင်ပေလိမ့်မည်။ ပျို့ရွယ်သူများတို့သည် မာရ်နတ်တီထွင်သောမှားယွင်းမှုနောက်သို့ သူတို့သည်လှည့်ဖြားခြင်းမခံရရန် အမှန်တရားကိုတတ်အားသရွေ့သင်ယူရန်လိုအပ်သည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းနေအလင်းရောင်ခြည်၌ သူတို့နေထိုင်ရန်လိုအပ်သည်။ သူတို့ရရှိသောအလင်းတရားကိုဝေငှနိုင်ရန် သူတို့သည် အမှန်တရား၌အခြေချ၍ အမြစ်စွဲနေရန်လိုအပ်သည်။ The Youth’s Instructor, April 22, 1897. [Ev 364.2]

**စိတ်ထကြွစေသောဘာသာ၏အန္တရာယ်များ –** ဤရေပန်းစားသော သန့်ရှင်းခြင်းအစည်းအဝေးများသို့တက်ရောက်ခြင်းဖြင့် အကျိုးမရှိရုံမျှမက လုံခြုံမှုမရှိပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအခြေအနေကိုနားလည်ရန် နှုတ်ကပတ်တော်ကိုသတိကြီးစွာကြိုးစားဆုတောင်းခြင်းဖြင့် ရှာဖွေကြပါစို့။ ထိုနောက် ဘုရားသခင်၏တရားဥပဒေကိုဆန့်ကျင်ခြင်း၌ အထူးပြောဆိုသောသူများတို့နှင့်ရောနှောခြင်းမပြုနိုင်ရန် သွေးဆောင်ခြင်းခံရကြမည်မဟုတ်ပါ။ [Ev 364.3]

အမှန်တရား၏အခြေခံအုတ်မြစ်မရှိသော စိတ်လှုပ်ရှားစေသည့်ဘာသာတစ်ခု၌ ကျွန်ုပ်တို့မရှိရပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းရင်းများအပေါ် ခိုင်မာသောသွန်သင်ချက်များကို သူတစ်ပါးအားပေးနိုင်ရမည်။ ကျမ်းစာ၏အယူဝါဒများ၌ရှိနေသည်ထက် ပို၍များစွာရှိရန် သူတို့ကိုပညာပေးရမည်ဖြစ်ပြီး၊ အထူးသဖြင့် ယေရှုသည် မိမိ၏တပည့်တော်သို့လက်တွေ့သင်ခန်းစာများပေးသည့်နည်းတူပြုရမည်။ ယုံကြည်သူများတို့သည် ကျမ်းစာအသိတရားကိုများစွာလိုအပ်ကြောင်း ခံစားချက်ရှိရမည်။ လူတိုင်း၏စိတ်ထဲ၌ အမှန်တရား၏ခိုင်မာသောငြင်းဆိုချက်များ လွန်စွာကြိုးစား၍စွဲမြဲစေရမည်။ လူတိုင်းစစ်ဆေးခြင်းခံရမည်။ ၎င်းနောက် ဘုရားသခင်၏လုပ်ငန်း၌အခြေချကာ အမြစ်စွဲသောသူတို့သည် နေရာတိုင်း၌ရင်ဆိုင်ရမည့် ဆန့်ကျင်ဘက်အယူဝါဒများမှ ဖယ်ရှားခြင်းခံရမည်မဟုတ်ပါ။ သို့သော် လိုအပ်သည့်ပြင်ဆင်မှုများကိုရရှိရန်

ငြင်းပယ်ပါက၊ သူတို့သည် မှန်ပုံပေါ်သောအမှန်တရားတို့၏မှားယွင်းခြင်းများ နောက်သို့ လိုက်ပါသွားကြမည်ဖြစ်သည်။ GW, pp. 228, 229. (1892) [Ev 364.4]

**ဗာဗုလုန်နှင့်ခရစ်တော်ယောင်ဆောင်သူ၏ရှုပ်ထွေးခြင်းများ –** နှိမ့်ချသောသဘောဖြင့် ဘုရားသခင်နှင့်အတူလျှောက်လှမ်းရန် ကျွန်ုပ်တို့တစ်ဦးစီ၏တာဝန်ဖြစ်သည်။ မည်သည့်အံ့ဖွယ်ကောင်းသောသတင်းစကားအသစ်ကို ကျွန်ုပ်တို့မရှာဖွေရပါ။ အလင်း၌ကြိုးစားလျှောက်နေသော ဘုရားသခင်၏ရွေးချယ်ခြင်းခံရသူတို့သည် ဗာဗုလုန်နှင့်ပေါင်းစည်းကြရမည်ဟုမထင်သင့်ပါ။ ကျဆုံးသောအသင်းတော်ဂိုဏ်းဂဏများတို့သည် ဗာဗုလုန်ဖြစ်ကြသည်။ ဗာဗုလုန်သည် အဆိပ်ရှိသောယုံကြည်ယူဆချက်များ၊ မှားယွင်းသောစပျစ်ရည်ကိုမွေးမြူထားခဲ့ပါသည်။ ဤမှားယွင်းသောစပျစ်ရည်သည် မှားယွင်းသောအယူဝါဒများဖြစ်သည့် မသေနိုင်သောဝိညာဉ်၊ ဆိုးသောသူများကိုထာဝရညှဉ်းဆဲခြင်း၊ ဗက်လင်မြို့၌မမွေးဖွားမီ ကြိုတင်၍ရှိခဲ့သောခရစ်တော်ကိုငြင်းပယ်ခြင်းနှင့် ဘုရားသခင်၏သန့်ရှင်းသော၊ သန့်ရှင်းစေခဲ့သောနေ့ထက် ပထမနေ့ကို ထောက်ခံပြောဆိုချီးကျူးဂုဏ်ပြုသော ယုံကြည်ယူဆချက်များဖြစ်သည်။ ဤမှားယွင်းသည့် တူညီတော်စပ်သောယူဆချက်များတို့ကို ကမ္ဘာသို့အသင်းတော်များစွာတို့မှ ဟောပြောသွန်သင်လျက်ရှိသည်။ [Ev 365.1]

ဤလောက၌ကျဆုံးသောကောင်းကင်တမန်တို့သည် လူဆိုးတို့နှင့် မိတ်သဟာယဖွဲ့ကြလိမ့်မည်။ ဤခေတ်၌ အန္တိခရစ်သည် ခရစ်တော်အစစ်ကဲ့သို့ပေါ်လာပြီး ဘုရားသခင်၏တရားတော်ကို ကျွန်ုပ်တို့ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့၌ လုံးလုံးဖယ်ရှားလိမ့်မည်။ ဘုရားသခင်၏တရားတော်ကို ဆန့်ကျင်ပုန်ကန်ခြင်းသည် လုံးလုံးလျားလျားထင်ရှားပေလိမ့်မည်။ သို့သော် စစ်မှန်သည့်ပုန်ကန်သူအားလုံး၏ခေါင်းဆောင်မှာ စာတန်မာရ်နတ်ဖြစ်ပြီး သူသည် အလင်း၏ကောင်းကင်တမန်တစ်ပါးကဲ့သို့ မိမိကိုယ်ကိုဆင်ယင်ထားလိမ့်မည်။ လူတို့သည် လှည့်ဖြားခြင်းခံရပြီး ဘုရားသခင်၏နေရာ၌ သူ့အား



မြှောက်တင်ကာ နတ်အဖြစ်ကိုးကွယ်ကြပေလိမ့်မည်။ Review and Herald, Sept. 12, 1893. [Ev 365.2]

**ယုံကြည်သူများဆက်လက်၍နှုတ်ကပတ်တော်ကိုရှာဖွေခြင်း –** ဖတ်ရှုရုံသက်သက်ဖြင့်မလုံလောက်ပါ။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏နှလုံးသားထဲသို့ရောက်ရှိပြီး မင်္ဂလာရှိသောအမှန်တရား၌တည်မြဲရန် ကျွန်ုပ်တို့နားလည်ကြရမည်။ အကယ်၍ ကျွန်ုပ်တို့ကိုယ်တိုင် အမှန်တရားသည် မည်သည့်အရာဖြစ်ကြောင်း သမ္မာကျမ်းစာရှာဖွေလေ့လာခြင်းကိုဂရုမပြုဘဲလမ်းလွဲသွားပါက ကျွန်ုပ်တို့ကိုယ်တိုင်၏တာဝန်သာဖြစ်ပေမည်။ ဘုရားသခင်ပေးခဲ့သောအခြေအနေတိုင်းကို လုံ့လဝီရိယဖြင့်ရှာဖွေလေ့လာပါက နှုတ်ကပတ်တော်၌ခွန်အားကြီးသောသူများဖြစ်လာနိုင်ပြီး ၎င်းတို့ကိုသူတစ်ပါးထံသို့ရှင်းလင်းဟောပြောနိုင်ပေလိမ့်မည်။ Review and Herald, April 3, 1888. [Ev 366.1]

**အသစ်ယုံကြည်သူများကိုအခြေချရန်အကူအညီပေးသောကျွန်ုပ်တို့၏စာအုပ်များ –** လူအများတို့သည် ယုံကြည်ခြင်းမှလမ်းလွဲသွားပြီး လှည့်ဖြားသောဝိညာဉ်များတို့၏နောက်သို့လိုက်လိမ့်မည်။ ဘိုးဘေးများနှင့်ပုရောဖက်များ၊ မဟာတိုက်လှန်ပွဲစာအုပ်များတို့သည် ယုံကြည်သူအသစ်များအတွက် အမှန်တရား၌အုတ်မြစ်ချနိုင်ရန် အထူးရေးသားထားသောစာအုပ်များဖြစ်သည်။ အသင်းတော်များအတွက် ရှောင်ရှားရမည့်အန္တရာယ်များတို့ကို ညွှန်ပြထားပါသည်။ ဤစာအုပ်များအထဲ၌ရှိသောသင်ခန်းစာများတို့နှင့် ကောင်းမွန်စွာအကျွမ်းတဝင်ရှိသည့် ပုဂ္ဂိုလ်များတို့သည် အန္တရာယ်များကိုသူတို့ရှေ့၌တွေ့မြင်ပြီး သူတို့အတွက် ရှင်းလင်း၍ဖြောင့်သောလမ်းကို ခွဲခြားသိရှိနိုင်ပါလိမ့်မည်။ ထူးဆန်းသည့်လမ်းများမှ သူတို့ကိုကာကွယ်ပေးလိမ့်မည်။ လမ်းမလွဲစေရန်အတွက် ဖြောင့်သောလမ်းများကို သူတို့ရွေးချယ်နိုင်လိမ့်မည်။ [Ev 366.2]

ထာဝရလိုအင်သက်တော်စဉ်၊ ရှေးဘိုးဘေးများနှင့်ပုရောဖက်များ၊ မဟာတိုက်လှန်ပွဲကြီးနှင့် ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့အထဲ၌ တန်ဖိုးရှိသောညွှန်ကြားချက်ရှိသည်။ ဤစာအုပ်များတို့ကို အထူးအရေးကြီးသောစာအုပ်

များအဖြစ်မှတ်ယူကြပြီး၊ လူတို့ထံသို့ရောက်ရှိရန် တတ်နိုင်သမျှကြိုးစားအားထုတ်သင့်သည်။ Letter 229, 1903. [Ev 366.3]

**ယုံကြည်သူအသစ်တို့နှင့်ဆက်ဆံရာ၌ကောင်းသောထင်မြင်ချက် –** ဆန္ဒစော၍ဆင်ခြင်မှုမရှိသောလုပ်ဆောင်ချက်များကြောင့် ချို့ယွင်းသည့်ဆုံးဖြတ်ချက်၏အကျိုးကိုရရှိပြီး မှားယွင်းမှုသို့ပို့ဆောင်စေပါသည်။ သို့သော် ဝမ်းနည်းစရာအကောင်းဆုံးအရာမှာ ပြောင်းလဲသူအသစ်များ ဤတန်ခိုးဩဇာကြောင့်နစ်နာပြီး ဘုရားသခင်၏အမှုတော်ကို ယုံကြည်စိတ်ချရာ၌ တည်ငြိမ်မှုမရှိတော့ခြင်းဖြစ်သည်။ လုပ်ဆောင်ရန်အချိန်ရောက်လာသောအခါ အဆင်သင့်ရှိကြရန် ကျွန်ုပ်တို့ဆုတောင်းကြပါစို့။ Letter 16, 1907. [Ev 366.4]

## ဖောက်ပြန်သောသူများတို့ကိုပြန်လည်ခေါ်ဆောင်ခြင်း

**ဖောက်ပြန်မှုကိုကာကွယ်ခြင်း –** နုနယ်သောပြောင်းလဲသူများတို့ကိုပညာပေးရာ၌ အထူးဂရုပြုသင့်သည်။ မှားယွင်းသောဟောပြောခြင်း၊ မှားသောလမ်းနောက်သို့လိုက်ပါသွားခြင်းမရှိရန် သူတို့ကိုစွန့်ထားခြင်းမပြုရပါ။ ဝိညာဉ်များတို့သည် ပျော့ပျောင်းသောစကား၊ ချိုသာသောစကားနှင့် လှည့်ဖြားသောစကားများအားဖြင့် သွေးဆောင်ရာသို့လိုက်ပါသွားခြင်းမရှိစေရန် ကင်းစောင့်တို့သည် အမြဲစောင့်ရှောက်မှုပြုစေပါ။ ခရစ်တော်မိန့်မှာခဲ့သည့်အရာအားလုံးကို သစ္စာရှိစွာဖြင့်သွန်သင်ပါ။ ခရစ်တော်ကိုလက်ခံသမျှသောသူတိုင်းအားကျွန်ုပ်တို့၏ကမ္ဘာပေါ်၌ အမှုတော်ပြီးစီးရေးအတွက် ကြီးမားသောအမှုတော်အစိတ်အပိုင်းတချို့တို့၌ ပါဝင်လုပ်ဆောင်နိုင်ရန်သင်တန်းပို့ချပါ။ Letter 279. 1905. [Ev 367.1]

**အသင်းဝင်အသစ်များဖောက်ပြန်ရသည့်အကြောင်းရင်း –** ကြိုးစားလုပ်ဆောင်ခြင်းနှင့်ဖွဲလုံ့လဖြင့်လေ့လာခြင်းအားဖြင့်သာ တည်မြဲသောအသိတရားကိုရရှိနိုင်ပြီး ထိုအမှန်တရား၏တန်ခိုးသည် အသစ်ပြောင်းလဲသူများအားလုံးတို့



အပေါ် သက်ရောက်မှုရှိသင့်သည်။ စည်းမျဉ်းတစ်ခုကဲ့သို့ အမှန်တရားသို့ပြောင်းလဲလာသူများတို့အား ကျွန်ုပ်တို့ဟောပြောသည့်အခါ သူတို့သည်ကျမ်းစာကိုကြိုးစားရှာဖွေသူများမဟုတ်ခဲ့ပါ။ အကြောင်းမှာ ရေပန်းစားသောအသင်းတော်များ၌ နှုတ်ကပတ်တော်ကို အမှန်တကယ်လေ့လာသူနည်းပါးလှသည်။ လူတို့သည် ဓမ္မဆရာကိုသာလျှင်အမှီပြုပြီး သူတို့အတွက်ရှာဖွေသောကျမ်းစာကိုကြားရပြီး သူတို့၏သွန်သင်ပြသသောအရာကို ရှင်းလင်းပြခြင်းကိုသာနားထောင်ကြသည်။ [Ev 367.2]

အများသောသူတို့သည် အမှန်တရား၏အခြေခံစည်းမျဉ်းများကိုနားလည်ရန် နက်စွာတူးဖော်ရှာဖွေခြင်းမပြုကြပါ။ ထိုကြောင့် လူတို့ဆန့်ကျင်လာသောအခါ၊ မိမိတို့၏ယုံကြည်ချက်ကိုထိန်းသိမ်းထားသော ငြင်းခုံခြင်းများနှင့်အချက်အလက်များကို သူတို့မေ့ပျောက်သွားကြပါသည်။ အမှန်တရားကိုယုံကြည်ရန် သူတို့သည်ပို့ဆောင်ခြင်းခံရသော်လည်း အမှန်တရားသည်မည်သည့်အရာဖြစ်သည်ကို အပြည့်အဝသွန်သင်မှုမခံရခြင်း၊ သို့မဟုတ်ခရစ်တော်ကိုသိကျွမ်းခြင်း၌ အချက်အလက်တစ်ခုပြီးတစ်ခု မခံယူခဲ့ရခြင်းကြောင့်ဖြစ်သည်။ မကြာခဏသူတို့၏ဘုရားတရားကြည်ညိုခြင်းသည် ပုံသဏ္ဍာန်အားဖြင့်ကျဆင်းသွားပြီး သူတို့အားပထမဦးစွာဆန္ဒတောင်းဆိုချက်များအပေါ်စိတ်လှုပ်ရှားခဲ့စဉ်ကြားရသည်နည်းတူ ကြားရခြင်းမရှိတော့ဘဲ ဝိညာဉ်ရေး၌သူတို့သည် သေသွားကြပါသည်။ GW, p. 368. (1915). [Ev 367.3]

**ဖောက်ပြန်သူများတို့နှင့်ဆက်ဆံခြင်း –** အထူးလုပ်ငန်းတစ်ခုကိုထမ်းဆောင်ရန်အတွက် ဘုရားသခင်စေလွှတ်သောသူတို့သည် ထူးခြားသောအယူအဆရှိသူများနှင့် မှားယွင်းမှုများကိုပြစ်တင်ဆုံးမရန် ခေါ်ယူခြင်းခံရလိမ့်မည်။ သူတို့သည် လူတိုင်းအား သမ္မာကျမ်းစာ၌ပါရှိသည့်မေတ္တာတရားကိုကျင့်သုံးပြီး ယေရှုခရစ်၌ကဲ့သို့သောအမှန်တရားကို ဟောကြားသင့်သည်။ တချို့သောသူတို့သည် အမှန်တရားကိုဆန့်ကျင်ရာ၌ အလွန်မုပင်စိတ်အားထက်သန်ကြလိမ့်မည်။ သို့သော် သူတို့၏အမှားများကို ကြောက်ရွံ့ခြင်းမရှိဘဲဖော်ပြခြင်း၊

သူတို့၏မကောင်းသောအကျင့်ဓလေ့များကိုထောက်ပြခြင်းတို့အားဖြင့် သူတို့အပေါ်စိတ်ရှည်သည်းခံခြင်းကိုပြသရမည်။ "ထိုနောက် တချို့တို့သည် မေတ္တာတရားရှိခြင်း၊ ထူးခြားသောအရာကိုပြုလုပ်ခြင်းရှိကြပြီး အခြားသောသူတို့သည် ကြောက်ရွံ့ခြင်းကြောင့် မီးထဲမှသူတို့အားဆွဲထုတ်ကယ်ယူနိုင်ခြင်းနှင့် မိမိတို့၏ဝတ်လုံများ ဇာတိစိတ်ဖြင့်ညှိစွန်းခြင်းကိုပင် မုန်းတီးခြင်းရှိကြပေလိမ့်မည်။" [Ev 368.1]

အသင်းတော်သည် ပြုပြင်၍မရသောသူတို့ကို အသင်းဝင်အဖြစ်မှ ထုတ်ပယ်ရန်တာဝန်ရှိသည်။ ဤအရာသည် ရင်နှစ်ဖွယ်ဆောင်ရွက်ရမည့် တာဝန်တစ်ခုဖြစ်သည်။ အမှန်တကယ်ဝမ်းနည်းဖွယ်ရာလုပ်ဆောင်ရမည့်လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ပြုပြင်ရမည့်ပြုပြင်ခြင်းနည်းလမ်းတိုင်းကိုအသုံးပြုခြင်းဖြင့် မှားယွင်းသူအားကယ်တင်ရန် လမ်းစမရှိတော့သည့်အထိ ဆောင်ရွက်သွားသင့်ပါသည်။ [Ev 368.2]

ခရစ်တော်သည် မည်သည့်အခါမျှအမှားနှင့်သဘောတူညီချက်မပြုလုပ်ခဲ့ပါ။ ဘုရားသခင်အစေခံများတို့၏နှလုံးသားထဲ၌ မှားယွင်းသူများတို့အားမေတ္တာနှင့်သနားခြင်းစိတ်ရှိပြီး ပျောက်သောသိုး၏ပုံပမာပုံဆောင်ထားသကဲ့သို့ဖြစ်ရမည်။ သို့သော် အပြစ်အတွက်သူတို့၌ပျော့ညံ့သောစကားလုံးများမရှိရပါ။ အစစ်မှန်ဆုံးသောမိတ်သဟာယဖွဲ့ခြင်းကိုပြသကာ သူတို့သည် ဘက်လိုက်ခြင်းနှင့်ယောင်ဆောင်ခြင်းကင်းစွာဖြင့် အမှားကိုပြုပြင်ရမည်။ ယေရှုသည် အပြစ်နှင့်ပြည့်ဝ၍ ညစ်ညမ်းသောခေတ်တွင်နေထိုင်ခဲ့သည်။ သူသည် လူတို့အားသတိမပေး၊ ပြုပြင်ဆုံးမခြင်း၊ ကယ်တင်ခြင်းစီမံကိန်းနှင့်အညီမပြုလုပ်ရမချင်း ဤလောကနှင့်သူသည် ငြိမ်သက်ခြင်းမရရှိပါ။ Letter 12, 1890. [Ev 368.3]

**ဘုရားသခင်၏လမ်းနှင့်အညီမှားယွင်းမှုကိုဖြေရှင်းခြင်း** – ဘုရားသခင်သည် အသင်းတော်များအထဲ၌ ပျင်းရိစွာလုပ်ဆောင်ခြင်းကိုမနှစ်သက်ပါ။ သူ၏ဘဏ္ဍာစိုးများတို့သည် ဆုံးမခြင်းနှင့်ပဲ့ပြင်ခြင်းတို့ကို မှန်ကန်စွာနှင့်သစ္စာရှိစွာ



လုပ်ဆောင်ရန် သူမျှော်လင့်လျက်ရှိသည်။ သူတို့သည် ဘုရားသခင်မှပေးသော မိမိတို့၏အတွေးအခေါ်နှင့် စိတ်ကူးပေါက်သောအရာများမဟုတ်သည့် နှုတ်ကပတ်တော်စည်းမျဉ်းများအပြင် မှားယွင်းသောအရာကိုဖယ်ရှားပစ်ရမည်။ မည်သည့်ကြမ်းတမ်းသောနည်းလမ်းများကို အသုံးမပြုရပါ။ မတရားသော၊ ကတိုက်ကရိုက်စိတ်ကူးရသလိုပြုလုပ်သောအရာမဖြစ်စေရပါ။ အသင်းတော်၏မသန့်ရှင်းသောစာရိတ္တကို ကြိုးစား၍သန့်ရှင်းစေရာ၌ ဘုရားသခင်၏နည်းလမ်းအတိုင်း ဆောင်ရွက်ကြရမည်။ ဘက်လိုက်ခြင်း၊ ယောင်ဆောင်ခြင်းမရှိစေရပါ။ အပြစ်များကိုပြုလုပ်သောသူတို့အား အခြားသူများတို့၏ပြုလုပ်သောအပြစ်ထက်နည်းသည်ဟုသဘောထားပြီး၊ မျက်နှာသာပေးခြင်းမပြုရပါ။ အို၊ ကျွန်ုပ်တို့အားလုံး သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံခံယူခြင်းကို မည်မျှလိုအပ်လျက်ရှိပါသနည်း။ ထိုကြောင့် ခရစ်တော်၏စိတ်သဘောကြင်နာခြင်း၊ မေတ္တာတရားနှင့်သနားခြင်းကရုဏာဖြင့် အပြစ်သားများအတွက် မေတ္တာပြကာ တစ်ကြိမ်တည်းတွင်အပြစ်ကိုလုံးလုံးလျားလျားမုန်းတီးခြင်းဖြင့် အမြဲလုပ်ဆောင်ကြရပါလိမ့်မည်။ Manuscript 8a, 1888. [Ev 368.4]

**အမှားများကိုပေါလုမည်ကဲ့သို့ပြုပြင်သနည်း** – ယုံကြည်သူများတို့၏အဖွဲ့အစည်း၌ ပြိုင်ဆိုင်ခြင်းများသည် ဘုရားသခင်၏အလိုတော်နှင့်မညီပါ။ ၎င်းတို့သည် ပင်ကိုယ်ဇာတိနှလုံးသား၏အရည်အသွေးများမှ ပေါ်ပေါက်လာသောအကျိုးရလဒ်ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ဖြစ်ခြင်းနှင့် စည်းလုံးမှုမရှိခြင်းကိုဖြစ်ပေါ်စေသည့်လူအားလုံးတို့အတွက် ပေါလု၏စကားများမှာ သင့်လျော်လှပါသည်။ "ညီအစ်ကိုတို့၊ အထက်ကငါသည်ဝိညာဉ်လူတို့အားဟောပြောသကဲ့သို့ သင်တို့အားဟောပြောရသောအခွင့်မရှိဘဲ ဇာတိပကတိလူတို့အားလည်းကောင်း၊ ခရစ်တော်၌သူငယ်ကလေးတို့အားလည်းကောင်း ဟောပြောသကဲ့သို့ဟောပြောရ၏။ ယခုတိုင်အောင်သင်တို့သည် ခဲဖွယ်စားဖွယ်ကိုမကြေနိုင်သောကြောင့် ငါမကျွေးရ၊ နို့ကိုသာတိုက်ရ၏။ ယခုပင်လည်း သင်တို့သည်မကြေနိုင်ကြသေး။" ဤနေရာ၌ ပေါလုသည် မိမိတို့၏အခွင့်အရေး

များ၊ အခွင့်ကောင်းအခါကောင်းများတို့နှင့် တိုးတက်မှုအချိုးအစားမကိုက်ညီသည့်ပုဂ္ဂိုလ်များတို့အား ပြောဆိုခြင်းဖြစ်ပါသည်။ ကြားနာရသောရှင်းလင်းသည့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတို့သည် သယ်ဆောင်နိုင်စွမ်းရှိသင့်ကြသော်လည်း သူတို့၏အခြေအနေမှာ တပည့်တော်များတို့အား ခရစ်တော်ပြောခဲ့သည့်အခါကကဲ့သို့ရှိနေပါသည်။ “သင်တို့အားငါပြောစရာစကားအများရှိသော်လည်း သင်တို့သည်ယခုမခံနိုင်ကြ။” သူတို့သည် ဝိညာဉ်ရေးအသိတရား၌ များစွာတိုးတက်ရန်သင့်ပြီး နှုတ်ကပတ်တော်၏သာ၍မြင့်မားသောအမှန်တရားကိုနားလည်ကာ လိုက်လျှောက်နိုင်ရမည်ဖြစ်သော်လည်း သူတို့သည် သန့်ရှင်းခြင်းမရှိကြပါ။ သူတို့သည် မိမိတို့၏ဘိုးဘေးဘီဘင်အစဉ်အလာများတို့မှ ဖယ်ရှားပစ်ခြင်းကိုခံရမည်ဖြစ်ပြီး အမှားပြုတတ်သောအမူအကျင့်များတို့ကိုပျိုးထောင်ခဲ့ခြင်းတို့ကို မေ့ပျောက်ခဲ့ကြရန်နှင့် ပင်ကိုယ်ဇာတိစိတ်၏အရည်အသွေးများတို့ကို မြတ်နိုးခြင်းမရှိကြရန်ဖြစ်သည်။

အမှန်တရားကိုယုံကြည်သည်ဟုဆိုသော အပြစ်ကျူးလွန်သူတချို့မပါဘဲ ပြစ်မှားသူတို့ကိုဆုံးမရန် တမန်တော်အတွက်မဖြစ်နိုင်ပါ။ စိတ်ကိုနူးညွတ်စေသည့်သက်သေခံချက်သည် ကောင်းကျိုးမပေးနိုင်ပါ။ အကြောင်းမှာ သူတို့သည် သူတို့၏ဝိညာဉ်ရေးအသိတရားပျောက်ဆုံးနေသောကြောင့်ဖြစ်သည်။ မနာလိုစိတ်ရှိခြင်း၊ မကောင်းသတင်းပြောဆိုခြင်းနှင့်စွပ်စွဲခြင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်လုပ်ဆောင်ခြင်းတံခါးကိုပိတ်ထားခြင်းကြောင့်ဖြစ်သည်။ ပေါလုသည် ဝမ်းမြောက်စွာဖြင့် သာ၍မြင့်ရာအရပ်နှင့် ပို၍ခက်ခဲသောအမှန်တရားအပေါ်ရပ်တည်ကာ အင်အားကြွယ်ဝသည့်အမှန်တရားများဖြင့် သွန်သင်ဆုံးမသော်လည်း သူ၏သွန်သင်ပို့ချခြင်းသည် သူတို့၏မနာလိုစိတ်များကို တိုက်ရိုက်ဆန့်ကျင်ခြင်းကြောင့် သူတို့လက်ခံ၍မရပါ။ ၎င်းအချိန်အတွက် လိုအပ်သည့်အမှန်တရားကို သူတို့အားဆုပ်ကိုင်ထားနိုင်စေရန် မွန်မြတ်နက်နဲသောဘုရားဝတ်၌မွေ့လျော်ခြင်းကို ပြောဆို၍မရပါ။ အစာကြေညက်စေနိုင်သောအစာအိမ်အတွက် အခက်အခဲမပြုနိုင်သည့်



နို့ရည်ကဲ့သို့သောသင်ခန်းစာများကို တမန်တော်တို့သည် ရွေးချယ်ကြရမည်။ နက်နဲခက်ခဲသောအရာများကို ပြောဆိုခြင်းမပြုရပါ။ အကြောင်းမှာ ထိုအကြောင်းအရာများတို့ကို နားထောင်သောသူတို့အတွက် နားလည်မှုလွဲခြင်းနှင့်မဆီလျော်ခြင်းဖြစ်သည့်အတွက် ပို၍လွယ်ကူသောနှုတ်ကပတ်တော်အမှန်တရားများကို လိုအပ်သည့် နုနယ်သောပြောင်းလဲသူများသို့သာ ဟောပြောရမည်။ [Ev 370.1]

ခရစ်တော်အားဖြင့် ဘုရားသခင်အတွက်သန့်ရှင်းခြင်းသည် ခရစ်ယာန်များအတွက် လိုအပ်သောအရာဖြစ်သည်။ အကယ်၍ အသင်းတော်ထဲ၌ မှားယွင်းမှုများရှိပါက မဆိုင်းမတွဖြေရှင်းကြရမည်။ တချို့သောသူတို့ကို ပြင်းထန်စွာဆုံးမရပါလိမ့်မည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် မှားယွင်းသူတို့အတွက် အကျိုးမယုတ်စေပါ။ ဝိညာဉ်၏သစ္စာရှိသောသမားတော်ကြီးသည် ရောဂါထပ်မံ၍မဖြစ်ပေါ်ရန် နက်စွာဖြတ်တောက်မှုကိုပြုရပါသည်။ ဆုံးမခြင်းပြုပြီးသည့်နောက် နောင်တရခြင်းနှင့်အပြစ်ဝန်ချခြင်းလိုက်လာကာ ဘုရားသခင်သည် အခမဲ့ခွင့်လွှတ်ပြီး၊ ကုသပျောက်ကင်းစေလိမ့်မည်။ အပြစ်ဝန်ချခြင်းပြုသည့်အခါတိုင်း ဘုရားရှင်အမြဲခွင့်လွှတ်လျက်ရှိပါသည်။ Review and Herald, Dec. 11, 1900. [Ev 370.2]

**ဇီအုန်၏ဒုက္ခပေးသူများ –** ကျွန်ုပ်တို့၏အသင်းတော်များအတွင်းပြုပြင်သည့်အလုပ်ကို ဟန့်တားသောအမှန်တရားကို ယုံကြည်သူတို့ရှိကြသည်။ သူတို့သည် ကယ်တင်ခြင်းကားဘီးများတို့၏လည်ပတ်ခြင်းကိုခတ်ထားသည့်ထိပ်တုံးများဖြစ်ကြသည်။ ဤလူတန်းစားသည် မကြာခဏဒုက္ခပေးတတ်သည်။ သံသယရှိခြင်းများ၊ မနာလိုစိတ်များနှင့်မသင်္ကာခြင်းများတို့သည် တစ်ကိုယ်ကောင်းစိတ်၏အသီးများဖြစ်ပြီး သူတို့၏ပင်ကိုယ်ဗီဇစိတ်ကို ရစ်ပတ်လျက်ရှိပုံပေါ်သည်။ ဤလူတန်းစားတို့၏နာမည်ကို “အမြဲအသင်းတော်၏ညည်းတွားသူများ” ဟု ကျွန်ုပ်အမည်ပေးလိုပါသည်။ သူတို့သည် အသင်းတော်ကို ဓမ္မဆရာနှစ်ဦးထက်ပို၍ဒုက္ခပေးနိုင်ပါသည်။ သူတို့သည် အသင်းတော်အတွက် အခွန်အတုတ်တစ်ခုနှင့် ခရစ်တော်၏ဓမ္မအမှုတော်ဆောင်များအတွက် ဝန်ထုပ်

ကြီးတစ်ခုဖြစ်ပါသည်။ ယုံမှားသံသယရှိခြင်း၊ မနာလိုခြင်းနှင့်မုန်းဆခြင်း လေထုထဲ၌ သူတို့နေထိုင်ကြပါသည်။ ခရစ်တော်၏သံတမန်များတို့သည် အချိန်များစွာယူပြီး ဆိုးသွမ်းသောသူတို့၏အလုပ်ကိုဖြေရှင်းခြင်း၊ အသင်းတော်ထဲ၌ ညီညွတ်ခြင်းနှင့်စည်းလုံးခြင်းကိုပြန်လည်ရရှိရန်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်လိုအပ်ပါသည်။ ဘုရားသခင်၏အစေခံများအတွက် ဤအလုပ်ကိုဆောင်ရွက်ရန် ရဲရင့်ခြင်းနှင့်ခွန်အားလိုအပ်ပြီး သူတို့၌ဆောင်ရွက်ရမည့် ပျက်စီးခြင်းသို့ ဝိညာဉ်များမရောက်ရှိရန် ကယ်တင်ရမည့်တာဝန်ကိုထိပါးစေပါသည်။ ဤဇိအုန်၏ဒုက္ခပေးသူများတို့ကို မိမိတို့၏လုပ်ရပ်များအတိုင်း ဘုရားသခင်မှအဖိုးအခပေးသွားပေလိမ့်မည်။ [Ev 370.3]

ခရစ်တော်၏ဓမ္မအမှုဆောင်များတို့သည် မိမိတို့၏အခြေအနေကို နားလည်မည်ဖြစ်ပါက ဤမာရ်နတ်၏ကိုယ်စားလှယ်များအားဖြင့် သူတို့၏လုပ်ငန်းထဲ၌ဟန့်တားမှုမဖြစ်စေရပါ။ အကယ်၍သူတို့သည် မိမိတို့၏ကိုယ်ကိုဤလောကအား ကြီးမားသည့်နောက်ဆုံးသောကယ်တင်ခြင်းသတိပေးစကား၏အလုပ်မှ ဆိုင်းငံ့၍နေခဲ့ပါသော် ဤအရာများကိုမေးခွန်းထုတ်ရန်၊ ဝိနည်းရှောင်ရန်၊ ဝေဖန်ရန်လုံလောက်မည်ဖြစ်ပြီး ဘုရားသခင်၏ဓမ္မအမှုဆောင်များတို့ကို အမြဲအလုပ်များစေရန်ထားရှိနိုင်လိမ့်မည်။ အကယ်၍ အသင်းတော်သည် မသန့်ရှင်းသောညည်းတွားမြည်တမ်းသူတို့၏ပုန်ကန်ထကြွလိုသောခံစားချက်များတို့ကိုတားဆီးရန် ခွန်အားမရှိပါက အသင်းတော်များအထဲ၌ ခွန်အား၊ စည်းလုံးခြင်းနှင့်တန်ခိုးရှိသည့်တန်ဆာပလာများရှိပြီး အသင်းတော်ကိုပို၍ကောင်းမွန်အောင်ပြုလုပ်နိုင်သည့် ရာချီသောဝိညာဉ်များတို့ကိုကယ်တင်ရန် အခွင့်အရေးလက်လွှတ်ဆုံးရှုံးခြင်းထက် အသင်းတော်နှင့်ညည်းတွားမြည်တမ်းသူများတို့ကိုစွန့်လွှတ်လိုက်ခြင်းသည် သာ၍ကောင်းမည်ဖြစ်ပါသည်။ [Ev 371.1]

ဓမ္မအမှုဆောင်များနှင့်အသင်းတော်များအတွက် အကောင်းဆုံးသောနည်းလမ်းမှာ ဤအပြစ်ရှာသူ၊ ကောက်ကျစ်သောသူတို့ကိုဂရုမစိုက်ဘဲ မိမိ





တို့၏ကိုယ်တိုင်မူရင်းအခြေအနေ၌ရှိစေပြီး ကမ်းခြေမှရေနက်ရာသို့ရွှေ့ကာ ဧဝံဂေလိဓမ္မပိုက်ကွန်ကို ငါးအတွက်တစ်ဖန်ပစ်ချခြင်းဖြင့် မိမိတို့အပေါ်ပေးအပ်ထားသောလုပ်ငန်းတာဝန်ကို အကျိုးရှိစွာလုပ်ဆောင်သွားရန်ဖြစ်သည်။ တချို့သောသူများတို့သည် အမှန်တရားကိုဆုပ်ကိုင်ထားသော်လည်း ပင်ကိုယ်အားဖြင့် အပြစ်ရှာခြင်းနှင့် ဘုရားသခင်၏အမှုတော်တိုးတက်ရေးအတွက် ရှိသမျှသောမှောင်မိုက်နှင့်ခက်ခဲမှုအားလုံးကိုဖြစ်စေသောအခါ မာရ်နတ်အားဝမ်းမြောက်ဝမ်းသာစေပါသည်။ ယခုအရေးကြီးသောကာလ၌ ဓမ္မအမှုဆောင်များတို့သည် တစ်ကြိမ်က အမှန်တရား၏အင်အားကိုတွေ့မြင်ခဲ့သူတို့အား လုပ်ငန်းရပ်တန့်ရန်အတွက် သူတို့ကိုထောက်ခံအားပေးခြင်းမပြုရပါ။ သူတို့အနေဖြင့် နယ်မြေသစ်သို့သွားရောက်အမှုထမ်းစဉ် သူတို့ကိုချုပ်ကိုင်ထားပြီး သူတို့အားမိမိကြွလာသောအခါ အပြစ်ကင်းမဲ့စွာထိန်းသိမ်းထားနိုင်သော ခရစ်တော်အပေါ်၌သာ ယုံကြည်သူခရစ်ယာန်များတို့အား ခိုင်မြဲစွာချည်နှောင်ထားသင့်သည်။ The True Missionary, February, 1874. [Ev 371.2]

## ပြန်လည်၍ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း

**ယခင်နှစ်ခြင်းမင်္ဂလာခံယူခြင်း၌ကျေနပ်မှုမရှိသောအခါ –** ယခုအချိန်၌ မထင်မမှတ်ဘဲနှင့် ဘုရားသခင်၏ပညတ်တော်တစ်ခုခုကို လွန်ကျူးသူများစွာရှိကြသည်။ အသိတရားဝင်လာပြီး ပညတ်တော်လေးပါးတစ်ပါး၏တောင်းဆိုချက်အလင်းတရားကိုသိရှိလာသောအခါ ဘုရားသခင်၏ရှေ့မှောက်၌ အပြစ်သားများဟု မိမိတို့ကိုယ်ကိုတွေ့မြင်လာကြသည်။ "အပြစ်သည် ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သည်။" ထိုနောက် "ပညတ်တစ်ခုလွန်ကျူးမိပါက အားလုံးကိုလွန်ကျူးခြင်းဖြစ်သည်။" [Ev 372.1]

အမှန်တရားကိုရိုးသားစွာရှာဖွေသောသူသည် ပညတ်တော်ကိုမသိနားမလည်ခြင်းအတွက်ရှင်းပြပြီး မိမိ၏လွန်ကျူးရခြင်းအကြောင်းကို ဆင်ခြင်

ပေးမည်မဟုတ်ပါ။ အလင်းကိုသူ၏လက်လှမ်းမီရာ၌ရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည်ရှင်းလင်းပြီး ခရစ်တော်သည် ၎င်းကိုရှာဖွေရန်မိန့်မှာတော်မူသည်။ သူသည် ဘုရားသခင်၏တရားတော်ကို သန့်ရှင်းခြင်း၊ တရားခြင်းနှင့်ကောင်းမြတ်ခြင်းကဲ့သို့ရှိသေပြီး သူသည် မိမိလွန်ကျူးခြင်းကိုနောင်တရသည်။ ယုံကြည်ခြင်းအားဖြင့် သူသည် ခရစ်တော်၏အပြစ်အတွက်ပူဇော်ခံခဲ့သောအသွေးတော်ကိုတောင်းလျှောက်ကာ အပြစ်လွှတ်ခြင်း၏ကတိတော်ကို ဆုပ်ကိုင်ထားပါသည်။ ယခင်နှစ်ခြင်းမင်္ဂလာခံယူခြင်း၌ သူသည် ယခုကျေနပ်ခြင်းမရှိပါ။ ဘုရားသခင်၏တရားတော်အားဖြင့် အပြစ်စီရင်ခြင်းခံရသောအပြစ်သားတစ်ဦးအဖြစ် မိမိကိုယ်ကိုတွေ့မြင်သည်။ သူသည် အပြစ်မှသေခြင်း၏ဗဟုသုတကိုရရှိပြီး သူသည် တစ်ဖန်ခရစ်တော်နှင့်အတူ နှစ်ခြင်းမင်္ဂလာခံယူခြင်းအားဖြင့် မြှုပ်နှံခြင်းကိုခံယူကာ ရေသချိုင်းမှထလာပြီး၊ အသစ်သောအသက်တာဘဝဖြင့် လျှောက်လှမ်းလိုသောဆန္ဒရှိပါသည်။ ဤကိစ္စသည် ယုံကြည်သောယုဒလူတို့အား ရှင်ပေါလုနှစ်ခြင်းမင်္ဂလာပေးသောပုံပမာနှင့်ဆီလျော်ပါသည်။ ၎င်းအဖြစ်အပျက်ကို ဝိညာဉ်တော်အားဖြင့် အသင်းတော်အားသွန်သင်သည့်သင်ခန်းစာတစ်ခုအဖြစ် မှတ်တမ်းတင်ထားပါသည်။ Sketches From the Life of Paul, p. 133. (1883) [Ev 372.2]

**ယုံကြည်သူအသစ်များအတွက်စမ်းသပ်ခြင်းမေးခွန်းကိုမပြုလုပ်ရန်** – ပြန်လည်နှစ်ခြင်းခံယူခြင်းကိစ္စကို သတိကြီးစွာဖြင့်ကိုင်တွယ်သင့်သည်။ အမှန်တရားနှင့်ပတ်သက်သောဥပုသ်နေ့မေးခွန်းနှင့် ကျွန်ုပ်တို့ယုံကြည်ခြင်း၏အရေးကြီးသောအခြားအချက်အလက်များ ဟောပြောတင်ပြပြီးနောက် ဝိညာဉ်များတို့သည် အမှန်တရားအပေါ်သူတို့ရပ်တည်ရန် ရဲရင့်သောစိတ်ဓာတ်ကိုဖော်ပြပြီး အကယ်၍သူတို့သည် လုံးလုံးလျားလျားပြောင်းလဲကြပါက ဤမေးခွန်းကို ကျမ်းစာအလင်းထဲမှ သူတို့သည်တွေ့မြင်ကြလိမ့်မည်။ သို့သော် တချို့သောသူများသည် ဤမေးခွန်းများကို ပညာသားပါစွာကိုင်တွယ်ခြင်းမပြုသည့်အတွက် ဤအချက်အပေါ်ဘုရားသခင်သည် အကြိမ်ပေါင်းများစွာဆုံးမခြင်းကိုပြုခဲ့



ရသည်။ ပြန်လည်နှစ်ခြင်းခံယူခြင်းကိစ္စကိုရှေ့တန်းတင်ပြီး ဥပုသ်နေ့၏အရေးကြီးခြင်းကိစ္စကဲ့သို့ထားရှိပါက လူတို့၏စိတ်ထဲ၌ မှန်ကန်သောစွဲလမ်းခြင်းကိုမထားရှိနိုင်ဘဲ ဤအကြောင်းကိစ္စကိုလည်း မှန်ကန်စွာပုံဖော်ခြင်းမပြုနိုင်ပါ။ အမျိုးအစားတော်စပ်သောအမှန်တရားကို ဥပုသ်နေ့ကိစ္စဖြင့် သေချာစွာခွဲခြားနိုင်ရန်လိုအပ်သည်။ အချိန်ကာလနှင့်ဆီလျော်စွာ အကြောင်းအရာတစ်ခုစီကိုမှန်ကန်စွာခွဲခြားတင်ဆက်ကြရမည်။ [Ev 372.3]

ဥပုသ်နေ့အခက်အခဲကိုဆွဲကိုင်ထားသောသူသည် ကြီးမားသောတိုက်ပွဲတစ်ခုကို မိမိကိုယ်နှင့်သော်လည်းကောင်း မိမိကိုယ်ကျိုးကိစ္စများနှင့်သော်လည်းကောင်း သူတို့၏ဝိညာဉ်နှင့်ဘုရားစပ်ကြားတွင် ဝင်ရောက်စွက်ဖက်စေပါမည်။ ထိုနောက် ကြီးမားသောခြေလှမ်းကိုယူပြီး သူတို့၏ခြေကိုထာဝရအမှန်တရား၏စင်မြင့်ပေါ်၌ချထားသောအခါ၊ သူတို့သည် မိမိတို့၏အသစ်သောအခြေအနေအပေါ်ရပ်တည်နိုင်ရန် ကျင့်သားရရှိဖို့အချိန်ယူရပါလိမ့်မည်။ ပြန်လည်နှစ်ခြင်းခံယူခြင်း၏ကိစ္စ၌ ဆန္ဒစောခြင်းမရှိသင့်ပါ။ မည်သူမျှအခြားသူအတွက်အကောင်းအဆိုးခွဲခြားသိသောစိတ်၏တာဝန်ကိုယူခြင်း၊ သို့မဟုတ်ပြန်လည်နှစ်ခြင်းခံယူရန်တောင်းဆို၍ ဖိအားပေးခြင်းမပြုသင့်ပါ။ [Ev 373.1]

ဤကိစ္စသည် တစ်ဦးစီမှဘုရားကိုကြောက်ရွံ့သောစိတ်ဖြင့် မှန်ကန်စွာခွဲခြားတာဝန်ယူရမည့်ကိစ္စဖြစ်သည်။ ဤကိစ္စကိုသိမ်မွေ့စွာမေတ္တာစိတ်ဖြင့် သတိကြီးစွာတင်ပြသင့်သည်။ ထိုနောက် တောင်းဆိုခြင်းတာဝန်သည် မည်သူနှင့်မျှမသက်ဆိုင်ဘဲ ဘုရားနှင့်သာသက်ဆိုင်ပါသည်။ စိတ်နှလုံးသားများအပေါ်သူ၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့်အလုပ်လုပ်ရန် ဘုရားသခင်ကိုအခွင့်အရေးပေးပါ။ သို့မှသာ ထိုပုဂ္ဂိုလ်သည် ပြည့်ဝစွာယုံကြည်ပြီး ဤကိစ္စနှင့်ပတ်သက်၍ ကျေနပ်စွာဖြင့်ဤအဆင့်သို့တက်လှမ်းနိုင်ပါလိမ့်မည်။ ဤကိစ္စအပေါ်ငြင်းခုံခြင်းနှင့်ပြိုင်ဆိုင်ခြင်းစိတ်ဓာတ်ကို မည်သည့်အခါမျှခွင့်မပြုသင့်ပါ။ ဘုရားသခင်၏အလုပ်ကို သူ့ထံမှယူ၍ သင်တာဝန်ယူဆောင်ရွက်ခြင်းမပြုပါနှင့်။ ဘုရားသခင်၏ပညတ်တော်များအပေါ် သေချာစွာမိမိတို့၏အခြေအနေ

ကိုရယူသောသူတို့သည် အကယ်၍မှန်ကန်စွာရပ်တည်ပါက လိုအပ်သည့်အမှန်တရားအားလုံးကို လက်ခံလိမ့်မည်။ သို့သော် လူ့သဘောတို့နှင့်ဆက်ဆံရာတွင် သတိပညာလိုအပ်ပါသည်။ တချို့သောသူများတို့သည် တချို့အမျိုးအစားတူညီသည့်အမှန်တရားများကို အခြားသူများတို့ထက်တွေ့မြင်နားလည်နိုင်စွမ်းမရှိပါ။ အထူးသဖြင့် ပြန်လည်နှစ်ခြင်းခံယူခြင်းကိစ္စနှင့်ပတ်သက်ပါသည်။ သို့သော် ဘုရားသခင်၏လက်တော်သည် သူတို့ကိုပို့ဆောင်လျက်ရှိပါသည်။ ဘုရားရှင်၏ဝိညာဉ်တော်သည် သူတို့၏စိတ်နှလုံးသားကိုနှိုးဆော်ပြီး သူတို့ဆောင်ရွက်သွားနိုင်ရန် သူတို့နားလည်ကြလိမ့်မည်။ [Ev 373.2]

စိတ်အားထက်သန်သော ကျွန်ုပ်တို့၏ညီအစ်ကိုများကို ပို၍မလုပ်ဆောင်စေပါနှင့်။ ဘုရားသခင်တားမြစ်ထားသောအရာကို ဘုရားသခင်ထက်သူတစ်ပါးတို့အားစမ်းသပ်ခြင်းများကိုပြုလုပ်ခြင်းဖြင့် သူတို့အတွက်အန္တရာယ်ဖြစ်စေလိမ့်မည်။ မည်သူ့ကိုမျှပြန်လည်၍နှစ်ခြင်းခံယူခြင်းကိုတောင်းဆိုခြင်းသည် ကျွန်ုပ်တို့၏ဆရာများအလုပ်မဟုတ်ပါ။ သူတို့၏တာဝန်မှာ သမ္မာကျမ်းစာအမှန်တရားများ၏ကြီးမားသောစည်းမျဉ်းများကို ချမှတ်ရန်ဖြစ်သည်။ အထူးသဖြင့် ပြန်လည်၍နှစ်ခြင်းခံယူခြင်းကိစ္စတွင် အရေးကြီးပါသည်။ စိတ်နှလုံးပြောင်းလဲခြင်းအလုပ်ကို ဘုရားသခင်အားသာပြုလုပ်စေပါ။ [Ev 374.1]

စတုတ္ထပညတ်ဥပုသ်နေ့ကို ရိုးသားစွာလက်ခံသောသူတိုင်း အချိန်မီမိမိ၏တာဝန်ကိုတွေ့ပြီး နားလည်သူများဖြစ်သည်။ သို့သော် တချို့သူများအတွက်အချိန်ယူရပါမည်။ အမှန်တရားထံသို့အသစ်ရောက်ရှိလာသူတို့အားအတင်းအဓမ္မတွန်းပို့ရမည့်ကိစ္စတစ်ခုမဟုတ်ပါ။ သို့သော် ဤကိစ္စ၌အကယ်၍ကျွန်ုပ်တို့၏ညီအစ်ကိုဓမ္မအမှုဆောင်များတို့သည် ဘုရားသခင်၏ကြံရွယ်ချက်ကို ဂရုမမူ၊ လျင်မြန်စွာမပြုပါက တဆေးကဲ့သို့ ဖြည်းညင်းတိတ်ဆိတ်စွာမိမိ၏အလုပ်ကိုလုပ်သွားလိမ့်မည်။ [Ev 374.2]

ဤကိစ္စအပေါ်ကြာမြင့်စွာကြည့်ပြီးစဉ်းစားလျက် ရှင်းလင်းစွာတွေ့မြင်ပါက အခြားသူအားလုံးတို့သည် သူတို့နည်းတူတွေ့မြင်ကြပေလိမ့်မည်။



ယုံကြည်ခြင်းသို့ရောက်ရှိလာသူတချို့တို့အတွက် ဤကိစ္စမှာ သူတို့၏ယခင်ဘာသာရေးဗဟုသုတအားလုံးတို့နှင့်ဆန့်ကျင်နေသည်ဟု သူတို့စဉ်းစားဆင်ခြင်ခြင်း၌မရှိစေရပါ။ သို့သော် ဤကိစ္စနှင့်ပတ်သက်၍ တစ်မူထူးစဉ်းစားရမည့်အချိန်ရှိပါလိမ့်မည်။ အမှန်တရားကိုအမြဲတစေ သူတို့၏စိတ်ထဲ၌ဖော်ပြသွားသည်နှင့်အညီ မည်ကဲ့သို့သောခြေလှမ်းများဖြင့် ရှေ့သို့ချီရမည်ကို သူတို့တွေ့မြင်ရလိမ့်မည်။ အသစ်သောအလင်းသည် သူတို့၏လမ်းခရီးကိုအလင်းပေးလိမ့်မည်။ အကယ်၍လူတို့မှသူတို့အားဝင်ရောက်၍ မိမိတို့ထင်သည့်အမှန်တရားသို့တွန်းပို့ခြင်းမပြုပါက ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့၏စိတ်ထဲ၌အလုပ်လုပ်သွားလိမ့်မည်။

ယခုဤကိစ္စကို ရှင်းလင်းစွာနားလည်စေပါ။ တစ်ကြိမ်ပြီးတစ်ကြိမ်ကျွန်ုပ်တို့၏ဗဟုသုတများအားဖြင့် ပြန်လည်ရေနှစ်ခြင်းခံယူခြင်းကိစ္စနှင့်ပတ်သက်၍ သက်သေခံချက်များကို ကျွန်ုပ်တို့၏ညီအစ်ကိုများသတိပြုကြရန် ကျွန်ုပ်အားပေးပါသည်။ ကောင်းသောကျွန်ုပ်၏ညီအစ်ကိုနှင့် အခြားများစွာသောကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့အတွက် ကျွန်ုပ်ပြသခြင်းခံရသည်မှာ ပြန်လည်ရေနှစ်ခြင်းခံယူခြင်းကိစ္စကို ရှေ့တန်းတင်ခြင်းအားဖြင့် မိမိတို့၏ဗဟုသုတမှတချို့နေရာတွင် အမှားပြုလုပ်ခြင်းပင်ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ဤကိစ္စကိုဆောင်ရွက်ခြင်းမပြုသင့်ပါ။ ဤကိစ္စကို ကြီးမားသောအခွင့်အရေးနှင့်ကောင်းချီးမင်္ဂလာတစ်ခုကဲ့သို့ဆောင်ရွက်ရမည်ဖြစ်ပြီး အကယ်၍သူတို့၌ဤကိစ္စအပေါ်မှန်သောအတွေးအခေါ်များရှိပါက ပြန်လည်နှစ်ခြင်းခံယူသူအားလုံးတို့သည် ၎င်းအတိုင်းစဉ်းစားဆင်ခြင်မည်ဖြစ်ပါသည်။ ဤကောင်းသောညီအစ်ကိုများတို့သည် ယုံကြည်ခြင်းသို့အသစ်ရောက်ရှိလာသောသူတို့အတွက်တစ်ဆင့်ပြီးတစ်ဆင့် သတိကြီးစွာဖြင့်ကာကွယ်စောင့်ရှောက်ခြင်းမပြုပါက အချိန်အနည်းငယ်ဖြင့် သိမ်မွေ့စွာသတိဖြင့်သူတို့အားဆက်ဆံခြင်းကြောင့် ဤကဲ့သို့ဝမ်းနည်းဖွယ်အကျိုးများကိုကာကွယ်နိုင်မည့်အစား ရရှိမည့်အကျိုးမှာ တချို့သောသူတို့သည် အမှန်တရားမှရှောင်ဖယ်သွားကြမည်ဖြစ်သည်။ Letter 56, 1886. [Ev 375.1]

**ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏ပြန်လည်ပြောင်းလဲခြင်းနှင့်ပြန်လည်နှစ်ခြင်းခံယူခြင်း** – ထင်ရှားစွာပြန်လည်ပြုပြင်ခြင်းအတွက် ဘုရားသခင်ခေါ်တော်မူသည်။ ပုဂ္ဂိုလ်တစ်ဦးသည် အမှန်တကယ်ပြောင်းလဲလာပါက သူ့အားပြန်လည်၍နှစ်ခြင်းမင်္ဂလာခံယူစေပါ။ ဘုရားသခင်နှင့်အသစ်တစ်ဖန်ပဋိညာဉ်ပြုစေပြီး ဘုရားသခင်သည် သူနှင့်အသစ်တစ်ဖန်ပဋိညာဉ်ပြုစေပါ။ ဘုရားသခင်၏သက်သေခံများကဲ့သို့ သူတို့သည် အမှန်တရား၏တန်ခိုးအရှိန်အဟုန်ဖြင့် ဝိညာဉ်ကိုသန့်ရှင်းစေခြင်းငှာအတွက် အသင်းဝင်များအထဲ၌ ပြန်လည်၍ပြောင်းလဲခြင်းရှိစေရပါမည်။ Letter 63, 1903. [Ev 375.2]

## ဘုရားဝတ်ပြုဆောင်များကိုပြင်ဆင်ပေးခြင်း

**အမှန်တရားအတွက်အောက်မေ့ဖွယ်ရာများ** – တော၊ သို့မဟုတ် မြို့၌ စိတ်ဝင်စားမှုဖြစ်ပေါ်လာသောအခါ၊ ထိုစိတ်ဝင်စားမှု၏နောက်သို့ ဆက်လက်၍လှုပ်ရှားမှုပြုရမည်။ ထိုနေရာ၌နှိမ့်ချသောဝတ်ပြုဆောင်တစ်ခုမှတ်တိုင်အဖြစ်ရပ်တည်နိုင်ရန် ဘုရားသခင်၏ဥပုသ်နေ့အောက်မေ့ဖွယ်ရာတစ်ခုဖြစ်ပေါ်စေရန်၊ မှောင်မိုက်သောစာရိတ္တ၏အလယ်တွင် အလင်းတစ်ခုထွန်းလင်းစေနိုင်ရန်အခြေအနေသို့ရောက်ရှိသည့်တိုင်အောင် သေချာစွာလုပ်ကိုင်ဆောင်ရွက်သင့်သည်။ ဤအောက်မေ့ဖွယ်ရာအမှတ်အသားသည် နေရာများစွာတို့၌ အမှန်တရား၏သက်သေခံအဖြစ်ရပ်တည်ရပါမည်။ ဘုရားသခင်သည် မိမိ၏ကရုဏာကြောင့်ပြင်ဆင်ပေးသော ဧဝံဂေလိသတင်းစကားပို့ဆောင်သူများအားဖြင့် နိုင်ငံများ၊ လူမျိုးများနှင့်လူအများတို့ထံသို့ အမှန်တရား၏စံချိန်ကို လူရှိရာအရပ်ဒေသအားလုံးတို့၌ အခြေချနိုင်သည့်တိုင်အောင် သွားရောက်လုပ်ဆောင်ကြရပါမည်။ Testimonies, vol. 6, p. 100. (1900) [Ev 375.3]

**မြဲမြံသောအလုပ်တစ်ခုကိုခိုင်မာစေသည်** – ယုံကြည်သူအဖွဲ့ငယ်လေးတစ်ခုထူထောင်သည့်အခါတိုင်း ဝတ်ပြုရာအဆောင်တစ်ခုကိုဆောက်လုပ်ပေးသင့်သည်။



ဤအရာကိုဆောင်ရွက်၍မပြီးမချင်း ထိုနေရာမှအမှုဆောင်များချန်လှပ်ထားခြင်းကိုမပြုစေပါနှင့်။

နေရာများစွာတို့၌ သတင်းစကားဟောကြားပြီး ဝိညာဉ်များရရှိသောအခါ၊ ကန့်သတ်မှုရှိသည့်အခြေအနေများကြောင့် အခွင့်အရေးများကိုအနည်းငယ်သာရယူနိုင်ပြီး လုပ်ငန်း၏အကောင်အထည်ကိုဖော်နိုင်ပါသည်။ မကြာခဏဤအခက်အခဲကြောင့် လုပ်ငန်းကိုချဲ့ထွင်၍မရပါ။ အမှန်တရား၌လူအများစိတ်ပါဝင်စားလာသည်နှင့်အလျောက်၊ သူတို့အားအခြားအသင်းတော်များမှဓမ္မအမှုဆောင်များပြောဤစကားများကို အသင်းသားများမှထပ်မံပြောသည်မှာ၊ “ဤလူတို့သည် ဘုရားကျောင်းမရှိ၊ ဝတ်ပြုရာနေရာမရှိကြပါ။ သင်တို့သည် သေးငယ်သောအဖွဲ့၊ ဆင်းရဲကြပြီးပညာလည်းမရှိကြပါ။ မကြာမီဓမ္မဆရာများသင်တို့ကိုစွန့်ခွာသွားပြီး သင်တို့စိတ်ဝင်စားမှုပျောက်ကွယ်သွားမှာပါ။ ထိုနောက် ဤသင်ရခဲ့သောအတွေးအခေါ်များအားလုံးကို သင်စွန့်ပစ်မှာပါ။” [Ev 376.2]

ယခုအမှန်တရားနှင့်ပတ်သက်၍ ကျွန်ုပ်တို့ယုံကြည်ခြင်း၏အကြောင်းအရင်းများကို တွေ့မြင်ရသောသူများနှင့် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်ပြောင်းလဲလာသူများအတွက် ပြင်းထန်သောစုံစမ်းခြင်းကိုယူဆောင်လာနိုင်ကြောင်းကျွန်ုပ်တို့မယူဆနိုင်ဘူးလား။ သေးငယ်သောအစကလေးမှနေ၍ ကြီးမားသောစိတ်ဝင်စားမှုတိုးပွားလာမည့်အကြောင်း ကျွန်ုပ်တို့မကြာခဏထပ်မံပြောကြားရလိမ့်မည်။ အကယ်၍ ပညာနှင့်ကောင်းသောဆုံးဖြတ်ချက်၊ ကျွမ်းကျင်သောစုပေါင်းလုပ်ဆောင်မှုများကို ကျွန်ုပ်တို့ရွေးနုတ်ရှင်၏နိုင်ငံတော်အတွက်စိတ်ဝင်စားမှုကိုဖော်ပြပါက ကျွန်ုပ်တို့၌ရှိသမျှအင်အားတန်ခိုးအားလုံးတို့ဖြင့်လူတို့ကိုကျွန်ုပ်တို့၏အလုပ်မြဲမြံခြင်းအတွက် ခိုင်မာစေလိမ့်မည်။ အမှန်တရားကိုလက်ခံသောသူတို့သည် မိမိတို့၏ကိုယ်ပိုင်အသိတရားပို့ဆောင်သည့်အတိုင်းဘုရားသခင်အားဝတ်ပြုနိုင်မည့် ရိုးသားစွာဆောက်လုပ်ထားသောဗိမာန်တော်များကို တွေ့ရှိရပါလိမ့်မည်။ 6T, pp. 100, 101. (1900) [Ev 376.3]

**မြို့ပေါ်ပိုင်ဆိုင်မှုများကိုရယူထားခြင်း** – အမှန်တရားကြွေးကြော်သောမြို့တိုင်း၌ အသင်းတော်များကိုထူထောင်ကြရမည်။ မြို့ကြီးတချို့တို့၌ မြို့၏ခြားနားသောအစိတ်အပိုင်းများတို့တွင် အသင်းတော်များကိုထူထောင်ကြရမည်။ တချို့နေရာများတို့၌ အခွင့်အရေးယူပြီးဝယ်ယူနိုင်မည့် သင့်လျော်သည့်ဈေးနှုန်းဖြင့် စည်းဝေးပြုလုပ်နိုင်သောအိမ်များရောင်းရန်ရှိမည်ဖြစ်သည်။ Letter 168, 1909. [Ev 377.1]

**ကျွန်ုပ်တို့၏နေအိမ်များတို့ထက်မသိမ်ငယ်ခြင်း** – ရိုးသားနှိမ့်ကျသောနေရာများတို့၌ ဘုရားရှင်ကိုဝတ်ပြုရန် လိုအပ်ပုံပေါ်သောအချိန်အခါမျိုးရှိပေလိမ့်မည်။ သို့သော် ဤအခြေအနေမျိုးကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိရန် မိမိ၏ဝိညာဉ်ကိုချုပ်ကိုင်ထားခြင်း၊ သို့မဟုတ် ငြင်းဆန်ခြင်းပြုမည်မဟုတ်ပါ။ ဤအချိန်အခါမျိုး၌ သူ၏သားသမီးများအတွက်ပြုလုပ်ရန်အကောင်းဆုံးဖြစ်ပြီး သူတို့အနေဖြင့် သူ့အားဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာတရားနှင့်လည်းကောင်း ဝတ်ပြုကြပါက သူသည် မည်သည့်အခါမျှသူတို့၏ကြိုးစားခြင်းများကို အပြစ်တင်၍စီရင်မည်မဟုတ်ပါ။ သို့သော် သူသည် ကျွန်ုပ်တို့အားကြေးငွေအားဖြင့်ကောင်းချီးချပေးပြီး ၎င်းကြေးငွေကို ကျွန်ုပ်တို့၏အိမ်များအတွက်လှပစွာဖြင့် ကျွန်ုပ်တို့ကိုယ်ကိုဂုဏ်ပြုချီးမွမ်းရန် စီမံကိန်းဆွဲပြီးနှစ်သိမ့်မှုပေးရန်ဆောက်လုပ်ခြင်း၊ အကယ်၍ ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်သောရည်ရွယ်ချက်ဖြစ်သည့် မိမိတို့၏နေအိမ်များကိုအဓိကထားပြီး ဘုရားရှင်နှင့်သူ့အားဝတ်ပြုရန် အိမ်ကိုဒုတိယနေရာ၌ထားရှိပါက၊ ကျွန်ုပ်တို့အပေါ် သူ၏ကောင်းချီးမင်္ဂလာကိုသွန်းလောင်းချပေးမည်မဟုတ်ပါ။ Manuscript 23, 1886. [Ev 377.2]

**ပုံစံပြည့်စုံပြီးရိုး၍သပ်ရပ်ခြင်း** – ဗိမာန်တော်ကို အခြားအဆောက်အဦများနှင့်နှိုင်းယှဉ်ပါက ကြီးကျယ်ခမ်းနားထည်ဝါစွာဆောက်လုပ်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားအမိန့်ပေးထားခြင်းမရှိပါ။ သို့သော် နှိမ့်ချသောဝတ်ပြု



ရာအိမ်၊ ရှင်းလင်း၍ရိုးသားပြီး ပြည့်စုံသပ်ရပ်သောပုံစံဖြင့်ဆောက်လုပ်ရပါမည်။ [Ev 377.3]

ထိုနောက် ငွေရှိသောသူတို့သည် ၎င်းကိစ္စကိုစဉ်းစားဆင်ခြင်ပြီး ရက်ရောစွာနှင့်ကျေနပ်စွာဖြင့် မိမိတို့၏အိမ်ကိုစီစဉ်ဆောက်လုပ်မွမ်းမံသကဲ့သို့ ဘုရားရှင်ကိုဝတ်ပြုရန်အတွက် ဗိမာန်တော်ကိုတည်ဆောက်ကြပါစို့။ မိမိတို့ကိုယ်ကိုထက် ဘုရားသခင်ကိုပို၍ဂုဏ်ပြုလိုသောလိုလားချက်နှင့်ပြင်းပြသည့်ဆန္ဒကို သူတို့အားဖော်ပြစေကြပါစို့။ ဖြုန်းတီးခြင်းမဟုတ်ဘဲ တိကျသေချာစွာဖြင့် သူတို့အားဆောက်လုပ်စေကြပါစို့။ အိမ်တော်ကိုသင့်လျော်စွာ၊ ကောင်းမွန်စွာဆောက်လုပ်စေပြီး ဘုရားသခင်ထံအပ်နှံသောအခါ သူလက်ခံနိုင်ရန် သူ၏ဘုန်းတော်တစ်ခုတည်းအတွက်သာလျှင်ရည်စူးလျက် သူ၏ဝိညာဉ်တော်သည် ဝတ်ပြုကိုးကွယ်သူများအပေါ် သက်ရောက်စေရန်ဖြစ်သည်။ မည်သည့်အရာမျှ ဘုရားသခင်၏ဘုန်းတော်နှင့်ကျွန်ုပ်တို့၏စပ်ကြား အဟန့်အတားမဖြစ်စေရပါ။ တစ်ကိုယ်ကောင်းစီမံကိန်းများ၊ တစ်ကိုယ်ကောင်းတီထွင်ဖန်တီးမှုများ၊ တစ်ကိုယ်ကောင်းရည်ရွယ်ချက်များမရှိစေရပါ။ ထိုကိစ္စ၌သဘောတူညီမှုရှိစေရမည်။ Manuscript 23, 1886. [Ev 377.4]

**အဓိကကျသောအဆောက်အဦများ** – တချို့ပုဂ္ဂိုလ်များမှ ဤကဲ့သို့မေးခွန်းထုတ်ကောင်းထုတ်ပေလိမ့်မည်။ ဘာကြောင့် မစ္စစ်ဝှိုက် (Mrs. White) သည် "ရှင်းလင်းသော၊ သေသပ်သော၊ အဓိကကျသော" စကားလုံးများကို အဆောက်အဦဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ပြောဆိုရသနည်း။ အကြောင်းမှာ ကျွန်ုပ်တို့၏အဆောက်အဦများတို့သည် မိမိလူတို့အတွက် ဘုရားသခင်တောင်းဆိုသောပြည့်စုံခြင်းကို ဖော်ပြစေလိုသောကြောင့်ဖြစ်သည်။ [Ev 378.1]

"သို့သော် တချို့သောသူပြောဆိုကြသည်မှာ၊ "အကယ်၍ဘုရားသခင်ကြွလာပါက ဘာကြောင့်ဆောက်လုပ်သူတို့အား သူတို့ဆောက်လုပ်သောအဆောက်အဦများကို အကောင်းဆုံးပစ္စည်းများဖြင့် အသုံးပြုခိုင်းရသနည်း" ဟုဖြစ်ပါသည်။ အဖြေမှာ၊ "တန်ဖိုးနည်းသောပစ္စည်းများဖြင့်ဆောက်လုပ်သည့်

အဆောက်အဦကို ဘုရားရှင်အားဆက်မည်လား။ လေတိုက်၍အလွယ်တကူပျက်စီးသွားမည့် မကောင်းသောပစ္စည်းများဖြင့် အဆောက်အဦအတွက်အသုံးပြုမည်လား။” ဘုရားရှင်အတွက်တန်ဖိုးနည်းသောပစ္စည်းများဖြင့်ဆောက်လုပ်ခြင်းသည် ကျွန်ုပ်တို့အတွက်ရှက်ဖွယ်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် တန်ဖိုးမရှိသောပစ္စည်းဖြင့် မည်သူ့မျှအိမ်တော်ကိုဆောက်လုပ်ရန် ကျွန်ုပ်အကြံမပြုပါ။ အကျိုးရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အိမ်များအခင်းသည် ဥတုသုံးပါးဒဏ်ခံနိုင်ရည်ရှိရမည်။ ပို၍တန်ဖိုးကြီးလိမ့်မည်။ သို့သော် အဆုံး၌ကြီးမားသောပျက်စီးယိုယွင်းခြင်းကို ကာကွယ်ပေးလိမ့်မည်။ အဆောက်အဦတစ်ခု၏ကိုယ်ထည်သည် ခိုင်ခံ့စွာပေါင်းစည်းလျက်ရှိသင့်သည်။ ခရစ်တော်သည် အရာခပ်သိမ်းအတွက်ပုံပမာဖြစ်သည်။ သူ၏ဖခင်ယောသပ်နှင့်အတူ လက်သမားအလုပ်ရုံ၌အလုပ်လုပ်ပြီး ပစ္စည်းတိုင်းကိုသူကောင်းမွန်စွာပြုလုပ်သည်။ မတူညီသည့်အစိတ်အပိုင်းများကို တိကျစွာချိန်ကိုက်ပြီး ပစ္စည်းကိုယ်ထည်တစ်ခုလုံးမှာစမ်းသပ်ခြင်းအတွက် ခံနိုင်ရည်ရှိသည်။ [Ev 378.2]

သင်လုပ်လေသမျှတို့၌ မှန်သောစည်းမျဉ်းစည်းကမ်းနှင့်အညီ သင်၏ခွန်အား၊ ကျွမ်းကျင်မှုရှိသမျှဖြင့်လုပ်ပါ။ သင်၏လုပ်ငန်းသည် တောင်ပေါ်၌ဖော်ပြသည့်ပုံစံအတိုင်းဖြစ်စေပါ။ ဆောက်လုပ်သောအဆောက်အဦများတို့သည် မကြာမီပြင်းထန်စွာစမ်းသပ်ခြင်းခံရလိမ့်မည်။ Manuscript 127, 1901. [Ev 378.3]

**အသင်းဝင်များဆောက်လုပ်ခြင်း၌ကူညီရမည်** – အသင်းတော်တစ်ခုထူထောင်သောအခါ၊ အသင်းဝင်သူများထ၍ဆောက်လုပ်ကြရလိမ့်မည်။ မိမိ၏အခြားလုပ်ဖော်ကိုင်ဖက်ဓမ္မအမှုဆောင်များတို့၏အကြံပြုချက်အားဖြင့် ဓမ္မအမှုဆောင်တစ်ဦး၏လမ်းညွှန်မှုအောက်၌ အသစ်ပြောင်းလဲလာသူတို့သည် သူတို့၏ကိုယ်တိုင်လက်များဖြင့် “ကျွန်ုပ်တို့ဘုရားကျောင်းတစ်ဆောင်လိုအပ်သည့်အတွက် ကျွန်ုပ်တို့ဤဘုရားကျောင်းကိုရရှိရန် ကျွန်ုပ်တို့ကိုယ်စီဤဘုရားကျောင်းကိုအကောင်းဆုံးကူညီဆောက်လုပ်ကြမည်” ဟုပြောဆိုကြလိမ့်မည်။ [Ev 379.1]



တိုးတက်အောင်ဆောင်ရွက်ကြရာတွင် ခရစ်တော်ကိုထင်ရှားစေကြပါစို့။ ဘုရားသခင်သည် ယေရှုနောက်တော်သို့လိုက်သည်ဟု ခိုင်မာစွာပြောဆိုသောသူတို့အားခေါ်ယူကာ သူ၏အမှုတော်တွင် စည်းလုံးသောကြိုးစားမှုများဖြင့် ဝမ်းမြောက်စွာလုပ်ဆောင်စေပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မကြာမီကျေးဇူးတင်သော “ဘုရားရှင်ဆောင်ရွက်သောအရာကိုကြည့်ပါ” ဟူသည့်အသံကိုကြားရပါလိမ့်မည်။ Letter 65, 1900. [Ev 379.2]

**ပြင်ပမှငွေကြေးအကူအညီ** – လမ်းပွင့်လာသည်နှင့်အညီ မြို့ကြီးများတို့၌ အမှုတော်လုပ်ငန်းတိုးတက်အောင်ဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့အားလုံးနိုးကြားကြရန်လိုအပ်ပါသည်။ ဤမြို့ကြီးများသို့ဝင်ရောက်ပြီး ဘုရားသခင်အတွက်အောက်မေ့ဖွယ်ရာများတို့ကိုစိုက်ထူရမည့် ညွှန်ကြားချက်ကိုလိုက်လျှောက်ရန် ကျွန်ုပ်တို့များစွာနောက်ကျလျက်ရှိသည်။ ကျွန်ုပ်တို့သည် တစ်ဆင့်ပြီးတစ်ဆင့် ဝိညာဉ်များတို့ကို အမှန်တရား၏ပြည့်ဝသောအလင်းသို့ပို့ဆောင်ရလိမ့်မည်။ ကျွန်ုပ်တို့သည် အသင်းတော်တစ်ခုဖွဲ့စည်းနိုင်သည့်အထိဆက်လက်အလုပ်လုပ်ရမည်ဖြစ်ပြီး ဝတ်ပြုရန်ရိုးရိုးအဆောင်တစ်ဆောင်ကိုဆောက်လုပ်ရလိမ့်မည်။ ကျွန်ုပ်တို့၏ယုံကြည်သူများမဟုတ်သောသူတို့သည် မိမိတို့၏ငွေကြေးအားဖြင့် များစွာကူညီမစကြလိမ့်မည်ဟုယုံကြည်ရန် ကျွန်ုပ်အားကြီးစွာသောအားပေးခြင်းခံရပါသည်။ ကျွန်ုပ်အားပေးသောအလင်းမှာနေရာများစွာအထဲရှိ၊ အထူးသဖြင့် အမေရိကန်ပြည်၏မြို့ကြီးများစွာတို့၌ထိုပုဂ္ဂိုလ်များတို့မှ အကူအညီများကိုပေးကြပါလိမ့်မည်။ Review and Herald, Sept. 30, 1902. [Ev 379.3]

**ဗိသုကာပညာ၏မတူညီသောပုံစံများ** – နေရာများစွာ၌ ဘုရားကျောင်းများကိုဆောက်လုပ်သည်။ သို့သော် အားလုံးကိုတစ်ပုံစံတည်းတိကျစွာဆောက်လုပ်ရန်မလိုအပ်ပါ။ ခြားနားသောနေရာများအတွက် ခြားနားသောအဆောက်အဦပုံစံကိုဆောက်လုပ်ခြင်းသည် သင့်လျော်ပါလိမ့်မည်။ [Ev 379.4]

ယဇ်ပုရောဟိတ်၏ရင်ဖုံး၌ ကျောက်များစွာရှိ၏။ သို့သော် ကျောက်တစ်လုံးစီ၌ အထူးသောအလင်းများရှိပြီး ရင်ဖုံးတစ်ခုလုံးကိုလှပစေပါသည်။ ကျောက်တိုင်း၌ အထူးအရေးပါသည့် ဘုရားသခင်ထံမှအရေးကြီးသောသတင်းစကားကို သယ်ဆောင်လျက်ရှိသည်။ ၎င်း၌ကျောက်များစွာရှိသော်လည်း ရင်ဖုံးတစ်ခုတည်းသာရှိ၏။ ထိုနည်းတူ စိတ်သဘောများစွာရှိသော်လည်း တစ်စိတ်တစ်သဘောတည်းရှိရပါမည်။ အသင်းတော်၌အသင်းသားများစွာရှိပြီး အထူးသောတစ်ဦးစီ၏အကျင့်စရိုက်များ၊ အရည်အသွေးများရှိသော်လည်း သူတို့သည် မိသားစုတစ်ခုတည်းကိုသာ တည်ဆောက်လျက်ရှိပါသည်။ Letter 53, 1900. [Ev 379.5]

**ကောင်းသောလေဝင်လေထွက်ရရှိခြင်း** – ဥပုသ်နေ့မွန်းလွဲပိုင်း၌ လှပ၍ကျယ်ဝန်းသောအိမ်အစည်းအဝေးတွင် ဆံ့နိုင်သမျှသောလူအုပ်ကြီးစုရုံးလျက်ရှိသည်။ နေ့အချိန်သည်ပူအိုက်ပြီး လေဝင်လေထွက်လုံလောက်စွာရရှိရန်လိုအပ်လျက်ရှိသည်။ သို့သော် လှပစွာစီခြယ်ထားသောပြတင်းပေါက်များဖွင့်၍မရသည့်ပုံစံဖြင့် ဆောက်လုပ်ထားသည်။ ထို့ကြောင့် ပရိသတ်များပြင်းထန်စွာပူအိုက်ခြင်းဒဏ်ကိုခံစားရပြီး စကားပြောသူမှာ ခက်ခဲသောဗဟုသုတကို တစ်ပတ်အတွင်းကြီးမားစွာခံစားရသောကြောင့် နယူးရော့မြို့သစ်၌ သူမ၏သုံးကြိမ်စီစဉ်ထားသည့်စည်းဝေးကို တစ်ကြိမ်ချန်လှပ်ထားခဲ့ရပါသည်။ လူတို့သည် ကျန်းမာခြင်း၊ သန့်ရှင်းခြင်းနှင့်လေကောင်းလေသန့်ရရှိခြင်းအကြောင်းများနှင့်ပတ်သက်သည့်အကြောင်းအရာများတို့ကို ကြွယ်ဝစွာသိရှိနားလည်ကြသော်လည်း အဘယ်ကြောင့်စည်းဝေးရာအိမ်များတို့ကို တစ်နှစ်ပြီးတစ်နှစ်မှားယွင်းစွာဖြင့် လေဝင်လေထွက်ကောင်းမွန်စွာရရှိရေးအတွက် အတားအဆီးဖြစ်စေသည့်ပုံစံဖြင့် အဆောက်အဦကိုဆောက်လုပ်ကြရပါသနည်း။ W. C. White in Review and Herald, Nov. 25, 1909. [Ev 380.1]

**အသင်းတော်ကျောင်းအတွက်စီမံပေးသည်** – နယ်မြေသစ်၌ အမှုထမ်းသူများတို့သည် မိမိတို့တာဝန်ယူရသည့်အသင်းတော်များတို့အတွက် လိုအပ်သည့်



အရာများနှင့်ပစ္စည်းများတို့ကို ပြည့်စုံစွာစီစဉ်ဆောင်ရွက်ပေးရမည့်တာဝန်မပြီးမချင်း ထိုနယ်မြေမှပြောင်းရွှေ့သွားရန်မသင့်လျော်ပါ။ နှိမ့်ချသောဝတ်ပြုရာအိမ်ဆောက်လုပ်ခြင်းအပြင် အသင်းတော်ကျောင်းအမြဲတစေတည်တံ့ခိုင်မြဲရန်နှင့် အခြားလိုအပ်သည့်အရာအားလုံးအတွက် စီစဉ်ဆောင်ရွက်ပေးသင့်သည်။ [Ev 380.2]

ဤကိစ္စကို ကျွန်ုပ်ရှေ့၌ရှင်းလင်းစွာဖော်ပြပေးခဲ့သည်။ ခြားနားသောနေရာများ၌ ယုံကြည်သူအဖွဲ့ငယ်အသစ်များထူထောင်ခြင်းနှင့် စည်းဝေးရာအိမ်များဆောက်လုပ်နေကြသည်ကို ကျွန်ုပ်မြင်ရသည်။ ယုံကြည်သူအသစ်များတို့သည် ဆန္ဒပြင်းပြစွာလုပ်အားအားဖြင့်ကူညီကြပြီး ငွေကြေးရှိသူများတို့သည် မိမိတို့၏ငွေကြေးဖြင့် ရက်ရောစွာပံ့ပိုးကြသည်။ ဘုရားကျောင်း၏မြေအောက်ထပ်အခန်း၌ အခန်းတစ်ခန်းကို ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားအားဖြင့် ကလေးသူငယ်များကိုပညာပေးရန်ပြင်ဆင်ထားသည်ကို ကျွန်ုပ်မြင်ရသည်။ ဆက်ကပ်သောဆရာများတို့ကို ထိုနေရာများသို့သွားရောက်သင်ကြားပို့ချရန် ရွေးချယ်ခြင်းခံရပါသည်။ 6T, p. 108. (1900) [Ev 380.3]

**ရှေ့သို့ချီပါ** – နယ်မြေတစ်ခု၌ အလုပ်ဖွင့်လှစ်လိုက်ပြီး အဖွဲ့ငယ်တစ်ခုတည်ထောင်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသူတို့ကိုဆက်ကပ်လိုက်ပြီး နှိမ့်ချသောဝတ်ပြုရာအိမ်တစ်ဆောင်ကို ကျွန်ုပ်တို့နှင့်အတူဆောက်လုပ်ရန် ယုံကြည်လာသူများတို့ကို စည်းရုံးခေါ်ယူလိုက်ပါသည်။ ထို့နောက်ဘုရားကျောင်းကိုဆောက်လုပ်၍ပြီးစီးသွားသောအခါ၊ ဘုရားရှင်ထံဆက်ကပ်လိုက်ပြီး အခြားနယ်မြေများသို့ ကျွန်ုပ်တို့ထွက်ခွာသွားကြပါသည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ထံသို့ရှင်းလင်းပြတ်သားစွာရောက်ရှိလာသည်မှာ၊ "ရှေ့သို့ချီပါ" ဟုဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဤသတိပေးစကားကိုကြားသိရသည်နှင့်တစ်ပြိုင်နက် တစ်နေရာ၌လုပ်ငန်းပြီးသွားသောအခါ အခြားတစ်နေရာသို့ဆက်လက်၍လုပ်ဆောင်ရန် လူတို့ကိုစည်းရုံးကြပြီး အမှုမဆောင်ရသေးသော ဘုရားသခင်၏သာသနာ့စပျစ်ဥယျာဉ်အစိတ်အပိုင်းများသို့ ကျွန်ုပ်တို့

ဆက်လက်၍သွားရောက်လုပ်ဆောင်ကြပါသည်။ Letter 154, 1899. [Ev 381.1]

## နယ်မြေသစ်သို့ဝင်ရောက်ထိုးဖောက်ခြင်း

**အသင်းသားများတစ်ဦးတည်းရပ်တည်နိုင်ရန်သွန်သင်မှုခံရခြင်း –** ကျွန်ုပ်သည် တောင်ပိုင်းအရပ်ဒေသနယ်ဌာနချုပ်ရှိရာသို့ခရီးနှင်ရာတွင် အလုပ်မလုပ်ဆောင်ရသေးသည့်မြို့တစ်မြို့ပြီးတစ်မြို့ကို ကျွန်ုပ်တွေ့ရပါသည်။ မည်သည့်အကြောင်းကြောင့်နည်း။ ဓမ္မအမှုဆောင်များတို့သည် အမှန်တရားကိုသိရှိသောအသင်းတော်များတို့ကို ကြည့်ရှုစောင့်ရှောက်နေကြရပြီး ခရစ်တော်ကိုမသိဘဲထောင်ပေါင်းများစွာပျက်စီးသွားရကြမည့်ပုဂ္ဂိုလ်များတို့ထံ သွားရောက်ခြင်းမပြုကြသောကြောင့်ဖြစ်သည်။ [Ev 381.2]

အကယ်၍ သင့်လျော်သောသင်ကြားပို့ချမှုပေးခြင်း၊ သင့်လျော်သောနည်းစနစ်များတို့ကိုလိုက်လျှောက်ခြင်းပြုပါက၊ ခန္ဓာတစ်ခုရှိအစိတ်အပိုင်းတစ်ခုစီကဲ့သို့ အသင်းဝင်များတို့သည် မိမိတို့၏အလုပ်ကိုလုပ်ဆောင်သွားကြလိမ့်မည်။ ခရစ်ယာန်သာသနာ့လုပ်ငန်းကို လုပ်ဆောင်ကြလိမ့်မည်။ သို့သော် အသင်းတော်များတို့သည် သေလုမြောပါးဖြစ်နေကြသောကြောင့် ဓမ္မဆရာ၏ဟောပြောသွန်သင်မှုကိုသာ အလိုရှိကြသည်။ [Ev 381.3]

ဘုရားသခင်ထံသို့ဆယ်ဖို့တစ်ဖို့ကိုပြန်လည်ပေးအပ်ရန် သူတို့ကိုသင်ကြားရမည်။ သို့မှသာ ဘုရားသခင်သည် သူတို့ကိုခွန်အားပေးပြီးကောင်းချီးချပေးလိမ့်မည်။ ဘုရားသခင်ထံမှမှုတ်သွင်းပေးသောလေကိုရရှိရန်လုပ်ဆောင်လိုသောစိတ်ဓာတ်ကို သူတို့အားယူဆောင်ပေးသင့်သည်။ ဓမ္မဆရာမပါရှိဘဲ မိမိတို့ကိုယ်တိုင်ရပ်တည်၍မရပါက သူတို့သည် အသစ်တစ်ဖန်ပြောင်းလဲပြီး အသစ်တစ်ဖန်ပြန်လည်၍နှစ်ခြင်းမင်္ဂလာခံယူရန်လိုအပ်ကြောင်း



သင်ကြားပို့ချပေးသင့်သည်။ သူတို့သည် အသစ်တစ်ဖန်မွေးဖွားရန်လိုအပ်သည်။ Manuscript 150, 1901.

**ဝိညာဉ်များအတွက်သွား၍လုပ်ဆောင်ပါ –** အမှန်တရားကိုသိထားပြီးသားအသင်းတော်များတို့အတွက်လုပ်ဆောင်ရန် ဓမ္မဆရာများတို့ကိုအမြဲတာဝန်ယူစေမည့်အစား၊ အသင်းတော်ရှိအသင်းဝင်များတို့အား ဓမ္မအမှုဆောင်များတို့ကို ဤကဲ့သို့ပြောစေပါ။ "မှောင်မိုက်ထဲပျက်စီးကြမည့်ဝိညာဉ်များတို့အတွက်သွားပြီးလုပ်ဆောင်ကြပါ။ အသင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များကို ကျွန်ုပ်တို့တာဝန်ယူဆောင်ရွက်ပါမည်။ စည်းဝေးများကို ကျွန်ုပ်တို့ကြည့်ရှုစောင့်ရှောက်ပါမည်။ ခရစ်တော်၌တည်ခြင်းအားဖြင့် ဝိညာဉ်ရေးအသက်တာကိုထိန်းသိမ်းပါမည်။ ကျွန်ုပ်တို့နှင့်ပတ်သက်သောဝိညာဉ်များအတွက် ကျွန်ုပ်တို့လုပ်ဆောင်ပါမည်။ ပို၍လိုအပ်ပြီး ချို့တဲ့သောသာသနာ့နယ်မြေများအတွက်ဆောင်ရွက်ကြသော အမှုဆောင်များတို့အတွက် ကျွန်ုပ်တို့ဆုတောင်းပေးမည်။ ပေးကမ်းခြင်းအားဖြင့်လည်း ကျွန်ုပ်တို့ပံ့ပိုးပါမည်။" Testimonies, vol. 6, p. 30. (1900) [Ev 382.1]

**နယ်မြေသစ်များသို့နယ်ဌာနချုပ်အမှုဆောင်များခေါ်ယူခြင်း –** အထွေထွေဥပဒေတစ်ခုအဖြစ် နယ်ဌာနချုပ်အမှုဆောင်များတို့သည် အသင်းတော်များမှနေ၍ထွက်ခွာသွားပြီး နေရာသစ်များသို့သွားကြသည်။ ဘုရားသခင်ပေးသောစွမ်းရည်ဖြင့် ပျောက်သောသူတို့အားရှာဖွေခြင်းနှင့် ကယ်တင်ခြင်း၏ရည်ရွယ်ချက်အတွက် အသုံးပြုကြသည်။ Letter 136, 1902. [Ev 382.2]

**တက်ကြွစွာလုပ်ဆောင်ရန်ခေါ်ယူခြင်း –** ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့သည် သစ္စာရှိသောဘဏ္ဍာစိုးများကဲ့သို့ ပါးနပ်စွာစီမံကိန်းဆွဲသင့်သည်။ ထူထောင်ပြီးသားအသင်းတော်များတို့ကိုထိန်းချုပ်ခြင်းသည် သူတို့၏တာဝန်မဟုတ်ကြောင်း သူတို့ခံစားသင့်သည်။ သို့သော် ဧဝံဂေလိလုပ်ငန်းကို တက်ကြွစွာသူတို့ပါဝင်လုပ်ဆောင်သင့်ကြသည်။ ယခုအမှန်တရားကိုမကြားရသေးသောနေရာများတို့၌ နှုတ်ကပတ်တော်ကိုဟောပြောခြင်း၊ တစ်အိမ်ပြီးတစ်အိမ်

လည်ပတ်ခြင်းပြုလုပ်သင့်သည်။ မည်သည့်အလုပ်မျှ နယ်ပယ်သစ်များသို့ ဧဝံဂေလိလုပ်ငန်းလုပ်ကိုင်ခြင်းထက် စိတ်တက်ကြွမှုကိုဖြစ်စေသည့်အလုပ်မရှိကြောင်း သူတို့တွေ့ရှိရလိမ့်မည်။ Letter 169, 1904. [Ev 382.3]

အကယ်၍ ဓမ္မဆရာများတို့သည် အခြားနေရာသို့ထွက်သွားခြင်း၊ နေရာသစ်များသို့ပြောင်းရွှေ့သွားခြင်းပြုပါက အသင်းဝင်များတို့သည် တာဝန်များတို့ကိုထမ်းဆောင်ရန် တာဝန်ရောက်ရှိလာပြီး သူတို့၏လုပ်ရည်ကိုင်ရည်သည်လည်း အသုံးပြုခြင်းအားဖြင့် တိုးတက်လာလိမ့်မည်။ Letter 56, 1901. [Ev 382.4]

**အသင်းတော်များကိုတည်ထောင်ခြင်းအားဖြင့်ဓမ္မအမှုဆောင်အင်အားကုန်ခန်းသွားခြင်း –** ကျွန်ုပ်တို့၏လူတို့၌ ကြီးမားသောအလင်းရှိသော်လည်း အသင်းတော်၏လုပ်ငန်းများအပေါ်၌သာ ဓမ္မအမှုဆောင်များအင်အားကုန်ခန်းရခြင်းမှာ ဆရာဖြစ်သင့်သောသူများကိုသင်ကြားပေးရခြင်း၊ "လောက၏အလင်း" ဖြစ်သင့်သောသူများကို အသိတရားပေးရခြင်း၊ အသက်စမ်းရေစီးဆင်းသင့်သူများတို့အား ရေလောင်းပေးရခြင်း၊ တန်ဖိုးရှိသောအမှန်တရား၏စစ်မှန်သည့်မိုင်းတွင်းများဖြစ်မည့်သူများကို အရည်အသွေးတိုးမြှင့်ပေးရခြင်း၊ ကမ္ဘာ့အစိတ်အပိုင်းအားလုံးသို့ပျံ့နှံ့သင့်သည့် ဧဝံဂေလိဖိတ်ခေါ်ခြင်းကိုထပ်မံ၍ပြောဆိုရခြင်း၊ သူတို့မှရရှိပြီး များစွာသောသူမရရှိသေးသည့်အခွင့်အရေးများဖြစ်သည့် ကောင်းကင်၏သတင်းစကားနှင့်အဆက်အသွယ်ပြုပေးရခြင်း၊ လမ်းကြိုလမ်းကြားနှင့်လမ်းမပေါ်ရှိသူတို့အား "လာကြ၊ အရာခပ်သိမ်းယခုအဆင်သင့်ရှိပြီ" ဓမ္မစားသောက်ပွဲသို့လာကြ၊ သိုးသငယ်၏စားသောက်ပွဲသို့လာကြ၊ "အရာခပ်သိမ်းယခုအဆင်သင့်ရှိပြီ" စသည့်အသင်းတော်အလုပ်များတို့ကိုလုပ်ဆောင်ရသောကြောင့်ဖြစ်သည်။ [Ev 382.5]

ယခုအချိန်သည် စိတ်အားထက်သန်စွာ ဘုရားသခင်နှင့်လုံးပန်းရမည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့၏အသံသည် ကယ်တင်ရှင်အသံဖြစ်သည့် အံ့ဖွယ်ဆုတောင်းချက် "နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည်





ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော" နှင့်ပေါင်းစည်းသင့်ပါသည်။ ကမ္ဘာတစ်ခုလုံးသည် သူ၏ဘုန်းတော်နှင့်ပြည့်ဝပါစေသော။ လူအများမေးလိမ့်မည်၊ "ဤအရာများနှင့်မည်သူပြည့်စုံမည်နည်း၊" ဤတာဝန်သည် ကျွန်ုပ်တို့တစ်ဦးစီအပေါ်၌ကျရောက်လျက်ရှိသည်။ "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်ပြည့်စုံခြင်းမရှိ၊ ကျွန်ုပ်တို့ကိုယ်တိုင်ကဲ့သို့ မည်သည့်အရာကိုမျှစဉ်းစားစရာမရှိပါ။ ကျွန်ုပ်တို့၏ပြည့်စုံခြင်းသည် ဘုရားသခင်အားဖြင့်သာဖြစ်သည်။" Review and Herald, July 23, 1895. [Ev 383.1]

–o–

## tcef; (11)

## tar&olefUrdUB.D;rsm;twGif;&Sdkyfief;

### နယူးရော့မြို့

**သွားရမည့်သတင်းစကား –** ၁၉၀၁ ခုနှစ်၊ ဆောင်းကာလနယူးရော့မြို့၌ရှိစဉ် မြို့ကြီးထဲရှိအလုပ်နှင့်ပတ်သက်သောအလင်းကို ကျွန်ုပ်ရရှိခဲ့သည်။ တစ်ညပြီးတစ်ည ကျွန်ုပ်တို့၏ညီအစ်ကိုများဆောင်ရွက်သင့်သည့်အလုပ်ကို ကျွန်ုပ်ရှေ့၌ဖော်ပြခဲ့သည်။ နယူးရော့မြို့ကြီး၌သတင်းစကားသည် တောက်လောင်သောမီးခွက်ပမာ ဆောင်ယူသွားကြရမည်။ ဤလုပ်ငန်းလုပ်ဆောင်မည့်သူများကို ဘုရားသခင်ပေါ်ထွန်းစေပြီး သူ၏ကောင်းကင်တမန်များကို သူတို့၏ရှေ့၌သွားစေတော်မူမည်။ ကျွန်ုပ်တို့၏မြို့ကြီးများကို လျင်မြန်စွာထိုးဖောက်နိုင်သော်လည်း အခြေအနေသည် ကမ္ဘာကိုရေမလွှမ်းမိုးမီအချိန်ကကဲ့သို့သော်လည်းကောင်း၊ သူတို့၏အခြေအနေသည် သောဒုံမြို့ကဲ့သို့သော်လည်းကောင်း ရှိနေသည့်တိုင် ကြွလာခြင်းသတင်းစကား၏ထိတ်လန့်ဖွယ်အမှန်တရားများကို သူတို့နားထောင်ရသည့်အခါ ဝိညာဉ်တော်၏ပြောင်းလဲခြင်းစိတ်ကိုခံစားရမည့် ရိုးသားသောသူများစွာရှိနေသေးပါသည်။ နယူးရော့မြို့ကြီး၌အလုပ်လုပ်ရန်အဆင်သင့်ရှိနေပါသည်။ ထိုမြို့ထဲ၌ အမှန်တရား၏သတင်းစကားကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဟောပြောရလိမ့်မည်။ လုပ်ဆောင်မည့်သူတို့အား ဘုရားသခင်ခေါ်နေသည်။ အမှုတော်တွင် ဗဟုသုတရရှိထားသူများတို့ကိုခေါ်ယူပြီး နယူးရော့မြို့နှင့်အမေရိကန်ပြည်ရှိ အခြားမြို့ကြီးများ၌ သတင်းစကားကိုဆောင်ယူကာ ဟောပြောရကြလိမ့်မည်။ ဤလုပ်ငန်းအတွက်အသုံးပြုရန်ကြေးငွေကိုလည်း သူတောင်းဆိုလျက်ရှိပါသည်။ Testimonies, vol. 7, pp. 54, 55. (1902) [Ev 384.1]



**နယူးရော့မြို့ကြီး– ကမ္ဘာ့အတွင်းအလုပ်၏ပုံပမာတစ်ခု –** နယူးရော့မြို့၌ အလုပ်၏ဝန်ထုပ်ကိုသယ်ဆောင်သောသူတို့သည် အကူအညီရရန်အကောင်းဆုံးသောအမှုဆောင်များတို့ကို ရရှိရလိမ့်မည်။ ဤနေရာ၌ ဘုရားရှင်၏လုပ်ငန်းအတွက်ဗဟိုဌာနတစ်ခုပြုလုပ်ရမည်ဖြစ်ပြီး လုပ်ဆောင်လေသမျှတို့၌ ကမ္ဘာပေါ်တွင်လုပ်ဆောင်သော ဘုရားသခင်တွေ့မြင်လိုသည့်ဆန္ဒနှင့်ကိုက်ညီသည့်လုပ်ငန်းပုံပမာတစ်ခုကဲ့သို့ လုပ်ဆောင်ကြပါစို့။

နယူးရော့မြို့တွင် ဘုရားသခင်သည် ဗာလဘုရားရှေ့၌ဒူးမထောက်သော တန်ဖိုးရှိသည့်ဝိညာဉ်များစွာရှိနေပြီး သူတို့မသိသောကြောင့်သာ မှားယွင်းနေသည့်လမ်းများထဲ၌ လျှောက်သွားနေကြခြင်းဖြစ်သည်။ ထိုကြောင့် ခရစ်တော်သည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်ကြောင်းကို သူတို့တွေ့မြင်စေခြင်းငှာ ထိုသူတို့အပေါ်အမှန်တရား၏အလင်းကို ထွန်းလင်းပေးရလိမ့်မည်။ [Ev 385.1]

ခရစ်တော်ကိုချစ်သောစိတ်ဓာတ်ဖြင့် ကျွန်ုပ်တို့သည် အမှန်တရားကိုဟောပြောရလိမ့်မည်။ ဖြုန်းတီးခြင်း၊ သို့မဟုတ် ဝါကြွားခြင်းဖြင့် ဆောင်ရွက်ခြင်းမပြုရပါ။ ခရစ်တော်၏အမိန့်တော်အတိုင်း ဆောင်ရွက်ရလိမ့်မည်။ ဧဝံဂေလိသတင်းစကားကို နှိမ့်ချစွာ၊ ရိုးသားစွာဖြင့် ရှေ့သို့ဆောင်ရွက်ကြရမည်။ အမှုဆောင်များတို့သည် ပြင်ပပေါ်လွင်မှုများကို ပုံတူကူးချခြင်းမပြုစေပါနှင့်၊ တားမြစ်ထားပါသည်။ နှုတ်ကပတ်တော်ကိုသင်ကြားခြင်းဖြင့် ဘုရားသခင်သည် သူ၏ဝိညာဉ်တန်ခိုးသက်ရောက်မည်ဖြစ်ပြီး ကြားနာရသူများတို့၏စိတ်ကို ပြောင်းလဲစေလိမ့်မည်။ Testimonies, vol. 7, p. 38. (1902) [Ev 385.2]

**ဘုရားသခင်၏အမိန့်တော်အတိုင်းလုပ်ဆောင်ခြင်း –** ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းပုံစံသည် ဘုရားသခင်၏အမိန့်တော်အတိုင်းဖြစ်ရမည်။ ကျွန်ုပ်တို့၏မြို့ကြီးများတို့၌ ဘုရားသခင်အတွက်လုပ်ဆောင်ခြင်းသည် လူ၏အကြံအစည်အတိုင်းမဖြစ်စေရပါ။

ကျွန်ုပ်တို့၏အလုပ်၌ ခရစ်တော်လုပ်ခဲ့သောနည်းလမ်းကို ကျွန်ုပ်တို့ သတိရရမည်။ သူသည် ကမ္ဘာကြီးကိုဖန်ဆင်းခဲ့သည်။ လူကိုဖန်ဆင်းခဲ့သည်။ ထိုနောက်သူသည် ကမ္ဘာသို့လူပုဂ္ဂိုလ်တစ်ဦးအဖြစ်လာခဲ့ပြီး ကမ္ဘာသူကမ္ဘာသားများတို့အား အပြစ်ကင်းမဲ့စွာမည်ကဲ့သို့အသက်ရှင်ရမည်ကို ပြသခဲ့သည်။ [Ev 385.4]

ညီအစ်ကို၊ သင့်အားနယူးရော့မြို့၌အမှုထမ်းဆောင်ရန် တံခါးဖွင့်ထားပေးသည်။ သင်၏သာသနာ့လုပ်ငန်းသည် အခြားမြို့များ၌လုပ်ကိုင်သောဖြစ်ရမည့်ပုံသက်သေတစ်ခုအနေဖြင့် ဖြစ်စေရမည်။ အလုပ်ကိုမည်ကဲ့သို့လုပ်ကိုင်ရမည်၊ မျိုးစေ့ကိုမည်ကဲ့သို့စိုက်ပျိုးရမည်နှင့် အသီးအနှံကိုမည်ကဲ့သို့ရိတ်သိမ်းရမည်ကို သင်ပြသရမည်။ သင်နှင့်အတူပူးတွဲလုပ်ကိုင်သူများ၊ အလုပ်ကိုနားလည်သဘောပေါက်စွာပါဝင်ပြီး သင်နှင့်အပြည့်အဝကြင်နာသနားခြင်းရှိမည့်သူများရှိပါသည်။ [Ev 385.5]

နယူးရော့မြို့၌ သင်၏အလုပ်ကို သင်မှန်သောဦးတည်ချက်ဖြင့်အစပြုခဲ့ပါသည်။ နယူးရော့မြို့၌ သာသနာ့လုပ်ငန်းကိုဗဟိုပြုပြီး ထိုနေရာမှအောင်မြင်စွာရှေ့သို့လုပ်ငန်းကိုလုပ်ဆောင်နိုင်ပါသည်။ အမှုဆောင်များအတွက် သင်တန်းကျောင်းဌာနတစ်ခုဖြစ်ရန် ဘုရားသခင်အလိုရှိသောကြောင့် မည်သည့်အရာမျှအနှောင့်အယှက်ပြုရန်အခွင့်မရှိစေရပါ။ လူတို့သည် အမှန်တရားကိုမြတ်နိုး၍ ၎င်းအမှန်တရား၌ရပ်တည်ပြီးသည်နောက် ကျမ်းစာ၏အမှန်တရားကိုလုံးလုံးလက်ခံရန်အတွက် သူတို့အားပညာပေးရာ၌ ဘုရားသခင်ပြုပြင်ပေးလိမ့်မည်။ လူတို့၏ခန္ဓာ၊ စိတ်၊ ဝိညာဉ်တစ်ခုလုံးကိုပြောင်းလဲနိုင်ရန်အတွက် ခိုင်မာကျစ်လျစ်ပြီး သေချာစွာဆောင်ရွက်နိုင်မည့်ကူညီမစသူတို့ကို သင်ရွေးချယ်ရပါလိမ့်မည်။ ခိုင်မာသောအုတ်မြစ်တစ်ခုကို ဧဝံဂေလိစီမံကိန်းများအပေါ်ချထားခြင်းမှာ အသင်းတော်ကိုဆောက်တည်ရန်အတွက် ချထားရပါမည်။ Letter 150, 1901. [Ev 385.6]



**မြို့တော်ကြီးများ၌ဆေးသာသနာလုပ်ငန်းနှင့်ကျောင်းလိုအပ်ခြင်း –** နယူးရော့မြို့အနီးပတ်ဝန်းကျင်၌ အကျွန်ုပ်တို့သည် ဆေးရုံတစ်ဆောင်နှင့်ကျောင်းတစ်လုံးလိုအပ်ပြီး ၎င်းကိုရရှိရန်လွန်စွာနှောင့်နှေးပါက ပို၍ခက်ခဲလာပါလိမ့်မည်။ [Ev 386.1]

အိမ်ကဲ့သို့သောနေရာတစ်ခုကို ကျွန်ုပ်တို့၏သာသာနာ့အမှုဆောင်များအတွက် မြို့ပြင်၌ရရှိခြင်းသည် သင့်လျော်ပါလိမ့်မည်။ သူတို့အတွက်သန့်ရှင်းသောရေကိုရရှိသည့်အကျိုး၊ ညစ်ညမ်းသောအရာအားလုံးမှကင်းဝေးရခြင်းအကျိုးသည် အလွန်အရေးကြီးသောအရာဖြစ်သည်။ ဤအကြောင်းရင်းကြောင့် မကြာခဏတောင်ကုန်းများပေါ်ရှိ နေရာထိုင်ခင်းများတို့၏အကျိုးသက်ရောက်မှုကို စဉ်းစားဆင်ခြင်ခြင်းသည် သင့်လျော်သောအရာဖြစ်သည်။ ထိုနောက် အမှုဆောင်များတို့၏အကျိုးအတွက် သီးနှံပင်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်ရန် မြေယာတချို့ကိုလည်းရရှိသင့်ပါသည်။ သာသနာ့လုပ်ငန်းတစ်ခုအတွက်တတ်နိုင်သမျှကျန်းမာခြင်းနှင့်ညီညွတ်သည့်နေရာတစ်ခုကိုရရှိစေပြီး ဆေးရုံကလေးနှင့်ဆက်သွယ်မှုနီးကပ်စေပါ။ ရိုးရိုးကုသမှုပြုနိုင်သည့် မြို့တွင်းရှိနေရာတစ်ခုကိုလည်း ပိုင်ဆိုင်သင့်ပါသည်။ [Ev 386.2]

၎င်းအိမ်မျိုးသည် ကျွန်ုပ်တို့၏အမှုဆောင်များအတွက် မြို့တွင်းစိတ်လှုပ်ရှားမှုနှင့်ရှုပ်ထွေးမှုများမှကင်းဝေးပြီး ငြိမ်းချမ်းစွာအနားယူရာနေရာဖြစ်ပေလိမ့်မည်။ တောင်ကုန်းများပေါ်တက်ခြင်း၏ကိုယ်လက်လှုပ်ရှားမှုသည် ကျွန်ုပ်တို့၏ဓမ္မဆရာများအတွက်၊ သမားတော်များအတွက်နှင့် အခြားကိုယ်လက်လှုပ်ရှားခြင်းလုံလောက်စွာမရရှိသည့် အန္တရာယ်နှင့်ကြုံတွေ့ရသောအမှုဆောင်များတို့အတွက် မကြာခဏကြီးမားသောအကျိုးတစ်ခုဖြစ်ပါသည်။ [Ev 386.3]

ထိုသို့သောအိမ်များကို မြို့များတို့၏အနီးအနား၌ရရှိစေပြီး စွမ်းဆောင်နိုင်သောသူများတို့၏စိတ်အားထက်သန်သောဆန္ဒဖြင့်ကြိုးစားကာ ကမ္ဘာသို့ပြောရမည့်သတိပေးစကားကို ဤမြို့များသို့ဟောပြောစေပါ။ မြို့အနည်းငယ်

ကိုသာ ကျွန်ုပ်တို့ဆောင်ရွက်နိုင်သေးသည်ကိုတွေ့ရပါသည်။ Medical Ministry, p. 308. (1909) [Ev 386.4]

**အကောင်းဆုံးကူညီမှု** – နယူးရော့မြို့၌ ဆေးသာသနာပြုလုပ်ငန်းကို သင်အစပြုလုပ်ဆောင်လျှင် သင်အကောင်းဆုံးလုပ်နိုင်မည့်အရာတစ်ခုဖြစ်ပေလိမ့်မည်။ အကယ်၍ထိုနေရာ၌လုပ်ဆောင်မည့်အလုပ်ကို မှန်သောဆေးသာသနာပြုအလုပ်ကို မှန်ကန်စွာသရုပ်ဖော်ဆောင်ရွက်နိုင်သော ဗဟုသုတရှိသူများဖြစ်ပါက လူတို့အပေါ်မှန်သောသြဇာသက်ရောက်မှုကိုပြုလုပ်ရာ၌ ကြီးမားသောတန်ခိုးကိုဖြစ်စေလိမ့်မည်။ Letter 195, 1901. [Ev 387.1]

**အတည်တကျမရှိသောဆေးသာသနာ့လုပ်ငန်း** – နယူးရော့မြို့၌ရိတ်သိမ်းရန်မှည့်လျက်ရှိသော ဝိညာဉ်အသီးများစွာရှိ၏။ ဤမြို့ကြီး၌ ဗာလဘုရားရှေ့တွင်ဒူးမထောက်သည့် ထောင်ပေါင်းများစွာသောသူရှိကြသည်။ ကောင်းကင်တမန်ပြောသည်မှာ၊ "ကြည့်ရှုလော့၊ လူအားလုံးအတွက်ကြီးစွာသောဝမ်းမြောက်ဖွယ်သတင်းကောင်းကို သင့်အတွက်ငါယူဆောင်လာ၏။" နယူးရော့မြို့၌ "လူမျိုးစုံ" နေထိုင်လျက်ရှိသည်။ ကျွန်ုပ်တို့၏ဆန္ဒမှာ ဤနှစ်သစ်တွင် ဆရာများတို့သည် နယူးရော့မြို့၏နေရာအနှံ့အပြား၌ အလုပ်လုပ်နေကြခြင်းဖြင့် အစပြုသည်ကိုတွေ့မြင်လိုပါသည်။ ဤမြို့၌အလုပ်လုပ်ရမည်။ ကျွန်ုပ်တို့၏မြို့ကြီးများအထဲ၌ ဆေးသာသနာ့လုပ်ငန်းနှင့်ဧဝံဂေလိသာသနာလုပ်ငန်းလက်တွဲ၍ အလုပ်လုပ်ရမည်။ အမှန်တရားဝင်ရောက်နိုင်ရန် တံခါးများပွင့်လာလိမ့်မည်။ Manuscript 117, 1901. [Ev 387.2]

**အကျိုးမရှိသည့်ထိတ်လန့်ဖွယ်သတိပေးချက်များ** – လွန်ခဲ့သောအချိန်၌ အသင်းလူကြီးတစ်ဦးသည် နယူးရော့မြို့ကြီးပျက်စီးတော့မည့် အလွန်ထိတ်လန့်ဖွယ်သတိပေးချက်များကို ဖြန့်လိုက်ပါသည်။ ထိုနေရာ၌လုပ်ငန်းဦးဆောင်သူအား ဤကဲ့သို့သောသတိပေးချက်များကိုကြေညာခြင်းသည် ထိတ်လန့်ဖွယ်ရာမမှန်သည့်လှုပ်ရှားမှုများကိုဖြစ်စေပြီး ဘုရားသခင်၏အမှုတော်ကိုနစ်နာစေမည်ဟု ကျွန်ုပ်ချက်ချင်းစာပြန်လိုက်ပါသည်။ လူတို့အားဘုရားသခင်၏နှုတ်ကပတ်တော်



အမှန်တရားကိုဟောပြောခြင်းသည် လုံလောက်ပါသည်။ ထိတ်လန့်ဖွယ်သတိပေးချက်များမှာ ဘုရားသခင်၏အလုပ်တိုးတက်ရေးအတွက် မည်သို့မျှအကျိုးမပြုနိုင်ပါ။ [Ev 387.3]

နယူးရော့မြို့၌အလုပ်လုပ်သောညီအစ်ကိုတို့အား ဤအန္တရာယ်ရှိပြီးကြောက်မက်ဖွယ်သတိပေးချက်များကို မဖြန့်ချိရန်သတိပေးချက်များ ကျွန်ုပ်ပို့ပေးလိုက်ပါသည်။ ကျွန်ုပ်တို့ညီအစ်ကိုများ တစ်ဖက်စွန်းသို့ရောက်သောအခါ၊ ကျွန်ုပ်ကိုထိပါးလာပြီး မှားယွင်းသောပုရောဖက်ဟု အပြစ်တင်ခြင်းကို ကျွန်ုပ်ခံရပါသည်။ [Ev 387.4]

အကယ်၍နယူးရော့မြို့သည် ဒီရေလှိုင်းဖြင့်ပျက်စီးလိမ့်မည်ဟုကျွန်ုပ်ပြောခဲ့ပါက ကျွန်ုပ်သည် မြို့နှင့် (၆၀) မိုင်ဝေးသောပိုင်ဆိုင်မှုတစ်ခုကို နယူးရော့မြို့မှနေ၍အလုပ်လုပ်နိုင်ရန်စေခိုင်းမည်ကို သင်စဉ်းစားလိမ့်မည်မဟုတ်ပါလား။ Letter 176, 1903. [Ev 388.1]

**စီးပွားရေးရှင်များထံသို့လက်လှမ်းရန်စီမံကိန်းများ** – နယူးရော့မြို့၌အလုပ်လုပ်ရန်အတွက် တိကျသောတာဝန်တစ်ခုကို သင်ခံစားသင့်ပါသည်။ နယူးရော့မြို့နှင့်အခြားမြို့ကြီးများ၏စီးပွားရေးအိမ်များတို့၌ရှိကြသောလူများတို့သည် တခြားနိုင်ငံရှိ နိုင်ငံခြားသားများနည်းတူ သူတို့ထံသို့သတင်းစကားရောက်ရှိရမည်ဖြစ်သည်။ Letter 168, 1909. [Ev 388.2]

**ခန်းမဆောင်နှင့်ဘုရားကျောင်းအဆောက်အဦပြဿနာများ** – နယူးရော့မြို့သို့သွားပါ။ မြေနေရာကိုသေချာစွာလေ့လာပြီး ၎င်းမြေပေါ်ရှိဆောက်လုပ်ထားသောခန်းမဆောင်နှင့်မြေနေရာကိုဝယ်ယူရန် သင့်မသင့်စဉ်းစားပါ။ မတော်လျှင် မြေကိုနှစ်များစွာချီသည့်ကာလတစ်ခုအတွင်း ငှားရမ်းမည်ဖြစ်သည်။ တချို့သောဤနည်းစနစ်များကို မြို့ကြီးများအတွင်းအလုပ်လုပ်ရန်အတွက် လိုက်လျှောက်ရလိမ့်မည်ဟု ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ အကယ်၍ သေချာစွာစဉ်းစားပြီးသည့်နောက် ခန်းမဆောင်ကိုဝယ်ယူခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု သင်ဆုံးဖြတ်ပါက၊ ကျွန်ုပ်တို့သည် လိုအပ်သည့်ငွေကြေးကို

အစွမ်းကုန်ကောက်ခံကာ ရှာဖွေစုဆောင်းရလိမ့်မည်။ သို့သော် အကောင်းဆုံးနားလည်သဘောပေါက်ရလိမ့်မည်။ ဆုတောင်းပါ။ ဆုတောင်းပါ။ ဆုတောင်းပါ။ အကြောင်းမှာ အမှန်တရားဝင်ရောက်ရန် ဖွင့်လျက်ရှိသောတံခါးကိုဖြစ်နိုင်ပါက မာရ်နတ်မှပိတ်နိုင်လိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည်။ အမှန်တရားအတွက် ဗဟိုဌာနတစ်ခုကို ကြီးမားရှုံဆိုးသွမ်းသောနယူးရော့မြို့ကြီးထဲ၌ထူထောင်နိုင်ရန် ဘုရားသခင်အလိုဆန္ဒရှိသည်။ [Ev 388.3]

နယူးရော့မြို့၌ အလုပ်ကိုစုံစမ်းစစ်ဆေးပြီး မြို့တွင်း၌ဘုရားသခင်အတွက် အောက်မေ့ဖွယ်ရာတစ်ခုကိုအခြေချနိုင်ရန်အတွက် စီမံကိန်းများဆွဲရန် သင့်ကိုကျွန်ုပ်ခိုင်းပါသည်။ ၎င်းသည် သာသနာ့လုပ်ငန်း၏ဗဟိုဌာနတစ်ခုဖြစ်ရန်နှင့် ဆေးရုံတစ်ဆောင်ထူထောင်ရန်ဖြစ်သည်။ နယူးရော့မြို့နှင့်ပတ်ဝန်းကျင်ရှိ ကျွန်ုပ်တို့၏အသင်းတော်များတို့ကိုပေါင်းစည်းပြီး ဆုံးဖြတ်ချက်တစ်ခုကိုပြုလုပ်ရလိမ့်မည်။ ဤအရာကိုဆောင်ရွက်နိုင်ပါသည်။ အကယ်၍နယူးရော့မြို့၌ ပြင်းထန်သည့်သာသနာ့စစ်ပွဲကြီးကို အောင်မြင်စွာရှေ့သို့တိုက်ပွဲဆင်ဆောင်ရွက်နိုင်ပါက ၎င်းကိုလုပ်ဆောင်ရလိမ့်မည်။ Letter 154, 1901. [Ev 388.4]

**မှန်သောကြိုးစားမှုနောက်သို့လိုက်ခြင်း၏အကျိုးများ –** နယူးရော့မြို့၌လုပ်ငန်းရှေ့သို့တိုးတက်ရန် ဘုရားသခင်အလိုရှိသည်။ ထိုနေရာ၌ ထောင်ချီပြီးဥပုသ်နေ့အမှန်စောင့်သူများရှိသင့်ကြသည်။ အကယ်၍ လုပ်ငန်းကိုဆောင်ရွက်သင့်သည့်အတိုင်း ဆောင်ရွက်ကြပါက၊ ၎င်းအတိုင်းဖြစ်နိုင်ချေရှိပါသည်။ သို့သော်စိတ်ဝမ်းကွဲပြားမှုဖြစ်ပေါ်လာသည်။ လူတို့သည် မိမိတို့၏ဦးတည်ချက်များအတိုင်းသာ အလုပ်လုပ်လိုကြပြီး အခြားသူများထံမှ ပို၍ကျယ်ပြန့်သောစီမံကိန်းများကို သူတို့အနေဖြင့်ငြင်းဆန်ကြသည်။ ထိုကြောင့် အခွင့်အရေးများဆုံးရှုံးသွားသည်။ နယူးရော့မြို့၌အဖွဲ့ငယ်များစွာကိုထူထောင်သင့်ပြီး အမှုဆောင်များစွာကိုစေလွှတ်သင့်သည်။ သို့သော် မဖြစ်နိုင်ရခြင်းအကြောင်းမှာ လူတစ်ယောက်သည် တရားဟောဆရာတစ်ဦးအဖြစ် ဘိသိက်မခံရပါက



ဘုရားသခင်အတွက် အမှုထမ်းဆောင်၍မရသောကြောင့်ဖြစ်သည်။ ထိုသူများတို့ကို မည်ကဲ့သို့အမှုထမ်းရမည်အကြောင်းကို သင်ကြားပို့ချပြီး၊ သူတို့ကိုထွက်၍အလုပ်လုပ်စေပါ။ လုပ်ငန်းခွင်မှပြန်ရောက်လာသောအခါ သူတို့သည်လုပ်ငန်းကိုမည်ကဲ့သို့ဆောင်ရွက်ခဲ့ကြောင်း တင်ပြစေပါ။ ဘုရားသခင်ချပေးသောကောင်းချီးမင်္ဂလာကြောင့် သူ၏ဂုဏ်တော်ကိုချီးမွမ်းစေပါ။ ထိုနောက်တစ်ဖန်သွားရောက်လုပ်ကိုင်စေပါ။ သူတို့ကိုအားပေးပါ။ အားပေးစကားအနည်းငယ်တို့သည် သူတို့အတွက် စိတ်ဓာတ်ခွန်အားပြင်းပြစေပါလိမ့်မည်။ Life Sketches, p. 385. (1915) [Ev 389.1]

## ဘော့စတန်နှင့်နယူးအင်္ဂလန်

**အလုပ်မလုပ်ရသေးသည့်နယူးအင်္ဂလန်၏မြို့များ –** အရှေ့ပိုင်းဒေသရှိမြို့ကြီးများအတွက် ကျွန်ုပ်တို့၏စိတ်လေးလံလျက်ရှိသည်။ နယူးရော့မြို့အပြင်လွန်ခဲ့သည့်နွေကာလ၌ သင်အမှုထမ်းခဲ့သည့်နေရာတွင် အရေးကြီးသောဘော့စတန်မြို့အနီး၌ မဲ(လ်)ရို့(စ်) ဆေးရုံရှိပါသည်။ ထိုနောက် ပထမဦးဆုံးအလုပ်ကို ဘော့စတန်မြို့၌ အဆောက်အဦပြန်လည်ဆောက်လုပ်ခြင်း၏လိုအပ်ချက်ထက် ပို၍အရေးကြီးသောအလုပ်မရှိကြောင်း ကျွန်ုပ်သိရှိပြီး ဖော့လန်း၊ မိန်းတွင် ပထမသတင်းစကားများကို တန်ခိုးဖြင့်ဟောပြောခဲ့သည့်နေရာဖြစ်သော်လည်း ယခုလက်တစ်ဆုပ်သာလျှင် ကျွန်ုပ်တို့၏လူများကျန်ရှိနေပါသည်။ Letter 4, 1910. [Ev 389.2]

**ဖင့်နွဲခြင်းမရှိလုပ်ဆောင်ရန် –** ဤဘော့စတန်မြို့နှင့်အရှေ့ပိုင်းဒေသရှိအခြားမြို့များတို့တွင် သင်နှင့်သင်၏ဇနီးပေါင်းစည်းကာ ဆေးဘက်ဆိုင်ရာဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ကြပါက သင်တို့၏အသုံးဝင်ခြင်းသည် တိုးပွားလာပြီး သင်တို့ရှေ့၌လုပ်ငန်းအတွက်ကြည်လင်သောအမြင်များပွင့်လာလိမ့်မည်။ ဤမြို့များတို့၌ ပထမကောင်းကင်တမန်သတင်းစကားသည် ၁၈၄၂ ခုနှစ်နှင့်

၁၈၄၃ ခုနှစ်တို့တွင် ကြီးမားသောတန်ခိုးဖြင့်ရောက်ရှိလာခဲ့ပြီး ယခုအချိန်၌ တတိယကောင်းကင်တမန်သတင်းစကားသည် အရှေ့ပိုင်းဒေသတွင် ကျယ်ပြန့်စွာကြွေးကြော်ရလိမ့်မည်။ ကြီးကျယ်ခမ်းနားသောအလုပ်သည် ကျွန်ုပ်တို့၏အရှေ့ပိုင်းဒေသဆေးရုံများတို့၏ရှေ့၌ရှိနေပါသည်။ အလုပ်ပြီးဆုံးမည့်အချိန်၌ သတင်းစကားသည် တန်ခိုးဖြင့်ဟောပြောရမည်။ ဖော့လန်း၊ မိန်း၌ ကျန်းမာရေးပြုပြင်ပြောင်းလဲရေးအတွက် မြို့တစ်မြို့ရှိခဲ့ရာ၊ ၎င်းမြို့ထဲ၌ မဆိုင်းမတွအလုပ်ကိုဝင်ရောက်လုပ်ကိုင်ရမည်။ Letter 20, 1910. [Ev 389.3]

မိန်း၌ ပရမ်းဝစ်(ခ်) နှင့် ဘန်းကာကဲ့သို့သောမြို့များရှိပြီး ထိုမြို့များ၌ သစ္စာရှိစွာအလုပ်လုပ်ရမည်။ အရှေ့ဒေသရှိမြို့ကြီးမြို့ငယ်များအားလုံးတို့၌ အမှန်တရားသည် မီးခွက်ကဲ့သို့ထွန်းလင်းလျက် တောက်လောင်နေရမည်။ Letter 28, 1910. [Ev 390.1]

**အနီးအနားရှိဆေးရုံ၏အရေးကြီးခြင်း –** မဲ(လ်)ရို့(စ်) ၌ရှိသောအဆောက်အဦများနှင့် မြေနေရာများတို့သည် ကျွန်ုပ်တို့၏ဆေးသာသနာ့လုပ်ငန်း၏စာရိတ္တကိုထောက်ခံပြီး ၎င်းကိုဘော့စတန်မြို့၌သာ ဆောင်ရွက်ရမည်မဟုတ်ဘဲ နယူးအင်္ဂလန်ရှိ အခြားအလုပ်မလုပ်ရသေးသောမြို့များတို့၌လည်း ဆောင်ရွက်ရလိမ့်မည်။ မဲ(လ်)ရို့(စ်) ရှိပိုင်ဆိုင်မှုသည် ဆေးရုံရှိကျွန်ုပ်တို့နှင့်ယုံကြည်ခြင်းမတူညီသောပုဂ္ဂိုလ်များတို့ကိုဆွဲဆောင်ရန် ပြင်ဆင်ပေးသောသင့်လျော်သည့်နေရာဖြစ်သည်။ မင်းမျိုးမင်းနွယ်နှင့်သာမညပုဂ္ဂိုလ်တို့သည် ၎င်းဆေးရုံသို့ မိမိတို့၏ကျန်းမာရေးရရှိရေးအတွက် ပေးသောအကျိုးများကိုရရှိရန် အလည်အပတ်ပြုကြလိမ့်မည်။ [Ev 390.2]

ဘော့စတန်မြို့သည် သစ္စာရှိစွာဖြင့်အလုပ်လုပ်ရမည့်နေရာတစ်ခုအဖြစ်ကျွန်ုပ်အားထပ်ခါထပ်ခါညွှန်ပြခဲ့ပါသည်။ မြို့၏အတွင်းအပြင်၌ အလင်းကိုထွန်းလင်းရလိမ့်မည်။ မဲ(လ်)ရို့(စ်) ဆေးရုံသည် ဘော့စတန်မြို့သို့ အမှန်တရားရောက်ရှိရန်အသုံးပြုနိုင်သည့် အကြီးမားဆုံးသောကိုယ်စားလှယ်တစ်ခုဖြစ်သည်။ မြို့ပေါ်နှင့်၎င်း၏ဆင်ခြေဖုံးအရပ်ရှိလူတို့သည် ကမ္ဘာသို့ဟောပြော



နိုင်ရန် ကရုဏာ၏နောက်ဆုံးသောသတင်းစကားကို ကြားသိရပါမည်။ တဲစည်းဝေးပွဲများကို နေရာများစွာတို့၌ ကျင်းပကြရလိမ့်မည်။ အမှုဆောင်များတို့သည် သူတို့အားဘုရားသခင်ပေးထားသောစွမ်းရည်များကို အကောင်းဆုံးအသုံးပြုရလိမ့်မည်။ လိမ္မာပါးနပ်စွာအသုံးပြုခြင်းအားဖြင့် ကျေးဇူးတော်ဆုကျေးဇူးများ တိုးပွားလာလိမ့်မည်။ သို့သော် မိမိကိုယ်ကိုချီးမြှောက်ခြင်းလုံးဝမပြုရပါ။ မည်သည့်ကောင်းသောဦးတည်ချက်များတို့အတွက် အသုံးမပြုရပါ။ အမှုဆောင်များတို့ကို သန့်ရှင်းသောဝိညာဉ်တော်အားလမ်းညွှန်စေပါ။ သူတို့၏ယုံကြည်ခြင်းကိုအစပြု၍အဆုံးစီရင်သော ယေရှုကိုသာအမြဲကြည့်ရမည်။ အကယ်၍ လူအားလုံးတို့သည် ဘုရားသခင်နှင့်အတူ နှိမ့်ချစွာဖြင့်လျှောက်လှမ်းကြပါက ဤမြို့ကြီးများအတွက် အလုပ်ကိုသန့်ရှင်းသောဝိညာဉ်တော်ဖော်ပြခြင်းအားဖြင့် လမ်းပြပါလိမ့်မည်။ [Ev 390.3]

နယူးအင်္ဂလန်၌ အလုပ်ကိုတာဝန်ယူသောသူတို့သည် မဲ(လ်)ရို့(စ်) ဆေးရုံစီမံခန့်ခွဲသူ (မန်နေဂျာ) နှင့် တက်ကြွသောခြေလှမ်းများဖြင့် ဘော့စတန်မြို့၌ကဲ့သို့ ဆောင်ရွက်သင့်သည့်အတိုင်း လုပ်ငန်းကိုပါဝင်စုပေါင်းလုပ်ဆောင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ရာချီသောအမှုဆောင်များတို့သည် မြို့၏မတူညီသောနေရာများတို့တွင်လုပ်ဆောင်ခြင်း၏ဦးတည်ချက်မျိုးစုံဖြင့် အကျိုးပြုရန်ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ [Ev 391.1]

ဆေးသာသနာပြုလုပ်ငန်းသည် တံခါးတစ်ခုကဲ့သို့ မြို့များအတွင်းရှိအိမ်ပေါင်းများစွာသို့ အမှန်တရားဝင်ရောက်နိုင်ရန် လမ်းစတစ်ခုဖြစ်သည်။ မြို့တိုင်း၌ကောင်းကင်တမန်သုံးပါးတစ်ပါး၏အမှန်တရားကို နှစ်သက်မည့်သူများတို့ကို တွေ့ရှိနိုင်ပါလိမ့်မည်။ [Ev 391.2]

ကျွန်ုပ်တို့၏တာဝန်ကို သစ္စာရှိစွာကြိုးစားဆောင်ရွက်ကြပါက ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူပါဝင်လုပ်ဆောင်ပေလိမ့်မည်။ ဘော့စတန်မြို့၌ ယခုအမှန်တရား၏သတင်းစကားကိုကြားသိရစေရန် သူဆောင်ရွက်ပေးလိမ့်မည်။ ဤကဲ့သို့ဆောင်ရွက်နိုင်ရန် ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်ပါ။

ကျွန်ုပ်၏ညီအစ်ကိုမောင်နှမအပေါင်းတို့၊ သင်တို့ကိုသူမစလိမ့်မည်။ ခွန်အားပေးလိမ့်မည်။ ထိုနောက် တန်ဖိုးရှိသောဝိညာဉ်များတို့ကိုကယ်တင်ရန် ဆောင်ရွက်ခြင်းတစ်လျှောက်လုံး၌ သင်တို့၏စိတ်နှလုံးများကို သူ့အားပေးလိမ့်မည်။ Special Testimonies, Series B, No. 13, pp. 12-16. (1906) [Ev 391.3]

**ဘော့စတန်မှထောင်ချီသောသူများ ရိုးစင်းသောအမှန်တရားများကိုသည်းထန်စွာတောင့်တခြင်း –** ဘော့စတန်မြို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းရင်းများကို ကြားသိစေရန်အတွက် ကျွန်ုပ်စိတ်ထဲ၌ လွန်စွာပူပန်ခြင်းကိုခံစားရပါသည်။ နယ်မြေထဲသို့ဝင်ရောက်ရန် အမှုဆောင်များတို့ကို ဘုရားသခင်ထံတောင်းပါ။ ဘော့စတန်မြို့ရှိလူများတို့ထံ ချဉ်းကပ်နိုင်သောအမှုထမ်းများတို့ကိုရရှိရန် ဘုရားသခင်ထံတောင်းပါ။ သတင်းစကားကိုကြွေးကြော်ရလိမ့်မည်။ ခရစ်တော်၌ရှိသောရိုးစင်းသည့်အမှန်တရားကို ဘော့စတန်မြို့မှထောင်ချီသောသူများ ပြင်းထန်စွာတောင့်တလျက်ရှိသည်။ ဓမ္မဆရာဖြစ်သောသင်သည် နှုတ်အားဖြင့်နှင့် ယုံကြည်ချက်အယူဝါဒအားဖြင့် ဝိညာဉ်များထံသို့ရောက်ရှိရန် ဤအမှန်တရားအတွက် ပြင်ဆင်မှုမပြုနိုင်ပေဖူးလား။ Letter 25, 1905.

**ယုံကြည်ခြင်းဖြင့်အစွမ်းကုန်လုပ်ဆောင်ပါက –** မဲ(လ်)ရို့(စ်) ဆေးရုံသည် အထက်တန်းလူတန်းစားများတို့ထံသို့ချဉ်းကပ်နိုင်ရန် နည်းလမ်းတစ်ခုကဲ့သို့ ကျွန်ုပ်တို့၏လက်တွင်းသို့ရောက်ရှိသင့်ခြင်းသည် ဘုရားသခင်၏စီမံကိန်းဖြစ်ခဲ့သည်။ ဘော့စတန်မြို့နှင့်ပတ်ဝန်းကျင်ဒေသများ၌ သေချာစွာကျွန်ုပ်တို့လုပ်ဆောင်သင့်သည်။ အသင်းလူကြီးများတို့အားပြောရန် ကျွန်ုပ်ကိုညွှန်ကြားသည်မှာ သူတို့ကိုသတိပေးစကားပြောနိုင်သောသူတို့နှင့် အဆက်အသွယ်ပြုရန်ဖြစ်သည်။ ဆေးရုံသည် ဘာသာရေးပုံစံတစ်ခုကို ၎င်းအားပြုလုပ်ပေးနိုင်သော အကောင်းဆုံးအရာနှင့်ဆက်သွယ်သင့်သည်။ [Ev 392.1]



အသင်းလူကြီးသည် အကောင်းဆုံးသောကူညီမှုကိုရရှိနိုင်ပြီး ဘော့စတန်မြို့၏အနီးပတ်ဝန်းကျင်၌ တဲတစ်ဆောင်ကိုဆောက်လုပ်စေပါ။ ထိုနောက် ဘုရားသခင်ပေးသောမြွက်ဆိုချက်အတိုင်း လူတို့အားပြောဆိုပါ။ ဖင့်နွဲခြင်းမရှိဘဲ ဤအလုပ်ကိုဆောင်ရွက်သင့်သည်။ အသင်းလူကြီးသည် ယုဒလူမျိုးအတွက်လုပ်ဆောင်ခြင်းအားဖြင့် ကြိုးစားမှုကိုခွန်အားပြည့်ဝစေပါမည်။ သမားတော်များတို့သည် အစည်းအဝေးများနှင့်ဆက်သွယ်လျက် ကျန်းမာရေးသတင်းစကားပြောဆိုခြင်းအားဖြင့် များစွာသောအကူအညီကိုပေးနိုင်ပါလိမ့်မည်။ [Ev 392.2]

ဘုရားသခင်သည် ဘော့စတန်မြို့၌ အမှုတော်ကိုဆောင်ရွက်ရန်ခေါ်နေပါသည်။ ဤအလုပ်ကိုယုံကြည်ခြင်းဖြင့်ဆောင်ရွက်ပါက သင့်အားများစွာသောကောင်းချီးမင်္ဂလာချပေးလိမ့်မည်။ ကြီးမားသောပြင်ပပေါ်လွင်မှုဖြင့် ဆောင်ရွက်ရန်မလိုပါ။ သို့သော် အေးဆေးစွာနှင့်စိတ်အားထက်သန်စွာလုပ်ဆောင်ရလိမ့်မည်။ နှိမ့်ချသော၊ စိတ်အားထက်သန်သော သူ၏အမှုတော်ဆောင်များတို့ကို သူမစလိမ့်မည်။ စိတ်ဆုံးဖြတ်ချက်အပြည့်အဝဖြင့် ကြိုးစားလုပ်ဆောင်ပါ။ "ကျွန်ုပ်၌ပျက်ကွက်ခြင်းနှင့်စိတ်ဓာတ်ကျခြင်းမရှိစေရပါ" ဟုအမြဲပြောဆိုပါ။ Letter 202, 1906. [Ev 392.3]

**စီမံကိန်းများကိုအခြေချရာ၌ဘုရားသခင်ပို့ဆောင်လိမ့်မည် –** ကျွန်ုပ်၏ညီမ၊ ပူပန်သောကခြင်းမရှိပါနှင့်။ သင်၏အခြေအနေကို ဘုရားသခင်ကောင်းမွန်စွာသိသည်။ သူသတိမမူသောအရာတစ်ခုမျှမရှိပါ။ သင်၏ဆုတောင်းချက်များကို သူနားထောင်လိမ့်မည်။ အကြောင်းမှာသူသည် ဆုတောင်းခြင်းကိုနားထောင်၍ အဖြေပေးသောဘုရားဖြစ်သည်။ သူ့ကိုကိုးစားပါ။ သူ့နည်းလမ်းဖြင့်သင့်ကိုသက်သာခြင်းအမှန်ပေးလိမ့်မည်။ နယူးဘက်(ဒ်)ဖော့(ဒ်) (New Bedford) အလုပ်၌ သူပါဝင်ကောင်းချီးပေးကြောင်း ကျွန်ုပ်ကြားရသည့်အတွက် ကျွန်ုပ်အလွန်မှပင်ကျေးဇူးတင်ဝမ်းမြောက်ပါသည်။ ဘုရားသခင်ကိုယုံကြည်ကိုးစား

ကြပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းအားဖြင့် သူ့အားစိတ်အားထက်သန်စွာဆွဲကိုင်ထားကြပါစို့။

အကယ်၍ ညီအစ်ကိုသည် ယခုအချိန်၌ ဆေးရုံတစ်ဆောင်ထူထောင်ရန် သူ၏ကြေးငွေပေးလိုသောဆန္ဒမရှိပါက သူ့အားတောင်းဆိုခြင်းမပြုရန် အကောင်းဆုံးဖြစ်ပါသည်။ ကောင်းသည်ဟု ကျွန်ုပ်တို့ထင်သောအတွေးအခေါ်များမှာ အမြဲပင်အကောင်းဆုံးဖြစ်မည်မဟုတ်ပါ။ ဘုရားသခင်၏ထူထောင်ခြင်းလမ်းအတိုင်းသာလျှင်ဖြစ်စေပါ။ [Ev 393.1]

အို၊ ဤနေရာများကဲ့သို့ ကြီးစွာလိုအပ်သည်နည်းတူ နယူးဘက်(ဒ်)ဖော့(ဒ်) နှင့် ဖဲယားဟိတ်ဗင် (New Bedford နှင့် Fairhaven) နှင့်အခြားနေရာများတို့၌လည်း တန်ခိုးဖြင့်လုပ်ငန်းတိုးတက်ရန် ကျွန်ုပ်တွေ့မြင်လိုပါသည်။ တစ်နေ့တစ်ချိန်တွင် နယူးဘက်(ဒ်)ဖော့(ဒ်) ၌ ဆေးရုံတစ်ဆောင်ထူထောင်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ထိုသို့သောမြို့များ၌ ဆေးသာသနာ့လုပ်ငန်းအမှုဆောင်များ လိုအပ်နေပါသည်။ သို့သော် ညီအစ်မ၊ စွမ်းရည်၌အထူးအစွမ်းအစရှိသူမှ ဤဆေးရုံကိုဦးဆောင်ကြပ်မတ်ရန်လိုအပ်ပါသည်။ ဗဟုသုတရှိပြီး သည်းခံနိုင်သောခံနိုင်ရည်ရှိသည့်ပုဂ္ဂိုလ်များ ဤအလုပ်ကိုတာဝန်ယူရလိမ့်မည်။ ဤကဲ့သို့စီမံကိန်းတစ်ခုကို တာဝန်ယူဆောင်ရွက်သောအမှုဆောင်များ၌ ဗဟုသုတရှိပြီး၊ စွမ်းရည်ရှိရုံမျှဖြင့်မလုံလောက်ပါ။ သူတို့၏ကိုယ်တိုင်အကျိုး၊ စီမံကိန်း၏အကျိုးနှင့် ဘုရားသခင်လုပ်ငန်း၏အကျိုးများတို့အတွက် ကောင်းမွန်စွာအရည်အသွေးနှင့်ပြည့်ဝသောပုဂ္ဂိုလ်များ စုပေါင်းသည့်တပ်ဖွဲ့တစ်ခုအဖြစ် ပါဝင်လုပ်ဆောင်ကြရန်အရေးကြီးပါသည်။ ဘုရားသခင်၏မျက်စိသည် နယ်မြေတစ်ခုလုံးအပေါ်၌ရှိပြီး သတ်မှတ်ထားသောနေရာတစ်ခု၌ အစပြုရန်အချိန်တန်သောအခါ ထိုနေရာသို့လူတို့၏စိတ်ကိုပို့ဆောင်ပြီး စီမံကိန်းကိုဆောင်ရွက်ရန် အကောင်းဆုံးပြင်ဆင်ပေးလိမ့်မည်။ [Ev 393.2]



ရှေ့သို့သယ်ဆောင်ရန် အလုပ်အမျိုးမျိုးရှိနေပါသည်။ သင်တန်းကောင်းမွန်စွာရရှိထားသောသူနာပြုများအတွက် အမှန်တရား၌နိုးကြားလျက်စိတ်ဝင်စားသောမိသားစုများတို့ထံသို့သွားရန် လမ်းပွင့်လျက်ရှိနေပါသည်။ ဘော့စတန်နှင့်နယူးဘက်(ဒ်)ဖော့(ဒ်) ကဲ့သို့သောမြို့များတို့၌ သာသနာပြုများတို့နှင့်ကျမ်းစာအမှုထမ်းများ အရေးတကြီးလိုအပ်လျက်နေပါသည်။ ထိုသို့သောအမှုဆောင်များတို့သည် ကောင်းသောမျိုးစေ့ကိုကြဲရန် အခွင့်အရေးများစွာကိုတွေ့ရှိရလိမ့်မည်။ စွမ်းအားထက်မြက်သော၊ သေချာပြီးစိတ်အားထက်သန်စွာဆောင်ရွက်တတ်သောအမှုဆောင်တိုင်းအတွက် အလုပ်ရှိသည်။ ခရစ်တော်၏သွန်သင်ခြင်း၊ သူ၏ပုံပမာများအားဖြင့်ပို့ချသော ရိုးစင်းသည့်အမှန်တရားများတို့သည် ယခင်ဤလောက၌ သူကိုယ်တိုင်ရှိခဲ့စဉ် သင်ကြားပို့ချခဲ့သည်နည်းတူ ယနေ့ပို၍လိုအပ်လျက်ရှိပါသည်။ Letter 29, 1905.

**အရှေ့ဒေသရှိမြို့များတို့၌သတင်းစကားကိုပြန်လည်ဟောပြောပါ** – ပထမဦးဆုံးကြွလာခြင်းသတင်းစကားကိုကြွေးကြော်သော အရှေ့ပိုင်းဒေသမြို့များတို့၌ မည်သည့်အရာကိုဆောင်ရွက်ခဲ့သနည်း။ အနောက်ပိုင်းဒေသရှိမြို့များ အကျိုးကျေးဇူးရရှိခဲ့သည်။ သို့သော် အရှေ့ပိုင်းဒေသရှိပုဂ္ဂိုလ်များတို့သည် ၎င်းအရပ်ဒေသ၌ ခရစ်တော်လျင်မြန်စွာကြွလာခြင်း၏အမှန်တရားကို သတင်းစကား၏ရှေးနေ့ရက်များကဲ့သို့ လုပ်ငန်းကိုနေရာအနှံ့အပြား၌ဆောင်ရွက်နိုင်ရန် ဝန်ထုပ်အဖြစ်မည်သူခံယူနေကြပါသနည်း။ ပထမဦးဆုံးကျွန်ုပ်တို့အလုပ်စခဲ့ပြီး၊ ဗဟုသုတများကိုရရှိခဲ့သောနေရာ၌ အမှန်တရားကိုပြန်လည်ဟောပြောရန် ကျွန်ုပ်အားအလင်းပေးခဲ့ပါသည်။ ကြိုးပမ်းမှုဟူသရွေ့ဖြင့် အမှန်တရား၏အသိဉာဏ်ကို မသိရှိရသေးသောသူအားလုံးတို့ထံသို့ ဖြန့်ချိရမည်ဖြစ်ပြီး၊ လူများစွာတို့သည် နားထောင်ကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ကြီးသောမြို့များတွင် အမှန်တရားသည် မည်သည့်အရာဖြစ်ကြောင်းကို စိတ်ဝင်စားကြသည့် ရိုးသားသောသူများရှိကြပါသည်။ အရှေ့ပိုင်းဒေသများ၌ လုပ်ဆောင်ရန်အရေးကြီးသောလုပ်ငန်းရှိပါသည်။ သတင်းစကားကိုထပ်မံဟောကြားပါ၊ သတင်းစကား

ကိုထပ်မံဟောကြားပါဟူသောစကားကို ကျွန်ုပ်အားတစ်ကြိမ်ပြီးတစ်ကြိမ် ပြောလျက်ရှိသည်။ သတင်းစကားပထမဦးစွာဟောကြားခဲ့သည့်နေရာများတို့၌ ထပ်မံ၍ဟောပြောရန် အမှန်တရားအတွက်ရပ်တည်နေခဲ့သော အသင်းတော်တစ်ခုပြီးတစ်ခုတို့တွင် သတင်းစကားသို့ ဘုရားသခင်၏တန်ခိုးတော်သက်သေခံခြင်းကို ထူးခြားသောပုံစံဖြင့်ပြောပါ။ Manuscript 29, 1909. [Ev 394.1]

## အရှေ့နှင့်တောင်ပိုင်းရှိမြို့များ

**မြို့များနှင့်ဆင်ခြေဖုံးအရပ်များသို့သတင်းစကားရောက်ရှိရမည် –** ထိုနေရာ၌ နယူးရော့မြို့ရှိပြီး၊ ၎င်းအနီးအနား၌ လူနေထူထပ်သည့် ဖေလဒဲဖီးယား၊ ဘော(လ်)ထီးမိုးနှင့်ဝါရှင်တန်မြို့များရှိကြသည်။ ဤနေရာအားလုံးကို ကျွန်ုပ်ရေတွက်ဖော်ပြရန်မလိုပါ။ သင်တို့သိကြပါသည်။ ဤမြို့များအတွင်း တတိယကောင်းကင်တမန်သတင်းစကားကို တန်ခိုးဖြင့်ကြွေးကြော်ရန် ဘုရားသခင်အလိုရှိသည်။ Manuscript 53, 1909. [Ev 394.2]

**ဖေလဒဲဖီးယား– စိတ်လှုပ်ရှားခြင်းသည် ဧဝံဂေလိအခွင့်အရေးများကိုပြင်ဆင်ပေးသည် –** ဖေလဒဲဖီးယားနှင့်အခြားအရေးကြီးသည့်နေရာများတို့၌ အလုပ်လုပ်ဆောင်သင့်သည်။ သာသနာပြုဆရာများတို့သည် တနင်္ဂနွေနေ့ဥပုသ်ဥပဒေပြဋ္ဌာန်းခြင်း၏စိုးရိမ်ဖွယ်မေးခွန်းအပေါ်နှင့် လူထုကျောင်းများ၌သင်ကြားသော ဘာသာရေးအကြောင်းအရာအပေါ် ဖြေရှင်းနိုင်သည့်နည်းလမ်းများကို ရှာဖွေသင့်သည်။ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်သည် ဤပြင်ဆင်ထားသောအခွင့်အရေးကို တိုးတက်အောင်ပြုလုပ်ရန် ပျက်ကွက်ခြင်းကြောင့် အမှန်တရားကိုဟောပြောရမည့် ကျွန်ုပ်၏စိတ်ထဲ၌ရှိသောဝန်ထုပ်များသည် ညပေါင်းများစွာ ကျွန်ုပ်အားအိပ်ရာမှနိုးထစေပါသည်။ Review and Herald, April 20, 1905. [Ev 394.3]





**နိုင်ငံတော်၏မြို့တော်၌ –** ဝါရှင်တန်၊ ဒီ၊ စီ၌ ပို၍တိကျသောကြိုးစားမှုများပြုလုပ်ရန်လိုအပ်ကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်များစွာရေးသားခဲ့သည်။ ဝါရှင်တန်မြို့သည် အမေရိကန်ပြည်၏မြို့တော်ဖြစ်ပြီး အမှန်တရားထွန်းလင်းသင့်သည့် အထူးသောနေရာဖြစ်သည်။ Letter 132, 1903. [Ev 395.1]

**ဝါရှင်တန်မြို့တော်အတွက်သိရှိနိုင်ပြီးလက်တွေ့ကျသောနည်းစနစ်များ –** တောင့်တင်းခိုင်မာသောဧဝံဂေလိတရားကြိုးစားမှုတစ်ခုကို နိုင်ငံတော်၏မြို့တော်၌ထားရှိရမည်။ ဤဧဝံဂေလိလုပ်ငန်းကို ဝါရှင်တန်မြို့၌သင်တာဝန်ယူပြီး အလွန်းလေးနက်သောစိတ်ဝင်စားမှုဖြစ်ပေါ်ခဲ့သောကြောင့် ကျွန်ုပ်ဝမ်းသာလျက်ရှိသည်။ လုပ်ငန်းဆက်သွယ်မှုနှင့်ပတ်သက်သည့် ရရှိသောအကြောင်းအရာများမှာ ဖြစ်လာမည့် ကျွန်ုပ်အားတင်ပြသည့်ဖြစ်နိုင်ချေနှင့်အလွန်နီးစပ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်အားတင်ပြချက်အရ၊ ဤလုပ်ငန်းသည် အခြားနေရာများမှခေါ်ယူသော လိုအပ်သည့်အမှုဆောင်များအားဖြင့် အင်အားဆုတ်ယုတ်မည်မဟုတ်ဟု ကျွန်ုပ်သေချာစွာပြောနိုင်ပါသည်။ [Ev 395.2]

ဧဝံဂေလိလုပ်ငန်းကို ဝါရှင်တန်မြို့တွင်ဆောင်ရွက်ရမည်ဖြစ်ပြီး အခြားနေရာများမှခေါ်ယူခြင်းအားဖြင့် လုပ်ငန်းကိုမပျက်ကွက်စေရပါ။ မြို့ပေါ်၌ ဘုရားသခင်၏အမှုတော်ကို ရှေ့သို့ဆောင်ရွက်ရာ၌ တည့်မတ်သောဦးတည်ချက်များဖြင့် ဆောင်ရွက်ကြရမည်။ [Ev 395.3]

ဘုရားသခင်အလိုရှိသောနေရာ၌ သင်ရှိရမည်။ အသင်းလူကြီး– သင်သည် ကြီးမားသောဝန်ထုပ်များစွာကို ထမ်းရွက်ရန်မသင့်ပါ။ ဝါရှင်တန်မြို့သည် ကြာမြင့်စွာစွန့်ထားခြင်းခံခဲ့ရပါသည်။ ယခုတိကျသောအလုပ်ကို ထိုနေရာ၌လုပ်ရမည်။ ခွန်အားနှင့်ကျေးဇူးတော်ကို ဘုရားသခင်ပေးလိမ့်မည်။ အမှုဆောင်များတို့သည် မိမိတို့၏အာရုံကို သေချာစွာဖိအားပေးမည့်အရာများစွာတို့အားဖြင့် မိမိတို့ကိုယ်ကို လမ်းကြောင်းပြောင်းခွင့်မပြုစေရပါ။ ဤကိစ္စကြောင့် ကျွန်ုပ်၏ဆန္ဒသည် အမှုဆောင်တိုင်း၏စွမ်းရည်ကို ဝါရှင်တန်မြို့၌ သူ၏အမှုတော်အတွက် အကောင်းဆုံးတိုးတက်ရန် နည်းလမ်းဖြင့်အသုံးပြုရန်ဖြစ်သည်။

ညီအစ်ကိုသည် ဝါရှင်တန်မြို့၌ အလုပ်အတွက်အကူအညီဖြစ်စေမည်ဟုထင်သည့်အရာကို များစွာဖော်ပြခဲ့သည်။ သို့သော် သင်သည် မည်သူ့ကိုထိုနေရာ၌အလုပ်ခန့်ထားကြောင်းသတိပြုပါ။ အရာခပ်သိမ်းကို ကျမ်းစာ၏စံချိန်အတိုင်း ထိန်းသိမ်းကြရမည်။ [Ev 396.1]

ကျွန်ုပ်တို့၏အလုပ်၌ ကျွန်ုပ်တို့သည် တောင်ပေါ်သို့တက်၍ထွန်းလင်းခြင်းမပြုရပါ။ အထူးအံ့သြဖွယ်ရာခင်းကျင်းပြသမှုကိုမပြုရကြောင်း ကျွန်ုပ်တို့အားပြောပါသည်။ အမှန်တရားကို လမ်းမပေါ်နှင့်လမ်းကြားများတို့၌ဟောပြောရမည်။ သို့မှသာ အလုပ်သည် အကျိုးရှိစွာ၊ နည်းစနစ်ဖြင့် ကြောင်းကျိုးညီလျော်စွာပြီးစီးအောင် ဆောင်ရွက်နိုင်ပေလိမ့်မည်။ အကယ်၍သူသည် ယေရှုခရစ်တော်၏ပေးသောသင်တန်းအောက်၌ရှိပါက အမှုဆောင်တိုင်း၏အသက်တာသည် အကောင်းဆုံးသောယေရှု၏အသက်တာကို ဖော်ပြနိုင်ပေလိမ့်မည်။ ခင်းကျင်းပြသမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ကမ္ဘာပေါ်၌ ခရစ်တော်ပြုခဲ့သောအလုပ်သည် ကျွန်ုပ်တို့၏ပုံသက်သေအတွက်ဖြစ်ရမည်။ ပွဲလမ်းသဘင်ဆန်ခြင်းနှင့် ရိုးရိုးထက်လွန်ကဲသောအရာများကို မိမိ၏အလုပ်၌ခရစ်တော်ရှောင်ရှားသကဲ့သို့ ကျွန်ုပ်တို့ရှောင်ရှားကြရမည်။ ဘာသာရေး၌ ၎င်း၏ကိုယ်တိုင်ဖြူစင်သန့်ရှင်းခြင်း၊ မြင့်တင်ပေးခြင်း၊ သန့်ရှင်းခြင်းသြဇာကိုဖြစ်ခြင်း၊ ဝိညာဉ်ရေးအသက်တာသို့ယူဆောင်ပေးခြင်းနှင့် ကယ်တင်ခြင်းပေးရန်အတွက် အသုံးပြုနိုင်သည့်တိုင် စိတ်ထကြွမှုသည် ဘာသာရေးနှင့်မသက်ဆိုင်ပါ။ Letter 53, 1904. [Ev 396.2]

**ဝါရှင်တန်ဧရိယာအတွက်ဧဝံဂေလိတရားပွဲများ –** ဝါရှင်တန်မြို့ပတ်ဝန်းကျင်အားလုံးရှိနေရာများတို့၌ သာသနာ့လုပ်ငန်းဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဝါရှင်တန်မြို့ကြီးပေါ်၌ပင်လျှင် မပြောင်းလဲသေးသောလူမျိုးပေါင်းစုံရှိသည်။ ဤပုဂ္ဂိုလ်များအတွက် မည်သူခံစားနေရပါသနည်း။ ထို့နောက် အခြားအရေးကြီးသည့် ယခုတိုင်သတိမပေးရသေးသောနေရာများစွာရှိသေးသည်။ ဤဂရုမစိုက်ခြင်းကိုကျွန်ုပ်တွေ့ရသောအခါ ကျွန်ုပ်စိတ်ထဲ၌ နာကျင်မှုကိုဖြစ်စေ



ပါသည်။ ဤဝန်ထုပ်သည် အမှုတော်၌လက်ရှိခေါင်းဆောင်အဖြစ် ထမ်းဆောင်နေကြသောသူများအပေါ်သက်ရောက်စေရန် နေ့ညမပြတ်ကျွန်ုပ်ဆုတောင်းလျက်ရှိသည်။ လုပ်ဆောင်ရန်အဆင်သင့်ရှိနေသောသူတို့သည် လုပ်ဆောင်ရန်ဆန္ဒရှိသော အခြားအရည်အချင်းရှိသည့်သူတို့အား ဤသာသနာ့လုပ်ငန်း၌ ပါဝင်လုပ်ဆောင်စေပါ။ [Ev 396.3]

**ဝါရှင်တန်မြို့အနား၌အမှုထမ်းရန်လိုအပ်သောအရေးကြီးသည့်မြို့များရှိသည် –** ကျွန်ုပ်တို့၏အိမ်နီးနားချင်းပုဂ္ဂိုလ်များဖြစ်ကြသည်။ အကယ်၍တွေ့ဆုံသမျှသောသူအားလုံးတို့အတွက် ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများ စိတ်အားထက်သန်စွာသာသနာ့လုပ်ငန်းကိုဆောင်ရွက်ကြပါက၊ အနီးအနား၌ အသစ်သောသာသနာ့လုပ်ငန်းကို အစပြုနိုင်ပါလိမ့်မည်။ ဝိညာဉ်များအတွက်လုပ်ဆောင်ရန်ဝန်ထုပ်ရှိသူများ ဤနေရာတွင်ပေါ်ပေါက်လာပြီး သူတို့သည် အမှန်တရားကိုကြွေးကြော်ခြင်း၌ ကိုယ်တိုင်ပါဝင်ရန်ဆန္ဒရှိလိမ့်မည်။ [Ev 396.4]

သာသနာ့လုပ်ငန်းမရောက်ရှိသောနေရာများတို့၌ တခိုးမားဖတ်(ခ်) (Takoma Park) ၌နေထိုင်ကြသောသူများ ဘုရားသခင်နှင့်အတူ အမှန်တရား၏စံချိန်ကိုစိုက်ထူရန် ကျွန်ုပ်တို့တောင်းပန်လျက်ရှိသည်။ ဝါရှင်တန်အနားရှိမြို့များတို့၌ အမှုထမ်းသူများတို့အားထောက်ပံ့ရန် အသုံးပြုမည့်ငွေကြေးများကိုပေးလှူရန်တောင်းခံကြပါစို့။ တစ်အိမ်တက်တစ်အိမ်ဆင်းလုပ်ငန်းကို သစ္စာရှိစွာလုပ်ဆောင်ကြပါစို့။ လုံခြုံမှုရှိသောသဘော်အပြင်၌ ဝိညာဉ်များစွာပျက်စီးနေကြသည်။ အမှန်တရား၏စံချိန်ကို အသင်းဝင်များအားဖြင့် မိမိတို့၏အိမ်နီးနားချင်းများထံသို့ဟောပြောစေပါ။ ဓမ္မဆရာများတို့သည် မိမိတို့၏တဲကိုဆောက်ကြပြီး တန်ခိုးဖြင့်လူတို့အား အမှန်တရားကိုဟောပြောပြီး အခြားနီးနားပတ်ဝန်းကျင်သို့ပြောင်းရွှေ့ကာ အမှန်တရားကို ထိုနေရာ၌ဟောပြောစေပါ။ Letter 94a, 1909. [Ev 397.1]

**တိကျရှင်းလင်းသောသတင်းစကားတစ်ခုကိုကြွေးကြော်ခြင်း –** ကျွန်ုပ်သည် ဝါရှင်တန်မြို့၌ရှိသော ယုံကြည်သူများတို့အား မှောင်မိုက်၏ကြီးမားသော

တန်ခိုးကိုဆန့်ကျင်ရာ၌ ဘုရားသခင်ကိုမစရန်ခေါ်လျက်ရှိ၏။ ဤမြို့နှင့်၎င်း၏ပတ်ဝန်းကျင်အရပ်တို့၌ တစ်ဦးချင်းလုပ်ဆောင်ခြင်းလိုအပ်ပေလိမ့်မည်။ ဘုရင်၏လမ်းမကြီးကိုရှင်းလင်းပါ။ စံချိန်ကိုမြင့်သည်ထက်မြင့်အောင်တင်ထားပါ။ ဝါရှင်တန်မြို့နှင့်ဘော(လ်)တီးမိုးမြို့၊ အရှေ့နှင့်တောင်ဘက်အရပ်ဒေသရှိအခြားမြို့ကြီးများတို့၌ ဧဝံဂေလိလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းရှိနေပါသည်။ သွန်သင်ပို့ချခြင်းနှင့်ကုသခြင်းပေါင်းစည်းကာ လုပ်ဆောင်ကြပါစို့။ ဓမ္မဆရာများနှင့်ဆေးသာသနာပြုဆရာများတို့သည် ဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်လျက် ဧဝံဂေလိသတင်းစကားကို ကြွေးကြော်ကြပါစို့။ တိကျရှင်းလင်းသောသတင်းစကားကို ဝါရှင်တန်မြို့၌ကြွေးကြော်ကြပါစို့။ တိကျမှန်ကန်သောတံပိုးခရာသံကိုမှုတ်ကြရပါမည်။ Letter 304, 1908. [Ev 397.2]

**နတ်(ရှ်)ဘေး(လ်)၊ စိန့်လူးဝိ(စ်)၊ နယူးအော်လင်း –** ဘုရားသခင်အမှုတော်တိုးတက်ရေးအတွက် ကြိုးစားမှုတိုင်းကို ဖြစ်နိုင်သမျှယခုဆောင်ရွက်သင့်ကြသည်။ ယခုကျွန်ုပ်တို့လက်လှမ်းမီသရွေ့ အမှန်တရားကိုဟောပြောရန်အချိန်၌ ဟောပြောခြင်းမပြုကြပါက မကြာမီပို၍ခက်ခဲသောအချိန်အခါရောက်ရှိလာပေလိမ့်မည်။ ဝါရှင်တန်မြို့၊ ဘော့(စ်)တန်မြို့၊ နတ်(ရှ်)ဘေး(လ်)မြို့၊ စိန့်လူးဝိ(စ်)မြို့၊ နယူးအော်လင်းမြို့နှင့် အခြားမြို့ကြီးများစွာတို့၌ အထူးကြိုးစားအားထုတ်မှုများကို ပြုလုပ်သင့်ကြသည်။ မိမိတို့နေရာ၌ရပ်တည်ကာမိမိတို့ကျရာတာဝန်ကို သစ္စာရှိစွာဖြင့်ဆောင်ရွက်ကြမည်ဖြစ်ပါက လိုရင်းချက်ပြည့်စုံသည့်အလုပ်တစ်ခုကို ပြီးမြောက်စေပါလိမ့်မည်။ ရာပေါင်းများစွာသောလူငယ်များတို့ကို လုပ်ငန်းအတွက်သင်တန်းနှင့်ပညာပေးရန်ခေါ်ယူလျက်ရှိပါသည်။ Manuscript 21, 1908. [Ev 397.3]

**နတ်(ရှ်)ဘေး(လ်) သည်ဗဟိုဌာနတစ်ခု –** တောင်ပိုင်းအရပ်ဒေသရှိလူတန်းစားအမျိုးမျိုးတို့အတွက် အထွေထွေလုပ်ငန်းတစ်ခုကိုဆောင်ရွက်ရန်နတ်(ရှ်)ဘေး(လ်)မြို့သည် အသင့်လျော်ဆုံးဗဟိုဌာနတစ်ခုအဖြစ် အကျွန်ုပ်အားတင်ပြလျက်ရှိသည်။ ကျွန်ုပ်တို့၏လူများ လေးစားဂရုပြုသင့်သည့်



သင်တန်းကျောင်းများကို နတ်(ရှ်)ဘေး(လ်)မြို့အတွင်းနှင့် အနီးအနားတွင်တည်ထောင်ဖွင့်လှစ်ကြရမည်။ လုပ်ငန်းမျိုးစုံကို ဤဌာနမှအောင်မြင်စွာရှေ့သို့တိုးတက်အောင်ဆောင်ရွက်နိုင်ရန် ၎င်းတို့၏ဩဇာသည် ကျွန်ုပ်တို့အတွက်ကူညီမစပေးနိုင်ပါသည်။ Letter 262, 1903. [Ev 398.1]

**မဲ(မ)ဖိ(စ်)နှင့်တောင်ပိုင်းဒေသရှိမြို့များ –** ဘုရားသခင်သည် ကျွန်ုပ်အားညီအစ်ကိုအတွက်သတင်းတစ်ခုကို မဲ(မ)ဖိ(စ်)မြို့၏လုပ်ငန်းကိုဆောင်ရွက်ရန်သူ့အားညွှန်ကြားပါသည်။ ဘုရားသခင်၏စကားကိုနာခံသောကြောင့် မဲ(မ)ဖိ(စ်)မြို့၌ သူ၏လုပ်ငန်းကို အကောင်းဆုံးအောင်မြင်မှုအတွက် အစီရင်ခံနိုင်ခဲ့ပါသည်။ [Ev 398.2]

တောင်ပိုင်းတစ်ခွင်ရှိမြို့များတို့၌နေထိုင်ကြသော ကျွန်ုပ်တို့၏လူများတို့အားပြောကြားရန် ကျွန်ုပ်အားညွှန်ကြားသည်မှာ အရာခပ်သိမ်းကိုဘုရားသခင်၏ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ လုပ်ငန်းပြီးဆုံးတော့မည်ဖြစ်သည်။ ကျွန်ုပ်တို့ယခင်အချိန်ယုံကြည်ခဲ့သည်ထက် ကျွန်ုပ်တို့သည်အဆုံးသို့ပို၍နီးကပ်လျက်ရှိနေပါသည်။ Letter 6, 1909. [Ev 398.3]

**နယူးအော်လင်း၊ မဲ(မ)ဖိ(စ်)၊ စိန့်လူးဝိ(စ်) –** ဆောင်ရွက်ရန်ကြီးမားသောအလုပ်ရှိနေပြီး ကျွန်ုပ်တို့၌အချိန်အနည်းငယ်သာကျန်ရှိနေပါသည်။ တောင်ပိုင်းအရပ်ဒေသ၌ နယူးအော်လင်း၊ မဲ(မ)ဖိ(စ်)၊ စိန့်လူးဝိ(စ်)မြို့များရှိပြီး၊ အနည်းငယ်သာလုပ်ဆောင်နေလျက်ရှိပါသည်။ အမှုတော်ကိုအစမပြုရသေးသော အခြားမြို့များလည်းရှိနေပါသေးသည်။ ဤနေရာများတို့၌ အမှန်တရား၏စံချိန်ကိုမြှင့်တင်ရပါမည်။ ခွန်အားတန်ခိုးအားဖြင့် ကျွန်ုပ်တို့သည် လူတို့ထံသို့အမှန်တရားကိုသယ်ဆောင်သွားကြရမည်။ Manuscript 56, 1904. [Ev 398.4]

**နယူးအော်လင်းနှင့်တောင်ပိုင်းဒေသရှိမြို့များအတွက်သာသနာ့လုပ်ငန်း –** ဆောင်ရွက်ရန်ကြီးမားသောအလုပ်ရှိနေပြီး ၎င်းကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့၌အချိန်အနည်းငယ်သာကျန်ရှိနေပါသည်။ တောင်ပိုင်းအရပ်ဒေသ၌ နယူးအော်လင်း၊ မဲ(မ)ဖိ(စ်)၊ စိန့်လူးဝိ(စ်)မြို့များတို့၌ လုပ်ငန်းအနည်းငယ်ကိုသာ အစ

ပြုခဲ့ရပြီး လုပ်ငန်းစတင်၍မဆောင်ရွက်ရသေးသော အခြားမြို့များရှိနေပါသေးသည်။ ဤနေရာများတို့၌ အမှန်တရား၏စံချိန်ကိုမြှင့်တင်ရလိမ့်မည်။ ခွန်အားတန်ခိုးအားဖြင့် လူတို့ထံသို့ကျွန်ုပ်တို့သည် အမှန်တရားကိုသယ်ဆောင်သွားကြရမည်။ [Ev 398.5]

နယူးအော်လင်းမြို့၌ အမှုဆောင်ရွက်ရမည်။ တစ်နှစ်တာ၏သင့်လျော်သောအချိန်တစ်ချိန်၌ ထိုနေရာတွင်လူထုတရားပွဲတစ်ခုကို ကျင်းပကြရမည်။ စခန်းအစည်းအဝေးများကို နေရာများစွာတို့၌ကျင်းပပြီး ၎င်းနောက် ဧဝံဂေလိလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ကြရမည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ဝိညာဉ်များကိုရိတ်သိမ်းကြရလိမ့်မည်။ [Ev 399.1]

ယခုလုပ်ငန်းကို နယူးအော်လင်းမြို့၌ ပို၍ပြည့်ပြည့်ဝဝလုပ်ဆောင်ရန်ရှိနေပြီး အမှန်တရားကိုသိရှိသောပုဂ္ဂိုလ်များနှင့် ဘုရားသခင်၏လမ်းခရီးကိုနားလည်သူများတို့သည် ဉာဏ်ပညာနှင့်ဘုရားသခင်ကိုကြောက်ရွံ့သောစိတ်ဖြင့် ဤမြို့ထဲသို့ဝင်ရောက်လုပ်ဆောင်ကြရန် ကျွန်ုပ်အားပြောဆိုနေပါသည်။ နယူးအော်လင်းမြို့ထဲ၌ အလုပ်လုပ်ဆောင်ရန်အတွက် ရွေးချယ်ခြင်းခံရသောသူတို့သည် မိမိတို့၏စိတ်ထဲ၌ ကောင်းသောနှလုံးသားရှိပြီး ဘုရားသခင်၏ဘုန်းတော်ကိုထောက်သောသူများနှင့် ဣသရေလဘုရား၏ခွန်အားကို မိမိတို့၏အကာအကွယ်နှင့် နောက်ဆုံးသောမိမိတို့အားစောင့်ရှောက်ရန်အတွက်ထားရှိသောသူများဖြစ်သင့်သည်။ အကယ်၍သူတို့သည် ဘုရားသခင်၏အကြံပေးချက်နှင့်ညွှန်ကြားချက်ကို ရှာဖွေသူများဖြစ်ပါက၊ ဘုရားသခင်သည် သူတို့၏ဆုတောင်းသံများကိုကြားရကာ အဖြေပေးပါလိမ့်မည်။ [Ev 399.2]

ထိုသာသနာ့နယ်မြေသို့ဝင်ရောက်လုပ်ဆောင်သော အမှုဆောင်များတို့အား ကျွန်ုပ်ပြောလိုသည်မှာ၊ သင်၏ယုံကြည်ခြင်းသည် ဘုရားရှင်၌ရှင်သန်စေပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်မတူညီသောသူတို့နှင့်ပေါင်းသင်းဆက်ဆံရာတွင် သင်၏အသက်တာ၌ အမှန်တရားကိုလက်တွေ့ပေါ်လွင်ထင်ရှားစေပါ။ သင့်ယုံကြည်ခြင်း၏အယူဝါဒများကိုဟောပြောရာ၌ မိမိစကားကိုအသုံးမပြုဘဲ ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုသာဟောပြောပါ။ ကြားနာရသောသူများအတွက် “ဘုရားသခင်မည်ကဲ့သို့ပြောသည်” “နှုတ်ကပတ်တော်မှမည်ကဲ့သို့ဖော်ပြထားသည်” ကိုသာ နေရာတိုင်း၌ ခရစ်တော်၏တန်ခိုးပါရှိသည့်တောင်းဆိုချက်ဖြင့် သူတို့အားသိမြင်စေပါ။



သင်၏အသက်တာ၌ သင်၏ယုံကြည်ခြင်းကို လက်တွေ့ဘုရားတရားကြည်ညိုခြင်းအားဖြင့် ဟောပြောပြသပါ။ အမှန်တရားသည် တန်ဖိုးမဲ့ခြင်း၊ ကြမ်းတမ်းခြင်း၊ ရိုင်းစိုင်းခြင်း၊ ပြင်းထန်ခြင်းနှင့်သည်းမခံနိုင်ခြင်းများမရှိကြောင်း သူတစ်ပါးအားတွေ့မြင်စေပါ။ သင်၏သည်းခံခြင်း၊ ကြင်နာသနားခြင်း၊ စိတ်ရှည်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာရှိခြင်းနှင့် စစ်မှန်သောကောင်းမြတ်ခြင်းများကို ပေါ်လွင်ထင်ရှားစေပါ။ ဤကျေးဇူးတရားများတို့သည် သင်ကိုးကွယ်၍ သူ၏အမှုကိုထမ်းဆောင်သော ဘုရားသခင်၏စာရိတ္တကိုဖော်ပြသည့်အတွက်ဖြစ်ပါသည်။ Manuscript 49, 1907. [Ev 400.1]

**တောင်ပြည်နယ်** (Southland) **အတွက်အမှုတော်ဆောင်များ –** သာသနာပြုများတို့သည် တောင်ပိုင်းရှိလူဖြူနှင့်လူမည်းနှစ်မျိုးစလုံးအတွက် တိတ်ဆိတ်ငြိမ်သက်စွာဖြင့်အမှုထမ်းစေပါ။ လမ်းလွှဲရာတန်ခိုးသြဇာများတို့နှင့်ဝန်းရံထားသူများအတွက်နှင့် အကူအညီလိုအပ်ဆုံးသူတို့အတွက် အမအစဖြစ်စေရန်သူတို့အားလုပ်ဆောင်စေပါ။ အများသောသူတို့သည် လူသားများတို့၏စိတ်နှလုံးကို အဆိုးဆုံးသောစိတ်ဓာတ်များသို့ပို့ဆောင်ရန် နှိုးဆော်ခြင်းအောက်၌ ထိန်းချုပ်ခြင်းခံနေကြရပါသည်။ ခရစ်တော်အချိန်ရှိ ယဇ်ပုရောဟိတ်များနှင့်အရာရှိများတို့သည် ပုန်ကန်သောလူထု၏စိတ်ဓာတ်ကို အောင်မြင်စွာနှိုးဆော်နိုင်ခဲ့ခြင်းမှာ သူတို့သည် မသိနားမလည်ခြင်းနှင့် မိမိတို့၏ကိုးစားမှုကို လူသားတို့အပေါ်၌ထားရှိခြင်းကြောင့်ဖြစ်သည်။ ထိုကြောင့်သူတို့သည် ခရစ်တော်ကိုငြင်းပယ်ခဲ့ပြီး ခရစ်တော်၏နေရာ၌ ဓားပြတစ်ဦးနှင့်လူသတ်သမားကိုရွေးချယ်ခဲ့ပါသည်။ တောင်အရပ်ဒေသ၌ အမှုတော်ကိုကျယ်လောင်စွာ၊ သို့မဟုတ်ထင်ရှားစွာမဆောင်ရွက်သင့်ပါ။ စစ်မှန်စွာပြောင်းလဲပြီး အမှုတော်ကိုမိမိတို့၏

အရေးကြီးသောဝန်ထုပ်သဖွယ်ထားရှိသော သာသနာပြုများတို့သည် ဘုရားသခင်ထံဥာဏ်ပညာကိုရယူကာ လိမ္မာပါးနပ်စွာဖြင့် နယ်မြေသို့သွားရောက်လုပ်ကိုင်စေပါ။ ဆေးသာသနာပြုများတို့သည် ကိုယ်ခန္ဓာအားဖြင့် ရောဂါဝေဒနာခံစားနေရသောသူတို့ကို သာသနာ့နယ်မြေ၌တွေ့မြင်ရမည်ဖြစ်ပြီး သူတို့၏ဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်ပါလိမ့်မည်။ အဝတ်အချည်းစည်းရှိသူများကို အဝတ်ပေးနိုင်ရန်၊ ငတ်မွတ်သူများကို အစာကျွေးနိုင်ရန် သူတို့၌ငွေကြေးရှိကြရမည်။ ခရစ်ယာန်များတို့၏ကူညီမစခြင်းသည် တရားဒေသနာဟောကြားခြင်းထက် ပို၍အကျိုးသက်ရောက်မှုရှိသည်။ အမှုဆောင်များတို့သည် ခရစ်တော်နှင့်တူသောသူများဖြစ်ကြပါစေ။ ပညတ်တရားနှင့်ပုံသက်သေအားဖြင့် တန်ခိုးဩဇာကိုအထက်သို့ပို့ဆောင်နိုင်ကြပါစေ။ အသင့်လျော်ဆုံးသောအသက်တာအားဖြင့်နှင့် ခရစ်တော်၏အသက်တာမှ ရိုးစင်းသောသင်ခန်းစာများအားဖြင့် မိမိတို့၏ကိုယ်ကိုဆင်ယင်ကာ လူတို့အားဟောပြောစေပါ။ ထူးဆန်း၍မကြားဘူးသော ကျွန်ုပ်တို့၏အယူဝါဒများအပေါ်၌သော်လည်းကောင်း၊ ယုံကြည်ခြင်းအကြောင်းအရာများအပေါ်၌သော်လည်းကောင်း အဓိကထားကာပြောဆိုခြင်းမပြုဘဲ ခရစ်တော်၏ဒုက္ခဝေဒနာခံစားရခြင်းနှင့်ပူဇော်ဆက်ကပ်ခြင်းအကြောင်းကို သူတို့အားပြောဆိုစေပါ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုစွဲကိုင်ထားပြီး သူ၏ကျေးဇူးတရားကိုဖော်ပြစေပါ။ သူ၏ဖြူစင်ခြင်းနှင့်သန့်ရှင်းခြင်းအကျင့်စာရိတ္တကို သူတို့အားထင်ရှားစေပါ။ တောင်ပိုင်းအရပ်ဒေသရှိအမှုဆောင်များတို့သည် လူတို့အားပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ် သင်ကြားပို့ချရန်လိုပါသည်။ Review and Herald, Dec. 24, 1895. [Ev 400.2]

**တောင်ပိုင်းမြို့အမှုဆောင်များအားပေးခြင်းကိုရရှိကြရန်** – ဘုရားသခင်အလုပ်လုပ်နေခဲ့သည်။ ကျွန်ုပ်၏ညီအစ်ကိုတို့၊ ဆောင်ရွက်ခဲ့သောအရာများကိုဝေဖန်မည့်အစား၊ မဆောင်ရွက်ရသေးသည့်မြို့ကြီးများဖြစ်သော နယူးအော်လင်း၊



မဲ(မ)ဖိ(စ်) နှင့် စိန့်လူးဝိ(စ်)တို့အတွက် သင်၏အပြောအဆိုကိုစောင့်စည်းပါ။ ထိုနေရာများသို့သွားပြီး လူတို့အတွက်လုပ်ဆောင်ပါ။ သို့သော် အရာခပ်သိမ်းကို မိမိတို့၏ခွန်အားအားဖြင့် အမှုတော်တိုးတက်ရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်သောသူတို့အား ပြစ်တင်ဝေဖန်သောစကားကိုမပြောဆိုပါနှင့်။ တစ်ခါတစ်ရံ ဤအမှုဆောင်များတို့သည် စိတ်ဓာတ်ကျမည်ဖြစ်သည်။ သို့သော် သူတို့အတွက် ကျွန်ုပ်တို့ဆုတောင်းပေးနေကြပါသည်။ ကျွန်ုပ်ရှိသောနေရာ၌ သူတို့ကိုယ်စား ဘုရားသခင်၏သားသမီးများအတွက် ဆုတောင်းခြင်းများကိုတောင်းလျှောက်လျက်ရှိပါသည်။ Review and Herald, May 25, 1905. [Ev 401.1]

**ဖိလဒေလဖိ၊ နယူးအော်လင်းနှင့်စိန့်လူးဝိ(စ်)** – သင်သည် အမေရိကန်ပြည်၌ ဆောင်ရွက်သင့်သည့်အလုပ်အကြောင်းကိုပြောဆိုသော်လည်း ဆောင်ရွက်ခြင်းမပြုရသေးပါ။ ကျွန်ုပ်အားသူတို့တင်ပြသော လျစ်လျူရှုထားသည့်နယ်မြေများအကြောင်းကိုပြောလိုပါသည်။ တောင်ပိုင်းဒေသနယ်မြေအတွက် ကျွန်ုပ်ပြောဆိုလိုသောဆန္ဒဖြင့်သာမဟုတ်ပါ။ သတိမပေးရသေးသည့်အခြေအနေကြောင့် မြို့ကြီးများအတွက်ဖြစ်ပြီး လျစ်လျူရှုထားသော သခင့်အတွက်သာသနာပြုများဟု မိမိကိုယ်ကိုပြောဆိုသောသူတို့သည် ကျွန်ုပ်တို့လူများအတွက် အပြစ်စီရင်စရာဖြစ်နေပါသည်။ [Ev 401.2]

ဘုရားသခင်ကျွန်ုပ်တို့ကိုဆုံးမခြင်းသည် ကျွန်ုပ်တို့၏ရှေ့၌တွေ့မြင်နေရသောမြို့ကြီးများတို့တွင် ဝင်ရောက်လုပ်ကိုင်ခြင်းနှင့်သတိမပေးကြခြင်းကြောင့်ဖြစ်သည်။ နှစ်ပေါင်းကြာမြင့်စွာလုပ်ဆောင်လျက်နှင့် အမေရိကန်ပြည်အတွင်းမြို့ကြီးများတို့ကို လျစ်လျူရှုလျက်ဝင်ရောက်လုပ်ကိုင်ခြင်းမပြုသည့်အတွက် ပြင်းထန်သောတာဝန်ပေးခြင်းကိုခံရပါသည်။ ဖိလဒေလဖိမြို့၊ နယူးအော်လင်းမြို့၊ စိန့်လူးဝိ(စ်)မြို့နှင့်အခြားမြို့များတို့၌ မည်ကဲ့သို့လုပ်ဆောင်ခဲ့ကြသနည်း။ နိုင်ငံရပ်ခြားနယ်မြေများတို့အတွက် ကျွန်ုပ်တို့များစွာမဆောင်ရွက်နိုင်ခဲ့သော်လည်း နှိုင်းယှဉ်ရမည်ဆိုလျှင် ကျွန်ုပ်တို့၏အနီးအနားမြို့ကြီးများတို့တွင်

ကျွန်ုပ်တို့မည်သည့်အရာကိုမျှမဆောင်ရွက်ကြသေးပါ။ Letter 187, 1905. [Ev 401.3]

## အလယ်ပိုင်းပြည်နယ်များရှိမြို့များ

**ဒက်ထရွိုက်အပါအဝင်မြို့ကြီးများတို့၏လိုအပ်ချက်များ** – နယူးရော့မြို့၊ ဒက်ထရွိုက်မြို့နှင့်အခြားမြို့ကြီးများတို့၌ အနည်းငယ်သာလုပ်ဆောင်ခဲ့ရပါသည်။ တောင်အရပ်ဒေသရှိမြို့များတို့သည် ဘုရားသခင်၏ဝိညာဉ်တော်သက်သေခံချက်များဖြင့် ကျွန်ုပ်တို့၏လူတို့ရှေ့၌ရှိနေသော်လည်း လျစ်လျူရှုထားခဲ့ကြပါသည်။ ဝေးလံသောနိုင်ငံများသို့သွားရောက်လုပ်ဆောင်ရန် လက်လှမ်းမမီသော်လည်း မိမိတိုင်းပြည်အတွင်းလုပ်ဆောင်ရမည့်တာဝန်ကိုနားလည်ကာ လုပ်ဆောင်ရန် ကျွန်ုပ်တို့၏လူများကိုတိုက်တွန်းလိုပါသည်။ Letter 43, 1903. [Ev 402.1]

**ခလီးဗလင်းနှင့်စင်စီးနထီ** – ယခုအချိန်၌ အထူးအမှန်တရားများကို ကြားသိရန် သင့်သောခလီးဗလင်းမြို့၊ စင်စီးနထီမြို့နှင့်အခြားမြို့များတို့တွင် ဘုရားသခင်၌တန်ဖိုးရှိသည့်ဝိညာဉ်များစွာရှိနေပါသည်။ Manuscript 19a, 1890. [Ev 402.2]

**တောနယ်လုပ်ငန်းဗဟိုဌာနမှချီခါကိုမြို့ကိုသတိပေးခြင်း** – လက်ရှိအခြေအနေအရ၊ တချို့သောသူတို့သည် ချီခါကိုမြို့၌ လုပ်ဆောင်လိုကြပေလိမ့်မည်။ သို့သော် တောနယ်ဗဟိုဌာနများကိုပြင်ဆင်သင့်ပြီး ၎င်းမှနေ၍ မြို့ကိုဦးတည်ကာလုပ်ဆောင်သင့်ကြသည်။ ဘုရားသခင်သည် မိမိလူတို့ကို ဤကိစ္စအတွက်ဆင်ခြင်ပြီး ရိုးသား၍စရိတ်ကျဉ်းသောနေရာများကို မိမိတို့လုပ်ငန်းအတွက် ရယူပိုင်ဆိုင်ရန်အလိုရှိသည်။ ထိုနောက် တစ်ချိန်ပြီးတစ်ချိန် ပို၍ကြီးကျယ်သောနေရာများကိုသတိပြုကာ တန်ဖိုးနည်းနည်းဖြင့် အံ့ဩဖွယ်ကောင်း



လောက်အောင် ဝယ်ယူရရှိနိုင်ပါလိမ့်မည်။ Medical Ministry, pp. 305, 306. (1906) [Ev 402.3]

**ဒင်ဘာမြို့၌ကြီးမားသောအလုပ်တစ်ခု** – အကြောင်းအရင်းကိစ္စကို ကျွန်ုပ်ရှေ့၌ဖော်ပြသကဲ့သို့ ဒင်ဘာမြို့၌ ကြီးမားသောအလုပ်ကိုဆောင်ရွက်ရန်လိုအပ်ကြောင်း ကျွန်ုပ်တွေ့ရှိရပါသည်။ လွန်ခဲ့သောအချိန်၌ တိုးတက်မှုကိုဆန့်ကျင်သည့်အရာများပြုလုပ်ခဲ့ပြီး မလိုလားအပ်သည့်တန်ခိုးဩဇာသည် ယခုလုံးဝပျောက်ကွယ်သွားခြင်းမရှိသေးပါ။

ဒင်ဘာမြို့၌ လူမည်းအဖွဲ့အစည်းကြီးတစ်ခုရှိနေသည်။ ထိုသူတို့အတွက် အသင်းတော်ရှိလူဖြူလူမည်းနှစ်မျိုးစလုံးတို့မှ အထူးကြိုးစားလုပ်ဆောင်ခြင်းကိုပြုကြပါစို့။ သာသနာပြုစိတ်ဓာတ်ပြန်လည်၍ရှင်သန်ခြင်းရှိကြပါစို့။ အမှန်တရားသိရှိထားသူတို့အနေဖြင့် ကြိုးစားအားထုတ်ကာ အမှုတော်ကိုဆောင်ရွက်ကြပါစို့။ Letter 84, 1901. [Ev 403.1]

## အနောက်ပိုင်းဒေသရှိမြို့များ

**ကာလီဖိုးနီးယားပြည်နယ်ရှိမြို့များ** – ကာလီဖိုးနီးယားပြည်နယ်၌ အံ့ဩဖွယ်လျစ်လျူရှုထားသောအလုပ်ကို ဆောင်ရွက်ရန်ရှိသည်။ ဤအလုပ်ကိုကြာမြင့်စွာဆိုင်းငံ့ထားခြင်းမပြုဘဲ ဆောင်ရွက်ကြပါစို့။ အမှန်တရားကိုဟောပြောရန် တံခါးဖွင့်ထားလျက်ရှိသည်နှင့်အညီ ဝင်ရောက်လုပ်ဆောင်ရန်အဆင်သင့်ရှိကြပါစို့။ တချို့သောလုပ်ငန်းကို စန်ဖရန်စစ္စကိုမြို့ကြီး၌ဆောင်ရွက်လျက်ရှိသော်လည်း နယ်မြေကိုလေ့လာသည့်အခါ အစပြုဆောင်ရွက်လျက်ရှိနေသေးသည်ကိုသာ ကျွန်ုပ်တို့ရှင်းလင်းစွာတွေ့မြင်ရပါသည်။ ကောင်းမွန်စွာစည်းရုံးသောကြိုးစားမှုများဖြင့် ဤမြို့၏နေရာအနှံ့အပြားတို့နှင့် အုတ်လင်း (Oakland) မြို့ကိုပါ မြန်နိုင်သရွေ့မြန်အောင် ဝင်ရောက်လုပ်ကိုင်သင့်ကြသည်။ စန်ဖရန်စစ္စကိုမြို့၏ဆိုးသွမ်းမှုကို ကျွန်ုပ်တို့နားမလည်ပါ။ ဤမြို့၌

ကျွန်ုပ်တို့၏အလုပ်သည် ကျယ်ပြန့်၍နက်ရှိုင်းရလိမ့်မည်။ ဝိညာဉ်များစွာကို ကယ်တင်ရန် ဘုရားသခင်တွေ့မြင်လျက်ရှိသည်။ 7T, p. 110, (1902) [Ev 403.2]

ကျွန်ုပ်တို့သည် စန်ဖရန်စစ္စကို၊ အုတ်လင်းနှင့်ကာလီဖိုးနီးယားပြည်နယ်ရှိ အခြားမြို့ကြီးများတို့၌အလုပ်ကို ကျွန်ုပ်တို့၏တန်ခိုးအားလုံးဖြင့် တည်ထောင်ရန် မဆောင်ရွက်ဘဲနေကြရမည်လား။ ဤမြို့များတို့တွင် ထောင်ပေါင်းများစွာ ကျွန်ုပ်တို့၏အနီးအနား၌နေထိုင်ကြသောသူတို့သည် နည်းလမ်းများစွာဖြင့် ကူညီမှုကိုလိုအပ်လျက်ရှိသည်။ တပည့်တော်များတို့အား ယေရှုခရစ်တော်ပြောခဲ့သည့် "သင်တို့သည် လောက၏အလင်းဖြစ်ကြ၏" ဆိုသည့်အချက်ကို ဧဝံဂေလိသတင်းစကားဆောင်ရွက်နေကြသည့် ဓမ္မအမှုဆောင်များ နားလည်ကြပါစေ။ Manuscript 79, 1900. [Ev 403.3]

**အနောက်ပိုင်းဒေသတောစခန်းအစည်းအဝေးများ** – သေချာစွာဆောက်လုပ်ထားသော တောစခန်းအစည်းအဝေးများကို စန်ဖရန်စစ္စကိုကဲ့သို့သောမြို့ကြီးများတို့၌ ကျင်းပသင့်သည်။ အကြောင်းမှာ မကြာမီဤမြို့များတို့အပေါ် ဘုရားသခင်၏တရားစီရင်ခြင်းအောက်၌ကျရောက်ကာ ဒုက္ခခံရကြလိမ့်မည်။ [မှတ်ချက်– ၁၉ဝ၂ ခုနှစ်တွင်ရေးသားထားခဲ့သည်။] စန်ဖရန်စစ္စကိုနှင့်အုတ်လင်းမြို့တို့သည် သောဒုံနှင့်ဂေါမောရမြို့များကဲ့သို့ ဘုရားသခင်၏အမျက်တော်သည် ၎င်းတို့အပေါ်သို့သက်ရောက်လိမ့်မည်။ Manuscript 114, 1902. [Ev 403.4]

**လုပ်ငန်းအတွက်အချိန်ကိုတိုစေမည်** – စန်ဖရန်စစ္စကိုမြို့သည် ပြင်းထန်စွာတရားစီရင်ခြင်းကိုခံရသော်လည်း အုတ်လင်းမြို့သည် ကရုဏာများစွာခံစားရသောကြောင့် သက်သာရာရခဲ့ပါသည်။ ဤနေရာများတို့၌ အမှုထမ်းဆောင်ရန် အချိန်ကိုတိုတောင်းစေလိမ့်မည်။ ထို့ကြောင့် ယခုအချိန်တွင် သူတို့အတွက် ဘုရားသခင်၏သတင်းစကားကို သူတို့ရှိသည့်အရပ်၌ ကြိုးစား



အားထုတ်ဟောပြောရမည့် အရေးကြီးသောအချိန်ကာလဖြစ်ပါသည်။ Manuscript 25, 1908. [Ev 404.1]

**စန်ဖရန်စစ္စကိုအမှုဆောင်များအတွက်သတိပေးချက်တစ်ခု** – စန်ဖရန်စစ္စကိုမြို့၌ တိုးတက်နေသည့်လုပ်ဆောင်ခြင်းသည် ကောင်းသောလုပ်ဆောင်ခြင်းဖြစ်သည်။ သို့သော် ခြေလှမ်းတိုင်းတွင် သတိဖြင့်ဆုတောင်းလျက် လုပ်ဆောင်ကြရမည်။ အကြောင်းမှာ အမှုဆောင်များအတွက်ရှုပ်ထွေးမှုနှင့် ဒုက္ခဖြစ်စေမည့်အရာများစွာရောက်ရှိလာပေလိမ့်မည်။ ကျွန်ုပ်၏ညီအစ်ကိုတို့၊ သင်တို့အတွက် ကျွန်ုပ်အားဘုရားသခင်ပေးသောသတင်းစကားမှာ၊ "ဆုတောင်းလျက်စောင့်နေကြလော့။" ဘုရားသခင်၏အမှုတော်၌ သင်သည် အမှန်တရားကိုထိခိုက်စေမည့် အဟန့်အတားမဖြစ်စေရန်သတိပြုပါ။ သင်၏ယုံကြည်ခြင်းကို ရိုးသားသောစကားများအားဖြင့် ဆင်ခြင်ပြောဆိုပါ။ ဘုရားသခင်၏အမှုတော်အတွက် အဟန့်အတားမဖြစ်စေရန် သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးတော်ကို မြတ်နိုးပါ။ လမ်းကြောင်းယိမ်းယိုင်ခြင်းမရှိစေရန် သင်၏ခြေအတွက်ဖြောင့်သောလမ်းခရီးများကိုပြုလုပ်ပါ။ Manuscript 105, 1902. [Ev 404.2]

**ဘေးမြို့ပတ်ဝန်းကျင်၊ အုတ်(ခ)လင်း** (Oakland) – ကျွန်ုပ်၏နှလုံးသည် နောင်တကြီးစွာဖြင့်ပြည့်ဝလျက်ရှိသည်။ ကျွန်ုပ်ဘယ်နည်းနှင့်မျှ ဖွင့်ဟပြောဆို၍မရပါ။ ဖက်ထလူးမာ (Petaluma) ကဲ့သို့နေရာများတို့ကို ကျော်လွန်သွားသင့်သည်။ ယုံကြည်သူများတို့ကိုပြောရန် ဓမ္မဆရာတစ်ဦးသည် တစ်ကြိမ်လာရမည်ဖြစ်သော်လည်း လူတို့ရှေ့၌အမှန်တရားကိုဟောပြောရန် မည်သည့်ကြိုးစားခြင်းကိုမျှမပြုကြပါ။ ကျွန်ုပ်၏အသိဉာဏ်ထက်လွန်၍ ဘာကြောင့် ဖက်ထလူးမာ (Petaluma) ကိုလျစ်လျူရှုသင့်ခဲ့ကြပါသနည်း။ စန်ဖရန်စစ္စကိုမြို့နှင့်အလွန်နီးကပ်လျက်ရှိသော်လည်း အမှန်တရားကို ထိုနေရာ၌ဟောပြောရန် အာဖရိကကဲ့သို့ဝေးနေသည်ဟု ကျွန်ုပ်ခံစားနေရပါသည်။ [Ev 404.3]

စန်ဖရန်စစ္စကိုမြို့နှင့်အုတ်(ခ)လင်းမြို့တို့အတွင်းနှင့် ၎င်းတို့၏ပတ်လည်တစ်ဝိုက်၌ လုပ်ဆောင်ရန်အလုပ်တစ်ခုရှိသည်။ မျက်နှာချင်းဆိုင်မြို့

များတို့၌ လုပ်ဆောင်ကြရမည်။ အို၊ ဝိညာဉ်များပြောင်းလဲရန်အတွက် အချိန်မနှောင်းမီ ကျယ်လောင်စွာကြွေးကြော်ရမည့်ဝိညာဉ်စိတ်ဓာတ်သည် ကျွန်ုပ်တို့၏ဓမ္မဆရာများတို့၌ရှိကြရန် များစွာလိုနေကြောင်း ကျွန်ုပ်တွေ့ရသည်။ Letter 113, 1902. [Ev 404.4]

**တည်းခိုရာမြို့များတို့၌ကွင်းပြင်စည်းဝေးပွဲများဖြင့်ဗဟုသုတရယူခြင်း** – တချို့သောလများအတွက် ကျွန်ုပ်တို့သည် တောဒေသအစည်းအဝေးများကို နာဖာချိုင့်ဝှမ်းရှိ စိန့်ဟယ်လီးနား၊ ခက်လစ်ထိုကာနှင့် အခြားနေရာများ၌ကျင်းပရန် စီမံကိန်းဆွဲခဲ့ပါသည်။ ပထမဦးဆုံးတစ်ခုကို တနင်္ဂနွေနေ့၊ ဇွန်လ (၇) ရက်နေ့တွင် ဟော့စပရင်းဖတ်(ခ်)၊ ခက်လစ်ထိုကာ၌ ကျင်းပခဲ့သည်။ နယ်ဌာနချုပ်မှခေါက်ကုလားထိုင်တချို့ကို ကျွန်ုပ်တို့အားငှားခဲ့ပါသည်။ ခက်လစ်ထိုကာအသင်းတော်ရှိ အသင်းဝင်များတို့သည် အမှန်တရားကိုမကြားရသေးသောသူများထံသယ်ဆောင်ရန် စိတ်အားထက်သန်ကြပြီး စည်းဝေးအတွက်ကောင်းမွန်စွာပြင်ဆင်ပေးခဲ့သည်။ လဟာပြင်စည်းဝေးများသည် ဘုရားကျောင်းထဲ၌ ဝတ်ပြုခြင်းအစီအစဉ်ကိုမတက်ရောက်နိုင်သူများအတွက် အကျိုးရှိသောနည်းလမ်းတစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်စိတ်ချပါသည်။ ထို့ကြောင့် ၎င်းတို့အားဖြင့်သက်သေထူနိုင်ခဲ့ပါသည်။ [Ev 405.1]

ရာသီဥတုပူအိုက်သော်လည်း စည်းဝေးသို့တက်ရောက်သူဦးရေများသည်ကို တွေ့ရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အားစကားပြောရာ၌ များစွာလွပ်လပ်ခွင့်ပေးခဲ့ပါသည်။ စည်းဝေးကိုလူတို့သည် ဝမ်းမြောက်ပျော်ရွှင်စွာတက်ရောက်ကြပုံပေါ်ပြီး လာမည့်ဥပုသ်နေ့နှင့်တနင်္ဂနွေနေ့တို့တွင် ဤနေရာ၌ပင်စည်းဝေးတစ်ဖန်ကျင်းပမည်ဖြစ်ကြောင်း ချိန်းချက်ထားလိုက်ပါသည်။ ကျွန်ုပ်တို့၏လူတို့သည် တနင်္ဂနွေနံနက်စောစောအချိန်၌စုရုံးလာကြကာ တောအုပ်ကလေးတွင် အတူတကွအချိန်ကိုအသုံးပြုခဲ့ကြသည်။ ပို၍များသောတက်ရောက်သူဦးရေကို ဒုတိယတနင်္ဂနွေနေ့တွင် တွေ့ရှိရပါသည်။ [Ev 405.2]



ဆက်လက်၍လဟာပြင်အစည်းအဝေးများကိုကျင်းပသွားရန် ကျွန်ုပ်တို့မျှော်လင့်ကြပါသည်။ ၎င်းအားဖြင့် ပို၍ကောင်းမွန်စွာပြီးမြောက်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အကယ်၍သင့်လျော်သည့်နေရာတစ်ခုကိုတွေ့ရှိရပါက နောက်ထပ်တစ်ခုကို စိန့်ဟယ်လီးနာ အနားတွင်ကျင်းပသွားပေမည်။ [Ev 405.3]

မကြာမီကြွလာမည့်ကယ်တင်ရှင်အကြောင်းကို ကျွန်ုပ်တို့အနားရှိလူတို့အားသတိပေးရန် တတ်နိုင်သမျှအားလုံးလုပ်ဆောင်ရန် ကျွန်ုပ်တို့ဆန္ဒရှိကြပါသည်။ အမှန်တရားကို ယခုအချိန်အထိမသိရသေးသောသူတို့အတွက် ကျွန်ုပ်စိတ်ပူပန်လျက်ရှိသည်။ Review and Herald, July 14, 1903.

**တောင်ပိုင်းကာလီဖိုးနီးယားပြည်နယ်၌** – လော့(စ)အင်ဂျလစ်၌ ဆောင်ရွက်ရန်အလုပ်ရှိသည်။ တောင်ပိုင်းကာလီဖိုးနီးယားပြည်နယ်နှင့်အခြားနေရာများစွာတို့၌ ကျန်းမာခြင်းနှင့်ဆက်စပ်သည့်လုပ်ငန်းအတွက် ကောင်းသောအခွင့်အရေးများရှိနေပါသည်။ ကျွန်ုပ်တို့၏ဓမ္မဆရာများနှင့်စာပေရောင်းချသူများ ထိုနေရာတွင်ရှိသင့်ကြပြီး သတင်းစကားဖြန့်ချိရန် သူတို့၏အခွင့်အရေးကိုစောင့်ကြည့်ကာ သူတို့၌အခွင့်အရေးပေါ်ပေါက်လာသောအခါ စည်းဝေးများကိုကျင်းပကြရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရှင်းလင်းစွာနှင့်တန်ခိုးပါစွာ ဟောပြောခြင်းအားဖြင့် နားရှိသောသူများ အမှန်တရားကိုကြားသိစေပါ။ ဟောပြောသူများတို့သည် တောင်ကာလီဖိုးနီးယားပြည်နယ်ရှိ မတူညီသောနေရာများတို့၌ မိမိတို့၏နေရာများကိုရှာဖွေသင့်ပြီး မကြားသိရသေးသောသူများတို့အား ဧဝံဂေလိ၏ယခုခေတ်အမှန်တရားကို ဟောကြားကြရမည်။ Manuscript 105, 1902. [Ev 405.5]

**လော့(စ)အင်ဂျလစ်** – လော့(စ)အင်ဂျလစ်မြို့၌ ဆောင်ရွက်ရမည့်လုပ်ငန်းအရည်အသွေး၊ ကျယ်ဝန်းခြင်းနှင့်ပတ်သက်၍ အထူးသောအလင်းကို ကျွန်ုပ်အားပေးခဲ့သည်။ ကျွန်ုပ်တို့အပေါ် တတိယကောင်းကင်တမန်သတင်းစကားကို တန်ခိုးဖြင့်ဟောပြောရမည့်တာဝန်နှင့်ပတ်သက်ပြီး သတင်းကို

ကြိမ်ပေါင်းများစွာ ကျွန်ုပ်အားပေးခဲ့ပါသည်။ Review and Herald, March 2, 1905. [Ev 406.1]

**ရက်(၁)လန်း(၈)နှင့် ရေးဗာစိုက်** – အရေးကြီးသောလုပ်ငန်းကို ရက်(၁)လန်း(၈)နှင့်ရေးဗာစိုက်တို့၌ ဆောင်ရွက်ရမည်။ ထိုနေရာများတို့၌ အသင်းတော်များတိုးပွားစေရမည်။ အလုပ်ရှေ့သို့တိုးတက်ခြင်းရှိပါစေ။ Letter 193, 1905. [Ev 406.2]

**အနောက်ပိုင်းမြို့ကြီးများတို့၌သတင်းစကား** – ကာလီဖိုးနီးယားတောင်ပိုင်းရှိ မြို့များတို့၌ အဆောက်အဦကြီးများကိုဆောက်လုပ်ခြင်း၊ သို့မဟုတ် ဝယ်ယူခြင်းသည် မှားယွင်းသောအရာတစ်ခုဖြစ်ပေလိမ့်မည်။ ကြီးကျယ်သော၎င်းအခွင့်အရေးကိုတွေ့ရှိရပုံပေါ်ခြင်းသည် အသိတရားကင်းမဲ့ခြင်း၏လုပ်ရပ်ဖြစ်ပေလိမ့်မည်။ [Ev 406.3]

ယခုအချိန်တွင် ဤမြို့ကြီးများအထဲ၌ ဧဝံဂေလိသတင်းစကားကို ကြွေးကြော်ရမည့် ကြီးမားသောအလုပ်ကိုလုပ်ကြရမည်ဖြစ်သော်လည်း အံ့သြဖွယ်ကောင်းလောက်အောင်ပေါ်လွင်စေမည့် ကြီးမားသောအဆောက်အဦများတို့ကိုဆောက်လုပ်ခြင်း၊ ရယူခြင်းမှာ မှားယွင်းသောလုပ်ရပ်တစ်ခုဖြစ်ပေလိမ့်မည်။ လူတို့သည် ဘုရားသခင်နှင့်နှိမ့်ချစွာအတူလျှောက်လှမ်းရန် ဘုရားရှင်အလိုရှိပါသည်။ သတိပေးသတင်းစကားကို ကြီးမား၍ဆိုးသွမ်းသောမြို့များတို့၌ ကြွေးကြော်သင့်ကြပါသည်။ Manuscript 30, 1903. [Ev 406.4]

– o–





tcef; (12)

tjcm;wdkufBuD;rsm;wdkYütwif;pum;a<u;aMumfjcif;

## ဥရောပတိုက်၌သတင်းစကားကြွေးကြော်ခြင်း

**တစ်ကမ္ဘာလုံးသို့အလင်းထွန်းလင်းစေရမည်** – ယခုအချိန်၌ အမှန်တရား၏ ကိုယ်စားလှယ်များတို့သည် မြို့တိုင်းနှင့်တောကျသည့်နေရာတိုင်းတွင်ရှိသင့်သည်။ ကမ္ဘာတစ်ခုလုံးသည် ဘုရားသခင်အမှန်တရားဘုန်းတော်ဖြင့် ထွန်းလင်းတောက်ပရပါမည်။ အလင်းသည် တိုင်းပြည်အားလုံးနှင့်လူမျိုးအားလုံးတို့ထံသို့ ထွန်းလင်းရလိမ့်မည်။ အလင်းရရှိသူတိုင်း အလင်းပေးကြရပါမည်။ [Ev 407.1]

တချို့သောတိုင်းပြည်များတို့၌ ပညာရေးဗဟိုဌာနများနှင့်တန်ခိုးသြဇာများအဖြစ် အခွင့်အရေးရှိသည့်အနေဖြင့် မှတ်သားနိုင်ပါသည်။ အင်္ဂလိပ်စကားပြောဆိုသောနိုင်ငံများနှင့် ဥရောပတိုက်ရှိဘာသာရေးပြန်လည်ပြုပြင်ရေးနိုင်ငံများတို့၌ရှိသောသူများတို့သည် အမှန်တရားကိုလွယ်ကူစွာလက်ခံနိုင်ကြမည်ဖြစ်ပြီး သင်တန်းကျောင်းများထူထောင်ရန်နှင့် ကျွန်ုပ်တို့၏လုပ်ငန်းရှေ့သို့တိုးတက်ရန် အခွင့်အရေးများစွာရှိနေပါသည်။ အမေရိကန်ပြည်၌ လုပ်ငန်း၏အရည်အသွေးကိုပေးနိုင်သည့် သင်တန်းကျောင်းများစွာရှိသည်။ လုပ်ငန်းတိုးတက်သည်နှင့်အညီ အင်္ဂလန်၊ သြစတြေးလျ၊ ဂျာမနီ၊ စကင်ဒီနေးဗီးယားနှင့် အခြားတိုက်ကြီးများရှိနိုင်ငံများအတွက် အလားတူအထောက်အကူပစ္စည်းများကို ဖြည့်ဆည်းပေးသင့်သည်။ ဤနိုင်ငံများအတွင်း ဘုရားသခင်၌တတ်စွမ်းနိုင်သောသူများ၊ ဗဟုသုတရှိသောလုပ်ဆောင်မည့်သူများရှိကြသည်။ ဤပုဂ္ဂိုလ်များတို့သည် သင်တန်းကျောင်းများကိုထူထောင်ရန်ဦးဆောင်နိုင်ပြီး အမှုဆောင်များတို့ကိုသင်တန်းပေးကာ မတူညီသည့်လုပ်ငန်းများတို့ကို ရှေ့သို့အောင်မြင်စွာသယ်ပိုးဆောင်ရွက်နိုင်ကြသည်။ သူတို့အတွက်ငွေကြေးနှင့်အထောက်အကူ

ပြုသည့်ပစ္စည်းများကိုဖြည့်ဆည်းပေးရန် ဘုရားသခင်ပုံစံချမှတ်ပေးထားသည်။ တည်ထောင်ခဲ့သောသင်တန်းကျောင်းများသည် အခြားသောနိုင်ငံများ၌ အလုပ်၏အရည်အသွေးကိုပေးနိုင်ပြီး မှောင်မိုက်ထဲ၌ရှိသောတစ်ပါးအမျိုးသားများအတွက် အမှုဆောင်များကိုသင်တန်းပေးနိုင်သောအခွင့်အရေးကိုဖြစ်စေပါသည်။ ဤနည်းလမ်းအားဖြင့် ဗဟုသုတရှိသောအမှုဆောင်များအရည်အသွေးပြည့်မီပြီး အဆတစ်ရာတိုးပွားလာပါလိမ့်မည်။ [Ev 407.2]

ဥရောပတိုက်တစ်ခွင်ရှိလုပ်ငန်းအတွက် ပို၍လိုအပ်သောအထောက်အကူပစ္စည်းများတို့ကို ပြင်ဆင်ပေးခြင်းမရှိသည့်အတွက် ကျွန်ုပ်စဉ်းစားသည့်အခါ ကျွန်ုပ်အားနာကျင်စေပါသည်။ ဆွစ်ဇလန်၊ ဂျာမနီ၊ နော်ဝေးနှင့်ဆွီဒင်နိုင်ငံများအတွင်းရှိ လုပ်ငန်းအတွက်စဉ်းစားသောအခါ ကျွန်ုပ်၏စိတ်ကိုလွန်စွာနာကျင်စေပါသည်။ မတူညီသည့်အမှုတော်လုပ်ငန်းရှေ့သို့တိုးတက်ရန် ရန်းကန်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦး၊ နှစ်ဦးရှိသည့်နေရာ၌ ရာချီသောအမှုတော်ဆောင်များ လုပ်ဆောင်ရန်သင့်သည်။ Testimonies, vol. 6, pp. 24-26. (1900) [Ev 408.1]

**ဥရောပတိုက်၌ကြီးမားသောအလုပ်** – ဥရောပတိုက်၌ ကြီးမားသောအလုပ်တစ်ခုကိုဆောင်ရွက်ရန်ရှိသည်။ ကောင်းကင်တစ်ခုလုံးသည် အနီးအနားရှိကျွန်ုပ်တို့၏အကူအညီကိုလိုအပ်နေသောတိုင်းပြည်များကိုသာ စိတ်ဝင်စားရုံမျှမက ရပ်ဝေးတိုင်းပြည်များတို့ကိုလည်း စိတ်ဝင်စားလျက်ရှိနေပါသည်။ ကောင်းကင်သားအားလုံးတို့သည် အပြစ်ထဲကျရောက်လျက်ရှိသောကမ္ဘာအတွက် အမှုတော်၌ပါဝင်လှုပ်ရှားလျက်ရှိကြသည်။ ဤကမ္ဘာပေါ်ရှိအပြစ်ထဲကျရောက်လျက်ရှိသော လူသားအားလုံးတို့၏ကယ်တင်ခြင်းရရှိရေးတွင် သူတို့သည် အလွန်ပင်စိတ်ဝင်စားလျက်ရှိကြသည်။ Manuscript 65, 1900. [Ev 408.2]

**ဥရောပတိုက်၌အမှန်တရားကိုဟောပြောသောသူတို့အား ကြီးမားသောအလုပ်ကိုအပ်နှံထားသည်** – ပြင်သစ်နှင့်ဂျာမနီနိုင်ငံများတွင် မြို့ကြီးများနှင့်လူဦးရေများစွာရှိနေသည်။ အမှောင်ထုထဲ၌ နှစ်ပေါင်းရာချီပြီးရှိနေသည့် အီတလီ၊ စပိန်နှင့်



ပေါ်တူဂီနိုင်ငံများရှိကြပြီး ဘုရားသခင်၏နှုတ်ကပတ်တော်တံခါးပွင့်လျက်ရှိသည်။ ကမ္ဘာသို့နောက်ဆုံးသတိပေးစကားကိုလက်ခံရန်အတွက်လည်း တံခါးပွင့်လျက်ရှိသည်။ ဟော်လန်၊ ဩစတြေးလျ၊ ရိုမေးနီးယား၊ တူရကီ၊ ဂရိနှင့်ရုရှားနိုင်ငံတို့၌လည်း သန်းပေါင်းများစွာရှိသောအိမ်များ၊ ယခုအချိန်ရှိအထူးအမှန်တရားနှင့်ပတ်သက်ပြီး ဘာမျှမသိရှိရသေးသည့် ကျွန်ုပ်တို့ကဲ့သို့ ဘုရားသခင်ရှေ့မှောက်၌ တန်ဖိုးများစွာရှိသောဝိညာဉ်များရှိနေပါသည်။ [Ev 408.3]

ဤတိုင်းပြည်များ၌ ကောင်းသောအလုပ်ကိုလုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ထိုနေရာ၌ အမှန်တရားကိုရရှိခဲ့သောသူများရှိကြပြီး တိုင်းပြည်တိုင်း၌လိုပင်အလင်းသယ်ဆောင်သောသူများကဲ့သို့ ပျံ့နှံ့လျက်ရှိကြသည်။ သို့သော် ကျွန်ုပ်တို့ရှေ့၌ ကြီးမားသောအလုပ်နှင့်နှိုင်းယှဉ်လိုက်ပါက သေးငယ်သောအလုပ်ကိုသာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် လူတို့၏စိတ်နှလုံးထဲ၌လှုပ်ရှားလျက်ရှိပြီး သတိပေးစကားကိုလက်ခံရန် သူတို့ကိုပြင်ဆင်ပေးလျက်ရှိသည်။ ယခုထက်တိုင်လုပ်ငန်းအစမပြုရသေးသည့်နယ်မြေများတို့၌ သာသနာပြုများလိုအပ်လျက်ရှိသည်။ နေရာသစ်များအမြဲဖွင့်လှစ်လျက်ရှိသည်။ လူမျိုးတိုင်းဖြူစင်၍ အသက်ပေးနိုင်သည့်တန်ခိုးဩဇာကို ဝမ်းမြောက်စွာရယူနိုင်ရန် အမှန်တရားကိုမတူညီသောဘာသာစကားများသို့ ဘာသာပြန်ကြရပါမည်။ Life Sketches, pp. 304, 305. (1905) [Ev 408.4]

**ကျယ်ပြန့်၍ကြီးမားသောအလုပ်တစ်ခုအတွက်ခေါ်ယူခြင်း** – ဥရောပတိုက်၌ အမှုတော်များစွာပြီးမြောက်ရန်အချိန်ရောက်ရှိလာပြီ။ အမေရိကန်ပြည်၌ ကြီးမားသောအလုပ်ကိုဆောင်ရွက်နိုင်သကဲ့သို့ ဥရောပတိုက်တွင်လည်း ဆောင်ရွက်ကြရမည်။ ဆေးရုံများထူထောင်ကြပြီး ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်ဆိုင်များတို့ကို စတင်ဖွင့်လှစ်ကြပါစို့။ လက်ရှိအမှန်တရား၏အလင်းသည် ပုံနှိပ်တိုက်မှနေ၍ ထွန်းလင်းစေကြပါစို့။ ကျွန်ုပ်တို့၏စာအုပ်များကို ဘာသာပြန်

သည့်အလုပ်အားဖြင့် ရှေ့သို့တိုးတက်ရန်ဆောင်ရွက်ကြပါစို့။ ဥရောပတိုက်ရှိနိုင်ငံများအထဲ၌ နေရာများစွာတို့တွင် အလင်းထွန်းလင်းလျက်ရှိသည်ကို ကျွန်ုပ်အားပြသလျက်ရှိသည်။ [Ev 409.1]

ဘုရားသခင်၏လုပ်ငန်းကို ကောင်းမွန်စွာမဆောင်ရွက်ရသေးသော နေရာများစွာရှိနေသေးသည်။ အီတလီ၊ ပြင်သစ်၊ စကော့တလန်နှင့်အခြားနိုင်ငံများတို့၌ အကူအညီလိုလျက်ရှိသည်။ ပို၍ကြီးမားသောအလုပ်ကို ဤနေရာများ၌ဆောင်ရွက်သင့်ကြသည်။ အမှုဆောင်များလိုအပ်လျက်ရှိသည်။ ဥရောပတိုက်အတွင်း ဘုရားသခင်၏သားသမီးများအထဲ၌ စွမ်းရည်ရှိသူများရှိကြပြီး ဘုရားသခင်သည် ဤစွမ်းရည်များကို အင်္ဂလန်နိုင်ငံနှင့်တိုက်၏ဗဟိုဌာနများအဖြစ် သူ၏အမှန်တရားအလင်းကို ထွန်းလင်းတောက်ပစေရန် သူဆန္ဒရှိသည်။ [Ev 409.2]

စကင်ဒီနေးဗီးယား၌ဆောင်ရွက်ရန်အမှုရှိသည်။ အမေရိကန်ပြည်၌ယုံကြည်သူများတို့အားဖြင့် အလုပ်လုပ်သကဲ့သို့ စကင်ဒီနေးဗီးယား၌ရှိသောယုံကြည်သူများတို့သည်လည်း ထိုနည်းတူဆောင်ရွက်ရန် ဘုရားသခင်အလိုရှိသည်။ [Ev 409.3]

ကျွန်ုပ်၏ညီအစ်ကိုတို့၊ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် တပ်ဖွဲ့များကိုဖွဲ့စည်းပါ။ သင်၏ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းသည် ဘုရားရှင်အပေါ်၌သာရှိစေပါ။ သူ၏လုပ်ငန်းကျယ်ပြန့်ရန်အချိန်ရောက်ရှိလာပြီ။ ကျွန်ုပ်တို့၏ရှေ့၌ ဒုက္ခကာလရှိနေသော်လည်း ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်း၌ အတူစည်းရုံးလျက်ရှိကြပြီး အကြီးအကဲဖြစ်လိုစိတ်မရှိကြပါက ကျွန်ုပ်တို့အတွက် ဘုရားသခင်သည် ကြီးမားစွာအလုပ်လုပ်သွားလိမ့်မည်။ Testimonies, vol. 8, p. 38. (1904)

**ဥရောပတိုက်၌သာ၍ကြိုးစားမှုလိုအပ်ခြင်း** – လူတို့ဆင်းရဲနွမ်းပါးကြသောကြောင့် အမေရိကန်ပြည်ထက် ဥရောပတိုက်၌ အမှုတော်ပြီးမြောက်ရန် ပို၍ကြိုးစားအားထုတ်မှုကိုပြုရပါလိမ့်မည်။ ဓမ္မဆရာများအလွန်များပြားလျက်



ရှိသည်။ တမန်တော်၏စကားများကို ကျွန်ုပ်တို့စဉ်းစားပါသည်။ သူတို့သည် “စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ ယားတတ်သောနားရှိလျှင် မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။” အမှန်တရားကို ထိုနေရာသို့ယူဆောင်လာသည်နှင့်တစ်ပြိုင်နက်၊ အခြားသောအသင်းတော်မှဓမ္မဆရာများတို့သည် ထိတ်လန့်ကြပြီး၊ နိုးကြားခြင်းအစည်းအဝေးများကိုကျင်းပရန် မိမိတို့၏ဓမ္မဆရာများတို့ကို တစ်မဟုတ်ချင်းပို့ပေးလိုက်ပါသည်။ ဤနေရာ၌တိုင်ပင်ရန်စည်းဝေးတစ်ရပ်အတွက် သူတို့ကိုခေါ်ယူပါမည်။ ဤစည်းဝေးများမှာ တစ်ပတ်တာမျှကြာပြီး ဓမ္မဆရာဆယ်ယောက်ထက်မနည်းစုရုံးကြပါသည်။ စွမ်းရည်အရှိဆုံးပုဂ္ဂိုလ်များတို့ကိုခေါ်ယူပြီး သတိပေးခြင်းနှင့်ကြိမ်းမောင်းခြင်းများဖြင့် သတ္တမနေ့အသင်းဝင်များတို့ကို သူတို့၏အသင်းတော်မှဆန့်ကျင်ဘက်ပြုကြလိမ့်မည်။ သတ္တမနေ့အသင်းဝင်များကို လောကီအစေခံသူများဟု သူတို့သတ်မှတ်ကာ အသင်းတော်များကိုဖျက်ဆီးပြီး ကွဲပြားအောင်ပြုလုပ်သူများဟု သူတို့ပြောကြပါသည်။ [Ev 410.1]

လူတို့ကိုဆွဲဆောင်နိုင်ရန် လွန်စွာခက်ခဲလှသည်။ အောင်မြင်ရန်တစ်ခုတည်းသောနည်းလမ်းမှာ ကျမ်းစာဖတ်ရှုခြင်းအားဖြင့် လူတစ်ဦးမှသုံးဦးအထိအစပြုခြင်းဖြစ်ပြီး အခြားသူများထံသို့လည်းပတ်ကာ သူတို့ကိုစိတ်ဝင်စားစေရန်နှင့် လော်စဲနီ (Lausanne) ၌ဆောင်ရွက်ခဲ့သကဲ့သို့ အလုပ်တဖြည်းဖြည်းတိုးတက်အောင် ဆောင်ရွက်သွားရန်ဖြစ်သည်။ သို့သော် ထိုနေရာ၌ လူပေါင်းနှစ်ဆယ်အမှန်တရားကိုခံယူကြသည်။ ဤကဲ့သို့ဖြစ်ရခြင်းသည် ကောင်းသောအရာအားလုံးပြီးမြောက်သွားခြင်းမဟုတ်ပါ။ အကြောင်းမှာ အမှုဆောင်များဖြစ်ရန်အတွက် မိမိတို့၏ကိုယ်ကိုပြင်ဆင်ထားသော လူပျိုလူရွယ်များတို့သည် ကောင်းသောစိတ်ဓာတ်ရှိကြပြီး ဘုရားသခင်၏အမှုတော်၌ ကြီးမားစွာပို၍အသုံးဝင်ရန်အတွက် သူတို့အားထိုက်တန်စေသည့်ပညာကို ရရှိခဲ့ကြပါသည်။ Letter 44, 1886. [Ev 410.2]

**ဥရောပတိုက်ရှိပြည်နယ်အသင်းသားများထံသို့ရောက်ရှိခြင်း** – တိုင်းပြည်၏ ဤနေရာ၌နေထိုင်ကြသောသူတို့နှင့် မတော်ဥရောပတိုက်တစ်ခုလုံးနှင့်ပတ်သက်၍ ကျွန်ုပ်အားပေးခဲ့သောအလင်းမှ အမှန်တရားဟောပြောရာ၌ သူတို့၏ ရန်သူများတို့၏စိတ်ကို လှုံ့ဆော်မည့်အန္တရာယ်ရှိနေပါသည်။ လက်ရှိအမှန်တရားနှင့် အများစုမှမွေးဖွားလာ၍ရရှိခဲ့သော အသင်းတော်၏အယူဝါဒစပ်ကြားညီညွတ်မှုအနည်းငယ်သာရှိပြီး သူတို့အနေဖြင့်ခံစားချက်နှင့်ပြည့်ဝကာ မိမိတို့၏ဓမ္မဆရာများထိန်းချုပ်မှုအောက်၌ လုံးလုံးနေရသည့်အတွက် အကြောင်းအရာများစွာတို့အပေါ် တင်ဆက်ဟောကြားသောအမှန်တရားကို လာရောက်နားထောင်ခြင်းမပြုဝံ့ကြပါ။ ထိုကြောင့် မေးခွန်းပေါ်လာသည်မှာ၊ "ဤပုဂ္ဂိုလ်များထံသို့ မည်ကဲ့သို့ချဉ်းကပ်ကြရမည်နည်း။ ကြီးမားသောကောင်းကင်တမန်သုံးပါးသတင်းစကားကို မည်ကဲ့သို့ပြီးစီးစေကြမည်နည်း။" ပို၍ပြီးမြောက်အောင်မြင်ရန် ထိုသူတို့၏အိမ်သို့ တစ်ဦးချင်းဖွဲ့လုံ့လဖြင့် ကြိုးစားလည်ပတ်ခြင်းအားဖြင့်သာ ဖြစ်ရပါလိမ့်မည်။ Historical Sketches, pp. 149, 150. (1886) [Ev 410.3]

**တိတ်တဆိတ်သတင်းသယ်ဆောင်သူ** – သို့သော် လူတစ်ယောက်ပြောဆိုသည်မှာ၊ "အကယ်၍အိမ်သို့လည်ပတ်ခွင့်မရခဲ့သော်၊ အကယ်၍ကျွန်ုပ်တို့ဆောင်ရွက်၍ ကျွန်ုပ်တို့ဟောပြောသောအမှန်တရားကိုဆန့်ကျင်ခဲ့သော်၊ သူတို့အတွက်ဆက်လက်၍ကြိုးစားမပြုရန် ဆင်ခြင်ပေးကြရမည်လား။" ထိုသို့လုံးဝမပြုရပါ။ သင်၏မျက်မှောက်၌ အိမ်ရှင်သည် မိမိ၏အိမ်တံခါးကိုပိတ်လိုက်သည့်တိုင်အောင် နာကြည်းစိတ်ဖြင့်ထွက်ခွာသွားခြင်းမပြုရပါ။ သူတို့ကိုကယ်တင်ရာ၌ စိတ်ဓာတ်ကျခြင်းမရှိရပါ။ ထိုဝိညာဉ်များထံသို့ချဉ်းကပ်နိုင်ရန် ဘုရားရှင်ထံဆုတောင်းပါ။ ကြိုးစားမှုကိုမရပ်ဆိုင်းလိုက်ပါနှင့်။ သူတို့ထံရောက်ရှိနိုင်သည့်အထိ အခြားနည်းလမ်းများကိုလေ့လာပြီးစီစဉ်ဆောင်ရွက်ပါ။ အကယ်၍သင်၏လည်ပတ်ခြင်း၌အောင်မြင်မှုမရှိခဲ့သော် သူတို့ထံသို့အသံတိတ်သတင်းပေးသူ (ဓမ္မစာပေ) အားဖြင့်ပို့ပေးပါ။ လူတို့၏စိတ်နေမြင့်ခြင်းကြောင့်



အသက်ရှင်သောသတင်းပို့ဆောင်သူမသွားရောက်နိုင်သည့်နေရာ၌ ကျွန်ုပ်တို့၏စာပေများရောက်ရှိနိုင်ပြီး များသောအားဖြင့်လက်ခံနိုင်ကြပါသည်။ [Ev 411.1]

တစ်ခါတစ်ရံ လက်ရှိအမှန်တရားနှင့်ဆိုင်သော ဖတ်ရှုစရာစာပေများကို ဥရောပတိုက်နှင့်အခြားနိုင်ငံများ မည်ကဲ့သို့လက်ခံကြသည်ကို ကျွန်ုပ်အားဖော်ပြပါသည်။ ပုဂ္ဂိုလ်တစ်ဦးဝေစာတစ်စောင်၊ သို့မဟုတ် စာစောင်တစ်စောင်ရရှိပါသည်။ သူသည် အနည်းငယ်ဖတ်ရှုပြီး တချို့တို့သည် မိမိ၏ယခင်ခံယူချက်နှင့်မကိုက်ညီသောအခါ ဘေးသို့ဖယ်ထားလိုက်ပါသည်။ သို့သော်သူအနည်းငယ်ဖတ်ရှုခဲ့သောအရာကို မေ့ပျောက်သွားခြင်းမရှိပါ။ နှစ်သက်ဖွယ်ရာမကောင်းသော်လည်း ၎င်းအရာတို့သည် သူ၏စိတ်ထဲ၌ ထပ်မံ၍ဖတ်ရှုလိုသည့်တိုင် စိတ်ဝင်စားမှုဖြစ်ပေါ်လာပါသည်။ သူသည် ၎င်းစာစောင်ကိုတစ်ဖန်ယူလိုက်ပြီး တချို့အချက်များတို့သည် သူကြာမြင့်စွာစွဲလမ်းခဲ့သည့်ခံယူချက်များနှင့်ဓလေ့များတို့ဖြင့် ဆန့်ကျင်သည်ကိုတွေ့ရသည့်အတွက် စိတ်ဆိုးမာန်ဆိုးဖြင့် ဘေးသို့ပစ်လိုက်ပါသည်။ သို့သော် သူ့အားဆန့်ကျင်သူ၊ သို့မဟုတ် သူ၏ရန်သူတိတ်တဆိတ်သတင်းယူဆောင်သူသည် သူ့အားဘာမျှပြောဆိုခြင်းမပြုပါ။ ထိုနောက် သူ၏အမျက်ဒေါသငြိမ်းအေးသွားသောအခါ ထိုစာစောင်ကိုတစ်ဖန်တွေ့ရှိရကာ၊ ရိုးစင်း၍မှန်ကန်သောပုံပြင်တစ်မျိုးတည်းကိုသာပြောဆိုပြီး တန်ဖိုးရှိသောရတနာများကို ၎င်းအထဲ၌စာဖတ်သူသည်တွေ့ရှိရပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် အသံမထွက်သောစကားလုံးအားဖြင့် သူ၏စိတ်ကိုနှိုးဆော်ရန် သူ့အနား၌ရှိနေပါသည်။ သူမနှစ်သက်သော်လည်း နောက်ဆုံး၌ထိုအမှန်တရားထံ မိမိကိုယ်ကိုပေးအပ်လိုက်ကာ အလင်းတရားသည် သူ၏စိတ်ကိုပိုင်ဆိုင်ရယူနိုင်ခဲ့ပါသည်။ ပြောင်းလဲလိုစိတ်မရှိသောသူများတို့သည် တစ်ခါတစ်ရံအတည်မြဲဆုံးသောယုံကြည်သူများအဖြစ်သို့ရောက်ရှိလာနိုင်သောကြောင့် အခြားသူများအတွက်ဖွဲ့လုံ့လဖြင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း သူတို့၏ဗဟုသုတသည် သူတို့ကိုသွန်သင်ပါသည်။ Historical Sketches, p. 150. (1886) [Ev 411.2]

**လဟာပြင်နှင့်တဲအစည်းအဝေးများ** – ဥရောပတိုက်၌ တဲအစည်းအဝေးများကိုကျင်းပပေးရန် ကျွန်ုပ်အားတောင်းဆိုပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အားအလင်းပေးသည်နှင့်အညီ သူတို့ကိုကျွန်ုပ်ပြောပြခဲ့သည်မှာ တဲများကိုတချို့သောနေရာ၌ ကောင်းသောအကျိုးအတွက်အသုံးပြုနိုင်ပြီး ကောင်းမွန်စွာကျင်းပပါက ကြီးမားသည့်ကောင်းသောအကျိုးကို ရရှိပါလိမ့်မည်။ ဤအချိန်၌ကျွန်ုပ်ကိုခေါ်ယူခြင်းမှာ ကျွန်ုပ်မသိသော်လည်း ကျွန်ုပ်သိရသည့်အကြောင်းမှာ ညီအစ်ကိုတစ်ဦးယခင်အချိန်၌ တဲများကိုအိမ်စည်းဝေးခြင်း၏ရည်ရွယ်ချက်အတွက် အကောင်းဆုံးဖြစ်သည်ကို ဆန့်ကျင်၍ပြောခဲ့သောကြောင့်ဖြစ်သည်။ [Ev 412.1]

ထိုအချိန်၌ လဟာပြင်စည်းဝေးနှင့်ပတ်သက်ပြီး ကျွန်ုပ်၏ကန့်ကွက်ခြင်းကိုတင်ပြခဲ့သည်။ ထိုစည်းဝေးမျိုးသည် ကျွန်ုပ်တို့၏ဓမ္မဆရာများအတွက် ကျယ်လောင်စွာပြောဆိုရခြင်းကြောင့် အင်အားကုန်ခန်းစေပါသည်။ အသံကိုပုံမှန်ထက်ပို၍အားစိုက်ပြီးပြောဆိုရသောကြောင့် ဤနည်းဖြင့်ကျင်းပခြင်းမှာကြီးစွာသောထိခိုက်မှုကိုဖြစ်စေပါသည်။ အခြားကန့်ကွက်စရာအချက်မှာ စည်းကမ်းနှင့်စနစ်တကျဆောင်ရွက်၍မရခြင်းဖြစ်သည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ခန်းမဆောင်အတွင်းပြုလေ့ပြုထရှိသည့်နှုတ်ကပတ်တော်ကို လုံ့လဝီရိယဖြင့်လေ့လာရာဖွေပြီး ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲရှိ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းနှစ်မျိုးစလုံးမှရယူနိုင်ခြင်းအကျိုးကို မပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ Letter 2, 1885. [Ev 412.2]

**ကြီးမားစွာဘုရားသခင်အလုပ်လုပ်လိမ့်မည်** – ဥရောပတိုက်၌ ကြီးမားသောဆောင်ရွက်ရန်အလုပ်ရှိသည်။ စတင်ဆောင်ရွက်ချိန်၌ နှေးကွေး၍ခက်ခဲမည်ဖြစ်သော်လည်း အကယ်၍ မိမိကိုယ်ကိုဘုရားရှင်ထံသို့ လုံးလုံးဆက်ကပ်အပ်နှံမည်ဖြစ်ပါက သင့်အားဖြင့် ကြီးမားစွာသူသည်အလုပ်လုပ်လိမ့်မည်။ အချိန်များစွာတို့တွင် ခံစားချက်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်



သင်လျှောက်လှမ်းရလိမ့်မည်။ Historical Sketches, pp. 128, 129. (1886) [Ev 412.3]

**ကမ္ဘာ၏အဆုံးစွန်သို့** – အမှန်တရား၏အလင်းသည် ကမ္ဘာအဆုံးသို့ထွန်းလင်းတောက်ပရလိမ့်မည်။ သာ၍ ပိုပြီးသာ၍အလင်း၏ရောင်ခြည်သည် ကောင်းကင်သားအလင်းဖြင့် ကယ်တင်ရှင်၏မျက်နှာမှ သူ၏ကိုယ်စားလှယ်များတို့၏အပေါ် မိုက်မဲနေသောကမ္ဘာ၏မှောင်မိုက်ထဲသို့ ပျံ့နှံ့သွားရလိမ့်မည်။ သူနှင့်အတူလုပ်ဆောင်သောသူများကဲ့သို့ ကျွန်ုပ်တို့သည် ပို၍တစ်နေ့တခြားထွန်းလင်းတောက်ပနိုင်ရန် သူ့ဝိညာဉ်၏သန့်ရှင်းခြင်းအတွက် ကျွန်ုပ်တို့ဆုတောင်းကြပါစို့။ [Ev 413.1]

အလင်းတရားကြွယ်ဝစွာရရှိလျက်နှင့် ကျွန်ုပ်တို့၏ကြိုးစားမှုများသည် နေရာအနည်းငယ်၌သာကန့်သတ်ထားခြင်းမှာ နှစ်သက်ဖွယ်၊ ချီးမွမ်းဖွယ်ရာမဟုတ်ပါ။ ဧဝံဂေလိသတင်းစကားသည် တိုင်းပြည်တိုင်း၊ လူမျိုးတိုင်း၊ ဘာသာစကားတိုင်းနှင့်လူအားလုံးတို့ထံသို့ ကြွေးကြော်ဟောပြောကြရမည်။ Testimonies, vol. 8, p. 40. (1904) [Ev 413.2]

**ကမ္ဘာကိုပတ်ရန်** – ဘုရားသခင်သည် ကမ္ဘာကိုအလင်းပေးရန် မိမိ၏လူတို့အား စွမ်းရည်ကိုပေးထားသည်။ သူသည် လူတို့အားအစွမ်းသတ္တိများတို့ဖြင့်အပ်နှံထားခဲ့ပြီး ၎င်းအစွမ်းသတ္တိများကို လိုအပ်သလိုအသုံးပြုကာ သူ၏အလုပ်ကိုကမ္ဘာတစ်ခုလုံးသို့ပျံ့နှံ့စေရန်ဖြစ်သည်။ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ပုံနှိပ်ရန်ရုံးများနှင့် ဘာသာစကားစွမ်းရည်ရှိသူများတို့ကို ကမ္ဘာ၏နေရာဒေသတိုင်းတွင် တည်ထောင်ရမည်။ [Ev 413.3]

သို့သော် ဤအလုပ်ကိုမဆောင်ရွက်ရသေးပါ။ နိုင်ငံရပ်ခြားတိုင်းပြည်များတို့၌ ငွေကြေးရရှိစေမည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတို့ကို စတင်ပြီးတိုးတက်အောင် ယခုဆောင်ရွက်သွားကြရမည်။ ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်ဆိုင်များဖွင့်လှစ်ခြင်း၊ ဖျားနာသူများနှင့်ဒုက္ခရောက်သူများတို့ကိုပြုစုရန် ဆေးရုံများတို့ကိုတည်ထောင်ခြင်းတို့သည် အမေရိကန်ပြည်၌လိုအပ်

သကဲ့သို့ ဂျာမနီနိုင်ငံ၌လည်းလိုအပ်လျက်ရှိသည်။ လူတိုင်းမိမိတို့၏အကောင်းဆုံးလုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၌ မိမိတို့၏ဂုဏ်ယူဝါကြွားစရာနှင့် မိမိတို့၏ကောင်းသောဆောင်ရွက်မှုများတို့အားဖြင့် သူတစ်ပါးတို့အတွက် ကောင်းချီးမင်္ဂလာဖြစ်စေကြပါစို့။ [Ev 413.4]

ဆေးသာသနာ့လုပ်ငန်း၌ဆောင်ရွက်သူများတို့နှင့် ခရစ်တော်အတူပါဝင်လုပ်ဆောင်နေပါသည်။ ကိုယ်ကျိုးစွန့်ကာ မိမိတို့တတ်နိုင်သရွေ့ တိုင်းပြည်တိုင်းတွင် ဆေးရုံများနှင့်ကုသမှုပြုသည့်ဆေးခန်းများကို တည်ထောင်လုပ်ကိုင်သောသူများတို့သည် ကြွယ်ဝစွာသောဆုလာဘ်ကို ရရှိကြလိမ့်မည်။ ဤကုသမှုများ၌ တကယ်ရောက်ကုသမှုခံယူကြသောသူများတို့သည် ကိုယ်ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်သုံးပါးစလုံး၏အကျိုးကျေးဇူးကို ခံစားကြရလိမ့်မည်။ နွမ်းနယ်သောသူများလန်းဆန်းခြင်း၊ ဖျားနာသောသူများကျန်းမာလာခြင်းနှင့် အပြစ်ဝန်ထုပ်အောက်၌ရှိနေသူများ သက်သာခြင်းရကြလိမ့်မည်။ ရပ်ဝေးတိုင်းပြည်များတို့၌ အပြစ်နှလုံးသားမှဖြောင့်မတ်ခြင်းသို့ရောက်ရှိကြသူများတို့၏နှုတ်များမှ ကျေးဇူးတင်စကားကိုကြားရကြလိမ့်မည်။ သူတို့၏ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းသံအားဖြင့် သက်သေခံချက်တစ်ခုပေါ်လာကာ အခြားသူများတို့အား အမှန်တရားသို့ပို့ဆောင်ပေးလိမ့်မည်။ Letter 121, 1902. [Ev 413.5]

## အင်္ဂလန်နှင့်၎င်း၏မြို့များ

**သူတို့ကိုမည်ကဲ့သို့သတိပေးရကြမည်နည်း –** နောက်ဆုံးသတိပေးစကားကို မကြားရသေးသော အင်္ဂလန်နိုင်ငံရှိမြို့ကြီးများနှင့် ဥရောပတိုက်အတွင်းရှိ သန်းပေါင်းများစွာသောလူဦးရေရှိကြပါသည်။ သူတို့ကိုမည်ကဲ့သို့သတိပေးကြရမည်နည်း။ အကယ်၍ဘုရားသခင်၏လူတို့သည် ယုံကြည်ခြင်းတစ်ခုတည်းသာတိုးပွားစေကြပါက အလုပ်ပြီးစီးရန်အံ့သြဖွယ်ရာများကို ဘုရားရှင်ပြုလုပ်



ပေးလိမ့်မည်။ ခရစ်တော်၏စကားများကိုနားဆင်ပါ။ "မြေကြီးပေါ်မှာသင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်းတူ၍ဆုတောင်းလျှင်၊ တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတ္တံ့။" တန်ဖိုးရှိသောကတိတော်ဖြစ်ပါသည်။ ကျွန်ုပ်တို့ယုံကြည်ကြပါသလား။ အကယ်၍ အဖွဲ့တစ်ခု၏ညီညွတ်သောဆုတောင်းခြင်းများသည် အသက်ရှင်သောယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံတော်ပါးသို့ရောက်ရှိပါက မည်ကဲ့သို့သောအံ့သြဖွယ်ရာအကျိုးများကို တွေ့ရှိရမည်နည်း။ ယေရှုသည် ဤတောင်းလျှောက်ခြင်းများတို့ကို ခမည်းတော်ထံသို့ပို့ဆောင်ပေးရန် အဆင်သင့်ရှိကြောင်းပြောသည်မှာ၊ "ဤပုဂ္ဂိုလ်များကို နာမည်ဖြင့်ကျွန်ုပ်သိသည်။ သူတို့၏ဆုတောင်းခြင်းအဖြေကိုပို့ပေးလိုက်ပါ။ ငါသည် ကိုယ်လက်ဝါး၌သင့်ကိုစာထိုးပြီ။" Historical Sketches, p. 152. (1886) [Ev 414.1]

**လန်ဒန်မြို့၌အမှန်တရားကိုဟောပြောခြင်း –** အသင်းတော်၌စိတ်အားထက်သန်မှုလိုအပ်ပြီး ထိုစိတ်အားထက်သန်ခြင်းကို ပညာဖြင့်ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ ဝိညာဉ်များကိုကယ်တင်ရာ၌ သင်သည် အေးအေးဆေးဆေးသာဆောင်ရွက်လျက်ရှိသည်။ အကယ်၍ လန်ဒန်မြို့နှင့်ပတ်ဝန်းကျင်မြို့များတို့တွင် အမှုဆောင်ရွက်ခြင်းကိုတွေ့ရပါက သင်သည် စည်းလုံးစွာဖြင့် တားဆီး၍မရသော တန်ခိုးအရှိန်အဟုန်ဖြင့်ဆောင်ရွက်လိမ့်မည်။ အမှန်တရားအောင်ပွဲခံသင့်သည်ဟု သင်ယူဆပါက သင်သည် ကြိုးစားလုပ်ဆောင်ပြီး အမှန်တရားစံချိန်ကိုခိုင်မာစွာစိုက်ထူပါ။ သူရဲဘောကြောင်ခြင်း၊ စိုးရိမ်မှုဖြင့် လှုပ်ရှားခြင်းများတို့သည် ယုံကြည်ခြင်းမပါရှိသောကြောင့် မျှော်လင့်သည့်အကျိုးများကို အနည်းငယ်သာရရှိရခြင်းဖြစ်ပါသည်။ [Ev 414.2]

အင်္ဂလန်နိုင်ငံ၌ လုပ်ငန်းနှေးကွေးရခြင်း၏အကြောင်းမှာ လူတို့ကိုအံ့သြခြင်းဖြစ်စေမည့်စိုးရိမ်မှုကြောင့် လူတို့၏အကျင့်များနှင့်ဓလေ့ထုံးစံများကိုရင်ဆိုင်ရာတွင် စိုးရိမ်စိတ်ရှိသည့်အတွက် ကြီးမားသောသာသနာ့လုပ်ငန်းကို နှေးကွေးစွာဖြင့် ဆောင်ရွက်သွားခြင်းကြောင့်ဖြစ်သည်။ သူတို့သည် ယခု

အချိန်ထက်ပို၍များစွာအနှံ့ဩရန်လိုအပ်သည်။ ဘုရားသခင်၏လုပ်ငန်းကို လျင်မြန်စွာဆောင်ရွက်ရန်လိုသည်။ ဝိညာဉ်များတို့သည် အမှန်တရားကို နားမလည်ကြဘဲ ပျက်စီးခြင်းသို့ရောက်နေကြသည်။ [Ev 415.1]

သတိပြုရန်လိုအပ်သည်။ သို့သော် တချို့အမှုဆောင်များတားဆီးခြင်းခံရပြီး အရှိန်အဟုန်ကိုလျှော့ကြသည်။ အကယ်၍ တက်တက်ကြွကြွ လုပ်ဆောင်ရန်လိုအပ်ခြင်းကို တွေ့မြင်သောသူတို့နှင့်ပူးပေါင်းလုပ်ဆောင်ခြင်း မပြုပါက ဝိညာဉ်များစွာပျောက်ဆုံးပြီး အခွင့်အရေးများကျော်လွန်သွားကာ ဘုရားသခင်ပြင်ဆင်ပေးထားသောလမ်းကို ခွဲခြားသိမြင်ကြမည်မဟုတ်ပါ။ Letter 31, 1892. [Ev 415.2]

**အင်္ဂလန်နိုင်ငံ၌ကြီးမားသောအလုပ်တစ်ခု –** အင်္ဂလန်နိုင်ငံ၌ ကြီးမားသော အလုပ်တစ်ခုကိုဆောင်ရွက်ရမည်။ လန်ဒန်မြို့မှတောက်ပသောအလင်းသည် ရှင်းလင်းထင်ရှားစွာဖြင့်ထွန်းလင်းသင့်ပြီး အခြားအရပ်ဒေသများတိုင် ရောင်ခြည်များကိုကွန့်မြူးစေရမည်။ ဘုရားသခင်သည် အင်္ဂလန်နိုင်ငံ၌အလုပ်လုပ်နေသော်လည်း အင်္ဂလိပ်စကားပြောဆိုကြသောကမ္ဘာကြီးကို လျစ်လျူရှုလျက် နေသည်။ အင်္ဂလန်နိုင်ငံသည် အမှုဆောင်များပို၍လိုအပ်ပြီး ငွေကြေးများ ပို၍များစွာလိုအပ်လျက်ရှိသည်။ လန်ဒန်မြို့ကိုတို့ထိခြင်းလုံးဝမရှိသေးပါ။ ဤကြီးမားသောမြို့ကြီး၏အခြေအနေကို ကျွန်ုပ်ရှေ့၌တင်ပြသောအခါ ကျွန်ုပ်၏စိတ်ထဲ၌ နာကျင်စွာခံစားနေရသည်။ [Ev 415.3]

လန်ဒန်မြို့တစ်ခုတည်းအထဲ၌ လူပေါင်းတစ်ရာထက်မနည်း လုပ်ငန်းတွင်ပါဝင်သင့်သည်။ ဘုရားသခင်သည် မိမိ၏အလုပ်ကိုလျစ်လျူရှုခြင်း အတွက် မှတ်သားထားပြီး၊ ဤကြီးလေးသောပျက်ကွက်သည့်တာဝန်ကို တစ်ကြိမ်ပြီးတစ်ကြိမ်ဖြေရှင်းသွားကြရပါလိမ့်မည်။ 6T, pp. 25, 26. (1900) [Ev 415.4]

**အမှုဆောင်စစ်သည်တော်တစ်စု –** အင်္ဂလန်နိုင်ငံ၌လိုအပ်နေသည့်အလုပ်သည် ဤတိုင်းပြည်၌ ကျွန်ုပ်တို့အတွက်အရေးကြီးသောမေးခွန်းတစ်ခုဟု



ကျွန်ုပ်တွေ့မြင်ရသည်။ တရုတ်ပြည်နှင့်အခြားနိုင်ငံများအကြောင်း ကျွန်ုပ်တို့ ပြောဆိုနေကြသည်။ အကယ်၍ အမှန်တရားကိုအင်္ဂလိပ်ဘာသာစကားပြောဆိုသောနိုင်ငံများတို့၌ဟောပြောကြပါက အများသောပုဂ္ဂိုလ်တို့သည် လက်ခံပြီး လိုက်လျှောက်ကျင့်သုံးကြမည်ကို မမေ့သင့်ကြပါ။

အဘယ်ကြောင့်အင်္ဂလန်နိုင်ငံ၌ ပို၍မလုပ်ဆောင်ဘဲနေကြပါသနည်း။ မည်သည့်အကြောင်းကြောင့်နည်း။ အမှုဆောင်များငွေကြေးမရှိကြပါ။ လုပ်ငန်းတိုင်း၌ငွေကြေးလိုအပ်ကြောင်း ကျွန်ုပ်တို့အားပြောဆိုနေကြသည်မဟုတ်ပါလား။ [Ev 416.1]

လန်ဒန်မြို့တော်၌ လူတစ်ဦး၊ သို့မဟုတ် နှစ်ဦးတည်းဖြင့် လုပ်ငန်းကို ဆောင်ရွက်နိုင်သည်ဟု မယူဆကြပါနှင့်။ ဤအရာသည် မှန်သောအစီအစဉ် မဟုတ်ပါ။ လုပ်ငန်းဦးဆောင်နိုင်သူလိုအပ်သကဲ့သို့ အဆင့်အတန်းမတူညီသည့်ပုဂ္ဂိုလ်များတို့ထံသို့ သွားရောက်ဟောပြောနိုင်ရန် အမှုဆောင်စစ်သည်တော်များရှိရပါမည်။ တစ်အိမ်တက်တစ်အိမ်ဆင်း လုပ်ငန်းကိုဆောင်ရွက်ကြရမည်။ GC Bulletin, April 22, 1901. [Ev 416.2]

**ငွေကြေးအထောက်အပံ့ရရှိပါလိမ့်မည် –** လန်ဒန်မြို့တော်၌ လုပ်ဆောင်ရန် လုပ်ငန်းရှိသည်။ ဤအလုပ်ကိုလုပ်နိုင်ကြောင်း ကျွန်ုပ်အလင်းရရှိခဲ့ပြီး လိုအပ်သည့်ကူညီမှုကို ပြင်ပမှရရှိပါလိမ့်မည်။ ငွေကြေးရှိသူများ မိမိတို့၏ငွေကြေးကိုပေးလိမ့်မည်။ သူတို့ထံငွေကြေးတောင်းခံရန် သင်အားငယ်ရန်မလိုပါ။ GC Bulletin, April 22, 1901. [Ev 416.3]

**စည်းဝေးနေရာ၊ ကောင်းသောခန်းမဆောင်များကိုငှားယူပါ –** လုပ်ငန်းအစပြုသည့် အချိန်၌ အကယ်၍ကျွန်ုပ်တို့၏ညီအစ်ကိုများ ချွေတာလျက်ကြိုးစားအားထုတ်ခြင်းမပြုခဲ့ပါက အင်္ဂလန်၌ ယခုလုပ်ငန်းပို၍တိုးတက်နေမည်ဖြစ်သည်။ အကယ်၍သူတို့သည် ကောင်းသောခန်းမဆောင်များတို့ကိုငှားပြီး ကြီးမားသောအမှန်တရားကို ကျွန်ုပ်တို့ရရှိသကဲ့သို့ လုပ်ငန်းကိုဆောင်ရွက်ကြပါက ပို၍အောင်မြင်မှုရရှိကြပါမည်။ တတ်နိုင်သမျှအကောင်းဆုံးဆောင်ရွက်ခြင်းဖြင့်

လူတို့၏စိတ်ကို ဦးစွာဆွဲဆောင်စေနိုင်သည့်အစပြုလုပ်ဆောင်နိုင်ခြင်းကို ဘုရားရှင်အလိုရှိပါသည်။ Gospel Workers, p. 462. (1915) [Ev 416.4]

**ဇာတ်နှင့်အဆင့်အတန်းပြဿနာများ –** မှန်ပါသည်။ အင်္ဂလန်နိုင်ငံ၌ အမှန်တရားကိုဟောပြောခြင်းသည် ခက်ခဲမှုများစွာရှိနေပါသည်။ ဤအထဲ၌ အကြီးမားဆုံးသောအဓိကခက်ခဲမှုမှာ အဆင့်အတန်းသုံးမျိုးအခြေအနေထဲ၌ ခြားနားမှုရှိနေခြင်း၊ ဇာတ်နိမ့်ဇာတ်မြင့်၏ခံစားချက်သည် နိုင်ငံထဲ၌လွန်စွာ ပြင်းထန်လျက်ရှိခြင်းဖြစ်သည်။ မြို့ထဲ၌အရင်းရှင်များ၊ ဆိုင်တာဝန်ခံများနှင့် နေ့စားအလုပ်သမားများနှင့် တိုင်းပြည်အတွင်းမြေပိုင်ရှင်များ၊ အငှားလယ်သမားများနှင့်လယ်လုပ်သားများတို့သည် အဓိကအားဖြင့် အဆင့်အတန်းသုံးမျိုး သုံးစားကို တွေ့ရှိရပါသည်။ ၎င်းတို့၏စပ်ကြား၌ ပညာရေး၊ အတွေး၊ အခြေအနေများအားဖြင့် ကွာခြားမှုသည် ကြီးမားလွန်းလှသည်။ ပုဂ္ဂိုလ်တစ်ဦးတည်းဖြင့် တစ်ချိန်တည်း၌ အဆင့်အတန်းအားလုံးအတွက် လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အလွန်ခက်ခဲလှသည်။ ချမ်းသာကြွယ်ဝခြင်းသည် ကြီးမားခြင်းနှင့်တန်ခိုးဩဇာရှိခြင်းဖြစ်သည်။ နွမ်းပါးခြင်းသည် ကျွန်ဘဝထက် အနည်းငယ်မျှသာနည်းပါးသည်။ ဤကဲ့သို့ဖြစ်နေရခြင်းသည် ဘုရားရှင်မည်သည့်အခါမျှဖြစ်ပေါ်စေရန်အလိုမရှိခဲ့ပါ။ Historical Sketches, p. 164. (1886)

**သာ၍အဆင့်မြင့်သူများကိုအဆင့်နိမ့်သူများအားဖြင့်ချဉ်းကပ်ခြင်း –** လူဦးရေများသောနိုင်ငံတစ်ခု၌ ချမ်းသာသူများတို့၏အစေခံသူများ များပြားပြီး၊ အထက်တန်းလူတန်းစားတို့၏စေခိုင်းရာကို ဆောင်ရွက်ရသောဓလေ့ထုံးစံမှာ ကြာညောင်းခဲ့ရာ လူအများမနှစ်သက်သည့်အမှန်တရားတိုးတက်ရန် မျှော်လင့်ခြင်းသည် အစ၌နှေးကွေးပေလိမ့်မည်။ သို့သော် ညီအစ်ကိုများ၊ သည်းခံလျက်လုပ်ဆောင်ကြပါက လုပ်ကိုင်ဆောင်ရွက်သူများ နိုးကြားပြီးအခွင့်အရေးတိုင်းကိုတိုးတက်အောင် သေချာစွာကြိုးစားလုပ်ဆောင်ကြကာ အလင်းတရားကိုဖြန့်ဝေခြင်းဖြင့် ဝိညာဉ်ပေါင်းများစွာကို အင်္ဂလိပ်နယ်မြေ၌ရိတ်သိမ်းရပါ



လိမ့်မည်။ လိမ္မာပါးနပ်စွာ ဖွဲလုံ့လဖြင့်ကြိုးစားလုပ်ဆောင်ခြင်းကြောင့် များစွာသောငွေကြေးထောက်ပံ့မှုကို လူတို့ထံသို့ဟောပြောရန်အတွက် ရရှိပါလိမ့်မည်။ [Ev 417.1]

အထက်တန်းလွှာလူတန်းစားထံသို့ ဟောပြောသက်သေခံရန် အမြဲတစေခက်ခဲမှုများရှိခြင်းမှာ အမှန်ပင်ဖြစ်သည်။ သို့သော် အမှန်တရားသည် ကျော်ကြားသူများထံသို့ အလယ်အလတ်လူတန်းစားနှင့် ဆင်းရဲနွမ်းပါးသူများတို့ထံ အလျှင်ရောက်ရှိခြင်းအားဖြင့် တစ်ဆင့်ရောက်ရှိသည်ကို မကြာခဏတွေ့ရှိရပါသည်။ Historical Sketches, p. 166. (1886) [Ev 417.2]

**သတိဖြင့်ဆောင်ရွက်ရန်အလုပ်တစ်ခုအတွက်ခေါ်ယူခြင်း –** ဩစတြေးလျ၌အောင်မြင်ခဲ့သည့်နည်းတူ အင်္ဂလန်၌အောင်မြင်ခြင်းမရှိသည့်အတွက် သင်အပြစ်တင်ပြောဆိုရန်မသင့်ပါ။ ဂရင်း(စ)ဘီနှင့်အယ်လ်စဘီ၌သော်လည်းကောင်း၊ အခြားနေရာ၌သော်လည်းကောင်း တန်ဖိုးရှိသောဝိညာဉ်များတချို့ကို ရရှိပေလိမ့်မည်။ ဆော့သန်ထန်၌ ကောင်းသောဝိညာဉ်တချို့ရှိပြီး ကျွန်ုပ်တွေ့ဆုံခဲ့သောညီအစ်ကိုနှင့် အဆက်အသွယ်ရှိသောသူတချို့တို့သည်လည်း ကောင်းသည်ဟု ကျွန်ုပ်တွေ့မြင်ရပါသည်။ ကောင်းသည့်အချက်တိုင်းကို ကျွန်ုပ်တို့ကဲ့သို့ သူတို့မမြင်ရသည့်အတွက် သူတို့၏ကိစ္စများ၌ဆောင်ရွက်ရန် ပညာသားလိုအပ်ပြီး ကျွန်ုပ်တို့တတ်အားသရွေ့ကွာခြားမှုကို ကျွန်ုပ်တို့၏ စပ်ကြား၌ ပို၍မများလာရန် ပေါင်းစည်းဆောင်ရွက်သင့်ကြသည်။ [Ev 417.3]

ကျွန်ုပ်ယုံကြည်သည်မှာ အကယ်၍သူမ၏ကိစ္စ၌ ပါးနပ်စွာဆောင်ရွက်ပါက ထိုညီအစ်မသည် ရှေ့သို့ရောက်ရှိလာမည်ဖြစ်သည်။ ထိုသို့သောသူများကို ချန်လှပ်ထားခြင်းမပြုဘဲ မှန်မြတ်သောအမှန်တရားသို့ရောက်ရှိလာရန် ကြိုးစားပြီးခေါ်ဆောင်လာသင့်သည်။ ထိုအမျိုးသမီးကို အမှုဆောင်တစ်ဦးအဖြစ် ကျွန်ုပ်တို့အလိုရှိသည်။ ၎င်းသည် သိုးများကိုရှာဖွေရန် ကောင်းသောအလုပ်ဖြစ်ပြီး သူတို့ကိုခေါ်ဆောင်ရန် ကြိုးပမ်းမှုတိုင်းကိုပြုလုပ်ရမည်။ သူတို့၏ ထူးဆန်းသောအတွေးအခေါ်များနှင့် မှားယွင်းသောအမြင်အားလုံးကိုဖျောက်ပစ်ရန်

အချိန်ယူရမည်ဖြစ်သည်။ သည်းခံလုပ်ဆောင်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့နှင့် ဝေးကွာ၍မသွားရန် သတိပြုရပါမည်။ သူတို့နှင့်အတူဘုရားသခင်အလုပ်လုပ်နေပြီး လွန်ခဲ့သောအချိန်ကို ကျွန်ုပ်ကြည့်လိုက်သည့်အခါ စိတ်ပျက်စရာများကို ကျွန်ုပ်တို့တွေ့ရခြင်းသည် အောင်မြင်နိုင်ရန်အတွက်ကြီးမားပြီး အင်္ဂလန်နိုင်ငံအဟောင်းမှာကဲ့သို့ ကျွန်ုပ်တို့ကျေနပ်ရောင့်ရဲရပါလိမ့်မည်။ Letter 50, 1887. [Ev 418.1]

**အင်္ဂလန်နိုင်ငံ၌သစ္စာရှိသူများအတွက်ဘုရားရှင်တာဝန်ယူလိမ့်မည်** – ညီအစ်ကိုအက်(စ)၊ အိပ်(ချ်)လိန်းနှင့်အတူ ကျွန်ုပ်တို့သည် လန်ဒန်မြို့နှင့်မိုင် (၄၀) အကွာမြို့ငယ်လေး ရိုက်(စ)လီသို့သွားကြသည်။ ထိုနေရာ၌ ညီအစ်ကိုလိန်းနှင့်ဒူးလန်းတို့သည် (၄) ပတ်တရားပွဲကျင်းပနေပြီးဖြစ်သည်။ ထိုင်ခုံ (၃၀၀) ခန့်ရှိပြီး ညအချိန်၌လူပြည့်လျှံကာ အပြင်ဘက်တွင်လူပေါင်းများစွာမတ်တတ်ရပ်လျက်ရှိသည်။ [Ev 418.2]

ဤသူများတို့အတွက် ကျွန်ုပ်အထူးစိတ်ဝင်စားပြီး ဝမ်းမြောက်စွာသူတို့နှင့်အတူ အချိန်ယူကာပို၍နေလိုပါသည်။ ပရိသတ်ထဲ၌ ဂုဏ်သရေရှိအမျိုးသမီးများစွာရှိနေသည်ဟု ကျွန်ုပ်ပြောနိုင်ပါသည်။ များစွာသောသူတို့သည် ဥပုသ်နေ့ကိုစောင့်ရန်ပြောဆိုနေကြသည်။ အမျိုးသားများတို့သည်လည်း အမှန်တရားကိုယုံကြည်ကြသည်။ သို့သော် သူတို့အတွက်မေးခွန်းတစ်ခုမှာ၊ ဥပုသ်စောင့်ခြင်းဖြင့် တင့်တယ်စွာနေထိုင်နိုင်ပါမည်လား၊ မိသားစုစားဝတ်နေရေးဖူလုံပါမည်လားဟုဖြစ်သည်။ ရိုးသားသောပုဂ္ဂိုလ်များတချို့ စတင်၍ဥပုသ်စောင့်ကြသည်။ ထိုသို့ယုံကြည်သူများအနေဖြင့် ပြင်းထန်သောစမ်းသပ်ခြင်းကိုခံရလိမ့်မည်။ သို့သော် ကျေးဇူးများကိုကျွေးမွေးသောပုဂ္ဂိုလ်သည်သူ့ကိုချစ်ပြီးကြောက်ရွံ့သောသူတို့အား သာ၍စောင့်ရှောက်ကျွေးမွေးမည်မဟုတ်ပါလား။ အင်္ဂလန်နိုင်ငံရှိ သူ၏ရိုးသားပြီးသစ္စာရှိသောသားသမီးများကို ဘုရားသခင်သည်ကြည့်ရှုပြီး သူ၏ပညတ်တော်များကိုစောင့်ရှောက်သောသူတို့





အတွက် လမ်းပြင်ဆင်ပေးလိမ့်မည်။ Historical Sketches, p. 163. (1886) [Ev 418.3]

## ဥရောပတိုက်မြောက်ပိုင်းရှိမြို့များ

**ဘုရားရှင်အားကူညီရန်ထွက်လာကြပါ** – ကျွန်ုပ်၏နောက်ဆုံးသောရူပါရုံ၌ ဥရောပမြောက်ပိုင်းရှိ လုပ်ငန်းအရေးကြီးကြောင်း ကျွန်ုပ်အားပြသခဲ့သည်။ ဘုရားသခင်သည် မစ်တာမက်ထစင်အား လူတို့၏စိတ်ကိုထိတွေ့ရန် သက်သေခံချက်တစ်ခုကိုပေးသည်။ သို့သော် လုပ်ငန်းမှာစတင်ရုံမျှသာဖြစ်သည်။ အမြော်အမြင်ရှိရှိ ဆက်ကပ်လုပ်ဆောင်ခြင်းဖြင့် အမှန်တရားသိရှိခြင်းသို့ ဝိညာဉ်ပေါင်းများစွာကိုပို့ဆောင်နိုင်လိမ့်မည်။ သာသနာ့နယ်မြေထဲ၌ ကိုယ်ကျိုးစွန့်သူများ၊ ဘုရားကြောက်ရွံ့သည့်အမှုဆောင်များစွာရှိသင့်ကြပြီး ဝိညာဉ်အတွက်လုပ်ဆောင်ကြသောသူတို့သည် တရားစီရင်သောနေ့၌ စာရင်းရှင်းကြရပါလိမ့်မည်။ [Ev 419.1]

ဆွီဒင်၊ နော်ဝေး၊ ဒိန်းမတ်ရှိညီအစ်ကိုများတို့သည် မိမိတို့၏နိုင်ငံတွင်းရှိ မိမိတို့၏နိုင်ငံသူနိုင်ငံသားများတို့အတွက် ဆောင်ရွက်သင့်သလောက်မဆောင်ရွက်ကြကြောင်း ကျွန်ုပ်အားဖော်ပြခဲ့သည်။ အမှန်တရားကိုသူတို့ရရှိသည်နှင့်တစ်ပြိုင်တည်း သူတို့၏စိတ်ထဲ၌ သာသနာပြုစိတ်ဓာတ်ရှင်သန်ကာ မှားယွင်းသောအမှောင်ထုထဲရှိ မိမိတို့၏ညီအစ်ကိုများအတွက် လုပ်ဆောင်သင့်ကြသည်။ သူတို့သည် မိမိတို့၏တာဝန်ကိုမဆောင်ရွက်၊ မိမိတို့၏နိုင်ငံအတွက်ဆောင်ရွက်ရန် သူတို့အားဘုရားသခင်တောင်းဆိုနေလျက်နှင့် အများသောသူတို့သည် အမေရိကန်နိုင်ငံမှ မိမိတို့၏အကူအညီများတို့၏အကူအညီကိုသာ မျှော်လင့်လျက်နေကြသည်။ အကယ်၍ သူတို့ဆန္ဒရှိကြပါက၊ ယခုဆောင်ရွက်သည်ထက် ပို၍များစွာဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ဤညီအစ်ကိုများတို့သည် အတ္တစိတ်ကိုအောင်မြင်ကြရမည်ဖြစ်ပြီး ဘုရားသခင်နှင့်မိမိတို့၏

ပြည်သူပြည်သားများတို့အတွက် ဆောင်ရွက်ရမည့်တာဝန်ကိုသိရှိရန် နိုးကြားဖို့လိုအပ်နေသည်။ သို့မဟုတ် ဝိညာဉ်များတို့ကိုကယ်တင်ရာ၌ တန်ဆာပလာဖြစ်ရန် ဘုရားသခင်၏ဘဏ္ဍာထဲသို့ မိမိတို့၏ငွေကြေးများလှုံခြံ့ခြင်းနှင့် မိမိတို့၏ပါးနပ်စွာကိုယ်တိုင်ကြိုးစားခြင်း၏တန်ဖိုးရှိသည့် ခံစားရမည့်အကျိုးကို ဆုံးရှုံးကြရမည်ဖြစ်သည်။

ပျံ့ရွယ်သည့်အမျိုးသားများ မိမိတို့၏နိုင်ငံ၌သာသနာပြုများဖြစ်ကြရန် ပညာသင်ယူသင့်ကြပြီး၊ အမှောင်ထဲရှိသူများကို အမှန်တရားသင်ကြားရမည်။ ဥရောပတိုက်၌ စာပေများကိုပုံနှိပ်ထုတ်ဝေသင့်သည်။ သို့သော် လက်ရှိအချိန်၌ ဒိန်းမတ်၊ ဆွီဒင်နှင့်နော်ဝေးရှိ အမှန်တရားကိုယုံကြည်သူအားလုံးတို့သည် အေးအေးဆေးဆေးနေကြပြီး စိတ်ဆန္ဒအလွန်နည်းပါးနေကြခြင်းကြောင့် မိမိတို့၏ရန်ပုံငွေများကိုမဆုံးရှုံးစေရန် ထိန်းသိမ်းထားကြပါသည်။ ဤအကြောင်းကြောင့် အမေရိကန်ပြည်မှ မိမိတို့၏ညီအစ်ကိုများဆောင်ရွက်သကဲ့သို့ သူတို့သည်လည်း စိတ်ပါဝင်စားစွာ မိမိတို့၏နိုင်ငံသားများအတွက်ဆောင်ရွက်ကြရန် သူတို့ကိုကျွန်ုပ်တောင်းဆိုပါသည်။ ဤညီအစ်ကိုများတို့သည် ဘုရားသခင်၏အမှုတော်တွင် မဆိုင်းမတွပါဝင်ရန် ဘုရားသခင်အလိုရှိနေပါသည်။ The Advent Review Supplement, Feb. 6, 1879. [Ev 419.3]

**အကျင့်ဓလေ့များနှင့်ရိုးရာများကွဲပြားသော်လည်း လူ့သဘာဝအတူတူပင်ဖြစ်သည် –** ကျွန်ုပ်တို့အမေရိကန်၌ပြုသကဲ့သို့ ဤနေရာ၌လည်း ထိုနည်းတူသင်တို့ပြုရကြမည်။ သင်တို့၏နယ်မြေအဖွဲ့အစည်းများနှင့် အခြားအထောက်အကူပစ္စည်းများတို့ကိုယူဆောင်ကာ များသောအားဖြင့် ထုတ်ဝေသောစာပေများတချို့နေရာများ၌ အောင်မြင်မှုများစွာရှိပုံမပေါ်သည့်တိုင် ၎င်းအတိုင်းသင်ဆောင်ရွက်ရမည်။ အမေရိကန်၌ ထိုဗဟုသုတများကို ကျွန်ုပ်တို့ကြုံတွေ့ခဲ့ရသည်။ သို့သော် ခြားနားသောလူတန်းစားများထံသို့ ကျွန်ုပ်တို့မည်သည့်တိုးတက်မှုကိုမျှမပြုလုပ်



နိုင်သေးမီ တစ်ခါတစ်ရံ ဤပုံနှိပ်ထုတ်ဝေသောစာပေများကို ကျွန်ုပ်တို့အဆက်မပြတ်ပို့ပေးလျက်ရှိပါသည်။ [Ev 420.1]

ဤနိုင်ငံ၌ခြားနားသောပုံစံတစ်ခုဖြင့် အလုပ်ကိုဆောင်ရွက်ရမည်ဟု ကျွန်ုပ်တို့အားပြသခဲ့ပြီး ခြားနားသောလမ်းတစ်ခုဖြင့်လုပ်ဆောင်ရန် ဘုရားရှင်ထံမှတန်ခိုးတစ်ခုဖြင့်သင်ဆောင်ရွက်ရန် သင့်အားနှိုးဆော်ရပါလိမ့်မည်။ ထိုနောက် ညီအစ်ကိုမက်သစင်နှင့်ဩစင်တို့သည် သင့်အားဤနေရာရှိအမှုတော်အတွက်မစသောအခါ ဤလုပ်ဆောင်နေသည့်နည်းကို ယခုဖယ်ရှားလိုက်ပြီး အခြားနည်းလမ်းတစ်ခုဖြင့် သင်စတင်တွေးတောလုပ်ဆောင်နိုင်ပေလိမ့်မည်။ ထိုကြောင့် သင်လုပ်နိုင်သည်ဟု သင်ထင်သည်ထက်ဆယ်ဆမက သင်ဆောင်ရွက်နိုင်ပေလိမ့်မည်။ သို့သော် မယုံကြည်မှုများ ဤနေရာ၌ရှိနေပြီး ဤနည်းဖြင့်မည်ကဲ့သို့မျှမပြုလုပ်နိုင်ပါဟု သင်ပြောနိုင်သကဲ့သို့ သင်ဆောင်ရွက်နိုင်ပါသည်ဟူ၍လည်း သင်ပြောနိုင်ပါသည်ညီအစ်ကိုတို့။ [Ev 420.2]

အကျင့်ဓလေ့များနှင့်ရိုးရာများသည် အမေရိကန်နှင့်ဤနေရာ၌ ကွဲပြားခြင်းရှိသော်လည်း လူ့သဘာဝအားဖြင့် အတူတူပင်ထိုနေရာကဲ့သို့ဖြစ်ပြီး မိမိစိတ်ထဲ၌ အမှန်တရားစွဲကိုင်ထားသောညီအစ်ကိုတို့သည် အကယ်၍မည်ကဲ့သို့အလုပ်လုပ်ဆောင်ရန် လိုအပ်သည့်ပညာကိုရရှိပါက လုပ်ဆောင်လိုသောဆန္ဒရှိကြပါလိမ့်မည်။ ထိုကြောင့် ညီအစ်ကိုတို့၊ သုံးနာရီမက တစ်ညပြီးတစ်ည ကျွန်ုပ်အိပ်၍မပျော်ဘဲ ဥရောပတိုက်ရှိအလုပ်ကိုစဉ်းစားကာ ဤအကြောင်းကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်နားလည်သောအခါ၊ ကျွန်ုပ်စိတ်ကိုထိန်းချုပ်နိုင်ရန်ပင် ခက်ခဲလျက်ရှိပုံပေါ်နေပါသည်။ [Ev 420.3]

သင့်အတွက်ဘုရားရှင်မည်သည့်အရာပြုလုပ်လိုသည်ကို ကျွန်ုပ်တွေ့ခဲ့ရပါသည်။ သို့သော် သင့်ယုံကြည်ခြင်းအတိုင်း ဘုရားရှင်ပြုလုပ်ပေးပါလိမ့်မည်။ ထိုကြောင့် သင့်ယုံကြည်ခြင်းတက်ကြွရန် ကျွန်ုပ်တို့အလိုရှိပြီး သင့်အတွေးအခေါ်ကျယ်ပြန့်ခြင်းရှိရန်နှင့် အမှန်တရားယုံကြည်သော သင်တို့

အားလုံးအပေါ် အလုပ်ဝန်ထုပ်ကျရောက်ခြင်းရှိပါစေသော။ Manuscript, 1886. [Ev 421.1]

**ကိုပင်ဟက်ဂန်** (Copenhagen) **အတွက်ကျယ်ပြန့်သောစီမံကိန်းများ –** အကယ်၍ ကြွယ်ဝပြီးလုပသော ကိုပင်ဟက်ဂန် (Copenhagen) မြို့၌ လူတို့အားအမှန်တရားကိုဟောပြောရန် သင့်လျော်သည့်အခန်းတစ်ခန်းမျှမရှိပါက ဗက်လင်မြို့၌ ယေရှု၏မိခင်အတွက် မည်သည့်အခန်းမျှမရှိဘဲ နွားစားခွက်ထဲ၌ကယ်တင်ရှင်မွေးဖွားခြင်းကို ကျွန်ုပ်တို့အားသတိရစေပါသည်။ [Ev 421.2]

သေးငယ်၍မထင်ရှားသောဤခန်းမဆောင်များတို့သည် လုံခြုံ၍ အကောင်းဆုံးသောနေရာများဖြစ်မည်ကိုယုံကြည်ရန် ကျွန်ုပ်အတွက်မဖြစ်နိုင်ပါ။ ၎င်းပြင် လူဦးရေသုံးသိန်းနှစ်ထောင်ရှိမြို့ကြီးတွင် မြေအောက်ခန်းတစ်ခုထဲ၌ လူနှစ်ရာဆန့်ပြီး ထိုင်ခုံတစ်ဝက်သာရှိသည့်အတွက် လူအများစုမှာ မတ်တတ်ရပ်ပြီးသတင်းစကားကိုနားထောင်ကြရမည်ဖြစ်သည်။ ညီအစ်ကိုများ မစရန် ဘုရားသခင်ပို့ဆောင်သည့်အခါ အကုန်အကျခံပြီး၊ လူတို့ထံသို့သတင်းစကားဟောကြားရန် ကြိုးစားသင့်ကြသည်။ ဤသတင်းစကားကို ကမ္ဘာသို့ ဟောကြားကြရမည်။ သို့သော် ကျယ်ပြန့်သောအတွေးအခေါ်နှင့်စီမံကိန်းများ မရှိပါက ကြီးမားသောအောင်မြင်ခြင်းကို သူတို့တွေ့ရှိကြရမည်မဟုတ်ပါ။ [Ev 421.3]

ပို၍ဆင်းရဲနွမ်းပါးသူများတို့အတွက် ကျွန်ုပ်တို့ကြိုးစားလုပ်ဆောင်သင့်ကြသည့်အခါ သူတို့အတွက်ကိုသာ ဦးတည်၍လုပ်ဆောင်ကြရမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏စီမံကိန်းများကို ဤလူတန်းစားများတို့အတွက်သာ စီမံထားရမည်ဟု မထင်သင့်ပါ။ စွမ်းရည်ရှိသူများလိုအပ်လျက်ရှိသည်။ အသိတရားပို၍ရှိသူများတို့ကို လုပ်ငန်းထဲသို့ပို၍ခေါ်ဆောင်လာနိုင်ပြီး မိမိတို့၏စွမ်းရည်ကို ဘုရားရှင်ထံဆက်ကပ်ပြီး သူ၏ဝိညာဉ်အားဖြင့် သန့်ရှင်းစေသမျှကာလပတ်လုံး လုပ်ငန်းပို၍ပြည့်စုံမည်ဖြစ်ပြီး ကမ္ဘာ့ရှေ့မှောက်၌ ပို၍မြင့်မားစွာ



ရပ်တည်နိုင်ပါလိမ့်မည်။ များသောအားဖြင့် လူတို့သည် သတိပေးစကားကို ငြင်းပယ်ကြပေလိမ့်မည်။ သို့သော် အမှန်တရားကို အဆင့်မြင့်၍ပညာရှိသူများနှင့် ဆင်းရဲနွမ်းပါး၍စာမတတ်သောလူတန်းစားနှစ်မျိုးစလုံးတို့ထံသို့ သယ်ဆောင်ကြရပါလိမ့်မည်။ Historical Sketches, pp. 183, 184. (1886) [Ev 421.4]

**ဆွဲဒင်ခန်းမဆောင်ပြဿနာ –** အိုရီဘရို (Orebro) နှင့် ကိုပင်ဟက်ဂန် (Copenhagen) ၌ အကယ်၍ကျွန်ုပ်တို့ညီအစ်ကိုများမှ လူတို့ကိုစုရုံးနိုင်မည့် သင့်လျော်သောခန်းမဆောင်ရရှိပါက သတင်းစကားကိုလူတို့ကောင်းမွန်စွာကြားနာကြရလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော် များစွာမျှော်လင့်ထားခြင်းမရှိသောကြောင့် များစွာမရရှိကြပါ။ လူအများမကြားနာလိုသော အမှန်တရားကို လူပေါင်းတစ်ရာဆန့်သည့်မြေအောက်ခန်းကလေးထဲသို့ တရားနာရန်ခေါ်ဖိတ်ခြင်းပြုပါက လူအများတက်ရောက်ရန် ကျွန်ုပ်တို့မျှော်လင့်၍မရပါ။ တန်ဖိုးကြီးမားပြီးအရေးကြီးသော ကျွန်ုပ်တို့၏လုပ်ငန်းကို လူတို့ရှေ့မှောက်၌ ကျွန်ုပ်တို့မည်ကဲ့သို့ဆောင်ရွက်သည်ကို သူတစ်ပါးအတွက်ထင်ရှားလျက်ရှိသည်။ ကြိုးစားမှုအကန့်အသတ်ရှိသည့်အခါ၊ ကျွန်ုပ်တို့ဟောကြားသောသတင်းစကားသည် သူတစ်ပါးအတွက်အထင်အမြင်သေးဖွယ်ရာဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ယုံကြည်ခြင်းနည်းပါးခြင်းဖြင့် ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် တစ်ခါတစ်ရံ မိမိတို့အတွက် မိမိတို့ကြောင့်သာလျှင် လုပ်ငန်းကိုအခက်အခဲဖြစ်စေကြပါသည်။ Historical Sketches, p. 200. (1886) [Ev 422.1]

**ဥရောပမြောက်ပိုင်း၏ထင်ရှားသောရိုတ်သိမ်းခြင်း –** စာဖတ်ရှုခြင်းအားဖြင့် ဥရောပမြောက်ပိုင်းရှိလူအများတို့သည် အမှန်တရားကိုခင်တွယ်ကြကြောင်း ကျွန်ုပ်အားပြသလျက်ရှိသည်။ ဝေစာနှင့်စာပေတချို့ သူတို့လက်ထဲသို့ရောက်ရှိသွားသောအခါ သူတို့၏စိတ်များသည် အလင်းနှင့်အသိပညာကိုဆာငတ်နေကြပြီး သူတို့ဖတ်ရှုခြင်းအားဖြင့် ကျွန်ုပ်အားဖော်ပြလျက်ရှိသည်။ သူတို့၏

စိတ်ဝိညာဉ်တောင့်တမှုပြည့်စုံသွားသည်။ ဘုရားရှင်၏ဝိညာဉ်သည် သူတို့၏စိတ်နှလုံးကိုပျော့ပျောင်းစေပြီး နှလုံးသားထဲစွဲမှတ်စေသည်။ သူတို့၏မျက်စိမှ မျက်ရည်များစီးကျလာပြီး နှလုံးသားထဲရှိုက်သံများထွက်ပေါ်လာသည်။ လက်ထဲရှိဝေစာများဖြင့်ဒူးထောက်ကာ သူတို့ကိုဘုရားရှင်ပို့ဆောင်ရန်တောင်းလျှောက်ကြပြီး ဘုရားရှင်ထံမှအလင်းရရှိသကဲ့သို့ သူတို့ကိုမစရန် စိတ်ထက်သန်စွာဆုတောင်းလျက်ရှိကြပါသည်။ တချို့သောသူတို့သည် ဘုရားရှင်ထံမိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံကြပါသည်။ မရေရာသောအရာများပျောက်ကွယ်သွားပြီး စတုတ္ထပညတ်ဖြစ်သည့် ဥပုသ်နေ့၏အမှန်တရားကို သူတို့လက်ခံသကဲ့သို့ သူတို့သည် ထာဝရကျောက်ဆောင်ပေါ် အမှန်ပင်မတ်တတ်ရပ်နေသကဲ့သို့ ခံစားကြရပါသည်။ ဥရောပမြောက်ပိုင်း၌နေထိုင်ကြသောသူများတို့သည် အမှန်တရား၏အလင်းကိုလက်ခံရန် အဆင့်သင့်ရှိနေကြသည်ဟု ကျွန်ုပ်အားဖော်ပြလျက်ရှိပါသည်။ The Advent Review Supplement, Feb. 6, 1879. [Ev 422.2]

## ဥရောပတိုက်တောင်ပိုင်းအတွင်း

**အီတလီ၌ဟောပြောခြင်းနှင့်တစ်ဦးတည်းသာသနာ့လုပ်ငန်း –** ပိုင်းမောက် (Piedmont) လွင်ပြင်အကြောင်းကြားခဲ့ရပါသည်။ ထိုနေရာ၌ ကျွန်ုပ်အလင်းရခဲ့သည်မှာ လွင်ပြင်တစ်လျှောက်လုံးရှိ တန်ဖိုးရှိသောဝိညာဉ်များ အမှန်တရားလက်ခံရန်ရှိနေကြပါသည်။ ဤနေရာများအကြောင်းကို ကျွန်ုပ်ကိုယ်တိုင်မသိပါ။ သို့သော် လွန်ခဲ့သောအချိန်၌ ဘုရားရှင်၏လုပ်ငန်းနှင့် တစ်နည်းတစ်လမ်းအားဖြင့် သူတို့အဆက်အသွယ်ရှိကြောင်း ကျွန်ုပ်အားပြောပြခဲ့ပါသည်။ ယခုသူသည် ဤပုဂ္ဂိုလ်များတို့အတွက် တစ်ဆင့်တိုး၍ဆောင်ရွက်ရပါမည်။ [Ev 423.1]



ဤလွင်ပြင်၌လုပ်ဆောင်ကြသောသူတို့သည် မိမိတို့၏လုပ်ငန်းကိုအထူးစိတ်ဝင်စားကြရမည်။ သို့မဟုတ် အောင်မြင်မှုရှိမည်မဟုတ်ပါ။ ကောင်းကင်တမန်သုံးပါးသည် ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသကဲ့သို့ ပုံဆောင်ထားပါသည်။ ဤလုပ်ငန်းကို အလျင်အမြန်ဆောင်ရွက်ကြရမည်။ သူတို့စနစ်တကျဆက်လက်ဆောင်ရွက်ကြရမည်။ ပါးနပ်စွာဖြင့် ဆက်ကပ်လုပ်ဆောင်ကြရမည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ခက်ခဲမှုများကိုရင်ဆိုင်နိုင်ရန်ပြင်ဆင်မှုပြုကြရပါမည်။ [Ev 423.2]

သူတို့ဟောပြောကြရန်သာမဟုတ်ဘဲ သူတစ်ပါးအကျိုးပြုလုပ်ငန်းကိုလည်း ဆောင်ရွက်ကြရမည်။ သူတို့ထွက်၍လုပ်ဆောင်ကြသောအခါ၊ လူတို့အတွက်ကိုယ်တိုင်ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ပြီး နှုတ်ကပတ်တော်ကိုဖွင့်ပြရာတွင် သူတို့နှင့်ရင်းနှီးမှုရှိကြရပါမည်။ အစ၌ လူနည်းစုသာလျှင်အမှန်တရားကိုလက်ခံကြပေလိမ့်မည်။ သို့သော် ဇကန်အမှန်သူတို့ပြောင်းလဲလာသည့်အခါ အခြားသူများအတွက် သူတို့ဆောင်ရွက်ကြမည်ဖြစ်ပြီး မကြာမီမှန်ကန်သောကြိုးစားမှုကြောင့် ကြီးမားသောအဖွဲ့အစည်းဖြစ်ပေါ်လာပြီး ရှေ့သို့လုပ်ငန်းလျင်မြန်စွာ တိုးတက်လာပါလိမ့်မည်။ [Ev 423.3]

ကျွန်ုပ်တို့ကြားရသည့်သတင်းအရ၊ ယခုထိုဒေသတစ်လျှောက်၌ပြီးမြောက်ရန်ဆောင်ရွက်ရမည့်လုပ်ငန်းရှိနေပါသည်။ ဤနိုင်ငံတစ်လျှောက်လုံးတွင် ဘုရားရှင်အသုံးပြုရန် တန်ဖိုးရှိသောစွမ်းရည်ရှိပြီး ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ရန် အားလုံးနိုးကြားခြင်းရှိရကြပါလိမ့်မည်။ Historical Sketches, p. 147. (1886) [Ev 423.4]

**အမှန်တရားအတွက်လူများစွာရပ်တည်ကြလိမ့်မည် –** ကောင်းကင်တမန်သုံးပါးတစ်ပါးနှင့်ပေါင်းစည်းသောကောင်းကင်တမန်သည် မြေကြီးကိုသူ၏ဘုန်းတော်နှင့်ထွန်းလင်းရန်ဖြစ်သည်။ ဤချိုင့်ဝှမ်းများ (အီတလီမြောက်ပိုင်းအတွင်း)၌ပင် အလုပ်စတင်ရမည့်နေရာ၌ ခက်ခဲပုံပေါ်သော်လည်း သူ၏နှုတ်ကပတ်တော်အားဖြင့် သူတို့အားဘုရားသခင်ပြောသောစကားကို အသိအမှတ်ပြုသူများ

ရှိကြပါလိမ့်မည်။ ၎င်းနောက် ခရစ်ယာန်အဖွဲ့၏တန်ခိုးသြဇာအောက်၌ ရောက်ရှိလာပြီး ဘုရားသခင်၏အမှန်တရားအတွက် သူတို့ရပ်တည်ကြပါလိမ့်မည်။ ဤနယ်မြေ၌အမှုထမ်းရန် လွယ်ကူသောနေရာတစ်ခုမဟုတ်ပါ။ တစ်မဟုတ်ချင်းအကျိုးများပေါ်ထွက်လာမည့်နေရာလည်းမဟုတ်ပါ။ သို့သော် ဤနယ်မြေ၌ အချိန်မီနားထောင်မည့်ရိုးသားသောသူများရှိကြပါသည်။ Historical Sketches, p. 249. (1886) [Ev 424.1]

**အီတလီ၌ထိရောက်သောတစ်ဦးချင်းလုပ်ငန်း –** ကျွန်ုပ်တို့၏ညီအစ်ကိုများအတွက် လူတို့အမအစအလိုအပ်ဆုံးသောနေရာ၌နေထိုင်ရခြင်းသည် အမြဲသာယာခြင်းမရှိပါ။ သို့သော် အကယ်၍သူတို့အကောင်းဆုံးဆောင်ရွက်ကြပါက သူတို့၏လုပ်ငန်းသည် မကြာခဏပို၍တိုးတက်ကာ ကောင်းမွန်ခြင်းရှိပါလိမ့်မည်။ လူတို့နှင့်နီးကပ်စွာနေထိုင်သင့်ကြပြီး သူတို့၏စားပွဲ၌အတူထိုင်ကြကာ သူတို့၏မခမ်းနားလှသောအိမ်၌ တည်းခိုကြရလိမ့်မည်။ အမှုထမ်းများတို့သည် မိမိတို့၏မိသားစုကို ကောင်းသောနေရာများသို့ခေါ်ဆောင်လိုကြလိမ့်မည်။ သို့သော် ယေရှုသည် အကောင်းဆုံးသောနေရာများ၌မနေခဲ့ကြောင်း သူတို့သတိရသင့်သည်။ ဤကမ္ဘာသို့ယေရှုကြွလာခြင်းသည် အကူအညီလိုအပ်သူများတို့ကို ကူညီမစရန်ဖြစ်သည်။ Historical Sketches, p. 148. (1886) [Ev 424.2]

လူတို့၏အာရုံကိုဆွဲဆောင်နိုင်ခြင်းမရှိပါက သူတို့အတွက်ဆောင်ရွက်သမျှ အကျိုးရှိမည်မဟုတ်ပါ။ စိတ်ဝင်စားမှုမရှိပါက ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်နိုင်မည်မဟုတ်ပါ။ “ဘုရားသခင်မိန့်တော်မူသည်ကား” ဟူ၍ ရှင်းလင်းပြတ်သားသော မိမိတို့၏အာရုံကိုဆွဲဆောင်နိုင်သည့်စကားကို သူတို့လိုအပ်လျက်ရှိသည်။ သူတို့၏အရေးကိစ္စများကို လူတို့၏နှုတ်အားဖြင့်မဟုတ်၊ နှုတ်ကပတ်တော်အားဖြင့်စမ်းသပ်၍စီရင်ခြင်းရှိကြောင်းနှင့် ၎င်းတို့ကို လောကီတရားစီရင်ခြင်းရှေ့၌မဟုတ်၊ တရားမျှတသောဘုရားရှင်၏ရုံးတော်၌ တရားစွဲဆိုခြင်းခံရမည်ကို သူတို့အားတွေ့မြင်စေပါ။ ရှင်းလင်း၍မှန်ကန်



သောနှုတ်ကပတ်တော်ကို သူတို့ရှေ့၌ဟောပြောသောအခါ၊ ၎င်းသည် ကြာမြင့်စွာမြတ်နိုးခဲ့ရသည့်ဆန္ဒမှတိုက်ရိုက်လာပြီး အကျင့်များကိုတည်မြဲစေပါသည်။ သူတို့သည်ယုံကြည်ပြီး သင်၏အကြံပေးခြင်း၊ အားပေးခြင်းနှင့်ဆုတောင်းခြင်းကို အထူးလိုအပ်လာပါသည်။ တန်ဖိုးရှိသောဝိညာဉ်များစွာတို့သည် အခိုက်အတန့်ချိန်ခွင်လျှာပေါ်၌ ချိန်ဆလျက်ရှိကြပြီးနောက် မှားယွင်းခြင်းဘက်သို့ရပ်တည်ကြရခြင်းသည် မှန်သောအချိန်၌ကြိုးစားလုပ်ဆောင်မှုမရှိခြင်းကြောင့်ဖြစ်သည်။ Historical Sketches, p. 148. (1886) [Ev 424.3]

## ဩစတြေးလျတိုက်မြို့များတွင်လုပ်ကိုင်ဆောင်ရွက်ခြင်း

**စစ်ဒနီမြို့မှဝိညာဉ်များ –** ကမ္ဘာတစ်ဝန်းအတွက်အလုပ်ရှိနေပြီး ဆုံးခန်းသို့ရောက်ရှိနေကြသည်နှင့်အညီ ဤလုပ်ငန်းထဲ၌ပါဝင်ရန် ဘုရားရှင်သည် လူတို့၏စိတ်ကိုနှိုးဆော်ပါလိမ့်မည်။ အကယ်၍ သင်၏တန်ခိုးသြဇာကို စစ်ဒနီမြို့တွင်လုပ်ဆောင်ရန်လိုအပ်ခြင်းများ၌ ပါဝင်လုပ်ဆောင်ရန်အသုံးပြုနိုင်ပါက အမှန်တရားကိုတစ်ခါမျှမကြားရသေးသော ဝိညာဉ်ပေါင်းများစွာကို ကယ်တင်နိုင်လိမ့်မည်။ မြို့ကြီးများတို့၌ အလုပ်လုပ်ဆောင်ကြရပါမည်။ ဘုရားသခင်၏ကယ်တင်ခြင်းတန်ခိုးသည် သူတို့အားဖြင့် မီးခွက်ပမာထွန်းလင်းတောက်ပရပါမည်။ Letter 79, 1905. [Ev 425.1]

**စစ်ဒနီမြို့၌သာသနာလုပ်ငန်း၏အခွင့်အရေး –** ယခုစစ်ဒနီမြို့နှင့်အနီးပတ်ဝန်းကျင်၌ ပို၍တိကျသောအလုပ်တစ်ခုကို ဆောင်ရွက်ကြရမည်။ ဆင်ခြေဖုံးရပ်ကွက်များအားလုံးတို့သည် ယခင်အချိန်ထက်အလုပ်လုပ်ရန် ပို၍ကောင်းသောအခြေအနေ၌ရှိနေပြီး ဆေးဝါးသာသနာ့လုပ်ငန်းလုပ်ဆောင်ရန် ယခုအခွင့်အရေးရှိနေသည့်အတွက် လိုအပ်သောတွက်ချက်မှုနှင့်ဗဟုသုတကို ပို၍လုပ်ငန်းစီမံခန့်ခွဲရန်တွင် စီစဉ်ဆောင်ရွက်အသုံးပြုရပါမည်။ [Ev 425.2]

ယခုစစ်ဒနီမြို့၌ အပင်မှအကိုင်းများစွာဖြာထွက်နေပြီး လုပ်ငန်းတိုင်းအတွက် ဗဟုသုတရှိမန်နေဂျာများကို လိုအပ်လျက်ရှိသည်။ လုပ်ငန်းဌာနများအားလုံးစည်းလုံးလျက် တစ်ခုလုံးညီညွတ်ခြင်းရှိစေရပါမည်။ Letter 63a, 1898. [Ev 425.3]

**တချို့နိုင်ငံများ၌ပို၍ကောင်းသောမျှော်လင့်ချက်ရောင်ခြည်များ** – ဆေးဝါးသာသနာ့လုပ်ငန်းကို အမေရိကန်ပြည်ထက် ဩစတြေးလျ၌ပို၍လုပ်ဆောင်ရန် မျှော်လင့်ချက်ရောင်ခြည်များရှိနေပြီး လူတို့ထံသို့အမှန်တရားပို့ဆောင်နိုင်ရန် လမ်းပွင့်လျက်ရှိသည်။ ဘုရားသခင်၏လူများ ယခုဘုရားသခင်၏ပြင်ဆင်မှုတံခါးဖွင့်ထားပေးခြင်း၏ခေါ်ဖိတ်သံကိုနာခံပြီးအလုပ်လုပ်ရန် အခွင့်အရေးအချိန်အခါကို သိရှိနိုင်ကြပါစေ။ Letter 41, 1899. [Ev 425.4]

**မြို့ရွာတိုင်းကြားသိစေရန်** – အလုပ်လုပ်ရန်နေရာများစွာရှိနေသည်။ ရထားလမ်းပေါ်ရှိမြို့တိုင်းနှင့်ရွာတိုင်းတို့သည် ကျွန်ုပ်တို့အား ဘုရားရှင်ပေးထားခဲ့သောသတင်းစကားကို ကြားသိစေရပါမည်။ အောင်မြင်မှုအနည်းငယ်အပေါ်၌သာ ကျွန်ုပ်တို့ဝမ်းမြောက်လျက် ရပ်ဆိုင်းခြင်းမပြုရပါ။ စစ်ပွဲကိုဝင်ပေါက်တိုင်း၌တိုးဝင်ရပါမည်။ သက်သေခံတစ်ဦးမျှမရှိခြင်းကို ဘုရားရှင်အခွင့်မပြုပါ။ နယူးခတ်(စ)တာ (Newcastle) ၏ခြားနားသောဆင်ခြေဖုံးရပ်ကွက်များ၌ အမှန်တရားကိုဟောပြောကြရမည်။ ကြိမ်ပေါင်းများစွာ လဟာပြင်၌ကျွန်ုပ်တို့ဟောပြောကြရမည်။ တနင်္ဂနွေနေ့မွန်းလွဲပိုင်းတွင် ကောင်းသောအောင်မြင်မှုဖြင့် ကျွန်ုပ်နှစ်ကြိမ်နှစ်ခါဟောပြောခဲ့သည်။ [Ev 426.1]

ခိုအော်ရာဘောင်း (Cooranbong) မှရှစ်မိုင်အကွာ ဩဘန်း (Auburn) မြို့ရှိနေပြီး၊ ထိုနေရာ၌ သူတို့ဘုရားကျောင်းတစ်ဆောင်ပိုင်ဆိုင်ထားသောကြောင့် အချိန်ရသည်နှင့်တစ်ပြိုင်တည်း လာမည့်တနင်္ဂနွေနေ့၊ သို့မဟုတ် နောက်တစ်ပတ်တနင်္ဂနွေနေ့တွင် ကျွန်ုပ်စကားပြောသွားမည်ဖြစ်သည်။ ဘုရားကျောင်းထဲစကားပြောရန် သူတို့အခွင့်မပြုပါက စည်းဝေးကိုလဟာပြင်၌ ကျွန်ုပ်တို့ကျင်းပသင့်ပါသည်။ Letter 76, 1899. [Ev 426.2]



**ကျေးလက်ဒေသများ၌ဗဟုသုတ** – ယခုကျွန်ုပ်တို့သည် လဟာပြင်ထဲ၌စည်းဝေးများကိုကျင်းပလျက်ရှိသည်။ ဒိုရာခရစ် (Dora Creek), ခိုအော်ရာဘောင်း (Cooranbong) မှသုံးမိုင်ဝေးသောနေရာ၌ လူပေါင်း (၉၀) သို့ မကြာမီက ကျွန်ုပ်နှစ်ကြိမ်စကားပြောခဲ့ပြီး လွန်ခဲ့သောနှစ်ပတ်တနင်္ဂနွေနေ့တွင် မာတင်ဗေးလ် (Martinsville), မြက်ထူသောလယ်ကွက်ငယ်လေး၌ လူပေါင်း (၆၀) သို့ ကျွန်ုပ်စကားပြောခဲ့ပါသည်။ စက်ဝိုင်းတစ်ဝက်ကိုထိုင်နိုင်ရန် ပျဉ်ပြားဖြင့်ခင်းထားပါသည်။ တချို့သောသူတို့သည် မြက်ခင်းပေါ်ထိုင်ကြပြီး အခြားသောသူတို့သည် ယာဉ်များပေါ်၌နားထောင်ကြသည်။ [Ev 426.3]

လူတို့အားဟောပြောရန် လဟာပြင်စည်းဝေးများအပြင် အခြားနည်းလမ်းမရှိပါ။ တချို့သောသူများအတွက် အထူးစိတ်ဝင်စားပုံပေါ်သည်။ နှစ်ဦး၊ သို့မဟုတ် သုံးဦးတို့သည် ယခုစိတ်ဆုံးဖြတ်ရန်ရှိနေပြီး မှည့်နေသောလယ်ပြင်၌ရိတ်သိမ်းရန် အဆင်သင့်ရှိနေပါသည်။ အကယ်၍ကျွန်ုပ်တို့တစ်မဟုတ်ချင်း မိမိတို့နေရာမှပြင်သို့ထွက်၍ သေချာစွာလူတို့အားတွေ့ဆုံပြီး ကြိုးစားဆောင်ရွက်ခြင်းမပြုကြပါက ဝိညာဉ်များစွာကိုကယ်တင်နိုင်ရန် ဆုံးရှုံးပေလိမ့်မည်။

တောရွာဇနပုဒ်အသင်းတော်ငယ်လေးများသို့သွားရောက်ခြင်းသည် အနိမ့်ကျဆုံးသောအခွင့်အရေးမဟုတ်ပါ။ ဤနည်းဖြင့် လူတို့အားဟောပြောရန် ဤအခွင့်အရေးကို ကျွန်ုပ်တို့အားလုံးငြင်းဆိုခဲ့ကြသည်။ သို့သော် ဘုရားရှင်၏ကြီးမားသောဗိမာန်တော်လဟာပြင်ကြီး– ကောင်းကင်အမိုးမြေကြီးအခင်း၌ တရားနာသူများကို ကျွန်ုပ်တို့တွေ့ရှိရပါမည်။ သို့မဟုတ် သူတို့သည် သတင်းစကားကို ကြားနာကြရမည်မဟုတ်ပါ။ ဤနေရာများ၌ အမှန်တရား၏စံချိန်ကိုမြှင့်တင်ရန်အတွက် ကျွန်ုပ်တို့ပြင်းထန်စွာခံစားနေရပါသည်။ လူတို့သည် သိုးထိန်းမရှိကြပါ။ ခိုအော်ရာဘောင်း (Cooranbong) ရှိဒေသဘုရားကျောင်းသည် တစ်ပတ်ပြီးတစ်ပတ် သော့ခတ်ထားလျက်ရှိရာ၊ လူတို့တရားဟောခြင်းများကို မကြားနာကြရပါ။ လဟာပြင်၊ ပြင်ပအရပ်များ၌

ကြီးမားသောအလုပ်တစ်ခုကိုလုပ်ဆောင်ရမည်ဟု ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ဒိုရာခရစ် (Dora Creek) အရပ်၌ လာမည့်တနင်္ဂနွေနေ့မွန်းလွဲပိုင်းတွင် ဟောပြောရန် ကျွန်ုပ်ချိန်းဆိုထားပါသည်။ ယခုကျွန်ုပ်တို့စည်းဝေးများကျင်းပရန် နေရာနှစ်ခုရှိပါသည်။ Letter 79, 1899. [Ev 427.1]

**ခန်းမဆောင်ထဲမဝင်သူများကိုဟောပြောရန်ဗဟုသုတ** – များစွာလုပ်ဆောင်ရန် ကျွန်ုပ်တွေ့မြင်ရသည်။ ကျွန်ုပ်မဆောင်ရွက်ဘဲချန်လပ်ထားရမည့်နေရာတစ်ခုကိုမျှ ကျွန်ုပ်မမြင်ပါ။ ဝိညာဉ်များပျက်စီးနေသည်ကို ကျွန်ုပ်ကူညီရမည်။ ဘုရားကျောင်းထဲ၌သော်လည်းကောင်း၊ အပြင်ဘက်၌သော်လည်းကောင်း ကျွန်ုပ်ဟောပြောသည်။ ကျွန်ုပ်တို့သည် မြို့တွင်းနေရာများမှထွက်၍ လဟာပြင်၌ဟောပြောကြသည်။ အကြောင်းမှာ အမှန်တရားကိုအမြင်မှားခြင်းသည်ကြီးမားလွန်းလှသည့်အတွက် လူတို့သည် သေးငယ်သောနံ့ချာသည့်အိမ်ထဲ၌ စုရုံးဝတ်ပြုခြင်းကိုကျေနပ်မှုမရှိခြင်းကြောင့်ဖြစ်သည်။ [Ev 427.2]

တနင်္ဂနွေနေ့တွင် သုံးမိုင်ကွာဝေးသော ဒိုရာခရစ် (Dora Creek) သို့ကျွန်ုပ်တို့သွားကြပြီး လဟာပြင်၌လူတို့အားဟောပြောခဲ့ကြသည်။ လူပေါင်း (၉၀) ခန့်စုရုံးကြပြီး၊ သူတို့အားခရစ်တော်သည် ကြီးမားသောသမားတော်ကြီးနှင့် အံ့ဖွယ်ဆရာတစ်ဦးဖြစ်ကြောင်း လွတ်လပ်စွာဟောပြောခဲ့သည်။ အားလုံးစိတ်ဝင်စားစွာနားထောင်ကြသည်။ ဤနည်းဖြင့် ခန်းမဆောင်၊ သို့မဟုတ် အိမ်အစည်းအဝေးသို့မလာရောက်နိုင်သူတို့အတွက် ကျွန်ုပ်ဟောပြောနိုင်ခဲ့သည်။ ကျွန်ုပ်တို့ဝမ်းမြောက်စွာသီဆိုကြသည်။ Letter 74, 1899. [Ev 427.3]

**နယူးဇီလန်အတွက်လုပ်ဆောင်ရန်ကြီးမားသောအလုပ်တစ်ခု** – ဤဒေသ၌ ကြီးမားသောအလုပ်တစ်ခုကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့မြင်ပြီး လုပ်ဆောင်ရန်လိုအပ်သည့်တန်ဆာပလာများကိုရရှိရန် ကျွန်ုပ်တို့မျှော်လင့်လျက်ရှိသည်။ ဝယ်လင်တန် (Wellington) အကြောင်း ကျွန်ုပ်ပြောမည်။ ထိုနေရာ၌ အသင်းတော်များစွာနှင့်ဓမ္မဆရာများစွာရှိသည်။ နယူးဇီလန်၏ဗဟိုအချက်အချာ၌ရှိပြီး မြို့တော်ဖြစ်သည်။ ထိုနေရာ၌ လုပ်ငန်းအခြေချသင့်သည်။ အကယ်၍



သေးငယ်သောဘုရားကျောင်းတစ်ဆောင်ဖြစ်သည့်တိုင် ထိုနေရာ၌ဆောက်လုပ်သင့်သည်။ Letter 9a, 1893. [Ev 427.4]

**ဥရောပမြို့ကြီးများ၊ ဩစတြေးလျနှင့်အခြားအရပ်ဒေသများ** – အမှုတော်လုပ်ငန်းအစမပြုရသေးသော ဥရောပ၊ ဩစတြေးလျ၊ အမေရိကန်နှင့်အခြားအရပ်ဒေသများအတွက်အသုံးပြုရန် ယခုငွေကြေးရှိနေပါသည်။ ဤမြို့များကို နှစ်ပေါင်းများစွာလျစ်လျူရှုထားခဲ့ကြပါသည်။ လူသားများတို့အတွက် ကျွန်ုပ်တို့ဆောင်ရွက်ရန် ဘုရားသခင်၏ကောင်းကင်တမန်များ ကျွန်ုပ်တို့ကိုစောင့်လျက်နေပါသည်။ မြို့ကလေးတစ်မြို့မှတစ်မြို့သို့၊ မြို့ကြီးတစ်မြို့မှတစ်မြို့သို့၊ တိုင်းပြည်တစ်ပြည်မှတစ်ပြည်သို့ သတိပေးစကားကိုကြွေးကြော်ရမည်။ အပေါ်ယံအားဖြင့်မဟုတ်၊ ဝိညာဉ်တော်တန်ခိုးနှင့်ယုံကြည်သူပုဂ္ဂိုလ်များတို့ဖြင့်ဆောင်ရွက်ကြရမည်။ Manuscript 11, 1908. [Ev 428.1]

–o–

tcef; (13)

## wpfO;pDwkyfief;

## တစ်ဦးစီလုပ်ငန်းအတွက်လိုအပ်ချက်

**လူထုတရားပွဲနှင့်တစ်ဦးစီလုပ်ငန်း –** လူထုတရားပွဲနှင့်လူတို့ထံတစ်အိမ်တက်တစ်အိမ်ဆင်းသွားရောက်လုပ်ကိုင်ခြင်းသည် အတူတူပင်အရေးကြီးပါသည်။ လူအစုအဝေးကြီး၌ အမှန်တရားဟောပြောခြင်း၏အကျိုးကျေးဇူးကြောင့် ဆက်လက်လေ့လာလိုစိတ်ဖြစ်ပေါ်လာသည့်အတွက် တစ်ဦးစီလုပ်ဆောင်ခြင်းအားဖြင့် စိတ်ဝင်စားသူတို့ထံသွားရောက်လည်ပတ်ခြင်းသည် အထူးအရေးကြီးပါသည်။ အမှန်တရားရှာဖွေလိုစိတ်ရှိသူများတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို စိတ်ပါစွာလေ့လာရန်သင်ကြားပေးဖို့လိုသည်။ ခိုင်ခံ့သောအုတ်မြစ်တည်ဆောက်နိုင်ရန် သူတို့ကိုတစ်ဦးတစ်ယောက်မှနေ၍ မစရပါလိမ့်မည်။ သူတို့ဘာသာရေးဗဟုသုတ၏အရေးကြီးသောအချိန်၌ နှုတ်ကပတ်တော်အမှုဆောင်များမှ သူတို့၏အကူအညီအတွက် မှန်ကန်စွာလမ်းညွှန်လျက် ဘုရားရှင်၏နှုတ်ကပတ်တော်ဘဏ္ဍာတိုက်ကို နားလည်ရန်ဖွင့်ပြခြင်းသည် မည်မျှအရေးကြီးပါသနည်း။ Gospel Workers, p. 364. (1915) [Ev 429.1]

**မြေသားကိုပြုစုပျိုးထောင်ပါ –** ဟောပြောခြင်းပြုသောအခါ၊ တန်ဖိုးရှိသောမျိုးစေ့ကိုကြဲလိုက်ခြင်းဖြစ်သည်။ သို့သော် တစ်ဦးစီတို့မှကြိုးစား၍ မြေသားကိုပြုစုပျိုးထောင်ခြင်းမပြုပါက မျိုးစေ့သည် အမြစ်တွယ်မည်မဟုတ်ပါ။ အကယ်၍စိတ်နှလုံးသားသည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ပျော့ပျောင်းခြင်းမရှိပါက ဟောပြောခြင်းများစွာတို့သည် ပျောက်ဆုံးသွားမည်ဖြစ်သည်။ ပရိသတ်ထဲမှစိတ်ဝင်စားပုံပေါ်သောသူများတို့ကိုလေ့လာပြီး စည်းဝေးပြီးသောအခါ၊ သူတို့နှင့်စကားပြောပါ။ တစ်ဦးချင်းပြောဆိုကြသောစကားအနည်းငယ်သည် လူထုကြီးအတွက်ဟောပြောခြင်းထက် များသောအားဖြင့် ပို၍ကောင်းကျိုး



ကိုဖြစ်စေပါသည်။ ကြားနာရသူများအတွက် ဟောပြောသောအကြောင်းအရာမည်ကဲ့သို့ရှိကြောင်း၊ သူတို့၏စိတ်ထဲရှင်းခြင်းရှိမရှိကြောင်းလေ့လာပါ။ ကြင်နာခြင်းနှင့်ရိုသေလေးစားခြင်းဖြင့် သူတို့အားသင်အမှန်တကယ်စိတ်ဝင်စားကြောင်း၊ သူတို့၏ဝိညာဉ်ကိုလည်းဂရုစိုက်ကြောင်းကိုပြပါ။ Testimonies, vol. 6, p. 68. (1900) [Ev 429.2]

**လူတို့ထံနီးကပ်စွာချဉ်းကပ်ပါ –** ခရစ်တော်နှင့်တူသောကြင်နာခြင်းဖြင့် ဓမ္မဆရာသည် တစ်ဦးချင်းလူတို့ထံနီးကပ်စွာပေါင်းသင်းဆက်ဆံပြီး ထာဝရအသက်နှင့်ဆိုင်သည့် ကြီးမားသောအရာများအပေါ် သူတို့၏စိတ်ဝင်စားမှုကိုနှိုးဆွရန်ဆောင်ရွက်သင့်ပါသည်။ သူတို့၏စိတ်နှလုံးသည် အဝေးပြေးလမ်းမကြီးကဲ့သို့ မာကျောမည်ဖြစ်ပြီး၊ သူတို့အားကယ်တင်ရှင်အကြောင်းကြိုးစားဟောပြောသော်လည်း အကျိုးရှိမည်မဟုတ်ဟု ထင်ရပေလိမ့်မည်။ သို့သော် ဆင်ခြင်တုံအကြောင်းတရားဖြင့်ပြောဆိုခြင်းသည် ရှုံးနိမ့်ပြီးပြောင်းလဲရန်အတွက်ပြောဆိုခြင်းများတန်ခိုးမပါသော်လည်း တစ်ဦးချင်းသာသနာလုပ်ငန်းဖြင့်ဖော်ပြသော ခရစ်တော်၏မေတ္တာသည် ကျောက်နှလုံးသားကိုပျော့ပျောင်းစေမည်ဖြစ်ပြီး အမှန်တရား၏မျိုးစေ့သည် ပေါက်ပွားလာကာ အမြစ်စွဲလာမည်ဖြစ်သည်။ Gospel Workers, p. 185. (1915) [Ev 430.1]

**ဟောပြောရုံမျှသာမဟုတ်၊ လုပ်ဆောင်ရန်နေရာများ –** မြို့ကြီးများထဲ၌အလုပ်လုပ်ရမည်။ တရားဟောရုံမျှသာမဟုတ်၊ တစ်အိမ်မှတစ်အိမ်သို့သွားရောက်လုပ်ဆောင်ကြရမည်။ သတိပေးစကားပြော၍ နှုတ်ကပတ်တော်မှအမှန်တရားကိုဟောပြောပြီးနောက် ဝိညာဉ်များစွာယုံကြည်လာကြလိမ့်မည်။ Review and Herald, Oct. 14, 1902. [Ev 430.2]

**တရားလျှော့ဟောပြီးတစ်ဦးချင်းလုပ်ငန်းတိုး၍လုပ်ဆောင်ခြင်း –** အကယ်၍တစ်ဝက်သာဟောပြောပြီး တစ်ဦးချင်းလုပ်ငန်းကိုနှစ်ဆတိုး၍အချိန်ယူကာ လူတို့၏အိမ်များသို့ ပုဂ္ဂိုလ်များနှင့်လူအများထံသွားရောက်တွေ့ဆုံကြပါက

အကျိုးကျေးဇူးများကို အံ့သြဖွယ်တွေ့ရှိရပါလိမ့်မည်။ Manuscript 139, 1897. [Ev 430.3]

**အခွင့်အရေးများဆုံးရှုံးခြင်း –** တစ်ဦးချင်းလုပ်ငန်းကို လျစ်လျူရှုသောအခါ တန်ဖိုးရှိသည့်အခွင့်အရေးများစွာဆုံးရှုံးမည်ဖြစ်ပြီး တိုး၍လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းတိုးတက်မည်ဖြစ်ပါသည်။ Gospel Workers, p. 364. (1915) [Ev 430.4]

**တစ်ဦးချင်းလုပ်ငန်းပျက်ကွက်ခြင်းကြောင့်ဝိညာဉ်များပျက်စီးခြင်း –** ကျွန်ုပ်တို့ တွေ့ဆုံသောသူတို့အား အားပေးစကားပြောဆိုကြပါလိမ့်မည်။ "လျောက်ပတ်သောစကားသည် မည်မျှကောင်းလိမ့်မည်နည်း။" တစ်ဦးချင်းလုပ်ငန်းပျက်ကွက်ခြင်းကြောင့် ဝိညာဉ်များပျက်စီးဆုံးရှုံးကြရပါသည်။ Letter 151, 1903. [Ev 430.5]

**အိုန်ခါမရွေးချက်ချင်းဆောင်ရွက်ခြင်း –** ဓမ္မအမှုဆောင်သည် အချိန်အခါမရွေး အမှုဆောင်ရမည်ဖြစ်ပြီး၊ ဘုရားသခင်၏အမှုတော်ရှေ့သို့တိုးတက်ရန် အခွင့်အရေးတိုင်းကိုအဆင်သင့်ဆုပ်ကိုင်ကာ မလွတ်တမ်းဆောင်ရွက်ကြရမည်။ "သင့်လျော်သောအချိန်၌ချက်ချင်းဆောင်ရွက်ခြင်း" သည် အိမ်နှင့်ဝတ်ပြုချိန်၌ရှိသည့်အခွင့်အရေးများအပေါ်နှင့် ဘာသာရေးခေါင်းစဉ်များနှင့်ပတ်သက်၍ လူတို့ပြောဆိုလာကြသည့်အခါ နိုးကြားခြင်းရှိကြရန်ဖြစ်သည်။ "မမှန်သောအချိန်၌ချက်ချင်းဆောင်ရွက်ခြင်း" သည် မီးဖိုနား၊ လယ်ပြင်ထဲ၊ လမ်းဘေးနှင့်ဈေးတွင်းတို့၌ရှိနေကြစဉ်အခါ လူတို့၏စိတ်ကို ကျမ်းစာ၏ကြီးမားသောအဓိကအချက်များသို့ သင့်လျော်သည့်နည်းဖြင့် သိမ်မွေ့စွာဘုရားသခင်တောင်းဆိုသောအရာများကို စိတ်အားထက်သန်စွာ သူတို့ကိုတိုက်တွန်းအားပေးခြင်းဖြစ်သည်။ လူတို့အတွက်မမှန်သောအချိန်အခါဖြစ်သောကြောင့် ၎င်းအခွင့်အရေးများတို့ကိုရယူခြင်းမရှိသည့်အတွက် များစွာဆုံးရှုံးကြရသည်။ သို့သော် အဆိုးအကောင်းခွဲခြားတတ်သည့်စိတ်သို့ လိမ္မာစွာတောင်းဆိုခြင်း၏ထိရောက်မှုကို





မည်သူသိရှိနိုင်ပါမည်နည်း။ Gospel Workers, pp. 186-187. (1915) [Ev 430.6]

**ခရစ်တော်ချစ်သကဲ့သို့ဝိညာဉ်များကိုချစ်ပါ –** လူတို့ကိုခရစ်တော်ချစ်သကဲ့သို့ ကျွန်ုပ်တို့လည်းချစ်ရန် ကျွန်ုပ်တို့ခေါ်ခြင်းခံခဲ့ရပြီး ဒုက္ခခံစားနေရသည့်အပြစ်သားများ ပြောင်းလဲစေလိုသည့်ခံစားချက်များ ကျွန်ုပ်တို့၌ရှိရပါမည်။ တိုင်းတာ၍မရသော ခရစ်တော်၏မေတ္တာတော်အကြောင်းကိုဟောပြောပါ။ မိမိကိုယ်ကျိုးကိုစွန့်ပါ။ Manuscript 42, 1898. [Ev 431.1]

## တစ်အိမ်မှတစ်အိမ်သို့အလည်အပတ်ပြုခြင်း

**တစ်အိမ်မှတစ်အိမ်သို့အလုပ် –** လူထုစုရုံးသောနေရာများ၌သာ အမှန်တရားကိုဟောပြောကြရန်မဟုတ်ပါ။ တစ်အိမ်မှတစ်အိမ်သို့သွားရောက်တွေ့ဆုံခြင်းကိုလည်း ပြုရပါမည်။ ဘုရားသခင်၏နာမတော်၌ ဤအလုပ်ကိုရှေ့သို့တိုးတက်စေပါ။ Review and Herald, Aug. 11, 1903. [Ev 431.2]

ဤတစ်အိမ်မှတစ်အိမ်သို့သွားရောက်လုပ်ဆောင်ခြင်း၊ ဝိညာဉ်များကိုရှာဖွေခြင်း၊ ပျောက်သောသိုးကိုလိုက်ရှာခြင်းတို့သည် လုပ်ဆောင်ရမည့်အလိုအပ်ဆုံးသောအလုပ်ဖြစ်သည်။ Letter 137, 1898. [Ev 431.3]

**တစ်အိမ်မှတစ်အိမ်သို့လုပ်ဆောင်ခြင်း၏ဦးတည်ချက် –** တရားပွဲတစ်ခုကျင်းပပြီးစီး၍ ဝိညာဉ်အနည်းငယ်ရိတ်သိမ်းပြီးနောက် တဲကိုဖြုတ်ချပြီးသည်နှင့် မိမိတို့၏လုပ်ငန်းပြီးစီးသွားပြီဟု ကျွန်ုပ်တို့၏လူများထင်မှတ်ခြင်းသည် ကြီးမားသောအမှားတစ်ခုဖြစ်သည်။ သူတို့၏အလုပ်သည် အစပြုရုံမျှသာဖြစ်သည်။ ကြားနာရသူများအတွက် သစ်လွင်ဆန်းပြားသောယုံကြည်ချက်များကိုဟောပြောခဲ့ပြီး ကြဲခဲ့သောမျိုးစေ့ကို ငှက်များကောက်ယူစားသွားရန်၊ သို့မဟုတ် ရေခိုးရေငွေ့လိုအပ်သည့်အတွက် ခြောက်သွေ့သွားမည်သာဖြစ်ပါသည်။ [Ev 431.4]

ဝိညာဉ်များကိုအမှန်တရားဟောပြောပြီးသည်နောက် အကယ်၍ဖြစ်နိုင်ပါက ဓမ္မဆရာများ၊ မိတ်ဆွေများနှင့်ရင်းနှီးသူများကဲ့သို့ ပုဂ္ဂိုလ်များမှကြဲခဲ့သောအစေ့ကို ကောက်ယူသွားလိမ့်မည်။ ဤငှက်ကဲ့သို့သောလူများတို့သည် အမှန်ကိုအမှားကဲ့သို့ပေါ်လွင်စေပြီး ယုံကြည်သူများကိုမနားမနေမှားယွင်းမှုများဖြင့် မျိုးစေ့ကိုပျက်စီးသည့်အထိပြုကြပါလိမ့်မည်။ [Ev 432.1]

မည်သည့်အရာပြုလုပ်သင့်သနည်း။ တရားပွဲပြီးဆုံးပြီးသည့်နောက် လုပ်ငန်းတစ်ခုစီစဉ်ချမှတ်ပါ။ ရရှိနိုင်သည့်အကောင်းဆုံးအမှုဆောင်များတို့ကို အဖွဲ့တစ်ခုအဖြစ်စည်းရုံးပြီး ကျွန်ုပ်တို့၏စာပေများကိုရောင်းချရန်နှင့် ဝယ်ယူနိုင်စွမ်းမရှိသောသူများသို့ မိမိတို့၏စာပေများတို့ကိုပေးလိုက်စေပါ။ ပြင်ဆင်မှုအလုပ်သည် လုပ်ငန်းတစ်ခုလုံး၏ပြီးစီးသွားသည်အထိ ဆောင်ရွက်သောတန်ဖိုးတစ်ဝက်မျှပင်ရှိမည်မဟုတ်ပါ။ [Ev 432.2]

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကျိုးအကြောင်းများကို လူတို့ကြားနာခဲ့ရပြီးနောက် တစ်အိမ်မှတစ်အိမ်သို့ဆောင်ရွက်ရမည့်အလုပ်ကိုစတင်ပါ။ လူတို့နှင့်ရင်းနှီးစွာပေါင်းသင်းဆက်ဆံပြီး မွန်မြတ်သောခရစ်တော်၏စကားများကို သူတို့အားဖတ်ပြပါ။ ယေရှုကပ်တိုင်ပေါ်ရိုက်ထားခြင်းကို သူတို့ထဲ၌မြှောက်တင်ပြီး တဲထဲ၌ဘုရားသခင်၏ဓမ္မအမှုဆောင်ထံမှသတိပေးစကားကို နားထောင်ခဲ့ရသူများတို့ပြောင်းလဲခဲ့ပြီး သူတို့ကြားနာခဲ့ရသောအကြောင်းအရာနှင့်ပတ်သက်၍ စုံစမ်းသိရှိရန်ဆွဲဆောင်ခြင်းကိုခံရကြလိမ့်မည်။ ဤအချိန်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းအရင်းများကိုကြောက်ရွံ့ခြင်းမရှိ၊ နှိမ့်ချစွာသတိဖြင့် အကောင်းဆုံးပြောဆိုသင့်ပါသည်။ အမှန်တရားကို ယေရှု၌ကဲ့သို့နူးညံ့သိမ်မွေ့နှိမ့်ချသောသဘော၊ ရှင်းလင်းရိုးသားစွာဖြင့် အချိန်ကာလနှင့်အညီ အစားအစာကို လူတိုင်းအားဝေပုံကျဟောပြောကျွေးမွေးကြရပါမည်။ Letter 18, 1898. [Ev 432.3]

**တစ်အိမ်မှတစ်အိမ်သို့လုပ်ဆောင်ခြင်းဖြင့်ဟောပြောခြင်းကိုထိရောက်စေမည်** – ဗဟုသုတရှိအမှုဆောင်များထံမှ စခန်းအစည်းအဝေး၌ကြိုးစားဆောင်ရွက်ပြီး၍ လုပ်ငန်းရုပ်သိမ်းသည့်အချိန်တွင် ရရှိသောအကျိုးကျေးဇူးသည် ယခင်အချိန်



များထက် များစွာသာလွန်သည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ တစ်အိမ်မှတစ်အိမ်သို့လုပ်ဆောင်ခြင်းအလုပ်သည် နှုတ်ကပတ်တော်ဟောပြောခြင်းအတွက် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း နှစ်ပေါင်းများစွာကပင် ကျွန်ုပ်အားပြသခဲ့ပါသည်။ အကယ်၍စိတ်ဝင်စားသောသူများတို့ထံ ကျွန်ုပ်တို့၏အမှုဆောင်များလည်ပတ်ခြင်းမပြုပါက အခြားဓမ္မအမှုဆောင်များ သူတို့ထံသွားရောက်ကာ မှားယွင်းသောနှုတ်ကပတ်တော်အတွေးအခေါ်များဖြင့် သူတို့၏စိတ်ကိုရှုပ်ထွေးစေပါလိမ့်မည်။ ဤပုဂ္ဂိုလ်များတို့သည် နှုတ်ကပတ်တော်နှင့်ရင်းနှီးမှုမရှိပါ။ သူတို့၏ဓမ္မဆရာများသည် မှန်ကန်ပြီးသဘောဖြောင့်သောသူများဖြစ်သည်ဟု သူတို့ထင်ကြသောကြောင့် သူတို့၏ယုံကြည်ချက်များကို စွန့်လွှတ်လိုက်ပါသည်။ သို့သော် စိတ်ဝင်စားသူများထံ ကျွန်ုပ်တို့၏အမှုဆောင်များအလည်အပတ်ပြုပြီး သူတို့အားအမှန်တရားကိုပို၍ပြည့်စုံစွာရှင်းလင်းပြသကာ အမှားနှင့်အမှန်ကိုနှိုင်းယှဉ်ဖော်ပြပေးနိုင်ပါက သူတို့၏ယုံကြည်ခြင်းသည် တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ [Ev 432.4]

ဤအလုပ်ကိုကြိုးစားအားထုတ်ကာ သတိတရားဖြင့်ဆောင်ရွက်ခြင်း၊ အမှုဆောင်များအနေဖြင့် သူတို့၏ဆောင်ရွက်ခြင်းအပေါ်ဖြေရှင်းရကြလိမ့်မည်ဟုခံယူချက်နှင့် ဖွဲလုံ့လဖြင့်ဆောင်ရွက်ခြင်းပြုကြပါက စခန်းအစည်းအဝေးများ၌ကြဲခဲ့သောအစေ့၏အသီးအနှံကောက်လှိုင်းများတို့ကို ပို၍ရိတ်သိမ်းနိုင်ကြပါလိမ့်မည်။ [Ev 433.1]

ဤအလုပ်ကို အခြားနေရာ၌လည်းဆောင်ရွက်ခဲ့ပါသည်။ ဤဝိညာဉ်များရှာဖွေခြင်းနှင့် ဤတစ်ဦးချင်းလုပ်ဆောင်မှု၏အကျိုးကြောင့် ယခုဥပုသ်နေ့စောင့်ရှောက်သူအသစ်ဦးရေ (၅၀) ထက်မနည်းရှိနေပါသည်။ ဘုရားရှင်ခန့်ထားသောအမှုဆောင်များ ဤစိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်သည့်ပျောက်သောသိုးရှာဖွေသည့်အလုပ်ကိုမလုပ်ကြပါက မာရ်နတ်၏ဖျက်ဆီးခြင်းအလုပ်အောင်မြင်မည်ဖြစ်ပြီး ရှာဖွေတွေ့ရှိနိုင်မည့်ဝိညာဉ်များ ပျောက်ဆုံးသွားလိမ့်မည်ဖြစ်သည်။ Letter 18, 1898. [Ev 433.2]

**လူတချို့ထံသို့ လူထုတရားပွဲဖြင့် သတင်းစကားမရောက်ရှိနိုင်ပါ –** ကြီးမားသော မြို့ကြီးများ၌ လူထုတရားပွဲများအားဖြင့် သတင်းစကားမကြားရသည့်လူတန်းစားများရှိနေပါသည်။ ဤလူတန်းစားများတို့အား ပျောက်သောသိုးကိုရှာဖွေသည့် သိုးထိန်းကဲ့သို့ ရှာကြရမည်ဖြစ်သည်။ လုံ့လဝီရိယဖြင့် တစ်ဦးမှကြိုးစား၍ ရှာဖွေကြရပါမည်။ Gospel Workers, p. 364. (1915) [Ev 433.3]

**ပွဲသို့မလာရောက်နိုင်သောသူများတို့အတွက် –** သူတို့အားခရစ်တော်ခေါ်ဖိတ်သော ဧဝံဂေလိတရားစားသောက်ပွဲသို့ သူတို့မလာကြပါက ဘုရားသခင်၏အမှုဆောင်များ သူတို့ထံသတင်းစကားရောက်ရှိရန် မိမိတို့၏ကိုယ်ကိုအသုံးခံကာ တစ်အိမ်မှတစ်အိမ်သို့ လုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့မှသာ သူတို့၏လုပ်ငန်းဖြင့် လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားရှိလူတို့ထံ ချဲ့ထွင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကမ္ဘာသို့နောက်ဆုံးသောသတင်းစကားဟောပြောနိုင်လိမ့်မည်။ Letter 164, 1899. [Ev 433.4]

**စိတ်မဝင်စားသူများတို့ထံသို့တိုင်အောင် –** စိတ်ဝင်စားမှုမဖော်ပြသောသူတို့၏အိမ်များသို့လည်းသွားပါ။ အပြစ်သားကို ချိုမြသောကရုဏာသံဖြင့်ခေါ်ဖိတ်သောအခါ ရှင်ပေါလုဆောင်ရွက်သကဲ့သို့ သင်တို့သည်လည်း နှလုံးသားနှင့်စိတ်ခွန်အား အားလုံးဖြင့်လုပ်ဆောင်ကြပါ။ ရှင်ပေါလုဆောင်ရွက်ခဲ့သည်မှာ၊ “ငါသည် သုံးနှစ်ပတ်လုံး နေ့ညမပြတ် လူအပေါင်းတို့ကိုမျက်ရည်နှင့်တကွ ဆုံးမ၍နေကြောင်းကို အောက်မေ့ကြလော့” ဖြစ်ပါသည်။ ဘုရားသခင်၏နေ့၌ ကျွန်ုပ်တို့ကိုလူဘယ်နှစ်ယောက်ဆန့်ကျင်၍ ဤကဲ့သို့ပြောမည့်သူများရှိမည်နည်း။ “ကျွန်ုပ်ပျောက်ဆုံးပြီ၊ ကျွန်ုပ်ပျောက်ဆုံးပြီ၊ ကျွန်ုပ်ကိုသင်တစ်ခါမျှသတိမပေးပါ။ ယေရှုထံလာရန် သင်တစ်ခါမျှမသွေးဆောင်ပါ။ သင်ယုံကြည်သကဲ့သို့ ကျွန်ုပ်ယုံကြည်ပါက၊ ကျွန်ုပ်သည် တရားစီရင်ခြင်းခံရမည့်ဝိညာဉ်ကို အစွမ်းကုန်တတ်အားသရွေ့ ဆုတောင်းခြင်း၊ မျက်ရည်ကျလျက်သတိပေးခြင်းများကိုပြုမည်ဖြစ်ပါသည်။” Review and Herald, June 24, 1884. [Ev 434.1]



**အိမ်တိုင်းသို့ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသယ်ဆောင်ပါ –** ပုံနှိပ်တိုက်သည် ဓမ္မအမှုဆောင်ကြိုးစားမှုဖြင့် လူတို့ထံသတင်းစကားမရောက်ရှိနိုင်သောနေရာများသို့ ရောက်ရှိနိုင်သည့်တန်ဆာပလာတစ်ခုဖြစ်သည်။ ကျမ်းစာကိုပေးကမ်းရောင်းချခြင်းကြောင့် ဖတ်ရှုရခြင်းအားဖြင့် ကြီးမားသောအလုပ်တစ်ခုကိုလုပ်ဆောင်နိုင်ပါသည်။ ဘုရားရှင်၏နှုတ်ကပတ်တော်ကို လူတို့၏အိမ်တိုင်းသို့ယူဆောင်သွားပြီး ရှင်းလင်းပြတ်သားသောအကြောင်းအရာများကို လူတိုင်း၏စိတ်ထဲသို့ရောက်ရှိစေရန် “နှုတ်ကပတ်တော်ကိုရှာဖွေပါ” ဟူသောကယ်တင်ရှင်၏အမိန့်တော်ကို လူတိုင်းအားထပ်ခါတလဲပြောဆိုပါ။ ကျမ်းစာကိုရှိသည်အတိုင်း သူတို့အားယူဆောင်ရန်တိုက်တွန်းပြောဆိုပြီး မှန်မြတ်သောအလင်းတရားကိုရှာဖွေ၍ အလင်းထွန်းလင်းသောအခါ အလင်းတန်းတိုင်းကိုဝမ်းမြောက်စွာလက်ခံကာ ကြောက်ရွံ့ခြင်းမရှိဘဲ အကျိုးကျေးဇူး၌တည်မြဲပါ။ Review and Herald, July 10, 1883. [Ev 434.2]

**အိမ်များသို့ဘုရားသခင်သည် အလင်း၊ နှုတ်ကပတ်တော်မှအလင်းကိုပို့ဆောင်လိမ့်မည် –** ဤအရာသည် လူတို့လိုအပ်သောအရာဖြစ်သည်။ အကယ်၍နှုတ်ကပတ်တော်ဆရာများအလိုရှိကြပါက၊ လူတို့နှင့်နီးကပ်စွာဆက်ဆံနိုင်ရန် သူတို့ကိုဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်။ အမှန်တရားကိုလိုအပ်၍ ဆန္ဒရှိသူများတို့၏အိမ်သို့ ဘုရားသခင်သည် သူတို့ကိုပို့ဆောင်တော်မူပြီး ဘုရားသခင်၏အစေခံများကဲ့သို့ ပျောက်သောသိုးကိုရှာဖွေသောအလုပ်၌ပါဝင်ကာ သူတို့၏ဝိညာဉ်ရေးစွမ်းအားများနိုးကြားပြီး အင်အားပြည့်ဝလာပါလိမ့်မည်။ ဘုရားသခင်နှင့်သူတို့ညီညွတ်မှုရှိသည်ကိုသိရှိရသည့်အတွက် သူတို့ဝမ်းမြောက်ပျော်ရွှင်ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုအောက်၌ တန်ဖိုးရှိသောဗဟုသုတကို သူတို့ရရှိကြပါသည်။ သူတို့၏အသိဉာဏ်နှင့်စိတ်တန်ခိုးများသည် အမြင့်ဆုံးတိုးပွားခြင်းသို့ရောက်ရှိခဲ့ရခြင်းမှာ တောင်းဆိုသောအဖြေကိုကျေးဇူးတော်ခံစားရသောကြောင့်ဖြစ်သည်။ Review and Herald, Dec. 29, 1904. [Ev 434.3]

## မိသားစုများကိုအောင်မြင်ခြင်း

**မိသားစုများနှင့်ဆုတောင်း၍နှုတ်ကပတ်တော်လေ့လာရန်** – လူအများစိတ်လှုပ်ရှား၍ အမှန်တရားကိုယုံကြည်လာသောအခါ၊ စိတ်ဝင်စားမှုနောက်သို့လိုက်၍ ပါးနပ်စွာ၊ စိတ်အားထက်သန်စွာနှင့် ဖွဲလုံ့လဖြင့်လုပ်ဆောင်သင့်သည်။ ခရစ်တော်၏စိတ်ဓာတ်ကိုရရှိပြီး သွားရောက်၍ဝိညာဉ်များအတွက်လုပ်ဆောင်လိုသောသူတို့ကို ဘုရားသခင်ခေါ်တော်မူသည်။ ဓမ္မဆရာသည် စားပွဲပေါ်ရှိသူ၏အလုပ်များကိုသာလုပ်ရန် သတ်မှတ်ထားခြင်းမပြုသင့်ပါ။ ပျော်ရွှင်ဖွယ်ကောင်းသောအိမ်ရှိ ညီအစ်ကိုများတို့နှင့်သာ အချိန်ယူခြင်းမပြုသင့်ပါ။ ဝိညာဉ်များအတွက် သူစောင့်ကြည့်နေရမည်။ လူတို့ထံသူတို့၏အိမ်များသို့လည်းပတ်ရမည်ဖြစ်ပြီး နှလုံးသားများနှင့်အသိတရားထဲ အမှန်တရားစွဲမြဲရန် တစ်ဦးချင်းကြိုးစားရှာဖွေရမည်။ မိသားစုများနှင့်အတူဆုတောင်းပြီး ကျမ်းစာကိုသူတို့နှင့်အတူလေ့လာရမည်။ ပါးနပ်စွာနှင့်ပညာဖြင့် သူသည် အိမ်ထဲရှိသူ၏မိတ်ဆွေများအား ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားထောင်ရန် မိမိတို့၏တာဝန်ကိုတောင်းဆိုရမည်။ သူတို့နှင့်အတူ သူ၏နေ့စဉ်ဆက်ဆံခြင်း၌ သူ၏ကောင်း၍ဖြူစင်သော အကောင်းဆုံးနှင့်ချစ်ဖွယ်သော၊ ကြင်နာခြင်းနှင့်ရိုသေလေးစားဖွယ်ကောင်းသောစာရိတ္တဟူသမျှတို့ကို ဖော်ပြသင့်ပါသည်။ [Ev 435.1]

ပထမနှင့်ဒုတိယကောင်းကင်တမန်သတင်းစကားထဲ၌ အလုပ်သည် ဤပြုမှုပြောဆိုပုံဖြင့် လုပ်ဆောင်ကြရပါမည်။ လူတို့သည် နှုတ်ကပတ်တော်ကိုရှာဖွေရန် နှိုးဆော်ခြင်းခံရပြီး၊ သူတို့သည် အခြားသောသူတို့၏အာရုံကိုဖော်ပြသည့် အမှန်တရားများသို့ဆွဲဆောင်ခဲ့သည်။ သူတို့၏အံ့ဖွယ်အောင်မြင်ခြင်းကိုပေးသော ဤသတင်းစကားသည် တစ်ဦးစီနှင့်မိသားစုများအတွက် တစ်ဦးချင်းလုပ်ဆောင်ခြင်းအားဖြင့်ဖြစ်သည်။ Review and Herald, Jan. 27, 1885. [Ev 435.2]



**တချို့သောမိသားစုများကိုအိမ်တွင်း၌သာချဉ်းကပ်နိုင်သည်** – ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားအားဖြင့် သူ၏အစေခံများ ၎င်းတို့၏အိမ်များသို့ဝင်ပြီး ကြိုးစားလုပ်ဆောင်ခြင်း၊ ဝိညာဉ်တော်အားဖြင့်သန့်ရှင်းစေလျက်အတားအဆီးများကို ဖြိုဖျက်ခြင်းမရှိသောကြောင့် သတင်းစကားတစ်ခါမျှမကြားရသောမိသားစုများရှိပါသည်။ လူတို့သည် ဤအမှုဆောင်များတို့အားကရုဏာသတင်းပို့သူများ၊ ကျေးဇူးတော်ဓမ္မအမှုဆောင်များကဲ့သို့သောသူများအဖြစ် တွေ့မြင်ရသောအခါ၊ သူတို့အားပြောဆိုမည့်စကားများကိုနားထောင်ရန် အဆင်သင့်ရှိကြပါလိမ့်မည်။ [Ev 435.3]

ဤကဲ့သို့သောအမှုဆောင်တစ်ဦး မိသားစုတစ်စုထံသို့လည်ပတ်၍ဘုရားသခင်ထံဆုတောင်းပတ္ထနာပြုပေးသောအခါ၊ စုရုံးလျက်ရှိသောလူစုကြီးအတွက် ဆုတောင်းပေးသကဲ့သို့မဟုတ်ဘဲ မိသားစုများတို့၏စိတ်နှလုံးသားများတို့ကို ထိတွေ့စေပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်သည် သူနှင့်အတူမိသားစုထဲသို့ဝင်ရောက်ပြီး ကြားနာရသူတို့၏နှလုံးသားများကို ဘုရားသခင်၏နှုတ်ကပတ်တော်အားလက်ခံရန် ပြင်ဆင်ပေးမည်ဖြစ်သည်။ အကြောင်းမှာ အကယ်၍အမှုဆောင်သည် နှိမ့်ချပြီးနောင်တတရားရသူ၊ ဘုရားနှင့်အသက်ရှင်သောဆက်သွယ်မှုပြုသူဖြစ်ပါက သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကိုယူဆောင်ကာ သူ၏လုပ်ဆောင်သောသူများတို့အတွက် ပြသပေးပါလိမ့်မည်။ [Ev 436.1]

အမှန်တရားသည် လူတို့ထံသို့နီးကပ်စွာရောက်ရှိရန် ဘုရားသခင်အလိုရှိပြီး တစ်ဦးချင်းလုပ်ဆောင်မှုအားဖြင့်သာ ဤအရာပြည့်စုံမည်ဖြစ်သည်။ "ငါ့အိမ်ကိုပြည့်စေခြင်းငှာ မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွား၍ အနိုင်အထက်ခေါ်သွင်းလော့" ဟု ဤစေခိုင်းခြင်းအမိန့်ဖြင့် များစွာသဘောပေါက်နားလည်နိုင်ပါသည်။ တစ်ခါမျှမဆောင်ရွက်ရသေးသောဤနည်းဖြင့် အလုပ်ကိုဆောင်ရွက်ကြရလိမ့်မည်။ ဘုရားသခင်၏အမှုဆောင်များတို့သည် မိသားစုများ၌ အမှန်တရားကိုသင်ကြားခြင်း၊ မိမိတို့လုပ်ဆောင်သောသူတို့နှင့် နီးကပ်စွာရှိစေခြင်း

များကို ပြုလုပ်ဆောင်ရွက်စေပါ။ အကယ်၍သူတို့သည် ဘုရားသခင်နှင့် ပေါင်းစည်းလုပ်ဆောင်ကြပါက သူတို့ကိုဝိညာဉ်တော်တန်ခိုးဖြင့် လွှမ်းခြုံစေမည်။ သူတို့၏အလုပ်၌ သူတို့အားခရစ်တော်ပို့ဆောင်မည်ဖြစ်ပြီး သူတို့နှင့် အတူလူတို့၏အိမ်များအထဲသို့ဝင်ကာ သတင်းစကားကြားနာရမည့် သူတို့၏ စိတ်နှလုံးထဲသို့စိမ့်ဝင်မည့်စကားလုံးများကို သူတို့အားပေးပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အလင်းအားလုံးတို့၏အခြေအမြစ်မှလာသော အလင်းတန်းများကိုရရှိရန် နှလုံးသားနှင့်စိတ်သဘောကို ဖွင့်ပေးပါလိမ့်မည်။ Review and Herald, Dec. 29, 1904. [Ev 436.2]

**နှလုံးသားထဲသို့ရောက်ရှိရန်လမ်းရှာပါ** – ခရစ်တော်နှင့်အတူလုပ်ဆောင်သောသူအားလုံးတို့အား ကျွန်ုပ်ပြောလိုသည်မှာ၊ မီးပုံနားရှိလူတို့ထံသင်ရောက်ရှိသောအခါတိုင်း သင်၏အခွင့်အရေးကိုတိုးတက်စေပါ။ သင်၏ကျမ်းစာကိုယူပြီး သူတို့ရှေ့၌ ၎င်း၏ကြီးမားသောအမှန်တရားများကိုဖွင့်ပြပါ။ သင်၏အောင်မြင်ခြင်းသည် လူတို့၏နှလုံးသားထဲသို့ သင်၏စွမ်းဆောင်မှုကြောင့်မပြုလုပ်နိုင်သကဲ့သို့ သင်၏အသိပညာနှင့်ဆောင်ရွက်မှုပြီးစီးသည့်အပေါ်၌မူတည်ခြင်းမဟုတ်ပါ။ လူမှုရေးအားဖြင့်သော်လည်းကောင်း၊ လူတို့နှင့်ရင်းနှီးခြင်းအားဖြင့်သော်လည်းကောင်း၊ လူတို့၏အတွေးရေစီးကြောင်းများကို သင်၏အကောင်းဆုံးဟောပြောနိုင်ခြင်းထက် ပို၍အဆင်သင့်ပြောင်းလဲပေးနိုင်သည်။ အိမ်ထောင်မိသားစုထဲ ခရစ်တော်၏အကြောင်းဟောပြောခြင်း၊ မီးပုံနားနှင့်အိမ်များထဲ၌ လူအနည်းငယ်သို့ဟောပြောခြင်းသည် အများအားဖြင့် ဝိညာဉ်များကိုယေရှုထံသို့ လဟာပြင်၌တရားဟောပြောခြင်း၊ ခန်းမဆောင်နှင့်ဘုရားကျောင်းထဲ၌ဟောပြောခြင်းများတို့ထက် ပို၍အောင်မြင်စွာပို့ဆောင်နိုင်ပါသည်။ [Ev 436.3]

ဤတစ်ဦးချင်းလုပ်ငန်း၌ပါဝင်ကြသောသူအားလုံးတို့သည် သူတို့၏လုပ်ဆောင်ခြင်းအမှုအရာ၌ သမားရိုးကျစက်ယန္တရားလှုပ်ရှားမှုကဲ့သို့မဖြစ်စေဘဲ နှုတ်ကပတ်တော်ကိုဟောပြောသော ဓမ္မဆရာများကဲ့သို့ဖြစ်ရန် သတိပြု



သင့်သည်။ သူတို့သည် အမြဲလေ့လာသင်ယူသင့်ကြသည်။ သူတို့သည် အမြင့်ဆုံးသောအရည်အချင်းများကိုရရှိရန် ကောင်းသောစိတ်အားထက်သန်မှုရှိရမည်ဖြစ်ပြီး နှုတ်ကပတ်တော်၌အကျွမ်းတဝင်ရှိသောသူများဖြစ်ကြရမည်။ Gospel Workers, p. 193. (1915) [Ev 437.1]

**နှစ်ယောက်တစ်တွဲတစ်ဦးချင်းလုပ်ငန်း၌** – ကျွန်ုပ်တို့၏ညီကိုများနှစ်ယောက်တစ်တွဲထွက်၍လုပ်ဆောင်သင့်ပြီး သူတို့တတ်နိုင်သမျှအလည်အပတ်ပြုကာ စိတ်ဝင်စားမှုရှိသောအိမ်ထောင်မိသားစုများကို ရှာဖွေခြင်းအားဖြင့် တစ်ဦးချင်းကြိုးစားလုပ်ဆောင်ကြရပါမည်။ Letter 34, 1886. [Ev 437.2]

**ဓမ္မဆရာနှင့်ဇနီး** – ဝိညာဉ်များနောက်သို့ခြေရာခံရှာဖွေရမည်။ အိမ်ထောင်မိသားစုများတို့ကိုလည်ပတ်သောအခါ ပါးနပ်မှုနှင့်ကျွမ်းကျင်မှုကိုပြသပါ။ သူတို့နှင့်အတူ သူတို့အတွက်ဆုတောင်းပါ။ သူတို့ထံသို့ အမှန်တရားကိုနူးညံ့သိမ်မွေ့စွာနှင့် မေတ္တာဖြင့်သယ်ဆောင်သွားခြင်းဖြင့် အကျိုးကျေးဇူးကိုဧကန်အမှန်ခံစားကြရမည်။ အကယ်၍ ဓမ္မဆရာနှင့်ဇနီး ဤလုပ်ငန်း၌အတူပူးပေါင်းပါဝင်လုပ်ဆောင်လိုပါက သူတို့အတူလုပ်ဆောင်သင့်ကြသည်။ Letter 18, 1898. [Ev 437.3]

## ဧဝံဂေလိလုပ်ငန်းအတွက်လည်ပတ်ခြင်း

**စိတ်ဝင်စားသူထံဆက်လက်လုပ်ဆောင်ခြင်း** – တရားဟောကြားခြင်းကို ဓမ္မဆရာနှစ်သက်ပေလိမ့်မည်။ အကြောင်းမှာ ပျော်ရွှင်သောလုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်ပြီး လွယ်ကူသောအလုပ်ဖြစ်သည်။ သို့သော် မည်သည့်ဓမ္မဆရာမျှ စကားဟောပြောသူတစ်ယောက်အဖြစ် မိမိ၏စွမ်းရည်ကိုတိုင်းတာခြင်းမပြုသင့်ပါ။ ပို၍ခက်ခဲသောအပိုင်းသည် တရားပလ္လင်ပေါ်မှထွက်ခွာပြီး ကြဲခဲ့သောမျိုးစေ့ကို ရေလောင်းပေးခြင်းဖြစ်သည်။ စိတ်ဝင်စားမှုဖြစ်ပေါ်လာခြင်းကို တစ်ဦးချင်းအလုပ်ဖြင့်ဆက်လက်လုပ်ဆောင်ရပါမည်။ လည်ပတ်ခြင်း၊

ကျမ်းစာသင်တန်းပေးခြင်း၊ နှုတ်ကပတ်တော်ကိုမည်ကဲ့သို့ရှာဖွေရန်သင်ကြားပေးခြင်း၊ အိမ်ထောင်မိသားစုများနှင့်စိတ်ပါဝင်စားသူများတို့နှင့်အတူဆုတောင်းခြင်း၊ နှလုံးသားနှင့် စိတ်နှလုံးထဲ၌ခံစားမှုနက်ရှိုင်းစေရန်ရှာကြံခြင်းများတို့ကို ဆက်လက်လုပ်ဆောင်ရပါမည်။ Testimonies, vol. 5, p. 255. (1885) [Ev 437.4]

**မေးခွန်းများကိုဖြေဆိုခြင်း –** လူတို့ကို မိမိတို့၏အိမ်များ၌ မည်ကဲ့သို့တွေ့ဆုံရမည်ကိုနားမလည်၊ သူတို့နှင့်ရင်းနှီးစွာဆက်ဆံကာ သူတို့၏လိုအပ်ချက်များကိုမသိသော မည်သည့်ဓမ္မဆရာတစ်ဦးမျှ သူ၏လုပ်ငန်း၌ပြည့်စုံစွာဆောင်ရွက်နိုင်ခြင်းရှိမည်မဟုတ်ပါ။ နားလည်ရခက်ခဲသောအကြောင်းအရာနှင့်ပတ်သက်၍ဟောပြောရာတွင် ကြားနာရသူတို့အား မေးခွန်းများမေးခွင့်ပြုရမည်။ ဘုရားသခင်၏အလင်းကို သူတို့ရှေ့၌ယူဆောင်ပေးရမည်။ ဤကဲ့သို့ဆောင်ရွက်ပြီး ဓမ္မဆရာမှသူတို့၏မေးခွန်းများကို ဖြေဆိုပေးနိုင်သည့်အခါ၊ သူတို့၏မရှင်းမလင်းသောစိတ်ကို အလင်းရောင်ထိုးဖောက်လျက် ဧဝံဂေလိတရားကို ယုံကြည်ခြင်း၌ခွန်အားနှင့်ပြည့်ဝလာသည့်အကြိမ်ပေါင်း ဘယ်နှစ်ကြိမ်ရှိခဲ့ဖူးပါသနည်း။ ကယ်တင်ခြင်းလမ်းကိုသိရှိနားလည်ရန်၊ ရှာဖွေသောသူတို့၏စိတ်နှလုံးသားကိုအလင်းပေးနိုင်ရန် ဤနည်းဖြင့်ကျွန်ုပ်တို့ဆောင်ရွက်ကြရပါမည်။ Review and Herald, April 19, 1892. [Ev 438.1]

**နောက်ဆက်တွဲအလုပ်ကိုဆောင်ရွက်သောအမှုဆောင်တို့အားသင်တန်းပေးခြင်း –** အကယ်၍သင်သည် အခြားနေရာသို့အမှုဆောင်ရန် ခေါ်ယူခြင်းခံရပါက၊ သူတို့အောင်မြင်စွာဆက်လက်ဆောင်ရွက်နိုင်ရန် ယခုသင်နှင့်အတူဆက်နွယ်လျက်ရှိနေသူတချို့တို့အား သင်မှနေ၍သင်တန်းပေးသင့်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဆုတောင်းကြပါစို့။ ကျွန်ုပ်တို့ဆုတောင်းလျက်၊ လုပ်ဆောင်လျက် ယုံကြည်ကြရမည်။ ဘုရားရှင်သည် ကျွန်ုပ်တို့၏ပြည့်စုံရာဖြစ်သည်။ Letter 376, 1906. [Ev 438.2]



**ရိုးရိုးစွမ်းရည်ရှိသူများအတွက်ထိရောက်သောစနစ် –** စရိတ်ကြီး၍ရေပန်းစားသောနေရာများ၌လုပ်ဆောင်ခြင်း၊ သို့မဟုတ် ခန်းမဆောင်ကြီးများထဲဝင်ရောက်ကာ လူထုကြီးကိုဟောပြောခြင်းများတို့ထက် တစ်အိမ်မှတစ်အိမ်သို့ တစ်ဦးချင်းလုပ်ဆောင်ခြင်းသည် ရိုးရိုးစွမ်းရည်ရှိသူများအတွက် ပို၍အောင်မြင်ခြင်းရှိနိုင်ပါသည်။ တစ်ဦးချင်း၏ဩဇာသည် တန်ခိုးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့မိတ်ဆွေများအတွက် တိုက်ရိုက်ပို၍ဆောင်ရွက်ခြင်းသည် ပို၍ကောင်းသောအောင်မြင်မှုကိုရရှိစေပါသည်။ သင်လုပ်ဆောင်နေသောသူတို့နှင့် သင်ရင်းနှီးမှုရှိရမည်။ သင်၏အသံကိုသူတို့ကြားရရုံမျှမက သင်နှင့်နှုတ်ဆက်ရခြင်း၊ သင်၏စည်းမျဉ်းစည်းကမ်းများကိုသင်ယူရခြင်းနှင့် သင်၏ကြင်နာခြင်းတို့ကို သိရှိနိုင်ရခြင်းဖြစ်ပါသည်။ Review and Herald, Dec. 8, 1885. [Ev 438.3]

**တစ်ဦးချင်းလုပ်ငန်းဖြင့်ကျန်းမာစွာနေထိုင်နိုင်ရန်သင်ကြားခြင်း –** ကျန်းမာခြင်းဥပဒေများကိုလေ့လာပြီး ဝိညာဉ်ရေးအသက်တာ၌ မှန်သောအကျင့်ဓလေ့ကိုသိရှိလိုက်လျှောက်ခြင်းမရှိပါက အမှန်တရားကိုသယ်ဆောင်သော မည်သည့်ဆရာမျှ အသိပညာပြည့်စုံသည်ဟု မိမိကိုယ်ကိုမထင်သင့်ပါ။ ဤကိစ္စနှင့်ပတ်သက်၍ သူသည် လူတို့အားပညာသားဖြင့်ပြောဆိုနိုင်သည့်အရည်အချင်းရှိသင့်ပြီး သူ၏ပြောဆိုသောစကားများထိရောက်၍တန်ခိုးပါရှိရန် သူတစ်ပါးအတွက်ကောင်းသောပုံသက်သေကို မိမိ၏အသက်တာ၌ပြသရပါမည်။ မှန်သောအကျင့်ဓလေ့များကို သင်ကြားပို့ချခြင်းသည် ဧဝံဂေလိဓမ္မဆရာတစ်ဦး၏အလုပ်ဖြစ်ပြီး မိမိနှင့်တွေ့ဆုံသမျှသောသူတို့အား သွန်သင်ပို့ချနိုင်မည့်အခွင့်အရေးများကို သူသည် တွေ့ရှိရလိမ့်မည်။ [Ev 439.1]

တစ်အိမ်မှတစ်အိမ်သို့ သူသည်လည်ပတ်ပြီး လူတို့၏လိုအပ်ချက်များတို့ကိုလေ့လာသင့်ကာ မှန်သောစည်းကမ်းချက်များတို့ကိုဟောပြော၍ သူတို့အတွက်အကောင်းဆုံးသောအရာကိုလည်း သင်ကြားပို့ချရပါမည်။ အစားအသောက်ချို့တဲ့သောသူများအတွက် လိုအပ်သည့်အရာများကိုအကြံပေးသင့်ပြီး အစားအသောက်ဖူလုံ၍ မိမိတို့၏စားပွဲပေါ်၌မလိုအပ်သည့် ကျန်းမာရေး

အတွက်အန္တရာယ်ဖြစ်စေမည့်အစာများ၊ အရသာကောင်းသောကိတ်မုန့်များ၊ မုန့်ညက်နှင့်ဟင်းခတ်အမွှေးအကြိုင်များတို့အတွက် သူသည် ကျန်းမာရေး၌ လိုအပ်သည့်အစားအစာများနှင့် ဝိညာဉ်အတွက်အကျိုးပြုမည့်အစားအစာများကိုပြောပြသင့်သည်။ Letter 19, 1892. [Ev 439.2]

## ဓမ္မဆရာများကျမ်းစာသင်တန်းပေးခြင်း

**တိုတိုစကားပြော၍ပိုပြီးကျမ်းစာဖတ်ရှုခြင်း –** ရှည်လျားသောတရားဟောခြင်းများကိုမပြုလုပ်ပါနှင့်။ ဟောပြောသောအကြောင်းအရာတစ်ဝက်ကိုပင် ကြားနာရသူများမမှတ်မိနိုင်ပါ။ တိုတိုစကားပြောပြီး ကျမ်းစာကိုပို၍ဖတ်ရှုစေပါ။ ဤအချိန်သည် မိုင်တိုင်များကဲ့သို့ အချက်တိုင်းကိုရှင်းလင်းပြတ်သားစွာဖော်ပြရမည့်အချိန်ဖြစ်သည်။ Letter 102a, 1897. [Ev 439.3]

**ကူညီဖော်များသို့တာဝန်လွှဲပြောင်းခြင်းမပြုရပါ –** တစ်ဦးလုပ်ငန်းကို အခွင့်အရေးတိုင်း ကျွန်ုပ်တို့ဆုပ်ကိုင်ထားရမည်။ အကယ်၍ ဟောပြောချိန်နည်းသည့်တိုင် တစ်ဦးချင်းလုပ်ငန်းကိုဆောင်ရွက်ကြရမည်။ [Ev 439.4]

ဤသင်းအုပ်ဆရာ၏အလုပ်တစ်စိတ်တစ်ပိုင်းကို လျစ်လျူရှုခြင်း၊ သို့မဟုတ် သင်၏ဇနီးသည်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ဖြစ်စေ လွှဲပြောင်းခြင်းမပြုရပါ။ သင်လက်လှမ်းမီနိုင်သော အိမ်ထောင်မိသားစုတိုင်းထံသို့လည်ပတ်နိုင်ရန် သင်၏ကိုယ်ကိုပညာပေး၍ ဆည်းပူးသင်ယူရမည်။ ဤအလုပ်သည် ဧဝံဂေလိဓမ္မဆရာတစ်ဦး၏အကျိုးအများဆုံးပေးဆောင်နိုင်သည့် သက်သေထူနိုင်သောအလုပ်ဖြစ်သည်။ [Ev 440.1]

သူသည်လူတို့အား မိမိတို့၏အိမ်သို့လည်ပတ်ခြင်းဖြစ်သည့် ဤအလုပ်ကိုလျစ်လျူရှုပါက သူသည် သစ္စာမရှိသောသိုးထိန်းတစ်ဦးဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းကို သူခံရလိမ့်မည်။ သူ၏လုပ်ဆောင်မှုသည်လည်း တစ်ဝက်ပင်ပြီးမြောက်မည်မဟုတ်ပါ။ အကယ်၍သူသည်



တစ်ဦးချင်းအလုပ်ကိုဆောင်ရွက်ပါက များစွာသောအလုပ်ကိုပြီးမြောက်စေမည်ဖြစ်ပြီး ဝိညာဉ်ပေါင်းများစွာကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ [Ev 440.2]

ဤသာသနာ့လုပ်ငန်း၏အလိုအပ်ဆုံးသောအစိတ်အပိုင်းဖြစ်သည့် အမှန်တရားသယ်ဆောင်သောသတင်းပို့ဆောင်သူနှင့် ဘုရားသခင်၏သိုးခြံရှိသိုးများတို့နှင့် သေချာစွာပေါင်းစည်းစေသည့်အလုပ်ကို လျစ်လျူရှုခြင်းအတွက် ဆင်ခြင်ပေးခြင်းကို ဘုရားသခင်လက်ခံမည်မဟုတ်ပါ။ လူတို့ထံသို့ လူသားကိုသာအလင်းလမ်းကြောင်း၏တန်ဆာပလာအဖြစ် သူ၏ကိုယ်တိုင်ကြိုးစားမှုဖြင့် မိမိကိုယ်ကိုသူ၏ကြိုးစားလုပ်ဆောင်သောသူတို့အားဖော်ပြရန်စီစဉ်သူသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်။ [Ev 440.3]

မှန်သောအချိန်၌ အားနည်းသောသိုးစုကို ခွန်အားပေးရန်လိုသည်။ ယုံကြည်ခြင်း၌အမြစ်စွဲလျက် တည်မြဲခြင်းရှိစေရန် သူတို့ကိုအားပေးစကားများပြောဆိုရပါမည်။ ဤနည်းလမ်းဖြင့် လူတို့ထံသူတို့ရှိရာအရပ်သို့ သူတို့နှင့်တွေ့ဆုံရန် ဘုရားသခင်စီမံထားပါသည်။ ကျွန်ုပ်အမှုထမ်းဆောင်ခဲ့သောနေရာများ၌ တချို့သောနေရာများတွင် ဘုရားရှင်၏အမှုတော်ပျောက်ကွယ်ရခြင်းမှာ သူတို့ထံသို့အမှန်တရားပို့ဆောင်သောသူတို့သည် ထိုသူတို့ကိုဆက်လက်၍ပြုစုပျိုးထောင်စောင့်ရှောက်ခြင်းမရှိခြင်းမှာ ဤလုပ်ငန်း၌ပါဝင်ခြင်းသည် ပျော်ရွှင်ဖွယ်ရာအလုပ်တစ်ခုမဟုတ်ခြင်းကြောင့်ဖြစ်သည်ဟု ကျွန်ုပ်သတိပြုမိပါသည်။ Letter 18, 1893. [Ev 440.4]

**ကိုယ်စားဖြင့်လုပ်ဆောင်၍မရသောအလုပ် –** ကိုယ်တိုင်လုပ်ဆောင်ခြင်းဖြင့် လူတို့ရှိရာအရပ်သို့သွားပါ။ သူတို့နှင့်ရင်းနှီးမှုရှိပါ။ ဤအလုပ်ကိုကိုယ်စားဖြင့်လုပ်ဆောင်၍မရပါ။ ငွေချေးငှားခြင်းအားဖြင့်သော်လည်းကောင်း၊ ပေးခြင်းအားဖြင့်သော်လည်းကောင်း မပြီးစီးနိုင်ပါ။ ပလ္လင်ပေါ်တရားဟောခြင်းအားဖြင့်ဆောင်ရွက်၍မရပါ။ နှုတ်ကပတ်တော်ကို အိမ်ထောင်မိသားစုများထံသွား၍ သင်ကြားပေးရမည်။ ဤအလုပ်သည် တရားဟောဆရာအလုပ်ဖြစ်ပြီး၊ တရားဒေသနာဟောပြောခြင်းနှင့်အတူ ပေါင်းစည်းလုပ်ဆောင်ကြရမည်။ အကယ်၍

ပျက်ကွက်ပါက တရားဟောပြောခြင်းသည် အောင်မြင်သင့်သလောက် အောင်မြင်မည်မဟုတ်ပါ။ [Ev 440.5]

အမှန်တရားရှာဖွေသောသူတို့အတွက် သင့်လျော်သောစကားများကို သူတို့အားပြောဆိုရန်လိုအပ်သည်။ အကြောင်းမှာ မာရ်နတ်သည် သူတို့ကို မိမိ၏စုံစမ်းခြင်းများအားဖြင့် သွေးဆောင်စကားပြောလျက်ရှိသည်။ အကယ်၍ သင်သည် ဝိညာဉ်များကိုကြိုးစား၍မစသောအခါ မလိုလားသောအရာနှင့်ရင်ဆိုင် ရပါက ဂရုမစိုက်ပါနှင့်။ အကယ်၍ သင်၏လုပ်ဆောင်မှု၌ အကျိုးအနည်းငယ် သာရှိပုံပေါ်ပါက စိတ်ဓာတ်မကျပါနှင့်။ ဆက်လက်လုပ်ဆောင်ပါ။ သတိပြုပါ။ မည်သည့်အခါ၌စကားပြောဆိုရမည်၊ တိတ်တဆိတ်နေရမည်ကိုနားလည်ပါ။ ဝိညာဉ်များကိုဂရုစိုက်ပါ။ မာရ်နတ်၏လှည့်ဖြားခြင်းကိုသတိထားပါ။ သင်၏တာဝန်ကိုလွှဲရှောင်ခြင်းမပြုနှင့်။ အခက်အခဲများကြောင့် စိတ်ဓာတ်ကျဆင်းခြင်း၊ ထိတ်လန့်ခြင်းကို ခွင့်မပြုပါနှင့်။ ခိုင်မာသောယုံကြည်ခြင်းဖြင့် ကြောက်ရွံ့ခြင်းကင်းသောရည်ရွယ်ချက်ဖြင့် ဤအခက်အခဲများကိုရင်ဆိုင်ပြီး အောင်မြင်မှုရယူပါ။ တွန့်တိုခြင်းမရှိသောလက်ဖြင့် ယုံကြည်ခြင်းမျိုးစေ့ကို ကြဲပါ။ Gospel Workers, pp. 188, 189. (1915) [Ev 441.1]

**သင်ကြားပါ၊ ကျမ်းစာသင်တန်းကျင်းပပါ –** သင်တရားဟောခြင်းကိုနှစ်သက်သောကြောင့် သင်သွားသောနေရာ၌တရားဟောခွင့်ရလိမ့်မည်။ ဤဟောပြောခြင်းလုပ်ငန်းကို သင်ကောင်းမွန်စွာလုပ်ဆောင်နိုင်မည်ဖြစ်သော်လည်း ဤအလုပ်ကိုသာသင်လုပ်ဆောင်ရမည်မဟုတ်ပါ။ လူတို့ကိုသင်ကြားရန်၊ ပညာပေးရန် လိုအပ်သေးသည်။ တရားဟောချက်များစွာတို့ကို အကယ်၍သင်တစ်ဝက် ဖြတ်တောက်လိုက်ပါက ကြားနာရသူများအတွက် ပို၍များစွာအကျိုးရှိပေလိမ့်မည်။ [Ev 441.2]

သင်ကြားရန်အတွက်အချိန်ယူပါ။ ကျမ်းစာသင်တန်းကျင်းပပါ။ ကြားနာရသူများတို့၏စိတ်ထဲ၌ အချက်အလက်များနှင့်ကျမ်းချက်များတို့ဖြင့် စွဲမြဲစေပါ။ သူတို့အားမေးခွန်းများမေးခွင့်ပြုပြီး တင်ဆက်သောအမှန်တရား



များကို သူတို့မှတ်မိမှတ်သားနိုင်ရန် ရိုးစင်း၍ရှင်းလင်းပြတ်သားစွာဖြင့် သူတို့ကို အဖြေပေးပါ။ [Ev 441.3]

ခရစ်တော်၏ပုံသက်သေနှင့် သူ၏သင်ကြားသောနည်းစနစ်ကိုလေ့လာပြီး သူသင်ကြားသည့်နည်းတူသင်ကြားပါ။ သူသည် တရားအနည်းငယ်ကိုသာဟောပြီး သူသွားလေရာရာအရပ်၌ သူ၏သွန်သင်ခြင်းကို စုရုံးလျက်ရှိသောလူအစုအဝေးကြီးမှ နားထောင်ကြသည်။ ပို၍ကောင်းမွန်သောပုံစံဖြင့် လုပ်ဆောင်နိုင်ရန် ဓမ္မဆရာများတို့သည် ပညာကိုသင်ယူကြရမည်။ ယခုတိုင် သင်သည် ပညာသင်ယူခြင်းအလုပ်ကိုမပြုသေးပါ။ တရားဟောချက်တစ်ခုပြီး တစ်ခု လူတို့နားထောင်ကြပြီး ပြောဆိုသောအရာများအထဲ၌ အချက်အနည်းငယ် ကိုသာမှတ်မိကြရာ ဤအချက်များတို့သည် စိတ်ထဲ၌အရှိန်အဟုန်ပျောက်ဆုံး သွားကာ အခြားသောအတွေးအခေါ်များဝင်လာပြီး အမှန်တရား၏မျိုးစေ့ကို ပိတ်ဆို့လိုက်ပါသည်။ စိတ်နှလုံးကိုနှိုးဆော်ရန် အချက်တစ်ချက်ပြီးတစ်ချက် သူတို့အမှန်တရားကိုသိရှိပြီး ထာဝရစိတ်ဝင်စားခြင်းရှိရန် ယခုဘုရားသခင်၏ နည်းလမ်းသည် အကောင်းဆုံးဖြစ်ပါသည်။ စိတ်နှလုံးမြေဆီလွှာကိုပြင်ဆင်လျက် စိုက်ပျိုးသောမျိုးစေ့ပေါက်လာပြီး အသီးသီးနိုင်ပါစေ။ Letter 29, 1890. [Ev 441.4]

## တစ်ဦးချင်းလုပ်ငန်းပညာကိုသင်ယူခြင်း

**နှုတ်ကပတ်တော်လုပ်ငန်းဆောင်ရွက်နိုင်သူအားလုံး –** စွမ်းဆောင်နိုင်သူများ အားလုံး တစ်ဦးချင်းလုပ်ငန်းကိုဆောင်ရွက်သင့်ကြသည်။ သူတို့သည် တစ်အိမ်မှတစ်အိမ်သို့သွားပြီး ရှင်းလင်းစွာနှင့်ရိုးသားသောအပြုအမူဖြင့် လူတို့အား နှုတ်ကပတ်တော်ကိုရှင်းပြပါက ကယ်တင်ရန်ဘုရားသခင်သည် အမှန်တရား ကိုတန်ခိုးဖြင့်ပြည့်ဝစေလိမ့်မည်။ ဤလုပ်ငန်းကိုဆောင်ရွက်သောသူအား ကယ်တင်ရှင်ကောင်းချီးပေးလျက်ရှိသည်။ Letter 108, 1901. [Ev 442.1]

**တစ်ဦးချင်းအလုပ်ဖြင့် တိုတောင်းသောရည်ရွယ်ချက်မဟုတ်သောအယူဝါဒကို သင်ကြားခြင်း** – ဆုပ်ကိုင်၍ရနိုင်သည်ထက် သာလွန်သည့်အာမခံချက်နှင့် ခွန်အားကိုပေးသောအလင်းကို လွန်စွာတောင့်တသည့်ဝိညာဉ်များစွာရှိပါသည်။ သည်းခံလျက်ဖွဲလုံ့လဖြင့် ထိုသူတို့ကိုရွေးထုတ်ပြီးလုပ်ဆောင်ရန်လိုသည်။ ကူညီမှုအတွက် ဘုရားရှင်ထံစိတ်အားထက်သန်စွာဆုတောင်းခြင်းဖြင့် တိုးလျှိုးတောင်းခံပါ။ သင်၏ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် သိရှိခဲ့ရသောယေရှုအကြောင်းကိုပြောပါ။ သူ၏အရှိန်အဟုန်ကြီးသောမေတ္တာ၊ ကြွယ်ဝသောကျေးဇူးတော်ကို လူသားတို့၏နှုတ်မှယိုစီးစေပါ။ မသေချာသောယုံကြည်ယူဆချက်များကို သင်ဟောပြောရန်မလိုပါ။ သို့သော် နှုတ်ကပတ်တော်ကိုယူ၍ သိမ်မွေ့စွာဖြင့် ဝိညာဉ်များကိုမြတ်နိုးသောစိတ်ဖြင့် ကယ်တင်ခြင်းရရန် သင်နှင့်သူတို့ချဉ်းကပ်ရမည့် ခရစ်တော်၏တန်ဖိုးရှိသောဖြောင့်မတ်ခြင်းကို သူတို့အားပြသပါ။ Manuscript 27, 1895. [Ev 442.2]

**သီးနှံစုသိမ်းရန်သင်ယူခြင်း** – ဧဝံဂေလိလယ်ပြင်သို့ဝင်ရောက်လုပ်ကိုင်သူတိုင်း သင်တန်းရယူရန် ပညာလိုအပ်သည်။ တံစဉ်ကိုအသုံးပြုပြီး သီးနှံရိတ်သိမ်းရုံမျှသာမဟုတ်၊ သီးနှံကိုခြစ်ယူရန်၊ စုသိမ်းရန်၊ သေချာစွာသိမ်းဆည်းရန်တာဝန်ရှိသည်။ ဤရိတ်သိမ်းခြင်းကို နေရာတိုင်း၌ဆောင်ရွက်ပြီး အနည်းငယ်သာရရှိခြင်းမှာ စပါးကိုစပါးခွံမှကိုယ်တိုင်စုသိမ်းပြီး စပါးကျီသို့ရောက်ရှိသည့်တိုင် ကြိုးစားလုပ်ကိုင်မှုနည်းခြင်းကြောင့်ဖြစ်သည်။ Letter 16e,1892. [Ev 442.3]

**ဧဝံဂေလိပိုက်ကွန်ကိုင်တွယ်ခြင်းအတတ်ပညာကိုသင်ယူပါ** – ကျွန်ုပ်တို့၏ အနီးအနားရှိလူတို့ထံသို့ချဉ်းကပ်နိုင်သည့် အကောင်းဆုံးနည်းလမ်းများကို တီထွင်နိုင်ရန် အသိဉာဏ်ရှင်သန်ခြင်းရှိရမည်။ စရိတ်ကြီးသော ဝေးလံသည့်နေရာသို့ ကျွန်ုပ်တို့မသွားသင့်ပါ။ ကျွန်ုပ်တို့တစ်ဦးချင်းလုပ်ဆောင်သင့်သည့် ကျွန်ုပ်တို့၏အနီးအနားရှိပုဂ္ဂိုလ်များ၊ အိမ်ထောင်မိသားစုများရှိနေကြပါသည်။ ကျွန်ုပ်တို့မကြာခဏလက်လှမ်းမီသောအခွင့်အရေးများကိုဆုံးရှုံးရ





ခြင်းမှာ မတော်ကျွန်ုပ်တို့အချိန်နှင့်ငွေကြေးအကုန်အကျနေရာနှစ်ခုစလုံးအတွက် အတူတူပင်ဖြစ်ပြီး၊ မျှော်လင့်ခြင်းနည်းသော ကျွန်ုပ်တို့နှင့်ဝေးလံသည့်နေရာ၌ လုပ်ဆောင်ခြင်းကြောင့်ဖြစ်ပေလိမ့်မည်။ ယခုကျွန်ုပ်တို့လေ့လာရမည့်အရာသည် ဝိညာဉ်များကို ဧဝံဂေလိပိုက်ကွန်ထဲသို့စုသိမ်းခြင်းအလုပ်ကို သင်ယူရန်ဖြစ်ပါသည်။ Review and Herald, Dec. 8, 1885. [Ev 443.1]

**အလိုအလျောက်ရိုးစင်းသောဝိညာဉ်အောင်မြင်ခြင်း** – ခရစ်တော်၏အလုပ်သည် တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းအပေါ် အဓိကမူတည်လျက်ရှိသည်။ သူသည် ဝိညာဉ်တစ်လုံးတည်းအပေါ်သစ္စာရှိသောကြောင့်လည်းကောင်း၊ ဝိညာဉ်တစ်လုံး၏ဆောင်ရွက်မှုဖြင့် ဝိညာဉ်ထောင်ပေါင်းများစွာကိုရရှိခဲ့ပါသည်။ [Ev 443.2]

လူငယ်များကိုမစရန် သူတို့ကိုပညာပေးပါ။ ဤအလုပ်ကိုဆောင်ရွက်ခြင်းကြောင့် တစ်ဦးစီသည် ဗဟုသုတရရှိမည်ဖြစ်ပြီး ကြီးမားသောလုပ်ငန်းကိုထမ်းဆောင်ရန် အရည်အချင်းပြည့်ဝလာပြီး ဆက်ကပ်သောအမှုဆောင်တစ်ဦးဖြစ်လာပါလိမ့်မည်။ ထောင်ပေါင်းများစွာသောနှလုံးသားကို အလွယ်ကူဆုံးသောနည်းလမ်းဖြင့် ဆွဲဆောင်နိုင်ပါလိမ့်မည်။ ပညာအရှိဆုံးသူများ၊ သူတစ်ပါးချီးမွမ်းကြသည့်အရည်အချင်းနှင့်ပြည့်ဝပြီး ကမ္ဘာပေါ်ရှိနာမည်ကျော်ကြားသူများတို့ပင် မကြာခဏနှိမ့်ချသောသူများနှင့်ဘုရားကိုချစ်သောသူ၊ ဘုရားရှင်၏မေတ္တာကို ရိုးသားစွာပြောဆိုတတ်သောသူတို့၏ပြောဆိုသောစကားများအားဖြင့် လန်းဆန်းခြင်းရှိလာကြပြီး လေးနက်စွာတွေးတောကာ ခွန်အားရရှိလာကြပါသည်။ ကောင်းမွန်စွာလေ့လာ၍ပြင်ဆင်ထားသောစကားများသည် တန်ခိုးသြဇာအနည်းငယ်သာရှိသည်။ သို့သော် ရိုးသားမှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်ကြလျက် သေးငယ်သည့်တာဝန်ကိုထမ်းဆောင်ရသောဘုရားသခင်၏သားသမီးများတို့၏ရိုးသားစွာပုံမှန်ဆောင်ရွက်ခြင်းကြောင့် နှစ်ပေါင်းများစွာပိတ်ထားလျက်ရှိသည့် လူအများတို့၏နှလုံးတံခါးကိုဖွင့်ပေးနိုင်ပါလိမ့်မည်။ Review and Herald, May 9, 1899. [Ev 443.3]

**ချဉ်းကပ်ခြင်း– ဆွဲဆောင်နိုင်သော– ကြင်နာစွာ –** ဝမ်းမြောက်စွာနှင့်ခရစ်တော်ကိုချစ်၍ ကြင်နာစွာဆွဲဆောင်နိုင်သည့်အမူအရာဖြင့် လူတို့ကိုချဉ်းကပ်ပါ။ မည်သူမျှတန်ဖိုးရှိသည့်နှုတ်ကပတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို မြွက်ဆို၍မရပါ။ မည်သည့်လူသားမျှ ဆန်းကြယ်သောနှလုံးသားအသိတရား၏တန်ဖိုးနှင့် အသက်ရှင်သောယုံကြည်ခြင်းဖြင့် နာဇရက်မြို့သားယေရှုပေးသည့်ကောင်းချီးမင်္ဂလာကို ပုံဖော်၍မရပါ။ Letter 60, 1903. [Ev 444.1]

**နှုတ်ဆက်ခြင်း၏အရေးကြီးခြင်း –** သင်အလည်အပတ်ပြုသောသူတို့နှင့် တွေ့ဆုံရာတွင် သင်၏အမူအရာအပေါ် များစွာမူတည်လျက်ရှိသည်။ လူတစ်ဦး၏လက်ကိုကိုင်ဆွဲ၍ ရွှင်လန်းစွာနှုတ်ဆက်ခြင်းဖြင့် သူ၏ယုံကြည်စိတ်ချမှုကို တစ်ချိန်တွင်သင်ရရှိနိုင်ပါသည်။ သို့မဟုတ် အေးစက်သောအမူအရာဖြင့် သင်နှုတ်ဆက်ပါက သူ့အားသင်စိတ်ဝင်စားခြင်းမရှိဟု သူထင်လိမ့်မည်။ Gospel Workers, p. 189. (1915) [Ev 444.2]

**မြို့ပေါ်သမ္မာကျမ်းစာလုပ်ငန်းအတွက်လူပျိုလူရွယ်အမျိုးသားများ –** ဤမြို့ကြီးများ၌ အမှုတော်ထမ်းဆောင်နိုင်ရန် ပျိုရွယ်သောအမျိုးသားများကို သင်တန်းပေးသင့်သည်။ မတော်စားပွဲပေါ်မှနေပြီး အမှန်တရားကိုမဟောပြောနိုင်သော်လည်း တစ်အိမ်မှတစ်အိမ်သို့သွားရောက်ကာ ကမ္ဘာ၏အပြစ်ကိုယူဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကို လူတို့အားညွှန်ပြနိုင်လိမ့်မည်။ တန်ဖိုးရှိသောအမှန်တရားကျောက်မျက်ရတနာများကို မှားယွင်းသောဖုန်မှုန့်နှင့်အမှိုက်သရိုက်များဖြင့် ဖုံးကွယ်ထားပါသည်။ သို့သော် လူအများနှစ်သက်၍အံ့သြလောက်အောင် ဘုရားသခင်၏အမှုဆောင်များမှ ဤရတနာများကိုဖော်ထုတ်ပြသနိုင်ပါသည်။ ခြားနားသောစိတ်သဘောထားများနှင့် ကွဲပြားလျက်ရှိသောစွမ်းရည်များဖြင့် အခြေအနေအပေါ်ဆီလျော်စွာဆောင်ရွက်ရမည့် ကြီးမားသောလုပ်ငန်းအမျိုးမျိုးရှိနေပါသည်။ Historical Sketches, p. 182. (1886)



## နားလည်မှုမှားသောအစွဲအလမ်းပြိုကွဲပျက်စီးခြင်း

**ကျမ်းစာသင်ပေးခြင်းများနှင့်လည်ပတ်ခြင်းသည် တရားပွဲအတွက်ပြင်ဆင်ပေးသည် –** အသံမမြည်၊ ကြွေးကြော်ခြင်းမရှိဘဲ တိတ်တဆိတ်အလုပ်ကိုစတင်ပြုလုပ်ရမည်။ လူတို့ကိုကျမ်းစာသင်ပေးခြင်းနှင့်ပညာပေးခြင်းအားဖြင့် အစပြုရမည်။ ဤအစီအစဉ်သည် တရားဟောပြောခြင်းနှင့်အစပြုခြင်းထက် များစွာပို၍ထိရောက်မှုရှိသည်။ Letter 89a, 1895. [Ev 445.1]

**တစ်ဦးလုပ်ငန်းဖြင့်အတိုက်အခံပြုခြင်းကိုရှောင်ရှားနိုင်သည် –** ဘုရားအမှုတော်၌ အနှောင့်အယှက်များကိုရင်ဆိုင်ရပြီး အခက်အခဲများကိုတွေ့ကြုံရလိမ့်မည်။ အကြောင်းအရာများသည် ဘုရားသခင်နှင့်သက်ဆိုင်ပြီး သူ၏အစေခံများတို့သည် အခက်အခဲများနှင့်အတိုက်အခံပြုခြင်းကို တွေ့ကြုံရမည်။ ၎င်းအရာတို့သည် လုပ်ငန်းတိုးတက်ရန်နှင့်အောင်မြင်မှုရှိရန် ဘုရားသခင်ရွေးချယ်ထားသောစည်းမျဉ်းနည်းစနစ်များဖြစ်သည်။ သို့သော် သခင်ယေရှု၏အစေခံများတို့အား အမှန်တရားလမ်းကြောင်းကိုပိတ်ဆို့စေနိုင်သော ပြင်းထန်သည့်အတိုက်အခံမဖြစ်ပေါ်စေရန် ဖြည်းညင်းညင်သာစွာဖြင့်ဆောင်ရွက်သွားကြရန် ကျွန်ုပ်အနူးအညွတ်တောင်းပန်ပါသည်။ Letter 95, 1896. [Ev 445.2]

**လည်ပတ်ခြင်းသည်ကောင်းသောလူထုတရားပွဲကိုသတ်မှတ်ပေးသည် –** ကျွန်ုပ်သည် သင့်အားဘုရားသခင်၏နာမတော်နှင့်ပြောသည်မှာ သင်၏လက်ရှိအမှုဆောင်အင်အားဖြင့် ပြင်းထန်စွာအစွဲအလမ်းကြီး၍ ခက်ခဲသောနေရာ၌အမှုထမ်းကြရန် အဆင်သင့်မရှိကြသေးပါ။ အကယ်၍ လူထုတရားပွဲ၌ဆောင်ရွက်လေ့ရှိသည့်အချိန်တစ်ဝက်ကို တစ်အိမ်မှတစ်အိမ်သို့သွားရောက်သွန်သင်မှု၌ အမှုဆောင်များတို့၏ဘာသာတရားရိုးသားမှုဖြင့် သူတို့၏ယုံကြည်ခြင်းအကြောင်းရင်းများနှင့် ရင်းနှီးမှုရှိလာပါက ပို၍များစွာကောင်းပါလိမ့်မည်။ ဤအလုပ်ကိုဆောင်ရွက်ပြီးသည်နောက် မည်ကဲ့သို့ဆက်လက်လုပ်ဆောင်သင့်သည်ကို ဆုံးဖြတ်ချက်ချနိုင်ပါလိမ့်မည်။ [Ev 445.3]

အောင်မြင်မှုကောင်းသောလူထုတရားပွဲများကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ တချို့သူများတုံ့ပြန်မှုပြုပြီး အမှန်တရားကိုလက်ခံကြသည်။ သို့သော်အလွန်မှပင်နည်းလှပါသည်။ လူတို့နှင့်အမှန်တရားပို၍နီးကပ်စေရန် ဘုရားရှင်အလိုရှိပြီး ဤအလုပ်သည် တစ်ဦးချင်းလုပ်ဆောင်ခြင်းအားဖြင့်သာလျှင်ပြီးမြောက်နိုင်ပါသည်။ Letter 95, 1896.

**အစွဲအလမ်းပျောက်ကွယ်ရန်ပါးနပ်မှုလိုသည်** – ဤအရာသည် မောရှေနှင့်ပုရောဖက်များပြောခဲ့သော ခရစ်တော်အမှန်ပင်ဖြစ်မဖြစ်သိရှိရန် နာသနေလဆုတောင်းလျက်ရှိသည်။ ဆုတောင်းလျက်နေစဉ် ဖိလိပ္ပုအမည်ရှိသူသည်သူ့ကိုခေါ်၍ပြောသည်မှာ၊ "မောရှေသည် ပညတ္တိကျမ်း၌လည်းကောင်း၊ ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြု၍ရေးထားသောသူ၊ နာဇရက်သားဖြစ်သော ယောသပ်၏သားယေရှုကို ငါတို့တွေ့ကြပြီ။" အစွဲအလမ်းမြန်ဆန်စွာ မည်ကဲ့သို့ဖြစ်ပေါ်လာသည်ကိုသတိပြုပါ။ နာသနေလပြောသည်မှာ၊ "နာဇရက်မြို့ထဲက ကောင်းသောအရာတစ်စုံတစ်ခုမျှထွက်နိုင်သလော။" ပြင်းထန်သည့်နားလည်မှုမှားသောအစွဲအလမ်း နာဇရက်မြို့နှင့်ပတ်သက်၍ရှိနေကြောင်း ဖိလိပ္ပုသိရှိပြီး၊ အငြင်းပွားရမည်ကိုစိုးရိမ်သောကြောင့်သူနှင့်ငြင်းခုံခြင်းမပြုဘဲ "လာ၍ကြည့်ပါ" ဟူ၍သာ အေးအေးဆေးဆေးပြောလိုက်ပါသည်။ [Ev 446.1]

ဤနေရာ၌ ကျွန်ုပ်တို့ဓမ္မဆရာများ၊ ဓမ္မစာပေအမှုထမ်းများ၊ သာသနာပြုဆရာများအားလုံးအတွက် သင်ခန်းစာတစ်ခုရှိပါသည်။ နာသနေလကဲ့သို့အမှန်တရားကိုဆန့်ကျင်အမြင်မှားသောအစွဲရှိသူနှင့် သင်တို့တွေ့ဆုံရသောအခါသင်၏ထူးခြားသောအမြင်များကို ပြင်းထန်စွာတွန်းအားပေးခြင်းမပြုပါနှင့်။ ဦးစွာသဘောတူနိုင်မည့်အကြောင်းအရာများကို သူတို့နှင့်ပြောပါ။ သူတို့နှင့်အတူဦးညွှတ်ဆုတောင်းခြင်းကိုပြုပြီး နှိမ့်ချသောယုံကြည်ခြင်းဖြင့် ကျေးဇူးတော်ပလ္လင်သို့ သင်၏တောင်းဆိုချက်များကိုတင်ပြပါ။ သင်နှင့်သူတို့နှစ်ဦးနှစ်ဝကောင်းကင်နှင့်ပို၍ဆက်သွယ်မှုနီးကပ်သွားပြီး အစွဲပျောက်ကာ၊ သူတို့၏



နှလုံးသားကို ပို၍လွယ်ကူစွာဆွဲယူနိုင်ပါလိမ့်မည်။ Historical Sketches, p. 149. (1886) [Ev 446.2]

## သက်ကြီးရွယ်အိုများအတွက်လုပ်ဆောင်ခြင်း

**အမှန်တရားအတွက်စောင့်နေခြင်း** – ဥပုသ်နေ့နှင့်အခြားအကြောင်းအရာအားလုံးဖြစ်သည့် အမှန်တရားကိုသိရှိရန်လိုအပ်သော သက်ကြီးရွယ်အိုများရှိသော်လည်း အနည်းငယ်ကိုသာအမှုဆောင်များမှ သူတို့ကိုအမှန်တရားသို့ပို့ဆောင်နိုင်ခြင်းသည် အံ့ဩဖွယ်ဖြစ်ပါသည်။ အဘယ်ကြောင့်နည်း။ သူတို့ပြောကြသည်မှာ၊ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဆုတောင်းလျက်ရှိသည်။ နှုတ်ကပတ်တော်မှအကြောင်းအရာများစွာပြောရန်ရှိသည်ကို တရားဟောဆရာများကျွန်ုပ်တို့ကိုမပြောပြ၊ မရှင်းပြခြင်းကို ကျွန်ုပ်တို့သိရသည်။ ဤအရာအနည်းငယ်ကိုသိရသော်လည်း အလင်းနှင့်အမှန်တရားထဲ၌ ကျွန်ုပ်တို့ဝမ်းမြောက်ပါသည်။ သူတို့၏ပျော်ရွှင်ခြင်းသည် ပြည့်ဝပုံပေါ်သည်။ Letter 18, 1898. [Ev 446.3]

**ပြောင်းလဲချိန်၌အသက်တာအစပြုသည်** – အောက်ပါအဖြစ်အပျက်ကို ကျွန်ုပ် "အနှစ် (၇၀)၊ သို့မဟုတ် (၈၀) အရွယ်ပုဂ္ဂိုလ်တစ်ဦး၊ တစ်ကြိမ်က ဘုရားသခင်၏ကရုဏာအထိမ်းအမှတ်အဖြစ် ကျွန်ုပ်ထံသို့ရောက်ရှိလာသည်။ အသက်မည်မျှရှိကြောင်း ကျွန်ုပ်သူ့ကိုမေးလိုက်သည်။ ကျွန်ုပ်ကိုခဏကြည့်လိုက်ပြီးသူ၏ပါးပြင်မှမျက်ရည်စီးကျကာ တုန်ယင်သောအသံဖြင့် "ကျွန်ုပ်အသက် (၂) နှစ်ရှိပြီဟုပြောလိုက်သည်။" ကျွန်ုပ်အံ့အားသင့်ပြီး ဆက်၍သူပြောခဲ့သည်မှာ၊ "လွန်ခဲ့သော (၂) နှစ်၌ သူသည် လူသေတစ်ဦးကဲ့သို့ ကျွန်ုပ်အသက်ရှင်ခဲ့သည်။ ခရစ်တော်အားဖြင့် ဘုရားသခင်၌ကိန်းအောင်းသောအသက်တာကိုမတွေ့ခဲ့ရမချင်း မည်ကဲ့သို့သောအသက်တာဖြင့် အသက်ရှင်ရမည်ကို ကျွန်ုပ်တစ်ခါမျှမသိခဲ့ရပါ" ဟုသူပြောခဲ့ပါသည်။ Letter 160, 1903. [Ev 447.2]

## တစ်ဦးချင်းအမှုဆောင်တစ်ယောက်အဖြစ် အီးဂျီဝှိုက်၏ဗဟုသုတနှင့် နည်းစနစ်များ

**ရှေးဗဟုသုတတစ်ခု –** စစ်မှန်သောပြောင်းလဲခြင်းသည် ကျွန်ုပ်အတွက် အလွန်ပြတ်သားပုံပေါ်ပြီး ကျွန်ုပ်၏ပျိုရွယ်သောမိတ်ဆွေများတို့ကို အလင်းသို့ရောက်ရှိရန် မစလိုသောဆန္ဒရှိပြီး ထိုဆန္ဒပြည့်စုံသည့်အထိ အခွင့်အရေးတိုင်းကို ကျွန်ုပ်ဩဇာဖြင့်ကြိုးပမ်းအားထုတ်ခဲ့သည်။ [Ev 447.3]

ကျွန်ုပ်၏ပျိုရွယ်သောမိတ်ဆွေများတို့နှင့် အစည်းအဝေးများကိုစီစဉ်ကာ တချို့တို့သည် ကျွန်ုပ်ထက်အသက်အရွယ်ကြီးပြီး အိမ်ထောင်သည် အနည်းငယ်ပါရှိသည်။ တချို့သောသူတို့သည် အတွေးအခေါ်မရှိကြပါ။ ကျွန်ုပ်၏ဗဟုသုတသည် သူတို့အတွက်အကျိုးမရှိသည့်ပုံပြင်တစ်ပုဒ်ကဲ့သို့ဖြစ်ပြီး ကျွန်ုပ်၏အနူးအညွတ်တောင်းပန်ခြင်းကို ဂရုမပြုကြပါ။ သို့သော် ကျွန်ုပ်၏ကြိုးပမ်းမှုကို ကျွန်ုပ်လွန်စွာစိတ်ဝင်စားသောဝိညာဉ်များ ဘုရားရှင်ထံမရောက်ရှိသရွေ့ မည်သည့်အခါမျှအရှုံးမပေးရန် ကျွန်ုပ်သန္နိဋ္ဌာန်ချခဲ့ပါသည်။ ကျွန်ုပ်သည် သူတို့ဘုရားရှင်ထံသို့ရောက်ရှိရန် သူတို့အတွက်ညလုံးပေါက် စိတ်ပါစွာကြိုးစားဆုတောင်းပေးသောညပေါင်းများစွာရှိခဲ့ပါသည်။ [Ev 447.4]

ဤအထဲ၌တချို့သောသူတို့သည် ကျွန်ုပ်တို့နှင့်တွေ့ဆုံကြပြီး ကျွန်ုပ်ပြောမည့်စကားကို အလွန်သိရှိလိုကြသည်။ အခြားသူများတို့သည် ကျွန်ုပ်၏ကြိုးစားမှု၌ အလွန်ဇွဲရှိသည်ဟုထင်ကြပြီး အထူးသဖြင့်သူတို့၏ပြုလုပ်ရမည့် အရာနှင့်ပတ်သက်၍ ပူပန်မှုမရှိခြင်းကိုဖော်ပြသည့်အခါလည်း တွေ့မြင်ရပါသည်။ သို့သော် ကျွန်ုပ်တို့၏အစည်းအဝေးကလေး၌ပါဝင်သောသူတိုင်း၏ တစ်ဦးစီအတွက် မိမိတို့၏ကိုယ်ကိုဆက်ကပ်အပ်နှံပြီး သူ၏ခွင့်လွှတ်ခြင်းမေတ္တာကောင်းမှုများကို အသိအမှတ်ပြုသည့်တိုင်အောင် အားပေးခြင်းနှင့် ဆုတောင်းပေးခြင်းကို ဆက်လက်၍ကျွန်ုပ်ပြုလုပ်ပေးပါသည်။ လူတိုင်းဘုရားရှင်ထံသို့ပြောင်းလဲလာခဲ့ပါသည်။ [Ev 447.5]



တစ်ညပြီးတစ်ည ကျွန်ုပ်၏အိပ်မက်များထဲတွင် ဝိညာဉ်များ၏ ကယ်တင်ခြင်းအတွက် ကျွန်ုပ်လုပ်ဆောင်နေသကဲ့သို့တွေ့မြင်ရသည်။ ဤကဲ့သို့ အချိန်များတွင် အထူးကိစ္စများကျွန်ုပ်၏စိတ်ထဲ၌ဖော်ပြလာပါသည်။ ဤအရာများကို ကျွန်ုပ်သည် နောက်ပိုင်း၌ပုဂ္ဂိုလ်တချို့ကိုရွေးထုတ်ပြီး သူတို့နှင့်အတူ ဆုတောင်းခဲ့ပါသည်။ နမူနာတိုင်း၌ တစ်ခုတွင်ဤပုဂ္ဂိုလ်များတို့သည် ဘုရားရှင်ထံသို့ မိမိတို့၏ကိုယ်ကိုဆက်ကပ်အပ်နှံခဲ့ကြသည်။ Life Sketches, pp. 41, 42. (1915) [Ev 448.1]

**မျိုးစေ့ကြဲပြီးနောက် (၂၂) နှစ် –** စည်းဝေးရပ်သိမ်းသောအခါ (မီရှီကန် "Michigan" စခန်းအစည်းအဝေးအစီအစဉ်တစ်ခု)၊ ညီအစ်မတစ်ဦး အလွန်စိတ်ပါစွာကျွန်ုပ်လက်ကိုကိုင်ဆွဲပြီး ညီအစ်မဝှိုက်ကိုတစ်ဖန်ပြန်တွေ့ရသည့်အတွက် အလွန်ပျော်ရွှင်ကြောင်းသူမဖော်ပြပါသည်။ သစ်အိမ်တစ်အိမ်၌ လွန်ခဲ့သည့် (၂၂) နှစ်အချိန်တွင်တွေ့ဆုံခဲ့ကြသည်ကို ပြန်လည်သတိရသေးသလားဟု သူမမေးခဲ့ပါသည်။ သူမကျွန်ုပ်တို့အား အစားအစာကျွေးမွေးပြီး "Experience and Views" စာအုပ်ငယ်လေးတစ်အုပ်ကို ချန်ထားခဲ့ပါသည်။ [Ev 448.2]

သူမ၏အိမ်နီးနားချင်းသို့ ထိုစာအုပ်ကလေးကိုသူငှားပေးလိုက်သည်ဟုသူမပြောပြီး သူမ၏အနီးအနား၌နေထိုင်ကြသော မိသားစုအသစ်များဖြစ်သကဲ့သို့ ဖတ်ရှုရသူအနည်းငယ်သာ ကျန်ရှိသည်တိုင်ဖြစ်ပြီး အလုပ်၏အခြားစာအုပ်တစ်အုပ်ကိုရရှိရန် ဆန္ဒအလွန်ပြင်းပြကြောင်း သူမပြောပြပါသည်။ သူမ၏အိမ်နီးနားချင်းများ ၎င်းစာအုပ်ကိုလွန်စွာစိတ်ဝင်စားပြီး စာရေးသူကိုတွေ့မြင်လိုသောဆန္ဒရှိသည်။ သူမပြောခဲ့သည်မှာ ကျွန်ုပ်သူမကိုခေါ်ပြီး သူမအားယေရှုနှင့်ကောင်းကင်၏လှပခြင်းအကြောင်းကို ပြင်းပြသည့်ဆန္ဒဖြင့်ပြောဆိုခဲ့သောစကားများကြောင့် သူမဆွဲဆောင်ခြင်းခံရကြောင်းနှင့် ၎င်းတို့ကိုမည်သည့်အခါမျှမမေ့ကြောင်းပြောပါသည်။ ထိုအချိန်မှစ၍ ဘုရားသခင်သည် ဓမ္မဆရာများတို့ကို သူတို့အားအမှန်တရားဟောပြောရန်ပို့ခဲ့ရာ ယခုဥပုသ်နေ့စောင့်ရှောက်

သည့်အဖွဲ့ငယ်များရှိလာပါသည်။ ထိုစာအုပ်ငယ်ကလေး၏တန်ခိုးသည်ကြီးမားပြီး ယခုငင်းစာအုပ်ကိုတစ်ယောက်ပြီးတစ်ယောက် လက်ကမ်းဖတ်ရှုကြခြင်းကြောင့် ဟောင်းနွမ်းခဲ့ရသော်လည်း ငင်းစာအုပ်လေးသည် တိတ်တဆိတ်အလုပ်လုပ်ခြင်းကြောင့် အမှန်တရားမျိုးစေ့အတွက် မြေသားအဆင်သင့်ရှိနေပါသည်။

မီရှီကန် “Michigan” သို့ (၂၂) နှစ်အချိန်က ဝေးလံသည့်ခရီးကိုကျွန်ုပ်ကောင်းမွန်စွာသတိရပါသည်။ ဘာဂျီးနီး(စ) “Vergennes” ၌စည်းဝေးပွဲတစ်ခုကိုကျင်းပရန် ကျွန်ုပ်တို့သွားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ခရီးဆုံးသို့ရောက်ရှိရန် (၁၅) မိုင်သာကျန်တော့သည်။ ကျွန်ုပ်တို့၏ယာဉ်မောင်းသည် ဤခရီးလမ်းကိုကြိမ်ပေါင်းများစွာဖြတ်ကျော်ခဲ့ပြီး ဤခရီးကိုကျွမ်းကျင်ခဲ့ပါသည်။ သို့သော် ယခုသူလမ်းစပျောက်နေသည်ဟု ကျွန်ုပ်တို့ကိုအသိပေးနေပါသည်။ ထိုနေ့၌ သစ်တောကိုဖြတ်ကျော်ခြင်း၊ သစ်တုံးများ၊ လှဲကျနေသောသစ်ပင်များတို့အပေါ်မောင်းနှင်ရကာ လမ်းစမတွေ့ရတော့သည့်တိုင်အောင် မိုင် (၄၀) သွားခဲ့ကြပါသည်။ [Ev 449.1]

ကျွန်ုပ်တို့သည် အဘယ်ကြောင့်တောထဲ၌ ဤကဲ့သို့လမ်းမှားနေရခြင်းကိုနားမလည်ပါ။ မှားသောလမ်းဖြင့်သွားနေစဉ် ကျွန်ုပ်ပြောခဲ့သည့်ညီအစ်မနှင့်သစ်အိမ်ကလေးတစ်ဆောင်တွင် တွေ့ရသောအခါ၊ တစ်ခါမျှဤကဲ့သို့စိတ်ကျေနပ်မှုရရှိခြင်းကို ယခင်အချိန်၌မရှိခဲ့ဘူးပါ။ ဝမ်းမြောက်ကြင်နာစွာဖြင့် ကျွန်ုပ်တို့ကို သူမ၏အိမ်၌ကြိုဆိုလက်ခံပြီး ကျွန်ုပ်တို့အတွက်သူမပြင်ဆင်ပေးထားသောအစားအစာများကို ကျေးဇူးတော်ချီးမွမ်းလျက် စားသုံးကြပါသည်။ အနားယူစဉ် မိသားစုနှင့်ကျွန်ုပ်စကားပြောပြီး စာအုပ်ငယ်ကလေးကို သူတို့အတွက်ချန်ထားခဲ့ပါသည်။ သူမဝမ်းမြောက်စွာလက်ခံပြီး ယခုအချိန်တိုင်အောင် သိမ်းဆည်းထားလျက်ရှိပါသည်။ [Ev 449.2]

(၂၂) နှစ်ကြာညောင်းပြီးမှလမ်းမှားခဲ့ရခြင်းသည် အမှန်ပင်နားလည်ရခက်ခဲသော်လည်း ယခုစာအုပ်ငယ်ကလေး၏တန်ခိုးသြဇာဖြင့် ပထမဆုံး



သူတို့၏ကြုံတွေ့ရသောဇာတ်ပုံ သူတကြောင့် အမှန်တရား၌ယုံကြည်သူများတို့၏အဖွဲ့အစည်းတစ်ခုတွေ့ရှိရပါသည်။ ယခုကျွန်ုပ်တို့၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးခဲ့သည့် ကြင်နာမှုရှိသောညီအစ်မနှင့် သူမ၏အိမ်နီးနားချင်းများတို့သည် အမှန်တရား၌ရွှင်လန်းဝမ်းမြောက်ခြင်းရှိနေကြသည်။ Signs of the Times, Oct. 19, 1876. [Ev 449.3]

**ပြင်သစ်ပြည်၊ နိုင်း(မ်)** “Nimes” **မြို့၌ဇာတ်ပုံသုတတစ်ခု** – ပြင်သစ်ပြည်၊ နိုင်း(မ်) “Nimes” မြို့၌ ဝိညာဉ်များကိုကယ်တင်ရန် ကျွန်ုပ်တို့ဆောင်ရွက်လျက်ရှိကြသည်။ ထိုနေရာ၌ လူငယ်များကိုမည်ကဲ့သို့ဆက်ဆံရမည်ကိုနားမလည်သည့် ကျွန်ုပ်တို့၏ညီအစ်ကိုများပြုမိသောအမှားများကြောင့်နှင့် မာရ်နတ်၏သွေးဆောင်မှုများကြောင့် စိတ်ဓာတ်ကျခဲ့သောလူငယ်တစ်ဦးရှိသည်။ ဥပုသ်နေ့ကိုသူစွန့်လိုက်ပြီး လက်မှုပညာဖြင့်လုပ်ငန်းအောင်မြင်ရန်အတွက် နာရီပြုလုပ်သောစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လျက်နေသည်။ သူသည် ရှေ့ရေးအလားအလာကောင်းသောလူငယ်တစ်ဦးဖြစ်သည်။ ကျွန်ုပ်၏နာရီပြုပြင်ရန်လိုအပ်သည့်အတွက် ကျွန်ုပ်တို့နှစ်ယောက်တွေ့ဆုံခဲ့ကြသည်။ [Ev 449.4]

သူနှင့်ကျွန်ုပ်မိတ်ဆက်ခြင်းခံရပြီး မကြာမီသူ၏ပုံပန်းကိုကျွန်ုပ်ကြည့်လိုက်ရာ ရူပါရုံ၌ကျွန်ုပ်အားဘုရားရှင်ဖော်ပြပေးခဲ့သည့် လူငယ်တစ်ဦးဖြစ်နေသည်ကို ကျွန်ုပ်သိရသည်။ အခြေအနေအားလုံးရှင်းလင်းစွာဖြင့် ကျွန်ုပ်ရှေ့၌ပေါ်လာခဲ့သည်။ [Ev 450.1]

ကျွန်ုပ်စကားပြောမည်ဟုသူထင်သောကြောင့် အစည်းအဝေးကိုသူတက်ရောက်ကာ ပြင်သစ်ဘာသာစကားဖြင့် ဘာသာပြန်ဆိုပေးသောညီအစ်ကို Bourdeau ဖြင့်ဟောပြောခြင်းတစ်လျှောက်လုံး၌ သူသည် အာရုံစိုက်နားထောင်ခဲ့ပါသည်။ ဤလူငယ်အတွက်ဆောင်ရွက်ရန် ကျွန်ုပ်တာဝန်ရှိသည်ဟုခံစားရပါသည်။ သူနှင့်ကျွန်ုပ် (၂) နာရီစကားပြောပြီး သူ၏ကြုံတွေ့ခဲ့ရသည့်ခက်ခဲသောအခြေအနေကိုမေးပါသည်။ သူ့အား သူ၏ညီအစ်ကိုများပြုမိခဲ့သော

အမှားကြောင့် သူ့ကိုအလွန်ချစ်ပြီး မိမိအသက်ကိုပင်စွန့်ခဲ့သော ခရစ်တော်၏စိတ်ကိုဝမ်းနည်းစေရန်အကြောင်းလုံးဝမရှိကြောင်း သူ့အားကျွန်ုပ်ပြောပြခဲ့ပါသည်။ [Ev 450.2]

သူ၏အသက်တာနှင့်သူ၏မှားယွင်းခြင်းများ (လူငယ်များပြုမိတတ်သောရိုးရိုးမှားယွင်းမှုများ) အကြောင်းများကို ကျွန်ုပ်သိကြောင်း သူ့ကိုကျွန်ုပ်ပြောပြခဲ့သည်။ ၎င်းအပြစ်များမှာ ပြင်းထန်စွာအရေးမယူသင့်သောအကျင့်စရိုက်များဖြစ်သည်။ ထိုနောက် မျက်ရည်မျက်ခွက်ဖြင့် မာရ်နတ်နှင့်အပြစ်ကိုချန်ထားပြီး လုံးလုံးပြန်လှည့်လာရန် သူ့အားကျွန်ုပ်အနူးအညွတ်တောင်းပန်ပါသည်။ အကြောင်းမှာသူသည် လုံးလုံးလျားလျားဖောက်ပြန်သည့်အတွက် သားထွေးကဲ့သို့ဖခင်ထံပြန်လာ၍ ဖခင်၏အမှုကိုထမ်းဆောင်ရန်လိုအပ်သောကြောင့်ဖြစ်သည်။ သူသည် စီးပွားရေးလုပ်ငန်း၌အောင်မြင်နေသူတစ်ဦးဖြစ်သည်။ အကယ်၍သူသည် ဥပုသ်နေ့ကိုပြန်လည်၍စောင့်ပါက သူ၏လုပ်ငန်းဆုံးရှုံးမည်ဖြစ်သည်။ လာမည့်လအနည်းငယ်၌ သူသည် သင်တန်းပြီးဆုံးပြီးကောင်းသောအဆင့်၌တာဝန်တိုးမြှင့်ခြင်းခံရမည်။ သို့သော် ချက်ချင်းဆုံးဖြတ်ချက်ချရန် ကျွန်ုပ်တောင်းဆိုခဲ့သည်။ [Ev 450.3]

စိတ်အားထက်သန်စွာဖြင့် သူနှင့်အတူဆုတောင်းပြီး သူ့အားဘုရားရှေ့နှင့်ကောင်းကင်တမန်များရှေ့၌ သင်မရောက်မချင်း သင့်ထံမှကျွန်ုပ်မထွက်ခွာဝံ့ပါဟု ကျွန်ုပ်ပြောလိုက်သည်နှင့် သူပြန်၍ပြောလိုက်သည်မှာ၊ "ယနေ့ကျွန်ုပ်ခရစ်ယာန်တစ်ယောက်ဖြစ်ပါမည်" ဟုဖြစ်ပါသည်။ ဤကဲ့သို့သူပြောလိုက်သည့်အတွက် ကျွန်ုပ်အလွန်ဝမ်းသာပါသည်။ ထိုညဥ့်၌သူအိပ်၍မပျော်ခဲ့ပါ။ သူကတိပြုလိုက်သည်နှင့် သူသည် အသစ်သောအသက်တာလမ်းကြောင်းတစ်ခုသို့ရောက်ရှိပုံပေါ်ကြောင်း သူပြောခဲ့ပါသည်။ သူ့အတွေးအခေါ်ဖြူစင်ပုံပေါ်ပြီး သူ၏ရည်ရွယ်ချက်များပြောင်းလဲသွားကာ သူဆောင်ရွက်ခဲ့သည့်တာဝန်အရေးကြီးပုံပေါ်သောကြောင့် သူအိပ်၍မပျော်နိုင်ပါ။ နောက်တစ်ရက်၌ သူ၏အလုပ်ရှင်ကို သင်နှင့်အတူကျွန်ုပ်အလုပ်မလုပ်တော့ပါဟု သူအသိပေးလိုက်



ပါသည်။ သုံးညအထိအနည်းငယ်သာသူအိပ်ပျော်ခဲ့သည်။ သူဝမ်းသာသည်။ ဘုရားရှင်၏ခွင့်လွှတ်ခြင်းနှင့်မေတ္တာတော်ထင်ရှားသောကြောင့် ဘုရားရှင်ကိုအလွန်ကျေးဇူးတင်ပါသည်။ Letter 59, 1886. [Ev 450.4]

**စာပေကိုထိရောက်စွာအသုံးပြုခြင်း** – ပုဂ္ဂိုလ်တစ်ဦးနှင့် မိမိ၏မိသားစုတစ်ခုလုံးကို ကျွန်ုပ်တို့အလွန်တန်ဖိုးထားသည်။ ဤပုဂ္ဂိုလ်သည် စာဖတ်သောသူဖြစ်ပြီး လိမ္မော်၊ သံပရာနှင့်အခြားသီးပင်များစိုက်ပျိုးထားသည့် ကျယ်ဝန်းသောလယ်ပြင်ကြီးရှိပါသည်။ သို့သော်သူသည် အမှန်တရားကိုပြည့်ပြည့်ဝဝလက်မခံခဲ့သောကြောင့် နောက်ကြောင်းပြန်ခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်အားလူများပြောပြခဲ့ပါသည်။ ညအချိန်၌ ဘုရားသခင်၏ကောင်းကင်တမန်တစ်ပါး ကျွန်ုပ်အနား၌ရပ်နေပုံပေါ်ပြီး ကျွန်ုပ်အားပြောပြသည်မှာ၊ "အဲဒီညီအစ်ကိုဆီသွားပြီး သင့်စာအုပ်ကိုပေးမယ်ဆိုရင် သူ့ဝိညာဉ်ကိုကယ်နိုင်လိမ့်မယ်" ဟုဖြစ်ပါသည်။ ကျွန်ုပ်သူ့ထံသို့အလည်အပတ်သွားပြီး စာအုပ်ကြီးအနည်းငယ်ကိုယူသွားပါသည်။ မိတ်ဆွေကဲ့သို့ကျွန်ုပ်သူနှင့်စကားပြောခဲ့ပါသည်။ သူ၏တာဝန်များကို ဤကဲ့သို့ကျွန်ုပ်ပြောပြခဲ့ပါသည်။ "သင့်မှာကြီးမားတဲ့တာဝန်တွေရှိနေတယ်မိတ်ဆွေ၊ သင့်အနားမှာမိတ်ဆွေအိမ်နီးနားချင်းရှိနေတယ်၊ သူတို့အားလုံးအပေါ်သင်တာဝန်ရှိနေတယ်၊ သင်အမှန်တရားကိုသိခဲ့တဲ့အတွက် သင်အမှန်တရားကိုချစ်ပြီး သင့်ရဲ့ဂုဏ်သိက္ခာအပေါ် မားမားမတ်မတ်ရပ်တည်မယ်ဆိုရင် ခရစ်တော်ဆီကိုဝိညာဉ်အများကြီးခေါ်ဆောင်နိုင်မှာဖြစ်ပါတယ်။" [Ev 451.1]

ထူးခြားသောအမူအရာဖြင့် ကျွန်ုပ်ကိုကြည့်ပြီး၊ "ကျွန်တော်အမှန်တရားကိုစွန့်လိုက်တာ ခင်ဗျားသိမယ်လို့မထင်ပါ။ ကပွဲကိုသမီးများသွားဖို့နဲ့ ဥပုသ်နေ့ကိုမစောင့်ဘဲ တနင်္ဂနွေကျောင်း (Sunday School) ကိုသွားဖို့ ကျွန်တော်ခွင့်ပြုခဲ့တယ်။" သို့သော်ကျွန်ုပ်သိသည်။ သူ့ကိုမိတ်ဆွေတစ်ဦးကဲ့သို့ကျွန်ုပ်စကားပြောသည်။ ကျွန်ုပ်ပြောလိုက်သည်မှာ၊ "ယခုသင့်အိမ်နီးနားချင်းအတွက်အလုပ်လုပ်ဖို့ကျွန်ုပ်တို့ကူညီမယ်။ ဒီစာအုပ်တွေကို လက်ဆောင်အဖြစ်သင့်ကို

ပေးမယ်။” သူပြန်ပြောသည်မှာ၊ “ကျွန်တော်ဖတ်ဖို့ဒီမှာစာကြည့်တိုက်ရှိတယ်။” သို့သော်ကျွန်ုပ်သူ့အားဆက်လက်ပြောပါသည်။ “ကျွန်ုပ်ဒီနေရာမှာစာအုပ်တစ်အုပ်မှမတွေ့ရပါလား။ မတော်သင့်အနေနဲ့ စာအုပ်ထုတ်ယူလိုစိတ်ရှိမှာလည်းမဟုတ်ပါဘူး။ ဒါကြောင့် သင့်အတွက်ဒီစာအုပ်တွေကိုယူလာပေးတယ်၊ သင့်သားသမီးများဖတ်ရှုနိုင်ပြီး သင်လည်းခွန်အားရလာလိမ့်မယ်။” သူနှင့်အတူဒူးထောက်ဆုတောင်းပြီး ပြန်လည်ထလာသောအခါ သူပြောသည်မှာ၊ “ခင်ဗျားကျွန်ုပ်ကိုလာတွေ့တဲ့အတွက် တကယ်ဝမ်းသာတယ်။ ဒီစာအုပ်တွေအတွက်လည်း အထူးကျေးဇူးတင်တယ်” ဟုပြောကာ သူ၏မျက်နှာမှမျက်ရည်များစီးကျလာပါသည်။ [Ev 451.2]

နောက်တစ်ကြိမ်သူ့ထံသို့အလည်အပတ်သွားရာ၊ သူသည် ‘ရှေးဘိုးဘေးများနှင့်ပုရောဖက်များ” စာအုပ်ကိုဖတ်ခဲ့ကြောင်း ကျွန်ုပ်ကိုပြောပြခဲ့ပါသည်။ သူပြောခဲ့သည်မှာ၊ “စကားလုံးတစ်လုံးမှပြောင်းလဲတာမတွေ့ရပါ။ စာပိုဒ်တိုင်းနှလုံးသားကိုတိုက်ရိုက်ပြောနေတယ်” ဟုဖြစ်ပါသည်။ [Ev 452.1]

ကျွန်ုပ်၏စာအုပ်ကြီးထဲ မည်သည့်စာအုပ်အရေးအကြီးဆုံးဖြစ်ပါသနည်းဟု ညီအစ်ကိုကိုကျွန်ုပ်မေးလိုက်ပါသည်။ သူပြောခဲ့သည်မှာ၊ “ကျွန်ုပ်ရဲ့အိမ်နီးနားချင်းကိုအားလုံးငှားလိုက်တယ်။ ဟော်တယ်စောင့်ရှောက်သူကတော့ “မဟာတိုက်လှန်ပွဲ” စာအုပ်အကောင်းဆုံးပဲလို့ပြောပါတယ်။” သူ့အနေနှင့်တုန်ခါသည့်အသံဖြင့် “ကျွန်တော်ထင်တာကတော့ ‘ရှေးဘိုးဘေးများနှင့်ပုရောဖက်များ’ စာအုပ်ကတော့အကောင်းဆုံးပဲ၊ ကျွန်ုပ်ကိုနွံထဲကဆွဲထုတ်ခဲ့တဲ့စာအုပ်ပဲ” ဟုပြောပါသည်။ [Ev 452.2]

သို့သော် ပြောရန်ရှိသည်မှာ၊ အမှန်တရားအတွက်ခိုင်မြဲစွာရပ်တည်ခြင်းဖြစ်သည်။ မိသားစုအားလုံးသူနှင့်အတူပေါင်းစည်းခဲ့ပြီး အခြားအိမ်ထောင်မိသားစုများတို့၏ကယ်တင်ခြင်းအတွက် သူတို့အသက်ရှင်ခဲ့ကြပါသည်။ General Conference Bulletin, April 5, 1901. [Ev 452.3]



ကန်တာဘာရီ (Canterbury) မြို့၌ အမှန်တရားကိုယခုပင်လိုက်လျှောက်ရန်ဆုံးဖြတ်ခဲ့သော အသက် (၄၀) အရွယ်ရှိအမျိုးသမီးတစ်ဦးနှင့် ကျွန်ုပ်အားမိတ်ဆက်ပေးခဲ့သည်။ သူမ၏ခင်ပွန်းသည်သည် သူမအပေါ်ကြင်နာမှုအပြည့်အဝဖြင့် အရာခပ်သိမ်းအတွက်ဆောင်ရွက်ပေးပြီး စည်းဝေးပွဲသို့သူမကိုခေါ်ဆောင်လာသည်။ သူတို့၌အဖိုးပေးထားပြီး ပိုင်ဆိုင်ထားသောကောင်းသည့်ကိုယ်ပိုင်အိမ်ငယ်ကလေးတစ်လုံးရှိသည်။ ယာဉ်ပေါ်မှသူမဆင်းလာပြီး ကျွန်ုပ်တို့နှင့်စကားပြောသည်။ ကန်တာဘာရီ (Canterbury) မြို့ပေါ်ရှိလူတို့သည် ဘုရားကျောင်းတက်သူများမဟုတ်ကြသော်လည်း တဲတစ်လုံးအားဖြင့်ကြော်ငြာခြင်းကိုတွေ့ရသောကြောင့် မည်သည့်အကြောင်းကိစ္စဖြစ်သည်ကို သိရှိလိုစိတ်ပြင်းပြလှပါသည်။ ဤနည်းဖြင့် အစည်းအဝေးသို့တက်ရောက်ကြပြီး စိတ်ဝင်စားသူများစွာရှိကြသည်။ ဘုရားကျောင်း၊ သို့မဟုတ် ခန်းမဆောင်ထဲသို့ ခေါ်ဖိတ်၍မရသော်လည်း တဲအားဖြင့်သူတို့ကိုခေါ်ဆောင်၍ရပါသည်။ [Ev 452.4]

ဖော်ပြခဲ့သည့်ယာဉ်နားရှိ ကျွန်ုပ်နှင့်စကားပြောသောညီအစ်မပြောပြခဲ့သည်မှာ၊ “ဒီကျမ်းစာရဲ့တန်ဖိုးရှိအရာများဟာ ကျွန်မအတွက်အံ့ဩစရာပဲ၊ ဒီလိုထူးဆန်းတာတွေကို အရင်ကကျွန်မတစ်ခါမျှမတွေ့ခဲ့ရဘူး၊ ကျမ်းစာဟာတန်ဖိုးရှိတဲ့အရာနဲ့ပြည့်ဝပြီး ကြားနာရတဲ့အတွက် တိုးတက်မှုရှိစေမယ့်အခွင့်အရေးအားလုံးကို ကျွန်မလိုချင်တယ်။ ဒါမှအခြားလူတွေကိုလည်းမစနိုင်မယ်။ ကန်တာဘာရီ (Canterbury) မြို့မှာနေနေကြတဲ့လူတွေဟာ ဒီဆောင်ရွက်တဲ့အရာကိုလိုနေကြတယ်။ တကယ်လို့ခင်ဗျားတဲဆောက်မယ်ဆိုရင်၊ သူတို့လာကြမှာပဲ။” Letter 89a, 1895. [Ev 453.1]

**၁၈၉၂ ခု၊ နေ့စဉ်မှတ်တမ်းမှစာမျက်နှာများ** – မိတ်ဆွေဇနီးမောင်နှံ အိပ်(ချ်)တို့ထံလည်ပတ်ရန်ကတိပြုခဲ့ပြီး၊ ယနေ့ညနေစာစားပြီးသောအခါ မစ္စတာဒယ်နီယာ၊ မေဝေါလင်းထံသွားရန် ကျွန်ုပ်သည်သွား၍ချိန်းဆိုခြင်းကို ပြည့်စုံစေခဲ့ပါသည်။ ရန်သူ၏စုံစမ်းခြင်းကြောင့် ညီအစ်မအိပ်(ချ်)သည် အမှန်တရား

ကိုစွန့်လွှတ်ခဲ့သည်။ ခေတ္တစကားစမြည်ပြောဆိုကြပြီးနောက် ကျွန်ုပ်တို့အားလုံး ဦးညွှတ်ဆုတောင်းကာ ဘုရားသခင်သည် သူ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အပေါ်သို့သက်ရောက်စေပါသည်။ ဘုရားရှင်အတူရှိကြောင်း ခံစားရပြီး ဤကြိုးစားမှုအလဟဿမဖြစ်စေရန် ကျွန်ုပ်တို့အထူးမျှော်လင့်ကြပါသည်။ [Ev 453.2]

**နို၀င်ဘာ (၅)** – သာယာသောနေ့တစ်နေ့ဖြစ်သော်လည်း ကျွန်ုပ်ခွန်အားကုန်လုမတတ်ဖြစ်သည်။ ကျွန်ုပ်တို့စည်းဝေးတက်ရောက်ပြီး တစ်ဖက်အိမ်နီးချင်းကို ကျွန်ုပ်တို့နှင့်အတူလိုက်သွားရန်ခေါ်ဖိတ်သည်။ သူမသွားရန်အဆင်သင့်သဘောတူပြီး လွန်စွာအကျိုးသက်ရောက်ပုံပေါ်သည်။ စည်းဝေးရှိရာနေရာသို့သွားကြစဉ် သူမလွတ်လပ်စွာစကားပြောသော်လည်း အပြန်ခရီး၌တည်ငြိမ်လျက် စကားတစ်ခွန်းမျှမပြောပါ။ မင်္ဂလာဝတ်လုံမပါသောပုဂ္ဂိုလ်တစ်ယောက်၏ပုံပမာအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်ပြောကာ လေးနက်သောအစည်းအဝေးပြုလုပ်ခဲ့သည်။ နောက်ပိုင်း၌ ဤအမျိုးသမီးသည် ကျွန်ုပ်၏တူမ၊ မေဝေါလင်းကို ကျွန်ုပ်တို့လာသည့်အချိန်မှစပြီး ကျင်းပခဲ့သောစည်းဝေးတိုင်းကို မတက်ရောက်မိခဲ့သောကြောင့် ဝမ်းနည်းကြောင်းပြောပါသည်။ သူမပြောသည်မှာ ကျွန်ုပ်တို့ရှိနေစဉ် စည်းဝေးတစ်ခုကိုမျှမပျက်ကွက်ရန် သူပြောပါသည်။ [Ev 453.3]

**နို၀င်ဘာ (၆)** – တောင်ပေါ်သို့သွားရန် ကျွန်ုပ်တို့စီစဉ်ခဲ့သည်။ သို့သော် မိတ်ဆွေဇနီးမောင်နှံ အိပ်(ချ်)တို့၏ဝိညာဉ်အတွက်ပူပန်လျက်ရှိပြီး ဘုရားရှင်၏အမှုတော်ကိုမနှောင့်နှေးစေရန် တောင်ပေါ်သို့မသွားသင့်ဟုခံစားရပါသည်။ ခရီးလမ်းကြောင်းကောင်းမွန်စွာမသိဘဲ မေဝေါလင်းနှင့်ကျွန်ုပ် ညီအစ်ကို အိပ်(ချ်)၏နေအိမ်သို့ ခရီးအစပြုခဲ့သည်။ နောက်ဆုံး၌ သူတို့အိမ်သို့ကျွန်ုပ်တို့ရောက်ရှိခဲ့သည်။ မိတ်ဆွေဇနီးမောင်နှံအိပ်(ချ်)အား သင်တို့နှင့်ကျွန်ုပ်စကားပြောရန်လာခဲ့သည်ဟုပြောပါသည်။ နှစ်ချက်တီးခွဲအချိန်မှစ၍ စတင်စကားပြောရာ ငါးချက်တီးအချိန်အထိ ဆက်လက်ပြောခဲ့ပါသည်။ ကျွန်ုပ်စွမ်းအား



ရှိသမျှကြိုးစားပြီး ညီအစ်မအိပ်(ချ်)ကိုမစခဲ့ရာ စကားပြောချိန်တစ်လျှောက်လုံး နီးပါး သူမငိုလျက်ရှိသည်။ ဘုရားသခင်၏ဝိညာဉ်တော်သူမကိုတို့ထိသည်ဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ်သူတို့နှင့်အတူဆုတောင်းခဲ့ပြီး သူတို့ကိုဘုရားသခင်၏လက်ထဲသို့ အပ်နှံလိုက်ပါသည်။ [Ev 453.4]

**နို၀င်ဘာ (၇)** – ကျွန်ုပ်တစ်ညလုံးအနားယူခဲ့သည်။ လေးချက်တီးခွဲအချိန်၌ ကျွန်ုပ်အိပ်ရာမှနိုးပြီး စတင်၍စာရေးပါသည်။ (၁၀) နာရီတွင် မေဝေါလင်းနှင့်ကျွန်ုပ် ညီအစ်မအီးထံသို့အလည်အပတ်သွားခဲ့ကြပါသည်။ [Ev 454.1]

**နို၀င်ဘာ (၈)** – ကျွန်ုပ်တစ်ညလုံးကောင်းမွန်စွာအိပ်ပျော်ခဲ့သည်။ နေ့အချိန်တွင် ညီအစ်မအက်(ဖ)၏အိမ်သို့သွားပါသည်။ ကျွန်ုပ်တို့နှင့်အတူ ယာဉ်ပေါ်၌စီးနင်းစေပြီး သူမနှင့်ရှည်လျားစွာခရီးတစ်လျှောက်စကားပြောခဲ့သည်။ သူမသည် ကြီးမားသောဒုက္ခနှင့်ရင်ဆိုင်နေရသူတစ်ဦးဖြစ်သည်။ [Ev 454.2]

**နို၀င်ဘာ (၉)** – စိတ်ထက်သန်စွာခေါ်ဖိတ်ခြင်းတစ်ခုကို တုံ့ပြန်သောအားဖြင့် ဥပုသ်စာဖြေကျောင်းမိသားစုတစ်စုပျော်ပွဲစားရာ သာယာသောတောအုပ်ကလေးတစ်ခုသို့ ကျွန်ုပ်တို့မောင်းနှင်သွားပါသည်။ နာရီဝက်ခန့်ကျွန်ုပ်စကားပြောခဲ့သည်။ မယုံကြည်သူတချို့ရှိကြပါသည်။ [Ev 454.3]

**နို၀င်ဘာ (၁၀)** – ကျွန်ုပ်မွန်းတည့်အချိန်ထိစာရေးခဲ့ပြီး ညစာစားသောက်ပြီးနောက် ထိုနေရာ၌ရှိကြသောညီအစ်မတချို့တို့နှင့်တွေ့ဆုံရန် ချိန်းဆိုခဲ့သည့်အတိုင်း ဘော်ဒုံး (Bourdon) သို့မောင်းနှင်သွားခဲ့ပါသည်။ လူနှစ်ဦးသုံးဦးတို့သည် ခရစ်တော်၏နာမတော်၌စုရုံးကြသောအခါ သူကောင်းချီးပေးမည့်ကတိတော်ကိုယုံကြည်လျက် တန်ဖိုးရှိသောဆုတောင်းချိန်ကို ရယူခဲ့ပါသည်။ ရောက်ရှိလာကြသောသူတို့အတွက် အရေးကြီးသောအကြောင်းအရာကို ကျွန်ုပ်ဖတ်ပြပြီး သူတို့နှင့်စကားပြောခဲ့ပါသည်။ ဥပုသ်နေ့၌ကျွန်ုပ်စကားပြောသောအခါထက် ကျွန်ုပ်ပို၍ကြိုးစားလုပ်ဆောင်ခဲ့သည်။ သူတို့နှင့်အတူ (၂) နာရီခန့်

နေခဲ့ပြီး ကျွန်ုပ်အိမ်သို့ပြန်ရောက်သောအခါ မှောင်လုနေပြီဖြစ်သည်။ သို့သော် ဘုရားရှင်ထံမှကျွန်ုပ်ကောင်းချီးခံစားရပြီး သူ၏မေတ္တာတော်၌ ကျွန်ုပ်တို့ ပျော်ရွှင်ကြသည်။ [Ev 454.4]

**နိုဝင်ဘာ (၁၁) –** ကျွန်ုပ်သာလွန်၍ဆောင်ရွက်ခဲ့ခြင်းကို ကျွန်ုပ်စိုးရိမ်သည်။ ဥပုသ်နေ့မှစပြီး စာကိုစာရွက်ဖြင့်ကျွန်ုပ်စာမျက်နှာ (၈၆) မျက်နှာ ရေးသားခဲ့သည်။ ၎င်းပြင် လူတို့ကိုမိမိတို့၏အိမ်၌ ကြိမ်ပေါင်းများစွာလည်းပတ်ခဲ့သည်။ ဤမွန်းလွဲပိုင်း၌ ကျွန်ုပ်မိတ်ဆွေဇနီးမောင်နှံအိပ်(ချ်)ကိုခေါ်ပြီး စာအုပ်တချို့ပေးခဲ့ပါသည်။ [Ev 454.5]

**နိုဝင်ဘာ (၂၁) –** ယနေ့ (၂) ချက်တီးအချိန်၌ မိတ်ဆွေဇနီးမောင်နှံအိပ်(ချ်) ထံကျွန်ုပ်အလည်အပတ်သွားခဲ့ပြီး ညီအစ်မအိပ်(ချ်)၏စိတ်ထဲ၌ရှိနေသောအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကျွန်ုပ်ရေးသားခဲ့သောစာတချို့ကို ဖတ်ပြခဲ့ပါသည်။ [Ev 455.1]

**နိုဝင်ဘာ (၂၇) –** ယနေ့ညီအစ်မခေ "K" နှင့်သူမ၏သမီးထံသို့ ကျွန်ုပ်အလည်အပတ်ပြုခဲ့သည်။ မကြာမီအချိန်က သမီးမှာ မတော်တဆထိခိုက်ဒဏ်ရာတစ်ခုရရှိခဲ့သည်။ ကျွန်ုပ်တို့စကားပြောကြပြီး သူမနှင့်အတူဆုတောင်းချိန်၌ သမီးရောမိခင်ကိုပါ ဘုရားသခင်ကောင်းချီးပေးရန် ကျွန်ုပ်တို့အနူးအညွတ်ဆုတောင်းနေစဉ် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အလွန်နီးကပ်စွာရှိနေပါသည်။ [Ev 455.2]

**နောက်ထပ်မှုဆိုးမဖြစ်သူညီအစ်မဂျီ "G" ထံသို့အလည်အပတ်ပြုခဲ့သည် –** ဤညီမနှင့်အတူ ကျွန်ုပ်တို့ဆုတောင်းချိန်ကိုရယူခဲ့ပြီး သိမ်မွေ့သောဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ်ဆင်းသက်ခဲ့သည်။ ညီအစ်မဂျီ၏ (၁၆) နှစ်အရွယ်သမီးနှင့် ကျွန်ုပ်တို့စကားပြောခဲ့သည်။ သူမအားယေရှုမေတ္တာအကြောင်းပြောပြပြီး ကယ်တင်ရှင်ထံသူမ၏စိတ်နှလုံးကိုပေးအပ်ရန် ကျွန်ုပ်တို့အနူးအညွတ်တောင်းခံခဲ့သည်။ အကယ်၍သူမသည် ခရစ်တော်ကိုသူမ၏ကယ်တင်ရှင်အဖြစ်လက်ခံပါက ခရစ်တော်သည် စုံစမ်းခြင်းတိုင်း၌ သူမကို





ကူညီမည်ဖြစ်ပြီး သူ၏မေတ္တာအရိပ်အောက်၌ သူမကိုငြိမ်သက်ခြင်းနှင့်အနားယူခြင်းပေးမည်ဟု ပြောခဲ့ပါသည်။ ကျွန်ုပ်တို့ပြောဆိုသောစကားများအားဖြင့် သူမတန်ခိုးခွန်အားရရှိပုံပေါ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် မိတ်ဆွေဇနီးမောင်နှံအိပ်(ချ်)နှင့်တွေ့ဆုံရန် ထွက်သွားခဲ့ပါသည်။ Manuscript 21, 1892. [Ev 455.3]

**အမှုဆောင်အတွက်တန်ဖိုးရှိသောလယ်ပြင်များ –** ကျွန်ုပ်တို့အမှုထမ်းဆောင်ခဲ့သော ဒိုရာခရစ်နှင့်မာတင်ဗေး(လ်)နှင့် သစ်တောရှိနေရာများတို့သည် ကျွန်ုပ်တို့အတွက် တန်ဖိုးကြီးသောနေရာများဖြစ်သည်။ ဤနေရာများ၌ ဝိညာဉ်များကိုရရှိမည်ဟု ကျွန်ုပ်မျှော်လင့်ပြီး သူတို့ကိုခရစ်တော်ထံသို့ဆွဲဆောင်ရန် စိတ်အားထက်သန်စွာ ကြိုးစားလုပ်ဆောင်ကြရပါမည်။ ဤနေရာများ၌ များစွာဆောင်ရွက်ခဲ့သော်လည်း ပို၍များစွာဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။ Letter 113, 1902. [Ev 455.4]

–၀–

tcef; (14)

## aEGusrf;pmoifMum;ydkYcsol
## (EIwfuywfawmftrIaqmif)

## ကျမ်းစာသင်ကြားခြင်းသည်အဓိကရည်ရွယ်ချက်ဖြစ်

**ကျမ်းစာလေ့လာသောနိုးကြားခြင်းတစ်ခုလိုအပ်** – ကမ္ဘာတစ်ဝန်း၌ ကျမ်းစာလေ့လာခြင်းဖြင့် နိုးကြားခြင်းလိုအပ်သည်။ လူတို့ပြောဆိုခြင်းဖြင့်မဟုတ်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် လူတို့၏အာရုံကိုဆွဲဆောင်ရမည်။ ဤကဲ့သို့ပြုမှသာ ကြီးမားသောအလုပ်တစ်ခုဖြစ်ပေါ်လာလိမ့်မည်။ သူ၏နှုတ်တော်ထွက်စကားသည် အချည်းနှီးပြန်မလာဟု ဘုရားရှင်ပြောသောအခါ သူပြောသောအရာအားလုံး၌ သူဆိုလိုရင်းရှိသည်။ ဧဝံဂေလိတရားကို တစ်ကမ္ဘာလုံးသို့ဟောပြောရမည်။ ကျမ်းစာကိုလူတိုင်းအားဖွင့်ပြရမည်။ ဘုရားကိုသိကျွမ်းခြင်းသည် အမြင့်ဆုံးသောပညာဖြစ်ပြီး ပင်လယ်ပြင်ကိုရေဖုံးလွှမ်းသကဲ့သို့ အံ့သြဖွယ်အမှန်တရားသည် ကမ္ဘာကြီးကိုဖုံးလွှမ်းရမည်။ Manuscript 139, 1898. [Ev 456.1]

**ကျမ်းစာလုပ်ငန်းကိုကောင်းကင်အဖမှမှတ်သား** – ကျွန်ုပ်တို့၏အလုပ်သည် ကျွန်ုပ်တို့အတွက်ကောင်းကင်အဖအားဖြင့် မှတ်သားလျက်ရှိသည်။ ကျွန်ုပ်တို့၏ကျမ်းစာကိုယူဆောင်ကာ ကမ္ဘာသို့သွား၍သတိပေးရမည်။ ဝိညာဉ်ကယ်တင်ရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကူညီဖော်များ၊ ပျက်စီးမည့်သူများအတွက် နေ့စဉ်စီးဆင်းသောသူ၏မေတ္တာလမ်းကြောင်းများဖြစ်ကြရမည်။ Testimonies, vol. 9, p. 150. (1909) [Ev 456.2]

**ကောင်းကင်နည်းစနစ်တစ်ခု** – ကျမ်းစာသင်ပေးခြင်းစီမံကိန်းသည် ကောင်းကင်၏နည်းစနစ်တစ်ခုဖြစ်သည်။ ဤသာသနာ့လုပ်ငန်း၌ပါဝင်နိုင်သော အမျိုးသား၊ အမျိုးသမီးများ များစွာရှိသည်။ ကြီးမားသောဘုရားသခင်



၏လူများဖြစ်လာရန် အမှုဆောင်များတို့သည် တိုးတက်မှုပြုလုပ်နိုင်ကြပေလိမ့်မည်။ ဤနည်းဖြင့် ထောင်ပေါင်းများစွာသောသူတို့အား ဘုရားသခင်၏နှုတ်ကပတ်ကိုပေးခဲ့ပြီး အမှုဆောင်များတို့ကို လူမျိုး၊ ဘာသာစကားအားလုံးရှိလူတို့နှင့် တစ်ဦးချင်းတွေ့ဆုံစေပါသည်။ ကျမ်းစာကို မိသားစုများထံသို့ယူဆောင်ကာ ၎င်း၏သန့်ရှင်းမွန်မြတ်သောအမှန်တရားများ အိမ်သို့လူတို့အသိစိတ်ဓာတ်ထဲရောက်လာသည်။ လူတို့သည် မိမိတို့ကိုယ်တိုင်ဖတ်ရှုခြင်း၊ ခွဲခြားလေ့လာခြင်း၊ ဝေဖန်ပိုင်းခြားခြင်းများပြုပြီး ဘုရားရှင်ထံမှအလင်းတရားကိုလက်ခံခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းတာဝန်ဖြင့် သူတို့သည် တည်မြဲစေရမည်။ သူ့အတွက်ဤတန်ဖိုးရှိသောလုပ်ငန်းကို အကျိုးမရှိစေရန် ဘုရားသခင်ခွင့်မပြုပါ။ သူ၏နာမနှင့်နှိမ့်ချလျက် ကြိုးစားလုပ်ဆောင်မှုတိုင်းအပေါ်အောင်မြင်ခြင်းကိုသူပေးလိမ့်မည်။ Gospel Workers, p. 192. (1915) [Ev 456.3]

**ကျမ်းစာလုပ်ငန်းသည်တိကျပြည့်စုံသောနည်းစနစ်တစ်ခုဖြစ်** – ဝင်ရောက်ထိုးဖောက်သောမြို့ကြီးတိုင်း၌ တည်မြဲသောအလုပ်အတွက် ခိုင်မာသောအုတ်မြစ်ချရမည်။ ဘုရားသခင်၏နည်းစနစ်ကိုလိုက်လျှောက်ရမည်။ တစ်အိမ်မှတစ်အိမ်သို့ သွားရောက်လုပ်ဆောင်ခြင်းလုပ်ငန်းဖြင့်သော်လည်းကောင်း၊ မိသားစုအားကျမ်းစာသင်ပေးခြင်းအားဖြင့်သော်လည်းကောင်း အမှန်တရားရှာဖွေသူများစွာတို့ထံသို့ ဝင်ရောက်ချဉ်းကပ်နိုင်ပါလိမ့်မည်။ နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်း၊ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းတိုးပွားရန်လေ့ကျင့်ပေးခြင်းတို့အားဖြင့် ဘုရားသခင်၏လမ်းကို လူတို့အားသင်ပေးရလိမ့်မည်။ Testimonies, vol. 7, p. 38. (1902) [Ev 457.1]

**တချို့နေရာများ၌ကျမ်းစာလုပ်ငန်းသည်လူထုတရားပွဲထက်သာ** – တဲတရားပွဲပြုလုပ်သောနေရာတစ်ခုကို ကျွန်ုပ်အားပြသခဲ့သည်။ ကောင်းမွန်စွာပြင်ဆင်မှုပြုပြီး အကုန်အကျများစွာရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံးနိုးကြားစေရန် ပြည့်စုံစွာဆောင်ရွက်ခဲ့ပြီး နိုးကြားမှုရှိသည်ဟုထင်ရသည်။ သို့သော် အမှန်တရား

ဟောပြောသူတို့အားဖြင့် အန္တရာယ်ရှိသောမှားယွင်းမှုများကို သတိပေးရန်ရှိသည်။ အချက်ပေးသံပြုပြီး မှားယွင်းမှုများကို တစ်ကြိမ်ပြီးတစ်ကြိမ်ထပ်မံပြောဆိုသည်။ လိုအပ်သည့်ထိရောက်သောဆွေးနွေးခြင်းများ မပြုနိုင်ကြပါ။ အနည်းငယ်သောပုဂ္ဂိုလ်များ လာရောက်နားထောင်ကြပြီး အနည်းငယ်သာအမှန်တရားကိုလိုက်လျှောက်ရန် ဆုံးဖြတ်ချက်ချကြသောကြောင့် အမှုဆောင်များ မိမိတို့ကြိုးစားမှုအပေါ် စိတ်ဓာတ်ကျကြသည်။ [Ev 457.2]

အခြားအချိန်၌ တစ်နေရာတည်းတွင် ကျွန်ုပ်အားပြသခဲ့သည်။ သမ္မာကျမ်းစာအမှုဆောင်နှစ်ဦး မိသားစုတစ်စုနှင့်အတူထိုင်နေကြသည်ကို ကျွန်ုပ်တွေ့ရသည်။ သူတို့ရှေ့၌ ကျမ်းစာကိုဖွင့်ထားပြီး အပြစ်ဖြေလွှတ်သောကယ်တင်ရှင်တစ်ဦးကဲ့သို့ ယေရှုခရစ်တော်၏အကြောင်းကို သူတို့ပြောပြလျက်ရှိသည်။ သူတို့၏ပြောဆိုသောစကားများသည် ရှင်းလင်းလတ်ဆတ်၍ တန်ခိုးပါသည်။ စိတ်အားထက်သန်စွာ ဘုရားရှင်ထံတော်ပါးသို့ဆုတောင်းခြင်းဖြင့် ဘုရားသခင်ဝိညာဉ်တော်၏ပျော့ပျောင်းသောတန်ခိုးတော်ကြောင့် စိတ်နှလုံးသားများပျော့ပျောင်းသွားသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုရှင်းပြသကဲ့သို့ နှုတ်ကပတ်တော်ကိုပျော့ပျောင်း၍ တောက်ပသောအလင်းရောင်ခြည်ကို ကျွန်ုပ်တွေ့ရပြီး ဖြည်းညင်းစွာဖြင့်ကျွန်ုပ်ပြောလိုက်သည်မှာ၊ "မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှာ အနိုင်အထက်ခေါ်သွင်းလော့" ဟုဖြစ်ပါသည်။ [Ev 457.3]

ဤအမှုဆောင်များတို့သည် ကြွားဝါခြင်းမရှိ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏ပြည့်စုံခြင်းကိုပေးမည်ဟု သိမြင်ကြသောကြောင့် ကြေကွဲ၍နှိမ့်ချသောနှလုံးသားများရှိကြသည်။ ဘုရားရှင်၏မွန်မြတ်သောတန်ခိုးဩဇာအောက်၌ ခြားနားခြင်းများပျောက်ကွယ်သွားပြီး စိတ်အားထက်သန်သည့်စိတ်ဝင်စားမှုပေါ်လာသည်။ တန်ဖိုးရှိသောအလင်းသည် တစ်နေရာမှတစ်နေရာသို့ရောက်ရှိခဲ့သည်။ ပျက်ကွက်ခဲ့သောအိမ်ထောင်ဝတ်ပြုခြင်းကို တစ်ဖန်ပြန်လည်



ကျင်းပပြီး အများသောသူတို့သည် အမှန်တရားသို့ပြောင်းလဲလာကြသည်။ Letter 95, 1896. [Ev 458.1]

**နှုတ်ကပတ်တော်ကိုရှင်းပြခြင်း** – သင်ရှိနေသည့်အရပ်၊ လူတို့ရှိသည့်အရပ်၌ စိတ်ပါစွာကြိုးစား၍ဆောင်ရွက်ကြပါစို့။ နှုတ်ကပတ်တော်သည် ရှိသည့်အတိုင်း တောင်းဇလားအောက်၌ဖုံးကွယ်လျက်ရှိသည်။ ထိုနှုတ်ကပတ်တော်ကို ယခုဌင်း၏တောင်းဆိုချက်များကိုမသိသောသူတို့ထံ ရှင်းပြကြရပါမည်။ သင်ယူလိုသောဆန္ဒရှိသူတို့နှင့်အတူ နှုတ်ကပတ်တော်ကိုရှာဖွေပါ။ အစ၌ဆောင်ရွက်မှုသေးငယ်မည်ဖြစ်သော်လည်း အခြားသူများပေါင်းစည်း၍ ရှေ့သို့သယ်ဆောင်ကြမည်ဖြစ်ပြီး ယုံကြည်ခြင်းနှင့်ဘုရားရှင်အပေါ်မှီခိုခြင်းဖြင့် စိတ်ပါစွာကြိုးစားဆောင်ရွက်ကာ လူတို့ကိုနှုတ်ကပတ်တော်၏လွယ်ကူရိုးစင်းသောအမှန်တရားနှင့် အလင်းပေးသွန်သင်ပြသပါက နားထောင်သောသူတို့အတွက် စစ်မှန်သောတပည့်တော်ဖြစ်အရာ၏အဓိပ္ပါယ်ကို နားလည်ကြပါလိမ့်မည်။ Letter 30, 1911. [Ev 458.2]

## အမှုဆောင်များကိုယ်တိုင် (တစ်ဦးချင်းအမှုဆောင်များ) နှင့်ပညာရှိအကြံပြုသူများ

**ကျွန်ုပ်တို့၏ပုံသက်သေသည်ကျွန်ုပ်တို့၏အကြံပြုခြင်းကိုထိရောက်စေသည်** – မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မိမိ၏အသက်တာ၌ ကြီးမားသောခက်ခဲမှုတစ်ခုနှင့်ရင်ဆိုင်ရပြီး အကြံပေးခြင်း၊ သို့မဟုတ် ဆုံးမပြောဆိုခြင်းကို ကြိုးစား၍ပြုသောအခါ၊ ကောင်းကျိုးဖြစ်စေရန်အတွက် သင်၏ပြောဆိုသောစကား၏တန်ခိုးဩဇာထိရောက်မှုသည် သင်ကိုယ်တိုင်၏ပုံသက်သေနှင့်စိတ်သဘောထားအပေါ် အောင်မြင်မှုရှိခြင်း၊ မရှိခြင်းသည် မူတည်လျက်ရှိသည်။ ကောင်းမှုမပြုမီ သင်ကိုယ်တိုင်ဦးစွာကောင်းနေရမည်။ သင်သည် ခရစ်တော်၏ကျေးဇူးတော်ကြောင့် သင်ကိုယ်တိုင်၏နှလုံးသားနှိမ့်ချ၊ ဖြူစင်၊ သိမ်မွေ့

ခြင်းမရှိမချင်း သူတစ်ပါးကိုပြောင်းလဲစေနိုင်မည့်တန်ခိုးသြဇာကို ရရှိမည်မဟုတ်ပါ။ ဤနှလုံးသားမျိုးရှိမှသာ နှင်းဆီပွင့်သည် မွှေးကြိုင်သောအနံ့ကိုပေးနိုင်သကဲ့သို့ သင်၏အသက်တာသည် အလိုအလျောက်သူတစ်ပါးကိုကောင်းကျိုးပြုနိုင်ပါလိမ့်မည်။ Mount of Blessing, p. 183. (1896) [Ev 458.3]

**ကျမ်းစာလုပ်ငန်း၌တစ်ဦးချင်းသာသနာ –** တစ်ဦးချင်းကြိုးစားမှုဖြင့် လူတို့နှင့်ရင်းနှီးရန်လိုသည်။ အကယ်၍ တရားဟောခြင်းအားဖြင့် အချိန်လျှော့ယူပြီး တစ်ဦးချင်းသာသနာလုပ်ငန်းဖြင့် အချိန်ကိုပို၍အသုံးပြုပါက ပို၍အကျိုးရှိသည်ကို တွေ့ရပါမည်။ ဆင်းရဲသားများသက်သာရာရခြင်း၊ ဖျားနာသူများဂရုပြုခံရခြင်း၊ ဝမ်းနည်းကြေကွဲသူများ ခွန်အားရရှိလာခြင်း၊ ပညာမဲ့သူများသွန်သင်ခံရခြင်း၊ ဗဟုသုတမရှိသူများ အကြံပေးခံရခြင်းအကျိုးများ ရရှိကြပါမည်။ ငိုကြွေးသူများတို့နှင့် ကျွန်ုပ်တို့ငိုကြွေးရမည်ဖြစ်ပြီး ဝမ်းမြောက်သူတို့နှင့်အတူ ဝမ်းမြောက်ကြရမည်။ ဆွဲဆောင်မှုတန်ခိုး၊ ဆုတောင်းခြင်းတန်ခိုး၊ ဘုရားသခင်မေတ္တာတော်၏တန်ခိုးပါဝင်ခြင်းတို့အားဖြင့် ဤအလုပ်သည် အသီးအပွင့်မရှိဘဲမဖြစ်နိုင်ပါ။ Ministry of Healing, pp. 143, 144. (1905) [Ev 459.1]

**အမျိုးသမီးများကရုဏာသတင်းပို့ဆောင်သူများကဲ့သို့ –** အကယ်၍လိုအပ်ပါက ယခုအချိန်အတွက် အမှန်တရားအကြောင်းနှင့်ပတ်သက်၍ စတင်ပြောဆိုခြင်းမပြုမီ သူတို့၏အိမ်၌ရှိသော မိခင်များနှင့်ကလေးများကိုလည်းပတ်ရန်နှင့်နေ့စဉ်အိမ်မှုလုပ်ငန်းများတို့၌ သူတို့ကိုကူညီရန် ကရုဏာသတင်းပို့ဆောင်သူများကဲ့သို့ ဆက်ကပ်သောအမျိုးသမီးများကို ကျွန်ုပ်တို့အထူးလိုအပ်လျက်ရှိပါသည်။ ဤနည်းစနစ်အားဖြင့် သင်၏သာသနာ့လုပ်ငန်း၌ ဝိညာဉ်များကိုရရှိကြောင်း သင်တွေ့ရှိရပါလိမ့်မည်။ Review and Herald, July 12, 1906. [Ev 459.2]



**ဖျားနာသူများကိုစိတ်ဝင်စားခြင်းဖြင့် လူတို့၏စိတ်နှလုံးကိုထိုးဖောက်နိုင်ခြင်း –** ကျွန်ုပ်၏ညီအစ်ကိုမောင်နှမများ၊ သင့်ကိုယ်ကို ဘုရားအမှုတော်အတွက် ဆက်ကပ်ပါ။ တိုးတက်မှုမရှိရန် မည်သည့်အခွင့်အရေးကိုမျှ လွန်သွားခွင့်မပြုပါနှင့်။ ဖျားနာသူနှင့်ဒုက္ခရောက်သူများတို့ကိုလည်းပတ်ပြီး သူတို့အားကြင်နာစွာဖြင့် စိတ်ဝင်စားမှုကိုဖော်ပြပါ။ အကယ်၍ဖြစ်နိုင်ပါက သူတို့အားတစ်ခုခုပြုလုပ်ပေးခြင်းအားဖြင့် ပိုပြီးသက်သောင့်သက်သာဖြစ်စေရန်ဆောင်ရွက်ပေးပါ။ ဤနည်းလမ်းများအားဖြင့် သူတို့၏စိတ်နှလုံးကိုထိုးဖောက်နိုင်ပြီးခရစ်တော်အတွက်စကားပြောပေးနိုင်လိမ့်မည်။ Testimonies, vol. 9, p. 36. (1909) [Ev 459.3]

**မိသားစုများသို့မိတ်ဆွေတစ်ဦးအဖြစ်ဖြစ်ခြင်း –** ညီအစ်မများ စိတ်နှလုံးကိုပို၍ဆွဲဆောင်နိုင်ပြီး သိမ်မွေ့စေနိုင်ပါသည်။ ကျွန်ုပ်၏ညီအစ်မများတို့၊ သင်ရှိလေရာအရပ်၌ ရိုးသားမှုဖြင့်အလုပ်လုပ်ပါ။ အကယ်၍ သင်သည် ကလေးသူငယ်များရှိသောအိမ်၌ရှိနေပါက၊ သူတို့အားစိတ်ဝင်စားမှုကိုပြပါ။ သူတို့ကိုသင်ချစ်ကြောင်းတွေ့မြင်စေပါ။ အကယ်၍ တစ်ယောက်သောသူဖျားနာပါက၊ သူ့ကိုကုသရန်တောင်းဆိုပါ။ မိမိ၏ကလေးဒုက္ခခံစားနေရသည့် သောကဖိစီးပြီး စိုးရိမ်ပူပန်မှုရှိနေသည့်မိခင်သက်သာရာရဖို့ ကူညီမစပါ။ Review and Herald, Nov. 11, 1902. [Ev 460.1]

**အစုလိုက်မဟုတ်၊ တစ်ဦးချင်းဖြင့်လူတို့ကယ်တင်ခြင်းရရှိ –** ဆားသည် အရာတစ်ခုခုဖြင့်ရောစပ်ရပါမည်။ ပုပ်သိုးခြင်းမရှိစေရန် ဆားသည် ထိုဝတ္ထုကိုထိုးဖောက်ကာ ရောစပ်ခြင်းရှိစေရမည်။ ထိုနည်းတူ တစ်ဦးချင်းဆက်သွယ်ခြင်း၊ ပေါင်းဖော်ခြင်းဖြင့် ဧဝံဂေလိ၏ကယ်တင်ခြင်းတန်ခိုးကြောင့် လူတို့ထံဝင်ရောက်ထိုးဖောက်အကျိုးပြုနိုင်ပါသည်။ သူတို့အစုလိုက်အပြုံလိုက်ကယ်တင်ခြင်းရရှိခြင်းမဟုတ်ဘဲ တစ်ဦးချင်းသာလျှင်ဖြစ်ပါသည်။ တစ်ဦးစီ၏သြဇာသည် တန်ခိုးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အကျိုးခံစားစေလိုသောသူများနှင့်ကျွန်ုပ်တို့ရင်းနှီးမှုရှိရပါမည်။ Mount of Blessing, p. 59. (1896) [Ev 460.2]

**အကြံပေးသူအမျိုးသမီးများလိုအပ်သည် –** အကယ်၍ မည်သည့်အမျိုးသမီး မဆို မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ (နယ်ဥက္ကဋ္ဌကိုလိပ်မူ၍) မိမိ ကိုယ်ကို သင်၏သနားခြင်းကရုဏာအပေါ်အပ်နှံပါက သင်သည် သူမအား တာဝန်ယူခွင့်အားပေးခြင်း သူမထံမှစာများကိုလက်ခံကာ သူမအားမစရန်အထူး တာဝန်ယူနိုင်ပါမည်လား။ ကျွန်ုပ်၏ညီအစ်ကို၊ ဤကိစ္စမျိုးနှင့်ပတ်သက်ပြီး သင်၏လမ်းကြောင်းကိုပြောင်းပြီး ညီအစ်ကိုဓမ္မဆရာများရှေ့၌ မှန်သော ပုံသက်သေကိုပြရပါမည်။ သင်ပေးနိုင်သောအရာခပ်သိမ်းကို လိုအပ်နေသူများ ဖြစ်သည့် သင့်ကိုယ်တိုင်မိသားစုဝင်များအတွက် သင်၏ကြင်နာမှုကိုထားရှိ ပါ။ [Ev 460.3]

အမျိုးသမီးတစ်ဦးဒုက္ခကြုံတွေ့ရသောအခါ အမျိုးသမီးများထံသို့ သူမ ၏ဒုက္ခကိုတင်ပြစေပါ။ အကယ်၍သင့်ထံသို့လာသောဤအမျိုးသမီးသည် သူမ၏ခင်ပွန်းအား ပြစ်တင်စရာအကြောင်းကိစ္စရှိပါက၊ လိုအပ်လျှင်ကူညီနိုင် မည့်အခြားအမျိုးသမီးထံ မိမိ၏ဒုက္ခကိုတင်ပြသင့်ပြီး ဆိုးသွမ်းမှုတစ်စုံတစ်ခု မျှမပါဘဲ ဤကိစ္စနှင့်ပတ်သက်၍ သင်နှင့်စကားပြောစေပါ။ [Ev 460.4]

ဤကိစ္စ၌ သင်၏အကြောင်းအရင်းသည် မှားသောသြဇာတစ်ခုကို ကြီးပမ်းအားထုတ်နေကြောင်း သင်နားလည်ပုံမပေါ်ပါ။ သင်၏စကားအပြော အဆိုနှင့်အပြုအမူများကိုသတိပြုပါ။ Letter 164, 1902. [Ev 461.1]

**ကောင်းကင်မှပူးပေါင်းပါဝင်သောအဓိကအလုပ်တစ်ခု –** သူတို့တစ်ဦး၏ ဘုရားသခင်အပေါ်တာဝန်ရှိသည်ဟုခံစားနေရသော ကျွန်ုပ်တို့၏ညီအစ်မများ တို့ကိုမစရန် သင်လုပ်ဆောင်နေသောအလုပ်သည်ကောင်းပြီး လိုအပ်သော အလုပ်တစ်ခုဖြစ်သည်။ ဤအလုပ်ကို ကြာမြင့်စွာလျစ်လျူရှုထားခဲ့ပါသည်။ သို့သော် ဤအလုပ်ကိုရှင်းလင်းလွယ်ကူ၍ တိကျသောဦးတည်ချက်များဖြင့် လုပ်ဆောင်သောအခါ လျစ်လျူရှုမည့်အစား၊ အိမ်လုပ်ငန်းများကို ကျွန်ုပ်တို့ မျှော်လင့်လုပ်ဆောင်မည်ဖြစ်ပါက ပို၍အသိတရားရှိစွာဖြင့် လုပ်ဆောင်ကြ လိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား လူတို့၏ဝိညာဉ်တန်ဖိုးမည်မျှ



ရှိသည်ကို နားမလည်သောသူတို့အား အမြဲအားပေးစေပါလိမ့်မည်။ [Ev 461.2]

အကယ်၍ ကျွန်ုပ်တို့သည် အဖွဲ့ငယ်များကို ခရစ်တော်၏အစေခံ များကဲ့သို့ သူတို့လုပ်ဆောင်သင့်သည့်အပိုင်း၌ ကောင်းမွန်စွာညွှန်ကြားပြီး ပုံမှန်ဖွဲ့စည်းကာ စီစဉ်နိုင်ပါက ကျွန်ုပ်တို့၏အသင်းတော်များသည် မိမိတို့ ၏လိုအပ်နေသောအသက်နှင့်ရှင်သန်မှုကို ရရှိပါလိမ့်မည်။ ခရစ်တော်ကယ်တင် ခဲ့သောအရာရှိ၏ဝိညာဉ်သည် ချီးမွမ်းခြင်းခံရလိမ့်မည်။ ကျွန်ုပ်တို့ညီအစ်မ များသည် အများအားဖြင့် မိမိတို့၏တိုးပွားလာသောမိသားစုဦးရေနှင့် မလို လားအပ်သည့်စမ်းသပ်မှုများကြောင့် အခက်အခဲတစ်ခုကြုံတွေ့နေရပါသည်။ မိမိတို့၏စိတ်ဓာတ်ကျဆင်းခြင်းနှင့် ဘုရားသခင်အတွက်အလုပ်တစ်ခုဆောင်ရွက် နိုင်သည်ဟု ခံစားနေရသည့်အခြေအနေ၌ရှိနေသော ကျွန်ုပ်တို့၏ညီအစ်မများ လွတ်မြောက်ရေးကိုမစနိုင်ရန် ပညာပေးနိုင်မည့်အမျိုးသမီးများကို ကျွန်ုပ်တို့ ကြာမြင့်စွာမျှော်လင့်လျက်ရှိသည်။ အခြားသူများနှလုံးသားသို့ရောင်ပြန်ဟပ်ရန် ဤအရာသည် သူတို့၏ကိုယ်တိုင်အသက်တာသို့ နေရောင်ခြည်ကိုယူဆောင် လာခြင်းဖြစ်သည်။ ဤအဓိကကျသည့်အလုပ်၌ပါဝင်သောသူနှင့် သင့်အပေါင်း အဖော်အားလုံးကို ဘုရားရှင်ကောင်းချီးပေးပါလိမ့်မည်။ Letter 54, 1899. [Ev 461.3]

## ပျောက်ဆုံးသူများကိုရှာဖွေခြင်း

**လူတိုင်းအိမ်သို့ကျမ်းစာယူဆောင်သွားခြင်း –** ကျမ်းစာသည် သိမ်းဆည်း ထားရန်မဟုတ်ပါ။ လူတိုင်း၏အိမ်သို့သယ်ဆောင်သွားရမည်ဖြစ်ပြီး ၎င်း၏ အမှန်တရားကို လူတိုင်း၏ခွဲခြားတတ်သောစိတ်၌ ဖော်ပြပေးရမည်။ အမှန်တရား ဟောပြောသောအခါ မှန်သည်၊ မမှန်သည်ကိုသိရှိလိုသည့် မြင့်မြတ်သော ဗေရိမြို့သားများကဲ့သို့ မိမိတို့အတွက် ကျမ်းစာကိုနေ့စဉ်ရှာဖွေနေသောပုဂ္ဂိုလ်

များရှိကြသည်။ ခရစ်တော်ပြောခဲ့သည်မှာ၊ "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏။" ကမ္ဘာ့ကယ်တင်ရှင်ယေရှုသည် ကျွန်ုပ်တို့အားကျမ်းစာကိုဖတ်ရှုရန်သာမဟုတ်၊ "ရှာဖွေရန်" အတွက်ပြောခဲ့ပါသည်။ ဤအရာသည် ကြီးမား၍အရေးကြီးသောအလုပ်ဖြစ်ပြီး ကျွန်ုပ်တို့အားတာဝန်အပ်နှံထားကာ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးခံစားကြရမည်ဖြစ်သည်။ ခရစ်တော်၏အမိန့်တော်ကိုနာခံခြင်းအားဖြင့် အကျိုးကိုခံစားကြရမည်ဖြစ်သည်။ နှုတ်ကပတ်မှဖော်ပြသောအလင်းနောက်သို့ သစ္စာရှိစွာလျှောက်လိုက်ခြင်းဖြင့် သူနှစ်သက်သည့်အထူးအမှတ်အသားများနှင့် ဂုဏ်ပြုလိမ့်မည်။ Counsels on Sabbath School Work, p. 84. (1889) [Ev 461.4]

**အတူတကွစုရုံးရန်အများမှစောင့်ဆိုင်းနေသည်** – တစ်ကမ္ဘာလုံးရှိအမျိုးသား၊ အမျိုးသမီးများ ကောင်းကင်သို့တောင့်တောင့်တတမျှော်ကြည့်လျက်နေသည်။ ဆုတောင်းချက်များ၊ မျက်ရည်များနှင့်စုံစမ်းမေးမြန်းခြင်းများတို့သည် အလင်း၊ ကျေးဇူးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်များအတွက် တောင့်တလျက်ရှိသော ပုဂ္ဂိုလ်များတို့မှ ပေါ်လျက်နေကြသည်။ Acts of the Apostles, p. 109. (1911) [Ev 462.1]

**ပျောက်ဆုံးသူများကိုရှာဖွေခြင်း** – ဤအလုပ်သည် စိတ်ဆုံးဖြတ်ရမည့်အလုပ်ဖြစ်သည်။ သင်ရှိရာတိုင်းပြည်တစ်လျှောက်လုံး၌ ပျောက်သောသိုးများရှိနေကြသည်။ သင်သည် ပျောက်သောသိုးကိုရှာဖွေ၍ ကယ်တင်ရလိမ့်မည်။ သူတို့ကိုယ်ကိုမည်ကဲ့သို့ပြုပြင်ရန် သူတို့မသိကြပါ။ Letter 189, 1899. [Ev 462.2]

**လေ့လာရန်အခွင့်အလမ်းရှာယူခြင်း** – ထိုးဖောက်သောမြို့ကြီးတိုင်း၌ လုပ်ငန်းတည်တံ့ရန် ခိုင်မာသောအုတ်မြစ်ချရပါမည်။ ဘုရားသခင်၏နည်းစနစ်ကိုလိုက်လျှောက်ကြရမည်။ တစ်အိမ်မှတစ်အိမ်သို့သွားရောက်ခြင်းအားဖြင့်သော်



လည်းကောင်း၊ မိသားစုများကို ကျမ်းစာသင်ပေးခြင်းအားဖြင့်သော်လည်းကောင်း၊ အမှန်တရားရှာဖွေသူများတို့ထံ အမှုဆောင်များဝင်ရောက်ချဉ်းကပ်နိုင်မည်ဖြစ်သည်။ နှုတ်ကပတ်တော်ဖွင့်ပြခြင်း၊ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းတိုးတက်ရန်လေ့ကျင့်ပေးခြင်းတို့အားဖြင့် လူတို့အားဘုရားသခင်၏နည်းလမ်းကို သင်ပေးရမည်။ Testimonies, vol. 7, p. 38. (1902)

**ရိုးသားသောဝိညာဉ်များကိုရှာဖွေခြင်း** – ကျွန်ုပ်တို့၏မြို့ကြီးများ၌ ကျွန်ုပ်တို့၏လူများအထဲတွင် ရိုးသားသောဝိညာဉ်များအတွက် သတင်းစကားယူဆောင်သွားရန်နှင့် သူတို့ကိုရွေးထုတ်ရန် ကျွန်ုပ်အကောင်းဆုံးဆောင်ရွက်ရမည်။ ကျွန်ုပ်တို့ပြသခဲ့သောအရာဖြင့် ဘုရားသခင်မနှစ်သက်ပါ။ လက်တွေ့ဝင်ရောက်လုပ်ကိုင်ခြင်းမရှိသေးသောမြို့ကြီးများစွာရှိသေးသည်။ ကျွန်ုပ်တို့၏မြို့ကြီးရှိမြို့သူမြို့သားများတို့ကိုသတိပေးခြင်းအလုပ်၌ ပါဝင်ကြသောသူတို့သည် ခရစ်တော်ထံဝိညာဉ်များကိုကယ်တင်နိုင်မည့်ပညာကို ရရှိပါလိမ့်မည်။ အကယ်၍ အမှန်တရားကိုသူတို့ရှေ့၌ ပညတ်တစ်ခုပေါ်တစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်းကြိုးစားပြီး ဖော်ပြခြင်းမရှိပါက သူတို့မည်ကဲ့သို့ပြောင်းလဲနိုင်ကြမည်နည်း။ [Ev 463.1]

အမှုဆောင်များတို့သည် အမှန်တရား၌ခိုင်မြဲလျက်ရှိသောအသင်းတော်များရှိရာသို့ ကြိမ်ပေါင်းများစွာသွားလာလည်ပတ်ကာ အချိန်ကိုအသုံးမပြုသင့်ပါ။ အမှန်တရားကိုဟောပြောခြင်း၊ ရှင်းပြခြင်းမပြုရသေးသော နေရာမြောက်မြားစွာရှိနေသေးပါသည်။ Letter 8, 1909. [Ev 463.2]

**စိတ်ဝင်စားသောအိမ်များသို့အမှုဆောင်အပို့ခံရခြင်း** – အလင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းသည် လူတို့လိုအပ်နေသောအရာဖြစ်သည်။ အကယ်၍ နှုတ်ကပတ်တော်၏ဆရာများဆန္ဒရှိပါက ဘုရားသခင်သည် သူတို့ကိုလူတို့နှင့်ခင်မင်ရင်းနှီးစေရန် ပို့ဆောင်တော်မူလိမ့်မည်။ အမှန်တရားကိုလိုအပ်၍ဆန္ဒရှိသူများတို့၏အိမ်သို့ သူတို့ကိုဘုရားသခင်ပို့ဆောင်ပြီး ပျောက်သောသိုးများကိုရှာဖွေသောအလုပ်၌ပါဝင်သော ဘုရားသခင်၏အစေခံ

များကဲ့သို့ သူတို့၏ဝိညာဉ်ရေးစိတ်စွမ်းအားနိုးကြားလာပြီး ခွန်အားနှင့်ပြည့်ဝလာမည်ဖြစ်သည်။ Review and Herald, Dec. 29, 1904. [Ev 463.3]

**ဆယ်ဆပိုလာသောအရှိန်အဟုန်ဖြင့်** – အကယ်၍ ယခုတရားဟောခြင်း၏အချိန်တစ်ဝက်ကို တစ်အိမ်မှတစ်အိမ်သို့လည်ပတ်ခြင်းလုပ်ငန်းကိုပေးလိုက်ပါက ကောင်းသောအကျိုးများရရှိသည်ကို တွေ့ရပေလိမ့်မည်။ လူတို့နှင့်အမှုဆောင်များရင်းနှီးခြင်းရှိကြမည်ဖြစ်သောကြောင့် ကောင်းကျိုးများစွာရရှိမည်ဖြစ်သည်။ မိသားစုများတို့ထံ တိတ်တဆိတ်လည်ပတ်ခြင်းဖြင့် အချိန်ကိုအသုံးပြုပြီး ဆုတောင်းခြင်း၊ ဘုရားနှင့်စကားပြောခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် နှုတ်ကပတ်တော်ကိုရှင်းပြခြင်းများပြုသောအခါ မကြာခဏလူထုတရားပွဲထက် ပို၍ကောင်းကျိုးကိုရရှိစေပါလိမ့်မည်။ ကြိမ်ပေါင်းများစွာ စိတ်နှလုံးထဲအရှိန်အဟုန်ဆယ်ဆစွဲမှတ်ရခြင်းမှာ တစ်ဦးချင်းဆန္ဒတောင်းခံခြင်းများသည် အခြားလုပ်ဆောင်မှုများထက် သာလွန်သောကြောင့်ဖြစ်သည်။

ဤနည်းဖြင့် မိသားစုထံလည်ပတ်ခြင်းသည် တစ်ဦးချင်းဆီသို့စကားပြောခြင်းဖြစ်သည်။ အိမ်သားများတို့သည် သူတို့ကြားရသောအမှန်တရားများကို သူတို့၏အိမ်နီးနားချင်းသို့ သူတို့ဝေငှနိုင်ရန် အမှတ်တမဲ့စုရုံးခြင်းဖြစ်မည်မဟုတ်ပါ။ သူတို့ကိုယ်တိုင်စိတ်အားထက်သန်စွာ၊ ကြင်နာသောစိုးရိမ်ကြောင့်ကြမှုဖြင့်စကားပြောပါသည်။ သူတို့၏ကန့်ကွက်ချက်များကို လွတ်လပ်စွာဖော်ပြခွင့်ပြုပြီး ဤကန့်ကွက်ချက်များတို့သည် “ဘုရားသခင်မိန့်တော်မူသည်ကား” နှင့်တုံ့ပြန်နိုင်ပါသည်။ အကယ်၍ ဤအလုပ်ကိုနှိမ့်ချသောစိတ်နှင့်ဆောင်ရွက်ပါက ဘုရားသခင်၏မေတ္တာတော်ဖြင့်ပြည့်ဝသော သူတို့၏စိတ်နှလုံးသားများအားဖြင့်ပြောဆိုသောစကားများတို့သည် ပြည့်စုံပေလိမ့်မည်။ “နှုတ်ကပတ်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။” Letter 95, 1896. [Ev 463.4]

**လူတချို့တို့သည်ချဉ်းကပ်၍မရပုံပေါ်သည်** – ဘုရားသခင်အတွက် အမှုထမ်းသောသူတို့သည် ချဉ်းကပ်၍မရသောသူတချို့တို့ကို တွေ့ရှိရလိမ့်မည်။



သူတို့သည် မိမိတို့၏ကိုယ်ပိုင်ယုံကြည်ခြင်းနှင့်ဝတ်ပြုခြင်းကို ဝင်ရောက်စွက်ဖက်သောကြောင့် ခံစားရပုံပေါ်ပြီး ဘုရားသခင်နှင့်အတူလုပ်ဆောင်သောအမှုဆောင်များကို ကြည်ဖြူခြင်းမရှိကြပါ။ ဤအမှုဆောင်များတို့သည် မိမိကိုယ်ကိုအားကိုးခြင်းမပြုဘဲ ယေရှုကိုသာကြည့်ပြီး ဘုရားရှင်၏နှုတ်ကပတ်တော်မှညွှန်ကြားချက်များကို သတိအာရုံဖြင့်နာခံလိုက်လျှောက်ကြရမည်။ Letter 5, 1896. [Ev 464.1]

## ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း၌အမျိုးသမီးများ

**ဤအကျပ်အတည်းကာလ၌** – အမျိုးသားများအတွက်အလုပ်ရှိသကဲ့သို့ အမျိုးသမီးများအတွက်လည်းအလုပ်ရှိသည်။ ဤကျပ်တည်းသောကာလတွင်ရှိသော ဘုရားရှင်၏အလုပ်၌ အမျိုးသားများနေရာတွင် သူတို့နေရာယူပြီး သူတို့အားဖြင့် ဘုရားသခင်အလုပ်လုပ်သွားလိမ့်မည်။ အကယ်၍ သူတို့သည် မိမိတို့၏တာဝန်ကိုသိသောစိတ်ဓာတ်ရှိပြီး ဝိညာဉ်တော်ဩဇာအောက်၌ အမှုတော်ကိုဆောင်ရွက်ပါက ဤအချိန်အတွက်လိုအပ်သည့်ကိုယ်ပိုင်ခွန်အားကိုရရှိကြလိမ့်မည်။ ဤဆက်ကပ်သောအမျိုးသမီးများအပေါ် မိမိ၏ရုပ်သဏ္ဍာန်အလင်းကို ကယ်တင်ရှင်သည် ရောင်ခြည်ဟပ်စေမည်ဖြစ်ပြီး အမျိုးသားများတို့ထက် ပို၍တန်ခိုးကိုသူတို့အားပေးပါလိမ့်မည်။ အမျိုးသားများမလုပ်နိုင်သောအလုပ်တစ်ခုကို မိသားစုများအတွက်ပြုလုပ်နိုင်ပြီး အသက်တာ၏အတွင်းပိုင်းကျသောအလုပ်ကိုပင် ထိရောက်စွာဆောင်ရွက်နိုင်ပါသည်။ အမျိုးသားများချဉ်းကပ်၍မရသောနှလုံးသားများကို အမျိုးသမီးများချဉ်းကပ်နိုင်ပါသည်။ သူတို့၏လုပ်ဆောင်မှုလိုအပ်နေပါသည်။ Review and Herald, Aug. 26, 1902. [Ev 464.2]

**နှလုံးသား၌လုပ်ဆောင်နိုင်သောအမျိုးသမီးများ** – ဘုရားသခင်၏အမှုတော် နှလုံးသားထဲ၌ရှိသောအမျိုးသမီးများတို့သည် မိမိတို့နေထိုင်သောဒေသ၌

ကောင်းသောအလုပ်ကိုထမ်းဆောင်နိုင်ပါသည်။ အမှန်တရားကို အခြားသောသူများရှေ့၌ဟောပြောသောသူကိုမစသည့် အမျိုးသမီးများအကြောင်းခရစ်တော်ပြောပြီး ဧဝံဂေလိလုပ်ငန်း၌ သူနှင့်အတူအမှုထမ်းသောအမျိုးသမီးများအကြောင်းကိုလည်း ရှင်ပေါလုပြောသည်။ သို့သော် ဆန္ဒရှိပါက ကြီးမားသောအလုပ်ကိုလုပ်ဆောင်နိုင်လျက်နှင့် အနည်းငယ်သာသူတို့လုပ်ဆောင်နေကြပါသည်။ Letter 31, 1894. [Ev 465.1]

**ယုံကြည်သူအမျိုးသမီးများဝိညာဉ်များအပေါ်ခံစားချက်ရှိသောအခါ** – သင်၏ဗဟုသုတအားဖြင့် ကျွန်ုပ်စဉ်းစားသည်မှာ၊ ဘုရားရှင်ဦးဆောင်မှုအောက်၌ အမျိုးသမီးများပေါင်းစည်း၍ ဘုရားအမှုတော်အတွက်ဆောင်ရွက်ရန် သင်၏ဩဇာကို သင်ကြိုးစားရယူနိုင်ပြီး ပါဝင်ဆောင်ရွက်နိုင်ပါသည်။ အမှန်ပင် အမျိုးသမီးဦးရေများစွာတို့သည် ဒုက္ခရောက်သောသူများတို့ကိုအားပေးခြင်း၊ မည်ကဲ့သို့ယုံကြည်ရန်၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်ယေရှုခရစ်တော်၌ ရိုးရိုးသားသားယုံကြည်ရန် သူတို့ကိုပညာပေးခြင်းများပြုကြရမည်။ ထိုနောက် လူတို့သည် မိမိတို့၏ကိုယ်ကို သခင်ယေရှုထံပေးအပ်ပြီး လုံးလုံးဆက်ကပ်အပ်နှံသည့်အခါ၊ ယုံကြည်ချက်များကို သူတို့နားလည်ကြပေလိမ့်မည်။ [Ev 465.2]

အမေရိကန်ပြည်ရှိ ကျွန်ုပ်တို့၏ညီအစ်မများတို့သည် သခင်ယေရှုအတွက် သူတို့ဆောင်ရွက်နိုင်သည်ထက် ပို၍မဆောင်ရွက်ကြသောကြောင့် ကျွန်ုပ်၏စိတ်ကိုနာကျင်စေပါသည်။ ခရစ်တော်၌တည်နေကြပါက သူတို့သည် အလုပ်အတွက်ရဲရင့်ခြင်း၊ ခွန်အားနှင့်ယုံကြည်ခြင်းကို ရရှိကြပါလိမ့်မည်။ အမျိုးသမီးအများစုတို့သည် စကားပြောခြင်းကိုနှစ်သက်ကြသည်။ အဘယ်ကြောင့်ပျက်စီးကြမည့်ဝိညာဉ်များသို့ ခရစ်တော်၏နှုတ်ကပတ်တော်ကိုမပြောဆိုကြပါသနည်း။ ခရစ်တော်နှင့်ကျွန်ုပ်တို့ဆက်သွယ်မှုပို၍နီးကပ်သောအခါ၊ ဘုရားကိုမသိသော ပျက်စီးသည့်ဝိညာဉ်များအကြောင်းနှင့် အဖိုးဖြင့်သူတို့အားဝယ်ယူခဲ့သောခရစ်တော်ကို သူတို့ရှုတ်ချခြင်းအတွက် ခံစားချက်မရှိသောသူတို့အကြောင်းကို သူတို့၏စိတ်နှလုံးသားမှသင်ယူကြလိမ့်မည်။ [Ev 465.3]



ယုံကြည်သူအမျိုးသမီးများ အပြစ်များ၏ဝန်ထုပ်သည် သူတို့ကိုယ်တိုင်နှင့်မဆိုင်သော်လည်း ဝိညာဉ်အပေါ်ခံစားချက်ရှိပါက ခရစ်တော်အမှုဆောင်ရွက်သကဲ့သို့ သူတို့ဆောင်ရွက်ကြပါလိမ့်မည်။ ခရစ်တော်ထံသို့ ဝိညာဉ်များကိုပို့ဆောင်သောဆက်ကပ်ခြင်းအလုပ်ကို ကြီးမားလွန်းသည်ဟုသူတို့ထင်ကြမည်မဟုတ်ပါ။ ဝိညာဉ်များကိုချစ်သောသူတိုင်း ဘုရားသခင်ဖြစ်ပွားစေသောသူဖြစ်သည်။ ခရစ်တော်၏ခြေတော်ရာကို အဆင်သင့်လျှောက်လိုက်လိုသောသူများဖြစ်ကြပြီး သူတို့၏ပြောဆိုသောစကားများနှင့်အသံသည် သခင့်အမှုတော်၌လုပ်ဆောင်သော စွမ်းရည်များဖြစ်ပေလိမ့်မည်။ အဓိကသိုလှောင်ရုံမှဝိညာဉ်အစားအစာသည် သူတို့ကိုယ်တိုင်ထံမှ ညှိုးနွမ်း၍ခြောက်ကပ်သောဝိညာဉ်များကိုချစ်သည့် ထင်ရှားသောလမ်းကြောင်းဖြင့်စီးကျလာပေလိမ့်မည်။ [Ev 465.4]

**ဤသာသနာလုပ်ငန်းသည်အဆက်မပြတ်လုပ်ဆောင်ရမည့်ပညာရေးတစ်ခုဖြစ်သည်** – ကောင်းချီးမင်္ဂလာတစ်ခုအဖြစ်တောင့်တမှုသည် လုပ်ဆောင်သူ၏အားနည်းချက်နှင့်မပြည့်စုံမှုတို့ကို မြင်တွေ့လာစေပါသည်။ ဤစိတ်ဆန္ဒသည် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ထံသို့စိတ်ဝိညာဉ်ရောက်ရှိသွားစေရန် မောင်းနှင်တွန်းပို့စေပြီး၊ သခင်ယေရှုမှသူ၏အလင်းနှင့်သူ၏သန့်ရှင်းသောဝိညာဉ်တော်ကိုပေးကာ မာကျောခက်ထန်နေသောနှလုံးသားများကို အရည်ပျော်စေပြီး၊ ကျိုးပဲ့သွားအောင် သခင်ခရစ်တော်လုပ်ဆောင်ပေးကြောင်းကို သူတို့သဘောပေါက်နားလည်လာကြသည်။ Letter 133, 1898. [Ev 466.1]

**လုပ်ငန်းကဏ္ဍအမျိုးမျိုးတွင်လိုအပ်နေပါသည်** – ဘုရားရှင်၏အမျိုးမျိုးသောအမှုကိစ္စတို့တွင် လုပ်ဆောင်ရမည့်ကွင်းပြင်ကြီးသည် ကျယ်ပြောလှပြီး၊ ၎င်း၌ညီမများတို့သည် သခင့်အတွက်ကောင်းသောအစေခံခြင်းများကို လုပ်ဆောင်နိုင်ပါသည်။ လိုင်းပေါင်းများစွာသော သာသနာလုပ်ငန်းတို့သည် လျစ်လျူရှုခြင်းခံခဲ့ရပါသည်။ မတူညီကြသောအသင်းတော်များတွင် မကြာခဏဆိုသကဲ့သို့ အလုပ်ပြီးပြတ်အောင်မလုပ်ဆောင်ကြဘဲ၊ သို့မဟုတ် ပြီးစီးသွားပါသည်ဟူသောအလုပ်တို့သည်လည်း ပြည့်စုံမှုမရှိသောကြောင့် ညီမများတို့သည် မှန်ကန်စွာ

သင်ကြားပို့ချမှုကိုခံယူခဲ့ကြပါက၊ ၎င်းလိုအပ်ချက်များကို ညီမများ၏အကူအညီအားဖြင့် ပြီးမြောက်အောင်မြင်စေနိုင်ပါသည်။ လိုင်းပေါင်းစုံသောအိမ်တွင်းသာသနာလုပ်ငန်းအားဖြင့် ဓမ္မအမှုတော်ဆောင်များထိုးဖောက်ဝင်ရောက်နိုင်မှုမရှိသော လူတန်းစားအလွှာများထံ ၎င်းတို့အားဖြင့်ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။ ဆွေကြီးမျိုးကြီးမှပေါက်ဖွားလာသောအမျိုးသမီးများအထဲ၌ကိုယ်ကျင့်တရားမြင့်မြတ်ပြီး အမှန်တရားအတွက်စိတ်ဆန္ဒပြင်းပြမှုရှိသောသူတို့ထဲတွင် လိမ္မာပါးနပ်မှုရှိသောသူ၊ သိမြင်နားလည်သောသူနှင့် ကောင်းသောစွမ်းပကားအရည်အချင်းကောင်းများပြည့်ဝကာ ထိုသူတို့အားဖြင့် အောင်မြင်သောအမှုတော်ဆောင်ကောင်းများအဖြစ် လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ဤကဲ့သို့တန်ဖိုးရှိသော ခရစ်ယာန်အမျိုးသမီးများ၏လုပ်အားကို အမှန်ပင်လိုအပ်နေပါသည်။ Review and Herald, Dec. 10, 1914. [Ev 466.2]

**ဧဝံဂေလိလုပ်ငန်း၌အမျိုးသမီးများတို့၏ကဏ္ဍ –** အိမ်တွင်းသာသနာ့လုပ်ငန်းအမျိုးမျိုးထဲ၌ သီလနှင့်ပြည့်စုံပြီး လိမ္မာရေးခြားရှိသောအမျိုးသမီးသည်မိမိ၏တန်ခိုးများကို အမြင့်ဆုံးသောအကျိုးကျေးဇူးအတွက် အသုံးပြုနိုင်ပါသည်။ သူ၏ကျေးဇူးတော်ကိုခံယူရရှိသောသူများကဲ့သို့ ခရစ်တော်အသေခံခဲ့သော မည်သည့်အမျိုးသားအမျိုးသမီးများရှိပါသနည်း။ မိမိတို့ကိုယ်တိုင်အမှန်တရားကိုကျင့်သုံးသောအမျိုးသမီးများတို့ထက်ပို၍ အမှန်တရားနှင့်ခရစ်တော်၏ပုံသက်သေကိုကိုယ်စားပြုနိုင်သော မည်သူများရှိပါသနည်း။ Review and Herald, Dec. 10, 1914. [Ev 466.3]

**အကြံပေးသူ၊ မိတ်ဆွေနှင့်လုပ်ဖော်ဆောင်ဖက်အဖြစ် –** အကယ်၍ အမျိုးသမီးတစ်ဦးသည် မိမိအချိန်နှင့်အရည်အချင်းများကို လိမ္မာစွာတိုးတက်စေပြီး၊ ပညာနှင့်ခွန်အားအတွက် ဘုရားရှင်ကိုအမှီပြုကာ မိမိ၏ခင်ပွန်းနှင့်အတူ တန်းတူရည်တူ အကြံပေးသူ၊ မိတ်ဆွေနှင့်လုပ်ဖော်ဆောင်ဖက်အဖြစ်ပါဝင်လုပ်ဆောင်ပါက မိမိအမျိုးသမီးကျေးဇူးနှင့် ဂုဏ်သိက္ခာတစ်ခုကိုမျှ အလဟဿဖြစ်စေမည်မဟုတ်ပါ။ သူသည် မိမိ၏စာရိတ္တကိုတိုးတက်အောင်ပြုလုပ်နိုင်မည်ဖြစ်ပြီး





ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိ မိသားစု၏အကျင့်စာရိတ္တများကိုလည်းတိုးတက်စေနိုင်ခြင်းနှင့်မြင့်မြတ်စေခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကာဘေးပတ်ဝန်းကျင်ရှိသူများတို့အတွက်ကိုပါ မထင်မမှတ်သောတန်ခိုးသြဇာကိုပင် ပေးစွမ်းနိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်အမျိုးသမီးများ မိမိတို့၏အသိဥာဏ်ကိုမပျိုးထောင်သင့်ပါသနည်း။ အဘယ်ကြောင့်မိမိတို့ရှိနေခြင်း၌ဘုရားသခင်၏ရည်ရွယ်ချက်ကို မဖြေဆိုနိုင်ကြပါသနည်း။ အဘယ်ကြောင့်မိမိတို့၌ရှိနေသောတန်ခိုးကိုမသိ၊ ဤတန်ခိုးကိုဘုရားသခင်ထံမှရရှိကြောင်းကိုနားမလည်၊ ကြိုးစား၍သူတစ်ပါးကောင်းကျိုးအတွက်နှင့် ဤကမ္ဘာ၌ရှိသောပြုပြင်ပြောင်းလဲရေးအမှုတော်နှင့် မှန်ကန်ပြီးစစ်မှန်သောကောင်းမြတ်ခြင်းတို့ကို၎င်းတို့ဖြင့်အပြည့်အဝအသုံးမပြုဘဲနေကြရပါသနည်း။ ကောင်းကျိုးကိုသော်လည်းကောင်း၊ ဆိုးကျိုးကိုသော်လည်းကောင်း အမျိုးသမီးများဆောင်ရွက်နိုင်သည့်သြဇာတန်ခိုးရှိကြောင်းကို မာရ်နတ်သိသည်။ ထို့ကြောင့် သူတို့ကိုအမှုတော်၌အသုံးပြုရန် သူလမ်းရှာလျက်ရှိသည်။ Good Health, June, 1880. [Ev 467.1]

**ပုံမှန်အသက်တာတစ်ခု၏တန်ဖိုး –** ဇနီးသည်များ၊ မိခင်များနှင့်ပျိုရွယ်သောအမျိုးသမီးအမှုဆောင်များတို့၏အလုပ်တာဝန်သည် အံ့သြဖွယ်ရာကောင်းသည်။ အကယ်၍သူတို့၌ဆန္ဒရှိပါက သူတို့သည် ကောင်းသောအရာအတွက်သြဇာကိုပတ်ဝန်းကျင်ရှိသူတို့အား ပေးစွမ်းနိုင်လိမ့်မည်။ ဝတ်စားဆင်ယင်ခြင်း၌ ယဉ်ကျေးခြင်း၊ အမူအရာ၌သတိတရားရှိခြင်းအားဖြင့် သူတို့သည် အမှန်တရားကိုရိုးသားစွာဖြင့်သက်သေခံနိုင်ကြလိမ့်မည်။ သူတို့၏အလင်းကို လူတိုင်းရှေ့၌ထွန်းလင်းစေနိုင်ပြီး အခြားလူများတို့သည် သူတို့၏ကောင်းသောအလုပ်များကိုတွေ့မြင်ရခြင်းအားဖြင့် ကောင်းကင်ဘုံ၌ရှိသောသူတို့၏အဘကို ချီးမွမ်းကြလိမ့်မည်။ အမှန်ပြောင်းလဲသောအမျိုးသမီးတစ်ဦးသည် ကောင်းကျိုးအတွက်တန်ခိုးနှင့်ပြည့်ဝသောပြောင်းလဲခြင်းတစ်ခုကို ရရှိပေလိမ့်မည်။ သူမ၏ခင်ပွန်းသည်သူနှင့်လက်တွဲပြီး သူမသည် ခင်ပွန်းသည်၏အလုပ်ကိုကူညီနိုင်ကာ ခင်ပွန်းသည်

အတွက် ခွန်အားပေးခြင်းနှင့်ကောင်းချီးမင်္ဂလာလမ်းကြောင်းများဖြစ်ပါလိမ့်မည်။ ဆန္ဒနှင့်လမ်းခရီးသည် ဘုရားသခင်၏ဝိညာဉ်တော်လက်အောက်သို့ ယူဆောင်လာသောအခါ ကောင်းမှုအတွက်အကန့်အသတ်မရှိဘဲ အောင်မြင်မှုရရှိပါလိမ့်မည်။ Manuscript 91, 1908. [Ev 467.2]

**ယေရှုအတွက်ဝန်ထုပ်ထမ်းဆောင်ပေးသူများ –** ကျွန်ုပ်တို့၏ညီအစ်မများ၊ လူပျိုလူရွယ်၊ လူလတ်တန်းနှင့်အသက်အရွယ်ကြီးသူများတို့သည် ဤအချိန်အတွက် နောက်ဆုံးလုပ်ငန်း၌ပါဝင်နိုင်ကြပြီး သူတို့၌အခွင့်အရေးရှိသည်နှင့်အညီ ဆောင်ရွက်ကြခြင်းအားဖြင့် မိမိတို့အတွက် အမြင့်ဆုံးသောတန်ဖိုးဖြစ်သည့် ဗဟုသုတတစ်ခုကို သူတို့ရရှိကြလိမ့်မည်။ ကိုယ်ကျိုးမေ့ပျောက်ခြင်းအားဖြင့် ကျေးဇူးတော်၌သူတို့ကြီးထွားလာကြလိမ့်မည်။ ဤလမ်းညွှန်မှုအတွင်း စိတ်ဓာတ်ကို သင်တန်းပေးခြင်းအားဖြင့် သူတို့သည် ယေရှုအတွက်ဝန်ထုပ်များကို မည်ကဲ့သို့သယ်ပိုးရမည်ကို သင်ယူရရှိကြလိမ့်မည်။ Review and Herald, Jan. 2, 1879. [Ev 468.1]

**အိမ်၌အလုပ်လုပ်သူများ –** အိမ်အလုပ်ကိုကူညီရန် အမျိုးသား၊ သို့မဟုတ် အမျိုးသမီးများတို့ကိုတာဝန်ပေးသောသူတို့သည် သင့်လျော်သောအဖိုးအခကို ပေးသင့်သည်။ ၎င်းပြင် လုပ်ဆောင်သောသူတို့ကိုလည်း ချီးမွမ်းဂုဏ်ပြုသင့်သည်။ သူတို့၏သစ္စာရှိစွာဆောင်ရွက်ခြင်းကို ချီးမွမ်းစရာမကောင်းဟု သူတို့အားမထင်သင့်ပါ။ သူတို့၏အလုပ်သည် ကျမ်းစာသင်တန်းပေးသောအလုပ်ကဲ့သို့ လိုအပ်သည့်အတွက် ကျေးဇူးတင်စကားများကို သူတို့အားပြောသင့်သည်။ သူတို့သည် မကြာခဏမေတ္တာနှင့်သနားခြင်းကရုဏာကို လိုလားတောင့်တသည့်အတွက် ဤကဲ့သို့သူတို့၏ထိုက်တန်ခြင်းကို ထိန်းထားရန်မသင့်ပါ။ [Ev 468.2]

အိမ်အတွက်ချက်ပြုတ်ခြင်းနှင့် အခြားအလုပ်လုပ်ဆောင်သောသူတို့သည် ဘုရားအလုပ်၌ ကျမ်းစာလုပ်ငန်းလုပ်ကိုင်သူများကဲ့သို့ပင်ဖြစ်သည်။ ထို့ကြောင့်သူတို့သည် ပို၍သနားခြင်းနှင့်မေတ္တာလိုအပ်ရခြင်းသည် ဝိညာဉ်



ရေးပိုင်းဆိုင်ရာအလုပ်များ၌ ဝိညာဉ်ရေးအားဖြည့်တင်းပေးခြင်း၊ မြှင့်တင်ပေးခြင်းနှင့်ခွန်အားပေးခြင်းကို ပေးစွမ်းနိုင်သောကြောင့်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့အားလုံး အစေခံများဖြစ်ကြကြောင်းသတိရပါ။ သင်၏အိမ်အလုပ်ကိုဆောင်ရွက်သောသူသည် ကျမ်းစာသင်ပေးသောသူကဲ့သို့ ဘုရားသခင်အသိအမှတ်ပြုပြီး ချီးမွမ်းဂုဏ်ပြုပါသည်။ Manuscript 128, 1905.

## သမ္မာကျမ်းစာလုပ်ငန်း၌အမျိုးသား၊ အမျိုးသမီးအားလုံးပါဝင်

**တိကျသောအလုပ်တစ်ခုအတွက်စုပေါင်းစွမ်းရည်များ –** ကြီးမား၍တိကျသောအလုပ်တစ်ခုကို ဆောင်ရွက်ရန်ရှိသောအခါ၊ ဘုရားသခင်သည် ဤအလုပ်ကိုလုပ်ဆောင်ရန် အမျိုးသားနှင့်အမျိုးသမီးများတို့ကိုရွေးချယ်ပြီး၊ အကယ်၍ စွမ်းရည်များတို့ကို ပေါင်းစည်းခြင်းမပြုပါက အောင်မြင်ခြင်းမရှိကြောင်းခံစားရပါလိမ့်မည်။ Letter 77, 1898. [Ev 469.1]

အမျိုးသမီးများနှင့်အမျိုးသားများတို့ပါ ဖုံးကွယ်လျက်ရှိသောအမှန်တရားကို ပေါ်လွင်ထင်ရှားစေရန် ပါဝင်လုပ်ဆောင်နိုင်ကြပါသည်။ Testimonies, vol. 9, p. 128. (1909) [Ev 469.2]

**အမျိုးသမီးတချို့ကိုကျမ်းစာအလုပ်၌သင့်လျော်စေသည် –** ကျမ်းစာသင်ပေးခြင်းလုပ်ငန်းအတွက် အထူးသင့်လျော်စေသောအမျိုးသမီးများရှိပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတစ်ပါးထံသို့ ရိုးစင်းစွာဟောပြောခြင်းအားဖြင့် သူတို့အလွန်အောင်မြင်စွာဆောင်ရွက်နိုင်ကြသည်။ မိခင်များနှင့်သူတို့၏သမီးများထံသို့ ရောက်ရှိဟောပြောခြင်းကြောင့် သူတို့သည် သူတစ်ပါးအတွက်ကြီးမားသောကောင်းချီးမင်္ဂလာတစ်ပါးဖြစ်လာပါသည်။ ဤအလုပ်သည် သန့်ရှင်းသောအလုပ်ဖြစ်ပြီး ဤအလုပ်၌ပါဝင်သောသူတို့ကို အားပေးသင့်သည်။ Letter 108, 1910. [Ev 469.3]

**လူမျိုးခြားအမျိုးသမီးများကို အလုပ်၌ခေါ်ယူခြင်း –** ဤအရပ်ဒေသ၏လိုအပ်ချက်များ ကျွန်ုပ်အပေါ်ဖိစီးလာသည်မှာ နောက်ကျနေပါသည်။ ကျွန်ုပ်အနည်းငယ်သာအိပ်ပျော်ခဲ့သည်။ ဆေးသာသနာ့လုပ်ငန်းကို ဤလူမျိုးများတို့အထဲ၌ သူနာပြုခြင်း၊ ချက်ပြုတ်ခြင်းနှင့် အခြားအရေးကြီးသောလုပ်ငန်းများလုပ်ဆောင်နိုင်ခြင်းတို့၌ သင်တန်းရရှိသူများဆောင်ရွက်ကြရမည်။ ၎င်းလူမျိုးအထဲ၌ ဆရာများ၊ ကျမ်းစာအမှုထမ်းများနှင့်ဓမ္မစာပေဖြန့်ချိရေးသမားများအဖြစ်ဆောင်ရွက်နိုင်ရန် သူတို့ကိုသင်တန်းပေးရမည်။ Letter 221, 1904. [Ev 469.4]

**လူမျိုးခြားအမျိုးသားများတို့ကိုသင်တန်းပေးခြင်း –** လူမျိုးခြားအမျိုးသားများတို့ကို ကျမ်းစာသင်တန်းပေးခြင်းနှင့် တဲအစည်းအဝေးကျင်းပခြင်းများတို့ကို မိမိတို့၏လူများအထဲ၌ပြုလုပ်နိုင်ရန် သေချာစွာပညာပေးခြင်းနှင့်သင်တန်းပေးခြင်းကို ပြုလုပ်ပေးရမည်။ ဤလုပ်ငန်းအတွက်ပြင်ဆင်ပေးသင့်သည့် စွမ်းရည်ရှိသူများရှိကြပါသည်။ Testimonies, vol. 9, p. 207. (1909)

**ဝိညာဉ်ခွန်အားရှိသောအမျိုးသားများအားဖြင့်ကျမ်းစာသင်တန်းပေးခြင်း –** သင်သည် အဓိကကျသည့်သမ္မာကျမ်းစာ၏စစ်မှန်သောအမှန်တရားများ၊ ခရစ်တော်ကျေးဇူးတော်၏အမှန်တရားများတို့ကိုဟောပြောသည်နှင့်အညီ နှလုံးသားများတို့ကို ထိခိုက်စေပြီး ဝိညာဉ်များပြောင်းလဲလာကြသည်။ ယခုသင်နှင့်ဆက်သွယ်လျက် သင်နှင့်အတူလုပ်ဆောင်ရန် ဝိညာဉ်ခွန်အားနှင့်ပြည့်ဝသောအမျိုးသားများ၊ သင်နှင့်လက်တွဲလျက် နေ့အချိန်၌အသစ်ပြောင်းလဲသူများတို့နှင့် ကျမ်းစာလေ့လာခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ထံ မည်ကဲ့သို့အသက်တာကိုအပ်နှံခြင်းများတို့ကိုပြောပြပြီး အမှန်တရား၌ ဤဝိညာဉ်များတို့သည် လုံးလုံးလျားလျားနှင့်တည်တံ့ခိုင်မြဲခြင်းရှိစေရန်ဖြစ်သည်။ ကိုယ်တိုင်ညွှန်ကြားချက်ကို ကိစ္စများစွာ၌သူတို့လိုအပ်နေပါသည်။ Letter 376, 1906. [Ev 470.1]

**ကျမ်းစာအလုပ်အတွက်အမျိုးသားအမျိုးသမီးများတို့ကိုသင်တန်းပေးခြင်း –** ဆရာကြီးဟပ်(စ)စခဲလ် (Haskell) နှင့်ဇနီး မွန်းတည့်မတိုင်မီအချိန်၌ ကျမ်းစာ



လေ့လာခြင်းအစီအစဉ်ကိုကျင်းပပြီး မွန်းလွဲပိုင်းအချိန်တွင် သင်တန်းတက်သောအမှုဆောင်များ ပြင်သို့ထွက်၍ တစ်အိမ်မှတစ်အိမ်သို့ အလည်အပတ်ပြုကြသည်။ ဤသာသနာလည်ပတ်ခြင်းနှင့် စာအုပ်များ၊ မဂ္ဂဇင်းများရောင်းချခြင်းသည် ကျမ်းစာဖတ်ရှုလေ့လာခြင်းကျင်းပရန်အတွက် လမ်းဖွင့်ပေးစေပါသည်။ အမျိုးသား၊ အမျိုးသမီးအရေအတွက် (၄၀) ခန့် နံနက်အစီအစဉ်ကိုတက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းလုပ်ငန်း၌လည်း များစွာပါဝင်လုပ်ဆောင်ကြသည်။ Review and Herald, Nov. 29, 1906. [Ev 470.2]

## ဧဝံဂေလိလုပ်ငန်းလည်ပတ်သူ

**ကျမ်းစာပို့ချသူများနှင့်လည်ပတ်သူများနှစ်မျိုးစလုံး –** ဗဟုသုတရှိသောသူတချို့တို့သည် သေလုနီးပါးအသင်းတော်များနှင့် နေရာသစ်များတို့၌ လုပ်ငန်းကိုတတ်အားသရွေ့အစွမ်းကုန်ကူညီရန် ပျိုရွယ်သောအမျိုးသား၊ အမျိုးသမီးများနှင့်အရွယ်ရောက်သူများတို့ကို ရွေးချယ်သင့်ကြသည်။ သို့မှသာတစ်ဦးချင်းကြိုးစားမှု၌ စိတ်ဝင်စားခြင်းအားဖြင့် သူတို့သည် အသိပညာရရှိပြီး ကူညီသူများစွာတို့သည် ကျမ်းစာသင်ကြားသူများ၊ ဓမ္မစာပေရောင်းချသူများ၊ အိမ်ထောင်မိသားစုများတို့ကိုလည်ပတ်သူများကဲ့သို့အသုံးခံရန် ထိုက်တန်ကြပါလိမ့်မည်။ Letter 34, 1886.

**ဧဝံဂေလိလည်ပတ်သူများကဲ့သို့ပျိုရွယ်သူများကိုခေါ်သည် –** သာသနာလုပ်ငန်း၌ အကူအညီဖြစ်စေရန်အတွက် ပျိုရွယ်သူများလုပ်ဆောင်နိုင်သည့်လုပ်ငန်းများစွာအတွက် အခွင့်အရေးကိုတွေ့ရှိနိုင်ပါသည်။ အဖွဲ့ငယ်များဖွဲ့စည်းသင့်ပြီး သူနာပြုသူများ၊ ဧဝံဂေလိလည်ပတ်သူများ၊ ကျမ်းစာသင်ပေးသူများ၊ ဓမ္မစာပေဖြန့်ချိသူများ၊ ဓမ္မဆရာများနှင့် ဆေးဝါးဖြင့်သာသနာပြုသူများတို့အဖြစ်ကောင်းမွန်စွာပညာပေးသင့်သည်။ Counsels to Teachers, p. 546. (1913) [Ev 471.1]

**လည်ပတ်ခြင်းပြုရန်အမျိုးသမီးများ –** အကယ်၍ ခရစ်တော်၏ကျောင်း၌ တန်ဖိုးရှိ၍အရေးကြီးသောနိမ့်ချခြင်းသင်ခန်းစာကို ဦးစွာသင်ယူပါက အမျိုးသမီးများတို့သည် ဘုရားသခင်အတွက် ကောင်းသောအလုပ်တစ်ခုကို ပြီးမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ပေလိမ့်မည်။ ယေရှု၏ကြွယ်ဝခြင်းအကြောင်းကို ဟောပြောခြင်းအားဖြင့် သူတို့သည် လူသားများတို့ကိုအကျိုးပြုနိုင်ပါလိမ့်မည်။ [Ev 471.2]

သခင့်အတွက်သေးငယ်နိမ့်ကျသောအလုပ်ကို လုပ်ကိုင်ကြသောသူအများစုတို့သည် မကြာမီကျေနပ်ခြင်းမရှိဘဲ သူတို့သည် ဆရာများနှင့်ခေါင်းဆောင်များဖြစ်သင့်သည်ဟု ထင်လာကြပါသည်။ သူတို့၏နိမ့်ကျသောသာသနာ့အလုပ်ကိုချန်ထားပြီး ကြီးမားသောတာဝန်ကိုထမ်းဆောင်လိုကြသည်။ လည်ပတ်ခြင်းအလုပ်၌ တာဝန်ရှိသောသူတို့သည် မကြာမီ ဤအလုပ်သည် လူတိုင်းလုပ်နိုင်သောအလုပ်၊ လူတိုင်းကြင်နာစကားနှင့်အားပေးစကားပြောနိုင်ကြပြီး၊ နိမ့်ချ၍တိတ်ဆိတ်သောလမ်းဖြင့် နှုတ်ကပတ်တော်ကိုမှန်ကန်စွာနားလည်ရန် လူတို့ကိုပို့ဆောင်နိုင်သည်ဟု ထင်လာကြပါသည်။ သို့သော် ဤနိမ့်ကျသောအလုပ်သည် ကျေးဇူးတော်များစွာ၊ သည်းခံခြင်းများစွာကို တောင်းဆိုပြီး အမြဲအသိပညာတိုးပွားစေသောအလုပ်ဖြစ်သည်။ [Ev 471.3]

သခင့်အတွက်လုပ်ဆောင်လေသမျှသော မည်သည့်အလုပ်မဆို သေးငယ်နိမ့်ကျပြီးအကျိုးနည်းသည်ဟု မစဉ်းစားမဆင်ခြင်ရပါ။ အကယ်၍ ခရစ်တော်၏ဝမ်းမြောက်ခြင်း၊ နူးညံ့သိမ်မွေ့နိမ့်ချခြင်းဖြင့်ဆောင်ရွက်ပါက ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသည့်အကျိုးကိုဖြစ်စေလိမ့်မည်။ Letter 88, 1895. [Ev 471.4]

## လူထုသာသနာ့လုပ်ငန်း၌အမျိုးသမီးများ

**ထိရောက်သောအမျိုးသမီးများတို့၏အလုပ် –** အမျိုးသမီးများတို့သည် သန့်ရှင်းသောအမှုတော်၌ပါဝင်ပြီး ဖြောင့်မတ်ခြင်း၏တန်ဆာပလာများဖြစ်နိုင်ပါသည်။



ယေရှု၏ထမြောက်ခြင်းအကြောင်းကို ပထမဦးဆုံးဟောပြောသောသူသည် မာရိဖြစ်သည်။ အကယ်၍ယခုတစ်ယောက်တည်းသောအမျိုးသမီးအစား အမျိုးသမီးအယောက် (၂၀) တို့သည် သန့်ရှင်းသောအမှုတော်တွင် ဝမ်းမြောက်စွာပါဝင်လုပ်ဆောင်ကြပါက အမှန်တရားသို့ပြောင်းလဲလာသူများစွာကို တွေ့ရှိရပေလိမ့်မည်။ ခရစ်ယာန်အမျိုးသမီးများတို့၏ဖြူစင်ပျော့ပျောင်းသောဩဇာသည် အမှန်တရားဟောကြားခြင်း၏ကြီးမားသောလုပ်ငန်း၌ လိုအပ်နေပါသည်။ Review and Herald, Jan. 2, 1879. [Ev 471.5]

**ပေါင်းစည်းသောအလုပ်တစ်ခု၌ဇနီးမောင်နှံ –** ဧဝံဂေလိသာသနာ့လုပ်ငန်း၌ ပါဝင်လုပ်ဆောင်သင့်သောအမျိုးသမီးများရှိသည်။ ဘုရားသခင်၏သိုးစုထံ လည်ပတ်ရန် ပျက်ကွက်သောဓမ္မဆရာများတို့ထက် သူတို့သည် ကောင်းသောအလုပ်ကို နည်းလမ်းအမျိုးမျိုးဖြင့်လုပ်ဆောင်နိုင်ကြသည်။ Manuscript 43a, 1898. [Ev 472.1]

**ဧဝံဂေလိဆရာများရွေးချယ်ရန်အသိပညာလိုသည် –** ဝိညာဉ်အောင်မြင်ခြင်း၌ ကောင်းသောအလုပ်ကိုလုပ်ဆောင်နိုင်သည့် ဆက်ကပ်မှုရှိသောအမျိုးသားများတို့ကို အမှုတော်အတွက်ရွေးချယ်သင့်သည်။ အမှန်တရားကိုရှင်းလင်းစွာ ပညာသားပါပါ မှန်ကန်သောအမူအရာဖြင့် ဟောပြောနိုင်သောအမျိုးသမီးများတို့ကိုလည်း ရွေးချယ်သင့်သည်။ ကျွန်ုပ်တို့အထဲ၌ စိတ်နှလုံးများအထဲသို့ လေးနက်သောကျေးဇူးတော်ခံစားနိုင်ရန် ဆောင်ရွက်ရမည်ကိုတွေ့မြင်သည့် အမှုဆောင်များလိုအပ်နေပါသည်။ ဤကဲ့သို့သောအမှုဆောင်မျိုးလိုအပ်နေခြင်းသည် ကြာညောင်းခဲ့ပါပြီ။ စိတ်အားထက်သန်စွာ ကျွန်ုပ်တို့ဆုတောင်းရပါမည်။ "အိုအဖ၊ တစ်ဦးကိုတစ်ဦးမစနိုင်ရန် ကျွန်ုပ်တို့ကိုမစပါ။" ခရစ်တော်၌အတ္တစိတ်တို့ကိုမြှုပ်နှံရမည်ဖြစ်ပြီး ဘုရားသခင်၏ဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့ဗတ္တိဇံခံယူကြရမည်။ ထိုနောက် အပြောအဆို၊ ဝိညာဉ်နှင့်ပြုမူလုပ်ကိုင်ဆောင်ရွက်ခြင်းများတွင် ဘုရားသခင်၏ဝိညာဉ်တော်ပို့ဆောင်နေကြောင်း ထင်ရှားပေလိမ့်မည်။ [Ev 472.2]

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းကိုနားလည်သော အမျိုးသားအမျိုးသမီးအမှုဆောင်များ၊ အမှန်တရားဆက်သွယ်မှုပြုခြင်းအားဖြင့် အမှုထမ်းဆောင်ရမည်ကိုနားလည်သူများနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် ယုံကြည်စိတ်ချမှုရှေ့နည်းစေရန်၊ ယုံကြည်ခြင်းတူညီသော အခြားမိတ်ဆွေတို့၏စပ်ကြား ဆက်ဆံမှုပျက်ပြားစေရန် ပြောဆိုတတ်သောစကားများတို့ကို ရှောင်ရှားသောသူများတို့ကို ကျွန်ုပ်တို့လိုအပ်နေပါသည်။ Letter 54, 1909. [Ev 472.3]

**လူထုကြီးသို့ ဟောပြောသောကျမ်းစာသင်ကြားသူတစ်ဦး –** ပတ်စဉ်ငှင်း၏ပုံဝတ္ထုကိုပြောပါ။ ဝိညာဉ်တစ်လုံး၊ သို့မဟုတ် နှစ်လုံးတို့သည် အမှန်တရားကိုလက်ခံပြီး သူတို့၏မျက်နှာအသွင်အပြင်နှင့် သူတို့၏အကျင့်စာရိတ္တတို့သည် အံ့သြဖွယ်ပြောင်းလဲပြီး သူတို့၏ပတ်ဝန်းကျင်မိတ်ဆွေများမှတွေ့မြင်မှတ်သားကာ ပြောင်းလဲလာသည့်အသက်တာသည် ပတ်ဝန်းကျင်မိတ်ဆွေများတို့ကို အခြားသူတို့အား အမှန်တရားသို့ပို့ဆောင်ပေးသောကြောင့် ယခုနှုတ်ကပတ်တော်ကို သေချာစွာလုံ့လဝီရိယဖြင့်ရှာဖွေလေ့လာကြသည်။ [Ev 472.4]

ညီအစ်မအာ(ရ) “R” နှင့် ဒဘလျူ “W” တို့သည် ဓမ္မဆရာများကဲ့သို့ အမှုတော်၌ထိရောက်စွာဆောင်ရွက်ကြပြီး ဓမ္မဆရာများအဝေးသို့ သာသနာ့လုပ်ငန်းဖြင့်သွားကြသောအခါ တချို့သောအစည်းအဝေးများ၌ ညီအစ်မဒဘလျူ “W” သည် ကျမ်းစာကိုယူ၍ လူထုပရိသတ်ကြီးအား ဟောပြောပါသည်။ Letter 169, 1900. [Ev 473.1]

**လူထုကြီးအားဟောပြောသောညီအစ်မတစ်ဦး –** အသင်းတော်အဖွဲ့အစည်းကို ကျွန်ုပ်တို့လုံးလုံးလျားလျားယုံကြည်သည်။ သို့သော် ကျွန်ုပ်တို့တိကျသောနည်းလမ်းဖြင့် လုပ်ရမည့်အလုပ်ကိုဖော်ပြထားခြင်းမရှိပါ။ အကြောင်းမှာ နည်းစနစ်တစ်မျိုးတည်းဖြင့် လူအားလုံးဆောင်ရွက်နိုင်စွမ်းမရှိသောကြောင့်ဖြစ်သည်။ [Ev 473.2]



**ထွန်းလင်းရန်လူတိုင်း၌မီးခွက်ရှိသည် –** လမ်းလွဲသူများတို့၏လမ်းကို ဓာတ်မီးတစ်ခုလုံး၏လူသွားရာလမ်း၌ထွန်းလင်းခြင်းထက် မီးခွက်တစ်လုံးတည်း၏အလင်းသည် ပို၍တောက်ပစွာထွန်းလင်းစေနိုင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့၏လုပ်ဆောင်မှုကို လုပ်ဆောင်နိုင်သည်ထက် ကန့်သတ်ထားခြင်းမပြုပါက အမှုတော်လုပ်ငန်းကို မည်မျှလုပ်ဆောင်နိုင်ကြလိမ့်မည်နည်း။ [Ev 473.3]

ကျွန်ုပ်၏ညီအစ်မ၊ ဤအရာကိုသင်ပေးပါ။ သင့်ရှေ့၌ သင့်အတွက်လမ်းပေါင်းများစွာဖွင့်ပေးလျက်ရှိသည်။ တတ်အားသရွေ့လူထုကြီးကိုဟောပြောပါ။ အစာသို့တဆေးကိုထည့်ပေးသောလမ်းကြောင်းများကိုပြုလုပ်လျက် အဖွဲ့ဖွဲ့စည်းခြင်းအားဖြင့် သြဇာတိုင်းကိုဆွဲကိုင်ထားပါ။ ဘုရားသခင်ထံတစ်ဦးချင်းဆက်ကပ်ခြင်းနှင့်သန့်ရှင်းခြင်းသည် အရိုးဆုံးစနစ်များအားဖြင့် အောင်မြင်ခြင်းကိုအကောင်းဆုံးသောခင်းကျင်းပြသခြင်းထက် ပို၍ပေးပေလိမ့်မည်။ Review and Herald, May 9, 1899. [Ev 473.4]

**စခန်းအစည်းအဝေးကျမ်းစာသင်တန်းဦးဆောင်သောအမျိုးသမီးများ –** ကျွန်ုပ်တို့၏စခန်းအစည်းအဝေးများသည် အမှုဆောင်များတို့၏ပညာရေးအတွက်ကျောင်းများဖြစ်လာရန် ဤကောင်းသောလမ်းအတိုင်းကျင်းပကြရမည်။ လုပ်ငန်းခွဲခန့်ထားခြင်းကို ပို၍နားလည်နိုင်သောစွမ်းရည်ကို ကျွန်ုပ်တို့၌ရှိရန်လိုအပ်ပြီး တာဝန်ကျသည့်အလုပ်ကို မည်ကဲ့သို့အောင်မြင်စွာဆောင်ရွက်နိုင်ရန် အားလုံးကိုပညာပေးရမည်။ တိုတိုတုတ်တုတ်စကားပြောပြီး ကျမ်းစာသင်တန်းကိုပြုလုပ်ပေးပါ။ နှလုံးသားထဲအမှန်တရား၌အာရုံပြုရန် ဟောပြောသူအနေဖြင့်သေချာစေပါ။ အကယ်၍ အစွမ်းထက်သောအမျိုးသမီးများအနေဖြင့် အမှန်ပင်ပြောင်းလဲပါက ကျမ်းစာသင်တန်း၏အလုပ်ကိုဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်း၌ပါဝင်နိုင်ပါသည်။ အမှုဆောင်ရန်ကျယ်ပြန့်သောသာသနာ့လယ်ပြင်သည် အမျိုးသားများနှင့်အမျိုးသမီးများအတွက်ပါရှိပါသည်။ Letter 84, 1910. [Ev 473.5]

## သင်တန်းပေးခြင်းနှင့်ကျောထောက်နောက်ခံ

**ကောင်းမွန်စွာသင်တန်းရယူခဲ့သောအမှုဆောင်များတို့၏တန်ဖိုး –** ဘုရားသခင်သည် အမှုဆောင်များတို့ကိုခေါ်တော်မူသည်။ သို့သော် မိမိတို့၏အလိုဆန္ဒများကို သူ၏အလိုဆန္ဒသို့အပ်နှံရန်ဆန္ဒရှိသူများနှင့် ခရစ်တော်၌ရှိသောအမှန်တရားကို သင်ကြားမည့်သူများတို့ကို သူအလိုရှိသည်။ အမှုတော်အတွက် သင်တန်းပေးခြင်းနှင့်ပညာပေးခြင်းခံရပြီး ခရစ်တော်၏ဝိညာဉ်ဖြင့်ထိန်းချုပ်ခြင်းခံရသူတစ်ဦးသည် လုပ်ငန်းကို ပညာနည်းပါးပြီး ယုံကြည်ခြင်းခွန်အားမရှိသောအမှုဆောင် (၁၀) ဦးတို့ထက် ပို၍လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါသည်။ ဘုရားသခင်၏အကြံပေးချက်နှင့်အညီ ညီညွတ်စွာနှင့် ညီအစ်ကိုများတို့နှင့်စည်းလုံးစွာအမှုတော်၌ဆောင်ရွက်သောသူတစ်ဦးသည် ကောင်းသောအရာကိုထိရောက်စွာပို၍ဘုရားသခင်ကိုမှီခိုရန်မလိုအပ်ဟုထင်ပြီး လုပ်ငန်း၏အထွေထွေစီမံကိန်းနှင့်ညီညွတ်စွာမဆောင်ရွက်သောအမှုဆောင် (၁၀) ဦးထက်ဆောင်ရွက်နိုင်ပါသည်။ Review and Herald, May 29, 1888. [Ev 474.1]

**ကျွန်ုပ်တို့၏ကျောင်းများမှကျမ်းစာအမှုဆောင်များ –** ဘုရားသခင်တည်ထောင်ထားသောကျောင်းတိုင်း၌ လွန်ခဲ့သောအချိန်ကကဲ့သို့မဟုတ်ဘဲ ကျမ်းစာသင်ပေးခြင်းကိုတောင်းဆိုလျက်ရှိသည်။ ကျွန်ုပ်တို့၏ကျောင်းသားများတို့သည် ကျမ်းစာအမှုထမ်းများဖြစ်လာရန် ပညာပေးပြီး ကျမ်းစာသင်ပေးသောဆရာတို့သည် အကယ်၍ကြီးမားသောဆရာထံ မိမိတို့ကိုယ်တိုင်သင်ယူခြင်းပြုပါကအံ့သြဖွယ်အကောင်းဆုံးသောအလုပ်တစ်ခုကို ဆောင်ရွက်နိုင်ပေလိမ့်မည်။ [Ev 474.2]

ဘုရားသခင်၏နှုတ်ကပတ်တော်သည် မှန်သောအတွေးအခေါ်၊ မှန်သောသိပ္ပံအတတ်ပညာဖြစ်သည်။ လူ့အတွေးအခေါ်များနှင့်ခံစားချက်အပေါ်ဟောပြောခြင်းသည် အကျိုးအနည်းငယ်သာရှိသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ပြည့်ဝသောသူသည် ခရစ်တော်သင်ကြားသကဲ့သို့ ရှင်းလင်းရိုးစင်း



သောနည်းဖြင့် သင်ကြားနိုင်ပါလိမ့်မည်။ မှောင်မိုက်ထဲရှိလူတို့အတွက်နှုတ်ကပတ်တော်ကိုများစွာပို၍အမှီပြုခြင်းသည် ကျွန်ုပ်တို့စကားတစ်လုံးအသုံးပြုခြင်းကဲ့သို့ အဆင်သင့်နားလည်နိုင်ခြင်းမရှိပါ။ [Ev 474.3]

မယုံကြည်သူများ မိမိတို့ထံသို့နီးကပ်စွာလာရန် မမျှော်လင့်ဘဲပျောက်သောသိုးများကိုရှာသောအမှုဆောင်များ၊ တစ်ဦးချင်းအလုပ်ကိုဆောင်ရွက်သူများနှင့် ရှင်းလင်းတိကျသောညွှန်ကြားချက်ပြုသူများတို့သည် မယုံကြည်သူများထံသို့ နီးကပ်စွာသွားကြရမည်။ [Ev 474.4]

ကျမ်းစာအမှုဆောင်များတို့အား အကောင်းဆုံးသောသင်ကြားပို့ချခြင်းနှင့်သင်တန်းပေးခြင်းကိုပြုနိုင်ရန် ပြင်ဆင်မှုပြုခြင်းသည် ကျွန်ုပ်တို့ကျောင်းများတို့၏ရည်ရွယ်ချက်ဖြစ်ရမည်။ ကျောင်းများတို့၌ မှန်ကန်၍နက်ရှိုင်းသောခရစ်ယာန်ဗဟုသုတရှိ ကျမ်းစာဆရာများတို့ကိုပြင်ဆင်ပေးနိုင်ရန် ကျွန်ုပ်တို့၏နယ်ဒေသဌာနမှ စီစဉ်ဆောင်ရွက်ပေးသင့်သည်။ အကောင်းဆုံးသောဓမ္မစွမ်းရည်ရှိသူများကို ကျောင်းများသို့ပို့ဆောင်ပေးသင့်သည်။ Manuscript 139, 1898. [Ev 475.1]

**ဓမ္မကျမ်းစာအလုပ်အပါအဝင်ကျယ်ပြန့်သောပညာတစ်ခု –** ဘုရားသခင်ချမှတ်ထားသည်မှာ ကျောင်းသည် အမျိုးသမီးများပညာရရှိရန် သင်တန်းပေးသောနေရာတစ်ခုဖြစ်ရမည်။ ချက်ပြုတ်ခြင်း၊ အိမ်လုပ်ငန်း၊ ချုပ်လုပ်ခြင်း၊ စာရင်းကိုင်ခြင်း၊ မှန်ကန်စွာစာဖတ်တတ်ခြင်း၊ အသံထွက်မှန်ကန်ခြင်း အစရှိသည်တို့ဖြစ်သည်။ ဆောင်ရွက်ရန်တာဝန်ပေးလာသောလုပ်ငန်းများအတွက် သူတို့၌အရည်အချင်းရှိရမည်။ ဥက္ကဌ၊ ဥပုသ်စာဖြေဆရာများ၊ ကျမ်းစာဆရာများစသည့်ဦးဆောင်မှုကို ပြုလုပ်နိုင်ရမည်။ ကလေးများအတွက် နေ့ကျောင်းများ၌သင်ကြားနိုင်ရန် မိမိတို့ကိုယ်ကိုပြင်ဆင်မှုပြုရမည်။ Letter 3, 1898. [Ev 475.2]

**ယောကျာ်းလေး၊ မိန်းကလေးများမဟုတ်သည့်ဗဟုသုတရှိအမှုဆောင်များ –** ဓမ္မအမှုတော်လုပ်ငန်းကို ယောကျာ်းလေးများသို့တာဝန်မပေးသင့်ပါ။ ပေး၍လည်း

မရပါ။ ထို့အတူ ကျမ်းစာလေ့လာခြင်းလုပ်ငန်းကို ဗဟုသုတမရှိသောမိန်းကလေးများကိုလည်း စေခိုင်းရန်မသင့်လျော်ပါ။ အကြောင်းမှာသူတို့သည် လုပ်ကိုင်လိုသောစိတ်ဆန္ဒရှိသော်လည်း ဘာသာရေးဗဟုသုတလိုနေပြီး ကောင်းသောပညာနှင့်သင်တန်းမရရှိကြသေးသောကြောင့်ဖြစ်သည်။ သူတို့၌သည်းခံနိုင်ရည်ရှိမရှိ၊ ရှိသင့်သည့်အရည်အချင်းရှိမရှိ သူတို့ကိုစမ်းသပ်ရပါမည်။ ယခုအချိန်အတွက် ကျွန်ုပ်တို့၏အရေးကိစ္စနှင့်အမှုတော်ကို ကိုယ်စားမပြုနိုင်ပါက သူတို့အားတာဝန်ပေးအပ်၍မရပါ။ [Ev 475.3]

ဗဟုသုတရှိသူများတို့ထံမှ နက်ရှိုင်းသောဗဟုသုတနှင့် ပြုလုပ်ဆောင်ရွက်ခြင်းနည်းလမ်းနှင့်လုပ်ပုံလုပ်နည်းတို့ကို နားလည်သောညီအစ်မများတို့သည် အမှုတော်လုပ်ငန်း၌ပါဝင်ကြရမည်။ သာသနာလုပ်ငန်းပြုလုပ်ဆောင်ရွက်ခြင်းများ၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မှန်ကန်စွာကိုယ်စားပြုနိုင်သည့် မှန်ကန်သောစိတ်ထားရှိပြီး ဆက်ကပ်သူနှင့်ဘုရားတရားကြည်ညိုလေးစားသောအမှုဆောင်များတို့ကို လိုအပ်နေသည့်အခက်အခဲမှာ အမြဲကြုံတွေ့နေရသောကိစ္စဖြစ်သည်။ Christian Education, pp. 45, 46. (1894) [Ev 475.4]

**ဉာဏ်ရည်ထက်မြက်သူကိုအလုပ်အတွက်ခေါ်ယူခြင်း –** ပျိုရွယ်သောအမျိုးသားများတို့သည် အခြားသူများတို့အား အရေးကြီးသောကျမ်းစာအမှန်တရားများတို့ကို ကိုယ်တိုင်ကောင်းမွန်စွာမသိနားမလည်ဘဲ ကြိုးစားရှင်းပြခြင်းနှင့် ပုရောဖက်ပြောကြားသောအနာဂတ်စကားနှင့်ပတ်သက်သည့် သင်တန်းပို့ချခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ရန်မသင့်ပါ။ သူတို့၌ပညာအရည်အချင်းနည်းနေသောကြောင့် အကယ်၍ကောင်းသောကျောင်း၌ ပညာဆည်းပူးရန်အခွင့်အရေးများမရရှိကြပါက အမှုတော်အတွက်ကောင်းကျိုးပေးနိုင်မည်မဟုတ်ပါ။ အသိတရားကင်းမဲ့ခြင်းသည် ခရစ်တော်နောက်လိုက်သူများအတွက် နှိမ့်ချခြင်းနှင့် ဝိညာဉ်ခွန်အားတိုးတက်ခြင်းမပေးနိုင်ပါ။ မွန်မြတ်သောနှုတ်ကပတ်တော်အမှန်တရားကို ထက်မြက်သောခရစ်ယာန်တစ်ဦးမှ အကောင်းဆုံးတန်ဖိုးထား၍ရယူနိုင်ပါသည်။ ခရစ်တော်၏အမှုတော်ကို သတိပညာဖြင့်ဆောင်ရွက်



သောသူအားဖြင့် သူသည် အကောင်းဆုံးဂုဏ်ပြုချီးမွမ်းခြင်းခံရလိမ့်မည်။ ပညာရေး၏ကြီးမားသောရည်ရွယ်ချက်သည် ကျွန်ုပ်တို့အားဘုရားသခင်ပေးထားသောတန်ခိုးကို အကောင်းဆုံးနည်းလမ်းဖြင့် သမ္မာကျမ်းစာ၏ဘာသာရပ်နှင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အတွက် အကောင်းဆုံးကိုယ်စားပြုကာ အသုံးချနိုင်ပါလိမ့်မည်။ Testimonies, vol. 3, p. 160. (1872) [Ev 476.1]

**ကောင်းမွန်စွာသင်တန်းရယူသောအမှုဆောင်များ –** တတိယကောင်းကင်တမန်ကောင်းကင်အလယ်၌ပျံဝဲခြင်းသည် ကမ္ဘာအနှံ့အပြားသို့ သတင်းစကားပျံ့နှံ့ရမည်ကိုပြသခြင်းအတွက် ပုံဆောင်ခြင်းဖြစ်သည်။ ၎င်းအရေးအကြီးဆုံးသောသတင်းစကားကို ကျွန်ုပ်တို့အတွက်ပေးထားပြီး ဤလုပ်ငန်းနှင့်ပတ်သက်သောသူအားလုံး ဦးစွာပညာတစ်ခုသူတို့၌လိုအပ်နေကြောင်းခံစားရကာ ဤလုပ်ငန်းနှင့်ပတ်သက်သည့်ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် တိုးတက်မှုအတွက် အကောင်းဆုံးသောသင်တန်းကိုရယူကြပါသည်။ Review and Herald, June 21, 1887. [Ev 476.2]

**ဆရာသည်အမှန်တရား၏စစ်မှန်သောစည်းမျဉ်းဥပဒေကိုသိရမည် –** အမှန်တရား၏စစ်မှန်သောဥပဒေများကို သင်သိခြင်း၌သေချာစေပြီး သင့်အားဆန့်ကျင်သူများကို သင်ရင်ဆိုင်လာရသောအခါ၊ သင့်ခွန်အားအားဖြင့်မဟုတ်ဘဲ ဘုရားသခင်၏ကောင်းကင်တမန်သည် သင့်အနား၌ရပ်နေပြီး မေးလာသောမေးခွန်းတိုင်းကို သင်ဖြေဆိုနိုင်ရန် သူမစလိမ့်မည်။ နေ့စဉ်သင်သည် ခရစ်တော်၌တည်နေပြီး သင်၏ပြောဆိုသောစကားများနှင့်ပုံသက်သေသည် ကောင်းကျိုးအတွက် ခိုင်မာသောသြဇာကိုသင့်အားပေးလိမ့်မည်။ Gospel Workers, p. 105. (1915) [Ev 476.3]

**ပညာရှိကျမ်းစာပို့ချသူများကိုပို၍တောင်းဆိုခြင်း –** ကျမ်းစာသင်ကြားပို့ချခြင်း၌ အကောင်းဆုံးအသုံးပြုနိုင်သည့် ဘုရားတရားကြည်ညိုသောအမှုဆောင်အမျိုးသမီးများတို့ကိုပေးရန် ရန်ပုံငွေတစ်ခုကို ကျွန်ုပ်ဖန်တီးလိုသည်။ သမ္မာ

ကျမ်းစာသင်ကြားပို့ချခြင်း၌ အမှုထမ်းများကိုပို၍များလာစေရန် ကျွန်ုပ်တို့ ပညာပေးရမည်ဟု ကျွန်ုပ်ပြောလိုပါသည်။ Letter 83, 1899. [Ev 477.1]

## သမ္မာကျမ်းစာသင်ကြားပို့ချသူ၏အရည်အချင်းများ

**ဘုရားအမှုတော်အတွက်အရည်အချင်းရှိအမျိုးသမီးများ –** ခိုင်မာသောစည်းကမ်းနှင့်တိကျကောင်းမွန်သောစာရိတ္တရှိပြီး နောက်ဆုံးသောနေ့ရက်များ၌ အသက်ရှင်နေကြသည်ဟုယုံကြည်လျက် ကမ္ဘာသို့နောက်ဆုံးသောအရေးကြီးသတိပေးသတင်းစကားပြောရန် ကျွန်ုပ်၌ရှိသည်ဟုခံယူကြသောအမျိုးသမီးများတို့ကို အလိုရှိလျက်ရှိသည်။ သူတို့သည် ကောင်းကင်မှသူတို့အပေါ်သွန်းလောင်းသော အရေးကြီးသည့်အလင်းရောင်ခြည်ကိုဖြန့်ချိခြင်း၌ပါဝင်ကြကြောင်း ခံစားသင့်ကြသည်။ ဤပုဂ္ဂိုလ်များကို မိမိတို့၏တာဝန်မှ မည်သည့်အရာမျှ မဆောင်ရွက်ရန် တားဆီး၍မရပါ။ မထမ်းဆောင်ရန် မည်သည့်အရာမျှ စိတ်ဓာတ်မကျစေနိုင်ပါ။ ယခုနှင့်နောင်ထာဝရကာလအတွက် ဤအလုပ်ကို ဆောင်ရွက်ရန် သူတို့၌ယုံကြည်ခြင်းရှိကြသည်။ ဘုရားသခင်ကိုသူတို့ကြောက်ရွံ့ပြီး စုံစမ်းသွေးဆောင်ခြင်းအမျိုးမျိုးတို့သည် သူတို့ကိုဤအလုပ်မှမည်သည့်အခါမျှလမ်းလွှဲစေရန် မပြုလုပ်နိုင်ပါ။ ပညတ်တော်လေးပါးတစ်ပါး၏ဥပုသ်နေ့ကို သန့်ရှင်းစွာသူတို့စောင့်ထိန်းကြသည်။ အကြောင်းမှာ ထိုနေ့ရက်ကို ဘုရားသခင်သန့်ရှင်းစေပြီး သန့်ရှင်းစွာစောင့်ထိန်းရန် သူတို့အားမိန့်မှာထားခဲ့သောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ သူတို့၏ဂုဏ်သိက္ခာကို သူတို့ထိန်းသိမ်းကြမည်ဖြစ်သည်။ ဤပုဂ္ဂိုလ်များတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မှန်ကန်စွာကိုယ်စားပြုကြမည်ဖြစ်ပြီး ငွေအပြောက်မှာစီခြယ်သော ရောက်ချိုသီးကဲ့သို့ လျောက်ပသောစကားကိုပြောလိမ့်မည်။ ညီအစ်မများတို့၊ လယ်ပြင်၌ရိတ်သိမ်းပြီး ကောက်လှိုင်းများတို့ကိုကူညီသိမ်းဆည်းခြင်းအလုပ်၌



ပါဝင်လုပ်ဆောင်ကြရန် ဘုရားသခင်သည် သင်တို့ကိုခေါ်လျက်ရှိသည်။ Review and Herald, Dec. 19, 1878. [Ev 477.2]

**လန်းဆန်း၍ပြည့်ဝသောခွန်အားများ –** ကဏ္ဍတိုင်း၌ ရှေ့သို့အမှုတော်တိုးတက်စေရန် ခွန်အား၊ ဖွဲ့နှင့်သတ္တိရှိလူငယ်များကို ဘုရားသခင်ခေါ်နေပါသည်။ အမှုတော်တိုးတက်ခြင်း၌ပါဝင်ကူညီရန် လူငယ်များကိုသူရွေးချယ်ခဲ့သည်။ ရှင်းလင်းသောစိတ်နှင့်ရဲရင့်သောလက်ဖြင့်တောင်းဆိုသော လန်းဆန်း၍ပြည့်ဝသောခွန်အားဖြင့် စေခိုင်းခြင်းများကိုလုပ်ဆောင်ရလိမ့်မည်။ ပျိုရွယ်သောအမျိုးသား၊ အမျိုးသမီးများတို့သည် ဘုရားသခင်အား မိမိတို့၏ပျိုရွယ်သောခွန်အားကိုပေးရန် မိမိတို့၏တန်ခိုးကိုလေ့ကျင့်ခြင်းအားဖြင့် မိမိတို့၏အတွေးအခေါ်နှင့်သန်စွမ်းသောလှုပ်ရှားမှုအားဖြင့် သူ၏ဘုန်းတော်ကိုထင်ရှားစေရန်နှင့် မိမိတို့၏မိတ်ဆွေလူသားများကယ်တင်ခြင်းရရှိရန် ဘုရားသခင်သည် သူတို့ကိုဖိတ်ခေါ်လျက်ရှိသည်။ Counsels to Teachers, p. 535. (1913) [Ev 478.1]

အခြေအနေများကြောင့် ယိမ်းယိုင်ခြင်းမရှိ၊ ဘုရားသခင်နှင့်အတူလမ်းလျှောက်သူများ၊ များစွာဆုတောင်းသူများနှင့် အလင်းအားလုံးကိုတတ်အားသရွေ့စုဆောင်းရန် စိတ်အားထက်သန်စွာကြိုးစားသော ပျိုရွယ်သည့်အမျိုးသား၊ အမျိုးသမီးများတို့ကို အလိုရှိလျက်ရှိသည်။ Counsels to Teachers, p. 537. (1913) [Ev 478.2]

**ဖွဲ့ရှိသောအမျိုးသမီးများ –** ဘုရားသခင်အတွက်အမှုထမ်းဆောင်သောသူအားလုံး၌ မာသနှင့်မာရိတို့၏စိတ်သဘောထားဖြစ်သော အမှုဆောင်ရန်ဆန္ဒရှိခြင်းနှင့် အမှန်တရားကိုရိုးသားစွာချစ်ခြင်း နှစ်မျိုးစလုံးရှိသင့်သည်။ ကိုယ်ကျိုးနှင့်တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကို ဘေးဖယ်ထားရမည်။ ဘုရားသခင်သည် စိတ်အားထက်သန်သော၊ ဆင်ခြင်တတ်သော၊ နွေးထွေးသော၊ နူးညံ့သော၊ စည်းကမ်းရှိသောအမှုဆောင်အမျိုးသမီးများတို့ကို ခေါ်တော်မူသည်။ သူသည် ဖွဲ့ရှိသောအမျိုးသမီးများ၊ မိမိကိုယ်ကျိုးနှင့်ကိုယ်တိုင်အဆင်ပြေခြင်း

ကိုဘေးဖယ်ပြီး ခရစ်တော်ကိုသာဗဟိုထားကာ အမှန်တရားစကားများကိုသာ ပြောဆိုလျက် သူတို့တွေ့ဆုံနိုင်သောပုဂ္ဂိုလ်များတို့နှင့်အတူဆုတောင်းခြင်းဖြင့် ဝိညာဉ်များပြောင်းလဲခြင်းအတွက် လုပ်ဆောင်သူများကိုခေါ်ပါသည်။ Testimonies, vol. 6, p. 118. (1900) [Ev 478.3]

**စွမ်းအားနှင့်ပြည့်ဝသောအမျိုးသမီးများမှန်ကန်သောဆုံးဖြတ်ချက်များကိုပြုရမည် –** အခက်အခဲကြားထဲမှ ရဲရင့်သောစိတ်ဓာတ်ဖြင့် အမှန်တရားကိုဦးစားပေးပြီး ဆုံးဖြတ်ချက်ချရန် မြင့်မြတ်သောအမျိုးသမီးများရှိသည်။ သူတို့သည် သေချာစွာဖြင့် အမှန်တရားကိုလက်ခံခဲ့သည်။ သူတို့၌ပါးနပ်မှု၊ အတွေးအခေါ်နှင့် ကောင်းသောစွမ်းရည်ရှိပြီး သူတို့၏သခင်အတွက် အောင်မြင်စွာထမ်းဆောင်နိုင်သော အမှုဆောင်များဖြစ်လိမ့်မည်။ ခရစ်ယာန်အမျိုးသမီးများကို ဤအတွက် ခေါ်တော်မူသည်။ Review and Herald, Dec. 19, 1878. [Ev 478.4]

**စာရိတ္တ၏အင်အားနှင့်ဩဇာ၏တန်ခိုး –** သာသနာလုပ်ငန်း၌ပါဝင်နေကြသောသူတချို့တို့သည် အားနည်းခြင်း၊ လှုပ်ရှားမှုမရှိ၊ ဝိညာဉ်မပါ၊ လွယ်ကူစွာစိတ်ဓာတ်ကျသူများဖြစ်သည်။ သူတို့၌တွန်းအားလိုသည်။ အရာတစ်ခုခုဆောင်ရွက်နိုင်ရန် တန်ခိုးပေးမည့်ကောင်းသောစာရိတ္တမရှိ၊ စိတ်အားထက်သန်မှုကိုထွန်းညှိပေးမည့်စိတ်ဓာတ်နှင့်အင်အားလည်းမရှိပါ။ အောင်မြင်ခြင်းကိုဆွတ်ခူးလိုသောသူများတို့၌ ရဲရင့်ခြင်းနှင့်မျှော်လင့်ခြင်းရှိရမည်။ သူတို့သည် ခံနိုင်စွမ်းကိုပြုစုပျိုးထောင်ရမည့်အပြင် တက်ကြွလှုပ်ရှားသောစွမ်းရည်ပါရမီကိုလည်း ပျိုးထောင်သင့်သည်။ ဒေါသအမျက်ကိုပျော့ပျောင်းသောစကားဖြင့် သူတို့ပျောက်ကွယ်စေနိုင်သကဲ့သို့ အဆိုးကိုလည်း သူရဲကောင်းတစ်ဦးကဲ့သို့ တွန်းလှန်အောင်မြင်နိုင်သော ရဲစွမ်းသတ္တိလည်းရှိရမည်။ အရာခပ်သိမ်းကိုသည်းခံနိုင်သောချစ်ခြင်းမေတ္တာဖြင့် သူတို့၏ကောင်းသောတန်ခိုးဩဇာကို ပြုလုပ်ပေးနိုင်သည့် စာရိတ္တစွမ်းအားကိုလည်း သူတို့လိုအပ်သည်။ Ministry of Healing, pp. 497, 498. (1905) [Ev 479.1]





**ဘာသာရပ်တိုင်း၏အောက်ခြေသို့သွားပါ –** အကယ်၍သင်သည် ဘုရားသခင်၏မည်သည့်လုပ်ငန်း၌မဆို ဆရာတစ်ဦးအဖြစ်အခေါ်ခံရပါက၊ ခရစ်တော်၏ကျောင်း၌ သင်သည် သင်ယူသူတစ်ဦးအဖြစ်လည်း အခေါ်ခံရခြင်းဖြစ်ပါသည်။ သင်သည် အကယ်၍သူတစ်ပါးကိုသင်ကြားပို့ချရမည့် မွန်မြတ်သောတာဝန်ကိုထမ်းဆောင်ရပါက သင်ကြားပို့ချရမည့်ဘာသာရပ်တိုင်း၏အောက်ခြေသို့ လေ့လာရမည့်တာဝန်ကို သင့်အပေါ်၌သက်ရောက်နေပါသည်။ Counsels on Sabbath School Work, p. 31. (1892) [Ev 479.2]

**ရဲစွမ်းသတ္တိ၊ အရှိန်အဟုန်၊ အင်အား၊ ဇွဲ –** ခရစ်ယာန်အသက်တာသည် ထင်သည်ထက်ပိုသည်။ သိမ်မွေ့ခြင်း၊ သည်းခံခြင်း၊ နှိမ့်ချခြင်းနှင့်ကြင်နာခြင်းပါရမီများတို့အပေါ်၌သာ တည်နေသည်မဟုတ်ပါ။ ဤကျေးဇူးတရားများသည် လိုအပ်ပါသည်။ သို့သော် ရဲစွမ်းသတ္တိ၊ အရှိန်အဟုန်၊ အင်အား၊ ဇွဲတို့လည်းလိုအပ်ပါသည်။ ခရစ်တော်ဖော်ပြသောလမ်းသည် ကျဉ်းမြောင်း၍ ကိုယ့်ကိုကိုယ်ငြင်းပယ်ရမည့်လမ်းဖြစ်သည်။ ထိုလမ်းသို့လျှောက်လှမ်းရန် ခက်ခဲမှုများနှင့်စိတ်ဓာတ်ကျဖွယ်ရာများဖြင့် တိုးဝင်ရမည်ဖြစ်သောကြောင့် အင်အားနည်းသောအခြေအနေထက်ပို၍ ကျွန်ုပ်တို့၌အင်အားလိုပါသည်။

လူတချို့တို့၌ ခိုင်မာသောစာရိတ္တမရှိပါ။ သူတို့၏စီမံကိန်းနှင့်ရည်ရွယ်ချက်များသည် တိကျသည့်ပုံစံနှင့်တည်ငြိမ်ခြင်းမရှိပါ။ ၎င်းတို့ကိုဤကမ္ဘာပေါ်တွင် အနည်းငယ်ကိုသာအသုံးပြုနိုင်ပါသည်။ ဤအားနည်းခြင်း၊ မပြတ်သားခြင်းနှင့်ထိရောက်မှုမရှိခြင်းတို့ကို အောင်မြင်သင့်သည်။ ပြင်ဆင်၍မရ၊ အခြေအနေအမျိုးမျိုးမှဆန့်ကျင်၍မရသည့် ခိုင်မြဲသောစစ်မှန်သည့်ခရစ်ယာန်စာရိတ္တရှိသည်။ ကျွန်ုပ်တို့၌ကိုယ်ကျင့်တရားကြောရိုး၊ မြောက်ပင့်ခြင်း၊ လာဘ်ထိုးခြင်း၊ သို့မဟုတ် ချောက်လှန့်ခြင်းမပြုနိုင်သည့် ရိုးသားဖြောင့်မတ်ခြင်းရှိရလိမ့်မည်။ Ministry of Healing, pp. 497, 498. (1905) [Ev 480.1]

**သတိရှိခြင်းနှင့်တိကျခြင်း –** ဘုရားသခင်၏အမှုတော်သည် မှန်သောအချိန်၌တန်ခိုးဖြင့်လျင်မြန်စွာတွေ့မြင်ကာ ချက်ချင်းဆောင်ရွက်နိုင်သောသူ

တို့ကို တောင်းဆိုလျက်ရှိသည်။ အကယ်၍အခက်အခဲတိုင်းကိုချင့်ချိန်ရန်စောင့်ဆိုင်းနေပြီး သင်ရင်ဆိုင်ရသောရှုပ်ထွေးမှုတိုင်းကိုချိန်ဆနေပါက သင်အနည်းငယ်သာလုပ်ဆောင်နိုင်လိမ့်မည်။ လုပ်ငန်းတိုင်း၌ အနှောင့်အယှက်များနှင့်အခက်အခဲများတို့ကို သင်ရင်ဆိုင်ရမည်ဖြစ်ပြီး ခိုင်မာသောရည်ရွယ်ချက်နှင့် ၎င်းတို့ကိုအောင်မြင်ရန် သင်ဆုံးဖြတ်ရလိမ့်မည်။ သို့မဟုတ် သင့်ကိုအောင်မြင်သွားလိမ့်မည်။ Testimonies, vol. 3, p. 497. (1875) [Ev 480.2]

**လုပ်ငန်းအားလုံး၌နည်းစနစ်နှင့်အရှိန်အဟုန်** – သင့်အခန်းထဲ၌ ချီးမွမ်းအံ့ဩဖွယ်ရာအတွက် သေးငယ်သောအဆင်တန်တာများစွာရှိပေလိမ့်မည်။ သို့သော် အကယ်၍သင်သည် ဘုရားသခင်၏ဘုန်းတော်တစ်ခုတည်းကိုသာကြည့်ပါက ဤသေးငယ်သောနှစ်သက်ဖွယ်အရာလေးများကို ကောင်းမွန်စွာထုပ်၍ ဖယ်ရှားပစ်နိုင်လိမ့်မည်။ ထိန်းသိမ်းခြင်း၊ ဖုန်သုတ်ပစ်ခြင်း ၎င်းတို့ကိုနေရာတကျထားရှိခြင်းအားဖြင့် တန်ဖိုးရှိသောအချိန်အနည်းငယ်ကိုအသုံးပြုခြင်းသည် လိုအပ်သောအလုပ်ကိုဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် အကယ်၍ ဤတန်ဖိုးနည်းသောကျောက်မျက်ရတနာလေးများကို ထိန်းသိမ်းထားခြင်းမရှိပါက သင်သည် အခြားသင်ခန်းစာတစ်ခုကို သင်ယူရပါလိမ့်မည်။ လျင်မြန်စွာဆောင်ရွက်ပါ။ ပစ္စည်းတိုင်းကိုယူပြီး လက်ထဲကိုင်ထားလျက် မချထားလိုသကဲ့သို့ သင်၏စိတ်ထဲ၌ဇဝေဇဝါမဖြစ်စေပါနှင့်။ ဤကိစ္စ၌မိမိတို့၏လှုပ်ရှားမှုနှေးကွေးသောသူတို့အတွက် တိုးတက်မှုရှိစေရန်လုပ်ဆောင်ခြင်းသည် သူတို့၏တာဝန်ဖြစ်သည်။ ဘုရားရှင်ပြောခဲ့သည်မှာ၊ "အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။" [Ev 480.3]

အစားအသောက်ပြင်ဆင်မှုပြုရာတွင် သင်၏တွက်ချက်ခြင်းကိုပြုလုပ်ပြီး ဗဟုသုတအားဖြင့် သင်သိရှိခဲ့သည့်အတိုင်း လိုအပ်သောအစားအစာများကို သေချာစွာသင်ချက်ပြုတ်ပြီး သင့်လျော်သည့်အချိန်တွင် စားပွဲပေါ်၌ပြင်ဆင်ထားပါ။ သို့သော် သတ်မှတ်ချိန်ထက်ငါးမိနစ်နောက်မကျစေဘဲ ငါးမိနစ်



ပို၍စောကာ အဆင်သင့်ပြင်ဆင်ထားခြင်းမှာ ပို၍ကောင်းပါသည်။ ခွက်ပန်းကန်ဆေးကြောရာတွင်လည်း လျင်မြန်စွာ၊ သေချာသပ်ရပ်စွာ ဆောင်ရွက်ရပါမည်။ နှေးကွေးခြင်း၊ နှေးကွေးသောအကျင့်သည် အလုပ်အနည်းငယ်သာပြီးစီးစေသည်။ သို့သော် အကယ်၍ဆန္ဒရှိပါက ဤနှေးကွေးခြင်း၊ နှောင့်နှေးခြင်းအကျင့်များကို သင်အောင်မြင်နိုင်ပါသည်။ စိတ်ဆန္ဒ၏တန်ခိုးကိုလေ့ကျင့်ပေးခြင်းအားဖြင့် ကျွမ်းကျင်သောလက်ကိုပြုလုပ်ပေးနိုင်ပါလိမ့်မည်။ The Youth’s Instructor, Jan. 28, 1897. [Ev 480.4]

## သမ္မာကျမ်းစာလုပ်ငန်း၏ကျွမ်းကျင်မှုများ

**လွယ်ကူ၍ဝိညာဉ်ပါသောကျမ်းစာဖတ်ရှုခြင်း** – ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ပေါင်းစည်းကြရမည်။ လမ်းမကြီးများနှင့်လမ်းကြိုလမ်းကြားများသို့သွားပြီး ဧဝံဂေလိစေခိုင်းချက်ကိုနာခံရမည်။ တတ်နိုင်သရွေ့ နေရာများစွာသို့အလည်အပတ်ပြုပါ။ စိတ်နှလုံးသားများအပေါ် မှန်သောဩဇာသက်ရောက်စေနိုင်မည့် လွယ်ကူ၍ဝိညာဉ်ပါသောကျမ်းစာဖတ်ရှုလေ့လာခြင်းကို ကျင်းပပေးပါ။ Manuscript 53, 1910. [Ev 481.1]

**လေ့လာရန်လူတို့ကိုအစပြုလှုံ့ဆော်သောသတင်းစကားတစ်ခု** – ဤအချိန်အတွက် ခိုင်မာသောသတင်းစကားကို ကြားနာရသူများတို့၏စိတ်ကိုလှုပ်ရှားစေရန် ပြတ်သားတိကျစွာဟောပြောရမည်ဖြစ်ပြီး နှုတ်ကပတ်တော်ကိုလေ့လာလိုသောဆန္ဒသို့ သူတို့ကိုပို့ဆောင်ရလိမ့်မည်။ Testimonies, vol. 9, p. 109. (1909) [Ev 481.2]

**သင်ယူသူစိတ်ဓာတ်ဖြင့်ကျမ်းစာကိုချဉ်းကပ်ရန်သင်ကြားပါ** – သမ္မာကျမ်းစာကျောင်းသားကို သင်ယူသူတစ်ဦး၏စိတ်ဓာတ်ဖြင့်ချဉ်းကပ်ရန် သင်ကြားပေးသင့်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏စာမျက်နှာများတို့ကိုရှာဖွေရမည်။ ကျွန်ုပ်တို့၏ထင်မြင်ချက်များကို သက်သေထူရန်အတွက်မဟုတ်ဘဲ

ဘုရားသခင်ပြောဆိုသောစကားများကို သိရှိရန်အတွက်ဖြစ်စေရမည်။ Education, p. 189. (1913) [Ev 481.3]

**ကျမ်းစာလေ့လာမှုတိုင်း၌ပြတ်သားသောစီမံကိန်းတစ်ခုရှိရမည်** – ဆရာတိုင်း မိမိ၏အလုပ်သည် တိကျသောအကျိုးများသက်ရောက်မှုရှိစေရန် သတိပြုကြည့်ရှုသင့်သည်။ အကြောင်းအရာတစ်ခုကို ကြိုးစား၍သင်ကြားခြင်းမပြုမီ စိတ်ထဲ၌ပြတ်သားသောစီမံကိန်းရှိသင့်ပြီး သူ၏ဆန္ဒရှိသည့်အတိုင်း ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ခြင်းရှိမရှိသူသိသင့်သည်။ သူသင်ကြားသောအရာတစ်ခု၌ ပါဝင်သောစည်းမျဉ်းကို ကျောင်းသားသည်နားလည်ပြီး အမှန်တရားကိုတွေ့မြင်ကာ မိမိသင်ကြားခဲ့သောအရာကို ပြန်လည်၍ရှင်းလင်းစွာပြောပြနိုင်သောအခြေအနေသို့မရောက်မချင်း သူပို့ချသောအကြောင်းအရာအပေါ်ကျေနပ်မှုမရှိသင့်ပါ။ Education, pp. 233, 234. (1903) [Ev 481.4]

**စကားလုံးများတို့၌လွယ်ကူခြင်း** – သင်သည် ပညတ်တတ်တစ်ဦးဖြစ်ကြောင်း သူတစ်ပါးအားခံစားစေရန် မည်သည့်အခါမျှနှုတ်ကပတ်တော်ကို ရှာဖွေခြင်းမပြုပါနှင့်။ သင်၏ရိုးသားမှုပို၍များလေ၊ သင့်စကားများကိုသူတစ်ပါး ပို၍နားလည်လေဖြစ်ပါလိမ့်မည်။ Testimonies, vol. 6, p. 383. (1900) [Ev 482.1]

**ငြင်းခုံခြင်းထက်ရိုးစင်းသောရှင်းပြခြင်းသည်သာ၍ကောင်းသည်** – သူ့နေရာနှင့်သူ အငြင်းပွားခြင်းသည် ကောင်းသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရိုးစင်းစွာဖြင့်ရှင်းလင်းပြသခြင်းသည် သာ၍အောင်မြင်ခြင်းပေးမည်ဖြစ်ပါသည်။ ပညာအမဲ့ဆုံးသူတို့ပင် နားလည်နိုင်ရန်အတွက် ယေရှုသည် ရှည်လျား၍ခက်ခဲသောစကားများကို သူ၏ဟောပြောခြင်း၌အသုံးမပြုခြင်းသည် ကျွန်ုပ်တို့အတွက် ရှင်းလင်းသောခရစ်တော်ပြသခဲ့သည့်ပုံပမာဖြစ်သည်။ လွယ်ကူသောစကားကိုသူအသုံးပြုပြီး လူရိုးရိုးတို့၏စိတ်ထဲ၌စွဲမှတ်စေရန် ဆီလျော်သောစကားကို သူပြောဆိုသည်။ အကြောင်းအရာတစ်ခုကို လူတို့



ခံယူလိုက်လျှောက်နိုင်သည်ထက် သူသည် ပို၍ဟောပြောခြင်းမပြုပါ။ Gospel Workers, p. 169. (1915) [Ev 482.2]

**ငြင်းခုံခြင်းအနည်းငယ်ဖြင့်လုံလောက်ပေမည်** – ဆန့်ကျင်သူများကို သဘောပေါက်စေရန်၊ သို့မဟုတ် ဆိတ်ငြိမ်သွားစေရန် အနည်းငယ်ပြောဆိုခြင်းအားဖြင့် လုံလောက်မည်ဖြစ်သော်လည်း ထိုသို့မပြုဘဲ အသေးစိတ်ရှိသမျှကို အချိန်ယူပြီး ကြာရှည်စွာရှင်းလင်းပြောဆိုခြင်းမှာ အကောင်းဆုံးသောနည်းလမ်းမဟုတ်ပါ။ Gospel Workers, p. 376. (1915) [Ev 482.3]

**လွယ်ကူသောပုံစံဖြင့်အမှန်တရားကိုတင်ဆက်ပါ** – ဤခေတ်ကာလအချိန်၌ နှစ်သက်ဖွယ်ဒဏ္ဍာရီပုံတိုပတ်စများအားဖြင့် လူတို့၏စိတ်ကိုအပေါ်ယံ၌သာဆွဲဆောင်လျက်ရှိသောအခါ အမှန်တရားကိုလွယ်ကူသောပုံစံနှင့်ခိုင်မာသောအထောက်အထားအနည်းငယ်အားဖြင့်ပြောဆိုခြင်းသည် အံ့ဩဖွယ်ကောင်းသောအထောက်အထားများတို့ကို ရှာဖွေပြောဆိုခြင်းထက်သာ၍အကျိုးရှိပါသည်။ အကြောင်းမှာ ခေတ္တစိတ်ဝင်စားဖွယ်ရာများတို့ထက် ခိုင်မာသောအထောက်အထားအနည်းငယ်သည် စိတ်ထဲ၌ပို၍စွဲမြဲစေနိုင်သောကြောင့်ဖြစ်သည်။ အများသောသူတို့၏လိုလားခြင်းသည် ရှည်လျားသောငြင်းခုံခြင်းများထက် ပို၍သာလွန်နေသည်။ သူတို့သည် များစွာသောအရာအပေါ်အခွင့်အရေးယူကြသည်။ ထိုစိတ်သဘောထားမျိုးထဲ၌သက်သေပြခြင်းသည် ပြဿနာကိုဖြေရှင်း၍မရပါ။ Testimonies, vol. 3, p. 36. (1872) [Ev 482.4]

**တစ်နည်းအပေါ်တစ်နည်း** – အမှန်တရားကိုယေရှု၌ရှိသကဲ့သို့ ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်မှာအနည်းငယ်၊ ဟိုမှာအနည်းငယ်ဟောပြောပါ။ Testimonies, vol. 9, p. 240. (1909) [Ev 483.1]

**ခရစ်ယာန်ကြင်နာခြင်း၏တန်ခိုး** – ကြင်နာသောစကားများရိုးရိုးပြောဆိုခြင်း၊ အာရုံအနည်းငယ်ရိုးရိုးဆွဲယူခြင်းသည် ဝိညာဉ်အပေါ်ကိန်းအောင်နေသည့်စုံစမ်းခြင်းနှင့် သံသယရှိခြင်းမိုးတိမ်များတို့ကို ကင်းစင်စေပါလိမ့်မည်။ ခရစ်တော်နှင့်တူသော ကြင်နာမှု၏နှလုံးသားဖော်ပြချက်ကို ရိုးသားစွာထင်ရှား

စေခြင်းသည် စိတ်နှလုံးတံခါးကိုဖွင့်နိုင်သော သာမန်လူတန်းစား၌လိုအပ်သည့်တန်ခိုးရှိသည်။ Testimonies, vol. 9, p. 30. (1909) [Ev 483.2]

**သူတို့၏စိတ်နှလုံးထဲသို့သင်၏လမ်းကိုရှာယူပါ** – လူတို့ထံသို့ချဉ်းကပ်နိုင်သည့် မည်သည့်နည်းနှင့်မဆို သင်၏အခွင့်အရေးကိုတိုးတက်စေပါ။ သင်၏သမ္မာကျမ်းစာကိုကိုင်ဆောင်ပြီး ၎င်း၏ကြီးမားသောအမှန်တရားများကို သူတို့ရှေ့၌ဖွင့်ပြပါ။ သင်၏အောင်မြင်ခြင်းသည် သင်၏အသိပညာအပေါ်နှင့်ဆောင်ရွက်နိုင်သည့်အပေါ် သင့်စွမ်းရည်ဖြင့်နှလုံးသားကို သင်ချဉ်းကပ်၍မရသကဲ့သို့ များစွာအမှီပြုခြင်းမရှိပါ။ ပေါင်းသင်းဆက်ဆံခြင်းနှင့်လူတို့ထံနီးကပ်စွာသွားလာနေထိုင်ခြင်းဖြင့် သူတို့၏အတွေးအခေါ်ရေစီးကြောင်းကို အကောင်းဆုံးဟောပြောနိုင်ခြင်းထက် ပြောင်းလဲပေးနိုင်ပါသည်။ Gospel Workers, p. 193. (1915) [Ev 483.3]

**သင်ကြားခြင်းနှင့်ကျင့်သုံးခြင်းစည်းမျဉ်းများ** – ဤအရာများကိုငြီးငွေ့ဖွယ်စာတွေ့ကဲ့သို့ သင်ကြားခြင်းမပြုရပါ။ အမှန်တရားဝေငှသူများတို့သည် မိမိဝေငှသောအကြောင်းအရာ၏စည်းမျဉ်းများကို ကိုယ်တိုင်လက်တွေ့လိုက်လျှောက်ကြရမည်။ ဘုရားသခင်၏စာရိတ္တကို ရိုးသားဖြောင့်မတ်ခြင်း၊ မြင့်မြတ်ခြင်းနှင့်တစ်ကိုယ်ကောင်းမဆန်ခြင်းများဖြင့် မိမိတို့၏ကိုယ်တိုင်အသက်တာ၌ရောင်ပြန်ဟပ်ခြင်းအားဖြင့်သာလျှင် သူတစ်ပါးကိုသူတို့ဆွဲဆောင်နိုင်မည်ဖြစ်သည်။ Education, p. 41. (1903) [Ev 483.4]

**ဝိညာဉ်အောင်မြင်ခြင်းအပေါ်ကပ်တိုင်၏သြဇာ** – ကရာနိကပ်တိုင်သည် လူတို့အထက်မြင့်ရာ၌ မြှောက်တင်ခြင်းအားဖြင့် လူတို့၏စိတ်ကိုဆွဲဆောင်ခြင်းနှင့်လူတို့၏အတွေးများကို အာရုံစိုက်ခြင်းသို့ပို့ဆောင်စေသောကြောင့် အမှုဆောင်များတို့သည် အလင်း၏ရောင်ခြည်များကို ကမ္ဘာသို့ပို့ဆောင်နိုင်ပြီး ကမ္ဘာကြီးကိုအသက်ရှင်သောကိုယ်စားလှယ်များကဲ့သို့ အသိတရားပေးဆောင်နိုင်ပါလိမ့်မည်။ Mount of Blessing, p. 70. (1896) [Ev 483.5]



**မေးခွန်းများကိုဖြေကြားပါ** – သင်လုပ်ဆောင်နိုင်သောအကောင်းဆုံးအလုပ်သည် သင်ကြားခြင်းနှင့်ပညာပေးခြင်းဖြစ်သည်။ ဤကဲ့သို့ဆောင်ရွက်ရန်အခွင့်အရေးတစ်ခုကိုသင်တွေ့ရှိရတိုင်း မိသားစုတချို့တို့နှင့်အတူထိုင်ပြီး သူတို့အားမေးခွန်းများကိုမေးစေပါ။ ထိုနောက် သည်းခံနှိမ့်ချသောစိတ်ဖြင့် သူတို့အားအဖြေပေးပါ။ ဤအလုပ်ကို သင်၏သာသနာ့လုပ်ငန်းနှင့်ဆက်သွယ်သောလူထုတရားပွဲများ၌ ပို၍ဆက်လက်လုပ်ဆောင်ပါ။ ဟောပြောခြင်းကိုလျှော့ပြီးကျမ်းစာသင်တန်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ မိသားစုများနှင့်အဖွဲ့ငယ်များတို့နှင့်အတူဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း ပညာပေးခြင်းကိုတိုး၍ဆောင်ရွက်ပါ။ Gospel Workers, p. 193. (1915) [Ev 484.1]

**ကိုယ်စီ၊ သည်းခံခြင်း၊ သေချာသောကျမ်းစာအလုပ်** – သူ၏ကူညီခြင်းကိုလိုအပ်သောသူတို့နှင့် ရင်းနှီးစွာမနေသောကြောင့် အမှုဆောင်သည် အောင်မြင်မှုမရရှိခြင်းဖြစ်သည်။ လက်ထဲ၌သမ္မာကျမ်းစာကိုကိုင်လျက် "အမှန်တရားသည်အဘယ်အရာနည်း" ဟုစတင်မေးမြန်းစုံစမ်းလာသူတို့၏စိတ်ထဲ၌ရှိသောဆန့်ကျင်သည့်အချက်များကို သိလိုသူတို့အား ရိုသေလေးစားဖွယ်အမှုအရာဖြင့် သူသည်ရှာဖွေသင့်သည်။ သတိကြီးစွာနှင့်နူးညံ့သိမ်မွေ့ခြင်းဖြင့် ကျောင်း၌ပညာဆည်းပူးသောကျောင်းသားများတို့ကို သင်ကြားပို့ချသကဲ့သို့ သူတို့ကိုပို့ဆောင်လျက်ပညာပေးရမည်။ အမှန်တရားဟုသူတို့ထင်သော အတွေးအခေါ်များတို့ကိုဖျောက်ဖျက်ပေးရမည်။ သူတို့သည် ကျမ်းစာအကြောင်းအရာများနှင့်ပတ်သက်၍ အမှားထဲ၌ရှိနေသည်ဟု သူတို့သဘောပေါက်နားလည်လာသကဲ့သို့ သူတို့သည် ရှုပ်ထွေး၍သံသယထဲသို့ရောက်သွားပါသည်။ သိမ်မွေ့ဆုံးသောကြင်နာခြင်းနှင့် ပညာအမြော်အမြင်နှင့်ပြည့်စုံသောအမအစကို သူတို့လိုအပ်သည်။ သူတို့သည် ကောင်းမွန်စွာသင်တန်းရယူသင့်ပြီး သူတို့အတွက်ဆုတောင်းပေးခြင်း၊ သူတို့နှင့်အတူဆုတောင်းခြင်းပြုသင့်သည်။ သူတို့ကိုအကြင်နာဆုံးသောစိုးရိမ်ကြောင့်ကြမှုဖြင့် စောင့်ရှောက်ကာကွယ်သင့်သည်။ Gospel Workers, pp. 190, 191. (1915) [Ev 484.2]

**မမှန်သည့်အစွဲရှိသောနေရာ –** သူ၏မေတ္တာကိုဖော်ပြခြင်းအားဖြင့် သူ၏ဟောပြောခြင်းကိုနားထောင်သောသူတို့စိတ်နှလုံးကို သူ့ထံသို့ခရစ်တော်ဆွဲယူပြီး တစ်ဆင့်ပြီးတစ်ဆင့်သူတို့ခံယူနိုင်မည်ဟုထင်ရသည့်အခါ၊ နိုင်ငံတော်၏ကြီးမားသောအမှန်တရားများကို သူသည် သူတို့အားဖော်ပြပါသည်။ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏လုပ်ငန်းကို လူတို့၏အခြေအနေနှင့်ဆီလျော်အောင်စီစဉ်ကာ လူတို့ရှိရာအရပ်သို့သွား၍ လူတို့နှင့်တွေ့ဆုံရန်သင်ယူသင့်သည်။ ဘုရားသခင်၏ပညတ်တော်မှတောင်းဆိုသောအရာများကို ကမ္ဘာသို့ဟောပြောသောအခါ တစ်ခုတည်းသောနှလုံးသားကိုပျော့ပျောင်းစေနိုင်သည့် တန်ခိုးနှင့် နာခံခြင်းသို့ပို့ဆောင်နိုင်သည့်မေတ္တာ၊ သခင်ခရစ်တော်၏မေတ္တာကို မည်သည့်အခါမျှမမေ့သင့်ပါ။ [Ev 484.3]

နှုတ်ကပတ်တော်၏ကြီးမားသောအမှန်တရားအားလုံးတို့သည် ခရစ်တော်၌ဗဟိုပြုလျက်ရှိပြီး မှန်ကန်စွာနားလည်သောသူအားလုံး သူ့ထံသို့ရောက်ရှိလာပါလိမ့်မည်။ ခရစ်တော်သည် ကြီးမားသောကယ်တင်ခြင်းစီမံကိန်း၏အာလဖနှင့်ဩမေဃ၊ အစနှင့်အဆုံးကဲ့သို့ဟောပြောကြပါစို့။ ထိုသို့သောအကြောင်းအရာများကို သူတို့၏ယုံကြည်မှု ဘုရားရှင်အပေါ်နှင့်သူ၏နှုတ်ကပတ်တော်အပေါ်ခိုင်မာခြင်းရှိစေရန် လူတို့ကိုဟောပြောကြရမည်ဖြစ်ပြီး သူတို့အားမိမိတို့၏ကိုယ်တိုင်အတွက် ၎င်း၏သွန်သင်ချက်များကို စူးစမ်းလေ့လာရန်ဖြစ်သည်။ ထိုနောက် တစ်ဆင့်ပြီးတစ်ဆင့် ကျမ်းစာလေ့လာရာတွင် ရှေ့သို့တိုးတက်သွားကြသည်နှင့်အမျှ ၎င်းတန်ဖိုးရှိသောအမှန်တရားများတို့၏အလှအပနှင့်ညီညွတ်ခြင်းကို နှစ်သက်မြတ်နိုးဂုဏ်ပြုရန် ပို၍ပြင်ဆင်ပေးလိမ့်မည်။ Review and Herald, June 13, 1912. [Ev 485.1]

**ပြောင်းလဲပြီးနောက်ခိုင်မာသောအမှန်တရားကိုဟောပြောခြင်း –** သင်သည် လူတို့နှင့်တွေ့ဆုံရာတွင် ဥပုသ်နေ့မေးခွန်းအပေါ် ငြင်းခုံရမည့်တာဝန်ရှိသည်ဟု သင်မထင်သင့်ပါ။ အကယ်၍ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး လူတို့ပြောဆိုလာကြသောအခါ၊ ဤကိစ္စသည် ယခုသင်ပြောဆိုရမည့်ကိစ္စမဟုတ်



သေးကြောင်း သူတို့အားပြောပါ။ သို့သော် သူတို့၏စိတ်သဘောထားနှင့်အလိုဆန္ဒကို ဘုရားရှင်ထံအပ်နှံကြသောအခါ ဤလေးနက်၍ခိုင်မာသောအမှန်တရားများနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပွင့်လင်းစွာအထောက်အထားနှင့်တကွ သူတို့ချင့်ချိန်နိုင်ရန် အဆင်သင့်ပြင်ဆင်မှုရှိကြပါလိမ့်မည်။ Letter 77, 1895. [Ev 485.2]

**အငြင်းပွားခြင်းထက်ပိုသောသတင်းစကား –** သမားရိုးကျ၊ သတ်မှတ်ထားသောစာပိုဒ်များ၊ အငြင်းပွားစေသောအကြောင်းအရာများကို တမင်သက်သက်ဟောပြောခြင်းသည် ကောင်းကျိုးကိုမပေးနိုင်ပါ။ အမှုဆောင်များတို့၏နှလုံးသားထဲရှိ ဘုရားသခင်၏နူးညံ့သောမေတ္တာတော်သည် သင်တို့လုပ်ဆောင်နေသောသူတို့မှ အသိအမှတ်ပြုကြပေလိမ့်မည်။ ဝိညာဉ်များတို့သည် အသက်ရေကိုဆာငတ်လျက်ရှိကြသည်။ ရေမရှိသောရေလှောင်ကန်များမဖြစ်စေကြပါနှင့်။ အကယ်၍ သူတို့အားခရစ်တော်၏မေတ္တာတော်ကို သင်ဖော်ပြပါက ဆာငတ်လျက်ရှိသောသူများတို့ကို ယေရှုထံသို့သင်ပို့ဆောင်နိုင်ပြီး ယေရှုသည် သူတို့အားအသက်မုန့်နှင့်ကယ်တင်ခြင်းရေကိုပေးပါလိမ့်မည်။ Letter 77, 1895. [Ev 485.3]

**ပြောင်းလဲခြင်း၌သင်ကိုယ်တိုင်၏ဗဟုသုတကိုပြန်လည်ပြောပြပါ –** ဝိညာဉ်ခွန်အားတိုင်းကို လှုပ်ရှားရန်နိုးကြွစေပါ။ အရာခပ်သိမ်းအဆုံးသို့ရောက်လုနီးကြောင်း သင်လည်ပတ်သောသူတို့ထံဟောပြောပါ။ သူတို့၏စိတ်နှလုံးတံခါးများကို ယေရှုခရစ်တော်ဖွင့်ပေးမည်ဖြစ်ပြီး သူတို့၏စိတ်ထဲ၌ ခိုင်မြဲသောခံစားချက်များကို ပြုလုပ်ပေးလိမ့်မည်။ ထုံထိုင်းနေသောအမျိုးသား၊ အမျိုးသမီးများတို့၏ဝိညာဉ်ရေးအခြေအနေမှ သူတို့နိုးထစေရန် သင်အားစိုက်လုပ်ဆောင်ပါ။ သင်ယေရှုကိုမည်ကဲ့သို့တွေ့ရှိခဲ့ကြောင်းနှင့် သူ၏အမှုတော်၌သင်စတင်ဆောင်ရွက်ချိန်ကစပြီး သင်မည်ကဲ့သို့ကောင်းချီးခံစားရသည့်ဗဟုသုတအကြောင်းကို သူတို့အားပြောပြပါ။ ယေရှုခြေတော်ရင်း၌သင်ထိုင်နေပြီး သူ၏နှုတ်ကပတ်တော်မှ တန်ဖိုးရှိသောသင်ခန်းစာများကို သင်သင်ယူသောအခါ၊ သင်မည်ကဲ့သို့

ကောင်းချီးမင်္ဂလာများခံစားရကြောင်း သူတို့အားပြောပြပါ။ ခရစ်ယာန်အသက်တာဘဝ၌ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်းရှိကြောင်းကို သူတို့အားပြောပြပါ။ သင်၏နွေးထွေး၍စိတ်အားထက်သန်သောစကားများတို့သည် သင်တန်ဖိုးကြီးသောပုလဲကိုတွေ့ရှိကြောင်း သူတို့အားသဘောပေါက်စေလိမ့်မည်။ သင်၏ဝမ်းမြောက်သောအားပေးစကားများတို့သည် သင်ပို၍မြင့်သောလမ်းကို အမှန်တကယ်တွေ့ရှိကြောင်းဖော်ပြလိမ့်မည်။ ဤအရာသည် စစ်မှန်သောသာသနာ့လုပ်ငန်းဖြစ်ပြီး ၎င်းအတိုင်းဆောင်ရွက်ပါက အိပ်ရာမှနိုးထသကဲ့သို့ လူအများနိုးထကြပါလိမ့်မည်။ Testimonies, vol. 9, p. 38. (1909) [Ev 485.4]

**ဝိညာဉ်အောင်မြင်သူဝင်ရောက်ဖျန်ဖြေတောင်းပန်ပေးခြင်း၏အောင်မြင်မှုလျှို့ဝှက်ချက်** – လွန်ခဲ့သောအချိန်တွင် မိမိတို့၏စိတ်ကို ဝိညာဉ်တစ်လုံးတည်းအပေါ်၊ ထို့နောက် အခြားဝိညာဉ်တစ်လုံးအပေါ် ပစ်မှတ်စွဲမြဲစွာထားပြီး “ကိုယ်တော်၊ ဤဝိညာဉ်ကိုကယ်ရန် ကျွန်ုပ်ကိုမစပါ” ဟုတောင်းဆိုသူများရှိခဲ့ပါသည်။ သို့သော် ယခုအချိန်ဤကဲ့သို့သောနမူနာများ ရှားပါးလှပါသည်။ အပြစ်သားများတို့၏ကြုံတွေ့ရမည့်အန္တရာယ်ကို နားလည်သဘောပေါက်သောသူများကဲ့သို့ လုပ်ဆောင်နေသူဘယ်နှစ်ယောက်ရှိသနည်း။ ဒုက္ခရောက်မည့်သူကိုသိ၍ သူတို့အတွက်ဘုရားရှင်ထံဆုတောင်းပေးခြင်းနှင့် သူတို့ကိုကယ်တင်ရန် ဘုရားရှင်ထံတော်ပါးသို့တောင်းပန်ပေးခြင်းပြုသောသူ ဘယ်နှစ်ယောက်ရှိပါသနည်း။ Gospel Workers, p. 65. [Ev 486.1]

## ဆရာတော်ကြီးယေရှုထံမှသင်ခန်းစာများ

**ခရစ်တော်လမ်းစဉ်ဖြင့်နှုတ်ကပတ်တော်ကိုဟောပြောပါ** – အကယ်၍ ခရစ်တော်၏နည်းလမ်းဖြင့် နှုတ်ကပတ်တော်ကိုသင်ဟောပြောပါက၊ သင်၏ပရိသတ်များတို့သည် သင်ပို့ချသောအမှန်တရားများအပေါ် လွန်စွာမိမိတို့၏စိတ်ထဲ၌ စွဲမှတ်စေလိမ့်မည်။ ဤအချက်များတို့သည် အသက်ရှင်သောဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု သူတို့သဘောပေါက်ယုံကြည်ပါလိမ့်မည်။ Testimonies, vol. 9, p. 143. (1909) [Ev 486.2]



**သည်းခံသောမေတ္တာနှင့်ပျောက်သောသူကိုစိတ်ဝင်စားခြင်း** – ခရစ်တော်သည် လူတို့ကိုသည်းခံသောမေတ္တာဖြင့်သင်ကြားသည်။ သူ၏နက်ရှိုင်း၍သိမြင်နိုင်သောပညာဖြင့် သူ၏တရားနာသူတိုင်းတို့၏လိုအပ်ချက်များကိုသူသိရှိပြီး သူတို့အတွက် သူပေးမည့်ငြိမ်သက်ခြင်းနှင့်မေတ္တာသတင်းစကားကိုငြင်းပယ်သောသူတို့ကို သူတွေ့ရှိသောအခါ၊ သူ၏စိတ်နှလုံးထဲ၌ လွန်စွာပူဆွေးလျက်ရှိပါသည်။ Gospel Workers, p. 49. (1915) [Ev 486.3]

**နူးညံ့သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်း** – ခရစ်တော်၏နေထိုင်ပြုမူပုံ၌ တစ်ယူသန်ခြင်းအရိပ်အရောင်မတွေ့ရသကဲ့သို့ အေးစက်ရိုးသားလွန်းသည်ကိုလည်းမတွေ့ရပါ။ ကမ္ဘာ့ကယ်တင်ရှင်သည် ကောင်းကင်တမန်အဆင့်ထက်သာလွန်သည်။ သူသည် မိမိ၏မြင့်မြတ်သောဘုရားဇာတိနှင့်ပေါင်းစည်းခြင်းကြောင့် နူးညံ့သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်းသဘောဖြင့် လူအားလုံးတို့ကိုသူ့ထံသို့ဆွဲယူသည်။ Mount of Blessing, pp. 29, 30. (1896) [Ev 487.1]

**မျှော်လင့်ခြင်းသည်ဆန္ဒနှင့်ယုံကြည်ခြင်းကိုခွန်အားပေးသည်** – လူသားတိုင်း၌ အကန့်အသတ်မရှိသော ဖြစ်နိုင်သည့်အရာများကို ခရစ်တော်တွေ့မြင်ရပြီး သူ၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ဘုရားသခင်၏အလှအပပုံသဏ္ဍာန်သို့ ပြောင်းလဲပေးသည်။ မျှော်လင့်ခြင်းဖြင့် သူတို့အပေါ်သို့ကြည့်လိုက်ကာ သူသည် မျှော်လင့်ခြင်းကိုပေးသည်။ သူတို့ကိုယုံကြည်စိတ်ချမှုနှင့်တွေ့ဆုံကာ သူသည် ယုံကြည်စိတ်ချခြင်းကိုပေးသည်။ သူ၏ကိုယ်တိုင်ထံမှ လူ၏စစ်မှန်သောစံပြအရာကိုဖော်ပြပြီး ဆန္ဒနှင့်ယုံကြည်ခြင်းနှစ်မျိုးစလုံးကိုရရှိရန်အတွက် သူနိုးကြွစေသည်။ သူ၏အထံတော်ပါး၌ကျဆုံး၍ ဘေးဖယ်ထားခြင်းခံရသောဝိညာဉ်အနေဖြင့် သူတို့သည် လူတို့ပင်ဖြစ်နေသေးကြောင်း သူတို့ကိုယ်ကိုသူတို့သိလာပြီး မိမိတို့၏ကိုယ်ကို ဘုရားသခင်ဂရုစိုက်သောတန်ဖိုးရှိသူများအဖြစ် သူတို့၏ကိုယ်ကိုသူတို့သက်သေထူလိုကြသည်။ အရာခပ်သိမ်းအတွက်

သေနေပုံပေါ်သောနှလုံးသားသည် သန့်ရှင်းလာပြီး၊ အသစ်သောလှုပ်ရှားမှုဖြင့် နိုးထလာသည်။ စိတ်ပျက်အားငယ်သူများတို့အတွက် အသစ်သောအသက်တာ ရရှိနိုင်သောလမ်းပွင့်လာသည်။ Education, p. 80. (1903) [Ev 487.2]

**စိတ်အားထက်သန်ခြင်းနှင့်နောင်တရခြင်းတန်ခိုး** – ခရစ်တော်၏နှုတ်တော်မှထွက်လာသော အမှန်တရားများကိုနားထောင်ကြသော အမျိုးသား၊ အမျိုးသမီးများတို့အနေဖြင့် သူပြောဆိုသောအရာများတို့သည် ရာဘိ (ဆရာတော်ကြီးများ) သွန်သင်သောရေးထုံးစံဓလေ့များနှင့်အခြေခံဝါဒများတို့မှ လွန်စွာခြားနားသောကြောင့် မျှော်လင့်ခြင်းသည် သူတို့၏စိတ်နှလုံးများထဲမှပေါက်ပွားလာသည်။ သူ၏သွန်သင်ချက်ထဲ၌ နေအိမ်သို့ပို့ဆောင်သည့် ပြောင်းလဲခြင်းတန်ခိုးရှိသော စိတ်အားထက်သန်မှုပါရှိသည်။ Gospel Workers, p. 188. (1915) [Ev 487.3]

**ထွန်းလင်းသောအသက်တာနှင့်ရှင်မြူးခြင်း** – ခရစ်တော်သည် မြို့ကြီးမြို့ငယ်များတို့ကိုဖြတ်ကျော်ရာ၌ သူသည် အသက်ရှင်သောရေစီးချောင်းကဲ့သို့ အသက်နှင့်ရွှင်လန်းခြင်းကိုပျံ့နှံ့စေသည်။ Ministry of Healing, p. 20. (1905) [Ev 487.4]

ကျွန်ုပ်တို့ဝမ်းမြောက်ရွှင်မြူးကြပေလိမ့်မည်။ မသာမယာသောမျက်နှာရှိခြင်းကို ဘုရားရှင်အလိုမရှိပါ။ ဘုရားရှင်သည် မည်သူ့ကိုမျှစိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းရှိရန်မလိုလားပါ။ သင့်ကိုယ်ကိုသူ့ထံသို့မြှင့်တင်ရန်သူအလိုရှိပြီး သူ့အားသင့်အပေါ်သို့ ဖြောင့်မတ်ခြင်းနေမင်း၏အလင်းရောင်ခြည်ကို သွန်းလောင်းချပေးစေပါ။ Manuscript 42, 1894. [Ev 488.1]

**တန်ခိုးအာဏာဖြင့်ခရစ်တော်သင်ကြားခဲ့သည်** – သူ၏သွန်သင်မှုသည် ရိုးသားလွယ်ကူသော်လည်း တန်ခိုးအာဏာဖြင့် သူစကားပြောဆိုသည်။ သူ၏ထူးခြားသောဝိသေသလက္ခဏာများသည် သူ၏သွန်သင်ခြင်းကိုထင်ရှားစေကာ အခြားသူအားလုံးတို့နှင့်ကွာခြားမှုရှိသည်။ ဆရာများတို့သည် နှုတ်ကပတ်တော်၏အဓိပ္ပါယ်ကို ဖွင့်ဟပြောဆိုရာတွင် သေချာမှုမရှိဘဲ သံသယနှင့်တွန့်ဆုတ်



ခြင်းဖြင့်ပြောဆိုကြသည်။ နေ့စဉ်ကြားနာရသူတို့အတွက် မသေချာသောအရာပို၍များလာပါသည်။ သို့သော် ယေရှုသည် နှုတ်ကပတ်ကိုသေချာသောအာဏာတန်ခိုးဖြင့် သင်ကြားပို့ချပါသည်။ မည်သည့်ကိစ္စအကြောင်းအရာ၌မဆို တန်ခိုးဖြင့်သူ၏စကားကို စောဒကတက်စရာအကြောင်းမရှိပါ။ The Desire of Ages, p. 253. (1898) [Ev 488.2]

**အပြစ်သားများကိုကယ်လိုသောဆန္ဒ** – ကယ်တင်ရှင်ယေရှု၏အသက်တာ၌ အပြစ်သားများကိုကယ်လိုသော ပြင်းထန်သည့်ဆန္ဒရှိသည်နည်းတူ စစ်မှန်သောသူ၏နောက်လိုက်များတို့၌လည်း ဤစိတ်ဓာတ်မျိုးရှိသည်။ Testimonies, vol. 7, p. 10. (1902) [Ev 488.3]

**တွန်းအားပေးသောတန်ခိုး** – အဖိုးအခပေးရန်ကတိပြုခြင်းမရှိ၊ ချက်ချင်းမေးခွန်းထုတ်ခြင်းမပြုဘဲနာခံခြင်းရှိသည့် ဤပုဂ္ဂိုလ်များတို့သည် ထူးခြားပြောင်မြောက်လှသည်။ သို့သော် ခရစ်တော်၏စကားများတို့သည် တွန်းအားပေးသောတန်ခိုးပါသည့် ဖိတ်ခေါ်ခြင်းတစ်ခုဖြစ်သည်။ Gospel Workers, p. 24. (1915) [Ev 488.4]

## သမ္မာကျမ်းစာလုပ်ငန်း၏အကျိုးကျေးဇူးများ

**အမှုဆောင်နှင့်နီးကပ်သောကောင်းကင်တမန်များ** – အမှုဆောင်တစ်ဦးသည် မိမိအားဘုရားပေးသောအလင်းကို သူတစ်ဦးထံသို့ပေးခြင်းကြောင့် သူ့အားဘုရားသခင်သည် တိုး၍အလင်းကိုပေးပြီး ဘုရားသခင်၏ဘုန်းတော်အတွက်ကိုသာရည်စူး၍ မိမိ၏အကောင်းဆုံးဆောင်ရွက်ခြင်းမှာ ဝိညာဉ်များတို့၏တန်ဖိုးကို သူနားလည်သောကြောင့်ဖြစ်သည်။ တစ်အိမ်မှတစ်အိမ်သို့ သူသည်လည်ပတ်စဉ် အသိတရားကင်းမဲ့သူတို့ထံသို့ သမ္မာကျမ်းစာကိုဖွင့်ပြသောအခါ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူ့အနား၌ရှိပြီး အသက်စမ်းရေ

ဆာငတ်သောသူ၏နှလုံးသားကို ထိတွေ့ခံစားစေပါသည်။ Review and Herald, Oct. 6, 1896. [Ev 488.5]

**ကျမ်းစာပို့ချသူများနှင့်ဘုရားအလုပ်လုပ်သည်** – ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက် ခိုင်မာသောအကြောင်းရင်းများကို ဘုရားသခင်၏နှုတ်ကပတ်တော်မှဟောပြောစေပြီး ခိုင်မာသောယုံကြည်ခြင်းအောက်၌ရှိသောသူများတို့၏စိတ်နှင့် နှလုံးသားများတို့ကို သန့်ရှင်းခြင်းတန်ခိုးရှိသည့် အမှန်တရားအားဖြင့် အရည်ပျော်စေပါ။ အိမ်များ၌ကူညီသူများတို့မှ ကျမ်းစာလေ့လာခြင်းသင်တန်းကို လူတို့အားပေးသောအခါ လူထုအစည်းအဝေးများ၌ ဘုရားရှင်ပြုသကဲ့သို့ နှလုံးသားများထဲတွင် ဇေကန်အမှန်သူပြုလုပ်ပေးပါလိမ့်မည်။ Letter 160, 1901. [Ev 489.1]

**နှုတ်ကပတ်တော်အားဖြင့်အံ့ဩဖွယ်ရာများဖြစ်လာ** – ပညာမဲ့သူနှင့်ဆိုးသွမ်းသူများတို့၏စိတ်သို့ ဝင်ရောက်ထိုးဖောက်နိုင်ရန် ကြိုးစားအားထုတ်မှုအမြဲလိုလိမ့်မည်။ သို့သော် ကျွန်ုပ်တို့ကိုယ်စီ စိတ်အားထက်သန်စွာနှင့်သစ္စာရှိစွာတစ်ဦးချင်းကျွန်ုပ်တို့ဆောင်ရွက်သင့်သလောက်ဆောင်ရွက်ကြပါသလား၊ လွန်ကျူးခြင်းနှင့်အပြစ်များအထဲသေနေသော သနားဖွယ်ရာဝိညာဉ်များမှ မပူမပင်အေးစက်သောအခြေအနေ၌ မိမိတို့ကိုယ်ကိုမထားရှိဘဲ နေနေကြပါသလား။ ကျွန်ုပ်တို့အယောက်တိုင်း မိမိတို့ကိုယ်ကိုပြင်ဆင်ပြီး ခရစ်တော်၏အလွန်စိတ်အားထက်သန်မှုဖြင့် ပို၍မဆောင်ရွက်ကြဘဲရှိနေကြပါသလား။ [Ev 489.2]

ဤကဲ့သို့မမှန်သောယုံကြည်ခြင်းမျိုးလိုအပ်မည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုစိတ်ပျက်စေသော အားငယ်ခြင်းနှင့်စုံစမ်းခြင်းများတို့ကိုဆန့်ကျင်ရန်အတွက် ကြံ့ကြံ့မခံနိုင်ပေဘူးလား။ ဘုရားသခင်သည် ကရုဏာနှင့်ပြည့်ဝပြီး ဝမ်းမြောက်၊ ဖြူစင်၊ မြင့်မြတ်သောအသက်တာအမှန်တရားဖြင့် ဘုရားသခင်အတွက် ကောင်းမွန်ခိုင်မာသောအလုပ်တစ်ခုကိုဆောင်ရွက်နိုင်ပါသည်။ ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းသည် အံ့ဩဖွယ်အရာများတို့ကိုလုပ်ဆောင်ပေးလိမ့်မည်။ တိုက်ပွဲအတွက် ကျွန်ုပ်တို့၏လက်နက်သည်



နှုတ်ကပတ်တော်ဖြစ်ရမည်။ နှုတ်ကပတ်တော်အားဖြင့် အံ့ဩဖွယ်ရာများပေါ်ထွက်လာနိုင်သည်။ ၎င်းသည် အရာခပ်သိမ်းအတွက်အကျိုးရှိသည်။ Letter 75, 1896. [Ev 489.3]

**ဝိညာဉ်တစ်လုံး၏တန်ဖိုး** – မိမိကိုယ်ကိုခရစ်တော်ထံသို့ပေးသောဝိညာဉ်တစ်လုံးသည် သူ့ရှေ့မှောက်၌ ကမ္ဘာတစ်လုံးထက်ပို၍တန်ဖိုးရှိသည်။ The Desire of Ages, p. 480. (1898) [Ev 489.4]

သို့သော် အကယ်၍ဝိညာဉ်တစ်လုံးသည် သူ၏ကျေးဇူးတော်ဧဝံဂေလိသတင်းစကားကိုလက်ခံပါက ခရစ်တော်သည် ထိုဝိညာဉ်တစ်လုံးကိုကယ်တင်ရန် သူ၏ပင်ပန်းခြင်းနှင့်အရှက်ခွဲခြင်းအသက်တာနှင့် သူ၏ရှက်ဖွယ်ကောင်းသောသေခြင်းကို သူရွေးချယ်လိမ့်မည်။ Ministry of Healing, p. 135. (1905) [Ev 489.5]

**ဤအလုပ်ကိုရှေ့သို့တိုးတက်စေပါ** – လူအများသတင်းစကားကိုကြားရလိမ့်မည်။ သို့သော် သတိပေးခြင်းကိုငြင်းဆန်လိမ့်မည်။ မည်ကဲ့သို့ပင်ဖြစ်စေကာမူ သတိပေးခြင်းသည် လူအားလုံးတို့အား ရှင်းလင်းပြတ်သားသောအသံဖြင့် ပေးကြရလိမ့်မည်။ အမှန်တရားကို လူထုအစုအရုံး၌သာဟောပြောကြရမည်မဟုတ်ပါ။ တစ်အိမ်တက်တစ်အိမ်ဆင်း ဆောင်ရွက်ကြရပါမည်။ ဘုရားသခင်၏နာမတော်၌ ဤအလုပ်ကိုရှေ့သို့ဆက်လက်လုပ်ဆောင်စေပါ။ ဤအလုပ်၌ပါဝင်သောသူတို့နှင့်အတူ သူတို့၏မိတ်ဆွေများကဲ့သို့ ကောင်းကင်တမန်များရှိနေပါသည်။ ဘုရားသခင်နှင့်ပူးပေါင်းသောသူများတို့သည် ရန်သူတို့၏တိုက်ခိုက်ခြင်းကို သူတို့ခုခံနိုင်လိမ့်မည်။ Letter 140, 1903. [Ev 490.1]

**ဘုရားသခင့်ကတိတော်များကိုယုံကြည်စိတ်ချခြင်းအထဲ၌** – ကောင်းသောမျိုးစေ့သည် သတိမမူဘဲ အခိုက်အတန့်အေးစက်၍ အတ္တသဘောရှိပြီးလောကဆန်သောနှလုံးသားထဲတွင် အမြစ်စွဲမည့်အထောက်အထားမတွေ့ရှိရသော်လည်း နောက်ပိုင်းတွင် ဘုရားသခင်၏ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့် ဖုံးကွယ်နေသောအစေ့သည်ပေါက်လာပြီး နောက်ဆုံး၌ ဘုရားသခင်၏ဘုန်းတော်

အတွက် သီးပွင့်လာပါသည်။ ကျွန်ုပ်တို့၏အမှုဆောင်ရွက်ချိန်တစ်လျှောက်တွင် မည်သည့်လုပ်ငန်းတိုးတက်အောင်မြင်မည်ကို မသိနိုင်ပါ။ ကျွန်ုပ်တို့မေးရန်မေးခွန်းမဟုတ်ပါ။ ဆောင်ရွက်ရန်ရှိသည်ကိုသာ ကျွန်ုပ်တို့ဆောင်ရွက်ကြရမည်ဖြစ်ပြီး အကျိုးအမြတ်ကို ဘုရားရှင်လက်ထဲ၌သာ ပုံအပ်ထားရန်ဖြစ်သည်။ "နံနက်အချိန်၌မျိုးစေ့ကိုကြဲလော့။ ညဦးအချိန်၌လည်း မကြဲဘဲ မနေနှင့်။" [Ev 490.2]

ဘုရားသခင်၏ကြီးမားသောပဋိညာဉ်ပြောသည်မှာ "မြေကြီးမကုန်မည်တိုင်အောင် မျိုးစေ့ကြဲရသောကာလ၊ အသီးအနှံကိုသိမ်းရသောကာလ မပြတ်ရ။" ဤကတိတော်ကိုယုံကြည်စိတ်ချခြင်း၌ လယ်သမားများထွန်ယက်ပြီး စိုက်ပျိုးကြပါသည်။ ဝိညာဉ်ရေး၌လည်း ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချမှုမလျှော့ဘဲ သူ၏အာမခံချက်ကို ယုံကြည်လျက်လုပ်ဆောင်ကြရန်ဖြစ်သည်။ "ထို့အတူ ငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့ မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်။" "မျက်ရည်ကျလျက်ကြဲရန်မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည် ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။" Christ's Object Lessons, p. 65. (1900)

## အမျိုးသမီးများအတွက်လုံလောက်သောလုပ်အားခများ

**မိမိတို့၏ခင်ပွန်းကဲ့သို့မှန်ကန်စွာလုပ်အားခပေးရမည်** – ဖြစ်နိုင်သည့်အခါ၌ ဓမ္မဆရာသည် သူ၏ဇနီးနှင့်အတူထွက်၍ အလုပ်လုပ်ဆောင်စေပါ။ များသောအားဖြင့် ဇနီးသည် မိမိ၏ခင်ပွန်းနှင့်တွဲ၍ မွန်မြတ်သောအလုပ်ကို အောင်မြင်စွာလုပ်ကိုင်နိုင်သည်။ လူတို့ရှိရာအိမ်များသို့ သူမသွားရောက်လည်ပတ်ကာ မိမိခင်ပွန်းမပြုလုပ်နိုင်သော ၎င်းအိမ်ထောင်မိသားစုများရှိ အမျိုးသမီးများတို့၏အလုပ်ကို ကူညီပေးနိုင်ပါသည်။ [Ev 491.1]





စိတ်အားထက်သန်သောအလုပ်တစ်ခုကိုလုပ်မည့် အမျိုးသမီးများကို ရွေးချယ်ပါ။ ထက်မြက်သောအမျိုးသမီးများကို သင်ကြားခြင်းအလုပ်၌ ဘုရားသခင်အသုံးပြုလိမ့်မည်။ ထိုနောက် နှုတ်ကပတ်ကိုနားလည်ပြီး သင်ကြားခြင်းစွမ်းရည်ရှိအမျိုးသမီးများတို့ကို မိမိတို့၏ဆောင်ရွက်မှုများအတွက် လုပ်အားခမရသင့်ဟု မည်သူမျှမထင်သင့်ပါ။ မိမိတို့၏ခင်ပွန်းကဲ့သို့ မှန်ကန်သောလုပ်အားခကိုပေးရမည်။ အမျိုးသမီးများတို့အတွက် ယခုအချိန်ရှိအမှန်တရားလုပ်ငန်း၌ ဆောင်ရွက်ကြရန် ကြီးမားသောအလုပ်ရှိသည်။ အမျိုးသမီး၏စွမ်းရည်နှင့်ပါးနပ်မှုကိုအသုံးပြုခြင်း၊ အမှန်တရား၏အသိပညာကို လိမ္မာစွာအသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့၏ညီအစ်ကိုများ ရင်ဆိုင်ဖြေရှင်း၍မရသောအခက်အခဲများကို သူတို့ဖယ်ရှားပေးနိုင်ပါသည်။ မိမိတို့၏ခင်ပွန်းများတို့နှင့်အတူ လက်တွဲလုပ်ဆောင်ရန် အမျိုးသမီးများတို့ကို ကျွန်ုပ်တို့အလိုရှိပြီး သာသနာ့လုပ်ငန်း၌ပါဝင်ရန်ဆန္ဒရှိသူများကို အားပေးသင့်သည်။ Letter 142, 1909. [Ev 491.2]

**သစ္စာရှိအမျိုးသမီးများတို့၏ဆက်ကပ်ခြင်းကိုအကန့်အသတ်မထားသင့်** – ကျွန်ုပ်တို့၏ကမ္ဘာ၌ ကြီးမားသောအလုပ်တစ်ခုလုပ်ရန်ရှိပြီး ဖြောင့်မှန်သောစည်းကမ်းချက်တို့နှင့်အညီ စွမ်းရည်တိုင်းကိုအသုံးပြုရမည်။ အကယ်၍အမျိုးသမီးတစ်ဦးအား လုပ်ငန်းတစ်ခုကိုဘုရားရှင်မှတာဝန်ပေးပါက သူမ၏အလုပ်ကို ၎င်း၏တန်ဖိုးနှင့်အညီ ခန့်မှန်းတွက်ချက်ပေးရမည်။ လုပ်ဆောင်သူတိုင်းတို့သည် မိမိတို့ထိုက်သင့်သည့်အတိုင်း ရရှိကြရမည်။ [Ev 491.3]

ဘဏ္ဍာရေးဌာနမှ မည်သည့်အဖိုးအခမျှထုတ်မယူဘဲ ဘုရားသခင်၏လုပ်ငန်းအတွက် မိမိတို့၏စွမ်းရည်ဖြင့် စိတ်အားထက်သန်စွာလုပ်ဆောင်ခွင့်ပြုခြင်းသည် ကောင်းသောစီမံကိန်းတစ်ခုဖြစ်သည်ဟု တချို့သူများထင်ကောင်းထင်ကြပေလိမ့်မည်။ သို့သော် ဤကဲ့သို့ပြုလုပ်ခြင်းသည် ခြားနားမှုတစ်ခုဖြစ်ပြီး အမှုဆောင်များရသင့်ရထိုက်သောအဖိုးအခကို မတရားတားဆီးခြင်းဖြစ်သည်။ ဤစီမံကိန်းမျိုးကို ဘုရားရှင်ခွင့်မပြုပါ။ ဤနည်းစနစ်ကိုတီထွင်

သောသူတို့အနေဖြင့် ဘုရားကိုကြောက်၍ ဝိညာဉ်များကိုချစ်သောအမှုဆောင်များတို့အား လုပ်အားခမပေးခြင်းဖြင့် ဘုရားရှင်၏အမှုတော်ကို သူတို့ဆောင်ရွက်ကြသည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။ သို့သော် စာရင်းအင်းတစ်ခုကို တစ်ခါပြီးတစ်ခါ ရှင်းရန်ရှိနေပြီး ဤအတင်းအဓမ္မတောင်းယူခြင်း၊ ဤဘက်လိုက်သောဆက်ဆံခြင်းသည် ပညာသားပါသောစီမံကိန်းဖြစ်သည်ဟုထင်ခြင်းကြောင့် မိမိတို့၏တစ်ကိုယ်ကောင်းဆန်ခြင်းအတွက် အရှက်ရကြပေလိမ့်မည်။ ဤအရာများအပေါ် ဘုရားသခင်၏အမြင်မှာ လူတို့၏အမြင်နှင့်မတူဘဲ ကွာခြားလျက်ရှိပါသည်။ [Ev 491.4]

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ အမှုတော်အတွက်စိတ်အားထက်သန်စွာ ကိုယ်ကျိုးစွန့်ကာ၊ သခင့်ထံကောက်လှိုင်းများတို့ကိုယူဆောင်လာပြီး သူတို့၏လုပ်ဆောင်မှုကြောင့် ပြောင်းလဲလာသောဝိညာဉ်များတို့သည် မိမိတို့၏ဆယ်ဖို့တစ်ဖို့များကို ဘဏ္ဍာတော်သို့ယူဆောင်လာလိမ့်မည်။ ငွေကြေးရှားပါးခြင်းကြောင့် မိမိကိုယ်ကိုငြင်းပယ်ရန်လိုအပ်လာသောအခါ ကြိုးစားလုပ်ဆောင်သောအမျိုးသမီးအနည်းငယ်တို့ကို ဆက်ကပ်အပ်နှံခြင်းအားလုံးတွင် မဆောင်ရွက်စေပါနှင့်။ ဆက်ကပ်ခြင်းအမှုကိုမျှဝေဆောင်ရွက်စေပါ။ ဘုရားရှင်ပြောဆိုသည်မှာ "ငါသည် လုယူခြင်းအမှုနှင့်အဓမ္မအမှုကိုမုန်း၏။" Manuscript 47, 1898. [Ev 492.1]

**ဆယ်ဖို့တစ်ဖို့မှပေးရမည်** – အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နှုတ်ကပတ်တော်နှင့်ယုံကြည်ခြင်းအယူဝါဒအတွက် အမှုထမ်းများတို့ကို ဆယ်ဖို့တစ်ဖို့ဖြင့်ထောက်ပံ့ရမည်။ Manuscript 149, 1899. [Ev 492.2]

**အမျိုးသမီးအမှုဆောင်များကိုကန့်သတ်မည့်နည်းလမ်းတစ်ခု** – မိမိခင်ပွန်းသည်ကဲ့သို့ ဆက်ကပ်လုပ်ဆောင်ပြီး အမှုတော်၌ထမ်းဆောင်ရန် လိုအပ်နေသောဘုရားရှင်အသိအမှတ်ပြုသည့်အမျိုးသမီးများကို တစ်ခါတစ်ရံမမျှမတဆက်ဆံခြင်းမျိုးရှိသည်။ အမျိုးသားအမှုထမ်းများတို့ကိုပေးသောနည်းစနစ်နှင့် မိမိနှင့်အတူလုပ်ဆောင်သော မိမိတို့၏ဇနီးသည်များကိုမပေးခြင်းသည် ဘုရားသခင်၏



အစီအစဉ်နှင့်မကိုက်ညီသောစီမံကိန်းဖြစ်ပြီး အကယ်၍ကျွန်ုပ်တို့၏နယ်ဌာနချုပ်များ၌ ဤကဲ့သို့ကျင့်သုံးနေပါက သူတို့ပါဝင်လုပ်ဆောင်သင့်သည့်အမှုတော်အတွက် ကျွန်ုပ်တို့၏ညီအစ်မများတို့ကိုစိတ်ဓာတ်ကျစေပြီး မိမိတို့ကိုယ်ကို အရည်အသွေးမပြည့်မီသူများဟု ခံစားစေနိုင်ပါသည်။ ဘုရားသခင်သည် တရားမျှတသောဘုရားဖြစ်ပြီး အကယ်၍ဓမ္မဆရာများ မိမိတို့၏လစာကို သူတို့၏လုပ်ဆောင်မှုအတွက်ရရှိကြပါက၊ ကိုယ်ကျိုးမငဲ့ဘဲ ဆက်ကပ်ဆောင်ရွက်သောသူတို့၏ဇနီးသည်တို့ကို သူတို့မတောင်းဆိုသည့်တိုင် မိမိတို့၏ခင်ပွန်းသည်များကဲ့သို့ မိမိတို့အားလစာကိုပေးသင့်သည်။ [Ev 492.3]

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်သည် အမျိုးသမီးများတို့၏လုပ်အားကို မည်သည့်အခါမျှအထင်မသေးရပါ။ အကယ်၍ မိမိ၏အိမ်အလုပ်ကိုသစ္စာရှိပြီး မိမိ၏သားသမီးငယ်များတို့ကို ကောင်းမွန်စွာစောင့်ရှောက်နိုင်မည့် စိတ်ချရသောစဉ်းစားဉာဏ်ရှိသည့်ကူညီဖော်ကို မိမိအိမ်မှုရေးရာအတွက် သူမအမှုတော်၌ပါဝင်ထမ်းဆောင်စဉ် အပ်နှံထားနိုင်မည်ဖြစ်ပါက သူမ၏ခံစားရရှိမည့်လစာကိုပေးရန် နယ်ဌာနချုပ်မှပြန်လည်ပေးနိုင်သည့်တရားမျှတသောအသိတရားရှိသင့်သည်။ Gospel Workers, pp. 452, 453. (1915) [Ev 492.4]

**ဤမေးခွန်းကိုဘုရားသခင်ဖြေရှင်းခဲ့သည်** – အကယ်၍ အမျိုးသမီးများတို့၏လုပ်ဆောင်ခြင်းသည် နှုတ်ကပတ်တော်နှင့်ယုံကြည်ခြင်းအယူဝါဒတွင်လုပ်ဆောင်သောသူတို့၏စိတ်သဘောနှင့်မတိုက်ဆိုင်ပါက၊ အကယ်၍သူတို့၏အလုပ်သည် ထင်ရှားစွာစွန့်ပယ်ထားခဲ့သောအလုပ်ကို သူတို့အောင်မြင်စွာလုပ်ဆောင်နိုင်ကြောင်းသက်သေပြပါက၊ လက်တင်ရဓမ္မဆရာများကဲ့သို့ ကြွယ်ဝသောအကျိုးကိုဖြစ်စေသည့်လုပ်ဆောင်ခြင်းဟု ယူဆ၍မရနိုင်ပေဘူးလား၊ ဤကဲ့သို့တာဝန်ပေးအပ်ထားသော သူ၏ဆောင်ရွက်မှုကိုမချီးမွမ်းဘဲနေသင့်ပါသလား။ [Ev 493.1]

ဤမေးခွန်းသည် အမျိုးသားများဖြေဆိုရန်မဟုတ်ပါ။ ဘုရားရှင်ဖြေကြားခဲ့ပါသည်။ ဧဝံဂေလိလုပ်ငန်း၌ဆောင်ရွက်သော အမျိုးသမီးတို့ထံသို့လည်းကောင်း၊ မိမိတို့အလုပ်သည် မိသားစုများထံသို့ အမှန်တရားကိုသယ်ဆောင်ရန်လိုအပ်ကြောင်း သက်သေခံသူတို့ထံသို့လည်းကောင်း သင်သည်သင်၏တာဝန်ကိုဆောင်ရွက်ရမည်။ သူတို့၏တာဝန်သည် အလုပ်ကိုသာဆောင်ရွက်ရမည်ဖြစ်ပြီး အားပေးသင့်ပါသည်။ ကိစ္စများစွာတို့၌ အမျိုးသမီးတစ်ဦးသည် အမျိုးသားတစ်ဦးထက် သူမ၏ညီအစ်မများထံသို့ အသိပညာကိုဝေငှပေးနိုင်ပါသည်။ ဤလုပ်ဆောင်ခြင်းမျိုး၌ အမျိုးသမီးများမပါရှိခြင်းကြောင့် အမှုတော်များစွာဆုံးရှုံးနေရပါသည်။ သင်ကြားပို့ချသောအမျိုးသမီးဆရာများတို့သည် အမျိုးသားများကဲ့သို့ အမှုတော်လွန်စွာလိုအပ်နေကြောင်း ကြိမ်ဖန်များစွာဘုရားရှင်ကျွန်ုပ်ကိုဖော်ပြခဲ့ပါသည်။ Manuscript 142, 1903. [Ev 493.2]

## ကျမ်းစာသင်ကြားပို့ချသူအတွက်သတိပြုစရာများ

**သာ၍ခွန်အားစိုက်ရန်လိုအပ်သောတစ်ဦးချင်းလုပ်ငန်း –** အမျိုးသမီးများနှင့်အမျိုးသားအပါအဝင် အမှုတော်၌ပါဝင်ဆောင်ရွက်ကြရမည်။ ဘုရားသခင်၏အမှုတော်၌ တစ်အိမ်မှတစ်အိမ်သို့ ခက်ခဲစွာနှင့်ပို၍ခွန်အားစိုက်ရသော ပရိသတ်ရှေ့၌မတ်တတ်ရပ်ရခြင်းတို့ဖြင့် အခြားသူများကယ်တင်ခြင်းရရန်အတွက် မိမိတို့၏ကိုယ်ကိုပေးအပ်ကာဆောင်ရွက်သော ထိုအမျိုးသမီးများတို့သည် မိမိတို့၏လုပ်အားခကိုရရှိသင့်သည်။ Manuscript 149, 1899. [Ev 493.3]

**လွန်ကျူးစွာလုပ်ဆောင်ခြင်းကိုရှောင်ပါ –** လုပ်ငန်း၌ပါဝင်သောအမျိုးသမီးများတို့အတွက် အနားယူချိန်မရဘဲ အလွန်ပင်ပန်းစွာလုပ်ကိုင်ဆောင်ရွက်ရန်တောင်းဆိုလာခြင်းတွင် အန္တရာယ်ရှိသည်။ ထိုပြင်းထန်သောခွန်အားစိုက်ရန်



ဆောင်ရွက်ရမည့်အလုပ်ကို အမှုဆောင်များတို့အားမစေခိုင်းသင့်ပါ။ တချို့သောသူများ မိမိတို့ကိုယ်ကိုဒုက္ခပေးနိုင်မည်မဟုတ်ပါ။ သို့သော် ရိုးသားစွာဖြင့် သေချာစွာလုပ်ဆောင်တတ်သော အခြားသူများတို့သည် အမှန်ပင်လွန်ကျူးစွာဆောင်ရွက်ကြလိမ့်မည်။ လူတိုင်း၊ အထူးသဖြင့် အမျိုးသမီးများအတွက် နားချိန်လိုအပ်ပါသည်။ Letter 61, 1896. [Ev 494.1]

**ကျွန်ုပ်တို့သည်လူသားများသာဖြစ်သည် –** ညီအစ်ကို၊ ညီအစ်မ၏ကျန်းမာရေးအတွက် သင်အထူးဂရုပြုပေလိမ့်မည်။ သူမအား အလွန်အကျွံခွန်အားစိုက်ထုတ်လုပ်ဆောင်ခြင်းကို ခွင့်မပြုပါနှင့်။ ကျွန်ုပ်ဘာဆိုလိုသည်ကိုသင်နားလည်လိမ့်မည်။ ကျွန်ုပ်တို့သည် လူသားများသာဖြစ်ကြောင်း သူမနားလည်ရန်လိုပြီး အကယ်၍ကျွန်ုပ်တို့၏ကျန်းမာရေးအတွက်ဂရုမပြုပါကကျွန်ုပ်တို့ဆုံးရှုံးနိုင်ပါသည်။ Letter 44, 1900. [Ev 494.2]

**လွတ်လပ်စွာလှုပ်ရှားရမည့်အခါ –** ဘုရားသခင်၏လမ်းကိုသိ၍ ဆုံးဖြတ်ချက်နှင့်လှုပ်ရှားပြီး သင့်လျော်သောအခြေအနေများအောက်၌ လျင်မြန်စွာနှင့်လွတ်လပ်စွာဆောင်ရွက်ရန် အမျိုးသမီးများအတွက်ရှိသည်။ ဇနီးသည်သည်ခင်ပွန်းသည်၏အနား၌ ညီညီညာညာရင်ဘောင်တန်းပြီး အသက်တာ၏တာဝန်အားလုံးကိုဝေမျှလျက် မိမိအား အသက်တာဘဝတစ်လျှောက်လုံး၏အဖော်အဖြစ် ရွေးချယ်ခဲ့သောသူ့အား သင့်လျော်သောလေးစားခြင်းကိုပေးရမည်။ Manuscript 17, 1891. [Ev 494.3]

**ချီးမွမ်းခြင်းနှင့်တရင်းတနှီးပြောဆိုတတ်သောသူများကိုရှောင်ပါ –** လူတို့ချီးမွမ်း၊ မြှောက်ပင့်ပြီး ဖက်ယမ်းသည်ကိုတွေ့ရသောအခါ ကျွန်ုပ်၌နာကျင်မှုခံစားရသည်။ ဘုရားသခင်သည် ဤဂရုစိုက်ခြင်းများကိုခံရသောလူတချို့တို့အနေဖြင့် မိမိတို့၏နှုတ်ခမ်း၌ သူ၏နာမကိုယူဆောင်ရန်မထိုက်တန်ကြောင်းဖော်ပြသည်။ သို့သော် သူတို့သည် ပြင်ပပေါ်လွင်မှုကိုသာသိမြင်နိုင်သော မပြည့်စုံသည့်လူ၏အမြင်ဖြင့် ကောင်းကင်သို့မြှောက်ပင့်ခြင်းကိုသာ ခံရခြင်းဖြစ်သည်။ ကျွန်ုပ်၏ညီအစ်မများ၊ မည်သည့်အခါမျှ ဆင်းရဲ၊ အားနည်း၊ မှားယွင်းသူများ၊

ငယ်ရွယ်သူဖြစ်စေ၊ သက်ကြီးရွယ်အိုဖြစ်စေ၊ အိမ်ထောင်သည်များဖြစ်စေ၊ လူပျိုလူလွတ်ဖြစ်စေ ဖက်ယမ်းခြင်း၊ မြှောက်ပင့်ခြင်းမပြုပါနှင့်။ သူတို့၏ အားနည်းခြင်းများတို့ကို သင်မသိပါ။ သို့သော် ဤအလွန်ဂရုစိုက်ခြင်းနှင့် များစွာသောချီးမွမ်းခြင်းတို့သည် သူတို့၏ပျက်စီးခြင်းကိုပြသနိုင်သည့်အရာ များဖြစ်သည်ကိုလည်း သင်မသိပါ။ ဤရင်းနှီးဆက်ဆံခြင်းနှင့်ပတ်သက်သည့် အရာ၌ များစွာဖော်ပြသည့်အမြင်တိုခြင်း၊ ပညာလိုအပ်ခြင်းသည် ကျွန်ုပ်ကို သတိပေးလျက်ရှိသည်။ [Ev 494.4]

အမျိုးသမီးများတို့၏ချီးမွမ်းခြင်း၊ ဖက်ယမ်းခြင်းနှင့်ဂရုစိုက်ခြင်းများ ကို လက်ခံသောအိမ်ထောင်သည်တို့သည် ဤလူတန်းစားတို့၏မေတ္တာနှင့် ကြင်နာမှုကိုရယူရန် တန်ဖိုးမရှိကြောင်းကို သေချာစွာဆင်ခြင်သင့်သည်။ ၎င်းတို့သည်တန်ဖိုးမရှိပါ။ [Ev 495.1]

ဖြူစင်သောအတွေးတိုင်း၊ အပြောအဆိုတိုင်း၊ အပြုအမူတိုင်းတို့သည် သင်၌လိုအပ်ကြောင်း ကျွန်ုပ်တစ်ဖန်အားပေးလိုပါသည်။ ကျွန်ုပ်တို့တစ်ဦးစီ ဘုရားသခင်ထံဖြေရှင်းရန်တာဝန်ရှိသည်။ မည်သူမျှကိုယ်စားပြု၍မရ၊ တစ်ဦးစီ ၏တာဝန်ဖြစ်သည်။ အကျင့်အားဖြင့်၊ တစ်ဦးချင်းကြိုးစားမှုအားဖြင့်နှင့် ပုံသက်သေအားဖြင့် ကမ္ဘာကြီးကိုပို၍ကောင်းအောင်ပြုရမည်။ လူမှုဆက်ဆံရေး ကို ကျွန်ုပ်တို့တိုးတက်စေသင့်သည်။ ပျော်ရွှင်မြူးထူးခြင်းအတွက်သက်သက် မဟုတ်ပါ။ ရည်ရွယ်ချက်အတွက်ဖြစ်စေရမည်။ ကယ်တင်ရမည့်ဝိညာဉ်များ ရှိနေပါသည်။ [Ev 495.2]

–o–



tcef; (15)

## ODcsif;jzihf0rf;ajrmufzG,f{0Ha*vdkyfief;

## သီချင်းအားဖြင့်သာသနာ့လုပ်ငန်း

**ဝိညာဉ်ကယ်တင်သောလက်နက်တန်ဆာပလာတစ်ခု –** နှလုံးသားများထဲမှ ထွက်ပေါ်လာသည့် ရှင်းလင်းပြတ်သားစွာသီဆိုသော သာယာသည့်သီချင်း သည် ဝိညာဉ်များကိုကယ်တင်ရာ၌ ဘုရားသခင်၏လက်နက်တန်ဆာပလာ တစ်ခုဖြစ်သည်။ Testimonies, vol. 5, p. 493. (1889) [Ev 496.1]

**သီချင်း၏တန်ခိုး –** ဣသရေလလူမျိုးများ တောထဲ၌ခရီးသွားကြစဉ် မိမိတို့၏လမ်းခရီးကို သန့်ရှင်းသောတေးသီချင်းသံများဖြင့် ခွန်အားဖြစ်စေ သကဲ့သို့ ဘုရားသခင်သည် သူ၏သားသမီးများတို့ကို သူတို့၏ဘုရားဖူး အသက်တာလမ်းခရီးတစ်လျှောက်၌ ဝမ်းမြောက်ခြင်းရှိစေရန်စေခိုင်းပါသည်။ မှတ်မိဉာဏ်ထဲသို့ ကိုယ်တော်၏စကားများကို ပို၍ထိရောက်စေသောနည်းလမ်း အနည်းငယ်သည် သီချင်းသံဖြင့် ၎င်းတို့ကိုထပ်ခါသီဆိုခြင်းလောက် ထိရောက် မှုမရှိပါ။ ၎င်းတို့သည် ကြမ်းတမ်းခြင်းကိုပျော့ပျောင်းစေပြီး ပင်ကိုယ်စိတ်ဓာတ် ကိုပျောက်ကွယ်စေနိုင်သည်။ အတွေးအခေါ်ကိုထက်မြက်စေသော တန်ခိုးနှင့် ကြင်နာမှုကိုနှိုးကြွစေသည်။ လုပ်ရှားခြင်း၏ညီညွတ်မှုကိုတိုးတက်စေပြီး ရဲရင့် ခြင်းသတ္တိကိုဖျက်ဆီးနိုင်ကာ ကြိုးစားခြင်းကိုဆုတ်လျော့စေသည့် ဝမ်းနည်း အားငယ်ခြင်းနှင့်တင်းမာမှုများတို့ကို ပျောက်ကွယ်စေပါသည်။ [Ev 496.2]

၎င်းသည် ဝိညာဉ်အမှန်တရားဖြင့် စိတ်နှလုံးကိုထိတွေ့စေသော အထိရောက်ဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ စိတ်ဖိစီးမှုပြင်းထန်စွာခံစားရပြီး မျှော်လင့်ခြင်းကင်းမဲ့မည့်အဖြစ်သို့ရောက်ရှိသောအခါ ဘုရားသခင်၏စကား တချို့ကို နှစ်ပေါင်းများစွာအချိန် ကလေးဘဝမှ သီချင်းတစ်ပုဒ်ကိုပြန်၍သတိရ ခြင်းအားဖြင့် စုံစမ်းခြင်းတန်ခိုးများပျောက်လွင့်သွားကာ အသက်တာသည်

အသစ်သောအဓိပ္ပါယ်နှင့်အသစ်သောရည်ရွယ်ချက်ရရှိလာပြီး ရဲရင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့ကို အခြားသူများထံသို့ဝေငှပေးနိုင်ပါသည်။ Education, pp. 167, 168. (1903) [Ev 496.3]

**အဆက်မပြတ်သောတရားဟောချက်တစ်ပုဒ်** – ဤစကားများ (မောရှေ၏သီချင်း) တို့ကို ဣသရေလလူမျိုးအားလုံးအတွက်ပြန်လည်ရွတ်ဆိုပြီး အမြဲသီဆိုသောသီချင်းတစ်ပုဒ်ဖြစ်လာကာ သာယာသောကြိုးသံဖြင့်ထွက်ပေါ်လာသည်။ သူတို့ထံသီချင်းအားဖြင့် အမှန်တရားကိုဟောပြောရန် မောရှေ၏ဉာဏ်တော်ဖြစ်ခဲ့ပြီး ထိုသာယာသောကြိုးသံများကို သူတို့သိရှိခြင်းဖြင့် နိုင်ငံတွင်းရှိလူကြီးလူငယ်အားလုံးတို့၏စိတ်ကို ထိတွေ့ခံစားစေပါသည်။ ကလေးများသီချင်းသင်ယူရန် အရေးကြီးပါသည်။ သူတို့အားစကားပြောရန်၊ သတိပေးရန်၊ တားမြစ်ရန်၊ ဆုံးမရန်နှင့်အားပေးရန်ဖြစ်ပါသည်။ ၎င်းသည် ဆက်လက်ဟောကြားသောတရားဟောချက်တစ်ပုဒ်ဖြစ်သည်။ Manuscript 71, 1897. [Ev 496.4]

**ဩဇာများစွာသက်ရောက်သည်** – သီချင်းအစီအစဉ်သည် ဝတ်ပြုခြင်းအစီအစဉ်၌ ပုံမှန်ပါဝင်သောအစီအစဉ်တစ်ခုဖြစ်ပြီး ဆာလံသီချင်းများကိုဒါဝိဒ်မင်းကြီးရေးသားစပ်ဆိုရခြင်းမှာ တဲတော်အစီအစဉ်၌ ယဇ်ပုရောဟိတ်များအသုံးပြုရန်အတွက်သာမကဘဲ နှစ်စဉ်ပွဲများသို့ သူတို့၏ခရီးစဉ်များ၌လူတို့သီဆိုရန်အတွက်လည်းဖြစ်သည်။ ၎င်း၏ဩဇာသည် အလွန်သက်ရောက်မှုရှိပြီး ရုပ်တုကိုးကွယ်ခြင်းမှ သူတို့ကိုကင်းဝေးစေသည်။ ပတ်ဝန်းကျင်ရှိလူအပေါင်းတို့မှ ဣသရေလလူမျိုးများတို့၏တိုးတက်အောင်မြင်ခြင်းကိုတွေ့ရှိရသောအခါ ဘုရားသခင်သည် မိမိလူမျိုးများအတွက် ကြီးကျယ်ခမ်းနားသောအမှုကိုဆောင်ရွက်ပေးသည့် ကောင်းမြတ်သောဘုရားဖြစ်ကြောင်း သူတို့အားစဉ်းစားဆင်ခြင်ခြင်းသို့ ပို့ဆောင်စေပါသည်။ Patriarchs and Prophets, p. 711. (1890) [Ev 497.1]



**အမှန်တရားသို့ဆွဲဆောင်ခြင်း** – ညအနည်းငယ်မှစပြီး ကျွန်ုပ်၏စိတ်ထဲတွင် ဤမြို့ကြီးများထဲရှိလူတို့ရှေ့၌ အမှန်တရားကိုမည်ကဲ့သို့ရောက်ရှိအောင်ဆောင်ရွက်ရမည့်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ရှုပ်ထွေးလျက်ရှိသည်။ အကယ်၍သူတို့သည် သတင်းစကားကိုကြားရမည်ဖြစ်ပါက အမှန်တရားကိုလူတချို့ဧကန်အမှန်လက်ခံကြမည်ဖြစ်ပြီး အခြားသူများထံသို့တစ်ဆင့် သူတို့ပြန်လည်၍ဆက်သွယ်ကြမည်ကို ကျွန်ုပ်တို့သေချာစွာယုံကြည်ပါသည်။ [Ev 497.2]

ဓမ္မဆရာများတို့သည် သူတို့၏ပရိသတ်များကို ဤဟောပြောသောအယူဝါဒသည် အန္တရာယ်ရှိကြောင်းသတိပေးပြီး၊ အကယ်၍သူတို့သွားရောက်နားထောင်ကြပါက သူတို့၏ထူးဆန်းသောအယူဝါဒဖြင့် လှည့်ဖြားခြင်းခံရလိမ့်မည်ဟုပြောပါသည်။ အကယ်၍လူတို့နားမထောင်ကြရန်တားဆီးနိုင်ပါကမမှန်သည့်အစွဲများ ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဆုတောင်းပေးကြပြီး ဘုရားသခင်သည် နောက်ဆုံးသောနေ့များ၌သတိပေးစကားနှင့်ညွှန်ကြားချက်ကို လူတို့ထံသို့ရောက်ရှိရန် ပြင်ဆင်ပေးလိမ့်မည်။ [Ev 497.3]

တစ်ညနေ၌ကျွန်ုပ်သည် စည်းဝေးတစ်ခုတွင်ရှိနေပုံပေါ်ပြီး ဤကိစ္စများနှင့်ပတ်သက်၍ပြောနေကြပါသည်။ လွန်စွာတည်ငြိမ်ပြီး သိက္ခာရှိသူတစ်ဦးမှ၊ "သင်တို့အထဲ၌စွမ်းရည်ရှိသည့် အလုပ်လုပ်မည့်အမျိုးသား၊ အမျိုးသမီးများပေါ်ထွက်လာရန် သင်တို့ဆုတောင်းကြပါသည်။ သင်တို့အသိအမှတ်ပြုရန်လိုသည့် သင်တို့အထဲ၌စွမ်းရည်ရှိသူရှိနေပါသည်" ဟုပြောပါသည်။ ကောင်းသောအဆိုပြုချက်များစွာကိုပြုလုပ်ခဲ့ပြီး လိုအပ်သောစကားများတို့ကိုသူတို့အားကျွန်ုပ်ရေးပေးသကဲ့သို့ ပြောဆိုခဲ့ပါသည်။ သူပြောခဲ့သည်မှာ၊ "သင်၏အာရုံစိုက်ခြင်းကို သင်ပြုစုပျိုးထောင်သင့်သည့် သီဆိုတတ်ခြင်းစွမ်းရည်သို့ ကျွန်ုပ်ဆွဲယူသည်။ အကြောင်းမှာ လူတို့၏သီဆိုခြင်းသည် သူ၏ဘုန်းတော်အတွက်အသုံးပြုရန် ဘုရားရှင်ပေးခဲ့ပါသည်။ ဖြောင့်မတ်ခြင်း၏ရန်သူသည် ဤစွမ်းရည်ကို သူ၏လုပ်ငန်း၌ကြီးမားစွာအသုံးပြုနေပါသည်။ ထိုကြောင့်

ဤဘုရားပေးသောဆုကျေးဇူးသည် လူတို့အတွက်ကောင်းချီးမင်္ဂလာဖြစ်စေမည့်အစား ညစ်ညမ်းသွားပြီး၊ မာရ်နတ်၏ရည်ရွယ်ချက်တွင် လွဲမှားစွာအသုံးပြုနေပါသည်။ သီဆိုတတ်ခြင်းစွမ်းရည်သည် အကယ်၍ဘုရားသခင်၏အမှုတော်၌ ဆက်ကပ်အသုံးပြုပါက ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ပါသည်။ ညီအစ်မ၌ ဤစွမ်းရည်ရှိသည်။ သို့သော် ချီးမွမ်းစရာမကောင်းပါ။ သူမ၏အဆင့်အတန်းကိုဆင်ခြေသုံးသပ်ပါက သူမ၏စွမ်းရည်သည် လူတို့ကိုဆွဲဆောင်ကာ အမှန်တရား၏သတင်းစကားကို လူတို့ကြားရကြလိမ့်မည်။ Letter 62, 1893. [Ev 497.4]

**ဘုရားရှင်နှင့်ဆက်သွယ်သည့်လမ်းကြောင်းတစ်ခု –** ဆုတောင်းခြင်းဖြင့်သော်လည်းကောင်း၊ ချီးမွမ်းခြင်းသီချင်းများနှင့်ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့်သော်လည်းကောင်း ဘုရားသခင်နှင့်အသက်ရှင်သောဆက်သွယ်မှုရှိရမည်။ Letter 96, 1898. [Ev 498.1]

**ရန်သူကိုခုခံရန် –** ယခုကလေးငယ်များကဲ့သို့ ခရစ်တော်ကလေးငယ်တစ်ယောက်ဖြစ်ခဲ့စဉ်အခါ၊ အပြစ်ထဲသို့သွေးဆောင်ခြင်းခံခဲ့ရပါသည်။ သို့သော်သူသည် သွေးဆောင်ခြင်းနောက်သို့လိုက်မပါခဲ့ပါ။ သူအသက်ကြီးလာသည်နှင့်အညီ သွေးဆောင်ခြင်းကိုခံခဲ့ရပါသည်။ သို့သော် သီဆိုရန်သူ၏မိခင်သင်ပေးခဲ့သောသီချင်းများသည် သူ၏စိတ်ထဲ၌ပေါ်လာပြီး ဂုဏ်တော်ကိုသူချီးမွမ်းပါသည်။ သူ၏သူငယ်ချင်းများသတိမမူမိဘဲ သူနှင့်အတူသီချင်းဆိုကြပါသည်။ ရန်သူကိုခုခံနိုင်ရန်အတွက် ဘုရားသခင်ပြင်ဆင်ပေးသော စိတ်စွမ်းအားတိုင်းကို အသုံးပြုရန် ကျွန်ုပ်တို့အားဘုရားသခင်အလိုရှိသည်။ Manuscript 65, 1901. [Ev 498.2]

**ကောင်းကင်၏ဝမ်းမြောက်ခြင်းကိုယူဆောင်ပေးခြင်း –** နံနက်စောစောအချိန်တွင် အများအားဖြင့်ခရစ်တော်ကို ဆိတ်ကွယ်ရာအရပ်များ၌တွေ့ရှိရပြီး အာရုံပြုခြင်း၊ ကျမ်းစာကိုဖတ်ရှုလေ့လာခြင်းနှင့်ဆုတောင်းခြင်းများကို ပြုလုပ်လေ့ရှိသည်။ သီချင်းဆိုခြင်းအားဖြင့် သူသည် နံနက်အလင်းကိုကြိုဆိုသည်။



ကျေးဇူးတော်ချီးမွမ်းသောသီချင်းများအားဖြင့် သူ၏လုပ်ငန်းကိုရွှင်လန်းစွာလုပ်ဆောင်ပြီး ကောင်းကင်၏ဝမ်းမြောက်ခြင်းကို ပင်ပန်း၍စိတ်ဓာတ်ကျသူများတို့အားပေးသည်။ Ministry of Healing, p. 52. (1905) [Ev 498.3]

**ချီးမွမ်းခြင်းသီချင်း –** ယေရှုသည် မကြာခဏသူ၏ဝမ်းမြောက်ခြင်းကိုဆာလံသီချင်းများနှင့် ကောင်းကင်နိုင်ငံသီချင်းများသီဆိုခြင်းအားဖြင့်ဖော်ပြသည်။ အများအားဖြင့် နာဇရက်မြို့သူမြို့သားများတို့သည် သူ၏ဘုရားသခင်ချီးမွမ်းသံကိုကြားရပါသည်။ သီချင်းအားဖြင့် သူသည် ကောင်းကင်နှင့်ဆက်သွယ်သည်။ သူ၏မိတ်ဆွေများ မိမိတို့၏လုပ်ငန်း၌ညည်းညူမြည်တမ်းကြသောအခါ၊ သူ၏သီချင်းသံများဖြင့် ရွှင်လန်းကြရသည်။ သူ၏ဂုဏ်တော်ချီးမွမ်းခြင်းသည် ဆိုးသောကောင်းကင်တမန်များတို့ကို ဝေးရာသို့ထွက်ခွာသွားစေသည်။ သူ၏သီချင်းသံကိုကြားရသောသူတို့သည် မိမိတို့၏လောကပြည်နှင်ဒဏ်ဘဝမှ ကောင်းကင်အိမ်တော်သို့ ခေါ်ဆောင်သွားခြင်းခံရသည်။ The Desire of Ages, pp. 73, 74. [Ev 499.1]

**စိတ်ပျက်ခြင်းကိုတွန်းလှန်သောလက်နက်တစ်ခု –** အကယ်၍ ဘုရားရှင်ကိုများစွာချီးမွမ်းပြီး စိတ်ပျက်ခြင်းအတွက် ဝမ်းနည်းပူဆွေးစေသောစကားပြောဆိုခြင်းများတို့ကိုရှောင်ရှားပါက အောင်မြင်ခြင်းများစွာရရှိမည်ဖြစ်ပါသည်။ Letter 53, 1896. [Ev 499.2]

သီချင်းအားဖြင့်ချီးမွမ်းခြင်းနှင့်ကျေးဇူးတင်ခြင်းကိုဖော်ပြကြပါစို့။ စုံစမ်းခြင်းခံရသောအခါ၊ ခံစားချက်များကိုဖော်ပြမည့်အစား ဘုရားရှင်ထံကျေးဇူးတင်ခြင်းသီချင်းကို ယုံကြည်ခြင်းအားဖြင့်သီဆိုကြပါစို့။ [Ev 499.3]

သီချင်းသည် စိတ်ပျက်ခြင်းကိုတွန်းလှန်ရန် အမြဲအသုံးပြုနိုင်သည့်လက်နက်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်ကို ကယ်တင်ရှင်ရှိနေခြင်း၏နေရောင်ခြည်သို့ တံခါးဖွင့်ပေးသကဲ့သို့ ကျန်းမာခြင်းနှင့်သူ၏ကောင်းချီးမင်္ဂလာများကို ရရှိစေနိုင်ပါလိမ့်မည်။ Ministry of Healing, p. 254. (1905) [Ev 499.4]

**ခရစ်ယာန်ဗဟုသုတကိုထိန်းသိမ်းစောင့်ရှောက်ရန်** – နံနက်နှင့်ညဉ့်ဦးယံ၌ သင်၏သားသမီးများနှင့်အတူ ဘုရားရှင်ကိုဝတ်ပြုပြီး နှုတ်ကပတ်တော်ကို ဖတ်ရှု၍ သူ၏ကျေးဇူးတော်ကိုချီးမွမ်းပါ။ ဘုရားရှင်၏ပညတ်တော်ကိုရွတ်ဆိုရန် သူတို့ကိုသင်ပေးပါ။ ပညတ်တော်နှင့်ပတ်သက်၍ ဣသရေလလူမျိုးများတို့ ဤကဲ့သို့ညွှန်ကြားခြင်းကိုခံခဲ့ရပါသည်။ "သင်၏သားသမီးများတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်။" ၎င်းအတိုင်း ဣသရေလလူမျိုးများတို့အား မောရှေသည် တရားစကားများတို့ကို သီချင်းသံအဖြစ်သို့လမ်းညွှန်ခဲ့ပါသည်။ အရွယ်ကြီးသောကလေးများသီချင်းတီးသောအခါ၊ အရွယ်ငယ်သောကလေးများချီတက်ပြီး ဘုရားသခင်၏ပညတ်တော်နှင့်ပတ်သက်သည့်သီချင်းများကို သီဆိုကြပါသည်။ အသက်ကြီးလာသည့်နောက်ပိုင်း၌ ၎င်းကလေးဘဝမှသင်ယူခဲ့ရသော နှုတ်ကပတ်တရားများတို့ကို သူတို့နှလုံးသားထဲ၌မှတ်မိကြပါသည်။ [Ev 499.5]

အကယ်၍ ပညတ်တော်တို့ကို သန့်ရှင်းသောသီချင်းအဖြစ် မောရှေအနေဖြင့်ရုပ်လုံးဖော်ပြီး တော၌ခရီးသွားကြစဉ် ပညတ်တော်ကိုတစ်ပိုဒ်ပြီးတစ်ပိုဒ် ကလေးများသီဆိုရန်လိုအပ်ပါက ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့၏သားသမီးများတို့အား ယခုအချိန်၌ ၎င်းနည်းအတိုင်းသွန်သင်ရန် မည်မျှလိုအပ်ပါလိမ့်မည်နည်း။ ဘုရားသခင်၏ကူညီမစမှုဖြင့် ကျွန်ုပ်တို့၏သားသမီးများ ပညတ်တော်ကိုလိုက်လျှောက်နိုင်ကြရန် သွန်သင်ကြပါစို့။ ဘုရားရှင်ကိန်းအောင်းရန် ကျွန်ုပ်တို့၏အိမ်ထောင်များအထဲတွင် ကျွန်ုပ်တို့၌ရှိသမျှခွန်အားဖြင့် သီချင်းများကိုတီးမှုတ်သီဆိုကြပါစို့။ Review and Herald, Sept. 8, 1904. [Ev 500.1]

**ကောင်းကင်တစ်ခုလုံးဝမ်းမြောက်စွာသီချင်းဆိုကြသည်** – ပျောက်သောသိုးကို သိုးထိန်းတွေ့ရှိသောအခါ ဖော်ပြခဲ့သောကြီးမားသည့်ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့၏စိတ်ထဲ၌ မှတ်သားထားရပါမည်။ သူ၏အိမ်နီးနားခြင်းများကိုခေါ်ကာ



"ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့။" ကောင်းကင်တစ်ခုလုံးဝမ်းမြောက်စွာသီချင်းသီဆိုကြပါသည်။ ဖခင်ကိုယ်တိုင် ပြန်တွေ့သောသားကြောင့် ဝမ်းမြောက်၍သီချင်းသီဆိုပါသည်။ မည်မျှသန့်ရှင်းသောဝမ်းမြောက်ပီတိကို ဤပုံပမာ၌တွေ့ရပါသနည်း။ ထိုဝမ်းမြောက်ခြင်းမျိုးကို ဝေငှရန် သင်၏အခွင့်အရေးဖြစ်ပါသည်။ Testimonies, vol. 6, p. 125. (1900) [Ev 500.2]

## တေးသီချင်းနှင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း

**ဝိညာဉ်ရေးအမှန်တရားကိုထိရောက်စေရန်** – သီချင်းသည် ဝိညာဉ်ရေးအမှန်တရားကို စိတ်နှလုံးအပေါ်သို့ထိတွေ့ခံစားမှုကို ထိရောက်စွာပေးနိုင်သောအကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ အများအားဖြင့် သန့်ရှင်းသောသီချင်း၏စကားလုံးများကြောင့် သံဝေဂတရားနှင့် ယုံကြည်ခြင်း၏စမ်းချောင်းလေးများစီးဆင်းလာပါသည်။ Review and Herald, June 6, 1912. [Ev 500.3]

**တေးတူရိယာတန်ဆာပလာများ** – သီဆိုခြင်းစွမ်းရည်ကို အလုပ်ထဲသို့ ထည့်သွင်းအသုံးပြုပါ။ တေးတူရိယာတန်ဆာပလာများအသုံးပြုခြင်းကို လုံးဝကန့်ကွက်ရန်မရှိပါ။ ရှေးအချိန်ဘာသာရေးအစီအစဉ်များ၌ အသုံးပြုခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်သူများတို့သည် စောင်းနှင့်လင်းကွင်းများဖြင့် ဘုရားသခင်ကိုချီးမွမ်းကြပြီး ကျွန်ုပ်တို့၏အစီအစဉ်များ၌လည်း တေးသီချင်းသီဆိုတီးမှုတ်ခြင်းကို အသုံးပြုသင့်သည်။ စိတ်ဝင်စားမှုကို ပို၍များလာစေပါသည်။ Letter 132, 1898. [Ev 500.4]

**သီချင်းသီဆိုခြင်းအစီအစဉ်ဖြစ်၊ ဖျော်ဖြေခြင်းအစီအစဉ်မဟုတ်** – ကျွန်ုပ်ရှေ့၌ဖော်ပြသည့်အရာမှာ အကယ်၍အသင်းလူကြီးအနေဖြင့် သူ၏ညီအစ်ကိုများအကြံပေးချက်ကိုနာခံပြီး သူဆောင်ရွက်နေသည့်လူထုပရိသတ်ကြီးကိုရရှိရန် ကြိုးစားလုပ်ဆောင်ခြင်းမပြုပါက ကောင်းကျိုးအတွက်ဩဇာပို၍ရရှိပြီး သူ၏

အလုပ်သည် ပို၍ထိရောက်ခြင်းရှိပေမည်။ ပွဲလမ်းသဘင်နှင့်ဆင်တူရိုးမားခင်းကျင်းပြသမှုဟူသရွေ့ကို ဖယ်ရှားပစ်သင့်သည်။ အကြောင်းမှာ ၎င်းပြင်ပပေါ်လွင်မှုများသည် သူသယ်ဆောင်သောသတင်းစကားအတွက် ထိရောက်မှုမပေးနိုင်ပါ။ ဘုရားရှင်သူနှင့်အတူပါဝင်လုပ်ဆောင်နေသည့်အခါ၊ သူ့အလုပ်အတွက် အကုန်အကျများစွာခံစရာမလိုပါ။ သူ၏အစည်းအဝေးအတွက်ကြော်ငြာစရိတ်များစွာ အကုန်အကျခံရန်မလိုပါ။ တေးသီချင်းအပေါ်၌လည်းများစွာအားကိုးမှီခိုရန်မလိုပါ။ ဤအစီအစဉ်အစိတ်အပိုင်းအတွက် ပွဲလမ်းသဘင်ဖျော်ဖြေရေးပုံစံဖြင့်ကျင်းပခြင်းထက် ဘာသာရေးစည်းဝေး၌ သီချင်းအစီအစဉ်နှင့်အညီ ပို၍ကျင်းပပြုလုပ်သင့်ပါသည်။ Letter 49, 1902. [Ev 501.1]

**နှုတ်ကပတ်တော်အတွက်လွန်စွာလိုလားတောင့်တခြင်း** – ကမ္ဘာပေါ်ရှိလူအများတို့၏စိတ်နှလုံးနှင့် အသင်းသူအသင်းသားတို့အပါအဝင် အသက်မုန့်ကိုဆာလောင်ကြပြီး ကယ်တင်ခြင်းရေကိုငတ်နေကြသည်။ သူတို့သည် သီချင်းအစီအစဉ်ကိုစိတ်ဝင်စားကြသော်လည်း ၎င်းကိုတောင့်တလိုချင်စိတ်မရှိ၊ ဆုတောင်းခြင်းကိုပါမရှိပါ။ သူတို့သည် နှုတ်ကပတ်တော်ကိုသာသိရှိလိုကြသည်။ ဘုရားသခင်ကျွန်ုပ်အားဘာပြောသနည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏စိတ်နှလုံးထဲ၌အလုပ်လုပ်နေပြီး သူတို့အားအသက်မုန့်ထံသို့ဆွဲယူလျက်ရှိသည်။ သူတို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ အရာခပ်သိမ်းပြောင်းလဲသည်ကိုတွေ့ရသည်။ ဘာသာရေးဆိုင်ရာ လူတို့၏ခံစားချက်များ၊ အတွေးအခေါ်များပြောင်းလဲနေသည်။ နှုတ်ကပတ်တော်ဖတ်ရှုရသည့်အတိုင်း သူတို့လာရောက်နားထောင်ကြသည်။ Manuscript 11, 1899.

**သီချင်းတိုင်း၏ရည်ရွယ်ချက်** – ကယ်တင်ခြင်းသိပ္ပံသည် တရားဟောချက်တိုင်း၏ဝန်ထုပ်၊ သီချင်းတိုင်း၏ရည်ရွယ်ချက်ဖြစ်ရမည်။ အသနားခံတောင်းဆိုချက်တိုင်းဖြင့် အဆက်မပြတ်စီးဆင်းစေပါ။ Manuscript 107, 1898. [Ev 502.1]



**စိတ်ထကြွခြင်းကိုရှောင်ပါ** – တစ်ဖက်စွန်းဆန့်ကျင်ဘက်သို့ တခြားသူများသွားနေဆဲဖြစ်သည်။ ဘာသာရေးစိတ်ခံစားချက်ကိုထင်ရှားစေပြီး၊ အထူးအစီအစဉ်၌ လွန်စွာဆန္ဒပြင်းပြခြင်းကိုလည်း ပြသကြသည်။ သူတို့၏ဘာသာရေးသည် ခရစ်တော်၌ယုံကြည်မှုတည်နေခြင်းထက် လှုံ့ဆော်မှုတစ်ခုကြောင့်ဖြစ်ပုံပေါ်ကြောင်းတွေ့ရသည်။ [Ev 502.2]

စစ်မှန်သောဓမ္မဆရာများသည် လူတို့၏နှလုံးသားအတွင်းမှ သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှားခြင်း၏တန်ဖိုးကို နားလည်သည်။ ရိုးသားသောဘာသာရေးအစီအစဉ်ဖြင့် သူတို့ကျေနပ်ရောင့်ရဲကြသည်။ ရေပန်းစားသောသီချင်းသီဆိုမှုများစွာပြုလုပ်မည့်အစား သူတို့၏အဓိကအာရုံစိုက်ခြင်းကိုနှုတ်ကပတ်တော်လေ့လာခြင်းအပေါ်၌ထားရှိပြီး နှလုံးသားထဲမှ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြသည်။ ပြင်ပဆင်ယင်မှုအထက်၌ အတွင်းဆင်ယင်မှုဖြစ်သော နူးညံ့တည်ငြိမ်သည့်စိတ်သဘောထားခြင်းကို တန်ဖိုးထားသည်။ သူတို့၏နှုတ်ထဲ၌ အပြစ်ဒုစရိုက်ကိုမတွေ့ရပါ။ Manuscript 21, 1891. [Ev 502.3]

**အိမ်ထောင်စုများ၌သီချင်းသာသနာလုပ်ငန်း** – ကျောင်းသူကျောင်းသားများတို့၊ လမ်းမကြီးနှင့်ခြံများသို့ထွက်သွားကြပါ။ အဆင့်မြင့်သူများနှင့်အဆင့်နိမ့်သူများတို့ထံသို့ပါ ကြိုးစား၍ရောက်အောင်သွားကြပါ။ ချမ်းသာသူ၊ ဆင်းရဲသူတို့၏အိမ်ထဲသို့ဝင်ပြီး အခွင့်အရေးရပါက "ကျွန်ုပ်တို့သီချင်းဆိုခွင့်ရနိုင်မလား" ဟုမေးပြီး သီဆိုခွင့်ရပါက အထူးဝမ်းသာမည်ဟုပြောပါ။ ထိုနောက်သူတို့စိတ်နှလုံးများပျော့ပျောင်းလာသည်နှင့် ဘုရားကောင်းချီးမင်္ဂလာအတွက်ဆုတောင်းပေးရန်လမ်းပွင့်လာပါလိမ့်မည်။ လူအများငြင်းပယ်ကြမည်မဟုတ်ပါ။ Review and Herald, Aung. 27, 1903. [Ev 502.4]

**တစ်အိမ်မှတစ်အိမ်သို့သာသနာ့လုပ်ငန်း** – အလွယ်ကူဆုံးသောသီချင်းများတို့ကိုဆိုရန်သင်ယူပါ။ တစ်အိမ်မှတစ်အိမ်သို့သွားခြင်း၌ အကူအညီရရှိပြီး ဝိညာဉ်တော်၏ဩဇာအားဖြင့် စိတ်နှလုံးသားများကိုထိတွေ့စေလိမ့်မည်။

နှုတ်ကပတ်တော်မှ ကျွန်ုပ်တို့သင်ယူရသည်မှာ၊ ကောင်းကင်တမန်များတို့သည် နောင်တရသောအပြစ်သားတစ်ဦးအတွက် ဝမ်းမြောက်ကြပြီး၊ ဘုရားရှင်ကိုယ်တိုင် သူ့အသင်းတော်အပေါ်သီချင်းအားဖြင့် ပျော်ရွှင်ဝမ်းမြောက်ခြင်းရှိပါလိမ့်မည်။ Review and Herald, Nov. 11, 1902. [Ev 502.5]

**သီချင်းဖြင့်ဆုံးဖြတ်ချက်များကိုတောင်းယူခြင်း –** လွန်ခဲ့သည့်ည ကျွန်ုပ်အိပ်မက်ထဲ၌ အမျိုးသားလူပျိုလူရွယ်တစ်စုထံသို့ ကျွန်ုပ်စကားပြောနေပါသည်။ "ဆွဲဆောင်လုနီးပါး" ဟူသောသီချင်းကို သူတို့အားကျွန်ုပ်ဆိုခိုင်းသည်။ ပါဝင်သူတချို့အလွန်စိတ်ထိခိုက်ကြသည်။ သူတို့ဆွဲဆောင်ခြင်းခံရလုနီးပါးဖြစ်သည်ကို ကျွန်ုပ်သိသည်။ သို့သော် အကယ်၍သူတို့သည် ခရစ်တော်ထံသို့ပြန်လာရန် ခိုင်မာသောကြိုးစားမှုများမပြုလုပ်ပါက သူတို့၏အပြစ်နှင့်ပြည့်ဝခြင်းကိုယုံကြည်ရာ၌ သူတို့အားစွန့်ခွာသွားပေမည်။ သင်ဝန်ချတောင်းပန်မှုတချို့ပြုခဲ့ပြီး သင့်အားကျွန်ုပ်မေးခဲ့ပါသည်။ "ယခုသင်ဘုရားသခင်ဘက်၌ရပ်တည်မည်လား။" သင်ယေရှုကိုလက်ခံပါက သူသင့်ကိုလက်ခံလိမ့်မည်။ Letter 137, 1904. [Ev 503.1]

**ကားပေါ်သီချင်းအစီအစဉ်ဖြင့်ဗဟုသုတ –** ဥပုသ်နေ့၌ ကျွန်ုပ်တို့သီချင်းသီဆိုခြင်းအစီအစဉ်ရှိသည်။ ညီအစ်ကိုလောရင့် (Lawrence) သီချင်းဆရာတစ်ဦး၊ သီချင်းအစီအစဉ်ကိုဦးဆောင်ခဲ့သည်။ ကားပေါ်ရှိခရီးသည်များအားလုံးအစီအစဉ်အပေါ် လွန်စွာဝမ်းမြောက်ကြပြီး အများသောသူတို့သည် ပါဝင်သီဆိုကြပါသည်။ [Ev 503.2]

တနင်္ဂနွေနေ့၌ အသင်းလူကြီး ခေါလစ်(စ) (Corliss) အနည်းငယ်စကားပြောခဲ့ပြီးနောက် ကျွန်ုပ်တို့သီချင်းသီဆိုခြင်းအစီအစဉ်ရှိပါသည်။ သူစကားပြောစဉ် သူအသုံးပြုသောကျမ်းချက်မှာ၊ "ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့"





ဖြစ်ပါသည်။ ခရီးသည်များ စိတ်ပါဝင်စားစွာနားထောင်ကြပြီး ပြောဆိုသောစကားကို သူတို့နှစ်သက်ပုံပေါ်သည်။ [Ev 503.3]

တနင်္လာနေ့ရောက်လာသောအခါ သီချင်းများပိုမိုသီဆိုခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦးရင်းနှီးလာကြသကဲ့သို့ ခံစားလာမိကြသည်။ Letter 135, 1905. [Ev 503.4]

**ကမ္ဘာသစ်၌တေးသီချင်း –** ဘုရားသခင်၏လက်တွင်းသို့ မိမိတို့ကိုယ်ကိုဆက်ကပ်အပ်နှံသောမည်သူမဆို သူတို့အားဘုရားသခင်ဖြစ်စေလိုပြီးလုပ်စေလိုသောအရာအားလုံးကို လုပ်ဆောင်သောသူတို့သည် ဘုရင်ကိုသူ၏လှပခြင်းရှိသည့်အတိုင်း တွေ့မြင်ရလိမ့်မည်။ သူ၏နှိုင်းယှဉ်၍မရသောဆွဲဆောင်မှုကိုမြင်တွေ့ရပြီး သူတို့၏ရွှေစောင်းကောက်များကိုကိုင်လျက် သာယာသောတေးသံနှင့်သိုးသငယ်သီချင်းများဖြင့် ကောင်းကင်တစ်ခုလုံးကိုပြည့်လျှံစေလိမ့်မည်။ [Ev 503.5]

ဤနေရာ၌သင်ကြားနာခဲ့ရသောတူရိယာသံများကို ကျွန်ုပ်ကြားလိုပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကြားရဖို့အလိုရှိသည်။ ကျွန်ုပ်တို့၏စိတ်၊ နှလုံးသားနှင့်အသံအားဖြင့် သူ့အားချီးမွမ်းခြင်းကိုပြုပြီး ကမ္ဘာရှေ့၌ သူ၏နာမတော်ကိုထင်ရှားစေရန် သူအလိုရှိသည်။ Review and Herald, June 15, 1905. [Ev 503.6]

## သီချင်းသီဆိုခြင်းဖြင့်သာသနာပြုသူ

**သီချင်းသာသနာလုပ်ငန်းအတွက်ပြင်ဆင်ခြင်း –** ယခုတွေ့မြင်ခံစားရသည့် သီဆိုသံဓလေ့ထက် ပို၍များစွာစိတ်ဝင်စားကြရန်သင့်သည်။ ချိုသာသောဓမ္မသီချင်းသံများသီဆိုကြရန် သင်ယူနေကြသောကျောင်းသူကျောင်းသားများတို့သည် သာယာကြည်နူးဖွယ်ကောင်းသော ရှင်းလင်းပြတ်သားသည့်အသံဖြင့် သီချင်းသီဆိုသောသာသနာ့လုပ်ငန်းအဖြစ် ပို၍ကောင်းအောင်ဆောင်ရွက်နိုင်

ပါသည်။ သူတို့သည် မိမိတို့အားဘုရားသခင်ပေးထားသောစွမ်းရည်ကို မိမိတို့၏သာယာသောအသံနေရောင်ခြည်ကို အပြစ်၊ ဝမ်းနည်းပူဆွေးခြင်းနှင့် ဒုက္ခနှင့်ကြုံရပြီး စွန့်လွှတ်ထားသောမှောင်မိုက်သည့်နေရာဒေသများသို့သယ်ဆောင်သွားနိုင်ပြီး ဘုရားကျောင်းသို့တက်ရောက်နိုင်ရန် အခွင့်အရေးရရှိခဲ့သောသူတို့ထံသို့ သီဆိုခြင်းဖြင့်အသုံးပြုနိုင်မည့်အခွင့်အရေးများစွာကို တွေ့ရှိရလိမ့်မည်။ Review and Herald, Aug. 27, 1903. [Ev 504.1]

**ပိညာဉ်များကိုအောင်မြင်ရန်တန်ခိုးတစ်ခု –** လူသား၏အသံ၌ များစွာသောသီဆိုနိုင်သည့်စွမ်းရည်နှင့်တေးသီချင်းများရှိပြီး အကယ်၍သင်ယူသူအနေဖြင့် ရည်မှန်းချက်ရှိသောကြိုးစားမှုဖြင့်သင်ယူပါက ခရစ်တော်ထံသို့ဝိညာဉ်များကိုအောင်မြင်နိုင်သောတန်ခိုးအတွက် ပြောနိုင်၊ သီဆိုနိုင်သောအကျင့်ဓလေ့များကို ရရှိမည်ဖြစ်သည်။ Manuscript 22, 1886. [Ev 504.2]

**သီချင်းဖြင့်အထူးသတင်းစကားတစ်ခုကိုသယ်ဆောင်ခြင်း –** သီချင်းသီဆိုခြင်း၌ အထူးဆုကျေးဇူးခံစားရသူများရှိပြီး အထူးသတင်းစကားအတွက် တစ်ဦးတည်းသီဆိုရန်သော်လည်းကောင်း၊ အများစုပေါင်း၍သီဆိုကြရန်သော်လည်းကောင်း သီဆိုရန်လိုအပ်လာသောအချိန်အခါမျိုးရှိပါသည်။ သို့သော်သီဆိုခြင်းကို လူနည်းစုဖြင့်သီဆိုခြင်းနည်းပါးလှပါသည်။ သီဆိုတတ်သည့်အရည်အချင်းသည် ဩဇာ၏စွမ်းရည်တစ်ခုဖြစ်ပြီး သူ၏ဘုန်းတော်အတွက် လူအားလုံးတို့မှတိုးတက်အောင်ပြုစု၍အသုံးပြုရန် ဘုရားသခင်၏အလိုဆန္ဒဖြစ်ပါသည်။ Testimonies, vol. 7, pp. 115, 116. (1902) [Ev 504.3]

**ရှင်းလင်းသောအသံများ– ပြတ်သားသောသီဆိုခြင်း –** မည်သည့်စကားလုံးများမှ စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်း၏နက်ရှိုင်းသောကောင်းချီးမင်္ဂလာကို ဖော်ကျူး၍မရပါ။ လူသားများဝိညာဉ်သဘောနှင့်အသိတရားဖြင့်သီဆိုကြသောအခါ၊ ကောင်းကင်တေးသံရှင်များ စောင်းကြိုးကိုယူကာ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အတူ ပူးပေါင်းပါဝင်တီးမှုတ်သီဆိုကြပါသည်။ ဘုရားသခင်နှင့်အတူ အမှုထမ်းဆောင်သောသူများဖြစ်ရန် ဘုရားရှင်သည် ဝိညာဉ်ဆုကျေးဇူး



အားလုံးတို့ကို ကျွန်ုပ်တို့အပေါ်သို့ချပေးခြင်းသည် သူ၏အမှုထမ်းများ မိမိတို့၏အသံကိုလေ့ကျင့်ပေးခြင်းအားဖြင့် လူအားလုံးနားလည်စေရန် သူတို့ပြောနိုင်သီဆိုနိုင်ဖို့ ဘုရားရှင်အလိုရှိပါသည်။ ကျယ်လောင်စွာသီဆိုရန်မလိုပါ။ ရှင်းလင်းသောအသံ၊ မှန်ကန်သောအသံနေအသံထားနှင့် တိကျပြတ်သားသောမြွက်ဆိုခြင်းလိုအပ်ပါသည်။ ကျွန်ုပ်တို့အားလုံးအချိန်ယူပြီး အသံကိုလေ့ကျင့်ကြပါစို့။ သို့မှသာ နားမခံနိုင်သော ကြမ်းတမ်းစူးရှသည့်အသံအားဖြင့်မဟုတ်၊ ရှင်းလင်းချိုသာသောအသံအားဖြင့် ဘုရားကိုချီးမွမ်းနိုင်ပါလိမ့်မည်။ သီဆိုတတ်သောအရည်အချင်းသည် ဘုရားသခင်ပေးသောဆုကျေးဇူးဖြစ်သည်။ သူ၏ဘုန်းတော်အတွက် အသုံးပြုကြပါစို့။ Testimonies, vol. 9, pp. 143, 144. (1909) [Ev 504.4]

**ထိရောက်သောတေးသီချင်း၌အကြောင်းရင်းများ –** တေးသီချင်းသည် ကောင်းကျိုးအတွက်ကြီးမားသောတန်ခိုးရှိသည်။ သို့သော် ဝတ်ပြုအစီအစဉ်များ၌ အကောင်းဆုံးအသုံးမပြုကြသေးပါ။ အများအားဖြင့် သီဆိုခြင်းကို ရည်ရွယ်ချက်မရှိဘဲဆိုတတ်ကြခြင်း၊ သို့မဟုတ် အထူးကိစ္စများအတွက်သီဆိုခြင်းနှင့် အခြားအချိန်များတို့၌ သီချင်းဆိုသောသူတို့သည် ဖြစ်ကတတ်ဆန်းဆိုခြင်းတို့ကြောင့် ကြားနာရသောသူများအတွက် အကျိုးသက်ရောက်မှုမရှိဘဲဖြစ်ရပါသည်။ တေးသီချင်းသည် လှပခြင်း၊ ကရုဏာသံယိုစီးခြင်း၊ တန်ခိုးပါခြင်းများရှိသင့်သည်။ ချီးမွမ်းခြင်းနှင့်ဝတ်ပြုခြင်းသီချင်းအသံများတို့ကို ကျူးအေးသီဆိုကြပါစို့။ အကယ်၍သီဆိုရာတွင် အကျိုးပို၍ရှိစေရန် တူရိယာများကိုအကူအညီယူကာ လက်ခံနိုင်ဖွယ်ဆက်ကပ်ခြင်းတစ်ခုကဲ့သို့ ဂုဏ်သရေရှိညီညာသံဖြင့် ဘုရားရှင်ထံတော်သို့ရောက်ရှိစေကြပါစို့။ [Ev 505.1]

သို့သော် တစ်ခါတစ်ရံသီချင်းအဆိုသည်များတို့ကို သွန်သင်လမ်းညွှန်ရန် အားတက်သရောဆုတောင်းခြင်းအကျင့်ဓလေ့များကို တိုးတက်ရန်သင်ကြားပေးခြင်းထက် ပို၍ခက်ခဲပါသည်။ အများသောသူတို့သည် မိမိတို့ပုံစံဖြင့် ကိစ္စရပ်များတို့ကိုဆောင်ရွက်လိုကြသည်။ သူတို့သည် အကြံပြုခြင်းကိုလက်မခံ

ကြပါ။ ဦးဆောင်သူများအောက်၌ သည်းခံခြင်းစိတ်မရှိကြပါ။ ဘုရားဝတ်ပြုခြင်းအစီအစဉ်၌ ကောင်းသောအစီအစဉ်များလိုအပ်သည်။ ဘုရားရှင်ကိုဝတ်ပြုခြင်း၌ အသိစိတ်ဓာတ်ရှိခြင်းသည် အကောင်းဆုံးသောအရာတစ်ခုဖြစ်သည်။ Gospel Workers, p. 325. (1892) [Ev 505.2]

**ကောင်းကင်သီချင်းဦးဆောင်သူ** – ကျွန်ုပ်အားကောင်းကင်၏စနစ်၊ အကောင်းဆုံးသောစနစ်တစ်ခုကိုပြသခဲ့ပြီး ထိုနေရာ၌စနစ်တကျအကောင်းဆုံးသီဆိုသည့်သီချင်းသံကို နားထောင်ရသည့်အခါ ကျွန်ုပ်နှစ်သက်ကျေနပ်ခြင်းရှိခဲ့ပါသည်။ ဤမြင်ကွင်းမှထွက်လာပြီးနောက် ဤကမ္ဘာပေါ်၌ကြားရသောသီချင်းသံများသည် အလွန်ကြမ်းတမ်းပြီး ကြားနာခဲ့ရသည်နှင့်ခြားနားလှပါသည်။ စောင်းကောက်ကိုယ်စီကိုင်ကာ စတုရန်းပုံမတ်တတ်ထနေသည့်ကောင်းကင်တမန်များ ကျွန်ုပ်တွေ့ခဲ့ရသည်။ သီချင်းသံကိုဦးစွာအမြဲတီးခတ်သော ဦးဆောင်သည့်ကောင်းကင်တမန်တစ်ပါးမှတီးခတ်သည်နှင့်တစ်ပြိုင်တည်းအားလုံးအတူတကွကောင်းကင်၏ကြွယ်ဝပြည့်စုံသောတေးသီချင်းကို သီဆိုသွားကြသည်။ ၎င်းမြင်ကွင်းကိုဖော်ပြနိုင်စွမ်းမရှိပါ။ ၎င်းသည်သာယာခြင်း၊ ကောင်းကင်နှင့်တူခြင်း၊ ကောင်းမြတ်ခြင်းနှင့်ပြည့်ဝပြီး ပါဝင်သူအားလုံးယေရှု၏ရုပ်လုံးကိုထင်ဟပ်စေကာ ပြောဆို၍မရသောဘုန်းတော်နှင့်တောက်ပလျက်ရှိပါသည်။ Testimonies, vol. 1, p. 146. (1857) [Ev 505.3]

**ပီပြင်သောလမ်းညွှန်မှုသီချင်းအစီအစဉ်တစ်ခု** – ဓမ္မဆရာတစ်ဦးသည် အဆိုသည်တစ်ဦး၏အကြောင်းကိုမသိဘဲ သီချင်းများကိုသီဆိုခွင့်မပြုသင့်ပါ။ ဤကိစ္စနှင့်ပတ်သက်၍ သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးကိုတာဝန်ပေးသင့်ပြီး ရွေးချယ်သောသီချင်းများကို ဝိညာဉ်ပါပါနားလည်သဘောပေါက်ခြင်းဖြင့် သီဆိုနိုင်ရန် စုံစမ်းခြင်းသည် သူ၏တာဝန်ဖြစ်သင့်သည်။ [Ev 506.1]

သီချင်းသီဆိုခြင်းသည် ဘုရားဝတ်ပြုခြင်းအစီအစဉ်တစ်ခုဖြစ်သည်။ သို့သော် တာဝန်ကျေလောက်သောအမူအရာဖြင့် မကြာခဏပြုလုပ်ခြင်းသည် အမှန်တရားအတွက်အကျိုးမရှိပါ။ ဘုရားကိုဝတ်ပြုရာမရောက်ပါ။ ဤကိစ္စ



နှင့်တကွ အခြားသောဘုရားရှင်၏လုပ်ငန်းဟူသရွေ့တို့၌ စည်းကမ်းစနစ်ဖြင့်ဆောင်ရွက်သင့်ကြသည်။ ပရိသတ်တို့ကိုဆွဲဆောင်နိုင်မည့်အသံများရှိသောအကောင်းဆုံးအဆိုသည်များအဖွဲ့တစ်ခုကိုစည်းရုံးပြီး ဆန္ဒရှိသူအားလုံးတို့ကိုပေါင်းစည်းစေပါ။ သီဆိုသူများတို့သည် ညီညာစွာကြိုးစားသီဆိုသင့်ကြသည်။ ဘုရားသခင်၏ဘုန်းတော်အတွက် သူတို့သီဆိုနိုင်ရန် လေ့ကျင့်ရမည့်အချိန်များကိုယူသင့်သည်။ [Ev 506.2]

သို့သော် သီချင်းဆိုခြင်းသည် စိတ်ကိုဝတ်ပြုကိုးကွယ်ခြင်းမှပြောင်းလဲခွင့်မပြုသင့်ပါ။ အကယ်၍လူတစ်ဦးကိုဖယ်ရှားရမည်ဖြစ်ပါက သီချင်းသီဆိုခြင်းကို ဆက်၍သာသီဆိုကြရပါမည်။ Review and Herald, July 24, 1883. [Ev 506.3]

**လူ့သီချင်းသံ၏ဆွဲဆောင်မှု** – ကျေးဇူးတင်ချီးမွမ်းခြင်းနှင့်ပြည့်ဝသည့်စိတ်နှလုံးသားမှထွက်ပေါ်လာသော ဘုရားရှင်၏သီချင်းကိုသီဆိုသောလူတို့၏အသံသည် လူသားများတို့၏လက်ဖြင့်တီထွင်သော ငြိမ့်ညောင်းသည့်တူရိယာသံအားလုံးတို့ထက် များစွာပို၍ဘုရားသခင်ကိုနှစ်သက်စေပါသည်။ Letter 2c, 1892.

**သတိပြုချက်များ** – သင်တို့၏သီဆိုခြင်းတချို့ဆီသို့ ကျွန်ုပ်ရောက်ရှိသွားပြီး သီဆိုသူများတို့၌ရှိကြသောခံစားချက်များကိုလေ့လာရာ သင်သည်ထင်ရှားသောသူတစ်ယောက်ဖြစ်နေပါသည်။ သင်တို့အထဲ၌ မနာလိုခြင်း၊ ငြူစူခြင်းနှင့်မကောင်းသောတီးတိုးစကားပြောဆိုခြင်းရှိနေပါသည်။ နှလုံးသားဖြင့်အမှုထမ်းခြင်းကို ဘုရားရှင်အလိုရှိပါသည်။ ပုံသဏ္ဌာန်များနှင့်နှုတ်ဖြင့်သာအမှုထမ်းခြင်းသည် အသံမြည်သောတံပိုးခရာနှင့် တီးသံကိုသာပေးတတ်သောလင်းကွင်းကဲ့သို့ဖြစ်သည်။ သင်၏သီဆိုခြင်းသည် စိတ်နှလုံးသားနှင့်နားလည်တတ်သောသဘောဖြင့် ဘုရားရှင်ကိုချီးမွမ်းခြင်းမဟုတ်ဘဲ စွမ်းရည်ပြသခြင်းအတွက်သာဖြစ်သည်။ စိတ်သဘော၏အခြေအနေသည် ဘာသာရေး၌ဘုရားတရားကြည်ညိုကိုင်းရှိုင်းသူ၏အရည်အသွေးကိုဖော်ပြသည်။ Letter 1a, 1890. [Ev 507.1]

## လူထုပရိသတ်ရှေ့၌သီချင်းသီဆိုခြင်းသည်အရေးကြီးသည်

**ဥာဏ်နှင့်ပရိသတ်ဖြင့်သီဆိုခြင်း** – ကျင်းပသောအစည်းအဝေး၌သီချင်းအစီအစဉ်တွင် တာဝန်ယူရန်လူတချို့ကိုရွေးချယ်ပါ။ သီဆိုခြင်းကို ကျင်လည်စွာတီးမှုတ်တတ်သောတူရိယာများဖြင့်ပေါင်း၍သီဆိုစေပါ။ တူရိယာအသုံးပြုခြင်းကို ကျွန်ုပ်တို့၏လုပ်ငန်း၌ ကျွန်ုပ်တို့ကန့်ကွက်ခြင်းမပြုပါ။ ဤအစီအစဉ်ကို ကောင်းမွန်စွာစီစဉ်ဆောင်ရွက်ပါ။ ဘုရားသခင်၏ဂုဏ်တော်ကို သီချင်းအားဖြင့်ချီးမွမ်းခြင်းဖြစ်သည်။ [Ev 507.2]

သီဆိုခြင်းကိုလူနည်းစုဖြင့်အမြဲမပြုရပါ။ တတ်နိုင်သရွေ့ ပရိသတ်အားလုံးကိုသီဆိုစေပါ။ Testimonies, vol. 9, p. 144. (1909) [Ev 507.3]

**သီချင်းအစီအစဉ်** – သီဆိုခြင်းကို လူအနည်းငယ်နှင့်သာမပြုသင့်ပါ။ တက်ရောက်သူအားလုံး သီချင်းအစီအစဉ်၌ပါဝင်သီဆိုကြရန်အားပေးသင့်သည်။ Letter 157, 1902. [Ev 507.4]

**ကောင်းကင်ဥာဏ်၏ညီညွတ်ခြင်းနှင့်နီးကပ်စေပါ** – တေးသီချင်းသည် အထက်အရပ်ဘုရားဝတ်ပြုခြင်း၌ပါဝင်သည်။ သီချင်းအားဖြင့် ဂုဏ်တော်ချီးမွမ်းခြင်းကို ဥာဏ်၏ညီညာသောသီဆိုခြင်းကဲ့သို့ နီးကပ်နိုင်သရွေ့နီးကပ်ရန် ကျွန်ုပ်တို့ကြိုးစားသင့်ပါသည်။ လေ့ကျင့်ခြင်းမရှိသည့်အသံများ၊ အမြင့်သံများကိုအသံကြောင်ဖြင့် ချီးမွမ်းခြင်းသီချင်း၏သန့်ရှင်းမွန်မြတ်သောစကားလုံးများတို့ကို ကျွန်ုပ်ကြားရသည့်အခါ မကြာခဏကျွန်ုပ်၏စိတ်ကိုနာကျင်စေပါသည်။ ဘုရားရှင်ကိုပျော်ရွှင်စွာနှင့်လေးနက်စွာ ဝတ်ပြုခြင်းအစီအစဉ်၌ ဤစူးရှပြီးကြမ်းတမ်းသောအသံသည် မည်မျှမသင့်လျော်သည့်အရာများဖြစ်ပါသနည်း။ ကျွန်ုပ်နားပိတ်ပြီး ဤနေရာမှထွက်ခွာသွားလိုပါသည်။ ဤနာကျင်ဖွယ်ရာလုပ်ဆောင်မှုပြီးဆုံးသွားသောအခါ၊ ကျွန်ုပ်ဝမ်းမြောက်မိပါသည်။ [Ev 507.5]



နေ့လယ်တရားဟောခြင်းအစီအစဉ်အတွက် တာဝန်ရှိသောသူတို့သည် အစီအစဉ်နှင့်ကိုက်ညီသောသီချင်းများကို ရွေးချယ်သင့်သည်။ နှေးကွေးလေးလံသောသီချင်းများမဟုတ်ဘဲ ရွှင်လန်းစွာနှင့်သာယာလေးနက်သည့်သီချင်းများဖြစ်ရပါမည်။ အသံကိုညီညာစေပြီး ပျော့ပျောင်းစေခြင်းနှင့်အေးချမ်းသာယာစေနိုင်ပါသည်။ Signs of the Times, June 22, 1882. [Ev 508.1]

**စိတ်နှလုံးနှင့်နားလည်ခြင်းဖြင့်** – လူအားလုံးတို့သည် စိတ်နှလုံးသားနှင့်နားလည်မှုဖြင့်လည်း သီဆိုသင့်ကြကြောင်း ကျွန်ုပ်တွေ့မြင်ခဲ့ပါသည်။ မပီမသပ်၊ မညီမညာသီဆိုခြင်းကို ဘုရားရှင်မနှစ်သက်ပါ။ အမှန်ကိုဘုရားရှင်သည် အမှားထက်အမြဲပို၍နှစ်သက်ပါသည်။ ထို့နောက် ဘုရားသခင်၏သားသမီးများတို့သည် ပို၍မှန်ကန်စွာနှင့်ညီညာစွာသီဆိုနိုင်ပါက သူ၏ဘုန်းတော်ကို ပို၍ထင်ရှားစေပါလိမ့်မည်။ အသင်းတော်အတွက်အကျိုးဖြစ်စေပြီး မယုံကြည်သူများတို့အတွက်ပင် အကျိုးသက်ရောက်စေပါလိမ့်မည်။ Testimonies, vol. 1, p. 146. (1857) [Ev 508.2]

**စိတ်နှလုံးသားနှင့်နားလည်ခြင်းမပါ** – အများသောသူတို့သည် လှပသောသီချင်းများ၊ သူတို့ဘာလုပ်ဆောင်မည့်သီချင်းများ၊ သူတို့အတွက်အဓိပ္ပါယ်မည်ကဲ့သို့ရှိသောသီချင်းများတို့ကို သီဆိုကြပါသည်။ သို့သော် တချို့တို့သည် ဤကဲ့သို့မပြုလုပ်ကြပါ။ သူတို့သည် စိတ်နှလုံးသားနှင့်နားလည်မှုဖြင့် သီဆိုခြင်းမပြုကြပါ။ ထိုကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ရှုရာ၌ တချို့သောသူတို့အတွက်အကျိုးမရှိပါ။ အကြောင်းမှာ သူတို့၏အသက်တာ၌ ယူဆောင်ခြင်းမပြု၊ လိုက်လျှောက်ကျင့်သုံးခြင်းလည်းမပြုကြပါ။ Review and Herald, Sept. 27, 1892. [Ev 508.3]

## တေးသီချင်းသီဆိုတီးမှုတ်သောပုဂ္ဂိုလ်များ

**တရားပွဲများ၌စိတ်နှလုံးရှိသူများ (စိတ်ဝင်စားသူများ)** – သူတို့၏တရားပွဲများ၌ လူတို့ကိုခရစ်တော်ထံသို့ခေါ်ဆောင်နိုင်ရန် ဘုရားသခင်၏အမှုဆောင်

များတို့သည် လောက၏လမ်းစဉ်များကိုအသုံးမပြုရပါ။ သူတို့ကျင်းပသော အစည်းအဝေးများ၌ လောကီအဆိုသည်များတို့ကိုအသုံးပြုခြင်းနှင့် ပွဲလမ်းသဘင်ဆန်သော အခင်းအကျင်းများတို့ကိုအမှီပြုပြီး လူတို့၏စိတ်ဝင်စားမှုကိုမပြုလုပ်ရပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ စိတ်ဝင်စားခြင်းမရှိသောသူများ၊ အမှန်တရားများကိုသိရှိရန် ရိုးသားသောဆန္ဒဖြင့် နှုတ်ကပတ်တော်ကို တစ်ကြိမ်တစ်ခါဖတ်ရှုခြင်းမရှိသောသူတို့မှ သီချင်းများကို မိမိတို့၏စိတ်နှလုံးသားနှင့်နားလည်မှုဖြင့်သီဆိုနိုင်ရန် မည်ကဲ့သို့မျှော်လင့်၍ရမည်နည်း။ သူတို့၏စိတ်နှလုံးများသည် သန့်ရှင်းသောသီချင်းများတို့နှင့် မည်ကဲ့သို့ညီညွတ်ခြင်းရှိနိုင်မည်နည်း။ ဤလောကဆန်သည့်ပုံစံဖြင့်သီဆိုခြင်းကို ကောင်းကင်ခွာယာမှသူတို့နှင့်ပေါင်း၍ မည်ကဲ့သို့သီဆိုနိုင်ကြမည်နည်း။ Testimonies, vol. 9, p. 143. (1909) [Ev 508.4]

**ချိုသာ၍ရိုးသားသောသီဆိုခြင်းဖြင့်သာ –** ငွေအတွက်ကိုသာလျှင် လောကီပုံစံဖြင့်သီဆိုကြသောအဆိုသည်များကို သင်၏အမှုတော်လုပ်ငန်း၌သီဆိုကြရန် အမှီပြုသောအခါ၊ ဘုရားသခင်၏ဘုန်းတော်ကို မည်ကဲ့သို့ထင်ရှားစေနိုင်မည်နည်း။ ကျွန်ုပ်၏ညီအစ်ကို၊ ဤအရာများကို မှန်သောအလင်းဖြင့် သင်တွေ့မြင်သောအခါ သင်၏အစည်းအဝေးများ၌ ချိုသာ၍ရိုးသားသောသီဆိုခြင်းကိုသာအားကိုးပြီး လူထုပရိသတ်တစ်ခုလုံးကိုပေါင်းစည်းကာ သီဆိုစေလိမ့်မည်။ အကယ်၍ အခြားသူများကဲ့သို့သီဆိုနိုင်စွမ်းမရှိသောသူများ သင်တို့အထဲ၌ရှိနေပါက သင်မည်ကဲ့သို့ထင်မည်နည်း။ ထိုကဲ့သို့ဖြစ်ပါက စိုးရိမ်စရာမရှိပါ။ ကောင်းကင်တမန်များဝင်ရောက်ပါဝင်သီဆိုခြင်းဖြင့် ကောင်းမွန်စွာသီဆိုနိုင်စွမ်းမရှိသောသူများတို့ကို ကူညီမစသွားလိမ့်မည်။ Letter 190, 1902. [Ev 509.1]

**လောကတေးသံရှင်များ –** အကယ်၍ရှောင်ရှားနိုင်ပါက လောကီတေးသံရှင်များတို့ကို ငှားရမ်းသီဆိုခွင့်မပြုပါနှင့်။ စိတ်နှလုံးသားနှင့်နားလည်မှုဖြင့် သီဆိုနိုင်သောအဆိုသည်များတို့ကိုစုစည်းလျက် သီဆိုစေပါ။ အပိုခင်းကျင်းပြသ



သောအရာများတို့သည် တစ်ခါတစ်ရံမလိုအပ်သောကုန်ကျစရိတ်များရှိပြီး ကုန်ကျစရိတ်ကို ညီအစ်ကိုများတို့ထံမတောင်းခံသင့်ပါ။ မယုံကြည်သူများမှ ဤကုန်ကျစရိတ်အတွက် ကူညီထောက်ပံ့လိုသောစိတ်ဆန္ဒမရှိကြောင်း မကြာမီသင်တွေ့ရှိရပေလိမ့်မည်။ Letter 51, 1902. [Ev 509.2]

**တေးအကူအညီပေးခြင်းကိုလက်ခံခြင်း –** ဤအစည်းအဝေးများကျင်းပခြင်း၌ သီချင်းသီဆိုခြင်းကိုချန်လှပ်မထားသင့်ပါ။ ဤသီဆိုခြင်းများအားဖြင့် ဘုရားရှင်၏ဘုန်းတော်ကို ထင်ရှားစေနိုင်ပါသည်။ အဆိုသည်များပါဝင်သီဆိုလိုပါက သူတို့အားပါဝင်သီဆိုခွင့်ပြုသင့်ပါသည်။ သို့သော် တေးသံရှင်များတို့ကိုငှားရမ်းခြင်းအားဖြင့် ငွေကိုအသုံးမပြုသင့်ပါ။ အများအားဖြင့် ကျွမ်းကျင်မှုမရှိကြသည့်တိုင် လွယ်ကူသောသီချင်းများကို လူထုပရိသတ်များမှသီဆိုခြင်းသည် လူတို့၏စိတ်ကိုဆွဲဆောင်နိုင်ကြောင်းတွေ့ရှိရပါသည်။ Letter 49, 1902.

**ဘုရားရှင်နှင့်ဆန့်ကျင်သောတေးသီချင်း –** ခင်းကျင်းပြသခြင်းသည် ဘာသာရေးမဟုတ်၊ သန့်ရှင်းခြင်းလည်းမဟုတ်ပါ။ အထွတ်အမြတ်ထား၍ဆက်ကပ်ခြင်းမရှိ၊ ဘုရားသခင်ထံသို့ပို့ဆောင်နိုင်သည့် သာယာသောအသံလည်းမရှိသည့် တေးသီချင်းခင်းကျင်းပြသခြင်းသည် ဘုရားသခင်ရှေ့မှောက်၌ ဤထက်ဆန့်ကျင်သောအရာမရှိပါ။ ဘုရားသခင်၏ရှေ့မှောက်၌ ချိုမြိန်၍လက်ခံနိုင်သောအကောင်းဆုံးပေးကမ်းခြင်းသည် ကိုယ်ကျိုးစွန့်သည့်နှိမ့်ချသောနှလုံးသားနှင့်ကပ်တိုင်ကိုမြှောက်ထားပြီး ယေရှုနောက်တော်သို့လိုက်ခြင်းဖြစ်သည်။ [Ev 510.1]

ခံစားချက်များကိုနှစ်သက်ခြင်းပေးရန်အတွက်သာ ဤအရာများကိုရှာဖွေပြီးအသုံးပြုရန် ကျွန်ုပ်တို့၌အချိန်မရှိပါ။ နီးကပ်စွာစိတ်နှလုံးဆန်းစစ်ခြင်းလိုအပ်နေသည်။ မျက်ရည်မျက်ခွက်နှင့် ကြေကွဲသောစိတ်နှလုံးဖြင့်ဝန်ချခြင်းကို ဘုရားရှင်ထံသို့ကျွန်ုပ်တို့အားနီးကပ်စေပြီး ကျွန်ုပ်တို့နှင့်ဘုရားရှင်နီးကပ်

စေရန် ကျွန်ုပ်တို့၌လိုအပ်နေပါသည်။ Review and Herald, Nov. 14, 1899. [Ev 510.2]

**ဘုရားရှင်ချီးမွမ်းခြင်းခံရခြင်း –** မေတ္တာနှင့်သူ့အားဆက်ကပ်ဝတ်ပြုခြင်းနှလုံးသားမှချီးမွမ်းသီဆိုခြင်းအားဖြင့်သာ ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေပါသည်။ Testimonies, vol. 1, p. 509. (1867) [Ev 510.3]

## အချိန်နှင့်ဆီလျော်စွာသတိပြုစရာများ

**ကောင်းသောတေး၏အရည်အသွေးများ –** သီချင်းသီဆိုခြင်းကို တိုးတက်မှုများစွာပြုလုပ်နိုင်သည်။ တချို့သောသူများတို့သည် ပို၍ကျယ်လောင်သောအသံဖြင့်သီဆိုနိုင်မှသာ ကောင်းသောသီဆိုခြင်းဟုထင်ကြသည်။ သို့သော် ကျယ်လောင်သောအသံသည် သီချင်းကောင်းမဟုတ်ပါ။ ကောင်းသောသီချင်းသည် ငှက်များမြည်တွန်သံကဲ့သို့ဖြစ်ပြီး လူတို့၏စိတ်ကို သာယာကြည်နူးစေပါသည်။ [Ev 510.4]

ကျွန်ုပ်တို့၏အသင်းတော်တချို့တို့၌ တစ်ပင်တိုင်သီဆိုသောသီချင်းများတို့ကိုကြားရသောအခါ ဘုရားကျောင်းဝတ်ပြုခြင်းအစီအစဉ်အတွက်မသင့်လျော်သည်ကို ကျွန်ုပ်တွေ့ရပါသည်။ ရှည်လျားသောအသံကိုပြုပြီးအော်ပရာနှင့်ဆိုင်သောထူးဆန်းသည့်အသံဖြင့်သီဆိုခြင်းသည် ကောင်းကင်တမန်များတို့အတွက် နှစ်သက်ဖွယ်မဟုတ်ပါ။ ကောင်းကင်တမန်များတို့သည် ပင်ကိုယ်အသံဖြင့် ကျေးဇူးတော်ချီးမွမ်းသောသီချင်းများကို သူတို့ကြားလိုပါသည်။ စကားလုံးများတို့ကို ရှင်းလင်းစွာသာယာသောအသံဖြင့်သီဆိုသောသီချင်းများတို့နှင့်အတူ သူတို့ပါဝင်သီဆိုလိုကြပါသည်။ စိတ်နှလုံးသားမှ ဝိညာဉ်နှင့်နားလည်မှုဖြင့်သီဆိုသော ထပ်ဆိုရန်အပိုဒ်ကို သူတို့ပါဝင်သီဆိုသွားကြသည်။ Manuscript 91, 1903.



**သီချင်းသီဆိုခြင်း၌မျှတသောအချိန်ပေးခြင်း –** တက်ရောက်သူများပို၍ တိုက်ရိုက်အကျိုးရရှိခံစားနိုင်ရန် စခန်းအစည်းအဝေးများကိုကျင်းပရာတွင် ကျွန်ုပ်တို့၏နေထိုင်လှုပ်ရှားမှုများကို တိုးတက်အောင်ပြုလုပ်နိုင်သည်။ စုရုံးသောသူများအားလုံးဝတ်ပြုနိုင်ကြရန် ကြီးမားသောတဲထဲ၌ကျင်းပသည့် တချို့သောလူမှုရေးအစည်းအဝေးများရှိပါသည်။ သို့သော် ကြီးမားလွန်းသောကြောင့် လူအနည်းငယ်သာ အစီအစဉ်၌ပါဝင်တာဝန်ယူနိုင်ကြပြီး လူများတို့သည် ကျယ်ကျယ်စကားမပြောနိုင်ကြသောကြောင့် လူအနည်းငယ်သာဟောပြောသောစကားကို ကြားရကြပါသည်။ တချို့နမူနာများ၌ သီချင်းဆိုခြင်းအားဖြင့် အချိန်ကိုများစွာအသုံးပြုကြသည်။ ဆုမတောင်းမီကြာရှည်စွာသီချင်းဆိုကြပြီး ဆုတောင်းပြီးနောက် ကြာရှည်စွာသီချင်းဆိုကြပြန်ပါသည်။ များစွာသောသီချင်းသီဆိုခြင်းသည် စည်းဝေးတစ်လျှောက်လုံး၌ရှိနေပါသည်။ ထိုသို့သောအားဖြင့် တန်ဖိုးရှိသောအချိန်များကို အကျိုးမဲ့အသုံးပြုခြင်းကြောင့် တန်ဖိုးရှိသည့်အချိန်ကို ကောင်းမွန်စွာစီမံကွပ်ကဲအသုံးပြုရန် နားမလည်သည့်အတွက် ကောင်းကျိုးတစ်ဝက်ကိုပင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ Review and Herald, Nov. 27, 1883. [Ev 511.1]

**အခမ်းအနားနှင့်ခင်းကျင်းပြသခြင်း –** အသွင်အပြင်နှင့်အခမ်းအနားသည် ဘုရားသခင်၏နိုင်ငံတော်ကို ဆောက်တည်၍မရပါ။ အခမ်းအနားအလွန်များပြားခြင်းနှင့် ငွေကြေးဖြုန်းတီးခြင်းများသည် အရေးကြီးသောဘုရားသခင်၏နိုင်ငံတော်စည်းမျဉ်းဥပဒေများ ပျောက်ဆုံးရသကဲ့သို့ဖြစ်လာသည်။ သို့သော် ခရစ်တော်တောင်းဆိုသောအရာသည် အသွင်အပြင်နှင့်အခမ်းအနားမဟုတ်ပါ။ သူ၏စပျစ်ခြံထဲမှ သန့်ရှင်းခြင်းနှင့်တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ကောင်းမြတ်သောအပြုအမူများ၊ ကရုဏာနှင့်အမှန်တရားအသီးကိုရရှိရန် သူတောင့်တလိုလားလျက်ရှိပါသည်။ [Ev 511.2]

ခမ်းနားထည်ဝါသောအဝတ်အစား၊ ကောင်းသောသီဆိုခြင်းနှင့်ဘုရားကျောင်းထဲ၌တူရိယာသံသည် ကောင်းကင်တမန်ခွာယာသီချင်းကို ဖော်ဆောင်

၍မရပါ။ ဤအရာများတို့သည် ဘုရားသခင်၏ရှေ့မှောက်၌ အသီးကင်းမဲ့ပြီး အရွက်များဝေဆာလျက်ရှိသည့် သဖန်းပင်၏အကိုင်းအခက်များကဲ့သို့ ဖြစ်ပါသည်။ ခရစ်တော်သည် အသီးကိုသာကြည့်သည်။ ကောင်းမြတ်ခြင်း၊ ကြင်နာခြင်းနှင့် မေတ္တာ၏စည်းမျဉ်းဥပဒေများကိုသာကြည့်သည်။ ဤအရာများတို့သည် ကောင်းကင်၏စည်းမျဉ်းဥပဒေများဖြစ်ပြီး ထိုအရာများတို့သည် လူသားများတို့၏အသက်တာ၌ ပေါ်လွင်ထင်ရှားသောအခါ အသက်တာတွင် မျှော်လင့်ခြင်းနှင့်ဘုန်းတော်ဖြစ်သည့် ခရစ်တော်တည်ရှိနေခြင်းကို ကျွန်ုပ်တို့သိမြင်နိုင်မည်ဖြစ်သည်။ အသင်းတော်တစ်ခုသည် တိုင်းပြည်ထဲ၌အဆင်းရဲဆုံးဖြစ်ပြီး တေးသီချင်းမရှိ၊ ပြင်ပပေါ်လွင်ထင်ရှားခြင်းမရှိသော်လည်း အကယ်၍ ဤစည်းမျဉ်းဥပဒေများတို့ကိုရရှိပိုင်ဆိုင်နေပါက အသင်းသူအသင်းသားများတို့သည် မိမိတို့၏စိတ်ထဲ၌ ခရစ်တော်၏ဝမ်းမြောက်ခြင်းကို သီဆိုနိုင်ကြမည်ဖြစ်ပြီး ဤအရာသည် ဘုရားရှင်ထံတော်သို့ မွှေးကြိုင်သောပူဇော်သကာကဲ့သို့ သူတို့ပေးစွမ်းနိုင်ပေလိမ့်မည်။ Manuscript 123, 1899. [Ev 511.3]

**ဘုရားရှင်လက်ခံနိုင်သောတေး –** ဝတ်ပြုခြင်း၌ လိုသည်ထက်ပိုနေသောအရာများတို့ပြုလုပ်ခြင်းမှ အထူးရှောင်ရှားရပါမည်။ ဘုရားရှင်လက်ခံနိုင်သောတေးသီချင်းသည် သီဆိုသူ၏နှလုံးသားဖြူစင်ခြင်းရှိပြီး ပျော့ပျောင်းသန့်ရှင်းစွာဖြင့် အထောက်အကူတူရိယာများနှင့်သီဆိုသည့်အခါ၌သာဖြစ်သည်။ သို့သော် တေးသီချင်းနှစ်သက်သူများစွာတို့သည် မိမိတို့၏စိတ်နှလုံးသားထဲ၌ ဘုရားသခင်ထံတော်ပါးသို့ မည်ကဲ့သို့သာယာသောသီချင်းသီဆိုရမည်ကိုမသိရှိကြပါ။ သူတို့၏စိတ်နှလုံးသည် "သူတို့နှစ်သက်ရာနောက်သို့ သူတို့ကိုဆောင်ယူသွားပါသည်။" Letter 198, 1899. [Ev 512.1]

**တေးသီချင်းကိုအလွဲသုံးစားခြင်းတစ်ခု –** ယုံကြည်သူခရစ်ယာန်များ မိမိတို့ရောက်ရှိရမည့်အခွင့်အရေးဖြစ်သည့် မြင့်သောအဆင့်သို့ရောက်ရှိသွားသောအခါ၊ သူတို့၏ဝတ်ပြုခြင်းအားလုံးတို့၌ ခရစ်တော်၏ရိုးသားခြင်းကို ထိန်းသိမ်းထားလိမ့်မည်။ အခမ်းအနားများ၊ အခင်းအကျင်းများနှင့်တေးသီချင်း



အရည်အသွေးများတို့သည် သူတို့အတွက် အသင်းတော်၏ခွန်အားမဟုတ်ပါ။ သို့သော် ဤအရာများသည် ရှေးယုဒလူမျိုးများတို့၏ဝတ်ပြုခြင်း၌ သူတို့ဆောင်ရွက်ခဲ့သကဲ့သို့ သူ့နေရာနှင့်သူကျွန်ုပ်တို့အသုံးပြုရန် ဘုရားရှင်အလိုရှိပါသည်။ [Ev 512.2]

ကျွန်ုပ်အားဘုရားသခင်ဖော်ပြခဲ့သည်မှာ စိတ်နှလုံးဖြူစင်၍သန့်ရှင်းပြီး သင်းဝင်သူများအနေဖြင့် မြင့်မြတ်သောဘဝကိုခံယူကြသောအခါ၊ အသင်းတော်မှတန်ခိုးရရှိပြီး အမှန်တရားကိုယုံကြည်သောသူတို့သည် မိမိတို့၏စိတ်နှလုံးသားထဲ၌ သာယာသောအသံကိုသီဆိုနိုင်ကြလိမ့်မည်။ အမျိုးသားအမျိုးသမီးများတို့သည် မိမိတို့၏တေးသီချင်းတူရိယာများအပေါ် မှီခိုခြင်းမပြုကြဘဲ သူတို့အားပျော်ရွှင်မှုအပြည့်အဝကိုပေးမည့် ဘုရားသခင်၏တန်ခိုးနှင့်ကျေးဇူးတော်အပေါ် မှီခိုကြလိမ့်မည်။ အသင်းတော်အထဲသို့ရောက်ရှိလာသော ညစ်ညူးသည့်အရာများတို့ကို ရှင်းလင်းဖယ်ရှားရမည့်အလုပ်တာဝန်ရှိနေပါသည်။ [Ev 512.3]

ဤသတင်းစကားသည် အသင်းတော်တစ်ခုတည်းအတွက်သာမကဘဲ အခြားအသင်းတော်တိုင်းလိုက်လျှောက်ရမည့် ပုံသက်သေဖြစ်သည်။ Manuscript 157, 1899. [Ev 512.4]

–o–

## tcef; (16)

## aq;0g;jzihf0rf;ajmufzG,f{0Ha*vdkyfief;

### လူတို့ထံသို့ထိုးဖောက်ဝင်ရောက်နိုင်သည့်နည်းလမ်းတစ်ခု

**ဧဝံဂေလိလုပ်ငန်းအတွက် ပွင့်လျက်ရှိသောတံခါးများ –** ဆေးဝါးဧဝံဂေလိသာသနာ့လုပ်ငန်းကဲ့သို့ အမှန်တရားအတွက်တံခါးဖွင့်နိုင်မည့်အရာတစ်ခုမျှ မရှိပါ။ ဤအရာသည် နှလုံးသားနှင့်စိတ်ကိုဝင်ရောက်ထိုးဖောက်နိုင်ပြီး လူအများတို့အား အမှန်တရားသို့ပြောင်းလဲပေးနိုင်သည့်နည်းလမ်းတစ်ခုဖြစ်ပါလိမ့်မည်။ [Ev 513.1]

ကိုယ်ခန္ဓာရောဂါကို ကုသပေးနိုင်ရန်အတွက် ပြင်ဆင်မှုပြုနေသော ဓမ္မဆရာသည် ဝိညာဉ်၏အပြစ်ရောဂါကိုကုသပေးနိုင်မည့် အကောင်းဆုံးသော အခွင့်အရေးကိုရရှိပါသည်။ ထိုသာသနာပြုတစ်ဦးသည် ပြောင်းလဲ၍နှစ်ခြင်းခံယူလိုသောသူအား နှစ်ခြင်းပေးနိုင်ရန် တန်ခိုးအာဏာပေးအပ်သင့်သည်။ ဆေးသာသနာလုပ်ငန်းသည် မှန်ကန်ပြီး ဧဝံဂေလိလုပ်ငန်းကိုအထောက်အကူပြုပေးသော သတင်းစကားဟောပြောခြင်းအတွက် တံခါးများကိုဖွင့်ပေးပါသည်။ [Ev 513.2]

ဧဝံဂေလိသတင်းစကား သက်သက်ဟောပြောသောသူအတွက် ပိတ်လျက်နေသောတံခါးများသည် ထက်မြက်သောဆေးသာသနာ့လုပ်ငန်းအားဖြင့် ပွင့်လာပါလိမ့်မည်။ ဘုရားသခင်သည် စိတ်နှလုံးသားကို ကိုယ်ခန္ဓာဒုက္ခဝေဒနာပျောက်ကင်းစေခြင်းအားဖြင့် ထိုးဖောက်ပေးပါသည်။ Manuscript 58, 1901. [Ev 513.3]

**ကြီးမားသောဝင်ရောက်ထိုးဖောက်နိုင်သည့်နည်းလမ်း –** ဝိညာဉ်ရောဂါကို ကုသပေးနိုင်ရန် ဆေးသာသနာ့လုပ်ငန်းသည် ကြီးမားသောဝင်ရောက်ထိုးဖောက်



နိုင်သည့်နည်းလမ်းတစ်ခုအားဖြင့် ဘုရားသခင်၏ပြင်ဆင်ပေးခြင်းကို ကျွန်ုပ်မြင်ရပါသည်။ Counsels on Health, p. 535. (1893) [Ev 513.4]

**မကြည်လင်သောအစွဲကိုဖယ်ရှားပေးသည် –** ဆေးသာသနာ့လုပ်ငန်းသည် ရေးကျသောသာသနာ့လုပ်ငန်းဖြစ်ပြီး ယခုအချိန်၌ အိမ်များသို့အမှန်တရားကို ဝင်ရောက်ဟောပြောနိုင်ရန် ပြင်ဆင်ပေးသောတံခါးတစ်ခုဖြစ်သည်။ ကျန်းမာရေးစည်းကမ်းများကို ပြန်လည်ပြုပြင်ပေးခြင်းအတွက် သက်သေနမူနာပေး၍ ထင်ရှားသိသာအောင်ပြုလုပ်ပေးခြင်းသည် ကျွန်ုပ်တို့၏သာသနာ့လုပ်ငန်းကို မှားယွင်းစွာထင်မြင်ခြင်းမှ ဖယ်ရှားပေးနိုင်ပါသည်။ ဤအချိန်၌ ဤကဲ့သို့သောနည်းလမ်းဖြင့် အမှန်တရားဝေငှသူတို့အပေါ် ဆေးသာသနာလုပ်ငန်းဦးစွာအစပြုသူ သမားတော်ကြီးယေရှုခရစ်တော်မှ ကောင်းချီးချပေးပါလိမ့်မည်။ Counsels on Health, p. 497. (1902) [Ev 513.5]

**၎င်းသည်စိတ်နှလုံးထဲသို့ချဉ်းကပ်နိုင်ရန်ပြုပြင်ပေးသည် –** ဆေးသာသနာ့လုပ်ငန်းကိုဆောင်ရွက်ပါ။ သို့မှသာသင်သည် လူတို့၏စိတ်နှလုံးသားကို ချဉ်းကပ်နိုင်လိမ့်မည်။ အမှန်တရားကိုပို၍တိကျစွာဟောပြောနိုင်ရန် လမ်းကို ပြင်ဆင်ပေးပါလိမ့်မည်။ လူတို့၏ကိုယ်ခန္ဓာ၌ရှိသောဝေဒနာကို ပျောက်ကင်းစေခြင်းဖြင့် သူတို့၏ဝိညာဉ်ရေးလိုအပ်ချက်ကိုကုသပေးနိုင်မည့်အခွင့်အရေးကို ရရှိကြောင်း သင်တွေ့ရှိရလိမ့်မည်။ [Ev 514.1]

ကိုယ်ခန္ဓာအတွက် ခရစ်တော်နှင့်တူသောအလုပ်နှင့် ဝိညာဉ်အတွက် ခရစ်တော်နှင့်တူသောအလုပ်နှစ်ခုကို ပေါင်းစည်း၍ဆောင်ရွက်ခြင်းသည် ဧဝံဂေလိလုပ်ငန်း၏စစ်မှန်သောအဓိပ္ပါယ်ကို ဖော်ဆောင်ခြင်းဖြစ်သည်။ An Appeal for the Medical Missionary College, pp. 14, 15. (1902) [Ev 514.2]

**ပြန်လည်ပြုပြင်သောဟောပြောခြင်းများ –** အမှန်တရားယုံကြည်သူသည် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းကို ယုံကြည်လိုက်လျှောက်ရန်သာမက၊ အခြားသူများတို့ကိုလည်း လုံ့လဝီရိယဖြင့်သင်ကြားပို့ချရမည်ဟု ကျွန်ုပ်အားလမ်းပြသူမှ ကျွန်ုပ်ကိုအသိပေးပါသည်။ အကြောင်းမှာ ၎င်းသည် မယုံကြည်သူများ

အတွက်အာရုံပြုနိုင်သော အမှန်တရားကိုဟောပြောနိုင်ရန် လမ်းဖွင့်ပေးသည့် ကိုယ်စားလှယ်ဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၌ ကျန်းမာခြင်းနှင့်ချုပ်တည်းခြင်းအပေါ် ကောင်းသောအမြင်များရှိနေသည့်အတွက် သူတို့ထံကျွန်ုပ်တို့စုံစမ်းလေ့လာသင့်သည့် တန်ဖိုးရှိသောဘာသာရေးယုံကြည်ချက်တစ်မျိုးတစ်မည်ရှိရလိမ့်မည်ဟု သူတို့ဆင်ခြင်ကြလိမ့်မည်။ အကယ်၍ကျွန်ုပ်တို့သည် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်း၌ ယုံကြည်၍ကျင့်သုံးခြင်းမရှိပါက အပြင်လောကအတွက် ကျွန်ုပ်တို့၏ကောင်းသောတန်ခိုးဩဇာများစွာဆုံးရှုံးပေလိမ့်မည်။ [Ev 514.3]

ကျွန်ုပ်တို့၏ပရိသတ်ကြီးအထဲ၌ ဟောပြောရမည့်ဟောပြောခြင်းသည် ပြုပြင်ပြောင်းလဲခြင်းနှင့်ဆိုင်သော တရားစကားဖြစ်သင့်သည်။ ရှိသမျှစွမ်းရည်ကိုအသုံးပြုကာ လူတို့ရှေ့၌ဟောပြောသင့်သည်။ [Ev 514.4]

ခရစ်ယာန်လောက၌ရှိနေသော ခြောက်သွေ့သည့်သမားရိုးကျဟောပြောခြင်းကို လူအများမနှစ်သက်ကြပါ။ များစွာသောသူတို့ ဘုရားမဲ့တရားမဲ့ဖြစ်သွားရခြင်းသည် ခရစ်ယာန်အမည်ခံများတို့၌ စစ်မှန်သောဘုရားတရားကြည်ညိုခြင်းချို့ယွင်းမှုကို သူတို့တွေ့မြင်ရခြင်းကြောင့်ဖြစ်သည်။ အကယ်၍ ကျန်းမာခြင်းနှင့်ချုပ်တည်းခြင်းဌာနအလုပ်ကို ကောင်းသောသက်သေခံခြင်းများဖြင့် ဆောင်ရွက်ကြမည်ဖြစ်ပါက အမှန်တရားဟောပြောနိုင်မည့်လမ်းကိုပြင်ဆင်ပေးနိုင်သည့် ကောင်းသောအလုပ်တစ်ခုဖြစ်ပေလိမ့်မည်။ [Ev 514.5]

မှန်ကန်သောကျန်းမာခြင်းနှင့် ချုပ်တည်းခြင်းစည်းမျဉ်းဥပဒေဟောပြောခြင်းကိစ္စကို အရေးမကြီးသောကိစ္စကဲ့သို့ ဟောပြောခြင်းမပြုရပါ။ အကြောင်းမှာ မိမိမိသားစုအားလုံးနီးပါး ဤအကြောင်းအရာကိုနားလည်ရန်လိုအပ်သောကြောင့်ဖြစ်သည်။ လူတိုင်းလိုလို မိမိတို့၏စိတ်ထဲ၌သဘောပေါက်ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်းလိုက်လျှောက်ရန်၊ မိမိကိုယ်ကိုငြင်းပယ်နိုင်ရန်၊ မသင့်လျော်သောအာဟာရစိတ်အလိုလိုက်ခြင်းမှကင်းဝေးရန်လိုအပ်ပါသည်။ ကျန်းမာခြင်းစည်းမျဉ်းဥပဒေနှင့်ပတ်သက်၍ ပြန်လည်ပြုပြင်





ပြောင်းလဲခြင်းကို လူတို့အားသင်သွန်သင်ပေးသောအခါ အမှန်တရားသတင်းစကားဟောပြောနိုင်ရန်အတွက် သင်ပြင်ဆင်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်အားဦးဆောင်သူမှ၊ "ပညာပေးပါ၊ ပညာပေးပါ၊ ပညာပေးပါ" ဟုပြောခဲ့ပါသည်။ လူတို့၏အသိတရားသည် မှောင်မိုက်လျက်ရှိသောကြောင့် သူတို့၏စိတ်နှလုံးသားကို အလင်းပေးရလိမ့်မည်။ အာဟာရအလိုသို့လိုက်ခြင်း၊ တန်ဖိုးလျှော့၍ပျက်စီးခြင်းတို့အားဖြင့် မာရ်နတ်သည် လူတို့ထံသို့ချဉ်းကပ်နိုင်ပါသည်။ Letter 1, 1875. [Ev 515.1]

**နှုတ်ကပတ်တော်သာသနာ့လုပ်ငန်းနှင့်ခိုင်မာစွာဆက်စပ်နေခြင်း –** ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းမျဉ်းဥပဒေများကို ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ တွေ့ရှိရပါသည်။ ကျန်းမာခြင်းသတင်းစကားသည် နှုတ်ကပတ်တော်ဧဝံဂေလိလုပ်ငန်းနှင့် ခိုင်မာစွာဆက်စပ်လျက်ရှိသည်။ ကျန်းမာခြင်းပြုပြင်ရေးဩဇာပြန်လည်ရရှိခြင်းသည် ဧဝံဂေလိသတင်းစကားဟောပြောခြင်း၌ နောက်ဆုံးကြီးမားသောကြိုးစားရမည့်လုပ်ငန်းတာဝန်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ Medical Ministry, p. 259. (1899) [Ev 515.2]

**နေရာများစွာတို့၌ –** မှားယွင်းသောအစွဲကိုအောင်မြင်ခြင်းနှင့် စိတ်နှလုံးသို့ချဉ်းကပ်နိုင်ခြင်း၏နည်းလမ်းတစ်ခုအဖြစ် ဆေးသာသနာ့လုပ်ငန်းကိုဆောင်ရွက်ကြရမည်။ တစ်နေရာ၊ နှစ်နေရာ၌သာ ဆောင်ရွက်ရမည်မဟုတ်ပါ။ အမှန်တရားမရောက်ရှိသေးသောနေရာတိုင်းသို့ သွားရောက်ဆောင်ရွက်ရမည်။ ဧဝံဂေလိဆေးဝါးသာသနာပြုသူများအဖြစ် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၌ ဖျားနာနေသောဝိညာဉ်များတို့ကို ကယ်တင်ခြင်းသတင်းစကားဟောပြောခြင်းအားဖြင့် ကုသပေးကြရမည်။ ဤအလုပ်သည် အခြားမည်သည့်အလုပ်နှင့်မျှမတူသော မှားယွင်းသည့်အစွဲကို ဖြိုဖျက်ပေးနိုင်ပါသည်။ Testimonies, vol. 9, p. 211. (1909) [Ev 515.3]

**အမှုတော်တိုးတက်ရန်လိုအပ်ခြင်း –** ဆေးသာသနာလုပ်ငန်းသည် ဧဝံဂေလိသတင်းစကား၏ညာလက်ရုံးဖြစ်သည်။ ဘုရားသခင်၏အမှုတော်တိုးတက်ရန်

လိုအပ်သောလုပ်ဆောင်ရမည့်အလုပ်တစ်ခုဖြစ်သည်။ မှန်သောအကျင့်ဓလေ့ဖြင့်အသက်ရှင်ခြင်း၏အရေးကြီးခြင်းကို အမျိုးသား၊ အမျိုးသမီးများတို့၏အသက်တာ၌ တွေ့မြင်ရခြင်းကြောင့် အမှန်တရား၏ကယ်တင်ခြင်းတန်ခိုးကို လူတို့သိရှိနိုင်လိမ့်မည်။ သင်တန်းရယူခဲ့ပြီးသောအမှုဆောင်များအားဖြင့် မြို့တိုင်းသို့ဆေးသာသနာ့လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြရမည်။ တတိယကောင်းကင်တမန်သတင်းစကား၏ညာလက်ရုံးကဲ့သို့ ဘုရားသခင်၏နည်းစနစ်ဖြင့် လူနာကုသခြင်းသည် ယခုခေတ်အမှန်တရားဝင်ရောက်နိုင်ရန်အတွက် တံခါးများကိုဖွင့်ပေးပါလိမ့်မည်။ Testimonies, vol. 7, p. 59. (1902) [Ev 515.4]

**၎င်းသည်ပွင့်နေသောတံခါးများဖြစ်သည်** – နေရာတိုင်း၌ ဖျားနာသူများတို့ကို တွေ့ရှိရလိမ့်မည်ဖြစ်ပြီး ခရစ်တော်အတွက်အမှုဆောင်သောသူများအဖြစ်စစ်မှန်သောကျန်းမာခြင်းပြုပြင်ပြောင်းလဲသူများဖြစ်သင့်ကာ ဖျားနာသူများသက်သာပျောက်ကင်းရန် လွယ်ကူသောကုသမှုဖြင့်ကုသပြီး သူတို့နှင့်အတူဆုတောင်းပါ။ ထိုသို့ပြုခြင်းဖြင့် အမှန်တရားဝင်ရောက်ရန်အတွက် သူတို့တံခါးဖွင့်ပေးလိမ့်မည်။ ဤအလုပ်ကိုဆောင်ရွက်ခြင်းဖြင့် ကောင်းသောအကျိုးများကိုရရှိလိမ့်မည်။ Medical Ministry, p. 320. (1911) [Ev 516.1]

## ဆေးပညာဖြင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း၏စစ်မှန်သောရည်ရွယ်ချက်

**တန်ဖိုးရှိသောရိတ်သိမ်းခြင်းတစ်ခုအတွက်သီးပွင့်ခြင်းများ** – ဆေးသာသနာလုပ်ငန်းသည် ဧဝံဂေလိအလုပ်ရှေ့သို့သယ်ဆောင်ခြင်း၌ အောင်မြင်ရန်အတွက်အခွင့်အရေးပေးသောအလုပ်ဖြစ်သည်။ ဤလမ်းကြောင်းများဖြင့် ညီညာစွာကြိုးစားလုပ်ဆောင်ကြသကဲ့သို့ ဘုရားရှင်အတွက် များစွာသောတန်ဖိုးရှိသည့်အသီးများတို့ကိုစုသိမ်းနိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ Review and Herald, Sept. 7, 1905. [Ev 516.2]



**အားပေးခြင်း၊ ကုသခြင်းနှင့်သက်သာစေခြင်း** – ခရစ်တော်သည် လူတို့ကိုမိမိတို့ရှိရာအရပ်၌ရှာဖွေပြီး သူတို့ရှေ့၌ကြီးမားသောအမှန်တရားများကို သူ၏နိုင်ငံတော်နှင့်ပတ်သက်၍ ချထားခဲ့ပါသည်။ သူသည် တစ်နေရာမှတစ်နေရာသို့သွားရာ၌ ဒုက္ခခံစားရသောသူများတို့ကိုကောင်းချီးပေး၍ အားပေးပြီး ဖျားနာသောသူများတို့ကို ကုသပေးခဲ့ပါသည်။ ဤအလုပ်သည် ကျွန်ုပ်တို့၏အလုပ်ဖြစ်သည်။ ခိုကိုးရာမဲ့သူများတို့၏လိုအပ်ချက်များတို့ကိုသက်သာစေရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားစေခိုင်းလျက်ရှိပါသည်။ Letter 54, 1898. [Ev 516.3]

**ဟေရှာယ (၅၈) အထဲမှပုံစံနမူနာ** – ဟေရှာယအခန်းကြီး (၅၈) သည် ဘုရားသခင်၏လူတို့အတွက် လက်ရှိအမှန်တရားပါရှိပါသည်။ ၎င်းအထဲတွင်ကမ္ဘာသို့ဟောပြောရမည့် ဆေးသာသနာ့လုပ်ငန်းနှင့်ဧဝံဂေလိလုပ်ငန်းနှစ်ခုစလုံးအတူပေါင်းစည်းထားသောသတင်းပါရှိသည်။ ဘုရားသခင်၏ဥပုသ်နေ့ကိုစောင့်ရှောက်သောသူတို့အပေါ် ကရုဏာနှင့်ရက်ရောသောစေတနာစိတ်ဖြင့်ပေးကမ်းခြင်းအလုပ်ကိုဆောင်ရွက်ရန် ဘုရားသခင်တာဝန်ချထားပေးပါသည်။ ဆေးသာသနာ့လုပ်ငန်းသည် သတင်းစကားဖြင့်ပေါင်းစည်းထားရန်နှင့် ဘုရားသခင်၏တံဆိပ်ဖြင့် တံဆိပ်ခတ်ထားရန်ဖြစ်သည်။ Manuscript 22, 1901. [Ev 516.4]

**စိတ်နှလုံးများပျော့ပျောင်းသွားခြင်း** – အပြစ်အတွက်ဖြေဆေးသည် ဤကမ္ဘာကြီး၌ရှိရမည်။ ဆေးသာသနာ့လုပ်ငန်းကို ကျွမ်းကျင်စွာဖြင့်ဝေဒနာကိုသက်သာစေရန်နှင့် အသက်ကိုကယ်ရန်ဆောင်ရွက်ခြင်းအားဖြင့် စိတ်နှလုံးများကိုပျော့ပျောင်းစေပါသည်။ မစခြင်းခံရသူတို့၏စိတ်ထဲ၌ ကျေးဇူးတရားပြည့်ဝလျက်ရှိသည်။ [Ev 517.1]

ဆေးသာသနာ့လုပ်ငန်းသည် ကိုယ်ခန္ဓာအတွက်လုပ်ဆောင်သကဲ့သို့ ဘုရားသခင်သည် စိတ်နှလုံးသားထဲ၌လုပ်ဆောင်ပါသည်။ ပြောဆိုသောအားပေးစကားများတို့သည် အနာကိုသက်သာစေသောနံ့သာဆီတစ်ခုဖြစ်ပြီး

ယုံကြည်စိတ်ချခြင်းနှင့် ယုံကြည်မှုကိုယူဆောင်လာသည်။ ကျွမ်းကျင်စွာလုပ်ဆောင်သူသည် ခရစ်တော်၏လောက၌ရှိစဉ် သူလုပ်ဆောင်ခဲ့သောအလုပ်ကိုပြောပြရန် အခွင့်အရေးရရှိပါလိမ့်မည်။ ဝေဒနာခံစားရသူအား ဘုရားရှင်၏မေတ္တာတော်အကြောင်းကိုပြောပြပါ။ Manuscript 58, 1901. [Ev 517.2]

**ဘုရားနှင့်လူအထဲယုံကြည်မှုပြန်လည်ရရှိခြင်း –** အများသောသူတို့သည် ထာဝရစစ်မှန်သောအရာများ၏အသိတရားပျောက်ဆုံးခြင်း၊ ဘုရား၏တူညီခြင်းကိုပျောက်ဆုံးခြင်းရှိကြပြီး သူတို့ကယ်ရမည့်ဝိညာဉ်များရှိမရှိကို သူတို့နားလည်ရန်ခက်ခဲလျက်ရှိသည်။ သူတို့သည် ဘုရားကိုမယုံ၊ လူတို့ကိုလည်းစိတ်မချဘဲရှိနေကြသည်။ သူတို့သည် လောကီချီးမွမ်းခြင်း၏ဆွဲဆောင်မှုမရှိသောသူတစ်ယောက်၊ သို့မဟုတ် မိမိတို့၏ပျက်စီးသောအိမ်များသို့လျှော်ကြေးပေးခြင်း၊ လူနာများကိုစောင့်ရှောက်ခြင်း၊ ဆာငတ်သူတို့ကိုကျွေးမွေးခြင်း၊ အဝတ်မရှိသူတို့ကိုအဝတ်ပေးခြင်းနှင့် သိမ်မွေ့စွာဖြင့်အရာအားလုံးကို လူသားအမှုဆောင်အားချစ်၍ သနားသောဘုရားရှင်ထံသို့ ညွှန်ပြနေပါသည်။ ဤအရာများကိုသူတို့တွေ့မြင်ရသောအခါ သူတို့၏စိတ်သည် ခံစားခြင်းကိုဖြစ်စေပါသည်။ ကျေးဇူးတင်သောစိတ်ပေါ်ထွက်လာသည်။ ယုံကြည်ခြင်းရှင်သန်လာသည်။ သူတို့အားဘုရားရှင်စောင့်ရှောက်ကြောင်း သူတို့တွေ့မြင်ရပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ဖွင့်ဖတ်ရာ၌ နားထောင်ရန်သူတို့ကိုယ်ကိုပြင်ဆင်ကြပါသည်။ [Ev 517.3]

ဤအလုပ်သို့ မိမိတို့၏ကိုယ်ကို ဘုရားသခင်၏သားသမီးများဆက်ကပ်အပ်နှံကြသောအခါ လူများစွာတို့သည် ကယ်တင်ခြင်းကိုရယူကြလိမ့်မည်။ သူတို့သည် မိမိတို့၏ဆိုးသောလမ်းမှ အနိုင်အထက်ကျောခိုင်းကြလိမ့်မည်။ ကယ်တင်ခြင်းခံရသောသူတချို့တို့သည် ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် အမှုတော်၏မြင့်ရာအရပ်များသို့တက်လှမ်းကာ ဝိညာဉ်များကိုကယ်တင်ခြင်းလုပ်ငန်း၌ပါဝင်လုပ်ဆောင်ရန် တာဝန်များကိုအပ်နှံခြင်းခံရလိမ့်မည်။ ဗဟုသုတအားဖြင့် မိမိတို့လုပ်ဆောင်သောသူတို့အတွက် လိုအပ်သည့်



အရာများကိုသူတို့သိရှိပြီး သူတို့အားမည်ကဲ့သို့မစရမည်ကို သူတို့သိလိမ့်မည်။ ပျက်စီးသူများတို့ကိုကယ်မရန် အသုံးပြုမည့်အကောင်းဆုံးသောနည်းလမ်းကို သူတို့သိလိမ့်မည်။ သူတို့ခံစားရရှိသောကောင်းချီးမင်္ဂလာများအတွက် ဘုရားသခင်အားကျေးဇူးတင်သောစိတ်သည် သူတို့၌ပြည့်ဝလျက်ရှိသည်။ သူတို့၏စိတ်သည် မေတ္တာအားဖြင့်တက်ကြွလျက်ရှိပြီး သူတို့၏ခွန်အားသည် ကူညီမှုမရှိခြင်းကြောင့် တစ်ခါမျှနာလန်မထူသောသူများတို့ကိုမြှင့်တင်ရန် ခိုင်မာသန်စွမ်းခြင်းရှိပါလိမ့်မည်။ Review and Herald, Aug. 3, 1905. [Ev 517.4]

**ဆေးသာသနာလုပ်ငန်း၏စစ်မှန်သောသိပ္ပံအတတ် –** ခွဲစိတ်ကုသခြင်းနှင့်ဆေးသိပ္ပံအတတ်လေ့လာခြင်းကို ကမ္ဘာမှအာရုံများစွာစိုက်ကြသော်လည်း မှန်ကန်သောဆေးသာသနာလုပ်ငန်းကို ခရစ်တော်ဆောင်ရွက်သကဲ့သို့ဆောင်ရွက်ခြင်းသည် အသင်းတော်အဖွဲ့အစည်းများနှင့် ကမ္ဘာကြီးအတွက်သစ်လွင်၍ထူးဆန်းသောအရာဖြစ်သည်။ သို့သော် ကြီးမားသောအလင်းရရှိသောသူများဖြစ်ကြသည့် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်သည် မိမိတို့၏တာဝန်များကိုသတိပေးပြီး မိမိတို့၏အခွင့်အရေးများတို့ကို တိုးတက်စေသောအခါ ၎င်း၏မှန်သောနေရာကိုတွေ့မြင်ရလိမ့်မည်။ [Ev 518.1]

ပျိုရွယ်သောအမျိုးသား၊ အမျိုးသမီးများ ဤဆေးသာသနာ့လုပ်ငန်း၌ ဆရာဝန်ကြီးများနှင့်သူနာပြုဆရာမများအဖြစ်ပါဝင်ရန် သင့်လျော်သောသူများဖြစ်ရလိမ့်မည်။ သို့သော် နယ်သို့ဤအမှုဆောင်များတို့ကိုမစေလွှတ်မီ အမှုထမ်းလိုသောစိတ်ဆန္ဒသူတို့၌ရှိနေကြောင်း သက်သေပြရမည်။ သူတို့သည် သာသနာ့လုပ်ငန်းအတွက်ပြင်ဆင်ကြပြီး ဆေးသာသနာ့လုပ်ငန်းအပေါ်စိတ်ဝင်စားမှုရှိရမည်။ [Ev 518.2]

ကျောင်းသားများတို့သည် ရှေ့ဆောင်သာသနာ့လုပ်ငန်းအတွက် မိမိတို့၏ကိုယ်ကိုပြင်ဆင်သင့်ကြသည်။ တိုင်းတစ်ပါးသို့စေလွှတ်ခြင်းခံရသောဆေးသာသနာ့အမှုထမ်းများတို့သည် အကောင်းဆုံးဆေးပညာကို ဦးစွာရရှိထားသင့်သည်။ သူတို့သည် ခရစ်တော်၏သံတမန်များဖြစ်ကြပြီး မိမိတို့၌

ရှိသောကျွမ်းကျင်မှုဖြင့် သူတို့သည် ဘုရားရှင်အတွက်လုပ်ဆောင်ရမည်။ သမားတော်ကြီးယေရှုသည် မိမိ၏အံ့ဖွယ်တန်ခိုးဖြင့် သနားပြီးကယ်မရန် စိတ်အားထက်သန်စွာဆုတောင်းကြရမည်။ Manuscript 33, 1901.

**စစ်မှန်သောဆေးသာသနာ့လုပ်ငန်း** – ကျွန်ုပ်တို့သင်ယူရန်လိုအပ်သော သင်ခန်းစာသည် လက်တွေ့ဧဝံဂေလိလုပ်ငန်းအစီအစဉ်များ၌ မှန်သောဆေးသာသနာလုပ်ငန်းသည် မည်သည့်အရာဖြစ်သနည်းဟူသည့်အရာဖြစ်ပါသည်။ နေရာတိုင်းရှိလူတို့ရှေ့၌ ထာဝရအသက်၏အခေါ်အဝေါ်များကို ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ဖော်ပြထားသည့်အတိုင်း ခေါ်ဝေါ်ဟောပြောကြရမည်။ ဤနှုတ်ကပတ်တော်ကိုနားထောင်သောသူများ၊ ဂုဏ်ပြုထိုက်သောဘုရားရှင်အားရိုသေလေးစားသောသူများတို့သည် မှန်သောဆေးသာသနာ့လုပ်ငန်း၌ မည်သည့်အရာပါဝင်နေသည့်ပညာသည် သူတို့၌ရှိနေကြောင်း သူတို့၏နေထိုင်လှုပ်ရှားမှုမှပြသပါလိမ့်မည်။ စိတ်နေမြင့်ခြင်းမရှိ၊ နှိမ့်ချရပါမည်။ ဆေးသာသနာ့လုပ်ငန်းကိုနားလည်သည်ဟု ပြောဆိုသောသူတိုင်း အမှန်တရား၏စည်းမျဉ်းဥပဒေများတို့ကိုသင်ကြားခြင်းဖြင့် ကြီးမားသောအကျိုးသက်ရောက်ခြင်းကို ခံစားရပါလိမ့်မည်။ Manuscript 126, 1905. [Ev 519.1]

## ဧဝံဂေလိသာသနာ့လုပ်ငန်းနှင့်ဆက်သွယ်မှု

**ဧဝံဂေလိလုပ်ငန်းကိုနှစ်ဆအောင်မြင်ခြင်းပေးသည်** – သာသနာပြုများတို့သည် ဆေးသာသနာပြုဖြစ်ရမည့်အရေးကြီးခြင်းကို လုံးလုံးနားမလည်သောသူများရှိပါသည်။ အကယ်၍ လူနာကိုမည်ကဲ့သို့ကုသရန်နားလည်ပါက ဓမ္မဆရာသည် သူ၏လုပ်ငန်း၌နှစ်ဆပို၍အောင်မြင်မည်ဖြစ်သည်။ သာသနာပြုဆရာတစ်ဦးသည် ကိုယ်ခန္ဓာမကျန်းမမာခြင်းကို ကုသပေးနိုင်သောဆေးသာသနာပြုတစ်ဦးအဖြစ် အမှုထမ်းဆောင်နိုင်ခဲ့ပါက မဆောင်ရွက်နိုင်သောသူထက်များစွာပို၍အောင်မြင်သောအမှုဆောင်ဖြစ်ပါလိမ့်မည်။ ဧဝံဂေလိဓမ္မဆရာတစ်ဦးအဖြစ် သူ၏အလုပ်သည် ပို၍များစွာပြီးမြောက်မည်ဖြစ်ပါသည်။ Medical Ministry, p. 245. (1901) [Ev 519.2]



**မခွဲမခွာစေရပါ** – ဆေးသာသနာ့လုပ်ငန်းသည် မည်သည့်အခါမျှ မည်သည့်အကြောင်းမျိုးကြောင့် ဧဝံဂေလိသာသနာနှင့်မခွဲမခွာစေရပါ။ ဤအရာနှစ်ခုကို ကိုယ်ခန္ဓာပေါ်ရှိလက်နှစ်ဖက်ကဲ့သို့ နီးကပ်စွာဘုရားသခင်ပူးတွဲထားလျက်ရှိသည်။ ပေါင်းစပ်ခြင်းမရှိပါက မည်သည့်အရာမျှပြည့်စုံခြင်းမရှိပါ။ ဆေးသာသနာ့လုပ်ငန်းသည် ဧဝံဂေလိလုပ်ငန်းအတွက် သရုပ်ဖော်ပေးသောအရာဖြစ်သည်။ Testimonies, vol. 6, pp. 240, 241. (1900) [Ev 519.3]

**စည်းလုံးသောအလုပ်တစ်ခုအတွက်ဘုရားသခင်၏စီမံကိန်းများ** – သို့သော်ယနေ့ကမ္ဘာကြီး၏လိုအပ်ချက်ကို လူတိုင်းထံသို့ထာဝရဧဝံဂေလိတရားဟောပြောရန် ခေါ်တော်မူခြင်းခံရသော ဘုရားသခင်၏အစေခံများဟောပြောခြင်းအားဖြင့် လုံးလုံးလျားလျားပြည့်စုံခြင်းမရှိနိုင်ပါ။ အားသွန်ခွန်စိုက်အကောင်းဆုံးဆောင်ရွက်ကြသည့်တိုင်၊ ဧဝံဂေလိသာသနာပြုအမှုဆောင်များတို့သည် ခန္ဓာကိုယ်နှင့်ဝိညာဉ်နှစ်ခုစလုံးတို့၏လိုအပ်ချက်များကို မည်ကဲ့သို့ကူညီမစရမည်ကို သင်ယူကာ ခရစ်တော်၏ပုံပမာကိုလိုက်လျှောက်ကြရပါမည်။ သို့သော် မိမိတို့၏အချိန်နှင့်ခွန်အားအားလုံးတို့ကို ထိုလိုအပ်သူတို့အားသက်သာစေရန်အတွက်သာ အသုံးမပြုရပါ။ နှုတ်ကပတ်တော်ကိုဟောပြောသောသူတို့သည် ရောဂါကုသခြင်းနှင့်ဝိညာဉ်အောင်မြင်ခြင်း အထူးသင်တန်းရရှိခဲ့သော ခရစ်ယာန်သမားတော်ကြီးများနှင့်သူနာပြုဆရာမများဖြစ်ကြသည့် သူ၏ဆေးသာသနာ့လုပ်ငန်းအမှုဆောင်များတို့နှင့် ပူးတွဲအမှုထမ်းရန် ဘုရားသခင်အမိန့်ချမှတ်ထားခဲ့ပါသည်။ Counsels to Teachers, p. 468. (1913) [Ev 519.4]

**ဆေးသာသနာပြုများသည်သာသနာပြုများဖြစ်ကြသည်** – သမားတော်ကြီးများတို့အနေဖြင့် ဓမ္မဆရာတို့၏တာဝန်များတို့ကို လုပ်ဆောင်ရန်လိုအပ်ကြောင်း မကြာခဏသတိရသင့်ကြသည်။ ဆေးသာသနာပြုသူများတို့သည် ဧဝံဂေလိသာသနာပြုသူများတို့၏ဦးဆောင်မှုအောက်၌ရှိသည်။ အမှုဆောင်များတို့သည်

သူတို့အတူဆုတောင်းကြပြီး တိုင်ပင်နိုင်ကြရန် နှစ်ယောက်တစ်တွဲထွက်၍ အမှုဆောင်ရမည်။ မည်သည့်အခါမျှ သူတို့ကိုတစ်ဦးတည်းစေလွှတ်ခြင်းမပြုသင့်ပါ။ ဣသရေလပြည်မြို့ကြီးများအားလုံးသို့ ယေရှုခရစ်တော်သည် သူ၏ တပည့်တော်များကို နှစ်ယောက်တစ်တွဲစေလွှတ်ခဲ့သည်။ သူတို့အားလူနာများကိုကုသရန်၊ ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီဟုဟောပြောရန် ခရစ်တော်အမိန့်ပေးခဲ့ပါသည်။ [Ev 520.1]

ဓမ္မဆရာတစ်ဦးသည် ဆရာတစ်ဦးဖြစ်ကြောင်း နှုတ်ကပတ်တော်မှ ကျွန်ုပ်တို့ကိုသွန်သင်ထားပါသည်။ ဆေးသာသနာပြုတစ်ဦးလည်းဖြစ်သင့်သည်။ သို့သော် လူတိုင်းအားအလုပ်တစ်ခုတည်းကို လုပ်စေရမည်မဟုတ်ပါ။ "ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌လည်းကောင်း၊ အချို့တို့ကို ပရောဖက်အရာ၌လည်းကောင်း၊ အချို့တို့ကိုသာသနာပြုအရာ၌လည်းကောင်း၊ အချို့တို့ကိုသင်းအုပ်ဆရာ၊ ဆရာအရာ၌လည်းကောင်း ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုသိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း။" [Ev 520.2]

ကျွန်ုပ်တို့၏နယ်အတွင်း ဓမ္မအမှုဆောင်များအဖြစ် အမှုထမ်းသော သူများတို့သည် လူနာပြုစုခြင်းအတတ်ကိုနားလည်သင့်သည်။ မည်သည့် ဓမ္မဆရာမျှ ပညာရှိသင့်လျက်နှင့်ပညာမဲ့နေခြင်းအပေါ် မကြွားဝါသင့်ပါ။ ဆေးသာသနာ့လုပ်ငန်းသည် လူတစ်ဦးကို မိမိ၏မိတ်ဆွေများနှင့်သော်လည်းကောင်း၊ ဘုရားရှင်နှင့်သော်လည်းကောင်း ဆက်သွယ်ပေးပါသည်။ ကြင်နာခြင်းနှင့်ယုံကြည်စိတ်ချခြင်းကိုဖော်ပြရာတွင် အချိန်အားဖြင့်သော်လည်းကောင်း၊ နေရာအကျယ်အဝန်းအားဖြင့်သော်လည်းကောင်း အကန့်အသတ်မထားရပါ။ Medical Ministry, pp. 249, 250. (1901) [Ev 520.3]



**ဓမ္မဆရာများအကြားခြားနားခြင်း** – ကျွန်ုပ်တို့၏ကမ္ဘာပေါ်၌ ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခဲ့သော အထူးကောင်းမွန်၍အံ့သြဖွယ်ကောင်းသည့်အမှန်တရားများကို ယခုထက်တိုင်မကြားရသေးသော ခရစ်ယာန်အမှုဆောင်များစွာရှိနေကြသေးသည်။ သူတို့သည် မိမိတို့ရရှိခဲ့သည့်အလင်းတရားအတိုင်း ကောင်းသောအလုပ်ကိုလုပ်နေကြပြီး ကြီးမားသောအလင်းနှင့်အခွင့်အရေးများတို့ကိုရရှိသော သူများတို့ထက် ပို၍လက်တွေ့အလုပ်၏အသိတရားထဲတွင် တိုးတက်လျက်ရှိသည်ကို တွေ့ရှိနေရပါသည်။ [Ev 521.1]

ကျန်းမာရေးပြုပြင်ပြောင်းလဲရေးနှင့် ဆေးသာသနာလုပ်ငန်းနှင့်ပတ်သက်ပြီးကွဲပြားမှုသည် ကျွန်ုပ်တို့၏ဓမ္မဆရာများအထဲ၌ရှိနေသည်မှာ အံ့သြဖွယ်ရာဖြစ်သည်။ ကျွန်ုပ်တို့ကဲ့သို့ ခရစ်ယာန်မဟုတ်သောသူများတို့သည် ဤအလုပ်ကိုပို၍လေးနက်ထိရောက်စွာ ကျွန်ုပ်တို့အမှုဆောင်တချို့တို့ထက်ဆောင်ရွက်လျက်ရှိပြီး၊ အကယ်၍ ကျွန်ုပ်တို့ထထကြွကြွလုပ်ဆောင်ခြင်းမရှိပါက သူတို့သည် ကျွန်ုပ်တို့ထက်တိုးတက်အောင်မြင်မည်ဖြစ်ပါသည်။ Testimonies to Ministers, pp. 416, 417. (1898) [Ev 521.2]

**နယ်ဥက္ကဋ္ဌမှငှင်းကိုအသိအမှတ်ပြုရန်** – ယခုကျွန်ုပ်တို့၏ရွေးချယ်ခြင်းခံရမည့်နယ်ဥက္ကဋ္ဌကို မည်သည့်အရာမျှမပြုလုပ်ရသေးသောနေရာ၌ မှန်သည့်အစပြုခြင်းတစ်ခုကိုပြုလုပ်နိုင်ရန် တောင်းဆိုပါသည်။ ဆေးသာသနာ့အလုပ်ကို ဘုရားသခင်၏ညာလက်ရုံးအဖြစ် အသိအမှတ်ပြုပေးပါ။ ဘုရားသခင်၏ခန့်အပ်ထားသောကိုယ်စားလှယ်အဖြစ် အခန်းနှင့်အားပေးမှုကိုရရှိရန်အတွက်ဖြစ်သည်။ တာဝန်ခန့်အပ်ခြင်းခံရသောသာသနာပြုဆရာတစ်ဦးကဲ့သို့ ဆေးသာသနာပြုဆရာများတို့ကို အားပေးရန်အတွက်ဖြစ်သည်။ ဤအမှုဆောင်များတို့နှင့်အတူဆုတောင်းပါ။ အကယ်၍အကြံဉာဏ်လိုအပ်ပါက သူတို့အားအကြံဉာဏ်ပေးပါ။ သူတို့၏စိတ်အားထက်သန်မှုနှင့်ခွန်အားကို မလျှော့နည်းစေပါနှင့်။ သင့်ကိုယ်တိုင်၏ဆက်ကပ်ခြင်းနှင့်ပြင်းပြသောမေတ္တာသည် သူတို့၏ရှေ့၌မြင့်သောအဆင့်အတန်းတစ်ခုအဖြစ်ဖြင့် ထားရှိခြင်းကိုသေချာစေပါ။ ဘုရားသခင်၏

စပျစ်ဥယျာဉ်၌အမှုဆောင်များစွာလိုအပ်နေပြီး မိမိတို့၏ကိုယ်ကို အမှုတော်၌ ဆက်ကပ်သောသူတို့အား စိတ်ဓာတ်ကျစေမည့်စကားတစ်ခွန်းကိုမျှမပြောဆိုသင့်ပါ။ Medical Ministry, pp. 240, 241. (1901) [Ev 521.3]

**နယ်ဆေးသာသနာ့အတွင်းရေးမှူး –** ဆေးသာသနာ့လုပ်ငန်းသည် တရားဟောခြင်းအလုပ်နှင့် နီးကပ်စွာဆက်စပ်နေရပါမည်။ မိမိတို့၏ကိုယ်ကိုစိတ်ချယုံကြည်လောက်သောသူများနှင့် စည်းကမ်းအပေါ်သစ္စာရှိသောအမျိုးသားများတို့ကို ဤလုပ်ငန်း၌တာဝန်ပေးသင့်သည်။ နယ်ဌာနချုပ်တိုင်း၌စောင့်ကြည့်၍ သတိရှိသူတစ်ဦးကို သီးသန့်ထားရှိသင့်သည်။ ထိုသူသည် သစ္စာရှိသောသူတစ်ဦးဖြစ်ကြောင်း အထောက်အထားရှိပြီး လောကနှင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်ယုံကြည်ခြင်းတူသောသူတို့နှင့်သော်လည်းကောင်း ဆက်ဆံရာတွင် ရိုးသားသောသူတစ်ဦးဖြစ်သင့်သည်။ ထိုသူသည် တပ်မက်စိတ်နှင့်အတ္တစိတ်တို့မှကင်းစင်သောသူဖြစ်သင့်သည်။ Letter 139, 1898. [Ev 521.4]

**သီးသန့်ကိုယ်ပိုင်အလုပ်တစ်ခုကိုသတိပြုခြင်း –** ဆေးသာသနာပြုလုပ်ငန်း ကျယ်ပြန့်လာသကဲ့သို့ ကျွန်ုပ်တို့၏နယ်ဌာနချုပ်တို့မှ သီးသန့်ခွဲထွက်လုပ်ဆောင်လိုသော စုံစမ်းခြင်းတစ်ခုဝင်ရောက်လာနိုင်ပါသည်။ သို့သော် ဤကဲ့သို့သောအစီအစဉ်သည် မမှန်ကြောင်းကျွန်ုပ်အားပြသခဲ့သည်။ ကျွန်ုပ်တို့၏ကွဲပြားလျက်ရှိသော လုပ်ငန်းအစိတ်အပိုင်းများတို့သည် လုပ်ငန်းကြီးတစ်ခုတည်း၏အစိတ်အပိုင်းများသာဖြစ်သည်။ ၎င်းတို့သည် ဗဟိုတစ်ခုတည်း၌သာတည်ရှိနေရမည်။ [Ev 522.1]

ဧဝံဂေလိလုပ်ငန်းထဲ၌ ဘုရားသခင်သည် ခြားနားသောပစ္စည်းတန်ဆာပလာများတို့ကိုအသုံးပြုပြီး ထိုပစ္စည်းတန်ဆာပလာများတို့သည် သီးသန့်ခွဲထားခြင်းမပြုရပါ။ ကျန်းမာရေးဆေးခန်းကို အသင်းတော်မှသီးသန့်ခွဲ၍ထူထောင်ခြင်းကို မည်သည့်အခါမျှမပြုသင့်ပါ။ ကျွန်ုပ်တို့၏ဆရာဝန်များတို့သည် ဧဝံဂေလိဆရာများတို့နှင့်ပေါင်း၍ အလုပ်လုပ်ကြရမည်။ သူတို့၏လုပ်ဆောင်မှုအားဖြင့် ဝိညာဉ်များတို့ကိုကယ်တင်ရန်နှင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အတွက်ဖြစ်ရပါမည်။ [Ev 522.2]



ဆေးသာသနာ့လုပ်ငန်းသည် တတိယကောင်းကင်တမန်သတင်းစကားကို မေးမှိန်စေရန် ဘုရားသခင်စီစဉ်ချမှတ်ထားခြင်းမပြုပါ။ လက်သည် ကိုယ်ခန္ဓာ၏နေရာကိုယူ၍မရပါ။ တတိယကောင်းကင်တမန်သတင်းစကားသည် ဤနောက်ဆုံးသောနေ့ရက်များအတွက် ဧဝံဂေလိသတင်းစကားဖြစ်ပြီး မည်သည့်အခါမျှမလိုအပ်သည့်အရာတစ်ခုကဲ့သို့ပေါ်လွင်ခြင်းနှင့် အခြားစိတ်ဝင်စားမှုများလွှမ်းမိုးသွားခြင်းမရှိစေရပါ။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများထဲမှ အဖွဲ့အစည်းတစ်ခုသည် တတိယကောင်းကင်တမန်သတင်းစကား၏အပေါ်၌ရှိနေသောအခါ၊ ဧဝံဂေလိသတင်းစကားသည် ကြီးမားသည့်ဦးဆောင်နေသောတန်ခိုးမဖြစ်နိုင်တော့ပါ။ Testimonies, vol. 6, pp. 235-241. (1900)

**ဧဝံဂေလိလုပ်ငန်းနေရာကို ဆေးသာသနာလုပ်ငန်းအစားထိုးခြင်းမပြုရပါ –** ဆေးသာသနာ့လုပ်ငန်းသည် နှုတ်ကပတ်သာသနာ့လုပ်ငန်း၏နေရာကို အစားထိုး၍မရပါ။ နိုင်ငံရပ်ခြားရှိ ဘုရားရှင်၏အလုပ်ကိုထောက်ပံ့ခြင်း၌ အသုံးပြုရမည့်ငွေကို ဤလုပ်ငန်းအတွက်ကိုသာ အကုန်အကျခံ၍ အသုံးပြုသွားရန်မသင့်ပါ။ ဘဏ္ဍာရေးဌာနသို့ရောက်ရှိလာသမျှသောငွေကြေးများသည် ဘုရားရှင်၏ငွေဖြစ်ပြီး ကြီးကျယ်ခမ်းနားသောအဆောက်အဦများတို့ကို အမေရိကန်ပြည်တွင်း၌သာ ဆောက်လုပ်ခြင်းအတွက်အသုံးမပြုရပါ။ လူတို့မှပေးလှူလာသောငွေများကို အကျိုးအနည်းငယ်သာဖြစ်ထွန်းသောလုပ်ငန်းများအတွက် အကုန်အကျမခံရပါ။ ဘုရားသခင်၏လမ်းကိုပြင်ဆင်သောအားဖြင့် အမှန်တရားကိုဟောပြောကြရမည်။ တံပိုးခရာသည် မမှန်သောအသံကိုမပြုရပါ။ [Ev 523.1]

ဆေးသာသနာ့လုပ်ငန်းသည် နှုတ်ကပတ်တော်သာသနာ့လုပ်ငန်းအတွက် အခန်းချန်ထားပေးရမည်။ ဘုရားရှင်နှုတ်ကပတ်တော်၏ဟောပြောခြင်းနှင့်ပတ်သက်၍ အထင်သေးခြင်းကို မည်သည့်အခါမျှမဖော်ပြရပါ။ တတိယကောင်းကင်တမန်သတင်းစကားကို ပျက်စီးပျောက်ကွယ်သွားခြင်းမပြုရပါ။ Manuscript 177, 1899. [Ev 523.2]

**နောက်ဆုံးသောဓမ္မဆရာအလုပ် –** မကြာမီဓမ္မရေးရာဆိုင်ရာလုပ်ငန်းများရပ်တန့်သွားမည်ဖြစ်သော်လည်း ဆေးသာသနာ့လုပ်ငန်းတည်ရှိနေဦးမည်ဖြစ်ကြောင်း သင်တို့အားကျွန်ုပ်ပြောလိုပါသည်။ ဓမ္မဆရာတစ်ဦး၏အလုပ်သည် အကူအညီပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့သည် ဧဝံဂေလိလုပ်ငန်းစီမံကိန်းအတွက် လုပ်ဆောင်ကြရမည်ဖြစ်သည်။ [Ev 523.3]

သင်သည် ကုသခြင်း၊ ကောင်းချီးပြုခြင်းနှင့် ခွန်အားပေးခြင်း၏ ဧဝံဂေလိလုပ်ငန်းဖြစ်သော ဆေးသာသနာလုပ်ငန်း၌ ခိုင်မာသောစိတ်ဝင်စားမှုပြသခြင်းမရှိသရွေ့ သင်သည် ဧဝံဂေလိစေခိုင်းခြင်း၏ဓမ္မအမှုဆောင်များမည်သည့်အခါမျှမဖြစ်နိုင်ပါ။ [Ev 523.4]

ဘုရားရှင်ထံမှ ကျွန်ုပ်လမ်းညွှန်မှုများရရှိသောကြောင့် ယခုကျွန်ုပ်ပြုသကဲ့သို့ ကျွန်ုပ်ရဲရင့်သောသတ္တိဖြင့်ပြောရခြင်းဖြစ်သော်လည်း ဆေးသာသနာ့လုပ်ငန်းကိုသင်တွေ့မြင်ရသကဲ့သို့ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ကျွန်ုပ်ပြောလိုသည်မှာ ဆေးသာသနာ့လုပ်ငန်းသည် ဘုရားသခင်၏လုပ်ငန်းဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ဓမ္မအမှုဆောင်အားလုံးတို့ကို ဤလုပ်ငန်း၌ပါဝင်စေလိုပါသည်။ ဤဆေးသာသနာ့လုပ်ငန်းကို သင်ဆောင်ရွက်ခြင်းဖြင့် လူတို့ထံသို့သင်ချဉ်းကပ်နိုင်ပါလိမ့်မည်။ သူတို့၏လိုအပ်ချက်များတို့ကို သင်ဖြည့်ဆည်းပေးခြင်းအားဖြင့် သူတို့၏စိတ်နှလုံးကို သင်တို့ထိနိုင်ပါလိမ့်မည်။ သူတို့၏ဆင်းရဲဒုက္ခခံရခြင်းကို သင်သက်သာစေခြင်းအားဖြင့် ယေရှုရှင်၏မေတ္တာကို သူတို့အားပြောပြနိုင်သည့်အခွင့်အရေးကို သင်တွေ့ရှိရလိမ့်မည်။ Counsels on Health, p. 533. (1901) [Ev 523.5]

## နည်းစနစ်၏ရိုးသားခြင်း

**လူသားများအားမည်ကဲ့သို့ကူညီရမည်ကိုခရစ်တော်ပြသခဲ့သည် –** လူထုကြီးကို မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်အားဖြင့် ခရစ်တော်မည်ကဲ့သို့ကျွေးမွေးခဲ့သည့်



မှတ်တမ်းကိုဖတ်ပါ။ ကရုဏာအားဖြင့် ယာယီလိုအပ်ချက်အတွက် ပြင်ဆင်မှုပေးခြင်းသည် လူတို့၏စိတ်နှလုံးသားထဲ၌ သူပြောဆိုခဲ့သောအမှန်တရား၏နှစ်သက်ဖွယ်စကားများတို့ကို စွဲမှတ်စေပါသည်။ [Ev 524.1]

ဤအံ့ဖွယ်နိမိတ်လက္ခဏာ၌ ခရစ်တော်သည် ဆေးသာသနာ့လုပ်ငန်းကို နှုတ်ကပတ်တော်သာသနာ့လုပ်ငန်းနှင့် မည်ကဲ့သို့ပေါင်းစပ်ထားသည်ကို ဖော်ပြခဲ့ပါသည်။ သူ၏တပည့်တော်များတို့သည် အသက်မုန့်နှင့်ကယ်တင်ခြင်းစမ်းရေကိုယူပြီး ဝိညာဉ်ရေးအကူအညီအတွက် လွန်စွာတောင့်တလျက်ရှိသူတို့အား ပေးကြရပါမည်။ ထိုနောက် လိုအပ်ချက်ရှိသကဲ့သို့ သူတို့သည် ဆာငတ်သောသူများကိုကျွေးမွေးပြီး အဝတ်အချည်းစည်းရှိသောသူများတို့ကို အဝတ်အစားပေးကြရပါမည်။ ထိုသို့အားဖြင့်သူတို့သည် မိမိတို့သခင်အတွက် နှစ်မျိုးသောလုပ်ဆောင်မှုကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ဘုရားရှင်အတွက် ကျွန်ုပ်တို့ဆောင်ရွက်သောအလုပ်၏လုပခြင်းနှင့်အသုံးဝင်ခြင်းသည် ၎င်း၏အချိုးအစားပြေပြစ်ခြင်း၊ ညီညွတ်ခြင်းနှင့် ၎င်း၏အဖက်ဖက်မှဆီလျော်ခြင်းနှင့်ပြည့်ဝခြင်းဖြင့် ပါဝင်လျက်ရှိပါသည်။ Manuscript 5, 1901. [Ev 524.2]

**ဒုက္ခရောက်သူနှင့်နီးကပ်စွာနေပါ –** ခရစ်တော်သည် ကျွန်ုပ်တို့လိုက်လျှောက်သင့်သည့် သူ၏ခြေတော်ရာကို ပုံပမာတစ်ခုအဖြစ် ကျွန်ုပ်တို့အတွက်ချန်ထားခဲ့ပါသည်။ ခရစ်တော်သည် အလိုအပ်ဆုံးသောသူများ၊ အမအစကင်းမဲ့ဆုံးသောသူများထံသို့ အမြဲနီးကပ်စွာနေပြီး သူ၏သနားခြင်းကရုဏာအားဖြင့် သူတို့သည်လည်း သူ့ထံသို့နီးကပ်စွာဆွဲယူခြင်းခံရကြပါသည်။ ဒုက္ခရောက်သူ၊ အကူအညီလိုအပ်သူနှင့်အပြစ်သားတိုင်းတို့အား ဝိညာဉ်ရေးအမအစကိုပေးမည့်သမားတော်ကြီးတစ်ပါးဖြစ်ကြောင်း ခိုင်မာစွာပြောဆိုခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဒုက္ခရောက်သောသူတို့ထံမှ ဝေးလံစွာမတ်တတ်ရပ်လျက်ရှိကြသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် သူ၏ကျေးဇူးတော်နှင့်ပြည့်ဝလျက် ဤကျေးဇူးတော်ကို အခြားသူတို့အားပေးလိုသောဆန္ဒဖြင့် ခရစ်တော်ထံသို့နီးကပ်စွာချဉ်းကပ်ကြပါစို့။ Letter 17, 1903. [Ev 524.3]

**လက်တွေ့လမ်းကြောင်းများအတွင်း –** ဝိညာဉ်များထံသို့ချဉ်းကပ်ခြင်းအလုပ်သည် နည်းစနစ်တစ်ခုတည်းအပေါ် သတ်မှတ်ခြင်းမပြုရခြင်းကို ကျွန်ုပ်တို့သတိရကြရမည်။ ဧဝံဂေလိဆေးသာသနာ့လုပ်ငန်းသည် ရှေ့သို့ယူဆောင်သွားကြရမည်ဖြစ်ပြီး လူတစ်ဦး၏တိကျသောလမ်းကြောင်းဖြင့်မဟုတ်ဘဲ ခရစ်တော်၏လမ်းကြောင်းများအားဖြင့်ဖြစ်ရမည်။ ဆောင်ရွက်သမျှသောအရာအားလုံးတို့သည် သန့်ရှင်းသောဝိညာဉ်တော်လှုံ့ဆော်မှုအားဖြင့်ဖြစ်ရမည်။ ခရစ်တော်ဆောင်ရွက်ခဲ့သကဲ့သို့ ကျွန်ုပ်တို့သည် ၎င်းလက်တွေ့လမ်းကြောင်းများအတွင်းနှင့်အညီ ဆောင်ရွက်ကြရမည်။ သို့မှသာ ကျွန်ုပ်တို့အောင်မြင်ကြလိမ့်မည်။ [Ev 524.4]

ဘုရားရှင်၏စေခိုင်းချက်ကို ပြုပြင်စရာမလိုပါ။ ခရစ်တော်၏အမှန်တရားဟောပြောခြင်းနည်းလမ်းကို ထပ်မံ၍ကောင်းအောင်ပြုလုပ်စရာမလိုပါ။ လောကဆန်သောစိတ်သဘောများကိုဆွဲဆောင်နိုင်ရန် နည်းစနစ်များကိုကြိုးစား၍ပြုလုပ်သောအမှုဆောင်သည် မတော်လက်ဝါးကပ်တိုင်ကိုယူဆောင်ရမည့်ကန့်ကွက်ချက်များတို့ကို ဖယ်ရှားပေးနိုင်လိမ့်မည်ဟုထင်ခြင်းသည် သူ၏ဩဇာကိုလျှော့နည်းစေမည်သာဖြစ်ပေလိမ့်မည်။ ဘုရားဝတ်၌ရိုးရိုးသားသားမွေ့လျော်ခြင်းကို ထိန်းသိမ်းထားပါ။ Letter 123, 1903. [Ev 525.1]

**လွယ်ကူသောကုသမှုများပေးနိုင်ရန်ပြင်ဆင်ပါ –** နှုတ်ကပတ်တော်ဟောပြောခြင်း၌ ဗဟုသုတရှိသောကျွန်ုပ်တို့၏ဓမ္မဆရာများတို့သည် လွယ်ကူသောကုသနည်းများတို့ကို မည်ကဲ့သို့ပြုရမည်ကိုသင်ယူကြပြီး ဆေးသာသနာပြုတရားဟောဆရာများအဖြစ်ထွက်၍ အမှုဆောင်ရွက်ကြပါစို့။ အမှုတော်ဆောင်များ– ဧဝံဂေလိဆေးသာသနာပြုအမှုဆောင်များ ယခုလိုအပ်နေပါသည်။ Manuscript 141, 1903. [Ev 525.2]

**ကျန်းမာစွာနေထိုင်ခြင်းစည်းမျဉ်းများကိုသွန်သင်ခြင်း –** ဧဝံဂေလိအမှုဆောင်များတို့သည် ကျန်းမာစွာနေထိုင်ခြင်း၏စည်းမျဉ်းဥပဒေများကို သွန်သင်ပို့ချမှုပေးနိုင်သောသူများဖြစ်သင့်သည်။ ဖျားနာသူများနေရာတိုင်းတွင်ရှိကြပြီး



၎င်းတို့ကိုကျန်းမာခြင်းဥပဒေများလိုက်လျှောက်ခြင်းအားဖြင့် ကာကွယ်မှုများစွာကို ပြုလုပ်နိုင်ပါသည်။ လူတို့သည် ယခုဘဝအသက်တာအတွက်သော်လည်းကောင်း၊ နောင်ဘဝအသက်တာအတွက်သော်လည်းကောင်း မိမိတို့၏ကိုယ်ခန္ဓာကျန်းမာရေးအတွက် ကျန်းမာရေးစည်းမျဉ်းများတို့ကိုလိုက်လျှောက်သင့်ကြောင်းကိုတွေ့မြင်ရန် လိုအပ်ပါသည်။ လူသားများနေထိုင်ရန်အတွက် မိမိတို့၏ဖန်ဆင်းရှင်နေထိုင်သောနေရာကဲ့သို့ သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်ရန် သူတို့အားဘုရားရှင်အလိုရှိနေသည်။ မိမိတို့၏တာဝန်မှနိုးကြားရန် သူတို့၌လိုအပ်လျက်ရှိသည်။ [Ev 525.3]

ဖျားနာသူများတို့အား ကုသမှုပြုသည့် လွယ်ကူသောနည်းစနစ်၊ အဆိပ်ရှိသောဆေးဝါးများတို့ကိုအသုံးပြုသည့် အစားထိုးသောနည်းစနစ်များနှင့်ပတ်သက်သည့်သင်တန်းကို ထောင်ပေါင်းများစွာသောသူတို့သည် လိုအပ်လျက်ရှိပြီး ဝမ်းမြောက်စွာဖြင့်ရရှိလိုကြပါသည်။ အာဟာရရှိသောအစာစားခြင်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များတို့ကိုလည်း အထူးလိုအပ်လျက်ရှိသည်။ မှားယွင်းသောအစာစားခြင်းအကျင့်ဓလေ့များနှင့် ကျန်းမာခြင်းနှင့်မညီသောအစာစားခြင်းတို့သည် ချုပ်တည်းခြင်းမရှိ၊ ရာဇဝတ်မှုနှင့်ပျက်စီးယိုယွင်းခြင်းသာဖြစ်ပြီး ကမ္ဘာကြီးအား ကျိန်ခြင်းအမင်္ဂလာသို့သာပို့ဆောင်စေသည့် သေးငယ်သောအရာမဟုတ်ကြောင်းကို တွေ့ရှိရပါသည်။ [Ev 525.4]

ကျန်းမာရေးစည်းမျဉ်းများသင်ကြားရာ၌ ပြန်လည်ပြုပြင်ခြင်း၏ကြီးမားသောရည်ရွယ်ချက်ကို နှလုံးထဲ၌ထားရှိပါ။ ၎င်း၏ရည်ရွယ်ချက်သည် ကိုယ်၊ စိတ်၊ နှလုံးသုံးပါးတို့ကို အမြင့်ဆုံးသောနေရာသို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်သည်။ သဘာဝတရား၏ဥပဒေများတို့သည် ဘုရားသခင်၏ပညတ်တရားများဖြစ်ပြီး ကျွန်ုပ်တို့အတွက်ကောင်းဖို့ရန် စီစဉ်ထားသောအရာများဖြစ်သည်။ ထိုဥပဒေများတို့ကိုလိုက်လျှောက်ပါက အသက်တာ၏ပျော်ရွှင်မှုကိုတိုးတက်စေပြီး လာမည့်အသက်တာအတွက်ပြင်ဆင်ခြင်းကိုလည်း အထောက်အကူဖြစ်စေပါလိမ့်မည်။ [Ev 526.1]

လူတို့အားအံ့သြဖွယ်လူ့ခန္ဓာကိုယ်အစိတ်အပိုင်းဖွဲ့စည်းပုံနှင့် ၎င်းအားစောင့်ရှောက်သည့်ဥပဒေများကို လေ့လာရန်အားပေးပါ။ ဘုရားရှင်၏မေတ္တာတော်အထောက်အထားများတို့ကို စိတ်ထဲ၌သိမြင်သောသူများ၊ သူ့ပညတ်များ၏ကောင်းကျိုးများ၊ ပညာတချို့တို့နှင့် ၎င်းတို့အားနားထောင်ခြင်း၏အကျိုးကျေးဇူးများတို့ကို နားလည်သောသူများတို့သည် မိမိတို့၏တာဝန်များတို့နှင့် တာဝန်သိစိတ်များတို့ကို ခြားနားသောအမြင်အမျိုးမျိုးမှ တန်ဖိုးထားလာကြပါလိမ့်မည်။ ကျန်းမာရေးဥပဒေလိုက်လျှောက်ခြင်းကိုဆက်ကပ်ခြင်း၊ သို့မဟုတ် မိမိကိုယ်ကိုငြင်းပယ်ခြင်းကဲ့သို့မြင်မည့်အစား ရေတွက်၍မရသောကောင်းချီးမင်္ဂလာအစစ်အမှန်ကဲ့သို့ တန်ဖိုးထားရပါလိမ့်မည်။ [Ev 526.2]

ဧဝံဂေလိအမှုဆောင်တိုင်း ကျန်းမာစွာနေထိုင်ရမည့်စည်းမျဉ်းဥပဒေများကို သင်ကြားပို့ချခြင်းသည် သူတို့၏ဆောင်ရွက်ရမည့်တာဝန်တစ်ခုဖြစ်ကြောင်း ခံစားသင့်ကြပါသည်။ ဤအလုပ်သည် ကြီးမားသောလိုအပ်သည့်အရာနှင့် ကမ္ဘာမှလည်းတံခါးဖွင့်ထားလျက်ရှိသည်။ Counsels on Health, pp. 389, 390. (1914) [Ev 526.3]

**ကျန်းမာရေးအတွက်ချက်ပြုတ်နည်းကိုပို့ချပေးရန် –** ချက်ပြုတ်ခြင်းကျောင်းများကိုတည်ထောင်သင့်ပြီး တစ်အိမ်မှတစ်အိမ်သို့ ကျန်းမာရေးအစာချက်ပြုတ်ခြင်းအတတ်ကို သင်ကြားပေးသင့်သည်။ လူကြီးလူငယ်များ ပို၍လွယ်ကူသောအစာများကို မည်ကဲ့သို့ချက်ပြုတ်ရမည့်အကြောင်း သင်ယူသင့်ကြသည်။ အမှန်တရားကိုဟောပြောသောအခါတိုင်း လူတို့အားအရသာရှိပြီးလွယ်ကူသောအစာကို မည်ကဲ့သို့ပြင်ဆင်ရမည့်အကြောင်း သင်ကြားပေးသင့်သည်။ အသားမပါသောအာဟာရဓာတ်နှင့်ပြည့်ဝသည့်အစာကို ပြင်ဆင်ပေးနိုင်ကြောင်းကိုလည်း သူတို့အားပြသရပါလိမ့်မည်။

လူတို့အားမည်ကဲ့သို့ကုသမှုပြုရမည်ထက် မည်ကဲ့သို့ကျန်းမာစွာနေထိုင်ရမည့်အကြောင်းကို သင်ကြားပို့ချပေးပါ။ ကျွန်ုပ်တို့၏ဆရာဝန်များအနေဖြင့် မိမိတို့၏စိတ်အလိုသို့လိုက်ခြင်းအားလုံးတို့ကိုသတိပေးခြင်းနှင့် ဘုရားရှင်





တားမြစ်ထားသောအရာအားလုံးတို့ကိုပြသပေးခြင်းတို့သည် ကိုယ်ခန္ဓာနှင့်စိတ်၏ပျက်စီးခြင်းတို့ကို အကာအကွယ်ပေးနိုင်သည့် တစ်ခုတည်းသောလမ်းဖြစ်ကြောင်း လိမ္မာပါးနပ်သောပညာပေးသူများဖြစ်သင့်ကြပါသည်။ Testimonies, vol. 9, p. 161. (1909) [Ev 526.5]

**ချက်ပြုတ်ခြင်းကျောင်းများတို့၏အရေးကြီးခြင်း –** ချက်ပြုတ်ခြင်းကျောင်းများကို နေရာတိုင်း၌တည်ထောင်ရမည်။ ဤအလုပ်ကိုရိုးရိုးလေးဖြင့်အစပြုရပါမည်။ သို့သော် ကျွမ်းကျင်သောစားဖိုမှူးများကဲ့သို့ သူတို့၏အကောင်းဆုံးဆောင်ရွက်ခြင်းအားဖြင့် အခြားသောသူများတို့အား အသိဉာဏ်တိုးပွားစေပြီး ဘုရားသခင်သည် သူတို့အားကျွမ်းကျင်မှုနှင့်အသိဉာဏ်ကိုပေးပါလိမ့်မည်။ ဘုရားသခင်၏စကားမှာ၊ “သူတို့အားတားဆီးခြင်းကိုမပြုပါနှင့်။ ငါကိုယ်တိုင်သူတို့၏ပို့ချသူအဖြစ် ငါ့ကိုယ်ကိုဖော်ပြမည်။” ဘုရားသခင်၏အစီအစဉ်များကိုသယ်ပိုးသောသူ၊ လူတို့အား မိမိတို့၏ကျန်းမာရေးနှင့်အညီ စျေးနှုန်းချိုသာသောအစားအစာများကို မည်ကဲ့သို့ပြင်ဆင်မှုပြုရမည့်အကြောင်း သင်ကြားပို့ချသောသူတို့နှင့်အတူ ဘုရားသခင်သည် အလုပ်လုပ်တော်မူလိမ့်မည်။ ဤသို့ဖြင့် ဆင်းရဲသောသူများတို့သည် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းစည်းမျဉ်းများတို့ကိုလိုက်လျှောက်ရန် ခွန်အားရှိလာကြပြီး သူတို့သည် လုံ့လဝီရိယရှိသောသူများနှင့် မိမိတို့၏ကိုယ်ကိုယုံကြည်စိတ်ချသောသူများဖြစ်လာရန် ကူညီမစပေးပါလိမ့်မည်။ [Ev 527.1]

အရည်အသွေးရှိသောအမျိုးသား၊ အမျိုးသမီးတို့အား ကျန်းမာခြင်းနှင့်ညီ၍ ခံတွင်းတွေ့ပြီးလက်ခံနိုင်သည့်အစားအစာများတို့ကို မည်ကဲ့သို့ပြင်ဆင်မှုပြုရမည့်အကြောင်း ဘုရားသခင်သင်ကြားပေးသည်ကို ကျွန်ုပ်အားပြသပေးခဲ့ပါသည်။ အများသောသူတို့သည် လူပျိုလူရွယ်များဖြစ်ကြပြီး အရွယ်ရောက်လူကြီးများလည်း ပါဝင်ပါသည်။ ဆေးသာသနာ့လုပ်ငန်းဆောင်ရွက်လျက်ရှိသောနေရာတိုင်း၌ ချက်ပြုတ်ရေးကျောင်းများထားရှိခြင်းကိုအားပေးရန် ကျွန်ုပ်ညွှန်ကြားခြင်းခံခဲ့ရပါသည်။ လူတို့အားပြုပြင်ပြောင်းလဲခြင်းအတွက်

ဆွဲဆောင်မှုတိုင်းကို သူတို့ရှေ့၌ထားရှိရပါမည်။ တက်အားသရွေ့ သူတို့အပေါ်၌အလင်းကိုထွန်းလင်းပေးကြပါစို့။ အစားအစာပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး တိုးတက်မှုဟူသရွေ့ကို သူတို့အားသင်ကြားပြီး သူတို့သင်ကြားရယူသောအရာများတို့ကို သူတစ်ပါးထံသို့ဝေငှရန် သူတို့ကိုအားပေးပါ။ Testimonies, vol. 7, p. 113. (1902) [Ev 527.2]

**ချက်ပြုတ်နည်းသင်ကြားရန်တစ်အိမ်မှတစ်အိမ်သို့သွားခြင်း –** တချို့သောသူတို့သည် တစ်အိမ်မှတစ်အိမ်သို့သွား၍ ကျန်းမာခြင်းနှင့်ညီညွတ်သောအစားအစာချက်ပြုတ်နည်းကို သင်ကြားပေးသင့်သည်။ ကျန်းမာခြင်းပြန်လည်ပြုပြင်ခြင်းသြဇာကြောင့် အများသောသူတို့သည် ကာယ၊ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားယုတ်လျော့ကျဆင်းသည့်အခြေအနေမှ ပြန်လည်၍လွတ်မြောက်ခြင်းရရှိလာပါလိမ့်မည်။ ဤစည်းမျဉ်းများတို့သည် မိမိတို့၏ကိုယ်ကိုကောင်းကြောင်းအလင်းတရားရှာဖွေသူတို့အတွက်ဖြစ်စေပြီး ဤအခြေအနေမှတစ်ဆင့် ယခုအချိန်အတွက် ပြည့်ဝသောအမှန်တရားကို ရရှိကြလိမ့်မည်။ Review and Herald, June 6, 1912. [Ev 527.3]

**ပညာပေး၊ ပညာပေး၊ ပညာပေးပါ –** ကျွန်ုပ်တို့သည် ပညာသားပါပါကောင်းမွန်စွာဖြင့်ပညာပေး၊ ပညာပေး၊ ပညာပေးကြရပါမည်။ ကျွန်ုပ်တို့သည် ကျန်းမာရေးမှပေးသောသြဇာကို မသိသေးသောသူတို့ထံသို့ရောက်ရှိရန် အမှန်တရားကိုဟောကြားခြင်း၊ အမှန်တရားအတွက်ဆုတောင်းခြင်း၊ အမှန်တရားအတိုင်းအသက်ရှင်ခြင်း၊ ၎င်း၏ကျေးဇူးတရားနှင့်အတူ အသက်ရှင်ခြင်းများတို့ကိုပြုကြရပါမည်။ ဖျားနာသူများတို့အား အသက်သခင်ထံသို့ပို့ဆောင်ပေးနိုင်သကဲ့သို့ မိမိတို့၏စိတ်နှင့်ခန္ဓာစွမ်းရည်များ ပြန်လည်၍အသစ်တစ်ဖန်ဆန်းသစ်လာပါလိမ့်မည်။ သို့သော် ဤကဲ့သို့ဖြစ်လာရန်အတွက် သူတို့သည် ကိုယ်ကျိုးစွန့်ခြင်းကိုကျင့်သုံးလိုက်လျှောက်ကြရမည်ဖြစ်ပြီး အရာခပ်သိမ်းတို့၌ ချုပ်တည်းခြင်းရှိကြရပါလိမ့်မည်။ သို့မှသာ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်



သေခြင်းမှ လွတ်မြောက်ခြင်းရရှိကာ ကျန်းမာခြင်းပြန်လည်ရရှိလာမည်ဖြစ်သည်။ [Ev 528.1]

လူတို့၏ကိုယ်ခန္ဓာစက်ယန္တရားလှုပ်ရှားမှုသည် ဘုရားသခင်အသက်ပေးခြင်းအစီအစဉ်များတို့နှင့်ကိုက်ညီပြီး ဧဝံဂေလိတရားအားဖြင့် အလင်းသို့ရောက်ရှိလာသကဲ့သို့ ရောဂါဘယများကိုအောင်မြင်ကာ ကျန်းမာခြင်းခွန်အားအလျင်အမြန်တိုးပွားခြင်းရှိလာပါလိမ့်မည်။ လူသားများတို့၏လုပ်ဆောင်ခြင်းသည် မိမိ၏အသက်ကိုပေးခဲ့သော အသက်ပေးပိုင်ရှင်နှင့် တစ်စည်းတစ်လုံးတည်းရှိလာသောအခါ၊ ပျော်ရွှင်သောအတွေးများသည် သူတို့၏စိတ်နှလုံးထဲ၌ ပြည့်ဝလျက်ရှိသည်။ ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်များ သန့်ရှင်းသွားပါသည်။ ကြီးမားသောအရာကို သင်ယူသောလူသားများတို့အပေါ် သူတို့၏အတွေးများသည် မြင့်မြတ်၍ကြွယ်ဝခြင်းရှိလာပါသည်။ မြတ်နိုးစုံမက်ခြင်းများတို့သည် ဖန်ဆင်းရှင်ထံသို့ ဝမ်းမြောက်ခြင်းနှင့်ကျေးဇူးတင်ခြင်းဖြင့် ဆွဲယူပေးလိုက်သည်။ ခရစ်တော်၏ရုပ်လုံးအထဲ၌ အသစ်တစ်ဖန်ပြောင်းလဲလာသောလူသား၏အသက်တာသည် အမှောင်ထဲ၌တောက်ပသောအလင်းတစ်ခုကဲ့သို့ဖြစ်သည်။ Medical Ministry, pp. 262, 263. (1905) [Ev 528.2]

**အလုပ်၏ကျယ်သောအမြင်များ –** အထူးအားနည်းပုံပေါ်သောသူတို့နှင့်ဆက်ဆံရန် သိပ္ပံအတတ်တစ်ခုရှိသည်။ အကယ်၍ကျွန်ုပ်တို့သည် သူတစ်ပါးကိုသင်ကြားလိုပါက ကျွန်ုပ်တို့ကိုယ်တိုင် ဦးစွာခရစ်တော်ကိုသင်ယူကြရမည်။ ကျွန်ုပ်တို့သည် မှန်ကန်သောဆေးသာသနာအလုပ်ကိုလုပ်လိုပါက ကျွန်ုပ်တို့၌အမြင်ကျယ်ရန်လိုအပ်ပါလိမ့်မည်။

ပညာမရှိ၊ လမ်းလွဲပုံပေါ်သောသူတို့နှင့်ဆက်ဆံရာတွင် ကျွန်ုပ်တို့၌ပါးနပ်မှုရှိစေရန် လေ့ကျင့်ယူရပါမည်။ သူတို့ကိုယ်စား ဖွဲလုံ့လနှင့်ကြိုးစားခြင်းဖြင့် ဘုရားသခင်၏အမှုတော်၌အသုံးဝင်ရန် ကျွန်ုပ်တို့သည် သူတို့ကိုကူညီမစရလိမ့်မည်။ သူတို့သည် အဆင်သင့်သည်းခံသော၊ သိမ်မွေ့သော၊ မေတ္တာနှင့်ပြည့်ဝသောစိတ်ဝင်စားမှုဖြင့် တုံ့ပြန်ကြလိမ့်မည်။ [Ev 529.1]

မစုံလင်ခြင်းနှင့်မှားယွင်းခြင်းမှ အသိတရားထက်မြက်၍ဖြူစင်ခြင်းသို့ ပြန်လည်ရရှိရန် ကျွန်ုပ်တို့သည် သခင်ယေရှုနှင့်အတူပေါင်းစည်းလုပ်ဆောင်ကြရမည်။ ဤအလုပ်သည် ဧဝံဂေလိလုပ်ငန်းအရေးကြီးသကဲ့သို့ ထပ်တူထပ်မျှအရေးကြီးလျက်ရှိသည်။ Medical Ministry, pp. 208, 209. (1905) [Ev 529.2]

## ဆေးရွက်ကြီးမသုံးဆောင်ခြင်းနှင့်ချုပ်တည်းခြင်းသတင်းစကား

**လူသည်သူ၏မှန်သောအတွေးအခေါ်ကိုရောင်းချသည်** – မာရ်နတ်သည် ဤကမ္ဘာကြီးကို အရက်၊ ဆေးရွက်ကြီး၊ လက်ဖက်နှင့်ကော်ဖီသုံးစွဲခြင်းအားဖြင့် အကျဉ်းချထားကာ ချုပ်နှောင်ထားလျက်ရှိသည်။ ဘုရားသခင်ပေးထားခဲ့သော သန့်ရှင်းစွာထားရှိရမည့်စိတ်သဘောထားကို မူးယစ်ဆေးဝါးများသုံးစွဲခြင်းအားဖြင့် ပျက်စီးစေခဲ့သည်။ ဦးနှောက်သည် မှန်ကန်စွာဝေခွဲခြင်းမပြုနိုင်တော့ပါ။ ရန်သူမှထိန်းချုပ်ထားလျက်ရှိသည်။ လူသည် မိမိ၏မှန်သောအတွေးအခေါ်ကို သူ့အားရူးသွပ်စေသောသူ၏ထံသို့ ရောင်းချလိုက်ပါသည်။ သူသည် မှန်သောအရာကိုမသိရှိတော့ပါ။ သို့သော် အရက်၏ကျိန်ခြင်းသည် တရားဥပဒေအတိုင်းခွင့်ပြုထားပြီး ပြော၍မရသောပျက်စီးခြင်းသည် သုံးစွဲသူများတို့အား ဆင်းရဲသောပျက်စီးခြင်းသားကောင်ဘဝသို့ ပို့ဆောင်ရုံသာမက၊ မိသားစုတစ်ခုလုံးကိုပါ ပျက်စီးစေပါသည်။ [Ev 529.3]

အရက်သောက်သုံးခြင်း၏ကျိန်ခြင်းသည် ကြောက်မက်ဖွယ်လူသတ်သမားအဖြစ်သို့ နေရာယူလိုက်သည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ချုပ်တည်းခြင်းမရှိခြင်းကို နေရာတိုင်း၌ကျွန်ုပ်တို့တွေ့နေရပါသည်။ မူးယစ်ထုံထိုင်းစေသောဆေးဝါးများအားဖြင့် လူတို့၏အသိတရားမည်ကဲ့သို့ပျက်စီးယိုယွင်းရသည်ကို ပြော၍မကုန်နိုင်ပါ။ ဖော်ပြနိုင်စွမ်းမရှိပါ။ Manuscript 11, 1899. [Ev 529.4]



**အရေးကြီးသောတာဝန်တစ်ခု** – လွန်ခဲ့သောနှစ်ပေါင်းများစွာတို့၌ ချုပ်တည်းခြင်းစည်းမျဉ်းဥပဒေများကို ကျွန်ုပ်တို့၏အရေးအကြီးဆုံးသောတာဝန်တစ်ခုအဖြစ် အသိအမှတ်ပြု၍ဟောပြောဖြန့်ချိခဲ့ပါသည်။ ယနေ့အချိန်၌လည်း ကျွန်ုပ်တို့၏တာဝန်တစ်ခုအဖြစ် ခံယူသင့်ကြပါသည်။ Medical Ministry, p. 266. (1907)

**ချုပ်တည်းခြင်းသတင်းဟောပြောခြင်းအတွက်နည်းစနစ်** – ချုပ်တည်းခြင်းအကြောင်းအရာကို ပြင်းထန်စွာနှင့်ရှင်းလင်းစွာဟောပြောသင့်ကြသည်။ ကျန်းမာခြင်းစည်းမျဉ်းဥပဒေကိုလိုက်လျှောက်ခြင်း၏ကောင်းချီးမင်္ဂလာသည် သူတို့အတွက်ဖြစ်ကြောင်း သူတို့အားတွေ့မြင်စေပါ။ လူယောကျ်ား၊ လူမိန်းမများတို့ကို မည်သည့်ပုဂ္ဂိုလ်များဖြစ်စေရန် ဘုရားသခင်မည်ကဲ့သို့စီစဉ်ချမှတ်ထားသည်ကို လူတို့အားတွေ့မြင်စေပါ။ လူသားမျိုးနွယ်တို့အား မြှောက်တင်၍ မြင့်မြတ်စေရန်အတွက် ကြီးမားသောပူဇော်ခြင်းသို့ညွှန်ပြပါ။ လက်ထဲ၌ သမ္မာကျမ်းစာကိုကိုင်လျက် ဘုရားသခင်တောင်းဆိုသောအရာများကိုဖော်ပြပါ။ ကြားနာသူများတို့အား မိမိတို့၏ကိုယ်၊ စိတ်တန်ခိုးများကိုအသုံးပြုကာ သူ့အားဂုဏ်ပြုရန် သူတို့ထံမှမျှော်လင့်ကြောင်းပြောပြပါ။ ရန်သူသည် သူတို့ကိုကြိုးစား၍ မိမိတို့၏အကျင့်စရိုက်ယိုယွင်းကျဆင်းစေရန် အစာအာဟာရစိတ်အလိုသို့လိုက်ခြင်းဖြင့် သူတို့အားပို့ဆောင်နေကြောင်းကိုပြသပေးပါ။ [Ev 530.1]

ရှင်းလင်းစွာ၊ ပြတ်သားစွာ၊ စိတ်အားထက်သန်စွာဖြင့် ထောင်ပေါင်းများစွာသောအမျိုးသား၊ အမျိုးသမီးများတို့သည် မိမိတို့၏ကိုယ်ကိုဖျက်ဆီး၍ ဤကမ္ဘာကြီးကိုငရဲတွင်းဖြစ်စေရန် ဘုရားသခင်၏ငွေကို မည်ကဲ့သို့အသုံးပြုနေကြောင်းကို သူတို့အားပြောပြပါ။ ၎င်းအတွက် ဒေါ်လာသန်းချီပြီးအသုံးပြုကာ လူတို့ကိုရူးသွပ်စေပါသည်။ ဤကိစ္စ၌ အင်အားမည်မျှရှိသည်ကိုမသိရသော်လည်း တွေ့မြင်နေရကြောင်းကို လူတို့အားရှင်းလင်းစွာပြောပြပါ။ ထိုနောက် သင်၏တရားနာပရိသတ်များတို့အား ဤအပြစ်နှင့်ပြည့်ဝသည့်

အကျင့်ဓလေ့များမှ လူသားများအားလုံးလွတ်မြောက်ရန် ဤလောကသို့ကြွဆင်းလာသည့် ကယ်တင်ရှင်အကြောင်းကိုပြောပြပါ။ "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။" [Ev 530.2]

သင်ကြိုးစား၍ဆောင်ရွက်နေသောအလုပ်၌ သင့်အားကူညီရန် စည်းဝေးသို့တက်ရောက်သူတို့အားတောင်းဆိုပါ။ ဆိုးသောအကျင့်ဓလေ့များအားဖြင့် ကိုယ်ခန္ဓာနှင့်စိတ်ရောဂါများ မည်မျှအကျိုးခံစားနေရပြီး ကလောင်မှဖော်ပြ၍မရသည့်ပျက်စီးခြင်းသို့ ရောက်ရှိနေကြောင်းကိုသူတို့အားပြသပါ။ မူးယစ်စေတတ်သောအရက်သေစာသောက်သုံးခြင်းသည် ထောင်ပေါင်းများစွာသောသူတို့၏မှန်ကန်သည့်အတွေးအခေါ်များတို့ကို လုယူဖျက်ဆီးနေပါသည်။ သို့သော် အရက်သေစာရောင်းချခြင်းသည် တရားဝင်ကိစ္စတစ်ခုဖြစ်နေပါသည်။ သူတို့အားဆွတ်ခူးရန် ကောင်းကင်နိုင်ငံရှိပြီး၊ ရှောင်ရှားရန်ငရဲရှိကြောင်းကိုပြောပြပါ။ ကတိခံဝန်ချက်လက်မှတ်ရေးထိုးရန် သူတို့အားတောင်းဆိုပါ။ ဘုရားသခင်စေခိုင်းချက်သည် သင်၏တန်ခိုးအာဏာဖြစ်သည်။ သဘောတူညီမှုကတိခံဝန်ချက်စာရွက်ကိုပြင်ဆင်ပြီး စည်းဝေးအပြီး၌သူတို့အားဝေပေးပါ။

ဤအလုပ်ကိုလူတစ်ဦးတည်းဖြင့်ဆောင်ရွက်ရန်မသင့်လျော်ပါ။ ဤတရားပွဲမျိုး၌ လူများစွာတို့အား ပါဝင်လုပ်ဆောင်စေပါ။ ကောင်းကင်မှသတင်းတစ်ခုနှင့်အတူ ဝိညာဉ်တော်တန်ခိုးခံစားရခြင်းဖြင့် သူတို့ကိုရှေ့သို့တက်လာစေပါ။ သူတို့အားမိမိတို့ခွန်အားရှိသမျှနှင့် လုံလောက်သောဝိညာဉ်တော်ဖြင့် အာဝဇ္ဇန်းရှင်သောစကားများတို့ကိုအသုံးပြုကာ ဆွဲဆောင်မှုကိုပြုစေပါ။ မြို့ကြီးများတို့ကိုသတိပေးရန် မိမိတို့၏တရားနာပရိသတ်များတို့အား ကူညီပေးရန်တောင်းဆိုစေပါ။ အမျိုးသား၊ အမျိုးသမီးများတို့အား ကိုယ်၊ စိတ်၊ နှလုံးသုံးပါးတို့၏ကျန်းမာခြင်းကိုပျက်စီးစေသည့် စိတ်အလိုသို့လိုက်ခြင်းအတွက် ငွေဖြုန်းတီးခြင်း၏ဆိုးကျိုးများကိုပြသစေပါ။ [Ev 531.1]



ပြင်ပခင်းကျင်းပြသခြင်းနှင့် လောကီ၏ကူညီမှုပေးခြင်းအားဖြင့် ခရစ်တော်၏နိုင်ငံတော်ကို တည်ထောင်ခြင်းမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်အလုပ်အားဖြင့် လူသားထဲ၌ ခရစ်တော်၏ပင်ကိုယ်သဘောအယူအဆကိန်းအောင်းခြင်းကြောင့်ဖြစ်သည်။ "ထိုသူကိုလက်ခံသမျှသောသူတည်းဟူသောကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။ ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ ဖွားသောသားမဟုတ်။ မေထုန်သံဝါသအားဖြင့် ဖွားသောသားမဟုတ်။ လူအလိုအလျောက်ဖွားသောသားမဟုတ်။ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း။" ဤနေရာ၌ တန်ခိုးတစ်ခုတည်းသာလျှင် လူသားများတို့အား အထက်သို့ရောက်ရှိရန်အတွက် ပို့ဆောင်နိုင်သောအလုပ်ဖြစ်သည်။ ထိုနောက် ဤအလုပ်ပြီးမြောက်အောင်မြင်ရန်အတွက် လူသားများတို့၏ကိုယ်စားလှယ်မှ ဘုရားသခင်နှုတ်ကပတ်တော်၏သွန်သင်ခြင်းနှင့်ဟောပြောခြင်းအားဖြင့်သာလျှင်ဖြစ်သည်။ Manuscript 42, 1905. [Ev 531.2]

**ဆေးရွက်ကြီးသုံးစွဲသူများအားကူညီမှုပြုသည့်ဇဟုသုတ** – ဩစတြေးလျ၌ အကျင့်တစ်ခုအပြင် မည်သည့်မကောင်းသောအကျင့်မျှစွဲနေခြင်းမရှိသောသူတစ်ယောက်နှင့် ကျွန်ုပ်တွေ့ဆုံခဲ့သည်။ သူသည် ဆေးရွက်ကြီးသုံးစွဲသူဖြစ်သည်။ ကျွန်ုပ်တို့တရားပွဲသို့သူလာခဲ့သည်။ ညဉ့်တစ်ညဉ့်၌ သူအိမ်သို့ပြန်သွားသောအခါ နောက်ပိုင်း၌သူပြောပြခဲ့သည့်အရ၊ သူဆေးရွက်ကြီးသုံးသည့်အကျင့်ဓလေ့ကိုစွန့်လွှတ်ရန်ကြိုးစားပြီး အောင်မြင်ခဲ့ကြောင်းဖြစ်ပါသည်။ အကယ်၍ ဤဆေးရွက်ကြီးသုံးစွဲခြင်းကို သူစွန့်လွှတ်နိုင်ပါက သူ့အား သူ၏ဆွေးမျိုးတချို့မှ ပေါင် (၅၀) ပေးမည်ဟု ကတိပြုခဲ့ဖူးပါသည်။ သို့သော်သူစွန့်လွှတ်၍မရခဲ့ပါ။ ယခုသူပြောပြသည်မှာ၊ "ခင်ဗျားတို့နေထိုင်သည့်အတိုင်း ချုပ်တည်းခြင်းစည်းမျဉ်းများကိုဟောပြောသည့်အခါ၊ ကျွန်ုပ်လွန်ဆန်၍မရတော့ပါ။ ကျွန်ုပ်တို့ရှေ့၌ မိမိကိုယ်ကိုငြင်းပယ်ပြီး၊ ကျွန်ုပ်တို့အတွက်အသက်ပေးခဲ့တဲ့ပုဂ္ဂိုလ်အကြောင်းကို ခင်ဗျားတို့ပြောပြခဲ့ပါသည်။ ယခုကျွန်ုပ်သူ့ကိုမသိသေးပါ။

သို့သော် ကျွန်တော်သူ့အကြောင်းသိလိုပါသည်။ ကျွန်တော့်အိမ်မှာတစ်ခါမျှ ကျွန်တော်ဆုမတောင်းခဲ့ပါ။ ကျွန်တော်၏ဆေးရွက်ကြီးကို ကျွန်တော်စွန့်လွှတ်လိုက်ပြီး၊ ဒီအထိပဲကျွန်တော်ပြုလုပ်နိုင်းသေးသည်။”

သူနှင့်အတူကျွန်ုပ်တို့ဆုတောင်းပြီး သူနှင့်ခွဲခွာခဲ့ပြီးနောက် သူ့ထံသို့ ကျွန်ုပ်တို့စာရေးခဲ့ကာ နောက်ပိုင်း၌ သူ့ထံသို့အလည်အပတ်တစ်ဖန်ပြုခဲ့ပါသည်။ နောက်ပိုင်း၌သူသည် မိမိကိုယ်ကိုဘုရားထံသို့အပ်နှံလိုက်ပြီး သူနေထိုင်သောနေရာ၌ရှိသောအသင်းတော်အတွက် တက်တက်ကြွကြွအားပေးသူတစ်ယောက်ဖြစ်လာပါသည်။ သူသည် မိမိခွန်အားရှိသမျှဖြင့် မိမိ၏ဆွေမျိုးများတို့ကို အမှန်တရား၏အသိပညာသို့ ပို့ဆောင်လျက်ရှိပါသည်။ General Conference Bulletin, April 23, 1901. [Ev 532.1]

**ယုံကြည်ခြင်းအားဖြင့်အောင်မြင်ခြင်း** – ဤအလုပ်အားဖြင့် လူတန်းစားအားလုံးတို့ထံသို့ အမှန်တရားရောက်ရှိရပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူအလုပ်လုပ်သောအခါ၊ ခရစ်တော်ကြွလာခြင်းအတွက် အဆင်သင့်မရှိသောသူများ ယုံကြည်လာကြပါသည်။ နှစ်ပေါင်းများစွာ မည်သည့်အသင်းတော်၏အစည်းအဝေးများကိုမျှ မတက်ရောက်ခဲ့ကြသောသူတို့သည် ယခုများစွာတက်ရောက်ကြပြီး ယုံကြည်လာကြပါသည်။ အမှန်တရားရိုးရိုးလေးသည် သူတို့၏စိတ်နှလုံးများတို့ကို ထိတွေ့စေပါသည်။ ဆေးရွက်ကြီးသုံးစွဲသူများ မိမိတို့စွဲလမ်းခဲ့သည့်အရာကိုဆက်ကပ်ခဲ့ပြီး အရက်သမားများလည်း မိမိ၏အရက်ကိုစွန့်လွှတ်လိုက်ပါသည်။ အကယ်၍သူတို့သည် ယုံကြည်ခြင်းအားဖြင့် မိမိတို့၏အပြစ်များဖြေလွှတ်ရန်အတွက် ဘုရားသခင်၏ကတိတော်များကို မဆုပ်ကိုင်မိကြပါက သူတို့သည် ဤကဲ့သို့ပြုလုပ်နိုင်ကြမည်မဟုတ်ပါ။ နှုတ်ကပတ်တော်၌ရှိသောအမှန်တရားသည် အဆင့်အမြင့်အနိမ့်ရှိသူများ၊ ချမ်းသာသူနှင့်ဆင်းရဲသူများထံသို့ရောက်ရှိလာပြီး သတင်းစကားရရှိသူများတို့သည် ကျွန်ုပ်တို့နှင့်အတူ၊ ဘုရားသခင်နှင့်အတူ အမှုဆောင်များဖြစ်လာကြပြီး ညီညွတ်စွာအမှုထမ်းနိုင်ရန်အတွက် ခိုင်မာသော



အင်အားတစ်ခုဖြစ်ပေါ်လာပါသည်။ ဤလုပ်ငန်းသည် ကျွန်ုပ်တို့၏လုပ်ငန်းဖြစ်ပါသည်။ Manuscript 3, 1899. [Ev 532.2]

## မြို့များအတွင်းဆေးဝါးဖြင့်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း

**မြို့ကြီးမှမြို့ကြီးများသို့နှင့်မြို့ကလေးမှမြို့ကလေးသို့** – ချမ်းသာသူ၊ ဆင်းရဲသူ၊ လွတ်လပ်သူ၊ ချုပ်နှောင်ခြင်းခံရသူ၊ လူအားလုံးတို့ထံသို့ ပဋိညာဉ်၏သတင်းပို့သူခရစ်တော်သည် ကယ်တင်ခြင်း၏သတင်းစကားကို ယူဆောင်ပေးခဲ့ပါသည်။ သူ့ထံသို့လူတို့မည်ကဲ့သို့စုရုံးလာကြပါသနည်း။ ရောဂါပျောက်ကင်းရန်အတွက် ရပ်ဝေးရပ်နီးမှလူတို့ရောက်လာကြပြီး အားလုံးကိုခရစ်တော်ကုသပျောက်ကင်းစေခဲ့ပါသည်။ ကြီးမားသောကုသသူအဖြစ်၊ ပါလက်စတိုင်း၊ ယေရုရှလင်မှဆီးရီးယားသို့တိုင် သူ၏နာမည်ကျော်ကြားလာခဲ့ပါသည်။ ဖျားနာသောသူများတို့သည် သူဖြတ်ကျော်လာမည်ဟုထင်ကြသောနေရာများတို့၌ သူတို့ရောက်ရှိလာကြပြီး သူ့အားအကူအညီအတွက်ခေါ်ကြသောအခါ သူသည် သူတို့၏ရောဂါများမှ သူတို့အားပျောက်ကင်းစေခဲ့ပါသည်။ ဤနေရာသို့ ချမ်းသာသူများတို့လည်းလာကြပြီး သူ၏စကားများကို လိုလိုလားလားနားထောင်လိုကြပြီး သူ့လက်ဖြင့်တို့ထိခြင်းကိုလည်း ခံယူလိုကြပါသည်။ ထိုကြောင့်သူသည် မြို့ကြီးမှမြို့ကြီးသို့၊ မြို့ကလေးမှမြို့ကလေးသို့သွား၍ ဧဝံဂေလိသတင်းစကားကိုဟောပြောပြီး လူနာများကိုကုသပေးခဲ့ပါသည်။ လူသား၏နှိမ့်ချသောဝတ်စားဆင်ယင်ခြင်းအထဲမှာ ဘုန်းတော်၏ဘုရင်။ Review and Herald, July 23, 1914. [Ev 532.3]

**ယနေ့ဘုရားသခင်၏ခေါ်တော်မူခြင်း** – ဘုရားသခင်သည် ဓမ္မဆရာများတို့ကိုသာခေါ်ခြင်းမဟုတ်ပါ။ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဓမ္မစာပေဖြန့်ချိရေးသမားများ၊ ကျမ်းစာအမှုထမ်းများနှင့်အခြားနှုတ်ကပတ်တော်အသိတရားရှိသူများနှင့် သူ့ကျေးဇူးတော်၏တန်ခိုးကိုသိသော ခြားနားသည့်စွမ်းရည်

အမျိုးမျိုးရှိ သာမန်အသင်းသားများတို့ကိုလည်းခေါ်ပြီး သတိမပေးရသေးသော မြို့ကြီးများတို့၏လိုအပ်ချက်များတို့ကို ဆင်ခြင်ရန်ဖြစ်ပါသည်။ အချိန်သည် လျင်မြန်စွာကျော်လွန်နေပြီး ဆောင်ရွက်စရာများစွာကျန်ရှိနေသေးသည်။ ကိုယ်စားလှယ်တိုင်းလုပ်ဆောင်ကြရမည်ဖြစ်ပြီး လက်ရှိအခွင့်အရေးများတို့ကို ပါးနပ်စွာတိုးတက်အောင် အသုံးပြုနိုင်ရန်ဖြစ်သည်။ Acts of the Apostles, pp. 158, 159. (1913) [Ev 533.1]

**မြို့ကြီးအိမ်များသို့ဝင်ပေါက်တံခါးမတစ်ခု –** ဆေးသာသနာ့လုပ်ငန်းသည် မြို့ကြီးများအထဲရှိအိမ်များသို့ အမှန်တရားဝင်ရောက်နိုင်ရန်အတွက် တံခါးမကြီးတစ်ခုဖြစ်သည်။ မြို့ကြီးတိုင်း၌ တတိယကောင်းကင်တမန်သတင်းစကား၏အမှန်တရားများကို နှစ်သက်သူများရှိကြသည်။ Counsels on Health, p. 556. (1906) [Ev 533.2]

**မြို့ကြီးတရားပွဲတိုင်း၌ –** ကျန်းမာခြင်းပြုပြင်ပြောင်းလဲရေးစည်းမျဉ်းများကို မြို့ကြီးများ၏အလုပ်၌ လုပ်ငန်းတစ်ခုအဖြစ်ဟောပြောကြေညာကြရမည်။ တတိယကောင်းကင်တမန်သတင်းစကား၏အသံကို တန်ခိုးဖြင့်ကြားနာကြရပါမည်။ လူတို့ထံသို့အမှန်တရားအလင်းရောက်ရှိရန် တရားပွဲတိုင်းသို့ ကျန်းမာခြင်းပြုပြင်ပြောင်းလဲရေးသင်ကြားခြင်းအမှုကို ပြုလုပ်စေကြပါ။ အမှန်တရားကို လိမ္မာပါးနပ်ရှင်းလင်းပြတ်သားစွာ၊ လွယ်ကူသောနည်းဖြင့် သင်ကြားပို့ချနိုင်သောစွမ်းရည်ရှိသူအမှုဆောင်များတို့ကို ရွေးချယ်အသုံးပြုစေပါ။ Medical Ministry, p. 304. (1910) [Ev 533.3]

**အလုပ်ထဲ၌ဝေးစွာနောက်ကျကျန်ခဲ့ခြင်း –** ကျွန်ုပ်တို့သည် မိမိတို့မှလျစ်လျူရှုထားသောမြို့ကြီးများ၌ ဆောင်ရွက်သင့်သည့်အလုပ်ကိုဆောင်ရွက်ရန် ဝေးစွာနောက်ကျကျန်နေခဲ့ကြပါသည်။ လွန်ခဲ့သောနှစ်များတို့ထက် ယခုဆောင်ရွက်ရန်ပို၍ခက်ခဲလာပါသည်။ သို့သော် အကယ်၍ ဘုရားသခင်၏နာမတော်၌ ဤအလုပ်ကိုဆောင်ရွက်ကြပါက အတားအဆီးများတို့ကိုဖြိုခွင်းနိုင်မည်ဖြစ်ပြီး ခိုင်မာသောအောင်မြင်မှုများသည် ကျွန်ုပ်တို့အတွက်ဖြစ်ပါလိမ့်မည်။ [Ev 533.4]



ဤအလုပ်အတွက်ဆရာဝန်များနှင့်ဧဝံဂေလိဓမ္မဆရာများ လိုအပ်လျက်ရှိသည်။ ဘုရားရှင်ထံတော်သို့ ကြိုးစားတောင်းလျှောက်ကြရမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ရှေ့သို့တိုး၍ မိမိတို့ခွန်အားရှိသမျှဖြင့် မြို့ကြီးများအတွင်းအခွင့်အရေးရရှိရန် အကောင်းဆုံးဆောင်ရွက်ကြရမည်။ လွန်ခဲ့သောအချိန်များ၌ ဘုရားသခင်၏စီမံကိန်းများအတိုင်းလုပ်ဆောင်ခဲ့ကြပါက ယခုအလင်းမရှိသောနေရာ၌ အလင်းပေါင်းများစွာတို့သည် တောက်ပစွာထွန်းလင်းနေပါလိမ့်မည်။ Medical Ministry, pp. 301, 302. (1909) [Ev 534.1]

**အစုအဝေးကြီးများသို့ကျန်းမာခြင်းနှင့်ချုပ်တည်းခြင်းသတင်းစကား –** လူတို့သတိပြုနိုင်ရန်အတွက် ကျန်းမာခြင်းပြုပြင်ရေးစည်းမျဉ်းဥပဒေများကိုဟောပြောရမည့် ကြီးမားသောအလုပ်တာဝန်ရှိနေပါသည်။ ဤအကြောင်းအရာကိုဟောပြောနိုင်ရန် လူထုတရားပွဲများတို့ကိုကျင်းပသင့်ပြီး ကျောင်းများ၌လည်း စိတ်ပါဝင်စားသူများအတွက် ပို၍တိကျသည့်လက်ဖက်၊ ကော်ဖီများကိုမသုံး၊ အသားငါးမပါသောကျန်းမာခြင်းနှင့် ညီညွတ်သည့်ခွန်အားပေးနိုင်ပြီး အရသာနှင့်ပြည့်ဝသောအစားအစာများတို့ကို မည်ကဲ့သို့ချက်ပြုတ်ပြင်ဆင်ရမည့်အကြောင်းကို သင်ကြားပေးသင့်ပါသည်။ [Ev 534.2]

သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်း၏အရှိန်အဟုန်အားလုံးဖြင့် ချုပ်တည်းခြင်းမေးခွန်းကို အိမ်၌ဖြေရှင်းပါ။ မူးယစ်စေတတ်သောအရက်သေစာအားလုံးတို့မှ လုံးလုံးလျားလျားကင်းဝေးစေရန်လိုအပ်ကြောင်းကိုပြသပါ။ ဆေးရွက်ကြီးနှင့်အရက်သေစာသုံးစွဲခြင်းသည် လူ၏ခန္ဓာကိုယ်အတွက် ကြောက်မက်ဖွယ်သောဒုက္ခအန္တရာယ်ရှိကြောင်းကိုပြသပါ။ ပြောဆိုသောစကားများတို့အားဖြင့် သင်၏ပရိသတ်များအတွက် အလင်းတရားရရှိစေပြီး အသိဉာဏ်တိုးပွားစေပါ။ ဖြောင့်မတ်ခြင်းမရှိသောသူများအပေါ်ဘုရားသခင်၏ကရုဏာရှိနေပါသည်။ ဤတာဝန်၌ ကျန်းမာရေးပြုပြင်ခြင်းသည် မည်သည့်စစ်မှန်သောအရာဖြစ်ကြောင်းဟောပြောရန် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ Letter 343, 1904. [Ev 534.3]

**အရေးကြီးသောမြို့ကြီးများအနီးရှိဆေးရုံများ –** အရေးကြီးသောမြို့ကြီးများအနီးအနား၌ ဆေးရုံများထားရှိသင့်ကြောင်း ဘုရားသခင်ကျွန်ုပ်ကိုဖော်ပြခဲ့ပါသည်။ သင့်လျော်သောနေရာများကို ရွေးချယ်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့နှင့်ပတ်သက်၍သော်လည်းကောင်း၊ သမ္မာကျမ်းစာ၏အမှန်တရားနှင့်ပတ်သက်၍သော်လည်းကောင်း လုံးဝမသိသေးသောဖျားနာသူများနှင့် ဝေဒနာခံစားရသူများတို့ကို မြို့ကြီးများနှင့်ကွာဝေးသောနေရာသို့ ယူဆောင်လာနိုင်ရန်ဖြစ်သည်။ ဖျားနာသောသူများတို့အား အန္တရာယ်ဖြစ်စေသောဆေးဝါးများတို့ကို အသုံးမပြုဘဲ ကျိုးကြောင်းညီညွတ်သော သဘာဝနည်းစနစ်ကုထုံးဖြင့် ရောဂါဘယများတို့ကိုပျောက်ကင်းစေနိုင်ကြောင်း တတ်နိုင်သည့်ကြိုးစားမှုဟူသရွေ့ဖြင့် ဆောင်ရွက်ခြင်းဖြင့်ပြသရန်ဖြစ်သည်။ ဖျားနာသောသူများတို့ကို အန္တရာယ်ဖြစ်စေသောပတ်ဝန်းကျင်နှင့်အသိုက်အဝန်းများမှ ခွဲခြားထားရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ဆေးရုံသို့ သူတို့ကိုယူဆောင်လာကာ ကျွန်ုပ်တို့၏ခရစ်ယာန်သူနာပြုဆရာမများနှင့်ဆရာဝန်များတို့၏ကုသမှုကို ခံယူနိုင်ကြရန်နှင့် သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အကျွမ်းတဝင်ဖြစ်လာနိုင်ရန်ဖြစ်သည်။ Letter 63, 1905. [Ev 534.4]

**သတင်းစကားအတွက်အခြေခံများကိုစိုက်ထူခြင်း –** နေရာများစွာတို့၌ အသစ်တစ်ဖန်ကြိုးစားအားထုတ်ခြင်းနှင့် ဌာနငယ်များတည်ထောင်ခြင်းပြုရန် ဘုရားသခင်၏အလိုဆန္ဒဖြစ်ပါသည်။ အမှန်တရားရှေ့သို့တိုးတက်စေရန်အတွက်နှင့် ဝိညာဉ်များတို့၏ယုံကြည်ခြင်းတိုးပွားစေရန်အတွက် လမ်းဖွင့်ပေးစေနိုင်သောအလုပ်တစ်ခုကို ကျွန်ုပ်တို့ဆောင်ရွက်ကြရပါမည်။ [Ev 535.1]

အမှုတော်လုပ်ငန်းလုပ်ဆောင်ရန် နေရာများစွာရှိပြီး ကြီးမားသောစိတ်ဝင်စားဖွယ်ဌာနများကို အလားအလာရှိသောနေရာအနည်းငယ်တို့၌ အခြေချရန် အကုန်အကျအတွက်စိုးရိမ်ပူပန်ခြင်းမရှိသင့်ပါ။ ကြီးမားသောဗဟိုဌာနကြီးများစွာကို အခြေချခြင်းမပြုရန် ဘုရားသခင်သည် ကျွန်ုပ်ကိုညွှန်ကြားထားခဲ့ပါသည်။ အကြောင်းမှာ လုပ်ငန်းခွင်တိုင်း၌ အလုပ်ကိုအောင်မြင်



စွာလုပ်ဆောင်နိုင်ရန် အထောက်အကူများရှိသင့်သောကြောင့်ဖြစ်သည်။ ဤအကြောင်းရင်းကြောင့် ကြီးမားသောလုပ်ငန်းဌာနအနည်းငယ်အတွက် ဝင်ငွေအားလုံးကို အကုန်အကျခံပြီးအသုံးပြုသွားရန်ခွင့်မပြုသင့်ပါ။ မြို့ကြီးမြို့ငယ်များအထဲနှင့် မြို့ကြီးများတို့၏အပြင်ဘက်ရှိ အခြေချထားသောနေရာများအထဲတွင် ဝိညာဉ်များအတွက်လုပ်ဆောင်နိုင်သည့် သစ္စာရှိသောကင်းစောင့်အမှုဆောင်များနေထိုင်နိုင်ရန် ငယ်သောဌာနများကိုသာလျှင် ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်။ သာသနာပြုအမှုဆောင်သွားလေရာအရပ်၌ အောင်မြင်သောသူ၏ကြိုးစားမှုအတွက် သေးငယ်သောဌာနငယ်ကို ရှေ့ဆက်အမှုတော်တိုးတက်ရန်နှင့် လျင်မြန်စေရန်အတွက်ထူထောင်သင့်ပါသည်။ ဘုရားသခင်၏အမှုဆောင်များ မိမိတို့၏တာဝန်ကိုသစ္စာရှိစွာထမ်းဆောင်ကြသောအခါ၊ ဘုရားသခင်၏ပြင်ဆင်ပေးမှုကြောင့် နေရာများစွာတို့၌ အထောက်အကူများအတွက် လမ်းဖွင့်ပေးပါလိမ့်မည်။ [Ev 535.2]

လမ်းမလမ်းကြားနေရာတိုင်း၌ ကြိုးစားအားထုတ်မှုကိုပြုကြရပါမည်။ အကောင်းဆုံးစီမံကိန်းများနှင့်အညီ ကျွန်ုပ်တို့သည် လုပ်ငန်းကိုဖွံ့ဖြိုးမှုရှိစေရန် မဆောင်ရွက်ကြသေးပါ။ နေရာသစ်များ၌ ကျွန်ုပ်တို့လုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့လုပ်ငန်းကို အဆင့်ဆင့်ခွဲဝေ၍ စီမံလုပ်ဆောင်သင့်ကြပါသည်။ Letter 30, 1911. [Ev 535.3]

**တိုင်းပြည်များအတွင်းရှိမြို့ကြီးများ –** ဆေးသာသနာ့လုပ်ငန်းသည် ဧဝံဂေလိလုပ်ငန်း၏ညာလက်ရုံးဖြစ်သည်။ ဘုရားသခင်၏လုပ်ငန်းတိုးတက်ရန်အတွက် လိုအပ်သောအရာဖြစ်သည်။ ၎င်းအားဖြင့် အမျိုးသားနှင့်အမျိုးသမီးများတို့သည် မှန်သောအကျင့်ဓလေ့၌ အသက်ရှင်ခြင်း၏အရေးကြီးခြင်းကို လူတို့တွေ့မြင်ရန် သူတို့မှပို့ဆောင်ရမည့်တာဝန်ရှိပြီး၊ ထိုမှတစ်ဆင့် အမှန်တရား၏ကယ်တင်ခြင်းတန်ခိုးကို သိရှိသွားကြရန်ဖြစ်ပါသည်။ မြို့တိုင်းသို့ဆေးသာသနာပြုလုပ်ငန်းကိုလုပ်ရန် သင်တန်းရရှိထားသောအမှုဆောင်များအားဖြင့် ဝင်ရောက်လုပ်ဆောင်ကြရပါမည်။ တတိယကောင်းကင်တမန်သတင်းစကား

၏ညာလက်ရုံးအဖြစ် လူနာကိုဘုရားသခင်၏နည်းစနစ်ဖြင့်ကုသခြင်းသည် လက်ရှိအမှန်တရားဝင်ရောက်နိုင်ရန်အတွက် တံခါးများကိုဖွင့်ပေးပါလိမ့်မည်။ ကျန်းမာရေးလက်ကမ်းစာစောင်များတို့ကို တိုင်းပြည်တိုင်း၌ပုံနှိပ်ထုတ်ဝေရပါမည်။ ဥရောပတိုက်နှင့်အခြားတိုင်းပြည်များတို့၌ရှိကြသော ကျွန်ုပ်တို့၏ဆရာဝန်များတို့သည် ကျန်းမာခြင်းဆိုင်ရာအလုပ်များ၌ အရေးအကြီးဆုံးလိုအပ်သည့် သင်တန်းများကို လူတို့နှင့်တွေ့ဆုံကာ သင်ကြားပို့ချပေးနိုင်ရန် နယ်လုပ်ငန်းခွင်၌ရှိကြသောအမှုထမ်းများတို့၌ လိုအပ်သည့်အရာများတို့ကိုသိရှိပြီး စီမံပေးနိုင်ရန်နိုးထသင့်ကြသည်။ Testimonies, vol. 7, p. 59. (1902) [Ev 536.1]

## ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်းသင်တန်းပေးခြင်း

**ဧဝံဂေလိသတင်းစကားတိုးတက်ရန်တည်ထောင်ခြင်း –** ဧဝံဂေလိသတင်းစကားဟောပြောခြင်း၏အဓိပ္ပါယ်သည် လူအများနားလည်သည်ထက်ပိုသည်။ ကျယ်ပြန့်ပြီး နေရာအနှံ့သို့ရောက်ရှိရမည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ဆေးရုံများသည် ဧဝံဂေလိသတင်းစကားတိုးတက်ရန်အတွက် အထိရောက်ဆုံးသောဆက်သွယ်မှုပေးသည့်အရာဖြစ်ကြောင်း ကျွန်ုပ်အားဖော်ပြပါသည်။ Manuscript 5, 1908. [Ev 536.2]

**နှလုံးသားသို့ကျန်းမာခြင်းယူဆောင်ရန် –** တချို့သောသူတို့သည် ဧဝံဂေလိသတင်းစကား၏အဆင့်တစ်ခုအားဖြင့် ဆွဲဆောင်ခြင်းခံရပြီး အခြားသူတို့သည် အခြားတစ်ခုအားဖြင့် ဆွဲဆောင်ခြင်းခံရပါသည်။ ဤနည်းအားဖြင့် လူ့အဆင့်အတန်းအားလုံးထံသို့ သတင်းစကားရောက်ရှိရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုညွှန်ကြားထားပါသည်။ သတင်းစကားသည် ကမ္ဘာတစ်ခုလုံးသို့ရောက်ရှိရလိမ့်မည်။ ကျွန်ုပ်တို့၏ဆေးရုံသည် ဘုရားသခင်၏လူအရေအတွက်များလာရန် ကူညီမစပေးပါသည်။ ကျွန်ုပ်တို့သည် ကြီးမားသောအဖွဲ့အစည်းအနည်းငယ်ကို ထူထောင်ရမည်မဟုတ်ပါ။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့်



လူနာများအတွက် ဝိညာဉ်ကျန်းမာရေးသတင်းစကားကိုပေးနိုင်စွမ်းရှိမည်မဟုတ်ပါ။ သေးငယ်သောဆေးရုံများတို့ကို နေရာအနှံ့အပြားတို့၌ တည်ထောင်ရပါမည်။ Medical Ministry, p. 327. (1905) [Ev 536.3]

**ဆွဲဆောင်မှုရှိသောဧဝံဂေလိသတင်းပြုလုပ်ရန် –** ကျွန်ုပ်တို့၏ဆေးရုံများတို့နှင့် ဆက်သွယ်လျက်ရှိသောသူများတို့သည် ပညာရှိသောသူများဖြစ်ကြရမည်။ ချိုသာသောစကားများနှင့် ကြင်နာသောအပြုအမူများအားဖြင့် သူတို့သည် ဧဝံဂေလိသတင်းစကားကိုဆွဲဆောင်မှုရှိစေရန် ပြုလုပ်ပေးရမည်။ ခရစ်တော်နောက်လိုက်သူများကဲ့သို့ သူတို့သည် မိမိတို့၏ယုံကြည်သောဘာသာ၏အကောင်းဆုံးသောထင်မြင်ချက်ကို သူတစ်ပါး၌ရှိစေပြီး မြင့်မြတ်သောအတွေးများကို သူတစ်ပါးအတွက်လှုံ့ဆော်ပေးသင့်သည်။ တချို့သောသူတို့သည် မိမိတို့၏ဩဇာအားဖြင့် အခိုက်အတန့်နှင့်ထာဝရကာလအတွက် အကျိုးခံစားကြရပါလိမ့်မည်။ [Ev 537.1]

အခြားသူများတို့အားကူညီမစခြင်း၏အလုပ်၌ ကျွန်ုပ်တို့သည် တန်ဖိုးအရှိဆုံးသောအောင်မြင်ခြင်းများကို ရရှိပေလိမ့်မည်။ ကျွန်ုပ်တို့ကိုယ်ကို မမောမပန်းနိုင်သော စိတ်အားထက်သန်ခြင်း၊ အမှန်သစ္စာရှိခြင်း၊ မိမိကိုယ်ကို ငြင်းပယ်ခြင်းနှင့်သည်းခံခြင်းများအထဲ၌ မြှုပ်နှံထားသင့်ပြီး ဖွံ့ဖြိုးရန်လိုအပ်သူများတို့အား ကူညီမစခြင်းပြုလုပ်ကြရမည်။ ကြင်နာသောအားပေးစကားများတို့သည် အံ့ဩဖွယ်ရာများကိုပြုလုပ်ပေးလိမ့်မည်။ အကယ်၍ အပြစ်ရှာခြင်းမရှိဘဲ အမြဲရွှင်မြူးသောကြိုးစားခြင်းကို သူတို့၏ကိုယ်စားဆောင်ရွက်ပါက အများသောသူတို့သည် မိမိတို့၏ကိုယ်ကို အလွယ်တကူတိုးတက်ခြင်းရှိကြောင်း ပြသကြပါလိမ့်မည်။ သူတစ်ပါးအားဝေဖန်မှုနည်းပါက သူတို့၏ကောင်းဖို့အတွက် ကျွန်ုပ်တို့၏ဩဇာသည် ပို၍ကြီးမားလာပါလိမ့်မည်။ အများသောသူတို့အတွက် မကြာခဏအကောင်းဘက်ဆုံးမပြောဆိုခြင်းသည် ကောင်းဖို့ထက်ဆိုးကျိုးကိုပို၍ဖြစ်စေပါသည်။ ခရစ်တော်နှင့်တူသောကြင်နာခြင်းသည် ကျွန်ုပ်

တို့အားလုံးအပေါ် သက်ရောက်နိုင်ကြပါစေ။ Medical Ministry, pp. 208, 209. (1905) [Ev 537.2]

**ကြီးမားသောရည်မှန်းချက် –** ဝိညာဉ်များပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏ဆေးကုသမှုအဖွဲ့အစည်းများ၏ကြီးမားသောရည်မှန်းချက်တစ်ခုဖြစ်ပါသည်။ ဤကိစ္စအတွက် ဤအဖွဲ့အစည်းများကိုတည်ထောင်ရခြင်းဖြစ်ပါသည်။ ဖျားနာသောသူများနှင့်ဒုက္ခရောက်သောသူများ ကျွန်ုပ်တို့ဆေးရုံသို့ရောက်ရှိလာကြသောအခါ ဧဝံဂေလိအမှုဆောင်များရောက်ရှိနိုင်သောနေရာသို့ သူတို့အားပို့ဆောင်လိုက်ခြင်းဖြစ်ပါသည်။ အမှန်တရား၏မျိုးစေ့များကိုကြဲရန် ပေးဆောင်နိုင်သည့်မည်မျှတန်ဖိုးရှိသောအခွင့်အရေးများဖြစ်ပါသနည်း။ Letter 213, 1902. [Ev 537.3]

**အမြော်အမြင်ပြည့်စုံစွာဖြင့်သတင်းစကားကိုဟောပြောခြင်း –** ဤဆေးကုသမှုအဖွဲ့အစည်း၏ဝိညာဉ်ရေးလေထုကြီးသည် ဆေးရုံသို့ယူဆောင်လာခြင်းကိုခံရသော အမျိုးသား၊ အမျိုးသမီးများအနေဖြင့် မိမိတို့၏ကိုယ်ခန္ဓာဖျားနာခြင်းများအတွက်ကုသမှုခံယူစဉ် မိမိတို့၏ဝိညာဉ်ရေးရောဂါကုသမှုခံယူရန်လိုအပ်ကြောင်းကိုလည်း သင်ခန်းစာတစ်ခုအဖြစ် သင်ယူနိုင်ကြပါစေ။ [Ev 537.4]

ရိုးရိုးသားသား၊ စိတ်အားထက်သန်စွာဖြင့် ဧည့်ခန်းထဲ၌ပြောဆိုသောစကားများသည် ဝေဒနာခံစားရသူတို့အား မိမိတို့၏ဝိညာဉ်ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ခြင်းကို ညွှန်ပြနိုင်ပေလိမ့်မည်။ ဤဘာသာရေးစည်းဝေးများသည် တို၍အချက်အလက်ပြည့်စုံပြီး ကြားနာရသောသူတို့အတွက် ကောင်းချီးမင်္ဂလာခံစားရကြောင်း သက်သေပြနိုင်လိမ့်မည်။ ကမ္ဘာကြီးကို (၆) ရက်အတွင်းဖန်ဆင်းခဲ့ပြီး သတ္တမနေ့ရက်၌ "နားနေပြီးပြန်လည်လန်းဆန်းသော" သူ၏စကားသည် ထိရောက်စွာလူတို့၏စိတ်ထဲသို့ပို့ဆောင်ပေးသင့်ပါသည်။ [Ev 538.1]





ပုံနှိပ်ထုတ်ဝေသော တန်ဖိုးရှိသည့်ဧဝံဂေလိအမှန်တရားများပါရှိသောစာစောင်များတို့ကို လူနာအခန်းထဲ၊ သို့မဟုတ် လွယ်ကူစွာရရှိနိုင်သည့်နေရာ၌ ထားရှိရပါမည်။ ဆေးရုံတိုင်းတို့၌ စာဖတ်ခန်းထားရှိသင့်ပြီး ၎င်းစာဖတ်ခန်းထဲ၌ ဧဝံဂေလိသတင်းစကား၏အလင်းပါရှိသည့်စာအုပ်များ ထားပေးရပါမည်။ အမြော်အမြင်ရှိသောစီမံကိန်းများတို့ကိုချထားသင့်ပြီး လက်ရှိအမှန်တရား၏အလင်းပါရှိသည့်စာစောင်များကို လူနာများအမြဲဖတ်ရှုနိုင်ရန်အတွက် စီစဉ်ကြရမည်။ [Ev 538.2]

ဖြစ်သင့်သည့်အတိုင်း ကျွန်ုပ်တို့၏ဆေးရုံများတို့ကို ဖျားနာသောဝိညာဉ်များအားကုသမှုပေးနိုင်သည့်အိမ်များဖြစ်စေပါ။ ဤကဲ့သို့ဖြစ်စေရန်အတွက် ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် ကြီးမားသောကုသမှုပေးနိုင်သူခရစ်တော်နှင့် အမြဲအသက်ရှင်သောဆက်သွယ်မှုရှိရပါမည်။ Manuscript 5, 1908. [Ev 538.3]

**ဝိညာဉ်ရေးအမအစပေးနိုင်သောအမှုဆောင်များ –** ကမ္ဘာတစ်ဝန်းရှိ ကျွန်ုပ်တို့၏ဆေးရုံများ၌ ကျွန်ုပ်တို့သည် ကျွမ်းကျင်၍ပြောင်းလဲသောဆရာဝန်များနှင့် ပါးနပ်လိမ္မာသောအမှုဆောင်များတို့ကိုလိုအပ်ပြီး မိမိတို့၏အမြင်များကိုလူနာများအပေါ်စေခိုင်းသောအမျိုးသား၊ အမျိုးသမီးများမဟုတ်ဘဲ လူနာများတို့အတွက် ခွန်အား၊ အားပေးခြင်းနှင့်ကောင်းချီးမင်္ဂလာများကိုဖြစ်စေမည့်ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားကို ဟောပြောနိုင်သောပုဂ္ဂိုလ်များတို့ကို လိုအပ်လျက်ရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားများကို မှန်ကန်စွာကိုယ်စားပြုနိုင်ရန်နှင့် လူတို့၏စိတ်ကို ခရစ်တော်ထံသို့ပို့ဆောင်နိုင်ရန် ဤအလုပ်အတွက် ကျွန်ုပ်တို့၏ဆေးရုံများတို့ကို တည်ထောင်ရခြင်းဖြစ်ပါသည်။ [Ev 538.4]

နေ့စဉ်ကျင်းပသောဘာသာရေးအစီအစဉ်ကိုတိုစေပြီး ပညာသားနှင့်ပြည့်ဝစေပါ။ သမ္မာကျမ်းစာနှင့်ရေးသားသူ ကောင်းကင်မြေကြီး၏ဘုရားအကြောင်းနှင့် ဘုရားသခင်၏အကြီးမားဆုံးသောပေးကမ်းခြင်းဆုကျေးဇူး

ဖြစ်သည့် ခရစ်တော်အကြောင်းကို ကမ္ဘာလောကကြီးသို့ဟောပြောပါ။ ဤကမ္ဘာကြီးပေါ်သို့သူကြွဆင်းလာပြီး အသက်ရှင်ခဲ့ခြင်းနှင့်အသေခံခဲ့ခြင်းအားဖြင့် အပြစ်သားများတို့အတွက် ကြီးမားသောမိမိ၏ကိုယ်ကိုပူဇော်ခဲ့ခြင်းအကြောင်းကိုပြောပါ။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် အပြစ်သားများတို့သည် ဘုရားရှင်၏ဇာတိတော်ကိုခံယူရရှိနိုင်သောအခွင့်နှင့် ကယ်တင်ခြင်းလုပ်ငန်း၌ ဘုရားရှင်နှင့်အတူပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရန် သင်ယူနိုင်ရသောအခွင့်ရှိကြောင်း သူတို့အားသိစေပါ။ Medical Ministry, p. 208. (1909) [Ev 538.5]

**မမှန်သောစွဲလမ်းမှုကိုဖယ်ရှားခြင်း** – ကျွန်ုပ်တို့၏ဆေးရုံများ၌ရှိသောလူနာများကို သွန်သင်သောအရာများတို့သည် လိုက်လျှောက်ရမည့်တရားတော်များပုံစံဖြင့် ဟောပြောခြင်းမပြုရပါ။ ဝိညာဉ်တော်ပြောဆိုခဲ့သည်မှာ၊ "လူနာနှင့်ဒုက္ခရောက်သူများတို့အတွက် ဆောင်ရွက်လေသမျှတို့၌ သူတို့အားအမှန်တရားနှင့်ဖြောင့်မတ်ခြင်းသို့သာလျှင် ပို့ဆောင်ရန်ဖြစ်သည်။ ဆေးသာသနာပြုလုပ်ငန်းသည် ဤအလုပ်ကိုလုပ်ဆောင်ရမည့်လမ်းကြောင်းတစ်ခုဖြစ်သည်။ မှန်သောဆေးသာသနာ့လုပ်ငန်းအမှုဆောင်များတို့နှင့် ထိတွေ့မှုရှိကြသောလူနာများတို့၌ရှိသည့် မမှန်သောအစွဲကို မည်မျှဖယ်ရှားနိုင်မည်ကို ကျွန်ုပ်တို့မသိပါ။ ဆရာဝန်များနှင့်သူနာပြုဆရာမများတို့သည် ခရစ်တော်ဤလောက၌ရှိစဉ်ဒုက္ခရောက်သူများအတွက်ဆောင်ရွက်ခဲ့သကဲ့သို့ သူတို့ကြိုးစားဆောင်ရွက်ခြင်းဖြင့် ယခုအချိန်၌ အမှန်တရားသည် စိတ်နှလုံးထဲသို့ရောက်ရှိနိုင်ရသောအခွင့်ကို တွေ့မြင်နိုင်ပါလိမ့်မည်။" [Ev 539.1]

ကျွန်ုပ်တို့၏ဆေးရုံများ၌ကျင်းပသော ညဦးယံဝတ်ပြုခြင်းစည်းဝေးများကို မေးခွန်းများမေးမြန်းနိုင်သောအခွင့်အရေးပေးနိုင်သည့်ပုံစံဖြင့် ကျင်းပသင့်ပါသည်။ Letter 213, 1902. [Ev 539.2]

**အယူဝါဒနှင့်ဆိုင်သောမေးခွန်းများ** – ရှုပ်ထွေးသောလူနာများစုရုံးနေသည့်ဆေးရုံဧည့်ခန်းသည် ဘာသာရေးအယူဝါဒပြောဆိုရမည့်နေရာမဟုတ်ပါ။ ကျွန်ုပ်တို့၏ပုံမှန်အသက်တာသည် ဘာကြောင့်ကျွန်ုပ်တို့ဤကဲ့သို့ယုံကြည်နေ



ရကြောင်းကို သူတစ်ပါးသိစေလိုသောဆန္ဒရှိစေရန် ယုံကြည်စိတ်ချခြင်းနှင့်နှိုးဆွပေးခြင်းရှိစေပါ။ ထိုနောက် စုံစမ်းလာသူတို့အား ဥပုသ်နေ့အစည်းအဝေးများသို့တက်ရောက်ရန်ခေါ်ဖိတ်ပါ။ Manuscript 53, 1899. [Ev 539.3]

**မှန်သောချုပ်တည်းခြင်းတစ်ခု** – ဆေးရုံများ၌ သင်လုပ်ဆောင်ရန်အလုပ်တစ်ခုရှိသည်။ လူနာများအတွက် သင်လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သူတို့မှလက်ခံစေလိုသည့် သင်၌ပြင်းပြသောဆန္ဒရှိကြောင်း သူတို့၏စိတ်ထဲ၌ခံစားစေရန် ခွင့်မပြုပါနှင့်။ ဤစိတ်ဓာတ်မျိုးကျွန်ုပ်တို့၌အလိုအလျောက်ရှိတတ်ကြပါသည်။ သို့သော် မကြာခဏမှန်သောချုပ်တည်းမှုတစ်ခုကျွန်ုပ်တို့၌ရှိရန်လိုအပ်ပါသည်။ တချို့သောကိစ္စများ၌ ဆီလျော်သည်ဟုထင်ရသောစကားများသည် လွန်စွာနာကျင်မှုကိုဖြစ်စေပြီး ပို၍အခွင့်အရေးရရှိစေမည့်တံခါးကို ပိတ်သွားစေပါသည်။ [Ev 539.4]

သိမ်မွေ့သောမေတ္တာကိုဖော်ပြပြီး မြော်မြင်မှုရှိသည့် သည်းခံခြင်းသဘောကိုကျင့်သုံးပါ။ ပြင်းထန်သည့်အငြင်းပွားမှုပြုရန် ကောင်းသောအခွင့်အရေးကိုသင်တွေ့ရှိပါက အများအားဖြင့် သည်းခံပြီးဆိတ်ဆိတ်နေခြင်းသည်သာ၍ကောင်းပါသည်။ သင်သိသောအရာအတွက် ပြင်းထန်သည့်သက်သေခံခြင်းကို အခြေအနေအားလုံး၌မပြောဆိုပါနှင့်။ ကြားနာရသောသူများတို့ကိုသင်၏အသင်းတော်ယုံကြည်ခြင်းသို့ပြောင်းလဲရန် သင်ကြိုးစားလုပ်ဆောင်နေသည်ဟု သင့်ကိုသူတစ်ပါးအထင်အမြင်မှားလိမ့်မည်။ [Ev 540.1]

အမှန်တရားကိုယုံကြည်ရန် ဘုရားသခင်၏လွယ်ကူသောနှုတ်ကပတ်တော်၌ ကြီးမားသောတန်ခိုးရှိသည်။ နှုတ်ကပတ်တော်ကိုစကားပြောစေပြီး မိမိ၏အလုပ်ကိုလုပ်သွားစေပါ။ ဧဝံဂေလိလုပ်ငန်းကြိုးစားလုပ်ဆောင်ခြင်း၌လိမ္မာသောချုပ်တည်းခြင်းရှိစေပါ။ အရေးကြီးသောအချက်တစ်ခုကို အတင်းအဓမ္မပြောဆိုခြင်းမပြုပါနှင့်။ မေးမြန်းလာသည့်အထိစောင့်ဆိုင်း၍နေပါ။ သင်၏ပုံသက်သေကိုသင်ကြားစေပါ။ သင်၏စကားများနှင့်အလုပ်များတို့သည်

အသက်ရှင်သောဆရာကြီး၏စကားများတို့ကို သင်ယုံကြည်ကြောင်းပြသစေပါ။ Letter 308, 1906. [Ev 540.2]

**ပါးနပ်သောချဉ်းကပ်ခြင်းတစ်ခု** – ဘုရားသခင်၏အသက်ရှင်သောအမှန်တရားကို ကျွန်ုပ်တို့၏ဆေးကုသသောအဖွဲ့အစည်းများ၌ လူတို့ကိုအသိပေးစေရမည်။ ဤကိစ္စသည် ဆရာဝန်၊ သို့မဟုတ် မည်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်မျှ လူတိုင်းဆီသို့အမှန်တရားကိုပြောပြရမည်ဟုမဆိုလိုပါ။ ထိုကဲ့သို့ပြုလုပ်ရန် နည်းလမ်းမဟုတ်ပါ။ ဤကဲ့သို့မပြုလုပ်ဘဲ အမှန်တရားကိုဟောပြောနိုင်ပါသည်။ သူနာပြုဆရာမများနှင့်အမှုဆောင်များတို့သည် ကျွန်ုပ်တို့တတိယကောင်းကင်တမန်သတင်းစကားကိုယုံကြည်ပါသည်ဟု လူနာများထံသို့သွားပြီး ပြောပြစရာမလိုပါ။ လူနာများကြားနာလိုသောဆန္ဒမရှိမချင်း၊ သူတို့၏ကန့်ကွက်မှုများမပျောက်ကွယ်မချင်းနှင့် သူတို့၏စိတ်နှလုံးသားမပျော့ပျောင်းမချင်း ဤကဲ့သို့ပြောဆိုရန် သူတို့၏အလုပ်မဟုတ်ပါ။ [Ev 540.3]

လှုပ်ရှားပါ။ သို့မှသာ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်မှ အသင်းသားများတို့သည် အသိတရားရှိသူများဟု သူတို့သိမြင်ကြလိမ့်မည်။ လှုပ်ရှားပါ။ သို့မှသာ ဤအဖွဲ့အစည်းသည် အေးချမ်းသောနေရာတစ်ခုဟု သူတို့ခံစားရကြလိမ့်မည်။ သမ္မာကျမ်းစာအမှန်တရားကို ဟောပြောရလိမ့်မည်။ သို့သော် အမှန်တရား၏အထူးအချက်များကို လူနာအားလုံးဆီသို့ဟောပြောခြင်းမပြုရပါ။ အကယ်၍ သူတို့သင့်အားမေးခွန်းမေးလာပါက သင်၏ယုံကြည်ခြင်းအကြောင်းအရင်းများကို သူတို့အားပြောပြပါ။ ဤနည်းအားဖြင့် အလင်းတရားသည် ထွန်းလင်းပါလိမ့်မည်။ [Ev 540.4]

ကျွန်ုပ်တို့၏အစည်းအဝေးသို့ လူနာများတက်ရောက်ရန် ခေါ်ဖိတ်ခြင်းခံရပြီး အမှန်တရားကိုသူတို့ကြားရပေလိမ့်မည်။ တစ်ကြိမ်တည်း၌ သူတို့အပေါ်အတင်းအဓမ္မမပြုကြောင်းကို သူတို့သိရပါလိမ့်မည်။ ထိုနောက် သူတို့ဆေးရုံမှဆင်းသွားပြီး လူတို့ပြောဆိုသောစကားများကို သူတို့ကြားရပါလိမ့်မည်။ “ကျွန်ုပ်တို့ထိုနေရာသို့သွားပြီး ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့



အသင်းသားများမဖြစ်လိုကြပါ” ဟုပြောပေမည်။ ထိုအခါသူတို့သည် “ဆေးရုံရှိအမှုဆောင်များတို့သည် မည်သူတစ်ဦးတစ်ယောက်အပေါ်၌မျှ အမှန်တရားကိုယုံကြည်ရန် တိုက်တွန်းခြင်းမပြုပါ” ဟု သူတို့အားပြန်၍ပြောလိမ့်မည်။ [Ev 541.1]

လူနာများတို့အား ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်၍ အမြဲမေးမြန်းစုံစမ်းလိုစိတ်ရှိရန် ကျွန်ုပ်တို့လိုလား၍မရပါ။ အမှန်တရားကိုဆာငတ်သူများသာလျှင် မေးမြန်းစုံစမ်းကြမည်ဖြစ်သည်။ ဤအတွက်ကျွန်ုပ်တို့၏ဆေးကုသမှုအဖွဲ့အစည်းကို တည်ထောင်ရခြင်းဖြစ်ပါသည်။ Manuscript 111, 1899. [Ev 541.2]

**တည်ငြိမ်သောခရစ်ယာန်အသက်တာတစ်ခု၏သက်သေခံခြင်း** – ဤသန့်ရှင်းသောအမှန်တရားများကိုယုံကြည်ကျင့်သုံးရန် တင်းကျပ်သောအမှုအရာဖြင့်သယ်ဆောင်ခြင်းမပြုရဘဲ ခရစ်တော်သခင်၏စိတ်ဓာတ်ဖြင့် သယ်ဆောင်ကြရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မြင့်မြတ်သောစိတ်ဓာတ်များနှင့်သာ၍ကောင်းသောစိတ်သဘောရှိသူများတို့ထံသို့ ရောက်ရှိပေလိမ့်မည်။ ကျွန်ုပ်တို့၏ဆေးရုံများအားလုံးတို့၌ အမှန်တရား၏အယူဝါဒကိုနားလည်ပြီးကလောင်ဖြင့်ရေးသား၍ စကားအားဖြင့်ပြောဆိုနိုင်သောသူများရှိသင့်သည်။ သူတို့သည် အသိဉာဏ်ကင်းမဲ့သောသူတို့နှင့်တွေ့ဆုံပြီး သူတို့နှင့်တစ်ဦးချင်းသားကိုရှင်းပြသကဲ့သို့ သူတို့အားရှင်းပြသင့်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ရည်ရွယ်ချက်ဖြစ်သင့်ကြောင်း ဘုရားရှင်ပြောခဲ့ပါသည်။ ဗဟုသုတအားဖြင့်မသင့်လျော်သောသူနှင့် သမ္မာကျမ်းစာအမှန်တရား၏အမြင်ကို နက်ရှိုင်းစွာမသိသောသူတို့အား စိတ်ချရသောသူများအဖြစ် တာဝန်ရှိသောအဆင့်များ၌ဦးဆောင်သူများအဖြစ်မခန့်အပ်သင့်ပါ။ [Ev 541.3]

အဆင့်သာ၍မြင့်သောသူတို့ထံသို့ ကြီးမားသောအလုပ်ကိုလုပ်ရန်ပြင်ပပေါ်လွင်မှု၊ ဟန်ပန်အမှုအရာနှင့်ဟန်ဆောင်ခြင်းရှိသူများတို့ကို အသုံးပြုရမည်ဟု လူအများထင်ကြပါသည်။ သို့သော် မှားယွင်းသောအရာတစ်ခု

ဖြစ်သည်။ အဆင့်မြင့်သူများတို့သည် ဤအရာများကိုနားလည်ပါသည်။ ပြင်ပထင်ရှားသည့်အရာသည် လူတို့၏စိတ်ထဲ၌ခံစားချက်များတို့ကို များစွာပေးစွမ်းနိုင်ပါလိမ့်မည်။ သို့သော် ပြင်ပပေါ်လွင်မှုသည် ဘုရားတရားကြည်ညိုခြင်းနောက်၌ ထားရှိရပါမည်။ အမှုဆောင်များတို့သည် ဘုရားရှင်နှင့်ကောင်းကင်ဖြင့်ပေါင်းစည်းထားသူများအဖြစ် လူတို့တွေ့မြင်ရပေမည်။ လုပ်ငန်းအတွက် အကျင့်စာရိတ္တနှင့်ဩဇာကို ဤနောက်ဆုံးသောနေ့ရက်များ၌ပေးနိုင်သော လောကဆန်သည့်လူတို့အားဖြင့် အသိအမှတ်ပြုထောက်ခံရန်အတွက် မကြိုးစားသင့်ပါ။ တည်ငြိမ်မှန်ကန်မှုသည် ပတ္တမြားတစ်လုံးဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်း၊ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုနှင့်ကျွန်ုပ်တို့၏အပြုအမူသည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တနှင့်ညီညွတ်ခြင်းရှိရမည်ဖြစ်ပြီး ၎င်းသည် ကမ္ဘာသို့အမြဲပေးနိုင်သော အရေးအကြီးဆုံးသတင်းစကားကိုဟောပြောခြင်းဖြစ်သည်။ [Ev 541.4]

ကျွန်ုပ်တို့၏အလုပ်သည် အမှန်တရားကိုယုံကြည်ရန်အတွက် လူတို့ကိုဟောပြောခြင်းနှင့် ပုံသက်သေပြခြင်းအားဖြင့်သော်လည်းကောင်း၊ ဘုရားတရားကြည်ညိုခြင်းအားဖြင့်သော်လည်းကောင်း အောင်မြင်ခြင်းဖြစ်ပါသည်။ အမှန်တရားအထဲ၌ရှိသောအရာအားလုံးတို့သည် လှုပ်ရှားနေရပါမည်။ ယုံကြည်ခြင်းနှင့်အတူကျင့်သုံးခြင်းသည် တည်ငြိမ်မှန်ကန်ခြင်းကိုပြသရမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတန်ဖိုးကို ၎င်း၏အသီးအားဖြင့်ပြရပါမည်။ ကျွန်ုပ်တို့၏ပြင်းထန်သောစိတ်အားထက်သန်မှုအားဖြင့် ဘုရားသခင်သည် လူတို့၏စိတ်ကိုဩဇာသက်ရောက်စေနိုင်ပါသည်။ ကျွန်ုပ်တို့၏အဝတ်အစား၊ ကျွန်ုပ်တို့၏အပြုအမူ၊ ကျွန်ုပ်တို့၏အပြောအဆိုနှင့် ဝိညာဉ်ရေးလမ်းကြောင်းများ၌ကြီးပြင်းသောဗဟုသုတအတိမ်အနက်အားလုံးတို့သည် ကျွန်ုပ်တို့စွဲကိုင်ထားသောအမှန်တရားစည်းမျဉ်းများတို့အား ကျွန်ုပ်တို့အတွက် စစ်မှန်သည့်အရာတစ်ခုအဖြစ် ပြသရပါမည်။ ဤသို့ဖြင့်အမှန်တရားသည် ကြီးမားသောအရာတစ်ခုလုံးနှင့်အသိဉာဏ်ကိုစေခိုင်းသကဲ့သို့ ဩဇာသက်ရောက်မှုကိုပြုလုပ်ပေးရမည်။ အမှန်တရား၊ သမ္မာကျမ်းစာ၏အမှန်တရားသည် အသိတရားအတွက်နှင့်ဝိညာဉ်၏မေတ္တာနှင့် အသက်အတွက်တန်ခိုးအာဏာဖြစ်လာရပါမည်။ Letter 121, 1900. [Ev 542.1]



**စကားများအားဖြင့်မဟုတ်၊ အလုပ်များအားဖြင့်သာ –** ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သူတစ်ပါးအားအသိပေးခြင်းနှင့်ပတ်သက်၍ ၎င်းကိုဝှက်ထားရန်တိကျသောကြိုးစားမှုဖြင့်မပြုလုပ်သင့်ပါ။ ၎င်းကိုရှင်းလင်းစွာထင်ရှားစေရန် မသင့်လျော်သောကြိုးစားမှုကိုလည်း မပြုလုပ်သင့်ပါ။ ကျွန်ုပ်တို့၏အမှန်တရားကိုစိတ်ဝင်စားရန် ကောင်းသောအခြေအနေ၌ရှိသောသူများတို့သည် ကျွန်ုပ်တို့၏ဆေးရုံသို့လာကြပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်ပြီး သူတို့မေးခွန်းများမေးလာပါက ကျွန်ုပ်တို့ဘာယုံကြည်သည်ကိုရှင်းလင်းလွယ်ကူသောအနေအထားဖြင့်ပြောပြရန် သင့်လျော်ပါလိမ့်မည်။ ဘုရားတရားကြည်ညိုစိတ်သည် အမှန်တရားအတွက်တန်ခိုးဩဇာတစ်ခုကိုစစ်မှန်သောယုံကြည်သူ၏အပြုအမူသို့ တန်ခိုးတစ်ခုကိုပေးစွမ်းနိုင်ပါလိမ့်မည်။ [Ev 542.2]

သို့သော် ဤကိစ္စ၌ ကျွန်ုပ်တို့သတိရှိရှိလုပ်ဆောင်သင့်ကြသည်။ ယုံကြည်ခြင်းအချက်အလက်များအပေါ် မတူညီသည့်အမြင်တစ်ခုအတွက် အချေအတင်ပြန်လည်၍ပြောဆိုရန် သူတစ်ပါး၏စိတ်ကိုနှိုးဆွစေသည့် ပြောလိုရာမပြောဆိုသင့်ဟု သတိရှိသူများရှိကြပါသည်။ အသိဉာဏ်မပြည့်စုံ၍ဆင်ခြင်ဉာဏ်နည်းသောကြိုးစားမှုသည် အေးအေးဆေးဆေးသည်းခံစွာဖြင့်နားထောင်လိုသောသူတို့နားကိုပိတ်ထားစေနိုင်ပါသည်။ သို့သော် ယခုမကောင်းသောဩဇာညောင်းခြင်းကို သူတစ်ပါးအတွက်ဖြစ်စေပါသည်။ ထိုသို့ဖြင့် လူအများတို့အား ညစ်ညူးစေသောခါးသီးခြင်း၏အမြစ်များကို ပေါက်ပွားလာစေပါသည်။ ဆင်ခြင်တရားကင်းမဲ့သူတစ်ယောက်အားဖြင့် လူအများတို့၏နားနှင့်နှလုံးသည် အမှန်တရားအတွက်တံခါးပိတ်သွားပါလိမ့်မည်။ [Ev 542.3]

မတူညီသည့်ဘာသာရေးစိတ်အားထက်သန်သောသူများတို့၌ရှိသည့် မိမိတို့နှင့်အယူဝါဒမတူညီသောဘာသာများအပေါ် မိမိတို့စိတ်ရင်းအတိုင်း ဖော်ပြလေ့ရှိခြင်းမှာ လူတိုင်းသိရှိနိုင်သောအချက်တစ်ခုဖြစ်ပါသည်။ ဤပုဂ္ဂိုလ်ကဲ့သို့သောသူများတို့သည် ကျိုးကြောင်းမညီသည့်တစ်မျိုးတည်းသောစိတ်ဓာတ်သည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၌လည်း ရှိလိမ့်မည်ဟုမျှော်လင့်ပြီး သူတို့၏လက်နက်များကိုယူဆောင်ကာ သူတို့၏ထူးခြားသောအမြင်များနှင့်မတူညီပါက တိုက်ခိုက်ရန်ပြင်ဆင်မှုပြုကြပေလိမ့်မည်။ [Ev 543.1]

လွန်ခဲ့သောအချိန်အခါတွင် တချို့သောဆေးရုံများ၌ ဥပုသ်နေ့အကြောင်းကို နေရာတိုင်းတွင်ပြောဆိုရန် မိမိတို့၏တာဝန်ဖြစ်သည်ဟု ထင်မြင်ကြသည်။ ၎င်းကိုလူနာများတို့အား စိတ်အားထက်သန်စွာမနားမနေတောင်းဆိုကြသည်။ ထိုကဲ့သို့ပြုလုပ်သောသူများကို ဘုရားသခင်၏ကောင်းကင်တမန်များမှ စကားအားဖြင့်မပြောပါနှင့်၊ အလုပ်အားဖြင့်ပြပါဟုပြောဆိုလိမ့်မည်။ နေ့စဉ်အသက်တာသည် စကားများစွာပြောဆိုခြင်းထက် တန်ဖိုးရှိသည်။ တူညီသောဝမ်းမြောက်ခြင်း၊ သိမ်မွေ့သောကြင်နာခြင်း၊ ခရစ်ယာန်စွန့်ကြဲခြင်း၊ သည်းခံခြင်းနှင့်မေတ္တာတရားပြသခြင်းတို့သည် မှားယွင်းသောစွဲလမ်းမှုများတို့ကို အရည်ပျော်စေပြီး၊ အမှန်တရားကိုလက်ခံရန် စိတ်နှလုံးသားကိုဖွင့်ပေးပါလိမ့်မည်။ ဤတန်ဖိုးရှိသောဩဇာ၏တန်ခိုးကို လူအနည်းငယ်သာနားလည်ကြပါသည်။ Manuscript 53, 1899. [Ev 543.2]

## ဆက်ကပ်သောသမားတော်ကြီးနှင့်သူနာပြုသာသနာ့အမှုဆောင်

**ခရစ်ယာန်ဆရာဝန်များနှင့်သူနာပြုဆရာမများ –** ဘုရားသခင်သည် ခရစ်ယာန်ဆရာဝန်များနှင့်သူနာပြုဆရာမများတို့အား နှုတ်ကပတ်တော်ဟောပြောသူတို့နှင့်အတူလက်တွဲအလုပ်လုပ်ကိုင်ကြရန် ဆုံးဖြတ်ထားပါသည်။ ဆေးသာသနာပြုလုပ်ငန်းသည် ဧဝံဂေလိသာသနာလုပ်ငန်းနှင့်ပေါင်းစည်းထားရပါမည်။ Medical Ministry, p. 240. (1908) [Ev 543.3]



**လုကာ၏ပုံပမာတစ်ခု –** ယနေ့ကျွန်ုပ်တို့၏အလုပ်ထဲ၌ နှုတ်ကပတ်တော်၏သာသနာ့လုပ်ငန်းသည် ဆေးသာသနာ့လုပ်ငန်းနှင့်ပေါင်းစည်းရပါမည်။

"ချစ်ရသောသမားတော်ကြီး" ဟု လုကာအခေါ်ခံရပါသည်။ ပေါလုသည် သူ့အားသမားတော်တစ်ဦးအဖြစ်ကြားသိရသောကြောင့် အတူအလုပ်တစ်ခုကိုသူ့အားဘုရားသခင်ပေးအပ်ရန် ပေါလုသူ့ကိုရှာခဲ့ပါသည်။ ပေါလုသည် မိမိ၏အလုပ်၌ သူ၏ပါဝင်ကူညီမှုကိုရရှိခဲ့ပါသည်။ နောက်ပိုင်း၌ သူ့ကိုဖိလိပ္ပိမြို့၌ထားခဲ့ပါသည်။ ထိုနေရာ၌ လုကာသည် နှစ်ပေါင်းများစွာနေထိုင်ပြီး ဆရာဝန်တစ်ဦးအဖြစ်နှင့် ဧဝံဂေလိဆရာတစ်ဦးအဖြစ် အလုပ်တာဝန်နှစ်ခုကိုထမ်းဆောင်ခဲ့ပါသည်။ သူသည် အမှန်ပင်ဆေးသာသနာပြုတစ်ဦးဖြစ်ခဲ့ပါသည်။ သူ့တာဝန်ကိုသူဆောင်ရွက်ခဲ့ပြီး လူနာများအပေါ် ဘုရားသခင်၏တန်ခိုးသက်ရောက်ရန် ဘုရားရှင်ထံတောင်းခံခဲ့ပါသည်။ သူ၏ဆေးအတတ်ပညာသည် လူတို့၏စိတ်ထဲသို့ ဧဝံဂေလိသတင်းစကားရောက်ရှိနိုင်ရန် လမ်းဖွင့်ပေးခဲ့ပါသည်။ သူ့အတွက်တံခါးများစွာပွင့်လာပြီး တစ်ပါးအမျိုးသားတို့ထံသို့ ဧဝံဂေလိသတင်းစကားဟောပြောရန် အခွင့်အရေးရရှိစေခဲ့ပါသည်။ [Ev 544.1]

တပည့်တော်များဆောင်ရွက်ခဲ့သကဲ့သို့ ကျွန်ုပ်တို့ဆောင်ရွက်နိုင်ရန် ဘုရားသခင်၏အစီအစဉ်ဖြစ်ပါသည်။ အကောင်းဆုံးကုသသူနှင့်ဆက်သွယ်ခြင်းအားဖြင့် ကမ္ဘာပေါ်၌ကြီးမားသောကောင်းမှုကို ကျွန်ုပ်တို့ပြုလုပ်နိုင်မည်ဖြစ်သည်။ ဧဝံဂေလိလုပ်ငန်းသည် အပြစ်ဖြေဆေးတစ်ခုတည်းသာဖြစ်သည်။ ခရစ်တော်၏သက်သေခံများအဖြစ် ၎င်း၏တန်ခိုးကို ကျွန်ုပ်တို့သက်သေခံကြရမည်။ ဒုက္ခရောက်သူများတို့ကို ကယ်တင်ရှင်ထံသို့ကျွန်ုပ်တို့ပို့ဆောင်ကြရမည်။ သူ၏ပြောင်းလဲပေးနိုင်သောကျေးဇူးတော်နှင့် အံ့ဖွယ်သောအလုပ်၏တန်ခိုးသည် ဝိညာဉ်များစွာတို့ကို အမှန်တရားသို့ပို့ဆောင်နိုင်ပါလိမ့်မည်။

သူ၏ကုသခြင်းတန်ခိုးသည် ဧဝံဂေလိသတင်းစကားနှင့်ပေါင်းစည်းလိုက်ခြင်းဖြင့် အရေးကြုံရာကာလ၌ အောင်မြင်ခြင်းကိုပေးပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးထဲ၌အလုပ်လုပ်မည်ဖြစ်ပြီး ဘုရားသခင်၏ကယ်တင်ခြင်းကို ကျွန်ုပ်တို့တွေ့ရှိရလိမ့်မည်။ အထူးနားလည်သဘောပေါက်ခြင်း၌ ဖျားနာသူများကိုကုသခြင်းသည် ကျွန်ုပ်တို့၏အလုပ်ဖြစ်သည်။ [Ev 544.2]

ကုန်ဆုံးသွားသောအချိန်သည် ခရစ်တော်၏ခွဲခွာချိန်၌ပေးခဲ့သောကတိတော်ကို မပြောင်းလဲစေပါ။ တပည့်တော်များတို့နှင့်အတူ သူရှိခဲ့သကဲ့သို့ ယနေ့သူကျွန်ုပ်တို့နှင့်အတူရှိနေပြီး "အဆုံးတိုင်အောင်" ကျွန်ုပ်တို့နှင့်အတူရှိမည်ဖြစ်ပါသည်။ ခရစ်တော်ချမှတ်ခဲ့သောအမိန့်မှာ လူတို့၏အစီအစဉ်တစ်ခုပြီးတစ်ခု၌ ကြီးမားသောဆရာထံမှရရှိသောသူတို့၏တန်ခိုးအာဏာဖြင့် ဧဝံဂေလိသတင်းစကားကိုကြွေးကြော်ရမည်ဖြစ်ပါသည်။ Letter 134, 1903. [Ev 544.3]

**ဆရာဝန်များအားဖြင့်လူထုပရိသတ်တို့ကိုပို့ချခြင်း –** ဆရာဝန်နှင့်ဘာသာရေးဆရာနှစ်မျိုးသောစွမ်းရည်ရှိသူတစ်ယောက်သည် ဝိညာဉ်ကယ်တင်ခြင်း၌အကျိုးရှိစွာလုပ်ကိုင်ဆောင်ရွက်နိုင်ပေလိမ့်မည်။ ဘာသာရေးသင်ကြားခြင်း၌ကောင်းသောစကားများပြောဆိုခြင်းကို "ဘုရားသခင်ပြောသည်မှာ" ဟူသောစကားဖြင့် အထောက်အကူပြုလျက်ပြောဆိုခြင်းဖြင့် ကယ်တင်ခြင်းဩဇာကိုရရှိနိုင်ပေလိမ့်မည်။ ဆရာဝန်တစ်ဦးသည် မိမိကိုယ်ကိုအဖွဲ့အစည်းအမျိုးမျိုးရှေ့၌စကားပြောရန် သူတစ်ပါးဖိတ်ခေါ်ခြင်းကိုလိုလားကြောင်းဖော်ပြပါကဖိတ်ခေါ်ခြင်းခံရပါလိမ့်မည်။ ဆရာတစ်ဦးအဖြစ် ဆရာဝန်တစ်ဦးသည် နှုတ်ကပတ်တော်ကိုလွတ်လပ်စွာဟောပြောနိုင်ရန်အတွက် မိမိ၏အခွင့်အရေးကို စောင့်မျှော်နိုင်မည်ဖြစ်ပါသည်။ Letter 4, 1910. [Ev 544.4]

**သာသနာ့သူနာပြုဆရာမများတို့၏ထူးဆန်းသောအခွင့်အရေးများ –** နေရာတိုင်း၌အမှန်တရားဟောပြောသောနေရာများတွင် အစဉ်ဆင်းရဲသောသူများထံ ဧဝံဂေလိတရားကိုဟောပြောပြီး လူနာများကိုကုသရန် စိတ်အားထက်သန်စွာကြိုးစားဆောင်ရွက်သင့်ကြပါသည်။ ဤအလုပ်ကိုသစ္စာရှိစွာဖြင့်ဆောင်ရွက်ကြပါကဝိညာဉ်ပေါင်းများစွာကို အသင်းတော်ထဲသို့ခေါ်ဆောင်လာနိုင်မည်ဖြစ်သည်။ [Ev 545.1]



တစ်အိမ်မှတစ်အိမ်သို့ သွားရောက်လုပ်ကိုင်ဆောင်ရွက်ကြသောသူတို့သည် သာသနာ့လုပ်ငန်းအတွက် လုပ်ငန်းများစွာကိုလုပ်ဆောင်ရန် အခွင့်အရေးများကိုတွေ့ရှိရလိမ့်မည်။ သူတို့သည် ဖျားနာသူများအတွက်ဆုတောင်းပြီး မိမိတို့၏တန်ခိုးရှိသမျှဖြင့် သူတို့၏ခံစားရသောဒုက္ခကိုပျောက်ကင်းစေရန် ဆောင်ရွက်သင့်ကြသည်။ သူတို့သည် နိမ့်ကျသော၊ ဆင်းရဲသော၊ ဖိနှိပ်ခြင်းခံရသောသူတို့၏အထဲ၌ အမှုထမ်းသင့်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏အာဟာရတပ်မက်ခြင်းကိုထိန်းချုပ်နိုင်ရန်ခွန်အားမရှိဘဲ ဒုက္ခရောက်၍အမအစကင်းမဲ့နေသူများတို့အတွက် ဆုတောင်းပေးသင့်ကြသည်။ ကယ်တင်ခြင်းရရှိရန် စိတ်နှလုံးထဲ၌စိတ်ပါဝင်စားမှုနိုးကြွနေသောသူတို့အတွက် ကျွန်ုပ်တို့သည် စိတ်ပါဝင်စားစွာကြိုးစား၍လုပ်ဆောင်ကြရပါမည်။ ကိုယ်ကျိုးမငဲ့သော ကြင်နာခြင်း၏ဆောင်ရွက်မှုများအားဖြင့်သာ အများသောသူတို့ကိုကျွန်ုပ်တို့အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သူတို့၏ကိုယ်ခန္ဓာလိုအပ်ချက်ကိုဦးစွာဖြည့်ဆည်းပေးရလိမ့်မည်။ သူတို့သည် ကျွန်ုပ်တို့၏ကိုယ်ကျိုးမဲ့မေတ္တာ၏အထောက်အထားကိုတွေ့မြင်ရသည်နှင့် သူတို့အတွက်ခရစ်တော်၏မေတ္တာကိုယုံကြည်ရန် ပို၍လွယ်ကူပါလိမ့်မည်။ [Ev 545.2]

ဤအလုပ်အတွက် သာသနာ့သူနာပြုဆရာမများ ဆောင်ရွက်ရန်အသင့်လျော်ဆုံးဖြစ်ပါသည်။ သို့သော် အခြားသူများတို့နှင့်အတူ ပါဝင်ဆောင်ရွက်သင့်ကြသည်။ ဤပုဂ္ဂိုလ်များတို့အနေဖြင့် အထူးသူနာပြုပညာနှင့် သင်တန်းမရရှိခဲ့ကြသော်လည်း အကောင်းဆုံးအမှုအရာဖြင့်လုပ်ဆောင်ခြင်းကို မိမိတို့၏အမှုဆောင်ဖက်သူနာပြုဆရာမများတို့ထံမှ သင်ယူနိုင်ပါသည်။ Testimonies, vol. 6, pp. 83, 84. (1900) [Ev 545.3]

**သာ၍အဆင့်မြင့်သောသူတို့ထံသို့ချဉ်းကပ်ခြင်း** – အခြားသာမန်အမှုဆောင်များတို့ထက် အထူးအရည်အချင်းရှိသောဆရာဝန်များတို့သည် ကြီးသောမြို့ကြီးများတို့၌ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သင့်ကြသည်။ သူတို့သည် သာ၍အဆင့်အတန်းရှိသူများတို့ထံသို့ သွားရောက်ချဉ်းကပ်လုပ်ဆောင်သင့်ကြပါသည်။ [Ev 545.4]

ဧဝံဂေလိသာသနာ့လုပ်ငန်းများလုပ်ဆောင်ကြသော ဆေးသာသနာပြုများတို့သည် မိမိတို့၏ဓမ္မအမှုတော်လုပ်ငန်းဆောင်ရွက်ကြသောအမှုဆောင်များတို့ကဲ့သို့ ဆောင်ရွက်နေကျဖြစ်သည်။ ဓမ္မအမှုဆောင်လုပ်ငန်းနှင့်ပေါင်းစည်းသည့် ဤကဲ့သို့သောဆေးကုသခြင်းလုပ်ငန်းသည် ဆင်းရဲသောလူတန်းစားများတို့အထဲ၌သာ လုပ်ကိုင်ဆောင်ရွက်ရန် ကန့်သတ်ခြင်းမပြုရပါ။ အဆင့်အတန်းသာ၍မြင့်သောလူတန်းစားတို့ကို အံ့သြဖွယ်မျက်ကွယ်ပြုထားကြပါသည်။ အဆင့်သာ၍မြင့်သောလူတန်းစားများအထဲ၌ အမှန်တရားကိုလက်ခံမည့်သူများစွာရှိနေပါသည်။ အကြောင်းမှာ တည်ငြိမ်၍အဆင့်မြင့်သောဧဝံဂေလိတရား၏အကျင့်စာရိတ္တကို ကျွန်ုပ်တို့၏သတင်းစကားသည် ဆောင်နေသောကြောင့်ဖြစ်သည်။ စွမ်းအားအပြည့်အဝဖြင့် အမှုတော်ထဲသို့ဝင်ရောက်လုပ်ကိုင်ကြမည့် အရည်အချင်းရှိပုဂ္ဂိုလ်အနည်းငယ်သာရှိမည်မဟုတ်ပါ။ ဘုရားသခင်ပေးသောစွမ်းရည်ကိုအသုံးပြုခြင်းသည် သူတို့အနေဖြင့် ပေးကမ်းသူများသာမက သုံးစွဲသူများလည်းဖြစ်ကြပေလိမ့်မည်။ [Ev 546.1]

သစ္စာရှိသောဆရာဝန်နှင့်ဓမ္မဆရာသည် အလုပ်တစ်မျိုးတည်း၌ပါဝင်လုပ်ကိုင်နေကြပါသည်။ သူတို့သည် စည်းလုံးစွာဖြင့်လုပ်ကိုင်သင့်ကြပါသည်။ သူတို့အတူတကွအကြံရယူကြရလိမ့်မည်။ သူတို့၏ညီညွတ်ခြင်းအားဖြင့် သူတို့သည် အပြစ်သားများကိုကယ်ရန် ဘုရားသခင်စေလွှတ်သော တစ်ပါးတည်းသောသားတော်ကိုယုံကြည်ရန် သက်သေခံနိုင်ကြပေလိမ့်မည်။ Manuscript 79, 1900. [Ev 546.2]



**ဆရာဝန်၏ဝိညာဉ်ရေးသာသနာ့လုပ်ငန်း** – စစ်မှန်သောဆေးကုသသောသာသနာ့လုပ်ငန်းသည် အထူးသဖြင့်ဝိညာဉ်ရေးအလုပ်တစ်ခုဖြစ်သည်။ ဆုတောင်းပေးခြင်းနှင့် လက်များတင်ခြင်းတို့ပါဝင်ပါသည်။ ထို့ကြောင့်သူ့ကိုဧဝံဂေလိဓမ္မဆရာကဲ့သို့ သန့်ရှင်းစွာသူ၏အလုပ်အတွက် သူ့ကိုသီးသန့်ထားသင့်ပါသည်။ သာသနာပြုဆရာဝန်များတို့၏တာဝန်ကို ထမ်းဆောင်ရန်ရွေးချယ်ခြင်းခံရသောသူတို့သည် သီးသန့်ခွဲခြားထားခံရသောသူများဖြစ်ရမည်။ ဤကဲ့သို့ပြုခြင်းအားဖြင့် ဆေးရုံမှထွက်သွားပြီး မိမိကိုယ်ပိုင်အလုပ်ကိုလုပ်လိုသောသွေးဆောင်ခြင်းမှလွတ်မြောက်ရန် တွန်းလှန်နိုင်သည့်ခွန်အားကိုရရှိလိမ့်မည်။ အမှုဆောင်ကို မိမိတာဝန်မှနုတ်ထွက်လိုသောအတ္တစိတ်ရှိစေရန် ခွင့်မပြုသင့်ပါ။ ကျွန်ုပ်တို့သည် အရေးကြီးသောတာဝန်များကိုထမ်းဆောင်နေရသောအချိန်၊ ဆက်ကပ်သောအလုပ်ကိုဆောင်ရွက်နေရသောအချိန်၌ အသက်ရှင်နေကြရပါသည်။ ဘုရားသခင်ကို လုံ့လဝီရိယနှင့်နားလည်သဘောပေါက်စွာဖြင့်ရှာကြပါစို့။ Manuscript 5, 1908.

## သတိပြုစရာများကိုချိန်ဆခြင်း

**ကျွန်ုပ်တို့၏သုံးမျိုးသောသာသနာ့လုပ်ငန်း** – ဘုရားသခင်သည် ပစ္စည်းတန်ဆာပလာများကိုအသုံးပြုခြင်းအားဖြင့်အလုပ်လုပ်သည်။ သူသည် ဧဝံဂေလိသာသနာ့လုပ်ငန်း၊ ဆေးကုသသောသာသနာပြုလုပ်ငန်းနှင့် လက်ရှိအမှန်တရားပါရှိသည့် ပုံနှိပ်ထုတ်ဝေသောစာပေများအားဖြင့် စိတ်နှလုံးသားများတို့ကိုထိတွေ့စေပါသည်။ အားလုံးတို့သည် ယုံကြည်ခြင်း၏နည်းလမ်းများအားဖြင့်ထိရောက်မှုကိုဖြစ်စေပါသည်။ အမှန်တရားကိုကြားရ၊ ဖတ်ရှုရသည်နှင့် သန့်ရှင်းသောဝိညာဉ်တော်အိမ်သို့ပို့ဆောင်ပြီး ကြားရ၊ ဖတ်ရသောသူတို့သည် မည်သည့်အရာမှန်သည်ကိုသိရှိလိုသော ပြင်းပြသည့်ဆန္ဒဖြစ်ပေါ်စေပါသည်။ ဧဝံဂေလိသာသနာ့လုပ်ငန်း၊ ဆေးကုသသောသာသနာပြုလုပ်ငန်းနှင့် ကျွန်ုပ်တို့၏စာပေ

ပံ့နှိပ်ထုတ်ဝေသောလုပ်ငန်းတို့သည် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ်ပါသည်။ တစ်ခုသည်အခြားတစ်ခုထက်သာလွန်ခြင်းမရှိပါ။ Letter 54, 1903. [Ev 547.1]

**''ဆေးကုသခြင်း'' စကားလုံးကိုတွဲပေးပါ** – ဧဝံဂေလိသာသနာလုပ်ငန်းသည် ထိရောက်မှုမလျော့နည်းစေရပါ။ ၎င်းသည် ကျွန်ုပ်တို့ကမ္ဘာတစ်ခုလုံးသို့ ကြီးမားသောအလင်းထွန်းလင်းနိုင်သည့်အထိ ကိုယ်စားလှယ်ဖြစ်ရမည်။ နယ်သို့ပို၍ အမှုဆောင်များတို့ကိုပို့နိုင်ရန် ဖြစ်နိုင်သရွေ့ အရာခပ်သိမ်းတို့၌ပြုလုပ်သင့်သည်။ မည်သည့်ဩဇာမျှ လူငယ်များတို့ကို ဓမ္မရေးရာသာသနာ့လုပ်ငန်းအတွက် မိမိတို့၏ကိုယ်ကိုသင့်လျော်ခြင်းမရှိဟု ကြိုးစားအားထုတ်ဘေးဖယ်ထားနိုင်စေရန် မဆောင်ရွက်သင့်ပါ။ ၎င်းသို့ကျွန်ုပ်တို့ "ဆေးကုသခြင်း" စကားလုံးကိုတွဲထားနိုင်ပါသည်။ အကြောင်းမှာ ဧဝံဂေလိဓမ္မအမှုဆောင်သည် ရောဂါနှင့်၎င်း၏အကြောင်းရင်းများကို သိရှိနိုင်ရန်လိုအပ်သောကြောင့်ဖြစ်သည်။ ဖျားနာသောသူများတို့ကို မည်ကဲ့သို့ကူညီရန် သူနားလည်သင့်သည်။ ကျွန်ုပ်တို့နေသောအိမ်တွင်းရှိလူတို့အား ဖျားနာသူတို့အားကုသသောနည်းကို သင်ကြားပို့ချနိုင်သည့်အရည်အချင်းရှိသင့်သည်။ ဤအရာသည် ဧဝံဂေလိသတင်းစကား၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ Letter 123, 1900. [Ev 547.2]

**မူးလယ် (Muller) ၏ထင်ရှားသောအလုပ်ကဲ့သို့ကျွန်ုပ်တို့၏အလုပ်** – ယခုဘုရားသခင်သည် မိမိတို့လူတို့အပေါ် တစ်မျိုးတည်းသောအလုပ်ကို မူးလယ် (Muller) အပေါ်၌ချပေးသကဲ့သို့မပေးပါ။ [George Muller, Bristol, England.] မြင့်မြတ်သောအလုပ်တစ်ခုကို မူးလယ် (Muller) ဆောင်ရွက်ခဲ့သည်။ သို့သော်ဘုရားသခင်သည် မိမိလူတို့အား ခြားနားသောစီမံကိန်းတစ်ခု၏နောက်၌ဆောင်ရွက်ရန်အလုပ်တစ်ခုကိုပေးပါသည်။ သူတို့အားဘုရားသခင်သည် ကမ္ဘာတစ်ခုလုံးအတွက် သတင်းစကားတစ်ခုကိုပေးပါသည်။ သူတို့သည် တစ်နယ်ပြီးတစ်နယ်သို့ဝင်ရောက်ပြီး အပြစ်ဒုစရိုက်၌ပျက်စီးနေသောဝိညာဉ်များတို့နှင့် တက်ကြွသောတိုက်ပွဲကို ဆင်နွှဲကြရပါမည်။ Letter 33, 1900.



**ချမ်းသာသူနှင့်ဆင်းရဲသူတို့အတွက်မျှတသောအလုပ်တစ်ခု** – ၁၈၉၉ ခုနှစ်အဆုံးပိုင်းအချိန်၌ ကြီးမားသောစိတ်ဝင်စားမှုသည် ဆင်းရဲသားများနှင့်ဝိုင်းပယ်ထားခြင်းခံရသူများအပေါ် ဖြစ်ပေါ်လာခဲ့ပါသည်။ ကြီးမားသောအလုပ်တစ်ခုကိုဆုံးရှုံးသောသူနှင့် အဆင့်ကျဆင်းသူတို့ကိုမြှင့်တင်ရန်အတွက် စတင်ဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤဆောင်ရွက်သောအလုပ်သည် ကောင်းသောအလုပ်တစ်ခုဖြစ်ပါသည်။ ခရစ်တော်စိတ်ဓာတ်သည် ကျွန်ုပ်တို့၌အမြဲရှိသင့်ပြီး ကျွန်ုပ်တို့သည် ဒုက္ခရောက်သောလူသားတို့အတွက် သူဆောင်ရွက်ခဲ့သောအလုပ်တစ်မျိုးတည်းကို ဆောင်ရွက်ကြရပါမည်။ ဝိုင်းပယ်ထားသောသူများအတွက် ဆောင်ရွက်ရန်ဘုရားသခင်၌အလုပ်ရှိသည်။ ဤကိစ္စ၌မေးခွန်းထုတ်စရာမလိုဘဲ ၎င်းကိုတချို့သောသူတို့အား သူတို့အထဲ၌လုပ်ဆောင်ရမည်ဖြစ်ပြီး ပျက်စီးသောဝိညာဉ်များတို့ကို ကြိုးစား၍ကယ်တင်စေရပါမည်။ ဤအလုပ်သည် တတိယကောင်းကင်တမန်သတင်းစကားဟောပြောခြင်းနှင့် သမ္မာကျမ်းစာအမှန်တရားကိုလက်ခံခြင်းနှင့်ဆက်သွယ်နေရပါမည်။ သို့သော်ဤအဆင့်အတန်းရှိလူတို့အတွက် လူတိုင်းပါဝင်လုပ်ကိုင်စေခြင်းမှာ အန္တရာယ်ရှိပါသည်။ အကြောင်းမှာ လုပ်ဆောင်ခြင်းသည် ပြင်းထန်လွန်းသောကြောင့်ဖြစ်သည်။ သူတို့အားအခြားအလုပ်သို့ဘုရားသခင်ခေါ်သောအခါ သူတို့၏အင်အားများကို ဤအလုပ်၌သာဦးတည်ပြီး လူတို့အားလုပ်ဆောင်စေခြင်းမှာ အန္တရာယ်ရှိပါသည်။ [Ev 548.1]

လူသားများအတွက် ကျွန်ုပ်တို့တာဝန်၏ကြီးမားသောမေးခွန်းသည် အရေးကြီးသောအရာတစ်ခုဖြစ်ပြီး အများဆုံးသောကောင်းကျိုးကိုရရှိရန်၊ မည်ကဲ့သို့ဆုံးဖြတ်ရမည်ကိုသိရှိရန် ဘုရားသခင်၏ကျေးဇူးတော်များစွာလိုအပ်ပါသည်။ လူအားလုံးတို့အား အနိမ့်ဆုံးအဆင့်ရှိသူများတို့အထဲ၌လုပ်ဆောင်ခြင်းအားဖြင့် မိမိတို့၏အလုပ်ကို စတင်လုပ်ဆောင်ကြရမည်မဟုတ်ပါ။ ဘုရားသခင်သည် သူ၏အမှုဆောင်များကို မိမိတို့၏ပညာနှင့်သင်တန်းရရှိ

ခြင်းသည် မိမိတို့၏ကိုယ်ကိုလုံးလုံးလျားလျား ဤအဆင့်အတန်းရှိသူများတို့အတွက်ကိုသာ ဆက်ကပ်လုပ်ဆောင်ရန်သူမတောင်းဆိုပါ။ [Ev 548.2]

ဘုရားသခင်၏လုပ်ဆောင်ခြင်းသည် ယုံကြည်စိတ်ချမှုဆောက်တည်မည့်လမ်းဖြင့်ဖော်ပြပြီး လုပ်ငန်းသည် သူ၏တီထွင်ခြင်းနှင့်လှုပ်ရှားခြင်းတိုင်းအတွက် ကောင်းသောစည်းမျဉ်းများအပေါ်မူတည်သည်။ သို့သော် ဘုရားသခင်ထံကျွန်ုပ်ညွှန်ကြားခြင်းခံရသည်မှာ ဝိုင်းပယ်ထားခြင်းခံရသူများအတွက် စီမံပေးခြင်းသည် တပြေးညီမဖြစ်ဘဲ တစ်ချက်တစ်ချက်အရှိန်အဝါကောင်းပြီး တုန်လှုပ်ချောက်ချားစေသောလုပ်ဆောင်မှုများတို့သည် အန္တရာယ်ရှိကြောင်းဖြစ်ပါသည်။ ဤအရာများတို့သည် စစ်မှန်သောအကျိုးကျေးဇူးကိုမပြုနိုင်ပါ။ ညီညွတ်သောလုပ်ဆောင်မှုအားဖြင့် အလုပ်၏အစိတ်အပိုင်းအားလုံးကို အနည်းဆုံးအင်အားဖြစ်စေမည့်အလုပ်မျိုးကိုသာ လူတစ်စုလုပ်ဆောင်ရန် စိတ်ဓာတ်ရှိပါလိမ့်မည်။

ဧဝံဂေလိသတင်းစကားဖိတ်ခေါ်ခြင်းကို ချမ်းသာသူနှင့်ဆင်းရဲသူ၊ အဆင့်မြင့်သူနှင့်အဆင့်နိမ့်သူအားလုံးတို့အားပေးရမည်ဖြစ်ပြီး နေရာသစ်များသို့ အမှန်တရားသယ်ဆောင်ရန်အတွက် ကြေးငွေများတို့ကို လူအဆင့်အတန်းအားလုံးသို့ခွဲဝေရပါမည်။ ဘုရားသခင်ကျွန်ုပ်တို့အားအမိန့်ပေးသည်မှာ၊ "မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှာ အနိုင်အထက်ခေါ်သွင်းလော့။" သူပြောသည်မှာ၊ "လမ်းမကြီး၌အစပြုပါ။ လမ်းမကြီး၌သေချာစွာဆောင်ရွက်ပါ။ သင်နှင့်အတူပေါင်းစည်းမည့်အဖွဲ့တစ်ခုကို ပြင်ဆင်ပြီး ပျောက်ဆုံးသူကိုရှာ၍ ကယ်တင်ခြင်း၌ခရစ်တော်ဆောင်ရွက်ခဲ့သည်နည်းတူ ထိုအလုပ်မျိုးကိုသင်လုပ်ဆောင်ပါ။" [Ev 549.1]

ဆင်းရဲသားများတို့ထံ ဧဝံဂေလိသတင်းစကားကို ခရစ်တော်ဟောပြောခဲ့ပါသည်။ သို့သော် ဤသူတို့အတွက် သူ၏လုပ်ဆောင်ခြင်းကိုသတ်မှတ်ထားခြင်းမပြုပါ။ သူ၏စကားကိုကြားနာဖို့ရန် အားလုံးအတွက်သူလုပ်ဆောင်ပါသည်။ အခွန်ခံနှင့်ဝိုင်းပယ်ထားခြင်းခံရသူများတို့အတွက်ကိုသာမကဘဲ





ချမ်းသာသူများနှင့်အဆင့်အတန်းရှိဖာရိရှဲများ၊ ကျော်ကြားသောယုဒလူမျိုးများ၊ တပ်မှူးများနှင့်ရောမအရာရှိများအားလုံးအတွက် သူလုပ်ဆောင်ပါသည်။ ဤအလုပ်မျိုးကို ကျွန်ုပ်တို့လုပ်ဆောင်သင့်ကြောင်း ကျွန်ုပ်မြင်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ခွန်အားရှိသမျှဖြင့် ကြိုးစားအားထုတ်ပြီး အနိမ့်ဆုံးသောသူများအတွက်ဆောင်ရွက်ခြင်းနှင့် ဤအလုပ်တစ်ခုတည်းကိုသာ ဆောင်ရွက်ခြင်းမပြုရပါ။ သခင့်ထံသို့ခေါ်ဆောင်လာရမည့် အခြားသူများရှိနေပါသည်။ အမှန်တရားကိုလိုအပ်နေသူများ၊ တာဝန်များကိုထမ်းဆောင်ရသူများနှင့် မိမိတို့၏ဖြူစင်သောစွမ်းရည်ဖြင့် မြင့်သောအရပ်များ၌သော်လည်းကောင်း၊ နိမ့်သောအရပ်များ၌သော်လည်းကောင်း ရှိသည့်လူအားလုံးအတွက် လုပ်ဆောင်မည့်သူများတို့ကို ခေါ်ဆောင်ရပါမည်။ [Ev 549.2]

ပို၍ဆင်းရဲသောလူတန်းစားတို့အတွက် အလုပ်သည် အကန့်အသတ်မရှိပါ။ မည်သည့်အခါမျှလုပ်၍မကုန်ပါ။ အမှုတော်တစ်ခုလုံး၏အစိတ်အပိုင်းတစ်ခုဟု မှတ်ယူရပါမည်။ ဘုရားသခင်၏စပျစ်ဥယျာဉ်၌ ဆောင်ရွက်စရာများစွာရှိနေပြီး အခွင့်အရေးရှိသော်လည်း ဝင်ရောက်ဆောင်ရွက်ခြင်းမပြုရသေးရှိလျက်နှင့် ဤဆင်းရဲသောလူတန်းစားကိုသာလျှင် ဦးစားပေးမည်ဆိုလျှင် မှားသောနေရာ၌အစပြုမည်ဖြစ်ပါသည်။ လက်ယာလက်သည် ကိုယ်ခန္ဓာနှင့်ဆက်သွယ်နေသကဲ့သို့ ဆေးကုသသောသာသနာ့အလုပ်သည် တတိယကောင်းကင်တမန်သတင်းစကားနှင့်ဆက်သွယ်လျက်နေရပါမည်။ သို့သော် လက်ယာလက်သည် ကိုယ်ခန္ဓာတစ်ခုလုံး၏နေရာကိုယူ၍မရပါ။ ဝိုင်းပယ်ခြင်းခံရသောသူတို့ကိုရှာဖွေခြင်းအလုပ်သည် အရေးကြီးသော်လည်း ကျွန်ုပ်တို့သာသနာ့လုပ်ငန်း၏အကြီးဆုံးဝန်ထုပ်မဖြစ်စေရပါ။ Medical Ministry, pp. 311, 312. (1899)

**အလုပ်အရှုယ်အစားတစ်ခု** – ဆေးကုသသောသာသနာ့လုပ်ငန်းသည် အချိုးမကျသောလုပ်ငန်းတစ်ခုမဖြစ်စေရပါ။ အခြားလုပ်ငန်းကဲ့သို့ လုပ်ဆောင်ရမည့်အလုပ်တစ်ခုဖြစ်ရမည်။ Letter 38, 1899. [Ev 550.1]

**အမှုဆောင်များတို့၏ကျန်းမာရေး –** မိမိတို့၏ကိုယ်တစ်ခုလုံးကို ဆေးကုသမှုပြုသောသာသနာ့လုပ်ငန်း၌အပ်နှံပြီး နေ့ညမပြတ်မောခြင်းပန်းခြင်းမရှိ၊ အန္တရာယ်မရှောင်၊ ဆင်းရဲနွမ်းပါးအနှံ့အတာခံပြီးဆောင်ရွက်ခြင်းသည် မိမိတို့၏သစ္စာရှိစွာကာကွယ်ရမည့်စိတ်နှင့် ကိုယ်ခန္ဓာ၏တန်ခိုးများကိုမေ့ပျောက်သွားနိုင်သောအန္တရာယ်ရှိပါသည်။ သူတို့သည် မိမိတို့၏ကိုယ်ကို လုပ်ငန်း၏အလွန်အကျွံဖိစီးခြင်းကိုခံရန် ခွင့်မပြုသင့်ပါ။ သူတို့သည် စိတ်အားထက်သန်မှုနှင့်ပြည့်ဝပြီး တစ်ခါတစ်ရံဆင်ခြင်မှုမရှိဘဲ မိမိတို့၏ကိုယ်ကို လေးလံသောဝန်ထုပ်အောက်သို့ချထားတတ်ပါသည်။ ဤအမှုဆောင်များ မိမိတို့၏စိတ်ဓာတ်ကိုပြောင်းလဲခြင်းမပြုကြပါက ဝေဒနာခံစားရပြီး သူတို့သည် ဆောလျင်စွာအားအင်ဆုတ်လျော့ခြင်းနှင့် ခြေကုန်လက်ပန်းကျခြင်းအကျိုးကို ခံစားကြရပါလိမ့်မည်။ [Ev 550.2]

ဘုရားသခင်၏အမှုဆောင်များတို့သည် မြင့်မြတ်သောစိတ်အားထက်သန်မှုနှင့်ပြည့်ဝပြီး ခရစ်တော်၏ပုံသက်သေကို လိုက်လျှောက်လိုသောဆန္ဒရှိသည့်အခါ၊ တစ်နေ့တာ၏လုပ်ငန်းထဲ၌ လုပ်ငန်းပေါင်းများစွာကိုကြိုးစားဆောင်ရွက်ခြင်းမပြုသင့်ပါ။ အကယ်၍ဆောင်ရွက်ကြပါက၊ လေးလံသောဝန်ထုပ်ကိုသယ်ပိုးရခြင်းကြောင့် ပင်ပန်းနွမ်းနယ်အားအင်ယုတ်လျော့ပြီး လျင်မြန်စွာလုပ်ငန်းမှအနားယူရပါလိမ့်မည်။ ညီအစ်ကိုတို့၊ သင်တို့သည် ဒုက္ခရောက်သူများတို့ကိုမစရန်အတွက်နှင့် ဝိညာဉ်များတို့ကိုကယ်တင်ရန်အတွက် သင်၌ရှိသောအခွင့်အရေးများကို စိတ်အားထက်သန်စွာ အကောင်းဆုံးကြိုးစားဆောင်ရွက်အသုံးပြုရမည်မှာ မှန်ကန်ပါသည်။ သို့သော် သင်၏ကျန်းမာရေးကို ဆက်ကပ်ခြင်းမပြုပါနှင့်။ [Ev 550.3]

ကျွန်ုပ်တို့သည် သာမန်ထက်သာ၍မြင့်သောအလုပ်၊ အတ္တစိတ်ဝင်စားမှုများကို မြေကြီးထက်သာ၍ကောင်းကင်မြင့်သကဲ့သို့ ခေါ်ယူခြင်းကိုခံရကြပါသည်။ သို့သော် ဤအတွေးသည် ကျွန်ုပ်တို့၏အလိုဆန္ဒကို အနားယူချိန်



မရှိဘဲ ရှိသမျှဝန်ထုပ်အားလုံးကိုထမ်းဆောင်ရမည့် ဘုရားသခင်၏အမှုဆောင်များအဖြစ်သို့ရောက်ရှိရန် ပို့ဆောင်ခြင်းမပြုသင့်ပါ။ [Ev 550.4]

အကယ်၍ ဘုရားသခင်၏အံ့ဩဖွယ်ရာကောင်းသော ဝိညာဉ်များတို့၏ကယ်တင်ခြင်းစီမံကိန်းထဲ၌ ပါဝင်ထမ်းဆောင်ကြရသောသူအားလုံးတို့သည် ပျင်းရိခြင်းမရှိကြပါက မည်မျှကောင်းလိမ့်မည်နည်း။ အကယ်၍ အမှုဆောင်တိုင်း "ဘုရားသခင်သည် ကျွန်ုပ်အားနိုးနိုးကြားကြားရှိရန် သင်၌တာဝန်ရှိကြောင်းပြောသောကြောင့်၊ ကျွန်ုပ်ယုံကြည်သောအမှန်တရားအတွက် ကျွန်ုပ်ကြိုးစားဟောပြောမည်။ ကျွန်ုပ်လက်တွေ့အမှုဆောင်တစ်ဦးဖြစ်မည်။ စိတ်ကူးယဉ်သမားတစ်ဦးမဖြစ်ပါ" ဟုပြောကြမည်ဖြစ်ပါက၊ ဘုရားသခင်၏အမှုတော်မည်မျှပြီးမြောက်အောင်မြင်ခြင်းရှိလိမ့်မည်နည်း။ Medical Ministry, pp. 292, 293. (1904) [Ev 550.5]

–o–

## tcef; (17)

# txl;vlwef;pm;rsm;twGufvkyfaqmifjcif;

## လူတန်းစားအမျိုးမျိုးတို့အတွက်လုပ်ဆောင်ခြင်း

**အမှန်တရားကိုအဆင့်အတန်းအားလုံးသို့ဟောပြောပါ –** ဧဝံဂေလိသတင်းစကားခေါ်ဖိတ်ခြင်းသည် ချမ်းသာသောသူနှင့်ဆင်းရဲသောသူ၊ အဆင့်မြင့်သောသူနှင့်နိမ့်သောသူတို့ထံသို့ ပို့ဆောင်ရမည်ဖြစ်ပြီး အမှန်တရားကို နေရာသစ်များနှင့်လူတိုင်းထံသို့သယ်ဆောင်သွားနိုင်ရန်အတွက် ကြေးငွေများကိုစီမံခန့်ခွဲပေးကြရပါမည်။ Medical Ministry, p. 312. (1899) [Ev 552.1]

**သူတို့အားနားလည်ရန်အခွင့်အရေးတစ်ခုပေးပါ –** ဆင်းရဲသောသူ၊ စာမတတ်သောသူများတို့ကို လျစ်လျူရှုထားရမည်ဟု မည်သူမျှအတွေးမရှိပါစေနှင့်။ အမှုထမ်းဆောင်ခြင်း၏မှန်ကန်သောနည်းစနစ်သည် မည်သို့မျှဤအရာကိုဘေးဖယ်ထား၍မရပါ။ ဆင်းရဲသောသူများထံသို့ ဧဝံဂေလိသတင်းစကားဟောပြောခြင်းကို ခရစ်တော်၏ဆောင်ရွက်ခဲ့သောအထောက်အထားများအားဖြင့် တွေ့ခဲ့ရပါသည်။ ယခုအချိန်အတွက် အထူးအမှန်တရားများနားလည်ရန် လူတန်းစားအားလုံးတို့အား အခွင့်အရေးပေးနိုင်မည့်နည်းလမ်းကို ကျွန်ုပ်တို့လေ့လာသင့်ကြသည်။ Review and Herald, Nov. 25, 1890. [Ev 552.2]

**ဝိညာဉ်တိုင်းအတွက်ကယ်တင်ခြင်းသတင်းစကားတစ်ခု –** လိုအပ်ချက်တစ်ခု၏နက်ရှိုင်းသောခံစားချက်တစ်ခု လူအများ၌ရှိကြသည်။ လောကီချမ်းသာကြွယ်ဝခြင်း၊ ပျော်မွေ့ခြင်းမပေးနိုင်သောလိုအပ်ချက်ဖြစ်သည်။ သို့သော် သူတို့တောင့်တမျှော်လင့်သည့်လိုအပ်ချက်ကို မည်ကဲ့သို့ရယူရမည်ကို သူတို့မသိကြပါ။ [Ev 552.3]

ခရစ်တော်၏ဧဝံဂေလိသတင်းစကားသည် အစမှအဆုံးတိုင်အောင် ကျေးဇူးတော်ကယ်တင်ခြင်း၏ဧဝံဂေလိသတင်းစကားဖြစ်ပါသည်။ ၎င်းသည်



ရှင်းလင်းတိကျပြီး ထိန်းချုပ်ထားသောအတွေးအခေါ်ဖြစ်သည်။ ၎င်းသည် လိုအပ်သူတို့အတွက်အကူအညီတစ်ခု၊ အမှန်တရားကိုမသိသောသူတို့အတွက် အလင်းနှင့် စစ်မှန်သောအုတ်မြစ်ကိုရှာဖွေသောဝိညာဉ်များတို့အတွက် လမ်းပြသူအဖြစ် အကူအညီတစ်ခုဖြစ်ပါလိမ့်မည်။ ထာဝရကယ်တင်ခြင်းအပြည့်အဝကို လူတိုင်းလက်ကမ်းရယူနိုင်သောအရာဖြစ်ပါသည်။ ခရစ်တော်သည် အပြစ်ဖြေလွှတ်ရန်ပြောဆိုခြင်းနှင့် အဖိုးမဲ့ပေးသောကျေးဇူးတော်ကိုဝေငှရန် တောင့်တမျှော်လင့်လျက်ရှိသည်။ သူသည် မျှော်လျက်စောင့်နေပြီး ယေရိခေါမြို့တံခါးဝ၌ရှိနေသော မျက်မမြင်အားသူပြောသကဲ့သို့ "သင်၌အဘယ်သို့ပြုစေလိုသနည်း" ဟုသင့်ကိုသူပြောလိုပါသည်။ သင်၏အပြစ်များကိုငါယူဆောင်မည်။ ငါ၏အသွေးတော်အားဖြင့် သင့်ကိုဆေးကြောမည်။ [Ev 552.4]

အသက်တာ၏လမ်းမကြီးတစ်လျှောက်၌ ကယ်တင်ရန်ဝိညာဉ်များစွာရှိသည်။ မျက်မမြင်များတို့သည် မှောင်မိုက်ထဲ၌စမ်းတဝါးဝါးသွားနေကြသည်။ သူတို့ကိုအလင်းပေးပါ။ သူ၏အမှုဆောင်များအဖြစ် သင့်ကိုကောင်းချီးပေးလိမ့်မည်။ Letter 60, 1903. [Ev 553.1]

**အဆင့်မြင့်သူများအတွက်စီမံကိန်းသည်လူအားလုံးထံရောက်ရှိလိမ့်မည် –** လုပ်ငန်း၏ကြီးမြတ်ခြင်းသို့ သင်၏စိတ်ဓာတ်ကိုယူဆောင်လာပါ။ သင်၏ကျဉ်းမြောင်းသောစီမံကိန်းများ၊ သင်၏အကန့်အသတ်ရှိသောအတွေးအခေါ်များတို့သည် သင့်လုပ်ငန်း၏နည်းစနစ်ထဲသို့ မရောက်ရှိလာစေပါနှင့်။ ဤနေရာ၌ပြုပြင်ပြောင်းလဲခြင်းရှိရမည်ဖြစ်ပြီး အမြဲရရှိသင့်သည့် မြင့်မားပြီးချီးမြှင့်ခြင်းအဆင့်အတန်းသို့ရောက်ရှိရန် ငွေကြေးများတို့ကို ပို၍ရရှိပါလိမ့်မည်။ သူတို့သည် ကပ်တိုင်ကိုမြှောက်တင်ရန်သတ္တိမရှိခြင်းနှင့် ရေပန်းစားခြင်းမရှိသောအမှန်တရားကိုဆန့်ကျင်သူများ ပြစ်တင်ဆုံးမခြင်းကိုမခံနိုင်သော်လည်း လုပ်ငန်း၏စာရိတ္တအရည်အသွေးတချို့တို့ကို ခွဲခြားဝေဖန်ကာ လုပ်ငန်းကိုကူညီမစလိုသောငွေကြေးရှိသူတချို့ရှိကြပါသည်။ အကယ်၍ဖြစ်နိုင်ပါက အဆင့်အတန်းရှိသူ

များတို့ကို ဦးစွာချဉ်းကပ်ပါ။ သို့သော် အဆင့်အတန်းနိမ့်သူများကို လျစ်လျူရှုခြင်းမပြုပါနှင့်။ [Ev 553.2]

သို့သော် အများအားဖြင့် ပြောင်းလဲရန်လွယ်ကူသောအဆင့်အတန်းနိမ့်သူများတို့ကိုသာ ပစ်မှတ်ထားလျက်၊ နယ်မြေအများတို့၌ တာဝန်ရှိသူများတို့သည် မိမိတို့၏စီမံကိန်းများနှင့်တရားပွဲများတို့ကို ကျင်းပခဲ့ကြပါသည်။ သို့သော် အမှန်တရား၏အလင်းကိုလိုအပ်နေသော အဆင့်အတန်းမြင့်သူများနှင့်အဆင့်အတန်းနိမ့်သူများအပါအဝင် အားလုံးတို့ထံသို့အမှန်တရားရောက်ရှိရန် နည်းစနစ်ကိုကြံစည်လုပ်ဆောင်ကြရပါမည်။ ဤပုဂ္ဂိုလ်များတို့သည် အမှန်တရားကိုတွေ့ရှိရပါသည်။ သို့သော် နွမ်းပါးခြင်း၏ကျွန်၊ ငတ်မွတ်ခြင်းဘေးမှလွတ်မြောက်ရန် အမှန်တရားကိုလက်ခံသူများရှိကြပါသည်။ အဆင့်အတန်းရှိသူများတို့ကို ဝင်ရောက်ချဉ်းကပ်ပါ။ အဆင့်အတန်းနိမ့်သူများထံသို့လည်း ဝင်ရောက်ချဉ်းကပ်ရန် ပျက်ကွက်ခြင်းမရှိပါနှင့်။ Letter 14, 1887. [Ev 553.3]

**ပြောင်းလဲစေနိုင်သည့်စွမ်းရည်နှင့်ဩဇာ –** ဘုရားသခင်၏အစေခံများတို့သည် မိမိတို့၏အချိန်နှင့်ခွန်အားကို တစ်သက်တာလုံး မာရ်နတ်၏အုပ်ချုပ်မှုအောက်၌ပျက်စီးစေရန် ပေးအပ်ခဲ့သောသူတို့အတွက်အသုံးပြုခြင်းဖြင့် ကုန်ခန်းခြင်းမပြုသင့်ပါ။ ဝိုင်းပယ်ထားခြင်းခံရသူများလာကြပါလိမ့်မည်။ သူတို့သည် ခရစ်တော်ထံသို့လာသောအခါ သူတို့ကိုကျွန်ုပ်တို့တားဆီးခြင်းမပြုလုပ်ရပါ။ သို့သော် ဘုရားသခင်သည် အဆင့်အတန်းပို၍မြင့်သောသူများတို့ထံသို့ ဝင်ရောက်ဟောပြောရန် ကျွန်ုပ်တို့ကိုခေါ်ပါသည်။ အကယ်၍ သူတို့ပြောင်းလဲပါက မိမိတို့နှင့်အဆင့်အတန်းတူညီသူများတို့ကိုလည်း တစ်ဆင့်ပြောင်းလဲစေနိုင်မည်ဖြစ်သည်။ ပြောင်းလဲသူတို့၏စွမ်းရည်နှင့်ဩဇာကို သူ၏အမှုတော်ထဲ၌ပါဝင်ရန် ဘုရားသခင်လိုလားလျက်ရှိသည်။ ဘုရားသခင်သည် စွမ်းရည်နှင့်ဩဇာရှိသောအမျိုးသား၊ အမျိုးသမီးများတို့အပေါ်အလုပ်လုပ်နေပြီး သူတို့ကို ကမ္ဘာသို့ကရုဏာ၏နောက်ဆုံးသောသတင်းစကားကို ဟောပြောသောသူတို့နှင့်



အတူ ပေါင်းစည်းလုပ်ဆောင်ရန် သူတို့အားပို့ဆောင်နေပါသည်။ Manuscript 6, 1902. [Ev 553.4]

ပေါလုသည် သူ၏ခရီးစဉ်၌ ပြည်တွင်းပြည်ပသာသနာ့လုပ်ငန်းကို ပေါင်းစည်းထားပါသည်။ ယခုသူသည် ယုဒလူမျိုးများတို့ကို မိမိတို့ဝတ်ပြုရာအရပ်၌ ဟောပြောနေပါသည်။ ယခုသူသည် တစ်ပါးအမျိုးသားတို့ကို မိမိတို့၏တရားဇရပ်ရှေ့၌သော်လည်းကောင်း၊ သူတို့၏ဘုရားများရှေ့၌သော်လည်းကောင်း တရားဟောလျက်ရှိသည်။ ပေါလုသည် ရှေးစီမံအုပ်ချုပ်ခြင်းကိုဖျက်ဆီးသော မေရှိယတစ်ဦး၏အကြောင်းကို ယုဒလူမျိုးတို့အားဟောပြောခြင်းမပြုပါ။ သို့သော် အမှန်တရားနှင့်အညီ ယုဒလူတစ်မျိုးလုံး၏စီးပွားရေးကို ဆောက်တည်ရန်လာခဲ့သော မေရှိယအကြောင်းကိုပြောပါသည်။ [Ev 554.1]

အကျယ်ပြန့်ဆုံးသောအမှန်တရား၏အကြောင်းကို သယ်ဆောင်ကြသည့်တပည့်တော်များတို့သည် မိမိတို့နိုင်ငံနှင့်နီးကပ်စွာနေထိုင်သောသူတို့နှင့် အချေအတင်ပြောဆိုကြသောစမ်းသပ်ခြင်းဟူသရွေ့ကို အောင်မြင်ရန်အဆင်သင့်ရှိကြပါသည်။ ဤနေရာ၌ ခရစ်ယာန်သည် ခိုင်မာသောအောင်မြင်ခြင်းကို ရရှိပြီး၊ မြင့်၍အထက်၌ရှိသောစံချိန်ကို ပြောင်းလဲသောယုဒလူမျိုးများမှယူဆောင်ကာ ခရစ်ယာန်နှင့်ကယ်တင်ခြင်းသည် တိုင်းပြည်တိုင်း၊ ဘာသာတိုင်းနှင့် ကမ္ဘာပေါ်ရှိလူအားလုံးအတွက်ဖြစ်ပါသည်။ Letter 17, 1900. [Ev 544.2]

## ချမ်းသာကြွယ်ဝသူနှင့်ဩဇာရှိသူများတို့ထံချဉ်းကပ်လုပ်ဆောင်ခြင်း

**စီးပွားရေးနှင့်အစိုးရဌာနရှိခေါင်းဆောင်များတို့ကိုခေါ်ယူပါ –** "လမ်းမကြီးပေါ်" ဟောပြောရန်ခေါ်ခြင်းသည် ကမ္ဘာပေါ်ရှိလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသောသူအားလုံး၊ ဆရာသမားများ၊ ခေါင်းဆောင်များအားလုံးတို့ကို ဟောပြောရန်ဖြစ်သည်။ လူထုအသက်တာ၌ လေးလံသောတာဝန်များတို့ကို

ထမ်းဆောင်နေကြရသူများ၊ ဆရာဝန်များနှင့်ဆရာများ၊ ရှေ့နေနှင့်တရားသူကြီးများ၊ လူထုအရာရှိများနှင့်စီးပွားရေးလုပ်ငန်းရှင်များထံသို့ ရှင်းလင်းတိကျသောသတင်းစကားကို ဟောပြောကြရပါမည်။ Testimonies, vol. 6, p. 78. (1900) [Ev 554.3]

**ဩဇာရှိသောသူများတို့ကိုရှာဖွေပါ** – အဆင့်မြင့်သောအဖွဲ့အစည်းနှင့်သက်ဆိုင်ကြသောသူတို့ကို သိမ်မွေ့သောမေတ္တာနှင့် ညီအစ်ကိုစိတ်ထားဖြင့်ရှာဖွေရပါမည်။ စီးပွားရေးအသက်တာ၌ ကျင်လည်နေသောသူများ၊ အားကိုးထိုက်သောရာထူးရှိပုဂ္ဂိုလ်များ၊ တီထွင်ကြံဆနိုင်သော သိပ္ပံအတတ်၌အမြင်ရှိသူများ၊ ဉာဏ်ကြီးရှင်များ၊ ဤအချိန်အတွက် အထူးအမှန်တရားသို့ခေါ်ခြင်းမခံရသေးသည့် ဧဝံဂေလိဆရာများ– ဤပုဂ္ဂိုလ်များတို့သည် ခေါ်တော်မူခြင်းကို ဦးစွာကြားနာရန်သင့်သောသူများဖြစ်ပါသည်။ Christ's Object Lessons, p. 230. (1900) [Ev 555.1]

ကျွန်ုပ်တို့သည် လျစ်လျူရှုထားခဲ့သော ဆင်းရဲနွမ်းပါးသူများအကြောင်းများစွာပြောဆိုရေးသားခဲ့ပါသည်။ လျစ်လျူရှုထားသောကြွယ်ဝချမ်းသာသူတို့အပေါ် အာရုံတချို့ကိုလည်းစိုက်သင့်ကြပါသည်။ ဤအဆင့်အတန်းရှိသူများကို လူအများတို့မှ မျှော်လင့်ခြင်းကင်းမဲ့သူများဟုတွေ့မြင်ကြပြီး ထာဝရအတွက်ကိုမစဉ်းစားဘဲ မာရ်နတ်၏တန်ခိုးဖြင့် မျက်မမြင်ဘဝသို့ရောက်နေကြသောဤသူများအတွက် အနည်းငယ်သာသူတို့ဆောင်ရွက်နေကြပါသည်။ ထောင်ပေါင်းများစွာသောသူတို့သည် သတိပေးခြင်းမခံရဘဲ မိမိတို့၏သင်္ချိုင်းဂူထဲသို့ ရောက်ရှိခဲ့ကြရပါသည်။ အကြောင်းမှာ ပြင်ပပေါ်လွင်မှုအားဖြင့် မျှော်လင့်ခြင်းကင်းမဲ့သူများဟုသတ်မှတ်ကြကာ သူတို့ကိုရှောင်ဖယ်သွားကြပါသည်။ သို့သော် သူတို့၏ပြင်ပပေါ်လွင်မှုနှင့်ခြားနားပြီး ကျွန်ုပ်အားပြသခဲ့သည်မှာ အများသောဤအဆင့်အတန်းရှိသူတို့သည် ဝိညာဉ်အတွက်ပူပင်နေကြသူများဖြစ်သည်။ ဝိညာဉ်အစာငတ်နေသော ကြွယ်ဝချမ်းသာသူထောင်ပေါင်းများစွာရှိနေပါသည်။ အများသောသူတို့သည် မိမိတို့၏အသက်တာ၌



မရရှိသေးသောသူတို့မှ လိုအပ်နေသည်ဟုခံစားနေရသည့်အရာတစ်ခုရှိနေပါသည်။ ၎င်းအထဲ၌ အနည်းငယ်သောသူတို့သည် ဘုရားကျောင်းသို့သွားကြသော်လည်း အကျိုးမရရှိကြောင်း သူတို့ခံစားရပါသည်။ သွန်သင်မှုများသည် သူတို့၏စိတ်နှလုံးကိုထိတွေ့ခြင်းမရှိပါ။ သူတို့အတွက် တစ်ဦးချင်းကျွန်ုပ်တို့ကြိုးစား၍လုပ်ဆောင်ပေးသင့်ကြပါသည်။ Testimonies, vol. 6, p. 78. (1900) [Ev 555.2]

**အဆင့်အတန်းမြင့်သူများတို့ကိုချဉ်းကပ်ရန်ထက်မြက်သောအမှုဆောင်များ** – အဆင့်အတန်းမြင့်သူများထံသို့ ဝင်ရောက်ထိုးဖောက်သင့်သလောက် ထိုးဖောက်ခြင်းမပြုကြသေးပါ။ ဆင်းရဲသောသူများတို့အား ကျွန်ုပ်တို့ဟောပြောကြသောအခါ၊ စွမ်းရည်ရှိသူများတို့ကိုလည်း အကောင်းဆုံးဆွဲဆောင်နိုင်သောအလင်းတရားဖြင့် များစွာပို၍ပါးနပ်စွာ စိတ်ဆန္ဒအပြည့်အဝ ဘုရားကိုကြောက်ရွံ့သောကြိုးစားမှုဖြင့် သူတို့အားအမှန်တရားသို့ပို့ဆောင်ရပါမည်။ [Ev 555.3]

သို့သော် ဤကဲ့သို့ဆောင်ရွက်နိုင်ရန် အမှုဆောင်အားလုံးတို့သည် သူတို့၏ကိုယ်ကိုမြင့်ပြီး ထက်မြက်သောအသိဉာဏ်အဆင့်သို့ထားရှိရပါမည်။ သူတို့အနေဖြင့် မလိုအပ်ဟုနိမ့်ကျ၍ ရိုးရိုးအဆင့်ဖြင့်အသိဉာဏ်နည်းပြီး အဆင့်ရှိသူတို့အားဟောပြောသကဲ့သို့ ဟောပြောခြင်းပြု၍မရပါ။ သူတို့သည် အမှန်တရားကို ပညာသားပါပါဟောပြောနိုင်ရန်နှင့် အဆင့်အတန်းမြင့်သောသူများတို့ကို ဝင်ရောက်ချဉ်းကပ်နိုင်ရန် လိုအပ်သည့်အသိဉာဏ်ထက်မြက်ခြင်းကိုဆည်းပူးပြီး မိမိကိုယ်ကိုအကောင်းဆုံးပြင်ဆင်မှုပြုရပါမည်။ သူတို့၏စိတ်ဓာတ်သည် ပို၍မြင့်ရာသို့ရောက်ရှိပြီး ပို၍ကြီးသောခွန်အားနှင့်ကြည်လင်ခြင်းကိုပြသရပါမည်။ [Ev 556.1]

လွန်ခဲ့သောအချိန်၌ အဆင့်ပို၍မြင့်သောသူတို့အတွက် သင့်အားကျွန်ုပ်ဖော်ပြသကဲ့သို့ အဘယ်ကြောင့်ကြိုးစား၍မဆောင်ရွက်ရသည့်အကြောင်းရင်းတစ်ခုမှာ၊ လူတို့သည် ဘုရားသခင်၌ယုံကြည်မှုမရှိခြင်းနှင့် စစ်မှန်သောရဲရင့်ခြင်းသတ္တိမရှိခြင်းကြောင့်ဖြစ်သည်။ Manuscript 14, 1887. [Ev 556.2]

**သေချာစွာအစာချိတ်ထားသောငါးမျှားချိတ်တစ်ခုဖြင့်** – ထက်မြက်သောသူ၊ ကောင်းသောသူများစွာကျော်လွန်သွားခဲ့ပါသည်။ ဤလူတန်းစားကိုရယူရန် ငါးမျှားချိတ်၌အစာမချိတ်ထားပါ။ အမှန်တရားသူတို့ထံသို့ရောက်ရှိပြီး သူတို့အားကယ်တင်ခြင်းသို့ပို့ဆောင်နိုင်မည့်နည်းလမ်းနှင့်စနစ်များကိုလည်း သေချာစွာစီမံထားခြင်းမရှိပါ။ ယေဘုယျအားဖြင့် ခေတ်ဆန်၍ကြွယ်ဝချမ်းသာပြီး မာနထောင်လွှားသောသူတို့သည် ဗဟုသုတအားဖြင့် သူတို့နားလည်ရသည်မှာ ပျော်ရွှင်ခြင်းကို ငွေကြေးများစွာပိုင်ဆိုင်ခြင်း၊ တန်ဖိုးကြီးသောအဆောက်အဦများ၊ လှပသောတန်ဖိုးကြီးသည့်အိမ်ထောင်ပရိဘောဂနှင့်ရုပ်ကားများတို့ရှိခြင်းအားဖြင့်မဟုတ်ကြောင်းဖြစ်ပါသည်။ သူတို့၌မရှိသည့်အရာတစ်ခုကို သူတို့လိုချင်နေသည်။ သို့သော် ဤအဆင့်ရှိသူတို့သည် တစ်ယောက်နှင့်တစ်ယောက်အပေါ်၌သာ ဆွဲဆောင်မှုရှိနေကြပြီး သူတို့ထံသို့ဝင်ရောက်ချဉ်းကပ်နိုင်ရန် ခက်ခဲရခြင်းသည် သူတို့အားတစ်စုံတစ်ခုမျှ သူတို့၏စိတ်ကို ချမ်းသာခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းပေးမည်ဟုတောင့်တကြသော်လည်း ဤအရာများစွာတို့အားဖြင့် မိမိတို့၏အပြစ်များ၌ ပျက်စီးနေကြပါသည်။ သူတို့သည် ဖြောင့်မတ်ခြင်း၏အလင်း၊ ယေရှုကိုလိုအပ်လျက်ရှိနေပါသည်။ [Ev 556.3]

အဆင့်အတန်းရှိသောလူစုကြီးကို ဟောပြောခြင်းမပြုကြဘဲ ချန်လှပ်ထားရခြင်းသည် သေချာသောအခြားလုပ်ငန်းများတို့ကို သေချာသောနည်းဖြင့်ဆောင်ရွက်နေကြခြင်းကြောင့်ဖြစ်သည်။ [Ev 556.4]

ချမ်းသာသောသူများတို့ကို ကယ်ရန်ကြိုးစားခြင်းမရှိ၊ လျစ်လျူရှုထားခြင်းကြောင့် သူတို့သည် မိမိတို့ကိုယ်တိုင်အတွေးအခေါ်ထဲ၌သာ တစ်နေ့တခြားပို၍ခိုင်မြဲနေကြပြီး ကယ်တင်ခြင်းမှဝေးကွာရပါသည်။ သူတို့ကိုယ်တိုင်မှရရှိသောအတွေးများနှင့်ဆက်ဆံခြင်းများတို့သည် သူတို့၏စဉ်းစားဉာဏ်ထဲ၌ ထာဝရအရာကိုပျောက်ဆုံးသွားစေပါသည်။ သူတို့သည် ပို၍စိတ်နေမြင့်လာပြီး တစ်ကိုယ်ကောင်းဆန်ခြင်း၊ စိတ်နှလုံးခိုင်မာပြီး သူတို့နှင့်အလွယ်တကူဆက်ဆံ၍မရခြင်း၊ လူတိုင်းပိုက်ဆံလိုချင်ကြသည်ဟု အထင်အမြင်



လွဲခြင်း အစရှိသည့်စိတ်ဓာတ်မျိုးရှိကြသောကြောင့် သူတို့ကိုတွေ့မြင်ရသောအခါ သူတို့၏ချမ်းသာကြွယ်ဝမှုအပေါ် ငြူစူရမည့်အစား၊ သနားရမည်ကို ဆင်းရဲသားများတို့နှင့်အများသောသူတို့သည် သူတို့အပေါ်ငြူစူနေကြပါသည်။ ဤအရာများအားလုံးကို ကယ်တင်ခြင်းအမှန်တရား၏တန်ခိုးတော်အောက်သို့ ယူဆောင်လာပါ။ သို့မှသာ ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်ခြင်းသည် ပို၍အောင်မြင်မှုရရှိပြီး ရှေ့သို့တိုးတက်ခြင်းရှိပါလိမ့်မည်။ Manuscript 66, 1894. [Ev 556.5]

**နှုတ်ကပတ်တော်အမှန်တရားအားဖြင့်ဆွဲဆောင်ခြင်း** – လောက၌ယုံကြည်စိတ်ချရသောအဆင့်အတန်းမြင့်သူတို့အား ရှင်းလင်းပြတ်သားသောနှုတ်ကပတ်တော်ထွက်ဆိုချက်အမှန်တရားအားဖြင့်သာ ဆွဲဆောင်နိုင်မည်ဖြစ်သည်။ Letter 111, 1904. [Ev 557.1]

**ပြင်းထန်သောငြင်းခုံခြင်းကိုရှောင်ပါ** – ကျော်ကြားသူများ၊ ပညာရှိသူများတို့ကို ပြင်းထန်သောငြင်းခုံခြင်းအားဖြင့် သူတို့ကိုဆွဲဆောင်၍မရဘဲ ရိုးသားသောဘုရားတရားကြည်ညိုသည့်အသက်တာအားဖြင့်သာ ဆွဲဆောင်နိုင်မည်ဖြစ်သည်။ အသက်နှင့်တိုးတက်မှုကိုပေးနိုင်သော ရှင်သန်ခြင်းအပြည့်အဝရှိသည့်ဘာသာရေးသည် ကောင်းသောစိတ်စွဲလမ်းစေနိုင်သည့်သြဇာကိုပေးနိုင်ပါလိမ့်မည်။ ခရစ်တော်၏ဝိညာဉ်အလုပ်လုပ်ခြင်းအားဖြင့် တန်ဖိုးရှိသောအမှန်တရား၏မျိုးစေ့သည် စိတ်နှလုံးထဲ၌နေရာယူသောအခါ ထိုသူသည် အပြစ်သားများ၏ပြင်းထန်သောစိတ်၊ မောက်မာခြင်း၊ နားမလည်ခြင်းများတို့ကို တွေ့ရှိရလိမ့်မည်။ ဤအရာအားလုံးတို့သည် စိတ်နှလုံးဗိမာန်ထဲမှကင်းစင်ရမည်ဖြစ်ပြီး ဘုရားသခင်၏ကျေးဇူးတော်ကိန်းအောင်းရာ စည်းကမ်းတစ်ခုဖြစ်လာရပါမည်။ ထိုအခါ အမှန်တရား၏စည်းကမ်းအားလုံး ဘုရားသခင်၏ဥယျာဉ်၌ နှိမ့်ချခြင်း၊ နူးညံ့ခြင်း၊ သည်းခံခြင်းနှင့်မေတ္တာပန်းများ ဖူးပွင့်လာပါလိမ့်မည်။ Letter 6b, 1890. [Ev 557.2]

**အမှန်တရားကိုကိန်းဂဏန်းများနှင့်ပုံပြင်သာဓကများဖြင့်ဟောပြောပါ** – အမှန်တရားကိုနည်းလမ်းအမျိုးမျိုးအားဖြင့် တင်ဆက်ဟောပြောရပါမည်။ ကိန်းဂဏန်းနှင့်ဥပမာပုံပြင်များအားဖြင့် ဟောပြောတင်ဆက်ခြင်းကြောင့် အသက်တာ၌ပို၍အဆင့်အတန်းမြင့်သောသူတချို့ လက်ခံနိုင်မည်ဖြစ်ပါသည်။ Medical Ministry, p. 318. (1905) [Ev 557.3]

**လွယ်ကူသောဧဝံဂေလိသတင်းစကားအားဖြင့်ဆွဲယူခြင်း** – ကျော်ကြားသူများအတွက် လူသားများတို့၏တန်ခိုးဖြင့် ကြိုးစားလုပ်ဆောင်ခြင်းထက် ဧဝံဂေလိသတင်းစကား၏လွယ်ကူရိုးစင်းသောတန်ခိုးသြဇာသည် သူတို့ကိုပို၍လွယ်ကူစွာဆွဲဆောင်နိုင်ပါသည်။ ဘုရားကိုပို၍အားကိုးပြီး အတ္တစိတ်ကိုဖျောက်ပစ်ရပါမည်။ ဘုရားသခင်သည် ဝိညာဉ်တော်ပို့ဆောင်သော အားအနည်းဆုံးလူသားကိုယ်စားလှယ်အားဖြင့် အလုပ်လုပ်သွားလိမ့်မည်။ Letter 72, 1899. [Ev 557.4]

**အသိဉာဏ်နှင့်ငွေကြေးများတို့၏စွမ်းရည်** – ကျွန်ုပ်တို့သည် ယုံကြည်ကိုးစားရသော ရာထူးရာခံရှိသည့်ပုဂ္ဂိုလ်များအတွက် အထူးသောအလုပ်ကိုလုပ်ဆောင်ကြရမည်။ ဘုရားသခင်သည် မိမိ၏ပစ္စည်းဥစ္စာများအားဖြင့် သူပေးအပ်သောသူများတို့ကို သူ၏အမှုတော်၌ မိမိတို့၏အသိဉာဏ်စွမ်းရည်နှင့်ငွေကြေးများတို့ဖြင့် အသုံးပြုရန်ခေါ်တော်မူသည်။ တချို့သောသူတို့သည် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏ငွေကြေးကို အမှုတော်တိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသောလှုံ့ဆော်ခြင်းကို ခံရလိမ့်မည်။ ဘုရားသခင်၏ရည်ရွယ်ချက်ကိုသူတို့သည် ကျွန်ုပ်တို့၏မြို့ကြီးများတို့၌ တန်ခိုးသြဇာဗဟိုဌာနများဖန်တီးရန်ကူညီခြင်းအားဖြင့် ဖြည့်ဆီးပေးလိမ့်မည်။ ကျွန်ုပ်တို့၏အမှုဆောင်များတို့သည် ကျွန်ုပ်တို့၏လိုအပ်ချက်များဖြစ်သော ရှင်းလင်းသည့်ဖော်ပြချက်တစ်ခုကို ဤပုဂ္ဂိုလ်များတို့၏ရှေ့၌ဖော်ပြသင့်သည်။ ဆင်းရဲသားများနှင့်လိုအပ်သူများတို့ကိုမစရန်နှင့် ခိုင်မာသောအခြေခံအပေါ် အလုပ်ကိုတည်ထောင်ရန် ကျွန်ုပ်



တို့၏လိုအပ်သည့်အရာကို သူတို့အားသိစေပါ။ Medical Ministry, p. 329. (1900) [Ev 558.1]

**ကော်နေလိနှင့်တူသောလူတို့အတွက်လုပ်ဆောင်ပါ** – ကော်နေလိ၏အကြောင်းအရာမှ ကျွန်ုပ်တို့ကောင်းမွန်စွာလုပ်ဆောင်ပြီး နားလည်ရန်သင်ခန်းစာတစ်ခုရယူနိုင်ပါသည်။ ကောင်းကင်အရှင်ဘုရားသည် သူ၏စေတမန်များတို့အားဤကမ္ဘာသို့ပို့ဆောင်ပြီး အမှန်တရားသင်ကြားပေးနိုင်သည့်အခြေအနေများသို့ရောက်ရှိရန်စီစဉ်ကာ ပေတရုနှင့်ကော်နေလိကို ဆက်သွယ်ပေးခဲ့ပါသည်။ ကောင်းကင်တမန်၏လုပ်ဆောင်မှုကြောင့် ပေတရုကို အမှန်တရားဆည်းပူးသိရှိလိုသောဝိညာဉ်များတို့နှင့် အမှန်တရားကိုကြားနာနိုင်ရန် အရာခပ်သိမ်းအတွက်ပြုပြင်ထားပြီး ကြီးမားသောအလင်းကိုရရှိရန် ပူးပေါင်းပေးခဲ့ပါသည်။ [Ev 558.2]

ကော်နေလိနှင့်သူ၏အိမ်ထောင်မိသားစုပြောင်းလဲခြင်းသည် ကမ္ဘာပေါ်ရှိ ကောက်ရိတ်သိမ်းခြင်းတစ်ခု၏ပထမဦးဆုံးအသီးအနှံများတို့ကို စုသိမ်းခြင်းဖြစ်ပါသည်။ ဤအိမ်ထောင်မိသားစုမှစပြီး ကြီးမားသောကျေးဇူးတော်၏အလုပ်သည် ဘုရားတရားမသိရှိရသေးသောမြို့များသို့ သယ်ဆောင်သွားခြင်းကိုပြုလုပ်နိုင်ခဲ့ပါသည်။ Letter 17, 1900. [Ev 558.3]

ဘုရားသခင်၏လူများအထဲမှ နိုးကြားခြင်းတစ်ခုဖြစ်ပေါ်ရန်လိုအပ်ပြီး သူ၏အလုပ်ကို တန်ခိုးဖြင့်ရှေ့သို့သယ်ဆောင်သွားနိုင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် နှစ်ခြင်းခံယူရန်လိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူတို့အဆင့်သို့ စွမ်းရည်နှင့်သြဇာရှိသူများတို့ကို ကမ္ဘာသို့သတိပေးရမည့် မိမိတို့၏တာဝန်ကိုဆောင်ရွက်ရန် တိုးပွားများပြားစေလိမ့်မည်။ ကမ္ဘာပေါ်ရှိလူတို့သည် ဥပဒေမဲ့သူများ၊ ဆိုးသွမ်းသူများအားလုံးမဟုတ်ပါ။ ဗာလဘုရားရှေ့၌ဒူးမထောက်သော ဘုရားသခင်၏လူထောင်ပေါင်းများစွာရှိသည်။ မမှန်သောအသင်းတော်များအထဲ၌ ဘုရားကိုကြောက်ရွံ့သောသူများစွာရှိနေပါသည်။ အကယ်၍ ထိုသို့မဟုတ်ပါက "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊

ပြိုလဲပြီ၊ သူ၏အထဲမှထွက်ခဲ့ကြငါ့လူတို့” ဟူသောသတင်းကိုသယ်ဆောင်ရန် သူစေခိုင်းမည်မဟုတ်ပါ။ [Ev 558.4]

ဧဝံဂေလိသတင်းစကားကို ကျွန်ုပ်တို့၏မြို့များတို့၌ ကြွေးကြော်ရလိမ့်မည်။ ပညာရှိသူများနှင့်သြဇာရှိသူများတို့သည် သတင်းစကားကိုကြားရပါလိမ့်မည်။ မျက်နှာဖြူများသာမက၊ စွမ်းရည်ရှိသောလူမည်းများတို့လည်း ယုံကြည်ခြင်းကိုလက်ခံရန်ဖြစ်သည်။ သူတို့၏လူအတွက် သူတို့မှအလုပ်လုပ်ကြရမည်ဖြစ်ပြီး ဘုရားသခင်၏ဆန္ဒရှိသည့်အတိုင်း လုပ်ငန်းပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် သူတို့ကိုပံ့ပိုးကြရပါမည်။ [Ev 559.1]

ဘုရားသခင်၏အမှုတော်လုပ်ငန်း၌ ပို၍များစွာဆုတောင်းခြင်း၊ ပို၍များစွာခရစ်တော်နှင့်တူညီခြင်း၊ ပို၍များစွာဘုရားသခင်၏အလိုတော်နှင့်အညီလိုက်လျှောက်ခြင်းများတို့ကို ရှိစေရပါမည်။ ပြင်ပပေါ်လွင်ထင်ရှားခြင်း၊ အကျိုးမဲ့ငွေကြေးဖြုန်းတီးခြင်းတို့သည် လုပ်ငန်းကိုပြီးစီးစေမည်မဟုတ်ပါ။ ကောင်းကင်မှအသက်ရှူရှိုက်ခြင်းတစ်ခုအတွက် လူအများတို့သည် ဆုပ်ကိုင်လျက်ရှိကြပါသည်။ ဘုရားသခင်ချမှတ်ထားသောပုံစံနှင့်အညီ သူတို့ထံသို့သတင်းစကားကိုယူဆောင်လာသောအခါ၊ သူတို့သည် ဧဝံဂေလိသတင်းစကားဖြစ်ကြောင်းကို သိရှိကြလိမ့်မည်။ [Ev 559.2]

စီးပွားရေးဆူညံသံနှင့်ကုန်ကူးသန်းရောင်းဝယ်ရေး၌ ငြင်းခုံသံဖြင့် အလုပ်များနေကြသော ဤကမ္ဘာကြီးအထဲတွင် လူတို့သည် ကိုယ်ကျိုးအတွက်တစ်ကိုယ်ကောင်းစိတ်ဖြင့် ကြိုးစား၍အရာခပ်သိမ်းကိုရယူကြသည့်အချိန်၌ ခရစ်တော်သည်ကြွဆင်းလာပြီး ရှုပ်ထွေးမှုများအပေါ် ဘုရားသခင်၏ခရာသံကဲ့သို့ သူ၏အသံကိုဤကဲ့သို့ကြားရပါသည်။ “လူသည် ဤစကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်အကျိုးကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။” [Ev 559.3]

သူတို့အသိအမှတ်ပြုခြင်းပျောက်ဆုံးသွားခဲ့သည့် သာ၍မြင့်မြတ်သောကမ္ဘာသို့ ခရစ်တော်သည် လူတို့ကိုပြညွှန်ပြီး ဤမြို့သည် ဘုရားသခင်



တည်ဆောက်၍ပြုလုပ်ခဲ့သော ထာဝရတည်မြဲမည့်မြို့တစ်မြို့တည်းသာဖြစ်မည့်အကြောင်း သူတို့အားပြောပြခဲ့ပါသည်။ သူတို့အား ဘုရားသခင်၏အသက်ရှင်သောဘုန်းတော်ဖြင့်သန့်ရှင်းစေသည့်ကောင်းကင်၏ဝင်ပေါက်ကိုပြပြီး ကောင်းကင်နိုင်ငံတော်၏ဘဏ္ဍာများသည် အောင်မြင်သောသူများအတွက်ဖြစ်ကြောင်း သူတို့အားခိုင်မာစွာပြောဆိုခဲ့သည်။ ထာဝရအသက်ရှင်ခြင်းအမွေအနှစ်ကိုရရှိရန်၊ သန့်ရှင်းသောရည်မှန်းချက်ကိုကြိုးစားအားထုတ်ရယူရန် သူတို့အားဘုရားသခင်ခေါ်တော်မူသည်။ မိမိတို့၏ဘဏ္ဍာကို ဘုရားသခင်၏ပလ္လင်တော်နား၌ချထားရန် သူတို့အားဘုရားသခင်တောင်းဆိုပါသည်။ ထို့နောက်သူတို့သည် မိမိတို့၏ကိုယ်ကိုအပင်ပန်းခံစေပြီး လောကီဘဏ္ဍာကိုရရှိခြင်းထက် ခရစ်တော်အတွက်စိတ်ရောကိုယ်ပါ ခွန်အားရှိသမျှဖြင့်ဆောင်ရွက်ရမည်ဖြစ်သည်။ မိမိတို့၏စွမ်းရည်ကိုအသုံးပြုသောနည်းဖြင့် သူ့အတွက်ဝိညာဉ်များကိုအောင်မြင်စေရန် ဤလောက၌ရှိသောအလုပ်များတို့ထက် သာ၍အရေးကြီးသောအလုပ်ကို သူတို့လုပ်ဆောင်ကြပါလိမ့်မည်။ [Ev 559.4]

ဤလောက၌ရှိသော ငွေကြေးကြွယ်ဝသူများ သတိပြုရမည့်သတိပေးစကားကို ဤကဲ့သို့ဖော်ပြထားပါသည်။ “ဤဘဝ၌ ငွေရတတ်သူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍၊ မမြဲသောစည်းစိမ်ကိုမကိုးစားဘဲ၊ ငါတို့ခံစားဖို့ရာ အလုံးစုံတို့ကိုကြွယ်ဝစွာပေးသနားတော်မူသော အသက်ရှင်တော်မူသောဘုရားသခင်ကို ကိုးစားရမည်အကြောင်းနှင့် သူတစ်ပါးအားကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကိုဝင်စားလိုသောငှာ နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကိုပြုရမည်အကြောင်းပညတ်ထားလော့။” Letter 51, 1902. [Ev 560.1]

**ဘုရင်များနှင့်အရာရှိများကြားစေရမည်** – အလင်းကိုရှင်ဘုရင်များနှင့် ကမ္ဘာပေါ်ရှိကျော်ကြားသူများထံသို့ ယူဆောင်သွားရမည်။ သူတို့သည် ဘုရားသခင်၏အစေခံများသက်သေခံခြင်းကိုကြားခဲ့ရပြီးနောက်မှ ပြန်လည်၍ “သူ၏

စကားကိုငါနားထောင်ရမည်မှာ ထိုဘုရားကားအဘယ်သူနည်း” ဟုပြောသကဲ့သို့ သူတို့သည် ပြန်လည်ပြောကြသည့်တိုင် သူတို့ထံသို့အလင်းကိုသယ်ဆောင်သွားရပါမည်။ [Ev 560.2]

ရှင်ဘုရင်များ၊ အစိုးရအရာရှိများနှင့်ကျော်ကြားသူများတို့သည် သင့်ကိုမုန်းတီးသောသူများထံမှ သင်တို့၏အကြောင်းကိုကြားရသည့်အတွက် သင်တို့၏ယုံကြည်ခြင်းနှင့်စာရိတ္တသည် သူတို့ရှေ့၌မှားယွင်းစွာဖော်ပြထားမည်ဖြစ်ပါသည်။ သို့သော် မှားယွင်းစွာစွပ်စွဲခြင်းခံရသောသူတို့သည် သူတို့အားစွပ်စွဲသူတို့ရှေ့၌ သူတို့ကိုယ်တိုင်အတွက်ဖြေရှင်းရန် အခွင့်အရေးရရှိကြပါမည်။ ကမ္ဘာ့ကျော်ကြားသူတို့ရှေ့၌ သူတို့သည် အလင်းကိုသယ်ဆောင်ခွင့်ရကြပေလိမ့်မည်။ အကယ်၍သင်သည် ကျမ်းစာကိုလေ့လာထားပြီး သင့်ကိုမေးမြန်းလာသူတို့အား သင်၏ယုံကြည်မျှော်လင့်ခြင်းကို နူးညံ့သိမ်မွေ့ကြောက်ရွံ့သောစိတ်ဖြင့် အဆင်သင့်ဖြေဆိုနိုင်ပါက သင်၏ရန်သူတို့သည် သင်၏ပညာကိုငြင်းဆို၍ရမည်မဟုတ်ပါ။ Review and Herald, April 26, 1892. [Ev 560.3]

**တိုင်းပြည်ခေါင်းဆောင်များတို့ကိုသတိပေးခြင်း –** နိုင်ငံခေါင်းဆောင်များတို့သည် မိမိတို့၏ခြေကို ထာဝရအမှန်တရား၏စင်မြင့်ပေါ်မှာ စိုက်ထူထားရန်လိုအပ်သည်။ သူတို့၏အိမ်များတို့ကို အသိတရားမရှိခြင်းကြောင့် သဲပေါ်မှာသူတို့အားဆောက်ခွင့်မပြုသင့်ပါ။ ဤပုဂ္ဂိုလ်များတို့ကို ဘုရားများအဖြစ်ဝတ်မပြုရပါ။ သူတို့၏အပြုအမူများအတွက် သူတို့သည် ဘုရားနှင့်ဖြေရှင်းရန်တာဝန်ရှိသည်။ အကယ်၍သူတို့သည် မိမိတို့၏အုပ်ချုပ်မှုအောက်၌ရှိသောသူတို့အားဖျက်ဆီးခြင်းသို့ရောက်သည့်တိုင်အောင်ပြုလုပ်ပါက ဘုရားထံသို့အဖြေပေးရပါလိမ့်မည်။ Letter 187, 1903. [Ev 561.1]

**တိုးတက်ကြီးပွားခြင်း၏အန္တရာယ်များ –** လူတို့၏သမိုင်းစဉ်တစ်လျှောက်၌ တိုးတက်ကြီးပွားခြင်းသည် မည်မျှအန္တရာယ်ရှိကြောင်း သင်ယူကြရပါသည်။ အကြီးဆုံးအန္တရာယ်သို့ရောက်ရှိသူများတို့သည် မိမိတို့၏ငွေကြေးဆုံးရှုံးခြင်းနှင့်





ပစ္စည်းဥစ္စာဆုံးရှုံးခြင်းကြောင့်မဟုတ်ပါ။ ကံကြမ္မာကောင်းသောသူနှင့် ရာထူးရာခံမြင့်မားခြင်းသို့ရောက်သောသူများသာဖြစ်သည်။ ဤအရာများအတွက် သတိပြုပြီး စိတ်အားထက်သန်စွာလုပ်ဆောင်ရန်လိုအပ်သည်။ ဘေးဒုက္ခကြုံရခြင်းသည် စိတ်ဓာတ်ကျစေနိုင်သည်။ သို့သော် တိုးတက်ကြီးပွားခြင်းသည် လွန်စွာဝါကြွားခြင်းသို့ပို့ဆောင်စေနိုင်ပါသည်။ [Ev 561.2]

ဆုတောင်းခြင်းများကို ဒုက္ခကြုံတွေ့ရသူတို့အတွက် တောင်းဆိုပေးကြခြင်းသည် လုပ်သင့်သောအရာတစ်ခုဖြစ်သည်။ သို့သော် စိတ်ပါစွာအကောင်းဆုံးဆုတောင်းခြင်းများကို တိုးတက်ကြီးပွားသောအဆင့်၌ရှိနေသူများအတွက်ပြုလုပ်ပေးသင့်ပါသည်။ ဤပုဂ္ဂိုလ်များတို့သည် ဝိညာဉ်ပျောက်ဆုံးနိုင်သည့်အကြီးဆုံးသောအန္တရာယ်၌ ရှိနေကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုလေးစားပြီး ကျွန်ုပ်တို့၏ကိုးစားရာအဖြစ်ထားသောအခါ အရှက်ခွဲသိက္ခာချခြင်း၏ချိုင့်ဝှမ်းထဲ၌ လုံခြုံစွာကျွန်ုပ်တို့လျှောက်လှမ်းနိုင်ပါသည်။ မြင့်မားသောအရပ်၌ကျွန်ုပ်တို့ရှိနေပြီး ချီးမွမ်းခြင်းအသံကိုကြားရခြင်းနှင့် ကျွန်ုပ်တို့၏ဉာဏ်ပညာနှင့်ကြီးမြတ်ခြင်း အလွန်ဂုဏ်ပြုချီးကျူးခြင်းခံရသောအခါ၊ ကျွန်ုပ်တို့ကိုစောင့်ရှောက်ရန် အထူးတန်ခိုး၊ အထူးလက်ရုံးလိုအပ်ပါသည်။ [Ev 561.3]

ဤအသိတရားသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်မတူသောသူတို့အား အထူးဂရုပြုသင့်ပါသည်။ ချီးမြှောက်ခြင်းနှင့်ချီးမွမ်းခြင်းခံရသောသူများတို့သည် သူတို့ရရှိသည်ထက်ပို၍ ခရစ်တော်၏ရိုးသားခြင်းအမအစကို လိုအပ်လျက်ရှိပါသည်။ သူတို့သည် ပျက်စီးခြင်းမှလွတ်မြောက်ရန် ပို၍ခွဲဖြင့်စိတ်အားထက်သန်စွာဆုတောင်းခြင်းကို လိုအပ်လျက်ရှိပါသည်။ Letter 72, 1899.

## အခြားဘာသာရေးအဖွဲ့အစည်းများတို့၏ခေါင်းဆောင်များ

**အခြားယုံကြည်ခြင်း၌ရှိသောဓမ္မဆရာများတို့နှင့်နီးကပ်စွာနေပါ –** ကျွန်ုပ်တို့၏ဓမ္မဆရာများတို့သည် အခြားဘာသာရေးဂိုဏ်းဂဏဓမ္မဆရာများတို့နှင့် နီးကပ်

စွာရှိနိုင်ရန် နည်းလမ်းရှာဖွေသင့်သည်။ သူတို့အတွက်သော်လည်းကောင်း၊ သူတို့နှင့်အတူသော်လည်းကောင်း ခရစ်တော်သူတို့အတွက်ဆုတောင်းပေးသကဲ့သို့ဆုတောင်းပါ။ အရေးကြီးသောတာဝန်တစ်ခုသည် သူတို့အတွက်ဖြစ်သည်။ ခရစ်တော်၏စေတမန်များကဲ့သို့ ကျွန်ုပ်တို့သည် သိုးစု၏ဤသိုးထိန်းများအပေါ်လေးနက်၍ အထူးစိတ်ဝင်စားမှုဖော်ပြသင့်ပါသည်။ Testimonies, vol. 6, p. 78. (1900) [Ev 562.1]

**အခြားဓမ္မဆရာများအတွက်အရေးကြီးသောလုပ်ဆောင်ခြင်း** – ကျွန်ုပ်တို့၏ယုံကြည်ခြင်းမဟုတ်သော ဓမ္မဆရာများအတွက် ပညာသားအပါဆုံးနှင့်အကောင်းဆုံး လုပ်ဆောင်ပေးသင့်ကြသည်။ အခြားအသင်းတော်များတို့၏ဓမ္မဆရာများအားဖြင့် မှားသောလမ်းသို့ပို့ဆောင်ခြင်းခံရမည်ကိုစိုးရိမ်ခြင်းထက် ပို၍အခြားကိစ္စကိုဂရုမပြုသောသူများစွာရှိသည်။ အသက်ပေးနိုင်သောနှုတ်ကပတ်တော်ကို လွဲမှားစွာအဓိပ္ပါယ်ကောက်ယူရန် ပညာပေးခံခဲ့ရသော ဤရိုးသားသည့်ဓမ္မဆရာများတို့အတွက် သစ္စာရှိပြီးဘုရားကိုကြောက်ကာ ဘုရားသခင်၌ခရစ်တော်အားဖြင့် မိမိတို့၏အသက်တာကိုအပ်နှံသော စိတ်အားထက်သန်သည့်အမှုဆောင်များတို့မှ ဆုတောင်းလုပ်ဆောင်ပေးသွားကြရမည်ဖြစ်သည်။ [Ev 562.2]

ဤဓမ္မဆရာများတို့အတွက် ကျွန်ုပ်တို့၏ဓမ္မဆရာများသည် မိမိတို့၏အထူးသောအလုပ်တစ်ခုအဖြစ် လုပ်ဆောင်သွားကြရမည်။ သူတို့နှင့်အငြင်းပွားခြင်းမပြုရပါ။ သို့သော် သူတို့၏သမ္မာကျမ်းကို လက်ထဲ၌ကိုင်စေပြီး လေ့လာရန် သူတို့အားတိုက်တွန်းပါ။ ဤကဲ့သို့ပြုပါက ယခုမှားယွင်းသောသတင်းစကားဟောပြောနေသည့် ဓမ္မဆရာများစွာတို့သည် ဤအချိန်၌အမှန်တရားကိုဟောပြောနိုင်လိမ့်မည်။ Letter 72, 1899. [Ev 562.3]

**အဘယ်ကြောင့်သူတို့ကိုလျစ်လျူရှုသင့်ပါသနည်း** – ကျဉ်းမြောင်းသောစီမံကိန်းများကြောင့် ကျွန်ုပ်တို့၏လူတို့သည် များစွာဆုံးရှုံးခဲ့ရပြီး၊ ပို၍ထက်မြက်သောပညာအဆင့်အတန်းမြင့်သူများတို့ကို ဝင်ရောက်၍မချဉ်းကပ်နိုင်ရခြင်းဖြစ်သည်။ အများအားဖြင့် မယုံကြည်သောသူများတို့ကို စိတ်ဝင်စားရန်လုပ်ဆောင်ကြရာ၌ အနည်းငယ်သာအကျိုးရရှိခဲ့သည်။ ဘာသာရေးစိတ်အားထက်သန်မှုကြောင့် တချို့သောသူတို့သည် လမ်းလမ်းပြီးခွဲထွက်ကြသည်ကိုသူတို့၏မျက်စိအောက်၌ လုံးလုံးမြင်တွေ့ကြရသည်။ ကောင်းသောလုပ်ဆောင်ခြင်းနည်းစနစ်လိုအပ်နေသောကြောင့် ကျွန်ုပ်တို့များစွာဆုံးရှုံးခဲ့ရသည်။ ကြိုးစားမှုတိုင်းတို့၌ လုပ်ဆောင်ခြင်းအတွက် ကောင်းသောအကျင့်စာရိတ္တနှင့်ဂုဏ်သိက္ခာကို ပေးဆောင်သင့်ကြသည်။ [Ev 562.4]

ဓမ္မဆရာများနှင့်ဩဇာရှိသောသူများတို့ကို ဝင်ရောက်ထိုးဖောက်နိုင်ရန် ပညာများစွာလိုသည်။ သူတို့သည် ကျွန်ုပ်တို့၏လူများအနီးအနား၌ရှိနေလျက်နှင့် အဘယ်ကြောင့်သူတို့ကိုလျစ်လျူရှုနေကြရပါသနည်း။ ဤပုဂ္ဂိုလ်များတို့သည် မိမိတို့အားဘုရားသခင်အပ်နှံထားသော စွမ်းရည်အတိုင်းအတာရှိသည့်အလျောက် ဘုရားသခင်အတွက်လုပ်ဆောင်ရန်တာဝန်ရှိပါသည်။ များစွာပေးခြင်းခံရသူတို့အား များစွာပြန်လည်၍တောင်းဆိုခြင်းခံရလိမ့်မည်။ ဤအဆင့်အတန်းမြင့်သူများတို့ကို မည်ကဲ့သို့ချဉ်းကပ်နိုင်ရန်သင်ယူရာတွင် ပညာအတွက်ကျွန်ုပ်တို့ပို၍လေ့လာရန်နှင့် ပို၍ဆုတောင်းရန်မသင့်ပေဘူးလား။ အကယ်၍ ဤပုဂ္ဂိုလ်များတို့သည် စစ်မှန်သောပြောင်းလဲခြင်းရှိပါက အခြားသူများတို့ကိုတစ်ဆင့်အောင်မြင်ရန် ဘုရားသခင်၏လက်ထဲ၌ ပြုပြင်ခြင်းခံရမည်ဖြစ်သောကြောင့် ဤဝိညာဉ်များတို့ကိုရရှိရန် ပညာနှင့်ပါးနပ်မှုကိုအသုံးမပြုသင့်ပေဘူးလား။ အကယ်၍ ကြီးမားသောစွမ်းရည်ကို ဘုရားသခင်ပေးအပ်ထားသည့်ဝိညာဉ်များတို့အား ခရစ်တော်နှင့်အမှန်တရားထံသို့ပို့ဆောင်နိုင်ပါက သူတို့အားဖြင့် ကျွန်ုပ်တို့၏ဩဇာသည် အမြဲကျယ်ပြန့်ပြီး ကောင်းကျိုးအတွက် များစွာသောတန်ခိုးတစ်ခုဖြစ်လာပါလိမ့်မည်။ [Ev 562.5]

အမှုတော်ဆောင်များဆောင်ရွက်ရန် ယခုတိုင်အကုန်အစင်နားမလည်နိုင်သော ဘုရားသခင်၌အလုပ်တစ်ခုရှိပါသည်။ ဓမ္မဆရာများနှင့်ကမ္ဘာ့ပညာရှိများတို့သည် လက်ရှိအမှန်တရား၏အလင်းဖြင့် စစ်ဆေးခြင်းခံရကြမည်။

တတိယကောင်းကင်တမန်သတင်းစကားသည် သူတို့ရှေ့၌အမြော်အမြင်ပြည့်စုံစွာ ၎င်း၏စစ်မှန်သောဂုဏ်သိက္ခာဖြင့်ဖော်ပြကြရမည်။ ဘုရားသခင်နှင့်ဆိုင်သည့်အရာကို အကောင်းဆုံးစိတ်အားထက်သန်စွာရှာဖွေခြင်း၊ အကောင်းဆုံးစေ့စေ့စပ်စပ်လေ့လာခြင်းပြုရမည်။ အကြောင်းမှာ ဘုရားသခင်၏အမှုတော်ကို စီမံကိန်းချမှတ်ရာ၌ ပို၍မြင့်သောစင်မြင့်ပေါ်သို့ထားရှိနိုင်ရန် စိတ်နှင့်ဆိုင်သောတန်ခိုးများကို အသုံးပြုကြရပါမည်။ ထိုအရာသည် အမြဲဖြစ်သင့်သောအရာဖြစ်သော်လည်း လူတို့၏ကျဉ်းမြောင်းသောအတွေးအခေါ်များနှင့် ကန့်သတ်ထားသောစီမံကိန်းသည် ၎င်းကိုနိမ့်ကျစေပါသည်။ Review and Herald, Nov. 25, 1890. [Ev 563.1]

**အမှန်တရားကိုလူတိုင်းလက်မခံပါ** – အကောင်းဆုံးစိတ်အားထက်သန်စွာဖြင့်ကြိုးစားပြီး အမှန်တရားကိုကြီးမားသောတာဝန်ပေးအပ်ခြင်းခံရသူတို့ထံသို့ ယူဆောင်သွားပြီးနောက် အကယ်၍သူတို့အမှန်တရားကိုလက်မခံပါက စိတ်မပျက်ပါနှင့်။ ခရစ်တော်လက်ထက်၌ ၎င်းအတိုင်းဖြစ်ခဲ့ပါသည်။ သင်၏စနစ်တကျစီမံကိန်းများနှင့် ဘုရားမွေ့လျော်သောအပြောအဆိုအားဖြင့် သင့်လုပ်ငန်း၏ဂုဏ်သိက္ခာကို စောင့်ထိန်းရန်သတိပြုပါ။ သင်၏အဆင့်အတန်းကိုမြှင့်တင်ရာတွင် မြင့်လွန်းသည်ဟုမထင်ပါနှင့်။ Letter 12, 1887. [Ev 563.2]

**အခြားအသင်းတော်များ၌စကားပြောခြင်း** – အခြားအသင်းတော်များ၌ သင်စကားပြောရန် အခွင့်အရေးရရှိပါလိမ့်မည်။ သင်၏အခွင့်အရေးများကို တိုးတက်ရန်ပြုလုပ်ရာတွင် ခရစ်တော်၏စကားဖြစ်သော "မြွေလိုလိမ္မာပြီး ချိုးငှက်ကဲ့သို့အဆိပ်ကင်းပါ" ကိုသတိရပါ။ ပုတ်ခတ်ပြောဆိုသောစကားများအားဖြင့် ရန်သူ၏အာဃာတစိတ်ကို မနှိုးဆွစေပါနှင့်။ အမှန်တရား၏တံခါးကိုသင်ပိတ်လိုက်မည်ဖြစ်သည်။ ပြတ်သားသောသတင်းစကားကို သင်ပြောဆိုရမည်။ သို့သော် ရန်ငြိုးထားခြင်းမဖြစ်ပေါ်စေရန်ကာကွယ်ပါ။ သင်၌ကယ်ရန် ဝိညာဉ်များစွာရှိနေသည်။ ကြမ်းတမ်းသောအမူအရာကိုချုပ်တည်းပါ။



သင်တွေ့ဆုံရသောသူအားလုံးတို့အား ခရစ်တော်၏အကြောင်းကိုပြောရာတွင် ကယ်တင်ခြင်းသို့ရောက်သည့်တိုင် သင့်စကားနှင့်အပြုအမူ၌ လိမ္မာပါးနပ်ခြင်းရှိပါ။ သင်၏ခြေကို ငြိမ်သက်ခြင်းနှင့်လူတို့အားကောင်းရာသို့မေတ္တာပို့သောဧဝံဂေလိပြင်ဆင်ခြင်း၏ဖိနပ်ဝတ်ဆင်နေခြင်းကို လူအားလုံးတို့အားတွေ့မြင်စေပါ။ အကယ်၍ ခရစ်တော်၏ဝိညာဉ်အားဖြင့် ပုံပိုးလျက်ရှိသောအလုပ်ထဲသို့ ကျွန်ုပ်တို့ဝင်ရောက်လုပ်ကိုင်ပါက အံ့ဖွယ်အကျိုးကို ကျွန်ုပ်တို့မြင်ရလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သည် အမှုတော်ကိုရှေ့သို့တိုးတက်ရန် ဖြောင့်မတ်ခြင်း၊ ကရုဏာနှင့်မေတ္တာဖြင့်သယ်ဆောင်ပါက ကျွန်ုပ်တို့၏လိုအပ်ချိန်တွင် အမအစရောက်ရှိလာလိမ့်မည်။ အမှန်တရားသည် အောင်ပွဲခံပြီး အောင်မြင်ခြင်းကိုသယ်ဆောင်သွားရလိမ့်မည်။ Manuscript 6, 1902. [Ev 563.3]

## အလယ်အလတ်တန်းစားပုဂ္ဂိုလ်များတို့အတွက်လုပ်ဆောင်ခြင်း

**ပို၍လွယ်ကူစွာချဉ်းကပ်နိုင်သောအဖွဲ့တစ်ဖွဲ့** – ထိုနောက် သာ၍လွယ်ကူစွာချဉ်းကပ်နိုင်သော အခြားအဆင့်တစ်ခုရှိပါသည်။ အများသောသူတို့သည် အချမ်းသာဆုံးသူတို့ထက် တန်ဖိုးရှိသည်။ အကြောင်းမှာ ချမ်းသာသောသူတို့သည် ဂုဏ်သိက္ခာ၏စည်းမျဉ်းများကို ကြပ်တည်းစွာလိုက်လျှောက်ခြင်းဖြင့် သူတို့၏ကြွယ်ဝခြင်းအားလုံးကို ရရှိခဲ့ခြင်းမဟုတ်ပါ။ ငွေကြေးများရရှိပိုင်ဆိုင်ရန် စည်းကမ်းချိုးဖောက်ခြင်းမရှိ၊ တိကျစွာရိုးသားသောသူများရှိကြပါသည်။ ဤအဆင့်အတန်း၌ရှိသောသူတို့သည် အကယ်၍အမှန်တရားကို သူတို့အားဟောပြောပါက သူတို့လက်ခံကြမည်ဖြစ်ပြီး ဘုရားသခင်နှင့်အတူ စိတ်ချရသောအမှုဆောင်များဖြစ်နိုင်ပါလိမ့်မည်။ ဘုရားသခင်ပေးသောဉာဏ်ဖြင့် အမှုဆောင်တစ်ဦးသည် ၎င်းနည်းဖြင့်အမှုတော်ကိုဆောင်ရွက်ပြီး

ဤအဖွဲ့များကို ခရစ်တော်ယေရှု၌အတူဆွဲယူလိမ့်မည်။ Manuscript 66, 1894. [Ev 564.1]

**သူတို့ကိုမည်သို့ချဉ်းကပ်နိုင်မည်နည်း** – ထိုနောက် သာမန်လူများကို မည်ကဲ့သို့ချဉ်းကပ်နိုင်မည်နည်း။ ခရစ်တော်သည် နိုင်ငံ၏ဂုဏ်သိက္ခာအမြင့်ဆုံးသောသူတို့နှင့် ကြိုးစားပြီးလုပ်ဆောင်ခဲ့ပါသည်။ သို့သော် သူ့ကိုထိုသူတို့လက်မခံကြပါ။ သူတို့အားသူသည် အမှန်တရားပြောသောကြောင့်ဖြစ်သည်။ သူတို့သည် မိမိတို့၏ကိုယ်တိုင်ဘုရားတရားကြည်ညိုခြင်း၏မြင့်သောအတွေးအခေါ်ရှိကြသည်။ သူတို့ကိုသွန်သင်၍မရပါ။ သူတို့သင်ယူခြင်းခံရန်မဟုတ်ဘဲ၊ သူတစ်ပါးကိုသာသွန်သင်ရန် သူတို့၏အလုပ်ဖြစ်သည်ဟု သူတို့ထင်ကြသည်။ သို့သော် ဆင်းရဲသားများနှင့်ပတ်သက်၍ နှုတ်ကပတ်တော်သက်သေခံသည်မှာ၊ "လူအပေါင်းတို့သည် အားရဝမ်းမြောက်သောစိတ်နှင့် စကားတော်ကိုနားထောင်ကြသည်။" "အိုဘုရားသခင်၊ ဆင်းရဲသောသူတို့အဖို့ ကျေးဇူးတော်အားဖြင့်ပြင်ဆင်တော်မူ၏။" "ဘုရားရှင်အမိန့်တော်ရှိ၍၊ ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူတို့သည် အတိုင်းမသိများကြ၏။" Manuscript 125, 1897. [Ev 564.2]

**သူတို့၏စိတ်နှလုံးသည်ခရစ်တော်ဖြည့်စွက်ပေးသည်** – ခရစ်တော်လုပ်ဆောင်သကဲ့သို့ ကျွန်ုပ်တို့လုပ်ဆောင်ကြပါက၊ အချိန်တိုအတွင်း ကျွန်ုပ်တို့များစွာဆောင်ရွက်နိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် သူ၏သွန်သင်ခြင်းအမူအရာအပေါ် အကျိုးကျေးဇူးဖြင့်ရောင်ပြန်ဟပ်နိုင်မည်ဖြစ်သည်။ သူ၏ပုံစံသည် ရှင်းလင်း၊ လွယ်ကူ၊ ပြည့်စုံခြင်းရှိသည်။ သူ၏ပုံပမာများကို ပရိသတ်များအလွန်ရင်းနှီးကျွမ်းဝင်နေသောအရာများမှယူ၍ပြောဆိုသည်။ သဘာဝအရာများမှ ထာဝရအရေးကြီးသောအမှန်တရားများကိုပုံဖော်ခြင်းအားဖြင့် ကောင်းကင်နှင့်မြေကြီးကိုဆက်သွယ်ပေးပါသည်။ Manuscript 24, 1903. [Ev 565.1]

**ခရစ်တော်၏ရိုးသားခြင်းကိုလေ့လာပါ** – ကယ်တင်ရှင်သည် "ဆင်းရဲသားတို့အား ဧဝံဂေလိသတင်းစကားကိုဟောပြောရန်" လာခဲ့သည်။ သူ၏သွန်သင်ခြင်းအထဲ၌ အလွယ်ကူဆုံးသောအသုံးအနှုန်းနှင့် အရှင်းလင်းဆုံးသောပုံပမာများတို့ကို သူအသုံးပြုပါသည်။ ထိုကြောင့် နှုတ်ကပတ်တော်ပြောခဲ့သည်မှာ၊ "လူအပေါင်းတို့သည် အားရဝမ်းမြောက်သောစိတ်နှင့် စကားတော်ကိုနားထောင်ကြသည်။" ဤအချိန်၌ သူ၏အလုပ်ကိုလုပ်ရန်ရှာဖွေသောသူတို့သည် သူပေးခဲ့သောသင်ခန်းစာများအထဲ၌ ပို၍လေးနက်သောအမြင်ရှိရန်လိုသည်။ Ministry of Healing, p. 443. (1905) [Ev 565.2]



**ဘုရားသခင်၏လူသည်အဓိကအားဖြင့်သာမန်လူများဖြစ်သည်** – ဘုရားသခင်၏လူများသည် အဓိကအားဖြင့် ဤလောက၏ဆင်းရဲသား သာမန်လူများဖြစ်ကြသည်။ အခေါ်ခံရသူများအထဲ၌ ပညာရှိများ၊ တန်ခိုးကြီးသူများ၊ မြင့်မြတ်သူများ အများမပါပါ။ ဘုရားသခင်သည် "လောက၏ဆင်းရဲသားများတို့ကို ရွေးချယ်ခဲ့သည်။" "ဆင်းရဲသားတို့သည် ဝမ်းမြောက်စရာသတင်းကိုကြားရကြ၏။" တစ်ဘက်၌၊ ချမ်းသာသောသူများတို့သည် အခေါ်ခံရပါသည်။ သူတို့သည် ခေါ်ဖိတ်ခြင်းခံရသော်လည်း ခေါ်ဖိတ်ခြင်းကိုလက်မခံကြပါ။ သို့သော် ဆိုးသွမ်းသောဤမြို့ကြီးများတို့အထဲ၌ နှိမ့်ချသောသူများနှင့်ယုံကြည်စိတ်ချရသောသူများဖြစ်ကြသည့် ဘုရားသခင်၏လူများစွာရှိပါသည်။ Manuscript 17, 1898.

**အကယ်၍ဘုရားသခင်၏အလင်းကိုမြတ်နိုးပါက** – ဘုရားသခင်၌ဇာတ်မရှိပါ။ လူမျိုးနွယ်အားလုံးကို သူခွဲခြားခြင်းမပြုပါ။ ဝိညာဉ်အားလုံးကို သူတန်ဖိုးထားသည်။ ဝိညာဉ်ကယ်တင်ခြင်းအတွက်လုပ်ဆောင်ခြင်းသည် အမြင့်ဆုံးဂုဏ်ရှိသော ထိုက်တန်သည့်အလုပ်အကိုင်တစ်ခုဖြစ်သည်။ မည်သည့်လုပ်ငန်းမဆိုလုပ်ဆောင်ရခြင်း၊ မြင့်သည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ မည်သည့်အဆင့်အတန်းရှိသူတို့ထံ၌ အမှုတော်တွင်လုပ်ကိုင်ရခြင်းသည် အရေးကိစ္စမဟုတ်ပါ။ ဘုရားသခင်၏မျက်မှောက်၌ ဤခွဲခြားမှုများသည် မှန်သောတန်ဖိုးကိုမထိခိုက်ပါ။ အသိတရားမည်မျှပင်နည်းပါးသော်လည်း ရိုးသားဖြူစင်စိတ်အားထက်သန်ပြီး ကြေကွဲသောနှလုံးသားရှိသောဝိညာဉ်သည် ဘုရားသခင်၏ရှေ့မှောက်၌

တန်ဖိုးရှိပါသည်။ သူ၏ကိုယ်တိုင်သက်သေတတံဆိပ်ကို လူတို့အပေါ်၌သူထားရှိပြီး သူတို့၏အဆင့်အတန်းအပေါ်၊ သူတို့၏ဥစ္စာပစ္စည်းအပေါ်၊ သူတို့၏ထင်ပေါ်ကျော်ကြားခြင်းအပေါ် စီရင်ခြင်းမပြုဘဲ ခရစ်တော်၌သူတို့၏တစ်လုံးတစ်ဝတည်းအပေါ်ရှိခြင်းအားဖြင့် စီရင်ခြင်းကိုပြုပါမည်။ သူသည်ပညာမရှိသူ၊ ဝိုင်းပယ်ခြင်းခံရသူ၊ ကျွန်တစ်ဦးပင်ဖြစ်နေသော်လည်း သူသည် အကယ်၍မိမိ၏အခွင့်အရေးများကို အကောင်းဆုံးအသုံးပြုခြင်း၊ ဘုရားရှင်မှပေးထားသောအလင်းကို မြတ်နိုးခြင်းရှိပါက လိုအပ်သည့်အရာအားလုံးကို သူဆောင်ရွက်လိမ့်မည်။ လောကသည် သူ့အားပညာနည်းပါးသူခေါ်မည်ဖြစ်သော်လည်း ဘုရားသခင်သည် သူ့အားပညာရှိပြီးကောင်းသောသူဟုခေါ်မည်ဖြစ်ကာ၊ သူ၏နာမည်စာရင်းကို ကောင်းကင်စာစောင်များအထဲ၌စာရင်းသွင်းထားပေလိမ့်မည်။ ကောင်းကင်၌သာမက၊ မြေကြီးပေါ်၌လည်း ဘုရားသခင်သည် သူ့အားဂုဏ်ပြုရန် သင့်လျော်စေလိမ့်မည်။ Gospel Workers, p. 332. (1915) [Ev 566.1]

## အပြစ်သားများအတွက်လုပ်ဆောင်ခြင်း

**ကျွန်ုပ်တို့၏နယ်မြေရှိအပြစ်သားများ –** ပျင်းရိသူ၊ ဆေးရွက်ကြီးသုံးစွဲသူ၊ အရက်သောက်သုံးသူများစွာရှိပါသည်။ သို့သော် အမှန်တရားသည် သူတို့ထဲသို့ရောက်ရမည်။ အမှန်တရားသည် အထူးသဖြင့် ဩစတြေးလျ၌ အံ့ဩဖွယ်ရာများပြုလုပ်သည်ကိုတွေ့ရပြီး ကြီးမားသောအရာများကို ဆက်လက်လုပ်ဦးမည်ဖြစ်သည်။ ယေရှုခရစ်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် လက်ရှိအမှန်တရားသည် ခရစ်တော်ကိုလက်ခံသူများ၌သာ တည်ရှိရမည်မဟုတ်ပါ။ ကမ္ဘာကြီးကိုကယ်ရန် ခရစ်တော်အသေခံခဲ့ပြီး၊ ကျွန်ုပ်တို့သည် ပို၍စိတ်အားထက်သန်စွာ မိမိတို့၏တာဝန်ကိုထမ်းဆောင်ကြရမည်။ အပြစ်သားများကို ကျွန်ုပ်တို့၏လုပ်ငန်းခွင်အဖြစ် သတ်မှတ်ရမည်။ သူတို့အားဘုရားရှင်ဂရုပြုလျက်



ရှိသည်။ မည်သည့်ဝိညာဉ်ကိုမျှ အမှောင်ထုထဲ၌ချန်ထားခြင်းမပြုရပါ။ Letter 76, 1899.

**တချို့နိမ့်ကျသောချမ်းသာသူများကယ်တင်ခြင်းခံစားရရန် –** ကျွန်ုပ်တို့၏မြို့ကြီးများတို့သည် ရေမလွှမ်းမိုးမီအချိန်၌ရှိခဲ့သောအခြေအနေသို့ လျင်မြန်စွာရောက်ရှိနေပါသည်။ "မြေကြီးပေါ်မှာလူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို ဘုရားသခင်သိတော်မူလျှင်။" ဘုရားသခင်၏ဘုန်းတော်ကို မထင်ရှားစေသောအပြစ်များတို့ကို ခမ်းနားထည်ဝါသောအိမ်များတို့၌နေထိုင်ကြသောသူများကျင့်သုံးနေကြသော်လည်း၊ ဤနေရာ၌နေထိုင်ကြသောသူတချို့တို့သည် နောက်ဆုံးသောခိုင်မာသည့်သတင်းစကားဟောကြားခြင်းဖြင့် သူတို့သည် ယုံကြည်၍ ပြောင်းလဲလာကြလိမ့်မည်။ [Ev 567.1]

မကုန်ခန်းနိုင်သော သူ၏ကျေးဇူးတော်သိုလှောင်ရုံမှ ဘုရားသခင်သည် သူ့ထံသို့လာသောသူအားလုံးတို့အားပေးမည်ဖြစ်ပါသည်။ အပြစ်ရှိပြီးဆုတ်ယုတ်ကျဆင်းနေသောလူသားများအပေါ်ကြည့်ရှုလျက် သူ၏သန့်ရှင်းသောဝိညာဉ်တော်ကို လူအားလုံးတို့အပေါ်သွန်းလောင်းချပေးမည်ဟု သူကြေညာခဲ့ပါသည်။ အခြေ၌အထူးအမှန်တရားများကို တစ်ခါမျှမကြားရသေးသောသူများစွာတို့သည် တုန်လှုပ်ချောက်ချားစေသော အရေးကြီးသည့်သတင်းစကားကို သူတို့နားထောင်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏နှိုးဆော်ခြင်းကိုခံစားကြရပါသည်။ [Ev 567.2]

ဘုရားသခင်သည် ထူးခြားသောလှုပ်ရှားမှုဩဇာရရှိမည့်သူများ၊ အလားအလာမရှိဆုံးသောနေရာဒေသများသို့ အမှန်တရားကိုသယ်ဆောင်မည့်သူများတို့ကို ပေါ်ထွက်လာစေမည်၊ "မဟုတ်ဘူး" ဟုတစ်ကြိမ်ကပြောခဲ့ပြီး၊ ယခု "ဟုတ်ကဲ့" ဟုပြောသောသူများဖြစ်ပါသည်။ တစ်ကြိမ်ကရန်သူများဖြစ်ခဲ့သောလူတချို့တို့သည် တန်ဖိုးရှိသောကူညီမစသူများဖြစ်လာပြီး မိမိတို့၏ငွေကြေးအားဖြင့်လည်းကောင်း၊ မိမိတို့၏ဩဇာအားဖြင့်သော်လည်းကောင်း

အမှုတော်ကိုတိုးတက်စေလိမ့်မည်။ Review and Herald, Sept. 30, 1902. [Ev 567.3]

**အပြစ်သားများအတွက်အလုပ် –** ဤရှမာရိအကြောင်းအရာကဲ့သို့ လူတို့အားမိမိတို့ရှိရာအရပ်၌ ကူညီမစခြင်းကဲ့သို့သော အမှန်တရားကိုဟောပြောခြင်းသည် လုပ်ငန်း၏အရည်အသွေးကို ဤထက်ဖော်ပြနိုင်သည့်အခြားအလုပ်မရှိပါ။ အသင်းတော်မှသတိမမူခဲ့သည့် ဆင်းရဲသောအပြစ်သားများတို့ကိုသေချာစွာကယ်တင်ရမည့်အလုပ်သည် အမှန်တရားအမြဲရောက်ရှိနိုင်သည့်လမ်းကြောင်းတစ်ခု ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့လူသားများအဖြစ် ခြားနားသောစနစ်များကို ကျွန်ုပ်တို့အထဲ၌အခြေချရန်လိုအပ်ပြီး ဤကဲ့သို့သောအလုပ်မျိုးကိုဆောင်ရွက်ခြင်းအားဖြင့် အမှုဆောင်များတို့၏ပတ်လည်ရှိ ဝိညာဉ်အတွက်လုံးလုံးထူးခြားသောအခြေအနေကို ဖန်တီးပေးလိမ့်မည်။ အကြောင်းမှာ သန့်ရှင်းသောဝိညာဉ်တော်ဆက်သွယ်မှုဖြင့် ဘုရားသခင်၏အမှုတော်၌ ဆောင်ရွက်နေကြသောသူများတို့သည် ပျက်စီးကြရမည့်ဝိညာဉ်များတို့ကိုမြှင့်တင်ပေးရန်၊ ခွန်အားပေးရန်နှင့်ကယ်တင်ရန်တို့၌ ကောင်းကျိုးအတွက်တန်ခိုးတစ်ခုဖြစ်မည်ဖြစ်သည့်အတွက်ကြောင့်ဖြစ်ပါသည်။ Manuscript 14a, 1897. [Ev 567.4]

**စွန့်ပစ်ထားသူအဖြစ်လူတို့ကိုမထားရ –** လူတို့သည် စွန့်ပစ်ထားခြင်းမခံကြရစေရန် အမှန်တရားကိုဟောပြောရာ၌ ကျွန်ုပ်တို့၏ငွေကြေးများနှင့် ကျွန်ုပ်တို့ဩဇာ၏စွမ်းရည်များတို့ကို အသုံးပြုကြရပါမည်။ အကယ်၍ဆောင်ရွက်ရန်ဘုရားသခင်ပေးထားသောအလုပ်ကိုဆောင်ရွက်ကြပါက အမှန်တရားသည်နည်းလမ်းအမျိုးမျိုးဖြင့် ဤအဆင့်အတန်းရှိလူအများတို့၏ထံသို့ ရောက်ရှိပါလိမ့်မည်။ သို့သော် ဤလုပ်ငန်း၏အမျိုးအစားများကို ကျွန်ုပ်တို့လျစ်လျူရှုခြင်းမပြုဘဲ ကျွန်ုပ်တို့အားရှေ့သို့ဆက်လက်ဆောင်ရွက်ရန် ဘုရားသခင်အထူးညွှန်ကြားထားပါသည်။ အဆင့်အတန်းအားလုံးအတွက် ဆောင်ရွက်ကြရမည်။ [Ev 568.1]



အကယ်၍ စွန့်ပစ်ခြင်းခံရသောသူများနှင့်အပြစ်သားများတို့အတွက်လုပ်ဆောင်သောသူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့သောစိတ်ဖြင့်လုပ်ဆောင်ကြပြီး မိမိတို့လုပ်ဆောင်သောသူတို့အား အမှန်တရားကိုနားလည်စေရန်အားသွန်ခွန်စိုက်ကြိုးစားလုပ်ဆောင်ကြပါက ဝိုင်းပယ်ထားခြင်းခံရသောဤလူအများတို့သည် ဘုရားသခင်၏သားသမီးများကဲ့သို့ သူတစ်ပါးခွဲခြားသိမြင်နိုင်လိမ့်မည်။ Letter 143, 1904. [Ev 568.2]

**ဝိုင်းပယ်ထားသူများအတွက်အမှုဆောင်များတို့ကိုရွေးချယ်ခြင်း –** ဝိုင်းပယ်ထားခြင်းခံရသူများအတွက် အလုပ်လုပ်ရာတွင် အထူးသတိပြုရပါမည်။ ကျွန်ုပ်တို့၏မြို့ကြီးများရှိ အနိမ့်ဆုံးသောနေရာများတို့၌ ပျိုရွယ်မောင်မယ်များတို့ကိုမစေလွှတ်သင့်ပါ။ ပျိုရွယ်မောင်မယ်များတို့၏မြင်ကွင်းနှင့်ကြားနာနိုင်သည့်နေရာများတို့၌ ဆိုးသွမ်းမှုများတို့ကိုမရှိစေပါနှင့်။ သခင့်အတွက်ပျိုရွယ်သူများပြုလုပ်နိုင်သောအရာများစွာရှိသည်။ အကယ်၍ သူတို့သည် စောင့်မျှော်၍ဆုတောင်းကြပြီး ဘုရားသခင်ကိုကိုးစားကြမည်ဖြစ်ပါက ဗဟုသုတရှိအမှုဆောင်များတို့၏ဦးဆောင်မှုအောက်၌ အကောင်းဆုံးသောအလုပ်အမျိုးမျိုးကိုလုပ်ဆောင်နိုင်ရန် မိမိတို့၏ကိုယ်ကိုပြင်ဆင်ထားနိုင်လိမ့်မည်။ Medical Ministry, p. 312. (1901) [Ev 568.3]

## ကျွန်ုပ်တို့အထဲ၌ရှိသောဧည့်သည်

**လူမျိုးများ၊ ရာထူးများ၊ အယူဝါဒများအားလုံးသို့ရောက်ရှိခြင်း –** ခရစ်တော်သည် လူမျိုး၊ ရာထူး၊ အယူဝါဒခွဲခြားခြင်းကို အသိအမှတ်မပြုပါ။ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်ဖာရိရှဲများတို့သည် ကောင်းကင်ဆုကျေးဇူးများကို မိမိတို့နယ်ဒေသရှိ မိမိတို့လူမျိုးများအတွက်ကိုသာပြုလုပ်ရန်ဆန္ဒရှိကြပြီး အခြားလောက၌ရှိသော ဘုရားသခင်၏သားသမီးများတို့ကို ဘေးဖယ်ထားရန်ဖြစ်သည်။ သို့သော် ဤအကာအဆီးနံရံများအားလုံးတို့ကိုဖြိုဖျက်ရန် ခရစ်တော်လာခဲ့ပါသည်။

သူသည် လေ၊ အလင်းနှင့်မြေကြီးကိုလန်းဆန်းစေသော မိုးရေတို့ကိုချုပ်ကိုင်ထားခြင်းမပြုသကဲ့သို့ သူ၏ကရုဏာကျေးဇူးနှင့်မေတ္တာကိုလည်း ချုပ်ကိုင်ထားခြင်းမရှိကြောင်း ပြရန်သူလာခဲ့ပါသည်။ Ministry of Healing, p. 25. (1905) [Ev 568.4]

**ထူးခြားသောတိုင်းပြည်တစ်ပြည်၌ညွှေ့သည်များ –** ကြီးသောမြို့ကြီးများတို့၏ခြံဝင်း၊ လမ်းလေးများအထဲနှင့် နိုင်ငံ၏အဖော်မဲ့လမ်းကြားများတို့၌ မိသားစုများနှင့်လူတို့ရှိကြသည်။ မတော်အသင်းတော်နှင့်ဆက်သွယ်မှုများမရှိသူများ၊ ထူးခြားသောတိုင်းပြည်တစ်ပြည်မှညွှေ့သည်များနှင့် သူတို့၏အဖော်မဲ့ခြင်းကြောင့် ဘုရားသခင်သူတို့ကိုမေ့နေသည်ဟု ခံစားရသူများဖြစ်ပေလိမ့်မည်။ ကယ်တင်ခြင်းရရှိရန် သူတို့မည်ကဲ့သို့ပြုလုပ်ရမည်ကို သူတို့နားမလည်ကြပါ။ အများသောသူတို့သည် အပြစ်၌နှစ်မြုပ်လျက်နေကြသည်။ အများသောသူတို့သည် ဝမ်းနည်းကြေကွဲနေကြသည်။ သူတို့သည် ဒုက္ခဆင်းရဲခြင်း၊ လိုချင်တပ်မက်ခြင်း၊ မယုံကြည်ခြင်း၊ စိတ်ပျက်ခြင်းတို့၏ဖိစီးမှုများကိုခံစားနေကြရပါသည်။ သူတို့၏ဒုက္ခများအတွက် ခိုလှုံရာတစ်ခုကိုတွေ့ရှိရန်တောင့်တနေကြပြီး မာရ်နတ်သည်သူတို့အား ၎င်းကိုတွေ့ရှိရန် ပျက်စီးခြင်းနှင့်သေခြင်းသို့ သူတို့ကိုပို့ဆောင်မည့် မက်မောသောဆန္ဒနှင့်စည်းစိမ်ဥစ္စာများဖြင့် သွေးဆောင်လျက်ရှိပါသည်။ မာရ်နတ်သည်သူတို့အား သူတို့၏နှုတ်ခမ်းပေါ်၌ ပြာသို့ပြောင်းလဲစေမည့် သောဒုံမြို့၏ပန်းသီးများကိုပေးနေပါသည်။ သူတို့သည် အစာမဟုတ်သောအရာအားဖြင့် သူတို့၏ငွေကိုသုံးပြီး သူတို့၏လုပ်ဆောင်မှုသည် သူတို့အားကျေနပ်မှုမပေးပါ။ Christ's Object Lessons, pp. 232, 233. (1900) [Ev 569.1]

**ကျွန်ုပ်တို့၏နိုင်ငံအတွင်းရှိညွှေ့သည်များအတွက်ဘုရားသခင်၏ရည်ရွယ်ချက် –** နိုင်ငံအသီးသီးရှိ ဝေးရာမြေ၌နေထိုင်ကြသောသူများတို့ကိုသတိပေးရန် စီမံကိန်းများရေးဆွဲသောအခါ ကျွန်ုပ်တို့နိုင်ငံသို့ရောက်ရှိလာသော နိုင်ငံခြားသားကိုယ်စားအဖြစ် များစွာဆောင်ရွက်ကြရပါမည်။ တရုတ်ပြည်ရှိဝိညာဉ်များတို့သည် ကျွန်ုပ်တို့အနား၌နေထိုင်ကြသောဝိညာဉ်များတို့ထက် ပို၍တန်ဖိုးမရှိပါ။ ဘုရားသခင်၏လူများတို့သည် သူ၏လမ်းပြင်ဆင်ပေးသည့်အတိုင်း ဝေးသောနိုင်ငံများ၌ သစ္စာရှိစွာအမှုထမ်းရမည်ဖြစ်ပြီး သူတို့သည် မိမိတို့၏မြို့ကြီးများ၊ ကျေးရွာများနှင့်နီးသောအရပ်ရှိ နယ်များ၌နေထိုင်ကြသော နိုင်ငံရပ်ခြားမှလူမျိုးအသီးသီးတို့ မိမိတို့၏တာဝန်ကိုကျေပွန်စွာဆောင်ရွက်ကြရမည်။ [Ev 569.2]



တာဝန်ရှိသောသူများ ယခုပါးနပ်စွာဖြင့် အမေရိကန်ပြည်၌နေထိုင်ကြသည့် ထောင်ပေါင်းများစွာသောနိုင်ငံခြားသားများတို့အတွက် တတိယကောင်းကင်တမန်သတင်းစကားကိုဟောပြောရန် စီမံနေခြင်းမှာကောင်းလှပါသည်။ ဘုရားသခင်သည် သူ၏အမှုဆောင်များတို့အား မြို့ကြီးများရှိသတိမပေးရသေးသောသူသန်းပေါင်းများစွာနှင့် အထူးသဖြင့် ကမ္ဘာအရပ်ရပ်မှကျွန်ုပ်တို့၏နိုင်ငံသို့ရောက်ရှိလာကာ မြို့ကြီးများအထဲ၌နေထိုင်ကြသောသူတို့အတွက် မိမိတို့၏တာဝန်ကိုအပြည့်အဝဆောင်ရွက်ရန် သူဆန္ဒရှိပါသည်။ ဘုရားသခင်၏ပြင်ဆင်မှုကြောင့် ကျွန်ုပ်တို့၏နိုင်ငံသို့ နိုင်ငံခြားသားများစွာရောက်ရှိလာခြင်းသည် ယခုအချိန်အတွက်အမှန်တရားကိုကြားနာနိုင်ရန် သူတို့အတွက်အခွင့်အရေးဖြစ်ပါသည်။ [Ev 569.3]

အကယ်၍ ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ မြို့ကြီးများတို့၌ရှိကြသောနိုင်ငံခြားသားကိုယ်စား သစ္စာရှိစွာကြိုးစားအားထုတ်လုပ်ဆောင်ကြပါက ပြည်ပများ၌ရှိသောဘုရားအမှုတော်အတွက် ကြီးမားသောအကျိုးများရောက်ရှိလာပါလိမ့်မည်။ ဤအမျိုးသား၊ အမျိုးသမီးများတို့အထဲ၌ တချို့တို့သည် အမှန်တရားကိုလက်ခံခြင်းအပေါ် မကြာမီဤနိုင်ငံအတွင်းရှိ မိမိလူမျိုးများအတွက်နှင့် အခြားနိုင်ငံများအတွက်လုပ်ဆောင်ရန် သင့်လျော်လာပါလိမ့်မည်။ မိမိတို့လာခဲ့သောနိုင်ငံသို့ပြန်သွားကြမည့်သူများလည်းရှိမည်ဖြစ်ပြီး မိမိတို့၏မိတ်ဆွေများတို့ကို အမှန်တရားသို့ခေါ်ဆောင်လာနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ရပါသည်။ သူတို့၏ဆွေမျိုးများနှင့်အိမ်နီးနားချင်းများတို့ကိုရှာဖွေကာ တတိယ

ကောင်းကင်တမန်သတင်းစကားကို သူတို့နှင့်ဆက်သွယ်ကာပြောပြနိုင်ပါလိမ့်မည်။ Review and Herald, Oct. 29, 1914. [Ev 570.1]

**နိုင်ငံအားလုံးသို့လုပ်ငန်းချဲ့ထွင်ရန်နည်းလမ်းတစ်ခု** – ဘုရားသခင်သည် သူ၏လူများအားဖြင့် ယခုအချိန်၌အမှန်တရားကို အမေရိကန်ပြည်ရှိ နိုင်ငံခြားသားများတို့အား ယခင်အချိန်ကထက် ပို၍များစွာဟောပြောနိုင်သည်ကို တွေ့ရှိရလျှင် သူဝမ်းသာကျေနပ်မည်ဖြစ်သည်။ ကျွန်ုပ်နှစ်ချီပြီးသက်သေခံခဲ့သကဲ့သို့ အကယ်၍ ဘုရားသခင်၏ပြင်ဆင်ပေးခြင်းကို လျင်မြန်စွာခွဲခြားနားလည်တတ်ပါက၊ အမေရိကန်ပြည်တွင်းရှိ နိုင်ငံခြားသားတို့အားဟောပြောနိုင်မည့်အခွင့်အရေးမြောက်မြားစွာကို ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးသို့ တတိယကောင်းကင်တမန်သတင်းစကားလျင်မြန်စွာချဲ့ထွင်နိုင်မည့် ကောင်းမွန်သောနည်းလမ်းကိုတွေ့မြင်သင့်ပါသည်။ ဘုရားသခင်သည် သူ၏ပြင်ဆင်ပေးမှုအားဖြင့် လူတို့ကိုကျွန်ုပ်တို့၏အိမ်တံခါးမများသို့ယူဆောင်လာကာ သူတို့အားတွန်းထည့်ပြီး ကျွန်ုပ်တို့လက်ထဲသို့ရှိသည်အတိုင်း အမှန်တရားကိုသူတို့သင်ယူနိုင်ရန်နှင့် ကျွန်ုပ်တို့မလုပ်ဆောင်နိုင်သည့်လူတို့ရှေ့၌ အလင်းတရားကို အခြားဘာသာစကားအားဖြင့်ပြောဆိုနိုင်သောအလုပ်တစ်ခုကိုလုပ်ဆောင်နိုင်ရန် လုပ်ဆောင်နိုင်သည့်အရည်အချင်းကိုရရှိလိမ့်မည်။ [Ev 570.2]

ကြီးမားသောအလုပ်တစ်ခု ကျွန်ုပ်တို့၏ရှေ့၌ရှိနေသည်။ ကမ္ဘာကြီးကိုကျွန်ုပ်တို့သတိပေးရမည်။ အမှန်တရားကို နိုင်ငံအားလုံးအတွက် ၎င်း၏ဖြူစင်ပြီးအသက်ပေးနိုင်သောဩဇာကို ဝမ်းမြောက်စွာခံယူနိုင်ရန် ဘာသာစကားအမျိုးမျိုးဖြင့် ပြန်ဆိုရပါမည်။ ဤအလုပ်သည် ဘုရားသခင်ပေးထားသော ကျွန်ုပ်တို့အသုံးပြုရန်– ကလောင်၊ ပုံနှိပ်တိုက်၊ အသံ၊ ရန်ပုံငွေနှင့်ဝိညာဉ်၏ဖြူစင်သောမေတ္တာဖြစ်သည့် စွမ်းရည်အားလုံးကိုအသုံးပြုရန်အတွက် ခေါ်ခြင်းဖြစ်သည်။ ခရစ်တော်ကျွန်ုပ်တို့ကို သံတမန်များအဖြစ်တာဝန်ခန့်အပ်ပြီး သူ၏ကယ်တင်ခြင်းကို လူတို့အားအသိပေးရမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြင့် ဖုံးအုပ်ခြင်းခံရပြီး သူ၏



ဝိညာဉ်တော်ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝပါက ကျွန်ုပ်တို့သည် သူ့အတွက် မလုပ်ဆောင်ဘဲ အေးအေးဆေးဆေးနေနိုင်မည်မဟုတ်ပါ။ Review and Herald, Oct. 29, 1914. [Ev 570.3]

**ကျွန်ုပ်တို့တံခါးမများ၏အရိပ်အောက်၌** – သတင်းစကားကို တိုင်းပြည်အတွင်းမြို့ကြီးများရှိ ထောင်ပေါင်းများစွာသောနိုင်ငံခြားသားများထံသို့ ဟောပြောကြရမည်။ [Ev 571.1]

သတင်းစကားကို နယူးရော့မြို့ကြီးနှင့်အခြားမြို့ကြီးများတို့၌ မဟောပြောရသေးသည်ကိုတွေ့ရပြီး လေးလံသောဝန်ထုပ်ဟု မည်သူခံစားရသနည်း။ နိုင်ငံအတွင်းအမှန်တရားကို လူပေါင်းသန်းချီပြီးသတင်းစကားမကြားရသေးသောနေရာ၌ ဆောင်ရွက်စရာအခွင့်အရေးများစွာရှိနေစဉ် ကောက်ခံရရှိသောငွေကြေးအားလုံးကို ရပ်ဝေးနိုင်ငံများသို့ပို့ဆောင်ခြင်းမပြုရပါ။ ဤသန်းချီသောသူများအထဲ၌ နိုင်ငံများစွာ၏ကိုယ်စားလှယ်များရှိကြပြီး သတင်းစကားလက်ခံရန် အဆင့်သင့်ရှိသောသူများ များစွာရှိနေပါသည်။ ကျွန်ုပ်တို့၏တံခါးမများ၏အရိပ်အောက်၌ ကာလီဖိုးနီးယားမြို့ကြီးများ၊ နယူးရော့မြို့ကြီးနှင့်အခြားပြည်နယ်ရှိမြို့ကြီးများအထဲ၌ ဆောင်ရွက်စရာများစွာရှိနေသေးပါသည်။ [Ev 571.2]

ထကြ၊ ထကြ၊ ကျွန်ုပ်၏ညီအစ်ကိုမောင်နှမများတို့၊ အမေရိကန်နိုင်ငံအတွင်း အလုပ်စတင်ဆောင်ရွက်ခြင်းမရှိသေးသောနေရာများသို့ ဝင်ရောက်လုပ်ကိုင်ကြပါ။ နိုင်ငံခြားနယ်မြေများအတွက် သင်တချို့သောအရာကိုပေးပြီးနောက် သင့်တာဝန်ပြီးစီးသွားပြီဟုမထင်ပါနှင့်။ နိုင်ငံခြားနယ်မြေများ၌ ဆောင်ရွက်စရာရှိပါသည်။ သို့သော် အမေရိကန်၌ဆောင်ရွက်ရမည့်အမှုတော်သည်လည်း အရေးကြီးပါသည်။ အမေရိကန်မြို့ကြီးများတို့၌ ဘာသာစကားအားလုံးနီးပါးရှိ လူမျိုးများနေထိုင်ကြပါသည်။ ဤသူတို့ကို ဘုရားသခင်သည် သူ၏အသင်းတော်အားပေးသောအလင်းကို လိုအပ်လျက်ရှိပါသည်။ Testimonies, vol. 8, pp. 34-36. (1904) [Ev 571.3]

အမေရိကန်ပြည်နှင့်ကနေဒါပြည်ရှိ နိုင်ငံခြားလူမျိုးများအထဲရှိ ရှေ့ပြေးအမှုဆောင်များတို့၏ကြိုးစားလုပ်ဆောင်မှုကြောင့် ဝိညာဉ်ပေါင်းများစွာကို ရိတ်သိမ်းနိုင်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့ဝမ်းမြောက်ကြပါသည်။ Review and Herald, Oct. 29, 1914. [Ev 571.4]

**နိုင်ငံခြားလုပ်ငန်းအတွက်အခြေစိုက်မြို့ကြီး –** အုတ်(ခ်) "Oak" လမ်းပေါ် (ရှီခါးကိုမြို့) ၌ ဆွီဒစ်သာသနာ့လုပ်ငန်းအသစ်တစ်ခုကိုကြည့်ရှုရန် ကျွန်ုပ်တို့မောင်းနှင်သွားကြပါသည်။ ထိုနေရာ၌ ကျွန်ုပ်တို့၏ဆွီဒစ်(ရှ်)ညီအစ်ကိုများမှ အသင်းလူကြီးတစ်ဦး၏ဦးဆောင်မှုအောက်၌ မကြာမီကဝယ်ယူထားခဲ့သော ရှီခါးကို၌သူတို့၏ဌာနချုပ်အတွက် အဆောက်အဦတစ်ခုကိုပြခဲ့ပါသည်။ အဆောက်အဦသည် ပြင်ပအားဖြင့် ကောင်းသောအဆောက်အဦတစ်ခုဖြစ်သည်။ မြေအောက်ခန်း၌ ကောင်းမွန်စွာဖွင့်လှစ်ထားသော အသက်သတ်လွတ်စားသောက်ဆိုင်တစ်ခုရှိသည်။ ပထမအထပ်၌ စည်းဝေးများကျင်းပနိုင်ရန်အတွက် ကောင်း၍ကျယ်ဝန်းသော ပရိသတ် (၁၅၀) အဆင်ပြေစွာထိုင်နိုင်သည့် ထိုင်ခုံများစီစဉ်ထားသောခန်းမဆောင်တစ်ခုနှင့် အပေါ်ထပ်နှစ်ထပ်တို့၌ ငှားရန်အတွက် တည်းခိုခန်းများရှိပါသည်။ ရှီခါးကိုမြို့၌ ဆွီဒစ်(ရှ်)လူများအတွက် တိုးတက်သည့်အထောက်အထားကိုတွေ့ရသည့်အခါ ကျွန်ုပ်အထူးဝမ်းသာခဲ့ပါသည်။ [Ev 572.1]

အမေရိကန်ပြည်ရှိ ကြီးသောမြို့ကြီးများ၌ နိုင်ငံတိုင်းမှလူတို့အတွက် ဆောင်ရွက်ရန်ကြီးမားသောအလုပ်တစ်ခုရှိပြီး ဤကဲ့သို့လူမျိုးပေါင်းစုံစုရုံးခြင်းအခြေအနေကြောင့် လူတို့၏အာရုံကိုဆွဲယူနိုင်ရန်နှင့် အမှုဆောင်များတို့အား သင်တန်းပေးနိုင်ရန် ကြီးမားသောအကူအညီကိုပေးသည့် အခြေအနေတစ်ခုဖြစ်ပါသည်။ အမေရိကန်ပြည်ရှိမြို့ကြီးတိုင်း၌ ဤအချိန်အတွက်သတင်းစကားကိုကြားရမည့် ခြားနားသောလူမျိုးများရှိကြပါသည်။ ဘုရားသခင်ချမှတ်ထားသောအလုပ်အားလုံးကို လူတို့အတွက်တပြေးညီဘက်လိုက်ခြင်းမရှိ ဆောင်ရွက်နိုင်ရန် အထောက်အထားကို ကျွန်ုပ်အလွန်မှပင်တွေ့မြင်လိုပါသည်။





ဆွီဒစ်(ရှ်)လူမျိုးများအတွက် ရှီခါးကိုမြို့၌ဆောင်ရွက်ခဲ့သော အလားတူအလုပ်ကို အခြားသောနေရာများ၌လည်း ဆောင်ရွက်သင့်ကြသည်။ Review and Herald, Feb. 9, 1905. [Ev 572.2]

**ကောင်းသောနည်းစနစ်ကိုအသုံးပြုရန် –** တစ်နေရာ၌ လူတစ်ဦးသည် အလုပ်လုပ်နေပြီး သူနှင့်အတူကျွန်ုပ်တို့လုပ်ကိုင်ကြရာ လုပ်ငန်းတည်မြဲရန် သူ့အားအကောင်းဆုံးစိတ်အားထက်သန်စွာ သူ၏အကျင့်ခလေ့ကဲ့သို့ တိုက်ခိုက်သူအဖြစ်ပြိုင်ဆိုင်ခြင်းနှင့်ငြင်းခုံခြင်း၊ လူတို့ကိုအမှန်တရားသို့ခေါ်ဆောင်ခြင်းထက် ဝေးကွာစေခြင်းကဲ့သို့ပြုသူမဟုတ်ဘဲ ကူညီရန်ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့အမှန်တရားကို မှန်တိုင်းတိုက်ခတ်သကဲ့သို့မဟုတ်၊ လူတို့အား လူသိရှင်ကြားပုတ်ခတ်ပြောဆိုခြင်းဖြင့် တိုက်ခိုက်ခြင်းကဲ့သို့မဟုတ်သည်ကို တွေ့မြင်ရပါသည်။

ဤညီအစ်ကိုသည် သူအလင်းများစွာရရှိသည်ဟုသူပြောပြီး သူဆောင်ရွက်ခဲ့သည်ထက် လုံးလုံးခြားနားသောအမှုအရာဖြင့်ဆောင်ရွက်ပါသည်။ ဤလူတို့သည် တုန်လှုပ်ချောက်ချားလွယ်သောသူများဖြစ်သည်။ သူတို့သည် တန်ခိုးရှိသမျှကို တစ်မုဟုတ်ချင်းအသုံးပြုပြီး ကြီးမားသောစိတ်လှုပ်ရှားမှုအောက်၌ ဤကဲ့သို့ရုတ်တရက်ပြောလိမ့်မည်။ "ဒါဒီလိုဟုတ်ရဲ့လား၊ ဒါဆိုရင်သင်ဘယ်လိုလုပ်မလဲ၊ သင်ဥပုသ်နေ့ကိုစောင့်မလား၊ စောင့်မယ်မစောင့်ဘူးဆိုတာပြောပါ" သူပြောသောစကားသည် လူတို့၏နားကို သင်တုန်းဓားလှီးဖြတ်သကဲ့သို့ထက်သည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် လူတို့အား အမှန်တရားသို့ပို့ဆောင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သူ၏ဆောင်ရွက်ရမည့်တာဝန်ပြီးဆုံးသွားခြင်းဖြစ်သည်။ [Ev 573.1]

ယခုအမှန်ထက်မြက်သောပုဂ္ဂိုလ်များတို့နှင့်အတူ ကျွန်ုပ်တို့အလုပ်လုပ်ရမည်ဖြစ်သည်။ သူတို့နှင့်အတူ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏မူလအလုပ်၌ တစ်ယောက်ပြီးတစ်ယောက်၊ ဤတန်ဖိုးရှိသောဝိညာဉ်များကို သူတို့၏မသန့်ရှင်းသောလမ်းများနှင့်အပြုအမူများမှခွဲခြားကာ

သူတို့အား ယေရှု၏ကြီးမားသောမေတ္တာ၊ သူ၏နူးညံ့သိမ်မွေ့ခြင်း၊ သူ၏နှိမ့်ချခြင်း၊ သူ၏ကိုယ်ကျိုးစွန့်ခြင်းအကြောင်းများကို ပြောပြရပါမည်။ ဤကြမ်းတမ်းသောကျောက်များကို အကယ်၍ဖြစ်နိုင်ပါက ဘုရားသခင်၏အလုပ်ရုံသို့ ကျွန်ုပ်တို့ယူဆောင်ခြင်းအားဖြင့် ခုတ်ထစ်ပိုင်းဖြတ်ပွတ်ပြင်ခြင်းခံရပြီး ကြမ်းတမ်းသောအရာအားလုံးဖယ်ရှားခြင်းခံရကာ ဘုရားသခင်၏လက်တွင်း၌ သူတို့သည် အရည်အသွေးတိုးတက်တောက်ပြောင်ပြီး ဘုရားသခင်၏ဗိမာန်တော်အထဲ၌ တန်ဖိုးရှိသောကျောက်များဖြစ်လာပါမည်။ ထိုနောက် အလင်းပေးနိုင်သော အသက်ရှင်သည့်ကျောက်များဖြစ်လာပါလိမ့်မည်။ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်အတွက် သန့်ရှင်းသောဗိမာန်တော်တစ်ခုထဲသို့ တိုးတက်လာပါလိမ့်မည်။ Letter 44, 1886. [Ev 573.2]

**ဘာသာစကားတိုင်းအတွက်ပုံနှိပ်ထုတ်ဝေခြင်း** – နိုင်ငံတိုင်းသို့သတိပေးစကားကိုဟောပြောရန် ဤအရာသည် ကျွန်ုပ်တို့ကြိုးစားဆောင်ရွက်ခြင်း၏ရည်မှန်းချက်ဖြစ်သည်။ တစ်မြို့မှတစ်မြို့သို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ သူတို့သည် ကယ်တင်ရှင်မကြာမီလာတော့မည့်ကတိတော်ပါရှိသည့် ပုံနှိပ်ထုတ်ဝေသောစာပေများတို့ကို ယူဆောင်သွားကြရမည်။ ဤစာပေများတို့ကို ကမ္ဘာတစ်ခုလုံးသို့ ဧဝံဂေလိသတင်းစကားဟောပြောနိုင်ရန်အတွက် ဘာသာစကားတိုင်းသို့ ဘာသာပြန်ကြရမည်။ Review and Herald, Feb. 9, 1905. [Ev 573.3]

## ရောမအသင်းဝင်များတို့ကိုချဉ်းကပ်ခြင်း

**ကျွန်ုပ်တို့၏ချဉ်းကပ်ခြင်းကိုကာကွယ်ပါ** – နေရာတစ်ခုသို့ဝင်ရောက်သောအခါ ကျွန်ုပ်တို့သည် မလိုအပ်သည့်အတားအဆီးများတို့ကို အခြားသောဘာသာရေးဂိုဏ်းဂဏများ၊ အထူးသဖြင့် ရောမအသင်းတော်မှ ကျွန်ုပ်တို့သည် သူတို့၏ရန်သူများဖြစ်ကြောင်း ပွင့်လင်းစွာဝန်ခံသကဲ့သို့ သူတို့မထင်စေရန်



ကျွန်ုပ်တို့အထူးသတိပြုရပါမည်။ မလိုအပ်ဘဲသူတို့၏စိတ်ထဲ၌ ကျွန်ုပ်တို့အပေါ်အာဃာတစိတ်ထားခြင်း၊ မှားသောအစွဲရှိခြင်းကိုဖြစ်ပေါ်စေရန် သူတို့အားရုတ်တရက်ဝင်ရောက်တိုက်ခိုက်သကဲ့သို့ မဖန်တီးသင့်ပါ။ ရောမအသင်းတော်ထဲမှ ကယ်တင်ခြင်းခံရမည့်သူများစွာရှိကြောင်း ဘုရားသခင်သည် ကျွန်ုပ်အားပြသခဲ့ပါသည်။ Manuscript 14, 1887. [Ev 573.4]

**သတိပြုရမည့်အလုပ်တစ်ခု** – ညီအစ်ကိုတို့၊ လူတို့၏အထင်မှားစရာအစွဲကို ပြင်းထန်စွာမဖြစ်ပေါ်စေရန် သင်၏လုပ်ဆောင်မှုများ၌ သတိပြုပါ။ အခြားဘာသာရေးဂိုဏ်းဂဏများကိုတိုက်ခိုက်ခြင်းမပြုသင့်ပါ။ အကြောင်းမှာ အတိုက်အခံစိတ်ဓာတ်နှင့် အမှန်တရားသိရှိနိုင်ရန် နားနှင့်စိတ်နှလုံးကိုပိတ်ထားစေနိုင်သည့် ဖန်တီးခြင်းကိုသာဖြစ်စေမည်ဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖြိုဖျက်ရန်မဟုတ်ဘဲ တည်ဆောက်ရမည့်အလုပ်ကိုသာဆောင်ရွက်ကြရပါမည်။ ဘုရားသခင်၏ပညတ်တော်အားပြုခဲ့သည့် မမှန်သောလုပ်ရပ်ကို ပြုပြင်ကြရမည်။ တည်ဆောက်ခြင်း၊ အမှန်တရားကို ၎င်း၏အရှိန်အဟုန်နှင့်တန်ခိုးအားဖြင့်ဟောပြောပြီး အမှန်တရားနှင့်နှိုင်းယှဉ်ကာ အမှားကိုဖော်ပြခြင်းဖြင့် မိမိ၏လမ်းနှင့်မှားသောထင်မြင်မှုအစွဲကိုကျော်ဖြတ်စေခြင်းသည် ကျွန်ုပ်တို့၏မွန်မြတ်သောအလုပ်ဖြစ်သည်။ [Ev 574.1]

ကျွန်ုပ်တို့ဓမ္မဆရာများမှ ရောမအသင်းတော်ကို လွန်စွာဆန့်ကျင်ခြင်းနှင့် ထိုအသင်းတော်အား ပြင်းထန်သောအထင်အမြင်မှားခြင်းကြောင့် မိမိတို့၏ကိုယ်ကိုစိတ်ဆိုးစေခြင်းသည် အန္တရာယ်ရှိသည်။ ရောမအသင်းတော်၌ ဤလူတို့ကိုစိတ်ဝင်စားစွာဖြင့်ကြည့်နေသောသူများစွာရှိသည်။ သို့သော်ဘုန်းတော်ကြီး၏တန်ခိုးသည် သူ၏တာဝန်ပေးအပ်ခြင်းအပေါ်ကြီးမားပြီး၊ အကယ်၍ သူ၏ငြင်းခုံခြင်းများရှောင်ရှားခြင်းအားဖြင့် လူတို့ကိုဒုက္ခဖြစ်စေနိုင်မည်ဆိုလျှင် မမှန်သောအသင်းတော်သို့ အမှန်တရားဟောပြောသောအခါသူတို့နားထောင်မည်မဟုတ်ပါ။ သူသည် ဇောန်ပြုမည်မဟုတ်ပါ။ သို့သော်ဘုရားနှင့်အတူလုပ်ဆောင်သူများအဖြစ်၊ ကျွန်ုပ်တို့အတွက် ဝိညာဉ်လက်နက်

များပြင်ဆင်ပေးလျက်ရှိပြီး ရန်သူ၏ခံတပ်ကို တန်ခိုးကြီးစွာဖြင့်ဖြိုဖျက်နိုင်ပါလိမ့်မည်။ Letter 39, 1887. [Ev 574.2]

**ကြင်နာခြင်းမပါသောဝင်ရောက်လုပ်ကိုင်ခြင်းကိုရှောင်ပါ** – ကျွန်ုပ်တို့စာပေများတို့ကိုရေးသားသောသူတို့သည် ဧကန်အမှန်အန္တရာယ်ဖြစ်စေမည့် ကြင်နာခြင်းနှင့်သွယ်ဝိုက်၍ရေးသားခြင်းများမပြုစေပါနှင့်။ ဤသို့ပြုမည်ဆိုလျှင် ရောမအသင်းတော်အပါအဝင် လူအားလုံးတို့အား ဟောပြောရမည့်သတင်းစကားအတွက် အကာအဆီးနှင့်အဟန့်အတားဖြစ်စေပါလိမ့်မည်။ အမှန်တရားကိုမေတ္တာဖြင့်ပြောဆိုရမည်ဖြစ်ပြီး မသန့်ရှင်းသောပင်ကိုယ်နှလုံးသားအတွေးအခေါ်၏အမှန်တရားနှင့် ပေါင်းစပ်ခြင်းမပြုကြရန်နှင့် ကျွန်ုပ်တို့၏ရန်သူများမှရရှိသည့် တူညီသောဝိညာဉ်၏ထင်မြင်ယူဆချက်ဖြင့် ပြောဆိုခြင်းမပြုရပါ။ ပြင်းထန်သောတွန်းအားပေးခြင်းအားလုံးတို့သည် ကျွန်ုပ်တို့အားထိခိုက်နာကျင်ခြင်းအတွက် သူတို့မှအသုံးပြုရန် သူတို့လက်ထဲသို့တန်ခိုးများရရှိသောအခါ ကျွန်ုပ်တို့ထံသို့ နှစ်ဆပြန်လည်၍ရောက်ရှိလာလိမ့်မည်။ ကျွန်ုပ်တို့ရန်သူများတို့၏စိတ်ကို ကျွန်ုပ်တို့အပေါ်လှုပ်ရှားမှုဖြစ်ပေါ်စေပြီး သူတို့၏စိတ်ကို ပြင်းထန်သည့်ကောင်းသောဒေါသဖြင့်နှိုးဆွစေသည့်တိုင် အမှန်တရားကိုကျွန်ုပ်တို့ဖော်ပြရန် အမှန်တကယ်လိုအပ်ခြင်းမရှိပါက ကျွန်ုပ်တို့သည် စကားတစ်လုံးကိုမျှပြောဆိုခြင်းနှင့် စာကြောင်းတစ်ကြောင်းကိုမျှပုံနှိပ်ထုတ်ဝေခြင်းမပြုကြရန် ကျွန်ုပ်အားထပ်ခါထပ်ခါသတိပေးလျက်ရှိပါသည်။ [Ev 574.3]

ကျွန်ုပ်တို့အတွက်ပေးခဲ့သောအမိန့်မှာ မှန်ကန်ပါသည်။ "အသံမလျှော့ဘဲ ကြွေးကြော်လော့။ တံပိုးသံကဲ့သို့ အသံကိုလွှင့်၍ ယာကုပ်အမျိုးသားဖြစ်သော ငါ၏လူတို့အား၊ သူတို့ဒုစရိုက်အပြစ်ကိုဖော်ပြလော့" (ဟေရှာယ ၅၈း၁)။ ဤသတင်းကိုကျွန်ုပ်တို့ပေးရမည်။ သို့သော် သတိပေးသောအခါ အရှိန်အဟုန်ဖြင့်များစွာတွန်းအားမပေးရန်နှင့် ကျွန်ုပ်တို့ကဲ့သို့အလင်းမရရှိသေးသောသူများတို့ကို အပြစ်စီရင်ခြင်းမပြုကြရန် သတိပြုသင့်ကြပါသည်။ ရောမအသင်းတော်ကို မမှန်သောနည်းနှင့် ကြမ်းတမ်းစွာအရှိန်အဟုန်ဖြင့် တွန်းအားပေးဆက်ဆံခြင်းမပြုသင့်ပါ။ ရောမအသင်းတော်အထဲ၌ မိမိတို့ရရှိသောအလင်းတရားအတိုင်း အသက်ရှင်သောသူများနှင့် သူတို့၏ကိုယ်စား ဘုရားသခင်အလုပ်လုပ်မည့် အလွန်ရိုးသားသောခရစ်ယာန်များစွာရှိနေပါသည်။ ကြီးမားသောအခွင့်အရေးများစွာရရှိကြပြီး မိမိတို့၏ကိုယ်၊ စိတ်နှင့်ကိုယ်ကျင့်တရား၏တန်ခိုးများကို တိုးတက်အောင်ပြုလုပ်ကြရန် ပျက်ကွက်ကြသောသူများ မိမိတို့၏စိတ်ချမ်းသာမှုအတွက်ကိုသာရှာဖွေပြီး မိမိတို့၏တာဝန်ကိုဆောင်ရွက်ရန် ငြင်းဆန်ကြသောသူတို့သည် မှားယွင်းသောယုံကြည်ခြင်းအယူဝါဒကိုခံယူနေကြသော်လည်း သူတစ်ပါး၏ကောင်းကျိုးအတွက် ရှာဖွေအသက်ရှင်နေကြသူများတို့ထက် ပို၍အန္တရာယ်ရှိနေကြပြီး ဘုရားသခင့်ရှေ့၌ ပို၍အပြစ်စီရင်ခြင်းကိုခံရကြမည်ဖြစ်ပါသည်။ သူတစ်ပါးကိုပြစ်တင်ဝေဖန်ခြင်း၊ သူတို့အားအပြစ်စီရင်ခြင်းမပြုပါနှင့်။ Testimonies, vol. 9, pp. 241-244. (1909) [Ev 575.1]

**သူတို့၏မျက်နှာများ၌တံခါးကိုပိတ်ထားခြင်း** – အမှန်တရားကိုဟောပြောပါ။ သို့သော် ကြမ်းတမ်းသောသဘောကိုပြသည့်စကားများကို ချုပ်တည်းထားပါ။ အကြောင်းမှာ ထိုစကားများတို့သည် မည်သူ့ကိုမျှအလင်းမပေးနိုင်သောကြောင့်ဖြစ်သည်။ အက်ခိုး "Echo" စာစောင်ကို များစွာပုံနှိပ်ထုတ်ဝေသင့်သည်။ ၎င်းကိုရောင်းချရန် အတားအဆီးမပြုပါနှင့်။ အမှောင်ထဲ၌ အလင်းကိုမပေးနိုင်သော မည်သည့်အကြောင်းအရင်းမျှမရှိပါ။ သို့သော် ခရစ်တော်ကြောင့် ရောမအသင်းတော်အကြောင်းနှင့်ပတ်သက်၍ ပြင်းထန်သောဝေဖန်မှုမှတ်ချက်များကိုချကာ ဆုံးမပြောဆိုခြင်းကိုသတိပြုပါ။ အက်ခိုး "Echo" စာစောင်ကို အသင်းဝင်များစွာဖတ်ရှုကြပြီး သူတို့အထဲ၌ အမှန်တရားကိုလက်ခံမည့် ရိုးသားသောပုဂ္ဂိုလ်များစွာရှိပါသည်။ သို့သော် သူတို့သည် အမှန်တရားကိုလက်ခံလုနီးပါးအချိန်၌ သူတို့၏မျက်နှာတံခါးကို ကာထားသည့်အရာများရှိနေပါသည်။ အက်ခိုး "Echo" စာစောင်အား ပို၍အားရနှစ်သက်ဖွယ်သက်သေခံချက်များ၏ကျေးဇူးတင်ချီးမွမ်းခြင်းကိုပေးပါ။ ၎င်း၏

လမ်းကိုကာထားခြင်းမပြုပါနှင့်။ ခက်ခဲသောဖော်ပြခြင်းများတို့၏ကိုယ်စား တစ်ခုအဖြစ် ကမ္ဘာအရပ်ရပ်သို့ရောက်ရှိနိုင်ခြင်းကို အတားအဆီးမပြုပါနှင့်။ ခါးသီးသောစကားလုံးတစ်လုံးကို ၎င်း၏စာမျက်နှာပေါ်၌တွေ့ရှိရပါက မာရ်နတ်ဝမ်းသာလိမ့်မည်။ Counsels to Editors, p. 45. (1896) [Ev 575.2]

**အမှန်တရားကိုဟောပြောခြင်းဖြင့်မှားသောအယူကိုပြသပါ** – တိကျသောကြွေးကြော်ခြင်းကို ပြုလုပ်ရမည်။ သို့သော် ဤလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏လူများတို့အားပြောရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရသည်မှာ သတိပြုရန်ဟုဖြစ်ပါသည်။ သတင်းစကားသယ်ဆောင်ရာ၌ ရောမအသင်းတော်အပါအဝင် အခြားအသင်းတော်များတို့အား မည်သည့်တစ်ဦးချင်းတိုက်ခိုက်ခြင်းကိုမျှမပြုရပါ။ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် မတူညီသောဂိုဏ်းဂဏများရှိ လူတို့ကိုဆွဲဆောင်နိုင်မည့်နည်းလမ်းတစ်ခုမှာ အကြီးဆုံးသောသတိပြုခြင်းသာဖြစ်ကြောင်းတွေ့မြင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အပြောအဆိုကိုသတိပြုပါ။ ကျွန်ုပ်တို့၏ဓမ္မဆရာများတို့သည် မိမိတို့၏စိတ်ဆန္ဒအလိုကိုလိုက်ပြီး “ဗုက်ထားလျက်ရှိသောအဓမ္မအရာ” ကိုရှုတ်ချခြင်းနှင့် ဖော်ပြခြင်းကိုမပြုပါစေနှင့်။ ဤဆောင်ပုဒ်များအပေါ် ဆိတ်ဆိတ်နေခြင်းသည် ကောင်းသည်။ အများသောသူတို့သည် လှည့်ဖြားခြင်းခံရကြသည်။ အမှန်တရားကို မေတ္တာအသံပါသောစကားလုံးများအားဖြင့်ပြောပါ။ ခရစ်တော်ယေရှုကိုမြှင့်တင်စေပါ။ အမှန်တရား၏မှန်ကန်ကြောင်းကိုထိန်းသိမ်းပါ။ တစ်ဦးတစ်ယောက်အား တိုက်ခိုက်ရန်ရည်ရွယ်ချက်ဖြင့် ဘုရားသခင်ချမှတ်ထားသောလမ်းကို မည်သည့်အခါမျှချန်မထားပါနှင့်။ ထိုတိုက်ခိုက်ခြင်းသည် လူကိုများစွာဒုက္ခပေးပြီး ကောင်းကျိုးမပေးပါ။ လူများစွာတို့၏ယုံကြည်ခြင်းမီးကို ငြိမ်းစေလိမ့်မည်။ အမှန်တရားဖြစ်သည့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထိုအမှား၌ရှေ့နောက်မညီသောပုံအကြောင်းကိုပြောစေပါ။

လူတို့သည် မိမိတို့မြတ်နိုးခဲ့သည့် မှားယွင်းသောအယူအပေါ် အမှန်တရား၏အခွင့်အရေးကို ချက်ချင်းတွေ့မြင်ရန်မျှော်လင့်ခြင်းမရှိကြပါ။ မှားယွင်း



သောအယူဝါဒကိုဖော်ပြရန် အကောင်းဆုံးနည်းမှာ အမှန်တရား၏အထောက်အထားများကို ဟောပြောရန်ဖြစ်သည်။ ဤအရာသည် အမှားကိုဖော်ပြရန် အကောင်းဆုံးပြစ်တင်ပြောဆိုခြင်းဖြစ်သည်။ စိတ်ထဲ၌ရှိနေသည့် မှောင်မိုက်ကိုဖယ်ရှားပြီး ဖြောင့်မတ်ခြင်းနေမင်းကြီး၏အလင်းကို ရောင်ပြန်ဟပ်လိုက်ခြင်းအားဖြင့်ဖြစ်သည်။ Manuscript 6, 1902. [Ev 576.2]

**ကျွန်ုပ်တို့၌အနည်းငယ်သာဟောပြောရန်ရှိသည်** – ဘုရားသခင်၏နှုတ်ကပတ်တော်ကို သေချာစွာလေ့လာရန်လိုသည်။ ကျွန်ုပ်တို့၏လွန်ခဲ့သောသမိုင်း၌ကဲ့သို့မတူသော ဒံယေလကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့ကို အထူးအာရုံပြုလေ့လာသင့်ကြသည်။ တချို့သောအကြောင်းအရာတွင် ရောမတန်ခိုးနှင့်ရဟန်းမင်းအကြောင်းကို ကျွန်ုပ်တို့လျှော့၍ပြောရန်လိုမည်ဖြစ်သော်လည်း ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ခြင်းကြောင့် ပုရောဖက်များနှင့်တမန်တော်များရေးသားခဲ့သောအကြောင်းအရာများအပေါ်သို့ သူတို့၏အာရုံကိုဆွဲယူသင့်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပုရောဖက်အနာဂတ်အကြောင်းအရာများနှင့် ဖြစ်ပျက်ခဲ့သောအကြောင်းအရာများနှစ်ခုစလုံးကို ကောင်းမွန်စွာပုံဖော်ထားခဲ့ခြင်းမှာ လူတို့မှခရစ်တော်၌ပုန်းနေသောဆောင်ရွက်ချက်ကိုဖယ်ရှားပြီး ကောင်းကင်ဘုံရှင်ဘုရားသခင်နှင့် သူ၏ပညတ်တော်ကိုမြှင့်တင်ရန်ဖြစ်သည်။ Counsels to Editors, pp. 45, 46. (1896) [Ev 577.1]

**ရောမအသင်းဝင်များတို့ကိုဆွဲယူသောအမှန်တရားပုံ** – ဆရာကြီးအက်(စ်)သည် သူ၏အစည်းအဝေးများ၌ ကောင်းသောစိတ်ဝင်စားမှုကို နှိုးကြွစေပါသည်။ လူမျိုးပေါင်းစုံလာရောက်နားထောင်ကြပြီး ဗျာဒိတ်ကျမ်းသားရဲများပါရှိသည့်ရုပ်ပုံများကိုကြည့်ကြသည်။ ရောမအသင်းဝင်များစွာလာရောက်နားထောင်ကြသည်။ သူ၏ဟောပြောသောအရာများတို့သည် နှုတ်ကပတ်တော်ထဲမှသာဖြစ်သည်။ တတ်နိုင်သမျှ သူ၏ကိုယ်တိုင်စကားကို အနည်းငယ်သာပြောဆိုသည်။ ထို့ကြောင့် သူ၏တရားနာပရိသတ်များအနေဖြင့် သူ့အား

ဆန့်ကျင်မည်ဖြစ်ပါက၊ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်ကိုသာ ဆန့်ကျင်ခြင်းဖြစ်ပေလိမ့်မည်။ Letter 352, 1906. [Ev 577.2]

ရောမအသင်းဝင်များကို ကျွန်ုပ်တို့ချဉ်းကပ်ရန် လက်လှမ်းမမီသောသူများဟု မည်သူမျှမထင်ကြပါစေနှင့်။ Manuscript 14, 1887. [Ev 577.3]

## ယုဒလူမျိုးများမှကြီးမားသောရိတ်သိမ်းခြင်းတစ်ခု

**ဘုရားသခင်၏ကြွ သရေလလူမျိုးများနှင့်အတူရေတွက်ခြင်းခံရသောယုဒလူမျိုးများ –** ယနေ့ကျွန်ုပ်တို့၏အချိန်၌ တစ်ပါးအမျိုးသားများတို့သည် ယုဒလူမျိုးများတို့နှင့်အတူ ဝမ်းမြောက်နေကြရသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ယခုမိမိတို့နေထိုင်သောနေရာနှင့် အခြားမြို့ကြီးများတို့၌ မိမိတို့၏လူမျိုးများကိုယ်စား အလုပ်လုပ်ကိုင်နေကြသော ပြောင်းလဲလာသည့်ယုဒလူမျိုးများရှိကြပါသည်။ ယုဒလူမျိုးများတို့သည် ဘုရားသခင်ရွေးချယ်သောတပည့်တော်များအဆင့်သို့ ရောက်ရှိလာပြီး ဘုရားသခင်၏ကြွသရေလလူမျိုးများနှင့်အတူ ဤနောက်ဆုံးသောနေ့ရက်၌ ရေတွက်ခြင်းခံရပါသည်။ ထို့ကြောင့် တချို့သောယုဒလူမျိုးများတို့သည် ထပ်မံ၍တစ်ဖန်ဘုရားသခင်၏လူတို့နှင့်အတူ ပြန်လည်၍ထားရှိခြင်းခံရပြီး၊ အကယ်၍သူတို့သည် နှုတ်ကပတ်တော်မှဖော်ပြသည့် "ထို့နောက်တစ်ဖန်သူပြောသည်မှာ တစ်ပါးအမျိုးသားတို့၊ သူတို့၏လူတို့နှင့်အတူဝမ်းမြောက်လော့" ဟူသည့် ပျော်ရွှင်ဝမ်းမြောက်ခြင်းအဆင့်ကိုရရှိပါက သူတို့အပေါ်ဘုရားသခင်၏ကောင်းချီးမင်္ဂလာကြွယ်ဝစွာသက်ရောက်ပါလိမ့်မည်။ Manuscript 95, 1906. [Ev 577.4]

**အလင်းသို့လူများစွာရောက်ရှိလာလိမ့်မည် –** ကျွန်ုပ်တို့၏ကမ္ဘာ၌ ကြီးမားသောအလုပ်တစ်ခုကိုဆောင်ရွက်ရလိမ့်မည်။ ဘုရားသခင်ပြောခဲ့သည်မှာ တစ်ပါးအမျိုးသားများတို့ကို စုသိမ်းရမည်သာမကဘဲ ယုဒလူမျိုးများတို့ကိုပါ



စုသိမ်းကြရလိမ့်မည်။ ယုဒလူမျိုးများအထဲ၌ ပြောင်းလဲလာမည့်သူများစွာရှိပြီး သူတို့အားဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းသည် ထွန်းလင်းလျက်ရှိသော မီးခွက်ကဲ့သို့သွားနေသည်ကို ကျွန်ုပ်တို့မြင်ရလိမ့်မည်။ ယုဒလူမျိုးများတို့သည် နေရာတိုင်း၌ရှိပြီး သူတို့အားဖြင့် လက်ရှိအမှန်တရား၏အလင်းသည် ယူဆောင်ခြင်းခံရလိမ့်မည်။ သူတို့အထဲ၌ များစွာသောသူတို့သည် အလင်းသို့ရောက်ရှိလာပြီး အံ့ဩဖွယ်ရာတန်ခိုးဖြင့်ပြောင်းလဲမရသော ဘုရားသခင်၏ပညတ်တော်ကို သူတို့သည်ဟောပြောလိမ့်မည်။ ဖြောင့်မတ်ခြင်းအားဖြင့် သူသည် အံ့ဩဖွယ်ရာများတို့ကိုပြုလုပ်လိမ့်မည်။ Manuscript 87, 1907. [Ev 578.1]

**နိုင်ငံများစွာ၌ရှိသောယုဒလူမျိုးများ –** နိုင်ငံများစွာတို့၌ ပျံ့နှံ့နေကြသော ယုဒလူမျိုးများတို့အတွက် လူအနည်းငယ်သာဟောပြောကြရန် ဝန်ထုပ်ရှိကြခြင်းသည် ကျွန်ုပ်အတွက်ထူးဆန်းသောအရာတစ်ခုဖြစ်သည်။ ဤလောက၏အပြစ်ကိုယူဆောင်သွားသောသိုးသငယ်ကို ပို၍ရှင်းလင်းစွာတွေ့မြင်နိုင်ရန် သင်၏စိတ်စွမ်းအားအမြင်ကို ကြိုးစား၍အင်အားဖြည့်တင်းသကဲ့သို့ ခရစ်တော်သည် သင်နှင့်ရှိပါလိမ့်မည်။ စိတ်စွမ်းအားလျော့နည်းနေသည့် ယုဒလူမျိုးများတို့ကို နှိုးဆွပေးရမည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းတို့သည် သူတို့အတွက် အသစ်ဖန်ဆင်းခြင်း၏မိုးသောက်ပမာ၊ သို့မဟုတ် ဝိညာဉ်၏ရှင်ပြန်ထမြောက်ခြင်းပမာ သူတို့အတွက်ဖြစ်ပေလိမ့်မည်။ ဓမ္မဟောင်းကျမ်းထဲ၌ ခရစ်တော်၏ရုပ်လုံးကိုဖော်ပြထားသကဲ့သို့ သူတို့၏သတိတရားသည် နိုးကြားလာလိမ့်မည်။ ဓမ္မသစ်ကျမ်း၏တံခါးများကို ဓမ္မဟောင်းကျမ်းဖြင့်ဖွင့်လိုက်သည့်အခါ၊ ယုဒနိုင်ငံမှဝိညာဉ်များ ကယ်တင်ခြင်းရရှိပါလိမ့်မည်။ ဓမ္မဟောင်းကျမ်းကို ဓမ္မသစ်ကျမ်းမှ မည်ကဲ့သို့ရှင်းလင်းစွာရှင်းပြကြောင်းကို တွေ့မြင်ရသည့်အခါ ကမ္ဘာ၏ကယ်တင်ရှင်အဖြစ် ခရစ်တော်ကိုအသိအမှတ်ပြုနိုင်ကြလိမ့်မည်။ ယုဒလူမျိုးများစွာတို့သည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်ကိုသူတို့၏ကယ်တင်ရှင်အဖြစ် လက်ခံကြလိမ့်မည်။ Letter 47, 1903. [Ev 578.2]

**လုပ်ငန်းပြီးဆုံးချိန်၌ပြောင်းလဲသောယုဒလူမျိုးများ –** ယုဒလူမျိုးများအထဲမှ ပြောင်းလဲလာသူများရှိကြမည်ဖြစ်ပြီး ဤပြောင်းလဲလာသူများတို့သည် ဘုရားသခင်၏လမ်းကိုပြင်ဆင်ရာ၌ ကူညီမစကြမည်ဖြစ်ကာ ကန္တာရထဲရှိ ကျွန်ုပ်တို့၏ဘုရားသခင်အတွက် လမ်းမကြီးတစ်ခုကိုဖြောင့်စေကြလိမ့်မည်။ ပြောင်းလဲလာကြသောယုဒလူများတို့သည် လာမည့်အချိန်၌ ကျွန်ုပ်တို့၏ မင်းသားလေးခရစ်တော်ကိုလက်ခံရန် ပြုလုပ်ရမည့်ကြီးမားသောပြင်ဆင်မှုများ၌ အရေးကြီးသောတာဝန်လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရမည့်တာဝန်ရှိလိမ့်မည်။ တစ်ရက်အတွင်း နိုင်ငံတစ်ခုပေါ်လာလိမ့်မည်။ မည်ကဲ့သို့နည်း။ ဘုရားသခင်မှတာဝန်ပေးအပ်ထားသောအမှန်တရားသို့ ပြောင်းလဲလာသူများအားဖြင့်ဖြစ်ပါသည်။ ၎င်း၌တွေ့ရမည့်အရာမှာ၊ "ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာ အောင်မာသောအဆန်ကိုဖြစ်စေတတ်၏။" ပုရောဖက်အနာဂတ်ကြိုတင်ဟောထားချက်များ ပြည့်စုံလာပါလိမ့်မည်။ Manuscript 75, 1905. [Ev 579.1]

## ကလေးအတွက်ဝမ်းမြောက်ဖွယ်ဧဝံဂေလိလုပ်ငန်း

**နားထောင်ရန်နှင့်လက်ခံရန်ကလေးများအဆင်သင့်ရှိသည် –** သူ့ထံသို့ယူဆောင်လာခြင်းခံရသောကလေးများတို့၌ ယေရှုသည် သူ၏နိုင်ငံတော်တွင် သူ၏ ကျေးဇူးတော်အမွေခံများနှင့် သူ၏လူများဖြစ်သင့်ကြောင်းနှင့် သူ့အတွက်ကြောင့် တချို့တို့သည် အာဇာနည်များဖြစ်လာလိမ့်မည်ကို သူတွေ့မြင်ခဲ့ရသည်။ ဤကလေးများတို့သည် သူ၏စကားကိုနားထောင်ပြီး သူ့ကိုမိမိတို့၏ကယ်တင်ရှင်အဖြစ် လောကီပညာရှိကြပြီး စိတ်နှလုံးခိုင်မာသောလူကြီးများတို့ထက် လက်ခံရန်များစွာပို၍အဆင်သင့်ရှိသည်ကို သူသိရှိခဲ့ပါသည်။ သင်ကြားခြင်း၌ သူသည် သူတို့၏အဆင့်သို့ဆင်းလာခဲ့ပါသည်။ ကောင်းကင်၏တန်ခိုးရှင်ဖြစ်သောသူသည် သူတို့၏မေးခွန်းများတို့ကိုဖြေကြားပြီး သူ၏အရေးကြီးသော



သင်ခန်းစာများကို သူတို့၏ကလေးဘဝ၌ နားလည်နိုင်သည့်လွယ်ကူသောနည်းဖြင့်ရှင်းပြပါသည်။ သူတို့၏စိတ်ထဲ၌ အမှန်တရား၏မျိုးစေ့ကို လာမည့်နှစ်များတို့၌ပေါက်လာပြီး ထာဝရအသက်ကိုပေးမည့်အသီးများတို့ကို သီးလာရန်စိုက်ပျိုးခဲ့ပါသည်။ [Ev 579.2]

"ကလေးများကို ငါ့ထံသို့လာရန်မဆီးတားပါနဲ့" ဟုယေရှုပြောခဲ့သောအခါ၊ သူသည် လာမည့်ခေတ်အဆက်ဆက်၌ သူ့နောက်လိုက်များအားလုံး– အသင်းတော်ခေါင်းဆောင်များ၊ ဓမ္မဆရာများ၊ အမှုဆောင်များနှင့် ခရစ်ယာန်များအားလုံးတို့ကို ပြောဆိုလိုက်ခြင်းဖြစ်ပါသည်။ ယေရှုသည် ကလေးများတို့ကိုဆွဲယူပြီး "သူတို့လာရန်မဆီးတားပါနှင့်" ဟု သူအမိန့်ပေးခြင်းသည် သူတို့အားသင်တို့မတားဆီးပါက သူတို့လာလိမ့်မည်ဟု သူပြောဆိုသကဲ့သို့ဖြစ်သည်။ [Ev 580.1]

သင်၏ခရစ်တော်နှင့်မတူသောစာရိတ္တကို ယေရှုအားမှားယွင်းစွာ ကိုယ်စားမပြုပါနှင့်။ ငယ်ရွယ်သောသူများတို့အား သင်၏ဂရုမစိုက်ခြင်းနှင့် ကြမ်းတမ်းခြင်းအားဖြင့် သူ့ထံမှဝေးကွာမသွားစေပါနှင့်။ အကယ်၍ သင်တို့ ကောင်းကင်နိုင်ငံသို့ရောက်ပါက ပျော်ရွှင်လိမ့်မည်မဟုတ်ဟု သူတို့၏စိတ်ထဲ၌ မည်သည့်အခါမျှမခံစားစေပါနှင့်။ ဘာသာရေးကို ကလေးများနားမလည်နိုင်သည့်အရာအဖြစ် မပြောဆိုပါနှင့်။ သို့မဟုတ် ကလေးဘဝ၌ ခရစ်တော်ကိုလက်ခံရန်မမျှော်လင့်သင့်သကဲ့သို့ သင်၏ပြုမူခြင်း၌မရှိစေပါနှင့်။ ခရစ်တော်၏ဘာသာရေးသည် ဝမ်းနည်းအားငယ်ဖွယ်ရာဘာသာရေးတစ်ခုဖြစ်ကြောင်းနှင့် ယေရှုထံသို့လာပါက အသက်တာ၏ပျော်ရွှင်မှုအားလုံးကို စွန့်လွှတ်လိုက်ရမည်ဖြစ်ကြောင်း စသည့်မှားယွင်းသည့်အမြင်ကို သူတို့၌မရှိစေပါနှင့်။ [Ev 580.2]

ကလေးများတို့၏စိတ်နှလုံးများထဲ၌ သန့်ရှင်းသောဝိညာဉ်တော် လှုပ်ရှားသကဲ့သို့ သူ၏အလုပ်နှင့်ပူးပေါင်းပါဝင်ပါ။ ကယ်တင်ရှင်သူတို့အား ခေါ်နေကြောင်းနှင့် မည်သည့်အရာမျှမိမိတို့၏ကိုယ်ကို သူတို့၏ငယ်ရွယ်

ပွင့်လန်းပြီး လန်းဆန်းနေသည့်အရွယ်၌ သူ့ထံသို့ဆက်ကပ်အပ်နှံခြင်းထက် သူ့အားပျော်ရွှင်ခြင်းပေးနိုင်သည့် အခြားအရာမရှိကြောင်းကို သူတို့အားသွန်သင်ပါ။ [Ev 580.3]

မိမိအသွေးနှင့်ဝယ်ယူခဲ့သောဝိညာဉ်များကို ကယ်တင်ရှင်သည် အကန့်အသတ်မရှိသောကြင်နာခြင်းဖြင့် ဂရုစိုက်လျက်ရှိသည်။ သူတို့သည် သူ့မေတ္တာ၏တောင်းဆိုခြင်းဖြစ်ကြသည်။ သူတို့အားပြောဆို၍မရသည့်တောင့်တခြင်းဖြင့် သူကြည့်နေသည်။ သူ၏စိတ်နှလုံးဆွဲဆောင်မှုခံရခြင်းသည် အကောင်းဆုံးသွန်သင်မှုခံရခြင်းနှင့် ဆွဲဆောင်မှုအကောင်းဆုံးသောသားသမီးများကြောင့်သာမဟုတ်ဘဲ အမွေခံများအားဖြင့်နှင့် ပြစ်တင်စရာစာရိတ္တာမရှိခြင်းကြောင့်ဖြစ်သည်။ Ministry of Healing, pp. 42-44. (1905) [Ev 580.4]

ကလေးသူငယ်နှင့်လူငယ်လူရွယ်များတို့ကို သင်ကြားသောသင်ခန်းစာများတို့မှာ သူတို့၏စိတ်နှလုံးသားထဲ၌ မှတ်မိစွဲလမ်းစေခြင်းသည် သူတို့၏အကျင့်စာရိတ္တာအပေါ် တန်ခိုးဩဇာသက်ရောက်စေခြင်းမှာ လူကြီးများထင်သည်ထက် ပို၍များစွာသောအတိုင်းအတာအဆင့်ထက်ကြီးမားသည်။ ကျွန်ုပ်၏ကလေးဘဝ၌ ဓမ္မဆရာတစ်ဦးကျွန်ုပ်၏ဖခင်အိမ်ရှိရာ ပိုလန်၊ မိန်းသို့ရောက်လာပြီး တမန်တော်ဝတ္ထုထဲ၌ရှိသော ပေတရုသည် ရန်သူဖျက်ဆီးခြင်းမှ ဘုရားသခင်၏ကောင်းကင်တမန်သည် သူ့အားထောင်ထဲမှအံ့ဩဖွယ်လွတ်မြောက်စေခဲ့သည့်အကြောင်းကို ဖတ်ပြပါသည်။ ဤအခန်းကြီးကို သူဖြည်းဖြည်းနှင့်လေးနက်စွာဖတ်ပြခဲ့ရာ ထိုအကြောင်းအရာသည် ယခုထက်တိုင် ကျွန်ုပ်၏စိတ်ထဲ၌မြင်ကွင်းတစ်ခုကဲ့သို့ စွဲကျန်ခဲ့ပါသည်။ [Ev 580.5]

ယခုကျွန်ုပ်အားဘုရားသခင်ပေးသောအလင်းအားဖြင့် ကျွန်ုပ်တို့လူသားများသည် လူငယ်လူရွယ်များတို့ကို ပညာပေးခြင်းနှင့်သင်တန်းပေးခြင်းအတွက် ကျွန်ုပ်တို့၏အခွင့်အရေးများကို တိုးတက်မှုမပြုလုပ်ကြသေးကြောင်း ကျွန်ုပ်သိရပါသည်။ သမ္မာကျမ်းစာကို မည်ကဲ့သို့ဖတ်ပြီးနားလည်ရမည်ကို သူတို့အားကျွန်ုပ်တို့သင်ကြားသင့်ပါသည်။ ဓမ္မဆရာများအတွက် ကျမ်းစာ



သင်တန်းရှိတိုင်း ၎င်းသင်တန်းနှင့်ဆက်နွှယ်ပြီး လူငယ်လူရွယ်များတို့အတွက် ကျမ်းစာသင်တန်းတစ်ခုကို ပြုလုပ်ပေးသင့်သည်။ သူတို့၏နာမည်များကို စာရင်းယူသင့်သည်။ လူငယ်လူရွယ်များ ကျမ်းစာကိုနားလည်ရန် သင်ကြားပေးရမည့်နည်းစနစ်ကို အားလုံးနားလည်သင့်ကြသည်။ ဆောင်ရွက်စရာလုပ်ငန်းကို အမှန်တရားကိုယ်တိုင်က သင်ရိုးသားလွယ်ကူစွာဖြင့်ဆောင်ရွက်စေပါ။ လူငယ်လူရွယ်တို့၏စိတ်ကို အမှန်တရားမှအမှန်တရားသို့ပို့ဆောင်ပြီး ပို၍မြင့်သောနေရာမှ မြင့်ရာသို့ရောက်ရှိစေကာ နှုတ်ကပတ်တော်၏အနက်အဓိပ္ပါယ်ကို နှုတ်ကပတ်တော်ကသာ ၎င်း၏စာပိုဒ်သည် အခြားစာပိုဒ်များအတွက် အဓိကအကြောင်းအရာဖြစ်ကြောင်းဖော်ပြသည်ကို သူတို့အားပြသပါ။ ထိုသို့ဖြင့် နှုတ်ကပတ်တော်ကသာ ခရစ်တော်ထံသို့အတွေးများကိုပို့ဆောင်သည့် ပညာပေးသောတန်ခိုးဖြစ်ပါလိမ့်မည်။ Letter 27a, 1892. [Ev 581.1]

**ဓမ္မတရားပွဲများ၌ကလေးများအတွက်စည်းဝေးများ** – တတိယကောင်းကင်တမန်သည် ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိပြီး သူသယ်ဆောင်သောအောင်လံတံခွန်၌ "ဘုရားသခင်၏ပညတ်တော်များနှင့် ယေရှု၏ယုံကြည်ခြင်း" စာတန်းကိုရေးသားထားပါသည်။ တရားပွဲအတွက် တဲဆောက်လုပ်သောနေရာတိုင်း၌ ပထမဦးစွာဧဝံဂေလိသတင်းစကားကို ဆင်းရဲသားများထံသို့ဟောပြောပြီး လူနာများတို့ကိုကုသကြရမည်။ ဝိညာဉ်မျက်မမြင်များတို့အတွက် လုပ်ဆောင်သောအလုပ်အားဖြင့် ကယ်တင်ခြင်းခံရမည့်ဝိညာဉ်များစွာတို့ကို အသင်းတော်ထဲသို့ပို့ဆောင်နိုင်လိမ့်မည်။

ကလေးသူငယ်များအတွက် စည်းဝေးများကျင်းပသင့်ခြင်းသည် သူတို့အားပညာပေးခြင်းနှင့် ဧည့်ခံဖျော်ဖြေခြင်းအတွက်သက်သက်မဟုတ်ဘဲ သူတို့ပြောင်းလဲရန်အတွက်ဖြစ်စေရပါမည်။ ဤအရာသည် ဖြစ်နိုင်ပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၌ယုံကြည်ခြင်းရှိမည်ဖြစ်ပါက လောက၏အပြစ်ကိုယူဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်ရန်

သူတို့အားညွှန်ပြနိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ကြီးမားသည့်အစည်းအဝေးများသို့ တက်ရောက်ကြသောသူတို့သည် ဤအလုပ်ကိုလုပ်ဆောင်ကြရမည်။ ဤအလုပ်အားဖြင့် အဆင့်မြင့်သူ၊ နိမ့်သူ၊ ဆင်းရဲချမ်းသာသူအားလုံးတို့ထံသို့ သတင်းစကားရောက်ရှိရပါလိမ့်မည်။ Manuscript 6, 1900. [Ev 582.1]

**မေတ္တာသည်ကလေးများကိုခရစ်တော်ထံသို့ပို့ဆောင်နိုင်** – ကလေးသူငယ်များတို့နှင့် သင်၏ဆက်ဆံပြုမူပြောဆိုပုံအားဖြင့် ခရစ်တော်၏ကျေးဇူးတော်ကြောင့် ထာဝရအသက်အတွက် သူတို့၏စာရိတ္တများကို ပြုပြင်ပေးနိုင်လိမ့်မည်။ သို့မဟုတ် သင်၏မှားယွင်းသောလုပ်ရပ်များအားဖြင့် မာရ်နတ်၏စာရိတ္တကို သူတို့အားပေးနိုင်ပါလိမ့်မည်။ ကလေးများတို့ကို စိတ်လိုက်မာန်ပါ မည်သည့်အခါမျှဦးဆောင်လမ်းပြခြင်းမပြုပါနှင့်။ အာဏာနှင့်မေတ္တာကို ရောနှောစေပါ။ ကောင်းသောအရာနှင့်ချစ်ဖွယ်သောအရာအားလုံးတို့ကိုမြတ်နိုးပြီး ပြုစုပျိုးထောင်ကာ သူတို့အားဖော်ပြသော ခရစ်တော်အားဖြင့် ပို၍ကောင်းသည့်အရာကိုလိုလားရန် သူတို့ကိုပို့ဆောင်ပါ။ ထိုအရာများတို့ကို သင်မျက်ကွယ်ပြုပါက သူတို့အားထိခိုက်ဒဏ်ရာကိုပေးခြင်းဖြစ်ပါလိမ့်မည်။ သူတို့ကိုသင်ချစ်ကြောင်းနှင့် ပျော်ရွှင်စေလိုကြောင်းကို သူတို့အားတွေ့မြင်စေပါ။ သူတို့သည် ပို၍ချစ်ဖွယ်မကောင်းခဲ့ပါက သင်သည် သူတို့ကိုပို၍မေတ္တာပြရပါမည်။ သင်သည် ကလေးအားပျော်ရွှင်စေလိုကြောင်း သူယုံကြည်စိတ်ချသောအခါ၊ မေတ္တာသည် အကာအဆီးဟူသရွေ့ကို ဖြိုချပစ်နိုင်ပါလိမ့်မည်။ ဤအရာများသည် လူတို့နှင့်ကယ်တင်ရှင်၏ဆက်ဆံသောစည်းမျဉ်းဥပဒေဖြစ်သည်။ ဤစည်းမျဉ်းဥပဒေကို အသင်းတော်ထဲ၌ကျင့်သုံးကြရပါမည်။ Letter 23a, 1893. [Ev 582.2]

**ကလေးများအတွက်ကောင်းသောတရားပွဲအစီအစဉ်** – ကျွန်ုပ်တို့၏ဩစတြေးလျ၌ကျင်းပသော စခန်းအစည်းအဝေး၏စိတ်ဝင်စားမှုသည် အမေရိကန်နှင့်အခြားတိုင်းပြည်တို့၌ကျင်းပခဲ့သည့်အစည်းအဝေးများတို့ထက် များစွာသာလွန်သည်။ အားလပ်သောနေ့ရက်များအပြင် အပတ်အတွင်းရှိနေ့ရက်များတို့ပါ လူပေါင်း



တစ်ထောင့်နှစ်ရာအထဲ၌ ရိုးသားထက်မြက်သူများတို့အပါအဝင် တဲဖြင့်နေထိုင်ကာ မိမိတို့၏စိတ်လှုပ်ရှားဖွယ်ပျော်ရွှင်မှုများအားလုံးဖြင့် အချိန်ကိုအသုံးပြုခဲ့ကြပါသည်။ ပြင်ပမှကလေးများတို့လည်းလာကြပါသည်။ လွန်ခဲ့သည့်တနင်္ဂနွေနေ့၌ ကလေးများအစည်းအဝေးသို့ လူလေးရာနီးပါးတက်ရောက်ခဲ့ပါသည်။ ဤစည်းဝေးများကို ကျွန်ုပ်တို့၏ညီအစ်မတစ်ယောက်မှဦးဆောင်ပေးခဲ့ပါသည်။ တာဝန်ပေးထားသောဆရာများတို့အားဖြင့် အတန်းထဲ၌ကလေးများတို့ကို အစီအစဉ်တကျထိုင်စေပြီး လုပ်ငန်းကိုသူညွှန်ကြား၍ ကူညီမစပေးပါသည်။ ကလေးများတို့၏နည်းစနစ်အတိုင်း တတ်နိုင်သရွေ့လိုက်လျှောက်ကြပါသည်။ [Ev 582.3]

အကယ်၍ ခိုင်မာတည်မြဲစွာရင်းနှီးမြှုပ်နှံအသုံးပြုပါက သာသနာ့ယာဉ်ဖြင့် ငွေကြေးကိုအသုံးပြုခြင်းသည် များစွာအသုံးဝင်လိမ့်မည်။ သာသနာ့ယာဉ်အားဖြင့် ကောင်းကျိုးတချို့ကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်မှာမှန်ကန်ပါသည်။ သို့သော် နောက်ဆုံးအကျိုးရလဒ်များ၌ စိတ်ပျက်စရာဖြစ်လိမ့်မည်ဟု ကျွန်ုပ်မြင်ခဲ့ပါသည်။ ဤအရာနှင့်ဆန့်ကျင်သောအရာကို ကျွန်ုပ်တွေ့မြင်ရပါသည်။ တဲများတို့ကို တစ်နှစ်တာ၏ရာသီများနှင့်ကိုက်ညီသောခြားနားသည့်နေရာများသို့ ယူဆောင်သွားကြပါသည်။ နေရာများစွာတို့၌ စခန်းအစည်းအဝေးများကိုကျင်းပကြပါသည်။ သင့်လျော်သောကူညီဖော်များအားဖြင့် စွမ်းဆောင်နိုင်ပြီး၊ ဘုရားကိုကြောက်ရွံ့သောသူများတို့မှ ဤအစည်းအဝေးများတို့ကိုကျင်းပကြပါသည်။ ကလေးအစည်းအဝေးများနှင့်ဝိညာဉ်နိုးကြားခြင်းအစီအစဉ်များကျင်းပကြပြီး အမှန်တရားအတွက်ရပ်တည်နိုင်ကာ မိမိတို့၏အဆင့်အတန်းစံချိန်ကိုထိန်းသိမ်းနိုင်ရန် လူတို့ကိုခေါ်ဆောင်ကြပါသည်။ [Ev 583.1]

ဤစခန်းအစည်းအဝေး၌ ဆောင်ရွက်သင့်သည့်အလုပ်ကို ဆောင်ရွက်ခဲ့ကြပါသည်။ ကလေးအစည်းအဝေးများ၊ လူငယ့်ကျမ်းစာအစီအစဉ်များတို့

ကို ကောင်းမွန်စွာဆောင်ရွက်ခဲ့ပါသည်။ ပေးခဲ့သောသင်တန်းများကို မိမိတို့၏အိမ်များ၌ ပြန်လည်၍ပြုလုပ်ကြပြီး ကျောင်းအတွက်ကလေးများကို သပ်ရပ်စွာဖြင့်ပြင်ဆင်ခြင်းအားဖြင့် မိမိတို့၏စိတ်ဝင်စားမှုကို မိခင်များပြသခဲ့ကြပါသည်။ မိဘအများတို့သည် ကျွန်ုပ်တို့၏ယုံကြည်သူများမဟုတ်ကြပါ။ ကျမ်းစာအမှန်တရား၏မျိုးစေ့များတို့သည် စိတ်နှလုံးမြေသားထဲသို့ရောက်ရှိသွားပါသည်။ လွယ်ကူသောအရာမဟုတ်သော်လည်း ကောင်းသောအရာကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ကောင်းသောစွဲလမ်းခြင်းများတို့သည် မိဘတို့နှင့်သားသမီးများတို့၏စိတ်ထဲသို့ ရောက်ရှိသွားပါသည်။ ကောင်းသောအရာအတွက် ဤစည်းဝေးများ၌ပြုလုပ်ခဲ့ခြင်းသည် ဘုရားသခင်၏နေ့ရက်ကြီး၌ထင်ရှားလာပေလိမ့်မည်။ ပျိုးထောင်ရန်အတွက် ဤအရာသည် ကျယ်ဝန်းသောလယ်ပြင်ကြီးတစ်ခုဖြစ်သည်။ ဤအလုပ်ကိုဆက်လက်၍ဆောင်ရွက်ကြပါစို့။ မည်သည့်စွမ်းရည်များကိုအသုံးပြုရန် ပို၍ကောင်းမည်နည်း။ ဤအမှုဆောင်များတို့သည် ရိတ်သိမ်းရန်အတွက် စိုက်ပျိုးနေကြပါသည်။ ထာဝရအသက်ရရှိရန် မည်ကဲ့သို့ပြုလုပ်ရမည်ကို အမျိုးသားများ၊ အမျိုးသမီးများနှင့်ကလေးသူငယ်များ အလွန်သိလိုကြပါသည်။ Letter 2, 1899.

**သဘာဝသင်ခန်းစာများ –** ကလေးအစည်းအဝေးများကို တစ်နေ့နှစ်ကြိမ်ကျင်းပပါသည်။ နံနက်သင်ခန်းစာပြီးသည့်နောက် သာယာသောနေ့များ၌ဆရာများနှင့်ကလေးများ ခရီးရှည်လမ်းထွက်လျှောက်ကြပြီးလမ်းလျှောက်ကြစဉ် မြစ်ကမ်းနား၊ သို့မဟုတ် မြက်ခင်းကောင်းသောလယ်ပြင်များတို့တွင် ခေတ္တခဏရပ်ဆိုင်းကာ သဘာဝမှသင်ခန်းစာအနည်းငယ်ကိုပြောဆိုပေးပါသည်။ ထိုနေ့ရက်များတို့၌ အလွယ်တကူတွေ့မြင်ခဲ့ရသည်မှာ၊ ကလေးများလယ်ပြင်၌အပျင်းဖြေလမ်းလျှောက်ကြသောအခါ စခန်း၌အလွန်ဆိတ်ငြိမ်ပြီးစည်းကမ်းတကျရှိနေခြင်းဖြစ်ပါသည်။ နံနက်အစည်းအဝေးတက်ရောက်ခြင်းသည် စခန်းအတွင်းရှိကလေးဦးရေ (၃၀) ရှိပါသည်။ မွန်းလွဲပိုင်းအချိန်





၌ အနီးနားပတ်ဝန်းကျင်မှ ကျောင်းသူကျောင်းသားလူငယ်များပါဝင်ကြသည့်အတွက် ကလေးဦးရေ (၅၀) မှ (၆၀) အထိရှိပါသည်။ Manuscript 27, 1895. [Ev 584.1]

**ကလေးများအားဖြင့်မိဘများထံသို့ချဉ်းကပ်နိုင်ခြင်း –** ကျွန်ုပ်တို့၏စခန်းအစည်းအဝေးများသည် ကျွန်ုပ်တို့၏အရေးအကြီးဆုံးလုပ်ငန်းအထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ စခန်းအစည်းအဝေးတိုင်း၌ ကလေးများအတွက်အစီအစဉ်ပြုလုပ်ပေးရမည်။ သင့်လျော်သောအမှုဆောင်များမှ ကလေးများတို့ကို အမြဲပညာပေးကြရမည်။ စိုက်ပျိုးသောအစေ့အပေါ် ဘုရားရှင်ထံကောင်းချီးတောင်းခံပြီး ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်မှ ကလေးများကိုပင်ယုံကြည်စေနိုင်ပါလိမ့်မည်။ ကလေးငယ်များတို့အားဖြင့် မိဘများတို့ကိုချဉ်းကပ်ပြောင်းလဲစေနိုင်လိမ့်မည်။ Manuscript 52, 1900. [Ev 584.2]

## ခရီးသွားဌာနများ၌ရှိနေသူများ

**အဘယ်ကြောင့်ကပေရနောင်ကိုယေရှုရွေးချယ်ရသနည်း –** သူ၏လောကသာသနာ့လုပ်ငန်းလုပ်ကိုင်စဉ်အခါ၊ ကယ်တင်ရှင်သည် အခွင့်အရေးများ၏အကျိုးကိုယူပြီး ခရီးလမ်း၏ကြီးမားသောလမ်းမကြီးများပေါ်၌ သူ့ကိုတွေ့ရပါသည်။ သူ၏ခရီးစဉ်များအတွက် လမ်းခုလတ်၌ခိုနားရာအရပ်သည် ကပေရနောင်မြို့၊ သူ၏မြို့ဟု အများမှသိသောမြို့ဖြစ်သည်။ ဤမြို့သည် ကယ်တင်ရှင်ခရစ်တော်အလုပ်၏ဗဟိုဌာနအတွက် အလွန်ဆီလျော်သောမြို့တစ်မြို့ဖြစ်သည်။ ယေရုရှလင်မြို့နှင့်အီဂျစ်ပြည်သို့ ဒမာသက်မြို့မှနေ၍သွားသောလမ်းမကြီးနှင့် မြေထဲပင်လယ်သို့သွားသောလမ်းမကြီးအတွက် သူ့ခရီးစဉ်၏အကြီးမားဆုံးသော ခိုနားရာနေရာတစ်ခုဖြစ်သည်။ တိုင်းပြည်ပေါင်းများစွာမှလူတို့သည် ထိုမြို့ကိုဖြတ်ကျော်သွားခြင်း၊ သို့မဟုတ် မိမိတို့အသွား

**ကြီးမားသောအနားယူရာနေရာများ၌တဲအိမ်အစည်းအဝေးများ –** တဲအိမ်အစည်းအဝေးများကို ခရီးသွားဧည့်သည်များတည်းခိုသောနေရာအနီးအဝေး၌ နယ်ဌာနချုပ်မှပြုလုပ်နိုင်သမျှ သူတို့၌ရှိသောအမှုဆောင်များတို့နှင့် ကျင်းပကြရပါမည်။ အကယ်၍နိုးကြားရန်လိုအပ်သည့် အရေးကြီးသောလုပ်ဆောင်ရမည့်ထိုနေရာများကို မည်သည့်အခါ၌လုပ်ဆောင်ရမည်ဟုစဉ်းစားပါက၊ ယခုပင်ဖြစ်ပါသည်။ Letter 138, 1902. [Ev 585.2]

**လူသွားလူလာနေရာများတို့၌ –** လူသွားလူလာအမြဲရှိသောနေရာများတို့၌ အထူးသောအလုပ်ကို လုပ်ဆောင်ကြရမည်။ ခရစ်တော်ကပေရနောင်မြို့၌ အချိန်များစွာယူပြီးအလုပ်လုပ်ရခြင်းသည် ခရီးသွားသောသူများ အမြဲသွားလာကျော်ဖြတ်ကြပြီး အများသောသူတို့အနားယူကြသောနေရာဖြစ်သောကြောင့်ဖြစ်သည်။ Review and Herald, July 12, 1906. [Ev 585.3]

**ခရီးသွားဗဟိုဌာနများအတွက်အမှုဆောင်များ –** မြို့ကြီးများထဲသို့ဝင်ပြီး အမှုတော်ကိုထိရောက်စွာဆောင်ရွက်နိုင်မည့် စွမ်းဆောင်နိုင်သောပျိုရွယ်မောင်မယ်များတို့ကို တွေ့ရှိနိုင်ရန်အလွန်ခက်ခဲသည်။ ဤကဲ့သို့သောကျန်းမာရေးနှင့်ပျော်ရွှင်မှုအတွက် သွားလာလုပ်ရှားကြသည့်တည်းခိုရာဌာနများ၌ လူတို့ထံသို့လည်ပတ်ခြင်း၊ သူတို့အားကူညီခြင်း၊ သင့်လျော်သောစကားကိုသူတို့နှင့်ပြောဆိုခြင်းနှင့် တစ်ယောက်နှင့်တစ်ယောက် အားပေးစကားပြောဆိုခြင်းများတို့ကိုပြုနိုင်ရန် တတိယကောင်းကင်တမန်သတင်းစကား၏အမှန်တရားကို ကျွမ်းကျင်စွာနားလည်သော လူပျိုလူရွယ်အမျိုးသားများတို့ကို ကျွန်ုပ်တို့အထူးလိုအပ်လျက်ရှိပါသည်။ Review and Herald, July 12, 1906. [Ev 586.1]

## လမ်းပေါ်အစည်းအဝေး

**လဟာပြင်အစည်းအဝေးများအားဖြင့်တချို့တို့ကိုချဉ်းကပ်နိုင်ခြင်း –** မြို့ကြီးများတို့၌ အလုပ်ပို၍ရှိရမည်။ လဟာပြင်စည်းဝေးများအားဖြင့် လူတို့ထံသို့



အပြန်ခရီးတွင် စောင့်ဆိုင်းအနားယူခြင်းများပြုလုပ်ကြသည်။ ဤနေရာ၌ ယေရှုသည် အဆင့်အတန်းရှိလူအမျိုးမျိုး၊ သူဌေးသူကြွယ်နှင့်ကျော်ကြားသောသူများ၊ ဆင်းရဲနိမ့်ကျသောသူများတို့ကိုတွေ့ဆုံနိုင်ပြီး သူ၏သတင်းစကားနှင့်သင်ခန်းစာများတို့ကို အခြားတိုင်းပြည်များနှင့်အိမ်ထောင်မိသားစုများစွာသို့သယ်ဆောင်သွားနိုင်ပါသည်။ ပုရောဖက်အနာဂတ်ဟောထားချက်များတို့ကို စူးစမ်းရှာဖွေခြင်းသည် စိတ်ဝင်စားဖွယ်ဖြစ်ခြင်း၊ ကယ်တင်ရှင်ထံသို့အာရုံရောက်ရှိစေခြင်းနှင့် သူ၏လုပ်ငန်းကို ကမ္ဘာတစ်ဝန်းသို့သယ်ဆောင်နိုင်ခြင်းများအတွက်ဖြစ်စေပါသည်။ Testimonies, vol. 9, p. 121. (1909) [Ev 584.3]

**ပရိသတ်များတို့၏အာရုံကိုဆွဲဆောင်နိုင်ရန် –** ကမ္ဘာပေါ်ရှိကျော်ကြားသောကျန်းမာရေးအနားယူရန်စခန်းများနှင့် ခရီးသွားဧည့်သည်များတည်းခိုရာ ဗဟိုဌာနများတို့၌ ကျန်းမာရေးနှင့်ပျော်ရွှင်မှုရှာဖွေသူ ထောင်ပေါင်းများစွာတို့စုရုံးနေကြသည့်အတွက် ထိုသူများတို့၏အာရုံကိုဆွဲဆောင်နိုင်ရန် စွမ်းဆောင်မှုပြုနိုင်သော ကျွန်ုပ်တို့၏ဓမ္မဆရာများတို့နှင့် ဓမ္မစာပေဖြန့်ချိသူများ စခန်းချသင့်ကြပါသည်။ ဤအမှုဆောင်များတို့သည် ယခုအချိန်အတွက်သတင်းစကားကိုဟောပြောရန်နှင့် သူတို့မှအခွင့်အရေးရရှိသည်နှင့်အညီ စည်းဝေးများကိုကျင်းပရန် မိမိတို့၏အခွင့်အရေးကိုစောင့်ကြည့်စေပါ။ လူတို့နှင့်စကားပြောနိုင်ရန်အခွင့်အရေးများကို သူတို့အားလျင်မြန်စွာရယူစေပါ။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုး၏အမအစအားဖြင့် နှစ်ခြင်းဆရာ၏သတင်းစကားဖြစ်သည့် "နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတော်တည်လုနီးပြီ" မဿဲ ၃း၂ ကို တွေ့ဆုံသောသူတို့နှင့် သူတို့အားပြောစေပါ။ သို့မှသာ လက်ရှိအမှန်တရား၏ဧဝံဂေလိတရားသည် မကြားရသေးသောသူများစွာတို့မှကြားရပြီး သူတို့မှတစ်ဆင့် မိမိတို့၏အိမ်များသို့ယူဆောင်သွားကြမည်ဖြစ်ပြီး၊ ၎င်းနောက်ကမ္ဘာအရပ်ရပ်သို့ရောက်ရှိသွားပါလိမ့်မည်။ Testimonies vol. 9, p. 122. (1909) [Ev 585.1]

အကောင်းဆုံးချဉ်းကပ်နိုင်သောနေရာများရှိပါသည်။ ဤအလုပ်မျိုးကို လူများစွာလုပ်ဆောင်နိုင်သော်လည်း ထိုသူတို့သည် ဖြောင့်မတ်ခြင်း၏လက်နက်စုံကို ဝတ်ဆင်ကြရမည်။ ကျွန်ုပ်တို့အားလုံးတို့သည် ကျွန်ုပ်တို့၏အလုပ်၌ ပျော့ညံ့လွန်းလှပါသည်။ ထို့ကြောင့် လူ့ကျင့်ဝတ်မှန်ကန်ခြင်းနှင့် ကျွမ်းကျင်လိမ္မာသောအသိတရားရှိရန် လိုအပ်ပါသည်။ Special Testimonies, "An Appeal for Missions," p. 15. (1898) [Ev 586.2]

**လူပ်ရှားနေသောလူအုပ်ကြီး၏ပြဿနာ –** ဤလဟာပြင်အစည်းအဝေးများကို ရံဖန်ရံခါကျင်းပနိုင်ပြီး အထူးသင့်လျော်သောအခြေအနေများ၌ကျင်းပခြင်းသည် လူတို့ထံသို့အကောင်းဆုံးချဉ်းကပ်နိုင်သောနည်းလမ်းဖြစ်သည်။ သို့သော် ပုံမှန်အဖြစ်ကျင်းပခြင်းသည် မျှော်လင့်သလောက်အကျိုးရရှိမည်မဟုတ်ပါ။ လုပ်ဆောင်သူသည် သူ၏လုပ်ငန်းကို အပြည့်အဝလုံခြုံမှုပေးနိုင်မည်မဟုတ်ပါ။ အမှတ်မထင်ပြောဆိုခြင်း၊ သို့မဟုတ် ဟောပြောခြင်းတစ်ခုသည် အတွေးလမ်းကြောင်းတစ်ခုထဲသို့ စိတ်ကိုအခြားသောဩဇာသက်ရောက်မှုထက်ပိုရရှိပြီး လူတို့၏စိတ်ကိုပြောင်းလဲစေနိုင်ပါလိမ့်မည်။ Gospel Workers, pp. 339, 340. (1892) [Ev 586.3]

လဟာပြင်စည်းဝေးများ၌အမှုထမ်းသူသည် လူတိုင်းအားခရစ်တော်ယေရှု၌ ပြည့်စုံခြင်းရှိစေရန်ဟောပြောပြီး လုပ်ငန်းကိုပေါင်းစည်းကာပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ တစ်ခါတစ်ရံဤလုပ်ငန်း၏ဆောင်ရွက်ပုံအားဖြင့် ကောင်းကျိုးကြီးမားစွာရရှိနိုင်မည်ဖြစ်သည်။ သို့သော် လက်တွေ့အားဖြင့် လူတို့ထံချဉ်းကပ်ဟောပြောလုပ်ဆောင်နိုင်ရန် အခြားသောနည်းလမ်းကိုအသုံးပြုခြင်းသည် ပို၍ကောင်းပါလိမ့်မည်။ Letter 2, 1885. [Ev 587.1]

မီးပုံနားအိမ်ထောင်မိသားစုနှင့်ကိုယ်ပိုင်အိမ်များအတွင်း လူအနည်းငယ်စုဝေးကြသည့်နေရာများ၌ ခရစ်တော်၏အကြောင်းကိုဟောပြောခြင်းသည်



လဟာပြင်၌တရားဟောပြောခြင်း၊ လှုပ်ရှားနေသောလူစုလူဝေးကြီးနှင့် ခန်းမဆောင်များ၊ သို့မဟုတ် ဘုရားကျောင်းများအထဲ၌ဟောပြောခြင်းများတို့ထက် မကြာခဏယေရှုထံသို့ ဝိညာဉ်များတို့ကိုပို၍အောင်မြင်စွာပို့ဆောင်နိုင်ပါသည်။ Gospel Workers, p. 193. (1915) [Ev 587.2]

**လဟာပြင်ချုပ်တည်းခြင်းအစည်းအဝေးများ –** ကမ္ဘာကြီး၏မှောင်မိုက်နေသောအစွန်အဖျားထောင့်များတို့၌ ကျွန်ုပ်တို့အမှုတော်ကိုဆောင်ရွက်သင့်သည်။ မကြာခဏ လဟာပြင်၌စုဝေးနေကြသောသူများတို့ရှေ့၌ ကျွန်ုပ်မတ်တတ်ရပ်ပြီး ဟောပြောလေ့ရှိသည်။ ကလေးချီပြီးမတ်တတ်ထကာ တစ်နာရီမျှပင်ကျွန်ုပ်အားနားထောင်နေကြသောမိခင်များကို ကျွန်ုပ်တွေ့ရပါသည်။ ကျွန်ုပ်ပတ်လည်၌ အမျိုးသား၊ အမျိုးသမီးများဝန်းရံလျက်ရှိသည်။ သူတို့ကိုကျွန်ုပ်မေးပါသည်။ "ယေရှုခရစ်၌အမှန်ယုံကြည်သူဘယ်နှစ်ယောက်ရှိသလဲ၊ ခရစ်ယာန်ဘယ်နှစ်ယောက်ရှိသလဲ၊ ရှိရင်လက်ထောင်ပြပါ။" လက်ထောင်သူမတွေ့ရပါ။ ခရစ်တော်ကိုသူတို့မလိုကြဘူးလား၊ အမှန်တရားကိုသူတို့သိရှိနားလည်ဖို့မလိုကြဘူးလား၊ ချုပ်တည်းခြင်းသင်ခန်းစာများတို့ကို သူတို့သင်ယူရန်မလိုအပ်ဘူးလား၊ သူတို့လိုအပ်နေပါသည်။ [Ev 587.3]

လူတို့အားကျွန်ုပ်တို့သတိပေးနိုင်သောနေရာ၌ ထနေကြရန် ဘုရားသခင်အလိုရှိသည်။ ချုပ်တည်းခြင်းမေးခွန်းကိုဖြေကြားနိုင်ရန် ကျွန်ုပ်တို့၌သူဆန္ဒရှိသည်။ မှားယွင်းသောစားသောက်ခြင်းအကျင့်ဓလေ့များအားဖြင့် လူတို့သည် မိမိတို့၏အတွေးအခေါ်နှင့်အသိဉာဏ်တန်ခိုးကို ဖျက်ဆီးနေကြသည်။ ကျွန်ုပ်တို့သည် ပုဆိန်ကိုယူပြီး သူတို့၏အရက်ဆိုင်ကိုဖျက်ဆီးရန်မလိုပါ။ ကျွန်ုပ်တို့၌တန်ခိုးသာ၍ကြီးသောလက်နက်ရှိသည်။ ထိုလက်နက်သည် အသက်ရှင်သောဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို စာတန်မာရ်နတ်မှရှာဖွေဖျက်ဆီးနေသော အလွန်ဆိုးသွမ်းသည့်အရိပ်မှ မိမိ၏လမ်းဖြင့်တိုးဝင်ဖျက်ဆီးပေးသွားပါလိမ့်မည်။ ဘုရားသခင်သည်

ခွန်အားကြီးမားပြီး တန်ခိုးနှင့်ပြည့်ဝသည်။ သူတို့၏နှလုံးသို့ သူစကားပြော လိမ့်မည်။ ဤကဲ့သို့သူလုပ်သည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရပါသည်။ ဝိညာဉ်များ အမှန်တရားသို့ယူဆောင်ခြင်းခံရသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရပါသည်။ General Conference Bulletin, April 23, 1901. [Ev 587.4]

–o–



tcef; (18)

rSm;,Gif;aomodÜHtwf?uk;uG,frIrsm;?0g'rsm;?
vQKd0Sufaomt*Gtpnf;rsm;ESifhqufqHjcif;

## မှားယွင်းသောအယူဝါဒအားဖြင့်မာရ်နတ်ခြေကုပ်ရယူခြင်း

**အမှန်တရားမှအမှားသည်မိမိ၏အသက်ကိုရယူသည်** – မာရ်နတ်သည် လှည့်ဖြားခြင်းတန်ခိုးနှင့်အလုပ်လုပ်ပြီး မှားယွင်းမှုများစွာတို့ဖြင့် အမှန်တရား ကိုဖုံးကွယ်ထားပါသည်။ မှားယွင်းမှုသည် တစ်ခုတည်းရပ်တည်၍မရပါ။ အကယ်၍ အမှန်တရား၏အပင်ပေါ်၌ ကပ်ပါးပင်များကဲ့သို့ ခိုင်ခံ့စွာတွယ်ကပ် ၍မနေပါက မကြာမီပျောက်ကွယ်သွားမည်ဖြစ်သည်။ အမှားသည် ဘုရားသခင် ၏အမှန်တရားထံမှ မိမိ၏အသက်ကိုရယူသည်။ လူတို့၏ရှေးရိုးဓလေ့ထုံးစံ များတို့သည် လှုပ်ရှားနေသောပိုးမွှားများကဲ့သို့ မိမိတို့၏ကိုယ်ကို ဘုရားသခင် ၏အမှန်တရား၌တွယ်ကပ်စေပြီး လူတို့သည် ထိုအရာများကို အမှန်တရား ကဲ့သို့အလေးထားကြပါသည်။ မှားသောအယူဝါဒများအားဖြင့် စာတန်မာရ်နတ် သည် ခြေကုပ်ယူကာ လူတို့၏စိတ်များကို ညို့ယူဖမ်းစားပြီး၊ အခြေအမြစ် မရှိသောအယူအဆများကို လူတို့အားစွဲကိုင်ထားစေပါသည်။ လူတို့သည် ရဲရင့်စွာဖြင့် မိမိတို့မှချမှတ်ထားသောပညတ်တော်များကို မိမိတို့၏အယူဝါဒ အတွက်သင်ကြားကြပြီး၊ တစ်ခေတ်မှတစ်ခေတ်သို့ ဤရှေးဓလေ့ထုံးစံများ တို့ကိုသယ်ဆောင်လာခဲ့ရာ လူတို့၏စိတ်အပေါ် သူတို့၏တန်ခိုးသည် လွှမ်းမိုးခဲ့ပါသည်။ သို့သော် ခေတ်ကာလသည် အမှားကိုအမှန်ပြုလုပ်၍မရ ပါ။ ကပ်ပါးပင်အဖြစ် အမှန်တရား၏အပင်ကိုဖျက်ဆီး၍မရပါ။ အမှန်တရား ၏အပင်သည် မိမိ၏စစ်မှန်သောအသီးကိုသီးပြီး မှန်သောဒင်း၏မူလနှင့်ဇာစ် ကို ပြသလျက်ရှိပါသည်။ မှားသောကပ်ပါးပင်သည်လည်း မိမိ၏ကိုယ်တိုင်

အသီးကိုသီးပြီး ကောင်းကင်မူရင်းအပင်မှခြားနားကာ မိမိ၏အကျင့်စာရိတ္တကိုဖော်ပြလျက်ရှိပါသည်။

များသောအယူအဆများနှင့်ရှေးခလေ့ထုံးစံများအားဖြင့် စာတန်မာရ်နတ်သည် လူတို့၏စိတ်အပေါ် သူ၏တန်ခိုးကိုစိုးမိုးစေပါသည်။ ကမ္ဘာကြီးပေါ်၌ရှိနေသောသစ္စာမရှိခြင်းအားဖြင့် သူ၏တန်ခိုးကိုကျယ်ပြန့်စွာဖော်ပြနေသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ ခရစ်ယာန်များဟုခံယူနေကြသော အသင်းတော်များတို့ပင် ဘုရားသခင်၏တရားတော်ကိုစွဲကိုင်ထားခြင်းမပြုဘဲ များသောအဆင့်အတန်းစံချိန်တစ်ခုကို ခံယူနေကြပါသည်။ ဤအရာများကို မာရ်နတ်ချုပ်ကိုင်ထားလျက်ရှိသည်။ များယွင်းသောစံချိန်များသို့ လူတို့ကိုပို့ဆောင်ခြင်းအားဖြင့် လူတို့၏အကျင့်စာရိတ္တကိုပြုပြင်ပြီး လူသားတို့ကို သူ့အားအကြီးမားဆုံးပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုစေပါသည်။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကိုဆန့်ကျင်၍ သူသည်လုပ်ဆောင်ပြီး ဘုရားသခင်၏တရားစီရင်ပိုင်ခွင့်ကိုငြင်းပယ်သည်။ သူ၏ပလ္လင်၌ ဆိုးသွမ်းမှုဟူသရွေ့ သူ၏စတင်လုပ်ဆောင်သောလုပ်ငန်း၌ပါဝင်ပြီး ၎င်းတို့၏ပံ့ပိုးမှုကိုရရှိနေကြောင်း တွေ့ရှိရပါသည်။ Review and Herald, Oct. 22, 1895. [Ev 589.2]

**အမှန်နှင့်အမှား၏ကွဲပြားသောလမ်းများ –** မာရ်နတ်၏တမန်များ အဆိုးကိုပြုလုပ်ရာ၌ပါးနပ်ပြီး ၎င်းကိုတချို့သောသူတို့သည် ပို၍ကောင်းသောအလင်းဟုပြောဆိုကာ သစ်လွင်၍အံ့ဩဖွယ်ကောင်းသောသတင်းစကားဟု ဟောပြောကြသည့်တိုင် သူတို့ဖန်တီးကြပေလိမ့်မည်။ သို့သော် တချို့အပိုင်းများ၌မှန်ပုံပေါ်သော်လည်း ၎င်းသည် လူ၏တီထွင်မှုဖြင့်ရောနှောပြီး လူ၏ပညတ်တော်နှင့်ဆိုင်သည့် ယုံကြည်ခံယူသောအယူဝါဒအတွက် သွန်သင်ခြင်းသာလျှင်ဖြစ်ပါလိမ့်မည်။ အကယ်၍ကျွန်ုပ်တို့သည် စစ်မှန်သောစောင့်မျှော်၍ဆုတောင်းရန်သင့်သည့်အချိန်သည် မည်သည့်အချိန်ဖြစ်ပါသနည်းဟုမေးလာပါက ယခုအချိန်ဟုပြောရပါလိမ့်မည်။ ကောင်းသောအရာများဟုထင်ရသည့်အရာများစွာတို့အတွက် သတိပြုဆင်ခြင်ကာ များစွာဆုတောင်းရန်လိုရခြင်းမှာ



၎င်းတို့သည် ဝိညာဉ်များတို့ကိုခွဲခြားရန် အလွန်ခက်ခဲသည့်အမှန်တရားလမ်းနှင့်အလွန်တူနေသော မှားသည့်လမ်းသို့ပို့ဆောင်ရန် မာရ်နတ်၏အထူးတီထွင်မှုများဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ၎င်းကိုမှန်သောလမ်းမှခွဲခြားရန်အလွန်ခက်သည့်တိုင် ယုံကြည်ခြင်းမျက်စိသည် ခွဲခြားနိုင်ပါလိမ့်မည်။ အစ၌မှန်သည်ဟု အမှန်တကယ်ထင်ပေလိမ့်မည်။ သို့သော် နောက်များမကြာမီသန့်ရှင်းခြင်းနှင့်ကောင်းကင်သို့ပို့ဆောင်ပေးမည့်လမ်းနှင့်ကွာဟပ်နေကြောင်းထင်ရှားလာပါလိမ့်မည်။ ညီအစ်ကိုတို့၊ မှန်သောလမ်းမှ အခြားလမ်းသွယ်များသို့မရောက်သွားစေရန် သင်၏ခြေအတွက် ဖြောင့်သောလမ်းကိုသာလျှောက်လှမ်းပါ။ Undated Manuscript 111. [Ev 590.1]

**ယခုဟောပြောသောကျမ်းစာယုံကြည်ချက်များနှင့်ဆန့်ကျင်သောအယူဝါဒများ –** ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်မညီဘဲ ကျွန်ုပ်တို့ကြားရသောနှုတ်ကပတ်တော်များအပေါ် မှီခို၍မရသောအချိန်ကာလရောက်ရှိလာပါလိမ့်မည်။ ကျမ်းစာအယူဝါဒကဲ့သို့ အန္တရာယ်ရှိသည့်ဆန့်ကျင်သောအယူဝါဒများ ဟောပြောလာကြမည်ဖြစ်ပြီး၊ ၎င်းအားမည်ကဲ့သို့ရင်ဆိုင်ရမည်ကိုသိရှိနိုင်ရန် ကျွန်ုပ်တို့သည် ကျမ်းစာနှင့်အကျွမ်းတဝင်ရှိကြရမည်။ လူတိုင်း၏ယုံကြည်ခြင်းသည် စမ်းသပ်ခြင်းခံရလိမ့်မည်ဖြစ်ပြီး လူတိုင်းနီးကပ်စွာဝေဖန်ခြင်း၏စုံစမ်းခြင်းကို ကျော်လွှားနိုင်ပေလိမ့်မည်။ Review and Herald, May 3, 1887. [Ev 590.2]

**မာရ်နတ်ကျမ်းစာကိုလွဲမှားစွာကိုးကားပြောဆိုခြင်း –** လူတိုင်းဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ရင်းနှီးခြင်းရှိသင့်သည်။ အကြောင်းမှာ မာရ်နတ်သည် ကျမ်းစာကိုမှားယွင်းစေခြင်းနှင့် လွဲမှားစွာကိုးကားပြောဆိုခြင်းပြုပြီး လူတို့သည် သူ၏ပုံသက်သေကိုလိုက်ကာ ဘုရားသခင်၏နှုတ်ကပတ်တော်တချို့ကိုအသုံးပြုကာ လူတို့အားမှားယွင်းသောလမ်းသို့ပို့ခြင်း၊ သူတို့၏အကြံအစည်များကိုဖျက်ဆီးရန် တချို့ကိုသူဆုပ်ကိုင်ထားခြင်းပြုပါသည်။ ကျွန်ုပ်တို့အားလုံးတို့သည် “ဘုရားသခင်မိန့်တော်မူသည်ကား” ဟူသော ရှင်းလင်းသည့်

ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အကျွမ်းတဝင်ရှိကြရန် အခွင့်အရေးရှိကြပါသည်။ [Ev 591.1]

မှားယွင်းသောအရာများတို့ကိုပြောဆိုလုပ်ကိုင်မည့် မှားယွင်းသည့်သိုးထိန်းများရှိပါသည်။ ဘုရားသခင်၏သားသမီးများတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အကျွမ်းဝင်ရန် သူတို့ကိုသင်ကြားသင့်ပြီး မှားသောထင်မြင်ချက်ကိုပြုလုပ်ရန် ကျမ်းစာ၏မည်သည့်အပိုင်းကိုဖတ်ပြီး မည်သည့်အပိုင်းကိုမဖတ်ဘဲချန်ထားသည်ကို နားလည်ကြရမည်။ Manuscript 153, 1899. [Ev 591.2]

**မှားယွင်းသောအယူများကိုဘာသာရေးခေါင်းဆောင်များမှဟောပြောခြင်း** – မိမိတို့၏ရှေ့၌ သမ္မာကျမ်းစာကိုဖွင့်လျက် ၎င်း၏သွန်သင်ချက်များတို့ကို လေးစားသောသူများအဖြစ် ကျွန်ုပ်တို့၏အချိန်၌ ဘာသာရေးခေါင်းဆောင်အများတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ပင် ယုံကြည်ခြင်းကိုဖျက်ဆီးနေကြပါသည်။ နှုတ်ကပတ်တော်၏အဓိပ္ပါယ်ကို ခွဲခြားစိတ်ဖြာသုံးသပ်ခြင်းအားဖြင့် မိမိတို့၏ကိုယ်ကိုအလုပ်များစေပြီး သူတို့၏ကိုယ်တိုင်ထင်မြင်ချက်များတို့ကို ကျမ်းစာ၏အလွယ်ကူရှင်းလင်းဆုံးသော ပြောဆိုချက်အပေါ်၌ထားရှိကြပါသည်။ သူတို့၏လက်ထဲ၌ရှိသော ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်း၏ခွန်အားပေးသောတန်ခိုးပျောက်ဆုံးသွားရပါသည်။ ဤကဲ့သို့အားဖြင့် သစ္စာမဲ့ခြင်းများပြားရခြင်းနှင့် ဆိုးသွမ်းမှုများပျံ့နှံ့နေရခြင်းဖြစ်ပါသည်။ [Ev 591.3]

မာရ်နတ်သည် ကျမ်းစာထဲ၌ရှိသောယုံကြည်ခြင်းကို တဖြည်းဖြည်းအားနည်းစေသောအခါ သူသည် လူတို့အားအလင်းနှင့်တန်ခိုးအတွက် အခြားအခြေအမြစ်များသို့ လမ်းညွှန်လိုက်ပါသည်။ ထိုသို့ဖြင့် သူသည် မိမိကိုယ်ကိုအလိမ္မာနည်းဖြင့်သိမ်းသွင်းပါသည်။ နှုတ်ကပတ်တော်၏ရှင်းလင်းသောသွန်သင်ချက်နှင့် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးပြုပြင်ခြင်းမှ ကျောခိုင်းသွားသောသူတို့သည် နတ်ဆိုးများတို့၏ထိန်းချုပ်မှုအောက်သို့



ခေါ်ဖိတ်ခြင်းကိုခံရကြပါသည်။ နှုတ်ကပတ်တော်နှင့်ပတ်သက်သောဝေဖန်ချက်၊ ထင်မြင်ချက်များကြောင့် နတ်ဝိဇ္ဇာအယူအဆနှင့် လောကီကျင့်စဉ်တရားအားထုတ်ခြင်း (ကမ္မဋ္ဌာန်းထိုင်ခြင်း) အတွက် လမ်းပွင့်လာပါသည်။ ထိုအရာတို့သည် ရှေးမိစ္ဆာအယူဝါဒ၏ခေတ်မီပုံသဏ္ဍာန်များဖြစ်ပြီး ခရစ်တော်၏အသင်းတော်များထဲ၌ပင် ခြေကုပ်တစ်ခုအဖြစ်ရောက်ရှိလာပါသည်။ [Ev 591.4]

ဘေးချင်းယှဉ်လျက် ဧဝံဂေလိဟောကြားခြင်းနှင့်အတူ လှည့်ဖြားသောဝိညာဉ်၏ကိုယ်စားလှယ်များတို့သည် အလုပ်လုပ်လျက်ရှိသည်။ လူအများတို့၌ တစ်ဦးသည် တမင်သိလိုစိတ်ရှိခြင်းကြောင့် ဤအရာများတို့နှင့်စွက်ဖက်ပါဝင်ခဲ့ပါသည်။ သို့သော် လူ့တန်ခိုးထက်သာလွန်သောလုပ်ဆောင်မှုအထောက်အထားကိုတွေ့ရခြင်းကြောင့် သူသည် တစ်ဆင့်ပြီးတစ်ဆင့်သွေးဆောင်ခြင်းခံရပြီး သူ့ကိုယ်တိုင်ခွန်အားထက်ပိုသောတန်ခိုးဖြင့် သူသည် ထိန်းချုပ်ခြင်းခံရသည့်အထိဖြစ်သွားသည်။ ၎င်း၏နက်နဲသောတန်ခိုးမှ သူသည်မလွတ်မြောက်နိုင်တော့ပါ။ [Ev 592.1]

ဝိညာဉ်ခံတပ်ပြိုကျကုန်သည်။ သူ၌အပြစ်ကိုတားဆီးစေနိုင်သည့်အကာအကွယ်မရှိတော့ပါ။ တစ်ကြိမ်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သူ၏ဝိညာဉ်ထိန်းချုပ်ခြင်းကိုငြင်းပယ်သည့်အခါ၊ သူ၏အသက်တာမည်မျှဆုတ်ယုတ်ကျဆင်းသွားမည်ကို မည်သူမျှမသိနိုင်ပါ။ လျှို့ဝှက်သောအပြစ်၊ သို့မဟုတ်ပြင်းထန်သည့်ဆန္ဒသည် ကပေရနောင်မြို့မှ နတ်ဆိုး၏ကူညီရာကင်းမဲ့သကဲ့သို့ သူ့ကိုချုပ်နှောင်သွားပေလိမ့်မည်။ သို့သော် သူ၏အခြေအနေသည် မျှော်လင့်ခြင်းကင်းမဲ့ခြင်းသို့မရောက်ရှိသေးပါ။ The Desire of Ages, p. 258. (1898) [Ev 592.2]

**ရှုပ်ထွေးသောသာသနာလုပ်ငန်းတစ်ခု၌အမှားနှင့်အယူသီးခြင်း** – ဘုရားသခင်သည် သူ၏လူတို့အား အတွေး၊ အပြောအဆို၊ အပြုအမူတို့၌ ခရစ်ယာန်များဖြစ်ကြရန်ခေါ်တော်မူသည်။ လူးသာ (Luther) အဆိုအမိန့်တစ်ခု၌ဘာသာရေးသည် လေးစားရသောသူတို့၏အထဲ၌ကဲ့သို့ အန္တရာယ်များစွာ

မည်သို့မျှမရှိပါ။ အမှန်တရားကိုကိုင်တွယ်သောလူများတို့သည် အမှန်တရားအားဖြင့် သန့်ရှင်းခြင်းမရှိဟု ကျွန်ုပ်ပြောနိုင်ပါသည်။ သူတို့၌မေတ္တာအားဖြင့် အလုပ်လုပ်ပြီး စိတ်နှလုံးကိုဖြူစင်စေသည့်ယုံကြည်ခြင်းမရှိကြပါ။ သန့်ရှင်းသောအရာကိုကိုင်တွယ်ရန် သူတို့၌ကျင့်သားရနေပြီး ဤအကြောင်းကြောင့် အများသောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေးစားစွာဖြင့် ကိုင်တွယ်ခြင်းမပြုကြပါ။ သူတို့သည် အလင်းထဲ၌မလျှောက်ကြဘဲ သူတို့၏ မျက်စိများကို အလင်းမှပိတ်ထားကြပါသည်။ [Ev 592.3]

ဤခေတ်သည် သူ၏လူတို့အပေါ် ဘုရားသခင်ချပေးရန်ရည်ရွယ်ထားသောကျေးဇူးတော်အား ထူးခြားသောငြင်းပယ်ခြင်းခေတ်ဖြစ်သောကြောင့် ပုံမှန်ဖြစ်နေကျ နောက်ဆုံးသောနေ့ရက်များ၏ကြောက်မက်ဖွယ်သောဆိုးသွမ်းမှုအန္တရာယ်များတို့နှင့် ဘုရားသခင်၏လူတို့အားဆန့်ကျင်သော ကမ္ဘာကြီး၏ ရန်လိုခြင်းတို့ပေါင်းစည်းခြင်းတို့ကြောင့် သူတို့သည် အောင်မြင်နိုင်မည်မဟုတ်ပါ။ ဖုံးကွယ်နေသောခရစ်ယာန်များနှင့်သန့်ရှင်းခြင်းသည် အကျိုးသက်ရောက်မှုများစွာရှိပြီး ဘုရားတရားမဲ့ရှိနေခြင်းကို ဖော်ပြမည်ဖြစ်သောကြောင့် ကြောက်မက်ဖွယ်ရာအမိန့်တစ်ခုကိုအောင်မြင်ကာ ခရစ်တော်ကြွလာသည့်တိုင်အောင် ဆက်လက်၍ယုံကြည်သူအားလုံးတို့၌ ဘုန်းတော်ကိုထင်ရှားစေပါလိမ့်မည်။ ဗိမာန်တော်ဝင်းအတွင်း၌ဖြစ်ပျက်မည့်အရာများ မည်ကဲ့သို့သရုပ်ဆောင်မည်ကို လူအနည်းငယ်သာနားလည်ရလိမ့်မည်။ ဘုရားသခင်၏လူများ "သူ့အမှုတော်ကိုဆောင်ရွက်သောသူနှင့်မဆောင်ရွက်သောသူ" ကို သူခွဲခြားသိရှိနိုင်ရန် စမ်းသပ်စစ်ဆေးခြင်းကိုခံရကြပါလိမ့်မည်။ Manuscript 15, 1886. [Ev 592.4]

**မှားသောသိပ္ပံနှင့်ဘာသာရေးစပ်ကြားကွဲပြားခြင်း –** ယခုမှစပြီး ကျွန်ုပ်တို့သည် ပြိုင်ဆိုင်မှုနှင့်အမြဲရင်ဆိုင်ရမည့်အကြောင်း ကျွန်ုပ်သတိပေးခံရပါသည်။ သိပ္ပံအတတ်နှင့်ဘာသာရေးဆန့်ကျင်ကြရခြင်းသည် မပြည့်စုံသောလူသားများတို့မှ ဘုရားသခင်၏တန်ခိုးနှင့်ကြီးမြတ်ခြင်းကို နားမလည်နိုင်သောကြောင့်ဖြစ်



ပါသည်။ နှုတ်ကပတ်တော်မှရေးသားချက်များကို ကျွန်ုပ်အားဖော်ပြသည်မှာ၊ "တပည့်တော်များကိုသွေးဆောင်ခြင်းငှာ မှားသောစကားကိုပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်းပေါ်လာလိမ့်မည်။" ဘုရားသခင်၏သားသမီးများအထဲ၌ ဤအရာများကိုဧကန်အမှန်တွေ့ရှိရလိမ့်မည်ဖြစ်ပြီး ယခုအချိန်အတွက် မိမိတို့၏ကိုယ်တိုင်လုံခြုံမှုနှင့် ကယ်တင်ခြင်းကိုပေးနိုင်သော အလွန်အံ့ဩဖွယ်ကောင်းပြီးအရေးကြီးသည့်အမှန်တရားများကို စိတ်ထဲ၌မသိသောသူများရှိလိမ့်မည်။ အကြောင်းမှာ အကျိုးမရှိသည့်အဏုမြူအင်အားကဲ့သို့သောအရာများ အမှန်တရားအနည်းငယ်ကိုမျှမတွေ့ရှိရသည့်အရာများအပေါ် မာရ်နတ်သည် မိမိ၏ကြီးမားသောတန်ခိုးကိုပြသပြီး လူတို့အတွက်အရေးအကြီးဆုံးသောအရာတစ်ခုအဖြစ် ပေါ်လွင်စေသောကြောင့်ဖြစ်သည်။ [Ev 593.1]

ဤလူတို့သည် မိမိတို့၌ရှိသောစာရိတ္တအမြင်ပျက်စီးကုန်ကြပြီ။ သူတို့သည် ဝိညာဉ်ရေးဆိုင်ရာကိစ္စများကို ခွဲခြားသိရှိနိုင်ရန် ကောင်းကင်မှဝိညာဉ်တော်တန်ခိုးကို သူတို့လိုအပ်နေကြောင်း အသိတရားနှင့်ခံစားချက်များမရှိကြတော့ပါ။ သူတို့သည် မိမိတို့၏ကိုယ်ကို မမှားယွင်းနိုင်ဟုအထင်ကြီးလွန်းကြသည်။ နေ့စဉ်အသက်တာ၌ ဘုရားသခင်၏အရာကိုဆည်းပူးခြင်းမရှိသောသူတို့သည် မိမိတို့၏သန့်ရှင်းမြင့်မြတ်သောတာဝန်များတို့ကို ပါးနပ်စွာဖြင့်ဆောင်ရွက်နိုင်ကြမည်မဟုတ်ပါ။ သူတို့သည် မှားယွင်းစွာဖြင့် အလင်းကိုအမှားဟုထင်ပြီး၊ မှန်ပုံပေါ်သောအမှားကို အလင်းဟုပြောကြလိမ့်မည်။ သူတို့၏အိပ်မက်များကို အစစ်အမှန်ဟုယူဆပြီး၊ စစ်မှန်သောအရာများကို စိတ်ကူးများဟုယူဆကြပါသည်။ သူတို့သည် ကမ္ဘာကြီးကိုအဏုမြူဟုခေါ်ပြီး၊ အဏုမြူကိုကမ္ဘာကြီးဟုခေါ်ကြသည်။ ခရစ်တော်၏အထူးသောကျေးဇူးတော်မပါဘဲ လူ့ဉာဏ်ဖြင့်လျှောက်လှမ်းနိုင်သည်ဟု ထင်ကြသောသူများတို့၏ခြေကိုထောင်ချောက်ထဲ၌ဒုက္ခရောက်စေရန် လျှို့ဝှက်သည့်ပိုက်ကွန်များကဲ့သို့ပြင်ဆင်ထားသော မာရ်နတ်၏လှည့်ဖြားခြင်းများနှင့်သွေးဆောင်ခြင်းများထဲသို့ သူတို့

ကျရောက်နိုင်ကြမည်ဖြစ်ပါသည်။ ယေရှုသည် လူတစ်ယောက်ကို လူတို့ သစ်ပင်လမ်းလျှောက်သကဲ့သို့မမြင်စေဘဲ အရာအားလုံးကို ရှင်းလင်းစွာမြင်တွေ့စေလိုပါသည်။ အပြစ်သားအတွက်ကုသမှုတစ်ခုတည်းသာရှိပါသည်။ ထိုအရာကိုမရရှိပါက လူတို့သည် သွေးဆောင်ခြင်း၏နောက်သို့ မိမိတို့၌ရှိသောအသိဉာဏ်ပျက်စီးကုန်သည့်အထိ တစ်ခုပြီးတစ်ခုလိုက်သွားကြပါလိမ့်မည်။ Manuscript 16, 1890. [Ev 593.2]

## အံ့ဩဖွယ်နိမိတ်လက္ခဏာများသည်စမ်းသပ်မှုတစ်ခုမဟုတ်

**မာရ်နတ်သည်အံ့ဩဖွယ်နိမိတ်လက္ခဏာများပြုလုပ်မည်** – သူတို့အား ဘုရားသခင်ပို့ပေးသောသတင်းစကားကို ငြင်းဆန်သောသူများတို့သည် သံသယရှိရခြင်း၏အကြောင်းပြချက်များတို့ကိုရှာခြင်း၊ ကောင်းကင်မှအလင်းကိုငြင်းပယ်ခြင်းအတွက် ဆင်ခြေဆင်လက်တချို့ကိုရှာကြသည်။ အထောက်အထားကွက်ကွက်ကွင်းကွင်းရှိသော်လည်း ယုဒလူမျိုးများကဲ့သို့ "ကျွန်ုပ်တို့အားနိမိတ်လက္ခဏာပြပါ၊ ကျွန်ုပ်တို့ယုံကြည်မည်။ အကယ်၍ စေတမန်များတို့၌ အမှန်တရားရှိပါက အဘယ်ကြောင့်လူနာများကိုမပျောက်ကင်းစေနိုင်သနည်း" ဟုပြောကြပါသည်။ [Ev 594.1]

သူတို့မျက်စိပွင့်နေပါက ဆိုးသောကောင်းကင်တမန်များတို့သည် မိမိတို့၏တန်ခိုးဖြင့် သူတို့အားလှည့်ဖြားရန် ဝမ်းမြောက်အားရစွာသူတို့အနားပတ်လည်၌ရှိနေကြသည်ကို သူတို့တွေ့ရလိမ့်မည်။ မာရ်နတ်သည် ဤသံသယရှိသူတို့၏လိုလားချက်ကိုအဖြေပေးခြင်းနှင့် ဤကဲ့သို့သောအထောက်အထားရှာဖွေသူအားလုံးတို့၏ယုံကြည်ခြင်းကိုအတည်ပြုရန် နိမိတ်လက္ခဏာများစွာကို တင်ပြပြောဆိုခြင်းအချိန်အခါသည် ကျွန်ုပ်တို့၏ရှေ့၌ရှိနေပါသည်။ အမှန်တရား၏အလင်းအတွက် မိမိတို့၏မျက်စိကိုပိတ်ထားသောသူများနှင့် လှည့်ဖြားခြင်းကိုခံနိုင်ရန် နိမိတ်လက္ခဏာအတွက်တောင်းဆိုသောသူများတို့၏



အခြေအနေသည် မည်မျှကြောက်မက်ဖွယ်ကောင်းလိမ့်မည်နည်း။ Letter 4, 1889. [Ev 594.2]

**အံ့ဩဖွယ်ကုသခြင်းနှင့်အယူသီးခြင်း** – ကျွန်ုပ်တို့၏ဆေးရုံများသည် ကျွန်ုပ်တို့ချဉ်းကပ်၍မရနိုင်သောသူအား ချဉ်းကပ်နိုင်သည့်လမ်းကြောင်းတစ်ခုဖြစ်သည်။ "အဘယ်ကြောင့်နည်း" "ဆေးရုံများစွာထူထောင်မည့်အစား၊ လူနာများအတွက်ဆုတောင်းပေးခြင်းဖြင့် အံ့ဩစွာပျောက်ကင်းစေခြင်းကို မဆောင်ရွက်သင့်ပေဘူးလား" ဟု တစ်ယောက်နှင့်တစ်ယောက်ပြောဆိုကြသည်။ အကယ်၍ ဤသို့ပြုကြမည်ဆိုလျှင်၊ ကြီးမားသောအယူသီးခြင်း ကျွန်ုပ်တို့အထဲ၌ပေါ်ပေါက်လာမည်ဖြစ်သည်။ မိမိတို့၏ကိုယ်ကို များစွာယုံကြည်စိတ်ချသူများစတင်လှုပ်ရှားပြီး၊ သန့်ရှင်းသောခန္ဓာရှိသည့်တန်ခိုးရရှိသူများ အမှန်ပင်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့အထဲသို့ရောက်ရှိလာပါလိမ့်မည်။ ဤအရာများသည် ဝိညာဉ်၏လှည့်စားခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၁၉၀၁ ခုနှစ်၊ ကမ္ဘာ့သာသနာ့ဌာနချုပ်၌ သူတို့အတွက်ကျွန်ုပ်အား ဘုရားသခင်မှပေးသောသတင်းစကားတစ်ခုအားဖြင့် သွန်သင်ဆုံးမခြင်းကိုပြုခဲ့ပါသည်။ တချို့သောသူနှစ်သက်မည့်အရာအားဖြင့် ကျွန်ုပ်တို့၏အစီအစဉ်ကို ဆောင်ရွက်သင့်ကြပါသလား။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုရှုပ်ထွေးစေပြီး ဝိညာဉ်တန်ခိုးပြခြင်းများတို့ကိုပြုလုပ်နိုင်သည့်အပေါင်းအဖော်များတို့ကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပါသည်။ [Ev 594.3]

အမှားများဝင်ရောက်လာပြီး ထူးဆန်းသောအယူဝါဒများကို ပွင့်ပွင့်လင်းလင်းထောက်ခံလာကြပါသည်။ တချို့သောသူတို့သည် ယုံကြည်ခြင်းမှ သွေဖည်သွားပြီး သွေးဆောင်သောဝိညာဉ်များနှင့် နတ်ဆိုးများတို့၏အယူဝါဒများတို့ကို လက်ခံကြပါသည်။ ရှေးအလွန်ကျသည့် ပထမဦးဆုံးဆေးရုံတည်ထောင်သောအချိန်၌ပင် ဤအရာများစတင်ရှိခဲ့ပြီးဖြစ်သည်။ ၎င်းတို့သည် ၁၈၄၄ ခုနှစ်၊ စိတ်ပျက်ခဲ့ရသည့်နောက်ပိုင်း မကြာမီပေါ်လာသည့်အမှားများနှင့် ဆင်းတူရိုးမားဖြစ်ပါသည်။ ခိုင်မာသောအယူသီးခြင်းတစ်မျိုးတစ်ဖုံပြောင်းလဲ

ခြင်းပေါ်လာခဲ့ပြီး မိမိကိုယ်ကို သန့်ရှင်းသောဝိညာဉ်တော်၏သက်သေခံခြင်းဟုခေါ်ပါသည်။ ဤဆိုးသောအလုပ်ကိုသွန်သင်ဆုံးမရန် ကျွန်ုပ်အားသတင်းပေးပါသည်။ Letter 79, 1905. [Ev 595.1]

## မှားယွင်းသောဖြူစင်ခြင်းနှင့်သန့်ရှင်းခြင်း

**''ယုံကြည်ခြင်းတစ်ခုတည်းသာ'' ဟူသည့်ယုံကြည်ခြင်းအယူဝါဒကိုသတိပြုပါ –** မှားယွင်းသောအယူဝါဒအမျိုးမျိုးနှင့် ကျွန်ုပ်တို့တွေ့ဆုံရမည်ဖြစ်ပြီး ခရစ်တော်ပြောခဲ့သောစကားနှင့်အကျွမ်းတဝင်ဖြစ်ခြင်း၊ သူ၏ညွှန်ကြားချက်ကိုလိုက်လျှောက်ခြင်းမပြုပါက ကျွန်ုပ်တို့လမ်းလွဲကြပါလိမ့်မည်။ ဤအယူဝါဒများအထဲ၌ အန္တရာယ်အပေးနိုင်ဆုံးအယူဝါဒမှာ မှားသောဖြူစင်သန့်ရှင်းခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်ပြီး မိမိကိုယ်ကိုသန့်ရှင်းသည်ဟုပြောသောသူများရှိကြသည်။ သူတို့၌အပြစ်မရှိဟု ခိုင်မာစွာပြောဆိုခြင်းကိုလက်ခံရန်မသင့်ပါ။ [Ev 595.2]

အခြားပြောဆိုမည့်အယူဝါဒသည် ကျွန်ုပ်တို့အားလုံးပြုလုပ်ရမည့်အရာမှာ ခရစ်တော်ကိုသာယုံကြည်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်များတို့ကိုဖြေလွှတ်ပြီဟုယုံကြည်ရန်နှင့် ကျွန်ုပ်တို့အပြစ်ဖြေလွှတ်ခြင်းခံရပြီးသည်နောက် ကျွန်ုပ်တို့အပြစ်မပြုလုပ်နိုင်တော့ပါ။ ဤအရာသည် မာရ်နတ်၏ထောင်ချောက်ဖြစ်သည်။ ကျွန်ုပ်တို့ခရစ်တော်ကိုယုံကြည်ရမည်မှာ မှန်ပါသည်။ သူသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့တစ်ဦးစီ၏ကယ်တင်ခြင်းကို ဝါကြွားသောစိတ်ဖြင့်မဟုတ်ဘဲ ကြောက်ရွံ့တုန်လှုပ်သောစိတ်ဖြင့် ယုံကြည်ခြင်း၌နေ့စဉ်လုပ်ဆောင်ကြရမည်မှာလည်း မှန်ပါသည်။ ကျွန်ုပ်တို့သည် သူ၏အမှုတော်အတွက် ကျွန်ုပ်တို့၌ရှိသောတန်ခိုးရှိသမျှကိုအသုံးပြုပြီး အကောင်းဆုံးကျွန်ုပ်တို့လုပ်ဆောင်ပြီးသည့်နောက် ကျွန်ုပ်တို့သည် အကျိုးမရှိသောအစေခံများကဲ့သို့ မိမိတို့၏





ကိုယ်ကို ထင်မှတ်ရဦးမည်ဖြစ်ပါသည်။ ဘုရားရှင်၏တန်ခိုးသည် ကျွန်ုပ်တို့၏ကြိုးစားမှုနှင့်ပေါင်းစည်းပြီး ဘုရားရှင်ထံသို့ ယုံကြည်ခြင်းလက်ဖြင့်တိုးဝင်ချဉ်းကပ်ပါက ခရစ်တော်သည် ကျွန်ုပ်တို့အား သူ၏ပညာနှင့်သူ၏ဖြောင့်မတ်ခြင်းကို ခွဲဝေပေးလိမ့်မည်။ ထိုသို့အားဖြင့် သူ၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် ခိုင်ခံ့သောအုတ်မြစ်အပေါ်မှာ တည်ဆောက်နိုင်လိမ့်မည်။ Manuscript 27, 1886. [Ev 595.3]

**သန့်ရှင်းခြင်း၏တိမ်သော (မလေးနက်သော) ယုံကြည်ချက်တစ်ခု –** ခရစ်တော်နောက်သို့လိုက်သောသူတို့သည် အမှန်တရား၏စည်းမျဉ်းဥပဒေအပေါ် အသက်ရှင်ကြရမည်။ သူတို့သည် အမှန်တရားမှယုံကြည်ခြင်း၊ သန့်ရှင်းခြင်းနှင့်ပတ်သက်ပြီး သမ္မာကျမ်းစာမှမည်ကဲ့သို့သွန်သင်သည်ကို နားလည်ရန်လိုအပ်သည်။ သူတို့သည် ဤအသိတရား၌ ကောင်းမွန်စွာတည်နေရမည်ဖြစ်ပြီး သန့်ရှင်းခြင်း၏အယူဝါဒအပေါ်မှနေပြီး မှားသောအဆင့်များသို့ ရွှေ့လျား၍မရပါ။ သို့သော် သူတို့သည် ကောင်းကင်မှပေးသောစည်းမျဉ်းဥပဒေ၏လက်တွေ့လှုပ်ရှားခြင်းကို သူတို့၏အသက်တာ၌ ပြသနိုင်ရပါလိမ့်မည်။ ဘုရားသခင်၏လူတို့သည် စစ်မှန်သောအရာနှင့် မှားသောအရာနှစ်ခုကို ခွဲခြားသိရှိနိုင်ကြရပါမည်။ [Ev 596.1]

လူတချို့တို့သည် သန့်ရှင်းခြင်းရှိသည်ဟုယုံကြည်ကြပြီး ဘုရားသခင်၏ပြည့်စုံသောသူများဟုပြောကြကာ ဘုရားသခင်၏ကတိတော်များမှ အခွင့်အရေးကိုတောင်းဆိုလျက်နှင့် ဘုရားသခင်၏ပညတ်တော်များကိုမလိုက်လျှောက်သောသူများဖြစ်ကြပါသည်။ [Ev 596.2]

လက်ရှိအမှန်တရား၏အလင်းကို တစ်ခါမျှမရရှိဘဲ ခရစ်တော်၏ကျေးဇူးတော်ကြောင့် မိမိတို့နားလည်သမျှပညတ်တော်တို့ကို စောင့်ရှောက်သောသူများ များစွာရှိနေသည်မှာမှန်ပါသည်။ မိမိတို့ရရှိသည့်အလင်းတရားအပေါ် အကောင်းဆုံးအသက်ရှင်ကြသောသူတို့သည် တမန်တော်ယောဟန်အပြစ်တင်စီရင်သည့်လူတန်းစားထဲ၌ မပါဝင်ပါ။ သူပြောဆိုသောစကား

များသည် ယေရှု၌ယုံကြည်ခြင်းအပေါ်ဝါကြွားပြီး သန့်ရှင်းခြင်းရှိသောသူများဟု မိမိတို့ကိုယ်ကိုပြောဆိုလျက်နှင့် ဘုရားသခင်၏ပညတ်တော်မှတောင်းဆိုချက်များတို့ကို ပေါ့ဆစွာအလေးထားသောသူများအတွက်သာလျှင်ဖြစ်ပါသည်။ ယေရှု၏မေတ္တာကို သူတို့ပြောဆိုကြသောအခါ၊ သူတို့၏မေတ္တာသည် သူတို့အားနားထောင်ခြင်းသို့ပို့ဆောင်သည့်တိုင်အောင် မနက်ရှိုင်းပါ။ သူတို့သီးနေသောအသီးသည် မည်ကဲ့သို့သောအပင်မျိုးဖြစ်ကြောင်းကို ဖော်ပြလျက်ရှိသည်။ သူတို့၏ယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းမဟုတ်ကြောင်း သက်သေထူလျက်ရှိသည်။ သို့သော် ဤဘာမျှမဟုတ်သောသူများ၊ ဘုရားသခင်၏ကတိတော်များတို့ကို ရပိုင်ခွင့်မရှိသောသူများတို့သည် သူ၏ကောင်းချီးမင်္ဂလာအားလုံးတို့ကို ရဲရင့်စွာတောင်းဆိုလျက်ရှိသည်။ သူတို့သည် မည်သည့်အရာကိုမပေးဘဲ၊ အရာအားလုံးကိုတောင်းဆိုနေကြသည်။ “ဘုရားသခင်မိန့်တော်မူသည်ကား” ဟူသော ဘုရားရှင်၏စကားကိုကြားနိုင်ရန်ငြင်းဆန်ကြပြီး မိမိတို့၏နားကိုပိတ်ထားကြပါသည်။ သို့သော် မိမိတို့၏ကိုယ်ကိုသန့်ရှင်းသည်ဟုယုံကြည်ပြီး အများသောသူတို့ကိုလှည့်ဖြားကာ မိမိတို့၏အခြေအမြစ်မရှိသော ယောင်ဆောင်သည့်ယုံကြည်ခြင်းအားဖြင့် ဝိညာဉ်များစွာတို့ကိုလမ်းလွဲစေကြပါသည်။ Gospel Workers, pp. 226, 227. (1892) [Ev 596.3]

**မှားသောအယူဝါဒ– သင်ယုံကြည်သည့်အရာသည်ဘာမျှထူးခြားမှုမရှိ –** မိမိတို့၏ဘာသာရေးသည် အယူဝါဒအပေါ်၌သာလျှင်တည်နေသောသူများစွာရှိသည်။ သူတို့အတွက်ပျော်ရွှင်သောစိတ်လှုပ်ရှားမှုတစ်ခုသည် သူတို့အတွက်ဘုရားတရားကြည်ညိုခြင်းဖြစ်သည်။ သူတို့ပြောကြသည်မှာ၊ “ယေရှုထံသို့လာပါ။ သူ့ကိုယုံကြည်ပါ။ သင်၏ယုံကြည်ခြင်း၌ ရိုးသားမှုမရှိသရွေ့ သင်၏ယုံကြည်ခြင်းကို ခြားနားခြင်းမပြုလုပ်နိုင်ပါ။” သူတို့သည် စစ်မှန်သောအပြစ်၏စာရိတ္တကို အပြစ်သားတို့အားနားလည်ရန် ရှာဖွေပြုလုပ်ပေးခြင်းမရှိပါ။ [Ev 597.1]

မာရ်နတ်သည် ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်သူအားလုံးတို့အား မိမိတို့၏ကိုယ်ကို သန့်ရှင်းသူများဟုခေါ်ကြရန် သူအလိုရှိသည်။



ဤအရာသည် သူကိုယ်တိုင်ပြုလုပ်ခဲ့သောအရာဖြစ်သည်။ လူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို မှားသောအယူဝါဒအပေါ်နှင့် ဘာသာရေးစိတ်အားထက်သန်မှုအပေါ်တည်နေခြင်းကို သူကျေနပ်လျက်ရှိသည်။ အကြောင်းမှာ ထိုသို့သောသူတို့အား ဝိညာဉ်များတို့ကိုလှည့်ဖြားခြင်း၌ ကောင်းသောသူ၏ရည်ရွယ်ချက်ဖြင့် သူအသုံးပြုနိုင်သောကြောင့်ဖြစ်သည်။ သန့်ရှင်းသူများဟု မိမိတို့၏ကိုယ်ကိုသတ်မှတ်ပြီး မာရ်နတ်၏အလုပ်ကို ကူညီထောက်ပံ့သောသူများစွာရှိသည်။ သူတို့သည် ခံစားချက်ကိုများစွာပြောကြသည်။ ဘုရားသခင်ကိုချစ်ကြောင်းပြောကြသည်။ သို့သော် သူတို့၏မေတ္တာကို ဘုရားသခင်အသိအမှတ်မပြုပါ။ အကြောင်းမှာ၊ ရန်သူမာရ်နတ်၏သွေးဆောင်ခြင်းအလုပ်တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဤပုဂ္ဂိုလ်များတို့ကိုအလင်းပေးပါသည်။ သို့သော် လက်ခံရန်သူတို့ငြင်းဆန်ကြသည်။ လိမ်လည်လှည့်ဖြားခြင်းအဖအားဖြင့် သူတို့သည် နားမထောင်ခြင်း၏အကျိုးဆုလာဘ်ကို ရရှိကြလိမ့်မည်။ Review and Herald, June 26, 1900. [Ev 597.2]

**အခြားအမှား– ပညတ်တော်မလိုတော့ပါ –** ခရစ်တော်သည် သူ၏တပည့်တော်များကိုသတိပေးပါသည်။ “အတွင်း၌ကြမ်းတမ်းသောတောခွေးဖြစ်လျက် သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့လာသောမိစ္ဆာပုရောဖက်တို့ကို သတိနှင့်ရှောင်ကြလော့။” မှားသောသိုးထိန်းများတို့သည် မိမိတို့၏အယူဝါဒများကိုဟောပြောသောအခါ လှည့်ဖြားခြင်းမခံရရန် သူသည် ကျွန်ုပ်တို့အားသတိပေးနှိုးဆော်ပါသည်။ ခရစ်တော်အသေခံပြီးသည်နှင့် ပညတ်တော်ကိုစောင့်ရန်မလိုတော့ပါဟု ဤပုဂ္ဂိုလ်များပြောကြပါသည်။ ဘုရားသခင်၏စကားကိုနားထောင်ရန်ငြင်းဆန်ပြီး မိမိတို့၏ကိုယ်ကို သန့်ရှင်းသည်ဟုပြောသောဤသူတို့ကို ကျွန်ုပ်တို့ယုံမည်လား၊ ပညတ်တော် (၁၀) ပါးကိုစောင့်စရာမလိုတော့ကြောင်း ဘုရားသခင်သူတို့ကိုပြောသည်ဟု သူတို့ပြောကြပါသည်။ သို့သော် ဤကဲ့သို့ ဘုရားသခင်သူတို့ကိုပြောပါသလား။ မပြောပါ။ ဘုရားသခင်သည် လိမ်ညာခြင်းမပြုပါ။ [Ev 597.3]

လိမ်လည်ခြင်း၏ဖခင်မာရ်နတ်သည် ဤနည်းအတိုင်း အာဒံကို လှည့်ဖြားခဲ့သည်။ အာဒံအား ဘုရားသခင်၏စကားကိုနားထောင်ရန်မလို ကြောင်း၊ အကယ်၍ ပညတ်တော်ကိုလွန်ကျူးပါကလည်း သေရမည်မဟုတ် ကြောင်းသူပြောခဲ့ပါသည်။ သို့သော် အာဒံကျဆုံးခဲ့ပြီး၊ သူ၏အပြစ်အားဖြင့် ဤကမ္ဘာကြီးပေါ်သို့ ဒုက္ခနှင့်ဝမ်းနည်းပူဆွေးခြင်းရေတံခါးကို သူဖွင့်လိုက်ပါ သည်။ တစ်ဖန် ကာဣနကိုစာတန်ပြောသည်မှာ၊ သိုးသငယ်ကိုပူဇော်ပြီး ဘုရားသခင်၏အမိန့်တော်ကိုနာခံခြင်းအားဖြင့် လိုက်လျှောက်ဖော်ပြရန်မလိုပါ ဟု သူ့အားပြောပါသည်။ ကာဣနသည် လှည့်ဖြားသူ၏စကားကိုနားထောင် ခဲ့သည်။ ဘုရားသခင်သည် သူ၏ပူဇော်ခြင်းကိုလက်မခံပါ။ သို့သော် သူ၏ ညီအာဗေလ၏ပူဇော်ခြင်းကို ဘုရားသခင်နှစ်သက်ကြောင်းဖော်ပြသည်ကို သူတွေ့ရသောအခါ၊ ကာဣနသည်ဒေါသထွက်ပြီး သူ၏ညီကိုသတ်လိုက် ပါသည်။ [Ev 598.1]

ကျွန်ုပ်တို့ကြားရသောအသံသည် စစ်မှန်၍အသက်ရှင်သော ဘုရားရှင် ၏အသံဖြစ်ပါသလား၊ သို့မဟုတ် ဖောက်ပြန်သောသူ၏အသံဖြစ်နေသလား ဟူသောအသံနှစ်မျိုးကို ခွဲခြားသိရှိပြီး၊ မည်သည့်အသံကိုဂရုစိုက်လက်ခံရမည် ကို ကျွန်ုပ်တို့ကိုယ်တိုင်သိရှိရန်လိုသည်။ [Ev 598.2]

ပုံဆောင်ထားသောအရာသည် ခရစ်တော်သေခြင်းအားဖြင့်ပြည့်စုံသွား သောအခါ သိုးသငယ်ပူဇော်ခြင်းပြီးဆုံးသွားပါသည်။ ဝိနည်းအထုံးအဖွဲ့ဥပဒေ မရှိတော့ပါ။ သို့သော် ကပ်တိုင်အားဖြင့် ပညတ်တော် (၁၀) ပါးတည်မြဲခဲ့ ပါသည်။ ဧဝံဂေလိတရားသည် ပညတ်တော်ကိုမပယ်ဖျက်ခဲ့ပါ။ တစ်ခုကိုမျှ တန်ဖိုးမလျှော့စေပါ။ ခုတိုင်း၌ သန့်ရှင်းခြင်းကိုတောင်းဆိုလျက်ရှိသေးပါသည်။ ၎င်းသည် ဘုရားသခင်ကိုယ်တိုင်ပွဲတင်သံဖြင့် လူတိုင်းအားမြင့်ရာသို့တက်လှမ်း ပါဟု ခေါ်ဖိတ်နေပါသည်။ သန့်ရှင်းခြင်းရှိကြပါ။ ဆက်လက်၍ပိုပြီးသန့်ရှင်း ခြင်းရှိပါ။ Review and Herald, June 26, 1900. [Ev 598.3]



**အချိန်မီသတိပြုစရာတစ်ခု** – ကျွန်ုပ်တို့လူတစ်စုအဖြစ် ဆန့်ကျင်သည့် အမှားထဲသို့ကျရောက်နေကြပါသည်။ ကျွန်ုပ်တို့သည် ပညတ်တော်၏တောင်းဆို ချက်ကိုဝန်ခံပြီး လူတို့အားနားထောင်ရမည့်တာဝန်ကို သွန်သင်ပေးကြပါသည်။ အရာခပ်သိမ်းပေးခြင်းကို ကျွန်ုပ်တို့ယုံကြည်ကြသော်လည်း ပေးသကဲ့သို့ယူ ရမည်ကို ကျွန်ုပ်တို့မမြင်ပါ။ ခရစ်တော်၌တည်ရန် ဝိညာဉ်ကိုစောင့်ထိန်းသည့် ထိုကိုးစားခြင်း၊ ထိုယုံကြည်ခြင်းရှိရန် ကျွန်ုပ်တို့ပျက်ကွက်နေကြသည်။ ကျွန်ုပ် တို့များစွာတောင်းဆိုရမည်ဖြစ်သော်လည်း ကျွန်ုပ်တို့အနည်းငယ်သာတောင်းဆို ကြသည်။ အကြောင်းမှာ ဘုရားသခင်၏ကတိတော်များသည် အကန့်အသတ် မရှိခြင်းကြောင့်ဖြစ်သည်။ [Ev 598.4]

ယုံကြည်ခြင်းပျက်ကွက်သောကြောင့် ဘုရားသခင်၏ပညတ်တော် တို့ကိုနားထောင်ရန် ရှာကြံသောသူအများတို့သည် ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက် ခြင်းအနည်းငယ်သာရှိပြီး အမှန်တရားကိုနားထောင်ခြင်းအားဖြင့် ရရှိသည့် သန့်ရှင်းခြင်းကို မှန်ကန်စွာသူတို့မဖော်ပြနိုင်ကြပါ။ သူတို့သည် ခရစ်တော် ၌ခိုင်မြဲစွာတည်နေခြင်းမရှိကြပါ။ များစွာသောသူတို့သည် မိမိတို့၌ဗဟုသုတ မရှိကြောင်း ခံစားနေကြရပါသည်။ သူတို့၌မရှိသည့်အရာတချို့ကို သူတို့ လိုချင်ကြသည်။ ထိုကြောင့် တချို့တို့သည် သန့်ရှင်းခြင်းကိုပေးနိုင်မည့် အစည်းအဝေးများသို့တက်ရောက်ကြပြီး ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက် သောသူတို့၏ခံစားခြင်းများတို့နှင့် ဆွဲယူခြင်းခံရပြီးဝမ်းမြောက်ကြပါသည်။ [Ev 599.1]

ပညတ်တော်တောင်းဆိုခြင်းနှင့်ဆက်နွယ်ပြီး ကျွန်ုပ်တို့သည် ယုံကြည် ခြင်းကိုဟောပြောခြင်း၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုတင်ဆက်ခြင်းပြုရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ အကြောင်းမှာ၊ ၎င်းအရာနှစ်ခုမှ တစ်ခုပျက်ကွက် ခြင်းကြောင့် မှန်ကန်စွာနားမလည်နိုင်သောကြောင့်ဖြစ်သည်။ ဟောပြောခြင်း တိုင်းတွင် ခရစ်တော်ဖော်ပြခဲ့သည့် အပြစ်သား၏တစ်ခုတည်းသောမျှော်လင့် ရာဖြစ်သည့် ဘုရားသခင်၏မေတ္တာသည် ၎င်း၏တချို့သောတန်ခိုးနှင့်တန်ဖိုး

ရှိခြင်းကို လူတို့သိရှိသည့်အထိတည်ရှိသင့်သည်။ အကယ်၍ ပြုသင့်သကဲ့သို့ ပြုကြပါက ဤလူတို့သည် ပညတ်တော်ကိုသွန်သင်ကြသော်လည်း နောင်တရခြင်း၊ ယုံကြည်ခြင်းနှင့်ပြောင်းလဲခြင်းတို့ကို မယုံကြည်ကြပါဟုပြော၍ရမည်မဟုတ်ပါ။ ဤအကြောင်းအရာကို ၎င်းတို့အား ဘုရားသခင်ရောစပ်သကဲ့သို့ ရောစပ်ရန်ကျွန်ုပ်တို့အလိုရှိသည်။ သို့မှသာ အမှန်တရားကိုစာတွေ့သက်သက်မဟုတ်ဘဲ စာရိတ္တပြောင်းလဲပေးနိုင်သောတန်ခိုးတစ်ခုကဲ့သို့ ၎င်း၏ပြည့်စုံခြင်းဖြင့် ဟောပြောနိုင်ပါလိမ့်မည်။ ထိုအခါ ဝိညာဉ်တော်ဖော်ပြခြင်းနှင့် တန်ခိုးဖြင့်ဟောပြောနိုင်ပါလိမ့်မည်။ ထိုနောက် သမ္မာကျမ်းစာ၏ယုံကြည်ချက်များကို လက်ခံသောသူတို့သည် ကျေနပ်ရောင့်ရဲကြပေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏အသက်ပါသည့် ခိုင်ခံ့သောတန်ခိုးကို သူတို့ခံစားကြရလိမ့်မည်။ Gospel Workers, pp. 227, 228. (1892)

## အားလုံးကိုယုံကြည်ကိုးကွယ်ခြင်းနှင့်ဝိညာဉ်ဆိုင်ရာအယူအဆများ

**မှားသောသိပ္ပံနှင့်လှည့်ဖြားသောယုံကြည်ချက်များတို့၏ကြောက်မက်ဖွယ်သောအန္တရာယ်** – နယူးဟန်ရှိုင်း (New Hampshire) ၌ ဘုရားသခင်နှင့်ပတ်သက်ပြီး မှားယွင်းသောအတွေးအခေါ်များတို့ကို ဖုံးကွယ်ဟန်ဆောင်ခြင်းထထကြွကြွပြုသူတချို့ရှိကြသည်။ ဤလူတို့သည် မိမိတို့၏အတွေးအခေါ်အားဖြင့် အမှန်တရားကိုထိရောက်မှုမပြုလုပ်နိုင်ဘဲ တချို့သောသူတို့ကို အိမ်ထောင်မပြုဘဲ ကာမဆက်ဆံခြင်းဝါဒသို့ပို့ဆောင်စေကြောင်း ကျွန်ုပ်အားအလင်းပေးပါသည်။ ဤပုဂ္ဂိုလ်တို့သည် ဘုရားသခင်နှင့်ပတ်သက်၍ မှန်းဆသောယုံကြည်ချက်များ ဟောပြောခြင်းဖြင့် ဝိညာဉ်များတို့ကိုသွေးဆောင်လျက်ရှိကြောင်း ကျွန်ုပ်အားပြသလျက်ရှိသည်။ [Ev 600.1]

အခြားအမြင်များအထဲ၌ တစ်ကြိမ်သန့်ရှင်းသောသူသည် အပြစ်မပြုလုပ်နိုင်ကြောင်းကိုကိုင်ဆွဲထားပြီး ဤခံယူချက်ကို ဧဝံဂေလိအစာအဖြစ် သူတို့ဟောပြောကြပါသည်။ သူတို့၏လှည့်ဖြားသောသြဇာဆန္ဒဖြင့် သူတို့၏မှားသောယုံကြည်ချက်များတို့သည် သူတို့ကိုယ်တိုင်နှင့်အခြားသူများတို့ကို ကြီးမားသောအန္တရာယ်ကိုဖြစ်စေပါသည်။ ဤလှပစွာဖုံးကွယ်ထားသော ယုံကြည်ချက်များတို့၏ဆိုးသွမ်းခြင်းကို မမြင်သောသူတို့အပေါ် သူတို့သည် မှော်ဝိဇ္ဇာအတတ်၏တန်ခိုးဖြင့် အောင်မြင်စွာဆွဲဆောင်နိုင်ပါသည်။ ကြီးမားသောဆိုးသွမ်းမှုများ အကျိုးပေးခဲ့ပြီးဖြစ်ပါသည်။ အားလုံးသန့်ရှင်းသည်ဟူသောအယူဝါဒသည် လမ်းလွဲစေနိုင်သောအန္တရာယ်မည်သည့်အခါမျှမရှိနိုင်ဟု၊ မိမိတို့ကိုယ်ကိုသန့်ရှင်းသူဟုထင်သူများနှစ်သက်သည့် ယုံကြည်မှုတစ်ခုအဖြစ်သို့ ပို့ဆောင်ပေးပါသည်။ ဤယုံကြည်ခြင်း၏အကျိုးသည် စိတ်နှလုံး၏ဆိုးသောဆန္ဒများကိုပြည့်စုံစေပြီး သန့်ရှင်းခြင်းရှိသည်ဟု ယုံကြည်ခံယူကြသော်လည်း ဖြူစင်သန့်ရှင်းသောအတွေးနှင့်အကျင့်ဓလေ့မှ ဝေးကွာနေပါသည်။ [Ev 600.2]

ဤအရာသည် အဖြစ်အပျက်များထဲမှ သဘာဝထဲ၌ပျံ့နှံ့နေသောကိုယ်ခန္ဓာမရှိသည့် ဘုရား၏အယူဝါဒနှင့် ဇာတိသွေးသားသန့်ရှင်းခြင်း၏အယူဝါဒကို ကျွန်ုပ်အားဆုံးမသွန်သင်ရန်ခေါ်တော်မူသော အဖြစ်အပျက်တစ်ခုတည်းသာဖြစ်သည်။ [Ev 600.3]

အနာဂတ်၌အမှန်တရားသည် လူတို့၏စည်းမျဉ်းဥပဒေများအားဖြင့် အတုပြုလုပ်ခြင်းခံရပေလိမ့်မည်။ လှည့်ဖြားသောယုံကြည်ချက်များတို့ကို လုံခြုံသောအယူဝါဒများအဖြစ် ဟောပြောကြလိမ့်မည်။ မှားယွင်းသောသိပ္ပံအတတ်သည် ကိုယ်စားလှယ်များအထဲမှတစ်ခုအဖြစ် ကောင်းကင်တရားရုံး၌ မာရ်နတ်သုံးသောအရာဖြစ်ပြီး ယနေ့သူအသုံးပြုလျက်ရှိသည်။ [Ev 600.4]

ဘုရားသခင်အတွက်အမှုထမ်းသောသူတို့အား စစ်မှန်သောအရာနေရာ၌ မှားယွင်းသောအရာကိုလက်မခံကြရန် ကျွန်ုပ်အနူးအညွတ်တောင်းပန်ပါသည်။ တန်ဖိုးအရှိဆုံးအမှန်တရားအပြည့်အဝပါရှိသည့် သမ္မာကျမ်းစာသည် ကျွန်ုပ်တို့လက်ထဲ၌ရှိသည်။ ကျွန်ုပ်တို့သည် ထင်မြင်ယူဆချက်၊ သို့မဟုတ် မှားသောစိတ်လှုပ်ရှားခြင်းအတွက်မလိုအပ်ပါ။ အမှန်တရား၏ဆီမီးထွန်းရန်

ရွှေခွက်ထဲ၌ ခရစ်တော်၏သွန်သင်ချက်များဟောပြောသကဲ့သို့ ဝိညာဉ်များကို ယုံကြည်၍ ပြောင်းလဲစေနိုင်သည့်အရာ ကျွန်ုပ်တို့၌ရှိပါသည်။ ဤလောကသို့သူလာ၍ဟောပြောရန် ခရစ်တော်၏ရိုးစင်းသောအမှန်တရားများကိုဟောပြောပါ။ သင့်သတင်းစကား၏တန်ခိုးသည် မိမိအားဖြင့်ကြားနာသူများအတွက် ခံစားစေရန် ပြုလုပ်ပေးလိမ့်မည်။ ကျမ်းစာထဲ၌မပါရှိသော ယုံကြည်ချက်များ၊ သို့မဟုတ် စမ်းသပ်ချက်များတို့ကို မဟောပြောပါနှင့်။ ကျွန်ုပ်တို့၌ဟောပြောရန် အလွန်ကောင်းပြီးလေးနက်သည့်စမ်းသပ်ချက်များရှိသည်။ “ကျမ်းစာလာသည်ကား” သည် အိမ်တိုင်းသို့ကျွန်ုပ်တို့သယ်ဆောင်သွားရမည့် စမ်းသပ်ချက်ဖြစ်သည်။ Review and Herald, Jan. 21, 1904. [Ev 600.5]

**မှားသောယုံကြည်ချက်– ဘုရားသည်အနှစ်သာရတစ်ခု –** မှော်အတတ်နှင့်ဆိုင်သောသွန်သင်မှုများသည် ကျွန်ုပ်တို့အထဲ၌ရောက်ရှိနေပြီး၊ အာရုံပြုသောသူတို့သည် ယုံကြည်ခြင်းကိုတဖြည်းဖြည်းအားနည်းစေပါလိမ့်မည်။ ဘုရားသခင်သည် သဘာဝအားလုံးတို့၌ပျံ့နှံ့နေသော အနှစ်သာရတစ်ခု၏အယူဝါဒသည် မာရ်နတ်၏အရှုပ်ထွေးဆုံးသောအကြံအစည်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်ကိုမှားယွင်းစွာဖော်ပြပြီး သူ၏ကြီးမြတ်ခြင်းနှင့်သူ၏ဘုန်းတန်ခိုးကို သိက္ခာချခြင်းပင်ဖြစ်သည်။ [Ev 601.1]

နတ်ဘုရားကိုယုံကြည်သောအယူဝါဒသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှထောက်ခံထားခြင်းမရှိပါ။ ဤအယူဝါဒများတို့သည် ဝိညာဉ်ကိုဖျက်ဆီးသောကိုယ်စားလှယ်များဖြစ်သည်ဟု သူ၏အမှန်တရားအလင်းမှပြသထားပါသည်။ မည်းမှောင်ခြင်းသည် သူတို့၏အစိတ်အပိုင်းဖြစ်ပြီး ကာမဂုဏ်မက်မောခြင်းသည် သူတို့၏နယ်ပယ်ဖြစ်သည်။ မူရင်းပင်ကိုယ်စိတ်အလိုဆန္ဒကိုဖြည့်တင်းပေးပြီး ကျဆင်းခြင်းသို့ရောက်စေရန် ခွင့်ပြုမိန့်ကိုပေးသည်။ ဘုရားသခင်နှင့်ကွဲကွာခြင်းသည် ၎င်းတို့ကိုလက်ခံခြင်း၏အကျိုးရလဒ်ဖြစ်ပါသည်။ [Ev 601.2]

တန်ခိုးတစ်ခုတည်းသာလျှင် လူတို့၏စိတ်နှလုံးထဲ၌ရှိသော မကောင်းသည့်အရာကိုဖယ်ရှားပေးနိုင်ပြီး၊ ၎င်းသည် ယေရှုခရစ်အားဖြင့် ဘုရားသခင်၏



တန်ခိုးတော်ဖြစ်သည်။ ကပ်တိုင်ပေါ်၌ရိုက်ထားခြင်းခံရသော သူ၏အသွေးတော်အားဖြင့်သာလျှင် အပြစ်ကိုဆေးကြောပေးနိုင်ပါသည်။ သူ၏ကျေးဇူးတော်တစ်ခုတည်းသာလျှင် ကျွန်ုပ်တို့၏မကောင်းသောဗီဇအကျင့်ဓလေ့များကိုခုခံအောင်မြင်ခြင်းပေးနိုင်ပါသည်။ ဘုရားသခင်နှင့်ပတ်သက်သည့်အရာကိုမှော်အတတ်နှင့်ဆိုင်သောအယူဝါဒများ ပါဝင်ပတ်သက်၍မရပါ။ အကယ်၍ဘုရားသခင်သည် အနှစ်သာရတစ်ခုဖြစ်ပြီး သဘာဝတရားအားလုံးအထဲ၌ပျံ့နှံ့နေပြီး၊ သန့်ရှင်းခြင်းရရှိရန်အတွက် လူအားလုံးအထဲ၌ရှိနေပါက လူတို့အနေဖြင့် မိမိတို့အထဲ၌ရှိနေသောတန်ခိုးကိုသာလျှင် ပြုစုပျိုးထောင်ရန်ဖြစ်ပါသည်။

ဤအယူဝါဒများတို့၏ယုတ္တိရှိသော ကောက်ချက်ချခြင်းနောက်သို့လိုက်ခြင်းအားဖြင့် ခရစ်ယာန်ယုံကြည်ချက်အားလုံးတို့ကို ဖျောက်ဖျက်ပစ်လိုက်ပါသည်။ အပြစ်ဖြေခြင်းအတွက် လိုအပ်သည့်အရာများကိုဖယ်ရှားပစ်လိုက်ပြီး လူ့အတွက် မိမိ၏ကယ်တင်ရှင်ကို မိမိကိုယ်တိုင်သာပြုလုပ်လိုက်ပါသည်။ ဘုရားသခင်နှင့်ပတ်သက်သော ဤအယူဝါဒများသည် သူ၏နှုတ်ကပတ်တော်ကိုဖျက်ဆီး၍မရပါ။ ၎င်းကိုလက်ခံသောသူများတို့အတွက် ကြီးမားသောအန္တရာယ်ထဲတွင်ရှိနေပြီး၊ နောက်ဆုံး၌ ကျမ်းစာတစ်ခုလုံးကိုစိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်ကဲ့သို့ပင်မြင်ပေလိမ့်မည်။ သူတို့သည် ကောင်းသောပါရမီကို အဆိုးထက်ပိုကောင်းသည်ဟုထင်လိမ့်မည်။ သို့သော် ဘုရားသခင်၏တန်ခိုးကြီးခြင်းအရာကိုဖယ်ထားပြီး လူသားတို့၏ဘုရားမပါ၊ တန်ဖိုးမရှိသည့်တန်ခိုးအပေါ် သူတို့၏အားကိုးမှုကိုထားရှိကြပါသည်။ တန်ခိုးအမှန်မရှိသည့် ကူညီခြင်းမပေးနိုင်သော လူသားများ၏အလိုသည် ဆိုးသွမ်းခြင်းကိုခုခံအောင်မြင်ခြင်းမရှိပါ။ ဝိညာဉ်၏အကာအကွယ်များပျက်စီးကုန်သည်။ လူတို့၌အပြစ်ကိုကာကွယ်နိုင်သည့် ကာဆီးမည့်အရာမရှိပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သူ၏ဝိညာဉ်ကိုတစ်ကြိမ်ငြင်းပယ်သည်နှင့် ကျွန်ုပ်တို့သည် မည်မျှအပြစ်နွံထဲသို့နစ်မြုပ်သွားလိမ့်မည်ကိုမသိနိုင်ပါ။ [Ev 601.4]

ဤမှော်အတတ်နှင့်ဆိုင်သည့်အယူဝါဒများကို ဆက်လက်၍ဆွဲကိုင်ထားသောသူများတို့သည် မိမိတို့၏ခရစ်ယာန်ဇဟုသုတများကို ဧကန်အမှန်ဖျက်ဆီးပြီး၊ ဘုရားသခင်နှင့်ပြန်လည်၍ဆက်သွယ်မှုပြုရန်ခက်ခဲပြီး ထာဝရအသက်ပင်ဆုံးရှုံးကြမည်ဖြစ်ပါသည်။ [Ev 602.1]

ဘုရားသခင်နှင့်သဘာဝတို့အပေါ်သံသယစိတ်ဖြစ်ပေါ်ရန် ကမ္ဘာပေါ်ရှိနေရာအနှံ့လှည့်စားပြောဆိုခြင်းတို့သည် ကျဆုံးခဲ့သောကျမ်းစာကိုလေ့လာသူ၊ လူတို့သည် အမှန်တရားကိုရရှိရန်လိုအပ်ကြောင်းသိရှိသူ၊ ကမ္ဘာပေါ်ကျရောက်လာမည့်အရာအတွက် လူတို့အားပြင်ဆင်မှုပြုရန်ပေးသည့် ကြီးမားသောအမှန်တရားများမှ လူတို့၏စိတ်ကိုမည်ကဲ့သို့လမ်းကြောင်းပြောင်းလိုက်ရန်လေ့လာထားသူ ကျွန်ုပ်တို့၏ရန်သူမာရ်နတ်၏ထက်မြက်သောဉာဏ်အားဖြင့်ဖြစ်သည်။ [Ev 602.2]

ဖောက်ပြန်ခြင်း၊ မှော်အတတ်၊ အိမ်ထောင်မပြုဘဲကာမဆက်ဆံခြင်းဝါဒတို့မှ ဘုရားသခင်နှင့်ပတ်သက်သည့် ဤစိတ်ကူးယဉ်ရှိသောအမြင်များတို့၏အကျိုးသက်ရောက်မှုများတို့ကို ကျွန်ုပ်မြင်ခဲ့ရပါသည်။ ဤသွန်သင်ချက်များဖြစ်သည့် အိမ်ထောင်မပြုဘဲကာမဆက်ဆံခြင်းအစဉ်အလာသည် အထူးလျှို့ဝှက်ပြီး၊ ပထမ၌ ၎င်း၏စစ်မှန်သောစာရိတ္တကို ပြတ်သားစွာဖော်ပြရန်ခက်ခဲခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အားမဖော်ပြမချင်း မည်ကဲ့သို့အမည်ခေါ်ရမည်ကို ကျွန်ုပ်မသိပါ။ သို့သော် ၎င်းကိုမသန့်ရှင်းသောဝိညာဉ်ရေး၏မေတ္တာဟုခေါ်ရန် ကျွန်ုပ်အားညွှန်ကြားပါသည်။ Testimonies, vol. 8, pp. 291, 292. (1904) [Ev 602.3]

## မှော်ဝိညာဉ်အတတ်ပညာအမျိုးမျိုး

**ကမ္ဘာကြီးဖမ်းဆီးခြင်းခံရလုပြီ –** မှော်အတတ်ပညာအယူဝါဒသည် ကမ္ဘာကြီးကိုလွှမ်းမိုးလုပြီ။ မှော်အတတ်ပညာအယူဝါဒသည် လိမ်လည်ခြင်းအားဖြင့်



စွဲကိုင်ထားသောအရာဟုထင်ကြသော်လည်း ၎င်းအရာသည် အမှန်တရားနှင့်ဝေးကွာလျက်ရှိသည်။ သာမန်သူထက်သာလွန်သောတန်ခိုးသည် နည်းလမ်းအမျိုးမျိုးဖြင့်အလုပ်လုပ်ပြီး အတိတ်၌မှော်အတတ်ပညာအယူဝါဒ၏မည်သည့်ဖော်ပြမှုများပေါ်ပေါက်လာမည်ကို လူအနည်းငယ်သာအသိတရားရှိကြသည်။ မှော်အတတ်အယူဝါဒ၏အောင်မြင်ခြင်းအခြေခံသည် ကျွန်ုပ်တို့နိုင်ငံ၏တရားပလ္လင်များပေါ်မှပြုလုပ်ခဲ့သည့် အခွင့်အရေးတောင်းဆိုခြင်းများအထဲ၌ချထားခဲ့ပါသည်။ ဓမ္မဆရာများတို့သည် ကမ္ဘာ့လှည့်ဖြားသူမှအစပြုခဲ့သည့်အရာကိုကျမ်းစာအယူဝါဒမှသားများကဲ့သို့ ဟောပြောခဲ့ကြပါသည်။ [Ev 602.4]

သေလွန်ပြီးသည့်နောက်ပိုင်း အသိအာရုံရှိခြင်းနှင့် သေသောသူများတို့၏ဝိညာဉ်များသည် အသက်ရှင်သူများနှင့်ဆက်သွယ်နိုင်သောအယူဝါဒသည် နှုတ်ကပတ်တော်ထဲ၌အခြေအမြစ်မရှိပါ။ သို့သော် ဤယုံကြည်ချက်များတို့သည် အမှန်တရားကဲ့သို့ခိုင်မြဲလျက်ရှိသည်။ ဤမှားသောအယူဝါဒအားဖြင့်နတ်ဆိုးဝိညာဉ်များတို့သည် မိမိတို့၏ကိုယ်ကို သေသောသူများကိုယ်စားလူတို့ကိုလှည့်ဖြားရန်လမ်းပွင့်လာပါသည်။ မာရ်နတ်၏ကိုယ်စားလှယ်များတို့သည် သေသောသူတို့၏နေရာ၌သရုပ်ဆောင်ကာ ဝိညာဉ်များတို့ကိုချုပ်နှောင်ခြင်းထဲသို့ယူဆောင်လိုက်ပါသည်။ မာရ်နတ်၌ဘာသာရေးတစ်ခုရှိသည်။ သူ၌တရားဇရပ်ရှိပြီး သစ္စာရှိသောကိုးကွယ်သူများရှိကြသည်။ သူ့သစ္စာရှိသူများအဆင့်သို့ လူများစွာရောက်ရှိရန် လှည့်ဖြားမှုမျိုးစုံကိုသူအသုံးပြုလျက်ရှိသည်။ Undated Manuscript 66. [Ev 603.1]

**သေခြင်းကြောင့်ဝမ်းနည်းပူဆွေးသူများတို့ကိုရည်ရွယ်၍လှည့်ဖြားခြင်းတစ်ခု –** သေသောသူ၏နတ်အဖြစ်ကိုးကွယ်ခြင်းသည် သေသောသူနှင့်ဆက်သွယ်ခြင်းကဲ့သို့ မိစ္ဆာအယူဝါဒစနစ်တိုင်းတို့၌ ထင်ရှားစွာယုံကြည်ကျင့်သုံးနေကြပါသည်။ သူတို့၏အလိုကို လူတို့နှင့်ဆက်သွယ်ရန် လူတို့သည် ဤဘုရားများကိုယုံကြည်ကြပြီး၊ လူတို့အကူအညီတောင်းခံသောအခါ လူတို့ကိုအကြံ

ပေးနိုင်ပါသည်။ ဤစရိုက်သည် ဟေလသလူမျိုးများတို့နှင့်ရောမလူမျိုးများတို့၏ရှေးကျော်ကြားသောနတ်မေးမြန်းခြင်းဓလေ့ထုံးစံများဖြစ်သည်။ [Ev 603.2]

လူသေနှင့်ဆက်သွယ်ခြင်းကို လူတို့သည်ယုံကြည်လျက်ရှိကြသေးပြီး ခရစ်ယာန်အသိုက်အဝန်းများထဲ၌ပင် ယုံကြည်သူများရှိနေကြပါသည်။ မှော်ဝိဇ္ဇာအတတ်အယူဝါဒနာမည်၏အောက်၌ သေလွန်သောသူများတို့၏ဝိညာဉ်ဟုပြောဆိုသောသူတို့နှင့်ဆက်သွယ်သည့် ဓလေ့ထုံးစံကျင့်သုံးခြင်းသည် နေရာအနှံ့များပြားလာပါသည်။ ၎င်းသည် မိမိတို့၏ချစ်သူများတို့ကို သင်္ချိုင်းဂူထဲသို့မြှုပ်နှံကြရသောသူများတို့ကို ကိုယ်ချင်းစာသနားခြင်းရှိသောကြောင့် ရည်ရွယ်၍ ဤကဲ့သို့ပြုလုပ်ရခြင်းဖြစ်သည်။ Signs of the Times, June 23, 1890.

**မှော်ဝိညာဉ်အယူဝါဒအတွက်အုတ်မြစ်ချခြင်း** – မာရ်နတ်သည် တစ်ခါတစ်ရံ ချစ်ဖွယ်ကောင်းသောလူငယ်တစ်ဦးပုံသဏ္ဍာန်ကဲ့သို့သော်လည်းကောင်း၊ လှပသောအရိပ်ပုံသဏ္ဍာန်ကဲ့သို့သော်လည်းကောင်း လာတတ်သည်။ သူသည် ကုသမှုများတို့ကိုပြုလုပ်ပေးပြီး ကျွန်ုပ်တို့လူသားတို့၏အကျိုးပြုသူတစ်ဦးအဖြစ် လှည့်ဖြားခြင်းခံရသောသူများတို့မှ ဝတ်ပြုကိုးကွယ်ကြသည်။ လူထောင်ပေါင်းများစွာတို့သည် ဤနတ်ဆိုးဘုရားအကြောင်းပြောဆိုကြပြီး သူ့ထံမှညွှန်ကြားချက်များကိုရရှိရာ သူ၏သွန်သင်ချက်အတိုင်းလိုက်လျှောက်ကြသည်။ လူကိုကြည့်ပြီး အရည်အချင်းကိုစစ်ဆေးခြင်းနှင့် ပညာမဲ့ပုဂ္ဂိုလ်စွဲဝါဒအားဖြင့် အကျိုးရရှိမည်ဟုထင်မှတ်သောကမ္ဘာကြီးသည် အလွန်ပျက်စီးလျက်ရှိသည်။ မာရ်နတ်သည် ဤအရာများကိုအသုံးပြုခြင်းအားဖြင့် ကောင်းမြတ်ခြင်းကိုဖျက်ဆီးရန် မှော်ဝိညာဉ်အယူဝါဒ၏အုတ်မြစ်ကိုချထားပါသည်။ Testimonies, vol. 1, pp. 296, 297. (1862) [Ev 604.1]

**ပို၍မကြာခဏနှင့်တုန်လှုပ်ချောက်ချားစေသောပြောဆိုချက်များ** – မှော်ဝိညာဉ်ဆရာများ အရေအတွက်အားဖြင့်တိုးပွားလာသည်။ ခရစ်တော်ထံမာရ်နတ်လာသကဲ့သို့ သူတို့သည် အမှန်တရားရှိသူများတို့ထံသို့လာပြီး မိမိတို့၏



တန်ခိုးကိုဖော်ပြကာ အံ့ဩဖွယ်ရာနိမိတ်လက္ခဏာပြသခြင်းအားဖြင့် လူတို့ကိုစုံစမ်းလျက် ဘုရားသခင်နှစ်သက်သည့်သူများဖြစ်ကြောင်း အထောက်အထားပေးခြင်းနှင့် အမှန်တရားရရှိသူများဟု မိမိတို့ကိုယ်ကိုပြောဆိုကြလိမ့်မည်။ ဘုရားသခင်၏လူတို့အတွက် တစ်ခုတည်းသောလုံခြုံခြင်းသည် မိမိတို့၏ကျမ်းစာ၌သေချာစွာကျွမ်းကျင်ပြီး သေခြင်း၌အိပ်ပျော်သောသူတို့နှင့်ပတ်သက်သည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းအရာများအပေါ် ကောင်းမွန်စွာသိကျွမ်းသောသူများဖြစ်ရမည်။ [Ev 604.2]

မာရ်နတ်သည် ကောက်ကျစ်စဉ်းလဲသောရန်သူတစ်ဦးဖြစ်သည်။ ထိုနောက် သေလွန်ခဲ့သောသန့်ရှင်းသူများနှင့် အပြစ်သားများနှစ်မျိုးစလုံးကို ကိုယ်စားပြုရန် ဆိုးသောကောင်းကင်တမန်များတို့အတွက် ခက်ခဲမှုမရှိဘဲ၊ လူသားများတို့၏မျက်စိထဲ၌ ဤဖော်ပြချက်များတို့ကို တွေ့မြင်စေရန်ပြုလုပ်နိုင်ပါသည်။ ဤဖော်ပြချက်များတို့ကို နောက်ဆုံးသောအချိန်ရောက်လုနီးသည်နှင့်အညီ ပို၍မကြာခဏတွေ့ကြုံရမည်ဖြစ်ပြီး ပို၍ကျွန်ုပ်တို့အတွက် တုန်လှုပ်ချောက်ချားစေပါလိမ့်မည်။ Review and Herald, April 1, 1875. [Ev 604.3]

**ဓမ္မဆရာများအသုံးပြုကြသည်** – မာရ်နတ်လုပ်ရပ်ကိုစိတ်ဝင်စားသောဓမ္မဆရာများတို့သည် ဤကြောက်မက်ဖွယ်ကောင်းသော ဆိုးရွားရက်စက်သည့်ပုဂ္ဂိုလ်ကြီးကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့်ထောက်ခံပြီး ၎င်း၏ပုံပျက်ခြင်းကိုဖုံးကွယ်ထားကာ လူအများတို့အတွက် လှပစွာပေါ်လွင်စေရန်ပြုလုပ်ကြပါသည်။ သို့သော် ၎င်းသည် မာရ်နတ်၏ကြီးမားသောတန်ခိုးမှတိုက်ရိုက်လာပြီး ဤအလုပ်ကိုလုပ်ဆောင်သောသူတို့သည် သူ၏ထိန်းချုပ်ထားသောသူများကဲ့သို့ သူပြောဆိုပါသည်။ အကြောင်းမှာ သူတို့သည် မိမိတို့ဖန်ဆင်းရှင်၏အကာအကွယ်ကိုဂရုမစိုက်ဘဲ တားမြစ်ထားသောအရာကို ကြိုးစားလုပ်ဆောင်ကြသောကြောင့်ဖြစ်သည်။ Review and Herald, May 13, 1862. [Ev 604.4]

**မှော်ဝိညာဉ်အယူဝါဒနှင့်ကိုးကွယ်ခြင်းဝါဒသည် စိတ်နှလုံးအင်အားကိုဆုတ်ယုတ်စေသည်** – လူကိုကြည့်၍ အရည်အချင်းစစ်ဆေးခြင်းအတွေးအခေါ်နှင့် ပညာမဲ့ပုဂ္ဂိုလ်စွဲဝါဒတို့သည် ထောင်ပေါင်းများစွာသောသူတို့ကိုဖျက်ဆီးကာ သူတို့

အားသစ္စာမဲ့သူများအဖြစ်သို့ပို့ဆောင်ကြောင်း ကျွန်ုပ်အားပြသပါသည်။ အကယ်၍ ဤလမ်းကြောင်းကို စတင်လျှောက်လှမ်းကြမည်ဖြစ်ပါက မိမိတို့၏ရပ်တည်မှုဟန်ချက်ပျက်စီးပြီး မာရ်နတ်၏ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပါလိမ့်မည်။ [Ev 605.1]

"အချည်းနှီးလိမ်ညာခြင်း" သည် သနားဖွယ်လူသားများတို့၏စိတ်ထဲ၌ ပြည့်လျက်ရှိသည်။ သူတို့သည် ကြီးမားသောအလုပ်များတို့ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် သာ၍မြင့်သောတန်ခိုးကိုမလိုအပ်ဘဲ မိမိတို့၌ရှိသောတန်ခိုးအားဖြင့်သာ ဆောင်ရွက်နိုင်ကြသည်ဟုထင်ကြပါသည်။ သူတို့၏စည်းမျဉ်းများနှင့်ယုံကြည်ခြင်းသည် "ခရစ်တော်နောက်သို့လိုက်ရန်မဟုတ်ဘဲ လူတို့၏ရိုးရာထုံးစံဓလေ့နောက်၊ လောက၏မူလအခြေခံစည်းမျဉ်းများနောက်သို့သာလိုက်ရန်" ဖြစ်သည်။ ဤအတွေးအခေါ်ကို သူတို့အားခရစ်တော်မသင်ပေးခဲ့ပါ။ သူ၏သွန်သင်မှုထဲ၌လည်း မတွေ့ရှိခဲ့ရပါ။ သနားဖွယ်လူသားများတို့၏စိတ်ထဲ၌ မိမိတို့၏ရရှိသောတန်ခိုးကို အားကိုးရန်သူလမ်းမညွှန်ခဲ့ပါ။ သူတို့၏စိတ်ကို စကြဝဠာတစ်ခုလုံးအားဖန်ဆင်းခဲ့သောအရှင်ထံသို့ သူတို့၏ခွန်အားနှင့်ပညာအခြေအမြစ်အဖြစ် သူသည် အမြဲညွှန်ပြလျက်ရှိသည်။ [Ev 605.2]

မော်ဝိဇ္ဇာအယူဝါဒ၏ဆရာများတို့သည် သင့်ကိုလှည့်ဖြားရန် နှစ်သက်ဖွယ်ဆွဲဆောင်ခြင်းအမူအရာအားဖြင့်လာပြီး၊ အကယ်၍ သူတို့၏ဒဏ္ဍာရီပုံပြင်များတို့ကိုနားထောင်ပါက ဖြောင့်မတ်ခြင်း၏ရန်သူအားဖြင့် သင်သည် သွေးဆောင်ခြင်းခံရကာ သင်၏ဆုလာဘ်ဆုံးရှုံးမည်မှာ သေချာပါသည်။ တစ်ကြိမ်မဟာလှည့်ဖြားသူ၏ညို့ယူဖမ်းစားသောဩဇာ သင့်ကိုအောင်မြင်သွားသောအခါ၊ သင်သည် အဆိပ်မိပြီး ဘုရားသခင်၏သားတော်ခရစ်တော်၌ယုံကြည်ခြင်းကို ၎င်း၏သေနိုင်သောဖောက်ပြန်ပျက်စီးခြင်း၏တန်ခိုးဩဇာ ဖျက်ဆီးကာ သူ၏အသွေးတော်ကျေးဇူးအပေါ်မှီခိုရန် သင်ရပ်စဲလိုက်ပါမည်။ ဤအတွေးအခေါ်ဖြင့်လှည့်ဖြားခြင်းခံရသောသူတို့သည် စာတန်၏လှည့်စား



ခြင်းအားဖြင့် မိမိတို့၏ဆုလာဘ်သွေးဆောင်ခြင်းကိုခံရပါသည်။ သူတို့သည် မိမိတို့၏ကိုယ်တိုင်ကောင်းမှုများအပေါ်မှီခိုပြီး အလိုအလျောက်နှိမ့်ချခြင်းကိုပြုကြကာ ဆက်ကပ်မှုများကိုပင်ပြုလုပ်လိုကြခြင်းနှင့် မိမိတို့၏ကိုယ်ကိုအပ်နှံကြလျက် အလွန်မိုက်မဲသောအတွေးအခေါ်ကို မိမိတို့၏သေသောမိတ်ဆွေများဖြစ်သည်ဟု သူတို့ယုံကြည်သောသူတို့ထံမှရရှိကြပါသည်။ မာရ်နတ်သည် သူတို့၏မျက်စိများကိုပိတ်ထားပြီး သူတို့၏စဉ်းစားဆုံးဖြတ်နိုင်သည့်စိတ်ကို ဖျက်ဆီးလိုက်ကာ အဆိုးကိုသူတို့မမြင်ရဘဲ သူတို့သည် မိမိတို့၏သေသောယခုသာ၍မြင့်သည့်လေဟာနယ်တစ်ခု၌ရှိနေသောကောင်းကင်တမန်ဟုသူတို့ထင်သည့်၊ မိတ်ဆွေများထံမှရရှိသောဆိုလိုခြင်းဟုထင်ရသည့်ညွှန်ကြားချက်များနောက်သို့ သူတို့လိုက်ကြသည်။ Testimonies, vol. 1, pp. 297, 298. (1862) [Ev 605.3]

**ခရစ်ယာန်သိပ္ပံအတတ်၊ အရှေ့တိုင်းပြည်နှင့်ဆိုင်သောကုသမှုကိုးကွယ်ခြင်းများ –** ဝိညာဉ်ကိုယ်စားလှယ်များတို့ကို အကြံယူခြင်း၏ကြောက်မက်ဖွယ်သောအတွေးအခေါ်မှ တွန့်ဆုတ်သူများစွာရှိကြသော်လည်း ပို၍နှစ်သက်ဖွယ်ကောင်းသောဝိညာဉ်အယူဝါဒပုံသဏ္ဍာန်များ၊ အထူးသဖြင့် ဧမာန္နွေလလှုပ်ရှားမှုကဲ့သို့သောအဖွဲ့တို့ဖြင့် ဆွဲဆောင်ခြင်းခံရသူများရှိကြပါသည်။ အခြားသောသူများတို့လည်း ခရစ်ယာန်သိပ္ပံအတတ်၏သွန်သင်မှုများ၊ ကမ္ဘဋ္ဌာန်းထိုင်ခြင်း၏စျာန်အယူဝါဒနှင့် အခြားအရှေ့တိုင်းပြည်၏ဘာသာရေးများအားဖြင့် လမ်းလွဲသွားကြသောသူများရှိကြပါသည်။ [Ev 606.1]

မော်ဝိညာဉ်အယူဝါဒ၏ပုံသဏ္ဍာန်အားလုံးလိုပင် ၎င်းတို့၏တမန်တော်များတို့သည် ရောဂါဝေဒနာခံစားနေရသောသူများတို့ကို ကုသပေးနိုင်သည့်တန်ခိုးရှိကြောင်း ပြောဆိုကြပါသည်။ သူတို့သည် မိမိတို့၏တန်ခိုးကို "စနစ်တကျကုသမှုများဟုခေါ်သော" လျှပ်စစ်ဓာတ်အား၊ သံလိုက်ဓာတ်အားဂုဏ်သတ္တိ၊ သို့မဟုတ် လူ၏စိတ်အတွင်းရောဂါရှိနေသော်လည်း မပေါ်သေးသောစွမ်းအားများဖြင့်ဖော်ပြပါသည်။ ထိုနောက် ယခုခရစ်ယာန်များတို့၏ခေတ်အချိန်

အခါတွင် လူများစွာတို့သည် ဘုရားသခင်၏တန်ခိုးကိုယုံကြည်ပြီး အရည်အသွေးပြည့်ဝသောခရစ်ယာန်သမားတော်ကြီးများထံသို့သွားရကြမည့်အစား ဤကုသမှုပေးသည့်သူတို့ထံသို့ သွားကြပါသည်။ [Ev 606.2]

မိခင်တစ်ဦးသည် သူမ၏ဖျားနာနေသောကလေးကိုကြည့်ရင်း “ငါမတတ်နိုင်တော့ဘူး၊ ငါ့သားကိုကုသပေးနိုင်တဲ့ဆရာဝန်မရှိတော့ဘူးလား” ဟုပြောလိုက်ပါသည်။ အံ့သြဖွယ်ကုသမှုပေးနိုင်သည့်ဆွဲဆောင်မှုရှိသူအကြောင်း သူမကြားရသောအခါ၊ ထိုသူလက်ထဲသို့ သူမ၏ကလေးကိုကုသစေခြင်းအားဖြင့် မာရ်နတ်၏လက်တွင်းသို့ အပ်နှံလိုက်ခြင်းဖြစ်ပါသည်။ ဤကလေး၏ရှေ့ရေးအသက်တာသည် မာရ်နတ်၏တန်ခိုးထိန်းချုပ်မှုအောက်သို့ရောက်ရှိသွားသောကြောင့် ရုန်းထွက်၍မရတော့သည့်အခြေအနေသို့ ရောက်ရှိသွားပါသည်။ Review and Herald, Jan. 15, 1914. [Ev 606.3]

**လှည့်ဖြားသောအကျိုးကျေးဇူးများ –** မာရ်နတ်၏မှော်အတတ်သို့ မိမိတို့၏ကိုယ်ကိုပေးအပ်သောသူတို့သည် ကြီးမားသောအကျိုးရရှိသည်ဟု ကြွားဝါကြမည်ဖြစ်သော်လည်း သူတို့၏လုပ်ရပ်သည်မှန်ကန်ကြောင်း၊ သို့မဟုတ် လုံခြုံကြောင်း အထောက်အထားပြနိုင်ပါမည်လား၊ အသက်မည်မျှပို၍ရှည်မည်နည်း။ ယာယီအကျိုးမည်မျှခံစားရမည်နည်း။ ဘုရားသခင်၏အလိုတော်ကိုဂရုမပြုသောကြောင့် အဆုံး၌မည်သည့်အကျိုးခံစားရမည်နည်း။ ဤထင်ရှားသောအကျိုးအားလုံးတို့သည် အဆုံး၌ပြန်လည်ပြုပြင်၍မရသော ဆုံးရှုံးခြင်းအကျိုးကိုသာခံစားရလိမ့်မည်။ မာရ်နတ်၏တန်ခိုးမှ သူ၏သားသမီးများတို့ကိုကာကွယ်ရန် ဘုရားသခင်စိုက်ထူထားသော အကာအကွယ်တစ်ခုတည်းကို ကျွန်ုပ်တို့ချိုးဖောက်ခြင်းအားဖြင့် အပြစ်လွတ်ခြင်းအခွင့်ရမည်မဟုတ်ပါ။ Review and Herald, Jan 15, 1914. [Ev 606.4]

**ဆန်းပြားသောဘာသာရေးသမားတော်များထံချဉ်းကပ်ခြင်း၏အန္တရာယ် –** ဘုရားသခင်၏ညွှန်ကြားချက်မှ အနည်းငယ်လွဲချော်ခြင်းအားဖြင့် အန္တရာယ်ရှိသည်။ ကျွန်ုပ်တို့သည် တာဝန်၏ရှင်းလင်းသောလမ်းမှ သွေဖည်သွားသောအခါ၊ မတွန်းလှန်





နိုင်သည့်အခြေအနေများ တစ်ခုပြီးတစ်ခုပေါ်လာပြီး မှန်သောအရာမှတဖြည်းဖြည်းဝေးကွာသွားစေလိမ့်မည်။ ဘုရားသခင်ကိုရိုသေလေးစားခြင်းမရှိသောသူတို့နှင့် မလိုအပ်သည့်ရင်းနှီးအကျွမ်းတဝင်ပြုခြင်းများသည် မထင်မမှတ်သောအချိန်၌ ကျွန်ုပ်တို့ကိုသွေးဆောင်ပေလိမ့်မည်။ လောကီမိတ်ဆွေများတို့ကိုဆန့်ကျင်ရန်စိုးရိမ်ခြင်းသည် ဘုရားသခင်ကိုကျွန်ုပ်တို့ကျေးဇူးတင်ကြောင်းဖော်ပြရန်၊ သူ့အပေါ်ကျွန်ုပ်တို့မှီခိုကြောင်းအသိအမှတ်ပြုခြင်းကိုဖော်ပြရန် ကျွန်ုပ်တို့ကိုဟန့်တားစေပါလိမ့်မည်။ [Ev 607.1]

မိမိ၏လူများတို့သည် တာဝန်၏လမ်းပေါ်၌လျှောက်လှမ်းနေကြစဉ် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သူတို့ကိုစောင့်ရှောက်လိမ့်မည်။ သို့သော် မာရ်နတ်၏မြေပေါ်၌ တမင်ကြိုးစားလျှောက်လှမ်းသောသူတို့အတွက် ၎င်းကာကွယ်ခြင်းမျိုးပြုလုပ်ပေးရန် အာမခံချက်မရှိပါ။ ကြီးမားသောလှည့်ဖြားသူ၏ကိုယ်စားလှယ်တစ်ဦးသည် သူ၏ဦးတည်ချက်ကိုရရှိရန် မည်သည့်အရာကိုမျှပြောဆိုခြင်းနှင့်လုပ်ကိုင်ခြင်းမပြုပါ။ သူ့ကိုယ်ကိုမှော်ဆရာတစ်ဦး၊ “လျှပ်စစ်သမားတော်” တစ်ဦး၊ သို့မဟုတ် “ဆွဲဆောင်မှုပြုသောကုသသူ” တစ်ဦးအဖြစ်ခေါ်ခြင်းသည် အနည်းငယ်သာစိုးရိမ်ဖွယ်ရှိသည်။ မှားသောဟန်ဆောင်ခြင်းဖြင့် သတိမရှိသောသူ၏ယုံကြည်စိတ်ချမှုကို သူဆွဲဆောင်အောင်မြင်နိုင်ပါသည်။ သူသည် သူ့အား အားကိုးသူ၏အသက်တာရာဇဝင်နှင့် အခက်အခဲများ၊ ဒုက္ခများအားလုံးတို့ကိုနားလည်ကြောင်း ဟန်ဆောင်မှုပြုပါသည်။ အလင်း၏ကောင်းကင်တမန်တစ်ဦးကဲ့သို့ မိမိကိုယ်ကိုယောင်ဆောင်ပြီး သူ၏စိတ်ထဲ၌မှောင်မည်းသောအတွင်းစိတ်ရှိသောအခါ၊ သူ၏အကြံဉာဏ်ကိုအလိုရှိသောသူအား အမျိုးသမီးများတို့ကိုအထူးစိတ်ဝင်စားကြောင်း သူဖော်ပြပါသည်။ သူတို့အား သူတို့၏ပြဿနာအားလုံးတို့သည် ပျော်ရွှင်မှုမရှိသည့်ထိမ်းမြားခြင်းအားဖြင့်ဖြစ်ကြောင်း သူပြောပြပါသည်။ ဤအရာသည် အလွန်မှန်ပေလိမ့်မည်။ သို့သော် ထိုအကြံပြုသူသည် သူတို့၏အခြေအနေကို ကောင်းအောင်မပြုလုပ်ပေးနိုင်ပါ။ သူတို့၌မေတ္တာနှင့်ကြင်နာခြင်းလိုကြောင်း သူတို့အား

သူပြောပြပါသည်။ သူတို့၏အရေးကိစ္စနှင့်ပတ်သက်၍ အထူးစိတ်ဝင်စားကြောင်းယောင်ဆောင်မှုပြုပြီး မမျှော်လင့်သောသူတို့အားညို့ယူကာ တုန်လှုပ်သောငှက်ကိုဖမ်းစားသောမြွေကဲ့သို့ သူသည် သူတို့ကိုဆွဲဆောင်ခြင်းပြုပါသည်။ မကြာမီ သူ၏တန်ခိုးအောက်သို့ သူတို့လုံးလုံးရောက်ရှိသွားပြီး အပြစ်၊ ဂုဏ်သိက္ခာကျဆင်းခြင်းနှင့်ပျက်စီးခြင်းတို့သည် အလွန်ကြောက်မက်ဖွယ်သောအကျိုးဆက်များဖြစ်လာပါသည်။ Review and Herald, June 27, 1882. [Ev 607.2]

**မုန်းတီးဖွယ်အကောင်းဆုံးသောခွင့်ပြုမိန့်၊ စိတ်ပျက်ဖွယ်ရာနှင့်ပျက်စီးခြင်း –** ရောလုထံသို့ နတ်ဆိုး၏သတင်းသည် အပြစ်၏ပုတ်ခတ်ပြောဆိုခြင်းနှင့် မကြာမီခံရမည့်အပြစ်ပေးခြင်းဖြစ်သော်လည်း သူ့အားပြန်လည်၍ပြုပြင်ရန်အတွက်မဟုတ်ပါ။ စိတ်ပျက်ရန်နှင့်ပျက်စီးရန်အတွက်ဖြစ်ပါသည်။ သို့သော် မကြာခဏငင်းသည် လူတို့ကိုချီးမွမ်းခြင်းအားဖြင့် ပျက်စီးခြင်းသို့ရောက်ရန် သွေးဆောင်သူ၏အကောင်းဆုံးသောရည်ရွယ်ချက်တစ်ခုဖြစ်သည်။ ရှေးအချိန်များ၌ နတ်ဘုရားတို့၏သွန်သင်ချက်သည် မုန်းတီးဖွယ်အကောင်းဆုံးသော ခွင့်ပြုမိန့်ကိုစွဲကိုင်ထားပါသည်။ ဘုရားသခင်၏နည်းဥပဒေများသည် အပြစ်ကိုစီရင်ပြီး ဖြောင့်မတ်ခြင်းကိုအားပေးခြင်းတို့အားဘေးဖယ်ထားပြီး၊ အမှန်တရားကိုအနည်းငယ်သာအလေးထားကြကာ မသန့်ရှင်းသောအရာကိုခွင့်ပြုရုံမျှမကဘဲ ပျော်ပါးကြပါသည်။ မှော်ဝိဉာဉ်အယူဝါဒသည် သေခြင်းမရှိ၊ အပြစ်မရှိ၊ တရားစီရင်ခြင်းမရှိ၊ အပြစ်ပေးခြင်းမရှိဟုပြောဆိုပြီး "လူတို့သည် ကျဆုံးခြင်းမရှိသောနတ်သား၊ နတ်သမီးများ၊" ထိုဆန္ဒသည် အမြင့်ဆုံးသောဥပဒေနှင့် ထိုလူသည် မိမိကိုယ်တိုင်အပေါ်၌သာတာဝန်ရှိပါသည်။ အမှန်တရားကိုကာကွယ်ရန် ဘုရားသခင်တည်ထောင်ထားသော အကာအဆီးများဖြိုစင်ခြင်းနှင့်ရှိသေလေးစားခြင်းတို့ပြိုကျကုန်ပြီး၊ လူအများတို့သည် အပြစ်ထဲ၌ရဲရင့်စွာလှုပ်ရှားကြပါသည်။ ငင်းသွန်သင်ချက်သည် မူလအစနတ်ဆိုးဝတ်ပြုကိုးကွယ်



ခြင်းနှင့်တူညီကြောင်း ပြောဆိုနေပါသလား။ Signs of the Times, June 30, 1890. [Ev 608.1]

**အံ့အားသင့်စေသောအသံများ၊ နတ်ဝင်သူများ၊ ရှေ့ရေးကြိုတင်သိသူများနှင့်ဗေဒင်ဆရာများ –** ဧကြုန်မြို့နှင့်အဒေါ်ရမြို့မှပြောဆိုခဲ့သော အံ့အားသင့်စေသည့်အသံများတို့သည် သူတို့၏လိမ်လည်သောစကားများအားဖြင့် လူတို့အားလွဲသောလမ်းသို့ပို့ဆောင်နေဆဲပင်ဖြစ်ပါသည်။ မှောင်မိုက်၏မင်းသားလေးသည် အသစ်သောဝတ်စားဆင်ယင်မှုအောက်၌ ပေါ်လာခဲ့ပါသည်။ နတ်မေးမြန်းခြင်းမိစ္ဆာခေတ်သည် ရှေးအချိန်ကရှိခဲ့ပြီး၊ ငင်းတို့၏တွဲဘက်မှော်ဝိဉာဉ်အယူဝါဒယုံကြည်သော နတ်ဝင်သူများ၊ ရှေ့ရေးအတွက်ကြိုတင်သိသူများနှင့်ဗေဒင်ဆရာများတို့သည် ယနေ့ငင်း၏တွဲဖက်များဖြစ်ကြပါသည်။ မိစ္ဆာအယူဝါဒဝတ်ပြုခြင်း၏နက်နဲသောအရာများနေရာ၌ လျှို့ဝှက်သောပေါင်းသင်းခြင်းနှင့် သေသောသူတို့၏ဝိဉာဉ်ကိုခေါ်ခြင်း၊ မှော်ဆရာများတို့၏မည်းမှောင်ခြင်းများနှင့်အံ့သြဖွယ်ရာများတို့ဖြင့် ယနေ့နေရာယူလျက်ရှိပါသည်။ ထိုနောက် သူတို့၏သိရှိအောင်ပြုလုပ်သည့်အရာများတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဝိဉာဉ်တော်စာပေမှအလင်းကို လက်ခံရန်ငြင်းပယ်သော ထောင်ပေါင်းများစွာသောသူတို့သည် အလွန်စိတ်အားထက်သန်စွာလက်ခံကြသည်။ သူတို့သည် ရှေးမျက်လှည့်ဆရာများတို့ကို မလေးမစားပြောဆိုကြသော်လည်း သူတို့သည် မတူညီသောပုံစံဖြင့် သူ၏အတတ်ပညာများအောက်၌ကျင့်သုံးနေကြသည့်အတွက် မဟာလှည့်ဖြားသူသည် အောင်မြင်စွာဖြင့်ရယ်မောလျက်ရှိသည်။ [Ev 608.2]

ဤမာရ်နတ်ကိုယ်စားလှယ်များတို့သည် ရောဂါကုသနိုင်ကြောင်း ပြောဆိုကြသည်။ သူတို့သည် မိမိတို့၏တန်ခိုးကို လျှပ်စစ်၊ ဆွဲဆောင်မှုအယူဝါဒ၊ သို့မဟုတ် "အကြင်နာတရားရှိသောကုသမှုများ" ဟုခေါ်သောအရာများဖြင့်ဖော်ပြသော်လည်း မှန်ကန်သောအရာမဟုတ်ဘဲ မာရ်နတ်၏လျှပ်စစ်စီးကြောင်းအတွက် လမ်းကြောင်းများသာဖြစ်သည်။ ဤနည်းလမ်းများအားဖြင့်

လူတို့၏ကိုယ်ခန္ဓာနှင့်ဝိညာဉ်များအပေါ် ညို့ယူဖမ်းစားခြင်းကိုပစ်ချထားပါသည်။ Signs of the Times, March 24, 1887. [Ev 609.1]

**ငရဲသို့သွားရာလမ်း –** အချည်းနှီးအတွေးအခေါ်သည် လုံခြုံသောလမ်းကဲ့သို့ ငရဲသွားရာလမ်းအဖြစ် အသုံးပြုနေပါသည်။ မြင့်စွာသောစိတ်ကူးဉာဏ်နှင့်သာယာသောအသံဖြင့်ကျယ်သောလမ်းကို ပျော်ရွှင်မှုနှင့်ဂုဏ်ကျက်သရေတစ်ခုကဲ့သို့ သူတို့ပုံဖော်ထားပါသည်။ ကြီးမားသောရည်မှန်းချက်ကို ဧဝအားမာရ်နတ်ပြသခဲ့သကဲ့သို့ လှည့်ဖြားခြင်းခံရသောဝိညာဉ်များတို့၏ရှေ့၌ သူတို့အတွက်ဖြစ်နိုင်လိမ့်မည်ဟု တစ်ခါမျှမတွေးမိခဲ့သော လွတ်လပ်ခွင့်နှင့်အလွန်ပျော်ရွှင်ခြင်းခံစားရမည့်အရာကို ကိုင်ထားလျက်ပြသပါသည်။ ငရဲသို့ကျယ်သောလမ်းဖြင့်သွားကြပြီးနောက် သေလွန်သွားကြသောအခါ ထာဝရကမ္ဘာကြီး၌ အမြင့်ဆုံးသောနေရာများသို့မြှင့်တင်ခြင်းခံရမည့်အတွက် လူတို့အား အားရဝမ်းမြောက်စေပါသည်။ တောက်ပသောဝတ်လုံဝတ်ဆင်ထားသောမာရ်နတ်သည် ချီးမြှင့်ခြင်းခံရသောကောင်းကင်တမန်တစ်ပါးကဲ့သို့ပေါ်လာပြီး ကမ္ဘာ့ကယ်တင်ရှင်ကိုသွေးဆောင်ရာ၌ အောင်မြင်ခြင်းမရှိခဲ့ပါ။ သို့သော် အလင်း၏ကောင်းကင်တမန်တစ်ပါးကဲ့သို့ဝတ်ဆင်ပြီး သူသည် လူတို့ထံသို့လာသောအခါ သူသည် ပို၍အောင်မြင်ခြင်းရရှိပါသည်။ သူ၏လျှို့ဝှက်ထားသောရည်ရွယ်ချက်များတို့ကိုဖုံးကွယ်ထားပြီး ထာဝရအမှန်တရား၌ အခြေခိုင်ခံ့စွာမတည်နေသည့် သတိတရားမရှိသောသူတို့အားသွေးဆောင်ခြင်း၌ အထူးအောင်မြင်ပါသည်။ Review and Herald, April 1, 1875. [Ev 609.2]

**မာရ်နတ်ကိုရင်ဆိုင်ရန်အတွက်ဆုတောင်းခြင်း၏တန်ခိုး –** ယုံကြည်ခြင်းပါသောဆုတောင်းခြင်းသည် ခရစ်ယာန်များတို့အတွက် ကြီးမားသောခွန်အားဖြစ်ပြီး မာရ်နတ်၏ရန်ကို ကျိန်းသေပေါက်အောင်မြင်ပေလိမ့်မည်။ ထို့ကြောင့် ဆုတောင်းရန်မလိုကြောင်း သူသည် လိမ္မာစွာကျွန်ုပ်တို့ကိုပြောဆိုလျက်ရှိပါသည်။ သူမုန်းတီးသောကျွန်ုပ်တို့၏ရှေ့နေ ယေရှု၏နာမဖြင့် စိတ်ပါစွာသူ့ထံသို့အကူအညီအတွက်လာသောအခါ မာရ်နတ်နှင့်အပေါင်းအသင်းများတို့သည်



ထိတ်လန့်လျက်ရှိပါသည်။ အကယ်၍ကျွန်ုပ်တို့သည် ဆုတောင်းခြင်းကိုလျစ်လျူရှုပါက သူ၏ရည်ရွယ်ချက်ကို သူသည် ကောင်းမွန်စွာပြည့်စုံစေလိမ့်မည်။ သူ၏လိမ်လည်သောအံ့ဖွယ်များနောက်သို့ အလွယ်တကူလိုက်ပါသွားကြမည်ဖြစ်သည်။ Testimonies, vol. 1, p. 296. (1862)

## အယူသီးခြင်းနှင့်တစ်ဖက်စွန်းရောက်ခြင်း

**ဝိညာဉ်ဆုကျေးဇူးများကိုတုပခြင်း –** မှားယွင်းမှုများစွာပေါ်ပေါက်လာပြီး ထိုအချိန်၌ကျွန်ုပ်ကလေးငယ်ဖြစ်သော်လည်း တစ်နေရာမှတစ်နေရာသို့ ဤမှားယွင်းသောအယူဝါဒများကိုလက်ခံသောသူများတို့အား သွန်သင်ဆုံးမရန် ဘုရားသခင်သည် ကျွန်ုပ်ကိုပို့ဆောင်ပါသည်။ အချို့သောသူတို့သည် အယူသီးခြင်းအန္တရာယ်ထဲသို့ရောက်နေသောကြောင့် ဘုရားသခင်၏နာမတော်အားဖြင့် ကောင်းကင်မှသတိပေးခြင်းတစ်ခုကို သူတို့အားပေးရန် ကျွန်ုပ်အမိန့်ပေးခြင်းခံရပါသည်။ [Ev 610.1]

ဤတူညီသောမှားယွင်းသည့်အယူဝါဒများကို ကျွန်ုပ်တို့တစ်ဖန်တွေ့ကြုံရဦးမည်ဖြစ်သည်။ ရူပါရုံများရရှိသည်ဟု ပြောဆိုကြသောသူများရှိပေလိမ့်မည်။ ဘုရားသခင်သည် သူ့ထံမှရူပါရုံရရှိကြောင်း သင့်အားအထောက်အထားပေးသောအခါ ၎င်းကိုသင်လက်ခံနိုင်ပါသည်။ သို့သော် အခြားမည်သည့်အထောက်အထားအပေါ်၌မျှ လက်ခံခြင်းမပြုပါနှင့်။ အကြောင်းမှာ နိုင်ငံရပ်ခြားတိုင်းပြည်များနှင့် အမေရိကန်ပြည်ရှိလူတို့သည် ပို၍လမ်းလွဲသွားကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သူ၏လူများကို အသိတရားရှိသောအမျိုးသား၊ အမျိုးသမီးများကဲ့သို့လုပ်ဆောင်ရန် သူအလိုရှိသည်။ [Ev 610.2]

လာမည့်အနာဂတ်၌ လှည့်ဖြားခြင်းအမျိုးမျိုးပေါ်လာမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ခြေအတွက် ခိုင်မာသောမြေအပေါ်ရပ်တည်ရန် ကျွန်ုပ်တို့၌လိုအပ်ပါသည်။ အဆောက်အဦအတွက် ခိုင်မာသောတိုင်များကို ကျွန်ုပ်

တို့အလိုရှိပါသည်။ ဘုရားသခင်တည်ထောင်ထားသော မည်သည့်သံမှုလီတစ်ခုကိုမျှ မရွှေ့စေရပါ။ လွန်ခဲ့သောနှစ်ပေါင်း (၅၀) ၌ ဘုရားသခင်ပေးခဲ့သောအမှန်တရားများအားဖြင့်မဟုတ်ပါက ကျွန်ုပ်တို့၏လုံခြုံမှုအတွက် မည်သည့်နေရာ၌တွေ့ရှိရမည်နည်း။ Review and Herald, May 25, 1905. [Ev 610.3]

**ဝေကိုမြွေလှည့်ဖြားသကဲ့သို့** – မှားသောအယူဝါဒများ၊ မကြာခဏပြန်လည်၍ ဒေင်ဥယျာဉ်၌တားမြစ်ထားသောအသီးကဲ့သို့ ယနေ့မှားယွင်းစွာဖြင့် ဖိတ်ခေါ်ခြင်းခံရခြင်းမှာ မကြာခဏပြန်လည်၍ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ အသီးအလွန်မှလှပြီး အစာအတွက် စားချင်စဖွယ်ထင်ရှားစွာပေါ်လွင်နေပါသည်။ မှားယွင်းသောအယူဝါဒများအားဖြင့် ဝိညာဉ်များစွာတို့သည် ပျက်စီးလျက်ရှိနေပြီးဖြစ်ပါသည်။ Manuscript 37, 1906. [Ev 610.4]

**အယူသီးခြင်းနှင့်တစ်ဖက်စွန်းရောက်ခြင်းရောဂါ** – လူတို့၏မူရင်းအမြင်အာရုံအသုံးပြု၍မရသည့်အခြေအနေသို့ရောက်လုသည့်အထိ ပျက်စီးသည်နည်းတူ ဘာသာရေးအယူသီးခြင်းနှင့် တစ်ဖက်စွန်းရောက်ခြင်း၏ကိစ္စ၌ အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သည့် ဝိညာဉ်မျက်စိအမြင်သည် မည်သည့်အရာကိုမျှရှင်းလင်းစွာခွဲခြား၍မရဘဲ အလွန်မှားယွင်းခြင်းသို့ရောက်ရှိလာပါသည်။ ကောင်းသောခွဲခြားတတ်ခြင်းသည် ပျက်စီးကုန်သောကြောင့် အမှန်တရားနှင့်ဖြောင့်မတ်ခြင်း၏ဝိညာဉ်ကို အမှားနှင့်အယူသီးခြင်း၏ဝိညာဉ်မှ ခွဲခြား၍မရတော့ပါ။ [Ev 610.5]

လူတစ်ဦးသည် မရှိသောအရာများကိုသူတွေ့ရပြီးနှစ်သက်သောအခါ ဝိညာဉ်နှင့်စပ်ဆိုင်သော စိတ်စွမ်းအားများ၏ရောဂါတစ်ခုကို ရရှိနေပါသည်။ သူသည် အရက်သမားတစ်ဦး အလွန်အကျွံအရက်သောက်ခြင်းအားဖြင့် ယစ်မူးသကဲ့သို့ လွဲမှားသောအယူအဆတစ်ခုဖြင့် ထိန်းသိမ်း၍မရဘဲ စွဲကပ်လျက်ရှိပါသည်။ ၎င်းအထဲ၌ ဉာဏ်ရည်ကွန့်မြူးခြင်းတစ်ခုရှိသော်လည်း ဘုရားနှင့်မသက်ဆိုင်ပါ။ အသိတရား၏စိတ်စွမ်းအားများမှားယွင်းကုန်သည်။



လူတိုင်းဘုရားသခင်ကို မိမိ၏ကိုးစားရာအဖြစ်ထားရှိပြီး ကျန်းမာသောဗဟုသုတတစ်ခုကိုရရှိစေပါ။ Manuscript 41, 1900. [Ev 611.1]

**မီး၌သော်လည်းကောင်း၊ ရေ၌သော်လည်းကောင်း** – ထူးဆန်းခြင်းနှင့်အံ့ဩဖွယ်သစ်ဆန်းသောအရာနောက်သို့လိုက်၍ အဆင်သင့်အမြဲပြောင်းလဲလိုသောလူတစ်မျိုးရှိသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးတို့အားတည်ငြိမ်စွာ၊ ချင့်ချိန်ထောက်ထားစွာဖြင့် ယခုအချိန်အတွက် ခိုင်မာသောအမှန်တရားနှင့် ဆီလျော်သည့်ကျွန်ုပ်တို့၏စကားများတို့ကို ရွေးချယ်ပြောဆိုခြင်းအားဖြင့် လှုပ်ရှားရန်အလိုရှိသည်။ အမှန်တရားကို စိတ်လှုပ်ရှားမှုမှကင်းဝေးနိုင်သရွေ့ကင်းဝေးအောင် တင်ပြဟောပြောသင့်ပြီး၊ ၎င်း၏စာရိတ္တနှင့်ကိုက်ညီသော ပြင်းထန်ခြင်းနှင့်လေးနက်မှုကိုဆောင်စေရမည်။ မီး၌သော်လည်းကောင်း၊ ရေ၌သော်လည်းကောင်း ရောက်ရှိသောတစ်ဖက်စွန်းသမားများတို့အား အားပေးခြင်းကိုကျွန်ုပ်တို့ကာကွယ်ရမည်။ [Ev 611.2]

သင်၏သွန်သင်ချက်များ၌ သာမန်ထက်ပိုသောတင်ပြချက်တိုင်း၊ မမှန်သောစိတ်ထားအားလုံးနှင့်ဗဟုသုတမရှိသောသူများကြားရသောအခါ၊ နားလည်နိုင်ပြီး သူတို့အားပြင်းထန်သောအရွယ်မရောက်သည့်လှုပ်ရှားခြင်းများသို့ ပို့ဆောင်စေမည့်အရာတိုင်းကို ဖယ်ရှားရန်သင့်အားကျွန်ုပ်တောင်းပန်ပါသည်။ တချို့သောသူတို့ကို မှားသောလမ်းကြောင်းသို့ပို့ဆောင်ပြီး ရှုပ်ထွေးခြင်းကိုစနစ်တကျပြန်လည်၍ရှိစေရန် များစွာလုပ်ဆောင်ရန်လိုအပ်သည့်အတွက် အမှုဆောင်များတို့၏အင်အားကို ဘုရားသခင်အလိုမရှိသောပုံစံသို့ လမ်းမလွဲသွားစေဘဲ သတိတရားရှိရန် သင်၌လိုအပ်ပါသည်။ ကျွန်ုပ်တို့အထဲ၌ တစ်ဦးတစ်ယောက်မှနေ၍ အယူသီးခြင်းကိုဖော်ပြခြင်းပြုပါက အကောင်းဆုံးသောအမှန်တရား၏စည်းမျဉ်းများကိုဆန့်ကျင်၍ တံခါးများစွာကိုပိတ်ထားစေလိမ့်မည်။ Undated Manuscript 111. [Ev 611.3]

**စိတ်လှုပ်ရှားခြင်းအားဖြင့် သန့်ရှင်းသောအမှန်တရားဂုဏ်သိက္ခာထိခိုက်သည်** – ကျွန်ုပ်တို့သည် တွေးတော၍ဆိတ်ငြိမ်သောသူများဖြစ်ရန်လိုအပ်ပြီး၊ ဖော်ပြသောအမှန်တရားကို လေးနက်စွာတွေးတောဆင်ခြင်ရမည်။ စိတ်လှုပ်ရှား

ခြင်းသည် ကျေးဇူးတော်၌ကြီးပွားရန် စစ်မှန်သောသန့်ရှင်းခြင်းနှင့် ဝိညာဉ်၏သန့်ရှင်းခြင်းသို့ရောက်ရန်အတွက် အထောက်အကူပြုသောအရာမဟုတ်ပါ။ [Ev 612.1]

ဘုရားသခင်သည် ကျွန်ုပ်တို့အား သန့်ရှင်းသောအမှန်တရားနှင့် ဆက်သွယ်ရန်အလိုရှိသည်။ ဤအရာတစ်ခုတည်းသာလျှင် ငြင်းဆိုသောသူတို့အား နားလည်သဘောပေါက်စေမည်ဖြစ်သည်။ တည်ငြိမ်ခြင်း၊ အသိတရားရှိသောလုပ်ဆောင်ခြင်းဖြင့် ရှေ့သို့လုပ်ဆောင်ကြရမည်။ [Ev 612.2]

ဘုရားသခင်သည် မိမိ၏လူတို့ကို တည်ကြည်ခန့်ညားခြင်းနှင့်ပြောင်းလဲခြင်းမရှိသည့် တည်ငြိမ်သောသန့်ရှင်းခြင်းဖြင့် အသက်ရှင်ကြရန်ခေါ်တော်မူသည်။ သူတို့သည် အမှန်တရား၏သန့်ရှင်းသောအယူဝါဒများကို ထူးဆန်းသောလုပ်ဆောင်မှုများ၊ ရုပ်ထွေးခြင်းနှင့်ဝရုန်းသုန်းကားဖြစ်ခြင်းတို့အားဖြင့် မှားသောကိုယ်စားပြုခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းခြင်းများမပြုလုပ်ကြရန် အထူးသတိပြုကြရပါမည်။ ဤသို့အားဖြင့် မယုံကြည်သောသူတို့သည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ကို အယူသီးသောအဖွဲ့အစည်းတစ်ခုဟု ထင်မှတ်ပေလိမ့်မည်။ ထိုသို့အားဖြင့် မှားသောအစွဲကိုဖန်တီးပေးကာ ဝိညာဉ်များတို့အား သတင်းစကားလက်ခံရန်အတွက် အတားအဆီးဖြစ်စေလိမ့်မည်။ ယေရှု၌ရှိသကဲ့သို့ ယုံကြည်သူများ အမှန်တရားကိုပြောသောအခါ၊ ၎င်းတို့သည် သန့်ရှင်းခြင်း၊ အသိရှိသောတည်ငြိမ်ခြင်း၊ ရုပ်ထွေးခြင်းမှန်တိုင်းတစ်ခုမဟုတ်ခြင်းတို့ကို ထင်ရှားစေလိမ့်မည်။ Manuscript 76a, 1901. [Ev 612.3]

**မိစ္ဆာဆရာများအနာဂတ်ဟောထားချက်ကိုနေရာမှား၍ချထားသည်** – ခရစ်တော်အချိန်ကကဲ့သို့ ကျွန်ုပ်တို့၏အချိန်၌ ကျမ်းစာ၏ရေးသားချက်များကို မှားယွင်းစွာဖတ်ပြီး မှားယွင်းစွာအဓိပ္ပါယ်ကောက်ယူကြမည်ဖြစ်ပါသည်။ အကယ်၍ ယုဒလူမျိုးများသည် ကျမ်းစာကိုစိတ်အားထက်သန်စွာ စိတ်နှလုံးထဲ၌ဆုတောင်းပြီးလေ့လာကြပါက သူတို့၏လေ့လာရှာဖွေခြင်းသည် အချိန်နှင့်ပတ်သက်ပြီး



မှန်သောအသိဉာဏ်ကိုရရှိရုံမျှမက ခရစ်တော်ကြွလာခြင်း၏အမူအရာပုံစံကိုပါ သိရှိကြပေလိမ့်မည်။ ဘုန်းတော်နှင့်တကွ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို ပထမကြွလာခြင်းကဲ့သို့ ထင်မှတ်ကြမည်မဟုတ်ပါ။ သူတို့၌ ဒံယေလ၏သက်သေခံချက်ရှိသည်။ သူတို့၌ဟေရှာယနှင့်အခြားပုရောဖက်များတို့၏သက်သေခံချက်ရှိသည်။ သူတို့၌မောရှေ၏သွန်သင်ချက်များရှိပြီး ဤနေရာ၌ ခရစ်တော်သည် သူတို့၏အလယ်၌ရှိနေသော်လည်း သူတို့သည် သူ၏ကြွလာခြင်းနှင့်ပတ်သက်၍ အထောက်အထားအတွက် သူတို့သည် သမ္မာကျမ်းစာကိုရှာဖွေလျက်ရှိသေးသည်။ ထိုနောက် ပုရောဖက်ဟောထားချက်အတိုင်း သူတို့ပြုလုပ်လိမ့်မည်ကိုသိလျက်နှင့် ခရစ်တော်အားသူတို့ပြုလုပ်ခဲ့ကြပါသည်။ သူတို့မည်သည့်အရာကိုလုပ်နေကြောင်း သူတို့မသိသည့်တိုင် သူတို့၌မျက်စိကွယ်လျက်ရှိကြသည်။ [Ev 612.4]

အများသောသူတို့သည် ဤတစ်ခုတည်းသောအရာကို ယနေ့ ၁၈၉၇ ခုနှစ်၌ပြုလုပ်ကြခြင်းမှာ သူတို့သည် ပထမ၊ ဒုတိယ၊ တတိယကောင်းကင်တမန်တို့၏သတင်းစကား၌ပါရှိသည့် ခက်ခဲသောသတင်းစကားများကိုနားလည်နိုင်ရန် ဗဟုသုတမရှိခြင်းကြောင့်ဖြစ်သည်။ အနာဂတ်၌ရှိနေသေးသောသတင်းစကားများကို နှုတ်ကပတ်တော်၌ အထောက်အထားအတွက်ရှာဖွေနေကြသောသူများရှိကြပါသည်။ သူတို့သည် သတင်းစကား၏မှန်ကန်ခြင်းကို အတူတကွစုစည်းကြပါသည်။ သို့သော် ပုရောဖက်ဟောထားသောသမိုင်း၌ ၎င်းတို့၏နေကို ၎င်းတို့အားမှန်ကန်စွာထားရှိရန် သူတို့ပျက်ကွက်ကြပါသည်။ ထိုကြောင့် ဤအရာသည် သတင်းစကားများကိုနေရာချထားခြင်းနှင့်ပတ်သက်၍ လူတို့အားလမ်းလွဲစေခြင်း၏အန္တရာယ်သို့ ရောက်ရှိစေပါသည်။ သူတို့သည် အဆုံးကာလကိုမမြင်၍နားမလည်ခြင်း၊ သို့မဟုတ် သတင်းစကားကိုဘယ်အချိန်အခါ၌ချထားရမည်ကို နားမလည်ခြင်းဖြစ်သည်။ ဘုရားသခင်၏နေ့ကြီးသည် လျှို့ဝှက်စွာရောက်ရှိလာမည်။ သို့သော် ပညာရှိဟုထင်ရသူများနှင့်ကြီးမားသောသူများတို့သည် “သာ၍မြင့်သောပညာ” ဖြင့် ရမ်းသန်းပြောဆိုကြသည်။

သူတို့သည် ခရစ်တော်ကြွလာခြင်း၏နိမိတ်လက္ခဏာများကိုမသိကြပါ။ ကမ္ဘာကြီး၏အဆုံးကိုလည်းမသိကြပါ။ Manuscript 136, 1897. [Ev 613.1]

## ဘုရားကိုပုံမှားတွေးဆဖော်ထုတ်ခြင်း

**ကျွန်ုပ်တို့၏အဆင့်အတန်းကိုလူတို့အားသိစေပါ –** ကျွန်ုပ်တို့၏မူဝါဒသည် သူတစ်ပါး၏ကျင့်သုံးသောအရာများနှင့် ဓလေ့ထုံးစံများတို့ကိုဆန့်ကျင်ရန်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယုံကြည်သောသူများ၊ ခရစ်တော်၏ဘုရားဇာတိကိုယုံကြည်ပြီး သူ၏ကမ္ဘာဦးအချိန်၌ရှိနေခြင်းကို လက်ခံသူများဖြစ်ကြောင်း လူတို့အားကောင်းမွန်စွာသိရှိစေရန်ဖြစ်သောကြောင့် ကျွန်ုပ်တို့ယုံကြည်ခြင်း၏အသွင်အပြင်ကို သူတစ်ပါးမနှစ်မြို့စေရန် ပွင့်လင်းစွာမပြုလုပ်ရပါ။ Testimonies to Ministers, p. 253. (1895) [Ev 613.2]

**မှားသောသွန်သင်မှုကိုကျွန်ုပ်တို့ရင်ဆိုင်ရလိမ့်မည် –** တစ်ကြိမ်ပြီးတစ်ကြိမ် စာတန်မာရ်နတ်နှင့်ဆိုင်သော မူလအစ၏သိပ္ပံအတတ်ဖြစ်သည့် ဘုရားသခင်နှင့်ခရစ်တော်မရှိခြင်းအကြောင်းကို လေ့လာသူများတို့၏ဩဇာနှင့် သင်တို့ရင်ဆိုင်ရလိမ့်မည်။ ခမည်းတော်နှင့်သားတော်သည် ကိုယ်စီခန္ဓာကိုယ်ရှိကြသည်။ "ငါနှင့်အဖတစ်လုံးတစ်ဝတည်းဖြစ်သည်" ဟု ခရစ်တော်ပြောခဲ့ပါသည်။ ထို့ကြောင့် လူ့ဇာတိဖြင့်ဤလောကသို့ကြွလာခဲ့သောသူသည် ဘုရားသခင်၏သားတော်ဖြစ်ပါသည်။ မိမိ၏ဘုရင်ဝတ်လုံနှင့်သရဖူကိုချန်ထားပြီး သူ၏ဘုရားဇာတိကို လူ့ဇာတိဖြင့်ဖုံးအုပ်ထားကာ လူ့ဇာတိ၌ပူဇော်ခံခြင်းအားဖြင့် လူသားတို့သည် ဘုရားဇာတိကိုခံယူရရှိပြီး၊ လောကီတပ်မက်ခြင်း၏ပျက်စီးခြင်းမှ လွတ်မြောက်ရန်အတွက်ဖြစ်သည်။ Testimonies, vol. 9, p. 68. (1909) [Ev 613.3]

**ကောင်းသောအမှန်တရား၏ပြိုင်ဘက်မှော်ဝိဇ္ဇာဥ်အယူဝါဒနှင့်ဆိုင်သောဖော်ပြခြင်း –** သိပ္ပံအတွေးအခေါ်များတိုးတက်မှုအတွက် ရှာဖွေသောသူတို့၏စိတ်ခံစားမှုများတို့ကို ယုံကြည်စိတ်ချခြင်းမရှိဖို့ပြောဆိုရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။



ထိုဖော်ပြချက်များတို့ကို အောက်ပါအတိုင်းတွေ့ရပါသည်။– "ခမည်းတော်သည် မတွေ့နိုင်သောအလင်းဖြစ်သည်။ သားတော်သည် ပါဝင်သောအလင်းကဲ့သို့ဖြစ်သည်။ ဝိညာဉ်တော်သည် ဝေးရာသို့ရောက်ရှိသွားသောအလင်းဖြစ်သည်။" "ခမည်းတော်သည် နှင်းနှင့်တူသည်။ မမြင်နိုင်သောအငွေ့ဖြစ်သည်။ သားတော်သည် လှပသောပုံသဏ္ဍာန်ဖြင့် သိမ်းဆည်းထားသောနှင်းနှင့်တူသည်။ ဝိညာဉ်တော်သည် အသက်တာ၏ထိုင်ခုံ၌ကျသောနှင်းနှင့်တူသည်။" အခြားဖော်ပြချက်တစ်ခု၌– "ခမည်းတော်သည် မမြင်နိုင်သောအငွေ့နှင့်တူသည်။ သားတော်သည် ခဲရောင်ရှိသောမိုးတိမ်နှင့်တူသည်။ ဝိညာဉ်တော်သည် ရွာချသောမိုးရေနှင့် လန်းဆန်းခြင်းတန်ခိုးဖြင့်အလုပ်လုပ်နေသည်။" [Ev 614.1]

ဤမှော်ဝိဇ္ဇာဉ်အယူဝါဒဖော်ပြချက်အားလုံးတို့သည် အကျိုးမရှိသောအရာများဖြစ်သည်။ ၎င်းတို့သည် ပြည့်စုံခြင်းမရှိ၊ မှန်ကန်ခြင်းလည်းမရှိပါ။ လောက၌ရှိသမျှသော မည်သည့်အရာနှင့်မျှတူညီသည်ဟု နှိုင်းယှဉ်၍မရသောမင်း၏ဘုန်းတန်ခိုးကို သူတို့သည် ပျော့ညံ့၍လျော့နည်းစေပါသည်။ ဘုရားသခင်ကို သူကိုယ်တိုင်ဖန်ဆင်းထားသောအရာများဖြင့် နှိုင်းယှဉ်၍မရပါ။ ၎င်းတို့သည် လူ၏အပြစ်များကြောင့် ဘုရားသခင်၏ကျိန်ခြင်းအောက်၌ ဒုက္ခခံနေရသောလောကီအရာများသာဖြစ်သည်။ ခမည်းတော်သည် လောကအရာများအားဖြင့် သူ့ကိုပုံဖော်၍မရပါ။ ခမည်းတော်သည် အရာခပ်သိမ်းပြည့်စုံရာကိုယ်ကာယနှင့်ဆိုင်သောဘုရားရှင်ဖြစ်ပြီး လူသားများတို့၏မျက်စိဖြင့် မြင်နိုင်စွမ်းမရှိပါ။ [Ev 614.2]

သားတော်သည် ဘုရားသခင်၏ပြည့်စုံခြင်းအားလုံးတို့ကိုဖော်ပြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူ့အား "သူ၏ကိုယ်ကိုဖော်ပြသည့်ပုံသဏ္ဍာန်" ဟုဖွင့်ဟပြောဆိုပါသည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူ

သည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။” ဤနေရာ၌ ခမည်းတော်၏ကိုယ်ခန္ဓာဥပမိရုပ်ကို ဖော်ပြနေပါသည်။ [Ev 614.3]

ခရစ်တော်ကောင်းကင်သို့တက်ကြွသွားပြီးနောက် သူစေလွှတ်ရန်ကတိပြုခဲ့သည့် နှစ်သိမ့်အားပေးသူမှာ၊ ဘုရားလုံးလုံးဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားဖြစ်ပြီး ခရစ်တော်အား မိမိတို့၏ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံသောသူအားလုံးတို့ကို ဘုရားကျေးဇူးတော်၏တန်ခိုးကို သူဖော်ပြပေးလိမ့်မည်။ ကောင်းကင်၌အသက်ရှင်သောဘုရားသုံးပါးရှိသည်။ ဤဘုရားသုံးပါးဖြစ်သည့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ကြီးမားသောနာမတော်တန်ခိုးနှင့် အသက်ရှင်သောယုံကြည်ခြင်းအားဖြင့် ခရစ်တော်ကိုယုံကြည်ပြီး နှစ်ခြင်းခံယူကြပါက ဤတန်ခိုးသည် နာခံမှုရှိသောကောင်းကင်သားများတို့နှင့်အတူပူးပေါင်းကာ သူတို့၏ကြိုးစားခြင်းအားဖြင့် ခရစ်တော်၌အသစ်သောအသက်တာကို နေထိုင်နိုင်ကြပါလိမ့်မည်။ Special Testimonies, Series B, No. 7, pp. 62, 63. (1905) [Ev 615.1]

**ရှေးရှိခဲ့သောမိမိအလိုအလျောက်ရှိလာခဲ့သည့်ဘုရားသခင်၏သားတော်–** ခရစ်တော်သည် ရှေးကရှိခဲ့သော မိမိအလိုအလျောက်ရှိလာခဲ့သည့် ဘုရားသခင်၏သားတော်ဖြစ်သည်။ သူရှိခဲ့ခြင်း၏အကြောင်းကိုပြောရာတွင် ခရစ်တော်သည် တွေးတောသောစိတ်ကို မည်သည့်အရာမျှမရှိသည့်ခေတ်၏အစသို့ ယူဆောင်သွားစေခဲ့ပါသည်။ မည်သည့်အချိန်မျှ သူသည် ထာဝရဘုရားနှင့်နီးကပ်စွာဆက်ဆံခြင်းမရှိသောအချိန်မရှိကြောင်း ကျွန်ုပ်တို့ကိုတိကျစွာပြောခဲ့ပါသည်။ သူပြောသောအသံကိုနားထောင်သော ယုဒလူမျိုးများတို့သည် သူနှင့်အတူရှိသကဲ့သို့ ဘုရားသခင်နှင့်အတူရှိခဲ့သည်။ Signs of the Times, Aug. 29, 1900. [Ev 615.2]

သူသည် ဘုရားသခင်နှင့်တူညီပြီး အကန့်အသတ်မရှိသောသူနှင့် အတိုင်းအဆမရှိ တန်ခိုးကြီးသောသူဖြစ်သည်။ သူသည် ထာဝရတည်မြဲပြီး



မိမိအလိုအလျောက်ရှိလာသောသားတော်ဖြစ်သည်။ Manuscript 101, 1897. [Ev 615.3]

**ထာဝရတည်မြဲခြင်းမှ–** ဤလောက၌ရှိစဉ် ခရစ်တော်၏လူ့ဇာတိအကြောင်းကို ဘုရားသခင်၏နှုတ်ကပတ်တော်ပြောသောအခါ၊ သူ၏ရှေးအချိန်ကရှိခဲ့ကြောင်းနှင့်ပတ်သက်ပြီး တိကျစွာပြောခဲ့ပါသည်။ နှုတ်ကပတ်တော်သည် ဘုရားဇာတိကဲ့သို့သော်လည်းကောင်း၊ ဘုရားသခင်၏ထာဝရသားတော်ကဲ့သို့ပင်သော်လည်းကောင်း သူ၏ခမည်းတော်နှင့်ပေါင်းစည်းပြီး တစ်လုံးတစ်ဝတည်းရှိခဲ့ပါသည်။ ထာဝရအမြဲတည်ရှိခြင်းမှသူသည် ကမ္ဘာပေါ်ရှိလူအားလုံးအတွက် ပဋိညာဉ်၏ကြားဖျန်ဖြေသူတစ်ဦးဖြစ်ခဲ့ပါသည်။ အကယ်၍ သူ့ကိုလက်ခံကြပါက လူအားလုံးတို့သည် ကောင်းချီးမင်္ဂလာခံစားကြရမည်ဖြစ်ပါသည်။ “နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။” လူသားများနှင့်ကောင်းကင်တမန်များတို့ကိုမဖန်ဆင်းမီအချိန်က နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိပြီး ဘုရားဖြစ်ပါသည်။ Review and Herald, April 5, 1906. [Ev 615.4]

သူ၏အသက်တာကို အနှစ် (၅၀) ထက်နည်းသည်ဟု လူတို့ရေတွက်ကြသော်လည်း သူ၏ဘုရားဇာတိအသက်တာကို လူတို့၏ရေတွက်ခြင်းဖြင့် တွက်ချက်၍မရပါ။ လူ့ဇာတိမခံယူမီ ခရစ်တော်၏တည်ရှိခဲ့ခြင်းကို ကိန်းဂဏန်းဖြင့်တိုင်းတာ၍မရပါ။ Signs of the Times, May 3, 1899. [Ev 616.1]

**အသက်၊ ဦးဆုံးဖြစ်သော၊ မချေးငှားသော၊ မဆင်းသက်လာသော –** ယေရှုပြောကြားသည်မှာ၊ “ငါသည်ထမြောက်ခြင်းအကြောင်းနှင့်အသက်ဖြစ်၏။” ခရစ်တော်၌ ဦးဆုံးသော၊ မချေးငှားသော၊ မဆင်းသက်လာသောအသက်ရှိ၏။ “သားတော်ကိုရသောသူသည် အသက်ကိုရ၏။” ခရစ်တော်၏ဘုရားဇာတိသည် ထာဝရအသက်အတွက် ယုံကြည်သူတို့၏အာမခံချက်ဖြစ်သည်။ The Desire of Ages, p. 530. (1898) [Ev 616.2]

**သိနာတောင်၌ခမည်းတော်နှင့်အတူ –** ဣသရေလလူမျိုးများ သိနာတောင်သို့ရောက်လာကြသောအခါ၊ ခရစ်တော်သည်အချိန်ယူပြီး သူ၏လိုအပ်ချက်များနှင့်ပတ်သက်၍ ဣသရေလလူတို့၏စိတ်ကို အားသစ်တိုးစေခဲ့ပါသည်။ ခရစ်တော်နှင့်ခမည်းတော်တို့သည် တောင်ပေါ်၌အတူဆွေးချင်းယှဉ်ပြီး လေးနက်သောဘုန်းတန်ခိုးဖြင့် ပညတ်တော် (၁၀) ပါးကိုကြေညာလိုက်ပါသည်။ Historical Sketches, p. 231. (1866) [Ev 616.3]

**သုံးပါးပေါင်းတစ်ဆူ၏ထာဝရဂုဏ်ထူးများ –** ကောင်းကင်ထာဝရဂုဏ်ထူးများ–ဘုရား၊ ခရစ်တော်နှင့်သန့်ရှင်းသောဝိညာဉ်တော်တို့သည် တပည့်တော်များတို့ကို လူ့ခွန်အားထက်ပိုပြီးလက်နက်တပ်ဆင်ပေးကာ သူတို့နှင့်အတူချီတက်၍အလုပ်လုပ်ပြီး ကမ္ဘာကြီးကိုအပြစ်မှနောင်တရစေပါသည်။ Manuscript 145, 1901. [Ev 616.4]

**သန့်ရှင်းသောဝိညာဉ်တော်၏ဥပဓိရုပ် –** ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဘုရားသခင်သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သကဲ့သို့ သူလည်းပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ ဤမြေပြင်များကိုကျော်ဖြတ်ခဲ့ကြောင်း ကျွန်ုပ်တို့သိရှိရန်လိုသည်။ Manuscript 66, 1899. (From a talk to the students at the Avondale School) [Ev 616.5]

သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ သူသည် သက်သေခံသောကြောင့်ဖြစ်သည်။ ဤသက်သေခံရှိသောအခါ၊ ၎င်း၏ကိုယ်တိုင်အထောက်အထားကို ၎င်းကပင်ဖော်ပြသွားပါသည်။ ထိုသို့သောအချိန်အခါမျိုး၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပြီးစိတ်ချရပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ဥပဓိရုပ်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ရှိနေပါသည်။ ထိုသို့မဟုတ်ပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း ကျွန်ုပ်တို့၏ဝိညာဉ်များသို့သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်



များနှင့်အတူသော်လည်းကောင်း သက်သေခံနိုင်မည်မဟုတ်ပါ။ သူသည် ဘုရားဇာတိရှိသူတစ်ဦးဖြစ်ရမည်။ သို့မဟုတ်လျှင် ဘုရားသခင်၏စိတ်ထဲ၌ဖုံးကွယ်နေသောလျှို့ဝှက်ချက်များတို့ကို ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်ပါ။ “လူ၏နက်နဲသောအရာကို လူ၌ရှိသောမိမိစိတ်ဝိညာဉ်မှတစ်ပါး အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ။” Manuscript 20, 1906. [Ev 617.1]

**တတိယပုဂ္ဂိုလ်ထဲ၌ဘုရား၏တန်ခိုး –** ဆိုးသွမ်းသောတန်ခိုး၏မင်းသားလေးကို ဘုရားသုံးပါးတစ်ပါးဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်၌ရှိသော ဘုရား၏တန်ခိုးအားဖြင့်သာ စစ်ဆေး၍သိရှိနိုင်ပါသည်။ Special Testimonies, Series A, No. 10, p. 37. (1897) [Ev 617.2]

**အမြင့်ဆုံးသောတန်ခိုးသုံးခုနှင့်အတူပူးပေါင်းခြင်း –** ကောင်းကင်၌ရှိသည့်အမြင့်ဆုံးသောတန်ခိုးသုံးခုဖြစ်သည့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့နှင့်အတူ ကျွန်ုပ်တို့ပူးပေါင်းကြရပါမည်။ ၎င်းနောက် ဤတန်ခိုးတို့သည် ကျွန်ုပ်တို့မှတစ်ဆင့်အလုပ်လုပ်ပြီး ဘုရားသခင်နှင့်အတူ အမှုဆောင်များဖြစ်စေရန် ကျွန်ုပ်တို့အားပြုလုပ်ပေးလိမ့်မည်။ Special Testimonies, Series B, No. 7, p. 51. (1905) [Ev 617.3]

## လျှို့ဝှက်သောအဖွဲ့အစည်းများ

**လျှို့ဝှက်သောအသင်းအဖွဲ့တို့၏ကြောက်မက်ဖွယ်သောအန္တရာယ်များ –** “မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုးကိုမထမ်းကြနှင့်” ဟု ဘုရားသခင်ပိတ်ပင်ထားသောအမိန့်သည် ခရစ်ယာန်များတို့၏အိမ်ထောင်ပြုခြင်းတစ်ခုတည်းကိုသာပြောခြင်းမဟုတ်ပါ။ ယုံကြည်ခြင်းမတူညီသည့်မိတ်ဆွေအပေါင်းအသင်း၊ အဖွဲ့အစည်းအားလုံးနှင့် ပေါင်းသင်းဆက်ဆံခြင်းကိုပြောခြင်းလည်းဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့ပေါင်းသင်းသမျှသောသူ

အားလုံးတို့သည် ကျွန်ုပ်တို့နှင့်ဝိညာဉ်ရေးအရာ၌သော်လည်းကောင်း၊ လုပ်ဆောင်မှုကိစ္စ၌သော်လည်းကောင်း ညီညွတ်ခြင်းရှိရန်လိုအပ်သောကြောင့်ဖြစ်သည်။ [Ev 617.4]

ပုရောဖက်ဟေရှာယမှတစ်ဆင့် ဘုရားသခင်ပြောခဲ့သည်မှာ "အချင်းလူများတို့၊ သင်းဖွဲ့၍မှိုင်တွေကြလော့။ ဝေးသောပြည်သားအပေါင်းတို့၊ နားထောင်ကြလော့။ ခါးစည်း၍မှိုင်တွေကြလော့။ ခါးစည်း၍မှိုင်တွေကြလော့။ တိုင်းပင်ကြလော့။ သင်တို့အကြံသည်ပျက်လိမ့်မည်။ စီရင်ကြလော့။ စီရင်သည်အတိုင်း မတည်ရ။ အကြောင်းမူကား၊ ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူ၏။ ဤလူမျိုး၏ဘာသာဓလေ့အတိုင်း ငါမကျင့်ရမည့်အကြောင်း၊ ထာဝရဘုရားသည်တန်ခိုးပြလျက် ငါ့ကိုသွန်သင်၍မိန့်တော်မူသည်ကား၊ သင်းဖွဲ့ခြင်းဟု ဤလူမျိုးဆိုသမျှအတိုင်း သင်တို့သည် သင်းဖွဲ့ခြင်းဟုမဆိုကြနှင့်။ သူတို့ကြောက်တတ်သောအရာကို မကြောက်ကြနှင့်။ မထိတ်လန့်ကြနှင့်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို ရိုသေခြင်းရှိကြလော့။ ထိုဘုရားကိုသာကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းရှိကြလော့" ဟေရှာယ ၈း၉-၁၃။ [Ev 617.5]

ခရစ်ယာန်များတို့သည် လျှို့ဝှက်သောအဓိကညီရင်းအစ်ကိုကဲ့သို့သောမိတ်ဆွေအပေါင်းအသင်းနှင့် အခြားလျှို့ဝှက်သောအသင်းအဖွဲ့တို့နှင့် ပါဝင်ပတ်သက်ခြင်းသည် မှန်သည်မမှန်သည်ကို မေးခွန်းထုတ်သောသူများရှိကြပါသည်။ ဖော်ပြခဲ့သောနှုတ်ကပတ်တော်ပြောဆိုချက်ကိုဆင်ခြင်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်ယာန်လုံးလုံးဖြစ်ပါက နေရာတိုင်းတွင်ခရစ်ယာန်လုံးလုံးဖြစ်ကြရပါမည်။ ၎င်းပြင်ဘုရားသခင်၏နှုတ်ကပတ်တော်စံချိန်နှင့်အညီ ကျွန်ုပ်တို့အားခရစ်ယာန်စေမည့်အကြံပေးချက်များတို့ကို လိုက်လျှောက်ကြရပါမည်။ [Ev 618.1]

ကျွန်ုပ်တို့သည် ခရစ်တော်ကိုကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်လက်ခံသောအခါ၊ ဘုရားသခင်နှင့်အတူပါဝင်လုပ်ဆောင်သူများကဲ့သို့ ကျွန်ုပ်တို့လက်ခံခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်၌ သူ၏နိုင်ငံတော်ကိုတည်ဆောက်ရန်အတွက်





လုပ်ဆောင်ကြရန် ခရစ်တော်၏ကျေးဇူးတော်၌ သစ္စာရှိသောဘဏ္ဍာစိုးများကဲ့သို့ ဘုရားသခင်အတွက်လုံးလုံးဖြစ်ရန် ကျွန်ုပ်တို့ပဋိညာဉ်ပြုထားခဲ့ကြပါသည်။ ခရစ်တော်နောက်သို့လိုက်သောသူတိုင်းတို့သည် သူတို့၏ကိုယ်၊ စိတ်၊ နှလုံးတန်ခိုးများအားလုံးတို့ကို သူတို့အားအဖိုးအခနှင့်ဝယ်ယူခဲ့သောသူထံသို့ ဆက်ကပ်အပ်နှံကြရန် ကတိပြုခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် စစ်သည်တော်များဖြစ်ကြရန်၊ သူ၏အမှုတော်မြတ်၌ပါဝင်ရန်၊ အခက်အခဲများ၊ ရှက်ဖွယ်ရာနှင့်အပြစ်တင်ခြင်းခံနိုင်ရန်၊ ယုံကြည်ခြင်းတိုက်ပွဲကိုတိုက်ရန် ကျွန်ုပ်တို့၏ကယ်တင်ခြင်းဗိုလ်ချုပ်ကြီး၏နောက်သို့လိုက်ခြင်း၌ ပါဝင်နေကြပါသည်။ [Ev 618.2]

ဘုရားရှင်၌ပြုသော သင်၏ပဋိညာဉ်ကိုစောင့်ရှောက်ရာ၌ သင်သည် လောကီအသင်းအဖွဲ့များတို့နှင့်ဆက်သွယ်မှုပြုနေပါသလား။ ဤအဖွဲ့အစည်းများတို့သည် သင့်စိတ်ကိုအခြားအရာများထက် ဘုရားထံသို့ပို့ခြင်း၊ သို့မဟုတ် သင်၏စိတ်ဝင်စားမှုနှင့်အာရုံပြုခြင်းကို ဘုရားထံမှလွဲသွားစေခြင်းပြုလုပ်နေပါသလား။ ၎င်းတို့သည် သင့်အားဘုရားကိုယ်စားလှယ်များတို့နှင့်ဆက်သွယ်ရာတွင် ခွန်အားပေးနေခြင်း၊ သို့မဟုတ် သင်၏စိတ်ကိုဘုရားထံတော်သို့ပို့ဆောင်မည့်အစား လူတို့ထံသို့ပို့ဆောင်နေပါသလား။ [Ev 618.3]

သင်သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ခြင်း၊ ဂုဏ်ပြုခြင်းနှင့်ချီးကျူးခြင်းပြုနေပါသလား၊ သို့မဟုတ် သူ့ကိုဂုဏ်မပြုဘဲ သူ့အားပြစ်မှားနေပါသလား။ သင်သည် ခရစ်တော်နှင့်အတူ စုသိမ်းသောသူဖြစ်ပါသလား၊ သို့မဟုတ် ဖြန့်ကြဲသောသူဖြစ်နေပါသလား။ သင်၏အတွေး၊ သင်၏အကြံအစည်နှင့်အထူးစိတ်ဝင်စားခြင်းအားလုံးတို့ကို ခရစ်တော်၏အသွေးတော်အားဖြင့်ဝယ်ယူခဲ့သော ဤအဖွဲ့အစည်းများသို့မြှုပ်နှံထားလိုက်ပါသည်။ သို့သော်ဘုရားမဲ့သူများ၊ အယူမှားသူများ၊ ဘုရား၏နာမကိုရှုတ်ချသောသူများဖြစ်ကြသည့် အရက်သမားများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများတို့နှင့် သင့်ကိုယ်ကို

ပေါင်းစည်းလိုက်သောအခါ သင်သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေခြင်းဖြစ်နေပါမည်လား။ [Ev 618.4]

ဤအဖွဲ့အစည်းများ၌ရှိစဉ်အခါ မတော်များစွာကောင်းသည်ဟု ထင်ပုံပေါ်လိမ့်မည်။ သို့သော် အဆိုးနှင့်အကောင်းရောနှောနေသောကြောင့် မည်သည့်ကောင်းသောအရာမျှမရှိဘဲ ဤအဖွဲ့အစည်းများသည် ဝိညာဉ်၏စိတ်ဝင်စားခြင်းများ ပျက်စီးခြင်းသို့သာပို့ဆောင်ပေးနေပါသည်။ [Ev 619.1]

သင့်ကိုကျွန်ုပ်မေးလိုသည်မှာ သင်ဤအဖွဲ့အစည်းများတို့နှင့်ပျော်ပါးနေသူ၊ ရူးသွပ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့်ပွဲလုပ်ခြင်းတို့၌ စွဲလမ်းခြင်းအတွက်စုရုံးခြင်းကိုမြတ်နိုးသောသူဖြစ်ပါက ထိုနေရာသို့သင်နှင့်အတူ ယေရှုကိုသင်ခေါ်ဆောင်သွားနိုင်ပါမည်လား။ သင့်မိတ်ဆွေများတို့၏ဝိညာဉ်များတို့ကို သင်ကယ်နိုင်ပါမည်လား။ ၎င်းသည် သူတို့နှင့်သင်ပေါင်းသင်းခြင်း၏ရည်ရွယ်ချက်ဖြစ်ပါသလား။ သူတို့သည် သင့်အထဲ၌ ခရစ်တော်၏ဝိညာဉ်ကိန်းအောင်းနေသည်ဟု သူတို့တွေ့မြင်ခံစားနိုင်ပါမည်လား။ သင်၏အသက်တာ၌ “သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့” နှင့် “ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့” ဟူသည့် ဘုရားသခင်၏သွန်သင်ဆုံးမစကားအားဖြင့် သင်၏အသက်တာသည်ပြည့်ဝနေကြောင်း ဖော်ပြနေပါသလား။ [Ev 619.2]

မိမိကိုယ်ကို ဘုရားသခင်၏အမှုတော်၌ဆောင်ရွက်နေကြောင်း၊ သို့မဟုတ် မဆောင်ရွက်ကြောင်းကို ခွဲခြားသိရှိနိုင်ခြင်းမရှိသောသူသည် ဤအသင်းအဖွဲ့နှင့်အတူဆွဲဆောင်ခြင်းခံရပြီး၊ ဘုရားသခင်နှင့်အဆက်အသွယ်ပြတ်သွားပေလိမ့်မည်။ မည်သည့်စိတ်အားထက်သန်သည့် ခရစ်ယာန်တစ်ဦးတစ်ယောက်မျှ ထိုကဲ့သို့သောအသိုက်အဝန်း၌ တိုးတက်မှုရှိမည်မဟုတ်ပါ။ ကောင်းကင်၏စွမ်းအားရှိသောလေထုသည် ထိုနေရာ၌မရှိပါ။ သူ၏ဝိညာဉ်သည် ဗလာနတ္ထိဖြစ်နေပြီး၊ ဂိလဗောတောင်ကုန်းများ နှင်းရည်နှင့်မိုးရေရရှိ



သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏လန်းဆန်းမှုပေးခြင်းကို လိုအပ်နေသည်ဟုသူခံစားရပါသည်။ [Ev 619.3]

တစ်ခါတစ်ရံ ခရစ်တော်နောက်သို့လိုက်သောသူသည် အခြေအနေများကြောင့် မသန့်ရှင်းသောပျော်ရွှင်မှု၏မြင်ကွင်းများကို အတင်းအကျပ်သက်သေခံရပေလိမ့်မည်။ သို့သော် ဝမ်းနည်းကြေကွဲသောနှလုံးသားဖြင့် ဖြစ်ပေလိမ့်မည်။ ပြောဆိုသောစကားသည် ခါနာန်ပြည်၏စကားမဟုတ်သောကြောင့် ဘုရားသခင်၏သားသည် ၎င်းကဲ့သို့သောအသင်းအဖွဲ့ကို မည်သည့်အခါမျှရွေးချယ်မည်မဟုတ်ပါ။ သူမရွေးချယ်သောအသင်းအဖွဲ့သို့ သူအလိုအလျောက်ရောက်ရှိလာသောအခါ၊ ဘုရားသခင်အပေါ်၌သာမှီခိုစေပါ။ ဘုရားသခင်စောင့်ထိန်းတော်မူလိမ့်မည်။ သို့သော် သူ၏စည်းမျဉ်းဥပဒေခံယူချက်များကို မည်သည့်စုံစမ်းခြင်းနှင့်အကြောင်းများကြောင့်ပင်ဖြစ်စေ၊ သူသည် စွန့်လွှတ်ခြင်းမပြုရပါ။ [Ev 619.4]

ခရစ်တော်သည် မိမိနောက်သို့လိုက်သောသူတို့အား ဘုရားသခင်နှင့်ဆက်သွယ်မှုမရှိ၊ ဝိညာဉ်တော်ဩဇာ၏ထိန်းချုပ်မှုအောက်၌လည်းမရှိသောသူတို့နှင့် ပေါင်းသင်းဆက်ဆံရန် မိမိတို့၏ကိုယ်သစ္စာဆိုခြင်းပြုရန် မည်သည့်အခါမျှမပို့ဆောင်ပါ။ မှန်သောအကျင့်စာရိတ္တ၏တစ်ခုတည်းသောစံချိန်သည် သန့်ရှင်းသောဘုရားသခင်၏ပညတ်တော်ဖြစ်ပြီး ထိုပညတ်တော်ကို မိမိတို့အသက်တာ၏စည်းမျဉ်းဥပဒေအဖြစ် ထားရှိသောသူတို့အတွက် ဘုရားသခင်၏အမှန်တရားကို လိမ်လည်မှုသို့ပြောင်းလိုက်ပြီး၊ ဘုရားသခင်၏အာဏာကိုဘာမျှမဟုတ်သောအရာကဲ့သို့ထားရှိသောသူတို့နှင့် ယုံကြည်စိတ်ချစွာ၊ ရိုးသားစွာဖြင့် ခင်မင်သောညီအစ်ကိုအဖြစ် ပေါင်းစည်းကြရန်မဖြစ်နိုင်ပါ။ [Ev 620.1]

လောကဆန်သောလူတစ်ယောက်နှင့် ဘုရားသခင်၏အမှုတော်ကိုသစ္စာရှိစွာဆောင်ရွက်သောသူတစ်ဦးတို့စပ်ကြား၌ ကြီးမားသောချောက်ကြီးကွာခြားလျက်ရှိသည်။ အလွန်လေးနက်သောဘာသာရပ်များအပေါ်–

ဘုရားသခင်၊ အမှန်တရားနှင့်ထာဝရကာလအပေါ် သူတို့၏အတွေးများ၊ ကြင်နာသနားခြင်းများနှင့်ခံစားချက်များတို့သည် ညီညွတ်ခြင်းမရှိကြပါ။ လူတန်းစားတစ်မျိုးသည် ဘုရားသခင်၏စပါးကျီထဲသို့သိမ်းဆည်းရန်အတွက် မှည့်သောစပါးကဲ့သို့ဖြစ်ပြီး အခြားလူတန်းစားတစ်မျိုးသည် ဖျက်ဆီးခြင်း၏ မီးထဲသို့ထည့်လိုက်ရန်အတွက် ပေါင်းပင်များကဲ့သို့ဖြစ်လိမ့်မည်။ သူတို့နှစ်မျိုးနှစ်စားစပ်ကြား၌ ကြံရွယ်ချက်ညီညွတ်ခြင်း၊ သို့မဟုတ် အပြုအမူတူညီခြင်းမည်ကဲ့သို့ရှိနိုင်မည်နည်း။ "လောကီမိတ်သဟာယသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကိုမသိကြသလော။ ဤလောကနှင့်မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။" "အဘယ်သူမျှသခင်နှစ်ဦးအစေကိုမခံနိုင်၊ သခင်တစ်ဦးကိုမုန်း၍၊ တစ်ဦးကိုချစ်မည်။ သခင်တစ်ဦးကိုမှီခို၍ တစ်ဦးကိုမခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုလည်းကောင်း၊ လောကီစည်းစိမ်၏အစေကိုလည်းကောင်း မခံနိုင်ကြ။" ခရစ်ယာန်များတို့သည် လျှို့ဝှက်သောအသင်းအဖွဲ့များတို့၏အဖွဲ့ဝင်များဖြစ်သင့်ကြပါသလား။ pp. 3-10. (1892) [Ev 620.2]

**ပြတ်ပြတ်သားသားခွဲထားခြင်း** – ညနေခင်း၌ ကျွန်ုပ်သည် ညီအစ်ကိုတစ်ဦးနှင့်တွေ့ဆုံပြီး ဘုရားသခင်ထံမှသင့်ကိုပြောပြရန် ကျွန်ုပ်၌သတင်းတစ်ခုရှိသည်ဟု သူ့အားပြောလိုက်ပါသည်။ "ဘာကြောင့်ကျွန်တော့်ကိုအခုမပြောသလဲ" ဟုသူပြောပါသည်။ ကျွန်ုပ်အလွန်အားနည်းနေပါသည်။ သို့သော် သူသည် ကျောင်းအဆောက်အဦမှ (၁၀) မိုင်ဝေးသော ကျွန်ုပ်၏ဒေသ၌သူနေထိုင်ပါသည်။ ထိုနောက် ကျွန်ုပ်ထ၍ စာမျက်နှာ (၅၀) ပါရှိသည့် ရုံးသို့ရည်ညွှန်းသောစာ၊ အထူးသဖြင့် ရုံးဝန်ထမ်းများအတွက်ရေးသောစာကိုဖတ်ပြလိုက်ပါသည်။ [Reference is Made to a Communication from which the Preceding Article is Drawn] [Ev 620.3]

လွန်ခဲ့သောလုပ်ငန်းကိုရည်စူးပြီး ရုံးအလုပ်၌ဆုံးရှုံးခဲ့ရသောအကြောင်းကို ကျွန်ုပ်သည် ပြတ်သားစွာနှင့်ရှင်းလင်းသောအကြောင်းအရာများကို ပြောခဲ့



ပါသည်။ လွတ်လပ်စွာပေါင်းသင်းဆက်ဆံတတ်သောအဖွဲ့နှင့်ဆက်သွယ်ခြင်းသည် သူ၏အချိန်ကိုကုန်စေပြီး သူ၏ဝိညာဉ်ရေးအမြင်ကိုထုံထိုင်းစေသည်။ သူ၏စိတ်၊ သူ၏အတွေးများတို့သည် ဤအဖွဲ့၊ ဤလူစု၊ ဤအဖွဲ့အစည်းများဖြစ်သော မယုံကြည်သူများ၊ အရက်စွဲသူများနှင့်လူတန်းစားအမျိုးမျိုးတို့အပေါ်၌ရှိနေသည်။ ထိုနောက်သူသည် ဤလျှို့ဝှက်သောအသင်းအဖွဲ့များနှင့်ပေါင်းစည်းကာ ပျော်ပါးမြူးထူးလျက်ရှိသည်။ သူပြုလုပ်နိုင်သည့်အရာမှာ တစ်ခုတည်းသာရှိသည်။ ဤလူတို့နှင့်အဆက်ဖြတ်လိုက်ပြီး ဘုရားသခင်ဘက်သို့လုံးလုံးလျားလျားပြန်လာရန်ဖြစ်သည်။ အကြောင်းမှာ ဘုရားအလိုနှင့်လောကအလိုကို တစ်ကြိမ်တည်းတွင်ဆောင်ရွက်၍မရသောကြောင့်ဖြစ်သည်။ [Ev 621.1]

"ကျွန်တော်ဒီသက်သေခံချက်ရရှိတဲ့အတွက် ဒီညွှန်ကြားချက်အတိုင်းလိုက်လျှောက်မယ်" ဟုသူပြောခဲ့ပါသည်။ ဤပုဂ္ဂိုလ်သည် ချောက်ထဲသို့ကျရန် မိမိဟန်ချက်ပျက်လုနီးပါးလူတစ်ယောက်ကဲ့သို့ အလွန်ကြောက်မက်ဖွယ်အန္တရာယ်အခြေအနေ၌ရှိနေပါသည်။ လူသားတို့၏စိတ်နှင့်ဆက်သွယ်ရန်မည်သည့်ကောင်းသောအလုပ်ရှိသည်ကိုကျွန်ုပ်သိပြီး၊ အချိန်ကျရောက်သောအခါ သူ့အန္တရာယ်အတွက်ပြောရန် သင့်လျော်သောအချိန်ကိုသိသောကြောင့် ကျွန်ုပ်ကျေးဇူးတင်ပါသည်။ ကောင်းကင်ဘုံရှိဘုရားသခင်သည် မှားယွင်းတတ်သောလူသားများအနေဖြင့် တစ်ဦးကိုတစ်ဦးအပြစ်မစီရင်ရန် မိမိတို့၏ကိုယ်ကိုသတိပြုစေလိုသည်။ သူ့သားသမီးများတို့၏ဝိညာဉ်များတို့ကို ပျက်စီးစေခြင်းအားဖြင့် သူ့အားမပြစ်မှားစေရန်သူအလိုရှိပြီး ကျွန်ုပ်တို့အားကြောက်ရွံ့စေလိုပါသည်။ သူတို့၏လုံခြုံခြင်းအတွက် ဘုရားသခင်ရပ်တည်မည်ဖြစ်သောကြောင့် ဘုရားသခင်၏သားတော်မှ မိမိ၏တန်ဖိုးရှိသောအသွေးနှင့်ဝယ်ယူခဲ့သည့်သူတို့ကို စွပ်စွဲခြင်းသော်လည်းကောင်း၊ စကားအားဖြင့်နှင့်အပြုအမူအားဖြင့်သော်လည်းကောင်း ပြစ်တင်စွပ်စွဲခြင်းမပြုရပါ။ [Ev 621.3]

ဗုဒ္ဓဟူးနေ့၌ ကျွန်ုပ်သည် လူတို့၏စိတ်နှင့်မည်ကဲ့သို့ဆက်ဆံရမည့် အကြောင်းနှင့် သူတို့အားမှန်သောလမ်းသို့ညွှန်ပြရန် စည်းကမ်းချက်များကို ပြောဆိုရမည့်အကြောင်း ကျွန်ုပ်အားခေါ်ပါသည်။ သူတို့၏ခင်တွယ်မြတ်နိုး သောအရာများစွာ ဤလောက၌ရှိနေပါသည်။ သို့သော် သူတို့၏စိတ်သည် ဤအရာများတို့နှင့်ရောင့်ရဲနေပြီး သူတို့အားခရစ်တော်ပေးလိုသော ပို၍ကြီးပြီး မြင့်မားသောအရာကို ရှာဖွေရယူခြင်းမပြုပါ။ ယခုကျွန်ုပ်တို့သည် သူတို့မြတ်နိုး နေသောအရာများကို ကြမ်းတမ်းစွာရှုတ်ချပြောဆိုခြင်းမပြုရပါ။ သူတို့အတွက် လှပ၍တန်ဖိုးရှိသော အမှန်တရားကိုသာဖော်ပြပေးပါ။ ခရစ်တော်နှင့်သူ၏ ချစ်ဖွယ်ကောင်းသောအရာကိုကြည့်ရန် သူတို့ကိုပို့ဆောင်ပေးပါ။ သို့မှသာ သူတို့ခင်တွယ်မြတ်နိုးသောအရာဟူသရွေ့ကို စွန့်လွှတ်လိုက်ပြီး၊ ခရစ်တော် ထံသို့လာကြပါလိမ့်မည်။ Letter 23a, 1893. [Ev 621.4]

**ချီးမွမ်းခြင်း၏သတင်းစကားတစ်ခု –** သင်သည် လျှို့ဝှက်သောကွဲပြားနေ သည့်အသင်းအဖွဲ့အားလုံးတို့၏ချုပ်နှောင်ခြင်းမှ လွတ်မြောက်ခြင်းပေးနိုင်ရန် သူ၏ကျေးဇူးတော်ကိုခွဲဝေပေးခြင်းကြောင့် သင့်အားခွန်အားပေးသော ကျွန်ုပ် တို့၏ကျေးဇူးတော်နှင့်ပြည့်ဝသည့် ကောင်းကင်ဘုံရှင်အဖအား ကျွန်ုပ်အထူး ကျေးဇူးတင်ပါသည်။ ဤလျှို့ဝှက်သောအစီအစဉ်အစိတ်အပိုင်းတစ်ခုလေး သင်၌ရှိနေခြင်းသည် သင့်အတွက်လုံခြုံမှုမရှိပါ။ ဧမာနွေလမင်းသား၏သွေးစွန်း သောအလံတော်အောက်၌ မတ်တတ်ထနေကြသောသူတို့သည် လျှို့ဝှက်သော မည်သည့်အဖွဲ့အစည်းနှင့်မျှ ပေါင်းစည်း၍မရပါ။ အမှန်တရား၏အလင်းထဲသို့ လျှောက်လှမ်းခဲ့ပြီးမှ ဤကဲ့သို့သောဆက်သွယ်မှုကိုပြုကြပါက ဘုရားသခင်၏ တံဆိပ်ခတ်ခြင်းကိုခံရမည်မဟုတ်ပါ။ ဘုရားသခင်သည် ကွဲပြားခြင်းမရှိပါ။ ခရစ်ယာန်များအနေဖြင့် ဘုရားနှင့်လောက၏အမှုကို တစ်ပြိုင်တည်းထမ်းဆောင် ၍မရပါ။ "သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏



သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရားမိန့်တော် မူ၏" ဟု ဘုရားသခင်ပြောပါသည်။ Letter 21, 1893. [Ev 622.1]

**လျှို့ဝှက်သောအသင်းအဖွဲ့များအားဖြင့်လှည့်ဖြားခြင်းများ –** ကမ္ဘာကြီးသည် ဇာတ်ရုံတစ်ခုဖြစ်ပြီး မင်းသားများတို့သည် ကမ္ဘာသူကမ္ဘာသားဖြစ်ကြကာ၊ နောက်ဆုံးသောပြဇာတ်၌ မိမိတို့၏ကျရာတာဝန်ကို ပါဝင်သရုပ်ဆောင်ကြရန် ပြင်ဆင်နေကြပါသည်။ မိမိတို့၏တစ်ကိုယ်ကောင်းဆန်သောရည်ရွယ်ချက်များ အောင်မြင်ရန် လူတို့သည် မိတ်သဟာယဖွဲ့ကာဆောင်ရွက်နိုင်ကြခြင်းအပြင် ဤကြီးမားလှသောလူစုကြီးသည် စည်းလုံးခြင်းမရှိကြပါ။ ဘုရားသခင်ကြည့်ရှု လျက်နေပါသည်။ သူ၏ပုံကန်သောလူသားများတို့နှင့်ပတ်သက်၍ သူ၏ ရည်ရွယ်ချက်များပြည့်စုံပါလိမ့်မည်။ ဘုရားသခင်သည် အခိုက်အတန့်ကာလ တစ်ခုအတွင်း အရာများတို့ကိုရှုပ်ထွေးစေရန်နှင့် ကမောက်ကမယိမ်းယိုင်မှုများ ဖြစ်စေရန်အခွင့်ပြုထားသော်လည်း ဘုရားသခင်သည် ဤကမ္ဘာကြီးကို လူတို့ လက်ထဲသို့လုံးလုံးအပ်နှံထားခြင်းမပြုပါ။ ဤပြဇာတ်၌ နောက်ဆုံးသောကြီးမား သည့်မြင်ကွင်းများကိုယူဆောင်လာရန် အောက်မှတန်ခိုးတစ်ခုသည် အလုပ်လုပ် လျက်ရှိနေသည်။ မာရ်နတ်သည် ခရစ်တော်ကဲ့သို့လာပြီး မမှန်ကန်သော လှည့်ဖြားခြင်းအမျိုးမျိုးတို့ဖြင့် မိမိတို့၏ကိုယ်ကို လျှို့ဝှက်သောအသင်းအဖွဲ့ များနှင့် ပေါင်းစည်းထားသောသူများတို့နှင့်အလုပ်လုပ်နေကြသည်။ မဟာမိတ် ဖွဲ့ခြင်းအတွက် အလွန်မြတ်နိုးခြင်းသို့လိုက်ပါသွားသောသူတို့သည် ရန်သူ၏ အစီအစဉ်များ၌ ပါဝင်လုပ်ဆောင်ကြပါသည်။ အကြောင်းအရာကို အကျိုး သက်ရောက်မှုအားဖြင့် ကျွန်ုပ်တို့တွေ့မြင်ရပါလိမ့်မည်။ [Ev 622.2]

တရားတော်ကိုလွန်ကျူးခြင်းသည် ၎င်း၏အကန့်အသတ်သို့ရောက် လုနီးပြီ။ ရှုပ်ထွေးခြင်းသည် ကမ္ဘာကြီးပေါ်ပြည့်လျက်ရှိနေပြီး ကြီးမားသော ကြောက်မက်ဖွယ်ကြီးသည် မကြာမီလူသားများတို့အပေါ်ကျရောက်လာလိမ့် မည်။ အဆုံးသို့ရောက်ရန်အလွန်နီးကပ်နေပြီ။ အမှန်တရားကိုသိသောကျွန်ုပ် တို့သည် မကြာမီကမ္ဘာကြီးပေါ်သို့ ကြီးမားသောအံ့သြဖွယ်ကဲ့သို့ ရောက်ရှိလာ

မည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ပြင်ဆင်မှုပြုလုပ်ကြရန်သင့်ပြီ။ Testimonies, vol. 8, pp. 27-28. (1904) [Ev 623.1]

## မှားယွင်းသောသွန်သင်မှုကိုတွန်းလှန်ခြင်း

**မမှန်မကန်သောလှည့်စားခြင်းများကိုအမှန်တရားနှင့်ရင်ဆိုင်ခြင်း –** နှစ်ပေါင်းများစွာ ကျွန်ုပ်တို့အထဲသို့ရောက်ရှိလာသော မှော်ဝိဇ္ဇာဉ်အတတ်၏ စိတ်ခံစားမှု၊ ထူးဆန်းသောအရာ၊ လမ်းလွဲစေသောအယူဝါဒများတို့အပေါ် မှီခိုအားကိုးခြင်းသည် အကောင်းဆုံးသောအရာမဟုတ်ကြောင်း သင့်အားကျွန်ုပ်ပြောရန် ကျွန်ုပ်ညွှန်ကြားခြင်းခံရပါသည်။ [Ev 623.2]

နတ်ဘုရားကိုယုံကြည်သည့်အယူဝါဒ၏အကြောင်းအရာကို ဟောပြောရန်၊ သို့မဟုတ် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ရေးသားထားသောစာရေးဆရာများတို့၏ကောက်နုတ်ချက်များနှင့် ၎င်းသို့ပို့ဆောင်စေသည့်၊ မမှန်သောလှည့်ဖြားစေသည့်အမှားများတို့ကိုဖတ်ပြရန် အကောင်းဆုံးမဟုတ်ပါ။ သက်သေခံချက်စာအုပ်အတွဲ (၈) ထဲ၌မိန့်မှာချက်များတို့သည် ဤအမှားများတို့ကို ကျွန်ုပ်တို့၏လူတို့မှရှောင်ရှားရန်သတိပေးထားခြင်းမှာ လုံလောက်လျက်ရှိပါသည်။ ဤမိန့်မှာချက်များတို့သည် ဤကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းချက်များအားလုံး၊ သို့မဟုတ် ကျွန်ုပ်တို့၏ဓမ္မဆရာများမှပြောပြသည့်ယူဆချက်များအားလုံးတို့ထက် စိတ်နှလုံးသားများကိုအလင်းပေးနိုင်ရန် ပို၍ပြုလုပ်ပေးမည်ဖြစ်သည်။ [Ev 623.3]

အကယ်၍ ဤအကြောင်းအရာများကို သင်ကြိုးစားကိုင်တွယ်ပါက စာတန်၏မမှန်ကန်သောလှည့်စားခြင်းများကို ပြန်လည်၍ခံယူရန် သင့်ကိုပို့ဆောင်ပါလိမ့်မည်။ ထိုနောက် လူတို့ထံသို့ မှားသောသူ၏အယူအဆများကို မာရ်နတ်ဟောပြောရန်အတွက် သင်ကူညီမစသွားပါလိမ့်မည်။ ဤအမှားကိုပြန်လည်၍မည်သည့်အခါမျှမပြုလုပ်ရန် ဆုံးဖြတ်ချက်ချပါ။ အမှန်တရား



ကိုအမြဲသွန်သင်ပါ။ ဤအချိန်အတွက် စိတ်နှင့်နှလုံးသားများကို လေးနက်၍ သန့်ရှင်းသောအမှန်တရားနှင့်ပြည့်ဝစေပါ။

လက်ရှိအမှန်တရားအပေါ်၊ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းအပေါ်ရပ်တည်ပါ။ ခရစ်တော်ကြွလာရန် အလွန်မှပင်နီးကပ်နေပြီ။ ဤအချိန်၌ဝိညာဉ်များတို့အားပြောင်းလဲစေရန် အမှန်တရားကိုဟောပြောရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဤကဲ့သို့ဆောင်ရွက်ရန် အချိန်အနည်းငယ်သာကျန်ပါသည်။ ဤအမှန်တရားကို ခရစ်တော်ဟောပြောသကဲ့သို့ အကောင်းဆုံးသောရိုးစင်းခြင်းဖြင့် ဟောပြောကြရမည်။ သို့မှသာ အမှန်တရားကိုလူတို့နားလည်ကြလိမ့်မည်။ အမှန်တရားသည် အမှား၏မိုးတိမ်များကို ဖယ်ရှားပေးပါလိမ့်မည်။ [Ev 624.1]

လက်ရှိအမှန်တရားကိုလူတို့အားပေးပါ။ အမှန်တရားကိုပြောပါ။ သူတို့၏စိတ်ထဲ၌ အမှန်တရားကိုသွင်းပေးပါ။ အမှန်တရား၏ခံတပ်ကိုတည်ဆောက်ပါ။ ထိုနောက် စိတ်ထဲသို့ထိုအရာများကိုမကြားရစေရန် မာရ်နတ်၏အယူဝါဒများတို့ကို ယူဆောင်လာခြင်းမပြုပါနှင့်။ လူတို့လိုနေသောအရာသည် မာရ်နတ်၏လှည့်ဖြားတတ်သောပညာကို ဟောပြောခြင်းတစ်ခုမဟုတ်ဘဲ ခရစ်တော်၌ရှိသောအမှန်တရားကို ဟောပြောခြင်းတစ်ခုဖြစ်သည်။ နတ်ဆိုးသည် သူ့လိမ်လည်ခြင်းများ၏ထပ်မံလိမ်လည်ခြင်းတစ်ခုအားဖြင့် အသုံးပြုနေသည်ကိုသတိရပါ။ ဤမလိုလားအပ်သောအကြောင်းအရာများကို လျှော့၍ယူဆောင်ခြင်းကြောင့် ကျွန်ုပ်တို့၏စိတ်များနှင့် ကျွန်ုပ်တို့၏စည်းမျဉ်းများပို၍ဖြူစင်ခြင်း၊ ပို၍သန့်ရှင်းခြင်းနှင့်ပေကျံမှုနည်းခြင်းကို ဖြစ်စေပါလိမ့်မည်။ [Ev 624.2]

ထိုနောက် ဤမှော်ဝိဇ္ဇာဉ်နှင့်ဆိုင်သောအယူဝါဒများတို့နှင့် ငြင်းခုံခြင်းမပြုရန် ကျွန်ုပ်အားပြခဲ့ပါသည်။ အကြောင်းမှာ ထိုသို့သောငြင်းခုံခြင်းသည် စိတ်နှလုံးကိုသာရှုပ်ထွေးစေသောကြောင့်ဖြစ်သည်။ ဤအရာများတို့ကို ကျွန်ုပ်တို့၏စည်းဝေးများသို့ ယူဆောင်လာခြင်းမပြုသင့်ပါ။ ကျွန်ုပ်တို့သည် သူတို့

ကိုချေပခြင်းမပြုရပါ။ အကယ်၍ကျွန်ုပ်တို့၏ဓမ္မဆရာများနှင့်ဆရာများတို့သည် ဤမှားယွင်းသောအယူဝါဒများတို့ကိုလေ့လာရန် မိမိတို့ကိုယ်ကိုအချိန်ပေးပါက တချို့သောသူတို့သည် ယုံကြည်ခြင်းကိုစွန့်လွှတ်လိုက်ခြင်း၊ မာရ်နတ်၏အယူဝါဒများနှင့် ဝိညာဉ်များတို့၏လှည့်ဖြားရာသို့ နာခံခြင်းများဖြစ်လာပါလိမ့်မည်။ မာရ်နတ်အယူဝါဒများတို့၏အသံကိုနားထောင်ရန် ကျွန်ုပ်တို့ဓမ္မဆရာများတို့၏အလုပ်မဟုတ်ပါ။ [Ev 624.3]

အမှန်တရားကိုဆွဲကိုင်ထားပါ။ အမှန်တရားကိုချီးမြှောက်ပါဟု နှုတ်ကပတ်တော်ပြောပါသည်။ Letter 175, 1904. [Ev 624.4]

**လိမ်ညာပြောဆိုခြင်းများကိုကျွမ်းကျင်စွာဖော်ထုတ်ပါ** – တမန်တော်ပေါလု ကျွန်ုပ်တို့ကိုသတိပေးသည်မှာ “လူတချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍ လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သောဩဝါဒတို့၌လည်းကောင်း မှီဝဲဆည်းကပ်ကြလိမ့်မည်။” ဤအရာသည် ကျွန်ုပ်တို့ကြုံတွေ့နိုင်သောအရာဖြစ်သည်။ အမှန်တရားကိုတစ်ကြိမ်ဟောပြောခဲ့သောသူသည် ယခုရင်းကိုစွန့်ပစ်ပြီး လောကနောက်သို့လိုက်သွားကာ ဖျက်ဆီးသောသူတို့အားဖြင့် ကျွန်ုပ်တို့၏အကြီးမားဆုံးသောစုံစမ်းခြင်းရောက်ရှိလာပါလိမ့်မည်။ [Ev 624.5]

ဘုရားသခင်သည် သူ၏သစ္စာရှိသောအစေခံများအတွက် ဆောင်ရွက်ရန်အလုပ်တစ်ခုရှိသည်။ ရန်သူ၏တိုက်ခိုက်ခြင်းများကို ဘုရားသခင်၏အမှန်တရားဖြင့်ရင်ဆိုင်ရလိမ့်မည်။ လိမ်ညာပြောဆိုခြင်းကိုဖော်ထုတ်ရလိမ့်မည်။ ၎င်း၏မှန်သောစာရိတ္တကိုဖော်ပြရမည်ဖြစ်ပြီး ဘုရားသခင်၏ပညတ်တော်အလင်းသည် လောက၏ကိုယ်ကျင့်တရားနှင့်ဆိုင်သော မှောင်မိုက်ခြင်းထဲ၌ ထွန်းလင်းစေရလိမ့်မည်။ ကျွန်ုပ်တို့သည် သူ၏နှုတ်ကပတ်တော်တောင်းဆိုချက်များတို့ကို ဟောပြောရပါမည်။ အကယ်၍ ဤအရေးကြီးသောတာဝန်ကိုလျစ်လျူရှုကြပါက အပြစ်ကင်းသောသူများဟု ကျွန်ုပ်တို့ကိုမှတ်တော်မူမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် အမှန်တရားကိုခုခံခြင်းဘက်၌ရပ်တည်ကြသောအခါ



ကျွန်ုပ်တို့သည် အပြစ်ရှာခြင်းနှင့်သူတစ်ပါးအမှားပြောဆိုခြင်းကို ခံရမည်ဖြစ်သောကြောင့် မိမိကိုယ်ကိုခုခံခြင်း၌မရပ်တည်ရန်နှင့် ပျာယာခတ်ခြင်းမရှိကြစေရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ကိုယ်ကို သနားညှာတာခြင်းမရှိစေကြပါနှင့်။ အမြင့်ဆုံးသောဘုရား၏ပညတ်တော်အတွက် အထူးဂရုပြုကာကွယ်ပါ။ [Ev 625.1]

တမန်တော်ပြောသည်မှာ “နောင်ကာလ၌ လူတို့သည် စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သောနားရှိလျှင် မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့လိုက်လိမ့်မည်။ သမ္မာတရားကိုနားမထောင်ဘဲ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်။” ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဂရုမပြုသော သူတို့၏သွေးဆောင်သောစိတ်ကူးတွေးတောခြင်းအားဖြင့် အဘက်ဘက်မှလူတို့သည် လွယ်ကူစွာလှည့်ဖြားခြင်းခံနေရပါသည်။ သို့သော် ဘုရားသခင်၏အစေခံအား တမန်တော်မှအကြံပေးတိုက်တွန်းခြင်းမှာ၊ “အရာရာ၌သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကိုသည်းခံလော့။ သာသနာပြုဆရာဆောင်ရွက်ရသောအမှုကိုဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့” ဟုဖြစ်ပါသည်။ [Ev 625.2]

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကိုစွန့်ခွာသွားသော သူတို့၏လှည့်ဖြားခြင်းအားဖြင့် မကောင်းမှုတို့နှင့်ညှိစွန်းခြင်းမရှိစေရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သေချာစွာခင်တွယ်မြတ်နိုးနေရမည်။ ကျွန်ုပ်တို့သည် မှောင်မိုက်၏မင်းသားအားဖြင့် ပြင်းထန်စွာတိုက်ခိုက်ခြင်းခံရသောအခါ သူတို့၏ဝိညာဉ်နှင့်ဩဇာကို ကျွန်ုပ်တို့၏သခင်အသုံးပြုခဲ့သော တစ်မျိုးတည်းသောလက်နက်ဖြစ်သည့် “ကျမ်းစာလာသည်ကား” ဖြင့် တွန်းလှန်ကြရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရန် သင်ယူသင့်ကြသည်။ အကြံပေးတိုက်တွန်းခြင်းမှာ၊ “သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်ကပ်ခြင်းငှာ ကြိုးစား

အားထုတ်လော့” ဖြစ်ပါသည်။ “နောင်ကာလသည် ခဲယဉ်းသောကာလ” ဖြစ်လိမ့်မည်ဖြစ်သောကြောင့် မိစ္ဆာဆရာနှင့်လှည့်ဖြားသူများတို့၏ကွေ့ကောက်သောအမှားကိုရင်ဆိုင်နိုင်ရန် ကျွန်ုပ်တို့သည် လုံ့လဝီရိယဖြင့်လုပ်ဆောင်ခြင်း၊ စိတ်အားထက်သန်စွာဆုတောင်းခြင်းနှင့် ခိုင်မာသောယုံကြည်ခြင်းရှိရမည်။ Review and Herald, Jan.10, 1888. [Ev 625.3]

**လှည့်ဖြားခြင်းမှရိုးသားဖြူစင်သောလွတ်မြောက်ခြင်း –** ဆိုးသွမ်းသောသူတစ်ဦးကို အောင်မြင်နိုင်သောနည်းလမ်းများမှာ ခရစ်တော်အောင်မြင်ခဲ့သည့် နှုတ်ကပတ်တော်၏တန်ခိုးအားဖြင့်ဖြစ်သည်။ ကျွန်ုပ်တို့သဘောမတူဘဲ ကျွန်ုပ်တို့၏စိတ်ကို ဘုရားသခင်ထိန်းချုပ်ခြင်းမပြုပါ။ သို့သော် အကယ်၍ကျွန်ုပ်တို့သည် သူ၏အလိုကိုသိရှိရန်နှင့်လုပ်ဆောင်ရန်ဆန္ဒရှိပါက သူ၏ကတိတော်များသည် ကျွန်ုပ်တို့အတွက်ဖြစ်ပါသည်။ “သမ္မာတရားကိုလည်းသိကြသဖြင့်၊ ထိုတရားသည် သင်တို့ကိုလွတ်လိမ့်မည်။” “ထိုသူ၏အလိုတော်သို့လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ဒေသနာဖြစ်သလော။ ငါသည် ကိုယ်အလိုအလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်။” ဤကတိတော်များ၌ယုံကြည်ခြင်းအားဖြင့် လူတိုင်းသည် အမှား၏ကျော့ကွင်းများနှင့် အပြစ်၏ထိန်းချုပ်ခြင်းတို့မှလွတ်မြောက်နိုင်ပါလိမ့်မည်။ [Ev 626.1]

လူတိုင်းမိမိအား မည်သည့်တန်ခိုးအားဖြင့်အုပ်ချုပ်စေလိုသည်ကို လွတ်လပ်စွာရွေးချယ်နိုင်ပါသည်။ ကျဆုံးခြင်းမည်ရွေ့မည်မျှရှိနေပါစေ၊ အပြစ်မည်ရွေ့မည်မျှရှိနေပါစေ သူတို့သည် ခရစ်တော်၌လွတ်မြောက်ခြင်းအခွင့်ကိုတွေ့ရှိနိုင်ပါသည်။ ဆိုးဝါးရက်စက်သောသူသည် ဆုတောင်းခြင်း၏နေရာ၌ မာရ်နတ်၏စကားများကိုသာမြွက်ဆိုနိုင်သည်။ သို့သော် စိတ်နှလုံးပြောဆိုခြင်းမပြုသောတောင်းဆိုခြင်းကိုကြားရပါသည်။ စကားများအားဖြင့်မြွက်ဆိုခြင်းမရှိသော လိုအပ်နေသည့်ဝိညာဉ်သည် ငိုကြွေးသံမပြုသော်လည်း၊ ဂရုပြုခြင်းခံရပါသည်။ ဘုရားသခင်နှင့်ဆက်သွယ်ခြင်းပဋိညာဉ်ထဲသို့ပါဝင်ရန် သဘောတူသောသူများတို့ကို မာရ်နတ်၏တန်ခိုးအောက်သို့ရောက်ရှိရန်နှင့် မိမိတို့၏ပင်ကိုဗီဇအားနည်းခြင်းထဲ၌ရှိနေရန် စွန့်ပစ်၍မထားပါ။ သူတို့ကိုကယ်တင်ရှင်



မှဖိတ်ခေါ်နေပါသည်။ “သူသည် ငါနှင့်ငြိမ်သက်ခြင်းရှိမည်အကြောင်း ငါနှင့်ငြိမ်သက်ခြင်းပြုလုပ်ရန် သူ့အားငါ၏ခွန်အားကိုဆွဲကိုင်စေပါ။” မှောင်မိုက်၏ဝိညာဉ်များသည် တစ်ကြိမ်က သူတို့၏လက်အောက်၌ရှိခဲ့သောဝိညာဉ်ကိုတိုက်ခိုက်လိမ့်မည်။ သို့သော် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် ထိုဝိညာဉ်အတွက် အောင်မြင်သောတန်ခိုးဖြင့်တိုက်ခိုက်ပေးလိမ့်မည်။ The Desire of Ages, pp. 258, 259. (1898) [Ev 626.2]

**ကျွန်ုပ်တို့မသိဟုသိလိုသောသူများမှဝန်ခံလိမ့်မည် –** ဘုရားသခင်ကျွန်ုပ်တို့ကိုအလင်းမပေးခဲ့ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ထံသို့စာများရောက်လာသောအခါ ဤစုံစမ်းလာသူတို့အား ကျွန်ုပ်တို့မသိဟုပြောရန် ကျွန်ုပ်တို့ကျေနပ်ပါသည်။ စိတ်နှလုံးတိုင်း၌ ကြီးမားသောပူပန်ခြင်းရှိသင့်သည့်အရာသည် ဘုရားသခင်နှင့်သူ၏တောင်းဆိုချက်များတို့ကို သိရှိရန်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြားရပြီး စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ [Ev 626.3]

နှုတ်ကပတ်တော်ထဲ၌ဖော်ပြခြင်းမရှိသည့်အရာများတို့ကို အလွန်သိရှိလိုပြီးရှာဖွေသောသူများတို့သည် အများအားဖြင့် ၎င်းအရာများတို့နှင့်ပတ်သက်ပြီး မိမိတို့၏နေ့စဉ်အသက်တာ၌ထင်ရှားစေခြင်းနှင့် ကျင့်သုံးခြင်းပြုသောအပေါ်ယံကျောင်းသားများဖြစ်ကြပါသည်။ လိုအပ်သည်ဟုဘုရားရှင်မြင်၍ ကျွန်ုပ်တို့အားဖော်ပြသည့်အရာများကို ကျွန်ုပ်တို့သည် ကမ္ဘာသို့ဖော်ပြကြရမည်။ ကျွန်ုပ်တို့နှင့်မသင့်လျော်သောကြောင့် ကျွန်ုပ်တို့အားမပေးဘဲထိန်းချုပ်ထားသောအရာများကို ၎င်းတို့အပေါ်မှန်းဆကြသောအခါ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဖ၏အလိုတော်ကိုမလိုက်ခြင်းပင်ဖြစ်ပါသည်။ ဆုလာဘ်ရရှိရန် ဆက်ကပ်မှုတိုင်းကိုပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့နှစ်သက်သောမွန်မြတ်သည့်အမှန်တရား၏တန်ဖိုး ကျွန်ုပ်တို့နှစ်သက်သည့်ထာဝရအသက်၏ဘဏ္ဍာများတို့ကို အခြားသူများတို့အားဖော်ပြရန် ကျွန်ုပ်တို့တစ်ဦးစီ၏အခွင့်အရေးဖြစ်ပါသည်။ Manuscript 104, 1898. [Ev 627.1]

–o–

## tcef; (19)

## trlTaqmifESihfrdrd\t&nftaoG;rsm;

### သာသနာပြုလုပ်ငန်း၏စိတ်ဓာတ်

**ဝိညာဉ်များအတွက်ပင်ပန်းကြီးစွာလုပ်ဆောင်ရသောအလုပ်** – သိုးထိန်းသည် ပျောက်သောသိုးကိုရှာရသကဲ့သို့ သူသည် တစ်ခါတစ်ရံစိတ်ဝင်စားခြင်းတစ်ခုကဲ့သို့မဟုတ်ဘဲ ဝိညာဉ်များအတွက်စိတ်ပါစွာဖြင့် ပင်ပန်းကြီးစွာလုပ်ဆောင်ရပါမည်။ ဤကိစ္စ၌ ကျွန်ုပ်တို့သည် သူနှင့်သူ၏ကျေးဇူးတော်တန်ခိုးကိုသိနိုင်ရန် "လာမည့်ခေတ်ကာလများ၌ ယေရှုခရစ်တော်အားဖြင့် သူ၏ကြင်နာခြင်း၌ အလွန်ကြွယ်ဝသောသူ၏ကျေးဇူးတော်ကို ကျွန်ုပ်တို့အားပြသရန်" အလွန်စိတ်အားထက်သန်စွာနှလုံးကိုဆန်းစစ်ခြင်း၊ အလွန်စိတ်အားထက်သန်စွာဆုတောင်းခြင်းဖြင့် ဘုရားကိုရှာခြင်းပြုကြရပါမည်။ Letter 8, 1895. [Ev 628.1]

**ကယ်တင်ခြင်းမရသူများအတွက်ကရုဏာတရား** – သို့သော် ဘုရားသခင်၏စိတ်ထဲ၌ ထာဝရကာလမှစီမံချက်တစ်ခုကဲ့သို့ ကောင်းကင်စကြဝဠာအားဖြင့် အပြစ်သားများတို့၏ကယ်တင်ခြင်းအလင်း၏အမြင်ကို ကျွန်ုပ်တို့၏လူအနည်းငယ်သာမြင်ကြပါသည်။ ဤအရေးကြီးပြီးနောက်ဆုံးသောလုပ်ငန်း၌ ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့်အတူ နီးကပ်စွာလုပ်ဆောင်သောသူများ မည်မျှနည်းနေပါသနည်း။ ဆုံးရှုံးခြင်းသို့ရောက်သောဝိညာဉ်များအတွက် သနားခြင်းမေတ္တာ၏ဆယ်ဖို့တစ်ဖို့သည် အလွန်မှပင်ရှားပါးနေပါသည်။ သတိပေးရမည့်သူများစွာရှိနေသော်လည်း ဘုရားရှင်နှင့်အတူကြင်နာသနားပြီး မည်သည့်အရာကိုမျှပဓာနမထားဘဲ ဝိညာဉ်များကိုသာ ခရစ်တော်ထံသို့ပို့ဆောင်ခြင်းကိုတွေ့မြင်လိုသည့်လူများ မည်မျှနည်းနေပါသနည်း။ Gospel Workers, p. 116. (1915) [Ev 628.2]



**ဆက်ကပ်ခြင်း၊ ချစ်ခြင်းနှင့်ကိုယ်ကျိုးစွန့်ခြင်း** – ဘုရားသခင်၏အမှုဆောင်တစ်ဦးသည် သဘာဝတရား၊ ပြုစုပျိုးထောင်ခြင်းနှင့် ဘုရားသခင်၏ကျေးဇူးတော်မှသူ့အားပေးထားသော သူ၏အမြင့်ဆုံးသောဉာဏ်စွမ်းနှင့်စိတ်ခွန်အားများတို့ဖြင့် ဘုရားရှင်အတွက်အသုံးပြုသင့်သည်။ သို့သော် သူ၏အောင်မြင်ခြင်းသည် သူရရှိသည့်ဘုရားသခင်မှပေးထားသောစွမ်းအားအားဖြင့် လုပ်ငန်းကိုလုပ်ဆောင်ခြင်းအပေါ်မူတည်ခြင်းမရှိဘဲ သူ၏ဆက်ကပ်ခြင်းနှင့်ကိုယ်ကျိုးစွန့်ခြင်းအတိုင်းအတာအချို့တို့အပေါ်၌ မူတည်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ကယ်တင်ခြင်းတန်ခိုး၏ကြီးမားသောတန်ဆာပလာဖြစ်ပြီး ၎င်းကျေးဇူးတော်မပါရှိပါက လူသားများတို့၏ကြိုးစားခြင်းအားလုံးတို့သည် အကျိုးရှိမည်မဟုတ်ပါ။ Counsels to Teachers, pp. 537, 538. (1913) [Ev 628.3]

**မေတ္တာနှင့်ကရုဏာတရား** – ဝိညာဉ်များကယ်တင်ရာ၌ မိမိတို့ကိုယ်ကိုမေ့ပျောက်ကြရန် ဘုရားသခင်သည် လူတို့ကိုအလိုရှိသည်။ အကယ်၍ မေတ္တာနှင့်ကရုဏာတရား၏ခရီးမှတ်တိုင်များမပါသည့် အသက်တာခရီးလျှောက်လှမ်းကြပါက ကျွန်ုပ်တို့၏အသက်တာသည် ဆုံးရှုံးခြင်းထက်ပို၍ဆိုးလိမ့်မည်။ ကြမ်းတမ်းသော၊ မာကျောသော၊ မေတ္တာကင်းမဲ့သည့်လူတို့နှင့်အတူ ဘုရားသခင်အလုပ်လုပ်မည်မဟုတ်ပါ။ ထိုသို့သောလူတစ်ယောက်သည် သူ၏အမှုဆောင်များတို့၌ရှိစေလိုသည့် ခရစ်တော်အလိုရှိသော လောကသို့ဖော်ပြရမည့် အသက်တာပုံစံမဟုတ်ပါ။ ဘုရားသခင်၏အမှုဆောင်များတို့သည် မည်သည့်လုပ်ငန်းမျိုး၌မဆို ပါဝင်လုပ်ကိုင်ကြရာ၌ သူတို့၏ကြိုးစားလုပ်ဆောင်မှုတွင် ကောင်းမြတ်ခြင်း၊ ရက်ရောစွာပေးကမ်းခြင်းနှင့် ခရစ်တော်၏မေတ္တာကိုဖော်ပြရမည်။ [Ev 629.1]

ဘုရားသခင်သည် ခရစ်တော်ထံမှလာသောအလင်း၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းဖြင့် ဤကမ္ဘာကြီးကိုအလင်းပေးမည့် အလင်းသယ်ဆောင်သောသူတို့ကိုခေါ်တော်မူသည်။ ဘုရားသခင်သည် နှိမ့်ချသောသူများ၊ မိမိတို့၏အားနည်းခြင်းကိုသိသောသူများ၊ ဘုရားသခင်သည် သူတို့ကိုသာအားကိုး

သည်ဟုမထင်သောသူများကိုသာ အသုံးပြုမည်ဖြစ်ပါသည်။ ထိုသို့သောသူများတို့သည် သူတို့ထံမှဘုရားသခင်တောင်းဆိုသော လုပ်ဆောင်ရန်ဘုရားရှင်အလိုရှိသော ကျိုးကြောင်းဆီလျော်သည့်အပြောအဆိုနှင့်အပြုအမူမျိုးကို သတိရသောသူများဖြစ်ကြပါသည်။ သူတို့သည် ခရစ်တော်စိတ်နှလုံးထဲ၌ကိန်းအောင်းပြီး တစ်ကိုယ်လုံးသို့ဖြူစင်ခြင်းကိုဝေငှကြောင်း ဖော်ပြပေးလိမ့်မည်။ Letter 197, 1902. [Ev 629.2]

**ကလေးများ၏ရိုးသားခြင်း –** ကျွန်ုပ်တို့၌ရှိသောစွမ်းအားရှိသမျှတို့နှင့် ယခုအချိန်အတွက် အမှန်တရားကိုနားမလည်သောသူတို့အား ရှင်းလင်းစွာနားလည်ရန် ရှာဖွေ၍လုပ်ကိုင်ဆောင်ရွက်ကြပါစို့။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ဘုရားသခင်၏အလုပ်ကို လုံ့လဝီရိယရှိစွာဖြင့် လုပ်ဆောင်သောသူတစ်ဦးစီအပေါ်သို့ သက်ရောက်ပါလိမ့်မည်။ [Ev 629.3]

ကလေးငယ်များတို့၏ရိုးသားခြင်းကို ကျွန်ုပ်တို့ပျိုးထောင်ကြပါစို့။ တန်ဖိုးရှိသောဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏သင်တန်းပေးသူဖြစ်ပါသည်။ ဘုရားသခင်နှင့်အတူ နှိမ့်ချစွာလျှောက်လှမ်းသူအားလုံးတို့ကို လူတို့၏စိတ်ထဲသို့ မှန်သောထင်မြင်ချက်များကိုပြုလုပ်ပေးရန် သန့်ရှင်းသောကောင်းကင်တမန်များ၏ကိုယ်စားလှယ်အားဖြင့် ဘုရားသခင်သည် သူ၏သန့်ရှင်းသောဝိညာဉ်တော်နှင့် သူတို့အားကူညီမစရန်ပေးလိမ့်မည်။ Manuscript 77, 1909.

**ချီးမွမ်းခြင်းမပါရှိခြင်း –** "ကောင်းစွာလုပ်ဆောင်သည်" ဟုလောက၌မည်သူမျှမချီးမွမ်းသော်လည်း ကျွန်ုပ်တို့၏အလုပ်ကို ဖြူစင်စွာနှင့်သစ္စာရှိစွာလုပ်ဆောင်ကြရပါမည်။ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်ပုံစံချထားခဲ့သော၊ ကောင်းသောစကားများ၌သစ္စာရှိခြင်း၊ ကြင်နာ၍စဉ်းစားတတ်သောအပြုအမူများ၊ သိမ်မွေ့ခြင်း၊ ဖြူစင်ခြင်းနှင့်မေတ္တာ၏ဖော်ပြခြင်းများအတိုင်းဖြစ်ရမည်။ သို့မှသာ ကျွန်ုပ်တို့သည် ကမ္ဘာကြီးသို့ခရစ်တော်ကို ကိုယ်စားပြုနိုင်ပါလိမ့်မည်။ [Ev 630.1]





ပထမဦးဆုံးဝိညာဉ်ကယ်တင်ခြင်း၏ကြီးမားသောအလုပ်၌ ပင်ပန်းစွာလုပ်ကိုင်ဆောင်ရွက်သောသူတို့သည် ဘုရားသခင်ဂုဏ်ပြုသောသူများဖြစ်ပေလိမ့်မည်။ Letter 120. 1898. [Ev 630.2]

**မြှောက်ပင့်ပြောဆိုခြင်း၏အန္တရာယ် –** ခရစ်တော်အပေါ်၌သာ မျက်နှာမူ၍ထားပါ။ တချို့ရေပန်းစားသောဓမ္မဆရာအပေါ် သင်၏အာရုံကိုစူးစိုက်ခြင်းမပြုပါနှင့်။ သူ၏ပုံသက်သေနှင့် သူ၏အမူအရာကိုအတုမယူပါနှင့်။ အတိုချုပ်အားဖြင့် သူ့ကဲ့သို့ဖြစ်ရန်မလိုလားပါနှင့်။ သင့်အပေါ်မည်သူမျှ သူ၏ပုံစံကိုမထားစေပါနှင့်။ [Ev 630.3]

မည်သူ့ကိုမျှချီးမွမ်းခြင်းမပြုပါနှင့်။ မည်သူ့ကိုမျှမြှောက်ပင့်ပြောဆိုခြင်းမပြုပါနှင့်။ မည်သူ့ကိုမျှ သင့်ကိုချီးမွမ်းရန်၊ မြှောက်ပင့်ပြောဆိုရန်ခွင့်မပြုပါနှင့်။ မာရ်နတ်သည် မိမိ၏အလုပ်ကိုပြည့်စုံစွာလုပ်လိမ့်မည်။ တန်ဆာပလာ၏မြင်ကွင်းကိုဖျောက်ပစ်ပြီး ခရစ်တော်၏အကြောင်းအရာကိုစဉ်းစားပါ။ ဘုရားသခင်ကိုချီးမွမ်းပါ။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါ။ ဘုရားသခင်ထံတော်သို့ သာယာသောအသံဖြင့် သင်၏စိတ်နှလုံးထဲ၌ချီးမွမ်းပါ။ အမှန်တရားကိုပြောပါ။ ခရစ်ယာန်တို့၏မျှော်လင့်ခြင်း၊ ခရစ်ယာန်တို့၏ကောင်းကင်အကြောင်းကိုပြောပါ။ Manuscript 8a, 1888. [Ev 630.4]

**ခံစားချက်များလွယ်ကူစွာမထိခိုက်စေရန် –** ကျွန်ုပ်တို့၏ခံစားချက်များတို့ကိုလွယ်ကူစွာထိခိုက်စေရန် ခွင့်မပြုသင့်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခံစားချက်များ၊ သို့မဟုတ် ဂုဏ်သတင်းများတို့ကို ကာကွယ်ရန်မဟုတ်ဘဲ ဝိညာဉ်များတို့ကိုကယ်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်များကယ်တင်ခြင်းရရှိရန် စိတ်ဝင်စားလာသကဲ့သို့ မကြာခဏကျွန်ုပ်တို့၏အသိုက်အဝန်း၌တစ်ယောက်နှင့်တစ်ယောက်ပေါ်ပေါက်လာသည့် သေးငယ်သောမတူညီမှုများတို့ကို ဂရုမစိုက်ကြတော့ပါ။ သူတစ်ပါးကျွန်ုပ်တို့ကိုမည်ကဲ့သို့ထင်ပါစေ၊ ခရစ်တော်နှင့်ကျွန်ုပ်တို့တစ်လုံးတစ်ဝဖြစ်နေခြင်း၊ ဝိညာဉ်တော်၏မိတ်သဟာယ

ဖွဲ့ခြင်းများတို့ကို အနှောင့်အယှက်ဖြစ်ရန်အကြောင်းမရှိပါ။ Ministry of Healing, p. 485. (1905) [Ev 630.5]

**ဝမ်းမြောက်ပျော်ရွှင်မြူးထူးသောစိတ်** – ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် တောက်ပ၍ရှင်းလင်းနေသည်ဟု ကျွန်ုပ်တို့၌အာမခံချက်ရရှိသောအခါ ယေရှုခရစ်တော်၏နောက်လိုက်သောသူတိုင်းတို့၌ ဝမ်းမြောက်ပျော်ရွှင်မြူးထူးသောစိတ်ကို ပြသနိုင်လိမ့်မည်။ နူးညံ့ပျော့ပျောင်းသော ဘုရားသခင်မေတ္တာတော်၏သြဇာသည် လက်တွေ့အသက်တာ၌ လူတို့၏စိတ်ထဲသို့ ထိခိုက်ခံစားခြင်းများပြုလုပ်ပေးပြီး အသက်မှအသက်သို့တိုင် ပို့ဆောင်ပေးပါလိမ့်မည်။ သို့သော် အကယ်၍ ကြမ်းတမ်းသောပုတ်ခတ်ပြောဆိုခြင်းစိတ်ကိုဖော်ပြပါက ဝိညာဉ်များစွာတို့ကို အမှန်တရားထံမှဝေးကွာစေပြီး ရန်သူ၏တပ်သားများအဖြစ်သို့ ရောက်သွားပါလိမ့်မည်။ လေးနက်သောအတွေး၊ သွေးဆောင်ခြင်းခံရသောသူတို့နှင့် သည်းခံစွာဆက်ဆံရန် မိမိတို့၏ကိုယ်နှင့်တိုက်ပွဲဝင်ရန်လိုအပ်ပါသည်။ Letter 1a, 1894. [Ev 630.6]

**သိမ်မွေ့၍နှိမ့်ချသောသဘော** – ကျွန်ုပ်တို့၏အလုပ်တန်ဖိုးသည် ကမ္ဘာသို့ကျယ်လောင်သောအသံပြုခြင်း၊ စိတ်အားထက်သန်စွာ၊ လိုလားစွာနှင့် ကျွန်ုပ်တို့၏ကိုယ်တိုင်ခွန်အားအားဖြင့် ထထကြွကြွဆောင်ရွက်ခြင်းများမပါရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းတန်ဖိုးသည် သန့်ရှင်းသောဝိညာဉ်တော်၏ဝေငှပေးခြင်းအတိုင်းအတာအပေါ်တည်ရှိပါသည်။ ကျွန်ုပ်တို့၏အလုပ်တန်ဖိုးသည် ဘုရားသခင်၌ကိုးစားခြင်းအားဖြင့်ရရှိပြီး စိတ်၏ပို၍သန့်ရှင်းသောအရည်အချင်းများကိုပေးရခြင်းသည် သည်းခံခြင်းအားဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်များကို ပိုင်ဆိုင်ရရှိရန်အတွက်ဖြစ်သည်။ ကျွန်ုပ်တို့၏ခွန်အားတိုးပွားလာရန်၊ သူ၏ခွန်အား၌ကျွန်ုပ်တို့ကိုသန်မာစေရန်၊ ဘုရားမေတ္တာ၏မီးလျှံသည် ကျွန်ုပ်တို့၏စိတ်ထဲ၌ ထွန်းလင်းရန် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ဆက်လက်ဆုတောင်းသင့်ကြပါသည်။ ဘုရားသခင်၏အမှုတော်သည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်နှလုံးရှိသူ



များတို့အားဖြင့် အကောင်းဆုံးတိုးတက်ကျယ်ပြန့်မည်ဖြစ်ပါသည်။ Manuscript 38, 1895. [Ev 631.1]

**ဘုရားသခင်၏အလုပ်၊ ကျွန်ုပ်တို့၏အလုပ်မဟုတ်** – ယခုအရေးကြီးသောကျွန်ုပ်တို့နားလည်ရမည့်အရာမှာ ဤအလုပ်သည် ကျွန်ုပ်တို့၏အလုပ်မဟုတ်ဘဲ ဘုရားသခင်၏အလုပ်ဖြစ်ပြီး ဤအလုပ်ကိုပြီးစီးစေရန် ကျွန်ုပ်တို့သည် သူ၏လက်ထဲ၌ တန်ဆာပလာများသာဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ရှာဖွေပါက ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးလိမ့်မည်။ Review and Herald, May 10, 1887. [Ev 631.2]

**ခြေလှမ်းတိုင်း၌ဆက်ကပ်ခြင်း** – ကျွန်ုပ်တို့သည် ဤကမ္ဘာ့သမိုင်း၏နောက်ဆုံးချိန်သို့ရောက်လုနီးပြီဖြစ်သောကြောင့် ဘုရားသခင်၏ခြားနားသောအမှုတော်ဌာနများတို့၌ ယခင်ဆောင်ရွက်ခဲ့ကြသည်ထက် ပါဝင်ဆောင်ရွက်ကြသောသူတို့သည် ပို၍မိမိတို့၏ကိုယ်ကိုဆက်ကပ်ကာ ရှေ့သို့ဆောင်ရွက်ကြရပါမည်။ ဤနောက်ဆုံးသောအချိန်အတွက် ဆောင်ရွက်ရမည့်အလုပ်သည် သာသနာ့လုပ်ငန်းဖြစ်ပါသည်။ လက်ရှိအမှန်တရားသည် ၎င်း၏ဗျည်းအက္ခရာအစမှအဆုံးတိုင်အဓိပ္ပါယ်မှာ သာသနာ့လုပ်ငန်းကြိုးစားခြင်းဖြစ်ပါသည်။ လုပ်ဆောင်ရမည့်အလုပ်ကို ရှေ့သို့ဆောင်ရွက်ရန် ခြေလှမ်းတိုင်း၌ဆက်ကပ်ခြင်းရှိရမည်။ အမှုဆောင်များတို့သည် စုံစမ်းခြင်းကိုကျော်လွှားကာ မီးထဲ၌ရွှေကိုစစ်သကဲ့သို့ သန့်ရှင်းဖြူစင်ခြင်းရှိရမည်။ Review and Herald, Nov. 18, 1902. [Ev 631.3]

**အယူဝါဒများကိုသွန်သင်၍၎င်းအတိုင်းအသက်ရှင်ခြင်း** – ဘုရားသခင်၏အစေခံများတို့သည် မိမိတို့ပေါင်းသင်းသောသူများတို့အပေါ် သူတို့ကြိုးစားအားထုတ်သွန်သင်သောအယူဝါဒများ၊ ပြသသောပုံသက်သေနှင့်သြဇာများနှင့်ပတ်သက်၍ အကြီးဆုံးသောဂရုပြုခြင်းကို အသုံးပြုရပါမည်။ တမန်တော်ကြီးသည် အမှန်တရားကိုသက်သေခံရန်နှင့် သူ့လုပ်ငန်း၏ရိုးသားဖြူစင်မှုကိုဖော်ပြရန်

အသင်းတော်နှင့်ဘုရားရှင်ထံတော်သို့ တောင်းဆိုပါသည်။ "ယုံကြည်ခြင်းသို့ ရောက်သောသူတို့တွင် ငါတို့သည် အဘယ်သို့သန့်ရှင်းဖြောင့်မတ်လျက်၊ အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်နေကြသည်ကို သင်တို့သည် သက်သေဖြစ်ကြ၏။ ဘုရားသခင်သည်လည်း သက်သေဖြစ်တော်မူ၏။" Review and Herald, Dec. 11, 1900. [Ev 632.1]

**စီးပွားရေးထောင်ချောက်များကိုရှောင်ရှားပါ** – ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့သည် အမှုဆောင်များဖြစ်ကြရမည်။ သူ၏အမှုတော်၌ပါဝင်ကြသောသူတို့သည် မိမိတို့၏ခရစ်တော်နှင့်တူသော စာရိတ္တအရောင်မမှေးမှိန်စေရန် စီးပွားရေးလုပ်ငန်းထောင်ချောက်အားလုံးတို့မှ ကင်းဝေးကြရမည်။ ကယ်တင်ရှင်ခေါ်ယူခဲ့သောတံငါသည်များတို့သည် မိမိတို့၏ပိုက်ကွန်ကိုချက်ချင်းချန်ထားခဲ့ပါသည်။ သာသနာလုပ်ငန်းအတွက် မိမိတို့၏ကိုယ်ကိုပေးအပ်သောသူတို့သည် မိမိတို့၏အသက်တာ၌ ပုံပန်းမကျခြင်းမရှိစေရန်၊ ဘုရားသခင်ပေးထားသောလုပ်ငန်းကိုလုပ်ဆောင်ရာတွင် မိမိတို့၏ဝိညာဉ်ရေးတိုးတက်မှုကို ထိခိုက်နစ်နာခြင်းမရှိစေရန် စီးပွားရေးလုပ်ငန်းထဲ၌ မိမိတို့၏ကိုယ်ကိုဒုက္ခမရောက်စေရပါ။ Letter 53, 1905. [Ev 632.2]

**မရိုးသားခြင်းသည်ပျက်စီးဆုံးရှုံးစေသောအရာဖြစ်သည်** – အမှုဆောင်၏အသက်တာ၌ အကွက်ကျကျလိမ်ညာခြင်း၊ မရိုးသားခြင်းမရှိစေရပါ။ သူတစ်ပါးအတွက်အန္တရာယ်ဖြစ်စေသည့် ရိုးသားခြင်း၌မှားယွင်းခြင်းပြုမိသည့်အခါ၌ပင် အမှန်တရားထဲ၌မရိုးသားခြင်းသည် ပျက်စီးဆုံးရှုံးစေသောအရာဖြစ်သည်။ Medical Missionary, January, 1891. [Ev 632.3]

**ကြမ်းတမ်းသောစိတ်သဘောသည်ခရစ်တော်ကိုငြင်းပယ်သည်** – လူတို့သည် အယူဝါဒများအပေါ် ကောင်းမွန်စွာပြောဆိုနိုင်ခြင်းနှင့် အယူအဆများ၌ခိုင်မာသောယုံကြည်ခြင်းကို ဖော်ပြနိုင်ပေလိမ့်မည်။ သို့သော် ထိုသူတို့၌ ခရစ်တော်နှင့်တူသော နူးညံ့သိမ်မွေ့ခြင်းနှင့်မေတ္တာကိုပိုင်ဆိုင်ကြပါသလား။ အကယ်၍ သူတို့သည် ကြမ်းတမ်း၍အပြစ်ရှာသောစိတ်သဘောထားရှိကြပါက သူတို့သည်



ခရစ်တော်ကိုငြင်းပယ်ခြင်းဖြစ်ပါသည်။ အကယ်၍သူတို့သည် ကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းမရှိပါက သူတို့သည် ခရစ်တော်နှင့်မတူပါ။ သူတို့သည် မိမိတို့၏ကိုယ်ကိုလိမ်ညာခြင်းဖြစ်ပါသည်။ ခရစ်တော်၏မေတ္တာ၊ နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်ယဉ်ကျေးသိမ်မွေ့ခြင်းတို့နှင့်ဆန့်ကျင်သောသဘောသည် မည်ကဲ့သို့သောယုံကြည်ခြင်းမျိုးရှိစေကာမူ ခရစ်တော်ကိုငြင်းပယ်ခြင်းဖြစ်ပါသည်။ Review and Herald, Feb. 9, 1892. [Ev 632.4]

**ယုံကြည်ခြင်းနှင့်အားပေးခြင်းကိုပြောပါ** – ကျွန်ုပ်တို့၏စကားများကိုဆင်ခြင်ပါ။ ယုံကြည်ခြင်းအကြောင်းကို ကျွန်ုပ်တို့ပြောကြပါစို့။ ထိုနောက် ကျွန်ုပ်တို့၌ယုံကြည်ခြင်းရှိကြပါလိမ့်မည်။ ဘုရားသခင်၏အလုပ်၌ မည်သည့်အခါမျှ စိတ်ပျက်စရာအတွေးကို နေရာမပေးပါနှင့်။ သံသယဖြစ်စေသည့်စကားကို မည်သည့်အခါမျှမမြွက်ဆိုပါနှင့်။ ၎င်းသည် စိတ်ပျက်ခြင်းနှင့်မယုံကြည်ခြင်း၏ရိတ်သိမ်းခြင်းတစ်ခုကိုဖြစ်ပေါ်စေရန် ပြောဆိုသူနှင့်ကြားနာရသူများ နှစ်ဖက်စလုံးတို့၏စိတ်ထဲ၌ မျိုးစေ့ကြဲသကဲ့သို့ဖြစ်ပါသည်။ Letter 77, 1895. [Ev 633.1]

**အမှုဆောင်ဖက်များ၏ဝေဖန်ခြင်းသည်စိတ်ဓာတ်ကျဖွယ်ဖြစ်** – ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်အမှုဆောင်များ ခွန်အားရရှိစေမည့်စကားများတို့ကိုပြော ရန်ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ စိတ်ဓာတ်ကျဖွယ်ရာစကားများတို့ကို ပြောရန်ကျွန်ုပ်တို့၏အခွင့်အရေးမဟုတ်ပါ။ ကျွန်ုပ်တို့၏ကိုယ်ကို အခြားအမှုဆောင်များတို့နှင့်နှိုင်းယှဉ်ခြင်း၊ သူတို့၏အားနည်းခြင်းများကိုပြောဆိုခြင်းနှင့် သူတို့၏လုပ်ဆောင်မှုနည်းစနစ်များတို့ကို ကန့်ကွက်ချက်များပြုလုပ်ခြင်းသည် ကျွန်ုပ်တို့အတွက်မှန်ကန်ခြင်းမရှိပါ။ အကယ်၍ လေးလံသောတာဝန်ထမ်းဆောင်ရပြီး၊ ခက်ခဲမှုများစွာကိုရင်ဆိုင်ရသောသူ၌ တစ်ခါတစ်ရံအမှားများပြုတတ်ခြင်းသည် အံ့သြဖွယ်ရာမရှိပါ။ [Ev 633.2]

ကျွန်ုပ်တို့၏ညီအစ်ကိုများအားဖြင့်ဆောင်ရွက်ခဲ့ကြသော ကောင်းသည့်အရာများကို ကောင်းမွန်စွာသိရှိပြီး ၎င်းတို့ကိုပြောဆိုကြပါစို့။ Letter 204, 1907. [Ev 633.3]

**မနာလိုခြင်းနှင့် အထင်လွဲမှားခြင်းသည်မညီညွတ်ခြင်းကိုဖြစ်ပေါ်စေသည် –** မနာလိုခြင်း၊ အထင်လွဲမှားခြင်းနှင့်မကောင်းကြောင်းပြောဆိုခြင်းများတို့ထက် အမှုတော်လုပ်ငန်းများနှင့် ၎င်းတို့၏ဌာနခွဲများတို့အား လွန်စွာနှောင့်နှေးစေပြီး ချို့တဲ့စေသည့်အရာများမရှိပါ။ ဤအရာများတို့သည် ဘုရားသခင်အတွက် လုပ်ဆောင်ကြသော အမှုဆောင်များတို့၏စပ်ကြား၌ မညီညွတ်ခြင်းကိုဖော်ပြပါသည်။ တစ်ကိုယ်ကောင်းစိတ်သည် ဆိုးသွမ်းမှုအားလုံးတို့၏အရင်းအမြစ်ဖြစ်သည်။ Letter 113a, 1897. [Ev 633.4]

**တွဲဖက်အမှုဆောင်များအတွက်ပြုပြင်၍မရသောနစ်နာမှု –** ဘုရားသခင်၏ အမှုဆောင်များတို့နှင့် မည်သူမျှပြင်းထန်သော၊ အာဏာရှင်ဆန်သောဆက်ဆံခြင်းများကို မပြုစေကြပါနှင့်။ ပြစ်တင်ဝေဖန်တတ်သောသူများတို့သည် မိမိတို့ထိုသို့ပြုခြင်းမှာ အခြားသူများတို့ကိုအပြစ်စီရင်ခြင်းကဲ့သို့ ကြီးမားသောမှားယွင်းခြင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်းသတိရစေပါ။ မိမိတို့ပြင်းထန်စွာပြောဆိုခဲ့သောစကားများအတွက်နှင့် ဖော်ပြခဲ့သောထိန်းချုပ်၍မရသည့်စိတ်ဓာတ်အတွက် ဘုရားသခင်၏ရှေ့မှောက်၌ ယူကျုံးမရသောစိတ်ဖြင့်ဦးညွှတ်ကာ သူ၏အပြစ်ခွင့်လွှတ်ခြင်းအတွက် တောင်းဆိုခြင်းပြုလုပ်စေပါ။ ဘုရားသခင်သည် သင်ပြောသောစကားတိုင်းကို သူကြားရပြီး၊ သူတစ်ပါးကိုသင်စီရင်သည့်အတိုင်း သင်စီရင်ခြင်းခံရမည်ကိုသတိရပါ။ [Ev 633.5]

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ရှိနေသောအခက်အခဲများဖြစ်သည့် အနာတရရရှိသူများတို့အား မိမိတို့၏အနာမှပြန်လည်၍ပျောက်ကင်းသင့်လျက်နှင့် ကျွန်ုပ်တို့သည် ထိုသူတို့ကိုကြိုးစား၍ပြန်လည်ကောင်းလာစေရန်အတွက်သော်လည်းကောင်း၊ မကောင်းသောအင်္ဂါအစိတ်အပိုင်းများတို့ကို ဖြတ်တောက်ခြင်းအားဖြင့်သော်လည်းကောင်း သူတို့၏အသုံးဝင်သောအရာများတို့၏ပျက်စီးနေခြင်း၌ သူတို့အားဒုက္ခိတဘဝ၌ထားခဲ့ကာ ကုသမှုမပြုကြဘဲနေကြမည်လား။ Manuscript 143, 1902. [Ev 634.1]



**အခြားသူများကိုဝေဖန်ခြင်းသည်ကျွန်ုပ်တို့၏လုပ်ငန်းကိုအားနည်းစေသည် –** ဘုရားသခင်အမှုဆောင်များတို့၏စီမံကိန်းနှင့်နည်းစနစ်များတို့သည် လောကီမူဝါဒနှင့်ခြားနားစေရန် သေချာစွာဆန်ခါချရပါမည်။ မိမိတို့၏အလုပ်ကို ခရစ်တော်နှင့်တူသည့် ရိုးသားခြင်းအားဖြင့် ရှေ့သို့ဆောင်ရွက်သွားကြရပါမည်။ ဝေဖန်ရေးသမားတစ်ဦးအဖြစ်ရပ်တည်ခြင်းသည် မိမိကိုယ်တိုင်၏လုပ်ငန်းကို လွန်စွာအားနည်းစေကြောင်းသတိရပါ။ အခြားလုပ်ဖော်ကိုင်ဖက်ခြင်းတို့၏ အပြစ်ကိုရှာရန် လူတို့အားဘုရားသခင်တာဝန်မပေးထားပါ။ Review and Herald, Sept. 2, 1902. [Ev 634.2]

**မာရ်နတ်၏အထူးစုံစမ်းခြင်း –** အကယ်၍ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ကို ဘုရားသခင်အတွက်အသုံးခံလိုကြပါက သူတစ်ပါးကိုဝေဖန်ခြင်း၊ သူတစ်ပါး၏အားနည်းချက်များတို့ကို ထင်ရှားစေခြင်းမပြုရပါ။ ဤအရာသည် လုပ်ငန်းနှောင့်နှေးစေရန် မာရ်နတ်မှနေ၍ကြိုးစားပြီးဆောင်ရွက်နေသည့် အထူးသောသူ၏စုံစမ်းခြင်းဖြစ်သည်။ Manuscript 152, 1898. [Ev 634.3]

**မိမိကိုယ်ကိုပြည့်စုံသည်ဟုထင်မှတ်ခြင်းသည်လုပ်ငန်းကိုပျက်စီးစေသည် –** ကျွန်ုပ်တို့သည် အခြားသူများကြိုးစားလုပ်ဆောင်သည့်အလုပ်ကို ရှာဖွေဖျက်ဆီးသောသူများမဟုတ်ဘဲ လုပ်ငန်းကိုအားပေးတည်ဆောက်သောပုဂ္ဂိုလ်များတို့ကို အလိုရှိသည်။ ကျွန်ုပ်တို့သည် ကောင်းသောစိတ်နှလုံးသားရှိပြီး သူတို့အားဖြင့် ဘုရားသခင်အလုပ်လုပ်နိုင်သောပုဂ္ဂိုလ်များတို့ကို လိုအပ်နေပါသည်။ [Ev 634.4]

မိမိကိုယ်ကိုလုံးလုံးလျားလျားယုံကြည်စိတ်ချသော ယုံကြည်ခြင်း၌ကြာမြင့်စွာရှိခဲ့သည့်ပုဂ္ဂိုလ်များတို့၏ပံ့ပိုးကူညီခြင်းကို ပြုရမည့်အမှုဆောင်များတို့ကို ကျွန်ုပ်တို့အလိုမရှိပါ။ ထိုသို့သောပုဂ္ဂိုလ်များတို့အား ကျွန်ုပ်တို့ပြောရမည်မှာ "သင်ရှိသောနေရာ၌သာနေပါ" ဟုဖြစ်ပါသည်။ ဤအမှုဆောင်အမျိုးအစားနှင့် ကျွန်ုပ်တို့လုံလောက်စွာဆက်ဆံခဲ့ပြီးဖြစ်သည်။ အတ္တစိတ်နှင့်

မိမိကိုယ်ကိုအထင်ကြီးခြင်းမရှိသောအမှုဆောင်များတို့ကို ကျွန်ုပ်တို့အလိုရှိသည်။ Manuscript 173, 1898.

**သတင်းစကား၏ရှုပ်ထွေးသောတိုးတက်ခြင်း –** ဘုရားသခင်နှင့်လူတို့၏ရန်သူ အရည်အသွေးများကို အများအားဖြင့်သူတို့၏စိတ်ဓာတ်နှင့် တစ်ဦးအပေါ်တစ်ဦး ဖော်ပြသည့်စိတ်နေသဘောထားအပေါ်၌ တွေ့ရှိရပါသည်။ သူတို့သည် ဘုရားသခင်၏သဘောထားကိုရရှိသူများမဟုတ်သောကြောင့် တစ်ဦးနှင့်တစ်ဦး နစ်နာစေရန် ပြုလုပ်ကြပါသည်။ ၎င်းနောက် သူတို့ကိုယ်တိုင်၏စာရိတ္တာပြည့်စုံခြင်းနှင့်ဆန့်ကျင်သောအရာများကို ပြုလုပ်ကြသည်။ မိမိတို့၏ကိုယ်ကိုဒုက္ခပေးပြီး လုပ်ငန်းကိုခက်ခဲခြင်းနှင့်ပင်ပန်းခြင်းဖြစ်စေရခြင်းမှာ သူတို့၏စိတ်ဓာတ်နှင့် ချို့ယွင်းနေသည့်စာရိတ္တာကိုမှီခိုပြီး မွေးမြူရမည့်တန်ဖိုးရှိသည့်ကောင်းသောပါရမီများဟု ဂရုပြုကာယူဆသောကြောင့်ဖြစ်သည်။ [Ev 635.1]

လူတို့သည် အမှန်တရားတိုးတက်ခြင်း၏အလုပ်ကို ဘုရားသခင်ပါဝင်ကူညီဆောင်ရွက်ရမည်ဖြစ်သော်လည်း မိမိတို့အားနည်းသောကိုယ်တိုင်လက်တွင်းသို့ တာဝန်ယူဆောင်ရွက်ကြသောကြောင့် ထင်သည်ထက်ဆယ်ဆပို၍အလုပ်ကိုခက်ခဲစေပါသည်။ သူတို့သည် မိမိတို့မှအမြဲတစ်ခုခုကိုတီထွင်ကာ လူတို့ကိုလုပ်ဆောင်စေပြီး လူတို့မှလည်းလုပ်ဆောင်သင့်သည်ဟု သူတို့ထင်မြင်ကြပါသည်။ ဤလုပ်ငန်းအတွက်လုပ်ဆောင်ရာ၌ သူတို့အသုံးပြုသောအချိန်အားဖြင့် အလုပ်ကိုပို၍ရှုပ်ထွေးစေပါသည်။ အကြောင်းမှာ အကြီးဆုံးသောအမှုဆောင်ကြီးမှ မိမိအမှုတော်၏အမွေအနှစ်ကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရခြင်းမရှိသောကြောင့်ဖြစ်သည်။ လူတို့သည် အခြားလူတို့၏မပြည့်မစုံဘဲချို့တဲ့နေသောစာရိတ္တာကို မိမိတို့၏မပြည့်မစုံသောခွန်အားအားဖြင့် တာဝန်ယူလုပ်ဆောင်ရာတွင် ပို၍ဆိုးသောအောင်မြင်မှုတစ်ခုကိုသာလျှင် လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ သူတို့သည် ဘုရားသခင်အား မိမိ၏ကိုယ်တိုင်အလုပ်ကိုလုပ်စေရန်ပို၍ကောင်းမည်ဖြစ်သည်။ အကြောင်းမှာ၊ စာရိတ္တာပြုပြင်ရာ၌ ထိုသူတို့မစွမ်းဆောင်



နိုင်ကြောင်း ဘုရားသခင်တွေ့မြင်ရသောကြောင့်ဖြစ်သည်။ General Conference Bulletin, Feb. 25, 1895. [Ev 635.2]

**လုပ်ငန်း၌ခုတ်ထစ်၊ ပြုပြင်၊ အရောင်တင်ခြင်း –** အကျင့်စာရိတ္တာ၊ အပြုအမူ၊ စရိုက်နှင့်လုပ်ဆောင်မှုများတို့၌ ချို့ယွင်းနေသောသူတို့သည် အကြံပေးခြင်းနှင့် ဆုံးမသွန်သင်ခြင်းများတို့ကိုလက်ခံကာ သတိပြုကြရမည်။ ဤကမ္ဘာကြီးသည် ဘုရားသခင်၏အလုပ်ရုံဖြစ်ပြီး ကောင်းကင်ဗိမာန်တော်၌အသုံးပြုနိုင်မည့်ကျောက်တုံးတိုင်းကို ဘုရားသခင်၏အဆောက်အဦထဲ၌ အံဝင်ခွင်ကျမှန်သောနေရာ၌ထားရှိနိုင်မည့် တန်ဖိုးရှိသည့်ကျောက်တုံးတစ်တုံးဖြစ်လာသည့်အထိ ခုတ်ထစ်၊ ပြုပြင်၊ အရောင်တင်ရပါမည်။ သို့သော် အကယ်၍သင်တန်းပေးခြင်း၊ ပြုပြင်ခြင်းကို ကျွန်ုပ်တို့လက်မခံပါက ခုတ်ထစ်၊ ပြုပြင်၊ အရောင်တင်ခြင်းခံရသည့်ကျောက်တုံးတစ်တုံးကဲ့သို့ဖြစ်မလာဘဲ ဘေးဖယ်ထားခြင်းခံရပြီးနောက်ဆုံး၌အသုံးမဝင်သောကျောက်တုံးတစ်တုံးဖြစ်သွားပါလိမ့်မည်။ Youth's Instructor, Aug. 31, 1893.

## ယဉ်ကျေးမှုနှင့်ကြင်နာခြင်း၏ကျေးဇူးများ

**ကျွန်ုပ်တို့၏ကြီးမားသောပုံသက်သေ –** ခရစ်တော်သည် သူ၏အသက်တာ၌ သူကိုယ်တိုင်၏မွန်မြတ်သောသွန်သင်ချက်များတို့ကို ဟောပြောခဲ့သည်။ သူ၏စိတ်အားထက်သန်မှုသည် မည်သည့်အခါမျှသူ့အားစိတ်ဓာတ်ပြင်းပြသူတစ်ဦးအဖြစ်သို့မပို့ဆောင်ပါ။ သူသည် ခေါင်းမာခြင်းမရှိဘဲ ခံယူချက်၌တည်ငြိမ်ခြင်းကိုဖော်ပြသည်။ ပျော့ညံ့ခြင်းမရှိဘဲ စွန့်ကြဲခြင်းကိုဖော်ပြသည်။ စိတ်ကူးယဉ်အတွေးသမားမဟုတ်ဘဲ သိမ်မွေ့ခြင်းနှင့်ကြင်နာသနားခြင်းကိုဖော်ပြသည်။ သူသည် လူမှုရေးအလွန်ကောင်းသည်။ သို့သော် သူသည် မသင့်လျော်သောရင်းနှီးမှုကိုအားမပေးဘဲ မိမိဂုဏ်သိက္ခာကိုထိန်းသိမ်းသောသူဖြစ်သည်။ သူ၏ကိုယ်ကိုထိန်းချုပ်ခြင်းသည် သူ့အားမည်သည့်အခါမျှ

တစ်ယူသန်ခြင်း၊ သို့မဟုတ် ရိုးရိုးကုပ်ကုပ်နေခြင်းသို့မပို့ဆောင်ပါ။ သူသည် လောက၏ပုံသဏ္ဌာန်ကိုမဆောင်ပါ။ သို့သော် သူသည် အငယ်ဆုံးသော သူတို့၏လိုအပ်ချက်များတို့ကို သတိမမူသူမဟုတ်ပါ။ လူတိုင်း၏လိုအပ်ချက်များတို့ကို သူအမြဲတစေကူညီသည်။ Manuscript 132, 1902. [Ev 636.1]

**စုံလင်သောပုံစံ** – ကလေးဘဝမှလူကြီးဘဝသို့တိုင် ခရစ်တော်သည် နှိမ့်ချခြင်း၊ လုံ့လဝီရိယရှိခြင်း၊ နာခံခြင်း၏စုံလင်သောပုံစံအသက်တာကို နေထိုင်ခဲ့သည်။ သူသည် အမြဲတမ်းသူတစ်ပါးအတွက်စဉ်းစားဆင်ခြင်ခြင်းပြုပြီး အမြဲတမ်းမိမိကိုယ်ကိုငြင်းပယ်သူဖြစ်သည်။ ကောင်းကင်ပုံသဏ္ဌာန်ကို ဆောင်ရန်သူလာခဲ့ပြီး သူတစ်ဦး၏အစေကိုသူခံယူရန်မဟုတ်ဘဲ၊ သူသည် သူတစ်ပါးတို့အတွက်အစေခံရန်ဖြစ်သည်။ [Ev 636.2]

ခရစ်တော်၏ကိုယ်ကျိုးမဲ့အသက်တာသည် ကျွန်ုပ်တို့အားလုံးအတွက် ပုံသက်သေဖြစ်သည်။ အကယ်၍သူ၏ခြေတော်ရာကိုလိုက်လျှောက်ကြပါက သူ၏စာရိတ္တသည် ကျွန်ုပ်တို့အတုယူရန် အကျင့်စာရိတ္တပုံစံတစ်ခုဖြစ်ပါသည်။ Manuscript 108, 1903. [Ev 636.3]

**ဂုဏ်သိက္ခာ၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ အညစ်အကြေးကင်းစင်ခြင်း** – စနစ်ကျသော အသက်တာနှင့် ဘုရားတရားကြည်ညိုသောအပြောအဆိုအားဖြင့် အလုပ်၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းရန်သေချာစေပါ။ မြင့်လွန်းသောစံချိန်ကိုမြှင့်တင်ရန် မည်သည့်အခါမျှမကြောက်ပါနှင့်။ သာသနာ့လုပ်ငန်း၌ပါဝင်ကြသောမိသားစု များတို့သည် လူတို့အားချစ်ခင်ရင်းနှီးသင့်ကြသည်။ ယေရှု၏စိတ်ဓာတ်သည် အမှုဆောင်၏ဝိညာဉ်၌ ပျံ့နှံ့ခြင်းရှိသင့်သည်။ ၎င်းသည် သာယာကြည်နူးဖွယ်ရာ ကြင်နာသောစကားများ၊ သူတို့၏ဝိညာဉ်များအတွက် ကိုယ်ကျိုးမငဲ့ သောမေတ္တာ၏ဖော်ပြခြင်းဖြစ်သည်။ ထိုနောက် စိတ်နေမြင့်ခြင်းနှင့်တစ်ကိုယ် ကောင်းဆန်ခြင်း အကာအဆီးများတို့ကိုဖြိုဖျက်ကာ၊ မယုံကြည်သူတို့အား ကျွန်ုပ်တို့၌ခရစ်တော်၏မေတ္တာရှိကြောင်းပြသလျက် အမှန်တရားသည် စိတ်နှလုံးထဲသို့ မိမိ၏လမ်းဖြင့်ရောက်ရှိသွားလိမ့်မည်။ ဤအရာသည် ကျွန်ုပ်



တို့၏အလုပ်၊ ဘုရားသခင်၏အကြံအစည်ကိုပြည့်စုံစေခြင်းဖြစ်သည်။ ရိုင်းစိုင်း ခြင်းနှင့်ကြမ်းတမ်းခြင်းအားလုံးတို့ကို ကျွန်ုပ်တို့ထံမှဖယ်ရှားပစ်ရမည်။ သိမ်မွေ့ သည့်အပြုအမူ၊ သန့်ရှင်းခြင်း၊ ခရစ်ယာန်ယဉ်ကျေးသိမ်မွေ့ခြင်းတို့ကို မြတ်နိုး ကြရမည်။ ကြမ်းတမ်းရိုင်းပျသောစကားများနှင့် ပွင့်လင်းသောစကားများတို့ ကို ကာကွယ်ထားပါ။ မလိုအပ်သောအရာများကို ကြိုးစား၍ဆန့်ကျင်ခြင်း မပြုပါနှင့်။ Review and Herald, Nov. 25, 1890. [Ev 636.4]

**ခရစ်တော်သည်ကျွန်ုပ်တို့၏လောကဝတ်စံနမူနာဖြစ်သည်** – စစ်မှန်သောဖြူစင် ခြင်းအတွေးနှင့်အမူအရာကို ချမှတ်ထားသောစည်းမျဉ်းဥပဒေများ လေ့လာ သုံးသပ်ခြင်းထက် ကောင်းမြတ်သောဆရာကြီး၏ကျောင်း၌သင်ယူခြင်းသည် ပို၍ကောင်းသည်။ သူ၏မေတ္တာသည် စိတ်နှလုံးထဲ၌ပျံ့နှံ့သွားကာ စာရိတ္တ ကိုဖြူစင်စေပြီး သူကိုယ်တိုင်၏စာရိတ္တနှင့်တူညီခြင်းသို့ ပြုပြင်ပေးပါသည်။ ဤပညာသည် ကောင်းကင်မှရရှိသောဂုဏ်သိက္ခာနှင့် လူမှုကျင့်ဝတ်၏ အသိတရားကို ဝေငှပေးပါသည်။ ၎င်းသည် ပြုပြင်တတ်သောအဖွဲ့အစည်း၏ အပေါ်ယံသာသန့်စင်ပေးခြင်းတို့နှင့် မည်သည့်အခါမျှနှိုင်းယှဉ်၍မရသော ပင်ကိုယ်စိတ်ဓာတ်၏ချိုမြိန်ခြင်းနှင့် အပြုအမူ၏သိမ်မွေ့ခြင်းတို့ကိုပေးပါသည်။ Education, p. 241. (1903) [Ev 637.1]

**မှန်သောလောကဝတ်– ကျယ်ပြန့်သောသနားခြင်းနှင့်ကြင်နာခြင်း** – လောကဝတ် အပေါ်လွန်စွာအလေးထားသောသူများစွာတို့သည် မည်မျှပင်အကောင်းဆုံးပြု ကြသော်လည်း အခြားအရာများကို အနည်းငယ်သာလေးစားကြောင်းဖော်ပြ ပြီး၊ သူတို့၏ဖန်တီးသောအဆင့်အတန်းကိုမှီနိုင်ရန် ပျက်ကွက်ကြသည်။ ၎င်းသည် အရေးကြီးသောစိတ်နေမြင့်ခြင်းနှင့် ကျဉ်းမြောင်းသောပါဝင်မှုမရှိ ခြင်းကို ထိန်းသိမ်းစောင့်ရှောက်သည်။ [Ev 637.2]

မှန်သောယဉ်ကျေးသိမ်မွေ့ခြင်း၏အနှစ်သာရသည် အခြားသူများ အတွက် စဉ်းစားပေးခြင်းဖြစ်သည်။ လိုအပ်ပြီးတည်မြဲသောပညာသည် သနား

ကြင်နာခြင်းကိုကျယ်ပြန့်စေခြင်းနှင့် အများအတွက်အားပေးခြင်းဖြစ်သည်။ Education, p. 241. (1903) [Ev 637.3]

**သိမ်မွေ့ခြင်းနှင့်ကြင်နာခြင်း –** သင်တို့နှစ်ဦးစလုံး သိမ်မွေ့သောတို့ထိခြင်းတစ်ခုကိုလိုနေသည်။ သင်၏စကားများသည် သင့်လျော်ရမည်ဖြစ်ပြီး နှောင့်ယှက်ရန်မဟုတ်ပါ။ သင်၏စိတ်နှလုံးထဲ၌ ဝိညာဉ်များအတွက်မေတ္တာနှင့်ပြည့်ဝစေပါ။ လေးနက်၍သိမ်မွေ့သောစိတ်ဝင်စားမှုဖြင့် သင့်ပတ်လည်ရှိလူတို့အတွက်အလုပ်လုပ်ပါ။ အကယ်၍ လူတစ်ယောက်အမှားတစ်ခုပြုမိသည်ကို သင်တွေ့ရှိပါက၊ သူ့ထံသို့သွားပြီး ခရစ်တော်၏စကား၌ဖော်ပြသည့်နည်းလမ်းအတိုင်း ခရစ်တော်နှင့်တူသောသိမ်မွေ့ခြင်းနှင့် ၎င်းကိစ္စကိုသင်ပြောဆိုနိုင်သည်မနိုင်သည်ကိုဆင်ခြင်ပါ။ သူတို့နှင့်အတူဆုတောင်းပြီး ကယ်တင်ရှင်သည် သင့်အားဤခက်ခဲမှုမှလွတ်မြောက်အောင် လမ်းပြသွားမည်ကိုသင်ယုံကြည်ပါ။

ဓမ္မဆရာများတို့သည် သူတို့၏အလုပ်ကိုလက်ခံနိုင်ရန်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို များစွာလိုနေသည်။ ဓမ္မဆရာတစ်ဦးသည် အသင်းတော်တစ်ခု၏အသင်းသားများ တစ်ယောက်နှင့်တစ်ယောက်ရန်စောင်ကြသည်ကိုတွေ့ရသောအခါ၊ သူတို့ကိုခေါ်ယူပြီး ညီညွတ်သောနားလည်မှုတစ်ခုကို ပြန်လည်ရရှိရန်ကြိုးစားရပါမည်။ ကြမ်းတမ်းသောစကား၊ အာဏာဖြင့်သော်လည်းကောင်း၊ အမိန့်ပေးခြင်းအားဖြင့်သော်လည်းကောင်း မည်သည့်အခါမျှမပြောဆိုပါနှင့်။ ဤအရာသည် မလိုအပ်သောအရာဖြစ်သည်။ ၎င်းလုပ်ရပ်သည် ဖြုန်းတီးခြင်းထက်ပို၍ဆိုးသည်။ [Ev 638.1]

ဘုရားသခင်သည် တန်ခိုးဩဇာတစ်ခုကိုမြှင့်တင်ခြင်း၌ ပါဝင်အသုံးခံရန် သင့်ကိုခေါ်နေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားကို သင်၏စိတ်နှလုံးထဲ၌ရယူပါ။ သို့မှသာ သင်သည် ဘုရားသခင်၏စိတ်သဘောကိုရရှိလိမ့်မည်။ သင့်ကိုယ်ကိုသန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းအောက်



၌ထားရှိပါ။ ထိုနောက် ကောင်းကျိုးအတွက်ပို၍ကြီးသောတန်ခိုးများစွာကို သင်ရရှိလိမ့်မည်။ [Ev 638.2]

ယေရှု၏မေတ္တာကြီးစိုးသောနေရာတိုင်း၌ ငြိမ်သက်ခြင်းနှင့်အနားယူခြင်းရှိလိမ့်မည်။ ဤမေတ္တာကိုမြတ်နိုးသောနေရာ၌ သဲကန္တာရတွင်လန်းဆန်းသောစမ်းချောင်းစီးဆင်းသကဲ့သို့ ခြောက်သွေ့သောမြေကို မြေဆီလွှာအဖြစ်သို့ ပြောင်းလဲပေးလိမ့်မည်။ Manuscript 105, 1902. [Ev 638.3]

**ပါးနပ်၍ကောင်းသောစဉ်းစားတတ်ခြင်းသည်စိတ်နှလုံးများကိုအရည်ပျော်စေသည် –** ပါးနပ်၍ကောင်းသောစဉ်းစားတတ်ခြင်းသည် အမှုဆောင်၏အသုံးဝင်ခြင်းကို အဆတစ်ရာတိုးပွားစေသည်။ အကယ်၍ မှန်သောစကားများကို မှန်သောအချိန်၌၊ မှန်သောသဘောထားဖြင့်ပြသနိုင်ပါက သူကြိုးစားကူညီနေသည့်လူတစ်ယောက်၏စိတ်နှလုံးသားအပေါ်သို့ ပျော့ပျောင်းစေသောတန်ခိုးကိုပေးနိုင်လိမ့်မည်။ Gospel Workers, p. 119. (1915) [Ev 638.4]

**အယူဝါဒခြားနားသူများအပေါ်ကြင်နာခြင်း –** ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် အယူဝါဒမတူညီသောသူတို့ကို ကြင်နာစွာဖြင့်ဆက်ဆံသင့်သည်။ သူတို့သည် ခရစ်တော်၏ပိုင်ဆိုင်သောပစ္စည်းများဖြစ်သောကြောင့် နောက်ဆုံးစာရင်းရှင်းသောနေ့ကြီး၌ သူတို့နှင့်ကျွန်ုပ်တို့တွေ့ဆုံရကြလိမ့်မည်။ တရားစီရင်ချိန်၌ တစ်ယောက်နှင့်တစ်ယောက်မျက်နှာချင်းဆိုင်တွေ့ကြရမည်ဖြစ်ပြီး ကျွန်ုပ်တို့၏အတွေးများ၊ ပြောဆိုသောစကားများ၊ အပြုအမူများတို့၏မှတ်တမ်းကို ကျွန်ုပ်တို့တွေ့မြင်ရသကဲ့သို့မဟုတ်ဘဲ အမှန်တရား၌သူတို့ရှိသကဲ့သို့ မြင်ရလိမ့်မည်။ ခရစ်တော်ချစ်သကဲ့သို့ တစ်ယောက်နှင့်ချစ်ခြင်း၏တာဝန်ကို ကျွန်ုပ်တို့အပေါ်ဘုရားသခင်စေခိုင်းခဲ့ပါသည်။ The Youth's Instructor, Dec. 9, 1897. [Ev 638.5]

**ကိုယ်တိုင်ခံစားခြင်းနှင့်အတ္တစိတ်မပါရှိခြင်း –** အကယ်၍အောင်မြင်ခြင်းရရှိလိုပါက လူတို့သည် ဘုရားသခင်၏စည်းမျဉ်းများနှင့်အစီအစဉ်အတိုင်း လုပ်ဆောင်ကြရလိမ့်မည်။ မိမိတို့၏ကိုယ်တိုင်ခံစားချက်များ၊ သို့မဟုတ် အတ္တ

စိတ်အရိပ်အရောင်ပုံသဏ္ဌာန်မပါရှိသည့် စိတ်ဆန္ဒအပြည့်အဝနှင့် နှိမ့်ချသောစိတ်သဘောများအားဖြင့် ကြိုးစားခြင်းများဖြင့်လုပ်ဆောင်သောသူများကိုသာ ဘုရားသခင်လက်ခံလိမ့်မည်။ Letter 66, 1887. [Ev 638.6]

**ဧဝံဂေလိဖိနပ်များကိုဝတ်ဆင်ပါ –** ကျွန်ုပ်၏ညီအစ်ကို၊ သင်သည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဖြစ်ရန် ကျွန်ုပ်အထူးလိုလားပါသည်။ သင်၏အသက်တာကို သင်ပြောင်းလဲမှုတစ်ခုပြုလုပ်ရလိမ့်မည်။ သင်၌ဟောပြောရန် တန်ဖိုးရှိသောအမှန်တရားရှိနေသော်လည်း သင်သည် ဧဝံဂေလိဖိနပ်များကိုဝတ်ဆင်ရလိမ့်မည်။ သင်၏ခြေ၌ ငြိမ်သက်ခြင်းဧဝံဂေလိတရား၏ပြင်ဆင်ခြင်းဖိနပ်ဖြင့် ဝတ်ဆင်ထားရလိမ့်မည်။ လူတို့အားဟောပြောသော သင်၏အမှုအရာသည် ဘုရားသခင်အတွက်အမြဲနှစ်သက်ဖွယ်မဟုတ်ပါ။ ဘုရားသခင်၏ပြောင်းလဲပေးသောတန်ခိုး သင့်အပေါ်သို့နေ့စဉ်သက်ရောက်ရန် သင်ခံစားဖို့လိုအပ်သည်။ သင်၌ကိုယ်ကာယကြံ့ခိုင်ခြင်းနှင့်ခွန်အားအပြည့်အဝရှိသော်လည်း ခရစ်တော်၏များစွာသောကျေးဇူးတော်ကို "သင်၏ယဉ်ကျေးသိမ်မွေ့ခြင်းသည် ကျွန်ုပ်အားကြီးမြတ်စေသည်" ဟုခရစ်တော်အားပြောသကဲ့သို့ သင့်အားပြောနိုင်ရန် သင်၌လိုအပ်နေပါသည်။ သင်၏စိတ်သဘောကို သန့်ရှင်းသောဝိညာဉ်တော်မှပိုင်ဆိုင်ပြီး သင်၏ပြင်းထန်သောစိတ်သဘောကိုထိန်းချုပ်သွားသောအခါ သင်သည် ခရစ်တော်နှင့်ပို၍တူလာလိမ့်မည်။ Letter 164, 1902. [Ev 639.1]

**ဘုရားသခင်၏အလုပ်သန့်ရှင်းခြင်း –** သန့်ရှင်းသောအရာများတို့ကို ရိုးရိုးအရာများကဲ့သို့သဘောထားကာထိန်းသိမ်းခြင်းသည် ဘုရားသခင်အားဆန့်ကျင်ရာရောက်သည်။ အကြောင်းမှာ ဘုရားသခင်သည် သူ၏အမှုတော်အတွက် လောကသို့အလင်းပေးရန် သူသီးသန့်ခွဲခြားထားသောအရာသည် သန့်ရှင်းသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏အမှုတော်နှင့်ဆက်သွယ်နေသောလုပ်ငန်းတိုင်းတို့၌ ပါဝင်ကြသည့်သူများတို့သည် မိမိတို့၏အချည်းနှီးသောပညာအပေါ်မှီခိုကြရမည်မဟုတ်ဘဲ ဘုရားသခင်၏ပညာအပေါ်၌သာအမှီပြု၍ လုပ်ဆောင်



ကြရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက သူတို့သည် သန့်ရှင်းသောအရာကို ရိုးရိုးအရာများကဲ့သို့ အတူတူထားရှိခြင်း၏အန္တရာယ်ထဲသို့ရောက်ရှိကြမည်ဖြစ်ပြီး မိမိတို့၏ကိုယ်ကို ဘုရားသခင်ထံမှခွဲခွာသွားစေပါလိမ့်မည်။ Review and Herald, Sept. 8, 1896. [Ev 639.2]

**သန့်ရှင်းသောတာဝန်၏အသိစိတ်ဓာတ် –** အမျိုးသားလူငယ်များ ဘုရားသခင်၏အမှုတော်၌ပါဝင်ရန်ပေါ်ပေါက်လာခဲ့ပြီး တချို့သောသူတို့သည် လုပ်ငန်း၏သန့်ရှင်းခြင်းနှင့်တာဝန်အသိစိတ်ဓာတ်မရှိကြပါ။ သူတို့သည် နေ့စဉ်အရေးကြီးပြီး စိတ်နှလုံးခွန်အားပေးမည့်အမှန်တရားများတို့ကို နားထောင်ရမည့်အစား သူတို့သည် အဓိပ္ပါယ်ကင်းမဲ့သောစကားကိုပြောဆိုကြပြီး ပျို့ရွယ်သောအမျိုးများတို့နှင့်အတူ အချိန်ယူပေါင်းသင်းသွားလာကြသည်။ Testimonies, vol. 3, p. 473. (1875)

**မင်းသားများမဟုတ် – နှုတ်ကပတ်တော်ဆရာများဖြစ် –** ဘုရားသခင်အလိုရှိသောပုံစံမရောက်ရှိမီ၊ သာသနာ့အမှုတော်လုပ်ငန်း၌ ကြီးမားသောပြုပြင်ပြောင်းလဲခြင်းနေရာယူရမည်ဟု ကျွန်ုပ်မြင်ပါသည်။ ပလ္လင်ပေါ်ရှိဓမ္မဆရာများတို့သည် မိမိတို့၏အမှုအရာများနှင့် တင်ဆက်မှုများထိရောက်မည်ဟုယူဆကာ ပွဲလမ်းသဘင်၌တင်ဆက်သူများကဲ့သို့ပြုမူကြရန် ခွင့်ပြုမိန့်မရှိပါ။ သန့်ရှင်းသောပလ္လင်ကို မင်းသားများသရုပ်ဆောင်သကဲ့သို့အသုံးမပြုဘဲ လေးနက်သောအမှန်တရားများ၏ဆရာများဟောပြောနေသောနေရာအဖြစ် အသုံးပြုကြရပါမည်။ ခရစ်တော်အကြောင်းကို အော်ဟစ်ပြောဆိုခြင်း၊ ခုံပေါက်ကာစားပွဲကိုထုပြီးလှုပ်ရှားခြင်းအမျိုးမျိုးဖြင့်ပြုလုပ်လျက် ကျယ်လောင်စွာပြောဆိုခြင်းပြုတတ်သည့် အယူသီးသောဓမ္မဆရာများရှိကြပြီး သူတို့၏လုပ်ဆောင်မှုသည် မည်သည့်အကျိုးမျှမရရှိသည်ကိုလည်းတွေ့ရပါသည်။ ထိုသို့သောအပြုအမူများသည် ပြောဆိုသောအမှန်တရားများအတွက် မည်သည့်တန်ခိုးမျှမပါဘဲ တစ်ဖက်၌လေးနက်သောဆုံးဖြတ်ခြင်းနှင့် တိုးတက်သောအမြင်ရှိသူများတို့အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်စေပါသည်။ မိမိတို့၏ကိုယ်ကို သာသနာ့လုပ်ငန်း

အတွက်ဆက်ကပ်သောပုဂ္ဂိုလ်များတို့၏တာဝန်မှာ ဤရိုင်းပျပြီးကြမ်းတမ်းသည့် အမှုအရာများတို့ကို တရားပလ္လင်၏အပြင်ဘက်၌ အနည်းဆုံးချန်ထားကြရပါမည်။ [Ev 640.1]

ပုံပျက်၍ရိုင်းပျသောကိုယ်ဟန်အမူအရာများတို့သည် သာမန်အသက်တာဘဝ၌ပင် လက်ခံ၍မရသောအရာများဖြစ်သောကြောင့် ဧဝံဂေလိသာသနာ့လုပ်ငန်း၏အလွန်သန့်ရှင်းသောအလုပ်၌ ပို၍သည်းခံနိုင်စရာအကြောင်းမရှိပါ။ ဓမ္မဆရာသည် ကျေးဇူးတရား၊ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ကောင်းသောအမူအရာများတို့ကို အသက်တာ၌ပျိုးထောင်သင့်သည်။ သူသည် မိမိကိုယ်ကိုသူ၏မြင့်သောခေါ်တော်မူခြင်းအတိုင်းအတာသို့ရောက်ရှိရန် တည်ငြိမ်သောဂုဏ်သိက္ခာတစ်ခုနှင့် အသက်ရှင်ရလိမ့်မည်။ လေးနက်မှု၊ မှန်ကန်သောဘုရားတရားမွေ့လျော်ခြင်းအာဏာသည် သိမ်မွေ့ခြင်းနှင့်ပေါင်းစည်းကာ ဘုရားသခင်၏အမှန်တရားဆရာတစ်ဦး၏နေထိုင်ပြုမူပုံကို ဖော်ပြသင့်သည်။ [Ev 640.2]

ဓမ္မဆရာများတို့သည် ပလ္လင်ပေါ်၌ပုံတိုပတ်စများတို့ကိုပြောဆိုခြင်းအလေ့အထကို မပြုလုပ်သင့်ပါ။ ဟောပြောသောအမှန်တရား၏လေးနက်ခြင်းအရှိန်အဟုန်ကို တန်ဖိုးလျော့စေပါသည်။ ပုံတိုပတ်စများ၊ အဖြစ်အပျက်များတို့၏အကြောင်းအရာသည် ကြားနာရသူများတို့အတွက် စိတ်ထဲ၌ပေါ့လျော့သောအတွေးတို့ကိုဖန်တီးပေးပြီး ပြင်းထန်စွာဝေဖန်စရာဖြစ်စေပါသည်။ အမှန်တရားများကို သီလနှင့်ဂုဏ်ကျက်သရေရှိသောစကားများဖြင့် ပြောဆိုရမည်ဖြစ်ပြီး ကိုးကားချက်များတို့သည်လည်း ၎င်းအတိုင်းပင်ဖြစ်သင့်သည်။ [Ev 640.3]

အကယ်၍ဧဝံဂေလိသာသနာလုပ်ငန်းကို ဆောင်ရွက်သင့်သည့်အတိုင်းဆောင်ရွက်ကြပါက ခရစ်တော်အမှန်တရား၏ဆရာများတို့သည် ကောင်းကင်တမန်များတို့နှင့်ညီညွတ်စွာလုပ်ကိုင်နိုင်ကြမည်ဖြစ်ပြီး သူတို့၏ကြီးမားသောဆရာကြီးနှင့်အတူ သူတို့သည် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြပါလိမ့်မည်။ ခရစ်တော်၏ဓမ္မအမှုဆောင်များတို့အထဲ၌ ဆုတောင်းခြင်းအလွန်နည်းနေပြီး မိမိတို့ကိုယ်ကိုချီးမြှောက်ခြင်းသည် အလွန်များနေပါသည်။ အိမ်ဦးနှင့်ယဇ်ပလ္လင်





စပ်ကြား၌ ငိုကြွေးခြင်းနှင့်တောင်းလျှောက်ခြင်းဖြစ်သည့် "အိုထာဝရဘုရား၊ ကိုယ်တော်၏လူများကိုသနားတော်မူပါ။ တစ်ပါးအမျိုးသားတို့သည် အစိုးရ၍၊ အမွေတော်တို့ကိုကဲ့ရဲ့စေခြင်းငှာ အပ်နှံတော်မမူပါနှင့်" အလွန်မှနည်းနေပါသည်။ အယူဝါဒနှင့်ဆိုင်သောတရားဟောချက်များတို့ကို ဝိညာဉ်ရေးပြင်းပြသည့်စိတ်ဓာတ်နှင့် ဘုရားမေတ္တာအနည်းငယ်မျှမပါဘဲ ရှည်လျားစွာဟောပြောကြပါသည်။ ရယ်မောဖွယ်ရာပုံတိုပတ်စများနှင့်သက်ဆိုင်သော လက်ဟန်ခြေဟန်ဖြင့် တရားပလ္လင်ပေါ်၌များစွာဟောပြောပြီး ယေရှုခရစ်၏မေတ္တာနှင့်သနားခြင်းကရုဏာကို အနည်းငယ်သာဟောပြောကြပါသည်။ [Ev 640.4]

လူတို့ကိုဟောပြောရုံမျှဖြင့်မလုံလောက်ပါ။ သူတို့နှင့်အတူဆုတောင်းပြီး သူတို့အတွက်ကိုလည်းဆုတောင်းပေးရမည်။ သူတို့ကိုသူစိမ်းကဲ့သို့မဆက်ဆံဘဲ သူတို့ထံသို့ကြင်နာစွာဖြင့်တရင်းတနှီးချဉ်းကပ်ကာ သူတို့၏ဝိညာဉ်ကိုကယ်လိုသောဆန္ဒဖြင့် သူတို့ထံလည်ပတ်ပြီး သူတို့နှင့်အတူစကားပြောဆိုကြရပါမည်။ ယဇ်ပလ္လင်အပြင်ဘက်၌ ကောင်းသောအပြုအမူဖြင့်လုပ်ဆောင်သောဓမ္မဆရာသည် တရားပလ္လင်ပေါ်၌သာ အမြဲတမ်းအချိန်ယူဟောပြောသောဓမ္မဆရာထက် ဆယ်ဆပို၍အောင်မြင်ခြင်းရရှိပါသည်။ Review and Herald, Aug. 8, 1878. [Ev 641.1]

**ရယ်စရာပြောခြင်း၊ ပြက်လုံးထုတ်ခြင်းကိုရှောင်ရှားပါ –** ရယ်စရာပြောခြင်းနှင့်ပြက်လုံးထုတ်ခြင်း၊ ပေါ့ဆခြင်းနှင့်အရေးမကြီးခြင်း၏သဘောသည် အပြစ်သားများတို့အတွက် ဆူးငြောင့်ခလုတ်ဖြစ်ပြီး၊ မသန့်ရှင်းသောစိတ်မွေးမြူသောသူတို့အတွက် ပို၍ဆိုးသောအတားအဆီးဖြစ်စေပါသည်။ ဤထူးခြားသောအသွင်အပြင်ပျိုးထောင်ခြင်းနှင့်အားပေးခြင်းကို တချို့သောသူတို့နှစ်သက်ကြခြင်းသည် သူတို့၏သဘာဝအသက်ရှူရှိုက်ခြင်းကဲ့သို့ဖြစ်သွားပြီး၊ ၎င်း၏ဆိုးသွမ်းခြင်းကိုမလျော့နည်းစေပါ။ ကျွန်ုပ်တို့၏သခင်မှပြောဆိုလိုက်သော အရေးမကြီးသည့်စကားတစ်လုံးကိုဖော်ပြသောအခါ၊ သို့မဟုတ် သူ၏စာရိတ္တမှပေါ့ဆမှုတစ်ခုခုကိုတွေ့ရှိရသောအခါ ထိုပေါ့ဆခြင်းနှင့်အရေးမကြီးခြင်းသည် သူကိုယ်တိုင်

၌ခွင့်လွှတ်နိုင်သောအရာဖြစ်သည်ဟု သူခံစားရပေလိမ့်မည်။ ဤစိတ်ဓာတ်သည် ခရစ်ယာန်စိတ်ဓာတ်မဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်ဖြစ်ရန် ခရစ်တော်နှင့်တူရပါမည်။ ယေရှုသည် စုံလင်သောနမူနာဖြစ်ပြီး၊ သူ၏ပုံသက်သေကို ကျွန်ုပ်တို့အတုယူရပါမည်။ ခရစ်ယာန်တစ်ဦးသည် အမြင့်ဆုံးသောပုံစံရှိသူတစ်ဦးဖြစ်ပြီး ခရစ်တော်၏ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ [Ev 641.2]

ရယ်မောစရာပြောဆိုခြင်း၊ ပေါ့ဆခြင်းနှင့်အရေးမကြီးခြင်းမှတ်ချက်များတို့ကို ပြောဆိုသောသူတချို့တို့သည် သန့်ရှင်းသောတရားပလ္လင်ပေါ်၌ ဂုဏ်သိက္ခာရှိရှိဖြင့် ကျွန်ုပ်တို့တွေ့မြင်ရပေလိမ့်မည်။ သူတို့သည် အရေးကြီးသောအကြောင်းအရာများတို့ကို လေးနက်စွာတွေးတောကာ ချက်ချင်းပြောဆိုနိုင်ပြီး၊ သူတို့၏တရားနာပရိသတ်များအတွက် အလွန်အရေးကြီးသောခိုင်မာသည့်အမှန်တရားများတို့ကို လူသားများသို့အမြဲဟောပြောနိုင်လိမ့်မည်။ သို့သော် မတော်သူတို့ဩဇာညောင်းသော သူတို့၏လုပ်ဖော်ကိုင်ဖက်များ၊ သူတို့၏သတိမမူသောရယ်မောခြင်းပြောဆိုရာ၌ သူတို့နှင့်အတူရှိနေသောသူများတို့ကို တွေ့မြင်ရသောအခါ သူတို့၏အတွေးရေစီးချောင်းကို အဆင်သင့်ပြောင်းလဲနိုင်မည်မဟုတ်ပါ။ သူတို့၌အပြစ်ရှိသည်ဟုခံစားရခြင်း၊ သူတို့၏စိတ်ထဲ၌ရှုပ်ထွေးခြင်းနှင့် သူတို့သည် ကောင်းကင်ဆောင်ပုဒ်များတို့၏လေးနက်ခြင်းနှင့် ခရစ်တော်နှင့်သူ၏ကပ်တိုင်အကြောင်းကိုပြောရန် မသင့်လျော်ခြင်းရှိနေကြောင်း မိမိတို့၏ကိုယ်ကိုပြန်၍တွေ့ရှိကာ ခံစားကြရလိမ့်မည်။ [Ev 641.3]

ကော်မတီစည်းဝေး၌ဖြစ်စေ၊ ဘုတ်အဖွဲ့အစည်းအဝေး၌ဖြစ်စေ မည်သည့်လုပ်ငန်းအစည်းအဝေးများတို့၌မဆို အရေးကြီးသောအကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးရန်နှင့်ဆင်ခြင်ရန်လိုအပ်နေသည့်အခါ ကြံစည်ထားသောပြောဆိုရန်ဟာသဉာဏ်ရှိသည့်အရာများတို့ကိုပြောခြင်းသည် ရယ်မောခြင်းကိုဖြစ်စေသောကြောင့် ခရစ်တော်နှင့်သက်ဆိုင်သောအရာမဟုတ်ပါ။ အချိန်မတန်ဘဲပျော်ရွှင်ရယ်မောခြင်းသည် စိတ်ဓာတ်ကိုပျက်ပြားစေသောအလေ့အထဖြစ်သည်။ တစ်နေ့တာအတွက် အရာခပ်သိမ်းကို ကျွန်ုပ်တို့သည် ပြောင်လှောင်



သရော်ခြင်းသို့ပြောင်းလိုက်သည့်အခါ ဘုရားသခင်၏ဘုန်းတော်ကိုမထင်ရှားစေနိုင်ပါ။ နောက်တစ်နေ့၌ စိတ်ပျက်ခြင်းနှင့်မျှော်လင့်ခြင်းကင်းလုနီးပါးဖြစ်ပြီး၊ ခရစ်တော်ထံမှအလင်းမရရှိဘဲ အပြစ်ရှာရန်နှင့်ညည်းညူမြည်တမ်းရန် အဆင်သင့်ဖြစ်ပေလိမ့်မည်။ ဘုရားသခင်သည် သူ၏သားသမီးများတို့၏ စာရိတ္တခိုင်မာခြင်း၊ ခွန်အားနှင့်ပြည့်ဝခြင်းနှင့်ခိုင်မြဲခြင်းရှိကြောင်း သူတို့ဖော်ပြသည့်အခါနှင့် သူတို့သည် ရွှင်လန်းခြင်း၊ ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းနှင့် ပြည့်ဝသည့်ပင်ကိုယ်စိတ်နေစိတ်ထားရှိကြသောအခါ သူ့အားကျေနပ်နှစ်သက်စေပါသည်။ [Ev 642.1]

အကယ်၍ စိတ်သဘောထားသည် ကောင်းကင်အရာများအပေါ်ဗဟိုပြုပါက အပြောအဆိုတို့သည် လမ်းကြောင်းတစ်ခုတည်း၌ရှိနေမည်ဖြစ်သည်။ စိတ်နှလုံးသည် ခရစ်ယာန်မြော်လင့်ခြင်း၏လေးနက်သောအတွေးဖြင့် ပြည့်လျှံမည်ဖြစ်ပြီး၊ အလွန်ကြီး၍တန်ဖိုးရှိသောကတိတော်များတို့သည် ကျွန်ုပ်တို့၏ခွန်အားပေးခြင်းအတွက် မှတ်တမ်းကျန်ရစ်မည်ဖြစ်သည်။ ထိုနောက် ဘုရားသခင်၏ကရုဏာနှင့်ကောင်းမြတ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းသည် လှုံ့ဆော်စရာမလိုဘဲ အလိုအလျောက်ဖြစ်ပေါ်ကာ ၎င်းပျော်ရွှင်ခြင်းသည် မည်သူသမျှလုယူနိုင်မည်မဟုတ်ပါ။ Review and Herald, June 10, 1884. [Ev 642.2]

**ပျော်ပျော်နေတတ်သောဓမ္မဆရာများ –** သင်၏နယ်အတွင်း၌ လူတစ်ယောက်ရှိသည်။ (ကျွန်ုပ်သူ့နာမည်မသိပါ။) ထိုသူသည် နယ်အတွင်း၌ ဓမ္မဆရာတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ရန်မသင့်လျော်ပါ။ အကြောင်းမှာ၊ အမှန်တရားရှာဖွေသောသူတို့၏စိတ်ထဲ၌ သူ၏ဩဇာသည် လက်ခံ၍မရခြင်းကြောင့်ဖြစ်သည်။ ထိုသူကိုကျွန်ုပ်အားညွှန်ပြရာ ဤစကားသံကိုကြားရပါသည်။ “ဘုရားသခင်၏အမှုတော်၌ပြောင်းလဲခြင်းမရှိ၊ နောက်ပြောင်ပြောဆိုတတ်သောဓမ္မဆရာများမလိုအပ်ပါ။ ဤပုဂ္ဂိုလ်၏စိတ်ဓာတ်သည် ကျွန်ုပ်တို့ပါဝင်လုပ်ဆောင်ကြသော အလွန်အရေးကြီးသည့်အလုပ်နှင့် လုံးဝညီညွတ်ခြင်းမရှိပါ။” ကျွန်ုပ်

တို့ယုံကြည်သောအမှန်တရားကို သူတစ်ပါးယုံကြည်ရန် မည်သည့်ပေါ့ဆသော သူတစ်ဦးတစ်ယောက်မျှ ဟောပြောရန်မလိုပါ။ ပေါ့ပေါ့ဆဆ၊ ပျော်ပျော်ပါးပါး စိတ်နေစိတ်ထားရှိသူတစ်ဦးသည် အသင်းတော်များကို သူ၏စိတ်ဓာတ် တစ်မျိုးတည်းဖြင့်ဖောင်းကြွစေပြီး ကောင်းသောအမှုဆောင်ဆယ်ယောက်ပင် ၎င်းမကောင်းသောစိတ်ဓာတ်ကို ဖျောက်ဖျက်၍မရပါ။ [Ev 642.3]

ဘုရားသခင်၏ပြောင်းလဲခြင်းတန်ခိုးသည် ဓမ္မဆရာများတို့၏စိတ်နှလုံး ထဲသို့ရောက်ရှိလာရမည်။ ထိုသို့မဟုတ်ပါက သူတို့သည် အခြားသောအလုပ် ကိုရှာရပါမည်။ အကယ်၍ခရစ်တော်၏သံတမန်များတို့သည် လူတို့ထံသို့ အမှန်တရားဟောပြောခြင်း၏လေးနက်မှုကိုနားလည်ပါက သူတို့သည် မိမိတို့ ၏ကိုယ်ကိုဆင်ခြင်သောသူ၊ တွေးတောတတ်သောသူများ၊ ဘုရားသခင်နှင့်အတူ အမှုဆောင်များဖြစ်ကြပါလိမ့်မည်။ အကယ်၍သူတို့သည် ခရစ်တော်၏တပည့် တော်များကို သူပေးခဲ့သောစေခိုင်းချက်၏မှန်သောအသိတရားရှိကြပါက သူတို့ သည် ရိုသေလေးစားစွာဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်ပြီး ဘုရားသခင်ထဲမှညွှန်ကြားချက်ကိုနားထောင်ကာ ကောင်းကင်မှပညာကိုတောင်းခံ ခြင်းနှင့် သူတို့သည် အသက်ရှင်သောသူနှင့်သေသောသူစပ်ကြား၌ မတ်တတ်ထ နေသကဲ့သို့၊ သူတို့သည် ဘုရားသခင်ထံသို့ သူတို့၏လက်ထဲမှလုပ်ဆောင် ခဲ့သည့်ရလဒ်ကို စာရင်းရှင်းရန်ပေးအပ်ရမည်ဖြစ်ကြောင်း သူတို့နားလည်ကြ ပါလိမ့်မည်။ [Ev 643.1]

ယေရှုမပါဘဲ ဓမ္မဆရာဘာပြုလုပ်နိုင်မည်နည်း။ ဘာမျှမလုပ်နိုင်ပါ။ ထိုနောက် အကယ်၍သူသည် ပေါ့ပေါ့ဆဆနှင့်ပြက်လုံးထုတ်တတ်သောသူ ဖြစ်ပါက ဘုရားသခင်ပေးသောတာဝန်ကိုဆောင်ရွက်ရန် အဆင်သင့်ရှိမည် မဟုတ်ပါ။ ယေရှုပြောသည်မှာ၊ “ငါနှင့်ကွာလျှင်၊ သင်တို့သည် အဘယ်အမှု ကိုမျှမတတ်နိုင်ကြ။” နှုတ်မှထွက်ပေါ်လာသော မထီလေးစားစကားများ၊ တန်ဖိုး မဲ့ပုံတိုပတ်စများ၊ ရယ်မောဖွယ်ပြောဆိုသောစကားများအားလုံးတို့သည်



ဘုရားသခင်၏နှုတ်ကပတ်မှ မကောင်းသောအရာများဖြစ်ကြောင်းပြောပြီး သန့်ရှင်းသောပလ္လင်ပေါ်၌ လုံးဝနေရာမရှိပါ။ [Ev 643.2]

ဓမ္မဆရာများတို့သည် ပြောင်းလဲသောသူများမဟုတ်ပါက အသင်းတော် များတို့သည် မကြာခဏဖျားနာပြီး သေဆုံးသွားမည်ဖြစ်သည်။ ဘုရားသခင် ၏တန်ခိုးသာလျှင် လူသားတို့၏စိတ်နှလုံးကိုပြောင်းလဲပေးစေနိုင်ပြီး ခရစ်တော် ၏မေတ္တာဖြင့်ပြည့်ဝစေလိမ့်မည်။ ဘုရားသခင်၏တန်ခိုးသာလျှင် ပြင်းထန် သောစိတ်များတို့ကိုပြုပြင်၍ ပျော့ပျောင်းစေနိုင်ပြီး၊ ချစ်ခင်မြတ်နိုးခြင်းကို ဖြူစင် စေနိုင်ပါသည်။ ဓမ္မဆရာအားလုံးတို့သည် မိမိတို့၏နေမြင့်သောစိတ်နှလုံး တို့ကို နှိမ့်ချရပါမည်။ သူတို့၏အလိုဆန္ဒကို ဘုရားသခင်၏အလိုဆန္ဒသို့ အပ်နှံပြီး သူတို့၏အသက်တာကို ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထား ရပါမည်။ [Ev 643.3]

သာသနာလုပ်ငန်း၏ရည်မှန်းချက်သည် မည်သည့်အရာဖြစ်သနည်း။ ၎င်းသည် ရယ်ရွှင်ဖွယ်ကောင်းသောအရာကို ဘာသာရေးကိစ္စနှင့်ရောထွေးစေ ရမည်လား။ ဇာတ်ရုံသည် ထိုသို့သောပွဲများအတွက်ဖြစ်သည်။ အကယ်၍ ခရစ်တော်သည် စိတ်နှလုံးအတွင်း၌ကိန်းအောင်းနေပါက၊ အကယ်၍ အမှန် တရားနှင့်၎င်း၏ဖြူစင်သောတန်ခိုးသည် စိတ်နှလုံး၏တဲတော်အတွင်းသို့ယူဆောင် လာပါက သင်တို့အထဲ၌ လူရွှင်တော်ရှိမည်မဟုတ်ပါ။ ပျက်စီးသောဝိညာဉ် များကို ခရစ်တော်၏တန်ဖိုးရှိသောသင်ခန်းစာများနှင့်သင်ပေးနိုင်မည့် ဒေါသ ကြီးသော၊ စိတ်ဓာတ်မကောင်းသော၊ စိတ်ဆတ်သောပုဂ္ဂိုလ်များတို့လည်း ရှိမည်မဟုတ်ပါ။ Letter 15, 1890. [Ev 644.1]

**သတိရှိစွာလျှောက်လှမ်းခြင်း –** ကြွေးရခြင်းအားလုံး၊ အလွန်အများ၌ ဖြစ်တတ်သည့်အရာ၊ ပွဲလမ်းသဘင်ဆန်သောအမှုအရာများ၊ ပေါ့ဆခြင်းနှင့် တန်ဖိုးမရှိသောအရာများအားလုံး၊ ရယ်မောစရာနှင့်ပြောင်လှောင်ခြင်းအားလုံး တို့ကို ခရစ်တော်၏ထမ်းပိုးထမ်းရွက်သောသူအားလုံးတို့မှ “မသင့်လျော်သော အရာများ” အဖြစ် တွေ့မြင်ရပါမည်။ ၎င်းတို့သည် ဘုရားသခင်ကိုပြစ်မှား

ခြင်းနှင့် ခရစ်တော်ကိုငြင်းပယ်ခြင်းဖြစ်ပါသည်။ ခိုင်မာသောအတွေးနှင့်ခိုင်မာသောအလုပ်အတွက် မသင့်လျော်သောသဘောထားဖြစ်ပါသည်။ ၎င်းသည် လူတို့အား အရည်အသွေးမရှိသူများ၊ အပေါ်ယံသမားများနှင့် ဝိညာဉ်ရေးရောဂါခံစားရသူများတို့ကို ပြုလုပ်ပေးပါသည်။ [Ev 644.2]

ဓမ္မအမှုဆောင်တိုင်း တည်ငြိမ်အေးဆေးသောသူများဖြစ်ကြပါစေ။ ခရစ်တော်၏အသက်တာကို သူတို့လေ့လာကြသောအခါ၊ သတိရှိစွာဖြင့် လျှောက်လှမ်းခြင်းလိုအပ်ကြောင်း သူတို့တွေ့မြင်ရလိမ့်မည်။ အကယ်၍ သူတို့သည် ဖြောင့်မတ်ခြင်း၏နေမင်းနှင့်ဆက်သွယ်ခြင်း၊ ရွှင်လန်းပျော်ရွှင်သောစိတ်ဖြင့် သူတို့အားအမှောင်ထုထဲမှ သူ၏အံ့ဩဖွယ်သောအလင်းသို့ခေါ်ဆောင်သော သူ၏ချီးမွမ်းခြင်းကိုပြသနိုင်ပါက ၎င်းအတိုင်းသူတို့ဖြစ်နိုင်ရုံမျှမက ဖြစ်ပါလိမ့်မည်။ အပြောအဆိုများတို့သည် ဖြူစင်မည်ဖြစ်ပြီး၊ သိမ်ဖျင်းသောစကားများမှ လုံးလုံးကင်းစင်ပေလိမ့်မည်။ Manuscript 8a, 1888. [Ev 644.3]

## အမှုထမ်းရန်တင်လျှောက်ခြင်း

**သူ၏အမှုတော်၌ဆက်ကပ်ခြင်း –** ခရစ်တော်သည် သူလာပြီးဆောင်ရွက်ရန်အလုပ်၌ စိတ်ဝင်စားလျက်၊ အချိန်ကိုအသုံးပြုခဲ့သည်။ ပျောက်ဆုံးသောသူများတို့အား ကယ်တင်ရမည့်အလုပ်အတွက် သူ၏ကြီးမားသောမေတ္တာကို ထူးခြားသောအချိန်အခါတိုင်း၌ သူဖော်ပြခဲ့ပါသည်။ Manuscript 132, 1902. [Ev 644.4]

**အမှုဆောင်၏နှလုံးသားအလုပ် –** ဤအလုပ်ကို ဘုရားသခင်၏အလုပ်ကဲ့သို့လုပ်ဆောင်ပါ။ စဉ်းစားခြင်းနှင့်သည်းခံခြင်းဖြင့် ၎င်းအလုပ်ကိုဆောင်ရွက်ပါ။ ဤအလုပ်သည် သခင်ထောက်ခံမည့် စစ်မှန်သောအလုပ်ဖြစ်သည်။ သင့်အပေါ်၌ကျရောက်သောတာဝန်ကို ရှင်းလင်းသောအသိတရားဖြင့်ဆောင်ရွက်ပါ။ ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သင်နှင့်အတူရှိပြီး၊ သစ္စာ



ရှိသောသူများအပေါ် ကောင်းကင်တံဆိပ်ကိုရိုက်နှိပ်ပြီး သစ္စာမရှိသောသူတိုင်းတို့အား စီရင်သွားမည်ကိုသင်သိရှိပါ။ [Ev 644.5]

ဆောင်ရွက်ရန်လိုအပ်သည့်အရာများတို့ကို ရဲရင့်စွာဆောင်ရွက်ပြီး၊ ၎င်းလုပ်ငန်းထဲ၌ စိတ်ဝင်စားမှုကိုထားလျက် ပျော်ရွှင်စွာဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်မှုကိုရယူပါ။ ထိုသို့ဖြင့် ဘုရားသခင်၏ဘုန်းတော်ကို သင်ထင်ရှားစေလိမ့်မည်။ [Ev 645.1]

သင်၏အလုပ်ကိုသစ္စာရှိစွာလုပ်ဆောင်သကဲ့သို့ သင်၏စိတ်ဓာတ်သည် ခရစ်တော်၏စိတ်ဓာတ်သို့ ပြောင်းလဲသွားလိမ့်မည်။ ဆုတောင်းခြင်းနှင့်အသနားခံခြင်းအားဖြင့် ဘုရားသခင်၏ကောင်းချီးကတိတော်အတွက်ရှာဖွေပါ။ အလုပ်ပြီးမြောက်ရန်အတွက် မှန်သောအသိဉာဏ်ကိုသင့်အားပေးရန် ဘုရားရှင်ထံသို့တောင်းခံပါ။ မည်သို့သောဆန့်ကျင်သည့်ဩဇာအားဖြင့် သင်၏ကိုယ်ကိုဆွဲဆောင်ခြင်း၊ သို့မဟုတ် ဟန့်တားခြင်းမဖြစ်စေပါနှင့်။ သင့်မိတ်ဆွေများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန်၊ သင်၏တာဝန်ကို သစ္စာရှိစွာဖြင့် ဆောင်ရွက်ပါ။ လုပ်ငန်းပြီးစီးရန်အတွက် သင်၏လုပ်ငန်းအပေါ် သင်အပြည့်အဝစိတ်ဝင်စားခြင်းရှိသကဲ့သို့ သင်၏လုပ်ဖော်ကိုင်ဖက်များတို့နှင့် စစ်မှန်သောမိတ်သဟာယဖွဲ့ခြင်းသို့ သင့်အားပို့ဆောင်ပေးလိမ့်မည်။ သင်၏ညီအစ်ကိုအထဲ၌ ခရစ်တော်ကိုသင်တွေ့မြင်ရလိမ့်မည်။ [Ev 645.2]

စိတ်ဝင်စားခြင်းမရှိသောအလုပ်အားလုံးသည် ငြီးငွေ့ဖွယ်ရာဖြစ်သည်။ အချိန်သည် ရွှေကဲ့သို့တန်ဖိုးရှိသည်။ လုပ်ဆောင်ရန်အလုပ်ရှိပြီး၊ လုပ်ဆောင်ကြသောအခါ စိတ်ပါဝင်စားစွာဖြင့်လုပ်ဆောင်ကြရမည်။ ဘုရားသခင်တာဝန်ပေးထားသောလုပ်ငန်းကို ကျွန်ုပ်တို့လုပ်ဆောင်ကြရမည်။ အေးအေးဆေးဆေး၊ ပျင်းပျင်းရိရိဖြင့်မဟုတ်ဘဲ မေတ္တာဖြင့်လုပ်ဆောင်ကြရမည်။ သင်၏လုပ်ငန်း၌ သင်၏အမြင့်ဆုံးသောတန်ခိုးနှင့် ကြင်နာသနားခြင်းများအားဖြင့်လုပ်ဆောင်ပါ။ သင်နှင့်အတူခရစ်တော်ပါရှိကြောင်း သင်တွေ့ရလိမ့်မည်။ သူပါရှိခြင်းအားဖြင့် သင့်ဝန်ထုပ်ပေါ့ပြီး၊ သင့်စိတ်နှလုံးသည် ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝလိမ့်မည်။

ဘုရားသခင်နှင့်ညီညွတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်းနှင့်ယုံကြည်စိတ်ချခြင်းတို့ဖြင့် လုပ်ဆောင်နိုင်ကြပေလိမ့်မည်။ [Ev 645.3]

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုအစပြုပြီး အဆုံးစီရင်သောခရစ်တော်ကို အမြဲကြည့်ပြီး၊ ကျွန်ုပ်တို့၏လက်တွင်းသို့ပေးအပ်ထားသောတာဝန်များတို့ကို သစ္စာရှိစွာဆောင်ရွက်ကြသော ရိုးသားပြီးစိတ်အားထက်သန်သည့်ခရစ်ယာန်များဖြစ်ကြရမည်။ ကျွန်ုပ်တို့ရရှိမည့်ဆုလာဘ်သည် ကျွန်ုပ်တို့၏အောင်မြင်ခြင်းအပေါ်၌အမှီမပြုဘဲ ကျွန်ုပ်တို့၏အလုပ်ကိုဆောင်ရွက်သွားသောစိတ်ဓာတ်အပေါ်၌သာ အမှီပြုပါသည်။ [Ev 645.4]

လူတစ်ကိုယ်လုံး၏တန်ခိုးများတို့သည် ကိုယ်ကျိုးမငဲ့သည့်အမှုတော်၌ ပါဝင်ထမ်းဆောင်ရမည်။ စွမ်းရည်တိုင်းကိုအသုံးပြုကြရမည်။ အတိတ်ကာလထက် အနာဂတ်ကာလ၌ပို၍ကောင်းစေရန် တိုးတက်မှုပြုပါ။ သင်၏စွမ်းရည်များကိုလဲလှယ်သူများထံသို့ဖော်ပြပါ။ အကြောင်းမှာ ခရစ်တော်သည် ဝိညာဉ်များတို့အတွက် ဆာငတ်လျက်ရှိသည်။ Manuscript 20, 1905. [Ev 646.1]

**စွမ်းအားနှင့်တိကျပြည့်စုံခြင်း** – ဘုရားသခင်သည် သူ၏အလုပ်ကို ပေါ့ပေါ့ပျက်ပျက်တန်ဖိုးမဲ့ထားပြီးဆောင်ရွက်ခြင်းကို သူမနှစ်သက်ပါ။ မောပန်းနွမ်းနယ်သောအလုပ်တစ်ခုကဲ့သို့ တရွေ့ရွေ့အချိန်ဆွဲပြီးလုပ်ကိုင်ခြင်းကိုလည်း သူမနှစ်သက်ပါ။ နှောင့်နှေးခြင်း၊ စိတ်မပါသောလှုပ်ရှားခြင်းအားဖြင့် ကျွန်ုပ်တို့၌ဖြုန်းတီးရန်အချိန်မရှိပါ။ ကျွန်ုပ်တို့ဆောင်ရွက်သောအမှုတော်လုပ်ငန်းတိုင်း၌ စိတ်ဝင်စားမှုကိုထားရှိခြင်းအားဖြင့် ကျွန်ုပ်တို့၏အလုပ်ကို စိတ်ဝင်စားမှုဖြစ်စေသော၊ ပညာရရှိစေသောအလုပ်ဖြစ်စေလိမ့်မည်။ Letter 147a, 1897. [Ev 646.2]

**ဖွဲ့ရှိသောစွမ်းအားနှင့်ကောင်းမွန်စွာအာရုံစိုက်ခြင်း** – ယာယီကိစ္စများနှင့်စီးပွားရေးလုပ်ငန်းများတို့၌ ဖွဲ့ရှိသောစွမ်းအားနှင့် နီးကပ်စွာအာရုံစိုက်ခြင်းချို့တဲ့နေသောအခါ၊ ဝိညာဉ်ရေးကိစ္စများတို့၌လည်း တစ်မျိုးတည်းသောချို့တဲ့ခြင်းကိုတွေ့ရှိရလိမ့်မည်။ Testimonies, vol. 2, p. 498. [Ev 646.3]

**မာရ်နတ်မှအနိုင်ယူရန်စီမံခြင်း** – နှေးကွေးရန်နှင့်ပုံမှန်လုပ်ဆောင်ရန်နှင့်အခွင့်အရေးများတို့ကို တိုးတက်ခြင်းမပြုလုပ်ဘဲကျော်လွန်သွားခြင်းကိုခွင့်ပြုရန်သင်၏ကျဆင်းခြင်းအခြေအနေကို ရည်ညွှန်း၍ပြသခဲ့ပြီးသည်နှင့် သင်သည်အချိန်တန်ဖိုးမထားခြင်း၊ စိတ်ဝင်စားမှုမရှိခြင်းနှင့် ကိစ္စများတို့ကိုပုံမှန်သဘောအားဖြင့်ဆောင်ရွက်သွားခြင်းကြောင့် တစ်ကြိမ်ပြီးတစ်ကြိမ် သင့်ကိုမာရ်နတ်အနိုင်ယူသွားခဲ့ပါသည်။ ဘုရားရှင်ထံမှစိမ်းကားသွားသောသူများတို့နှင့် ဖြစ်ခဲသောဂရုမမူသည့်အလုပ်၌ သင်ပါဝင်လုပ်ဆောင်ရသည့်အတွက် သူတို့၏ကိုယ်စား စိတ်ထက်သန်စွာအကောင်းဆုံးကြိုးစားလုပ်ဆောင်သောသူတို့ကိုလိုအပ်လျက်ရှိပါသည်။

အကယ်၍ သင်၏လုပ်ငန်းများအတွက် သင်သည် ဤအချိန်တစ်လျှောက်၌ ချိုင့်ဝှမ်း၌သာလျှင်ရှိနေပြီး သင်၏အောင်မြင်မှုကိုဖော်ပြနိုင်သည့်အရာဘာမျှမရှိပါက ဤလုပ်ငန်းအတွက်သင်သည် ဆောင်ရွက်ရန်မသင့်လျော်သူတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ [Ev 646.5]

ဤစည်းဝေးများကိုတတ်အားသရွေ့ စိတ်ဝင်စားဖွယ်အကောင်းဆုံးပြုလုပ်ရန် သင်စီမံပါသလား။ သင်သည် ဤလုပ်ငန်းအပေါ်ဝန်ထုပ်အဖြစ်သင်ထားလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သင်သည် တဲ၌နေပါသလား၊ မြေပြင်ပေါ်၌နေပါသလား၊ သို့မဟုတ် အိမ်ပြန်ရန်အတွက် နေ့စဉ်လိုအပ်သည့်အရာများကိုပြုလုပ်ပြီး လုပ်ငန်းနှင့်မသက်ဆိုင်သောဝန်ထုပ်များတို့ကိုစုသိမ်းထားပါသလား။ ဘုရားရှင်အမှုတော်၌ ဤအလုပ်သည် မှောင်မိုက်သောအကျင့်စရိုက်ရှိသူများတို့နှင့်ရင်ဆိုင်ရခြင်း၊ ကိုယ်ကျိုးစွန့်ရန်လိုအပ်ခြင်း၊ ရန်းကန်ရန်၊ ဖွဲ့လုံ့လဖြင့်ကြိုးစားလုပ်ဆောင်ရန်နှင့် ထက်သန်သောယုံကြည်ခြင်းရှိရန်လိုအပ်သည်။ အများသောသူတို့သည် အကယ်၍မိမိတို့အခွင့်အရေးရရှိကြပါက၊ ဘုရားသခင်အတွက်ကြီးမားသောအလုပ်ကိုလုပ်နိုင်သည်ဟု

မိမိတို့ကိုယ်ကို ကြွားဝါကြပါသည်။ သို့သော် သူတို့အားအရာတစ်ခုခုမှ အမြဲတားဆီးထားပါသည်။ ဘုရားသခင်သည် သူတို့ဆန္ဒရှိသည့်အတိုင်းမလုပ်နိုင်ရန် သူတို့၏လမ်းကိုကာဆီးထားပါသည်။ ကျွန်ုပ်တို့၏လမ်းခရီး၌ မည်သည့်ကြီးမားသောအခွင့်အရေးကို မျှော်လင့်၍မရပါ။ သို့သော် ချက်ချင်းဆောင်ရွက်နိုင်သည့် စွမ်းအားကောင်းသောလုပ်ဆောင်ခြင်းဖြင့် ကြုံတွေ့ရသောအခွင့်အရေးများတို့ကို ကျွန်ုပ်တို့ဆုပ်ကိုင်ပြီး၊ ဤအခွင့်အရေးများကိုယူကာ အခက်အခဲများတို့ကို ပိုင်ပိုင်နိုင်နိုင်ကျော်လွှားပါ။ [Ev 646.6]

သင်သည် ကောင်းကင်မှအရေးကြီးသောစွမ်းအားကို လိုအပ်ပါသည်။ ကျွန်ုပ်တို့၏အလုပ်၌ ပူနေသောသံကိုရိုက်ရုံသာမဟုတ်ဘဲ၊ ရိုက်ခြင်းအားဖြင့် သံကိုပူအောင်ပြုလုပ်ရပါမည်။ နှေးကွေးသော၊ လွယ်ကူသော၊ ပျင်းရိသောလှုပ်ရှားခြင်းများသည် ဤအလုပ်၌ကျွန်ုပ်တို့အတွက် ဘာမျှအကျိုးပြုမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အချိန်အခါမရွေး အဆင်သင့်အမြဲရှိရမည်။ ဤအရာတို့သည် အလုပ်အတွက်အရေးကြီးသောအရာဖြစ်သည်။ တုံ့ဆိုင်းခြင်းနှင့်အချိန်ဆွဲခြင်းအားဖြင့် ကောင်းသောအခွင့်အရေးများစွာတို့ကို ကျွန်ုပ်တို့ဆုံးရှုံးကြရပါသည်။ [Ev 647.1]

သင်ဆောင်ရွက်သောလုပ်ငန်း၏လမ်း၌ ကာဆီးထားသောအရာသည် ဆုံးဖြတ်ချက်မချနိုင်ခြင်း၊ ရည်ရွယ်ချက်ပျော့ညံ့ခြင်း၊ မပြတ်သားခြင်းတို့ဖြစ်သည်။ ဘုရားသခင်သည် သင့်ကိုလက်နက်တပ်ဆင်ပေးပြီး၊ သင်၏သခင်အလုပ်ကိုဆောင်ရွက်နိုင်ပါစေ။ Letter 13, 1886. [Ev 647.2]

**လုံ့လဝီရိယရှိခြင်း၊ သစ္စာရှိခြင်း၊ ခေါင်းဆောင်မှုကိုနာခံခြင်း –** ခရစ်တော်နိုင်ငံတော်၏စိတ်ဝင်စားခြင်းများတို့သည် ယာယီတည်မြဲသောအရာများတို့ထက် ပို၍အရေးကြီးသောလုံ့လဝီရိယရှိခြင်းနှင့်သစ္စာရှိခြင်းများ၊ ဝိညာဉ်ရေးနှင့်ထာဝရတည်မြဲသောအရာများတို့ကို ပို၍ကြီးမားသောအတိုင်းအတာ၌ စွဲလမ်းခြင်းရှိရန်တောင်းဆိုပါသည်။ ပျော့ညံ့သောလုပ်ဆောင်ခြင်း၊ ပျင်းရိခြင်း၊ နှောင့်နှေးသောလှုပ်ရှားခြင်းမရှိရပါ။ ထိုအရာတို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ဝိညာဉ်



များနှင့် အခြားသူများတို့၏ဝိညာဉ်များအတွက်ကိုပါ ဘေးအန္တရာယ်ကျရောက်စေမည်ဖြစ်သည်။ [Ev 647.3]

တပ်တစ်တပ်သို့ဗိုလ်ချုပ်ကြီးမှပေးသောအမိန့်ကို မိမိလက်အောက်ရှိအရာရှိများတို့မှ သူတို့အတွက်ပေးသောအမိန့်သည် မှန်ကန်ခြင်းမရှိသောကြောင့်နာခံရန်ငြင်းပယ်ရမည်လား။ ထိုကဲ့သို့ပြုပါက တပ်တစ်တပ်လုံးအတွက် ဆုံးရှုံးခြင်းပင်ဖြစ်ပါလိမ့်မည်။ စစ်သားများအားလျော့သွားကြမည်ဖြစ်သည်။ သူတို့၏စိတ်ထဲ၌ထွက်ပေါ်လာသည့်မေးခွန်းမှာ ဤကဲ့သို့ပြုခြင်းသည် ပို၍ကောင်းသောနည်းလမ်းတစ်ခုမဟုတ်ပါလား။ သို့သော် ပို၍ကောင်းသောလမ်းရှိမည်ဖြစ်သော်လည်း အမိန့်ကိုသာနာခံရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် ဆုံးရှုံးခြင်းနှင့်ကြီးမားသောဘေးအန္တရာယ်ကို ကြုံတွေ့ကြရမည်ဖြစ်သည်။ ခေတ္တဆိုင်းငံ့ခြင်းသည် အောင်မြင်ရမည့်အခွင့်အရေးကိုမရရှိဘဲ ဆုံးရှုံးခြင်းသာလျှင်ဖြစ်ပါလိမ့်မည်။ [Ev 647.4]

ကောင်းသောစစ်သားတိုင်း စစ်ဗိုလ်မှချမှတ်ထားသောအမိန့်ကို လုံးလုံးလျားလျားလျင်မြန်စွာနားထောင်သူများဖြစ်ကြသည်။ အမိန့်ပေးသူ၏အလိုဆန္ဒသည် စစ်သား၏အလိုဆန္ဒဖြစ်ရမည်။ တစ်ခါတစ်ရံ စစ်သားသည် ပေးသောအမိန့်အတွက်အံ့အားသင့်ပေလိမ့်မည်။ သို့သော် အကြောင်းရင်းကိုစုံစမ်းမေးမြန်းခြင်းမပြုရပါ။ စစ်ဗိုလ်၏အမိန့်သည် စစ်သား၏အလိုဆန္ဒနှင့်ဆန့်ကျင်နေသော်လည်း ဆိုင်းငံ့ရန်၊ စောဒကတက်ပြီး ဤစီမံကိန်းများမမှန်ကြောင်းကျွန်ုပ်တွေ့ရသည်ဟု ပြောစရာမလိုပါ။ ဆင်ခြင်ပေးပြီးလုပ်ရမည့်အလုပ်ကိုချန်ထားခြင်းမပြုရပါ။ ၎င်းစစ်သားများတို့သည် လောကလုပ်ငန်း၌ပါဝင်လုပ်ဆောင်ရန်မသင့်လျော်သည့်အတွက် လက်ခံ၍မရသကဲ့သို့ ခရစ်တော်၏တပ်ထဲ၌ တပ်သားများအဖြစ်လက်ခံရန် ပို၍မသင့်လျော်သောသူများဖြစ်ပါလိမ့်မည်။ ခရစ်တော်အမိန့်ပေးသောအခါ မဆိုင်းမတွဘဲ သူ၏တပ်သားများနာခံကြရပါလိမ့်မည်။ သူတို့သည် သစ္စာရှိသောစစ်သားများဖြစ်ရမည်။ သို့မဟုတ်လျှင် သူတို့ကိုခရစ်တော်လက်ခံမည်မဟုတ်ပါ။ လွတ်လပ်စွာရွေးချယ်

ပိုင်ခွင့်ကို လူတိုင်းအားပေးထားပါသည်။ သို့သော် လူတစ်ယောက်ပါဝင်ရန် စာရင်းသွင်းလာသောအခါ ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ သူသည် သံမဏိကဲ့သို့ခိုင်မာစွာသစ္စာရှိရမည်။ Manuscript 71/2, 1900. [Ev 648.1]

**စည်းကမ်းရှိသော၊ ပုံပန်းကျသောစိတ်သဘောထားလိုအပ်သည် –** နှုတ်ကပတ်ကိုသင်ကြားသောသူတို့သည် စိတ်ဓာတ်နှင့်ဆိုင်သောစည်းကမ်းကို မရှောင်ရှားသင့်ပါ။ အမှုဆောင်တိုင်း၊ ကုမ္ပဏီဝန်ထမ်းများတို့သည် မှန်သောအတွေးနှင့် အပြုအမူအကျင့်ဓလေ့များ၏ဆောက်တည်ခြင်းသို့ ပို့ဆောင်နိုင်ရန်အတွက် ဖွဲ့လုံ့လဖြင့်ကြိုးစား၍ ဥပဒေများနှင့်စည်းကမ်းချက်များတို့ကို ချမှတ်ထားပါသည်။ ထိုသို့သောသင်တန်းသည် သူတို့၏သာသနာ့လုပ်ငန်းအမှားများကင်းရှင်းရန်နှင့် သူတို့၏တရားဟောချက်များရှင်းလင်းခြင်း၊ တိကျခြင်း၊ သဘောပေါက်ခြင်းရှိစေရန်အတွက် ပျိုရွယ်သောအမျိုးသားများအတွက်ပါမက ဝါရင့်အမှုဆောင်များတို့အတွက်ပါ လိုအပ်ပါသည်။ [Ev 648.2]

တချို့စိတ်ဓာတ်များတို့သည် အခြားအရာများတို့ထက်ရေးကျသည့်ရှားပါးသောဆိုင်တို့နှင့်ပို၍တူပါသည်။ ပုံမမှန်သောအပိုင်းအစများစွာနှင့် အမှန်တရား၏ကျန်ကြွင်းသောအပိုင်းအစလေးများတို့ကိုကောက်ယူပြီး သိမ်းဆည်းထားပါသည်။ သို့သော် ရှင်းလင်းစွာနှင့်ဆက်သွယ်ပေးနိုင်သောအမှုအရာဖြင့် ၎င်းတို့ကိုမည်ကဲ့သို့ဟောပြောရမည်ကို သူတို့မသိပါ။

၎င်းသည် ဤအတွေးအခေါ်များမှာ တစ်ယောက်နှင့်တစ်ယောက် သူတို့အားတန်ဖိုးပေးသောဆက်သွယ်ခြင်းဖြစ်သည်။ အတွေးအခေါ်တိုင်းနှင့် မိန့်မှာချက်တို့သည် သံကြိုးတစ်ချောင်းကဲ့သို့ သံကွင်းများတို့သည် တစ်ခုနှင့်တစ်ခုနီးကပ်စွာဆက်သွယ်ခြင်းရှိသင့်သည်။ အမှုဆောင်တစ်ဦးသည် များစွာသောအကြောင်းအရာတို့ကို လူတို့ရှေ့၌ဟောပြောသောအခါ၊ သူတို့ခံယူရန်ခက်ခဲသောကြောင့် သူ၏ဆောင်ရွက်မှုများသည်အကျိုးမရှိပါ။ လူအနည်းငယ်သာ ၎င်းကိုပြုလုပ်နိုင်မည်။ Review and Herald, April 6, 1886. [Ev 648.3]



**စနစ်ကျသောလုပ်ငန်းသည်အောင်မြင်ခြင်းကိုလျင်မြန်စေသည် –** မည်သည့်နည်းစနစ်မျှမရှိသော ပျိုရွယ်သည့်အမျိုးသားနှင့်အမျိုးသမီးများတချို့တို့သည် မိမိတို့၏အလုပ်ကို လုပ်ဆောင်နေကြသည်။ သူတို့သည် အမြဲပင်အလုပ်များနေသော်လည်း အနည်းငယ်သာအကျိုးခံစားကြရသည်။ သူတို့၏အလုပ်၌ မှားယွင်းသောအတွေးအခေါ်များရှိနေသော်လည်း သူတို့ကြိုးစားလုပ်ဆောင်နေသည်ဟု သူတို့ထင်ကြသည်။ အကယ်၍ သူတို့၏အလုပ်၌ နည်းစနစ်ကိုကျင့်သုံးပြီး၊ ၎င်းစနစ်ဖြင့် သတိရှိစွာဖြင့်သူတို့လုပ်ဆောင်ရမည့်အလုပ်ကိုဆောင်ရွက်ကြပါက အချိန်တိုတစ်ခုအတွင်း လုပ်ငန်းများစွာပြီးမြောက်မည်ဖြစ်သည်။ အထူးအရေးမကြီးသောကိစ္စများအတွက် အချိန်ဖြုန်းခြင်းအားဖြင့် ပို၍အရေးကြီးသောတာဝန်များတို့ကို ဆောင်ရွက်ကြရမည့်အစား၊ သူတို့သည် အလုပ်ရှုပ်နေကြရပါသည်။ သူတို့သည် အမြဲအလုပ်လုပ်နေကြပြီး သူတို့ကြိုးစားလုပ်ဆောင်နေသည်ဟု မိမိတို့ကိုယ်ကိုထင်နေကြသော်လည်း သူတို့၏ကြိုးစားမှုများမှာ အနည်းငယ်သာအကျိုးသက်ရောက်ခြင်းရှိပါသည်။ The Youth's Instructor, Aug. 31, 1893. [Ev 649.1]

**စနစ်နှင့်နှောင့်နှေးမှုမရှိခြင်းသည်အချိန်ကိုတန်ဖိုးထားခြင်းဖြစ်သည် –** လုပ်ငန်းကိုချက်ချင်းစတင်လုပ်ဆောင်ပြီး သေချာစွာကိုင်တွယ်လုပ်ဆောင်တတ်သောသူများရှိကြရမည်။ အရာအားလုံးတို့ကို ကောင်းသောစီမံချက်နှင့် စည်းစနစ်အတိုင်းဆောင်ရွက်ကြရမည်။ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောအလုပ်ကိုလူတို့အားအပ်နှံထားပြီး ၎င်းကိုသတိရှိစွာဖြင့်ဆောင်ရွက်ကြရန် သူစေခိုင်းသည်။ အရာခပ်သိမ်းကို ပုံမှန်လုပ်ဆောင်ရန်လိုအပ်သည်။ ချိန်းဆိုထားခြင်းကို မည်သည့်အခါမျှနောက်မကျစေရပါ။ ဌာန၊ သို့မဟုတ် ရုံးလုပ်ငန်း၌ မလိုအပ်သည့်စကားပြောဆိုခြင်းများဖြင့် အချိန်ကိုမကုန်လွန်သင့်ပါ။ လူတို့သည် ဘုရားသခင်ထံမှပညာကိုမသင်ယူသောကြောင့် ဘုရားသခင်၏အလုပ်တောင်းဆိုသောအရာများတို့ကို သူတို့၏လုပ်ငန်း၌မရရှိကြပါ။ သူတို့၏အသက်တာ၌ များစွာသောအရာကိုလုပ်လိုကြပြီး ယနေ့ဆောင်ရွက်ရမည့်အလုပ်

ကိုနက်ဖြန်နေ့သို့ရွှေ့ဆိုင်းလိုက်ခြင်းအားဖြင့် အချိန်များစွာကိုဆုံးရှုံးကြရကာ ဆုံးရှုံးသွားသောအရာအတွက် ပင်ပန်းကြီးစွာဖြင့် ပြန်လည်၍လုပ်ဆောင်နေရကြပါသည်။ [Ev 649.2]

တချို့သောအမှုဆောင်များတို့သည် လုပ်လေ့လုပ်ထအမှုတော်၏ နှေးကွေးသောစနစ်ကို စွန့်လွှတ်လိုက်ရန်လိုအပ်ပြီး၊ မြန်မြန်ဆန်ဆန်လုပ်တတ်သောအကျင့်ကို သင်ယူရပါလိမ့်မည်။ အကယ်၍ ဘုရားရှင်အလိုတော်နှင့်အညီ အမှုတော်ပြီးမြောက်စေလိုပါက စဉ်းစဉ်းစားစားဂရုတစိုက်ဖြင့် မြန်ဆန်သွက်လက်သောအမှုအရာဖြင့် ဆောင်ရွက်ကြရလိမ့်မည်။ Manuscript 24, 1887. [Ev 650.1]

**ကျွန်ုပ်တို့၏ပုံမှန်လည်ပတ်နေသည့်အလုပ်ကိုစီစဉ်ခြင်း –** ကြိုးစားလုပ်ဆောင်သောအကျင့်ဓလေ့နှင့်အချိန်တန်ဖိုးထားခြင်းကို မရရှိကြသောအမှုဆောင်များတို့သည် လုပ်ငန်း၌အချိန်မှန်ရန်၊ လျင်မြန်စွာလုပ်ဆောင်နိုင်ရန် သူတို့အတွက် စည်းမျဉ်းဥပဒေချမှတ်ထားသင့်သည်။ ဂျော့(ရှ်)ဝါရှင်တန်သည် စီးပွားရေးလုပ်ငန်းကြီးမားစွာဆောင်ရွက်နိုင်ရခြင်းမှာ သူသည် ကြိုးစားလုပ်ဆောင်ခြင်းနှင့် အချိန်ကိုလေးစားခြင်းကြောင့်ဖြစ်သည်။ ပေးပို့သောစာတိုင်း၌ ရက်စွဲနှင့်နေရပ်လိပ်စာပါရှိပြီး လမ်းမှားသို့ပြသည်ကိုကြည့်လိုက်သောအခါ မည်သည့်အချိန်မျှပျောက်ဆုံးခြင်းမရှိနိုင်ပါ။ Gospel Workers, pp. 277, 278. (1880) [Ev 650.2]

**တိကျခိုင်မာတတ်သောဉာဏ်ကိုအသုံးပြုရန် –** သခင်၏စပျစ်ဥယျာဉ်၌ တိကျသောတာဝန်ကိုဆောင်ရွက်ရသောလုပ်သားတစ်ဦး တာဝန်ပေးအပ်သောအခါ သူ့အားပေးထားသောအလုပ်ကို သစ္စာရှိသည့်လုပ်သားတစ်ဦးအဖြစ် ဘုရားသခင်နှင့်အတူ ထိုစပျစ်ဥယျာဉ်၌အလုပ်လုပ်ဆောင်ရလိမ့်မည်။ လူသား၏စိတ်အားဖြင့် သူ့အားချက်တိုင်းသူဘာလုပ်ရမည်ကိုပြောပြရန် သူစောင့်နေစရာမလိုပါ။ သူ၏အလုပ်ကိုစီမံပြီး လိုအပ်သလိုသူလုပ်ဆောင်သွားရန်သာဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အသုံးပြုရန် ဦးနှောက်၏တန်ခိုးကိုပေးထားပါသည်။ ယုံကြည်



သူများလိုချင်သောအရာနှင့် မယုံကြည်သောသူများလိုအပ်နေသောအရာများတို့ကို သေချာစွာလေ့လာပြီး၊ သင်၏လုပ်ဆောင်ခြင်းများတို့သည် သူတို့၏လိုအပ်သောအရာများတို့ကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်သည်။ သင်ဆောင်ရွက်ရမည့်အရာကို မည်သည့်လူသားများထံသို့မျှ မေးမြန်းရန်မလိုဘဲ၊ ဘုရားရှင်ထံသို့သာမေးမြန်းရပါမည်။ သင်သည် အသက်ရှင်တော်မူသောဘုရားသခင်၏ အစေခံတစ်ဦးဖြစ်ပြီး၊ မည်သည့်လူသားတစ်ဦးတစ်ယောက်မျှ အစေခံတစ်ဦးမဟုတ်ပါ။ လူတစ်ဦး၏အတွေးအခေါ်နှင့်လမ်းညွှန်မှုအောက်၌နေပြီး ဘုရားသခင်၏အလုပ်ကို ဉာဏ်ရည်ထက်မြက်စွာဖြင့်ဆောင်ရွက်ခြင်းမပြုနိုင်ပါ။ သင်သည် ဘုရားသခင်၏လက်အောက်၌ရှိနေသည်။ Letter 8, 1895. [Ev 650.3]

**လျင်မြန်စွာဆောင်ရွက်ခြင်းသည် ရှုပ်ထွေးခြင်းကိုပပျောက်စေသည် –** အမှုဆောင်များတို့အထဲ၌ ဥဏ်မဲ့ခြင်း၊ ရှုပ်ထွေးခြင်း၊ အပြန်အလှန်နားလည်မှုနှင့်သွက်လက်မှုမရှိခြင်းရှိနေပါသည်။ ဆောင်ရွက်ရမည့်အရာများကို အချိန်မီမဆောင်ရွက်နိုင်ကြပါ။ ထို့ကြောင့် ရှုပ်ထွေးခြင်းများနှင့်ခက်ခဲမှုများပေါ်ထွက်လာပြီး၊ စုပေါင်းဆောင်ရွက်ဖြေရှင်းမှုမရှိခြင်းကြောင့် အောင်မြင်နိုင်ရန်ခက်ခဲရပါသည်။ ဤအခြေအနေကို အကယ်၍မကုသပါက အတိတ်ကာလထက်အနာဂတ်ကာလအတွက် ပို၍ဆိုးရွားခြင်းကို တွေ့မြင်ခံစားကြရမည်ဖြစ်သည်။ အကြောင်းမှာ အလုပ်တိုးတက်ရန်အတွက်နှင့် ဤအိမ်၌အရေးကိစ္စ၏စုံလင်စွာနားလည်မှုတစ်ခု၏ လိုအပ်ချက်သည် ပို၍ကြီးမားလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ မလိုလားအပ်သည့်သတ်မှတ်ချိန်၌ ပြီးမြောက်အောင်ဆောင်ရွက်ရန် အထူးအလုပ်တစ်ခုကို လျစ်လျူရှုခြင်း၏အကျင့်ဓလေ့ကြောင့် တိကျစွာဆောင်ရွက်နိုင်ခြင်းနှင့်ချန်ထားခဲ့သည့်လျစ်လျူရှုထားသော၊ သို့မဟုတ် မပြီးပြတ်သေးသောအလုပ်ကို လာမည့်အချိန်၌ပြန်လည်ဆောင်ရွက်သွားရန် သုံးဆခက်ခဲမှုနှင့်ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ Manuscript 24, 1887. [Ev 650.4]

**ပုံမှန်အချိန်၌အိပ်ရာမှထခြင်း –** တချို့လူငယ်များတို့သည် အမိန့်နှင့်စည်းကမ်းကို အလွန်ဆန့်ကျင်ကြသည်။ ပုံမှန်အချိန်၌အိပ်ရာမှထရန် အိမ်၏

ဥပဒေများတို့ကိုမလေးစားကြပါ။ မိုးလင်းပြီးနောက် လူတိုင်းလှုပ်ရှားသင့်သော အချိန်အခါ၌ သူတို့သည် နာရီအနည်းငယ်အိပ်ရာပေါ်တွင်လဲလျောင်းနေလျက် ရှိသေးသည်။ သူတို့သည် ကောင်းသောအချိန်ကာလ၌ ပြင်ဆင်ပေးထားသော သဘာဝအလင်းကိုလိုလားကြရမည်ထက် ညဆီမီးကိုထွန်းညှိကာ၊ အလင်းတု အပေါ်မှီခိုနေကြပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် တန်ဖိုးရှိသောအခွင့် အရေးများကိုဖြုန်းတီးရုံမျှမကဘဲ အသုံးစရိတ်ကိုပို၍ကုန်ကျစေပါသည်။ သို့သော် ကိစ္စတိုင်းလိုလိုပင် တောင်းဆိုချက်ပြုလုပ်ကြသည်မှာ၊ "ငါ့အလုပ်ကိုငါပြီးမြောက် အောင်မလုပ်နိုင်ပါ။ ငါလုပ်စရာရှိသေးသည်။ ငါစောစောအနားယူလို့မရပါ" ဟုဖြစ်ပါသည်။ ထိုသို့နှင့်သူတို့သည် သဘာဝနှင့်ကျေးဇူးငှက်သတ္တဝါနိုးထမြည်တွန် ကြသော နံနက်စောစောအချိန်၌ အိပ်ရာမှထသင့်ကြသော်လည်း၊ သူတို့သည် နှစ်ခြိုက်စွာအိပ်ပျော်နေကြပါသည်။ တန်ဖိုးရှိသောချမှတ်ထားသည့်အစီအစဉ် ၏အကျင့်ဓလေ့သည် ပျက်စီးသွားပြီး၊ နံနက်စောစောအချိန်၌ ဆုံးရှုံးခဲ့ရသော အချိန်ကြောင့် တစ်နေ့တာအတွက်ဆောင်ရွက်ရမည့်အရာများတို့ကို ပြီးစီးသင့် သလောက်ဆောင်ရွက်နိုင်ခြင်းမရှိတော့ချေ။ [Ev 651.1]

ကျွန်ုပ်တို့၏ဘုရားသည် စနစ်ရှိသောဘုရားဖြစ်ပြီး သူ၏သားသမီး များစည်းစနစ်ရှိရန်နှင့် သူ၏စည်းမျဉ်းအောက်၌အသက်ရှင်ရန် သူအလိုရှိသည်။ ထို့ကြောင့် ညအချိန်ကိုနေ့ကဲ့သို့ပြောင်းလိုက်သည့်အကျင့်ကိုဖျက်လိုက်ပြီး၊ လန်းဆန်းသောနံနက်အချိန်ကို ညကဲ့သို့ပြောင်းလိုက်သည့်အကျင့်ကိုလည်း ဖျက်ပစ်လိုက်ရန်မသင့်ကြပါသလား။ The Youth's Instructor, Jan 28, 1897. [Ev 651.2]

**မှန်ကန်သောအချိန်အားဖြင့်ရရှိသောအကျိုးများ –** ကိစ္စရပ်များတို့၏အချိန် သတ်မှတ်ခြင်းသည် အမှန်တရား၏အကူအညီအတွက်များစွာအကျိုးပြုသည်။ အောင်မြင်ခြင်းများတို့သည် မကြာခဏဖင့်နွဲခြင်းအားဖြင့် ဆုံးရှုံးကြရသည်။ ဤကိစ္စ၌အကျပ်အတည်းများရှိပေလိမ့်မည်။ မှန်သောအချိန်၌ မြန်ဆန်စွာနှင့် တိကျသောလုပ်ဆောင်ခြင်းသည် ကြီးကျယ်သောအောင်မြင်ခြင်းများကို ရရှိမည်





ဖြစ်ပြီး၊ အချိန်ဆွဲခြင်းနှင့်ဂရုမစိုက်ခြင်းသည် ကြီးမားသောဆုံးရှုံးခြင်းများကို ဖြစ်စေပြီး ဘုရားသခင်၏ဘုန်းတော်ကို ရှုတ်ချခြင်းလည်းဖြစ်စေပါသည်။ Testimonies, vol. 3, p. 498. (1875) [Ev 651.3]

**မှတ်တမ်းစာအုပ်အသုံးပြုခြင်း၏တန်ဖိုး –** အကယ်၍ လူငယ်လူရွယ်များတို့ သည် ပုံမှန်ဖြစ်ခြင်းနှင့်စနစ်ရှိခြင်း၏အကျင့်ဓလေ့များကို ပျိုးထောင်ကြပါက ကျန်းမာခြင်း၊ စိတ်ဓာတ်၊ မှတ်မိဉာဏ်နှင့်စိတ်နေစိတ်ထားများတို့သည် သူတို့ ၌တိုးတက်လာပါလိမ့်မည်။ [Ev 652.1]

မိမိတို့အသက်တာ၏အကျင့်ဓလေ့၌ တိကျသောစည်းမျဉ်းဥပဒေများ တို့ကို လိုက်လျှောက်ရမည့်အလုပ်သည် လူအားလုံးတို့၏တာဝန်ဖြစ်သည်။ ချစ်သောလူငယ်တို့၊ ဤအရာသည် သင်တို့၏ကိုယ်ခန္ဓာနှင့်ကိုယ်ကျင့်တရား ကောင်းဖို့ရန်အတွက်ဖြစ်သည်။ သင်သည် နံနက်စောစောအိပ်ရာမှထသော အခါ တတ်နိုင်သရွေ့ တစ်နေ့တာအတွက်ပြီးစီးအောင် သင်ဆောင်ရွက်ရမည့် အလုပ်ကိုစဉ်းစားပါ။ အကယ်၍လိုအပ်ပါက မှတ်တမ်းစာအုပ်ငယ်လေးတစ်အုပ် ကိုထားပြီး ပြုလုပ်ရန်လိုအပ်သည့်အရာများတို့ကိုရေးမှတ်ထားကာ၊ သင်၏ အလုပ်ကိုလုပ်ရန် သင်ကိုယ်တိုင်ဆောင်ရွက်ရမည့်အချိန်ကို မှတ်သားထားပါ။ The Youth's Instructor, Jan. 28, 1897. [Ev 652.2]

**နာရီအကန့်အသတ်ထားခြင်းမပြုရပါ –** (၁) နာရီစနစ်သည် ဘုရားသခင်၏ ဓမ္မဆရာအစီအစဉ်၌ နေရာရှာ၍မရပါ။ မည်သည့်အချိန်မဆို အမှုထမ်းရန် အတွက် မိမိကိုယ်ကိုအဆင်သင့်ပြင်ဆင်ထားရပါလိမ့်မည်။ Gospel Workers, p. 451. (1915) [Ev 652.3]

**ကယ်တင်ရှင်၏ညနေခင်းအလုပ် –** ခရစ်တော်သည် တစ်နေ့လုံးသူ့ထံသို့ လာသောသူအားလုံးတို့ကို သူပြုစုပါသည်။ ညနေခင်းအချိန်၌ တစ်နေ့တာ မိမိတို့၏အိမ်ထောင်မိသားစုများတို့ကိုပံ့ပိုးရန်အတွက် ပင်ပန်းစွာကြိုးစားလုပ်ကိုင် ကြပြီး လုပ်အားခအတွက် ရရှိသည့်အခကြေးငွေကို အနည်းငယ်သာရရှိသော

လူတန်းစားတို့ကို သူအာရုံပြုခဲ့ပါသည်။ Ministry of Healing, p. 18. (1905) [Ev 652.4]

**စိတ်ပါစွာလုပ်ဆောင်ခြင်းသည် ဆုတောင်းခြင်း၏အဖြေကိုပေးရာ၌အကူအညီပေးသည်** – ဘုရားသခင်၏ကောင်းချီးမင်္ဂလာအတွက် ကျွန်ုပ်တို့ဆုတောင်းကြသောအခါ၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို လုံ့လဝီရိယအကောင်းဆုံး၊ သေချာစွာနှင့်စိတ်အားထက်သန်စွာလုပ်ဆောင်ခြင်းအားဖြင့် ထောက်ခံအားပေးကြရမည်။ Manuscript 25, 1895. [Ev 652.5]

**အံ့သြဖွယ်နိမိတ်လက္ခဏာများအပေါ်မှီခိုခြင်းမပြုနှင့်** – သူ၏အမှန်တရားတိုးတက်ရန်အတွက် ယေဘုယျအားဖြင့် ဘုရားသခင်သည် အံ့ဖွယ်နိမိတ်လက္ခဏာများကိုမပြုလုပ်ပါ။ အကယ်၍ လယ်လုပ်သူသည် သူ၏မျိုးစေ့ကိုစိုက်ပျိုးခဲ့ပြီးနောက် မြေကိုတူးဆွရန်လျစ်လျူရှုထားပါက ဘုရားသခင်သည်အတုံ့အပြန်ပြုပြီး လျစ်လျူရှုထားသောအကျိုးရလဒ်သေချာစွာရရှိရန် အံ့ဖွယ်နိမိတ်လက္ခဏာကိုပြုလုပ်ပေးမည်မဟုတ်ပါ။ ရိတ်သိမ်းချိန်၌ သူ၏လယ်ကွက်တွင် အသီးမရှိကြောင်းသူတွေ့ရလိမ့်မည်။ ဘုရားသခင်သည် လူသားများတို့၏မိသားစုသို့ဖော်ပြသည့်အတိုင်း ကြီးမားသောစည်းမျဉ်းဥပဒေများနှင့်အညီသူအလုပ်လုပ်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏အပိုင်း၌ ကောင်းသောစီမံကိန်းများကိုအသုံးပြုနိုင်သည့်အနေအထားသို့ရောက်ရှိရန်နှင့် ၎င်းနည်းလမ်းများအတိုင်းဆောင်ရွက်ကြမည်ဖြစ်ပါက ကျိန်းသေသောအကျိုးကျေးဇူးများကို ဘုရားသခင်ပေးလိမ့်မည်။ [Ev 652.6]

တိကျပြတ်သားသောကြိုးစားခြင်းကိုမပြုလုပ်ဘဲ လုပ်ဆောင်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းခြင်းကိုသာ စောင့်နေကြသောသူတို့သည် မှောင်မိုက်ထဲ၌ပျက်စီးကြရပါလိမ့်မည်။ ဘုရားသခင်ပေးထားသောမည်သည့်နည်းလမ်းများအားဖြင့် သင်လက်လှမ်းမီသရွေ့ သင်မည်မျှကြိုးစားလုပ်ဆောင်ပါသနည်းဟု အံ့ဖွယ်နိမိတ်လက္ခဏာအတွက် စောင့်မျှော်နေသောသူများတို့ကို ကျွန်ုပ်တို့မေးလိုပါသည်။ ယုံကြည်ပါ၊ ယုံကြည်ပါဟူ၍သာ



ပြောဆိုပြီး ထူးဆန်းသောလုပ်ရပ်အတွက် ဘုရားသခင်ပြုလုပ်ပေးရန် မျှော်လင့်သောသူတို့အား သင်တို့သည် ဘုရားသခင်၏အမိန့်တော်ကိုဖော်ပြရန် သင့်ကိုယ်ကိုအပ်နှံပါသလားဟု ကျွန်ုပ်တို့မေးလိုပါသည်။ "သင်လုပ်ပါ" နှင့် "သင်မလုပ်ပါနှင့်" ဟု ဘုရားသခင်ပြောခဲ့ပါသည်။ [Ev 653.1]

စွမ်းရည်များ၏ဥပမာပုံပြင်ကိုလေ့လာပြီး လူတိုင်းတို့အား ဘုရားပေးခဲ့သောမိမိတို့၏အလုပ်အကြောင်းကို နားလည်သဘောပေါက်ပါ။ လူတိုင်းကိုမိမိတို့၏စွမ်းရည်အလျောက် ဘုရားသခင်အပ်နှံထားပါသည်။ ထိုသို့မိမိတို့၏စွမ်းရည်များတို့ကိုအသုံးပြုခြင်းအားဖြင့် သူတို့၏စွမ်းဆောင်နိုင်သည့်စွမ်းရည်ကို တိုးတက်စေနိုင်ပါသည်။ သင်သည် ဆိတ်ငြိမ်စွာနေခြင်းအားဖြင့် ဘုရားသခင်အမှုတော်၌ မည်သည့်အရာကိုမျှလုပ်ဆောင်နိုင်မည်မဟုတ်ပါ။ Review and Herald, Sept. 28, 1897. [Ev 653.2]

**ပျင်းရိသောစိတ်မရှိပါစေနှင့်** – မိမိတို့၏အသက်တာ၌ နေ့ကွေးစွာဖြင့်အလုပ်ကိုလုပ်ဆောင်သောသူတို့သည် မိမိတို့၏သခင်အတွက်လုပ်ဆောင်ရမည့်အလုပ်ကို တစ်ဝက်သာလျှင်၊ ပြီးစီးအောင်ဆောင်ရွက်နိုင်ပေလိမ့်မည်။ မိမိတို့၏တာဝန်အသိစိတ်ဓာတ်ကို သူတို့အားကြိုးစား၍နှိုးဆွပေးပါ။ နေ့ရက်လွန်စွာနီးကပ်သည်ကို သင်တွေ့မြင်ရသည်နှင့်အညီ တစ်ယောက်နှင့်တစ်ယောက်အတွက်ဆုတောင်းပြီး တိုက်တွန်းနှိုးဆော်ကြပါ။ "လာကြ၊ ငါ၏လုပ်ဖော်ကိုင်ဖက်အပေါင်းတို့၊ ကျွန်ုပ်တို့၏အလုပ်၌ စိတ်နှလုံးထက်သန်စွာလုပ်ဆောင်ကြပါစို့၊ အဘယ်သူမျှအမှုမပြုနိုင်သော ညဥ့်အချိန်ရောက်လာလိမ့်မည်" ဟု ညီအစ်ကိုတို့သည် မိမိတို့၏ညီအစ်ကိုတို့အားလည်းကောင်း၊ ညီအစ်မတို့သည် မိမိတို့၏အစ်မများတို့အားလည်းကောင်း ပြောကြပါစေ။ အလုပ်လုပ်ရမည့်အချိန်၌ စကားပြောခြင်းအားဖြင့် တစ်မိနစ်ကိုမျှအချိန်ကိုမကုန်လွန်စေပါနှင့်။ [Ev 653.3]

စကားအလွန်များသောသူတစ်ယောက်သည် သူစကားပြောရန်အခွင့်မရှိသည့်အချိန်များရှိမည့်အကြောင်းကိုသတိရပါ။ အချိန်ယူပြီးမတ်တတ်ထနေ

သောသူများရှိပါသည်။ "အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တမ်းသဖြင့် သခင်ဘုရား၏အလိုတော်သို့လိုက်၍အားထုတ်ကြလော့" ဟု သစ္စာရှိသော အစောင့်စစ်သား၏အသံကိုကြားရပါစေ။ သခင်အတွက်လုပ်ဆောင်ရန် သင်၌အလုပ်ရှိပါသလား။ သူ၏အလုပ်ရှေ့သို့ဆက်လက်ဆောင်ရွက်နိုင်ရန် သင်အိမ်တစ်ဆောင်ဆောက်လုပ်ပေးနေပါသလား။ သင်၏နှုတ်ကိုပိတ်ထားပါ။ သင်၏ပြောသောစကားကို သူတို့ကြိုးစားနားထောင်ရန် အခြားလူတို့၏အချိန်ကိုမဖြုန်းတီးပါနှင့်။ လူတစ်ယောက်သည် မိမိ၏တန်ဆာပလာများကိုအသုံးပြုရမည့်အစား မိမိ၏လျှာကိုအသုံးပြုသောအခါ လူများစွာတို့၏အချိန်ကို ဖြုန်းတီးနေခြင်းဖြစ်ပါသည်။ Manuscript 42, 1901. [Ev 653.4]

**ဓမ္မဆရာများတို့သည်လောကီရေးရာကိစ္စ၌မပါဝင်သင့်ပါ –** သူတို့၏အလုပ်သည် မယုံကြည်သူများတို့အတွက် ကျယ်ပြန့်စွာဆောင်ရွက်နေကြောင်း ညီအစ်ကိုများတို့အား ကျွန်ုပ်ပြောလိုပါသည်။ ကျမ်းစာအမှန်တရားကိုအောင်မြင်စွာရှင်းလင်းပေးနိုင်သူများတို့သည် ယခုအချိန်သတင်းစကားမကြားရသောသူတို့ရှေ့၌ မတ်တတ်ထနေကြရမည်။ ကျွန်ုပ်ဖော်ပြသော ဤညီအစ်ကိုတို့၏အမည်များသည် ကျွန်ုပ်တို့၏မြို့ကြီးများ၌ ကျင်းပမည့်စခန်းအစည်းအဝေးများတွင်ဆောင်ရွက်ရန်အလုပ်ရှိသည်။ သို့သော် ဘုရားသခင်မှသူတို့အားပေးထားသောအလုပ်ကိုဆောင်ရွက်ရန်အတွက် သူတို့၏ကိုယ်ကိုအရည်အသွေးမရှိစေရန် ပြုလုပ်နိုင်ကြသောအန္တရာယ်တွင်ရှိနေပါသည်။ အသင်းလူကြီးတစ်ဦးသည် အကယ်၍သူ၏စိတ်ဝင်စားမှုကို ဘုရားမပြုလုပ်စေလိုသည့်အလုပ်၊ စီးပွားရေးလုပ်ငန်းကိုအာရုံစိုက်လုပ်ကိုင်ရသည့်အလုပ်ကို စွန့်လွှတ်ခြင်းမပြုပါက သူတို့၏လုပ်ဆောင်မှုများတို့သည် အကျိုးရှိမည်မဟုတ်ပါ။ သူသည် လောကီလုပ်ငန်းကိုလုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်မှသူ့အားပေးအပ်ထားသောတာဝန်ကို ကောင်းမွန်စွာလုပ်ဆောင်သွားနိုင်မည်မဟုတ်ပါ။ ဧဝံဂေလိသတင်းစကားဟောပြောခြင်းအလုပ်သည် သူ၏အသက်တာ၌ပေါ့ဆသောအလုပ်တစ်ခုဖြစ်ပေလိမ့်မည်။ Manuscript 105, 1902. [Ev 654.1]



**ဘုရားသခင်၏ဘုန်းတော်အတွက်တစ်ခုတည်းသောအာရုံစိုက်ခြင်း –** ဘုရားသခင်၏အလုပ်ကိုနှောင့်နှေးစေခြင်းနှင့် လူသားများတို့၏ပျက်စီးဆုံးရှုံးခြင်းသည် မာရ်နတ်၏ပုံမှန်အလုပ်ဖြစ်သည်။ ကြိမ်ဖန်များစွာ ဒေသတစ်ခု၌စိတ်ဝင်စားမှုအလွန်မြင့်မားနေသောအခါ၊ အိမ်၌သေးမွှားသောအလုပ်တစ်ခုကို အထူးအရေးကြီးသကဲ့သို့ မာရ်နတ်သည်ပြုလုပ်ပြီး အမှုဆောင်ကိုအိမ်၌သာနေရန်သူဖန်တီးပေးပါသည်။ ထိုအခါအမှုဆောင်သည် ဘုရားသခင်၏ဘုန်းတော်တစ်ခုတည်းကိုသာ ထောက်စာခြင်းမပြုနိုင်တော့ဘဲ မပြီးမပြတ်သောသူ၏လုပ်ငန်းကိုချန်ထားကာ မိမိအိမ်သို့ချက်ချင်းပြန်လာပါသည်။ အိမ်၌ရက်ပေါင်းအနည်းငယ်၊ သို့မဟုတ် တစ်ပတ်တာမျှပင်နေသွားမည်ဖြစ်သောကြောင့် သူ၏အမှုတော်လုပ်ငန်းသည် စုပုံလျက်နေပြီး၊ ရှုပ်ထွေးသွားခြင်းဖြစ်သွားလိမ်မည်။ ချန်ထားခဲ့သောအလုပ်ကို ပြန်လည်၍ပုံမှန်ဖြစ်အောင်ဆောင်ရွက်ရန် အချိန်ယူသွားရရုံမကဘဲ ဆုံးရှုံးခြင်းကိုကြုံတွေ့ရပေလိမ့်မည်။ ဤအရာသည် ရန်သူကိုနှစ်သက်စေသောအရာဖြစ်သည်။ ထိုနောက် သူ၏မတည်မြဲသောယာယီကိစ္စများတို့၌သာ ထိုပုဂ္ဂိုလ်တစ်ဦး၏စိတ်ထဲတွင် အရေးကြီးသောအရာအဖြစ်သူပြုလုပ်နိုင်သည်ကိုသူတွေ့ရသောအခါ၊ ထိုသူအားသူသည် အပြည့်အဝဒုက္ခပေးသွားနိုင်ပါသည်။ သူသည် အိမ်၏ရှုပ်ထွေးသောအလုပ်များတို့ကို စတင်ဖန်တီးပေးကာ၊ ထိုသူအားဒုက္ခရောက်စေရုံမျှမကဘဲ အကယ်၍ဖြစ်နိုင်ပါက၊ အမှုတော်လုပ်ငန်းကိုစွန့်လွှတ်လိုက်သည်အထိ သူပြုလုပ်သွားမည်ဖြစ်သည်။ [Ev 654.2]

ဝိညာဉ်များတို့သည် အမှန်တရားကိုလက်ခံရန်ဆုံးဖြတ်သည်ဖြစ်စေ၊ မဆုံးဖြတ်သည်ဖြစ်စေ သင်၏အလုပ်ကို မည်သည့်အခါမျှချန်ထားခြင်းမပြုရန် သင့်အားကျွန်ုပ်အနူးအညွတ်တောင်းပန်ပါသည်။ အကယ်၍ သင်၏အိမ်၌လူတစ်ဦးသေဆုံးသွားသည့်တိုင်အောင် ကျွန်ုပ်ပြောလိုသည်မှာ မာရ်နတ်လက်တွင်းသို့ စွန့်လွှတ်၍မထားပါနှင့်။ "ငါ့နောက်သို့လိုက်လော့၊ လူသေသည် မိမိလူသေကိုသင်္ဂြိုဟ်ပါလေစေ" ဟု ခရစ်တော်ပြောခဲ့ပါသည်။ အကယ်၍

အလုပ်၏အရေးကြီးခြင်းကို ကျွန်ုပ်အားဖော်ပြပေးသကဲ့သို့ သင်တွေ့မြင်ရပါက အားအင်ချည့်နဲ့ခြင်းများစွာကို ဖျောက်ပစ်နိုင်မည်ဖြစ်ပြီး၊ ယေရှုခရစ်တော်အားဖြင့် သေခြင်းမှထမြောက်ပြီး အသက်ရှင်လာကြပါလိမ့်မည်။ [Ev 655.1]

အကယ်၍ ဘုရားရှင်၏အမှုဆောင်များကဲ့သို့ ကျွန်ုပ်တို့၏စံချိန်အပေါ် ရပ်တည်ပြီး၊ "ဘုရားသခင်သည် ကျွန်ုပ်တို့အားသတင်းပေးခဲ့ပြီး၊ ကျွန်ုပ်တို့၏တာဝန်၌ရပ်တည်ခြင်းမရှိပါက ကျွန်ုပ်တို့သည် သစ္စာရှိသောအမှုဆောင်များမဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် အန္တရာယ်အားလုံးတို့ကိုကျော်လွှားကာ လုပ်ငန်းကိုဆောင်ရွက်သွားလိမ့်မည်" ဟုပြောနိုင်ကြပါက ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် ကျွန်ုပ်တို့၏အိမ်မှုကိစ္စအတွက် ဆောင်ရွက်ပေးနေသည်ကို ကျွန်ုပ်တို့တွေ့မြင်ကြရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ရန်သူကို "နောက်သို့ဆုတ်လော့" ဟုပြောနိုင်ပေလိမ့်မည်။ Historical Sketches, pp. 127, 128. (1886) [Ev 655.2]

## အခကြေးလုပ်ငန်းအပေါ် စိတ်ဝင်စားမှုထားရှိခြင်း

**ကွဲပြားသောကြိုးစားခြင်းဖြင့်ဝိညာဉ်များပျောက်ဆုံး –** တချို့ဓမ္မဆရာများတို့သည် မိမိတို့၏ကိုယ်ကို တိကျသောဘာသာရေးစိတ်ဝင်စားမှုအချိန်တွင် စာရေးခြင်းအားဖြင့်အချိန်ယူကြပြီး သူတို့၏စာရေးသားခြင်းသည် လက်ရှိလုပ်နေသောလုပ်ငန်းနှင့်ဘာမျှမပတ်သက်သည်ကို မကြာခဏတွေ့ရှိရပါသည်။ ဤအရာသည် ထူးခြားသောအမှားတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအချိန်မျိုးတွင် ဓမ္မဆရာ၏တာဝန်သည် မိမိတို့၏ခွန်အားရှိသမျှဖြင့် ဘုရားသခင်၏အမှုတော်မြတ်ရှေ့သို့တိုးတက်ရန်အတွက် အသုံးပြုရမည့်အချိန်ဖြစ်သည်။ သူ၏အတွေးထဲ၌ရှင်းလင်းနေပြီး၊ ဝိညာဉ်များတို့ကိုကယ်တင်ခြင်းအလုပ်တစ်ခုတည်း၌သာ ဗဟိုပြုနေရမည်ဖြစ်သည်။ အကယ်၍ သူ၏အတွေးများသည် အခြားကိစ္စများဝင်ရောက်နေမည်ဖြစ်ပါက အချိန်မီကယ်တင်ခြင်း



သို့ရောက်ရှိရမည့်သူများတို့၏ဝိညာဉ်များစွာ ဆုံးရှုံးသွားရပါလိမ့်မည်။ Testimonies, vol. 4, p. 265. (1876) [Ev 655.3]

**တသီးတခြားကြိုးစားခြင်းဖြင့်ဆုံးရှုံးခြင်း –** သင်၏အမှားသည် ဤအရာများဖြစ်ခဲ့ပါသည်။ သင်သည် တရားဟောခြင်းတစ်ခုပြုလုပ်နေသည်နှင့်တစ်ပြိုင်နက် သင်စတင်၍စာရေးသားခြင်းကိုပြုလုပ်ပါသည်။ အကယ်၍ သင်စာရေးသားခြင်းကို ယခုပြုလုပ်နေပါက၊ အကယ်၍ဘုရားသခင်သည် "ဤအရာများကိုရေးပါ" ဟု ယောဟန်အားပြောသကဲ့သို့ပြောပါက၊ ဤစာရေးသားခြင်းအလုပ်ကိုသာ သင်ပြုလုပ်ပါ။ အခြားအရာမပြုလုပ်ပါနှင့်။ အကယ်၍သင်သည် တရားဟောနေရပါက သင်ပြင်းထန်စွာဆောင်ရွက်သော်လည်း သင်၏စိတ်ထဲ၌စကားပြောခြင်း၊ လည်ပတ်ခြင်းနှင့်စာရေးသားခြင်းများတို့ကို စဉ်းစားနေရခြင်းကြောင့် ထိရောက်စွာသင်ဟောပြောနိုင်မည်မဟုတ်ပါ။ သင်သည် လူတို့အားဆန်းသစ်၍ စိတ်ဝင်စားဖွယ်အမှန်တရားများတို့ကိုဟောပြောရန် တရားပွဲတစ်ခု၌ပါဝင်နေရသည့်အခါ အခြားအရာများတို့ကိုစဉ်းစားရန်မသင့်ပါ။ သင်၏ဟောပြောရမည့်အကြောင်းအရာများတို့ကိုရွေးချယ်ရာ၌ အထူးသတိပြုရန်လိုသည်။ သင်၏ဟောပြောခြင်း၌ အရေးကြီးသောအချက်များတို့ကိုသာ တိုတိုနှင့်ရှင်းလင်းစွာဖြင့် ဟောပြောသွားရပါမည်။ [Ev 656.1]

ဤအလုပ်၌အောင်မြင်ခြင်းရရှိရန် အရာတစ်ခုတည်းကိုသာ အချိန်တစ်ချိန်၌ပြုလုပ်ရမည်ဖြစ်ပြီး၊ သင်၏အင်အားများကို ထိုအလုပ်၌သာအာရုံပြုပါ။ သင်၏ဆုံးဖြတ်ချက်ကိုမှန်ကန်စေပါ။ ဟောပြောခြင်းအစီအစဉ်တစ်ခုကို သင်စတင်ပြုလုပ်သောအခါ၊ ဤဟောပြောခြင်းကိုသာ သင်၏အဓိကအလုပ်တစ်ခုအဖြစ်ထားပါ။ စာရေးသားခြင်း၊ မဂ္ဂဇင်းများအတွက် ဆောင်းပါးများရေးသားခြင်းတို့ကို မပြုလုပ်ပါနှင့်။ သင်၏ခွန်အားကို ကိစ္စနှစ်ခုအတွက် တစ်ကြိမ်တည်းတွင်ခွဲ၍အသုံးပြုရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ဤကိစ္စအတွက် အသင်းလူကြီးနှစ်ဦးပြုပြင်ခြင်းခံခဲ့ရပါသည်။ သူတို့၏လက်တွင်း၌ရှိသော အရေးကြီးသည့်အမှန်တရားဟောပြောခြင်းသည် ချို့ယွင်းနေသည်။

သူတို့၏အလုပ်၌ သူတို့၏အင်အားများတို့ကို ထက်ဝက်မျှပင်အသုံးမပြုနိုင်ပါ။ စာရေးခြင်း၌သူတို့စိတ်ဝင်စားနေခြင်းကြောင့်ဖြစ်သည်။ လည်ပတ်ခြင်းသည် လုပ်ငန်း၏အရေးကြီးသောအစိတ်အပိုင်း၌ပါဝင်နေပါသည်။ သို့သော်ဤညီအစ်ကိုတို့၏အချိန်ကို အမြဲလိုပင်စာရေးသားခြင်း၌အသုံးပြုနေကြပြီး၊ သူတို့၏အချိန်ကို ထိုအလုပ်အားဖြင့်ပင်ပန်းစေကြကာ၊ လုပ်ငန်းအတွက်အကျိုးပြုရန် အဟန့်အတားဖြစ်စေပါသည်။ နားထောင်သောပရိသတ်များတို့အတွက်နှုတ်ကပတ်တော်၏ရှင်းလင်းဟောပြောချက်များတို့ကို ရှင်းလင်းစွာမကြားရခြင်းမှာ လုပ်ငန်း၏စိတ်ဝင်စားမှုအပိုင်းသည် လျစ်လျူရှုခြင်းခံရသောကြောင့်ဖြစ်သည်။ [Ev 656.2]

ယခုအကြောင်းရင်း၊ စားပွဲပေါ်လုပ်ငန်းတို့ကိုချန်ထားကြကာ မိမိတို့၏အချိန်ကို စာရေးခြင်းများစွာဖြင့်အသုံးပြုကြပြီး၊ အလည်အပတ်မပြုအားကြပါဟု သူတို့ကိုယ်ကိုအဆင်ခြင်ပေးကြခြင်းမှာ သူတို့၌အလုပ်အလွန်များလွန်း၍ ပင်ပန်းကြသောကြောင့်ဖြစ်သည်။ အကျိုးသက်ရောက်မှုများမှာ သူတို့သည် စားပွဲသို့ပြန်လာကြသောအခါ ဦးနှောက်မောပန်းကြခြင်းဖြစ်သည်။ ဘုရားသခင်ပေးထားသောအလုပ်ကိုလုပ်ရန် သူတို့ပြင်ဆင်ခြင်းမရှိနိုင်ကြပါ။ သူတို့သည် မည်သည့်အရာကိုမျှရှင်းလင်းစွာမလုပ်နိုင်ကြတော့ပါ။ သို့သော်အကယ်၍ သူတို့၏ကိုယ်ကိုစိတ်လှုပ်ရှားဖွယ်အမြင့်ဆုံးပြုလုပ်နိုင်ပါက တန်ခိုးပြည့်ဝစွာဖြင့် ဟောပြောနိုင်လိမ့်မည်ဟု သူတို့ထင်ကြပါသည်။ သူတို့သည် ကိစ္စများစွာတို့ကိုပြောလိုရာပြောပြီး ပြောင်းလဲခြင်းနှင့်အံ့ဩဖွယ်အထောက်အထားဖြစ်မည်ဟု သူတို့ယူဆကြသော်လည်း၊ အမှန်အားဖြင့် အမှန်တရားကိုများစွာပြောခဲ့သောအရာများ၏အောက်၌ သူတို့မြှုပ်နှံလိုက်သောကြောင့် အချက်အလက်များတို့ကိုမတွေ့ရှိနိုင်ကြပါ။ သူတို့ပြောဆိုသောအရာတိုင်းတို့သည် ရှုပ်ထွေးသောအရာများသာဖြစ်သည်။ သူတို့ဟောပြောသောအချက်ထဲ၌အကြောင်းအရာများစွာပါရှိပြီး စိတ်နှလုံးထဲ၌ရှင်းလင်းစွာမှတ်မိနိုင်သော အမှန်တရားနှင့်ပတ်သက်သည့်အချက်မပါရှိပါ။ အကြောင်းအရာတစ်ခုနှင့် ရှင်းလင်းပြတ်သားသော



အချက်အနည်းငယ်တို့သည် အထောက်အထားနှင့်တကွ အကြောင်းအရာများစွာတို့ကိုပြောပြီး သင်၏အချက်အလက်များမှန်ကန်သည်ဟုသင်ထင်ခြင်းထက် ကြားနာရသူများအတွက် တန်ဖိုးပို၍ရှိပါသည်။ Letter 47, 1886. [Ev 657.1]

## ကျန်းမာခြင်းနှင့်ကျန်းမာခြင်းစည်းမျဉ်းဥပဒေများ

**သာသနာပြုဆရာများကျန်းမာခြင်းဂရုမစိုက်ရန်သွေးဆောင်ခြင်းခံရ** – မာရ်နတ်သည် ဖျက်ဆီးခြင်းအလုပ်ကိုလုပ်နေသည်။ သူသည် ဘုရားသခင်ကိုချစ်သောသူများနှင့် ဧဝံဂေလိဟောပြောသောသူများတို့အား မိမိတို့၏ကိုယ်ခန္ဓာကျန်းမာခြင်းကိုဂရုမစိုက်ရန် သူတို့၏စိတ်ကိုပို့ဆောင်နေသည်။ အကြောင်းမှာ ဤကိစ္စသည် ကောင်းသောအကျင့်စရိုက်၏အထွေထွေစံချိန်နှင့်ပတ်သက်သောကြောင့်ဖြစ်သည်။ ဓမ္မဆရာများတို့သည် အချိန်များစွာယူပြီး တရားဟောခြင်းအားဖြင့် သူတို့၏အရေးကြီးသောတန်ခိုးကုန်ခန်းသွားစေကြပါသည်။ ၎င်းသည် ရှည်လျားစွာဟောပြောခြင်းကြောင့် မောပန်းသွားကြခြင်းဖြစ်သည်။ ဧဝံဂေလိအစာတစ်ဝက်ဟောပြောတိုက်ကျွေးခြင်းသည် ပို၍အကျိုးရှိပါသည်။ Letter 91, 1898. [Ev 657.2]

**ဧဝံဂေလိလုပ်ငန်း၏ပင်ပန်းနွမ်းနယ်ခြင်း** – သင်၏တနင်္ဂနွေနေ့ညအစည်းအဝေးများတို့သည် သင့်ကိုပင်ပန်းစေရခြင်းမှာ သင့်အား သင်၏ကိုယ်ကိုစိတ်လှုပ်ရှားခြင်းမှ များစွာပူပန်ခြင်းသို့ပို့ဆောင်သောကြောင့်ဖြစ်သည်။ ၎င်းနောက်တုံ့ပြန်မှုစာအပေးအယူရောက်ရှိလာပြန်ပြီး အသင်းတော်နှင့်သင်၏ဆက်သွယ်မှု၌စိတ်ချမ်းသာခြင်းနှင့် ဖြောင့်မတ်ခြင်းမပေးနိုင်သောအကျိုးကိုဖြစ်စေပါသည်။ [Ev 658.1]

အလွန်ကြီးမားသောကြိုးစားမှုများတို့ကို သင်၏စည်းဝေးများအတွက်ပြင်ဆင်မှုပြုလုပ်ရာတွင် အရေးအကြီးဆုံးသောလိုအပ်သည့်အရာများကို

မပြီးမြောက်စေပါ။ လူတို့မှသင့်ကိုချီးမွမ်း၍ မြောက်ပင့်ပြောဆိုလိမ့်မည်။ သို့သော် မည်သည့်အထောက်အထားမျှ သင်၏အလုပ်ကိုမှန်ကန်သောသြဇာဖြင့် ရယူခြင်း မပြုနိုင်ပါ။ [Ev 658.2]

"လူတို့အားစကားပြောရန်ပြင်ဆင်ခြင်းပြုလုပ်ရာတွင် အလွန်စိတ်လှုပ်ရှားစေသည့် မြင့်သောတင်းမာခြင်းတစ်ခုသို့မရောက်ရှိစေရန် သင်ကာကွယ်ရမည်" ဟုဘုရားရှင်ပြောပါသည်။ Letter 51, 1902. [Ev 658.3]

**ဘုရားရှင်အလုပ်ထဲ၌ချုပ်တည်းခြင်း –** ခရစ်တော်၏အစေခံများတို့သည် မိမိတို့၏ကျန်းမာခြင်းကိုဂရုမစိုက်ဘဲ ပေါ့ဆစွာထားရှိခြင်းမပြုရပါ။ ရှေ့ဆက်လုပ်ရမည့်အလုပ်ကို မလုပ်ဆောင်နိုင်သည့်တိုင်အောင် အားအင်ကုန်ခန်းသွားသည့်အထိ မည်သူမျှမိမိ၏လုပ်ငန်းကိုမလုပ်ဆောင်စေပါနှင့်။ နှစ်ရက်စာအလုပ်ကို တစ်ရက်တည်းဖြင့်မလုပ်ဆောင်ပါနှင့်။ အဆုံး၌သတိကြီးစွာနှင့် ပါးနပ်စွာဖြင့်အလုပ်လုပ်ဆောင်သောသူတို့သည် မိမိတို့ကာယခွန်အားနှင့်ဉာဏခွန်အားကို လွန်ကဲစွာအသုံးပြုပြီးလုပ်ဆောင်ခြင်းကြောင့် အရေးပေါ်ကိစ္စ၌လိုအပ်ခြင်းအတွက် မလုပ်ဆောင်နိုင်ကြသည့်လူများကဲ့သို့ပင် အလုပ်ကိုအတူတူလုပ်ဆောင်ပြီးစီးစေနိုင်ကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ Gospel Workers, p. 244. (1915) [Ev 658.4]

**ဉာဏ်ရည်ထက်မြက်စွာဖြင့်လုပ်ဆောင်ပါ –** အမှုဆောင်တိုင်း စွမ်းရည်ထက်မြက်စွာဖြင့် အလုပ်ကိုလုပ်ဆောင်သင့်ပြီး၊ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည့် တစ်ခုတည်းသောစိတ်ထားဖြင့် လုပ်ဆောင်ကြရပါမည်။ ဘုရားရှင်ပေးထားသော မည်သည့်စွမ်းရည်ကိုမျှအလွဲသုံးခြင်းမပြုကြရန် အထူးသတိပြုသင့်ကြပါသည်။

ကျွန်ုပ်၏ညီအစ်ကို၊ သင်မှန်ကန်စွာအကြံပေးနိုင်ရန် သင့်အားမျှတသောစိတ်၊ ကောင်းသောစာရိတ္တနှင့်ဝိညာဉ်ခွန်အားများတို့ကို ဘုရားသခင်ပေးပြီး သင်၏အမှုတော်၌ လုပ်ဆောင်သောနည်းစနစ်ကိုပြုပြင်ပေးလိမ့်မည်။



သင်ဆက်ရန်အတွက် အမှန်တရား၏အသိဉာဏ်၌ ဗဟုသုတရှိသောသူအလွန်နည်းပါးနေပါသည်။ သင်သည် သင်၏ကိုယ်ကိုခံစားချက်ပြင်းထန်စွာရှိစေရန်ခွင့်ပြုသောကြောင့် သင်သည် အမြဲလိုပင် သင်၏ကိုယ်ခန္ဓာနှင့်အသိဉာဏ်တန်ခိုးများတို့ကို အလွန်အကျွံအသုံးပြုနေပါသည်။ သင်သည် ထင်ရှားတောက်ပသောစိတ်ကူးဉာဏ်ရှိပြီး သင်၏ဟောပြောခြင်း၌ ပြင်းထန်စွာဖြင့် သင်၏စိတ်ကိုအမြဲပင်ပန်းနွမ်းနယ်စေရန် မြင့်သောအသံဖြင့်ဟောပြောခြင်းကြောင့် သင့်အားပင်ပန်းစေရုံမျှမက၊ နားထောင်သောသူများတို့ကိုပင် ကသိကအောက်ဖြစ်စေပြီး၊ သူတို့၏စိတ်ဝင်စားခြင်းကို လျော့နည်းစေပါသည်။ သင်သည် ဤအရာကိုပြုပြင်ရမည်ကိုမသိခြင်း၊ သင်၏ပျက်စီးတတ်သောကိုယ်ခန္ဓာယိုယွင်းသွားမည်ကို နားမလည်ခြင်းကြောင့် သင်ကြုံတွေ့ရမည့်အကျိုးသက်ရောက်ခြင်းကို အမှန်ပင်သင့်အတွက်ခံစားရပါလိမ့်မည်။ မြင့်မားသောစိတ်ဖိစီးမှုနောက်၌ဆက်နွယ်နေသည့် စိတ်ဓာတ်ကျခြင်းလိုက်လာပါသည်။ [Ev 658.6]

သင်၏လုပ်ငန်း၌မလိုအပ်သည့် ပြင်းထန်စွာလုပ်ဆောင်ခြင်းကို လုပ်ဆောင်ရန်ခွင့်မပြုသင့်ပါ။ သင့်ကိုယ်ကိုသင်သည် စာရေးသားခြင်း၌သော်လည်းကောင်း၊ ဟောပြောခြင်း၌သော်လည်းကောင်း အလွန်ပင်ပန်းစေပါသည်။ ဤကဲ့သို့ပြုလုပ်ရန် ဘုရားရှင်တောင်းဆိုခြင်းမပြုပါ။ ကျန်းမာခြင်းပညတ်ကို တိကျစွာလိုက်လျှောက်ပါ။ သခင်အတွက်ခွန်အားအပြည့်အဝဖြင့် သင်သည် လုပ်ဆောင်နိုင်လိမ့်မည်။ ခရစ်တော်၏သိုးခြံထဲရှိသိုးများတို့ကို လတ်ဆတ်သောမန္နမုန့်အားဖြင့် သင်ကျွေးမွေးနိုင်ပါလိမ့်မည်။ Letter 39, 1887. [Ev 659.1]

**လိုအပ်သောအနားယူရန်အချိန်အတွက်ခွင့်ပြုပါ –** တချို့သောကျွန်ုပ်တို့၏ဓမ္မအမှုဆောင်များတို့သည် နယ်ဌာနချုပ်သို့စာရင်းတင်ပြနိုင်ရန် တချို့အလုပ်များကို နေ့စဉ်ဆောင်ရွက်ရမည်ဟု ခံစားရပါသည်။ ဤအရာကိုကြိုးစားဆောင်ရွက်ခြင်းအားဖြင့် သူတို့၏အင်အားကုန်ခန်းသွားပြီး ထိရောက်စွာအလုပ်မလုပ်နိုင်ကြတော့ပါ။ သူတို့အနားယူရန် အချိန်ကိုရယူသင့်ပြီး၊ လုံးလုံးလျားလျားပင်ပန်းသောအလုပ်လုပ်ဆောင်ခြင်းမှ ကင်းဝေးစေရမည်။ သို့သော်

ဤအရာသည် နေ့စဉ်ကိုယ်ကာယလေ့ကျင့်ခန်း၏နေရာကိုယူ၍မရပါ။ Gospel Workers, p. 240. (1915) [Ev 659.2]

**ရှေ့တာဝန်များအတွက်ပြင်ဆင်မှုပြုခြင်း –** အမှုဆောင်တစ်ဦး စိတ်ပူပန်ခြင်း၏လေးလံသောဝန်ထုပ်အောက်၌ရှိနေပြီး၊ ကိုယ်စိတ်နှလုံးပင်ပန်းနွမ်းနယ်သည့်အခါ သူသည် ခေတ္တခဏအနားယူသင့်သည်။ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းအတွက် ပြင်ဆင်မှုပို၍လုပ်နိုင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏လုပ်ငန်း၌ ကျွန်ုပ်တို့ကိုထိရောက်စွာစုံစမ်းသွေးဆောင်နိုင်ရန် ကျွန်ုပ်တို့၏အားနည်းချက်တိုင်းကို အဆင်သင့်အခွင့်အရေးယူပြီး သတိဖြင့်စောင့်ကြည့်နေသော ကျွန်ုပ်တို့၏ရန်သူရှိသည်။ ကျွန်ုပ်တို့၏စိတ်ထဲ၌ အလွန်မောပန်းနွမ်းနယ်နေပြီး ကိုယ်ခန္ဓာအင်အားလျော့နည်းသွားသောအခါ ကျွန်ုပ်တို့၏စိတ်ကို ပြင်းထန်သောစုံစမ်းခြင်းများဖြင့် သူစုံစမ်းမည်ဖြစ်သည်။ အမှုဆောင်သည် မိမိ၏ခွန်အားကိုချင့်ချိန်၍အသုံးပြုပြီး ပင်ပန်းနွယ်နယ်သောအခါ၊ ယေရှုနှင့်ဆက်သွယ်ပြီး ခွန်အားပြန်လည်၍ရယူရပါမည်။ Gospel Workers, p. 245. (1915) [Ev 659.3]

**လွန်ကျူးစွာလုပ်ဆောင်ခြင်း၏မောပန်းနွယ်နယ်ခြင်းကိုရှောင်ပါ –** မိမိတို့ထမ်းဆောင်နေရသောဝန်ထုပ်များ၏အောက်၌ မောပန်းနွမ်းနယ်ပြီး ကျန်းမာရေးချို့တဲ့သည့်အမှုဆောင်တချို့အကြောင်းကို ကျွန်ုပ်ကြားရပါသည်။ ဤကဲ့သို့မဖြစ်သင့်ပါ။ ကျွန်ုပ်တို့လူသားများဖြစ်ကြောင်းကိုသတိရရန် ဘုရားသခင်ဆန္ဒရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အလုပ်၌ လွန်ကျူးစွာဖက်တွယ်နေခြင်းမပြုရပါ။ ကျွန်ုပ်တို့၏ကာယနှင့်ဉာဏတန်ခိုးကုန်ခန်းသွားသည့်တိုင်အောင် မောပန်းနွမ်းနယ်ခြင်းအောက်၌ ကျွန်ုပ်တို့၏ကိုယ်ကိုမထားရှိသင့်ပါ။ လေးလံသောဝန်ထုပ်ကိုထမ်းနေရသူများအတွက် ပေါ့ပါးသွားစေရန် အမှုဆောင်များပို၍လိုနေပါသည်။ Review and Herald, April 28, 1904. [Ev 660.1]

**အနားယူခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းနှင့်မိသားစုတာဝန်များအတွက်အချိန် –** အကယ်၍ ဓမ္မဆရာတစ်ဦးသည် သူ၏အားလပ်ချိန်၌ သူ၏ဥယျာဉ်ခြံအလုပ်ကိုလုပ်နေပါက သူ၏လစာကိုနုတ်ပစ်လိုက်ရမှာလား၊ လုံးဝမနုတ်ရပါ။



သာသနာလုပ်ငန်းကို အချိန်ပိုလုပ်၍ ပင်ပန်းနွမ်းနယ်သည်ထက် ပို၍ကောင်းပါသည်။ တချို့ဓမ္မဆရာများတို့သည် နာရီပေါင်းများစွာဖြင့် မိမိတို့၏စိတ်ပင်ပန်းမှုကို အနားပေးခြင်းကိုတွေ့ရခြင်းသည်မှန်ပြီး၊ သူတို့လုပ်သင့်သည့်အရာဖြစ်သည်။ အကြောင်းမှာ လေးလံသောလုပ်ငန်းကိုလုပ်နေရပြီး အနားယူချိန်မရသောကြောင့် သူ၏ခန္ဓာကိုယ်ခံနိုင်ရည်မရှိသည့်အတွက်ဖြစ်သည်။ ပြင်းထန်သောလုပ်ဆောင်ခြင်းအတွက် နေ့အချိန်၌လုပ်ဆောင်ရန်နာရီများစွာရှိပြီး လစာအပိုမရရှိသောဓမ္မဆရာရှိသည်။ အကယ်၍ တစ်နေ့တာအတွင်း နာရီပေါင်းများစွာသစ်ခုတ်ခြင်း၊ သို့မဟုတ် ဥယျာဉ်ထဲ၌အလုပ်လုပ်ခြင်းပြုပါက တရားဟောခြင်းကဲ့သို့သူလုပ်ဆောင်ရန် သူ၏အခွင့်အရေးဖြစ်ပါသည်။ ဓမ္မဆရာတစ်ဦးသည် အမြဲတရားဟောခြင်းနှင့်လည်ပတ်ခြင်းများကို မပြုလုပ်နိုင်ပါ။ အကြောင်းမှာ၊ အားအင်ကုန်ခန်းသောအလုပ်တစ်ခုဖြစ်သည်။

ကျွန်ုပ်အလင်းရရှိခဲ့သည်မှာ အကယ်၍ ကျွန်ုပ်တို့၏ဓမ္မဆရာများကိုယ်ကာယလုပ်ငန်းကိုပို၍လုပ်ဆောင်ကြပါက သူတို့သည် ကျန်းမာခြင်းကောင်းသော ကောင်းချီးမင်္ဂလာကို ရိတ်သိမ်းရပါလိမ့်မည်။ သူ၏တစ်နေ့တာ ဟောပြောခြင်း၊ လည်ပတ်ခြင်းနှင့်လေ့လာခြင်းများတို့ကိုပြုပြီးသည်နောက် ဓမ္မဆရာသည် သူကိုယ်တိုင်လိုအပ်သောအရာများတို့ကို အချိန်ယူပြီးလုပ်ကိုင်သင့်ပါသည်။ သူသည် အကယ်၍လစာနည်းပြီးမလုံမလောက်ဖြစ်နေပါက သူသည် မိမိ၏မိသားစုအတွက် ပံ့ပိုးမှုပြုနိုင်ရန်၊ အခြားဝင်ငွေအတွက် တီထွင်လုပ်ဆောင်နိုင်ပါသည်။ သဘောထားသေးသိမ်သောသူများ ဝေဖန်မှုပြုမည်ဖြစ်သော်လည်း၊ ထိုသို့သောလုပ်ဆောင်ခြင်းကို ဘုရားသခင်နှစ်သက်ပါသည်။ [Ev 660.3]

သာသနာလုပ်ငန်း၌ နေ့ညမပြတ်အတင်းအဓမ္မလုပ်ဆောင်ကြရပြီး၊ မလုံမလောက်သောလစာဖြင့် အသက်ရှင်နေရသောသူများကို ကျွန်ုပ်အားပြသခဲ့သည်။ အရေးကြုံရာကာလရောက်ရှိလာသောအခါ၊ အကြောအခြင်နှင့်ခွန်အားတိုင်းကို အလွန်ပင်ပန်းစွာလုပ်ကိုင်နေကြရပါသည်။ အကယ်၍ ဤပုဂ္ဂိုလ်

များတို့သည် ခေတ္တခဏအနားယူပြီး ကာယခွန်အားနှင့်ဆိုင်သောအလုပ်များကို လုပ်ကိုင်ကြပါက၊ များစွာသက်သာရာရရှိကြပါလိမ့်မည်။ စောစောစီးစီး အနားယူခြင်းမှ (သေခြင်း)၊ လွတ်မြောက်ကြမည်ဖြစ်ပါသည်။ တစ်နေ့တာအတွင်း ကောင်းသောလိုအပ်နေသည့် ကိုယ်ကာယကျန်းမာခြင်းနှင့်စိတ်ကြည်လင်ခြင်းရရှိရန် ကာယအလုပ်တချို့ကို လုပ်ဆောင်ကြရပါမည်။ သို့မှသာ သွေးလည်ပတ်မှုကို နှလုံးမှဦးနှောက်နှင့်ကိုယ်ခန္ဓာတစ်ခုလုံးသို့ အနှံ့အပြားရောက်ရှိသွားပြီး၊ ကျန်းမာကြပါလိမ့်မည်။ Letter 168, 1899. [Ev 661.1]

**ဆက်လက်၍တိုးတက်ခြင်း –** အသက် (၄၀)၊ သို့မဟုတ် (၅၀) သို့ရောက်ရှိကြသော ကျွန်ုပ်တို့၏ဓမ္မဆရာများတို့သည် မိမိတို့၏လုပ်အားများမှာ လွန်ခဲ့သောအချိန်များတို့ထက် လျော့နည်းသွားသည်ဟု မထင်သင့်ကြချေ။ ဗဟုသုတရှိသော အသက်အရွယ်ကြီးရင့်သူတို့သည်သန်မာ၍ ကောင်းသောလမ်းညွှန်မှုတို့၏ကြိုးစားလုပ်ဆောင်ခြင်းကို ပေးစွမ်းနိုင်သောသူများဖြစ်သည်။ သူတို့သည် ဤအချိန်၌အထူးလိုအပ်လျက်ရှိပြီး၊ သူတို့မရှိကြပါက အသင်းတော်ရပ်တည်ရန်အလွန်ခက်ခဲပေလိမ့်မည်။ ထိုသို့သောသူများတို့သည် ကာယနှင့်ဉာဏခွန်အားနည်းခြင်းနှင့် သူတို့၏အသုံးဝင်ခြင်းနေ့ရက်များကုန်လွန်သွားပြီဟု မပြောဆိုသင့်ကြပါ။ [Ev 661.2]

သူတို့အထဲ၌ များစွာသောသူတို့သည် ပြင်းထန်သောစိတ်နှင့်ဆိုင်သည့်ခက်ခဲမှုကိုခံစားနေရပြီး၊ ကိုယ်လက်လှုပ်ရှားခြင်းအားဖြင့် သက်သာရာကို မပြုလုပ်ကြပါ။ အကျိုးကျေးဇူးများမှာ သူတို့၏တန်ခိုးများတန်ဖိုးကျဆင်းပြီး၊ မိမိတို့၏တာဝန်များတို့ကို မဆောင်ရွက်နိုင်ကြခြင်းဖြစ်သည်။ သူတို့၌လိုအပ်နေသောအရာသည် ပို၍လှုပ်ရှားသောအလုပ်ကိုလုပ်ဆောင်ရန်ဖြစ်သည်။ ဤအရာများတို့သည် သက်ကြီးရွယ်အိုများတို့၌သာ သတ်မှတ်ထားခြင်းမဟုတ်ဘဲ လူငယ်များတို့၌လည်း ၎င်းအတိုင်းစိတ်နှင့်ဆိုင်သောအားအင်ချည့်နဲ့ခြင်းကိုဖြစ်စေပါသည်။ သူတို့၌ဟောပြောရန်စာရင်းတစ်ခုရှိပါသည်။ သို့သော် ကန့်သတ်



ချက်ထက်ပို၍ဟောပြောကြပါက၊ သူတို့၏အသံကို သူတို့ပျက်စီးစေပါလိမ့်မည်။ [Ev 661.3]

မိမိ၏သိုးစုထံသို့အလည်အပတ်ပြုရန် မြင်းပေါ်၌အချိန်ယူသွားလာသော ရှေးခေတ်ဓမ္မဆရာတစ်ဦးသည် သူ၏ခက်ခဲမှုများနှင့်ကြုံတွေ့ရပြီး၊ ဟောပြောခြင်းများတို့ကိုပြုရသော်လည်း ယနေ့ကာယခွန်အားကိုအသုံးမပြုကြဘဲ မိမိတို့၏စားပွဲပေါ်ရှိစာအုပ်များတို့နှင့် အချိန်ကိုကုန်လွန်စေကြသော ယခုအချိန်ရှိကျွန်ုပ်တို့၏ဓမ္မဆရာများတို့ထက် ပို၍များစွာကျန်းမာခြင်းကိုခံစားကြရပါသည်။ [Ev 662.1]

အသက်အရွယ်ကြီးရင့်ပြီး ဗဟုသုတရှိသောဓမ္မဆရာများတို့သည် ငှားရမ်းထားသောဘုရားသခင်၏အစေခံများကဲ့သို့ တာဝန်ရှိနေကြောင်းခံစားသင့်ကြပြီး၊ နေ့စဉ်တိုးတက်ရန် ရှေ့သို့ချီတက်ပြီး မိမိတို့၏အလုပ်၌ပိုပြီးဆက်လက်၍ထိရောက်စွာဆောင်ရွက်နိုင်ရန် သစ်ဆန်းသောအကြောင်းအရာများတို့ကို အမြဲစုစည်းကာ၊ လူတို့ရှေ့၌တင်ပြကြရမည်။ ဧဝံဂေလိဟောကြားခြင်းကြိုးစားမှုတစ်ခုစီ၌ ပြီးခဲ့သောလုပ်ဆောင်မှုထက် တိုးတက်ခြင်းရှိသင့်သည်။ နှစ်စဉ်ဘုရားတရားကြည်ညိုခြင်းကို ပို၍နက်ရှိုင်းစေခြင်း၊ ကြင်နာတရားရှိသူတစ်ဦး၏စိတ်ဓာတ်၊ ပို၍ကြီးသောဝိညာဉ်ရေးခွန်အားနှင့် ပို၍ကောင်းမွန်သောအမှန်တရား၏အသိပညာများတို့ကို ပျိုးထောင်သင့်ကြပါသည်။ သူတို့၏အသက်အရွယ်နှင့်ဗဟုသုတပို၍များလာသည်နှင့်အညီ သူတစ်ပါးတို့၏စိတ်နှလုံးကို ပို၍ချဉ်းကပ်နိုင်ရန်နှင့် ပို၍မိမိတို့၏ကိုယ်ကိုပြည့်စုံစွာသိရှိနားလည်သင့်ကြပါသည်။ Testimonies, vol. 4, pp. 269, 270. (1876) [Ev 662.2]

**ငွေကြေးနှင့်ပတ်သက်သောပူပင်သောကများ –** ဓမ္မဆရာနှင့်ဆရာများတို့သည် ငွေကြေးဆိုင်ရာတာဝန်များ၏ဝန်ထုပ်အောက်၌ ဖိစီးမှုခံနေရသောအခါ ပလ္လင်ပေါ်၌ဖြစ်စေ၊ စာသင်ခန်းထဲ၌ဖြစ်စေ သူတို့၏ဦးနှောက်တို့သည်မောပန်းနေပြီး အကြောအခြင်များတို့သည် အားအင်ချည့်နဲ့နေသောကြောင့် ရိုးရိုးမီးကို

အသုံးပြုခြင်းထက် လူတို့မျှော်လင့်သော ဘုရားသခင်၏ထွန်းလင်းသည့်သန့်ရှင်းသောမီးကို မည်ကဲ့သို့ရရှိနိုင်မည်နည်း။ အားစိုက်ရသောမပြည့်စုံသည့်ကြိုးစားခြင်းသည် နားထောင်သောသူတို့အားစိတ်ပျက်စေပြီး၊ ဟောပြောသောသူကိုလည်းထိခိုက်စေပါသည်။ သူသည် ဘုရားသခင်ကိုရှာရန်အချိန်မရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ခြင်းအတွက် ယုံကြည်ခြင်းဖြင့်တောင်းခံရန်အချိန်မရှိပါ။ Testimonies, vol. 7, pp. 250, 251. (1902) [Ev 662.3]

**ညအချိန်၌ရှည်လျားသောကော်မတီအစည်းအဝေးကိုရှောင်ရှားခြင်း** – ဓမ္မဆရာတစ်ဦးသည် အသင်းတော်များစွာတို့၌ အခက်အခဲများကိုဖြေရှင်းရန်တာဝန်ရှိသောအခါ၊ လူတို့၏စိတ်နှလုံးထဲ၌ အကောင်းဆုံးသောဝိညာဉ်ရေးဘောင်ကိုထိန်းသိမ်းပေးနိုင်ခြင်းမရှိပါ။ ဤအရာသည် သူ၏တာဝန်မဟုတ်ပါ။ ဘုရားသခင်ရွေးချယ်ထားသော သူ၏သတင်းသယ်ဆောင်သူများတို့၏စွမ်းရည်တိုင်းကို သူတို့အသုံးပြုကြရန်သူဆန္ဒရှိသည်။ သူတို့၏စိတ်ကို ညအချိန်ရှည်လျားသောကော်မတီအစည်းအဝေးများ၌ နွမ်းနယ်စေရန်မပြုလုပ်သင့်ပါ။ အကြောင်းမှာ သူတို့၏ဦးနှောက်တန်ခိုးအားလုံးကို ခရစ်တော်ယေရှု၌ကဲ့သို့ ဧဝံဂေလိသတင်းစကားဟောပြောခြင်း၌အသုံးပြုရန် ဘုရားသခင်အလိုရှိသည်။ [Ev 662.4]

ဝန်ပိုခြင်းသည် အမှုဆောင်တစ်ဦးအားပျာယာခတ်စေပြီး ယုံကြည်ခြင်း၌မည်မျှတည်ရှိနေကြောင်း မိမိကိုယ်ကိုဆန်းစစ်ရန်အတွက် အချိန်ရှာရအလွန်ခက်နေပါသည်။ ဘုရားကိုအာရုံပြုပြီး၊ ဆုတောင်းရန်အချိန်အနည်းငယ်ကိုသာ သူတွေ့ရှိရပါသည်။ ခရစ်တော်သည် သူ၏သာသနာလုပ်ငန်း၌ ဆုတောင်းခြင်းနှင့်အလုပ်ကိုပေါင်းစည်းထားသည်။ တစ်ညပြီးတစ်ညဆုတောင်းခြင်းအတွက် လုံးလုံးသူအသုံးပြုခဲ့သည်။ ဓမ္မဆရာတို့သည် အမှန်တရားကို မှန်ကန်စွာဟောပြောနိုင်ရန်အတွက် သူ၏သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုရရှိရန် သူတို့သည် ဘုရားကိုရှာကြရမည်။ Manuscript 127, 1902. [Ev 663.1]





**ခိုင်မာသောစံချိန်တစ်ခု – ရေပန်းစားသောသာသနာပြုသူတစ်ဦးသို့ တောင်းဆိုခြင်းတစ်ခု** – ကျွန်ုပ်အားရှင်းလင်းစွာတင်ပြသည့်အချက်မှာ ဘုရားသခင်၏သားသမီးများတို့သည် အသားစားခြင်းအပေါ်ဆန့်ကျင်ခြင်းကို ခိုင်မာစွာရပ်တည်ကြရန်ဖြစ်ပါသည်။ အကယ်၍ သန့်ရှင်းသောသွေးနှင့်ရှင်းလင်းသောစိတ်သဘောရှိရန် သူတို့သည်ဆန္ဒရှိကြပါက အသားစားခြင်းကိုရပ်ဆိုင်းလိုက်ရပါမည်။ အကယ်၍ဘုရားသခင်သည် သူ၏သားသမီးများတို့အား ဤသတင်းစကားကိုနားထောင်ရန်အလိုမရှိပါက နှစ်ပေါင်း (၃၀) အတွက် သူ၏သားသမီးများတို့အား ဤသတင်းစကားကိုပေးမည်မဟုတ်ပါ။ အသားစားခြင်းအားဖြင့် လူတို့အထဲ၌တိရစ္ဆာန်သဘောအားကြီးလာစေပြီး ဝိညာဉ်သဘောအားနည်းသွားစေပါသည်။ အလွန်လေးနက်ပြီးအရေးကြီးသောအလုပ်၌ပါဝင်ရန် အပ်နှံခြင်းခံရသောလူသားများဖြစ်ကြသည့် သင်တို့ကဲ့သို့သောပုဂ္ဂိုလ်များတို့သည် မိမိတို့စားသုံးသောအစားအစာများအပေါ် အထူးသတိပြုရန်လိုအပ်ပါသည်။ [Ev 663.2]

သင်အသားစားသောအခါ သင်သည် ဒုတိယအဆင့်ဟင်းသီးဟင်းရွက်ကိုစားခြင်းဖြစ်ကြောင်း သတိရပါ။ အကြောင်းမှာ တိရစ္ဆာန်များတို့သည် ဟင်းသီးဟင်းရွက်အပင်အနှံများမှ အာဟာရဓာတ်များကိုရရှိပြီး ဈေးထဲ၌ရောင်းချရန်ပြင်ဆင်ထားခြင်းကြောင့်ဖြစ်ပါသည်။ စပါးနှင့်ဟင်းသီးဟင်းရွက်ထဲ၌ရှိသောအသက်သည် တိရစ္ဆာန်ထဲသို့ရောက်ရှိပြီး ၎င်းတို့၏အသက်အစိတ်အပိုင်းထဲ၌ပါဝင်ကာ ထိုတိရစ္ဆာန်တို့၏အသားကို လူတို့စားသုံးကြပါသည်။ အဘယ်ကြောင့်သူတို့သည် ဒုတိယအဆင့်အစာကိုစားရန်ဆန္ဒရှိကြပါသနည်း။ [Ev 663.3]

အစအဦး၌ အသီးအနှံသည် "အစာအတွက်ကောင်းသည်" ဟု ဘုရားသခင်ကြေညာခဲ့ပါသည်။ အသားစားခွင့်ပြုခြင်းသည် ကျဆုံးခြင်း၏အဖိုးအခတစ်ခုဖြစ်သည်။ ရေလွှမ်းမိုးခြင်းပြီးသည့်နောက်ပိုင်း၌သာ လူတို့အား တိရစ္ဆာန်များတို့၏အသားကိုစားခွင့်ပြုပါသည်။ အဘယ်ကြောင့်နည်း။ ကျွန်ုပ်

တို့အသားစားရန်လိုအပ်ပါသလား။ အသားသည် ရောဂါနှင့်ပြည့်ဝကြောင်း စားသုံးသူများအနည်းငယ်သာသိရှိကြသည်။ အသားသည် မည်သည့်အခါမျှ အကောင်းဆုံးသောအစာမဟုတ်ပါ။ ယခုဒင်းသည် ရောဂါအားဖြင့်ကျိန်ခြင်း ခံနေရသည်။ [Ev 663.4]

တိရစ္ဆာန်အသားကိုစားရန်အတွက် သတ်ခြင်းကိုစဉ်းစားရုံမျှဖြင့်ပင် ရွံရှာမုန်းတီးဖွယ်ကောင်းသောအရာဖြစ်နေပြီဖြစ်သည်။ အကယ်၍ လူ၏ဇီဇ အသိဉာဏ်သည် အာဟာရ၏အလိုလိုက်ခြင်းအားဖြင့် ညစ်ညမ်းခြင်းမရှိပါက လူသားများတို့သည် တိရစ္ဆာန်များတို့၏အသားကိုစားကြရန် စဉ်းစားကြမည် မဟုတ်ပါ။ [Ev 664.1]

ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းတိုးတက်ရန် ဆောင်ရွက်ရမည့်အလုပ်ကို ကျွန်ုပ်တို့အားပေးခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏လူတို့အထဲ၌ တစ်ယောက်နှင့်တစ်ယောက်စည်းလုံးညီညွတ်ခြင်းရှိကြရန် သူဆန္ဒရှိပါသည်။ သင်သိရှိရသကဲ့သို့ လွန်ခဲ့သော (၃၅) နှစ်၌ ကျွန်ုပ်တို့ရပ်တည်ရန် ဘုရားသခင် အမိန့်ပေးခဲ့သောအရာ၏အဆင့်ကို မစွန့်လွှတ်ရပါ။ ကျန်းမာခြင်းပြုပြင်ပြောင်းလဲခြင်း၏အလုပ်ကို သင်မည်ကဲ့သို့ဆန့်ကျင်နေသည်ကို သင်သတိပြုပါ။ ဤလုပ်ငန်းသည် ကျွန်ုပ်တို့၏ကမ္ဘာပေါ်ရှိ လူတိုင်းခံစားနေရသောဒုက္ခ လျော့နည်းစေရန်နှင့် သူ၏လူတို့ကို သန့်ရှင်းဖြူစင်စေရန်အတွက် ဘုရားသခင်၏နည်းလမ်းများဖြစ်သောကြောင့် ဤအလုပ်သည် ရှေ့သို့တိုးတက်ရပါလိမ့်မည်။ [Ev 664.2]

သင်သည် ကွဲပြားခြင်းကိုမပြုလုပ်မိရန် မည်သည့်စိတ်နေသဘောထား ရှိနေသည်ကို သင်သတိပြုပါ။ ကျွန်ုပ်၏ညီအစ်ကို၊ သင်၏အသက်တာ၌သော်လည်းကောင်း၊ သင်၏မိသားစု၌သော်လည်းကောင်း၊ ကျန်းမာခြင်းပြုပြင်ပြောင်းလဲရေးဥပဒေများတို့ကို လိုက်လျှောက်ခြင်းအားဖြင့် ကောင်းချီးမင်္ဂလာကိုသင်ယူဆောင်ပေးရန် ပျက်ကွက်ခြင်းရှိနေသည့်တိုင်အောင် ဤကိစ္စနှင့် ပတ်သက်သည့် ဘုရားသခင်ပေးထားသောအလင်းကို ဆန့်ကျင်ခြင်းအားဖြင့် သူတစ်ပါးကိုအန္တရာယ်မဖြစ်စေပါနှင့်။ [Ev 664.3]



ကျွန်ုပ်တို့သည် အသားစားခြင်းကို စမ်းသပ်မှုတစ်ခုအဖြစ်နှင့်မစားသုံးဘဲစွန့်လွှတ်လိုက်ရန် အတင်းအဓမ္မတိုက်တွန်းခြင်းမပြုသော်လည်း နယ်အတွင်းရှိဓမ္မဆရာများတို့အား ဤကိစ္စနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆသဘောမထားရန် နှင့်ဆန့်ကျင်ဘက်မပြုရန် တောင်းဆိုရမည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ အကယ်၍ ဘုရားသခင်ပေးသောအလင်းဖြစ်သည့် အသားစားခြင်းကြောင့် ခန္ဓာကိုယ်ထိခိုက်ခြင်းကိုဂရုမစိုက်ဘဲ ဆက်၍သာအသားကိုစားနေပါက သင်သည် အကျိုးသက်ရောက်မှုကိုခံရပေလိမ့်မည်။ သို့သော် လူတို့ရှေ့၌ အသားစားခြင်းနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုပြုရန်မလိုအပ်ကြောင်းကို သူတို့၏စိတ်ထဲ၌မတွေးမိစေရန် သင်တို့ပြောဆိုပြုမူပုံ၌ သတိပြုရပါမည်။ အကြောင်းမှာ ဤပြုပြင်ပြောင်းလဲခြင်းကိုပြုလုပ်ရန် ဘုရားသခင်အလိုရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဤကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းသတင်းစကားကိုဟောပြောရန်တာဝန်ကို ကျွန်ုပ်တို့အားပေးထားပြီး၊ အကယ်၍သင်သည် ဤသတင်းစကားကိုဟောပြောသောသူများတို့နှင့်အတူ ပါဝင်ဆောင်ရွက်ခြင်းမရှိကြပါက သင်သည် ဤကိစ္စကိုသိသာထင်ရှားစေရန် မပြုလုပ်ခြင်းဖြစ်ပါသည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအကြောင်းကို သင်ကြားပို့ချသော သင်၏လုပ်ဖော်ကိုင်ဖက်များတို့၏ကြိုးစားဆောင်ရွက်ခြင်းနှင့် သင်သည်ဆန့်ကျင်၍လုပ်ဆောင်နေပါက သင်သည် စည်းပြင်သို့ရောက်ရှိနေပြီး မှားနေသောအလုပ်ကိုလုပ်နေခြင်းဖြစ်ပါသည်။ Letter 48, 1902. [Ev 664.4]

## ဝမ်းမြောက်ဖွယ်သတင်းဟောပြောသူ၏အသံ

**ဘုရားသခင်၏ကိုယ်စားဓမ္မဆရာ** – ဘုရားသခင်၏ကိုယ်စားအဆင့်ကို လက်ခံသောသူတစ်ယောက်သည် ကျေးဇူးတော်အားလုံးနှင့်ထက်မြက်သော

ဉာဏ်စွမ်းဖြင့် သူသည်လူတို့အား သူ၏ဟောပြောခြင်း၌ အမှန်တရားတစ်စုံတစ်ရာမျှပျောက်ဆုံးသွားခြင်းမရှိဘဲ အမှန်တရားဟောပြောခြင်းသည် လွန်စွာလိုအပ်သောအရာဖြစ်ကြောင်း သူဆင်ခြင်သင့်သည်။ သေးငယ်သောအရာကဲ့သို့သာဆင်ခြင်ပြီး မပြည့်မစုံဟောပြောသောသူတို့သည် ဘုရားသခင်ကိုရှုတ်ချရာရောက်သည်။ Manuscript 107, 1898. [Ev 665.1]

**ပြည့်ပြည့်ဝဝကောင်းသောအသံဖြင့်** – ပြည့်ပြည့်ဝဝကောင်းသောအသံဖြင့် ပြတ်သားရှင်းလင်းစွာဟောပြောနိုင်သောအရည်အချင်းသည် လုပ်ငန်းတိုင်းအတွက် အလွန်တန်ဖိုးရှိသည်။ ဓမ္မဆရာများ၊ တရားဟောဆရာများ၊ ကျမ်းစာအမှုဆောင်များ၊ သို့မဟုတ် ဓမ္မစာပေဖြန့်ချိသူများဖြစ်ရန် ဆန္ဒရှိသူတို့အတွက် ဤအရည်အချင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ဤအလုပ်၌ ပါဝင်ရန် ကြံစည်ထားကြသောသူတို့သည် အမှန်တရားကိုသူတစ်ပါးထံသို့ ဟောပြောသောအခါ၊ ကောင်း၍တိကျသည့်ခံစားချက်ရရှိစေရန် သူ၏အသံကို မည်ကဲ့သို့အသုံးပြုရမည်ကို သင်ယူသင့်သည်။ ချို့ယွင်းသောအသံနှင့်ဟောပြောခြင်းအားဖြင့် ဆက်သွယ်မှုပြုခြင်းကြောင့် အမှန်တရားကိုထိခိုက်နစ်နာခြင်းမရှိစေရပါ။ Testimonies, vol. 6, p. 380. (1900) [Ev 665.2]

**ဖော်ပြချက်ဖြင့်ရှင်းလင်းစွာပြောဆိုခြင်း** – အမှုဆောင်အားလုံးတို့သည် ပလ္လင်ပေါ်၌တရားဟောသောအခါဖြစ်စေ၊ ကျမ်းစာသင်ကြားသောအခါဖြစ်စေ ရှင်းလင်း၍အဓိပ္ပါယ်ပါသောအမှုအရာဖြင့်ပြောဆိုနိုင်ရန် သင်ယူကြရမည်။ Letter 200, 1903.

**ပျော့ပျောင်း၍ချိုသာသောကျမ်းစာဖတ်သူ၏အသံ** – လူထုပရိသတ်များ၌ဖြစ်စေ၊ အိမ်ထောင်မိသားစုထဲ၌ဖြစ်စေ ကျမ်းစာသင်ကြားသောသူသည် ကျမ်းစာကိုပျော့ပျောင်း၍ ချိုသာသောအနိမ့်အမြင့်ပါရှိသည့် စည်းဝါးကျသောကြားနာရသူတို့အတွက် ဆွဲဆောင်နိုင်သည့်အသံဖြင့် ပြောဆိုနိုင်စွမ်းရှိသင့်သည်။ Testimonies, vol. 6, p. 381. (1900) [Ev 666.1]



**သဘောပေါက်စွာနှင့်စိတ်ထဲ၌စွဲမြဲစွာ** – မှန်ကန်စွာစာဖတ်ခြင်း၏သိပ္ပံအတတ်နှင့် မှန်ကန်စွာစာလုံးကို အသံလေးနက်စွာထွက်အောင်ပြောဆိုဖတ်ရှုနိုင်ခြင်းသည် အမြင့်ဆုံးသောတန်ဖိုးရှိသည်။ အခြားကဏ္ဍများတို့၌ သင်သည် ပညာများစွာတို့ကို မည်မျှပင်ရရှိထားစေကာမူ၊ အကယ်၍ သင်၏အသံနှင့်ပြောဆိုသောအမှုအရာတို့၌ သင်သည် တိကျစွာနှင့်ဉာဏ်ရည်ထက်မြက်စွာဖြင့်ပြောဆိုနိုင်ရန် ပြုစုပျိုးထောင်ခြင်းကိုလျစ်လျူရှုပါက သင်၏သင်ယူခဲ့သောအရာအားလုံးတို့သည် သင့်အားအနည်းငယ်သာအကျိုးပေးလိမ့်မည်။ အကြောင်းမှာ သင်၏အသံကိုပြုစုပျိုးထောင်ခြင်းမရှိပါက သင်သင်ယူခဲ့သောအရာများတို့ကို သူတစ်ပါးတို့နှင့်အဆင်သင့်ရှင်းလင်းစွာဆက်သွယ်နိုင်မည်မဟုတ်ပါ။ [Ev 666.2]

လူတစ်ယောက်မှသိရှိသောအရာကို သဘောပေါက်စွာနှင့်စိတ်ထဲ၌စွဲမြဲစွာပြောဆိုနိုင်ရန်သင်ယူခြင်းသည် ဘုရားသခင်၏အမှုတော်လုပ်ငန်း၌ အမှုဆောင်များဖြစ်လာရန် ဆန္ဒရှိသူများတို့အတွက် အထူးတန်ဖိုးရှိသည်။ အမှန်တရား၏သတင်းစကားများတို့ကို ပို၍သင်ဖော်ပြနိုင်ပါက ကြားနာရသူတို့အတွက်ပို၍ သင်၏စကားများထိရောက်မှုရှိပါလိမ့်မည်။ ဘုရားသခင်၏အမှန်တရားကို မှန်ကန်စွာဟောပြောခြင်းသည် အမြင့်ဆုံးသောကြိုးစားခြင်းများတို့၏ထိုက်တန်ခြင်းဖြစ်သည်။ သင်၏အမှုတော်အတွက် သင်တန်းယူသောကျောင်းသားများတို့သည် အမှန်တရားနှင့်ပတ်သက်ပြီး သူတစ်ပါးတို့နှင့်ပြောဆိုသောအခါ၊ မှန်ကန်စွာနှင့်တန်ခိုးပါစွာဖြင့်ပြောဆိုနိုင်ရန် တိကျသောကြိုးစားခြင်းပြုကြရမည်။ သို့မဟုတ် လူထုတရားပွဲ၌ပါဝင်လုပ်ဆောင်ကြသောအခါ၊ ကောင်းကင်မှမူရင်းအမှန်တရားများကို သူတို့သည် မှန်ကန်စွာဟောပြောနိုင်ကြလိမ့်မည်။ Manuscript 131, 1902. [Ev 666.3]

**စကားပြောသူ၏အသံသည်ဆုံးဖြတ်ချက်အပေါ်သက်ရောက်မှုရှိသည်** – တချို့သောသူတို့သည် အထက်သံဖြင့် မိမိတို့၏အမှန်တရားကို အော်ဟစ်ပြောဆိုခြင်းအားဖြင့် လူတို့အပေါ်သို့လေးနက်သောခံစားချက်ဩဇာကိုပျက်စီးစေ

ပါသည်။ ဤအမူအရာဖြင့် အမှန်တရားကိုဟောပြောသောအခါ၊ အမှန်တရား၏ ချိုမြိန်သောတန်ခိုးနှင့်လေးနက်မှုပျောက်ဆုံးသွားပါသည်။ သို့သော် အကယ်၍ အသံမှန်ပါက၊ အကယ်၍လေးနက်မှုနှင့်စိတ်ခံစားမှုပါရှိသည့် ကောင်းသောအသံကိုအသုံးပြုပါက ပို၍ကောင်းသောခံစားချက်ကို များစွာပေးနိုင်မည်ဖြစ်သည်။ ဤအသံသည် သူ၏တပည့်တော်များတို့အား ခရစ်တော်သင်ပေးခဲ့သောအသံဖြစ်ပါသည်။ သူသည် လေးနက်မှုဖြင့်သူတို့၏စိတ်ကို ဩဇာလွှမ်းမိုးစေသည်။ သူသည် စိတ်လှုပ်ရှားမှုနှင့်ဆိုင်သောပြောဆိုပြုမူပုံနှင့်စကားပြောသည်။ သို့သော် ကျယ်လောင်သောအော်ဟစ်သံသည် မည်သည့်အရာကိုပြုလုပ်ပေးနိုင်မည်နည်း။ ၎င်းသည် လူတို့ကိုအမှန်တရား၏မြင့်မားသောအမြင်များတို့ကို မည်သည့်အခါမျှမပေးနိုင်ပါ။ လူတို့ကိုလည်း မည်သည့်အခါမျှပို၍နက်ရှိုင်းစွာဖြင့် သူတို့၏စိတ်ထဲ၌ စွဲမှတ်စေနိုင်ခြင်းမရှိပါ။ ကြားနာရသောသူများအတွက် လက်ခံ၍မရသောခံစားမှုကိုသာဖြစ်စေပြီး ဟောပြောသူ၏အသံနှင့်သက်ဆိုင်သောအင်္ဂါများကို ပျက်စီးစေပါသည်။ အသံ၏အတိုးအကျယ်သည် ကြားနာရသောသူတို့၏စိတ်နှလုံးများတို့ကို ထိခိုက်စေပါသည်။ Testimonies, vol. 2, p. 615. (1871) [Ev 666.4]

**အသံနှင့်ဆိုင်သောကိုယ်အင်္ဂါများကိုမှန်ကန်စွာအသုံးပြုခြင်း –** အသံနှင့်ဆိုင်သောကိုယ်အင်္ဂါများကို ကောင်းသောသေချာစွာဂရုပြုခြင်းနှင့်သင်တန်းကိုပေးရမည်။ မှန်သောအသုံးပြုခြင်းအားဖြင့် ၎င်းတို့သည်သန်မာလာပြီး အကယ်၍မှန်ကန်စွာအသုံးမပြုပါက ချည့်နဲ့သွားမည်ဖြစ်ပါသည်။ ရှည်လျားသောတရားဟောချက်များတို့ကို ဟောပြောခြင်း၌ပိုလျှံသောအသုံးပြုခြင်းတွင် မကြာခဏပြန်လည်ပြုလုပ်ပါက စကားပြောခြင်း၏အင်္ဂါအစိတ်အပိုင်းများတို့ကို ပျက်စီးစေရုံမျှမကဘဲ တစ်ကိုယ်လုံးရှိအကြောအခြင်များကို အချိန်မတန်အင်အားကုန်ခန်းစေပါလိမ့်မည်။ နူးညံ့သောစောင်းကြိုးများသွားပြီးပြုပြင်၍မရတော့ဘဲ သာယာသောအသံအစား မညီညာသောအသံကိုသာပေးပါလိမ့်မည်။ [Ev 667.1]



စကားပြောသူတိုင်းအတွက် မိမိတို့၏အသံနှင့်ဆိုင်သော ကိုယ်အင်္ဂါများကိုပြုစုပြီး လူတို့အတွက်အသက်၏သတင်းစကားများတို့ကိုဟောပြောနိုင်ရန်၊ ကျန်းမာသောအခြေအနေ၌ထားရှိရန် အရေးကြီးပါသည်။ လူတိုင်းအား ဘုရားရှင်မှပေးထားသောစွမ်းရည်အပေါ် ဉာဏ်ရည်ထက်မြက်သောပုဂ္ဂိုလ်တစ်ဦးဖြစ်သင့်ပြီး အထိရောက်ဆုံးသောပြောဆိုပြုမူပုံဖြင့် သူသင်ယူရရှိခဲ့သောအရာများကို လိုက်လျှောက်သင့်ကြပါသည်။ ကျယ်လောင်သောအသံဖြင့်သော်လည်းကောင်း၊ အမြင့်သံဖြင့်သော်လည်းကောင်း ဟောပြောရန်မလိုပါ။ ထိုကဲ့သို့ပြုခြင်းသည် စကားပြောသူအား ကြီးမားသောထိခိုက်မှုကိုဖြစ်စေပါသည်။ လျှင်မြန်စွာစကားပြောခြင်းသည် ဟောပြောခြင်း၏ထိရောက်မှုများစွာကို ပျက်စီးစေပါသည်။ အကြောင်းမှာ ပြောဆိုသောစကားများတို့သည် လျင်မြန်သောကြောင့် သေချာစွာပြောဆိုပြီး၊ ကြားနာရသူများအတွက် အချိန်ယူနိုင်ကာပြောဆိုသောစကားတိုင်း၏အဓိပ္ပါယ်ကိုကောက်ယူနိုင်ခြင်းကဲ့သို့ ရှင်းလင်းတိကျခြင်းမရှိသောကြောင့်ဖြစ်သည်။ [Ev 667.2]

လူသားများတို့၏အသံသည် ဘုရားသခင်ပေးသော တန်ဖိုးရှိသည့်ဆုကျေးဇူးတစ်ခုဖြစ်သည်။ ကောင်းကျိုးအတွက်တန်ခိုးတစ်ခုဖြစ်ပြီး ဘုရားသခင်သည် သူ၏အစေခံများတို့ကို ၎င်း၏ကရုဏာယိုဖိတ်စေသည့်အသံနှင့်ငြိမ့်ညောင်းသောအသံကို ထိန်းသိမ်းရန်သူအလိုရှိသည်။ အသံကိုတေးသံသာကဲ့သို့ဖြစ်ရန်၊ နား၌နာပျော်ဖွယ်ရာကောင်းပြီး စိတ်နှလုံးထဲ၌ထိတွေ့ခံစားစေနိုင်သည့်အခြေအနေသို့ရောက်ရှိရန် ပြုစုပျိုးထောင်သင့်သည်။ [Ev 667.3]

လူသားကိုယ်စားလှယ်ကို မိမိတို့စိတ်ကူးပေါက်သည့်အတိုင်း ဟောပြောခြင်းမပြုကြဘဲ တည်ငြိမ်စွာနှင့်ဖြည်းညင်းစွာဖြင့်ပြောဆိုပြီး အမှန်တရားကိုဝိညာဉ်တော်၏လုံလောက်သောတန်ခိုးဖြင့်ဟောပြောစေရန် ဘုရားရှင်တောင်းဆိုပါသည်။ သင်၏အပြောအဆိုကို သင့်ကိုယ်တိုင်စိတ်ဇောကြီးစွာဖြင့် မိမိစိတ်ကူးပေါက်သည့်အတိုင်းဟောပြောခြင်း၊ သင်၏ခံစားချက်များကို သဘာဝအတိုင်းမဟုတ်ဘဲ သင်၏မြင့်သောအသံဖြင့် ကျယ်လောင်စွာဟောပြော

ခြင်းကြောင့် သင့်အပေါ်သို့ဘုရားသခင်သည် ကြီးစွာသောအထောက်အထားကို ပေးနေသည်ဟု မည်သည့်အခါမျှမထင်ပါနှင့်။ [Ev 668.1]

သင်၏ဩဇာသည် ဝေးသောအရပ်သို့ရောက်ရှိပြီး သင်၏စကားပြောဆိုခြင်းသည် ကျိုးကြောင်းဆီလျော်ခြင်း၏ထိန်းချုပ်မှုအောက်၌ရှိသင့်သည်။ စကားပြောခြင်း၏ခန္ဓာအစိတ်အပိုင်းများကို သင်နွမ်းနယ်စေသောအခါ၊ အသံ၏ညီညွတ်ခြင်းများဆုံးရှုံးသွားပါသည်။ လျင်မြန်စွာစကားပြောဆိုခြင်းအလေ့အထကို တိကျစွာအောင်မြင်သင့်သည်။ လုပ်ဆောင်မှုအားလုံးတို့အတွက် လူတစ်ယောက်မှပေးနိုင်သည့် လူသား၏ကိရိယာတန်ဆာပလာများကို ဘုရားသခင်တောင်းဆိုပါသည်။ လူသားကိုယ်စားလှယ်သို့အပ်နှံထားသောစွမ်းရည်အားလုံးတို့ကို မြတ်နိုးပြီးကျေးဇူးတင်လျက် ကောင်းကင်မှတန်ဖိုးရှိသည့်ပေးကမ်းခြင်းတစ်ခုကဲ့သို့ အသုံးပြုရပါမည်။ ရိတ်သိမ်းသောလယ်ပြင်၌ရှိသောအမှုထမ်းများတို့သည် ဘုရားသခင်တာဝန်ပေးထားသောကိုယ်စားလှယ်နှင့် ကောင်းကင်မှအလင်းကို သူဆက်သွယ်နိုင်ရန်လမ်းကြောင်းများဖြစ်သည်။ သူတို့၏မည်သည့်ဘုရားပေးတန်ခိုးများတို့ကိုမဆို ဂရုမစိုက်သော၊ ဖြုန်းတီးသောအသုံးပြုခြင်းသည် သူတို့၏အရည်အချင်းကိုယုတ်လျော့စေသောကြောင့် အကြီးမားဆုံးသောဆောင်ရွက်ရမည့် အရေးပေါ်ကိစ္စတစ်ခုပေါ်လာသောအခါ သူတို့သည် အလွန်အားနည်းသော၊ မကြာခဏဖျားတတ်သော၊ မသန်မစွမ်းသောအခြေအနေများကြောင့် သူတို့သည် အနည်းငယ်သာထမြောက်အောင်ဆောင်ရွက်နိုင်ပါသည်။ Special Testimonies, Series A, No. 7, pp. 9-11. (1874) [Ev 668.2]

**အသံပြုစုပျိုးထောင်ခြင်းသည်ဓမ္မဆရာအတွက်အရေးကြီးခြင်း –** ကျွန်ုပ်တို့၏ကျောင်းများ၌ရှိသောဆရာများတို့သည် ဘုရားတရားကိုင်းရှိုင်းခြင်းမရှိသောစိတ်ထားနှင့် ရိုင်းပျသောအမူအရာများရှိသည့်ကျောင်းသားများ၊ မှားသောအသံအနေအထားဖြင့်စာဖတ်ခြင်း၊ သို့မဟုတ် မမှန်သောအသံဖြင့်ဖတ်ရှုတတ်သောကျောင်းသားများတို့ကို သည်းခံခြင်းမပြုသင့်ပါ။ ပညာစွမ်းရည်ရှိသော်လည်း



ဂရုမစိုက်ခြင်းနှင့်မကောင်းသောသင်တန်း၊ အကျင့်စရိုက်များတို့သည် မကြာခဏသူတို့ကိုသေးသိမ်စေမည်ဖြစ်ပြီး ဓမ္မဆရာတစ်ဦး၏အလုပ်၌ ကြီးစွာသောအဟန့်အတားများကို ဖြစ်စေပါလိမ့်မည်။ ကျောင်းသားတစ်ဦး၏စိတ်ထဲ၌ခံစားနေရမည်မှာ ၎င်းကိုသူ၏တန်ခိုး၌ရှိနေပြီး ကျေးဇူးတော်နှင့်ကြိုးစားမှုပေါင်းစပ်ခြင်းအားဖြင့် သူ့ကိုယ်ကိုလူတစ်ယောက်သို့ဖြစ်စေနိုင်ပါသည်။ ဘုရားသခင်သူ့အားဆင်ယင်ပေးသော စိတ်နှင့်ကာယစွမ်းရည်များတို့ကိုသူပျိုးထောင်ခြင်းနှင့်အနစ်နာခံကာကြိုးစားခြင်းအားဖြင့် သူ၏မိတ်ဆွေလူသားများတို့အားအကျိုးပြုရန် သူသည် တန်ခိုးတစ်ခုဖြစ်လာပါလိမ့်မည်။ Manuscript 22, 1886. [Ev 668.3]

**အသံကိုလေ့ကျင့်ခြင်း –** ကိုယ်ကာယပျိုးထောင်ခြင်း၌ အသံ၏သင်တန်းရယူခြင်းသည် အရေးကြီးသောအရာတစ်ခုဖြစ်သည်။ ၎င်းသည် အဆုတ်ကိုကျယ်ပြန့်စေ၍ ခွန်အားရှိစေပြီး၊ ရောဂါကိုဖယ်ရှားပေးစေနိုင်သည်။ မှန်ကန်သောစာဖတ်ခြင်းနှင့်စကားပြောခြင်းပြုလုပ်နိုင်ရန် အသက်ရှုရှိုက်ခြင်း၌ ဝမ်းဗိုက်နှင့်ဆိုင်သောကြွက်သားများနှင့် အသက်ရှုရှိုက်ခြင်းနှင့်ဆိုင်သောကိုယ်အင်္ဂါများအကန့်အသတ်မရှိ၊ လွတ်လပ်စွာလှုပ်ရှားနိုင်ခြင်းများရှိသည်၊ မရှိသည်ကိုသတိပြုရပါမည်။ အင်အားကိုလည်ချောင်းကြွက်သားများမှအသုံးမပြုရဘဲဝမ်းဗိုက်၌ရှိသောကြွက်သားများကိုသာ အသုံးပြုရမည်။ သို့မှသာ လည်ချောင်းနှင့်အဆုတ်၏ပင်ပန်းခြင်းနှင့်ကြောက်မက်ဖွယ်ရောဂါကို ကာကွယ်ပေးနိုင်လိမ့်မည်။ ပြတ်သားပီသသောအသံ၊ ချောမွတ်၍ကောင်းသောအသံများတို့ကိုရရှိကြရန်၊ မြန်ဆန်လွန်းသောပြောဆိုခြင်းစရိုက်ကိုရှောင်ရှားနိုင်ရန် အထူးဂရုစိုက်သင့်ကြသည်။ Education, p. 199. (1903) [Ev 669.1]

**လူတစ်ထောင်သို့စကားပြောခြင်းသည်လူဆယ်ယောက်အားပြောခြင်းကဲ့သို့လွယ်ကူ –** လည်ချောင်းမှစကားပြောခြင်း၊ ပြောဆိုသောစကားများကို အသံကိုယ်အင်္ဂါများ၏အထက်ပိုင်းများမှထွက်ပေါ်လာစေခြင်းနှင့် ၎င်းတို့အားအချိန်တိုင်း၌ထိခိုက်ပွန်းပဲ့စေခြင်း၊ ဒုက္ခပေးခြင်းတို့သည် ကျန်းမာခြင်းကိုအကောင်းဆုံး

ထိန်းသိမ်းရာမရောက်ပါ။ ၎င်းအင်္ဂါများတို့၏အသုံးဝင်ခြင်းကိုလည်း တိုးတက်မှုမရှိစေပါ။ သင်သည် အသက်ရှူရှိုက်ခြင်းကိုအပြည့်အဝရယူသင့်ပြီး၊ ထိုလှုပ်ရှားမှုကို ဝမ်းဗိုက်ကြွက်သားများအားဖြင့်ပြုလုပ်ပါ။ အဆုတ်ကိုသာ လမ်းကြောင်းတစ်ခုတည်းဖြစ်စေပါ။ သို့သော် အလုပ်လုပ်ရန်အတွက် ၎င်းကိုအမှီမပြုပါနှင့်။ အကယ်၍ သင်၏စကားများကို အတွင်းမှထွက်လာသော သင်၏ဝမ်းဗိုက်ကြွက်သားများတို့ကိုအသုံးပြုပါက လူတစ်ထောင်သို့သင်စကားပြောခြင်းကို လူဆယ်ယောက်အားပြောခြင်းကဲ့သို့ လွယ်ကူစွာပြောနိုင်လိမ့်မည်။ Testimonies, vol. 2, p. 616. (1871)

**မှန်ကန်သောအသက်ရှူရှိုက်ခြင်းကိုသတိပြုပါ** – ဓမ္မဆရာများတို့သည် တည့်မတ်စွာထ၍ ဖြည်းညင်းစွာ၊ ခိုင်မာစွာနှင့်ရှင်းလင်းစွာဖြင့် ဝမ်းဗိုက်ကြွက်သားများကိုအသုံးပြုလျက် ဝါကျတိုင်းကိုလုံလောက်သောလေဖြင့် စကားများတို့ကိုပြောဆိုကြရမည်။ အကယ်၍ ဤလွယ်ကူသောစည်းမျဉ်းဥပဒေကို လိုက်လျှောက်ပြီး အခြားရိုသေလေးစားမှု၌ ကျန်းမာခြင်း၏ဥပဒေများအပေါ် အာရုံပြုပါက သူတို့၏အသက်တာကိုထိန်းသိမ်းနိုင်ပြီး သူတို့၏အသုံးဝင်ခြင်းကို အခြားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သောသူများတို့ထက် သက်တမ်းပို၍ရှည်လိမ့်မည်။ ရင်ဘတ်ပို၍ကျယ်ပြန့်လာပြီး စကားပြောသူသည် ဆက်လက်၍စကားပြောဆိုနေရသည့်တိုင် အလွယ်တကူအသံပြာခြင်း၊ အသံဝင်ခြင်းရှိမည်မဟုတ်ပါ။ သတိနှင့်လေ့ကျင့်ခန်းပြုလုပ်ခြင်းအားဖြင့် အဆုတ်နှင့်ဆိုင်သောဝေဒနာခံစားရမည့်အစား၊ အဆုတ်နှင့်ဆိုင်သော ဖြစ်တတ်သည့်ဝေဒနာအားလုံးတို့မှ ကင်းရှင်းကြပါလိမ့်မည်။ Testimonies, vol. 4, p. 404. (1880) [Ev 670.1]

**နွေးထွေးစွာနှင့်တည်ငြိမ်စွာပြောဆိုခြင်း** – ကျွန်ုပ်အသက်ငယ်ရွယ်စဉ်အခါ၌ ကျယ်လောင်စွာစကားပြောတတ်သည်။ လူတို့အပေါ်မှန်သောဩဇာသက်ရောက်မှုကိုပြုလုပ်၍မရခြင်းမှာ သဘာဝမဟုတ်သောအသံကိုအသုံးပြုခြင်းအားဖြင့်ဖြစ်ကြောင်း ဘုရားသခင်သည် ကျွန်ုပ်အားပြသပါသည်။ ထိုနောက် ကျွန်ုပ်



ရှေ့၌ခရစ်တော်ထင်ရှားလာပြီး၊ သူ၏စကားပြောသောအမှုအရာ၌ သူ၏အသံကိုချိုသာသောသာယာသံဖြင့်ကြားရပါသည်။ သူ၏အသံသည် တည်ငြိမ်သည့်ပုံမှန်သံနှင့်အမူအရာဖြင့် နားထောင်သောသူတို့အတွက် ကောင်းမွန်စွာကြားရပြီး၊ သူ၏စကားများတို့သည် သူတို့၏နှလုံးသားထဲသို့ ထိုးဖောက်ဝင်ရောက်ကာ သူဆက်လက်ပြောမည့်အကြောင်းအရာကိုပင် မပြောမီကြိုတင်၍သဘောပေါက်နိုင်ကြပါသည်။ တချို့သောသူတို့သည် ကျယ်လောင်သောအသံဖြင့် မြန်ဆန်စွာစကားမပြောပါက မိမိတို့၏စိတ်လှုံ့ဆော်မှုပျောက်ဆုံးသွားပြီး ကြားနာရသူတို့၏စိတ်လှုံ့ဆော်မှုကိုလည်း ပျောက်ဆုံးသွားစေမည်ဟု ထင်ကြပါသည်။ အကယ်၍ ၎င်းအတိုင်းပြုလုပ်ခြင်းသည် စိတ်လှုံ့ဆော်မှုဖြစ်ပါက ဆောလျင်စွာပျောက်ဆုံးခြင်းသည် ပို၍ကောင်းပါလိမ့်မည်။ Manuscript 19b, 1890. [Ev 670.2]

## သာသနာပြုသူ၏ကိုယ်ပိုင်ပြင်ပပေါ်လွင်ထင်ရှားခြင်း

**သာသနာပြုဆရာ၏ဥပဓိရုပ်** – ကျွန်ုပ်ရရှိသောအလင်းအရ၊ သာသနာ့လုပ်ငန်းသည် သန့်ရှင်း၍မြင့်မြတ်သောအလုပ်တစ်ခုဖြစ်ပြီး ဤတာဝန်ကိုလက်ခံသောသူတို့သည် မိမိတို့၏စိတ်ထဲ၌ ခရစ်တော်ကိန်းအောင်းသင့်ပြီး၊ လူတို့ရှေ့၌ ခရစ်တော်ကိုထိုက်တန်စွာဖြင့် မိမိတို့၏လုပ်ဆောင်မှုအားလုံးတို့၌သော်လည်းကောင်း၊ မိမိတို့၏ဝတ်စားဆင်ယင်ခြင်း၌သော်လည်းကောင်း၊ မိမိတို့၏အပြောအဆို၌သော်လည်းကောင်း၊ မိမိတို့၏ပြောဆိုသောအမှုအရာ၌ပင်ကိုယ်စားပြုသည့်အသက်တာမျိုး၌ ထင်ရှားစေရန်ဖော်ပြသင့်ပါသည်။ [Ev 670.3]

ကျွန်ုပ်တို့၏စကားများ၊ ကျွန်ုပ်တို့၏လှုပ်ရှားမှုများ၊ ကျွန်ုပ်တို့၏အပြုအမူ၊ ကျွန်ုပ်တို့၏ဆင်ယင်မှုအားလုံးတို့သည် တရားဟောသင့်သည်။ ကျွန်ုပ်တို့၏စကားပြောခြင်းအားဖြင့်သာ လူတို့ကိုစကားပြောရမည်မဟုတ်ပါ။ ကျွန်ုပ်

တို့တစ်ကိုယ်လုံးနှင့်ဆိုင်သည့်အရာအားလုံးတို့အားဖြင့် လူတို့အတွက်တရားဟောချက်တစ်ပုဒ်အဖြစ် အသက်ရှင်သင့်ပါသည်။ Testimonies, vol. 2, pp. 615, 618. (1871) [Ev 671.1]

**ဂရုစိုက်ခြင်းမရှိသောကြောင့်ဝိညာဉ်များဆုံးရှုံးခြင်း –** မိမိ၏ဝတ်စားဆင်ယင်ခြင်းကိုဂရုမစိုက်သော ဓမ္မဆရာတစ်ဦးသည် မကြာခဏသန့်ပြန့်၍စည်းကမ်းရှိသောသူတို့အတွက် စိတ်နာကျင်မှုကိုဖြစ်စေပါသည်။ ဤကိစ္စ၌မှားယွင်းနေကြသောသူတို့သည် မိမိတို့၏မှားယွင်းခြင်းများတို့ကိုပြုပြင်သင့်ကြပြီး ပို၍သတိရှိကြရပါမည်။ ပျောက်ဆုံးသွားသောဝိညာဉ်တချို့တို့သည် သပ်ရပ်ခြင်းမရှိသောဓမ္မဆရာကြောင့်ဖြစ်သည်။ ပထမပြင်ပပေါ်လွင်ခြင်းသည် လူတို့ကိုများစွာအကျိုးသက်ရောက်မှုဖြစ်စေသည်။ အကြောင်းမှာ သူ၏ပေါ်လွင်မှုနှင့်သူဟောပြောသောအမှန်တရားကို မည်သို့မျှဆက်စပ်၍မရသောကြောင့်ဖြစ်သည်။ သူ၏အဝတ်အစားသည် သူ့ကိုဆန့်ကျင်နေပြီး၊ သူပေးသောသြဇာသည် သူဟောပြောနေသောသူတို့အား သူတို့၏အဝတ်အစား၌ဂရုမစိုက်သူများအဖြစ်သူသတ်မှတ်ကာ သူ၏တရားနာပရိသတ်များတို့သည် မည်သည့်အရာကိုမျှအလိုမရှိသူများကဲ့သို့ သူသဘောထားရှိခြင်းကြောင့်ဖြစ်သည်။ Testimonies, vol. 2, p. 613. (1871) [Ev 671.2]

**အရသာ၊ အရောင်နှင့်သီလျော်ခြင်း –** သန့်ရှင်းသောအရာများတို့ကိုပြုစုစောင့်ရှောက်ရသောသူတချို့တို့သည် မိမိတို့၏အဝတ်ကိုဝတ်ဆင်ခြင်းပုံစံအားဖြင့် မိမိတို့၏အလုပ်သြဇာကို အတိုင်းအတာတစ်ခု၌ပျက်စီးစေပါသည်။ အရောင်အဆင်း၌နှစ်သက်ဖွယ်မရှိခြင်းနှင့် သပ်ရပ်ခြင်း၌မသင့်လျော်ခြင်း ချို့ယွင်းနေကြောင်းထင်ရှားလျက်ရှိသည်။ ဤဝတ်စားပုံအားဖြင့် မည်သည့်သြဇာသက်ရောက်မှုကိုပေးနိုင်ပါမည်နည်း။ ၎င်းသည် လယ်ထွန်ခြင်းကဲ့သို့ သန့်ရှင်းသောအလုပ်ကို ရိုးရိုးအလုပ်အဖြစ်၊ အဆင့်အတန်းတစ်တန်းတည်းထားရှိခြင်းပင်ဖြစ်သည်။ ဓမ္မဆရာသည် သူ၏ပုံသက်သေအားဖြင့် သန့်ရှင်းသောအရာ



များကို ရိုးရိုးအရာများအဆင့်သို့ ယူဆောင်လာခြင်းဖြစ်သည်။ Testimonies, vol. 2, p. 614. (1871)

**အရောင်အဆင်းရွေးချယ်ခြင်း –** မည်းနက်သော၊ သို့မဟုတ် မှောင်သောအရောင်သည် ပလ္လင်ပေါ်ရှိဓမ္မဆရာအတွက် ပို၍ကောင်းသောအရာဖြစ်ပြီး၊ လူတို့အပေါ်ပို၍သြဇာသက်ရောက်ခြင်းရှိကာ အရောင်နှစ်မျိုး၊ သို့မဟုတ် သုံးမျိုးဝတ်စားခြင်းထက် ပို၍သင့်လျော်သည်။ Testimonies, vol. 2, p. 610. (1871) [Ev 672.1]

**အဝတ်အစားနှင့်အကျင့်စရိုက်တို့၏လူမှုကျင့်ဝတ်မှန်ကန်ခြင်း –** အဝတ်အစားနှင့်အကျင့်စရိုက်၌ ကျွန်ုပ်တို့၏လူမှုကျင့်ဝတ်မှန်ကန်ခြင်းကို ဖော်ပြနေသည်။ ကျွန်ုပ်တို့၏အလုပ်၊ သို့မဟုတ် ကျွန်ုပ်တို့၏ပေါ်လွင်မှု၌ မည်သည့်အခါမျှပျက်ကွက်ခြင်း၊ သို့မဟုတ် မသပ်ရပ်ခြင်းမရှိစေရပါ။ Letter 49, 1902. [Ev 672.2]

**အမျိုးသမီးအမှုဆောင်၏စာရိတ္တကို အဝတ်အစားအားဖြင့် အကဲဖြတ်ခြင်း –** လူတစ်ယောက်၏အကျင့်စာရိတ္တကို သူ၏ဝတ်စားဆင်ယင်ပုံအားဖြင့် အကဲဖြတ်ရပါသည်။ ကောင်းသောအရသာပြုစုပျိုးထောင်သောစိတ်သဘောတို့သည် ယဉ်ကျေး၍ဆီလျော်သော ဝတ်စားဆင်ယင်ခြင်းကိုရွေးချယ်ခြင်းအပေါ်၌ထင်ရှားခြင်းရှိပေလိမ့်မည်။ အဝတ်အစား၌ သီလရှိသောရိုးသားခြင်းသည် နေပုံထိုင်ပုံ၏သိက္ခာရှိခြင်းနှင့်ပေါင်းစည်းလိုက်သောအခါ၊ ပျို့ရွယ်သောအမျိုးသမီးတစ်ဦးအတွက် ကောင်းသောပတ်ဝန်းကျင်နှင့် သန့်ရှင်းသောစောင့်ရှောက်ခြင်း၏လေထု၌ရှိနေပြီး ထောင်ချီသည့်ဘေးအန္တရာယ်များမှ သူမကိုကာကွယ်ပေးပါလိမ့်မည်။ Education, p. 248. (1903) [Ev 672.3]

**မယုံကြည်သူများတို့သည်ယဉ်ကျေးသောဝတ်ဆင်ခြင်းကိုနှစ်သက် –** မယုံကြည်သူများအတွက် သြဇာညောင်းစေရန် လူအများတို့သည် လောကကဲ့သို့ဝတ်စားဆင်ယင်ကြသည်။ သို့သော် သူတို့သည် ဝမ်းနည်းဖွယ်ရာကောင်းသောအမှားကိုပြုလုပ်ကြသည်။ အကယ်၍သူတို့သည် မှန်သောကယ်တင်ခြင်းပေးနိုင်သည့်

ဩဇာညောင်းခြင်းကိုရရှိလိုပါက မိမိတို့ယုံကြည်ခြင်းအတိုင်း သူတို့အားအသက်ရှင်စေပြီး သူတို့၏ယုံကြည်ခြင်းကို သူတို့၏ဖြောင့်မတ်သောအလုပ်အားဖြင့် ခရစ်ယာန်နှင့်လောကတို့၏စပ်ကြား၌ ခြားနားခြင်းကိုပြတ်ပြတ်သားသားပြသစေပါ။ စကားအပြောအဆိုများ၊ ဝတ်စားဆင်ယင်ပုံ၊ လုပ်ကိုင်ဆောင်ရွက်ခြင်းများတို့သည် ဘုရားရှင်အတွက်ပြောပြသင့်ပေသည်။ သို့မှသာ သန့်ရှင်းသောဩဇာသည် သူတို့၏ပတ်လည်၌သက်ရောက်ပြီး မယုံကြည်သောသူများတို့ပင် သူတို့အားခရစ်တော်နှင့်အတူရှိခဲ့ကြကြောင်း သူတို့ကိုအသိအမှတ်ပြုနိုင်ပါလိမ့်မည်။ အကယ်၍ သူတို့၏ဩဇာသည် အမှန်တရားဘက်၌ရပ်တည်၍ပြောဆိုလိုကြပါက မိမိတို့၏ယုံကြည်ချက်အတိုင်းအသက်ရှင်စေပြီး၊ နှိမ့်ချသောခရစ်တော်၏အကောင်းဆုံးနမူနာပုံစံကို အတုယူရပါမည်။ Testimonies, vol. 4, pp. 633, 634. (1881) [Ev 672.4]

**အဝတ်အစား၌ဝါကြွားခြင်းသည် မယုံကြည်သူများတို့အတွက်ဆူးပြောင့်ခလုတ်ဖြစ် –** အမှန်တရားကိုလက်ခံသောသူများတို့သည် လောကဝါကြွားခြင်းနှင့်ချစ်ခြင်းကိုပြသသော ကျွန်ုပ်တို့၏ညီအစ်မများတို့အားဖြင့် ထိုအမှန်တရားကိုပြန်လည်၍ဆန့်ကျင်ရန် ဆုံးဖြတ်လိုက်ကြပြန်ပါသည်။ ဟောပြောသောယုံကြည်ချက်သည်ရှင်းလင်း၍မှန်ကန်ပုံပေါ်ပြီး၊ ကြားနာရသောသူများအနေဖြင့် လေးလံသောကပ်တိုင်ကို အမှန်တရားရရှိသူတို့မှချီပင့်ကြရမည်ဟု ခံစားခဲ့ရပါသည်။ ဤပုဂ္ဂိုလ်များတို့သည် ကျွန်ုပ်တို့ညီအစ်မများတို့၏ဝတ်စားဆင်ယင်ပုံကိုတွေ့မြင်ကြသောအခါ သူတို့ပြောခဲ့ကြသည်မှာ၊ “ဤပုဂ္ဂိုလ်များတို့၏ဝတ်စားဆင်ယင်ပုံသည် ကျွန်ုပ်တို့နှင့်လုံးလုံးတူနေသည်။ သူတို့ခံယူကြသလို သူတို့တကယ်မယုံကြည်ကြပါ။ သူတို့လှည့်ဖြားခြင်းခံရပေလိမ့်မည်။ အကယ်၍ ခရစ်တော်မကြာမီကြွလာလိမ့်မည်ဟု အမှန်တကယ်ထင်ခဲ့ပြီး၊ လူတိုင်း၏အသက်တာကို ထာဝရအသက်ရှင်ခြင်း၊ သို့မဟုတ် ထာဝရသေခြင်းအတွက်စီရင်မည်ဆိုပါက သူတို့၏အချိန်နှင့်ငွေများကို အဝတ်အစားများနှင့်ခေတ်ပေါ်ဆင်ယင်မှုများအားဖြင့် အသုံးပြုမည်မဟုတ်ပါ။” မိမိကိုယ်ကိုယုံကြည်သည်ဟုပြောကြသော ဤညီအစ်မများတို့သည် သူတို့၏အဝတ်အစားနှင့်ပတ်သက်သည့်တရားဟောချက်ကို မည်မျှအနည်းငယ်သာနားလည်နေကြပါသနည်း။ [Ev 672.5]



ကျွန်ုပ်တို့၏စကားများ၊ ကျွန်ုပ်တို့၏အပြုအမူများနှင့် ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုများတို့သည် ခရစ်တော်နှင့်အတူစုသိမ်းကြခြင်း၊ သို့မဟုတ် ဝေးရာသို့ဖြန့်ကြဲလိုက်ခြင်းဖြစ်သည်၊ မဖြစ်သည်ကိုဖော်ပြသည့် နေ့စဉ်အသက်ရှင်သောတရားဟောပြောသူများဖြစ်ပါသည်။ ဝတ်စားဆင်ယင်ခြင်းအကြောင်းအရာသည် အရေးကြီးသောရောင်ပြန်ဟပ်ခြင်းနှင့် များစွာသောဆုတောင်းခြင်းကိုတောင်းဆိုလျက်ရှိသည်။ မယုံကြည်သူများစွာတို့သည် မိမိတို့၏ကိုယ်ကိုခေတ်ဆန်ခြင်း၏ကျွန်များဖြစ်ခွင့်ပြုခြင်းကို မမှန်သောအရာဟုခံစားရပါသည်။ သို့သော် သူတို့သည် ဘုရားတရားကြည်ညိုခြင်း၏မြင့်မားလှသောအဆင့်ရှိသူတို့မှ လောကဆန်သောအဝတ်အစားများဝတ်ဆင်ကြသည်ကိုတွေ့နေရပြီး၊ လေးနက်ခြင်းမရှိသောအသင်းအဖွဲ့နှင့် ပျော်ရွှင်နေသည်ကိုတွေ့ရသောအခါ၊ ဤကဲ့သို့ပြုလုပ်ခြင်းသည် မှားမည်မဟုတ်ပါဟု သူတို့ဆုံးဖြတ်လိုက်ပါသည်။ Testimonies, vol. 4, pp. 641. (1881) [Ev 673.1]

**ရိုးယဉ်သောဆင်ယင်ခြင်းသည်ဆင်းရဲသားအတွက်အနှောင့်အယှက်မဖြစ် –** ကျွန်ုပ်တို့၏အဝတ်အစားသည် ရှင်းလင်းပြီးရိုးရိုးလေးသာဖြစ်သင့်သည်။ သို့မှသာ ဆင်းရဲသောသူတို့ထံအလည်အပတ်ပြုသောအခါ သူတို့နှင့်မကွာခြားကြခြင်းကြောင့် သူတို့အတွက်စိတ်အနှောင့်အယှက်ဖြစ်မည်မဟုတ်ပါ။ Gospel Workers, p. 189. (1915) [Ev 673.2]

**သန့်ရှင်းသောလုပ်ငန်းအတွက်သင့်လျော်သောအဝတ်အစား –** အဝတ်အစား၌သတိပြုခြင်းသည် အရေးကြီးသောဆင်ခြင်ရမည့်အရာတစ်ခုဖြစ်သည်။ ဓမ္မဆရာသည် သူ့တာဝန်ဂုဏ်သိက္ခာနှင့်ကိုက်ညီသောပုံစံဖြင့်ဝတ်ဆင်သင့်သည်။ တချို့သောဓမ္မဆရာတို့သည် ဤနေရာ၌ပျက်ကွက်ကြပါသည်။ တချို့ကိစ္စများတွင်အမြင်မတော်ခြင်းနှင့် အဝတ်အစား၌ဆင်ယင်ပုံစနစ်မကျခြင်းတို့

သာမကဘဲ မသပ်ရပ်ခြင်းနှင့်ဖြစ်ကတတ်ဆန်းဝတ်ဆင်ခြင်းများလည်းရှိနေကြပါသည်။

ကမ္ဘာကြီးကို မိမိလက်ဖြင့်ထိန်းချုပ်ထားပြီး ကျွန်ုပ်တို့အားအသက်ကိုပေး၍ ကျန်းမာစွာရှိစေရန် ကျွန်ုပ်တို့အားစောင့်ရှောက်တော်မူသော ကောင်းကင်ဘုံရှင်ဘုရားသခင်သည် သူ၏ဂုဏ်တော်အတွက် တာဝန်ထမ်းဆောင်ရသောသူတို့၏ဝတ်စားဆင်ယင်ခြင်းအားဖြင့်ဂုဏ်ပြုခြင်း၊ သို့မဟုတ် ဂုဏ်တော်ကိုရှုတ်ချခြင်းဖြစ်စေနိုင်ပါသည်။ Gospel Workers, p. 173. (1915) [Ev 674.1]

## သာသနာပြုတစ်ဦး၏ဇနီး

**သူမ၏စွမ်းရည်များအတွက်တာဝန်ရှိသည် –** တာဝန်တစ်ခုသည် ဓမ္မဆရာဇနီး၏အပေါ်သို့ကျရောက်နေပါက ၎င်းတာဝန်ကို သူမအနေဖြင့် ပေါ့ဆစွာလုပ်ကိုင်သွားရန်မသင့်ပါ။ သူမအားချေးငှားထားသောစွမ်းရည်ကို အတိုးနှင့်တကွဘုရားသခင်ပြန်လည်၍တောင်းဆိုလိမ့်မည်။ ဝိညာဉ်များတို့ကိုကယ်ရန် သူမ၏ခင်ပွန်းနှင့်အတူ စိတ်အားထက်သန်စွာ၊ သစ္စာရှိစွာနှင့်စည်းလုံးစွာဖြင့်ကြိုးစားလုပ်ဆောင်သင့်သည်။ သူမ၏အလိုနှင့်သူမ၏ဆန္ဒကို မည်သည့်အခါမျှတောင်းဆိုခြင်း၊ သို့မဟုတ် မိမိ၏ခင်ပွန်းအလုပ်၌စိတ်ဝင်စားမှုမရှိကြောင်းပြသခြင်း၊ သို့မဟုတ် အိမ်မှုရေးကိုသာစွဲလမ်းနေခြင်း၊ ကျေနပ်မှုမရှိသည့်ခံစားချက်များရှိနေခြင်းများ သူမ၌မရှိသင့်ချေ။ ဤဇာတိသဘော၏ခံစားချက်အားလုံးတို့ကို သူမအောင်မြင်ရလိမ့်မည်။ သူမ၌ပျက်ကွက်ခြင်းမရှိဘဲ အသက်တာ၌ဆောင်ရွက်သင့်သည့်ရည်ရွယ်ချက်တစ်ခုရှိသင့်သည်။ အကယ်၍ ဤစိတ်ထားသည် ခံစားချက်များ၊ လောကီပျော်မွေ့ခြင်းများနှင့်ဇာတိစွဲလမ်းခြင်းများတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရမည်ဆိုပါက မည်ကဲ့သို့ဖြစ်လိမ့်မည်နည်း။ ကောင်းမှုပြုရန်နှင့် ဝိညာဉ်များတို့ကိုကယ်ရန် ဤအရာများအားလုံးတို့ကို ဝမ်းမြောက်စွာဖြင့်အဆင်သင့်စွန့်လွှတ်လိုက်ရပါမည်။ [Ev 674.2]





ဓမ္မဆရာများတို့၏ဇနီးသည်များတို့သည် ကြီးမားသောမေတ္တာနှင့်ဆုတောင်းသောအသက်တာဖြင့် အသက်ရှင်သင့်သည်။ သို့သော် တချို့တို့သည် မိမိတို့၏တာဝန်ဘက်၌ အခက်အခဲများမရှိ၊ ကိုယ်ကျိုးစွန့်ခြင်းမရှိသည့်ဘာသာရေးတစ်ခု၌ ဝမ်းမြောက်နေကြပေလိမ့်မည်။ သူတို့သည် မိမိတို့ကိုယ်တိုင်အတွက် ခမ်းနားကြီးကျယ်စွာရပ်တည်ပြီး၊ ဘုရားသခင်၏ခွန်အားအပေါ်မှီခိုခြင်းနှင့် သူတို့တစ်ဦးစီ၏တာဝန်ကိုဆောင်ရွက်နေမည့်အစား သူတို့သည် အချိန်များစွာယူပြီး၊ အခြားသူများအပေါ်မှီခိုကာ သူတို့ထံမှမိမိတို့၏ဝိညာဉ်ခွန်အားကိုရယူခြင်းပြုကြရပါမည်။ အကယ်၍သူတို့သည် ဘုရားရှင်အပေါ်ကလေးများယုံကြည်ကိုးစားတတ်သောသဘောကဲ့သို့ ယုံကြည်စိတ်ချစွာဖြင့်မှီခိုပြီး မိမိတို့၏မြတ်နိုးစုံမက်ခြင်းကို ယေရှု၌ဗဟိုပြုကာ အသက်ရှင်သောစပျစ်ပင်ဖြစ်သည့် ခရစ်တော်ထံမှ သူတို့၏အသက်တာကိုရယူမည်ဖြစ်ပါက သူတို့သည် ကောင်းကျိုးမည်မျှပြုနိုင်ကြမည်နည်း။ သူတို့သည် အခြားသူများအတွက် အမအစမည်မျှဖြစ်နိုင်ကြမည်နည်း။ မိမိတို့၏ခင်ပွန်းသည်များတို့ကို မည်မျှပံ့ပိုးနိုင်ကြမည်နည်း။ အဆုံး၌ မည်သည့်ဆုလာဘ်တစ်ခုကို သူတို့ရရှိကြလိမ်မည်နည်း။

**ဝိညာဉ်အောင်မြင်ခြင်း၌ခင်ပွန်းသည်နှင့်အတူပါဝင်လုပ်ဆောင်ခြင်း –** အကယ်၍ ဓမ္မဆရာတစ်ဦး၏ဇနီးသည် မိမိခင်ပွန်းနှင့်အတူခရီးသွားလာပါက သူမကိုယ်တိုင်၏အထူးပျော်ရွှင်ခြင်းအတွက်လည်ပတ်ရန်နှင့် ၎င်းအတွက်စောင့်ဆိုင်းရန်သာမဖြစ်သင့်ပါ။ မိမိခင်ပွန်းနှင့်အတူ လုပ်ဆောင်ရပါမည်။ ကောင်းမှုပြုရန် သူမခင်ပွန်းနှင့်အတူ တစ်ခုတည်းသောစိတ်ပါဝင်စားမှုရှိသင့်သည်။ အကယ်၍ အိမ်၌ဆောင်ရွက်ရန်တာဝန်အဟန့်အတားမရှိပါက သူမသည် သူမ၏ခင်ပွန်းသည်နှင့်အတူ ဝိညာဉ်များတို့ကိုကယ်တင်ခြင်းအလုပ်၌ကူညီရန် သူနှင့်အတူသာသနာခရီးသွားလိုသောဆန္ဒရှိသင့်သည်။ သိမ်မွေ့ခြင်း၊ နှိမ့်ချခြင်းနှင့်အတူ မြင့်မြတ်သောစိတ်ထားဖြင့် သူမပတ်လည်ရှိလူတို့၏စိတ်အပေါ်ပို့ဆောင်နိုင်သည့်ဩဇာတစ်ခုရှိသင့်ပြီး သူမ၏တာဝန်ကိုလုပ်ဆောင်လျက်

သူမ၏ကပ်တိုင်နှင့်ဝန်ထုပ်ကိုထမ်းဆောင်ကာ စည်းဝေး၌သော်လည်းကောင်း၊ မိသားစုယဇ်ပလ္လင်ပတ်လည်၌သော်လည်းကောင်း၊ မီးပုံနား၌ပြောဆိုခြင်းတွင်သော်လည်းကောင်း ပါဝင်ဆောင်ရွက်သင့်သည်။ လူတို့သည် ဤအရာကိုမျှော်လင့်ပြီး သူတို့၌၎င်းကိုမျှော်လင့်ရန် အခွင့်အရေးရှိသည်။ အကယ်၍ ဤမျှော်လင့်ခြင်းများဖြစ်မလာပါက သူမခင်ပွန်းသည်၏သြဇာသည် တစ်ဝက်ထက်မကဆုံးရှုံးရပေလိမ့်မည်။ [Ev 675.1]

ဓမ္မဆရာတစ်ဦး၏ဇနီးသည် အကယ်၍ဆန္ဒရှိပါက အမှုတော်၌သူမများစွာပါဝင်ဆောင်ရွက်နိုင်ပါသည်။ အကယ်၍သူမသည် ဆက်ကပ်သောစိတ်ရှိပြီး ဝိညာဉ်များတို့ကိုချစ်ပါက သူမခင်ပွန်းနီးပါး ကောင်းမှုကိုသူမဆောင်ရွက်နိုင်ပါသည်။ ညီအစ်မအမှုဆောင်တစ်ဦးသည် အမှန်တရားလုပ်ငန်း၌ အထူးသဖြင့်ဓမ္မဆရာများမဆောင်ရွက်နိုင်သည့် အမျိုးသမီးညီအစ်မများတို့နှင့်ပတ်သက်သောတချို့ကိစ္စများတို့ကို သူမနားလည်၍ဆောင်ရွက်ပေးနိုင်ပါသည်။ Testimonies, vol. 1, p. 452. (1864) [Ev 675.2]

**ဓမ္မဆရာဇနီးများတို့၏အဝတ်အစား –** အထူးသဖြင့် အဝတ်အစားနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ဓမ္မဆရာဇနီးများတို့သည် ကျမ်းစာ၏ရှင်းလင်းသောသွန်သင်ချက်များအပေါ် လမ်းမလွဲစေရန် သတိပြုသင့်ကြသည်။ အများသောသူတို့သည် ဤပိတ်ပင်တားမြစ်ထားသောအမိန့်ကို သတိမမူထိုက်သောရှေးကျောက်ခေတ်အယူအဆများဟုသဘောထားကြသော်လည်း ဤကိစ္စကိုတပည့်တော်များတို့အားပေးခဲ့သောပုဂ္ဂိုလ်သည် ကျွန်ုပ်တို့အချိန်၌ အဝတ်အစားကိုချစ်သောအန္တရာယ်အကြောင်းကိုနားလည်ပြီး ကျွန်ုပ်တို့ကိုသတိပေးခြင်းဖြစ်သည်။ ဤသတိပေးခြင်းကို ကျွန်ုပ်တို့နားထောင်ပြီး ပညာရှိများဖြစ်ကြမည်လား။ အဝတ်အစားအားဖြင့် ငွေကြေးဖြုန်းတီးခြင်းသည် အစဉ်တိုးပွားလျက်ရှိသည်။ ယခုအဆုံးသို့မရောက်ရှိသေးပါ။ ခေတ်နှင့်အညီဝတ်စားဆင်ယင်ခြင်းသည် အစဉ်ပြောင်းလဲလျက်ရှိပြီး ကျွန်ုပ်တို့၏ညီအစ်မများတို့သည် အချိန်နှင့်ကုန်ကျစရိတ်ကို ပဓာနမထားဘဲ ၎င်းတို့၏နောက်သို့လိုက်နေကြပါသည်။ ကျွန်ုပ်တို့အားပေးကမ်းသူ



ဘုရားရှင်ထံပြန်လည်၍ပေးအပ်သင့်သောငွေကို အဝတ်အစားများအပေါ်ကြီးမားလှသောငွေအရေအတွက်ဖြင့် အသုံးပြုနေကြပါသည်။ Testimonies, vol. 4, pp. 630, 631. (1864) [Ev 675.3]

**အိမ်ဘာသာရေး၏ပုံသက်သေ –** သားသမီးရှိသောဓမ္မဆရာ၏ဇနီးသည်မိမိ၏အိမ်၌သာသနာ့လယ်ပြင်တစ်ခုရှိနေပြီး ၎င်းလယ်ပြင်ထဲ၌ မမောမပန်းသောခွန်အားနှင့် မလျှော့သောဇွဲလုံ့လဖြင့်ဆောင်ရွက်ရန်နှင့် သူမအလုပ်၏အကျိုးများတို့သည်လည်း ထာဝရကာလအတွက်တည်မြဲခြင်းရှိမည်အကြောင်းသူမအားသတိရစေပါ။ သူမသားသမီးများတို့၏ဝိညာဉ်တန်ဖိုးသည် တစ်ပါးအမျိုးသားများတို့၏ဝိညာဉ်များတို့ထက် ပို၍တန်ဖိုးမရှိပေဘူးလား။ ထို့နောက်သူမ၏သားသမီးများတို့ကို မေတ္တာဖြင့်ထိန်းသိမ်းစောင့်ရှောက်စေပါ။ သူမ၏အိမ်၌ ဘာသာတရား၏တန်ခိုးနှင့် အလွန်ကောင်းမြတ်ခြင်းကို ကမ္ဘာသို့ပြသရမည့်တာဝန်ဖြင့် သူမကိုတာဝန်ပေးထားပါသည်။ သူမသည် မိမိ၏စိတ်လိုက်မာန်ပါအားဖြင့်မဟုတ်ဘဲ စည်းကမ်းအားဖြင့်ထိန်းချုပ်ခြင်းကိုခံယူပြီး သူမသည်ဘုရားသခင်အား မိမိ၏ကူညီသူအဖြစ် သတိရှိရှိဖြင့်သူမ၏အလုပ်ကိုလုပ်ဆောင်ရပါမည်။ သူမသည် မည်သည့်အရာကိုမျှ မိမိ၏တာဝန်ကိုမဆောင်ရွက်စေရန် လမ်းလွှဲခွင့်မပြုစေရပါ။ [Ev 676.1]

ခရစ်တော်နှင့်နီးကပ်စွာဆက်သွယ်လျက်ရှိသော မိခင်တစ်ဦး၏သြဇာသည် တန်ဖိုးဖြတ်၍မရပါ။ သူမ၏မေတ္တာအားဖြင့်ဆောင်ရွက်သောအလုပ်သည် မိမိအိမ်ကိုဗေသလကဲ့သို့ဖြစ်စေပါသည်။ သူမနှင့်အတူ ခရစ်တော်သည်အလုပ်လုပ်ပြီး အသက်တာ၏ရိုးရိုးရေကို ကောင်းကင်၏စပျစ်ရည်သို့ပြောင်းလဲပေးလိုက်ပါသည်။ သူမ၏သားသမီးများတို့သည် ကောင်းချီးမင်္ဂလာတစ်ခုသို့ကြီးပြင်းလာပြီး၊ ဤဘဝအတွက်နှင့်နောင်တမလွန်ဘဝအတွက်ပါ ဂုဏ်ယူစရာဖြစ်စေပါလိမ့်မည်။ Gospel Workers, p. 206.

**အိမ်၌အရေးကြီးသောအလုပ် –** အကယ်၍ အိမ်ထောင်သည်အမျိုးသားများတို့သည် အလုပ်သွားကြပြီး၊ မိမိတို့၏ဇနီးသည်များတို့ကို အိမ်၌ချန်ထားကာ

အိမ်၌ရှိကြသောသားသမီးများတို့ကို ကြည့်ရှုစောင့်ရှောက်ရပါက ဇနီးသည် မိခင်သည် ကြီးမား၍အရေးကြီးသောအလုပ်တစ်ခုကို ခင်ပွန်းသည်ဖခင်ကဲ့သို့ ပြည့်ပြည့်ဝဝလုပ်ဆောင်ခြင်းဖြစ်သည်။ တစ်ဦးသည် သာသနာ့လယ်ပြင်ထဲ၌ ရှိစဉ်၊ အခြားတစ်ဦးသည် အိမ်တွင်းသာသနာလုပ်ငန်းတစ်ခုကိုဂရုပြုခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့်လေးသောဝန်များကို ကြိမ်ဖန်များစွာပို၍ ခင်ပွန်းသည်ဖခင် ထက်ကြီးလေးသောတာဝန်ကိုထမ်းဆောင်နေရသောသူဖြစ်ပါသည်။ မိခင်၏ တာဝန်သည် လေးနက်၍အရေးကြီးသောအလုပ်တစ်ခုဖြစ်သည်။ သူမ၏ သားသမီးများတို့၏စိတ်သဘောထားနှင့်အကျင့်စာရိတ္တများတို့ကိုပြုပြင်ပေးခြင်း၊ ဤလောက၌အသုံးဝင်သောသူများဖြစ်ရန်သင်တန်းပေးခြင်းနှင့် အတိတ်ကာလ အတွက် သူတို့အားသင့်လျော်စေရန်ပြုပြင်ပေးခြင်းတို့ဖြစ်ပါသည်။ [Ev 676.3]

ခင်ပွန်းသည်သည် သာသနာ့လယ်ပြင်၌ လူတို့ဂုဏ်ပြုခြင်းကိုခံရပေလိမ့်မည်။ အိမ်၌ပင်ပန်းစွာလုပ်ဆောင်နေရသောသူသည် မိမိအလုပ်အတွက် မည်သည့်အသိအမှတ်ပြုခြင်းကိုခံရမည်မဟုတ်ပါ။ သို့သော် အကယ်၍သူမ သည် မိမိ၏မိသားစုအတွက် အကောင်းဆုံးစိတ်ဝင်စားမှုဖြင့်လုပ်ဆောင်ပြီး သားသမီးများတို့၏အကျင့်စာရိတ္တများကို သန့်ရှင်းမွန်မြတ်သောပုံစံသို့ရောက်ရှိ ရန်ပြုပြင်ပေးပါက မှတ်တမ်းယူသောကောင်းကင်တမန်သည် သူမ၏နာမည် ကို ဤကမ္ဘာ၌အကြီးဆုံးသောသာသနာပြုများအထဲ၌ ရေးသားထားပါလိမ့်မည်။

အကယ်၍ ဓမ္မဆရာ၏ဇနီးသည် မိမိ၏အသက်တာကို ဘုရားရှင် ၏မေတ္တာတော်၌ထိန်းသိမ်းထားပါက သူမခင်ပွန်းသည်၏ဝန်ထုပ်ကို ပေါ့ပါး စေရန်အတွက် ကြီးစွာသောအမအစဖြစ်စေပါလိမ့်မည်။ သူမ၏သားသမီးများ တို့ကို နှုတ်ကပတ်တော်ဖြင့်သင်ကြားပေးနိုင်လိမ့်မည်။ သူမ၏အိမ်ထောင်ကို ချွေတာသုံးစွဲခြင်းနှင့် အစစအရာရာစဉ်းစားဆင်ခြင်မှုဖြင့် စီစဉ်ကွပ်ကဲနိုင်ပါ လိမ့်မည်။ မိမိခင်ပွန်းသည်နှင့်အတူ မိမိ၏သားသမီးများတို့ကို ချွေတာသုံးစွဲ တတ်ခြင်း၏အကျင့်ဓလေ့များ၌ပညာပေးခြင်း၊ မိမိတို့၏လိုချင်တပ်မက်ခြင်း



ကိုကန့်သတ်တတ်ရန် သင်ကြားပေးခြင်းတို့ကိုပြုလုပ်နိုင်ပါလိမ့်မည်။ Gospel Workers, p. 203. (1915) [Ev 677.2]

**ပြစ်တင်ခြင်းသဘောသည်အသက်မရှိသောအလေးချိန်တစ်ခု** – ဘုရားသခင် သည် သူတို့၏ခင်ပွန်းသည်များတို့ကို လက်ရှိအမှန်တရားဟောပြောရန်ခေါ်ယူ ပါက ဤညီမများတို့သည် ဘုရားသခင်၏အလုပ်နှင့်နီးကပ်စွာဆက်သွယ် လျက်ရှိသည်။ ဤအစေခံများတို့သည် အကယ်၍မှန်ကန်စွာဘုရားသခင် ခေါ်သောသူများဖြစ်ပါက အမှန်တရား၏အရေးကြီးခြင်းကို သိရှိခံစားကြရလိမ့် မည်။ သူတို့သည် အသက်ရှင်သောသူနှင့်သေသောသူစပ်ကြား၌မတ်တတ် ထနေပြီး သူတို့၌စာရင်းရှင်းရန်တာဝန်ရှိသကဲ့သို့ ဝိညာဉ်များတို့ကိုစောင့်ကြည့် နေကြရမည်။ သူတို့အခေါ်ခံရခြင်းသည် အလွန်အရေးကြီးပြီး၊ သူတို့၏အဖော် များသည် သူတို့အတွက်ကြီးမားသောကောင်းချီးမင်္ဂလာတစ်ခု၊ သို့မဟုတ် ကျိန်ခြင်းအမင်္ဂလာတစ်ခုဖြစ်နိုင်ပါသည်။ စိတ်ပျက်ညှိုးငယ်သောအခါ သူတို့ကို အားပေးခြင်း၊ ဝိုင်းပယ်ခြင်းခံရသောအခါ သူတို့ကိုနှစ်သိမ့်ခြင်းနှင့် ယုံကြည် ခြင်းကျဆင်းသောအခါ အထက်သို့မျှော်ကြည့်ပြီး ဘုရားသခင်၌လုံးလုံးလျားလျား ကိုးစားရန် သူတို့အားခွန်အားပေးခြင်းများကို သူတို့ပြုနိုင်ကြပါသည်။ တစ်ဘက် ၌ဆန့်ကျင်သောအရာများဖြစ်သည့် မကောင်းသောအရာကိုကြည့်ခြင်း၊ ခက်ခဲ သောအချိန်ကိုစဉ်းစားခြင်း၊ ဘုရားကိုမယုံကြည်ရန်ပြုလုပ်ခြင်း၊ သူတို့၏ဒုက္ခ များနှင့်မယုံကြည်မှုကို သူတို့၏မိတ်ဆွေများသို့ပြောခြင်း၊ အပြစ်တင်၍ညည်းညူ မြည်တမ်းခြင်း၌ စိတ်အလိုလိုက်ခြင်းနှင့် အသက်မရှိသောအလေးချိန်တစ်ခု နှင့် သူတို့အတွက်ကျိန်ခြင်းတစ်ခုအထိပင်ဖြစ်ရန် ပြုလုပ်နိုင်ပါသည်။ [Ev 677.3]

သန့်ရှင်းခြင်းမရှိသောဇနီးသည်ရရှိထားသည့် ဓမ္မဆရာတစ်ဦးအတွက် အကြီးဆုံးသောကျိန်ခြင်းရရှိသူဖြစ်သည်။ ထိုသို့သောအလွန်ပျော်ရွှင်ခြင်းမရှိ သည့်အခြေအနေ၌ရှိခဲ့ပြီး၊ မိမိ၏အိမ်၌ညှိုးနွမ်းသောဩဇာရှိနေသည့် ဘုရားသခင် ၏အစေခံတို့သည် သူတို့၏ဆုတောင်းခြင်းနှင့်စောင့်ကြည့်နေခြင်းကို ခွင့်ပြု

ကြရမည်ဖြစ်ပြီး ကြံ့ကြံ့ခံနိုင်ခြင်း၊ တိကျသောခံယူချက်ရှိခြင်းအားဖြင့် ဤဆိုးရွားခက်ခဲသောအရာသည် သူတို့ကိုဖိနှိပ်ခြင်းမရှိပါစေနှင့်။ ဘုရားရှင်ထံသို့နီးကပ်စွာစွဲကပ်ပြီး ခိုင်ခံ့ခြင်းနှင့်တိကျခြင်းရှိကာ မိမိတို့၏အိမ်ကို ကောင်းမွန်စွာအုပ်ချုပ်လျက်နေထိုင်ခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏ သဘောတူခွင့်နှင့် ကောင်းကင်တမန်များတို့၏စောင့်ရှောက်ခြင်းကိုရရှိစေရန် ဖြစ်သည်။ သို့သော် အကယ်၍သာ သူတို့၏ဆက်ကပ်ခြင်းမရှိသည့်အပေါင်း အဖော်များတို့၏အလိုဆန္ဒများသို့ သူတို့လိုက်ပါသွားကြပါက ဘုရားသခင်၏မျက်မှောင်ကြုတ်ခြင်းသည် မိသားစုအပေါ်သို့ကျရောက်ပါလိမ့်မည်။ ဘုရားသခင်၏ပဋိညာဉ်သေတ္တာသည် သူတို့၏အိမ်၌ရှိနိုင်မည်မဟုတ်ပါ။ အကြောင်းမှာ သူတို့အားမိမိတို့၏အမှားများထဲ၌ သူတို့ထောက်ခံအားပေးပြီး စွဲကိုင်ထားသောကြောင့်ဖြစ်သည်။ Testimonies, vol. 1, pp. 138, 139. (1856) [Ev 677.4]

## မြင့်မားသောကိုယ်ကျင့်တရားအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

**စည်းမျဉ်းဥပဒေကိုစွန့်ပစ်ခြင်းသည်အချိန်အခါများကိုမှတ်သားထားသည် –** လူသားတို့၏ပျက်စီးခြင်းများ၊ ပြိုလဲသောအိမ်ထောင်ယဇ်ပလ္လင်များ၊ ယိုယွင်းသောအိမ်ထောင်များတို့ကို နေရာတိုင်းတို့၌တွေ့ရှိရပါသည်။ စည်းကမ်းစွန့်ပယ်ခြင်း၏အံ့သြဖွယ်ရာများ၊ လူ့ကျင့်ဝတ်အဆင့်နိမ့်ကျသွားခြင်းနှင့် ကမ္ဘာကြီးသည် သောဒုံမြို့ကဲ့သို့လျင်မြန်စွာရောက်ရှိနေပါသည်။ ကမ္ဘာကြီးအပေါ်သို့ ဘုရားသခင်၏တရားစီရင်ခြင်း၏အကျင့်စရိုက်များနှင့် သောဒုံမြို့ကိုမီးဖြင့်ဖျက်ဆီးခဲ့ရသည့်အကျင့်စရိုက်များတို့သည် လျင်မြန်စွာတိုးပွားလျက်ရှိသည်။ ဤကမ္ဘာကြီးအား မီးဖြင့်သန့်စင်ရန်အချိန်သို့ ကျွန်ုပ်တို့နီးကပ်လျက်ရှိကြပါပြီ။ Gospel Workers, pp. 125, 126. (1915) [Ev 678.1]



**ဓမ္မဆရာများတို့သည်မာရ်နတ်၏ပစ်မှတ် –** မာရ်နတ်၏အထူးစုံစမ်းခြင်းသည် သာသနာ့လုပ်ငန်းကိုတိုက်ရိုက်ဆန့်ကျင်လျက်ရှိသည်။ ဓမ္မဆရာများတို့သည် လူသားများသာဖြစ်ကြကြောင်း၊ မိမိတို့ခွန်အားအားဖြင့် ကျေးဇူးတော်နှင့်သန့်ရှင်းခြင်းကိုသူတို့မရရှိနိုင်ကြောင်း မာရ်နတ်သိသည်။ ဧဝံဂေလိဘဏ္ဍာတော်များတို့ကို မြေအိုးများထဲ၌ထားရှိပြီး ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ ဤမြေအိုးများတို့ကို ဂုဏ်အသရေရှိစေနိုင်ပါသည်။ ဓမ္မဆရာများတို့အား ဝိညာဉ်များကယ်တင်ခြင်းရရှိရန်အတွက် တန်ခိုးနှင့်ပြည့်ဝသောလမ်းကြောင်းများအဖြစ် ဘုရားသခင်သိဘိက်ပေးပြီး၊ မိမိတို့၏လုပ်ငန်းများတို့၌ မိမိတို့၏ အသက်တာကို ထာဝရအဖခမည်းတော်အား သူတို့ကိုအုပ်ချုပ်ရန်ခွင့်ပြုခြင်း အားဖြင့်သာ အောင်မြင်ခြင်းရရှိနိုင်ကြောင်း မာရ်နတ်သိသည်။ ထို့ကြောင့် သူသည် သူ၏ပါးနပ်လိမ္မာကျွမ်းကျင်မှုရှိသမျှဖြင့် သူတို့ကိုကြိုးစား၍အပြစ်သို့ပို့ဆောင်ကာ မိမိတို့၏လုပ်ငန်းတာဝန်ကို အပြစ်နှင့်ပြည့်ဝစေပါက သူတို့သည် အပြစ်ကျူးလွန်ခြင်းအားဖြင့် မိမိတို့၏ကိုယ်ကိုဆိုးသွမ်းခြင်းအတွက် ဓမ္မဆရာများဖြစ်စေကြမည်ကို မာရ်နတ်သိရှိပါသည်။ Gospel Workers, p. 124. (1915) [Ev 678.2]

**မျှတသောဂုဏ်သိက္ခာနှင့်ခင်မင်ရင်းနှီးခြင်း –** ဖြူစင်ခြင်း၊ အပြုအမူမှန်ကန်ခြင်းနှင့်ပတ်သက်သောအရာသည် ကျွန်ုပ်တို့သတိပြုရမည့်အရာတစ်ခုဖြစ်သည်။ အပြစ်ထဲသို့ကျဆင်းလျက်ရှိသော ဤခေတ်ကာလကို ကျွန်ုပ်တို့ကာကွယ်ကြရမည်။ ခရစ်တော်၏သံတမန်များတို့သည် သိမ်ဖျင်းသောစကားများပြောဆိုခြင်း၊ အိမ်ထောင်သည်အမျိုးသမီးများတို့နှင့်ဖြစ်စေ၊ ပျိုရွယ်သောအမျိုးသမီးများတို့နှင့်ဖြစ်စေ အရောဝင်ခြင်းများတို့ကို မပြုလုပ်စေကြပါနှင့်။ မှန်သောအနေအထိုင်အားဖြင့် မိမိတို့၏ဂုဏ်သိက္ခာကိုထိန်းသိမ်းစေပါ။ တစ်ကြိမ်တည်းတွင်ရင်းနှီးခြင်း၊ ကြင်နာခြင်းနှင့်ယဉ်ကျေးသိမ်မွေ့ခြင်းကို လူအားလုံးတို့နှင့် ဆက်ဆံနိုင်ကြပါစေ။ သူတို့သည် လောကီအလေ့အထနှင့်အရောဝင်ခြင်းများတို့မှ ကင်းဝေးကြရပါမည်။ ဤအရပ်သည် မိမိတို့၏ခြေကိုချရန်အတွက်

လုံခြုံမှုမရှိသည့် တားမြစ်ထားသောနယ်မြေဖြစ်သည်။ ပြောဆိုလုပ်ကိုင်သော အရာတိုင်းတို့၌ တိုးတက်ရန်၊ ဖြူစင်ရန်၊ မြင့်မြတ်ရန် ကြိုးစားရယူသင့်သည်။ ထိုအရာများတို့အပေါ်သတိမရှိခြင်း၌ပင် အပြစ်ရှိနေပါသည်။ Gospel Workers, p. 125. (1915) [Ev 679.1]

**အမျိုးသမီးများတို့၏မြှောက်ပင့်ပြောဆိုခြင်းကိုပြင်းထန်စွာအပြစ်တင်ပါ** – အမျိုးသားများတစ်ခါတစ်ရံသင့်ကိုမြှောက်ပင့်ချီးမွမ်းလိမ့်မည်။ သို့သော် မကြာခဏ အမျိုးသမီးများမှ သင့်ကိုမြှောက်ပင့်ချီးမွမ်းပေလိမ့်မည်။ အထူးသဖြင့် နေရာသစ်များ၌ သင်အမှန်တရားကိုဟောပြောသောအခါ၊ ဆိုးသွမ်းသောမြှောက်ပင့်ပြောဆိုတတ်သည့်ပုဂ္ဂိုလ်များတို့နှင့် သင်တွေ့ဆုံရလိမ့်မည်။ ခရစ်တော်၏အစေခံတစ်ဦးကဲ့သို့ မြှောက်ပင့်ချီးမွမ်းခြင်းကိုဂရုမစိုက်ပါနှင့်။ အဆိပ်ပြင်းသောမြွေကဲ့သို့ရှောင်ပါ။ သင်၏ထက်မြက်ခြင်းကိုချီးမွမ်းပြီး သင့်အားပိုင်ဆိုင်လိုသည့်အမျိုးသမီးကိုဆုံးမပါ။ ဤပုဂ္ဂိုလ်များတို့နှင့် အနည်းငယ်သာဆက်ဆံပါ။ သူတို့သည် မာရ်နတ်၏ကိုယ်စားလှယ်များဖြစ်ပြီး မာရ်နတ်၏စီမံကိန်းများကိုဆွဲဆောင်ခြင်းထောင်ချောက်များဖြင့် သန့်ရှင်းခြင်းလမ်းမှလွဲသွားစေရန် သင့်ကိုသွေးဆောင်ပေလိမ့်မည်။ အသိဉာဏ်ရှိသည့် ခရစ်ယာန်အမျိုးသမီးတိုင်းအိန္ဒြေသိက္ခာဖြင့်ပြုမူကြပေလိမ့်မည်။ မာရ်နတ်၏စီမံကိန်းများကို သူတို့သိရှိကြပြီး၊ မာရ်နတ်နှင့်အတူပါဝင်လုပ်ဆောင်ကြမည်မဟုတ်ပါ။

အမျိုးသမီးများတို့ကိုစိတ်ဝင်စားသည့် ဓမ္မဆရာတစ်ဦး၏ကျော်ကြားခြင်းဂုဏ်သတင်းကို မည်သည့်အခါမျှလိုလားခြင်းမရှိပါနှင့်။ မိမိတို့၏အတတ်ပညာအားဖြင့် အနည်းဆုံးအမှန်ကိုပြုလုပ်ရန် ရည်ရွယ်ထားသည့်အရာကိုအားနည်းစေခြင်း၊ သို့မဟုတ် သင်၏အသိတရားဖြူစင်ခြင်းအပေါ်အစွန်းအကွက်ဖြစ်စေမည့် အသင်းအဖွဲ့ကိုရှောင်ရှားပါ။ သူတို့အား သင်၏အချိန်၊ သို့မဟုတ် သင်၏ယုံကြည်စိတ်ချခြင်းကိုမပေးပါနှင့်။ အကြောင်းမှာ၊ သင်၏ဝိညာဉ်ရေးခွန်အားအတွက် ဝမ်းနည်းစရာခံစားချက်ကို သူတို့မှချန်ထားစေမည်ဖြစ်သောကြောင့်ဖြစ်သည်။ သူစိမ်းများထဲ၌သော်လည်းကောင်း၊ ကားများပေါ်၌သော်



လည်းကောင်း၊ အိမ်၌သော်လည်းကောင်း၊ လမ်းပေါ်၌သော်လည်းကောင်း အနည်းဆုံးဆိုးသွမ်းခြင်း၏ပုံသဏ္ဍာန်ပေါ်လွင်စေသည့်အရာကို ဘာမျှမပြုလုပ်ပါနှင့်။ Review and Herald, July 8, 1884. [Ev 680.1]

**ဆိုးသွမ်းမှုသို့ချဉ်းကပ်ခြင်းတိုင်းကိုရှောင်ရှားပါ** – အမှန်တရားကိုသွန်သင်သည်ဟု ပြောဆိုသောသူတစ်ယောက်သည် လူငယ်အဖွဲ့အစည်းများ၌ဖြစ်စေ၊ အိမ်ထောင်သည်အမျိုးသမီးများတို့နှင့်ဖြစ်စေ အများအားဖြင့်ပေါင်းသင်းသောအခါ၊ ထိုသူတို့နှင့်ခင်မင်ရင်းနှီးစွာလက်တွဲလျက်ပေါင်းသင်းသောအခါ၊ သို့မဟုတ် သူတို့နှင့်ရင်းနှီးသောအမူအရာဖြင့်စကားပြောဆိုကြသောအခါ ထိုသူကိုကြောက်ကြပါ။ သူ၏စိတ်ထဲ၌အမှန်တရား၏ဖြူစင်သောစည်းမျဉ်းဥပဒေများကိန်းအောင်းခြင်းမရှိပါ။ ထိုကဲ့သို့သောအမှုဆောင်များတို့သည် ယေရှုနှင့်အတူရှိသောသူများမဟုတ်ပါ။ သူတို့သည် ခရစ်တော်နှင့်အတူမရှိသကဲ့သို့ ခရစ်တော်သည်သူတို့နှင့်အတူတည်နေခြင်းမရှိပါ။ ဘုရားသခင်သည် သူတို့၏လုပ်ဆောင်ခြင်းများတို့ကိုလက်မခံမီ ဘုရားသခင်ရှေ့မှောက်၌ သူတို့သည် ပြည့်စုံစွာပြောင်းလဲခြင်းရှိရန်လိုအပ်သည်။ ကောင်းကင်မှမူရင်းအမှန်တရားသည် ရရှိသူအားမည်သည့်အခါမျှယုတ်ညံ့ခြင်းမပေးပါ။ မည်သည့်အခါမျှအနည်းဆုံးမသင့်လျော်သည့်ခင်မင်ရင်းနှီးခြင်းသို့ချဉ်းကပ်ရန် ပို့ဆောင်ခြင်းမပြုပါ။ အခြားတစ်ဖက်၌ ၎င်းသည် ယုံကြည်သူကိုဖြူစင်သန့်ရှင်းစေသည်။ သူ၏ရသာရုံကိုသန့်စင်စေသည်။ သူ့အားမြင့်မြတ်ရာအထက်အရပ်သို့ပို့ဆောင်ပြီး ယေရှုနှင့်နီးကပ်စွာဆက်သွယ်မှုကို ပို့ဆောင်ပေးပါသည်။ ၎င်းသည် တမန်တော်ပေါလု၏ပိတ်ပင်တားမြစ်ထားသောအရာနှင့်ပတ်သက်သည့် ဆိုးသွမ်းခြင်း၏ပေါ်လွင်မှုအရိပ်အရောင်မှပင်ကင်းဝေးစေရန်၊ သူ၏ကောင်းသောအရာကို အဆိုးမပြောကြစေရန် သူ့အားပို့ဆောင်ပေးပါလိမ့်မည်။ [Ev 680.2]

ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ကြသောသူတို့နှင့် မိမိတို့၏စိတ်ထဲ၌ ခရစ်တော်ကိန်းအောင်းသောသူတို့သည် ကိုယ်ကျင့်တရား၏အဆင့်အတန်းကိုနိမ့်ကျစေရန်မပြုလုပ်ဘဲ အမြဲမြှင့်တင်ခြင်းကိုပြုကြပေလိမ့်မည်။

အမျိုးသမီးများတို့၏မြောက်ပင့်ချီးမွမ်းခြင်းကို သူတို့သည် နှစ်သက်ခြင်း၊ သို့မဟုတ် မျက်နှာသာပေးခြင်းကိုမရှာကြပါ။ ပျို့ရွယ်သောသူများနှင့်အိမ်ထောင်သည်အမျိုးသားများ ကျွန်ုပ်စွန့်လွှတ်လိုက်ပြီဟုပြောစေပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ကောင်းသောအရာကို အဆိုးပြောခြင်းအခွင့်အနည်းကိုမျှမပေးပါ။ ကျွန်ုပ်၏ကောင်းသောနာမည်သည် ရွှေငွေထက်များစွာအဖိုးတန်သည်။ ၎င်းကိုပေကျံခြင်းမရှိစေရန် ကျွန်ုပ်အားထိန်းသိမ်းခွင့်ပြုပါ။ အကယ်၍ ထိုနာမည်ကိုပြင်းထန်စွာတိုက်ခိုက်ကြပါက၊ ကျွန်ုပ်မည်သည့်အခွင့်ထူးမျှပေးခြင်းမပြုဘဲ ခရစ်တော်ကိုမတရားမှားယွင်းစွာပြောဆိုသကဲ့သို့သာဖြစ်ပါလိမ့်မည်။ အကြောင်းမှာ ၎င်းသည် သူတို့အားအမြဲဆုံးမလျက်ရှိသောကြောင့် သူတို့သည် ဖြူစင်ခြင်းနှင့်သူ၏စာရိတ္တကိုမုန်းတီးခြင်းကြောင့်သာလျှင်ဖြစ်ပါလိမ့်မည်။ [Ev 680.3]

ကျွန်ုပ်သည် အမှုဆောင်တိုင်းတို့အား ဘုရားသခင်၏အမှုတော်၌ အမြဲစိတ်အားထက်သန်စွာဆုတောင်းခြင်း၏ကြီးမားသောလိုအပ်ခြင်းကိုပြုကြရန် အလိုရှိပါသည်။ အမြဲဒူးထောက်ဆုတောင်းရန်မဟုတ်ပါ။ မိမိတို့၏စိတ်နှလုံးကို ဘုရားရှင်ထံတော်ပါးသို့ပို့ဆောင်ရန်ဖြစ်သည်။ ဤနည်းအားဖြင့် ဧနောက်သည် ဘုရားသခင်နှင့်အတူလမ်းလျှောက်ခဲ့ပါသည်။ Review and Herald, Nov. 10, 1885. [Ev 681.1]

**ဝိညာဉ်ကိုကာဆီးထားပါ** – အမျိုးသားများတို့ကို မိမိတို့ထံသို့အာရုံပြုရန် အကောင်းဆုံးဆွဲဆောင်ပြီး အောင်မြင်ကြမည့်စုံစမ်းသွေးဆောင်ကြသောအမျိုးသမီးများရှိကြပေလိမ့်မည်။ ပထမဦးဆုံးအမျိုးသားများတို့၏သနားကြင်နာခြင်းကိုရရှိရန် သူတို့ရှာကြလိမ့်မည်။ ထိုနောက် သူတို့၏မြတ်နိုးစုံမက်ခြင်းနှင့်၎င်းနောက်ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကိုချိုးဖောက်ရန် ဆွဲဆောင်လိမ့်မည်။ မိမိတို့၏စိတ်နှင့်မြတ်နိုးစုံမက်ခြင်းကိုတန်ဖိုးမထားဘဲ ဘုရားသခင်တားမြစ်ထားသောအရာအပေါ် ၎င်းတို့ကိုထားရှိခြင်းကြောင့် ရုပ်တုကိုးကွယ်ခြင်းအမျိုးမျိုးအားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုရှုတ်ချရန် တုံ့ဆိုင်းခြင်းရှိလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်သည် မိမိတို့၏ရွှံ့ရှာဖွယ်ကောင်းသော မြတ်နိုး



စုံမက်ခြင်းများထဲသို့သာ ထားရှိပါလိမ့်မည်။ အတွေးများကိုကာကွယ်ရန်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ပိတ်ပင်တားမြစ်ထားသောအရာများဖြင့် ဝိညာဉ်ကိုကာဆီးထားရန်နှင့် အတွေးများ၊ အပြောနှင့်အပြုအမူတိုင်းတို့သည် အပြစ်သွေးဆောင်ရာသို့မလိုက်မပါသွားစေရန် အထူးသတိပြုကြရန်လိုအပ်ပါသည်။ Review and Herald, May 17, 1887. [Ev 681.2]

**ဘေးအန္တရာယ်မှကာကွယ်ပေးခြင်းများကိုစောင့်ရှောက်ပါ** – ကျွန်ုပ်တို့ရန်သူကြီး၏ကိုယ်စားလှယ်များတို့သည် ခြင်္သေ့အစာရှာဖွေသကဲ့သို့ ဝိညာဉ်များတို့ကိုဖျက်ဆီးရန်အခွင့်အရေးအတွက် အမြဲရှာဖွေလျက်ရှိပါသည်။ ဘေးအန္တရာယ်မှကာကွယ်သည့်အရာတစ်ခုသည် အသိတရားမှရွေ့သွားပြီး၊ ဆိုးသောအကျင့်တစ်ခု၏စွဲလမ်းခြင်းကြောင့် တာဝန်၏မြင့်မားသောတောင်းဆိုခြင်းများတစ်ခုတည်းကိုလျစ်လျူရှုခြင်းအားဖြင့် အချိန်တိုင်း၌ သင်ဘုရားနှင့်သူ၏အမှုတော်ကိုချစ်ရန်ခံယူထားသောအခါ၌ပင် သင့်အားမာရ်နတ်အလုပ်ကိုဆောင်ရွက်သူများတို့၏အဆင့်သို့ ပို့ဆောင်သောလှည့်ဖြားခြင်း၏အကြောင်းကိစ္စတစ်ခု၌ သင်အစပြုသွားနိုင်ပါလိမ့်မည်။ စဉ်းစားခြင်းမရှိသည့်တခဏတာနှင့် မှားသောခြေလှမ်းတစ်ခုတည်းကြောင့် အသက်တာ၏ရေစီးကြောင်းတစ်ခုလုံးကို မှားသောလမ်းကြောင်းသို့ပို့ဆောင်သွားနိုင်ပါသည်။ ထိုနောက် သင်ပျက်စီးခြင်းသို့ရောက်ရှိသွားရခြင်းအကြောင်းကို "ငါ့ထံမှခွာသွားကြလော့။ ဒုစရိုက်ပြုသောသူတို့" ဟု ကြေညာချက်မပြုမချင်း သင်သိရှိရလိမ့်မည်မဟုတ်ပါ။ Testimonies, vol. 5, pp. 397, 398. (1885) [Ev 681.3]

**မပြောင်းလဲသောဓမ္မဆရာများအားဖြင့်ပြောင်းလဲခြင်း** – လူတစ်ယောက်သည် အမှန်တရားတစ်ခုလုံးကိုကြားရပြီး၊ အသိအမှတ်ပြုပေလိမ့်မည်။ သို့သော် ကိုယ်ပိုင်ဘုရားတရားကြည်ညိုလေးစားခြင်းနှင့် မှန်သောဘာသာရေးလေ့လာတွေ့ရှိမှုကို ဘာမျှမသိရှိရဘဲရှိနေပါလိမ့်မည်။ အခြားသူများတို့အား ကယ်တင်ခြင်းလမ်းကိုရှင်းပြပေးနိုင်ပါလိမ့်မည်။ သို့သော် သူကိုယ်တိုင်ပစ်ပယ်ခြင်းခံရသူတစ်ဦးဖြစ်နိုင်ပါသည်။ အမှန်တရားသည် သန့်ရှင်းခြင်းနှင့်တန်ခိုးဖြင့်

ပြည့်ဝခြင်းရှိပြီး စိတ်နှလုံး၏အလိုဆန္ဒများနှင့်ရည်ရွယ်ချက်များကို ရှာဖွေနေပါသည်။ အမှန်တရား၏အရေးကြီးခြင်းနှင့်တန်ခိုးအာဏာသည် အစပြုသူဘုရားရှင်၏ကြီးမားသောကယ်တင်ခြင်းစီမံကိန်း၌အစပြုခဲ့ပြီး အကျိုးမရှိ၊ သို့မဟုတ် တန်ဖိုးမရှိဘဲပေးကမ်းသည့်အရာမဟုတ်ပါ။ အကြောင်းမှာ တာဝန်ပေးခြင်းခံရသောတန်ဆာပလာများတို့သည် မိမိတို့၏အုပ်ချုပ်ကွပ်ကဲခြင်း၌ မသန့်ရှင်းခြင်း၊ သို့မဟုတ် သစ္စာမရှိခြင်းကြောင့်ဖြစ်သည်။ [Ev 682.1]

"ဘာကြောင့်လဲ" ဟုဆိုးသွမ်းမှုကိုကျင့်သုံးနေဆဲပုဂ္ဂိုလ်တစ်ဦးမေးပြီး "ဝိညာဉ်များအမှန်တရားသို့ ကျွန်ုပ်၏ဩဇာကြောင့်ပြောင်းလဲလာခြင်းမဟုတ်ပေးဘူးလား" ဟုပြောပါသည်။ ကျွန်ုပ်ပြန်လည်၍အဖြေပေးသည်မှာ "ခရစ်တော်သည် ဝိညာဉ်များကိုသူ့ထံသို့အမြဲဆွဲဆောင်လျက်ရှိပြီး သူတို့၏လမ်းခရီး၌ ခရစ်တော်ကိုယ်တိုင်၏အလင်းကို ထွန်းလင်းပေးနေပါသည်။ ကယ်တင်ခြင်းကိုရှာဖွေသူသည် သူ့အားသင်ကြားပို့ချသူ၏စာရိတ္တကို ဖတ်ရန်ခွင့်မပြုပါ။ အကယ်၍ သူကိုယ်တိုင်ရိုးသားမှုရှိပါက၊ အကယ်၍ဘုရားရှင်ထံသို့နီးကပ်စွာဆွဲဆောင်ခြင်းခံရပြီး သူ့အားယုံကြည်ကာ မိမိ၏အပြစ်ကိုဝန်ချတောင်းပန်ပါကသူသည် လက်ခံခြင်းခံရမည်ဖြစ်သည်။ Letter 12, 1890. [Ev 682.2]

## စမ်းသပ်ခြင်းကာလ

**နုနယ်သောအမှုဆောင်များလုပ်ငန်းတာဝန်သို့ရောက်ရှိလာခြင်း –** လုပ်ငန်းသို့ဝင်ရောက်ရန်ပြင်ဆင်ပြီး ကင်းစခန်းများကိုအင်အားဖြည့်ဆည်းရန် တာဝန်ကျေသောအမျိုးသားလူပျိုလူရွယ်များရှိကြပါသည်။ အကယ်၍သူတို့သည် ဘုရားရှင်နှင့်အတူနှိမ့်ချစွာလျှောက်လှမ်းကြပါက ဘုရားရှင်သည် သူတို့နှင့်အတူစကားပြောပြီး သူတို့ကိုညွှန်ကြားမည်ဖြစ်ပါသည်။ သူတို့ကိုကျွန်ုပ်ပြောရမည်မှာ၊ သင်ရှိသောအရပ်၌အလုပ်လုပ်ပါ။ သင့်အတွက်အလွန်တန်ဖိုးရှိသောအမှန်တရားကိုဟောပြောရန် တတ်နိုင်သမျှဆောင်ရွက်ပါ။ ရိုးသားမှုကိုထိန်းသိမ်း



ထားပြီး ဖြည့်စွက်ရန်လစ်လပ်နေသည့်တာဝန်ရှိလာသောအခါ "မိတ်ဆွေ၊ ပို၍မြင့်ရာအရပ်သို့တက်လာခဲ့ပါ" ဟူသောအသံကို သင်ကြားရပါလိမ့်မည်။ သင်သည် ရှေ့သို့တိုးတက်ရန် စိတ်ဆန္ဒမရှိဘဲဖြစ်နေပါလိမ့်မည်။ သို့သော်ဘုရားရှင်ကိုယုံကြည်ကိုးစားခြင်းဖြင့် ရှေ့သို့ချီတက်ပါ။ ဝိညာဉ်ဖြူစင်ခြင်းများအားဖြင့် ယုံကြည်ခြင်းနှင့်ပြည့်ဝသောစိတ်နှလုံးသားဖြင့် သူ၏အလုပ်ထဲသို့သစ်လွင်လန်းဆန်းသောအရာတစ်ခုကို ယူဆောင်လာခြင်းကိုပြုပါ။ အသက်ရေကိုသင်ဆာငတ်သကဲ့သို့ ၎င်းကိုခရစ်တော်ထံသို့သင်တောင်းယူပါ။ သင့်အားအသက်ရေကိုသောက်သုံးရန် အခမဲ့ပေးလိမ့်မည်။ သူသည် သင့်အတွက်ထာဝရအသက်စီးဆင်းရာ ရေတွင်းတစ်တွင်းဖြစ်ပါလိမ့်မည်။ Letter 9, 1899. [Ev 682.3]

**မှန်ကန်သောအစပြုခြင်းအပေါ်များစွာမူတည်ခြင်း –** ဟောပြောရန်ဘုရားသခင်ခေါ်တော်မူသည်ဟု ခံစားရသောပျိုရွယ်သည့်အမျိုးသားများတို့၏အသုံးဝင်ခြင်းသည် မိမိတို့၏လုပ်ငန်းသို့ဝင်ရောက်လုပ်ကိုင်သည့် သူတို့၏လုပ်ကိုင်သောအမူအရာအပေါ် များစွာမူတည်လျက်ရှိသည်။ သာသနာ့လုပ်ငန်းအတွက်ဘုရားသခင်ရွေးချယ်သောသူတို့သည် သူတို့၏အထက်အရပ်မှ ခေါ်တော်မူခြင်း၏သက်သေကိုပြသလိမ့်မည်ဖြစ်ပြီး၊ နည်းလမ်းတိုင်းဟူသမျှဖြင့် လုပ်ဆောင်နိုင်သောလုပ်သားများအဖြစ် မိမိတို့၏ကိုယ်ကိုပြုစုပျိုးထောင်ခြင်းကို ရှာကြံကြလိမ့်မည်။ Acts of the Apostles, p. 353. (1911) [Ev 683.1]

**ဝါရင့်ဓမ္မဆရာများနှင့်အတူလုပ်ငန်းကိုအစပြုပါ –** သာသနာ့လုပ်ငန်းအတွက်ပြင်ဆင်မှုတစ်ခုပြုလုပ်နိုင်ရန် ပျိုရွယ်သောအမျိုးသားများတို့သည် ဝါရင့်ဓမ္မဆရာများတို့နှင့်အတူ လက်တွဲလုပ်ဆောင်သင့်ကြသည်။ လက်ရှိလုပ်ငန်း၌ဗဟုသုတရှိသောသူတို့သည် ဗဟုသုတမရှိသောလူပျိုလူရွယ်အမှုဆောင်များတို့ကို သာသနာ့လယ်ပြင်သို့ခေါ်ယူကာ ဝိညာဉ်များပြောင်းလဲခြင်းအတွက်မည်ကဲ့သို့အောင်မြင်စွာလုပ်ဆောင်ရမည်ကို သူတို့အားသွန်သင်ပေးရပါမည်။ သူတို့အားဘုရားသခင်ခေါ်တော်မူသောလုပ်ငန်းအတွက် လူပျိုလူရွယ်များတို့ကို

ပြင်ဆင်ရန် ဤဝါရင့်အမှုဆောင်များတို့သည် ကြင်နာစွာနှင့်ချစ်ခင်စွာဖြင့် ကူညီမစကြရပါမည်။ ထိုနောက် သင်တန်း၌ရှိကြသောလူပျိုလူရွယ်များတို့သည် မိမိတို့သင်တန်းဆရာများတို့၏အကြံပေးချက်များတို့ကိုလေးစားသင့်ပြီး၊ သူတို့၏ဆက်ကပ်အပ်နှံခြင်းကိုတန်ဖိုးထားကာ သူတို့၏ကြာရှည်စွာအမှုထမ်းခဲ့သောအတွေ့အကြုံအားဖြင့် မိမိတို့အားပညာပေးနေသည်ကို သတိရခြင်းရှိကြရပါမည်။ [Ev 683.2]

ဝါရင့်အမှုဆောင်များတို့ကို ပညာပေးသူများဖြစ်စေပြီး ဘုရားသခင်၏စည်းကမ်းအောက်၌ မိမိတို့၏ကိုယ်ကိုထားရှိစေပါ။ ပျိုရွယ်သောအမျိုးသားများအနေဖြင့် ဝါရင့်အမှုဆောင်များအောက်၌ ပညာဆည်းပူးရခြင်းကို အခွင့်အရေးတစ်ခုဟုခံစားစေပြီး သူတို့အား မိမိတို့၏နုပျိုခြင်းနှင့်ဗဟုသုတခွင့်ပြုသမျှဖြင့် သာသနာ့ဝန်တိုင်းကိုထမ်းရွက်စေပါ။ ဤသို့ဖြင့် ဧလိယသည် ပုရောဖက်ကျောင်း၌ ဣသရေလလူပျိုလူရွယ်များတို့ကို ပညာပေးခဲ့သကဲ့သို့ ယနေ့လူပျိုလူရွယ်များတို့ကိုလည်း ထိုသင်တန်းမျိုးကိုပေးကြရပါမည်။ လူပျိုလူရွယ်များမည်ကဲ့သို့ဆောင်ရွက်သင့်ကြသည်ကို ကိစ္စတိုင်း၌တိကျသောအကြံပေးခြင်းကိုမပြုနိုင်သော်လည်း ဝါရင့်အမှုဆောင်များအားဖြင့်ညွှန်ကြားသည့်ညွှန်ကြားချက်များတို့ကို သူတို့သည် သစ္စာရှိစွာလိုက်လျှောက်သင့်ကြပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုအစပြုပြီး အဆုံးစီရင်သည့်ပုဂ္ဂိုလ်ဖြစ်သော ဘုရားရှင်ကိုကြည့်ရန်သင်ကြားပေးရပါမည်။ Gospel Workers, pp. 101, 102. (1915) [Ev 683.3]

**ဗဟုသုတရှိသောအမှုဆောင်များနှင့်အတူအလုပ်လုပ်ပါ။ သို့သော်အတုမယူပါနှင့် –** ဗဟုသုတမရှိသေးသောသူများတို့ကို တစ်ယောက်တည်းစေလွှတ်ခြင်းမပြုသင့်ပါ။ သူတို့သည် အသက်ကြီး၍ ဗဟုသုတရှိသောသူတို့နှင့်လက်တွဲ၍အလုပ်လုပ်ခြင်းဖြင့် သူတို့အားဗဟုသုတရှိသူတို့မှ ပညာပေးသွားပါလိမ့်မည်။ သို့သော် သူတို့အားဗဟုသုတရှိသူများတို့မှ ပြောသင့်သည့်အရာမှာ၊ "မင်းစကားပြောနေသလား၊ ငါပဲစကားပြောနေသလားဆိုတာ ဘယ်သူမျှမသိရအောင်၊ မင်းငါ့ဟန်



အမူအရာနဲ့ငါပြောတဲ့အသံကိုအတုမယူပါနဲ့၊ မင်းကိုယ်တိုင်ရဲ့လက်နက်အပေါ်၊ ဘုရားရှင်သန့်ရှင်းစေတဲ့ မင်းကိုယ်တိုင်ရဲ့စာရိတ္တအပေါ် မင်းမတ်တတ်ရပ်နေရမှာဖြစ်ပါတယ်။ ငါ့ရဲ့စာရိတ္တ၊ ငါ့ဟန်အမူအရာ၊ ငါ့အသံ၊ ငါဖော်ပြပုံ၊ ငါ့စကားလုံးများတို့ကို မင်းအတုမယူပါနဲ့" ဟုဖြစ်ပါသည်။ [Ev 684.1]

ဤအရာကို ကျွန်ုပ်၏ဘဝအသက်တာ၌ အကြိမ် (၂၀) ပြသခြင်းခံခဲ့ရပြီဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်၏ညီအစ်ကိုများတို့ကို ကြိုးစားပြီးပြောပြခဲ့သော်လည်း၊ ဤမကောင်းသောအရာကိုပြုပြင်ခြင်းမရှိကြပါ။ ဤအမှုတော်၌ ဗဟုသုတမရှိသောပုဂ္ဂိုလ်များအထဲမှ တစ်ယောက်သူသည် သင့်အနား၌ထနေသည့်အခါ၊ သင်ထင်သကဲ့သို့ သူအားလုံးထင်မည်မဟုတ်ပါ။ သင်ကြည့်သကဲ့သို့ သူအားလုံးကြည့်မည်မဟုတ်ပါ။ အကယ်၍သင်တို့နှစ်ဦးအားလုံးတူနေခဲ့သော် သင်အမှန်တရားကိုစွန့်လွှတ်လိုက်ပါက "ကျွန်ုပ်လည်းစွန့်လွှတ်လိုက်မည်" ဟုသူပြောပါလိမ့်မည်။ တင့်တယ်လျောက်ပတ်သောအကျင့်စာရိတ္တတစ်ခုကို ကောင်းကင်ဘုံရှင်ဘုရားသခင်ထံမှရရှိရန် သူတို့အားရပ်တည်စေပါ။ သင်၏အတွေးအခေါ်ကို သူတို့မရရှိသင့်ပါ။ သူတို့အပေါ်သင်၌ပြုပြင်နိုင်သည့်တန်ခိုးသြဇာရှိပေလိမ့်မည်။ သို့သော် သူတို့အတုယူရန်ပုံစံအဖြစ် သူတို့ကိုသမ္မာကျမ်းစာသို့ သင်ပို့ဆောင်ပေးသင့်သည်။ ဤအရာ၏အရေးကြီးခြင်းကိုကြိမ်ဖန်များစွာကျွန်ုပ်အားပြသခဲ့ပြီး၊ ဤအချက်အပေါ် ကျွန်ုပ်၌ဝန်ထုပ်တစ်ခုရှိနေသည်ဟု ကျွန်ုပ်ခံစားနေရပါသည်။ Manuscript 19b, 1890.

**အမှုဆောင်သစ်များတို့ကိုဖိနှိပ်ခြင်း၊ သို့မဟုတ် စိတ်ဓာတ်ကျခြင်းမပြုရန် –** လူတစ်ယောက်၏စီရင်ဆုံးဖြတ်ချက်နှင့်စီမံကိန်းများတို့ကို အဓိကကျသည်ဟုမှတ်ယူသင့်ကြောင်း မည်သည့်အခါမျှဘုရားရှင်စီစဉ်ချမှတ်ထားခြင်းမရှိပါ။ သင်တို့သည် ဘုရားသခင်နှင့်အတူအလုပ်လုပ်သောသူများဖြစ်ကြ၏ဟု သူပြောပါသည်။ မည်သူမျှဖိနှိပ်ချုပ်ချယ်ရန်၊ သို့မဟုတ် စိတ်ဓာတ်ကျစေရန်မပြုလုပ်စေပါနှင့်။ မိမိ၏စစ်ဝတ်စုံကို သူ၏ညီအစ်ကိုအပေါ်တင်ရန်မပြုလုပ်ပါနှင့်။ အကြောင်းမှာ သူမနှစ်သက်သောကြောင့်ဖြစ်သည်။ . . ထိုနောက် ဓမ္မဆရာ

များတို့သည် မည်သူ၏အမူအရာ၊ အကျင့်ဓလေ့၊ လှုပ်ရှားပုံ၊ အသံကို မည်သည့်အခါမျှအတုမယူပါနှင့်။ သူတို့သည် မည်သူ၏အရိပ်၊ အတွေး၊ စိတ်ခံစားမှု၊ သို့မဟုတ် ကြံစည်ခြင်းသို့ဖြစ်မလာရပါ။ အကယ်၍ဘုရားသခင်သည် သိုးစု၏သိုးထိန်းတစ်ဦးအဖြစ် သင့်အားတာဝန်ပေးပါက ၎င်းအလုပ်ကို လုပ်ဆောင်ရန် သင့်အားအရည်အချင်းကိုပေးလိမ့်မည်။ Manuscript 104, 1898. [Ev 685.1]

**ရှေ့တန်းသာသနာသို့ ပျိုရွယ်သူများတို့ကိုခေါ်ယူခြင်း –** သက်ကြီးရွယ်အိုများတို့သည် သတိရှိစွာဖြင့် တိုးတက်မှုကိုရှာဖွေကြသော လူငယ်များတို့အား ရှေ့တန်းသို့ရောက်ရှိရန် အခွင့်အရေးတိုင်းကိုပေးရမည်။ သက်ကြီးရွယ်အိုများတို့သည် လူငယ်များတို့၌ရှိသော သူတို့၏စွမ်းရည်များတို့ကိုအသုံးပြုပြီး လူကြီးများတို့၏တာဝန်ကို အစားထိုးနေရာယူဖြည့်စွက်ရန်၊ မီခိုအားထားနိုင်ရန်နှင့် ရှေ့တန်းသို့ရောက်ရှိရန် အချိန်အခါရောက်ရှိလာသောအခါ လူငယ်များတို့သည် သူတို့ကိုမလေးစားကြဟု သူတို့မခံစားသင့်ကြပါ။ သက်ကြီးရွယ်အိုများတို့သည် လူငယ်များမှ မိမိတို့၏စွမ်းရည်များကိုပြုစုပျိုးထောင်ရန်အတွက် အားပေးသင့်သည်။ [Ev 685.2]

လုပ်ငန်းကိုသူတို့ရည်ရွယ်သည့်အတိုင်း တာဝန်ယူလုပ်ဆောင်ကြမည့် အမျိုးသားများတို့ကို ကျွန်ုပ်တို့အလိုရှိသည်။ အသက်ငယ်ရွယ်သောအမျိုးသားများတို့ကို မိမိတို့၏အရည်အချင်းကိုပြုစုပျိုးထောင်ရန် အခွင့်အရေးများတို့ကို ပေးကြရမည်။ Letter 97, 1896. [Ev 685.3]

**အသိအမှတ်ပြုရန် –** ခရစ်တော်သည် သူလုပ်ဆောင်သကဲ့သို့လုပ်ဆောင်ခဲ့သော သူ၏တပည့်တော်များတို့အား လူထုပရိသတ်များရှေ့၌ကျော်ကြားရန်အတွက် သူတို့၏လုပ်ဆောင်ခြင်းကို လူအများမှအသိအမှတ်ပြုရန် မိမိကိုယ်ကိုထိခိုက်နာကျင်စေသည့်အလုပ်ကိုလုပ်သည်။ ကျွန်ုပ်တို့၏သခင်မှပေးသော ကရုဏာ၏အလွန်မွန်မြတ်သောကောင်းမှုများသည် သူ၏တပည့်တော်များအတွက် တံခါးဖွင့်ပေးပေလိမ့်မည်။ Letter 252, 1906. [Ev 685.4]





**စည်းကမ်းရှိသောကျောင်းထဲ၌ရှိသောလူငယ်အမှုဆောင်များ –** ခရစ်တော်မိသားစု၏ပျိုရွယ်သောမိသားစုဝင်များတို့ကို လေးစားခြင်းအားဖြင့်ဆက်ဆံကြပါစို့။ သာသနာ့လုပ်ငန်းသို့ဝင်စရှိသော ပျိုရွယ်သည့်အမျိုးသားများတို့သည် အမှားများစွာပြုမိကြပေလိမ့်မည်။ သို့သော် အသက်အရွယ်ကြီးရင့်သောဓမ္မဆရာများတို့သည် မိမိတို့နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သည့်အချိန်များ၌လည်း အမှားများတို့နှင့်မလွတ်ကင်းကြပါ။ ဘုရားသခင်သည် ဤပျိုရွယ်သောအမျိုးသားများတို့ကို မိမိကိုယ်တိုင်တာဝန်ယူသွားမှာဖြစ်ပါသည်။ တစ်ခါတစ်ရံသူတို့အား ပူပန်ခြင်းနှင့် မိမိတို့၏အမှားများအတွက် ဒုက္ခနှင့်ရင်ဆိုင်ရန်ခွင့်ပြုပေလိမ့်မည်။ သို့သော် သူတို့ကိုမည်သည့်အခါမျှစွန့်ပယ်မည်မဟုတ်ပါ။ ဘုရင်မိသားစု၏မိသားစုဝင်များ၊ ကောင်းကင်ဘုရင်၏သားသမီးများဖြစ်ရသောအခွင့်ကို သူတို့အားပေးလိမ့်မည်။ Manuscript 127, 1902. [Ev 685.5]

**ရိတ်သိမ်းရန်လယ်ပြင်သို့ လူငယ်များတို့ကိုခေါ်ယူခြင်း –** ရိတ်သိမ်းရန်လယ်ပြင်သို့ဝင်ရောက်ပြီး လုံ့လရှိစွာရိတ်သိမ်းသောလက်များကဲ့သို့ ပါဝင်လုပ်ဆောင်ရန် ပျိုရွယ်သောအမျိုးသားများတို့ကို ကိုယ်တော်ခေါ်နေပါသည်။ သူ့အတွက်လုပ်ဆောင်ရန် သူတို့ကိုသူခေါ်နေခြင်းမှာ ထူထောင်ခဲ့ပြီးသောအသင်းတော်များတို့၌ လုပ်ဆောင်ရန်အတွက်မဟုတ်ပါ။ ဗဟုသုတရှိသောအမှုဆောင်များတို့နှင့်အတူ ကြီးမားသောရိတ်သိမ်းရန်လယ်ပြင်၌ ဆက်သွယ်လုပ်ဆောင်ရန်ဖြစ်သည်။ စွမ်းရည်ရှိသောပျိုရွယ်သည့်အမျိုးသားများတို့အားသွားစေပြီး၊ မိမိတို့၏စွမ်းရည်များဖြင့်အလုပ်လုပ်စေပါ။ သူတို့သွားကြစဉ် ဘုရားသခင်၏လမ်းပြမှုကို သူတို့အားယုံကြည်ကိုးစားစေပါ။ [Ev 686.1]

ဤအလုပ်သည် ပျိုရွယ်သောအမျိုးသားများလုပ်ဆောင်ရန် အားပေးသင့်သောအလုပ်ဖြစ်သည်။ ဤအချက်ကိုကောင်းမွန်စွာသတိပြုမိပြီး ဝိညာဉ်ဆွဲဆောင်ခြင်းမရှိသည့် ခံစားခြင်းမပေးနိုင်သောသူတို့၏မပြည့်စုံသည့်လုပ်ဆောင်ချက်များတို့ကို မလိုအပ်သောပရိသတ်များသို့စကားပြောရန်မဟုတ်ပါ။

ဘုရားသခင်သည် အသင်းတော်များထဲ၌ ပျို့ရွယ်သောအမျိုးသားများတို့အား အလုပ်ကိုမပေးပါ။ သူတို့၏ပထမဦးဆုံးတာဝန်သည် ဆရာကြီးဖြစ်သော ခရစ်တော်ထံ လုပ်ငန်းပေါင်းမျိုးစုံမှ သင်ခန်းစာများတို့ကိုသင်ယူရန်ဖြစ်သည်။ [Ev 686.2]

သူ၏တပည့်တော်များကို ခရစ်တော်မည်ကဲ့သို့ပြောခဲ့ပါသနည်း။ "ငါ့အမှုကိုဆောင်ရွက်သောသူဖြစ်လျှင် ငါ့နောက်သို့လိုက်ရမည်။" ဤအရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှပေးခဲ့သော စည်းမျဉ်းဥပဒေဖြစ်သည်။ ခရစ်တော်၏အသက်တာကိုလေ့လာခြင်းအားဖြင့် အမှုဆောင်များတို့သည် သူနေထိုင်ပုံနှင့်လုပ်ဆောင်ပုံကို ရှာဖွေတွေ့ရှိနိုင်ကြပါစေ။ သူတို့အား ခရစ်တော်၏အသက်တာကိုအသက်ရှင်ရန်၊ ဘုရားသခင်၏နည်းလမ်းကိုရှာဖွေရန် နေ့စဉ်ကြိုးစားအားထုတ်စေပါ။ Manuscript 75, 1900. [Ev 686.3]

**(၁၂) လစွန့်စားပြီးစီးသွားသည့်နောက်** – သာသနာ့လုပ်ငန်းသို့ခေါ်ယူခြင်းခံရသောသူများတို့အား ပါးနပ်ခြင်း၊ ကျွမ်းကျင်ခြင်းနှင့်နားလည်သဘောပေါက်ခြင်းကို ဘုရားသခင်ပေးလိမ့်မည်။ အကယ်၍ ဧဝံဂေလိလုပ်ငန်း၌ (၁၂) လ လုပ်ဆောင်ခဲ့ပြီးသည့်နောက် သူ၏ကြိုးစားမှုအားဖြင့် အသီးအပွင့်မရှိပါက၊ အကယ်၍သူလုပ်ဆောင်ပေးသောသူများအတွက် အကျိုးမရှိပါက၊ အကယ်၍ နေရာသစ်၌အဆင့်အတန်းမြှင့်တင်ခြင်းမပြုနိုင်ခြင်းနှင့် သူ၏လုပ်ဆောင်ခြင်းအားဖြင့် ပြောင်းလဲသောဝိညာဉ်များမရှိပါက ထိုသူသည် ဘုရားသခင်ရှေ့၌ သူ၏စိတ်ကိုနှိမ့်ချပြီး သူ၏အခေါ်ခံရခြင်းမမှားစေရန် ကြိုးစားနားလည်သိရှိရပါမည်။ နယ်ဌာနချုပ်မှပေးသောလစာကို မိမိတို့၏လုပ်ဆောင်မှုဖြင့် အသီးအပွင့်ပြနိုင်သောသူတို့အားပေးသင့်သည်။ ဘုရားသခင်အား သူ၏စွမ်းဆောင်နိုင်ခြင်းကဲ့သို့ အသိအမှတ်ပြုသောသူတစ်ယောက်၏အလုပ်၊ ဝိညာဉ်တန်ဖိုး၏စစ်မှန်သောအတွေးရှိသောသူ၊ သူ၏စိတ်ထဲ၌ခရစ်တော်၏မေတ္တာနှင့်ပြည့်ဝသောသူတစ်ယောက်သည် သူ၏လုပ်ဆောင်မှု၌ အသီးအပွင့်ရှိပေလိမ့်မည်။ Manuscript 26, 1905. [Ev 686.4]



## သာသနာပြုဝန်ထမ်းတစ်ဦးကိုခေါ်ယူခြင်းနှင့်ပြောင်းရွှေ့ခြင်း

**သတိမပေးရသောနယ်မြေများသို့ပြောင်းရွှေ့သွားခြင်း** – မကြာခဏခရစ်တော်အလုပ်လုပ်ဆောင်သောမြို့ရှိ လူထုပရိသတ်များတို့သည် သူတို့နှင့်အတူ ခရစ်တော်အားနေထိုင်ရန်နှင့် သူတို့အထဲ၌ဆက်လက်၍အလုပ်လုပ်သွားရန် သူတို့အလိုရှိကြပါသည်။ သို့သော် ထိုသူတို့အား အမှန်တရားများကိုမကြားရသေးသောမြို့များသို့သွားပြီး ဟောပြောရမည်ဟုပြောပါသည်။ သူသည် အမှန်တရားကိုနေရာတစ်ခု၌ဟောပြောပြီးနောက် အခြားတစ်နေရာသို့သူသွားသောအခါ သူလုပ်ဆောင်ခဲ့သောအလုပ်ကိုတည်ဆောက်ရန် ထိုနေရာရှိသူတို့လက်ထဲသို့ချန်ထားခဲ့ပါသည်။ သူ၏လုပ်ဆောင်ခဲ့သောနည်းစနစ်ကို သူ၏လုပ်ငန်းအားထမ်းဆောင်ကြသောသူတို့မှ ယနေ့လိုက်လျှောက်ကြရပါမည်။ ကျွန်ုပ်တို့သည် တစ်နေရာမှတစ်နေရာသို့သွားကြပြီး သတင်းစကားကိုသယ်ဆောင်ကြရပါမည်။ တစ်နေရာ၌ အမှန်တရားကိုဟောပြောပြီးသည်နှင့်တစ်ပြိုင်တည်း ကျွန်ုပ်တို့သည် အခြားတစ်နေရာသို့သွားပြီး သတိပေးစကားဟောပြောကြရပါမည်။ Manuscript 71, 1903. [Ev 687.1]

**မိုးတိမ်ပျောက်ကွယ်သွားပြီးနောက်၌သာရွှေ့သွားပါ** – မငြိမ်သက်သော၊ ယုံကြည်ခြင်းကင်းမဲ့သောသူများမဖြစ်ကြပါစေနှင့်။ စစ်ပွဲအတွက်လက်နက်ကိုဝတ်ဆင်ကြပါ။ သင်တို့၏ဝိညာဉ်ကို ဘုရားသခင်၌ခွန်အားရယူခြင်းအားဖြင့် ရဲဝံ့စွာသင်ဆောင်ရွက်နိုင်ပါလိမ့်မည်။ ဘုရားရှင်၌ကျွန်ုပ်တို့၏ခွန်အားနှင့်အရည်အချင်းပြည့်ဝခြင်းရှိပါသည်။ မိုးတိမ်များလွင့်စဉ်သွားပြီး တချို့သောအခြားနယ်မြေများ၌ လုပ်ငန်းကိုအစပြုရန် သင်၏တာဝန်ကို ဘုရားသခင်ဖော်ပြသောအခါ၊ နားလည်သဘောပေါက်စွာဖြင့် သင်သွားရောက်လုပ်ဆောင်နိုင်ပါသည်။ သို့သော် သင်များစွာလုပ်ဆောင်ခဲ့ပြီး၊ ဆက်လက်၍လုပ်ဆောင်ရန်လိုအပ်သေးသည့်နယ်မြေကို ယခုသင်စွန့်ပယ်၍မထားပါနှင့်။

**တာဝန်၏အသံ** – တာဝန်၏အသံသည် ဘုရားသခင်၏အသံဖြစ်သည်။ မွေးရာပါတစ်ခု၊ ကောင်းကင်မှပို့ပေးသောလမ်းညွှန်ချက်ဖြစ်သည်။ Counsels on Health, p. 562. (1896) [Ev 688.1]

**ဘုရားသခင်၏ပို့ဆောင်ခြင်းကိုသိရှိရန်အတွက်** – ကျွန်ုပ်တို့ကိုယ်တိုင်ဆောင်ရွက်ရမည့်တာဝန်ကို သူတစ်ပါးအပေါ်၌ချထားခြင်းမပြုရပါ။ ကျွန်ုပ်တို့မည်သည့်အရာကိုဆောင်ရွက်ရမည့်အကြောင်း သူတစ်ပါးပြောခြင်းကိုစောင့်၍မနေရပါ။ လူတို့ပေးသောအကြံဉာဏ်အပေါ် ကျွန်ုပ်တို့မှီခိုခြင်းမပြုရပါ။ ဘုရားသခင်သည် သူတစ်ပါးတို့အားလိုလားစွာသွန်သင်သကဲ့သို့ ကျွန်ုပ်တို့၏တာဝန်ကို သွန်သင်ပေးမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် သူ့ထံသို့ယုံကြည်ခြင်းအားဖြင့်လာကြပါက သူ၏နက်နဲသောအရာများကို ကျွန်ုပ်တို့အားတစ်ဦးချင်းပြောပြပါလိမ့်မည်။ လုပ်ငန်းဟူသရွေ့ မည်သည့်အရာကိုမျှ မလုပ်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ဘုရားသခင်အားနှစ်သက်ခြင်းမပေးနိုင်သော သူတို့သည် မိမိတို့၏ကိစ္စကို ဘုရားရှင်ရှေ့တော်၌တင်ပြပြီးနောက် မည်သည့်အရာကိုသူတို့ရယူရမည်ကို သူတို့သိရလိမ့်မည်။ ထိုနောက် သူတို့သည် ပညာကိုရရှိရုံမျှမက ခွန်အားကိုပါရရှိကြလိမ့်မည်။ The Desire of Ages, p. 668. (1898) [Ev 688.2]

**တာဝန်သိစိတ်ရှိသောအမှုဆောင်များ** – ကျွန်ုပ်တို့၌ဆောင်ရွက်ရန် ဘုရားသခင်ပို့ဆောင်သောတိုးတက်မှုတိုင်း၊ ဘုရားသခင်သားသမီးများတို့၏အောင်မြင်သောခြေလှမ်းတိုင်း၌ မာရ်နတ်၏လက်နက်များတို့သည် ကျွန်ုပ်တို့ကိုတားဆီးရန်၊ သံသယများနှင့်မယုံကြည်မှုရှိရန်နှင့် ကျွန်ုပ်တို့လမ်းခရီး၌အနှောင့်အယှက်များတို့ကိုချထားပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ရဲရင့်ခြင်းကိုအားနည်းစေရန် အဆင်သင့်ချထားလျက်ရှိနေပါသည်။ ကျွန်ုပ်တို့သည် စစ်သူရဲများကဲ့သို့ မတ်တတ်ရပ်လျက်၊ ကျွန်ုပ်တို့၏လမ်းခရီး၌ဖြစ်ပေါ်လာမည့် ဆန့်ကျင်သည့်အရာများတို့ကို အဆင်သင့်တွန်းလှန်တိုက်ခိုက်ကြရပါမည်။ ဤအရာများတို့သည် ကျွန်ုပ်တို့၏အလုပ်ကိုမြင်ရသည်ထက် ဆယ်ဆပို၍ခက်ခဲမှုပေးနေပါသည်။ ကျွန်ုပ်တို့သည် ကျောက်ဆောင်ကဲ့သို့မရွေ့မရှားဘဲ ခိုင်မြဲစွာရပ်တည်ကြရပါမည်။

တချို့သောသူတို့သည် ကျောက်ဆူးမရှိသောသူများကဲ့သို့ဖြစ်ပုံပေါ်သည်။ ဤကဲ့သို့သောအခြေအနေသည် အမှန်တရား၏အလုပ်ကို ကြီးမား



စွာထိခိုက်စေပါသည်။ အခြားသောသူများတို့သည် အကယ်၍လိုအပ်လာသည့်အခါ သူတို့အားမိမိတို့တာဝန်ကျရာနေရာ၌ သစ္စာရှိသောစစ်သားများအဖြစ် ဘုရားသခင်ခေါ်သောအခါ၊ အဆင်သင့်တိုက်ခိုက်ရန် မိမိတို့၏နေရာ၌ခိုင်ခံ့စွာနှင့်စိတ်ချစွာ မည်သည့်အခါမျှရပ်တည်ခြင်းမရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ တချို့သောသူများတို့သည် မည်သည့်အရာကိုမျှ မိမိတို့ကိုယ်တိုင်စွန့်စားရန် အတွေးအခေါ်မရှိကြသည်ကိုလည်း တွေ့ရပါသည်။ သို့သော်တချို့သောသူတို့သည် စွန့်စားကြရပါမည်။ ဤလုပ်ငန်း၌ တချို့သောသူတို့သည် စွန့်စားခြင်းကိုပြုကြရပါလိမ့်မည်။ Testimonies, vol. 3, pp. 315, 316. (1873)

**သာသနာပြုများမိမိတို့၏ကြိုးစားမှုကိုအဆုံးသတ်ရန်** – လော့(စ်)အင်းဂျလစ်၌ဘုရားသခင်၏အမှုတော်တွင် ဘုရားရှင်အသုံးပြုပြီး များစွာကောင်းချီးခံစားခဲ့ရကြောင်းမှလွဲ၍ အသင်းလူကြီး၏အကြောင်းကို ကျွန်ုပ်ဘာမျှမသိပါ။ သူ၏လုပ်ဆောင်ခြင်းကြောင့် လူပေါင်းတစ်ရာထက်မက အမှန်တရားအပေါ်ရပ်တည်ခဲ့ကြပါသည်။ တဲအစည်းအဝေး၏နောက်ဆုံးအပိတ်ညတွင် သူ၏အမှုတော်လုပ်ငန်းကို အခြားတစ်နေရာသို့ပြောင်းရွှေ့လုပ်ဆောင်ရန် သူစဉ်းစားခဲ့သော်လည်း လော့(စ်)အင်းဂျလစ်ရှိ မြို့သူမြို့သားများတို့သည် သူတို့နှင့်အတူနေထိုင်ပြီး သူ၏အစည်းအဝေးကိုဆက်လက်ကျင်းပရန် သူ့အားတောင်းဆိုကြပါသည်။ ဘုရားသခင်သည် ဤညီအစ်ကိုအသင်းလူကြီးအား ပတ်ဝန်းကျင်နှင့်ဆီလျော်စွာနေထိုင်တတ်သောစိတ်သဘောထားကိုပေးပြီး စီစဉ်ဆောင်ရွက်တတ်သောဉာဏ်နှင့် သူ၏အလုပ်ကိုလုပ်ဆောင်သွားနိုင်ရန်နှင့် သူ့အားစာစောင်ငယ်လေးများ၊ သတိပေးစာများ၊ ဇယားကွက်များတို့ကိုတီထွင်ပြီး လူတို့၏စိတ်ဝင်စားမှုကိုဖြစ်စေရန်အတွက် ပြုလုပ်တတ်သည့်ကောင်းချီးမင်္ဂလာကိုလည်းချပေးပါသည်။

ကျွန်ုပ်ပြောရမည်မှာ၊ ဤညီအစ်ကိုသည် သူ၏လုပ်ငန်း၌ ကောင်းသောကြီးမားသည့်အောင်မြင်ခြင်းထင်ရှားသောနေရာတွင်သာ သူ့အားလုပ်ဆောင်

စေပါ။ သူ၏အစည်းအဝေးသို့တက်ရောက်ကြသောသူတို့သည် ငွေကြေးအားဖြင့် သူ၏လုပ်ငန်းရှေ့သို့ဆက်လက်တိုးတက်ရန်အတွက် ပေးကမ်းကြပါသည်။ [Ev 689.2]

ဘုရားသခင်သည် သူ့အားလူတို့အတွက်သတင်းဟောကြားရာတွင် ထင်ရှားသောအောင်မြင်မှုပေးသောကြောင့် လက်ရှိအခြေအနေအရ သူ့အား လော့(စ်)အင်းဂျလစ်မြို့၌သာနေစေပါ။ အမှန်တရားကိုတစ်ခါမျှမကြားရသေးသောသူများနိုးကြားလာရန် သူ့အားမှန်ကန်တိကျသောတံပိုးခရာသံကိုပေးစေပါ။ အသင်းသူအသင်းသားများနိုးကြားပြီး လက်နက်ဝတ်ဆင်ကာ၊ သတင်းစကားဟောပြောလိုသောစိတ်ဆန္ဒရှိလာသည့်အထိ လော့(စ်)အင်းဂျလစ်မြို့၌ နေသွားနိုင်ရန် ဘုရားသခင်သည် သူ့အား အားပေးပါစေ။ [Ev 689.3]

မည်သူမျှဤအသင်းလူကြီးအား ဘုရားသခင်ခန့်အပ်ထားသောတာဝန်မှလွဲရှောင်သွားရန်ပြောဆိုခြင်း၊ သို့မဟုတ် ပုံသက်သေပြခြင်းအားဖြင့် ဆွဲဆောင်ခြင်းမပြုစေပါနှင့်။ Letter 75, 1905. [Ev 689.4]

**သာသနာပြုတစ်ဦးကိုခေါ်ယူခြင်း၌လမ်းညွှန်ချက်များ** – ဤအသင်းလူကြီးအတွက် လော့(စ်)အင်းဂျလစ်မြို့ကိုချန်ထားပြီး မြောက်ပိုင်းရှိမြို့၌သွားရောက်ပြီး အခိုက်အတန့်အမှုထမ်းဆောင်ရန် သင့်သည်မသင့်သည်ကိုကျွန်ုပ်ပြောလိုသည်မှာ အဓိကအားဖြင့် သူကိုယ်တိုင်ဆုံးဖြတ်သွားရန် ကျွန်ုပ်တို့အခွင့်ပေးရပါမည်။ ဘုရားသခင်စေခိုင်းသောအလုပ်ကို ကောင်းမွန်အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်သောသူများတို့ကို နေရာပြောင်းရွှေ့ခြင်းမှာ များစွာတွေ့နေရပါသည်။ တစ်ခါတစ်ရံအမှုဆောင်တစ်ဦးသည် မိမိဆောင်ရွက်သောလုပ်ငန်းအောင်မြင်ပြီး စိတ်ဝင်စားမှုဆက်လက်ရှိနေသည့်အခါ၊ အခြားတစ်နေရာသို့ပြောင်းရွှေ့ရမည့်အကြောင်းကိုသူကြားရပါက သူ့အတွက်စိတ်ရှုပ်ထွေးစရာဖြစ်ပေလိမ့်မည်။ အကယ်၍ဘုရားသခင်သည် လော့(စ်)အင်းဂျလစ်မြို့သူမြို့သားတို့၏စိတ်ကို တဲအစည်းအဝေးများအားဖြင့် ကြီးမားစွာလှုပ်ရှားခြင်းရှိစေပါကမည်သည့်အရာမျှအနှောင့်အယှက်မပေးပါစေနှင့်။ မည်သူမျှဤညီအစ်ကိုအသင်း



လူကြီးကို အထူးစိတ်ဝင်စားမှုရှိပြီး အမှန်တရားကိုဟောပြောရန် အထူးအခွင့်အရေးပေးနေသည့်နေရာမှထွက်ခွာသွားရန် ကြိုးစားပြီးဆွဲခေါ်ခြင်းမပြုပါစေနှင့်။ ဤအခွင့်အရေးသည် လော့(စ်)အင်းဂျလစ်မြို့ကြီး၏အခွင့်အရေးဖြစ်ပါသည်။ Letter 193, 1905. [Ev 689.5]

**မလိုအပ်သောပြောင်းရွှေ့ခြင်းအားဖြင့်အမှုဆောင်များတို့ကိုနစ်နာစေသည်** – စပျစ်ဥယျာဉ်ထဲ၌ ကောင်းသောအလုပ်ကိုလုပ်ဆောင်နေကြသည့် အမှုဆောင်များတို့ကို အခြားသောနေရာသို့ပြောင်းရွှေ့ပြီး၊ လုပ်ငန်းအားလုံးကိုအသစ်စတင်လုပ်ဆောင်စေခြင်းမှာ နစ်နာခြင်းကိုဖြစ်စေသည်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းသည် အခေါ်ခံရသောသူများတို့၏အတွေးအခေါ်ကို သူတို့၌အမှန်ရှိနေသည်ထက် သူတို့အတွက်ပို၍အကျိုးသက်ရောက်မှုရှိပြီး သနားဖွယ်ရာဝိညာဉ်များတို့အတွက် အနာတစ်ရပ်ဖြစ်စေပါလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အမှုဆောင်များပြောင်းလဲခြင်းကို မလိုအပ်ဘဲမပြုလုပ်ရန်သင့်အားကျွန်ုပ်သတိပြုစေလိုပါသည်။ Letter 179, 1900. [Ev 690.1]

**အမှုဆောင်များဆောလျင်စွာရွှေ့ပြောင်းခြင်းသည်ပြောင်းလဲသူများတို့မှနားမလည်ခြင်း** – ညီအစ်ကိုနှင့်ညီအစ်မနှစ်ဦးတို့သည် အမှားကင်းသောသူများမဟုတ်ကြောင်းကျွန်ုပ်သိသည်။ သို့သော် သူတို့သည် သခင်၏အလုပ်ကိုသိရှိရန်နှင့်ဆောင်ရွက်ရန်ကြိုးစားကြပြီး အထက်တန်းပုဂ္ဂိုလ်များတို့ကို ချဉ်းကပ်ဟောပြောရန်သင့်လျော်သောစွမ်းရည်များသူတို့၌ရှိပြီး၊ သူတို့၏လုပ်ဆောင်မှုများအားဖြင့်လူပေါင်းများစွာအမှန်တရားထဲ၌ စိတ်ဝင်စားကြရန်ဖြစ်သည်။ ပြောင်းရွှေ့ခြင်းသည် များစွာလိုအပ်နေသည့်လုပ်ဆောင်မှု၏အရေးကြီးသောနယ်မြေကိုဆုတ်ယုတ်စေမည်ကို ကျွန်ုပ်သိရှိပြီး၊ ပြောင်းရွှေ့ခြင်းသည် သူတို့တစ်ဦးချင်းအတွက် များစွာအခက်အခဲရှိမည်ဖြစ်သည်။ အကြောင်းမှာ ကောင်းမွန်စွာနေထိုင်ရသော သင့်လျော်သည့်နေအိမ်ကိုရရှိထားသောကြောင့်ဖြစ်သည်။ သူတို့၏ပြောင်းရွှေ့ခြင်းအတွက် ကျွန်ုပ်လိုလားခြင်းမရှိပါ။

ထိုသို့သောအခြေအနေကြောင့် အခြားနယ်သို့သူတို့၏ပြောင်းရွှေ့ခြင်းသည် မကောင်းသောခံစားချက်ကို သူတို့၏ကြိုးစားမှုအားဖြင့် ယုံကြည်ခြင်း

ကိုမကြာသေးမီကလက်ခံခဲ့သော သူတို့၏စိတ်ထဲ၌ဖြစ်စေပါသည်။ ၎င်းပြင် အကယ်၍ သူတို့၌မလိုလားအပ်သောအကျင့်စရိုက်များ သူတို့၌ဇကန်အမှန်ရှိနေပါက၊ အခြားသောနေရာသို့သူတို့ကိုရွှေ့ပြောင်းလိုက်ခြင်းအားဖြင့် ထိုမလိုလားအပ်သောအကျင့်စရိုက်များ ပျောက်ကွယ်သွားမည်မဟုတ်ပါ။ ထိုမလိုလားအပ်သည့်အကျင့်စရိုက်နှင့် လုပ်ဆောင်မှုစနစ်သည် သူတို့နှင့်အတူလိုက်ပါသွားမည်သာဖြစ်သည်။ Letter 48, 1907. [Ev 690.3]

**လူတို့ကိုဆောလျင်စွာရွှေ့ပြောင်းခြင်း– မာရ်နတ်၏အကြံအစည်** – အကယ်၍ ဓမ္မအမှုဆောင်သည် ပြောဆိုလာသောအရာ၊ တစ်ဖက်သတ်ပြောဆိုခြင်းများကို ငြင်းဆန်ပါက၊ အကယ်၍ ကျမ်းစာမှအကြံပေးသောစည်းမျဉ်းများနှင့်အညီ လိုက်လျှောက်ပြီး နေဟမိကဲ့သို့ “ငါသည်ကြီးမားသောအမှုကိုဆောင်ရွက်ရသောကြောင့် မဆင်းလာနိုင်” ဟုပြောနိုင်မည်ဖြစ်ပါက၊ အသင်းတော်သည် ပို၍များစွာကောင်းသောအခြေအနေ၌ရှိမည်ဖြစ်ပါသည်။ သူတို့၏အောင်မြင်စွာဖြင့်အလုပ်လုပ်ဆောင်နေသောလုပ်ငန်းခွင်မှ လူတို့အားထုတ်ဆောင်ပြောင်းရွှေ့လိုက်ခြင်းကိစ္စကို မကြာခဏပြုလုပ်နေကြပါသည်။ ၎င်းသည် ဘုရားသခင်၏အလုပ်ကိုနှောင့်နှေးစေရန် ဝိညာဉ်များတို့၏ကြီးမားသောရန်သူ၏အကြံအစည်ဖြစ်သည်။ ဝိညာဉ်များတို့သည် အမှန်တရားဘက်၌ဆုံးဖြတ်ချက်ပြုရန် သန္နိဋ္ဌာန်ချလုနီးပါးအချိန်၌ ဤကဲ့သို့မသင့်လျော်သည့်အခြေအနေဖြစ်ပေါ်လာသောအခါ သူတို့၏စိတ်ဝင်စားမှုပျောက်ဆုံးသွားပြီး သူတို့၌တန်ခိုးအပြည့်အဝတစ်ဖန်ပြန်လည်၍ ခံစားရရှိရန်အလွန်ခက်ပါလိမ့်မည်။ မာရ်နတ်သည် လုပ်ငန်းခွင်၌အောင်မြင်စွာလုပ်ဆောင်လျက်ရှိသော အရေးကြီးသည့်အချိန်၌ အမှုဆောင်တစ်ဦးကိုပြောင်းရွှေ့လိုက်ခြင်းအားဖြင့် သူ၏လုပ်ဆောင်ခြင်းကောင်းကျိုးများပျောက်ဆုံးသွားစေခြင်းကို တချို့နည်းလမ်းများအားဖြင့် ရှာဖွေလုပ်ဆောင်လျက်ရှိသည်။ Manuscript 1, 1878. [Ev 691.1]

–၀–



tcef; (20)

owif;pum;atmifjrifjcif;

## ကျယ်လောင်စွာဖြင့်ကြွေးကြော်မှုပြုသောအခါ

**အမှန်တရားမကြာမီအောင်မြင်ရန်** – အချိန်သည်နီးကပ်လျက် တိတ်တဆိတ်လျှို့ဝှက်စွာဖြင့် ကျွန်ုပ်တို့အပေါ်သို့ ညအချိန်၌အသံမမြည်သောသူခိုးချဉ်းကပ်သကဲ့သို့ ရောက်ရှိလာပါသည်။ အခြားလူများအိပ်ပျော်သကဲ့သို့ အိပ်ပျော်ခြင်းမရှိဘဲ ကျွန်ုပ်တို့သည်စောင့်မျှော်လျက် မိမိတို့၏ကိုယ်ကိုဆင်ခြင်နိုင်ကြသောသူများဖြစ်ကြရန် ဘုရားသခင်ကူညီမစပါစေ။ အမှန်တရားသည် မကြာမီတင့်တယ်စွာအောင်ပွဲခံမည်ဖြစ်ပြီး ယခုဘုရားသခင်နှင့်အတူအမှုထမ်းသူများဖြစ်ရန် ရွေးချယ်ကြသောသူတို့သည် ၎င်းနှင့်အတူအောင်ပွဲခံကြလိမ့်မည်။ အချိန်သည်တိုတောင်းလှပြီး မည်သူမျှအလုပ်မလုပ်နိုင်သောညအချိန်သည် မကြာမီရောက်ရှိလာပါလိမ့်မည်။ Testimonies, vol. 9, p. 135. (1909) [Ev 692.1]

**ပင်တေကုတ္တေပွဲ၌ကဲ့သို့ပြောင်းလဲခြင်း** – တပည့်တော်များသန့်ရှင်းသောဝိညာဉ်တော်ရရှိကြပြီးနောက် ပင်တေကုတ္တေပွဲနေ့၌ လူအမြောက်အမြားပြောင်းလဲသကဲ့သို့ အချိန်အခါသည်ရောက်ရှိလာလိမ့်မည်။ Review and Herald, June 29, 1905. [Ev 692.2]

**ယခုတိုင်ထောင်ချီသောသူတို့သည်အလင်းသို့ရောက်ရှိလာရန်ရှိ** – အများသောသူတို့သည် ဇဝ်ဂေလိဖိတ်ခေါ်ခြင်းကို ဂရုမစိုက်ကြပါ။ သူတို့သည် စမ်းသပ်ခြင်းနှင့်စစ်ဆေးခြင်းခံခဲ့ကြရသည်။ သို့သော် များစွာသောအနှောင့်အယှက်များတို့သည် သူတို့၏မျက်နှာရှေ့၌ပေါ်ထွက်လာပုံပေါ်ပြီး၊ သူတို့၏ရှေ့ဆက်ချီတက်မည့်လမ်းခရီးကို ကာဆီးထားခြင်းပြုပါသည်။ ယုံကြည်ခြင်း၊ ဇွဲနှင့်ရဲရင့်ခြင်းအားဖြင့် အများသောသူတို့သည် ဤဟန့်တားသည့်အရာများတို့ကို

အောင်မြင်ကျော်လွှားနိုင်ပြီး ကြီးကျယ်ခမ်းနားသောအလင်းထဲသို့ ထွက်လျှောက်နိုင်ကြပါသည်။ [Ev 692.3]

ခက်ခဲကျဉ်းမြောင်းသောလမ်း၌ မထင်မမှတ်သောအကာအဆီးများစွာ စိုက်ထူထားလုနီးပါးတို့နှင့် လမ်းထဲ၌အတားအဆီးကျောက်တုံးလေးများချထားခြင်းများ စသည့်အရာများအားလုံးလိမ့်သွားကုန်လိမ့်မည်။ မိမိတို့၏သိုးစုများပတ်လည်၌ မှားသောသိုးထိန်းများပစ်ချထားသည့် လုံခြုံမှုပေးခြင်းများတို့သည် ဘာမျှမဟုတ်သကဲ့သို့ဖြစ်ပြီး၊ ထောင်ပေါင်းများစွာသောသူတို့သည် အလင်းထဲသို့ခြေလှမ်းလှမ်းကာ အလင်းကိုဖြန့်ချိရန်ပြုလုပ်သွားလိမ့်မည်။ စွမ်းအားထက်မြက်သောကောင်းကင်သားများတို့သည် လူသားကိုယ်စားလှယ်များတို့နှင့်ပေါင်းစည်းကြလိမ့်မည်။ ထိုသို့ဖြင့်ခွန်အားရရှိပြီး အသင်းတော်သည် ဇောန်အမှန်ထ၍လင်းကာ မိမိ၏သန့်ရှင်းသောအင်အားအားလုံးဖြင့် ယှဉ်ပြိုင်မှုထဲ၌ပြိုင်ဘက်ကိုအနိုင်ယူလိမ့်မည်။ ထိုသို့ဖြင့် ဘုရားသခင်၏ရည်ရွယ်ချက်ပြည့်စုံလိမ့်မည်။ ပျောက်ဆုံးသောပုလဲလေးများ ပြန်လည်တွေ့ရှိရလိမ့်မည်။ [Ev 692.4]

ပုရောဖက်များတို့သည် ဤကြီးကျယ်ခမ်းနားသောအလုပ်ကို အဝေးမှနေ၍ ကောင်းမွန်စွာတွေ့မြင်နိုင်ပြီး၊ အချိန်နာရီ၏အသိဉာဏ်ဖော်ပြခြင်းကိုရိပ်မိကာ ဖြစ်လာမည့်အရာများ၏အံ့ဖွယ်ဖော်ပြချက်များတို့ကို သိရှိနားလည်ကြပါသည်။ Review and Herald, July 23, 1895. [Ev 693.1]

**ဖောက်ပြန်သူများစွာပြန်လှည့်လာကြလိမ့်မည် –** ညှဉ်းဆဲနှိပ်စက်ခြင်းမုန်တိုင်းကျွန်ုပ်တို့အပေါ်သို့ အမှန်တကယ်ကျရောက်လာသောအခါ၊ စစ်မှန်သောသိုးတို့သည် စစ်မှန်သောသိုးထိန်း၏အသံကိုကြားရလိမ့်မည်။ မိမိကိုယ်ကိုငြင်းပယ်သောကြိုးစားမှုများသည် ပျောက်ဆုံးသူကိုကယ်ရန်နှင့် သိုးခြံမှလမ်းလွှဲသွားသောသူများစွာတို့သည်ပြန်လာကြပြီး၊ သိုးထိန်းကြီး၏နောက်သို့လိုက်ကြလိမ့်မည်။ ဘုရားသခင်၏သားသမီးများတို့သည် အတူတကွစုရုံးပြီး၊ ရန်သူ၏ရှေ့၌ ညီညွတ်စွာဖြင့်ရပ်တည်ကြလိမ့်မည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာ၊



ကျွန်ုပ်တို့၏ညီအစ်ကိုချစ်ခြင်းမေတ္တာတို့သည် ကျွန်ုပ်တို့ခရစ်တော်နှင့်အတူရှိပြီး၊ သူ့ထံမှသင်ယူနည်းခံခဲ့ကြကြောင်း ကမ္ဘာသို့သက်သေထူလိမ့်မည်။ ထို့နောက်တတိယကောင်းကင်တမန်သတင်းစကားသည် ကျယ်လောင်သောအသံဖြင့် ကြွေးကြော်ပြီး ကမ္ဘာတစ်ခုလုံးသည် ဘုရားသခင်၏ဘုန်းတော်နှင့်ထွန်းလင်းပေလိမ့်မည်။ Testimonies, vol. 6, p. 401. (1900) [Ev 693.2]

**ပုံနှိပ်တိုက်အားဖြင့်ဩဇာညောင်းခြင်း –** အကယ်၍ ကျွန်ုပ်တို့သည် သူ၏ခြေတော်ရင်း၌နှိမ့်ချပြီး ယုံကြည်ခြင်းရှိမည်ဖြစ်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ကြီးမားသောအရာများတို့ကို မကြာမီပြုလုပ်လိမ့်မည်။ မကြာမီတစ်ရက်အတွင်း လူပေါင်းတစ်ထောင်ထက်မက ပြောင်းလဲလာကြလိမ့်မည်။ အများအားဖြင့် ကျွန်ုပ်တို့၏ပုံနှိပ်ဖြန့်ချိသောစာအုပ်များတို့ကိုဖတ်ရှုကြခြင်းဖြင့် သူတို့၏ယုံကြည်သက်ဝင်မှုများကို ဦးစွာပြုကြလိမ့်မည်။ Review and Herald, Nov. 10, 1885. [Ev 693.3]

**၁၈၄၄ ခုနှစ်၏တန်ခိုးပြန်လည်၍ပြောဆိုခြင်း –** လူတို့အားကြီးမားစွာလှုံ့ဆော်ခဲ့သည့် ၁၈၄၄ ခုနှစ်လှုပ်ရှားမှု၏တန်ခိုးသည် တစ်ဖန်ပေါ်လာလိမ့်မည်။ တတိယကောင်းကင်တမန်သတင်းစကားသည် တီးတိုးသံအားဖြင့်မဟုတ်ဘဲ ကျယ်လောင်သောအသံအားဖြင့် ပျံ့နှံ့သွားလိမ့်မည်။ Testimonies, vol. 5, p. 252. (1885)

**ကျယ်လောင်သောကြွေးကြော်သံ –** ကျယ်လောင်သောကြွေးကြော်သံအချိန်အခါ၌ အသင်းတော်သည် ဘုရားသခင်၏ဝင်ရောက်ပါဝင်ပြင်ဆင်ပေးမှုကြောင့် အကူအညီရရှိကာ မြောက်မြားစွာသောကယ်တင်ခြင်း၏အသိတရားပျံ့နှံ့စေရန် အလင်းကိုမြို့ကြီးမြို့ငယ်တိုင်းသို့ ဆက်သွယ်ပေးနိုင်ပါလိမ့်မည်။ ကမ္ဘာကြီးသည် ကယ်တင်ခြင်းအသိတရားနှင့်ပြည့်ဝလျက်ရှိသည်။ ပြင်းထန်စွာလှုပ်ရှားသောကိုယ်စားလှယ်များတို့ကို အလွန်မြောက်မြားစွာသော ဘုရားသခင်၏အသစ်တစ်ဖန်ပြုပြင်ပေးသည့်ဝိညာဉ်အားဖြင့် အောင်မြင်ခြင်းကိုပေးကာ၊ လက်ရှိ

အမှန်တရား၏အလင်းကို နေရာတိုင်း၌တောက်ပထွန်းလင်းလျက်ရှိသည်ကို တွေ့မြင်ရလိမ့်မည်။ Review and Herald, Oct. 13, 1904. [Ev 694.1]

## ဖင့်နွှဲရခြင်း၏အကြောင်းရင်း

**ကရုဏာ၌နှောင့်နှေးခြင်း –** မည်းမှောင်ခြင်း၏ရှည်လျားသောညဉ့်သည် ကြာညောင်းခဲ့သော်လည်း ကရုဏာနံနက်သည် ဆိုင်းငံ့လျက်ရှိရခြင်းမှာ အကယ်၍သခင်လာခဲ့ပါက များစွာသောသူတို့သည် အဆင်သင့်မရှိကြသည်ကိုတွေ့ရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏သားသမီးများ ပျက်စီးခြင်းရောက်မည်ကိုမလိုလားသောကြောင့် ဤကဲ့သို့သူဖင့်နွှဲရခြင်း၏အကြောင်းရင်းဖြစ်သည်။ Testimonies, vol. 2, p. 194. (1868) [Ev 694.2]

**အလုပ်ပြီးစီးစေရမည် –** အကယ်၍ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်စေသောကမ္ဘာသို့ ကရုဏာသတင်းစကားဟောပြောခြင်းကို သူ၏သားသမီးများတို့မှဆောင်ရွက်ကြမည်ဖြစ်ပါက ဤကမ္ဘာသို့သူလာခဲ့လိမ့်မည်ဖြစ်ပြီး၊ သန့်ရှင်းသူများစွာတို့သည်လည်း ဘုရားသခင်၏မြို့တော်ထဲသို့ ကြိုဆိုခြင်းခံရကြပြီးဖြစ်ပေလိမ့်မည်။ Testimonies, vol. 6, p. 450. (1900) [Ev 694.3]

အကယ်၍ ဘုရားသခင်၏လူတို့သည် သူနှင့်အသက်ရှင်သောဆက်သွယ်မှုကို ထိန်းသိမ်းထားကြပါက၊ အကယ်၍သူတို့သည် ဘုရားစကားကိုနားထောင်ကြပါက ယနေ့သူတို့သည် ကောင်းကင်ခါနာန်ပြည်သို့ရောက်ရှိနေကြပြီးဖြစ်လိမ့်မည်ကို ကျွန်ုပ်သိသည်။ General Conference Bulletin, March 30, 1903. [Ev 694.4]

**ကျွန်ုပ်တို့အပေါ်မာရ်နတ်အနိုင်ယူ –** အကယ်၍ဇိအုန်မြို့ရိုးပေါ်၌ရှိကြသောကင်းစောင့်တိုင်းတို့သည် မှန်သောတံပိုးခရာသံကိုပေးပါက ကမ္ဘာမှသတိပေးခြင်းသတင်းစကားကို ကြားရကြပါလိမ့်မည်။ သို့သော် နှစ်ပေါင်းများစွာကြာညောင်းခဲ့ပြီ။ လူတို့အိပ်ပျော်နေကြစဉ် ကျွန်ုပ်တို့အပေါ်မာရ်နတ်အနိုင်ယူသွားပြီးဖြစ်သည်။ Testimonies, vol. 9, p. 29. (1909)



**ဘုရားသခင်၏ကတိတော်များပျက်ကွက်ခြင်းမရှိစေရ –** လူတို့ထံသို့ ဘုရားသခင်၏ကောင်းကင်တမန်များတို့၏သတင်းစကားများအထဲ၌ အချိန်ကိုအလွန်တိုတောင်းသကဲ့သို့ပြောပါသည်။ ထိုကဲ့သို့ကျွန်ုပ်အားအမြဲပင်ပြောခဲ့ပါသည်။ ဤသတင်းစကား၏ရှေးနေ့ရက်များ၌ ကျွန်ုပ်တို့မျှော်လင့်သည်ထက် အချိန်သည်ကြာညောင်းလျက်ရှိကြောင်းမှာ မှန်ကန်ပါသည်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်သည့်အခါမျှပျက်ကွက်ခြင်းမရှိပါ။ ဘုရားသခင်၏ကတိတော်များနှင့်ခြိမ်းခြောက်ခြင်းနှစ်မျိုးစလုံးတို့သည် အခြေအနေအပေါ်မူတည်လျက်ရှိကြောင်း ကျွန်ုပ်တို့သတိရသင့်ကြသည်။ [Ev 695.1]

ဘုရားသခင်သည် ဤကမ္ဘာပေါ်၌အလုပ်တစ်ခုကို ပြီးစီးအောင်ဆောင်ရွက်ရန် မိမိ၏လူတို့အားအပ်နှံထားပါသည်။ တတိယကောင်းကင်တမန်သတင်းစကားကိုဟောပြောရမည်ဖြစ်ပြီး၊ ယုံကြည်သူတို့၏စိတ်များကို သူ၏လူတို့အတွက်အပြစ်ဖြေလွှတ်ရန်ဝင်ရောက်ခဲ့သည့် ကောင်းကင်သန့်ရှင်းရာဌာနသို့လမ်းညွှန်ပေးရမည်။ ဥပုသ်နေ့ပြုပြင်ပြောင်းလဲရေးအကြောင်းကို ရှေ့သို့ယူဆောင်သွားရမည်။ ဘုရားသခင်၏ပညတ်တော်၌ ဖောက်ဖျက်ထားခဲ့ခြင်းကို ပြန်လည်၍ပြုပြင်ရမည်။ သတင်းစကားကိုကျယ်လောင်သောအသံဖြင့်ကမ္ဘာပေါ်ရှိလူအားလုံးသတိပေးခြင်းကြားသိရစေရန် လူသိရှင်ကြားကြေညာရမည်။ ဘုရားသခင်၏လူတို့သည် မိမိတို့၏စိတ်ဝိညာဉ်ကို အမှန်တရားနာထောင်ခြင်းအားဖြင့်ဖြူစင်စေရန်နှင့် သူ၏ကြွလာသောအချိန်၌ သူ့ရှေ့တွင်အပြစ်ကင်းစွာရပ်တည်နိုင်ရန် ပြင်ဆင်မှုပြုကြရမည်။ [Ev 695.2]

အကယ်၍ ၁၈၄၄ ခုနှစ်၌ ကြီးမားသောစိတ်ပျက်ဖွယ်ရာပြီးသည့်နောက်ပိုင်းတွင် မျှော်လင့်သောသူများတို့သည် မိမိတို့၏ယုံကြည်ခြင်းကိုစွဲကိုင်ပြီး ဘုရားသခင်၏ပြင်ဆင်ပေးထားသည့်အတိုင်း ညီညွတ်စွာလိုက်လျှောက်ကြကာ တတိယကောင်းကင်တမန်သတင်းစကားကိုလက်ခံလျက် သန့်ရှင်းသော

ဝိညာဉ်တော်၏တန်ခိုးဖြင့် ဟောပြောကြပါက၊ ဘုရားသခင်၏ကယ်တင်ခြင်းကိုတွေ့မြင်ကြရမည်ဖြစ်သည်။ ဘုရားသခင်သည် သူတို့၏ကြိုးစားမှုများကို ကြီးမားစွာပါဝင်လုပ်ဆောင်ပေးပြီး အလုပ်ပြီးစီးသွားလိမ့်မည်။ ခရစ်တော်သည်လည်း သူ၏လူတို့ကိုလာရောက်သိမ်းဆည်းပြီး သူတို့အတွက်အဖိုးအခကို ပေးလိမ့်မည်။ သို့သော် သံသယနှင့်မယုံကြည်သောအချိန်ကာလတွင်သာ စိတ်ပျက်နေကြပြီး၊ အများသောကြွလာခြင်းကိုမျှော်လင့်ကြသည့် ယုံကြည်သူများတို့သည် မိမိတို့၏ယုံကြည်ခြင်းကိုစွန့်လွှတ်လိုက်ကြသည်။ ထိုသို့ဖြင့် အလုပ်သည်ကြန့်ကြာပြီး ကမ္ဘာကြီးသည် မှောင်မိုက်ထဲ၌သာရှိနေရပါသည်။ အကယ်၍မျှော်လင့်ကြသောသူအားလုံးတို့သည် တစ်လုံးတစ်ဝတည်းဖြင့် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ကြပြီး၊ ယေရှု၌ယုံကြည်ခြင်းရှိကြပါက ကျွန်ုပ်တို့၏ရာဇဝင်သမိုင်းမည်မျှကြီးမားစွာခြားနားလျက်ရှိနေမည်နည်း။

ခရစ်တော်ကြွလာခြင်းကြန့်ကြာရခြင်းမှာ ဘုရားသခင်၏အလိုတော်မဟုတ်ပါ။ ဘုရားသခင်သည် မိမိ၏လူများနှစ်ပေါင်း (၄၀) တောထဲ၌ လှည့်လည်ကြရန်အတွက် သူစီစဉ်ချမှတ်ထားခြင်းမဟုတ်ပါ။ ခါနာန်ပြည်သို့ တိုက်ရိုက်ပို့ဆောင်ရန် သူကတိပြုခဲ့ပြီး ထိုနေရာ၌သန့်ရှင်းခြင်း၊ ကျန်းမာခြင်းနှင့်ပျော်ရွှင်ခြင်းရှိသောသူများအဖြစ် သူတို့ကိုအခြေချရန်ဖြစ်သည်။ သို့သော် ပထမဦးဆုံးသတင်းစကားကြားနာရသောသူများတို့သည် ထိုနေရာသို့မရောက်ရခြင်းအကြောင်းမှာ "မယုံကြည်ခြင်းကြောင့်ဖြစ်သည်။" သူတို့၏စိတ်နှလုံးထဲ၌ ညည်းညူမြည်တမ်းခြင်း၊ ပုန်ကန်ထကြွခြင်းနှင့်မုန်းတီးခြင်းတို့ဖြင့်ပြည့်ဝနေသောကြောင့် သူတို့၌ဘုရားသခင်သည် သူ၏ပဋိညာဉ်ကိုမပြည့်စုံစေနိုင်ပါ။ [Ev 696.1]

မယုံကြည်ခြင်း၊ ညည်းညူမြည်တမ်းခြင်းနှင့်ပုန်ကန်ထကြွခြင်း၌ အနှစ် (၄၀) ရှိနေကြခြင်းကြောင့် ရှေးဣသရေလလူမျိုးများတို့သည် ခါနာန်ပြည်ထဲသို့ဝင်ခွင့်မရရှိရခြင်းဖြစ်သည်။ ဤတစ်မျိုးတည်းသောအပြစ်များကြောင့် ယခုအချိန်ရှိဣသရေလလူတို့သည်လည်း ကောင်းကင်ခါနာန်ပြည်ထဲသို့ဝင်



နိုင်ရန် နှောင့်နှေးနေရခြင်းဖြစ်ပါသည်။ ဤကိစ္စနှစ်မျိုးစလုံးတို့၌ ဘုရားသခင်၏ကတိတော်များသည် မှားယွင်းခြင်းမရှိပါ။ ၎င်းသည် မယုံကြည်ခြင်း၊ လောကီတပ်မက်ခြင်း၊ ဆက်ကပ်မှုမရှိခြင်းနှင့် ဘုရားသခင်ကိုယုံကြည်သူများအထဲ၌ ပဋိပက္ခဖြစ်နေခြင်းများတို့ကြောင့် ဝမ်းနည်းကြေကွဲစရာကောင်းသောဤအပြစ်ကမ္ဘာထဲ၌ နှစ်ပေါင်းများစွာနေထိုင်ကြရခြင်းဖြစ်သည်။ Manuscript 4, 1883. [Ev 696.2]

**ဘုရားရှင်ကိုစွပ်စွဲချက်တင်ရန်မဟုတ်ပါ** – ဣသရေလလူမျိုးများကဲ့သို့ နှစ်ပေါင်းများစွာမရှိမသေနာခံမှုမရှိခြင်းကြောင့် ဤကမ္ဘာ၌ ကျွန်ုပ်တို့ဆက်လက်နေထိုင်နေရခြင်းဖြစ်သည်။ သို့သော် ခရစ်တော်အတွက်ကြောင့် သူ၏သားသမီးများတို့သည် မိမိတို့ကိုယ်တိုင်မှားယွင်းမှု၏ခံစားနေရသောအကျိုးအတွက် ဘုရားသခင်ကိုအပြစ်တင်ပြီး အပြစ်တစ်ခုပြီးတစ်ခု ဆက်၍ပြုလုပ်ကြရန်မသင့်ပါ။ Letter 184, 1901. [Ev 696.3]

**နေ့ရက်ကိုကျွန်ုပ်တို့လျင်မြန်စေနိုင်သည်** – ဧဝံဂေလိသတင်းစကားကို ကမ္ဘာသို့ဟောပြောခြင်းအားဖြင့် ကျွန်ုပ်တို့၏သခင်ပြန်ကြွလာခြင်းကို ကျွန်ုပ်တို့၏တန်ခိုး၌ လျင်မြန်စေခြင်းဖြစ်သည်။ The Desire of Ages, p. 633. (1898) [Ev 696.4]

စောင့်ကြိုရန်အတွက်သာမကဘဲ ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်ကြွလာခြင်းကို လျင်မြန်ကြစေရန် ခရစ်ယာန်တိုင်းတို့၏အခွင့်အရေးဖြစ်သည်။ သူ၏နာမကိုယုံကြည်သောသူအားလုံးတို့သည် သူ့ဘုန်းတော်အတွက်အသီးများတို့ကိုသီးနိုင်ကြပါက ဧဝံဂေလိမျိုးစေ့ဖြင့် ကမ္ဘာတစ်ခုလုံးကိုမည်မျှလျင်မြန်စွာစိုက်ပျိုးနိုင်ကြလိမ့်မည်နည်း။ နောက်ဆုံးရိတ်သိမ်းရန် သီးနှံများလျင်မြန်စွာမှည့်ကာ ခရစ်တော်သည် သူ၏တန်ဖိုးရှိသောစပါးများကို လာရောက်စုသိမ်းနိုင်ပါလိမ့်မည်။ Testimonies, vol. 8, pp. 22, 23. (1904) [Ev 696.5]

**သတင်းစကားဟောပြောပြီးသောအခါ** – သတင်းစကားသည် လူမျိုးအားလုံး၊ ဘာသာစကားအားလုံးနှင့် လူတိုင်းဆီသို့ရောက်ရှိသွားပါက၊ သခင်ကြွလာ

ခြင်းသည် အချိန်ကိုကျော်လွန်သွားပြီး နှောင့်နှေးလျက်နေမည်မဟုတ်ပါ။ ပုရောဖက်အနာဂတ်ဟောခြင်း၏ကျောင်းသားများဟု မိမိတို့ကိုယ်ကိုပြောနေကြသောကျွန်ုပ်တို့သည် လူဆိုးတို့အား ဘုရားသခင်သည်းခံခြင်းသည် ကျယ်ဝန်းသောအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် သူ့ဝိညာဉ်များကယ်တင်ရန်ရှာဖွေခြင်း၌ လူအားလုံးတို့အားရရှိစေရန် ကရုဏာနှင့်ပြည့်ဝသောစီမံကိန်းဖြစ်သည်ကို မေ့နေကြပါသလား။ Review and Herald, June 18, 1901. [Ev 697.1]

## လုပ်ငန်းပြီးစီးရန်အတွက်တန်ခိုး

**ဘာကြောင့်ဝိညာဉ်အောင်မြင်ခြင်း၌လူများစွာကျဆုံးကြရပါသနည်း –** အများသောသူတို့သည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏အယူဝါဒများနှင့်ခံယူချက်များတို့ကို ဟောပြောကြသော်လည်း သူတို့၏ယုံကြည်ခြင်းမရှိသည့်သာသနာ့လုပ်ငန်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်အလုပ်မလုပ်သည့်အတွက် သူတို့၏ဟောပြောခြင်းသည် အငန်ဓာတ်မပါသောဆားကဲ့သို့ဖြစ်သည်။ သူတို့သည် ခရစ်တော်၏ကျေးဇူးတော်ကိုရရှိနိုင်ရန် စိတ်နှလုံးတံခါးကိုမဖွင့်ပေးနိုင်ကြပါ။ သူတို့သည် တဆေးမပါသောအစာကဲ့သို့ဖြစ်သည်။ သူတို့၏လုပ်ဆောင်မှုအားလုံးတို့၌ လုပ်ဆောင်ခြင်းစည်းမျဉ်းဥပဒေမရှိခြင်းကြောင့် ခရစ်တော်ထံသို့ဝိညာဉ်များကို အောင်မြင်ရန် သူတို့၌ပျက်ကွက်ကြသည်။ သူတို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို သီးသန့်ဖယ်ရှားထားခြင်းမပြုကြပါ။ ၎င်းဝတ်လုံသည် သူတို့အားဖြင့် မဟောင်းနွမ်းသောသစ်လွင်သောဝတ်လုံတစ်ခု၊ မသိသောပြည့်စုံခြင်းတစ်ခု၊ မတို့ထိရသောဓာတ်မြစ်တစ်ခုဖြစ်သည်။ Review and Herald, Nov. 29, 1892. [Ev 697.2]

**မယုံကြည်သူများစိတ်ဝင်စားစေရန်ပြင်းထန်ခြင်းဖြင့်လုပ်ဆောင်ရန်လိုအပ် –** ကျွန်ုပ်တို့သည် ခရစ်တော်၏အမှုတော်၌ ပို၍ကြီးမားသောစိတ်အားထက်သန်မှုလိုအပ်သည်။ လေးနက်သောအမှန်တရား၏သတင်းစကားသည် မယုံကြည်





သောသူတို့၏စိတ်ကိုဆွဲဆောင်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ကြိုးစားခြင်းနှင့်အတူအလုပ်လုပ်ခြင်း၊ အမြင့်ဆုံးသောဘုရားရှင်သည် ကျွန်ုပ်တို့၏အသက်ရှင်သောခွန်အားအရင်းအမြစ်ဖြစ်ခြင်းကဲ့သို့ ပြင်းထန်ခြင်းတစ်ခုဖြင့်ဟောပြောသင့်ကြသည်။ Signs of the Times, Dec. 9, 1886. [Ev 697.3]

ကျွန်ုပ်တို့၏စိတ်ကို ခရစ်တော်နှင့်တစည်းတလုံးတည်းယူဆောင်လာပြီး ကျွန်ုပ်တို့၏အသက်တာကို သူ၏အလုပ်၌တညီတညွတ်တည်းဖြစ်စေသောအခါ၊ ပင်တေကုတ္တေပွဲနေ့၌ တပည့်တော်တို့အပေါ်သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခဲ့သကဲ့သို့ ကျွန်ုပ်တို့အပေါ်ဆင်းသက်ပါလိမ့်မည်။ Review and Herald, June 30, 1903. [Ev 697.4]

**တမန်တော်များတို့၏စိတ်အားထက်သန်မှုဖြင့် –** ဘုရားသခင်၏ဘုန်းတော်အတွက် စိတ်အားထက်သန်ခြင်းသည် အမှန်တရားကိုသက်သေခံရန် တပည့်တော်များတို့၏စိတ်ကို အင်အားကြီးမားသောတန်ခိုးဖြင့် လှုံ့ဆော်လျက်ရှိသည်။ ဤစိတ်အားထက်သန်ခြင်းသည် ကျွန်ုပ်တို့အားကယ်တင်ခြင်းမေတ္တာ၏ပုံဝတ္ထုကိုပြောရန်နှင့် ခရစ်တော်အကြောင်းနှင့်သူ၏ကပ်တိုင်ပေါ်ရိုက်ထားခြင်းခံရသည့်အကြောင်းကိုပြောရန် တောင့်တသောဆန္ဒဖြင့် ကျွန်ုပ်တို့၏စိတ်ထဲ၌တောက်လောင်ခြင်းမရှိသင့်ပါသလား။ တမန်တော်များတို့၏အချိန်ကကဲ့သို့ ကျွန်ုပ်တို့၏အချိန်၌လည်း ပို၍အင်အားကြီးမားသော ဘုရားသခင်၏တန်ခိုးဖော်ပြခြင်းမပြုသင့်ပါသလား။ Signs of the Times, Feb. 17, 1914. [Ev 698.1]

**သူတို့၏တန်ခိုးအရင်းအမြစ် –** ခရစ်တော်ကောင်းကင်သို့တက်ကြွသွားပြီးနောက် တပည့်တော်များတို့သည် ဘုရားသခင်ထံတော်သို့နှိမ့်ချသောစိတ်ဖြင့် တောင်းလျှောက်ကြရန် တစ်နေရာ၌အတူတကွစုရုံးကြပါသည်။ မိမိတို့၏စိတ်နှလုံးကိုရှာဖွေပြီး မိမိတို့၏ကိုယ်ကိုဆယ်ရက်တာစစ်ဆေးကြပြီးနောက် သန့်ရှင်း၍ဆက်ကပ်သောဝိညာဉ်ဗိမာန်များထဲသို့ သန့်ရှင်းသောဝိညာဉ်တော်အတွက် လမ်းကိုပြင်ဆင်ပေးခဲ့ပါသည်။ နှလုံးသားတိုင်းထဲ၌ သန့်ရှင်းသော

ဝိညာဉ်တော်သည် သူ၏သားသမီးများကိုပြရန် ဘုရားသခင်ဆန္ဒရှိသကဲ့သို့ ၎င်းသည်သူတို့အား ကောင်းကင်၏အကောင်းဆုံးသောကောင်းချီးမင်္ဂလာများဖြင့် ကောင်းချီးပေးရန် သူ၏အခွင့်ထူးဖြစ်ပါသည်။ ဝိညာဉ်တော်၏ဓားသည် လက်ယာလက်ဝဲဘက်၌ အလင်းရောင်တောက်ပလျက်ရှိသည်။ တန်ခိုးဖြင့် အသစ်တစ်ဖန်ပြုပြင်ပြီး ၎င်းသည် စိတ်နှင့်ဝိညာဉ်၏တကွဲတပြားစီခွဲခြားခြင်းနှင့် အဆစ်နှင့်ခြင်ဆီကိုပင် ထိုးဖောက်နိုင်ပါသည်။ လူတို့၏ဝတ်ပြုကိုးကွယ်ခြင်းနှင့်ရောပြွန်းနေသည့်ဝတ်ပြုကိုးကွယ်ခြင်းသည် ရှုံးနိမ့်သွားပါသည်။ အသစ်သောနယ်မြေကို ဘုရားသခင်၏နိုင်ငံတော်သို့ပေါင်းစည်းနိုင်ခဲ့ပါသည်။ ဘာမျှမရှိဘဲ စွန့်ပစ်ထားသောနေရာများတို့သည်လည်း ဘုရားသခင်၏ချီးမွမ်းခြင်းများတို့ကို အသံပြုကြပါသည်။ Review and Herald, June 10, 1902. [Ev 698.2]

**ဝိညာဉ်များ၏ဝန်ထုပ်ကိုသူတို့ခံစားနေရသည်** – တပည့်တော်များတို့သည် အမြင့်ဆုံးသောရာထူးကို ကြိုးစားရယူခြင်းစိတ်မရှိဘဲ သူတို့လုံးလုံးလျားလျားစည်းလုံးခြင်းရှိကြသည့်နောက်ပိုင်း၌ သူတို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သည်ကိုသတိပြုပါ။ သူတို့သည် တညီတညွတ်တည်းရှိကြသည်။ မတူညီမှုအားလုံးတို့ကို သူတို့စွန့်လွှတ်လိုက်ကြသည်။ ထိုနောက် ဝိညာဉ်တော်ဆင်းသက်ပြီးသည့်နောက် ၎င်းအတိုင်းဆက်လက်ပြီး တညီတညွတ်တည်းရှိနေကြပါသည်။ "ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၏" ဟူသည့်အချက်ကိုမှတ်သားပါ။ အပြစ်သားများအသက်ရှင်ရန် အသေခံသောသူ၏ဝိညာဉ်သည် ယုံကြည်သူအားလုံးတို့ကို အသက်ရှင်ခွင့်ပေးပါသည်။ [Ev 698.3]

တပည့်တော်များတို့သည် မိမိတို့အတွက်သာကောင်းချီးမင်္ဂလာကို မတောင်းလျှောက်ကြပါ။ သူတို့သည် ဝိညာဉ်များတို့၏ဝန်ထုပ်ဖြင့် စိတ်ဖိစီးမှုခံစားနေကြရပါသည်။ ဧဝံဂေလိတရားကို ကမ္ဘာအရပ်ရပ်သို့သယ်ဆောင်ရမည်ဖြစ်သောကြောင့် ခရစ်တော်ကတိပြုခဲ့သော သန့်ရှင်းသောဝိညာဉ်တော်၏



တန်ခိုးကို တောင်းဆိုကြသည်။ ထိုနောက် သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ပြီးနောက် တစ်ရက်အတွင်းထောင်ပေါင်းများစွာပြောင်းလဲသွားကြပါသည်။ Signs of the Times, Feb. 17, 1914. [Ev 699.1]

**နိုးကြားသောအသင်းတော်တစ်ခု** – ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုခရစ်တော်၏အမှုတော်၌ လုံးလုံးလျားလျားဆက်ကပ်အပ်နှံကြသောအခါ၊ အကန့်အသတ်မရှိဘဲ သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်းကို ဘုရားရှင်အသိအမှတ်ပြုပေလိမ့်မည်။ သို့သော် ဘုရားသခင်နှင့်အတူ အမှုဆောင်အများစုတို့ပါဝင်လုပ်ဆောင်ခြင်းမရှိပါက သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်မည်မဟုတ်ပါ။ Review and Herald, July 21, 1896. [Ev 699.2]

**ကမ္ဘာမြေကြီးကိုအလင်းပေးခဲ့သည်** – မြေကြီးပေါ်ရှိမြို့များနှင့်ရွာများမှသော်လည်းကောင်း၊ မြင့်သောအရပ်များနှင့်နိမ့်သောအရပ်များမှသော်လည်းကောင်း ထွန်းလင်းသောလင်းရောင်ခြည်များပေါ်ထွက်လာသည်ကို ကျွန်ုပ်မြင်ရသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လိုက်လျှောက်ကြသောကြောင့် မြို့တိုင်းရွာတိုင်းတို့၌ သူ့အတွက်အောက်မေ့ဖွယ်ရာအထိမ်းအမှတ်များတို့ကိုတွေ့ရပါသည်။ သူ၏အမှန်တရားကို ကမ္ဘာတစ်ဝန်းသို့ဟောပြောကြပါသည်။ Testimonies, vol. 9, pp. 28, 29. (1909) [Ev 699.3]

ရာချီထောင်ချီသောသူတို့သည် မိသားစုများတို့အားလည်ပတ်ကြပြီး သူတို့ရှေ့၌နှုတ်ကပတ်တော်ဖွင့်ပြကြသည်ကို တွေ့ရှိရပါသည်။ သန့်ရှင်းသောဝိညာဉ်တန်ခိုးအားဖြင့် စိတ်နှလုံးများတို့သည် ယုံကြည်လာကြပြီး၊ စစ်မှန်သောပြောင်းလဲခြင်း၏စိတ်သဘောကို ဖော်ပြကြပါသည်။ နေရာတိုင်း၌ အမှန်တရားဟောပြောရန် တံခါးဖွင့်လာခဲ့ပါသည်။ ကမ္ဘာကြီးသည် ကောင်းကင်ဩဇာဖြင့်ထွန်းလင်းပုံပေါ်နေပါသည်။ Testimonies, vol. 9, p. 126. (1909) [Ev 699.4]

**နှိမ့်ချသောတန်ဆာပလာများအားဖြင့်** – တတိယကောင်းကင်တမန်သတင်းစကားကို အကြီးမားဆုံးသောတန်ခိုးဖြင့်ဟောပြောရန် အချိန်ရောက်လာသကဲ့သို့

ဘုရားသခင်သည် နိမ့်ချသောတန်ဆာပလာအားဖြင့် အလုပ်လုပ်သွားမည်ဖြစ်ပြီး သူ၏အမှုတော်၌ မိမိတို့၏ကိုယ်ကိုဆက်ကပ်ရန် စိတ်နှလုံးသားများတို့ကိုပို့ဆောင်တော်မူလိမ့်မည်။ အမှုထမ်းများတို့သည် သင်တန်းကျောင်းများတို့၌ သင်တန်းခံယူရရှိခြင်းထက် သူ၏ဝိညာဉ်တော်တန်ခိုးအားဖြင့် အမှုထမ်းရန် အရည်အချင်းပြည့်ဝကြပေလိမ့်မည်။ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းရှိသောသူတို့သည် သန့်ရှင်းသောစိတ်အားထက်သန်မှုဖြင့်ထွက်သွားကြရန် ဆွဲဆောင်ခြင်းခံရပြီး သူတို့အားဘုရားသခင်ပေးသောနှုတ်ကပတ်တော်များတို့ကို ဟောပြောကြလိမ့်မည်။ ဗာဗုလုန်၏အပြစ်များထင်ရှားလာလိမ့်မည်။ လူ့အာဏာဖြင့် အသင်းတော်၏အတင်းအဓမ္မစောင့်ထိန်းရန်ချမှတ်ထားသည့် ကြောက်မက်ဖွယ်အကျိုးတရားများ၊ နတ်ဝိဇ္ဇာမှော်အတတ်တို့၏ဝင်ရောက်ဖျက်ဆီးခြင်းများ၊ လျှို့ဝှက်သောပါပတန်ခိုး၏လျင်မြန်စွာတိုးတက်ခြင်းများ အားလုံးထင်ရှားစွာဖော်ထုတ်ခြင်းခံရလိမ့်မည်။ ဤလေးနက်သောသတိပေးခြင်းများအားဖြင့် လူတို့၏စိတ်များလှုပ်ရှားလာကြလိမ့်မည်။ ထောင်ပေါင်းများစွာသောလူတို့သည် ဤကဲ့သို့တစ်ခါမျှမကြားရသောစကားများတို့ကို နားထောင်ကြရလိမ့်မည်။ The Great Controversy, p. 606. (1888) [Ev 699.5]

**လူထုကြီးသည်ဘုရားသခင်၏စစ်သည်တော်များနှင့်ပေါင်းစည်းလိမ့်မည်** – အခြားသူများတို့ကိုအလင်းပေးရန် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် တိုက်တွန်းခြင်းခံရသောသူများတို့သည် ဟိုဟိုဒီဒီလျင်မြန်စွာသွားလာကြသည်ကို တွေ့မြင်ရပေလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အမှန်တရားသည် သူတို့၏အရိုးများထဲ၌ မီးကဲ့သို့မှောင်မိုက်ခြင်းထဲတွင်ရှိနေကြသောသူတို့ကို အလင်းပေးလိုသောဆန္ဒလောင်ကျွမ်းခြင်းဖြင့် သူတို့၏စိတ်ထဲ၌ပြည့်ဝစေပါသည်။ ပညာမရှိသောသူများအထဲ၌ပင် များစွာသောသူတို့သည် ယခုဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောကြသည်။ ဝိညာဉ်တော်အားဖြင့်ထွက်၍ ကောင်းကင်မှသတင်းစကားကိုဟောပြောရန် ကလေးများတို့သည် တွန်းအားပေးခြင်းကိုခံရကြပါသည်။ ဝိညာဉ်တော်နှိုးဆော်ခြင်းခံရပြီး ၎င်း၏နှိုးဆော်



ခြင်းကိုလက်ခံသောသူအားလုံးတို့သည် သူတို့၏စက်ယန္တရား၊ သူတို့၌ရှိသောစည်းမျဉ်းများနှင့် ကောင်းသောစနစ်များဖြင့် သူတို့သည် ဝိညာဉ်တော်တန်ခိုး၏ခွန်အားအားဖြင့် အမှန်တရားကိုဟောပြောကြလိမ့်မည်။ လူအပေါင်းတို့သည် ယုံကြည်ခြင်းရရှိရကြပြီး ဘုရားသခင်၏စစ်သည်တော်များတို့နှင့် ပေါင်းစည်းကြလိမ့်မည်။ Review and Herald, July 23, 1895. [Ev 700.1]

**ထောင်ချီသောအသံများသတိပေးခြင်းကိုကြွေးကြော်ကြလိမ့်မည်** – မိမိတို့၏မျက်နှာပေါ်၌အလင်းရောင်ထွန်းလင်းပြီး သန့်ရှင်းသောဆက်ကပ်ခြင်းဖြင့်တောက်ပနေသော ဘုရားသခင်၏အစေခံများတို့သည် တစ်နေရာမှတစ်နေရာသို့လျင်မြန်စွာသွားကြပြီး ကောင်းကင်မှသတင်းစကားကိုကြွေးကြော်ကြလိမ့်မည်။ ထောင်ချီသောအသံများအားဖြင့် သတိပေးစကားသည် ကမ္ဘာတစ်ဝန်းလုံးသို့ဟောပြောကြလိမ့်မည်။ အံ့ဖွယ်နိမိတ်များပြုလုပ်ကြလိမ့်မည်။ ဖျားနာသောသူများပျောက်ကင်းသွားကြပြီး ယုံကြည်သောသူများတို့နှင့်အတူ နိမိတ်လက္ခဏာနှင့်အံ့သြဖွယ်ရာများရှိကြပါလိမ့်မည်။ မာရ်နတ်သည်လည်း လှည့်ဖြားသောအံ့သြဖွယ်ရာများတို့ကို လူတို့ရှေ့၌ကောင်းကင်မှမီးကိုပင် ယူဆောင်လာသည့်တိုင်ပြုလုပ်ပေလိမ့်မည်။ ထိုသို့ဖြင့် ကမ္ဘာပေါ်ရှိလူအပေါင်းတို့သည် မိမိတို့၏ခံယူချက်ကို မည်ကဲ့သို့ရပ်တည်ရန် ဆုံးဖြတ်ခြင်းပြုရကြပါလိမ့်မည်။ [Ev 700.2]

သတင်းစကားကို ဘုရားသခင်ဝိညာဉ်တော်၏လေးနက်သောခံယူချက်ကဲ့သို့အသုံးပြုရန် များစွာမလိုအပ်သည့်ငြင်းခုံခြင်းအားဖြင့် သယ်ဆောင်ကြရမည်။ ငြင်းခုံခြင်းများတို့ကိုပြုလုပ်ခဲ့ကြသည်။ မျိုးစေ့စိုက်ပျိုးပြီးနောက် အပင်ပေါက်၍ကြီးထွားလာပြီး အသီးသီးလာလိမ့်မည်။ သာသနာပြုအမှုဆောင်များမှ ဝေငှလိုက်သောစာပေများတို့မှ သူတို့၏သြဇာကိုရယူခဲ့ပြီး၊ ယခုတိုင်များစွာသောစိတ်နှလုံးကိုထိခိုက်ခံစားရသောသူများတို့သည် အမှန်တရားကိုပြည့်ဝစွာနားလည်ရန်၊ သို့မဟုတ် လိုက်လျှောက်နားထောင်ခြင်းသို့ပို့ဆောင်ရန် တားဆီးထားပါသည်။ ယခုအလင်းရောင်ခြည်သည် နေရာတိုင်းသို့

ထိုးဖောက်လျက်ရှိပြီး အမှန်တရားကိုရှင်းလင်းစွာတွေ့မြင်ရကာ ဘုရားသခင်၏ ရိုးသားသောသားသမီးများတို့သည် သူတို့အားချုပ်ကိုင်ထားသောအချည်အနှောင်များကို ဖြတ်တောက်ပစ်လိုက်ကြသည်။ မိသားစုဆက်သွယ်ခြင်းများ၊ အသင်းတော်ဆက်ဆံခြင်းများတို့သည် သူတို့အားယခုတည်မြဲစေရန် တန်ဖိုးမရှိတော့ချေ။ အရာအားလုံးတို့ထက် အမှန်တရားသည် ပို၍တန်ဖိုးရှိသည်။ သို့သော်လည်း ကိုယ်စားလှယ်များတို့သည် အမှန်တရားနှင့်ပေါင်းစည်းကာ လူပေါင်းများစွာတို့အား မိမိတို့၏ရပ်တည်ခြင်းကို ဘုရားသခင်ဘက်၌နေရာယူကြပါလိမ့်မည်။ The Great Controversy, p. 612. (1888) [Ev 701.1]

အသင်းတော်အပေါ်သို့ကျရောက်မည့် သန့်ရှင်းသောဝိညာဉ်တော်သည် အနာဂတ်အချိန်၌ကျရောက်ရန်မျှော်လင့်ကြသည်။ သို့သော် ယခုအချိန်၌ ၎င်းကိုရရှိရန် အသင်းတော်၏အခွင့်အရေးဖြစ်ပါသည်။ ၎င်းအတွက်ကိုရှာပါ။ ၎င်းအတွက်ဆုတောင်းပါ။ ၎င်းအတွက်ဆုတောင်းပါ။ ၎င်းကိုကျွန်ုပ်တို့ရရှိကြရမည်။ ၎င်းကိုကျွန်ုပ်တို့အားပေးရန် ကောင်းကင်မှစောင့်ဆိုင်းလျက်ရှိသည်။ Review and Herald, March 19, 1895. [Ev 701.2]

**နောက်မိုး –** ကတိတော်၏ကောင်းချီးမင်္ဂလာအတွက် ခရစ်ယာန်များယုံကြည်ခြင်းဖြင့် တောင်းလျှောက်စေပါ။ ၎င်းကိုရရှိကြလိမ့်မည်။ တပည့်တော်များတို့၏နေ့ရက်များ၌ ဝိညာဉ်တော်၏သွန်းလောင်းခြင်းသည် အလျင်မိုးဖြစ်ပြီး ခံစားရသည့်အကျိုးသည် ခမ်းနားကြီးကျယ်လှသည်။ သို့သော် နောက်မိုးသည်ပို၍ခမ်းနားကြီးကျယ်ပြီး များပြားခြင်းရှိလိမ့်မည်။ Signs of the Times, Feb. 17, 1914. [Ev 701.3]

## အခွင့်အရေး၏လက်ရှိအချိန်

**ယနေ့အတွက်အလုပ် –** တတိယကောင်းကင်တမန်သတင်းစကားသည် ကျယ်လောင်သောအသံတစ်ခုသို့ကြီးမားလာပြီး လက်ရှိတာဝန်ကိုလျစ်လျူရှုရမည့်လွတ်လပ်ခြင်းတစ်ခုဟု သင်ခံစားခြင်းမရှိရပါ။ ထိုနောက် သင်၏ဆောင်ရွက်ရမည့်တာဝန်အပေါ် မည်သည့်ကြိုးစားခြင်းမျှမပြုသည့်အခါ အနာဂတ်ကာလ၌ ကြီးမားသောကောင်းချီးမင်္ဂလာရရှိသူများထဲ၌ တစ်ဦးအပါအဝင်ဖြစ်ပြီး အံ့သြဖွယ်သောနိုးကြားခြင်းရှိလာလိမ့်မည်ဟု ၎င်းအတွေးအခေါ်ကို သင့်စိတ်ထဲ၌မထားရှိသင့်ပါ။ ယနေ့ပင်ကောင်းကင်နှင်းရည်ရရှိရန်၊ နောက်မိုး၏ရွာသွန်းမည့်မိုးရေကို အဆင်သင့်ရရှိရန် သင့်ကိုယ်ကိုသန့်ရှင်းစေရလိမ့်မည်။ အကြောင်းမှာ နောက်မိုးရွာမည်ဖြစ်ပြီး ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ဝိညာဉ်တိုင်းကိုပြည့်စေကာ ညစ်ညမ်းသောအရာတိုင်းတို့မှ ဖြူစင်သန့်ရှင်းစေမည်ဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံအတွက် သင့်လျော်သောသူများဖြစ်ရန်၊ ဘုရားသခင်ထံမှအင်အားပြည့်ဖြိုးသောအချိန်အတွက် သင့်လျော်သောသူများဖြစ်ရန် ခရစ်တော်ထံသို့ကျွန်ုပ်တို့၏ဝိညာဉ်များကို ယနေ့အပ်နှံရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ [Ev 701.4]



အထူးစိတ်လှုပ်ရှားမှုတချို့ကိုမျှော်လင့်လျက်အသက်ရှင်မည့်အစား ဝိညာဉ်များကယ်တင်ခြင်းရရှိရန်အတွက် ကျွန်ုပ်တို့သည် လိမ္မာစွာဖြင့်လက်ရှိအခွင့်အရေးများကိုတိုးတက်အောင်ပြုလုပ်ကြရန် ပို၍လိုအပ်ပါသည်။ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်ဖြင့်ချမှတ်ထားသောအချိန်နှင့် လူတို့ထံမှထိန်းသိမ်းထားသောအရာတို့နှင့်ပတ်သက်ပြီး မိမိတို့၏စိတ်ထဲ၌မျှော်မှန်းထားသောတန်ခိုးကို ကုန်ခန်းစေမည့်အစား၊ ကျွန်ုပ်တို့သည် လက်ရှိတာဝန်များကိုလုပ်ဆောင်ရန်၊ လူတို့၏ယူဆချက်များတို့နှင့်ထိခိုက်ခြင်းမရှိဘဲ အမှန်တရားအတွက်ပျက်စီးခြင်းသို့ရောက်နေသောဝိညာဉ်များတို့အတွက် အသက်မုန့်ကိုပေးရန် ကျွန်ုပ်တို့၏ကိုယ်ကို သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်သို့ အပ်နှံကြရန်ဖြစ်သည်။ Review and Herald, March 22, 1892. [Ev 702.1]

**ယခင်ကမဖြစ်ဘူးသောအခွင့်အရေးများ –** ယနေ့အချိန်ခရီးသွားလာရာ၌ လူတန်းစားအမျိုးမျိုးနှင့်လူမျိုးပေါင်းများစွာမှ အမျိုးသား၊ အမျိုးသမီးများတို့နှင့်

ဆက်သွယ်နိုင်သည့်အခွင့်အရေးများသည် ဣသရေလအချိန်အခါထက်ပို၍ များစွာကောင်းမွန်ပါသည်။ လူအများခရီးသွားလာရာလမ်းများတို့သည် ထောင်ချီ၍များပြားလာပါသည်။ ဘုရားသခင်သည် လမ်းခရီးကိုအံ့ဩစွာ ပြင်ဆင်ပေးနေပါသည်။ ပုံနှိပ်စက်ကိုယ်စားလှယ်သည် ၎င်း၏များစွာသော အထောက်အကူပစ္စည်းများတို့ကို လိုအပ်သလိုရရှိနိုင်ပါသည်။ ဘာသာစကား များစွာဖြင့် ကျမ်းစာများနှင့်ပုံနှိပ်ထုတ်ဝေသောစာပေများတို့သည် ယခုအချိန် အတွက် အမှန်တရားများကိုပြင်ဆင်ပေးလျက်ရှိပြီး၊ ကျွန်ုပ်တို့၏လက်ထဲ၌ ရှိနေသောကြောင့် ကမ္ဘာ၏နေရာအနှံ့အပြားသို့ လျင်မြန်စွာသယ်ဆောင်သွား နိုင်ပါသည်။ [Ev 702.2]

ကျွန်ုပ်တို့သည် ဘုရားသခင်၏နောက်ဆုံးသောသတိပေးခြင်းကို လူတို့ ထံသို့ပေးပို့နိုင်ပြီး သမ္မာကျမ်းစာလေ့လာရာ၌သော်လည်းကောင်း၊ အလင်းကို ဖြန့်ချိရာ၌သော်လည်းကောင်း စိတ်အားထက်သန်စွာဖြင့် ပြုလုပ်နိုင်ကြပါသည်။ Review and Herald, Jan. 25, 1906.

**ဤအခွင့်အရေးများကိုဘုရားသခင်ပြင်ဆင်ပေးသည်** – အရေးကြီးရာကာလ သည် ကျွန်ုပ်တို့အပေါ်သို့ကျရောက်လျက်ရှိသည်။ ယခုဤနောက်ဆုံးသော နေ့ရက်များတို့၌ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် ကြီးမားသောအမှန် တရားများကိုဟောပြောကြရမည်။ မကြာမီ လူတိုင်းသတိပေးစကားကိုကြား ရပြီး ဆုံးဖြတ်ချက်ချရပါလိမ့်မည်။ ထိုအခါ အဆုံးသို့ရောက်ရှိမည်ဖြစ်သည်။ ဘုရားသခင်သည် ကြီးသောအမှုဆောင်သခင်ဖြစ်ပြီး၊ သူ၏ပြင်ဆင်မှုအားဖြင့် သူ၏လုပ်ငန်းပြီးစီးမည့်လမ်းကို သူပြင်ဆင်ပေးလျက်ရှိသည်။ အခွင့်အရေး များကိုသူပြင်ဆင်ပေးပြီး လုပ်ငန်းများ၏ဩဇာနှင့်လမ်းကြောင်းများကို သူဖွင့် ပေးထားပါသည်။ အကယ်၍ သူ၏လူများတို့သည် သူ၏ပြင်ဆင်ပေးထား သော ဖော်ပြနေသည့်အရာများတို့ကိုစောင့်ကြည့်နေပြီး သူနှင့်အတူပူးပေါင်း လုပ်ဆောင်ရန် အဆင်သင့်ရှိနေပါက ကြီးမားသောအလုပ်ကိုပြီးမြောက်



အောင်မြင်စွာလုပ်ဆောင်နိုင်ကြောင်း သူတို့တွေ့မြင်ရလိမ့်မည်။ Testimonies, vol. 6, p. 24. (1900) [Ev 703.1]

**ဘာသာရေးနှိုးကြားခြင်းကိုနိုင်ငံတော်အကျပ်အတည်းမှပြုပြင်ပေးခြင်း** – ယနေ့ မည်သည့်အမှားကိုမျှမပြုလုပ်ကြသော လူတို့နှင့်တိုင်းပြည်များတို့အား ဘုရားသခင်၏လက်ထဲ၌ရှိသည့်ချိန်သီးအားဖြင့် စမ်းသပ်လျက်ရှိသည်။ [Ev 703.2]

ယနေ့အချိန်ကာလ၏နိမိတ်များတို့သည် ကျွန်ုပ်တို့အတွက်ကြီးမား ပြီး အရေးကြီးသောအဖြစ်အပျက်များတို့၏ဝင်ပေါက်၌ မတ်တတ်ရပ်နေကြ ကြောင်း ဖော်ပြပေးနေပါသည်။ ကျွန်ုပ်တို့၏ကမ္ဘာပေါ်ရှိအရာတိုင်းတို့သည် စိုးရိမ်ကြောင့်ကြခြင်း၌ရှိကြရပါသည်။ သူမကြွလာမီကယ်တင်ရှင်၏ကြိုတင် ဖော်ပြခဲ့သော ဖြစ်လာမည့်အဖြစ်အပျက်များတို့သည် ကျွန်ုပ်တို့၏မျက်စိရှေ့ ၌ ပြည့်စုံလျက်ရှိနေပါသည်။ "သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုလည်း ကောင်း၊ စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း ကြားရကြလိမ့်မည်။ လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ် တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည် ဖြစ်ကြလိမ့်မည်။" [Ev 703.3]

လက်ရှိအချိန်အခါသည် အသက်ရှင်သူအားလုံးတို့အတွက် စိတ်ဝင်စား ခြင်းများတို့နှင့် မိမိတို့၏စိတ်ထဲ၌လွှမ်းမိုးလျက်ရှိသည်။ အုပ်ချုပ်သူများနှင့် နိုင်ငံတော်ခေါင်းဆောင်များ၊ ယုံကြည်ကိုးစားခြင်းနှင့် အမိန့်အာဏာ၏ရာထူး ရာခံရှိသူများ၊ တွေးခေါ်တတ်သည့်လူတန်းစားအားလုံးတို့သည် ကျွန်ုပ်တို့ ထံသို့ရောက်လှသောအဖြစ်အပျက်များအပေါ် မိမိတို့၏အာရုံကို စူးစိုက်လျက် ရှိကြသည်။ လူမျိုးများတို့အထဲ၌ရှိနေသောဆက်ဆံခြင်းများတို့ကို သူတို့စောင့် ကြည့်လျက်ရှိကြသည်။ သူတို့သည် လောကကြီး၏အင်္ဂါအစိတ်အပိုင်းတိုင်း တို့၏ဖြစ်ပျက်နေသည့် ပြင်းထန်ခြင်းကိုသုံးသပ်နေကြပြီး၊ ကြီးမားသောအရာ တစ်ခုခုနှင့်အဆုံးအဖြတ်ပေးမည့်အရာသည် နေရာယူလုနီးပါးရှိကာ ကမ္ဘာ

ကြီးသည် ကြီးမားသောအရေးကြုံရာကာလသို့ရောက်ရှိရန် အလွန်နီးကပ်နေသည်ကို သူတို့ဝန်ခံကြလိမ့်မည်။ Prophets and Kings, pp. 536, 537. (1916) [Ev 703.4]

**ဆိုင်းငံ့ထားခြင်းတစ်ခဏကာလ၌ကျွန်ုပ်တို့၏တာဝန် –** ယခုကောင်းကင်တမန်များတို့သည် ခိုက်ရန်ဖြစ်ပွားခြင်း၏လေများတို့အား တားမြစ်ထားခြင်းမှာ ၎င်း၏လာမည့်ပျက်စီးခြင်းသတင်းစကားကို ကမ္ဘာသို့သတိပေးစကားဟောပြောပြီးသည့်အထိဖြစ်ပါသည်။ သို့သော် မုန်တိုင်းသည် စုရုံးလျက်ရှိပြီး၊ ကမ္ဘာကြီးအားပေါက်ကွဲစေရန် အဆင်သင့်ရှိနေပါသည်။ ဘုရားသခင်သည် သူ၏ကောင်းကင်တမန်များတို့ကို လေများအားလွှတ်လိုက်ရန်စေခိုင်းသောအခါ၊ မည်သည့်ကလောင်မျှဖော်ပြ၍မရသော ခိုက်ရန်ဖြစ်ပွားခြင်းအဖြစ်အပျက်တစ်ခုဖြစ်ပေါ်လာလိမ့်မည်။ [Ev 704.1]

အပြစ်စီရင်ချက်ဆိုင်းငံ့ထားခြင်းကို သနားညှာတာစွာဖြင့် တစ်ခဏတာကျွန်ုပ်တို့အားဘုရားသခင်ပေးထားပါသည်။ ဘုရားသခင်မှပေးအပ်ထားသောတာဝန်ကိုလုပ်ဆောင်ရန် ကောင်းကင်မှချေးငှားထားသည့်တန်ခိုးတိုင်းတို့ဖြင့်မသိနားမလည်ခြင်း၌ ပျက်စီးကြရမည့်သူများအတွက် အသုံးပြုကြရပါမည်။ [Ev 704.2]

ဘုရားသခင်၏သားသမီးများတို့သည် ယခုအမအစအတွက် သူ့ထံသို့ အင်အားကြီးမားသောဝင်ရောက်ဖျန်ဖြေတောင်းပန်ခြင်းကို ပြုလုပ်သင့်သည်။ ထိုနောက် သူတို့သည် မိမိတို့၏အင်အားများအားလုံးဖြင့် ပေးထားသောဆိုင်းငံ့ထားသည့်အချိန်ကာလအတွင်း အမှန်တရားကိုကြိုးစား၍ဟောပြောကြရမည်။ [Ev 704.3]

ကျွန်ုပ်တို့သည် နေ့စဉ်တရားစီရင်ခြင်းခံရကြမည့်ပုဂ္ဂိုလ်များတို့နှင့် ပေါင်းသင်းဆက်ဆံနေကြရပါသည်။ တချို့သောဝိညာဉ်များအတွက် နေ့စဉ်သတ်မှတ်ထားသောအချိန်ရှိပေလိမ့်မည်။ နေ့စဉ်မိမိ၏ရှေ့ရေးကံကြမ္မာအတွက်



တိကျစွာသတ်မှတ်နိုင်ရန် ဆုံးဖြတ်ချက်ချရမည့်သူများရှိပေလိမ့်မည်။ Review and Herald, Nov. 23, 1905. [Ev 704.4]

**တိုက်ပွဲ၏အရေးပါမှု –** မမြင်ရသောကိုယ်စားလှယ်များတို့၏စပ်ကြား၌ဖြစ်ပေါ်နေသော ကြီးမားသည့်တိုက်ပွဲဖြစ်သည့် သစ္စာရှိသောကောင်းကင်တမန်များနှင့် သစ္စာမရှိသောကောင်းကင်တမန်များစပ်ကြား တိုက်လှန်ပွဲ၏အကြောင်းကို ကျွန်ုပ်တို့နားလည်သင့်သလောက်နားမလည်ကြပါ။ လူတိုင်းအပေါ်ကောင်းသောကောင်းကင်တမန်များနှင့်ဆိုးသောကောင်းကင်တမန်များ ရှန်းကန်ကြိုးပမ်းလျက်ရှိသည်။ ဤတိုက်ပွဲသည် ဟန်ဆောင်သောတိုက်ပွဲမဟုတ်ပါ။ ကျွန်ုပ်တို့ပါဝင်နေသည့်တိုက်ပွဲသည် အတုအယောင်တိုက်ပွဲမဟုတ်ပါ။ ကျွန်ုပ်တို့သည် တန်ခိုးအလွန်ကြီးမားသောရန်သူများတို့နှင့် ရင်ဆိုင်ကြရမည်ဖြစ်ပြီး မည်သူအောင်မြင်မည်ကိုအဆုံးအဖြတ်ပေးနိုင်ရန် ကျွန်ုပ်တို့အပေါ်၌သာမူတည်ပါသည်။ ရှေးတပည့်တော်များ မိမိတို့၏ခွန်အားရယူသောနေရာ၌ ကျွန်ုပ်တို့သည်လည်း သူတို့နည်းတူ ခွန်အားရယူကြရမည်။ Signs of the Times, Feb 17, 1914.

**မိစ္ဆာဒိဋ္ဌိအယူရှင်သန်လာခြင်း၊ အပြစ်လူထင်ရှားလာခြင်း –** ကျွန်ုပ်တို့သည် နောက်ဆုံးသောအချိန်ရောက်လုနီးသကဲ့သို့ မိစ္ဆာတန်ခိုး၏အတွင်းလှုပ်ရှားခြင်းသည် တစ်နေ့တခြားသာ၍ကြီးမားလာကာ မိစ္ဆာနတ်ဘုရားများတို့သည် မိမိတို့၏ထူးခြားသောတန်ခိုးကိုဖော်ပြမည်ဖြစ်ပြီး ကမ္ဘာ၏မြို့ကြီးများတို့ရှေ့၌ မိမိတို့၏ကိုယ်ကိုပြသပါလိမ့်မည်။ ထိုနောက် ဤအသေးစိတ်ခြယ်မှုန်းခြင်းသည် စတင်ပြည့်စုံလျက်ရှိနေပါသည်။ ရုပ်တုမြောက်မြားစွာအားဖြင့် ဘုရားသခင်၏သားသမီးများတို့အား သူတို့၏ညှဉ်းဆဲခြင်း၌ကျော်ကြားခဲ့သည့် ယုတ်မာသောအကျင့်စာရိတ္တနှင့် လှည့်ဖြားသောသြဇာကို သခင်ယေရှုသည် ယောဟန်သို့ဖော်ပြခဲ့သည်။ လူအားလုံးတို့သည် ဤကမ္ဘာကြီး၏သမိုင်းကို ကြီးမားစွာအဆုံးသတ်စေမည့် ထင်ရှားသောဒုစရိုက်၏လျှို့ဝှက်ခြင်းကို သေချာစွာရှာဖွေရန် ပညာလိုအပ်သည်။ [Ev 705.1]

ကျွန်ုပ်တို့နေထိုင်သည့်အချိန်၌ ဘုရားသခင်သည် သူ၏လူတို့ကို ခေါ်ပြီး သူတို့အားသယ်ဆောင်ရန်သတင်းစကားကိုပေးပါသည်။ သူတို့အား တနင်္ဂနွေပညတ်ကို ထူးခြားသောတန်ခိုးဖြင့်ပြုလုပ်ခဲ့ပြီး၊ အချိန်နှင့်ပညတ်တရားများတို့ကိုပြောင်းလဲရန်ကြံစည်ကာ စစ်မှန်သည့်တစ်ခုတည်းသောဥပုသ်၊ ဖန်ဆင်းခြင်းဥပုသ်နေ့ကို ဘုရားသခင်အတွက်သန့်ရှင်းသကဲ့သို့စောင့်ထိန်းကြပြီး ဘုရားသခင်အားဂုဏ်ပြုရန် မားမားမတ်မတ်ရပ်တည်ကြသော ဘုရားသခင်၏သားသမီးများတို့ကို ရက်စက်စွာဖိနှိပ်သောအပြစ်ဒုစရိုက်လူ၏ဆိုးယုတ်ခြင်းကို ဖော်ထုတ်ပြသရန်ခေါ်တော်မူသည်။ Testimonies to Ministers, pp. 117, 118. [Ev 705.2]

**ဘုရားသခင်၏ကြောက်ရွံ့ခြင်းကင်းမဲ့သောစေတမန်များ –** ဤလက်ရှိအချိန်တွင် လောကအရာအားလုံး လျင်မြန်စွာကုန်ဆုံးမည့်အချိန်အခါ၌ စာတန်မာရ်နတ်သည် ဤကမ္ဘာကြီးကိုထောင်ချောက်ဖြင့်ဖမ်းရန် ပြင်းထန်စွာကြိုးစားမှုများကိုပြုလုပ်လျက်ရှိသည်။ သူသည် လူတို့၏စိတ်ကိုဆွဲယူပိုင်ဆိုင်နိုင်ရန်နှင့်ကယ်တင်ခြင်းကိုပေးရန် လိုအပ်သည့်အမှန်တရားများမှ လူတို့၏အာရုံကိုပြောင်းလဲနိုင်ရန် နည်းလမ်းအမျိုးမျိုးကိုတီထွင်လျက်ရှိသည်။ [Ev 705.3]

ဆိုးသွမ်းခြင်းသည် တစ်ခါမျှမရောက်ရှိသေးသည့် မြင့်မားသောအခြေအနေသို့ရောက်ရှိနေပြီး ယခုများစွာသောဧဝံဂေလိဓမ္မဆရာများတို့သည် "ငြိမ်ဝပ်ခြင်းနှင့်လုံခြုံခြင်း" ဟုကြွေးကြော်လျက်ရှိကြသည်။ သို့သော် ဘုရားသခင်၏သတင်းစကားကိုသယ်ဆောင်သောသူတို့သည် မိမိတို့၏အလုပ်နှင့်အတူ ပုံမှန်ရှေ့သို့သွားလျက်ရှိသည်။ ကောင်းကင်သံချပ်ဝတ်စုံဖြင့် ဝတ်ဆင်ထားလျက်သူတို့သည် အကြောက်အရွံ့ကင်းစွာနှင့်အောင်မြင်စွာဖြင့် ယခုအချိန်အတွက်သူတို့လက်လှမ်းမီသမျှသောသူအားလုံးတို့ကို အမှန်တရား၏သတင်းစကားရရှိသည်အထိ သူတို့၏စစ်ပွဲကို မည်သည့်အခါမျှရပ်နားခြင်းမရှိဘဲ ချီတက်ကြမည်ဖြစ်သည်။ Acts of the Apostles, pp. 219, 220.



## အောင်မြင်ခြင်းအထွတ်အထိပ်သို့လျင်မြန်စွာရောက်ရှိစေခြင်း

**တစ်ကြိမ်က ကမ္ဘာကိုတုန်ခါစေခဲ့သောဧဝံဂေလိတရား –** ဘုရားသခင်၏ဝိညာဉ်တော်ပူးပေါင်းခြင်းအားဖြင့် တမန်တော်များတို့သည် ကမ္ဘာကြီးကိုတုန်လှုပ်အောင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ လူမျိုးတိုင်းသို့ ဧဝံဂေလိသတင်းစကားကိုမျိုးဆက်တစ်ခုတည်း၌ သယ်ဆောင်သွားခဲ့ကြပါသည်။ [Ev 706.1]

ခရစ်တော်၏ရွေးချယ်ထားသော တမန်တော်များတို့၏သာသနာ့လုပ်ငန်းအကျိုးများတို့သည် ခမ်းနားကြီးကျယ်လှပေသည်။ [Ev 706.2]

တမန်တော်များတို့သည် မိမိတို့၏လုပ်ငန်းအောင်မြင်ရခြင်းမှာ သူတို့၏ကိုယ်တိုင်တန်ခိုးအားဖြင့်မဟုတ်ပါ။ အသက်ရှင်တော်မူသောဘုရားသခင်၏တန်ခိုးတော်အားဖြင့်ဖြစ်သည်။ သူတို့၏အလုပ်သည်မလွယ်ကူပါ။ ခရစ်ယာန်အသင်းတော်၏အစပြုခဲ့ရသောလုပ်ငန်း၌ အခက်အခဲများနှင့်ခါးသီးသောပူဆွေးမှုများစွာဖြင့် ဆောင်ရွက်ခဲ့ကြရပါသည်။ သူတို့၏အလုပ်၌ တပည့်တော်များတို့သည် ဆင်းရဲနွမ်းပါးခြင်း၊ ထိခိုက်နစ်နာသောစကားများဖြင့်ပြောဆိုခံရခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းများတို့ကို အမြဲရင်ဆိုင်ကြရပါသည်။ သို့သော် သူတို့သည် မိမိတို့၏အသက်ကိုမခံနမထားဘဲ ခရစ်တော်အတွက်ဒုက္ခခံရန်ခေါ်ယူခံရခြင်းကို ဝမ်းမြောက်ကြပါသည်။ သူတို့သည် အသုံးပြုရန်နှင့်အသုံးခံရန်ဆန္ဒရှိကြသည်။ သူတို့အပေါ်၌ကျရောက်သောတာဝန်အတွက်သတိရှိခြင်းသည် သူတို့၏ဗဟုသုတကိုဖြူစင်စေ၍ သူတို့၏အရည်အသွေးကိုတိုးတက်စေပြီး ခရစ်တော်အတွက် သူတို့ရရှိသောအောင်မြင်မှုများတို့၌ ကောင်းကင်၏ကျေးဇူးကရုဏာကို ထင်ရှားပေါ်လွင်စေပါသည်။ တန်ခိုးကြီးသောခွန်အားနှင့် ဘုရားသခင်သည် သူတို့အားဖြင့်အလုပ်လုပ်ဆောင်သွားသောကြောင့် ဧဝံဂေလိသတင်းစကားသည် ရွှင်လန်းဝမ်းမြောက်စွာအောင်ပွဲခံနိုင်ခဲ့ပါသည်။ Acts of the Apostles, pp. 593-595. (1911) [Ev 706.3]

**မိုးမျက်နှာကြက်တစ်ခု၌ရွေးချယ်ထားသောသူများ –** တိုင်းပြည်တိုင်းတို့၌ ပြန့်ကျဲနေကြသော ကမ္ဘာ့လူသားများတို့အထဲတွင် ဗာလဘုရားရှေ့၌ဒူးထောက်ခြင်းမပြုကြသောသူများရှိနေကြပါသည်။ ကောင်းကင်ကြယ်များညအချိန်၌သာ အလင်းပေးနိုင်သကဲ့သို့ ဤသစ္စာရှိသောသူများတို့သည် ကမ္ဘာကြီးကိုမှောင်မိုက်ဖုံးလွှမ်းသောအချိန်၊ လူတို့အပေါ်အမှောင်ထုကြီးဖုံးလွှမ်းနေသောအချိန်၌ မိမိတို့၏အလင်းကို ထွန်းလင်းကြပေလိမ့်မည်။ မိစ္ဆာအယူဝါဒခံယူကြသော အာဖရိကတိုက်၌သော်လည်းကောင်း၊ ရောမအယူဝါဒကိုယုံကြည်ကြသော ဥရောပတိုက်နှင့်တောင်အမေရိကတိုက်၌သော်လည်းကောင်း၊ မှောင်မိုက်ဖုံးလွှမ်းလျက်ရှိသော တရုပ်ပြည်၊ အိန္ဒြိယပြည်၊ ပင်လယ်ထဲ၌ရှိသောကျွန်းများတို့နှင့် ကမ္ဘာပေါ်ရှိနေရာအားလုံးတို့၌သော်လည်းကောင်း ယခုမှောင်မိုက်နေသောအချိန်တွင် အလင်းကိုထွန်းလင်းရန်၊ ဖောက်ပြန်နေသောဤကမ္ဘာကြီးသို့ သူ၏ပညတ်တော်အားနားထောင်ခြင်း၏ပြောင်းလဲခြင်းတန်ခိုးကို ရှင်းလင်းစွာဖြင့် ဖော်ပြရန် ဘုရားသခင်သည် မိုးမျက်နှာကြက်၌ရွေးချယ်ထားသော မိမိ၏လူများတို့ကိုသိမ်းဆည်းထားလျက်ရှိပါသည်။ ယခုပင်သူတို့သည်လူမျိုးတိုင်း၊ ဘာသာစကားနှင့်လူတိုင်းတို့များစွာဖောက်ပြန်လျက်ရှိကြသောအချိန်တွင် မာရ်နတ်၏အကြီးမားဆုံးသောကြိုးစားခြင်းကိုခံရသောသူ "အားလုံး၊ ငယ်သောသူနှင့်ကြီးသောသူ၊ ချမ်းသာသောသူနှင့်ဆင်းရဲသောသူ၊ လူလွတ်နှင့်ချည်နှောင်ခြင်းခံရသောသူ" တို့ မှားနေသောနားရက်ကိုသစ္စာခံကြခြင်းကြောင့် သေဒဏ်သင့်ကြမည့်လူတို့အတွက် ဤသစ္စာရှိသောသူများတို့သည် "အပြစ်ကင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ အပြစ်တင်ခြင်းမရှိသော ဘုရားသခင်၏သားသမီးများတို့သည် "အလင်းများကဲ့သို့ကမ္ဘာ၌ထွန်းလင်းကြလိမ့်မည်။" ညအမှောင်ထုပို၍ကြီးမားလာလေလေ၊ သူတို့၏အလင်းသည် ပို၍ထွန်းလင်းတောက်ပလာလေလေဖြစ်ပေလိမ့်မည်။ Prophets and Kings, pp. 188, 189. (1916) [Ev 706.4]



**အသင်းတော်အောင်မြင်ခြင်း –** မကြာမီအလုပ်ပြီးစီးပေလိမ့်မည်။ သစ္စာရှိသောစစ်သွေးကြွအသင်းတော်၏အသင်းဝင်များတို့သည် အသင်းတော်၏ ရွှင်လန်းဝမ်းမြောက်သော အောင်ပွဲခံကြသည့်လူများဖြစ်ကြပါလိမ့်မည်။ Letter 32, 1892. [Ev 707.1]

ထိုနောက် တစ်ခါမျှအမှားမပြုလုပ်သော ကျွန်ုပ်တို့၏စစ်ဗိုလ်ချုပ်ကြီးသည် ကျွန်ုပ်တို့အားပြောသည်မှာ "ချီတက်ပါ၊ နယ်မြေသစ်သို့ဝင်ပြီး တိုင်းပြည်တိုင်းတို့၌စံချိန်ကိုမြှင့်တင်ပါ။ သင်ထလော့၊ လင်းလော့၊ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာပေါ်ထွန်းလျက်ရှိ၏။" [Ev 707.2]

ဘုရားသခင်၏သတင်းသယ်ဆောင်သူများအားဖြင့် စာလိပ်ကိုကမ္ဘာသို့ဖြေလိုက်ရန် အချိန်ရောက်ရှိလာပြီးဖြစ်ပါသည်။ ပထမ၊ ဒုတိယနှင့်တတိယကောင်းကင်တမန်သတင်းစကားပါရှိသည့် အမှန်တရားကို ကမ္ဘာအရပ်ရပ်ရှိလူမျိုးတိုင်း၊ ဘာသာစကားတိုင်းတို့ထံသို့ သယ်ဆောင်သွားကြရမည်။ မှောင်မိုက်လျက်ရှိသောတိုက်ကြီးများအတွင်းရှိ တိုင်းပြည်တိုင်းနှင့်ပင်လယ်ထဲရှိ ကျွန်းများအားလုံးသို့အလင်းထွန်းလင်းပေးကြရမည်။ ဤလုပ်ငန်း၌ဖင့်နွှဲခြင်းမရှိစေရပါ။ [Ev 707.3]

ကျွန်ုပ်တို့၏ဆောင်ပုဒ်သည် ရှေ့သို့၊ အမြဲရှေ့သို့သာဖြစ်ပြီး ကောင်းကင်မှကောင်းကင်တမန်များတို့သည် ကျွန်ုပ်တို့၏ရှေ့၌သွားပြီး လမ်းကိုပြင်ဆင်ပေးလိမ့်မည်။ နယ်ပယ်ဒေသများနှင့်အခြားသောနေရာတိုင်းအတွက် ကျွန်ုပ်တို့၏ဝန်ထုပ်သည် ကမ္ဘာတစ်ခုလုံးအပေါ်သို့ ဘုရားသခင်၏ဘုန်းတော်ဖြင့်ထွန်းလင်းခြင်းမရှိမချင်း မည်သည့်အခါမျှချထားခြင်းမပြုရပါ။ Gospel Workers, p. 470. (1915) [Ev 707.4]

–o–